မပြုစေကာမူ ရွှေးကောက်ပွဲကိုယင်ပြိုင်တော်ပေါ်၌ပင် ပြုလုပ်သည်ဟု ယူဆရန်ဖြစ်မဖြစ် —မဲဆန္ဒရှင်များအား အမျိုးသား မှတ်ပုံတင်ယူလာမှ ဆန္ဒမဲပေးခွင့်ရမည်ဟု ကျေညာခြင်းမှာ ဆန္ဒမဲပေးနိုင်ခွင့်ကို ပိတ်ပင်ရာ ရောက်မရောက်—အရွေးခံမည့် လူကြီးများ၏ အသက်ကို မည်သို့မူတည်၍ တွက်ချက်ရမည်ဆိုသော ပြဿနာ— ဂေါပကလူကြီးနှစ်ဦး ရွေးကောက်တင်မြှောက်သည့်ကိစ္စတွင် တဦးကိုအတည်မပြုလျှင် ကျန်တဦးအား အတည်ပြုနိုင်မပြုနိုင်။ ။ဆုံးဖြတ်ချက်။ ။ရွှေတိဂုံစေတီတော်ကြီး၏ စကင်းဥပဒေ လက်စွဲတွင် လစ်လပ်လျက်ရှိသော ဂေါပကလူကြီးဦးရေမှာ တဦးထက်ပိုလျှင် ရွေးကောက်ပွဲကို တဦးစီအတွက် သီးသန့်ပြုလုပ်ရမည်ဟု ပြဋ္ဌာန်းချက်မရှိချေ။ တဦးထက်ပိုသော ဂေါပကလူကြီးများအတွက် တပေါင်းတည်းရွေးကောက်ပွဲ မကျင်းပရဟု တားမြစ်ချက်လည်းမရှိသဖြင့် ဘဏ္ဍာတော်ထိန်းအဖွဲ့က လစ်လပ်သော ဂေါပကလူကြီး ၂ နေရာအတွက် တပေါင်းတည်းရွေးကောက်ပွဲကျင်းပခဲ့ခြင်းမှာ စကင်းဥပဒေနှင့် ဆန့်ကျင်သည်ဟု မဆိုနိုင်ပေ။ ။မဲဆန္ဒရွေးပွဲကို ယင်ပြိုင်တော်တွင် ပြုလုပ်ရမည်ဟု ပြဋ္ဌာန်းထားခြင်း၏ ရည်ရွယ်ချက်မှာ ဗုဒ္ဓဘာသာဝင် မဲဆန္ဒရှင်များအနေဖြင့် ရွေးကောက်ပွဲကျင်းပခြင်းကို လွယ်လင့်တကူ သိရှိနားလည်ပြီး အခက်အခဲမရှိ ဆန္ဒမဲ ပေးခွင့်ရနိုင်ရန်ပင်ဖြစ်လေသည်။ စောင်းတန်းလေးသွယ်နှင့် ခါတ်လှေခါး ၃ စင်းတို့မှသာ စေတီတော်၏ ယင်ပြိုင်တော်ပေါ် သို့တက်၍ရသည်ဆိုခြင်းမှာ အငြင်းမထွက်ပေ။ ထိုစောင်းတန်းနှင့် ခါတ်လှေကားများသည် ယင်ပြိုင်တော်သို့ တက်ရာလမ်းကြောင်းများဖြစ်ကြသည် သာမက၊ ယင်ပြိုင်တော်နှင့် တဆက်တည်းဖြစ်ပြီး၊ ဆန္ဒမဲပေးပြီးသူများကို ယင်ပြိုင်တော်ပေါ်၌ မဲရုံများပိတ်သည့်အချိန်အထိ နေစေခဲ့သည့် အတွက် မဲရုံများကို ယင်ပြိုင်တော်ပေါ်၌ ထားရှိခြင်းမပြုစေကာမူ ရွေးကောက်ပွဲကို ယင်ပြိုင်တော်၌ပင် ပြုလုပ်ခဲ့သည်ဟု ယူဆရမည်ဖြစ်ပေသည်။ ။မဲဆန္ဒစာရင်းမရှိသည့်အခြေတွင် မဲဆန္ဒရှင်များ၏ အရည်အချင်းကို စီစစ်ရာ၌ အမျိုးသားမှတ်ပုံတင်လက်မှတ်ကို တင်ပြစေခြင်း အားဖြင့် မဲဆန္ဒရှင်တဦးဦးသည် အသက် ၁၈ နှစ်ပြည့်မပြည့်၊ ရန်ကုန်မြို့၌ နေထိုင်သူ ဟုတ်မဟုတ် လွယ်လင့်တကူသိရှိနိုင်မည်ဖြစ်ပေသည်။ မဲဆန္ဒရှင်များအား အမျိုးသား မှတ်ပုံတင် လက်မှတ်ယူလာမှသာ ဆန္ဒမဲပေးခွင့်ရမည်ဟု ကျေညာခဲ့ခြင်းမှာ မဲဆန္ဒရှင်များသည် အရည်အချင်းနှင့်ပြည့်စုံသူများ ဟုတ်မဟုတ် အလွယ်တကူဖြင့် စစ်ဆေးသိရှိနိုင်ရန်သာဖြစ်ပြီး၊ ဆန္ဒမဲပေးနိုင်ခွင့်ကို ပိတ်ပင်ရာမရောက်သဖြင့် ရွေးကောက်ပွဲကို ထိခိုက်ပျက်ပြယ်စေသည်ဟု မယူဆနိုင်ပေ။ ။လစ်လပ်သည့် ဂေါပက လူကြီးနေရာသို့ လျှောက်ထားသည့် ပုဂ္ဂိုလ်အရေအတွက်က လစ်လပ်သည့်နေရာထက်ပိုမိုများပြားမှသာ ရွေးကောက်ပွဲကျင်းပရန်အကြောင်း ပေါ်ပေါက်မည်ဖြစ်သည်။ သို့ဖြစ်ရာ ရွေးကောက်ပွဲကျင်းပသည့်နေ့ကိုမူတည်၍ အရွေးခံသည့်လူကြီးများ၏ အသက်ကို တွက်ချက်ခြင်းမပြုသင့်။ အရွေးခံမည့်ပုဂ္ဂိုလ်များ၏ လျှောက်လွှာတင်သောနေ့ရက်များကိုမူတည်၍ အသက်ကို တွက်ချက်မည်ဆိုလျှင်လည်း မည်မျှမှုများ ပေါ်ပေါက်လာနိုင်ပေသည်။ လျှောက်လွှာတင်သွင်းခွင့် ကုန်ဆုံးသည့်နေ့ကို မူတည်၍သာ အရွေးခံမည့်လူကြီးများ၏အသက်ကို တွက်ချက်ရမည်ဟုယူဆသည်။ ။ဂေါပကလူကြီးနှစ်ဦးရွေးကောက်တင်မြှောက်သည့်ကိစ္စတွင် ဂေါပကလူကြီးတဦးဖြစ်သည့်ဦးကိုကိုအား ရွေးကောက်တင်မြှောက်ခဲ့ခြင်းနှင့်ပတ်သက်၍ ပျက်ပြယ်ရန် အကြောင်းတစုံတရာရှိသည်ဟု စွပ်စွဲချက်မရှိချေ။ ၎င်းအား ဘဏ္ဍာတော်ထိန်း

အဖွဲ့မှ စကင်းဥပဒေနှင့်အညီ ရွှေးကောက်တင်မြှောက်ခဲ့ခြင်းဖြစ်ရာ၊ ၎င်းနှင့်အတူ အရွေးခံသည့် ဦးကျော်စိန်မှာ အရွေးခံရန် အရည်အချင်းမပြည့်စုံသဖြင့် ရွှေးကောက်တင်မြှောက်ခြင်းကို အာဏာမပြုနိုင်ကာမျှဖြင့် ဦးကိုကိုအား ရွှေးကောက်တင်မြှောက်ခြင်းမှာလည်း ပျက်ပြယ်သည်ဟု ယူဆရန် မဖြစ်နိုင်ပေ။

ဦးကျော်စိန် ပါ-၄ နှင့် ဦးညွန့်တင် ပါ-၄ .... ၁၃၄

မဟာမေဓင် ဘာသာထုံးတမ်းစဉ်လာအရ ဝကပ်ပြုလုပ်ခြင်း— **စာချုပ်စာတမ်းများကို ပေးအပ်လှူဒါန်းမှုဝကပ်အဖြစ်ဖြစ်မြောက်မည်ဟု ဥပဒေသတ်မှတ်ချက်မရှိခြင်း— နှုတ်ပါးစပ်နှင့် ပြုလုပ်က ဝကပ်ဖြစ်မြောက်ခြင်း။** ။**ဆုံးဖြတ်ချက်**။ ။မဟာမေဓင်ဘာသာ ထုံးတမ်းစဉ်လာအရ ပစ္စည်းတခုကို ဝကပ်ပြုလုပ်၍ပေးလှူသောအခါ ထိုပစ္စည်းနှင့်ပတ်သက်သည့် စာချုပ်စာတမ်းများကို ပေးအပ်လှူဒါန်းမှုဟာ ဝကပ်အဖြစ် ဖြစ်မြောက်မည်ဟု ဥပဒေ သတ်မှတ်ချက်မရှိ၊ထိုပစ္စည်းကို လက်ဆောက်ပေးအပ်ရန်မလို။ ။ဝကပ်ကို နှုတ်ပါးစပ်နှင့်ပင် ပြုလုပ်က ဥပဒေအရ ဝကပ်ဖြစ်မြောက်သည်။ ။**ကေ၊ ပီကွတ်တီးအူမာ** နှင့် **ဒေနှင်ဟာဒီဘဏ် လီမိတက်၊** ၁၉၊ အိုင်၊ အာ၊ ၁၉၃၇၊ မဒရပ် စာ-၇၃၁။ **ချန်ဒရာဂိုရှိ** နှင့် **အမ္မဒူမဂျွန်အော့ (စ်) ကက်ဂါ၊** ၁ ကလကတ္တား စာ၊၃၂၉။ **ဒေါ်အိမ်ပါအမျာ**းနှင့် **ဒေါ်ချမ်းသာပါအများ၊** ၁၉၄၀ မြန်မာပြည်စီရင်ထုံး(တရားလွှတ်တော်)စာ ၁၃၆ ရည်ညွှန်းသည်။

ဒေါ်မြရင် ပါ-၂ နှင့် ဦးမြင့်ပါ-၅ .... ၁၀

မြူနီစီပါယ် အက်ဥပဒေ ပုဒ်မ ၁၁၉ (၁) အရ မှုပြစ်ထင်ရှားစီရင်ခြင်း—မြူနီစီပါယ် အဖွဲ့က လူနေထိုင်ရန်မသင့်ဟု အကြောင်းအမျိုးမျိုးကြောင့် ယူဆခြင်း—ယင်းယူဆချက်အရ ထုတ်ပြန်သော အမိန့်မှာ ပုဒ်မ ၁၁၉ (၁) နှင့်အညီ ဖြစ်မဖြစ်။ ။**ဆုံးဖြတ်ချက်**။ ။မြူနီစီပါယ်အဖွဲ့က အချင်းဖြစ်အိမ်မှာ လူနေထိုင်ရန် မသင့်ဟု အကြောင်းအမျိုးမျိုးကြောင့် ယူဆလျှင်၊ ယင်းယူဆချက်အရ ထုတ်ပြန်သော အမိန့်မှာ မြူနီစီပါယ် အက်ဥပဒေ ပုဒ်မ ၁၁၉ (၁) နှင့်အညီဖြစ်သည်ဟု တွေ့ရှိနိုင်စရာအကြောင်းရှိသဖြင့် တရားဝင်သည်ဟု ယူဆရပေမည်။ သို့ဖြစ်ရာ အဆိုပါ အက်ဥပဒေ ပုဒ်မ ၂၀၂ (က) အရ ပြစ်မှုမြောက်သည်။

အဘက်ကာကာ ပါ-၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၁၅၀

ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၁၆၄ ထိုပုဒ်မအရ စစ်ဆေးခဲ့သော သက်သေထွက်ချက်ကို တရားခံတဦးသည် အပြစ်ရှိသည် မရှိသည်ဆိုခြင်းနှင့် ပတ်သက်၍ အခြေခံသက်သေခံချက် အဖြစ် အသုံးပြုနိုင် မပြုနိုင်။ ။**ဆုံးဖြတ်ချက်**။ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၁၆၄ အရ စစ်ဆေးခဲ့သော သက်သေထွက်ချက်ကို တရားခံတဦးသည် အပြစ်ရှိသည်မရှိသည်ဆိုခြင်းဖြင့် ပတ်သက်၍၊ အခြေခံ သက်သေခံချက် အဖြစ်အသုံးမပြုနိုင်ပေ။ ထွက်ချက်ပေးသော သက်သေသည် မှုသားပြောသည့် သက်သေဟုတ်မဟုတ် စီစစ်ရန်လိုသည့်အခါ အဆိုပါ ထွက်ချက်နှင့် ထိုသက်သေ အားပြန်လည်မေးခွန်းထုတ်ရာ၌ အသုံးချနိုင်မည်ဖြစ်ရာ ထိုကဲ့သို့သော ထွက်ချက်

မှာ မှန်ကန်သော ထွက်ချက်ဖြစ်သည်ဟု ကောက်ယူခြင်း မပြုနိုင်ပေ။ ပုဒ်မ ၁၆၇ အရ ထွက်ချက်ရယူထားခြင်း၏ အဓိကရည်ရွယ်ချက်မှာ သက်သေအား အမှုစစ်ဆေးသောအခါ၊ တမျိုးတဖုံပြောင်းလဲပြီး ထွက်ဆိုခြင်းမှ ကာကွယ်ရန်သာ ဖြစ်သည်။ ။ဘရဘူးရွှန်ဆင်း နှင့် အစိုးရ အော၊ အိုင်၊ အာ၊ ၁၉၄၆ (ပရီဗီကောင်စီ) ၃၈။ မာမန်းနှင့် အများနှင့် အစိုးရ အော၊ အိုင်၊ အာ၊ ၁၉၄၆ (ပရီဗီကောင်စီ) ၄၅ ရည်ညွှန်းသည်။

မောင်ဘသိန်း နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၀၂

ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၂၀၃ ဦးတိုက်လျောက်လွှာသို့မဟုတ် ပဋမသတင်းပေးတိုင်ချက်တွင် မည်သည့်ပုဒ်မဖြင့် အရေးယူရန်ဖော် မပြဘဲ၊ တရားဥပဒေအရ အရေးယူရန် လျောက်ထားလျှင် တရားရုံးများက မည်သည့်ပုဒ်မဖြင့် အကျုံးဝင်နိုင်သည် မဝင်သည်ကို ချင့်ချိန်ဝေဖန်ရန် လိုအပ်ခြင်း .... [၄၆

ရာဇဝတ်ကျင့်ထုံးပုဒ်မ ၂၃၆ နှင့် ၂၃၇ တရားခံအား ရာဇသတ်ပုဒ်မ တခုဖြင့်စွဲချက်တင်ပြီး အပြစ်ပေးထားမှ အယူခံရုံးက တရားခံအပေါ် အခြားရာဇဝတ်ပုဒ်မ တခုဖြင့် ပြောင်းလဲ၍ အပြစ်ပေးနိုင်ခြင်း—အထူး ဥပဒေတခုခုအရသာ စွဲချက်တင်ပြီး အပြစ်ပေးထားလျှင် အယူခံရုံးက ၎င်းအ ပေါ် ရာဇသတ်ပုဒ်မတခုဖြင့် ပြောင်းလဲ၍အပြစ်ပေးခြင်းပြုနိုင် မပြုနိုင်—သက်နက် (အရေးပေါ် အပြစ်ဒဏ် စီရင်မှု) (ယာယီ) ဥပဒေပုဒ်မ ၂ (၁) (က) ၇၆

ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၅၆၁ အရ လျောက်ထားခြင်း—ရာဇသတ်ကြီး ပုဒ်မ ၃၀၄ (က) အရ ပြစ်မှုမြောက်သော အရမ်းပြုလုပ်မှု—သို့မဟုတ် ပေါ့လျော့မှုကျူးလွန်ခြင်း ရှိမရှိကို အဓိကအားဖြင့် စစ်ဆေးရခြင်း—အတိုက်အခံရသူကလည်း ပေါ့လျော့သည်ဟု ထင်ရှားလျှင် တိုက်သူကလည်း ရာဇသတ်ကြီး ပုဒ်မ ၃၀၄ (က) အရ ပြစ်မှုကျူးလွန်လျှင် ပြစ်ဒဏ်ပေးရာ၌ လျော့ပေါ့ပေးနိုင်ရုံသာရှိခြင်း—ရမ်းကားမှုကြီးသလောက် ပြစ်ဒဏ်မှာလည်း ကြီးလေးရခြင်း။ ။ဆုံးဖြတ်ချက်။ ။ မော်တော်ကားဖြင့် တိုက်သူသည် ရာဇသတ်ကြီး ပုဒ်မ ၃၀၄ (က) အရပြစ်မှုမြောက်သော အရမ်းပြုလုပ်မှု၊ သို့မဟုတ် ပေါ့လျော့မှု ကျူးလွန်ခဲ့ခြင်း ရှိမရှိကို အဓိကအားဖြင့် စစ်ဆေးရသည်။ ရှိသည်ဟု တွေ့ရလျှင် အတိုက်ခံရသူဖက်မှလည်း အနည်းငယ်ပေါ့လျော့ခဲ့ရုံမျှနှင့် တိုက်သူ အပြစ်လွှတ်နိုင်သည် မဟုတ်ချေ။ အရမ်းမောင်းတတ်သူတို့သည် တဖက်မှပေါ့လျော့လျှင် ၎င်းတို့လည် အပြစ်ကင်းစွာ ပေါ့လျော့ခြင်း ရမ်းကားခြင်းပြုနိုင်သည်ဟု ထင်မြင်ယူဆလေ့ရှိကြသည်။ ထိုယူဆချက်သည် မှားယွင်းသည်ကို သတိထားသင့်ကြပေသည်။ အတိုက်ခံရသူကလည်း ပေါ့လျော့ခဲ့သည်ဟု ထင်ရှားလျှင် တိုက်သူကလည်း ရာဇသတ်ကြီး ပုဒ်မ ၃၀၄ (က) အရ ပြစ်မှုကျူးလွန်နေလျှင် ပြစ်ဒဏ်ပေးရာ၌ လျော့ပေါ့ပေးနိုင်ရုံသာရှိသည်။မော်တော်ကား တိုက်မှုများမှာ တနေ့ထက် တနေ့ များပြားလာ၍ အသေအပျောက်များပြီး ဒဏ်ရာရသူများမှာလည်း မနည်းလှပေ။ ရမ်းကားမှုကြီးသလောက် ပြစ်ဒဏ်မှာလည်း ကြီးလေးရပေမည်။

မောင်ရွှေဝင်း နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၀၈

ရာဇဝတ်ပြင်ဆင်မှု—တရားဥပဒေအရ အရေးယူရန် လျှောက်ထားခြင်း—တရားရုံးများက မည်သည့်ပုဒ်မနှင့် အာဏာပိုင်မဝင်ကို ချင့်ချိန် ဝေဖန်ရန် လိုအပ်ခြင်း ။ ။လျှောက်ထားသူအား စစ်ဆေးပြီး ရာဇသတ်ကြီး ၄၉၃ နှင့်အာဏာပိုင်မဝင်ဟု ယူဆကာ၊ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၂၀၃ အရ လျှောက်ထားချက်ကို ပယ်လိုက်သည်။ အခြားမည်သည့်ပြစ်မှုမျိုးမြောက်နိုင်ခြင်းရှိမရှိကို ဝေဖန်သုံးသပ်ထားခြင်းမရှိ။ ။ဦးတိုက်လျှောက်လွှာတွင်၊ သို့မဟုတ် ပဌမသတင်း တိုင်တန်းချက်တွင် လျှောက်ထားသူက၊ သို့မဟုတ် သတင်းပေးသူက မည်သည့်ပုဒ်မဖြင့် အရေးယူရန် ဖေါ်ပြမထားဘဲ၊ တရားဥပဒေအရ အရေးယူရန်လျှောက်ထားလျှင်၊ တရားရုံးများက မည်သည့်ပုဒ်မနှင့် အာဏာပိုင်နိုင်သည် မဝင်နိုင်သည်ကို ချင့်ချိန် ဝေဖန်လိုအပ်ပေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ နှင့် ကိုကျင်ဝှက် ၄၆

ရာဇသတ်ကြီးပုဒ်မ ၃၅၂ (၁)/၁၁၄ နှင့် ၃၅၇/၁၁၄ အရ မူပြစ်ထင်ရှားစီရင်ခြင်း—တကြိမ်တခါမှားယွင်း၍ အပြစ်ခံရဘူးရုံမျှနှင့် အကြိမ်ကြိမ် အဖန်ဖန်ပြစ်မှုကျူးလွန်လိမ့်မည်ဟု ယူဆရန်မသင့်။ ။တကြိမ်တခါ မှားယွင်း၍ အပြစ်ခံရဘူးရုံမျှနှင့် အယူခံတရားလိုသည် အကြိမ်ကြိမ် အဖန်ဖန် ပြစ်မှုကျူးလွန်လိမ့်မည်ဟု ယူဆရန်မသင့်ခေါ။ ပြစ်မှုနှင့်သင့်တော်သော ပြစ်ဒဏ်ကို ကျခံခဲ့ပြီးသူများအား၊ ပတ်ဝန်းကျင်ကအညှိုးမထားဘဲ၊ လူသစ်အဖြစ် ဘဝသစ် ထူထောင်နိုင်ရန် အားပေးကူညီရသည့်မူရှိသည်။ ထိုမူအရလည်း အယူခံတရားလိုအား သံသယဖြင့် အပြစ်ပေးခဲ့ခြင်းသည် မှားယွင်းသည်ဟု ဆိုရမည်။

မောင်စက်ပြာ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၇၃

ဧရိယာငြိမ်းအိမ်သာနှင့်မိလ္လာကန်များဆောက်လုပ်သည့်အတွက်လျော်ကြေးငွေရလိုမှု—ပဋိညာဉ်အက်ဥပဒေပုဒ်မ ၇၀—ပုဒ်မ၏ အင်္ဂါသုံးရပ်—အင်္ဂါရပ်များနှင့်ပြည့်စုံနေ၍ တောင်းဆိုသည့်ငွေကို ပေးဆောင်ရမည်ဖြစ်ခြင်း။ ။ဆုံးဖြတ်ချက်။ ။ လူတဦးသည် အဘိုးအခမယူရန် ရည်ရွယ်ခြင်းမရှိဘဲ၊ အခြားပုဂ္ဂိုလ်တဦးအတွက် အမှုတစုံတခုကို တရားနှင့်လျော်ညီစွာ ပြုလုပ်ဆောင်ရွက်ပေးခဲ့ပြီး ထိုအခြားပုဂ္ဂိုလ်က အကျိုးကျေးဇူးကိုခံစားရလျှင်၊ သို့ခံစားရသူသည် ပြုလုပ်သူအား၊ လျော်ကြေးပေးရမည်ဟု ပဋိညာဉ်အက်ဥပဒေပုဒ်မ ၇၀ က ပြဋ္ဌာန်းထားသည်။ ထိုပုဒ်မတွင် အင်္ဂါးသုံးရပ်ရှိရာ ၎င်းတို့မှာ (၁) လျော်ကြေးတောင်းခံသူသည် အခြားသူတပါးအတွက် တရားနှင့်လျော်ညီစွာ အမှုတစုံတခုကိုဆောင်ရွက်ခဲ့ခြင်း (၂) ထိုကဲ့သို့ ဆောင်ရွက်ခဲ့ခြင်းမှာ မေတ္တာရိုအခမဲ့ ပြုလုပ်ရန်မရည်ရွယ်ခြင်းနှင့် (၃) အခြားသူက အကျိုးကျေးဇူးကို လက်ခံ၍ခံစားနေခြင်းတို့ပင် ဖြစ်သည်။ ။ အယူခံတရားခံသည် အယူခံတရားလိုတို့အတွက် အိမ်သာနှင့် မိလ္လာကန်များကို တရားနှင့်လျော်ညီစွာ ပြုလုပ်ပေးခဲ့သည်။ အဘိုးအခမယူဘဲ ပြုလုပ်ပေးမည်ဟု ကတိပြုခဲ့ခြင်းမရှိ။ အိမ်သာနှင့် မိလ္လာကန်တို့ ဆောက်လုပ်ပေးပြီးနောက် ယင်းသို့ ဆောက်လုပ်သည်ကို သဘောမတူ၍ ဖျက်သိမ်းကာ ပြန်ယူသွားရန် အယူခံတရားခံ ကုမ္ပဏီအား အကြောင်းကြားခြင်းမရှိဘဲ၊ လက်ခံ၍ အကျိုးခံစားနေလေသည်။ သို့ဖြစ်ရာ ပဋိညာဉ် ဥပဒေပုဒ်မ ၇၀ ၏ အင်္ဂါရပ်များနှင့် ပြည့်စုံနေ၍

အယူခံတရားလိုတို့သည် အယူခံတရားခံ ကုမ္ပဏီတောင်းဆိုသည့် ငွေကို ပေးဆောင်ရမည်သာဖြစ်သည်။

ဦးမောင်မောင်ပါ-၂ နှင့် ဦးကျော်သိန်း ၁၅၃

ဧရာပြောင်းနိုင်သောပစ္စည်းနှင့် မရွေ့ပြောင်းနိုင်သော ပစ္စည်းများအပေါ် အမွေဆိုင်များဖြစ်ကြ၍ ပိုင်ဆိုင်ကြောင်း မြှက်ပေါ်ချက် ဒီကရီရလိုကြောင်း စွဲဆိုမှု—အမှုသည်များအဖြစ် ထည့်သွင်းခဲ့ခြင်းမရှိခြင်း—သက်သေခံ အက်ဥပဒေပုဒ်မ ၁၁၅ အရ အမှုစွဲဆိုခြင်းမှ အပြီးသတ် ပိတ်ပင်ထားပြီး ဖြစ်မဖြစ်—ပုဂ္ဂိုလ် အနေဖြင့် တရားစွဲဆိုခံခြင်း—ကိုယ်စားလှယ်အဖြစ်သော်၎င်း အုပ်ထိန်းသူအဖြစ်သော်၎င်း တရားစွဲဆိုခံခြင်းမဟုတ်ခြင်း—တရားမကျင့်ထုံး ပုဒ်မ ၁၁ ၏ ရှင်းလင်းချက်အပိုဒ် ၆ နှင့် ငြိစွန်းသည်ဟု ဆိုနိုင်မဆိုနိုင်။ ။ဆုံးဖြတ်ချက်။ ။အမှုတွင် အယူခံတရားလိုတို့အနေဖြင့် အယူခံတရားခံ ဦးအောင်ထွန်းဖြူအား သက်သေခံ ဥပဒေပုဒ်မ ၁၁၅ နှင့် အကျုံးဝင်အောင် တစုံတရာပြုလုပ်ခဲ့သည်ဆိုသော စွပ်စွဲချက်မရှိချေ။ ယခင် စွဲဆိုသည့်အမှုများတွင် ဦးအောင်ထွန်းဖြူက အယူခံကရားလိုတို့၏ မိခင်ဒေါ်စိန်ရွှေမြကိုသာ အမှုသည် တရားခံအဖြစ်ထည့်သွင်းခဲ့သည်။ အယူခံတရားလိုတို့အား အမှုသည်များအဖြစ် ထည့်သွင်းခဲ့ခြင်းမရှိသဖြင့် ဦးအောင်ထွန်းဖြူသာလျှင် အပြစ်ရှိသူဖြစ်သည်ဟု ဆိုရန်ရှိပေသည်။ အယူခံတရားလိုတို့အနေဖြင့် ၎င်းတို့အား တရားစွဲဆိုခြင်းမပြုသည့် အမှုတွင် အမှုသည်အဖြစ် ထည့်သွင်းရန် ပြောဆိုလျှောက်ထားရန်မလိုပေ။ ထိုကဲ့သို့ပြောဆိုလျှောက်ထားရမည်ဟုလည်း မည်သည့်ဥပဒေကမှ ပြဋ္ဌာန်းထားခြင်းမရှိချေ။ သို့ဖြစ်ရာ အယူခံတရားလိုတို့သည် သက်သေခံ အက်ဥပဒေပုဒ်မ ၁၁၅ အရ အမှုစွဲဆိုခြင်းမှ အပြီးသတ်ပိတ်ပင်ထားပြီး မဖြစ်နိုင်။ ။ထပ်မံဆုံးဖြတ်ချက်။ ။ ယခင်အမှုဖြစ်သည့် စစ်တွေမြို့ခရိုင် တရားမရုံး၏ ၁၉၆၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၉ ၌ အယူခံတရားလိုတို့၏ မိခင် ဒေါ်စိန်ရွှေမြအား အယူခံတရားခံ ဦးအောင်ထွန်းဖြူသည် ပုဂ္ဂိုလ်အနေဖြင့် တရားစွဲဆိုခဲ့ခြင်း ဖြစ်သည်။ အယူခံတရားလိုတို့၏ ကိုယ်စားလှယ်အဖြစ်သော်၎င်း၊ အုပ်ထိန်းသူအဖြစ် သော်၎င်း တရားစွဲဆိုခြင်းမဟုတ်ချေ။ ဒေါ်စိန်ရွှေမြကလည်း ကွယ်လွန်သူဦး၏ယောကျ်ား ဦးသာပွင့်၏ အမွေစားအမွေခံအဖြစ် ပုဂ္ဂိုလ်အရ ခုခံချေပခဲ့ခြင်း ဖြစ်သည်။ အယူခံတရားလိုတို့၏ ကိုယ်စားလှယ်အနေဖြင့် ခုခံချေပခဲ့ခြင်း မဟုတ်သဖြင့်၊ ဒေါ်စိန်ရွှေမြ၏ ပြုမူချက်နှင့် ၎င်းအပေါ် ဆုံးဖြတ်ချက်သည် အယူခံတရားလိုတို့အပေါ် တည်မြဲခိုင်မာသည်၊ အပြီးသတ် စီရင်ဆုံးဖြတ်ပြီးဖြစ်သည်ဟု ယူဆခြင်း မပြုနိုင်ပေ။ ဒေါ်စိန်ရွှေမြသည် ၎င်း၏ ကိုယ်ပိုင်ဆိုင်ရေး ပိုင်ရေးနှင့် ပတ်သက်၍ ခုခံချေပရာ၌ မိမိ၏အကျိုးကျေးဇူးအတွက်သာ ဆောင်ရွက်ခဲ့ခြင်းဖြစ်၍၊ အယူခံတရားလိုတို့အပေါ် တရားမကျင့်ထုံး ပုဒ်မ ၁၁ ၏ ရှင်းလင်းချက်အပိုဒ် ၆ နှင့် ငြိစွန်းသည်ဟု မဆိုနိုင်ချေ။ ။**ကူမာရန်ဒီကူဒန်ဘန် နှင့် ဗန်ကတာဆူဘာရာမန် နီယာအိုင်းယား**၊ ၁၉၂၇ အတွဲ ၁၁၁၊ အိုင်ဗီ၊ ၅၀။ **ကီရွန်ဆင်း နှင့် ပါတာပီ**၊ အေ၊ အိုင်၊ အာ၊ ၁၉၃၅၊ လာဟိုး၊ ၅၁၇။ **အီး၊ အမိစား နှင့် အီးကရာဘား**၊ အေ၊ အိုင်၊ အာ၊ ၁၉၃၆၊ ပရီဗီကောင်စီ ၁၄၇။ **ဂျီတင်ဒရာဆင်း နှင့် ဆင်းမလား မလိုင်ယင်းဘဏ်**၊ အေ၊ အိုင်၊ အာ၊ ၁၉၄၂ အောက် ၁၉၉ ရည်ညွှန်းသည်။

ဦးမောင်ဖြူပါ-၄ နှင့် ဦးထွန်းအောင်ဖြူ ပါ-၃ .... ၁၅၈

လက်နက် (အရေးပေါ်အပြစ်ဒဏ်စီရင်မှု) (ယာယီ)ဥပဒေပုဒ်မ ၂ (ခ) (က) အရ မှုပြစ်ထင်ရှားစီရင်ခြင်း——အယူခံတွင် ရာဇသတ်ကြီး ဥပဒေအရ ပြစ်မှုဖြင့်ပြောင်းလဲပြီး အပြစ်ပေးနိုင်မပေးနိုင်။ ။ဆုံးဖြတ်ချက်။ ။။အယူခံ တရားလိုမောင်ရွှေအား အောက်ရုံးဘွင် အထူး ဥပဒေအရ ပြစ်မှုဖြစ်သည့် လက်နက် (အရေးပေါ် ပြစ်ဒဏ်စီရင်မှု) (ယာယီ) အရသာစွဲချက်ဘင်ပြီး အပြစ်ပေးခဲ့သဖြင့်၊ အယူခံတွင် ၎င်းအား ရာဇသတ် ဥပဒေအရ ပြစ်မှုဖြင့် ပြောင်းလဲပြီး အပြစ်မပေးနိုင်ခေ။ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၂၃၆ နှင့် ၂၃၇ တို့အရဆိုလျှင် တရားခံ တဦးအား ရာဇသတ် ပုဒ်မတခုဖြင့်စွဲချက်တင်ပြီး အပြစ်ပေးထားမှသာ အယူခံရုံးက ထိုတရားခံအပေါ် အခြားရာဇသတ်ပုဒ်မ တခုဖြင့် ပြောင်းလဲ၍ အပြစ်ပေးနိုင်မည်ဖြစ်သည်။ တရားခံအား အထူးဥပဒေတခုခုအရသာ စွဲချက်တင်ပြီး အပြစ်ပေးထားလျှင် အယူခံရုံးကငင်းအပေါ် ရာဇသတ် ပုဒ်မ တခုခုဖြင့် ပြောင်းလဲ၍ အပြစ်ပေးခြင်း မပြုနိုင်ပေ။ ။**အုံးမောင် နှင့် ပြည်ထောင်စု၊** ၁၉၄၉ မြန်မာပြည်စီရင်ထုံး၊ ၁၃၉။ ခြားနားပြသည်။ **ထွန်းကြိုင် နှင့် အစိုးရ၊** ၁၉၄၈ မြန်မာပြည် စီရင်ထုံး ၇၄၊ ရည်ညွှန်းသည်။

မောင်ညွှန့် ပါ-၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၇၆

ဝါကပ်——ပစ္စည်းထိန်းကို ဖြုတ်ချလိုခြင်း——**ဘရားမကြီးမှူ စွဲဆိုဆောင်ရွက်ရန် လိုမလို။** **ဆုံးဖြတ်ချက်။** ။ဝါကပ်၏ ဘဏ္ဍာထိန်းကို ဖြုတ်ချလိုလျှင် သာမန်လျှောက်လွှာဖြင့် လျှောက်ထားခြင်းမပြုနိုင်ဘဲ၊ တရားမကြီးမှူ စွဲဆိုဆောင်ရွက်ရမည်။ **နသာဘိုင် နှင့် ဒဘလျှူကျာဗါဘိုင်** အိုင်၊ အော၊ အာ၊ ၁၉၂၀ ဘုံဘော၊ စာ-၂၀။ **မာမက် ဆာဒက်အလီခန် နှင့် ကာဇင်အလီခန်၊** အော၊ အိုင်၊ အာ၊ ၁၉၃၄၊ အောက်၊ စာ-၁၁၈။ **မိဟာမက်ယူဆုတ် နှင့် မိဟာမက်အယ်တ်၊** အော၊ အိုင်၊ အာ၊ ၁၉၃၈၊ ပတ္တနာ၊ စာ-၅၃၇။ **ဘီဘီဇီရာ နှင့် ဘီဘီဟာဘီဘွန်နီစား၊** အော၊အိုင်၊ အာ၊ ၉၄၀၊ ပတ္တနာ၊ စာ-၉။ **မဟာမက်အလီခန် နှင့် အာမက်အလီခန်၊** အော၊ အိုင်၊ အာ၊ ၁၉၄၅၊ အလဟာဘတ်၊ စာ-၂၆၁ (စုံညီခုံ)။ **အလီဟူဒင်အာမက် နှင့် မိုဟီဒင် အာမက်၊** အော၊ အိုင်၊ အာ၊ ၁၉၄၈၊ ပတ္တနာ၊ စာ-၃၇၄.....ရည်ညွှန်းသည်။ **ဝန်ဂါရမ် နှင့် ကေအာဗင်ချာကာ၊** အော၊ အိုင်၊ အာ၊ ၁၉၄၈ ဘုံဘော၊ စာ-၁၄၆ ခြားနားပြသည်။

အာမက်အီဘရာဟင်ပတေး ပါ ၅ နှင့် မာမွတ်အီဘရာဟင်မတေးပါ-၂ .... ၁၁၃

ဝါကွမ်းရောင်းချရန် ပဋိညာဉ်စာချုပ် ချုပ်ဆိုခြင်း——ရောင်းချရန်ကတိပျက်ကွက်ခြင်း——ကြိုတင်ငွေအဖြစ်ယူသည့်ငွေနှင့် အတိုးငွေများကိုပါ ရလိုကြောင်း တရားစွဲဆိုမှု——ပဋိညာဉ် အက်ဥပဒေပုဒ်မ ၁၀၆၊ ၁၀၇——အခွင့်အမိန့်မရှိဘဲ ငွေများယူခြင်း——ငွေယူသည့်ကိစ္စကို သဘောတူအတည်ပြုခြင်း——ခွင့်ပြုချက်အရ ပြုလုပ်သည်ဟု ကောက်ယူနိုင်မယူနိုင်——၁၉၆၃ ခုနှစ်၊ လုပ်ငန်းများ ပြည်သူပိုင်ပြုလုပ်ခြင်းဥပဒေ——ကုမ္ပဏီများအက်ဥပဒေ ပါပြဋ္ဌာန်းချက်ကို လွှမ်းမိုးခြင်း ဖြစ်မဖြစ်။ ။ဆုံးဖြတ်ချက်။ ။လူတဦးက အခြားလူတယောက်အား အမှုတစုံတခုကိုဆောင်ရွက်ရန် အလိုငှါ အခွင့်အာဏာလွှဲအပ်ရာတွင် နှုတ်ဖြင့်မြွက်ဆို၍ဖြစ်စေ၊ စာဖြင့်ရေးသား၍ဖြစ်စေ အတိအလင်း လွှဲအပ်ခြင်းလည်း ပြုနိုင်သည်။ အတိအလင်း ပြောဆို

ရေးသားပြီး လွှဲအပ်ခြင်းမပြုစေကာမူ၊ ပေါ်ပေါက်နေသော အကြောင်းခြင်းရာများကို ထောက်ချင့်၍ လွှဲအပ်ရာရောက်အောင် ပြုလုပ်လျင်လည်း ကိုယ်စားလှယ်လွှဲခြင်း အထမြောက်သည်ဟုဆိုရမည်ဖြစ်သည်။ ထိုအတိုင်းပင်လည်း ပဋိညာဉ် ဥပဒေပုဒ်မ ၁၈၆ နှင့် ၁၈၇ တို့တွင် ပြဋ္ဌာန်းထားသည်ကို တွေ့မြင်နိုင်သည်။ ။ မူလက ဦးသိန်းမောင်သည် ဦးသန်းဖေ၏ အခွင့်အမိန့်မရှိဘဲ ငွေများကိုယူခဲ့သည်ဟု ဆိုစေကာမူ၊ ဦးသန်းဖေသည် နောက်ပိုင်း၌ ထိုကဲ့သို့ ဦးသိန်းမောင် ငွေယူခဲ့သည့်ကိစ္စကို သဘောတူ အတည်ပြုခဲ့သည့်အလျောက် ဦးသိန်းမောင်၏ ပြုမူချက်သည် ဦးသန်းဖေ၏ ခွင့်ပြုချက်အရ ပြုလုပ်ခဲ့သည်ဟု ကောက်ယူရမည်ဖြစ်သည်။ ။**ကပ်ချန် နှင့် ချီတာမာလ်** အေ၊ အိုင်၊ အာ၊ ၁၉၃၁၊ အလာဟာဘတ် ၃၇၂ **အာမက်မိုဟီဒင် နှင့် ရာဟရာအလမ်** အေ၊ အိုင်၊ အာ၊ ၁၉၅၀ ဟိုက်ဒရာဘတ် ၅၂။ **ဘာမါနီရွန်ကာ** နှင့် **ဂေါ်ဒန်ဒတ်စ်** အေ၊ အိုင် အာ၊ ၁၉၄၃ (ပရီဗီကောင်စီ) ၆၆။ **ဂျန်ကီနတ်** နှင့် **ဒိုကာမာလ်**၊အေ၊ အိုင်၊ အာ၊ ၁၉၃၅ ပတ္တနာ ၃၇၆.....ရည်ညွှန်းသည်။ **။ထပ်မံဆုံးဖြတ်ချက်။** ။၁၉၆၃ ခုနှစ်၊ လုပ်ငန်းများ ပြည်သူပိုင်ပြုလုပ်ခြင်း ဥပဒေမှာအထူးဥပဒေတရပ်ဖြစ်သည့် အားလျော်စွာ ယေဘုယျဥပဒေဖြစ်သည့် ကုမ္ပဏီများ အက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို လွှမ်းမိုးမည်သာဖြစ်ပေသည်။ ။အထူး ဥပဒေဖြစ်သည့် ၁၉၆၃ ခုနှစ်၊ လုပ်ငန်းများ ပြည်သူပိုင်ပြုလုပ်ခြင်း ဥပဒေဖြင့် အင်တာနေရှင်နယ်ထရိတ်ဒင်း ဟောက် (စ်) လိမိတက်၏ ရပိုင်ခွင့်အဝဝကို တရားလို ဆိုရှယ်လစ် စီးပွါးရေးစံနစ် တည်ဆောက်မှုကော်မီတီသို့ လွှဲအပ်ပေးခဲ့ပြီးဖြစ်ရာ၊ တရားလိုသည် ထိုကုမ္ပဏီ၏ ရပိုင်ခွင့်နှင့် ပတ်သက်၍ တရားစွဲဆိုပိုင်ခွင့်ရှိပေသည်။ ကုမ္ပဏီများဥပဒေအရ ဖျက်သိမ်းခဲ့ကုမ္ပဏီ၏ ရပိုင်ခွင့်ကို ဖျက်သိမ်းရေး အရာရှိကသာ တရားစွဲတောင်းဆိုနိုင်သည် ဆိုသောပြဋ္ဌာန်းချက်သည် ဤအမှုနှင့် အကျုံးမဝင်ချေ။ **။ပြည်ထောင်စုမြန်မာနိုင်ငံ နှင့် မောင်ကိုင်း** ၁၉၆၃ ခုနှစ်၊ မြန်မာပြည် စီရင်ထုံး၊ ၎၃၃.....ရည်ညွှန်းသည်။

အင်တာနေရှင်နယ်ထရေဒင်ဟောက်လီမိတက် နှင့် ဦးသိန်းမောင် ပါ-၂ .... ၁၂၆

သက်သေခံ ဥပဒေပုဒ်မ ၁၁၅ အမှုစွဲဆိုခြင်းမှ မည်သည့်အခါတွင် အပြီးသတ်ပိတ်ပင်ထားခြင်းဖြစ်သည်မဖြစ်သည်ကို ဆုံးဖြတ်ခြင်း ၁၄၉

သစ်လုပ်ငန်းအတွက် သဘောတူ စာချုပ် ချုပ်ဆိုခြင်း—အလုပ်လုပ်နိုင်ရန် အလို့ငှါ စတိုပစ္စည်းများထုတ်ပေးခြင်း—ပဋိညာဉ် ဥပဒေပုဒ်မ ၂၆—ပဋိညာဉ်တခုသည် သောင်းကျန်းသူတို့ ဘေးအန္တရာယ်ကြောင့် အချည်းအနှီးဖြစ်ကာ ပျက်ပြယ်ခြင်း ရှိမရှိဆိုသောပြဿနာ—အမှုကိုလိုက်၍ အကြောင်းခြင်းရာအပေါ် မူတည်ကာ အဆုံးအဖြတ်ပြုရမည်ဖြစ်ခြင်း။ ။ဆုံးဖြတ်ချက်။ ။ပဋိညာဉ်တခုသည် မည်သည့်အခါတွင် အချည်းနှီးဖြစ်ကာ ပျက်ပြယ်သည်ဟု ပဋိညာဉ်ဥပဒေပုဒ်မ ၂၆ တွင် ပြဋ္ဌာန်းထားသည်။ ပဋိညာဉ်တခုသည် မူလချုပ်ဆိုစဉ်ကတရားဥပဒေနှင့် ညီညွတ်သည့်ပဋိညာဉ်ပင် ဖြစ်လင့်ကစား၊ နောက်ပိုင်း နှစ်ဦးနှစ်ဖက်လုံးတို့သည် ရှယ်ချက်မရှိသည့် မမြော်လင့်သော အကြောင်းတစုံတရာပေါ် ပေါက်လာသဖြင့် ပဋိညာဉ်ကို ဆောင်ရွက်ခြင်းမပြုနိုင်သည့် အခြေသို့ ဆိုက်ရောက်မှသာ အချည်း

နှိုးဖြစ်ကာ ပျက်ပြယ်သည့် ပဋိညာဉ်ဖြစ်သည်ဟု ကောက်ယူ ရပေမည်။ ပဋိညာဉ်တခုသည် သောင်းကျန်းသူတို့၏ ဘေးအန္တရာယ်ကြောင့် အချည်းနှီးဖြစ်ကာ ပျက်ပြယ်ခြင်းရှိမရှိဆိုသော ပြဿနာမှာ အမှုကိုလိုက်၍ အကြောင်းခြင်းရာအပေါ် မူတည်ကာ အဆုံးအဖြတ်ပြုရမည်ဖြစ်သည်။

မြန်မာနိုင်ငံသစ်လုပ်ငန်းအဖွဲ့ နှင့် ဒေါ်သောင်းရင် ပါ-၂ .... ၉၉

**အမှေပစ္စည်းကို ရုံးမှစီမံအုပ်ထိန်းကာ ခွဲဝေပေးရန် တရားစွဲဆိုမှု—တရားမကျင့်ထုံး အမိန့် ၂၀ နည်း၃၀ပဒေ ၁၃ – ပဏာမဒီကရီပါ ညွှန်ကြားချက်အပေါ် မူတည်၍ အပြီးသတ်ဒီကရီကို ရေးဆွဲရန်ဖြစ်ခြင်း—ဇာရီပြုလုပ်သော အချိန်အခါရောက်မှသာ လက်ရောက်ပေးအပ်ရမည့် ကိစ္စပေါ်ပေါက် လာမည်ဖြစ်ခြင်း။ ။ဆုံးဖြတ်ချက်။ ။အမှေပစ္စည်းတခုကို ရုံးမှ စီမံအုပ်ထိန်းကာ ခွဲဝေပေးရန်စွဲဆိုသည့် အမှုတွင်ချမှတ်ရမည့် ဒီကရီကို တရားမကျင့်ထုံး အမိန့် ၂၀၊ နည်း၃၀ပဒေ ၁၃ တွင် ပြဋ္ဌာန်းထားသည်။ ပဌမ ပဏာမဒီကရီကိုချမှတ်ပြီးနောက်မှ အပြီးသတ်ဒီကရီကို ချမှတ်ပေးရမည်ဖြစ်သည်။ အပြီးသတ်ဒီကရီကိုမည်သို့မည်ပုံရေးဆွဲရမည်ဟုသတ်မှတ်ချက်မရှိချေ။ သို့ဖြစ်ရာ ပဏာမ ဒီကရီပါ ညွှန်ကြားချက်များအပေါ် မူတည်၍ အပြီးသတ်ဒီကရီကို ရေးဆွဲရန်ဖြစ်သည်။ ။အပြီးသတ် ဒီကရီချမှတ်သည့် အချိန်တွင် လက်ရောက်အပ်ပေးရမည့် ကိစ္စသည် လက်ငင်းပေါ်ပေါက်ခြင်းမရှိနိုင်ပေ။ ထိုကိစ္စမျိုးမှာအပြီးသတ်ဒီကရီကို ဇာရီပြုလုပ်သော အချိန်အခါရောက်မှသာ ပေါ်ပေါက်လာမည်ဖြစ်သည်။ သို့ဖြစ်ရာ ဤရုံးမှ ၁၉၆၄ ခုနှစ်၊ ဇန္နဝါရီလ ၁၈ ရက်နေ့စွဲပါ ညွှန်ကြားချက်သည် အပြီးသတ်ဒီကရီချမှတ်ရန်ကိစ္စတွင် ပိတ်ပင်တားဆီးခြင်းမရှိပေ။

ဒေါ်သန်း နှင့် မမြရီ ၃၃

**အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၃၂—သေတမ်းစာ အတည်ပြုသူက တရားရုံးအား စိတ်ကြေနပ်လောက်အောင် အထောက်အထားတင်ပြရန် တာဝန်ရှိခြင်း—သေတမ်းစာသည် မှန်ကန်သော သေတမ်းစာဟုတ်မဟုတ် ဆိုခြင်းကို သေတမ်းစာအတည်ပြုသည့်ရုံးက သတိဝိရိယဖြင့် စီစဉ်ရန် ဝတ္တရားရှိခြင်း—သေတမ်းစာအတည်ပြုသူ၏ သက်သေထူရန်တာဝန်—ကန့်ကွက်သူ၏ သက်သေထူရန်တာဝန်—သေတမ်းစာတွင် သေတမ်းစာအတည်ပြုသူ ခန့်ထားခြင်း မရှိမှသာ အမွေစားအမွေခံတဦးက သေတမ်းစာ ပူးတွဲပါသည့် အမွေထိန်းစာကိုတောင်းခံနိုင်ခြင်း—သေတမ်းစာတခုသည် မှတ်ပုံတင်ထားခြင်းမရှိလျှင် လက်မခံရဟု ပြဋ္ဌာန်းထားသော ဥပဒေရှိမရှိ—သေတမ်းစာအတည်ပြုချက်လက်မှတ် လျှောက်ထားသည့် အမှုများတွင် သေတမ်းစာကို နေရာတကျပြုလုပ်ခဲ့ခြင်းရှိမရှိ၊ သေတမ်းစာအရထိန်းသိမ်းအုပ်ချုပ်ရန် ပစ္စည်းရှိမရှိဆိုသော အချက်တို့ကိုသာစဉ်းစားရခြင်း။ ။ဆုံးဖြတ်ချက်။ ။သေတမ်းစာကို အတည်ပြုရန် လျှောက်ထားသည့် အမှုများတွင် သေတမ်းစာကို နေရာတကျ ရေးသားခဲ့ပြီး မှန်ကန်ကြောင်း ဝန်ခံချက်နှင့် ပြည့်စုံမှုသာ ရုံးတော်အနေဖြင့် သေတမ်းစာ အတည်ပြုချက်လက်မှတ်ကိုသော်၎င်း၊ သေတမ်းစာ ပူးတွဲပါသည့် အမွေထိန်း လက်မှတ်ကိုသော်၎င်း ထိုစာပေးရမည်ဖြစ်သည်။ တင်ပြလာသည့် သေတမ်းစာကို သေတမ်းစာရေးသားသူက တရား

ဥပဒေနှင့်အညီ လက်မှတ်ရေးထိုးခဲ့ခြင်း၊ သေတမ်းစာရေးသားသူသည် သေတမ်းစာရေးသားစဉ်အခါနှင်က မိမိ၏ပြုမူချက်ကို သိရှိနားလည်သည့် အခြေအနေတွင် ရှိခြင်း စသည့် အချက်အလက်များကို သေတမ်းစာအတည်ပြုသူက တရားရုံးအား စိတ်ကြေနပ်လောက်အောင် အထောက်အထား တင်ပြရန် တာဝန်ရှိလေသည်။ သေတမ်းစာတွင် အမွေစားအမွေခံအဖြစ် ဖော်ပြထားသူ တဦးက သေတမ်းစာကို အတည်ပြုရန် လျှောက်ထားလာသည့်အခါထိုသေတမ်းစာသည် မှန်ကန်သော သေတမ်းစာ ဟုတ်မဟုတ်ဆိုခြင်းကို သေတမ်းစာ အတည်ပြုသည့် ရုံးက သတိဝိရိယဖြင့် စီစစ်ရန် ဝတ္တရားရှိပေသည်။ **ဂွန်တီဘိုင် နှင့် ကန်ချီဒီလာလ်၊** အေး၊ အိုင်၊ ၁၈၁၊ ၁၉၄၉ ပရီဗီကောင်စီ၊ စာ ၂၇၂။ ။**ဒေါ်ငွေလေး နှင့် ဒေါ်ယုကူးပါး၊** ၁၉၅၁ ခု၊ မြန်မာပြည်စီရင်ထုံး၊ စာ ၃၂၆ (တရားလွှတ်တော်) ရည်ညွှန်းသည်။ ။သေတမ်းစာ အတည်ပြုရန်လျှောက်ထားသည့် အမှုတိုင်းတွင် တင်ပြလာသော သေတမ်းစာသည် လိမ်လည်တင်ပြသည့် သေတမ်းစာ ဖြစ်ကြောင်း ယူဆရမည်ဟု မည်သည့်ဥပဒေကမျှ ပြဋ္ဌာန်းထားခြင်း မရှိပေ။ သေတမ်းစာ အတည်ပြုသူသည် သေတမ်းစာကိုသေသူကရေးသားပြုလုပ်ခဲ့ကြောင်း ထိုကဲ့သို့ ပြုလုပ်ရာတွင် နေရာတကျရှိကြောင်း၊ သေတမ်းစာ ပြုလုပ်စဉ်က သေတမ်းစာပြုလုပ်သူသည် သတိကောင်းစွာရှိကြောင်း ထင်ရှားအောင်သက်သေ ထူရန် တာဝန်ရှိသည်မှာမှန်၏။ ထိုအချက်အလက်များကိုထင်ရှားအောင်သက်သေ အလုံအလောက်ပြသခဲ့ပါမူ သေတမ်းစာအတည်ပြုသူ၏ တာဝန်မှာ ကျေပြန်ပြီဟု ယူဆရမည်ဖြစ်သည်။ ယင်းသို့ တာဝန်ကျေပြန်အောင် သက်သေထူခဲ့ပြီးဖြစ်ပါမူ၊ သေတမ်းစာအတည်ပြုရန် လျှောက်ထားချက်အား ကန့်ကွက်သည့် တရားခံ အပေါ်၌ သေတမ်းစာသည် မဟုတ်မမှန် လုပ်ကြံ၍ တင်ပြသော သေတမ်းစာ ဖြစ်ကြောင်း အထောက်အထားတင်ပြရန် တာဝန်ကျရောက်လာမည်ဖြစ်သည်။ ထိုတာဝန်ကို ထမ်းဆောင်ခြင်းမပြုပါက ၎င်း၏ကန့်ကွက်ချက်ကို ပယ်ရမည်သာ ဖြစ်ပေသည်။ ။**ကရ်စတိုဂိုပါယ် နှင့် ဘိုင်ဒယာနတ်၊** အေး၊ အိုင်၊ အာ ၁၉၃၉၊ ကလကတ္တား၊ စာ-၁၇ရည်ညွှန်းသည်။ ။**ဆပ်မံဆုံးဖြတ်ချက်**။ ။ သေဘင်္ခစာတွင် သေဘင်္ခစာ အတည်ပြုသူခန့်ထားခြင်းမရှိမှသာ အမွေစား အမွေခံတဦးက အမွေဆက်ခံခြင်း ဥပဒေပုဒ်မ ၂၃၂ ဒုအရ သေတမ်းစားပူးတွဲ ပါသည့် အမွေထိန်းစာကို တောင်းခံနိုင်မည်ဖြစ်သည်။ သေတမ်းစာအတည်ပြုသူ ခန့်ထားပါက ထိုသူကသာ အမွေဆက်ခံခြင်း ဥပဒေပုဒ်မ ၂၃၂ **အရသေတမ်းစာ** အတည်ပြု ချက်လက်မှတ် လျှောက်ထားရမည် ဖြစ်သည်။ အမွေစားများက လျှောက်ထားခြင်းမပြုနိုင်ပေ။ ။သေတမ်းစာတခုသည် မှတ်ပုံတင်ထားခြင်း မရှိလျှင် လက်မခံရဟု ပြဋ္ဌာန်းထားသော ဥပဒေမရှိချေ။ သေတမ်းစာ ရေးပြီး နှစ်ပေါင်း မြောက်မြားစွာကြာမှ သေဆုံးခဲ့ပါမူ မှတ်ပုံတင်ထားခြင်းမရှိသည့် အကြောင်းပြချက်မှာ မှန်ကန်သောသေတမ်းစာ ဟုတ်မဟုတ်ဆိုသည့်ကိစ္စကို စဉ်းစားရာတွင် ထည့်သွင်းရမည်ဖြစ်သည်။ ။**ရှိ.ရှ်.ဘူစဉ်ဘနာဂျီအမှု** အတွဲ-၁၉၊ ကလကတ္တား၊ စာ-၅၈၂ ရည်ညွှန်းသည်။ ။သေတမ်းစာ အတည်ပြုချက်လက်မှတ်၊သို့မဟုတ် အမွေထိန်းလက်မှတ်လျှောက်ထားသည့် အမှုမျှားတွင် သေတမ်းစာ ကိုနေရာတကျ ပြုလုပ်ခဲ့ခြင်းရှိမရှိ၊ သေတမ်းစာအရ ထိန်းသိမ်း အုပ်ချုပ်ရန် ပစ္စည်း ရှိမရှိဆိုသော အချက်တို့ကိုသာ စဉ်းစားရမည်ဖြစ်သည်။ သေတမ်းစာ ရေးသူသည် အမွေပစ္စည်းကို ပိုင်ဆိုင်သည်ဟုတ်သည်မဟုတ်သည်၊အမွေပစ္စည်းကို

တစုံတယောက်အား ပေးခဲ့နိုင်သည့်အခွင့်အရေးရှိသည်မရှိသည်၊ လျှောက်ထားသူသည် သေတမ်းစာရေးသူ၏ မွေးစားသားဟုတ်သည်မဟုတ်သည် ဆိုသော ပြဿနာမျိုးကို စဉ်းစားအဖြေပေးရန် တာဝန်မရှိပေ။ ယင်းသို့အဖြေပေးလျှင်လည်း ထိုအဖြေသည် တည်မြဲခိုင်မာသော အဖြေဖြစ်သည်ဟု ယူဆခြင်းမပြုနိုင်ပေ။ အကယ်၍ သေတမ်းစာ ရေးသားသူသည် အမွေပစ္စည်းအားလုံးကို လူတဦးဦးအား ပေးနိုင်ခွင့်မရှိဘဲ ပေးထားခဲ့လျှင် သေတမ်းစာအတည်ပြုသူ၊ သို့မဟုတ် အမွေထိန်းလက်မှတ်ရသူသည် ထိုကဲ့သို့ မပေးနိုင်သည့်ပစ္စည်းအတွက် အမှန်တကယ်ပိုင်ဆိုင်သူ၏ ကိုယ်စား ထိန်းသိမ်းအုပ်ချုပ်သူအဖြစ်သာ ရပ်တည်နေမည်ဖြစ်သည်။ အမှန်တကယ် ပိုင်ဆိုင်သူ၏ အခွင့်အရေးကိုထိပါးခြင်းမရှိနိုင်ပေ။ ။**ကမ္မလာပရာဆတ် နှင့်မာလီမင်နိုဟာ၊** အော၊ အိုင်၊ အာ၊ ၁၉၂၆ **ပတ္တနာ** စာ-၃၅၆။ **တီနာသွန် နှင့် အေအစ်နာသွန်၊** အော၊ အိုင်၊ အာ၊ ၁၉၃၀ အောက်မြန်မာပြည်၊ စာ-၂၇၂။ **အမ္ဘဋ္ဌရာမ္ဘ နှင့် အမ်ဟာဆန်၊** အော၊ အိုင်၊ အာ၊ ၁၉၃၀၊ နက်ပို၊ စာ-၁၇၃.....ရည်ညွှန်းသည်။

ပါရပ် (စ်) စရမ်ဂိုစိန် နှင့် နာမယ်လ်ဆင်း ၃၅

အမွေဆက်ခံခြင်း ဥပဒေပုဒ်မ ၃၀၁ အရ လက်ရှိ အမွေထိန်းကိုနုတ်ပယ်ပြီးလျှင် ၎င်း၏ နေရာ၌ အမွေထိန်းဝန်အား ဆက်ခံခန့်ထားရန် လျှောက်ထားခြင်း—အမွေဆက်ခံခြင်း ဥပဒေပုဒ်မ ၂၆၃ တွင် တရားသောအကြောင်းရပ် တခုခုရှိမှသာ အမွေထိန်းလက်မှတ်ကို ပြန်လည်နုတ်သိမ်းပယ်ဖျက်ရမည်ဟု ပြဋ္ဌာန်းထားခြင်း—ထိုဖေါ်ပြချက်တခုခုနှင့် အကျုံးမဝင်စေကာမူ ရုံးမှတရားသော အကြောင်းတည်ရှိသည်ဟုယူဆလျှင် အမွေထိန်းလက်မှတ်ကု ပြန်လည်နုတ်သိမ်းပယ်ဖျက်နိုင်ခြင်း—အမွေထိန်းဝန်၏ လျှောက်လွှာမရှိဘဲ ၎င်းအား အမွေထိန်းအဖြစ် ခန့်ထားခြင်း ပြုနိုင် မပြုနိုင်။ ။**ဆုံးဖြတ်ချက်**။ ။အမွေဆက်ခံခြင်း ဥပဒေပုဒ်မ ၂၆၃ တွင် တရားသောအကြောင်းရပ်တခုခုရှိမှသာ အမွေထိန်းလက်မှတ်ကို ပြန်လည်နုတ်သိမ်းပယ်ဖျက်ရမည်ဟု ပြဋ္ဌာန်းထားပြီး၊ ထိုပုဒ်မ၏ အဓိပ္ပါယ် ရှင်းလင်းချက်နှင့် ဥပမာများတွင် မည်သည့်အခါမျိုးဟု တရားသော အကြောင်းတည်ရှိနေသည်ဟု ဖေါ်ပြထားသည်။ ထိုဖေါ်ပြချက်များသာလျှင်ဥပဒေကခွင့်ပြုသည့် တရားသော အကြောင်းရပ်အားလုံး အကုန်အစင် ဖြစ်သည်ဟုမဆိုနိုင်ပေ။ အဆိုပါ ဖေါ်ပြချက်များမှအပ အခြားတရားသော အကြောင်းရပ်များ မရှိနိုင်ဟု မဆိုသာချေ။ ထိုဖေါ်ချက်တခုခုနှင့် အကျုံးမဝင်စေကာမူ ရုံးမှတရားသောအကြောင်း တည်ရှိသည်ဟု ယူဆလျှင် အမွေထိန်းလက်မှတ်ကို ပြန်လည်နုတ်သိမ်းပယ်ဖျက်နိုင်မည်ဖြစ်သည်။ ။ အကြီးအကဲဖြစ်သူ အီရက်ရှောဟိုက်ဂျီသည် ၎င်း၏ကိုယ်စားလှယ်ဖြစ်သူ ဘီကေရပ်(စ်)တန်ဂျီအပေါ် လုံးဝအယုံအကြည်မရှိဘော့သည်မှာ ယုံးမှားဘွယ်မရှိနိုင်ပေ။ ယင်းသို့ အကြီးအကဲဖြစ်သူက ကိုယ်စားလှယ်အပေါ် အယုံအကြည်မရှိသည့် အခြေတွင် အကြီးအကဲ ကိုယ်စားလှယ်က ဆက်လက်၍ ဆောင်ရွက်ရမည်ဟု အမိန့်ချမှတ်လျှင် မည်သည့်နည်းနှင့်မျှ ဝေရားမျှတလိမ့်မည်မဟုတ်ပေ။ ။အမွေထိန်းဝန်၏ လျှောက်လွှာမရှိဘဲ ၎င်းအား အမွေထိန်းအဖြစ် ဖြင့် ခန့်ထားခြင်းမပြုနိုင်ဟု တားမြစ်ထားသည့် ဥပဒေမရှိသဖြင့်၊ ၎င်းအား အမွေထိန်းအဖြစ် ခန့်ခြင်းပြုနိုင်သည်။ ။**ကေဂျီဂျီဘိုင် နှင့် မစ္စစ်ရှိရင်ကောင်**

ဝါစ်ဂျီ၊ ၁၉၅၉ မြန်မာပြည်စီရင်ထုံး ၆၄ (၆၇) (တရားလွှတ်တော်) ရည်ညွှန်းသည်။

ကွယ်လွန်သူ ဘီ၊ အိပ် (ချ်) ဒတ် (စ်) တာ၏ ပစ္စည်းများကိစ္စ ဘီ၊ ကေ ရပ် (စ်) တမ်ချီ(လျှောက်ထားသူ) ၅၇

အိမ်ပေါ်မှထုတ်ခွါသွားရန် စွဲဆိုမှု—မြေပေါ်တွင်တည်ရှိသော အဆောက်အဦသည် မြေရှင်၏ပစ္စည်းသာ ဖြစ်သည်ဟု ကောက်ယူရမည်ဆိုသော ဥပဒေစကားပုံ—ရုံးခွန်တော် ဥပဒေနောက်ဆက်တွဲ ၂၊ အပိုဒ် ၁၇၊အပိုဒ်ငယ် (၆)အရ အခွင့်အမိန့်နှင့်နေထိုင်သူ တဦးကို ဥပစာမှနှင်ထုတ်လိုမှု စွဲဆိုရာတွင် ရုံးခွန်တော်ထမ်းဆောင်ရခြင်း—မှားယွင်းပြီး ရုံးခွန်တော် ပို၍ ထမ်းဆောင်လျှင် တရားရုံးအနေဖြင့် တရားမကျင့်ထုံး ပုဒ်မ ၁၅ အရ လိုသည်ထက်ပို၍ ထမ်းဆောင်သော ရုံးခွန်တော်၏ တန်ဘိုးကို ပြန်အမ်းရန် အမိန့် ချမှတ်နိုင်ခြင်း။ ။ဆုံးဖြတ်ချက်။ ။ မြေပေါ်တွင်တည်ရှိသော အဆောက်အဦသည် မြေရှင်၏ ပစ္စည်းသာဖြစ်သည်ဟု ကောက်ယူရမည်။ (*Quicquid plantatur Solo Solo, Cedit*) ဆိုသော ဥပဒေစကားပုံသည် မြန်မာပြည်နှင့် လုံးဝမသက်ဆိုင်ဟုမဆိုသာပေ။ အမှုကိုလိုက်၍ အကြောင်းခြင်းရာပေါ် မူတည်လျက်၊ ထိုဥပဒေ စကားပုံသည်အကျုံးဝင်မဝင်ဆိုခြင်းကို ဆုံးဖြတ်ရမည်ဖြစ်သည်။ ထိုစကားပုံ၏ အဓိပ္ပါယ်မှာ လူတဦးသည်မိမိပိုင်မြေမဟုတ်ဘဲ သူတပါး၏ မြေပေါ်တွင် ငွေကြေးအကုန်အကျခံ၍ အိမ်ဆောက်မည်မဟုတ်ဟုဆိုသော အခြေခံသဘောတရားပင်ဖြစ်သည်။ သို့ဖြစ်ရာ သူတပါး၏မြေပေါ်တွင် ဆောက်လုပ်ထားသော အိမ်သည်မိမိ၏အိမ်ဖြစ်သည်ဟု တဦးတယောက်က စွပ်စွဲလာလျှင် ထိုကဲ့သို့ စွပ်စွဲလာသူက မိမိအိမ်ဖြစ်ကြောင်း ထင်ရှားအောင် သက်သေပြရန်တာဝန်ရှိပေသည်။ ။**ဦးဖန်နှင့်တဦး** နှင့် **ဒေါ်မြိုင်နှင့် နှစ်ဦး** ၁၉၄၉ မြန်မာပြည်စီရင်ထုံး ၂၀၈ (တရားလွှတ်တော်) ရည်ညွှန်းသည်။ ။ **ထပ်မံဆုံးဖြတ်ချက်**။ ။အခွင့်အမိန့်အရ နေထိုင်သူ တဦးကို ဥပစာမှ နှင်ထုတ်လိုမှုစွဲဆိုသောအခါ ရုံးခွန်တော်ကို ရုံးခွန်တော် ဥပဒေနောက်ဆက်တွဲ ၂၊ အပိုဒ် ၁၇၊ အပိုဒ်ငယ် (၆) အရသာ တွက်ချက်၍ ပေးဆောင်ရမည်ဖြစ်သည်။။ ဥပစာတန်ဘိုးအပေါ်တွက်ချက်၍ ရုံးခွန်တော် ထမ်းဆောင်ရန်မလိုပေ။ ။မှားယွင်းပြီး ရုံးခွန်တော်ကိုပို၍ ထမ်းဆောင်ခဲ့ပါမူ၊ လိုသည်ထက်ပို၍ ထမ်းဆောင်ခဲ့သည့် ရုံးခွန်တော်၏တန်ဘိုးကို ပြန်အမ်းရန် ရုံးခွန်တော်ဥပဒေပုဒ်မ ၁၃၊ ၁၄၊ ၁၅ တို့တွင် အကျုံးဝင်ခြင်းမရှိစေကာမူ၊ တရားရုံးအနေဖြင့် တရားမကျင့်ထုံး ပုဒ်မ ၁၅ တွင်အပ်နှင်းထားသည့် မူလဘူတ အာဏာအရ အမိန့်ချမှတ်နိုင်သည်ဆိုခြင်းမှာ ယုံမှားဘွယ်မရှိနိုင်ပေ။ ။**တိုးဝယ်လ်အာမက်** နှင့် **မောင်တင်**၊ ၁၉၆၀ မြန်မာပြည်စီရင်ထုံး ၉၇ (တရားလွှတ်တော်)။ **ချတ်ကလင်ဂန်အင်ဘလန်** နှင့် **မောင်တင်နှင့်အများ** အတွဲ ၁၄၊ ရန်ကုန် ၁၇၃ (စုံညီခံ)။ **မဒရပ်ပြည်နယ်** နှင့် **အော်ဒင်မားနှင့်အများ** အော၊ အိုင်၊ အာ ၁၉၄၉ မဒရပ် ၀၉၅။ **ဗီရှ်နူးပရာဆတ်မိုဒီ** နှင့် **နာရန်ဒတ်စ်မိုဟင်လာမိုဒီ** အော၊ အိုင်၊ အာ ၁၉၅၀ ဘုံဘိုင် ၄။ **မာယာစန်ကာဘယ်လ်ရှိနှင့်အများ** နှင့် **ဂေါင်ရီစန်ကာမတီလာ** နှင့် အများ အော၊ အိုင်၊ အာ ၁၉၅၄ ကလကတ္တား ၂၅၆။ **မဟာဒေယိုဂင်နက်ရှ်** နှင့် **ကေရှပ်ဖခန်ဒီရောင်နှစ်ဦး အများ**၊ အော၊ အိုင်၊ အာ ၁၉၅၇ အမ် ဘီ ၁၆၀ ရည်ညွှန်းသည်။

ဒေါ်လှခင် ပါ-၂ နှင့် မသိန်းတင် ၂၄

အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများ အက်ဥပဒေ ပုဒ်မ ၂၅ အရ လျှောက်ထားခြင်း—အုပ်ထိန်းသူတဦးသည် အရွယ်မရောက်သည့် ကလေးများအား ကိုယ်ထိလက်ရောက်အုပ်ထိန်းခဲ့ခြင်းမရှိ—ပုဒ်မ ၂၅ အရ မိမိအုပ်ထိန်းမှုအောက်သို့ ပြန်လည်ပေးအပ်ရန်လျှောက်ထားနိုင်မနိုင်—အုပ်ထိန်းခံရသူ တဦးအား အုပ်ထိန်းသူ၏ အုပ်ထိန်းမှုအောက်သို့ ပြန်လည် ပေးအပ်သင့်မသင့်ဆိုသောပြဿနာ—အုပ်ထိန်းခံရသူ၏ အကျိုးကျေးဇူးအတွက် ဖြစ်မဖြစ်ဆိုသည့် အပေါ်တွင် မူတည်လျက် ဆုံးဖြတ်ချက်။ ။ဆုံးဖြတ်ချက်။ ။အုပ်ထိန်းသူ တဦးသည် အရွယ်မရောက်သည့်ကလေးများအား ကိုယ်ထိလက်ရောက် အုပ်ထိန်းခဲ့ခြင်း မရှိစေကာမူ ပုဒ်မ ၂၅ အရ မိမိအုပ်ထိန်းမှုအောက်သို့ ပြန်လည်ပေးအပ်ရန် လျှောက်ထားနိုင်သည့် ။ ။**အီဘရာဟင်** နှင့် **အီရာဟင်**၊ အတဲ့ ၃၉၊ မဒရပ် ၆၀၈။ **အဇီခန်း** နှင့် **ခုန်ဟေခန်း**၊ အတဲ့ ၄၉၊ အလာဟာဘတ် ၃၃၂။ **မောင်ဇော်**နှင့် **မောင်လှဒင်**၊ အတဲ့ ၁၂၊ ရန်ကုန် ၁၆၁။ **ဂိုဗင်ဒါဆွာမီ** နှင့် **ချွင်းနားတန်ဘီ**၊ ၁၉၅၂ မြန်မာပြည် စီရင်ထုံး၊ ဂ၊ တရားလွှတ်တော်။ **ဂျာဝါလာပရာဆတ်** နှင့် **ဘာချူလာလ်**၊ အေ၊ အိုင်၊ အာ၊ ၁၉၄၂ ကလကတ္တား၊ ၂၁၅။ **ဘာဆန်းကူးဝါး** နှင့် **ဂီယန်ဆင်း**၊ အေ၊ အိုင်၊ အာ ၁၉၃၉ လာအို ၃၅၉။ **ဂူရမ်** နှင့် **ရစ်ဇ်**၊ အေ၊ အိုင်၊ အာ၊ ၁၉၃၅ အောဒ် ၄၉၂ (စုံညီခုံ)။ **နာရှာဝန်** နှင့် **ရှာရိဘာနူး**၊ အေ၊ အိုင်၊ အာ၊ ၁၉၃၄ ဘုံဘိုင် ၃၁၁.....ရည်ညွှန်းသည်။ **အချရတ်လာလ်** နှင့် **ချီမန်လာလ်**၊ အတဲ့ ၄၀၊ ဘုံဘိုင်၊ ၆၀၀။ **မနူးအလီ** နှင့် **ဟာဝါတီ**၊ အေ၊ အိုင်၊ အာ၊ ၁၉၃၆ ရန်ကုန် ၆၃ တို့ကိုမလိုက်နာ။ ။အုပ်ထိန်းခံရသူတဦးအား အုပ်ထိန်းသူ၏ အုပ်ထိန်းမှုအောက်သို့ပြန်လည်ပေးအပ်သင့်မသင့်ဆိုသော ပြဿနာကို ဖြေရှင်းရာ၌၊ ယင်းသို့ အပ်ပေးခြင်းသည် အုပ်ထိန်းခံရသူ၏ အကျိုးကျေးဇူးအတွက် ဖြစ်မဖြစ်ဆိုသည့် အဖြေပေါ်တွင် မူတည်လျက် ဆုံးဖြတ်ရမည်ဖြစ်သည်။ အုပ်ထိန်းသူသည် အုပ်ထိန်းခံရသူနှင့် မည်သို့ပင်ဆွေမျိုးနီးစပ်တော်စေကာမူ ၎င်း၏အုပ်ထိန်းမှုအောက်သို့ ပြန်လည်ပေးအပ်ခြင်းကြောင့် အုပ်ထိန်းခံရသူအတွက် အကျိုးမျှားမည့် အစား အကျိုးယုတ်ရန် အကြောင်းပေါ်ပေါက်နေပါက ပြန်လည်ပေးအပ်ခြင်း မပြုသင့်ပေ။ ။**မောင်အောင်ခင်** နှင့် **မစောလှ**၊ ၁၉၅၈ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး ၃၁၁ (တရားလွှတ်တော်)။ **ဦးစိန်ဝင်း**နှင့် **ဦးစောခိုင်**၊ ၁၉၆၀ မြန်မာပြည်စီရင်ထုံး ၄၃၇ (တရားလွှတ်တော်) ရည်ညွှန်းသည်။

မောင်လှမောင် နှင့် ဦးလူစီပါ-၃ .... — ၉၂

၁၉၄၅ ခုနှစ်၊ ဒွေတိုးချစားသူများအက်ဥပဒေပုဒ်မ ၂ (၆) ဒွေတိုးချစားသူများနှင့် ပတ်သက်၍ အဓိပ္ပါယ်ကောက်ယူချက် — — ၁၄၅

ညွှန်းချက်

INDEX

နိုင်ငံတော်တရားရုံးချုပ်

CHIEF COURT OF BURMA

စာမျက်နှာ

ACTS : (အက်ဥပဒေများ)

CODE OF CIVIL PROCEDURE.

LIMITATION ACT.

PARTNERSHIP ACT.

PENAL CODE.

ADVOCATE WITHDREW FROM THE CASE—WHETHER ANY PROCEEDING TAKEN BY THE COURT WOULD BE *ex-parte*—WHETHER AN ORDER TO SET ASIDE THE *ex-parte* DECREE IS MAINTAINABLE IN ACCORDANCE WITH O. 9, R. 13 C.P.C. 165

CIVIL EXECUTION—*Order* 21, *Rule* 37 *C.P.C.—inquiry as to the ability to pay—Order* 3, *Rule* 1, *C.P.C.—application by a pleader on behalf of a party—Order* 21, *Rule* 30 *C.P.C.—simultaneous executions of various modes of relief. Held :* When a judgment-debtor appears before the Court in obedience to a notice issued under Order XXI, Rule 37 the Court shall proceed to hear the decree-holder and take all such evidence as may be produced in support of his application for execution, that is to say, it must hold an inquiry as to the ability to pay or, in other words, as to proverty of the judgment-debtor. The onus of proof that the judgment-debtor is able to pay is on the decree-holder. No judgment-debtor shall however be sent to prison unless the Court is satisfied that any of the conditions detailed in the proviso to s. 51 of the Code exists. *Held further :* Under Order 3, Rule 1 of the Code any application to any Court by a party, may, except where otherwise expressly provided by any law for the time being in force, be made or done by a pleader on his behalf. It is a general provision and is as much applicable to presentation of suits as to that of appeals and applications for execution. The words "decree-holder" in s. 51 of the Code which relate to execution of decrees are thus governed by Order 3, Rule 1. There is nothing in law to prevent substitution of one mode of execution for another. When the execution case was still alive and the first application was in order and in proper form, the decree-holder could ask for issue of notice to show cause against arrest instead of attachment in column 10 of the tabular form of the original execution application where all the particulars required

under Order XXI, Rule 11 (2) of the Code were already given. There was indeed no necessity to file a fresh execution application in a tabular form in the same case praying for a different mode of execution. Since simultaneous executions of various modes of relief are permitted under Order XXI, Rule 30 of the Code it is open to the decree-holder to indicate the various modes which he wishes the Court to adopt. When the Court had rejected the attachment it could have refused to keep the case open and asked the decree-holders (appellants) to apply afresh in the usual form for another mode of execution.

U TU BO AND ONE *v.* U MAUNG SWE 196

CODE OF CIVIL PROCEDURE—*O. XVII, Rule 2—no appearance on the side of the defence when the case was called on for hearing—whether the decree was an* ex-parte *decree. Held :* The position of the case was that there was no appearance on the side of the defence when the case was called on for hearing. Such being the case, any proceeding taken by the Court subsequent to the withdrawal of the Advocate who applied for an adjournment would be *ex-parte*. Thus the circumstances prevailing on 15th August 1963 clearly show that they were such as would leave the trial Court with no alternative but to proceed under Order XVII, Rule 2 of the Code of Civil Procedure. Therefore the defendant's application praying for an order to set aside the *ex-parte* decree was maintainable in accordance with Order IX, *Rule* 13. *Maung Pway and one* v. *Saya Pe* 4 Ran., p. 408 ; *E. Mylne* v. *T. Koir*, 6 Ran., p. 323 ; *Faiyaz Khan* v. *Mithan* A.I.R. (1954) All., p. 222 ; *Sri Krishen* v. *Radha Krishen*, A.I.R. (1952) All. p. 652 ; *Raja Singh* v. *Manna Singh and others*, A.I.R. (1940) All. p. 217, referred to.

A. SATTAR *v.* S. M. HASSAN 165

DECLARATORY SUIT—*auction sale of property for default of payment of Municipal Taxes—Limitation Act Article 12—suits to set aside revenue sales—time counted from the date of confirmation of sale—Order 1 Rule 13 ; C.P.C.—objections on the ground of nonjoinder or misjoinder. Held :* In all suits to set aside revenue sales time is always counted fron the date of confirmation of sale under Article 12 of the Limitation Act. *Held further :* Under Order 1, Rule 13 of the Code of Civil Procedure all objections on the ground of nonjoinder or misjoinder of parties shall be taken at the earliest possible opportunity and, in all cases where issues are settled, at or before such settlement, unless the ground of objection has subsequently arisen, and any such objection not so taken shall be deemed to have been waived.

S. S. MOHIDEEN AND TWO OTHERS *v.* P. NARAYANA SWAMY AND TWO OTHERS 188

ONUS OF PROOF THAT THE JUDGMENT-DEBTOR IS ABLE TO PAY IS ON THE DECREE-HOLDER—WHETHER THE JUDGMENT-DEBTOR IS TO BE SENT TO PRISON UNDER ANY OF THE CONDITION IN THE PROVISION TO S. 51 C.P.C. EXIST 196

PENAL CODE S. 396—*statements made to the Investigating Officer—whether admissible in evidence—evidence of identification—chances of error in identification—use of statements made to the police by the*

trial Judge—whether compliance of s. 162 *C.P.C. necessary. Held:* Statements made to the investigating police officer in the course of the investigation should not have been allowed to be given by him while under cross-examination as they are not admissible in evidence. *Held further :* Evidence of identification based on personal impression should be approached with considerable caution especially where much depends upon such evidence. A witness may be an honest witness, but the testimony of senses cannot be implicitly relied upon even when the veracity of the witness is above all suspicion. Chances of error in indentification are based upon a momentary glimpse in the confusion and excitement of the moment at night even though there is a gas lamp burning. *Held further :* The trial Judge freely made use of the statements made by the witness to the police in the course of investigation of a crime privately without paying any regard to the law and procedure. He should not have referred to these statemnts at all without complying with the requirements of the provisions of s. 162 of the Criminal Procedure Code to the prejudice of the defence as well as the prosecution. *Maung U Khine and others,* I.L.R. 13 Ran. 1 ; *Maung Lun Thoung,* I.L.R. 13 Ran. 570 (F.B.) ; *Chit Hlaing, Tun Waing, Thein Aung and* 19 *others* v. *The Union of Burma,* (1958) B.L.R. 582 (H.C.) ; *Daw Kha Lay Ma* v. *The Union of Burma,* (1962) B.L.R. 280 (C.C.) ; *P. Yan Soo* (a) *Maung Thaung Nyun* v. *The Union of Burma,* (1966) B.L.R. 43, referred to.

MAUNG KHIN *v.* THE UNION OF BURMA 179

SUIT FOR DISSOLUTION OF PARTNERSHIP AND FOR RENDITION OF ACCOUNTS OF A PARTNERSHIP FIRM—*dissolution of the partnership by the death of a partner—continual enjoyment of the benefits of the partnership by the wife of the deceased partner—whether conclusive proof of a new partnership—intention of the parties to be gathered from their conduct.* The plaintiff (*i.e.* the 1st respondent) files a suit for dissolution of partnership and for rendition of accounts in respect of a partnership firm by the name of Sin Eng Choon which was started some 70 years ago by 2 partners Koo Ban Pan of the " Koo " family and Wee Po Ee of the " Wee " family, the latter being the father of the plaintiff. Wee Po Ee died in 1892. *Held :* The partnership between Koo Ban Pan and Wee Po Ee was dissolved by the death of latter no matter what might have been their intention regarding the continuance of the firm as the partnership consisted of two person only. This does not however preclude the possibility of a new partnership coming into existence by means of a contract either express or implied between. Koo Ban Pan and Daw Khet, widow of the deceased partner. But there is no evidence to prove an express contract between them. The evidence obtaining on the record of the trial Court clearly showsthat after the death of Wee Po Ee his widow Daw Khet did enjoy the benefits of the business of Sin Eng Choon. Even conceding that Daw Khet enjoyed a defined share of the profits of the business of Sin Eng Choon this fact by itself is not conclusive proof of a new partnership. It is clear that the most important factor in determining the existence of partnership is the intention of the parties to be gathered, in the absence of a written instrument, by the conduct of the parties. And Koo Ban Pan's conduct since the time of Wee Po Ee's death had all along been in the nature of a sole proprietorship. Therefore in the absence of any testimony regarding agreement between Daw Khet

and Koo Ban Pan it cannot be held that Daw Khet became a partner merely because she suffered her *property* to be utilized in the business, and a *fortiori* that the plaintiff (*i.e.* the 1st respondent) ever became a partner after his father's demise. *Ram Kumar* v. *Kishore, Lal* I.L.R. All. Series (1946) 309, dissented from ; *Mt. Sughra and others* v. *Babu,* A.I.R. (1952) All. 506 ; *K. Hajee Abdul Lathief Sahib* v. *The Official Assignee of Madras,* I.L.R. (Mad. Series) Vol. LI, (1928), p. 308 ; *Habib Bux v. Samuel Fitx Co.,* A.I.R. (1926) All. 161 ; referred to.

KOO GYEE HOKE AND OTHERS SIR *v.* WEE TIN SHAN AND FOUR OTHERS. 170

TRIAL JUDGE FREELY MAKING USE OF THE STATEMENTS OF THE WITNESS TO THE INVESTIGATING OFFICER—WHETHER HIS ACTION IS PREJUDICIAL TO THE OFFENCE AS WELL AS TO THE PROSECUTION ... 179

အက်ဥပဒေများ။

တရားမကျင့်ထုံး

ပစ္စည်းလွဲပြောင်းငရေးအက်ဥပဒေ။

မြန်မာပြည်ကုမ္ပဏီများအက်ဥပဒေ။

မြန်မာပြည်လင်မယားကွာရှင်းရေးအက်ဥပဒေ။

ရာဇဝတ်ကျင့်ထုံး။

ရာဇသတ်ကြီး။

လွဲအပ်ပစ္စည်းထိန်းဝန်များအက်ဥပဒေ။

အဇ္ဈတ္တလွတ်ငြိမ်းချမ်းသာခွင့်အမိန့်။

အမွေဆက်ခံခြင်းအက်ဥပဒေ။

အရေးပေါ်စီမံမှုအက်ဥပဒေ။

အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများအက်ဥပဒေ။

တရားမကျင့်ထုံး အမိန့် ၂၂၊ နည်းဥပဒေ ၁၀—တရားလိုတဦးအဖြစ် ထည့်သွင်းပေးရန် လျှောက်ထားခြင်း—ပစ္စည်းလွဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၁၃၀ တွင်ပြဋ္ဌာန်းထားသည့် လွဲပြောင်းမှုကိစ္စနှင့် သက်ဆိုင်ခြင်း ရှိမရှိ—တံဆိပ်တော်ခွန်အက်ဥပဒေ နောက်ဆက်တွဲ၏ အပိုဒ် ၁၁ နှင့် ၂၃ အရ တံဆိပ်တော်ခွန် ထမ်းဆောင်ရန် လိုမလို။ ။ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံး အမိန့် ၂၂၊ နည်းဥပဒေ ၁၀ ၏ ပြဋ္ဌာန်းချက်များမှာ မပြုမနေရသော သဘောသက်ရောက်ခြင်း မရှိခဲ့။ တရားခံတဦးအပေါ် တရားစွဲဆိုတော်ဘင်ယူပိုင်ခွင့်ကို၊ တရားလိုက အမှုအတွင်းလွဲပြောင်းပေးသော် တရားလို၏ အခွင့်အရေးကို လွဲပြောင်းပေးခြင်း ခံရသူသည် အမှုတွင် တရားလိုအဖြစ်ထည့်သွင်းပေးရန် လျှောက်ထားနိုင်သည်။ ထိုကဲ့သို့ လျှောက်ထားလျှင် ရုံးမှခွင့်ပြုသင့်သည်ဟုထင်မြင်ပါက၊ ၎င်းအား တရားလိုအဖြစ် ထည့်သွင်းပေးနိုင်သည်။ တရားလို၏ အခွင့်အရေးကို ဆက်ခံသူသည် အမှုတွင် တရားလိုအဖြစ်ထည့်သွင်းရန် လျှောက်ထားခြင်း မပြုဘဲ နေနိုင်သည်။ ယင်း

သို့လျှောက်ထားခြင်းမပြုလျှင် မူလဘရားလိုနှင့်ပင် ရုံးမှစွဲဆိုသောအမှုကို စီရင်စစ်ဆေးဆုံးဖြတ်ရန်ဖြစ်ပြီး၊ ထိုဆုံးဖြတ်ချက်၏ အကျိုးခံစားခွင့်ကို မူလ တရားလို၏အခွင့်အရေးဆက်ခံသူက ခံစားရမည်ဖြစ်လေသည်။ အဆိုပါ နည်းဥပဒေအရ လျှောက်ထားသည့်ကိစ္စမှ ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၁၃၀ တွင်ပြဋ္ဌာန်းထားသည့်လွှဲပြောင်းမှုကိစ္စနှင့်လုံးဝ သက်ဆိုင်ခြင်း မရှိပေ။ ထို့အပြင်တံဆိပ်တော်ခွန်အက်ဥပဒေ နောက်ဆက်တွဲ၏ အပိုဒ် ၁၁ နှင့် ၂၃ တို့အရတံဆိပ်တော်ခွန်ထမ်းကောင်ရန်မလို။ ။**အိန္ဒိယပြည်သူ့ဘဏ် နှင့် ရန်ကုန်မြို့ ကော်လိပ်တော်အရာရှိ**၊ ၁၉၆၁ မြန်မာပြည်စီရင်ထုံး ၃၃၆ (တရားလွှတ်တော်)။ ခြားနားပြသည်။ ။**ပြည်သူ့ဘဏ်အမှတ် (၈) နှင့် ရန်ကုန်မြို့ ကော်လိပ်တော်အရာရှိ** ရုံးချုပ်။ ၁၉၆၂ ခုနှစ်၊ တရားမ အထွေထွေ လျှောက်လွှာအမှတ် ၈ ရည်ညွှန်းသည်။

Lembaga Alat-Alat Pembajaran Luar Negeri and two others / The New State Enterprise Perusahaan Negara } v. The Burma Navigation Coporation Ltd. / The Burma Navigation Corporation Ltd. ၂၇၃

တရားမကျင့်ထုံး ပုဒ်မ ၃၄—တရားရုံးက မိမိသင့်တော်သည်ဟု ထင်မြင်သည့်နှုန်းထားအတိုင်း အတိုးပေးရန်အမိန့်ချမှတ်နိုင်ခြင်း—တရားမှုတမှုကို အဓိကထားရန် အစဉ်တစိုက်လိုက်နာအပ်သည့်မူ ဥပဒေသမျှားအတိုင်း ကျင့်သုံးရခြင်း။ ။ စီးကရက်လုပ်ငန်း ပိုင်ရှင်မျှားဖြစ်ကြသည့် အယူခံတရားခံမျှားသည် ၎င်းတို့ပိုင် လုပ်ငန်းရှိပစ္စည်းမျှားကို အပေါင်ထားကာ ပြည်သူပိုင် ပြုလုပ်ခြင်းမခံရမီက အယူခံတရားလို့ဘဏ်တိုက်မျှားမှ ဓဌမျှားချေးယူခဲ့ကြသည်။ ကြွေးမြီမျှားအတွက် တရားစွဲတောင်းခံရာ မူလရုံးတရားသူကြီးက ဒေ့ရင်းမျှားနှင့် ကျသင့်သော အတိုးမျှားကို လုပ်ငန်းမျှားအား ပြည်သူပိုင် ပြုလုပ်လိုက်သည့် နေ့အထိသာလျှင် စရိတ်နှင့်တကွဒီကရီမျှားချမှတ်ပေးသည်။ ။**ဆုံးဖြတ်ချက်**။ ။တရားမကျင့်ထုံး ပုဒ်မ ၃၄ အရ တရားရုံးချုပ်သည် မိမိသင့်တော်သည်ဟု ထင်မြင်သည့်နှုန်းထားအတိုင်း အတိုးပေးရန်အမိန့်ချမှတ်နိုင်သည်။ သို့ရာတွင် ထိုကဲ့သို့ အမိန့်ချမှတ်ရာ၌ မိမိတို့ထင်သလို အမိန့်ချမှတ်နိုင်သည်မဟုတ်။ တရားမှုတမှုကို အဓိကထား၍ အစဉ်တစိုက်လိုက်နာအပ်သည့်မူ ဥပဒေသမျှားအတိုင်းသာလျှင် အမိန့်ချမှတ်ရမည်ဖြစ်သည်။ ။အယူခံတရားလိုမျှားနှင့် အယူခံတရားခံမျှားသည် ချေးငွေမျှားအတွက် တနှစ်လျှင် ၇ ရာခိုင်နှုန်း အတိုးထားရန် သဘောတူညီခဲ့ကြပြီးဖြစ်သည်။ ထိုကဲ့သို့နှစ်ဦးသဘောတူညီမှုရရှိခဲ့သော်အလွန် ခိုင်လုံသည့်အကြောင်းပြချက်မရှိဘဲ၊ တရားရုံးသည် ထိုနှုန်းထားအတိုင်း ဒီကရီချမှတ်သည့်နေ့အထိ အတိုးပေးရန် အမိန့်ချမှတ်သင့်သည်။ အဘယ်ကြောင့်ဆိုသော် ထိုအတိုးနှုန်းသည် တရားမှုတသည့်အတိုးနှုန်းဖြစ်သည်။ များပြားလှသည့်အတိုးနှုန်းဖြစ်သည်ဟု မယူဆနိုင်။ ။တရားမကျင့်ထုံး ပုဒ်မ ၃၄ အရ တရားရုံးသည် ဒီကရီချမှတ်သည့်နေ့မှ ဒီကရီကျေငွေမျှား ရရှိသည်အထိ သင့်တော်သည့်နှုန်းဖြင့် အတိုးပေးစေရန် အမိန့်ချမှတ်နိုင်သည်။ သို့ရာတွင် ထိုအာဏာကို အသုံးပြုရာ၌ တရားမှုတရာရောက်မည့်အမိန့်မျိုးကိုသာချမှတ်နိုင်မည်ဖြစ်သည်။

ပြစ်ဒဏ်တိုးမြှင့်ပေးခြင်း—ထောင်ဒဏ် ကျခံပြီးနောက် လူတစ်မြောက်လာသူကို ပြန်၍ ဖမ်းဆီးပြီး ထောင်ဒဏ် အပြစ်ပေးပါက မသင့်လျော်ခြင်း၊ ထောင်ဒဏ်အပြစ်ပေးရာဥစ္စာအရစ်ကျ မပေးသင့်ပုံ၊ ပြစ်ဒဏ်ခံရပြီးသူနှင့် ပတ်သက်၍ ချမှတ်ထားသောမူ ၂၂၄

ပြည်သူ့ ဝန်ထမ်းမဟုတ်ဘဲလျက် ပြည်သူ့ဝန်ထမ်း တဦးတယောက် အနေအားဖြင့် ဟန်ဆောင်ခြင်း—ဟန်ဆောင်သည့် အခြေအနေအရ တခုခုကို ပြုလုပ်ခြင်း၊ သို့မဟုတ် ပြုလုပ်ရန်အားထုတ်ခြင်း—ရာဇသတ်ကြီးပုဒ်မ ၁၇၀ အရ ပြစ်မှု ကျူးလွန်သည်ဟု ယူဆနိုင် မယူဆနိုင် ၂၂၇

မြန်မာပြည်ကုမ္ပဏီများ အက်ဥပဒေ- ပုဒ်မ ၂၃၅ အရ ကွယ်လွန်သူကြေးမြို ရှင်းလင်းရေး အရာရှိ၏ အမွေစား အမွေခံများတို့အပေါ် အရေးယူရန် လျှောက်ထားခြင်း—အရေးယူနိုင်မယူနိုင်။ ။ဆုံးဖြတ်ချက်။ ။ကုမ္ပဏီ တခုအား ဖျက်သိမ်းပြီး စာရင်းရှင်းနေခိုက် ကုမ္ပဏီ၏ ဒါရိုက်တာ၊မန်နေဂျာ၊ကြေးမြို့ရှင်းလင်းရေးအရာရှိ၊ သို့မဟုတ် အခြားအရာရှိ တဦးဦးသည် ကုမ္ပဏီ၏ငွေ၊သို့မဟုတ် ပစ္စည်း တစုံတရာနှင့် ပတ်သက်၍ အလွဲအသုံးချခြင်း၊ လက်ရှိထားခြင်း၊ ဖေါက်လွဲဖေါက်ပြန်ပြုလုပ်ခြင်း၊ အလွဲသုံးစားပြုခြင်း စသည့် အပြုအမူတရပ်ရပ်ကို ပြုလုပ်ခဲ့လျှင် ကုမ္ပဏီ၏ကြေးမြို ရှင်းလင်းရေးအရာရှိ၊သို့မဟုတ် မြို့ရှင်၊သို့မဟုတ် အစုရှင်တို့က မြန်မာပြည် ကုမ္ပဏီများ ဥပဒေပုဒ်မ ၂၃၅ အရ ကာလစည်းကမ်းသတ် အချိန်အတွင်း ဤရုံးသို့ အရေးယူရန်လျှောက်ထားနိုင်သည်။ ထိုကဲ့သို့ လျှောက်ထားသောအခါ ဤရုံးမှ အဆိုပါ အရာရှိတဦးဦး၏ ပြုမူချက်အပေါ် စုံစမ်းစစ်ဆေးပြီး အလွဲအသုံးချမှု၊ လက်ရှိထားမှု၊ ဖေါက်လွဲဖေါက်ပြန် ပြုလုပ်မှု၊ သို့မဟုတ် အလဲသုံးစားမှုအတွက် ထိုအရာရှိအား တရားမျှတသည့် လျော်ကြေးငွေကို ကုမ္ပဏီသို့ ပေးသွင်းရန်အမိန့် ချမှတ်နိုင်လေသည်။ သို့ရာတွင် ကုမ္ပဏီအရာရှိ တဦးဦး၏ အမွေစားအမွေခံအပေါ် ကုမ္ပဏီများ ဥပဒေပုဒ်မ ၂၃၅ အရ အရေးမယူနိုင်။ ။**ချီလီမိုးရိယား နှင့် ဒီဆူဇာ၊** အော၊ အိုင်၊ အာ၊ ၁၉၂၆၊ လာဟိုး ၆၂၄။ **အစိုးရကြေးမြို့ရှင်းလင်းရေးအရာရှိ နှင့် ဂျေကီရိုး၊** အော၊ အိုင်၊ အာ၊ ၁၉၃၉၊ အလဟာဘတ် ၁ ။ **မနီလာလိ နှင့် ဗင်ဒရာဗင် ဒတ်(စ်)၊**အော၊ အိုင်၊ အာ၊ ၁၉၄၄၊ ဘုံဘိုင် ၁၉၃။**ဆတ်တရားနာရာယား နှင့် ရာမာဆွာမိနိုင်ဒူး၊** အော၊ အိုင်၊ အာ၊ ၁၉၄၆၊ မဒရပ် ၃၀၄ ရည်ညွှန်းသည်။

ဦးဇုံပါ ၇ နှင့် ဒေါ်ရေးပါ ၄ .... ၂၇၉

မြန်မာပြည် လင်မယား ကွာရှင်းရေး အက်ဥပဒေ ပုဒ်မ ၁၀ အရ ကွာရှင်းလိုမှုတရားစွဲဆိုခြင်း—ဥပဒေအရ ရက်စက်ကြမ်းကြုတ်မှုဆိုသည့် အဓိပ္ပါယ်—ပုဒ်မ ၁၀ အရ ကွာရှင်းပြတ်စဲကြောင်းစွဲဆိုမှုတွင် ပုဒ်မ ၂၃ အရ သက်သာခွင့်ပေးနိုင်မပေးနိုင်—ကလေးများအား မိခင်၊ သို့မဟုတ် ဘခင်၏ အုပ်ထိန်းမှုအောက်တွင် ထားသင့်မထားသင့်ဆိုသောပြဿနာ။ ။ဆုံးဖြတ်ချက်။ ။ဥပဒေအရ ရက်စက်ကြမ်း ကြုတ်မှုဆိုသည်မှာ ကိုယ်ခန္ဓာကိုသော်၎င်း၊ ကျန်းမာရေးကို သော်၎င်း၊ အသက် သော်၎င်း၊ အန္တရာယ် ဖြစ်စေမည့်၊ သို့တည်းမဟုတ် အန္တရာယ် ဖြစ်စေသိမ့်မည်ဟု စိုးရိမ်မကင်းဖြစ်စေမည့်ပြုမူချက်ကိုဆိုလိုသည်။ "လင် နှင့် မယား လျာနှင့်သွား" ဆိုသည့် စကားပုံအတိုင်း တခါတရံ သဘောချင်း မတိုက်ဆိုင်သဖြင့် ပဋိပက္ခဖြစ်

ကာ စိတ်လိုက်မာန်ပါ လင်ကမယားကို ရိုက်နှက် ဆုံးမခြင်းမျိုးကို ဥပဒေအရ ရက်စက် ကြမ်းကြုတ်မှု ကျူးလွန် ခဲ့သည်ဟု ဆိုနိုင်မည် မဟုတ်သော်လည်းမကြာခဏ လင်ကမယားအား ကိုယ်ထိလက်ရောက်ရိုက်နှက်ခြင်း၊ ဆဲပင်ဆဲခြင်း စသည့် ပြုမူချက်မျိုးကို ပြုလုပ်ခဲ့ပါလျှင် လင်ဖြစ်သူသည် ဥပဒေအရ ရက်စက်ကြမ်းကြုတ်မှုကို ကျူးလွန်ခဲ့သည်ဟု ကောက်ယူရမည် ဖြစ်သည်။ ။မယား ဖြစ်သူသည် မူလစွဲဆိုစဉ်က ပုဒ်မ ၁၀ အရကွာရှင်း ပြတ်စဲကြောင်း ဒီကရီကိုသာ တောင်းဆိုခဲ့ပြီး၊ အခြားသက်သာခွင့်ကို တောင်းဆိုခြင်း မပြုခဲ့စေကာမူ၊ အကြောင်းကြောင်းကြောင့် ကွာရှင်းရန် ဒီကရီ ကိုရပိုင်ခွင့်မရှိလျှင်၊ ပုဒ်မ ၂၃ အရ သက်သာခွင့်ကို နှုတ်ဖြင့် တောင်းဆိုနိုင်ပေသည်။ ပုဒ်မ ၂၃ အရ သက်သာခွင့်ကို သက်သေ အထောက် အထားရှိလျှင် မူလက ရေးသား တောင်းဆိုခြင်း မရှိ စေကာမူ ရုံးတော် အနေဖြင့် ခွင့်ပြုရန် အာဏာ ရှိရလေသည်။ ။ **ထပ်မံဆုံးဖြတ်ချက်**။ ။ကလေးမျာအား မိခင်က၊ သို့မဟုတ် ဘခင်၏ အုပ်ထိန်းမှု အောက်တွင် ထားသင့်မထားသင့် ဆိုသောပြဿနာကို စဉ်းစားရာတွင် ကလေးများ၏ ကောင်းရာကောင်းကျိုးကိုသာ အဓိက ထား၍ စဉ်းစားရမည် ဖြစ်သည်။ သာမန်အားဖြင့်ဆိုလျှင် ယခုကဲ့သို့ ကွာရှင်းပြတ်စဲလိုမှု စွဲဆိုရာတွင် အပြစ်မဲ့သူသည်ကလေးများ၏ အုပ်ထိန်းမှုရသင့်ပေသည်။ သို့ရာတွင် အမှုဘိုးခ် အပြစ်မဲ့သူသာလျှင် ကလေးများ၏ အုပ်ထိန်းမှုကို ရပိုင်ခွင့်ရှိသည်ဟု ပုံသေကားချပ်မှတ်သုခြင်း မပြုနိုင်ခေ။ အမှုကိုလိုက်၍ အကြောင်းခြင်းရာအရ စီရင်ရမည်သာဖြစ်သည်။ ထိုကဲ့သို့ စီရင်ရာ၌ ကလေးများ၏ ကောင်းရာ ကောင်းကျိုးကိုသာ အဓိက အလေးပေး၍ ဆုံးဖြတ်ရပေမည်။ ။အမှုပါ အကြောင်းခြင်းရာများ အရ မြန်မာပြည် လင်မယား ကွာရှင်းရေး အက်ဥပဒေပုဒ်မ ၄၂ အရ အရှယ်မရောက်သူ ကလေး ၄ ါးယောက်စလုံးကို မိခင်ဖြစ်သူ အုပ်ထိန်းမှုအောက်တွင် ထားရှိရန် ခွင့်ပြုလိုက်သည်။

မစ္စစ်ပါး(လ်)ကျော် နှင့် ဦးကျော် ၂၄၉

မြန်မာပြည် လင်မယားကွာရှင်းရေးအက်ဥပဒေပုဒ်မ ၂၂ အရ မကွာစေဘဲ၊ သီးခြားနေစေရန် တရားရုံး၏အမိန့် ဒီကရီရလိုကြောင်း စွဲဆိုမှု—ရက်စက်မှု၏အဓိပ္ပါယ်။ ။ ဆုံးဖြတ်ချက်။ ။မြန်မာပြည် လင်မယားကွာရှင်းရေး အက်ဥပဒေအရ ရက်စက်မှုဆိုသည် ကိုယ်ခန္ဓာဖြစ်စေ၊ အသက်အန္တရာယ်ကို ဖြစ်စေ၊ ကျန်းမာရေးကို ဖြစ်စေ ထိခိုက်စေမည့် ပြုမူချက်ကို ဆိုလိုသည်။ လင်ကမယားကို ကိုယ်ထိလက်ရောက် ရိုက်နှက်နှိပ်စက်သည့် ကိစ္စများမှာ ကိုယ်ခန္ဓာကို အန္တရာယ် ဖြစ်စေသည့် ရက်စက်မှုဖြစ်သည်ဆိုခြင်းမှာ ယုံမှားဘွယ် မရှိခေ။ သို့ဖြစ်လေရာ လျှောက်ထားသူသည် လင်မယား ကွာရှင်းရေး အက်ဥပဒေပုဒ်မ ၂၂ အရ မကွာစေဘဲ သီးခြားနေစေရန် ရုံးမိန့်ဒီကရီရသင့်ကြောင်းပေါ် လွင်သည်။

မစ္စစ်သန်းထွန်း(ခ)ထရီဇာ နှင့် ဦးသန်းထွန်း (ခ) စက်စစ်လ်အဲရစ်က်အလို်င်(အ်)ရှပ်(စ်) ၂၅၆

ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၈(၁)—ကလေးမွေးလာပြီးနောက်ယောကျ်ားမိဘများက နှစ်စဉ်ဆိုသလို ကလေးအတွက် စရိတ်များ ထောက်ပံ့ခြင်း—ကလေးအတွက်

စားစရိတ် ပေးဆောင်ရန်ရှိမရှိ။ ။ဆုံးဖြတ်ချက်။ ။ရပ်ရွာတွင် လျှောက်သူသည် အပျိုဖြစ်၍ လျှောက်ခံရသူသည် လူပျိုဖြစ်သည်။ လျှောက်သူသည် အခြားရွာသားများနှင့် ဟော့ရမ်း သည်ဟု မပေါ်လွင်မတွေ့ရှိရပေ။ လျှောက်သူ၏ ထွက်ဆိုချက်အရဆိုလျှင် သူသည် လျှောက်ခံရသူနှင့် တိတ်တဆိတ် ချစ်ကြိုက်ပြီး လက်ခံ၍ တွေ့ဆုံသည်။ ပဋိသန္ဓေရရှိလာပြီး ကလေးမွေးသော အခါ၌ လျှောက်ခံရသူသည် ထိုရွာတွင်မနေဘဲ မော်ဘီ မြို့သို့သွား၍ အလုပ်လုပ်နေသည် ဆိုခြင်းမှာ တန်ည်းအားဖြင့် ရှောင်နေရာကျသည်။ ကလေးမွေးလာ ပြီးနောက် လျှောက်ခံရသူ၏ မိဘက ဝတ်စား ဆင်ယင်ရန် ရွေးမျှားကိုဆင်သည်။ ထို့နောက် နှစ်စဉ် ဆိုသလိုပင် ကလေးအတွက် စရိတ်များ ထောက်ပံ့သည်။ ထိုကလေးကို နှစ်စဉ် ဆိုသလို ထောက်ပံ့လာပြီးနောက် ကလေး ၁၅ နှစ်အရွယ် သတ္တမတန်းတွင် စာသင်နေသောအခါကျမှ ထောက်ပံ့ခြင်းကိုရပ်စဲသွားလေသည်။ ယင်းသို့ ထောက်ပံ့ခြင်းကို ရပ်စဲသဖြင့် လျှောက်သူက ကလေးစရိတ်ရရှိရန် အောင်လံမြို့ရှိ တရားရုံးသို့ အသွားတွင် လျှောက်ခံရသူ၏မိဘများက လိုက်လာပြီး တရားရုံးတွင် ကလေးစရိတ် မလျှောက်ရန် တောင်းပန်သဖြင့် လျှောက်သူက တရားရုံးတွင် မလျှောက်ထားရုခြင်း ဖြစ်သည်။ ထိုအချက်မှာ ထူးဆန်းသော အချက်ဖြစ်သည်။ လျှောက်ခံရသူက မော်ဘီမြို့သို့ ရှောင်၍နေစေကာမူ ငှင်း၏ မိဘများက ကလေးအတွက် စရိတ်ကို နှစ်စဉ် ဆိုသလို ထောက်ပံ့ခြင်းအားဖြင့် ထိုကလေးသည် အမှုအဖြစ် အပျက်အကြောင်းခြင်းရာအရ လျှောက်ခံရသူ၏ ကလေးဖြစ်သည်မှာ သိသာထင်ရှားသည်။ ထို့ကြောင့် လျှောက်ခံရသူက သားမောင်သိန်းလွင် အတွက် စားစရိတ် ပေးဆောင်စေ။

မတင်မယ် နှင့် မောင်ထွန်းကြည် ၂၃၀

ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၆၁(က)—စက်ရှင်တရားရုံးကသုံးစွဲနိုင်မသုံးစွဲနိုင်—သုံးစွဲခြင်းကို ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၃၇ အရ ကုစားနိုင်မကုစားနိုင်။ ။ဆုံးဖြတ်ချက်။ ။ စက်ရှင်တရားသူကြီး ရုံးက ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၆၁ (က)၏ အာဏာများကို သုံးစွဲလျက် သက်သေ ၂ ယောက်ကိုခေါ်ယူ၍၊ စစ်ဆေးခြင်းမှာ မှားယွင်း၏။ ယင်းပုဒ်မကို တရားလွှတ်တော် (ယခုဘရားရုံးချုပ်) ကသာလျှင် အသုံးပြုနိုင်ခွင့်ရှိသည်။ စက်ရှင်တရားသူကြီးက ယင်းကဲ့သို့ မှားယွင်း၍ အာဏာကို သုံးပြီး၊ သက်သေ နှစ်ဦးကို ထပ်လောင်းပြီး စစ်ဆေးရာ၌၊ တရားခံအတွက်အကျိုးယုတ်ပြီး ထိခိုက်ဘယ်ရာအကြောင်းရှိလျှင် ကုစားနိုင်ခွင့် မရှိဓပ။ သို့သော် ယင်းကဲ့သို့ လုံမှုား ချတ်ချော်၍ ပြုလုပ်ရာ၌၊ တရားခံအတွက်အကျိုး ဖြစ်ထွန်းပြီး ထိခိုက်မှုမရှိလျှင်၊ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၃၇ အရ ကုစားနိုင်သည်။

မစန် (ခ)အယ်ကေချန်း နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၂၃၅

ရာဇဝတ်ကျင့်ထုံး ၅၃၇—စက်ရှင်တရားရုံးသည် ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၅၆၁ (က) ကို မသုံးစွဲနိုင်ခြင်း။ မှားယွင်းပြီး အသုံးပြုလျှင် မည်သည့်အခါ၌ ကုစားနိုင်ပြီး မည်သည့်အခါ၌ မကုစားနိုင်ခြင်း ၂၃၅

ရာဇသတ်ကြီးပုဒ်မ ၁၇၀—ပြစ်မှုမြောက်ရန်အတွက် မကောင်းသော အကြံအစည်၊ သို့တည်းမဟုတ် လိမ်လည်လှည့်ဖြားလိုသော စိတ်ထား ရှိသည်ဟု ဖေါ်ပြရန်လို

မလို။ ။ဆုံးဖြတ်ချက်။ ။ရာဇသတ်ကြီးပုဒ်မ ၁၇၀ အရဆိုလျှင် မကောင်းသော အကြံအစည်၊ သို့တည်းမဟုတ် လိမ်လည်လှည့်ဖြားလိုသော စိတ်ထားရှိသည်ဟု ဖေါ်ပြရန်မလိုအပ်ပေ။ လူတဦး တယောက်သည် ပြည်သူ့ဝန်ထမ်း မဟုတ်ပါဘဲလျက် ပြည်သူ့ဝန်ထမ်း တဦးတယောက် အနေဖြင့် ဟန်ဆောင်၍ ထိုဟန်ဆောင်သည့် အခြေအနေအရတခုခုကို ပြုလုပ်လျှင်၊ သို့မဟုတ် ပြုလုပ်ရန် အားထုတ်လျှင် ထိုသူသည် ထိုပုဒ်မအရ မှုပြစ်ကျူးလွန်သည်ဟု ယူဆရမည်။

ပြည်ထောင်စုမြန်မာနိုင်ငံ နှင့် ဦးသွယ် ၂၂၇

ရာဇသတ်ကြီးပုဒ်မ ၃၇၉ အရပြစ်မှုထင်ရှား စီရင်ခြင်း—ပြစ်ဒဏ်။ ။ဆုံးဖြတ်ချက်။ ။ မြန်မာပြည်တွင် ကျွဲနွားများသည် လယ်ယာ စိုက်ပျိုးရာ၌ အလွန်အရေးကြီး၍ ကျွဲနွားများကို ခိုးယူမှုနှင့် ပတ်သက်၍ အပြစ်ရှိကြောင်း တွေ့ရှိက တရားခံအား နောင်ကျဉ်မည့် ဟန့်တားသော အပြစ်ဒဏ်ကို ချမှတ်ရမည်ဟု ရှေးယခင်ကအခ်ိန်များ ထုတ်ထားရုံမျှမက ဤရုံး ၁၉၆၆ ခုနှစ်၊ ညွှန်ကြားလွှာအမှတ် (၂)တွင်လည်း ထုတ်ဖော်၍ သတိပေးထားခြင်း ဖြစ်သည်။ ။ပြစ်ဒဏ်တိုးမြှင့်ခြင်းနှင့် ပတ်သက်၍ စဉ်းစားရန်မှာ လျော့ကာထားခံရသူများသည် အလုပ်နှင့်ထောင်ဒဏ် ၄ လကျခံပြီး ဖြစ်၍ လွှတ်မြောက်လာကြလေသည်။ ၎င်းတို့ကို ပြန်၍ ဖမ်းဆီးပြီးလျှင် ထောင်ဒဏ် အပြစ်ပေးပါက မသင့်လျော်ဟု ယူဆသည်။ ထောင်ဒဏ် အပြစ်ပေးရာ၌လည်း အရစ်ကျ မပေးသင့်ပေ။ ထောင်ဒဏ် ၄ လကျခံပြီး ဖြစ်သဖြင့် ၎င်းတို့၌ ပညာအတော်အသင့်ရှိပြီးဟု ယူဆသည်။ ၎င်းတို့သည် လွတ်လပ်စွာနေပြီး လူသစ် စိတ်သစ် ဘဝသစ် ဖန်တီး၍ ကောင်းသော အသက်မွေး ဝမ်းကျောင်းကို ပြုလုပ်ရန်ဖြစ်သည်။ ထို့ကြောင့် နောက်ထပ် ထောင်ဒဏ်ပေးမည့် အစား ငွေဒဏ် တပ်ရိုက်လျှင် သင့်တော်လောက်ပြီဟုယူဆသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ နှင့် **မောင်ချစ်(ခ)ဖေချစ်ပါ** ၂ .... ၂၂၄

ရာဇသတ်ကြီးပုဒ်မ ၄၀၉ အရတရားစွဲဆိုခြင်း—ပြည်သူ့ခြေးငွေ ကုမ္ပဏီသည် တသီးပုဂ္ဂလကုမ္ပဏီ ဖြစ်ခြင်း—မိမိလက်ဝယ်ရောက်ရှိနေသော ပစ္စည်းများကို ကိုယ်ကျိုးအတွက်အလွဲသုံးစားပြုလုပ်ခြင်း—ပစ္စည်းပိုင်ရှင်များ၏ နစ်နာမှုဟုတ် မဟုတ်—လွှတ်ငြိမ်းချမ်းသာခွင့် အမိန့်တွင် အကျိုးဝင် မဝင်။ ။ဆုံးဖြတ်ချက်။ ။ အခင်းဖြစ်ပွားချိန်အခါက ပြည်သူ့ခြေးငွေ ကုမ္ပဏီသည် အစိုးရပိုင် ကုမ္ပဏီ မဟုတ်၊ တသီးပုဂ္ဂလကုမ္ပဏီ ဖြစ်သည်။ ကုမ္ပဏီများ အက်ဥပဒေအရ မှတ်ပုံတင်ထားသည်ကိုလည်း တွေ့ရှိရသည်။ ၎င်းပြင် သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းတို့အရ လုပ်ငန်းဆောင်တာ များကို လုပ်ကိုင်နေကြောင်း တွေ့ရှိရသည်။ ၁၉၆၂ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့မှသာလျှင် ပြည်သူ့ငွေခြေးကုမ္ပဏီသည် အစိုးရပိုင် ဖြစ်လာပါသည်။ ထို့ပြင် ပြည်သူ့ငွေခြေး ကုမ္ပဏီသည် ပစ္စည်းရှင်များပေါင်းနှံသော ပစ္စည်းများကို ဂရုစိုက်၍ တာဝန်ယူရသည်။ ယင်းသို့ တာဝန်ယူရာ၌ မိမိပိုင် ပစ္စည်းအနေဖြင့် အထူးဂရုစိုက်၍ စောင့်ရှောက်ရသည်။ ဒီမိုလက်ဝယ်ရောက်ရှိနေသော ပစ္စည်းများကို လျော့ကာထားသူက ၎င်း၏ ကိုယ်ကျိုးအတွက် အလွဲသုံးစား ပြုလုပ်ခြင်းသည် ပြည်သူ့ငွေခြေး ကုမ္ပဏီ၏ အကျိုးနစ်နာမှုသာ ဖြစ်သည်။ ပစ္စည်းပိုင်ရှင်များ၏ နစ်နာမှုမဟုတ်၊ အဘယ့်ကြောင့်ဆိုသော် ထို

စာမျက်နှာ

ပေါင်နှံထားသော ပစ္စည်းများနှင့် ပတ်သက်၍ ပြည်သူ့ငွေချေး ကုမ္ပဏီကလျော်ကြေးပေးရမည်ဖြစ်သည်။ ။ထို့ကြောင့် နှစ်နာမှုများမှာ ပစ္စည်းပိုင်ရှင်များ မဟုတ်ဘဲ ပြည်သူ့ငွေချေးကုမ္ပဏီသာ ဖြစ်ပြီး ၎င်းတို့၏ မန်နေဂျာကို ရဲဌာနတွင် တိုင်တန်းရုန်ခိုင်းဆိုသဖြင့် မန်နေဂျာက တိုင်တန်းခြင်းမှာ လွတ်ငြိမ်းချမ်းသာခွင့်တွင် ဒဏ်ကျိုးမဝင်။

မောင်လှအေး နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၂၆၄

လွတ်ငြိမ်းချမ်းသာခွင့်အမိန့် —အဓိပ္ပါယ် ၃ ခွင့်ဆိုရန်လိုအပ်ခြင်း—ကျေးရွာ လုံခြုံရေးကို တာဝန်ယူရသူ တဦးဖြစ်သည့် ဆယ်အိမ်ခေါင်းအား သေသူက တိုင်ကြားခြင်း—ရဲစခန်းတွင် သေသူနှင့် မည်သို့မျှ တော်စပ်ခြင်းမရှိသူက တိုင်ချက်ဖွင့်ခြင်း—တိုင်ချက်သည် တိုင်ကြားခြင်းမြောက် မမြောက်။ ။ဆုံးဖြတ်ချက်။ ။ဆယ်အိမ်ခေါင်းသည် ကျေးရွာ လုံခြုံရေးကို တာဝန်ယူရသူ တဦးဖြစ်သည်။ ဤအား သေသူက ဒဏ်ရာဒဏ်ချက်များ ရပြီးနောက် သွားရောက် တိုင်ကြားခဲ့သည်။ ဆယ်အိမ်ခေါင်းသည် ရွာခေါင်းကို တဆင့်ပြောခဲ့သည်။ ဆယ်အိမ်ခေါင်းနှင့် ရွာခေါင်းတို့သည် သေသူကို ထမ်းစင်နှင့် တင်၍ ရဲစခန်းသို့ပို့ရာတွင် ပါဝင်ခဲ့ကြသည်။ ရဲစခန်းတွင် တိုင်ချက်ဖွင့်ကြသည်။ သေသူနှင့် မည်သို့မျှ တော်စပ်ခြင်းမရှိသည့် ဘိုးကျော့ ဆိုသူကတိုင်ချက်ဖွင့်သည်။ ဖွင့်ချိန်၌ ဆယ်အိမ်ခေါင်းလည်း ရှိသည်။ ဒဏ်ရာအပြင်းအထန် ရနေသူ ကာယကံရှင်လည်း ရှိသည်။ တိုင်ချက်ဖွင့်ခြင်းဖြင့် ရာဇဝတ်တရားစီရင်ရေး စက်ယန္တရားစတင် လှုပ်ရှားလာသည်။ ထိုအခြေအနေမျိုးတွင် သေသူကတိုင်ကြားခြင်း မပြုခဲ့။ သေသူကပြောခဲ့သော ဆယ်အိမ်ခေါင်းက တိုင်ချက်မဖွင့်ခဲ့။ ထို့ကြောင့် အခြားသူတဦးက ဖွင့်ခဲ့သောတိုင်ချက်သည် တိုင်ကြားခြင်းမမြောက်ဟု ဆုံးဖြတ်ရမည်ဆိုလျှင် လွတ်ငြိမ်းချမ်းသာခွင့်အမိန့်၏ အနှစ်သာရနှင့် စေတနာကို လိုက်နာရာ မရောက်၊ စကားရပ်နှင့် ပတ်သက်၍ ကပ်သတ် အငြင်းပွါးရာသာ ရောက်ပေလိမ့်မည်။ ။အထက်ပါ အကြောင်းတို့ကြောင့် သေဆုံးသူက ဆယ်အိမ်ခေါင်းအား တိုင်ကြားခဲ့ခြင်းသည် လွတ်ငြိမ်းချမ်းသာခွင့်အမိန့်အပိုဒ် ၁ (၂) အရ တိုင်ကြားခြင်းမြောက်သည်ဟု ယူဆသည်။ ။ပြည်ထောင်စုမြန်မာနိုင်ငံ နှင့် မောင်ခွေး ၁၉၆၃ ခုနှစ်၊ ရာဇဝတ်စောဒကမူအမှတ် ၁၄။ မောင်မြဟန်ပါ ၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ မြန်မာနိုင်ငံ တရားရေးရာ စာစောင် အထူးရာဇဝတ်ရုံး အယူခံအမှု၊ စာ-၈၀။ ပြည်ထောင်စုမြန်မာနိုင်ငံ (ဒေါက်တာပြည်စိုး) နှင့် ဒေါ်တင်တင် ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၅၁ (ခ) ရည်ညွှန်းသည်။

မောင်ညွန့် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၂၅၉

လွှဲအပ်ပစ္စည်းထိန်းဝန်များ အက်ဥပဒေ ပုဒ်မ ၂၄ (၂) အရ လျှောက်ထားခြင်း—ပုဒ်မ ၂၁ (၂) တွင် ဖော်ပြထားသည့် "တောင်းဆိုသူ" အခြားပုဂ္ဂိုလ် တဦးဦးက လျှောက်ထားသည့် လျှောက်လွှာအပေါ် အမိန့်ချမှတ်ခြင်း ပြုနိုင်မပြုနိုင်—အကျဉ်းရုံး၍စုံစမ်းရသည့်အမှုမျိုးတွင် အဆုံးအဖြတ်ပေးရန်ပြဿနာ။ ။ဆုံးဖြတ်ချက်။ ။လွှဲအပ်ပစ္စည်းထိန်းဝန်များ အက်ဥပဒေ ပုဒ်မ ၂၆ အရ ဆိုလျှင် လွှဲအပ်ပစ္စည်းထိန်းဝန်များ အက်ဥပဒေနှင့်အကျုံးဝင်သော အမိန့်များကို

ယုံမှတ်အပ်နှံသည့်ပစ္စည်းအပေါ် အကျိုးခံစားခွင့်ရှိသူ၊ သို့တည်းမဟုတ် ယုံမှတ်အပ်နှံခံရသူ တဦးဦးက လျှောက်ထားမှသာ ချမှတ်နိုင်မည်ဖြစ်သည်။ အခြားပုဂ္ဂိုလ်တဦးဦးကလျှောက်ထားသည့် လျှောက်လွှာအပေါ် အမိန့်ချမှတ်ခြင်းမပြုနိုင်ပေ။ သို့ဖြစ်ရာ ပုဒ်မ ၂၅ (၂) တွင်ဖော်ပြထားသည့် "တောင်းဆိုသူ" ဆိုသည်မှာ ယုံမှာ်အပ်နှံသည့်ပစ္စည်းအပေါ် အကျိုးခံစားခွင့်ရှိသူ၊ သို့မဟုတ် ယုံမှတ်အပ်နှံခံရသူ တဦးဦးသာဖြစ်ရပေမည်။ လျှောက်ထားသူမှာ ယုံမှတ်အပ်နှံခြင်းဥပဒေ (Trust Act) ပုဒ်မ ၃ တွင် အဓိပ္ပါယ်ဖွင့်ဆိုထားသည့် ယုံမှတ်အပ်နှံသည့်ပစ္စည်းအပေါ် အကျိုးခံစားခွင့်ရှိသူလည်းမဟုတ်၊ ယုံမှတ်အပ်နှံခံရသူလည်းမဟုတ်သဖြင့် လျှောက်လွှာကို လျှောက်ထားရန် အခွင့်အရေးရှိသူ တဦးဖြစ်သည်ဟု မဆိုနိုင်ပေ။ ။ပုဒ်မ ၂၅ (၂) အရ လျှောက်ထားသည့်အမှုမှာ အကျဉ်းရုံး၍ တိုတိုတုတ်တုတ် စုံစမ်းစစ်ဆေးကာ ဆုံးဖြတ်ရသည့် အမှုမျိုးဖြစ်သည်။ မစ္စတာကူးမား၏ ယုံမှတ်အပ်နှံခြင်းမှာ အထမြောက်မမြောက်ယုံမှတ်အပ်နှံသူ မစ္စတာကူးမား၏ တရားဝင်အမွေစားအမွေခံမှာ မည်သူမည်ဝါဖြစ်သည်ဆိုသောပြဿနာမျာ်းကို ယခုကဲ့သို့ အကျဉ်းရုံး၍ စုံစမ်းရသည့်အမှုမျိုးတွင် အဆုံးအဖြတ်ပေးရန်လည်း မဖြစ်နိုင်ချေ။

ဒေါ် ချစ်မေ နှင့် မြန်မာပြည်ဒေသာရင်းမင်းကြီး ၂၁၃

ကွယ်လွန်သူ မိဟာမက် ယူနပ်ဆူလေမန်ဂျမား၏ ပစ္စည်းများကိစ္စ—အမွေဆက်ခံခြင်း အက်ဥပဒေ ပုဒ်မ ၃၇၃ အရ အမွေဆက်ခံရန် သက်သေခံလက်မှတ် လျှောက်ထားသည့်ကိစ္စ—ကြေးမြီဆိုသည့်အခိုပွါယ် —သေဆုံးပြီး ၁၂ နှစ်ကြာမှ ကွယ်လွန်သူအား ပေးဆပ်ရန်ပေါ် ပေါက်လာသော အိမ်လခ—ကွယ်လွန်သူ ရရန်ရှိသော ကြေးမြီများဖြစ်မဖြစ်။ ။ဆုံးဖြတ်ချက်။ ။သေဆုံးသူ၏ ကြေးမြီ၊ သို့မဟုတ် အာမခံငွေလက်မှတ် တခုခုကို တောင်းခံရန်အကြောင်း ပေါ် ပေါက်လာသောအခါ၊ အမွေဆက်ခံခြင်း ဥပဒေပုဒ်မ ၃၇၃ အရ အမွေဆက်ခံရန် သက်သေခံ လက်မှတ်လျှောက်ထားရမည်ဖြစ်သည်။ ကြေးမြီဆိုသည်မှာ ယခုလက်ငင်းပေးရန်ရှိသည့် ငွေတရပ်ရပ်၊ သို့မဟုတ် နောင်တနေ့နေ့တွင် ပေးရန်ယခုကတည်းက တာဝန်ယူထားသည့် ငွေတရပ်ရပ် ပင်ဖြစ်သည်။ ချက်ခြင်းလက်ငင်းဖြစ်စေ နောင်တနေ့နေ့တွင်ဖြစ်စေ မုချမသေချေးဆပ်ရန် တာဝန်ရှိသည့် ငွေတရပ်ရပ်ကိုသာလျှင် ကြေးမြီဖြစ်သည်ဟု သတ်မှတ်ရမည်ဖြစ်သည်။ ။ **လျှောက်ထားသူအဆိုအရ** ပြည်သူ့အိုးအိမ်အဖွဲ့မှ ရရန်ရှိသည်ဆိုသော ငွေမှာ ၁၉၅၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ အိမ်လခများဖြစ်လေသည်။ မိဟာမက်ယူနတ်စူလေမန်ဂျမားသည် ၁၉၄၂ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့တွင် အိန္ဒိယပြည်၌ ကွယ်လွန်အနိစ္စရောက်ခဲ့သည်။ ထိုသို့ ကွယ်လွန်စဉ်အချိန်က အဆိုပါ အိမ်လခများကို ပြည်သူ့အိုးအိမ်အဖွဲ့မှ ကွယ်လွန်သူအား လက်ငင်းပေးဆပ်ရန် တာဝန်မရှိသေးချေ။ ပြည်သူ့အိုးအိမ်အဖွဲ့အနေဖြင့် ၁၉၅၄ ခုနှစ်တွင် ထိုငွေများကို ပေးဆပ်မည်ဟု ကွယ်လွန်သူ မသေမီက တာဝန်ယူထားခဲ့ခြင်းမရှိ၊ ၎င်းသေဆုံးပြီးနောက် ၁၂ နှစ်ကြာမှ ပေးဆပ်ရန်ပေါ် ပေါက်လာသော အိမ်လခများကို ကွယ်လွန်သူ ရရန်ရှိသော ကြေးမြီများဖြစ်သည်ဟု မည်သည့်နည်းနှင့်မျှ ယူဆခြင်းမပြုနိုင်ပေ၊ သို့ဖြစ်ရာ ပြည်သူ့

အိုးအိမ်အဖွဲ့မပေးရန်ရှိသည်ဆိုသော အိမ်လခကြေးများအတွက် ကွယ်လွန်သူ မိုဟာမက်ယူနတ်စူလေမန်ဂျမားဇ၏ အမွေဆက်ခံရန် သက်သေခံ လက်မှတ်ကို လျှောက်ထားခြင်းမပြုနိုင်။

ခါလစ်(ဒ်) ယူနပ် (စ်)ဆူလေမန်ဂျမား ၂၀၂

အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၃၇၃—အထူးအကြောင်းစာ ထုတ်ခြင်းခံရသူ—ကန့်ကွက်ရန်အခွင့်အရေးရှိ မရှိ—အမွေဆက်ခံရန် သက်သေခံ လက်မှတ် ထုတ်ပေးရန် လျှောက်ထားသူအား ထုတ်ပေးသောလက်မှတ် အကျိုးသက်ရောက်ဆောင်ရွက်ခြင်းမပြုရသေးမီ သေဆုံးခြင်း—ဒင်း၏ အမွေစားအမွေခံတို့ကထိုလက်မှတ်နှင့်ပတ်သက်၍ဆက်ခံခြင်းပြုနိုင် မပြုနိုင်။ ။ဆုံးဖြတ်ချက်။ ။ဒေါ်ဆင့်သည် ကွယ်လွန်သူ ဦးသာထွန်းနှင့် တိုက်ရိုက်ကော်စပ်ခြင်း မရှိသည့်ပြင် ကွယ်လွန်သူ၏ မြို့ရွာလည်း မဟုတ်သဖြင့်၊ ဦးသာထွန်း၏ အမွေပစ္စည်းနှင့် ပတ်သက်၍ သက်သေခံလက်မှတ် လျှောက်ရန် အခွင့်အရေးရှိသူ တယောက်ဖြစ်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။ သို့ရာတွင် အမွေဆက်ခံခြင်း ဥပဒေပုဒ်မ ၃၇၃ (၁)(က)အရ ရုံးတော်အနေဖြင့် အထူးအကြောင်းစာ ထုတ်ဆင့်ခြင်း ခံရသူတဦး အနေဖြင့် အမွေဆက်ခံရန် သက်သေခံ လက်မှတ်လျှောက်ထားခြင်းကို ကန့်ကွက်ရန် အခွင့်အရေး ရှိသည်ဟု ယူဆရမည်ဖြစ်သည်။ ။အမွေဆက်ခံရန် သက်သေခံ လက်မှတ် ထုတ်ပေးရာတွင် အဓိကဆုံးဖြတ်ရမည့် အချက်မှာ လျှောက်ထားသူသည် သေသူ၏ ကြွေးမြီများကို ကောက်ခံသိမ်းဆည်းခွင့် ရှိသူဟုတ်သည် မဟုတ်သည် ဆိုခြင်းသာဖြစ်သည်။ ပိုင်ဆိုင်ခွင့် နှင့် ပတ်သက်၍ လုံးဝဆုံးဖြတ်ခြင်း မပြုရပေ။ သို့ဖြစ်ရာ အမွေဆက်ခံရန် သက်သေခံလက်မှတ်ကို သေသူ၏ ကြွေးမြီများအား ကောက်ခံနိုင်ရန် ပုဂ္ဂိုလ်အနေဖြင့် ထုတ်ပေးခြင်းသာ ဖြစ်ကြောင်း ပေါ်လွင်သည်။ ယင်းသို့ ပုဂ္ဂိုလ်အနေဖြင့် သက်သေခံလက်မှတ် ထုတ်ပေးခဲ့ခြင်းဖြစ်၍ လျှောက်ထားသူ သေဆုံးသောအခါ ၎င်းအား ထုတ်ပေးခဲ့သော လက်မှတ်မှာ အကျိုးသက်ရောက်အောင် ဆောင်ရွက်ခဲ့ခြင်းမပြုရသေးပါမူ၊ အလိုအလျောက် ပျက်ပြယ်ကုန်ဆုံးသည်ဟု မှတ်ယူရမည်ဖြစ်သည်။ ၎င်း၏ အမွေစား အမွေခံတို့က ထိုလက်မှတ်နှင့် ပတ်သက်၍ ဆက်ခံခြင်းမပြုနိုင်ပေ။ အမွေစား အမွေခံများ အနေဖြင့် အမွေဆက်ခံရန် သက်သေခံလက်မှတ်ရလိုပါမူ၊ တရားဥပဒေတွင် ပြဋ္ဌာန်းထားသည့် အတိုင်း သီးသန့်လျှောက်ထားကြရမည်ဖြစ်ပေသည်။

ဒေါ်အေးကြည် နှင့် လျှောက်ထားသူ ၂၂၀

အိမ်နှင့် မြေယာပိုင်ဆိုင်ကြောင်း မြွက်ဟဒီကရီ ရရှိရန်နှင့် ၎င်းအိမ်မှနှင်ထုတ် လက်ရှိ ရရှိရန်တရားစွဲဆိုမှု—တံဆိပ်တော်ခေါင်း ထမ်းဆောင်ရန်ကိစ္စ။ ။တရားလိုက အခင်းဖြစ် နေအိမ်နှင့် မြေကို ပိုင်ဆိုင်ကြောင်း မြွက်ဟ ဒီကရီရရှိရန်နှင့် ၎င်း နေအိမ်မှ တရားခံအား နှင်ထုတ် လက်ရှိရရှိရန် တရားစွဲဆိုသည်။ တရားခံက တရားလို တင်ပြသော အိမ်ဝယ် စာချုပ်မှာ မမှန်မကန် လိမ်လည်ချုပ်ဆိုထားသည့် စာချုပ် ဖြစ်သောကြောင့် စာချုပ်ကိုပယ်ဖျက်ပြီး အခင်းဖြစ်အိမ်နှင့် မြေယာမှာ မိမိပိုင်ဖြစ်ကြောင်း ကျေညာပေးရန် ခွေပ၍ ရိုးရိုးမြွက်ဟ ဒီကရီ

တောင်းဆိုသည့် အနေနှင့် ရုံးခန့်တော် ၂၀ ကျပ်သာထမ်းဆောင်သည်။ ။ **ဆုံးဖြတ်ချက်။** ။အရောင်းအဝယ် ရေစစ်တြီစာချုပ် ချုပ်ဆိုထားသည်ကို ပျက်ပြယ်ကြောင်း လျှောက်ထားတောင်းဆိုသည့် အခါတွင် ထိုတောင်းဆိုချက်မှာ သာမန်မြက်ဟ ဒီကရီသာ တောင်းဆိုခွင့်ရှိသည့် အမှုမျိုးမဟုတ်၊ စာချုပ်ကိုပါ ဖျက်ဆီးသည့် အမိန့်ချမှတ်ပေးရမည့် အမှုမျိုး ဖြစ်သဖြင့် စာချုပ်၏ တန်ဘိုးပေါ်တွင် တံဆိပ်တော်ခေါင်း ထမ်းဆောင်ရမည်။ ။**မောင့်ရှုပီယာ ဘာတူမာ တန် နှင့် အများ၊ အေ၊ အိုင်၊ အာ(ရ်)၊ (၁၉၄၄)ပတ္တနာ၊ စာ-၁၇ရည်ညွှန်းသည်။**

ဦးသန်းမောင် နှင့် မခင်ကြည် ၂၀၉

အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများ အက်ဥပဒေပုဒ်မ ၂၅ ကိုယ်ထိလက်ရောက် အုပ်ထိန်းမှုမရှိခြင်း ––မိမိ အုပ်ထိန်းမှုအောက်သို့ ပြန်လည်ပေးအပ်ရန်လျှောက်ထားနိုင် မနိုင်––မိခင်သည် ဥစ္စာပစ္စည်း ကုံလုံကြွယ်ဝခြင်း မရှိသော်အကြောင်း ကြောင့် သားသမီးများအား အုပ်ထိန်းခွင့် ရှိ မရှိ။ ။ဆုံးဖြတ်ချက်။ ။ အုပ်ထိန်းသူတဦးသည် အရွယ်မရောက်သည့် ကလေးများအား ကိုယ်ထိလက်ရောက် အုပ်ထိန်းခဲ့ခြင်းမရှိစေကာမူ ပုဒ်မ ၂၅ အရ မိမိအုပ်ထိန်းမှုအောက်သို့ ပြန်လည်ပေးအပ်ရန် လျှောက်ထားနိုင်သည်။ ။**မန္နးအလီ** နှင့် **ဟာဝါဆီ၊** အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၃၆ ရန်ကုန်၊ ၆၁ သဘောကဲ့လွဲသည်။ **မောင်ဇော် နှင့်မောင်လှဒင်၊** အဘွဲ့-၁၂၊ ရန်ကုန် ၁၆၁။ **ရှီဗင်ဒါဆာမီ နှင့် ချင်းနာဘန်ဘီ** ၁၉၅၂ မြန်မာပြည် စီရင်ထုံး ဂ (တရားလွှတ်တော်) လိုက်နာသည်။ **။ထပ်မံဆုံးဖြတ်ချက်။** ။ မိခင်ဖြစ်သူသည် အကျင့်စာရိတ္တ ပျက်ပြားနေသူ ဖြစ်သည်။ သို့တည်းမဟုတ် ၎င်းအား အုပ်ထိန်းမှု မခပေးသင့်ကြောင်း လုံလောက်သည့် အကြောင်းရှိသည်ဟု စွပ်စွဲခဲ့ချက် မရှိပါမူ ဥစ္စာပစ္စည်း ကုံလုံကြွယ်ဝခြင်း မရှိဟုဆိုသော အကြောင်းကြောင့် ၎င်း၏သားသမီးများအား အုပ်ထိန်းခွင့်မရှိဟု မဆိုနိုင်ခေါ။ အမှန်မှာ အရွယ်မရောက်သည့် သားသမီးများအား ကျွေးမွေးရန် တာဝန်မှာ ဘခင်အပေါ် ၌သာရှိပေသည်။

ဒေါ်ခင်ရီ နှင့် ဦးထွန်းအောင် ၂၀၅

အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများ အက်ဥပဒေ––အဖျါးဖြစ်သူက အုပ်ထိန်းသူ အဖြစ်ခန့်ထားရန် လျှောက်ထားခြင်း––ဘခင်သည် ၎င်း၏ အရွယ်မရောက်သေးသည့် သားသမီးများ၏ သဘာဝ အုပ်ထိန်းသူ ဖြစ်ခြင်း––ခဆွမျိုးရင်းနှီး သော်လည်း အရွယ် မရောက်သေးသူ၏ ကောင်းရာ ကောင်းကျိုး မဟုတ်လျှင် အုပ်ထိန်းသူ အဖြစ် ခန့်ထားခြင်း မပြုသင့်ခြင်း။ ။ ဆုံးဖြတ်ချက်။ ။အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများ ဥပဒေပုဒ်မ ၁၉ အရ၊ အရွယ်မရောက်သေးသူတဦး၏ဘခင်သည် အသက်ရှင်လျက်ရှိပြီး အရွယ်မရောက်သေးသူ၏ အုပ်ထိန်းသူ အဖြစ် ဆောင်ရွက်ရန် သင့်လျော်ခြင်း မရှိဟု ယူဆစရာအကြောင်းမရှိလျှင်၊ အခြား သူတပါးအား အရွယ်မရောက်သေးသူ၏ ကိုယ်ကို အုပ်ထိန်းသူအဖြစ်ခန့်ထားခြင်း မပြုနိုင်ပေ။ ဘခင်သည် **မိမိ၏** အရွယ်မရောက်သေးသည့် **သား၊** သို့မဟုတ် **သမီး၏** သဘာဝအုပ်ထိန်းသူဖြစ်သည့် အလျောက် အကြောင်းဆူးမရှိဘဲ၊ တစုံတယောက်အား အုပ်ထိန်းသူအဖြစ် ခန့်ထားရန် ရုံးခွ

အခွင့်အာဏာမရှိခဲ့။ ဘခင်သည် ၎င်း၏ အရှယ်မရောက်သေးသည့် သားသမီးများ၏ သဘာဝအုပ်ထိန်းသူတယောက်ဖြစ်၍ ရုံးအနေဖြင့် ၎င်းကို အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများ ဥပဒေအရ အုပ်ထိန်းသူ အဖြစ် ကျေညာ ခန့်ထားရန်ပင် မလိုပေ။ **မင်းကတာဆွေရန် နှင့် ဆာရာဒန်ဘယ်၊** အတွဲ ၁၃၊ ရန်ကုန်၊ ၅၉၀ ရည်ညွှန်းသည်။ အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများ ဥပဒေပုဒ်မ ၁၇ အရ၊ အရွယ်မရောက်သေးသူ တဦး၏ အုပ်ထိန်းသူ ခန့်ထားရာတွင် အရွယ်မရောက်သေးသူ၏ ကောင်းရာကောင်းကျိုးကိုသာလျှင်ဦးစားပေး၍ဆုံးဖြတ်ရမည်ဖြစ်သည်။ ထိုကဲ့သို့ ဆုံးဖြတ်ရာ၌ အရွယ်မရောက်သေး သူ၏ အသက်နှင့် လိင်၊ အုပ်ထိန်းသူ အဖြစ် လျှောက်ထားသူ၏ အကျင့်စာရိတ္တနှင့် အင်အားတို့သာမက၊ ၎င်းတို့သည် ဆွေမျိုးတော်စပ် ရင်းနှီးခြင်း ရှိမရှိ စသည့် အချက် အလက်များကို ထည့်သွင်း စဉ်းစားရမည် ဖြစ်သည်။ အရွယ်မရောက်သေးသူသည် အမှားအမှန်ကို ဝေဖန်ခဲခြားနိုင်သည့်ဆင်ခြင် တုံတရားရှိနိုင်သည့် အရွယ်ရောက်နေပါက၊ ၎င်း၏ ဆန္ဒကိုလည်း အလေးပေးရမည်ဖြစ်သည်။ ဆွေမျိုးရင်းနှီးသော်လည်း အရွယ်မရောက်သေးသူ၏ ကောင်းရာ ကောင်းကျိုးမဟုတ်လျှင်၊ အုပ်ထိန်းသူ အဖြစ် ခန့်ထားခြင်း မပြုသင့်ပေ။ အရွယ်မရောက်သေးသူက မည်သူ၏ထံတွင် နေလိုသည်ဟု ဆန္ဒပြုခဲ့စေကာမူ၊ ထိုဆန္ဒမှာ ၎င်း၏ ကောင်းရာ ကောင်းကျိုးနှင့် ဆန့်ကျင်နေလျှင်လည်း ထိုဆန္ဒအတိုင်း လိုက်လျောခြင်း မပြုအပ်ပေ။ ။**ဦးစိန်ဝင်း နှင့် ဦးစောခိုင်၊** ၁၉၆၀၊ မြန်မာပြည်စီရင်ထုံး၊ ၎၃၇ (တရားလွှတ်တော်) ရည်ညွှန်းသည်။

ဒေါ်ချောင်ကမ်ယုတ်၊ လျှောက်ထားသူ ၂၁၄

အုပ်ထိန်းသူများနှင့် အုပ်ထိန်းခံရသူများ အက်ဥပဒေပုဒ်မ ၂၅—အမှုစစ်ဆေးသော တရားသူကြီးသည် ကလေး၏ချမ်းသာကောင်းရာ ကောင်းကျိုးအလို့ငှါ၊ အယူခံတရားလို၊ တရားခံများနှင့် ၎င်းတို့၏ ရှေ့နေများ မျက်ကွယ်တွင်၊ သို့မဟုတ် စဉ်းစားခန်းတွင် မိမိသိလိုသော အချက်များကို ခေါ်ယူစစ်ဆေး မေးမြန်းခြင်း ပြုနိုင် မပြုနိုင်။ ၂၄၃

အုပ်ထိန်းသူများနှင့် အုပ်ထိန်းခံရသူများ အက်ဥပဒေ ပုဒ်မ ၂၅— အမေအရင်းဖြစ်သူက သဘောတူပေးအပ်သော အရွယ်မရောက်သေးသော မိမိ၏သမီးကလေးကို ပြန်လည်တောင်းယူနိုင် မယူနိုင်။ ။**ဆုံးဖြတ်ချက်**။ ။အယူခံ တရားလို့နှင့် အယူခံတရားခံတို့မှာ မြန်မာဗုဒ္ဓဘာသာလူမျိုးဖြစ်ကြသည့်အလျောက် မိမိ၏သားသမီးကဲ့သို့ ၇ နှစ်ခန့်ပင် သွန်သင် ဆုံးမကြည့်ရှု ကျေးမွေး ထားသူ အယူခံ တရားခံများထံမှ အမေအရင်းဖြစ်သူ အယူခံတရားလို သဘောတူပေးအပ်ခဲ့သော အရွယ်မရောက်သေးသော မိမိ၏သမီးကလေးကို ပြန်လည်တောင်းယူနိုင်ပေသည်။ ။ အယူခံတရားလိုအမေအရင်းသည် အုပ်ထိန်းသူများနှင့် အုပ်ထိန်းခံရသူများ အက်ဥပဒေပုဒ်မ ၂၅ အရ၊ အရွယ်မရောက်သေးသူ မမြရီ၏ အုပ်ထိန်းသူဖြစ်သည်။ ထို့ကြောင့် မမြရီ၏ချမ်းသာကောင်းရာ ကောင်းကျိုးအတွက် အမေအရင်းထံသို့ ပြန်ပို့လျှင်ကောင်းမည်ဟု ယုံကြည်ကြေနပ်လျှင် အယူခံတရားလိုအမေအရင်းထံသို့ပြန်လည်ပေးအပ်ရပေမည်။ မမြရီသည် အသက်မရှိသောဝပစ္စည်း တခုမဟုတ်၊ သက်ရှိဖြစ်၍ ပြန်လည် မပေးအပ်ဟူသော ဥပဒေမရှိ။ ။**မောင်စိန် နှင့် မမွန်**

ညွှန်းချက်

INDEX

နိုင်ငံတော်တရားရုံးချုပ်

CHIEF COURT OF BURMA

စာမျက်နှာ

ACTS:

BURMESE BUDDHIST LAW.
CODE OF CIVIL PROCEDURE.
CODE OF CRIMINAL PROCEDURE.
CONTRACT ACT.
PENAL CODE.
URBAN RENT CONTROL ACT.

ABANDON—WHETHER IT IMPLIES RELINQUISHMENT OF CLAIM ... 303

AGREEMENTS BETWEEN THE PARTIES—WHETHER OF GAMBLING NATURE—TO BE DETERMINED IN THE CONTEXT OF THE PRESENT DAY TREND OF TRADE AND COMMERCE 307

AN ORDER UNDER S. 145 CR. P.C.—WHETHER IT IS BAD MERELY BECAUSE ALL INTERESTED PERSONS ARE NOT IMPLEADED. 321

APPLICATION IN REVISION—WHETHER TO BE TAKEN A CONTINUATION OF THE ORIGINAL APPLICATION 321

BURMESE BUDDHIST LAW—INCIDENTS OF ADOPTION—GRANDMOTHER AS THE GUARDIAN OF THE CHILD HAS GIVEN HER CONSENT TO THE ADOPTION 297

Code of Civil Procedure s. 47—question relating to the satisfaction of the decree—whether to be determined by the executing Court. Held: The question relating to the satisfaction of the decree as recorded in the execution case, now under appeal, is undoubtedly between the appellant as the decree-holder through his agent, the respondent No. 2, and the respondent No. 1 as the judgment-debtor. It shall therefore have to be determined by the executing Court. *Muhammad Kasim and others* v. *Rukia Begam* I.L.R. 41 All. 443; *Ch. Gajraj Singh* v. *Ch. Debi Singh* A.I.R. 1937 Oudh. 298 referred to.

S. S. V. RAMACHANDRAN *v.* K.P.A.N.S. NARAYANAN CHETTIAR AND ONE. 317

Code of Criminal Procedure, s. 145—a proceeding is pending until finally concluded—whether misjoinder or non-joinder of parties

do not affect jurisdiction. Held: A proceeding must be considered pending until it is finally concluded. Therefore the application in revision must be taken to be a continuation of the original application. Questions of misjoinder or non-joinder of parties do not ordinarily affect jurisdiction. An order under section 145 of the Code of Criminal Procedure is not bad merely because all interested persons are not impleaded; the order is valid so far as the parties in dispute are before the Court. It will be in the best interest of the parties concerned to implead the applicant No. 1 and the two *atet* children of the deceased, namely Ma Khin Yi and Ma Myint Myint Thein as well as the eldest child of the couple, namely Ma Hla Myint as legal representatives of the deceased. *Indukuri Survanarayana Raju and others* v. *Indukiri Viswanadharaju and others* A.I.R. 1942 Mad. p. 249; *M/s Ranchhoddas Jethabhai & Co.* v. *The Hon'ble Minister for Judicial Affairs and Others* 1952 B.L.R., p. 227 (S.C.) (233) referred to.

U SEIN THAUNG AND ANOTHER *v.* THE UNION OF BURMA AND 2 OTHERS 321

Contract Act s. 30—*"bought" and "sale" notes—contracts of what is known as "forward sale"—whether of a wagering nature—whether when the capital of the firm is out of all proportion with the trnsactions is sufficeent to disprove the genuineness of the transactions—time lag betwien the first and the second contracts—whether entering into two successive contracts raises an inference that the parties did not at all contemplate delivery of goods. Held:* There is no doubt about the fact that the apparent tenor of the contracts as evidenced by the exbibit "bought and sale "notes were perfectly legal inasmuch as they were merely contracts of what is known as "forward sale". They did highly savour of speculation in the rise and fall of the market but the fact that the transactions have some of the outside features of gambling would not necessarily mean that they are of a wagering nature. And the question whether or not the agreements entered into between the parties are of gambling nature must be determined in the context of the present day trend of trade and commerce when highly speculative transactions are the order of the day. *Vithalsa* v. *R. Bhoy and Co.*, A.I.R. 1934 Nag., p. 129; *Ramniran jandas Mahabir Prasad* v. *Messrs. Betai Stors*, B.L.R. 1964, p. 52 referred to. Although the capital of the respondents was just about one lakh it was not impossible for the respondents' firm to commit itself to several transactions involving several lakhs of money because especially in modern times forward sales are frequent and "rolling capital" can always be raised far beyond the solid cash that a trading firm may possess. Therefore this fact *per se* is not sufficient even to weaken the case of the plaintiffs-respondents; much less to disprove the genuineness of the transactions. *Kong Yee Lone and Co.* v. *Lowjee Nanjee*, 28 I.A. 239 (I.L.R.R., p. 107) distinguished. There was a time lag of nearly tow months between the first and the second contracts and there is also nothing to indicate whatsoever that at the time when the first contract was entered into the parties had in mind execution of a subsequent contract. Therefore the mere fact that the parties had entered into two successive contracts does not raise an inference that the parties did not at all contemplate delivery of goods. It was for the appellants to prove that no delivery was ever intended by the parties for in order to decide whether there is a wagering contract it is necessary to prove that there was a contract between the parties that delivery would neither be taken nor given, and that

the parties intended to deal in difference only. *Mohamded Valli Patel* v. *The East Asiatic Co., Ltd.*, XIV Ran., p. 347 *Nand Kishore* v. *Lachmi Narain*, A.I.R. 1954 Rajasthan, p. 24; *J. H. Todd* v. *Lakshmidas Parshotamdas*, I.L.R. 16 Bom, p. 441 referred to.

MAUNG THEIN BROTHERS
MAUNG THEIN BROTHERS
BURMA PRODUCE TRADING CO.
v.
BURMA PRODUCE TRADING CO.
BURMA PRODUCE TTADING CO.
MAUNG THEIN BROTHERS ... 307

MINISTRY OF PUBLIC WORKS AND HOUSING—NOTIFICATION CANCELLING THE KEEPING IN ABEYANCE OF THE OPERATION OF S. 19 OF THE URBAN RENT CONTROL ACT 292

Penal Code S. 317—*definition of the words "expose or leave" Held:* Taking the words " expose or leave" with reference to the context they mean to deposit or discard unprotected out of doors subject to risk. The child must have been left to its fate. There must be an intention to abandon or to discard it. The word "abandon" implies relinquishment of claim. It must be remembered that the place where the child was alleged to have been abandoned was not on a barren heath or an unfrequented place but inside one's own compound. Unlike the English law which says unlawful abandonment or exposure of a child under two years must endanger its life or likely to injure the health permanently our law mainly looks to the intention of the accused rather than to the consequences of the act done, which form an essential element of the offence under the English Law. *Gitabai* v. *The State*, A.I.R. 1920 Nag., 181 referred to.

MAUNG KYAW NGWE *v.* THE UNION OF BURMA ... 303

Registration of Kittima Adoption Act—whether enacted to overcome the vexed problem of ascertaining the real intention of the adoptive parent in adopting a person—whether the consent of the parent alone is contemplated by the act. Held: The Registration of Kittima Adoption Act was enacted neither to curtail nor to supplement the incidents of adoption recognised by the Burmese Buddhist Law, but solely with a view to overcome the vexed problem of ascertaining the real intention of the adoptive parent in adopting a person. The fact that the legislature had designedly used the words " whose consent to the adoption is required by the Burmese Buddhist Law" clearly shows that it is not the consent of the parent alone which is contemplated by the Act. Therefore the instrument of adoption wherein the grandmother as the guardian of the child had given her consent to the adoption is a valid deed of adoption executed in accordance with the terms of section 5 of the Registration of Kittima Adoption Act. *Ma Gun* (appellant) v. *Ma Gun* (respondent) Selected Judgments and Rulings (1872—92) (Lower Burma) p. 25; *Ma Ma Gale* v. *Ma Su Yi* IV. L.B.R. (1907-08) p. 172; *Maung Mya Maung* v. *Ma Mya Sein and others* A.I.R. 1936 Ran., p. 518 referred to.

DAW YIN NU AND ONE *v.* MA THEIN MYINT 297

Urban Rent Control Act—whether retrospective operation is to be given to a statute so as to impair an existing right or obligation—whether the notification cancelling the operation of s. 19 of the Urban Rent Control Act has retrospective effect. At the time of the institution of the proceedings Standard Rent Certificates as required by section 19 of the Urban Rent Control Act are

exempted from operation of the Urban Rent Control Act. During the pendency of the proceedings the exemption is cancelled by a notification of the Ministry of Public Works and Housing. *Held*: A retrospective operation is not to be given to a statute so as to impair an existing right or obligation otherwise than as regards matter of procedure, unless that effect cannot be avoided without doing violence to the language of the enactment. Therefore Notification No. 185, dated the 8th September, 1966 of the Ministry of Public Works and Housing cancelling Notification No. 35, dated the 16th February, 1951 of Ministry of Finance and Revenue by which the operation of section 19 of the Urban Rent Control Act had been kept in abeyance, does not operate retrospectively. *H.S. Hajee Ismail Chootani* v. *Gopiram Shewbuxrai*, R.L.R. 1947, p. 342; *Mashedee Khan* v. *B. Mahomed Azim*, 5 L.B.R., p. 148; *Mrs. D.M. Singer* v. *The Controller of Rents and three others*, B.L.R. 1949, p. 143 (S.C.) referred to, *Tai Chuan & Co.* v. *Chan Seng Cheong*, 1949 B.L.R., p, 86 (S.C.) distinguished.

DAW OHN KHIN *v.* {DAW OHN KYI / U PE THET 292

WAGERING CONTRACT—NECESSITY TO PROVE THAT THERE WAS A CONTRACT BETWEEN THE PARTIES—THAT DELIVERY WOULD NEITHER BE TAKEN NOR GIVEN—THAT THE PARTIES INTENDED TO DEAL IN DIFFERENCE ONLY 307

အက်ဥပဒေများ—

ကာလစည်းကမ်းသတ်အက်ဥပဒေ။

တရားမကျင့်ထုံး။

ထွက်ကုန်ဝင်ကုန်ကြီးကြပ်ရေး(ယာယီ)အက်ဥပဒေ။

ပြည်ထောင်စုတရားစီရင်ရေးအက်ဥပဒေ။

ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေ။

မြေသိမ်းအက်ဥပဒေ။

မြို့ပြဆိုင်ရာဌါးရမ်းခကြီးကြပ်ရေးအက်ဥပဒေ။

မြန်မာပြည်ကုမ္ပဏီများအက်ဥပဒေ။

ရာဇဝတ်ကျင့်ထုံး။

ရာဇသတ်ကြီး။

အစုစပ်လုပ်ခြင်းအက်ဥပဒေ။

အင်ဆော်လဝင်အက်ဥပဒေ။

တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၀၄ နှင့် အမိန့် ၄၃ နည်း (၁) (ဒ) အရ အယူခံခွင့်ရှိခြင်း ၃၀၀

တရားမကျင့်ထုံး ဥပဒေအမိန့် ၃၉၊ နည်း (၂) အရ ချမှတ်သောအမိန့်—အယူခံခွင့် ရှိ မရှိ—တရားခံအား ခေျပရန် အခွင့်အရေးနှင့် အချိန်ပေးရန်လိုအပ်ခြင်း။ ။

ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံး ဥပဒေအမိန့် ၃၉၊ နည်း(၂) အရ ချမှတ်သော အမိန့်ကို တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၀၄ နှင့် အမိန့် ၄၃၊ နည်း(၁)(ဒ) အရ အယူခံခွင့်ရှိသည်။ ။တရားရုံးကတရားလိုအဆိုကို တရားခံအား ချေပရန် အခွင့်အရေးနှင့် အချိန်ပေးရန်လို အပ်ပေသည်။ တရားခံက ရုံးသို့ လာရောက်ထုချေ၍၊ ရုံးကလည်း စုံစမ်းစစ်ဆေး ပြီးလျှင် တရားခံသည် ယာယီတားမြစ်ထားသော အမိန့်အတိုင်း ပြုလုပ်ခြင်းမရှိမှသာလျှင် တရားမကျင့်ထုံး ဥပဒေအမိန့် ၃၉၊ နည်း(၁) အရ ရုံးကဆောင်ရွက်ရန်ဖြစ်သည်။

ဟာရွှင်မန်ဆာ(ခ)ဦးဘရွှင် နှင့် ဒေါ်(ချို)အေ ဟာဆန်ပါ ၂ .... ၃၀၀

ထွက်ကုန်ဝင်ကုန် ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေပုဒ်မ ၅ (၃) အရ မှုပြစ်ထင်ရှားစီရင်ခြင်း—ကြံစည်း အားထုတ်သူများလည်း အဆိုပါ ပုဒ်မနှင့် အကျုံးဝင်ခြင်း—အဆိုပါအက်ဥပဒေပုဒ်မ ၅(၂) အရ ပြစ်မှုကျူးလွန်သူများကို ထောင်ဒဏ် နှင့် ကြိမ်ဒဏ်ချမှတ်ရမည်ဟုဖေါ်ပြထားခြင်း။ ။ဆုံးဖြတ်ချက်။ ။ထွက်ကုန် ဝင်ကုန် ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေပုဒ်မ ၅ (၃) အရဆိုသော် ပြစ်မှုကျူးလွန်ရန် ကြံစည် အားထုတ်သူများလည်း အဆိုပါ ပုဒ်မနှင့် အကျုံးဝင်လေသည်။ ထို့ကြောင့် အယူခံတရားလိုများသည် အားထုတ်မှုအခြေအနေတွင် ရှိနေသေးစေကာမူ ၎င်းတို့သည် အဆိုပါ ပုဒ်မ ၅ တွင် သတ်မှတ်ထားသည့် ပြစ်ဒဏ်ကို ကျခရမည်ဖြစ်သည်။ ။ထွက်ကုန်ဝင်ကုန်ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေပုဒ်မ ၅(၂) တွင် အခြားတည်ဆဲ ဥပဒေများ၌ မည်သို့ပင်ပါရှိစေကာမူ ဤ ပုဒ်မအရ ပြစ်မှုကျူးလွန်သူများကို အနည်းဆုံး ထောင်ဒဏ် ၇ နှစ်နှင့် ကြိမ်ဒဏ် ချမှတ်ရမည်ဟု ဖေါ်ပြထားရာ မူလရုံး တရားသူကြီးသည် ထိုပြစ်ဒဏ်များကို ချမှတ်ခြင်းမှ မလွှဲမရှောင်သာ။

ထွန်းဖြူအောင်ပါ ၆ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၃၃၁

ပြစ်ဒဏ်၏ ရည်ရွယ်ချက်နှင့် ပြစ်ဒဏ်သတ်မှတ်ခြင်း—မှားယွင်းမိသူကို အညှန့်တုံးစေရန်သော်၎င်း၊ ၎င်းအပေါ် ဂလွဲစားချေရန်သော်လည်း သတ်မှတ်ခြင်းမဟုတ် ပြုပြင်ပညာပေးရန်နှင့် အခြားလူများကို ပညာပေးဟန့်တားရန် ဖြစ်ခြင်း—ပြစ်ဒဏ်သတ်မှတ်ရာတွင် တရားခံ၏ နောက်ကြောင်း၊ ရာဇဝတ်မှု အခြေအနေတို့ကို ကောင်းစွာလေ့လာရန်လိုခြင်း ၃၄၀

ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၆—အယူခံနိုင်ရန် အခွင့်ထူးပေးသည့် အမိန့်မှာ အခွင့်အာဏာမရှိဘဲ ပေးသည့်အမိန့် ဖြစ် မဖြစ်—အစုစပ်လုပ်ငန်း အက်ဥပဒေပုဒ်မ ၅၈—အစုစပ်လုပ်ငန်း တခု၏ ရှက်ဆောင်ရာ ဌာနတခုသည်မှတ်ပုံတင် ပြုလုပ်ခွင့်ရှိသည့်နေရာတွင်း တည်ရှိနေခြင်း—ပင်ရင်း ဌာနသည် ထိုနေရာတွင် တည်ရှိခြင်း မရှိခြင်း—ဥပဒေအရ မှတ်ပုံတင်ခြင်း မြောက် မမြောက်—အစုစပ်လုပ်ငန်း အက်ဥပဒေ ပုဒ်မ ၆၈—မှတ်ပုံတင်သည့် စာရွက် စာတမ်းတွင် ပါဝင်သည့် အကြောင်းခြင်းရာများသည် အပြီးသတ် သက်သေခံချက် ဖြစ်သည်ဟု ဥပဒေယူဆချက် ရှိရမည်ဆိုသည့် ပြဋ္ဌာန်းချက်—အစုစပ် လုပ်ငန်း အက်ဥပဒေ

ပုဒ်မ ၄၊ ၅၊ ၆ ပါပြဋ္ဌာန်းချက်များအရ အစုစပ်လုပ်ငန်းတွင် အစုစပ် ပါဝင်သူ တဦး ဖြစ် မဖြစ်။ ။အယူခံတရားလိုက အယူခံတရားခံအပေါ် မိမိနှင့် အယူခံတရားခံတို့သည် ပတ္တမြားဆေး လုပ်ငန်းကို စပ်တူလုပ်ကိုင်ကြကြောင်း ကျေညာပေးရန်နှင့် အစုစပ်လုပ်ငန်း ဖျက်သိမ်းပေးရန် တရားစွဲဆို၏။ အယူခံ တရားခံကလည်း အယူခံတရားလိုအပေါ် မိမိသည် ပတ္တမြားဆေးလုပ်ငန်းကို ပိုင်ဆိုင်သူ ဖြစ်ကြောင်း မြွက်ဟ ကျေညာပေးရန်နှင့် အယူခံတရားလိုအား ပင့်မြွားဆေး မျှားကိုဖေါ်စပ်ရောင်းချခြင်းမှ အမြဲတန်း တားမြစ်ပေးရန် တရားစွဲဆိုသည်။ ။ ဆုံးဖြတ်ချက်။ ။အယူခံ တရားလိုအား ပြင်ဆင်ထားသည့် ပြည်ထောင်စုတရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ အရ အခွင့်ထူးပေးရန် လျှောက်ထားသည့် လျှောက်လွှာနှင့် ပတ်သက်၍ ထိုလျှောက်လွှာကို လက်ခံနိုင်ရန် ဖြစ်မဖြစ် စဉ်းစားသည့်အခါ ရည်ညွှန်းခဲ့သည့် ၁၉၆၃ ခုနှစ်၊ မေလ ၃၁ ရက်နေ့စွဲပါ အမိန့်အရ အယူခံတရားလိုသည် လျှောက်ထားနိုင်ခွင့် ရှိသည်ဟု ယူဆခဲ့ပြီး၊ ထိုယူဆချက်အရ အခွင့်ထူးကို ပေးခဲ့ခြင်းဖြစ်ရာ၊ ၎င်းအမိန့်ပျားသည် ယခုထက်တိုင် တည်မြဲနေသည်တကြောင်း၊ အမှုတွင် တရားစီရင်ရေးကို များစွာ အကူအညီပြုမည့် အရေးပါ အရာရောက်သည့် ဥပဒေ ပြဿနာကြီးတရပ် ပေါ်ထွက်လာ၍ စဉ်းစားရန် လိုအပ်ကြောင်း တွေ့ရှိရသည် တကြောင်းတို့ကြောင့် အခွင့်ထူး ပေးသင့်သည်ဟုယူဆပြီး၊ ပြင်ဆင်ထားသည့် တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ အရ ဤရှုမြ မိမိ သဘောအတိုင်း အခွင့်ထူးပေးခဲ့ရခြင်း ဖြစ်ရကား အယူခံတရားလိုအား အယူခံနိုင်ရန် အခွင့်ထူး ပေးသည့်အခိန်မှာ ဤရှုခွင့် အခွင့်အာဏာမရှိဘဲ ပေးခဲ့သည့် အမိန့် ဖြစ်သည်ဟု မည်သို့မျှ ယူဆရန်မဖြစ်နိုင်။ ။ထပ်ခံဆုံးဖြတ်ချက်။ ။အမှုဌ် ပင်ရင်းဌာနသည် မြန်အောင်မြို့တွင် ဖြစ်သင့်ကစား အမှတ် ၇၇၂၊ ဒါလဟိုဇီလမ်း၊ ရန်ကုန်မြို့မှာ ပတ္တမြားဆေးရည်လုပ်ငန်းဌာန၏ဌာနခွဲ တခုဖြစ်ကြောင်းမှာများစွာမှ ထင်ရှားနေသည်။ အစုစပ်လုပ်ငန်းတခု၏ ရွက်ဆောင်ရာ ဌာနတခုသည် မှတ်ပုံတင် ပြုလုပ်ခွင့် ရှိသည့်နေရာအတွင်း တည်ရှိနေမှု၊ ပင်ရင်းဌာနသည် ထိုနေရာတွင် တည်ရှိခြင်းမရှိသော်လည်း ထိုလုပ်ငန်းအတွက် ၎င်းနေရာ၌ မှတ်ပုံတင်ခြင်းသည် အစုစပ်လုပ် ငန်း ဥပဒေ ပုဒ်မ၅၇ အရမှတ်ပုံတင်ခြင်းမြောက်သည်ဟု ယူဆရမည်ဖြစ်သည်။ သို့ဖြစ်ရကား ပတ္တမြား ဆေးရည်လုပ်ငန်းအတွက် ရန်ကုန်မြို့တွင် မှတ်ပုံတင်ခဲ့ခြင်းမှာ အစုစပ်လုပ်ငန်း ဥပဒေပုဒ်မ ၅၇ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီသည်။ ။ သက်သေခံအမှတ် (က-၁) အရ ပတ္တမြားသွေးဆေးရည် လုပ်ငန်းကို ရန်ကုန်မြို့၊ လုပ်ငန်းများ ဆိုင်ရာ မှတ်ပုံတင်အရာရှိထံတွင် အစုစပ်လုပ်ငန်း ဥပဒေပုဒ်မ ၅၇ အရ မှတ်ပုံတင်ခဲ့ခြင်းမှာ ဥပဒေ လိုအပ်ချက်နှင့် ကိုက်ညီသည်ဟု ယူဆသည်။ ထို့ကြောင့်ပတ္တမြားသွေးဆေးရည်လုပ်ငန်းကိုအစုစပ်လုပ်ငန်းအဖြစ်မှတ်ပုံတင်ခဲ့ခြင်းမှာ ဥပဒေအရ တည်မြဲခိုင်လုံသည့် မှတ်ပုံတင်ခြင်း ဖြစ်ကြောင်းထင်ရှားမှု အစုစပ်လုပ်ငန်း ဥပဒေ ပုဒ်မ ၆၀ အရ ထိုမှတ်ပုံတင်သည့် စာရွက်စာတမ်းတွင် ပါဝင်သည့် အကြောင်းခြင်းရာများသည် အပြီးသတ်သက်သေခံချက်ဖြစ်သည်ဟု ဥပဒေယူဆ ချက်ရှိရမည်ဆိုသည့်ပြဋ္ဌာန်းချက်အကျုံးဝင်နေသဖြင့်အယူခံတရားခံသည် ပတ္တမြားသွေးဆေးရည် လုပ်ငန်းတွင် အစုစပ်ရှယ်ယာဝင်တဦးသာဖြစ်သည်ဟုယူဆ ရန်သာ ရှိသည်။ *Firm Het Ram Padam Chand* v. *Firm Sabhag Chand Rikhab Das and others* (28) A.I.R. 1941 Oudh 376 ; ရောင်ရောက်စိန် (ခေါ်) ဝိုင်အစိန် (ခေါ်) ဦးစိန် နှင့် ကုန်သွယ်ရေးလုပ်ငန်းခွန် မင်းကြီးပါ ၂

၁၉၆၁ ခု၊ မြန်မာပြည်စီရင်ထုံး၊ ၂စာ ၁၄၃၊ ခြားနားပြသည်။ ။အယူခံတရားခံက တရပ်တည်းအပေါ် ရာဇဝတ်မှုစွဲဆိုရာ၌ ၎င်းမှာ ရန်ကုန်မြို့၊ ဒါလဟိုဇီလမ်း၊ အမှတ် ၇၇၂ ရှိ ပတ္တမြားဆေးတိုက်၏ အစုရှယ်ယာဝင် မန်နေဂျာ ဖြစ်ပါသည်ဟု အတိအလင်း အစစ်ခံထားသည့် အပြင် အယူခံတရားလိုကလည်း ၎င်းအမှုတွင်ပင် သက်သေအဖြစ် အစစ်ခံစဉ် ပတ္တမြား ဆေးရည်လုပ်ငန်းကို ၎င်းသည် ဖြန့်ချီရေးဘက်ဆိုင်ရာ အုပ်ချုပ်သော မန်နေဂျာဖြစ်ပြီး အစုရှယ်ယာပါပါသည်ဟု ထွက်ဆို အစစ်ခံထားခဲ့လေသည်။ ထို့အတွက် အယူခံတရားခံက ရုံးချေတွင် ကျမ်းကျိန် အစစ်ခံထားချက်အရ ၎င်းမှာ ပတ္တမြားသွေးဆေးရည်လုပ်ငန်း၏ အစုရှယ်ယာဝင်တဦး ဖြစ်ကြောင်း ယခု အမှုမပြီးမီကပင် အတိအလင်း ထွက်ဆိုထားသဖြင့်၊ အယူခံတရားခံသည် အစုစပ်လုပ်ငန်း ဥပဒေပုဒ်မ ၄၊၅၊၆ ပါ ပြဋ္ဌာန်းချက်များအရ ပတ္တမြားသွေးဆေးရည် အစုစပ်လုပ်ငန်းတွင်အစုစပ်ပါဝင်သူ တဦးဖြစ်ကြောင်းမှာ များစွာပေါ်လွင်နေပေသည်။

ဦးထွန်းလွင် နှင့် ဦးအောင်ခင် ၃၀၃

ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေးအက်ဥပဒေပုဒ်မ ၆ (၁)—ပြစ်မှုတရပ် အတွက် ထောင်ဒဏ် သတ်မှတ်ခြင်း—တရားခံသည် ထိုပြစ်မှုနှင့် ပတ်သက်၍ အချုပ်နှင့်နေခဲ့ရလျှင် ထိုအချုပ်ကာလကို ထောင်ဒဏ်မှ ထုတ်နုတ်အပ်ခြင်း—ပြစ်ဒဏ် သတ်မှတ်ရာတွင် တရားခံ၏ နောက်ကြောင်း၊ နေထိုင်မှု အခြေအနေ စသည်တို့ကို ကောင်စွာလေ့လာရန် လိုခြင်း။ ။**ဆုံးဖြတ်ချက်**။ ။ပြစ်မှု တရပ် အတွက် ထောင်ဒဏ် သတ်မှတ်ရာတွင် အကယ်၍ တရားခံသည် ထိုပြစ်မှုနှင့် ပတ်သက်၍ အချုပ်နှင့်နေခဲ့ရလျှင်၊ ထိုအချုပ်ကာလကို ထောင်ဒဏ်မှ ထုတ်နုတ်အပ်သည်ဟု ယူဆသည်။ ဤသို့ ယူဆခြင်းသည် တည်ရှိနေသော ဥပဒေများ နှင့်လည်း မဆန့်ကျင်၊ လုပ်ထုံးကို ပို့မိုးရှင်းလင်းတိကျစေအောင်နှင့် တသမတ်တည်း ညီညွတ်စေအောင် ပြုပြင်ခြင်းသာ ဖြစ်သည်။ ။အချုပ် ကာလကို သေချာစွာ တွက်ချက်နိုင်ရန် သက်ဆိုင်ရာတို့အား မေးမြန်း၍ အမှုတွင်မှတ်တမ်း တင်ထားရှိဘို့လိုပေသည်။ အမှုနှင့် ပတ်သက်၍ စတင်အရေးယူသည်မှ စီရင်ချက် ချမှတ်သည်အထိ အချုပ်ကာလအသီးသီး ရှိခဲ့လျှင်၊ ထိုကာလများကို တွက်ချက်၍ စုပေါင်းကာ ပြစ်ဒဏ်မှ ထုတ်နုတ်ရန် ဖြစ်သည်။ အချို့ အမှုများတွင်ကား တိုင်ချက်၊ စွဲချက်တို့မှပင် လိုအပ်သော အချက်အလက်တို့ကို အပြည့်အစုံ ရနိုင်ဘွယ်ရှိသည်။ ။ **ပြစ်ဒဏ် သတ်မှတ်ရာတွင် တရားခံ၏ နောက်ကြောင်း၊ နေထိုင်မှု အခြေအနေ စသည်တို့ကိုလည်း ကောင်းစွာလေ့လာရန် လိုပေသည်။** သို့မှသာ ၎င်းအား ပြုပြင်ပညာပေးရန် သင့်လျော်သော ပြစ်ဒဏ်မျိုးနှင့် ပြစ်ဒဏ် အတိုင်းအတာကို ဆုံးဖြတ်နိုင်မည် ဖြစ်ပေသည်။ ထောင်ဒဏ် ပေးရမည်ဆိုလျှင် ပြစ်မှုနှင့် အချိုးကျ၍ တရားခံ၏ ဘဝနှင့် လျော်ကန်သော ပြစ်ဒဏ်ကို သတ်မှတ်ရမည်။ ထိုပြစ်ဒဏ်မှ အချုပ်ကျပြီး ကာလကိုထုတ်နုတ်ရမည်ဖြစ်ကြောင်းကိုစီရင်ချက်တွင်ဖေါ်ပြရမည်။ ထောင်ချ ဝရမ်းတွင်သတ်မှတ်သော ထောင်ဒဏ်ကိုဖေါ်ပြ၍ အောက်၌ ထိုပြစ်ဒဏ်မှ တရားခံအချုပ်ကျပြီးသောကာလ မည်ရွေ့ မည်မျှကို ထုတ်နုတ်ရမည်ဟု ထင်ရှားစွာ ဖေါ်ပြရမည်။ အချုပ်ကာလက သတ်မှတ်သော ပြစ်ဒဏ်ထက်ပင် ပိုနေပြီဖြစ်လျှင် အကျဉ်းထောင်က ဝရမ်းကို လက်ခံ မှတ်တမ်း တင်ပြီးနောက် တရားခံအား လွှတ်ရန်ပင် ဖြစ်သည်။ ။ထောင်ဒဏ် အပြင် ငွေဒဏ်၊ သို့မဟုတ်

ကြိမ်ဒဏ် ထိုက်သင့်ရမည့် ပြစ်မှုမျိုးတွင်လည်း အထက်ပါမူကို လိုက်နာကာ ထောင်ဒဏ်ကို သင့်မြတ်သလို သတ်မှတ်၍ အချုပ်ကာလကိုထုတ်နုတ်ပြီးလျှင် ကျန် သော ဒဏ်ကိုခံစေရန်ဖြစ်သည်။ ။ငယ်ရွယ်သူ တရားခံများ အပေါ် ပြစ်ဒဏ် သတ်မှတ်ရာတွင် အထက်ပါမူအပြင် ၎င်းတို့အား အကျင့်စာရိတ္တ ပြုပြင်ပေးရေး အတွက် သတ်မှတ်ထားသော မူများ၊ ပြဋ္ဌာန်းထားသော ဥပဒေများကို ညှိနှိုင်း၍ ဆုံးဖြတ်ရန် ဖြစ်သည်။ ။ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် မောင်ငြိမ်း ၁၉၅၄၊ မြန်မာနိုင်ငံ စီရင်ထုံး၊ တရားလွှတ်တော်၊ ၂၅၄ သဘောကဲ့လွဲသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ နှင့် မောင်ထွန်းကြည် ၃၄၀

ဘဏ်ငွေပို့စာရင်းအရ ထုတ်ချေးငွေ ရလိုကြောင်း တရားစွဲဆိုမှု —ကာလစည်းကမ်းသတ် အက်ဥပဒေပုဒ်မ ၁၉ —အော်ဒီမံ စာချုပ်၏ နောက်ကျောတွင် မြီစားကလက်မှတ် ထိုးခြင်း —မြီစားသည် ကြေးမျှားကို ပေးဆပ်ရန် တာဝန်ရှိကြောင်း ဝန်ခံသည်ဟု ဆိုနိုင် မဆိုနိုင် —အစုရှင် တဦး၏ အစုစပ်လုပ်ငန်းနှင့် ပတ်သက်သည့် ဝန်ခံချက် — အစုစပ်လုပ်ငန်းအပေါ် အတည်ဖြစ် မဖြစ် —ကြွေးပေးရန်ရှိကြောင်း ဝန်ခံချက် — ဝန်ခံချက်သည် စည်းကမ်းသတ်ကာလအပိုင်းအခြားကို တဖန် အသက်သွင်းပေးရာ ရောက် မရောက်။ ။ဆုံးဖြတ်ချက်။ ။ကာလစည်းကမ်းသတ် အက်ဥပဒေပုဒ်မ ၁၉ အရ အကျုံးဝင်လိုလျှင် မြီစားအနေဖြင့် တရားစွဲဆိုသည့် ကြွေးမြီကို ပေးဆပ်ရန် တာဝန်ရှိကြောင်း ဝန်ခံရေးသားချက် ရှိရမည်ဖြစ်သည်။ အော်ဒီမံစာချုပ်၏ နောက်ကျောတွင် မြီစားက လက်မှတ်ထိုးထားကာမျှဖြင့် မြီစားသည် ကြွေးမြီ များကို ပေးဆပ်ရန် တာဝန်ရှိကြောင်း ဝန်ခံသည်ဟု ဆိုနိုင်မည်မဟုတ်ပေ။ ။ အော်ဒီမံစာချုပ် နောက်ကျောဘွဲ့ တရားခံ အယ်(လ်)ဝင်းစိန်၏ လက်မှတ်များ ရှိသော်လည်း တရားခံသည် ကြွေးမြီများကို ပေးဆပ်ရန် တာဝန်ရှိကြောင်း ဝန်ခံသည့် အနေဖြင့် ထိုလက်မှတ်များကို ရေးထိုးခဲ့ကြောင်း သက်သေအထောက် အထား လုံဝမရှိသဖြင့်၊ ထိုလက်မှတ်များကြောင့် စည်းကမ်းသတ်ကာလ အပိုင်း အခြားကို တဖန်အသက်သွင်းပေးခဲ့သည်ဟုဆိုရန် ခဲယဉ်းနေသည်။ ။ **တလုပ်သိန်းကန်၊ နှင့် စီမူဂန်ချစ်တီးယား** အော၊ အိုင်၊ အာ(ရ်)၊ ၁၉၃၄၊ ရန်ကုန်၊ ၂၀၇ (၂၀၈) ရည်ညွှန်းသည်။ ။**ထပ်ဆုံးဖြတ်ချက်**။ ။တရားခံ ဦးညီသည် ဝင်းစိန်ညီနောင်ကုမ္ပဏီဆန်စက်လုပ်ငန်း၏ အစုရှင်တယောက် ဖြစ်သည်ဆိုခြင်းမှာ နှစ်ဦးနှစ်ဖက် ဝန်ခံသည့် အချက်ဖြစ်သည်။ ဦးညီက သက်သေခံ "ဒဗလျူ အား ရေးသားသည့် အချိန်၌ ဝင်းစိန်ညီနောင်ကုမ္ပဏီဆန်စက်လုပ်ငန်းမှာလည်း ဖျက်သိမ်းခြင်း မပြုသေးကြောင်း အငြင်းမပေါက်ပေ။ ထို့စာတွင် ဦးညီက ဝင်းစိန်ညီနောင်ဆန်စက်လုပ်ငန်းသို့ ဘဏ်ငွေပို့စာရင်းအရ ထုတ်ချေးခဲ့သည့် ငွေ ၃,၉၀,၀၀၀ ကျပ်အတွက် ဗန္ဓုလသောဘိကို နောက်ထပ်အပေါင်ပစ္စည်း အဖြစ် ပေးသွင်းကြောင်း ဖော်ပြခဲ့ရာ အစုစပ်လုပ်ငန်းအား ကိုယ်စားပြုလည့် ဝန်ခံချက်ပြုလုပ်ခဲ့ကြောင်း ပေါ်လွင်နေသည်။ သို့ဖြစ်ရာ သက်သေခံ "ဒဗလျူ စာသည် ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ ၁၉ အရ စည်းကမ်းသတ်ကာလ အပိုင်းအခြားကို အသစ်တဖန် ရေတွက်ရန် ဖန်တည်းခဲ့သည်ဟု ယူဆရပေ မည်။ ။**ရာလာဆင်းနှင့် ဘာဂဝမ်ဆင်း**၊ အတွဲ ၂၊ ရန်ကုန်၊ ၃၆၇။ **မဟီဒေဝ နှင့် ရာမာကရိရှနား**၊ အော၊ အိုင်၊ အာ(ရ်)၊ ၁၉၂၆၊ မဒရပ် ၁၁၄။ **ဂူစရန်နှင့် ဘရီ(ခ်)မိုဟန်**၊ အော၊ အိုင်၊ အာ(ရ်)၊ ၁၉၃၉၊ လာဟိုး ၃၉၇ ရည်ညွှန်း

သည်။ ။ထပ်မံဆုံးဖြတ်ချက်။ ။သက်သေခံ ၂ မှာ ဝင်းစိန်ညီနောင်ဆန်စက်လုပ်ငန်းကို မူလအစုရှင်များက နောက်အစုရှင်များလက်သို့ လွှဲပြောင်းပေးသည့် အစုစပ်စာချုပ်ဖြစ်သည်။ ထိုစာချုပ်အား ၁၉၅၅ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ချုပ်ဆိုခဲ့သည်။ ၎င်းစာချုပ်ထဲတွင် ဝင်းစိန်ညီနောင်ဆန်စက်လုပ်ငန်းက တရားလိုဘဏ်များသို့ ချေးငွေအတွက် ငွေလေးသိန်းကျပ်ပေးရန် တာဝန်ရှိကြောင်း ဝန်ခံရေးသားထားသည်။ ။သက်သေခံအမှတ် ၂ အစုစပ်စာချုပ်တွင် တရားလိုဘဏ်သို့ ချေးငွေအတွက် ကြေးပေးရန်ရှိကြောင်း ဝန်ခံချက်ကို ဘဏ်မန်နေဂျာ၏ တောင်းဆိုချက်အရ ဖေါ်ပြခဲ့ရကြောင်း၊ တရားခံ အယ်(လ်)ဝင်းစိန်က ရုံးရှေ့၌ ဝန်ခံခဲ့သဖြင့် ထိုစာချုပ်သည် စည်းကမ်းသတ်ကာလအပိုင်းအခြားကို တဖန်အသက်သွင်းပေးရာ ရောက်သည်ဟု ဆိုရမည်ဖြစ်သည်။ ။**ဟာမီဒါဘီ**နှင့် **အမ္ဘဒူဂဖါး**၊ အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၃၃၊ ရန်ကုန်၊ ၁၄၇ ရည်ညွှန်းသည်။ **မဏီရမ်ဆက်**နှင့် **ဆက်ရပ်ချန်**၊ အတွဲ ၃၃၊ ကလကတ္တား၊ ၁၀၄၇ (ပီ၊စီ၊)။ **ဟီရာလာ(လ်)**နှင့် **နာစီလာ(လ်)**၊ အတွဲ ၃၇၊ ဘုံဘိုင် ၃၂၆ (ပီ၊စီ၊)။ **မိုဟစ်လာ(လ်)**နှင့် **ဘီကူမာရီ**၊ အတွဲ ၆၊ ကလကတ္တား ၃၄၀။ **အက်မာရန်** နှင့် **ဂိုဗင်း**၊ အတွဲ ၁၁၊ ဘုံဘိုင် ၂၀၂ ရည်ညွှန်းသည်။

သည်ဘင့် (ခ်) အော့ (ဖ်) ကော်မြူနီကေးရှင်း၊ သည်ဘင့် (ခ်)အော့(ဖ်) ချိုင်းနား နှင့် ဝင်းစိန်ဘရားသား(စ်)ကုမ္ပဏီရိုက်(စ်)မီး(လ်) ၃၇၆

မှန်မှန် နှင့် မြန်မြန် တရားစီရင်ရေး—ဌာနအချင်းချင်း တာဝန်သိသိ ညှိညှိနှိုင်းနှိုင်း ဆောင်ရွက်ရန်လိုခြင်း—အမှုတွင် သက်သေလိုက်ပါရသော ဆရာဝန်၊ ပြည်သူ့ဝန်ထမ်း၊ ပြည်သူတို့ကိုဂင်း၊ ပြည်သူ့အကျိုးဆောင် ရွေနေ ရွှေရုပ်များကိုဂင်း၊ ပြည်သူတို့ ယုံကြည်အားကိုး၍ မြို့၊ ရွာ၊ နိုင်ငံကို အေးချမ်းစည်းလုံးစေသော တရားစီရင်ရေးကို ဝိုင်းဝန်းပါဝင်လုပ်ဆောင်ရန် ဖိတ်ခေါ်ခြင်း ၃၄၀

မြေမှတ္တက်ခွါးသွားစေလိုမှု—မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁ (၂)—ပုဒ်မ ၂ (ဇ)—ပုဒ်မ ၃—မြေသည် မဟာရန်ကုန်မြို့နီစီပါယ်နယ်မြေ အတွင်းရှိခြင်း—မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေနှင့် သက်ဆိုင်မသက်ဆိုင်—ဝင်းအက်ဥပဒေပုဒ်မ ၁၂ (၁) တွင် ဖေါ်ပြထားသည့် ကိစ္စရပ်များ အတွက်သာ နှင့်ထုတ်ရန် အမိန့်ချမှတ်နိုင်ခြင်း—အိမ်ငှါးဆိုသည့်အဓိပ္ပါယ်။ ။ ဆုံးဖြတ်ချက်။ ။အခင်းဖြစ်မြေသည် မဟာရန်ကုန် မြို့နီစီပါယ်နယ်မြေအတွင်း တည်ရှိခြင်းနှင့် ပတ်သက်၍ အငြင်းပွါးချက် မရှိချေ။ မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁ (၂) တွင် ဤအက်ဥပဒေကို ပြည်ထောင်စု မြန်မာနိုင်ငံရှိ မြို့ပြဒေသအားလုံးနှင့် သက်ဆိုင်စေရမည်ဟု ဖေါ်ပြထားသည်။ တဖန် အဆိုပါ အက်ဥပဒေပုဒ်မ ၂ (ဇ) ၌ "မြို့ပြဒေသ" ဟူသည့်စကားရပ်တွင် ရန်ကုန်မြို့တော် ပါဝင်ကြောင်း အဓိပ္ပါယ် ဖွင့်ထားသည်။ ရန်ကုန်မြို့တော်ဆိုသည်မှာ အခါအားလျော်စွာ ပြင်ထားသည့် ရန်ကုန်မြို့နီစီပါယ် အက်ဥပဒေ ဇယား ၆ တွင် ဖေါ်ပြထားသော ရန်ကုန်မြို့တော်ကို ဆိုလိုကြောင်း ပုဒ်မ ၂ (က) တွင် ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် အခင်းဖြစ်မြေသည် ရန်ကုန်မြို့တော် နယ်နိမိတ်အတွင်း တည်ရှိလေရာ မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ နှင့် သက်ဆိုင်ကြောင်း ထင်ရှားလေသည်။ ထိုအက်ဥပဒေပုဒ်မ ၃ တွင် နိုင်ငံတော်**

အစိုးရသည် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ထိုအမိန့်ကြော်ငြာစာတွင် သီးခြားဖေါ်ပြထားသော ဒေသ၊ သို့တည်းမဟုတ် ဥပစာ အမျိုးအစားကို ဤအက်ဥပဒေ တရပ်လုံးနှင့်ဖြစ်စေ၊ တစိတ်တဒေသနှင့်ဖြစ်စေ သက်ဆိုင်ခြင်းမှ ကင်းလွတ်ခွင့် ပြုနိုင်သည်ဟု ပြဆိုထားသည်။ သို့ရာတွင် အခင်းဖြစ်မြေမျိုးနှင့် ပတ်သက်၍ ကင်းလွတ်ခွင့် ပေးထားခြင်း မရှိသေးချေ။ ဥပစာဆိုသည့် စကားရပ်ကို ပုဒ်မ ၂ (ဃ) (၁) တွင် အဓိပ္ပါယ် ရှင်းလင်းထားရာ၌ မြေကြီးလည်း ပါဝင်လေသည်။ သို့ဖြစ်လေရာ အခင်းဖြစ်မြေမှ မြေငှါးများကိုပုဒ်မ ၁၂ (၁) တွင် ဖေါ်ပြထားသည့် ကိစ္စရပ်များအတွက်မှလွဲ၍ အခြားမည်သည့်ကိစ္စအတွက်နှင့်မျှ နှုတ်ထုတ်ရန် အမိန့် ချမှတ်နိုင်မည် မဟုတ်ချေ။ ။မြို့ပြဆိုင်ရာ ဌားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ ၂ (ဆ) အရ အိမ်ငှါးဆိုသည်မှာ အငှါးစာချုပ် ကုန်ဆုံးပြီးနောက်၊ မိမိအား ငှါးရမ်းသည့် ဥပစာကို အိမ်ရှင်၏ သဘောတူညီချက်အရဖြစ်စေ၊ သဘောတူညီချက်အရ မဟုတ်ဘဲဖြစ်စေ လက်ရှိနေထိုင်မြဲ နေထိုင်သူ အသီးသီးတို့လည်း ပါဝင်လေသည်။

မောင်လှကြည် နှင့် ဒေါ်ဖွားသင် ၃၅၈

မြေသိမ်းအက်ဥပဒေ ပုဒ်မ ၁၈ အရ လွှဲအပ်ပေးသည့်ကိစ္စ—၁၉၅၀ ခုနှစ်၊ သီးစားခစံနှုန်း ဥပဒေပုဒ်မ ၂ (က) အရ မြေခွန်တော်နှင့် အညီအမျှဖြစ်သော သီးစားခငွေကိုသာရရန် အခွင့်အရေးရှိခြင်း—မြေခွန်တော်အဆ ၂၀ ကို တက်ချက်ပြီး လျော့ကြေးအဖြစ် သတ်မှတ်ခြင်းမှာ နည်းလမ်းကျ မကျ။ ။ဆုံးဖြတ်ချက်။ ။။

အမှုတွင် မြေသိမ်းအက်ဥပဒေအရ သိမ်းယူခဲ့သည့်မြေမှာ လယ်ယာမြေဖြစ်၍ လျော့ကထားသူတို့ အနေဖြင့် ထိုမြေကိုရောင်းခြင်း၊ ပေါင်ခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းခြင်း လုံးဝမပြုနိုင်ချေ။ မြေသိမ်းမည်ဟု ကျေညာသည့် ၁၉၆၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက်နေ့တွင် ၎င်းတို့ကိုယ်တိုင်လည်း ထိုမြေပေါ်တွင် စပါးစိုက်ပျိုး ထွန်ယက်လုပ်ကိုင်ခြင်းမရှိ၊ ထိုနေ့တွင် ၎င်းကျိုးသည် ၁၉၅၀ ခုနှစ်၊ သီးစားခစံနှုန်းဥပဒေပုဒ်မ ၂ (က) အရ မြေခွန်တော်နှင့် အညီအမျှဖြစ်သော သီးစားခငွေကိုသာရရန် အခွင့်အရေးရှိပေသည်။ တနည်းဆိုသော် လျော့ကထားသူတို့သည် အခင်းဖြစ်မြေနှင့် ပတ်သက်၍ မြေခွန်တော် ပေးဆောင်ရန် အခကြေးငွေသာ ရရှိကြရန် အခွင့်အရေးရှိသူများသာဖြစ်သည်။ အမြတ်အစွန်း တစုံတရာရရှိရန် အခွင့်အရေး မရှိချေ။ သို့ဖြစ်ရာ ထိုမြေအား သိမ်းယူရာ၌ မြေခွန်တော်အဆ ၂၀ ကို တက်ချက်ပြီး လျော့ကြေးအဖြစ် သတ်မှတ်ခဲ့ခြင်းမှာ နည်းလမ်းကျသည်ဟု ယူဆရမည်ဖြစ်သည်။ နောက်ပိုင်းတွင် နိုင်ငံတော်အစိုးရက သီးစားခကို လုံးဝမပေးရဟု ပြဋ္ဌာန်းထားပြီးဖြစ်၍၊ လျော့ကထားသူတို့ အနေဖြင့် ထိုထက်ပို၍ အခွင့်အရေး ရနိုင်ရန် လမ်းမရှိပေ။ ။**ကိုင်လာ(စ်)ချန်ဒရာနှင့် နိုင်ငံတော်အတွင်းဝန်၊** အတွဲ ၁၈၊ အိုင်၊ စီ၊ ၆၂၈။ **ကော်လိတ်တော်နှင့် ကူရာအက်စတိတ်မန်နေဂျာ၊** အော၊ အိုင်၊ အာ(ရ်)၊ ၁၉၂၆၊ ဘုံဘေ၊ စာ ၂၂၃။ **ကူစီရမ်နှင့် လက်ထောက် ကော်လိတ်တော်၊ ရှိတ်ခါပူ၊** အော၊ အိုင်၊ အာ(ရ်)၊ **၁၉၂၅** ဆင်း၊ စာ ၁၁၂ ခြားနားပြသည်။ **ရက်ဒီးယားနှင့် နိုင်ငံတော်အတွင်းဝန်၊** အတွဲ ၅၊ ရန်ကုန်၊ စာ ၇၉၉။ **စတက်ဘင်းနှင့် မက်တရိုပိုလီတင်းဘုတ်အောဝါ(ခ်) (၁၈၇၀) အယ်(လ်)၊** အာ(ရ်)၊ ကျူဘီ ၃၇။ **ကော်ရီနှင့် မက်ဒါမွတ်၊** ၁၉၁၄ ခု၊ အော၊ စီ၊

၁၀၅၆ (၁၀၆၂)။ ဂါဂျာပါဘီရာဂျူး နှင့် ဇီဇာဂါပတန်တိုင်း အခွန်အရာရှိ၊ အော၊ အိုင်၊ အာ(ရ)၊ ၁၉၃၉ ခု၊ (ပီ၊စီ၊) စာ ၉၈ ရည်ညွှန်းသည်။

ဦးပီစေလု ပါ-၁ နှင့် ကော်လိတ်တော်အရာရှိ ၃၉၇

မြန်မာပြည် ကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၁၆၂ အရ ဖျက်သိမ်းပေးရန် အစုရှင်တဦးက လျှောက်ထားခြင်း—အစုရှင် အများစုကလည်း အလိုအလျောက် ဖျက်သိမ်းရန် လျှောက်ထားခြင်း—မြန်မာပြည် ကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၁၈—အလို အလျောက် ဖျက်သိမ်းခြင်းအားဖြင့် အစုရှင်တဦးဦးအား အကျိုးထိခိုက်နစ်နာခရန် ရှိသည်ဟု ရုံးမှကြေနပ်အောင် အကြောင်းပြရမည်ဟု ပြဋ္ဌာန်းထားခြင်း—မြန်မာပြည် ကုမ္ပဏီ အက်ဥပဒေ၏ ပဌမနောက်ဆက်တွဲဇယား "အေ" အပိုဒ် ၁၁၂ နှင့် ၁၁၆—မြန်မာပြည် ကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၀၇ အရပြဋ္ဌာန်းချက်များ ကိုတိကျစွာလိုက်နာဆောင်ရွက်ခြင်း။ ။ဆုံးဖြတ်ချက်။ ။ကုမ္ပဏီတခုခုကိုဖျက်သိမ်းရန် အစုရှင်တဦးက လျှောက်ထားပြီးဖြစ်၍ ထိုကုမ္ပဏီအား အစုရှင်အများစုက အလိုအလျောက် ဖျက်သိမ်းရန် အခွင့်အရေး မရှိဟု မဆိုနိုင်ချေ။ မြန်မာပြည် ကုမ္ပဏီများ ဥပဒေတွင် ထိုကဲ့သို့ လျှောက်လွှာတင်ထားပြီးဖြစ်လျှင် အလို အလျောက် ဖျက်သိမ်းခြင်း မပြုနိုင်ဟု တားမြစ်ထားသည့် ပြဋ္ဌာန်းချက် မရှိပေ။ ။ဆန်ဆာချန်နှင့် ကာရင်ချန်၊ (၁၉၂၅)အတွဲ ၆၊ လာဟိုး၊ စာ ၃၄၀၊ ရည်ညွှန်းသည်။ ။မြန်မာပြည် ကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၁၈ တွင် အစုရှင်တဦးဦးက ကုမ္ပဏီအား အလိုအလျောက် ဖျက်သိမ်းခြင်းကို ခွင့်မပြုဘဲ ရုံးမှ ဖျက်သိမ်းသင့်သည်ဟု လျှောက်ထားလျှင် အလိုအလျောက် ဖျက်သိမ်းခြင်းအား ဖြင့် ၎င်း၏အကျိုးကို ထိခိုက်နစ်နာခရန်ရှိသည်ဟု ရုံးမှကြေနပ်လောက်အောင် အကြောင်းပြရမည်ဟု ပြဋ္ဌာန်းထားသည်။ ။လျှောက်ထားသူထံသို့ကုမ္ပဏီအား အလိုအလျောက် ဖျက်သိမ်းမည်ဆိုသော နို့တစ်စာကို မြန်မာပြည် ကုမ္ပဏီများ အက်ဥပဒေ၏ ပဌမနောက်ဆက်တွဲဇယား "အေ" အပိုဒ် ၁၁၂ နှင့် ၁၁၆ တို့အရ စာတိုက်မှ ၎င်းပေးထားသည့် လိပ်စာအတိုင်း ပေးပို့ခဲ့သည်။ ယင်းသို့ပေးပို့ခဲ့ပါလျက် အစည်းအဝေးသို့ မတက်ရောက်လျှင် ၎င်း၏တာဝန်သာ ဖြစ်ပေသည်။ သို့ဖြစ်ရာ ကုမ္ပဏီအား အလိုအလျောက် ဖျက်သိမ်းရန် အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့သော အစည်းအဝေးမှာ မြန်မာပြည် ကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၀၇ အရ ပြဋ္ဌာန်းချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ခဲ့သဖြင့် လျှောက်ထားသူ မတက်ရောက်သည့် အကြောင်းကြောင့် ပျက်ပြယ်သည်ဟု မဆိုနိုင်။

ဦးသိမြ နှင့် မြန်မာပြည် ကုမ္ပဏီများ ဥပဒေနှင့် စပ်လျဉ်း၍ မောင်မောင်ကြီး အင်ကုမ္ပဏီလီမိတက်ကိစ္စ ၄၀၆

ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၂၀—စက်ရှင်တရားသူကြီးသည် သက်သေခံ ပစ္စည်းနှင့် ပတ်သက်၍ ပြင်ဆင်နိုင်သော စီရင်ပိုင်ခွင့်အာဏာရှိ မရှိ—သက်သေခံ ပစ္စည်းနှင့် ပတ်သက်၍ မည်သူ့ကို ပြန်ပေးရမည်ဆိုသော အချက်မှာ ရာဇဝတ်ဥပဒေရှုဒေါင့်မှ နေကြည့်ရခြင်း—ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၁၇—ဥပဒေအရ လက်ဝယ်ရရှိ ထိုက်သူအား ပြန်လည် ပေးရမည်ဟု ဖေါ်ပြထားခြင်း—ပိုင်ဆိုင်ခွင့်နှင့် ပတ်သက်၍ တရားမရုံးကသာ အဆုံးအဖြတ်ပေးရခြင်း။ ။ဆုံးဖြတ်ချက်။ ။

ရာဘက် စက်ရွင်တရားသူကြီးသည် သက်သေခံ ပစ္စည်းနှင့် ပတ်သက်၍ ပြင်ဆင်နိုင်သော စီရင်ပိုင်ခွင့် အာဏာရှိသည်။ ။**မောင်ထွန်းရင်နှင့် မြည်ထောင်စု မြန်မာနိုင်ငံ၊** ၁၉၅၀၊ မြန်မာပြည်စီရင်ထုံး၊ တရားလွှတ်တော်၊ စာ ၃၃၄။ **နိုင်ငံတော်နှင့် ဘိုးချစ်၊** ရန်ကုန်စီရင်ထုံး၊ အတွဲ ၁၊ စာ ၁၉၉။ **ဦးဘိုးလှနှင့် ကိုဘိုးရှိန်၊** ရန်ကုန်စီရင်ထုံး၊ အတွဲ ၇၊ စာ ၃၄၅ ရည်ညွှန်းသည်။ ။**ထပ်မံဆုံးဖြတ်ချက်**။ ။ရာဇဝတ်မှု တခုတွင်သက်သေခံပစ္စည်းနှင့် ပတ်သက်၍ မည်သူကို ပြန်ပေးရမည်ဆိုသော အချက်မှာ ရာဇဝတ်ဥပဒေရှုဒေါင့်မှနေကြည့်လျှင်၊ အကျဉ်းနည်းအားဖြင့်သာလျှင် သုံးသပ်ရန်ဖြစ်သည်။ ။ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၅၁၇ တွင် ဥပဒေအရ လက်ဝယ်ရရှိထိုက်သူအား ပြန်လည်ပေးရမည်ဟု ဖေါ်ပြထားခြင်းနှင့်အညီ သက်သေခံဆင်ကို မူလက ရဲမျှားသည့် လျှောက်သူထံမှ သိမ်းဆီးပြီး အမှုတွင် လျှောက်သူသည် တရားသေလွှတ်ခြင်းခံရသဖြင့် ၎င်းသည် ထိုသက်သေခံဆင်ကို လက်ဝယ်ရရှိထိုက်သူ ဖြစ်သည့်အားလျော်စွာ ၎င်းလက်ဝယ်သို့ ပြန်လည်ပေးအပ်ရမည်ဖြစ်သည်။ ။**ထွန်းတင်နှင့် မြည်ထောင်စုမြန်မာနိုင်ငံ၊** ၁၉၅၁၊ မြန်မာပြည်စီရင်ထုံး (တရားလွှတ်တော်ချုပ်)၊ စာ ၁၄၈ ရည်ညွှန်းသည်။ ။ပိုင်ဆိုင်ခွင့်နှင့် ပတ်သက်၍ တရားရုံးကသာလျှင် အဆုံးအဖြတ်ပေးရမည်ဖြစ်သည်။ ။**ဦးလူမော်နှင့် ကိုရမ်းဆင်း၊** ၁၉၅၅၊ မြန်မာပြည်စီရင်ထုံး (တရားလွှတ်တော်)၊ စာ ၂၃၂ ရည်ညွှန်းသည်။

စောရွှေညွှန့် နှင့် မြည်ထောင်စုမြန်မာနိုင်ငံ (ဦးမြိုင်) ၃၂၅

ရာဇဝတ်မှု စွဲဆိုရာ၌ အတိအလင်း အစစ်ခံထွားခြင်း—အမှုမဖြစ်မီက အတိအလင်း ထွက်ဆိုထားခြင်း—အစုစပ်ပါဝင်သူတဦးဖြစ်ကြောင်း ပေါ်လွင်မပေါ်လွင် ၃၈၃

ရာဇသတ်ကြီးပုဒ်မ ၄၀၈ အရ မှုပြစဲထင်ရှား စီရင်ခြင်း—အရောင်းအဝယ် စည်းကမ်းနှင့် ပတ်သက်၍ သင်ကြားပို့ချထားခြင်း မရှိခြင်း—ရာဇသတ်ကြီးပုဒ်မ ၂၄ အရ မရိုးဖြောင့်သော သဘောနှင့် ပြုမူသည်ဟူယူဆရန်အကြောင်းရှိ မရှိ။ ။**ဆုံးဖြတ်ချက်**။ ။အယူခံတရားလိုသည် တက္ကသိုလ်ကျောင်းသားတဦးဖြစ်သည်။ ပညာသင်ကြားနေခိုက် အစိုးရကုန်သွယ်ရေးကို ကူညီရိုင်းပင်းသည့် အနေဖြင့် စေတနာထား၍ လုပ်အား ဝင်ရောက်ပေးခြင်းဖြစ်သည်။ အရောင်းအဝယ် စည်းကမ်းနှင့် ပတ်သက်၍ ၎င်းအား သင်ကြားပို့ချထားခြင်း မရှိပေ။ ယင်းသို့ဖြစ်ရကား အယူခံ တရားလိုအား ညှဉ်ကြားချက် မပေးထားခြင်းမှာ ထင်ရှားသည်။ ။အယူခံတရားလို၏ စီမံခန့်ခွဲမှုကြောင့် ရည်ညွှန်းသော ပစ္စည်းများကို အစမ်းသဘောဖြင့် ဝယ်ယူသွားသော မောင်အောင်သိန်းလေးသည် ပစ္စည်းကို မတရားရယူခြင်းမဟုတ်၊ အစိုးရတွင်လည်း ၎င်းပစ္စည်းတန်ဘိုးငွေ ၁၇၅ ကျပ်ကို ရရှိထားပြီးဖြစ်သဖြင့် မတရားဆုံးနှုံးခြင်းမျိုးလည်း မဟုတ်သောကြောင့် အယူခံတရားလို၏ နည်းစနစ်ကို ဆန့်ကျင်၍ စီမံခန့်ခွဲချက်မှာ ရာဇသတ်ကြီးပုဒ်မ ၂၄ အရ မရိုးမဖြောင့်သော သဘောနှင့်ပြုမူသည်ဟု ယူဆရန်အကြောင်းမရှိပေ။ ။**မြည်ထောင်စု မြန်မာနိုင်ငံနှင့် ဦးခင်မောင်လတ် ပါ ၂၊** ၁၉၅၂ ခုနှစ်၊ မြန်မာပြည် စီရင်ထုံး၊ တရားလွှတ်တော် (အထူးခုံရုံး) စာ ၁၁၄၊ ရည်ညွှန်းသည်။

မောင်သန်းမောင် နှင့် မြည်ထောင်စုမြန်မာနိုင်ငံ ၃၆၃

စာမျက်နှာ

ရန်ကုန် မြို့နီစီပါယ် အက် ဥပဒေ ဇယား ၆—ရန်ကုန်မြို့တော် ဆိုသည့် စကားရပ် ၃၅၀

ရန်ကုန်မြို့၊ အင်ဆော်လဝင်စီ အက်ဥပဒေ ပုဒ်မ ၂၁ ပါ အကြောင်းရပ်များနှင့် အကျုံးဝင်မဝင်——ပုဒ်မ ၈ (၁) အရ၊ အင်ဆော်လဝင်စီ စီရင်ပိုင်ခွင့် အတွင်း ချမှတ်ထားသည့် အမိန့်တခုခုကို အချိန် မရွေး ပြန်လည် ပြင်ဆင် ပယ်ဖျက်ရန် အာဏာရှိ မရှိ။ ။ဆုံးဖြတ်ချက်။ ။အမှုတွင် ပေါ်ပေါက်လျက်ရှိသော အကြောင်းခြင်းရာမှာ အင်ဆော်လဝင်သည် ဤရုံးအမိန့်အတိုင်း ကြေးမြီများကို ပေးဆပ်ရန် အင်အား ရှိပါလျက်၊ ပေးဆပ်ခြင်း မပြုဘဲနေခြင်းသာ ဖြစ်ရာ ရန်ကုန်မြို့ အင်ဆော်လဝင်စီ အက်ဥပဒေ ပုဒ်မ ၂၁ ပါ အကြောင်းရပ်များနှင့် အကျုံးဝင်သည်ဟု မဆိုနိုင်ခေ။ သို့ရာတွင် ဤရုံးသည် ရန်ကုန်မြို့ အင်ဆော်လဝင်စီ ဥပဒေအရ တရားရုံး၏ ယန္တရားကို အလွဲသုံးစားပြုကာ အင်ဆော်လဝင် ဖြစ်ကြောင်း အမိန့်ကို ရယူခဲ့သည်ဟု အထောက်အထား ပေါ်ပေါက်နေပါက အထက်ပါ အကြောင်းရပ်တခုခု မရှိလင့်ကစား ထိုအမိန့်ကို ပယ်ဖျက်ရန် မူလဘူတ အာဏာ ရှိပေသည်။ ။ထို့ပြင် ပုဒ်မ ၈ (၁)က ဤရုံးအား အင်ဆော်လဝင်စီ စီရင်ပိုင်ခွင့် အတွင်း ချမှတ်ထားသည့် အမိန့်တခုခုကို အချိန်မရွေးပြန်လည် ပြင်ဆင်ပယ်ဖျက်ရန် အာဏာအပ်နှင်းထားသည်။ ထိုအာဏာမှာ ကန့်သတ်ချက် လုံးဝ မပါသော ကျယ်ကျယ်ပြန့်ပြန့် အသုံးချနိုင်သည့် အာဏာ တရပ်ဖြစ်လေသည်။ ထို့ကဲ့သို့ အာဏာအပ်နှင်းထားခြင်း၏ ရယ်ရွယ်ချက်မှာ တရားမျှတမှုကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်စေရန်ပင် ဖြစ်သည်။ အင်ဆော်လဝင်စီရုံး၏ ယန္တရားကို ခုတုံးလုပ်ပြီး မသမာသော စိတ်ထားဖြင့် ရယူခဲ့သည့် အမိန့်တရပ်ရပ်ကို ထိုအာဏာဖြင့် ပယ်ဖျက်နိုင်ရမည်ဖြစ်သည်။

ဦးရာမ.....အင်ဆော်လဝင် ၄၀၂

အစုစပ်လုပ်ငန်းရှင်များ အပေါ် ဘဏ်ငွေပို စာရင်းအရ၊ ထုတ်ချေးသည့် ရင်းတိုးငွေများ ရလိုကြောင်း တရား့စွဲဆိုမှု——အစုစပ်လုပ်ခြင်း အက်ဥပဒေ ပုဒ်မ ၃၂ (၂)——အစုရှင်တဦးသည် အစုစပ်လုပ်ငန်းက အပြင်လူတဦးဦးထံသို့ ကြွေးမြီပေးဆပ်ရန် တာဝန်ကို ကင်းလွတ်လိုခြင်း——အပြင်လူ၏သဘောတူညီချက်ရရှိရန် လိုခြင်း——အစုစပ်လုပ်ငန်း အက်ဥပဒေပုဒ်မ ၆၃ ပုဒ်မ ၇၂——ပြည်သူတို့ သိအောင် အကြောင်းကြားခြင်း ပြုရန် လိုအပ်ခြင်း။ ။ဆုံးဖြတ်ချက်။ ။အစုစပ်လုပ်ခြင်း အက်ဥပဒေ ပုဒ်မ ၃၂ (၂) အရ၊ နုတ်ထွက်သွားသည့် အစုရှင်တဦးသည် အစုစပ်လုပ်ငန်းက အပြင်လူတဦးဦးထံသို့ ကြွေးမြီပေးဆပ်ရန် တာဝန်ကို ကင်းလွတ်လိုပါလျှင် အခြားအစုရှင်များသာမက ထိုအပြင်လူနှင့်လည်း သဘောတူညီ ချက်ပဋိညာဉ်များ ထားရှိရန် လိုပေသည်။ အစုရှင်များက ကြွေးမြီများကို ၎င်းတို့ ပေးဆပ်မည်ဟု လုံးဝတာဝန်ယူခဲ့ကာမျှဖြင့် မပြီးချေ။ ကြွေးမြီရရှိရန် ရှိသည့် အပြင်လူကလည်း သဘောတူရန် လိုပေသည်။ ယင်းသို့သော တူညီချက် ရှိမှသာ နုတ်ထွက်သည့် အစုရှင် အနေဖြင့် အစုစပ်လုပ်ငန်း၏ ကြွေးမြီများအား ပေးဆပ်ရန် တာဝန်ကို ကင်းလွတ်ခွင့်ရမည်ဖြစ်သည်။ အစုစပ်လုပ်ငန်း၏ မြို့ရှိ တဦးဦးသည် အစုရှင်များ အပြောင်းအလဲဖြစ်သည့် အခါ ကြွေးမြီများကို မူလ အစုရှင်များထံမှ သော်၎င်း၊ နောက်ထပ် ဖွဲ့စည်းထားသည့် အစုရှင်များထံမှ

သော်၎င်း၊ မိမိသဘောအတိုင်း တောင်းဆိုခွင့်ရှိပေသည်။ နုတ်ထွက်သွားသည့် အစုရှင်ထံမှ ပြေးမြီများကို တောင်းပိုခြင်း မပြုလိုပေ။ အဟိအလင်း၊ သို့မဟုတ် သွယ်ပိုက်သည့် သဘောတူညီချက် ပင်ရှိသည်ဖြစ်သော ထိုကဲ့သို့နုတ်ထွက်သွားသည့် အစုရှင် အပေါ် တောင်းဆိုခြင်းမှ ပိတ်ပင်မည်ဖြစ်သည်။ ။ အစုစပ်လုပ်ခြင်း အက်ဥပဒေ ပုဒ်မ ၃၂ (၃) တွင် အကျုံးဝင်လိုလျှင် အများပြည်သူတို့ သိအောင် အကြောင်းကြားခြင်း ပြုရန် လိုပေသည်။ အများပြည်သူတို့ သိအောင် အကြောင်းကြားခြင်းကို မည်သို့ မည်ပုံ ပြုလုပ်ရမည်ဟု ပုဒ်မ ၇၂ တွင် အတိအလင်းပြဆိုထားသည်။ မှတ်ပုံတင်ထားသည့် အစုစပ်လုပ်ငန်းမှ နုတ်ထွက်လျှင် ပုဒ်မ ၆၃ အရ၊ အစုစပ်လုပ်ငန်း မှတ်ပုံတင် အရာရှိအား အကြောင်းကြားရမည်ဖြင့်၊ ပြန်တမ်းနှင့် အနည်းဆုံး သတင်းစာ တစောင်တွင် ကြော်ငြာမှသာ အများ ပြည်သူတို့ သိအောင် အကြောင်းကြားခြင်း ဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရ နှင့် ပင်လယ်ရပ်ခြား ကျွန်းနှင့် သစ်မာထရေဒင် ပါ၄ .... ၃၄၂

အမွေထိန်းစာ ထုတ်ပေးခြင်း၏ အဓိကရည်ရွယ်ချက် — သေဆုံးသူ၏ ကျန်ရစ်သည့် ပစ္စည်းများကို မဆုံးရှုံး၊ မပျောက်ပျက်ရအောင် စီမံခန့်ခွဲရန် သာဖြစ်ခြင်း — မသင့်တင့်သည့်သူနှစ်ဦးအား အမွေထိန်းစာ ပူးတွဲထုတ်ပေးခြင်းအားဖြင့် ဥပဒေရည်ရွယ်ချက်ကို ထိပါးစရာအကြောင်းရှိခြင်း ၃၃၆

အမွေထိန်းလက်မှတ် ထုတ်ပေးရန် လျှောက်ထားခြင်း — မြန်မာဗုဒ္ဓဘာသာ တရားဥပဒေ — အယောင်ဆောင် ထိမ်းမြားခြင်း၊ အရှက်ပြေလက်ထပ်ခြင်း — ဓမ္မသတ်မှုးတွင်ငင်း၊ ထုံးတမ်းစဉ်လာ ဓလေ့များဘွင်ငင်းချို့ မရှိ။ ။ဆုံးဖြတ်ချက်။ ။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ လင်မယားကွာရှင်းရေးနှင့် ပတ်သက်၍ ဂြိုဟ်ပြေနံပြေဟု ခေါ်တွင်သည့် ဟန်ဆောင်မှုဖြစ်သော ကွာရှင်းမှု တမျိုးကို မြန်မာဗုဒ္ဓဘာသာ တရားဥပဒေက အသိအမှတ်ပြုထားသည်။ သို့ရာတွင် အယောင်ဆောင်ထိမ်းမြားခြင်း၊ အရှက်ပြေ လက်ထပ်ခြင်း စသည့် လက်ထပ်ထိမ်းမြားမှုမျိုးကိုမူကား ဓမ္မသတ်မှုးတွင်ငင်း၊ ထုံးတမ်းစဉ်လာ ဓလေ့များတွင်ငင်း မတွေ့ရှိရချေ။

ဒေါ်တင် နှင့် ဒေါ်ခင်ခင်စော ၃၃၆

ဥပစာဆိုသည့် စကားရပ် — မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂ (ဃ) (၁) တွင် အဓိပ္ပါယ်ရှင်းလင်းထားခြင်း ၃၅၈

(1902-09) 2 U.B.R. (Civil) vol. II adoption P. 1 **မသက်နှင့် တယောက် နှင့် မောင်ဘိုးထွန်း** (1912) 5 Burma Law Times P. 171 ရည်ညွှန်းသည်။ ။**ထပ်မံ ဆုံးဖြတ်ချက်**။ ။အမှု စစ်ဆေးသော တရားသူကြီး သည် အရွယ်မရောက်သေးသော ကလေးကို ၎င်း၏ ချမ်းသာကောင်းရာ ကောင်းကျိုးအလိုငှါ အယူခံတရားလို တရားခံများနှင့် ၎င်းတို့၏ ရှေနေများ မျက်ကွယ်တွင်၊ သို့မဟုတ် စဉ်းစားခန်းတွင် မိမိသိလိုသော အချက်များနှင့် ပတ်သက်၍ ခေါ်ယူစစ်ဆေးမေးမြန်းခြင်းပြုနိုင်သည်။

မသန်းကြည် နှင့် မောင်ဘိုးသူတော်ပါ ၂ .... ၂၄၃

၁၉၅၀ ခုနှစ်၊ အရေးပေါ်စီမံမှု အက်ဥပဒေပုဒ်မ ၃—သေနတ်ပစ်ခတ်ခြင်း—ရဲများ ထံမှ သေနတ်လက်နက်များကို ရရှိရန်အတွက်သာဖြစ်ခြင်း—ပြစ်မှုကျူးလွန်ခြင်း ဖြစ်မဖြစ်။ ။**ဆုံးဖြတ်ချက်**။ ။ဦးသင်းစိန် အိမ်အရောက်တွင် အယူခံတရားလို နှင့် တကွ ၎င်း၏အဖွဲ့တို့က အိမ်ထဲသို့သေနတ်နှင့် ပစ်ခတ်လေသည်။ ထိုသို့ပစ်ခတ် ခြင်းကြောင့် ရဲကြပ်ကြီးနှင့် ဦးသင်းစိန်၏ **သမီးတယောက်သေဆုံး** သွားရသည်။ မည်သူ့လက်ချက်ကြောင့် သေဆုံးသွားရသည်ကိုကား မသိရှိနိုင်ပေ။ သို့ရာတွင် ဦးသင်းစိန် အိမ်သို့ သေနတ်နှင့် ပစ်ခတ်ခြင်းမှာ အယူခံတရားလိုက ရဲများထံမှ သေနတ်လက်နက်များကို ရရှိရန် အတွက်သာ ဖြစ်သည်ဟု ယူဆရ ပေမည်။ ။ထို့ကြောင့် အယူခံတရားလိုသည် ၁၉၅၀ ခုနှစ်၊ **အရေးပေါ်စီမံမှု** အက်ဥပဒေပုဒ်မ ၃ အရ ပြစ်မှုကျူးလွန်ကြောင်း မတွေ့ရှိရပေ။ **ပြည်ထောင်စု မြန်မာနိုင်ငံ** နှင့် **စောစတင်လေပါ**-ဂ ၁၉၅၁ ခုနှစ်၊ မြန်မာပြည် စီရင်ထုံး၊ တရား လွှတ်တော်၊ စာ-၂၀ ရည်ညွှန်းသည်။

ရဲသန်း (၁) စိန်တင် (၂) သောင်းတင် (၃) သန်းတင် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ ၂၆၀

ညွှန်းချက်

INDEX

နိုင်ငံတော်တရားရုံးချုပ်

CHIEF COURT OF BURMA

စာမျက်နှာ

ACTS :

CITY CIVIL COURT ACT.

CODE OF CIVIL PROCEDURE.

——— CRIMINAL PROCEDURE.

FOREIGN EXCHANGE REGULATION ACT.

LIMITATION ACT.

PENAL CODE.

SEA CUSTOMS ACT.

SUITS VALUATION ACT.

UNION JUDICIARY ACT.

ပြည်ထောင်စု အသက်အာမခံစနစ်အဖွဲ့ အက်ဥပဒေပုဒ်မ ၂ (၈)—မိသားစုဆိုသည့် စကားရပ်—မိခင်၊ အစ်မတူမျှားသို့ အသက်အာမခံကို လွှဲပြောင်း ပေးခြင်း—ဥပဒေအရ မှန်ကန် မမှန်ကန်။ ။ဆုံးဖြတ်ချက်။ ။ပြည်ထောင်စု အသက်အာမခံစနစ်အဖွဲ့ အက်ဥပဒေပုဒ်မ ၂ (၈) အရ ''မိသားစု'' ဆိုသည့်စကားရပ်တွင် အာမခံထားသူ၏ မယား၊ သို့မဟုတ် မိခင်၊ သို့မဟုတ် ဘင်းအပေါ် မှီခိုအားထားနေသည့် နီးစပ်သော ဆွေမျိုးညာတိမျှား ပါဝင်သည်ဟုဆိုရာ အမှုတွင် သေဆုံးသူသည်အာမခံကိုလွှဲပြောင်းပေးသောအခါ၊ မိသားစုအယူခံတရားလိုမျှားဖြစ်သော

မိခင်၊ အစ်မ၊ တူမျိုးသို့ လွှဲပြောင်းပေးခဲ့သည်။ ထိုအချိန်တွင် သူမှာအယူခံတရားခံနှင့်လင်မယားမဖြစ်သေးပေ။ ထို့ကြောင့်သေဆုံးသူသည် ၎င်း၏အသက်အာမခံကို အယူခံတရားလိုများသို့ လွှဲပြောင်းပေးခဲ့သည်မှာ ဥပဒေအရ မှန်ကန်၍ ၎င်းတို့သာထုတ်ယူနိုင်ရန် အမွေဆက်ခံစာ လက်မှတ်ရသင့်သည်။

ဒေါ်ကောက် ပါ ခုနှင့် မတင်လှ ၅၅၂

မယားစရိတ် မတောင်းပါဟုဆိုခြင်း—ရာဇဝတ်မှုမျိုးများတွင် အပြီးအပြတ်ဖြစ်မဖြစ်။ ၅၉၇

မဟာမေဒင် တရားဥပဒေတွင် သားသမီး မွေးစားခြင်းကို အသိအမှတ်ပြုမပြု—အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများ အက်ဥပဒေပုဒ်မ ၂၅ အရ လျှောက်ထားနိုင်မထားနိုင်။ ။ဆုံးဖြတ်ချက်။ ။မဟာမေဒင် တရားဥပဒေတွင် သားသမီး မွေးစားခြင်းကို အသိအမှတ်မပြုသဖြင့် လျှောက်ထားသူသည် မွေးစား ဖခင်အနေဖြင့် အုပ်ထိန်းရန် အခွင့်အရေးကို တောင်းဆိုခြင်း မပြုနိုင်ပေ။ သို့ရာတွင် အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများ အက်ဥပဒေ ပုဒ်မ ၂၅ အရ အုပ်ထိန်းသူတဦးဖြစ်သည့်အလျောက် ထိုပုဒ်မအရ လျှောက်ထားနိုင်သည်။

မောင်ခင်မောင် နှင့် ဦးမူဆာ ၆၁၅

**မြေကွက်ကို ပိုင်ဆိုင်ကြောင်း အတိအလင်းပြဋ္ဌာန်းကျေညာပေးရန်နှင့် လက်ရောက်အပ်ပေးရန် တရားစွဲဆိုမှု—အမိန့်ကြေငြာချက်တခုကိုအမိပ္ပါယ်ကောက်ယူခြင်း—"လုပ်ငန်းများနှင့်သက်ဆိုင်သော ရပိုင်ခွင့် အားလုံးကို ပြည်ထောင်စုမြန်မာနိုင်ငံ၏ အစိုးရလက်ဝယ်သို့ ရောက်ရှိစေရမည်" ဟု ဆိုသောစကားရပ် ခေါင်းစဉ်သို့မဟုတ် ဘေးရှိခေါင်းစီးကို ဥပဒေ၏အနက်အဓိပ္ပါယ်ကို လမ်းညွှန်သဖွယ်အသုံးချနိုင်ခြင်း—တရားမကျင့်ထုံးအမိန့် ၁၊ နည်း ၁၀ ဥပဒေ ၉ အရ အမှုသည်များအကြားပေါ်ပေါက်လျက်ရှိသော ပြဿနာကို ဖြေရှင်းနိုင်ခြင်း။ ။ဆုံးဖြတ်ချက်။ ။ အက်ဥပဒေ၊ သို့မဟုတ် ဥပဒေသဘောသက်ရောက်သည့် အမိန့်ကြေငြာချက်တခုခုကို အဓိပ္ပါယ်ကောက်ယူရာတွင် ထို ဥပဒေ၊ သို့မဟုတ် အမိန့်ကြေငြာချက်ရှိသော စကားရပ်တခုတည်းကိုသာ ထီးထီးဘတ်ရှုအဓိပ္ပါယ်ကောက်ယူခြင်း မပြုရပေ။ ကျန်စကားရပ်များနှင့် ဆက်စပ်ပြီး ဘတ်ရှုမှသာ အဓိပ္ပါယ် ပြည့်စုံမည်ဖြစ်သည်။ အထက်ပါ အမိန့်ကြေငြာစာအပိုဒ် ၃ ၏ ပဌမစာကြောင်း "လုပ်ငန်းများနှင့် သက်ဆိုင်သော ရပိုင်ခွင့်အားလုံးကို ပြည်ထောင်စု မြန်မာနိုင်ငံ၏ အစိုးရလက်ဝယ်သို့ ရောက်ရှိစေရမည်" ဟုဖော်ပြထားပြီး အောက်တွင် ဆက်၍ ရပိုင်ခွင့်အားလုံးဆိုသည်မှာ လုပ်ငန်း၏မြေ၊ အဆောက်အဦ၊ ကုန်ပစ္စည်းနှင့် ပရိဘောဂတို့ဖြစ်ကြောင်း ဆက်လက်အဓိပ္ပါယ်ဖွင့်ဆိုထားသည်ကို ထောက်ရှုလျှင် လုပ်ငန်း၏ ရပိုင်ခွင့်ကိုသာလျှင် အစိုးရက ပြည်သူပိုင် ပြုလုပ်ကြောင်း ထင်ရှားသည်။ တနည်းဆိုသော် ပြည်သူပိုင်ပြုလုပ်ခြင်းခံရသည့် လုပ်ငန်း၏ ပိုင်ဆိုင်ခွင့်ရှိသရွေ့ အကျိုးခံစားခွင့်ရှိသရွေ့သာလျှင် အစိုးရ လက်ဝယ်သို့ ရောက်ရှိသည်ဟု အဓိပ္ပါယ်ကောက်ယူရမည်ဖြစ်သည်။ ထို့ပြင်အဆိုပါအမိန့်ကြော်ငြာစာ အပိုဒ် ၃ ၏ဘေးရှိ အပိုဒ်ခေါင်းစဉ်တွင်လည်း "အပိုင်ပစ္စည်းများ" ဆိုသည့် စကားရပ်က အထက်ပါ အဓိပ္ပါယ်ကောက်ယူချက်မှာ မှန်ကန်ကြောင်း ထောက်ခံလျက်ရှိလေသည်။

ဥပဒေပါ ပုဒ်မ တခုခု၏ခေါင်းစဉ်၊ သို့မဟုတ် ဘေးရှိခေါင်းစီးသည် ထိုပုဒ်မ၏ တစိတ်တဒေသဖြစ်သည်ဟု မဆိုနိုင်သော်လည်း ထိုပုဒ်မ၏ အဓိပ္ပါယ်ကိုကောက်ယူရာ၌ သော့ချက်တခုအဖြစ်အသုံးပြုနိုင်ပေသည်။ ခေါင်းစဉ်၊ သို့မဟုတ် ဘေးရှိခေါင်းစီးသည် ဥပဒေရှိ ရှင်းလင်းပြတ်သားသည့် စကားရပ်များကို ဆန့်ကျင်၍ အဓိပ္ပါယ်ကောက်ယူခြင်း မပြုနိုင်သော်လည်း ဥပဒေ၏ အနက်အဓိပ္ပါယ်ကိုလမ်းညွှန်သဖွယ် အသုံးချနိုင်သည်ဆိုခြင်းမှာ ယုံမှားဘွယ်မရှိ။ သို့ဖြစ်ရာ အမှုတွင် မူလတရားပြိုင် ဂ ဦး၏ ဆိုင်းမျှားကို ပြည်သူပိုင်ပြုလုပ်ရာတွင် ဆိုင်တည်မြေနှင့် စပ်လျဉ်း၍ ၎င်းတို့ပိုင်ခွင့်ဆိုင်ခွင့်အကျိုးခံစားခွင့်ရှိသဖွေသော အစိုးရလက်ဝယ်သို့ ရောက်ရှိခဲ့သည်ဟု ယူဆရမည်ဖြစ်သည်။ အေဒိုင်ဗန် နှင့် ဒွတ်မိုဟာမက်၊ ၁၉၅၂၊ မြန်မာပြည်စီရင်ထုံး၊ စာ ၂၃ (တရားလွှတ်တော်) ရည်ညွှန်းသည်။ ။ထပ်မံဆုံးဖြတ်ချက်။ ။တရားလိုက အစိုးရအပေါ်တွင် သက်သာခွင့် မတောင်းလို ကြောင်းပြောဆိုထားသဖြင့် အစိုးရကို အမှုသည်အဖြစ် ထည့်သွင်းရန် လိုမည် မဟုတ်ပေ။ အကယ်၍ အစိုးရသည် မပါလျှင် မဖြစ်သည့်အမှုသည်တယောက် ဖြစ်သည့်အလျောက် တရားလိုတောင်းဆိုသည့် သက်သာခွင့်ကို မပေးနိုင်ဟု အောက်ရုံးမှ နောက်ဆုံးတွေ့ရှိလျှင် တရားလို၏ တာဝန်သာ ရှိမည်ဖြစ်သည်။ သို့ရာတွင် တရားမကျင့်ထုံး အမိန့် ၁၊ နည်း၉ဥပဒေ ၉ အရ တရားမရုံးသည် မိမိရှေ့သို့ရောက်ရှိသည့်အမှုသည်မျှားအကြား ပေါ်ပေါက်လျက်ရှိသော ပြဿနာကိုဖြေရှင်းပေးနိုင်လျှင် အမှုသည်သည် စုံလင်ခြင်း မရှိလင့်ကစား လိုအပ်သည့် ဒီကရီမချပေးနိုင်စရာ အကြောင်းမရှိချေ။ ဇာဘိုင်ရှိဘီဂမ် နှင့် နာဇီရှုဒင်ခန်၊ ၁၈၊ အိုင်၊ အာ(ရ)၊ ၁၉၃၅၊ အလာဟာဘတ်၊ စာ ၁၁၀ ရည်ညွှန်းသည်။

မက်ဆား(စ်)ဇော်ပဲ့ ပါ ဂ နှင့် ဟာဂျီအမ်အပ္ပဒူရာဟီမန် ပါ ဂ ၆၀၈

ရပိုင်ခွင့် အားလုံးဆိုသည်မှာ—လုပ်ငန်း၏ မြေအဆောက်အဦ ကုန်ပစ္စည်းနှင့်ပရိဘောဂတို့ ဖြစ်ကြောင်း ဆက်လက် အဓိပ္ပါယ် ဖွင့်ဆို ထားခြင်း။ ၆၀၀

ရာဇဝတ်ကျင့်ထုံး ဥပဒေ ပုဒ်မ ၄၈၈ (၁)—စီရင်ပိုင်ခွင့် နယ်နိမိတ်အာဏာမရှိသော ရုံးတွင် မယားစရိတ် အတွက်လျှောက်လွှာတင်ခြင်း—အမှုကို ကြားနာစစ်ဆေးခြင်းမှာ မှားယွင်းသည်ဟုဆိုနိုင် မဆိုနိုင်—တခါက မယားစရိတ်မတောင်းဟုပြောဆိုခြင်းမှာ တရားဝင် မဝင်။ ။ဆုံးဖြတ်ချက်။ ။လျှောက်ထားသူသည် စီရင်ပိုင်ခွင့် နယ်နိမိတ် အာဏာ မရှိသော မော်လမြိုင်ရုံးတွင် မယား စရိတ် အတွက် လျှောက်လွှာ တင်ရာ၌ ရုံးကလည်း အမှုကို လက်ခံပြီး လျှောက်ထား ခံရသူကို အကြောင်း ကြားခဲ့လေသည်။ လျှောက်ထားခံရသူကလည်း ယင်းအမှုကို လာရောက် ဆိုင်လေသည်။ မော်လမြိုင်မှ ရွှေနေကိုပင် ဌေးလေသည်၊ ယင်းကဲ့သို့ ပြုလုပ်ခြင်းသည် ထိုမော်လမြိုင်ရုံးက စီရင်ပိုင်ခွင့် အာဏာကို လက်ခံယူပြီး ဖြစ်သည်။ ထို့ကြောင့် လျှောက်ထား ခံရသူနှင့် ပတ်သက်၍ မည်သည့်နည်းနှင့်မျှ ၎င်းအပေါ် တရားမျှတမှု ကင်းမဲ့သွားစရာ အကြောင်း မရှိပေ။ မော်လမြိုင်ရုံးတွင် ၎င်းအမှုကို ကြားနာ စစ်ဆေးခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။ ။စီတရန်ကာလဝါ နှင့် စုကိယကာ(လ်)ဝါရင်၊ အေ၊ အိုင်၊ အာ (ရ)၊ ၁၉၂၉၊ ကာလကတ္တား၊ စာ ၃၃၆။ မောင်ပိုက် နှင့် မအုံးဆင့်၊ အေ၊ အိုင်၊ အာ(ရ)၊ ၁၉၃၉၊ ရန်ကုန်၊ စာ ၂၁၀

ရည်ညွှန်းသည်။ လျှောက်ထားသူ၏ လျှောက်ထားခံရသူထံမှ မယားစရိတ် တောင်းခံမှုကို ဥပဒေက ခွင့်ပြုထားသည့် အဘိုင်း အခွင့်ရှိနေရကား ယခင် တခါ မယား စရိတ် မကောင်းတော့ပါဟု ပြောဆိုခြင်းမှာ တရား မဝင်ပေ။ ယင်းကဲ့သို့ မယား စရိတ် မတောင်းတော့ပါဟု ဆိုသည်မှာလည်း ဤကဲ့သို့ ရာဇဝတ်မှုမျိုးမျာ းတွင် အပြီးအပြတ် မဖြစ်နိုင်ပေ။ ထို့ကြောင့် လျှောက်ထားသူသည် လျှောက် ထားခံရသူ ထံမှ မယားစရိတ်ကို တောင်းခံခွင့်ရှိသည်။

မည္ဆန့်စိန် နှင့် ဦးဝင်းမြင့် ၁၉၇

ရာဇသတ်ကြီး ပုဒ်မ ၃၀၄ (က)——အရမ်းပြုလုပ်မှု၊ သို့တည်းမဟုတ် ပေါ့လျော့သော ပြုလုပ်မှု၏ အဓိပ္ပါယ် ဖွင့်ဆိုချက်။ ၅၆၅

ရာဇသတ်ကြီး ပုဒ်မ ၃၀၄ (က) အရ မှုပြစ်ထင်ရှားစီရင်ခြင်း——အရမ်းပြုလုပ်မှု၊ သို့တည်း မဟုတ် ပေါ့လျော့သော ပြုလုပ်မှု ဆိုသည့် အဓိပ္ပါယ်——ကွေ့နေသော လမ်းမှ ဖြောင့် တန်းနေသော လမ်းပေါ် သို့ ထွက်ရာ၌ တစုံတရာ အချက်ပေးခြင်း မပြုလုပ်ခြင်း—— ပေါ့လျော့သော ပြုလုပ်မှု ဖြစ် မဖြစ်။ ။ဆုံးဖြတ်ချက်။ ။အရမ်းပြုလုပ်မှု၊ သို့ တည်းမဟုတ် ပေါ့လျော့သော ပြုလုပ်မှု ဆိုသည်မှာ ဆင်ခြင်တုံတရား ရှိသည့် သာမန် အသိဉာဏ် ရှိသော သူတဦး၏ ပြုမူမှုမျိုးကို မပြုလုပ်ဘဲ ပျက်ကွက်ခြင်း၊ သို့တည်း မဟုတ် တခုခုကို လုပ်ကိုင် ဆောင်ရွက်ရာ၌ ထိုကဲ့သို့သော သူမျိုး ပြုလုပ် လိမ့်မည် မဟုတ်သည့် ပြုမူ မှုမျိုးကို ပြုလုပ်ခြင်းကို ဆိုလိုသည်။ လျှောက်ထားခံရ သူသည် မိမိ၏ ကားကို လမ်းကွေ့နေသည့် နေရာတွင် မောင်းနှင် လာခဲ့ရာ၌ ဆင် ခြင်တုံတရား ရှိသည့် သာမန် အသိဉာဏ်ရှိသော သူတဦးကဲ့သို့ ပြုမူခြင်း မရှိကြောင်း တွေ့ရှိရသည်။ ထိုကဲ့သို့သော နေရာမျိုး၌ ကားမောင်းနေသူသည် မိမိ၏ ကားကို လိုသည့် နေရာသို့ တိမ်းရှောင်နိုင်ရန် အတွက် အလွန် အရှိန်ပြင်းစွာ မောင်းနှင် မည် မဟုတ်ချေ။ ကွေ့နေသော လမ်းမှ ဖြောင့်တန်းနေသော လမ်းပေါ် သို့ ထွက်ခဲ့ ရာ၌လည်း တစုံ တရာ အချက်ပေးခဲ့ခြင်း မပြုလုပ်ခဲ့ရာ ၎င်း၏ ပြုလုပ်မှုသည် ပေါ့ လျော့သော ပြုလုပ်မှု ဖြစ်ကြောင်း အလွန် ထင်ရှားသည်ဟု ယူဆရချေမည်။

ပြည်ထောင်စုမြန်မာနိုင်ငံ နှင့် မောင်ဘိုကြည်၊ မောင်ညွန့်တင် ၅၆၅

ဥပဒေသတ်ကြီး ပုဒ်မ ၄၅၇/၅၁၁ အရ မှုပြစ် ထင်ရှား စီရင်ခြင်း——ပြစ်ဒဏ်။ ။ဆုံးဖြတ် ချက်။ ။ပြစ်ဒဏ်စီရင်ခြင်းနှင့် ပတ်သက်၍ တော်လှန်ရေး အစိုးရခေတ်တွင် ကျင့် သုံးနေသည့် မူတရပ်မှာ ပြစ်မှု ကျူးလွန်သူများအား အပြု သဘောများဖြင့် တိုင်း ပြည်၏ အကျိုး၊ ခံရသူ၏ နောင်ရေးကို မူတည်ပြီး ပြစ်ဒဏ် သတ်မှတ်ခြင်းပင် ဖြစ် သည်။ သို့ရာတွင် တရားရုံးများသည် ပြစ်ဒဏ် သတ်မှတ်ရာ၌ ပြစ်မှု ကျူးလွန်သူ အား၊ ပြုပြင်မေးရေးကို မူဝါဒ တခုအဖြစ် လက်ခံ ကျင့်သုံး ကြရမည် ဖြစ်သည်။ ရှည်လျားသည့် ထောင်ဒဏ် ချမှတ်ခြင်းများသည် အမှုတိုင်း အတွက် သင့် လျော်သည့် ပြစ်ဒဏ် မဟုတ်။

မောင်တင်လှ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ ၆၂၀

ရန်ကုန်မြို့ တရားမရုံး မူလတရားမ မှုခင်းများကိုသာ စီရင်စစ်ဆေးသည့် ရုံးတရုံးသာ ဖြစ်ခြင်း —အယူခံအာဏာသော်၎င်း၊ စောဒက အာဏာသော်၎င်း မရှိခြင်း။ ၅၆၁

ရန်ကုန်မြို့ တရားမရုံးများအက်ဥပဒေပုဒ်မ ၂၅—အချင်းဖြစ်မြေပေါ်မှ ထွက်ခွါသွားရန် ရန်ကုန်မြို့တရားမရုံးအက်ဥပဒေ ပုဒ်မ ၁၇ အရတရားစွဲဆိုမှု—တသက်တာနေထိုင်ခွင့်ပေးထားခြင်းကတိ ပဋိညာဉ်အက်ဥပဒေ ပုဒ်မ ၆၂ အရ ပျက်ပြယ်သွားပြီးဟု ယူဆရန် ရှိမရှိ—ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၉ အရစာရေးသားချက် ရှိရန်လိုမလို—မှတ်ပုံတင်အက်ဥပဒေပုဒ်မ ၁၇ (၁) (ခ) အရ မှတ်ပုံတင်ရန် လိုမလို။ ။ဆုံးဖြတ်ချက်။ ။လျှောက်ထားခံရသူမျာ်းအား တသက်တာနေထိုင်ခွင့်ပေးထားသည်ဟုဆိုစေကာမူနေ၁က်ထပ် တန္နစ်နေထိုင်ရန်ခွင့်ပန်ခြင်းမှာ မူလကပေးထားသော ကတိပဋိညာဉ် အက်ဥပဒေ ၆၂ အရ ပျက်ပြယ်သွားပြီဟု ယူဆရန် အကြောင်းရှိပေသည်။ ထို့ပြင်တဝ လျှောက်ထားခံရသူမျာ်း အဆိုအ အတိုင်း တသက် သာခွင့်ပြုသည်ဟုဆိုစေကာမူ ထိုတသက်တာ ခွင့်ပြုခြင်းမှာ ဥပဒေအရ တရားမဝင်ပေ။ တန္နစ်ထက်ကျော်လွန်၍ နေထိုင်ခွင့် ပေးခြင်းသော်၎င်း၊ တန္နစ်ပြီးတန္နစ် ဆက်လက်၍ နေထိုင်ခွင့်ပေးခြင်းသော်၎င်း ၎င်းတို့တွင် ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၉ အရ စာရေးသားချက် ရှိရပေမည်။ ယင်းကဲ့သို့ ရေးသားချက်ကို မှတ်ပုံတင် အက်ဥပဒေ ပုဒ်မ ၁၇ (၁)(ခ) အရ မှတ်ပုံတင်ရပေမည်။ ဤကဲ့သို့ ပြုလုပ်ထားခြင်းမရှိသဖြင့် ယင်းတသက်သာနေခွင့် ပေးသော အခွင့်အရေးမှာ တရားဥပဒေအရ ပျက်ပြယ်သွားသည်ဟု ယူဆရပေမည်။

ဦးသာရှိန်ပါ ၂ နှင့် ကိုတင်လှပါ ၂ .... ၆၅၉

လျော်ကြေးငွေ တောင်းဆိုသည့်အမှု—တရားစွဲဆိုခြင်း မပြုမီကာလအတွက် ငွေတိုးခွင့်ပြုမည်ဆိုပါက လျော်ကြေးအပေါ် လျော်ကြေးထပ်ဆင့်ပေးသည့် အနေသို့ဆိုက် ရောက်မည်ဖြစ်ခြင်း။ ၆၂၃

လျော်ကြေးငွေနှင့်အတိုးငွေရလိုကြောင်း စွဲဆိုမှု—မျှနောက် မည်သည့်တသည့်ထုချေချက်မျာ်းတင်ပြခြင်း—တရားမကျင့်ထုံးတွင် တင်မပြရဟု အတိအလင်းတားမြစ်ထားခြင်းရှိမရှိ—လျော်ကြေးငွေတောင်းဆိုသည့် အမှုမျာ်းတွင် တရားစွဲဆိုခြင်း မပြုမီကာလအတွက် ငွေတိုးခွင့်ပြုလေ့ရှိမရှိ။ ။ဆုံးဖြတ်ချက်။ ။။တရားပြိုင် တဦးသည် မျှနောက်မည်သည့် ထုချေချက်မျာ်းကို တင်ပြခြင်းမပြုရဟု တရားမကျင့်ထုံးတွင် အတိအလင်း တားမြစ်ထားခြင်းမရှိပေ။ တရားပြိုင်တဦး၏ ထုချေချက်တို့သည် မျှနောက် မည်သည့်တစ်ကာမူ ပဋိပက္ခတိုးပွါးခြင်းမှ ကာကွယ်ရန် အလို့ငှါခွင့်ပြုပြီး အထိုက်အလျောက် စဉ်းစားရခြင်းဖြစ်သည်။ မျှနောက် မည်သည့်တသည့် ထုချေချက်တို့ကို တင်ပြခြင်းအားဖြင့်၊ တရားပြိုင်အဘို့ အကျိုးရှိမည်မရှိမည်ဆိုခြင်းမှာ ၎င်း၏တဝန်သာ ဖြစ်ပေသည်။ ဦးဘူဒါမိုဟိနီဒါစီ နှင့် ကုမတ်ဘာလာဒါစီ၊ အော၊ အိုင်၊ အာ (ရ်)၊ ၁၉၂၄၊ ကာလကတ္တား၊ ၄၆၇ (၄၇၂) ရည်ညွှန်းသည်။ ။ထပ်မံဆုံးဖြတ်ချက်။ ။တရားလိုက တ ရား

ပြိုင်သည် လျော်ကြေးငွေအပေါ် ပဋိညာဉ်ပျက်ကွက်သည့်နေ့မှစ၍ ဒီကရီငွေကို အကြေပေးဆောင်သည့်နေ့အထိ အတိုးငွေပေးရန် တာဝန်ရှိသည်ဟု အဆိုပြုလာသည်။ တရားလိုတဦး တရားပြိုင် တယောက်အပေါ် ငွေဒီကရီ ရလိုကြောင်း စွဲဆိုသည့်အမှုတွင် သတ်မှတ်ထားသည့်နှုန်းအတိုင်း အတိုးပေးရန် ပဋိညာဉ်ရှိလျှင်သော်၎င်း၊ သို့တည်းမဟုတ် ဥပဒေ သဘောသက်ရောက်သည့် ရောင်း-ဝယ်ဖေါက်ကားမှု ဓလေ့ဆုံးစံအရ အတိုးပေးရန် တာဝန်ရှိလျှင်သော်၎င်း၊ သို့တည်းမဟုတ် အတိုးပေးဆောင်ရန် တရားဥပဒေ တရပ်ရပ်က အတိအလင်း ပြဋ္ဌာန်းထားလျှင်သော်၎င်း တရားစွဲဆိုသည့် နေ့အထိ တရားမစွဲဆိုမီ အချိန်ကာလ အတွက် အတိုးပေးဆောင်ရန်ရုံးမှ အမိန့်ချမှတ်နိုင်မည်ဖြစ်သည်။ အဆိုပါ အင်္ဂါရပ်တခုခု မရှိပါက တရားလိုသည် တရားပြိုင်ထံမှ တရားစွဲဆိုခြင်းမပြုမီကာလအတွက် အတိုးငွေကို တောင်းဆိုပိုင်ခွင့်မရှိ။ **တင်ကာနက်ပူမီးရထားကုမ္ပဏီ နှင့် ရက်တင်ဂျီရမ်ဂျီ**၊ အေ၊ အိုင်၊ အာ (ရ)၊ ၁၉၃၈ (ပရီဗီကောင်စီ) ၆၇ ရည်ညွှန်းသည်။ ထို့ပြင် လျော်ကြေးငွေ တောင်းဆိုသည့်အမှုများတွင် တရားစွဲဆိုခြင်း မပြုမီ ကာလအတွက် ငွေကိုးခွင့်ပြုမည်ဆိုပါက လျော်ကြေးငွေအပေါ် လျော်ကြေး ထပ်ဆင့်ပေးသည့်အနေသို့ ဆိုက်ရောက်မည် ဖြစ်သည်။ ထို့ကြောင့် လျော်ကြေး ငွေတောင်းဆိုသည့် အမှုများ၌ တရားမစွဲဆိုမီ ကာလအတွက် ငွေကိုးခွင့်ပြုလေ့ မရှိပေ။ **ရတ် တင်လာလ် နှင့် ဘရိုင်မိုဟန်**၊ အေ၊ အိုင်၊ အာ(ရ)၊ ၁၉၃၁ ဘုံဘိုင် ၃၀၆။ **ရာလီဘရားသား နှင့် ဘာဂဝပ်ဒတ်ဖန်း**၊ အေ၊ အိုင်၊ အာ (ရ)၊ ၁၉၄၅၊ လာဟိုး၅၅။ **အိန္ဒိယပြည်ထောင်စု နှင့် ဘီရမ်ဂျီင်ပူရီးယား** အေ၊ အိုင်၊ အာ(ရ)၊ ၁၉၅၇ ပဋ္ဌနား၊ ၅၀၆ ရည်ညွှန်းသည်။

ရမ်နာရန်ဂျန်ဒတ် (စ်) မဟာဘီပရာဆတ် နှင့် မစ္စားဆန်တလာလ်အင်ဆန်း ၆၂၁

သီးခြားသက်သာခွင့် အက်ဥပဒေ ပုဒ်မ ၄၅ အရ၊ တရားမရုံး တရားသူကြီးချုပ်အား အမိန့်ပေး ညွှန်ကြားချက် ထုတ်ဆင့်ပေးရန် လျောက်ထားခြင်း—တရားမရုံး တရားသူကြီးချုပ်တွင် လက်ထောက် ဌါးရမ်းခ ကြီးကြပ်ရေးဝန်သို့ အမှုတွဲအား ပြန်လည် စစ်ဆေးရန် ပေးပို့နိုင်သည့် အာဏာ ရှိမရှိ—မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေး ဥပဒေ ပုဒ်မ ၃၃ တွင် မလုပ် မနေရ သဘော သက်ရောက်သည့် ပြဋ္ဌာန်းချက် ရှိမရှိ။ ။ဆုံးဖြတ်ချက်။ ။ရန်ကုန်မြို့ တရားမရုံးသည်မူလ တရားမမှုခင်း များကိုသာ စီရင် စစ်ဆေးသည့် ရုံးတရုံးသာဖြစ်သည်။ ထိုရုံးတွင် အယူခံ အာဏာသော်၎င်း၊ စောဒက အာဏာသော်၎င်း မရှိခေါ်၊ ရန်ကုန်မြို့ တရားမရုံး အတွက် လိုက်နာ ကျင့်သုံးရန် သတ်မှတ်ထားသည့် ကျင့်ထုံးတွင်လည်း အဆိုပါ အာဏာမျိုးတွင် ထည့်သွင်း ထားခြင်း မရှိ။ သို့ဖြစ်ရာ တရားမရုံး တရားသူကြီး ချုပ်က မိမိ၌ လက်ထောက် ဌါးရမ်းခ ကြီးကြပ်ရေးဝန် ထံသို့အမှုတွဲအား ပြန်လည် စစ်ဆေးရန် ပေးပို့ နိုင်သည့်အာဏာ မရှိဟု ဆိုသော အမိန့်မှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။ **ထပ်မံဆုံးဖြတ်ချက်**။ ။သီးခြားသက်သာခွင့် ဥပဒေ ပုဒ်မ ၄၅ အရ၊ လျောက်ထားသည့် လျောက်လွှာ၌ အင်္ဂါငါးရပ်နှင့် ပြည့်စုံရန် လိုပေသည်။ အမှုတွင် ကျန် အင်္ဂါ လေးခုနှင့် ညီညွတ် ပြည့်စုံသည်ဟု ဆိုစေဦးတော့ ဒုတိယ

အင်္ဂါရုပ်၌ချို့ယွင်းနေကြောင်းကောင်းစွာပေါ်လွင်နေသည်။ထိုအင်္ဂါအရဆိုလျှင် တရားရုံး၊ သို့မဟုတ် ပြည်သူ့ဝန်ထမ်း ကဲ့ဦးဦး၌ ဥပဒေတရပ်ရပ် အရ၊ မလုပ်လျှင် မနေရသည့် သဘောသက်ရောက်သော ပြဋ္ဌာန်းချက်ရှိမှသာ သီးခြားသက်သာခွင့် ဥပဒေ ပုဒ်မ ၄၅ အရ အခိန်ကိုဆုတ်ပေးရမည် ဖြစ်သည်။ မြို့ပြဆိုင်ရာဦးရမ်းခ ကြီးကြပ်ရေး ဥပဒေ ပုဒ်မ ၃၃ တွင် ထိုကဲ့သို့ပြဋ္ဌာန်းချက်မျိုး မရှိ။ ယင်းသို့ မလုပ် မနေရ သဘော သက်ရောက်သည့် ပြဋ္ဌာန်းချက်မရှိလျှင် လျော်ကထား သူတောင်းဆိုသည့် အခိန်မျိုးကို ထုတ်ဆင့်ခြင်းမပြုသင့်ပေ။ **ပီဘီဆင်းနှင့် ဒုတိယ ဒွေလဲလှယ်မှု ကြီးကြပ်ရေးဝန်၊** ၁၉၅၁၊ မြန်မာပြည်စီရင်ထုံး၊ ၄၇၆ (တရား လွှတ်တော်) ရုည်ညွှန်းသည်။

ဓူဝံ နှင့် တရားသူကြီးချုပ်၊ ရန်ကုန်မြို့ တရားမရုံး ပါ ၂ .... **၅၆၁**

အချင်းဖြစ်မြေပေါ်တွင် စုပုံထားသော အုဋ်များနှင့် ဆောက်ထားသော ဝါးအိမ်ကို ဖျက်ယူသွားစေလိုမှု—မှတ်ပုံမတင်ရသေးသော အရောင်း စာချုပ် မှတ်ပုံတင် အက်ဥပဒေ ပုဒ်မ ၄၉ ခြွင်းချက်အရ၊ တရားဝင် စာချုပ် အဖြစ် လက်ခံသင့် မခံသင့်။ ။ အယူခံ တရားခံက အယူခံ တရားလိုများ အပေါ် အချင်းဖြစ် မြေပေါ်တွင် စုပုံထားသော အုဋ်များနှင့် ဆောက်ထားသော ဝါးအိမ်ကို ဖျက်ယူသွားစေလိုမှု တရားစွဲဆိုရာ၊ အချင်းဖြစ်မြေကို အယူခံ တရားခံက စာချုပ် အရ ရောင်းပြီး ကြောင်း အယူခံ တရားလိုကထုချေသည်။ ။ဆုံးဖြတ်ချက်။ ။အကြောင်းခြင်းရာနှင့် တကွ သက်သေမှား၏ ထွက်ချက် အရ အယူခံ တရားလိုသည် စာချုပ် အားဖြင့် အယူခံ တရားခံထံမှ အချင်းဖြစ်မြေကို ဝယ်ယူပြီး ဖြစ်သည်ဟု တွေ့ရှိရသည်။ ထို့အပြင် အယူခံ တရားလိုက အချင်းဖြစ်မြေကို အယူခံ တရားခံထံမှ ဝယ်ယူပြီး ကတည်းက လက်ရှိ ထားပြီး ဖြစ်သည်။ သို့ဖြစ်ရာ စာချုပ် မှတ်ပုံ မတင်ရသေးသော်လည်း မှတ်ပုံတင် အက်ဥပဒေ ပုဒ်မ ၄၉ ခြွင်းချက် အရ၊ တရားဝင် စာချုပ်အဖြစ် လက်ခံရပေမည်။

မကျင်မွေး ပါ ၃ နှင့် ဒေါ်ပုစိန် **၅၀၀**

အထူးလျော်ကြေးငွေ—ပစ္စည်းသို့မဟုတ် ငွေအရေ အတွက်အားဖြင့် တွက်ချက်၍ ရသည့် လျော်ကြေးငွေ ဖြစ်ခြင်း—ငင်းကို တောင်းဆိုလျှင်မည်သို့ ကုန်ကျသည် မည်ရွေ့မည်မျှ ကုန်ကျရသည်ဟု အချက် အလက် အံသေးစိတ်ဖေါ်ပြရန် လိုခြင်း။ **၆၃၆**

အထွေထွေ လျော်ကြေးငွေ—တရားခံ၏မတရား ပြုမူချက်ကြောင့် တရားလိုတွင် နစ်နာခြင်း—လျော်ကြေးငွေ ရထိုက်သည်ဟု ဥပဒေကခွင့်ပြုထားသည့် လျော်ကြေးငွေပင် ဖြစ်ခြင်း—တရားလို၏ အဆိုလွှာတွင် တလုံးတခဲတည်း ခန့်မှန်းကာဖေါ်ပြနိုင်ခြင်း။ **၆၃၆**

အမှုခေါ် စာချွန်တော်—မြို့ပြ ဆိုင်ရာ ဦးရမ်းခ ကြီးကြပ်ရေးအက်ဥပဒေ—ဦးရမ်းခ ကြီးကြပ်ရေးဝန်သည် အဦးချထားသည့် မည်သည့် ဥပစာနှင့် ပတ်သက်၍ မဆို စံဦးရမ်းခကို သတ်မှတ်နိုင်ခြင်း။ ဆုံးဖြတ်ချက်။ ။မြို့ပြဆိုင်ရာ ဦးရမ်းခ

ကြားကြေငြာရေး အက်ဥပဒေ အရ၊ ဌာနဆိုင်ရာ ကြေးကြေငြာရေးဝန်၊ သို့မဟုတ် လက်ထောက် ဌာနဆိုင်ရာ ကြေးကြေငြာရေး ဝန်တို့သည် အဌာနချထားသည့် မည်သည့် ဥပစာနှင့် ပတ်သက်၍ မဆို စံဌာနဆိုင်ရာကို အိမ်ရှင် မြေရှင်က လျော်ကြေးထားလျှင် သော်၎င်းအိမ်ဌာနမြေဌာနက လျော်ကြေးထားလျှင်သော်၎င်း၊ မိမိအလို အလျောက်သော်၎င်း သတ်မှတ်နိုင်သည်။ ထိုကဲ့သို့ စံဌာနဆိုင်ရာ သတ်မှတ်ရာ၌ ထိုဥပစာနှင့် ပတ်သက်၍ မည်သူ မည်ဝါသည် အခွင့်အာဏာရှိသည်ဟု ဆိုသနည်း။ ဤတွင် ဗဟုသုတ အိမ်ရှင် မြေရှင် ဖြစ်သည်ဟု ဘဏ္ဍာဥပဒေ အရ တည်မြဲခိုင်မာသည့် အဆုံးအဖြတ်မျိုးကို မပေးနိုင်။

ဒေါ်သိန်းဟန် နှင့် ဦးဘဘွားပါ ၂ . ... ၅၅၃

အမှုခေါ်စာချုပ်တော်—မြို့ပြဆိုင်ရာ ဌာနဆိုင်ရာ ကြေးကြေငြာရေးဥပဒေပုဒ်မ ၁၁ အရဌာနဆိုင်ရာ ကြေးကြေငြာရေးဝန်သည် မြေရှင်၏လျော်ကြေးပေါ်တွင် ထိုပုဒ်မပါပြဋ္ဌာန်းချက်အရ အခွင့်အရေးပေးနိုင်ခွင့် ရှိမရှိ—မြို့ပြဆိုင်ရာ ဌာနဆိုင်ရာ ကြေးကြေငြာရေးဝန်၏ အမိန့်မှ လျော်ကြေးသူအဘို့ မည်သို့မျှနစ်နာရန် အကြောင်းမရှိခြင်း—စာချုပ်တော် အမိန့်နှင့် ပယ်ဖျက်သင့် မသင့်။ ။ဆုံးဖြတ်ချက်။ ။အချင်းဖြစ်သည့် မြေကို လျော်ကြေးသူပိုင်ဆိုင်၍ ငှင်းမြေပေါ်ရှိ အဆောက်အဦးကိုမူ ပဌမလျော်ကြေးခံရသူက မြေဌားခပေးပြီး ငှင်းကိုယ်ပိုင်အိမ် ဆောက်လုပ်နေထိုင်ခဲ့ကြောင်း တွေ့ရှိရလေသည်။ သို့အတွက် လျော်ကြေးခံရသူမှာ ပြင်ဆင်ရန်အခွင့်တောင်းခဲ့သည့် အဆောက်အဦး၏ အိမ်ဌားတဦးမဟုတ်၊ ထိုအိမ်နှင့်ပတ်သက်၍ လျော်ကြေးသူမှာလည်း အိမ်ရှင်မဟုတ်သဖြင့် မြို့ပြဆိုင်ရာ ဌာနဆိုင်ရာ ကြေးကြေငြာရေး အက်ဥပဒေပုဒ်မ ၁၁ ဒေသဌားဂျုံးခကြေးကြေငြာရေးဝန်သည် မြေရှင်၏ လျော်ကြေးပေါ်တွင် ထိုပုဒ်မပါ ပြဋ္ဌာန်းချက်အရတိကျစွာအခွင့် အရေးပေးနိုင်ခွင့်မရှိကြောင်းထင်ရှားလေသည်။ မြို့ပြဆိုင်ရာ ဌာနဆိုင်ရာ ကြေးကြေငြာရေးဝန်၏ အမိန့်မှာ လျော်ကြေးသူက လျော်ကြေးခံရသူအပေါ် မြေမှထွက်ခွါသွားရန် ရရှိခဲ့သည့် ဒီကရီကိုပျက်ပြယ်ခြင်းဖြစ်စေသည်ဟုဆိုင်း၊ ဆန့်ကျင်အကျိုးသက်ရောက်စေသည်ဟုဆိုင်း၊ ထိုဒီကရီနှင့်ပတ်သက်၍ ထိခိုက်စရာရှိပါသည်ဟု လျော်ကြေးသူက မပြဆိုနိုင်ပေ။ အမှန်မှာ မြို့ပြဆိုင်ရာ ငါးရမ်းခကြေးကြေငြာရေးဝန်၏ အမိန့်သည် လျော်ကြေးသူရရှိထားသည့် ဒီကရီကိုမည်သို့မျှထိခိုက်အကျိုးသက်ရောက်ခြင်းမရှိနိုင်ပေ။ သို့ဖြစ်ရကာလျော်ကြေးသူက စာချုပ်တော်အမိန့်နှင့် ပယ်ဖျက်ပေးရန် တောင်းဆိုခဲ့သည့် မြို့ပြဆိုင်ရာ ဌာနဆိုင်ရာ ကြေးကြေငြာရေးဝန်၏အမိန့်မှာ လျော်ကြေးသူအဘို့ မည်သို့မျှနစ်နာရန် အကြောင်းရှိသည်ဟု မတွေ့ရှိရသောကြောင့်၊ ထိုအမိန့်မျိုးတွင် စာချုပ်တော် အမိန့်နှင့်ပယ်ဖျက်သင့်သည်ဟု မတွေ့ရှိရပေ။

ဒေါ်ရင်ရင်မေ နှင့် မီရံဒင်ပါ ၃ .... ၅၅၄

အရေးကြီးသော ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာ အက်ဥပဒေပုဒ်မ ၈(၁) အရ ပြစ်မှုထင်ရှားစီရင်ခြင်း—ဆေးများကို တနယ်မှတနယ်သို့အခွင့်အမိန့်မရှိဘဲနှင့် ရွှေ့ပြောင်းမရောင်းရ၊ လက်ဝယ်တွင်သိုလှောင်ခြင်းစသည့် ဆောင်ရွက်မှုများဖြစ်သည့် အမိန့်တစုံတရာထတ်ပြန်ထားသည်ဟု မပေါ် လွင်ခြင်း—အစားအစာနှင့်ဆေး

ဝါး ပြင်ဆင်မှုအက်ဥပဒေပုဒ်မ ၇(၃) အရနှင့် ကိုက်ညီခြင်းရှိ မရှိ။ ။ဆုံးဖြတ်ချက်။ ။အရေးကြီးသောကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာ အက်ဥပဒေအရ ထုတ်ပြန်ထားသောအမိန့်၊ သို့မဟုတ် ကြော်ငြာစာတစုံတရာကို ဖေါက်ဖျက်မှုသာလျှင် ယင်းအက်ဥပဒေပုဒ်မ ဂ(၁) အရ အပြစ်ပေးနိုင်ပေသည်။ အမှုတွင်ပေါ်လွင်သည်မှာ ထိုဆေးများသည်အရေးကြီးသော ကုန်ပစ္စည်းများဖြစ်သည်ဆိုခြင်းမှာ မှန်၏။ သို့ရာတွင် ယင်းပစ္စည်းများနှင့်ပတ်သက်၍ ဆောင်ရွက်မှုဆိုင်ရာလုပ်ငန်းများတွင်မည်သို့မည် ပုံပြုရမည်၊မည်သို့မည်ပုံမပြုရ၊တနည်းဆိုသော် တနယ်မှတနယ်သို့ အခွင့်အမိန့်မရှိဘဲနှင့်မရွှေ့ပြောင်းရ၊**မရောင်းရ**၊ လက်ဝယ်တွင်သိုလှောင်ခြင်းမပြုရ စသည့်ဆောင်ရွက်မှုများဖြစ်သည့် အမိန့်တစုံတရာ ထုတ်ပြန်ထားသည်ဟု မပေါ်လွင်ပေ။ သို့ဖြစ်၍ အရေးကြီးသော ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာ အက်ဥပဒေအရ အရေးမယူနိုင်။ အယူခံတရားခံကျူးလွန်သော ပြစ်မှုမှာ အစားအစာနှင့် ဆေးဝါးပြင်ဆင်မှု အက်ဥပဒေပုဒ်မ ၇(၃) အရနှင့်သာလျှင် ကိုက်ညီသည်ကိုတွေ့ရှိရသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ နှင့် မောင်လွန်းဒင် ၅၇၉

အက်ဥပဒေတခုခုကို ချက်ခြင်းအာဏာတည်ရမည်ဟု ပြဋ္ဌာန်းလျှင် ပြဋ္ဌာန်းသည့်နေ့၌ပင် အာဏာတည်မတည်—ဝိနိစ္ဆယဋ္ဌာနနှင့် ဝိနိစ္ဆယခုံ အက်ဥပဒေချုပ်ငြိမ်းသည့်နေ့—ရန်ကုန်မြို့တရားမရုံးသို့ဝိနိစ္ဆယခုံရုံး၏ ဆုံးဖြတ်ချက်ကိုအတည်ပြုဆောင်ရွက်ပေးရန် မေတ္တာရပ်ခံရန် အာဏာရှိမရှိ။ ။ဆုံးဖြတ်ချက်။ ။အက်ဥပဒေတခုခုကို ချက်ခြင်းအာဏာတည်ရမည်ဟု ပြဋ္ဌာန်းလျှင် ပြဋ္ဌာန်းသည့်နေ့၌ပင် ထိုအက်ဥပဒေသည် အာဏာတည်မည်ဖြစ်သည်။ အစိုးရပြန်တမ်း၌ ထုတ်ပြန်ကြော်ငြာသည့်နေ့၌သာ အတည်ဖြစ်အာဏာ သက်ရောက်ရမည်ဟု အဓိပ္ပါယ်ကောက်ယူခြင်းမပြုနိုင်ပေ။ အစိုးရပြန်တမ်းတွင် ထုတ်ပြန်ကြော်ငြာသည့်နေ့ရက်သည် မည်သည့်နေ့ရက်ပင်ဖြစ်စေကာမူ ဥပဒေကိုပြဋ္ဌာန်းသည့် နေ့သာလျှင် ထိုဥပဒေအာဏာသက်ရောက်သည့်နေ့ဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်သည်။ ၁၉၆၅ ခုနှစ်၊ ဝိနိစ္ဆယဋ္ဌာနနှင့် စိနိစ္ဆယခုံအက်ဥပဒေ၊ ပါဠိတက္ကသိုလ်နှင့်ပမ္မာစရိယ အက်ဥပဒေနှင့် ပါဠိပညာရေးအဖွဲ့ဥပဒေကိုရုပ်သိမ်းသည့်အက်ဥပဒေသည်၊ ၁၉၆၅ ခုနှစ်၊ဇန္နဝါရီလ ၁၈ ရက်နေ့တွင် အတည်ဖြစ်အာဏာ သက်ရောက်သဖြင့် ထိုနေ့တွင် ဝိနိစ္ဆယဋ္ဌာနနှင့် ဝိနိစ္ဆယခုံအက်ဥပဒေမှာ ချုပ်ငြိမ်းခဲ့လေသည်။ ယင်းသို့ချုပ်ငြိမ်းပြီးဖြစ်သည့် ၁၉၆၅ ခုနှစ် ဇန္နဝါရီလ ၁၈ ရက်နေ့တွင် ထိုအက်ဥပဒေအရ ဖွဲ့စည်းထားသည့် ဝိနိစ္ဆယဋ္ဌာနရုံးများမှာလည်း ရပ်တည်ခြင်းမပြုနိုင်ဘဲ အလိုအလျောက်ဖျက်သိမ်းပြီးဖြစ်သည်ဟု ယူဆရမည်ဖြစ်သည်။သို့ဖြစ်ရာညောင်တုံးမြို့နယ်ဝိနိစ္ဆယဋ္ဌာနရုံးသည် ၁၉၆၅ ခုနှစ်၊ ဇန္နဝါရီလ ၁၈ ရက်နေ့၌ ဖျက်သိမ်းပြီးဖြစ်၍၊ ရန်ကုန်တရားမရုံးသို့ငင်း၏ဆုံးဖြတ်ချက်ကို အတည်ပြုဆောင်ရွက်ပေးရန် မေတ္တာရပ်ခံရန်အာဏာ မရှိတော့ချေ။ **အစ်ဟတ်(ခေါ်) အီဆလမ်** နှင့် **အင်အာမက်** ၁၉၅၀၊ မြန်မာစီရင်ထုံး၊ ၁၀၅ (တရားလွှတ်တော်ချုပ်)ရည်ညွှန်းသည်။

ဦးသုဒဿန နှင့် ဦးမြမောင် ၅၅၆

အိမ်ကိုနေထိုင်အသုံးပြုသည့်အတွက် ကြားကာလအမြတ်အစွန်း၊ သို့မဟုတ် လျော်ကြေးရလိုမှု—ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၁၁၁ ပုဒ်မခွဲ(စ)—အိမ်ငှါးတဦးသည် နိုင်ငံခြားသို့ထွက်ခွါသွားခြင်း—ဥပစာကို ပြန်လည်ပေးအပ်သည့်သဘော သက်ရောက် မသက်ရောက်။ ။ဆုံးဖြတ်ချက်။ ။အိမ်ငှါးတဦးသည် နိုင်ငံခြားသို့ထွက်ခွါသွားကာမျှဖြင့် ဥပစာကို ပြန်လည်ပေးအပ်သည့် သဘောသက်ရောက်သော အပ်ပေးမှုရှိသည်ဟု မဆိုနိုင်ပေ။ အိမ်ငှါးအနေဖြင့် နိုင်ငံခြားမှ လုံးဝပြန်လာခြင်းမပြုတော့ဟု မည်သူကမျှ မုချမပြောနိုင်။ **လင်ငေါက်ဆင် နှင့် ဇဖုတ်ဆီ၊** ၁၉၆၀၊ မြန်မာပြည်စီရင်ထုံး ၁၅ (တရားလွှတ်တော်) ရည်ညွှန်းသည်။

ကာစင်အလီဘန်း နှင့် အီစွပ်မိုဟာမက်အခွန်း ၅၃၂

အိမ်လခကြွေးရလိုကြောင်း တရားစွဲဆိုမှု—မြို့ပြဆိုင်ရာဥပဒေများ ကြီးကြပ်ရေးအက် ဥပဒေပုဒ်မ ၁၉ အရ စံငှါးခသတ်မှတ်သည့် လက်မှတ်ပူးတွဲတင်ပြရန် လိုမလို။ ။ ဆုံးဖြတ်ချက်။ ။အိမ်ရှင်တဦးသည် အိမ်ငှါးလက္ခန်ဆုံးတိုင်း အိမ်လခကို မိမိ၏ အိမ်ငှါးထံမှရရန် အခွင့်အရေးရှိသည်။ ထိုအခွင့်အရေးမှာ ကျင့်ထုံးဆိုင်ရာ သက်သာခွင့်တခုမဟုတ်ဘဲ တရားစွဲပိုင်ခွင့်နှင့် သက်ဆိုင်သည့် သက်သာခွင့်ဘခုဖြစ်ကြောင်း ယုံမှားဘွယ်မရှိနိုင်ပေ။ အခင်းဖြစ်ဥပစာသည် ၁၉၅၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နောက်ပိုင်းတွင် ဆောက်လုပ်ပြီးစီးခဲ့သည့် အဆောက်အဦတခုဖြစ်၍ ၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ဂ ရက်နေ့၌ ထုတ်ပြန်ခဲ့သည့် ပြည်သူ့လုပ်ငန်းနှင့် အိမ်ယာဆောက်လုပ်ရေးဌာန၏ အမိန့်ကြော်ငြာစာ မထွက်မီ ထိုဥပစာသည် မြို့ပြဆိုင်ရာ ဥါးရမ်းခကြီးကြပ်ရေးဥပဒေနှင့် အကျုံးဝင်ခြင်းမရှိခဲ့ပေ။ သို့အကျုံးမဝင်သည့်အလျောက် လျော်ကထားသူတို့သည် အိမ်ရှင်များအနေဖြင့် လျော်ကထားခံရသူ အိမ်ငှါးထံမှ ထိုကဲ့သို့အကျုံးမဝင်သည့် အချိန်ကာလအတွက် ရရန်ရှိသော အိမ်လခများကို စံငှါးရမ်းခသတ်မှတ်သည့် လက်မှတ်တင်ပြခြင်းမပြုဘဲ တောင်းခံပိုင်ခွင့်ရှိပေသည်။ ပြည်သူ့လုပ်ငန်းနှင့် အိမ်ယာဆောက်လုပ်ရေးဌာန မထုတ်ပြန်သည့် အမိန့်ကြော်ငြာစာသည် နောက်ကြောင်းပြန်အကျိုးသက်ရောက်ခြင်းမရှိဟု ဖြေဆိုရမည်ဖြစ်သည်။ **ချစ်တီးနတ်ဘက် နှင့် မောင်အေး၊** ၁၉၃၈၊ ရန်ကုန်စီရင်ထုံး၊ ၎၃၀ (စုံညီခုံ)။ **ဂျွန်ဝီလီယံကရီး နှင့် ပိုင်အိုလက်အဲလီဇာဘက်ရီး၊** ၁၉၅၂၊ မြန်မာပြည်စီရင်ထုံး၊ ၅၃ (တရားလွှတ်တော်)။ **ဘားမားကော်ပိုရေးရှင်း လီမိတက် နှင့် ပြည်ထောင်စု၊** ၁၉၅၃၊ မြန်မာပြည်စီရင်ထုံး၊ ၎၁၃ (တရားလွှတ်တော်)။ **ဦးကောင်း နှင့် တန်ကျင်ဟုတ်၊** တရားရုံးချုပ်၏ ၁၉၆၄ ခုနှစ်၊ အခွင့်ထူးတရားမအယူခံမှုအမှတ် ၁၀။ **ဒေါ်အုံးခင် နှင့် ဒေါ်အုံးကြည်၊** တရားရုံးချုပ်၏ ၁၉၆၇ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၃ ရည်ညွှန်းသည်။

မမြင့်မြင့်ဝေ ပါ ၃ နှင့် ကိုလှဝင်း ၆၀၃

ဥပဒေပုဒ်မတခုခု၏ ခေါင်းစဉ်၊ သို့မဟုတ် ခေါင်းစဉ်း—ထိုပုဒ်မ၏ စာတစိတ်တဒေသဖြစ်သည်ဟုဆိုနိုင် မဆိုနိုင်—ထိုပုဒ်မ၏ အဓိပ္ပါယ်ကိုကောက်ယူရာ၌ သော့ချက်တခုအဖြစ် အသုံးပြုနိုင် မပြုနိုင်။ ၆၀၈

အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများ အက်ဥပဒေပုဒ်မ ၂၅—အရွယ်မရောက်သေးသူ တဦးအား မည်သူ၏ အုပ်ထိန်းမှုအောက်သို့ ပေးအပ်သင့်သည်ဆိုသော ကိစ္စကို အဆုံးအဖြတ် ပြုရာတွင် အရွယ်မရောက်သေးသူ၏ လိုအင်ဆန္ဒကို စဉ်းစားရာ၌ အဆိုးနှင့်အကောင်း ဝေဖန်ချင့်ချိန်နိုင်သည့် အသိဉာဏ် ရှိမရှိ—၎င်းတို့၏ဆန္ဒ ပြုချက်မှာ ၎င်းအတွက် ကောင်ကျိုးပြု မပြု ဆိုသော အချက်အလက်များ အပေါ် မူတည်ရမည်ဖြစ်ခြင်း။ ၆၁၅

ညွှန်းချက်

INDEX

နိုင်ငံတော်တရားရုံးချုပ်

CHIEF COURT OF BURMA

ACTS:

ARBITRATION ACT.

CODE OF CRIMINAL PROCEDURE.

CONTRACT ACT.

EVIDENCE ACT.

SPECIFIC RELIEF ACT.

APPLICATION FOR TRANSFER OF CASE—*Code of Criminal Procedure s.* 540—*whether it can be exercised by the Magistrate at the bidding of any person—whether the further cross-examination of the two prosecution witnesses is prejudicial to the prosecution or the defence. Held :* S. 540 of the Criminal Procedure Code is not intended to enable the Magistrate to exercise his powers at the bidding of any person. Although the trial Court had acceded to the request made by the accused it cannot be said that it had not exercised its discretion in a judicial manner. The case has not yet reached the stage of even framing a charge. Therefore, allowing the accused to further cross-examine the two prosecution witnesses could not in any way prejudicially affect either the prosecution or the defence.

U SAN WAI *v.* THE UNION OF BURMA U SAN KHA ... 687

CODE OF CRIMINAL PROCEDURE—*S.* 526—*counsel taking exception to the question put by the trial Magistrate—disallowance of questions in cross-examination—whether a good ground for transfer of the case. Held :* The counsel for the applicants has taken exception to the questions put by the trial Magistrate and of his prohibiting some of the question which the witnesses had already answered. But this can hardly be said to be a good ground for transfer of the case as it has been held in many cases that even the total disallowance of questions in cross-examination is not a good ground for transfer of the case under s. 526 of the Criminal Procedure Code. *U Ba Khin* v. *The Union of Burma,* (1954) B.L.R. 191 (H.C.) ; *Abdul Aziz* v. *Ganesh* 25 Cr. Law Journal 1185; *Lal Bahadur* v. *The State* 39 Cr. Law Journal 527, referred to.

U SAN MAUNG AND ONE *v.* THE UNION OF BURMA ... 683

CODE OF CRIMINAL PROCEDURE—*S.* 526 (4)—*every application for the exercise of power conferred by this section to be made by motion*

supported by an affidavit on affirmation. Held : S. 526 (4) of the Criminal Procedure Code lays down that every application for the exercise of power conferred by this section shall be made by motion, which shall, except when the applicant is the Attorney-General, be supported by an affidavit or affirmation. An affidavit or affirmation being an imperative requirement of law, an application unaecompanied by such a affidavit or affirmation cannot be entertained. *Moti Lal Raniwala* v. *The State* A.I.R. (38) 1951 Ajmer, p. 82, referred to.

MR. E. R. KELLAY (UNION OF BURMA) *v.* LOUIS P. RAJINDRAM 677

CRIMINAL PROCEDURE CODE—*application to quash the charge—whether the Sessions Judge has power under s.* 438 *Cr. P.C. to move the Chief Court to quash the charge. Held :* An accused person desiring to have the criminal proceedings started against him quashed must move directly to this Court under s. 561A of the Criminal Procedure Code. The Sessions Judge has no power under s. 438 to move this Court to quash the charge framed against the applicant.

U SAN HLA *v.* THE UNION OF BURMA 680

PARTNERSHIP BUSINESS—*deed of retirement—suit on the basis of the accounts taken—Arbitration Act s.* 34*—filing of an application for stay of proceedings by a party to an arbitration agreement—Contract Act s.* 28 *Exception I Clause* 2*—whether operative in view of the applicability of the Specific Relief Act in the area where the suit had been brought—Evidence Act s.* 34*—whether the balance-sheet drawn up with the approval of the parties be treated as the basis of the plaintiffs' claim—whether interest be allowed between the parties.* By a deed of partnership the deceased P .C. Ghosh, now represented by the respondents, was one of the partners of a partnership business. By a deed of retirement the deceased agreed to retire from the business. The accounts were then gone into by a qualified accountant in accordance with the agreement. *Held :* The suit was based on the agreement embodied in the deed of retirement which had no reference to the arbitration clause contained in the partnership deed. The terms of the partnership deed had in effect been superseded by the deed of retirement. Moreover no objection to the jurisdiction of the Court on this score was made before the filing of the written statement by the defendant. Section 34 of the Arbitration Act contemplates filing of an application for stay of proceedings by a party to an arbitration agreement at any time before the filing of written statement. No such application had ever been filed by the defendant in this case. Regarding clause 2 of Exception I to section 28 of the Contract Act it may be pointed out that the same was not operative in view of the applicability of the Specific Relief Act in the area where the suit had been brought. It is therefore held that the contention that the suit was not maintainable as being premature is untenable. *Held further :* Under S. 34 of the Evidence Act the entries in the account books kept and prepared in the ordinary course of business by themselves do not prove the liablity of a party to the suit. But the balance-sheet having been drawn up with the approval of P. C. Ghosh who had not at any time questioned its correctness he could not be allowed to say that it was insufficient to attach liability upon him. Therefore the trial Court was justified in treating the balance-sheet, basis of the

plaintiffs' claim, to have been proved. *Dogar Mal and others* v. *Sumam Ram and others* A.I.R. (1944) Lah. 58 referred to. *Held further :* As a general rule interest is not allowed between partners even during the continuance of the partnership unless there is an agreement or trade custom. *Dipchand Golomal* v. *Kishnibai and others* A.I.R. (1928) Sind. 133, referred to.

H. T. AHUJA AND 7 OTHERS *v.* DAW HLA YIN AND ONE ... 670

SUIT FOR EJECTMENT FROM THE LAND—*Res Judicata—landlord losing his first suit to recover possession of property based on his* bona fide *requirement for construction of a building—change of circumstances—whether the second suit is barred by* Res Judicata. The respondent filed a suit against the appellants for ejectment from the land and was unsuccessful. Then he filed another suit out of which the present appeal arose. *Held :* It cannot be said that once a landlord has lost his suit to recover possession of his property based on his *bona fide* requirement for construction of a building on the ground that the requirement was not *bona fide* because he had not enough means to construct he shall for ever be precluded from instituting a fresh suit because of *Res Judicata.* The second legal notice dated the 3rd September 1962 terminating the tenancy for the second time (exhibit ခ) gave a fresh cause of action. In the former suit the trial Court drew its inference that the requirement was not *bona fide* not only from the fact that he had no means but also from the fact that the respondent had not applied to the Municipality for permission to erect a building though he had put up a plan, but in the present case he had filed the permission he obtained from the Municipality (exhibit ဂ). The facts obtaining in the suit now under consideration are not quite identical with those in the previous suit though the reliefs claimed in both the suits are same. When the circumstances have now changed *Res Judicata* cannot find a place in the suit. *N. J. Gor* v. *M. G. Raval* I.L.R. (1951) Bom. 310; *Burman* v. *Woods* (1948) I.K.B. 111, referred to.

DAW HMIN AND ONE *v.* U THET TIN 664

အက်ဥပဒေများ

ကာလစည်းကမ်းသတ် အက်ဥပဒေ

တရားမကျင့်ထုံး

ပင်လယ်အကောက်ခွန် အက်ဥပဒေ

ပစ္စည်းလွဲပြောင်းရေး အက်ဥပဒေ

ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေ

ယစ်မျိုး အက်ဥပဒေ

ရာဇဝတ်ကျင့်ထုံး

သီးခြားသက်သာခွင့် အက်ဥပဒေ

သက်သေခံဥပဒေ

အလုပ်သမားလျော်ကြေး အက်ဥပဒေ

တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁—တရားမရုံးတရုံး၏ ဆုံးဖြတ်ချက်—အယူခံဝင်လျှင် အယူခံရုံး၏ဆုံးဖြတ်ချက်သာ အပြီးအပိုင်ဆုံးဖြတ်ချက် ဖြစ်ခြင်း—အယူခံ ဝင်သော်လည်း အယူခံမှုကိုရုပ်သိမ်းလျှင် မူလရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပိုင် ဆုံးဖြတ်ချက်ဖြစ်ခြင်း။ ။**ဆုံးဖြတ်ချက်**။ ။တရားမ ရုံးတရုံး၏ ဆုံးဖြတ်ချက်ကို အယူခံဝင်၍ **အယူခံရုံး**က ဆုံးဖြတ်ချက်ချမှတ်သောအခါ အယူခံရုံး၏ဆုံးဖြတ်ချက်သာလျှင် တရားမ ကျင့်ထုံးပုဒ်မ ၁၁ တွင် အကျုံးဝင်သည့် အပြီးအပိုင် ဆုံးဖြတ်ချက် (၀၊) မီးသေသော ဆုံးဖြတ်**ချက်** ဖြစ်သည်ဟု မှတ်ယူရမည်ဆိုခြင်းကို မငြင်းနိုင်။ အကယ်၍ အယူခံဝင်လင့်ကစား **အယူခံမှု**ကို ရုပ်သိမ်း ခဲ့လျှင်သော်၎င်း၊ အယူခံ တရားလိုမလာရောက်၍ ပလပ်ခဲ့လျှင်သော်၎င်း၊ အခြားအကြောင်း တစုံတခုကြောင့် အယူခံကို ကျေညက်စွာ စဉ်းစားခြင်းမပြုဘဲပလပ်ခဲ့လျှင်သော်၎င်း **မူလရုံး၏** ဆုံးဖြတ်ချက်သည် အမှုသည်များ၏ အပေါ် အတည်ဖြစ်လျက် ရှိမည်ဖြစ်သည်။ တနည်းဆိုသော် မူလရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပိုင် ဆုံးဖြတ်ချက် (၀၊) မီးသေသော **ဆုံး**ဖြတ်ချက် ဖြစ်သည်ဟု ကောက်ယူရမည်။ အယူခံကို ရုပ်သိမ်းသည့်အကြောင်းကြောင့် မူလရုံး၏ ဆုံးဖြတ်ချက်သည် အဟောသိကံ ဖြစ်ရမည်ဟု ယူဆခြင်းမပြုနိုင်ပေ။ ။**ပို့မူပါနား** နှင့် **ပို့ဂျာနရသာမယ်**၊ အတွဲ ၆၊ မဒရပ် ၄၃။ **ဒီဘန်ဂါဒီစကြိတ်ဘုတ်** နှင့် **စူရပ်နာရိန်းဆင်ဟာ**၊ အေ၊အိုင်၊အာ၊ ၁၉၃၆ ခု၊ ပတ္တနား၊ **၁၉၀**။ **ဂီလာဘိုင်** နှင့် **ဘိုင်ဂျမာ**၊ အတွဲ ၃၇၊ ဘုံဘိုင်၊ ၁၇၂။ **အာရ်ဒတ်** နှင့် **ဂျီဒတ် ၊**အေ၊အိုင်၊အာရ်၊ ၁၉၃၂၊ အလာဟဘတ် ၆၀၃ ရည်ညွှန်းသည်။

မစ္စတာအန်ကေဗျိုင်ဒီယို နှင့် **ဒေါက်တာ ဒေါ်သန်းခင်ပါ** ၂ .... ၇၄၁

ဒီဂရီကို ပြန်လည် ပြင်ဆင်ပေးရန် လျှောက်ထားခြင်း—တရားမ ကျင့်ထုံးပုဒ်မ ၁၅၂—ကာလစည်းကမ်းသတ် ပြဋ္ဌာန်း ထားခြင်းရှိ မရှိ။ ။**ဆုံးဖြတ်ချက်**။ ။ မူလရုံးတွင် လျှောက်ထားသူက ဒီဂရီကို ပြန်လည်ပြင်ဆင်ပေးရန် လျှောက်ထားခဲ့ခြင်းဖြစ်သည်။ လျှောက်ထားသူ၏ လျှောက်လွှာသည် တရားမ ကျင့်ထုံးပုဒ်မ ၁၅၂ တွင် အကျုံးဝင်သည်။ ထိုကဲ့သို့ကျင့်ထုံးပုဒ်မ ၁၅၂ အရ လျှောက်ထားခြင်းများနှင့် ပတ်သက်၍၊ ကာလစည်းကမ်းသတ် ပြဋ္ဌာန်းထားခြင်းမရှိ။

ဦးယုတ်စန်း နှင့် **ဦးစမ်းမောင်** ၇၄၆

ဒီကရီကျ ငွေများကို အရစ်ကျပေးရန် လျှောက်ထားခြင်း—တရားမကျင့်ထုံး အမိန့် ၂၀ နည်း ဥပဒေ ၁၁—တရားရုံးသည် အရစ်ကျပေးရန် အဖန်တလဲလဲလျှောက်ထားပိုင်ခွင့် ရှိ မရှိ။ ။**ဆုံးဖြတ်ချက်**။ ။တရားမကျင့်ထုံး အမိန့် ၂၀ နည်း ဥပဒေအရ လျှောက်လွှာကို ကာလစည်းကမ်းသတ် အက်ဥပဒေ၏ ပဌမဇယား အမှတ်စဉ် ၁၇၅ အရ ဒီကရီရရှိသည့်နေ့မှ ၆ လအတွင်း တင်သွင်းရမည်ဖြစ်သည်။ အမှုတွင် တရားရုံး၏ နောက်ထပ် တင်သွင်းသည့်လျှောက်လွှာများမှာ၊ ဒီကရီရရှိပြီး နောက် ၆ လကျော်သော အခါမှ တင်သွင်းသည့် လျှောက်လွှာများ ဖြစ်ကြောင်းတွေ့ရှိရသည်။ သို့ရာတွင် ထိုလျှောက်လွှာများ အပေါ် ၌ ချမှတ်ထားသည့် အမိန့်များကို တရားနိုင်က ကန့်ကွက်ထားခြင်းမရှိရကား ထိုအမိန့်များသည် တည်မြဲလျက် ရှိသည်ဟုယူဆရမည်ဖြစ်သည်။ တရားရုံးသည် မိမိ၏အကျိုးငှာ

ယခင်က ရုံးတော်မှ ချပေးလိုက်သည့်အမိန့်များကို လိုက်နာခြင်းမရှိဘဲ နောက်ထပ် သက်သာခွင့် တောင်းခြင်းများကို ခွင့်ပြုရန်မည်သည့် နည်းနှင့်မျှ တရားမျှတမှုရှိတော့မည်မဟုတ်ချေ။

မန်းအရိမ်း နှင့် ဒေါက်တာ ဒေါ်ရင်မေ ၇၄၆

ပစ္စည်းပေါင်၍ ချေးငှါးသည့်ရင်းတိုးငွေအတွက် အပေါင်ဒိုကရီ ရလိုကြောင်း တရားစွဲဆို‌မှု—စာချုပ်တခုသည် အရောင်းစာချုပ်၊ သို့မဟုတ် အပေါင်စာချုပ်ဖြစ်သလား ဆိုသည့်ပြဿနာ—စာချုပ်၌ ဖေါ်ပြထားသော စကားရပ်များအပေါ် သာမန်အားဖြင့် အမှီသဟဲပြုကာ ဆုံးဖြတ်ရခြင်း—စာချုပ် ချုပ်ဆိုစဉ် စာချုပ်သူတို့၏ ရည်ရွယ်ချက်သည် အဓိကဖြစ်ခြင်း—အပြီးအပိုင် အရောင်းစာချုပ်တွင် ဝယ်သူက ရောင်းသူအား ကန့်သတ်ချိန်အတွင်း ပြန်လည် ရောင်းချမည် ဆိုသော စည်းကမ်းချက် ပါရှိခြင်း—အရောင်းစာချုပ်မဟုတ်ဘဲ အပေါင်စာချုပ်ဖြစ်သည်ဟု တထစ်ချယူဆနိုင် မယူဆနိုင်—ပစ္စည်းလွဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၈ (ဂ)၏ ခြွင်းချက်အရ စာချုပ်သည် အရောင်းစာချုပ် မဟုတ်ဘဲ အပေါင်စာချုပ် ဖြစ်သည်ဟု မလွဲမသွေ ကောက်ယူရမည်ဟု အဓိပ္ပါယ် ပေါက် မပေါက်။ ။ဆုံးဖြတ်ချက်။ ။ စာချုပ်တခုသည် အရောင်းစာချုပ် ဖြစ်ပါသလား၊ သို့တည်းမဟုတ် အပေါင်စာချုပ်သာ ဖြစ်ပါသလားဆိုသည့် ပြဿနာနှင့်ပတ်သက်၍ စာချုပ်၌ ဖေါ်ပြထားသော စကားရပ်များအပေါ် သာမန်အားဖြင့် အမှီသဟဲပြုကာ ဆုံးဖြတ်ရမည် ဖြစ်သည်။ ရောင်းချကြောင်း အတိအလင်း ဖေါ်ပြထားပါမူ၊ ရောင်းချခြင်း မဟုတ်ဘဲ ပေါင်နှံခြင်းသာ ဖြစ်သည်ဟု ဆိုလာလျှင် ထိုကဲ့သို့ အဆိုပြုသူအပေါ်၌ ယင်းအဆိုပြုချက်ကို ထင်ရှားအောင် ပြသရန် တာဝန် ကျရောက်ပေသည်။ အလားတူပင် စာချုပ်တခု၏ စကားရပ်များ၌ ပေါင်နှံကြောင်း ရေးသားထားပါက ပေါင်နှံခြင်းမဟုတ်ဘဲ ရောင်းချခြင်းသာဖြစ်သည်ဟု ငြင်းဆိုပါမူ၊ ထိုကဲ့သို့ငြင်းဆိုသူသည် မိမိငြင်းဆိုသည့်အတိုင်း ထင်ရှားအောင် သက်သေထူရမည်ဖြစ်သည်။ ။ **မွန်ထရိုရယ်ထရပ်စ်ကုမ္ပဏီ နှင့် ဗြိတိသျှ ကိုလံဘီယာ မြေနှင့်ရင်းနှီးမှု ဂျင်စီလီမိတက်၊ အေ၊အိုင်၊အာ(ရ်) ၁၉၃၆၊ ပရီဗီကောင်စီ ၆၅ (၆၉) ရည်ညွှန်းသည်။** စာချုပ်တခုသည် အပြီးအပိုင် ရောင်းချခြင်း ဖြစ်ပါသလော၊ သို့တည်းမဟုတ် ပေါင်နှံခြင်း ဖြစ်ပါသလောဆိုသည့်ကိစ္စတွင် ထိုစာချုပ် ချုပ်ဆိုစဉ် စာချုပ်သူတို့၏ ရည်ရွယ်ချက်သာ အဓိကဖြစ်ပေသည်။ ၎င်းရည်ရွယ်ချက်ကို စာချုပ်ပါ စကားရပ်များနှင့်တကွ ပတ်ဝန်းကျင် အထောက်အထားများတွင်သာ ရှာဖွေသုံးသပ်ရမည် ဖြစ်သည်။ နှုတ်သက်သေခံထွက်ချက်ဖြင့် ထိုစာချုပ် ချုပ်ဆိုသူတို့၏ ရည်ရွယ်ချက်ကို ရှင်းလင်းခြင်း မပြုနိုင်ပေ။ သက်သေခံပုဒ်မ ၉၂ က ထိုကဲ့သို့ နှုတ်သက်သေခံထွက်ချက်ဖြင့် ရှင်းလင်းခြင်းကို ပိတ်ပင်ထားပေသည်။ **ဘာလ်ကီရှင်ဒတ်နှင့် လက်စ်၊** အတွဲ ၂၂၊ အလဟာဘတ်၊ ၁၄၉ (၁၅၀) ရည်ညွှန်းသည်။ ။**အပြီးအပိုင် အရောင်းစာချုပ်တခုတွင် ဝယ်သူက ရောင်းသူအား ကန့်သတ်ချိန်အတွင်း ပြန်လည် ရောင်းချမည်ဆိုသော စည်းကမ်းချက် ပါရှိကာမျှဖြင့် ထိုစာချုပ်သည် အရောင်းစာချုပ် မဟုတ်ဘဲ၊ အပေါင်စာချုပ် ဖြစ်သည်ဟု တထစ်ချမယူဆနိုင်ပေ။ ။ဘာဂဝမ်အာဟိုင်းနှင့် ဘာဂဝမ်ဒင်နှင့်အများ၊** အတွဲ ၁၂၊အလာဟာဘတ်၊ ၃၈၈ ရည်ညွှန်းသည်။ ။ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေ ပုဒ်မ ၅၈ (ဂ) ၏ ခြွင်းချက်အရလည်း အရောင်းစာချုပ်တွင် ဝယ်သူက ရောင်းသူအား ပြန်

ရောင်းမည်ဆိုသော စည်းကမ်းချက်ပါ အကြောင်းကြောင့် ထိုစာချုပ်သည် အရောင်းစာချုပ် မဟုတ်ဘဲ၊ အပေါင်စာချုပ် ဖြစ်သည်ဟု မလွဲမသွေ ကောက်ယူရမည်ဟု အခိုပွါယ်မပေါက်ပေ။ **မောင်အောင်သင်းပါ ၂ နှင့် ဘီစနပ်ဆင်း ပါ ၂၊** ၁၉၅၈ ခုနှစ်၊ မြန်မာပြည် စီရင်ထုံး ၃၁၄ (တရားလွှတ်တော်) ရည်ညွှန်းသည်။

နိုင်ငံတော် ကူးသန်းရောင်းဝယ်ရေးဘဏ် နှင့် သခင်ပေါ်ညွန့် ပါ ၇ ၇၀၁

ပြည်ထောင်စုအက်ဥပဒေပုဒ်မ ၆—အထူးအယူခံဝင်ခွင့်လျှောက်ထားခြင်း—ကျန်းမာရေး ချို့တဲ့သောကြောင့် လျှောက်ထားခြင်း မပြုနိုင်ဟု အကြောင်းပြဆိုထားခြင်း—ကာလစည်းကမ်းသတ်အက်ဥပဒေ ပုဒ်မ ၅—ပုဒ်မ ၅ အရ အခွင့်အရေးကို ခံစားလိုမူ မိမိမှာ စည်းကမ်းသတ် ကျော်လွန်သည့် ကာလအတွက် ပေါ့လျော့ခြင်း၊ သို့မဟုတ် ဥပဒေကို လေးစားလျက် ပြုလုပ်နိုင်ခြင်း မရှိကြောင်း မျှားကို ပေါ်လွင်အောင် ပြဆိုနိုင်ရန် လိုခြင်း။ **။ဆုံးဖြတ်ချက်။** ။လျှောက်ထားသူသည် အထူးအယူခံဝင်ခွင့်လျှောက်ထားနိုင်ကြောင်း သိရှိရပြီးနောက် မည်သည့် အတွက် အချိန်အနည်းငယ်အတွင်း လိုအပ်သည့် လျှောက်လွှာ မတင်သွင်းနိုင်ခဲ့ကြောင်း ပြဆိုထားခြင်း မရှိသည့်ပြင်၊ ၎င်း၏ဖေါ်ပြချက်အရ ကျန်းမာရေးချို့တဲ့သောကြောင့် ထိုသို့လျှောက်ထားခြင်း မပြုနိုင်ဟု ယူဆစေကာမူ၊ ဆေးရုံမှ ကျန်းမာ၍ ဆင်းလာပြီးနောက် ၆ လ ကျော်ခန့်ကြာအောင် မည်သည့်အတွက် လျှောက်လွှာ တင်သွင်းခဲ့ခြင်းမရှိကြောင်း အကြောင်းတစုံတရာ ဖေါ်ပြနိုင်ခြင်း မရှိပေ။ ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ ၅ ၏ ရည်ရွယ်ချက်ကို လေ့လာပါမူ လျှောက်ထားသူတဦးသည် ပုဒ်မ ၅ အရ အခွင့်အရေးကိုခံစားလိုမူ မိမိမှာ စည်းကမ်းသတ် ကျော်လွန်သည့် ကာလအတွက် ပေါ့လျော့ခြင်း၊ သို့မဟုတ် ဥပဒေကို လေးစားလျက် ပြုလုပ်နိုင်ခြင်း မရှိကြောင်းမျှားကို ပေါ်လွင်အောင် ပြဆိုနိုင်မှသာ ထိုပုဒ်မ ၅ အရအကျိုးခံစားခွင့် ရှိနိုင်မည်။ **။အက်စ်၊အမ်၊အလီ နှင့် ဖောင်စံညိန်း၊** ၁၄၊ ရန်ကုန်၊ စာ ၁၅၅။ **ဗီအင်နဒီဆာသီဗါ နှင့် အေဗီမူသူဆာမီ၊** ၁၉၃၆ ခု၊ မြန်မာပြည်စီရင်ထုံး၊ စာ ၄၁၄။ **နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့နှင့် ဒမ်ဂျီရှန်ဂျီကုမ္ပဏီနှင့်တဦး၊** ၁၉၆၁၊ မြန်မာပြည်စီရင်ထုံး (တရားလွှတ်တော်ချုပ်) စာ ၈၈ ရည်ညွှန်းသည်။

အွန်ကျင် ပါ ၂ နှင့် လမ်းခေါ်မန် ပါ ၇ .... ၇၅၇

ပြည်ထောင်စုတရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆—တရားမကျင့်ထုံး အမိန့် ၂၁၊ နည်းဥပဒေ (၁) ခြင်းချက်အရ ချမှတ်သည့်အမိန့်—ငင်းအမိန့်မှာ ပြည်ထောင်စုတရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ နှင့် အကျုံးဝင်သည့် အမိန့်တရပ်ဖြစ်သည်ဟူ၍ ယူဆရန်ဖြစ် မဖြစ်။ **။ဆုံးဖြတ်ချက်။** ။လျှောက်ထားသူသည် လူမဲ့အဖြစ် ရှိသည်မှာ မှန်ကန်သည်ဆိုစေဦး၊ လူမဲ့အဖြစ်နှင့် တံဆိပ်တော်ခေါင်းဘိုး ထမ်းဆောင်ပြီး အယူခံတင်သွင်းနိုင်ရန် အခြေအနေ မရှိသဖြင့် ၎င်း၏အခွင့်အရေး ဆုံးရှုံးရန် ရှိသောကြောင့် ထိုအမိန့်မျိုးမှာ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ တွင်အကျုံးဝင်သည့် အမိန့်တရပ် ဖြစ်သည်ဆိုခြင်းကိုမူ လက်ခံနိုင်ရန်ခဲယဉ်းပေသည်၊ အဘယ်ကြောင့် ဆိုသော် ပြင်ဆင်သည့်ရုံးမှ တရားမကျင့်ထုံး အမိန့် ၄၄၊ နည်းဥပဒေ (၁) ခြင်းချက်အရ ချမှတ်လိုက်သည့် အမိန့်မှာ

လူမဲ့အဖြစ်နှင့် အယူခံရန်ခွင့်မပြုသည့် အမိန့်တရပ်သာ ဖြစ်သဖြင့် လူတဦးတ
ယောက်သည် ထိုအမိန့်ကို မကျေနပ်ပါက လိုအပ်သည့် တံဆိပ်တော် ခေါင်းဘို
ထမ်းဆောင်ပါက အယူခံတင်သွင်း နိုင်ခွင့် ရှိသဖြင့် ၎င်းအမိန့်မှာ ပြည်ထောင်စု
တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ နှင့် အကျုံးဝင်သည့် အပြီးသတ် အမိန့်တရပ်
ဖြစ်သည်ဟူ၍ မည်သို့မျှ ယူဆရန် မဖြစ်နိုင်ပေ။

မောင်သာလှိုင် နှင့် မစီစီဝင်း ပါ ၅ .... ၇၄၀

**ပြည်ထောင်စုတရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆—တရားမကျင့်ထုံး အမိန့် ၂၁၊ နည်း
ဥပဒေ ၁၀၀ အရလျှောက်ထားခြင်း—နည်းဥပဒေ ၁၀၁ အရအမိန့်ချမှတ်ခြင်း—
၎င်းအမိန့်မျိုးမှ အထူးအယူခံဝင်ရန် အခွင့်ထူးပေးသင့်ကြောင်း ဥပဒေ ခွင့်ပြုချက်
ရှိ မရှိ။** ။ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံးအမိန့် ၂၁၊ နည်းဥပဒေ ၁၀၀ အရ
လျှောက်ထားသည့် လျှောက်လွှာနှင့် ပတ်သက်၍ ရုံးမှ နည်းဥပဒေ ၁၀၁ အရ
လျှောက်သည့် အတိုင်း ခွင့်ပြုခဲ့ပါမူ တရားရုံးမှ တပါး ကျန်တရားနှိုင်အပါအဝင်
နစ်နာသူများသည် နည်းဥပဒေ ၁၀၃ အရ ထိုပစ္စည်းကို မိမိလက်ဝယ်ရယူခွင့်
ရှိကြောင်း တရားမှုတမှုဖွင့်ကာ စွဲဆိုရမည်သာဖြစ်ကြောင်း အတိအလင်း ပြဆို
ထားပေသည်။ ထိုသို့ စွဲဆိုခွင့် မရှိမူ နည်းဥပဒေ ၁၀၁ အရ ချမှတ်ပေးခဲ့သည့်
အမိန့်သည် အပြီးအပိုင် အမိန့်ဖြစ်သည်ဟု နည်းဥပဒေ ၁၀၃ တွင် ရှင်းလင်းစွာ
ဖေါ်ပြထားလေသည်။ ။သို့ဖြစ်ရကား လျှောက်ထားသူ တရားနိုင်သည် မူလ
ရုံးမှ နည်းဥပဒေ ၁၀၁ အရ ချမှတ်ပေးခဲ့သည့် အမိန့်ကို မကျေနပ်မူ အချင်းဖြစ်
ပစ္စည်းများကို ၎င်း၏ ရယူပိုင်ခွင့်ရှိကြောင်း တရားမကြီးမှု တမှုကို စွဲဆိုရန်သာ
ရှိပြီး ထိုအမိန့်မှ ထပ်မံအယူခံဝင်နိုင်ရန် ဥပဒေတရပ် ပိတ်ပင်ခြင်း ဖြစ်စေပေ
သည်။ ထို့တွက် ၎င်းအမိန့်မျိုးမှ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆
အရအထူးအယူခံဝင်ရန် အခွင့်ထူး ပေးသင့်ကြောင်း ဥပဒေ ခွင့်ပြုချက်မရှိတော့မပ။

ဒေါ်တုတ် နှင့် ကိုမြဝင်း ပါ ၂ .... ၆၉၇

**ဘဏ်ငွေပို စာရင်းရှင်အရ ထုတ်ချေးသည့် တိုးရင်းငွေရလိုမှု—ပစ္စည်း လွဲပြောင်းခြင်း
အက်ဥပဒေ—ပုဒ်မ ၅၈ တွင် ပြဋ္ဌာန်းထားသည့်ပေါင်နှံခြင်း ၆ မျိုး—လက်မဲ့ပေါင်နှံ
ခြင်းကဲ့သို့ အကျိုးသက်ရောက်မှုရှိခြင်း—ပေါင်နှံသူသည် ချေးငွေကို ကိုယ်တိုင်
ပေးဆောင်ရမည်ဟု ကတိပြုရာရောက်ခြင်း—ချေးငွေအတွက် သာမန် ဒီကရီ
ရလိုကြောင်း စွဲဆိုနိုင်ခြင်း။** ။ဆုံးဖြတ်ချက်။ ။ပစ္စည်း လွဲပြောင်းခြင်း အက်
ဥပဒေ ပုဒ်မ ၅၈ တွင် ပြဋ္ဌာန်းထားသည့် ပေါင်နှံခြင်း ခြောက်မျိုးအနက် ပိုင်ဆိုင်
ခွင့် စာချုပ်စာတမ်းများကို လက်ရောက်အပ်၍ ပေါင်နှံခြင်းသည် လက်မဲ့ ပေါင်နှံ
ခြင်းကဲ့သို့ပင် အကျိုးသက်ရောက်မှုရှိပေသည်။ ပိုင်ဆိုင်ခွင့် စာချုပ်စာတမ်းများကို
လက်ရောက်အပ်၍ အပေါင်ခံသူသည် လက်မဲ့အပေါင်ခံသူ နည်းတူ သက်သာ
ခွင့်ရန် အခွင့်အရေးရှိသည်။ ပစ္စည်းလွဲပြောင်းခြင်း အက်ဥပဒေ ပုဒ်မ ၉၆ တွင်
လည်း ထိုအတိုင်းပင် ပြဋ္ဌာန်းချက် ပြုလုပ်ထားသည်ကို တွေ့မြင်နိုင်ပေသည်။
လက်မဲ့ ပေါင်နှံခြင်း ပြုလုပ်သောအခါ ပေါင်နှံသူသည် ချေးငွေကို မပေးဆပ်နိုင်က
အပေါင်ထားသည့် ပစ္စည်းကို ရောင်းချရန် သဘောတူသည့်အပြင် ချေးငွေကို
ကိုယ်တိုင် ပေးဆောင်ရမည်ဟု ကတိပြုရာ ရောက်သည်။ ။သို့ဖြစ်ရာ ပိုင်ဆိုင်ခွင့်

စာချုပ်စာတမ်းများကို လက်ရောက်အပ်၍၊ ပေါင်နှံသူတဦးသည် ချေးငှေကိုကိုယ်တိုင် ပေးဆပ်မည်ဟု သဘောတူ ကတိပြုရာရောက်သဖြင့် ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေ ပုဒ်မ ၆၈ (၁) (က) အရ အပေါင်ခံသူ အနေဖြင့် ချေးငှေအတွက် သာမန် ဒီကရီရလိုကြောင်း စွဲဆိုနိုင်ကြောင်း ယုံမှားဘွယ်မရှိ။ သို့ရာတွင် ထိုပုဒ်မ၏ ပုဒ်မခွဲ (၂) အရ အပေါင်ခံသူက အပေါင်ပစ္စည်းအပေါ် ၎င်း၏ရပိုင်ခွင့် သက်လုံမှုကို စွန့်လွှတ်ခြင်းမရှိပါမူ ၎င်းစွဲဆိုသောအမှုကို ရပ်ဆိုင်းထားသင့်သည်ဟု ထင်မြင်ပါကရပ်ဆိုင်းနိုင်မည် ဖြစ်သည်။ ယင်းအမှုမျိုးကို လုံးဝစွဲဆိုခြင်းမပြုရဟု ဥပဒေကမြစ်တားခြင်းမရှိပေ။ ။မနှင်းရိပ်နှင့် ကေ၊ အေ၊ အာ(ရ)၊ ကေ၊ ချစ်တီးယား၊ ၁၉၃၉ ခုနှစ်၊ ရန်ကုန်စီရင်ထုံး ၄၀၃ ရည်ညွှန်းသည်။

ပြည်သူ့ဘဏ်အမှတ် ၅/၉ နှင့် စိန်သီဟကုမ္ပဏီ ပါ ၇ .... ၇၁၉

မယားခေါ်လို့မူ—ဒေါ်သအလျောက်တကြိမ်တခါလိမ်လည်စွပ်စွဲခြင်း—တရားဥပဒေအရ ရက်စက်မှု မြောက်-မမြောက်—ယောကျ်ားမဖြစ်သူအား မခြေမငံပြောဆိုမိခြင်း—အတူနေထိုင်ပေါင်းသင်းရန် ခေါ်ဆိုနိုင်သည့် အခွင့်အရေး ဆုံးရှုံးပြီဟု ယူဆနိုင်မယူဆနိုင်။ ။ဆုံးဖြတ်ချက်။ ။ဒေါ်သအလျောက် တကြိမ်တခါ လိမ်လည်ပြီး စွပ်စွဲခဲ့ခြင်းသည် ဝန်ခံပြီးဖြစ်သည့်အလျောက် တရားဥပဒေအရ ရက်စက်မှုမြောက်ဟု ဆိုရန်ခဲယဉ်းပေသည်။ ။ယောကျ်ားအား သားမက်ဖြစ်သူက မခြေမငံ ပြောဆိုရန် မသင့်သဖြင့် ယင်းသို့ မခြေမငံ ပြောဆိုခဲ့ခြင်းကြောင့် အယူခံတရားခံ၏ ပြုမူချက်မှာ အိမ်ထောင်ရေး ပြစ်မှု တခုမဟုတ်သဖြင့် ထိုကဲ့သို့ ယောကျ်ားမဖြစ်သူအား မခြေမငံ ပြောဆိုမိကာမျှဖြင့် ၎င်းသည် ဇနီးဖြစ်သူ အယူခံတရားလိုအား အတူနေထိုင် ပေါင်းသင်းရန် ခေါ်ဆိုနိုင်သည့် အခွင့်အရေး ဆုံးရှုံးခဲ့ပြီဟု မယူဆနိုင်ပေ။

မအေးအေး နှင့် မောင်ကြည် ၇၃၀

ယစ်မျိုး အက်ဥပဒေ ပုဒ်မ ၃၀ (က)အရ မှုပြစ်ထင်ရှားစီရင်ခြင်း—ပြစ်ဒဏ်။ ။ ဆုံးဖြတ်ချက်။ ။ယခုကဲ့သို့သော အမှုမျိုး၌ ပြစ်ဒဏ်သတ်မှတ်ရာတွင် ဆင်ခြင်စဉ်းစားသင့်သည့် အချက်မှာတရားခံ၏ပြုလုပ်မှုအတွက် ၎င်းသည် မည်မျှ အမြတ်အစွန်းရရှိနိုင်သည်။ ထိုပြုလုပ်မှုသည် အမျှားပြည့်သူတို့အတွက် မည်မျှ အကျိုးယုတ်စေသည်။ ထိုပြစ်မှုမျိုးအတွက် အာမန်အားဖြင့် သတ်မှတ်ထားသည့် ပြစ်ဒဏ်သည် ထိုပြစ်မှုမျိုးကို ကျူးလွန်ရန် မစွန့်စားဝံ့အောင် ဖြစ်စေသင့်သည်ဆိုသော အချက် စသည်တို့ ဖြစ်သည်။ ပြစ်ဒဏ်ကို သတ်မှတ်ရာ၌ တရားသူကြီးများသည် အမှု၏ ပတ်ဝန်းကျင်အကြောင်းခြင်းရာများကို ထည့်သွင်း စဉ်းစားပြီးနောက် ပြစ်ဒဏ်သည် ပြစ်မှုနှင့် စပ်ဟပ်မိရန် လက်တွေ့ကျကျ သတ်မှတ်ရန်လိုသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ နှင့် မောင်စံခင် ၇၀၉

ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၉၄—ပစ္စည်းလက်ရှိထားသူထံ ပစ္စည်းကို ထုတ်ပေးရန် သမ္မာန်စာ ထုတ်ဆင့်ရခြင်း—မည်သည့်အခါရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၉၆ အရ အရေးယူသင့်ခြင်း—ပစ္စည်းရှာဝရမ်းထုတ်ဆင့်ရာ၌ တရားသူကြီးသည် မိမိထင်မြင်

ယူဆသည့် အကျိုးအကြောင်းများကို စာဖြင့် ရေးသားမှတ်သားရန် လို-မလို။ ။ ဆုံးဖြတ်ချက်။ ။ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၉၄ အရ ဆောင်ရွက်မှုများတွင် ပစ္စည်း လက်ရှိထားသူထံ ပစ္စည်းကို**ထုတ်**ပေးရန် သမ္မာန်စာ ထုတ်ဆင့်**ရ**သည်။ သို့ရာတွင် ထိုကဲ့သို့ သမ္မာန်စာ ထုတ်ဆင့်ခြင်းခံရသူသည် ထိုပစ္စည်းကို **ထုတ်**ပေး လိမ့်မည် မဟုတ်ဟူ၍ ယုံကြည်ရန်အကြောင်းရှိခဲ့လျှင် သော်၎င်း၊ ထိုပစ္စည်းသည် မည်သူ၏ လက်ရှိဖြစ်နေသည်ကို ရုံးက မသိလျှင်သော်၎င်း၊ ပစ္စည်းရှာ ဝါရမ်း ထုတ်ဆင့်ခြင်းအားဖြင့် သိမ်းဆီးနိုင်ကြောင်း ပုဒ်မ ၉၆ တွင် ပြဋ္ဌာန်းထားသည်။ သို့ဖြစ်လေရာ မူလရုံးတရားသူကြီးသည် ပစ္စည်းအာ တွက် ကျင့်ထုံး ပုဒ်မ ၉၆ အရ ပစ္စည်းရှာ ဝါရမ်းထုတ်ဆင့် ခဲ့ရာ၌ အမှုတွဲတွင်ရရှိသည့် **အချက်အလက်များအရ** အကျိုးသင့် အကြောင်းသင့် ထုတ်ဆင့်ခဲ့ခြင်း ဖြစ်သည်ဟု **ယူဆရမည်**ဖြစ်သည်။ ထိုကဲ့သို့ ပစ္စည်းရှာ ဝါရမ်းထုတ်ဆင့်ရာ၌ တရားသူကြီးသည် မိမိထင်မြင်ယူဆသည့် အကျိုးအကြောင်းများကို စာဖြင့် ရေးသား မှတ်သား ထားရမည်ဟု ဥ ပ ဒေ ပြဋ္ဌာန်းချက်မရှိခေ။ သို့ရာတွင် ထိုအချက်များကိုမိမိထုတ်ဆင့်သည့် အမိန့်တွင် ပြဋ္ဌာန်းထားခြင်းအားဖြင့် ထိုအမိန့်သည် တရားဥပဒေအရ တိကျမှန်ကန်ခြင်းရှိ ကြောင်းပိုမိုထင်ရှားမည်ဖြစ်သည်။

ဦးဇော်ဒင် နှင့် ဦးချစ်လွန်း (ထွန်း) ၇၆၂

ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၁၂၃ (က)—အာမခံနှင့် ကောင်းမွန်စွာ နေထိုင်ရန်အချိန်ကာလ—ခံဝန်ချုပ်မပေးလျှင်ထောင်တွင်ချုပ်ထားခြင်းမျှသာဖြစ်ခြင်း—အချုပ်ရက်များကို အာမခံနှင့်ကောင်းမွန်စွာနေထိုင်ရမည့်ကာလအပိုင်းအခြားမှ နုတ်ရန် လိုမလို။ ။လျှောက်ထား ခံရသူကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၁၁၀ (ခ) ၁၁၂ အရ တန္ခစ်အတွင်း ကောင်းမွန်စွာ နေထိုင်ရေးအတွက် ခံဝန်ချုပ်ပေးရန် အမိန့် ချမှတ်ရာ ခံဝန်ချုပ်မပေးသဖြင့် အချုပ်ခံနေရမည့် ရက်များကို ခံဝန်ချုပ် ကာလမှ နုတ်ရန်မှာ။ **။ဆုံးဖြတ်ချက်။** ။ရာဇဝတ် ကျင့်ထုံး ပုဒ်မ ၁၁၀ အရ တန္ခစ်အတွင်း ကောင်းမွန်စွာ နေထိုင်ရေးအတွက် ခံဝန်ချုပ် ပေးရန်ချမှတ်သည့် အမိန့်မှာ ထောင်ဒဏ်အပြစ် ပေးခြင်းမဟုတ်၊ **အာမခံဝန်ချုပ် မပေးနိုင်လျှင်** ထောင်တွင် ချုပ်ထားခြင်းမျှသာ ဖြစ်၍ **အချုပ်ရက်များကို အာမခံနှင့်** ကောင်း မွန်စွာ နေထိုင်ရမည့် ကာလအပိုင်းအခြားမှ နုတ်ရန်မလိုပေ။ **။ပြည်ထောင်စု မြန်မာနိုင်ငံ** နှင့် **မောင်ထွန်းကြည်**၊ ၁၉၆၅ ခုနှစ်၊ရာဇဝတ်အယူခံမှု အမှတ် ၄၀၇ (စုံညီခုံ) ရည်ညွှန်းသည်။ ၇၁၂

ပြည်ထောင်စုမြန်မာနိုင်ငံ နှင့် မောင်တင်အောင် ....

ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၇၊ ၅၁၈ နှင့် ၅၁၉ များအရ အမိန့်ချမှတ်ခြင်း—အမိန့်ကို မကျေနပ်က ကျင့်ထုံးပုဒ်မ ၅၂၀ အရအယူခံရုံး၊ စေခိုင်ရုံး၊ သို့တည်းမဟုတ် ပြင်ဆင်မှုရုံးတို့တွင်လျှောက်ထားနိုင်ခြင်း—ပြင်ဆင်ခြင်း၊ပြောင်းလဲခြင်း၊သို့တည်း မဟုတ် ပယ်ဖျက်ခြင်း အယူခံရုံးက ပြုလုပ်နိုင် မပြုလုပ်နိုင်။ ။ဆုံးဖြတ်ချက်။ ။ အောက်ရုံးက ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၇၊ ၅၁၈၊ ၅၁၉ များအရ ချမှတ် ထားသည့် အမိန့်ကို အယူခံရုံးက ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း၊ ပယ်ဖျက်ခြင်း ပြုလုပ်နိုင်ကြောင်း ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၅၁၀ တွင် ပြဋ္ဌာန်းထားသည်။

အချင်းဖြစ် သက်သေခံ ပစ္စည်းများနှင့် ပတ်သက်၍ မူလရုံးက ချမှတ်သော အမိန့်သည် ကျင့်ထုံး ပုဒ်မ ၅၁၇ တွင် အကျုံးဝင်သည်။ ထိုကြောင့် ထိုအမိန့်ကို မကျေနပ်လျှင် ကျင့်ထုံးပုဒ်မ ၅၂၀ အရ အယူခံရုံး၊ အတည်ပြုရုံး၊ စောဒကရုံး၊ သို့တည်းမဟုတ် ပြင်ဆင်မှု ရုံးတို့တွင် လျှောက်ထားနိုင်သည်။ မူလရုံးကချမှတ်သည့် စီရင်ချက်နှင့် အမိန့်တို့ကို အယူခံ ဝင်သော အခါမှ ကျင့်ထုံးပုဒ်မ ၅၁၂ အရ အယူခံရုံး၌ လျှောက်ထားနိုင်သည်မဟုတ်၊ ပုဒ်မ ၅၁၂ အရ ချမှတ်သည့် အမိန့်ကို မကျေနပ်ခဲ့သော် အမှုတခုလုံးမှ အယူခံဝင်ခြင်း မပြုလုပ်ခဲ့စေကာမူ ကျင့်ထုံးပုဒ်မ ၅၂၀ အရ ပြင်ဆင်ပေးပါမည့် အကြောင်းဖြင့် လျှောက်ထားနိုင်သည်။ ကျင့်ထုံးပုဒ်မ ၅၂၀ တွင် ဖေါ်ပြထားသည့် "အယူခံရုံး" ဟူသော စကားရပ်သည် အယူခံမှုကို လက်ခံစစ်ဆေးနေသည့် ရုံးနှင့်သာလျှင် သက်ဆိုင်သည်ဟု မဆိုနိုင်၊ ကျင့်ထုံးပုဒ်မ ၅၁၇ မှ ၅၁၉ အထိ ပြဋ္ဌာန်းချက်များအရ ချမှတ်ထားသည့်အခိန့်များကိုအမှုတခုလုံးမှအယူခံဝင်ခြင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အယူခံဝင်နိုင်ကြောင်း စီရင်ချက် အများအပြားတွင် ပြဆိုထားပြီးဖြစ်သည်။ ထို့ကြောင့် အယူခံရုံးဖြစ်သည့် စက်ရှင်ရုံးသည် မူလရုံးက ကျင့်ထုံးပုဒ်မ ၅၁၇ အရ ချမှတ်လိုက်သည့် အမိန့်ကို ပုဒ်မ ၅၂၀ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း၊ သို့တည်းမဟုတ် ပယ်ဖျက်ခြင်းပြုလုပ်နိုင်သည်။

မည္ဆန်ရီ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၇၂၆

ရာဇသတ်ကြီးပုဒ်မ ၂၂၄ အရ၊ မှုပြစ်ထင်ရှား စီရင်ခြင်း—ပြစ်ဒဏ်။ ။ဆုံးဖြတ်ချက်။ ။မှုပြစ် ကျူးလွန်သူများအား အပြစ်ဒဏ် ပေးရာ၌ စတီ အပြစ်ဒဏ်မျိုး မဖြစ်စေလိုပေ။ မှုပြစ်နှင့် လျော်ညီစွာ အပြစ်ဒဏ်မျိုးကိုသာလျှင် ပေးရမည်။ မှုပြစ်ကျူးလွန်သူအား သက်ညှာ၍၊ စတီ အပြစ်ဒဏ်မျိုးကို ပေးခြင်းအားဖြင့် မှုပြစ်ကျူးလွန်သူများအား၊ အားပေးအားမြှောက်ပြုရာကျစေနိုင်သည့် အပြင်၊ အပြစ်ဒဏ် ကျူးလွန်မိသူများ အတွက်လည်း ဟန့်တားမှုမျိုး မရှိတော့ပေ။ ။အထူးသဖြင့် အကျင့်စခန်းတွင် ကျနေသော အကျဉ်းသားများ၊ သို့မဟုတ် ရဲဘက်များသည်၊ မှုပြစ် တခုခုကြောင့် အကျဉ်းစခန်းတွင် ကျခံနေရခြင်း ဖြစ်သည်ဟု ယင်းသို့အကျဉ်းတွင် ကျခံနေစဉ် ကောင်းမွန် တိုးတက် ပြောင်းလဲလာနိုင်သော စိတ်ဓါတ်မျိုးကို မမွေးမြူဘဲ အကျဉ်းခံနေစဉ် နောက်တဖန် ထပ်၍၊ မှုပြစ် ကျူးလွန်ခဲ့လျှင် ထို ကျူးလွန်သည့် မှုပြစ်အတွက် သတ်မှတ်ထားသော အပြစ်ဒဏ်ကို နောင်ကျဉ် ဟန့်တားစေသည့် အနေမျိုးဖြင့် ပေးရမည်။

ပြည်ထောင်စုမြန်မာနိုင်ငံ နှင့် မောင်ပု (ခေါ်) မောင်မြင့် ပါ ၂ .... ၇၁၅

သီးခြား သက်သာခွင့် ဥပဒေ ပုဒ်မ ၄၂ အရ၊ မြို့က်ဟ ကျေညာပေးရန် တရားစွဲဆိုမှု—မြို့က်ဟ ကျေညာပေးခြင်းအားဖြင့် တရားလိုတွင် အကျိုး သက်ရောက်မှု မရှိခြင်း—တရားရုံးများအနေဖြင့်ပြုသင့်မပြုသင့်—တရားမကျင့်ထုံးအမိန့် ၄၁၊ နည်း ဥပဒေ ၃၃—အောက်ရုံးတွင် နှစ်ဦးနှစ်ဘက်တင်ပြခြင်းမရှိသည့် ပြဿနာ—နည်း ဥပဒေ အရ၊ အယူခံ ရုံးအနေဖြင့် ဆုံးဖြတ်ခွင့် ရှိ မရှိ။ ။ဆုံးဖြတ်ချက်။ ။ သီးခြား သက်သာခွင့် ဥပဒေ ပုဒ်မ ၄၂ အရ၊ မြို့က်ဟချက် ဒီကရီချမှတ်သင့်မသင့်ဆိုသည့် ကိစ္စမှာမူလရုံးမှဆင်ခြင်တုံတရားလက်ကိုင်ထား၍ဆုံးဖြတ်ရသည့်

ကစ္စတခုသာ ဖြစ်သည် ဆိုခြင်းမှာ မှန်၏။ သို့ရာတွင် ယင်းသို့ ချမှတ်သည့် ဒီကရီတခုသည် တရားလို အတွက် မည်သို့မျှ လက်တွေ့ အသုံးမဝင်၊ အသုံးမချနိုင်လျှင် ထိုဒီကရီသည်အဓိပ္ပါယ် ရှိမည်မဟုတ်ပေ။ မြွက်ဟ ကျေညာ ပေးခြင်းအားဖြင့် တရားလိုတွင် အကျိုး သက်ရောက်မှု မရှိပါမူ ထိုမြွက်ဟချက်သည် အချည်းနှီးသာ ဖြစ်ပေမည်။ ထိုသို့အချည်းနှီးသာ ဖြစ်သည့် အင်္ဂါယ်မဲ့သည့် ဒီကရီမျိုးကိုတရားရုံးများ အနေဖြင့် ချမှတ်ခြင်း မပြုသင့်ပေ။ **ဖါတာဆင်း** နှင့် **ဂို့ပေါနာရိမ်း၊** အေးအိုင်၊ အာ (ရ)၊ ၁၉၂၅ ၊ အလာဟ ဘတ် ၆၃၇ (၆၃၉) (စုံညီခုံ)။ **မေဂျာဘာကာ** နှင့် **မစ္စစ်ဘာကာ၊** အေ၊ အိုင်၊ အာ (ရ)၊ ၁၉၅၅၊ မဒရာဘာရတ်၊ ၉၉ (၁၀၃) ရည်ညွှန်းသည်။ ။**ထပ်မံဆုံးဖြတ်ချက်**။ ။တရားမ ကျင့်ထုံး အမိန့် ၄၁ နည်း ဥပဒေ ၃၃ မှာ အယူခံရုံးအား မိမိလွှမ်းမှောက်တွင် ရောက်ရှိနေသော အမှုဖြစ် အမှု၏ အသွား အလာ အရာ၊ ချသင့် ချထိုက်သေည့် အမိန့်၊ သို့မဟုတ် ဒီကရီကို တရားမျှတမှုကို ရှေ ရှု၍၊ ချမှတ်နိုင်သည့် အာဏာ အပ်နှင်း ထားခြင်း ဖြစ်သည်။ ထိုအာဏာမှာ အလွန် ကျယ်ပြန့်သော အာဏာ တရပ် ဖြစ်၍၊ သတိ ဝိရိယဖြင့် အသုံးချရမည် ဖြစ်သည်။ အောက်ရုံးတွင် နှစ်ဦး နှစ်ဘက် တင်ပြခြင်း မရှိသည့် ပြဿနာ တခုကို ထိုနည်း ဥပဒေ အရ၊ အယူခံရုံး အနေဖြင့် ဆုံးဖြတ်ခွင့် မရှိပေ။

မိုဟာမက်အလီ (မုရာမက်အလီ) နှင့် အလီမာဘီဘီ (ဟလီမာဘီဘီ) ၇၃၅

အထူးအယူခံ ဝင်ခွင့်ရရန် လျှောက်ထားခြင်း—ရာဇဝတ် ကျင့်ထုံး ပုဒ်မ ၄၀၆ (က) အရ၊ အယူခံဝင်ခွင့် ရှိသော အမိန့်များ။ ။**ဆုံးဖြတ်ချက်**။ ။ရာဇဝတ် ကျင့်ထုံး ပုဒ်မ ၄၀၆ (က) အရ၊ အယူခံ ဝင်ခွင့် ပေးထားသော အမိန့်များမှာ ပုဒ်မ ၄၀၈ အရ၊ ချမှတ်သည့် အမိန့် နှစ်မျိုးနှင့် ပုဒ်မ ၄၀၉ အရ၊ ချမှတ်သည့် အမိန့် နှစ်မျိုး တို့ဖြစ်သည်။ အမှုတွင် ရာဘက် စက်ရှင် တရားသူကြီးထံ အယူခံဝင်သည့် အမိန့်သည်၊ ပုဒ်မ ၄၀၉ အရ၊ မူလရုံးက ထောက်ပံ့ကြေးငွေ ပမာဏကို ပြောင်းလဲရန် ခွင့်ပြုလိုက်သည့် အမိန့် ဖြစ်သဖြင့် အထက် ဖေါ်ပြပါ အယူခံဝင်ခွင့် ရှိသည့် အမိန့် အမှတ်စဉ် (၄) တွင်အကျုံးဝင်သည်။ ထိုကြောင့် ထိုအမိန့်သည် ပုဒ်မ ၄၀၆ (က) အရ၊ အယူခံ ဝင်ခွင့်ရှိကြောင်းထင်ရှားလေသည်။ ။**မသန်းနှင့် မောင်ထွန်းပေါ်၊** ၁၉၅၃၊ မြန်မာပြည်စီရင်ထုံး (တရားလွှတ်တော်)၊ စာ ၃၂၂၊ သုံးသပ်သည်။

ဦးလှတင် နှင့် ဒေါ်ညို ၇၆၇

အမှုခေါ် စာချွန်တော်—ပင်လယ် အကောက်တော် အက်ဥပဒေ—ပုဒ်မ ၁၆၇ (ခ) အရ၊ အကောက် အရာရှိများသည်၊ ပစ္စည်းများကို လျှို့ဝှက် ယူဆောင်လာခြင်း ဖြစ်ကြောင်း စစ်ဆေး တွေ့ရှိခြင်း—ပြင်ပသို့ တင်ပို့နိုင်ရန် မရှိးဖြောင့်သော သဘောနှင့် ယူဆောင်လာသည်ဟု ပုဒ်မ ၁၉ အရ၊ ယူဆနိုင်ခြင်း။ ။**ဆုံးဖြတ်ချက်**။ ။ပင်လယ် အကောက်တော် အက်ဥပဒေ ပုဒ်မ ၁၆၇ (ခ) အရ၊ အကောက် အရာရှိများသည် ပစ္စည်းများကို လျှို့ဝှက် ယူဆောင်လာခြင်း ဖြစ်ကြောင်း စစ်ဆေး တွေ့ရှိရလျှင်၊ ပုဒ်မ ၁၆၇ (ဂ) အရ ထိုပစ္စည်းများကို ထိုသို့ ယူဆောင် လာခဲ့ခြင်းမှာ ပြည်ပသို့ တင်ပို့နိုင်ရန် မရှိးဖြောင့်သည့် သဘောနှင့် ယူဆောင်လာသည်ဟု ပုဒ်မ ၁၉ အရ၊ ယူဆ နိုင်သည်ဟု ထည့်သွင်း ထားသဖြင့်၊ အမှုတွင် လျှောက်ထားသူ၏ ပြုမူချက်မှာ (လာရောက် ကြိုဆိုသူအား၊ ပါလာသည့် ကျောက်ထုပ်ကို လှမ်းပေးလိုက်ခြင်း) ထိုပုဒ်မပါ ပြဋ္ဌာန်းချက်များအရ၊ ကိုက်ညီ

အယူခံတရားလိုက အယူခံတရားခံသည် အခင်းဖြစ်အိမ်တွင် ခေတ္တနေထိုင်ခွင့် တောင်းရှိ ခွင့်ပြုခဲ့ကြောင်း ထင်ရှားအောင်၊ မောင်ထွေးညွှန့် (လိုပြ-၃)အား သက်သေ ထူခဲ့သည်။ ထို့ပြင် အယူခံတရားခံသည် အခင်းဖြစ် အိမ်တဆောင်လုံးကို လက်ရှိမဟုတ်ဘဲ၊ အယူခံတရားလိုတို့နှင့် အတူတကွ နေထိုင်ရသည်ဆိုသော အချက်ကို

လည်း မျက်ခြေမပြတ်သင့်ပေ၊ မူလက အခင်းဖြစ်အိမ်တွင် အယူခံတရားလိုနှင့် ၎င်း၏ ခင်ပွန်းဖြစ်သူ ရဲမှူး ဦးဘဘူဘို့ နေထိုင်ခဲ့ကြပြီး၊ ဦးဘတူ၏တူ မောင်အောင်လှမှာ ဦးဘဘူကပင် ကျွေးမွေး စောင့်မျှောက် ထားသည့်အလျောက်၊ ဦးဘဘူနှင့်အတူ နေထိုင်ခဲ့သည်ဆိုခြင်းမှာ အငြင်းမပေါက်ချေ။ မောင်အောင်လှနှင့် အယူခံတရားခံတို့ အကြောင်းပါပြီးနောက်၊ အယူခံတရားခံသည် အခင်းဖြစ်အိမ်ပေါ်သို့ ရောက်လာခြင်း ဖြစ်သည်။ မောင်အောင်လှ သေဆုံးပြီးနောက် ဦးဘဘူနှင့် အယူခံတရားလိုတို့အနေ ဖြင့် မောင်အောင်လှ၏ မျက်နှာကို ထောက်၍တကြောင်း၊ မောင်အောင်လှ၏ ကလေးများ၏ မျက်နှာကို ထောက်၍တခြောင်း၊ ထိုအကြောင်းများကြောင့် အယူခံ တရားခံအား အိမ်ပေါ်တွင် အတူလာရောက် နေထိုင်ခွင့် ပြုခဲ့သည်ဆိုခြင်းမှာ သဘာဝ ကျသည်ဟု ဆိုရမည်ဖြစ်သည်။ ထို့ကဲ့သို့ ရင်းချာသော ဆွေမျိုးများ အနေဖြင့် နေထိုင်ခွင့်ပြုရာတွင် သက်သေများ ရှေ့မှောက်၌ ပြုလုပ်ရန် အကြောင်း မရှိချေ။

အခင်းဖြစ်အိမ်ကို ကွယ်လွန်သူ ဦးဘဘူဆောက်လုပ်ခဲ့သည် ဆိုခြင်းနှင့် ပတ်သက်၍၊ ဦးကိုကိုကြီး (လိုပြ-၁)၊ ဦးရွှေရ(လိုပြ-၄)၊ ဦးကျော်ဝင်း (လိုပြ-၅)နှင့် ဦးဘိုကြီး (လိုပြ-၆)တို့၏ ထွက်ဆိုချက်များ ရှိနေသည်။ ဦးကျော်ဝင်းသည် ဦးဘတူ၏ လက် အောက်ဘွင် ရဲသားအဖြစ်ဌင်း၊ ရဲကြပ်အဖြစ်ဌင်း၊ နှစ်ပေါင်း မြောက်မြားစွာလုပ်ကိုင် ခဲ့ဘူးသဖြင့် ဦးဘဘူအား ရင်းရင်းနှီးနှီး သိမျိသူတဦးဖြစ်သည်။ ဦးဘတူသည် ၎င်း၏ အိုနာစာ ရုံပုံငွေမှ ငွေထုတ်ကာ အိမ်ဆောက်ကြောင်း၊ အိမ်ဆောက်စဉ်က သစ်သား သွပ်၊ သံစသည့် အိမ်ဆောက်ပစ္စည်းများ ဦးဘဘူအတွက် ဝယ်ပေးရကြောင်း ထွက်ဆို ခဲ့၏။ ဦးရွှေရမှာ အိမ်ဆောက်စဉ်က လက်သမားတဦးဖြစ်ပြီး၊ အိမ်ကို ဦးဘတူကပင် ဆောက်ကြောင်း အစစ်ခံသွားသည်၊ ထို့ပြင် အယူခံတရားလိုတို့က အိမ်ဆောက်ရာတွင် အသုံးပြုသည့် အိမ်ဆောက်ပစ္စည်းများ ဝယ်ယူသည့်ဘောက်ချာ စာရွက်စာတမ်း (သက်သေခံ ခ-အတွဲ) များကို တင်ပြနိုင်ခဲ့သည်။

အယူခံတရားခံက အခင်းဖြစ်အိမ်ကို ဦးဘတူပင် ဆောက်လင့်ကစား၊ ဦးဘတူ သည် မောင်အောင်လှ၏ငွေဖြင့် ဆောက်လုပ်ခြင်းသာ ဖြစ်သည်ဟု ထုချေခဲ့သည်။ အခင်းဖြစ်အိမ်ကို ဒုတိယ က မ္ဘာစစ်ကြီးမဖြစ်ပွါးမီ ၁၉၄၀ ခုနှစ်လောက်ကဆောက်လုပ် ခဲ့ပြီး၊ ထိုစဉ်က မောင်အောင်လှမှာ ကျောင်းတွင် ပညာဆည်းပူးလျက်ရှိသည့် ကျောင်း သားတယောက်သာ ဖြစ်ကြောင်း အငြင်းမပွါးချေ။ သို့ဖြစ်ရာ မောင်အောင်လှသည် ကျောင်းသားတဦးသာဖြစ်၍ သာမန်အားဖြင့် အိမ်တဆောင်ဆောက်ရန် ငွေကြေး ရှိနိုင်မည် မဟုတ်ပေ။ သို့ရာတွင် အယူခံတရားခံက မောင်အောင်လှသည်၊ ယိုးဒယား ထီ ပေါက်၍ ငွေ ၅,၀၀၀ ကျပ်ရခဲ့၍ ထိုငွေဖြင့် အိမ်ဆောက်ခဲ့သည်ဟု ဆိုလာ၏။ ယင်းသို့ ယိုးဒယားထီပေါက်၍ ငွေ ၅,၀၀၀ ကျပ် ရခဲ့သည်ဆိုခြင်းနှင့် ပတ်သက်၍

၁၉၆၇ ခေါ်လှခင် ပါ ၂ နှင့် မသိန်းတင်။

သက်သေအထောက်အထား လုံးဝမရှိပေ။ မောင်အောင်လှ ထီပေါက်သည် ဆိုခြင်းနှင့် ပတ်သက်၍ အယူခံတရားလိုတို့က မောင်အောင်လှသည် ဂျပန်ခေတ်တွင် အခြားသူ ၃ ဦးနှင့် အတူ အစုစပ် ငါးထောင်စု ထီပေါက်ကြသဖြင့် ခွဲဝေယူကြကြောင်း တင်ပြကာ၊ ထီအစုစပ်ထိုး၍ ဝေစုရခဲ့သူ ကိုအုံးဖေ (လိုပြ-၂) အား သက်သေထူခဲ့သည်။ ကိုအုံးဖေက မောင်အောင်လှနှင့်အတူ ဂျပန်ခေတ်က ထင်းကုန်ကူးရောင်း ထီစပ်တူထိုးသဖြင့် ထီပေါက်၍ ခွဲဝေယူရကြောင်း ထွက်ဆိုခဲ့ရာ၊ ၎င်း၏ထွက်ဆိုချက်အား သံသယရှိရန် အကြောင်း ရှိသည်ဟု အယူခံတရားခံဘက်မှ စွပ်စွဲချက်မရှိချေ။ ထိုကဲ့သို့ ထီပေါက်သော အချိန်မှာ ဂျပန်ခေတ်ဖြစ်၍ အခင်းဖြစ်အိမ်ကို ဦးဘတူက ဆောက်လုပ်ထားပြီးဖြစ်ရာ၊ ထီပေါက်၍ရသော မောင်အောင်လှ၏ ငွေဖြင့် အိမ်ဆောက်သည် ဆိုခြင်းမှာ အခြေအမြစ် မရှိနိုင်ပေ။

[မြေပေါ်တွင် တည်ရှိသော အဆောက်အဦသည် မြေရှင်၏ပစ္စည်းသာ ဖြစ်သည်ဟု ကောက်ယူရမည်။ (***Quicquid plantatur solo, solo cedit***) ဆိုသော ဥပဒေ စကားပုံသည် မြန်မာပြည်နှင့် လုံးဝ မသက်ဆိုင်ဟု မဆိုသာပေ။ အမှုကို လိုက်၍ အကြောင်းခြင်းရာအပေါ် မူတည်လျက်၊ ထိုဥပဒေစကားပုံသည် အကျုံးဝင်-မဝင် ဆိုခြင်းကို ဆုံးဖြတ်ရမည် ဖြစ်သည်] ။ **ဦးဖန်နှင့် တဦးနှင့် ဒေါ်မြိုင်နှင့် နှစ်ဦး** (၁) (ထိုစကားပုံ၏ အဓိပ္ပါယ်မှာ လူတဦးသည် မိမိပိုင်မြေမဟုတ်ဘဲ၊ သူတပါး၏ မြေပေါ်တွင် ဌေးကြေးအကုန်အကျခံ၍ အိမ်ဆောက်မည်မဟုတ်ဟုဆိုသော အခြေခံ သဘောတရားပင် ဖြစ်သည်။ သို့ဖြစ်ရာ သူတပါး၏မြေပေါ်တွင် ဆောက်လုပ်ထားသော အိမ်သည် မိမိ၏အိမ်ဖြစ်သည်ဟု တဦးတယောက်က စွပ်စွဲလာလျှင်၊ ထိုကဲ့သို့ စွပ်စွဲလာသူက မိမိအိမ်ဖြစ်ကြောင်း ထင်ရှားအောင် သက်သေပြရန် တာဝန်ရှိပေသည်)။ ယခုအမှုတွင် အခင်းဖြစ်အိမ် ဆောက်လုပ်ထားသော မြေမှာ ဦးဘတူနှင့် အယူခံတရားလိုတို့အား အစိုးရက ဂရုဖြင့် ထုတ်ပေးခဲ့သည့်မြေဖြစ်ကြောင်း၊ အောက်ခံမူအမှုတွဲ၌ ပေါ်ပေါက်နေသဖြင့် ထိုမြေပေါ်တွင် ဆောက်လုပ်ထားသည့် အိမ်သည် မောင်အောင်လှအိမ်ဖြစ်ကြောင်း ထင်ရှားအောင် ပြသရန်တာဝန်မှာ အယူခံတရားခံအပေါ် ကျရောက်နေလေသည်။ အယူခံတရားခံအနေဖြင့် ထိုတာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ခြင်း မပြုနိုင်ခဲ့ပေ။

အမှုတခုလုံးကို ခြုံ၍ကြည့်လျှင်၊ အယူခံတရားခံ၏ ခင်ပွန်း မောင်အောင်လှသည် ဦးဘတူ၏ တူအဖြစ် ဦးဘတူ၏အိမ်၌ နေထိုင်ကာ၊ ဦးဘတူကပင် ကျောင်းထားပြီး ကျွေးမွေးစောင့်ရှောက်ခဲ့ရသည်။အယူခံတရားလိုသည်မောင်အောင်လှနှင့် အကြောင်းပါပြီးနောက်၊ အခင်းဖြစ်အိမ်ပေါ် သို့ ရောက်လာခြင်းဖြစ်ရာ ဇနီးဖြစ်သူ၏ ဇနီးအနေဖြင့်

(၁) ၁၉၄၉၊ မြန်မာပြည်စီရင်ထုံး၊ ၂၀၈ (တရားလွှတ်တော်)။

၁၉၆၇

ဒေါ်လှခင် ပါ ၂ နှင့် မသိန်းတင်။

ဦးဘဘူက အတူနေထိုင်ရန်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။ မောင်အောင်လှကွယ်လွန်ပြီးနောက် လည်း၊အယူခံ တရားလိုနှင့် သားသမီးများအား ဦးဘဘူနှင့် အယူခံတရားလိုတို့က ကွယ်လွန်သူအား ထောက်ထားကာ အိမ်ပေါ်တွင် လာရောက်နေထိုင်ရန် ခွင့်ပြုခဲ့ခြင်း ဖြစ်ကြောင်းပေါ်လွင် ထင်ရှားနေသည်၊ သို့ဖြစ်ရာ၊ ထိုကဲ့သို့ခွင့်ပြုခဲ့သော အခွင့်အမိန့်ကို ရုပ်သိမ်းလိုက်လျှင်၊အယူခံတရားခံအနေဖြင့် အခင်းဖြစ် အိမ်ပေါ်၌ ဆက်လက်နေထိုင်ရန် အခွင့်အရေးမရှိတော့ပေ။

ဦးဘဘူသည် မသေမီက အခင်းဖြစ်အိမ်အပေါ် မိမိ၏ပိုင်ဆိုင်ခွင့်ကို အယူခံတရားလိုတို့အား စွန့်လွှတ်စာတမ်းပြု၍ စွန့်လွှတ်ခဲ့သည်။ ထိုကိစ္စနှင့် ပတ်သက်၍ အယူခံတရားခံ၏ ပညာရှိရွှေနေကြီးက မြန်မာဗုဒ္ဓဘာသာ ဥပဒေအရ လင်သေလျှင် မယားပိုင်သည်၊ မယားသေလျှင် လင်ပိုင်သည်ဆိုသော သဘောတရားအရ ဦးဘတူသည် အခင်းဖြစ် အိမ်နှင့်ပတ်သက်၍ စွန့်လွှတ်ရန်အကြောင်း မရှိပါလျက် စွန့်လွှတ်စာတမ်းပြုလုပ်ခဲ့သဖြင့် ၎င်း၏ ပြုမူချက်မှာ သံသယမကင်းစရာ ဖြစ်သည်ဟု တင်ပြလာ၏။ ဦးဘဘူသည် စွန့်လွှတ်စာတမ်း ပြုလုပ်ခဲ့ရာ၌၊ မည်သို့ မည်ပုံ ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခဲ့သည်ဟု တဆစ်ချု မပြောနိုင်သော်လည်း၊ အယူခံတရားလို ဒေါ်လှခင်သည် ဦးဘဘူ၏ ဒုတိယဇနီး ဖြစ်သည်သာမက၊ မောင်အောင်လှအား ဦးဘတူက ငယ်စဉ်ကပင် ကျေးဇူးစောင့်ရှောက်ကာ ပညာသင်ပေးခဲ့သဖြင့်၊ ဦးဘတူသည် ၎င်းသေဆုံးသွားသည့် အချိန်တွင် ၎င်း၏ ပစ္စည်းကို အမွေ ဆက်ခံရာ၌၊ အယူခံတရားလို ဒေါ်လှခင်အပြင်၊ အခြား အမွေဆိုင်ရှိသည်ဟု အငြင်းပွါးလာမည့် ကိစ္စကို ကြိုတင်ကာကွယ်သည့် အနေဖြင့်ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု ယူဆဘွယ်ရာအကြောင်းပေါ်ပေါက်နေလေသည်။ မည်သို့ပင်ဖြစ်စေ၊ဆိုကိစ္စမှာအယူခံတရားခံသည်အခင်းဖြစ်အိမ်၌အခွင့်အမိန့်နှင့်နေထိုင်ခဲ့ခြင်းဟုဘ်-မဟုဘ်ဆိုသောပြဿနာနှင့် တိုက်ရိုက်အကျုံးဝင်ခြင်းရှိသည်ဟုမဆိုနိုင်ချေ။

နောက်ဆုံး စဉ်းစားရမည့် အချက်မှာ ရုံးခွန်တော်ကိစ္စ ဖြစ်သည်။ (အခွင့်အမိန့်အရ နေထိုင်သူတဦးကို ဥပစာမှ နှင်ထုတ်လိုမှု စွဲဆိုသောအခါ၊ ရုံးခွန်တော်ကို ရုံးခွန်တော်ဥပဒေ နောက်ဆက်တွဲ ၂၊အပိုဒ် ၁၇၊ အပိုဒ်ငယ်(၆)အရသာ တွက်ချက်၍ ပေးဆောင်ရမည် ဖြစ်သည်။ ဥပစာ၏တန်ဘိုး အပေါ် တွက်ချက်၍ ရုံးခွန်တော် ထမ်းဆောင်ရန် မလိုပေ။) ဤကိစ္စ နှင့် ပတ်သက်၍ **တိုးဝယ်လ်အာမက်** နှင့် **မောင်တင်(၂)** တို့ စီရင်ထုံးရှိ အောက်ပါဆုံးဖြတ်ချက်ကို ရည်ညွှန်းလိုပေသည်။

> "A suit by owner of a house to eject his licensee is governed as regards court-fees by Article 17, Clause vi of Schedule II of the Court Fees Act."

(၂) ၁၉၆၀၊ မြန်မာပြည်စီရင်ထုံး၊ ၉၇ (တရားလွှတ်တော်)။

၁၉၆၇

ဒေါ်လှခင် ပါ ၂ နှင့် မသိန်းတင်။

ယခုအမှုတွင် အယူခံတရားလိုတို့သည် မူလရုံးတွင်ငင်း၊ ဤအယူခံရုံးတွင်ငင်း ရုံးခွန်တော် ဥပဒေ နောက်ဆက်ဘဲ ၂၊ အပိုဒ် ၁၇(ဖ) အရ၊ ရုံးခွန်တော်ငွေ ၂၀ ကျပ် စီသာ ပေးဆောင်ရမည့်အစား၊ ဥပစာ၏တန်ဘိုးအပေါ် တွက်ချက်၍ ရုံးခွန်တော် ၉၅၀ ကျပ်ကို မှားယွင်း၍ ပေးဆောင်ခဲ့၏။ ယင်းသို့ (မှားယွင်းပြီး ရုံးခွန်တော်ကို ပို၍ ထမ်းဆောင်ခဲ့ပါမူ၊ လိုသည်ထက်ပို၍ ထမ်းဆောင်ခဲ့သည့် ရုံးခွန်တော်၏တန်ဘိုးကို ပြန်အမ်းရန်၊ ရုံးခွန်တော် ဥပဒေ ပုဒ်မ ၁၃၊ ၁၄ နှင့် ၁၅ တို့တွင် အကျုံးဝင်ခြင်း မရှိစေကာမူ၊ တရားရုံး အနေဖြင့် တရားမကျင့်ထုံး ပုဒ်မ ၁၅၁ တွင် အပ်နှင်းထားသည့် မူလဘူတအာဏာအရ၊ အမိန့်ချမှတ်နိုင်သည် ဆိုခြင်းမှာ ယုံမှားဘွယ် မရှိနိုင်ပေ)။ ထိုကိစ္စနှင့်ပတ်သက်၍ **ချွတ်ကလင်ဂန်အင်ဘလန်** နှင့် **မောင်တင်** နှင့် **အများ** (၃) တို့အမှု၌၊ အောက်ပါအတိုင်း ဆုံးဖြတ်ထားသည်ကို တွေ့မြင်နိုင်၏။

> "But where a court-fee has been paid by a litigant of a larger amount than that exigible under the Court Fees Act the Court has inherent jurisdiction to order that the excess court-fee be refunded *ex debito justitiae*."

မဒရပ်ပြည်နယ်နှင့် အော်ဒင်မားနှင့် အများ (၄) တို့အမှုတွင် အောက်ပါအတိုင်း ကောက်ယူခဲ့၏။

> "The Court can order a refund of court-fees only (1) where the Court-fees Act applies; (2) where there is an excess payment by mistake or (3) where, on account of the mistake of a Court a party has been compelled to pay court-fees either wholly or in part. Outside these cases the Court has no authority to direct a refund."

ဘုံဘိုင်တရားလွှတ်တော်မှလည်း **ဗီရ်ရှုးပရာဆတ်မိုဒီ** နှင့် **နာရန်ဒတ်စ်မိုဟင်လာမိုဒ်** (၅) တို့အမှု၌ အလားတူဆုံးဖြတ်ခဲ့သည်။

> "Even in cases not covered by sections 13, 14 and 15, Court-fees Act, the Court can under section 151, Civil Procedure Code, order refund of court-fees paid in excess either by mistake, inadvertence or oversight . . ."

---

(၃) အတွဲ ၁၄၊ ရန်ကုန်၊ ၁၇၃ (စုံညီခုံ)။
(၄) အေ၊ အိုင်၊ အာ (ရ)၊ ၁၉၄၉၊ မဒရပ်၊ ဂ၅၅။
(၅) အေ၊ အိုင်၊ အာ(ရ) ၁၉၅၀၊ ဘုံဘိုင်၊ ၄။

မဃာစနကာဘာတယရှိနှင့် အများနှင့် ဂေါင်ရီစန်ကာမတီလာနှင့် အများ (၆) တို့အမှုတွင် ကာလကတ္တား တရားလွှတ်တော်မှ၊ ထိုအတိုင်းပင် အောက်ပါအတိုင်း ဒေါ်လှခင် ပါ ၂ နှင့် မသိန်းတင်။ ၁၉၆၇

"When a party is found to have paid court-fees in excess of what is required to be paid under the law an order for the refund of the excess court-fees should be and is usually made, under the inherent powers of the Court under section 151, Civil Procedure Code . . ."

မဟာဒေယိုဂင်နတ်ရှိနှင့် ကေရှပ်ဖခန်ဒီရောင်နှင့် အများ (၇) တို့အမှုရှ အောက်ပါ ဆုံးဖြတ်ချက်ကိုလည်း ရည်ညွှန်းလိုပေသည်။

"An applicant is entitled to the refund of the court-fees paid by him under an erroneous order of the Court. Even in cases not covered by sections 13, 14 and 15 of the Court-fees Act, 1870, the Court can, under section 151 of Civil Procedure Code, order refund of court-fees paid in excess either by mistake, inadvertence or oversight under some wrong order of the Court."

အထက်ပါ အခြောင်းရပ်များကြောင့် အောက်ခုံး စီရင်ချက်များနှင့် ဒီကရီတို့ကို ပယ်ဖျက်ပြီး၊ အယူခံတရားလို (မူလတရားလို) တို့ စွဲဆိုသည့်အတိုင်း၊ အယူခံတရားခံ (မူလတရားခံ) အား အခင်းဖြစ်အိမ်မှ နှင်ထုတ်ရန် ဒီကရီကို နှစ်ခုံးစလုံး၏ တရားစရိတ် နှင့်တကွ ချမှတ်ပေးလိုက်သည်။ ရွှေနေစရိတ် ၅၁ ကျပ် သတ်မှတ်သည်။အယူခံတရားလို တို့အား၊ အယူခံသွာတွင်ပို၍ ပေးဆောင်ထားသည့် ရုံးခွန်တော်အတွက် လက်မှတ် ထုတ်ပေးပါ။ မူလခုံးတွင် ပိုပြီးပေးဆောင်ခဲ့သော ရုံးခွန်တော်နှင့်ပတ်သက်၍၊ မူလ ခုံးသို့ ပြန်အပ်ရန် လျှောက်ထားရမည်။ယင်းသို့ လျှောက်ထားသောအခါ၊မူလခုံးက လက်မှတ် ထုတ်ပေးရမည် ဖြစ်သည်။

---

(၆) အေ၊ အိုင်၊ အာ (ရဲ)၊ ၁၉၅၄၊ ကာလကတ္တား၊ ၂၅၆။

(၇) အေ၊ အိုင်၊ အာ (ရဲ)၊ ၁၉၅၇၊ အမ်ဘီ၊ ၁၆၀။

နိုင်ငံတော်တရားရုံးချုပ်

တရားမပြင်ဆင်မှု

တရားသူကြီး ဦးသက်ဖေရွှေတွင်

† ၁၉၆၇ ဖေဖော်ဝါရီလ ၁၁ ရက်။

ဒေါ်သန်း (ပြင်ဆင်ရန်လျှောက်ထားသူ)

နှင့်

မမြရီ (ပြင်ဆင်ရန်လျှောက်ထားခံရသူ)*

အမွေပစ္စည်းကို ရုံးမှ စီမံအုပ်ထိန်းကာ ခွဲဝေပေးရန် တရားစွဲဆိုမှု —တရားမကျင့်ထုံးအမိန့် ၂၀ နည်း၃ပဒေ ၁၃—ပဏာမ ဒီကရီပါ ညွှန်ကြားချက်အပေါ် မူတည်၍အပြီးသတ် ဒီကရီကို ရေးဆွဲရန်ဖြစ်ခြင်း—ဇာရီပြုလုပ်သောအချိန်အခါရောက်မှသာ လက်ရောက်အပ်ပေးရမည့်ကိစ္စ ပေါ် ပေါက်လာမည်ဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။အမွေပစ္စည်းတခုကိုရုံးမှ စီမံအုပ်ထိန်းကာ ခွဲဝေပေးရန်စွဲဆိုသည့်အမှုတွင် ချမှတ်ရမည့် ဒီကရီကို တရားမကျင့်ထုံး အမိန့် ၂၀၊ နည်း၃ပဒေ ၁၃ တွင် ပြဋ္ဌာန်းထားသည်။ ပဌမပဏာမ ဒီကရီကိုချမှတ်ပြီးနောက်မှ အပြီးသတ် ဒီကရီကိုချမှတ်ပေးရမည်ဖြစ်သည်။ အပြီးသတ် ဒီကရီကို မည်သို့မည်ပုံ ရေးဆွဲရမည်ဟု သတ်မှတ်ချက်မရှိချေ။ သို့ဖြစ်ရာ ပဏာမ ဒီကရီပါ ညွှန်ကြားချက်များအပေါ် မူတည်၍ အပြီးသတ်ဒီကရီကို ရေးဆွဲရန်ဖြစ်သည်။

အပြီးသတ် ဒီကရီချမှတ်သည့်အချိန်တွင် လက်ရောက်အပ်ပေးရမည့် ကိစ္စသည် လက်ငင်းပေါ် ပေါက်ခြင်းမရှိနိုင်ပေ၊ ထိုကိစ္စမျိုးမှာ အပြီးသတ်ဒီကရီကို ဇာရီပြုလုပ်သောအချိန်အခါရောက်မှသာ ပေါ် ပေါက်လာမည်ဖြစ်သည်။ သို့ဖြစ်ရာ ဤရုံးမှ ၁၉၆၄ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက် နေ့စွဲပါ ညွှန်ကြားချက်သည်အပြီးသတ်ဒီကရီချမှတ်ရန်ကိစ္စတွင် ပိတ်ပင်တားဆီးခြင်းမရှိပေ။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဦးခင်မောင် (၄)။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။

တရားသူကြီး ဦးသက်ဖေ။ ။လျှောက်ထားသူ ဒေါ်သန်းက၊ လျှောက်ထားခံရသူ မမြရီ အပေါ်၊ တောင်ငူမြို့၊ မြို့နယ်တရားမရုံး၌ ကွယ်လွန်သူ ဒေါ်ဖွါးခင်၏ ပစ္စည်းဖြစ်သည့် တောင်ငူမြို့၊ အမှတ် ၃၊ အိုးကုန်း ဂတ်တဲရပ်ကွက်အုပ်စု အမှတ်

---

* ၁၉၆၆ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၅။

† ၁၉၆၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၀ တွင် ၁၉၆၆ ခုနှစ်၊ မေလ ၁၁ ရက်နေ့စွဲပါတောင်ငူမြို့ မြို့နယ် တရားမ တရားသူကြီးရုံးတော်၏ ချမှတ်သောဒီကရီကိုပြင်ဆင်မှု။

၁၁၊ အာဏက်အမှတ် ၇၊ မြေကွက်နံပါတ် ၃ ကို ရုံးမှစီမံအုပ်ထိန်းကာ ခွဲဝေပေးရန် တရားစွဲဆိုရာ ၁၉၆၃ ခု၊ မေလ ၃ ရက်နေ့တွင်၊ ပညာရှိမြို့နယ်တရားမ တရားသူကြီးသည် ပဏာမ ဒီကရီချမှတ်ခဲ့၏။ ထိုပဏာမဒီကရီ၌ ဒေါ်သန်းသည် အခင်းဖြစ် မြေကွက်အပေါ် ၆ ပုံ ၅ ပုံ ပိုင်ဆိုင်ခွင့်ရှိပြီး၊ မမြရီက ကျန် ၆ ပုံ ၁ ပုံပိုင်ဆိုင်ခွင့်ရှိကြောင်း၊ ထိုအချိုးအတိုင်း မြေကိုခွဲဝေယူကြရမည် ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

ထိုနောက် ပညာရှိမြို့နယ် တရားမ တရားသူကြီးသည်၊ တောင်ငူမြို့၊ လယ်ဝန်ရုံးမှ မြေတိုင်းစာရေး ဦးကြည်အား၊ ပဏာမ ဒီကရီတွင် ပြဋ္ဌာန်းထားသည့် အတိုင်း မြေကိုခွဲခဲ့စိတ်ရန် ကော်မရှင်နာခန့်အပ်ခဲ့၏။ သို့ခန့်အပ်ခဲ့သည့်အလျောက် ကော်မရှင်နာသည် မြေကို ၆ ပုံတိတိ တိုင်းတာ ခွဲစိတ်ကာ ခွဲစိတ်ထားသည့် မြေပုံကို ရုံးသို့တင်ပြခဲ့သည်။ ထိုကဲ့သို့ ကော်မရှင်နာ ခွဲစိတ်ပေးခဲ့သည်ကို အတည်ပြုပြီး မိမိရသင့်ရထို က်သောမြေ၏ ၆ ပုံ ၅ ပုံကို လက်ရောက်အပ်ပေးကာ အပြီးသတ် ဒီကရီချပေးရန် ဒေါ်သန်းက လျှောက်ထားရာ၊ ပညာရှိ မြို့နယ်တရားမ တရားသူကြီးက တရားရုံးချုပ်၏ ၁၉၆၄ ခု၊ ဇန်နဝါရီလ ၁၈ ရက်နေ့စွဲပါ စာအမှတ် ၂၃၂/၂၀၊ ၁၅၅ (၆၃) အရ၊ မရွှေမပြောင်းနိုင်သည့် ပစ္စည်းများမှ နှင်ထုတ်သည့် ဒီကရီကို အကျိုးသက်ရောက်စေရန် အခရားယူ ဆောင်ရွက်ခြင်းမှ ခေတ္တရပ်ဆိုင်းထားရန် ညွှန်ကြားထားသည့် အလျောက်၊ အပြီးသတ် ဒီကရီချမှတ်ခြင်း မပြုနိုင်ဘဲ ရပ်ဆိုင်းထားရမည်ဟု အမိန့်ချမှတ်ခဲ့၏။ ထိုအမိန့်ကို ဒေါ်သန်းက မကျေနပ်သဖြင့် ပြင်ဆင်ပေးရန် ဤအမှုကို တင်သွင်းလာခြင်း ဖြစ်သည်။ လျှောက်ထားခံရသူ မမြရီမှာ ၎င်းအပေါ် အခကြောင်းကြားစာ အဘည်ဖြစ်သော်သည်း မလာရောက်သဖြင့် ဤအမှုကို တဘက်သတ်ကြားနာခဲ့ရလေသည်။

(အခမဲ့ပစ္စည်းတခုကိုရုံးမှ စီမံအုပ်ထိန်းကာ ခွဲဝေပေးရန် စွဲဆိုသည့်အမှုတွင် ချမှတ်ရမည့် ဒီကရီကို တရားမကျင့်ထုံး အမိန့် ၂၀၊ နည်းဥပဒေ ၁၃ တွင် ပြဋ္ဌာန်းထားသည်။ ပဌမ ပဏာမ ဒီကရီကို ချမှတ်ပြီးနောက်မှ အပြီးသတ် ဒီကရီကို ချမှတ်ပေးရမည်ဖြစ်သည်။ အပြီးသတ် ဒီကရီကို မည်သို့မည်ပုံ ရေးဆွဲရမည်ဟု သတ်မှတ်ချက်မရှိချေ။ သို့ဖြစ်ရာ ပဏာမ ဒီကရီပါ ညွှန်ကြားချက်များ အပေါ် မတည်၍ အပြီးသတ် ဒီကရီကို ရေးဆွဲရန်ဖြစ်သည်)။

ယခုအမှုဘွင် ပဏာမ ဒီကရီ၌ ဒေါ်သန်းသည် အခင်းဖြစ်မြေအပေါ် ၆ ပုံ ၅ ပုံ ကို ပိုင်ဆိုင်ပြီး၊ မမြရီက ၆ ပုံ ၁ ပုံသာ ပိုင်ကြောင်း။ ထိုမြေကို ထိုအချိုးအတိုင်း ခွဲဝေကာ လက်ရောက်အပ်ပေးရမည် ဖြစ်ကြောင်း သတ်မှတ်ခဲ့၏။ ထိုသတ်မှတ်ချက်အရ ပညာရှိမြို့နယ်တရားမ တရားသူကြီးသည် မြေကို ခွဲစိတ်ရန် ကော်မရှင်နာ ခန့်ထားခဲ့၏။ ကော်မရှင်နာကသည်း ရုံးအမိန့်အတိုင်း မြေကိုတိုင်း

ထွာကာ မြေပုံနှင့်တကွ အစီရင်ခံခဲ့၏။ ထိုကဲ့သို့ တင်ပြခဲ့သော အစီရင်ခံစာကို လက်ခံသင့် မသင့် ဆုံးဖြတ်ရန် တာဝန်သည် ရုံးအပေါ်၌ ကျရောက်နေသည်။ အကယ်၍ လက်ခံသင့်သည်ဟု ယူဆပါက ထိုအစီရင်ခံစာအပေါ် မူတည်၍အပြီးသတ် ဒီကရီချမှတ်ရန်သာရှိသည်။ အစီရင်ခံစာကို လက်မခံနိုင်သည့် အကြောင်းရှိလျှင် ပဏာမ ဒီကရီနှင့်အညီ အခြားသင့်လျော်သည့် ဆောင်ရွက်ချက်ကို ဆက်လက် ပြုလုပ်ရမည်ဖြစ်သည်။ (အပြီးသတ် ဒီကရီ ချမှတ်သည့် အချိန်တွင် လက်ရောက် အပ်ပေးရမည့် ကိစ္စသည် လက်ငင်းပေါ်ပေါက်ခြင်း မရှိနိုင်ပေ။ ထိုကိစ္စမျိုးမှာ အပြီးသတ် ဒီကရီကို ဇာရီပြုလုပ်သော အချိန်အခါ ရောက်မှသာ ပေါ်ပေါက် လာမည်ဖြစ်သည်။ သို့ဖြစ်ရာ ဤရုံးမှ ညွှန်ကြားချက်သည် **ယခုအမှု၌** အပြီးသတ် ဒီကရီချမှတ်ရန်ကိစ္စတွင် ပိတ်ပင်တားဆီးခြင်းမရှိပေ)။

အထက်ပါအကြောင်းရပ်များကြောင့် အပြီးသတ် ဒီကရီ ချမှတ်ခြင်းမှ ရပ်ဆိုင်းထားသည့် အောက်ရုံး၏ အမိန့်မှာ တရားဥပဒေနှင့် အထင်အရှား မှားယွင်းနေကြောင်း ပေါ်လွင်နေသဖြင့် ပယ်ဖျက်ရမည် ဖြစ်သည်။ သို့ပါ၍ ၁၉၆၆ ခု၊ မေလ ၁၁ ရက်နေ့စွဲပါ အောက်ရုံးပညာရှိ တရားသူကြီး၏ အမိန့်ကို ပယ်ဖျက်ပြီး အပြီးသတ် ဒီကရီချမှတ်ပေးရန် ဒေါ်သန်း၏ လျှောက်ထားချက်ကို တရားဥပဒေအရ ဆက်လက် ကြားနာဆုံးဖြတ်ရန် အမိန့်ချမှတ်လိုက်သည်။ လျှောက်ထားခံရသူသည် လျှောက်ထားသူ၏ တရားစရိတ်ကို ကျခံရမည် ဖြစ်သည်။ ရှေ့နေစရိတ် ၃၀ ကို သတ်မှတ်သည်။

နိုင်ငံတော်တရားရုံးချုပ်

တရားမကြီးမှု

တရားသူကြီးဦးသက်ဖေချောတင်

ပါရပ် (စ်) စရမ်ဂိုစိန် (တရားလို)

နှင့်

နာမယ် (လ်) ဆင်း (တရားခံ)*

၁၉၆၇

ဇန္နဝါရီလ ၂၅ ရက်။

အမွေဆက်ခံခြင်း အက်ဥပဒေ ပုဒ်မ ၂၃၂—သေတမ်းစာ အတည်ပြုသူက တရားရုံးအား စိတ်ကျေနပ်လောက်အောင် အထောက်အထား တင်ပြရန် တာဝန်ရှိခြင်း—သေတမ်းစာသည် မှန်ကန်သော သေတမ်းစာဟုတ် မဟုတ်ဆိုခြင်းကို သေတမ်းစာအတည်ပြုသည့်ရုံးက သတိဝိရိယဖြင့် စီစဉ်ရန် ဝတ္တရားရှိခြင်း—သေတမ်းစာ အတည်ပြုသူ၏ သက်သေထူရန် တာဝန်—ကန့်ကွက်သူ၏ သက်သေထူရန်တာဝန်—သေတမ်းစာတွင် သေတမ်းစာ အတည်ပြုသူခန့်ထားခြင်း မရှိမှုသာ အမွေစားအမွေခံတဦးက သေတမ်းစာပူးတွဲပါသည့် အမွေထိန်းစာကို တောင်းခံနိုင်ခြင်း—သေတမ်းစာတခုသည် မှတ်ပုံတင်ထားခြင်း မရှိလျှင် လက်မခံရဟု ပြဋ္ဌာန်းထားသောဥပဒေ ရှိမရှိ—သေတမ်းစာ အတည်ပြုချက်လက်မှတ် လျှောက်ထားသည့်အမှုများတွင် သေတမ်းစာကိုနေရာတကျပြုလုပ်ခဲ့ခြင်းရှိမရှိ၊ သေတမ်းစာအရ ထိန်းသိမ်းအုပ်ချုပ်ရန် ပစ္စည်းရှိမရှိဆိုသော အချက်တို့ကိုသာ စဉ်းစားရခြင်း။

ဆုံးဖြတ်ချက်။ ။သေတမ်းစာကိုအတည်ပြုရန် လျှောက်ထားသည့်အမှုများတွင် သေတမ်းစာကိုနေရာတကျရေးသားခဲ့ပြီး မှန်ကန်ကြောင်း ဝန်ခံချက်နှင့်ပြည့်စုံမှုသာ ရုံးတော်အနေဖြင့်သေတမ်းစာ အတည်ပြုချက်လက်မှတ်ကိုသော်၎င်း၊ သေတမ်းစာ ပူးတွဲပါသည့် အမွေထိန်းလက်မှတ်ကို သော်၎င်း ထုတ်ပေးရမည်ဖြစ်သည်။ တင်ပြလာသည့် သေတမ်းစာကို သေတမ်းစာရေးသားသူက တရားဥပဒေနှင့်အညီ လက်မှတ်ရေးထိုးခဲ့ခြင်း၊ သေတမ်းစာရေးသားသူသည် သေတမ်းစာရေးသားစဉ် အချိန်က ခိမိ၏ပြုမူချက်ကို သိရှိနားလည်သည့် အခြေအနေတွင်ရှိခြင်းစသည့် အချက်အလက်များကို သေတမ်းစာ အတည်ပြုသူက တရားရုံးအား စိတ်ကျေနပ်လောက်အောင် အထောက်အထား တင်ပြရန်တာဝန်ရှိလေသည်။ သေတမ်းစာတွင် အမွေစားအမွေခံအဖြစ် ဖေါ်ပြထားသူ တဦးက သေတမ်းစာကိုအတည်ပြုရန် လျှောက်ထားလာသည့်အခါ ထိုသေတမ်းစာသည် မှန်ကန်သော သေတမ်းစာဟုတ် မဟုတ် ဆိုခြင်းကို သေတမ်းစာ အတည်ပြုသည့်ရုံးက သတိဝိရိယဖြင့်စီစစ်ရန် ဝတ္တရားရှိပေသည်။

ဂွန်တီဘိုင် နှင့် ကန်ချီဒီလာလ်၊ အေ၊ အိုင်၊ အာ၊ ၁၉၄၉ ပရီဗီကောင်စီ၊ စာ ၂၇၂။ ။ ဒေါင်ဒေလေး နှင့် ဒဗယူကူးပါး၊ ၁၉၅၁ ခု၊ မြန်မာပြည်စီရင်ထုံး၊ စာ ၃၂၆ (တရားလွှဲတော်) ရည်ညွှန်းသည်။

---

* ၁၉၆၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅၇။

၁၉၆၇ ပါရဂူ (စ်) စရမ် ဂိုဝိန် နှင့် နာမယ်(လ်) ဆင်း။

သေတမ်းစာအတည်ပြုရန် လျှောက်ထားသည့်အမှုတိုင်းတွင် တင်ပြလာသော သေတမ်းစာသည် လိမ်လည်တင်ပြသည့်သေတမ်းစာဖြစ်ကြောင်း ယူဆရမည်ဟု မည်သည့်ဥပဒေကမျှ ပြဋ္ဌာန်းထားခြင်းမရှိပေ။ သေတမ်းစာ အတည်ပြုသူသည် သေတမ်းစာကို သေသူကရေးသားပြုလုပ်ခဲ့ကြောင်း၊ ထိုကဲ့သို့ပြုလုပ်ရာတွင် နေရာတကျရှိကြောင်း၊ သေတမ်းစာပြုလုပ်စဉ်က သေတမ်းစာပြုလုပ်သူသည်သတိကောင်းစွာရှိကြောင်း ထင်ရှားအောင် သက်သေထူရန်တာဝန်ရှိသည်မှာမှန်၏။ ထိုအချက်အလက်များကိုထင်ရှားအောင် သက်သေအလုံအလောက်ပြသခဲ့ပါမူ သေတမ်းစာအတည်ပြုသူ၏တာဝန်မှာ ကျေဖြန်မည်ဟုယူဆရမည်ဖြစ်သည်။ ယင်းသို့ တာဝန်ကျေပြန်အောင် သက်သေထူခဲ့ပြီးဖြစ်ပါမူ၊ သေတမ်းစာအတည်ပြုရန် လျှောက်ထားချက်အား ကန့်ကွက်သည့်တရားခံအပေါ်၌ ထိုသေတမ်းစာသည် မဟုတ်မမှန်လုပ်ကြံ၍တင်ပြသောသေတမ်းစာဖြစ်ကြောင်း အထောက်အထားတင်ပြရန် တာဝန်ကျရောက်လာမည်ဖြစ်သည်။ ထိုတာဝန်ကို ထမ်းဆောင်ခြင်းမပြုပါက ၎င်း၏ကန့်ကွက်ချက်ကိုပယ်ရမည်သာဖြစ်ပေသည်။

ကရ်စတိုဂိုပါယ် နှင့် **ဘိုင်ဒယာနတ်**၊ အေ၊ အိုင်၊ အာ၊ ၁၉၃၉၊ ကာလကတ္တား၊ စာ ဂဂ ရည်ညွှန်းသည်။

ထပ်မံဆုံးဖြတ်ချက်။ ။သေတမ်းစာတွင် သေတမ်းစာအတည်ပြုသူ ခန့်ထားခြင်းမရှိမှသာ၊ အဒမွစားအမွေခံတဦးက အမွေဆက်ခံခြင်း ဥပဒေ ပုဒ်မ ၂၃၂ အရ သေတမ်းစာပူးတွဲပါသည့် အမွေထိန်းစာကို တောင်းခံနိုင်မည်ဖြစ်သည်။ သေတမ်းစာအတည်ပြုသူ ခန့်ထားပါက ထိုသူကသာ အမွေဆက်ခံခြင်းဥပဒေပုဒ်မ ၂၃၂ အရ သေတမ်းစာအတည် ပြုချက်လက်မှတ်လျှောက်ထားရမည်ဖြစ်သည်။ အမွေစားများက လျှောက်ထားခြင်းမပြုနိုင်ပေ။

သေတမ်းစာတခုသည် မှတ်ပုံတင်ထားခြင်း မရှိလျှင် လက်မခံရဟု ပြဋ္ဌာန်းထားသောဥပဒေ မရှိချေ။ သေတမ်းစာရေးပြီး နှစ်ပေါင်းများကြာမြားစွာကြာမှ သေဆုံးခဲ့ပါမူ မှတ်ပုံတင်ထားခြင်း မရှိသည့်အကြောင်းပြချက်မှာ မှန်ကန်သော သေတမ်းစာ ဟုတ်မဟုတ် ဆိုသည့်ကိစ္စကို စဉ်းစားရာတွင် ထည့်သွင်းရမည်ဖြစ်သည်။

ရှိရှ်ဘူစဉ်ဘနာဂျီအမ္မ၊ အတွဲ၊ ၁၉၊ ကာလကတ္တား၊ စာ ၅၀၂ ရည်ညွှန်းသည်။

သေတမ်းစာ အတည်ပြုချက်လက်မှတ်၊ သို့မဟုတ် အမွေထိန်းလက်မှတ် လျှောက်ထားသည့် အမှုများတွင် သေတမ်းစာကို နေရာတကျပြုလုပ်ခဲ့ခြင်းရှိမရှိ၊သေတမ်းစာအရထိန်းသိမ်းအုပ်ချုပ်ရန် ပစ္စည်း ရှိမရှိဆိုသော အချက်တို့ကိုသာ စဉ်းစားရမည်ဖြစ်သည်။ သေတမ်းစာရေးသူသည် အမွေပစ္စည်းကိုပိုင်ဆိုင်သူဟုတ်သည် မဟုတ်သည်၊အမွေပစ္စည်းကို တစုံတယောက်အား ပေးခဲ့နိုင်သည့်အခွင့်အရေးရှိသည်မရှိသည်၊ လျှောက်ထားသူသည် သေတမ်းစာရေးသူ၏ မွေးစားသား ဟုတ်သည်မဟုတ်သည်ဆိုသောပြဿနာများကို စဉ်းစားအဖြေပေးရန်တာဝန်မရှိပေ။ ယင်းသို့ အဖြေပေးလျှင်လည်း ထိုအဖြေသည် တည်မြဲခိုင်မာသောအဖြေဖြစ်သည်ဟု ယူဆခြင်းမပြုနိုင်ပေ။ အကယ်၍ သေတမ်းစာရေးသားသူသည် အမွေပစ္စည်းအား လုံးကို လူတဦးဦးအား ပေးနိုင်ခွင့်မရှိဘဲ ပေးထားခဲ့လျှင် သေတမ်းစာအတည်ပြုသူ၊ သို့မဟုတ် အမွေထိန်းလက်မှတ်ရသူသည် ထိုကဲ့သို့ မပေးနိုင်သည့်ပစ္စည်း အတွက် အမှန်တကယ်ပိုင်ဆိုင်သူ၏ ကိုယ်စား ထိန်းသိမ်းအုပ်ချုပ်သူအဖြစ်သာ ရပ်တည်နေမည်ဖြစ်သည်။ အမှန်တကယ် ပိုင်ဆိုင်သူ၏ အခွင့်အရေးကို ထိပါးခြင်းမရှိနိုင်ပေ။

ကမ္မလာပရာဆတ် နှင့် မာလိမင်နိုဟာ၊ အေ၊ အိုင်၊ အာ၊ ၁၉၂၆ ပတ္တနာ၊ စာ ၃၅၆။ တီနာသွန် နှင့် သေအစ်နာသွန် အေ၊ အိုင်၊ အာ၊ ၁၉၃၀ အောက်၊ စာ ၂၇၂။ အမ္ဗဒ္ဒရာရှစ် နှင့် အမ်ဟာဆန်၊ အေ၊ အိုင်၊ အာ၊ ၁၉၃၀၊ နက်ပူ၊ စာ ၁၇၃ ရည်ညွှန်းသည်။

၁၉၆၇

ပါရပ် (စ်) စရမ်ဂိုစိန် နှင့် နာမယ် (လ်) ဆင်း။

တရားလိုအတွက်။ ။မစ္စတာ ဗွီစီဖိုး။

တရားခံအတွက်။ ။ဦးမွန်ဖိုးချို။

တရားသူကြီး ဦးသက်ဖေ။ ။တရားလို ပါရပ်(စ်)စရမ်ဂိုစိန်က အမွေဆက်ခံခြင်း ဥပဒေပုဒ်မ ၂၃၂ အရ၊ သေတမ်းစာ ပူးတွဲပါသည့် အမွေထိန်းလက်မှတ် ထုတ်ပေးရန် လျှောက်ထားသည့်ကိစ္စဖြစ်သည်။

တရားလိုက၊ ရန်ကုန်မြို့၊ ကျောက်မြောင်း၊ အောင်မင်္ဂလာလမ်း၊ အမှတ် ၃၉ တွင် အမြဲနေထိုင်သည့် ရာ(ချ်)ဘာလီကူမီသည် ၁၉၅၈ ခုနှစ်၊ မတ်လ ၆ ရက်နေ့က ကွယ်လွန်အနိစ္စရောက်ခဲ့ကြောင်း၊ ရာ(ချ်)ဘာလီကူမီသည် ဟိန္ဒူဘာသာဝင်တဦးဖြစ်ကြောင်း၊ ရာ(ချ်)ဘာလီကူမီသည် မသေမီ ၁၉၅၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် နောက်ဆုံး သေတမ်းစာကို ရေးသားခဲ့ကြောင်း၊ ထိုသေတမ်းစာတွင် ရာ(ချ်)ဘာလီကူမီက ၎င်းပိုင် အောင်မင်္ဂလာသမ်း၊ အမှတ် ၃၉ ရှိအိမ်များနှင့်မြေကို မိမိအား အမွေစားအမွေခံအဖြစ် ပေးခဲ့ကြောင်း၊ သေတမ်းစာတွင် သေတမ်းစာအတည်ပြုသူ မခန့်ထားသဖြင့်၊ သေတမ်းစာ ပူးတွဲပါသည့် အမွေထိန်းလက်မှတ် လျှောက်ထားရခြင်းဖြစ်ကြောင်း အဆိုပြုလာသည်။

တရားလို၏ လျှောက်ထားချက်ကို နာမယ်(လ်)ဆင်းက ၎င်း၏ကိုယ်စားလှယ် ကာဘူးချောင်ဒရီမှတဆင့် ကန့်ကွက်ခဲ့၏။ နာမယ်(လ်)ဆင်းက ကွယ်လွန်သူ ရာ(ချ်)ဘာလီကူမီသည် မိမိ၏ဘခင်ဖြစ်ကြောင်း၊ ရာ(ချ်)ဘာလီကူမီသည် တရားလိုတင်ပြသော သေတမ်းစာကို ရေးသားခဲ့သည်ဆိုခြင်းမှာ မဟုတ်မမှန်ကြောင်း၊ ထိုသေတမ်းစာသည် လိမ်ညာလုပ်ကြံပြီးတင်ပြသည့် သေတမ်းစာသာ ဖြစ်ကြောင်း၊ တရားလိုအား တဦးတည်းသော အမွေစားအမွေခံအဖြစ် အမွေပစ္စည်းများကို ပေးခဲ့သည်ဆိုခြင်းမှာ မဟုတ်ကြောင်း၊ သေတမ်းစာ ပူးတွဲပါသည့် အမွေထိန်းလက်မှတ်ကို တရားလိုအား မထုတ်ပေးသင့်ကြောင်း အကြောင်းပြ ထုချေခဲ့သဖြင့်၊ ကျွန်ုပ်အရင် ပညာရှိ တရားသူကြီးသည် အောက်ပါကောက်ချက်များကို ထုတ်နုတ်ခဲ့၏။

ISSUES

1. Is the Will a valid one, or is it a forgery as the Objector alleges?
2. Should Letters of Administration with the Will annexed be granted to the Petitioner?

၁၉၆၇

ပါရပ် (၆) စရမ်ကိုစိန်နှင့် နာမယ်(လ်) ဆင်းပါ။

ကောက်ချက်အမှတ် ၁။ ။သေတမ်းစာကို အတည်ပြု၍ လျှောက်ထားသည့် အမှုများတွင် သေတမ်းစာကို နေရာတကျ ရေးသားခဲ့ပြီး၊ မှန်ကန်ကြောင်း ဝန်ခံချက်နှင့် ပြည့်စုံမှုသာ ရှိးတော်အနေဖြင့် သေတမ်းစာ အတည်ပြုချက် လက်မှတ်ကိုသော်၎င်း၊ သေတမ်းစာ ပူးတွဲပါသည့် အမွေထိန်းလက်မှတ်ကို သော်၎င်း ထုတ်ပေးရမည် ဖြစ်သည်။ တင်ပြလာသည့် သေတမ်းစာကို သေတမ်းစာ ရေးသားသူက တရားဥပဒေနှင့်အညီ လက်မှတ်ရေးထိုးခဲ့ခြင်း၊ သေတမ်းစာ ရေးသားသူသည် သေတမ်းစာရေးသားစဉ်အခါ၌ မိမိ၏ ပြုမူချက်ကို သိရှိနားလည်သည့် အခြေအနေတွင်ရှိခြင်း စသည့် အချက်အလက်များကို သေတမ်းစာ အတည်ပြုသူက တရားရုံးအား စိတ်ကျေနပ်လောက်အောင် အထောက်အထား တင်ပြရန် တာဝန်ရှိလေသည်။ သေတမ်းစာတွင် အမွေစား အမွေခံအဖြစ် ဖော်ပြထားသူတဦးက သေတမ်းစာကို အတည်ပြုရန် လျှောက်ထားလာသည့်အခါ ထိုသေတမ်းစာ သည် မှန်ကန်သော သေတမ်းစာဟုတ်မဟုတ်ဆိုခြင်းကို သေတမ်းစာ အတည်ပြုသည့်ရုံးက သတိဝိရိယဖြင့် စီစစ်ရန် ဝတ္တရားရှိပေသည်။ ထိုကိစ္စနှင့် ပတ်သက်၍ ပရိဗ္ဗီကောင်စီ လွှတ်တော်၏ စီရင်ထုံးဖြစ်သော **ဂွန်တီဘိုင်နှင့် ကန်ချီဒီလာ(လ်)** (၁) တို့အမှုပါအောက်ပါ ဆုံးဖြတ်ချက်ကိုသာ ရည်ညွှန်းလိုပေသည်။

> "The *onus probandi* lies on the person who propounds the Will, and this *onus* is in general discharged by proof of capacity, and the fact of execution, from which the knowledge and the assent to its contents by the testator will be assumed (*Barry* v. *Butlin*, 2 Moor Penal Code 480, *Reference*). But where a Will is prepared and executed under circumstances which excite the suspicion of the Court it is for those who propound the Will to remove such suspicion, and to prove affirmatively that the testator knew and approved of the contents of the document [*Tyrrell* v. *Painton*, (1894) L.R.P. 151 and *Charles Harwood* v. *Baker*, (1840) 13 E.R. 117, *Reference*.] Where once it has been proved that a Will has been executed with due solemnities by a person of competent understanding and apparently a free agent—that is, when the propounder of the will has discharged the *onus* the burden of proving that it was executed under undue influence is on the party who alleges it: *Boyse* v. *Rossborough* (1856-57) 6 H.L.C. 2, *Reference*."

---

(၁) အေ၊ အိုင်၊ အာ (ရ်)၊ ၁၉၄၉ ခု၊ ပရီဗြီကောင်စီ စာ ၂၇၂။

ဒေါ်ငွေလေးနှင့် ဒဗယူကူးပါး (၂) အမှုတွင်လည်း၊ အောက်ပါအတိုင်းကောက်ယူခဲ့သည်ကို တွေ့မြင်နိုင်ပေသည်။

၁၉၆၇ ပါရပ် (၈) စရမ် ဂိုဒိန် နှင့် နာမယ်(လ) ဆင်း။

"That under section 232 of the Succession Act a residuary legatee may be admitted to prove the Will and Letters of Administration with Will annexed may be granted to him to the whole estate or the unadministered part.

The principles involved with reference to proof of due execution and attestation of Wills are well settled. The *onus* lies in every case upon the party propounding the Will and he must satisfy the conscience of the Court that the Will is the last Will of a free and capable Testator. If a party writes or prepares a Will, under which he takes a benefit, the Court must be judicially satisfied that the Will expresses the true intention of the deceased and the Court must be vigilant and jealous in examining the evidence in support of the same."

ယခုအမှုတွင် ကွယ်လွန်သူ ရပ်(ချ်) ဘာလီကူမီသည် သက်သေခံအမှတ် "ဘီ" သေဘမ်းစာကို မိမိသဘောအတိုင်း လက်မှတ်ရေးထိုးခဲ့သည့်အပြင် ထိုကဲ့သို့ လက်မှတ်ရေးထိုးစဉ်က ၎င်းသည် သေဘမ်းစာဘွင်မည်သို့မည်ပုံ ရေးသားထားသည်ကို ကောင်းစွာနားလည် သဘောပေါက်သည်သာမက၊ ယင်းသို့ ကောင်းစွာနားလည် သဘောပေါက်ရန် ကိုယ်စိတ် ၂ ပါးစသုံး ကျန်းမာသျက်ရှိကြောင်း ထင်ရှားအောင် ဂျိုင်းရပ်ဆင်း (သို့ပြု-၁)၊ ဒီခန်း (သို့ပြု-၂) နှင့် ဦးဘခအား (လို့ပြု-၃) တို့အား တရားလိုက သက်သေများအဖြစ် တင်ပြခဲ့၏။ ဂျိုင်းရမ်ဆင်းမှာ သေဘမ်းစာကို ရေးပေးရသူဖြစ်ပြီး၊ ဒီခန်းနှင့် ဦးဘခအားတို့မှာ သေဘမ်းစာတွင် အသိသက်သေများအဖြစ် လက်မှတ် ထိုးခဲ့ကြသူများဖြစ်သည်။ ထိုသက်သေတို့က ရပ်(ချ်) ဘာလီကူမီသည် သေတမ်းစာရေးသည့်နေ့တွင် ၎င်းတို့အားခေါ်ပြီး သေဘမ်းစာကို အရေးခိုင်းသဖြင့် ဂျိုင်းရမ်ဆင်းကရေးပြီး ဘတ်ပြကြောင်း၊ ရပ်(ချ်) ဘာလီကူမီသည် သေတမ်းစာကို ကိုယ်တိုင်ဘာကြည့်ပြီးမှ လက်မှတ်ထိုးကာ လက်မနှိပ်ခဲ့ကြောင်း၊ ရပ်(ချ်) ဘာလီကူမီက လက်မှတ်ထိုး၍ လက်မနှိပ်ပြီးမှ မိမိတို့က သေတမ်းစာပေါ်တွင် လက်မှတ်အသီးသီးထိုးခဲ့ကြောင်း၊ ရပ်(ချ်) ဘာလီကူမီသည် သေတမ်းစာပြုစဉ် အချိန်က ချောင်းဆိုးရောဂါ စွဲကပ်နေသော်သည်း သွားလာစားသောက်သျက်ရှိပြီး၊ သတိကောင်းစွာ ရှိနေသဖြင့် မိမိ၏ ပြုမူချက်မှာ မည်သို့မည်ပုံရှိသည် ဆိုခြင်းကို သဘော့ပေါက် နားလည်နိုင်သည့် အခြေတွင် ရှိကြောင်း တညီတညွတ်တည်း ထွက်ဆိုခဲ့ကြရှေသည်။

(၂) ၁၉၅၁ ခု၊ မြန်မာပြည်ဗီရင်ထုံး၊ စာ ၃၂၆၊ ၁၃ရားလွှတ်တော်။

၁၉၆၇ ပါရမ် (စ) စရမ် ဂိုဒိန် နှင့် နာမယ်(လ) ဆင်း။

ထိုသက်သေများမှာ သေသူနှင့်သော်ငင်း၊ တရားလိုနှင့်သော်ငင်း၊ ဆွေမျိုးလုံးဝ တော် စပ်သူများ မဟုတ်ချေ၊ ဒီခန်းမှာ မူဆလင်ဘာသာဝင် တဦးဖြစ်ပြီး၊ ဦးဘအေးမှာ ဗုဒ္ဓဘာသာ တယောက်ဖြစ်၍ ဘာသာရေးအရ တူညီသူများ မဟုတ်သဖြင့် သေတမ်း စာမပြုလုပ်ဘဲ ပြုလုပ်ခဲ့သည်ဟု လိမ်လည်ထွက်ဆိုကြရန် အကြောင်းမရှိချေ၊ ရပ်(ချ) ဘာလီကူမီသည် ချောင်းဆိုးရောဂါ စွဲကပ်နေသော်လည်း၊ မသေမီ ၂ ရက်၊ ၃ ရက်အထိ သွားသွားလာလာ စားစားသောက်သောက် နေထိုင်လျက်ရှိသည်ကို တွေ့ရကြောင်း၊ တရားခံ၏ကိုယ်စားလှယ် ကာဘူးချောင်ဒရိုက ဝန်ခံထားသဖြင့် ရပ်(ချ) ဘာလီကူမီ သည် သေတမ်းစာကို လက်မှတ်ရေးထိုးသည့် ၁၉၅၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့က မိမိပြုမူချက်မှာ မှားသည်၊ မှန်သည်ကို ကောင်းစွာဝေဖန် ခွဲခြားနိုင်သည့် ကိုယ် စိတ်အခြေအနေတွင်ရှိကြောင်း ယုံမှားဘွယ် မရှိနိုင်တော့ပေ။]

တရားခံက ဂျိုင်းရမ်ဆင်းသည် ယုံကြည်လက်ခံခြင်း မပြုသင့်သည့် သက်သေ တယောက်ဖြစ်ကြောင်း၊ တရားလိုနှင့် သေသူ၏ဇနီး ဒမ်ရာချီတို့အကြား ပေါ်ပေါက် လျက်ရှိသော သေသူ၏ ပစ္စည်းများနှင့် ပတ်သက်၍ အငြင်းအခုံကိစ္စကို ဟိန္ဒူ ဘုရားရှိခိုးကျောင်း၌ ခုံသူကြီးများက ဖြေဖြန်ရာတွင် ထိုသက်သေသည် တရားလို ဘက်မှ ပါဝင်ခဲ့သော်သည်း၊ ဖြေဖြန်စဉ်က သေတမ်းစာနှင့် ပတ်သက်၍ လုံးဝဖော်ပြ ပြောဆိုခဲ့ခြင်းမရှိ၍၊ သေသူ လက်မှတ်ရေးထိုးထားသည့် သေတမ်းစာမှာ ၎င်းက ရေးသားခဲ့သည်ဆိုသော ထိုသက်သေ၏ ထွက်ချက်ကို လက်မခံသင့်ကြောင်း တင်ပြ လာ၏၊ တရားလိုနှင့် သေသူ၏ဇနီး ဒမ်ရာချီတို့သည် သေသူ၏ပစ္စည်းနှင့် ပတ်သက်၍ ခုံသမာဓိလူကြီးများရှေ့သို့ ရောက်သည်ဆိုသော ကိစ္စနှင့် ပတ်သက်၍ တရားလိုအား စစ်ဆေးစဉ်ကသော်ငင်း၊ ဂျိုင်းရမ်ဆင်းအား စစ်ဆေးစဉ်ကသော်ငင်း၊ လုံးဝမေးခွန်း ထုတ်ခဲ့ခြင်း မရှိသဖြင့် ခုံသမာဓိ လူကြီးများရှေ့သို့ ရောက်ခဲ့ရသည်ဆိုသောတင်ပြချက် မှာနောက်မှ အကြံရကာ တင်ပြသည့် ထုချေချက်သာဖြစ်ကြောင်း ပေါ်လွင်သည်။

သေတမ်းစာ အတည်ပြုရန် လျှောက်ထားသည့် အမှုတိုင်းတွင် တင်ပြလာသော သေတမ်းစာသည် လိမ်လည်တင်ပြသည့် သေတမ်းစာ ဖြစ်ကြောင်း ယူဆရမည်ဟု မည်သည့်ဥပဒေကမျှ ပြဋ္ဌာန်းထားခြင်း မရှိပေ၊ သေတမ်းစာ အတည်ပြုသူသည် သေတမ်းစာကို သေသူက ရေးသားပြုလုပ်ခဲ့ကြောင်း၊ ထိုကဲ့သို့ ပြုလုပ်ရာတွင် နေရာ တကျရှိကြောင်း၊ သေတမ်းစာ ပြုလုပ်စဉ်က သေတမ်းစာ ပြုလုပ်သူသည် သတိ ကောင်းစွာရှိကြောင်း ထင်ရှားအောင် သက်သေထူရန် တာဝန်ရှိသည်မှာမှန်၏၊ ထို အချက်အလက်များကို ထင်ရှားအောင် သက်သေ အာလုံးအလောက် ပြသခဲ့ပါမူ၊ သေတမ်းစာ အတည်ပြုလုပ်သူ၏တာဝန်မှာ ကျေပြန်ပြီဟု ယူဆရမည်ဖြစ်သည်၊ ယင်းသို့ တာဝန်ကျေပြန်အောင် သက်သေထူခဲ့ပြီး ဖြစ်ပါမူ၊ သေတမ်းစာအတည်ပြုရန်လျှောက်

ထားချက်အား ကန့်ကွက်သည့် တရားခံအပေါ်၌ ထိုသေတမ်းစာသည် မဟုတ်မမှန် လုပ်ကြံ၍ တင်ပြသော သေတမ်းစာဖြစ်ကြောင်း အထောက်အထား တင်ပြရန် တာဝန် ကျရောက်သာမည်ဖြစ်သည်၊ ထိုတာဝန်ကို ထမ်းဆောင်ခြင်း မပြုပါက၊ ၎င်း၏ကန့်ကွက် ချက်ကို ပယ်ရမည်သာ ဖြစ်ပေသည်။ ဤအချက်နှင့် ပတ်သက်၍ **က(ရ) တိုရှိပါယ်** နှင့် **ဘိုင်ဒယာနတ်** (၃) တို့အမှုတွင် အောက်ပါအတိုင်း ကောက်ယူထားသည်ကို တွေ့မြင်နိုင်ပေသည်။

၁၉၆၇
ပါရပ် (စ) စရမ်
ကိုစိန်
နှင့်
နာမယ်(လ်)
ဆင်း။

> "There is no presumption either in fact or in law as seems to be too commonly supposed, that a will if propounded, must be forgery. The party who applies for probate or for letters of administration with a will annexed is no doubt required to prove the Will. Such proof is usually furnished by the evidence of persons in whose presence the Will was actually executed or who subscribed their names to the document, that is to say, of persons who saw the testator executing it and who put their own names to the document as attesting witnesses. In a case where such attesting witnesses are produced, and they give clear and cogent testimony regarding execution, one should require very strong circumstances to repel the effect of such testimony. It will not do to talk airily about circumstances of suspicion. It is no doubt true that a person who takes it upon himself to dispute the genuineness of a Will cannot be expected to prove a negative in many cases. At the same time, the difficulty in which on his own seeking, he places himself, will not relieve him of the burden ; it may be a heavy burden of displacing the positive testimony on the other side. If he rests his case on suspicion, the suspicion must be a suspicion inherent in the transaction itself which is challenged and cannot be a suspicion arising out of a mere conflict of testimony."

ယခုအမှုတွင်ကွယ်လွန်သူရပ်(ခ၌) ဘာလီကူမီသည် သက်သေခံ "ဘီ" သေတမ်းစာကို မိမိအလိုအလျောက် ကောင်းစွာသိရှိ နားလည်ပြီး ပြုလုပ်ခဲ့ကြောင်း တရားလိုက သက်သေ အခိုင်အလုံ ပြထားပြီးဖြစ်သည်၊ ထိုသေတမ်းစာမှာ လုပ်ကြံ တင်ပြထားသည့် မမှန်မကန်သော သေတမ်းစာတခု ဖြစ်သည်ဆိုသော သက်သေ အထောက်

(၃) အေး အိုင်၊ အာ (ရ)၊ ၁၉၃၉ ခု၊ ကာလကတ္တား၊ စာ ၇၇။

၁၉၆၇ ခုနှစ် ရပ် (စ်) စရမ်းဂိုဏ်နှင့် နာမယ် (လ်) ဆင်း။

အထား စိုးစဉ်းမျှမရှိခဲ့၊ သို့ဖြစ်ရာ သေတမ်းစာသည် နေရာတကျ ပြုလုပ်ခဲ့သည့် သေတမ်းစာတခု ဖြစ်သည်ဟု ကျွန်ုပ်တို့ဖြေဆိုလိုက်သည်။

ကောက်ချက်အမှတ် ၂။ ။ဤကောက်ချက်ကို အသေးစိတ် ဝေဖန်ခြင်းမပြုမီ တရားခံ၏ ပညာရှိရွှေနေကြီး ဦးမွန်ဖိုးချို၏ ရန်ကုန်မြို့၊ တရားမရုံး၏ ၁၉၆၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၂၇ တွင် ဤအမှုမှတရားခံ နာမယ် (လ်) ဆင်း၊ ၎င်း၏မိခင် ဒမ်ရာဂျီနှင့် စူဂရမ်ဆင်းတို့၏ ထွက်ချက်မိတ္တူများကို တင်သွင်းခွင့်ပြုရန် လျှောက်ထားရာ တရားသို့၏ ပညာရှိရွှေနေကြီးက ဥပဒေအရ တင်သွင်းခွင့် မပြုနိုင်ကြောင်း ကန့်ကွက်ခဲ့၏၊ ထိုသက်သေထွက်ချက်များကို ဘာဘ်ရှကြည့်ရာ သေသူ ရပ် (ချ်) ဘာသီကူမီသည် ဒမ်ရာဂျီ၏ လင်ယောကျ်ားဖြစ်ပြီး နာမယ် (လ်) ဆင်းမှာ ရပ် (ချ်) ဘာသီကူမီနှင့် ဒမ်ရာဂျီတို့၏ ပေါင်းသင်းရာ၌ ထွန်းကားခဲ့သည့် သားတယောက်ဖြစ်ကြောင်းကိုသာ အဓိက ဖော်ပြထားသည်ကို တွေ့ရသည်။ ထိုအချက်အလက်များမှာ ဤအမှု၏ အဆုံးအဖြတ်ပြုရာတွင် မည်သို့မျှ အထောက်အကူ မဖြစ်နိုင်၍ သက်သေထွက်ချက်မိတ္တူများအား လက်ခံပါသျှင်လည်း အကျိုးထူးမည် မဟုတ်ပေ၊ လက်မခံလျှင်လည်း မည်သို့မျှထိခိုက်ခြင်း မရှိနိုင်ပေ၊ ထိုအချက်နှင့် ပတ်သက်၍ ဤစီရင်ချက်၏ နောက်ပိုင်းတွင်ထပ်၍ ရှင်းလင်းပါဦးအံ့။

တရားခံ၏ ပညာရှိ ရွှေနေကြီးက သေတမ်းစာဘွင် သေတမ်းစာ အတည်ပြုသူအား ခန့်ထားခဲ့ခြင်းမရှိ၍ ပျက်ပြယ်သည်ဟု တင်ပြလာသည်၊ ထိုတင်ပြချက်မှာ လုံးဝအနှစ်အရသာ မရှိပေ၊ သေတမ်းစာတွင် သေတမ်းစာ အတည်ပြုသူ ခန့်ထားခြင်းမရှိမှသာ အမွေစားအမွေခံတဦးက အမွေဆက်ခံခြင်း ဥပဒေပုဒ်မ ၂၃၂ အရ၊ သေတမ်းစာပူးတွဲပါသည့် အမွေထိန်းစာကို တောင်းခံနိုင်မည်ဖြစ်သည်၊ သေတမ်းစာအတည်ပြုသူ ခန့်ထားပါက၊ ထိုသူ့ကသာ အမွေဆက်ခံခြင်း ဥပဒေပုဒ်မ ၂၂၂ အရ၊ သေတမ်းစာ အတည်ပြုချက်လက်မှတ် လျှောက်ထားရမည် ဖြစ်သည်၊ အမွေစားများက လျှောက်ထားခြင်း မပြုနိုင်ပေ၊ ထို့ကြောင့်ပင်လည်း **ရိုရှ်ဘူစဉ်ဘနာဂျီ** (၄) အမှု၌ အောက်ပါအတိုင်း အဆုံးအဖြတ် ပြုထားခြင်းဖြစ်သည်။

> "A universal legates is not entitled to probate, but only to letters of administration with the Will annexed."

တရားခံ၏ ပညာရှိ ရွှေနေကြီးကပင် တရားသို့ တင်ပြလာသည့် သေတမ်းစာမှာ မှတ်ပုံတင်ထားသည့် သေတမ်းစာမဟုတ်၍၊ လက်မခံထိုက်ကြောင်း လျှောက်လဲသွားသည်၊ သေတမ်းစာတခုသည် မှတ်ပုံတင်ထားခြင်း မရှိမျှင့် လက်မခံရဟု ပြဋ္ဌာန်း

(၄) အတွဲ ၁၉၊ ကာလကတ္တား၊ စာ ၅၀၂။

ထားသော ဥပဒေမရှိချေ။ ရပ်(ခ၅)ဘာလီကူမီသည် သေတမ်းစာရေးပြီး တလနှင့် ၆ ရက်အကြာတွင် သေဆုံးခဲ့ခြင်းဖြစ်သည်၊ သေတမ်းစာရေးပြီး နှစ်ပေါင်း များကြာမြား စွာကြာမှ သေဆုံးခဲ့ပါမူ မှတ်ပုံတင်ထားခြင်း မရှိသည့် အကြောင်းပြချက်မှာ၊ မှန်ကန်သော သေတမ်းစာဟုတ် မဟုတ်ဆိုသည့်ကိစ္စကို စဉ်းစားရာတွင် ထည့်သွင်း ရမည်ဖြစ်သည်၊ **ကရီစတူဂိုပါ(လ်)**နှင့် **ဘိုင်ဒယာနတ်** (၃) တို့အမှုတွင် ဤအချက်နှင့် ပတ်သက်၍ အောက်ပါအတိုင်း မှတ်ချက်ပြုထားသည်ကို တွေ့နိုင်ပေသည်။

၁၉၆၇ ပါရပ် (စ်) စရမ် ဂိုစိန် နှင့် နာမယ်(လ်) ဆင်း။

> "The mere fact that a Will is not registered does not make it improbable, much less impossible, that the Will was executed."

တရားခံ၏ ပညာရှိရွှေနေကြီးကတဖန်၊ ရပ်(ခ၅) ဘာလီကူမီသည် ဟိန္ဒူဘာသာဝင် တဦးဖြစ်ရာ၊ ၎င်း၏ပစ္စည်းအားလုံးကို ၎င်း၏သားနှင့် ဇနီးအသက်ရှင်လျက်ရှိစဉ် အခြားလူ တဦးဦးအား သေတမ်းစာပြုလုပ်၍ ပေးခဲ့ရန် အခွင့်အာဏာ မရှိကြောင်း၊ သေတမ်းစာတွင် တရားလိုအား ရပ်(ခ၅) ဘာလီကူမီက သားအဖြစ် မွေးစားသည်ဟု ဖော်ပြထားသော်လည်း ဟိန္ဒူတရားဥပဒေအရ မွေးစားခြင်း မမြောက်ကြောင်း၊ ထိုအကြောင်းများကြောင့် လျှောက်ထားသည့် အမွေထိန်းစာကို မထုတ်ပေးသင့် ကြောင်း ထပ်လောင်းတင်ပြလာသည်။ သေတမ်းစာ အတည်ပြုချက်လက်မှတ်၊ သို့မဟုတ် အမွေထိန်းလက်မှတ် လျှောက်ထားသည့် အမှုမျိုးတွင် သေတမ်းစာကို နေရာတကျ ပြုလုပ်ခဲ့ခြင်းရှိ မရှိ၊ သေတမ်းစာအရ ထိန်းသိမ်းအုပ်ချုပ်ရန် ပစ္စည်းရှိ မရှိ ဆိုသော အချက်ဘို့ကိုသာ စဉ်းစားရမည်ဖြစ်သည်၊ သေတမ်းစာရေးသူသည် အမွေ ပစ္စည်းကို ပိုင်ဆိုင်သူ ဟုတ်သည်-မဟုတ်သည်၊ အမွေပစ္စည်းကို တစုံတယောက်အား ပေးခဲ့နိုင်သည့် အခွင့်အရေး ရှိသည်-မရှိသည်၊ လျှောက်ထားသူသည် သေတမ်းစာ ရေးသူ၏ မွေးစားသား ဟုတ်သည်-မဟုတ်သည်ဆိုသော ပြဿနာများကို စဉ်းစား အဖြေပေးရန် တာဝန်မရှိပေ၊ ယင်းသို့ အဖြေပေးလျှင်လည်း ထိုအဖြေသည် တည်မြဲ ခိုင်မာသော အဖြေဖြစ်သည်ဟု ယူဆခြင်း မပြုနိုင်ပေ၊ အကယ်၍ သေတမ်းစာ ရေးသားသူသည် အမွေပစ္စည်းအားလုံးကို လူတဦးဦးအား ပေးနိုင်ခွင့်မရှိဘဲ ပေးထား ခဲ့လျှင် သေတမ်းစာအတည်ပြုသူ၊ သို့မဟုတ် အမွေထိန်းလက်မှတ် ရသူသည် ထိုကဲ့သို့ မပေးနိုင်သည့် ပစ္စည်းအတွက် အမှန်တကယ် ပိုင်ဆိုင်သူ၏ကိုယ်စား ထိန်းသိမ်းအုပ်ချုပ် သူအဖြစ်သာ ရပ်တည်နေမည်ဖြစ်သည်၊ အမှန်တကယ် ပိုင်ဆိုင်သူ ၏ အခွင့်အရေးကို

(၃) အေ၊ အိုင်၊ အာ (ရ်)၊ ၁၉၃၉ ခု၊ ကာလကတ္တား၊ စာ ၈၇။

၁၉၆၇ ပါရပ် (၉) စရမ် ဂိုစိန်နှင့် နာမယ်(လ်) ဆင်း။

ထိပါးခြင်း မရှိနိုင်ပေ၊ **ကမ္မလာပရာဆတ်နှင့်မာလီမင်နိုဟာ** (၅) တို့အမှုတွင် အောက် ပါအတိုင်း ကောက်ချက်ပြုထားလေသည်။

"A grant of administration does not decide any question of title. It merely decides the right to administration."

တီနာသွန်နှင့် အေအစ်နာသွန် (၆) တို့အမှု၌ အလားတူပင် ယူဆထားသည်ကို တွေ့မြင်နိုင်ပေသည်။

"It is not the province of the Court to go into the questions of title to property to which the letters of administration refer."

အဗ္ဗဒူရာရှစ်နှင့် အမ်ဟာဆန် (၇) တို့အမှုတွင်လည်း ထိုအတိုင်းပင် ကောက်ယူ ခဲ့ပေသည်။

"A Mohamedan Will can be admitted to probate although it purports to deal with more than the share over which the testator has disposing power. If however more than that share is disposed of by the Will, the position of the executor with regard to the excess will be different in kind from what it would be if the testator had power to dispose of the whole. The Court of probate has no jurisdiction to determine any such question or any other question of title."

သို့ဖြစ်ရာ ကွယ်လွန်သူ ရပ်(ချ်) ဘာလီကူမီသည် ၎င်း၏ဇနီး ဒမ်ရာဂျီနှင့် သား နာမယ်ဆင်းတို့ အသက်ရှင်ရှိနေခိုက် ၎င်း၏ပစ္စည်း အားလုံးကို သေတမ်းစာဖြင့် တရားလိုအား ပေးနိုင်ခွင့်ရှိ မရှိ၊ သေတမ်းစာတွင် တရားလိုအား ရပ်(ချ်) ဘာလီကူမီက သားအဖြစ် မွေးစားခြင်းမြောက်-မမြောက်ဆိုသော ပြဿနာများကို ဤအမှုတွင် စဉ်းစားရန်မလိုချေ၊ စဉ်းစားခြင်းလည်း မပြုနိုင်ပေ၊ ထို့ကြောင့်ပင်လည်း တရားခံ၏ ပညာရှိရွေနေကြီး တင်သွင်းသည့် ရန်ကုန်မြို့ တရားမရုံးရှိ အမှုမှ သက်သေထွက်ချက် မိတ္တူများမှာ ဤအမှု၏ ဆုံးဖြတ်ရာ၌ အရေးပါ အရာမရောက်၍ တင်သွင်းလျှင်လည်း မထူး၊ မတင်သွင်းလျှင်လည်း မထူးကြောင်း ကျွန်ုပ်ဖေါ်ပြခဲ့ခြင်းဖြစ်သည်။

---

(၅) အေ၊ အိုင်၊ အာ (ရ်)၊ ၁၉၂၆ ခု၊ ပတ္တနာ၊ စာ ၃၅၆။
(၆) အေ၊ အိုင်၊ အာ (ရ်)၊ ၁၉၃၀ ခု၊ အောက်၊ စာ ၂၅၂။
(၇) အေ၊ အိုင်၊ အာ (ရ်)၊ ၁၉၃၈ ခု၊ နက်ပူ၊ စာ ၁၇၃။

၁၉၆၇

ပါရပ် (၉) စရမ်
ဂိုဝိန်
နှင့်
နာမယ်(လ)
ဆင်း။

တရားလိုအပေါ် သေတမ်းစာပူးတွဲပါသည့် အမွေထိန်း လက်မှတ်ကို ထုတ်ပေးခြင်း မပြုရန် အကြောင်း မရှိသည့်အလျောက် လုံလောက်သော အာမခံနှင့် ခံဝန်ချုပ်ဆိုပါက အမွေဆက်ခံခြင်း ဥပဒေပုဒ်မ ၂၃၂ အရ၊ သေတမ်းစာ ပူးတွဲပါသည့် အမွေထိန်းလက်မှတ်ကို ထုတ်ပေးရန် အမိန့်ချမှတ်လိုက်သည်၊ တရားခံသည် တရားလို၏ တရားစရိတ်များကို ကျခံရမည်၊ ရှေ့နေစရိတ်ငွေ ဂဈ သတ်မှတ်သည်။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီးချုပ် ဒေါက်တာမောင်မော်ငန့် တရားသူကြီးဦးချစ်တို့မျှတွင်

† ၁၉၆၇ ဖေဖော်ဝါရီလ ၂၅ ရက်။

ပြည်ထောင်စု မြန်မာနိုင်ငံ (မနု) (ပြင်ဆင်ရန်လျှောက်ထားသူ)

နှင့်

ကိုကျင်ဝှက် (ပြင်ဆင်ရန်လျှောက်ထားခံရသူ) *

ရာဇဝတ်ပြင်ဆင်မှု—တရားဥပဒေအရ အရေးယူရန်လျှောက်ထားခြင်း—တရားရုံးမျာ်းက မည်သည့် ပုဒ်မနှင့် အကျူးဝင်မဝင်ကို ချင့်ချိန်ဝေဖန်ရန် လိုအပ်ခြင်း။

လျှောက်ထားသူအား စစ်ဆေးပြီး ရာဇသတ်ကြီး ၄၉၃ နှင့်အကျူးမဝင်ဟု ယူဆကာ၊ ရာဇဝတ် ကျင့်ထုံးပုဒ်မ ၂၀၃ အရ လျှောက်ထားချက်ကိုပယ်လိုက်သည်။ အခြားမည်သည့်ပြစ်မှုမျိုးမျှောက် နိုင်ခြင်းရှိမရှိကို ဝေဖန်သုံးသပ်ထားခြင်းမရှိ။

ဦးတိုက်လျှောက်လွှာတွင်၊ သို့မဟုတ် ပဌမသတင်းတိုင်တန်းချက်တွင် လျှောက်ထားသူ၊ သို့မဟုတ် သတင်းပေးသူက မည်သည့်ပုဒ်မဖြင့်အရေးယူရန် ဖော်ပြမထားဘဲ၊ တရားဥပဒေအ အရေးယူရန်လျှောက်ထားလျှင်၊ တရားရုံးမျာ်းက မည်သည့် ပုဒ်မနှင့် အကျူးဝင်နိုင်သည်မဝင် နိုင်သည်ကို ချင့်ချိန်ဝေဖန်ရန်လိုအပ်ပေသည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။အစိုးရရှေ့နေကြီး ဦးနှစ်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဦးဘသန်း (၃)။

တရားသူကြီး ဦးချစ်။ ။လျှောက်ထားသူမနုသည် ကျိုက်လတ်မြို့၊ သဇင်ဓါတ်ပုံ ဆိုင်ရှင် လျှောက်ထားခံရသူ ကိုကျင်ဝှက်၏ အိမ်ဖော်ဖြစ်၍ တလကျပ် ၄၀ ရရှိသည်။ သူမသည်အိမ်ထောင်မရှိ၊ အသက်မှာ ၂၉ နှစ်ဖြစ်သည်။ ကိုကျင်ဝှက်မှာလည်း လုပ္ပါ

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၃၇ (က)။

† ၁၉၆၅ ခုနှစ်၊ ရာဝဇတ်ကြီးမှုအမှတ် ၉၈ တွင် ချမှတ်သော ၁၉၆၅ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့စွဲပါ ဖျာပုံမြို့၊ (၁) ရာဘက်ရာဇဝတ်တရားသူကြီး၏အမိန့်ကို ပြန်၍ဆင်ခြင်မှု။

ဖြစ်သည်။ သူမသည် ထိုဓါတ်ပုံဆိုင်တွင် အမ်ဖေါ် အဖြစ် အလုပ်လုပ်နေစဉ် ကိုကျင့်ဝှက်က မေတ္တာရှိကြောင်းပြော၍ သားမယားအဖြစ် လက်ထပ်ယူမည်ဟု သွေးဆောင်ကတိပြုပြီးလျှင် တိတ်တဆိတ်သားမယားအဖြစ် ပေါင်းသင်းလာလေသည်။ သို့သော် သူမဘဉ် ကိုယ်ဝန် ၅ လရှိလာသောအခါ သူမက ကိုကျင့်ဝှက်အား အတိအလင်း လက်ထပ်ယူရန် ပြောဆိုရာတွင် ကိုကျင့်ဝှက်က ခေါင်းရှောင်နေရုံတွင်မကကိုကျင့်ဝှက်၏ အစ်မများက အိမ်ပေါ်မှ နှင်ချသိုက်သဖြင့်၊ အားကိုးအားထားရာမရှိသောကြောင့် ကျိုက်လတ်မြို့၊ ပြည်သူ့ရဲစခန်းတွင် သွားရောက်တိုင်တန်းရာ၊ ရဲစခန်းက ရဲအရေးမပိုင်သောအမှုဖြစ်သည်ဟုဆိုကာ နောက်ဆက်တဲ့ (က) ပြုလုပ်၍ တရားရုံးတွင် ဦးတိုက်လျှောက်စေသည်။

ကျိုက်လတ်မြို့၊ နယ်ပိုင်ရာဇဝတ်တရားသူကြီးရုံး၊ ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၂၂ တွင် မနု၏ဦးတိုက်လျှောက်သွားကိုလက်ခံပြီး မနုကိုရာဇဝတ်ကျင့်ထုံးပုဒ်မ ၂၀၀ အရ စစ်ဆေးလေသည်။ ယင်းသို့စစ်ဆေးပြီးနောက် လျှောက်ထားခံရသူ ကိုကျင့်ဝှက်အပေါ် ရာဇသတ်ပုဒ်မ ၄၉၃ အရအကျုံးဝင်ကြောင်း ပေါ်လွင်သည်ဟု ယူဆကာ လျှောက်ထားသူအား သမ္မာန်စာထုတ်၍ အမှုစစ်ဆေးရန်ရှိသော်လည်း၊ နယ်မှိုင်ရာဇဝတ်တရားသူကြီးမှာ ဒုတိယတန်းအာဏာအရ တရားသူကြီးဖြစ်သဖြင့်၊ စစ်ဆေးပိုင်ခွင့် အာဏာမရှိသောကြောင့်၊ ဖျာပုံမြို့၊ ခရိုင်ရာဇဝတ်တရားသူကြီးထံ တင်ပို့ခဲ့ဘဉ်၊ ခရိုင်ရာဇဝတ်တရားသူကြီးက ထိုအမှုကိုလက်ခံစစ်ဆေးရန်၊ ကျိုက်လတ်မြို့ (၁)ရာဇဝတ်တရားသူကြီး (အထူးအာဏာ၃) ဦးသိန်းမောင်ထံသို့ ပို့လိုက်လေသည်။ တရားသူကြီးက၊ ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၅၆ တွင်လျှောက်ထားသူ မနုအားခေါ်ယူစစ်ဆေးကာ ရာဇသတ်ကြီးပုဒ်မ ၄၉၃ နှင့်အကျုံးမဝင်ဟုယူဆကာ၊ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၂၀၃ အရ မနု၏လျှောက်ထားချက်ကို ပယ်လိုက်လေသည်။

ထိုအမိန့်ကိုမကျေနပ်သဖြင့် လျှောက်ထားသူမနုက ဖျာပုံမြို့၊ စက်ရှင်တရားသူကြီးရုံး၊ ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၈၈ တွင်ပြင်ဆင်မှုလျှောက်လွှာတင်သွင်းရာ၊ စက်ရှင်တရားသူကြီးက ကြားနာပြီးလျှင် ထိုအမှုကိုတဖန်ပြန်ဖွင့်၍ စုံစမ်းစစ်ဆေးစေရန် ဖျာပုံမြို့၊ ခရိုင်ရာဇဝတ်ဘရားသူကြီးက သင့်တော်သည့်အာဏာရှိသောရုံးသို့ ပေးပို့စေရန် အမိန့်ချမှတ်ခဲ့ရာ၊ ခရိုင်ရာဇဝတ်တရားသူကြီးက ဖျာပုံမြို့၊ (၁)ရာဘက် ရာဇဝေါဘရားသူကြီး (အထူးအာဏာ၃) ဦးချစ်တင်ရုံးသို့ ပို့လေသည်။ ထိုတရားသူကြီးက ၎င်း၏ရုံး၊ ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၉၈ ကိုဖွင့်၍ လျှောက်ထားသူမနုအား ရာဇဝတ်ကျင့်ထုံးပုဒ်မ ၂၀၀ အရခေါ်ယူစစ်ဆေးပြီးလျှင်၊ ရာဇသတ်ကြီးပုဒ်မ ၄၉၃ နှင့်အကျုံးမဝင်ဟုဆိုကာ ကျင့်ထုံးပုဒ်မ ၂၀၃ အရ မနု၏လျှောက်ထားချက်ကို ပယ်လိုက်ပြန်လေသည်။

၁၉၆၇ ပြည်ထောင်စု မြန်မာနိုင်ငံ (မန္တ) နှင့် ကိုကျင်ဝှက်။

လျှောက်ထားသူမနုက မကျေနပ်သဖြင့် တရားရေးဌာနဘို၊ ၁၉၆၅ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့စွဲဖြင့် တိုင်စာပေးပို့၍ ၎င်း၏အမှုကို အထူးရာဇဝတ်ရုံးနှင့် စစ်ပေးပါရန်လျှောက်ထားလေသည်။ တရားရေးဌာနကမနု၏လျှောက်လွှာကို ဤရုံးသို့ ပို့၍လိုအပ်သလိုဆောင်ရွက်ပြီးအစီရင်ခံရန်မေတ္တာရပ်ခံခဲ့ရာ၊ ဤရုံးက ဗျာပုံမြို့ စက်ရှင် တရားသူကြီးထံ အစီရင်ခံစာ တောင်းခံရယူပြီးနောက် မနုလျှောက်ထားသောအမှုကို ကြေကြေလည်လည်သုံးသပ်ရန် ဤပြင်ဆင်မှုကိုဖွင့်၍ ကြားနာလေသည်။ လျှောက်ထားသူ မနုထံ အကြောင်းကြားစာပေးရာ၊ ၁၉၆၆ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့က မနုကိုယ်တိုင် ရုံးသို့လာရောက်ပြီး ဤအမှုတွဲနေ့စဉ်မှတ်တမ်းတွင် လက်ှမတ်ရေးထိုးသွားသည်ကို တွေ့ရှိရသည်။ အမှုကြားနာသည့်၊ ၁၉၆၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် မနုရုံးသို့မလာရောက်။ အစိုးရဘက်မှ လိုက်ပါဆောင်ရွက်သော အစိုးရ ရှေနေကြီး ဦးနှစ်နှင့် လျှောက်ထားခံရသူ ကိုကျင်ဝှက်၏ရှေနေကြီး ဦးဘခန်း (၃) တို့ကို ကြားနာသည်။

နှစ်ဘက်သောရှေနေကြီးများက ယခုမနုတင်ပြသော တရားစွဲလျှောက်လွှာတွင် ရာဇသတ်ကြီးပုဒ်မ ၄၉၃ တွင်ပြဋ္ဌာန်းထားသော အင်္ဂါရပ်များနှင့် မည်သည့်တပ်ာဖြင့် ၎င်း၏လျှောက်လွှာကို အောက်ရုံးများမှ ပလပ်လိုက်ခြင်းမှာ မှန်ကန်ပါသည်ဟုဆင်ပြသွားလေသည်။

ကျွန်ုပ်တို့သည် ဤအမှုကို အလွန်အရေးထား၍ အသေးစိတ် ဝေဖန်သုံးသပ်ကြသည်။ မနု၏မူလ ဦးတိုက်လျှောက်သောလျှောက်လွှာကို ကြည့်ရှုသောအခါ မနုက မည်သည့်ပုဒ်မဖြင့် အရေးယူရန် တင်ပြထားခြင်းမရှိပေ။ တရားဥပဒေအရ သာလျှင် အရေးယူရန် တင်ပြထားခြင်းဖြစ်သည်။ မနုသည် ကိုကျင်ဝှက်ထံတွင် လခစား အိမ်ဖော်တဦးဖြစ်သည်။ ကိုကျင်ဝှက်က ချစ်ကြိုက်စကားဆိုပြီး သားမယားအဖြစ် အတည်တကျပေါင်းနေမည်ဟု ပြောဆိုသွေးဆောင်ကာ တိတ်တဆိတ် ကာမရာဂစပ်ယှက်သဖြင့်၊ မနုမှာကိုယ်ဝန် ၅ လအရှိတွင် အိမ်ပေါ်မှ နှင်ချခံရသည်။ ခိုကိုးရာမဲ့သူတဦးဖြစ်နေသဖြင့် ရဲစခန်းတွင် တိုင်တန်းရာတွင် ရဲကတရားရုံးသို့ ဦးတိုက်လျှောက်ရန် ပြောဆိုသဖြင့်၊ တရားရုံးတွင် လာရောက်၍ ဦးတိုက်လျှောက်ခြင်းဖြစ်သည်။ ပဌမ နယ်ပိုင်ရာဇဝတ်တရားသူကြီးက မနုကိုစစ်ဆေးပြီးနောက် အမှုကိုဆက်လက်စုံစမ်းရန်ရှိသော်လည်း၊ ၎င်းတွင်အာဏာမရှိ၍ မစစ်ဆေးရပေ။ အာဏာရှိသော တရားရုံးသို့ ပို့ပြန်သော်လည်း၊ ထိုအာဏာရှိသော တရားရုံးက မနုစွဲဆိုသည့်အတိုင်း ရာဇသတ်ကြီးပုဒ်မ ၄၉၃ နှင့်အကျုံးမဝင်ဟုဆိုကာ လျှောက်လွှာကို ရာဇဝတ်ကျင့်ထုံးပုဒ်မ ၂၀၃ အရ ပယ်လိုက်ခြင်းဖြစ်သည်။ ထို့ကြောင့်ပင် မနုသည် မခံမရပ်နိုင်အောင်ပင်

ဖြစ်ရာ နောက်ဆုံးအကြိမ်မရသဖြင့် တရားရေးဌာနသို့ တိုင်တန်းခြင်းဖြစ်သည်။ ဤအမှု ကိုအမှန်နှင့် တရားမျှတမှုရှိစေရန် ဤရုံးကပြင်ဆင်မှုဖွင့်၍ အသေးစိတ်ချင့်ချိန်ဝေဖန် သုံးသပ်ကြသည်။ ရာဇသတ်ပုဒ်မ ၄၉၃ က ဤသို့ဆို၏။

"မည်သည့်ယောကျ်ားမဆို၊ မိမိနှင့် တရားဝင် ထိမ်းမြားခြင်းမပြုသောမိန်းမ ကို၊ မိမိနှင့် တရားသဖြင့် ထိမ်းမြားကြောင်း လှည့်ဖြားယုံကြည်စေ၍၊ ထိုသို့ ယုံကြည်စေသဖြင့် မိမိနှင့်ကာမစပ်ယှက်စေလျှင်၊ ထိုသူကို ဆယ်နှစ်ထိ ထောင် ဒဏ် တမျိုးမျိုး ချမှတ်ရမည့်ပြင်၊ ငွေဒဏ်လည်း ချမှတ်နိုင်သည်။"

အထက်တွင် ဖော်ပြထားသောပုဒ်မတွင် ပြဋ္ဌာန်းထားသည့် အင်္ဂါရုပ်များနှင့် ယခု မနု၏လျှောက်လွှာတွင် ဖော်ပြသော အကြောင်းခြင်းရာတို့မှာ မတူညီကြသဖြင့်၊ လျှောက်ဆားခံရသူ ကိုကျင့်ဝှက်အပေါ် ထိုပုဒ်မဖြင့် အရေးယူစုံစမ်းစစ်ဆေးရန် မဖြစ် နိုင်ပေ။ သို့သော်အခြားမည်သည့် ပြစ်မှုမျိုးလည်း မြောက်နိုင်ခြင်းရှိ-မရှိကို အောက်ရုံး များက ဝေဖန်သုံးသပ်ထားခြင်း မရှိခဲ့ပေ။ (ဦးတိုက်လျှောက်လွှာတွင်၊ သို့မဟုတ် ပဌမသတင်း တိုင်တန်းချက်တွင် လျှောက်ထားသူက၊ သို့မဟုတ် သတင်းပေးသူက မည်သည့်ပုဒ်မဖြင့် အရေးယူရန် ဖော်ပြမထားဘဲ၊ တရားဥပဒေအရ အရေးယူရန် လျှောက်ဆားလျှင် တရားရုံးများက မည်သည့်ပုဒ်မနှင့် အကျုံးဝင်နိုင်သည် မဝင်နိုင် သည်ကို ချင့်ချိန်ဝေဖန်ရန် လိုအပ်ပေသေးသည်။)

မနု၏ ဦးတိုက်လျှောက်လွှာတွင် ပေါ်လွင်နေသည်မှာ သူမအား ကိုကျင့်ဝှက်က သားမယားအဖြစ် အာဏာဘက်ပေါင်းသင်းပါမည်ဆို၍ ချစ်ကြိုက်စကား ပြောလာပြီး ကာမရာဂရှိရန်သွေးဆောင်မှုဖြင့် ပြောဆိုခြင်းကို မနုကယုံကြည်သဖြင့် မိမိ၏ကာမကို ပေးလိုက်ခြင်းဖြစ်သည်။ ဤကဲ့သို့သွေးဆောင်မှုမျိုးမရှိလျှင် မနုက ၎င်း၏ကာမကို ပေးမည်မဟုတ်ပေ။ ကိုကျင့်ဝှက်ကမနုအား သွေးဆောင်ရာ၌မရိုးသားသောသဘော ဖြင့် သွေးဆောင်ခြင်းဟုတ်-မဟုတ်ကို ချင့်ချိန်ဝေဖန်သုံးသပ်ရန် လိုအပ်ပေသည်။

ရာဇသတ်ကြီးပုဒ်မ ၄၁၅ လိမ်လည်မှုအဓိပ္ပါယ်ကိုဖော်ပြရာ၌ ဤအမှုနှင့်ပတ်သက်၍ ထိုပုဒ်မ၏ ဒုတိယပိုင်းကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပေသည်။ ထိုဒုတိယပိုင်းက ဤသို့ဆို၏။

"သို့တည်းမဟုတ် တဦးတယောက်သောသူအား လှည့်ဖြားခြင်း၊ ထိုသို့လှည့် ဖြားခြင်းခံရသောသူက အကယ်၍ လှည့်ဖြားခြင်းမခံရခဲ့သော် မိမိပြုမည်မဟုတ် သော၊သို့တည်းမဟုတ် မိမိပျက်ကွက်မည်မဟုတ်သောအရာကိုပြုစေရန်ဆွဲဆောင်ခြင်း၊ မပြုဘဲပျက်ကွက်စေရန်သော်ငင်း၊ ထိုသို့လှည့်ဖြားခြင်းခံရသောသူအား တမင် သွေးဆောင်လျှင်၊ ထို့ပြင် ထိုပြုလုပ်မှုက၊ သို့တည်းမဟုတ် ထိုပျက်ကွက်မှုက

ဝဋ္ဋဖြာ

ပြည်ထောင်စု
မြန်မာနိုင်ငံ
(မနု)
နှင့်
ကိုကျင်ဝှက်။

ထိုသင်္ခါကိုယ်ကိုဖြစ်စေ၊ စိတ်ကိုဖြစ်စေ၊ ဂုဏ်အသရေကိုဖြစ်စေ၊ ပစ္စည်းကိုဖြစ်စေ ပျက်စီးနစ်နာစေခြင်းသော်၎င်း၊ အန္တရာယ်သော်၎င်း ဖြစ်စေလျှင်၊ သို့တည်း မဟုတ် ထိုသို့ဖြစ်စေတန်ရာလျှင်၊ ထိုသူသည် လိမ်လည်သည်မည်၏။"

မနု၏ ဦးတိုက်လျှောက်လွှာတွင် ဖေါ်ပြသောအချက်တို့မှာ အထက်တွင်ဖေါ်ပြသောရာဇသတ်ကြီးပုဒ်မ ၄၁၅ ၏အဓိပ္ပါယ်ဘွင် အကျုံးဝင်မဝင် ဆက်လက်စစ်ဆေးမှုပေါ်လွင်မည်ဖြစ်သဖြင့်၊ ရာဇသတ်ပုဒ်မ ၄၁၇ အရ အရေးယူ၍ စုံစမ်းစစ်ဆေးရန် အကြောင်းရှိသည်ဟုယူဆသည်။

ထို့ကြောင့် ဖျာပုံမြို့၊ (၁)ရာဘက် ရာဇဝတ်တရားသူကြီးရုံး၊ ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၉၈ တွင် မနု၏ဦးတိုက်လျှောက်လွှာကို ရာဇဝတ်ကျင့်ထုံးပုဒ်မ ၂၀၃ အရ ပသပ်သိုက်သောအမိန့်ကို ပယ်ဖျက်လိုက်ပြီး၊ ဤအမှုကို ဖျာပုံမြို့၊ ခရိုင်ရာဇဝတ်တရားသူကြီးက တရားသူကြီး ဦးသိန်းမောင်နှင့် ဦးချစ်တင်တို့မှအပ အခြားအာဏာရတရားသူကြီးတဦးဦးထံ ပေးပို့၍၊ အထက်ပါဤရုံးက တွေ့ရှိရသည့်အတိုင်း အမှုကို စုံစမ်းစစ်ဆေးရန်အလို့ငှါ ပေးပို့စေရန် အမိန့်ချမှတ်လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးထွန်းတင်ရွှေတွင်

ပြည်ထောင်စု မြန်မာနိုင်ငံ (အယူခံတရားလို)

နှင့်

ဂန်ဒီဘိုရီးယားပိုက်ဒရား (အယူခံတရားခံ)*

† ၁၉၆၇ ဇန္နဝါရီလ ၂၀ ရက်။

နိုင်ငြားသား မှတ်ပုံတင် အက်ဥပဒေ ပုဒ်မ ၅(၁)—နိုင်ငြားသားမှတ်ပုံတင် နည်းဥပဒေ ပုဒ်မ ၇ (၂) (ခ) ကို ကျူးလွန်ခြင်း—နည်းဥပဒေများသည် အက်ဥပဒေနှင့် တဆက်တည်း ဖြစ်ပြီး အက်ဥပဒေများကဲ့သို့ပင် အကျိုးသက်ရောက်ခြင်း—နည်းဥပဒေများကို ဖေါက်ဖျက် ကျူးလွန်က အက်ဥပဒေအရ အပြစ်ပေးနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။နိုင်ငံခြားသား မှတ်ပုံတင် အက်ဥပဒေ ပုဒ်မ ၃ အရ သက်ဆိုင်သည့် နည်းဥပဒေများကို နိုင်ငံတော် သမတကပြဋ္ဌာန်းခဲ့ရာ ၎င်းနည်းဥပဒေများသည် အက်ဥပဒေများနှင့် တဆက်တည်းဖြစ်ပြီး အက်ဥပဒေများကဲ့သို့ပင် အကျိုးသက်ရောက်ခြင်း ရှိသဖြင့် နည်းဥပဒေများကို ဖေါက်ဖျက်ကျူးလွန်က အက်ဥပဒေအရ အပြစ်ပေးနိုင်ကြောင်းကို နိုင်ငံခြားသားမှတ်ပုံတင် အက်ဥပဒေပုဒ်မ ၅ (၁) တွင် အတိအလင်း ပြဆိုထားလေသည်။ ထို့ကြောင့် နိုင်ငံခြားသား မှတ်ပုံတင် အက်ဥပဒေပုဒ်မ ၃ အရ ပြဋ္ဌာန်းခဲ့သည့်နည်းဥပဒေ ၇ (၂) (ခ) အပါအဝင်ကို ကျူးလွန်ခဲ့သော် နိုင်ငံခြားသား မှတ်ပုံတင် အက်ဥပဒေ ပုဒ်မ ၅ (၁) အကျူးဝင်၍ ၎င်းပုဒ်မအရ အပြစ်ဒဏ်ချမှတ်ရမည်ဖြစ်ပေသည်။

အယူခံတရားလိုအတွက်။ ။အစိုးရရွှေနေကြီး ဒေါ်မြသန်းနု။

အယူခံတရားခံအတွက်။ ။

တရားသူကြီး ဦးထွန်းတင်။ ။ယခုအမှုမှ အယူခံတရားခံဂန်ဒီဘိုရီးယားပိုက်ဒရားသည် ၎င်း၏ နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ် သက်တမ်း ၁၄/၆၃ သည် ၁၉၆၆ ခု၊ ဖေဖြီလ ၂ ရက်နေ့တွင် သက်တမ်းကုန်ဆုံးနေသော်လည်း ခွင့်ပြုထားသည့် ရက်ပေါင်း

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၄၄၀။

† ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၇ တွင် ချမှတ်သော၊ ၁၉၆၆ ခုနှစ်၊ မေလ ၃၀ ရက်နေ့စွဲပါ သဘုံမြို့၊ စတုတ္ထရာဘက်ရာဇဝတ်တရားသူကြီး၏ အမိန့်ကို မြန်မာနိုင်ငံရွှေနေချုပ်က မကျေနပ်၍ ရာဇဝတ်ကျင့်ထုံး ကိုမဥပဒေပုဒ်မ ၄၁၇ အရအယူခံဝင်မှု။

၁၉၆၇

ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် ဂန်ဒီဘိုရီးယား ပိုက်ဒရား။

၃၀ အာဘင်း လဲလှယ်ခြင်း မပြုသဖြင့်၊ သဆိုမြို့၊ လူဝင်မှုကြီးကြပ်ရေး လက်ထောက် ဦးကျော်ခင်က ဂန်ဒီဘိုရီးယားသည် နိုင်ငံခြားသား မှတ်ပုံတင် နည်းဥပဒေ ပုဒ်မ ၇ (၂) (ခ) ကို ကျူးလွန်သဖြင့်၊ နိုင်ငံခြားသား မှတ်ပုံတင် အက်ဥပဒေပုဒ်မ ၅ (၁) အရ၊ သဆိုမြို့၊ စတုတ္ထရာဘက် ရာဇဝတ်တရားသူကြီးရုံး ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၇ တွင် တရားစွဲဆိုခဲ့ရာ၊ ထိုအမှုမှ ဂန်ဒီဘိုရီးယားပိုက်ဒရား အား တရားသေ လွှတ်လိုက်သည်ကို မကျေနပ်၍၊ ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရက ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၁၇ အရ၊ အယူခံမှုကို တင်သွင်းခဲ့ခြင်းဖြစ်သည်။

ယခုအမှုနှင့် ပတ်သက်၍ အယူခံတရားခံ ဂန်ဒီဘိုရီးယားပိုက်ဒရား ကိုင်ဆောင်နေသည့် နိုင်ငံခြားသား မှတ်ပုံတင် လက်မှတ် မိတ္တူသက်သေခံ (က) ကို တင်သွင်းခဲ့ရာ ၎င်းလက်မှတ်မှာ အမှုမစွဲဆိုမီ ယခင်က နှစ်ကြိမ်တိုင်တိုင် လဲလှယ်ပြီးကြောင်းတွေ့ရှိရသည်။ နောက်ဆုံးခွင့်ပြုသည့်နေ့မှာ ၁၉၆၆ ခု၊ ဧပြီလ ၂ ရက်နေ့ ဖြစ်ပြီး ထိုနေ့နောက်ပိုင်းတွင် တရားစွဲဆိုသည့် ၁၉၆၆ ခု၊ မေလ ၁၇ ရက်နေ့တိုင် ၎င်းလက်မှတ်ကို လဲလှယ်ခြင်းမပြုကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် လူဝင်မှုကြီးကြပ်ရေး လက်ထောက်အရာရှိ ဦးကျော်ခင်က ဂန်ဒီဘိုရီးယားပိုက်ဒရား အပေါ် နိုင်ငံခြားသား မှတ်ပုံတင် နည်းဥပဒေ ၇ (၂) (ခ) ကို ကျူးလွန်သည်ဆိုပြီး၊ နိုင်ငံခြားသား မှတ်ပုံတင် အက်ဥပဒေပုဒ်မ ၅ (၁) အရ၊ တရားစွဲဆိုခဲ့ခြင်း ဖြစ်သည်။

တရားခံဖြစ်သူ ဂန်ဒီဘိုရီးယားပိုက်ဒရားက မိမိ၏ နိုင်ငံခြားသား မှတ်ပုံတင် လက်မှတ်ကို မလဲလှယ်ရသေးကြောင်း ဝန်ခံ၍ ထိုသို့မလဲလှယ်ရခြင်းမှာ မှတ်ပုံတင် နည်းဥပဒေပုဒ်မ ၇ (၂) (ခ) အရ၊ လက်မှတ်သက်တမ်း ကုန်ဆုံးပြီးနောက် ရက် ၃၀ အတွင်း အသစ် လဲလှယ်ရမည် ဆိုသည်ကို နားမလည်ပါသောကြောင့် မလဲလှယ်ရခြင်းဖြစ်ပါသည်။ သို့သော် ဥပဒေအရ ယခုလဲလှယ်ရန် လိုအပ်သည်ဟု သိရှိရသဖြင့် အသစ်လဲလှယ်ပါမည်ဟု အစစ်ခံလေသည်။

ထို့အတွက် အမှုစစ်ဆေးသည့် ပညာရှိတရားသူကြီးက၊ တရားခံဖြစ်သူ ဂန်ဒီဘိုရီး ယားပိုက်ဒရားသည် နိုင်ငံခြ ားသား မှတ်ပုံတင် နည်းဥပဒေ ပုဒ်မ ၇ (၂) (ခ) ကို နားမလည်ဆိုသည်မှာ မှန်ကန်၍ လက်ခံနိုင်စရာ ရှိပါသည်ဆိုပြီး၊ တရားခံသည်၊ နည်းဥပဒေ လိုအပ်ချက်ကို မသိရှိသဖြင့်သာ ၎င်း၏နိုင်ငံခြားသား လက်မှတ်ကို လိုအပ်သည့်ရက်အတင်း လဲလှယ်ခြင်း မပြုကြောင်း ထင်ရှားသဖြင့်၊ တရားခံက နည်းဥပဒေကို ဖေါက်ဖျက်သည်ဟုမဆိုနိုင်၊ နည်းဥပဒေကိုမသိ၍ သိုက်နာခြင်းမပြုရုံနှင့် အပြစ်ပေးနိုင်သည့် ဥပဒေရှိသည်ဟုလည်း မတွေ့ရှိရသောကြောင့်၊ တရားခံသည် ယခုအမှုတွင် နိုင်ငံခြ ားသ ား ဥပဒေပုဒ်မ ၅ (၁) အရ၊ ပြစ်မှုကျူးလွန်သည်ဟု မဆိုနိုင်ဆိုပြီး၊ ဂန်ဒီဘိုရီးယ ားပိုက်ဒရားအ ား အမှုမှ တရားသေ လွှတ်လိုက်လေသည်။

၁၉၆၇
ပြည်ထောင်စု
မြန်မာနိုင်ငံ
နှင့်
ဂန္ဓီဘိုရီးယား
ပိုက်ဒရား။

ထို့ကြောင့် နိုင်ငံတော်အစိုးရအတွက် ယခုအယူခံမှုကို တင်သွင်းသည့်အခါ၊ အောက်ရုံးမှ တရားခံသည် နိုင်ငံခြားသား မှတ်ပုံတင်ရေး နည်းဥပဒေ ၇ (၂) (ခ) ၏ လိုအပ်ချက်ကို မသိနားမလည်ရုံနှင့် ၎င်းသည် ထိုနည်းဥပဒေကို ဆန့်ကျင် ဖေါက်ဖျက်ခြင်း ပြုသည်မဆိုနိုင်၊ နည်းဥပဒေကို မသိရှိ၍ လိုက်နာခြင်း မပြုရုံနှင့် အပြစ်ပေးနိုင်သည့် ဥပဒေမရှိပါဟု ပြဆိုထားသည်မှာ၊ နိုင်ငံခြားသား မှတ်ပုံတင် ဥပဒေပုဒ်မ ၅ (၁) ပါ ပြဆိုချက်များနှင့် လုံးဝဆန့်ကျင်နေသဖြင့်၊ အောက်ရုံးမှ အယူခံတရားခံအား အမှုမှ တရားသေလွှတ်သည့်အမိန့်မှာ ဥပဒေအရ များစွာမှားယွင်း ချွတ်ချော်နေသောကြောင့်၊ ပယ်ဖျက်ပြီး အယူခံတရားခံအား ထိုက်သင့်သည့်အပြစ် ဒဏ်ကို စီရင်ချမှတ်ပေးရန် လျောက်ထားခဲ့လေသည်။

အထက်ကပြဆိုခဲ့သည့် အတိုင်း အယူခံတရားခံ ဂန်ဒီဘိုရီးယား ပိုက်ဒရားသည်၊ မိမိကိုင်ဆောင်နေသည့် နိုင်ငံခြားသား မှတ်ပုံတင် လက်မှတ် သဏ္ဌာန် ၁၄၆/၆၃ မှ ၁၉၆၆ ခု၊ ဧပြီလ ၂ ရက်နေ့တွင် သက်တမ်းကုန်ဆုံးနေသော်လည်း တရားစွဲဆိုသည့် ၁၉၆၆ ခု၊ မေလ ၁၇ ရက်နေ့တိုင် နည်းဥပဒေ ၇ (၂) (ခ) လိုအပ်ချက်အရ၊ လဲလှယ်ခြင်းမပြုသဖြင့် မှတ်ပုံတင် အက်ဥပဒေ ပုဒ်မ ၅ (၁) အရ၊ ပြစ်မှုကျူးလွန် နေကြောင်းမှာ ထင်ရှားနေပေသည်။ [နိုင်ငံခြားသား မှတ်ပုံတင် အက်ဥပဒေ ပုဒ်မ ၃ အရ သက်ဆိုင်သည့် နည်းဥပဒေများကို နိုင်ငံတော် သမတက ပြဋ္ဌာန်း ခဲ့ရာ ၎င်းနည်းဥပဒေများသည် အက်ဥပဒေနှင့် တဆက်တည်းဖြစ်ပြီး အက်ဥပဒေ မျှားကဲ့သို့ပင် အကျိုးသက်ရောက်ခြင်း ရှိသဖြင့် နည်းဥပဒေများကို ဖေါက်ဖျက် ကျူးလွန်က အက်ဥပဒေအရ အပြစ်ပေးနိုင်ကြောင်းကို နိုင်ငံခြားသား မှတ်ပုံတင် အက်ဥပဒေ ပုဒ်မ ၅ (၁) တွင် အောက်ပါအတိုင်း အတိအလင်းပြဆိုထားလေသည်] ။

> **"Any person who contravenes, or attempts to contravene, or fails to comply with, any provision of this Act or of any rule made thereunder shall be punished with imprisonment for a term which may extend to three years, or with fine, or with both."**

[ထို့ကြောင့် နိုင်ငံခြားသား မှတ်ပုံတင်အက်ဥပဒေ ပုဒ်မ ၃ အရ ပြဋ္ဌာန်း ခဲ့သည့် နည်းဥပဒေ ၇ (၂) (ခ) အပါအဝင်ကို ကျူးလွန်ခဲ့သော် နိုင်ငံခြားသား မှတ်ပုံတင် အက်ဥပဒေ ပုဒ်မ ၅ (၁) အကျုံးဝင်၍ ၎င်းပုဒ်မအရ အပြစ်ဒဏ်ချမှတ် ရမည်ဖြစ်ပေသည်] ။ ထို့ကြောင့် အောက်ရုံးမှ နည်းဥပဒေကို လိုက်နာခြင်းမပြုရုံနှင့် အပြစ်ပေးနိုင်သည့် ဥပဒေမရှိပါဟုဆိုပြီး အယူခံ တရားခံအား အမှုမှ တရားသေ

၁၉၆၇ ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် ဂန်ဒီဘိုရီးယား ပို်က်ဒဏ်း။

လွှတ်လိုက်သည်မှာ ဥပဒေ လိုအပ်ချက်နှင့် လုံးဝဖီလာဆန့်ကျင်နေသဖြင့် လက်ခံနိုင်ရန် မရှိသောကြောင့်၊ အမှုဌ် တရားခံသည် ပြစ်မှုကို ကျူးလွန်ခြင်း မရှိပါဟု ပြဆိုချက်ကို မည်သို့မျှ လက်ခံနိုင်ရန် မဖြစ်ပေ။ အယူခံတရားခံမှာ သာမန် ကူလီ တယောက်သာဖြစ်ပြီး ယခုပြစ်မှုကို ပဌမအကြိမ် ကျူးလွန်ခြင်း ဖြစ်သဖြင့် ဒဏ်ငွေ ပေးဆောင်စေက သင့်တော်လုံလောက်ပြီဟုယူဆသည်။

ဖေါ်ပြပါအကြောင်းများကြောင့် ယခု အယူခံမှုကို ခွင့်ပြုပြီး သထုံမြို့၊ စတုတ္ထ ရာဘက်ရာဇဝတ် တရားသူကြီးရုံး ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၇ တွင် အယူခံတရားခံ ဂန်ဒီဘိုရီးယားပို်က်ဒရားအား နိုင်ငံခြားသား မှတ်ပုံတင် အက်ဥပဒေ ပုဒ်မ ၅ (၁) အရ၊ တရားဆိုစွဲရာတွင် တရားသေ လွှတ်လိုက်သည့် အမိန့်ကို ပယ်ဖျက်၍၊ တရားခံဖြစ်သူ ဂန်ဒီဘိုရီးယားပို်က်ဒရားသည် နိုင်ငံခြားသား မှတ်ပုံတင် နှည်းဥပဒေ ပုဒ်မ ၇ (၂) (ခ) ကို ကျူးလွန်သဖြင့် နိုင်ငံခြားသား မှတ်ပုံတင် ရေး အက်ဥပဒေ ပုဒ်မ ၅ (၁) အရ၊ ငင်းအား ဒဏ်ငွေ ၃၀ ပေးဆောင်စေရမည်။ မပေးဆောင်နိုင်ပါက အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁ လ ကျခံစေရမည်ဟု အမိန့်ချမှတ်လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးချစ်ရှေတွင်

ပြည်ထောင်စု မြန်မာနိုင်ငံ (ပြင်ဆင်ရန် လျှောက်ထားသူ)

နှင့်

ဦးမောင်သန်း(ပြင်ဆင်ရန် လျှောက်ထားခံရသူ)*

† ၁၉၆၇ ဇန္နဝါရီ လ ၁၉ ရက်။

ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များ ပြဋ္ဌာန်းထားသည့် ဥပဒေ (၁၉၆၄ ခုနှစ်)—ပုဒ်မ ၁၂ အရ အလုပ်ရုံများ ဥပဒေသည် နည်းဥပဒေအဖြစ် မှတ်ယူရခြင်း—ပုဒ်မ ၁၁ နှင့်အညီ အပြစ်ဒဏ်များပေးရခြင်း။

ဆုံးဖြတ်ချက်။ ။၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များပြဋ္ဌာန်းထားသည့် ဥပဒေပုဒ်မ ၁၂ အရ အလုပ်ရုံများ ဥပဒေသည် နည်းဥပဒေအဖြစ်မှတ်ယူရန်ဖြစ်သည်။ နည်းဥပဒေဟု ဥပဒေအရ ပြဋ္ဌာန်းထားသည့်နည်းဥပဒေကို ဆန့်ကျင်ဖေါက်ဖျက်သူသည် ပုဒ်မ ၁၁ နှင့်အညီ အပြစ်ဒဏ်များပေးရန်ဖြစ်သည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။အစိုးရရှေ့နေကြီး ဦးမျိုးထွန်းလင်း။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။မည်သူမျှမလာရောက်။

တရားသူကြီး ဦးချစ်။ ။ပဲခူးမြို့ (ဂ) ရာဘက်ရာဇဝတ်တရားသူကြီးရုံး ၁၉၆၅ ခု၊ ရာဇဝတ်ကြီးမှုအမှတ် ၂၀၀ တွင်၊ လျှောက်ထားခံရသူ (တရားခံ) ဦးမောင်သန်းအပေါ်၊ အလုပ်ရုံများ အက်ဥပဒေပုဒ်မ ၁၅ အရ၊ အပြစ်ဒဏ်ထိုက်သော ပြစ်မှုကို ကျူးလွန်ကြောင်း တွေ့ရှိရသဖြင့်၊ ဒဏ်ငွေ ၅၀ ကျပ် ပေးဆောင်စေ၊ ပျက်ကွက်ပါက၊ အလုပ်နှင့် ထောင်ဒဏ် ၁၅ ရက်ကျခံစေရန် အမိန့်ချမှတ်ခဲ့လေသည်။

ထိုကဲ့သို့ ချမှတ်သောအမိန့်မှာ ဥပဒေအရ မှားယွင်းနေပါသဖြင့်၊ ပြင်ဆင်ပေးပါရန်၊ ပဲခူးမြို့၊ ခရိုင်ရာဇဝတ်တရားသူကြီးရုံး၊ ၁၉၆၆ ခု၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၅၈ တွင်၊ ပဲခူးမြို့၊ အလုပ်သမားဥပဒေ စစ်ဆေးရေး အရာရှိ ဦးစိုးသိန်းက ပြင်ဆင်လွှာတင်သွင်းလေသည်။

အမှုအကြောင်းခြင်းရာ အတိုချုပ်မှာ၊ အောက်ပါအတိုင်းဖြစ်သည်။

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၂၀၉ (ခ)။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၂၀၀ တွင် ချမှတ်သော၊ ၁၉၆၆ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့စွဲပါ၊ ပဲခူးမြို့ (ဂ) ရာဘက်ရာဇဝတ်တရားသူကြီး၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၆၇ ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ဦးမောင်သန်း။

၁၉၆၅ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့သည် ဂ နာရီအချိန်လောက်တွင်၊ အလုပ်သမားဦးဥပဒေ စစ်ဆေးရေး အရာရှိသည်၊ လျှောက်ထားခံရသူဦးမောင်သန်း၏ မော်တော်ကားအလုပ်ရုံသို့ သွားရောက်စစ်ဆေးရာ၊ အလုပ်သမားတဦးဖြစ်သူ မောင်တင်လှသည် မော်တော်ကားကို ပြင်ဆင်နေသည်ကို တွေ့ရှိရသည်။ အလုပ်ရုံတွင် ဆွဲချိတ်ထားသော နို့တစ်အရ၊ အလုပ်ချိန်မှာ နံနက် ၇ နာရီမှ ညနေ ၄ နာရီဖြစ်သည်။ အလုပ်ချိန်အပြင်ဘက်ဖြစ်သော ညအခါတွင်၊ အလုပ်သမားတဦးဖြစ်သူ မောင်တင်လှသည် အလုပ်လုပ်နေသည်ကို တွေ့ရှိရသဖြင့်၊ အလုပ်ရှင်ဖြစ်သော လျှောက်ထားခံရသူ ဦးမောင်သန်းအပေါ်၊ အလုပ်ရုံမျှားဆိုင်ရာ ဥပဒေပုဒ်မ ၇၅ အရ ရုံးသို့တရားစွဲဆို တင်ပို့ရာ၊ ရုံးမှ ထိုအက်ဥပဒေပုဒ်မအရ၊ ဦးမောင်သန်းသည် အပြစ်ရှိသည်ဟု ယူဆပြီး၊ ငွင်းသည် ဒဏ်ငွေ ၅၀ ကျပ် ပေးဆောင်စေ၊ ပျက်ကွက်ပါက၊ အလုပ်နှင့် ထောင်ဒဏ် ၁၅ ရက် ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ အချင်းဖြစ်သော အချိန်ဖြစ်သည့် ၁၉၆၅ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့မှာ (၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များ ပြဋ္ဌာန်းထားသည့်ဥပဒေ) ကျေညာပြီးမှဖြစ်သည်။ ထိုဥပဒေကို ၁၉၆၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့က ကျေညာလေသည်။ ထိုဥပဒေ (ပုဒ်မ ၁၂ အရ၊ အလုပ်ရုံများဥပဒေသည် နည်းဥပဒေအဖြစ် မှတ်ယူရန်ဖြစ်သည်။ နည်းဥပဒေဟု ဥပဒေအရ ပြဋ္ဌာန်းထားသည့် နည်းဥပဒေကို ဆန့်ကျင်ဖေါက်ဖျက်သူသည်၊ ပုဒ်မ ၁၁ နှင့်အညီ အပြစ်ဒဏ်များ ပေးရန်ဖြစ်သည်)။

ယခုအမှုတွင်၊ ဦးမောင်သန်းအပေါ် အလုပ်ရုံများ အက်ဥပဒေနှင့် အရေးယူ၍ အပြစ်ဒဏ်ပေးထားခြင်းမှာ မှားယွင်းနေကြောင်း တွေ့ရှိရသည်။ ဥပဒေနှင့်အညီ ဆောင်ရွက်ရန်မှာ၊ ဦးမောင်သန်းအား၊ ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များ ပြဋ္ဌာန်းသည့် ဥပဒေပုဒ်မ ၁၁ ဖြင့် အရေးယူ တရားစွဲဆိုရန်ဖြစ်ပေသည်။

ထို့ကြောင့်၊ ပဲခူးမြို့၊ တဲ့ဘက်ခရိုင်ရာဇဝတ်တရားသူကြီး ထောက်ခံတင်ပြချက်ကို အတည်ပြုလက်ခံပြီး၊ လျှောက်ထားခံရသူ ဦးမောင်သန်းအပေါ် အလုပ်ရုံမျှားဆိုင်ရာ ဥပဒေပုဒ်မ ၇၅ အရ ပြစ်မှုမြောက်သည်ကို တွေ့ရှိရပြီး အပြစ်ဒဏ်ချမှတ်ခြင်းကို ပယ်ဖျက်လိုက်သည်။ ငွင်းသည် ဒဏ်ငွေကို ပေးဆောင်ပြီးပါက၊ ငွင်းအားပြန်ပေးစေ။

ဥပဒေနှင့်အညီ၊ လျှောက်ထားခံရသူ ဦးမောင်သန်းအပေါ် ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များ ပြဋ္ဌာန်းသည့် ဥပဒေပုဒ်မ ၁၁ (ခ) အရ၊ ဤအမှုကို ပဲခူးမြို့ (ဂ) ရာဘက်ရာဇဝတ်တရားသူကြီးရုံးမှအပ၊ ပဲခူးမြို့ စီရင်ပိုင်ခွင့် အာဏာရှိသော အခြားရုံးတရုံးက အသစ်တဖန် ပြန်လည် စစ်ဆေးရန် အမိန့်ချမှတ်လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်

တရားမအသေးအဖွဲမှု

တရားသူကြီး ဦးသက်ဖေရွှေတွင်

ဘီးကေး ရပ် (စ်) တမ်ဂျီ (လျှောက်ထားသူ)

နှင့်

ကွယ်လွန်သူ ဘီးအိပ်ချ်၊ ဒတ်စ်တာ ၏ ပစ္စည်းများကိစ္စ*

၁၉၆၇
ဇန်နဝါရီလ
၅ ရက်။

အမွေဆက်ခံခြင်း ဥပဒေပုဒ်မ ၃၀၁ အရ လက်ရှိအမွေထိန်းကို နုတ်ပယ်ပြီးလျှင် ၎င်း၏နေရာ၌ အမွေထိန်းဝန်အား ဆက်ခံခန့်ထားရန် လျှောက်ထားခြင်း—အမွေဆက်ခံခြင်း ဥပဒေပုဒ်မ ၂၆၃ တွင် တရားသော အကြောင်းရပ်တခုခုရှိမှသာ အမွေထိန်းလက်မှတ်ကို ပြန်လည်နုတ်သိမ်းပယ်ဖျက်ရမည်ဟု ပြဋ္ဌာန်းထားခြင်း—ထိုဖေါ်ပြချက် တခုခုနှင့် အကျုံးမဝင်စေကာမူ ရုံးမှ တရားသောအကြောင်းတည်ရှိသည်ဟု ယူဆလျှင် အမွေထိန်းလက်မှတ်ကိုပြန်လည်နုတ်သိမ်းပယ်ဖျက်နိုင်ခြင်း—အမွေထိန်းဝန်၏ လျှောက်လွှာမရှိဘဲ ၎င်းအား အမွေထိန်းအဖြစ်ခန့်ထားခြင်းပြုနိုင် မပြုနိုင်။

ဆုံးဖြတ်ချက်။ ။အမွေဆက်ခံခြင်း ဥပဒေပုဒ်မ ၂၆၃ တွင် ထရားသောအကြောင်းရပ်တခုခုရှိမှသာ အမွေထိန်းလက်မှတ်ကို ပြန်လည်နုတ်သိမ်းပယ်ဖျက်ရမည်ဟု ပြဋ္ဌာန်းထားပြီး၊ ထိုပုဒ်မ၏ အဓိပ္ပါယ်ရှင်းလင်းချက်နှင့် ဥပမာများတွင် မည်သည့်အခါမျိုး၌ တရားသောအကြောင်းတည်ရှိနေသည်ဟု ဖေါ်ပြထားသည်။ ထိုဖေါ်ပြချက်များသာလျှင် ဥပဒေကခွင့်ပြုသည့် တရားသော အကြောင်းရပ်အားလုံးအကုန်အစင်ဖြစ်သည်ဟု မဆိုနိုင်ပေ။ အဆိုပါဖေါ်ပြချက်များမှအပ အခြား တရားသောအကြောင်းရပ်များ မရှိနိုင်ဟု မဆိုသာပေ။ ထိုဖေါ်ပြချက်တခုခုနှင့် အကျုံးမဝင်စေကာမူ ရုံးမှတရားသောအကြောင်းတည်ရှိသည်ဟု ယူဆလျှင် အမွေထိန်းလက်မှတ်ကို ပြန်လည်နုတ်သိမ်းပယ်ဖျက်နိုင်မည်ဖြစ်သည်။

အကြီးအကဲဖြစ်သူ အီရက်ရှော်ဟိုမက်စ်ဂျီသည်၎င်း၏ကိုယ်စားလှယ်ဖြစ်သူ ဘီးကေးရပ်စ်တန်ဂျီ အပေါ် လုံးဝအယုံအကြည်မရှိတော့သည်မှာ ယုံမှားဘွယ်မရှိနိုင်ပေ။ ယင်းသို့ အကြီးအကဲဖြစ်သူက ကိုယ်စားလှယ်အပေါ် အယုံအကြည်မရှိသည့် အခြေတွင် အကြီးအကဲကိုယ်စားလှယ်က ဆက်လက်၍ ဆောင်ရွက်ရမည်ဟု အဓိပ္ပါယ်မှတ်လျှင် မည်သည့်နည်းနှင့်မျှ တရားမျှတလိမ့်မည် မဟုတ်ပေ။

---

* ၁၉၆၃ ခုနှစ်၊ တရားမအသေးအဖွဲမှုအမှတ် ၁၇၃။

၁၉၆၇

ဘီ၊ကေ၊ရပ်(စ်) တစ်ဂျီ နှင့် ကွယ်လွန်သူ ဘီ၊အိပ်ခ်ျ၊ ဒတ်စ်တာ၏ ပစ္စည်းများ ကိစ္စ။

အမွေထိန်းဝန်၏ လျှောက်လွှာမရှိဘဲ ၎င်းအား အမွေထိန်းအဖြစ်ဖြင့် ခန့်ထားခြင်းမပြုနိုင်ဟုဘာ မြစ်ထားသည့်ဥပဒေမရှိသဖြင့်၊ ၎င်းအား အမွေထိန်းအဖြစ် ခန့်ခြင်းပြုနိုင်သည်။

ကေ၊ဂျီ၊ဂျီ၊ဘွိုင် နှင့် မစ္စစ်ရှိရင်ကောင်ဝါစ်ဂျီ၊ ၁၉၅၉၊ မြန်မာပြည်စီရင်ထုံး ၆၄ (၆၇) (တရား လွှတ်တော်).....ရည်ညွှန်းသည်။

လျှောက်ထားသူအတွက်။ ။ဦးမြတင်။

လျှောက်ထားခံရသူအတွက်။ ။မစ္စတာ ဘာနာဂျီ။

တရားသူကြီး ဦးသက်ဖေ။ ။အမွေဆက်ခံခြင်း ဥပဒေပုဒ်မ ၃၀၁ အရ၊ လက်ရှိ အမွေထိန်းကို နုတ်ပယ်ပြီးလျှင် ၎င်း၏နေရာ၌ အမွေထိန်းဝန်အား ဆက်ခံခန့်ထားရန် လျှောက်ထားသည့်ကိစ္စဖြစ်သည်။

ရန်ကုန်မြို့၊ လန်ကက်စတာသမိုး၊ အမှတ် ၂၄ နေ၊ ဘာဂျော်ဂျီဟိုမတ်စ်ဂျီဒတ်စ်တူး သည်၊ လွန်ခဲ့သည့် ၁၉၆၂ ခု၊ မတ်လ ၁၅ ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်ခဲ့၏။ ဘာဂျော်ဂျီဟိုမက်စ်ဂျီဒတ်စ်တူးသည် မသေမီ ၎င်း၏ သေတမ်းစာတွင် ၎င်း၏ အစ်ကိုဖြစ်သူ အီရက်ရှောဟိုမက်စ်ဂျီ ဒေါက်တာ အား၊ တဦးတည်းသော သေတမ်းစာ အတည်ပြုသူအဖြစ် ခန့်ထားခဲ့လေသည်။ အီရက်ရှောဟိုမက်စ်ဂျီ ဒေါက်တာမှာ အိန္ဒိယ ပြည်၊ ဘုံဘိုင်မြို့တွင် အမြဲနေထိုင်သူ တဦးဖြစ်၍၊ ရန်ကုန်မြို့၊ ၃၆ လမ်း၊ အမှတ် ၄၄ နေ မစ္စတာ ဘီ၊ ကေ၊ ရပ်စတန်ဂျီအား ၎င်း၏ကိုယ်စားလှယ်အဖြစ် ခန့်အပ်ကာ၊ သေတမ်းစာ ပူးတွဲပါသည့် အမွေထိန်းလက်မှတ်ကို လျှောက်ထား ဘောင်းခံသော ကြောင့်၊ ဤရုံးမှ မစ္စတာ ဘီ၊ ကေ၊ ရပ်စတန်ဂျီအား အမွေဆက်ခံခြင်း ဥပဒေ ပုဒ်မ ၂၄၁ အရ လျှောက်ထားသည့်အတိုင်း အမွေထိန်းအဖြစ် ခန့်အပ်ခဲ့၏။

ယင်းသို့ခန့်အပ်ခဲ့ပြီးနောက်၊ အီရက်ရှောဟိုမက်စ်ဂျီနှင့် ၎င်း၏ကိုယ်စားလှယ် မစ္စတာ ဘီ၊ ကေ၊ ရပ်စတန်ဂျီတို့သည် တဦးနှင့်တဦး ဆက်သွယ်မှု အဆင်မပြေ ဖြစ်လာကြသည်။ အီရက်ရှောဟိုမက်စ်ဂျီက မစ္စတာ ဘီ၊ ကေ၊ ရပ်စတန်ဂျီသည် အမွေပစ္စည်းနှင့် ပတ်သက်၍ စာရင်းအင်း မှန်မှန်ကန်ကန် ပေးပို့ခြင်းမရှိဟု စွပ်စွဲ လာသည်။ နောက်ဆုံးတွင် အီရက်ရှောဟိုမက်စ်ဂျီသည် ၎င်း၏ ကိုယ်စားလှယ် ပေါ်၌ လုံးဝအယုံအကြည် မရှိတော့သဖြင့်၊ ၎င်း၏ကိုယ်စားလှယ်အား အမွေထိန်း အဖြစ် ခန့်ထားခြင်းကို နုတ်ပယ်ပြီး အမွေထိန်းဝန်အား ဆက်ခံခန့်ထားရန် လျှောက် ထားခဲ့ခြင်းဖြစ်သည်။

မစ္စတာ ဘီ၊ ကေ၊ ရပ်စတန်ဂျီ၏ ပညာရှိ ရှေ့နေကြီး မစ္စတာ ဘာနာဂျီက၊ အမွေဆက်ခံခြင်း ဥပဒေ ပုဒ်မ ၃၀၁ အရ၊ တရားရုံးချုပ်တွင် လက်ရှိအမွေထိန်း

စာဦးကို နုတ်ပယ်ခန် အာဏာရှိသည်ဆိုခြင်းကို မငြင်းလိုကြောင်း၊ သို့ရာတွင် ယင်းသို့ နုတ်ပယ်ရာ၌ ပုဒ်မ ၂၆၃ တွင် ပြဋ္ဌာန်းထားသည့် တရားသော အကြောင်း တရပ်ရပ် တည်ရှိခန် လိုကြောင်း၊ယခုအမှုဘွင် ထိုကဲ့သို့ ပြဋ္ဌာန်းထားသည့် တရားသောအကြောင်း တရပ်ရပ် တည်ရှိသည်ဟု မဆိုနိုင်၍၊ လက်ရှိအမွေထိန်းကို နုတ်ပယ်ခြင်း မပြုနိုင်ကြောင်း၊ မည်သို့ပင်ဖြစ်စေ၊ အမွေထိန်းဝန်က ၎င်းအား အမွေထိန်းခန့်ထားရန် လျောက်ထားသည့် လျောက်လွှာမရှိ၍၊ ဤအမှုဘွင် အမွေထိန်းဝန်အား အမွေထိန်း မခန့်ထားနိုင်ကြောင်း တင်ပြသွားလေသည်။

မစ္စတာ ဘီ၊ကေ၊ ရပ်စတန်ဂျီသည် ကွယ်လွန်သူ ဘာဂျော်ဂျီဟိုမက်စ်ဒတ်စ်တူး၏ အခမဲ့ပစ္စည်းများနှင့် ပတ်သက်၍ ပိုင်ခွင့်ဆိုင်ခွင့် လုံးဝရှိသူမဟုတ်ခေ။ သေတမ်းစာ အတည်ပြုသူ **အီရက်ရှောဟိုမက်စ်ဂျီ**၏ တရားဝင် ကိုယ်စားလှယ်အဖြစ် အမွေပစ္စည်းများကိုထိန်းသိမ်းအုပ်ချုပ်ရန် ခန့်ထားသည့် အခမဲ့ထိန်း တယောက်သာဖြစ်ပေသည်။ ၎င်းအား ဤရုံးမှ အမွေထိန်း လက်မှတ်ကို ထုတ်ပေးစဉ်ကလည်း သေတမ်းစာ အတည်ပြုသူ **အီရက်ရှောဟိုမက်စ်ဂျီ**မရှိစဉ် ၎င်း၏ ကိုယ်စားလှယ်အဖြစ် ကန့်သတ်ပြီး ထုတ်ပေးခဲ့ခြင်းဖြစ်ရာ အကြီးအကဲဖြစ်သူ **အီရက်ရှောဟိုမက်စ်ဂျီ**က ကိုယ်စားလှယ်ဖြစ်သူအပေါ် အမွေအုပ်ထိန်းခြင်းနှင့် ပတ်သက်၍ မကျေနပ်မှုရှိလျှင်၊ အကြီးအကဲကိုယ်စား အမွေထိန်းစာ ထုတ်ပေးခြင်းကို ပြန်လည်နုတ်သိမ်းရန် ခွင့်ပြုသင့်ပေသည်။ အကြီးအကဲတဦးအနေဖြင့် ၎င်း၏ အခွင့်အရေးများကို လွှဲအပ်ထားသည့် ကိုယ်စားလှယ်အပေါ် လွှဲအပ်ထားသည့် အာဏာများကို အခါနှမရွေး ပြန်လည်နုတ်သိမ်းခွင့်ရှိပေသည်။ ယင်းသို့ နုတ်သိမ်းခွင့်ရှိပါလျက် အကြီးအကဲ၏ သဘောတူညီချက်ဖြင့် ၎င်း၏ကိုစားလှယ်အား ၎င်းအတွက် ထုတ်ပေးခဲ့သည့် အမွေထိန်းစာကို၊ ၎င်းသဘောမတူသည့်အခါ ပြန်လည်နုတ်သိမ်းခြင်း မပြုနိုင်ဟုဆိုလျှင် အလွန်ချွတ်ခြုံးသော အခြေအနေသို့ ဆိုက်ရောက်ရန် အကြောင်းရှိပေသည်။ (အမွေဆက်ခံခြင်း ဥပဒေပုဒ်မ ၂၆၃ တွင် တရားသော အကြောင်းရပ် တခုခုရှိမှသာ အမွေထိန်း လက်မှတ်ကို ပြန်လည်နုတ်သိမ်း ပယ်ဖျက်ရမည်ဟု ပြဋ္ဌာန်းထားပြီး၊ ထိုပုဒ်မ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် ဥပမာများတွင် မည်သည့်အခါမျိုးဌ တရားသောအကြောင်း တည်ရှိနေသည်ဟု ဖေါ်ပြထားသည်။ ထိုဖေါ်ပြချက်များသာလျှင် ဥပဒေက ခွင့်ပြုသည့် တရားသော အကြောင်းချုပ်အားလုံး အကုန်အစင်ဖြစ်သည်ဟု မဆိုနိုင်ပေ။ အဆိုပါဖေါ်ပြချက်များမှအပ အခြား တရားသော အကြောင်းရပ်များ မရှိနိုင်ဟု မဆိုသာခေ။ထိုဖေါ်ပြချက်တခုခုနှင့် အကျုံးမဝင်စေကာမူ ယုံမှတရားသော အကြောင်းတည်ရှိသည်ဟု ယူဆသျှင် အမွေထိန်း လက်မှတ်ကို ပြန်လည်နုတ်သိမ်း ပယ်ဖျက်နိုင်မည် ဖြစ်သည်)။ ဤကိစ္စနှင့် ပတ်သက်၍၊ ကော်ဂျီ၊ ဘွိုင် နှင့် **မစ္စစ်ရှိရင်**

၁၉၆၇

ထီးကေးရပ်(စ်) တမ်ကျီ နှင့် ကွယ်လွန်သူ ဘီးအိပ်ချို၊ ဒတ်စ်ထာ၏ ပစ္စည်းများ ကိစ္စ။

ကောင်ဝါစ်ကျီ (၁) တို့ စီရင်ထုံးကိုသာ ရည်ညွှန်းလို ပေသည်။ ထိုစီရင်ထုံးဌာန မစွတာ ကေးကျီးကျီးဘွိုင်အား မစွစ်ရှိရင်ကောင်ဝါစ်ကျီ၏ ကိုယ်စားလှယ် အဖြစ် အမွေထိန်း လက်မှတ်ကိုရုံးမှ အမွေဆက်ခံခြင်း ဥပဒေပုဒ်မ ၂၄၃ အရ ကန့်သတ်၍၊ ထုတ်ပေးခဲ့၏။ ထို့နောက် အကြီးအကဲဖြစ်သူ မစွစ်ရှိရင်ကောင်ဝါစ်ကျီက ကိုယ်စားလှယ်ဖြစ်သူ ကေးကျီးကျီးဘွိုင်သည် စာရင်းအင်းများကို မှန်ကန်စွာ မတင်၍၊ အမွေထိန်းလက်မှတ်ကို ပယ်ဖျက်ပြီး အမွေထိန်းဝန်အား ဆက်ခံခန့်ထားရန် လျောက်ရာ၊ ပညာရှိ မူလဘက် တရားသူကြီးက ခွင့်ပြုခဲ့သည်ကို မကျေနပ်သဖြင့် အယူခံဝင်သော အခါ၊ အယူခံခုံရုံးမှ အောက်ရုံးအမိန့်ကို အတည်ပြုကာ အောက်ပါအတိုင်း မိန့်မြွက်ခဲ့၏။

> "Section 263 of the Succession Act enacts that the grant of probate or letters of administration may be revoked or annulled for just cause. The explanation to that section says that 'just cause' shall be deemed to exist in the instances cited. However, the explanation is not exhaustive and is therefore not meant to cover cases like the present.
>
> In the case now under consideration, the grant of letters of administration to the appellant being a limited one, we see no reason why it cannot be revoked if the person on whose behalf the appellant has been acting is dissatisfied with his administration of the estate."

ယခုအမှုတွင် (အကြီးအကဲဖြစ်သူ **အီရက်ရှောဟိုမက်စ်ကျီ**သည် ၎င်း၏ကိုယ်စားလှယ်ဖြစ်သူ ဘီးကေ၊ ရပ်စတန်ကျီ အပေါ် လုံးဝအယုံအကြည် မရှိတော့သည်မှာ ယုံမှားဘွယ်မရှိနိုင်ပေ။ ယင်းသို့ အကြီးအကဲ ဖြစ်သူက ကိုယ်စားလှယ် အပေါ် အယုံအကြည်မရှိသည့် အခြေတွင်၊ အကြီးအကဲ ကိုယ်စားလှယ်က ဆက်လက်၍ ဆောင်ရွက်ရမည်ဟု အမိန့်ချမှတ်လျှင် မည်သည့်နည်းနှင့်မျှ တရားမျှတ လိမ့်မည် မဟုတ်ပေ)။ အကြီးအကဲဖြစ်သူက အယုံအကြည် မရှိသော ကိစ္စတခုတွင် ကိုယ်စားလှယ်ဖြစ်သူ အနေနှင့်လည်း ယုံမှားစိတ် ကင်းရှင်းစွာဖြင့် ဆောင်ရွက်နိုင်မည် မဟုတ်၍၊ ထိုကိစ္စအား အရှဲ့တိုက်သည့်သဘောဖြင့် တွယ်ကပ်ခုခံခြင်း မပြုသင့်ပေ။

ပစ္စည်းထိန်းဝန်က လက်ရှိအမွေထိန်းကို နုတ်ပယ်ပြီး၊ ၎င်းအား အမွေထိန်း အဖြစ် ဆက်ခံခန့်ထားပါက ကန့်ကွက်ရန်မရှိကြောင်း ၎င်း၏ ၁၉၆၆ ခု၊ စက်တင်ဘာလ ၁၄ ရက်နေ့စွဲပါ စာအမှတ် ၉၀၇၊ အေ၊ ကျီ အရ၊ ပြန်ကြားထားပြီး ဖြစ်သည်။ (အမွေထိန်းဝန်၏ လျောက်လွှာ မရှိဘဲ ၎င်းအား အမွေထိန်း အဖြစ် ခန့်ထားခြင်း

(၁) ၁၉၅၉၊ မြန်မာပြည်စီရင်ထုံး၊ ၆၄ (၆၇) (တရားလွှတ်တော်)။

ဒုဇ္ဈ၇

ဘီးကေးရပ်(စ်)တမ်ကျနှင့် ကွယ်လွန်သူ ဘီးအိပ်၍၊ ဒတ်စ်တာ၏ ပန္ထုံးများကိစ္စ။

မပြုနိုင်ဟု တားမြစ်ထားသည့် ဥပဒေကို) လျှောက်ထားခံရသူ ဘီးကေးရပ်စတန်ဂျီ၏ ပညာရှိရွှေနေကြေးကာဘင်ပြခြင်းမပြုနိုင်ပေ၊ အထက်တွင် ပေါ်ပြခဲ့သည့် **ကေးဂျီးဂျီးဘို့ဂင်** နှင့် **မစ္စစ် ရှိရင်ကောင်ဝါစ်ဂျီ** (၁) တို့ အမှုဘွဲ့လည်း အမွေထိန်းပန်က ၎င်းအား အမွေထိန်းအဖြစ် ခန့်ထားရန် လျှောက်ထားခြင်း မပြုသော်လည်း ဤရုံးမှ ၎င်းအား အမွေထိန်းအဖြစ် ဆက်ခံခန့်ထားခဲ့သည့် အစဉ်အလာရှိနေလေသည်။

အဆက်ပါ အခြေခံးရပ်များကြောင့် လျှောက်ထားခံရသူ ဘီးကေးရပ်စတန်ဂျီ အား အမွေဆက်ခံခြင်း၊ ဥပဒေ ၃၀၆ အရ၊ ထုတ်ပေးခဲ့သည့် အမွေထိန်း စာကို နုတ်သိမ်းပယ်ဖျက်လိုက်ပြီး ၎င်း၏ နေရာတွင် အမွေထိန်းပန်အား ဆက်ခံရန် ခန့်ထားလိုက်သည်၊ ဤလျှောက်လွှာနှင့် ပတ်သက်၍ တရားစရိုတ်အတွက် အမိန့် ချမှတ်ခြင်းမပြု။

(၅) ၁၉၅၉၊ မြန်မာပြည်စီရင်ထုံး၊ ၆၄ (၆၇) (တရားလွှတ်တော်)။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးထွန်းတင်နှင့် တရားမူကြီး ဦးသက်ဖေတို့ရှေ့တွင်

မစ္စတာ ချားအိပ်(ခ)အော့ဗ်ပ် (အယူခံတရားလို)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

† ၁၉၆၇ ဖေဖော်ဝါရီလ ၂၀ ရက်။

နိုင်ငံခြားငွေလဲလှယ်မှု စည်းမျဉ်းသတ်မှတ်ရေး အက်ဥပဒေပုဒ်မ ၆ (၁) (၂)—ငွေရရှိကြောင်း ဝန်ခံသည့်စာချုပ်စာတမ်း—စာချုပ်တွင် နိုင်ငံခြားငွေယူခွင့်ရှိသူဟု ဖေးသားရည်ညွှန်း ထားသည့်သူမှာ နိုင်ငံခြားဥ္စ အသက်ရှင်လျက်ရှိသူတဦးမဟုတ်ခြင်း—ပြစ်မှုမြောက်မမြောက်။

ဆုံးဖြတ်ချက်။ ။နိုင်ငံခြားငွေလဲလှယ်ရေး အက်ဥပဒေပုဒ်၊ ၆(၁) (၂) လုံးဝပ်ချက်မှာ တရားခံဖြစ်သူသည် ငွေရရှိကြောင်းဝန်ခံသည့် စာချုပ်စာတမ်းများသားပေးပြီး၊ ထိုစာချုပ်အရ နိုင်ငံခြားတွင် နေထိုင်သူတဦးသို့ ထိုငွေအတွက်ပေးပို့ရန်ပြုလုပ်ခြင်းရှိခဲ့မှု၊ ၎င်းပုဒ်မအရ ပြစ်မကျူးလွန်ရာရောက်ပေမည်။ သို့ရာတွင် သက်သေ မစ္စတာ ဘားဂီးယားပြဆိုဝန်ခံထားသည့်အတိုင်း၊ သက်သေခံ (စ) ပေါ်တွင် ရည်ညွှန်းထားသည့်ယူဆွတ်စူလေမန်ဆိုသမျှ အာဏာပင် အသက်မှ် လျက်ရှိသူတဦးမဟုတ်၊ ထိုပြောပေါ်တွင် ရေးသားထားသည့် လိပ်စာမှာလည်းဂင်းလူ၏လိပ်စာ မဟုတ်၊ ဘဏ်တိုက်ခဲ့တခု၏လိပ်စာသာဖြစ်ကြောင်း ထင်ရှားနေရကား ၎င်းသက်သေခံ (စ) ပြေစာအရ အယူခံတရားလိုသည်နိုင်ငံခြားတွင် နေထိုင်သူတဦးတယောက်ရရှိနိုင်စေရန် စာချုပ် ချုပ်ဆိုပေးသည်ဟု မည်သို့မျှယူဆနိုင်ရန်မဖြစ်တော့ပေ။ ထို့ကြောင့် အပခံတရားလိုသည် နိုင်ငံခြားငွေလဲလှယ်ရေးအက်ဥပဒေ ပုဒ်မ ၆ (၁) (၂) အာကျူးဝင်သည့်ပြစ်မှုကို ကျူးလွန်ခြင်းဖြစ်သည်ဟု မယူဆနိုင်။

အယူခံတရားလိုအတွက်။ ။ဦးသန်းအောင်။

အယူခံတရားခံအတွက်။ ။အစိုးရရှေ့နေကြီး ဦးနှစ်။

တရားသူကြီး ဦးထွန်းတင်။ ။ယခု အမှုမှာ အယူခံ တရားလို မစ္စတာ ချားအိပ်(ခ)အော့ဝပ်နှင့် တရားရှင် လွှတ်လိုက်သူ ဦးအောင်ကြီးတို့အား၊ ရန်ကုန်မြို့

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၃၉၉။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၇ တွင် ချမှတ်သော ၃၀၉၆၆ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက် နေ့စွဲပါ ပဌမ အထူးတရားသူကြီး (အထူးစုံစမ်းစစ်ဆေးရေး အက်ဥပဒေ)၏ အမိန့်ကို အယူခံမှု။

၁၉၆၇
မစ္စတာ ချားအိပ်(ချ်)အော့ဝပ်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

စသုံးလုံး ပဌမ အသုံးတရားသူကြီးရုံး ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၇ တွင် စသုံးလုံးဌာနမှ မြန်မာငွေ ၅၀,၀၀၀ ကျပ်ကို အမိန့်တစုံတရာမရှိဘဲ ပြည်ပတွင် လဲပြောင်းပေးရန် ကြိုးစားအားထုတ်သည်ဆိုပြီး နိုင်ငံခြားငွေ လဲလှယ်မှု စည်းမျဉ်း သတ်မှတ်ရေးဥပဒေ ပုဒ်မ ၆(၁)/၂၄(က) အရ တရားစွဲတင်ခဲ့ရာ၊ အယူခံတရားလိုသည် နိုင်ငံခြားငွေ လဲလှယ်မှု စည်းမျဉ်းသတ်မှတ်ရေးဥပဒေပုဒ်မ ၆(၁)(၂)/၂၄(က) အရ ပြစ်မှုထင်ရှားသဖြင့် အနုပ်ကြမ်းနှင့် ထောင်ဒဏ် ၆ လ ကျခံစေရမည်ဟု အမိန့် ချမှတ်ခြင်း ခံရလေသည်။ ထို့အတွက် ယခုအယူခံမှုကို တင်သွင်းခဲ့ခြင်းဖြစ်သည်။

အမှုအကြောင်းမှာ လိုရင်းကို ဖော်ပြရမူ မစ္စတာ ဘားဂီးယား ဆိုသူသည် ၎င်း၏ ထွက်ဆိုချက် အရ မူသီရာမန် (လိုပြ-၅) နှင့် ဦးဆန်နီ (ခေါ်) အက်(စ)၊ အာရ်၊ ဆွာမီ (လိုပြ-၆) တို့မှ တဆင့်၊ အယူခံ တရားလို မစ္စတာ ချားအိပ် (ချ်) အော့ဝပ်နှင့် အဆက်အသွယ်ပြုလုပ်မိပြီး နိုင်ငံခြားငွေ လဲလှယ်ရန်နှင့် ပတ်သက်၍ စုံစမ်းသည့်အခါ အယူခံတရားလိုက မြန်မာငွေ ကျပ် ၅၀ နှုန်းနှင့် စတာလင်ပေါင် ၁ ပေါင်ကို လဲပေးနိုင်သည်ဟု ပြောဆို၍၊ ငွေများ ထိုအလုပ်ကို လုပ်ပေးလိုသည်ဟု ပြောပြသည် ဆိုသည်။ ထိုအခါ မစ္စတာ ဘားဂီးယားက မိမိ မိတ်ဆွေများအား တိုင်ပင်ပြီး အကြောင်းပြန်ပါမည်ဟု ပြောခဲ့ရ၊ ထိုအကျိုးအကြောင်းကို မစ္စတာ ဘားဂီးယားက အသုံးစုံစမ်း စစ်ဆေးရေးဌာနသို့ တိုင်တန်းသည့် အခါ၊ စသုံးလုံးအဖွဲ့မှ ၎င်းအား မိမိဘို့ညှိနှိုင်းသည့်အတိုင်း ရွှေကို ဆက်လက်ဆောင်ရွက်ရန် ပြောသည်ဆိုသည်။ ထိုနောက် စသုံးလုံးဌာနမှ မစ္စတာဘားဂီးယားသို့ ငွေ ၁၀,၀၀၀ ကျပ်ကို ငွေ ၅၀,၀၁၀ ကျပ်စက္ကူသဏ္ဌာန် ပြုလုပ်ထားသည့် ငွေများကို လွယ်အိတ်စိမ်း တခုဘွင် ထည့်ပြီး မစ္စတာ ဘားဂီးယားအား ထိုငွေကို အယူခံတရားလိုသို့ မိမိ၏ ၃၉ လမ်းရှိ စာပုံနှိပ်တိုက်ကို လာယူစေရန် ညွှန်ကြားသည်ဆိုသည်။ ထို့အတွက် မစ္စတာ ဘားဂီးယားသည် အယူခံတရားလိုနှင့် ဖောက်ဆုံပြီး ငွေအနည်းငယ်ပေးလိုက်၍ မိမိ၏ ၃၉ လမ်းရှိ စာပုံနှိပ်တိုက်သို့ လာရောက်ရန် ပြောသည်တွင် ၁၉၆၅ ခု၊ ဇန်နဝါရီလ ၂၃ ရက်နေ့ ၁၁ နာရီအချိန်ခန့်တွင် အယူခံတရားလိုနှင့် ဦးအောင်ကြီးတို့ ရောက်လာသည့်အခါ၊ မစ္စတာ ဘားဂီးယားက ငွေ ၅၀,၀၀၀ ကျပ်တန် ပြုလုပ်ထားသည့် ငွေစက္ကူအသုပ်ကို လွယ်အိတ်ဆဲမှထုတ်၍ အယူခံတရားလိုသို့ ပေးသည်တွင် အယူခံတရားလိုက မိမိမရေတွက်လိုပါ၊ လွယ်အိတ်ထဲသို့ပင် ပြန်ထည့်ပြီး ပါလာသည့် အိတ်အဘွင်းသို့ထည့်ရန် သားရေအိတ်ကိုဖွင့်သဖြင့် မစ္စတာဘားဂီးယားက လွယ်အိတ်နှင့် ငွေစက္ကူများကို ထိုသားရေအိတ်ထဲသို့ ထည့်ပေးလိုက်သည် ဆိုသည်။ ထို့နောက် မစ္စတာ ဘားဂီးယားက လက်မတ်တစောင်ပေးရန် တောင်းဆိုသည်တွင် အယူခံ တရားလိုက ပါလာသူ ဦးအောင်ကြီးအား ပြေစာတခု ရေးပေးရန် ပြောသည်တွင်

၁၉၆၇ မစ္စတာချားအိပ်(ချ်)အော့ဝပ်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

မစ္စတာ ဘားဂီးယားသည် လိပ်စာအတိုင်း သက်သေခံအမှတ် (စ)ပြေစာတခုကို ရေးချ၍ ထိုပြေစာကို အယူခံဘရားလိုက လက်မှတ် ရေးထိုးပေးသည်ဆိုသည်။ထိုနောက် မစ္စတာ ဘားဂီးယားသည် ဦးအောင်ကြီးအား ထိုပြေစာပေါ်တွင် သက်သေအဖြစ် လက်မှတ်ထိုးပေးပါရန် ပြောသဖြင့်၊ ဦးအောင်ကြီးကလည်း ပြေစာပေါ်တွင် သက်သေအဖြစ် လက်မှတ် ထိုးပေးလိုက်သည် ဆိုသည်။ သက်သေခံ (စ)ပြေစာမှာ အောက်ပါအတိုင်း ဖြစ်သည်။

"RECEIPT.

Received Kyats Fifty thousand only (50,000 from Mr. I. M. D. Baggia at the date 23 January 1965 at the rate of 50 per Kyat per pound to be delivered to the said Address.

Yusuf Sulaman,
12, Finsbury Circus,
London, E.C.2,
United Kingdom.

Aung Gyi, 23/1/65
(AUNG GYI)

Chas. H. Allworth, 23/1/64.
(C. H. ALLWORTH)

ထိုနောက် အယူခံတရားလိုနှင့် ဦးအောင်ကြီးတို့ ဆိုင်အပြင်သို့အထွက်တွင် စသုံးလုံး အရာရှိနှင့် သက်သေများ ရောက်ရှိလာပြီး အယူခံတရားလိုလက်တွင် ကိုင်ထားသည့် သားရေအိတ်ကိုဖွင့်ကြည့်ရာ အဖွဲ့ကပေးခိုင်းသည့် ရှမ်းလူယဉ်အိတ် အစိမ်းတွင် ပါသည့် ငွေများကို ဒတ္တုကြ၍ သိမ်းဆည်းပြီး၊ မစ္စတာဘားဂီးယားကလည်း ရရှိထားသည့် သက်သေခံအမှတ် (စ)ပြေစာကို စသုံးလုံးအရာရှိများသို့ အပ်လိုက်သည်ဆိုသည်။

သက်သေခံ (စ)ပြေစာအရ အယူခံတရားလိုသည် မြန်မာငွေများကို ပြေစာတွင် ပြဆိုထားသည့်နှုန်းအတိုင်း၊ ထိုပြေစာပေါ်တွင် ပြဆိုထားသူထံသို့ နိုင်ငံခြားငွေ ပေးပို့ရန် တာဝန်ယူကြောင်း စာချုပ်စာတမ်း ပါသည့်အတွက် နိုင်ငံခြားငွေ လဲလှယ်မှုစည်းမျဉ်းသတ်မှတ်ရေး ဥပဒေ ပုဒ်မ၆(၁)(၂)/၂၄(က) အရ တရားစွဲတင်ခဲ့ခြင်း ဖြစ်ပေသည်။

အမှုတွင် ပြသစစ်ဆေးခဲ့သည့် သက်သေခြက်များအရ၊ အယူခံတရားလိုက မစ္စတာ ဘားဂီးယားထံမှ ငွေငါးသောင်းတန် ပြူလုပ်ထားသည့် စက္ကူများကိုရရှိပြီး ထိုငွေများအတွက် သက်သေခံ (စ)ပြေစာကို မစ္စတာ ဘားဂီးယားသို့ ပေးခဲ့ခြင်းကို မငြင်းဆိုပေ။ထို့ကြောင့် အောက်ရုံးမှ အယူခံတရားလိုအပေါ် နိုင်ငံခြားငွေ လဲလှယ်

ရေး ဥပဒေ ပုဒ် ၆(၁)(၂)/၂၄(က) အရ စွဲချက်တင်ပြီး၊ ဆက်လက် စစ်ဆေးသည်တွင် အယူခံတရားလိုက မစ္စတာဘားဂီးယားအား စာလင်ပေါင် ၁ ပေါင်လျှင် မြန်မာငွေ ၅၀ ကျပ်နှုန်းနှင့် လဲလှယ်ပေးနိုင်မည် ဖြစ်ခြေရှိခြင်း မည်သည့်အခါမှ မပြောကြားရ။ အချင်းဖြစ်သည့်နေ့က ၃၉ လမ်းအဘွင်းသို့ ဦးအောင်ကြီးနှင့်အတူ လမ်းလျှောက်သွားစဉ်၊ မစ္စတာ ဘားဂီးယား ခေါ်သဖြင့် ၎င်း၏ စာပုံနှိပ်တိုက်ခန်းသို့ ၎င်သွားရာ၊ မစ္စတာ ဘားဂီးယားက သူ၏သားရေအိတ်ကိုဖွင့်ပြီး လွယ်အိတ်အစိမ်းတခုကို ထည့်ပေးလိုက်ခြင်း ဖြစ်ကြောင်း၊ ထိုနောက် မစ္စတာ ဘားဂီးယားက ပြေစာတောင်းသဖြင့် ဦးအောင်ကြီးက သက်သေခံ အမှတ်(စ)ပြေစာကို ရေးပေးသည်တွင် မိမိကလက်မှတ်ထိုးပေးလိုက်ရခြင်းသာ ဖြစ်ပါသည်ဟု ပြောသိုသည်။

စွဲချက်တင်ပြီးနောက် မစ္စတာ ဘားဂီးယားအား ပြန်လည်ခေါ်ယူပြီး တရားခံက စစ်မေးသောအခါ၌၊ မစ္စတာ ဘားဂီးယားက သက်သေခံ (စ)ပြေစာပေါ်တွင် ရည်ညွှန်းထားသည့် ဟူဆွက်ဦးလေမန်ဆိုသူမှာ မရှိပါ၊ ၎င်းက ကြံဆပြီး ပြောလိုက်ခြင်းသာ ဖြစ်သည်ဟုဆို၊ ထိုပြေစာပေါ်တွင် ပေးထားသည့် လိပ်စာ **"12, Finsbury Circus, London E.C.2."** မှာလည်း ထိုသူ၏လိပ်စာမဟုတ်၊ စာရွက်စာတမ်းများတွင် မိမိတွေ့တူးသည့် ဟာဘစ်ဘက်ဘိုက်၏ ဘဏ်ခွဲလိပ်စာကိုပေးလိုက်ခြင်းသာ ဖြစ်ပါသည်ဟု ဝန်ခံပေသည်။ ၎င်းအချက်နှင့် ပတ်သက်၍ မစ္စတာ ဘားဂီးယားက စသုံးသုံးဌာနမှ သူ့အား ပြေစာပေါ်တွင် ရေးမှတ်ရန် ကြိုက်သည့်လိပ်စာကို သာဒေးလိုက်ဟုဆိုပြသဖြင့်၊ မိမိကဆိုက်သို့ ရေးသားခိုင်းခြင်း ဖြစ်ပါသည်ဟု ထွက်ဆိုလေသည်။ ယင်းကြောင့် အယူခံတရားလိုအတွက် လိုက်ပါဆောင်ရွက်သည့် ပညာဦးဌေးနေကြိုးက မစ္စတာ ဘားဂီးယားက အယူခံတရားလို ပေးသည်ဆိုသည့် ငွေ ၅၁,၀၀၀ ကျပ်မှာ အစစ်အမှန်မဟုတ်၊ ငွေ ၁၀,၀၀၀ ကျပ်သာ အစစ်အမှန်ဖြစ်၍ ပြေစာပေါ်တွင် ရည်ညွှန်းထားသူမှာလည်း ထိုနေရာတွင် ရှိသည့်သူ မဟုတ်၊ မှန်းဆဖြေဆိုသာခြင်းသာ ဖြစ်သဖြင့် ၎င်းစာချုပ်မှာ နိုင်ငံခြားငွေ လဲလှယ်ရေး ဥပဒေ ပုဒ်မ ၆(၁)(၂) သို့ အကျုံးမဝင်သဖြင့်၊ အယူခံတရားလိုသည် ပြစ်မှု ကျူးလွန်ခြင်း ဖြစ်သည်ဟု မဆိုနိုင်ပါဟု တင်ပြလေသည်။ သို့ရာတွင် အောက်ရုံးမှ အယူခံတရားလိုက သက်သေခံ အမှတ်(စ)ပြေစာကို လက်မှတ် ထိုးပေးစဉ်အခါက ထိုပြေစာပေါ်တွင် ပြဆိုထားသူသည် ၎င်းလိပ်စာအဘိုင်း အမှန်တကယ် ရှိသည်ဟု ယုံကြည်ပြီး လက်မှတ်ထိုးပေးလိုက်ခြင်းသာဖြစ်သည်ဟု ယူဆရန် ရှိသဖြင့် အယူခံတရားလိုသည် နိုင်ငံခြားငွေ လဲလှယ်မှုစည်းမျဉ်း သတ်မှတ်ရေး ဥပဒေပုဒ်မ ၆(၁)(၂)နှင့် အကျုံးဝင်သည့် ပြစ်မှုကျူးလွန်သည်ဟု ယူဆခုမည်ဆိုပြီး ၎င်းအပေါ် ပြစ်မှုလွှဲရှိ ပြစ်ဒဏ် ချမှတ်လိုက်ခြင်း ဖြစ်လေသည်။

၁၉၆၇ မစ္စတာ ချားအိပ်(ချ်) အော့ဝ်နှင့် ပြည်ထောင်စု ပြန်မာနိုင်ငံ။

ယခု အယူခံရာဝယ် အယူခံတရားလို၏ ပညာရှိရွေးနေကြီးက မစ္စတာ ဘားဂီးယား၏ ထွက်ဆိုချက်အရ၊ သက်သေခံ (စ)ပြေစာပေါ်တွင် ရည်ညွှန်းထားသည့် ယူဆတ်စူလေမန်မှာ အသက်ရှင်လျက်ရှိနေသူ တယောက်မဟုတ်၊ လိပ်စာမှာလည်း ထိုသူ၏ လိပ်စာမဟုတ်၊ ဟာဘစ်ဘဏ်ခွဲ၏ လိပ်စာသာဖြစ်သဖြင့် ၎င်းပြေစာအရ အယူခံတရားလိုက မြန်မာငွေများကို နိုင်ငံခြားငွေနှင့် လဲလှယ်ပြီး၊ နိုင်ငံခြားတွင် နေထိုင်သူ တဦးထံသို့ ပို့ပေးရန် တာဝန်ယူ စာချုပ် ချုပ်ပေးသည်ဟု မည်သို့မျှ ယူဆနိုင်ရန် မဖြစ်ပါသဖြင့်၊ အောက်ခုံမှ အယူခံတရားလိုအပေါ် နိုင်ငံခြားငွေ လဲလှယ်ရေး ဥပဒေ ပုဒ်မ ၆(၁)(၂)အကျုံးဝင်သည့် ပြစ်မှုကို ကျူးလွန်သည်ဟု ဆိုသည်မှာ ဥပဒေအရ မှားယွင်းနေပါသဖြင့် ပယ်ဖျက်သင့်ပါသည်ဟု ပြဆိုလေသည်။

နိုင်ငံခြားငွေ လဲလှယ်မှုဥပဒေပုဒ်မ ၆(၁)(၂)မှာ အောက်ပါအတိုင်းဖြစ်ပေသည်။

"6 (1) Save as may be provided in and in accordance with any general or special exemption from the provisions of this sub-section which may be granted conditionally or unconditionally by the Controller, no person in, or resident, the Union of Burma shall—

(i) * * * * *

(ii) draw, issue or negotiate any bill of exchange or promissory note or acknowledge any debt, so that a right (whether actual or contingent) to receive a payment is created or transferred in favour of any person resident outside the Union of Burma."

ထို့အတွက် ပုဒ်မ ၆ (၁)(၂)· လိုအပ်ချက်မှာ တရားခံဖြစ်သူ **အယူခံတရားလို** သည် ငွေရှိကြောင်း ဝန်ခံသည့် စာချုပ်စာတမ်း ရေးသားပေးပြီး၊ ထိုစာချုပ်အရ၊ နိုင်ငံခြားတွင် နေထိုင်သူတဦးသို့ ထိုငွေအာကုန် ပေးပို့ရန် ပြုလုပ်ခြင်းရှိခဲ့မှု၊ ၎င်း ပုဒ်မ အရ ပြစ်မှုကျူးလွန်ရာ ရောက်ပေမည်။ သို့ရာတွင် (ယခုအမှုတွင်) မစ္စတာ ဘားဂီးယား ပြဆို ဝန်ခံထားသည့်အတိုင်း၊ သက်သေခံ (စ)ပေါ်တွင် ရည်ညွှန်း ထားသည့် ယူဆတ်စူလေမန် ဆိုသူမှာ အကယ်ပင် အသက်ရှင်လျက် ရှိသူတဦး မဟုတ်၊ ထိုပြေစာပေါ်တွင် ရေးသားထားသည့် လိပ်စာမှာလည်း ၎င်းလူ၏ လိပ်စာ မဟုတ်၊ ဘဏ်တိုက်ခွဲတခု၏ လိပ်စာသာ ဖြစ်ကြောင်း ထင်ရှားနေရကား၊ ၎င်း သက်သေခံ (စ)ပြေစာအရ အယူခံတရားလိုသည် နိုင်ငံခြားတွင် နေထိုင်သူ တဦး တယောက် ရရှိနိုင်စေရန် စာချုပ်ချုပ်ဆိုပေးသည်ဟု မည်သို့မျှ ယူနိုင်ရန် မဖြစ်တော့ ပေ။ ထို့ကြောင့်လည်း အစိုးရ အတွက် လိုက်ပါဆောင်ရွက်သည့် ပညာရှိ အစိုးရ

ရွှေနေက မစ္စတာ ဘားဂီးယားး၏ ထုတ်ဆိုချက်အရ၊ သက်သေခံ (စ)အပေါ်တွင် ရေးသား ရည်ညွှန်းထားသည့်သူမှာ နိုင်ငံခြားတွင် အသက်ရှင်လျက် ရှိသူတဦးမဟုတ်သည့်ပြင်၊ လိပ်စာမှာလည်း ထိုသူ၏လိပ်စာမဟုတ်သဖြင့် ၎င်းပြောအရ အယူခံဘာရားလိုသည် ထိုလူအတွက် နိုင်ငံခြားငွေ ရယူခွင့်ရှိကြောင်း ဝန်ခံချက်စာချုပ် ချုပ်ဆိုပေးသည်ဟု မဆိုနိုင်သဖြင့် (အယူခံဘာရားလိုသည်) ယခုအမှုတွင် နိုင်ငံခြားငွေ လဲလှယ်ရေးဥပဒေ ပုဒ်မ ၆ (၁)(၂) အကျုံးဝင်သည့်ပြစ်မှုကို ကျူးလွန်ခြင်း ဖြစ်သည်ဟု မည်သို့မျှ ထောက်ခံ ပြဆိုနိုင်ရန် မရှိပါဟု ဝန်ခံပေသည်။

၌နေရာ၌ အနည်းငယ် ဖော်ပြလိုသည်မှာ ယခုအမှုတွင် မစ္စတာ ဘားဂီးယားးအား ပြန်လှန်ခေါ်ယူစစ်ဆေးခြင်း မပြုမီ သက်သေခံ(စ)ပေါ် ရည်ညွှန်းထားသည့်သူမှာ ပြဆိုထားသည့် လိပ်စာတွင် ရှိကြောင်း ယူဆရန် ရှိနေသဖြင့် ထိုစာချုပ်အရ အယူခံဘာရားလိုသည် နိုင်ငံခြားငွေ လဲလှယ်မှု ဥပဒေပုဒ်မ ၆(၁)(၂) အကျုံးဝင်သည့် ပြစ်မှုကို ကျူးလွန်ခဲ့သည်ဟု ယေဘုယျအားဖြင့် ယူဆရန် ရှိပေသည်။ သို့ရာတွင် မစ္စတာ ဘားဂီးယားး၏ နောက်ထပ် အစစ်ခံချက်အရ၊ ထိုသူမှာ လုံးဝ အသက်ရှိသူ တဦးမဟုတ်၊ မိမိကချမ်းဆပြီး ပြောဆိုလိုက်ခြင်းသာဖြစ်ကြောင်း ထင်ရှားနေသဖြင့် အောက်ခံရုံးမှ အယူခံတရားလိုသည် သက်သေခံအမှတ် (စ)ပြေစာပေါ်တွင် လက်မှတ်ရေးထိုးစဉ်က ထိုသူရှိမည်ဟု ယုံကြည်ပြီး လက်မှတ်ထိုးပေးခဲ့ခြင်း ဖြစ်ရန်ရှိသော ကြောင့်၊ နိုင်ငံခြားငွေ လဲလှယ်မှု ဥပဒေ ပုဒ်မ ၆(၁)(၂) အကျုံးဝင်သည့် ပြစ်မှု ကျူးလွန်သည်ဟု ယူဆရမည် ဖြစ်သည်ဟု ပြဆိုခဲ့လေသည်။ သို့သော် ထိုပုဒ်မကို အသေးစိတ် လေ့လာမှု၊ ယုံကြည်ရက်ပေါ် မူတည်ခြင်း မရှိ၊ နိုင်ငံခြားတွင် နေထိုင်သူ တဦးတယောက်အတွက် မရှိနိုင်ရန် တရားလိုက ဝန်ခံစာချုပ် ပြုလုပ်ပေးမှသာ ၎င်းပဒေသ၏ လိုအပ်ချက် ပြည့်စုံနိုင်မည် ဖြစ်သဖြင့်၊ အောက်ခံရုံးမှ ယူဆချက်မှာ ဥပဒေ အရ မှန်ကန်သည်ဟု မဆိုနိုင်ပေ။ ထို့မှအပ ယခုအမှုတွင် အယူခံတရားလိုသည်နိုင်ငံခြားငွေများကို ရယူပေးစွမ်းနိုင်သည့် အခြေအနေရှိသည်ဟုဆိုရင်း၊ ယင်းက နိုင်ငံခြားငွေများနှင့် ပတ်သက်၍ ဆောင်ရွက်ချက်များ ပြုလုပ်ခဲ့ခြင်း ရှိသည်ဟုဆိုရင်း၊ မည်သို့မျှ အထောက်အထား သက်သေ မရှိသည့်အပြင်၊ သက်သေခံ အမှတ် (စ)ပြေစာမှာလည်း အထက်က ပြဆိုထားသည့် အတိုင်း၊ နိုင်ငံခြားငွေ လဲလှယ်မှု ဥပဒေ ပုဒ်မ ၆(၁)(၂) သို့ အကျုံးဝင်သည်ဟု မည်သူမျှ ယူဆနိုင်စွမ်း မရှိသဖြင့်၊ အယူခံတရားလို အပေါ် အောက်ရုံးမှ ပြစ်မှု တွေ့ရှိ ပြစ်ဒဏ်စီရင်ထားသည်တို့ကို ကျန်ုပ်တို့ အာဏာပြုရန် မဖြစ်သဖြင့် ပယ်ဖျက်ရပေမည်။

ပေါ်ပြပါ အကြောင်းများကြောင့် ယခုအယူခံမှုကို ခွင့်ပြုပြီး အယူခံတရားလို မစ္စတာ ချားအိပ်(ချ်)အော့ဝ်အပေါ် ရန်ကုန်မြို့ စည်ုးလုံး ငဒမအထူး တရားသူကြီးရုံး

၁၉၆၇ မစ္စတာ ချားအိပ်(ချ်) အော့ဝပ် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

၁၉၆၅ ခုနှစ်၊ ဆုဇဝတ်ကြီးမှု အမှတ် ၇ တွင် နိုင်ငံခြားငွေ လဲလှယ်မှု စည်းမျဉ်း သတ်မှတ်ရေး အက်ဥပဒေပုဒ်မ ၆(၁)(၂)/၂၄(က) အရ ပြစ်မှုတွေ့ရှိ၍ ထောင်ဒဏ် ၆ လ ကျခံစေရမည်ဟု၊ ပြစ်ဒဏ်စီရင်ထားသည်ကို ပယ်ဖျက်၍ အယူခံတရားလိုအား ထိုအမှုမှ တရားဝေလွှတ်လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်အထွေထွေလျှောက်လွှာ

တရားသူကြီး ဒေါက်တာ မောင်မောင်နှင့် တရားသူကြီး ဦးကျော်ဇံဦးတို့ရှေ့တွင်

မောင်ချစ်သွေး ပါ ၄ ဦး (လျှောက်ထားသူများ)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (လျှောက်ထားခံရသူ) *

† ၁၉၆၇
ဖေဖော်ဝါရီလ
၇ ရက်။

ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆—အယူခံရုံးတရားသူကြီးများက မူလရုံးတရားသူကြီးနှင့်အကြောင်းအချက်တို့ကို သုံးသပ်၍ ဆုံးဖြတ်ရာတွင် ကွဲလွဲရုံမျှနှင့် မူလရုံးအမိန့်ကို စွက်ဖက်ပြင်ဆင်ရန်မသင့်ခြင်း —ပေါ့ပေါ့လွယ်လွယ် အပေါ်ယံသဘောဖြင့်၊ သို့မဟုတ်လိုရာကို ဆွဲ၍ဆုံးဖြတ်လျှင် တရားရုံး၏လုပ်ဟန်မပီ၊ တရားဥပဒေအင်္ဂါမမြောက်သော ဆုံးဖြတ်ချက်လည်းမမည်ခြင်း —ပြည်သူ့အကျိုးပြုတရားစီရင်ရေး ဖြစ်မြောက်စေရန် တရားစီရင်ရသော ပုဂ္ဂိုလ်တို့က စေတနာထား၍ ကြိုးစားကြရန်လိုခြင်း။

ဆုံးဖြတ်ချက်။ ။မူလရုံးကသေချာစွာ စီစစ်သုံးသပ်၍ တရားခံအား တရားသေလွတ်ခဲ့လျှင် အယူခံရုံးကအကြောင်းမလုံလောက်ဘဲ၊ တရားသေလွတ်ခြင်းကို ပယ်ဖျက်၍ အပြစ်ပေးရန်မသင့်သည်မှန်၏။ လူတဦးတယောက်အား အပြစ်မရမခြင်း အဖန်တလဲလဲရုံးတင်၍ စစ်ဆေးလျှင်မျှတခြင်းလည်းကင်းမဲ့မည်။ ဘဝလုံခြုံမှုလည်း ဆိတ်သုဉ်းမည်၊ တရားမျှတစွာပင် ထပ်မံစစ်ဆေးပါသည်ဆိုစေဦး အယူခံတရားသူကြီးများက မူလရုံးတရားသူကြီးနှင့် ပင်ကိုယ်ဉာဏ်၊ တွေးခေါ်ကြံဆပုံကွဲလွဲသဖြင့် ပေါ်ပေါက်သောအကြောင်းအချက်တို့ကို သုံးသပ်၍ ဆုံးဖြတ်ရာတွင် ကွဲကြနိုင်ကြမည်သာတည်း။ ထိုသို့ကွဲလွဲရုံမျှနှင့်လည်းမူလရုံးအမိန့်ကို စွက်ဖက်ပြင်ဆင်ရန်မသင့်သေး။ ကွဲလွဲတိုင်းသာပြင်ဆင်ရမည်ဆိုလျှင် ရုံးအဆင့်ဆင့်ရှိသလောက် ဆုံးဖြတ်ချက်အမျိုးမျိုးချမှတ်ကြလိမ့်မည်။ ညီညွတ်ခြင်းလည်းရှိမည်မဟုတ်။ မှုခင်းမျှားလည်း ဆုံးခန်းတိုင်မရောက်၊ မိုးမဆုံးမြေမဆုံးရှိနေချေမည်။

သို့ရာတွင် မူလရုံး၏ဆုံးဖြတ်ချက်ကိုကြည့်ရှု စစ်ဆေးရာ၌ ထိုဆုံးဖြတ်ချက်သည် တရားဥပဒေစီရင်ချက်၏ အင်္ဂါများနှင့် ပြည့်စုံပါ၏လော၊ မူလရုံးတရားသူကြီးသည်အကြောင်းအချက်တို့ကို ပြည့်စုံသေချာစွာ သုံးသပ်ခဲ့ပါ၏လော၊ တရားဥပဒေကို ကြေလည်စွာ လေ့လာ၍ပေါ်ပေါက်သော အကြောင်းအချက်တို့နှင့် စပ်ဟပ်ခိုက်တွယ်ခဲ့ပါ၏လော၊ တရားသူကြီးသည် ရိုးရိုးသားသားကြိုးကြိုး

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်အထွေထွေလျှောက်လွှာအမှတ် ၂၈။

† ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုတရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၆ အရ ရန်ကုန်မြို့၊ တရားရုံးချုပ်၏ ရာဇဝတ်အယူခံမှု အမှတ် ၁၈၆/၆၅ တွင် ၁၉၆၆ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့စွဲပါ အမိန့်ကို မကျေနပ်၍ အထူး အယူခံဝင်ခွင့်ရရန် လျှောက်ထားသောလျှောက်လွှာ။

စားစားအမှုကိုစစ်ဆေး၍ ပင်ကိုယ်ဥာဏ်ကိုသုံးစွဲပါ၏လောဟူ၍ ဆန်းစစ်ကြည့်ရှုရသည်။ အကြောင်းအချက်တို့ကိုလည်း ကောင်းစွာမသုံးသပ်၊ ဥပဒေကိုလည်း ကောင်းစွာမလေ့လာ၊ ပင်ကိုယ်ဥာဏ်ကိုလည်း ရိုးသားကိုးစားစွာမသုံး၊ ပေါ့ပေါ့လွယ်လွယ် အပေါ်ယံသဘောဖြင့်၊ သို့မဟုတ် လိုရာကို ဆွဲ၍ ဆုံးဖြတ်ခဲ့လျှင်မူကား တရားရုံး၏ လုပ်ဟန်မပီ၊ တရားဥပဒေအင်္ဂါမြောက်သော ဆုံးဖြတ်ချက်လည်းမမည်နိုင်ပေ။

ပြည်သူတို့သည် တရားရုံးများကို ယုံကြည်အားကိုးနိုင်ကြလျှင် စိတ်ချမ်းမြေ့ကြမည်၊ စည်းလုံးညီညာကြမည်၊ အစိုးရအပေါ် လည်း မေတ္တာထားကြမည်။ ထို့ကြောင့် ပြည်သူတို့ယုံကြည်အားကိုးနိုင်သောတရားစီရင်ရေးဖြစ်ထွန်းစေရန်လိုကြောင်းကို အမြဲတစေဆော်ဩွသွန်းဆော်ခြင်း၊ ဝါယမစိုက်ထုတ်ခြင်းပြုလျက်ရှိကြသည်။ ရည်မှန်းသည့်အတိုင်း ဖြစ်မြောက်စေရန်အတွက် တရားစီရင်ရသော ပုဂ္ဂိုလ်တို့သည် စေတနာထား၍ ကြိုးစားကြရန်လိုသည်။ တရားစီရင်ရေးအာဏာသည် ထင်သလိုသုံးရန် ကိုယ်ပိုင်အာဏာမဟုတ်၊ အများအကျိုးနှင့် အမှန်ကိုဖြစ်စေရန် ပြည်သူကယုံကြည်အပ်နှံထားသောအာဏာဖြစ်သည်ဟု မပြတ်သတိချပ်ဖို့လိုသည်။ ရှေနေ ရှေရပ်များ၊ အမှုလိုက်များ၊ ပြည်သူ့ရဲနှင့်အုပ်ချုပ်ရေး ဝန်ထမ်းများနှင့်ပူးပေါင်းညှိနှိုင်းသင့်ရာ၌၊ ပူးပေါင်းညှိနှိုင်း၍၊ ကိုယ့်တာဝန်ကိုယ်ယူ၍ ဆောင်ရွက်ရမည့်အခန်း၌ တာဝန်သိသိကြေကြေဆောင်ရွက်ကြမှ ပြည်သူ့အကျိုးပြုတရားစီရင်ရေးဖြစ်ထွန်းနိုင်သည်။ တာဝန်မကြေ၊ စည်းကမ်းမစောင့်၊ ကျင့်ဝတ်မညီသော တရားသူကြီးများကို ပြည်သူက လေးစားယုံကြည်မည်မဟုတ်။

လျှောက်သူအတွက်။ ။ဦးမွန်စံလှိုင်။

လျှောက်ထားခံရသူအတွက်။ ။အစိုးရရှေ့နေကြီး ဦးလှသင်း။

တရားသူကြီးချုပ် ဒေါက်တာမောင်မောင်။ ။အောင်ထူး၊ ချစ်ထွေးနှင့်ဘတင်အပေါ် ခါးမြှုပ်ဖြင့်ငင်း၊ မအေးညွှန့်နှင့်မအေးတို့ အပေါ် ခါးပြတိုက်ရာပါ ပစ္စည်းကို လက်ခံမှုဖြင့်ငင်း၊ မြိတ်မြို့၊ ၆ ရာဘက်ရာဇဝတ်တရားသူကြီးရုံးသို့ စွဲဆိုတင်ပို့ခဲ့သည်။ တရားသူကြီးက သက်သေအထောက်အထား မခိုင်လုံဟုဆုံးဖြတ်ကာ၊ ယင်းတရားခံတို့ကိုတရားသေလွှတ်ခဲ့သည်။

ထိုသို့တရားသေလွှတ်ခြင်းမှ၊ အစိုးရကအယူခံဝင်ရာ နိုင်ငံတော်တရားရုံးချုပ်က အမှု အကြောင်းအရာတို့ကို သေချာစေ့စုံစွာ ပြန်လည်သုံးသပ်ပြီးနောက်၊ မူလရုံးသည် အမှုတွင်ပေါ် ပေါက်သော အထောက်အထားတို့ကို ကောင်းစွာစီစစ်ဝေဖန်ခြင်းမပြုခဲ့၊ ထိုအထောက်အထားများအရ အမှုခိုင်လုံသည်ဟုတွေ့ရှိကာတရားသေလွှတ် မိန့်ကိုပယ်ဖျက်၍၊ တရားခံတို့အပေါ် ပြစ်ဒဏ်အသီးသီး သတ်မှတ်ခဲ့လေသည်။

တရားသေလွှတ်မိန့်ကို ပယ်ဖျက်ခြင်းမှ အယူခံဝင်ရန် အခွင့်ထူးပေးပါမည့်အကြောင်း၊ လျှောက်ထားသူတို့က လာရောက်တောင်းဆိုကြသည်။ ၎င်းတို့၏ရှေ့နေကြီး ဦးမွန်စံလှိုင်က၊ တရားသေလွှတ်မိန့်တရပ်ကို အယူခံတွင်ပယ်ဖျက်ရန်ဆိုလျှင်

လုံလောက်သောအကြောင်းရှိရပါမည်။ အယူခံရုံးက မူလရုံးနှင့် သဘောကွဲလွဲရုံမျှနှင့် ပယ်ဖျက်ခြင်းမပြုရပါ။ ဤအမှုတွင်မူ လုံလောက်သော အကြောင်းများမရှိပါ၊ မူလရုံးက အကြောင်းအရာ၊ အချက်အလက်တို့ကိုကောင်းစွာသုံးသပ်ခဲ့ပြီးဖြစ်ပါသည်။ ထို့ပြင်လျှောက်ထားသူတို့အား၊ အယူခံတွင်မှ ပြစ်မှုထင်ရှား တွေ့ရှိထားခြင်းဖြစ်၍ တရားမျှတမှုကို ထောက်ထား၍ နောက်တကြိမ် ၎င်းတို့အား အယူခံဝင်ခွင့် ပြုသင့်ပါသည်ဟုတင်ပြသည်။

မူလရုံးက သေချာစွာ စီစစ်သုံးသပ်၍ တရားခံအား တရားသေလွတ်ခဲ့လျှင် အယူခံရုံးက အကြောင်းမလုံလောက်ပဲ၊ တရားသေလွတ်ခြင်းကိုပယ်ဖျက်၍ အပြစ်ပေးရန် မသင့်သည်မှန်၏။ လူတဦးတယောက်အား အပြစ်မရမချင်း၊ အဖန်တလဲလဲ ရုံးတင်၍စစ်ဆေးလျှင်၊ မျှတခြင်းလည်းကင်းမဲ့မည်။ ဘဝလုံခြုံမှုလည်း ဆိတ်သုန်းမည်၊ တရားမျှတစွာပင် ထပ်မံစစ်ဆေးပါသည်ဆိုစေဦး၊ အယူခံရုံး တရားသူကြီးများက မူလရုံး တရားသူကြီးနှင့် ပင်ကိုယ်ဥာဏ်၊ အတွေးအခေါ် ကြံဆပုံကွဲလွဲသဖြင့်၊ ပေါ်ပေါက်သော အကြောင်းအချက်တို့ကိုသုံးသပ်၍ ဆုံးဖြတ်ရာတွင်၊ လွဲနိုင်ကြမည်သာတည်း၊ ထိုသို့ကွဲလွဲရုံမျှနှင့်လည်း၊ မူလရုံးအမိန့်ကို စွက်ဖက်ပြင်ဆင်ရန်မသင့်သေး။ ကွဲလွဲတိုင်းသာ ပြင်ဆင်ရမည်ဆိုလျှင်၊ ရုံးအဆင့်ဆင့်ရှိသလောက်၊ ဆုံးဖြတ်ချက်အမျိုးမျိုး ချမှတ်ကြလိမ့်မည်။ ညီညွတ်ခြင်းလည်း ရှိမည်မဟုတ်၊ မှုခင်းများလည်း ဆုံးခန်းတိုင်မရောက်၊ မိုးမဆုံး-မြေမဆုံးဖြစ်နေချေမည်။

အထက်ပါမူတို့ကို ကျွန်ုပ်တို့ တသမတ်တည်းလက်ခံကျင့်သုံးကြပါမည်။ သို့ရာတွင် မူလရုံး၏ ဆုံးဖြတ်ချက်ကိုစစ်ဆေးရာ၌၊ ထိုဆုံးဖြတ်ချက်သည် တရားဥပဒေစီရင်ချက်၏ အင်္ဂါများနှင့် ပြည့်စုံပါ၏လော၊ မူလရုံးတရားသူကြီးသည်၊ အကြောင်းအချက်တို့ကို ပြည့်စုံသေချာစွာ သုံးသပ်ခဲ့ပါ၏လော၊ တရားဥပဒေကို ကြေလည်စွာလေ့လာ၍ ပေါ်ပေါက်သော အကြောင်းအချက်တို့နှင့် စပ်ဟပ်ချိန်ထွဲယှဉ်ခဲ့ပါ၏လော၊ တရားသူကြီးသည် ရိုးရိုးသားသား ကြိုးကြိုးစားစား၊ အမှုကိုစစ်ဆေး၍၊ ပင်ကိုယ်ဥာဏ်ကို သုံးစွဲပါ၏လော ဟူ၍ ဆန်းစစ်ကြည့်ရှုရသည်။ အကြောင်းအချက်တို့ကိုလည်း ကောင်းစွာမသုံးသပ်၊ ဥပဒေကိုလည်း ကောင်းစွာမလေ့လာ၊ ပင်ကိုယ်ဥာဏ်ကိုလည်း ရိုးသားကြိုးစားစွာမသုံး၊ ပေါ့ပေါ့လွယ်လွယ် အပေါ်ရံသဘောဖြင့်၊ သို့မဟုတ် လိုရာကိုဆွဲ၍ ဆုံးဖြတ်ခဲ့လျှင်မူကား၊ တရားရုံး၏လုပ်ဟန်မပီ၊ တရားဥပဒေအင်္ဂါမြောက်သော ဆုံးဖြတ်ချက်လည်း မမည်နိုင်ပေ။

ဤအမှုတွင် မူလရုံးက အမှုတွင်ပေါ်ပေါက်သော အကြောင်းအချက်များကို ကောင်းစွာ သုံးသပ်ခဲ့သည်ကို မတွေ့ရ၊ ညနေ ၅ နာရီအချိန် ခါးပြတိုက်နှိုပါသည်ဟု တိုင်ချက်၊ သက်သေထွက်ချက်တို့ ရှိပါလျက်၊ မူလရုံးတရားသူကြီးက ည ဂ နာရီ

၁၉၆၇

မောင်ချစ်ထွေး ပါ ၄ ဦး နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

တွင်ဖြစ်ပါးသည်ဟုဆိုသည်။ တရားခံတို့ကို လူစီတန်းချပြရာ၌ မျက်မြင်သက်သေတို့က ခိုင်လုံစွာဆွဲထုတ်ပြနိုင်ခြင်း၊ ပစ္စည်းများကိုပိုင်ရှင်တို့က ဆွဲထုတ်ပြနိုင်ခြင်း၊ တရားခံဘတင်ကဖြောင့်ဆိုခြင်း၊ မါးပြတိုက်ရာပါပစ္စည်းတို့ကို ၂ ရက်အကြာတွင်၊ တရားခံအောင်ထူး၏အိမ်၌နေထိုင်ကြသော၊ တရားခံမအေးညွှန့်နှင့် မအေးတို့ထံမှ ရမိခဲ့ခြင်း စသည့်အချက်တို့ကိုလည်း၊ တရားသူကြီးသည် သုံးသပ်ခြင်းမပြုခဲ့ပေ။ ထင်ရှားခိုင်မာသောအထောက်အထားများကို အခြေမခံဘဲ၊ အပေါ်ရုံသဘောဆုံးဖြတ်ခဲ့ခြင်းဖြစ်၍၊ တရားသူကြီး၏ဆုံးဖြတ်ချက်သည် တရားဥပဒေအင်္ဂါ မမြောက်ခဲ့ချေ။ ထို့ကြောင့် ထိုဆုံးဖြတ်ချက်ကို အယူခံတွင် ပယ်ဖျက်ခဲ့ရခြင်း ဖြစ်သည်ဟု ကျွန်ုပ်တို့တွေ့မြင်သည်။

ဦးမွန်စံလှိုင်က ၎င်း၏အမှုသည်များသည်၊ အယူခံတွင်မှအပြစ်ရ၍၊ နောက်တကြိမ် ၎င်းတို့ကိုအယူခံဝင်စေခွင့် ပေးသင့်ပါသည်ဟုလျှောက်ထားခြင်းနှင့်ပတ်သက်၍၊ အယူခံကိုတဘက်သတ် ဆုံးဖြတ်ခဲ့သည်မဟုတ်၊ ရှေနေကြီး၏ အမှုသည်များကိုပါ ထုချခွင့်ပေးပြီးမှ၊ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ အမှုရှုံးသူတိုင်းကိုသာ အယူခံဝင်ခွင့် ဆက်လက်ပေးရမည်ဆိုလျှင်၊ ဆုံးခန်းကိုရောက်နိုင်မည်မဟုတ်၊ ပြီးပြတ်သင့်သောအချိန်တွင် ပြီးပြတ်စေရသည်။

ပြည်သူတို့သည် တရားရုံးများကို ယုံကြည်အားကိုးနိုင်ကြလျှင်၊ စိတ်ချမ်းမြေ့ကြမည်၊ စည်းလုံးညီညာကြမည်၊ အစိုးရအပေါ် လည်းမေတ္တာထားကြမည်။ ထို့ကြောင့် ပြည်သူတို့ယုံကြည်အားကိုးနိုင်သော တရားစီရင်ရေး ဖြစ်ထွန်းစေရန် လိုကြောင်းကို ကျွန်ုပ်တို့သည် အမြဲတစေ ဆော်သြနှိုးဆော်ခြင်း၊ ဝါယမစိုက်ထုတ်ခြင်း ပြုလျက်ရှိကြသည်။ ရည်မှန်းသည့်အတိုင်း ဖြစ်မြောက်စေရန်အတွက်၊ တရားစီရင်ရသော ပုဂ္ဂိုလ်တို့သည် စေတနာထား၍ ကြိုးစားကြရန်လိုသည်။ တရားစီရင်ရေးအာဏာသည် ထင်သလိုသုံးရန် ကိုယ့်ပိုင်အာဏာမဟုတ်၊ အများအကျိုးနှင့် အမှန်ကိုဖြစ်စေရန်၊ ပြည်သူကယုံကြည်အပ်နှံထားသော အာဏာဖြစ်သည်ဟု မပြတ်သတိချပ်ဖို့လိုသည်။ ရှေနေရွှေရုပ်များ၊ အမှုလိုက်များ၊ ပြည်သူ့ရဲနှင့် အုပ်ချုပ်ရေးဝန်ထမ်းများနှင့် ပူးပေါင်းညှိနှိုင်းသင့်ရာ၌၊ ပူးပေါင်းညှိနှိုင်း၍၊ ကိုယ့်တာဝန်ကိုယ်ယူ၍၊ ဆောင်ရွက်ရမည့် အခန်းဝင်တာဝန်သိသိ ကြေကြေဆောင်ရွက်ကြမှ ပြည်သူ့အကျိုးပြု တရားစီရင်ရေးဖြစ်ထွန်းနိုင်သည်။ တာဝန်မကြေ၊ စည်းကမ်းမစောင့်၊ ကျင့်ဝတ်မညီသော တရားသူကြီးများကိုပြည်သူက လေးစားယုံကြည်မည်မဟုတ်၊ ကျွန်ုပ်တို့ကလည်း ၎င်းတို့အား သင့်တော်သလိုပြုပြင်ခြင်း၊ အရေးယူခြင်းတို့ကို ပြုလုပ်ရမည်သာဖြစ်သည်။

အယူခံဝင်ရန် အခွင့်ထူးပေးရန် အကြောင်းမမြင်၍၊ လျှောက်လွှာကို ပလပ်လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီးချုပ် ဒေါက်တာမောင်မောင်ရွှေတင်

မောင်စက်ပြာ (အယူခံတရားလို)

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ (အယူခံတရားလို) *

† ၁၉၆၇ ဖေဖော်ဝါရီလ ၂၄ ရက်။

ရာဇသတ်ကြီး ပုဒ်မ ၃၉၂ (၁)/ ၁၁၄ နှင့် ၃၉၇/ ၁၁၄ အရ၊ မူပြစ် ထင်ရှား စီရင်ခြင်း— တကြိမ်တခါမှားယွင်း၍ အပြစ်ခံရဘူးခဲ့မှုနှင့် အကြိမ်ကြိမ်အဖန်ဖန်ပြစ်မှုကျူးလွန်လိမ့်မည်ဟု ယူဆရန်မသင့်။

တကြိမ်တခါမှားယွင်း၍ အပြစ်ခံရဘူးခဲ့မှုနှင့် အယူခံတရားလိုသည် အကြိမ်ကြိမ်အဖန်ဖန်ပြစ်မှုကျူးလွန်လိမ့်မည်ဟု ယူဆရန်မသင့်ခေါ်။ ပြစ်မှုနှင့်သင့်တော်သောပြစ်မှုဒဏ်ကို ကျခံခဲ့ပြီးသူများအား၊ ပတ်ဝန်းကျင်ကအညှိုးမထားဘဲ၊ လူသစ်အဖြစ် ဘဝသစ်ထူနိုင်စေရန် အားပေးကူညီရသည့် မူရှိသည်။ ထိုမူအရလည်း အယူခံတရားလိုအား သံသယဖြင့် အပြစ်ပေးခဲ့ခြင်းသည် မှားယွင်းသည်ဟုဆိုရမည်။

အယူခံတရားလိုအတွက်။ ။

အယူခံ တရားခံအတွက်။ ။အစိုးရရှေ့နေကြီး ဦးမျိုးထွန်းလင်း။

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်။ ။အိုမ်ပေါ် ကျူးကျော်တက်ရောက်၍ ဒေါ်စောတင်ကို လုယက်ကာ ဓါးနှင့်ခုတ်၍၊ အပြင်းအထန် နာကျင်စေသည်ဟု မောင်တင်သန်းဆိုသူအား စွဲဆို၍ မြောင်းမြမြို့၊ မြို့မရာဇဝတ် တရားသူကြီးရုံးသို့ တင်ပို့ခဲ့သည်။ မောင်စက်ပြာသည်လည်း မောင်တင်သန်းအား ထိုပြစ်မှုကို ကျူးလွန်ရာတွင် အားပေးကူညီခဲ့သည်ဟူ၍ တမှုတည်းတွင် စွဲဆိုခဲ့သည်။

မောင်တင်သန်းအပေါ် ပြစ်မှုထင်ရှား တွေ့ရှိ၍ ၎င်းသည် ၁၆ နှစ်အောက် ငယ်ရွယ်သူ ဖြစ်သည့်အလျောက်၊ ၎င်းအား သရက်မြို့ ဘော်စတယ်ကျောင်းသို့ပို့စေ

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၂၁၉။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမူအမှတ် ၁၃၉ တွင် ချမှတ်သော ၁၉၆၆ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့စွဲပါ မြောင်းမြမြို့၊ မြို့မ ရာဇဝတ်တရားသူကြီး၏ အမိန့်ကိုအယူခံမှု။

၁၉၆၇ မောင်စက်ပြာနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

ရန် တရားသူကြီးက အမိန့်ချမှတ်ခဲ့သည်၊ မောင်စက်ပြာအပေါ် ရာဇသတ်ပုဒ်မ ၃၉၂ (၁)/၁၁၄ အရ၊ ထောင်ဒဏ် ၄ နှစ်နှင့် ပုဒ်မ ၃၉၇/၁၁၄ အရ၊ ထောင်ဒဏ် ၇ နှစ်၊ ထောင်ဒဏ်နှစ်ရပ်စလုံးကို တပေါင်းတည်း ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

မောင်စက်ပြာက ဤနှုံးသို့ အယူခံဝင်ရာတွင် ၎င်းအပေါ် သက်သေအခိုင်အလုံ မရှိပါဘဲနှင့် အပြစ်ပေးထားခြင်း ဖြစ်ပါသည်။ အချင်းဖြစ်စဉ်က ၎င်းသည် မောင်တင်သန်းအိမ်၌ တည်းခိုနေပါသည်။ သို့ရာတွင် မောင်တင်သန်းသွားရောက် ကျူးလွန်ခဲ့သော ပြစ်မှုမျှားနှင့် မည်သို့မျှ မပတ်သက်ရပါ၊ မောင်တင်သန်းအား အားပေးကူညီပြုသည်ဟုလည်း မည်သည့်တရားလိုပြု သက်သေကမျှ မစွပ်စွဲခဲ့ပါ၊ မောင်တင်သန်းကို ရဲကဘမ်းဆီးပြီးနောက် မိမိကိုယ်လည်း ဘမ်းဆီးပါသည်။ မောင်တင်သန်း သွားရောက်၍ ၎င်းလုယက်ခဲ့သော ပစ္စည်းမျှားကို ပြသထုတ်ပေးစဉ်၊ တင်သန်းနှင့်တွဲလျက် လက်ထိပ်ခတ်ကာ ခေါ်ဆောင်သွားသောကြောင့် အတူပါသွားရပါသည်၊ ပစ္စည်းမျှား ဝှက်ထားခြင်းကိုမသိ၊ မိမိက ထုတ်ပေးခဲ့ခြင်းလည်း မဟုတ်ပါ၊ ရဲစခန်းမှူး ဦးသန်းအောင် (လို့ပြ-၁၀)ကသာလျှင် တရားခံ နှစ်ယောက်စလုံး ပစ္စည်းဝှက်ထားသော နေရာမျှားကို လိုက်ပြသည်ဟု မတိမကျ ထွက်ဆိုပါသည်။ ထိုထွက်ချက်ပေါ် တွင်မူတည်၍ အပြစ်ပေးခြင်းသည် မှားယွင်းပါသည်ဟု မောင်စက်ပြာက တင်ပြသည်။

ဒေါ်စောတင် (လို့ပြ-၁)ကိုယ်တိုင်က ၎င်းအိမ်ပေါ်သို့ တက်ရောက်လာသူမှာ တင်သန်းဖြစ်ပါသည်။ တင်သန်းသည် ပစ္စည်းမျှားကိုလုရှ် မျက်နှာသိခြင်း ဖြစ်သောကြောင့်၊ သက်သေ မခံနိုင်စေရန်အတွက် ဒေါ်စောတင်ကို သတ်ရမည်ဟုပြောကာ ဓါးနှင့် ခုတ်ကြောင်းကို ကာယကံရှင် ဒေါ်စောတင်က ထွက်ဆိုခဲ့သည်၊ တင်သန်းနှင့် အတူ အခြားသူတဦးတယောက် ပါဝင်သည်ဟု ဒေါ်စောတင်က မဆိုချေ၊ စက်ပြာပါသည်ဟုလည်းမပြော၊ အချင်းဖြစ်ပြီး ဒေါ်စောတင်က တိုင်တန်းပြောဆိုခဲ့သည်ဆိုသော သက်သေမျှားကလည်း စက်ပြာပါဝင်သည်ဟု မပြောကြချေ။

ကိုတင်ဝင်း (လို့ပြ-၁၁)သည် တင်သန်းကို အချင်းဖြစ်ပြီးနောက် အိမ်မှသွားရောက် ခေါ်ယူခဲ့သူဖြစ်သည်၊ တင်သန်းအိမ်တွင် လူစိမ်းတယောက် တွေ့ခဲ့ပါသည်၊ ၎င်းသည် စက်ပြာဖြစ်ပါသည်ဟု ထွက်ဆိုသည်၊ ထိုသို့လူစိမ်းတယောက် တင်သန်းအိမ်၌ ရှိနေကြောင်းကို စခန်းမှူးအား ပြောပြကြောင်း ကိုတင်ဝင်းက ထွက်ဆိုသည်။ စခန်းမှူးက ထို့ကြောင့် စက်ပြာကိုပါ ဘမ်းဆီးခဲ့ဟန်တူသည်။ တင်သန်းနှင့် စက်ပြာကို ခေါ်၍သွားရာ တင်သန်းက ဝှက်ထားသောနေရာ၊ လုယက်ရရှိသည့် လက်ဝတ်လက်စားမျှား၊ ငွေမျှား ထုတ်ပေးကြောင်း ကိုတင်ဝင်းကထွက်ဆိုသည်၊ စက်ပြာက ထုတ်ပေးပါသည်ဟု မဆိုချေ။

တင်သန်းသည် ၎င်းတွင်အပြစ်ရှိကြောင်း ရုံးတွင်ဝန်ခံလေသည်၊ သို့ရာတွင် ပြစ်မှု ကျူးလွန်ရာ၌ စက်ပြာလည်း ပါဝင်သည်ဟုမဆိုချေ၊ ထိုသို့ ပါဝင်သလားဟု ၎င်းအား တရားလိုဘက်မှ မေးမြန်းခဲ့ခြင်းလည်းမရှိ။

အထက်ပါ အကြောင်းတို့ကို ထောက်ချင့်လျင် အချင်းဖြစ်သည့် အချိန်က စက်ပြာသည် တင်သန်းအိမ်၌ တည်းခိုလျက်ရှိသည်ဆိုသော အချက်မှလွဲ၍၊ စက်ပြာအပေါ် ညှိစွန်းသော အထောက်အထား လုံးဝမရှိသည်ကို တွေ့ရသည်။ ရုံးတွင်စက်ပြာက အစစ်ခံရာ၊ ၎င်းသည် အိမ်ကျော်နင်းမှုဖြင့် ထောင်ကျခဲ့ဘူးပါသည်၊ ထောင်မှ လွတ်လာ၍ ရှာသို့မပြန်ရဲသဖြင့် တင်သန်းအိမ်တွင် သွားရောက် တည်းခိုပါသည်။ တင်သန်းက အလုပ်ရှာပေးမည်ဟု ပြောပါသည်။ထိုသို့ တည်းခိုနေစဉ် အဘမ်းခံရပါသည်ဟု ထွက်ဆိုခဲ့သည်။ အမှုနှင့်ပတ်သက်၍ ဘာမှ မသိပါဟုလည်း ထွက်ဆိုခဲ့သည်။ ထိုသို့ထွက်ဆိုချက်ကိုလည်း တရားလိုဘက်မှ ပြန်လှန်စစ်ဆေး မေးမြန်းခဲ့ခြင်းမရှိခဲ့ချေ။

ထို့ကြောင့် အယူခံတရားလို စက်ပြာအပေါ် အထောက်အထား မခိုင်လုံဘဲ သံသယဖြင့်စွဲဆို၍ ရုံးတင်ကာ အပြစ်ပေးခဲ့ခြင်း ဖြစ်သည်ဟု ယူဆသည်။ တကြိမ်တခါ မှားယွင်း၍ အပြစ်ခံရဘူးခဲ့မှုနှင့် (စက်ပြာ)သည် အကြိမ်ကြိမ်အဖန်ဖန် ပြစ်မှုကျူးလွန်လိမ့်မည်ဟု ယူဆရန်မသင့်ချေ၊ ပြစ်မှုနှင့် သင့်တော်သော ပြစ်ဒဏ်ကို ကျခံခဲ့ပြီး သူမျှားအား ပတ်ဝန်းကျင်က အညှိုးမထားဘဲ လူသစ်အဖြစ် ဘဝသစ် ထူထောင်စေရန် အားပေး ကူညီရသည့်မူရှိသည်။ ယိုမူအရလည်း (စက်ပြာ)အား သံသယဖြင့် အပြစ်ပေးခဲ့ခြင်းသည် မှားယွင်းသည်ဟု ဆိုရမည်။

အစိုးရရွှေနေကြီး ဦးမျိုးထွန်းလင်းက အယူခံ တရားလိုအပေါ် အထောက်အထား မခိုင်လုံဘဲ အပြစ်ပေးထားခြင်းဖြစ်ပါသည်၊ အယူခံကို လက်ခံ၍ ၎င်းအား လွှတ်သင့်ပါသည်ဟု တင်ပြသည်။

ထို့ကြောင့် အယူခံကို လက်ခံ၍ အယူခံတရားလိုအပေါ် ပြစ်မှုထင်ရှား တွေ့ရှိထားခြင်းဖြင့် ပြစ်ဒဏ်ချမှတ်ထားခြင်းတို့ကို ဤအမှုနှင့်ပတ်သက်သမျှ ပယ်ဖျက်လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးသက်ဖေရွှေတွင်

†၁၉၆၇

ဇန်နဝါရီလ ၃ ရက်။

မောင်ညွန့် ပါ ၂ (အယူခံတရားလို)

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ (အယူခံတရားခံ)*

လက်နက် (အရေးပေါ် အပြစ်ဒဏ်စီရင်မှု) (ယာယီ) ဥပဒေပုဒ်မ ၂ (၁) (က) အရ၊ မှုပြစ်ထင်ရှားစီရင်ခြင်း—အယူခံတွင်ရာဇသတ်ကြီး ဥပဒေအရ ပြစ်မှုဖြင့်ပြောင်းလဲပြီး အပြစ်ပေးနိုင်မပေးနိုင်။

ဆုံးဖြတ်ချက်။ ။အယူခံတရားလို မောင်ရွှေအား အောက်ရုံးတွင် အထူးဥပဒေအရပြစ်မှုဖြစ်သည့်လက်နက် (အရေးပေါ် ပြစ်ဒဏ်စီရင်မှု) (ယာယီ) အရသာစွဲချက်တင်ပြီး အပြစ်ပေးခဲ့သဖြင့်၊ အယူခံတွင်ငုံးအား ရာဇသတ်ဥပဒေအရ ပြစ်မှုဖြင့် ပြောင်းလဲပြီး အပြစ်မပေးနိုင်ချေ။ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၂၃၆ နှင့် ၂၃၇ တို့အရဆိုလျှင် တရားခံတဦးအား ရာဇသတ်ပုဒ်မတခုဖြင့် စွဲချက်တင်ပြီးအပြစ်ပေးထားမှသာ အယူခံရုံးက ထိုတရားခံအပေါ် အခြားရာဇသတ်ပုဒ်မတခုဖြင့် ပြောင်းလဲ၍ အပြစ်ပေးနိုင်မည်ဖြစ်သည်။ တရားခံအား အထူးဥပဒေ တခုခုအရသာ စွဲချက်တင်ပြီး အပြစ်ပေးထားလျှင် အယူခံရုံးကငုံးအပေါ် ရာဇသတ်ပုဒ်မ တခုခုဖြင့် ပြောင်းလဲ၍ အပြစ်ပေးခြင်းမပြုနိုင်ပေ။

အုံးမောင် နှင့် ပြည်ထောင်စု၊ ၁၉၄၉၊ မြန်မာပြည်စီရင်ထုံး ၁၃၉ (တရားလွှတ်တော်)ခြားနား ပြသည်။ **ထွန်းကြိုင် နှင့် အစိုးရ၊ ၁၉၄၇၊ မြန်မာပြည်စီရင်ထုံး ၇၄၊ ရည်ညွှန်းသည်။**

အယူခံ တရားလိုအတွက်။ ။ဦးဘိုးသာ။

အယူခံ တရားခံအတွက်။ ။ဦးကျော်ဂေါင်။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံတရားလို မောင်ညွန့်နှင့် မောင်ရွှေတို့အပေါ် လက်နက် (အရေးပေါ် အပြစ်ဒဏ်စီရင်မှု) (ယာယီ) ဥပဒေပုဒ်မ ၂ (၁) (က)

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၃၉၀။

† ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၁၀ တွင်ချမှတ်သော ၃၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့စွဲပါ၊ သထုံမြို့၊ အထူးတရားသူကြီး၏ အမိန့်ကိုအယူခံမှု။

၁၉၆၇ မောင်ညွန့်ပါ ၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

အရ၊ အလုပ်နှင့် ထောင်ဒဏ် လေးနှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့သော သထုံမြို့၊ အထူး (စက်ဌင်)တရားသူကြီး၏ စီရင်ချက်ကို မကျေနပ်သဖြင့် အယူခံဝင်ခြင်းဖြစ်သည်။

လွန်ခဲ့သည့် ၁၉၆၆ ခု၊ မတ်လ ၂၅ ရက်နေ့တွင် မုတ္တမမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွါလာသော မီးရထား၏ ထိုင်ခုံများသာပါသည့် အထက်တန်းတွဲ၌ ဗိုလ်ဖေညွန့် (လိုပြ-၁) သည် ခရီးသည် တယောက်အဖြစ် လိုက်ပါခဲ့၏။ ဗိုလ်ဖေညွန့်သည် ၎င်း၏လက်ဆွဲအိတ်ကို ၎င်း၏ ထိုင်ခုံအတွက်ဖြစ်သည့် စားပွဲအောက်တွင် ချထားသည်၊ ထိုလက်ဆွဲအိတ်ထဲ၌ ချည်လုံချည်တထည်၊ စွပ်ကျယ်တထည်၊ အေ-၇၀၇၁ အမှတ်ပါ ဝက်ဘလီအမျိုးအစား ခြောက်လုံးပြူးဓားနှင့် ယမ်းတောင့် ၁၂ တောင့်ရှိနေသည်။

ည ၇ နာရီခန့်အချိန်တွင် မီးရထားသည် မုပွလင်ဘူတာအလွန် သထုံစုဘူတာသို့ ရောက်သောအခါ၊ ဗိုလ်ဖေညွန့်သည် ထိုင်ခုံပေါ်၌ အိပ်ပျော်သွားသည်၊ သိမ်ဇရပ်ဘူတာလွန်၍ စစ်တောင်း တံတားပေါ်သို့ အရောက်တွင် ဗိုလ်ဖေညွန့်သည် အိပ်ပျော်ရာမှ နိုးလာသဖြင့် ကြည့်လိုက်ရာ ၎င်း၏ လက်ဆွဲအိတ်မှာ ချထားသောနေရာမှ ပျောက်ဆုံးနေသည်ကို တွေ့ရလေသည်။ ထို့ကြောင့် ၎င်းနှင့်တွဲတည်း လိုက်ပါလာကြသည့် ခရီးသည် ဦးကုံကိုကြီး (လိုပြ-၃)နှင့် ဦးမျိုးချစ် (လိုပြ-၄)အား မေးမြန်းကြည့်ရာ၊ မုပွလင်ဘူတာတွင် တွဲပေါ်သို့ လူတယောက် တက်လာသည်ကို တွေ့ရပြီး၊ ထိုသူသည် ဗိုလ်ဖေညွန့်နှင့် မျက်နှာချင်းဆိုင် ထိုင်ခဲ့တွင် ဝင်ထိုင်ပြီးနောက် သိမ်ဇရပ်ဘူတာ၌ ဆင်းသွားသည်ကို တွေ့ရကြောင်း၊ ထိုသူပင် လက်ဆွဲအိတ်ကို ယူသွားလိမ့်မည်ဟုထင်ကြောင်း ရပြဿကြားသဖြင့် ဗိုလ်ဖေညွန့်သည် မီးရထား အရေးပေါ်သံကြိုးဆွဲကာ ဂါတ်ဗိုလ်အား တိုင်တန်းခဲ့၏။ ပေါ်ဘူတာအရောက်တွင် ရဲတပ်ဖွဲ့သို့ စာရေးချ၍ တိုင်ကြားသဖြင့် ရဲအဖွဲ့မှ စုံစမ်းစစ်ဆေးပြီး၊ ၁၉၆၆ ခု၊ မေလ ၁၃ ရက်နေ့၌ ကျိုက္ကော်ရွာ တိုင်ကောစ်ရပ်နေ အယူခံတရားလို မောင်ရွှေ၏အိမ်သို့ ရဲစခန်းမှူး ဦးသန်းစိုး (လိုပြ-၈)သည် သက်သေများနှင့် တက်ရောက်ပြာဖွေရာ အိမ်ခန်းအတွင်း သေတ္တာထဲမှ ဗိုလ်ဖေညွန့်၏ လုံချည်နှင့် စွပ်ကျယ်တို့ကို ဘမ်းဆီးရမိ၏။ ထို့ကြောင့် အယူခံတရားလို မောင်ရွှေကို ဘမ်းဆီးလိုက်သည်။

၁၉၆၆ ခု မေလ ၁၉ ရက်နေ့တွင် ကျောက်ညှပ်ရွာနေ မောင်အောင်နု ဆိုသူအား ဘမ်းဆီးစစ်ဆေးရာ၊ ၎င်းက သေနတ်ထုတ်ပေးမည်ဟု ပြောသဖြင့် ၁၉၆၆ ခု၊ မေလ ၂၁ ရက်နေ့၌ ၎င်းအား တောကြီးရွာသို့ ခေါ်သွားရ၏။ တောကြီးရွာနေ မောင်ချစ်သိုး၏ အိမ်သာအနီး မြေကြီးထဲမှ ပလပ်စတစ်အိတ်နှင့် ထုတ်၍ပြုပြင်ထားသော ခြောက်လုံးပြူး သေနတ်နှင့် ယမ်းတောင့် ခြောက်တောင့်တို့ကို မောင်အောင်နုက သက်သေခံဘရင် (လိုပြ-၆)ရှေ့တွင် ထုတ်ပေးခဲ့လေသည်။

၁၉၆၇

မောင်ညွန့် ပါ၂ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ထိုသေနတ်ကို အယူခံတရားလို မောင်ညွန့်နှင့် အမည်မသိ လူတယောကဲ့က အိမ်သာအနီးတွင် လာမြှုပ်သွားခြင်း မလှကြင် (လိုပြ-၅)၏ ထွက်ဆိုချက်အရ၊ မောင်ညွန့်ကို ဘမ်းဆီးလိုက်ပြီး မောင်အောင်နု၊ အယူခံတရားလို မောင်ရွှေတို့နှင့် အတူ ရုံးတင် တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

အယူခံတရားလို မောင်ရွှေက ငင်းဆန်မှု ရမိခဲ့သည့် လုံချည်နှင့် စွပ်ကျယ်တို့မှာ သက်ဦးရက်အတွင်းက အယူခံတရားခံ မောင်ညွန့် ဝတ်ဆင်ခဲ့သည့် အဝတ်အစားများ ဖြစ်ကြောင်း၊ ဗိုလ်ဖေညွန့်၏ လက်ဆဲအိတ်ကို မခိုးရကြောင်း ထုချေသည်။ မောင်အောင်နုက ခြောက်လုံးပြူးကို တောကြီးရွာနေ မောင်ချစ်သိန်း၏ အိမ်သာအနီးတွင် အယူခံတရားလို မောင်ညွန့် မြှုပ်ထားသည်ကို မလှကြင်ပြောရှိသိကြောင်း၊ ရဲအဖွဲ့က စစ်ဆေးသောအခါ ထိုအကြောင်းကို ပြောပြလိုက်ကြောင်း၊ ဗိုလ်ဖေညွန့်၏ လက်ဆဲအိတ်ကို ခိုးယူခြင်း မပြုရကြောင်း ထုချေ၏။ အယူခံတရားလို မောင်ညွန့်က လုံချည်နှင့် စွပ်ကျယ်တို့ကို မောင်ရွှေ၏အိမ်တွင် ရေစိုနေ၍ ထားခဲ့သည်ဆိုခြင်းမှာ မဟုတ်ကြောင်း၊ သေနတ်ကို တောကြီးရွာ မလှကြင်ရွာတွင် သွားရောက်မြှုပ်ထားသည်ဆိုခြင်းမှာ မမှန်ကြောင်း၊ အခင်းဖြစ်ပွါးသည့်နေ့က သိမ်ဇရပ်ရွာတွင် ရှိနေကြောင်း၊ ဗိုလ်ဖေညွန့်၏ လက်ဆဲအိတ်ကို ခိုးရာတွင်မပါကြောင်း ထုချေလာလေသည်။ သို့ရာတွင် အောက်ခံပညာရှိ တရားသူကြီးသည် အယူခံ တရားလိုတို့၏ ထုချေချက်များကို လက်မခံဘဲ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အပြစ်ဒဏ်အဆီးသီး ချမှတ်ခဲ့ခြင်း ဖြစ်သည်။ မောင်အောင်နုနှင့် ပတ်သက်၍မူ သေနတ် မြှုပ်ထားခြင်းကို မလှကြင်က ပြော၍ သိရှိခဲ့သည့်အလျောက် မြှုပ်ထားသောနေရာကို ပြပေးခဲ့ခြင်းသာ ဖြစ်၍၊ ထိုသေနတ်အား ပုန်ကန်သူ ဖြစ်သည်ဟု မယူဆနိုင်ကြောင်း အဆုံးအဖြတ် ပြုကာ တရားသေလွှတ်ခဲ့သည်၊ ယင်းသို့ တရားသေလွှတ်ခဲ့သည့်အမိန့်ကို နိုင်ငံတော် အစိုးရက အယူခံဝင်ခြင်းမရှိပေ။

ယခုအမှုတွင် အစိုးရပိုင် ဗိုလ်ဖေညွန့်၏ ခြောက်လုံးပြူးသေနတ်ကို အယူခံတရားလို မောင်ညွန့်သော်ငင်း၊ အယူခံတရားလို မောင်ရွှေသော်ငင်း၊ ခိုးယူခဲ့သည်ဆိုသော တိုက်ရိုက်စွပ်စွဲချက် မရှိပေ။ မောင်ညွန့်သည် ၁၉၆၆ ခုနှစ်၊ မေလဆန်းလောက် ကတောကြီးရွာနေ မောင်ချစ်သိန်းဆိုသူ၏ အိမ်သာအနီး မြေကြီးထဲ၌ မြှုပ်ခဲ့သည်ဟု မလှကြင်၏ ထွက်ဆိုချက်တခုသာ ရှိသဖြင့် ထိုထွက်ဆိုချက်သည် မည်မျှခိုင်လုံသည်ဆိုခြင်းကို ဆန်းစစ်ရန်လိုပေသည်။ အမှန်မှာ ခြောက်လုံးပြူးသေနတ်ကို မလှကြင်၏ မောင်အရင်းဖြစ်သူ မောင်အောင်နုက မြေကြီးထဲမှ ထုတ်ဖော်ပေးခဲ့သည် ဖြစ်သည်ဆိုခြင်းကို သတိချပ်ရမည် ဖြစ်သည်။ မလှကြင်က မောင်ညွန့်သည် အမည်မသိ လူတယောက်နှင့်အတူ ည ၁၀ နာရီခန့်အချိန်တွင် ငင်းအိပ်နေရာမှ နိုးကြား ပစ္စည်းကုန်

မြှုပ်ထား၍ တစေ့တစောင်း ကြည့်လိုက်ရန် ပြောသွားသည်ဟု ထွက်ဆိုထားသည်။ ၁၉၆၇ ခုနှစ်
ဂင်း၏ ထွက်ဆိုချက်အရဆိုလျှင် မောင်ညွှန့်က သေနတ်ကို မည်သည့်နေရာတွင် မြှုပ် မောင်ညွှန့်ပါ ၂
ထားသည်ဟု အဘိအကျ ပြောပြခဲ့ခြင်း မရှိသဖြင့် ထိုကဲ့သို့ မြှုပ်ထားကြောင်းကို နှင့်
မောင်ဖြစ်သူ မောင်အောင်နုအား ပြန်ပြောပြခဲ့သည်ဟု ဆိုစေကာမူ၊ မောင်အောင်နု ပြည်ထောင်စု
အနေဖြင့် ရဲအရာရှိများအား ထိုသေနတ်ကို ဖြောင့်ဖြောင့်တန်းတန်း ဖေါ်ပေးနိုင်ရန် မြန်မာနိုင်ငံ။
အကြောင်းမရှိပေ။ မသုကြင်က မောင်ညွှန့်အား သိပင်သိဖြားသော်လည်း ခင်မင်
ရင်းနှီးသူဘေဘော်က မဟုတ်ကြောင်း ထွက်ဆိုထားသဖြင့် မောင်ညွှန့်က သေနတ်ကို
မြှုပ်ပြီးနောက် ၎င်းအား အိပ်ရာမှနိုးကာ မြှုပ်ထားကြောင်းပြောသည် ဆိုခြင်းမှာ
ယုတ္တိမရှိသော ပြောဆိုချက်သာ ဖြစ်နေပေသည်။ ထို့ပြင် မောင်ညွှန့်သည် သိမ်ဇရပ်
ရှာတွင် နေထိုင်သူတဦးဖြစ်ရာ၊ သေနတ်ကို တောကြီးရွာသို့ ယူသွားပြီး သူတပါး၏
အိမ်သာအနီးတွင် မြှုပ်ထားရန် အကြောင်းမရှိပေ၊ မြှုပ်ခြင်းမြှုပ်လျှင် မိမိ၏အိမ်
အနီးဘွင် မြှုပ်မည်ဟာ ဖြစ်သည် သို့ဖြစ်ရာ မသုကြင်အနေဖြင့် သေနတ်ကို ကိုယ်တိုင်
ကိုယ်ကျ ထုတ်ပေးသည့် မောင်ဖြစ်သူ မောင်အောင်နုလွှတ်ရာ လွှတ်ကြောင်းအတွက်
မောင်ညွှန့်အဖေါ် မဟုတ်မတရား ထွက်ဆိုခဲ့သည်ဟုယူဆဘွယ်ရာအကြောင်း ထင်ရှား
စွာပေါ်ပေါက်နေ၏။ မသုကြင်၏ ထွက်ချက်ကို မဆန်း (ခံပြ-၉)က ထောက်ခံထား
သည်မှာမှန်သော်သည်း မသုကြင်နှင့် မဆန်းတို့မှာ သမီးယောင်းမ တော်စပ်ကြသဖြင့်
၎င်းတို့၏ ထွက်ချက်များကို ချင်းချက်မရှိ လက်ခံရန် မဖြစ်နိုင်ပေ၊ အထက်ပါ
အကြောင်းရပ်များကြောင့် အယူခံတရားလို မောင်ညွှန့်သည် ဗိုလ်ဖေညွှန့်ထံမှ ပျောက်
ဆုံးသွားသည့် ခြောက်သုံးပြူးသေနတ်နှင့် ပါတ်သက်ခဲ့သည်ဟု မယူဆနိုင်သဖြင့် ၎င်း
အပေါ် အောက်ရုံးမှ ချမှတ်ထားသော စီရင်ချက်နှင့် အပြစ်ဒဏ်တို့ကို ပယ်ဖျက်ရမည်
ဖြစ်သည်။

အယူခံတရားလို မောင်ရွှေနှင့် ပတ်သက်၍ နိုင်ငံတော် အစိုးရအတွက် လိုက်ပါ
ဆောင်ရွက်သည့် အစိုးရ လွှတ်တော်ရွှေနေကြီး ဦးကျော်ဂေါင်က မောင်ရွှေသည်
ဗိုလ်ဖေညွှန့်၏ လက်ဆွဲအိတ်ကို ခိုးယူသွားသူဖြစ်သည်ဟု သက်သေအထောက်အထား
မရှိကြောင်း၊ ဗိုလ်ဖေညွှန့်၏ လက်ဆွဲအိတ်ဘွင် ထည့်ထားသည့် လုံချည်နှင့် စွပ်ကျယ်
တို့ကို ခိုးယူခြင်း ခံရပြီးနောက် တလခွဲခန့်ကြာမှ မောင်ရွှေထံတွင် တွေ့ရှိသဖြင့်၊
သက်သေခံဥပဒေပုဒ်မ ၁၁၄ ၏ ဥပမာ (က)အရ၊ ခိုးရာပါပစ္စည်းလက်ခံသူအဖြစ်
ရာဇသတ်ပုဒ်မ ၄၁၁ အရသာ အပြစ်ပေးသင့်ကြောင်း၊ ထိုပစ္စည်းများမှာ အဘိုးတန်
သည့် ပစ္စည်းများ မဟုတ်၍ ကျခံပြီး ထောင်ဒဏ်နှင့်ပင် တော်လောက်ပြီဖြစ်ကြောင်း
မောင်ရွှေအား အောက်ရုံးမှ အထူးဥပဒေဘရပ်ဖြစ်သည့် လက်နက် (အင်္ဂါရုံးပေါ်
စီမံမှု) (ယာယီ) ဥပဒေအရ အပြစ်ပေးထားသော်လည်း၊ ဤအယူခံရုံးမှ ၎င်းအပေါ်

၁၉၆၇ မောင်ညွန့်ပါ ၂ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ရာဇသတ်ဥပဒေအရ ပြောင်းလဲ၍ အပြစ်ပေးနိုင်ကြောင်း လျောက်တားကာ၊ **အုန်းမောင်** နှင့် **ပြည်ထောင်စု** (၁)တို့အမှုကို ကိုးကား ယူဆးလေသည်။

ထိုဗီရင်ထုံး၌ တရားခံကို အောက်ရုံးမှ ၁၉၄၈ ခုနှစ်၊ နိုင်ငံတော် သမ္မာဓေါက်မှု ဥပဒေပုဒ်မ ၃ အရ၊ အပြစ်ပေးခဲ့သော်လည်း အယူခံချုံးက တရားခံအား ရာဇသတ်ပုဒ်မ ၃၀၂/၃၄ အရ ပြောင်းလဲကာ အပြစ်ပေးခဲ့သည်မှာမှန်၏။ သို့ရာတွင် အောက်ရုံးတွင် တရားခံအား နိုင်ငံတော် သမ္မာဓေါက်မှု ဥပဒေအရရင်း၊ ရာဇသတ်ပုဒ်မ ၃၀၂/၃၄ အရ ရင်း တခုမဟုတ်လျှင် တခုနှင့် အပြစ်ရှိသည်ဟု စွဲချက်တင်ခဲ့သဖြင့်၊ အယူခံချုံးအနေဖြင့် အသူးဥပဒေအရ ပြစ်မှုမှ ရာဇသတ်ဥပဒေအရ ပြစ်မှုသို့ ပြောင်းလဲပြီး အပြစ်ပေးခဲ့ခြင်း ဖြစ်လေသည်။ ယခုအမှုတွင် [အယူခံဘရားလို မောင်ရွှေအား အောက်ရုံးတွင် အထူး ဥပဒေအရ ပြစ်မှုဖြစ်သည့် လက်နက် (အရေးပေါ်ပြစ်ဒဏ် စီရင်မှု) (ယာယီ) အရသာ စွဲချက်တင်ပြီး အပြစ်ပေးခဲ့သဖြင့်၊ ဤအယူခံတွင် ၎င်းအား ရာဇသတ်ဥပဒေအရ ပြစ်မှုဖြင့် ပြောင်းလဲပြီး အပြစ်မပေးနိုင်ခေါ။ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၂၃၆ နှင့် ၂၃၇ တို့အရဆိုလျှင် တရားခံဘဦးအား ရာဇသတ်ပုဒ်မ တခုဖြင့် စွဲချက်တင်ပြီး အပြစ် ပေးထားမှသာ အယူခံချုံးက ထိုဘရားခံအပေါ် အခြားရာဇသတ်ပုဒ်မ တခုဖြင့် ပြောင်းလဲ၍ အပြစ်ပေးနိုင်မည်ဖြစ်သည်၊ တရားခံအား အသူးဥပဒေ တခုအရသာ စွဲချက်တင်ပြီး အပြစ်ပေးထားလျှင် အယူခံချုံးက ၎င်းအပေါ် ရာဇသတ်ပုဒ်မ တခုဖြင့် ပြောင်း၍လဲ အပြစ်ပေးခြင်း မပြုနိုင်ပေ။] ထိုကိစ္စနှင့် ပတ်သက်၍ **ထွန်းကြိုင်** နှင့် **အစိုးရ**(၂)တို့အမှုတွင် ရာဇသတ်ပုဒ်မဘာခုဖြင့် အပြစ်ပေးထားသော တရားခံကို အထူး ဥပဒေအရ ပြစ်မှုဖြင့် ပြောင်းလဲ၍ အပြစ်မပေးနိုင်ကြောင်း အဆုံးအဖြတ် ပြုထား သည်ကို တွေ့မြင်နိုင်ပေသည်။

ယခုအမှုတွင် ပညာရှိ အစိုးရရှေ့နေကြီး တင်ပြခဲ့သည့်အတိုင်း အယူခံဘရားလို မောင်ရွှေသည် လက်နက် (အရေးပေါ်ပြစ်ဒဏ် စီရင်မှု) (ယာယီ) ဥပဒေပုဒ်မ ၂(၁)(က)အရ ပြစ်မှုကျူးလွန်ခဲ့သည်ဆိုသော လက်သေအထောက်အထား မရှိပေ။ ၎င်းထံမှ ခိုးရာပါပစ္စည်းဖြစ်သည့် လုံချည်နှင့် စွပ်ကျယ်တို့ကိုခိုးယူ ကျူးလွန်ပြီးနောက် တလမ်းခန်းအကြာတွင် တွေ့ရှိခဲ့သဖြင့်၊ ၎င်းသည် ခိုးရာပါပစ္စည်း လက်ခံသူအဖြစ် ရာဇသတ်ပုဒ်မ ၄၁၁ အရသာ အပြစ်ရှိသည်ဟု ယူဆရမည်ဖြစ်သည်။ သို့ရာတွင် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ၎င်းအား အောက်ရုံးမှ အသူးဥပဒေပြစ်မှုအရ စွဲချက်တင်ပြီး အပြစ်ပေးခဲ့သဖြင့် ဤအယူခံ၌ ရာဇသတ်ပုဒ်မအရ ပြောင်းလဲ၍ အပြစ်ပေးခြင်း မပြုနိုင်သည့်အလျောက် အောက်ရုံး စီရင်ချက်နှင့် အပြစ်ဒဏ်ကို

(၁) (၁၉၄၉) မြန်မာပြည်စီရင်ထုံး ၁၃၉ (တရားလွှတ်တော်)။
(၂) (၁၉၄၈) မြန်မာပြည်စီရင်ထုံး ၇၄။

ပယ်ဖျက်ရမည်ဖြစ်သည်။ အယူခံတရားလို မောင်ရွှေသည် ၃ လကျော်ကျော် အကျဉ်းခံရပြီး ဖြစ်သည့်အပြင်၊ ပညာဒှီ အစိုးရရှေ့နေကြီးကလည်း ကျခံပြီး အပြစ်ဒဏ်နှင့်ပင် တော်လောက်ပြီ ဖြစ်ကြောင်း တင်ပြလာသည့်အလျောက်၊ ၎င်းအပေါ် အသစ်တဖန် စစ်ဆေးရန် အမိန့်ချမှတ်ခြင်း မပြုတော့ပေ။

အထက်ပါ အကြောင်းရပ်များကြောင့် အယူခံတရားလို မောင်ညွှန့်နှင့် မောင်ရွှေတို့အပေါ် ချမှတ်ထားသော အောက်ရုံး၏ စီရင်ချက်နှင့် အပြစ်ဒဏ်ကို ပယ်ဖျက်ပြီး ၎င်းတို့အား ဤအမှုနှင့်ပတ်သက်၍ တရားသေလွှတ်ရန် အမိန့်ချမှတ်လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးသက်ဖေ၌တွင်

မောင်ဘသိန်း (အယူခံတရားလို)

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ (အယူခံတရားခံ)*

† ၁၉၆၇

ဇန်နဝါရီလ ၂၈ ရက်။

ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၁၆၄—ထိုပုဒ်မအရ စစ်ဆေးခဲ့သော သက်သေထွက်ချက်ကို တရားခံ တဦးသည် အပြစ်ရှိသည်မရှိသည် ဆိုခြင်းနှင့်ပတ်သက်၍ အခြေခံ သက်သေခံချက်အဖြစ် အသုံးပြုနိုင်မပြုနိုင်။

ဆုံးဖြတ်ချက်။ ။ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၁၆၄ အရ စစ်ဆေးခဲ့သော သက်သေထွက်ချက်က တရားခံတဦးသည် အပြစ်ရှိသည်မရှိသည်ဆိုခြင်းနှင့် ပတ်သက်၍၊ အခြေခံသက်သေခံချက်အဖြစ် အသုံးမပြုနိုင်ပေ။ ထွက်ချက်ပေးသော သက်သေသည် မုသားပြောသည့် သက်သေဟုတ်မဟုတ် စီစစ်ရန်လိုသည့်အခါ အဆိုပါထွက်ချက်နှင့် ထိုသက်သေအား ပြန်လည်မေးခွန်းထုတ်ရာ၌ အသုံးချနိုင်မည်ဖြစ်ရာ ထိုကဲ့သို့သော ထွက်ချက်မှာ မှန်ကန်သော ထွက်ချက်ဖြစ်သည်ဟု ကောက်ယူခြင်း မပြုနိုင်ပေ။ ပုဒ်မ ၁၆၄ အရ ထွက်ချက်ရယူထားခြင်း၏ အဓိကရည်ရွယ်ချက်မှာ သက်သေအား အမှုစစ်ဆေးသောအခါ၊ တမျိုးတဖုံပြောင်းလဲပြီးထွက်ဆိုခြင်းမှာ ကာကွယ်ရန်သာဖြစ်သည်။

ဘရိဘူးရွှန်ဆင်း နှင့် အစိုးရ၊ အေး၊ အိုင်၊ အာ၊ ၁၉၄၆ (ပရီဗီကောင်စီ) ၃၈။ မာမန်းနှင့်အများ နှင့် အစိုးရ၊ အေး၊ အိုင်၊ အာ၊ ၁၉၄၆ (ပရီဗီကောင်စီ) ၄၅.....ရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။

အယူခံတရားခံအတွက်။ ။အစိုးရရွှေနေကြီး ဦးနှစ်။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံ တရားလို မောင်ဘသိန်း အပေါ် ရာဇသတ် ပုဒ်မ ၃၀၂ (၂) အရ၊ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သော မကွေးမြို့၊ ဒုတိယအထူး (ရာဘာက်စက်ရှင်) တရားသူကြီး၏ စီရင်ချက်ကို မကျေနပ်သဖြင့် အယူခံဝင်သော အမှုဖြစ်သည်။

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၂၁၁။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၁၀ တွင်ချမှတ်သော ၁၉၆၆ ခုနှစ်၊ မေလ ၂၄ ရက်နေ့စွဲပါ မကွေးမြို့၊ ဒုတိယအထူးတရားသူကြီး၏ အမိန့်ကိုအယူခံမှု။

လွန်ခဲ့သည့် ၁၃၂၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၂ ရက် (၁၉၆၅ ခု၊ ဇူလိုင်လ ၁၅ ရက်) နေ့ည ၈ နာရီခန့် အချိန်တွင်၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်၊ အင်ကြင်းကုန်းရွာ သူကြီး ဦးထွန်းကြည် (လိုပြ-၁၂) သည် မြေယာကော်မိတီဝင် တဦးဖြစ်သူ ကိုအောင်ပ အား၊ အဆုတ်ရောဂါ ဆေးထိုးပြီးသူများကို၊ နံနက်တွင် ၎င်း၏အိမ်သို့ မပျက်မကွက် လာရောက်ကြရန် ဗျို ဟစ်ခိုင်းသဖြင့်၊ ကိုအောင်ပသည် ရွာထဲ၌ ဗျိုဟစ်ရင်း ကိုသန်းညွှန့် (လိုပြ-၆) ၏ အိမ်ရှေ့သို့ ရောက်ခဲ့၏။ ထိုကဲ့သို့ ဗျိုဟစ်သွားသည်ကို ကိုအောင်ပ၏ ယောက်ဖဖြစ်သူ ကိုဘိုစိန် (လိုပြ-၁) က၊ ၎င်း၏အိမ်မှကြားလိုက်ရပြီးနောက်၊ ခဏမျှအကြာတွင် လမ်းဘက်မှ ခုတ်သံထစ်သံ များကိုကြားရ၍ကြည့်လိုက်ရာ၊ ကိုသန်းညွှန့်၏အိမ်ရှေ့လမ်းမပေါ်၌ ယူတယောက်ကို အခြားလူ ၃ ယောက်က ဝိုင်း၍ လုပ်သည်ကိုတွေ့မြင်ရပြီး၊ တယောက်က အရှေ့ဘက်သို့ပြေးကာ ကျန်လူများက ရွာလည်ဘက်သို့ ပြေးသွားကြသည်ကို တွေ့မြင်ရလေသည်။

ထို့ကြောင့် ကိုဘိုစိန်သည် အိမ်ပေါ်မှ ဆင်းသွားပြီး ကြည့်ရာ၊ ကိုအောင်ပအား၊ ကိုသန်းညွှန့်၏ အိမ်ဝိုင်းအပေါက်ဝအနီးတွင်၊ ခါးဒဏ်ရာများဖြင့် စကားမေး မရဘဲ လဲနေသည်ကိုတွေ့ရသည်။ ပြေးသွားသည့် လူများနောက်သို့ လိုက်ကြည့်သော်လည်း၊ မည်သူ့ကိုမှ မတွေ့သဖြင့်၊ သူကြီး ဦးထွန်းကြည်အား သွားရောက်တိုင်တန်းပြီး တောင်တွင်းကြီးမြို့သို့ မြင်းလှည်းဖြင့် တင်သွားရာ၊ လမ်း၌ပင် ကိုအောင်ပမှာ သေဆုံးသွားလေသည်။ တောင်တွင်းကြီး ရဲတပ်စခန်း၌ ကိုဘိုစိန်က ကိုအောင်ပအား တရွာတည်းသားများ ဖြစ်ကြသည့် မောင်အောင်ကြည် (လိုပြ-၃)၊ မောင်သိန်းတင်၊ မောင်သာပွါးနှင့် အယူခံ တရားလိုတို့က ဝိုင်း၍ခါးနှင့်ခုတ်သည်ဟု ထင်ကြောင်း တိုင်ချက်ပေးသဖြင့်၊ ရဲအဖွဲ့က ၎င်းတို့လေးဦးစလုံးအား ဘမ်းဆီးလိုက်သည်။

အခင်းမဖြစ်ပွါးမီက ကိုသန်းညွှန့်၏အိမ်တွင် ကိုသန်းညွှန့်၊ ကိုသာညွှန့်၊ (လိုပြ-၇)၊ ကိုညီစိန် (လိုပြ-၁၁)၊ ကိုအောင်သန်းမြင့်၊ မောင်သိန်းတင်၊ မောင်သာပွါးနှင့် အယူခံ တရားလိုတို့ ရှိနေကြသည်။ မောင်သာပွါးသည် ခတ်စောစောကပင်၊ ကိုသန်းညွှန့်၏အိမ်မှ ဆင်းသွားသည်။ ကိုအောင်ပ၏ ဗျိုဟစ်သံကြားရပြီးနောက်၊ ခဏမျှအကြာတွင်၊ အယူခံတရားလိုသည် ခါးရှည်တချောင်းကိုင်၍၊ ကိုသန်းညွှန့် အိမ်ပေါ်မှဆင်းသွားသည်။

ထိုအချိန်တွင် ကိုသန်းညွှန့်၊ အိမ်ရှေ့လမ်းမပေါ်၌၊ မောင်အောင်ကြည်နှင့်မောင်လုံး (လိုပြ-၂) တို့ထိုင်၍ စကားပြောနေကြရာ၊ ၎င်းတို့အနီးသို့ ကိုအောင်ပ ရောက်လာပြီး၊ စကားဝင်ပြောသည်။ ယင်းသို့ စကားပြောနေခိုက်၊ ကိုအောင်ပမှာ ခါးခုတ်ခံရခြင်းဖြစ်လေသည်။ မောင်အောင်ကြည်က ကိုအောင်ပအား ခါးနှင့်ခုတ်သူမှာ

၁၉၆၇

မောင်ဘသိန်း နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

အယူခံ တရားလိုပင် ဖြစ်သည်ဟု စွပ်စွဲသွားသည်။ မောင်လုံးကမူ ခါးနှင့်ခုတ်သူကို ကောင်းစွာတွေ့မြင်လိုက်ခြင်းမရှိကြောင်း ထွက်ဆိုထားသည်။ ကိုအောင်ပအားခါးနှင့် ဝင်ခုတ်သည်ကို မြင်ရသဖြင့်၊ မောင်အောင်ကြည်သည် ၎င်း၏အိမ်သို့ အရောက် ထွက်ပြေးသည်။ မောင်လုံးသည် မောင်သန်းလှ (လိုပြ-၅) အိမ်သို့ဝင်ပြေးကာ၊ အောင်ပနှင့် ဘသိန်းဟု ပြောပြီး အပြင်သို့မထွက်ရန် မောင်သန်းလှအား တားသည်။

ထိုကဲ့သို့ ကိုအောင်ပ ခါးအခုတ်ခံရပြီးနောက်၊ အယူခံ တရားလိုသည် ရွာတောင်ဘက်တံခါးသို့ ရောက်သွားပြီး၊ တံခါးစောင့် ကိုချစ် (လိုပြ-၁၇) အား၊ လယ်ထဲသို့ ရေသွင်းရန် ရွာပြင်သို့ သွားလိုသည်ဟု ပြောကာ၊ ရွာတံခါးကို အဖွင့်ခိုင်းသည်။ ရွာတံခါးဖွင့်ပေး၍ အယူခံ တရားလို ထွက်ပြေးသွားပြီးနောက်၊ မျှားမကြာမီ ကိုဘိုစိန် ရောက်လာကာ၊ ကိုချစ်အား ကိုအောင်ပ ခါးအခုတ်ခံရကြောင်း ပြောကြားခဲ့၏။

ကိုအောင်ပ၏ အလောင်းကို၊ တောင်တွင်းကြီး ရဲတပ်စခန်းမှ တဆင့် ပြည်သူ့ ဆေးရုံသို့ပို့လိုက်၍၊ ဆရာဝန် ဦးမြတ်သင် (လိုပြ-၂၀) က စစ်ဆေးကြည့်ရှုရာ ဦးခေါင်းရှေတွင် ခါးခုတ်ဒဏ်ရာ တချက်၊ ဦးခေါင်း၏ လက်ဝဲဘက်တွင် တချက်၊ လက်ဝဲ နားရွက် နောက်တွင် တချက်၊ ဦးခေါင်းနောက်တွင် တချက်၊ လက်ဝဲ လက်မောင်းတွင် သုံးချက်၊ ပေါင်း ခါးဒဏ်ရာ ၇ ချက်တွေ့ရလေသည်။ ဦးခေါင်းရှေ လက်ဝဲ နားရွက် နောက်နှင့် ဦးခေါင်း နောက်တွင် ရရှိသော ဒဏ်ရာများကြောင့်၊ ဦးနှောက်ပြတ်ပြီး သေဆုံးရကြောင်း၊ ထိုဒဏ်ရာများမှာ တခုခြင်း အနေဖြင့် မုချ သေစေမည့် ဒဏ်ရာများဖြစ်ကြောင်း ထင်မြင်ချက် ပေးထားသည်။

ကိုဘိုစိန်၏ တိုင်ကြားချက်အရ၊ အယူခံ တရားလို အပြင်၊ မောင်အောင်ကြည်၊ မောင်သိန်းတင်နှင့် မောင်သာပါးတို့ကို ရဲအဖွဲ့မှ ဘမ်းဆီးခဲ့၏။ ထို့ပြင် စခန်းမှူး ဦးမောင်ကို (လိုပြ-၂၁) က၊ သက်သေ မောင်လုံး၊ မောင်အောင်ကြည်၏ ဘခင်း ကိုဘိုးတင်နှင့် မောင်ဒိုးလုံးဆိုသူတို့အား ဘမ်းဆီးကာ စစ်ဆေးပြီးနောက်၊ အယူခံ တရားလို တဦးတည်းကိုသာ ရုံးတင်တရားစွဲဆိုခဲ့၏။ ကျန်လူမျှားအပေါ် သက်သေ အထောက်အထားမရှိ၍ ပြန်လွှတ်ခဲ့လေသည်။

အယူခံ တရားလိုက အခင်းမဖြစ်မီ၊ မောင်သန်းညွှန့်၏ အိမ်သို့ရောက်သည် ဆိုခြင်းမှာ မှန်ကြောင်း၊ မောင်သန်းညွှန့်အိမ်၌ရှိနေစဉ် ကိုအောင်သန်း (ခံပြ-၂) က လယ်ထဲသို့ ရေသွင်းရန် လာခေါ်၍ လိုက်သွားသဖြင့်၊ အခင်းဖြစ်အချိန်က ရွာထဲ၌မရှိကြောင်း၊ ကိုအောင်ပကို ခါးနှင့်မခုတ်ရကြောင်း ထုချေသော်လည်း အောက်ရုံး ပညာရှိ တရားသူကြီးသည်၊ ၎င်း၏ ထုခြေချက်ကို လက်မခံဘဲ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း၊ အပြစ်ပေးခဲ့ခြင်းဖြစ်သည်။

ဤအမှုကို အသေးစိတ် မစဉ်းစားမီ၊ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၁၆၄ အရ၊ ရယူခဲ့သည့် သက်သေထွက်ချက်များအား၊ သက်သေခံအဖြစ် လက်ခံခဲ့ခြင်းနှင့် ပတ်သက်၍၊ အနည်းငယ် ဝေဘန်လိုပေသည်။ မောင်လုံး (လိုပြ-၂) နှင့် မောင်အောင်ကြည် (လိုပြ-၃) တို့အား၊ ရဲအဖွဲ့မှအမှုကို စုံစမ်းစစ်ဆေးနေစဉ်အတွင်း၊ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၁၆၄ အရ၊ တောင်တွင်းကြီးမြို့၊ ရာဘက် ရာဇဝတ်တရားသူကြီး ဦးမြအောင် (လိုပြ-၁၃) ရှေ့ဘွင် စစ်ဆေးခဲ့၏။ ထိုစစ်ဆေးချက်များကို သက်သေခံ "ခ" နှင့် "ဂ" အဖြစ် အောက်ခုံးအမှုတွဲ၌ လက်ခံခဲ့သည်။ (ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၁၆၄ အရ စစ်ဆေးခဲ့သော သက်သေထွက်ချက်ကို၊ တရားခံ တဦးသည် အပြစ်ရှိသည် မရှိသည်ဆိုခြင်းနှင့် ပတ်သက်၍၊ အခြေခံ သက်သေခံချက်အဖြစ် အသုံးမပြုနိုင်ပေ။ ထွက်ချက်ပေးသော သက်သေသည် မုသားပြောသည့် သက်သေဟုတ် မဟုတ်စီစစ်ရန်လိုသည့်အခါ အဆိုပါထွက်ချက်နှင့် ထိုသက်သေအား ပြန်လည်မေးခွန်းထုတ်ရာ၌၊ အသုံးချနိုင်မည်ဖြစ်ရာ၊ ထိုကဲ့သို့သော ထွက်ချက်မှာ မှန်ကန်သောထွက်ချက်ဖြစ်သည်ဟု ကောက်ယူခြင်း မပြုနိုင်ပေ။ •ပုဒ်မ ၁၆၄ အရ ထွက်ချက်ရယူထားခြင်း၏အဓိကရည်ရွယ်ချက်မှာသက်သေအားအမှုစစ်ဆေးသောအခါ၊ တမျိုးတဖုံ ပြောင်းလဲပြီးထွက်ဆိုခြင်းမှ ကာကွယ်ရန်သာဖြစ်သည်) ။ **ဘရိဘူးရှန်ဆင်း** နှင့် **အစိုးရ** (၁) တို့အမှုတွင်၊ ပရီဗီကောင်စီ လွှတ်တော်က၊ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၁၆၄ အရယူခဲ့သည့်ထွက်ချက်နှင့် ပတ်သက်၍၊ အောက်ပါအတိုင်း အဆုံးအဖြတ်ပြုခဲ့၏။

> "A statement made under section 164, Criminal Procedure Code, cannot be used as a substantive piece of evidence. The statement can be used to cross-examine the person who made it, and the result may be to show that the evidence of the witness is false. But that does not establish that what he stated out of Court under section 164 is true."

မာမန်းနှင့် အများ နှင့် **အစိုးရ** (၂) တို့အမှုတွင်လည်း၊ အလားတူအောက်ပါအတိုင်း ကောက်ယူခဲ့သည်။

> "The statement of a witness made under section 164 can be used only to discredit the evidence given by him in Court, and not for any other purpose. Such a statement cannot be treated as substantive evidence of the facts stated."

သို့ဖြစ်ရာ၊ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၁၆၄ အရ စစ်ဆေးခဲ့သည့် မောင်လုံးနှင့် မောင်အောင်ကြည်တို့၏ ထွက်ချက်များဖြစ်သော၊ သက်သေခံ "ခ" နှင့် "ဂ"

(၁) အေ၊ အိုင်၊ အာ ၊ ၁၉၄၆ ပရီဗီကောင်စီ ၃၈။
(၂) အေ၊ အိုင်၊ အာ ၊ ၁၉၄၆ ပရီဗီကောင်စီ ၄၅။

တို့ကို၊ အယူခံ တရားလို အပြစ်ရှိသည် မရှိသည်ဆိုသော အချက်နှင့် ပတ်သက်၍ စဉ်းစားရန်မဟုတ်ဘဲ၊ မောင်လုံးနှင့် မောင်အောင်ကြည်တို့၏ ထွက်ချက်များမှာမှန် မမှန်ဆိုသော ကိစ္စ၌သာ အသုံးချရမည် ဖြစ်သည်။

ယခုအမှုတွင် ကိုအောင်ပအား၊ အယူခံ တရားလိုက ခါးနှင့်ခုတ်သည်ဆိုသော အချိန်က၊ ကိုအောင်ပအနီးတွင်၊ မောင်သုံးနှင့် မောင်အောင်ကြည်တို့ ရှိနေကြသည်ဆိုခြင်းမှာ အငြင်းမထွက်ပေ။ မောင်လုံးက ကိုအောင်ပအား ခါးနှင့်ခုတ်သော သူမှာ၊ အယူခံ တရားလိုနှင့် တူသည်ဟုသာ အောက်ရုံး၌ထွက်ဆိုခဲ့သည်။ ရာဇဝတ် ကျင့်ထုံးပုဒ်မ ၁၆၄ အရ၊ စစ်ဆေးစဉ်က၊ ကိုအောင်ပအား ခါးနှင့်ခုတ်သူသည် အယူခံ တရားလို ဖြစ်ကြောင်း တိတိကျကျ ထွက်ဆိုခဲ့သဖြင့်၊ အောက်ရုံး၌ ထို သက်သေသည် ကွယ်ထောင့်၍ ထွက်ဆိုခဲ့ကြောင်း ပေါ်လွင်နေသည့် အလျောက်၊ ၎င်း၏ထွက်ချက်ကို လက်ခံခြင်း မပြုနိုင်ပေ။ မောင်အောင်ကြည်ကမူ ကိုအောင်ပအား ခါးနှင့် ခုတ်သောသူမှာ အယူခံ တရားလိုပင် ဖြစ်ကြောင်း အောက်ရုံး၌ မယိမ်းမယိုင် စွပ်စွဲခဲ့သည်။ သို့ဖြစ်ရာ ကိုအောင်ပအား အယူခံ တရားလိုက ခါးနှင့် ခုတ်သည်ဆိုခြင်းနှင့် ပတ်သက်၍ မျက်မြင်သက်သေအဖြစ် မောင်အောင်ကြည်တဦး တည်းသာရှိပေတော့သည်။ ထို့ကြောင့် မောင်အောင်ကြည်၏ ထွက်ချက်ကိုယုံသင့် မယုံသင့် ထပ်မံစဉ်းစားရန်လိုပေသည်။

အခင်းမဖြစ်ပါးမီ အယူခံတရားလိုသည် မောင်သန်းညွန့် အိမ်ပေါ်တွင် ရှိနေကြောင်း၊ မောင်သန်းညွန့်၊ မောင်သာညွန့်နှင့် ကိုညီစိန်တို့ ထွက်ဆိုချက်များအရ ထင်ရှားသည်။ အယူခံတရားလိုကလည်း ထိုအချက်နှင့်ပတ်သက်၍ ငြင်းဆိုခြင်းမပြုပေ။ ကိုအောင်ပ၏ ဗျို့ ဟစ်သံကြားရပြီးနောက်၊ အယူခံတရားလိုသည် မောင်သန်းညွန့်၏ အိမ်ပေါ်မှ ခါးကိုင်၍ ဆင်းသွားကြောင်း၊ မောင်သန်းညွန့်၊ မောင်သာညွန့်နှင့် ကိုညီစိန်တို့က တညီတညွတ်တည်း ထွက်ဆိုထားကြသည်။ ယင်းသို့ ဆင်းသွားပြီးနောက် မျှားမကြာမီ၊ အိမ်ရှေ့လမ်းပေါ်မှ ခါးခုတ်သံများ ကြားလိုက်ရသည်။ ထိုနောက် အယူခံတရားလိုသည် ရွာတောင်ဘက်တံခါးအနီးတွင် နေထိုင်သည့် ကိုချစ်ကို ရွာတံခါးဖွင့်ခိုင်းပြီး၊ ရွာပြင်သို့ ထွက်သွားသည်၊ ၎င်းပြင် မောင်သန်းညွန့် အိမ်ရှေ့မှ ခါးခုတ်သံများကြားရပြီးနောက်၊ မောင်လုံးသည် မောင်သန်းလှ၏ အိမ်သို့ပြေးလာပြီး၊ "အောင်ပနှင့် ဘသိန်းတို့" ဟု ပြောကာ မောင်သန်းလှအား အိမ်အပြင်ဘက်သို့ မထွက်ရန်တားသည်။ ထိုအချက်အလက်တို့သည် မျက်မြင်သက်သေ မောင်အောင်ကြည်၏ ထွက်ဆိုချက်အား ထောက်ခံနေသည့် အထောက်အထားများ ဖြစ်သည်ဟု ယူဆရမည်ဖြစ်သည်။ သို့ဖြစ်ရာ အယူခံတရားလိုသည် ကိုအောင်ပအား ခါးနှင့်

ခုတ်သည့် လက်သယ်ဖြစ်ကြောင်း ထင်ရှားသည်ဆိုသော အောက်ရုံး၏ ကောက်ယူ ချက်သည်မှန်ကန်သည်။

၁၉၆၇ မေ ၁၈ ဆိုန်းနှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

သေသူ ကိုအောင်ပတွင် ဓါးဒဏ်ရာ ၇ ချက်ရရှိခဲ့ပြီး၊ သုံးချက်မှာ မုချသေစေမည့် ဒဏ်ရာများဖြစ်ရာ၊ အယူခံတရားလိုအား ရာဇသတ်ပုဒ်မ ၃၀၂ (၂) အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်ကျခံစေရန် ချမှတ်ထားသော အောက်ရုံး၏ အမိန့်မှာ ကြီးလေးသည်ဟု မဆိုနိုင်၍၊ ဤအယူခံကို ပလပ်လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်အသေးအဖွဲလျှောက်လွှာ

† ၁၉၆၇

ဖေဖော်ဝါရီလ ၈ ရက်။

တရားသူကြီးချုပ်ဒေါက်တာ မောင်မောင်နှင့် တရားသူကြီးဦးကျော်ဇံဦးတို့ရှေ့တွင်

မောင်ရွှေဝင်း (လျှောက်ထားသူ)

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ (လျှောက်ထားခံရသူ) *

ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၆၁ အရ လျှောက်ထားခြင်း—ရာဇသတ်ကြီးပုဒ်မ ၃၀၄ (က) အရ ပြစ်မှုမြောက်သော အရမ်းပြုလုပ်မှု သို့မဟုတ် ပေါ့လျော့မှုကျူးလွန်ခြင်း ရှိ မရှိကို အဓိကအားဖြင့် စစ်ဆေးရခြင်း—အတိုက်ခံရသူကလည်း ပေါ့လျော့သည်ဟု ထင်ရှားလျှင် တိုက်သူကလည်း ရာဇသတ်ကြီး ပုဒ်မ ၃၀၄ (က) အရ ပြစ်မှုကျူးလွန်လျှင် ပြစ်ဒဏ်ပေးရာ၌ လျော့ပေါ့ပေးနိုင်ရုံသာရှိခြင်း—ရမ်းကားမှုကြီးသလောက် ပြစ်ဒဏ်မှာလည်း ကြီးလေးရခြင်း။

ဆုံးဖြတ်ချက်။ ။မော်တော်ကားဖြင့် တိုက်သူသည် ရာဇသတ်ကြီး ပုဒ်မ ၃၀၄ (က) အရ ပြစ်မှုမြောက်သော အရမ်းပြုလုပ်မှု၊ သို့မဟုတ် ပေါ့လျော့မှု ကျူးလွန်ခဲ့ခြင်းရှိ မရှိကို အဓိကအားဖြင့် စစ်ဆေးရသည်။ ရှိသည်ဟုတွေ့ရလျှင် အတိုက်ခံရသူဘက်မှလည်း အနည်းငယ်ပေါ့လျော့ခဲ့ရုံမျှနှင့် တိုက်သူအပြစ်လွှတ်နိုင်သည်မဟုတ်ခေ့။ အရမ်းမောင်းတတ်သူတို့သည် တဖက်မှ ပေါ့လျော့လျှင်ငင်းတို့လည်း အပြစ်ကင်းစွာပေါ့လျော့ခြင်း ရမ်းကားခြင်း ပြုနိုင်သည်ဟု ထင်မြင်ယူဆလေ့ရှိကြသည်။ ထိုယူဆချက်သည် မှားယွင်းသည်ကို သတိထားသင့်ကြပေသည်။ အတိုက်ခံရသူကလည်း ပေါ့လျော့ခဲ့သည်ဟု ထင်ရှားလျှင် တိုက်သူကလည်း ရာဇသတ်ကြီးပုဒ်မ ၃၀၄ (က) အရ ပြစ်မှုကျူးလွန်နေလျှင် ပြစ်ဒဏ်ပေးရာ၌ လျော့ပေါ့ပေးနိုင်ရုံသာရှိသည်။

မော်တော်ကားတိုက်မှုမျှားမှာ တနေ့ထက်တနေ့များပြားလာ၍ အသေအပျောက်များပြီး ဒဏ်ရာရသူများမှာလည်း မနည်းလှပေ။ ရမ်းကားမှုကြီးသလောက် ပြစ်ဒဏ်မှာလည်း ကြီးလေးရပေမည်။

---

* ၁၉၆၆ ခု၊ ရာဇဝတ်အသေးအဖွဲလျှောက်လွှာအမှတ် ၇၁။

† လျှောက်ထားသူအပေါ် ဘားအံမြို့ပဋမရာဘက်ရာဇဝတ် တရားသူကြီးရုံး၊ ရာကြီးမှုအမှတ် ၁၁/၆၇ တွင် ရာဇသတ်ပုဒ်မ ၃၀၄ (က) အရ၊ ပြစ်မှုတွေ့ရှိ၍ ၁၉၆၇ ခု၊ စက်တင်ဘာလ ၂၄ ရက် နေ့ချမှတ်လိုက်သောအမိန့်ကို နည်းလွှန်းသည်ဟု ယူဆ၍ မော်လမြိုင်စက်ျင်ရုံးမှ ပြင်ဆင်မှုဖွင့်၍၊ ထောက်ခံချမှတ်လိုက်သော အမှုကိုတရားရုံးချုပ်မှ ၁၉၆၆ ခု၊ ဇူလိုင်လ ၂ ရက်နေ့စွဲဖြင့်အလုပ်နှင့် ထောင်ဒဏ် ၃ နှစ်တိုးမြှင့် အမိန့်ချမှတ်လိုက်သည်ကို မကျေနပ်၍ ရာဇဘက်ျင့်ထုံးပုဒ်မ ၅၆၁ အရ၊ လျှောက်ထားသောလျှောက်လွှာ။

အယူခံတရားလိုအတွက်။ ။ဦးသန်းအောင်။

အယူခံတရားခံအတွက်။ ။အစိုးရရှေ့နေကြီး ဦးလှသင်း။

တရားသူကြီး ဦးကျော်ဇံဦး။ ။ဤအမှုတွင်၊ လျှောက်ထားသူအား၊ ဘားအံမြို့ပဌမရာဘက် (ထူး) ရာဇဝတ်တရားသူကြီးက၊ ၎င်း၏ ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၁ တွင်၊ ၁၉၆၅ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့ ညနေ ၂ နာရီကျော်လောက်တွင် မြင်းလှည်းတခုကို ၎င်းက "အရမ်း၊ သို့မဟုတ် ပေါ့လျော့စွာ" ပေတရာလမ်းပေါ်တွင်၊ ခရီးသည်တင် သုံးတန်မော်တော်ကားဖြင့် မောင်းနှင်ကျော်တက်ရာ၌ တိုက်မိ၍၊ မြင်းလှည်းပေါ်စီးပါလာသော အသက် ၂၀ ရှိ အမျိုးသမီး မဇော်မိလာမှာ ဒဏ်ရာများရ၍ သေဆုံးပြီး၊ အသက် ၆၂ နှစ်ရှိ ဦးသော်မဲ (လိုပြ-၂) မှာ၊ ရင်ဘတ်ဘွင် အနည်းငယ်ပွန်းပဲ့သောဒဏ်ရာမျိုး ရရှိသည်ဖြစ်၍၊ ရာဇသတ်ကြီးပုဒ်မ ၃၀၄ (က) အရ ရုံးတက်ရုံးဆင်း ထောင်ဒဏ် ၁ ရက်နှင့် ဒဏ်ငွေ ၆၅၀ ကျပ် ပေးဆောင်စေပြီး၊ ထိုဒဏ်ငွေအနက် သေဆုံးသူ၏ မိဘ၊ သို့မဟုတ် အုပ်ထိန်းသူသို့ ငွေ ၅၀၀ ကျပ်၊ မြင်းလှည်းပိုင်ရှင် မောင်ဘသိုင် (လိုပြ-၈) သို့ ငွေ ၁၀၀ ကျပ်နှင့် ဦးသော်မဲသို့ ငွေ ၅၀ ကျပ်လျော်ကြေးငွေအသီးသီး ပေးဆောင်စေရန် စီရင်ချက်အမိန့်ချမှတ်ရာ မကျေနပ်၍ အစိုးရကိုယ်စား အမှုသိုက်ရဲမှူးက၊ ပြစ်ဒဏ်ကို ပိုမိုတိုးမြှင့်ပေးရန် လျှောက်ထားရာ၊ စက်ရှင်တရားသူကြီးက ၎င်း၏ ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှု အမှတ် ၄ (ဘ) တွင် ထောက်ခံ၍၊ ဤရုံးသို့ တင်ဆက်ရာ၊ ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၀၄ (ခ) တွင် ၁၉၆၆ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့စွဲအရ၊ တရားသူကြီး ဦးချစ်က၊ ရာဇသတ်ကြီးပုဒ်မ ၃၀၄ (က) ဒုတိယပိုင်း (ခြွင်းချက်) အရ၊ လျှောက်ထားသူ (တရားခံ) သည် ပြုလုပ်မှုကို သေစေတန်ရာသည်ဟု သိလျက်နှင့် ပြုလုပ်ခဲ့သည်ဟု ယူဆကာ၊ ပြစ်ဒဏ်ကို မူလရုံးကချမှတ်ထားသော ပြစ်ဒဏ်အပြင် အသုပ်နှင့် ထောင်ဒဏ် ၃ နှစ် ပိုမိုတိုးမြှင့်ပေးလိုက်ရာ၊ လျှောက်ထားသူက ထိုပြင်ဆင်မှုတွင်၊ ၎င်းအပေါ် နို့တစ်ဆင့်စာ အတည်မဖြစ်၍ တဘက်သတ်ကြားနာစစ်ဆေး အမိန့်ချမှတ်ရာရောက်သဖြင့် ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၆၁ က အရ၊ လျှောက်ထားပြီး၊ ထိုအမိန့်ကို ပယ်ဖျက်၍ အမှုကို ပြန်လည်ကြားနာပြီး၊ မူလရုံး၏ ပြစ်ဒဏ်စီရင်ချက်ကို အတည်ပြု၊ သို့မဟုတ် ပြစ်ဒဏ်ကို ပယ်ဖျက်ပေးရန် အမိန့်သစ်တခု ချမှတ်ပေးရန်နှင့် ဤအမှုကို ကြားနာစစ်ဆေးပြီး အမိန့်မချမှတ်မီအတောအတွင်း ခံဝန်ဖြင့်လွှတ်ထားရန်လျှောက်ထားရာ၊ ဤရုံးမှစုံစမ်းစစ်ဆေးပြီး၊ ၁၉၆၆ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့စွဲ အမိန့်ဖြင့် ခံဝန်နှင့် အချုပ်လွှတ် နေထိုင်ခွင့်ပေးခဲ့ပြီး တရားဝင်အမိန့်တခု ချမှတ်နိုင်ရန်၊ တရားသူကြီးနှစ်ဦးပါဝင်သော ဤခုံရုံးမှ ကြားနာခဲ့လေသည်။

၁၉၆၇

မောင်ရွှေဝင်း နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

သက်သေထွက်ချက်များကို ပြန်လည်ဘာဘ်ရှု စစ်ဆေးကြည့်ရာ၊ မြင်းလှည်းသည် လမ်းလက်ဝဲဘက်မှန်မှန်တွင် မောင်းနှင်သွားနေခြင်းမရှိဘဲ၊ လမ်းအလယ်သို့ အနည်းငယ်တိမ်းပြီး သွားနေသောအခါ၊ လျှောက်ထားသူသည် ညာဘက်လမ်းအဆုံး မြက်ခင်းကို ညာဘက်မော်တော်ကားတိုးနင်း၍ ကျော်ဘက်စဉ် ညာဘက်လှည်းဘီးကို၊ လက်ဝဲဘက် ရွှံကာဖြင့်ချိတ်မိ၍ လှည်းဘီးကျိုးသွားကြောင်း တွေ့ရှိရသည်။ လျှောက်ထားသူဘက်မှ ဟွန်းတီးသည်ဆိုသော်ငြားလည်း၊ မော်တော်ကားစီးလာသူတို့က တညီတညွတ်တည်း ထောက်ခံခြင်း မရှိကြသော်လည်း၊ မူလရုံးက ဟွန်းတီးသည်ကို လက်ခံခဲ့လေသည်။ အကြောင်းသော်ကား၊ အချင်းဖြစ်နေရာသို့ သွားရောက်ကြည့်ရှုရာ၊ ထိုနေရာသို့မရောက်မီ လမ်းကွေ့သုံးခုကို တွေ့ရှိခဲ့၍ ဟွန်းတီးသည်ဆိုခြင်းမှာ ဖြစ်နိုင်သည်ဟုဆိုသည်။ အချင်းဖြစ်နေရာမှာ လမ်းသည် ပြေပြစ်ညီညာ၍ လျော့ဆင်းလျက်ရှိသည်။ မူလရုံး၏ ထင်မြင်ယူဆသော အကြောင်းအရာမှာ၊ မြင်းလှည်းသည် ပေါ့ပေါ့ဆဆ လမ်း၏လက်ဝဲဘက်ခြမ်းမှ မမောင်းနှင်ဘဲ၊ လမ်းအလယ်သို့ အနည်းငယ်တိမ်းပြီး မောင်းနှင်၍ မော်တော်ကားမှာသည်း ကောင်းစွာလွတ်မည်မဟုတ်သည်ကို သိလျက်နှင့်ပင် မြက်ခင်းကို တဘက်နင်း၍ ရမ်းပြီး ပေါ့ပေါ့ဆဆ ကျော်တက်ကြောင်းပင်ဖြစ်သည်။ မူလရုံးက အမှု၏ အကြောင်းအရာများကို ချင့်ချိန်၍၊ ဥပဒေသဘောများကို ထောက်ရှုပြီး ပညာပေးသည့်အနေဖြင့်၊ တခြားသူများအားလည်း အဟန့်အတားဖြစ်စေနိုင်ရန်၊ လျှောက်ထားသူသည် ပဌမအကြိမ် ပြစ်မှုကျူးလွန်ခြင်းကို ထောက်ရှုလျက်၊ ပြစ်ဒဏ်စီရင်ချက်ပေးခဲ့သည်ဟုဆိုရှိသည်။ စက်ရှင်တရားသူကြီးက ဟွန်းတီးသည်ကို လက်မခံခဲ့သည့်အပြင်လျှောက်ထားသူသည် အချင်းဖြစ်ပြီးတစုံဘရာကိုမျှ အကူအညီမပေးဘဲ၊ကားကိုမောင်းနှင်သွားသည်ဟုအဆိုရှိသည်။ ထို့ပြင် လမ်းမှာ အဆင်းဖြစ်၍ မော်တော်ကားစက်အရှိန်မှာလည်း လျင်မြန်နေမည်ဖြစ်၍ ကျိုက့်သို့ပင် ပြင်းထန်သော ထိခိုက်မှုဖြစ်ရမည်ဟု ယူဆထားသည်။

အောက်ရုံးများ၏ စီရင်ချက်များနှင့် သက်သေထွက်ချက်များကို ဘတ်ရှုစစ်ဆေးကြည့်ရာ၊ အငြင်းမရှိနိုင်သော အချက်မှာ မြင်းလှည်းသည် မိမိလမ်းမှန် လက်ဝဲဘက်သို့ မရောက်မီပင်၊ လျှောက်ထားသူသည် မစောင့်ဘဲ လမ်းအဆင်းတွင် အရှိန်ဖြင့် ကျော်တက်ရာတွင်၊ အခက်အခဲရှိမည်ကို သိရှိနိုင်လျက်နှင့် မြက်ခင်းကိုနင်း၍ ကျော်တက်ခြင်းသည် အရမ်းမောင်းခြင်းဖြစ်သည်။ လျှောက်ထားသူသည် ကျိုက့်သို့ အရမ်းကျော်မတက်ဘဲ၊ တဖြည်းဖြည်းနောက်မှလိုက်၍ မြင်းလှည်းသည် လမ်းလက်ဝဲဘက်သို့ ရောက်မှ ကျော်တက်ခဲ့လျှင်၊ ကျိုက့်သို့ဖြစ်မည်မဟုတ်ပေ။ လမ်းမှာလည်း ကျဉ်းသည်ကို လျှောက်ထားသူက သိရပေမည်။ မြင်းလှည်းမောင်းသူသည် ပေါ့လျော့သော်လည်း၊

လျှောက်ထားသူက သတိထားသင့်သည်။ မြင်းလှည်းမောင်းသူ ပေါ့လျော့၍၊ လျှောက်ထားသူမှာ အပြစ်မရှိဟု မဆိုနိုင်ပေ။

[တိုက်သူသည်၊ ရာဇသတ်ကြီးပုဒ်မ ၃၀၄ (က) အရ ပြစ်မှုမြောက်သော အချမ်းပြုလုပ်မှု၊ သို့မဟုတ် ပေါ့လျော့မှု ကျူးလွန်ခဲ့ခြင်းရှိ မရှိကို၊ အဓိကအားဖြင့် စစ်ဆေးရသည်။ ရှိသည်ဟုတွေ့ရသျှင်၊ အတိုက်ခံရသူဘက်မှလည်း "အနည်းငယ် ပေါ့လျော့ခဲ့ခြင်းမျှနှင့် တိုက်သူအပြစ်လွှတ်နိုင်သည် မဟုတ်ချေ။ အရမ်းမောင်းတတ်သူ တို့သည် တဘက်မှ ပေါ့လျော့သျှင်၊ ၎င်းတို့လည်း အပြစ်ကင်းစွာ ပေါ့လျော့ခြင်း၊ ရမ်းကားခြင်း ပြုနိုင်သည်ဟု ထင်မြင်ယူဆလေ့ရှိကြသည်။ ထိုယူဆချက်သည် မှားယွင်းသည်ကို သဘိထားသင့်ကြပေသည်။ အတိုက်ခံရသူကလည်း ပေါ့လျော့ခဲ့သည်ဟု ထင်ရှားလျှင်၊ တိုက်သူကလည်း ရာဇသတ်ကြီးပုဒ်မ ၃၀၄ (က) အရ ပြစ်မှုကျူးလွန်နေလျှင်၊ ပြစ်ဒဏ်ပေးရာ၌ လျော့ပေါ့ပေးနိုင်ရုံသာရှိသည်။] ဤအမှုတွင် လျှောက်ထားသူသည် ပြစ်ဒဏ်မကင်းကြောင်းကို တိကျစွာ ငြင်းဆိုခြင်းမရှိပေ။

ပြစ်ဒဏ်နှင့် ပတ်သက်၍ စဉ်းစားရန်သာရှိပေသည်။ ယခုအခါ (မော်တော်ကားတိုက်မှုများမှာ၊ တနေ့ထက်တနေ့ များပြားလာ၍ အသေအပျောက်များပြီး ဒဏ်ရာရသူများမှာလည်း မနည်းလှပေ။ ရမ်းကားမှုကြီးသလောက် ပြစ်ဒဏ်မှာလည်း ကြီးလေးရပေမည်။) ယခုအမှုတွင် လျှောက်ထားသူသည် စိတ်ရှည်ရှည်နှင့် ကျော်တက်နိုင်သော အချိန်ထိ စောင့်ဆိုင်းနေခဲ့သင့်ပေသည်။ ကျော်တက်နိုင်မည်ဟု အရမ်းမှန်းဆယူခြင်းမှာ များစွာမှားသည်ဖြစ်၍၊ မူလရုံးမှ ပေးထားသော ပြစ်ဒဏ်သည် ပေါ့လျော့နည်းပါးသည်ဟု ကျွန်ုပ်တို့ယူဆသည်။ အချင်းဖြစ်သည်မှာ တနှစ်ခွဲခန့် ရှိနေပြီကဘာကြောင်း၊ မူလရုံးကပေးထားသော ပြစ်ဒဏ်များကိုလည်း ကျေပြန်အောင် ထမ်းဆောင်ခဲ့ပြီးဖြစ်သည်ကတကြောင်းအပြင်၊ ဤရုံး တရားသူကြီး ဦးချစ်၏ စီရင်ချက်အရ၊ နှစ်လနီးပါးခန့် ထောင်ဒဏ်ပိုမို၍ကျခံခဲ့ပြီးသည့် အကြောင်းများကို ထောက်ထား၍၊ မူလရုံးမှ ပေးထားသော အပြစ်ဒဏ်အပြင်၊ လျှောက်ထားသူအား အသုပ်ကြမ်းနှင့် ထောင်ဒဏ်နှစ် ၂ နှစ်ပိုမို၍ ကျခံစေရန်၊ ကျွန်ုပ်တို့က ပြစ်ဒဏ်တိုးမြှင့်၍ အမိန့်ချမှတ်လိုက်သည်။ ပေးထားသော ခံဝန်ချုပ်ကိုလည်း ပယ်ဖျက်လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်

တရားမအသေးအဖွဲမှု

တရားသူကြီး ဦးသက်ဖေရှေ့တွင်

† ၁၉၆၇

၈ နှစ် ဝါရီလ ၆ ရက်။

မောင်လှမောင် (လျှောက်ထားသူ)

နှင့်

ဦးလူစီ ပါ ၃ (လျှောက်ထားခံရသူများ)*

အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများ အက်ဥပဒေ ပုဒ်မ ၂၅ အရ လျှောက်ထားခြင်း—အုပ်ထိန်းသူ တဦးသည်အရွယ်မရောက်သည့်ကလေးများအား ကိုယ်ထိလက်ရောက် အုပ်ထိန်းခွင့်ခြင်းမရှိ—ပုဒ်မ ၂၅ အရ မိမိအုပ်ထိန်းမှုအောက်သို့ပြန်လည်ပေးအပ်ရန် လျှောက်ထားနိုင် မနိုင်—အုပ်ထိန်းခံရသူတဦးအား အုပ်ထိန်းသူ၏ အုပ်ထိန်းမှုအောက်သို့ပြန်လည်ပေးအပ်သင့်မသင့် ဆိုသောပြဿနာ—အုပ်ထိန်းခံရသူ၏အကျိုးကျေးဇူးအတွက် ဖြစ် မဖြစ်ဆိုသည့် အပေါ်တွင် မူတည်လျက်ဆုံးဖြတ်ရခြင်း။

ဆုံးဖြတ်ချက်။ ။အုပ်ထိန်းသူ တဦးသည် အရွယ်မရောက်သည့်ကလေးများအား ကိုယ်ထိလက်ရောက်အုပ်ထိန်းခွင့်ခြင်းမရှိစေကာမူ ပုဒ်မ ၂၅ အရ မိမိအုပ်ထိန်းမှုအောက်သို့ ပြန်လည်ပေးအပ်ရန် လျှောက်ထားနိုင်သည်။

အီဘရာဟင် နှင့် **အီရာဟင်**၊ အတွဲ ၃၉၊ မဒရပ် ၆၀၈။ **အဇီခန်း** နှင့် **ခုန်ဟေခန်း**၊ အတွဲ ၄၉၊ အလာဟဘတ် ၃၃၂။ **မောင်ဇော်** နှင့် **မောင်လှဒင်**၊ အတွဲ ၁၂၊ ရန်ကုန် ၁၆၀။ **ရီဖင်ဒါဆွာမီ** နှင့် **ချင်းနားတန်ဘီ**၊ ၁၉၅၂ မြန်မာပြည်စီရင်ထုံး၊ ဂ၊ တရားလွှတ်တော်။ **ဂျာဝါလာပရာဆတ်** နှင့် **ဘာချူလာလ်**၊ အေ၊ အိုင်၊ အာ (ရ)၊ ၁၉၄၂ ကလကတ္တား၊ ၂၁၅။ **ဘာဆန်းကူးဝါး** နှင့် **ဂီယန်ဆင်း**၊ အေ၊အိုင်၊ အာ(ရ)၊ ၁၉၃၉ လာဟိုး၃၉။ **ဂူရမ်** နှင့် **ရစ်(ဇ်)**၊အေ၊အိုင်၊ အာ(ရ)၊ **၁၉၃၅** အောဒ် ၄၉၂ (စုံညီခုံ)။ **နာရှာဝမ်** နှင့် **ရှာရို့ဘာနူး**၊ အေ၊ အိုင်၊ အာ (ရ)၊ ၁၉၃၄ ဘုံဘိုင် ၃၁၁.....ရည်ညွှန်းသည်။**အချရတ်လာ(လ်)** နှင့် **ချီမန်လာ(လ်)**၊အတွဲ ၄၀၊ ဘုံဘိုင်၊ ၆၀၀။ **မန္နူးအလီ** နှင့် **ဟာဝါဘီ**၊အေ၊ အိုင်၊ အာ (ရ)၊ ၁၉၃၆ ရန်ကုန် ၆၃ တို့ကိုမလိုက်နာ။

အုပ်ထိန်းခံရသူတဦးအား အုပ်ထိန်းသူ၏ အုပ်ထိန်းမှုအောက်သို့ ပြန်လည်ပေးအပ်သင့်မသင့် ဆိုသော ပြဿနာကိုဖြေရှင်းရာ၌၊ ယင်းသို့အပ်ပေးခြင်းသည် အုပ်ထိန်းခံရသူ၏ အကျိုးကျေးဇူး အတွက်ဖြစ်မဖြစ်ဆိုသည့်အဖြေပေါ်တွင် မူတည်လျက် ဆုံးဖြတ်ရမည်ဖြစ်သည်။ အုပ်ထိန်းသူသည် အုပ်ထိန်းခံရသူနှင့် မည်သို့ပင်ဆွေမျိုးနီးစပ်တော်စေကာမူ ၎င်း၏ အုပ်ထိန်းမှုအောက်သို့ပြန်လည်

* ၁၉၆၆ ခုနှစ်၊ တရားမအသေးအဖွဲမှုအမှတ် ၇၄။

ပေးအပ်ခြင်းကြောင့် အပ်ထိန်းခံရသူအတွက် အကျိုးများမည့်အစား အကျိုးယုတ်ရန်အကြောင်း ခန့်ပါ[illegible]ပါက်နေပါက ပြန်လည်ပေးအပ်ခြင်းမပြုသင့်ပေ။

၁၉၆၇ မောင်လှမောင် နှင့် ဦးလူစီ ပါ ၃။

မောင်အောင်ခင် နှင့် မစောလှ၊ ၁၉၅၈ ခုနှစ်၊ မြန်မာပြည် စီရင်ထုံး ၃၁၁ (တရားလွှတ်တော်)။ ဦးစိန်ဝင်း နှင့် ဦးစောခိုင်၊ ၁၉၆၀ မြန်မာပြည်စီရင်ထုံး၊ ၄၃၇ (တရားလွှတ်တော်) ရည်ညွှန်းသည်။

လျှောက်ထားသူအတွက်။ ။ဦးလှဖေ (၁)။

လျှောက်ထားခံရသူများအတွက်။ ။ဦးမွန်စံလှိုင်။

တရားသူကြီး ဦးသက်ဖေ။ ။လျှောက်ထားသူ ဦးလှမောင်က၊ ၎င်း၏ အရွယ်မရောက်သေးသည့် သားသုံးယောက်ကို ၎င်း၏အုပ်ထိန်းမှုအောက်သို့ ပြန်လည်အပ်ပေးရန် အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများ ဥပဒေ ပုဒ်မ ၂၅ အရ၊ လျှောက်ထားသည့် ကိစ္စဖြစ်သည်။

လျှောက်ထားသူ ဦးလှမောင်နှင့် လျှောက်ထားခံရသူ မခင်အေးတို့သည် မြန်မာဗုဒ္ဓဘာသာ လူမျိုးများ ဖြစ်ကြသည်။ ၎င်းတို့သည် ၁၉၅၆ ခုနှစ်တွင် မြန်မာဗုဒ္ဓဘာသာ ထုံးတမ်းအရ အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ရာ သားသုံးယောက် ထွန်းကားခဲ့သည်။ အကြီးဆုံးမှာ မောင်မြတ်ဦးဖြစ်ပြီး အသက် ၁၀ နှစ်ခန့်ရှိပြီဖြစ်သည်။ အလတ် မောင်ထွန်းခိုင်မှာ ဂ နှစ်ရှိပြီး အငယ်ဆုံး မောင်သက်ဦးမှာ အသက် ၆ နှစ်သာရှိသေးသည်။ ၎င်းတို့မိသားစုသည် သာကေတမြို့၊ (၇) ရပ်ကွက် ၅ လမ်းတွင် နေထိုင်ခဲ့ကြသည်။ ထို့နောက် ၁၉၆၂ ခု၊ မတ်လ ၃ ရက်နေ့တွင် ဦးလှမောင်သည် မခင်အေး၏ ညီမဝမ်းကွဲဖြစ်သူ မထားရီအား ခိုးယူပေါင်းသင်းကာ ဒလမြို့၊ ကမာဘသွယ်ရပ်တွင် သွားရောက်နေထိုင်ခဲ့၏။ ကလေးများမှာ မိခင်ဖြစ်သူ မခင်အေးနှင့် ကျန်ခဲ့ကြသည်။ မခင်အေးက ရန်ကုန်မြို့ ဒုတိယရာဇာဂ် ရာဇဝတ် တရားသူကြီးရုံး၏၊ ၁၉၆၂ ခုနှစ်၊ ရာဇဝဘ်သေးမှု အမှတ် ၁၉ တွင် ကလေးများ၏ စားစရိတ်ရလိုကြောင်း လျှောက်ထားရာ ကလေးတဦးအတွက် စားစရိတ် တလ ၃၀ ကျပ် နှုန်းဖြင့် ကလေးသုံးဦးအတွက် စားစရိတ်တလ ၉၀ ကျပ် ပေးရန်ရုံးမှ အမိန့်ချခဲ့သည်။ ဦးလှမောင်သည် ကလေးများ၏ စားစရိတ်ကို မှန်ကန်စွာ ပေးခြင်း မရှိဟု အဆိုရှိသည်။

မခင်အေးသည် ဦးလှမောင်ထံမှ ၎င်းအဘွက် စားစရိတ် တောင်းဆိုခြင်းမပြုဘဲ စက်ဆန်းရပ်ရှိ ပြည်သူ့ဘိနပ်စက်ရုံတွင် ဝင်ရောက် အလုပ်လုပ်၏။ ပြည်သူ့ဘိနပ်စက်ရုံသည် စက်ဆန်းရပ်ကွက်မှ အင်းတိုင်သို့ ပြောင်းရွှေ့သွားသောအခါ၊ မခင်အေးသည် အင်းတိုင်သို့ လိုက်သွားရသည်။ ကလေးများကို သာကေတ၌ပင် အဘိုး

၁၉၆၇

မောင်လှမောင်နှင့် ဦးလူစီ ပါ ၃။

အကွားများဖြစ်ကြသည့် ဦးလူစီနှင့် ဒေါ်လှတင်တို့နှင့် ထားခဲ့ရသည်။ အလုပ်အားသည့်ခန့်များ၌သာ သားများထံသို့ ပြန်ရရှာသည်။ ထို့နောက် မခင်အေးသည် ၁၉၆၆ ခု၊ မတ်လ ၁၈ ရက်နေ့ဘွင် ကိုလှဘင်ဆိုသူနှင့် အင်းတိုင်၌ အိမ်ထောင်ကျသည်။ သို့ရာတွင် ၁၉၆၆ ခု၊ ဩဂုတ်လ ၂၅ ရက်နေ့၌ မခင်အေးသည် ကိုလှတင်နှင့် သဘောချင်း မတိုက်ဆိုင်သဖြင့် နှစ်ဦးသဘောဘူ ကွာရှင်းပြီး အလုပ်မှထွက်ကာ သားကလေးသို့ပြန်ရောက် နေထိုင်လျက်ရှိလေသည်။ ယခုအခါ မခင်အေးသည် ဆေးလိပ်ခုံထောင်ပြီး အသက်မွေးဝမ်းကျောင်းလျက်ရှိ၏။

ဦးလှမောင်က၊ ကလေးများမှာ ကြီးပြင်းလာပြီဖြစ်၍၊ ၎င်းတို့၏ စားသောက်ရေး၊ နေထိုင်ရေး၊ ပညာသင်ကြားရေးအတွက် မိခင်၏ အုပ်ထိန်းမှုခအောက်သို့ ပြန်လည် အပ်ပေးသင့်ကြောင်း အဆိုပြုလာ၏။ မခင်အေးက၊ ကလေးများသည် ဦးလှမောင်၏ အုပ်ထိန်းမှုအောက်မှ ထွက်ခွါသွားခြင်း၊ သို့တည်းမဟုတ် ထုတ်ယူသွားခြင်း မရှိသဖြင့် အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများအား ဥပဒေ ပုဒ်မ ၂၅ အရ၊ လျှောက်ထားခြင်း မပြုနိုင်ခကြောင်း၊ ဦးလှမောင်ဘွင် နောက်ဇနီး မထားရှိနှင့် ကလေးသုံးယောက်ခန့်နေပြီဖြစ်ရာ၊ ဦးလှမောင်၏ အုပ်ထိန်းမှု အောက်သို့ ကလေးများအား ပြန်လည်အပ်ပေးရန် ဇီးဝသင့်လျော်မည် မဟုတ်ကြောင်း၊ အဓိကအားဖြင့် ထုချေလာလေသည်။

အုပ်ထိန်းခံရသူတဦးသည် အုပ်ထိန်းသူ၏ အုပ်ထိန်းမှုအောက်မှ ထွက်ခွါသွားလျှင်သော်ငင်း၊ ထုတ်ယူသွားလျှင်သော်ငင်း ရုံးတော်အနေနှင့် အုပ်ထိန်းခံရသူ၏ ကောင်းကျိုးအလိုဌါ အုပ်ထိန်းသူ၏ အုပ်ထိန်းမှုအောက်သို့ ပြန်လည် အပ်ပေးသင့်သည်ဟု ယူဆပါက၊ ထိုကဲ့သို့ ပြန်လည်အပ်ပေးနိုင်သည့် အခြေခြမှတ်နိုင်ကြောင်း၊ အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူတို့ ဥပဒေ ပုဒ်မ ၂၅ တွင် ပြဋ္ဌာန်းထားသည့်၊ ထိုပုဒ်မကို အခြေပြုယ်ကောက်ယူရာ၌ အတော်ပင် ဝိဝါဒ ကဲ့ပြားလျက်ရှိသည်ကို တွေ့ရပေသည်။ မဒရပ် တရားလွှတ်တော်က **အီဘရာဟင်**နှင့် **အီရာဟင်** (၁) တို့အမှုဘွင်၎င်း၊ အလာဟာဘာဒ် တရားလွှတ်တော်က၊ **အဇီခန်း** နှင့် **ခုန်ဟေခန်း** (၂) တို့အမှုဘွင်၎င်း အရွယ်မရောက်သေးသည့် ကလေးများအား အုပ်ထိန်းသူတဦးသည် ကလေးများအား ကိုယ်ထိလက်ရောက် အုပ်ထိန်းခဲ့ခြင်း မရှိစေကာမူ၊ ပုဒ်မ ၂၅ အရ လျှောက်ထားနိုင်ခွင့်ရှိကြောင်း ကောက်ယူခဲ့ကြသည်။ ထိုပုဒ်မတွင် ဖော်ပြထားသည့် အုပ်ထိန်းမှုဆိုသည်မှာ ကိုယ်ထိလက်ရောက် အုပ်ထိန်းမှုသာမက သွယ်ဝိုက်၍၊ အခြေပြုယ်ကောက်ယူနိုင်သည့် အုပ်ထိန်းမှုကိုပါ ဆိုလိုသဖြင့်၊ ကလေး

(၁) အတွဲ ၃၉၊ မဒရပ် ၆၀၈။

(၂) အတွဲ ၄၉၊ အလာဟာဘာတ် ၃၃၂။

များ၏ ဘခင်ဖြစ်သူသည် ကခလးများအား ကိုယ်ထိလက်ရောက် အုပ်ထိန်းခဲ့ခြင်း မရှိခဈကာမူ၊ ကလေးများသည် ၎င်း၏သွယ်ဝိုက်၍ အဓိပ္ပါယ်ကောက်ယူနိုင်သည့် အုပ်ထိန်းမှုအောက်ဘွင်ရှိသည်ဟုဆိုရမည်ဖြစ်သောကြောင့် ကလေးကို ပြန်၍မပေးဘဲ ထားသူဘို့သည် ဘခင်၏ အုပ်ထိန်းမှုခအောက်မှ ဆုတ်ယူသွားသည်ဟု ယူဆရမည် ဖြစ်ကြောင်း ဆင်ခြခပေးခဲ့ကြသည်။

သို့ရာတွင် ဘုံဘိုင်တရားလွှတ်တော်ကမူ **အချုတ်လာ(လ်)** နှင့် **ချိမန်လာ(လ်)** (၃) တို့အမှုဌ် ကလေးများအား ကိုယ်ထိလက်ရောက် အုပ်ထိန်းခဲ့သူသာလျင် ပုဒ်မ ၂၅ အရ၊ လျောက်ထားနိုင်မည် ဖြစ်ကြောင်း၊ကခလးများ၏ ဘခင်သည် ကလေးများ၏ အုပ်ထိန်းသူပင် ဖြစ်လင့်ကစား၊ ကလေးများကို မည်သည့်အခါကမျ အုပ်ထိန်းခဲ့ခြင်းမရှိလျင် ပုဒ်မ ၂၅ နှင့် အကျုံးမဝင်ဟု အဆုံးအဖြတ်ပြုခဲ့သည်။

ထိုကိစ္စနှင့်ပတ်သက်၍ မြန်မာပြည်ရှိ ယခင်တရားလွှတ်တော်မှ၊ **မောင်ဇော်** နှင့် **မောင်လှဒင်** (၄) ဘို့အမှုဘွင် မဒရပ်နှင့် အလာဟာဘာဒ် တရားလွှတ်တော်တို့၏ ယူဆချက်ကို သဘောတူလိုက်နာခဲ့ခလသည်။ သို့ရာတွင် **မနူးအလီ** နှင့် **ဟာဝါဘီ**တို့ (၅) တို့အမှုဌ် **မောင်ဇော်**နှင့် **မောင်လှဒင်** (၄) တို့ ခုံရုံးစီရင်ထုံးကို လုံးဝဝေဖန်ခြင်းမရှိဘဲ၊ ဘုံဘိုင်တရားလွှတ်တော်မှ ချမှတ်ခဲ့သည့် **အချုတ်လာ(လ်)** နှင့် **ချိမန်လာ(လ်)** (၃) အမှုရှိ ဆုံးဖြတ်ချက်ကိုလိုက်နာကာ၊ ကိုယ်ထိလက်ရောက် အုပ်ထိန်းမှုရှိခဲ့သူသာလျင် ပုဒ်မ ၂၅ အရ လျောက်ထားနိုင်သည်ဟု ယူဆခဲ့လေသည်။ လွှတ်လပ်ရေးရပြီးနောက် တရားလွှတ်တော်က **ကိုဗင်ဒါဆွာမီ** နှင့် **ချင်းနားတန်ဘီ** (၆) တို့အမှုဘွင် ထိုယူဆချက်ကို မလိုက်နာဘဲ **မောင်ဇော်** နှင့် **မောင်လှဒင်** (၄) တို့ အမှုရှိ ဆုံးဖြတ်ချက်ကို သဘောဘူခဲ့လေသည်။

ကလကတ္တား တရားလွှတ်တော်မှလည်း **ဂျာဝါလာပရာဆတ်** နှင့် **ဘာချူလာ(လ်)** (၇) တို့အမှုဘွင်၎င်း၊ လာဟိုးတရားလွှတ်တော်မှ **ဘာဆန်းကူဝါး** နှင့် **ဂီယန်ဆင်း** (၈) တို့အမှုဘွင်၎င်း၊အောက်(၆) တရားရုံးမှ **ဂူရမ်** နှင့် **ရစ်ဇ်** (၉) တို့အမှုတွင်၎င်း လက်ရှိအုပ်ထိန်းသူဖြစ်မှသာ ပုဒ်မ ၂၅ အရ လျောက်ထားနိုင်သည် ဆိုခြင်းကို

---

(၃) အတွဲ ၄၀၊ ဘုံဘိုင် ၆၀၀။
(၄) အတွဲ ၁၂၊ ရန်ကုန် ၁၆၁။
(၅) အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၃၆ ရန်ကုန် ၆၃။
(၆) ၁၉၅၂ မြန်မာပြည်စီရင်ထုံး ဂ (တရားလွှတ်တော်)။
(၇) အေ၊ အိုင်၊ အာ (ရ်)၊ ၁၉၄၂ ကလကတ္တား ၂၁၅။
(၈) အေ၊ အိုင်၊ အာ (ရ်)၊ ၁၉၃၉ လာဟိုး ၃၅၉။
(၉) အေ၊အိုင်၊ အာ(ရ်)၊ ၁၉၃၅ အောက်(ဒ်) ၄၉၂ (စုံညီခုံ)။

၁၉၆၇

မောင်လှမောင်နှင့် ဦးလှစိန် ပါ ၃။

လက်မခံကြဘဲ၊ အုပ်ထိန်းသူ ဖြစ်ပါက လက်ရှိအုပ်ထိန်းမှု ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ လျှောက်ထားနိုင်ကြောင်း ယူဆဆုံးဖြတ်ခဲ့ကြသည်။ ဘုံဘိုင်တရားလွှတ်တော်၌ပင် ထိုယူဆချက်မျိုးကို **နာရှာဝမ်** နှင့် **ရှာရို့ဘာနျူး** (၁၀) တို့ အမှုတွင် ကောက်ယူခဲ့သေးသည် ဟု တွေ့မြင်နိုင်ပေသည်။ အဆက်ပါ စီရင်ထုံးများကို စေ့စေ့စပ်စပ် ကြည့်ရှုလျှင်၊ ဘုံဘိုင်တရားလွှတ်တော်မှအပ ကျန်တရားလွှတ်တော် အားလုံးလိုလိုကပင်၊ အုပ်ထိန်းသူတဦးသည် ကလေးများအား ကိုယ်ထိလက်ရောက် အုပ်ထိန်းခဲ့ခြင်းမရှိစေကာမူ၊ ပုဒ်မ ၂၅ အရ လျှောက်ထားနိုင်ကြောင်း ယူဆထားကြသည်။

မိဘနှစ်ပါးကွာရှင်းပြတ်စဲပြီးနောက်၊ အရွယ်မရောက်သူ ကလေးများအား မိခင်ဖြစ်သူက ကိုယ်ထိလက်ရောက် အုပ်ထိန်းနေပြီး၊ ဘခင်က ကလေးများ အတွက် စားစရိတ်ဆောက်ပံ့နေရာ၌၊ မိခင်က နောက်အိမ်ထောင်ပြုလျှင်၊ ဘခင်အနေဖြင့် မိမိ၏ ကလေးများအား မိမိ၏ အုပ်ထိန်းမှုအောက်သို့ ပြန်ခေါ်ခွင့် ပြုသင့်ပေသည်။ ထိုကဲ့သို့ ပြန်ခေါ်ခွင့် မပြုလျှင် ကလေးများမှာ ပထွေး၏ လက်အောက်၌ အတိဒုက္ခရောက်ရန် အခွင့်ကြောင်းရှိနေသည်။ ယင်းသို့ ပြန်ခေါ်လိုလျှင်၊ ဘခင်သည် ပုဒ်မ ၂၅ အရသာ လျှောက်ထားရမည် ဖြစ်သည်။ ဘခင်ဖြစ်သူက ၎င်း၏ သားသမီးများအား အာဘက် အုပ်ထိန်းသူအဖြစ် ခန့်အပ်ရန် လျှောက်ထားခြင်း မပြုနိုင်ပေ။ ပုဒ်မ ၁၉ (က) က ထိုကဲ့သို့ လျှောက်ထားခြင်းကိုပိတ်ပင်ထားလေသည်။ **ပင်ကတာဆွာရန်နှင့် ဆာရာဒန်ဘယ်** (၁၁)။

သို့ဖြစ်ရာ (အုပ်ထိန်းသူ တဦးသည်အရွယ်မရောက်သည့် ကလေးများအား ကိုယ်ထိလက်ရောက်အုပ်ထိန်းခဲ့ခြင်း မရှိစေကာမူ ပုဒ်မ ၂၅ အရ မိမိအုပ်ထိန်းမှုအောက်သို့ ပြန်လည်ပေးအပ်ရန် လျှောက်ထားနိုင်သည်) ဟု ကျယ်ကျယ်ဝန်းဝန်း အဓိပ္ပါယ်ကောက်ယူခြင်းကို ကျွန်ုပ် သဘောတူ လက်ခံသည်။ ကိုယ်ထိလက်ရောက် အုပ်ထိန်းခဲ့သူသာလျှင် လျှောက်ထားနိုင်သည်ဆိုသော ကျဉ်းမြောင်းသည့် အယူအဆကို လက်မခံနိုင်သဖြင့်၊ ယခုအမှုတွင် ဦးလှမောင်သည် အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများ ဥပဒေပုဒ်မ ၂၅ အရ လျှောက်ထားနိုင်သည်ဟု အဆုံးအဖြတ်ပေးလိုက်သည်။

(အုပ်ထိန်းခံရသူတဦးအား အုပ်ထိန်းသူ၏ အုပ်ထိန်းမှုအောက်သို့ ပြန်လည်ပေးအပ်သင့် မသင့်ဆိုသော ပြဿနာကို ဖြေရှင်းရာ၌၊ ယင်းသို့ အပ်ပေးခြင်းသည်

---

(၁၀) အေ၊ အိုင်၊ အာ (ရှ်)၊ ၁၉၃၄ ဘုံဘိုင် ၃၁၁။

(၁၁) အတွဲ ၁၃ ရန်ကုန် ၅၉၀။

အုပ်ထိန်းခံရသူ၏ အကျိုးကျေးဇူးအတွက်ဖြစ် မဖြစ်ဆိုသည့် အဖြေအပေါ် တွင်မူတည်လျက်ဆုံးဖြတ်ရမည်ဖြစ်သည်။ အုပ်ထိန်းသူသည် အုပ်ထိန်းခံရသူနှင့်မည်သို့ပင်ဆွေမျိုးနီးစပ် တော်စေကာမူ၊ ၎င်း၏ အုပ်ထိန်းမှုအောက်သို့ ပြန်လည်ပေးအပ်ခြင်းကြောင့် အုပ်ထိန်းခံရသူအတွက်အကျိုးများမည့်အစား အကျိုးယုတ်ရန်အကြောင်း ပေါ် ပေါက်နေပါက၊ ပြန်လည်ပေးအပ်ခြင်း မပြုသင့်ပေ)။ တနည်းဆိုရသော် ထိုကိစ္စမျိုးတွင် အုပ်ထိန်းခံရသူ၏ အကျိုးကျေးဇူးကိုသာ အဓိကရည်စူး၍ အဆုံးအဖြတ် ပြုရမည်ဖြစ်သည်။ **မောင်အောင်ခင်** နှင့် **မစောလှ** (၁၂) **ဦးစိန်ဝင်း** နှင့် **ဦးစောခိုင်** (၁၃)။

ယခုအမှုတွင် ဘခင်ဖြစ်သူ ဦးလှမောင်သည် နောက်အိမ်ထောင်ပြုပြီး နောက်အိမ်ထောင်နှင့် ကလေးသုံးယောက်ပင် ရရှိပြီးဖြစ်သည်။ နောက်အိမ်ထောင်မှာ ဤအမှုမှ ကလေးများ၏ အဒေါ် တဝမ်းကွဲ တော်စပ်သူ ဖြစ်သော်လည်း၊ ကမ္ဘာ့နိယာမတရားအရ၊ မိဒွေးသည် မိဒွေးသာဖြစ်၍ မိခင်အရင်းလောက် ကြင်နာမှုရှိနိုင်မည်မဟုတ်ကြောင်း ယုံမှားဘွယ် မရှိပေ။ အိမ်ထောင်စု တစုထဲသို့ ပထွေးဝင်သော်၎င်း၊ မိဒွေးသော်၎င်း၊ ရောက်ရှိလာလျှင် ထိုအိမ်ထောင်စု၏ အဆင်ပြေမှု၊ သာယာမှု စသည်တို့မှာ ပျက်ပြားဆိတ်သုဉ်းလေ့ ရှိသည်ဆိုခြင်းကို မငြင်းနိုင်ပေ။ **တန်စိုးကြူး** နှင့် **ချန်ချိန်လျန်** (၁၄)။

ကလေးများ၏မိခင် မခင်အေးမှာ ယခုအခါ နောက်အိမ်ထောင်လည်း မရှိဘဲ ကလေးများအား စောင့်ရှောက် အုပ်ထိန်းလျက်ရှိသည်။ ဆေးလိပ်ခုံထောင်၍ ပညာကို လည်းသင်ပေးလျက်ရှိကြောင်း တင်ပြထားသည်။ လျှောက်ထားသူ၏ ပညာရှိရွှေနေကြီးက အိမ်တွင် ဆေးလိပ်ခုံ ထောင်ထား၍ ကလေးများ အကျင့်စာရိတ္တ ပျက်စီးရန် အကြောင်းရှိသည်ဟု ဆိုသော်လည်း မည်သို့မည်ပုံ အကျင့်စာရိတ္တ ပျက်စီးနိုင်သည်ဆိုခြင်းကို ရှင်းလင်းတင်ပြနိုင်ခြင်း မရှိပေ။ ဆေးလိပ်ခုံ ထောင်ခြင်းမှာ သမာအာဇီဝ လုပ်ငန်းတခုဖြစ်၍ ထိုလုပ်ငန်းကို လုပ်ဆောင်ခြင်းအားဖြင့် ကလေးများ၏ ကောင်းကျိုးကို ပြုရာမရောက်ဟုဆိုသော တင်ပြချက်ကို လက်မခံနိုင်ပေ။

အမှန်အားဖြင့်ဆိုလျှင် လျှောက်ထားသူသည် ကလေးများ၏ ဘခင်ဖြစ်သည့်အားလျော်စွာ ကလေးများ၏ စား-ဝတ်-နေထိုင်ရေး ပညာရေးအတွက်စရိတ်စက အကုန်အကျခံရန် တာဝန်ရှိလေသည်။ ထိုတာဝန်အတွက် ရာဇဝတ်ရုံးက ၎င်းအား

---

(၁၂) ၁၉၅၈၊ မြန်မာပြည် စီရင်ထုံး၊ ၃၁၁ (တရားလွှတ်တော်)။
(၁၃) ၁၉၆၀၊ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး၊ ၄၃၇ (တရားလွှတ်တော်)။
(၁၄) ၈၉၄၇၊ ရန်ကုန် စီရင်ထုံး၊ ၁၀၇ (၁၂၂)။

ခေတ်ရှေ့
မောင်လှမောင်
နှင့်
ဦးလှစိုး ပါ ၃။

ကလေးစရိတ် ငါးလ ၉၀ ကျပ် နှုန်းပေးရန် အဓိန့်ချမှတ်ထားသော်လည်း၊ မှန်မှန်ကန်ကန်ပေးခြင်းမပြုခဲ့ကြောင်း ပေါ်လွင်နေသည်။

အထက်ပါ အကြောင်းရပ်များကို ဆောက်ရွက်သူ ကလေးများအား လျှောက်ထားသူ၏ အုပ်ထိန်းမှုအောက်ရှိ ပြန်လည်အပ်ပေးခြင်းဖြင့် ကလေးဘို့၏ အကျိုးကျေးဇူးများမည်ကဲ့သို့ ဆုံးရှုံးရန်သာ အကြောင်း ပေါ်ပေါက် နေသဖြင့်၊ လျှောက်ထားသူ၏ အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများ ဥပဒေ ပုဒ်မ ၂၅ အရ လျှောက်လွှာကို တရားစရိတ်နှင့်တကွ ပလပ်သိုက်သည်။ ရွှေနေစရိတ် ၃၄ ကျပ် သတ်မှတ်သည်။

နိုင်ငံတော်တရားရုံးချုပ်

တရားမပဋိမအယူခံမှု

တရားသူကြီး ဦးသက်ဖေ ရွှေတွင်

မြန်မာနိုင်ငံ သစ်လုပ်ငန်းအဖွဲ့ (အယူခံတရားလို)
နှင့်
ဒေါ်ထောင်းရင်ပါ ၂ (အယူခံတရားခံများ)*

† ၁၉၆၇
ဖေဖော်ဝါရီလ
၈ ရက်။

သစ်လုပ်ငန်းအတွက် သဘောတူစာချုပ်ချုပ်ဆိုခြင်း—အလုပ်လုပ်နိုင်ရန် အလို့ငှါ စတုံပစ္စည်းများ ထုတ်ပေးခြင်း—ပဋိညာဉ် ဥပဒေပုဒ်မ ၂၆—ပဋိညာဉ်တခုသည် သောင်းကျန်းသူတို့အား အန္တရာယ်ကြောင့် အချည်းအနှီးဖြစ်ကာ ပျက်ပြယ်ခြင်းရှိမရှိဆိုသော ပြဿနာ—အမှုကို လိုက်၍ အကြောင်းခြင်းရာအပေါ် မူတည်ကာ အဆုံးအဖြတ်ပြုရမည်ဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။ပဋိညာဉ်တခုသည် မည်သည့်အခါတွင် အချည်းနှီးဖြစ်ကာ ပျက်ပြယ်သည်ဟု ပဋိညာဉ် ဥပဒေပုဒ်မ ၂၆ တွင် ပြဋ္ဌာန်းထားသည်။ ပဋိညာဉ်တခုသည် မူလချုပ်ဆိုစဉ်က အခြေအနေပေးနှင့် ညီညွတ်သည့် ပဋိညာဉ်ပင်ဖြစ်လင့်ကစား၊ နောက်ပိုင်းနှစ်ဦးနှစ်ဖက်လုံးက ရည်ရွယ်ချက်မရှိသည့်မမြော်လင့်သော အကြောင်းတစုံတရာပေါ် ပေါက်လာသဖြင့် ထိုပဋိညာဉ်ကိုဆောင်ရွက်ခြင်း မပြုနိုင်သည့်အခြေသို့ ဆိုက်ရောက်မှသာ အချည်းနှီးဖြစ်ကာ ပျက်ပြယ်သည့်ပဋိညာဉ်ဖြစ်သည်ဟု ကောက်ယူရပေမည်။ ပဋိညာဉ်တခုသည် သောင်းကျန်းသူတို့၏ ဘေးအန္တရာယ်ကြောင့် အချည်းနှီးဖြစ်ကာ ပျက်ပြယ်ခြင်းရှိမရှိဆိုသောပြဿနာမှာ အမှုကိုလိုက်၍ အကြောင်းခြင်းရာအပေါ် မူတည်ကာ အဆုံးအဖြတ်ပြုရမည်ဖြစ်သည်။

အယူခံတရားလိုအတွက်။ ။အစိုးရရှေ့နေကြီး မစ္စတာ ဂို့(ရှ်)။

အယူခံတရားခံများအတွက်။ ။အစိုးရရှေ့နေကြီး ဦးထွန်းအောင် (၂)။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံတရားလို မြန်မာနိုင်ငံ သစ်လုပ်ငန်းအဖွဲ့က ဦးသောင်းဖေအပေါ် ၎ေ ၁၂,၉၃၉ ကျပ် ၅၅ ပြားရလိုကြောင်း၊ ပျဉ်းမနားမြို့ ရုံးထိုင်ရမည်းသင်းခရိုင် တရားမရုံး၌ တရားစွဲဆိုရာ၊ ပညာရှိခရိုင် တရားမတရားသူကြီးသည်

---

* ၁၉၆၄ ခုနှစ်၊ တရားမ ပဋိမအယူခံမှုအမှတ် ၂၄။

† ၁၉၅၈ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄ တွင် ပျဉ်းမနားမြို့၊ ခရိုင်တရားမတရားသူကြီးရုံးတော်၏ ချမှတ်သော ဒီကရီကိုအယူခံဝင်မှု။

ငွေ ၇၂၄ ကျပ်ကိုသာ အချိုးကျတရားစရိတ်ဖြင့်၊ ဒီကရီချမှတ်ခဲ့သဖြင့် မြန်မာနိုင်ငံ သစ်လုပ်ငန်းအဖွဲ့သည် ထိုဒီကရီကိုမကျေနပ်သဘဲ့အလျောက် ဤအယူခံမှု တင်သွင်း လာခြင်းဖြစ်သည်။ ဦးသောင်းဖေမှာ အောက်ရုံး၌ အမှုစစ်ဆေးနေစဉ် သေဆုံး သွားသဖြင့် အယူခံတရားခံများဖြစ်သည့် ၎င်း၏ဇနီး ဒေါ်သောင်းရင်နှင့် သား ဦးအုံးမောင်တို့အား တရားဝင် ကိုယ်စားလှယ်များအဖြစ် ထည့်သွင်းခဲ့ခြင်း ဖြစ်သည်။

ဦးသောင်းဖေသည် သစ်ကုန်သည်တဦးဖြစ်ပြီး၊ သစ်လုပ်ငန်းအဖွဲ့တွင် မှတ်ပုံတင် ထားသည့် သစ်ကန်ထရိုက်တယောက် ဖြစ်သည်၊ ၁၉၅၄ ခု၊ ဇူလိုင်လ ၈ ရက်နေ့တွင် ဦးသောင်းဖေသည် ရေစင်းကြိုးဝိုင်းမှ သစ်များထုတ်လုပ်ပေးရန် သစ်လုပ်ငန်းအဖွဲ့နှင့် သဘောတူ စာချုပ် ချုပ်ဆိုခဲ့၏။ သတ်မှတ်ထားသည့် ဆိပ်ကမ်းအရောက် သစ်တတန်လျှင် ၄၇ ကျပ် ၅၀ ပြားနှုန်းနှင့် ပေးချေရန် သစ်လုပ်ငန်းအဖွဲ့က သဘောတူကာ ဦးသောင်းဖေအား အလုပ်လုပ်နိုင်ရန်အလို့ငှါ၊ ငွေ ၂၁,၀၀၀ နှင့် ငွေ ၁,၃၀၀ ကျပ်တန် စတိုပစ္စည်းများကို ထုတ်ပေးခဲ့သည်။ ဦးသောင်းဖေသည် စာချုပ်ပါ လုပ်ငန်းအချို့ကိုသာ ဆောင်ရွက်နိုင်သဖြင့် သစ်လုပ်ငန်း အဖွဲ့သို့ ပေးဆပ်ရန် ငွေအချို့ကျန်နေလေသည်။ သစ်လုပ်ငန်းအဖွဲ့ကဦးသောင်းဖေ ပေးဆပ်ရန်ရှိသည့်ငွေမှာ ၁၂,၉၃၉ ကျပ် ၅၅ ပြားဖြစ်သည်ဟု အဆိုပြုလာ၏။ ဦးသောင်းဖေကမူ သောင်းကျန်းသူတို့၏ ဘေးရန်ကြောင့် ကတိစာချုပ်အတိုင်း သစ်ထုတ်လုပ်ခြင်းကို ပြီးဆုံးအောင် ဆောင်ရွက်ခြင်း မပြုနိုင်ခဲ့ကြောင်း၊ သစ်လုပ်ငန်း အဖွဲ့သို့ ပေးဆပ်ရန်ငွေများ ကျန်နေသော်လည်း စွဲဆိုသည့်အတိုင်း ငွေ ၁၂,၉၃၉ ကျပ် ၅၅ ပြားပေးရန်ရှိသည် ဆိုခြင်းမှာ မဟုတ်ကြောင်း ငြင်းဆိုလာလေသည်။ ပညာရှိ ခရိုင် တရားမ တရားသူကြီးက သစ်လုပ်ငန်း အဖွဲ့နှင့် ဦးသောင်းဖေတို့ ချုပ်ဆိုခဲ့သည့် ပဋိညာဉ်စာချုပ်မှာ သောင်းကျန်းသူတို့၏ဘေးအန္တရာယ်ကြောင့်ပဋိညာဉ်ဥပဒေ ပုဒ်မ ၃၆ အရ ပျက်ပြယ်ကြောင်း၊ သစ်လုပ်ငန်းအဖွဲ့သို့ ဦးသောင်းဖေကပေးရန်ရှိသော ငွေမှာ ၇၂၄ ကျပ်သာ ရှိကြောင်း အဆုံးအဖြတ်ပြုကာ၊ အယူခံမှုဝင်သည့် ဒီကရီကို ချမှတ်ခဲ့ခြင်း ဖြစ်သည်။

ပဋိညာဉ်တခုသည် မည်သည့်အခါတွင် အချည်းနှီးဖြစ်ကာ ပျက်ပြယ်သည်ဟု ပဋိညာဉ်ဥပဒေ ပုဒ်မ ၅၆ တွင် ပြဋ္ဌာန်းထားသည်၊ ပဋိညာဉ်ဖွဲ့ပြီးနောက် ပဋိညာဉ်ပါ ကိစ္စသည် မုချမဆောင်ရွက်နိုင်သော အခြေအနေသို့ ရောက်လျှင်သော်ငင်း၊ ကတိပြု သူက တားဆီးခြင်းကား မတတ်နိုင်သည့် အကြောင်းကြောင့် တရားမဲ့သော အခြေ အနေသို့ရောက်လျှင်သော်ငင်း၊ ထိုပဋိညာဉ်သည် အချည်းနှီးဖြစ်ကာပျက်ပြယ်သည်ဟု ဆိုရမည်ဖြစ်သည်။ (ပဋိညာဉ်တခုသည် မူလချုပ်ဆိုစဉ်က တရားဥပဒေနှင့် ညီညွတ်သည့် ပဋိညာဉ်ပင် ဖြစ်လင့်ကစား၊ နောက်ပိုင်း နှစ်ဦးနှစ်ဘက်လုံး၀ ရည်ရွယ်ချက် မရှိသည့် မမျှော်လင့်သော အကြောင်းတစုံတရာပေါ် ပေါက်လာသဖြင့် ထိုပဋိညာဉ်ကို

ဆောင်ရွက်ခြင်း မပြုနိုင်သည့် အခြေသို့ ဆိုက်ရောက်မှသာ အချည်းနှီးဖြစ်ကာ ပျက်ပြယ်သည့် ပဋိညာဉ် ဖြစ်သည်ဟု ကောက်ယူရပေမည်၊ ပဋိညာဉ်တခုသည် သောင်းကျန်းသူတို့၏ ဘေးအန္တရာယ်ကြောင့် အချည်းနှီးဖြစ်ကာ ပျက်ပြယ်ခြင်း ရှိ-မရှိ ဆိုသော ပြဿနာမှာ အမှုကိုလိုက်၍၊ အကြောင်းခြင်းရာအပေါ် မူတည်ကာ အဆုံးအဖြတ် ပြုရမည်ဖြစ်သည်။) ပုံသေကားချပ် သတ်မှတ်ထား၍ မရနိုင်ပေ၊ အကယ်၍ ပဋိညာဉ်ပါ ကိစ္စတခုသည် သောင်းကျန်းသူတို့၏ ဘေးရန်ကြောင့် လုံးဝဆောင်ရွက်ခြင်း မပြုနိုင်သည့် အခြေသို့ ဆိုက်ရောက်နေလျှင် ထိုပဋိညာဉ်မှာ အချည်းနှီးဖြစ်ကာ ပျက်ပြယ်သည်ဟု ဆိုရမည်ဖြစ်သော်လည်း၊ သောင်းကျန်းသူတို့၏ ဘေးအန္တရာယ် ရှိလင့်ကစား ပဋိညာဉ်ပါ ကိစ္စကို တနည်းနည်းဖြင့် ဆောင်ရွက်နိုင်ကြောင်း ပေါ်ပေါက်ပါက အဆိုပါ ပဋိညာဉ်သည် ပဋိညာဉ် ဥပဒေပုဒ်မ ၅၆ နှင့် အကျုံးဝင်သည့် ပျက်ပြယ်သော ပဋိညာဉ်တခု ဖြစ်သည်ဟု ဆိုနိုင်လိမ့်မည်မဟုတ်ပေ။

ယခုအမှုတွင် ဦးသောင်းဖေသည် ရေစင်းကြိုးဝိုင်းမှ သစ်များကို ထုတ်လုပ်ရန် သဘောတူညီခဲ့၏။ သဘောတူညီခဲ့သည့်အတိုင်း သစ်များ ထုတ်လုပ်နေစဉ် သောင်းကျန်းသူများ၏ ဘေးရန်ကြောင့် လုပ်ငန်းကို ရပ်ဆိုင်းခဲ့ရ၏။ သစ်လုပ်ငန်း အဖွဲ့မှ လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ရန် ဦးသောင်းဖေအား တိုက်တွန်းသော်လည်း၊ ဦးသောင်းဖေသည် ဆက်လက်လုပ်ကိုင်ခြင်း မပြုပေ။ ထို့ကြောင့် သစ်လုပ်ငန်း အဖွဲ့မှ အခြား သစ်ကံထရိုက်တာ တဦးဖြစ်သူ ဦးကျောက်အေး (ခံပြု-၄)အား ဦးသောင်းဖေ၏ လက်ငုတ်လုပ်ငန်းကို ဆောင်ရွက်စေခဲ့ရာ၊ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း အငြင်းမပေါက်ချေ။ သို့ဖြစ်ရာ သောင်းကျန်းသူတို့၏ ဘေးရန်ကြောင့်၊ သစ်လုပ်ငန်းအဖွဲ့နှင့် ဦးသောင်းဖေတို့ ပြုလုပ်ခဲ့သော ပဋိညာဉ်မှာ လုံးဝ ဆောင်ရွက်ခြင်းမပြုနိုင်သည့် အချည်းနှီးဖြစ်ကာ ပျက်ပြယ်သော ပဋိညာဉ်ဖြစ်သည်ဟု ယူဆခြင်း မပြုနိုင်ပေ။

ဆက်လက် စဉ်းစားရမည့် ပြဿနာမှာ ဦးသောင်းဖေ အနေဖြင့် သစ်လုပ်ငန်း အဖွဲ့သို့ ငွေမည်ခွေမည်မျှ ပေးရန်ရှိသည် ဆိုခြင်းပင် ဖြစ်သည်၊ ဦးသောင်းဖေသည် သစ်ထုတ်လုပ်ရေးအလုပ်ကို ရပ်စဲလိုက်သည့်နေ့တွင် သစ်လုပ်ငန်း အဖွဲ့သို့ ၁၆,၄၃၉ ကျပ် ၂၆ ပြားကို ပေးရန်ရှိသည်ဆိုခြင်းမှာ အငြင်းမထွက်ပေ။ ဦးသောင်းဖေက အလုပ်ရပ်စဲသည့်အချိန်တွင် ငုတ်ရင်း၌ သစ်လုံး ၁၀၀၊ ဆွဲလမ်းတွင် သစ်လုံး ၅၀၀ နှင့် အပ်သည့် ဆိပ်ကမ်း၌ သစ်လုံး ၈၈ လုံး ရှိရာ၊ ထိုသစ်လုံးများအတွက် သစ်လုပ်ငန်း အဖွဲ့မှ ငွေ ၁၅,၇၁၅ ကျပ် ရရန်ရှိကြောင်း အောက်ချုံး၌ ထွက်ဆိုသွား၏။ အဆိုပါ သစ်လုံး ၆၈၈ လုံး၏ တန်ဘိုးမှာ ၁၅,၇၁၅ ကျပ် ဖြစ်သည်ဆိုသော တွက်ချက်ခြင်းနှင့် ပတ်သက်၍ ဦးသောင်းဖေသည် သက်သေအထောက်အထား လုံးဝ တင်ပြနိုင်ခဲ့ခြင်း

မရှိပေ။ သစ်လုံး ၆၀၀ လုံးတွင် တန်ပေါင်း ၇၀၀ ရှိသည်ဆိုသော်လည်း၊ မှန်ကန်သည်ဟု တပ်အပ်ပြောနိုင်သည့် အထောက်အထားမရှိ၊ မူလပဋိညာဉ်စာချုပ်၌ သတ်မှတ်ထားသည့် ဆိပ်ကမ်းအရောက်ပေးပို့သည့် သစ်များကို တတန်လျှင် ၄၇ ကျပ် ၅၀ ပြားပေးရန် သစ်လုပ်ငန်းအဖွဲ့က သဘောတူခဲ့သည်။ ငုတ်ရင်းရှိ သစ်များကိုသော်၎င်း၊ ဆွဲလမ်းရှိ သစ်များကိုသော်၎င်း၊ တန်ဘိုးပေးရန် သစ်လုပ်ငန်းအဖွဲ့က သဘောတူခဲ့ခြင်း မရှိသဖြင့်၊ ဦးသောင်းဖေသည် သာမန်အားဖြင့် ဆိပ်ကမ်းရောက်သည့် သစ်လုံး ၈၀ လုံးအတွက်ကိုး ၁ ရမှန်ရှိပေသည်။ ထိုသစ်များနှင့် ပတ်သက်၍ သစ်လုပ်ငန်းအဖွဲ့မှ ဦးသောင်းဖေ၏ စာရင်းသို့ ငွေ ၅,၆၂၁ ကျပ် ၉၅ ပြား ပေးသွင်းပြီးဖြစ်ကြောင်း၊ (သက်သေခံ-၌) ဦးကျောက်အေးသည် ဦးသောင်းဖေ၏ အလုပ်ကို ဆက်လက်လုပ်ကိုင်သည့် ကန်ထရိုက်ဖြစ်ရာ၊ ၎င်းတို့နှစ်ဦးစလုံး၏ အလုပ်နှင့် ပတ်သက်၍ တန်ဘိုးအားလုံး ၁၅,၂၉၁ ကျပ် ၂၀ ပြားဖြစ်သည့်အနက်၊ ဦးကျောက်အေးက ငွေ ၉,၁၂၁ ကျပ် ၉၅ ပြား ရရှိခဲ့ပြီး၊ ဦးသောင်းဖေက ၅,၆၂၁ ကျပ် ၉၅ ပြားရရှိခဲ့ကြောင်း ပေါ်လွင်သည်၊ ထိုစာရင်း၏ မိတ္တူ (သက်သေခံ-၂)ကို ဦးသောင်းဖေသည် ၁၉၅၇ ခုနှစ်အကုန် ၁၉၅၈ ခုနှစ်အစ၌ ရရှိခဲ့သည်။ ထိုနောက် သစ်လုပ်ငန်း အဖွဲ့မှ ငုတ်ရင်း၌ရှိသည့် သစ်လုံးများနှင့် ဆွဲလမ်းပေါ်ရှိသစ်လုံးများအတွက် သစ်လှဲခငွေ ၄၅၀ ကျပ် ၉၅ ပြားကိုငင်း၊ သစ်ဆွဲခငွေ ၃၇၂ ကျပ် ၂၈ ပြားကိုငင်း (သက်သေခံ-၌) ဦးသောင်းဖေ၏ စာရင်း၌ ထည့်သွင်းပေးကာ ကျန်ငွေများကို ပေးဆပ်ရန် အကြောင်းကြားခဲ့၏။ ထိုကဲ့သို့ အကြောင်းကြားသော်လည်း ဦးသောင်းဖေသည် မိမိက မည်ရွေ့မည်မျှသာ ပေးဆပ်ရန်ကျန်ရှိသည်ဟု တိကျစွာပြန်ကြားခြင်းမပြုဘဲ၊ (သက်သေခံ-ည)စာဖြင့် ၁၉၅၉ ခု၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ကြွေးငွေများကို ပြန်ဆပ်နိုင်အောင် ဒလန့်ချန်ကြိုးဝိုင်း၌ သစ်ထုတ်လုပ်ခွင့်ပြုရန် သစ်လုပ်ငန်းအဖွဲ့သို့ စာရေးသားခဲ့၏။ အကယ်၍ ဦးသောင်းဖေသည်အနေဖြင့် တင်ပြလာသည့်အတိုင်း ငွေ ၁၂,၉၃၉ ကျပ် ၅၅ ပြားပေးရန် တာဝန်မရှိဘဲ ၇၂၄ ကျပ်သာ ပေးဆပ်ရန် ရှိသည်ဟုဆိုလျှင်၊ အဆိုပါ အကြောင်း စာတွင် အတိအလင်း ဖော်ပြခဲ့သင့်ပေသည်။ ကြွေးငွေ ပေးဆပ်ရန် ရှိသည်ကို ဝန်ခံပြီး ထိုငွေများအား ပေးဆပ်နိုင်ရန် အခြားကြိုးဝိုင်း၌ သစ်ထုတ်လုပ်ခွင့် တောင်းခံခဲ့သည်။ ထိုကဲ့သို့ အသနားခံခဲ့သည့်အတိုင်း ဦးသောင်းဖေသည်၊ ပျဉ်းမနား သစ်တောခရိုင်ရှိ အခြားကြိုးဝိုင်းတွင် သစ်ထုတ်လုပ်ခွင့် ရရှိခဲ့ပြီး၊ အကြွေးငွေများသို့ ၁,၄၄၈ ကျပ် ၄၂ ပြားတလီ၊ ၁,၀၇၅ ကျပ် ၄၆ ပြားတလီကို ပေးဆပ်ပြီးဖြစ်သည်။ (တရားခံပြ သက်သေအမှတ် ၃ ဦးစံတင်၏ ထုက်ဆိုချက်ကိုကြည့်ပါ) ထိုအချက်ကိုထောက်ခံလျှင် ငွေ ၇၂၄ ကျပ်သာ သစ်လုပ်ငန်းအဖွဲ့သို့ ပေးရန်ရှိသည်ဆိုသော ဦးသောင်းဖေ၏ တင်ပြချက်မှာ မဟုတ်မမှန်ကြောင်း ပေါ်လွင်သည်။

၁၉၆၇
မြန်မာနိုင်ငံ
သစ်လုပ်ငန်းအဖွဲ့
နှင့်
ဒေါ်သောင်းရင်
ပါ ၂။

သို့ဖြစ်ရာ ဦးသောင်းဖေသည် ဤအယူခံမှု ပေါ်ပေါက်လာရသည့် အမှုကို စွဲဆိုစဉ်က သစ်လုပ်ငန်းအဖွဲ့သို့ ၁၂,၉၃၉ ကျပ် ၅၅ ပြားပေးရန် ကျန်ရှိသည်ဆိုခြင်းမှာ မှန်ကန်သည်ဟု ကောက်ယူရမည် ဖြစ်သည်။ ဦးသောင်းဖေသည် အမှုစွဲဆိုပြီးနောက် ၁,၄၄၀ ကျပ် ၄၂ ပြားတလီ၊ ၁,၀၇၅ ကျပ် ၄၆ ပြားတလီပေးဆပ်ပြီးဖြစ်၍၊ ပေးဆပ်ရန် ကျန်ငွေမှာ ၁၀,၄၁၅ ကျပ် ၆၇ ပြားသာ ရှိပေတော့သည်၊ သို့ဖြစ်ရာ အယူခံတရားလို သစ်လုပ်ငန်းအဖွဲ့သည် ၁၀,၄၁၅ ကျပ် ၆၇ ပြားအပေါ် ဒီကရီ ရထိုက်လေသည်။

အထက်ပါ အကြောင်းရပ်များကြောင့် အောက်ရုံး စီရင်ချက်နှင့် ဒီကရီတို့ကို ပယ်ဖျက်ပြီး အယူခံတရားခံအပေါ် ဦးသောင်းဖေ၏ တရားဝင် ကိုယ်စားလှယ်များအဖြစ် ငွေ ၁၀,၄၁၅ ကျပ် ၆၇ ပြားကို ပေးဆောင်ရန် နှစ်ရုံးစလုံး၏ အချိုးကျ တရားစရိတ်များနှင့် တကွ ဒီကရီချမှတ်လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်

တရားမကြီးမှု

တရားသူကြီး ဦးသက်ဇေ ရွှေတွင်

၁၉၆၇

ဇန္နဝါရီလ
၅ ရက်။

လေးသိန်းထရေဒင် ကုမ္ပဏီလီမိတက် (တရားလို)

နှင့်

ဦးခင်မောင်ကြီး (ခ) ဟာရှင်အီဗရာဟင်ပါ ၂ (တရားခံများ)*

တရားမကျင့်ထုံး အမိန့်၊ ၃၉ နည်းဥပဒေ ၁ နှင့် ၂—ယာယီတားဝရမ်းကို အမှုသည်တဦးဦးထံသို့သာ ထုတ်ဆင့်နိုင်ခြင်း—အမှုတွင်အငြင်းပွါးနေသည့် ပစ္စည်းမဟုတ်ခြင်း—မြေရှင်များအား လိမ်လည်ရန်အကြံဖြင့် ပစ္စည်းများကို ရွှေ့ပြောင်းရောင်းချလွဲပြောင်းရန် ခြိမ်းခြောက် စီစဉ်နေသည်ဆိုသော စုပ်စွဲချက်မရှိခြင်း—ယာယီတားဝါရမ်းထုတ်ဆင့်ခြင်း ပြုနိုင် မပြုနိုင်။

တရားလိုက တရားခံများအပေါ် ရရန်ရှိသည်ဆိုသော ငွေများနှင့် စပ်လျဉ်း၍ တရားစွဲဆိုရာ တရားခံများ၏နာမည်နှင့် ဘဏ်အသီးသီးတွင် အပ်နှံထားသည့်ငွေများကို တရားခံတို့အား ထုတ်ပေးခြင်းမပြုရန် သက်ဆိုင်ရာဘဏ်များသို့ ယာယီတားဝရမ်းထုတ်ပေးရန်လျှောက်ထားရာ၊

ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံး အမိန့် ၃၉၊ နည်းဥပဒေ ၁ နှင့် ၂ ပါ ပြဋ္ဌာန်းချက်များကို သေချာစွာလေ့လာလျှင် ယာယီတားဝရမ်းကို အမှုသည်တဦးဦးထံသို့သာ ထုတ်ဆင့်နိုင်ကြောင်း ပေါ်လွင်သည်။ **အမှုသည်မဟုတ်သည့် တစိမ်းတရံပုဂ္ဂိုလ်အပေါ် ထုတ်ဆင့်ရန် အာဏာမရှိချေ။**

နိုင်ငံတော် ကူးသန်းရောင်းဝယ်ရေးဘဏ်သည်ငင်း၊ ပြည်သူ့ဘဏ် ၁၅ သည်ငင်း၊ ပြည်သူ့ဘဏ် ၁၉ သည်ငင်း အမှုသည်များမဟုတ်ကြသဖြင့် ငင်းတို့အပေါ် ယာယီတားဝရမ်းထုတ်ဆင့်ခြင်း မပြုနိုင်ပေ။

ရန်ဆရန်ဒတ်နှင့် မော်လူ၊ အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၂၆၊ လာဟို ၂၀၄။ ဖါကီရာမဟာဒါဂျီ နှင့်ရမ်ဆူခီဘိုင်၊ အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၄၆၊ နဂ်ပူး ၄၂၀။ မတ်စတန်ကျောင်းအသင်းနှင့် ကာရှီနတ်၊ အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၅၁၊ အလာဟဘတ် ၅၅၈ ရည်ညွှန်းသည်။

တရားခံတို့က ဘဏ်အသီးသီးတွင်အပ်နှံထားသည့် ငွေများသည် အမှုတွင် အငြင်းပွါးနေသည့် ပစ္စည်းမဟုတ်ကြောင်း ပေါ်လွင်နေသည်။ ထို့ပြင် တရားခံတို့သည် ၎င်းတို့၏မြေရှင်များအား လိမ်လည်ရန်အကြံဖြင့် ၎င်းတို့၏ပစ္စည်းများကို ရွှေ့ပြောင်းရောင်းချလွဲပြောင်းရန် ခြိမ်းခြောက်

---

* ၁၉၆၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၅။

စီစဉ်နေသည်ဆိုသော စွပ်စွဲချက်လည်းမရှိပေ။ ယင်းသို့စွပ်စွဲချက် မရှိလျှင် ယာယီ တားဝရမ်းကို တရားခံများအပေါ် ထုတ်ဆင့်ခြင်းမပြုနိုင်ပေ။

ကလျှန်ဆင်း နှင့် **ရွှန်နို**၊ အေ၊ အိုင်၊ အာ(ရှ်)၊ ၁၉၂၄၊ လာဟို၊ ၇၁၈ ရည်ညွှန်းသည်။

တရားလိုအတွက်။ ။ဦးထွန်းမောင်။

တရားခံများအတွက်။ ။ဦးလှဖေ (၁)။

တရားသူကြီး ဦးသက်ဖေ။ ။တရားလိုလေးသိန်း ရောင်းဝယ်ရေးကုမ္ပဏီလိမ်ဘက်က တရားခံ ဦးခင်မောင်ကြီးနှင့် ဦးအောင်စိန်တို့အပေါ်၊ နှစ်ဦးနှစ်ဘက်နောက်ဆုံးပိတ် အထွေထွေစာရင်းများအရ၊ ရရန်ရှိသည်ဆိုသောငွေ ၆၆၄,၀၆၄ ကျပ် ၉၃ ပြားကိုဒီကရီချပေးရန် တရားစွဲဆိုခဲ့၏။ ယင်းသို့တရားစွဲဆိုသည့်နေ့၌ပင်၊တရားလိုကတရားခံ ဦးခင်မောင်ကြီး၏ နာမည်နှင့်ရှိသော နိုင်ငံတော် ကူးသန်းရောင်းဝယ်ရေးဘဏ်နှင့် ပြည်သူ့ဘဏ်အမှတ် ၁၅ တို့မှငွေများကိုငင်း၊ တရားခံ ဦးအောင်စိန်၏ အမည်နှင့် ထားသည့် ပြည်သူ့ဘဏ်အမှတ် ၁၉ မှငွေများကိုငင်း၊ အမှုမပြီးဆုံးမီအတွင်း တရားခံတို့အား ထုတ်ပေးခြင်းမပြုရန်သက်ဆိုင်ရာဘဏ်များသို့ ယာယီတားဝရမ်းထုတ်ပေးရန် လျောက်ထားရာ၊ ဤရုံး၏စဉ်းစားခန်းထိုင် ပညာရှိတရားသူကြီးကယာယီ တားဝရမ်းကို လျောက်ထားသည့်အတိုင်း တဘက်သတ် ထုတ်ပေးခဲ့၏။ ထိုယာယီ တားဝရမ်းအမိန့်ကို အဘည်ပြုရန်ကိစ္စနှင့် ပတ်သက်၍ တဘက်သို့ နို့တစ်စာထုတ်ခဲ့သည့် အတိုင်း တရားခံတို့က ကန့်ကွက်ကြသဖြင့် နှစ်ဘက်ပညာရှိ ရှေ့နေကြီးများကို ကြားနာပြီးနောက် ဤအမိန့်ကို ချမှတ်ရခြင်းဖြစ်သည်။

တရားခံ၏ ပညာရှိရှေ့နေကြီး ဦးလှဖေ (၁)က ယာယီဘားဝရမ်းကို အမှုသည်အပေါ်၌သာ ထုတ်ဆင့်ခြင်းပြုနိုင်ကြောင်း၊ အမှုသည်မဟုတ်သည့် အပြင်လူအပေါ် ထုတ်ဆင့်ခြင်းမပြုနိုင်ကြောင်းတင်ပြသော၏။ ထိုတင်ပြချက်မှာခိုင်လုံသောတင်ပြချက်တခုဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။ တရားမကျင့်ထုံးအမိန့် ၃၉၊ နည်းဥပဒေ ၁ နှင့် ၂ ပါပြဋ္ဌာန်းချက်များကို သေချာစွာလေ့လာသျှင် ယာယီဘားဝရမ်းကို အမှုသည်တဦးဦးထံသို့သာ ထုတ်ဆင့်နိုင်ကြောင်း ပေါ်လွင်သည်။ အမှုသည်မဟုတ်သည့် တစိမ်းတခုံပုဂ္ဂိုလ်အပေါ် ထုတ်ဆင့်ရန် အာဏာမရှိချေ။ ထိုအတိုင်းပင် **ရမ်ဆရန်ဒတ်** နှင့် **မော်လူ** (၁)၊ **ဖါကီရာမဟာဒါဂျီ** နှင့် **ရမ်ဆုခိတိုင်** (၂) နှင့် **မတ်စတန်ကျောင်း အာယင်း** နှင့် **ကာရှိနတ်** (၃) တို့အမှုများတွင် အဆုံးအဖြတ်ပြုထားလေသည်။

(၁) အေ၊ အိုင်၊ အာ (ရှ်)၊ ၁၉၂၆၊ လာဟို၊ ၂၈၄။
(၂) အေ၊ အိုင်၊ အာ (ရှ်)၊ ၁၉၃၆၊ နက်ပူး၊ ၄၂၈။
(၃) အေ၊ အိုင်၊ အာ (ရှ်)၊ ၁၉၅၁၊ အလဟာဘတ်၊ ၅၅၈။

၁၉၆၇

လေးသိန်းသရေ ဒင်ကုမ္ပဏီလိမ်မိ တက် နှင့် ဦးခင်မောင်ကြီး (ခ)ဟာရွှင်အိမ ရာဟင် ပါ ၂။

ယခုအမှုတွင် နိုင်ငံတော် ကူးသန်းရောင်းဝယ်ရေးဘဏ်သည်၎င်း၊ ပြည်သူ့ဘဏ် ၁၅ သည်၎င်း၊ ပြည်သူ့ဘဏ် ၁၉ သည်၎င်းနှင့်အမှုသည်များမဟုတ်ကြသဖြင့် ၎င်းတို့အပေါ် ယာယီဘားဝရမ်း ထုတ်ဆင့်ခြင်းမပြုနိုင်ပေ။

နောက်တဆင့် စဉ်းစားရမည့်ပြဿနာမှာ၊ ယာယီဘားဝရမ်းကို တရားခံများအပေါ် ထုတ်ဆင့်သင့် မထင့်ဆိုခြင်းပင်ဖြစ်သည်။ တရားမကျင့်ထုံးအမိန့် ၃၉၊ နည်း ၂ ပဒေ ၁ အရဆိုလျှင် (က) အငြင်းပွါးနေသည့် ပစ္စည်းကို အမှုသည်ဘဦးဦးက သုံးဖြုန်းပစ်လိမ့်မည်၊ ဖျက်ဆီးလိမ့်မည်၊ သို့မဟုတ် လွှဲပြောင်းလိမ့်မည်ဟု စိုးရိမ်မကင်းလျှင်သော်၎င်း၊ (ခ) တရားခံက ၎င်း၏မြီရှင်များအား လိမ်လည်ရန်အကြံဖြင့် ၎င်း၏ ပစ္စည်းကို ဖွဲ့ပြောင်းရောင်းချခြင်း ပြုလုပ်ရန် ခြိမ်းချောက်လျှင်လော်၎င်း၊ ယာယီဘားဝရမ်းကို ထုတ်ဆင့်နိုင်ပေသည်။

တရားခံတို့က ဘဏ်အသီးသီးတွင် အပ်နှံထားသည့်ငွေများသည် ယခုအမှုတွင် အငြင်းပွါးနေသည့်ပစ္စည်းဖြစ်သည်ဟု မည်သည့်နည်းနှင့်မျှ ဆိုနိုင်မည်မဟုတ်ပေ။ ဤအမှုဌ အငြင်းပွါးနေသောကိစ္စမှာ၊ တရားခံတို့သည် တရားလိုအား၊ စာရင်းအင်းအရငွေ ခြောက်သောင်းကျော်ကိုပေးရန် ရှိပါသလားဆိုခြင်းပင်ဖြစ်၏။ တရားလိုက ထိုငွေများကို တရားခံတို့က ပေးရန်ရှိသည်ဟု စွပ်စွဲလာပြီး တရားခံတို့က ထိုငွေများကို ပေးရန်မရှိဟု ငြင်းဆိုလာကြသည်။ ဘဏ်တိုက်အသီးသီးရှိ ကရားခံတို့အပ်ထားသောငွေများကို ရလိုကြောင်း စွဲဆိုခြင်းမဟုတ်၍၊ ထိုငွေများသည် ဤအမှုတွင်အငြင်းပွါးနေသည့်ပစ္စည်းမဟုတ်ကြောင်း ပေါ်လွင်နေသည်။

ထို့ပြင်တရားခံတို့သည် ၎င်းတို့၏ မြီရှင်များအားလိမ်လည်ရန်အကြံဖြင့်၎င်းတို့၏ ပစ္စည်းများကိုရွှေ့ပြောင်းရောင်းချလွှဲပြောင်းပေးရန်ခြိမ်းချောက်စီစဉ်နေသည်ဆိုသော စွပ်စွဲချက်သည်းမရှိပေ။ ယင်းသို့စွဲချက်မရှိလျှင်ယာယီဘားဝရမ်းကိုထုတ်ဆင့်ခြင်းမပြုနိုင်ပေ။ ထိုကိစ္စနှင့်ပတ်သက်၍ **ကလျန်ဆင်း** နှင့် **ဌန်ဒို** (၄)တို့အမှုတွင် အောက်ပါဆုံးဖြတ်ထားသည်ကို တွေ့မြင်နိုင်လေသည်။

> **" Unless plaintiff proves by definite evidence that the defendant threatened to remove or dispose of his property with a view to defraud his creditors a temporary injunction cannot be granted."**

တရားလို၏ ပညာရှိရွှေနေကြီးက တရားခံတို့တွင် ဘဏ်၌အပ်နှံထားသည့် ငွေများမှအပ အခြားပစ္စည်းမရှိသဖြင့်၊ တားဝရမ်းမထုတ်ထုံးပါက၊ နောင်အနိုင်ဒီဂရီ

(၄) အေ၊ အိုင်၊ အာ (ရ်)၊ ၁၉၂၄၊ လာဟို ၇၁၈။

ရသောအခါ ၎င်းတို့ထံမှ ငွေရရန်လမ်းမမြင်၍၊ တားဝရမ်းကိုအတည်ပြုသင့်ကြောင်း တင်ပြသော်၏။ တရားလိုတဦးက တရားခံတဦးအပေါ် တရားမခုံ၌ တရားမမှုစွဲထား ကာမျှဖြင့် တရားခံအား ၎င်း၏ပစ္စည်းများကို ရောင်းချပေါင်နှံ လဲပြောင်းခြင်းမပြုရဟု တားမြစ်သားခြင်းမပြုနိုင်ပေ။ ပြုလည်းမပြုအပ်ပေ။ တရားမကျင့်ထုံးအမိန့် ၃၈၊ နည်း ဥပဒေ ၅ နှင့် ၆ ပါပြဋ္ဌာန်းချက်များနှင့်ညီညွတ်လျှင် စီရင်ချက်မချမီ ပစ္စည်းကိုဝရမ်း ဘမ်းနိုင်သည်။ အမိန့် ၃၉၊ နည်းဥပဒေ ၁ နှင့်ညီညွတ်လျှင်ကား တားဝရမ်းထုတ်ပေးရန် တောင်းဆိုနိုင်သည်။ အဆိုပါ ပြဋ္ဌာန်းချက်များနှင့် မညီညွတ်ဘဲ စီရင်ချက်မချမီ ပစ္စည်းဘမ်းဝရမ်းသော်၎င်း၊ ယာယီတားဝရမ်းသော်၎င်း၊ ထုတ်ဆင့်ရန်အကြောင်း မရှိပေ။ ဤကိစ္စနှင့်ပတ်သက်၍၊ **ဒူဂါဒတ်စ်** နှင့် **နာဂင်ချန်ဒရာနန်ပန်** (၅) တို့အမှု ပါ အောက်ပါမိန့်ခွက်ချက်ကိုသာ ရည်ညွှန်းလိုပေသည်။

> "Finally neither injunction nor attachment ought to be lightly granted. It would be a serious thing if persons in possession were restrained from making use of the property merely because a suit had been instituted about it. It is only where it is essential that property should be kept in its existing condition pending suit, that the Court should interfere."

သို့ပါ၍ ၁၉၆၆ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့စွဲအရ တဘက်သတ်ထုတ်ပေး ခဲ့သော ယာယီတားဝရမ်းအမိန့်ကို အတည်မပြုနိုင်သည့်အလျောက် ပယ်ဖျက်ကာ တရားလို၏ တားဝရမ်းထုတ်ပေးရန် လျှောက်ထားသည့်လျှောက်လွှာကို စရိတ်နှင့် တကွပလပ်လိုက်သည်။ ရွှေနေစရိတ် ၃၄ ကျပ် သတ်မှတ်သည်။

---

(၅) အေ၊ အိုင်၊ အာ (ရင်)၊ ၁၉၃၄၊ ကာလကတ္တား၊ ၆၉၄ (၆၉၈)။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးချစ် ရွှေတွင်

အဘက်ကာကာပါ ၂ (ပြင်ဆင်ရန် လျှောက်ထားသူများ)

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ (ဦးမောင်ခင်)
(ပြင်ဆင်ရန်လျှောက်ထားခံရသူ)*

† ၁၉၆၇
ဇန္နဝါရီလ
၇ ရက်။

မြို့နီစီပါယ်အက်ဥပဒေပုဒ်မ ၁၁၉(၁)အရ ပြစ်ဆင်ရွှားခံရခြင်း—မြို့နီစီပယ်အဖဲ့က လူနေထိုင်ရန် မသင့်ဟု အကြောင်းအမျိုးမျိုးကြောင့် ယူဆခြင်း—ယင်းယူဆချက် အရ ထုတ်ပြန်သော အမိန့်မှာ ပုဒ်မ ၁၁၉ (၁) နှင့်အညီ ဖြစ် မဖြစ်။

ဆုံးဖြတ်ချက်။ ။မြို့နီစီပါယ်အဖဲ့က အချင်းဖြစ်အိမ်မှာ လူနေထိုင်ရန်မသင့်ဟု အကြောင်းအမျိုးမျိုးကြောင့်ယူဆလျှင်၊ ယင်းယူဆချက်အရ ထုတ်ပြန်သောအမိန့်မှာ မြို့နီစီပါယ် အက်ဥပဒေ ပုဒ်မ ၁၁၉ (၁) နှင့်အညီဖြစ်သည်ဟု တွေ့ရှိနိုင်စရာအကြောင်း ရှိသဖြင့် တရားဝင်သည်ဟုယူဆ ရပေမည်။ သို့ဖြစ်ရာ အဆိုပါ အက်ဥပဒေ ပုဒ်မ ၂၀၂ (က) အရ ပြစ်မှုမြောက်သည်။

ပြင်ဆင်ရန်လျှောက်ထားသူများအတွက်။ ။မစ္စတာ အိပ်(ချ်)၊ အမ်၊ ဖစ်ရှား။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။အစိုးရရှေ့နေကြီး၊ ဦးမျိုးထွန်းလင်း။

တရားသူကြီး ဦးချစ်။ ။သီးခြားလျှောက်ထားသူများ (မူလတရားခံများ) ဖြစ်ကြသော အဘက်ကာကာနှင့် မသိန်းရှင်တို့အပေါ် မြို့နီစီပါယ် အက်ဥပဒေ ပုဒ်မ ၁၁၉ (၁) ကို ကျူးလွန်သဖြင့် ၎င်းအက်ဥပဒေပုဒ်မ ၂၀၂ (က) အရ အဘက်ကာကာအား ဒဏ်ငွေ ၁၀၀ ကျပ် ပေးဆောင်စေ၊ ပျက်ကွက်က အလုပ်မဲ့ထောင်ဒဏ်တလ ကျခံစေရန်နှင့် ဒေါ်သိန်းရှင်အား ဒဏ်ငွေ ၅၀ ကျပ်ပေးဆောင်စေ၊ ပျက်ကွက်က အလုပ်မဲ့ထောင်ဒဏ်ဘလကျခံစေရန် ဖျာပုံမြို့၊ မြို့မရာဇဝတ်တရားသူကြီး ရုံး၊၁၉၆၆ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၆၁ နှင့် ၅၉ တို့တွင် အသီးသီး အမိန့်ချမှတ်

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၂၂၆ (ခ) နှင့် ၂၂၇ (ခ)။

† ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၄၇ နှင့် ၄၈ တွင်ချမှတ်သော ၁၉၆၆ ခုနှစ်၊ **အောက်တိုဘာလ ၁၃** ရက်နေ့ရဲပါး၊ ဖျာပုံမြို့စီရင်ရှင်တရားသူကြီး၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

ခဲ့သည်။ ထိုအဓိန့်များကို မကျေနပ်သဖြင့် လျှောက်ထားသူများက သီးခြား၍ ပြင်ဆင်လွှာများ လျှောက်ထားရာ၊ အဘက်ကာကာ၏အမှုကို ဖျာပုံမြို့ စက်ရှင်တရားသူကြီးချုံး၊ ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၄၇ ဖြင့်သော်၎င်း၊ ဒေါ်သိန်းရှင်၏အမှုကို ၎င်းဂွမ်းပြင်ဆင်မှုအမှတ် ၄၈ ဖြင့်သော်၎င်း ဖွင့်၍ ကြားနာခဲ့ပေသည်။ အဓိန့်ချမှတ်ရာတွင် လျှောက်ထားသူများသည် မြို့နယ်စီပါယ်အက်ဥပဒေပုဒ်မ ၁၁၉ (၁) ကို ကျူးလွန်ကြောင်း မတွေ့ရှိရသဖြင့် ၎င်းဒေသက်ဥပဒေပုဒ်မ ၂၀၂ (က) အရ ပြစ်ဒဏ်ချမှတ်ခြင်းမှာ မှားယွင်းနေသောကြောင့် ယင်းပြစ်မှုနှင့် ပြစ်ဒဏ်များကို ပယ်ဖျက်ပေးပါရန် ဤရုံးသို့ ထောက်ခံတင်ဆက်ထားလေသည်။

ဤရုံးက ပြင်ဆင်မှုနှစ်မှုဖွင့်ထားသော်ငြားလည်း ထိုအမှုများမှာ အကြောင်းချင်းရာနှင့် ဥပဒေအချက်အလက်တို့မှာ တထပ်တည်းဖြစ်နေသဖြင့် ထိုအမှုနှစ်မှုကို ယခုဤအမှုဖြစ်သော ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၂၂၇ (ခ) ဘွင့် တပေါင်းတည်း အဓိန့်ချမှတ်လိုက်သည်။

အမှုအကြောင်းချင်းရာ အတိုချုပ်မှာ အောက်ပါအတိုင်းဖြစ်သည်။ ရန်ကုန်မြို့တွင် နေထိုင်လျက်ရှိသော ဦးပုကြီးဆိုသူမှာ ဖျာပုံမြို့ အမှတ် ၁၀ ဘုရင့်နောင်လမ်းနှင့် ပဆမံလမ်းဒေါင့်တွင် တည်ရှိသော နှစ်ထပ်အိမ်တလုံးကို ပိုင်ဆိုင်သူဖြစ်သည်။ ၎င်းအိမ်အပေါ်ထပ်တွင် ဒေါ်သိန်းရှင်ကို ငှါးထား၍၊ အောက်ထပ်တွင် အဘက်ကာကာကို ငှါးထားသည်။ ထိုအိမ်ကို ဖျာပုံမြို့ မြို့နီစီပါယ်အဖွဲ့ ဒုတိယလက်ထောက် အင်ဂျင်နီယာ ဦးမြဟန်က စစ်ဆေးရာတွင်၊ လူနေထိုင်ရန် မသင့်တော်သည့် အခြေတွင်ရှိကြောင်း တွေ့ရှိရသည်၊ ထိုအိမ်ကို ပြန်လည်ပြင်ဆင်က အကြီးအကျယ် ပြင်ဆင်ခြင်းပြုလုပ်ရန် လိုအပ်ကြောင်းကို၊ ၁၉၆၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့စွဲဖြင့် မြို့နီစီပါယ်အဖွဲ့ အုပ်ချုပ်ရေးမှူးထံသို့ အစီရင်ခံသည်။ ယင်းမြို့နီစီပါယ်အဖွဲ့၏ မူခင်းကိစ္စအဝဒန့်ဆောင်ရွက်ချက်များကို ဖျာပုံမြို့၊ မြို့မလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီက ဆောင်ရွက်စေရာ၊ ဒီမိုကရေစီ ဒေသန္တရ အုပ်ချုပ်ရေးနှင့် ဒေသန္တရအဖွဲ့များဌာန ၁၉၆၃ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့စွဲဖြင့် လွှဲအပ်ပြီးဖြစ်သည်။ ထိုအဖွဲ့တွင် ဖျာပုံမြို့၊ မြို့မဝန်ထောက်ကြီးက ဓကာမိတိက လွှဲအပ်သည့် တာဝန်ဝတ်တရားနှင့် အာဏာများအပြင်၊ မြို့နီစီပါယ်အဖွဲ့၏ နွေဦးလုပ်ငန်းဆောင်တာများကို တာဝန်ယူ၍ ဆောင်ရွက်ရသည်။ ယင်းအဖွဲ့သည် ဆိုခဲ့ပြီးသည့်အတိုင်း လက်ထောက် အင်ဂျင်နီယာထံမှ အစီရင်ခံစာကို ရသောအခါ၊ လျှောက်ထားသူများထံသို့ မြို့နီစီပါယ် အက်ဥပဒေပုဒ်မ ၁၁၉ (၁) နှင့် အညီ အမိန့်ထုတ်လေသည်။ ထိုအမိန့်ဟူ၍ အဆိုပါ အဆောက်အဦသည် လူနေရန် မသင့်ဟု ကျေညာပြီး၊ အဘယ့်ကြောင့် လူနေထိုင်ရန် မသင့်ဟု မကျေနပ်ထိုက်ကြောင်းကို အကျိုးအကြောင်း အစုံအလင်ဖေါ်ပြကာ ၇ ရက်အတွင်း ကန့်ကွက်ရန်

၁၉၆၇ အောက်ကာကာပါ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

အချိန်ပေးခဲ့သော်လည်း လျှောက်ထားသူများက အဆိုပါအိမ်သည် လူနေထိုင်ရန် သင့်မြတ်ပါသည်ဟူ၍သာလျှင် ကန့်ကွက်ကြသောကြောင့်၊ ၎င်းတို့၏ ကန့်ကွက်ချက်များမှာ ကြေနပ်အဖွယ်ရာ မရှိသဖြင့် ၎င်းတို့အား ထိုအိမ်မှ ဖယ်ရှားပေးရန် ၁၄ ရက် နို့တစ်စာပေးရ၌ ညွှန်ကြားပို့သည်။ ယင်းညွှန်ကြားချက်ကို လျှောက်ထားသူများ၏ ဂရုမစိုက် အသေးမပေးသောကြောင့် မြို့နိုစီပါယ်အဖွဲ့ဖြစ်သော မြို့မလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မိတီက ဗျာသုံ့ပြို၊ ခရိုင်လုံခြုံခန့်နှင့် အုပ်ချုပ်မှုကော်မိတီ ဥက္ကဋ္ဌထံတွင် ဤ အိမ့်နှင့်ပတ်သက်၍ အမှုဘွဲ့အားလုံးကို တင်ပြပြီး၊ လျှောက်ထားသူများ အပေါ် မြို့နိုစီပါယ်ဥပဒေအရ အနာယူရမည်ဖြစ်ကြောင်း အကြောင်းကြားရာ၊ ခရိုင်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မိတီက ကန့်ကွက်ရန်မရှိကြောင်း ပြန်ကြားသဖြင့် လျှောက်ထားသူများသည် မြို့နိုစီပါယ် အက်ဥပဒေပုဒ်မ ၁၁၉ (၁) နှင့်အညီ ထုတ်ပြန်သော ညွှန်ကြားချက်များကို မလိုက်နာသဖြင့် ၎င်းအက်ဥပဒေပုဒ်မ ၂၀၂ (က) အရ တရားစွဲဆိုခဲ့လေသည်။

လျှောက်ထားသူများ၏ ရှေ့နေကြီး မစ္စတာ ဖစ်ရှားက အောက်မှလုံးကို ချမှတ်သောအမိန့်သည် မှားယွင်းပါသည်၊ မြို့နိုစီပါယ် အက်ဥပဒေပုဒ်မ ၁၁၉ (၁) အရ ထုတ်ပြန်သော ညွှန်ကြားချက်သည်လည်း တရားဥပဒေနှင့် မကိုက်ညီပါ၊ ထိုတရားဥပဒေနှင့် မကိုက်ညီသည့် ထုတ်ပြန်ချက်ကို မလိုက်နာခြင်းအားဖြင့် ပြစ်မှုမမြောက်ပါ၊ ထို့ကြောင့် စက်ရှင်တရားသူကြီး၏ ထောက်ခံတင်ပြချက်ကို လက်ခံပြီး အောက်မှလုံး၏ အမိန့်ကို ပယ်ဖျက်ပေးသင့်ပါသည်ဟု တင်ပြသွားသည်။

အစိုးရရှေ့နေကြီး ဦးမျိုးဆွန်းလင်းက စက်ရှင်တရားသူကြီး၏ ထောက်ခံတင်ပြချက်ကို ရုံးတော်က လက်ခံရန်အကြောင်းမရှိပါ၊ စက်ရှင်တရားသူကြီး၏ ယူဆချက်မှာ လွဲမှားနေပါသည်။ လျှောက်ထားသူများအပေါ် မူလမြို့နိုစီပါယ်အဖွဲ့က အမိန့်ထုတ်ရာတွင် ထိုအမိန့်ကို မကျေနပ်က မြို့နိုစီပါယ်အဖွဲ့ အက်ဥပဒေပုဒ်မ ၂၀၂ အရ သက်ဆိုင်ရာ အာဏာပိုင်များထံတွင် အယူခံဝင်နိုင်ပါသည်။ ၎င်းတို့သည် ယင်းကဲ့သို့ အယူခံမဝင်ဘဲ မြို့နိုစီပါယ်အဖွဲ့က တရားသဖြင့် ညွှန်ကြားသောအမိန့်ကို မလိုက်နာလိုရ် ဆက်လက်ပြီး ရည်ညွှန်းသော အိမ်ပေါ်တွင် နေထိုင်ကြသဖြင့် အဆိုပါ အက်ဥပဒေပုဒ်မ ၂၀၂ (က) အရ ပြစ်မှုမြောက်ပါသည်။ ထို့ကြောင့် စက်ရှင်တရားသူကြီး၏ ထောက်ခံတင်ပြချက်ကို လက်မခံဘဲ အောက်ရုံးအမိန့်အတိုင်း တည်ရှိစေလိုပါသည်ဟု တင်ပြသွားသည်။

ကျွန်ုပ်သည် ဤအမှုများကို အသေးစိတ် လေ့လာသုံးသပ်သည်။ အဆုံးအဖြတ်ပေးရာ၌ အရေးကြီးသောအချက်မှာ၊ မြို့နိုစီပါယ်အဖွဲ့သည် လျှောက်ထားသူများအား ညွှန်ကြားချက်များ ပေးစဉ်အခါက အက်ဥပဒေပုဒ်မ ၁၁၉ (၁) နှင့်အညီ တရားဝင်

ပေးသော အဓိန္ဓမျိုးဟုတ်မဟုတ်ဟူ၍ဖြစ်သည်။ စက်ရှင်တရားသူကြီးက တရားဝင် အဓိန္ဓမဟုတ်ဟု ယူဆထားသည်။ ယင်းသို့ယူဆထားသည့်အတိုင်း လျှောက်ထားသူ များအပေါ် တွေ့ရှိရသော ပြစ်မှုနှင့် ချမှတ်ထားသော ပြစ်ဒဏ်တို့ကို ပယ်ဖျက် ပေးပါရန် ကျိုးသိုထောက်ခံတင်ဆက်ထားခြင်းဖြစ်သည်။

အောက်ခံအမှုတွဲများတွင် အမှုသည်များနှင့် သက်သေများက မည်ကဲ့သို့ ထွက်ဆို စကားများ စဉ်းစား၍ အဆုံးအဖြတ်ပေးရမည့် အဓိကပြဿနာမှာ (မြို့နီစီပါယ်အဖွဲ့သည် အချင်းဖြစ်အိမ်မှာ လူနေထိုင်ရန် မသင့်ဟု အကြောင်းအမျိုးမျိုးကြောင့်ယူဆလျှင်၊ ယင်းယူဆချက်အရ တုတ်ပြန်သောအိမ်မှာ ပုဒ်မ ၁၁၉ (၁) နှင့်အညီဖြစ်သည်ဟု ဆွဲငြိုင်ခရာအကြောင်းရှိသဖြင့်၊ တရားဝင်သည်ဟု ယူဆရပေမည်။) ဤနေရာတွင် မြို့နီစီပါယ်အဖွဲ့ အင်ဂျင်နီယာ၏ အချင်းဖြစ်အိမ်နှင့် ပတ်သက်၍ အစီရင်ခံချက်ကို ကော်မီတီအနေနှင့် မည်သည့်အကြောင်းနှင့်မဆို ယုံကြည်နိုင်ရန် အကြောင်းရှိသော ကြောင့် ယင်းအမိန့်ကို ထုတ်ပေးခြင်းဖြစ်သည်ဟု တွေ့ရှိရပေသည်။ ထိုအမိန့်ကို မကျေနပ်လျှင် လျှောက်ထားသူများ၌ ဥပဒေအရ အယူခံနိုင်ရန် အခွင့်အရေးရှိသည်။ လျှောက်ထားသူများသည် မြို့နီစီပါယ်အဖွဲ့က ထုတ်သော အမိန့်ကို ကန့်ကွက်လွှာ တင်ရာ၌သော်၎င်း၊ အယူခံက အယူခံဝင်သော်၎င်း အချင်းဖြစ်အိမ်သည် လူနေ နိုင်သောအိမ် ဖြစ်ပါသည်ဟု သိသိသာသာ ထင်ထင်ရှားရှား ပြဆိုရန် တာဝန်ရှိခဲ့ သော်လည်း ထိုကဲ့သို့သော အကြောင်းများနှင့် ပတ်သက်၍ ကန့်ကွက်လွှာတင်စဉ် အခါက ပြောဆိုခဲ့ခြင်းလည်း မရှိပေ။ အဓိန္ဓကိုပင် အယူခံခဲ့ခြင်းဖြစ်သည်။ ၎င်းတို့အပေါ် ရာဇဝတ်မှုများဖြင့် အမှုဖွင့်၍ တရားစွဲဆိုမှသာလျှင် ၎င်းတို့ဘက်က အင်ဂျင်နီယာဘဉီးကို သက်သေပြ၍ ထုခြေခဲ့သည်။ ယင်းကဲ့သို့သော ထုခြေချက် မျိုးမှာ နေရာလွဲမှားနေပေသည်။ ရာဇဝတ်ခုံးတွင် ယင်းကဲ့သို့ထုခြေရန် မလိုတော့ပေ။ အမှန်ထုခြေရမည်မှာ လျှောက်ထားသူများက မြို့နီစီပါယ်အဖွဲ့ထံသို့ ကန့်ကွက်လွှာ တင်စဉ်အခါကသော်၎င်း၊ မြို့နီစီပါယ်အဖွဲ့၏ အမိန့်ကို အယူခံဝင်သောအခါတွင် သော်၎င်း တင်ပြရန်ဖြစ်သည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဖျာပုံမြို့ မြို့နီစီပါယ်အဖွဲ့ကို ဖျာပုံမြို့မလုံခြုံ ရေးနှင့် အုပ်ချုပ်မှုကော်မီတီက ကိုင်ထား၍ မြို့စည်ပင်သာယာရေးနှင့် လုံခြုံရေး အတွက် စွမ်းစွမ်းတမန် ဆောင်ရွက်နေရပေသည်။ ယင်းကဲ့သို့ ဆောင်ရွက်ရာတွင် လက်ထောက် အင်ဂျင်နီယာ၏ တင်ပြချက်ကို စဉ်းစားဝေဖန်သုံးသပ်ခြင်း မပြုဘဲ လက်ခံသိမ့်မည်မဟုတ်ဟု ယုံကြည်သည်။ ထို့ကြောင့် စက်ရှင်တရားသူကြီး တင်ပြသော မှတ်ချက်တို့သည် မြို့နီစီပါယ်အဖွဲ့၏ မှတ်ချက်ဖြစ်သည့် အဖွဲ့၏ အာဏာကို လုံး[illegible]မြို့နီစီ ပါယ်အဖွဲ့၏ အင်ဂျင်နီယာထံ အင်နှံရာရောက်သည်ဆိုသည်ကို ကျွန်ုပ်လက်မခံနိုင်ပေ။

၁၉၆၇ အာဘက်ကာကာဟါ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

မြို့နိုဗိပါဃ်အဖွဲ့လုပ်ငန်းနှင့်သက်ဆိုင်သော ကိစ္စများကိုပင် မြို့မလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ(မြို့နိုဗိပါဃ်အဖွဲ့)က ခရိုင်လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မတီကို အသိပေးရှိခွင့်ပြုချက်အရပြုလုပ်ကြောင်းများကို တွေ့ရှိရသည်။

အထက်တွင် ဖော်ပြခဲ့သော အကြောင်းအချက်များအရ စက်ရှင်တရားသူကြီးထောက်ခံတင်ဆက်သော အချက်အလက်များကို လက်ခံနိုင်ရန်အကြောင်း မမြင်သောကြောင့် ၎င်း၏ ထောက်ခံတင်ပြချက်ကို လက်မခံဘဲ အောက်မူလရုံးက လျှောက်ထားသူများအပေါ် ချမှတ်သော အမိန့်များကို လက်ခံအတည်ပြုရန် အမိန့်ချမှတ်လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်

တရားမအသေးအဖွဲမှု

တရားသူကြီး ဦးသက်ဖေရှေ့တွင်

အာမက်အီဘရာဟင်ပတေးပါ ၅ (လျှောက်ထားသူများ)

နှင့်

မာမုတ်အီဘရာဟင်ပတေးပါ ၂ (လျှောက်ထားခံရသူများ)*

†၁၉၆၇ ဖေဖော်ဝါရီလ ၁၅ ရက်။

ဝါကယ်—ပစ္စည်းထိန်းကို ဖြုတ်ချလိုခြင်း—တရားမကြီးမှု စွဲဆိုဆောင်ရွက်ရန် လို မလို။

ဆုံးဖြတ်ချက်။ ။ဝါကပ်၏ ဘဏ္ဍာထိန်းကိုဖြုတ်ချလိုလျှင် သာမန်လျှောက်လွှာဖြင့် လျှောက်ထားခြင်းမပြုနိုင်ဘဲ၊ တရားမကြီးမှုစွဲဆိုဆောင်ရွက်ရမည်။ **နသာဘိုင် နှင့် ဒဘလျူဂျာမါဘိုင်** အေ၊အိုင်၊အာ(ရ်)၊၁၉၂၈ ဘုံဘေ၊စာ ၂၀။**မာမက်ဆာဒက်အလီခန် နှင့် ကာဇင်အလီခန်** အေ၊အိုင်၊ အာ(ရ်)၊၁၉၃၄၊အောက်၊စာ ၁၁၈။**မိုဟာမက်ယူဆုတ်** နှင့် **မိုဟာမက်အယ္ဒတ်** အေ၊အိုင်၊အာ(ရ်)၊ ၁၉၃၈ ပတ္တနာ၊စာ ၅၃၇။ **ဘီဘီဇီရာ** နှင့် **ဘီဘီဟာဘီဘွန်နီစာ၊**အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၄၀ ပတ္တနာ၊ စာ ၉။**မဟာမက်အလီခန်** နှင့် **အာမက်အလီခန်** အေ၊အိုင်၊ အာ(ရ်)၊၁၉၄၅ အလဟာဘတ် စာ ၂၆၁၊(စုံညီခုံ)။ **အလီဟူဒင်အာမက်** နှင့် **မိုဟီဒင်အာမက်**၊အေ၊ အိုင်၊ အာ(ရ်) ၁၉၄၈ ပတ္တနာ၊ စာ ၃၇၄.....ရည်ညွှန်းသည်။ **ဝန်ဂါရမ်** နှင့် **ကေအာဗင်ချာကာ** အေ၊အိုင်၊အာ(ရ်)၊၁၉၄၈ ဘုံဘေ၊ စာ ၁၄၆.....ခြားနားပြသည်။

လျှောက်ထားသူများအတွက်။ ။ဒေါ်ကြည်ကြည်ဝင်း။

လျှောက်ထားခံရသူများအတွက်။ ။မစ္စတာ ဘနာဂျီ။

တရားသူကြီး ဦးသက်ဖေ။ ။ကွယ်လွန်သူ အာမက် မဟာမက် ပတေး၏ သမီး အရွာဘီဘီသည်၊ ၁၉၃၃ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့တွင် ၎င်းပိုင်ဆိုင်သည့် ရန်ကုန်မြို့၊ ၃၂ လမ်း၊ အမှတ် ၉၂/၄၂ ရှိ မြေနှင့် အိမ်ကို ဝါကပ် ပစ္စည်း အဖြစ် လျှုဒါန်းခဲ့၏၊ ဝါကပ် ပစ္စည်း လျှုဒါန်းသူ အရွာဘီဘီ သေဆုံးပြီးနောက် ဤ

---

* ၁၉၆၆ ခုနှစ်၊ တရားမအသေးအဖွဲမှုအမှတ် ၁၂၆။

† (လျှောက်ထားသူများက လျှောက်ထားခံရသူများအား ၎င်းတို့၏ နေရာနှင့် စီမံ[illegible]ချုပ်မှု တို့မှဖယ်ရှားပေးရန်၊ လွန်ခဲ့သော ၁၃ နှစ်အတွင်းမှ စာရင်းများကိုပေးအပ်ရန်နှင့် လိုအပ်သော ညွှန်ကြားချက်များပေးရန် လျှောက်ထားသောလျှောက်လွှာ)။

၁၉၆၇ အာမက်အီဘရာဟင်ပတေး ပါ ၅ နှင့် မာမွတ်အဘရာဟင်ပတေး ပါ ၂။

ရုံး၏ ၁၉၅၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၁၄ တွင် ယခု လျှောက်ထား ခံရသူ နှစ်ဦးအား၊ ဝါကပ် ပစ္စည်း၏ ဘဏ္ဍာထိန်း လူကြီးများ အဖြစ် ခန့်ထားကာ ဝါကပ် ပစ္စည်းအား၊ မည်သို့ မည်ပုံ စီမံအုပ်ချုပ်ရမည် ဆိုသော စကင်းကို ရေးဆွဲခဲ့၏။ ထိုစကင်း ဥပဒေတွင် ဘဏ္ဍာထိန်း လူကြီးများအား မည်သို့ မည်ပုံ ဖြုတ်ချရမည်ဟု ပြဋ္ဌာန်းချက် မရှိပေ။

လျှောက်ထားသူများက မိမိတို့သည် ဝါကပ် ပစ္စည်း လှူဒါန်းသူ အရှာဘီဘီ၏ တူများဖြစ်၍ ဝါကပ် ပစ္စည်းအား စီမံအုပ်ချုပ်ရာ၌ စိတ်ဝင်စားသူများ ဖြစ်ကြောင်း လျှောက်ထားခံရသူများသည် ဝါကပ် ပစ္စည်းနှင့် ပတ်သက်၍ ၁၉၅၃ ခုနှစ်မှ ၁၉၆၆ ခုနှစ် အထိ ၁၃ နှစ်တိုင်တိုင် စာရင်းအင်းများကို တင်သွင်းရန် ပျက်ကွက်ခဲ့ကြောင်း၊ လျှောက်ထား ခံရသူများကို ဝါကပ် ပစ္စည်း၏ ဘဏ္ဍာထိန်း လူကြီးများအဖြစ် ဆက်လက် ထားရှိပါက၊ ဝါကပ်တွင် ဆုံးရှုံး နစ်နာစရာ အကြောင်းရှိကြောင်း၊ ထို့ကြောင့် လျှောက်ထားခံရသူတို့အား၊ ဘဏ္ဍာထိန်း လူကြီးများအဖြစ်မှ ဖြုတ်ချကာ ဘဏ္ဍာထိန်း လူကြီး အသစ် ခန့်ထားသင့်ကြောင်း၊ ထို့ပြင် လျှောက်ထား ခံရသူများ ထံမှ လွှန်ခဲ့သည့် ၁၃ နှစ် အတွက် စာရင်း အင်းများကို တောင်းဆိုသင့်ကြောင်း အဆို ပြုလာသည်။

လျှောက်ထား ခံရသူများက ဝါကပ်ပစ္စည်း၏ ဘဏ္ဍာထိန်း လူကြီးများကို ဖြုတ်ချလိုလျှင် တရားမကြီးမှု စွဲဆိုရမည် ဖြစ်ကြောင်း၊ ယခု အမှုကဲ့သို့ အသေး အဖွဲ့ အမှုတွင် လျှောက်လှာ တင်သွင်းပြီး တောင်းဆိုခြင်း မပြုနိုင်ကြောင်း၊ အရှာဘီဘီ ဝါကပ်မှာ ကိုယ်ပိုင် ဝါကပ် မဟုတ်ဘဲ အများနှင့် သက်ဆိုင်သော ဝါကပ် တခုဖြစ်၍ တရားမ ကျင့်ထုံးပုဒ်မ ၉၂ နှင့် အညီ တရားစွဲဆိုရမည် ဖြစ်ကြောင်း အဓိကအား ဖြင့် ထုချေ လာလေသည်။

ဤရုံး၏ ၁၉၅၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၁၄ တွင် အရှာဘီဘီ ဝါကပ်သည်၊ အများနှင့် သက်ဆိုင်သည့် ဝါကပ် မဟုတ်ဘဲ ကိုယ်ပိုင် ဝါကပ် ဖြစ်သည်ဟု ဆုံးဖြတ်ထားပြီးဖြစ်၍၊ တရားမ ကျင့်ထုံး ပုဒ်မ ၉၂ နှင့် အညီ တရားစွဲဆိုရမည် ဆိုသော လျှောက်ထား ခံရသူများ၏ ကန့်ကွက်ချက်ကို လက်မခံနိုင်ပေ။ သို့ဖြစ်ရာ စဉ်းစားရန် ကျန်သည့် တခုတည်းသော ပြဿနာမှာ ဝါကပ် ပစ္စည်း၏ ဘဏ္ဍာထိန်း လူကြီးများကို ဖြုတ်ချလိုလျှင် တရားမကြီးမှု စွဲဆိုရမည်လော၊ သို့တည်း မဟုတ် ယခုအမှုမှာကဲ့သို့ လျှောက်လှာ တင်သွင်းကာ တောင်းဆိုနိုင်ပါမည်လော ဆိုခြင်း ပင် ဖြစ်သည်။

ယုံမှုတ် အပ်နှံခြင်း ဥပဒေ ပုဒ်မ ၇၃ အရ၊ ယုံမှုတ် အပ်နှံ ခံရသူ တဦးဦးကို သာမန်လျှောက်လှာ တင်သွင်းပြီး ဖြုတ်ချနိုင်သည် ဆိုခြင်းမှာ မငြင်းနိုင်၊ တရားမ

၁၉၆၇
အာမက်အီဘရာဟင်ထေး ပါ ၅ နှင့် မာမုတ်အီဘရာဟင်ပတေး ပါ ၂။

ကြီးမှူ စွဲဆိုပြီး ဖြုတ်ချရန် မလိုပေ။ သို့ရာတွင် ယုံမှတ် အပ်နှံခြင်း ဥပဒေ ပုဒ်မ ၁ ၌၊ ယုံမှတ် အပ်နှံခြင်း ဥပဒေပါ ပြဋ္ဌာန်းချက်များသည် မဟာမေဒင် ဝါကပ်နှင့် အကျုံးမဝင်ကြောင်း ပြဆိုထားသဖြင့်၊ ဝါကပ် ပစ္စည်း၏ ဘဏ္ဍာထိန်း လူကြီးများအား ဖြုတ်ချရန် ကိစ္စကို ယုံမှတ် အပ်နှံခြင်း ဥပဒေအရ၊ သုံးသပ်ခြင်း မပြုသုံးနိုင်၊ အများနှင့် သက်ဆိုင်သည့် ဝါကပ်၏ ဘဏ္ဍာထိန်း လူကြီးများကို ဖြုတ်ချလိုပါမူ တရားမ ကျင့်ထုံး ပုဒ်မ ၉၂ အရသော်၎င်း၊ ဘာသာရေး ထောက်ပံ့မှုများ ဥပဒေ **(Religious Endowments Act)** သော်၎င်း၊ တရားမကြီးမှူ စွဲဆိုရမည် ဖြစ်သည်၊ အများနှင့် မသက်ဆိုင်သည့် ကိုယ်ပိုင် ဝါကပ်၏ ဘဏ္ဍာထိန်း လူကြီးများကို ဖြုတ်ချလိုပါမူ၊ တရားမ ကျင့်ထုံး ပုဒ်မ ၉ အရ၊ တရားမ ကြီးမှူ စွဲဆိုရန် လိုပေသည်။ အကြောင်းမှာ ရှေးပဝေ သဏီ ခေတ်က မဟာမေဒင် ဥပဒေ လောကတွင် တရားစီရင် ဆုံးဖြတ်သည့် ကာဇီဆိုသည့် ပုဂ္ဂိုလ်များရှိရာ၊ ထိုပုဂ္ဂိုလ်တို့၌ ဝါကပ်၏ ဘဏ္ဍာထိန်းများကို ဖြုတ်ချနိုင်သည့် အာဏာနှင့် ခန့်ထားနိုင်သည့် အာဏာများ ရှိလေ့သည်။ နောက်ပိုင်းတွင် ကာဇီနေရာ၌ တရားမရုံးအား အစားထိုးခဲ့သည့် အလျောက် အခိုက မူလ တရားမရုံးသည် ကာဇီကဲ့သို့ပင် ဝါကပ်၏ ဘဏ္ဍာထိန်းကို ဖြုတ်နိုင်ခန့်ထား နိုင်သည့် အာဏာများ ရရှိခဲ့လေသည်၊ ဝါကပ် တခုတွင် ဘဏ္ဍာထိန်း မရှိပါက ဝါကပ်ပိုင် ပစ္စည်းများသည် ဆုံးရှုံးနစ်နာရန် အကြောင်း ပေါ်ပေါက်မည် ဖြစ်၍၊ တရားမရုံး အနေဖြင့် စီမံအုပ်ချုပ်သူကို အလျင် အမြန် ခန့်ထားရန် လိုမည် ဖြစ်သည်၊ ထို့ကြောင့် ဘဏ္ဍာထိန်း လစ်လပ်နေလျှင် တရားမရုံးအနေဖြင့် အဆောတလျင် ခန့်ထားနိုင်ရန် အလို့ငှါ၊ မြန်မြန်ဆန်ဆန် ဆုံးဖြတ်ချက်ချမှတ်နိုင်သည့် လျောက်လွှာ အပေါ် အမိန့် ချမှတ်နိုင်မည် ဖြစ်သည်၊ ထိုကဲ့သို့ ကိစ္စမျိုးတွင် ခက်ခဲ နက်နဲသော ပြဿနာများ ပေါ်ပေါက်ရန် အကြောင်း မရှိသဖြင့် လျောက်လွှာ အပေါ် တိုတို တုတ်တုတ်နှင့် အဆောတလျင် အဆုံးအဖြတ် ပေးနိုင်မည် ဖြစ်သည်။ သို့ရာတွင် ဘဏ္ဍာထိန်းကို ဖြုတ်ချရန် ကိစ္စမှာ ဘဏ္ဍာထိန်း ဖြည့်စွက် ခန့်ထားရန် ကိစ္စကဲ့သို့ လွယ်လွယ်နှင့် ပြုလုပ်၍ မရချေ။ ပြုလုပ်ရန်လည်း မသင့်ပေ၊ ဘဏ္ဍာထိန်း တဦးဦးသည် မိမိစီမံ အုပ်ချုပ်ရသည့် ပစ္စည်းနှင့် ပတ်သက်၍၊ ဖေါက်လဲ့ ဖေါက်ပြန် ပြုလုပ်သည်ဆိုသော စွပ်စွဲချက်မှာ အသေး အဖွဲ့ ကိစ္စမဟုတ်ဘဲ၊ အလွန် အရေးကြီးသည့် ကိစ္စတရပ် ဖြစ်၍၊ သာမန် အသေးအဖွဲ့ လျောက်လွှာဖြင့် အကျဉ်းချုံးကာ စဉ်းစားခြင်း မပြုနိုင်ပေ၊ အငြင်းပေါက်လျက် ရှိသော ပြဿနာများကို သေချာ ချာချာ စီစစ်ဆုံးဖြတ်ရန် တာဝန် ရှိလေသည်၊ ထိုကဲ့သို့ ဆုံးဖြတ်နိုင်ရန် အလို့ငှါ၊ တရားမ ကြီးမှူ စွဲဆိုဘို့ လိုပေသည်။ သို့ဖြစ်ရာ (ဝါကပ်၏ ဘဏ္ဍာထိန်းကိုဖြုတ်ချလိုလျှင်

၁၉၆၇

အာမက်အီဘရာဟင်ပတေးပါ ၅ နှင့် မာမွတ်အီဘရာဟင်ပတေး စီ ၂။

သာမန် လျောက်လှာဖြင့် လျောက်ထားခြင်း မပြုနိုင်ရာဘဲ၊ တရားမ ကြီးမှု စွဲဆို ဆောင်ရွက်ရမည်) ဟု ဆုံးဖြတ်ရမည် ဖြစ်သည်။

ထိုအတိုင်းပင်လည်း **နသာဘိုင် နှင့် ဒဘလျူကျဝါဘိုင်** (၁)၊ **မာမက် ဆာဒက် အာလီခန်** နှင့် **ကာဇင်အာလီခန်** (၂)၊ **မိုဟာမက်ယူဆွတ်** နှင့် **မိုဟာမက် အာယွတ်** (၃)၊ **ဘီဘီဇီရာ** နှင့် **ဘီဘီဟာဘီဘွန်နီစာ** (၄)၊ **မဟာမက်အလီခန်** နှင့် **အာမက် အလီခန်** (၅) နှင့် **အလီဟူဒင် အာမက်** နှင့် **မိုဟီဒင် အာမက်** (၆) တို့ အမှုများတွင် ကောက်ယူထားသည်ကို တွေ့မြင်နိုင်ပေသည်။ လျောက်ထားသူတို့၏ ပညာရှိ ရှေ့နေကြီး ဒေါ်ကြည်ကြည်ဝင်း ခြားနားပြ၍ တင်ပြသော၊ **ဝန်ဂါရမ်** နှင့် **ကေအာဗင် ချာကာ** (၇) တို့ အမှုတွင် အတည်ပြုထားသော စကင်းကို သာမန်လျောက်လှာဖြင့် လျောက်ထားကာ ပြင်ဆင်ရန် တရားရုံးသို့ လျောက်ထားနိုင်ကြောင်း၊ တရားမ ကြီးမှု စွဲဆိုရန် မလိုကြောင်းသာ ဆုံးဖြတ်ထားသည်။ ဝါကပ်၏ ဘဏ္ဍာထိန်း လူကြီးများကို သာမန်လျောက်လှာဖြင့် ဖြုတ်ချနိုင်သည်ဟု ဆုံးဖြတ်ထားခြင်း မရှိပေ၊ ဤရုံးမှ ထုတ်ပြန်ထားသည့် မူလဘက် ဆိုင်ရာ နည်းဥပဒေ (တရားမ) အပိုဒ် ၁၇၄ မှာလည်း ဝါကပ်၏ ဘဏ္ဍာထိန်း လူကြီး တဦးဦးအား ဖြုတ်ချသည့် ကိစ္စနှင့် မသက်ဆိုင်ချေ။

အထက်ပါ အကြောင်း ရပ်များကြောင့် အရှာဘီဘီ ဝါကပ်၏ ဘဏ္ဍာထိန်းများ ဖြစ်ကြသည့် လျောက်ထား ခံရသူများအား ဘဏ္ဍာထိန်း ရာထူးမှ ဖြုတ်ချပြီး ဘဏ္ဍာထိန်း အသစ် ခန့်ထားရန် လျောက်ထားခြင်းကို ဥပဒေအရ၊ လက်မခံနိုင်၍ ပလပ် လိုက်သည်၊ အမှုတွင် ပေါ်ပေါက်သည့် အကြောင်း ခြင်းရာများအရ၊ အမှုသည်များသည် မိမိတို့ တရား စရိတ် များကို မိမိတို့ဘာသာ ကျခံကြရမည် ဖြစ်သည်။

---

(၁) ဖအေ၊ အိုင်၊ အာ(ရ်)၊ ၁၉၂၀၊ ဘုံဘော၊ စာ ၂၀။
(၂) အေ၊ အိုင်း၊ အာ(ရ်)၊ ၁၉၃၄၊ အောက်၊ စာ ၁၂၀။
(၃) အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၃၀၊ ပတ္တနား၊ စာ ၅၃၇။
(၄) အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၄၀၊ ပတ္တနား၊ စာ ၉။
(၅) အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၄၅၊ အလဟာဘတ်၊ စာ ၂၆၁ (စုံအဖွဲ့)။
(၆) အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၄၀၊ ပတ္တနား၊ စာ ၃၇၄။
(၇) ဖအေ၊ အိုင်း၊ အာ(ရ်)၊ ၁၉၄၀၊ ဘုံဘော၊ စာ ၁၄၆။

နိုင်ငံတော်တရားရုံးချုပ်

တရားမ ပဌမအယူခံမှု

တရားသူကြီး ဦးသက်ဖေရှေ့တွင်

အိး၊ အာ(ရှ်)၊ ဘီဒန်(အယူခံတရားလို) — ၁၉၆၇ † ဖေဖော်ဝါရီလ ၂၂ ရက်။

နှင့်

ဦးလှိုင်ဖေပါ ၄ (အယူခံတရားခံများ)

ဒီကရီကို ဇာရိပြုလုပ်ခြင်း—တရားမကျင့်ထုံး အမိန့် ၂၁၊ နည်းဥပဒေ ၆၃ အရ မြက်ဖော်ချက် ဒီကရီရလိုမှုတရားစွဲဆိုခြင်း—မြို့ရွာတဦးဦးသည် ပစ္စည်းလွဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၅၃ အရ တရားလိုအနေနှင့်သော်၎င်း၊ တရားခံအနေနှင့်သော်၎င်း၊ မရှေ့မပြောင်းနိုင်သည့်ပစ္စည်း တခုခုကိုလိမ်လည်၍လွဲပြောင်းပေးခဲ့သဖြင့် ပျက်ပြယ်သည်ဟု တင်ပြနိုင်ခြင်း—မည်သည့်အခါ မျိုးတွင် ပြန်လှန်ကန့်ကွက်ချက်တင်သွင်းရမည်ဟု တရားမကျင့်ထုံးအမိန့် ၄၁၊ နည်းဥပဒေ ၂၂ ၌ ပြဋ္ဌာန်းထားခြင်း—ပစ္စည်းလွဲပြောင်းခြင်း အက်ဥပဒေ ပုဒ်မ ၆၀ အရ ကာလစည်းကမ်း သတ်အက်ဥပဒေတွင် ပြဋ္ဌာန်းထားသည့် အချိန်ကာလအတွင်း ပြန်လည် ရွေးနုတ်ပိုင်ခွင့် ရှိခြင်း—အပေါင်ပစ္စည်းကို ရွေးနုတ်ခွင့်ရှိသော်လည်း ထုအခွင့်အရေးကို စွန့်လွှတ် ကြောင်း စာချုပ်ချုပ်ဆိုလျှင် ရွေးနုတ်ပိုင်ခွင့်မှာ ကုန်ဆုံးပျက်ပြယ်နိုင်ခြင်း—မြို့စားသည် မြို့ရွာများ အနက် တဦးကိုသာ ရွေးချယ်ပြီး ထိုမြို့ရွာ၏ကြွေးအတွက် ပစ္စည်းကို အပြီးအပိုင် လွှဲပြောင်း ပေးခြင်း—ပစ္စည်းလွဲပြောင်းခြင်းအက်ဥပဒေ ပုဒ်မ ၅၃ နှင့် ငြိစွန်းခြင်း ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။ပစ္စည်းလွဲပြောင်းခြင်း ဥပဒေပုဒ်မ ၅၃ (၁) အရ မြို့ရွာအားလုံးဆုံးရှုံးစေရန်၊ သို့တည်းမဟုတ် နှောင့်နှေး ကြန့်ကြာစေရန် ရံဖန်ရံခါ ရည်ရွယ်ချက်ဖြင့် မရွှေ့ပြောင်း နိုင်သည့် ပစ္စည်းတခုခုကို လွှဲပြောင်းပေးခဲ့ပါမူ၊ ထိုကဲ့သို့လွှဲပြောင်းပေးခြင်းကို ဆုံးရှုံးခံရသည့်၊ နှောင့်နှေး ကြန့်ကြာခြင်းခံရသည့် မြို့ရွာတို့က ပျက်ပြယ်စေလိုလျှင် ပျက်နိုင်စေရမည်ဖြစ်သည်။ မြို့ရွာများ အနေဖြင့် လိမ်လည်၍ လွှဲပြောင်းပေးခြင်းကို ပျက်ပြယ်ရန် ဆောင်ရွက်နိုင်ခွင့် ရှိလေသည်။ ထိုကဲ့သို့ ပျက်ပြယ်ရန် ဆောင်ရွက်ရာ၌ မြို့ရွာတို့သည် တရားလိုအဖြစ်သာ အမှုကိုစွဲဆိုရမည်၊ တရားခံအဖြစ် စွဲဆိုခြင်းခံရသည့် အမှုဝင် ထုချေချက်တခုအနေဖြင့် တင်ပြခြင်းမပြုနိုင်ဟု ထိုပုဒ်မ ၅၃ က ကန့်သတ် ထားခြင်းမရှိချေ။ ယင်းသို့ ဥပဒေက ကန့်သတ်ချက်ပြုမထားလျှင်၊ မြို့ရွာတဦးဦးသည် မရွှေ့ မပြောင်းနိုင်သည့်ပစ္စည်းတခုခုကို လိမ်လည်၍လွှဲပြောင်းပေးခဲ့သဖြင့် ပျက်ပြယ်သည်ဟု တရားလို အနေနှင့်လည်း တင်ပြနိုင်သည်။ တရားခံအနေနှင့်လည်း ထုချေနိုင်ပေသည်။ ထို့ကြောင့် တရားမ ကျင့်ထုံးအမိန့် ၂၁၊ နည်းဥပဒေ ၆၃ အရ စွဲဆိုသည့်အမှုတွင် ပစ္စည်းလွှဲပြောင်းခြင်း [illegible] ဥပဒေပုဒ်မ ၅၃ ကို ထုချေချက်တခုအနေဖြင့် လက်ခံစဉ်းစားနိုင်သည်ဟု ယူဆရမည်ဖြစ်သည်။

၁၉၆၇

အီး၊ အာ (ရ်)၊ ဘီဒန် နှင့် ဦးလှိုင်ဖေပါ ၄။

ရာမာဆွာမီချစ်တီးယား နှင့် **မာလမွာရက်ဒီးယား** အေ၊အိုင်၊ အာ(ရ်)၊ ၁၉၂၀၊ မဒရပ် ၇၄၈ (စုံညီခုံ)။မနိဟာဘီဘီ နှင့် **ရာခါးဆင်း**၊ အေ၊အိုင်၊အာ(ရ်)၊ ၁၉၅၄၊ မဏိပူ ၁ ရည်ညွှန်းသည်။

ထပ်မံဆုံးဖြတ်ချက်။ ။အယူခံတရားခံသည် မည်သည့်အခါမျိုးတွင် ပြန်လှန်ကန့်ကွက် ချက်တင်သွင်းရမည်ဟု တရားမကျင့်ထုံးအမိန့် ၄၁၊ နည်းဥပဒေ ၂၂ ၌ပြဋ္ဌာန်းထားသည်။ ထိုပြဋ္ဌာန်းချက်များအရဆိုလျှင် ပြန်လှန်ကန့်ကွက်ချက်ကိုအယူခံသည့် နည်းတူတင်သွင်းရခြင်း ဖြစ်သည်။ သို့ဖြစ်ရာ အယူခံတရားခံတဦးသည် ဒီကရီ၏တစိတ်ဘဝိုင်းအပေါ် အယူခံဝင်ရန်အခွင့်အရေးရှိမှသာ ပြန်လှန်ကန့်ကွက်ချက်ဘင်သွင်းနိုင်မည်ဖြစ်သည်။ ဒီကရီအပေါ် လုံးဝအယူခံဝင်ရန် အခွင့်အရေး မရှိပါမူ ပြန်လှန်ကန့်ကွက်ချက်မတင်သွင်းနိုင်ပေ။ **အောက်ရုံးမှ** မိမိအားလုံးဝအနိုင်ပေးသောဒီကရီကို အယူခံတရားခံအနေဖြင့် အယူခံဝင်ရန်လိုအပ်မည်မဟုတ်ပေ၊ လိုလည်းမလိုပေ။ ထိုကဲ့သို့အမှုမျိုးတွင် တဖက်မှအယူခံဝင်သောအခါ အယူခံတရားခံအနေဖြင့် ပြန်လှန်ကန့်ကွက်ချက်ဘင်သွင်းခြင်းမပြုဘဲ မိမိအားနစ်နာစေသည့် အောက်ရုံး၏ယူဆချက်တခုခုသည် မှားယွင်းနေကြောင်းတင်ပြနိုင်ခွင့်ရှိပေသည်။

တန်ဂွမ်လှိုင် နှင့် **မသန်းရင်**၊ ၁၉၅၀ မြန်မာပြည်စီရင်ထုံး ၂၁၁ (တရားလွှတ်တော်)။ ။ **မသိန်းရွှေ** နှင့် **တန်ကိခိုင်**၊ ၁၉၅၅ မြန်မာပြည်စီရင်ထုံး ၈၅ (တရားလွှတ်တော်ချုပ်) ရည်ညွှန်းသည်။

ထပ်မံဆုံးဖြတ်ချက်။ ။ရောင်းပေါင်စာချုပ်၌ပြန်ရွေးခွင့်မရှိဟု စည်းကမ်းချက်ပါရှိ စေကာမူ ပစ္စည်းလွဲပြောင်းခြင်း ဥပဒေပုဒ်မ ၆၀ အရ ကာလစည်းကမ်းသတ် ဥပဒေတွင် ပြဋ္ဌာန်းထားသည့် အချိန်ကာလအတွင်း ပြန်လည်ရွေးနုတ်ပိုင်ခွင့်ရှိလေသည်။ ပစ္စည်းပေါင်နှံမှုအပေါ် အပေါင်ခံသူက မတရားအခွင့်အရေးယူခြင်းမှ ကာကွယ်ရန်အလို့ငှါ အပေါင်စာချုပ်၌ မည်သို့ပင် ကန့်သတ်ထားစေကာမူ အပေါင်ပစ္စည်းကို ပေါင်နှံသူက ရွေးနုတ်ပိုင်ခွင့်ရှိသည်ဟု ပစ္စည်းလွဲပြောင်းခြင်းဥပဒေပုဒ်မ ၆၀ က အတိအလင်းပြဆိုထားခြင်းဖြစ်ပေသည်။ ရွေးနုတ်ပိုင်ခွင့်ကို ကန့်သတ်ထားလျှင်ယင်းကန့်သတ်ချက်အား ဥပဒေအရ အသိအမှတ်မပြုနိုင်ပေ။ "အပေါင်ဖြစ်ဘူးလျှင် အစဉ် အပေါင်သာဖြစ်ရမည်" ဟုဆိုရိုးစကားပင်ရှိလေသည်။

ပစ္စည်းလွဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၆၀ အရ ပစ္စည်းပေါင်နှံသူတဦးသည် အပေါင်ပစ္စည်းကို ရွေးနုတ်ပိုင်ခွင့်ရှိသော်လည်း ထိုပုဒ်မ၏ ခြွင်းချက်အရဆိုလျှင် အပေါင်အနှံပြုလုပ်လက်ခံသူတို့၏ ပြုမူချက်ကြောင့်ဖြစ်စေ၊ ရုံးတော်၏ ဒီကရီတခုခုကြောင့်ဖြစ်စေ ထိုရွေးနုတ်ပိုင်ခွင့်မှာ ကုန်ဆုံးပျက်ပြယ်နိုင်လေသည်။ ပေါင်နှံသူတဦးအနေဖြင့် အပေါင်ပစ္စည်းကို ရွေးနုတ်ပိုင်ခွင့်မရှိလျှင် အပေါင်ခံသူသည် ထိုပစ္စည်းကို လုံးဝပိုင်ဆိုင်သည်ဟုသာဆိုရန် ရှိပေတော့သည်။

ပေါင်နှံသူ ဒေါ်အုံးတင်သည် အပေါင်ပစ္စည်းဖြစ်သည့် အခင်းဖြစ်အိမ်ကို ပြန်ရွေးနုတ်ခွင့်ရှိသော်လည်း ထိုအခွင့်အရေးကို စွန့်လွှတ်ကြောင်း စွန့်လွှတ်စာချုပ်ချုပ်ဆိုပေးခဲ့သည့် အလျောက် အပေါင်ခံသူ ဦးလှိုင်ဖေသည် ထိုကဲ့သို့စွန့်လွှတ်စာချုပ်ချုပ်ဆိုပေးပြီးနောက် အပေါင်ပစ္စည်းကိုလုံးဝပိုင်ဆိုင်သူတာ ယောက်ဖြစ်လာသည်။

ထပ်မံဆုံးဖြတ်ချက်။ ။မြီစားတဦးသည် မိမိ၏မြီရှင်နှစ်ဦးအနက် တဦးကိုကြွေးငွေအပြေပေးဆပ်ပြီး ကျန် တဦးကိုမူ လုံးဝမပေးဆပ်ဘဲ နေလိုကနေနိုင်သည်။ထိုကဲ့သို့ [illegible]လုပ်လျှင် ယင်းပြုလုပ်ချက်အား အင်ဆော်လဝင်စီ ဥပဒေအရပယ်ဖျက်ရန် လျှောက်ထားနိုင်မည်ဖြစ်သော်လည်း ပစ္စည်း

လွှဲပြောင်းခြင်းဥပဒေပုဒ်မ ၅၃ အရ ပျက်ပြယ်သည်ဟုမဆိုနိုင်ချေ။ [မြို့စားသည်မြို့ရှင်များအနက် တဦးကိုသာ ရွေးချယ်ပြီး ထိုမြို့ရှင်၏နောက်အတွက် ပစ္စည်းကို အပြီးအပိုင်လွှဲပြောင်းပေးခဲ့ပါက ထိုကဲ့သို့လွှဲပြောင်းပေးခြင်းသည် ပစ္စည်းလွှဲပြောင်းခြင်းဥပဒေပုဒ်မ ၅၃ နှင့်ငြိစွန်းသည်ဟုမယူဆနိုင်ပေ။ မြို့စားအနေဖြင့် ထိုကဲ့သို့လွှဲပြောင်းပေးရာတွင် လွှဲပြောင်းပေးသည့် ပစ္စည်းအပေါ် ဦးမိမိ၏ မိုင်ဆိုင်ခွင့်အချို့အဝက်ကို လက်မလွှတ်သဲထားမှသာ ၎င်း၏ပြုမူချက်သည် မြို့ရှင်များအား ဆုံးရှုံးနှောင့်နှေးစေရန် အကြံဖြင့် လိမ်လည်၍ လွှဲပြောင်းပေးသည်ဟု ကောက်ယူရမည် ဖြစ်သည်။

အီး၊ အာ (ရ)၊ ဘီဒန် နှင့် ဦးလှိုင်ဖေပါ၊ ၄။

မဖွါးမေ နှင့် အမ်၊အာ(ရ)၊ အမ်၊အမ်၊အော၊ချစ်တီးယားဖန်း၊အတွဲ ၇၊ ရန်ကုန်စီရင်ထုံး၊ ၆၂၄ ရာဉ်ညွှန်းသည်။

အယူခံ တရားလို အတွက်။ ။မစ္စတာ ဘီ၊ ကေ၊ ဆင်း။

အယူခံတရားခံ အတွက်။ ။ဦးအေးမောင်။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံတရားလိုမစ္စတာ အီး၊အာ(ရ)၊ ဘီဒန်သည်၊ အယူခံတရားခံ ဒေါ်အုံးတင်၊ မောင်မောင်အေးနှင့် မမြကြည်တို့သုံးဦးအပေါ် အော်ဒီမံစာချုပ်ဖြင့် ချေးငှါးခဲ့သည့်ငွေ ၄၇,၀၄၀ ကျပ်အတွက် ဒီကရီရရှိခဲ့သည်။ ထိုဒီကရီကို ဇာခိုပြုလုပ်ရာဘင် အယူခံတရားလိုက ရန်ကုန်မြို့၊ ဂဂ လမ်း၊ အမှတ် ၄၆ ရှိ အိမ်နှင့်မြေကို ဝါရမ်းဘမ်းခဲ့၏။ ထိုအခါ အယူခံတရားခံ ဦးလှိုင်ဖေက တရားမကျင့်ထုံးအမိန့် ၂၁၊ နည်းဥပဒေ ၅၁ အရ ဝါရမ်းခွါပေးရန် လျှောက်ထားရာ၊ ဇာခိုရုံးမှ စုံစမ်းစစ်ဆေးပြီးနောက် ၎င်း၏ လျှောက်ထားချက်ကို ပယ်လိုက်လေသည်။ ထို့ကြောင့် ဦးလှိုင်ဖေသည် ဝါရမ်းကပ်ထားသော အိမ်နှင့်မြေမှာ မိမိပိုင်ပစ္စည်းဖြစ်ပြီး တရားရုံးမျှားနှင့် မည်သို့မျှ မသက်ဆိုင်ကြောင်း မြွက်ဖော်ချက် ဒီကရီရလိုမှုကို တရားမကျင့်ထုံး အမိန့် ၂၁၊ နည်းဥပဒေ ၆၃ အရ၊ တရားစွဲဆိုရာ စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီ ရရှိခဲ့သဖြင့် အီး၊ အာ(ရ)၊ ဘီ ဒန်က မကျေနပ်၍ အယူခံမှုကို တင်သွင်းလာခြင်းဖြစ်သည်။

အယူခံတရားခံ ဦးလှိုင်ဖေက အခင်းဖြစ် အိမ်နှင့်မြေတို့ကို မူလပိုင်ရှင် ဒေါ်အုံးတင်သည် ၁၉၅၂ ခု၊ ဇန္နဝါရီလ ၁၄ ရက်နေ့တွင် ရောင်းပေါင်စာချုပ် ချုပ်ဆိုပြီး လွှဲအပ်ပေးခဲ့ကြောင်း၊ အခင်းဖြစ်အိမ်မှာ မူလက တထပ်အိမ်သာဖြစ်ပြီး ၁၉၅၆ ခုနှစ်တွင် မိမိသည် ငွေ ၇,၀၀၀ ကျပ်ခန့် အကုန်အကျခံကာ နှစ်ထပ်အိမ်အဖြစ် ပြင်ဆင်ဆောက်လုပ်ခဲ့ကြောင်း၊ ဒေါ်အုံးတင်သည် ရောင်းပေါင်စာချုပ်တွင် ခွင့်ပြုခဲ့သည့်အတိုင်း ပြန်ဝယ်ခြင်း မပြုနိုင်သဖြင့် ၁၉၅၉ ခု၊ စက်တင်ဘာလ ၁၀ ရက်နေ့တွင် ထိုအခွင့်အရေးကို လုံးဝလွှဲသွားခဲ့ကြောင်း၊ စာချုပ်ချုပ်ဆိုခဲ့၍ အိမ်နှင့်မြေကိုမိမိသာလျှင်ပိုင်ဆိုင်ကြောင်း

---

* ၁၉၆၆ ခုနှစ်၊ တရားမ ပဌမအယူခံမှုအမှတ် ၁၀။

† ၁၉၆၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၀၂၉ တွင်ရန်ကုန်မြို့တော်တရားမတရားသူကြီးချုပ်ချုပ်ချုပ်

၁၉၆၇

အီး၊ အာ (ရှ်)၊ ဘီဖန် နှင့် ဦးလှိုင်ဖေပါ ၄။

အယူခံတရားခံ ဒေါ်အုံးတင်၊ မောင်မောင်အေးနှင့် မမြကြည်တို့နှင့် လုံး၀ သက်ဆိုင်ခြင်း မရှိကြောင်း အဆိုပြုလာလေသည်။

အယူခံတရားလို မစ္စတာ ဘီဖန်က အယူခံတရားခံ ဦးလှိုင်ဖေသည် အခင်းဖြစ်အိမ်နှင့်မြေတို့၏ ပိုင်ရှင် ဖြစ်သည်ဆိုခြင်းမှာ မဟုတ်ကြောင်း၊ အခင်းဖြစ်ပစ္စည်းများနှင့် ပတ်သက်၍ ဦးလှိုင်ဖေအတွက် ချုပ်ဆိုပေးထားသည့် စာချုပ်စာတမ်းများမှာ ဒေါ်အုံးတင်၊ မောင်မောင်အေးနှင့် မမြကြည်တို့၏ မြို့ရှင်များအား ဆုံးရှုံးနစ်နာစေရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခဲ့သည့် လိမ်လည်သော လှည့်ပြောင်းပေးသည့် စာချုပ်များသာ ဖြစ်ကြောင်း၊ ဦးလှိုင်ဖေသည် ဒေါ်အုံးတင်၊ မောင်မောင်အေးနှင့် မမြကြည်တို့နှင့် ပူးပေါင်းပြီး တရားစွဲဆိုခြင်းသာ ဖြစ်ကြောင်း ထုချေခဲ့၏။

အောက်ရုံး ပညာရှိ တရားသူကြီးသည် နှစ်ဘက်အမှုသည်နှင့် သက်သေများကို စစ်ဆေးကြားနာပြီးနောက်၊ ဒေါ်အုံးတင်၊ မောင်မောင်အေးနှင့် မမြကြည်တို့သည် ဦးလှိုင်ဖေနှင့် ပူးပေါင်းကာ မြို့ရှင်များအားဆုံးရှုံးနစ်နာစေရန် အကြံဖြင့် ဦးလှိုင်ဖေသို့ အခင်းဖြစ်ပစ္စည်းများကို လိမ်လည်၍ လှည့်ပြောင်းပေးခဲ့ကြောင်း၊ သို့ရာတွင် တရားမကျင့်ထုံး အမိန့် ၂၁၊ နည်းဥပဒေ ၆၃ အရ၊ စွဲဆိုသောအမှုတွင် ပစ္စည်းကို လိမ်လည်၍ လှည့်ပြောင်းပေးခဲ့သည်ဆိုသော ပြဿနာကို မစဉ်းစားနိုင်သဖြင့် ဦးလှိုင်ဖေသည် အခင်းဖြစ် ပစ္စည်းများကို ပိုင်ဆိုင်သူအဖြစ် ရပ်တည်လျက် ရှိသည်ဟု ယူဆရမည်ဖြစ်ကြောင်း ကောက်ယူကာ ဦးလှိုင်ဖေ စွဲဆိုသည့်အတိုင်း ဒီကရီချမှတ်လိုက်ခြင်း ဖြစ်လေသည်။

အယူခံတရားလို၏ ရှေ့နေကြီး မစ္စတာဆင်းက၊ အောက်ရုံးပညာရှိ တရားသူကြီးအနေဖြင့် ဒေါ်အုံးတင်၊ မောင်မောင်အေးနှင့် မမြကြည်တို့သည် ဦးလှိုင်ဖေနှင့် ပူးပေါင်းကာ မြို့ရှင်များအား ဆုံးရှုံးနစ်နာစေရန် ကြံရွယ်ပြီး အခင်းဖြစ်ပစ္စည်းကို ဦးလှိုင်ဖေအား လိမ်လည်၍ လှည့်ပြောင်းပေးခဲ့ကြောင်း တွေ့ရှိပါလျက်၊ ဦးလှိုင်ဖေသည် ထိုပစ္စည်းကို ပိုင်ဆိုင်သူ ဖြစ်သည်ဟု ယူဆထားခြင်းမှာ ရှေ့နောက်မညီသည့် ဆုံးဖြတ်ချက်တခု ဖြစ်နေ၍ ပယ်ဖျက်သင့်ကြောင်း တင်ပြလာ၏။ အောက်ရုံး ပညာရှိ တရားသူကြီးက တရားမကျင့်ထုံး အမိန့် ၂၁၊ နည်းဥပဒေ ၆၃ အရ မြွက်ဖော်ချက် ဒီကရီရလိုကြောင်း စွဲဆိုသည့်အမှုတွင် မြို့စားတဦးက မြို့ရှင်များ ဆုံးရှုံးနစ်နာစေရန် အကြံဖြင့် မိမိ၏ပစ္စည်းကို လိမ်လည်၍ လှည့်ပြောင်းခဲ့သည်ဆိုသော ထုချေချက်ကို မစဉ်းစားနိုင်ကြောင်း အဓိပ္ပါယ်သက်ရောက်သည့် ကောက်ယူချက်ကို ပြုခဲ့၏။ တနည်းဆိုသော် တရားမကျင့်ထုံး အမိန့် ၂၁၊ နည်းဥပဒေ ၆၃ အရ စွဲဆိုသည့်အမှုတွင် ပစ္စည်းလှည့်ပြောင်းခြင်း ဥပဒေပုဒ်မ ၅၃ ကို ထုချေချက်တခုအနေဖြင့် လက်ခံစဉ်းစားခြင်း မပြုနိုင်ဟု ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။ ထိုဆုံးဖြတ်ချက်မှာ မည်မျှမှန်ကန်သည်ဆိုခြင်းကို စီစစ်ရန်လိုပေသည်။

[ပစ္စည်းလွဲပြောင်းခြင်း ဥပဒေ ပုဒ်မ ၅၃(၁) အရ မြို့ရှင်များအား ဆုံးရှုံးစေရန်၊ သို့တည်းမဟုတ် နှောင့်နှေး ကြန့်ကြာစေရန် ရည်ရွယ်ချက်ဖြင့် မရွေ့မပြောင်းနိုင်သည့် ပစ္စည်းတခုခုကို လွဲပြောင်းပေးခဲ့ပါမူ၊ ထိုကဲ့သို့ လွဲပြောင်းပေးခြင်းကို ဆုံးရှုံးခံရသည့် နှောင့်နှေး ကြန့်ကြာခြင်းခံရသည့် မြို့ရှင်တို့က ပျက်စေလိုလျှင် ပျက်နိုင်စေရမည် ဖြစ်သည်။ မြို့ရှင်များ အနေဖြင့် လိမ်လည်၍ လွဲပြောင်းပေးခြင်းကို ပျက်ပြယ်ရန် ဆောင်ရွက်နိုင်ခွင့် ရှိလေသည်။ ထိုကဲ့သို့ ပျက်ပြယ်ရန် ဆောင်ရွက်ရာ၌ မြို့ရှင်တို့သည် တရားလိုအဖြစ်သာ အမှုကိုစွဲဆိုရမည်၊ တရားခံအဖြစ် စွဲဆိုခြင်း ခံရသည့်အမှုတွင် ထုချေချက်တခုအနေဖြင့် တင်ပြခြင်း မပြုနိုင်ဟု ထိုပုဒ်မ ၅၃ က ကန့်သတ်ထားခြင်း မရှိချေ။ ယင်းသို့ ဥပဒေက ကန့်သတ်ချက် ပြုမထားလျှင် မြို့ရှင်တဦးဦးသည် မရွေ့မပြောင်းနိုင်သည့် ပစ္စည်းတခုခုကို လိမ်လည်၍ လွဲပြောင်းပေးခဲ့သဖြင့် ပျက်ပြယ်သည်ဟု တရားလိုအနေနှင့်လည်း တင်ပြနိုင်သည်။ တရားခံအနေနှင့်လည်း ထုချေနိုင်ပေသည်။ ထို့ကြောင့် တရားမကျင့်ထုံး အမိန့် ၂၁၊ နည်း၁ဥပဒေ ၆၃ အရ စွဲဆိုသည့် အမှုတွင် ပစ္စည်းလွဲပြောင်းခြင်း ဥပဒေ ပုဒ်မ ၅၃ ကို ထုချေချက်တခုအနေဖြင့် လက်ခံစဉ်းစားနိုင်သည်ဟု ယူဆရမည်ဖြစ်သည်] ။ **ရာမာဆွာမီချစ်တီးယားနှင့်မာလမွာရက်ဒီးယား (၁)၊ မနီဟာဘီဘီ နှင့် ရာခါးဆင်း (၂)** ။

နောက်ဆက်လက် စဉ်းစားရမည့် ပြဿနာမှာအခင်းဖြစ်ပစ္စည်းများကို ဦးလှိုင်ဖေအား ဒေါ်အုံးတင်က ရောင်းပေါင်အဖြစ် လွဲပေးခဲ့ခြင်း၊ ရောင်းပေါင်စာချုပ်တွင် ပေးအပ်သားသည့် အခွင့်အရေးကို စွန့်လွှတ်ခဲ့ခြင်းတို့မှာ ပစ္စည်းလွဲပြောင်းခြင်းဥပဒေ ပုဒ်မ ၅၃ နှင့် ငြိစွန်းသည့် လွဲပြောင်းမှု ဟုတ်သည်မဟုတ်သည် ဆိုခြင်းပင်ဖြစ်၏။ အယူခံဘရားခံ ဦးလှိုင်ဖေ၏ ပညာရှိရွှေနေကြီး ဦးအေးမောင်က ဒေါ်အုံးတင်သည် ဦးလှိုင်ဖေနှင့် ပူးပေါင်းကာ ပစ္စည်းများကို လိမ်သည်၍ လွဲပြောင်းပေးခဲ့သည်ဆိုသော အောက်ရုံး၏ ကောက်ယူချက်မှာ သက်သေအထောက်အထားများအရ မှားယွင်းနေကြောင်း တင်ပြသာသည်။ အယူခံတရားလို၏ ပညာရှိရွှေနေကြီး မစ္စတာ ဆင်းက ထိုကောက်ယူချက်နှင့်ပတ်သက်၍ အယူခံတရားခံ ဦးလှိုင်ဖေသည် ပြန်လှန်ကန့်ကွက်ချက် တင်သွင်းခဲ့ခြင်းမရှိသဖြင့် ထိုကောက်ယူချက်ကို ဆန့်ကျင်ပြီး ပြောဆိုပိုင်ခွင့် မရှိကြောင်း လျှောက်လဲသွား၏။

(အယူခံတရားခံသည် မည်သည့်အခါမျိုးတွင် ပြန်လှန်ကန့်ကွက်ချက် တင်သွင်းရမည်ဟု တရားမကျင့်ထုံး အမိန့် ၄၁၊ နည်း၁ဥပဒေ ၂၂ ၌ ပြဋ္ဌာန်းထားသည်။ ထိုပြဋ္ဌာန်းချက်များအရဆိုလျှင် ပြန်လှန်ကန့်ကွက်ချက်ကို အယူခံဝင်သည့်နည်းတူ

(၁) အေ၊ အိုင်၊ အာ (၎)၊ ၁၉၂၀ မဒရပ် ၇၄၈ (စုံညီခုံ)။
(၂) အေ၊ အိုင်၊ အာ (၎)၊ ၁၉၅၄ မဏိပူ ၁။

၁၉၆၇ အီး၊ အာ (၎)၊ ဘီဒန် နှင့် ဦးလှိုင်ဖေပါ ၄။

တင်သွင်းရခြင်းဖြစ်သည်။ သို့ဖြစ်ရာ ၊ အယူခံတရားခံတဦးသည် ဒီကရီ၏ တစိတ်တပိုင်းအပေါ် အယူခံဝင်ရန် အခွင့်အရေးရှိမှသာ ပြန်လှန်ကန့်ကွက်ချက် တင်သွင်းနိုင်မည်ဖြစ်သည်။ ဒီကရီအပေါ် လုံးဝအယူခံဝင်ရန် အခွင့်အရေးမရှိပါမူ ပြန်လှန်ကန့်ကွက်ချက် မဘင်သွင်းနိုင်ပေ။ အောက်ခုံးမှ မိမိအား လုံးဝအနိုင်ပေးသော ဒီကရီကို အယူခံဘရားခံအနေဖြင့် အယူခံဝင်ရန် လိုအပ်မည် မဟုတ်ပေ။ လိုလည်း မလိုပေ။ ထိုကဲ့သို့ အမှုမျိုးတွင် တဘက်မှ အယူခံဝင်လာသောအခါ အယူခံတရားခံအနေဖြင့် ပြန်လှန်ကန့်ကွက်ချက် တင်သွင်းခြင်း မပြုဘဲ မိမိအား နစ်နာစေသည့် အောက်ခုံး၏ ယူဆချက်တခုခုသည် မှားယွင်းနေကြောင်း တင်ပြနိုင်ခွင့် ရှိပေသည်။)

တန်ဂွမ်လှိုင်နှင့် မသန်းရင် (၃)၊ **မသိန်းရွှင်နှင့် တန်ကိခိုင်** (၄)။

ဤအမှုတွင် အယူခံတရားခံ ဦးလှိုင်ဖေစွဲဆိုသည့်အတိုင်း အောက်ခုံးမှ ဒီကရီချပေးခဲ့သဖြင့် ဦးလှိုင်ဖေသည် ထိုဒီကရီကို အယူခံမဝင်နိုင်ပေ။ သို့ဖြစ်ရာ တဘက်မှ အယူခံဝင်လာလျှင် ဦးလှိုင်ဖေသည် ပြန်လှန်ကန့်ကွက်ချက်မတင်ဘဲ မိမိအကျိုးကို ဆန့်ကျင်လျက် ဆုံးဖြတ်ထားသော ဆုံးဖြတ်ချက်ကို မှားယွင်းကြောင်း တင်ပြကာ အောက်ခုံး ဒီကရီကို ထောက်ခံနိုင်ပေသည်။

ယခုအမှုတွင် အခိကစဉ်းစားရမည့် စာချုပ်စာတမ်းများမှာ ၁၉၅၂ ခု၊ ဇန္နဝါရီလ ၁၄ ရက်နေ့တွင် ချုပ်ဆိုခဲ့သည့် ရောင်းပေါင်စာချုပ်နှင့် ၁၉၅၉ ခု၊ စက်တင်္ဘာလ ၁၀ ရက်နေ့တွင် ချုပ်ဆိုခဲ့သော စွန့်လွှတ်စာတမ်းတို့ပင် ဖြစ်သည်။ ၁၉၅၂ ခု၊ ဇန္နဝါရီလ ၁၄ ရက်နေ့တွင် ဒေါ်အုံးတင်က အခင်းဖြစ်အိမ်ကို ဦးလှိုင်ဖေအား အဘိုးငွေ ၄,၀၀၀ ကျပ်ဖြင့် ရောင်းချကြောင်း၊ ထိုအိမ်ကို ယင်းသို့ ရောင်းချပြီးနောက် ၂ နှစ်အတွင်း ဒေါ်အုံးတင်က ပြန်ဝယ်သိုလျှင် ငွေ ၁၁,၀၀၀ ကျပ် ပေးရမည်ဖြစ်ကြောင်း၊ ၂ နှစ်ကျော်က ဒေါ်အုံးတင်သည် ပြန်ဝယ်ခွင့် မရှိကြောင်း သက်သေခံ "က" စာချုပ်ကို ချုပ်ဆိုခဲ့၏။ ထိုစာချုပ်မှာ အခင်းဖြစ်အိမ်ကို ဒေါ်အုံးတင်က ဦးလှိုင်ဖေအား စည်းကမ်းချက်ထား၍ ရောင်းချခြင်းဖြင့် ပေါင်နှံခဲ့သည့် ရောင်းပေါင် စာချုပ်ဖြစ်ကြောင်း အငြင်းမထွက်ပေ။ အောက်ခုံး ပညာရှိ တရားသူကြီးက အခင်းဖြစ်အိမ်ကို ငွေ ၄,၀၀၀ ကျပ်နှင့် ပေါင်နှံပြီး ၂ နှစ်အကြာတွင် ၁၀,၀၀၀ ကျပ်နှင့် ပြန်ရွေးရမည်ဟု စည်းကမ်းချက် ပါရှိနေသည့်အတွက် မှန်ကန်သော စာချုပ်ဖြစ်သည်ဟု မယူဆနိုင်ကြောင်း ဝေဖန်ထားသည်။ ဦးလှိုင်ဖေက အိမ်ကို အပေါင်ခံပြီးနောက် ပေါင်နှံသူ ဒေါ်အုံးတင်အား လက်ရှိပေးထားသဖြင့် ဒေါ်အုံးတင်ထံမှ အိမ်လခများအပြင် အိမ်ပြင်ရာဌာ ကုန်ကျစရိတ်များပါ ပေါင်ထားသည့်အလျောက် ပြန်ရွေးသော

(၃) ၁၉၅၀ မြန်မာပြည်စီရင်ထုံး ၂၁၁ (တရားလွှတ်တော်)။
(၄) ၁၉၅၅ မြန်မာပြည်စီရင်ထုံး ၈၅ (တရားလွှတ်တော်ချုပ်)။

အခါ ငွေဘသောင်းဖြင့် ရွေးရမည်ဟု စည်းကမ်း ပြုလုပ်ခဲ့ခြင်း ဖြစ်သည်ဟု ရှင်းလင်း ထားသည်။ အိမ်ပြင်၍ မည်ရွေ့မည်မျှ ကုန်ကျခဲ့သည် ဆိုခြင်းနှင့် ပတ်သက်သော စာရင်းများကိုလည်း တင်ပြထားသည်၊ မည်သို့ပင်ဖြစ်စေ၊ ထိုရောင်းပေါင်စာချုပ်ကို ချုပ်ဆိုစဉ်က အယူခံတရားလို မစ္စတာ ဘီဒန်သည် ဒေါ်အုံးတင်နှင့် အဆက်အသွယ် ပင် ရှိသေးဟန် မတူပေ။ မစ္စတာ ဘီဒန်သည် ဦးရွှိန်၊ ဒေါ်အုံးတင်နှင့် မောင်မောင်အေး တို့အား ၁၉၅၇ ခု၊ ဇန္နဝါရီလ ၁ ရက်နေ့တွင် သာငွေ ၃၂,၀၁၀ ကျပ်ကို ချေးငှါးခဲ့ပြီး ထိုငွေအပေါ် ဇာခရီဖွင့်ခဲ့သည့် ဒီကရီရခဲ့ခြင်းသည်။ ဒေါ်အုံးတင်သည် မစ္စတာ ဘီဒန် ထံမှ ငွေမချေးမီ ၅ နှစ်ခန့် အရင်က အခင်းဖြစ်အိမ်ကို ဦးလှိုင်ဖေအား ရောင်းပေါင် စာချုပ်ပြုလုပ်ပေးခဲ့သဖြင့် မစ္စတာ ဘီဒန်၏ငွေနှင့်ပတ်သက်၍ လက်တလုံးခြားလုပ်ရန် ထို ရောင်းပေါင်စာချုပ်ကို ပြုလုပ်ခဲ့ခြင်းမဟုတ်ကြောင်း ကောင်းစွာ ပေါ်လွင်သည်။

လွန်ခဲ့သည့် ၁၉၅၄ ခု၊ ဩဂုတ်လ ၃၀ ရက်နေ့၌ ဦးရွှိန်၊ ဒေါ်အုံးတင်နှင့် မောင်မောင်အေးတို့သည် အခင်းဖြစ်အိမ်ကို နိုင်ငံတော် ကူးသန်းရောင်းဝယ်ရေးဘဏ် ၌ ငွေ ၇,၀၁၀ ကျပ်ဖြင့် အပေါင်ထားခဲ့၏။ (သက်သေခံ ၅)၊ ထိုကဲ့သို့ အပေါင်ထားစဉ် က သက်သေခံ "က" ရောင်းပေါင်စာချုပ်ကို ဘဏ်သို့ အပ်ပေးခဲ့ကြောင်း၊ သက်သေခံ အမှတ် ၅ စာချုပ်၌ ဖေါ်ပြထားသဖြင့် အခင်းဖြစ်အိမ်ကို ဒေါ်အုံးတင်က ဦးလှိုင်ဖေ ထံမှ ပြန်လည်ရွေးနုတ်ပြီး ဖြစ်သည်ဟု ယူဆစရာအကြောင်း ရှိနေသည်မှာ မှန်၏။ သို့ရာတွင် မောင်မောင်အေး (လိုပြ-၄)က ထိုစာချုပ်ကို ဦးလှိုင်ဖေ နိုင်ငံခြားသို့ သွားနေစဉ် ဦးလှိုင်ဖေ၏ ဇနီးထံမှ မှုံကိစ္စရှိသည်ဟု ပြောပြီး ခေတ္တယူလာကာ ဘဏ်သို့ ပေးခဲ့ရကြောင်း ထွက်ဆိုထားသဖြင့်၊ အဆိုပါ ရောင်းပေါင်စာချုပ်သည် မည်သို့မည်ပုံ ဘဏ်သို့ ရောက်ရှိခဲ့သည်ဆိုသော အချက်နှင့် ပတ်သက်၍ ရှင်းလင်းပြီး ဖြစ်သည်ဟု ယူဆရမည် ဖြစ်သည်။ သို့ဖြစ်ရာ ဒေါ်အုံးတင်က အခင်းဖြစ်အိမ်ကို ဦးလှိုင်ဖေအား ရောင်းပေါင်အဖြစ် ပြုလုပ်ခဲ့သည့် သက်သေခံ "က" စာချုပ်မှာ လည်ဆယ်၍ပြုလုပ်ခဲ့သည့် စာချုပ်မဟုတ်ဘဲ၊ အမှန်တကယ် အကျိုးသက်ရောက်ရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခဲ့သော စာချုပ်ဖြစ်ပေသည်။

ရောင်းပေါင်စာချုပ် အရဆိုလျှင် ဒေါ်အုံးတင်သည် ရောင်းပေါင်စာချုပ် ချုပ်ဆို သည့် ၁၉၅၂ ခု၊ ဇန္နဝါရီလ ၁၄ ရက်နေ့မှ ၂ နှစ်အတွင်း အခင်းဖြစ်အိမ်ကို ဦးလှိုင်ဖေ ထံမှ ငွေ တခဆယ်းဖြင့် ပြန်ရွေးရမည်ဖြစ်သည်။ ၂ နှစ်အတွင်း မရွေးနိုင်က ဒေါ်အုံးတင်၌ **ပြန်ရွေးခွင့်မရှိဟု စည်းကမ်းချက် ပါရှိစေကာမူ** ပစ္စည်းလွဲပြောင်းခြင်း ဥပဒေပုဒ်မ ၆၀ အရ၊ ကာလစည်းကမ်းသတ် ဥပဒေတွင် ပြဋ္ဌာန်းထားသည့် အချိန် ကာလအတွင်း ပြန်လည် ရွေးနှုတ်ပိုင်ခွင့် ရှိလေသည်။ ပစ္စည်းပေါင်နှံမှုအပေါ် အပေါင်ခံ သူက မဘရားအခွင့်အရေးယူခြင်းမှ ကာကွယ်ရန်အလို့ငှါ အပေါင်စာချုပ်၌ မည်သို့ပင်

၁၉၆၇ အီး၊ အာ (ရ်)၊ ဘီဒန် နှင့် ဦးလှိုင်ဖေပါ ၄။

၁၉၆၇

အီး၊ အာ (ရ်)၊ ဘီဗန် နှင့် ဦးလှိုင်ဖေပါ ၄။

ကန့်သတ်ထားစေကာမူ၊ အပေါင်ပစ္စည်းကို ပေါင်နှံသူက ရွေးနုတ်ပိုင်ခွင့်ရှိသည်ဟု ပစ္စည်း လဲပြောင်းခြင်း ဥပဒေ ပုဒ်မ ၆၀ က အတိအလင်း ပြဆိုထားခြင်း ဖြစ်ပေသည်။ ရွေးနုတ်ပိုင်ခွင့်ကို ကန့်သတ်ထားလျှင် ယင်းကန့်သတ်ချက်အား ဥပဒေအရ အသိအမှတ် မပြုနိုင်ပေ၊ "အပေါင်ဖြစ်ဘူးလျှင် အစဉ် အပေါင်သာဖြစ်ရမည်" ဟု ဆိုရိုး စကားပင် ရှိလေသည်။ သို့ဖြစ်ရာ ဒေါ်အုံးတင်သည် ရောင်းပေါင်ပြုလုပ်ပြီးနောက် ၂ နှစ်အတွင်း ရွေးနုတ်ခြင်းမပြုပါက ရွေးနုတ်ပိုင်ခွင့် မရှိဟုဆိုသော စည်းကမ်းချက်မှာ ဥပဒေနှင့်မညီညွတ်ချေ။ ထိုကြောင့်သက်သေခံ "ဂ" စွန့်လွှတ်စာတမ်းကိုချုပ်ဆိုသည့် ၁၉၅၉ ခု၊ စက်တင်ဘာလ ၁၁ ရက်နေ့အထိဒေါ်အုံးတင်သည်အခင်းဖြစ်အိမ်အား ဦးလှိုင်ဖေထံ၌ ပေါင်နှံထားသည့် ပေါင်နှံသူအဖြစ် ရပ်တည်လျက် ရှိသည်ဟုဆိုရပေမည်။

သက်သေခံ "ဂ" စွန့်လွှတ်စာတမ်းကို ချုပ်ဆိုပေးခြင်း အားဖြင့် ဦးလှိုင်ဖေသည် အခင်းဖြစ်အိမ်အား လုံးဝပိုင်ဆိုင်ခွင့် ရရှိခဲ့ပါသလော ဆိုသည့် ပြဿနာကို ဆက်လက်၍ စီစစ်ရန် လိုပေသည်။ ထိုစွန့်လွှတ်စာချုပ်တွင် ဒေါ်အုံးတင်က အခင်းဖြစ်အိမ်ကို မူလရောင်းပေါင်စာချုပ်၌ ပြန်လည်ရွေးနုတ်ခွင့် ပေးထားသော်လည်း ထိုအခွင့်အရေးကို စွန့်လွှတ်ကြောင်း ဖော်ပြခဲ့၏။ အယူခံတရားလို၏ ပညာရှိရွှေနေကြီး မစ္စတာ ဆင်းကစွန့်လွှတ်စာတမ်းချုပ်ဆိုပေးရုံမျှဖြင့် ဦးလှိုင်ဖေသည် အခင်းဖြစ်အိမ်အပေါ် လုံးဝပိုင်ဆိုင်သူ ဖြစ်မလာနိုင်ကြောင်း၊ ပစ္စည်းကိုလဲပြောင်းပေးသည့် စာချုပ်ချုပ်ဆိုပေးမှသာ ပိုင်ရှင်ဟု ခေါ်ဆိုနိုင်မည်ဖြစ်ကြောင်း လျှောက်လဲသွား၏။ ထိုလျှောက်လဲချက်နှင့် ပတ်သက်၍ ဥပဒေ အကိုးအကား တင်ပြခဲ့ခြင်း မရှိချေ။ (ပစ္စည်း လဲပြောင်းခြင်း ဥပဒေပုဒ်မ ၆၀ အရ ပစ္စည်းပေါင်နှံသူ တဦးသည် အပေါင် ပစ္စည်းကို ရွေးနုတ်ပိုင်ခွင့် ရှိသော်သည်း၊ ထိုပုဒ်မ၏ ခြွင်းချက်အရဆိုလျှင်အပေါင်အနှံ ပြုလုပ်လက်ခံသူတို့၏ပြုမှုချက်ကြောင့်ဖြစ်စေ၊ ရုံးတော်၏ဒီကရီတခုခုကြောင့်ဖြစ်စေထိုရွေးနုတ်ပိုင်ခွင့်မှာကုန်ဆုံးပျက်ပြယ်နိုင်လေသည်။ ပေါင်နှံသူတဦးအနေဖြင့်အပေါင်ပစ္စည်းကို ရွေးနုတ်ပိုင်ခွင့် မရှိလျှင်အပေါင်ခံသူသည်ထိုပစ္စည်း ကိုလုံးဝပိုင်ဆိုင်သည်ဟုသာဆိုရန်ရှိပေတော့သည်)။

ယခုအမှုတွင် (ပေါင်နှံသူ ဒေါ်အုံးတင်သည် အပေါင်ပစ္စည်းဖြစ်သည့် အခင်းဖြစ်အိမ်ကို ပြန်ရွေးနုတ်ခွင့်ရှိသော်သည်း၊ ထိုအခွင့်အရေးအို စွန့်လွှတ်ကြောင်း စွန့်လွှတ်စာချုပ် ချုပ်ဆိုပေးခဲ့သည့်အလျောက်၊ အပေါင်ခံသူ ဦးလှိုင်ဖေသည် ထိုကဲ့သို့ စွန့်လွှတ်စာချုပ် ချုပ်ဆိုပေးပြီးနောက် အပေါင်ပစ္စည်းကို လုံးဝပိုင်ဆိုင်သူတယောက် ဖြစ်လာသည်) ဆိုခြင်းမှာ မငြင်းနိုင်တော့ပေ။

အယူခံတရားလို၏ ပညာရှိရွှေနေကြီးက တဖန်၊ ဒေါ်အုံးတင်သည် စွန့်လွှတ်စာတမ်းကို ချုပ်ဆိုပေးစဉ် အချိန်၌ မစ္စတာ ဘီဗန်က ချေးငွေအတွက် နို့တစ်စာပေးခဲ့သည်ကို ရရှိပြီးဖြစ်၍၊ မြို့ရှင်တဦးဖြစ်သူ မစ္စတာ ဘီဗန်အား ဆုံးရှုံးနစ်နာစေရန်

အကြံဖြင့် အခြားမြို့ရှင်တဦးဖြစ်သူ ဦးလှိုင်ဖေအား ဘက်လိုက်ပြီး လွှဲပြောင်းပေးခြင်းသာဖြစ်ကြောင်း တင်ပြသာပြန်သည်။ (မြို့စားတဦးသည် မိမိ၏မြို့ရှင် နှစ်ဦးအနက် တဦးကို ကြေးငွေ အပြေပေးဆပ်ပြီး ကျန်တဦးကိုမူ လုံးဝမပေးဆပ်ဘဲ နေလိုက နေနိုင်သည်။ ထိုကဲ့သို့ပြုလုပ်လျှင် ယင်းပြုလုပ်ချက်အား အင်ဆော်လဝင်စီ ဥပဒေအရ ပယ်ဖျက်ရန် လျှောက်ထားနိုင်မည် ဖြစ်သော်သည်းပစ္စည်း လွှဲပြောင်းခြင်း ဥပဒေ ပုဒ်မ ၅၃ အရ ပျက်ပြယ်သည်ဟု မဆိုနိုင်ခေါ။ မြို့စားသည် မြို့ရှင်များအနက် တဦးကိုသာ ရွေးချယ်ပြီး ထိုမြို့ရှင်၏ ကြွေးအတွက် ပစ္စည်းကို အပြီးအပိုင် လွှဲပြောင်းပေးခဲ့ပါက ထိုကဲ့သို့ လွှဲပြောင်းပေးခြင်းသည် ပစ္စည်း လွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၅၃ နှင့် ငြိစွန်းသည်ဟု မယူဆနိုင်ပေ။ မြို့စားအနေဖြင့် ထိုကဲ့သို့ လွှဲပြောင်းပေးရာတွင် လွှဲပြောင်းပေးသည့် ပစ္စည်းအပေါ်၌ မိမိ၏ပိုင်ဆိုင်ခွင့် အချို့အဝက်ကို လက်မလွှတ်ဘဲ ထားမှသာ ၎င်း၏ပြုမူချက်သည် မြို့ရှင်များအား ဆုံးရှုံးနှောင့်နှေးစေရန် အကြံဖြင့် လိမ်လည်၍ လွှဲပြောင်းပေးသည်ဟု ကောက်ယူရမည်ဖြစ်သည်) ။ **မဖွါးမေနှင့် အမ်၊ အာ (ရ်)၊ အမ်၊ အမ်၊ အေ၊ ချစ်တီးယားဖန်း** (၅) ။

ဤအမှုတွင် ဒေါ်အုံးတင်သည် ကြွေးရှင် ဦးလှိုင်ဖေနှင့် မစ္စတာ ဘီဒန်တို့ ၂ ဦးရှိရာ၊ ဦးလှိုင်ဖေအား အခင်းဖြစ်အိမ်ကို ကြွေးနှင့်အပ်လိုက်ပြီး မစ္စတာ ဘီဒန်သို့မူ လုံးဝပေးဆပ်ခြင်း မရှိသဖြင့်၊ ဘက်လိုက်ပြီး ပေးဆပ်ခဲ့သည်မှာ မှန်၏။ သို့ရာတွင် ဦးလှိုင်ဖေအား အခင်းဖြစ်အိမ်ကို လွှဲအပ်ပေးရာ၌ ဒေါ်အုံးတင်သည် ထိုအိမ်အပေါ် ပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍ လုံးဝသက်သွတ်ခဲ့၏။ ပိုင်ဆိုင်ခွင့် အချို့အဝက်ကို လက်မလွှတ်တဲ့ ထားသည်ဟု စွပ်စွဲနိုင်ခြင်း မရှိခေါ။ သို့ဖြစ်ရာ ဒေါ်အုံးတင်က ဦးလှိုင်ဖေအား အခင်းဖြစ်အိမ်ကို လွှဲပြောင်းပေးခြင်းသည် ပစ္စည်း လွှဲပြောင်းခြင်း ဥပဒေ ပုဒ်မ ၅၃ နှင့် တစုံတရာငြိစွန်းနေသည်ဟု ယူဆရန် အကြောင်းမရှိခေါ။ ယင်းသို့ဆိုလျှင် ဦးလှိုင်ဖေသည် အခင်းဖြစ်အိမ်ကို ပိုင်ဆိုင်သူ တယောက်ဖြစ်သည်ဟု ဆိုရန်သာ ရှိပေတော့သည်။

အဆက်ပါ အကြောင်းရပ်များကြောင့် အယူခံတရားခံ ဦးလှိုင်ဖေသည် အခင်းဖြစ်အိမ်ကို လုံးဝပိုင်ဆိုင်သူ ဖြစ်သည်ဆိုသော အောက်ရုံး၏ ကောက်ယူချက်မှာ ၎င်းပြဆို့ခဲ့သည့် အကြောင်းများကြောင့် မဟုတ်သော်လည်း တနည်းအားဖြင့် မှန်ကန်သည်ဟု ယူဆရမည်ဖြစ်၍၊ ဤအယူခံမှုကို ပလပ်လိုက်သည်။ အမှုတွင် ပေါ်ပေါက်လျက်ရှိသော အကြောင်းခြင်းရာများအရ အယူခံတရားလိုနှင့် အယူခံတရားခံတို့သည် မိမိတို့ဘာရားစရိတ်များကို မိမိတို့ဘာသာ ကျခံရမည်ဖြစ်သည်။

---

(၅) အတွဲ ၇၊ ရန်ကုန် စီရင်ထုံး ၆၂၄။

နိုင်ငံတော်တရားရုံးချုပ်

တရားမကြီးမှု

တရားသူကြီး ဦးသက်ဖေရှေ့တွင်

† ၁၉၆၇ ဇန်နဝါရီလ ၁၈ ရက်။

အင်တာနေရှင်နယ် ထရေဒင်ဟောက်(စ်)လီမိတက် (တရားလို)

နှင့်

ဦးသိန်းမောင် ပါ ၂ (တရားခံများ)*

စါဂမ်းရောင်းချရန် ပဋိညာဉ်စာချုပ် ချုပ်ဆိုခြင်း—ရောင်းချရန် ကတိပျက်ကွက်ခြင်း—ကြိုတင်ငွေအဖြစ်ယူသည့်ငွေနှင့် အတိုးငွေများကိုပါ ရလိုကြောင်း တရားစွဲဆိုမှု—ပဋိညာဉ်အက်ဥပဒေ ပုဒ်မ ၁၈၆၊ ၁၈၇—အခွင့်အမိန့်မရှိဘဲ ငွေများယူခြင်း—ငွေယူသည့်ကိစ္စကို သဘောတူအတည်ပြုခြင်း—ခွင့်ပြုချက်အရ ပြုလုပ်သည်ဟုကောက်ယူနိုင်မယူနိုင်—၁၉၆၃ ခုနှစ်၊ လုပ်ငန်းများ ပြည်သူပိုင်ပြုလုပ်ခြင်း ဥပဒေ—ကုမ္ပဏီများ အက်ဥပဒေပါ ပြဋ္ဌာန်းချက်ကို လွှမ်းမိုးခြင်းဖြစ်မဖြစ်။

ဆုံးဖြတ်ချက်။ ။လူတဦးက အခြားလူတယောက်အား အမှုတစုံတခုဆောင်ရွက်ရန် အလိုငှါ အခွင့်အာဏာလွှဲအပ်ရာတွင် နှုတ်ဖြင့်မြွက်ဆိုခြင်းဖြစ်စေ၊ စာဖြင့်ရေးသားခြင်း ဖြစ်စေ၊ အတိအလင်း လွှဲအပ်ခြင်းလည်း ပြုနိုင်သည်။ အတိအလင်းပြောဆိုရေးသားပြီး လွှဲအပ်ခြင်းမပြုစေကာမူ၊ ပေါ်ပေါက်နေသောအကြောင်းခြင်းရာများကို ထောက်ခြင့်၍ လွှဲအပ်ရာရောက်အောင် ပြုလုပ်ချင်လည်း ကိုယ်စားလှယ်လွှဲခြင်း အထမြောက်သည်ဟု ဆိုရမည်ဖြစ်သည်။ ထိုအတိုင်းပင်လည်း ပဋိညာဉ် ဥပဒေပုဒ်မ ၁၈၆ နှင့် ၁၈၇ တို့တွင်ပြဋ္ဌာန်းထားသည်ကိုတွေ့မြင်နိုင်သည်။

မူလက ဦးသိန်းမောင်သည် ဦးသန်းဖေ၏ အခွင့်အမိန့်မရှိဘဲ ငွေများကိုယူခဲ့သည်ဟုဆိုစေကာမူ၊ ဦးသန်းဖေသည် နောက်ပိုင်း၌ ထိုကဲ့သို့ ဦးသိန်းမောင်ငွေယူခဲ့သည့်ကိစ္စကိုသဘောတူအတည်ပြုခဲ့သည့်အလျောက် ဦးသိန်းမောင်၏ပြုမူချက်သည် ဦးသန်းဖေ၏ ခွင့်ပြုချက်အရ ပြုလုပ်ခဲ့သည်ဟု ကောက်ယူရမည်ဖြစ်သည်။

ကပ်ချန် နှင့် ချီတာမာလ် အေ၊ အိုင်၊အာ(ရှ်)၊ ၁၉၃၁၊အလာဟာဘတ် ၇၂။ **အာမက်မိုဟီဒင် နှင့် ရာဟာရာအလမ်** အေ၊အိုင်၊အာ(ရှ်)၊၁၉၅၀၊ဟိုက်ဒရာဘတ် ၅၂။ **ဘာဗါနီရွှန်ကာနှင့်ဂေါ်ဒန်ဒတ်စ်၊** အေ၊အိုင်၊ **အာ**(ရှ်)၊၁၉၄၃(ပရီဗီကောင်စီ) ၆၆။ **ဂျန်ကီနတ် နှင့် ဇီကာမာလ်၊** အေ၊ အိုင်၊ အာ(ရှ်)၊ ၁၉၃၅၊ **ပဋ္ဌနာ** ၃၇၆ ရည်ညွှန်းသည်။

ထပ်မံဆုံးဖြတ်ချက်။ ။၁၉၆၃ ခုနှစ်၊ လုပ်ငန်းများ ပြည်သူပိုင်ပြုလုပ်ခြင်းဥပဒေမှာ အထူးဥပဒေတရပ်ဖြစ်သည့်အားလျော်စွာ ယေဘုယျဥပဒေဖြစ်သည့် ကုမ္ပဏီများ အက်ဥပဒေပါပြဋ္ဌာန်းချက်များကို လွှမ်းမိုးမည်သာဖြစ်ပေသည်။

---

* ၁၉၆၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၈။

အထူးဥပဒေဖြစ်သည့် ၁၉၆၃ ခုနှစ်၊ လုပ်ငန်းများ ပြည်သူပိုင်ပြုလုပ်ခြင်း ဥပဒေဖြင့် အင်တာနေရှင်နယ်ထရိတ်ဒင်ဟောက် (စ်) လီမိတက်၏ရပိုင်ခွင့်အဝဝကို တရားလိုဆိုရှယ်လစ်စီးပွါးရေးစံနစ်တည်ဆောက်မှုကော်မီတသို့ လွှဲအပ်ပေးခဲ့ပြီးဖြစ်ရာ၊ တရားလိုသည် ထိုကုမ္ပဏီ၏ရပိုင်ခွင့်နှင့် ပတ်သက်၍ တရားစွဲဆိုပိုင်ခွင့်ရှိပေသည်။ ကုမ္ပဏီများဥပဒေအရ ဖျက်သိမ်းဆဲကုမ္ပဏီ၏ရပိုင်ခွင့်ကို ဖျက်သိမ်းရေးအရာရှိကသာ တရားစွဲ တောင်းဆိုနိုင်သည်ဆိုသော ပြဋ္ဌာန်းချက်သည် အမှုနှင့် အကျုံးမဝင်ခေ့။

ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် မောင်ကိုင်း၊ ၁၉၆၃ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး ၄၃၃ ရည်ညွှန်းသည်။

တရားလိုအတွက်။ ။ဦးဘသန်း (၂)။

တရားခံဘက်မှ။ ။ဦးတင်မောင်။

တရားသူကြီး ဦးသက်ဖေ။ ။တရားလို ဆိုရှယ်လစ်စီးပွါးရေးစံနစ် တည်ဆောက်မှုကော်မီတီက တရားခံ ဦးသိန်းမောင်နှင့် ဦးသန်းဖေတို့အပေါ် ၆၅,၆၀၃ ကျပ် ၄၃ ပြားကိုချသိုကြောင်း တရားစွဲဆိုသည့် အမှုဖြစ်သည်။

တရားလို၏အဆိုမှာ၊ လွန်ခဲ့သည့် ၁၉၆၀ ခု၊ နိုဝင်ဘာလ ၁၀ ရက်နေ့တွင် တရားခံ ဦးသိန်းမောင်သည် ဘီအီးဒီစီ၊ လက်အောက်ရှိ အင်တာနေရှင်နယ် ထရေဒင်ဟောက်(စ်) လီမိတက်သို့ ဝါဂွမ်းပိဿာ တရာလျှင် ၃၆၀ ကျပ် နှုန်းဖြင့် ဝါဂွမ်း အထုပ်တရာကိုရောင်းချရန် ပဋိညာဉ်စာချုပ် (သက်သေခံ "က") ချုပ်ဆိုသဖြင့်၊ ထို စာချုပ် ချုပ်ဆိုသည့် ၁၉၆၀ ခု၊ နိုဝင်ဘာလ ၁၀ ရက်နေ့တွင် ငွေ ၁၂,၆၀၀ ကို တကြိမ်၊ ၁၉၆၀ ခု၊ ဒီဇင်ဘာလ ၅ ရက်နေ့တွင် ငွေ ၂၃,၄၀၀ ကိုတကြိမ်၊ စုစုပေါင်း ငွေ ၃၆,၀၀၀ ကျပ် ကိုကြိုဘင်ငွေအဖြစ် တရားခံ ဦးသိန်းမောင်အားထုတ်ပေးခဲ့ကြောင်း၊ ၁၉၆၀ ခု၊ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ဝါဂွမ်း ပိဿာအခြိန်တရာလျှင် ၄၂၅ ကျပ် နှုန်းဖြင့် နောက်ထပ်ဝါဂွမ်း အထုပ်တရာကို ရောင်းချရန် ဦးသိန်းမောင်ကပင် ပဋိညာဉ်စာချုပ် (သက်သေခံ "ခ") ချုပ်ဆိုသောကြောင့် ငွေ ၂၀,၄၀၀ ကို ဦးသိန်းမောင်အား ကြိုဘင်ငွေအဖြစ် ဆုတ်ပေးခဲ့ရကြောင်း၊ အဆိုပါ ပဋိညာဉ် စာချုပ်များကို ချုပ်ဆိုစဉ်က ဦးသိန်းမောင်တဦးတည်းနှင့် ချုပ်ဆိုခဲ့သော်လည်း၊ ဦးသိန်းမောင်မှာ တရားခံ ဦးသန်းဖေ၏ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ပြီး ငွေယူခဲ့သည်ဟုနောက်မှ သိရကြောင်း၊ တရားခံတို့သည် ရောင်းချရန် ဂတိထားခဲ့သည့် ဝါဂွမ်းများကို ပေးအပ်ခြင်းမပြုသည့်အပြင် ကြိုတင်ငွေအဖြစ် ယူခဲ့သည့် ၅၆,၀၀၀ ကျိုးလည်းပြန်မပေးဆပ်ကြောင်း၊ တရားလိုသည် နှစ်ဦးနှစ်ဘက် သဘောတူညီခဲ့သည့် အဆိုပါ ထိုငွေအပေါ် အတိုး ၇ ရာခိုင်နှုန်းကိုပါ ရလိုက်သဖြင့် အတိုး ၉,၆၀၃ ကျပ် ၄၃ ပြားကိုပါ

၁၉၆၇

အင်တာနေရှင်နယ်ထရေဒင်ဟောက် (စ်) လီမိတက် နှင့် ဦးသိန်းမောင် ပါ ၂။

စွဲဆိုချခြင်းဖြစ်ကြောင်း၊ တရားခံဘို့နှင့် အပြန်အလှန် ပဋိညာဉ်စာချုပ် ချုပ်ဆိုခဲ့သည့် အင်တာနေရှင်နယ်ထရေဒင်ဟောက် (စ်) လီမိတက်ကို ၁၉၆၃ ခုနှစ်၊ လုပ်ငန်းများ ပြည်သူပိုင်ပြုလုပ်ခြင်း ဥပဒေပုဒ်မ ၃ အရ နိုင်ငံတော် အစိုးရက ၁၉၆၃ ခု၊ အောက်တိုဘာလ ၂၀ ရက်နေ့တွင် ပြည်သူပိုင် သိမ်းသိုက်ပြီး၊ တော်လှန်ရေးအစိုးရအဖွဲ့ဥက္ကဋ္ဌမှူး၏ ၁၉၆၇ ခု၊ မေလ ၂၉ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၀ ဖြင့် ဆိုရှယ်လစ် စီးပွါးရေးစံနစ် တည်ဆောက်မှု ကော်မတီကို ဖွဲ့စည်းကာ အင်တာနေရှင်နယ်ထရေဒင်ဟောက် (စ်) လီမိတက်၏ ရပိုင်ခွင့် ပစ္စည်းများကို လွှဲအပ်ပေးပြီးဖြစ်ကြောင်းပင်ဖြစ်လေသည်။

တရားခံ ဦးသိန်းမောင်သည် အကြောင်းကြားစာ အတည်ဖြစ်သော်လည်း၊ ငှံးသို့ လာရောက်ဆုခြေခြင်း မရှိသဖြင့်၊ ၎င်းအပေါ် တဘက်သတ် ကြားနာခဲ့ရ၏။ တရားခံ ဦးသိန်းဖေက ဦးသိန်းမောင် ယူသောငွေ ၅၆,၀၀၀ မှာ မိမိနှင့် မပတ်သက်ကြောင်း၊ ဦးသိန်းမောင်သည် မိမိ၏ ကိုယ်စားလှယ် မဟုတ်ကြောင်း၊ မိမိအား ဘမ်းဆီးမည်ဟုပြောခြင့် ဦးသိန်းမောင် ယူသောငွေ ၅၆,၀၀၀ ကိုပေးရန် တာဝန်ယူသည်ဟု လက်မှတ်ထိုးလိုက်ခြင်းဖြစ်ကြောင်း၊ တရားလိုသည် ယခုအမှုကို ဤပုံစံအတိုင်း ဥပဒေအရ တရားစွဲဆိုခြင်း မပြုနိုင်ကြောင်း ထုချေလာသဖြင့်၊ ကျန်ုပ်အရင် ပညာရှိ တရားသူကြီးများက အောက်ပါကောက်ချက် ၆ ခုနှင့် နောက်ထပ် ကောက်ချက် တခုတို့ကိုထုတ်နုတ်ခဲ့၏။

1. Whether the 1st defendant on 10th November 1960 executed the Exhibit A agreement with the plaintiff to sell and deliver 100 bales of Burma raw cotton at K 360 per 100 viss and took two sums of K 12,600 and K 23,400 as advances, as alleged in paragraph 1 of the plaint?

2. Whether on 28th December 1960 the 1st defendant executed the Exhibit B agreement with plaintiff to sell and deliver 100 bales of Burma raw cotton at K 425 per 100 viss and took K 20,000 as advance as alleged in paragraph 2 of the plaint?

3. (*a*) Whether the 1st defendant acted as the agent of the 2nd defendant in connection with the suit contracts, for which the 2nd defendant admitted liability and

the receipt of K 56,000 which he promised to return with interest,

ဒဂုဏ္ဍ

အင်တာနေရှင်နယ်ထရေဒင်ကော်(စ်)လီမိတက်နှင့် ဦးသိန်းမောင်မျိ ၂။

OR

3. (*b*) Whether the letter dated 3rd July 1962 had to be written by the 2nd defendant under inducement or co-ercion without consideration?

4. Whether defendants failed to deliver the bales of cotton as contracted and have thereby committed breaches of the contracts for which they are liable to refund the advances with interest at 7 per cent per annum?

5. Is there any cause of action against the 2nd defendant?

6. To what relief is the plaintiff entitled?

ADDITIONAL ISSUE

1. Whether the suit as framed is maintainable or not?

ကောက်ချက်အမှတ် ၁ နှင့် ၂ တို့ကိုတပြိုင်တည်း ဖြေဆိုပါအံ့။ ပထမတရားခံ ဦးသိန်းမောင်သည် ၁၉၆၀ ခု၊ နိုဝင်ဘာလ ၁၀ ရက်နေ့တွင် ဝါဂွမ်း ပိဿာတရာလျှင် ၃၆၀ ကျပ် နှုန်းဖြင့် ဝါဂွမ်းထုပ် ၁၀၀ ကို အင်တာနေရှင်နယ်ထရေဒင်ဟောက် (စ်) လီမိတက်သို့ ရောင်းချရန် သဘောတူပြီး ပဋိညာဉ်စာချုပ် "က" ကို ချုပ်ဆိုကာ ထိုကုမ္ပဏီမှကြိုတင်ငွေ ၃၆,၀၀၀ ကိုနှစ်ကြိမ်ခွဲ၍ယူခဲ့သည့်အပြင်၊ ၁၉၆၀ ခု၊ ဇီဒင်္ဘာလ ၂၀ ရက်နေ့၌ ဝါဂွမ်းပိဿာတရာလျှင် ၄၂၅ ကျပ်နှုန်းဖြင့် နောက်ထပ်ဝါဂွမ်းထုပ် ၁၀၀ ကို ရောင်းချရန် သဘောတူစာချုပ် "ခ" အား ချုပ်ဆို၍ ကြိုတင်ငွေ ၂၀,၀၀၀ ကို ထပ်မံယူခဲ့ကြောင်း၊ ထိုစဉ်က အင်တာနေရှင်နယ်ထရေဒင်ဟောက် (စ်) လီမိတက်၏ မန်နေဂျာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် ဦးတင်ခိုနိုက ထွက်ဆိုထား၏။ ဦးတင်ခိုနိ၏ ထွက်ချက်အား ဆန့်ကျင်ဘက် ဖြစ်သည့် သက်သေ အထောက်အထား လုံးဝမရှိသဖြင့် ၎င်း၏ ထွက်ချက်ကို လက်ခံရမည် ဖြစ်သည်။ ထို့ကြောင့် ကောက်ချက်အမှတ် ၁ နှင့် ၂ တို့အား တရားလိုစွဲဆိုသည့်အတိုင်း မှန်ကန်သည်ဟု ကျွန်ုပ်ဖြေဆိုလိုက်သည်။

ကောက်ချက်အမှတ် ၃ (က) နှင့် ၅ တို့ကို တပေါင်းတည်း ဖြေဆိုပါအံ့။ တရားခံ ဦးသိန်းမောင်သည် ဂတိစာချုပ် (သက်သေခံ "က" နှင့် "ခ") တို့ကို

၁၉၆၇

အင်တာနေရှင်နယ်ထရေဒင် ဟောက် (စီ) လိမိတက် နှင့် ဦးသိန်းမောင် ပါ ၂။

ချုပ်ဆိုစဉ်က တရားခံ ဦးသန်းဖေ၏ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ကြောင်း ထုတ်ဖော်ခဲ့ခြင်း မရှိသည်မှာမှန်၏။ သို့ရာတွင် တရားခံ ဦးသန်းဖေသည် ၁၉၆၁ ခု၊ ဩဂုတ်လ ၁၂ ရက်နေ့တွင် သက်သေခံအမှတ် "ဃ" စာချုပ်ကို တရားလိုအား ချုပ်ဆိုလက်မှတ်ထိုးပေးခဲ့သည်၊ ထိုစာချုပ်တွင် သက်သေခံ ဂတိစာချုပ် (က နှင့် ခ) အရယူထားသောငွေ ၅၆,၀၀၀ နှင့် အတိုးငွေ ၂,၇၀၆ ကျပ် ၆၇ ပြားကို မိမိနှင့် ဦးသိန်းမောင်ဟိုတာဝန်ရှိကြောင်း၊ ထိုငွေများကို မိမိပိုင် ရွှေမြင့်မိုရ်ရုပ်ရှင်မှ ရိုက်ကူတ် မည့် "သည်ဘက္ခဝယ်" ရုပ်ရှင်ဇာတ်ကား ရုံတင်ရသည့် ငွေများဖြင့် ပေးဆပ်ရန် တာဝန်ယူကြောင်း ဝန်ခံခဲ့လေသည်။ ထိုမျှမက ဦးသန်းဖေသည် ၁၉၆၂ ခု၊ ဇူလိုင်လ ၃ ရက်နေ့တွင် ထိုငွေ ၅၆,၀၀၀ ကိုလက်ခံရရှိသဖြင့် ပြန်ပေးရန် တာဝန်ရှိသည့် အတိုင်း ၁၉၆၂ ခုနှစ်၊ စက်တင်ဘာလမှစ၍ တလလျှင် ငွေ ၅,၀၀၀ ကို လစဉ်ပေး ဆပ်မည်ဖြစ်ကြောင်း ဝန်ခံရေးသားခဲ့သည်။ ၁၉၆၂ ခု၊ အောက်တိုဘာလ ၃၀ ရက်နေ့၌လည်း ဦးသန်းဖေသည် သက်သေခံ "စ" စာဖြင့် ငွေများကို ပေးဆပ်ရန် နိုဝင်ဘာလဆန်း ၁၂ ရက်အထိ အချိန်ပေးရန် တောင်းဆိုခဲ့သေးသည်။ အထက်ပါ အချက်အလက်များကို ပေါင်းစပ်ကြည့်မှုလျှင် တရားခံ ဦးသိန်းမောင်သည် ဂတိ စာချုပ် "က" နှင့် "ခ" တို့ကို ချုပ်ဆိုပြီး ငွေ ၅၆,၀၀၀ ရယူခဲ့သည်မှာ တရားခံ ဦးသန်းဖေအတွက်ဖြစ်ကြောင်း ပေါ်လွင်နေသည်။ အကယ်၍ ဦးသိန်းမောင်သည် ၎င်း၏ကိုယ်ကျိုးအတွက် ငွေများကို ယူခဲ့ခြင်းဖြစ်ပါမူ ဦးသန်းဖေ အနေဖြင့် ထို ငွေများအတွက် တာဝန်ရှိသည်။ ထိုငွေများကို ရရှိခဲ့သည်ဟု ဝန်ခံပြီး၊ ထိုငွေများအား ပြန်လည်ပေးဆပ်ရန် အကြိမ်ကြိမ် အချိန်တောင်းခဲ့ရန် အကြောင်းမရှိနိုင်ပေ။

(လူတဦးက အခြား လူတယောက်အား အမှုတစုံတခု ဆောင်ရွက်ရန်အလို့ငှါ အခွင့်အာဏာ လွှဲအပ်ရာတွင် နူတ်ဖြင့်မြွက်ဆို၍ဖြစ်စေ၊ စာဖြင့်ရေးသား၍ ဖြစ်စေ အတိအလင်း လွှဲအပ်ခြင်းလည်း ပြုနိုင်သည်။ အတိအလင်း ပြောဆိုရေးသားပြီး လွှဲအပ်ခြင်းမပြုစေကာမူ၊ ပေါ်ပေါက်နေသော အကြောင်းချင်းရာများကို ထောက် ချင့်၍ လွှဲအပ်ရာရောက်အောင် ပြုလုပ်လျှင်လည်း ကိုယ်စားလှယ် လွှဲခြင်း အထ မြောက်သည်ဟု ဆိုရမည်ဖြစ်သည်။ ထိုအတိုင်းပင်လည်း ပဋိညာဉ် ဥပဒေပုဒ်မ ၁၈၆ နှင့် ၁၈၇ တို့တွင် ပြဋ္ဌာန်းထားသည်ကို တွေ့မြင်နိုင်ပေသည်)။ ထို့ကြောင့် **ကပ်ချန်း နှင့် ချီတာမာလ်** (၁)တို့အမှုဌ် အောက်ပါအတိုင်းဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

> **" Agency need not be created by written document and can be inferred from the circumstances and the conduct of the parties."**

---

(၁) အော၊ အိုင်၊ အာ (ရဲ)၊ ၁၉၃၁၊ အလာဟာဘတ် ၃၇၂။

အာမက်မိုဟီဒင် နှင့် **ရာဟရာအလမ်** (၂) တို့အမှုဘွင်လည်းအလားတူအောက်ပါအတိုင်း ကောက်ယူခဲ့၏။

အင်တာနေရှင်နယ်ထရေဒင် ဟောက်(စ်) လိမိတက် နှင့် ဦးသိန်းမောင် ပါ ၂။

> "Agency need not necessarily be established by a written document. It may be inferred from circumstances. In order to constitute agency by implication there must have been proof of the one having acted for the other in transactions and having dealt with the estate."

ထို့ပြင်လူတဦးက အခြားလူတစ်ယောက်၏ အခွင့်အမိန့်မရှိဘဲနှင့်သော်၎င်း၊ မသိတဲနှင့်သော်၎င်း၊ ထိုအခြားလူအတွက် တစုံတခုသော အမှုကိုပြုလုပ်ရာတွင်၊ ထိုအခြားလူက သဘောမတူလျှင် ပြုလုပ်ဆောင်ရွက်ခဲ့သော အမှုနှင့်စပ်လျဉ်း၍ ငြင်းဆိုခွင့်ရှိသည်၊ ငြင်းဆိုခြင်းမပြုဘဲ သဘောတူအတည်ပြုခွင့်လည်း ရှိပေသည်။ သဘောတူ၍အာဏာပြုခဲ့လျှင် မိမိ၏အခွင့်အမိန့်နှင့် ဆောင်ရွက်ဘိသကဲ့သို့ အကျိုးထပ်တူထပ်မျှဖြစ်ကာ ခိုင်မာသည်ဟု ယူဆရမည် ဖြစ်ကြောင်း ပဋိညာဉ် ဥပဒေပုဒ်မ ၁၉၆ ကပြဆိုထားလေသည်။ ထိုအချက်နှင့် ပတ်သက်၍ ပရီဗီကောင်စီ လွှတ်တော်က **ဘာဗါနီရွန်ကာ** နှင့် **ဂေါ်ဒန်းတစ်စ်** (၃) အမှု၌ အောက်ပါအတိုင်းယူဆခဲ့၏။

> "Ratification is in law equivalent to previous authority; it may be expressed or it may be effected impliedly by conduct."

ထိုအတိုင်းပင် **ကျန်ကီနတ်** နှင့် **ဒိုကာမာလ်** (၄) တွင် အဆုံးအဖြတ်ပြုခဲ့လေသည်။

ယခုအမှုတွင် (မူလက ဦးသိန်းမောင်သည် ဦးသန်းဖေ၏ အခွင့်အမိန့်မရှိဘဲ ငွေများကို ယူခဲ့သည်ဟု ဆိုစေကာမူ၊ ဦးသန်းဖေသည် နောက်ပိုင်း၌ ထိုကဲ့သို့ ဦးသိန်းမောင် ငွေယူခဲ့သည့် ကိစ္စကို သဘောတူ အတည်ပြုခဲ့သည့် အလျောက် ဦးသိန်းမောင်၏ ပြုမူချက်သည် ဦးသန်းဖေ၏ ခွင့်ပြုချက်အရ ပြုလုပ်ခဲ့သည်ဟု ကောက်ယူရမည်ဖြစ်သည်)။ ထို့ကြောင့် ဤကောက်ချက်များကို တရားလိုအတွက် အသာပေး၍ ကျန်ပိုဖြေဆိုလိုက်သည်။

ကောက်ချက်အမှတ် ၃ (၁) နှင့်ပတ်သက်၍ ထင်ရှားအောင်သက်သေထူရန် တာဝန်မှာ တရားခံ ဦးသန်းဖေ အပေါ်တွင် ကျရောက်သော်လည်း၊ ဦးသန်းဖေသည်

---

(၂) အေ၊ အိုင်၊ အာ (ရှ်)၊ ၁၉၅၀၊ ဟိုက်ဒရာဘတ် ၅၂။
(၃) အေ၊ အိုင်၊ အာ (ရှ်)၊ ၁၉၄၃၊ ပရီဗီကောင်စီ ၆၆။
(၄) အေ၊ အိုင်၊ အာ (ရှ်)၊ ၁၉၃၅၊ ပတ္တနာ ၃၇၆။

မည်သည့် သကသေ အထောက်အထားကိုမျှ တင်ပြနိုင်ခဲ့ခြင်း မရှိပေ။ ငွေ ၅၆,၀၀၀ ကိုရရှိပြီး ထိုငွေများကို ပေးဆပ်ရန် တာဝန်ယူပါသည်ဟု ဝန်ခံရေးသားထားသည့် ၁၉၆၂ ခု၊ ဇူလိုင်လ ၃ ရက်နေ့စွဲပါ စာကို စစ်ဗိုလ်က ခြိမ်းခြောက်ပြီး ရေးခိုင်းသည်ဟု စွပ်စွဲလာသော်လည်း ထိုစွပ်စွဲချက်အား ထောက်ခံမည့် သက်သေအထောက်အထား စိုးစဉ်းမျှ တင်ပြနိုင်ခဲ့ခြင်း မရှိ၍၊ တရားခံ ဦးသန်းဖေ၏ ထုချေချက်မှာ အခြေအမြစ်မရှိကြောင်း ထင်ရှားသည်။ သို့ဖြစ်ရာ၊ ဤကောက်ချက်ကို တရားခံ၏ အကျိုးကိုဆန့်ကျင်လျက် ကျန်ပ်ဖြေဆိုလိုက်သည်။

ကောက်ချက်အမှတ် ၄ နှင့်ပတ်သက်၍ တရားခံတို့သည် ဝါဂွမ်းထုပ်များကို ပဋိညာဉ်အတိုင်း ဆောင်းချပေးအပ်ခြင်း မရှိကြောင်း အငြင်းမထွက်၍၊ တရားလို အတွက် အလေးပေး၍ ကျန်ပ်ဖြေဆိုသည်။

နောက်ထပ်ကောက်ချက်၊ တရားခံ၏ ပညာရှိ ရွှေနေကြီး ဦးတင်မောင်က၊ အင်တာနေရှင်နယ်ထရေဒင်ဟောက် (စ်) လီမိတက်သည် ကုမ္ပဏီများ အက် ဥပဒေအရ တည်ထောင်ခဲ့သော ကုမ္ပဏီဟု ဖြစ်ကြောင်း၊ ထိုကုမ္ပဏီအား ဖျက်သိမ်းဆဲဖြစ်သည့်အားလျော်စွာ ဖျက်သိမ်းရေး အရာရှိကသာလျှင် ဥပဒေအရ တရားစွဲဆိုနိုင်မည်ဖြစ်ပြီး၊ ဆိုရှယ်လစ် စီးပွါးရေးစံနစ် တည်ဆောက်မှု ကော်မီတီအနေဖြင့် တရားလိုပြုလုပ်ကာ တရားစွဲဆိုခဲ့ခြင်းသည် ဥပဒေအရ တရားစွဲဆိုပုံ မှားယွင်းနေကြောင်းတင်ပြလာ၏။ အင်တာနေရှင်နယ်ထရေဒင်ဟောက် (စ်) လီမိတက်ကို ၁၉၆၃ ခုနှစ်၊ လုပ်ငန်းများ ပြည်သူပိုင် ပြုလုပ်ခြင်း ဥပဒေ ပုဒ်မ ၃ အရ နိုင်ငံတော်အစိုးရက၊ ၁၉၆၃ ခု၊ အောက်တိုဘာလ ၂၀ ရက်နေ့ဝင် တော်လှန်ရေးအစိုးရအဖွဲ့ဥက္ကဋ္ဌချုပ်၏ အမိန့်ကြော်ငြာစာအမှတ် ၁၂၆ ဖြင့် ပြည်သူပိုင်သိမ်းခဲ့ပြီးဖြစ်သည်။ ယင်းသို့ပြည်သူပိုင်သိမ်းခဲ့သဖြင့်၊ ထိုကုမ္ပဏီ၏ ရပိုင်မှင့်အဝတို့ နိုင်ငံတော်အစိုးရ လက်ဝယ်ရရှိပြီးဖြစ်သည်။ နိုင်ငံတော်အစိုးရက ၁၉၆၄ ခု၊ မေလ ၂၉ ရက်နေ့တွင် တော်လှန်ရေးအစိုးရအဖွဲ့ဥက္ကဋ္ဌချုပ်၏ အမိန့်ကြော်ငြာစာအမှတ် ၇၈ ဖြင့် ထိုကုမ္ပဏီ၏ ရပိုင်ခွင့်အဝတို့ တရားလို ဆိုရှယ်လစ် စီးပွါးရေးစံနစ် တည်ဆောက်မှု ကော်မီတီသို့ လွှဲအပ်ပေးခဲ့ပြီးဖြစ်သည်။ (၁၉၆၃ ခုနှစ်၊ လုပ်ငန်းများ ပြည်သူပိုင် ပြုလုပ်ခြင်း ဥပဒေမှာ အထူး ဥပဒေတရပ်ဖြစ်သည့်အားလျော်စွာ ယေဘုယျ ဥပဒေ ဖြစ်သည့် ကုမ္ပဏီများ အက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို လွှမ်းမိုးမည်သာ ဖြစ်ပေသည်)။ ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် ပောင်ကိုင်း (၅)။

ယခုအမှုတွင် (အထူးဥပဒေဖြစ်သည့် ၁၉၆၃ ခုနှစ်၊ လုပ်ငန်းများ ပြည်သူပိုင် ပြုလုပ်ခြင်း ဥပဒေဖြင့် အင်တာနေရှင်နယ်ထရေဒင်ဟောက် (စ်) လီမိတက်၏

(၅) ၁၉၆၃ ခု၊ မြန်မာပြည်စီရင်ထုံး ၄၃၃။

ရပိုင်ခွင့်အဝဝကို တရားလို ဆိုရှယ်လစ် စီးပွါးရေးစံနစ် တည်ဆောက်မှု ကော်မီတီသို့ လွှဲအပ်ပေးခဲ့ပြီးဖြစ်ရာ၊ တရားလိုသည် ထိုကုမ္ပဏီ၏ ရပိုင်ခွင့်နှင့် ပတ်သက်၍ တရားစွဲဆိုနိုင်ခွင့် ရှိပေသည်။ ကုမ္ပဏီများ ဥပဒေအရ ဖျက်သိမ်းဆဲ ကုမ္ပဏီ၏ ရပိုင်ခွင့်ကို ဖျက်သိမ်းရေးအရာရှိကသာ တရားစွဲ တောင်းဆိုနိုင်သည်ဆိုသော ပြဋ္ဌာန်းချက်သည် ၇၂ အမှုနှင့်အကျုံးမဝင်ခေါ်။ထို့ကြောင့် ယခုကောက်ချက်ကိုလည်း တရားလိုအတွက် ပင်အသာပေး၍ ကျန်ပ်အဖြေပေးလိုက်သည်။

အထက်ပါအကြောင်းရပ်များအရ တရားလိုသည့် စွဲဆိုသည့်အတိုင်း ၆၅,၆၀၃ ကျပ် ၄၃ ပြားအပေါ် မူလတိထားရှိသည့်အတိုင်း ငွေ ၁၀၀ လျှင် ၇ ကျပ် နှုန်းဖြင့် တရားစွဲဆိုသည့်နေ့မှ ဒီကရီချမှတ်သည့်နေ့အထိ အတိုးနှင့်တကွ ဒီကရီရရှိသင့်သည့် အတိုင်း တရားခံများအပေါ် ဒီကရီချမှတ်ပေးလိုက်သည်။ တရားခံများသည် ဒီကရီငွေဆပ်သည့်နေ့အထိ ခုံ၏နှုန်းအတိုင်း အတိုးငွေကိုလည်း ပေးဆောင်ရမည်ဖြစ်ပြီး၊ တရားစရိတ်များကိုပါ ကျခံရမည်ဖြစ်သည်။

နိုင်ငံတော်တရားရုံးချုပ်

တရားမအသေးအဖွဲမှု

တရားသူကြီး ဦးသက်ဖေရွှေတွင်

၁၉၆၇

ဇန်နဝါရီလ ၁၈ ရက်။

ဦးကျော်စိန်ပါ ၄ (လျှောက်ထားသူများ)

နှင့်

ဦးညွန့်တင်ပါ ၄ (လျှောက်ထားခံရသူများ)*

ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲဝင်လူကြီး ရွှေကောက်တင်မြောက်ခြင်း—လစ်လပ်သော ဂေါပကလူကြီးနှစ်နေရာအတွက် တပေါင်းတည်း ရွေးကောက်ပွဲကျင်းပခြင်းမှာ စကင်းဥပဒေနှင့် ဆန့်ကျင်မဆန့်ကျင်—မဲရုံများကို ယင်ပြင်တော်ပေါ်၌ထားရှိခြင်း မပြုစေကာမူရွေးကောက်ပွဲကိုယင်ပြင်တော်၌ပင်ပြုလုပ်သည်ဟု ယူဆရန် ဖြစ်မဖြစ်—မဲဆန္ဒရှင်များအား အမျိုးသားမှတ်ပုံတင်လက်မှတ်ယူလာမှ ဆန္ဒမဲပေးခွင့်ရမည်ဟု ကျေညာခြင်းမှာ ဆန္ဒမဲပေးနိုင်ခွင့်ကို ပိတ်ပင်ရာရောက် မရောက်—အရွေးခံမည့်လူကြီးများ၏ အသက်ကိုမည်သို့မူတည်၍ တွက်ချက်ရမည်ဆိုသောပြဿနာ—ဂေါပကလူကြီး နှစ်ဦးရွေးကောက် တင်မြောက်သည့်ကိစ္စတွင် တဦးကိုအတည်မပြုလျှင် ကျန်တဦးအား အတည်ပြုနိုင် မပြုနိုင်။

ဆုံးဖြတ်ချက်။ ။ရွှေတိဂုံစေတီတော်ကြီး၏ စကင်းဥပဒေလက်ဖွဲ့တွင် လစ်လပ်လျက်ရှိသော ဂေါပကလူကြီးဦးရေမှာ တဦးထက်ပိုလျှင် ရွေးကောက်ပွဲကို တဦးစီအတွက် သီးသန့်ပြုလုပ်ရမည်ဟု ပြဋ္ဌာန်းချက်မရှိချေ။ တဦးထက်ပိုသော ဂေါပကလူကြီးများအတွက် တပေါင်းတည်းရွေးကောက်ပွဲမကျင်းပရဟုတားမြစ်ချက်လည်းမရှိသဖြင့် ဘဏ္ဍာတော်ထိန်းအဖွဲက လစ်လပ်သော ဂေါပကလူကြီး ၂ နေရာအတွက်တပေါင်းတည်း ရွေးကောက်ပွဲကျင်းပခဲ့ခြင်း မှာ စကင်းဥပဒေနှင့်ဆန့်ကျင်သည်ဟုမဆိုနိုင်ပေ။

မဲဆန္ဒရွေးကောက်ပွဲကို ယင်ပြင်တော်တွင် ပြုလုပ်ရမည် ပြဋ္ဌာန်းထားခြင်း၏ ရည်ရွယ်ချက်မှာ ဗုဒ္ဓဘာသာဝင်မဲဆန္ဒရှင်များအနေဖြင့် ရွေးကောက်ပွဲကျင်းပခြင်းကို လွယ်လင့်တကူသိရှိနားလည်ပြီးအခက်အခဲမရှိဆန္ဒမဲပေးခွင့်ရနိုင်ရန်ပင်ဖြစ်လေသည်။ စောင်းတန်း လေးသွယ်နှင့် ဓါတ်လှေကား ၃ စင်းတို့မှသာ စေတီတော်၏ ယင်ပြင်တော်ပေါ်သို့တက်၍ ရသည်ဆိုခြင်းမှာ အငြင်းမထွက်ပေ။ ထိုစောင်းတန်းနှင့် ဓါတ်လှေကားများသည် ယင်ပြင်တော်သို့ တက်ရာလမ်းကြောင်းများဖြစ်ကြသည်သာမက၊ ယင်ပြင်တော်နှင့် တဆက်တည်းဖြစ်ပြီး၊ ဆန္ဒမဲပေးပြီးသူများကို ယင်ပြင်တော်ပေါ်၌မဲရုံများပိတ်သည့်အချိန်အထိနေစေခဲ့သည့်အတွက် မဲရုံများကို ယင်ပြင်တော်ပေါ်၌ထားရှိခြင်း မပြုစေကာမူ ရွေးကောက်ပွဲကုယင်ပြင်တော်၌ပင် ပြုလုပ်ခဲ့သည်ဟု ယူဆရမည်ဖြစ်ပေသည်။

* ၁၉၆၆ ခုနှစ်၊ တရားမအသေးအဖွဲမှုအမှတ် ၄၀။

မဲဆန္ဒစာရင်းမရှိသည့်အခြေတွင် မဲဆန္ဒရှင်များ၏ အရည်အချင်းကို စီစစ်ရာ၌ အမျိုးသား မှတ်ပုံတင်လက်မှတ်ကို တင်ပြစေခြင်းအားဖြင့် မဲဆန္ဒရှင်တဦးဦးသည် အသက် ၁၈ နှစ်ပြည့်မပြည့်၊ ရန်ကုန်မြို့၌နေထိုင်သူ ဟုတ်မဟုတ် လွယ်လင့်တကူသိရှိနိုင်မည်ဖြစ်ပေသည်။ မဲဆန္ဒရှင်များအား အမျိုးသားမှတ်ပုံတင် လက်မှတ်ယူလာမှသာ ဆန္ဒမဲပေးခွင့်ရမည်ဟု ကျေညာခဲ့ခြင်းမှာ မဲဆန္ဒရှင်များသည် အရည်အချင်းနှင့် ပြည့်စုံသူများ ဟုတ်မဟုတ် အလွယ်တကူဖြင့် စစ်ဆေးသိရှိနိုင်ရန်သာဖြစ်ပြီး၊ ဆန္ဒမဲပေးနိုင်ခွင့်ကို ပိတ်ပင်ရာမရောက်သဖြင့် ရွေးကောက်ပွဲကို ထိခိုက်ပျက်ပြယ်စေသည်ဟုမယူဆနိုင်ပေ။

လစ်လပ်သည့်ဂေါပကလူကြီးနေရာသို့ လျှောက်ထားသည့် ပဂ္ဂိုလ်အရေအတွက်ကလစ်လပ်သည့် နေရာထက်ပိုမိုများပြားမှသာ ရွေးကောက်ပွဲကျင်းပရန် အကြောင်းပေါ်ပေါက်မည်ဖြစ်သည်။ သို့ဖြစ်ရာရွေးကောက်ပွဲကျင်းပသည့်နေ့ကိုမူတည်၍ အရွေးခံသည့်လူကြီးများ၏ အသက်ကိုတွက်ချက်ခြင်းမပြုသင့်။ အရွေးခံမည့်ပဂ္ဂိုလ်များ၏ လျှောက်လွှာတင်သောနေ့ရက်များကို မူတည်၍ အသက်ကိုတွက်ချက်မည်ဟိုလျှင်လည်း မညီမျှမှုများပေါ်ပေါက်လာနိုင်ပေသည်။ လျှောက်လွှာတင်သွင်းခွင့်ကုန်ဆုံးသည့်နေ့ကိုမူတည်၍သာ အရွေးခံမည့်လူကြီးများ၏ အသက်ကိုတွက်ချက်ရမည်ဟုယူဆသည်။

ဂေါပကလူကြီးနှစ်ဦး ရွေးကောက်တင်မြှောက်သည့်ကိစ္စတွင် ဂေါပကလူကြီး တဦးဖြစ်သည့် ဦးကိုကိုအား ရွေးကောက်တင်မြှောက်ခဲ့ခြင်းနှင့်ပတ်သက်၍ ပျက်ပြယ်ရန် အကြောင်းတစုံတရာရှိသည့်ဟု စွပ်စွဲချက်မရှိချေ။ ၎င်းအား ဘဏ္ဍာတော်ထိန်းအဖွဲ့မှ စာင်းဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခဲ့ခြင်းဖြစ်ရာ၊ ၎င်းနှင့်အတူ အရွေးခံသည့် ဦးကျော်စိန်မှာ အရွေးခံရန် အရည်အချင်းမပြည့်စုံသဖြင့် ရွေးကောက်တင်မြှောက်ခြင်းကို အတည်မပြုနိုင်ကာမျှဖြင့် ဦးကိုကိုအား ရွေးကောက်တင်မြှောက်ခြင်းမှာလည်း ပျက်ပြယ်သည်ဟု ယူဆရန်မဖြစ်နိုင်ပေ။

လျှောက်ထားသူများအတွက်။ ။ဦးဗကျမ်းနှင့် ဦးသန်းအေး။

လျှောက်ထားခံရသူများအတွက်။ ။ဦးလှဖေ (၂) ဦးကိုကိုကြီး (၃) ဦးတင့်။

တရားသူကြီး ဦးသက်ဖေ၊ ။လစ်လပ်လျက်ရှိသော ရန်ကုန်မြို့၊ ရွှေဘိုံစေတီဘော်ကြီး၏ ဘဏ္ဍာဘော်ထိန်း ဂေါပကအဖွဲ့ဝင် လူကြီးနှစ်ဦး၏ နေရာတွင် ဦးကျော်စိန်နှင့်ဦး ကိုကိုခိုအား၊ ရွေးကောက်တင်မြှောက်ခြင်းကို ဤရုံးမှအတည်ပြုရန် ရွှေဘိုံစေတီဘော်ကြီး၏ စာင်းဥပဒေလက်စွဲအပိုဒ် ၆ အရ လျှောက်ထားသည့်ကိစ္စဖြစ်သည်။

ရွှေဘိုံစေတီတော်ကြီး၏ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင် လူကြီးများဖြစ်ကြသည့် ဦးဘိုးဗျော့သည် ၁၉၆၅ ခုနှစ်၊ ဒေါ်ဘလဲ့ ၃၁ ရက်နေ့တွင်၊ ဆာဦးသွင်သည် ၁၉၆၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင်၊ ကွယ်လွန်အနိစ္စရောက်ကြသဖြင့် လစ်လပ်သွားသည့်နေရာများအတွက် တပေါင်းတည်း ရွေးကောက်ပွဲကျင်းပရန် ဘဏ္ဍာထိန်းအဖွဲ့မှဆုံးဖြတ်ကြပြီး အရွေးခံမည့်လူကြီးများ၏ အမည်စာရင်းကို ၁၉၆[illegible] ခုနှစ်၊ မတ်လ ၂ ရက်နေ့ညနေ ၄ နာရီထက်နောက်မကျဘဲ တင်သွင်းရန်ကျေညာခဲ့၏။

၁၉၆၇ ဦးကျော်စိန် တို့ နှင့် ဦးညွန့်ထင် တို့ ၄။

ထိုကျေညာချက်အရ ဂေါပကလူကြီး အဖြစ် အရွေးခံရန် ပုဂ္ဂိုလ် ငါးဦး၏ အမည်စာရင်းကို ဘဏ္ဍာတော်ထိန်း အဖွဲ့က လက်ခံရရှိ ခဲ့သည်။ ၎င်းတို့မှာ (၁) ဦးကျော်စိန်၊ (၂) ဦးကိုကို၊ (၃) ဦးမြ၊ (၄) ဦးသာဝင်းနှင့် (၅) ဦးထွန်းလင်းတို့ ဖြစ်ကြသည်။

ဘဏ္ဍာတော်ထိန်းအဖွဲ့မှ ဂေါပကလူကြီးလောင်းများ၏ အမည်စာရင်းကို **စိစစ်** သော ၁၉၆၆ ခုနှစ်၊ မတ်လ ၃ ရက်နေ့တွင် ဦးထွန်းလင်းသည် ၎င်း၏အမည်စာရင်း တင်သွင်းသူဘကို ပြန်လည်ချပ်သိမ်းသိုက်သဖြင့်၊ ဦးကျော်စိန်၊ ဦးကိုကို၊ ဦးမြနှင့် ဦးသာဝင်းတို့ သေးဦးသာလျှင် ယှဉ်ပြိုင်အရွေးခံကြသည်။ ရွေးကောက်ပွဲကို **၁၉၆၆** ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့နံနက် ၈ နာရီမှ ၁၀ နာရီအထိကျင်းပရာ၊ ဦးကျော်စိန်သည် ၂,၀၀၈ မဲ၊ ဦးကိုကိုသည် ၁,၂၅၄ မဲ၊ ဦးသာဝင်းသည် ၁,၂၂၅ မဲ၊ ဦးမြသည် ၆၇၆ မဲ အသီးသီးရရှိကြသဖြင့် ဘဏ္ဍာတော်ထိန်းအဖွဲ့မှ မဲအများဆုံးရရှိကြသည့် ဦးကျော်စိန်နှင့်ဦးကိုကိုတို့အား လစ်လပ်လျက်ရှိသော နေရာများတွင် ရွေးကောက်ခြင်းခံရသည့် ဂေါပကလူကြီးများအဖြစ် ကျေညာကာ၊ ထိုကဲ့သို့ ရွေးကောက်တင်မြှောက်ခြင်းကို အတည်ပြုရန် ဤရုံးသို့လျှောက်ထားခဲ့ခြင်းဖြစ်သည်။

ယင်းသို့ဦးကျော်စိန်နှင့် ဦးကိုကိုတို့အား ဂေါပကလူကြီးများအဖြစ် ရွေးကောက် တင်မြှောက်ခြင်းကို အတည်ပြုကာ လျှောက်ထားသည့် လျှောက်လွှာအား ယှဉ်ပြိုင် အရွေးခံရာတွင် အရေးနိမ့်ခဲ့သူ ဦးသာဝင်းနှင့် ရွေးကောက်ပွဲ၌ မဲဆန္ဒပေးခွင့်ရှိသည်ဟု အဆိုရှိသော ဦးညွန့်တင်၊ ဦးချစ်တင်၊ ဦးထွန်းလှိုင်၊ ဦးသိန်း၊ ဦးချစ်စိန်၊ ဦးလွင်နှင့် ဦးဌေးမြင့်တို့ကကန့်ကွက်လာကြသဖြင့်၊ ၎င်းတို့အား အမှုသည်များအဖြစ် ဤအမှုတွင် သွတ်သွင်းကာ ကျမ်းသစ္စာပြုလွှာ တင်သွင်းရန် အခွင့်အရေးကို ၎င်း၊ လျှောက်လဲ ကြားနာရန်အခွင့်အရေးကိုလည်း ပေးခဲ့၏။

ဘဏ္ဍာတော်ထိန်းအဖွဲ့၏ လျှောက်ထားချက်ကို ကန့်ကွက်ရာ၌ အဓိကအကြောင်း ပြချက်များမှာ (၁) လစ်လပ်သောဂေါပကလူကြီး ၂ နေရာအတွက် တပေါင်းတည်း ရွေးကောက်ပွဲကျင်းပခြင်းမှာ စာကြည့်ပုဒဒေလက်စွဲနှင့် မကိုက်ညီခြင်း၊ (၂) စာကြည့် ပုဒဒေလက်စွဲအရ၊ စေတီတော်ကြီး၏ ယင်ပြင်တော်ပေါ်၌ ရွေးကောက်ပွဲမကျင်းပ သဖြင့် ရွေးကောက်ပွဲမှာ ပျက်ပြယ်ခြင်း၊ (၃) မဲဆန္ဒရှင်များအား အမျိုးသား မှတ်ပုံတင်လက်မှတ်ယူဆောင်လာမှသာ ဆန္ဒမဲပေးခွင့်ပြုမည်ဟု ကျေညာခဲ့သဖြင့်၊ မဲ ဆန္ဒရှင်များ၏ အခွင့်အရေးကို ပိတ်ပင်ရာရောက်ခြင်း၊ (၄) ဆန္ဒမဲပေးရန်နံနက် ၈ နာရီမှ ၁၀ နာရီအထိအချိန် ၂ နာရီသာပေးသဖြင့် မဲဆန္ဒရှင်တို့၏ အခွင့်အရေးကို ပိတ်ပင်ရာရောက်ခြင်း၊ (၅) ရွေးကောက်ပွဲကျင်းပသည့်နေ့က မြောက်ဘက်စောင်း တန်းမဲရုံကို နံနက် ၈ နာရီ ၄၀ မိနစ်တွင် ပိတ်သိုက်သဖြင့် မဲဆန္ဒရှင်သုံးရာ၊ လေးရာခန့်

မှာ မဲမဆေးရကြောင်းဘဲသဖြင့်၊ ဆန္ဒမဲပေးရန်အခွင့်အရေးဆုံးရှုံးခြင်း၊ (၆) မြောက်ဘက်ဆောင်းတန်းမှ မဲဆန္ဒရှင်အချို့သည် မဲရုံအတွင်းသို့ရောက်ပါလျက် ဆန္ဒမဲပေးရန်အခွင့်အရေးမပေးခြင်းနှင့် အနောက်ဘက်စောင်းတန်းမဲရုံသို့ မဲရုံပိတ်သည့် နံနက် ၁၀ နာရီအချိန်မတိုင်မီ ရောက်ရှိကြသည့် မဲဆန္ဒရှင်အချို့မှာ ဆန္ဒမဲပေးရန်အခွင့်အရေးမရကြခြင်းနှင့် (၇) ရွေးကောက်တင်မြောက်ခြင်းခံရသည့် ဦးကျော်စိန်နှင့် ဦးကိုကို တို့သည်၊ အရွေးခံရန် အရည်အချင်းမပြည့်စုံခြင်းတို့ပင် ဖြစ်လေသည်။

ပဋ္ဌမကန့်ကွက်ချက်နှင့်ပတ်သက်၍၊ ရွှေဘိုစေတီဘော်ကြီး၏စာငင်းဥပဒေလက်စွဲတွင် လစ်လပ်သွားရှိသော ဂေါပကသူကြီးဦးရေမှာ တဦးထက်ပိုလျှင်၊ ရွေးကောက်ပွဲကို တဦးစီအတွက် သီးသန့်ပြုလုပ်ရမည်ဟု ပြဋ္ဌာန်းချက်မရှိချေ။ တဦးထက်ပိုသော ဂေါပကသူကြီးများအတွက် တပေါင်းတည်း ရွေးကောက်ပွဲ မကျင်းပရဟု တားမြစ်ချက်လည်းမရှိသဖြင့်၊ ယခုကိစ္စတွင် ဘဏ္ဍာဘော်သိန်းအဖွဲ့က လစ်လပ်သော ဂေါပကလူကြီး ၂ နေရာအတွက် တပေါင်းတည်း ရွေးကောက်ပွဲ ကျင်းပခဲ့ခြင်းမှာ စကင်းဥပဒေနှင့်ဆန့်ကျင်သည်ဟု မဆိုနိုင်ပေ။ ဘဏ္ဍာဘော်သိန်းအဖွဲ့က တင်ပြထားသည့် စာရင်းအရဆိုလျှင် တကြိမ်တည်း ရွေးကောက်ပွဲအတွက်ပင် ၉,၄၄၄ ကျပ် ၉၀ ပြားကုန်ကျခဲ့ရာ၊ လစ်လပ်သောဂေါပကသူကြီး ၂ နေရာအတွက် ၂ ကြိမ်ခွဲ၍ ရွေးကောက်ပွဲကျင်းပလျှင် စေတီတော်၏ ဘဏ္ဍာတော်တွင် ပိုမိုကုန်ကျဘွယ်ရာ အကြောင်းရှိပေသည်။ ထိုကဲ့သို့ စရိတ်ကြေးငွေ အလဟဿ ပိုမိုကုန်ကျကြခြင်းမဖြစ်စေရန် တပေါင်းတည်း ရွေးကောက်ပွဲကျင်းပခဲ့သည့် ဘဏ္ဍာတော်သိန်းအဖွဲ့၏ ဆောင်ရွက်ချက်မှာ လျော်ကန်သင့်မြတ်ပေသည်။

ဒုတိယကန့်ကွက်ချက်နှင့်ပတ်သက်၍၊စေတီတော်ကြီး၏စကင်းဥပဒေအပိုဒ် ၅(ဃ) တွင် မဲဆန္ဒရွေးကောက်ပွဲကို ရွှေတိဂုံစေတီယင်ပြင်တော်တွင် ပြုလုပ်ရမည်ဟု သတ်မှတ်ထားသည်။ ယခုပြုသုပ်ခဲ့သော ရွေးကောက်ပွဲတွင် မဲရုံများကို အရွှေ၊ အနောက်တောင်၊မြောက် စောင်းတန်းလေးသွယ်နှင့် ခါတ်လှေကား ၃ စင်းတို့၌ ထားရှိရာ မဲဆန္ဒရှင်များအား ထိုမဲရုံများတွင် ဆန္ဒမဲပေးစေပြီးနောက် စေတီတော်၏ ယင်ပြင်တော်ဘွင်းမဲရုံများပိတ်သည့်အချိန်အထိ နေစေခဲ့၏။ မဲဆန္ဒရွေးကောက်ပွဲကို ယင်ပြင်တော်တွင် ပြုသုပ်ရမည်ဟု ပြဋ္ဌာန်းထားခြင်း၏ ရည်ရွယ်ချက်မှာ ဗုဒ္ဓဘာသာဝင် မဲဆန္ဒရှင်များအနေဖြင့် ရွေးကောက်ပွဲကျင်းပခြင်းကိုသွယ်သင့်တကူ သိရှိနားလည်ပြီး အဓက်အခဲမရှိ ဆန္ဒမဲပေးခွင့်ရနိုင်ရန် ပင်ဖြစ်လေသည်။ စောင်းတန်းလေးသွယ်နှင့် ခါတ်လှေခါး ၃ စင်းတို့မှသာစေတီတော်၏ယင်ပြင်တော်ပေါ် သို့ တက်၍ရသည်ဖြစ်ခြင်းမှာ အငြင်းမထွက်ပေ။ ထိုစောင်းတန်းနှင့် ခါတ်လှေခါးများသည် ယင်ပြင်တော်သို့ ဆက်ရာ လမ်းကြောင်းများ ဖြစ်ကြသည်သာမက၊ ယင်ပြင်တော်နှင့် တဆက်

တည်းဖြစ်ပြီး၊ ဆန္ဒမဲပေးပြီးသူများကို ယင်ပြင်တော်ပေါ်၌ မဲရုံများပိတ်သည့်အချိန်ထိ နေစေခဲ့သည့်အတွက် မဲရုံများကို ယင်ပြင်တော်ပေါ်၌ ထားရှိခြင်းမပြုစေကာမူ၊ ရွေးကောက်ပွဲကို ယင်ပြင်တော်၌ပင် ပြုလုပ်ခဲ့သည်ဟု ယူဆရမည်ဖြစ်ပေသည်။ မဲဆန္ဒရှင်စာရင်းမရှိသဖြင့် မဲရုံများကို ယင်ပြင်တော်ပေါ်၌ထားရှိသျှင် မဲပေးပြီးသူနှင့် မပေးရသေးသူများကို ခွဲခြားရန် လွယ်ကူမည် မဟုတ်ဘဲ အလွန် ရှုတ်ထွေးသွားရန်သာ အခြေခံရှိသဖြင့် စောင်းဘန်းလေးသွယ်နှင့် ခါတ်သေ့ကားသုံးစင်းမှ မဲပေးစေပြီး မဲပေးပြီးသူများအား ယင်ပြင်တော်ပေါ်၌ မဲရုံပိတ်သည့်အချိန်ထိ နေစေခဲ့သော လက်ရှိအစီအစဉ်မှာ အလွယ်ကူဆုံးနှင့် အဆင်အပြေဆုံးဖြစ်သည့် အစီအစဉ်တခုဖြစ်သည်ဟု ကျွန်ုပ်ထင်မြင်သည်။ ထို့ထက်ကောင်းသည့် အစီအစဉ်ရှိသည်ဟု ကန့်ကွက်သူများအနေဖြင့်လည်း အကြံပေးတင်ပြလာခြင်းမရှိပေ။ သို့ဖြစ်ရာ ဤကန့်ကွက်ချက်မှာ ရွေးကောက်ပွဲအား ပျက်ပြယ်အောင် ခိုင်လုံသည့် ကန့်ကွက်ချက်ဖြစ်သည်ဟု မဆိုနိုင်ချေ။

တဘိယကန့်ကွက်ချက်နှင့်ပတ်သက်၍၊ကန့်ကွက်သူတို့၏ ပညာရှိရွေးနေကြီးများကစကားဥပဒေ၏အပိုဒ် ၄ တွင်မဲဆန္ဒရှင်များ၏ အရည်အချင်းကို သတ်မှတ်ထားရာ၊ ထိုသတ်မှတ်ချက်များအနက်၊ မဲဆန္ဒရှင်တဦးသည် ရန်ကုန်မြို့တွင် အမြဲနေထိုင်သူတဦးဖြစ်ပြီး၊ အသက် ၁၈ နှစ်ထက် မငယ်ရဟုသာ ပြဋ္ဌာန်းထားကြောင်း။ ရန်ကုန်မြို့တွင်နေထိုင်ကြောင်း အထောက်အထားပြသည့် အမျိုးသားမှတ်ပုံတင် လက်မှတ်ရှိရမည်ဟု ပြဋ္ဌာန်းထားခြင်းမရှိသဖြင့်၊ဘဏ္ဍာတော်ထိန်းအဖွဲ့က အမျိုးသားမှတ်ပုံတင်လက်မှတ်ပါမှ ဆန္ဒမဲပေးခွင့်ပြုမည်ဟု သတ်မှတ်ခဲ့ခြင်းသည် မဲဆန္ဒရှင်များ၏ အခွင့်အရေးကို ပိတ်ပင်ရာရောက်သည်ဟု တင်ပြလာကြ၏။ ရွေတိုက်စေတီတော်၏ ဘဏ္ဍာဘော်ထိန်းအဖွဲ့တွင် မဲဆန္ဒရှင်စာရင်း ပြုလုပ်ထားခြင်းမရှိပေ။ မဲဆန္ဒရှင်စာရင်းပြုလုပ်ရသျှင် စေတီတော်ကြီး၏ ဘဏ္ဍာတော်ဘွင် များစွာကုန်ကျစရာ အကြောင်းရှိသဖြင့် မဲဆန္ဒရှင်စာရင်းကိုမပြုလုပ်ခဲ့ရကြောင်း ဘဏ္ဍာတော်ထိန်းအဖွဲ့ကရှင်းလင်းထားသည်။ စေတီတော်ကြီး၏ ဘဏ္ဍာတော်ငွေမှာ စေတနာရှင်များက ကုသိုလ်ရေးအတွက် လှူဒါန်းထားသည့် ငွေများသာဖြစ်ရာ၊ ဘဏ္ဍာဘော်ထိန်းအဖွဲ့အနေဖြင့် ထိုငွေများကို မဲဆန္ဒရှင်စာရင်းဆက် အခရေးကြီးသည့် ကုသိုလ်ရေးကိစ္စများကို ဆောင်ရွက်ရာတွင် အသုံးချရန်ဘဝန်ရှိသဖြင့်၊ မဲဆန္ဒရှင်စာရင်းကို မပြုလုပ်ဘဲထားရခြင်းမှာ ၎င်းတို့၏ တာဝန်ပျက်ကွက်မှုဖြစ်သည်ဟု မဆိုနိုင်ပေ။

ယင်းသို့ မဲဆန္ဒရှင်စာရင်း မရှိသည့်အခြေတွင်၊မဲဆန္ဒရှင်များ၏ အရည်အချင်းကို စီစစ်ရာ၌ အမျိုးသားမှတ်ပုံတင်လက်မှတ်ကို တင်ပြစေခြင်းအားဖြင့်၊ မဲဆန္ဒရှင်တဦးဦးသည် အသက် ၁၈ နှစ်ပြည့် မပြည့်၊ ရန်ကုန်မြို့၌နေထိုင်သူဟုတ်မဟုတ် လွယ်လင့်

တကူသိရှိနိုင်မည်ဖြစ်ပေသည်။ အမျိုးသားမှတ်ပုံတင်လက်မှတ်ကို စစ်ဆေးခြင်းမပြုဘဲ ဆန္ဒမဲပေးခွင့်ပြုလျှင် ရန်ကုန်မြို့နှင့် များစွာမဝေးလှသည့် ဒေသများဖြစ်သော တံတား၊ သံလျင်၊ လှည်းကူး၊မော်ဘီ စသည့်မြို့နယ်များမှ လာရောက်၍ ဆန္ဒမဲပေးသူများကို၊ ခဲခြားသိရှိနိုင်ရန် ခဲယဉ်းမည်ဖြစ်သည်။အသက်နှင့်ပတ်သက်၍လည်း အငြင်းအခုံများဖြစ်ပေါ်နိုင်စရာ အကြောင်းရှိပေသည်။ ကန့်ကွက်သူတို့၏ ပညာရှိရွေးနေကြီးများက ရန်ကုန်မြို့တွင် အမြဲနေထိုင်လျက်ရှိသူအချို့မှာ အခြားမြို့ရွာများမှ ပြောင်းရွှေ့လာကြသူများဖြစ်ခဲ့ရာ၊ ၎င်းတို့၏အမျိုးသားမှတ်ပုံတင် လက်မှတ်၌၊ လိပ်စာကို မူလရပ်ရွာအဘိုးပင်ထားရှိပြီး ပြောင်းလဲခြင်းမပြုခဲ့၍၊၎င်းတို့၏အခွင့်အရေး ဆုံးရှုံးကြသည်ဟု ထပ်ဆင့်တင်ပြလာကြသည်။ အခြားမြို့ရွာများမှ ရန်ကုန်မြို့သို့ ပြောင်းရွှေ့လာကြသူများသည် အမျိုးသားမှတ်ပုံတင်ဌာနသို့ ယင်းသို့ပြောင်းရွှေ့ လာကြောင်း အကြောင်းကြားရန်တာဝန်ရှိသည်။ အကြောင်းကြားလျှင် အမျိုးသား မှတ်ပုံတင်ဌာနကဆင်းတို့၏ နေရပ်လိပ်စာကို ပြောင်းလဲပေးမည်သာဖြစ်သည်။ အမျိုးသားမှတ်ပုံတင်ဌာနအားရန်ကုန်မြို့သို့ ပြောင်းရွှေ့လာကြောင်း အကြောင်းမကြားလျှင်၊ အကြောင်းမကြားသူ၏ တာဝန်သာဖြစ်ပေသည်။ ထိုကဲ့သို့ တာဝန်ပျက်ကွက်သူအနေဖြင့် ဆန္ဒမဲပေးရန်အခွင့်အရေးဆုံးရှုံးလျှင်၊ ၎င်း၏အပြစ်သာ ဖြစ်ပေသည်။ မဲဆန္ဒရှင်များအား အမျိုးသားမှတ်ပုံတင် လက်မှတ်ယူလာမှ ဆန္ဒမဲပေးခွင့်ရမည်ဟု ကျေညာခဲ့ခြင်းမှာ၊ မဲဆန္ဒရှင်များသည် အရည်အချင်းနှင့် ပြည့်စုံသူများဟုတ် မဟုတ် အသွယ်ဘကူဖြင့် စစ်ဆေးသိရှိနိုင်ရန်သာဖြစ်ပြီး၊ ဆန္ဒမဲပေးနိုင်ခွင့်ကို ပိတ်ပင်ရာ မရောက်သဖြင့်၊ ရွေးကောက်ပွဲကို ထိခိုက်ပျက်ပြယ်စေသည်ဟု မယူဆနိုင်ပေ။

၁၉၆၇ ဦးကျော်စိန် ပါ ၄ နှင့် ဦးညွန့်တင် ပါ ၄။

စဘုတ္ထ ကန့်ကွက်ချက်နှင့်ပတ်သက်၍၊ မဲပေးချိန်ကို နံနက် ဂ နာရီမှ ၁၀ နာရီ ထိသာ်မှတ်ခဲ့သဖြင့်၊ မဲပေးချိန် ၂ နာရီသာရရှိခဲ့သည်။ ဂေါပကလူကြီးအဖြစ် အခွင့်ခံရသူများရရှိသော မဲအားလုံးကိုပေါင်းလျှင် ဆန္ဒမဲရှင် စုစုပေါင်း ငါးထောင်ကျော်သာ မဲပေးခွင့်ရရှိခဲ့သဖြင့်၊ ရန်ကုန်မြို့ကဲ့သို့သော မြို့ကြီးတွင် ဆန္ဒမဲပေးခွင့်မရရှိသူများမှာ အဆပေါင်းများစွာ ကျန်ရှိနေမည်ဖြစ်ကြောင်း ထင်ရှား၍ ယင်းသို့ မဲပေးချိန်ကို ၂ နာရီသာ သတ်မှတ်ထားခြင်းသည်၊ မဲဆန္ဒရှင်များ၏ အခွင့်အရေးကို ပိတ်ပင်ရာရောက်သည်ဟု ကန့်ကွက်သူတို့၏ ပညာရှိရွေးနေကြီးများက လျှောက်လဲသွားကြသည်။ စေတီတော်၏ စာကင်းဥပဒေတွင် မဲပေးချိန်ကို မည်သည့်အချိန်မှ မည်သည့်အချိန်အထိ ကန့်သတ်ရမည်ဟု အဘိအလင်းဖော်ပြထားခြင်းမရှိပေ။အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ရွေးကောက်ပွဲကျင်းပရာ၌ အသုံးပြုရန် မဲဆန္ဒရှင်များ၏ စာရင်းမရှိခဲ့ချေ။ စာရင်းမရှိသည့်အလျောက်၊ ဆန္ဒမဲပေးပြီးသူများကို ယင်ပြင်တော်

ပေါ်၌မဲရုံများပိတ်သည် အထိုနေကြရန် စီစဉ်ခဲ့ရ၏။ သို့ဖြစ်ရာ ယခုအစီအစဉ်တိုင်းပင်လျှင် ခပ်စောစောသာ၍ မဲပေးသူများသည် ယင်ပြင်တော်ပေါ်၌ ၂၂ နာရီလုံးလုံး စောင့်ဆိုင်းနေကြရသည်။ မဲပေးခါနိုက်ကို ယခုအစီအစဉ်အတိုင်းထက်တိုး၍ ပေးမည်ဆိုလျှင် မဲပေးပြီးဖြစ်သည့် မဲဆန္ဒရှင်တို့သည် ယင်ပြင်တော်ပေါ်၌ ပိုမို၍စောင့်ဆိုင်းနေထိုင်ကြရမည်ဖြစ်ရာ များစွာကသိကအောက် ဖြစ်ကြရန် အကြောင်းရှိသည်။ သွားလိုရာသို့သွားခွင့်မပြုလျှင် အဓိကချက်ပင် ဖြစ်ပါးစရာအကြောင်း ပေါ်ပေါက်လာနိုင်ပေသည်။ ရန်ကုန်မြို့၌ ဗုဒ္ဓဘာသာဝင် လူဦးရေမှာ သိန်းနှင့်ရှိ၍ပင် ရှိလင့်ကစား၊ လူတိုင်းလူတိုင်းသည် ဆန္ဒမဲပေးရန် စိတ်ဝင်စားကြသည်ဆိုသော အထောက်အထားမရှိ၍၊ မဲဆန္ဒရှင်များ၏အခွင့်အရေးကို ထိခိုက်သည်ဟု ဆိုရန်ခဲယဉ်းပေသည်။ လက်ရှိအစီအစဉ်အတိုင်းမဲပေးရန် အချိန် ၂ နာရီပေးထားခြင်းမှာ အခြေအနေအရ၊ အဆင်အပြေဆုံး အစီအစဉ်ဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။ ထိုအစီအစဉ်ထက်ကောင်းမွန်သည့် အစီအစဉ်ရှိသည်ဟု ကန့်ကွက်သူများအနေဖြင့် တင်ပြလာခြင်းမရှိပေ။ သို့ဖြစ်ရာ မဲပေးရန်အချိန်ကို ၂ နာရီသာ ကန့်သတ်ထားခြင်းကြောင့် ရွေးကောက်ပွဲမှာ မတရားရွေးကောက်ပွဲဖြစ်သည်ဟု မဆိုနိုင်ချေ။

ပဉ္စမကန့်ကွက်ချက်နှင့်ပတ်သက်၍၊ ရွေးကောက်ပွဲကျင်းပသည့်နေ့ကမြောက်ဘက်စောင်းတန်းမဲရုံကို နံနက် ဂ နာရီအချိန်ဖွင့်ပြီး၊ ဆန္ဒမဲပေးခွင့်ပြုခဲ့ရာ၊ နံနက် ဂ နာရီ ၅နာရီ ၄၀ အချိန်တွင် မဲဆန္ဒရှင်လူအုပ်ကြီးသည် အတင်းတိုးဝေ့ဝင်ကြသဖြင့် အုပ်မနိုင်၊ ထိန်းမနိုင် အခြေအနေသို့ ရောက်ရှိခဲ့သည့်အလျောက် မဲရုံတာဝန်ခံအဖြစ် ဆောင်ရွက်သူ ဦးဝင်းမောင်သည် အရွေးခံသူများ၏ ကိုယ်စားလှယ်များနှင့်တိုင်ပင်ကာ ဘဏ္ဍာတော်ထိန်းအမှု၏ သဘောတူညီချက်ဖြင့် ထိုမဲရုံကိုပိတ်ခဲ့ရ၏။ ထိုကဲ့သို့ မဲရုံပိတ်လိုက်ရခြင်းမှာ အခြေအနေအရ မပိတ်လျှင်မဖြစ်၍ ပိတ်ရခြင်း ဖြစ်ကြောင်း ယုံမှားဘွယ်မရှိနိုင်ပေ။ မဲရုံကိုပိတ်လိုက်ပြီးနောက် ဆန္ဒမဲမပေးရသေးသည့် မဲဆန္ဒရှင်များအား အခြားမဲရုံများသို့ သွားရောက်၍ မဲပေးကြရန် ကျေညာခဲ့သည့်အလျောက်၊ ထိုမဲရုံရှိ မဲမပေးရသေးသည့် မဲဆန္ဒရှင်များသည် အခြားမဲရုံများတွင် မဲဆန္ဒပေးရန် အခွင့်အရေးရရှိခဲ့ကြလေသည်။ အခြားမဲရုံများသို့ သွားရောက်ပြီး မဲမပေးလျှင် မပေးသူ၏ဘာဝန်သာဖြစ်ပေသည်။ သို့ဖြစ်ရာ မြောက်ဘက်စောင်းတန်းမဲရုံ ပိတ်ခဲ့ခြင်းအားဖြင့် ၎င်းတို့၏ အခွင့်အရေး ဆုံးရှုံးစေခဲ့သည်ဟု မယူဆနိုင်ချေ။

ဆဋ္ဌမကန့်ကွက်ချက်နှင့်ပတ်သက်၍၊ အဆက်တွင် ဖော်ပြခဲ့သည့်အတိုင်း မြောက်ဘက်စောင်းတန်းမဲရုံမှ မဲဆန္ဒရှင်အချို့တို့သည် မဲရုံထဲသို့ အတင်းတိုးဝေ့ဝင်ကြသဖြင့်၊

မဲထည့်ပြီးဖြစ်သည့် မဲဆန္ဒရှင်များနှင့် ရောနှောသွားကြသည့်အလျောက်၊ ဆန္ဒမဲပေးခွင့် မရကြဘာ့ပေ။ ယင်းသို့ဆန္ဒမဲပေးခွင့် မရကြသူများမှာ စည်းကမ်းကိုချိုးဖောက်ပြီး မဲရုံထဲသို့ အဘင်းတိုးဝင်ခဲ့ကြသည့်အလျောက် ဆန္ဒမဲပေးရန်အခွင့်အရေး ဆုံးရှုံးခဲ့ကြခြင်းဖြစ်သောကြောင့်၊ ရွေးကောက်ပွဲ ကြီးကြပ်သူများ အနေဖြင့် သော်၎င်း၊ အရွေးခံသူများအနေဖြင့်သော်၎င်း၊ လုံးဝဘာဝန်မရှိဘဲ ရွေးကောက်ပွဲ၏ အဆုံးအဖြတ်ကိုလည်း ထိခိုက်သည်ဟုမဆိုနိုင်ပေ။ အနောက်ဘက်စောင်းတန်း မဲရုံ၌ နံနက် ၁၀ နာရီအချိန် မဲရုံပိတ်သောအခါ၊ မဲရုံသံဘီခါးအပြင်ဘက်တွင် မဲဆန္ဒရှင် ၃၀၊ ၄၀ ခန့် ကျန်ရစ်ခဲ့ပြီး ဆန္ဒမဲပေးခွင့်မရကြောင်း မဲရုံတာဝန်ခံ ဦးသိန်းအောင်၏ ဝန်ခံချက်အရ ပေါ်လွင်၏ ရွေးကောက်ပွဲကိုကြီးကြပ်သည့် ဘဏ္ဍာတော်ထိန်းအဖွဲ့အနေဖြင့် နံနက် ၁၀ နာရီအချိန်တွင် မဲရုံပိတ်မည်ဟု ကျေညာထားသည့် အလျောက် မဲရုံတာဝန်ခံသည် နံနက် ၁၀ နာရီတွင် မဲရုံမပိတ်ဘဲ ကျန်နေသူများအား ဆန္ဒမဲပေးရန် ဆက်လက်ခွင့်ပြုပါက အမျိုးမျိုး အဖုံဖုံ စွပ်စွဲလာရန် အကြောင်းရှိနေ၍ ဦးသိန်းအောင်အနေဖြင့် နံနက် ၁၀ နာရီတွင် မဲရုံထဲသို့ ရောက်လာသူများကိုသာ ဆန္ဒမဲပေးရန်ခွင့်ပြုပြီး၊ ကျန်လူများကို ဆန္ဒမဲပေးခွင့် မပြုခဲ့သည်မှာ မှားယွင်းသည်ဟု မဆိုသာ၊ ထိုပြုမူချက်မှာ မှားယွင်းသည်ဟု ဆိုစေကာမူ၊ သဘောရိုးဖြင့် မှားယွင်းခြင်းသာဖြစ်၍ ရွေးကောက်ပွဲအား ထိခိုက်နစ်နာစေသည်ဟု ယူဆခြင်း မပြုနိုင်ပေ။

နောက်ဆုံးဖြစ်သည့် အဋ္ဌမကန့်ကွက်ချက်နှင့် ပတ်သက်၍၊ အရွေးခံရသူ ဦးကိုကိုသည် ဘဏ္ဍာတော်ထိန်းအဖွဲ့၏ စာရင်းစစ်အဖြစ် ဆောင်ရွက်ရန် ဘဏ္ဍာတော်ငွေများကို လက်ခံဘူးသဖြင့် ဂေါပကလူကြီးအဖြစ် အရွေးခံရန် အရည်အချင်း မပြည့်စုံကြောင်း၊ ဦးကျော်စိန်မှာ အရွေးခံသည့်အချိန်၌ အသက် ၆၀ ကျော်ပြီဖြစ်၍ စကားဥပဒေအပိုဒ် ၄(ဂ) အရ အရွေးခံရန် အရည်အချင်းမပြည့်စုံကြောင်း တင်ပြခဲ့၏။ သို့ရာတွင် ကန့်ကွက်သူ ဦးသာဝင်း၏ ပညာရှိရွေးနေကြီး ဦးတင့်က၊ ဦးကိုကို၏ ရှင်းလင်းချက်အရလည်း၊ ဘဏ္ဍာတော်ထိန်းအဖွဲ့၏ ဖေါ်ပြချက်အရလည်း၊ ဦးကိုကိုသည် ဂေါပကလူကြီးအဖြစ် အရွေးခံရန် အရည်အချင်းပြည့်စုံခြင်း မရှိဟုဆိုသော ကန့်ကွက်ချက်ကို ဆက်လက်မပြောဆိုလိုတော့ကြောင်း လျောက်ထားသဖြင့်၊ ဦးကိုကိုနှင့် ပတ်သက်သည့် ကန့်ကွက်ချက်ကို အထူးဝေဖန်ရန် မလိုတော့ပေ။ အရွေးခံရသူ ဦးကျော်စိန်သည် ၎င်း၏အမှုထမ်း ရာဇဝင်စာအုပ် အရ ၁၉၀၆ ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် မွေးဖွားခဲ့သဖြင့်၊ ၁၉၆၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် အသက် ၆၀ ပြည့်ခဲ့လေသည်၊ ထိုအသက်နှင့်ပတ်သက်၍ ၎င်း၏ပညာရှိရွေးနေကြီး ဦးသိန်းအောင်ကလည်း၊ မှန်ကန်ကြောင်းဝန်ခံခဲ့သည်။ ဂေါပကလူကြီးအဖြစ် အရွေးခံသူ၏ အသက်

၁၉၆၇ ဦးကျော်စိန် ပါ ၄ နှင့် ဦးညွန့်တင် ပါ ၄။

နှင့်ပတ်သက်သည့် ကန့်သတ်ချက်မှာ စာဘဉ္ဘဒေအုပ်ဒ် ၄(ဂ) တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်။

"ဘဏ္ဍာတော်ထိန်း ဂေါပကလူကြီးအဖဲ့သို့၊ အရွေးအကောက် ခံမည့်သူလူကြီးတို့သည် အောက်ပါအရည်အချင်းတို့နှင့် ပြည့်စုံစေရမည်။

(က) × × ×

(ခ) × × ×

(ဂ) အသက် ၄၀ ထက်မငယ်၊ ၆၀ ထက်လည်းမကြီးခြင်း။"

အရွေးအကောက်ခံမည့်သူသည်၊ အသက် ၆၀ ထက်မကြီးရဟု ဆိုသော်လည်း၊ မည်သည့်နေ့ရက်တွင် အသက် ၆၀ ထက်မကြီးရဟု သတ်မှတ်ထားခြင်း မရှိသဖြင့်၊ ဦးကျော်စိန်၏ ပညာရှိရွေးနေကြီးက ဘဏ္ဍာထိန်းအဖဲ့သို့ လျှောက်လွှာတင်သည့်နေ့တွင် ဦးကျော်စိန်သည်အသက် ၆၀ မပြည့်သေးသည့်အလျောက်၊ဦးကျော်စိန်သည် အသက်နှင့်ပတ်သက်၍၊ အရည်အချင်းပျက်ကွက်သည်ဟု မဆိုနိုင်ကြောင်း တင်ပြလာသည်။ ကန့်ကွက်သူ ဦးသာဝင်း၏ ပညာရှိရွေးနေကြီးကမူ "ဘဏ္ဍာတော်ထိန်း ဂေါပကလူကြီးအဖဲ့သို့ အရွေး အကောက်ခံမည့်သူ လူကြီး" ဆိုသည့်စကားရပ်မျှားအရ၊ ရွေးကောက်ပဲ့ကျင်းပသည့်နေ့တွင် အသက် ၆၀ ပြည့်ရန်လိုကြောင်း၊ "အရွေးခံရန်လျှောက်ထားသူလူကြီး" ဆိုသောစကားရပ်ကို သုံးနှုန်းထားခြင်းမရှိ၍၊ လျှောက်လွှာတင်သည့်နေ့၌ အသက် ၆၀ မပြည့်ကာမျှဖြင့် အရည်အချင်းပြည့်စုံသူဟု မယူဆနိုင်ကြောင်း တင်ပြသွားလေသည်။ ယခုအမှုတွင် ဘဏ္ဍာတော်ထိန်းအဖဲ့မှ ဂေါပကလူကြီးအဖြစ် အရွေးခံလိုသူတို့သည် ၁၉၆၆ ခုနှစ်၊ မတ်လ ၂ ရက်နေ့ညနေ ၄ နာရီ မတိုင်မီ လျှောက်လွှာတင်ကြရန် ကျေညာခဲ့သည်။ ဦးကျော်စိန်သည် ၎င်း၏လျှောက်လွှာကို ၁၉၆၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် တင်သွင်းခဲ့သည်။ ရှိသော လျှောက်လွှာများကို ဘဏ္ဍာထိန်းအဖဲ့မှ ၁၉၆၆ ခုနှစ်၊ မတ်လ ၃ ရက်နေ့၌ စိစစ်ခဲ့ပြီး၊ ရွေးကောက်ပဲ့ကို ၁၉၆၆ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့တွင် ကျင်းပခဲ့သည်။

ဦးကျော်စိန်သည် ၎င်း၏လျှောက်လွှာကိုတင်သည့် ၁၉၆၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့၌ အသက် ၆၀ မပြည့်သေးပေ။ လျှောက်လွှာများ ဘင်ရမည့် နောက်ဆုံးရက်ဖြစ်သည့် ၁၉၆၆ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင်မူ၊ အသက် ၆၀ ထက် ၂ ရက်ကြီးနေပြီဖြစ်သည်။ ရွေးကောက်ပဲ့ကျင်းပသည့် ၁၉၆၆ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့တွင်မူ အသက် ၆၀ ထက်ကျော်လွန်နေကြောင်း အထူးအဖော်ပြုရန် မလိုတော့ပေ။ သို့ဖြစ်ရာ ထိုသုံးရက်အနက် မည်သည့်ရက်ဖြင့် ဦးကျော်စိန်၏အသက်ကို တွက်ချက်ရမည်ဆိုသော ပြဿနာကို ဖြေရှင်းရန်လိုပေသည်။ အကယ်၍ လျှောက်လွှာတင်သည့်

၁၉၆၇
ဦးကျော်စိန်
ပါ ၄
နှင့်
ဦးညွန့်တင်
ပါ ၄။

နေ့ကို ယူရမည်ဆိုလျှင် ဦးကျော်စိန်သည် အသက်နှင့်ပတ်သက်သည့် အရည်အချင်း ပြည့်စုံသည်ဟု ဆိုရမည်ဖြစ်သည်။ အကယ်၍ လျှောက်လွှာပိတ်သည့်နေ့၊ သို့မဟုတ် ရွေးကောက်ပွဲကျင်းပသည့်နေ့ တခုခုကို ယူရမည်ဆိုလျှင်၊ ဦးကျော်စိန်သည် အသက် ၆၀ ကျော်နေပြီ ဖြစ်သည့်အလျောက် အရည်အချင်းနှင့် ပြည့်စုံခြင်းမရှိဟု ဆိုရမည် ဖြစ်သည်။

လစ်လပ်သည့်ဂေါပကလူကြီးနေရာသို့ လျှောက်ထားသည့်ပုဂ္ဂိုလ်အရေအတွက်က လစ်လပ်သည့်နေရာထက် ပိုမိုများပြားမှသာ ရွေးကောက်ပွဲကျင်းပရန် အကြောင်း ပေါ်ပေါက်မည်ဖြစ်သည်။ ထို့ပြင်လျှောက်ထားသည့်ပုဂ္ဂိုလ်အရေအတွက်ကများပြား နေစေကာမူ အခွဲပုဂ္ဂိုလ်များက မိမိတို့၏ လျှောက်လွှာများကို ပြန်လည်ရုပ်သိမ်း ပါမူ ရွေးကောက်ပွဲပြုလုပ်ရန် လိုမှလိုမည်ဖြစ်သည်။ ယင်းသို့ရွေးကောက်ပွဲ ကျင်းပရန် မလိုလျှင် လျှောက်ထားသော ပုဂ္ဂိုလ်တို့အား လစ်လပ်သည့်နေရာများတွင် ရွေး ကောက်ပြီးဖြစ်သည်ဟု ကျည်ာရန်ရှိတော့သဖြင့် လျှောက်ထားသော ပုဂ္ဂိုလ်များ၏ အသက်မှာ ရွေးကောက်ပွဲပြုလုပ်သည့်နေ့တွင် မည်သွေမည်မျှရှိသည်ဟု ပြဿနာ ပေါ်ပေါက်ရန် အကြောင်းမရှိနိုင်တော့ပေ။ သို့ဖြစ်ရာ ရွေးကောက်ပွဲ ကျင်းပသည့် နေ့ကို မှတ်၍ အရွေးခံမည့်လူကြီးများ၏ အသက်ကို တွက်ချက်ခြင်း မပြုသင့်ဟု ဆုံးဖြတ်ရမည်ဖြစ်သည်။

အရွေးခံမည့် ပုဂ္ဂိုလ်များ၏ လျှောက်လွှာတင်သော နေ့ရက်များကိုမူတည်၍ အသက်ကို တွက်ချက်မည်ဆိုလျှင်လည်း မညီမျှမှုများ ပေါ်ပေါက်လာနိုင်ပေသည်။ ဂေါပကလူကြီးအဖြစ် အရွေးခံမည့် ပုဂ္ဂိုလ်များအနေဖြင့် နောက်ဆုံးလျှောက်လွှာ ပိတ်ဘည့် ၁၉၆၆ ခုနှစ်၊ မတ်လ ၂ ရက်နေ့ ညနေ ၄ နာရီအထိ လျှောက်ထားနိုင်ခွင့် ရှိကြသည်။ ဥပမာအားဖြင့် ယခုအမှုမှာ ဦးကျော်စိန်ကဲ့သို့ ၁၉၆၆ ခုနှစ်၊ ဖေဖော်ဝါရီ လ ၂၇ ရက်နေ့တွင် အသက် ၆၀ ပြည့်သူနှစ်ဦးသည် ဂေါပကလူကြီးများ အဖြစ် အရွေးခံရန် ရည်ရွယ်ကြပြီး တဦးက ၁၉၆၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် လျှောက်လွှာတင်ခဲ့ကာ၊ ကျန်တဦးက လျှောက်လွှာပိတ်ဆည့် ၁၉၆၆ ခုနှစ်၊ မတ်လ ၂ ရက်နေ့၌သာ လျှောက်လွှာတင်ခဲ့ပါမူ၊ ပဌမတဦးကို အသက်နှင့်ပတ်သက်၍ အရည်အချင်းပြည့်စုံသည်ဟု လက်ခံရမည်ဖြစ်သော်လည်း၊ အခြားတဦးကိုမူ အသက် နှင့်ပတ်သက်၍ အရည်အချင်းပြည့်စုံခြင်း မရှိဟု ပယ်ဖျက်ရမည်ဖြစ်သည်။ ယင်းသို့ ဆိုလျှင် တနေ့တည်း တရက်တည်း မွေးဘွားဆုနှစ်ဦးပင် ဖြစ်လင့်ကစား တဦးမှာ အခွင့်အရေး ဆုံးရှုံးရမည်ဖြစ်၍ လျှောက်လွှာတင်သည့်နေ့ကိုမူတည်လျက် အရွေးခံ မည့်လူကြီးများ၏ အသက်ကို တွက်ချက်ခြင်းမပြုအပ်ပေ။ သို့ဖြစ်ရာ လျှောက်လွှာ တင်သွင်းခွင့်ကုန်ဆုံးသည့် ၁၉၆၆ ခုနှစ်၊ မတ်လ ၂ ရက်နေ့ကိုမူတည်၍သာ အရွေးခံ

၁၉၆၇ ဦးကျော်စိန် ပါ ၄ နှင့် ဦးညွန့်တင် ပါ ၄။

မည့်လူကြီးများ၏အသက်ကိုတွက်ချက်ရမည်ဟုယူဆသည်။ ထိုကဲ့သို့ဆိုလျှင်ဦးကျော်စိန်သည် လျှောက်လွှာပိတ်သည့် ၁၉၆၆ ခုနှစ်၊ မတ်လ ၂ ရက်နေ့၌ အသက် ၂၆၀ ကျော်လွန်နေပြီဖြစ်၍၊ အရွေးခံရန် အရည်အချင်းနှင့် မပြည့်စုံတော့ကြောင်းထင်ရှားနေသည်။ယင်းသို့အရွေးခံရန်အရည်အချင်းနှင့်မပြည့်စုံသည့်ပုဂ္ဂိုလ်တဦးအားဂေါပကလူကြီးအဖြစ် ရွေးကောက်တင်မြှောက်ခြင်းကို ဤရုံးအနေဖြင့် အတည်မပြုနိုင်ပေ။

ထပ်ဆင့်စဉ်းစားရမည့်ပြဿနာမှာ၊ ဂေါပကလူကြီးနှစ်ဦးရွေးကောက်တင်မြှောက်ခဲ့သည့် ကိစ္စတွင်၊ တဦးကိုအတည်မပြုလျှင် ကျန်တဦးနှင့်ပတ်သက်၍ မည်သို့မည်ပုံအဆုံးအဖြတ်ပြုရမည် ဆိုခြင်းပင်ဖြစ်၏။ ကျန်ဂေါပကလူကြီးတဦးဖြစ်သည့် ဦးကိုကိုအား ရွေးကောက် တင်မြှောက်ခြင်းနှင့် ပတ်သက်၍ ပျက်ပြယ်ရန် အကြောင်းတစုံတရာရှိသည်ဟု စုပ်စွဲချက်မရှိချေ။ ၎င်းအား ဘဏ္ဍာတော်ထိန်းအဖွဲ့မှ စကင်းဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခဲ့ခြင်းဖြစ်ရာ၊ ၎င်းနှင့်အတူ အရွေးခံသည့် ဦးကျော်စိန်မှာ အရွေးခံရန် အရည်အချင်းမပြည့်စုံသဖြင့် ရွေးကောက်တင်မြှောက်ခြင်းကို အတည်မပြုနိုင်ကာမျှဖြင့်၊ ဦးကိုကိုအား ရွေးကောက်တင်မြှောက်ခြင်းမှာလည်း၊ ပျက်ပြယ်သည်ဟု ယူဆရန် မဖြစ်နိုင်ပေ။ အကယ်၍ ဦးကျော်စိန်သာ အရည်အချင်းမပြည့်စုံ၍ ဝင်ရောက်ယှဉ်ပြိုင် အရွေးခံခြင်းမပြုလျှင်၊ ၎င်းရရှိသည့် မဲများမှာမည်သူ့ထံဘို့မည်မျှရောက်မည်ဟုမပြောနိုင်၍၊ ရွေးကောက်ပဲ့တခုလုံးကို အတည်မပြုသင့်ကြောင်း၊ ကန့်ကွက်သူများ၏ ပညာရှိ ရွှေနေကြီးများက တင်ပြလာသည်။ ဦးကျော်စိန်သာ အရွေးမခံလျှင် ဦးကျော်စိန်အတွက် ဆန္ဒမဲပေးသည့် မဲဆန္ဒရှင်များသည် မဲရုံသို့လာချင်မှလာမည်ဖြစ်ရာ၊ ကျန်အရွေးခံသည့် လူကြီးများအနေဖြင့် ထိုမဲများကို ရမည်ဟု တထစ်ချမဆိုနိုင်သည့်အလျောက် ခန့်မှန်း၍ မရနိုင်သောကိစ္စကို ထည့်သွင်းစဉ်းစားခြင်း မပြုနိုင်ပေ။ မည်သို့ပင်ဖြစ်စေ စကင်းဥပဒေနှင့်အညီ ရွေးကောက်ပဲ့ဖြင့် တင်မြှောက်ခဲ့သည့် ဦးကိုကိုအား အတည်ပြုရန် ဘဏ္ဍာတော်ထိန်းအဖွဲ့မှ တင်ပြလာသည့် ကိစ္စတွင် အတည်မပြုဘဲ ပယ်ချရန်အကြောင်း မပေါ်ပေါက်ပါက၊ ဤရုံး အနေဖြင့် လက်ခံရမည်သာ ဖြစ်ပေသည်။

အထက်ပါ အကြောင်းရပ်များကြောင့် ရွှေတိဂုံစေတီတော်ကြီး၏ ဘဏ္ဍာစောင့်ထိန်းအဖွဲ့တွင် လစ်လပ်လျက်ရှိသော ဂေါပကလူကြီးများနေရာတွင် ဦးကိုကိုအား ရွေးကောက် တင်မြှောက်ခဲ့ခြင်းကို စေတီတော်ကြီး၏ စကင်းဥပဒေအပိုဒ် ၆ အရ အတည်ပြုလိုက်သည်။ ဦးကျော်စိန်အား ရွေးကောက်တင်မြှောက်ခြင်းကို အတည်ပြုရန် လျှောက်ထားချက်ကိုမူ အတည်မပြုဘဲ ပယ်လိုက်သည်။

ယခုကိစ္စမှာ ဘာသာရေးကိစ္စ ဖြစ်သည့်အားလျော်စွာ အမှုသည်များသည် မိမိတို့၏ တရားစရိတ်များကို မိမိတို့ဘာသာ ကျခံကြရမည်ဖြစ်သည်။

နိုင်ငံတော်တရားရုံးချုပ်

တရားမ ပဌမအယူခံမှု

တရားသူကြီး ဦးသက်ဖေ၌တွင်

ဦးထွန်းရွှေ (အယူခံတရားလို) ၁၉၆၇ †

နှင့်

ဦးဝင်း (အယူခံတရားခံ)*

ဇန်နဝါရီလ ၃၀ ရက်။

စာရင်းရှင်းပြီး ငွေရလိုကြောင်း စွဲဆိုမှု—၁၉၄၅ ခုနှစ်၊ ငွေတိုးချစားသူများ ဥပဒေပုဒ်မ ၂ (၆)—ငွေထုတ်ချေးသည့်လုပ်ငန်းတခုတည်းကို အသက်မွေးဝမ်းကျောင်း အလုပ်အဖြစ်လုပ်ကိုင်စား သောက်သူကိုမှသာ ငွေတိုးချေးသူဖြစ်သည်ဟု ကျဉ်းမြောင်းစွာ အဓိပ္ပါယ်ကောက်ယူခြင်း မပြုနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။၁၉၄၅ ခုနှစ်၊ ငွေတိုးချစားသူများ ဥပဒေပုဒ်မ ၂ (၆) အရဆိုလျှင်ငွေထုတ်ချေးသည့်အလုပ်ကို လုပ်ကိုင်သူတဦးဦးအား ငွေတိုးချစားသူဟု ခေါ်ဆိုရမည်ဖြစ်သည်။ ငွေထုတ်ချေးခြင်းကို လုပ်ငန်းတခုအနေဖြင့် လုပ်ကိုင်မှသာ ထိုသူအား ငွေတိုးချစားသူဟု ခေါ်နိုင်မည်ဖြစ်သည်။ လုပ်ငန်းအနေဖြင့်မဟုတ်ဘဲ၊ မိတ်ဆွေတဦးဦးအား ကူညီသည့်အနေဖြင့် တခါတရံသာ ငွေထုတ်ချေးခဲ့ခြင်းဖြစ်ပါမူ ထိုသူကို ငွေတိုးချစားသူဖြစ်သည်ဟု သတ်မှတ်ခြင်းမပြုနိုင်ပေ။ တဖက်မှလည်း ငွေထုတ်ချေးသည့်လုပ်ငန်းတခုတည်းကို အသက်မွေးဝမ်းကျောင်းအလုပ်အဖြစ် လုပ်ကိုင်စားသောက်သူကိုမှသာငွေတိုးချစားသူဖြစ်သည်ဟု ကျဉ်းမြောင်းစွာ အဓိပ္ပါယ်ကောက်ယူခြင်းမပြုနိုင်ပေ။ ဥပမာ၊ လူတယောက်သည် ကုန်သည်အလုပ်ကိုလည်း လုပ်ကိုင်သည့်အပြင် ငွေထုတ်ချေးခြင်းလုပ်ငန်းကိုလည်း လုပ်ဆောင်နေပါမူ ထိုသူအား ငွေတိုးချစားသူ ဖြစ်သည်ဟု ကောက်ယူရမည်ဖြစ်သည်။ သာမန်ကုန်သည် တယောက်သာဖြစ်သည်ဟု မယူဆနိုင်ပေ။

အယူခံတရားလိုအတွက်။ ။ဦးသန်းအောင်။

အယူခံတရားခံအတွက်။ ။ဦးဝင်းလှိုင်။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံ တရားလို ဦးထွန်းရွှေက၊ အယူခံတရားခံ ဦးဝင်းအပေါ် ငွေ ၁၁,၀၃၅ ကျပ်ရလိုကြောင်း ပျဉ်းမနားရုံးထိုင် ရမည်းသင်း

* ၁၉၆၅ ခုနှစ်၊ တရားမ ပဌမအယူခံမှုအမှတ် ၇၂။

† ၁၉၆၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃ တွင် ပျဉ်းမနားမြို့၊ ရုံးထိုင် ရမည်းသင်းခရိုင်တရားမ တရားသူကြီးရုံးတော်၏ ချမှတ်သောဒီကရီကို အယူခံဝင်မှု။

ခရိုင်တရားမဂျုံးဌ် တရားစွဲဆိုရာ၊ စွဲဆိုသည့်အမှုကို တရားစရိတ်နှင့်တကွ ပလပ်ခဲ့သဖြင့် ထိုကဲ့သို့ ပလပ်သော အမိန့်ဒီကရီကို အယူခံဝင်ခြင်းဖြစ်သည်။

အယူခံတရားလိုက အယူခံတရားခံသည် မိမိထံမှ ငွေများကို အလိလိယူ၍ သုံးစွဲခဲ့ရာ ၁၉၆၅ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့တွင် စာရင်းရှင်းကြေးပြီးနောက်၊ ငွေ ၁၁,၀၃၅ ကျပ်ကို ပေးရန် အယူခံတရားခံက ကတိခံဝန်ချက်လက်မှတ်ရေးထိုးခဲ့ကြောင်း၊ သို့ရာတွင် အယူခံတရားခံသည် ထိုငွေများကို ပေးဆပ်ခြင်းမပြု၍ ထိုငွေအပေါ် ဒီကရီရလိုကြောင်း အဆိုပြုလာ၏။ အယူခံတရားခံက အယူခံတရားလိုသည် ငွေတိုးချစားသူတယောက်ဖြစ်သော်လည်း ငွေချေးစားရန် လိုင်စင်လက်မှတ် ရရှိထားသူ မဟုတ်ကြောင်း၊ စွဲဆိုသည့်ငွေများကိုပေးရန် လက်မှတ်ရေးထိုးပေးရသည့် ကတိခံဝန်ချက်မှာ တရားမဝင်ကြောင်း၊ ထိုကတိခံဝန်ချက်နှင့် ပတ်သက်၍ ငွေလုံးဝရရှိခဲ့ခြင်းမရှိကြောင်း ထုချေလေသည်။

ပညာရှိ ခရိုင်တရားမတရားသူကြီးသည် နှစ်ဘက်အမှုသည်နှင့် သက်သေတို့ကို ကြားနာစစ်ဆေးပြီးနောက်၊ အယူခံတရားလိုနှင့် တရားခံတို့သည် ၁၉၆၅ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့က စာရင်းရှင်းကြပြီး၊ အယူခံတရားခံက ငွေ ၁၁,၀၃၅ ကျပ်ကို ပေးရန် ကတိခံဝန်ချုပ် ချုပ်ဆိုခဲ့သည်မှာမှန်ကြောင်း၊ သို့ရာတွင် အယူခံတရားလိုသည် ငွေတိုးချစားသူတယောက်ဖြစ်ရာ၊ ငွေတိုးချစားရန် လိုင်စင်လက်မှတ် မရှိသဖြင့်၊ စွဲဆိုသည့်ငွေများကို မရနိုင်ကြောင်း၊ ဆုံးဖြတ်ကာ အယူခံတရားလို၏ အမှုကို ပလပ်ခဲ့ခြင်းဖြစ်လေသည်။

(၁၉၄၅ ခုနှစ်၊ ငွေတိုးချစားသူများ ဥပဒေပုဒ်မ ၂ (၆) အရ ဆိုလျှင်၊ ငွေထုတ်ချေးသည့်အလုပ်ကို လုပ်ကိုင်သူတဦးဦးအား ငွေတိုးချစားသူဟု ခေါ်ဆိုရမည်ဖြစ်သည်။ ငွေထုတ်ချေးခြင်းကို လုပ်ငန်းတခုအနေဖြင့် လုပ်ကိုင်မှသာ ထိုသူအား ငွေတိုးချစားသူဟု ခေါ်နိုင်မည်ဖြစ်သည်။ လုပ်ငန်းအနေဖြင့်မဟုတ်ဘဲ၊ မိတ်ဆွေတဦးဦးအား ကူညီသည့်အနေဖြင့် တခါတရံသာ ငွေထုတ်ချေးခဲ့ခြင်းဖြစ်ပါမူ ထိုသူကို ငွေတိုးချစားသူဖြစ်သည်ဟု သတ်မှတ်ခြင်း မပြုနိုင်ပေ။ တဘက်မှလည်း ငွေထုတ်ချေးသည့် လုပ်ငန်းတခုဘည်းကို အသက်မွေးဝမ်းကျောင်း အလုပ်အဖြစ် လုပ်ကိုင်စားသောက်သူကိုမူသာ ငွေတိုးချစားသူဖြစ်သည်ဟု ကျဉ်းမြောင်းစွာ အဓိပ္ပါယ်ကောက်ယူခြင်းမပြုနိုင်ပေ။ ဥပမာ၊ လူတယောက်သည် ကုန်သည်အလုပ်ကိုလည်း လုပ်ကိုင်သည့်အပြင် ငွေထုတ်ချေးခြင်း လုပ်ငန်းကိုလည်း လုပ်ဆောင်နေပါမူ၊ ထိုသူအား ငွေတိုးချစားသူဖြစ်သည်ဟု ကောက်ယူရမည်ဖြစ်သည်။ သာမန်ကုန်သည်တယောက်သာဖြစ်သည်ဟု မယူဆနိုင်ပေ)။ တနည်းဆိုသော် လူတဦးတယောက်သည် ငွေထုတ်ချေးခြင်းကို လုပ်ငန်းတခုအနေဖြင့် လုပ်ကိုင်ဆောင်ရွက်ခဲ့ခြင်းရှိ မရှိဆိုသော အဖြေ

ပေါ်တွင်မူတည်၍ ထိုသူသည် ငွေတိုးချစားသူဟုတ် မဟုတ်ဆိုခြင်းကို ဆုံးဖြတ်ရမည် ဖြစ်သည်။ ထိုကဲ့သို့ အဖြေရှာရာတွင် ငွေတိုးချစားသည့် အလုပ်ကို ထင်ထင်ပေါ်ပေါ် လုပ်ကိုင်သူနှင့် ငွေတိုးချစားသူများ ဥပဒေကို လက်တလုံးခြားလုပ်ကာ တိတ်တဆိတ် ငွေတိုးချစားသူဟူ၍ နှစ်မျိုးနှစ်စားရှိသည်ဆိုခြင်းကို သတိချပ်ရမည်ဖြစ်သည်။ အတိအလင်း ငွေတိုးချစားသည့် အလုပ်ကို လုပ်ကိုင်သူကို -အလွယ်တကူနှင့် သိရှိနိုင်မည် ဖြစ်သော်လည်း ဥပဒေကို လက်တလုံးခြားလုပ်ကာ တိတ်တဆိတ် ငွေတိုးချစားသူကိုမူ ဖော်ထုတ်ရန် လွယ်ကူမည်မဟုတ်ပေ။ အခြေအနေနှင့် ပတ်ဝန်းကျင် အထောက်အထားများအပေါ် မှီငြမ်း၍ ဖော်ထုတ်ရမည်သာဖြစ်ပေသည်။ ထိုမူများကို အခြေပြုကာ ယခုအမှုမှ အယူခံတရားလို ဦးထွန်းရွှေသည် ငွေတိုးချစားသူတယောက်ဟုတ် မဟုတ်ဆိုခြင်းကို ဝေဖန်ဆန်းစစ်ရမည်ဖြစ်သည်။

အယူခံတရားခံ ဦးဝင်းက အယူခံတရားလို ဦးထွန်းရွှေသည် ငွေထုတ်ချေးသည့် အလုပ်ကို လုပ်ကိုင်သူဟုယောက်ဖြစ်ကြောင်း ထင်ရှားအောင် ဒေါ်သိန်းမြ (ခံပြ-၂)၊ ဦးအုန်းမောင် (ခံပြ-၃)၊ ဦးမြ (ခံပြ-၄)၊ ဦးထွန်းဖေ (ခံပြ-၅) နှင့် ဦးသိန်းအောင် (ခံပြ-၇) တို့အား သက်သေထူခဲ့၏။ ဒေါ်သိန်းမြက ငွေ ၂,၀၀၀ ကျပ်ကို ဦးထွန်းရွှေထံမှ ချေးယူရာ၊ ထိုငွေအတွက် ဒေါ်သိန်းမြက ၎င်း၏အိမ်ကို ဦးထွန်းရွှေ၏ယောကျ်ားမှ ဒေါ်သင်းလိုင်၏အမည်ဖြင့် အရောင်းစာချုပ် ပြုလုပ်ပေးခဲ့ရပြီး၊ ငွေတိုးကို အိမ်လခအဖြစ် ပေးခဲ့ရကြောင်း၊ ထွက်ဆိုသွားသည်။ ဦးအုန်းမောင်က ၎င်း၏ အစ်ကို ဦးအဖန် နာမည်ဖြင့် အိမ်တဆောင်ကို ၁၇,၅၀၀ ကျပ်ဖြင့် ဝယ်ယူခဲ့ပြီးနောက် ဦးထွန်းရွှေထံ၌ ငွေတသောင်းချေးယူရာ ထိုအိမ်ကို ဦးအဖန်က အရောင်းစာချုပ် ချုပ်ဆိုပေးခဲ့ရပြီး ချေးငွေတသောင်းအပေါ် အတိုးငွေအစား အိမ်လခအဖြစ် သတ်မှတ်ကာ ပေးခဲ့ရကြောင်း စွပ်စွဲသွားသည်။ ဦးမြကလည်း ဦးထွန်းရွှေထံ၌ ရွှေ ၁၁ ကျပ်သားပေါင်ကာ ငွေ ၂ ထောင် ချေးဘူးကြောင်း၊ ချေးငွေနှင့် အတိုးကို မဆပ်နိုင်၍ ရွှေများကို အပ်ပေးလိုက်ရသည့်အပြင်၊ မပြေကျန်သည့်ငွေများအတွက် စာချုပ် ချုပ်ဆိုပေးခဲ့ရကြောင်း ထွက်ဆိုခဲ့၏။ အလားတူပင် ဦးသိန်းအောင်က ၎င်း၏တသောင်းလေးထောင်တန် မော်တော်ကားကို ငွေခြောက်ထောင်ဖြင့်ပေါင်ရာ အရောင်းအဝယ်စာချုပ် ချုပ်ပေးခဲ့ရကြောင်း ထွက်ဆိုသွားသည်။ ထိုသက်သေများသည် မဟုတ်မတရား လိမ်ဆယ်ပြီး ထွက်ဆိုကြရန် လုံလောက်သော အကြောင်းရှိသည်ဟု အယူခံတရားလိုအနေဖြင့် မယ်မယ်ရရ စွပ်စွဲခြင်း မပြုနိုင်ပေ။ အထက်ပါသက်သေထွက်ချက်များကို သေချာစွာ သုံးသပ်ဆင်ခြင်လျှင် အယူခံတရားလို ဦးထွန်းရွှေသည် ငွေတိုးချစားသူများ ဥပဒေကို လိမ်မာပါးနပ်စွာ လက်တလုံးခြားလုပ်ကာ ငွေထုတ်ချေးသည်အလုပ်ကို လုပ်ကိုင်ခဲ့ကြောင်း ပေါ်လွင်နေသည်။ ယခု

ကဲ့သို့ ငွေထုတ်ချေးသည့် အလုပ်ကို အသွန်ပိရိစွာ လုပ်ကိုင်ခဲ့သည့် အယူခံတရားလိုအား ငွေတိုးချစားသူအဖြစ် ဖေါ်ထုတ်ရန်မှာ လွယ်ကူသည့်ကိစ္စတရပ် မဟုတ်ပေ။ အယူခံတရားခံအနေဖြင့် ဤမျှလောက် သက်သေအထောက်အထား တင်ပြနိုင်ခဲ့ခြင်းမှာ ကံကောင်းထောက်မသည်ဟုသာ ဆိုရမည်ဖြစ်သည်။

ထို့ပြင် အယူခံတရားခံ တင်ပြထားသည့် သက်သေခံ ၅၊ ၆၊ ၇၊ ၈ နှင့် ၉ စာရွက်စာတမ်းများအရ အယူခံတရားလိုသည် အယူခံတရားခံအား ငွေအလီလီထုတ်ချေးခဲ့ကြောင်း ထင်ရှားသည်။ ထို့ချေးငွေများအတွက် အယူခံတရားခံသည် အယူခံတရားလိုအား ဆန်စက်တလုံး၊ အင်ဂျင်စက်တလုံးနှင့် လယ်ထွန်စက် တလုံးတို့အား အပ်ပေးခဲ့ရ၏။ ထိုပစ္စည်းများကို အပ်ပေးခဲ့ပြီးဖြစ်သည့်အပြင် ယခုအငြင်းပွါးလျက်ရှိသော ငွေကို ပေးဆပ်ရန် ကတိဝန်ခံချက်လက်မှတ်ထိုးပေးခဲ့ရသည်။ အယူခံတရားခံက စုစုပေါင်းချေးငွေမှာ ၇၅,၀၀၀ ကျပ်သာဖြစ်သော်လည်း တသိန်းကျော်တန်ဘိုးရှိသည့် ပစ္စည်းများကို အပ်ပေးခဲ့ရသည့်အပြင်၊ ယခုစွဲဆိုသည့်ငွေကိုလည်း လက်မှတ်ထိုးပေးခဲ့ရကြောင်း၊ ထိုငွေများမှာ အဘိုးအဘွဲကဖြစ်သည်ဟု ကတိခံဝန်ချက် ရေးထိုးစဉ်က ပြောခဲ့ကြောင်း ထွက်ဆိုသွား၏။ ကတိခံဝန်ချက်ပါငွေမှာ ငွေတိုးအဘွဲကဖြစ်သည်ဟု အယူခံတရားခံကပြောကြောင်း ဦးသိန်း (ခ၁ပြ-၆) နှင့် ဦးမြမောင် (လို၁ပြ-၃) တို့က ထောက်ခံထားကြသည်။

အထက်ပါ အချက်အလက်များကို ပေါင်းစပ်ကြည့်ရှုလျှင်၊ အယူခံတရားလိုသည် ရွှေကုန်သည်ဘယောက်အဖြစ် ထင်ထင်ပေါ်ပေါ် အလုပ်လုပ်နေသူဖြစ်သော်လည်း၊ ငွေတိုးချစားသည့် အလုပ်ကိုလည်း ပုန်းလျှိုးပုန်းဝှက် ဥပဒေကို လက်တလုံးခြား လုပ်ကာ လုပ်ကိုင်နေသူတယောက်ဖြစ်ကြောင်း ထင်ရှားသည်။ ၁၉၄၅ ခုနှစ်၊ ငွေတိုးချစားသူများ ဥပဒေပုဒ်မ ၉ အရ ငွေဘိုးချစားရန် လိုင်စင်လက်မှတ် ၎ပါက ငွေတိုးချစားသူက စွဲဆိုသော အမှုကို ဒီကရီချပေးခြင်း မပြုနိုင်၍၊ အယူခံတရားလို၏အမှုအား ပလပ်ခဲ့သည့် အောက်ရုံး၏အမိန့်မှာ မှန်ကန်သည်။ သို့ဖြစ်ရာ ဤအယူခံမှုအား တရားစရိတ်များနှင့်တကွ ပလပ်လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်

တရားမဒုတိယအယူခံမှု

တရားသူကြီး ဦးသက်ဖေရွှေတွင်

ဦးဘချမ်းပါ ၂ (အယူခံတရားလိုများ) † ၁၉၆၇

နှင့်

ဦးဆင် (အယူခံတရားခံ)* ဖေဖော်ဝါရီလ ၂၃ ရက်။

ခြံမြေပေါ်ကို ဝင်ရောက်ကျူးကျော်နေသဖြင့် ထွက်ခွါပြီး လက်ရောက်အပ်ပေးရန် တရားစွဲဆို ခြင်း—သက်သေခံအက်ဥပဒေပုဒ်မ ၁၁၅—ခြံစည်းရိုးမှာ မိမိ၏ မြေအတွင်းသို့ ဝင်ရောက် ကျူးကျော်နေသည်ဟု သက်သေတင်ပြခြင်းမှ ပိတ်ပင်ထားပြီးဖြစ် မဖြစ်။

ဆုံးဖြတ်ချက်။ ။မြေနှစ်ကွက်၏ နယ်နိမိတ်သည် မည်သည့်နေရာတွင်ရှိသည်ဟု အယူခံတရားခံက အယူခံတရားလိုတို့အား ယုံကြည်အောင် ပြောဆိုခဲ့ခြင်းမရှိ။ မြေတိုင်းစာရေးက မြေ၏နယ်နိမိတ်ကို ငုတ်ရိုက်ပေးခဲ့ခြင်းသာဖြစ်သည်။ အယူခံတရားခံက ငုတ်ရိုက်ပေးခြင်းမဟုတ်ပေ။ ထိုကဲ့သို့ ငုတ်ရိုက်သည့်နေရာ၌ပင် အယူခံတရားလိုတို့က ခြံစည်းရိုး ပြုလုပ်ထားသည် ဆိုသော ခိုင်လုံသည့် သက်သေအထောက်အထား မရှိချေ။ ခြံစည်းရိုးကာစဉ်က အယူခံတရားခံ မရှိကြောင်း သက်သေထွက်ချက်များအရ ပေါ်လွင်သည်။ သို့ဖြစ်ရာ အယူခံတရားခံသည် အယူခံတရားလိုတို့ ပြုလုပ်ထား သော ခြံစည်းရိုးမှာ မိမိ၏မြေအဘွင်းသို့ ဝင်ရောက်ကျူးကျော်နေသည်ဟု သက်သေတင်ပြခြင်းမှ သက်သေခံ အက်ဥပဒေပုဒ်မ ၁၁၅ က ပိတ်ပင်ထားပြီးဖြစ်သည်ဟုမဆိုနိုင်ချေ။

အယူခံတရားလိုအတွက်။ ။ဦးဝင်းလှိုင်။

အယူခံတရားခံအတွက်။ ။ဦးဘဆွေ။

တရားသူကြီး ဦးသက်ဖေ။ ။ပေါင်းတည်မြို့၊ မြို့နယ်တရားမရုံး၌ အယူခံတရားခံ ဦးဆင်က အယူခံ တရားလို ဦးဘချမ်းနှင့် ဒေါ်စောရင်တို့ လင်မယား အပေါ် ပြည်ခရိုင်၊ ပေါင်းတည်မြို့နယ်၊ ကျွန်းတောလှ အုပ်စုနံပါတ် ၄၇၊ ကျွန်းပင်စေ့း ရပ်ကွက်အမှတ် ၃၅၊ ပေါင်းတည်မြို့ အနောက်လမ်းရှိ ၁၉၆၄-၆၅ ခုနှစ်၊ ဦးပိုင်

---

* ၁၉၆၆ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ် ၃၁။

† ၁၉၆၆ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၅ တွင် ၁၉၆၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့စွဲပါ ပြည်မြို့ရာဘက်ခရိုင်တရားမတရားသူကြီးရုံးတော်၏ ချမှတ်သော ဒီကရီကိုအယူခံဝင်မှု။

ဇွဲဖ်ဂ္ဂ
ဦးဘေကျမ်း ပါ ၂ နှင့် ဦးဆင်။

နံပါတ် ၁၂၂၊ခြံမြေပေါ် မြေကော ဒဿမ ဝဝဂ ကို ဝင်ရောက် ကျူးကျော်နေသဖြင့် ထွက်ခွါပြီးလက်ရောက်အပ်ပေးရန် တရားစွဲဆိုရာ၊ စွဲဆိုသည့်အဘိုင်း ဒီကရီချမှတ်ပေးခဲ့၏။ ထိုဒီကရီကိုမကျေနပ်၍ **ဦးဘကျမ်း**နှင့် ဒေါ်စောရင်တို့သည် ပြည်မြို့ရာဘက်ခရိုင် တရားမကျုံးသို့အယူခံဝင်**သော**သည်း အောင်မြင်ခြင်း မရှိဘဲ ရှုံးနိမ့်ပြန်သဖြင့် ဤဒုတိယအယူခံမှာဘင်သွင်းလာခြင်း ဖြစ်သည်။

အယူခံဘရားခံနှင့်အယူခံတရား လိုဘို့၏ ခြံမြေများမှာ ကပ်လျက် ဖြစ်ကြပြီး ခြံစည်းရိုးသာခြားသည်။ လွန်ခဲ့သည့် ၁၃၂၁ ခုနှစ်၊ နှောင်းတန်းခူးလ (၁၉၆၀ ခု၊ ဖေဖော်ဝါရီလ) အာဘင်းက ပေါင်းဘည်မြို့၊ အနောက်လမ်းနှင့် ရွှေဘောင်လမ်းရှိ အိမ်ခြေ ၁၁၀ ခန့်မီးလောင်ကျွမ်းရာ၊ အယူခံတရားလိုနှင့် အယူခံတရားခံဘို့၏ အိမ်များသာ မက ခြံစီးရိုးလည်း မီးသဲသို့ပါသွာ ကြသည်။ မီးလောင်ပြီးနောက် အယူခံတရားလိုတို့သည် မိမိတို့မြေကွက်ပေါ်၌ အိမ်ပြန်၍ဆောက်ကြသည်။ အယူခံ တရားခံကမူ၊ အိမ်ကိုချက်ခြင်း ပြန်မဆောက်လေးဘဲ ရွှေဘောင်လမ်း၌ အိမ်ငှါးပြီး သွားနေသည်။ အယူခံဘရားလိုဘို့ အိမ်စာဘင် ဆောက်လုပ်သောအခါ မြေကွက် ၂ ကွက်ကြားရှိ ခြံစည်းရိုးပြဿနာ ပေါ်ပေါက်လာသဖြင့်၊ ကွင်းဆင်းလာသည့် မြေတိုင်းစာရေး ဦးအေးမောင် (လိုပြ ၇) အား မြေ ၂ ခု၏ နယ်နိမိတ်ကို တိုင်းထွာပြီး ငုတ်ရိုက်ပေးရန်ပြောကြားသည့် အလျောက်၊ ဦးအေးမောင်သည် မြေကို တိုင်းထွာကာ နယ်နိမိတ်ဘဘင် ငုတ်ရိုက်ပေးခဲ့၏။ အယူခံ တရားခံက ထိုကဲ့သို့ရိုက်ထားသည့်ငုတ်များအဘိုင်း ခြံခတ်ရန် အယူခံ တရားလိုဘို့အား ပြောကြားခဲ့သည်။ သို့ရာတွင် အယူခံ တရားလိုဘို့သည် ထိုငုတ်အဘိုင်း ခြံမခတ်ဘဲ မိမိ၏ မြေထဲသို့ ကျူးကျော်ကာ ခြံခတ်ခဲ့သည်ဟု အယူခံ တရားခံက ဆိုလာသည်။ အယူခံဘရားလိုဘို့ကမူ၊ခြံစည်းရိုးကို အယူခံ တရားခံ၏ သဘောဘူညီချက်အရ ပြုလုပ်ခဲ့ခြင်းဖြစ်၍ သက်သေခံ ဥပဒေပုဒ်မ ၁၁၅ အရ သက်သေခံချက် တင်ပြခြင်းမှ အပြီးသတ် ပိတ်ပင်ပြီး ဖြစ်ကြောင်း အခိုကအားဖြင့် ထုချေခဲ့သည်။ အောက်အယူခံရုံးနှင့် ဤရုံးတို့တွင် ထိုထုချေချက်သာမက အယူခံ တရားခံသည် ကျူးကျော်နေသည်ဆိုသော မြေကို ကာလ စည်းကမ်းသတ် အခြိန်အဘင်း လက်ရှိ ပိုင်ဆိုင်ခဲ့သည်ဟု ထင်ရှားအောင် သက်သေမပြနိုင်၍ ၎င်းအမှုကို ပယ်သင့်သည်ဟု တင်ပြလာလေသည်။

အယူခံ တရားလိုဘို့သည် အယူခံ တရားခံ၏ မြေပေါ်တွင် ကျူးကျော်၍ ခြံစည်းရိုးခတ်ဆားသည်ဆိုခြင်းကိုသက်သောဘင်ပြခြင်းမှ သက်သေခံ ဥပဒေ ပုဒ်မ ၁၁၅ အရ ပိတ်ပင်ထားပြီး ဖြစ်သည်ဆိုသော အချက်ကို ပဌမစဉ်းစားရမည်ဖြစ်သည်။ လူဘဦးတယောက်က ၎င်း၏ အာဘိအလင်း ပြောဆိုခြင်းကြောင့် ဖြစ်စေ၊ အမှု အရာကြောင့်ဖြစ်စေ၊ အခြား ပုဂ္ဂိုလ်ဘဦးအား တစုံဘခုသော အကြောင်းအရာသည်

အာနန္ဒအာကာန် ဖြစ်ကြောင်း ယုံကြည်စေခဲ့ပြီးနောက်၊ ထိုကဲ့သို့ ယုံကြည်ချက်အတိုင်း အခြား ပုဂ္ဂိုလ်အား ပြုမူစေခဲ့လျှင်၊ မူလပြုဆိုပြုမူသူသည် ထိုအကြောင်းအရာအား မှန်ကန်ခြင်းမရှိဟု ငြင်းဆိုခွင့် မရှိကြောင်း သက်သေခံ ဥပဒေ ပုဒ်မ ၁၁၅ က ပြဋ္ဌာန်းထားခြင်းဖြစ်သည်။

ယခုအမှုတွင် မြေကွက်နှစ်ကွက်၏ နယ်နိမိတ်သည် မည်သည့်နေရာတွင်ရှိသည်ဟု အယူခံ တရားခံက အယူခံ တရားလိုဘို့အား ယုံကြည်အောင် ပြောဆိုခဲ့ခြင်းမရှိ။ မြေဘိုင်းစာရေး ဦးအေးမောင်က မြေ၏နယ်နိမိတ်ကိုငုတ်ရိုက်ပေးခဲ့ခြင်းသာဖြစ်သည်။ အယူခံ တရားခံက ငုတ်ရိုက်ပေးခြင်း မဟုတ်ပေ။ ထိုကဲ့သို့ ငုတ်ရိုက်သည့်နေရာ၌ပင် အယူခံ တရားလိုတို့က ခြံစည်းရိုး ပြုလုပ်သားသည်ဆိုသော ဒိုင်လုံသည့်သက်သေ အထောက်အထားမရှိခဲ့။ ခြံစည်းရိုးကာစဉ်က အယူခံတရားခံမရှိကြောင်းသက်သေ ထွက်ချက်များအရ ပေါ်လွင်သည်။ သို့ဖြစ်ရာ အယူခံ တရားခံသည်အယူခံတရားလိုတို့ ပြုလုပ်ထားသော ခြံစည်းရိုးမှာ မိမိ၏မြေအတွင်းသို့ ဝင်ရောက်ကျူးကျော်နေသည်ဟု သက်သေအထောက်ပြခြင်းမှ ပိတ်ပင်ထားပြီး ဖြစ်သည်ဟု မဆိုနိုင်ခေ။

အယူခံ တရားလိုဘို့ ပြုလုပ်ထားသည့်ခြံစည်းရိုးမှာ အယူခံတရားခံ၏ မြေပေါ်သို့ ဒဿ ဝဘ ကောကျူးကျော်နေခြင်း မြေဘိုင်းစာရေး ဦးစံဌေ (လိုပြ ၂) နှင့် အင်စပိတ်တော် ဦးဘစိန် (လိုပြ ၃) တို့က ထွက်ဆိုထားကြသည့်အပြင် မူလက အယူခံ တရားခံ မြေဝဲဘင်ရှိသည့် အုပ်ချုပ်ပင် နေရာသည် ယခုအခါ အယူခံ တရားလိုဘို့မြေဝဲသို့ ရောက်နေကြောင်း ဒေါ်စိန်ဆင့်နှင့် မအမြင့်တို့၏ ထွက်ချက်အရ ပေါ်ပေါက်နေသောကြောင့် အယူခံ တရားလိုတို့၏ ခြံစည်းရိုးသည်အယူခံ တရားခံ မြေမှာသို့ ကျူးကျော်နေသည်ဆိုခြင်းမှာ ယုံမှားနိုင်ဘွယ် မရှိတော့ဧ။ ထိုကဲ့သို့ ကျူးကျော်နေသည်ဆိုခြင်းကို အောက်ရုံး နှစ်ရုံးစလုံးမှ ထပ်တူထပ်မျှ ကောက်ယူဆုံးဖြတ်ခဲ့ပြီးဖြစ်ရာ၊ အယူခံ တရားလိုတို့ အနေဖြင့် ဤဒုတိယ အယူခံ မှုတွင် ကျူးကျော်ခြင်း မရှိဟု ငြင်းဆိုခြင်း မပြုနိုင်တော့ပေ။ အယူခံ တရားခံ၏ မြေဘစိတ်ဘဒေသ အဓပါတွင်၊ အယူခံ တရားလိုတို့ ကျူးကျော်ခြင်းရှိမရှိဆိုသော အချက်မှာ အကြောင်းခြင်းရာ ပြဿနာသာဖြစ်၍၊ ဤဒုတိယ အယူခံမှုဌ နောက် ထပ်ဘင်ပြငြင်းဆိုခွင့်မရှိဒေ။

အယူခံ တရားလိုဘို့၏ ပညာရှိရွှေနေကြီး ဦးဝင်းလှိုင်က အယူခံ တရားခံသည် အယူခံ တရားလိုဘို့ ကျူးကျော်နေသည်ဆိုသော မြေကို ပိုင်ဆိုင်ခွင့်ရှိကြောင်း တင်ပြနိုင်သော်လည်း ထိုမြေကို အယူခံဘရားခံသည် မူလရုံး၌ တရားမစွဲဆိုမီ ၁၂ နှစ်အတွင်း လက်ရှိဖြစ်သည်ဟု ထင်ရှားစေအောင် သက်သေ မထူခဲ့သဖြင့် အယူခံ တရားခံ၏ အမှုကို ပယ်သတ်ကြောင်း ထပ်လောင်း တင်ပြလာ၏။ တရားလို

၁၉၆၇ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့ ဦးအရှင်မောဟိုက်ဆင်း။

တဦးသည် မရွှေပြောင်းနိုင်သည့် ပစ္စည်းတခုကို လက်ရှိပိုင်ဆိုင်နေရာမှ တရားခံက ဝင်ရောက်ကျူးကျော်သဖြင့် လက်မဲ့ဖြစ်ခဲ့ရသည့်အတွက် လက်ရောက် အပ်ပေးစေလိုမှုစွဲဆိုသောအခါ၊ စည်းကမ်းသတ် ဥပဒေ၏ နောက်ဆက်တွဲ အပိုဒ် ၁၄၂ နှင့် အကျုံးဝင်မည်ဖြစ်သည်။ ထိုကဲ့သို့ အပိုဒ် ၁၄၂ ဖြင့် အကျုံးဝင်သည့်အမှုများ၌ တရားလိုသည် အခင်းဖြစ်သည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းအပေါ် ပိုင်ဆိုင်ခွင့် ရှိကြောင်း သက်သေထူကာမှုဖြင့် ၎င်း၏ တာဝန် ကျေပြန်ခြင်း မရှိသေးပေ။ ထိုပစ္စည်းကို အမှုမစွဲဆိုမီ ၁၂ နှစ်အတွင်းက လက်ရှိဖြစ်ခဲ့ကြောင်း ထင်ရှားအောင် လည်း ပြသရန်လိုပေသည်။

ယခုအမှုဘွင် အယူခံ တရားခံသည် အယူခံ တရားလိုဘို့ ကျူးကျော်နေသည်ဆိုသောမြေ၏ အစိတ်အပိုင်းကို ၁၉၆၀ ခုနှစ် အထိ လက်ရှိဖြစ်ခဲ့ကြောင်း သက်သေအထောက်အထားများ ရှိနေသည်။ ၁၉၆၀ ခုနှစ်ဘွင် မီးလောင်သည်အထိ ယခုအခါ အယူခံ တရားလိုတို့၏ ခြံဝင်းအတွင်းသို့ ရောက်နေသည့် အုပ်ရှစ်ပင်နေရာမှာ အယူခံ တရားခံ၏ မြေပေါ်တွင် ရှိကြောင်း ဒေါ်စိန်ဆင့်က ထွက်ဆိုထားသည်။ မအမြင့်မှာ အယူခံ တရားလိုဘို့၏ မြေပေါ်တွင် အယူခံ တရားလိုတို့မရောက်မီက နေထိုင်ခဲ့ဘူးသူ တယောက်ဖြစ်၏။ ၎င်းက အုပ်ရှစ်ပင်သည် အယူခံ တရားခံ၏ မြေပေါ်တွင်ရှိပြီး၊ အယူခံတရားလိုဘို့၏မြေ၏နယ်နိမိတ်မှာ ထိုအုပ်ရှစ်ပင်နှင့်တတောင်ခန့် ကွာသည်ဟု ထွက်ဆိုထားသောကြောင့်၊ အယူခံ တရားခံသည် အခင်းဖြစ် မြေကို အိမ်နှင့် ခြံစည်းရိုးများ မီးလောင်ကျွမ်းသည့် ၁၉၆၀ ခုနှစ် အထိလက်ရှိဖြစ်ခဲ့ကြောင်း ပေါ်လွင်ထင်ရှားသည်။ သို့ဖြစ်ရာ အယူခံ တရားခံ၏ အမှုသည် ကာလစည်းကမ်းသတ် ဥပဒေ နောက်ဆက်တွဲ အပိုဒ် ၁၄၂ နှင့်လည်း ငြိစွန်းခြင်း မရှိဟု အဆုံးအဖြတ်ပြုရမည်ဖြစ်သည်။

အထက်ပါ အကြောင်းရပ်များကြောင့် အောက်ရုံး နှစ်ရုံး၏ ဒီကရီကို ဝင်ရောက်ဖျက်စွက်ရန် အကြောင်းမရှိသည့် အလျောက်၊ ဤဒုတိယ အယူခံမှုကို တရားစရိတ်နှင့်တကွ ပလပ်လိုက်သည်။ ရွှေနေစရိတ် ၃၄ ကျပ်သတ်မှတ်သည်။

နိုင်ငံတော်တရားရုံးချုပ်

တရားမ ပဌမအယူခံမှု

တရားသူကြီး ဦးသက်ဖေရှေ့တွင်

• ဦးမောင်ဖြူ ပါ ၄ (အယူခံတရားလိုများ)

နှင့်

ဦးထွန်းအောင်ဖြူ ပါ ၃ (အယူခံတရားခံများ)*

† ၁၉၆၇ ဇန်နဝါရီလ ၁၂ ရက်။

ရွှေပြောင်းနိုင်သော ပစ္စည်းနှင့်မရွှေပြောင်းနိုင်သောပစ္စည်းများအပေါ် အမွေဆိုင်များဖြစ်ကြ၍ ပိုင်ဆိုင်ကြောင်း မြွက်ဟ၊ ချက် ဒီကရီရလိုကြောင်းစွဲဆိုမှု—အမှုသည်များအဖြစ်ထည့်သွင်းခဲ့ခြင်းမရှိခြင်း—သက်သေခံ အက်ဥပဒေပုဒ်မ ၁၁၅ အရအမှုစွဲဆိုခြင်းမှ အပြီးသတ်ပိတ်ပင်ထားပြီးဖြစ်မဖြစ်—ပုဂ္ဂိုလ်အနေဖြင့် တရားစွဲဆိုခဲ့ခြင်း—ကိုယ်စားလှယ် အဖြစ်သော်၎င်း၊ အုပ်ထိန်းသူအဖြစ်သော်၎င်း တရားစွဲဆိုခဲ့ခြင်းမဟုတ်ခြင်း—တရားမကျင့်ထုံး ပုဒ်မ ၁၁ ၏ ရှင်းလင်းချက်အပိုဒ် ၆ နှင့် ငြိစွန်းသည်ဟုဆိုနိုင် မဆိုနိုင်။

ဆုံးဖြတ်ချက်။ ။အမှုတွင် အယူခံတရားလိုတို့အနေဖြင့် အယူခံတရားခံ ဦးထွန်းအောင်ဖြူအား သက်သေခံ ဥပဒေပုဒ်မ ၁၁၅ နှင့်အကျုံးဝင်အောင် တစုံတရာပြုလုပ်ခဲ့သည်ဆိုသော စွပ်စွဲချက် မရှိခေ။ ယခင်စွဲဆိုသည့်အမှုများတွင် ဦးအောင်ထွန်းဖြူက အယူခံတရားလိုတို့၏ မိခင်ဒေါ်စိန်ရွှေမြ ကိုသာ အမှုသည်တရားခံအဖြစ်ထည့်သွင်းခဲ့သည်။ အယူခံတရားလိုတို့အား အမှုသည်များအဖြစ် ထည့်သွင်းခဲ့ခြင်းမရှိသဖြင့် ဦးအောင်ထွန်းဖြူသာလျှင် အပြစ်ရှိသူဖြစ်သည်ဟု ဆိုရန် ရှိပေသည်။ အယူခံတရားလိုတို့အနေဖြင့် ၎င်းတို့အား တရားစွဲဆိုခြင်းမပြုသည့်အမှုတွင် အမှုသည်အဖြစ် ထည့်သွင်းရန်ပြောဆိုလျှောက်ထားရန်မလိုပေ။ ထိုကဲ့သို့ ပြောဆိုလျှောက်ထားရမည်ဟုလည်း မည်သည့်ဥပဒေကမှ ပြဋ္ဌာန်းထားခြင်းမရှိခေ။ သို့ဖြစ်ရာ အယူခံတရားလိုတို့သည် သက်သေခံ အက်ဥပဒေပုဒ်မ ၁၁၅ အရ အမှုစွဲဆိုခြင်းမှအပြီးသတ် ပိတ်ပင်ထားပြီးမဖြစ်နိုင်။

ထပ်မံဆုံးဖြတ်ချက်။ ။ယခင်အမှုဖြစ်သည့် စစ်တွေမြို့ ခရိုင်တရားမရုံး၏ ၁၉၆၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၉ ၌ အယူခံ တရားလိုတို့၏ မိခင် ဒေါ်စိန်ရွှေမြ အား၊ အယူခံတရားခံ ဦးအောင်ထွန်းဖြူသည် ပုဂ္ဂိုလ်အနေဖြင့် တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။ အယူခံတရားလိုတို့၏ကိုယ်စားလှယ်အဖြစ်သော်၎င်း၊ အုပ်ထိန်းသူအဖြစ်သော်၎င်း တရားစွဲဆိုခဲ့ခြင်းမဟုတ်ခေ။ ဒေါ်စိန်ရွှေမြ ကလည်း ကွယ်လွန်သူ ၎င်း၏ယောကျ်ား ဦးသာပွင့်၏ အမွေစားအမွေခံအဖြစ် ပုဂ္ဂိုလ်အရ ခုခံ

---

* ၁၉၆၆ ခုနှစ်၊ တရားမ ပဌမအယူခံမှုအမှတ် ၃၄။

† ၁၉၆၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂ တွင် ၁၉၆၆ ခု၊ ဇွန်လ ၁၇ ရက် နေ့စွဲပါ၊ စစ်တွေမြို့၊ ခရိုင်တရားမ တရားသူကြီးရုံးတော်၏ ချမှတ်သောဒီကရီကိုအယူခံမှု။

၁၉၆၇ ဦးမောင်ဖြူ ပါ ၄ နှင့် ဦးထွန်းအောင် ဖြူ ပါ ၃။

ချေပခဲ့ခြင်းဖြစ်သည်။ အယူခံတရားလိုတို့၏ ကိုယ်စားလှယ်အနေဖြင့် ခုခံချေခဲ့ခြင်း မဟုတ်သဖြင့်၊ ဒေါ်စိန်ရွှေမြ၏ ပြုမူချက်နှင့် ၎င်းအပေါ် ဆုံးဖြတ်ချက်သည် အယူခံတရားလိုတို့အပေါ် တည်မြဲခိုင်မာသည်၊ အပြီးသတ်စီရင်ဆုံးဖြတ်ပြီး ဖြစ်သည်ဟု ယူဆခြင်းမပြုနိုင်ပေ။ ဒေါ်စိန်ရွှေမြသည် ၎င်း၏ကိုယ်ပိုင် ဆိုင်ရေးပိုင်ရေးနှင့် ပတ်သက်၍ ခုခံချေပရာ၌ မိမိ၏အကျိုးကျေးဇူးအတွက်သာ ဆောင်ရွက်ခဲ့ခြင်းဖြစ်၍၊ အယူခံတရားလိုတို့အပေါ် တရားမကျင့်ထုံးပုဒ်မ ၁၁ ၏ ရှင်းလင်းချက် အပိုဒ် ၆ နှင့် ငြိစွန်းသည်ဟုမဆိုနိုင်ချေ။

ကူမာရန်ဒီကူဒန်ဘာန် နှင့် မန်ကတာဆူဘာရာမန်နီယာအိုင်ယား ၁၉၂၇၊ အတွဲ ၁၀၁၊ အိုင်၊စီ ၅၀။ **ကီရွန်ဆင်းနှင့် ပါတာပီ၊အေ၊အိုင်၊အာ(ရ်)** ၁၉၃၅၊လာဟိုး၊ ၅၃၇။ **အီး၊အမီစား** နှင့် **အီး၊ကရာဘား** အေ၊အိုင်၊အာ(ရ်) ၁၉၃၆ ပဒိဗ္ဗီကောင်စီ ၁၄၇။ **ဂျီတင်ဒရာဆင်း** နှင့် **ဆင်းမလားမလိုင်ယင်းဘဏ်၊** အေ၊ အိုင်၊အာ(ရ်)၁၉၄၂ အောက် ၁၉၉ ရည်ညွှန်းသည်။

အယူခံတရားလိုများအတွက်။ ။ဦးဘရွှန်း။

အယူခံ တရားခံများအတွက်။ ။ဦးအောင်ကြီး။

တရားသူကြီး ဦးသက်မေ။ ။အယူခံ တရားလို ဘို့က စစ်ခတ္တမြို့၊ အိုးတန်းရပ်နေ ကွယ်လွန်သူ နာဇီဦးဒါဒအောင်နှင့် ဒေါ်သန္တာဦးတို့၏ ရွှေပြောင်းနိုင်သော ပစ္စည်းနှင့် မရွှေပြောင်းနိုင်သော ပစ္စည်းများအပေါ် မိမိဘို့သာလျှင် အမွေဆိုင်များ ဖြစ်ကြ၍၊ ပိုင်ဆိုင်ကြောင်း မြွက်ဖော်ချက်ဒီကရီ ရလိုကြောင်း စစ်ခတ္တမြို့၊ ခရိုင်တရားရုံး၌ တရားစွဲဆိုရာ၊ အယူခံတရားခံ ဦးထွန်းအောင်ဖြူက စစ်ခတ္တမြို့၊ ခရိုင်တရားမရုံး၏ ၁၉၆၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၉ တွင် ချမှတ်ထားသော ဒီကရီက ထိုကဲ့သို့စွဲဆိုခြင်းကို ပုံပိတ်ပင်ထားပြီးဖြစ်သည်ဟု ထုချေသည်ကို ပညာရှိ ခရိုင်ဘရားမ တရားသူကြီးက လက်ခံပြီး အဆိုလွှာကို စရိတ်နှင့်တကွ ပလပ်သိုက်သဖြင့် ဤအယူခံမှု ပေါ်ပေါက်လာရခြင်း ဖြစ်လေသည်။

ဦးဒါအောင်နှင့် ဒေါ်သန္တာဦးတို့တွင် သားသမီးများ ထွန်းကား ခဲ့သည့်အနက်၊ သား ဦးသာဉင့်မှာ အယူခံဘရားလိုဘို့၏ ဘခင်ဖြစ်ပြီး၊ အယူခံဘရားခံ ဒေါ်ရွှေစိန်မြ၏ ခင်ပွန်းဖြစ်သည်၊ သမီး ဒေါ်လှဖြူမှာ မြို့အုပ် ဦးထွန်းဖြူနှင့် အကြောင်းပါသည်။ ကျန်သားသမီးများကို ဤစီရင်ချက်ဘွင်ဖော်ပြရန်မလိုပေ။ ဦးဒါအောင်သည် ဒုတိယ ကမ္ဘာစစ်ကြီးမဖြစ်ပွါးမီ ၁၅ နှစ် ခန့်က ကွယ်လွန်ပြီး ဒေါ်သန္တာဦးမှာ ဦးဒါအောင် ကွယ်လွန်ပြီးနောက်၊ ၅ နှစ်ခန့်အကြာဘွင် အနိစ္စဓရောက်သည်။

အယူခံဘရားလိုဘို့က ဦးဒါအောင်နှင့် ဒေါ်သန္တာဦးတို့သည် သေဆုံး သွားသော်လည်း ၎င်းဘို့၏ ပစ္စည်းများကို ခွဲဝေခြင်း မပြုခဲ့ကြောင်း၊ ဘခင် ဦးသာဉင့် သေဆုံးပြီးနောက် ဒေါ်လှဖြူ အနိစ္စဓရောက်ကြောင်း၊ ဒေါ်လှဖြူ အနိစ္စဓရောက်သောအခါ

ဦးဒါအောင်နှင့် ဒေါ်သန္တာဦးတို့၏ အမွေပစ္စည်းများကို ဒေါ်လှဖြူ၏ခင်ပွန်း ဦးထွန်းဖြူနှင့် သမီး မကြာဦးဘိုလက်ရှိဖြစ်ကြောင်း၊ ၁၉၆၁ ခုနှစ်၊ ဩဂုတ်လ ၁ နေ့တွင် ဦးထွန်းဖြူနှင့်သမီး မကြာဦးတို့သည် အမည်ခံသိ လူဆိုးဘို၏ သက်ဖြတ်ခြင်းကို ခံရကြောင်း၊ ထိုကဲ့သို့ သက်ဖြတ်ခြင်း ခံရပြီးနောက်၊ အယူခံတရားခံ ဦးထွန်းအောင်ဖြူသည် စစ်ဘုမ္မိုး၊ ခရိုင်ဘရားမန်း၏ ၁၉၆၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၉ တွင် ဒေါ်မိုနှင့် အယူခံဘရားခံ ဒေါ်စိန်ခရွေမြို့အဖေါ် အခင်းဖြစ် ပစ္စည်းများသည် ကွယ်လွန်သူ ဦးထွန်းဖြူ၏ ပစ္စည်းများဖြစ်၍ မိခိုဘဦးတည်းသော ဦးထွန်းဖြူ၏ အမွေစားအဖြစ် ဖြစ်သည့်အလျောက် ပိုင်ဆိုင်ကြောင်း မြွက်ဖေါ်ပြောရန်နှင့် လက်ရောက်အပ်ပေးရန် တရားစွဲဆိုရာ စွဲဆိုသည့်အတိုင်း အနိုင်ရရှိခဲ့ကြောင်း၊ အခင်းဖြစ် ပစ္စည်းများသည် အမှန်အားဖြင့် ဦးထွန်းဖြူ၏ ပစ္စည်းများမဟုတ်ဘဲ ကွယ်လွန်သူ ဦးဒါအောင် ဒေါ်သန္တာဦးတို့၏ မခွဲဝေရသေးသည့် ပစ္စည်းများသာဖြစ်၍၊ ၎င်းတို့သာလျှင် ဦးဒါအောင်နှင့် ဒေါ်သန္တာဦးတို့၏ မြေးများဖြစ်သည့်အားလျော်စွာ ပိုင်ဆိုင်ခွင့်ရှိကြောင်း၊ သို့ပိုင်ဆိုင်ခွင့် ရှိသည်ဆိုခြင်းကို မြွက်ဖေါ်ချက်ဒီကရီ ချပေးစေလိုကြောင်း အဆိုပြုလာလေသည်။

အယူခံဘရားခံ ဦးထွန်းအောင်ဖြူက အယူခံ တရားလိုတို့ စွဲဆိုသည့်အမှုကို အကြောင်းအမျိုးမျိုးပြ၍ လက်မခံဆိုက်ကြောင်း ကန့်ကွက်လာသဖြင့် ပညာရှိခရိုင်တရားမ တရားသူကြီးသည် အောက်ပါ ပဏာမကောက်ချက်ကို ထုတ်နုတ်ခဲ့၏။

> "ဤခွဲး တရားမကြီးမှုအမှတ် ၉/၆၂၊ ရန်ကုန်မြို့၊ တရားရုံးချုပ်၊ တရားမ အယူခံမှုအမှတ် ၁၂၉/၆၃ နှင့် တရားမ အသေးအဖွဲမှုအမှတ် ၁၄/၆၅ တို့မှ ဒီခင်ချက်နှင့် အခိန့်များအရ ယခုအမှုကို တရားလိုများက စွဲဆိုပိုင်ခွင့်ရှိ-မရှိ။"

ထိုကောက်ချက်နှင့် ပတ်သက်၍ နှစ်ဘက်ပညာရှိ ရှေနေကြီးများကို ကြားနာပြီးနောက်၊ အောက်ရုံးပညာရှိ တရားသူကြီးက အခင်းဖြစ် ပစ္စည်းများသည် ကွယ်လွန်သူ ဦးဒါအောင်နှင့် ဒေါ်သန္တာဦးတို့၏ ပစ္စည်းများ မဟုတ်ဘဲ ဦးထွန်းဖြူ တဦးတည်း ပိုင်ဆိုင်သည့် ပစ္စည်းများ ဖြစ်သည်ဟု အသိပါအမှုများ၌ ဆုံးဖြတ်ထားပြီး ဖြစ်ကြောင်း၊ ထိုအမှုများဖြစ်ပွါးစဉ်ကအယူခံဘရားလိုတို့သည် ၎င်းတို့အနေဖြင့် ယိုပစ္စည်းများကို ပိုင်ဆိုင်သည်ဟု ဝင်ရောက်ကန့်ကွက် ပြောဆိုခဲ့ခြင်းမရှိ၍၊ သက်သေခံဥပဒေ ပုဒ်မ ၁၁၅ အရ၊ ပိတ်ပင်နေပြီဖြစ်ကြောင်း ကောက်ယူကာ၊ အယူခံဘရားလိုတို့၏ အဆိုလွှာကို ပလပ်သိုက်ခြင်း ဖြစ်လေသည်။

သက်သေခံ ဥပဒေပုဒ်မ ၁၁၅ တွင်၊ တစုံတယောက်သောသူက၊ အကြံအလင်း ပြောဆိုခြင်း အားဖြင့်ဖြစ်စေ၊ အပြုအမူအားဖြင့်ဖြစ်စေ မပြုဘဲ ချန်လှပ်ထားခြင်း

၁၉၆၇ ဦးမောင်ဖြူ ပါ ၄ နှင့် ဦးထွန်းအောင်ဖြူ ပါ ၃။

အားဖြင့်ဖြစ်စေ၊ အခြားသူတယောက်အား အကြောင်းခြင်းရာ တခုသည် အမှန်အကန်ဖြစ်ကြောင်း ယုံကြည်စေခဲ့ပြီး၊ ထိုယုံကြည်ချက်အရ အခြားသူအား အမှုတစုံတခုကို ပြုမူစေခဲ့လျှင် ထိုသူနှင့် အခြားသူတို့ နောင်အငြင်းပွါးလာသည့်အခါ၊ ၎င်းအကြောင်းခြင်းရာသည် အမှန်အကန်မဟုတ်ဟု ငြင်းဆိုခြင်း မပြုနိုင်ဟု ပြဋ္ဌာန်းထားသည်။ လူဘဦးက အခြားလူဘဦးအပေါ် နှိုက်ဖြင့်ဖြစ်စေ၊ အမူအရာနှင့်ဖြစ်စေ မှန်ကန်ကြောင်း ယုံကြည်စေရန် ပြုမူခဲ့ရမည့်အပြင်၊ အခြားလူကလည်း ထိုယုံကြည်ချက်အရ ဆောင်ရွက်ခဲ့ပြီး ဖြစ်မှသာ ထိုပုဒ်မအရအပြီးသတ် ပိတ်ပင်ထားပြီး ဖြစ်သည်ဟု ယူဆရမည်ဖြစ်သည်။

ယခု အမှုတွင် အယူခံ တရားလိုတို့အနေဖြင့် အယူခံတရားခံ ဦးဇေအောင်ထွန်းဖြူ အား သက်သေခံ ဥာဒပုဒ်မ ၁၁၅ နှင့် အကျုံးဝင်အောင် တစုံတရာ ပြုလုပ်ခဲ့သည်ဆိုသော စွပ်စွဲချက် မရှိခေ၊ ယခင်စွဲဆိုသည့် အမှုများတွင် ဦးထွန်းအောင်ဖြူက အယူခံတရားလိုတို့၏မိခင် ဒေါ်ရွှေစိန်မြကိုသာ အမှုသည် တရားခံအဖြစ် ထည့်သွင်းခဲ့သည်။ အယူခံဘရားလိုဘို့အား အမှုသည်များအဖြစ် ထည့်သွင်းခဲ့ခြင်း မရှိသဖြင့် ဦးအောင်ထွန်းဖြူသာလျှင် အပြစ်ရှိသူဖြစ်သည်ဟု ဆိုရန်မရှိပေ။ အယူခံ တရားလိုတို့အနေဖြင့် ၎င်းတို့အား တရားစွဲဆိုခြင်းမပြုသည့်အမှုတွင်အမှုသည်အဖြစ် ထည့်သွင်းရန် ပြောဆိုလျှောက်ထားရန် မလိုပေ၊ ထိုကဲ့သို့ ပြောဆိုလျှောက်ထားခြင်း မည်ဟုလည်း မည်သည့် ဥပဒေကမှ ပြဋ္ဌာန်းထားခြင်း မရှိခေ၊ သို့ဖြစ်ရာ အယူခံတရားလိုတို့သည် သက်သေခံ ဥပဒေပုဒ်မ ၁၁၅ အရ၊ အမှုစွဲဆိုခြင်းမှ အပြီးသတ် ပိတ်ပင်ထားပြီး ဖြစ်သည်ဆိုသော အောက်ရုံး၏ ကောက်ချက်မှာ မှားယွင်းခြင်း ထင်ရှားသည်။

အယူခံတရားခံ ဦးထွန်းအောင်ဖြူ၏ ပညာရှိ ရွှေနေကြီး ဦးအောင်ကြီးက ယခု အမှုသည် တရားမကျင့်ထုံးပုဒ်မ ၁၁ ၏ချင်းလင်းချက်အပိုဒ် ၆ တွင်အကျုံးဝင်နေသဖြင့် အမှုခွဲဆိုခြင်းမှ အပြီးသတ် ပိတ်ပင်ထားပြီး ဖြစ်သည်ဆိုသော အောက်ရုံး၏ ယူဆချက်မှာ မှန်ကန်ခြင်း တင်ပြလာသည်။ ထိုကိစ္စနှင့် ပတ်သက်၍ ပညာရှိ ရွှေနေကြီးက အယူခံ တရားလိုတို့၏ မိခင် ဒေါ်ရွှေစိန်မြသည် ယခင်အမှုများ၌ အခင်းဖြစ် ပစ္စည်းတို့သည် ဦးဒါအောင်နှင့် ဒေါ်သန္တာဦးတို့၏ မခွဲဝေရသေးသော ပစ္စည်းများ ဖြစ်ပြီး၊ ဦးထွန်းဖြူ တဦးတည်းပိုင် ပစ္စည်း မဟုတ်ဟု ထုခဲ့ကြောင်း၊ ထိုကဲ့သို့ ထုချေရာတွင် ဒေါ်ရွှေစိန်မြသည် မိမိအာဘက်သာမက သားသမီးများ ဖြစ်ကြသည့် အယူခံ တရားလိုအာဘက်ပါ ထုခဲ့သည်ဟု ယူဆရမည်ဖြစ်ကြောင်း အခကြောင်းပြသွား၏။

တရားမကျင့်ထုံးပုဒ်မ ၁၁ ၏ ချင်းလင်းချက် အပိုဒ် ၆ အရဆိုလျှင်၊ အမှုသည်များသည် မိမိတို့၏ အာကျိုးကျေးဇူးအတွက်သာမက အခြားသူတို့၏ အကျိုးကျေးဇူး အာဘက်ပါ လုပ်သားပြည်သူများ၏ ဆိုင်ရေးဆိုင်ခွင့်ကိုသော်ငင်း၊ မိမိတို့ကိုယ်ပိုင်

ဆိုင်ရေးဆိုင်ခွင့်ကိုသော်၎င်း အမှန်အကန်တရားစွဲဆိုခဲ့ပါမူ၊ ထိုကဲ့သို့ စွဲဆိုသည့်အမှုသည်တို့၏ ဆက်ဆံမှုအားလုံးသည် အမှုသည်ဘို့ကဲ့သို့ပင် အပြီးသတ် ပိတ်ပင်ထားပြီး ဖြစ်သည်ဟုကောက်ယူရန်ဖြစ်သည်၊ အမှုသည်တဦးအနေဖြင့်လုပ်သားပြည်သူအများ၏ ဆိုင်ရေးဆိုင်ခွင့်နှင့် ပတ်သက်၍သော်၎င်း၊ မိမိကိုယ်ပိုင် ဆိုင်ရေးပိုင်ရေးနှင့် ပတ်သက်၍ သော်၎င်း တရားဆိုင်ရာ၌ မိမိ၏ အကျိုးကျေးဇူးအတွက်သာ ပြုလုပ်ဆောင်ရွက်ခြင်းဖြစ်ပါမူ၊ ၎င်းအပေါ် ဆုံးဖြတ်ချက်သည် ၎င်း၏ဆက်ဆံသူများအပေါ် အတည်မဖြစ်နိုင်ပေ။ထိုကိစ္စနှင့် ပတ်သက်၍ မဒရပ် တရားလွှတ်တော်မှ **ကူမာရန်ဒီ ကူဒန်ဘန်** နှင့် **ဗန်ကတာဆူဘရာ မန်နီယာအိုင်ယား** (၁) တို့အမှု၌ အောက်ပါအတိုင်း မှုံးဖြတ်ထား၏။

ဥပမေခြင်းငှာ ပါ ၄ နှင့် ဥပဒေအောင် ဖြူ ပါ ၃။

"Where a party to a suit sets up his own individual right which happens to be common to him and others he cannot be said to be litigating on behalf of the others within the meaning of Explanation VI, section 11, Civil Procedure Code."

ကီရှန်ဆင်း နှင့် **ပါတာပီ** (၂) တို့အမှုတွင်လည်း၊ အောက်ပါအတိုင်း အဆုံးအဖြတ်ပေးထားသည်ကို တွေ့မြင်နိုင်ပေသည်။

"Explanation 6 applies to those suits only which are instituted in a representative capacity."

ပရိဗွီကောင်စီ လွှတ်တော်၏ စီရင်ထုံးဖြစ်သော **အီး၊ အမိစားနှင့် အီး၊ ကရာဘား** (၃) ဘို့အမှုတွင် အောက်ပါအတိုင်း ကောက်ယူထားသည်။

"An action by or on behalf of a family may result in a *res judicata*, but such an action, if it is to bind absent or future members of the family, must be so constituted according to the local rules of procedure or by a representation order or in some other way that all such members can be regarded as represented before the Court."

ဂျီတင်ဒရာဆင်း နှင့် **ဆင်းမလားမလိုင်ယင်းဘဏ်** (၄) တို့အမှုဌာနလည်း အလားတူပင် ဒုအောက်ပါအတိုင်း ကောက်ယူခဲ့၏။

"Section 11, Explanation 6 will not apply where a plaintiff claims a right for himself, though the right may be common

---

(၁) (၁၉၂၇) အတွဲ ၁၀၁၊ အိုင်စီ ၅၈။
(၂) အေ၊ အိုင်၊ အာ (ရှိ) ၁၉၃၅၊ လာဟိုး ၅၃၇။
(၃) အေ၊ အိုင်၊ အာ (ရှိ) ၁၉၃၆၊ ပရီဗွီကောင်စီ ၁၄၇။
(၄) အေ၊ အိုင်၊ အာ (ရှိ) ၁၉၄၂၊ အောက် ၁၉၉။

၁၉၆၇

ဦးမောင်ဖြူ ပါ ၄ နှင့် ဦးထွန်းအောင်ဖြူ ပါ ၃။

to others also. The case of a nearest reversioner suing a Hindu widow to set aside an alienation by her is a special case, and does not affect the general principle that one person will not represent others in litigation unless it is expressly stated that he is litigating in a representative capacity and the provisions of Order 1, Rule 8, Civil Procedure Code, are observed."

(ယခင် အမှုဖြစ်သည့် စစ်တွေမြို့၊ ခရိုင်တရားမရုံး၏ ၁၉၆၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၉ ၌အယူခံ တရားလိုဘို၏မိခင် ဒေါ်ရွှေစိန်မြအား အယူခံတရားခံ ဦးထွန်းအောင်ဖြူသည်ပဋိုလ် အနေဖြင့် တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။ အယူခံ တရားလိုတို့၏ ကိုယ်စားလှယ် အဖြစ်သော်၎င်း၊ အုပ်ထိန်းသူအဖြစ် သော်၎င်း၊ တရားစွဲဆိုခဲ့ခြင်း မဟုတ်ခဲ့ချေ၊ ဒေါ်ရွှေစိန်မြကလည်း ကွယ်လွန်သူ ၎င်း၏ဃာကျိုး ဦးသာပင့်၏ အမွေစား အမွေခံအဖြစ် ပဋိုလ်အရ ခုခံချေပခဲ့ခြင်းဖြစ်သည်။ အယူခံ တရားလိုတို့၏ ကိုယ်စားလှယ်အနေဖြင့် ခုခံထုချေခဲ့ခြင်း မဟုတ်သဖြင့် ဒေါ်ရွှေစိန်မြ၏ ပြုမူချက်နှင့် ၎င်းအပေါ် ဆုံးဖြတ်ချက်သည် အယူခံ တရားလိုတို့အပေါ် တည်မြဲခိုင်မာသည်၊ အပြီးသတ်စီရင်ဆုံးဖြတ်ပြီးဖြစ်သည်ဟုယူဆခြင်းမမြှုနှိုင်ခဲ့ချေ။ဒေါ်ရွှေစိန်မြသည် ၎င်း၏ ကိုယ်ပိုင် ဆိုင်ရောပိုင်ရေးနှင့် ပတ်သက်၍ ခုခံချေပရာ၌၊ မိမိ၏ အကျိုးကျေးဇူး အာဘွဲ့သာ ဆောင်ရွက်ခဲ့ခြင်းဖြစ်၍ အယူခံ တရားလိုတို့အပေါ် တရားမကျင့်ထုံးပုဒ်မ ၁၁ ၏ ရှင်းလင်းချက်အပိုဒ် ၆ နှင့် ငြိစွန်းသည်ဟု မဆိုနိုင်ခဲ့ချေ။

သက်သေခံ ဥပဒေပုဒ်မ ၄၁ တွင် ဖော်ပြထားသည့် အများနှင့် သက်ဆိုင်သော စီရင်ချက်များမှအပ၊ ကျန်တရားမ ရုံး၏ စီရင်ချက်များသည် အမှုသည် အချင်းချင်းအပေါ်၌သာ ခိုင်မြဲအာဏာဖြစ်ပေသည်။ အမှုသည် မဟုတ်သူအပေါ် ခိုင်မြဲအာဏာဖြစ်ခြင်း မရှိပေ၊ ပြဿနာ တခုခုနှင့် ပတ်သက်၍ တရားရုံး၏ ဆုံးဖြတ်ချက်ရှိနေလင့်ကစား၊ ထိုဆုံးဖြတ်ချက်သည် သက်သေခံ ဥပဒေပုဒ်မ ၄၁ တွင်ဖော်ပြထားသည့် အများနှင့် သက်ဆိုင်သော ဆုံးဖြတ်ချက် မဟုတ်လျှင် အမှုသည်မဟုတ်သည့် အပြင်လူ တဦးဦးက ထိုပြဿနာနှင့် ပတ်သက်၍ ထပ်မံ စောဒကတက်နိုင်ခွင့် ရှိပေသည်၊ ယခင်ဆုံးဖြတ်ချက်သည် ထိုကဲ့သို့ စောဒက တက်လာသောအခါ ဆန့်ကျင်ဘက် သက်သေ အထောက်အထားအဖြစ် အသုံးချနိုင်မည် ဖြစ်ရုံသော်လည်း အပြင်လူတဦးဦး အား အဆိုပါပြဿနာနှင့်ပတ်သက်၍ ထပ်မံ စောဒကတက်ခြင်း မပြုနိုင်ဟု လုံးဝပိတ်ပင်

ခြင်းမရှိပေ။ဤကိစ္စနှင့် ပတ်သက်၍ နိုင်ငံတော် အတွင်းဝန် နှင့် ဆရက်အာမက်ဘာမှာ၊ (၅)တို့အနှုပါ အောက်ပါ ဆုံးဖြတ်ချက်ကိုသာ ရည်ညွှန်းလိုပေသည်။

၁၉၆၇
ဦးမောင်ဖြူ ပါ ၅ နှင့် ဦးထွန်းအောင် ဖြူ။ ပါ ၃။

> **"Sections 41 and 42 draw a distinction between judgments *in rem* and judgments in *in personam* and a judgment which does not fall within section 41 can only be evidence but cannot be used for the purpose of preventing the other side from proving facts which he sets up."**

ဤစီရင်ချက်ကို အဆုံးမသတ်မီ အနည်းငယ် ပေဖန်ချန် အချက်တချက် ရှိနေသေး၏။ ထိုအချက်မှာ အခြားမဟုတ် အောက်ခုံရုံး၌ အယူခံတရားခံ ဦးထွန်းအောင်ဖြူ၏ ပညာရှိ ရွေနေကြီးက ချေလွှာတင်ရမည့်အစား၊ ကန့်ကွက်လွှာ တင်ခဲ့သည့် ကိစ္စဖြစ်သည်၊ တရားလိုက စွဲချက်လျှောက်လွှာတင်၍ တရားစွဲဆိုလာလျှင် တရားခံသည် တရားလို၏ အမှုကို ခုခံမည်ဆိုပါက ချေလွှာတင်ရမည်ဖြစ်သည်၊ တရားမကျင့်ထုံး အမိန့် ၆၊ နည်းဥပဒေ ၁ အရ၊ အမှုတခု၏ အဆိုအခချဆိုသည်မှာ တရားလိုကတင်သည့် စွဲချက်လျှောက်လွှာနှင့်တရားခံကတင်သော ချေလွှာဘို့ဖြစ်ကြောင်း ဖေါ်ပြ ပြဋ္ဌာန်းထားရာ တရားခံသည် တရားသို့၏အမှုကို ခုခံလျှင် ချေလွှာတင်သွင်းရမည်ဖြစ်သည်၊ အဆို အချေတို့အပေါ်တွင် မူတည်၍ ရုံးတော်မှ ကောက်ချက်ထုတ်ကာ သက်သေများကို စစ်ဆေး ကြားနာပြီးနောက် အဆုံးအဖြတ် ပေးရသည်ဖြစ်သည်၊ ယခုအမှုတွင် အယူခံ တရားလိုတို့က စွဲချက်လျှောက်လွှာတင်၍ တရားစွဲသည်ကို အယူခံ တရားခံတို့က ချေလွှာတင်သွင်းမပြုလျှင်၊ ၎င်းတို့၏ပညာရှိ ရွေနေကြီးကသာ ကန့်ကွက်လွှာတခုတင်ခဲ့သည်။ အမှန်ဆိုလျှင် ချေလွှာတင်ပြီးအဆိုအချေအပေါ် ကောက်ချက်ထုတ်ရမည်ဖြစ်သည်။ ထိုချုိယွင်းချက်ကို အောက်ရုံးပညာရှိတရားသူကြီးသည် သတိပြုသင့်ပေသည်။

အဆက်တွင် ဖေါ်ပြခဲ့သည့်အတိုင်း အယူခံ တရားလိုတို့ စွဲဆိုသော အမှုသည် သက်သေခံ ဥပဒေပုဒ်မ ၁၅၅ အရသော်၎င်း၊ တရားမ ကျင့်ထုံးပုဒ်မ ၁၁ အရသော်၎င်း အပြီးသတ် ပိတ်ပင်ထားပြီး ဖြစ်သည်ဟု မဆိုနိုင်၍ အောက်ရုံး စီရင်ချက်နှင့် ဒီကရီတို့ကိုပယ်ဖျက်ကာ တရားမကျင့်ထုံးအမိန့် ၄၁၊ နည်းဥပဒေ ၂၃ အရ၊ အမှုတွဲကို မူလနံပါတ်ဖြင့် ပြန်လည်လက်ခံ၍ တရားဥပဒေအရ ဆက်လက်စစ်ဆေး စီရင်ရန်၊ အောက်ရုံးသို့ ပြန်ပို့လိုက်သည်။ ဤအယူခံမှု၏ တရားစရိတ်ကို နောင်အမှု၏ အနိုင်အရှုံးအပေါ်တွင်မူတည်၍ တွက်ချက်ရမည်ဖြစ်သည်၊ ရွှေနှစ်ခိုတ် ၃၀ သတ်မှတ်သည်။

အယူခံ တရားလိုတို့အား ဤအယူခံလွှာတွင် ထမ်းဆောင်ခဲ့သည့် ရုံးခွန်တော်ကို ပြန်ပေးရန် ရုံးခွန်တော် ဥပဒေပုဒ်မ ၁၃ အရ လက်မှတ်ထုတ်ပေးပါ။

---

(၅) အေ၊ အိုင်၊ အာ (ရ) ၁၉၂၁၊ မဒရပ် ၂၄၈ (စုံညီခံ)။

နိုင်ငံတော်တရားရုံးချုပ်

တရားမအယူခံမှု

တရားသူကြီး ဦးသက်ဖေရှေ့တွင်

ဦးမောင်မောင် ပါ ၂ (အယူခံတရားလို)

နှင့်

ဦးကျော်သိန်း (အယူခံတရားခံ)*

† ၁၉၆၇
ဇန္နဝါရီလ
၂၄ ရက်။

ရေလောင်းအိမ်သာနှင့် မိလ္လာကန်များဆောက်လုပ်သည့်အတွက် လျော်ကြေးငွေရလိုမှု—ပဋိညာဉ်အက်ဥပဒေပုဒ်မ ၇၀—ပုဒ်မ၏ အင်္ဂါသုံးရပ်—အင်္ဂါရပ်များနှင့် ပြည့်စုံနေ၍ တောင်းဆိုသည့်ငွေကို ပေးဆောင်ရမည်ဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။လူတဦးသည် အဘိုးအခမယူရန် ရည်ရွယ်ခြင်းမရှိဘဲ၊ အခြားပုဂ္ဂိုလ်တဦးအတွက် အမှုတစုံတခုကို တရားနှင့်လျော်ညီစွာ ပြုလုပ်ဆောင်ရွက်ပေးခဲ့ပြီး၊ ထိုအခြားပုဂ္ဂိုလ်က အကျိုးကျေးဇူးကိုခံစားရလျှင်၊ သို့ခံစားရသူသည် ပြုလုပ်သူအားလျော်ကြေးပေးရမည်ဟု ပဋိညာဉ်အက်ဥပဒေပုဒ်မ ၇၀ က ပြဋ္ဌာန်းထားသည်။ ထိုပုဒ်မတွင်အင်္ဂါသုံးရပ်ရှိရာ ၎င်းတို့မှာ (၁) လျော်ကြေးတောင်းခံသူသည် အခြားသူတပါးအတွက် တရားနှင့်လျော်ညီစွာ အမှုတစုံတခုကို ဆောင်ရွက်ခဲ့ခြင်း၊ (၂) ထိုကဲ့သို့ဆောင်ရွက်ခဲ့ခြင်းမှာ မေတ္တာရိုအခမဲ့ပြုလုပ်ရန်မရည်ရွယ်ခြင်းနှင့် (၃) အခြားသူက အကျိုးကျေးဇူးကိုလက်ခံ၍ ခံစားခြင်းတို့ပင်ဖြစ်သည်။

အယူခံတရားခံသည် အယူခံတရားလိုတို့အတွက် အိမ်သာနှင့် မိလ္လာကန်များကို တရားနှင့်လျော်ညီစွာပြုလုပ်ပေးခဲ့သည်။ အဘိုးအခမယူဘဲ ပြုလုပ်ပေးမည်ဟု ကတိပြုခဲ့ခြင်းမရှိ။ အိမ်သာနှင့် မိလ္လာကန်တို့ ဆောက်လုပ်ပြီးနောက် ယင်းသို့ဆောက်လုပ်သည်ကို သဘောမတူ၍ ဖျက်သိမ်းကာ ပြန်ယူသွားရန် အယူခံတရားခံကမှဏီအား အကြောင်းကြားခြင်းမရှိဘဲ၊ လက်ခံ၍အကျိုးခံစားနေလေသည်။ သို့ဖြစ်ရာ ပဋိညာဉ်ဥပဒေပုဒ်မ ၇၀ ၏အင်္ဂါရပ်များနှင့်ပြည့်စုံနေ၍ အယူခံတရားလိုတို့သည် အယူခံတရားခံကုမ္ပဏီတောင်းဆိုသည့် ငွေကိုပေးဆောင်ရမည်သာဖြစ်သည်။

အယူခံတရားခံအတွက်။ ။မစ္စတာဘနာဂျီ။

အယူခံတရားခံအတွက်။ ။ဦးစိုးမြင့်။

Procedure Code to the prejudice of the defence as well as the prosecution. The trial Judge would be well-advised if he refreshes his mind by reading: the case of *Nga U Khin & others* (1), *the case of Nga Lun Thoung* (2), the case of *Chit Hlaing, Tun Waing, Thein Aung and 19 others* v. *The Union of Burma* (3), *Daw Kha Lay Ma* v. *The Union of Burma* (4) and *P. Yan Soo* (a) *Maung Thaung Nyun* v. *The Union of Burma* (5) and the relevant authorities relied upon in these well-known decisions. Section 162 of the Code of Criminal Procedure prohibits the use of these statements as provided in that section. In *the case of Nga Su* (6) which was an unreported case referred to in *Nga Lun Thoung's case* (2) Baguley J. made a dictum: "The Judge would be well-advised to refer to police papers privately." This dictum was dissented from in this Full Bench decision of *Nga Lun Thoung* (2). It was held by the Full Bench that this dictum goes too far. The law laid down in the case of *Nga U Khine and others* (1) was confirmed by the Full Bench. Statements of witnesses in the police papers ought not to be treated as evidence in the case. In suitable cases the Court should use its discretion and inform the accused of his rights under section 162 and point out, when required, material passages in statements made to the police. It would be best if the Court does not interfere but keep its position as an impartial arbiter between the State and the accused. If the accused is undefended or the case is in the hands of an inexperienced lawyer or court prosecuting Inspector of Police or inexperienced Judge or Magistrate, it is best to make it clear that the Court has the right to take the initiative in suggesting to the defence that the use of the powers given to the accused under section 162 might very possibly be of benefit to it; and once the accused accepts

(1) I.L.R. 13 Ran. 1.
(2) I.L.R. 13 Ran. 570 (F.B.).
(3) (1958) B.L.R. 582 (H.C.).
(4) (1962) B.L.R. 280 (C.C.).
(5) (1966) B.L.R. 43.
(6) Cr: Appeal No. 1080 of 1933 of the late High Court.

this suggestion the Court can then give him a copy of the police statement. In the case of *Nga U Khine and others* (1) it was pointed out that a Judge or Magistrate has no authority to look at the police papers unless requested to do so by the accused. The purpose for which the Court refers to the statement is to see whether any part of the statement ought to be excluded under the second proviso to section 162 of the Code of Criminal Procedure and not for the purpose of deciding whether there is material for cross-examination under section 145 of the Evidence Act. It is not for the Court to decide whether there is any variation between the statement made in the examination-in-chief and the statement recorded by the police. In ချစ်လိုင်၊ ထွန်းဝိုင်း၊ သိန်းအောင် ပါ ၂၂ ဦးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် (3) it is laid down:—

"သက်သေ၏ရဲအထုရှိရှေ့ အစစ်ခံချက်သည်၊ အမှုစစ်ဆေးသောရုံးတော်ကအမှုတွင်ထည့်သွင်းစဉ်းစားနိုင်သော သက်သေအစစ်ခံချက်မဟုတ်။ ထိုသက်သေ၏အစစ်ခံချက်ကိုယုံကြည်ထိုက်၊ မယုံကြည်ထိုက်၊ သို့တည်းမဟုတ် တန်ဘိုးမည်ရွေ့မည်မျှရှိသည်ကိုချိန်ဆနိုင်ရာသာဖြစ်သည်။"

In this appeal no reference whatsoever was made to the police statements as it might prejudice either the prosecution or the defence. These statements have been entirely ignored as without them there is no difficulty in the disposal of the case.

For all the reasons given above the conviction and sentence are set aside and the appellant is directed to be acquitted forthwith so far as this case is concerned.

CIVIL FIRST APPEAL

Before U Kyaw Zan U and U Thet Pe, JJ.

C.C. 1967

Mar. 30.

S. S. MOHIDEEN AND TWO OTHERS (APPELLANTS)

v.

P. NARAYANA SWAMY AND TWO OTHERS (RESPONDENTS).*

Declaratory suit—auction sale of property for default of payment of Municipal Taxes—Limitation Act Article 12—suits to set aside revenue sales—time counted from the date of confirmation of sale—Order 1, Rule 13 C.P.C.—objections on the ground of non-joinder or misjoinder.

Held : In all suits to set aside revenue sales time is always counted from the date of confirmation of sale under Article 12 of the Limitation Act.

Held further : Under Order I, Rule 13 of the Code of Civil Procedure all objectors on the ground of non-joinder or misjoinder of parties shall be taken at the earliest possible opportunity and, in all cases where issues are settled, at or before such settlement, unless the ground of objection has subsequently arisen, and any such objection not so taken shall be deemed to have been waived.

U Ong Shein Woon and *U Hla Pe* (1) for the appellants.

Respondent (1) absent.

Mr. M. A. Subhan for the respondent (2).

U KYAW ZAN U, J.—This is an appeal against the judgment and decree of the Rangoon City Civil Court (Second Judge) dismissing its Civil Regular Suit No. 1400 of 1953, wherein a declaration was prayed for that the auction sale held by the 3rd respondent (Municipal Corporation) on 3rd September 1952 for default of payment of Municipal taxes in respect of building No. 223, Eden Street, Rangoon, is void *ab initio* with the result that no legal title passed by such sale to the 1st respondent (purchaser) who

* Civil First Appeal No. 36 of 1965. Against the decree of the 2nd Judge, City Civil Court of Rangoon in Civil Regular Suit No. 1400 of 1953, dated the 10th March 1965.

had subsequently transferred the property to the 2nd respondent. It was alleged that the heirs and legal representatives of the owner, who are the appellants (plaintiffs), did not know about the sale, which was conducted fraudulently by the 3rd respondent in collusion with R. S. Muthu Nader (since deceased) the husband of the 2nd respondent and the original 3rd defendant in the suit, who were the occupiers of the building. It was alleged that these occupiers induced the 3rd respondent to believe that it was R. S. Muthu Nader who owned the building and deliberately defaulted the payment of the taxes due. The sale which took place on 3rd September 1952 was confirmed on 9th October 1952. The appellants alleged that they came to know about the sale only on 4th April 1953. The suit was instituted on 3rd October 1953.

The 3rd respondent admitted that S. M. Mohideen (deceased) was the original owner as alleged by the appellants but denied that the latter are his heirs and legal representatives as it was not aware of the death of the said S. M. Mohideen in India. It was, of course, not in a position to know unless informed by the persons concerned *viz.* the appellants as succeeding owners or the occupiers. There is now no dispute about it. The Counsel for the appellants admitted they were in arrears of taxes at least for the first quarter for 1952. Under section 86 (*1*) of the City of Rangoon Municipal Act property taxes in respect of any building are leviable jointly and severally from owners or occupiers. Under Schedule III of the Rules framed under the aforesaid Act notice of demand is to be served upon any person required by leaving the notice if such person is not found at his last known place of abode, or by giving or tendering the same to some adult member or servant of his family, or, if such person cannot be with diligence be found, by causing the notice to be affixed on some conspicuous part of the building. Rule 5 of the Schedule says when any notice

is to be served, issued or presented to the owner or occupier of any building it shall not be necessary to name the owner or occupier therein. The 3rd respondent stated that it was not incumbent upon it to seek the whereabouts of the plaintiffs (appellants) or to attempt to discover who their agents were for the purpose of demanding payment of taxes. The 2nd respondent denied that no demand for arrears of taxes was made and the appellants were not aware of the steps taken by the 3rd respondent culminating in the auction sale. There were altogether ten issues but all these issues are not relevant for the purposes of this appeal. The trial Court held that notice of demand for payment of arrears of taxes was lawfully made by the 3rd respondent and there was no fraud, collusion or conspiracy on the part of the respondents. In this appeal, the Counsel for the appellants again put emphasis on these main issues relating to want of notice of demand for arrears of taxes and fraud, collusion and conspiracy practised by the respondents and also argued on the question of limitation.

The issue taken up as the main ground of appeal by the Counsel for the appellants is the issue No. 6 which runs:

> "Is the sale to him (1st respondent) not valid as no notice was served on the plaintiffs or their agent for payments of arrears of revenue before the sale?"

It is not disputed now that the suit property belonged originally to S. M. Syed Mohideen who died on 20th February 1944 in India leaving the appellants as his heirs and legal representatives who, we think, should have applied for mutation of names in the Municipal records. The 1st appellant admitted in his evidence that he did not take any steps either to inform the Municipality about the death or to substitute the names of the heirs and legal representatives. U Kyi Myint (PW 3) the *Akunwun* of the

Muncipal Corporation deposed that notice was issued in the name of S. M. Syed Mohideen. If he was dead then the appellants as his heirs and legal representatives were liable to pay the taxes. It is for the debtors to look for their creditors and not for the latter to look for the former. There is no proof that the Corporation recognized R. S. Muthu Nader as owner. Under Chapter II of the Rules framed under the City of Rangoon Municipal Act the Assessor has to publish public notice of his Annual Assessment List and every owner or occupier has to furnish him with name and address, measurement, gross annual rent or revenue, market value, etc., of the building, and if he omits to comply with such requisition he shall be precluded from objecting to any assessment made in respect of the building. In paragraph 7 of the reply to the written statements the appellants stated that the Municipal Corporation did come for collection of taxes in question and the husband of the 3rd respondent (R. S. Muthu Nader) falsely posed himself as the owner in possession and refused to pay the taxes. They cannot now say that they were not aware of the demands. The decision in *Maung Thaung* v. *Shaik Abdul Gani* (1) relied upon by the appellants is not applicable here. In that case the notice of demand was addressed to the owner who was then dead and was served on the care-taker who could not be an agent of the dead owner or a person liable to pay the taxes. According to U Kyi Myint (*Akunwun*) notices of demand and sale were issued as usual and it was noted that they were served on the owner's clerk and on "Ansaveri" and "R. Mathavan" as shown in Exhibits (၀၁၊ ၀၂၊ ၀၃). The evidence of the 1st appellant shows one Saveri Mutu was an occupier and he was paying the taxes. He confessed he knew that the property would be auctioned for default of payment of the taxes due. The Revenue Proceedings also show that "R. S. Nader" signed

(1) (1938) R.L.R. 603

the sale proclamation on the reverse. Ramtha Das, the son and agent of the respondent No. 2, did not admit that his father signed but he would be only about 12 years old then. In the absence of facts contrary to the common course of natural events and public business, the Court may presume that official acts had been regularly performed and that the common course of business had been followed in making demands for payment of taxes and in conducting the auction sale. The entries on the reverse of the notices (Exhibits ๐๑ı ๐J ๐๒ı) that they were served on the occupier named therein and/or affixed on the conspicuous part of the building are no doubt relevant. When the appellants have stated in their reply that the Municipality did come for collection of taxes they are now estopped from denying what they stated.

The appellants in para 4 of their grounds of appeal stated that the trial Court was wrong in holding that the suit was time barred under section 204 (*1*) (*b*) of the City of Rangoon Municipal Act inasmuch as the suit was filed on 3rd October 1953 within six months as required by the Act from 4th April 1953 which was the date on which the appellants became aware of the sale which took place on 3rd September 1952. Under section 204 (*1*) (*b*) of the Act, no suit shall be instituted against the Corporation in respect of any act done in pursuance or execution of the Act unless it is commenced within six months next after the accrual of the cause of action. The appellants in para 18 of their plaint however gave four different dates *viz.* 3rd September 1952 (auction sale), 9th October 1952 (confirmation of sale), 4th April 1953 (when the appellants became aware of the sale) and 6th April 1953 (when the 1st respondent transferred the building to 2nd respondent) as the dates on which the cause of action had arisen. In his argument before us the appellants' Counsel chose the date of knowledge of the sale, *viz.* 4th April 1953 as the date on which the cause of action arose. To declare the

auction sale void *ab initio* as prayed for by the appellants in the suit is to say that there was no real sale. The sale that took place is to be rooted out, or, in other words, to set it aside. Article 12 of the Limitation Act is a general provision for limitation to set aside sale in pursuance of an order of a revenue officer, or sale for arrears of Government revenue, or for any demand recoverable as such arrears, and it is provided therein that the period of limitation is one year from the date of confirmation of sale. This is only by way of reference. There is no doubt a difference between setting aside a sale and declaring that the sale is void *ab initio*, but when the appellants have also prayed for possession of the suit building the sale being in pursuance of an order of a revenue officer the appellants are bound by that sale unless and until it is reversed. They cannot get possession without setting aside the sale. On this principle we are of the opinion that time runs from the date of confirmation of sale. In all suits to set aside revenue sales time is always counted from the date of confirmation of sale under Article 12 of the Limitation Act. The appellants invoked the benefit of section 18 of the Limitation Act which says that where any person having a right to institute a suit has, by means of fraud, been kept from the knowledge of such right, the time limited for instituting a suit shall be computed from the time when the fraud first became known to the person injuriously affected thereby. The burden undoubtedly lies on them to prove fraud as alleged in their plaint. A clear and definite proof of fraud is necessary. The Court will not presume it from the mere existence of suspicious circumstances. The particulars of the alleged fraud given was that the 2nd respondent and her late husband persuaded the 3rd respondent to believe that the 2nd respondent's husband was the real owner and fraudulently defaulted payment of municipal taxes thereby affording the 3rd respondent to sell the suit building by public auction.

C.C. 1967

S. S. MOHIDEEN AND TWO OTHERS v. P. NARAYANA SWAMY AND TWO OTHERS.

There is practically no proof that these respondents acted in collusion or in conspiracy. When there is no proof of fraud the appellants cannot take advantages of section 18 of the Limitation Act to compute the time from the date of knowledge of the fraud. There is all the difference in the world between a failure to serve the notices and a deliberate contrivance to suppress them. None of these applies to the present case. We have gone through the evidence in particular of the 1st appellant carefully but we did not find any instance of the fraud alleged.

The appellants complained that there are some inconsistencies in the descriptions of the property sold in the sale proclamation and the sale certificate. This was not in issue. If the extent of the area sold is uncertain attention should have been invited at the relevant time. In the sale proclamation as well as in the intimation where it was stated that if the arrears of taxes given therein and the cost of the sale were not paid within 30 days, the sale would be confirmed, it was clearly stated that the building known as No. 223, Eden Street was the property to be sold by public auction. The building is standing on the Government leasehold land and accordingly for better clarification it is so stated in the Sale Certificate. The building could not be separated from the land. It was for the purchaser to apply to the National Housing Board for the transfer of the leasehold land and regularize it. This point was a thing of the past as there is now no dispute that the purchaser of the building and subsequently the transferee has since obtained the transfer of the land. If there was any dissatisfaction it was open to apply to the Commissioner of the Corporation to set aside the sale or to amend the Sale Certificate.

There is nothing on record to show that the purchase by the 2nd respondent was a sham. In the argument before us the respondents contended that the suit has abated as all the necessary heirs and legal representatives are not

on record as parties in the suit. They submitted that S. M. Mohideen even left behind a daughter by his Burmese wife. We find nothing in the evidence. There is no direct issue. They also contended that the National Housing Board should have been made a party but this point was not taken up in the trial Court. Without evidence as to the necessity of adding the Board as a party we are unable to adjudicate on the point raised. They also raised the question of joinder of parties but we decline to take this point up at so late a stage. The law is clear. Under Order I, Rule 13 of the Code of Civil Procedure all objections on the ground of non-joinder or misjoinder of parties shall be taken at the earliest possible opportunity and, in all cases where issues are settled, at or before such settlement, unless the ground of objection has subsequently arisen, and any such objection not so taken shall be deemed to have been waived. They failed to present a good ground. After all, misjoinder or non-joinder is not fatal to the suit.

Taking into consideration all the important points raised we are of the opinion that this appeal must fail. As no interference with the judgment and decree of the trial Court is called for we dismiss the appeal with costs.

CIVIL MISCELLANEOUS APPEAL

Before U Kyaw Zan U, J.

C.C.
1967
Mar. 30.

U TU BO AND ONE (APPELLANTS)

v.

U MAUNG SWE (RESPONDENT).*

Civil Execution—Order 21, Rule 37 C.P.C.—inquiry as to the ability to pay—Order 3, Rule 1 C.P.C.—application by a pleader on behalf of a party—Order 21, Rule 30 C.P.C.—simultaneous executions of various modes of relief.

Held : When a judgment debtor appears before the Court in obedience to a notice issued under Order XXI Rule 37 the Court shall proceed to hear the decree-holder and take all such evidence as may be produced in support of his application for execution, that is to say, it must hold an inquiry as to the ability to pay or, in other words, as to poverty of the judgment-debtor. The onus of proof that the judgment-debtor is able to pay is on the decree-holder. No judgment-debtor shall hower be sent to prison unless the Court is satisfied that any of the conditions detailed in the proviso to s. 51 of the Code exists—

Held further : Under Order 3, Rule of the Code any application to any Court by a party, may, except where otherwise expressly provided by any law for the time being in force, be made or done by a pleader on his behalf. It is a general provision and is as much applicable to presentation of suits as to that of appeals and applications for execution. The words "decree-holder" in s. 51 of the Code which relate to execution of decrees are thus governed by Order 3, Rule 1. There is nothing in law to prevent substitution of one mode of execution for another. When the execution case was still alive and the first application was in order and in proper form, the decree-holder could ask for issue of notice to show cause against arrest instead of attachment in column 10 of the tabular form of the original execution application where all the particulars required under Order XXI Rule 11(2) of the Code were already given. There was indeed no necessity to file a fresh execution application in a tabular form in the same case praying for a different mode of execution. Since simultaneous executions of various modes of relief are permitted under Order XXI, Rule 30 of the Code it is open to the decree-holder to indicate the various modes which he wishes the Court to adopt. When the Court had rejected the attachment it could have refused to keep the case open and asked the decree-holders (appellants) to apply afresh in the usual form for another mode of execution.

---

* Civil Miscellaneous Appeal No. 35 of 1966. Against the decree of the District Court of Toungoo in Civil Execution No. 5 of 1965.

U Win Hlaing for the appellants.

Dr. Maung Phyu for the respondent.

U KYAW ZAN U, J.—In Civil Execution No. 5 of 1965 of the District Court of Toungoo the decree-holders (appellants) applied for issue of notices to the judgment-debtors (respondents) for payment of decree money and in default for attachment of their properties under Order XXI Rule 11 (2) read with section 51 (*b*) of the Code of Civil Procedure in the usual tabular form. The application was duly verified by the 1st appellant. It was in order and in proper form. The execution was in respect of a simple money decree obtained against the respondents in Civil Regular Suit No. 2 of 1964. No mention of any particular property however was made for the purpose of attachment until over 4 months later. Somehow the Court was of the opinion that the property proposed to be attached being a human dwelling house it could not be attached and accordingly refused attachment. I am not aware of any law that prohibits such attachment. Under section 60 (*1*) (*c*) of the Code of Civil Procedure only houses and buildings belonging to an agriculturist and occupied by him is exempted from attachment. See also Act No. 9 of 1963. It seems the original Court misunderstood the Chief Court's instructions sent to all the Courts subordinate to it as advised by the Government to stay all eviction proceedings for the time being for administrative reasons until further orders. The relevant instruction being Memorandum No. 232/20-155 (63), dated 18th January 1964 reads as follows:

"* * * တရားရုံးကခုမှတ်သည့် မငွေ့မပြောင်းနိုင်သော ပစ္စည်းမျှားမှ နှင်ထုတ်သည့် ဒီကရီကိုသော်၎င်း၊ အမိန့်ကိုသော်၎င်း၊ အကျိုးသက်ရောက်စေရန်အရေးယူဆောင်ရွက်ခြင်းမှ ခေတ္တရပ်ဆိုင်းသားရန်ညွှန်ကြားပါသည်။"

Thereupon the appellants asked for time to consider what further steps they should take in the matter and the Court

C.C. 1967

U TU BO AND ONE v. U MAUNG SWE.

granted time till 11th June 1966. This decision was not taken up to the appellate Court by the appellants who kept the execution still open. On 11th June 1966 the appellants through their lawyer applied in writing to the Court under section 51 (*c*) of the Code to issue notice to the second respondent U Maung Swe to show cause why he should not be committed to civil prison. It appears no court fees were paid on the application which was signed only by the pleader for the appellants (decree-holders) without verification and on the direction being given by the Court the court fees were paid on a subsequent date. It must be presumed that the decree-holders (appellants) had abandoned their first mode of execution, *viz.* attachment. On the objection being made in writing by the 2nd respondent U Maung Swe that as the application was not signed and verified by the appellants (decree-holders) themselves it was not maintainable, the Court after hearing the arguments rejected the application allowing K 34 as lawyer's fees to the 2nd respondent. Hence this appeal.

Under the proviso to section 51 of the Code where the decree is for the payment of money, execution by detention in prison shall not be ordered unless, after giving the judgment-debtor an opportunity of showing cause why he should not be committed to prison, and for this reason perhaps the decree-holders (appellants) in their application dated 11th June 1966 first prayed for the issue of notice to the 2nd respondent to show cause why he should not be committed to prison. Order XXI Rule 37 of the Code also says the Court shall instead of issuing a warrant of arrest, issue a notice calling upon the judgment-debtor to appear before the Court on a day to be specified in the notice and show cause why he should not be committed to the civil prison. The 2nd respondent stated in his written objection that he has no means to pay the decree money, namely K 28,500 exclusive of the costs of the

suit either in whole or in part, and is depending for his very existence on his relatives. The object of the law is to afford protection to honest debtors who are incapable of paying their debts by reason of poverty and who have not committed any act of bad faith. The original Court was in a quandary as to what steps it should follow next after the issue of the notice calling upon the 2nd respondent to show cause against the application. The remedy is provided in condition (*b*) of proviso to section 51 and Order 21 Rule 40 (*1*) of the Code. When a judgment-debtor appears before the Court in obedience to a notice issued under Order XXI Rule 37 the Court shall proceed to hear the decree-holder and take all such evidence as may be produced in support of his application for execution that is to say, it must hold an inquiry as to the ability to pay or, in other words, as to poverty of the judgment-debtor. The onus of proof that the judgment-debtor is able to pay is on the decree-holder. No judgment-debtor shall however be sent to prison unless the Court is satisfied that any of the conditions detailed in the proviso to section 51 of the Code exists.

Another ground on which the original Court rejected the application for issue of notice to show cause against arrest is that the application did not comply with the requirements of section 51 and Order XXI Rule 11 (2) of the Code. There was some confusion in the mind of the Judge of the original Court. The said application was filed in the same execution case. When the Court rejected the attachment the appellants (decree-holders) did not close the case and the Court even granted time till 11th June 1966 to consider what further steps was to be taken in the matter. On 11th June 1966 the lawyer for the appellants filed the said application to issue notice to show cause against arrest. Under Order 3 Rule 1 of the Code any application to any Court by a party, may, except where otherwise expressly provided by any law for the

time being in force, be made or done by a pleader on his behalf. It is a general provision and is as much applicable to presentation of suits as to that of appeals and applications for execution. The words "decree-holder" in section 51 of the Code which relate to execution of decrees are thus governed by Order 3 Rule 1. There is nothing in law to prevent substitution of one mode of execution for another. When the execution case was still alive and the first application was in order and in proper form, the decree-holders could ask for issue of notice to show cause against arrest instead of attachment in column 10 of the tabular form of the original execution application where all the particulars required under Order XXI Rule 11 (2) of the Code were already given. There was indeed no necessity to file a fresh execution application in a tabular form in the same case praying for a different mode of execution. Since simultaneous executions of various modes of relief are permitted under Order XXI Rule 30 of the Code it is open to the decree-holder to indicate the various modes which he wishes the Court to adopt. When the Court had rejected the attachment it could have refused to keep the case open and asked the decree-holders (appellants) to apply afresh in the usual form for another mode of execution. This was not done. The Court was clearly wrong in refusing to act on the application dated 11th June 1966 by dismissing it. Since the case was still alive it should have at least asked the appellants to amend the original application by substituting the second relief prayed for within a time fixed by it under Order XXI Rule 17 (1) of the Code. The Court ought to have exercised its discretion wisely. After all a Court should not ordinarily place any limitation as to the mode in which the decree is to be executed. It is an important principle that rules of procedure are only handmaids of justice and ought not to be used for obstructing justice. It is the duty of the executing Court to aid

the decree-holder in realising the money, and should therefore offer him all possible and reasonable facilities in realising the decree money in as short a time as possible. Where the first mode of execution was ineffectual another mode of execution could be ordered. The amendment or substitution may be allowed even after the application for execution is registered provided that the original application was in accordance with law and the amendment or substitution, if allowed, would not substantially alter the character of the execution. The application in question is merely ancillary to the prosecution or continuation of the first substantive application already made. Substance and not form is the test.

For all the reasons given the order of the original Court dated 16th July 1966 in which its diary order refusing attachment is also embodied is hereby set aside with costs with directions to re-admit the case under its original number, and proceed to determine the case as indicated above by holding an inquiry as to the ability of the 2nd respondent (judgment-debtor) to pay in connection with the application of the appellants (decree-holders) dated 11th June 1966 filed through their pleader. The judgment-debtor respondent shall pay Advocate's fee K 51 in this appeal.

နိုင်ငံတော် တရားရုံးချုပ်

တရားမသေးမှု

တရားသူကြီး ဦးသက်ဖေရွှေတွင်

၁၉၆၇
မတ်လ
၂၄ ရက်။

ခါလစ် (ဒ) ယူနွတ် ဆူလေမန်ဂျမား (လျှောက်ထားသူ)
နှင့်
ကွယ်လွန်သူ မိုဟာမက် ယူနွတ်ဆူလေမန် ဂျမား၏ ပစ္စည်းများ ကိစ္စ *

အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၃၇၃ အရ၊ အမွေဆက်ခံရန် သက်သေခံ လက်မှတ် လျှောက်ထားသည့်ကိစ္စ—ကြွေးမြီဆိုသည့်အဓိပ္ပါယ်—သေဆုံးပြီး ၁၂ နှစ်ကြာမှ ကွယ်လွန်သူအား ပေးဆပ်ရန်ပေါ်ပေါက်လာသော အိမ်လခ—ကွယ်လွန်သူ ရရန်ရှိသောကြွေးမြီများ ဖြစ် မဖြစ်။

ဆုံးဖြတ်ချက်။ ။သေဆုံးသူ၏ ကြွေးမြီ၊ သို့မဟုတ် အာမခံငွေလက်မှတ်အမှုကို တောင်းခံရန် အကြောင်းပေါ်ပေါက်လာသောအခါ၊ အမွေဆက်ခံခြင်း ဥပဒေပုဒ်မ ၃၇၃ အရ၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်လျှောက်ထားရမည်ဖြစ်သည်။ ကြွေးမြီဆိုသည်မှာ ယခုလက်ငင်းပေးရန်ရှိသည့် ငွေတရုပ်ရုပ်၊ သို့မဟုတ် နောင်တနေ့နေ့တွင်ပေးရန် ယခုကတည်းက တာဝန်ယူထားသည့်ငွေတရုပ်ရုပ် ပင်ဖြစ်သည်။ ချက်ခြင်းလက်ငင်းဖြစ်စေ နောင်တနေ့နေ့တွင်ဖြစ်စေ မူချမ်းသေပေးဆပ်ရန် တာဝန်ရှိသည့်ငွေတရုပ်ရုပ်ကိုသာလျှင် ကြွေးမြီဖြစ်သည်ဟု သတ်မှတ်ရမည်ဖြစ်သည်။

လျှောက်ထားသူ အဆိုအရ ပြည်သူ့အိုးအိမ်အဖွဲ့မှ ရရန်ရှိသည်ဆိုသောငွေမှာ ၁၉၅၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ အိမ်လခများဖြစ်လေသည်။ မိုဟာမက် ယူနွတ်စူလေမန်ဂျမား(လ်)သည် ၁၉၄၂ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့တွင်အိန္ဒိယပြည်၌ကွယ်လွန် အနိစ္စရောက်ခဲ့သည်။ ထိုသို့ကွယ်လွန်စဉ်အခါက အဆိုပါ အိမ်လခများကို ပြည်သူ့အိုးအိမ်အဖွဲ့မှ ကွယ်လွန်သူအား လက်ငင်းပေးဆပ်ရန် တာဝန်မရှိသေးချေ။ ပြည်သူ့အိုးအိမ်အဖွဲ့အနေဖြင့် ၁၉၅၄ ခုနှစ်တွင် ထိုငွေများကို ပေးဆပ်မည်ဟု ကွယ်လွန်သူမသေခင်က တာဝန်ယူထားခဲ့ခြင်းမရှိ၊ ၎င်းသေဆုံးပြီးနောက် ၁၂ နှစ်ကြာမှ ပေးဆပ်ရန်ပေါ်ပေါက်လာသော အိမ်လခများကို ကွယ်လွန်သူ ရရန်ရှိသောကြွေးမြီများဖြစ်သည်ဟု မည်သည့်နည်းနှင့်မျှ ယူဆခြင်းမပြုနိုင်ပေ၊ သို့ဖြစ်ရာ ပြည်သူ့အိုးအိမ်အဖွဲ့မှပေးရန်ရှိသည်ဆိုသော အိမ်လခကြွေးများအတွက် ကွယ်လွန်သူ မိုဟာမက်ယူနွတ် စူလေမန်ဂျမား(လ်)၏ အမွေဆက်ခံရန် သက်သေခံလက်မှတ်ကို လျှောက်ထားခြင်းမပြုနိုင်။

---

* ၁၉၆၆ ခုနှစ်၊ တရားမသေးမှုအမှတ် ၃၀။

ခါလစ်(ဒ်)ယူနွတ် ဆူလေမန်ဂျမား နှင့် ကွယ်လွန်သူမိုဟာမက်ယူနွတ် လေမန်ဂျမား၏ ပစ္စည်းများ ကိစ္စ။

လျှောက်ထားသူအတွက်။ ။ဦးသန်းအောင်။

လျှောက်ထားခံရသူအတွက်။ ။မစ္စဘာ အင်၊ ဘနာဂျီ။

စာရုးသူကြီး ဦးသက်ဖေ။ ။လျှောက်ထားသူ ခါလစ်(ဒ်)ယူနွတ်ဆူလေမန်ဂျမား ကမကွယ်လွန်သူ ၎င်း၏ဘခင် မိုဟာမက်ယူနွတ်ဆူလေမန်ဂျမား ရရန်ရှိသည့် ကြေးငွေ ၆၅၈ ကျပ် ၁၁ ပြားကို ကောက်ခံနိုင်ရန် အမွေဆက်ခံခြင်း ဥပဒေပုဒ်မ ၃၇၃ အရ အမွေဆက်ခံရန် သက်သေခံ လက်မှတ် လျှောက်ထားသည့် ကိစ္စဖြစ်သည်။ ယင်းသို့ လျှောက်ထားခြင်းကို လျှောက်ထားသူ၏အဖွဲ့ အိုင်ရှာဘိုင်ဟာဂျီတားမိုဟာမက်က အကြောင်းနှစ်ချပ်ပြပြီး ကန့်ကွက်လာ၏။ ပဌမအကြောင်းရပ် အနေဖြင့် ရရန်ရှိသည့် အကြွေးမှာ ၆၅၈ ကျပ် ၁၁ ပြားသာဖြစ်၍ အမွေဆက်ခံခြင်းဥပဒေအရ အမွေဆက်ခံရန် သက်သေခံလက်မှတ် လျှောက်ထားမည့်အစား၊ အမွေထိန်းဝန် ဥပဒေ ပုဒ်မ ၃၁ အရ အမွေဆက်ခံရန် သက်သေခံ လက်မှတ် လျှောက်ထားသင့်ကြောင်း တင်ပြလာသည်။ ရရန်ရှိသည့်ကြွေးငွေမှာ နည်းလျှင် အမွေထိန်းဝန် ဥပဒေအရသာ လျှောက်ထားရမည်၊ အခြား ဥပဒေအရ လျှောက်ထားခြင်း မပြုရဟု အတိအလင်း တားမြစ်ချက်မရှိသဖြင့် ကန့်ကွက်သူ၏ ထိုအကြောင်းပြချက်ကို လက်မခံနိုင်ပေ။

ဒုတိယကန့်ကွက်ချက် အနေဖြင့် လျှောက်လွှာတွင် ဖော်ပြထားသည့် ပြည်သူ့အိုးအိမ်အဖွဲ့မှ ရရန်ရှိသောငွေ ၆၅၈ ကျပ် ၁၁ ပြားမှာ ကွယ်လွန်သူ မိုဟာမက်ယူနွတ်ဆူလေမန်ဂျမား အတွက် ရရန်ရှိသော ကြွေးငွေဖြစ်သည်ဟု မဆိုနိုင်၍၊ အမွေဆက်ခံရန် သက်သေခံလက်မှတ် မထုတ်ပေးနိုင်ကြောင်း အကြောင်းပြလေသည်။

သေးဆုံးသူ၏ကြွေးမြီ၊ သို့မဟုတ် အာမခံငွေ လက်မှတ်တခုခုကို ဟောင်းခံရန် အကြောင်းပေါ်ပေါက်လာသောအခါ၊ အမွေဆက်ခံခြင်း ဥပဒေပုဒ်မ ၃၇၃ အရ အမွေဆက်ခံရန် သက်သေခံလက်မှတ် လျှောက်ထားရမည်ဖြစ်သည်။ ကြွေးမြီဆိုသည်မှာ ယခုလက်ငင်းပေးရန်ရှိသည့် ငွေဘရပ်ခံပ်၊ သို့မဟုတ် နောင်တနေ့နေ့တွင် ပေးရန် ယခုကတည်းက တာဝန်ယူထားသည့် ငွေဘရပ်ခံပ်ပင် ဖြစ်သည်၊ ချက်ခြင်းလက်ငင်း ဖြစ်စေ၊ နောင်တနေ့နေ့တွင် ဖြစ်စေ မူလမငွေ ပေးဆပ်ရန် တာဝန်ရှိသည့် ငွေတရပ်ခံပ်ကိုသာလျှင် ကြွေးမြီဖြစ်သည်ဟု သတ်မှတ်ရမည်ဖြစ်သည်။

ယခုအမှုတွင် လျှောက်ထားသူ၏ အဆိုအရ ပြည်သူ့အိုးအိမ်အဖွဲ့မှ ရရန်ရှိသည် ဆိုသောငွေ ၆၅၈ ကျပ် ၁၁ ပြားမှာ၊ ၁၉၅၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ဂျမားခိုပ်သာအမှတ် ၁၀ အတွက် အိမ်လခများဖြစ်လေသည်၊ မိုဟာမက်ယူနွတ်ဆူလေမန်ဂျမားသည် ၁၉၄၂ ခုနှစ်တဘင်္ဂလာ ၂၇ ရက်နေ့တွင်အိန္ဒိယပြည်၌ ကွယ်လွန်အနိစ္စရောက်ခဲ့သည် ဆိုခြင်းမှာ အငြင်းမပေါက်ချေ။ ထိုသို့ကွယ်လွန်စဉ်

၁၉၆၇

ခါလစ်(ဒ်)ယူနတ် ဆူလေမန်ဂျမား နှင့် ကွယ်လွန်သူမို ဟာမက်ယူနတ် ဆူလေမန်ဂျမား၏ ပစ္စည်းများကိစ္စ။

အခြိန်က အဆိုပါ အိမ်လခများကို ပြည်သူ့အိုးအိမ်အဖွဲ့မှ ကွယ်လွန်သူအား လက်ငင်း ပေးဆပ်ရန်တာဝန် မရှိသေးခေ့။ ပြည်သူ့အိုးအိမ်အဖွဲ့အနေဖြင့် ၁၉၅၄ ခုနှစ်တွင် ထိုငွေများကို ပေးဆပ်မည်ဟု ကွယ်လွန်သူ မသေမီက တာဝန်ယူထားခဲ့ခြင်းမရှိ၊ ၎င်းသေဆုံးပြီးနောက် ၁၂ နှစ်ကြာမှ ပေးဆပ်ရန် ပေါ်ပေါက်လာသော အိမ်လခ များကို၊ ကွယ်လွန်သူ ရရန်ရှိသော ကြွေးမြီများ ဖြစ်သည်ဟု မည်သည့်နည်းနှင့်မျှ ယူဆခြင်း မပြုနိုင်ပေ၊ သို့ဖြစ်ရာ ပြည်သူ့အိုးအိမ်အဖွဲ့မှ ပေးရန်ရှိသည်ဆိုသော အိမ်လခ ကြွေးများအတွက် ကွယ်လွန်သူ မိုဟာမက်ယူနတ်ဆူလေမန်ဂျမား၏ အမွေဆက်ခံရန် သက်သေခံလက်မှတ်ကို လျှောက်ထားခြင်း မပြုနိုင်ဟု ကျွန်ုပ်သုံးဖြတ်လိုက်သည်။

အထက်ပါ အကြောင်းကြောင့်ဤလျှောက်လွှာကို ပလပ်လိုက်သည်၊ တရားစရိတ် အတွက် အမိန့်ချမှတ်ခြင်းမပြု။

နိုင်ငံတော် တရားရုံးချုပ်

တရားမအသေးအဖွဲမှု

တရားသူကြီး ဦးသက်ဖေ၌တွင်

ဒေါ်ခင်ရီ (လျှောက်ထားသူ)

နှင့်

ဦးထွန်းအောင် (လျှောက်ထားခံရသူ)*

၁၉၆၇
ဧပြီလ
၂၅ ရက်။

အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများ အက်ဥပဒေ ပုဒ်မ ၂၅—ကိုယ်ထိလက်ရောက်အုပ်ထိန်းမှု မရှိခြင်း—မိမိအုပ်ထိန်းမှုအောက်သို့ ပြန်လည်ပေးအပ်ရန်လျှောက်ထားနိုင် မနိုင်—မိခင်သည် ဥစ္စာပစ္စည်းကုံလုံ ကြွယ်ဝခြင်းမရှိဆိုသော အကြောင်းကြောင့် သားသမီးများအား အုပ်ထိန်း ခွင့်ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။အုပ်ထိန်းသူတဦးသည် အရွယ်မရောက်သည့် ကလေးများအား ကိုယ်ထိလက်ရောက်အုပ်ထိန်းခဲ့ခြင်း မရှိစေကာမူ ပုဒ်မ ၂၅ အရ မိမိအုပ်ထိန်းမှုအောက်သို့ ပြန်လည်ပေးအပ်ရန်လျှောက်ထားနိုင်သည်။

မန္တးအော် နှင့် **ဟာဝါဘီ၊အေ၊ အိုင်၊ အာ၊** ၁၉၃၆၊ ရန်ကုန် ၆၃ သဘောကွဲလွဲသည်။ **မောင်ဇော်နှင့် မောင်လှခင်၊** အတွဲ ၁၂၊ ရန်ကုန် ၁၆၁။ **ရှိုင်ဒါဆွာမီနှင့် ချင်းနာတန်ဆီ၊** ၁၉၅၂ ၊မြန်မာပြည် စီရင်ထုံး ဂ (တရားလွှတ်တော်).....လိုက်နာသည်။

ထပ်မံဆုံးဖြတ်ချက်။ ။မိခင်ဖြစ်သူသည် အကျင့်စာရိတ္တပျက်ပြားနေသူဖြစ်သည်။ သို့တည်းမဟုတ် ၎င်းအား အုပ်ထိန်းမှုမပေးသင့်ကြောင်း လုံလောက်သည့်အကြောင်းရှိသည်ဟု စွပ်စွဲချက် မရှိပါမူ ဥစ္စာပစ္စည်းကုံလုံကြွယ်ဝခြင်းမရှိဟုဆိုသော အကြောင်းကြောင့် ၎င်း၏သားသမီးများအား အုပ်ထိန်းခွင့်မရှိဟု မဆိုနိုင်ချေ။ အမှန်မှာ အရွယ်မရောက်သည့် သားသမီးမျာ့းအား ကျွေးမွေးရန် တာဝန်မှာ ဘခင်အပေါ်၌သာရှိပေသည်။

လျှောက်ထားသအတွက်။ ။**ဦးစိန်လှ**။

လျှောက်ထားခံရသူအတွက်။ ။ဦးဘကျော်။

တရားသူကြီး ဦးသက်ဖေ။ ။လျှောက်ထားသူ မခင်ရီက၊ ၎င်း၏ အရွယ်မရောက်သားသည့် ကလေးသုံးဦးကို ၎င်း၏ အုပ်ထိန်းမှုအောက်သို့ ပြန်လည်အပ်ပေးရန်

---

* ၁၉၆၆ ခုနှစ်၊ တရားမအသေးအဖွဲမှုအမှတ် ၁၅၆။

၁၉၆၇ ခေါ်ခင်ရီ နှင့် ဦးထွန်းအောင်။

အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများ ဥပဒေပုဒ်မ ၂၅ အရ လျှောက်ထားသည့် ကိစ္စဖြစ်သည်။

လျှောက်ထားသူ မခင်ရီနှင့် လျှောက်ထားခံရသူ ဦးထွန်းအောင်တို့သည် မြန်မာ-ဗုဒ္ဓဘာသာ လူမျိုးများ ဖြစ်ကြသည်။ ၎င်းတို့သည် ၁၉၅၉ ခု၊ အောက်တိုဘာလ ၂၉ ရက်နေ့တွင် မြန်မာ-ဗုဒ္ဓဘာသာ ထုံးတမ်းအရ အကြင်လင်မယား အဖြစ် ပေါင်းသင်းခဲ့ရာ သားသမီး သုံးဦး ထွန်းကားခဲ့သည်။ အကြီးဆုံးသား မောင်ဘုန်းကျော်မှာ ၁၃၂၂ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ဂ ရက် (၁၉၆၀ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်) နေ့တွင်မွေးဖွားသဖြင့် ယခုအခါအသက် ၆ နှစ်ကျော်ပြီဖြစ်သည်။ အလတ်မိန်းကလေး မသန်းသန်းအေးမှာ ၁၃၂၅ ခုနှစ်၊ ပြာသိုလဆုတ် ၅ ရက် (၁၉၆၄ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်) နေ့တွင် မွေးဖွားသောကြောင့် အသက် ၃ နှစ်ကျော်ရှိပြီး၊ အငယ်ဆုံးသား မောင်မျိုးကျော်မှာ ၁၃၂၆ ခုနှစ်၊ ဝါခေါင်လဆုတ် ၁၄ ရက် (၁၉၆၄ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်) နေ့တွင်မွေးဖွားသဖြင့် အသက် ၂ နှစ်ခွဲခန့်သာရှိသေးသည်။

မခင်ရီနှင့် ဦးထွန်းအောင်တို့၏ အိမ်ထောင်ရေး ဘဝရိုးလမ်းမှာ သာယာဖြောင့်ဖြူးခြင်းမရှိလှပေ၊ မခင်ရီက ဦးထွန်းအောင်သည် မမြလေးဆိုသည့် အမျိုးသမီးတဦးနှင့် အဆက်ဖြစ်ကာ မယားငယ် ယူရန်အတွက် မိမိအား နှိပ်စက်ညှဉ်းပန်းလေ့ရှိသည်ဟုဆို၏။ ဦးထွန်းအောင်ကမူ မုံရွာမြို့ရှိ မိမိ၏ မိဘများအား လစဉ်ထောက်ပံ့ကြေးပေးသည်ကို မခင်ရီက မခက်ခဲသဖြင့် ဆူဆူပုပု လုပ်လေ့ရှိသည်ဟု ဆိုသည်။ မည်သို့ပင်ဖြစ်စေ၊ မခင်ရီနှင့် ဦးထွန်းအောင်တို့ လင်မယားမှာ မကြာခဏ စကားများခိုက်ရန်ဖြစ်ပွါးလေ့ရှိသည်။ ၁၉၆၆ ခု၊ မတ်လ ၂၆ ရက်နေ့တွင် လင်မယား ရန်ဖြစ်ကြရာမှ တဦးနှင့်တဦး ကွာရှင်းကြရန် ပြောဆိုပြီး ၎င်းတို့နေထိုင်သည့် ရပ်ကွက်ရှိ ဝါးဦးကော်မိတီ ဦးသိန်းထွန်း (ခံပြင်း) ထံသို့ သွားရောက်ကြသည်။ ဦးသိန်းထွန်းအား အိမ်တွင်မတွေ့သဖြင့် ကွာရှင်းပြတ်စဲခြင်း မပြုရမေ။ သို့ရာတွင် မခင်ရီသည် အိမ်သို့ ပြန်ရောက်သောအခါ ၎င်း၏ အဝတ်အစားများကိုယူ၍ အိမ်ပေါ်မှ ဆင်းသွားလေသည်။ ကလေးသုံးဦးမှာ ဦးထွန်းအောင်နှင့် ကျန်ရစ်ခဲ့ကြသည်။

ထိုကဲ့သို့ဆင်းသွားပြီးနောက်၊ ဦးထွန်းအောင်က ပြန်မခေါ်သဖြင့် မခင်ရီမှာ အိမ်ပေါ်သို့ ပြန်တက်ရန် အခက်အခဲနှင့် ရင်ဆိုင်နေရသည်။ ဦးထွန်းအောင်သည် မခင်ရီအား ပြန်မခေါ်သည်သာမက၊ ၁၉၆၆ ခု၊ ဇူလိုင်လ ၃၁ ရက်နေ့တွင် မမြလေးအား လက်ထပ်ပေါင်းသင်းလိုက်လေသည်။ ထိုအခါ မခင်ရီက ၁၉၆၆ ခု၊ ဩဂုတ်လ ၂၁ ရက်နေ့တွင် ကလေးသုံးဦးအား၊ မိမိအားပြန်ပေးရန် လူကြီးများရှေ့၌ တောင်းဆိုရာ၊ ဦးထွန်းအောင်က ပြန်မပေးနိုင်ကြောင်း ငြင်းဆိုသဖြင့် မခင်ရီသည် ဤရုံး၏ အကူအညီကို တောင်းခံလာခြင်း ဖြစ်ပေသည်။

လျှောက်ထားခံရသူ၏ ရွှေနေ ဦးဘကျော်က၊ အရှယ်မရောက်သည့် ကလေးများအား အုပ်ထိန်းသူ တဦးဦး၏ အုပ်ထိန်းမှုအောက်မှ ထုတ်ယူသွားခြင်း၊ သို့တည်းမဟုတ် ထွက်ခွါသွားခြင်းရှိမှသာ အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများ ဥပဒေပုဒ်မ ၂၅ အရ လျှောက်ထားနိုင်မည်ဖြစ်ရာ၊ ယခုအမှုတွင် ကလေးများသည် မခင်ရီ၏ ဦးထွန်းအောင်။ အုပ်ထိန်းမှုအောက်မှ ထွက်ခွါသွားခြင်း၊ ထုတ်ယူသွားခြင်း မရှိသဖြင့် ဤလျှောက်လွှာကို ခွင့်မပြုနိုင်ကြောင်း ကင်ပြလာသည်။ ထိုဘင်ပြချက်နှင့် ပတ်သက်၍ **မန္တူးအလီ** နှင့် **ဟာဝါဘီ** (၁) တို့အမှုကို ကိုးကားသွားသည်။

အုပ်ထိန်းသူဘဦးသည် အရှယ်မရောက်သည့် ကလေးများအား ကိုယ်ထိလက်ရောက် **အုပ်ထိန်းထားခြင်း** မရှိစေကာမူ၊ ၎င်း၏ အုပ်ထိန်းမှုအောက်တွင် ရှိသည်ဟု ယူဆရာမည်ဖြစ်သည်။ **အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများ** ဥပဒေပုဒ်မ ၂၅ တွင် ပေါ်ပြထားသည့် **အုပ်ထိန်းမှုဆိုသည်မှာ** ကိုယ်ထိလက်ရောက် အုပ်ထိန်းမှုသာလျှင် ဖြစ်သည်ဟု ကန့်သတ်ချက် မရှိချေ။ ထိုကဲ့သို့ အဓိပ္ပါယ်ကို ကျဉ်းမြောင်းစွာ ကောက်ယူမည်ဆိုလျှင် တရားမျှတမှု ဆိတ်သုဉ်းမည့် အခြေဆိုက်ရောက်ရန်ရှိပေသည်။ ဥပမာ မိဘနှစ်ပါး ကွဲကွာနေပြီး လူမမယ်ကလေးများအား ဘခင်ဖြစ်သူက ကိုယ်ထိလက်ရောက် အုပ်ထိန်းနေသည်ဆိုပါစို့၊ ဘခင်ဖြစ်သူ နောက်အိမ်ထောင်ပြုသဖြင့် မိဒေးက ကလေးများအား နှိပ်စက်ကလူ ပြုမူနေပါမူ၊ မိခင်ဖြစ်သူသည် ကိုယ်ထိလက်ရောက် အုပ်ထိန်းခွဲရခြင်းမရှိသင့်ကစား၊ ပုဒ်မ ၂၅ အရ လျှောက်ထားနိုင်ခွင့် ရှိရမည်ဖြစ်သည်။ ယင်းသို့ လျှောက်ထားနိုင်ခွင့် မရှိလျှင်၊ ကလေးများမှာ အထိုးကွေ့ရောက်ကြမည်ဖြစ်ပြီး၊ တရားမျှတမှုမှာလည်း **ဆိတ်သုဉ်းရန်သာ** ရှိပေတော့သည်။ လျှောက်ထားခံရသူ၏ ရွှေနေ ဦးဘကျော် တင်ပြသည့် **မန္တူးအလီ**နှင့် **ဟာဝါဘီ**(၁) တို့အမှုမှာ၊ **မောင်ဇော်** နှင့် **မောင်လှဒင်** (၂)၊ **ရှိဗင်ဒါဆွာမီ** နှင့် **ချင်းနားတန်ဘီ** (၃) ဘို့ စီရင်ထုံးများနှင့် ဆန့်ကျင်နေသဖြင့် ကျွန်ုပ် လက်မခံနိုင်ပေ။ သို့ဖြစ်ရာ အုပ်ထိန်းသူ တဦးသည် အရှယ်မရောက်သည့် ကလေးများအား ကိုယ်ထိလက်ရောက် အုပ်ထိန်းခွဲခြင်း မရှိစေကာမူ ပုဒ်မ ၂၅ အရ မိမိအုပ်ထိန်းမှု အောက်သို့ပြန်လည် ပေးအပ်ရန် လျှောက်ထားနိုင်သည် ဟု ကျယ်ကျယ်ဝန်းဝန်း အငြင်းပွါယ် ကောက်ယူသင့်သည်ဟု ကျွန်ုပ်ယူဆသဖြင့်၊ ဦးဘကျော်၏ တင်ပြချက်ကို လက်မခံနိုင်ပေ။

အရှယ်မရောက်သည့် ကလေးတဦးဦးအား အုပ်ထိန်းသူ၏ အုပ်ထိန်းမှုအောက်သို့ ပြန်လည်အပ်ပေးသင့် မသင့် ဆိုသော ပြဿနာကို ဖြေရှင်းရာတွင်၊ ယင်းသို့ပေးအပ်

---

(၁) အော၊ အိုင်၊ အာ၊ (ရ) ၁၉၃၆၊ ရန်ကုန် ၆၃။

(၂) အတွဲ ၁၂၊ ရန်ကုန် ၁၆၁။

(၃) ၁၉၅၂ ခု၊ မြန်မာပြည်စီရင်ထုံး ဂ (တရားလွှတ်တော်)။

၁၉၆၇ ခေါ်ခင်ရီ နှင့် ဦးထွန်းအောင်။

ခြင်းသည် ကလေး၏ အကျိုးကျေးဇူးအဘွဲ့ဝါ ဖြစ် မဖြစ်ဆိုသော အဖြေအပေါ် တွင် မူတည်သျက် အဆုံးအဖြတ် ပြုရမည် ဖြစ်သည်။ လျောက်ထားသူနှင့် လျောက်ထား ခံရသူတို့၏ လိုအင်ဆန္ဒကို လုံးဝစဉ်းစားရန်မလိုဘဲ ကလေးများ၏ အကျိုးကျေးဇူး ကိုသာ အဓိကရည်စူး၍ ဆုံးဖြတ်ရမည်ဖြစ်သည်။

လျောက်ထားခံရသူက၊ ကလေးများအား မခင်ရီ၏ အုပ်ထိန်းမှုအောက်သို့ ပြန် ပေးသင့်ကြောင်း အကြောင်း နှစ်ချပ်ပြကာ ကန့်ကွက်လာသည်။ ပဌမကန့်ကွက် ချက်အနေဖြင့် မခင်ရီသည် ကလေးများအပေါ် ကြင်နာမှု ခေါင်းပါးပြီး အချိန်မှန် ကျွေးမွေးလေ့ မရှိဟု အကြောင်းပြပြီး၊ ဒုတိယ ကန့်ကွက်ချက် အနေဖြင့် မခင်ရီသည် အလုပ်အကိုင် အတည်တကျမရှိ၍ ကလေးများအား ကောင်းစွာ ကျွေးမွေးရန် အင်အားမရှိဟု တင်ပြသွားသည်။

ဦးထွန်းအောင်က မခင်ရီသည် လင်မယား ရန်ဖြစ်သောအခါ ကလေးများကို ရိုက်နှက်လေ့ရှိသည့်အပြင်၊ ကလေးများအား အချိန်မှန် ကျွေးမွေးခြင်း မပြုဘဲ လျစ်လျူရှုထားတတ်သဖြင့်၊ ကလေးများကိုမခင်ရီ၏ အုပ်ထိန်းမှုအောက်သို့ ပြန်ထည့် လျှင် ကလေးများ၏ အကျိုးယုတ်ဘွယ်ရှိသည်ဟုဆိုလာ၏။ မခင်ရီသည်၊ ကလေးများ အပေါ် ကြင်နာမှု ခေါင်းပါးသည့်အပြင် အချိန်မှန် ကျွေးမွေးခြင်းမပြုဘဲ၊ အင်တ် ထားလေ့ရှိသည်ဆိုသော စွပ်စွဲချက်နှင့် ပတ်သက်၍၊ မခင်ရီအား စစ်ဆေးစုံစမ်းရာ ဦးထွန်းအောင်သည် ရုံးတော်ရှေ့၌ ရှိနေသော်လည်း တခွန်းတပါဒမျှ မေးမြန်းခဲ့ခြင်း မရှိသဖြင့်၊ ထိုစွပ်စွဲချက်မှာ အခြေအမြစ်ရှိသည့် စွပ်စွဲချက် ဖြစ်သည်ဟု မဆိုနိုင်ချေ။ မိခင်တို့သည်ကိုးလသွယ်၊ ဆယ်သဒ္ဓမ်းရသည့်မိမိ၏ သားသမီးများကိုအချိန်မှန်ကျွေးမွေး ခြင်းမပြုဘဲ အငတ်ထားသည်ဆိုခြင်းမှာ ယုံဘမ်းစကားမျှသာဖြစ်ရန်အကြောင်းရှိသည်။

ဦးထွန်းအောင်သည် ယခုအခါ လခတလလျှင် ၄၀၀ ရရှိနေသူ တဦးဖြစ်ပြီး၊ မခင်ရီမှာ စက်ချုပ်ပြီး အသက်မွေးဝမ်းကျောင်းရသဖြင့်၊ တနေ့လျှင် ဝင်ငွေ ၄ မှ ၅ အထိသာရှိသောကြောင့် ငွေကြေးအင်အား အနေဖြင့် ဦးထွန်းအောင်သည် မခင်ရီ ထက်ပို၍ တောင့်တင်းသည်ဆိုခြင်းမှာ မှန်၏။ သို့ရာတွင် မိခင်ဖြစ်သူသည် အကျင့် စာရိတ္တပျက်ပြားနေသူဖြစ်သည်၊ သို့တည်းမဟုတ် ၎င်းအား အုပ်ထိန်းမှု မပေးသင့် ကြောင်း လုံလောက်သည့် အကြောင်း ရှိသည်ဟု စွပ်စွဲချက် မရှိပါမူ ဥစ္စာဟူသည်း ကုံလုံကြွယ်ဝခြင်းမရှိဟု ဆိုသော အကြောင်းကြောင့် ၎င်း၏သားသမီးများအား အုပ်ထိန်းခွင့်မရှိဟု မဆိုနိုင်ချေ။ အမှန်မှာ အရွယ်မရောက်သည့် သားသမီးများအား ကျွေးမွေးရန် တာဝန်မှာ ဘခင်အပေါ်၌သာ ရှိပေသည်။ ငွေကြေးမပြည့်စုံ၍ မိမိ၏သားသမီးများကို အုပ်ထိန်းခွင့်မရဟုဆိုလျှင် ဆင်းရဲသားများ အနေဖြင့် ၎င်း သမီး မခွေးဘဲ နေရမည့် သဘောသက်ရောက်နေသည်။

ယခုအမှုတွင် အရှုယ်မရောက်သည့် ကလေးများအား ဘခင်ဖြစ်သူ ဦးထွန်းအောင်က အလွန်ပင် ချစ်ခင်ကြင်နာသည်ဆို၏။ ဦးထွန်းအောင်သည် ကလေးများ၏ မွေးသဘခင်ဖြစ်၍၊ ကြင်နာချစ်ခင်သည်ဆိုခြင်းကို ယုံမှားဘွယ်မရှိနိုင်။ ဓမ္မတာသဘောပင်ဖြစ်သည်။ အလားတူပင် မိခင်ဖြစ်သူ မခင်ရီကလည်း ၎င်း၏ သားသမီးများကို ချစ်ခင်ကြင်နာမည် ဆိုခြင်းမှာလည်း ကိုယ်ချင်းစာတတ်သူတိုင်း သဘောပေါက်မည်သာ ဖြစ်သည်။ သားသမီးတို့ အပေါ် မိခင်၏ ချစ်ခြင်းမေတ္တာသည် အခြားခြားသော ချစ်ခြင်းမေတ္တာတို့နှင့် မယှဉ်သာပေ။ မနှိုင်းအပ်ပေ။ ပံရစ္ဆာန်များပင် မိမိတို့၏ ရင်သွေးကို အသက်ဘမျှ ချစ်ခင်ကြသည်ကို ထောက်လျှင် လူသတ္တဝါအတို့မှာကား ဆိုဘွယ်ရာ မရှိတော့ပေ။ ယင်းသို့ ချစ်ခြင်းမေတ္တာညီတူညီမျှ ထားရှိကြသည့် မိခင်နှင့် ဘခင်နှစ်ဦးအနက် မည်သူအား ကလေးများ၏ အုပ်ထိန်းခွင့်ကို ပေးသင့်သည်ဆိုသော ပြဿနာကို ဖြေရှင်းရာတွင် အလေးအနက် စဉ်းစားရန်လိုပေသည်။ အသက်ငယ်ရွယ်နုနယ်ကြသေးသည့် ကလေးများကိုမူ မိခင်၏ မေတ္တာရိပ်အောက်ဘွင် ခိုလှုံစေသင့်သည်ဟု ယူဆသည်။ ယခုအမှုတွင် အကြီးဆုံး ကလေးမှာ ၆ နှစ်သာသာရှိပြီး အငယ်ဆုံးကလေးမှာ ၂ နှစ်ခွဲခန့်သာ ရှိသေးသဖြင့်၊ ကလေးများသည် မိမိကိုယ်ကို မိမိထိန်းကျောင်းနိုင်သည့်အရွယ် မရောက်သေးကြောင်း ထင်ရှားသည်။ ထို့ကဲ့သို့ အသက်ငယ်ရွယ်နုနယ်စဉ်အခါနှင့်တွင်၊ မိခင်၏ အုပ်ထိန်းစောင့်ရှောက်မှုမှာ အလွန်ပင် လိုအပ်၏။ မုချလိုအပ်သည်ဟု ဆိုရမည် ဖြစ်သည်။ ထို့အတိုင်းပင် **မတင်ညွန့်** နှင့် **ကိုအောင်သိန်း** (၄) တို့အမှုဘြဆိုထားသည်ကို တွေ့မြင်နိုင်သည်။ ထို့ပြင် ဦးထွန်းအောင်သည် အလုပ်တဘက်နှင့်ဖြစ်၍ တနေ့လုံး အိမ်ဘွင်မရှိဘဲ တခါတရံ အလုပ်များသဖြင့် သုံးလေးရက်ခန့် အိမ်သို့ မပြန်တတ်ကြောင်း ၎င်း၏ သက်သေ ဒေါ်တင်မြက ထွက်ဆိုထားသောကြောင့်၊ ဦးထွန်းအောင် အနေဖြင့် ကလေးများကို ချစ်ခင်ကြင်နာသော်လည်း အစဉ်တစိုက် ပြုစုစောင့်ရှောက်ခန်အခွင့်အရေး မရှိခဲ့။ ဦးထွန်းအောင်က အိမ်တွင်၎င်း၏ မိခင်ရှိသဖြင့် မြေးများအား စောင့်ရှောက်နိုင်သည်ဆိုသော်လည်း ဦးထွန်းအောင်၏ မိခင်သည် **မုံရွာမြို့ရှိ** လေဖြတ်၍ မကျန်းမမာ ဖြစ်နေသည့် ၎င်း၏လင်ယောကျ်ားထံသို့ မကြာခဏ ပြုစုရန် သွားရောက်နေရသည်ဆိုသော မခင်ရီ၏ တင်ပြချက်မှာ ယုတ္တိမရှိဟု မဆိုနိုင်ပေ။ ဦးထွန်းအောင်၏ အဒေါ်နှင့် နှမတို့မှာ ကလေးများ၏ မိခင်အရင်းကဲ့သို့ ချစ်ခင်ကြင်နာနိုင်လိမ့်မည် မဟုတ်ချေ။ မိခင် မခင်ရီသည် နောက်အိမ်ထောင် **မပြုဘဲ** နေထိုင်လျက်ရှိရာ၊ ကလေးများအပေါ် ကောင်းစွာ ပြုစုစောင့်ရှောက်နိုင်မည် ဆိုခြင်းမှာ သံသယမရှိနိုင်ပေ။

(၄) ၁၉၆၃ ခု၊ မြန်မာပြည်စီရင်ထုံး ၂၀၇ (တရားရုံးချုပ်)။

၁၉၈၇ ဒေါ်ဝင်ရီနှင့် ဦးထွန်းအောင်။

ဦးထွန်းအောင်မှာမူ မမြလေးဆိုသူအား၊ နောက်အိမ်ထောင်ပြုကာ ကလေးများနှင့် ကအိမ်တည်း ထားခဲ့သည်။ ယခုအခါ မမြလေးတွင်လည်း ကိုယ်ဝန်ရှိနေကြောင်း ဦးထွန်းအောင်က ဝန်ခံထားသည်။ မမြလေးမှာ ကလေးများနှင့် ဆွေမျိုးဘော်စပ်ခြင်းမရှိသည့် မိဒေးဖြစ်၍ ကလေးများ အပေါ် ရင်တွင်းမှဖြစ်ပေါ်သည့် ကြင်နာမှုမျိုးနိုင်မည် မဟုတ်ပေ။ အိမ်ထောင်စု တခုထဲသို့ ပထွေးသော်၎င်း၊ မိဒေးသော်၎င်း ရောက်ရှိလာလျှင် ထိုအိမ်ထောင်စု၏ အဆင်ပြေမှု၊ သာယာမှုစသည်တို့မှာ ပျက်ပြားဆိတ်သုဉ်းလေ့ရှိသည်ဆိုခြင်းမှာ မမှတာသဘော ဖြစ်ပေသည်။ ယခုအမှုတွင် ကလေးများအား ဘခင်နှင့် မိဒေးတို့၏ အုပ်ထိန်းမှုအောက်တွင်ထား ရှိခြင်းထက် မိခင်ဖြစ်သူ၏ အုပ်ထိန်းမှုအောက်တွင် ထားရှိခြင်းက၊ ကလေးများ၏ အကျိုးကိုပိုမို၍ ဖြစ်ထွန်းစေလိမ့်မည်ဟု ကျွန်ုပ် ယုံကြည်စိတ်ချသဖြင့်၊ အရွယ်မရောက်သေးသည့် ကလေးများ ဖြစ်ကြသော မောင်ဘုန်းကျော်၊ မသန်းသန်းအေးနှင့် မောင်မျိုးကျော်တို့အား၊ လျှောက်ထားသူ မခင်ရီ၏ အုပ်ထိန်းမှုအောက်သို့ ပြန်လည် အပ်ပေးရန် အမိန့်ချမှတ်လိုက်သည်။ ကလေးများကို ဦးထွန်းအောင်အား အချိန်မရွေးတွေ့ခွင့်ပေးပါမည်ဟု မခင်ရီ၏ ဥဿေ ဦးစိန်လှက ပြောကြားသည်ကို ကျွန်ုပ် မှတ်တမ်းတင်ထားလိုက်သည်။ တရားစရိတ်အတွက် အမိန့်ချမှတ်ခြင်းမပြု။

နိုင်ငံတော်တရားရုံးချုပ်

တရားမအသေးအဖွဲမှု

တရားသူကြီး ဦးသက်ဖေရှေ့တွင်

ဒေါ်ချစ်မေ (လျှောက်ထားသူ)

နှင့်

မြန်မာပြည်ငွေစာရင်းမင်းကြီး (လျှောက်ထားခံရသူ)*

၁၉၆၇
မတ်လ
၁၅ ရက်။

လွှဲအပ်ပစ္စည်းထိန်းဝန်များ အက်ဥပဒေ ပုဒ်မ ၂၄ (၂) အရ လျှောက်ထားခြင်း—ပုဒ်မ ၂၅ (၂) တွင် ဖေါ်ပြထားသည့် "တောင်းဆိုသူ" အခြား ပဂ္ဂိုလ်တဦးဦးက လျှောက်ထားသည့် လျှောက်လွှာအပေါ် အမိန့်ချမှတ်ခြင်းပြုနိုင် မပြုနိုင်—အကျဉ်းရုံးရှု့ စုံစမ်းရသည့်အမှုမျိုးတွင် အဆုံးအဖြတ်ပေးရန်ပြဿနာ။

ဆုံးဖြတ်ချက်။ ။လွှဲအပ်ပစ္စည်းထိန်းဝန်များ အက်ဥပဒေ ပုဒ်မ ၂၆ အရ ဆိုလျှင် လွှဲအပ်ပစ္စည်းထိန်းဝန်များ အက်ဥပဒေနှင့် အကျုံးဝင်သောအမိန့်များကိုယုံမှတ်အပ်နှံသည့်ပစ္စည်းအပေါ် အကျိုးခံစားခွင့်ရှိသူ၊ သို့တည်းမဟုတ် ယုံမှတ်အပ်နှံခံရသူ တဦးဦးကလျှောက်ထားမှသာ ချမှတ်နိုင်မည်ဖြစ်သည်။ အခြားပဂ္ဂိုလ်တဦးဦးက လျှောက်ထားသည့် လျှောက်လွှာအပေါ် အမိန့်ချမှတ်ခြင်းမပြုနိုင်ပေ။ သို့ဖြစ်ရာ ပုဒ်မ ၂၅ (၂) တွင်ဖေါ်ပြထားသည့် "တောင်းဆိုသူ" ဆိုသည်မှာ ယုံမှတ်အပ်နှံသည့်ပစ္စည်းအပေါ် အကျိုးခံစားခွင့်ရှိသူ၊ သို့မဟုတ် ယုံမှတ်အပ်နှံခံရသူ တဦးဦးသာဖြစ်ရပေမည်။ လျှောက်ထားသူမှာ ယုံမှတ်အပ်နှံခြင်း ဥပဒေ (Trust Act) ပုဒ်မ ၃ တွင်အဓိပ္ပါယ်ဖွင့်ဆိုထားသည့် ယုံမှတ်အပ်နှံသည့်ပစ္စည်းအပေါ် အကျိုးခံစားခွင့်ရှိသူလည်းမဟုတ်၊ ယုံမှတ်အပ်နှံခံရသူလည်း မဟုတ်သဖြင့် လျှောက်လွှာကို လျှောက်ထားရန် အခွင့်အရေးရှိသူတဦးဖြစ်သည်ဟု မဆိုနိုင်ပေ။

ပုဒ်မ ၂၅ (၂) အရ လျှောက်ထားသည့်အမှုမှာအကျဉ်းရုံးရှု့ တိုတိုတုတ်တုတ် စုံစမ်းစစ်ဆေးကာ ဆုံးဖြတ်ရသည့်အမှုမျိုးဖြစ်သည်။ **မစ္စတာကူးမား၏** ယုံမှတ်အပ်နှံခြင်းမှာ အထားမြောက် မမြောက် ယုံမှတ်အပ်နှံသူ မစ္စတာကူးမား၏ တရားဝင်အမွေစားအမွေခံမှာ မည်သူမည်ဝါဖြစ်သည်ဆိုသော ပြဿနာများကို ယခုကဲ့သို့ အကျဉ်းရုံးရှု့ စုံစမ်းရသည့်အမှုမျိုးတွင် အဆုံးအဖြတ်ပေးရန်လည်း မဖြစ်နိုင်ချေ။

လျှောက်ထားသူအတွက်။ ။ဦးဘိုးအေး။

လျှောက်ထားခံရသူအတွက်။ ။အစိုးရရှေ့နေကြီး ဒေါ်မြသန်းနု။

---

* ၁၉၆၆ ခုနှစ်၊ တရားမအသေးအဖွဲမှုအမှတ် ၁၂၅။

၁၉၆၇ ဒေါ်ခုင်မေနှင့် မြန်မာပြည် ငွေစာရင်းမင်းကြီး။

တရားသူကြီး ဦးသက်ဖေ။ ။လွန်ခဲ့သည့် ၁၉၃၉ ခုနှစ်တွင် ဂျာမန်အမျိုးသား တဦးဖြစ်သူ မစ္စတာ အိပ် (ချ်) ကူးမားသည် ထိုစဉ်က ဂျာမနီပြည်တွင် နေထိုင်လျက်ရှိသည့် ၎င်း၏နှစ်မ ၂ ဦးအာဘုက်၊ ငွေအချို့ကို ယုံမှတ်အပ်နှံချက်ပြုလုပ်ခဲ့၏။ ထို့နောက် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွါးခဲ့၍ ယုံမှတ်အပ်နှံသည့် စာချုပ်စာတမ်းမှာ ပျောက်ဆုံးသွားသည့်အပြင်၊ အကျိုးခံစားခွင့်ရှိသူများမှာလည်းရှာဖွေ၍ မတွေ့တော့ချေ။ ဒုတိယကမ္ဘာစစ်ကြီးပြီးစီးနောက် နှစ်ပေါင်း ၂၀ ကြာသည့် ၁၉၆၅ ခုနှစ်တွင် ယုံမှတ်အပ်နှံထားသည့်ငွေပေါင်း ၃၉,၀၃၃ ကျပ် ၇၉ ပြား ရှိနေရာ၊ ထိုငွေများကို အကျိုးခံစားခွင့်ရှိသူများကသော်၎င်း၊ အခြား တစုံတယောက်ကသော်၎င်း လာရောက်တောင်းခံခြင်းမရှိသဖြင့်၊ မြန်မာပြည် လွှဲအပ်ပစ္စည်းထိန်းဝန်သည် လွှဲအပ်ပစ္စည်းထိန်းများဥပဒေ (**Official Trustees Act**) ပုဒ်မ ၂၃ အရ၊ လျှောက်ထားခဲ့သည့် အတိုင်း၊ ဤရုံးမှ ၁၉၆၅ ခုနှစ်၊ တရားမသေးမှုအမှတ် ၅၆ တွင် ထိုငွေများအား နိုင်ငံတော်အစိုးရသို့ လွှဲပြောင်းအပ်နှံထားပေးရန် အမိန့်ချမှတ်ခဲ့သည်။

ထိုအမိန့်အတိုင်း ငွေများကို နိုင်ငံတော် အစိုးရသို့လွှဲပြောင်းအပ်နှံပေးပြီးနောက်၊ မြို့တ်ခ်ျင်၊ ပုလောမြို့နေ ဒေါ်ချစ်မေက ကွယ်လွန်သူ မစ္စတာကူးမား၏ ငွေများကို မိမိတဦးသည်သာလျှင် ရပိုင်ခွင့်ရှိ၍ ထုတ်ပေးရန် မြန်မာနိုင်ငံ ငွေစာရင်းမင်းကြီးထံသို့ လျှောက်ထားခဲ့၏။ ဒေါ်ချစ်မေက ကွယ်လွန်သူ မစ္စတာကူးမားသည် ဗုဒ္ဓဘာသာကို ကိုးကွယ်သူတဦးဖြစ်ပြီး၊ မသေမီက မိမိ၏အစ်မ ဒေါ်ရွှေနှင့် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြောင်း၊ မစ္စတာကူးမားသည်၊ ၁၉၃၉ ခုနှစ်တွင် ဘရုပ်အမျိုးသားတဦးက လူမှားပြီး သတ်သဖြင့် သေဆုံးသွားကြောင်း၊ မစ္စတာကူးမား သေဆုံးပြီးနောက်၊ သုံးနှစ်ခန့်အကြာတွင် ဒေါ်ရွှေလည်း အနိစ္စရောက်ကြောင်း၊ မစ္စတာကူးမားနှင့် ဒေါ်ရွှေတို့ဘွဲ့ သားသမီးမထွန်းကားသဖြင့်၊ မိမိသာလျှင်အမွေဆက်ခံသူအဖြစ် ကျန်ရစ်ခဲ့သည့်အလျောက် မစ္စတာကူးမား၏ ငွေများကို ရထိုက်ကြောင်း အကြောင်းပြလေသည်။ သို့ရာတွင် ငွေစာရင်းမင်းကြီးက ဒေါ်ချစ်မေသည် ကွယ်လွန်သူ မစ္စတာကူးမား၏ တရားဝင် အမွေဆက်ခံသူ အစစ်အမှန်ဖြစ်ကြောင်းထောက်ခံသည့် အမွေဆက်ခံရန် သက်သေခံ လက်မှတ်တင်ပြနိုင်မှသာ နိုင်ငံတော်အစိုးရသို့ လွှဲပြောင်းအပ်နှံထားသော ငွေများကို ထုတ်ပေးနိုင်မည်ဟု အကြောင်းပြန်လိုက်သဖြင့် ဒေါ်ချစ်မေသည် လွှဲအပ် ပစ္စည်းထိန်းဝန်များဥပဒေ ပုဒ်မ ၂၄ (၂) အရ ဤလျှောက်လွှာကို လျှောက်ထားခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော် အစိုးရအတွက် လိုက်ပါဆောင်ရွက်သည့် အစိုးရ လွှတ်တော်ရှေ့နေကြီး ဒေါ်မြသန်းနုက လျှောက်ထားသူ ဒေါ်ချစ်မေသည် ကွယ်လွန်သူ မစ္စတာအိပ် (ချ်) ကူးမား၏ တဦးတည်းသော အမွေစားအမွေခံဖြစ်ကြောင်း ထင်ရှားအောင် အမွေ

ထိန်း လက်မှတ်၊ သို့မဟုတ် အမွေဆက်ခံရန် သက်သေခံလက်မှတ်ကို ရယူပြီးမှ၊ မစ္စတာကူးမား၏ ငွေများကို တောင်းခံသင့်ကြောင်း၊ မည်သူသည် မစ္စတာကူးမား၏ တရားဝင် အမွေစားအမွေခံဖြစ်သည်ဆိုသော အချက်ကို ဤအမှုမျိုးတွင် ဆုံးဖြတ်ရန် မသင့်ကြောင်းဘင်ပြလာလေသည်။

လွှဲအပ်ပစ္စည်းထိန်းဝန်များ ဥပဒေပုဒ်မ ၂၆ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်။

> **"26. Any order under this Act may be made on the application of any person beneficially interested in any trust-property or of any trustee thereof."**

ထိုပုဒ်မအရဆိုလျှင် လွှဲအပ်ပစ္စည်းထိန်းဝန်များ ဥပဒေနှင့် အကျုံးဝင်သော အမိန့်များကို၊ ယုံမှတ်အပ်နှံသည့်ပစ္စည်းအပေါ် အကျိုးခံစားခွင့်ရှိသူ၊ သို့တည်းမဟုတ် ယုံမှတ်အပ်နှံခံရသူ တဦးဦးကလျှောက်ထားမှသာ ချမှတ်နိုင်မည် ဖြစ်သည်၊ အခြားပုဂ္ဂိုလ်တဦးဦးကလျှောက်ထားသည့်လျှောက်လွှာအပေါ် အမိန့်ချမှတ်ခြင်း မပြုနိုင်ပေ၊ သို့ဖြစ်ရာ ပုဒ်မ ၂၅ (၂) တွင်ဖော်ပြထားသည့် "တောင်းဆိုသူ" ဆိုသည်မှာ ယုံမှတ်အပ်နှံသည့်ပစ္စည်း အပေါ် အကျိုးခံစားခွင့်ရှိသူ၊ သို့မဟုတ် ယုံမှတ်အပ်နှံခံရသူ တဦးဦးသာဖြစ်ရပေမည်။ ယခု လျှောက်ထားသည့် ဒေါ်ချစ်မေမှာ ယုံမှတ်အပ်နှံခြင်း ဥပဒေ (**Trust Act**) ပုဒ်မ ၃ တွင် အဓိပ္ပါယ်ဖွင့်ဆိုထားသည့် ယုံမှတ်အပ်နှံသည့် ပစ္စည်းအပေါ် အကျိုးခံစားခွင့်ရှိသူလည်းမဟုတ်၊ ယုံမှတ်အပ်နှံခံရသူလည်းမဟုတ်သဖြင့်၊ ဤလျှောက်လွှာကို လျှောက်ထားရန် အခွင့်အရေးရှိသူတဦးဖြစ်သည်ဟုမဆိုနိုင်ပေ။

ထို့ပြင် ပုဒ်မ ၂၅ (၂) အရ လျှောက်ထားသည့် အမှုမှ အကျဉ်းချုန်း၍ တိုတိုတုတ်တုတ်စုံစမ်းစစ်ဆေးကာ ဆုံးဖြတ်ရသည့် အမှုမျိုးဖြစ်သည်၊ မစ္စတာကူးမား၏ ယုံမှတ်အပ်နှံခြင်းမှာ အထမြောက် မမြောက်၊ ယုံမှတ်အပ်နှံသူ မစ္စတာကူးမား၏ တရားဝင် အမွေစားအမွေခံမှာ မည်သူမည်ဝါဖြစ်သည်ဆိုသော ပြဿနာများကို ယခုကဲ့သို့အကျဉ်းချုန်း၍ စုံစမ်းရသည့်အမှုမျိုးတွင် အဆုံးအဖြတ်ပေးရန်လည်း မဖြစ်နိုင်ချေ။

အထက်ပါ အကြောင်းရပ်များကြောင့် လျှောက်ထားသူ ဒေါ်ချစ်မေ၏ လျှောက်လွှာကို လက်ခံခွင့်ပြုရန် အကြောင်းမရှိပေ၊ သို့ပါ၍ ၎င်း၏ လျှောက်လွှာကို ပလိပ်လိုက်သည်၊ တရားစရိတ်မရှိ။

နိုင်ငံတော်တရားရုံးချုပ်

တရားမသေးမှု

တရားသူကြီး ဦးသက်ဖေရှေ့တွင်

၁၉၆၇ ဒေါ်ခြောင်ကမ်ယုတ် (လျှောက်ထားသူ)

မတ်လ ၈ ရက်။ နှင့်

အရွယ်မရောက်သေးသူ ငွတ်ကွေ့၏ကိစ္စ*

အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများ အက်ဥပဒေ—အဖွဲ့ဝင်ဖြစ်သူက အုပ်ထိန်းသူအဖြစ် ခန့်ထားရန် လျှောက်ထားခြင်း—ဘခင်သည် ၎င်း၏အရွယ်မရောက်သေးသည့် သားသမီးများ၏ သဘာဝ အုပ်ထိန်းသူဖြစ်ခြင်း—ဆွေမျိုး ရင်းနှီးသော်လည်း အရွယ်မရောက်သေးသူ၏ ကောင်းရာ ကောင်းကျိုးမဟုတ်လျှင် အုပ်ထိန်းသူအဖြစ် ခန့်ထားခြင်းမပြုသင့်ခြင်း။

ဆုံးဖြတ်ချက်။ ။အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများ ဥပဒေပုဒ်မ ၁၉ အရ၊ အရွယ်မရောက်သေးသူတဦး၏ ဘခင်သည် အသက်မွေးလျက်ရှိပြီး အရွယ်မရောက်သေးသူ၏ အုပ်ထိန်းသူအဖြစ်ဆောင်ရွက်ရန် သင့်လျော်ခြင်းမရှိဟု ယူဆစရာအကြောင်းမရှိလျှင်၊ အခြားသူတပါးအား အရွယ်မရောက်သေးသူ၏ကိုယ်ကို အုပ်ထိန်းသူအဖြစ်ခန့်ထားခြင်း မပြုနိုင်ပေ။ ဘခင်သည် မိမိ၏ အရွယ်မရောက်သေးသည့်သား၊ သို့မဟုတ် သမီး၏ သဘာဝအုပ်ထိန်းသူဖြစ်သည့် အလျောက် အကြောင်းထူးမရှိဘဲ၊ တစုံတယောက်အား အုပ်ထိန်းသူအဖြစ်ခန့်ထားရန် ရုံးခွင့် အခွင့်အာဏာ မရှိချေ။ ဘခင်သည် ၎င်း၏ အရွယ်မရောက်သေးသည့် သားသမီးများ၏ သဘာဝအုပ်ထိန်းသူ တယောက်ဖြစ်၍ ရုံးအနေဖြင့်၎င်းကို အုပ်ထိန်းသူနှင့်အုပ်ထိန်းခံရသူများ ဥပဒေအရ အုပ်ထိန်းသူ အဖြစ်ကျေညာခန့်ထားရန်ပင်မလိုပေ။

မင်ကတာဆွာရန် နှင့် ဆာရာခန်ဘယ်၊ အတွဲ ၁၃၊ ရန်ကုန်၊ ၅၉၀.....ရည်ညွှန်းသည်။

အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများ ဥပဒေပုဒ်မ ၁၇ အရ၊ အရွယ်မရောက်သေးသူတဦး၏ အုပ်ထိန်းသူခန့်ထားရာတွင် အရွယ်မရောက်သေးသူ၏ ကောင်းရာကောင်းကျိုးကိုသာလျှင် ဦးစားပေး၍ ဆုံးဖြတ်ရမည်ဖြစ်သည်။ ထိုကဲ့သို့ဆုံးဖြတ်ရာ၌ အရွယ်မရောက်သေးသူ၏ အသက်နှင့် လိင်၊ အုပ်ထိန်းသူအဖြစ် လျှောက်ထားသူ၏ အကျင့်စာရိတ္တနှင့် အင်အားတို့သာမက၊ ၎င်းတို့သည် ဆွေမျိုးတော်စပ်ရင်းနှီးခြင်းရှိ မရှိ စသည့်အချက်အလက်များကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ အရွယ်မရောက်သေးသူသည် အမှားအမှန်ကို ဝေဖန်ခွဲခြားနိုင်သည့် ဆင်ခြင်တုံတရားရှိနိုင်သည့် အရွယ်ရောက်နေပါက၊ ၎င်း၏ဆန္ဒကိုလည်းအလေးပေးရမည်ဖြစ်သည်။ ဆွေမျိုးရင်းနှီးသော်လည်း

* ၁၉၆၆ ခုနှစ်၊ တရားမသေးမှုအမှတ် ၁၁၆။

အရွယ်မရောက်သေးသူ၏ ကောင်းရာကောင်းကျိုးမဟုတ်လျှင်၊ အုပ်ထိန်းသူအဖြစ် ခန့်ထားခြင်း မပြုသင့်ပေ။ အရွယ်မရောက်သေးသူက မည်သူ၏ထံတွင်နေလိုသည်ဟု ဆန္ဒပြုခဲ့စေကာမူ၊ ထိုဆန္ဒမှာ ၎င်း၏ကောင်းရာကောင်းကျိုးနှင့်ဆန့်ကျင်နေလျှင်လည်း ထိုဆန္ဒအတိုင်း လိုက်လျောခြင်းမပြုအပ်ပေ။

ဦးစိန်ဝင်း နှင့် **ဦးစောခိုင်**၊ ၁၉၆၀၊ မြန်မာပြည် စီရင်ထုံး၊ ၄၃၇ (တရားလွှတ်တော်) ရည်ညွှန်းသည်။

လျှောက်ထားသူအတွက်။ ။ဦးခင်မောင်ညွှန့်။

လျှောက်ထားခံရသူအတွက်။ ။ဦးကြည်မောင်။

တရားသူကြီး ဦးသက်ဖေ။ ။အရွယ်မရောက်သေးသူ ငွတ်ကွေမှာ အသက် ၁၁ နှစ်အရွယ် တရုပ်ဗုဒ္ဓဘာသာ မိန်းကလေးတဦးဖြစ်၏။ ၎င်း၏မိခင် မိရှူးမှာ ယခုအခါ ဟောင်ကောင်မြို့၌နေထိုင်လျက်ရှိသည်။ ဘခင်ဖြစ်သူအလှီး (ခေါ်) ဦးမောင်မောင်ကြီးမှာ နောက်ထပ် မယား ၂ ယောက်ယူထားပြီး၊ ကလေး ၁၄ ယောက်ရထားသူ ဖြစ်သည်။ လျှောက်ထားသူ ဒေါ်အငုတ် (ခေါ်) ချောင်ကမ်ယုတ်မှာ ငွတ်ကွေ၏ မိခင်ဘက်မှ အဖွါးအရင်းဖြစ်သည်။

ငွတ်ကွေ၏မိဘများဖြစ်ကြသည့် မိရှူးနှင့် ဦးမောင်မောင်ကြီးတို့သည် ငွတ်ကွေ မမွေးဖွါးမီကပင် ကွဲနေကြသည်။ ငွတ်ကွေအား မျက်နှာမြင်ပြီးနောက် မိရှူးသည် ဦးမောင်မောင်ကြီးအပေါ် သား စားစရိတ်ကို ရုံးမှနေ၍ တောင်းဆိုခဲ့၏။ သား စားစရိတ်မှနှင့်ပတ်သက်၍ ရုံးတက်နေရသဖြင့် မိရှူးသည် ကလေးအား ကောင်းစွာ မစောင့်ရှောက်မပြုစုနိုင်သည့်အလျောက်၊ ရန်ကုန်မြို့၊ ၁၉ လမ်း၊ အိမ်အမှတ် ၁၂၈ နေ လျှောက်ထားခံရသူ လောင်လျှံမှုအား တလလျှင် ၅၀ ပေးပြီး ထိန်းကျောင်းရန် အပ်နှံခဲ့ရသည်။ ဦးမောင်မောင်ကြီးသည် သား စားစရိတ်မှနှင့်ပတ်သက်၍ မိရှူးအား ငွေ ၃,၀၀၀ ကျပ် ကို အပြီးအပြတ်ပေးကာ ပြေငြိမ်းခဲ့လေသည်။ မိရှူးသည်ကလေး အား လောင်လျှံမှုထံ၌ပင် ဆက်လက်ထားရှိကာ ဟောင်ကောင်မြို့သို့ထွက်ခွာသွားဟန် လက္ခဏာရှိသည်။ ထိုကဲ့သို့ မိခင်ဖြစ်သူ မရှိသည့်နောက်ပိုင်းတွင် ကလေးသည် အထိန်း ဖြစ်သူလောင်လျှံမှုထံ၌ နေသည့်အခါလည်းနေပြီး၊ အဖွါးဖြစ်သူ ဒေါ်အငုတ်ထံ၌ နေသည့်အခါလည်းနေထိုင်လျက်ရှိလေသည်။

၁၉၆၃ ခုနှစ်တွင် အသက် ၈ နှစ်အရွယ်ရောက်ကာလ၊ ကလေးအားအဖွါးဖြစ်သူက မစ်ရှင်လမ်းရှိ စိန်အီမိလီကျောင်း၌ ကျောင်းအိပ်ကျောင်းစားအဖြစ် ကျောင်းထား ခဲ့၏။ နိုင်ငံတော်အစိုးရက စာသင်ကျောင်းများကို ၁၉၆၇ ခုနှစ်၌ ပြည်သူပိုင် သိမ်းလိုက်သောအခါ ကျောင်းအိပ်ကျောင်းစား ထားခြင်းကို ဖြုတ်လိုက်၍၊ ငွတ်ကွေ

၁၉၆၇ ဒေါ်ချောင်းကမ်းယုတ် နှင့် အရွယ်မရောက်သေးသူ ငွတ်ကွေ၏ ကိစ္စ။

သည် အဖွါးဖြစ်သူ ဒေါ်အငုတ်၏အိမ်မှ နေ့ကျောင်းသူအဖြစ် ကျောင်းတက်ရသည်။ ထိုကဲ့သို့ ကျောင်းတက်နေရင်း ငွတ်ကွေသည် ကျောင်းလည်း မှန်မှန်မတက်သည့်အပြင်၊ အဖွါးအိမ်သို့လည်း မပြန်တော့ဘဲ၊ အထိန်းဖြစ်သူ လောင်လျှံမူအိမ်တွင် အမြဲသွားရောက်နေထိုင်လျက်ရှိလေသည်။ ကျောင်းဆရာမများက ငွတ်ကွေကျောင်းမတက်ကြောင်း တိုင်ကြားတော့မှ အဖွါးဖြစ်သူသည် မြေးဖြစ်သူ၏ ဖြစ်ရပ်အမှန်ကို သိရှိကာ၊ ငွတ်ကွေအား လောင်လျှံမူ၏အိမ်မှ သွားခေါ်ရာ ပြန်မလိုက်တော့ပေ။ လောင်လျှံမူကလည်း အဖွါးဖြစ်သူအား မြေးကိုတွေ့ခွင့် မပေးတော့ပေ။ ထို့ကြောင့် ဒေါ်အငုတ်သည် ဟောင်ကောင်မြို့ရှိ သမီးမရှူးအား စာရေးအကြောင်းကြားရာ၊ မိရှူးက ငွတ်ကွေအားပြန်ခေါ်ထားရန် ပြန်ကြားသဖြင့် ဖွါးအေ ဒေါ်အငုတ်က၊ အရွယ်မရောက်သေးသူ ငွတ်ကွေအား အုပ်ထိန်းသူအဖြစ် ခန့်ထားရန် ဤလျှောက်လွှာဖြင့် လျှောက်ထားခြင်းဖြစ်လေသည်။

ဒေါ်အငုတ်၏ လျှောက်ထားချက်နှင့်ပတ်သက်၍ အသေးစိတ် စဉ်း ၁းခြင်းမပြုမီ၊ ဘခင်အသက်ရှင်လျက်ရှိသည့် အရွယ်မရောက်သေးသူ တဦးအပေါ် အုပ်ထိန်းသူခန့်ထားခြင်းပြုနိုင် မနိုင်ဆိုသော ပြဿနာကိုဆန်းစစ်ရန်လိုပေသည်။ (အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများ ဥပဒေပုဒ်မ ၁၉ ၁၈ရ အရွယ်မရောက်သေးသူတဦး၏ ဘခင်သည် အသက်ရှင်လျက်ရှိပြီး အရွယ်မရောက်သေးသူ၏ အုပ်ထိန်းသူအဖြစ် ဆောင်ရွက်ရန် သင့်လျော်ခြင်းမရှိဟုယူဆစရာအကြောင်း မရှိလျှင်၊ အခြားသူတပါးအား အရွယ်မရောက်သေးသူ၏ကိုယ်ကို အုပ်ထိန်းသူအဖြစ် ခန့်ထားခြင်းမပြုနိုင်ပေ။ ဘခင်သည် မိမိ၏အရွယ်မရောက်သေးသည့် သား၊ သို့မဟုတ် သမီး၏ သဘာဝအုပ်ထိန်းသူဖြစ်သည့် အလျောက်၊ အကြောင်းထူးမရှိဘဲ တစုံတယောက်အား အုပ်ထိန်းသူအဖြစ်ခန့်ထားရန် ရုံးခွဲ အခွင့်အာဏာမရှိခဲ့။ ဘခင်သည် ၎င်း၏အရွယ်မရောက်သေးသည့် သား သမီးများ၏ သဘာဝအုပ်ထိန်းသူတယောက်ဖြစ်၍၊ ရုံးအနေဖြင့် ၎င်းကို အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများ ဥပဒေအရ၊ အုပ်ထိန်းသူအဖြစ် ကျည်ာခန့်ထားရန်ပင် မလိုပေ)။ **မင်ကတာဆွာရန်** နှင့် **ဆာရာဒန်ဘယ်** (၁)။

ယခုအမှုတွင် အရွယ်မရောက်သေးသူ ငွတ်ကွေ၏ ဘခင် ဦးမောင်မောင်ကြီးမှာ အသက်ရှင်လျက်ရှိသေးသည်မှာမှန်၏။ သို့ရာတွင်ဘခင်ဖြစ်သူသည်ငွတ်ကွေကိုမမွေးဖွါးမိကပင် ငွတ်ကွေ၏မိခင်မိရှူးနှင့် ကွဲကွာနေခဲ့သည်။ သား စားစရိတ်တောင်းခံရာမပေးသဖြင့် မိရှူးသည်ရုံးတက်ပြီး တောင်းခံတော့မှ ငွေ ၃,၀၀၀ ကျပ် ပေး၍ အပြီးအပြတ် ကွာရှင်းခဲ့၏။ ထို့နောက်ပိုင်းတွင် ဘခင်သည် မယား ၂ ယောက်ကိုယူခဲ့ပြီး ကလေး ၁၄ ယောက်ရရှိခဲ့သဖြင့်၊ ငွတ်ကွေအပေါ် စိတ်ဝင်စားမှုမရှိတော့ပေ။ ငွတ်ကွေ၏

(၁) အတွဲ ၁၃၊ ရန်ကုန်၊ ၅၉၀။

၁၉၆၇ ဒေါ်ချောင်ကမ်ယုတ် နှင့် အရွယ်မရောက်သေးသူ ဌတ်ကေ၏ ကိစ္စ။

နေထိုင်မှု၊ စားသောက်မှု၊ ပညာသင်ကြားမှုစသည်တို့တွင် လုံးဝထောက်ပံ့ခဲ့ခြင်းမရှိခဲ့ချေ။ သို့ဖြစ်ရာ ဌတ်ကေအား အုပ်ထိန်းလိုကြောင်း ယောကျ်ားမဖြစ်သူ ဒေါ်အငုတ်က လျှောက်ထားလာသောအခါမှ၊ မိမိသားလျှင် ဌတ်ကေ၏ အုပ်ထိန်းသူဖြစ်ထိုက်ကြောင်း ပြောဆိုလာသည့် ဦးမောင်မောင်ကြီး၏ တင်ပြချက်မှာ အဆံမပါသည့် သက်ဆိုင်အမြောက်သံသာဖြစ်ကြောင်း ထင်ရှားသည်။ ဘခင်ဖြစ်သူသည် အရွယ်မရောက်သူ ဌတ်ကေ၏ နေရေး၊ ထိုင်ရေး၊ ပညာသင်ကြားရေးစသည်တို့တွင် ယခုတရားစွဲဆိုသည့် အချိန်အထိ စိတ်ဝင်စားမှုမရှိခဲ့သည်သာမက ၎င်းကိုယ်တိုင်၌ မယား ၂ ဦးနှင့် ကငေး ၁၄ ဦးတို့လည်း ရှိနေပြီဖြစ်ရာ၊ ဌတ်ကေအား အုပ်ထိန်းသူအဖြစ် ဆောင်ရွက်ရန် သင့်လျော်ခြင်းမရှိဟုဆူဆစရာအကြောင်း ပေါ်ပေါက်နေလေသည်။ သို့ဖြစ်ရာ ယခုအခါအမှုတွင် အရွယ်မရောက်သေးသူ၏ ဘခင်သည် အသက်ရှင်လျက်ပင် ရှိသေးသော်လည်း ၎င်းအား အရွယ်မရောက်သေးသူ၏ အုပ်ထိန်းသူအဖြစ် ဆောင်ရွက်စေရန် မသင့်လျော်သည့်အလျောက် အခြားသူတပါးအား အရွယ်မရောက်သေးသူ၏ အုပ်ထိန်းသူအဖြစ်ခန့်ထားနိုင်သည်ဟု ကျွန်ုပ်ယူဆသည်။

(အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများ ဥပဒေပုဒ်မ ၁၇ အရ၊ အရွယ်မရောက်သေးသူဘဦး၏ အုပ်ထိန်းသူခန့်ထားရာတွင်၊ အရွယ်မရောက်သေးသူ၏ ကောင်းရာကောင်းကျိုးကိုသာလျှင် ဦးစားပေး၍ ဆုံးဖြတ်ရမည်ဖြစ်သည်။) **ဦးစိန်ဝင်း** နှင့် **ဦးဇော်ခိုင်** (၂) (ထိုကဲ့သို့ ဆုံးဖြတ်ရာ၌ အရွယ်မရောက်သေးသူ၏ အသက်နှင့်လိင် အုပ်ထိန်းသူအဖြစ် လျှောက်ထားသူ၏ အကျင့်စာရိတ္တနှင့် အင်အားတို့သာမက၊ ၎င်းတို့သည် ဆွေမျိုးတော်စပ် ရင်းနှီးခြင်း ရှိမရှိ စသည့်အချက်အလက်များကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ အရွယ်မရောက်သေးသူသည် အမှားအမှန်ကိုဝေးန်ခဲ့ခြားနိုင်သည့် ဆင်ခြင်တုံတရားရှိနိုင်သည့်အရွယ်ရောက်နေပါက၊ ၎င်း၏ဆန္ဒကိုလည်း အားသေးရမည်ဖြစ်သည်)။ တနည်းဆိုရသော် အုပ်ထိန်းသူ ခန့်အပ်ရာ၌ အရွယ်မရောက်သေးသူ၏ ကောင်းရာကောင်းကျိုးကိုသာလျှင် အဓိကထား၍ စဉ်းစားရပေမည်။ (ဆွေမျိုးရင်းနှီးသော်လည်း အရွယ်မရောက်သေးသူ၏ ကောင်းရာကောင်းကျိုးမဟုတ်လျှင် အုပ်ထိန်းသူအဖြစ်ခန့်ထားခြင်းမပြုသင့်ပေ။ အရွယ်မရောက်သေးသူက မည်သူ၏ထံဝင် နေလိုသည်ဟု ဆန္ဒပြုခဲ့စေကာမူ၊ ထိုဆန္ဒမှာ ၎င်း၏ကောင်းရာကောင်းကျိုးနှင့် ဆန့်ကျင်နေလျှင်လည်း ထိုဆန္ဒအတိုင်း လိုက်လျောခြင်းမပြုအပ်ပေ)။ အထက်ပါမူများကို စိတ်ဝင်စားကာ ယခုအမှုတွင် လျှောက်ထားသူအား အရွယ်မရောက်သေးသူ ဌတ်ကေ၏ အုပ်ထိန်းသူအဖြစ် ခန့်ထားသင့် မသင့်ဆိုသောပြဿနာကို ဆန်းစစ်ရပေမည်။

---

(၂) ၁၉၆၁ မြန်မာပြည်စီရင်ထုံး၊ ၄၃၇ (တရားလွှတ်တော်)။

၁၉၆၇

ဒေါ်ချောင်ကမ်ယုတ်နှင့် အရွယ်မရောက်သေးသူ ငွတ်ကွေ၏ ကိစ္စ။

ငွတ်ကွေက၊ အပျိုးဒေါ်အငုတ်ဆံဘွင် မနေလိုကြောင်း၊ ဒေါ်အငုတ်သည် သုံးထပ်ဘိုက် အပေါ်ဆုံးအထပ်ဘွင် သံတံခါးပိတ်ကာ နေထိုင်၍ ပျင်းရိစရာကောင်းကြောင်း၊ သွားလိုရာမသွားရန် ဟားမြစ်လေ့ရှိကြောင်း ပြောဆိုကာ ဆန္ဒပြုခဲ့၏။ ငွတ်ကွေသည် အသက် ၁၁ နှစ်သာရှိသေးသဖြင့် အများအမှန်ကို ဝေဖန်ခဲ့ခြားနိုင်သည့် အသိတရားမရှိသေးသည့်အပြင် နီးရာသူက သင်ကြားပေးသည့်အတိုင်း ထွက်ဆိုလေ့ရှိသည့် အရွယ်ဖြစ်၍ ၎င်း၏ ဆန္ဒအတိုင်း လိုက်လျောရန် မသင့်ခဲ့ချေ။

လျောက်ထားသူ ဒေါ်အငုတ်သည် ငွတ်ကွေ၏ အမေတက်မှ အဖွါးအရင်းဖြစ်သည်။ အထိန်းဖြစ်သူလောင်လျှံမူမှာ ငွတ်ကွေနှင့် လုံးဝဆွေမျိုးတော်စပ်ခြင်း မရှိပေ။ အခြေးကြီးသေးနီးရာဆိုသကဲ့သို့ ငွတ်ကွေ၏ ရှေ့ရေးအတွက် ကောင်းဆာကောင်းကျိုးကိုလုံးဝဆွေမျိုးတော်စပ်ခြင်းမရှိသူ တဦးထက် အဖွါးအရင်းကပို၍စိတ်ဝင်စားမည်ဆိုခြင်းမှာ ယုံမှားဘွယ်မရှိနိုင်ပေ။ အဖွါးဖြစ်သူသည် ငွတ်ကွေအား၊ ကျောင်းတွင်ထားကာ ကျောင်းစရိတ်များကို အကုန်အကျခံနေကြောင်း ဆရာမ ဒေါ်ဝင်းရီ၏ ထွက်ဆိုချက်အရ ထင်ရှားသည်။ အထိန်းဖြစ်သူ လောင်လျှံမူသည် ငွတ်ကွေအား ယခုအခါ ကျောင်းတွင် မထားတော့ဘဲ ဟီးစစ်ကွမ် (ခံပြ-၂) ဆိုသူ၏ ထံ၌ ပညာသင်စေခဲ့၏။ ဟီးစစ်ကွမ်ဆိုသူမှာ စာသင်ကျောင်းမှင့်၍ အသက်မွေးဝမ်းကျောင်းသူတယောက်မဟုတ်ဘဲ အားလပ်သော အချိန်၌သာ အနီးအနားရှိ ကလေးများကို စာသင်ပေးရသူ တယောက်ဖြစ်သည့် အလျောက် ငွတ်ကွေမှာ ကောင်းစွာ ပညာသင်ကြားရန် အခွင့်အရေးဆုံးမှုံးလျက်ရှိကြောင်း ယုံမှားဘွယ် မရှိပေ။။

လျောက်ထားခံရသူတို့၏ ရှေ့နေကြီးက ဒေါ်အငုတ်သည်၊ အရက်ရောင်းစားကြောင်း ငွတ်ကွေ၏ဆွက်ချက်ဘွင် ပေါ်ပေါက်နေ၍ ဒေါ်အငုတ်သည် အုပ်ထိန်းသူအဖြစ် ခန့်ထားရန် အကျင့်စာရိတ္တကောင်းသည်ဟု မဆိုနိုင်ကြောင်း တင်ပြလာသည်။ ထိုကိစ္စနှင့်ပတ်သက်၍ ဒေါ်အငုတ်အား စစ်ဆေးစဉ်က လုံးဝ မေးမြန်းခဲ့ခြင်းမရှိ၍၊ နောက်မှ လုပ်ကြံတင်ပြချက်သာဖြစ်သည်ဟု ယူဆရမည်ဖြစ်သည်။ ငွတ်ကွေမှာ အသက်အရွယ်နှုန်းသည့် ကလေးတဦးသာဖြစ်၍ နီးရာသူက သင်ကြားထားသည့်အတိုင်း ထွက်ဆိုခြင်းသာဖြစ်သည်ဟု ထင်မြင်စရာ အကြောင်းပေါ်ပေါက်နေသည်။

အဖွါးဖြစ်သူက ငွတ်ကွေအား အနေအထိုင်အသွားအလာနှင့်ပတ်သက်၍ ဆုံးမလေ့ရှိသည်။ ထိုကဲ့သို့ဆုံးမခြင်းမှာ ငွတ်ကွေ၏ကောင်းရာကောင်းကျိုးအတွက် ဖြစ်သည်။ သို့သော်လည်း ငွတ်ကွေမှာ ငယ်ရွယ်သူတဦးဖြစ်၍ မသိနားမလည်တဲ့ ကောင်းဆာကောင်းကျိုးအတွက် ဆုံးမသည်ကို ချုပ်ချယ်သည်ဟု ဒေါ်ဆင်ရောက်ကာ အဖွါးနှင့်

မနေလိုဘဲ ပေါက်လွတ်ပဲစားထင်သလို သွားခွင့်လာခွင့် ပြုထားသည့် အဆိုန်းဖြစ်သူ လောင်လျှံမူနှင့်သာ နေထိုင်လိုကြောင်း ပေါ်ပေါက်နေလေသည်။ လောင်လျှံမူ၏ ပြုမူချက်များမှာ အရွယ်မရောက်သူငှတ်ကွေအား ချစ်ရာမရောက်ဘဲ နှစ်ရာသာရောက် နေသည်ကို သဘိချပ်ရမည်ဖြစ်သည်။ လောင်လျှံမူ၏ထံ၌ ဆက်လက်ထားရှိခြင်း အားဖြင့် ငွေကွေသည် ပညာသင်ရန်အချိန်၌ ပညာကိုဖိစီးစီးသင်ကြားရန် အခွင့် အရေး ဆုံးရှုံးနေသည်။ အကွပ်မရှိဘဲသင်သလို သွားခွင့်လာခွင့်ပြုထားသဖြင့် အကျင့် စာရိတ္တပျက်ပြားသွားရန် အကြောင်းပေါ်ပေါက်လာနိုင်သည်။ အဖွါးဖြစ်သူနှင့်အတူ ထားရှိပါက၊ ပညာကို ဖိဒိစီးစီးသင်ကြားခွင့်ရမည်ဖြစ်သည်။ အသွားအလာ အနေ အထိုင်မှာလည်းစည်းကမ်းတကျ ဖြစ်လာနိုင်သည်။ အဖွါး ဖြစ်သူအနေနှင့် မြေး အပေါ် ဆွေရှိုးဒဘင်စပ်ခြင်းမရှိသူဆက် ချစ်ခင်ဟုယမည်ဆိုခြင်းမှာလည်း သံသယ ရှိစရာ အကြောင်းမပေါ်ပေါက်နိုင်ပေ။

၁၉၆၇ ဒေါ်ချောင်ကမ်ယုတ်နှင့် အရွယ်မရောက် သေးသူငှတ်ကွေ၏ ကိစ္စ။

အထက်ပါ အချက်အလက်များကို ပေါင်းစပ်ကြည့်ရှုလျှင်၊ လျှောက်ထားသူအား အရွယ်မရောက်သူ ငှတ်ကွေ၏ အုပ်ထိန်းသူအဖြစ် ခန့်ထားခြင်းအား ဖြင့်၊ အရွယ် မရောက်သူကို အမျှားဆုံး အကျိုးပြုမည်ဟု ယုံကြည်သည့်အလျောက် ငှတ်ကွေ၏ အဖွါး ဒေါ်အငုတ် (ခေါ်) ချောင်ကမ်ယုတ်အား ငှတ်ကွေ၏ကိုယ်ကို အုပ်ထိန်းသူ အဖြစ် အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများ ဥပဒေပုဒ်မ ၁၇ အရ ခန့်ထားလိုက်သည်။ လျှောက်ထားခံရသူ လောင်လျှံမူသည် လျှောက်ထားသူ၏ တရားစခိုတ်ကို ကူခံ ရမည်။ ရှေ့နေစခိုတ် ၃၄ သတ်မှတ်သည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမအသေးအဖွဲမှု

တရားသူကြီး ဦးသက်ဖေချောတင်

၁၉၆၇

မတ်လ ၈ ရက်။

ဒေါ်အေးကြည် (လျှောက်ထားသူ)

နှင့်

ကွယ်လွန်သူ ဦးသာထွန်း၏ ပစ္စည်းများကိစ္စ*

အမွေဆက်ခံခြင်း အက်ဥပဒေ ပုဒ်မ ၃၇၃ —အထူး အကြောင်းစာထုတ်ခြင်း ခံရသူ —ကန့်ကွက်ရန်အခွင့်အရေးရှိမရှိ—အမွေဆက်ခံရန် သက်သေခံလက်မှတ် ထုတ်ပေးရန်လျှောက်ထားသူအား ထုတ်ပေးသောလက်မှတ်အကျိုးသက်ရောက်ဆောင်ရွက်ခြင်းမပြုရသေးမီသေဆုံးခြင်း— ၎င်း၏ အမွေစားအမွေခံတို့က ထိုလက်မှတ်နှင့် ပတ်သက်၍ ဆက်ခံခြင်းပြုနိုင် မပြုနိုင်။

ဆုံးဖြတ်ချက်။ ။ဒေါ်ဆင့်သည် ကွယ်လွန်သူ ဦးသာထွန်းနှင့် တိုက်ရိုက်ဆွေမျိုးတော်စပ်ခြင်း မရှိသည့်ပြင် ကွယ်လွန်သူ၏ မြေရှင်လည်း မဟုတ်သဖြင့်၊ ဦးသာထွန်း၏ အမွေပစ္စည်းနှင့်ပတ်သက်၍ သက်သေခံလက်မှတ် လျှောက်ရန် အခွင့်အရေးရှိသူ တယောက်ဖြစ်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။ သို့ရာတွင် အမွေဆက်ခံခြင်း ဥပဒေပုဒ်မ ၃၇၃ (၁) (က) အရ ရုံးတော်အနေဖြင့် အထူးအကြောင်းစာထုတ်ဆင့်ခြင်းခံရသူ တဦးအနေဖြင့် အမွေဆက်ခံရန် သက်သေခံလက်မှတ် လျှောက်ထားခြင်းကို ကန့်ကွက်ရန်အခွင့်အရေးရှိသည်ဟု ယူဆရမည်ဖြစ်သည်။

အမွေဆက်ခံရန် သက်သေခံလက်မှတ်ထုတ်ပေးရာတွင် အဓိက ဆုံးဖြတ်ရမည့်အချက်မှာလျှောက်ထားသူသည် သေသူ၏ ကြွေးမြီများကို ကောက်ခံ သိမ်းဆည်းခွင့်ရှိသူ ဟုတ်သည် မဟုတ်သည်ဆိုခြင်းသာဖြစ်သည်။ ပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍ လုံးဝဆုံးဖြတ်ခြင်းမပြုရပေ။ သို့ဖြစ်ရာ အမွေဆက်ခံရန် သက်သေခံလက်မှတ်ကို သေသူ၏ ကြွေးမြီများအား ကောက်ခံနိုင်ရန် ပုဂ္ဂိုလ်အနေဖြင့် ထုတ်ပေးခြင်းသာဖြစ်ကြောင်း ပေါ်လွင်သည်။ ယင်းသို့ ပုဂ္ဂိုလ်အနေဖြင့် သက်သေခံလက်မှတ် ထုတ်ပေးခဲ့ခြင်းဖြစ်၍ လျှောက်ထားသူ သေဆုံးသောအခါ ၎င်းအား ထုတ်ပေးခဲ့သော လက်မှတ်မှာ အကျိုးသက်ရောက်အောင် ဆောင်ရွက်ခဲ့ခြင်းမပြုရသေးပါမူ၊ အလိုအလျောက်ပျက်ပြယ်ကုန်ဆုံးသည်ဟုမှတ်ယူရမည်ဖြစ်သည်။ ၎င်း၏ အမွေစားအမွေခံတို့က ထိုလက်မှတ်နှင့် ပတ်သက်၍ ဆက်ခံခြင်း မပြုနိုင်ပေ။ အမွေစားအမွေခံများအနေဖြင့် အမွေဆက်ခံရန် သက်သေခံလက်မှတ်ရလိုပါမူ၊ တရားဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း သီးသန့်လျှောက်ထားကြရမည်ဖြစ်ပေသည်။

---

* ၁၉၆၆ ခုနှစ်၊ တရားမအသေးအဖွဲမှုအမှတ် ၁၄၃။

လျှောက်ထားသူအတွက်။ ။ဦးဘစိုး။

လျှောက်ထားခံရသူအတွက်။ ။ဦးအုန်းမောင်။

၁၉၆၇

ဒေါ်အေးကြည်နှင့် ကွယ်လွန်သူ ဦးသာထွန်း၏ ပစ္စည်းများကိစ္စ။

တရားသူကြီး ဦးသက်ဖေ။ ။ရန်ကုန်မြို့၊ ရေကူးရပ်၊ ကမ္ဘာအေးဘုရားစေ့းတန်းအမှတ် ၁၆ နေ ဦးသာထွန်းသည်၊ ၁၉၆၆ ခု၊ ဧပြီလ ၁၇ ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်ခဲ့၏။ ။ကွယ်လွန်သူ ဦးသာထွန်းရရန်ရှိသည့်ငွေ ၁,၅၇၀ ကျပ်ကိုကောက်ခံနိုင်ရန် လျှောက်ထားသူ ဒေါ်အေးကြည်က အမွေဆက်ခံခြင်း ဥပဒေပုဒ်မ ၃၇၃ အရ၊ အမွေဆက်ခံရန် သက်သေခံလက်မှတ် လျှောက်ထားရာ၊ ကန့်ကွက်သူ ဒေါ်ဆင့်က ကွယ်လွန်သူ ဦးသာထွန်းနှင့် လျှောက်ထားသူ ဒေါ်အေးကြည်တို့သည်၊ ၁၉၆၀ ခု၊ မေလ ၂၆ ရက်နေ့မှစ၍၊ လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီး ဖြစ်သည်ကတကြောင်း၊ ဦးသာထွန်း၏ ဇနီးဖြစ်သူ ဒေါ်တင့်တင့်အား အမွေဆက်ခံရန် သက်သေခံလက်မှတ် ထုတ်ပေးပြီးဖြစ်သည်ကဘကြောင်း၊ ထိုအကြောင်းများကြောင့် ဒေါ်အေးကြည်၏ လျှောက်ဆားချက်ကို ပလပ်သင့်ကြောင်း တင်ပြလာသည်။

ကွယ်လွန်သူ ဦးသာထွန်းသည် မသေမီက ကန့်ကွက်သူ ဒေါ်ဆင့်၏ အစ်မဖြစ်သူ ဒေါ်တင့်တင့်နွဲ့လည်း ကရားဝင် အကြင်လင်မယား အဖြစ် ပေါင်းသင်းခဲ့ကြဟန်လက္ခဏာရှိ၏။ ဦးသာထွန်း သေဆုံးပြီးနောက်၊ ဒေါ်တင့်တင့်သည် ဤရုံး၏ ၁၉၆၆ ခုနှစ်၊ တရားမသေးမှုအမှတ် ၇၈ တွင် ဦးသာထွန်း၏ ကြွေးမြီများကို ကောက်ခံနိုင်ရန် အမွေဆက်ခံသည့် သက်သေခံ လက်မှတ်ကို လျှောက်ထားရရှိခဲ့လေသည်။ သို့ရာတွင် ဒေါ်တင့်တင့်သည် ဦးသာထွန်း၏ ကြွေးမြီများကို ကောက်ခံခြင်း မပြုရသေးမီ ၁၉၆၆ ခု၊ စက်တင်ဘာလ ၂၇ ရက်နေ့၌ သေဆုံးသွား၏။

လျှောက်ထားသူ၏ ရှေ့နေကြီး ဦးဘစိုးက၊ ဒေါ်ဆင့်သည် ဥပဒေအရ ကန့်ကွက်ရန် အာဏာအချင်းပြဿနာသူတဦး မဟုတ်၍၊ ၎င်း၏ ကန့်ကွက်ချက်ကို လက်မခံသင့်ကြောင်း တင်ပြလာသည်။ [ဒေါ်ဆင့်သည် ကွယ်လွန်သူ ဦးသာထွန်းနှင့် တိုက်ရိုက်ဆွေမျိုးဘော်ဖက်ခြင်း မရှိသည့်ပြင် ကွယ်လွန်သူ၏ မြို့ရွာလည်း မဟုတ်သဖြင့်၊ ဦးသာထွန်း၏ အမွေပစ္စည်းနှင့် ပတ်သက်၍ သက်သေခံလက်မှတ် လျှောက်ရန် အခွင့်အရေးရှိသူ တယောက်ဖြစ်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။ သို့ရာတွင် အမွေဆက်ခံခြင်း ဥပဒေပုဒ်မ ၃၇၃ (၁) (က) အရ ရုံးတော်အနေဖြင့် အထူးအကြောင်းကြားစာ ထုတ်ဆင့်ခြင်းခံရသူ တဦးအနေဖြင့် အမွေဆက်ခံရန် သက်သေခံလက်မှတ် လျှောက်ထားခြင်းကို ကန့်ကွက်ရန် အခွင့်အရေး ရှိသည်ဟု ယူဆရမည်ဖြစ်သည်။] ယင်းသို့အခွင့်အရေးမရှိလျှင်၊ ရုံးတော်မှ ၎င်းအပေါ် အထူးအကြောင်းကြားစာ ထုတ်ဆင့်ခဲ့ခြင်းမှာ အဓိပ္ပါယ်ရှိလိမ့်မည် မဟုတ်တော့ပေ။

၁၉၆၂

ဒေါ်အေးကြည်နှင့် ကွယ်လွန်သူ ဦးသာထွန်း၏ ပစ္စည်းများ ကိစ္စ။

(အမွေဆက်ခံရန် သက်သေခံလက်မှတ် ထုတ်ပေးရာတွင်၊ အဓိကဆုံးဖြတ်ရသည့် အချက်မှာ လျှောက်ထားသူသည် သေသူ၏ ကြွေးမြီများကို ကောက်ခံသိမ်းဆည်း ခွင့်ရှိသူဟုတ်သည် မဟုတ်သည်ဆိုခြင်းသာဖြစ်သည်၊ ပိုင်ဆိုင်ခွင့်နှင့် ပတ်သက်၍လုံးဝ ဆုံးဖြတ်ခြင်းမပြုရပေ။ သို့ဖြစ်ရာ အမွေဆက်ခံရန် သက်သေခံလက်မှတ်ကို သေသူ၏ ကြွေးမြီများအား ကောက်ခံနိုင်ရန် ပုဂ္ဂိုလ်အနေဖြင့် ထုတ်ပေးခြင်းသာ ဖြစ်ကြောင်း ပေါ်လွင်သည်။ ယင်းသို့ ပုဂ္ဂိုလ်အနေဖြင့် သက်သေခံလက်မှတ် ထုတ်ပေးခဲ့ခြင်း ဖြစ်၍၊ လျှောက်ထားသူ သေဆုံးသောအခါ ၎င်းအားထုတ်ပေးခဲ့သော လက်မှတ်မှာ အကျိုးသက်ရောက်အောင် ဆောင်ရွက်ခဲ့ခြင်း မပြုရသေးပါမူ၊ အလိုအလျောက် ပျက်ပြယ်ကုန်ဆုံးသည်ဟု မှတ်ယူရမည် ဖြစ်သည်။ ၎င်း၏ အမွေစား အမွေခံတို့က ထိုလက်မှတ်နှင့်ပတ်သက်၍ ဆက်ခံခြင်းမပြုနိုင်ပေ။ အမွေစား အမွေခံများ အနေဖြင့် အမွေဆက်ခံရန် သက်သေခံလက်မှတ် ရယူပါမူ၊ တရားဥပဒေတွင် ပြဋ္ဌာန်းထားသည့် အတိုင်း သီးသန့်လျှောက်ထားကြရမည် ဖြစ်ပေသည်။)

ယခုအမှုတွင် ကွယ်လွန်သူ ဦးသာထွန်းရရှိခဲ့သည့် ကြွေးမြီများအား ကောက်ခံနိုင်ရန် အမွေဆက်ခံသည့် လက်မှတ်ကို ဒေါ်တင့်တင့်အား ထုတ်ပေးခဲ့ပြီး ဖြစ်သော်လည်း ဒေါ်တင့်တင့်သည် ကြွေးမြီများကို ကောက်ခံခြင်း မပြုရသေးမီ သေဆုံးသွားသဖြင့်၊ ၎င်းအား ထုတ်ပေးခဲ့သည့် သက်သေလက်မှတ်မှာ အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်သည်ဟု ယူဆရမည် ဖြစ်သည်။ သို့ဖြစ်ရာ၊ ဒေါ်တင့်တင့်အား၊ ဤရုံးမှ အမွေဆက်ခံရန် သက်သေခံ လက်မှတ်ထုတ်ပေးခဲ့သည့် အကြောင်းကြောင့် လျှောက်ထားသူဒေါ်အေးကြည်၏ တောင်းဆိုချက်ကို ပလပ်ရမည်ဆိုသော ကန့်ကွက်သူ၏တင်ပြချက်ကိုလက်မခံနိုင်ပေ။

ကန့်ကွက်သူ ဒေါ်ဆင့်က လျှောက်ထားသူ ဒေါ်အေးကြည်သည် ဦးသာထွန်းနှင့် ၁၉၆၀ ခု၊ မေလ ၂၆ ရက်နေ့က လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်၍၊ ဒေါ်အေးကြည်သည် အမွေဆက်ခံရန် သက်သေခံလက်မှတ် လျှောက်ထားရန် အခွင့်အရေးမရှိဟု တင်ပြလာ၏။ ဦးသာသွန်းနှင့် ဒေါ်အေးကြည်တို့ ကွာရှင်း ပြတ်စဲခဲ့သည်ဆိုခြင်းနှင့် ပတ်သက်၍၊ ဦးသာထွန်းက ဒေါ်အေးကြည်အား စိတ်သဘောချင်း မတိုက်ဆိုင်သဖြင့် လင်ခမ်းမယားခမ်း ပြတ်စဲကြောင်း ကျေညာခဲ့သည့် ၁၉၆၀ ခု၊ မေလ ၂၇ ရက်နေ့စွဲပါ ဟံသာဝတီ သတင်းစာမှ ကြော်ငြာစာကို ဒေါ်ဆင့်က ကိုးကားသွားသည်။ ဒေါ်အေးကြည်က ထိုကြော်ငြာမှာ ဦးသာထွန်းက တဘက်သတ် သတင်းစာ၌ ထည့်သွင်းခဲ့ခြင်းသာဖြစ်၍ ဥပဒေသဘောအရ လင်ခမ်း မယားခမ်း ပြတ်စဲခြင်းမရှိကြောင်း ပြန်လည်ချေပခဲ့လေသည်။ မြန်မာဗုဒ္ဓဘာသာ ဥပဒေအရ၊ လင်နှင့်မယားသည် နှစ်ဦးသဘောတူလျှင် အချိန်မရွေး ကွာရှင်းပြတ်စဲနိုင်သည်၊

၁၉၆၇

ဒေါ်အေးကြည်နှင့် ကွယ်လွန်သူ ဦးသာထွန်း၏ ပစ္စည်းများ ကိစ္စ။

စာချုပ်စာတမ်း ချုပ်ဆိုရန်လည်းမလို၊ တရားရုံးမှ ကွာရှင်းပြတ်စဲကြောင်း ဒီကရီ တောင်းခံရန်သည်း မလိုချေ။ နှစ်ဦးသဘောတူ ကွာရှင်းခြင်း မဟုတ်လျှင် တဦးက တဦးကို အိမ်ထောင်ရေး ပြစ်မှုရှိမှသာ ကွာရှင်းခြင်း ပြုနိုင်သည်။ အိမ်ထောင်ရေး ပြစ်မှုကျူးလွန်ခဲ့ကြောင်း သက်သေထင်ရှားအောင် ပြသနိုင်မှသာ ကွာရှင်းပြတ်စဲ ကြောင်း ဒီကရီကို တရားရုံးမှ တောင်းဆိုခြင်း ပြုနိုင်မည်ဖြစ်သည်။ လင်ကသော်၎င်း၊ မယားကသော်၎င်း တဘက်သတ် မိမိသဘောအလျောက် ကွာရှင်းခြင်း မပြုနိုင်ချေ။ သို့ဖြစ်ရာ လင်ကသော်၎င်း၊ မယားကသော်၎င်း လင်ခမ်း မယားခမ်း ပြတ်စဲကြောင်း နေ့စဉ်သဘင်းစာ၌ တဘက်သတ်ထည့်သွင်း ကြော်ငြာခဲ့သည့် အကြောင်းကြောင့် လင်မယား ကွာရှင်းပြတ်စဲခဲ့ပြီဟု ဥပဒေအရ ယူဆခြင်း မပြုနိုင်ပေ။ ယနေ့ခေတ် စားနေသည့် တဘက်သတ် ကြော်ငြာခြင်းမျိုးမှာ အချီးနှီးသာ ဖြစ်လေသည်။

ယခုအမှုတွင် ဦးသာထွန်းက ဒေါ်အေးကြည်နှင့် လင်ခမ်း မယားခမ်း ပြတ်စဲ ကြောင်း ဟံသာဝတီ သတင်းစာ၌ တဘက်သတ် ကြော်ငြာခဲ့၏။ ဒေါ်အေးကြည် ကလည်း၊ မပြတ်စဲသေးကြောင်း ပြန်လည်ကြော်ငြာခဲ့သည်။ သို့ဖြစ်ရာ၊ ဦးသာထွန်းနှင့် ဒေါ်အေးကြည်တို့သည် မြန်မာပုဒ္ဓဘာသာ ဥပဒေအရ လင်မယားအဖြစ်မှ ကွာရှင်း ပြတ်စဲပြီးဖြစ်သည်ဟု ယူဆခြင်း မပြုနိုင်ပေ။ ယင်းသို့ မယူဆနိုင်လျှင်၊ ဒေါ်အေးကြည် သည် ကွယ်လွန်သူ ဦးသာထွန်း၏ ကြွေးမြီများကို ကောက်ခံရန် အခွင့်အရေး ရှိသူကဦးဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။ ထို့ကြောင့် ဒေါ်ဆင့်၏ ကန့်ကွက်ချက်ကို လက်မခံဘဲ၊ ဒေါ်အေးကြည်အား ၎င်းလျှောက်ထားသည့်အတိုင်း အမွေဆက်ခံရန် သက်ဆိုင်သူမှတ်ကို လုံလောက်သော ခံဝန်ချုပ်ဆိုပါက ထုတ်ပေးရန် အမိန့် ချမှတ် ပိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်နှင့် တရားသူကြီး ဦးချစ်တို့ရှေ့တွင်

† ၁၉၆၇ မတ်လ ၂၀ ရက်။

ပြည်ထောင်စုမြန်မာနိုင်ငံ (ပြင်ဆင်ရန်လျှောက်ထားသူ)

နှင့်

မောင်ချစ် (ခေါ်) ဖေချစ် ပါ ၂ (ပြင်ဆင်ရန် လျှောက်ထားခံရသူများ)*

ရာဇသတ်ကြီး ပုဒ်မ ၃၇၉ အရ မှုဖြစ်ထင်ရှားစီရင်ခြင်း—ပြစ်ဒဏ်။

ဆုံးဖြတ်ချက်။ ။မြန်မာပြည်တွင် ကျွဲနွားများသည် လယ်ယာစိုက်ပျိုးရာ၌ အဓွန့်အရေးကြီး၍ ကျွဲနွားများကို ခိုးယူမှုနှင့်ပတ်သက်၍ အပြစ်ရှိကြောင်း တွေ့ရှိက တရားခံအား နောင်ကြွေ့မည့်ဟန်တားသော အပြစ်ဒဏ်ကို ချမှတ်ရမည်ဟု ရှေးယခင်က အဓိန္ဓိများထုတ်ထားရုံမျှမက ဤရုံး ၁၉၆၆ ခုနှစ်၊ ညွှန်ကြားလွှာအမှတ် (၂) တွင်လည်း ထုတ်ဖော်၍သတိပေးထားခြင်းဖြစ်သည်။

ပြစ်ဒဏ် တိုးမြှင့်ခြင်းနှင့်ပတ်သက်၍ စဉ်းစားရန်မှာ လျှောက်ထားခံရသူများသည် အလုပ်နှင့် ထောင်ဒဏ် ၄ လကျခံပြီးဖြစ်၍ လွှတ်မြောက်လာကြပေသည်။ ၎င်းတို့ကိုပြန်၍ ဖမ်းဆီးပြီးလျှင် ထောင်ဒဏ်အပြစ်ပေးပါက မသင့်လျော်ဟု ယူဆသည်။ ထောင်ဒဏ် အပြစ်ပေးရာ၌လည်း အရစ်ကျမပေးသင့်ပေ။ ထောင်ဒဏ် ၄ လကျခံပြီးဖြစ်သဖြင့် ၎င်းတို့၌ ပညာအတော်အသင့်ရရှိပြီးဟု ယူဆသည်။ ၎င်းတို့သည် လွှတ်လပ်စွာနေပြီး လူသစ်၊ စိတ်သစ်၊ ဘဝသစ် ဖန်တီး၍ ကောင်းသော အသက်မွေးဝမ်းကျောင်းကို ပြုလုပ်ရန်ဖြစ်သည်။ ထို့ကြောင့် နောက်ထပ်ထောင်ဒဏ်ပေးမည့်အစား ငွေဒဏ်တပ်ရိုက်လျှင်သင့်တော်လောက်ပြီဟု ယူဆသည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။အစိုးရရှေ့နေကြီး ဦးမျိုးထွန်းလင်း။

ပြင်ဆင်ရန်လျှောက်ထားခံရသူများအတွက်။ ။

တရားသူကြီး ဦးချစ်။ ။မုဒိုမို့၊ မြို့နယ်ရာဇဝတ် တရားသူကြီးရုံး၊ ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၂၀ တွင် လျှောက်ထားခံရသူများ ဖြစ်ကြသော မောင်ချစ်

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၄၀ (က)။

† ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၂၀ တွင်ချမှတ်သော ၁၉၆၆ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့စွဲပါ၊ မုဒိုမို့၊ မြို့နယ်ရာဇဝတ်တရားသူကြီး၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

(ခေါ်) ဖေချစ်နှင့် မောင်အောင်သန်းတို့အပေါ် ဦးပန်းဖြူ ပိုင်သော ကျွဲ ၆ ကောင်ကို ခိုးယူမှုဖြင့် ရာဇသတ်ပုဒ်မ ၃၇၉ အရ အလုပ်နှင့် ထောင်ဒဏ် ၄ လစီကျခံစေရန် ၁၉၆၆ ခု၊ နိုဝင်ဘာလ ၃ ရက်နေ့တွင် အမိန့်ချမှတ်ခဲ့လေသည်။

၁၉၆၆ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့ထုတ် ကြေးမုံ သတင်းစာတွင် ထိုအမှုနှင့် ပတ်သက်၍ တရားခံများအပေါ် ထောင်ဒဏ် ၄ လပေးလိုက်ကြောင်းကို သတင်းအနေဖြင့်ပေါ်ပြထားသည်ကိုတွေ့ရှိရသဖြင့်၊ ဤရုံးကပေးထားသောပြစ်ဒဏ်မှာ ပြစ်မှုနှင့်စာလျှင်မျှတမှုရှိ မရှိကို သုံးသပ်ရန် ဤပြင်ဆင်မှုကို ဖွင့်ပြီး လျှောက်ထားခံရသူများအား အကြောင်းကြားခဲ့လေသည်။ အကြောင်းကြားစာ အတည်ပြုသည်ကိုလည်း ဤအမှုတွဲဘွင်တွေ့ရှိရသည်။

လျှောက်ထားခံရသူများ စွဲလာသောကျွဲ ၆ ကောင်မှာ မုဒုံမြို့၊ ဘီးတန်းကျေးငှေ ဦးပန်းဖြူ၏ ကျွဲများဖြစ်လေသည်။ ထိုကျွဲများနှင့်တကွ လျှောက်ထားခံရသူများကို ကင်းစခန်းကတွေ့ရှိရသဖြင့် ၎င်းတို့အပေါ် ကျွဲခိုးမှုဖြင့် မုဒုံရဲဌာနာသို့ တိုင်တန်းလေသည်။ကျွဲများမှာလည်း ဦးပန်းဖြူ၏ ကျွဲများဖြစ်သဖြင့် ဦးပန်းဖြူအား ပြန်ပေးထားလေသည်။ လျှောက်ထားခံရသူများက မိမိတို့သည် ထိုကျွဲများကို ခိုးယူရခြင်း မဟုတ်ပါ။ ကျွဲများခိုးယူခဲ့သော လူ ၅ ဦးထံမှ ရယူရခြင်းဖြစ်ပါသည်။ ထိုကျွဲများကို ရဲဌာနာသို့ ပေးအပ်ရန် ကင်းတဲသို့ ယူလာပါသည်ဟု ပြောဆိုထုချေထားသော်လည်း၊ ၎င်းတို့၏ ထုချေချက်မှာ အမှုအကြောင်းခြင်းရာများအရ ယုံကြည်ဘွယ်ရာ မရှိသဖြင့် မူလရုံးက ပယ်ချလိုက်ခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။ ထို့ကြောင့် ထိုကျွဲများကို ခိုးယူသူများမှာ လျှောက်ထားခံရသူများ သာလျှင်ဖြစ်သည်ဟု ယူဆရပေမည်။

ယခုအခါတွင် မုဒုံဘက်၌ ကျွဲ နွားများမှာ ရံဖန်ရံခါ ပျောက်ဆုံးနေကြောင်း သိရှိရသည်။ ထိုကျွဲ နွားများကို ခိုးယူသူများက ယိုးဒယားနယ်စပ်သို့ ဆွဲခေါ်သွားပြီး ယိုးဒယားဘက်တွင် ရောင်းချကြောင်းကိုလည်း သိရှိရသည်။ ယခုအမှုတွင် လျှောက်ထားခံရသူများက ကျွဲများကို မ လာရာတွင် ကင်းတဲက မတွေ့ရှိပါက၊ ၎င်းတို့သည် မည်သည့်နေရာသို့ ယူသွားမည်ကို မပြောဆိုနိုင်။ ကင်းတဲမှ ကင်းမှူးက တွေ့ရှိသဖြင့် ၎င်းတို့က အထက်ပါအတိုင်း ထုချေသည့် လက္ခဏာရှိပေသည်ဟု ယူဆသည်။ (မြန်မာပြည်တွင် ကျွဲ နွားများသည် လယ်ယာစိုက်ပျိုးရာ၌ အလွန်အရေးကြီး၍ ကျွဲ နွားများကို ခိုးယူမှုနှင့် ပတ်သက်၍ အပြစ်ရှိကြောင်း တွေ့ရှိက တရားခံအား နောင်ကြဉ်မည့် ဟန့်တားသော အပြစ်ဒဏ်ကို ချမှတ်ရမည်ဟု ရှေးဟောင်

၁၉၆၇

ပြည်ထောင်စု
မြန်မာနိုင်ငံ
နှင့်
မောင်ချစ်
(ခေါ်) ဇေချစ်
ဟိ ၂။

ကအမိန့်များ ထုတ်ထားခဲ့မျှမက ဤရုံး ၁၉၆၆ ခုနှစ်၊ ညွှန်ကြားလွှာအမှတ် (၂) တွင်လည်း၊ ထုတ်ဖော်၍ သတိပေးထားခြင်းဖြစ်သည်။)

အစိုးရချေနေကြီး ဦးမျိုးထွန်းလင်းက၊ လျှောက်ထားခံရသူများ၊ ကျွဲများကို မောင်းနှင်လာသော လမ်းကြောင်းကို ကြည့်ခြင်းအားဖြင့်၊ ၎င်းတို့သည် ယိုးဒယားနယ်စပ်ဘက်သို့ မောင်းနှင်ခြင်း မဟုတ်ဘဲ၊ မြန်မာပြည် အတွင်းသို့သာလျှင် မောင်းနှင်ပါကြောင်း အမှုတွဲတွင် တွေ့ရှိရပါသည်။ နယ်ခြားသို့ ခိုးထုတ်မည့် လက္ခဏာ မပေါ်ပေါက်ပါ။ သာမန်ခိုးမှုသာ ဖြစ်ပါသည်ဟု ယူဆနိုင်စရာ အကြောင်းရှိပါသည် စသဖြင့်တင်ပြသွားလေသည်။

အစိုးရ ရှေ့နေကြီး တင်ပြသည့်အတိုင်း၊ ကျွဲများကို နယ်ခြားသို့ ခိုးထုတ်ခြင်း မဟုတ်၊ သာမန်ခိုးမှုသာ ဖြစ်သည်ဟု ယူဆစေကာမူ၊ လျှောက်ထားခံရသူများအပေါ် ပြစ်ဒဏ်တိုးမြှင့်ပေးရန်သာ ရှိပေသည်။ ပြစ်ဒဏ်တိုးမြှင့်ပေးခြင်းနှင့် ပတ်သက်၍ စဉ်းစားရာတွင်၊ နောက်ထပ် ထောင်ဒဏ် အပြစ်ပေးလျှင် သင့်မည်လော၊ သို့မဟုတ် ဒဏ်ငွေသတ်မှတ်လျှင် သင့်မည်လောဟူ၍ ဖြစ်သည်။ လျှောက်ထားခံရသူများသည်၊ ယခုအခါ အလုပ်နှင့် ထောင်ဒဏ် ၄ လကျခံပြီးဖြစ်၍ လွှတ်မြောက်လာကြလေသည်။ ၎င်းတို့ကို ပြန်၍ ဘမ်းဆီးပြီးလျှင် ထောင်ဒဏ် အပြစ်ပေးပါက မသင့်လျော်ဟု ယူဆသည်။ ထောင်ဒဏ် ပေးရာ၌လည်း အရစ်ကျ မပေးသင့်ပေ။ ထောင်ဒဏ် ၄ လကျခံပြီးဖြစ်သဖြင့်၊ ၎င်းတို့၌ ပညာအတော်အသင့် ရင့်ပြီးဟု ယူဆသည်။ ၎င်းတို့သည် လွှတ်လပ်စွာ နေပြီး လူသစ်၊ စိတ်သစ်၊ ဘဝသစ် ဖန်တီး၍ ကောင်းသော အသက်မွေးဝမ်းကျောင်းကို ပြုလုပ်ရန် ဖြစ်သည်။ ထို့ကြောင့် နောက်ထပ် ထောင်ဒဏ်ပေးမည့်အစား၊ ငွေဒဏ်တပ်ရိုက်လျှင် သင့်တော်လောက်ပြီဟု ယူဆသည်။

သို့ဖြစ်၍၊ လျှောက်ထားခံရသူများ အပေါ်၊ မူလရုံးက ချမှတ်ထားသော ထောင်ဒဏ်အပြင်၊ ဒဏ်ငွေ ၁၅၀ စီပေးဆောင်ပေးရန်၊ ပျက်ကွက်ပါက၊ အလုပ်နှင့် ထောင်ဒဏ် ၃ လစီ ကျခံစေရန် တိုးမြှင့်ပြီး ပြင်ဆင်၍ အမိန့်ချမှတ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးချစ်ရွှေတွင်

ပြည်ထောင်စုမြန်မာနိုင်ငံ (ပြင်ဆင်ရန်လျှောက်ထားသူ)

နှင့်

ဦးသွယ် (ပြင်ဆင်ရန်လျှောက်ထားခံရသူ)*

† ၁၉၆၇ ဧပြီလ ၂၅ ရက်။

ရာဇသတ်ကြီး ပုဒ်မ ၁၇၀—ပြစ်မှုမြောက်ရန်အတွက် မကောင်းသော အကြံအစည်၊ သို့တည်းမဟုတ် လိမ်လည်လှည့်ဖြားလိုသောစိတ်ထားရှိသည်ဟု ဖေါ်ပြရန်လို မလို။

ဆုံးဖြတ်ချက်။ ။ရာဇသတ်ကြီးပုဒ်မ ၁၇၀ အရဆိုလျှင် မကောင်းသောအကြံအစည်၊ သို့တည်းမဟုတ် လိမ်လည်လှည့်ဖြားလိုသောစိတ်ထားရှိသည်ဟု ဖေါ်ပြရန်မလိုအပ်ပေ။ လူတဦးတယောက်သည် ပြည်သူ့ဝန်ထမ်းမဟုတ်ပါဘဲလျက် ပြည်သူ့ဝန်ထမ်းတဦးတယောက် အနေဖြင့် ဟန်ဆောင်၍ ထိုဟန်ဆောင်သည့်အခြေအနေအရ တခုခုကိုပြုလုပ်လျှင်၊ သို့မဟုတ် ပြုလုပ်ရန် အားထုတ်လျှင် ထိုသူသည် ထိုပုဒ်မအရ မှုပြစ်ကျူးလွန်သည်ဟု ယူဆရမည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။အစိုးရရှေ့ကြီး ဦးကျော်ခေါင် နှင့် ဗိုလ်ကြီး ထွန်းတင်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဦးသွယ်ကိုယ်တိုင်လာ။

တရားသူကြီး ဦးချစ်။ ။လျှောက်ထားခံရသူ (မူလတရားခံ) ဦးသွယ်အပေါ် ပြည်သူ့ဝန်ထမ်း အပေါ်ဆောင်မှုဖြင့် ရာဇသတ်ပုဒ်မ ၁၇၀ အရပြစ်ဒဏ်ထိုက်ဘင့် သောမှုပြစ်ကို ကျူးလွန်သဖြင့် ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၅၆၂ (၁) အရ ၆ လ အတွင်း ကောင်းမွန်စွာ နေထိုင်ရန် ၅၀၀ ကျပ်တန် ခံဝန်သူနှစ်ဦးနှင့် ခံဝန်ချုပ်ဆို၍ လွှတ်ထားရန် မေမြို့ (၁) ရာဘက်ရာဇဝတ်တရားသူကြီးရုံး၊ ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၃၆၅ တွင် ၁၉၆၆ ခုနှစ်၊ ဇန္နဝါရီလ ၂၆ နေ့က အမိန့်ချမှတ်ခဲ့လေသည်။

ယင်းအမိန့်ကို ဦးသွယ်က အယူခံဝင်ခဲ့ခြင်းမရှိခဲ့ပေ။ သို့ရာတွင် ၁၉၆၆ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့စွဲဖြင့်၊ ဦးသွယ်သည် ဤရုံးတရားသူကြီးချုပ်ထံသို့ ၎င်းကို အပြစ်ပေးခဲ့သော အမှုကို ပြန်လည်သုံးသပ်၍ ပြင်ဆင်ပေးပါရန် လျှောက်ထားခဲ့လေသည်။

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၇ (က)။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၃၆၅ တွင် ချမှတ်သော ၁၉၆၆ ခုနှစ်၊ ဇန္နဝါရီလ ၂၆ ရက်နေ့စွဲပါ မေမြို့၊ ၁ ရာဘက်ရာဇဝတ်တရားသူကြီး (ထူး)၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

ဘုရင့်ကျေးဇူး ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် ဦးသွယ်။

ဤရုံးက မန္တလေးမြို့၊ ခရိုင်ရာဇဝတ် တရားသူကြီးထံ ဤအမှုနှင့်ပတ်သက်၍ မှတ်ချက်တောင်းခံရာ ခရိုင် ရာဇဝတ်တရားသူကြီးက၊ ၁၉၆၆ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့စွဲဖြင့် မူလရုံးတရားသူကြီးသည် ဤအမှုနှင့်ပတ်သက်၍ တရားဥပဒေအရ စီရင်ဆုံးဖြတ်ပြီးဖြစ်ပါသဖြင့် မည်သို့မျှ မှတ်ချက်ပေးရန် မရှိပါကြောင်း အစီရင်ခံခဲ့လေသည်။

သို့ရာတွင် ဦးသွယ်၏ လျှောက်လွှာကို ပြန်လည်၍ဆင်ခြင်သုံးသပ်ရန် တရားသူကြီးချုပ်၏ အမိန့်အရ ပြင်ဆင်မှု (က) ကို ဖွင့်လှစ်လေသည်။ နိုင်ငံတော်ရှေ့နေချုပ်နှင့် ဦးသွယ်တို့ထံ အကြောင်းကြားခဲ့လေသည်။

အစိုးရဘက်မှ အစိုးရရှေ့နေကြီး ဦးကျော်ခေါင် လိုက်ပါဆောင်ရွက်၍ ဦးသွယ်ကိုယ်တိုင်ရုံးချိန်းတွင်လာရောက်လျှောက်ထားလေသည်။

ဤရုံးက အမှုအဖြစ်အပျက် အမှန်နှင့်တကွ တရားမျှတမှုကိုရစေရန် ဤအမှုတွင် တရားလိုပြုလုပ်သော ဗိုလ်ကြီး ထွန်းတင်ကို ခေါ်ယူ၍ စစ်ဆေးခဲ့လေသည်။

လျှောက်ထားခံရသူ ဦးသွယ်သည် မေမြို့တွင် ဓါတ်ပုံဆရာတဦးဖြစ်လေသည်။ ဇင်းသည် ကုန်သွယ်ရေးကို စ-စ-တ-က ဦးစီးစဉ်အခါ ဓါတ်ပုံကိရိယာပစ္စည်းများနှင့်တကွ စက္ကူပုံနှိပ်တို့ကို ဦးစီးအုပ်ချုပ်၍ ခွဲတမ်းများချပေးရန် တာဝန်ခံအဖြစ်၊ ၁၉၆၅ ခုနှစ်၊ ဇန္နဝါရီလ ၁၁ ရက်နေ့ နံနက်ပိုင်းမှစ၍ တာဝန်ပေးအပ်ခြင်းခံခဲ့ရသည်။ လုပ်အားပေးသည့်အတွက် လုပ်အားခ နေ့တွက် ခံစားခွင့်ကိုလည်း ပြုထားလေသည်။ ဦးသွယ်သည် ထိုအခါက တာဝန်ခံ တဦးအနေဖြင့် ဆောင်ရွက်ပြီး စက္ကူပုံနှိပ်နှင့် ဓါတ်ပုံပစ္စည်းများကို ခွဲတမ်းချမှတ်ခဲ့လေသည်။ ထိုလုပ်ငန်းကို ၁၉၆၅ ခု၊ ဇန္နဝါရီလ ၃၀ ရက်နေ့အထိသာ ဆောင်ရွက်ရန်ဖြစ်ပေသည်။ ၁၉၆၅ ခုနှစ်၊ ဇန္နဝါရီလ ၃၀ ရက် နောက်ပိုင်းတွင် ကုန်သွယ်ရေးက ထိုလုပ်ငန်းကို စ-စ-တ-က ထံမှ လက်ခံရယူပြီး ကုန်သွယ်ရေးအနေဖြင့် ဆက်လက်၍ ဆောင်ရွက်သွားပေသည်။ ထိုအချိန်ထိုအခါမှစ၍ ဦးသွယ်သည် စက္ကူပုံနှိပ်နှင့် ဓါတ်ပုံကိရိယာပစ္စည်းများနှင့်ပတ်သက်၍ တာဝန်ခံသူတယောက်မဟုတ်တော့ပေ။ ကုန်သွယ်ရေးတွင် ဗိုလ်ကြီးထွန်းတင်က မြို့နယ်တာဝန်ခံအဖြစ် ဆောင်ရွက်ရလေသည်။ ၁၉၆၅ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့ နောက်ပိုင်းတွင် ဦးသွယ်သည် ဆိုခဲ့ပြီးသောပစ္စည်းများနှင့်ပတ်သက်၍ မည်သို့မျှဝင်ရောက်ဆောင်ရွက်ရန်မရှိဘဲလျက်၊ ထိုနောက်ပိုင်းတွင် သက်သေခံအမှတ် (က-၁) မှ (က-၁၉) အထိနှင့် သက်သေခံ (ခ-၁၄) ပုံစံများအပေါ်တွင် အုပ်ချုပ်ရေးမှူး၊ ပြည်သူ့ပစ္စည်းကော်ပိုရေးရှင်းဟု ပုံနှိပ်ထားသည့်အပေါ်၌ မောင်သွယ်ဟု လက်မှတ်ထိုးထားပြီး ၎င်းသည် ပြည်သူ့ဝန်ထမ်းတဦးဖြစ်သော အုပ်ချုပ်ရေးမှူးအနေဖြင့် ဟန်ဆောင်ကာ စက္ကူပုံနှိပ်မှုများနှင့် ဓါတ်ပုံပစ္စည်းကိရိယာများကို ခွဲတမ်းများပြုလုပ်

ခဲ့သည်ကို တွေ့ရှိရသည်။ ယင်းကဲ့သို့ ပြည်သူ့ဝန်ထမ်းတဦးအနေဖြင့် ဟန်ဆောင်၍ ထိုဝန်ထမ်းတဦး၏အသွေးအယောင်အရ ပုံစံမျှားအပေါ် တွင် အုပ်ချုပ်ရေးမှူးအနေဖြင့် လက်မှတ်ရေးထိုးသည်။ ပုံစံမျှားအပေါ် တွင်လက်မှတ်ရေးထိုးထားခြင်းတို့မှာရာဇသတ် ပုဒ်မ ၁၇၀ တွင်ဖေါ်ပြထားသော အင်္ဂါရပ်မျှားနှင့် ကိုက်ညီနေသည်ကိုတွေ့ရှိရသည်။

ဦးသွယ်က ဤကဲ့သို့ အုပ်ချုပ်ရေးမှူးအနေဖြင့် လက်မှတ်ရေးထိုးခဲ့သည့်ပုံစံမျှား အပေါ် တွင် ခဲ့တမ်းမျှားကို ရေးသွင်းခဲ့သည်မှာ မှန်ကန်ပါသည်။ သို့ရာတွင် ဤကဲ့သို့ ပြုလုပ်ခြင်းမှာ သဘောရိုးနှင့် ဖြစ်ပါသည်။ လိမ်လည်လှည့်ဖြားလိုသော သဘော မရှိပါ။ မိမိအတွက် အကျိုးခံစားခွင့်လည်း မရှိပါ။ စက္ကူပုံနှိပ်မျှားနှင့် ခါတ်ပုံကိရိယာ မျှားကို ရသင့်ရထိုက်သောသူများကို စေတနာနှင့် ခွဲဝေပေးလိုခြင်းသာ ဖြစ်ပါသည်။ စ-စ-တ-က လက်ထက်ကလည်း တာဝန်ခံတဦးအနေဖြင့် ယင်းကဲ့သို့ ပြုလုပ်ခဲ့ပါသည်။ မည်သူကမှ မကန့်ကွက်ခဲ့ပါ။ ယခုလည်း လုပ်ငန်းမျှားကို ကုန်သွယ်ရေး ကော်ပိုရေးရှင်း က စ-စ-တ-က လက်မှ ပြောင်းယူပြီးနောက် ထိုပစ္စည်းမျှားနှင့် ပတ်သက်၍ လိုင်းသုံး ကော်မီတီဖွဲ့ထားရာ ထိုကော်မီတီတွင် ဦးသွယ်လည်း အပါအဝင်ဖြစ်ပါသည်။ ထို့ကြောင့် ပြည်သူ့ပစ္စည်းကော်မိုရေးရှင်း၊ အုပ်ချုပ်ရေးမှူးအနေဖြင့် လက်မှတ်ထိုး၍ ပုံစံမျှား ပြုလုပ်ခြင်းမှာ သဘောရိုးနှင့်သာလျှင် ပြုလုပ်သောကြောင့် အပြစ်မရှိပါဟု တင်ပြ သွားလေသည်။

ကျွန်ုပ်သည် ဤအမှုကို အသေးစိပ်သုံးသပ်သည်။ ဦးသွယ်တင်ပြသည့်အတိုင်း မှန်ပေသည်။ သို့ရာတွင် ရာဇသတ်ပုဒ်မ ၁၇၀ အရ ဆိုလျှင် မကောင်းသောအကြံ အစည်၊ သို့တည်းမဟုတ် လိမ်လည်လှည့်ဖြားလိုသော စိတ်ထားရှိသည်ဟုဖေါ်ပြရန် မလိုအပ်ပေ။ လူတဦးတယောက်သည်၊ ပြည်သူ့ဝန်ထမ်းမဟုတ်ပါဘဲလျက် ပြည်သူ့ ဝန်ထမ်းတဦးတယောက်အနေဖြင့် ဟန်ဆောင်၍ ထိုဟန်ဆောင်သည့် အခြေအနေ အရ တခုခုကိုပြုလုပ်လျှင်၊ သို့မဟုတ် ပြုလုပ်ရန် အားထုတ်လျှင် ထိုသူသည် ထိုပုဒ်မ အရ မှုပြစ်ကျူးလွန်သည်ဟု အဆုံးအဖြတ်ပေးရပေမည်။ သို့ရာတွင် ဦးသွယ်တင်ပြ သော အကြောင်းခြင်းရာများမှာ မှုပြစ်ထင်ရှားရ၍ အပြစ်ပေးရာ၌ ထည့်သွင်းစဉ်းစား ရန်အကြောင်းများဖြစ်ပေသည်။

ထို့ကြောင့်ပင်လျှင် မူလရုံးက ဦးသွယ်အား အပြစ်ပေးရန် စဉ်းစားစဉ်အခါက ဦးသွယ်တင်ပြချက်များကို ထည့်သွင်းစဉ်းစားပြီးဖြစ်သည်။ ယင်းကဲ့သို့ စဉ်းစားပြီး ဆုံးဖြတ်ပေးခြင်းမှာ မှားယွင်းသည်ဟု မတွေ့ရှိရပေ။

ထို့ကြောင့် မူလရုံးကချမှတ်ထားသော မှုပြစ်ထင်ရှားစီရင်ခြင်းနှင့် ပြစ်ဒဏ်ပေး ထားခြင်းတို့ကို အတည်ပြုလိုက်လေသည်။ သို့ဖြစ်၍ ဤအမှုကို ပိတ်လိုက်ရန်အမိန့် ချမှတ်လိုက်သည်။

တရားမပဋမအယူခံမှု

တရားသူကြီး ဦးထွန်းတင်နှင့် တရားသူကြီး ဦးစိန်သင်းတို့ရှေ့တွင်

† ၁၉၆၇

မတ်လ ၂၃ ရက်။

ပြည်သူ့ဘဏ်အမှတ် ၉ (အယူခံတရားလို)

နှင့်

မက်ဆား (စ်) နေရှင်နယ်စီးကရက်ကုမ္ပဏီပါ ၁၆ (အယူခံတရားခံများ)*

တရားမကျင့်ထုံး ပုဒ်မ ၃၄ တရားရုံးက မိမိသင့်တော်သည်ဟု ထင်မြင်သည့် နှုန်းထားအတိုင်း အတိုးပေးရန်အမိန့်ချမှတ်နိုင်ခြင်း—တရားမျှတမှုကို အဓိကထားရန် အစဉ်တစိုက် လိုက်နာအပ်သည့်မှု ဥပဒေသမျာအတိုင်း ကျင့်သုံးရခြင်း။

စီးကရက်သုပ်ငန်းပိုင်ရှင်များ ဖြစ်ကြသည့် အယူခံတရားခံများသည် ၎င်းတို့ပိုင် လုပ်ငန်းပစ္စည်းများကိုအပေါင်ထားကာ ပြည်သူပိုင်ပြုလုပ်ခြင်းမခံရမီက အယူခံတရားလိုဘဏ်တိုက်များမှ ငွေများချေးယူခဲ့ကြသည်။ ကြွေးပြီများအတွက် တရားစွဲဆိုစဉ်တောင်းခံရာ မူလရုံး တရားသူကြီးက ငွေရင်းများနှင့် ကျွဿင့်သော အတိုးများကို လုပ်ငန်းများအား ပြည်သူပိုင်ပြုလုပ်လိုက်သည့်နေ့ အထိသာလျှင် စရိတ်နှင့်တကွ ဒီကရီများချမှတ်ပေးသည်။

ဆုံးဖြတ်ချက်။ ။တရားမ ကျင့်ထုံးပုဒ်မ ၃၄ အရ တရားရုံးချုပ်သည် မိမိသင့်တော်သည်ဟု ထင်မြင်သည့်နှုန်းထားအတိုင်း အတိုးပေးရန်အမိန့်ချမှတ်နိုင်သည်။ သို့ရာတွင် ထိုကဲ့သို့ အမိန့်ချမှတ်ရာ၌ မိမိတို့ထင်သလို အမိန့်ချမှတ်သည်မဟုတ်၊ တရားမျှတမှုကို အဓိကထား၍ အစဉ်တစိုက် လိုက်နာအပ်သည့်မှု ဥပဒေသများအတိုင်းသာလျှင် အမိန့်ချမှတ်ရမည်ဖြစ်သည်။

အယူခံတရားလိုများနှင့် အယူခံတရားခံများသည် ချေးငွေများအတွက် တနှစ်လျှင် ၇ ရာခိုင်နှုန်း အတိုးထားရန် သဘောတူညီခဲ့ကြပြီးဖြစ်သည်။ ထိုကဲ့သို့ နှစ်ဦးသဘောတူညီမှု ရရှိခဲ့သော အလွန်ခိုင်လုံသည့်အကြောင်းပြချက်များမရှိဘဲ၊ တရားရုံးသည် ထိုနှုန်းထားအတိုင်း ဒီကရီချမှတ်သည့်နေ့အထိ အတိုးပေးရန်အမိန့်ချမှတ်သင့်သည်။ အဘယ်ကြောင့်ဆိုသော် ထိုအတိုးနှုန်းသည် တရားမျှတသည့်အတိုးနှုန်းဖြစ်သည်။ များပြားလှသည့်အတိုးနှုန်းဖြစ်သည်ဟု မယူဆနိုင်။

တရားမကျင့်ထုံး ပုဒ်မ ၃၄ အရ တရားရုံးသည် ဒီကရီချမှတ်သည့်နေ့မှ ဒီကရီကျငွေများရရှိသည့်အထိ သင့်တော်သည့်နှုန်းဖြင့် အတိုးပေးစေရန် အမိန့်ချမှတ်နိုင်သည်။ သို့ရာတွင် ထိုအာဏာကို အသုံးပြုရာ၌ တရားမျှတရာရောက်မည့်အမိန့်မျိုးကိုသာ ချမှတ်နိုင်မည်ဖြစ်သည်။

---

* ၁၉၆၄ ခုနှစ်၊ တရားမ ပဋမအယူခံမှုအမှတ် ၈၃။

† ၁၉၆၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅၅ တွင် ၁၉၆၄ ခုနှစ်၊ ဖေဖြေလ ၄ ရက်နေ့စွဲဖြင့် တရားလွှတ်တော် မူလဘက် ရုံးတော်၏ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

အယူခံတရားလိုအတွက် ။ ။အစိုးရရှေ့နေကြီး မစ္စတာ အက်(စ်)၊ အေ၊ ဂို(ရှ်)။

အယူခံတရားခံအတွက် ။ ။ရှေ့နေကြီး ဦးဝမ်ဟုတ်။

တရားသူကြီး ဦးစိန်သင်း။ ။ဤအယူခံမှု သုံးမှုစလုံး၌ ပေါ်ပေါက်သည့် ပြဿနာရပ်များမှာ ထပ်ဘူးသပ်မျှဖြစ်ခြင်းကြောင့် နှစ်ဘက်သော ရှေ့နေကြီးများ၏ သဘောတူညီချက်အရ သျှောက်လဲချက်များကို တပေါင်းတည်း ကြားနာခဲ့သည်။ ဤစီရင်ချက်သည် အမှုသုံးမှုစလုံးနှင့် သက်ဆိုင်သည်။

အယူခံ တရားခံများသည် ပြည်သူ့ပိုင်ပြုလုပ်ပြီးဖြစ်သော စီးကရက်လုပ်ငန်းပိုင်ရှင်များဖြစ်ခဲ့ကြသည်။ ၎င်းတို့သည် ပြည်သူ့ပိုင်ပြုလုပ်ခြင်း မခံရမီက ၎င်းတို့ပိုင် လုပ်ငန်းရှိ ပစ္စည်းများကို အဒေါင်ထားကာ အယူခံတရားလိုဘဏ်ဘိုက်များမှ ငွေများထုတ်ချေးခဲ့သည်။ နှစ်ဦးနှစ်ဘက် သဘောတူ ပြုလုပ်သည့် ပဋိညာဉ်အရ အတိုးနှုန်းမှာ တနှစ်လျှင် ၇ ရာခိုင်နှုန်းဖြစ်သည်။ ၁၉၆၃ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်နေ့တွင် အယူခံတရားခံများ၏ လုပ်ငန်းများကို အစိုးရက ပြည်သူပိုင်ပြုလုပ်လိုက်သည်။ ထိုနောက် အယူခံတရားလိုများက အယူခံတရားခံများထံမှ မိမိတို့ရရှိရန်ရှိသည့် ကြွေးမြီများကို တောင်းခံကြသည်။ အယူခံတရားခံများက အယူခံတရားလိုများ တောင်းခံသည့် ကြွေးမြီများ မိမိတို့အပေါ်တွင် တင်ရှိနေသည်ကို ဝန်ခံကြသော်လည်း၊ ပေးဆပ်ခြင်းမပြုသောကြောင့် ၁၉၆၃ ခုနှစ်၊ ဤရုံး၏ မူလဘက်ဆိုင်ရာ တရားမကြီးမှုအမှတ် ၄၇၅၃ နှင့် ၅၅ တို့တွင် တရားစွဲဆိုခဲ့သည်။

ထိုအမှုများတွင် အယူခံတရားခံများက မိမိတို့၏ လုပ်ငန်းများကို ပြည်သူပိုင်ပြုလုပ်လိုက်သည့်နေ့ဖြစ်သော ၁၉၆၃ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်နေ့အထိ သာလျှင် အာဘိုးပေးသင့်ပါသည်ဟု ထုချေခဲ့သည်။ မူလရုံး တရားသူကြီးက အယူခံတရားခံများ တောင်းဆိုသည့်အတိုင်း ၁၉၆၃ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်နေ့အထိ ကျသင့်သော အာဘိုးများနှင့် ငွေရင်းများအတွက်သာလျှင် စရိတ်နှင့်တကွ ဒီကရီများ ချမှတ်ခဲ့သည်။ ထိုကြောင့် အယူခံတရားလိုများက ယခုကျွန်ုပ်တို့ရှေ့ရှိ အယူခံလွှာများကို တင်သွင်းခြင်းဖြစ်သည်။

အယူခံတရားလိုများအတွက် လိုက်ပါဆောင်ရွက်သည့် အစိုးရလွှတ်တော်ရှေ့နေကြီးက ဘဏ်လုပ်ငန်း၏ အဓိကနည်းဥယ်ချက်မှာ ထုတ်ချေးထားသည့်ငွေများအတွက် အာဘိုးရရန်ဖြစ်ပါသည်။ မိမိတို့ထုတ်ချေးလိုက်သည့် ငွေပင်ငွေရင်းများအတွက် ရရှိသည့် အာဘိုးငွေများသည် ဘဏ်လုပ်ငန်း၏ အသက်သွေးကြောသဘွယ်ဖြစ်ပါသည်။ အယူခံတရားခံများ၏ လုပ်ငန်းများကို ပြည်သူပိုင်ပြုလုပ်ခြင်းမှာ အစိုးရ၏ လုပ်ဆောင်မှုသာဖြစ်ပါသည်။ မိမိဘို့၏ ပယောဂ မပါရှိပါ၊ မိမိတို့ ထုတ်ချေးထားသည့် ငွေများ

၁၉၆၇ ပြည်သူ့ဘဏ် အမှတ် ၉ နှင့် မက်ဆား(စ်) နေရွှင်နယ်စီးကရက်ကုမ္ပဏီ ပါ ၁၆။

၁၉၆၇ ပြည်သူ့ဘဏ် အမှတ် ၉ နှင့် မက်ဆား(စ်) နေရှင်နယ်စီးကရက်ကုမ္ပဏီ ပါဝင်။

ရရှိခြင်း မရှိသေးရာ ထိုငွေများအပေါ် ၌ မိမိတို့သည် နှစ်ဦးသဘောတူ ပြုလုပ်ထားသည့် ပဋိညာဉ်တွင်ပါရှိသော နှုန်းထားအတိုင်း ငွေများကြေလည်စွာ ရရှိသည်အထိ အတိုးရသင့်ပါသည်ဟု တင်ပြသွားသည်။

အယူခံ တရားခံအခွဲ၏အတွက် လိုက်ပါဆောင်ရွက်သည့် အကျိုးဆောင်ကြီး ဦးဝမ်ဟုတ်က မိမိ၏အမှုသည်များ၏ လုပ်ငန်းများကို ပြည်သူပိုင်ပြုလုပ်လိုက်ပြီးသည့် နောက်ပိုင်းတွင် မိမိတို့ချေးယူခဲ့သည့် ငွေများကို မိမိတို့သည် အသုံးပြုနိုင်ခြင်းမရှိတော့ပါ၊ ထိုကဲ့သို့ အသုံးမပြုနိုင်သောကြောင့်လည်း၊ မိမိတို့သည် ထိုငွေများကို ပွါးများလာအောင် ပြုလုပ်နိုင်စွမ်း မရှိတော့ပါ၊ မိမိတို့ထားရှိခဲ့သည့် အပေါင်ပစ္စည်းများကိုသည်း အစိုးရက သိမ်းယူလိုက်ပြီဖြစ်ရာ ထိုပစ္စည်းများအတွက် လျော်ကြေးငွေ ရရန်အကြောင်းမှလွဲ၍ အခြားအခွင့်အရေး မရှိတော့ပါ၊ မိမိတို့နှင့် ဘဏ်တိုက်များ စပ်ကြားရှိ ပဋိညာဉ်အရဆိုသော် ထိုပစ္စည်းများကို ထုခွဲရောင်းချပြီး ကြေးမြီများမှ ခုန့်မ်ရန်သာဖြစ်ပါသည်။ မိမိတို့လုပ်ငန်းများကို ပြည်သူပိုင်ပြုလုပ်လိုက်ခြင်းမှာ မိမိတို့ အစိုးမရသည့်ကိစ္စဖြစ်ပါသည်၊ စင်စစ်ဆိုသော် မိမိတို့ ချုပ်ဆိုခဲ့သည့် ပဋိညာဉ်မှာ ဆောင်ရွက်ရန် မဖြစ်နိုင်တော့သဖြင့် ထိုပဋိညာဉ်ပင်လျှင် ပျက်ပျယ်ရာရောက်နေပါသည်၊ ထို့ကြောင့် မိမိတို့သည် အယူခံတရားလိုများ တောင်းဆိုသည့် အတိုးများကို မပေးသင့်ပါဟု လျှောက်လဲသွားလေသည်။

အခြားအယူခံတရားခံများအတွက် လိုက်ပါဆောင်ရွက်သည့် အကျိုးဆောင်ကြီး ဦးသန်းအောင်က မူလရုံး တရားသူကြီး ချမှတ်သည့် အမိန့်သည် တရားမကျင့်ထုံး ပုဒ်မ ၃၄ အရ ချမှတ်သော အမိန့်ဖြစ်ပါသည်။ ထိုအမိန့်ကို မူလရုံး တရားသူကြီးသည် မိမိ၏ ကိုယ်ပိုင်ဉာဏ်ကို အသုံးပြု၍ အကျိုးသင့် အကြောင်းသင့် ချမှတ်လိုက်ခြင်းဖြစ်ပါသည်။ အဆိုပါ ပုဒ်မအရဆိုသော် မူလရုံး တရားသူကြီးတွင် ထိုကဲ့သို့သော အမိန့်မျိုးကို မိမိသင့်တော်သည်ဟု ထင်မြင်ယူဆလျှင် မိမိသဘောအလျောက် ချမှတ်နိုင်သည့် အာဏာရှိပါသည်။ မူလရုံးသည်လုံလောက်သော အကြောင်းပြချက်များကို ဖော်ထုတ်ခါ ချမှတ်ခဲ့သည့် အမိန့်ဖြစ်ခြင်းကြောင့် ထိုအမိန့်ကို အယူခံရုံးက ဝင်ရောက်စွက်ဖက်နိုင်ခွင့် မရှိပါ အစရှိသဖြင့် စီရင်ထုံး အများအပြားကို ကိုးကားကာ တင်ပြသွားသည်။ (တရားမကျင့်ထုံး ဥပဒေပုဒ်မ ၃၄ အရ၊ တရားရုံးသည် မိမိသင့်တော်သည်ဟု ထင်မြင်သည့် နှုန်းထားအတိုင်း အတိုးပေးရန် အမိန့်ချမှတ်နိုင်သည်) ဟူသော အဆိုပြုချက်ကို ကျွန်ုပ်တို့ လက်ခံသည်။ (သို့ရာတွင် ထိုကဲ့သို့ အမိန့်ချမှတ်ရာ၌၊ တရားရုံးများက အစဉ်တစိုက် လိုက်နာခဲ့သည့် မူများကို ကျင့်သုံးကြရပေမည်။) (မိမိတို့သင့်သလို အမိန့်ချမှတ်နိုင်သည်မဟုတ်၊ တရားမျှတမှုကို အဓိကထား၍ အစဉ်တစိုက် လိုက်နာအပ်သည့်မူ ဥပဒေသများအတိုင်းသာလျှင် အမိန့်ချမှတ်ရမည်ဖြစ်

သည်။) အယူခံတရားခံများသည် မိမိတို့ လုပ်ငန်းများကို ပြည်သူပိုင်ပြုလုပ်လိုက်သည့် နေ့ရက်အထိသာလျှင် အတိုးပေးသင့်သည်ဟူ၍ ယူဆရာ၌ မူလရုံး၏ အကြောင်းပြချက်များမှာ ဘာဏ်များကို ပြည်သူပိုင်ပြုလုပ်လိုက်သောအခါ၊ အယူခံတရားခံများ အပေါင်ထားသည့် ပစ္စည်းများသည် အစိုးရလက်သို့ ရောက်ရှိလာသည်။ စီးကရက်လုပ်ငန်းများကို ပြည်သူပိုင် ပြုလုပ်လိုက်သောအခါ၌လည်း၊ ထိုလုပ်ငန်းများ၏ အကျိုးအမြတ်များကို အစိုးရကသာလျှင် ရယူသွားသည်။ အယူခံတရားခံများသည် မိမိတို့ လုပ်ငန်းများကို ဆက်လက်လုပ်ကိုင်နိုင်ခြင်း မရှိတော့သဖြင့်၊ မိမိတို့ချေးယူထားသည့် ငွေများအပေါ် တွင် အမြတ်အစွန်း ရရှိရန်လမ်းမရှိတော့ချေ။ ထို့ကြောင့် ငွေရှင်သည် မိမိ၏ ကြွေးရှင်အပေါ်၌ မလျော်သော အခွင့်အရေးကို မယူထိုက်ပါဟူ၍ပင်ဖြစ်သည်။ တနည်းအားဖြင့်ဆိုသော် မူလရုံး၏ ယူဆချက်မှာ အယူခံတရားလိုများသည် အစိုးရဘာဏ်များဖြစ်သောရာ အစိုးရ၏ ပြုလုပ်မှုကြောင့်၊ အယူခံတရားခံများ အမြတ်အစွန်း ရနိုင်ခွင့် ဆိပ်သုဉ်းသွားတော့သဖြင့်၊ အယူခံတရားခံများအား အတိုးပေးရန် အမိန့် မချမှတ်သင့်ခြင်းပင်ဖြစ်သည်။ ထိုအချက်များသည် ဒီကရီရရှိသည့်နေ့မှအစပြု၍ ကြွေးငွေများ ပြန်လည်ရရှိသည့်နေ့တိုင်အောင် အတိုးပေးရန်ကိစ္စနှင့် ပတ်သက်၍ ဆင်ခြင်စဉ်းစားရာတွင် လက်ခံထိုက်သည့် အချက်များ ဖြစ်သည်ဟု ယူဆစရာအကြောင်းရှိသော်သည်း၊ ဒီကရီချမှတ်သည့်နေ့အထိ အတိုးပေးရန်ကိစ္စနှင့် ပတ်သက်၍မူကား လုံလောက်သော အကြောင်းပြချက်များ မဟုတ်ဟု ကျွန်ုပ်တို့ သဘောရရှိသည်။ (အယူခံတရားလိုများနှင့် အယူခံတရားခံများသည် ချေးငွေများအတွက် တနှစ်လျှင် ၇ ရာခိုင်နှုန်း အတိုးထားရန် သဘောတူညီခဲ့ကြပြီးဖြစ်သည်။ ထိုကဲ့သို့ နှစ်ဦးသဘောတူညီမှု ရရှိခဲ့သော် အလွန်ခိုင်လုံသည့် အကြောင်းပြချက်များ မရှိဘဲ တရားရုံးသည် ထိုနှုန်းထားအတိုင်း ဒီကရီချမှတ်သည့်နေ့အထိ အတိုးပေးရန် အမိန့်ချမှတ်သင့် ကြောင်း) ဖြင့် စီရင်ထုံးများတွင် ပြဆိုထားသည်။ (ချစ်တလေးနှင့် ရအိုးတို့ ပြုစုသည့် တရားမကျင့်ထုံးကျမ်း၊ ၁၉၄၄ ခုနှစ်ထိ တည်းဖြတ်ထားသော အတွဲ ၁၁၊ စာမျက်နှာ ၃၉၄ နှင့် ပါရဂူမူလာ၏ ၁၁ ကြိမ်မြောက်ထုတ်၊ တရားမကျင့်ထုံးကျမ်း၊ စာမျက်နှာ ၁၄၄ များကိုကြည့်ပါ)။ ကျွန်ုပ်တို့ကလည်း ထိုအတိုင်းပင် သဘောရရှိကြသည်။ (အဘယ်ကြောင့်ဆိုသော် ထိုအတိုးနှုန်းသည် တရားမျှတသည့် အတိုးနှုန်းဖြစ်သည်၊) များပြားလှသည့် အတိုးနှုန်းဖြစ်သည်ဟု မယူဆနိုင်။ ဘဏ်အသီးသီးတို့က ရယူပေးရှိကြသော အတိုးနှုန်းများသာဖြစ်သည်။ ဘဏ်များသည် အတိုးများအပေါ်၌ ရပ်တည်လျက်ရှိကြရာ၊ ဘရားမျှတသော နှုန်းထားအတိုင်း အတိုးရရှိရန်မှာ မိမိတို့၏ အခွင့်အရေးဖြစ်သည်။ စီးကရက်လုပ်ငန်းများကို ပြည်သူပိုင်ပြုလုပ်လိုက်သောကြောင့်၊ အယူခံတရားခံများအတွက် အခက်အခဲများ ဖြစ်သွားစေကာမူ၊ ထိုကိစ္စမှာ အယူခံ

၁၉၆၇

ပြည်သူ့ဘဏ် အမှတ် ၉ နှင့် မက်ဆား(စ်) နေရှင်နယ်စီးက ရက်ကုမ္ပဏီ ပါ ၁၆။

တရားလိုများနှင့် သက်ဆိုင်ခြင်း မရှိပေ။ အစိုးရဘဏ်များဖြစ်သဖြင့် အစိုးရက ပြုလုပ်လိုက်သည့်ကိစ္စအတွက် တာဝန်ရှိသည်ဟု မည်သည့်နည်းနှင့်မျှ မယူဆသင့်ခေါ်။ ထို့ကြောင့် အယူခံတရားလိုများသည် ဒီကရီချမှတ်သည့်နေ့အထိ မိမိတို့ ထုတ်ချေးလိုက်သည့် ငွေရင်းများ အပေါ်၌ တနှစ်လျှင် ၇ ရာခိုင်နှုန်း အကိုးရသင့်သည်ဟု ကျွန်ုပ်တို့ယူဆသည်။

ဒီကရီချမှတ်သည့်နေ့မှ ချေးငွေများကို ပြန်လည်ရရှိသည့်နေ့အထိ အတိုးပေးရန် ကိစ္စနှင့် ပတ်သက်၍မူကား၊ မူလရုံးတရားသူကြီး တင်ပြခဲ့သည့်အချက်များကြောင့် အာဘိုးမပေးသင့်ဟု ကျွန်ုပ်တို့ ဆုံးဖြတ်ရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အယူခံတရားလိုများသည် မိမိတို့ချေးယူခဲ့သည့် ငွေများကို အစိုးရထံမှ လျော်ကြေးရရှိသောအခါ၌သာလျှင် ပေးဆပ်နိုင်မည်ဖြစ်သည်။ မည်သည့်အချိန်တွင် လျော်ကြေးရမည်ကို မိမိတို့မျှော်မှန်းနိုင်မည်မဟုတ်။ သက်ဆိုင်ရာ အာဏာပိုင်များက ပေးသော အခါမှသာလျှင် ရရှိမည်ဖြစ်သည်။ သို့ဖြစ်လေရာ မိမိတို့အနေနှင့် မတတ်နိုင်သည့် ကိစ္စအတွက် မိမိတို့အပေါ် တာဝန်မချသင့်ပေ။ တနည်းအားဖြင့်ဆိုသော်၊ မိမိတို့တွင် ပျက်ကွက်မှု မရှိပါဘဲလျက်၊ ဒဏ်ချိုက်ဘိသကဲ့သို့ အတိုးပေးစေခြင်းသည် တရားမျှတမှုကင်းမဲ့ရာရောက်သည်။ တရားမျှတမှုသည်၊ ဥပဒေ၏ အခြေခံသဘောတရားဖြစ်သည်။ (ကျင့်ထုံးပုဒ်မ ၃၄ အရ တရားရုံးသည် ဒီကရီချမှတ်သည့်နေ့မှ ဒီကရီကျငွေများ ရရှိသည်အထိ သင့်တော်သည့်နှုန်းဖြင့် အတိုးပေးစေရန် အမိန့်ချမှတ်နိုင်သည်။ သို့ရာတွင် ထိုအာဏာကို အသုံးပြုရာ၌ တရားမျှတရာရောက်မည့် အမိန့်မျိုးကိုသာ ချမှတ်နိုင်မည်ဖြစ်သည်။) အထက်ဘုင် ဖေါ်ပြခဲ့သည့်အတိုင်း အယူခံတရားခံများသည် ဒီကရီချမှတ်သည့်နောက်ပိုင်းတွင် အတိုးပေးရန် မသင့်ဟု ကျွန်ုပ်တို့ ဆုံးဖြတ်ချက်ချမှတ်ပြီးဖြစ်ရကား၊ ထိုအချိန်ကာလအတွက် အတိုးတောင်းဆိုခြင်းကို ပလပ်ရမည်သာဖြစ်သည်။ ထို့ကြောင့် မူလရုံးက ၁၉၆၃ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်နေ့မှ ငွေများ ပြန်လည်ရရှိသည့်နေ့ထိ အတိုးမပေးရန် ချမှတ်လိုက်သည့် အမိန့်နှင့် ဒီကရီတို့ကို ပယ်ဖျက်လိုက်ပြီး မူလရုံးတွင် တရားစွဲဆိုသော ငွေများအပေါ်၌၊ မူလရုံးက ဒီကရီချမှတ်သည့်နေ့ဖြစ်သော ၁၉၆၄ ခုနှစ်၊ ပြေလ ၄ ရက်နေ့အထိ တနှစ်လျှင် ၇ ရာခိုင်နှုန်း အတိုးပေးစေရန် စရိတ်နှင့်တကွ ပြင်ဆင်အမိန့်ချမှတ်လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးထွန်းတင်နှင့်တရားသူကြီး ဦးချစ်တို့ရှေ့တွင်

မစန်း (ခေါ်) အယ်(လ်)၊ကေ၊ချန်း (ပြင်ဆင်ရန်လျှောက်ထားသူ) † ၁၉၆၇ မတ်လ ၁၀ ရက်။

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (ပြင်ဆင်ရန်လျှောက်ထားခံရသူ)*

ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၆၁ (က)—စက်ရှင် တရားရုံးကသုံးစွဲနိုင် မသုံးစွဲနိုင်—သုံးစွဲခြင်းကို ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၃၇ အရ၊ ကုစားနိုင် မကုစားနိုင်။

ဆုံးဖြတ်ချက်။ ။စက်ရှင်တရားသူကြီးရုံးက ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၆၁ (က) **၏အာဏာများကိုသုံးစွဲလျက်** သက်သေ ၂ ယောက်ကိုခေါ်ယူ၍၊ **စစ်ဆေးခြင်းမှာ** မှားယွင်း**၏**။ ယင်းပုဒ်မကို တရားလွှတ်တော် (ယခုတရားရုံးချုပ်) ကသာလျှင် အသုံးပြုနိုင်ခွင့်ရှိသည်။ စက်ရှင်တရားသူကြီးက ယင်းကဲ့သို့မှားယွင်း၍ အာဏာကိုသုံးပြီး၊ သက်သေနှစ်ဦးကို ထပ်လောင်းစစ်ဆေးရာ၌၊ တရား**ခံ** အတွက် အကျိုးယုတ်ပြီး ထိခိုက်ဘယ်ရာအကြောင်းရှိလျှင် ကုစားနိုင်ခွင့်မရှိပေ။ သို့သော် ယင်းကဲ့သို့လွဲမှားချွတ်ချော်၍ ပြုလုပ်ရာ၌၊ တရားခံအတွက် အကျိုးဖြစ်ထွန်းပြီး ထိခိုက်မှုမရှိလျှင်၊ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၃၇ အရ၊ ကုစားနိုင်သည်။

ပြင်ဆင်ရန် လျှောက်ထားသူအတွက်။ ။ဦးသန်းမောင်။

ပြင်ဆင်ရန် လျှောက်ထားခံရသူအတွက်။ ။အစိုးရရှေ့နေကြီး ဦးမျိုးထွန်းလင်း။

တရားသူကြီး ဦးချစ်။ ။လျှောက်ထားသူ မစန်း (ခေါ်) အယ်(လ်)၊ ကေ၊ ချန်းအပေါ်၊ နိုင်ငံခြားသား မှတ်ပုံတင် အက်ဥပဒေ ပုဒ်မ ၅ (၁)အရ၊ အပြစ်ပေါ်ထိုက်သင့်သည့် ပြစ်မှုကို ကျူးလွန်သည်ဟု တွေ့ရှိရသဖြင့်၊ ဒဏ်ငွေ ၂၀ ပေးဆောင်စေ။ ပျက်ကွက်ပါက၊ အလုပ်နှင့်ထောင်ဒဏ် ၁ လ ကျခံစေရန်၊ ရန်ကုန်မြို့၊ စတုတ္ထရာဘက် ရာဇဝတ်တရားသူကြီးရုံး၊ ၁၉၆၅ ခု ရာဇဘက်ကြီးမှုအမှတ် ၇၂၅ တွင်အမိန့်ချမှတ်ခဲ့သည်။

---

* ၁၉၆၇ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၄ (ခ)။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၇၂၅ တွင် ချမှတ်သော ၁၉၆၆ ခုနှစ်၊ **မေလ** ၅ ရက် **နေ့စွဲပါ** ရန်ကုန်မြို့၊ စတုတ္ထရာဘက်ရာဇဝတ်တရားသူကြီး**၏** အမိန့်ကိုပြန်၍ ဆင်ခြင်မှု။

၁၉၆၇

မစန်း (ခ) အယ် (လ်)၊ကော၊ချန်း နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ထိုအမိန့်ကို လျှောက်ထားသူက မကျေနပ်သဖြင့်၊ ဟံသာဝတီနှင့် ရန်ကုန်ခရိုင် စက်ရှင်တရားသူကြီးရုံး၊ ၁၉၆၆ ခု၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၂၄ တွင် ပြင်ဆင်လျှောက်ထားခဲ့လေသည်။ စက်ရှင်တရားသူကြီးက အမှုအသွားအလာနှင့်တကွ၊ သက်သေထွက်ချက်များကိုသုံးသပ်ပြီးနောက်၊ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၆၁ (က) ၏အာဏာများကိုသုံးစွဲကာ၊ လျှောက်ထားသူ၏အမေ ဒေါ်အန်နားနှင့် ဒေါ်စိန်တင်တို့ကို ခေါ်ယူ၍ စစ်ဆေးခဲ့လေသည်။ နောက်ထပ် ခေါ်ယူသော သက်သေများ၏ စစ်ဆေးချက်များ၊ မူလရုံးက စစ်ဆေးခဲ့ပြီးသော သက်သေထွက်ချက်များကို ပေါင်းစပ်၍ စက်ရှင်တရားသူကြီးက၊ လျှောက်ထားသူသည် ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေပုဒ်မ ၄ (၂) အရ၊ မြန်မာနိုင်ငံသားတဦး ဖြစ်သည်ဟု ယူဆကာ၊ အောက်ရုံးမှချမှတ်သော စီရင်ချက်နှင့် အပြစ်ဒဏ်တို့ကို ပယ်ဖျက်ပေးပါရန်၊ ဤရုံးသို့ ထောက်ခံတင်ဆက်ထားလေသည်။

လျှောက်ထားသူ **မစန်း(ခေါ်) အယ်(လ်)၊ ကော၊ ချန်း**သည်၊ ဆိုခဲ့ပြီးသော အက်ဥပဒေပုဒ်မ ၄ (၂) အရ၊ မြန်မာနိုင်ငံသား ဖြစ်ပါသည်ဟု ပြဆိုရန်မှာ၊ ၎င်းအပေါ် ခံ့တာဝန် ကျရောက်လေသည်။ ယင်းကဲ့သို့ တာဝန်ကျရောက်သည့် အားလျော်စွာ၊ **မစန်း (ခေါ်) အယ်(လ်)၊ ကော၊ ချန်းက၊ သက်သေထူရာ၌၊ ၎င်း၏ဘိုးဘွားများသည် အစဉ်တစိုက် မြန်မာပြည်တွင် နေထိုင်လာပြီး၊ မြန်မာပြည်တွင်ပင် အနိစ္စ ရောက်ခဲ့ကြသည်တွင်၊** လျှောက်ထားသူ၏ မိဘများမှာလည်း၊ မြန်မာပြည်တွင် မွေးဘွားကြ၍၊ ၎င်းသည်လည်း မြန်မာပြည်ဟုင် မွေးဘွားကြောင်း သက်သေထင်ရှား ပြဆိုခဲ့ပေသည်။ အောက်မူလရုံးက လျှောက်ထားသူ၏အမေ ဒေါ်အန်နားသည်၊ မြန်မာပြည်ရှိ နယ်မြေတခုခုတွင် မွေးဘွားသည်ဟု ယူဆရန် အကြောင်းမရှိဟုဆိုကာ၊ ၎င်းအား အပြစ်ပေးလိုက်ခြင်းဖြစ်သည်။ သို့ရာတွင် စက်ရှင် တရားသူကြီးရုံးက၊ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၆၁ (က) ၏ အာဏာများကို သုံးစွဲလျက်၊ ဒေါ်အန်နားနှင့် ဒေါ်စိန်တင် ဆိုသူတို့ကို ခေါ်ယူ၍စစ်ဆေး ခဲ့လေသည်။ ယင်းကဲ့သို့ စက်ရှင်တရားသူကြီးက ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၆၁ (က)ကိုအသုံးပြုခြင်းမှာ မှားယွင်းကြောင်း တွေ့ရှိရသည်။ ယင်းပုဒ်မကို အသုံးပြုနိုင်ခွင့်မျိုးမှာ၊ တရားလွှတ်တော် (ယခု တရားရုံးချုပ်) သာလျှင် ဖြစ်သည်။ ထိုကဲ့သို့ မှားယွင်းပြီး အာဏာကို အသုံးပြုရာ၌ ကုစားနိုင် မကုစားနိုင်ကို ဆင်ခြင်သုံးသပ်ရပေမည်။ စက်ရှင်တရားသူကြီးက ယင်းကဲ့သို့ မှားယွင်း၍ အာဏာကိုသုံးပြီး၊ သက်သေနှစ်ဦးကို ထပ်လောင်းစစ်ဆေးရာ၌၊ တရားခံအတွက် အကျိုးယုတ်ပြီး ထိခိုက်ဘွယ်ရာ အကြောင်းရှိလျှင် ကုစားနိုင်ခွင့် မရှိပေ၊ သို့သော်ယင်းကဲ့သို့ လွဲမှားခြုတ်ခြေ၍ ပြုလုပ်ရာ၌၊ တရားခံအတွက် အကျိုးဖြစ်ထွန်းပြီး၊ ထိခိုက်မှုမရှိလျှင် ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၃၇ အရ၊ ကုစားနိုင်သည်။ ဤအမှုတွင် စက်ရှင်တရားသူကြီး

၁၉၆၇

မစန်း (ခ) အယ် (လ်)၊ကော၊ ချန်း နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

က သက်ဒသနှစ်ဦးကို ထပ်မံစစ်ဆေးခြင်းအားဖြင့်၊ တရားခံ၌ အကျိုးဆုတ်ယုတ်မှုမရှိ တာ့ခဲ့၏ အကျိုးဖြစ်သွန်းစေခန် ရှိသောကြောင့်၊ ယင်းပုဒ်မအရ ကုစားနိုင်ပေသည်။

အမှုတခုလုံးကို ခြုံ၍ကြည့်လျှင် လျှောက်ထားသူသည် မြန်မာပြည်တွင် မွေးဘွားကြောင်း၊ လျှောက်ထားသူ၏ မိဘများမှာလည်း မြန်မာပြည်တွင်း၌ မွေးဘွားကြောင်းနှင့် လျှောက်ထားသူ၏ ဘိုးဘွားများမှာလည်း မြန်မာပြည်တွင် မမွေးဘွားသော်ငြားလည်း အစဉ်အဆက် နေထိုင်လာပြီး မြန်မာပြည်တွင်ပင် အနိစ္စ ဇောက်သွားကြောင်းတို့ကို တွေ့ရှိရသဖြင့် လျှောက်ထားသူသည် ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေပုဒ်မ ၄ (၂)တွင် ပြဆိုထားသည့် အင်္ဂါရုပ်များနှင့် ညီညွတ်နေသည်ကို တွေ့ရှိရသောကြောင့် ၎င်းသည် မြန်မာနိုင်ငံသား တဦးဖြစ်သည်ဟု မှတ်ယူရပေမည်။

ထို့ကြောင့်၊ စက်ရှင်တရားသူကြီးက ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၆၁ (က)ကိုအသုံးပြုခြင်းမှလွဲ၍၊ ထောက်ခံဘင်ဆက်သားခြင်းကို အတည်ပြု လက်ခံပြီး၊ မူလအောက်ရုံးမှ လျှောက်ထားသူအပေါ် ချမှတ်သော စီရင်ချက်နှင့် အပြစ်ဒဏ်တို့ကို ပယ်ဖျက်လိုက်သည်။ ဤအမှုနှင့် ပတ်သက်သမျှ လျှောက်ထားသူအား တရားသေလွှတ်စေရန် အမိန့်ချမှတ်လိုက်သည်။

လျှောက်ထားသူသည် ဒဏ်ငွေ ၂၀ ပေးဆောင်ပြီးပါက၊ ၎င်းအား ပြန်ပေးစေ။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်နှင့် တရားသူကြီး ဦးချစ်တို့ရှေ့တွင်

† ၁၉၆၇ ဖေဖော်ဝါရီလ ၁၂ ရက်။

မတင်မယ် (ပြင်ဆင်ရန်လျှောက်ထားသူ)

နှင့်

မောင်ထွန်းကြည် (ပြင်ဆင်ရန်လျှောက်ထားခံရသူ)*

ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၈၈ (၁)—ကလေးမွေးလာပြီးနောက် ယောကျ်ားမိဘများက နှစ်စဉ်ဆိုသလို ကလေးအတွက် စရိတ်များ ထောက်ပံ့ခြင်း—ကလေးအတွက်စားစရိတ် ပေးဆောင်ရန် ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။ရပ်ရွာတွင် လျှောက်သူသည် အပျိုဖြစ်၍ လျှောက်ခံရသူသည် လူပျို ဖြစ်သည်။ လျှောက်ထားသူသည် အခြားရွာသားများနှင့် ဟော့ရမ်းသည်ဟု မပေါ်လွင်မတွေ့ရှိ ရပေ။ လျှောက်သူ၏ ထွက်ဆိုချက်အရဆိုလျှင် သူသည် လျှောက်ခံရသူနှင့် တိတ်တဆိတ် ချစ်ကြိုက်ပြီးလက်ခံ၍ တွေ့ဆုံသည်။ ပဋိသန္ဓေရရှိလာပြီး ကလေးမွေးသောအခါ၌ လျှောက်ခံရသူ သည် ထိုရွာတွင်မနေဘဲ မှော်ဘီမြို့သို့သွား၍ အလုပ်လုပ်နေသည်ဆိုခြင်းမှာ တနည်းအားဖြင့် ရှောင်နေရာကျသည်။ ကလေးမွေးလာပြီးနောက် လျှောက်ခံရသူ၏ မိဘများက ဝတ်စားဆင်ယင် ရန် ရွေးများကိုဆင်သည်။ ထို့နောက် နှစ်စဉ်ဆိုသလိုပင် ကလေးအတွက် စရိတ်များထောက်ပံ့သည်။ ထိုကလေးကို နှစ်စဉ်ဆိုသလို ထောက်ပံ့လာပြီးနောက် ကလေး ၁၅ နှစ်အရွယ် သတ္တမတန်းတွင် စာသင်နေသောအခါကျမှ ထောက်ပံ့ခြင်းကိုရပ်စဲသွားလေသည်။ ယင်းသို့ ထောက်ပံ့ခြင်းကိုရပ်၊ သဖြင့် လျှောက်သူက ကလေးစရိတ်ရရှိရန် အောင်လံမြို့ရှိ တရားရုံးသို့ အသွားတွင် လျှောက်ခံရသူ မိဘများက လိုက်လာပြီး တရားရုံးတွင် ကလေးစရိတ်မလျှောက်ရန် တောင်းပန်သဖြင့်လျှောက်သူက တရားရုံးတွင် မလျှောက်ထားရခြင်းဖြစ်သည်။ ထိုအချက်မှာ ထူးဆန်းသောအချက်ဖြစ်သည်။ လျှောက်ခံရသူက မှော်ဘီမြို့သို့ ရှောင်၍နေစေကာမူ ၎င်း၏မိဘများက ကလေးအတွက် စရိတ် နှစ်စဉ်ဆိုသလို ထောက်ပံ့ခြင်းအားဖြင့် ထိုကလေးသည် အမှုအဖြစ်အပျက်အကြောင်းချင်းရာအရ လျှောက်ခံရသူ၏ ကလေးဖြစ်သည်မှာ သိသာထင်ရှားသည်။

ထို့ကြောင့် လျှောက်ခံရသူက သားမောင်သိန်းလှင်အတွက် စားစရိတ်ပေးဆောင်စေ။

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၂၆၁ (ခ)။

† ၁၉၆၆ ခုနှစ်၊ ရာဇဝတ်သေးမှုအမှတ် ၄၃ တွင်ချမှတ်သော ၁၉၆၆ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက် နေ့စွဲပါ အောင်လံမြို့၊ ပဋမရာဘက် ရာဇဝတ်တရားသူကြီး၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

ပြင်ဆင်ရန် လျှောက်ထားသူအတွက်။ ။ဦးဘိုးသာ။

ပြင်ဆင်ရန် လျှောက်ထားခံရသူအတွက်။ ။ဦးသန်းမောင်။

တရားသူကြီး ဦးချစ်။ ။အောင်လံမြို့၊ ပဋ္ဌမရာဘက် ရာဇဝတ်တရားသူကြီးရုံး ၁၉၆၆ ခုနှစ်၊ ရာဇဝတ်သေးမှုအမှတ် ၄၃ တွင်၊ လျှောက်ထားခံရသူ မောင်ထွန်းကြည်က လျှောက်ထားသူ မဘင်မယ်အား၊ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၈၈ (၁) အရ ကလေးစရိတ် တသသျှင် ကျပ် ၃၁ ပေးစေရန် အမိန့်ချမှတ်ခဲ့လေသည်။

ထိုအမိန့်ကို လျှောက်ထားခံရသူ မောင်ထွန်းကြည်က မကျေနပ်သဖြင့်၊ သရက်မြို့၊ ရာဘာက် စက်ရှင်တရားသူကြီးရုံး၊ ၁၉၆၆ ခုနှစ်၊ ရာဇဝတ် အယူခံမှု အမှတ် ၅၂ ထွင် အယူခံတွင် လာခဲ့လေသည်။ အယူခံရုံးက သားကလေး မောင်သိန်းလွင်သည် မောင်ထွန်းကြည်နှင့် ရသောကလေး မဟုတ်သဖြင့်၊ ကလေး စရိတ် ပေးရန် အကြောင်းမရှိဟု ယူဆပြီး၊ မူလ ရုံး၏ အမိန့်ကို ပယ်ဖျက် လိုက်လေသည်။

လျှောက်သားသူ မဘင်မယ်နှင့် လျှောက်ထားခံရသူ မောင်ထွန်းကြည်တို့သည်၊ လူငယ်ဘို့ဘာဝ ချစ်ကြိုက်လာကြ၍ တိတ်တဆိတ် ပေါင်းသင်း ဆက်ဆံခဲ့ကြရာ၊ သားကလေး မောင်သိန်းလွင်ကို ရရှိခဲ့သည်ဟု အဆိုရှိသည်။ မောင်ထွန်းကြည်က ငင်းတို့သည် အောင်လံမြို့၊ ကျီရပ်ကုန်းရွာတွင် နေထိုင်ကြသည်။ ကလေးမွေးပြီးနောက် မောင်ထွန်းကြည်သည်၊ မှော်ဘီမြို့သို့ လာ၍ မော်တော်ကားပြင် အလုပ်ကို လုပ်ကိုင်နေလေသည်။ မောင်ထွန်းကြည်က ကလေးအတွက် စရိတ်ပေးကမ်းခြင်း မပြုသော်ငြားလည်း၊ ၎င်း၏ မိဘများက ကလေး တနှစ်သား အရွယ်တွင် ရွှေတပဲသားခန့်ရှိ ကျောက်ဖြူလက်စွပ်ဘကွင်းနှင့် ရွှေသုံးမူးသားခန့်ရှိ လက်ပတ်နာရီကြိုး တခုကို ကလေးအတွက် ပေးကမ်းခဲ့လေသည်။ ထို့နောက် ၁၉၅၂ ခုနှစ်၊ ဖေဖော်ဝါရီလလောက်တွင် လျှောက်သားသူနှင့် လျှောက်ထားခံရသူတို့ ကွာရှင်း ပြတ်စဲကြောင်း၊ ရွာဓလေ့ထုံးစံအဘိုင်း လူကြီးများရှေတွင် ပြောဆိုကြသည်။ ထိုအခါက လျှောက်ထားခံရသူများ၏ မိဘများက ငွေတရာပေးခဲ့လေသည်။ ယင်းသို့ ကွာရှင်း ပြတ်စဲကြောင်း ပြောဆိုရာတွင် လျှောက်ထားခံရသူ မရှိပေ။ ၎င်းသည် မှော်ဘီမြို့တွင် နေထိုင်လျက်ရှိသည်။ထို့နောက် ၁၉၅၃ ခုနှစ်၊ ဧပြီလတွင် ကလေးမောင်သိန်းလွင် ၂ နှစ် အရွယ်၌ လျှောက်ထားခံရသူများ၏ မိဘများက၊ ကလေးအတွက် ငွေ ကျပ် ၂၅၀ ပေးပြန်လေသည်။ ထို့ပြင် ကလေး စတုတ္ထဘန်း အောင်မြင်ပါက၊ အဝတ် အစား စရိတ်ငွေများကိုပါ ထောက်ပံ့မည်ဟု လျှောက်ထားခံရသူ၏ မိဘများက ကတိပြုကြလေသည်။ ထို့နောက် ထိုနှစ်အတွင်းပင် ကလေးအတွက်၊ လျှောက်ထား ခံရသူ မိဘများက ငွေ ကျပ် ၂၀၀ ထောက်ပံ့ပြန်လေသည်။ ထိုသို့ နှစ်စဉ် ထောက်ပံ့လာခဲ့ပြီးနောက်

၁၉၆၇ မတင်မယ် နှင့် မောင်ထွန်း ကြည်။

၁၉၆၅ ခုနှစ်တွင် ဆက်လက်၍ လျှောက်ထားခံရသူ မိဘများက မထောက်ပံ့တော့ပေ။ ထိုအခါတွင် မောင်သိန်းလွင်သည်၊ ၁၅ နှစ် အရွယ် ရှိလာပြီး သတ္တမဘန်းတွင် ပညာသင်ကြားလျက်ရှိရာ၊ ကလေးအတွက် တနှစ်လျှင် ငွေ ကျပ် ၁၅၀ ထောက်ပံ့ငွေနှင့် မလုံလောက်သဖြင့် တိုးမြှင့်ပေးပါရန်၊ ၁၉၆၆ မှနှစ်၊ ဖေဖော်ဝါရီလလောက်တွင် လျှောက်ထားသူက တောင်းဆိုသော်ငြားလည်း မရရှိခဲ့သဖြင့်၊ ကလေးအတွက် ကလေးစရိတ်ကို လျှောက်ထားသူက လျှောက်ရခြင်း ဖြစ်ပေသည်။ လျှောက်ထားခံရသူဘွင် ကုန်တင်ကားကြီး တစီးရှိ၍၊ အောင်လံမြို့၊ ကန်ကြီးရပ်တွင် တိုက်တလုံး ပိုင်ဆိုင်သူ တဦးဖြစ်သည်။ ၎င်း၏ ဝင်ငွေမှာ တလ ကျပ် ၁,၀၁၀ လောက် ရှိသည်ဟု အဆိုရှိသည်။

လျှောက်ထားခံရသူ မောင်ထွန်းကြည်က၊ လျှောက်ထားသူ မတင်မယ်သည်၊ ၎င်း၏ဇနီးမဟုတ်၊ ကလေးမှာလည်း ၎င်း၏ ကလေးမဟုတ်၊ ထို့ကြောင့် ၎င်းကလေးအဘွက် ထောက်ပံ့ပေးကမ်းရန် ၎င်းတွင် တာဝန် မရှိသဖြင့်၊ လျှောက်ထားသူ မတင်မယ်၏ လျှောက်လွှာကို ပယ်ပယ်ရန် အရေးဆိုခဲ့လေသည်။ မည်သို့ပင် လျှောက်ထားသူက ငြင်းကွယ်သော်ငြားလည်း၊ ကလေး မောင်သိန်းလွင်ကို လျှောက်ထား ခံရသူ၏ မိဘများက၊ ၎င်းကလေး မွေးသည့် အချိန်မှစ၍ ၁၅ နှစ် အရွယ်အထိ၊ နှစ်စဉ် ဆိုသလို ထောက်ပံ့ခဲ့ခြင်းများကို ထောက်ထားခြင်းအားဖြင့် ထိုကလေးသည်၊ လျှောက်ထားခံရသူ မိဘများ၏ မြေးဖြစ်၍သာသျှင်၊ ယင်းသို့ ထောက်ပံ့ကြောင်းကို မူလရှေ့ ယူဆသည့်အတိုင်း၊ ထိုကလေးသည် လျှောက်ထားခံရသူ မောင်ထွန်းကြည် နှင့် ရသောကလေးဖြစ်သဖြင့်၊ လျှောက်ထားခံရသူ မောင်ထွန်းကြည်ဘွင် ကလေးအတွက် စရိတ်ထောက်ပံ့ရန် တာဝန်ရှိသည်ဟု ယူဆကာ၊ တလလျှင် ငွေ ကျပ် ၃၀ ပေးစေရန် အမိန့် ချမှတ်ခဲ့လေသည်။

သို့ရာတွင် အယူခံမှုဌာနာက်စက်ရှင် တရားသူကြီး၏ ယူဆချက်မှာ မည်သို့ပင် လျှောက်ထားခံရသူ မောင်ထွန်းကြည်၏ မိဘများက ထောက်ပံ့ခဲ့သော်ငြားလည်း ထိုကလေးသည် မောင်ထွန်းကြည်၏ ကလေးဖြစ်သည်ဟု ခိုင်လုံသော အထောက်အထား မရှိသဖြင့်၊ မူလရှုံးက ကလေးစရိတ် ပေးစေရန် ချမှတ်ထားသော အမိန့်မှာ မှားယွင်းသည်ဟု ယူဆကာ၊ ထိုအမိန့်ကို ပယ်ဖျက်သိုက်ခြင်း ဖြစ်သည်။

လျှောက်ထားသူ ရွှေနေကြီး ဦးဘိုးသာက၊ လျှောက်ထားသူသည်၊ ကလေး ၁၅ နှစ် အရွယ် ရောက်ရှိခါမှ ကလေးစရိတ်ကို လျှောက်ထားခံရသူ ထံတွင် တောင်းဆို ရခြင်းမှာ၊ ယခင်နှစ်များက လျှောက်ထားခံရသူ၏ မိဘများသည် ကလေးအတွက် စရိတ်ထောက်ပံ့ခြင်းကြောင့် လျှောက်ထားခြင်း မပြုလုပ်ခဲ့ပါ၊ ယခုကလေးအတွက် စရိတ် ထောက်ပံ့ကြေး မပေးဘဲ ရပ်စဲထားသဖြင့်လျှောက်ထား ရခြင်း ဖြစ်ပါသည်။

မောင်ထွန်းကြည်က ကလေးသည် ၎င်း၏ ကလေး မဟုတ်ပါဟု ငြင်းကွယ်သော် ငြားလည်း၊ ထိုကလေးကို ၎င်း၏ မိဘများက ထူးခြားစွာ နှစ်စဉ် ထောက်ပံ့ခြင်းတို့ကို ထောက်ရှုခြင်းအားဖြင့်၊ ထိုကလေးသည် မောင်ထွန်းကြည်နှင့် မတင်မယ်တို့မှ ရသော ကလေးဖြစ်သည်ဟု ပေါ်လွင်ပါသည်။ ထို့ကြောင့်၊ ရာဘက် စက်ရှင် တရားသူကြီး၏ အမိန့်ကို ပယ်ဖျက်ပြီး၊ မူလခုံး၏ အမိန့်ကို ပြန်လည် အတည် ပြုပေးပါရန် တင်ပြသွားလေသည်။

လျှောက်ထားခံရသူ၏ ရှေ့နေကြီး ဦးသန်းမောင်က၊ ကလေး မောင်သိန်းလွင်ကို လျှောက်ထားခံရသူ မောင်ထွန်းကြည်နှင့် ရသောကလေးမဟုတ်ပါ၊ မောင်ထွန်းကြည်၏ မိဘများက ကလေးအဘွက် စရိတ်ထောက်ပံ့နေခြင်းမှာ ရပ်ရွာရှိ လူများ၏ သြဇာကို မဆန့်ကျင်ရဲသဖြင့် ထောက်ပံ့နေရခြင်း ဖြစ်ပါသည်။ တနည်းဆိုရသော် ကြောက်၍ ထောက်ပံ့နေရခြင်း ဖြစ်ပါသည်ဟု တင်ပြ သွားလေသည်။

ကျွန်ုပ်တို့သည်၊ ဤအမှုကို အသေးစိတ် ဝေဖန် သုံးသပ်ကြသည်။ (ရပ်ရွာတွင် **မတင်မယ်** သည်၊ အပျိုဖြစ်၍၊ **မောင်ထွန်းကြည်** သည်၊ လူပျိုဖြစ်သည်။ **မတင်မယ်**သည်၊ အခြားရွာသားများနှင့် ဟောခြမ်းသည်ဟု မပေါ်လွင် မတွေ့ရှိရပေ။ **မတင်မယ်**၏ ထွက်ဆိုချက်အရဆိုလျှင်၊ သူသည် **မောင်ထွန်းကြည်**နှင့် တိတ်တဆိတ် ချစ်ကြိုက်ပြီး လက်ခံခြင်တွေ့ဆုံသည်။ ပဋိသန္ဓေရှိလာပြီး ကလေးမွေးသောအခါ၌၊ **မောင်ထွန်းကြည်** သည်၊ ထိုရွာတွင် မနေဘဲ၊ မှော်ဘီမြို့သို့ သွား၍ အလုပ်လုပ်နေသည်ဆိုခြင်းမှာ၊ ကနည်းအားဖြင့် ရှောင်နေရာကျသည်။ ကလေးမွေးလာပြီးနောက် **မောင်ထွန်းကြည်**၏ မိဘများက ဝတ်စားဆင်ယင်ရန် ရွှေမျှားကို ဆင်သည်။ ထို့နောက် နှစ်စဉ် ဆိုသလိုပင် ကလေးအတွက် စရိတ်များ ထောက်ပံ့သည်)။ ဘစိမ်းကလေးတယောက်ကို ဤကဲ့သို့ ထောက်ပံ့နည်းမျိုး ထောက်ပံ့မည်လောဟူသည့် အချက်ကို အထူးစဉ်းစားသင့်ပေသည်။ တစိမ်းကလေးကို ထောက်ပံ့လျှင် တကြိမ်၊ သို့မဟုတ် နှစ်ကြိမ် ထောက်ပံ့သည် ဆိုပါက သဘာဝ ကျပေသည်။ ယခုမှာမူ (ထိုကလေးကို နှစ်စဉ်ဆိုသလို ထောက်ပံ့လာပြီးနောက်၊ ကလေး ၁၅ နှစ် အရွယ် သတ္တမဘန်းတွင် စာသင်နေသော အခါကျမှ ထောက်ပံ့ခြင်းကို ရပ်စဲသွားလေသည်။ ယင်းသို့ထောက်ပံ့ခြင်းကို ရပ်စဲသဖြင့်၊ **မတင်မယ်**က ကလေးစရိတ် ရရှိရန်၊ အောင်လံမြို့ရှိ တရားရုံးသို့ အသွားတွင်၊ **မောင်ထွန်းကြည်**၏ မိဘများက လိုက်လာပြီး တရားရုံးတွင် ကလေးစရိတ် မလျှောက်ရန် တောင်းပန်သဖြင့် **မတင်မယ်**က တရားရုံးတွင် မလျှောက်ထားရခြင်း ဖြစ်သည်။ ထိုအချက်မှာ ထူးဆန်းသော အချက်ဖြစ်သည်။ **မောင်ထွန်းကြည်**က မှော်ဘီမြို့သို့ ရှောင်၍ နေစေကာမူ၊ ၎င်း၏ မိဘများက ကလေးအတွက် စရိတ်ကို နှစ်စဉ် ဆိုသလို ထောက်ပံ့ခြင်းအားဖြင့်၊ ထိုကလေးသည်

၁၉၆၇ မတင်မယ် နှင့် မောင်ထွန်းကြည်။

အမှုအဖြစ်အပျက် အကြောင်းချင်းရာ အရ၊ **မောင်ထွန်းကြည်**၏ ကလေးဖြစ်သည်မှာ သိသာထင်ရှားလှသည်)။

ထို့ကြောင့်၊ အယူခံရုံးက ထိုကလေးသည် **မောင်ထွန်းကြည်**၏ ကလေးမဟုတ်ကြောင်း တွေ့ရှိချက်ကို၊ ကျွန်ုပ်တို့ အနေနှင့် လက်ခံရန် ခဲယဉ်းပေသည်။

သို့ဖြစ်၍၊ အယူခံရုံးမှ ချမှတ်သော အမိန့်ကို ပယ်ဖျက်ပြီးလျှင် မူလရုံးက ချမှတ်သော အမိန့်ကို အတည်ပြု လက်ခံသည်။ (လျှောက်ထားခံရသူ) **မောင်ထွန်းကြည်** သည် [လျှောက်ထားသူ (မတင်မယ်) အား]၊ ယခုအမှု စတင် စွဲဆိုသည့် နေ့မှစ၍၊ သား မောင်သိန်းလွင်အတွက် စားစရိတ် တလလျှင် ငွေ ကျပ် ၃၀ စရိတ်နှင့် တကွ ပေးဆောင်စေရန် အမိန့်ချမှတ်လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်

တရားမ အထွေထွေအယူခံမှု

တရားသူကြီး ဦးကျော်ဇံဦး ရှေ့တွင်

မသန်းကြည် (အယူခံတရားလို)

နှင့်

စမောင်ဘိုးသူတော် ပါ ၂ (အယူခံတရားခံများ) *

အုပ်ထိန်းသူများနှင့် အုပ်ထိန်းခံရသူများ အက်ဥပဒေပုဒ်မ ၂၅—အမေအရင်းဖြစ်သူက သဘောတူပေးအပ်သော အရွယ်မရောက်သေးသော မိမိ၏သမီးကလေးကို ပြန်လည်တောင်းယူနိုင် မယူနိုင်။

ဆုံးဖြတ်ချက်။ ။အယူခံတရားလိုနှင့် အယူခံတရားခံတို့မှာမြန်မာဗုဒ္ဓဘာသာလူမျိုးဖြစ်ကြသည့် အလျောက် မိမိ၏သားသမီးကဲ့သို့ ၇ နှစ်ခန့်ပင် သွန်သင်ဆုံးမကြည့်ရှု ကျွေးမွေးထားသူ အယူခံတရားခံများထံမှ အမေအရင်းဖြစ်သူ အယူခံတရားလိုသဘောတူ ပေးအပ်ခဲ့သော အရွယ်မရောက်သေးသော မိမိ၏သမီးကလေးကို ပြန်လည်တောင်းယူနိုင်ပေသည်။†

အယူခံတရားလို အမေအရင်းသည် အုပ်ထိန်းသူများနှင့် အုပ်ထိန်းခံရသူများ အက်ဥပဒေပုဒ်မ ၂၅ အရ အရွယ်မရောက်သေးသူ မမြရီ၏ အုပ်ထိန်းသူဖြစ်သည်။ ထို့ကြောင့် မမြရီ၏ ချမ်းသာကောင်းရာ ကောင်းကျိုးအတွက် အမေအရင်းထံသို့ ပြန်ပို့လျှင်ကောင်းမည်ဟု ယုံကြည်ကျေနပ်လျှင် အယူခံတရားလိုအမေအရင်းထံသို့ ပြန်လည်ပေးအပ်ရပေမည်။ မမြရီသည် အသက်မရှိသော ပစ္စည်းတခုမဟုတ်၊ လက်ရှိဖြစ်၍ ပြန်လည်မပေးအပ်ဟူသော ဥပဒေမရှိ။

မောင်စိန် နှင့် မမုန် (1902-09) 2 U.B.R. (Civil) vol. II (adoption) Page 1, မသက်နှင့်တယောက် နှင့် မောင်ဘိုးထွန်း (1912) 5 Burma Law Times p. 171 ရည်ညွှန်းသည်။

ထပ်မံဆုံးဖြတ်ချက်။ ။အမှုစစ်ဆေးသော တရားသူကြီးသည်အရွယ်မရောက်သေးသောကလေးကို ၎င်း၏ ချမ်းသာကောင်းရာ ကောင်းကျိုးအလို့ငှါ အယူခံတရားလိုတရားခံများနှင့် ၎င်းတို့၏ ရှေ့နေများ မျက်ကွယ်တွင်၊ သို့မဟုတ် စဉ်းစားခန်းတွင် မိမိသိလိုသော အချက်များနှင့်ပတ်သက်၍ ခေါ်ယူစစ်ဆေးမေးမြန်းခြင်းပြုနိုင်သည်။

---

* ၁၉၆၆ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၄၂။

† ၁၉၆၅ ခုနှစ်၊ တရားမအသေးအဖွဲမှုအမှတ် ၁၃ တွင် မော်လမြိုင်မြို့၊ ခရိုင်တရားမတရားသူကြီး ရုံးတော်၏ ချမှတ်သောဒီကရီကို အယူခံဝင်မှု။

၁၉၆၇
မတ်လ ၉ ရက်။

၁၉၆၇ အယူခံတရားလိုအတွက်။ ။ဦးအောင်ကြီး။

သန်းကြည်နှင့် မောင်ဘိုးသူတော် ပါ ၂။ အယူခံတရားခံများအတွက်။ ။ဦးကြင်ထိုး။

တရားသူကြီး ဦးကျော်ဇံဦး။ ။ယခုအမှုမှ အယူခံတရားလိုသည် ၎င်း၏သေဆုံးသွားသူ ပထမယောကျ်ား မောင်ကတိုးနှင့် ရရှိခဲ့သော အသက် ၁၂ နှစ်အရွယ်ရှိ သမီးအလတ်ဖြစ်သူ မမြရီကို အုပ်ထိန်းသူများနှင့် အုပ်ထိန်းခံရသူများအက်ဥပဒေ ပုဒ်မ ၂၅ အရ အယူခံတရားခံ လင်မယားတို့ထံမှ ပြန်လည်ရရှိရန်ငွေကြေးထားရာ မရရှိ၍ အယူခံဝင်ခြင်းဖြစ်သည်။

အယူခံတရားလိုနှင့် အယူခံတရားခံများမှာ မြန်မာ-ဗုဒ္ဓဘာသာ လူမျိုးများဖြစ်ကြပြီး၊ ချစ်ခင်မြတ်နိုးစွာ အလည်အပတ် အသွားအလာများ ရှိကြသောမိတ်ဆွေများဖြစ်ကြသည်။ အယူခံတရားလိုက ၎င်အရွယ်မရောက်သေးသော သမီးမမြရီကို ၆ နှစ်အရွယ်ကပင် အယူခံတရားခံတို့၏ ယခုအသက် ၁၇ နှစ်အရွယ်ရှိ အိမ်ထောင်ကျလျက်ရှိသူ သမီးမစန်းရီနှင့် အဖေါ်အဖြစ် ခေတ္တနေထိုင်ရန် ပေးအပ်လိုက်ခြင်းသာဖြစ်သည်ဆိုသည်။ မစန်းရီမှာ အောက်ခံတွင် အမှုစစ်ဆေးစဉ်က အိမ်ထောင်ကျခဲ့သည်မှာ တနှစ်သာရှိခဲ့ပြီး၊ လင်ယောကျ်ားနှင့် ယခုအခါ အိမ်သီးခြားဆောက်လုပ်နေထိုင်လျက် ရှိနေ၍ မမြရီနှင့် အဖေါ်ပြုလျက် မနေတော့ပြီ။ နေရန်လည်းမလိုတော့ပေ။ အယူခံတရားလိုမှာ ပထမလင်ယောကျ်ား မောင်ကတိုးသေဆုံးပြီးနောက် ယခု ဒုတိယ လင်ယောကျ်ား ဦးဘသန်း ဆိုသူနှင့် လွန်ခဲ့သည့် ၄ နှစ်လောက်က အိမ်ထောင်ပြုခဲ့သော်လည်း သားသမီး မထွန်းကားခဲ့ပေ။ နှစ်ဘက်အယူခံတရားလို အယူခံတရားခံများသည်၊ ရက်ကန်းယက်၊ လယ်လုပ်စားကြသူများဖြစ်ကြသည်အားလျော်စွာ ၎င်းတို့၏ အဆင့်အတန်းအလိုက် ကောင်းမွန်စွာ စားနိုင်သောက်နိုင် ချမ်းသာသူများဖြစ်သည်ဟု ဆိုရပေမည်။ အရွယ်မရောက်သေးသူ မမြရီ၏ အမေအရင်းဖြစ်သူ ယခုအယူခံတရားလိုသည် မိမိ၏ကလေးကိုကြည့်ရှုအုပ်ထိန်းရန်မသင့်လျော် မလျောက်ပတ်သူတဦးဖြစ်သည်ဟု သက်သေထွက်ချက် တစိုးတစဉ်းမျှမရှိ၊ ၎င်အကြောင်းလည်း မပေါ်ပေါက်။ အယူခံတရားခံတို့က ကလေး ၃ နှစ်အရွယ်ကပင် မွေးစားခဲ့ရာ၊ ကလေး၏ အမေအရင်းအယူခံတရားလိုသည် မကြာခဏလာရောက်လည်ပတ်နေထိုင်သွားလာသည်ဟုဆိုသည်။ သူတို့လည်းကလေးနှင့်အတူ အယူခံတရားလိုအိမ်သို့ အလည်အပတ်သွားကြပြီး၊ တခါတရံ ကလေးကို သူ၏အမေအရင်းနှင့်ပင် တလနှစ်ခါခန့် သွားရောက်နေထိုင်ခွင့် ပြုခဲ့ကြသည်။ နှစ်ဘက်စလုံးက ကောင်းမွန်စွာ ကြည့်ရှု ချစ်ခင်နေကြသည်ဖြစ်၍ မမြရီကလည်း နှစ်ဘက်စလုံးကို ချစ်ခင်မြတ်နိုးခြင်း ရှိဟန်တူပေသည်။ အယူခံတရားလိုက မမြရီကို ကျောင်း

တွင်ဆက်လက်၍ စာမသင်ပါဟုဆိုရာ၊ အယူခံတရားခံအမှတ် (၁) ဖြစ်သူ မငွေယုံက မမြရီ မကျန်းမမာ၍ ၃ တန်းမှထုတ်ယူထားခြင်းသာဖြစ်ကြောင်း ဖြေဆိုသည်။ ဦးဘွေကုန် (ခံပြ၁) သည် ကျောင်းဆရာဖြစ်သည်။ သူကလည်း ကလေးသည် နေမကောင်းသဖြင့် ကျောင်းမှထွက်သွားရသည်ဟု ဆိုသည်။

၁၉၆၆ ခုနှစ်၊ မေလ ၁ ရက်နေ့တွင် အယူခံတရားလိုသည် မမြရီကို မိမိအိမ်သို့ ပြန်ခေါ်ယူခဲ့ရာ၊ ၁၉၆၆ ခုနှစ်၊ မေလ ၁၁ ရက်နေ့တွင် အယူခံတရားခံများသည် ၎င်းတို့၏ဆွေမျိုးများနှင့် လာရောက်၍ အတင်းအဓမ္မယူသွားကြသည်ဟု ဆိုသည်။ အယူခံတရားခံများက တွေ့ခွင့်မပေး၍ လူကြီးများနှင့် မမြရီကို ပြန်ယူခဲ့ကြပါသည်ဟု ဆိုသည်။ ဗေါကွန်မာ (ဒ)ပြ ၂) သည် ရပ်ရွာတွင် အဆင့်အတန်း အလျောက် ကြွယ်ဝချမ်းသာသူ တဦးဖြစ်သည်ဟု ဆိုရပေသည်။ သူ့မှာသားသမီးမရှိ၍ ဤကလေးမ မမြရီကို အမွေစားအမွေခံ ကိတ္တိမသမီးအဖြစ်မွေးစားလိုရ၍ အယူခံတရားလိုထံမှတောင်းရာမရခဲ့ပါဟု ထွက်ဆိုချက်ရှိသည်။ အယူခံတရားခံတို့၏ သက်သေ မလုံးတင် (ခံပြ ၂) ၏ ထွက်ချက်မှာ အရေးကြီးသည်ဖြစ်၍ လက်ခံရန်အကြောင်းရှိသည်။ သူ၏ ထွက်ချက်အရဆိုလျှင် အယူခံ တရားခံတို့သည် မမြရီကို ကောင်းကောင်းမွန်မွန် ကျေးမွေးကြပြုစုထားပြီး ကျောင်းတွင်လည်း စာပေသင်ပေးထားသည်မှာ မငြင်းနိုင်ပေ။ ကလေးမ မမြရီကို အယူခံတရားခံများ ယူသွားသော အချင်းဖြစ်နေ့တွင် မမြရီသည် အယူခံတရားခံများနှင့် "လိုက်ချင်သလိုလို မလိုက်ချင်သလို ဖြစ်နေသည်ကို တွေ့ရ၍ ကျမက သူ့အား နင်မလိုက်ရင် နင့်အဖေတော့သေတော့မယ်ဟု ပြောရာ၊ မမြရီက မကြောင် (ငွေ) ယုံတို့နှင့် ပြန်လိုက်လာပါသည်။" ဟု ဤသက်သေ မလုံးတင်က ထွက်ဆိုသည်၊ သက်သေသည် မငွေယုံ၏ ယောင်းမဖြစ်သည်။

အထက်ပါ အကြောင်းများကို ထောက်ရှုပြီး၊ ဤအမှုတွင် ဆုံးဖြတ်ရန် အချက်မှာ အယူခံတရားလိုနှင့် အယူခံတရားခံတို့မှာ မြန်မာ-ဗုဒ္ဓဘာသာလူမျိုး ဖြစ်ကြသည့် အလျောက် မိမိ၏သားသမီးကဲ့သို့ ၇ နှစ် ခန့်ပင် သွန်သင်ဆုံးမကြည့်ရှုကျွေးမွေးထားသူ အယူခံတရားခံများတံမှ အမေအရင်းဖြစ်သူ သဘောတူပေးအပ်ခဲ့သော အင္ဂယ်မရောက်သေးသော မိမိ၏သမီးကလေးကို ပြန်လည် တောင်းနိုင်ပါသလားဟင် ဖြစ်သည်။ ကျွန်ုပ်၏ ထင်မြင်ယူဆချက်မှာ ပြန်လည် တောင်းယူနိုင်ပေသည်။ ဤအမှုတွင် အယူခံတရားခံများက မမြရီကို မွေးစားရန် ပေးခဲ့ယူခဲ့သည်ဟု ကန့်ကွက်ထုခွေကြသော်လည်း မည်ကဲ့သို့ မွေးစားရန် ယူလာသည်ဟု ဖော်ပြခြင်းမရှိပေ။ ဥပဒေအရ မှတ်ပုံတင်စာချုပ်စာတမ်းဖြင့် အမွေစားအမွေခံ ကိတ္တိမသမီးအဖြစ်မွေးစားခြင်းမရှိသည်ကို အငြင်းမရှိပေ။ အယူတရားခံများ၏ လွှတ်တော် ရှေ့နေကြီးကလည်း မည်ကဲ့သို့ မွေးစားသည်ကို မပြောနိုင်၊ ထုခွေခွက်၊ သက်သေထွက်ချက်များတွင်

လည်း ဤအကြောင်းနှင့်ပတ်သက်၍ တစုံတခုမျှ မတွေ့ရချေ။ အိုးမဲ့အိမ်မဲ့နှင့်လေလွင့်ပြီး တော်မှတ်၍ သနားသဖြင့် ခေါ်ယူကျေးမွေးထားသည်ဟူ၍လည်း မပေါ်ပေါက်သဖြင့် ဆာတာတာတွေးစားသမီးဟူ၍လည်း မဆိုနိုင်ပေ။ ဝယ်၍ရသော သမီးလည်း မဟုတ်၍ သဘောရ မွေးစားသမီးလည်း မဟုတ်ပေ။ မမြရီသည်တကယ်မွေးစားသော သမီးဖြစ်ခဲ့ပါမူ၊ အပတီဋ္ဌ မွေးစားသမီး အခြေအနေထက် မပိုမမြင့်နိုင်ပေ။ သို့သော် ဤကဲ့သို့ မွေးစားသည်ဟု ကန့်ကွက်လွှာဋ္ဌလည်းမဆို၊ လူကျေညာခြင်း၊ သို့မဟုတ် ပဋိညာဉ်ပြုလုပ်ခြင်းလည်းမရှိသဖြင့် အပကိဋ္ဌသားသမီးများကို ခမ္မသတ်များဘင် "ကောက်၍မွေးသောသား" ဟူ၍ ဖော်ပြထားသည်။ ယခုအမှုတွင် မမြရီသည် "ကောက်၍မွေးသော" သမီးမဖြစ်နိုင်ပေ။

အဆက်ပါ အကြောင်းများကြောင့် မမြရီကို အယူခံတရားခံများသည် ပိုင်ဆိုင်ခွင့်မရှိနိုင်သည်ဖြစ်၍ အမေအာရင်းဖြစ်သူ အယူခံတရားလိုသို့သော ပြန်လည်ပေးရန်ရှိပေသည်။ ဩဇာကန်းတရားသူကြီးက အယူခံတရားလိုမှာ မမြရီအပြင် နောက်သားသမီးနှစ်ယောက်ရှိသေး၍ သားသမီးလက်မဲ့မဟုတ်ဟုဆိုသည်။ မည်သည့် မိဘမဆို သားသမီးမည်မျှပင်ရှိစေကာမူ၊ မိမိသားသမီးအားလုံးကို ညီမျှစွာ ချစ်ခင်မြတ်နိုးကြသည်။ ထို့ပြင် တရားသူကြီးက အယူခံတရားခံများမှာ မိမိတို့၏ သမီးရင်း မစန်းရီသည် အိမ်ထောင်ကျသွားပြီဖြစ်၍ ခင်မင်တွယ်တာစရာ သားသမီးကလေးမရှိတော့ဟု ဆိုရာ တဘက်သတ် ဝေဖန်ရာရောက်သည်။ မစန်းရီကို ၎င်းတို့၏ မိဘများက မချစ်မခင်စရာအကြောင်းမရှိပေ။ နောက်ထပ်၍ ဩဇာကန်းတရားသူကြီးက မမြရီကို သူ၏ အမေအာရင်းသို့ ပြန်ပေးလိုက်လျှင် အယူခံတရားခံများမှာ "ရင်ထုမနာ" ဖြစ်ရန် အကြောင်းရှိသည်ဟု ဆိုရာ၌ အခြေအမြစ်မရှိပေ။ အမေအရင်းထက် တခြားသူ တဦးတယောက်ကိုမို၍ သားသမီးကိုမချစ်နိုင်။

ဤအမှုတွင် အယူခံတရားလို အမေအရင်းသည် အုပ်ထိန်းသူများနှင့် အုပ်ထိန်းခံရသူများ အက်ဥပဒေ ပုဒ်မ ၂၅ အရ အရွယ်မရောက်သေးသူ မမြရီ၏ အုပ်ထိန်းသူဖြစ်သည်။ သို့ကြောင့် မမြရီ၏ ချမ်းသာ ကောင်းရောကောင်းကျိုးအတွက် အမေအရင်းထံ ပို့ပြန်ပို့လျှင် ကောင်းမည်ဟု ယုံကြည် ကြေနပ်လျှင် အယူခံတရားလို အမေအရင်းတို့သို့ ပြန်လည်ပေးအပ်ရပေမည်။ မမြရီသည် အသက်မရှိသော ပန်းပွင့်တခု မဟုတ်၊ လက်ရှိဖြစ်၍ ပြန်လည်မပေးအပ်ဟူသော ဥပဒေမရှိ၊ အမေအရင်းက အပိုင်အမွေစားအမွေခံပေးရန် စိတ်ရှိခဲ့လျှင် ဥပဒေအရ မှတ်ပုံတင်စာချုပ်စာတမ်းဖြင့် ကိုတို့မသမီးအဖြစ် မွေးစားရန် အယူခံတရားခံများသို့ ပေးအပ်ခဲ့ပေမည်။ ယခု မူကား ဤကဲ့သို့မရှိသည်ကိုထောက်ရှုခြင်းအားဖြင့် အယူခံတရားလိုဆိုသည့်အတိုင်း ခေတ္တခဏအယူခံတရားခံတို့၏ သမီး မစန်းရီနှင့် အပေါ်အဖြစ်နေထိုင်ရန်ပေးအပ်ခဲ့

သည်မှာထင်ရှားသည်။ အမေအရင်းမရှိငြားသော်လည်း အမေအရင်းမှာ ဆင်းရဲ နွမ်းပါးနေစေကာမူ၊ မိမိကလေးကို မိမိသာဘိုင်ဆိုင်ရာတွင် အမေအရင်းသည် ဆိုးရွားယုတ်မာ၍ အခြေအနေမရှိသူဖြစ်မှသာ ကလေး၏ ချမ်းသာကောင်းရာ ကောင်းကျိုးအတွက် တခြားထိုက်တန်သင့်လျော်သူအားပေးရန် ရုံးတွင် တာဝန် ရှိပေသည်။ ၁၉၆၅ ခုနှစ်၊ တရားမအသေးအဖွဲမှုအမှတ် ၁၂၈ (မမြင့်ကြည် နှင့်ကိုကျော် ပါ ၂) ကျန်နိုပ်ဘို၏စီရင်ချက်တွင် ဤအချက်ကို အကျယ်တဝင့်ရေးရှိသည်။ ဤသို့ ဆိုးရွားယုတ်မာ အခြေအနေမရှိသော အမေအရင်းသည်၊ နောက်လူကောင်း လူမြတ် အခြေအနေတိုးမြင့်ကြီးပွါးလာမည်ဟု ရုံးက ကြေနပ်ခဲ့သော် ကလေးကို ၎င်းအား ပြန်လည်ပေးအပ်ရန် တာဝန်ရှိသည်။ မိဘအရင်းတို့သည် မိမိတို့၏ ကလေးကို ပဋိညာဉ်စာချုပ်စာတမ်းဖြင့် စွန့်လွှတ်ပြီးနောက်ပြန်မယူလိုဟု ချုပ်ဆိုခဲ့သော်လည်း မိဘတို့သည် မိမိ၏ကလေးအပေါ် အုပ်ထိန်းပိုင်ခွင့် မပျက်ပေ။ မိဘများက မိမိတို့၏ ကလေးကို ပဋိညာဉ်စာချုပ်စာတမ်းဖြင့် ပေးအပ်စေကာမူ၊ ထိုစာချုပ်စာတမ်းကို ကလေး၏ ချမ်းသာကောင်းရာကောင်းကျိုးအလို့ငှါ ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်။ မမြရီကို အယူခံတရားခံများသို့ ပေးအပ်လျှင် သူသည်အိမ်တွင် ပေါင်းဖော်ဖက်များ မရှိဘဲနေရပေမည်။ အမေအရင်းနှင့် ထားလျှင်၊ မိမိ၏အစ်မ ညီမတို့နှင့်အတူသာမက အမေအရင်းနှင့်အတူလည်း ပျော်ရွှင်စွာပေါင်းပေါ်နေမည်ဖြစ်၍ မမြရီ၏ ချမ်းသာ ကောင်းရာကောင်းကျိုးကို ရရှိပေသည်။ **မောင်စိန်** နှင့် **မမွန်** (၁) အမှုတွင် မိရင်းဘရင်းတို့သည် မွေးစားသည့်ကလေး အရွယ်မရောက်မီအတွင်း ပြန်လည်ခေါ်ယူ နိုင်သည်ဟု ဆုံးဖြတ်ထားသည်ကို တွေ့ရသည်။ ဤစီရင်ထုံးတွင် အသက်နှင့် လူ ဘေးဘာကို အသက်မရှိသည့် ပစ္စည်းကဲ့သို့ လက်ဆောင်ပနာမ မပေးနိုင်ဟု ပြဋ္ဌာန်း ထားသည်။ ဤစီရင်ထုံးကို **မသက်** နှင့် **တယောက်** နှင့် **မောင်ဘိုးထွန်** (၂) အမှု တွင် လိုက်နာခဲ့သည်။ ယခုလက်ရှိ အမှုတွင် အယူခံတရားလိုက မည်သည့်အခါမဆို မိခင်၏ကလေးကိုပြန်မယူပါ စွန့်လွှတ်ခဲ့ပါပြီဟု မပြောမဆိုခဲ့ပေ။

အယူခံတရားလို၏ ဝတ်လုံတော်ရက အောက်ရုံးတရားသူကြီးသည် အယူခံ တရားလို၊ အယူခံတရားခံများနှင့် ၎င်းတို့၏ ရှေ့နေများကို ရုံးအပြင်သို့ ထွက်သွား စေပြီး၊ မမြရီကို မိမိကိုယ်တိုင်မေးမြန်းစစ်ဆေးခြင်းပြုသည်မှာ ဥပဒေအရ မှားယွင်း သည်ဟုသော လျှောက်လဲချက်ကို ကျန်နိုပ်သက်မခံနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ဥပဒေအရ တရားသူကြီးသည် ကလေး၏ ချမ်းသာကောင်းရာကောင်းကျိုးအလို့ငှါ ဤကဲ့သို့ မပြုမူပိုင်ခွင့်ဟုမဆိုပေ။ မမြရီကို သက်သေအနေဖြင့် စစ်ဆေးခြင်းမဟုတ်

(၁) (1902—09) 2. U.B.R. (Civil) Vol. II (Adoption) P.I.

(၂) (1912) 5 Burma Law Times p. 171.

၁၉၆၇ မဿန်းကြည်နှင့် မောင်ဘိုးသူတော်ပါ ၂။

သည်ကို သတိပြုသင့်သည်။ တရားသူကြီးသည် အရွယ်မရောက်သေးသောကလေးကို ၎င်း၏ချမ်းသာကောင်းရာကောင်းကျိုးကို ရည်ရွယ်၍ ၎င်း၏ စဉ်းစားခန်းတွင် အမှုသည်များမရှိခိုက် သဘောထားပြတ်ထားကို စုံစမ်းစစ်ဆေးမေးမြန်းနိုင်သည်ဟု စီရင်ထုံးရှိသည်ကို တွေ့ရှိရပေသည်။

အထက်ပါအကြောင်းများကြောင့် အောက်ရုံး စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်၍ အယူခံကို လက်ခံပြီး အရွယ်မရောက်သေးသော ကလေးမ မမြရီကို ၎င်း၏အမေ အရင်းဖြစ်သူ အယူခံတရားလိုလက်သို့ ဤရုံးနှင့်အောက်ရုံး နှစ်ရုံးစလုံး၏ စရိတ်နှင့် တကွ ပေးအပ်စေဟု အမိန့်ချမှတ်လိုက်သည်။

အယူခံတရားခံများသည် သင့်တော်သော နေ့ရက်အချိန်ကာလများတွင် မမြရီ ထံသို့သွား၍ လည်ပတ်ကြည့်ရှုကြည်ပေးကမ်းခြင်းပြုနိုင်ပေသည်။

ဤရုံး၏ လွှတ်တော် ရှေ့နေကြီး စရိတ်မှာ ငွေကျပ် ၅၀ ဖြစ်သည်။

နိုင်ငံတော်တရားရုံးချုပ်

တရားမကြီးမှု

တရားသူကြီး ဦးသက်ဖေချောတင်

မစွစ်ပါး (လ်) ကျော် (တရားလို)

နှင့်

ဦးကျော် (တရားခံ)*

၁၉၆၇
မတ်လ
၁၄ ရက်။

မြန်မာပြည် လင်မယားကွာရှင်းရေး အက်ဥပဒေပုဒ်မ ၁၀ အရ ကွာရှင်းလိုမှု တရားစွဲဆိုခြင်း—ဥပဒေအရ ရက်စက်ကြမ်းကြုတ်မှုဆိုသည့် အဓိပ္ပါယ်—ပုဒ်မ ၁၀ အရ ကွာရှင်းပြတ်စဲကြောင်း စွဲဆိုမှုတွင် ပုဒ်မ ၂၃ အရ သက်သာခွင့်ပေးနိုင်မပေးနိုင်—ကလေးများအား မိခင်၊ သို့မဟုတ် ဘခင်၏ အုပ်ထိန်းမှုအောက်တွင် ထားသင့်မထားသင့်ဆိုသောပြဿနာ။

ဆုံးဖြတ်ချက်။ ။ဥပဒေအရ ရက်စက် ကြမ်းကြုတ်မှုဆိုသည်မှာ ကိုယ်ခန္ဓာကိုသော်၎င်း၊ ကျန်းမာရေးကိုသော်၎င်း၊ အသက်ကိုသော်၎င်း အန္တရာယ်ဖြစ်စေမည့်၊ သို့တည်းမဟုတ် အန္တရာယ်ဖြစ်စေလိမ့်မည်ဟု စိုးရိမ်မကင်းဖြစ်စေမည့်ပြုမူချက်ကိုဆိုလိုသည်။ ''လင်နှင့်မယားလျှာနှင့်သွား'' ဆိုသည့်စကားပုံအတိုင်း တခါတရံ သဘောချင်းမတိုက်ဆိုင်သဖြင့် ပဋိပက္ခဖြစ်ကာ စိတ်လိုက်မာန်ပါ လင်ကမယား၊ကိုရိုက်နှက်ဆုံးမခြင်းမျိုးကို ဥပဒေအရ ရက်စက်ကြမ်းကြုတ်မှု ကျူးလွန်ခဲ့သည်ဟု ဆိုနိုင်မည်မဟုတ်သော်လည်း မကြာခဏ လင်ကမယားအား ကိုယ်ထိလက်ရောက် ရိုက်နှက်ခြင်း၊ ဆဲပင်ဆဲခြင်း စသည့်ပြုမူချက်များကို ပြုလုပ်ခဲ့ပါလျှင် လင်ဖြစ်သူသည် ဥပဒေအရ ရက်စက်ကြမ်းကြုတ်မှုကို ကျူးလွန်ခဲ့သည်ဟု ကောက်ယူရမည်ဖြစ်သည်။

မယားဖြစ်သူသည် မူလစွဲဆိုစဉ်က ပုဒ်မ ၁၀ အရ ကွာရှင်းပြတ်စဲကြောင်းဒီကရီကိုသာ တောင်းဆိုခဲ့ပြီး၊ အခြားသက်သာခွင့်ကို တောင်းဆိုခြင်းမပြုခဲ့စေကာမူ၊ အကြောင်းကြောင်းကြောင့် ကွာရှင်းရန် ဒီကရီကို ရပိုင်ခွင့်မရှိလျှင်၊ ပုဒ်မ ၂၃ အရ သက်သာခွင့်ကိုနှုတ်ဖြင့်တောင်းဆိုနိုင်ပေသည်။ ပုဒ်မ ၂၃ အရ သက်သာခွင့်ကို သက်သေအထောက်အထားရှိလျှင် မူလကရေးသားတောင်းဆိုထားခြင်းမရှိခဲ့ကာမူ ဤတောင်အနေဖြင့် ခွင့်ပြုရန် အာဏာရှိလေသည်။

ထပ်မံဆုံးဖြတ်ချက်။ ။ကလေးများအား မိခင်၊ သို့မဟုတ်ဘခင်၏ အုပ်ထိန်းမှုအောက်တွင် ထားသင့်မထားသင့်ဆိုသော ပြဿနာကိုစဉ်းစားရာတွင် ကလေးများ၏ ကောင်းရာကောင်းကျိုးကို အဓိကထား၍ စဉ်းစားရမည်ဖြစ်သည်။ သာမန်အားဖြင့်ဆိုလျှင် ယခုကဲ့သို့ ကွာရှင်းပြတ်စဲလိုမှုစဲဆိုရာတွင် အပြစ်မဲ့သူသည် ကလေးများ၏ အုပ်ထိန်းမှုရသင့်ပေသည်။ သို့ရာတွင် အမှုတိုင်း၌ အပြစ်မဲ့သူသာလျှင် ကလေးများ၏ အုပ်ထိန်းမှုကို ရပိုင်ခွင့်ရှိသည်ဟု ပုံသေကားချပ်မှတ်ယူခြင်း

* ၁၉၆၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၅။

ခေါင်းစဉ်
မစ္စစ်ပါး(လ်) ကျော်နှင့် ဦးကျော်။

မပြုနိုင်ချေ။ အမှုကိုလိုက်၍ အကြောင်းခြင်းရာအရ စီရင်ရမည်သာဖြစ်သည်။ ထိုကဲ့သို့ စီရင်ရာ၌ ကလေးများ၏ ကောင်းရာကောင်းကျိုးကိုသာ အဓိကအလေးပေး၍ ဆုံးဖြတ်ရပေမည်။

အမှုပါ အကြောင်းခြင်းရာများအရ မြန်မာပြည် လင်မယားကွာရှင်းရေး အက်ဥပဒေပုဒ်မ ၄၂ အရ အရှယ်မရောက်သူကလေးငါးယောက်စလုံးကို မိခင်ဖြစ်သူ အုပ်ထိန်းမှုအောက်ဘွင်ထားရှိရန် ခွင့်ပြုလိုက်သည်။

တရားလိုအတွက်။ ။ဦးမောင်မောင်။

တရားခံအတွက်။ ။မဋ္ဌတာ ဗိုစံစီဖိုး။

တရားသူကြီး ဦးသက်ဖေ။ ။မစ္စစ် ပါး (လ်) ကျော်က၊ ၎င်း၏ခင်ပွန်းဖြစ်သူ ဦးကျော်အပေါ် မြန်မာပြည် လင်မယားကွာရှင်းရေး ဥပဒေပုဒ်မ ၁၀ အရ၊ ကွာရှင်းလိုမှု တရားစွဲဆိုရာ၊ ဦးကျော်ကလည်း အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများ ဥပဒေပုဒ်မ ၂၅ အရ၊ ကလေးများကို မိမိ၏ အုပ်ထိန်းမှုအောက်သို့ ပြန်လည်အပ်ပေးရန် လျောက်ထားခဲ့သည့် အလျောက်၊ ထိုကိစ္စ နှစ်ရပ်စလုံးကို တပြိုင်နက်ကြားနာကာ ဤစီရင်ချက်ကို ချမှတ်ခဲ့ခြင်းဖြစ်သည်။

ဦးကျော်နှင့် နော်ပါး (လ်) တို့က်တို့သည် ခရစ်ယာန်ဘာသာဝင် ကရင်လူမျိုးများဖြစ်သည်၊ ၎င်းတို့သည် ၁၉၇၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ခရစ်ယာန်ဘာသာဝင်တို့ လက်ထပ်မင်္ဂလာပြုခြင်း ဥပဒေအရ ထိမ်းမြားလက်ထပ်ခဲ့ကြ၏။ လိမ်းမြားလက်ထပ်ကြောင်း လက်မှတ်မှာ သက်သေခံ "က" ဖြစ်သည်။ ထိုကဲ့သို့ထိမ်းမြားလက်ထပ်ပြီးနောက်၊ ၎င်းတို့သည် ရန်ကုန်မြို့၌ပင် လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ရာ သားသမီး ၅ ဦးထွန်းကားခဲ့၏။ သားယောကျ်ား ၃ ဦးနှင့် သမီးမိန်းမ ၂ ဦးဖြစ်သည်။ အကြီးဆုံးကလေးမှာ သားယောကျ်ားဖြစ်ပြီး၊ ၁၉၅၂ ခု၊ ဩဂုတ်လ ၆ ရက်နေ့၌ မွေးဖွါးခဲ့၏။ အငယ်ဆုံးကလေးမှာ သမီးဖြစ်ပြီး၊ ၁၉၇၉ ခု၊ ဒီဇင်ဘာလ ၅ ရက်နေ့တွင် မွေးဖွါးခဲ့လေသည်။

မစ္စစ်ပါး (လ်) ကျော်က၊ ဦးကျော်သည် မိဒိနှင့် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေစဉ်၊ ဖျာပုံမြို့တွင် မဒပု ဆိုသူနှင့် ဖေါက်ပြားကျူးလွန်ခဲ့ကြောင်း၊ မိမိနှင့်အတူလာရောက်နေထိုင်သည့် ညီမဖြစ်သူ နော်ပုလဲပေါ် (လိုပြု ၁)၊ ဝမ်းကွဲညီမ မိလုံးနှင့် တူမနော်လယ်ပေါ်တို့ကိုလည်း ရိုသဲ့သဲ့လုပ်ကာ ဖေါက်ပြားကျူးလွန်ရန် ကြံစည်ခဲ့ကြောင်း၊ ထိုကဲ့သို့ ဆွေမျိုးရင်းခြာတို့ကို မတော်မဟုတ်ရား မလုပ်ရန်ပြောသည့်အခါ ဦးကျော်သည် မိမိအား ရိုက်နှက်နှိပ်စက်ညှဉ်းပန်းကြောင်း၊ ဦးကျော်သည် မိမိအပေါ် အကြောင်းအမျိုးမျိုးရှာကာ၊ ရိုက်နှက်နှိပ်စက်သဖြင့်၊ ရက်စက်ကြမ်းကြုတ်မှုကို ကျူးလွန်ခဲ့ကြောင်း စွပ်စွဲလာ၏။

ဦးကျော်ကမူ၊ မဒပုဆိုသူနှင့် ဖေါက်ပြားကျူးလွန်ခဲ့သည်ဆိုခြင်းမှာ မဟုတ်ကြောင်း၊ ခယ်မနှင့် တူမများကို ဖေါက်ပြားကျူးလွန်ရန် ကြံစည်ခဲ့သည် ဆိုခြင်းမှာလည်း မမှန်ကြောင်း၊ မိမိ၏ဇနီးသည် မောင်သိန်းလွင်ဆိုသူနှင့် အတူသွားလာနေသည်ကို အမြင်မတော်၍ ဆိုဘုံးမရင်း ရန်ဖြစ်ပြီး အိမ်မှဆင်းသွားခြင်းသာ ဖြစ်ကြောင်း၊ ရိုက်နှက်နှိပ်စက်ညှဉ်းပန်းသည်ဆိုခြင်းမှာ မဟုတ်ကြောင်း ထုချေလေသည်။

မြန်မာပြည် လင်မယား ကွာရှင်းရေး ဥပဒေပုဒ် ၁၀ အရ လင်ယောကျ်ားက စွဲဆိုသောအမှုဘွင် မယားဖြစ်သူသည် တပါးသော ယောကျ်ားနှင့် ဖေါက်ပြားကျူးလွန်ခဲ့ကြောင်း သက်သေထင်ရှားလျှင် စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီရရှိမည် ဖြစ်သော်လည်း၊ မယားက စွဲဆိုသော အမှုဘွဲ့မှ လင်ဖြစ်သူသည် တပါးသော မိန်းမနှင့် ဖေါက်ပြားကျူးလွန်ခဲ့သည်သာမက၊ ဥပဒေအရ ရာဇဝတ်ကြမ်းကြုတ်မှုကိုလည်းကျူးလွန်ခဲ့ကြောင်း သက်သေခိုင်လုံအောင် ပြသရန် လိုပေသည်၊ လင်ဖြစ်သူသည် တပါးသော မိန်းမနှင့် ဖေါက်ပြားကျူးကျော်ခဲ့သည် ဆိုသော အကြောင်းပြချက် တခုတည်းဖြင့် ကွာရှင်းရန် ဒီကရီကို မချနိုင်ချေ။ အလားတူပင် လင်ဖြစ်သူသည် ဥပဒေအရ ရာဇဝတ်ကြမ်းကြုတ်မှုကို ကျူးလွန်ခဲ့သည်ဆိုသော အကြောင်းရပ်ကြောင့် ကွာရှင်းရန် ဒီကရီကို ဘောင်းဆိုခြင်း မပြုနိုင်ပေ။ အဆိုပါ အင်္ဂါနှစ်ရပ်စလုံးနှင့် ပြည့်စုံမှသာ ကွာရှင်းရန် ဒီကရီကို ချမှတ်နိုင်မည်ဖြစ်သည်။

ယခုအမှုမှာ မယားဖြစ်သူ မစ္စစ်ပါး (လ်) ကျော်က လျှောက်ထားသော အမှုဖြစ်၍ အဆက်ဘွင် ဖေါ်ပြခဲ့သည့် အင်္ဂါရပ်များနှင့် ပြည့်စုံခြင်းရှိ မရှိဆိုသည်ကို ဆန်းစစ်ရပေမည်။ တပါးသော မိန်းမနှင့် ဖေါက်ပြား ကျူးကျော်ခဲ့သည် ဆိုသော ကိစ္စနှင့်ပတ်သက်၍၊ မစ္စစ်ပါး (လ်) ကျော်က ဦးကျော်သည် အကြီးဆုံးကလေး မွေးပြီးနောက် မကျန်းမာသဖြင့် ဖျာပုံမြို့ရှိ ၎င်း၏မိခင် ဒေါ်လှမယ်ထံသို့ သွားရောက်နေထိုင်စဉ်၊ မဒပုဆိုသူနှင့် ဖေါက်ပြားကျူးလွန်သည်ဟု ဒေါ်လှမယ်ကပြောဘူးကြောင်း စွပ်စွဲသွားသည်။ ဒေါ်လှမယ်မှာ ဤအမှုကို မစွဲဆိုမီကပင် သေဆုံးသွားပြီဖြစ်သည်၊ မစ္စစ်ပါး (လ်) ကျော်၏မိခင် ဒေါ်ပု (လိုပြေ ၃) က ဒေါ်လှမယ်သည် ဖျာပုံမှ ရန်ကုန်သို့ ရောက်လာပြီး၊ ၎င်း၏သားကို အလုပ်ရှာပေးရန်နှင့် သားဖြစ်သူသည် မဒပုဘို့အိမ်ကို သွားနေသည်ဟု ပြောခဲ့ဘူးကြောင်း ထွက်ဆိုသွားသည်၊ အကယ်၍ ဒေါ်လှမယ်က ထိုကဲ့သို့ ပြောဆိုခဲ့သည်ဟု ဆိုစေကာမူ၊ ဦးကျော်သည် မဒပုနှင့် ဖေါက်ပြားကျူးလွန်ခဲ့သည်ဟု ယူဆရန် လုံလောက်သော အကြောင်းမရှိခေါ။ မိဘဆွေအနေဖြင့် အလည်အပတ် သွားခြင်းလည်း ဖြစ်နိုင်သည်၊ ထိုကိစ္စနှင့် ပတ်သက်၍ ဦးကျော်ကိုယ်တိုင်က ငြင်းဆိုထားသည့်အပြင် မဒပု (ခေါ်) မရိန်းဝိန်

၁၉၆၇

မစ္စစ်ပါး(လ်) ကျော်နှင့် ဦးကျော်။

(ခံပြ ၄) ကလည်း မိမိနှင့် ဦးကျော်တို့သည် လုံးဝအဆက်အသွယ်မရှိဘူးကြောင်း ရှုံးတွင်လာရောက်ထွက်ဆိုသွားသည်။

မဃားရှိ ယောကျ်ားသည် တပါးသော မိန်းမနှင့် ဖေါက်ပြားကျူးလွန်ခဲ့ခြင်းရှိ မရှိဆိုသောကိစ္စမှာ သာမန်အားဖြင့် တိုက်ရိုက် သက်သေခံချက် ရရှိရန် မလွယ်ကူပေ၊ ထိုကဲ့သို့သော ကိစ္စမှာ ခမ္မဘာ သဘောအရ၊ မျက်ကွယ်ရာ၌ ပြုလုပ်လေ့ရှိသည့် အလေျာက်၊ မျက်မြင်သက်သေ တင်ပြလျှင်လည်း ထိုသက်သေ၏ ထွက်ချက်ကို များစွာစဉ်းစားရန် လိုမည်ဖြစ်သည်၊ သို့ဖြစ်ရာ ယင်းကိစ္စမျိုးတွင် လင်ဖြစ်သူနှင့် တပါးသောမိန်းမဘို့၏ ပြုမူနေထိုင် ဆက်ဆံပုံ ဖေါက်ပြားကျူးလွန်ရန် အခွင့်အရေး ရှိခဲ့သည် မရှိခဲ့သည် ဆိုသော ပါတ်ဝန်းကျင် သက်သေအထောက်အထားများအပေါ် မူတည်၍ စဉ်းစား ဆုံးဖြတ်ရမည် ဖြစ်သည်၊ ထိုကဲ့သို့ ပါတ်ဝန်းကျင် သက်သေအထောက်အထား အပေါ်မူတည်၍ ဆုံးဖြတ်ရသည့် ကိစ္စမျိုးတွင် လင်ဖြစ်သူသည် တပါးသော မိန်းမနှင့် ဖေါက်ပြန် ကျူးလွန်ခဲ့ကြောင်း ယူဆနိုင်အောင် သက်သေခိုင်လုံရန်လိုပေသည်၊ ထင်ကြေးဖြင့် ဖေါက်ပြား ကျူးလွန်ခဲ့သည်ဟု ယူဆခြင်း မပြုနိုင်ပေ။

ဤအမှုတွင် အာဇာက်၌ ဖေါ်ပြခဲ့သည့် အတိုင်း ဦးကျော်သည်မဒပု (ခေါ်) မရီနားစိန်နှင့် ဖေါက်ပြားကျူးလွန်ခဲ့သည်ဆိုခြင်းမှာ လုံလောက်သော သက်သေအထောက်အထားမရှိသဖြင့် ခိုင်လုံသည့် စွပ်စွဲချက်တခု ဖြစ်သည်ဟု မဆိုနိုင်ချေ။

ဥပဒေအရ ရာဇာဘိုးကြီးတို့မှု ကျူးလွန်ခဲ့သည်ဆိုခြင်းနှင့် ပတ်သက်၍ မစ္စစ်ပါး (လ်) ကျော်က ဦးကျော်သည် အိမ်ဘင်လာရောက်နေထိုင်ကြသည့်ခယ်မနှင့် တူမတို့အား လော်လီဖေါက်ပြားသည့် ပြုမူချက်များ ပြုလုပ်ခဲ့ကြောင်း၊ ထိုကဲ့သို့ လော်လီဖေါက်ပြားမှုများ မပြုလုပ်ရန် ပြောဆိုရာ ဆဲရေးသည့်အပြင် ပါးရိုက်ခြင်း၊ ဆံပင်ဆွဲခြင်း စသည့် ကိုယ်ထိလက်ရောက် နှိပ်စက်ညှဉ်းပန်းခဲ့ကြောင်း၊ မိမိနှင့်အတူ ဆေးဝါးထုတ်လုပ်ရေးအဖွဲ့ဘင် အလုပ်လုပ်သည့် ဘဘဘူ အလုပ်သမား မောင်သိန်းလွင် ဆိုသူနှင့် သွားပုတ်လေလွင့် စွပ်စွဲပြောဆိုပြီး ရိုက်နှက်ကြောင်း တင်ပြလာသည်။ ဦးကျော်သည် မစ္စစ်ပါး(လ်)ကျော်၏ ညီမနှင့် တူမတို့ အပေါ် လော်လီဖေါက်ပြားသည့် စိတ်ထားရှိကြောင်း၊ နော်ပုလဲပေါ်နှင့် ဒေါ်ပုတို့က ထောက်ခံထွက်ဆိုသွားကြသည်၊ မောင်သိန်းလွင်သည် မစ္စစ်ပါး (လ်) ကျော်၏ အိမ်သို့ဝင်ထွက်သွားလာလျက်ရှိသော်လည်း၊ ထမင်းချက် မထားရင် (လိုပြ ၂) ၏ ထွက်ဆိုချက်အရ ခင်မင်ရင်းနှီးသည့် ဘဝတူ အလုပ်သမား တယောက် အနေနှင့်သော်၎င်း၊ မိတ်ဆွေတဦး အနေနှင့်သော်၎င်း၊ ဝင်ထွက်သွားလာခြင်းသာ ဖြစ်ပြီး၊ လော်လီကျူးကျော် ဖေါက်ပြားရန် အကြံဖြင့် ဝင်ထွက်သွားလာနေခြင်း မဟုတ်ကြောင်း ပေါ်လွင်သည်။ သို့ပါလျက်

ဦးကျော်သည် ၎င်း၏ဇနီးအား မောင်သိန်းလွင်နှင့် မဟုတ်မတရား စွပ်စွဲကာ ဆဲရေးပြီး ပါးရိုက်ဆဲပင်ဆဲ စသည့် ကိုယ်ထိလက်ရောက် နှိပ်စက်ညှင်းပန်းမှုများ ပြုခဲ့ကြောင်း နောပလဲပေါ်၊ ဒေါ်ပုနှင့် စောလှသော် (လိုပြ ၆) တို့၏ ထွက်ဆိုချက်များအရ၊ ထင်ရှားသည်ဟု ဆိုရမည်ဖြစ်သည်၊ ဦးကျော်၏ သက်သေဖြစ်သူ ဒေါ်ခင်သိန်း (ခံပြ ၁) ကလည်း ၎င်းတို့လင်မယားမှာ မကြာခဏ စကားများရန်ဖြစ်နေသည်ကို တွေ့ရကြောင်း ဝန်ခံထားသည်ကို တွေ့နိုင်လေသည်။

ဥပဒေအရ ရက်စက် ကြမ်းကြုတ်မှု ဆိုသည်မှာ၊ ကိုယ်ခန္ဓာကိုသော်၎င်း၊ ကျန်းမာရေးကို သော်၎င်း၊ အသက်ကိုသော်၎င်း အန္တရာယ်ဖြစ်စေမည့်၊ သို့တည်းမဟုတ် အန္တရာယ် ဖြစ်စေလိမ့်မည်ဟု စိုးရိမ်မကင်းဖြစ်စေမည့် ပြုမူချက်ကို ဆိုလိုသည်။ "လင်နှင့်မယား လျာနှင့်သွား" ဆိုသည့် စကားပုံအတိုင်း တခါတရံ သဘောချင်း မတိုက်ဆိုင်သဖြင့် ပဋိပက္ခဖြစ်ကာ စိတ်လိုက်မာန်ပါလင်က မယားကို ရိုက်နှက်ဆုံးမခြင်းမျိုးကို ဥပဒေအရ ရက်စက်ကြမ်းကြုတ်မှု ကျူးလွန်ခဲ့သည်ဟု ဆိုနိုင်မည် မဟုတ်သော်လည်း မကြာခဏလင်က မယားအား ကိုယ်ထိလက်ရောက် ရိုက်နှက်ခြင်း၊ ဆဲပင်ဆဲခြင်းစသည့် ပြုမူချက်များကို ပြုလုပ်ခဲ့ပါလျှင် လင်ဖြစ်သူသည် ဥပဒေအရ ရက်စက်ကြမ်းကြုတ်မှုကို ကျူးလွန်ခဲ့သည်ဟု ကောက်ယူရမည်ဖြစ်သည်။

ယခုအမှုသည် ဦးကျော်သည် ဇနီးဖြစ်သူ မစ္စစ်ပါး(လ်)ကျော်အား တခါတရံ မဟုတ်ဘဲ မကြာခဏဆဲရေးခြင်း၊ ပါးရိုက်ခြင်း၊ ဆဲပင်ဆဲခြင်းစသည့် ကိုယ်ထိလက်ရောက် ကျူးလွန်မှုများကို ပြုလုပ်ခဲ့ကြောင်း သက်သေထွက်ချက်များအရ ပေါ်လွင်နေသဖြင့် ဥပဒေအရ ရက်စက်ကြမ်းကြုတ်မှု ကျူးလွန်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။

တရားလို မစ္စစ်ပါး(လ်)ကျော် အနေဖြင့် ဦးကျော်သည်၊ ဥပဒေအရ ရက်စက်ကြမ်းကြုတ်မှု ကျူးလွန်ခဲ့ကြောင်း သက်သေအခိုင်အလုံ တင်ပြနိုင်သော်လည်း၊ တပါးသောမိန်းမနှင့် ဖေါက်ပြားကျူးလွန်ခဲ့ကြောင်း ထင်ရှားအောင် သက်သေ မထူနိုင်ခဲ့သဖြင့်၊ မြန်မာပြည် လင်မယားကွာရှင်းရေး ဥပဒေပုဒ်မ ၁၀ အရ၊ ကွာရှင်းရန်ဒီကရီကို တောင်းဆိုခြင်း မပြုနိုင်ပေ။ သို့ရာတွင်၎င်း၏ ပညာရှိရွှေနေကြီး ဦးမောင်မောင်က ပုဒ်မ ၁၀ အရ၊ ကွာရှင်းရန်ဒီကရီ ချမှတ်ခြင်း မပြုနိုင်ပါက၊ ပုဒ်မ ၂၂ နှင့် ၂၃ တို့အရ၊ မကွာရှင်းစေဘဲ သီးခြားနေစေရန် ရုံးတော်၏ အမိန့်ဒီကရီ ချမှတ်ပေးရန် တင်ပြတောင်းဆိုလာ၏။ ပုဒ်မ ၂၂ အရ၊ မယားတဦးက မိမိ၏လင်သည် တပါးသောမိန်းမနှင့် ဖေါက်ပြားကျူးလွန်ခဲ့ကြောင်း၊ သို့တည်းမဟုတ် ဥပဒေအရ ရက်စက်ကြမ်းကြုတ်မှု ကျူးလွန်ခဲ့ကြောင်း၊ သို့တည်းမဟုတ် လုံလောက်သော အကြောင်းမရှိဘဲ နှစ်နှစ်အချိန်ကာလအတွင်း စွန့်ပစ်ခဲ့ကြောင်း ထင်ရှားအောင် သက်သေထူနိုင်ပါမူ၊ ပုဒ်မ ၂၃ အရ ရုံးတော်မှ မကွာစေဘဲ သီးခြားနေစေရန် အမိန့် ဒီကရီ ချမှတ်ပေးနိုင်မည်ဖြစ်

သည်။ မယားဖြစ်သူသည် မူလ စွဲဆိုစဉ်က ပုဒ်မ ၁၀ အရ၊ကွာရှင်းပြတ်စဲကြောင်း ဒီကရီကိုသာ တောင်းဆိုခဲ့ပြီး၊ အခြားသက်သာခွင့်ကို တောင်းဆိုခြင်း မပြုခဲ့စေကာမူ၊ အကြောင်းကြောင်းကြောင့် ကွာရှင်းရန် ဒီကရီကို ရပိုင်ခွင့် မရှိလျှင် ပုဒ်မ ၂၃ အရ၊ သက်သာခွင့်ကို နှုတ်ဖြင့် တောင်းဆိုနိုင်ပေသည်။ ပုဒ်မ ၂၃ အရသက်သာခွင့်ကို သက်သေ အထောက်အထားရှိလျှင် မူလက ရေးသားတောင်းဆိုထားခြင်း မရှိစေကာမူ၊ ရုံးတော်အနေဖြင့် ခွင့်ပြုရန် အာဏာရှိလေသည်။

အထက်ပါအကြောင်းရပ်များကြောင့်၊ မစ္စစ်ပါး(လ်)ကျော်သည် မြန်မာပြည်လင်မယား ကွာရှင်းပြတ်စဲရေး ဥပဒေပုဒ်မ ၁၀ အရ၊ ကွာရှင်းရန်ဒီကရီ မရနိုင်သော်လည်း၊ ပုဒ်မ ၂၃ အရ မကွာဘဲ သီးခြားနေစေရန် ရုံးတော်၏ အမိန့်ဒီကရီ ရသင့်ပေသည်။

မစ္စစ်ပါး(လ်)ကျော်သည် အမှုအတွင်း မယားကွာစရိတ်ကို ပုဒ်မ ၂၄ အရ၊ တောင်းဆိုခြင်းမရှိ၊ ပုဒ်မ ၃၇ အရ အမြဲတန်း မယားကွာစရိတ်နှင့် ပတ်သက်၍လည်း၊ ထူးထူးထွေထွေ တင်ပြခဲ့ခြင်းမရှိ၊ အမှန်ဆိုလျှင် ဦးကျော်သည် အလုပ်အကိုင်အတည်တကျမရှိသေးဘဲ၊ မစ္စစ်ပါး(လ်)ကျော်မှာ ဆေးဝါးထုတ်လုပ်ရေးအဖွဲ့၌ တလလျှင်လစာ ငွေ ငါးရာကျော် ခြောက်ရာနီးပါး ရရှိနေသူ တဦးဖြစ်၍ မယားကွာစရိတ်ကို တောင်းဆိုခြင်းမပြုခဲ့ဟန် လက္ခဏာရှိသည်။ ထို့ကြောင့် မယားကွာစရိတ်နှင့်ပါတ်သက်၍ အမိန့်ချမှတ်ရန်မလိုပေ။

ထိမ်းမြားလက်ထပ်ပြီးနောက် ထွန်းကားခဲ့သည့် ကလေးများအား မည်သူ၏ အုပ်ထိန်းမှုအောက်တွင် ထားသင့်သည်ဆိုသော ပြဿနာကို ဤနေရာ၌ စဉ်းစားရမည်ဖြစ်သည်၊ ကလေးငါးဦးစလုံးမှာ ယခုအခါ မိခင်ဖြစ်သူ မစ္စစ်ပါး(လ်)ကျော်နှင့် အတူနေထိုင်လျက်ရှိကြသည်။ ကလေးငါးဦးစလုံးသည် မြန်မာပြည် လင်မယားကွာရှင်းရေး ဥပဒေပုဒ်မ ၃ (၅)တွင် ပြဋ္ဌာန်းထားသည့် အရွယ်မရောက်သေးသူများသာ ဖြစ်ကြသည်။ ကလေးများအားမိခင်၊ သို့မဟုတ် ဘခင်၏ အုပ်ထိန်းမှုအောက်တွင် ထားသင့်မထားသင့်ဆိုသော ပြဿနာကို စဉ်းစားရာတွင် ကလေးများ၏ကောင်းရာကောင်းကျိုးကိုသာ အဓိကထား၍ စဉ်းစားရမည်ဖြစ်သည်၊ သာမန်အားဖြင့်ဆိုလျှင် ယခုကဲ့သို့ ကွာရှင်းပြတ်စဲလိုမူ စွဲဆိုရာတွင် အပြစ်မဲ့သူသည် ကလေးများ၏ အုပ်ထိန်းမှု ရသင့်ပေသည်။ သို့ရာတွင် အမှုတိုင်း၌ အပြစ်မဲ့သူသာလျှင် ကလေးများ၏ အုပ်ထိန်းမှုကို ရပိုင်ခွင့် ရှိသည်ဟု ပုံသေကားချပ် မှတ်ယူခြင်း မပြုနိုင်ချေ။ အမှုကိုလိုက်၍ အကြောင်းချင်းရာအရ စီရင်ရမည်သာဖြစ်သည်။ ထိုကဲ့သို့ စီရင်ရာ၌ ကလေးများ၏ ကောင်းရာကောင်းကျိုးကို သာအဓိက အလေးပေး၍ ဆုံးဖြတ်ရပေမည်။

ယခုအမှုတွင် မိခင်ဖြစ်သူ မစ္စစ် ပါး(လ်)ကျော်သည် ကလေးများကို ကောင်းစွာကျွေးမွေး စောင့်ရှောက်ထားသည်၊ ကျောင်းလည်းထားသည်၊ ၎င်းသည် တလလျှင်

ဌေးခြောက်ရာနှီးပါးမျှ ရှိလစာရှိနေသူ တဦးဖြစ်၍ ကလေးများအား ကောင်းစွာထိန်းသိမ်းကြည့်ရှုရန် အင်အားရှိကြောင်း ပေါ်လွင်သည်၊ ကလေးများအား အုပ်ထိန်းရန် မသင့်လျော်သည့် အကြောင်းရှိသည်ဟု ဦးကျော်အနေဖြင့် စွပ်စွဲခြင်း မပြုနိုင်ချေ။ ဘခင်ဖြစ်သူ ဦးကျော်မှာ ကျန်းမာရေး အခြေအနေလည်းမကောင်း၊ အလုပ်အကိုင်လည်း အတည်တကျ ရှိသည်ဟု မဆိုနိုင်သေး၊ ဤအမှု စွဲဆိုနေစဉ်အတွင်း ကလေးများကို အုပ်ထိန်းလိုသည့် ကိစ္စနှင့် ပတ်သက်၍ အနည်းငယ်မျှ ကြိုးစား ဆောင်ရွက်ခဲ့ခြင်းမရှိ၊ အထက်ပါ အကြောင်းရပ်များကို ပေါင်းစပ် ကြည့်ရှုသော် ကလေးများအား မိခင်ဖြစ်သူ၏ အုပ်ထိန်းမှုအောက်တွင် ထားရှိခြင်းဖြင့် ကလေးများ၏ ကောင်းရာကောင်းကျိုးအတွက် ဖြစ်သည်ဟု ယူဆရမည်ဖြစ်သည်၊ ကလေးများအတွက် ကုန်ကျစရိတ်နှင့် ပတ်သက်၍ မစ္စစ် ပါး(လ်)ကျော်က ဦးကျော်ထံမှ မတောင်းလိုကြောင်း ပြောဆိုထားသဖြင့် ကလေးများ၏ စရိတ်အတွက်လည်း အမိန့်ချပေးရန် မလိုတော့ပေ။

အထက်ပါ အချက်အလက် အကြောင်းချင်းရာများအရ၊ မစ္စစ် ပါး(လ်)ကျော်အား မြန်မာပြည် လင်မယား ကွာရှင်းပြတ်စဲရေး ဥပဒေပုဒ်မ ၂၃ အရ၊ လင်ဖြစ်သူ ဦးကျော်နှင့် မကွာစေဘဲ သီးခြားနေစေရန် ရုံးတော်၏ အမိန့်ဒီကရီကို တရားစရိတ်နှင့်တကွ ချမှတ်ပေးလိုက်သည်၊ ပုဒ်မ ၄၂ အရ၊ အရွယ်မရောက်သေးသူ ကလေးငါးယောက်စလုံးကို မိခင်ဖြစ်သူ မစ္စစ်ပါး(လ်) ကျော်၏ အုပ်ထိန်းမှုအောက်တွင် ထားရှိရန် ခွင့်ပြုလိုက်သည်။ ဦးကျော်၏ အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများ ဥပဒေပုဒ်မ ၂၅ အရ လျော်ကြားချက်ကို ပလပ်လိုက်သည်။ သို့ရာတွင် ကလေးများကို ဘခင် ဦးကျော်အား ၎င်းအလိုရှိပါက တလတခါ တွေ့ဆုံခွင့် ပြုရမည်ဖြစ်သည်။ မည်သည့်နေ့ရက်၊ မည်သည့်နေရာတွင် တွေ့ဆုံခွင့်ပေးမည်ဆိုသော ပြဿနာကို မိခင်ဘခင်နှစ်ဦးတူညီ သဘောတူ ညှိနှိုင်းယူကြရန်ဖြစ်သည်။

နိုင်ငံတော်တရားရုံးချုပ်

တရားမသေးမှု

တရားသူကြီး ဦးသက်ဖေရွှေတွင်

၁၉၆၇
မတ်လ
၁၇ ရက်။

မစ္စစ်သန်းထွန်း (ခေါ်) ထရီဇာ (လျှောက်ထားသူ)
နှင့်
ဦးသန်းထွန်း (ခေါ်) စက်စစ် (လ်) အဲရစ် (က်) အလ်ဗြင် (အ်) ရုပ် (စ်) (လျှောက်ထားခံရသူ)*

မြန်မာပြည် လင်မယားကွာရှင်းရေး အက်ဥပဒေ ပုဒ်မ ၂၂ အရ မကွာစေဘဲ၊ သီးခြား နေစေရန် တရားရုံး၏အမိန့် ဒီကရီ ရလိုကြောင်းစွဲဆိုမှု—ရက်စက်မှု၏အဓိပ္ပါယ်။

ဆုံးဖြတ်ချက်။ ။မြန်မာပြည် လင်မယားကွာရှင်းရေး အက်ဥပဒေအရ ရက်စက်မှုဆိုသည် ကိုယ်ခန္ဓာဖြစ်စေ၊ အသက်အန္တရာယ်ကိုဖြစ်စေ၊ ကျန်းမာရေးကိုဖြစ်စေ ထိခိုက်စေမည့် ပြုမူချက်ကို ဆိုလိုသည်။ လင်ကမယားကို ကိုယ်ထိလက်ရောက် ရိုက်နှက်နှိပ်စက်သည့်ကိစ္စများမှာ ကိုယ်ခန္ဓာကို အန္တရာယ်ဖြစ်စေသည့် ရက်စက်မှုဖြစ်သည်ဆိုခြင်းမှာ ယုံမှားဘွယ်မရှိချေ။ သို့ဖြစ်လေရာ လျှောက်ထားသူသည် လင်မယားကွာရှင်းရေး အက်ဥပဒေပုဒ်မ ၂၂ အရ မကွာစေဘဲ၊ သီးခြားနေစေရန် ခိုးအမိန့် ဒီကရီရသင့်ကြောင်း ပေါ်လွင်သည်။

လျှောက်ထားသူအတွက်။ ။ဦးကွန်းအောင် (၂)။

လျှောက်ထားခံရသူအတွက်။ ။မည်သူမျှမလာ။

တရားသူကြီး ဦးသက်ဖေ။ ။မစ္စစ်သန်းထွန်း (ခေါ်) ထရီဇာက၊ ၎င်း၏ခင်ပွန်း ဦးသန်းထွန်း (ခေါ်) စက်စစ် (လ်) အဲရစ် (က်) အလ်ဗြင် (အ်) ရုပ် (စ်) အပေါ် မြန်မာပြည် လင်မယားကွာရှင်းရေး ဥပဒေပုဒ်မ ၂၂ အရ မကွာစေဘဲ၊ သီးခြား နေစေရန် တရားရုံး၏အမိန့် ဒီကရီရလိုကြောင်း စွဲဆိုသောအမှုဖြစ်သည်။ ဦးသန်းထွန်း သည် ၎င်းအပေါ် ချအပ်သော အခကြောင်းကြားစာကို ရရှိသော်လည်း၊ ရုံးသို့ လာရောက်ထုချေခြင်း မပြုချေ။ မြန်မာပြည် လင်မယားကွာရှင်းရေး ဥပဒေအရ စွဲဆိုသော အမှုများတွင်၊ တရားခံက လာရောက်ထုချေခြင်း မရှိသော်လည်း၊ တရားလို အနေဖြင့် စွဲဆိုသည့်အတိုင်း ဒီကရီရသင့်သည်ဟု၊ သက်သေအထင်အရှားပြရန်တာဝန်

* ၁၉၆၆ ခုနှစ်၊ တရားမသေးမှုအမှတ် ၁၂၇။

ရှိသည်။ လင်မယားကွာရှင်းရေး၊ ပြတ်စဲရေးကိစ္စများမှာ၊ တဦးတယောက်တည်း နှင့်သာ မသက်ဆိုင်ဘဲ လုပ်သားပြည်သူအားလုံး၏ အကျိုးနှင့်လည်း နီးစပ် သက်ဆိုင် သည့်ပြင်၊ ယဉ်ကျေးမှု၊ လူမှုရေး စသည့် ပြဿနာများနှင့်လည်း အကျုံးဝင်နေ သောကြောင့်၊ သာမန်ရိုးရိုး တရားမမှုများကဲ့သို့ တရားခံမလာရုံဖြင့် လွယ်လွယ်နှင့် ဒီကရီမရနိုင်ပေ။

လျှောက်ထားသူ မစ္စစ်သန်းထွန်းနှင့် ဦးသန်းထွန်းတို့သည်၊ ၁၉၅၇ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့တွင်၊ မန္တလေးမြို့၌ အထူးထိမ်းမြားမှု ဥပဒေအရ လက်ထပ်ခဲ့ကြသည်။ ၎င်းတို့၏ လက်ထပ်စာချုပ်မှာ သက်သေခံအမှတ် (က) ဖြစ်သည်။ ၎င်းတို့နှစ်ဦးသည် မန္တလေးမြို့၌ လေးလခန့် လင်မယားအဖြစ် ပေါင်းသင်းကြပြီး၊ မြင်းခြံမြို့၌လည်း ၃ နှစ်ခန့် ပေါင်းသင်းခဲ့ကြသည်။ ထို့နောက် မန္တလေးမြို့သို့ ပြန်လည်ပြောင်းရွှေ့ပြီး ပေါင်းသင်းနေစဉ်၊ ဦးသန်းထွန်းက လျှောက်ထားသူအား ရိုက်နှက်နှိပ်စက်သော ကြောင့်၊ လျှောက်ထားသူသည် ရန်ကုန်မြို့သို့ တက်လာရသည်။ ရန်ကုန်မြို့တွင် နေထိုင်စဉ်လည်း၊ ဦးသန်းထွန်းက လျှောက်ထားသူအား မကြာခဏ ရိုက်နှက်သည့်ပြင်၊ ၁၉၆၄ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့ည၌ သွား ၂ ချောင်းကျိုးအောင် ရိုက်ခဲ့ကြောင်း လျှောက်ထားသူ၏ စွပ်စွဲချက်ကို၊ ၎င်း၏သက်သေ ဒေါ်ကြည်ကြည်က ထောက်ခံ ထားသောကြောင့်၊ ဦးသန်းထွန်းသည် လျှောက်ထားသူအပေါ် ရက်စက်မှု ကျူးလွန် ခဲ့ကြောင်း ပေါ်လွင်သည်။

(မြန်မာပြည် လင်မယားကွာရှင်းရေး ဥပဒေအရ၊ ရက်စက်မှုဆိုသည် ကိုယ်ခန္ဓာ ဖြစ်စေ၊ အသက်အန္တရာယ်ကိုဖြစ်စေ၊ ကျန်းမာရေးကို ဖြစ်စေ ထိခိုက်စေမည့် ပြုမူ ချက်ကိုဆိုလိုသည်။ လင်ကမယားကို ကိုယ်ထိလက်ရောက် ရိုက်နှက်နှိပ်စက်သည့်ကိစ္စ များမှာ၊ ကိုယ်ခန္ဓာကို အန္တရာယ်ဖြစ်စေသည့် ရက်စက်မှု ဖြစ်သည်ဆိုခြင်းမှာ ယုံမှား ဘွယ်မရှိချေ။ သို့ဖြစ်လေရာ၊ လျှောက်ထားသူသည် လင်မယားကွာရှင်းရေးဥပဒေ ပုဒ်မ ၂၂ အရ မကွာစေဘဲ၊ သီးခြားနေစေရန် ရုံးအမိန့် ဒီကရီရသင့်ကြောင်း ပေါ်လွင် သည်)။ ဤအမှုမှာ လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့သည်၊ ပူးပေါင်း စွဲဆိုသည့်အမှုမျိုးမဟုတ်ကြောင်းလည်း ထင်ရှားသည်။

လျှောက်ထားသူနှင့် ဦးသန်းထွန်းတို့ ပေါင်းသင်းနေထိုင်သဖြင့် သားယောကျ်ား တဦး ထွန်းကားခဲ့ရာ၊ ၎င်းသည် ယခုအခါ အသက် ၉ နှစ်ကျော်ရှိပြီဖြစ်သည်။ ထိုကလေးကို လျှောက်ထားသူကပင် ကျွေးမွေးစောင့်ရှောက်ထားရပြီး၊ ကျောင်း၌လည်း ပညာသင်ပေးလျက်ရှိကြောင်း ပေါ်လွင်သည်။ ဖခင်ဖြစ်သူ ဦးသန်းထွန်းသည် ကလေးအပေါ် တောက်ပံ့မှုလည်း မရှိခဲ့ချေ။ ထို့ကြောင့် လျှောက်ထားသူသည် ကလေးအား အုပ်ထိန်းသင့်သူတယောက်ဖြစ်ပေသည်။

၃၉၆။ အထက်ပါ အကြောင်းမျှားကြောင့်၊ လျှောက်ထားသူအားမြန်မာပြည် လင်မယားနှစ်ဦးသည်းထွန်း မစ္စစ် သန်းထွန်း (ခ) ထရီဇာ နှင့် ဦးသန်းထွန်း (ခ) စက်စစ် (လ်) အဲလစ်(ဇ်) အလို်ငှ် (အ်) ဇွယ်(စ်)။ ကွာရှင်းရေး ဥပဒေပုဒ်မ ၂၂ အရ မကွာစေဘဲ၊ သီးခြားနေစေရန် တရားရုံး၏အမိန့် ဒီကရီ ချမှတ်ပေးလိုက်သည်။ ပုဒ်မ ၄၂ အရ အရှယ်မရောက်သူ ကလေး ကယ်ပင်အလို်ငှ် (အ်) ရှပ် (စ်) အား၊ လျှောက်ထားသူကပင် အုပ်ထိန်းရန် ခွင့်ပြုလိုက်သည်။ သို့ရာတွင်၊ ထိုကလေးအား လျှောက်ထားခံရသူ ဦးသန်းထွန်းက အလို ရှိလျှင်၊ တလတကြိမ် ခွင့်ပြုရမည်ဖြစ်သည်။ မည်သည့်နေရာ၊ မည်သည့်အချိန်တွင် ခွင့်ပြုရမည်ဆိုခြင်းနှင့် ပတ်သက်၍၊ လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့ နှစ်ဦး သဘောတူညီကြရန်ဖြစ်သည်။ တရားစရိတ်နှင့် ပတ်သက်၍ အမိန့်ချမှတ်ခြင်းမပြု။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီးချုပ် ဒေါက်တာမောင်မောင်၊တရားသူကြီး ဦးထွန်းတင်နှင့် တရားသူကြီး ဦးစိန်သင်းတို့ ရှေ့တွင်

မောင်ညွန့် (အယူခံတရားလို)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

† ၁၉၆၇ မတ်လ ၂၇ ရက်။

လွှတ်ငြိမ်းချမ်းသာခွင့်အမိန့်—အဓိပ္ပါယ်ဖွင့်ဆိုရန်လို အပ်ခြင်း—ကျေးရွာလုံခြုံရေးကို တာဝန်ယူရသူ တဦးဖြစ်သည့် ဆယ်အိမ်ခေါင်းအား သေသူကတိုင်ကြားခြင်း—ရဲစခန်းတွင် သေသူနှင့်မည်သို့ မျှတော်စပ်ခြင်းမရှိသူက တိုင်ချက်ဖွင့်ခြင်း—တိုင်ချက်သည်တိုင်ကြားခြင်းမြောက်မမြောက်။

ဆုံးဖြတ်ချက်။ ။ဆယ်အိမ်ခေါင်းသည် ကျေးရွာလုံခြုံရေးကို တာဝန်ယူရသူ တဦးဖြစ်သည်။ ၎င်းအား သေသူက ဒဏ်ရာဖဏ်ချက်များရပြီးနောက် သွားရောက်တိုင်ကြားခဲ့သည်။ ဆယ်အိမ်ခေါင်းသည် ရွာခေါင်းကိုတဆင့်ပြောခဲ့သည်။ ဆယ်အိမ်ခေါင်းနှင့်ရွာခေါင်းတို့သည် သေသူကို ထမ်းစင်နှင့် တင်၍ရဲစခန်းသို့ ပို့ရာတွင် ပါဝင်ခဲ့ကြသည်။ ရဲစခန်းတွင်တိုင်ချက်ဖွင့်ကြသည်။ သေသူနှင့်မည်သို့မျှ တော်စပ်ခြင်းမရှိသည့် ဘိုးကျော့ဆိုသူကတိုင်ချက်ဖွင့်သည်။ ဖွင့်ချိန်၌ဆယ်အိမ်ခေါင်းလည်းရှိသည်။ ဒဏ်ရာအပြင်းအထန်ရနေသူ ကာယကံရှင်လည်းရှိသည်။ တိုင်ချက်ဖွင့်ခြင်းဖြင့် ရာဇဝတ် တရားစီရင်ရေးစက်ယန္တရား စတင်လှုပ်ရှားလာသည်။ ထိုအခြေအနေမျိုးတွင် သေသူက တိုင်ကြားခြင်း မပြုခဲ့။ သေသူက ပြောခဲ့သော ဆယ်အိမ်ခေါင်းက တိုင်ချက်မဖွင့်ခဲ့။ ထို့ကြောင့် အခြားသူ တဦးကဖွင့်ခဲ့သော တိုင်ချက်သည် တိုင်ကြားခြင်းမမြောက်ဟု ဆုံးဖြတ်ရမည်ဆိုလျှင် လွှတ်ငြိမ်းချမ်းသာခွင့်အမိန့်၏ အနှစ်သာရနှင့် စေတနာကိုလိုက်နာရာမရောက်၊ စကားရပ်နှင့်ပတ်သက်၍ ကပ်သတ်အငြင်းပွားသာရောက်ပေလိမ့်မည်။

အထက်ပါအကြောင်းတို့ကြောင့် သေဆုံးသူက ဆယ်အိမ်ခေါင်းအား တိုင်ကြားခဲ့ခြင်းသည် လွှတ်ငြိမ်းချမ်းသာခွင့်အမိန့်အပိုဒ် ၁ (၂) အရ တိုင်ကြားခြင်းမြောက်သည်ဟု ယူဆသည်။

ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် **မောင်ခွေး**၊ ၁၉၆၃ ခုနှစ်၊ ရာဇဝတ် စောဒကမှုအမှတ် ၁၄။ **မောင်မြဟန်ပါ ၂** နှင့် **ပြည်ထောင်စုမြန်မာနိုင်ငံ**၊ မြန်မာနိုင်ငံတရားရေးရာ စာစောင် အထူး

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၂၀၈။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၄ တွင် ချမှတ်သော ၁၉၆၆ ခုနှစ်၊ မေလ ၃၁ ရက်စွဲပါ မကွေးမြို့၊ ပဌမအထူးရာ ဇဝတ်တရားသူကြီး၏အမိန့်ကို အယူခံမှု။

၁၉၆၇ မောင်ညွှန့်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ရာဇဝတ်ရုံးအယူခံအဖွဲ့၊ စာ ၈၀။ ပြည်ထောင်စု မြန်မာနိုင်ငံ(ဒေါက်တာ ပြည်စိုး)နှင့် ဒေါ်ထင်တင်၊ ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၅၁ (ခ) ရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။မရှိ။

ရုံးတော်၏ သဘာဝအဖြစ်။ ။လက်ထောက် နိုင်ငံတော် ရှေ့နေချုပ် ဦးဘကျော်။

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်။ ။လွှတ်ငြိမ်း ချမ်းသာခွင့် အမိန့်ကို အခိုပ်ငယ် ဖွင့်ဆိုရန်လိုသဖြင့် ဤခုံရုံးကို ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

အမှုဖြစ်ပွါးခဲ့သည်မှာ ၁၉၆၀ ခု၊ မေလ ၄ ရက်နေ့ကဖြစ်၍ အချိန်ကာလအားဖြင့် ယင်းအမိန့် ထုတ်ပြန်ခြင်း မပြုမီက ဖြစ်သည်။ အမှုတွင် သေဆုံးသူ ဆိုးကျော်သည် ဒဏ်ရာများ ရရှိပြီးနောက် ရွာမှဆယ်အိမ်ခေါင်း ကိုပေါက်စထံ ပြေးသွားပြီး တရားခံက ခါးနှင့်ထိုးကြောင်း တိုင်တန်းခဲ့သည်။ ဆယ်အိမ်ခေါင်းက ထိုအကြောင်းကို ရွာခေါင်း ဦးစံဖိုးအား တဆင့်ပြောကြားခဲ့သည်။ ဆယ်အိမ်ခေါင်း၊ ရွာခေါင်းနှင့် ဆိုးကျော်၏ ဆွေမျိုးများသည် ဆိုးကျော်ကို ထမ်းစင်နှင့်တင်၍ ရဲစခန်းသို့ ပို့ခဲ့ကြသည်။ ရဲစခန်း၌ တိုင်ချက်ဖွင့်သူမှာကား ဆယ်အိမ်ခေါင်း ကိုပေါက်စလည်းမဟုတ်၊ ဆိုးကျော်နှင့်လည်း မည်သို့မျှ မတော်စပ်သည့်ကိုဘိုးကျော့ဆိုသူ ဖြစ်ခဲ့သည်။ ဆိုးကျော်သည် ဒဏ်ရာများဖြင့် သေဆုံးသောကြောင့် တရားခံအား လူသတ်မှုဖြင့် ရုံးသို့တရားစွဲဆို တင်ပို့ခဲ့ခြင်းဖြစ်သည်။ အမှုဖြစ်ပွါးပြီး တရားခံ ထုတ်ပြေးတိမ်းရှောင်ခဲ့ရာ ၁၉၆၅ ခု၊ ဧပြီလ ၂ ရက်နေ့တွင်မှ လာရောက်အဖမ်းခံသဖြင့် ထိုနောက်မှ အမှုရုံးသို့ ရောက်ရသည်။

လွှတ်ငြိမ်းချမ်းသာခွင့် အမိန့်အရ ပြည်သူပြည်သား တဦးဦးက ၎င်းကိုယ်တိုင် ထိခိုက်နစ်နာခြင်း ခံရသည်ဟု ၎င်း၏အခွင့်အရေးကို သုံးစွဲလျက် တိုင်ကြားခြင်း ပြုသည့် လူသတ်မှု၊ မုဒိမ်းမှု စသည်တို့၌ လုံးဝလွှတ်ငြိမ်းချမ်းသာခွင့်ကို ပြစ်မှုကျူးလွန်သူသည် မရနိုင်ချေ၊ သို့ရာတွင် လျော့ပေါ့သော ပြစ်ဒဏ်ကိုသာကျခံကြစေရန်အမိန့်၌ သတ်မှတ်ထားသည်။

အထက်ပါကဲ့သို့ ကိုယ်တိုင်ထိခိုက် နစ်နာခြင်း ခံရသူတဦးက တိုင်ကြားခြင်း ပြုသည့် ပြစ်မှုမျှားနှင့် ပတ်သက်၍ လွှတ်ငြိမ်းချမ်းသာခွင့် အမိန့်က သတ်မှတ်ထားသော ခြွင်းချက်တွင် ဤအမှုဝင်၊ မဝင်ကို အယူခံဌာနစဉ်းစားရန် ပေါ်ပေါက်လာသည်၊ သေဆုံးသူ ဆိုးကျော်က ဆယ်အိမ်ခေါင်းကိုပေါက်စကို တိုင်ကြားခြင်းသည် လွှတ်ငြိမ်းချမ်းသာခွင့် အမိန့်က ရည်ရွယ်သော တိုင်ကြားခြင်းဟုတ် မဟုတ် ဟူသော ပြဿနာပေါ်ပေါက်သည်။ ထိုသို့ တွေ့ရှိရသောကြောင့် အစိုးရ ရှေ့နေကြီးက ထိုပြဿနာကို

ခံရုံးဖွဲ့၍ အဓိပ္ပါယ်ဖွင့်ဆို ပေးသင့်ပါသည်ဟု လျှောက်ထားသဖြင့် အယူခံကို ၂ကြားနာသော ပညာရှိ တရားသူကြီးက ခံရုံးဖွဲ့ပေးသင့်ကြောင်းဖြင့် ထောက်ခံခဲ့ခြင်းဖြစ်သည်။ (လွှတ်ငြိမ်းချမ်းသာခွင့် အမိန့်တွင် ဖေါ်ပြသော "ကိုယ်တိုင်ထိခိုက် နစ်နာခြင်း ခံရသူ" သည် မည်သူတို့ဖြစ်သည်ဟူ၍ ဤရုံးက **ပြည်ထောင်စုမြန်မာနိုင်ငံ** နှင့် **မောင်ခွေး** (၁) အမှုတွင် အဓိပ္ပါယ် ဖွင့်ဆိုခဲ့ပြီးဖြစ်သည်။ အထူးရာဇဝတ်ရုံး အယူခံအဖွဲ့က **မောင်မြဟန် ပါ ၂** နှင့် **ပြည်ထောင်စု မြန်မာနိုင်ငံ** (၂)အမှုတွင် ပိုမိုတိကျစွာ အဓိပ္ပါယ်ဖွင့်ဆိုခဲ့၍ ယင်းဖွင့်ဆိုချက်ကို ဤရုံးက **ပြည်ထောင်စု မြန်မာနိုင်ငံ (ဒေါက်တာပြည်စိုး)** နှင့် **ဒေါ်တင်တင်**(၃) အမှုတွင် လက်ခံ၍ စီရင်ထုံး ပြုခဲ့ပြီးလည်းဖြစ်သည်။ ဤအမှုတွင် သေဆုံးသွားသူ ကိုယ်တိုင်က ဒဏ်ရာများ ရရှိပြီးလျှင်ပြီးခြင်း တိုင်ကြားခဲ့ခြင်း ဖြစ်ပေသည်။ ထို့ကြောင့် ကာယကံရှင် ကိုယ်တိုင်ဖြစ်၍ ကိုယ်တိုင်ထိခိုက်နစ်နာသူဖြစ်သည်မှာ အငြင်းပွါးရန် မလိုပေ။

ကာယကံရှင်က **မသေမီ** ဆယ်အိမ်ခေါင်းကို တိုင်ကြားခြင်းသည် လွှတ်ငြိမ်းချမ်းသာခွင့် အမိန့်၏ အဓိပ္ပါယ်အတွင်း ကျရောက်သော တိုင်ကြားခြင်းမြောက်၊ မမြောက်ဟူသော ပြဿနာသာလျှင် ပေါ်ပေါက်သည်၊ ရဲစခန်းတွင် ဆယ်အိမ်ခေါင်းက တိုင်ချက်မဖွင့်၊ သေသူနှင့် မည်သို့မျှ တော်စပ်ခြင်း မရှိသူက တိုင်ချက်ဖွင့်သောကြောင့် လည်း ပြဿနာ ပေါ်ပေါက်ခြင်းဖြစ်သည်။

ရုံး၏ သဘာဝအဖြစ် လိုက်ပါဆောင်ရွက်သော ပညာရှိ လက်ထောက် နိုင်ငံတော်ရှေနေချုပ် ဦးဘကျော်က ဆယ်အိမ်ခေါင်းအား သေဆုံးသွားသူက တိုင်ကြားခဲ့ခြင်းသည် လွှတ်ငြိမ်းချမ်းသာခွင့် အမိန့်အရ တိုင်ကြားခြင်း မြောက်ပါသည်။ မောင်ခွေး စီရင်ထုံးတွင် ကိုယ်တိုင်ထိခိုက် နစ်နာသူအတွက် အခြားသူတဦးဦးက တိုင်ကြားလျှင်လည်း ထိခိုက်နစ်နာသူပင် တိုင်ကြားခြင်း မည်သည်ဟုယူဆရမည်ဖြစ်ကြောင်းကို ဆုံးဖြတ်ထားပါသည်။ တိုင်ကြားခြင်းကို လက်ခံသူနှင့် စပ်လျဉ်း၍ အခြေခံဒေသမျှားသည် တရားရုံး၊ ရဲစခန်း စသည်တို့နှင့် ဝေးကွာသည်ဖြစ်ရာ ကိုယ်တိုင်ထိခိုက်နစ်နာသူများ၏ အခွင့်အရေးကို အလေးမူသောအားဖြင့် တရားရုံး၊ တပ်မတော် အရာရှိ၊ ရဲအရာရှိ၊ ကျေးရွာအုပ်ချုပ်မှု တာဝန်ခံ အပါအဝင် ငြိမ်းဝပ်ပိပြားရေးကို ထိန်းသိမ်းစောင့်ရှောက်ရသည့် သူတဦးဦးထံ တိုင်ကြားလျှင် တိုင်ကြားခြင်းမြောက်သည်ဟူ၍ ယူဆရမည် ဖြစ်ကြောင်းကိုလည်း ဆုံးဖြတ်ထားပါသည်။ ထိုဆုံးဖြတ်ချက်

---

(၁) ၁၉၆၃ ခုနှစ်၊ ရာဇဝတ် စောဒကမှုအမှတ် ၁၄။

(၂) မြန်မာနိုင်ငံ တရားရေးရာစာစောင်အထူးရာဇဝတ်ရုံး အယူခံအဖွဲ့ စာ ၈၀။

(၃) ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၅၁ (၁)။

အရ ဆယ်အိမ်ခေါင်းကို တိုင်ကြားခဲ့ခြင်းသည် ထိရောက်သော တိုင်ကြားချက်မြောက်သည်ဟု ယူဆရန်ဖြစ်ပါသည်ဟု တင်ပြသည်။

အထူးရာဇဝတ်ခုံး အယူခံအဖွဲ့က မောင်မြဟန် စီရင်ထုံးတွင် ကိုယ်တိုင်ထိခိုက်နစ်နာသူ တဦးဦးသည် ကိုယ်တိုင်တိုင်ကြားခြင်း မပြုနိုင်လျှင် ၎င်း၏ကိုယ်စား အခြားတဦးဦးကို တိုင်ကြားရန် စေလွှတ်လျှင်လည်း ကိုယ်တိုင်ထိခိုက် နစ်နာသူကပင် တိုင်ကြားခြင်း ဖြစ်သည်ဟု ယူဆာမည်ဖြစ်ကြောင်း ဆုံးဖြတ်ထားသည်ကို ကျွန်ုပ်တို့ တွေ့ရသည်။

အထက်ပါ မူများအရ ကိုယ်တိုင်ထိခိုက် နစ်နာသူက အခြားသူ တဦးဦးကို တိုင်ကြားရန် စေလွှတ်ခြင်း၊ ရဲအရာရှိများက စုံစမ်းအရေးယူလျက်ရှိသော အမှုတွင် ကိုယ်တိုင်ထိခိုက် နစ်နာသူက ဝင်ရောက်၍၊ ၎င်းသည် ကျေအေးခြင်းမရှိပါ၊ အမှုကို ဆက်လက် အရေးယူပေးပါဟု တောင်းဆိုခြင်း၊ ရုံးတင်၍ အမှုစစ်ဆေးနေသော အခါမှ ကိုယ်တိုင်ထိခိုက် နစ်နာသူက ဆက်လက်စစ်ဆေး စီရင်ပေးပါဟု တောင်းဆိုခြင်း စသည်တို့ကို ကိုယ်တိုင်ထိခိုက် နစ်နာသူကတိုင်ကြားခြင်း မြောက်သည်ဟု ယူဆ၍ ဆောင်ရွက်ခဲ့သည်တို့ကို တွေ့ရှိရသည်။

ဤအမှုတွင် ဆယ်အိမ်ခေါင်းသည် ကျေးရွာလုံခြုံရေးကို တာဝန်ယူရသူ တဦးဖြစ်သည်။ ၎င်းအား ဆိုးကျော်က ဒဏ်ရာဒဏ်ချက်များ ရပြီးနောက် သွားရောက် တိုင်ကြားခဲ့သည်။ ဆယ်အိမ်ခေါင်းသည် ရွာခေါင်းကိုတဆင့် ပြောခဲ့သည်၊ ဆယ်အိမ်ခေါင်းနှင့် ရွာခေါင်းတို့သည် ဆိုးကျော်ကို ထမ်းစင်နှင့်တင်၍ ရဲစခန်းသို့ပို့ရာတွင် ပါဝင်ခဲ့ကြသည်။ ရဲစခန်းတွင် တိုင်ချက်ဖွင့်ကြသည်။ ဖွင့်ချိန်၌ ဆယ်အိမ်ခေါင်းလည်းရှိသည်၊ ဒဏ်ရာအပြင်းအထန် ရနေသူ ကာယကံရှင်လည်းရှိသည်။ တိုင်ချက် ဖွင့်ခြင်းဖြင့် ရာဇဝတ်ဘရားစီရင်ရေး စက်ယန္တရား စတင်လှုပ်ရှားလာသည်။ ထိုအခြေအနေမျိုးတွင် သေသူက တိုင်ကြားခြင်းမပြုခဲ့၊ သေသူကပြောခဲ့သော ဆယ်အိမ်ခေါင်းက တိုင်ချက်မဖွင့်ခဲ့။ ထို့ကြောင့် အခြားသူတဦးက ဖွင့်ခဲ့သော တိုင်ချက်သည် တိုင်ကြားခြင်း မမြောက်ဟု ဆုံးဖြတ်ရမည်ဆိုလျှင် လွှတ်ငြိမ်းချမ်းသာခွင့် အမိန့်၏ အနှစ်သာရနှင့် စေတနာကို လိုက်နာရာမရောက်။ စကားရပ်နှင့် ပတ်သက်၍ ကပ်သတ်အငြင်းပွါးရာသာ ရောက်ပေသိမ့်မည်။

အထက်ပါ အကြောင်းတို့ကြောင့် ဤအမှုတွင် သေဆုံးသွားသူက ဆယ်အိမ်ခေါင်းအား တိုင်ကြားခဲ့ခြင်းသည် လွှတ်ငြိမ်းချမ်းသာခွင့် အမိန့် အပိုဒ် ၁ (၂) အရ တိုင်ကြားခြင်းမြောက်သည်ဟု ကျွန်ုပ်ဘို့ဆုံးဖြတ်သည်။

လွှတ်ငြိမ်းချမ်းသာခွင့် အမိန့်၏ အနှစ်သာရ၊ ရည်ရွယ်ချက်နှင့် စေတနာတို့ကို ပိုမိုထိရောက် အောင်မြင်စေခြင်းငှါ၊ တော်လှန်ရေး ကောင်စီက ကိုယ်တိုင်ထိခိုက်

နှစ်နာခြင်း ခံရသူတို့သည်၊ ၎င်း၏အခွင့်အရေးကို သုံးစွဲလျက် တိုင်ကြားခြင်း ပြုနိုင်သည့် ကာလကို အတိုင်းအတာမရှိ အတောမသတ် ဖွင့်မထားဘဲ ၁၉၆၇ ခု၊ ဧပြီလ ၃၀ ရက် နေ့ကို နောက်ဆုံးထားရမည်ဟု ကာလစည်းကမ်း သတ်မှတ်ပေးပြီး ဖြစ်သည်ကို ကျွန်ုပ်တို့ တွေ့ရသည်။ ထို့ကဲ့သို့ ကာလစည်းကမ်း သတ်မှတ်ခြင်းသည် လျော်ကံသင့်မြတ်ပေသည်။ ကာလစည်းကမ်း သတ်မှတ်လိုက်ခြင်းဖြင့် နောက်အခါများတွင် လွှဲပြင်မိုးချမ်းသာခွင့်ကို အဓိပ္ပါယ်ဖွင့်ဆိုရန် ပြဿနာများ ပေါ်ပေါက်လာနိုင်ဘွယ် ရှိတော့မည် မဟုတ်ပေ။

၁၉၆၇ မောင်ညွန့်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီးချုပ် ဒေါက်တာမောင်မောင်နှင့် တရားသူကြီး ဦးချစ်တို့ရှေ့တွင်

မောင်လှအေး (ပြင်ဆင်ရန်လျှောက်ထားသူ)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (ပြင်ဆင်ရန်လျှောက်ထားခံရသူ) *

† ၁၉၆၇ ပြီလ ၂၉ ရက်။

ရာဇသတ်ကြီးပုဒ်မ ၄၀၉ အရ တရားစွဲဆိုခြင်း—ပြည်သူ့ချေးငှေ့ကုမ္ပဏီသည် တသီးပုဂ္ဂလကုမ္ပဏီဖြစ်ခြင်း—မိမိလက်ဝယ်ရောက်ရှိနေသော ပစ္စည်းများကို ကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်ခြင်း—ပစ္စည်းပိုင်ရှင်များ၏ နစ်နာမှုဟုတ် မဟုတ်—လွှတ်ငြိမ်းချမ်းသာခွင့် အမိန့်တွင် အကျုံးဝင် မဝင်။

ဆုံးဖြတ်ချက်။ ။အခင်းဖြစ်ချိန်အခါက ပြည်သူ့ချေးငှေ့ကုမ္ပဏီသည် အစိုးရပိုင်ကုမ္ပဏီမဟုတ် တသီးပုဂ္ဂလကုမ္ပဏီဖြစ်သည်။ ကုမ္ပဏီများအက်ဥပဒေအရ မှတ်ပုံတင်ထားသည်ကိုလည်း တွေ့ရှိရသည်။ ၎င်းပြင် သင်းဖွဲ့မှတ်တမ်းနှင့်သင်းဖွဲ့စည်းမျဉ်းတို့အရ လုပ်ငန်းဆောင်တာများကို လုပ်ကိုင်နေကြောင်းတွေ့ရှိရသည်။ ၁၉၆၂ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့မှသာလျှင် ပြည်သူ့ငွေချေးကုမ္ပဏီသည် အစိုးရပိုင်ဖြစ်လာပါသည်။

ထို့ပြင် ပြည်သူ့ငွေချေးကုမ္ပဏီသည် ပစ္စည်းရှင်များ ပေါင်နှံသော ပစ္စည်းများကို လက်ခံ၍ တာဝန်ယူရသည်။ ယင်းသို့ တာဝန်ယူရာ၌ မိမိပိုင် ပစ္စည်းအနေဖြင့် အထူးဂရုစိုက်၍ စောင့်ရှောက်ရသည်။ မိမိလက်ဝယ်ရောက်ရှိနေသော ပစ္စည်းများကို လျှောက်ထားသူက ၎င်း၏ကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်ခြင်းသည် ပြည်သူ့ငွေချေးကုမ္ပဏီ၏ အကျိုးနစ်နာမှုသာဖြစ်သည်။ **ပစ္စည်းပိုင်ရှင်များ၏ နစ်နာမှုမဟုတ်၊** အဘယ်ကြောင့်ဆိုသော် ထိုပေါင်နှံထားသောပစ္စည်းများနှင့် ပတ်သက်၍ ပြည်သူ့ငွေချေးကုမ္ပဏီကလျော်ကြေးပေးရမည်ဖြစ်သည်။

ထို့ကြောင့် နစ်နာသူများမှာ ပစ္စည်းပိုင်ရှင်များမဟုတ်ဘဲ ပြည်သူ့ငွေချေးကုမ္ပဏီသာဖြစ်ပြီး ၎င်းတို့၏မန်နေဂျာကို ရဲဌာနတွင် တိုင်တန်းရန်ခိုင်းဆိုသဖြင့် မန်နေဂျာက တိုင်တန်းခြင်းမှာ လွှတ်ငြိမ်းချမ်းသာခွင့်အမိန့်တွင်အကျုံးမဝင်။

---

* ၁၉၆၇ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၃ (ခ)။

† ၁၉၆၂ ခုနှစ်၊ ရာဇဝတ်ကြီးမူအမှတ် ၁၅၇၉ တွင် ရန်ကုန်မြို့၊ စတုတ္ထရာဘက်ရာဇဝတ် တရားသူကြီးချမှတ်သော အမိန့်ကိုပြန်၍ ပြင်ဆင်လျှောက်ထားသောလျှောက်လွှာ။

ပြင်ဆင်ရန် လျှောက်ထားသူအတွက်။ ။ဦးဘရုံ။

ပြင်ဆင်ရန် လျှောက်ထား ခံရသူအတွက်။ ။အစိုးရရွှေနေကြီး ဦးမျိုးထွန်းလင်း။

၁၉၆၇ မောင်လှအေး နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

တရားသူကြီး ဦးချစ်။ ။လျှောက်ထားသူ (တရားခံ) မောင်လှအေးသည်၊ ရန်ကုန်မြို့၊ မြေနီကုန်း ပြည်သူ့ဒေသချေးငှာနတွင် ပစ္စည်းထိန်း ဖြစ်ခဲ့သည်။ ၎င်း၏ တာဝန်မှာ အပေါင်ခံ ပစ္စည်းများကို ထိန်းသိမ်း ရသေးသည်။ အပေါင်ခံ ပစ္စည်းများ ဖြစ်သောရွှေထည်ပစ္စည်း အထုပ်ပေါင်း ၄၆ ထုပ် တန်ဘိုး ၉၀,၀၀၀ ကျော်ဘိုးကို မိမိကိုယ်ကျိုးအတွက် မရိုးမဖြောင့်သော သဘောဖြင့် အလဲသုံးစားခဲ့သည်ကို ပွေ့ရှိခဲ့သဖြင့် ပြည်သူ့ဒေသချေးငှာန မန်နေဂျာဖြစ်သူ ဦးအောင်မြင့်က ၎င်းအပေါ် ရာဇသတ်ပုဒ်မ ၄၀၉ အရ အရေးယူပါရန် ရဲဌာနာတွင် တိုင်တန်းခဲ့လေသည်။ ရဲကအမှုကို စုံစမ်းပြီးလျှင် လျှောက်ထားသူ မောင်လှအေးအပေါ် ရာဇသတ်ပုဒ်မ ၄၀၉ အရ၊ တရားစွဲဆို ရန် ရန်ကုန်မြို့၊ စတုတ္ထရာဘက် ရာဇဝတ်တရားသူကြီးရုံး၊ ၁၉၆၂ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၁၅၇၉ တွင် ၁၉၆၂ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့က တင်ပို့ခဲ့သည်။ အမှုမှ တရားလိုပြ သက်သေများကို စစ်ဆေးနေခိုက် ၁၉၆၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့တွင် မောင်လှအေး၏ ပညာရှိ ရှေနေကြီး ဦးဘရုံက အမှုသည် လွှဲပြောင်းချမ်းသာခွင့် နှင့် အကျုံးဝင်ပါသဖြင့်၊ မောင်လှအေးအား လွှတ်ပေးရန် လျှောက်ထား ခဲ့လေသည်။ မူလရုံးက အမှုသည် လွှဲပြောင်းချမ်းသာခွင့် အမိန့်အတွင်း မကျရောက်ဟု ယူဆသဖြင့် လျှောက်လွှာကို ပယ်ပလိုက်လေသည်။

ထိုအမိန့်ကို မကျေနပ်သဖြင့် လျှောက်ထားသူ မောင်လှအေးက ဟံသာဝတီနှင့် ရန်ကုန်ခရိုင် စက်ရှင်တရားသူကြီးရုံး၊ ၁၉၆၆ ခုနှစ်၊ ပြင်ဆင်မှုအမှတ် ၃၄ တွင် ပြင်ဆင်လွှာတင်သွင်းခဲ့လေသည်။

စက်ရှင် တရားသူကြီးက ဤအမှုသည် လွှဲပြောင်းချမ်းသာခွင့် အမိန့်အတွင်း ကျရောက်သည်ဟု ယူဆ၍၊ မူလရုံး၏အမိန့်ကို ပယ်ဖျက်ပေးပါရန် ဤရုံးသို့ ထောက်ခံ တင်ဆက်လေသည်။

လျှောက်ထားသူ၏ ရှေနေကြီး ဦးဘရုံက စက်ရှင် တရားသူကြီး၏ ထောက်ခံချက်တွင် ပေါ်ပြထားသော အကြောင်း အချက်အလက်များထက် ပို၍မတင်ပြနိုင်ပါ။ ထောက်ခံ တင်ပြချက်ကို လက်ခံပါရန် လျှောက်ထားသွားလေသည်။

အစိုးရ ရှေနေကြီး ဦးမျိုးထွန်းလင်းက ဤအမှု အချင်းဖြစ်သော အချိန်မှာ ၁၉၆၂ ခုနှစ်၊ စက်တင်္ဘာလ ၁၄ ရက်နေ့ဖြစ်ပါသည်။ မန်နေဂျာ ဦးအောင်မြင့်က ရဲဌာနာတွင် တိုင်တန်းသောနေ့မှာ ၁၉၆၂ ခုနှစ်၊ စက်တင်္ဘာလ ၁၅ ရက်နေ့ဖြစ်ပါသည်။ ထိုအခါက ပြည်သူ့ဒေသချေးလုပ်ငန်းသည် ဘီ၊အီး၊ဒီ၊စီ၊ လက်အောက်တွင် ဆောင်ရွက်

၁၉၆၇ မောင်လှအေး နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

နေသော လုပ်ငန်းတခုပ် ဖြစ်ပါသည်။ ၁၉၆၁ ခုနှစ်၊ မြန်မာနိုင်ငံ စီးပွါးရေး တိုးတက်မှု ကော်ပိုရေးရှင်း အက်ဥပဒေ (၁၉၆၁ ခု၊ အက်ဥပဒေအမှတ် ၁၃) အရ၊ ပြည်သူ့ ဒေချေး ကုမ္ပဏီသည် ဇယားတွင် မပါဝင်သေးပါ။ ၁၉၆၂ ခုနှစ်၊ မြန်မာနိုင်ငံ စီးပွါးရေးတိုးတက်မှု ကော်ပိုရေးရှင်း အက်ဥပဒေကို ပြင်သည့်ဥပဒေ (၁၉၆၂ ခု၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၃၀) တွင် ဇယားအမှာ် ၃၁ အရ၊ ပြည်သူ့ ဒေချေး ကုမ္ပဏီ လီမိတက်သည် ဇယားဝင်ကုမ္ပဏီ ဖြစ်လာပါသည်၊ ၎င်းပြင် ထိုအက် ဥပဒေပုဒ်မ ၆-က (၁) အရ ဇယားဝင်ပြည်သူ့ဒေချေး ကုမ္ပဏီ လီမိတက်အပြင်၊ အခြားဇယားဝင်ပါ တရားဝင်အဖွဲ့အစားလုံးသည် အစိုးရပိုင် ပစ္စည်းဖြစ်လာပါသည်။ ထိုပြင်သည့် ဥပဒေသည် ၁၉၆၂ ခု၊ စက်တင်ဘာလ ၂၆ ရက်နေ့ကစ၍ အာဏာတည်လာ ပါသည်။ ထို့ကြောင့်အမှုဖြစ်သည့် ၁၉၆၂ ခု၊ စက်တင်ဘာလ ၁၄ ရက်နေ့မှာ ပြည်သူ့ ဒေချေး ကုမ္ပဏီသည် တသီးပုဂ္ဂလကုမ္ပဏီ ဖြစ်ပါသည်။ ထိုပြည်သူ့ဒေချေး ကုမ္ပဏီတွင် ပစ္စည်းရှင်များက ပေါင်နှံထားသော ပစ္စည်းများကို လက်ဝယ် ထားရှိ၍ ထိုပစ္စည်း အတွက် ချေးငွေများကို ပစ္စည်းရှင်များအား ပေးရပါသည်။ ပစ္စည်းများ ပျောက်ဆုံး သွားသည့်အတွက် တာဝန်ရှိသူမှာ ပြည်သူ့ဒေချေး ကုမ္ပဏီသာ ဖြစ်ပါသည်။ နစ်နာ သူလည်း ဖြစ်ပါသည်။ ပျောက်ဆုံးသွားသော ပစ္စည်းများအတွက် ပစ္စည်းရှင်များက မိမိတို့ ပေါင်နှံထားသော ပစ္စည်းများကို လာရွေးလျှင် ကုမ္ပဏီက လျော်ကြေးပေးရန် ရှိပါသည်။ ထို့ကြောင့် စက်ရှင်တရားသူကြီး ယူဆထားသည့်အတိုင်း ဆုံးရှုံးနစ်နာ သော ကုမ္ပဏီက ၎င်းတို့၏ မန်နေဂျာကိုရဲဌာနာတွင် တိုင်တန်းရန် ခိုင်းဆိုသဖြင့် မန်နေဂျာက ရဲဌာနာတွင် တိုင်ခြင်းမှာ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်အပိုဒ် ၁ (၂) တွင် အကျုံးဝင်သဖြင့် ထိုအမိန့်နှင့် မသက်ဆိုင်ပါ။ ထိုအကြောင်းနှင့် ပတ်သက်၍ **စန္ဒာသီရီ (ခေါ်) မောင်လှတင်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ** (၁) တွင် ပြဆိုထားပြီး ဖြစ်သည်။ ထို့ကြောင့် ဤအမှုသည် လွတ်ငြိမ်းချမ်းသာခွင့် အမိန့်အတွင်း ကျရောက် ခြင်းမရှိသောကြောင့်၊ စက်ရှင်တရားသူကြီး၏ထောက်ခံချက်ကိုလက်ခံရန်အကြောင်း မရှိပါဟု တင်ပြသွားလေသည်။

ကျွန်ုပ်တို့သည် ဤအမှုကို အသေးစိတ် သုံးသပ်ရာတွင် ၎စီးရရှေ့နေကြီး တင်ပြ သကဲ့သို့ တွေ့ရှိရသည်။ အခင်းဖြစ်ချိန် အခါက ပြည်သူ့ဒေချေး ကုမ္ပဏီသည် အစိုးရပိုင် ကုမ္ပဏီမဟုတ်၊ တသီးပုဂ္ဂလ ကုမ္ပဏီဖြစ်သည်၊ ကုမ္ပဏီများ အက်ဥပဒေ အရ မှတ်ပုံတင်ထားသည်ကိုလည်း တွေ့ရှိရသည်။ ၎င်းပြင် သင်းဖွဲ့မှတ်တမ်းနှင့်သင်းဖွဲ့ စည်းမျဉ်းတို့အရ လုပ်ငန်းဆောင်တာများကို လုပ်ကိုင်နေကြောင်း တွေ့ရှိရသည်။

---

(၁) နိုင်ငံတော်တရားရုံးချုပ်၊ ၁၉၆၃ ခုနှစ်၊ အထူးရာဇဝတ်အယူခံမှု အမှတ် ၃။

၁၉၆၂ ခု၊ စက်တင်္ဘာလ ၂၆ ရက်နေ့မှသာသျှင် ပြည်သူ့ဒေချေး ကုမ္ပဏီသည် အစိုးရ ပိုင်ဖြစ်လာပါသည်။

ထို့ပြင် ပြည်သူ့ဒေချေး ကုမ္ပဏီသည် ပစ္စည်းရှင်များ ပေါင်နှံသော ပစ္စည်းများကို လက်ခံ၍ တာဝန်ယူရသည်။ ယင်းသို့ တာဝန်ယူရာ၌ မိမိပိုင်ပစ္စည်းအနေဖြင့် အထူး ဂရုစိုက်၍ စောင့်ရှောက်ရသည်။ မိမိလက်ဝယ် ရောက်ရှိနေသော ပစ္စည်းများကို လျော်ကထားသူ မောင်လှအေးက ၎င်း၏ကိုယ်ကျိုးအတွက် အလွဲသုံးစား ပြုလုပ်ခြင်းသည် ပြည်သူ့ဒေချေး ကုမ္ပဏီ၏ အကျိုးနှစ်နာမှုသာ ဖြစ်သည်။ ပစ္စည်းပိုင်ရှင်များ၏ နှစ်နာမှုမဟုတ်၊ အဘယ်ကြောင့်ဆိုသော် ထိုပေါင်နှံထားသော ပစ္စည်းများနှင့် ပတ်သက်၍ ပြည်သူ့ဒေချေး ကုမ္ပဏီက လျော်ကြေးပေးရမည် ဖြစ်သည်။

ထို့ကြောင့် စက်ရှင် တရားသူကြီးက နှစ်နာသူများမှာ ပစ္စည်း ပိုင်ရှင်များသာ ဖြစ်သဖြင့် ပြည်သူ့ဒေချေးကုမ္ပဏီ မန်နေဂျာသည် ၎င်းတို့၏ ညွှန်ကြားချက်အရ၊ ရဲဌာနဘဉ် တိုင်တန်းခြင်း မဟုတ်သောကြောင့် ဤအမှုသည် လွတ်ငြိမ်းချမ်းသာခွင့် အမိန့်တွင် အကျုံးဝင်သည်ဟု ထောက်ခံချက်ကို ကျွန်ုပ်တို့ လက်ခံရန် အကြောင်း မမြင်ပေ။ သို့ဖြစ်၍ ဤလျှောက်လွှာကို ပယ်လိုက်သည်။

ဤအမှုသည် ၁၉၆၂ ခုနှစ်ကစ၍ စွဲဆိုသောအမှုဖြစ်သည်၊ ယခု ၁၉၆၇ ခုနှစ် တိုင်အောင် တရားလိုပြ သက်သေများကို ပြည့်စုံစွာ စစ်ဆေး၍ မပြီးသေးကြောင်း တွေ့ရှိရသည်။ ဤကဲ့သို့သော ကြန့်ကြာမှုမျိုးကို မလိုလားအပ်ပေ။ ဤအမှုသည် မူလရုံးသို့ ပြန်လည်ရောက်ရှိသောအခါ မူလရုံးက အထူးဦးစားပေး၍ အလျင်အမြန် ပြီးဆုံးအောင် စစ်ဆေးသွားရန် ညွှန်ကြားလိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီးချုပ် ဒေါက်တာမောင်မောင်နှင့် တရားသူကြီး ဦးချစ်တို့ရှေ့တွင်

ရဲသန်း (ခေါ်) စိန်တင် (ခေါ်) သောင်းတင် (ခေါ်) သန်းတင်
(အယူခံတရားလို)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

† ၁၉၆၇ ခုနှစ်၊ ဧပြီလ ၆ ရက်။

၁၉၅၀ ခုနှစ်၊ အရေးပေါ် စီမံမှုအက်ဥပဒေ ပုဒ်မ ၃—သေနတ်ဖြင့်ပစ်ခတ်ခြင်း—ရဲများထံမှ သေနတ်လက်နက်များကို ရရှိရန်အတွက်သာပစ်ခြင်း—ပြစ်မှုကျူးလွန်ခြင်း ဖြစ် မဖြစ်။

ဆုံးဖြတ်ချက်။ ။ဦးသင်းစိန်အိမ်အရောက်တွင် အယူခံတရားလိုနှင့်တကွ ၎င်း၏အဖွဲ့တို့က အိမ်ထဲသို့သေနတ်နှင့်ပစ်ခတ်လေသည်။ ထိုသို့ပစ်ခတ်ခြင်းကြောင့်ရဲကြပ်ကြီးနှင့် ဦးသင်းစိန်၏သမီး တယောက်သေဆုံးသွားရရှာသည်။ မည်သူ၏လက်ချက်ကြောင့် သေဆုံးသွားရသည်ကိုကား မသိရှိနိုင်ပေ။ သို့ရာတွင် ဦးသင်းစိန်အိမ်သို့ သေနတ်နှင့် ပစ်ခတ်ခြင်းမှာ အယူခံတရားလိုက ရဲများထံမှ သေနတ်လက်နက်များကို ရရှိရန်အတွက်သာ ဖြစ်သည်ဟု ယူဆရပေမည်။

ထို့ကြောင့် အယူခံတရားလိုသည် ၁၉၅၀ ခုနှစ်၊ အရေးပေါ် စီမံမှုအက်ဥပဒေပုဒ်မ ၃ အရ ပြစ်မှုကျူးလွန်ကြောင်း မတွေ့ရှိရပေ။

ပြည်ထောင်စုမြန်မာနိုင်ငံ နှင့် စောစတင်းလေပါ ဂ၊ ၁၉၅၁ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး၊ တရားလွှတ်တော်၊ စာ ၂၀ ရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။ဒေါက်တာ မောင်မောင်ကျော်။

အယူခံတရားခံအတွက်။ ။အစိုးရရှေ့နေကြီး ဦးမျိုးထွန်းလင်း။

တရားသူကြီး ဦးချစ်။ ။သတိုမြို့၊ အထူးတရားသူကြီးရုံး၊ ၁၉၆၄ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၂၂ တွင် အယူခံတရားလိုရဲသန်း (ခေါ်) စိန်တင် (ခေါ်) သောင်းတင် (ခေါ်) သန်းတင် အပေါ် ၁၉၅၀ ခုနှစ်၊ အရေးပေါ် စီမံမှု အက်ဥပဒေ ပုဒ်မ ၃ အရ၊

---

* ၁၉၆၅ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၂၂၉။

† ၁၉၆၄ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၂၂ တွင်ချမှတ်သော ၁၉၆၅ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့စွဲပါ သတိုမြို့၊ အထူးတရားသူကြီး၏အမိန့်ကိုအယူခံမှု။

ပြစ်မှု ကျူးလွန်သည်ဟု ယူဆကာ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန်၊ ငင်းပြင် ၁၉၄၉ ခုနှစ်၊ လက်နက် (အရေးပေါ် ပြစ်ဒဏ် စီရင်မှု) (ယာယီ) အက်ဥပဒေ ပုဒ်မ ၂ (၁) (က) အရ၊ ပြစ်မှု မြောက်သည်ဟု ယူဆကာ အလုပ်နှင့် ထောင်ဒဏ် ၃ နှစ် ကျခံစေရန်အမိန့် ချမှတ် ခဲ့လေသည်။ ထိုအမိန့်ကို အယူခံ တရားလိုက မကျေနပ်သဖြင့် ဤရုံးသို့ အယူခံ ဝင်လာခြင်း ဖြစ်သည်။

ဤရုံးက အယူခံကို လက်ခံသောအခါ အယူခံ တရားလိုအပေါ် ၁၉၅၀ ခုနှစ်၊ အရေးပေါ် စီမံမှု အက်ဥပဒေ ပုဒ်မ ၃ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ပေးထား သောပြစ်ဒဏ်မှာ ဥပဒေက သတ်မှတ်ထားသော ပြစ်ဒဏ်မဟုတ်။ ဥပဒေက သတ်မှတ် ထားသော ပြစ်ဒဏ်မှာ သေဒဏ်၊ သို့မဟုတ် တသက်တကျွန်းသာလျှင် ဖြစ်သည်။ ထို့ကြောင့် ယင်းပြင်ဆင်မှုနှင့် ပတ်သက်၍ အယူခံ တရားလို ရဲသန်း အပေါ် ပြစ်ဒဏ် တိုးမြှင့်ပေးရန်နှင့် ပတ်သက်ပြီး ဤရုံးက ၁၉၆၆ ခုနှစ်၊ ရာဇဝတ် ပြင်ဆင်မှုအမှတ် ၂၅ (က) ကို ဖွင့်လှစ်လေသည်။ ရဲသန်းထံသို့ အကြောင်း ကြားပြီး ဖြစ်သည်။ ရဲသန်းကလည်း အကြောင်းကြားစာကို လက်ခံ ထားပြီး ဖြစ်သည်။

ယခုရဲသန်းက အယူခံသော အယူခံမှုနှင့် ရဲသန်းတို့ ဖွင့်သော ပြင်ဆင်မှုတို့မှာ ဆက်စပ်နေသဖြင့် ဤအယူခံမှုတွင် တပေါင်းတည်း အမိန့် ချမှတ်မည်။

အမှုအကြောင်းခြင်းရာနှင့် ပတ်သက်၍၊ မူလရုံး၏ စီရင်ချက်တွင် ပြည့်စုံစွာ ဖော်ပြ ထားပြီးကြောင်း တွေ့ရှိရသည်။ သို့သော် ဤအယူခံမှုနှင့် ပြင်ဆင်မှုတို့ကို ဆုံးဖြတ်ပေးရန် လိုအပ်သည့် အဓိက အချက်လောက်ကိုသာ ဖော်ပြ သွားပေမည်။ ရဲသန်းသည် တောခို သောင်းကျန်းသူ တယောက် ဖြစ်သည်။ဂုင်းသည် ဘားအံ နှင့် ပေါင်မြို့ တဝိုက်တွင် လှည့်လယ်သွားလာ၍ သောင်းကျန်းမှုများကို ပြုလုပ်နေသူ တဦး ဖြစ်သည်။ သို့ရာတွင် အစိုးရ တပ်စခန်းတွင် လက်နက် ချလိုသဖြင့်၊ ၁၉၆၅ ခု၊ စက်တင်ဘာလ ၁၂ ရက်နေ့တွင်၊ ပေါင်မြို့ ရဲဌာနာအပိုင် အုတ္တတားရွာ၊ မောင်ချောင် (လိုပြ-၁၈) အိမ်သို့ ရောက်ရှိလာသည်။ ထိုအခါက ရဲသန်းတွင် စတင်း တလက်နှင့် ရိုင်ဖယ် တလက် ပါလာသည်။ မောင်ချောကို ရဲသန်းက ယခင် ကတည်းက သိခဲ့ ဘူးသည်။ မောင်ချောအား ရဲသန်းက လက်နက်ချရန် လာကြောင်း ပြောပြပြီး မျှသူကြီး ဒီပုအိမ်သို့ လိုက်ပို့ရန် ပြောလေသည်။ ရဲသန်းနှင့် အတူ ပါလာသူ ၄ ယောက်တို့တွင်၊ စတင်း သေနတ်နှင့် အခြား သေနတ် တလက် ပါလာလေသည်။ မောင်ချောက အိမ်ပေါ်မှ အဆင်းတွင် နွားချည်သည့် ကြိုးဖြင့် လက်ပြန်ကြိုး တုပ် လေသည်။ ထိုနောက် ထိုရွာတွင် နေထိုင်သော ဦးသင်းစိန်၏ အိမ်ကို လိုက်ပြခိုင်းရာ မောင်ချောက လိုက်ခဲ့ရသည်။ ထိုည ၁၀ နာရီ အချိန်တွင် ပေါင်ရဲဌာနာမှ ရဲကြပ်ကြီး သိန်းဖေ နှင့် ရဲသား ၃ ယောက်တို့သည်၊ ဦးသင်းစိန်အိမ်တွင် တည်းခိုနေကြ

၁၉၆၇

ရဲသန်း(ခေါ်) စိန်တင် (ခေါ်) သောင်းတင် (ခေါ်) ဆန်းထင် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

သည်။ ရဲသန်းနှင့် အပေါင်းပါတို့သည်၊ **ဦးသင်းစိန်အိမ်သို့ အရောက်တွင် အိမ်ရှေ့မှနေ၍၊ အိမ်ထဲသို့ သေနတ်နှင့် ဒလကြမ်း ပစ်ခတ်ကြသည်။** ထိုသို့ ပစ်ခတ်နေစဉ်တွင် ရဲသန်းသည် ဦးသင်းစိန် အိမ်ထဲသို့ ဝင်၍ စတင်းတလက်နှင့် ရိုင်ဖယ် ၂ လက်ကို ယူလာခဲ့ပြီး ထိုနေရာမှ ထွက်ခွါသွားကြသည်။ မောင်ချောကိုပါ ခေါ်၍ ရွာအပြင် တောလမ်းအတွင်း ရောက်ရှိသောအခါ မောင်ချောအား ရဲသန်းက ရိက္ခာ စုဆောင်းရန် စာတစောင်ရေး၍ ပေးပြီးလျှင် ထိုစာနှင့်အတူ မောင်ချောကို ရွာသို့ ပြန်သွားစေသည်။။ ဦးသင်းစိန် အိမ်တွင် သေနတ် ဒဏ်ရာကြောင့် ရဲကြပ်ကြီး ဦးသိန်းဖေနှင့် ဦးသင်းစိန်၏ သမီး မမြည့်နှင့်တို့မှာ သေဆုံးသွားကြလေသည်။ အခြား ရဲသားတို့မှာ ဒဏ်ရာများ ရရှိကြလေသည်။ ရဲသန်းသည် ရဲသားများ ထံမှ ရရှိသော သေနတ်ကိုယူပြီး တောတောင်များကို ဖြတ်ကာ ၁၉၆၄ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့တွင် ဘားအံမြို့ရှိ စစ်တပ်တွင် မိမိကိုင်ဆောင်သော လက်နက်နှင့် တကွ ရဲထံမှ ယူလာသော လက်နက်များ၊ ခဲယမ်းမီးကျောက်များပါ ပေးအပ်၍ လက်နက်ချပြီး အလင်းသို့ ဝင်လာခဲ့လေသည်။

ထိုသို့ လက်နက်များဖြင့် အလင်းဝင်လာသော ရဲသန်းအား၊ ဗိုလ်ကြီး ခင်မောင်မြင့် (လိုပြ-၂၁) က ဆုပေးရန် ခရိုင် လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မီတီကိုပင် အကြောင်းကြားခဲ့လေသည်။ သို့သော် အုတ္တတားကျေးရွာမှ လက်နက်မှုဖြင့် ရဲသန်းအပေါ် စွပ်စွဲချက်ရှိ၍ ရဲက ရဲသန်းကို ဖမ်းဆီးရန် အကြောင်းကြားသဖြင့် ရဲလက်ထဲသို့ အပ်သိုက်ရသောကြောင့် ရဲသန်းအား ဆုပေးရန် ကိစ္စများကို မဆောင်ရွက် နိုင်တော့ပေ။ အယူခံ တရားလို၏ ရှေ့နေကြီး ဒေါက်တာ မောင်မောင်ကျော်က အယူခံ တရားလို ရဲသန်းသည် စစ်တပ်တွင် လက်နက်ချရန် အလာ၊ မောင်ချော အိမ်၌ဝင်၍ တည်းခိုထုတွင် ထိုရွာတွင် တည်းခိုနေသော ရဲသားများက ရဲသန်းတို့ လူစုအား၊ စာဘ်ပစ်ခတ်သဖြင့်ရဲသန်းတို့ကလည်း၊ ပြန်၍ ခုခံရပါသည်။ ထိုနောက် ရဲထံမှ ရရှိသော လက်နက်များကိုယူ၍ ဘားအံစစ်တပ်တွင် လက်နက်ချ အလင်းဝင်ရာ၌ ထိုရဲသားများထံမှ ရရှိသော လက်နက်များကိုပါ ပေးအပ်ခဲ့ပါသဖြင့် မည်သည့်ပြစ်မှုကိုမှ မကျူးလွန်ခဲ့ပါဟု တင်ပြ သွားလေသည်။

အစိုးရရှေ့နေကြီး ဦးမျိုးထွန်းလင်းက ရဲသန်းသည် လက်နက်ချရန် လာသည်မှာ အငြင်းမထွက်ပါ။ လက်နက်ချရန် အလာတွင် အုတ္တတားရွာ၌ ဦးသင်းစိန်အိမ်တွင် ရဲများ ရှိနေကြောင်း သိသဖြင့် ပစ်ခတ်ပြီး ရဲများထံမှ အစိုးရ သေနတ်များကို ရယူခြင်းမှာ ၁၉၄၉ ခုနှစ်၊ လက်နက် (အရေးပေါ်ပြစ်ဒဏ် စီရင်မှု) (ယာယီ) အက်ဥပဒေပုဒ်မ ၂ (၁) (က) တွင် အကျုံးဝင်နေပါသဖြင့် ပြစ်မှုမြောက်သည်မှာ ထင်ရှားပါသည်။ ဦးသင်းစိန်အိမ်တွင် ရှိသော ရဲများကို ပစ်ခတ်ရာ၌၊ မည်သူ၏

လက်ချက်ကြောင့် ရဲကြပ်ကြီးနှင့် ဦးသင်းစိန်၏သမီး တယောက် သေရသည်မှာ မပေါ်လွင်ပါ။ ထိုသို့ ရဲကြပ်ကြီးနှင့် အိမ်သားများကို ပစ်ခတ်ရန် ကြိုတင် ကြံရွယ်ကြောင်းကိုလည်း တရားလိုဘက်က မပြနိုင်သဖြင့် ဦးသင်းစိန်၏အိမ် အစပ်မှ ယမ်း ဘောင့်ခွံအများအပြား ကောက်ယူရရှိခြင်းကို ထောက်ထားသဖြင့် အိမ်အတွင်းရှိ ရဲသားများကလည်း ပြန်လည် ပစ်ခတ်သည်ဟု ယူဆရန် အကြောင်းရှိပါသည်။ ရဲသန်းနှင့်တကွ ၎င်း၏အဖော်တို့က ရဲများထံမှ သေနတ်ယူရန် အတွက်သာလျှင် တိုက်ခိုက်ယူသောကြောင့် ရဲများ၏ အလုပ်ဝတ်တရားကို ဟန့်တားစေလိုသည့် သဘောဖြင့် ကြံရွယ်၍ ပြုလုပ်သည့် လက္ခဏာ မပေါ်ပါ။ ထို့ကြောင့် အရေးပေါ် စီမံမှုအက်ဥပဒေပုဒ်မ ၃ နှင့် အကျုံးမဝင်ပါ။ လက်နက်မှုနှင့်သာလျှင် အကျုံးဝင်ပါသည်ဟု တင်ပြ သွားလေသည်။

၌အမှုတွင် မောင်ချော (လိုပြ-၁၈) သည်၊ အရေးကြီးသော သက်သေ ဖြစ်သည်။ မောင်ချောသည်၊ ရဲသန်းကို ယခင် ကတည်းက သိသည်။ ရဲသန်းက လက်နက် ချလိုကြောင်းဖြင့် မောင်ချောအား လာရောက်ပြောရာမှ ရှာရှိ ဦးသင်းစိန်အိမ်သို့ လိုက်ပြလိုက်သည်။ ဦးသင်းစိန် အိမ် အရောက်တွင်၊ ရဲသန်းနှင့် တကွ ၎င်း၏အဖွဲ့ တို့က အိမ်ထဲသို့ သေနတ်နှင့် ပစ်ခတ်လေသည်။ ထိုသို့ ပစ်ခတ်ခြင်းကြောင့် ရဲကြပ်ကြီးနှင့် ဦးသင်းစိန်၏ သမီးတယောက် သေဆုံးသွားရရှာသည်။ မည်သူ၏ လက်ချက်ကြောင့် သေဆုံးသွားရသည်ကိုကား မသိရှိနိုင်ပေ။ သို့ရာတွင် ဦးသင်းစိန် အိမ်သို့ သေနတ်နှင့် ပစ်ခတ်ခြင်းမှာ ရဲသန်းက ရဲများထံမှ သေနတ် လက်နက်များကို ရရှိရန် အတွက်သာ ဖြစ်သည်ဟု ပေါ်လွင်သည်။ပစ်ခတ်နေသည့် အခါတွင် ရဲသန့်း သည် အိမ်ထဲသို့ဝင်၍ ရဲများ ကိုင်ဆောင်သော စတင်းတလက်နှင့် ရိုင်ဖယ် နှစ်လက် ကို ရယူခဲ့လေသည်။ ထိုသို့သော ပြုမူချက်မှာ ရဲများ၏ လုပ်ငန်းကို ဟန့်တားစေလို သောသဘောဖြင့် ပြုလုပ်သည်ဟု မဆိုနိုင်ပေ။ သေနတ် လက်နက်ကို ရယူရန် အတွက် သာလျှင် ဖြစ်သည်ဟု ယူဆရပေမည်။ **ပြည်ထောင်စုမြန်မာနိုင်ငံ** နှင့် **စောစတင်း လေပါဂျူ** (၁) အမှုကို ကြည့်ပါ။

ထို့ကြောင့်ရဲသန်းသည် ၁၉၅၀ ခုနှစ်၊ အရေးပေါ် စီမံမှု အက်ဥပဒေ ပုဒ်မ ၃ အရ၊ ပြစ်မှုကျူးလွန်ကြောင်း မတွေ့ရှိရပေ။ ယင်းကဲ့သို့ မတွေ့ရှိရသောကြောင့် ၎င်းအပေါ် ထိုအက်ဥပဒေ ပုဒ်မ ၃ အရ၊ ပြစ်မှုမြောက်သည်ဟု တွေ့ရှိရခြင်းနှင့် ပြစ်ဒဏ် ချမှတ် ခြင်းတို့ကို ပယ်ဖျက်လိုက်သည်။

သို့သော် အစိုးရပိုင် သေနတ် လက်နက်ကို ခိုးယူမှုဖြင့် ရဲသန်းတွင် တာဝန် ရှိ ပေသည်။ ယင်းကဲ့သို့ တာဝန်ရှိသည့် အားလျော်စွာ ၎င်းကို အပြစ်ပေးရပေမည်။

(၁) ၁၉၅၁ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး၊ တရားလွှတ်တော်စာ ၂၀။

ဘုရားဖွဲ့

ရဲသန်း(ခေါ်) စိန်ထင် (ခေါ်) သောင်းတင် (ခေါ်)သန်း ထင် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

မူလရုံးက ယင်းပြစ်မှုနှင့် ပတ်သက်၍ အလုပ်နှင့် ထောင်ဒဏ် ၃ နှစ် ပေးခဲ့လေသည်။ ယင်းပြစ်မှုကို ကျူးလွန်သူအား သေဒဏ်၊ သို့မဟုတ် တသက်တကျွန်း၊ သို့မဟုတ် ၁၀ နှစ်ထက် မနည်းသော ထောင်ဒဏ်ကို ကျခံစေရန် သတ်မှတ်ထားသည်။

ယခုအမှုတွင် ရဲသန်းအား ထိုပြစ်မှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၃ နှစ် ပေးခြင်းမှာ နည်း၊ မနည်းကို စဉ်းစားရပေမည်။ ရဲသန်းသည် နောင်တရ သောင်းကျန်းသူ တဦး ဖြစ်သည်။ တောတွင်း၌ သောင်းကျန်းသူများနှင့် နေထိုင်၍ သောင်းကျန်းမှုအမျိုးမျိုး ပြုလုပ်ခဲ့ရာမှတောတွင်းတွင် မည်သို့မျှနေ ၍ မဖြင့် သောကြောင့် တောအထပ်ထပ် မြစ်ချောင်းများကို ကူးဖြတ်ပြီးလျှင်၊ အလင်းဝင်ရန် ကြိုးစား အားထုတ်လေသည်။ ယင်းသို့အလင်းဝင်ရန် အလာ၊ အုတ္တတားရွာ အရောက်တွင် ရဲများနှင့် တွေ့ဆုံ၍ ပစ်ခတ်ရသည့် အနေမျိုး အထိ ဖြစ်လာပြီး၊ ရဲများထံမှ လက်နက်များ ရယူကာ လက်နက်အင်အား ဖြည့်တင်းလာငြားသော်လည်း ဆက်လက်၍ တောခို သောင်းကျန်းမှုမျိုး မပြုလုပ်ဘဲ ဘားအံမြို့သို့ လာပြီး စစ်တပ်အား မိမိပိုင် လက်နက်အပြင် ရဲများထံမှရရှိသော လက်နက်များပါပေးအပ်ကာ အလင်းဝင်ခဲ့လေသည်။ ထိုကဲ့သို့ အလင်းဝင်လာရခြင်းမှာလည်း လူ့လောကထဲသို့ ပြန်လည် ဝင်လာပြီး၊ လူသစ်၊ စိတ်သစ်၊ ဘဝသစ်များကို ဖန်တီး ထူထောင်လိုသော စိတ်နှင့် ဝင်လာဟန် လက္ခဏာ ရှိသည်။ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်အရ၊ ကန့်သတ်ထားသော ရက်မလွန်မီက ရဲသန်းသည်၊ အလင်းဝင်လာခဲ့လျှင် ၎င်းသည် လွတ်ငြိမ်းချမ်းသာခွင့်ကို လုံးဝ ခံစားခွင့် ရရှိနိုင်ပေမည်။ ယခုသော် ထိုကန့်သတ်သည့် ရက်မှ ကျော်လွန် လာခဲ့ပြီးသည့် နောက် အစိုးရ လက်နက် ခိုးမှုကို ကျူးလွန်၍ လက်နက်ချခြင်းမှာ ၎င်းကျူးလွန်မှုအတွက် အပြစ်ဒဏ်ပေးရန် ရှိပေသည်။သို့သော် ပြစ်ဒဏ်ပေးရာ၌ သေဒဏ်၊ သို့မဟုတ် တသက်တကျွန်း ထောင်ဒဏ် အထိ မပေးဘဲ၊ သက်ညှာစွာ စဉ်းစား၍၊ လျော့ပေါ့ပေးသင့်သည်ဟု ယူဆသည်။ ဤကဲ့သို့လျော့ပေါ့ပေးရန် အကြောင်းရှိခြင်းမှာလည်း အထက်တွင် ဖေါ်ပြခဲ့သည့် အတိုင်း ဖြစ်ပေသည်။

ထိုကြောင့် မူလရုံးက ၎င်းအပေါ် ထောင်ဒဏ် ၃ နှစ် ကျခံစေရန် အမိန့်မှာ လျော်ကန် သင့်မြတ်သည့် အမိန့် ဖြစ်သည်ဟု ယူဆသည်။ သို့ဖြစ်၍၊ ရဲသန်းအပေါ် မူလရုံးက ၁၉၄၉ ခုနှစ်၊ လက်နက် (အရေးပေါ်ပြစ်ဒဏ် စီရင်မှု) (ယာယီ) ပုဒ်မ ၂ (၁) (က) အရ၊ ပြစ်မှု ကျူးလွန်သည်ဟု ယူဆကာ အလုပ်နှင့် ထောင်ဒဏ် ၃ နှစ် ကျခံစေရန် အမိန့်ကို အတည်ပြုလိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမကြီးမှု

တရားသူကြီး ဦးသက်ဖေရှေတွင်

LEMBAGA ALAT-ALAT PEMBAJARAN LUAR NEGERI AND TWO OTHERS
THE NEW STATE ENTERPRISE
PERUSAHAAN NEGARA
(တရားလိုများ)

၁၉၆၇
မတ်လ ၂၉
ရက်။

v.

THE BURMA NAVIGATION CORPORATION LIMITED
THE BURMA NAVIGATION CORPORATION LIMITED
(တရားခံ)*

တရားမကျင့်ထုံးအမိန့် ၂၂၊ နည်းဥပဒေ ၁၀—တရားလိုတဦးအဖြစ် ထည့်သွင်းပေးရန်လျှောက်ထားခြင်း—ပစ္စည်းလွဲပြောင်းခြင်း အက်ဥပဒေ ပုဒ်မ ၁၃၀ တွင်ပြဋ္ဌာန်းထားသည့်လွဲပြောင်းမှုကိစ္စနှင့်ဆိုင်ခြင်းရှိ မရှိ—တံဆိပ်တော်ခွန် အက်ဥပဒေ နောက်ဆက်တွဲ၏ အပိုဒ် ၁၁ နှင့် ၂၃ အရ တံဆိပ်တော်ခွန် ထမ်းဆောင်ရန်လို မလို။

ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံးအမိန့် ၂၂၊ နည်းဥပဒေ ၁၀ ၏ ပြဋ္ဌာန်းချက်များမှာ မပြုမနေရသော သဘောသက်ရောက်ခြင်းမရှိချေ။ တရားခံတဦးအပေါ် တရားစွဲဆိုတောင်းယူပိုင်ခွင့်ကို၊ တရားလိုကအမှုအတွင်း လွဲပြောင်းပေးသော် တရားလို၏ အခွင့်အရေးကို လွဲပြောင်းပေးခြင်းခံရသူသည် အမှုတွင် တရားလိုအဖြစ်ထည့်သွင်းပေးရန် လျှောက်ထားနိုင်သည်။ ထိုကဲ့သို့ လျှောက်ထားလျှင် ရုံးမှခွင့်ပြုသင့်သည်ဟု ထင်မြင်ပါက၊ ၎င်းအား တရားလိုအဖြစ်ထည့်သွင်းပေးနိုင်သည်။ တရားလို၏အခွင့်အရေးကို ဆက်ခံသူသည် အမှုတွင် တရားလိုအဖြစ်ထည့်သွင်းရန်လျှောက်ထားခြင်းမပြုဘဲလည်းနေနိုင်သည်။ ယင်းသို့လျှောက်ထားခြင်းမပြုလျှင်မူလတရားလိုနှင့်ပင်ရုံးမှစွဲဆိုသော အမှုကိုစီရင်စစ်ဆေးဆုံးဖြတ်ရန်ဖြစ်ပြီး၊ ထိုဆုံးဖြတ်ချက်၏ အကျိုးခံစားခွင့်ကို မူလ တရားလို၏ အခွင့်အရေးဆက်ခံသူက ခံစားရမည်ဖြစ်လေသည်။ အဆိုပါ နည်းဥပဒေအရ လျှောက်ထားသည့် ကိစ္စမှာ ပစ္စည်းလွဲပြောင်းခြင်းဥပဒေပုဒ်မ ၁၃၀ တွင် ပြဋ္ဌာန်းထားသည့် လွဲပြောင်းမှု ကိစ္စနှင့် လုံးဝသက်ဆိုင်ခြင်းမရှိဝေ။ ထို့အပြင် တံဆိပ်တော်ခွန် အက်ဥပဒေနောက်ဆက်တွဲ၏အပိုဒ် ၁၁ နှင့် ၂၉ တို့အရ တံဆိပ်တော်ခွန်ထမ်းဆောင်ရန်မလို။

အိန္ဒိယပြည်သူ့ဘဏ်နှင့် ရန်ကုန်မြို့ကော်လိတ်တော်အရာရှိ၊ ၁၉၆၁၊ မြန်မာပြည်စီရင်ထုံး ၁၃၆ (တရားလွှတ်တော်)။ ခြားနားပြသည်။ **ပြည်သူ့ဘဏ်အမှတ် (၈) နှင့် ရန်ကုန်မြို့ကော်လိတ်တော်အရာရှိ၊** တရားရုံးချုပ်။ ၁၉၆၂ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာအမှတ် ၈ ရည်ညွှန်းသည်။

* ၁၉၆၀ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၇။
၁၉၆၀ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၁၁။

၁၉၆၇ တရားလိုအတွက်။ ။မစ္စတာ စီ၊ အေ၊ စူး(ရ်)မား။

တရားခံအတွက်။ ။ဦးချောင်ပိုး။

LEMBAGA ALAT-ALAT PEMBAJARAN LUAR NEGERI AND TWO OTHERS
v.
THE NEW STATE ENTERPRISE PERUSAHAAN NEGARA
v.
THE BURMA NAVIGATION CORPORATION LTD.
v.
THE BURMA NAVIGATION CORPORATION LTD.

တရားသူကြီး ဦးသက်ဖေ။ ။ဤအမှုကို ၁၉၆၀ ခုနှစ်၊ တရားမကြီးမှု အမှတ် ၁၁၁ နှင့်အတူ ကြားနာခဲ့သည့်အလျောက်၊ ယခုအမိန့်သည် အမှုနှစ်မှုစလုံးအတွက် အမိန့်ဖြစ်သည်ဟု မှတ်ယူရမည်။

အမှတ် ၁ တရားလိုသည်၊ အင်ဒိုနီးရှား သမတနိုင်ငံ၏ နိုင်ငံခြားငွေ ထိန်းသိမ်းရာဌာနဖြစ်သည်။ အမှတ် ၂ တရားလိုမှာ အင်ဒိုနီးရှား သမတနိုင်ငံတွင် ဖွင့်လှစ်ခဲ့သည့် ဒပ်(ချ်)ဘဏ်ဘိုက်တခုဖြစ်သည်။ အမှတ် ၁ နှင့် ၂ တရားလိုတို့က၊ တရားခံ ဘားမား နေပြီဂေးရှင်း ကော်ပိုရေးရှင်း လီမိတက်အပေါ် ဤအမှုတွင် ကြက်ပေါင်စေး တန်ဘိုးငွေ ၄၆,၁၀,၅၉၅ ကျပ် ၂၃ ပြားနှင့် အခြားအမှု၌ တန်ဘိုးငွေ ဂ၅,၁၁,၀ဂ၅ ကျပ် ဝ၃ ပြားကို အဘိုးနှင့်တကွ ရလိုကြောင်း စတင်၍ တရားစွဲဆိုခဲ့၏။ ယင်းသို့စွဲဆိုပြီးနောက် မျှားမကြာမီ၊ အမှတ် ၂ တရားလိုဖြစ်သည့် ဒပ်(ချ်) ဘဏ်တိုက်အား၊ အင်ဒိုနီးရှား သမတနိုင်ငံ အစိုးရက ပြည်သူပိုင် သိမ်းလိုက်ပြီး၊ ထိုဘဏ်တိုက်၏ ပိုင်ရေးပိုင်ခွင့်များကို အမှတ် ၃ တရားလိုဖြစ်သည့် ပြည်သူ့ဘဏ်တိုက်သို့ လွှဲပြောင်းပေးလိုက်လေသည်။ ထို့ကြောင့် အမှတ် ၂ တရားလို ဒပ်(ချ်)ဘဏ်တိုက်၏ ပိုင်ရေးပိုင်ခွင့်များကို လက်ဝယ်ရရှိခဲ့သည့် ပြည်သူ့ဘဏ်တိုက်က၊ ၎င်းအား ဤအမှုတွင် တရားလိုတဦးအဖြစ် ထည့်သွင်းပေးရန် တရားမကျင့်ထုံးအမိန့် ၂၂၊ နည်းဥပဒေ ၁၀ အရ လျှောက်ထားခဲ့သည်။

ထိုကိစ္စနှင့် ပတ်သက်၍ တရားခံက တရားမကျင့်ထုံးအမိန့် ၂၂၊ နည်းဥပဒေ ၁၀ အရ လျှောက်ထားခြင်းမှာ ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၁၃၀ တွင် ပြဋ္ဌာန်းသည့်အတိုင်း၊ တရားစွဲဆို တောင်းယူပိုင်ခွင့်ကို လွှဲပြောင်းပေးရာရောက်ကြောင်း၊ ယင်းသို့ တရားစွဲဆို တောင်းယူပိုင်ခွင့်ကို လွှဲပြောင်းပေးလျှင် စာချုပ်စာတမ်းဖြင့် ပြုလုပ်ရမည်ဖြစ်ပြီး၊ တံဆိပ်တော်ခွန်ဥပဒေ နောက်ဆက်တွဲ၏ အပိုဒ် ၁၁ နှင့် ၂၃ တို့အရ တံဆိပ်တော်ခွန် ထမ်းဆောင်ရမည် ဖြစ်ကြောင်း တင်ပြလာလေသည်။ ထို့ကြောင့် အောက်ပါ ပဏာမကောက်ချက်ကို ထုတ်နုတ်ပြီး နှစ်ဘက်ရှေ့နေကြီးများကို ကြားနာကာ၊ ဤအမိန့်ကို ချမှတ်ရခြင်း ဖြစ်ပေသည်။

> "Whether the application under Rule 10, Order XXII, Civil Procedure Code is tantamount to an application for transfer or assignment of an actionable claim under section 130 of the Transfer of Property Act?
>
> If so, whether the stamp duty is payable as provided for in Articles 11 and 23 of the Stamp Act?"

တရားခံ ရှေနေကြီး ဦးချောင်ပိုးက၊ အင်ဒိုနီးရှား အစိုးရသည် အမှတ် ၂ တရားလို ဘဏ်အား ပြည်သူပိုင် သိမ်းခဲ့ခြင်းအားဖြင့်၊ အင်ဒိုနီးရှားပြည်အတွင်းရှိ ထိုဘဏ်၏ ပစ္စည်းအခွံရပ်မှာ ပြည်သူ့ဘဏ်၏ ပစ္စည်းများအဖြစ်သို့ ရောက်ရှိသွားမည် ဖြစ်သော်လည်း၊ နိုင်ငံခြားရှိ ပစ္စည်းများနှင့် စပ်လျဉ်း၍မူ၊ ပြည်သူပိုင်သိမ်းသည့် ဥပဒေသည် အာဏာမသက်ရောက်သဖြင့် အမှတ် ၂ တရားလိုဘဏ်၏ တရားစွဲဆို တောင်းယူပိုင်ခွင့်ကို ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၁၃၀ အရ လွှဲပြောင်းယူရမည်ဟု တင်ပြကာ၊ **အိန္ဒိယ ပြည်သူ့ဘဏ် နှင့် ရန်ကုန်မြို့ ကော်လိတ်တော်အရာရှိ** (၁) တို့အမှုကို ကိုးကားသွား၏။ ထိုအမှုမှာ အိန္ဒိယပြည် အင်ပီရီယယ်ဘဏ်အား အိန္ဒိယပြည်အစိုးရက ပြည်သူပိုင်သိမ်းပြီး၊ အိန္ဒိယပြည်သူ့ဘဏ်သို့ လွှဲအပ်ရာတွင် မြန်မာပြည်ရှိ အင်ပီရီယယ်ဘဏ်ပိုင် အဆောက်အဦကို အိန္ဒိယပြည်သူ့ဘဏ်သို့ လွှဲပြောင်းသည့် ကိစ္စနှင့် ပတ်သက်၍ လွှဲပြောင်းသည့်စာချုပ်၌ တံဆိပ်တော်မည်ရွေမည်မျှ ထမ်းဆောင်ရမည်ဆိုသော ပြဿနာ ပေါ်ပေါက်ခဲ့သည့် အမှုဖြစ်လေသည်။ အဆိုပါအမှုသည် မြန်မာပြည် အတွင်းရှိ မရွေမပြောင်းနိုင်သော ပစ္စည်းနှင့် ပတ်သက်၍ အဆုံးအဖြတ်ပေးခဲ့သော အမှုတခုဖြစ်၍၊ ယခုစဉ်းစားလျက်ရှိသည့် ရွှေပြောင်းနိုင်သည့် ကြေးမြီတောင်းခံသော အမှုများနှင့် သက်ဆိုင် အာဏာဝင်ခြင်း မရှိပေ။ ၎င်းပြင်၊အဆိုပါအမှု၌ အိန္ဒိယပြည် အစိုးရသည် အင်ပီရီယယ်ဘဏ်အား ပြည်သူပိုင်သိမ်းခဲ့သည့် ကိစ္စနှင့် ပတ်သက်၍ အကျိုးအပြစ် ဝေဖန်ခဲ့ခြင်းကို တရားရုံးချုပ်မှ **ပြည်သူ့ဘဏ် အမှတ် ၈ နှင့် ရန်ကုန်မြို့ ကော်လိတ် တော်အရာရှိ** (၂) တို့အမှုတွင်၊ သဘောမတူ လက်မခံဘဲ အောက်ပါအတိုင်း ဝေဖန်ဆွေးနွေးခဲ့၏။

> "ယခုအချိန်အခါ၌ ကမ္ဘာပေါ်ရှိ လွတ်လပ်သော နိုင်ငံအားလုံး လိုလိုမှ ကိုယ်စားလှယ်များသည်၊ ကုလသမဂ္ဂ အထွေထွေ အစည်းအဝေးသို့ နှစ်စဉ် တက်ရောက်၍ ပေါ်ပေါက်သော ပြဿနာများကို ဝေဖန် ဆွေးနွေးခြင်းဖြင့် ဆုံးဖြတ်ရန် အားကြိုးမာန်တက် ဆောင်ရွက်နေကြ၏။ ယင်းသို့ ဆောင်ရွက်ရာ၌ နိုင်ငံတကာ လိုက်နာကျင့်သုံးနိုင်သော အပြည်ပြည်ဆိုင်ရာ တရားဥပဒေများ ပေါ်ထွန်းသာရန် အကြောင်းရှိလေသည်။ ထိုကဲ့သို့ ဆွေးနွေးဆုံးဖြတ်ရာတွင် အချုပ်အချာ အာဏာပိုင် နိုင်ငံအသီးသီးသည် အခြားသော အချုပ် အချာ အာဏာပိုင် နိုင်ငံက၊ မိမိနိုင်ငံအတွက်ပြုသော တရားဥပဒေကို ဝေဖန်ပြစ်တင်လျှင်၊ အပြည်ပြည် ချစ်ကြည်ရေးလည်း ပျက်ပြားရန် အကြောင်းရှိ၏။ အပြည်ပြည်ဆိုင်ရာ တရားဥပဒေ စိုးမိုးရေး ထမြောက် အောင်မြင်ရန်လည်း အခွင့်

(၁) ၁၉၆၁၊ မြန်မာပြည်စီရင်ထုံး ၃၃၆ (တရားလွှတ်တော်)။

(၂) တရားရုံးချုပ်၏ ၁၉၆၂ ခုနှစ်၊ တရားမအထွေထွေ လျှောက်လွှာအမှတ် ၈။

ရှိတော့မည် မဟုတ်ချေ၊ ထို့ကြောင့် အချုပ်အချာအာဏာပိုင် နိုင်ငံအသီးသီးသည် အခြားသော အချုပ်အချာအာဏာပိုင် နိုင်ငံများ၏ ဂုဏ်သိက္ခာကို လေးစားသော အားဖြင့်၊ ထိုအာဏာပိုင် နိုင်ငံများ မိမိတို့ နိုင်ငံအတွက် ပြုလုပ်သော တရားဥပဒေများနှင့် စပ်လျဉ်း၍ အကျိုးအပြစ် ဝေဖန်ခြင်း မပြုသင့်ပေ။"

အချုပ်အချာ အာဏာပိုင် နိုင်ငံတို့သည် မိမိတို့နိုင်ငံ၏ စီးပွါးရေး၊ တိုးတက်ရာ တိုးတက်ကြောင်းအတွက်၊ မိမိတို့၏ ဆန္ဒအလျောက် လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ပိုင်ခွင့်ရှိသည်။ ယင်းသို့ လုပ်ကိုင်ဆောင်ရွက်ရာတွင်၊ လုပ်နည်းလုပ်ဟန်နှင့် ပတ်သက်၍ တနိုင်ငံ၏ အတွေးအခေါ်သည် အခြားတနိုင်ငံ၏ အတွေးအခေါ်နှင့် တူချင်မှ တူမည် ဖြစ်သည့်အလျောက်၊ ကွဲလွဲကောင်း ကွဲလွဲမည် ဖြစ်သည်။ထိုကွဲသို့ လုပ်နည်းလုပ်ဟန် ကွဲလွဲသည့် အကြောင်းကြောင့် အခြားနိုင်ငံ တနိုင်ငံ၏ ပြုမူဆောင်ရွက်ချက်ကို ကျွန်ုပ်တို့ အနေဖြင့် အပြစ်တင် ဝေဖန်ခြင်း မပြုအပ်ပေ။ ကျွန်ုပ်တို့နိုင်ငံ၏ ပြုမူဆောင်ရွက်ချက်ကိုလည်း အခြားနိုင်ငံများက အပြစ်တင် ဝေဖန်ရန် အခွင့်အရေး မရှိပေ။ အချုပ်အချာ အာဏာပိုင် နိုင်ငံအချင်းချင်း အေးချမ်း သင့်တင့်စွာ ဆက်ဆံနေထိုင်ကြမည်ဆိုသော မူအရလည်း၊နိုင်ငံတခုက ပြုလုပ်သော ပြုမူဆောင်ရွက်ခဲ့ချက်နှင့် တရားဥပဒေကို၊ အခြားနိုင်ငံများက အပြစ်တင် ဝေဖန်ခြင်း မပြုသင့်ပေ။ အင်ဒိုနီးရှား သမတနိုင်ငံသည် ပြည်ထောင်စု မြန်မာနိုင်ငံ၏ မိတ်ဆွေနိုင်ငံတခု ဖြစ်သည့် အားလျော်စွာ သာ၍ပင် ဝေဖန်ရန် သင့်တော်မည် မဟုတ်ချေ။ ထို့ပြင်၊ စီးပွါးရေး လုပ်ငန်းတခုခုကို ပြည်သူပိုင် သိမ်းသည့်ကိစ္စမှာ ယခုအခါ ပြည်ထောင်စု မြန်မာနိုင်ငံတွင် လုပ်သား ပြည်သူတို့၏ ကောင်းကျိုးအတွက် ကျင့်သုံးဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်အစိုးရ၏ မူဝါဒများနှင့်လည်း ဆန့်ကျင်သည်ဟု မဆိုနိုင်ချေ။ မကြာမီက ပြုလုပ်ခဲ့သည့် လုပ်ငန်းများကို ပြည်သူပိုင်သိမ်းခြင်း၊ စာသင်ကျောင်းများကို ပြည်သူပိုင်သိမ်းခြင်း၊ ဘဏ်တိုက်များကို ပြည်သူပိုင်သိမ်းခြင်း စသည့်ကိစ္စများကို ထောက်ရှု၍ သိသာနိုင်ပေသည်။ သို့ဖြစ်ရာ၊ အမှတ် ၂ တရားလိုဘဏ်၏ ပစ္စည်းအရပ်ရပ်ကို အင်ဒိုနီးရှား အစိုးရက ပြည်သူပိုင်သိမ်းပြီး၊ အမှတ် ၃ တရားလို ပြည်သူ့ဘဏ်အား လွှဲပြောင်းပေးခဲ့ခြင်းမှာ တရားဝင်ကြောင်း ယုံမှားဘွယ် မရှိနိုင်ပေ။

ထိုကဲ့သို့ ပြည်သူပိုင်ပြုလုပ်သည့် ဥပဒေဖြင့် လွှဲပြောင်း ပေးခဲ့သဖြင့်၊ အမှတ် ၃ တရားလို ပြည်သူ့ဘဏ်သည် အမှတ် ၂ တရားလိုဘဏ်၏ ရပိုင်ခွင့် အဝဝကို လက်ငယ် ရရှိပြီးဖြစ်သည်ဟု မှတ်ယူရမည်။ ထိုရပိုင်ခွင့်များတွင် အမှတ် ၂ တရားလိုဘဏ်က တရားခံအပေါ် တရားစွဲဆို တောင်းယူပိုင်ခွင့်လည်း အပါအဝင်ဖြစ်သည်။ ထိုတရားစွဲဆို တောင်းယူပိုင်ခွင့်အား အမှတ် ၂ တရားလိုဘဏ်၏ လက်မှ အမှတ် ၃ တရားလို

ပြည်သူ့ဘဏ္ဍာလက်ဆို အင်ဒိုနီးရှားနိုင်ငံ အစိုးရက ပြောင်းလဲပေးလိုက်ခြင်းဖြင့် ပြည်ဆောင်စု မြန်မာနိုင်ငံ အဘွင်းရှိ ပစ္စည်းတစုံတခုကို ထိခိုက်သည်ဟု မဆိုနိုင်ချေ။ တရားလိုတို့က တရားခံအပေါ် ရော်ဘာဘန်ဘိုးငွေကို တောင်းဆိုခြင်းဖြစ်ရာ၊ အမှတ် ၂ တရားလိုဘဏ်က တရားစွဲဆိုသည်ဖြစ်စေ၊ အမှတ် ၃ တရားလို ပြည်သူ့ဘဏ်က တရားစွဲဆိုသည်ဖြစ်စေ တရားခံအဘို့ မည်သို့မျှ ထူးခြားခြင်း မရှိနိုင်ပေ။ သို့ဖြစ်ရာ အင်ဒိုနီးရှား သမဘနိုင်ငံ အစိုးရက အမှတ် ၂ တရားလိုဘဏ်အား ပြည်သူပိုင် သိမ်းခဲ့သည့် အကြောင်းကြောင့် တရားခံအပေါ် တရားစွဲဆို တောင်းယူပိုင်ခွင့်ကို အမှတ် ၃ တရားလို ပြည်သူ့ဘဏ်က ဆက်ခံခဲ့ရခြင်းသည် ပစ္စည်းလွှဲပြောင်းခြင်းဥပဒေ ပုဒ်မ ၁၃၀ တွင် အကျုံးဝင်သည့် လွှဲပြောင်းပေးခြင်းဖြစ်သည်ဟု မယူဆနိုင်ပေ။ တဦး တဝယ်သက်က အခြားပုဂ္ဂိုလ် တဦးဦးအား လွှဲပြောင်းပေးခြင်းမျိုး မဟုတ်ဘဲ၊ ပြည်သူပိုင်ဥပဒေဖြင့် လွှဲပြောင်း ပေးခြင်းသာ ဖြစ်သည် ဆိုခြင်းကို မှုတ်ခြည်မပြတ်သင့်ပေ။

တရားမကျင့်ထုံး အမိန့် ၂၂၊ နည်းဥပဒေ ၁၀ ၏ ပြဋ္ဌာန်းချက်များမှာ၊ မပြုမနေ ရသောသဘော သက်ရောက်ခြင်း မရှိပေ။ တရားခံတဦးအပေါ် တရားစွဲဆို တောင်းယူပိုင်ခွင့်ကို တရားလိုက အမှုအတွင်း လွှဲပြောင်းပေး ခဲ့စေကာမူ၊ ထိုကဲ့သို့ လွှဲပြောင်းပေးသည့် အကြောင်းကြောင့် မူလစွဲဆိုသည့် အမှုကို ကြားနာစစ်ဆေးခြင်းမပြုဘဲ ရပ်ဆိုင်းထားခြင်း မပြုနိုင်ပေ။ တရားလို၏ အခွင့်အရေးကို လွှဲပြောင်းပေးခြင်း ခံရသူသည် အမှုဘွင် တရားလိုအဖြစ် ထည့်သွင်းပေးရန် လျောက်ထားနိုင်သည်။ ထိုကဲ့သို့ လျောက်ထားလျှင် ရုံးမှ ခွင့်ပြုသင့်သည်ဟု ထင်မြင်ပါက၊ ၎င်းအား တရားလိုအဖြစ် ထည့်သွင်းပေးနိုင်သည်။ တရားလို၏ အခွင့်အရေးကို ဆက်ခံသူသည် အမှုဘွင် တရားလိုအဖြစ် ထည့်သွင်းရန် လျောက်ထားခြင်း မပြုဘဲလည်း နေနိုင်သည်။ ယင်းသို့ လျောက်ထားခြင်း မပြုလျှင် မူလတရားလိုနှင့်ပင် ရုံးမှစွဲဆိုသော အမှုကို စီရင်စစ်ဆေး ဆုံးဖြတ်ခန်ဖြစ်ပြီး၊ ထိုဆုံးဖြတ်ချက်၏ အကျိုးခံစားခွင့်ကို မူလတရားလို၏ အခွင့်အရေး ဆက်ခံသူက ခံစားရမည် ဖြစ်လေသည်။ အဆိုပါ နည်းဥပဒေ အရ လျောက်ထားသည့် ကိစ္စမှာ ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၁၃၀ တွင် ပြဋ္ဌာန်းထားသည့် လွှဲပြောင်းမှု ကိစ္စနှင့် လုံးဝသက်ဆိုင်ခြင်း မရှိပေ။ လူတဦးက အခြား ပုဂ္ဂိုလ်ဘဝသက်အပေါ် ကြွေးမြီနှင့် ပတ်သက်၍ တရားစွဲဆို တောင်းယူပိုင်ခွင့်ကို လွှဲပြောင်းပေးသည့် အချိန်တွင် ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၁၃၀ အရ၊ ဆောင်ရွက်ခွင့်ဖြစ်ပြီး၊ ထိုကဲ့သို့ ဆောင်ရွက်ပြီးမှသာ တရားမကျင့်ထုံးအမိန့် ၂၂၊ နည်းဥပဒေ ၁၀ အရ လျောက်ထားခွင့်ရမည် ဖြစ်သည်။ ယင်းသို့ လျောက်ထားသည့် အခြေအနေတွင် ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၁၃၀ အရ လွှဲပြောင်းမှု လုပ်ရမည် မလုပ်ရဟုဆိုသော ပြဿနာမှာ မပေါ်ပေါက်နိုင်တော့ပေ။

၁၉၆၇

LEMBAGA ALAT-ALAT PEMBAJARAN LUAR NEGERI AND TWO OTHERS
v.
THE NEW STATE ENTERPRISE PERUSAHAAN NEGARA
v.
THE BURMA NAVIGATION CORPORATION LTD.
THE BURMA NAVIGATION CORPORATION LTD.

ယခုအမှုတွင် အဲမှတ် ၃ တရားလို ပြည်သူ့ဘဏ်က ၎င်းအား တရားလိုအဖြစ် ထည့်သွင်းပေးရန် လျှောက်ထားသည့် အချိန်၌ အင်ဒိုနီးရှား အစိုးရ၏ ပြည်သူပိုင် သိမ်းသော အမိန့်ကြောင့်၊ အမှတ် ၂ တရားလိုဘဏ်က တရားခံအပေါ် တရားစွဲဆို တောင်းယူပိုင်ခွင့်ကို အမှတ် ၃ တရားလို ပြည်သူ့ဘဏ်သို့ လွှဲပြောင်းပေးပြီးဖြစ်သည်၊ အမှတ် ၃ တရားလို ပြည်သူ့ဘဏ်သည် အမှတ် ၂ တရားလိုဘဏ်၏ အခွင့်အရေးကို ဆက်ခံသူအဖြစ် ရပ်တည်လျက် ရှိပြီးဖြစ်သည်။ ထိုကဲ့သို့ အခွင့်အရေးကို ဆက်ခံသူ အနေနှင့် ၎င်းအားအမှုတွင် တရားလိုအဖြစ် ထည့်သွင်းပေးရန် လျှောက်ထားသည့် ကိစ္စ၌၊ ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၁၃၀ အရ လွှဲပြောင်းမှု ပြုလုပ်ရမည် ဆိုသော ပြဿနာမှာ ပေါ်ပေါက်ရန်အကြောင်းလုံး၀ မရှိနိုင်တော့ချေ။

အထက်ပါ အကြောင်းရပ်များကြောင့် တရားမကျင့်ထုံးအမိန့် ၂၂၊ နည်းဥပဒေ ၁၀ အရ၊ လျှောက်ထားသည့် ကိစ္စသည် ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၁၃၀ တွင် ပြဋ္ဌာန်းထားသည့် လွှဲပြောင်းမှု မမြောက်သည့်အပြင်၊ တံဆိပ်တော်ခွန် ဥပဒေနောက် ဆက်တွဲ၏ အပိုဒ် ၁၁ နှင့် ၂၃ တို့အရ တံဆိပ်တော်ခွန် ထမ်းဆောင်ရန်လည်း မလို ဟု ကျွန်ုပ်ဖြေဆိုလိုက်သည်။ တရားခံသည် တရားလို၏ ရွှေ့နေစရိတ် ၈၅ ပေးဆောင် ရမည်ဖြစ်သည်။ ထိုရွှေ့နေစရိတ်သည် အမှု နှစ်မှုစလုံးအတွက်ဖြစ်သည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမအသေးအဖွဲမှု

တရားသူကြီး ဦးသက်ဖေရှေ့တွင်

ဦးဇုံပါ ၇ (လျှောက်ထားသူများ)

နှင့်

ဒေါ်ရေးပါ ၄ (လျှောက်ထားခံရသူများ)*

၁၉၆၇

မတ်လ ၁၁ ရက်။

မြန်မာပြည် ကုမ္ပဏီများ အက်ဥပဒေ ပုဒ်မ ၂၃၅ အရ ကွယ်လွန်သူ ကြေးမြီရှင်းလင်းရေးအရာရှိ၏ အမွေစားအမွေခံတို့အပေါ် အရေးယူရန် လျှောက်ထားခြင်း—အရေးယူနိုင်မယူနိုင်။

ဆုံးဖြတ်ချက်။ ။ကုမ္ပဏီတခုအား ဖျက်သိမ်းပြီး စာရင်းရှင်းနေခိုက် ကုမ္ပဏီ၏ ဒါရိုက်တာ၊ မန်နေဂျာ၊ ကြေးမြီရှင်းလင်းရေးအရာရှိ၊ သို့မဟုတ် အခြားအရာရှိတဦးဦးသည် ကုမ္ပဏီ၏ငွေ၊ သို့မဟုတ် ပစ္စည်းတစုံတရာနှင့်ပတ်သက်၍အလွဲအသုံးချခြင်း၊ လက်ရှိထားခြင်း၊ ဖေါက်လွဲဖေါက်ပြန်ပြုလုပ်ခြင်း၊ အလွဲသုံးစားပြုခြင်းစသည့်အပြုအမူတရပ်ရပ်ကိုပြုလုပ်ခဲ့လျှင် ကုမ္ပဏီ၏ကြေးမြီရှင်းလင်းရေးအရာရှိ၊ သို့မဟုတ် မြီရှင်၊ သို့မဟုတ် အစုရှင်တို့က မြန်မာပြည်ကုမ္ပဏီများဥပဒေပုဒ်မ ၂၃၅ အရ၊ ကာလစည်းကမ်းသတ်အချိန်အတွင်းဤရုံးသို့အရေးယူရန်လျှောက်ထားနိုင်သည်။ ထိုကဲ့သို့ လျှောက်ထားသောအခါ ဤရုံးမှအဆိုပါအရာရှိ တဦးဦး၏ပြုမူချက်အပေါ် စုံစမ်းစစ်ဆေးပြီး အလွဲအသုံးချမှု၊ လက်ရှိထားမှု၊ ဖေါက်လွဲပေါက်ပြန်ပြုလုပ်မှု၊ သို့မဟုတ် အလွဲသုံးစားမှုအတွက် ထိုအရာရှိအား တရားမျှတသည့် လျော်ကြေးငွေကို ကုမ္ပဏီသို့ပေးသွင်းရန်အမိန့်ချမှတ်နိုင်လေသည်။ သို့ရာတွင် ကုမ္ပဏီအရာရှိတဦးဦး၏ အမွေစားအမွေခံအပေါ် ကုမ္ပဏီများ ဥပဒေပုဒ်မ ၂၃၅ အရ **အရေးမယူနိုင်**။

ချီလီမိုးရိယားနှင့်ဒီဆူဇာ၊ အေ၊ အိုင်၊ အာ၊ (၁၉၂၆) လာဟိုး ၆၂၄။**အစိုးရကြေးမြီရှင်းလင်းရေးအရာရှိ** နှင့် **ဂျေကီရွိုး၊** အေ၊ အိုင်၊ အာ၊ (၁၉၃၉) အလဟာဘတ် ၁၊**မနီလာလ်**နှင့် **ဗင်ဒရာဗင်ဒတ်စ်**။ **အေ၊** အိုင်၊ အာ၊(၁၉၄၄) ဘုံဘိုင် ၁၉၃။ **ဆတ်တရားနာရာယား** နှင့် **ရာမာဆွာမိနိုင်ဒူး၊** အေ၊ အိုင်၊ အာ၊ (၁၉၄၆) မဒရပ် ၃၀၄.....ရည်ညွှန်းသည်။

လျှောက်ထားသူများအတွက်။ ။ဦးဝမ်ဟုတ်။

လျှောက်ထားခံရသူများအတွက်။ ။ဦးအေးမောင်။

တရားသူကြီး ဦးသက်ဖေ။ ။ပဲခူးမြို့တွင် တည်ထောင်ခဲ့သော ဦးစိန်ဝင်း အင်ကုမ္ပဏီကို အစုရှင်များ၏ သဘောတူညီချက်အရ ၁၉၅၀ ခုနှစ်တွင် ဖျက်သိမ်းရန်

* ၁၉၆၂ ခုနှစ်၊ တရားမအသေးအဖွဲမှုအမှတ် ၁၀၂။

ဒုတိယ ဦးတုံ ပါဂ္ဂုနှင့် ဒေါ်ရေး ပါဂ၊

ဆုံးဖြတ်ပြီး၊ ဦးဘနှင့်ဦးဘသွင်တို့အား ကြွေးမြီရှင်းလင်းရေးအရာရှိများအဖြစ် ခန့်အပ်ခဲ့၏။ ကြွေးမြီရှင်းလင်းရေးအရာရှိများအဖြစ် တာဝန်ထမ်းဆောင်နေစဉ် ဦးဘသည်၊ ၁၉၆၀ ခုနှစ်၊ သြဂုတ်လ ၄ ရက်နေ့တွင် သေဆုံးပြီး၊ ဦးဘသွင်မှာ ၁၉၆၂ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့၌ ကွယ်လွန်ခဲ့သည်။ ဦးဘတွင် ဇနီးဒေါ်ရေး၊ သမီးဒေါ်ခင်စိုးနှင့် ဒေါ်ဟန်တင့်တို့ကျန်ရစ်ခဲ့ပြီး၊ ဦးဘသွင်၌ ဇနီးဒေါ်စိန်ညွှန့် ကျန်ရစ်ခဲ့လေသည်။

ဦးဘနှင့် ဦးဘသွင်တို့ သေဆုံးပြီးနောက်၊ ကုမ္ပဏီ၏အစုရှင်များက ဦးဘနှင့် ဦးဘသွင်တို့သည် ကြွေးမြီရှင်းလင်းရေး အရာရှိများအဖြစ် ဆောင်ရွက်စဉ် ကုမ္ပဏီ၏ ငွေများနှင့်ပတ်သက်၍ ဖေါက်လွဲဖေါက်ပြန်မှုများ ကျူးလွန်ခဲ့သဖြင့်၊ မြန်မာပြည် ကုမ္ပဏီများဥပဒေပုဒ်မ ၂၃၅ အရ၊ အရေးယူရန် ဦးဘနှင့် ဦးဘသွင်တို့၏ အမွေစား အမွေခံများဖြစ်ကြသည့် ဒေါ်ရေး၊ ဒေါ်ခင်စိုး၊ ဒေါ်ဟန်တင့်နှင့် ဒေါ်စိန်ညွှန့်တို့အပေါ် လျှောက်ထားခဲ့၏။ ထိုကဲ့သို့လျှောက်ထားသောအမှုမှာ အကြောင်းကြောင်းကြောင့် မပြီးမပြတ်နိုင်ဘဲရှိနေစဉ်၊ လျှောက်ထားခံရသူတို့၏ရွှေနေကြီး ဦးအေးမောင်ကကြွေးမြီရှင်းလင်းရေး အရာရှိများအပေါ် ၌သာ မြန်မာပြည် ကုမ္ပဏီများဥပဒေ ပုဒ်မ ၂၃၅ အရ အရေးယူနိုင်မည်ဖြစ်ပြီး၊ ၎င်း၏အမွေစား အမွေခံများအပေါ် ၌ အရေးမယူနိုင်ကြောင်း တင်ပြလာသဖြင့်၊ ထိုကိစ္စကို ကြားနာပြီး၍ အမိန့်ကိုချမှတ်ရခြင်းဖြစ်သည်။

လျှောက်ထားသူများ၏ရွှေနေကြီး ဦးဝမ်ဟုတ်က လျှောက်ထားခံရသူတို့၏ ကန့်ကွက်ချက်မှာ မူလကဘင်ပြခဲ့သည့် ကန့်ကွက်ချက်တခုမဟုတ်၍ ယခုကဲ့သို့ အခြိန်ကြာညောင်းမှာဘင်ပြခြင်းကို လက်မခံထိုက်ကြောင်း ထုခွေ့လာ၏။ ကြွေးမြီရှင်းလင်းရေး အရာရှိများ၏ အမွေစားအမွေခံများအပေါ် မြန်မာပြည်ကုမ္ပဏီများ ဥပဒေပုဒ်မ ၂၃၅ အရ အရေးယူနိုင် မနိုင်ဆိုသောကန့်ကွက်ချက်မှာ ဥပဒေအကြောင်းသက်သက်ပြဿနာသာဖြစ်၍ အခြိန်မရွေးတင်ပြခွင့်ရှိသည်။ ယခုကဲ့သို့ လျှောက်လွှာအပေါ် စုံစမ်းစစ်ဆေးနေခြိန်ဘွင်သော်ငင်း၊ စုံစမ်းစစ်ဆေးပြီးနောက်၊ လျှောက်လဲချက်ပေးခြိန်တွင်သော်ငင်း တင်ပြတောင်းဆိုခွင့်ရှိပေသည်။ ဥပဒေကြောင်း ပြဿနာဆိုလျှင် မူလအမှုဘွင်သာမက အယူခံဝင်သည့်အခါဘွင်ပင် ပြောဆိုခွင့်ရှိသည်ဆိုခြင်းမှာ ဥပဒေ၏ အခြေခံသဘောဖြစ်လေသည်။

ကုမ္ပဏီဘုအား ဖျက်သိမ်းပြီး စာရင်းရှင်းနေခိုက်၊ ကုမ္ပဏီ၏ဒါရိုက်တာ၊ မန်နေဂျာ၊ ကြွေးမြီရှင်းလင်းရေးအရာရှိ၊ သို့မဟုတ် အခြားအရာရှိတဦးဦးသည် ကုမ္ပဏီ၏ငွေ၊ သို့မဟုတ် ပစ္စည်းဘဏ္ဍာရာနှင့်ပတ်သက်၍ အလွဲအသုံးချခြင်း၊ လက်ရှိထားခြင်း၊ ဖေါက်လွဲဖေါက်ပြန် ပြုလုပ်ခြင်း၊ အလွဲသုံးစားပြုခြင်းစသည့် အပြုအမူတအရပ်ရပ်ကို ပြုလုပ်ခဲ့လျှင် ကုမ္ပဏီ၏ ကြွေးမြီရှင်းလင်းရေးအရာရှိ၊ သို့မဟုတ် မြီရှင်၊ သို့မဟုတ် အစုရှင်တို့က မြန်မာပြည်ကုမ္ပဏီများ ဥပဒေပုဒ်မ ၂၃၅ အရ ကာလစည်းကမ်းသတ်အခြိန်အတွင်း

ဤရုံးသို့ အရေးယူရန် လျှောက်ထားနိုင်သည်။ ထိုကဲ့သို့လျှောက်ထားသောအခါ ဤရုံးမှ အဆိုပါအရာရှိတဦးဦး၏ ပြုမူချက်အပေါ် စုံစမ်းစစ်ဆေးပြီး အလွဲအသုံးခံမှု၊ လက်ရှိထားမှု၊ ဖောက်လွဲဖောက်ပြန်ပြုလုပ်မှု၊ သို့မဟုတ်အလွဲသုံးစားမှုအတွက် ထိုအရာရှိအား တရားမျှတသည့် သေျာ်ကြေးငွေကို ကုမ္ပဏီ ပို့ပေးသွင်းရန် အမိန့်ချမှတ်နိုင်လေသည်။ မြန်မာပြည်ကုမ္ပဏီများ ဥပဒေပုဒ်မ ၂၃၅(၁)မှာ အောက်ပါအတိုင်းဖြစ်သည်။

ခေါ်ရေး ပါ ၄။

"235. (1) Where, in the course of winding up a company, it appears that any person who has taken part in the formation or promotion of the company, or any past or present director, manager or liquidator, or any officer of the company has misapplied or retained or become liable or accountable for any money or property of the company, or been guilty of any misfeasance or breach of trust in relation to the company, the Court may, on the application of the liquidator or of any creditor or contributory, made within three years from the date of the first appointment of a liquidator in the winding up, or of the misapplication, retainer, misfeasance or breach of trust, as the case may be, whichever is longer, examine into the conduct of the promoter, director, manager, liquidator or officer, and compel him to repay or restore the money or property or any part thereof respectively with interest at such rate as the Court thinks just, or to contribute such sum to the assets of the company by way of compensation in respect of the misapplication, retainer, misfeasance or breach of trust as the Court thinks just."

အထက်ပါပုဒ်မ၏ စကားရပ်များကို သေချာစွာသေလေ့လာလျှင် အလွဲအသုံးခံမှု၊ လက်ရှိထားမှု၊ ဖောက်လွဲဖောက်ပြန်ပြုလုပ်မှု၊ သို့မဟုတ် အလွဲသုံးစားမှု ကျူးလွန်သည့် ကုမ္ပဏီအရာရှိ တဦးဦးကိုသာ သေျာ်ကြေးငွေပေးသွင်းရန် အမိန့်ချမှတ်နိုင်ကြောင်း ပေါ်လွင်သည်။ ၎င်း၏အမွေစား အမွေခံအပေါ် အမိန့်ချမှတ်နိုင်သည်ဟု မယူဆပေ။ ထိုပုဒ်မအရ စုံစမ်းရမည့်ကိစ္စမှာ ကုမ္ပဏီနှင့် ကုမ္ပဏီအရာရှိတဦးဦး၏ အတွင်းရေးကိစ္စမျှသာဖြစ်သည်။ သို့ဖြစ်ရာ ကုမ္ပဏီ၏ အတွင်းရေးကိစ္စနှင့် မသက်ဆိုင်သည့် ကုမ္ပဏီအရာရှိတဦးဦး၏ အမွေဆက်ခံခြင်းပြဿနာ ပါဝင်နေသော ယခုလျှောက်လွှာပါကိစ္စမျိုးကို စုံစမ်းစစ်ဆေးခြင်း မပြုနိုင်ပေ။ ကုမ္ပဏီအရာရှိတဦးဦး၏ ပြုမူချက်ကြောင့် ကုမ္ပဏီတွင် ဆုံးရှုံးခဲ့ခြင်းနှင့်ပတ်သက်၍၊ ထိုအရာရှိသေဆုံးသွားသဖြင့် ကုမ္ပဏီ၌ သက်သာခွင့်မပြုဘဲ လက်ပိုက်၍နေရမည်ဟု မဆိုလိုပေ။ လိုအပ်ပါက ကာလစည်းကမ်းသတ်

၁၉၆၇ ဦးဇုံ ပါ ၇ နှင့် ● ဒါရေး ပါ ၄။

အချိန်အတွင်း ပြဿနာအဝဝကို စုံလင်အောင် ဖြေရှင်းနိုင်မည့် တရားမကြီးမှူ စွဲဆို ကာ သက်သာခွင့်ကို တောင်းခံနိုင်လေသည်။ ပုဒ်မ ၂၃၅ အရ စွဲဆိုသည့်အမှုမှာ တိုတိုနှင့်အကျဉ်းချုန်းပြီး ဆုံးဖြတ်ရသည့်အမှုသာ ဖြစ်သည်ဆိုခြင်းကို မျက်ခြည်မပြတ် သင့်ပေ။ **ချီလီမိုးရိုးယား** နှင့် **ဒီဆုဇာ** (၁)၊ **အစိုးရ ကြွးမြီရှင်းလင်းရေးအရာရှိ** နှင့် **ဂျေကိုး** (၂) **မနီလာလ်** နှင့် **ဒင်ဒရာင်ဒတ်စ်** (၃) နှင့် **ဆတ်တရားနာရာယား** နှင့် **ရာမာဆွာမိနိုင်ဒူး** (၄) တို့အမှုများတွင် ကုမ္ပဏီအရာရှိတဦးဦး၏ **အမွေစား** အမွေခံများအပေါ် ကုမ္ပဏီများဥပဒေပုဒ်မ ၂၃၅ အရ အရေးမယူနိုင် ကြောင်း ကောက်ယူသွားကြသည်ကို တွေ့မြင်နိုင်ပေသည်။

လျှောက်ထားသူတို့၏ ရှေ့နေကြီး ဦးငမ်ဟုတ်က မြန်မာပြည်ကုမ္ပဏီများ ဥပဒေ ပုဒ်မ ၁၉၈ အရဒင်း၊ တရားမကျင့်ထုံးပုဒ်မ ၁၄၁ အရဒင်း၊ ကြွေးမြီရှင်းလင်းရေးအရာရှိ တို့၏ အမွေစားအမွေခံများအပေါ် အရေးယူနိုင်ကြောင်း ထပ်လောင်းတင်ပြလာသည်။ ကုမ္ပဏီများဥပဒေပုဒ်မ ၁၉၈ ၌ကုမ္ပဏီအစုရှင်၊ သို့မဟုတ် မြီစားတဦးဦးအပေါ် ရရန်ရှိသောကြွေးငွေနှင့်ပတ်သက်၍၊ ၎င်း၏အမွေပုံ ပစ္စည်းအပေါ် ဤချုံး၏အာဏာကို ပေါ်ပြထားခြင်းသာဖြစ်သည်။ ထိုအာဏာကို ကြွေးမြီရှင်းလင်းရေးအရာရှိ၏ အမွေစား အမွေခံများပေါ် တိုတိုနှင့်အကျဉ်းချုန်းပြီး စုံစမ်းစစ်ဆေးရသည့် ပုဒ်မ ၂၃၅ အရ၊ အမှုမျိုးတွင် အသုံးမပြုနိုင်ဟုယူဆသည်။ တရားမကျင့်ထုံးနှင့်ပတ်သက်လျှင်လည်း အမိန့် ၂၂၊ နည်းဥပဒေ ၄ မှာတရားခံသေဆုံးပြီးနောက် တရားစွဲဆိုခွင့် မကုန်ဆုံးသော အမှုမျိုး၌သာ သက်ဆိုင်သည်။ ကုမ္ပဏီများဥပဒေပုဒ်မ ၂၃၅ ၏စကားရပ်များအရဆိုလျှင်၊ အဆိုပါပြဋ္ဌာန်းချက်နှင့် အကျုံးဝင်မည်ဟု မဆိုသာခေါ်။

အထက်ပါအကြောင်းများကြောင့် ကွယ်လွန်သူ ကြွေးမြီရှင်းလင်းရေးအရာရှိ ဦးဘ နှင့် ဦးဘသွင်တို့၏ အမွေစား အမွေခံများဖြစ်ကြသည့် လျှောက်ထားခံရသူများ အပေါ် မြန်မာပြည် ကုမ္ပဏီများဥပဒေပုဒ်မ ၂၃၅ အရ၊ အရေးယူရန် လျှောက်ထားခြင်း မပြုဟု ဆုံးဖြတ်ကာ ဤအမှုကို ပလပ်လိုက်သည်။ လျှောက်ထားခံရသူတို့သည် ယခုတင်ပြသော ထုချေချက်ကို စောစောကသာ တင်ပြခဲ့ပါမူ အခြိန်ကုန် လူပန်းခြင်းမှ သက်သာရာရမည်ဖြစ်သည်။ ဤအခြေကျမှ တင်ပြခဲ့သဖြင့် ၎င်းတို့ဘက်လည်း အပြစ်ရှိသည်ဟုယူဆ၍ အမှုသည်တို့သည် မိမိတို့တရားစ ိတ်များကို မိမိတို့ဘာသာ ကျခံကြရမည်ဖြစ်သည်။

---

(၁) အေ၊ အိုင်၊ အာ(ရ်) (၁၉၂၆) လာဟိုး ၆၂၄။
(၂) အေ၊ အိုင်၊ အာ(ရ်) (၁၉၃၉) အလဟာဘဒ် ၁။
(၃) အေ၊ အိုင်၊ အာ(ရ်) (၁၉၄၄) ဆုံဘိုင် ၁၉၃။
(၄) အေ၊ အိုင်၊ အာ(ရ်) (၁၉၄၆) မဒရပ် ၃၀၄။

နိုင်ငံတော် တရားရုံးချုပ်

တရားမပဋမအယူခံမှု

တရားသူကြီး ဦးထွန်းတင် နှင့် တရားသူကြီး ဦးစိန်သင်းတို့ရှေ့တွင်

ဦးသန်းမောင် (အယူခံတရားလို) † ၁၉၆၇

ပြိုလ ၁၃ ရက်။

နှင့်

မခင်ကြည် (အယူခံတရားခံ)*

အိမ်နှင့် မြေယာပိုင်ဆိုင်ကြောင်း မြွက်ဟ ဒီကရီရရှိရန်နှင့်၎င်းအိမ်မှ နှင်ထုတ်လက်ရှိရရှိရန် တရားစွဲဆိုမှု—တံဆိပ်တော်ခေါင်း ထမ်းဆောင်ရန်ကိစ္စ။

တရားလိုက အခင်းဖြစ်နေအိမ်နှင့်မြေကိုပိုင်ဆိုင်ကြောင်း မြွက်ဟဒီကရီရရှိရန်နှင့် ၎င်းနေအိမ်မှ တရားခံအား နှင်ထုတ်လက်ရှိရရှိရန် တရားစွဲဆိုသည်။ တရားခံကတရားလိုတင်ပြသော အိမ်အဝယ်ဈေးချုပ်မှာ မမှန်မကန်လိမ်လည်ချုပ်ဆိုထားသည့် စာချုပ်ဖြစ်သောကြောင့်စာချုပ်ကို ပယ်ဖျက်ပြီး အခင်းဖြစ်အိမ် နှင့် မြေယာမှာ မိမိပိုင်ဖြစ်ကြောင်း ကျေညာပေးရန်ချေပ၍ ရိုးရိုးမြွက်ဟ ဒီကရီတောင်းဆိုသည့်အနေနှင့် ရုံးခွန်တော် ၂၀ိ သာထမ်းဆောင်သည်။

ဆုံးဖြတ်ချက်။ ။အရောင်းအဝယ်ရေစစ္ခတြိစာချုပ် ချုပ်ဆိုထားသည်ကို ပျက်ပြယ်ကြောင်း ခလျာက်ထားတောင်းဆိုသည့်အခါတွင် ထိုတောင်းဆိုချက်မှာ သာမန်မြွက်ဟဒီကရီသာ တောင်းဆိုခြင်းရှိသည့်အမှုမျိုးမဟုတ်၊ စာချုပ်ကိုပါ ဖျက်ဆီးသည့် အမိန့်ချမှတ်ပေးရမည့် အမှုမျိုး ဖြစ်သဖြင့် စာချုပ်၏တန်ဘိုးပေါ်တွင် တံဆိပ်တော်ခေါင်း ထမ်းဆောင်ရမည်။

မောင့်ရှပီယာ နှင့် **ဘာတူမာတန်နှင့်အမျာ**း၊ အေ၊ အိုင်၊ ဗာ (၁၉၄၄) ပတ္တနာ၊ စာ ၁၇ ရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။ဦးဘညွှန့်။

အယူခံ တရားခံအတွက်။ ။ဦးမြင့်စိုး။

တရားသူကြီး ဦးထွန်းတင်။ ။ယခုအမှုမှ အယူခံ တရားလိုဖြစ်သူ ဦးသန်းမောင်က၊ သာယာဝတီမြို့၊ ရာဘက်ခရိုင် တရားမရုံး ၁၉၆၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅ တွင်

---

* ၁၉၆၆ ခုနှစ်၊ တရားမပဋမအယူခံမှုအမှတ် ၅၆။

† ၁၉၆၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅ တွင်ချမှတ်သော သာယာဝတီမြို့၊ ရာဘက်ခရိုင်တရားမ တရားသူကြီးရုံးတော်၏ အမိန့်နှင့် ဒီကရီကိုအယူခံမှု။

၁၉၆၇ ဦးသန်းမောင်နှင့် မခင်ကြည်။

တရားလိုအဖြစ် အယူခံတရားခံ မခင်ကြည်အပေါ် သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ အုပ်စုအမှတ် ၃၃၊ ရပ်ကွက်အမှတ် (၈) ကုလားတန်းရပ်ရှိ နေအိမ်နှင့် မြေယာကို ရေစစ်တြိဘာချုပ်အရ ငွေ ၅,၀၀၀ သတ်မှတ်ပြီး ဝယ်ယူခဲ့ခြင်း ဖြစ်သဖြင့်၊ ထိုအိမ်နှင့်မြေယာ ပိုင်ဆိုင်ကြောင်း မြွက်ဟဒီကရီ ရရှိရန်နှင့် ၎င်းအိမ်တွင် အခမဲ့ အခွင့်နှင့်နေသူ အယူခံတရားခံအား အိမ်မှနှင်ထုတ် လက်ရှိရရှိရန် တရားစွဲဆိုခဲ့လေသည်။

တရားလိုဖြစ်သူ အယူခံ တရားလို၏ စံလွှာအရမှာ၊ အချင်းဖြစ်မြေနှင့်အိမ်ကို မူလပိုင်ရှင် ကိုမောင်ဟန် ဆိုသူထံမှ အဘိုးငွေ ၅,၀၀၀ သတ်မှတ်ပြီး ဝယ်ယူ၍၊ ပဌမငွေ ၃,၀၀၀ ပေးကာ၊ သတ်သေခံအမှတ် (က)စာချုပ် ချုပ်ဆိုခဲ့ကြောင်း၊ အိမ်ရှင် ကိုမောင်ဟန်က ကျန်ငွေ ၂,၀၀၀ ပေးသောအခါ အိမ်ပေါ်မှ ဆင်းပေး၍ ထိုအိမ်ကို လက်ရောက် ရရှိခဲ့ကြောင်း၊ ထို့နောက်အယူခံ တရားခံ မခင်ကြည်နှင့် ၎င်း၏ခင်ပွန်း ကိုသန်း (ခေါ်) ကိုသန်းမောင်တို့က ထိုအိမ်တွင်နေထိုင်ရန် အခွင့်တောင်းသဖြင့် အခမဲ့နေခွင့်ပြုခဲ့ရာ၊ ၁၉၆၄ ခုနှစ်၌ မခင်ကြည်နှင့် ၎င်း၏ခင်ပွန်း ကိုသန်း (ခေါ်) ကိုသန်းမောင်တို့ ကွာရှင်းပြီး၊ ကိုသန်းမောင်မှာ အိမ်ပေါ်မှ ဆင်းသွားကြောင်း၊ ထို့နောက် အယူခံတရားလိုက အယူခံတရားခံထံ အိမ်လာပေးရန်၊ သို့မဟုတ် အိမ်ပေါ်မှ ဆင်းပေးရန် အကြိမ်ကြိမ် တောင်းဆိုသော်လည်း မရရှိသဖြင့်၊ အမှုကို စွဲဆိုရပါသည်ဟု ပြဆိုလေသည်။

တရားခံဖြစ်သူ အယူခံတရားခံ မခင်ကြည်ကမူ၊ အချင်းဖြစ်အိမ်ကို ၎င်းနှင့် ခင်ပွန်းဟောင်းဖြစ်သူ ကိုသန်း (ခေါ်) ကိုသန်းမောင်တို့ကသာ မူလပိုင်ရှင် ကိုမောင်ဟန်ထံမှ အဘိုးငွေ ၅,၀၀၀ ထား၍ ဝယ်ယူခဲ့ရာ ကိုမောင်ဟန်က ငွေလိုသည်ဆို၍ ပဌမအရစ်ငွေ ၃,၀၀၀ ကို တရားလိုဖြစ်သူ ကိုသန်းမောင်ထံမှ ခေတ္တချေးပြီး ပေးခဲ့ကြောင်း၊ ထို့နောက် ရေစစ်တြိဘာချုပ် ပြုလုပ်သောအခါတွင် မိမိ၏ခင်ပွန်းမှာ မအားလပ်သဖြင့် ငွေစိုက်ပေးသူ တရားလို ကိုသန်းမောင်ကိုပင် သွားရောက် စာချုပ်ချုပ်ဆိုရန်ပြောရာ ကိုသန်းမောင်က စာချုပ်ကို ကျန်ငွေ ၃,၀၀၀ အဘိုးထား၍ ရေစစ်တြိဘာချုပ် ချုပ်ဆိုရာဝယ်၊ ဝယ်ယူသူအဖြစ် အယူခံတရားလိုက ၎င်း၏အမည်နှင့် ဘခင်တို့အမည်ကိုသာ ထည့်သွင်း၍ ချုပ်ဆိုခဲ့ကြောင်း၊ ထို့နောက် အယူခံ တရားလိုသည် စာချုပ်ကို မပြဘဲ သိမ်းထားရာ၊ မခင်ကြည်က အကျွေးရှိသဖြင့် စာချုပ်ကို တောင်းမကြည့်ခဲ့ကြောင်း၊ မိမိနှင့် ခင်ပွန်းတို့ ကွာရှင်းပြီးနောက်၊ ၎င်းအိမ်နှင့် ပတ်သက်၍ အယူခံ တရားလိုက အမျိုးမျိုးအနှောင့်အရှက် ပေးသည့်အပြင်၊ မြို့နယ်ရာဇဝတ်ရုံးသို့ ဦးတိုက် ဧလျာက်ထားသည့် အခါတွင်မှ တရားလိုက စာချုပ်ကို တင်ပြပြီး၊ အချင်းဖြစ်အိမ်နှင့် မြေယာကို ၎င်း၏နာမည်နှင့် ဝယ်ယူထားကြောင်း ပြဆိုသည်ကို သိရှိရကြောင်း။

ထိုအတွက် ယင်းစာချုပ်မှာ မမှန်မကန် လိမ်လည် ချုပ်ဆိုထားသည့်စာချုပ်သာဖြစ်သောကြောင့် ထိုစာချုပ်ကို ပယ်ဖျက်ပြီး အချင်းဖြစ်အိမ်နှင့် မြေယာမှာ မိမိပိုင်ဖြစ်ကြောင်းကို ကျေညာပေးပါရန် ဆိုပြီး လျှောက်ထားချေပလေသည်။

တရားလိုနှင့် တရားခံတို့၏အဆိုနှင့် ချေလွှာများအရ၊ အောက်ရုံးမှ ယခုအမှုကို စစ်ဆေးရန် အောက်ပါကောက်ချက် လေးခုကို ထုတ်နုတ်ခဲ့လေသည်။

(၁) အချင်းဖြစ် အိမ်နှင့်မြေကို မည်သူဝယ်သနည်း၊ တရားလို ဝယ်သလား၊ သို့မဟုတ် တရားခံ၏ခင်ပွန်း ဝယ်သလား။

(၂) တရားခံများသည် မည်သည့် အခွင့်အရေးနှင့် အချင်းဖြစ် အိမ်ပေါ်တွင် နေသနည်း။

(၃) "က"အမှတ် စာချုပ်ကို ပယ်ဖျက်သင့်သလား၊ ပျက်ပြယ်ကြောင်း ကျေညာသည့် ဒီကရီကို တရားခံက ရထိုက်သလား။

(၄) တရားလို၊ တရားခံကိုသည် မည်သည့် သက်သာခွင့်ကို ရထိုက်သနည်း။

ထိုကောက်ချက်များအနက် အရေးကြီးသည့် ပဌမ ကောက်ချက်နှင့် ပတ်သက်၍ မူလစစ်ဆေးသည့်ရုံးမှ သက်သေခံချက်များကို ဝေဘန်သောအခါ၊ တရားလိုဖြစ်သူက ပြသခဲ့သည့် တရားခံ မခင်ကြည်၏ ခင်ပွန်းဟောင်း ကိုသန်းမောင်နှင့် မူလအိမ်ရှင် ကိုမောင်ဟန်တို့၏ ထွက်ချက်များအရ အချင်းဖြစ်မြေနှင့်အိမ်ကို ဝယ်ယူသူမှာ မခင်ကြည်၏ ခင်ပွန်းဟောင်း ကိုသန်းမောင်သာ ဖြစ်ကြောင်း ပေါ်လွင်နေပြီး၊ ထိုသို့ ဝယ်ယူသည့်ကိစ္စနှင့် ပတ်သက်၍ အယူခံတရားလိုက ငွေ ၂,၀၀၀ သာထုတ်ချေးခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည့်အပြင်၊ အရောင်းအဝယ် ရေစစ္စတြီစာချုပ် ချုပ်ဆိုသောအခါက အိမ်ရောင်းသူ ကိုမောင်ဟန်က စာချုပ်ရာတွင် တရားလိုနှင့် ၎င်း၏ဘခင်အမည်ကို ထည့်သွင်းထားပြီး၊ မခင်ကြည်၏ ခင်ပွန်းဟောင်း ကိုသန်းမောင်၏ ဘခင်အမည် ထည့်သွင်းခြင်း မပြုသည်ကို တွေ့ရှိရ၍ အယူခံတရားလိုအား ပြောဆိုသောအခါ၊ အယူခံတရားလိုက မိမိနောက်မှ ကြည့်ရှုင်းမည်ဟု ပြောကြောင်း အတိအလင်း ထွက်ဆိုပြန်သဖြင့်၊ အယူခံတရားလို ကိုးကားသည့် သက်သေခံအမှတ် (က) ရေစစ္စတြီစာချုပ်မှာ မူမမှန်သော စာချုပ်ဖြစ်ပြီး၊ အချင်းဖြစ်အိမ်နှင့် နေရာကို ဝယ်ယူသူမှာ အယူခံတရားခံ၏ ခင်ပွန်းဟောင်း ကိုသန်း (ခေါ်) ကိုသန်းမောင်သာ ဖြစ်သည်ဟု ၎င်းကောက်ချက်နှင့် ပတ်သက်၍ ဖြေဆိုလေသည်။

ဒုတိယ ကောက်ချက်နှင့် ပတ်သက်၍မူ၊ မူလရုံးမှ အချင်းဖြစ် အိမ်နှင့်မြေကို ဝယ်ယူသူမှာ အယူခံတရားခံဖြစ်ပြီး၊ ထိုသို့ ဝယ်ယူပြီးနောက် ပိုင်ရှင် ကိုမောင်ဟန် အိမ်မှ ဖယ်ပေးသဖြင့် အယူခံတရားခံနှင့် ၎င်း၏ ခင်ပွန်းဟောင်းတို့ တက်ရောက်နေထိုင်

ခဲ့ကြောင်း၊ ထိုသို့နေထိုင်သည့်အတွက် တရားလိုကို အိမ်လခ ၂ တခါတရံမှ ပေးခဲ့ခြင်းမရှိ အိမ်အောက်ထပ်ကိုတရားခံဖြစ်သူ မခင်ကြည်တို့ကပင် ဆက်လက်ဆောက်လုပ်ကြောင်း များ တွေ့ရှိရသဖြင့် တရားခံများသည် အချင်းဖြစ်အိမ်၌ ၎င်းတို့အိမ်ဖြစ်သည့်အတိုင်း ပိုင်ရှင်အဖြစ် တက်ရောက်နေထိုင်ခြင်းသာ ဖြစ်သည်ဟု ဖြေကြားပြန်သည်။

တရားခံဖြစ်သူ အယူခံ တရားခံက၊ အချင်းဖြစ် မြေနှင့်အိမ်ကို ၎င်းတို့သဝယ်ယူခဲ့ခြင်း ဖြစ်သဖြင့်၊ တရားလိုက သက်သေခံအမှတ် - (က) ရေစစ်တြီ စာချုပ်အရ၊ ၎င်းဝယ်ယူခဲ့ပါသည်ဟု ဆိုခြင်းမှာ လိမ်လည်ပြုလုပ်ထားခြင်းသာ ဖြစ်သဖြင့်၊ ထို စာချုပ် တည်ရှိနေပါက မိမိတို့၏အကျိုးကို ထိခိုက်နစ်နာစေရန် ရှိသောကြောင့် ပယ်ဖျက်ပေးပါရန် လျှောက်ထားတောင်းဆိုခဲ့သည်နှင့် ပတ်သက်၍အထက်ကကောက ချက်အမှတ် (၁) နှင့် (၂)ပါ ပြဆိုချက်များအရ၊ ၎င်းကောက်ချက်နှင့် ပတ်သက်၍ လည်း သက်သေခံအမှတ် (က)စာချုပ်မှာ မမှန်မကန် လိမ်လည်ချုပ်ဆိုထားသော စာချုပ်သာဖြစ်ကြောင်း အထောက်အထား ရှိနေသဖြင့်၊ တရားခံ တောင်းဆိုသည့် အတိုင်း စာချုပ်ပျက်ပြယ်ကြောင်း ဒီကရီ ချပေးသင့်သည်ဟု ဆုံးဖြတ်ပြီး၊ အမှုတွင် တရားလိုဖြစ်သူ အယူခံတရားလို၏ စွဲဆိုချက်ကို စရိတ်နှင့်တကွ ပလပ်လိုက်သည့်အပြင်၊ တရားလို တင်သွင်းခဲ့သည့် သက်သေခံအမှတ် (က) ရေစစ်တြီ စာချုပ်ကိုလည်း ပယ်ဖျက်သည့် အမိန့်ဒီကရီကိုပါ တပါတည်း ချမှတ်ပေးလိုက်လေသည်။

ထို့တွက်၊ တရားလိုဖြစ်သူ ဒုယူခံတရားလိုက ယခုအယူခံမှုကို တင်သွင်းခဲ့ရာ၊ ၎င်းက မူလရုံးက အချင်းဖြစ်မြေနှင့် အိမ်ကို သက်သေခံ (က)ရေစစ်တြီ စာချုပ်အရ ဝယ်ယူထားကြောင်းမှာ ပေါ်လွင်နေပါလျက်၊ တောင်းဆိုသည့် မြွက်ဟဒီကရီကို ခွင့်မပြုဘဲ ပလပ်လိုက်ခြင်းနှင့် ထိုသက်သေခံ (က) စာချုပ်ကိုသာ မမှန်မကန်လိမ်လည် ချုပ်ဆိုသည့် စာချုပ်ဆိုပြီး ပယ်ဖျက်ခဲ့ရာ၊ ထိုသို့ပယ်ဖျက်သင့် အမိန့်ကို ချမှတ်နိုင်ရန် တရားခံဖြစ်သူ အယူခံတရားခံက လုံလောက်သည့် တံဆိပ်တော်ခေါင်းများ ထမ်းဆောင် ခြင်းမရှိသဖြင့်၊ ၎င်းအမိန့်နှင့် ဒီကရီမှာလည်း ဥပဒေအရ တည်မြဲနိုင်ခြင်း မရှိသော ကြောင့် ပယ်ဖျက်သင့်ပါသည်ဟု ပြဆိုလေသည်။

ထို့ကြောင့် ယခုအမှုတွင် ရှေးဦးစွာ စဉ်းစားရန်မှ တရားလိုသည်မိမိစွဲဆိုခဲ့သည့် အတိုင်း အချင်းဖြစ် မြေယာနှင့် အိမ်ကို သက်သေခံအမှတ် (က) ရေစစ်တြီ စာချုပ် အရ၊ အဘိုးဌေပေး၍ ဝယ်ယူမည် ဖြစ်သည့်အတိုင်း၊ ထိုအိမ်ကို ပိုင်ဆိုင်သူဖြစ်ကြောင်း ကျည်ဘချက် ဒီကရီနှင့် ၎င်းအိမ်တွင် လက်ရှိနေထိုင်နေသည့် အယူခံတရားခံအား ထိုအိမ်မှ နှင်ထုတ်ခွင့်ရှိ မရှိကို သက်သေခံချက်များအရ စီစစ်ဝေဖန် စဉ်းစားရန် ရှိပေသည်။ ယင်းအချက်နှင့် ပတ်သက်၍ အမှုတွင် တရားလိုဖြစ်သူ အယူခံတရားလိုက တရားခံ မခင်ကြည်၏ ခင်ပွန်းဟောင်း ကိုသန်း (ခေါ်) ကိုသန်းမောင်အား စစ်ဆေး

ခဲ့ရာ၊ ၎င်းသက်သေက အချင်းဖြစ် မြေနှင့်အိမ်ကို ဝယ်ယူသူမှာ အယူခံတရားလိုမဟုတ်၊ မိမိသာ မူလပိုင်ရှင် ကိုမောင်ဟန်ထံမှ ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း အတိအကျ ထွက်ဆိုလေသည်။ ထိုထွက်ချက်ကို ရောင်းချသူ မူလအိမ်ပိုင်ရှင် ကိုမောင်ဟန်ကလည်း ထောက်ခံထားပြန်သည်။ ကိုမောင်ဟန်၏ ထွက်ချက်အရ ရေစဉ်စာတြီစာချုပ် ချုပ်ဆို ရန် သွားစဉ်အခါက စာချုပ်တွင် ဝယ်ယူသူ၏ ဘခင်အမည်ကို အယူခံတရားလို၏ဘခင် အမည်ထည့်သွင်းထားသဖြင့် မှားယွင်းနေကြောင်းကို ပြောဆိုခဲ့ရာ အယူခံတရားလိုက ထိုသို့ပင် ချုပ်ဆိုပြီး နောက်မှ ကြည့်ရှုင်းမည်ဟု ပြောကြောင်း ထွက်ဆိုထားသဖြင့်၊ ယင်းသက်သေခံအမှတ် (က) အရောင်းအဝယ် ရေစဉ်တြီစာချုပ်မှာ အမှန်အကန် ဝယ်သူ၏အမည်နှင့် ဝယ်ယူခဲ့ခြင်း မဟုတ်ကြောင်းမှာ ပေါ်လွင်နေပေသည်။ ထို့ပြင် တရားလိုဖြစ်သူ အယူခံတရားလိုက တရားခံများသည် အချင်းဖြစ်အိမ်တွင် မိမိ၏ အခွင့်အရေးနှင့် နေထိုင်ခဲ့သူများသာ ဖြစ်သည်ဟု ဆိုသော်လည်း၊ ထိုသို့နေထိုင်ကြောင်း သက်သေ အထောက်အထား မည်သို့မျှ ပြသနိုင်ခြင်း မရှိသည့်အပြင်၊ တရားခံတို့ထံမှ အိမ်လခ တခါမှ ရရှိခဲ့ခြင်း မရှိကြောင်း ဝန်ခံထားသဖြင့် ထိုပြဆိုချက်မှာလည်း မှန်ကန်လက်ခံနိုင်စရာ ရှိသည်ဟု မတွေ့ရှိရပေ။ သို့ရာတွင် အယူခံတရားလို အတွက် လိုက်ပါဆောင်ရွက်သော ရွှေနေကြီးက အချင်းဖြစ် မြေနှင့်အိမ်ကို အယူခံ တရားလိုကသာ ငယ်ယူခဲ့ကြောင်း သက်သေခံအမှတ် (က) ရေစဉ်တြီ စာချုပ်အရ ထင်ရှားနေသဖြင့် တရားလိုဖြစ်သူ အယူခံ တရားလိုသည် ထိုစာချုပ်ပါ အခွင့်အရေးကို ခံစားထိုက်သူ ဖြစ်သည့်အတိုင်း၊ အချင်းဖြစ် အိမ်နှင့်မြေယာကို ၎င်းသာပိုင်ဆိုင်သည်ဟု ယူဆရမည်ဖြစ်သဖြင့် တောင်းဆိုသည့် မြို့ဟဒီကခီကို ရထိုက်ပါသည်ဟု ပြဆိုလေသည်။

မသဲ့မပြောင်းနိုင်သည့် ပစ္စည်းများကို အရောင်းအဝယ် ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေ ပုဒ်မ ၅၄ တွင် ရည်ညွှန်းထားသည့် မည်သည့်အခါ ရောင်းဝယ်ခြင်း မြောက်သည်ဆိုခြင်းကို ကြည့်ရှုရ၍၊ ထိုသို့ရောင်းဝယ်ခြင်းမှာ၊ ရောင်းသူနှင့် ဝယ်သူတို့၏ ကတိပဋ္ဌာန်အပေါ် မူတည်နေကြောင်း ပြဆိုထားပေသည်။

ယခုအမှုတွင် သက်သေခံချက်များအရ၊ ရောင်းသူမှာ ကိုမောင်ဟန်ဖြစ်ပြီး၊ ဝယ်သူမှာ အယူခံတရားခံ မခင်ကြည်၏ ခင်ပွန်းဟောင်း ကိုသန်း (ခေါ်) ကိုသန်းမောင် ဖြစ်သည်မှာ မငြင်းဆိုနိုင်ပေ၊ ထိုသို့ဝယ်ယူခြင်းနှင့် ပတ်သက်၍ တရားလိုဖြစ်သူ အယူခံ တရားလိုက ဝယ်သူအယူခံတရားခံ၏ ယောကျ်ားသို့ငွေ ၂,၀၀၀ ခန့်ကို ချေးငှါး ခဲ့ခြင်းသာဖြစ်ပြီး၊ ကျန်ငွေ ၃,၀၀၀ ကိုသည်း အယူခံတရားခံကပင် ပေးဆပ်ခဲ့ကြောင်း ရောင်းသူ ကိုမောင်ဟန်က ထွက်ဆိုထားသေသည်။ သို့ဖြစ်ရာ အချင်းဖြစ် ပစ္စည်းများနှင့်ပတ်သက်၍ မိမိက ဝယ်ယူသူအား ငွေချေးငှါးလိုက်သည်ကို ပြန်လည်ရရှိရန်

ဦးသန်းမောင်နှင့် မခင်ကြည်။

အခွင့်အရေးမှအပ ထိုအိမ်ကို ဝယ်ယူသူအဖြစ် ပိုင်ရှင်ဖြစ်လာသည်ဟု မည်သို့မျှ ဥပဒေအရ ပြောဆိုရန် အခွင့်အရေး ရှိမည်မဟုတ်ပေ။

ထို့ကြောင့် ပဋိမကောက်ချက်နှင့် ပတ်သက်၍ အောက်ရုံးမှ အချင်းဖြစ် အိမ်နှင့်မြေကို ဝယ်ယူခဲ့သူမှာ အယူခံတရားလိုမဟုတ်၊ အယူခံတရားခံ မခင်ကြည်၏ ခင်ပွန်း ဟောင်း ကိုသန်း (ခေါ်) ကိုသန်းမောင်သာ ဖြစ်သည်ဟု ယူဆဆုံးဖြတ်ခဲ့သည်မှာ သက်သေခံချက်များအရ သော်၎င်း၊ ဥပဒေအရသော်၎င်း မှားယွင်း ချွတ်ချော်ခြင်း ဖြစ်နေသည်ဟု မည်သို့မျှ မတွေ့ရပေ။

တဖန်၊ သက်သေခံအမှတ် (က) ရေစစ်တြိဳစာချုပ်မှာ မမှန်မကန် လိမ်လည်ချုပ်ဆိုထားသည့် စာချုပ်ဖြစ်သဖြင့် တရားခံဖြစ်သူ အယူခံတရားခံ တောင်းဆိုသည့်အတိုင်း၊ အောက်ရုံးမှ ထိုစာချုပ်ကို ပယ်ဖျက်လိုက်သည်ဆိုသော ဒီကရီကို ချမှတ်ပေးခဲ့ခြင်းမှာ လုံလောက်သည့် တံဆိပ်တော်ခေါင်း ထမ်းဆောင်ခဲ့ခြင်း မရှိဘဲ ချမှတ်ခဲ့ခြင်း ဖြစ်သဖြင့်၎င်းအမိန့်နှင့် ဒီကရီကို ပယ်ဖျက်ပေးသင့်ပါသည်ဟုဆိုသောပြဆိုချက်နှင့် ပတ်သက်၍ သက်သေခံချက်များကို လေ့လာသောအခါ၊ အောက်ရုံး၌ တရားလိုဖြစ်သူ အယူခံတရားလိုက တရားခံ မခင်ကြည်သည် လုံလောက်သည့် တံဆိပ်တော်ခေါင်း ထမ်းဆောင်ထားခြင်း မရှိသဖြင့်၊ ထိုသက်သာခွင့်ကို တောင်းဆိုနိုင်ရန် အခွင့်အရေးမရှိပါဟု ငြင်းထားကြောင်း တွေ့ရှိရသည်။ သို့သော် အောက်ရုံးမှ ၎င်းအချက်နှင့်ပတ်သက်၍ ကောက်ချက်ထုတ်နုတ် စစ်ဆေးခဲ့ခြင်းမရှိ၊ တရားခံဖြစ်သူ အယူခံတရားခံသည် ယခုကဲ့သို့ အမှုမျိုးတွင် စာချုပ်ပျက်ပြယ်ကြောင်းမြွက်ဟိသည့် ဒီကရီသက်သာ တောင်းဆိုခွင့်ရှိ မရှိ၊ တောင်းဆိုခွင့် မရှိသော် ၎င်းထမ်းဆောင်ထားသည့် တံဆိပ်တော် ခေါင်းများမှာ လုံလောက်ခြင်း ဖြစ်မဖြစ်ဆိုသည်များကို ကိုက္ခစွာ စဉ်းစားဆုံးဖြတ်ထားခြင်း မရှိသည်ကို တွေ့ရှိရသည်။ ယင်းအချက်နှင့် ပတ်သက်၍၊ တရားလိုဖြစ်သူ အယူခံတရားလို ကိုယ်တိုင်ကပင်၊ အချင်းဖြစ်မြေနှင့် အိမ်ကို အဘိုးငွေ ၅,၀၀၀ နှင့်ဝယ်ယူခဲ့ကြောင်း ဝန်ခံထားရကား၊ သက်သေခံ(က) ရေစစ်တြိဳ စာချုပ်တွင်မူ အရောင်းအဝယ်ကို ငွေ ၃,၀၀၀ ထား၍သာ ပြုလုပ်ထားကြောင်း တွေ့ရှိရသဖြင့်၊ ဝယ်ယူသည့် တန်ဘိုးနှင့် ပတ်သက်၍၊ စာချုပ်မှာ မမှန်မကန်ချုပ်ဆိုထားသည့် စာချုပ်ဖြစ်ကြောင်း ထင်ရှားနေပေသည်။ ထို့ပြင် အထက်ကပြဆိုထားသည့်အတိုင်း သက်သေခံအမှတ် (က) စာချုပ်တွင် ပြဆိုထားသည့် ဝယ်ယူသူမှာ အယူခံတရားလိုမဟုတ်၊ အယူခံတရားခံ၏ ခင်ပွန်းဟောင်း ကိုသန်း (ခေါ်) ကိုသန်းမောင်သာ ဖြစ်ကြောင်း ပေါ်လွင်နေရကား၊ ၎င်းစာချုပ်တွင် အမှန်တကယ် ဝယ်ယူသူ၏နာမည်ကို ထည့်သွင်းချုပ်ဆိုထားသည့် စာချုပ် မဟုတ်ကြောင်းမှာလည်း ထင်ရှားနေပြန်သည်။ ထို့ကြောင့် ယခု ကဲ့သို့စာချုပ်မျိုးကို ပျက်ပြယ်အောင် မပြု

လုပ်တဲ့ ဆက်လက်ထားရှိပါက အမှန်တကယ် ဝယ်ယူသူ၏ အခွင့်အရေးများကို အနှောင့်အရှက်ပေးနိုင်သဖြင့် ထိုစာချုပ်မျိုးကို ပယ်ဖျက်သင့်သည်ဟု အောက်ရုံးမှ ဆုံးဖြတ်ခဲ့ခြင်းမှာ ဥပဒေအရသော်၎င်း၊ အကြောင်းခြင်းရာများ အရသော်၎င်း မှားယွင်းသည်ဟုမဆိုနိုင်ပေ။ သို့ရာတွင် အယူခံတရားခံက ၎င်း၏ခွေပခွက် အပိုဒ် (၁၁)တွင် သက်သေခံအမှတ် (က) ရေစစ်စာတြီစာချုပ်သည် မမှန်မကန် လိမ်လည်၍ တဘက်သတ်ရေးထားသော စာချုပ်ဖြစ်သဖြင့် ၎င်းစာချုပ်ကို မဖျက်ဆီးဘဲ ထားပါက တရားလိုသည် တရားခံအား အနှောင့်အရှက်များ ပေးနိုင်ဘွယ်ရာ ရှိသဖြင့်၊ ထိုစာချုပ်သည် ခိုင်မြဲသော စာချုပ်ဖြစ်ကြောင်း ကျေညာသော အမိန့်ဒီကရီ ချမှတ်ပေးရန် တောင်းဆိုခဲ့သော်လည်း၊ ထိုကဲ့သို့ တောင်းဆိုချက်မှာ ရိုးရိုးမြွက်ဟ ဒီကရီမျှသာ ဖြစ်၍ ဥပဒေအရ ပေးပိုင်ခွင့်ရှိ မရှိဆိုသည်ကို စဉ်းစားရပေမည်။ အယူခံ တရားခံကမူ ရိုးရိုးမြွက်ဟဒီကရီ တောင်းဆိုသည့် အနေနှင့် ရုံးခွန်တော် ၂၀ သာ ထမ်းဆောင်ခဲ့လေသည်။ ယင်းကဲ့သို့ အရောင်းအဝယ် ရေစစ်စာတြီစာချုပ် ချုပ်ဆိုထားသည်ကို ပျက်ပြယ်ကြောင်း လျှောက်ထားတောင်းဆိုသည့် အခါတွင်၊ ထိုတောင်းဆိုချက်မှာ သာမန်မြွက်ဟဒီကရီသာ တောင်းဆိုခွင့်ရှိသည့် အမှုမျိုးမဟုတ်၊ စာချုပ်ကိုပါ ဖျက်ဆီးသည့် အမိန့်ချမှတ်ပေးရမည့် အမှုမျိုး ဖြစ်သဖြင့် စာချုပ်၏ တန်ဘိုးပေါ်တွင် တံဆိပ်တော်ခေါင်း ထမ်းဆောင်ရမည် ဖြစ်ကြောင်းကို **မောင်ရှုပ်ယာ နှင့် ဘာတူမာတန် နှင့် အမျာ**းဘို့အမှု (၁)စီရင်ထုံးတွင် အောက်ပါအတိုင်း ပြဆိုထားခဲ့သည်။

> **" But the dexterity of the person drawing up the pleadings** avoiding the use of certain words in the plaint, which would make the relief a consequential one, should not determine the amount of court-fee payable on the plaint. The court-fee is dependent not on the form of the pleadings, but on the real substance of the relief claimed.
>
> A suit though cast in the form of a declaratory relief only, but in substance aiming at setting aside a deed formally executed and registered in accordance with law is governed by Section 7 (iv) (c) and not by Schedule 2, Article 17 (iii). . . . .
>
> Held that as the sale deeds on their very face had been duly executed and properly registered, carrying with them the necessary legal consequences that title passed from the transferor to the transferee the sale deeds would necessarily require to be cancelled in order to get rid of the legal consequences attaching to them. That being the very object of the suit though the plaintiff did not in terms ask for the

(၁) အေ၊ အိုင်၊ အာ (ရန်) (၁၉၄၄) ပတ္တနာ၊ စာ ၁၇။

၁၉၈၇

ဦးသန်းမောင်
နှင့်
မခင်ကြည်။

cancellation of the deeds in question, that relief was implicit in the relief sought for. The suit therefore being one for declaration and consequential relief was governed by Section 7 (iv) (c) and not Schedule 2, Article 17 (iii)."

ထို့ကြောင့်၊ အောက်ရုံးတွင် အယူခံ တရားလိုက ကန့်ကွက်ခဲ့သည့်အတိုင်း၊ အယူခံတရားခံသည် မိမိတောင်းဆိုသည့် သက်သာခွင့်အတွက် လုံလောက်သည့် တံဆိပ်တော်ခေါင်းများ ထမ်းဆောင်ခဲ့ခြင်း မရှိသဖြင့်၊ ထိုသို့တောင်းဆိုသည့် သက်သာခွင့်ကို မရထိုက်ပါဟု ခေျပခဲ့သည်မှာ မှန်ကန်ကြောင်း တွေ့ရှိရသည်။ သို့ရာတွင် အောက်ရုံးမှ ကောက်ချက် (၂)နှင့် ပတ်သက်၍ အယူခံတရားခံသည် စာချုပ်အား ပယ်ဖျက်သော ကျေညာချက် ဒီကရီကို ရထိုက်သည်ဟု ဆုံးဖြတ်ပြီးနောက်၊ အမိန့်ဘွင်မူ၊သက်သေခံ (က) ရေစစ္စတြီစာချုပ်ကို ပယ်ဖျက်သော အမိန့် ဒီကရီကိုပါ တပါတည်း ချမှတ်လိုက်သည် ဆိုထားသဖြင့်၊ ဒီကရီအရ သက်သေခံအမှတ် (က) ရေစစ္စတြီ စာချုပ်ကိုပါ ပယ်ဖျက်လိုက်ကြောင်း တွေ့ရှိရသည်။ ထိုသို့ပယ်ဖျက်သည့် အမိန့်ကို ရရှိနိုင်ရန် အသက်က ပြဆိုထားသည့်အတိုင်း၊ တရားခံဖြစ်သူ အယူခံတရားခံက လုံလောက်သော တံဆိပ်တော်ခေါင်းများ ထမ်းဆောင်ထားခြင်း မရှိသဖြင့်၊ ယင်းအမိန့်နှင့်ဒီကရီမှာဥပဒေအရ မှားယွင်းနေသဖြင့် ပယ်ဖျက်ရမည်သာ ဖြစ်ပေသည်။ ယခုအယူခံရာတွင်လည်း ၎င်းအချက်နှင့် ပတ်သက်၍ အယူခံ တရားလိုက သက်သေခံအမှတ် (က) ရေစစ္စတြီ စာချုပ်အရ ထန်ဘိုးငွေ ၅,၀၀၀ ပေါ်တွင် တံဆိပ်ခေါင်းခေါင်း ထမ်းဆောင်ပြီး အယူခံ ဂင်ခဲ့လေသည်။ အယူခံ တရားခံဘို့ကမူ ၎င်းတို့ထမ်းဆောင်သည့် တံဆိပ်တော်ခေါင်းမှာ လုံလောက် မှန်ကန်သည်ဟုသာ ငြင်းဆိုပြီး၊ အောက်ရုံးတွင် မိမိတို့က ကျေညာချက်ဒီကရီ သက်သက်သာ တောင်းဆိုခဲ့ခြင်း ဖြစ်သဖြင့်၊ ရုံးမှမှားယွင်းပြီး စာချုပ်ကို ပယ်ဖျက်လိုက်သည့် အမိန့်နှင့် ဒီကရီကို ချမှတ်ပေးသော်လည်း မိမိတို့သည် စာချုပ်ပါ တန်ဘိုးအတိုင်း တံဆိပ်တော်ခေါင်းပေးရန် မလိုအပ်ပါဟု ပြဆိုလေသည်။ ထို့ကြောင့် တရားခံဖြစ်သူ အယူခံ တရားခံများသည် ယခုအယူခံမှုတွင်လည်း သက်သေခံအမှတ် (က) စာချုပ်ကို ပယ်ဖျက်သည်နှင့် ပတ်သက်၍ လုံလောက်သည့် တံဆိပ်တော်ခေါင်း ထမ်းဆောင်ရန် မလိုလားသည်ကို တွေ့ရှိရသည်။ မည်သို့ပင်ဖြစ်စေ အထက်က ပြဆိုခဲ့သည့်အတိုင်း အယူခံတရားလို တောင်းဆိုသည့် သက်သာခွင့်မှာ ရေစစ္စတြီ စာချုပ်ကိုပါ တပါတည်း ချမှတ်ပေးရမည့် သက်သာခွင့်မျိုးဖြစ်ကြောင်း ထင်ရှားနေပေသည်။ ထိုသို့ ချမှတ်ပေးရလျှင် အယူခံ တရားခံသည်၊ စာချုပ်ထန်ဘိုးခံမပါကျသင့်သည့် တံဆိပ်တော်ခွန် ထမ်းဆောင်ရမည် ဖြစ်ရကား၊ အောက်ရုံးမှ သက်သေခံအမှတ် (က) စာချုပ်ကို ပယ်ဖျက်လိုက်သည်ဆိုသော အမိန့် ဒီကရီမှာ တရားဝင်သည့် အမိန့်ဖြစ်သည်ဟု မဆိုနိုင်တော့သဖြင့် ပယ်ဖျက်ရမည်ဖြစ်သည်။

ဖေါ်ပြပါ အကြောင်းများကြောင့်၊ ယခုအယူခံမှုတွင် အယူခံတရားလိုသည် အချင်းဖြစ် မြေယာနှင့် အိမ်ကိုပိုင်ဆိုင်ကြောင်း မြှက်ဟ ဒီကရီနှင့်၊ ထိုအိမ်မှ အယူခံတရားခံအား နှင်ထုတ်ရန် အခွင့်အရေး မရှိကြောင်း အောက်ရုံးမှ ချမှတ်ခဲ့သည့် စီရင်ချက်နှင့် ဒီကရီနှင့် ပတ်သက်၍ အယူခံခဲ့သော်ငြားလည်း၊ အထက်ကပြဆိုခဲ့သည့်အတိုင်း ထိုဆုံးဖြတ်ချက်မှာ မှန်ကန်ကြောင်း ထင်ရှားနေသဖြင့်၊ ထိုသို့ချမှတ်ပေးခဲ့သည့် စီရင်ချက်နှင့် ဒီကရီအတွက် အယူခံခြင်းကို ကျွန်ုပ်တို့ ပလပ် ရပေမည်။ သို့ရာတွင် အောက်ရုံးမှ သက်သေခံ (က) စာချုပ်ကို ပယ်ဖျက်သော အမိန့်နှင့် ဒီကရီမှာ လုံလောက်သည့် တံဆိပ်တော်ခေါင်း ထမ်းဆောင်ထားခြင်း မရှိဘဲ ချမှတ်ထားသည့် အမိန့်ဖြစ်သဖြင့်၊ လက်ခံ အတည်ပြုရန် မဖြစ်နိုင်သောကြောင့် ထိုအချက်နှင့် ပတ်သက်၍ အယူခံသည်ကို ခွင့်ပြုပြီး၊ အောက်ရုံးမှ ချမှတ်သည့် အမိန့်နှင့် ဒီကရီကို ပယ်ဖျက်လိုက်သည်။

ယခုအမှုတွင် အယူခံတရားလိုသည် တစိတ်တဒေသသာ အောင်မြင်ခဲ့သဖြင့် နှစ်ဦးနှစ်ဘက် အမှုသည်တို့သည် ယခုအယူခံမှုအတွက် မိမိတို့၏ စရိတ်ကို မိမိတို့ အသီးသီးကျခံစေရမည်ဖြစ်သည်။

JEJ

CIVIL REVISION

Before U Sein Thinn, J.

C.C.
1967

June 22.

DAW OHN KHIN (APPLICANT)

v.

DAW OHN KYI
U PE THET } (RESPONDENTS).*

Urban Rent Control Act—whether retrospective operation is to be given to a statute so as to impair an existing right or obligation—whether the notification cancelling the operation of s. 19 of the Urban Rent Control Act has retrospective effect.

At the time of the institution of the proceedings Standard Rent Certificates as required by s. 19 of the Urban Rent Control Act are exempted from operation of the Urban Rent Control Act. During the pendency of the proceedings the exemption is cancelled by a notification of the Ministry of Public Works and Housing.

Held: A retrospective operation is not to be given to a statute so as to impair an existing right or obligation otherwise than as regards matter of procedure, unless that effect cannot be avoided without doing violence to the language of the enactment.

Therefore Notification No. 185, dated the 8th September 1966 of the Ministry of Public Works and Housing cancelling Notification No. 35, dated the 16th February 1951 of Ministry of Finance and Revenue by which the operation of s. 19 of the Urban Rent Control Act had been kept in abeyance, does not operate retrospectively.

H.S. Hajee Ismail Chootani v. *Gopiram Shewbuxrai*, (1947) R.L.R. p. 342; *Mashedee Khan* v. *B. Mahomed Azim*, 5 L.B.R., p. 148; *Mrs. D.M. Singer* v. *The Controller of Rents and three others*, (1949) B.L.R. p. 143 (S.C.), referred to. *Tai Chuan & Co.* v. *Chan Seng Cheong*, (1949) B.L.R., p. 86 (S.C.), distinguished.

Mr. R. Chaube for the applicant.

U Hla Sein for the respondents.

U SEIN THINN, J.—These are applications in revision against the orders passed by the learned Fourth Judge of

* Civil Revision Nos. 13 and 14 of 1967, against the orders of the 4th Judge, City Civil Court of Rangoon in Civil Distress Case Nos. 6 and 7 of 1966, dated the 13th January 1967.

Held: A proceeding must be considered pending until it is finally concluded. Therefore the application in revision must be taken to be a continuation of the original application. Questions of misjoinder or non-joinder of parties do not ordinarily affect jurisdiction. An order under s. 145 of the Code of Criminal Procedure is not bad merely because all interested persons are not impleaded; the order is valid so far as the parties in dispute are before the Court. It will be in the best interest of the parties concerned to implead the applicant No. 1 and the two *atet* children of the deceased, namely Ma Khin Yi and Ma Myint Myint Thein as well as the eldest child of the couple, namely Ma Hla Myint as legal representatives of the deceased.

Indukuri Survanarayana Raju and others v. *Indukuri Vi..anadharaju and others*, A.I.R. (1942) Mad. p. 249; *M/s Ranchhoddas Jethabhai & Co.* v. *The Hon'ble Minister for Judicial Affairs and others*, (1952) B.L.R., p. 227 (S.C.) (233), referred to.

U Hla Gyaw for the applicants.

U Myo Tun Lin (Government Advocate) for the respondent No. 1.

Saw Taik Leong, Chan Tun Aung and *Khin Maung Nyunt* for the respondent No. 2.

U KYAW ZAN U, J.—This is an application to set aside or modify the order and finding dated 18th August 1966 of the 7th Additional Magistrate of Rangoon passed under section 145 of the Code of Criminal Procedure in Criminal

* Criminal Revision No. 8 (*b*) of 1967.

† Review of the order of the 7th Additional Magistrate of Rangoon, dated the 18th day of August 1966 passed in Criminal Misc. No. 86 of 1966.

Miscellaneous No. 86 of 1966 declaring that the respondent No. 2 company is in possession of the Mya Yadana Cinema Hall, which is the subject matter of dispute and entitled to retain possession of it. The Court of Sessions, Rangoon, in its Criminal Revision No. 33 of 1966 recommended to this Court to set aside the order of the Magistrate giving its reasons in its order dated 3rd January 1967.

After the conclusion of the argument of the counsel for the applicant and in the course of hearing of the counsel for the respondent No. 2 company adjournment was granted as the parties desired to talk about settlement out of Court; in the meantime the 2nd applicant, the wife of the first applicant, died and counsel for the respondent No. 2 company raised a question as to the necessity, or rather, the propriety of impleading the legal representatives of the deceased as applicants in the case. The applicant No. 1 and his wife being Burmese Buddhists, the applicant No. 1 as the widower of the deceased offers himself to be impleaded as a formal applicant as well in place of the deceased as legal representative but the respondent No. 2 company contends that the applicant No. 1 and the deceased being *eindaungyis* the latter brought two daughters by her previous marriage, and produced six children by the applicant No. 1, four of whom are minors, and accordingly the *atet* children should also be added as legal representatives of the deceased stating that adding legal representatives in the case is not a mere formal matter. The applicant No. 1 insists that it is sufficient if he alone is added as legal representative of his wife. A legal representative is a person who in law represents the estate of a deceased person or upon whom the estate devolves on the death and includes any person who intermeddles with the said estate. It is needless to say that under the Burmese Buddhist Law the estate devolved on the applicant No. 1 on the death of his wife in the absence of an *orasa* child who, if there is one, shall share

jointly with the applicant No. 1. It does not transpire from the record or from the arguments of the counsel whether the first child of the couple, namely, Ma Hla Myint is an *orasa* child. Under the Burmese Buddhist Law where there is an issue of a previous marriage of the deceased, such issue may succeed to the deceased's estate together with the step-parent.

It is therefore clear that the first applicant and Ma Hla Myint who apparently is an *orasa* and also the two daughters of the deceased by her previous marriage are the legal representatives of the deceased. In fact there is no dispute about it.

Under sub-section 7 of section 145 of the Code of Criminal Procedure which was substituted in 1923 when a party dies the Magistrate has the discretion to cause the legal representative of the deceased to be made a party, and if any question arises as to who the legal representative is, all persons claiming to be representatives of the deceased shall be made parties thereto. The counsel for the applicant No. 1 contends that this sub-section applies only to proceedings before the Magistrate and not to this application in revision before this Court. The purpose of the provision in this sub-section is to keep alive the jurisdiction of the Court where the danger of peace still exists in spite of the death of a party to the proceedings. Before the amendment the death of the applicant even in revision in the High Court caused the application to abate, but not so now. In *Indukuri Suryanarayana Raju and others* v. *Indukuri Viswanadharaju and others* (1) it was held that where after filing the revision petition against an order under section 145 (7) before the High Court the petitioner dies, the High Court in view of the provisions of Ss.561A and 435 has ample power to bring the legal representatives of the deceased on record if the ends of

(1) A.I.R. (1942) Mad. p. 249.

justice require it. After all proceedings in revision are really continuations of the original proceedings. *M/s. Ranchhoddas Jethabhai & Co.* v. *The Hon'ble Minister for Judicial Affairs and others* (2). A proceeding must be considered pending until it is finally concluded. Therefore this application in revision must be taken to be a continuation of the original application. There is, as pointed out above, no dispute as to who are the legal representatives of the deceased, but the point to be considered is whether all the legal representatives for the purpose of this application should be impleaded or not. Questions of misjoinder or non-joinder of parties do not ordinarily affect jurisdiction. An order under section 145 of the Code of Criminal Procedure is not bad merely because all interested persons are not impleaded; the order is valid so far as the parties in dispute are before the Court. In the instant case we are of the opinion that it will be in the best interest of the parties concerned to implead the applicant No. 1 and the two *atet* children of the deceased, namely Ma Khin Yi and Ma Myint Myint Thein as well as the eldest child of the couple, namely, Ma Hla Myint as legal representatives of the deceased, and accordingly we direct that they be impleaded forthwith as applicants in the case. The hearing shall now proceed.

(2) (1952) B.L.R. p. 227 (S.C.) (233).

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးကျော်ဇံဦး နှင့် တရားသူကြီး ဦးချစ်တို့ရှေ့တွင်

စောရွှေညွှန့် (ပြင်ဆင်ရန်လျှောက်ထားသူ)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (ဦးမြိုင်) (ပြင်ဆင်ရန်လျှောက်ထားခံရသူ)*

† ၁၉၆၇ မေလ ၂၉ ရက်။

ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၂၀—စက်ရှင်ကရုားသူကြီးသည် သက်သေခံ ပစ္စည်းနှင့် ပတ်သက်၍ ပြင်ဆင်နိုင်သော စီရင်ပိုင်ခွင့်အာဏာရှိမရှိ—သက်သေခံ ပစ္စည်းနှင့် ပတ်သက်၍ မည်သူ့ကို ပြန်ပေးရမည်ဆိုသော အချက်မှာ ရာဇဝတ်ဥပဒေရှုဒေါင့်မှနေကြည့်ရခြင်း—ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၅၁၇—ဥပဒေအရ လက်ဝယ်ရရှိထိုက်သူအား ပြန်လည်ပေးရမည်ဟု ဖော်ပြထားခြင်း—ပိုင်ဆိုင်ခွင့်နှင့် ပတ်သက်၍ တရားမရုံးကသာ အဆုံးအဖြတ်ပေးရခြင်း။

ဆုံးဖြတ်ချက်။ ။ရာဘက်စက်ရှင်တရားသူကြီးသည် သက်သေခံပစ္စည်းနှင့် ပတ်သက်၍ ပြင်ဆင်နိုင်သော စီရင်ပိုင်ခွင့်အာဏာရှိသည်။

မောင်ထွန်းရင် နှင့် **ပြည်ထောင်စုမြန်မာနိုင်ငံ**၊ ၁၉၅၀၊ မြန်မာပြည်စီရင်ထုံး၊ တရားလွှတ်တော်၊ စာ ၃၃၄။ **နိုင်ငံတော်နှင့် ဘိုးချစ်**၊ ရန်ကုန်စီရင်ထုံး အတွဲ ၁၊ စာ ၁၉၉။ **ဦးဘိုးလှ** နှင့် **ကိုဘိုးရှိန်**၊ ရန်ကုန်စီရင်ထုံး အတွဲ ၇၊ စာ ၃၄၅ ရည်ညွှန်းသည်။

ထပ်မံဆုံးဖြတ်ချက်။ ။ရာဇဝတ်မှု တခုတွင် သက်သေခံပစ္စည်းနှင့် ပတ်သက်၍ မည်သူကို ပြန်ပေးရမည်ဆိုသော အချက်မှာ ရာဇဝတ်ဥပဒေရှုဒေါင့်မှနေကြည့်လျှင်၊ အကျဉ်းနည်းအားဖြင့်သာ လျှင် သုံးသပ်ရန်ဖြစ်သည်။

ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၁၇ တွင် ဥပဒေအရ လက်ဝယ်ရရှိထိုက်သူအား ပြန်လည်ပေးရမည်ဟု ဖော်ပြထားခြင်းနှင့်အညီ သက်သေခံဆင်ကို မူလကရဲမျှားသည် လျှောက်သူထံမှ သိမ်းဆည်းပြီး အမှုတွင် လျှောက်သူသည် တရားသေလွှတ်ခြင်း ခံရသဖြင့်၊ ၎င်းသည် ထိုသက်သေခံဆင်ကို လက်ဝယ်ရရှိထိုက်သူဖြစ်သည့်အားလျော်စွာ ၎င်းလက်ဝယ်သို့ ပြန်လည်ပေးအပ်ရမည်ဖြစ်သည်။

ထွန်းတင်နှင့် **ပြည်ထောင်စုမြန်မာနိုင်ငံ**၊ ၁၉၅၁၊ မြန်မာပြည်စီရင်ထုံး (တရားလွှတ်တော်ချုပ်) ၁၁ ၁၄၈ ရည်ညွှန်းသည်။

---

* ၁၉၆၇ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၀ (ခ)။

† ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် (၇) တွင် ချမှတ်သော ၁၉၆၆ ခုနှစ်၊ **ဖေဖော်ဝါလ** ၂၁ ရက်နေ့စွဲပါ ပဲခူးမြို့၊ ရာဘက်စက်ရှင်တရားသူကြီး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၆၇ ခုနှစ်

စောရွှေညွှန့်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ (ဦးမြိုင်။)

ပိုင်ဆိုင်ခွင့်နှင့် ပတ်သက်၍ တရားမရုံးကသာလျှင် အဆုံးအဖြတ်ပေးရမည်ဖြစ်သည်။ ဦးလူမော်နှင့် ကိုရမ်းဆင်း၊ ၁၉၅၅၊ မြန်မာပြည်စီရင်ထုံး (တရားလွှတ်တော်) စာ ၂၃၂ ရည်ညွှန်းသည်။

ပြင်ဆင်ရန် လျှောက်ထားသူအဘွက်။ ။မစ္စတာဗို့စ်မိုပုံး။

ပြင်ဆင်ရန် လျှောက်ထားခံရသူအဘွက်။ ။ဦးလှဖေ (၂)၊ အစိုးရရှေ့နေကြီး၊ ဦးမျိုးထွန်းလင်း။

တရားသူကြီး ဦးချစ်။ ။လျှောက်ထားခံရသူ (မူလ တရားလို) ဦးမြိုင်က၊ လျှောက်ထားသူ (မူလတရားခံ) စောရွှေညွှန့်နှင့် တွဲဘက်တရားခံ ၎င်း၏သား၊ စောထူးနွှေတို့အပေါ်၊ ၎င်းဦးမြိုင်ပိုင်သက်သေခံ ဆင်တကောင်ကို ခိုးယူပါသည်ဟု ပဲခူးခရိုင်၊ ထန်းတောကြီးပြည်သူ့ရဲစခန်းတွင် တိုင်ချက်ဖွင့်လေသည်။ ရဲကထိုအမှုကိုစုံစမ်းစစ်ဆေးပြီး၊ ဆင်ကိုလည်း စောရွှေညွှန့်နှင့်စောထူးနွှေးတို့လက်ဝယ်မှသိမ်းဆည်းပြီးလျှင် ၎င်းတို့အပေါ် တရားစွဲဆိုရန်၊ ပဲခူးမြို့၊ မြို့နယ်ရာဇဝတ် တရားသူကြီးရုံး၊ ၁၉၆၄ ခု၊ ရာဇဝတ်ကြီးမှုအမှတ် ၁၂၃ တွင် တင်ပို့လေသည်။ ရုံးက စောရွှေညွှန့်နှင့် စောထူးနွှေးတို့ လက်ဝယ်မှ သိမ်းဆည်းရမိသောဆင်ကို၊ ဦးမြိုင်အားခံဝန်ခံချုပ်ဆိုပြီး၊ ၎င်းလက်ဝယ်သို့ပေးအပ်ထားလေသည်။ စောထူးနွှေးအပေါ် ဤအမှုနှင့် ပတ်သက်၍ စွဲချက်တင်ရန် လုံလောက်သောသက်သေခံချက်မရှိသဖြင့်၊ တရားရှင်လွှတ်လိုက်ပြီး၊ စောရွှေညွှန့်အပေါ် ရာဇသတ်ပုဒ်မ ၄၁၁ အရစွဲချက်တင်လေသည်။ ယင်းကဲ့သို့ စွဲချက်တင်ပြီးနောက်၊ အမှုကို ဆက်လက်စစ်ဆေးလေသည်။ တရားလို တရားခံများ၏ သက်သေထွက်ချက်အရ စောရွှေညွှန့်အပေါ် ရာဇသတ် ပုဒ်မ ၄၁၁ အရမှုပြစ်မြောက်ခြင်းကို မတွေ့ရှိရသဖြင့်၊ ၎င်းအားတရားသေ လွှတ်လိုက်ခြင်းဖြစ်သည်။ ထိုတရားသေလွှတ်ရန် အမိန့်တွင် တပေါင်းတည်း၊ တရားလို ဦးမြိုင်ထံတွင် ခံဝန်နှင့်ပေးထားသော သက်သေခံဆင်ကို စောရွှေညွှန့်ထံ ခံဝန်နှင့် ပေးအပ်ရန်အမိန့်ချမှတ်လိုက်လေသည်။

စောရွှေညွှန့်ကို မူလရုံးက တရားသေလွှတ်သော အမိန့်နှင့် ပတ်သက်၍ အယူခံဝင်ရောက်ခြင်း မရှိခဲ့ပေ။ ယခုအခါ အယူခံမှာစည်းကမ်းသတ်ကျော်လွန်ပြီး ဖြစ်သဖြင့် မူလရုံးက တရားသေလွှတ်သော အမိန့်သည် အခုအခါတည်မြဲလျက်ရှိသည်။

ဦးမြိုင်က သက်သေခံဆင်ကို စောရွှေညွှန့်အား ခံဝန်ဖြင့်၊ မူလရုံးက ပြန်ပေးခဲ့သည်ကိုမကျေနပ်သဖြင့်၊ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၂၀ အရ၊ ပဲခူးမြို့၊ ရာဘက်စက်ရှင် တရားသူကြီးရုံး၊ ၁၉၆၆ ခု၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် [illegible] တွင် ပြင်ဆင်လွှာ တင်သွင်းခဲ့လေသည်။ ရာဘက်စက်ရှင် တရားသူကြီးကလည်း၊ သက်သေခံဆင် ပြန်ပေးခြင်းနှင့်

ပတ်သက်၍၊ မူလရုံးကချမှတ်သော အမိန့်ကို သဘောမတူဘဲ၊ မူလရုံးအမိန့်ကို ပယ်ဖျက်ပြီး၊ ထိုသက်သေခံဆင်ကို ဦးမြို့ဝင်းလက်ဝယ်သို့ပြန်လည်ပေးအပ်ရန် အမိန့်ချမှတ်ခဲ့လေသည်။

ထိုအမိန့်ကို လျှောက်ထားသူ စောရွှေညွှန့်က မကျေနပ်သဖြင့်၊ ဤရုံးသို့ ပြင်ဆင်လွှာဘင်သွင်းလေသည်။

အမှုအကြောင်းခြင်းရာနှင့် ပတ်သက်၍၊ မူလရုံးနှင့် ရာဘက်စက်ရှင် တရားသူကြီးရုံးတို့၏ စီရင်ချက်များတွင် ပြည့်စုံစွာ ဖော်ပြထားပြီးဖြစ်သည်။ ယခု ဤရုံးအနေနှင့် စဉ်းစားရန်ရှိသည့် ပြဿနာမှာ၊ ထိုသက်သေခံဆင်ကို ရည်ညွှန်းသော ရာဇဝတ်မှုပြီးဆုံး၍ တရားခံအား တရားသေလွှတ်ပြီးနောက်၊ တရားလို ဦးမြို့ဝင်းလက်ဝယ်သို့ ပေးအပ်ရမည်လော၊ သို့မဟုတ် တရားခံ စောရွှေညွှန့်လက်ဝယ်သို့ပြန် ပေးရမည်လော ဟူ၍ဖြစ်သည်။

လျှောက်ထားသူ၏ရှေ့နေကြီး မစ္စတာ ဗွီ စံစီဖိုးက၊ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၂ အရ၊ ပဲခူးမြို့၊ ရာဘက်စက်ရှင်တရားသူကြီးသည် သက်သေခံပစ္စည်းဖြစ်သော ဆင်ကို မည်သူ့လက်ဝယ်သို့ပေးအပ်ရန်ဆုံးဖြတ်နိုင်သော စီရင်ပိုင်ခွင့် မရှိပါ၊ သက်သေခံဆင်ကို တရားခံအား မူလရုံးက ပြန်ပေးသောအမိန့်သည် တရားခံအား တရားသေလွှတ်သော အမိန့်တွင် ပူးပေါင်း၍ ချမှတ်ထားသဖြင့်၊ တရားသေလွှတ်သော အမိန့်ကို စက်ရှင်ရုံးက လက်ခံနိုင်ခွင့်မရှိပါ၊ တရားရုံးချုပ်၌သာလျှင် စီရင်ပိုင်ခွင့် အာဏာရှိပါသည်ဟု တင်ပြပြီးလျှင်၊ **မောင်ထွန်းရင် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ** (၁) အမှုကို ညွှန်ပြလေသည်။ ၎င်းအပြင် ဆက်လက်၍ရှေ့နေကြီးက တင်ပြသည်မှာ၊ သက်သေခံဆင်ကိုလျှောက်ထားသူ စောရွှေညွှန့် လက်ဝယ်မှရဲကသိမ်းဆည်းသွားပြီး၊ ၎င်းအပေါ် ဆင်ခိုးမှုနှင့်အမှုဖွင့်ရာ၊ မူလရုံးကအမှုကို စစ်ဆေးရာတွင် ဆင်ခိုးမှုလည်းမမြောက်၊ ခိုးရာပါပစ္စည်း လက်ခံမှုလည်းမမြောက်သဖြင့်၊ စောရွှေညွှန့်အား တရားသေ လွှတ်လိုက်ခြင်းကြောင့်၊ စောရွှေညွှန့်လက်ဝယ်မှ မူလကရဲမှသိမ်းဆည်းသွားသော သက်သေခံဆင်ကို ၎င်းလက်ဝယ်သို့ မူလရုံးက ခံဝန်ချုပ်ဖြင့် ပြန်လည်ပေးအပ်ခြင်းမှာ မှန်ကန်ပါသည်။ ရာဘက်စက်ရှင် တရားသူကြီးရုံးက၊ ထိုသက်သေခံဆင်သည် စောရွှေညွှန့်လက်ဝယ်မှသိမ်းဆည်းသွားပြီး၊ စောရွှေညွှန့်လည်းအမှုမှ တရားသေလွှတ်ခြင်းခံ ရသော်ငြားလည်း၊ ထိုသက်သေခံဆင်မှာ မူလကတည်းက စောရွှေညွှန့်သည် မတရားလက်ဝယ် ရရှိထားခြင်းကြောင့်၊ စောရွှေညွှန့်မရထိုက်ဟု ဆုံးဖြတ်ခြင်းမှာရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၁၇ နှင့် ဆန့်ကျင်နေသဖြင့်၊ ထိုရာဘက်စက်ရှင် တရားသူကြီး၏အမိန့်ကို ပယ်ဖျက်ပြီး၊ မူလရုံးအမိန့်ကို

(၁) ၁၉၅၀ မြန်မာပြည်စီရင်ထုံး၊ **တရားလွှတ်တော်**၊ စာ ၃၃၄။

ပြန်လည်အတည်ပြုပါရန် ဖြစ်ပါသည်။ ထို့ကြောင့် ၎င်းအကြောင်းနှင့် ပတ်သက်၍ ရှေ့နေကြီးက စီရင်ထုံး အများအပြားကို ကိုးကားသွားလေသည်။

လျောက်ထားခံရသူ၏ နေရှေ့ကြီး ဦးလှဖေ(၂)က၊ မူလရုံး၏ သက်သေခံဆင်နှင့် ပတ်သက်သော ချမှတ်သည့်အမိန့်ကို၊ စက်ရှင်ရုံးက ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၂၀ နှင့် အညီ၊ စစ်ဆေးကြားနာရန် စီရင်ပိုင်ခွင့် ရှိပါသည်ဟု တင်ပြပြီးလျှင် **နိုင်ငံတော်**နှင့် **ဘိုးချစ်** (၂) အမှုနှင့် **ဦးဘိုးလှ**နှင့် **ဦးဘိုးရှိန်**(၃) အမှုတို့ကို ညွှန်ပြသွားလေသည်။ ၎င်းပြင် ရှေ့နေကြီး ဦးလှဖေ(၂)က၊ ဆက်လက်တင်ပြရာတွင်၊ မူလရုံးက စောရွှေညွှန့် အား၊ သက်သေခံဆင်ခိုးမှု၊ သို့မဟုတ် ခိုးရာပါပစ္စည်း လက်ခံမှုနှင့် ပတ်သက်၍၊ မှုပြစ်မမြောက်တော့သဖြင့်၊ ၎င်းအား တရားသေလွှတ်ခြင်းနှင့် စပ်လျဉ်း၍ မည်သို့မျှ မပြောဆိုသိုပါ။ သို့ရာတွင် သက်သေခံဆင်ကို မူလကရဲများသည် စောရွှေညွှန့်လက်ဝယ်မှသိမ်းဆည်းသွားခြင်းသော်လည်း၊ စောရွှေညွှန့်ကိုရုံးမှတရားသေလွှတ်လိုက်သဖြင့်၊ စောရွှေညွှန့်လက်ဝယ် မပေးသင့်ပါ။ အဘယ်ကြောင့်ဆိုသော် ထိုသက်သေခံဆင်ကို တရားလို ဦးမြို့ဝင်ပိုင်ဆင်ဖြစ်၍၊ သောင်းကျန်းသူများထံမှမတရားသဖြင့် စောရွှေညွှန့်က ရယူထားခြင်းကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် ရာဘက်စက်ရှင် တရားသူကြီးရုံးက သက်သေခံပစ္စည်းနှင့် ပတ်သက်၍ ချမှတ်သောအမိန့်မှာ မှန်ကန်ပါသည်ဟု တင်ပြပြီးလျှင်၊ စီရင်ထုံး အများအပြားကိုလည်း ကိုးကားသွားလေသည်။

အစိုးရရှေ့နေကြီး ဦးမျိုးထွန်းလင်းက ရာဘက်စက်ရှင် တရားသူကြီးသည် သက်သေခံပစ္စည်းနှင့် ပတ်သက်၍၊ ပြင်ဆင်နိုင်သော စီရင်ပိုင်ခွင့်အာဏာ ရှိပါသည်။ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၂၀ ကအာဏာအလင်းပြဆိုထားပါသည်။ ၎င်းပြင်နိုင်ငံတော်နှင့် **ဘိုးချစ်**အမှုနှင့် **ဦးဘိုးလှ**နှင့် **ဦးဘိုးရှိန်** အမှုတို့တွင်လည်း အတိုအလင်း စီရင်ထုံးဖွဲ့ထားပါသည်။ တပါးထိုင်ဖြစ်သော **ထွန်းရင်**နှင့် **ပြည်ထောင်စု မြန်မာနိုင်ငံ** အမှုဘွင် တရားဝန်ကြီး ဦးစံမောင်သည် ယခုရည်ညွှန်းသောကိစ္စနှင့် ပတ်သက်၍ ပြတ်သားစွာ ပြဆိုထားခြင်းမရှိပါ။ ယခုစဉ်းစားရန်ရှိသော ကိစ္စမျိုးကိုလည်း၊ ထိုအမှုဘွင် ပြဿနာမပေါ်ပေါက်ခဲ့ပါ၊ ထို့ကြောင့် **ဘိုးချစ်**အမှု နှင့် **ဦးဘိုးလှ** နှင့် **ဦးဘိုးရှိန်** အမှုတို့တွင် ပြဆိုထားသည့်အတိုင်း လိုက်နာရမည်ဖြစ်ပါသည်။ ထို့ပြင်ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၁၇ အရ၊ သက်သေခံဆင်ကို စောရွှေညွှန့်အား မူလရုံးက ပြန်ပေးခြင်းမှာ မှန်ကန်ပါသည်ဟုတင်ပြသွားလေသည်။

ကျွန်ုပ်တို့သည် ဤအမှုကို အသေးစိတ်ချဉ့်ချိန် ဝေဖန်သုံးသပ်ကြသည်။ ပဌမစဉ်းစားရန်ရှိသော အချက်မှာ ရာဘက်စက်ရှင် တရားသူကြီးရုံးသည် ဤကိစ္စနှင့်

(၂) ရန်ကုန်စီရင်ထုံးအတွဲ ၁၊ စာ ၁၉၉။
(၃) ရန်ကုန်စီရင်ထုံးအတွဲ ၇၊ စာ ၃၄၅။

ပတ်သက်၍ စီရင်ဆုံးဖြတ်နိုင်ခွင့် အာဏာရှိသလော ဟူ၍ဖြစ်သည်။ အစိုးရရွှေနေကြီး တင်ပြသည့်အတိုင်း၊ ရည်ညွှန်းသော စီရင်ထုံးများအရ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၂၀ အရ၊ ရာဘက်စက်ရှင်တရားသူကြီးသည် စီရင်ပိုင်ခွင့် အာဏာရှိကြောင်း တွေ့ရှိရသည့် အတိုင်း၊ ဤအချက်နှင့်ပတ်သက်၍ ရွှေနေကြီး [illegible]မစ္စတာ ဗိုစံစိဖိုး တင်ပြချက်ကို ကျွန်ုပ်တို့လက်ခံရန် ခဲယဉ်းပေသည်။

မူလရုံးနှင့် ရာဘက်စက်ရှင် တရားသူကြီး ရုံးတို့သည် သက်သေခံဆင်ကို ပြန်ပေးရေးနှင့် ပတ်သက်၍ သုံးသပ်ထားပုံမှာ ၎င်းတို့သည် ရာဇဝတ်ရုံးအသွင်ဖြစ်သည်ကို မေ့လျော့ကြပြီး၊ တရားမရုံးအနေဖြင့် သက်သေခံဆင်ကို မည်သူပိုင်သင့်သည်၊ မပိုင်သင့်သည်ကို စဉ်းစားခြင်းမှာ တရားမရုံး၏ အာဏာစက်ကို ဝင်ရောက်ကျူးလွန်ရာကျရောက်ပေသည်။

ရာဇဝတ်မှုဘခုဉ် သက်သေခံပစ္စည်းနှင့် ပတ်သက်၍၊ မည်သူ့ကို ပြန်ပေးရမည်ဆိုသော အချက်မှာ ရာဇဝတ်ဥပဒေ ရှုခဒါင့်မှနေကြည့်လျှင်၊ အကျဉ်းနည်းအားဖြင့်သာလျှင် သုံးသပ်ရန်ဖြစ်သည်။

အမှုတွင် ပေါ်ပေါက်သည်မှာ ဦးမြို့ဝင်းက သက်သေခံဆင်သည် သူဝယ်ထားရသော ဆင်ဖြစ်ပါသည်။ စောရွှေညွန့်က ထိုဆင်သည် ၎င်း၏ခြံပေါက်ဖြစ်ပါသည် စသည်ဖြင့် အငြင်းအခုံ ပြုကြခြင်းကို တရားမရုံးကသာလျှင် ပိုင်ဆိုင်ခွင့်နှင့် ပတ်သက်၍ အဆုံးအဖြတ်ပေးရမည်ဖြစ်သည်။ မည်သည့် စီရင်ထုံးက မည်သို့ပင် ဆိုစေကာမူ၊ (ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၁၇ တွင် ဥပဒေ ပြဆိုထားသည့်အတိုင်း) လိုက်နာရမည်ဖြစ်သည်။ ဤနေရာတွင် **ထွန်းတင်**နှင့် **ပြည်ထောင်စု မြန်မာနိုင်ငံ** (၄)အမှုတွင် နိုင်ငံတော်တရားဝန်ကြီးချုပ် ဆာ ဘဦး ချမှတ်ထားသော မှတ်စုမှာ အထူးပင် စိတ်ဝင်စားဘွယ်ရာဖြစ်သည်။ ထိုမှတ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

> "The cardinal rule for the construction of Acts is that where the language of an Act is clear and explicit, we must give effect to it whatever may be the consequences, for in that case the words of the statute speak the intention of the Legislature."

ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၁၇ ၏ ပြဋ္ဌာန်းချက်များကို ပြန်လည်ဖော်ပြရန် လိုအပ်သဖြင့်၊ အောက်ပါအတိုင်း ပြဆိုလိုက်သည်။

> "517. (1) When an inquiry or a trial in any criminal Court is concluded, the Court may make such order as it

(၄) ၁၉၅၁ မြန်မာပြည်စီရင်ထုံး၊ တရားလွှတ်တော်ချုပ်၊ စ၁ ၁၄၈။

thinks fit for the disposal, by destruction, confiscation, or delivery to any person claiming to be entitled to possession thereof, or otherwise, of any property or document produced before it or in its custody, or regarding which any offence appears to have been committed, or which has been used for the commission of any offence". အထက်တွင် ဖော်ပြသော ဥပဒေအရ လက်ဝယ်ရရှိဆိုက်သူအား ပြန်လည်ပေးရမည်ဟု ဖော်ပြထားခြင်းနှင့်အညီ၊ သက်သေခံဆင်ကို မူလကရဲများသည် စောရွှေညွန့်ထံမှ သိမ်းဆည်းပြီး၊ အမှုတွင် စောရွှေညွန့်သည် တရားသေလွှတ်ခြင်း ခံရသဖြင့်၊ ၎င်းသည် ထိုသက်သေခံဆင်ကို လက်ဝယ်ရရှိထိုက်သူဖြစ်သည့်အားလျော်စွာ ၎င်းလက်ဝယ်သို့ပြန်လည် ပေးအပ်ရမည် ဖြစ်သည်။

ဦးလူမော် နှင့် **ကိုရမ်းဆင်း** (၅) အမှုတွင်၊ သက်သေခံပစ္စည်းကို အခွင့်အရေးနှင့် ပိုင်ဆိုင်ခွင့် ရှိသူကိုသာလျှင် ပြန်ပေးရမည်ဟုဆိုထားရာ၊ ယခုအမှုတွင်ဦးမြိုင်ကသူသည် ထိုသက်သေခံဆင်ကို အဘိုးအခပေး၍ ဝယ်ယူထားပါသည်ဟု အဆိုရှိသည်။ စောရွှေညွန့်ကလည်း သက်သေခံဆင်သည် ၎င်း၏ခြံပေါက်ဖြစ်သည်ဟု အဆိုရှိသည်။ ၎င်းပြင် ထိုဆင်ကို သက်ဆိုင်ရာ မှတ်ပုံတင်ရုံးများတွင် နှစ်ဦးစလုံးက မှတ်ပုံတင်ထားသည်။ ယင်းကဲ့သို့ နှစ်ဘက်စလုံးက အခွင့်အရေးနှင့် ပိုင်ဆိုင်ခွင့်ရှိကြောင်း ဖော်ပြထားချက်အရ၊ ထိုအခွင့်အရေးနှင့် ပိုင်ဆိုင်ခွင့်ကို တရားမရုံးကသာလျှင် စစ်ဆေးပြီး အဆုံးအဖြတ်ပေးနိုင်ပေသည်။ ယခုအမှုတွင် စောရွှေညွန့်သည် သက်သေခံဆင်မှာ ၎င်း၏ခြံပေါက်ဖြစ်ပြီး၊ ၎င်းလက်ဝယ်တွင်ထား ရှိရာမှ ရဲများက သိမ်းဆည်းသွားသဖြင့် ၎င်းအပေါ် စွဲဆိုသော အမှုမှာလည်း၊ ၎င်းအားတရားသေ လွှတ်လိုက်သောကြောင့် ထိုဆင်ကို ၎င်းလက်ဝယ်သို့ ပြန်လည်ပေးအပ်ရန်၊ မူလရုံးကချမှတ်သော အဆုံးအဖြတ်သည် ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၁၇ နှင့် ကိုက်ညီသည်ဟု တွေ့ရှိရပေသည်။

အထက်ဖော်ပြပါ အကြောင်းအချက်များနှင့်တကွ ဥပဒေ အချက်အလက်များအရ၊ ကျနော်တို့သည် ရာဘာက်စက်ရှင် တရားသူကြီးရုံးကသက်သေခံဆင်နှင့် ပတ်သက်၍ ချမှတ်သော အမိန့်ကို ဝင်ရောက်မစွက်ဖက်ဘဲ မနေနိုင်သဖြင့်၊ ထိုအမိန့်ကို ပယ်ဖျက်လိုက်ပြီး၊ မူလရုံးက ထိုကိစ္စ နှင့် ပတ်သက်၍ ချမှတ်သောအမိန့်ကို ပြန်လည်အတည်ပြုရန် အမိန့်ချမှတ်လိုက်သည်။

သက်သေခံဆင်ကို စောရွှေညွန့်သို့ ခံဝန်ချုပ်နှင့် ပြန်လည်ပေးအပ်စေ။

---

(၅) ၁၉၅၅ မြန်မာပြည်စီရင်ထုံး၊ တရားလွှတ်တော်၊ စာ ၂၃၂။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးစိန်သင်းရွှေတွင်

ထွန်းဖြူအောင် ပါ ၆ (အယူခံတရားလိုများ) † ၁၉၆၇

နှင့်

မေလ ၃၁ ရက်။

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

ထွက်ကုန် ဝင်ကုန်ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေပုဒ်မ ၅ (၃) အရ မူပြစ်ထင်ရှား စီရင်ခြင်း—ကြံစည်အားထုတ်သူများလည်း အဆိုပါ ပုဒ်မနှင့် အကျုံးဝင်ခြင်း—အဆိုပါ အက်ဥပဒေ ပုဒ်မ ၅ (၂) အရ ပြစ်မှုကျူးလွန်သူများကို ထောင်ဒဏ်နှင့် ကြိမ်ဒဏ်ချမှတ်ရမည်ဟု ဖေါ်ပြထားခြင်း။

ဆုံးဖြတ်ချက်။ ။ထွက်ကုန် ဝင်ကုန်ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေပုဒ်မ ၅ (၃) အရ ဆိုသော် ပြစ်မှုကျူးလွန်ရန် ကြံစည်အားထုတ်သူများလည်း အဆိုပါပုဒ်မနှင့် အကျုံးဝင်လေသည်။ ထို့ကြောင့် အယူခံတရားလိုများသည် အားထုတ်မှု အခြေအနေတွင် ရှိနေသေးစေကာမူ ၎င်းတို့သည် အဆိုပါပုဒ်မ ၅ တွင် သတ်မှတ်ထားသည့် ပြစ်ဒဏ်ကို ကျခံရမည်ဖြစ်သည်။

ထွက်ကုန်ဝင်ကုန်ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေပုဒ်မ ၅ (၂) တွင် အခြားတည်ဆဲ ဥပဒေများ၌ မည်သို့ပင်ပါရှိစေကာမူ ဤပုဒ်မအရ ပြစ်မှုကျူးလွန်သူများကို အနည်းဆုံး ထောင်ဒဏ် ၇ နှစ်နှင့် ကြိမ်ဒဏ်ချမှတ်ရမည်ဟု ဖေါ်ပြထားရာ မူလရုံးတရားသူကြီးသည် ထိုပြစ်ဒဏ်များကို ချမှတ်ခြင်းမှ မလွဲမရှောင်သာ။

အယူခံတရားလိုအတွက်။ ။ဦးအောင်ကြီး။

အယူခံတရားခံအတွက်။ ။အစိုးရရှေ့နေကြီး ဦးနှစ်။

---

* ၁၉၆၇ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၅၀။

† ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ကြီးမူအမှတ် ၄၅၈ တွင် ချမှတ်သော ၁၉၆၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့စွဲပါ စစ်တွေမြို့၊ မြို့မ (ထူး) ရာဇဝတ်တရားသူကြီး၏ အမိန့်ကို အယူခံမှု။

၁၉၆၇

ထွန်းပြူအောင်
ပါ ၆
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

တရားသူကြီး ဦးစိန်သင်း။ ။၁၉၆၆ ခုဇူလိုင်လ ၉ ရက်နေ့က အယူခံ တရားလို များသည် မြန်မာ ကမ်းလွှန်ပင်လယ်ပြင်တွင် လှေဘစင်းဖြင့် ဆန်စပါးများကို တင် ဆောင်ကာ ပါကစ္စတန်နယ်စပ်ရှိ ဂူလာဇ္ဈန်းဘက်သို့ မူတည်ကာ သွားရောက်နေ သည်ကို အကောက်ခွန်အရာရှိ ဦးခင်စိုး (လိုပြ-၁) နှင့် အဖွဲ့က တွေ့ရှိသောကြောင့် ဖမ်းဆီးလိုက်ရသည်ဟု အဆိုရှိသည်။ အယူခံတရားခံ မောင်ထွန်းတင်မှ အပ၊ ကျန် လူများက မိမိတို့သည် ငါးခြောက်ကုန်သည်များ ဖြစ်ကြပါသည်။ ငါးခြောက်များကို ဆန်စပါးများဖြင့် လဲသွယ်ကြပြီး အပြန်ခရီးတွင် လေမုန်တိုင်းနှင့် ပွေ့ဆုံသော ကြောင့် မိမိတို့လှေသည်၊ ပင်လယ်ထဲသို့ မျောပါသွားခဲ့ခြင်း ဖြစ်ပါသည်။ ၄ ရက် တိုင်တိုင်ပင်လယ်ဆဲဘင် မျောနေပြီးမှ အဖမ်းခံရခြင်း ဖြစ်ပါသည်။ မိမိကိုသည် ဆန် စပါးများကို ခိုးထုတ်ရန် ယူဆောင်သွားသည် မဟုတ်ပါ အစရှိသဖြင့် မူလခုံးတွင် ချေပထားသည်။ အယူခံတရားလို မောင်ထွန်းတင်ကမူ မိမိသည် လှေကြံတွင် လိုက်ပါ သွားသည့် ခရီးသည် တဦးမျှသာ ဖြစ်ပါသည်။ မိမိတို့လှေသည် ပါကစ္စတန်နယ်ဘက် သို့ သွားနေသည်ဆိုတာ မမှန်ပါဟု ထုချေခဲ့သည်။ မူလခုံး တရားသူကြီးသည် အယူခံတရားလိုများ၏ ခုခံချေပချက်များကို ပယ်ချခဲ့သည်။ သို့နှင့် ၎င်းတို့အားလုံးကို ထွက်ကုန် ဝင်ကုန် ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေ ပုဒ်မ ၅(၃) အရ မူပြစ် ထင်ရှား စီရင်၍ အသုပ်ကြမ်းနှင့် ထောင်ဒဏ် ၇ နှစ်အပြင်၊ ကြိမ်ဒဏ် ၁၀ ချက်စီပါ ကျခံကြစေရန် အမိန့်ချမှတ်သိုက်သည်။ အယူခံတရားလို မောင်ကျော်အေးနှင့် လွန်းသာညွှန့်တို့မှာ အသက် ၁၉ နှစ်နှင့် ၁၇ နှစ် အသီးသီးသာလျှင် ရှိကြသော ကြောင့် ၎င်းတို့အား မိဘဘိုလာဆောင်သို့ပို့ရန် အမိန့်ချမှတ်ခဲ့သည်။ ထိုစီရင်ချက်နှင့် အမိန့်တို့ကို မကျေနပ်သဖြင့် ယခု ကျွန်ုပ်ရှေ့ရှိ အယူခံသွားကို တင်သွင်းကြခြင်း ဖြစ်သည်။

အယူခံတရားလိုများအတွက် လိုက်ပါ ဆောင်ရွက်သည့် အကျိုးဆောင်ကြီးက အခင်းဖြစ်သည့် နေရာဘင် ထိုအခါနိန်အခါမျိုး၌ လေမုန်တိုင်းများ တိုက်ခိုက်လေ့ ရှိကြောင်းမှာ အများ ပြည်သူတို့၏ အသိပင် ဖြစ်ပါသည်။ အယူခံတရားလိုများသည် မူလခုံး တရားသူကြီး ဖေါ်ပြထားသည့်အတိုင်း မိုးလေဝသဌာနမှ ရာသီဥတု ခန့်မှန်း ခြေ မှတ်ဘမ်းကို တင်သွင်းနိုင်ခြင်းမရှိ ယုံကာမျှဖြင့် ၎င်းတို့၏ ခံခုခြေပချက်ကို ပယ်ချခဲ့ခြင်းသည် မှားယွင်းပါသည်။ မိမိအမူသည်များ ကျူးလွန်သည့် ပြစ်မှုမှာ အလွန်ဆုံး အားထုတ်မှုမျှသာဖြစ်ပါသည်။ သို့ဖြစ်လေရာ ရုံးလက်စွဲ အပိုဒ် ၆၇၆ တွင် ဖေါ်ပြထားသည့်အတိုင်းမိမိအမူသည်များ အပေါ်၌ ကြိမ်ဒဏ်ချမှတ်ခြင်း မပြုနိုင်ပါ။

မူလရုံး တရားသူကြီးသည် ငယ်ရွယ်သူများဖြစ်သည့် အယူခံတရားလို မောင်ကျော်အေး နှင့် လွန်းသာညွန့်တို့အား၊ မူပြစ် ကျူးလွန်သည့် ငယ်ရွယ်သူများ အက်ဥပဒေ ပုဒ်မ ၂၅ အရ၊ အရေးယူ ဆောင်ရွက်သင့်ပါသည် အစရှိသဖြင့် တင်ပြသွားသည်။ အယူခံတရားလို မောင်ထွန်းတင်နှင့် ပတ်သက်၍လည်း ၎င်းသည် လျှောက်လွှာစီး၍ လိုက်လာသူ တဦးမျှသာ ဖြစ်ပါသည်။ ထို့ကြောင့် ၎င်းအပေါ်၌ မူပြစ်ထင်ရှား စီရင်ခြင်း သည် မှားယွင်းပါသည်ဟု လျှောက်လဲသွားသည်။

မူလရုံးတွင် ရရှိသည့် သက်သေခံချက်မျှားကို သေချာစွာ လေ့လာကြည့်ရှုသော အခါ အယူခံတရားလိုများသည် မြန်မာ ကမ်းလွှန် ပင်လယ်ပြင်တွင် လှေငယ်တစီးဖြင့် ပါကစ္စတန် နယ်ဘက်သို့ ဦးတည်ပြီး သွားရောက် နေခဲ့ပါသည် ဟူသော အချက်မှာ အလွန် ပေါ်လွင် ထင်ရှားလေသည်။ ဦးခင်စိုး (လိုပြ-၁) ၏ အစစ်ခံချက်၌ အယူခံ တရားလိုများသည်ဂူလာဘျန်းဘက်သို့ ဦးတည်၍ခွက်ဖွင့်သွားလာနေကြသည်ကိုမြင်ရ ပါသည်ဟု ပါရှိသည်။ ထိုအချက်ကို ဦးဇော်ဘထွန်း (လိုပြ-၂)၊ ဦးမောင်လှ (လိုပြ-၃) တို့က တညီတညွတ်တည်း ထောက်ခံထွက်ဆိုသွားကြသည်။ အယူခံတရားလိုများက မိမိတို့သည် လေမုန်တိုင်း မိလာသောကြောင့် ပင်လယ်ပြင်သို့ ရောက်ရှိနေပါ သည်ဟု အဆိုရှိသည်။ အခင်းဖြစ်သည့် အချိန်အခါတွင် ထိုနေရာ၌ လေမုန်တိုင်းများ တိုက်ခတ်လေ့ရှိကြောင်းမှာ အလွန်ကျော်ဇော ထင်ရှားသည့် အချက်ဖြစ်သည်။ သို့ရာတွင် ထိုအချက် တခုတည်းကိုသာ အထောက်အထားပြု၍ တရားခံတို့သည် မုန်တိုင်းမိသောကြောင့် ပင်လယ်ပြင်သို့ရောက်ရှိလာသည်ဟု ဆုံးဖြတ်ချက် ချမှတ်ရန် မဖြစ်နိုင်ပေ။ လေမုန်တိုင်း တိုက်ခိုက်သည်ဟူသော အချက်ကို အယူခံတရားလို များက ရုံးတော်အား ယုံကြည်စေသိုသည်။ သို့ဖြစ်လေရာ ထိုအချက်နှင့် ပတ်သက်၍ သက်သေခံချက်ပြုနိုင်သည် အယူခံတရားလိုများအပေါ်၌ သက်ရောက်ခဲ့သည်။ အယူခံတရားလိုများက ထိုသို့သော သက်သေခံချက်များ တင်ပြနိုင်ခဲ့ပါမူ အခင်း ဖြစ်သည့် နေရာတွင် အခင်းဖြစ်စဉ်က လေမုန်တိုင်း တိုက်ခက်နိုင်ပါသည်ဟူသော အချက်ကို ထည့်သွင်းစဉ်းစား၍ ဆုံးဖြတ်ရမည် ဖြစ်သည်။ သို့ရာတွင် အယူခံ တရားလိုများသည် လေမုန်တိုင်း တိုက်ခတ်ခြင်းနှင့် ပတ်သက်၍ ယုံကြည်ထိုက်သည့် သက်သေခံချက်များ တစုံတရာ တင်ပြနိုင်ခြင်း မရှိခဲ့ချေ။ မိမိတို့သည် ပင်လယ်ထဲတွင် ၄ ရက်ကျော်မျှ မျောနေခဲ့ပါမူ မိမိတို့၏ ဆွေမျိုး သားချင်းများသည် သက်ဆိုင်ရာ အာဏာပိုင်များထံသို့ သွားရောက် တိုင်တန်းခြင်း၊ ၎င်းတို့အား ရှာဖွေရန် ကြိုးပမ်းခဲ့ ခြင်း အစရှိသည့် အချက်အလက်များကို တင်ပြနိုင်မည် ဖြစ်သည်။ ထို့ကြောင့် အယူခံတရားလိုများ၏ ခုခံချေပချက်များကို မူလရုံး တရားသူကြီးက ပယ်ချခဲ့ခြင်း သည် မှန်ကန်သည်ဟု ယူဆရပေမည်။

၁၉၆၇

ထွန်းပြူအောင်
ပါ ၆
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

အယူခံဘရားလိုများအား ဖမ်းဆီးရမိသော နေရာသည် မြန်မာပြည် နယ်နိမိတ် အတွင်းတွင် ဖြစ်ခြင်းကြောင့် ၎င်းတို့သည် ပြစ်မှု ကျူးလွန်ရာ မရောက်သေးပါဟု ၎င်းတို့အတွက် လိုက်ပါ ဆောင်ရွက်သည့် အကျိုးဆောင်ကြီးက တင်ပြသွားသည်။ သို့ရာတွင် ထွက်ကုန် ဝင်ကုန် ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေ ပုဒ်မ ၅(၃) အရ ဆိုသော် ပြစ်မှုကျူးလွန်ရန် ကြံစည် အားထုတ်သူများလည်း၊ အဆိုပါ ပုဒ်မနှင့် အကျုံးဝင်သေသည်။ ထို့ကြောင့် အယူခံတရားလိုများ၏ ခုခံချေပသည့် ပြစ်မှုသည် အားထုတ်မှု အခြေအနေတွင် ရှိနေသေးစေကာမူ ၎င်းတို့သည် အဆိုပါ ပုဒ်မ ၅ တွင် သတ်မှတ်ထားသည့် ပြစ်ဒဏ်ကို ကျခံရမည်ဖြစ်သည်။ ရုံးများ လက်စဲ့ အပိုဒ် ၆၇၆ တွင် အသက် ၁၆ နှစ်အောက်ရှိသူများမှလွဲ၍ မည်သူ့ကိုမျှ ပြစ်ဒဏ်များ ကျူးလွန်ရန် အားထုတ်ခြင်းအတွက် ကြိမ်ဒဏ် ကျခံစေရန် အမိန့်မချမှတ်နိုင်ဟု ပြဆိုထားသည်။ သို့ရာတွင် ထိုပြဋ္ဌာန်းချက်များသည် ကြိမ်ဒဏ်ချိုက်ခြင်း အက်ဥပဒေ နှင့်သာ သက်ဆိုင်သည်။ ကြိမ်ဒဏ်ချိုက်ခြင်း အက်ဥပဒေအရ၊ ကြိမ်ဒဏ်ကို ပေးရာ၌ အဆိုပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာရမည် ဖြစ်သည်။ သို့ရာတွင် ယခုကျွန်ုပ် ရွေးချိ အမှုဌ မူလခုံး တရားသူကြီး ချမှတ်သည့် ကြိမ်ဒဏ်မှာ ကြိမ်ဒဏ်ချိုက်ခြင်း အက်ဥပဒေအရ ချမှတ်သည့် အမိန့်မဟုတ်။ ထွက်ကုန် ဝင်ကုန် ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေ ပုဒ်မ ၅ အရ ချမှတ်သည့် ပြစ်ဒဏ်ဖြစ်သည်။ အဆိုပါ အက်ဥပဒေ၏ ပုဒ်မ ၅(၂) တွင် အခြား တည်ဆဲ ဥပဒေများ၌ မည်သို့ပင် ပါရှိစေကာမူ ဤပုဒ်မ အရ ပြစ်မှုကျူးလွန်သူများကို အနည်းဆုံး ထောင်ဒဏ် ၇ နှစ်နှင့် ကြိမ်ဒဏ် ချမှတ် ရမည်ဟု ဖေါ်ပြထားသည်။ သို့ဖြစ်လေရာ မူလခုံး တရားသူကြီးသည် ထိုပြစ်ဒဏ်များကို ချမှတ်ခြင်းမှ မလွဲမရှောင်သာ။ အယူခံတရားလိုများ၏ အကျိုးဆောင်ကြီး တင်ပြသွားသည့်အတိုင်း အယူခံတရားလို မောင်ကျော်အေးနှင့် လွန်းသာညွန့်တို့ အတွက် ပြစ်မှုကျူးလွန်သည့် ငယ်ရွယ်သူများ ဥပဒေပုဒ်မ ၂၅ ကို ထည့်သွင်း စဉ်းစားသင့်သည်ကား မှန်၏။ သို့ရာတွင် ထိုကဲ့သို့ ထည့်သွင်း စဉ်းစားသင့်-မသင့် ဆိုသည့် အချက်မှာ မူလခုံးက သင့်လျော်သလို ဆင်ခြင်စဉ်းစားရမည့် အချက်ဖြစ်သည်။ ဤအမှုတွင် အယူခံတရားလိုများ ကျူးလွန်သည့်ပြစ်မှုသည် အထက်ဖေါ်ပြပါ ပြစ်ဒဏ်များမှလွဲ၍ အခြားပေါ့လျော့သည့် ပြစ်ဒဏ်များကို ပေးနိုင်သည့် ပြစ်မှုများ မဟုတ်ချေ။

အယူခံတရားလို မောင်ထွန်းတင်နှင့် ပတ်သက်၍၊ ၎င်း၏ ခုခံချေပချက်များကို မူလခုံး တရားသူကြီးက ပယ်ချခဲ့ခြင်းမှာလည်း မှန်ကန်သည်ဟု ယူဆရချေမည်။ အဘယ်ကြောင့် ဆိုသော် ၎င်းတို့အား ဖမ်းဆီးလိုက်စဉ်က ၎င်းတို့၏ လေ့သည် နယ်ခြားဘက်သို့ ဦးတည်လျက် ရှိကြောင်းမှာ အလွန်ပေါ်လွင်နေရာ မောင်ထွန်းတင်

သည် ကုလားချောင်းရွာသို့ သွားရန် လိုက်လာပါသည်ဟူသော အချက်မှာ မဖြစ်နိုင်ပေ။ အထက် ဖော်ပြပါ အကြောင်းများကြောင့် အယူခံတရားလိုများ၏ အယူခံလွှာကို ပလပ်သိုက်သည်။

၁၉၆၇

ထွန်းဖြူအောင် ပါ ၆ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

ဤအမှုနှင့်ပတ်သက်၍အယူခံဘရားလိုများသည်ရက်ပေါင်း ၁၆၀ ရက် အချုပ်ခံခဲ့ရပြီးဖြစ်သည်။ သို့ဖြစ်သေရာငင်းတို့သည် နောက်ထပ်ထောင်ဒဏ် ၆ နှစ်နှင့် ၁၉၇ ရက် သာလျှင် ကျခံရမည် ဖြစ်ကြောင်းကိုထောင်ချ ဝါရမ်းတွင် ရှင်းလင်းစွာပေါ်ပြရမည်။

တရားမ ပဌမအယူခံမှု

တရားသူကြီး ဦးထွန်းတင်နှင့် တရားသူကြီး ဦးစိန်သင်း တို့ရှေ့တွင်

† ၁၉၆၇

မေလ ၉ ရက်။

ဒေါ်တင် (အယူခံတရားလို)

နှင့်

ဒေါ်ခင်ခင်စော (အယူခံတရားခံ)*

အမွေထိန်းလက်မှတ် ထုတ်ပေးရန် လျှောက်ထားခြင်း—မြန်မာဗုဒ္ဓဘာသာ တရားဥပဒေ—အယောင်ဆောင် ထိမ်းမြားခြင်း၊ အရှက်ပြေ လက်ထပ်ခြင်း—ဓမ္မသတ်မျှားတွင်၎င်း၊ ထုံးတမ်းစဉ်လာ ဓလေ့များတွင်၎င်း ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ လင်မယား ကွာရှင်းရေးနှင့် ပတ်သက်၍ ဂြိုဟ်ပြေနံပြေဟု ဒေါ်တွင်သည့် ဟန်ဆောင်မျှဖြစ်သော ကွာရှင်းမှုတမျိုးကို မြန်မာဗုဒ္ဓဘာသာ တရားဥပဒေက အသိအမှတ်ပြုထားသည်။ သို့ရာတွင် အယောင်ဆောင် ထိမ်းမြားခြင်း၊ အရှက်ပြေ လက်ထပ်ခြင်း စသည့် လက်ထပ်ထိမ်းမြားမှုမျိုးကိုမူကား ဓမ္မသတ်မျှားတွင်၎င်း၊ ထုံးတမ်းစဉ်လာ ဓလေ့များတွင်၎င်း မတွေ့ရှိရ၍ချေ။

အယူခံ တရားလိုအတွက်။ ။ဦးသုဖေ (၂)။

အယူခံ တရားခံအတွက်။ ။ဦးသန်းအောင်။

တရားသူကြီး ဦးစိန်သင်း။ ။မအူပင်မြို့၊ ခရိုင်တရားမရုံး၊ ၁၉၅၉ ခုနှစ်၊ တရားမကြီးမှုအမှတ် (၁)တွင်၊ အယူခံတရားလို ဒေါ်တင်က မိမိ၏ယောကျ်ား ကွယ်လွန်သူ ဦးမောင်မောင်၏ ပစ္စည်းများကို ထိန်းသိမ်း စောင့်ရှောက်ရန်အတွက်၊ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်း လျှောက်ထားသည်။ အယူခံတရားခံ ဒေါ်ခင်ခင်စောက ၎င်းသာလျှင် ကွယ်လွန်သူ ဦးမောင်မောင်၏ ဇနီး ဖြစ်ပါသည်ဟု ကန့်ကွက်သည်။ ခရိုင်တရားမ တရားသူကြီးက ဒေါ်တင်သည် ဦးမောင်မောင်၏ ဇနီးဖြစ်ကြောင်း ထင်ရှားပါသည်။ အကယ်၍ ဒေါ်တင်သည် မယားပြိုင် တဦးမျှသာ ဖြစ်စေကာမူ၊ ဦးမောင်မောင် ကျန်ခဲ့သည့် ပစ္စည်းများအနက်၊ အားလုံးဖြစ်စေ၊ တစိတ်တဒေသဖြစ်စေ ရပိုင်ခွင့် ရှိပါသည်ဟူ၍ ကောက်ယူဆုံးဖြတ်ကာ ဒေါ်တင်အား

---

* ၁၉၆၆ ခုနှစ်၊ တရားမ ပဌမအယူခံမှုအမှတ် ၃၁။

† ၁၉၅၉ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁ တွင် ၁၉၆၆ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့စွဲပါ မအူပင်မြို့၊ ခရိုင်တရားမ တရားသူကြီး ခုမှတ်သော ဒီကရီကို အယူခံဝင်မှု။

အမေထိန်းလက်မှတ် ထုတ်ပေးရန် အမိန့်ချမှတ်လိုက်သည်။ ထိုစီရင်ချက်နှင့် ဒီကရီတို့ကို အယူခံတရားခံ ဒေါ်ခင်ခင်စောက မကျေနပ်သဖြင့် ဤရုံး ၁၉၆၁ ခုနှစ်၊ တရားမပဋမ အယူခံမှုအမှတ် (၇၁)တွင် အယူခံဝင်ရာ တရားသူကြီးနှစ်ဦး ပါဝင်သည့် ခုံရုံးက မူလရုံး၏ အမိန့်နှင့်ဒီကရီတို့ကိုပယ်ဖျက်၍ အမှုကို ပြန်လည်စစ်ဆေးစေရန် အမိန့်ချမှတ်လိုက်သည်။ ထိုခုံရုံး၏ စီရင်ချက်တွင် "ယခုအမှု၌ ဒေါ်ခင်ခင်စောသည် ဦးမောင်မောင်၏ တရားဝင်ဇနီးဖြစ်သလောဟူသည့် အချက်နှင့် ပတ်သက်၍ ကောက်ချက်မထုတ်ခဲ့ချေ။ မူလရုံးသည် ဒေါ်တင်နှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ပြုရာ၌၊ မပြည့်စုံသော သက်သေခံချက်များအပေါ် မူတည်၍ဆုံးဖြတ်ခဲ့သဖြင့် ထိုဆုံးဖြတ်ချက်မှာ အတည်မဖြစ်နိုင်ချေ" ဟုဖော်ပြထားသည်။ ထို့ကြောင့် မူလရုံးသည် အောက်ပါကောက်ချက် ၃ ခုကိုထုတ်ကာ နှစ်ဖက်သော သက်သေများကို စစ်ဆေး ကြားနာခဲ့သည်။

(၁) ဒေါ်တင်သည် ဦးမောင်မောင်၏ တရားဝင်ဇနီး ဖြစ်ပါသလား။
(၂) ဒေါ်ခင်ခင်စောသည် ဦးမောင်မောင်၏ တရားဝင်ဇနီး ဖြစ်ပါသလား။
(၃) နှစ်ဦးလုံး ဦးမောင်မောင်၏ တရားဝင်ဇနီးဖြစ်လျှင် မည်သူ့အား အမွေထိန်းစာ ပေးထိုက်သနည်း။

အထက်ပါ ကောက်ချက်များနှင့် ပတ်သက်၍ မူလရုံး တရားသူကြီးက ဒေါ်တင်သည် ဦးမောင်မောင်၏တရားဝင်ဇနီး မဟုတ်၊ ဒေါ်ခင်ခင်စောသာလျှင် တရားဝင်ဇနီးဖြစ်သည်ဟု ကောက်ယူဆုံးဖြတ်ပြီး ဒေါ်ခင်ခင်စောအား အမွေထိန်းလက်မှတ် ထုတ်ပေးရန် အမိန့်ချမှတ်ခဲ့သည်။ ထို့ကြောင့် ဒေါ်တင်ကယခုကျွန်ုပ်တို့ ရှေ့ရှိအယူခံလွှာကို တင်သွင်းခြင်း ဖြစ်သည်။

အယူခံတရားလို ဒေါ်တင်အတွက် လိုက်ပါဆောင်ရွက်သည့် ရှေနေကြီး ဦးလှဖေက ဒေါ်ခင်ခင်စောသည် ကွယ်လွန်သူ ဦးမောင်မောင်၏ တရားဝင်ဇနီး ဖြစ်သည်ဟူသော အချက်ကို မငြင်းဆိုလိုပါ။ သို့ရာတွင် မိမိ၏အမှုသည် ဒေါ်တင်မှာလည်း ဦးမောင်မောင်၏ တရားဝင်ဇနီး ဖြစ်ပါသည်။ ဦးမောင်မောင်နှင့် ဒေါ်တင်တို့သည် ၁၃၀၀ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်နေ့က ဦးမောင်မောင်၏မိခင် ဒေါ်ထွေးမိမိ၌ လူကြီးစုံရာရွှေတွင် ထိမ်းမြားလက်ထပ်ခဲ့ကြောင်း ထင်ရှားပါသည်။ ထိုကဲ့သို့ လက်ထပ်ပြီးနောက် ဦးမောင်မောင်နှင့် ဒေါ်ဟင်တို့သည် အကြင်လင်မယားအဖြစ် ပေါင်းသင်းဆက်ဆံကာ ခနထိုင်ခဲ့ခြင်းမှာလည်း သက်သေခံ အထောက်အထား လုံလောက်စွာ ရရှိပါသည်။မူလရုံး တရားသူကြီးသည် မြန်မာဗုဒ္ဓဘာသာ တရားဥပဒေကို သုံးသပ်ရာ၌ လွဲမှားသောရှုဒေါင့်မှ ကြည့်ရှုသုံးသပ်ခြင်း ဖြစ်ပါသည်။ ဒေါ်တင်

သည်လည်း ဒေါ်ခင်ခင်စော ကဲ့သို့ပင် တရားဝင် ဇနီးတဦးဖြစ်ခြင်းကြောင့် အမွေထိန်းစာကို ဒေါ်ခင်ခင်စောနှင့်အတူ ပူးတွဲရသင့်ပါသည် အစရှိသဖြင့်တင်ပြသွားလေသည်။

အယူခံတရားခံ ဒေါ်ခင်ခင်စောအတွက် လိုက်ပါဆောင်ရွက်သည့် ရွှေနေကြီး ဦးသန်းအောင်ကမူ မိမိ၏အမှုသည် ဒေါ်ခင်ခင်စောသာလျှင် ဦးမောင်မောင်၏တရားဝင်ဇနီး ဖြစ်ပါသည်။ ဦးမောင်မောင်နှင့် ဒေါ်တင်တို့သည်အတူတကွ တအိမ်တည်း နေထိုင်ရာမှ တိတ်တိတ်ပုန်း ကျူးလွန်မိကြသဖြင့် မိခင်ဒေါ်ထူး သိရှိသွားသော ကြောင့် အရှက်ပြေ သဘောဖြင့်သာ လူအနည်းအကျဉ်း ဖိတ်ခေါ်၍ လက်ထပ်ခဲ့ခြင်း ဖြစ်ပါသည်။ ဦးမောင်မောင်နှင့် ဒေါ်တင်တို့၏ ဆက်ဆံကြပုံမှာ တရားဝင် လင်မယား အဖြစ် ပေါင်းသင်း ဆက်ဆံခဲ့ကြပုံ မဟုတ်ပါ။ အကယ်၍ ဒေါ်တင်သည် တရားဝင် ဇနီးတဦး ဖြစ်ခဲ့စေကာမူ အမွေထိန်းစာကို ဒေါ်ခင်ခင်စောနှင့်အတူ ပူးတွဲ မပေးသင့်ပါ၊ ဒေါ်ခင်ခင်စောနှင့် ဒေါ်တင်တို့သည် တဦးနှင့်တဦး အလျဉ်းပင် သင့်မြတ်ကြခြင်း မရှိသောကြောင့် အမွေထိန်းစာကို ပူးတွဲ ထုတ်ပေးခြင်းအားဖြင့် အမွေထိန်းစာ ပေးခြင်း၏ ရည်ရွယ်ချက်သည် ပျက်ပြားနိုင်စရာ အကြောင်းရှိပါသည်။ ဦးမောင်မောင် မသေမီက ၎င်း၏မိတ်ဆွေတဦးထံ ပေးခဲ့သော စာအရ ဦးမောင်မောင်တွင် ဒေါ်ခင်ခင်စောမှလွဲ၍ အခြားဇနီး မရှိနိုင်ကြောင်း ထင်ရှားပါသည်ဟု တင်ပြသွားသည်။

ဒေါ်ခင်ခင်စောသည် ဦးမောင်မောင်၏ တရားဝင် ဇနီးတဦးဖြစ်ကြောင်း တဖက်မ ဝန်ခံထားပြီး ဖြစ်ရကား၊ ဤအချက်နှင့်ပတ်သက်၍ ဆုံးဖြတ်ချက် ချမှတ်ရန် မလို တော့ချေ။ ဒေါ်တင်သည် ဦးမောင်မောင်၏ တရားဝင်ဇနီးဘဦးမည်၊ မမည်ဟူသည့် ပြဿနာကိုသာလျှင် စဉ်းစားဆင်ခြင်ရန် လိုပေသည်။ ထိုကိစ္စနှင့် ပတ်သက်၍ အယူခံ တရားလိုတို့ အလှန်အားကိုးအားထား ပြုထားသည့် အချက်မှာ ၁၃၀၀ ခုနှစ်က ဦးမောင်မောင်နှင့် ဒေါ်တင်တို့သည် လူကြီးစုံရာတွင် လက်ထပ်ထိမ်းမြားခြင်းပြုလုပ်ခဲ့ပါသည်ဟူသော အချက်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အယူခံ တရားလိုတို့သည် ထိုအချက်ကို သက်သေထင်ရှား ပြသခြင်း ပြုလုပ်နိုင်ပါက ဒေါ်တင်သည် ဦးမောင်မောင်၏ တရားဝင် ဇနီးဖြစ်ကြောင်း အခြားသက်သေခံချက်များပင် လိုတော့မည်မဟုတ်ချေ။

မြန်မာဗုဒ္ဓဘာသာ တရားဥပဒေအရ ထိမ်းမြားလက်ထပ်ရေး၌ ကာယကံရှင်များ ဖြစ်ကြသော [illegible] မိန်းကလေးတို့၏ ထိမ်းမြားလက်ထပ်ရန် သဘော တူညီမှုမှာ အဓိကအချက်ဖြစ်ကြောင်း စီရင်ထုံး အများအပြားတွင် တညီတညွတ် တည်း ပြဆိုထားသည်။ တရားဥပဒေအရ မည်သည့်အချက်အလက်များမျှ ပြုလုပ်ရန် မလို သော်လည်း ဥရောပအင်အား တတ်နိုင်သူများသည် မိတ်ဆွေ သက်သေများအား ဖိတ်ခေါ်၍ အကျွေးအမွေးများဖြင့် ဝန်ခံခြင်း၊ လက်ဆောင်များ ကမ်းလှမ်းခြင်း

အစရှိသည်များ ပြုလုပ်လေ့ရှိကြသည်။ ပစ္စည်းဥစ္စာများစွာ မတောင့်တင်းသူများမှာမူ ဆွေမျိုးရင်းချာ အနည်းငယ်များကို ဖိတ်ခေါ်ကျွေးမွေးခြင်း၊ သံဃာတော်များအား ဆွမ်းကျွေးခြင်းတို့ကို ပြုလုပ်တတ်ကြသည်။ ထိုကဲ့သို့ ညှဉ်ခံကျွေးမွေးခြင်း၊ လှူဒါန်းခြင်း စသည်တို့မှာ တရားဥပဒေအရ ပြုလုပ်ရန် မလိုသော်လည်း ထိမ်းမြားလက်ထပ်သူ ကာယကံရှင် နှစ်ဦး၏ သဘောတူညီချက် ဆန္ဒကို ထင်ရှားအောင် ပြနိုင်သည့် သက်သေခံချက်ဖြစ်ကြောင်း **မကြင်မြ နှင့် မောင်စစ်ဟန်** (၁) တို့ အမှုစီရင်ထုံးတွင် ထင်ရှားစွာ ပြဆိုထားသည်။ ယောကျ်ားလေးနှင့် မိန်းကလေးတို့ အတူတကွ ဘုရားသွားကျောင်းတက် ပြုလုပ်ခြင်း အစရှိသည့် အချက်များမှာလည်း ၎င်းတို့နှစ်ဦး၏ သဘောတူညီချက်ဆန္ဒကို ပြသရန်အတွက်သာလျှင် လင်မယားအရာမြောက် မမြောက် စဉ်းစားရာ၌ အသုံးဝင်သည့် အချက်မျှသာဖြစ်သည်။ ကာယကံရှင် နှစ်ဦး၏ သဘောတူညီချက်ဆန္ဒကို မင်္ဂလာဆောင် အခမ်းအနားများ အားဖြင့် တိုက်ရိုက်ထင်ရှားအောင် မပြသနိုင်သော အခါမှသာလျှင် လင်နှင့် မယားတို့၏ အပြုအမူနှင့် ကျော်စောသတင်းတို့ကို ထောက်ထားရမည်ဟု **မိမဲ နှင့် မိရွှေမ** (၂) အမှုစီရင်ထုံးတွင် ဖော်ပြထားသည်။

ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ လင်မယား ကွာရှင်းရေးနှင့် ပတ်သက်၍ ဂြိုလ်ပြေနံပြေဟု ခေါ်တွင်သည့် ဟန်ဆောင်မျှဖြစ်သော ကွာရှင်းမှု တမျိုးကို မြန်မာဗုဒ္ဓဘာသာ တရားဥပဒေက အသိအမှတ်ပြုထားသည်။ သို့ရာတွင် အယောင်ဆောင်ထိမ်းမြားခြင်း၊ အရှက်ပြေ လက်ထပ်ခြင်းစသည့် လက်ထပ်ထိမ်းမြားမှုမျိုးကို မူကား ဓမ္မသတ်မှားတွင်၎င်း၊ ထုံးတမ်းစဉ်လာ ဓလေ့များတွင်၎င်း မတွေ့ရှိရချေ။

ယခု ကျွန်ုပ်တို့ရှေ့ရှိအမှုတွင် ဦးမောင်မောင်နှင့် ဒေါ်တင်တို့သည် ၁၃၀၀ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်နေ့က မအူပင်မြို့၊ ၄ လမ်းနှင့် ကမ်းနားလမ်းဒေါင့်ရှိ တိုက်အိမ်၌ ဦးမောင်မောင်၏မိခင် ဒေါ်ထူးကိုယ်တိုင်ပရိသတ် လေးငါးဆယ်ခန့်ရှေ့ဝယ် လက်ထပ်ပေးစားခဲ့ကြောင်းသက်သေခံ အထောက်အထား လုံလောက်စွာ ရရှိခဲ့သည်။ ထိုမင်္ဂလာပွဲတွင် လူကြီးအဖြစ် ဆောင်ရွက်ခဲ့သူ ဆရာသမ္ဘယ်(လိုပြ-၃)က၊ မိမိကိုယ်တိုင် ဦးမောင်မောင်နှင့် ဒေါ်တင်တို့အား လက်ထပ်ပေးခဲ့ရပါသည်ဟု သက်သေခံထားလေသည်။ လက်ထပ်ပွဲသို့ တက်ရောက်သူများအနက် ဦးကြာခိုင်(လိုပြ-၅) နှင့် ဦးဗေဒါ(လိုပြ-၂) တို့ကလည်း ဆရာသမ္ဘယ်၏ အစစ်ခံချက်များကို ထောက်ခံထွက်ဆိုထားကြသည်။ မူလရုံး တရားသူကြီးကလည်း ထိုအချက်ကို လက်ခံထားသည်။ သို့ရာတွင် ၎င်းက ထိုကဲ့သို့ လက်ထပ်ကြခြင်းမှာ အရှက်ပြေသဘော လက်ထပ်ကြခြင်းမျှသာ

(၁) ရန်ကုန်စီရင်ထုံး ၁၉၃၇ ခုနှစ်၊ စာ ၁၀၃။
(၂) အထက်မြန်မာပြည်စီရင်ထုံး (၁၉၁၀—၁၃) စာ ၁၁၁။

ဖြစ်သည်ဟု ယူဆထားသည်။ အရှက်ပြေသဘော လက်ထပ်ခဲ့ခြင်း ဖြစ်သောကြောင့် ဦးမောင်မောင်၏ သဘောတူညီမှု ဆန္ဒမရှိဟု အကြောင်းပြနိုင်မည် ဖြစ်သော်လည်း၊ ထိမ်းမြားလက်ထပ်ခြင်းသည် ဟန်ဆောင် လက်ထပ်ထိမ်းမြားခြင်း ဖြစ်သည်ဟု ဆိုရံ့ကာမျှဖြင့် လင်မယားအရာ မမြောက်ဟူ၍ကား ယူဆနိုင်မည် မဟုတ်ချေ။ ဦးမောင်မောင်နှင့် ဒေါ်တင်တို့သည်အထက်ပါကဲ့သို့ ထိမ်းမြားလက်ထပ်ခြင်း ပြုလုပ်ရာ၌ ဦးမောင်မောင်၏သဘောတူညီမှုဆန္ဒမရှိဟူ၍ သက်သေခံ အထောက်အထား တစုံတရာ မတွေ့ရှိရချေ။ ဦးမောင်မောင်သည် ထိုကဲ့သို့ လက်ထပ်စဉ်က အရွယ်ရောက်ပြီးသူ ဖြစ်သည်သာမက လူကြီးလူကောင်း တဦးအနေဖြင့် မြို့ထဲရပ်ထဲတွင် ထင်ပေါ်ကျော်လွင်နေသူ တဦးဖြစ်သည်။ မိမိ၏သဘောဆန္ဒ မပါရှိဘဲ ထိမ်းမြားလက်ထပ်ပွဲ ပြုလုပ်နိုင်ရန် ခဲယဉ်းသည်။ လက်ထပ် ထိမ်းမြားပြီးသော အခါ၌လည်း ဦးမောင်မောင်နှင့် ဒေါ်တင်တို့သည် တအိမ်တည်းတွင် အတူတကွနေထိုင်လာခဲ့ခြင်းအားဖြင့် ပေါင်းသင်းစပ်ယှက်မှု ရှိခဲ့ကြောင်း ထင်ရှားလေသည်။ သို့ဖြစ်လေရာ ထိုကဲ့သို့ ထိမ်းမြားလက်ထပ်ခြင်းအားဖြင့် ၎င်းတို့သည် လင်မယားအရာ မြောက်သည်ဟု ယူဆခြင်းမှလွဲ၍ အခြားမည်ကဲ့သို့မျှ ယူဆနိုင်မည်မဟုတ်ချေ။

ဦးမောင်မောင်နှင့် ဒေါ်တင်တို့ လက်ထပ် ထိမ်းမြားခဲ့ခြင်း ထင်ရှားသောကြောင့် ဒေါ်တင်သည် ဦးမောင်မောင်၏ တရားဝင် ဇနီးဖြစ်သည်ဟု ယူဆနိုင်သော်လည်း ကျွန်ုပ်တို့သည် ထိုအချက်တခုတည်းအပေါ်၌ မူတည်၍ ဆုံးဖြတ်ချက် ချမှတ်ခဲ့ခြင်း မဟုတ်၊ ၎င်းတို့၏ ကျော်စောသတင်းနှင့် ပတ်သက်၍လည်း ဆင်ခြင်စဉ်းစားခဲ့သည်။ ဘုန်းတော်ကြီး နှစ်ပါးဖြစ်သည့် ဦးခန္တီ (လိုပြ-၂)နှင့် ဦးကေလာသ (လိုပြ-၄)တို့၏ ရုံးတော်ရှေ့တွင်အမိန့်ရှိသွားသော ထွက်ဆိုချက်များအရ ဦးမောင်မောင်နှင့် ဒေါ်တင်တို့သည် တဦးနှင့်တဦး လင်မယားအဖြစ် ဆက်ဆံသွားခဲ့ပုံမှာ ထင်ရှားလေသည်။ မူလရုံး တရားသူကြီးက ဦးခန္တီ (လိုပြ-၂)၊ ဦးကေလာသ (လိုပြ-၄)၊ ဦးဘဘေ (လိုပြ-၆)နှင့် ဦးလှအောင် (လိုပြ-၇)တို့၏ အစစ်ခံချက်များမှာ သာမန် ထွက်ဆိုချက်များသာ ဖြစ်သဖြင့်၊ သက်သေထွက်ချက်မမည်နိုင်ပေဟု စီရင်ချက်တွင် မှတ်ချက်ချထားသည်။ ကျွန်ုပ်တို့သည်မူလရုံးတရားသူကြီး၏ အကြောင်းပြချက်ကိုနားမလည်နိုင်အောင်ရှိလေသည်။ လင်မယားတို့၏ နေထိုင်ပြုမူပုံနှင့် ပတ်သက်၍ သက်သေခံချက်ပေးရာ၌၊ သာမန်အားဖြင့် ၎င်းတို့၏ အပြုအမူ အနေအထိုင်ကို အကဲခတ်နိုင်သည့် အခြေအနေများကိုသာ ထွက်ဆိုနိုင်ပေလိမ့်မည်။ အလွန်အတွင်းကျကျ ဆက်ဆံပုံများကို အပြင်လူများအဖြစ် သိရှိနိုင်ရန် ခဲယဉ်းမည်သာဖြစ်သည်။

၁၉၄၈ ခုနှစ်မှ အစပြုပြီး ဦးမောင်မောင်သည် ရန်ကုန်မြို့တွင် ပြောင်းရွှေ့နေထိုင်ပြီး ဒေါ်ခင်ခင်စောနှင့် အကြောင်းပါခဲ့သည်။ ဒေါ်ခင်ခင်စောနှင့် အကြောင်းပါပြီး

သည့် နောက်ပိုင်းတွင် ဦးမောင်မောင်၏အပြုအမူများနှင့် ပတ်သက်သည့် သက်သေခံချက်များကို အထောက်အထားပြု၍ ဦးမောင်မောင်သည် ဒေါ်ခင်ခင်စော တဦးတည်းကိုသာ တရားဝင်ဇနီးအဖြစ် ပေါင်းသင်း ဆက်ဆံခဲ့ပါသည်ဟု အယူခံတရားခံအတွက် လိုက်ပါဆောင်ရွက်သည့် ရွှေနေကြီး ဦးသန်းအောင်က လျှောက်လဲသွားလေသည်။ ဦးမောင်မောင် ရေးသားခဲ့သည်ဆိုသော စာများ၊ ဦးမောင်မောင်နှင့် ရင်းနှီးသော ဂုဏ်သရေရှိ လူကြီးများ၏ အစစ်ခံချက်များ၊ ဦးမောင်မောင် သေဆုံးသော အခါဌာ ရိုက်နှိပ်ခဲ့သည့် ကြေငြာစာများ အစရှိသည်တို့ကိုလည်း အားကိုးအားထား ပြုထားသည်။ဦးမောင်မောင်သည် ဒေါ်ခင်ခင်စောနှင့် အကြောင်းပါပြီးသည့်နောက်ဒေါ်တင် အပေါ်၌ စိတ်ဝင်စားမှု လျော့ပါးသွားနိုင်စရာ အကြောင်းရှိသည်။ ဒေါ်ခင်ခင်စောကို သာလျှင်တဦးတည်းသော ဇနီးအဖြစ် အသိအမှတ် ပြုစေလိုသော ဆန္ဒ ရှိကောင်း ရှိပေလိမ့်မည်။ထို့ကြောင့်အထက်ပါကဲ့သို့စာများရေးသားခြင်း၊မိတ်ဆွေသင်္ဘာများကိုဒေါ်ခင်ခင်စောအား တဦးတည်းသော ဇနီးအဖြစ် မိတ်ဖွဲ့ပေးခြင်းအစရှိသည်များကိုပြုသည်လည်းဖြစ်နိုင်လေသည်။မည်သို့ပင် ဖြစ်စေကာမူ ဒေါ်တင်နှင့် တရားဝင်ကွာရှင်းခြင်းမရှိသေးသမျှ ဒေါ်ခင်ခင်စောသည် ဦးမောင်မောင်၏ တဦးတည်းသော တရားဝင်ဇနီးမဖြစ်နိုင်။ ထို့ကြောင့် မူလရုံး တရားသူကြီးကလည်း ဒေါ်တင်သည် ဦးမောင်မောင်၏ တရားဝင်ဇနီး မဟုတ်ဟု ကောက်ယူဆုံးဖြတ်ခဲ့ခြင်းသည် မှားယွင်းလေသည်။

ကျွန်ုပ်တို့သည် ဒေါ်ခင်ခင်စောနှင့် ဒေါ်တင်တို့အား အတူတကွ ပူးတွဲ၍ အမွေထိန်းလက်မှတ်စာကို ထုတ်ပေးသင့်၊ မပေးသင့် လေးလေးနက်နက် စဉ်းစား ဆင်ခြင်ခဲ့သည်။ သို့ရာတွင် ၎င်းတို့နှစ်ဦးမှာ သင့်မြတ်ခြင်း မရှိသည်သာမက တမြို့စီ နေထိုင်ကြသူများဖြစ်သည်။ အမွေထိန်းစာ ထုတ်ပေးခြင်း၏ အဓိက ရည်ရွယ်ချက်မှာ သေဆုံးသူ ကျန်ရစ်သည့် ပစ္စည်းများကို မဆုံးရှုံး၊ မပျောက်ပျက်ရအောင် စီမံခန့်ခွဲရန် မျှသာဖြစ်သည်။ မသင့်တင့်သည့် သူနှစ်ဦးအား အမွေထိန်းစာ ပူးတွဲထုတ်ပေးခြင်း အားဖြင့် ဥပဒေ၏ ရည်ရွယ်ချက်ကို ထိပါးစရာ အကြောင်းရှိသည်။ မည်သို့ပင် ဖြစ်စေကာမူ၊ ဒေါ်ခင်ခင်စောထက် ပိုမို၍ ဦးမောင်မောင် ကျန်ရစ်သည့် ပစ္စည်းများတွင် ရပိုင်ခွင့်ပိုသူ မပေါ်ပေါက်ရကား၊၎င်းအား မူလရုံး တရားသူကြီးက အမွေထိန်းစာထုတ်ပေးခြင်းကို ဝင်ရောက်စွက်ဖက်ရန် အကြောင်းမမြင်ချေ။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဒေါ်တင်သည် ဦးမောင်မောင်၏ တရားဝင်ဇနီး မဟုတ်ဟူ၍ မူလရုံးက ကောက်ယူဆုံးဖြတ်ခြင်းကိုပယ်ဖျက်လိုက်သည်။ သို့ရာတွင် ဒေါ်ခင်ခင်စောအား အမွေထိန်းစာထုတ်ပေးရန် ခုမှတ်သည့် စီရင်ချက်နှင့် ဒီကရီတို့ကို အတည်ပြုလိုက်သည်။

အမှုသည်များသည် မိမိတို့စရိတ်ကို မိမိတို့ ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်

တရားမကြီးမှု

တရားသူကြီး ဦးသက်ဖေ ရှေ့တွင်

၁၉၆၇ မေလ ၁၂ ရက်။

ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ (အယူခံတရားလို)

နှင့်

ပင်လယ်ရပ်ခြား ကျွန်းနှင့် သစ်မာဒရေဒင် ပါ ၄ (တရားခံများ)*

အစုစပ်လုပ်ငန်းရှင်များအပေါ် ဘဏ်ငွေပို့စာရင်းအရ ထုတ်ချေးသည့် ရင်းတိုးငွေများ ရလိုကြောင်း တရားစွဲဆိုမှု—အစုစပ်လုပ်ခြင်း အက်ဥပဒေပုဒ်မ ၃၂ (၂)—အစုရှင် တဦးသည် အစုစပ်လုပ်ငန်းက အပြင်လူ တဦးဦးထံသို့ ကြွေးမြီပေးဆပ်ရန် တာဝန်ကို ကင်းလွှတ်လိုခြင်း—အပြင်လူ၏ သဘောတူညီချက် ရရှိရန်လိုခြင်း—အစုစပ်လုပ်ငန်း အက်ဥပဒေပုဒ်မ ၆၃—ပုဒ်မ ၇၂—ပြည်သူတို့သိအောင် အကြောင်းကြားခြင်းပြုရန် လိုအပ်ခြင်း။

ဆုံးဖြတ်ချက်။ ။အစုစပ်လုပ်ခြင်း အက်ဥပဒေပုဒ်မ ၃၂ (၂) အရ နှုတ်ထွက်သွားသည့် အစုရှင်တဦးသည် အစုစပ်လုပ်ငန်းက အပြင်လူတဦးဦးထံသို့ ကြွေးမြီပေးဆပ်ရန် တာဝန်ကို ကင်းလွှတ်လိုပါလျှင် အခြားအစုရှင်များသာမက ထိုအပြင်လူနှင့်လည်း သဘောတူညီချက် ပဋိညာဉ်များ ထားရှိရန်လိုပေသည်။ အစုရှင်များက ကြွေးမြီများကို ငင်းတို့ပေးဆပ်မည်ဟု လုံးဝတာဝန်ယူခဲ့ကာမျှဖြင့် မပြီးချေ။ ကြွေးမြီရရှိရန်ရှိသည့် အပြင်လူကလည်း သဘောတူရန် လိုပေသည်။ ယင်းသို့ သဘောတူညီချက်ရှိမှသာ နှုတ်ထွက်သည့် အစုရှင်အနေဖြင့် အစုစပ်လုပ်ငန်း၏ ကြွေးမြီများအား ပေးဆပ်ရန် တာဝန် ကို ကင်းလွှတ်ခွင့်ရမည်ဖြစ်သည်။ အစုစပ်လုပ်ငန်း၏မြှုပ်တဦးဦးသည် အစုရှင်များ အပြောင်းအလဲဖြစ်သည့်အခါ ကြွေးမြီများကို မူလအစုရှင်များထံမှသော်၎င်း၊ နောက်ထပ် ဖွဲ့စည်းထားသည့် အစုရှင်များထံမှသော်၎င်း မိမိသဘောအတိုင်း တောင်းဆိုခွင့် ရှိပေသည်။ နှုတ်ထွက်သွားသည့် အစုရှင်ထံမှ ကြွေးမြီများကို တောင်းဆိုခြင်း မပြုလိုတော့ကြောင်း အတိအလင်း၊ သို့မဟုတ် သွယ်ဝိုက်သည့် သဘောတူညီချက် ပဋိညာဉ်ရှိမှသာ ထိုကဲ့သို့ နှုတ်ထွက်သွားသည့် အစုရှင်အပေါ် တောင်းဆိုခြင်းမှ ပိတ်ပင်မည်ဖြစ်သည်။

အစုစပ်လုပ်ခြင်း အက်ဥပဒေပုဒ်မ ၃၂ (၃) တွင် အကျုံးဝင်လိုလျှင် အများပြည်သူတို့သိအောင် အကြောင်းကြားခြင်းပြုရန်လိုပေသည်။ အများပြည်သူတို့သိအောင် အကြောင်းကြားခြင်းကို မည်သို့မည်ပုံ ပြုလုပ်ရမည်ဟု ပုဒ်မ ၇၂ တွင် အတိအလင်း ပြဆိုထားသည်မရှိ၊ မှတ်ပုံတင်ထားသည့် အစုစပ်

* ၁၉၆၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၀။

လုပ်ငန်းမှ နုတ်ထွက်လျှင် ပုဒ်မ ၆၃ အရ အစုစပ်လုပ်ငန်း မှတ်ပုံတင်အရာရှိအား အကြောင်းကြား ရမည့်အပြင်၊ ပြန်တမ်းနှင့် အနည်းဆုံး သတင်းစာ တစောင်တွင် ကြော်ငြာမှသာ အမျှားပြည့်သူတို့ သိအောင် အကြောင်းကြားခြင်း ဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်သည်။

တရားလိုအတွက်။ ။အစိုးရရှေ့နေကြီး မဇ္ဈတာ ဂို(ရှ်)။

တရားခံများ (၁) (၂) နှင့် (၄) အတွက်။ ။ဒေါ်မြင့်မြင့်ခင်။

တရားခံ (၃)အတွက်။ ။ဦးတင်မောင်။

တရားသူကြီး ဦးသက်ဖေ။ ။တရားလို ပြည်သူ့ဘက် အမှတ် ၁၁/၁၂ (ယခင် ဆက်သွယ်ရေးဘဏ်) က တရားခံ ပင်လယ်ရပ်ခြား ကျွန်းနှင့် သစ်မာရောင်းဝယ်ရေး ဌာနနှင့် အစုရှင်များ ဖြစ်ကြသည့် ဦးသော်၊ ဦးဥာဏ်မြင့် အပြင်အာမခံသူဦးထွန်းလင်း တို့အပေါ် ဘဏ်ငွေပို့စာရင်းအရ ထုတ်ချေးခဲ့သည့် ရင်းတိုးငွေ ၅၇,၀၅၉ ကျပ် ၅၈ ပြား ရလိုကြောင်း စွဲဆိုသည့်အမှုဖြစ်သည်။

တရားလိုက တရားခံ ပင်လယ်ရပ်ခြား ကျွန်းနှင့် သစ်မာ ရောင်းဝယ်ရေးဌာန သည် အစုစပ် လုပ်ငန်း တခုဖြစ်ကြောင်း၊ တရားခံလုပ်ငန်းသည် ၁၉၆၂ ခု၊ မေလ ၇ ရက်နေ့တွင် မိမိထံမှ ငွေ ၅၀,၀၀၀ ကျပ်အထိ ငွေ တထောင်လျှင် တလ ၇ ကျပ် အတိုးနှုန်းဖြင့် ဘဏ်ငွေပို့စာရင်းအရ ချေးယူခွင့်ရပြီး၊ အော်ဒီမံစာချုပ် တစောင် ချုပ်ဆိုပေးခဲ့ကြောင်း၊ ထိုငွေအတွက် တရားခံ ဦးထွန်းလင်းက တာဝန်ယူကာ၊ အာမခံ စာချုပ်တခုကို ချုပ်ဆိုပေးခဲ့ကြောင်း၊ အဆိုပါ ပဋိညာဉ်အရ ငွေများကို အလီလီ ထုတ်ချေးခဲ့ရာ ၁၉၆၅ ခု၊ ဧပြီလ ၃၀ ရက်နေ့တွင် တရားခံ အစုစပ်လုပ်ငန်းသည် စာရင်းအရ ရင်းတိုးငွေ အစုစုပေါင်း ၅၇,၀၅၉ ကျပ် ၅၈ ပြား ပေးရန်ရှိသဖြင့် တောင်းဆိုသော်လည်း ပေးဆပ်ခြင်း မပြုသဖြင့် တရားစွဲဆိုရကြောင်း အဆိုပြုလာသည်။

တတိယ တရားခံ ဦးဥာဏ်မြင့်က မိမိသည် ၁၉၆၂ ခု၊ ဩဂုတ်လ ၂၉ ရက်နေ့တွင် အခြား အစုရှင်များနှင့် စွန့်လွှတ်စာတမ်းတခုကို ချုပ်ဆိုကာ အစုစပ်လုပ်ငန်းမှ နုတ်ထွက်ခဲ့ကြောင်း၊ ထိုစွန့်လွှတ်စာတမ်းတွင် တရားလိုထံမှ ချေးယူခဲ့သော ငွေကြေးငွေ ကို ပေးဆပ်ရန် ကျန်အစုရှင်များက တာဝန် ယူခဲ့ကြောင်း၊ ယင်းသို့ အစုစပ်လုပ်ငန်းမှ နုတ်ထွက်ကြောင်းကို ဂါဒီယန် အင်လိပ်သတင်းစာနှင့် အထောက်တော် မြန်မာ သတင်းစာတို့တွင် ၁၉၆၂ ခု၊ စက်တင်ဘာလ ၂၀ ရက်နေ့၌ ဖော်ပြခဲ့ကြောင်း၊ ထိုကြောင့် တရားလို တောင်းဆိုသော ငွေများကို မိမိတွင် ပေးရန် တာဝန်မရှိကြောင်း ထုခဲ့ချသည်။

၁၉၆၇

ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရ နှင့် ပင်လယ်ရပ်ခြား ကျွန်းနှင့်သစ်မာ ထရေးင်ပါ ၄။

ကျန်တရားခံများက ငွေ ၅၀,၀၀၀ ကျပ်အထိ ဘဏ်ငွေပို့စာရင်းဖြင့် တရားလိုထံမှ ချေးယူခဲ့သည်ဆိုခြင်းကိုမငြင်းသော်လည်း၊ ၁၉၆၅ ခုနှစ်ပြီလ ၃၀ ရက်နေ့တွင် ၅၇,၀၅၉ ကျပ် ၅၈ ပြား ပေးရန် ရှိသည်ဆိုခြင်းကိုဝန်မခံကြောင်း၊ အစုစပ် လုပ်ငန်းအတွက် တရားလိုထံမှ ငွေချေးယူခဲ့ခြင်းဖြစ်၍ အစုရှင်များသည် တဦးချင်းအနေဖြင့် တရားလို တောင်းဆိုသည့် ငွေများကို ပေးဆပ်ရန် တာဝန် မရှိကြောင်း ထုချေကြလေသည်။

အထက်ပါ အဆိုနှင့် ချေလွှာတို့အပေါ် မူတည်၍ အောက်ပါ ကောက်ချက်များအား ထုတ်နုတ်ခဲ့သည်။

1. Did the 3rd defendant leave the partnership business of the 1st defendant by selling his shares out right to the 2nd defendant and to U Tha Tun and U Tin Oo, the partners of the said business with all the past and future liabilities including the suit debt as per deed, dated 29th August 1962 ?
2. Was the fact that the 3rd defendant left the partnership advertised in The Guardian, dated 20th September 1962 ?
3. Are the defendants or any of them liable for the suit amount ?

ကောက်ချက်အမှတ် ၁။ ။တတိယတရားခံသည် ၁၉၆၂ ခု၊ ဩဂုတ်လ ၂၉ ရက်နေ့တွင် သက်သေခံအမှတ် "၂" စွန့်လွှတ်စာတမ်းကို ချုပ်ဆိုကာ၊ အစုစပ် လုပ်ငန်းမှ နုတ်ထွက်ခဲ့ကြောင်း တရားခံ ဦးသော်က ထောက်ခံ ထွက်ဆိုထားသဖြင့် မှန်ကန်သည်ဟု ဖြေဆိုရမည် ဖြစ်သည်။

ကောက်ချက်အမှတ် ၂။ ။တတိယ တရားခံ ဦးဥာဏ်မြင့်သည် အစုစပ်လုပ်ငန်းမှ နုတ်ထွက်ကြောင်းကို ဂါဒီယန်နှင့် အထောက်တော် သတင်းစာများ၌ ၁၉၆၂ ခု၊ စက်တင်ဘာလ ၂၀ ရက်နေ့တွင်ကျေညာခဲ့ကြောင်းသက်သေခံ "၃" နှင့် "၄" အရ ပေါ်လွင်နေသဖြင့် မှန်ကန်သည်ဟု ဖြေဆိုရမည် ဖြစ်သည်။

ကောက်ချက်အမှတ် ၃။ ။တရားလိုထံမှ ငွေချေးယူခဲ့ခြင်းမှာ အစုစပ်လုပ်ငန်းအတွက် ချေးယူခဲ့ခြင်းဖြစ်၍၊ ထိုငွေများကို အစုရှင်များ တဦးချင်းအပေါ် တောင်းဆိုခြင်း မပြုနိုင်ဆိုသော အမှတ် ၁၊ ၂ နှင့် ၄ တရားခံတို့၏ တင်ပြချက်မှာလုံးဝ အခြေအမြစ်မရှိသော တင်ပြချက်သာဖြစ်သည်။ အစုစပ်လုပ်ခြင်း ဥပဒေ ပုဒ်မ ၂၅ တွင် အစုစပ် လုပ်ငန်း၏ ပြုမူဆောင်ရွက်ချက်များဖြင့် ပတ်သက်၍ အစုရှင်တိုင်းသည် တဦးချင်း အနေနှင့်သာမက အားလုံး စုပေါင်း၍လည်း တာဝန်ရှိသည်ဟု

ပြဋ္ဌာန်းထားသည်။ထိုပြဋ္ဌာန်းချက် အရဆိုလျှင် တရားခံ ပင်လယ်ရပ်ခြား ကျွန်းနှင့် သစ်မာ ရောင်းဝယ်ရေးဌာန အစုစပ်လုပ်ငန်း၏ ကြွေးမြီများအတွက် အစုရှင်များ ဖြစ်ကြသည့် ဦးသော်နှင့် ဦးဥာဏ်မြင့်တို့သည် တဦးချင်း အနေနှင့် သာမက စုပေါင်း၍လည်း ပေးဆပ်ရန် တာဝန်ရှိကြောင်း မငြင်းနိုင်ပေ။ တရားခံ ဦးထွန်းလင်းမှာလည်း၊ အစုစပ် လုပ်ငန်းက ချေးယူသော ငွေများကို ပေးဆပ်ရန် သက်သေခံ "ဃ" အာမခံစာချုပ်ကို ချုပ်ဆိုခဲ့သဖြင့် တာဝန်ရှိကြောင်း ယုံမှားဘွယ် မရှိနိုင်ပေ။

တတိယ တရားခံ ဦးဥာဏ်မြင့်က မိမိသည် အစုစပ်လုပ်ငန်းမှ ၁၉၆၂ ခု၊ ဩဂုတ်လ ၂၉ ရက်နေ့တွင် စွန့်လွှတ်စာတမ်း (သက်သေခံ ၂)ကို ချုပ်ဆိုကာ နုတ်ထွက်ခဲ့သည့် အပြင်၊ ထိုကဲ့သို့ နုတ်ထွက်ခဲ့ကြောင်းကို သတင်းစာများတွင် ၁၉၆၂ ခု၊ စက်တင်္ဘာလ ၂၀ ရက်နေ့၌ ကျေညာခဲ့သည်သာမက တရားခံဦးသော်က ထိုကိစ္စကို တရားလိုထံသို့ ၁၉၆၂ ခု၊ စက်တင်္ဘာလ ၁၁ ရက်နေ့စွဲပါ သက်သေခံ "ခ" စာအရ အကြောင်းကြားခဲ့ပြီးဖြစ်၍ တရားလိုစွဲဆိုသောကြွေးငွေကို ပေးဆပ်ရန် တာဝန်မရှိကြောင်း ထုချေခဲ့ရာ၊ ထိုထုချေချက်သည် မည်၍မျှ မည်မျှ ခိုင်လုံသည် ဆိုခြင်းကို ဝေဖန်သုံးသပ်ရန် လိုပေသည်။

အစုစပ်လုပ်ခြင်း ဥပဒေ ပုဒ်မ ၃၂(၂) အရ နုတ်ထွက်သွားသည့်အစုရှင်တဦးသည် အစုစပ်လုပ်ငန်းက အပြင်လူ တဦးဦးထံသို့ ကြွေးမြီပေးဆပ်ရန် တာဝန်ကို ကင်းလွှတ်လိုပါလျှင် အခြားအစုရှင်များသာမက ထိုအပြင်လူနှင့်လည်း သဘောတူညီချက် ပဋိညာဉ်များ ထားရှိရန်လိုပေသည်။ အစုရှင်များက ကြွေးမြီများကို ငင်းတို့ ပေးဆပ်မည်ဟု လုံးဝတာဝန်ယူခဲ့ကာမျှဖြင့် မပြီးချေ။ ကြွေးမြီရရန်ရှိသည့် အပြင်လူကလည်း သဘောတူရန် လိုပေသည်။ ယင်းသို့ သဘောတူညီချက် ရှိမှသာ နုတ်ထွက်သည့် အစုရှင်အနေဖြင့် အစုစပ်လုပ်ငန်း၏ ကြွေးမြီများအား ပေးဆပ်ရန် တာဝန်ကို ကင်းလွှတ်ခွင့် ရမည်ဖြစ်သည်။ အစုစပ်လုပ်ငန်း၏ မြီရှင် တဦးဦးသည် အစုရှင်များ အပြောင်းအလဲ ဖြစ်သည့်အခါ ကြွေးမြီများကို မူလအစုရှင်များ ထံမှသော်၎င်း၊ နောက်ထပ် ဖွဲ့စည်းထားသည့် အစုရှင်များထံမှ သော်၎င်း၊ မိမိသဘော အတိုင်း တောင်းဆိုခွင့် ရှိပေသည်။ နုတ်ထွက် သွားသည့် အစုရှင်ထံမှ ကြွေးမြီများကိုတောင်းဆိုခြင်း မပြုလိုတော့ကြောင်း အတိအလင်း၊ သို့မဟုတ် သွယ်ဝိုက်သည့် သဘောတူညီချက် ပဋိညာဉ်ရှိမှသာ ထိုကဲ့သို့ နုတ်ထွက်သွားသည့် အစုရှင်အပေါ် တောင်းဆိုခြင်းမှ ပိတ်ပင်မည်ဖြစ်သည်။

ယခုအမှုတွင် ဦးဥာဏ်မြင့်သည် အစုစပ်လုပ်ငန်းမှ နုတ်ထွက်ကြောင်း၊ တရားလို အား ပေးဆပ်ရန် ရှိသည့် ကြွေးမြီများကို ကျန်အစုရှင်များက လုံးဝတာဝန်ယူကြောင်း သက်သေခံ "၂" စွန့်လွှတ်စာတမ်းတွင် ဖော်ပြချုပ်ဆိုခဲ့သည်မှာ မှန်၏။ သို့ရာတွင်

၁၉၆၇ ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရနှင့် ပင်လယ်ရပ်ခြား ကျွန်းနှင့်သစ်မာ ထရေဒင်ပါ ၄။

ထိုစာချုပ်စာတမ်းသည် အစုရှင် "အချင်းချင်း ချုပ်ဆိုသည့် စာချုပ်တခုသာဖြစ်ပြီး မြို့ရှင်ဖြစ်သည့် တရားလိုပါဝင် ချုပ်ဆိုခဲ့သည့် စာချုပ်စာတမ်းတခု မဟုတ်၍၊ အစုစပ်လုပ်ခြင်း ဥပဒေပုဒ်မ ၃၂ (၂)နှင့် အကျုံးမဝင်ချေ။ ယင်းသို့ အကျုံးမဝင်လျှင် ဦးဥာဏ်မြင့်သည် အစုစပ်လုပ်ငန်းမှ နုတ်ထွက်ခဲ့စေကာမူ၊ တရားလိုအား ပေးရန်ရှိသော အစုစပ်လုပ်ငန်း၏ ကြွေးမြီမျှားအတွက် ဆက်လက် တာဝန်ရှိနေသည်ဟု ဆိုရမည် ဖြစ်သည်၊ တရားခံ ဦးသော်က သက်သေခံ "ခ" အရ ဦးဥာဏ်မြင့် နုတ်ထွက်သွားပြီဖြစ်၍ တရားလို သဘောတူလျှင် အခြားအစုရှင်တဦးဖြစ်သည့် ဦးတင်ဦးက ဦးဥာဏ်မြင့်ကိုယ်စား ချေးငွေအတွက် စာချုပ်စာတမ်းတွင် လက်မှတ် ထိုးပေးမည် ဖြစ်ကြောင်း ရေးသား အကြောင်းကြားခဲ့သော်လည်း၊ တရားလိုက သဘော မတူခဲ့ချေ။ ယင်းသို့ သဘောတူရန် မလိုက်လျောခဲ့သည်ကို ထောက်ရှုလျှင် တရားလိုသည် အစုစပ်လုပ်ငန်းမှ နုတ်ထွက်သွားသော ဦးဥာဏ်မြင့်အား အစုစပ်လုပ်ငန်းက ပေးရန်ရှိသည့် ကြွေးမြီမျှား ပေးဆပ်ရန် တာဝန်ကို အတိအလင်းသော်ငင်း၊ သွယ်ဝိုက်၍ သော်ငင်း၊ ကင်းလွှတ်ခွင့်မပြုခဲ့ကြောင်း ကောင်းစွာ ထင်ရှားသည်။ သို့ဖြစ်ရာ ဦးဥာဏ်မြင့်သည်တရားလိုတောင်းဆိုသည့် ကြွေးမြီကိုပေးဆပ်ရန် တာဝန်ရှိလေသည်။

နောက်ဆုံး အနေဖြင့် ဦးဥာဏ်မြင့်က ငင်းသည် အစုစပ်လုပ်ငန်းမှ နုတ်ထွက်ပြီးဖြစ်ကြောင်းကို သတင်းစာ၌ ကျေညာခဲ့သည့်အပြင်၊ အစုရှင်တဦးဖြစ်သူ ဦးသော်က တရားလိုအား အကြောင်းကြားခဲ့သဖြင့် တရားလိုအား အစုစပ်လုပ်ငန်း၏ ကြွေးမြီကို ပေးဆပ်ရန် တာဝန်မရှိဟု တင်ပြခြင်းနှင့် ပတ်သက်၍ အစုစပ်လုပ်ခြင်း ဥပဒေ ပုဒ်မ ၃၂ (၃) ကို ရည်ညွှန်းဟန် လက္ခဏာရှိသည်။ ထိုပုဒ်မခွဲတွင် အကျုံးဝင်လိုလျှင် အများပြည်သူတို့ သိအောင် အကြောင်းကြားခြင်း ပြုရန် လိုပေသည်။ အများပြည်သူတို့ သိအောင် အကြောင်းကြားခြင်းကို မည်သို့မည်ပုံ ပြုလုပ်ရမည်ဟု ပုဒ်မ ၇၂ တွင် အတိအလင်း ပြဆိုထားသည်၊ မှတ်ပုံတင်ထားသည့် အစုစပ် လုပ်ငန်းမှ နုတ်ထွက်လျှင် ပုဒ်မ ၆၃ အရ အစုစပ်လုပ်ငန်း မှတ်ပုံတင်အရာရှိအား အကြောင်းကြားရမည့်အပြင်၊ ပြန်တမ်းနှင့် အနည်းဆုံး သတင်းစာတစောင်တွင် ကျေညာမှသာ အများပြည်သူတို့ သိအောင် အကြောင်းကြားခြင်း ဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်သည်။ ယခုအမှုမှ တရားခံ ပင်လယ်ရပ်ခြား ကျွန်းနှင့် သစ်မာ ရောင်းဝယ်ရေးဌာန လုပ်ငန်းသည် မှတ်ပုံတင်ထားသည့် အစုစပ်လုပ်ငန်း တခုဖြစ်ကြောင်း တရားခံ ဦးသော်၏ ထွက်ချက်နှင့် သက်သေခံ "၂" အရ ထင်ရှားသည်။ ဦးဥာဏ်မြင့်သည် သတင်းစာ၌ ကျေညာသော်လည်း၊ ပြန်တမ်း၌ ကျေညာခြင်း မပြုခဲ့သည့် အပြင်၊ အစုစပ် မှတ်ပုံတင် အရာရှိအား ပုဒ်မ ၆၃ အရ၊ အကြောင်းကြားခဲ့သည်ဟု အဆိုပြုထားခြင်း မရှိသဖြင့် အများပြည်သူတို့ သိအောင် အကြောင်းကြားခြင်း ပြုခဲ့သည်ဟု မဆိုနိုင်ချေ။

၁၉၆၇

ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရနှင့် ပင်လယ်ရပ်ခြား ကျွန်းနှင့်သစ်မာ ထရေဒင်ပါ ၄။

တရားလိုက္ခ တရားခံတို့သည် ၁၉၆၅ ခု၊ ဧပြီလ ၃၀ ရက်နေ့တွင် ရင်းတိုးငွေ ၅၇,၀၅၉ ကျပ် ၅၀ ပြား ပေးရန်ရှိကြောင်း ဘဏ်စာရင်းသက်သေခံ (၃) ကိုတင်ပြခဲ့၏။ ထိုတင်ပြချက်မှာ မှားယွင်းနေသည်ဟု တရားခံများ အနေဖြင့် သက်သေ အထောက်အထား စိုးစဉ်းမျှ တင်ပြခြင်း မပြုနိုင်ပေ။

အထက်ပါ အကြောင်းရပ်များကြောင့် တရားခံတို့သည် တရားလိုစွဲဆိုသည့်အတိုင်း ငွေ ၅၇,၀၅၉.၅၀ ကျပ် ၅၀ ပြားကို ပေးဆောင်ရန် တရားစရိတ်များနှင့်တကွ ဒီကရီ ချမှတ်ပေးလိုက်သည်။ ထို့ပြင် တရားခံတို့သည် တရားစွဲသည့် နေ့မှငွေအကြေပေး ဆောင်သည့် နေ့အထိ ဒီကရီငွေအပေါ် ရုံးအတိုးနှုန်းအတိုင်း အတိုးငွေကိုလည်း ပေးဆောင်ရမည်ဖြစ်သည်။ သာမန်အားဖြင့် ရုံးအတိုးနှုန်းမှာ ငွေတရာလျှင် တနှစ် ၉ ကျပ်ဖြစ်သော်လည်း ထိုနှုန်းသည် ငွေချေးစဉ်က ကတိရှိခဲ့သည့် အတိုးနှုန်းထက် များနေ၍ မူလအတိုးနှုန်းအတိုင်း ငွေ ၁,၀၀၀ ကျပ်လျှင် တလ ၇ ကျပ် နှုန်းဖြင့် သာ ဟုက်ချက်ရမည်ဖြစ်သည်။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်၊ တရားသူကြီး ဦးထွန်းတင်၊ တရားသူကြီး ဦးကျော်ဇံဦး၊ တရားသူကြီး ဦးချစ်၊ တရားသူကြီး ဦးသက်ဖေ နှင့် တရားသူကြီး ဦးစိန်သင်း တို့ရှေ့တွင်

†၁၉၆၇

မေလ ၁၃ ရက်။

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားလို)

နှင့်

မောင်ထွန်းကြည် (အယူခံတရားခံ) *

ပြည်သူ့ပိုင် ပစ္စည်း ကာကွယ်ရေး အက်ဥပဒေ ပုဒ်မ ၆ (၁)—ပြစ်မှု တရပ် အတွက် ထောင်ဒဏ် သတ်မှတ်ခြင်း—တရားခံသည် ထိုပြစ်မှုနှင့် ပတ်သက်၍ အချုပ်နှင့် နေခဲ့ရလျှင် ထိုအချုပ် ကာလကို ထောင်ဒဏ်မှ ထုတ်နုတ်အပ်ခြင်း—ပြစ်ဒဏ်သတ်မှတ်ရာတွင် တရားခံ၏ နောက် ကြောင်း၊ နေထိုင်မှု အခြေအနေ စသည်တို့ကို ကောင်းစွာ လေ့လာရန် လိုခြင်း။

ဆုံးဖြတ်ချက်။ ။ပြစ်မှုတရပ် အတွက် ထောင်ဒဏ်သတ်မှတ်ရာတွင် အကယ်၍ တရားခံသည် ထိုပြစ်မှုနှင့် ပတ်သက်၍ အချုပ်နှင့် နေခဲ့ရလျှင်၊ ထိုအချုပ်ကာလကို ထောင်ဒဏ်မှ ထုတ်နုတ် အပ်သည်ဟု ယူဆသည်။ ဤသို့ ယူဆခြင်းသည် တည်ရှိနေသော ဥပဒေများနှင့်လည်း မဆန့်ကျင်၊ လုပ်ထုံးကို ပိုမိုရှင်းလင်း တိကျစေအောင်နှင့် တသမတ်တည်း ညီညွတ်စေအောင် ပြုပြင်ခြင်းသာ ဖြစ်သည်။

အချုပ်ကာလကို သေချာစွာ တွက်ချက်နိုင်ရန် သက်ဆိုင်ရာတို့အား မေးမြန်း၍ အမှုတွင် မှတ်တမ်းတင် ထားရှိဘို့ လိုပေသည်။ အမှုနှင့် ပတ်သက်၍ စတင် အရေးယူသည်မှ စီရင်ချက် ချမှတ်သည် အထိ အချုပ်ကာလ အသီးသီးရှိခဲ့လျှင်၊ ထိုကာလများကို တွက်ချက်၍ စုပေါင်းကာ ပြစ်ဒဏ်မှ ထုတ်နုတ်ရန် ဖြစ်သည်။ အချို့အမှုများတွင်ကား တိုင်ချက်၊ စွဲချက်တို့မှပင် လိုအပ်သော အချက်အလက်တို့ကို အပြည့်အစုံရနိုင်ဘုယ်ရှိသည်။

ပြစ်ဒဏ် သတ်မှတ်ရာတွင် တရားခံ၏ နောက်ကြောင်း၊ နေထိုင်မှု အခြေအနေ စသည်တို့ကို လည်း ကောင်းစွာ လေ့လာရန် လိုပေသည်။ သို့မှသာ ၎င်းအား ပြုပြင်ပညာပေးရန် သင့်လျော်သော ပြစ်ဒဏ်မျိုးနှင့် ပြစ်ဒဏ်အတိုင်းအတာကို ဆုံးဖြတ်နိုင်မည် ဖြစ်ပေသည်။ ထောင်ဒဏ်ပေးရမည်ဆိုလျှင် ပြစ်မှုနှင့် အချိုးကျ၍ တရားခံ၏ ဘဝနှင့် လျော်ကန်သော ပြစ်ဒဏ်ကို သတ်မှတ်

---

* ၁၉၆၅ ခုနှစ်၊ ရာဇဝတ် အယူခံမှု အမှတ် ၄၀၇။

† ၁၉၆၄ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၁၈၁ တွင် ချမှတ်သော ၁၉၆၅ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့စွဲပါ တောင်ကြီးမြို့၊ မြို့မရာဇဝတ် တရားသူကြီး၏ အမိန့်ကို အယူခံမှု။

ရမည်။ ထိုပြစ်ဒဏ်မှ အချုပ်ကျပြီး ကာလကို ထုတ်နုတ်ရမည်ဖြစ်ကြောင်းကို စီရင်ချက်တွင် ဖေါ်ပြရမည်။ ထောင်ချဝါရမှ်းတွင် သတ်မှတ်သော ထောင်ဒဏ်ကို ဖေါ်ပြ၍ အောက်၌ ထိုပြစ်ဒဏ်မှ တရားခံ အချုပ်ကျပြီးသော ကာလ မည်ရွေ့မည်မျှကို ထုတ်နုတ်ရမည်ဟု ထင်ရှားစွာ ဖေါ်ပြရမည်။ အချုပ်ကာလကသတ်မှတ်သော ပြစ်ဒဏ်ထက်ပင် ပိုနေပြီ ဖြစ်လျှင် အကျဉ်းထောင်က ဝါရမ်းကို လက်ခံ မှတ်တမ်းတင်ပြီးနောက် တရားခံအား လွှတ်ရန်ပင် ဖြစ်သည်။

ထောင်ဒဏ်အပြင် ငွေဒဏ်၊ သို့မဟုတ် ကြိမ်ဒဏ်ထိုက်သင့်ရမည့် ပြစ်မှုများတွင်လည်း အထက်ပါ မူကို လိုက်နာကာ ထောင်ဒဏ်ကို သင့်မြတ်သလို သတ်မှတ်၍ အချုပ်ကာလကို ထုတ်နုတ်ပြီးလျှင် ကျန်သော ဒဏ်ကို ခံစေရန် ဖြစ်သည်။

ယေ်ရွယ်သူ တရားခံများ အပေါ် ပြစ်ဒဏ်သတ်မှတ်ရာတွင် အထက်ပါ မူအပြင်၊ ၎င်းတို့အား အကျင့်စာရိတ္တ ပြုပြင်ပေးရေးအတွက် သတ်မှတ်ထားသော မူများ၊ ပြဋ္ဌာန်းထားသော ဥပဒေများကို ညှိနှိုင်း၍ ဆုံးဖြတ်ရန် ဖြစ်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံနှင့် မောင်ငြိမ်း၊ ၁၉၅၄၊ မြန်မာနိုင်ငံ စီရင်ထုံး၊ တရားလွှတ်တော် ၂၅၄ သဘောကွဲလွဲသည်။

အယူခံတရားလိုအတွက်။ အစိုးရ ရွှေနေကြီး ဦးမျိုးထွန်းလင်း။

အယူခံတရားခံအတွက်။

ရုံးတော်သဟာယ။ ။အစိုးရရွှေနေကြီး ဦးသုသင်း။

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်။ ။မောင်ထွန်းကြည်သည်၊ ပြည်သူပိုင် ကျွန်းသစ်စို ခွဲသားများကို၊ ခွင့်ပြုချက် တစုံတရာမရဘဲ၊ လက်ဝယ်ထားရှိပါသည်ဟူ သစ်တောဥပဒေနာက တိုင်ကြား ဖွင့်လှစ်သော အမှုကို တောင်ကြီးမြို့၊ မြို့မရာဇဝတ် တရားသူကြီးရုံးက စစ်ဆေးခဲ့ပြီးနောက်၊အချင်းဖြစ် သစ်ခွဲသားများသည် ပြည်သူပိုင် ပစ္စည်းများ ဖြစ်ကြောင်းကို ၎င်း၊ မောင်ထွန်းကြည်က သစ်များကို သယ်ဆောင်လာခြင်း၊ လက်ဝယ်ထားရှိခြင်းကိုဝင်း၊ တရားလိုဘက်က ထင်ထင်ရှားရှား သက်သေမထူနိုင်ဟု ယူဆသောကြောင့် မောင်ထွန်းကြည်ကို တရားသေ လွှတ်ခဲ့လေသည်။

ထိုသို့တရားသေ လွှတ်ခြင်းကို မကျေနပ်၍ အစိုးရက အယူခံ ဝင်သည်။ မောင်ထွန်းကြည်အား ချေပနိုင်ရန် အကြောင်းကြားခဲ့သော်လည်း၊ ၎င်းသည်မလာ ရောက်နိုင်ခဲ့ချေ။

အယူခံကို ကြားနာရာတွင် မောင်ထွန်းကြည်သည် ၎ပြစ်မှုကျူးလွန်ခဲ့ရာ၌ရောက် မရောက် ပြဿနာအပြင်၊ ပြစ်ဒဏ်သတ်မှတ်ခြင်းနှင့် ပတ်သက်၍၊ ပိုမိုကျယ်ဝန်း နက်နဲစွာ စဉ်းစားဆုံးဖြတ်ရန် လိုလာသည်ဟု တွေ့ရှိရသောကြောင့်၊ ဤစုံညီခုံရုံးကို

ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် မောင်ထွန်းကြည်။

၁၉၆၇ ဖွဲ့စည်းရှိအမှုကို ဆက်လက်ကြားနာခဲ့ခြင်းဖြစ်သည်။ မောင်ထွန်းကြည်သည် ပြည်သူ့ပိုင်ပစ္စည်း ကာကွယ်ရေး အက်ဥပဒေ ပုဒ်မ ၆ (၁) အရ၊ ပြစ်မှုကျူးလွန်ခဲ့သည်ဟု ရုံးကဆုံးဖြတ်သင့်ပါသည်။ သို့ရာတွင် ၎င်းသည် တပါးသူ၏ လက်ပါးစေမျှသာ ဖြစ်ခဲ့ပုံပေါ်၍၊ သက်ညှာစွာဖြင့် ထောင်ဒဏ် ၆ လမျှသာ ပြစ်ဒဏ် သတ်မှတ်သင့်ပါသည်။ ထို့ပြင် မောင်ထွန်းကြည်သည် အမှုအတောအတွင်း ၉ လကျော် အချုပ်နှင့်နေခဲ့ရသည်ကိုလည်း ထည့်သွင်းစဉ်းစားသင့်ပါသည်ဟု အစိုးရရှေ့နေကြီးက တင်ပြခဲ့သည်။

ထိုသို့ဆိုလျှင်၊ ပြစ်မှုထင်ရှား ဇွတ်ရှိမှု၊ မောင်ထွန်းကြည်အပေါ် စတိထောင်ဒဏ် အဖြစ်၊ ရုံးတက်ရုံးဆင်း တရက်တာမျှသာ ကျခံစေသင့်သလော၊ ယင်းသို့သတ်မှတ်လျှင် ပြည်သူပိုင် ပစ္စည်းများကို ထိပါးသော ပြစ်မှုများကို ထိရောက်စွာ အရေးယူ၍ ပြစ်မှုများ မဖြစ်ပွါးရအောင်ကိုလည်း အစွမ်းကုန် ကာကွယ်ဟန့်တားရမည့် ဤကာလတွင် ပြစ်ဒဏ်သည် ပေါ့ပျက်၍နေမည်။ ပြစ်မှုနှင့် အချိုးမကျ ဖြစ်နေမည်လော။ တရားစီရင်ရာတွင်၊ တရားခံကို ပြုပြင် ပညာပေးရသည့်နည်းတူ၊ အများ ပြည်သူကိုလည်း ပညာပေးခြင်း၊ ဟန့်တားခြင်း ပြုရသည်ဖြစ်ရာ စတိထောင်ဒဏ်ကို အပေါ် ယံမြင်စေသည်ထက် ပြစ်မှုနှင့် အချိုးကျသော ထိမိသော ပြစ်ဒဏ်ကို သတ်မှတ်ကျေညာကာ၊ တရားခံ အရေးယူ စစ်ဆေးခံနေရသည့်အတွင်း အချုပ်နှင့် နေခဲ့ရသော ကာလကို တွက်ချက်စုပေါင်း၍ ထိုကာလကို ပြစ်ဒဏ်မှထုတ် နုတ်ပေးခြင်းက တရားစီရင်ရေး၏ ရည်မှန်းချက်ကို ပိုမိုအောင်မြင်စေမည်လောဟူသော ပြဿနာတို့ကို ကျွန်ုပ်တို့ ဖော် ထုတ်ခဲ့သည်။

အမှု၏အကြောင်းအချက်တို့ကို၊ အစိုးရရှေ့နေ ဦးမျိုးထွန်းလင်းက တင်ပြရာတွင် မောင်ထွန်းကြည်သည် ကျွန်းသစ်ဝို ခွဲသားများကို ၁၉၆၄ ခု၊ ဖေဖော်ဝါရီလ ၇ ရက်နေ့နံနက် ၂ နာရီအချိန်ခန့်တွင် ဦးတင်မောင်၏ တန်းလျားတွင် လာရောက်၍ ချသွားပါသည်ဟု တန်းလျားတွင် နေသူ မောင်ကို (လိုပြ ၈) က ထွက်ဆိုပါသည်။ မောင်ထွန်းကြည်သည် နောက်တနေ့၌၊ သစ်များ သူ့ပစ္စည်းဖြစ်ကြောင်း တောခေါင်း ဦးတင်မောင်အား (လိုပြ ၅) နှင့် မောင်ချစ်ထွေး (လိုပြ ၁၀) တို့အား ဝန်ခံချက်တို့ကို ထည့်သွင်းစဉ်းစားလျှင်၊ သစ်ခွဲသားများသည် မောင်ထွန်းကြည်၏ လက်ဝယ်၌ရှိခဲ့သည် မှန်ကြောင်း၊ စုစုပေါင်း ၃၆၁ ချောင်း၊တန်ဘိုးငွေ ၁,၃၃၄ ကျပ်ခန့် ရှိသော ယင်းသစ်ခွဲသားများသည် သစ်စိုဖြစ်၍၊ လက်လှဖြင့် တိုက်ထားသည့်ပြင်၊ အကောက်တံဆိပ် ရိုက်နှိပ်ထားခြင်း မရှိသည်မှာလည်း ထင်ရှားပါသည်။ သက်သေထွက်ဆိုကြသော သစ်တော အရာရှိများက ကျွန်းသစ်များကို အစိုးရကသာပိုင်၍ ခွင့်ပြုချက် မရဘဲ ခုတ်လှဲခြင်း မပြုရပါ။ လက်လှဖြင့်လည်း မခွဲရပါဟု ထွက်ဆို

ကြသဖြင့်၊ အချင်းဖြစ် သစ်စိုခွဲသားများကို ခွင့်ပြုချက်မရဘဲ ခုတ်လှဲခွဲယူလာသည်မှာ လည်း ထင်ရှားပါသည်ဟု ဦးမျိုးထွန်းလင်းက လျှောက်လဲသည်။

တင်ပြသော အထောက်အထားများသည် ပြစ်မှုထင်ရှား တွေ့ရှိရန် ခိုင်လုံသည်ဟု ကျွန်ုပ်တို့ တွေ့မြင်သည်။ မောင်ထွန်းကြည်သည် အိမ်ထောင် ပရိဘောဂဆိုင်ပိုင်သူ ဦးတင်မောင်၏ စေခိုင်းချက်အရ ဖြစ်စေ၊ မှာကြားချက်အရ ဖြစ်စေ၊ သစ်ခွဲသားများကို ယူဆောင်ခဲ့ခြင်း ဖြစ်နိုင်ပေသည်။ တပါးသူ၏ တပည့်၊ လက်ပါးစေလည်း ဖြစ်နိုင်သည်။ ဦးတင်မောင်သည် သေဆုံးသွားသဖြင့် အမှုအပြည့်အစုံ မပေါ်ခဲ့။ မည်သို့ပင်ဆိုစေ၊ မောင်ထွန်းကြည်သည် ပြည်သူပိုင်သစ်များကို အခွင့်မရဘဲ သယ်ဆောင်လာသည်။ သစ်များကို ၎င်း၏ လက်ဝယ်၌ တွေ့ရှိသည်မှာ ထင်ရှားသဖြင့်၊ ၎င်းသည်၊ ပြည်သူပိုင် ပစ္စည်း ကာကွယ်ရေး အက်ဥပဒေ ပုဒ်မ ၆ (၁) ကိုကျူးလွန်ခဲ့သည်ဟု၊ ကျွန်ုပ်တို့ဆုံးဖြတ်သည်။

ဦးမျိုးထွန်းလင်းက မောင်ထွန်းကြည်အား ပြစ်ဒဏ် ထပ်မံ ခံစေလိုရှိ၍၊ ဤအမှုတွင် အယူခံဝင်သည် မဟုတ်ပါ။ ကျွန်းသစ်များကို ပြည်သူပိုင်သည်။ အခွင့်အမိန့်မရဘဲ ခုတ်လှဲခြင်း၊ ခွဲခြင်းမပြုရဟူသော အချက်ကို အများပြည်သူ သိကြားစေ၍ ပညာပေးရန်၊ သစ်တောများ ပြုန်းတီးခြင်းမှ ကာကွယ်ရာတွင် အထောက်အကူ ဖြစ်စေရန် အယူခံဝင်ပါသည်ဟု တင်ပြသည်။ ကျွန်ုပ်တို့ကလည်း ပြစ်မှုထင်ရှားသည့်ပြင် အယူခံကို လက်ခံရန် အကြောင်းခိုင်လုံသည်ဟု တွေ့ရှိသည်။

ပြစ်ဒဏ်သတ်မှတ်ရာတွင်၊ မောင်ထွန်းကြည်သည် စတင်အရေးယူခံရသည်မှ အမှုအတွင်း အာမခံရသည်အထိ ၉ လကျော်အချုပ်ခံရသည်ကို ထုတ်နုတ်ရန်အမိန့် ချမှတ်သင့်ပါသည်။ ထို့ပြင် ဖြစ်ရပ်တို့အရ၊ ၎င်းအပေါ် ထောင်ဒဏ် ၆ လခန့်သာ ချမှတ်သင့်၍၊ ကျခံသင့်သော ဒဏ်ထက်ပင်ပို၍ အချုပ်ခံခဲ့ရပြီး ဖြစ်နေပါသည်ဟု ဦးမျိုးထွန်းလင်းနှင့် ရုံးသဟာယအဖြစ် လိုက်ပါကူညီသောအစိုးရရှေ့နေကြီး ဦးလှသင်းက တင်ပြကြသည်။

အစိုးရ ရှေ့နေကြီးများက၊ ပြစ်ဒဏ် ရည်ရွယ်ချက်သည် မှားယွင်းမိသူကိုအညှန့်တုံးစေရန်သော်၎င်း၊ ၎င်းအပေါ် ကလဲ့စားခြေရန်သော်၎င်း သတ်မှတ်ရသည်မဟုတ်ပါ။ မှားယွင်းမိသူကို ပြုပြင်ပညာပေးရန်နှင့် အခြားသူများအားလည်း ပညာပေးဟန့်တားစေရန်ဖြစ်ပါသည်ဟု၊ ဤရုံးနှင့်အတူ ရာဇဝတ်ရုံးအယူခံအဖွဲ့ စီရင်ထုံးများ၊ တရားရေးရာ စာတမ်းများ (၁)၊ ဥပဒေကြားချက်များ စသည်တို့ကို ကိုးကား၍ တင်ပြကြသည်။ ထို့ကြောင့် အခြို့သော ပြစ်မှုများအတွက် ဟန့်တားလောက်သော ပြစ်ဒဏ်ကို

(၁) ဥပမာ "လုပ်သား ပြည်သူကို အကျိုးပြုသော တရားစီရင်ရေး"၊ "အမှုန်အမှဲတရားစီရင်ရေးသို့" ပါတီရေးရာသတင်းစဉ်အမှတ် ၁၁/၁၉၆၅ နှင့် အမှတ် ၁၀/၁၉၆၆။

သတ်မှတ်စေကာမူ၊ တရားခံတို့အား ပြစ်မှုနှင့် စပ်လျဉ်း၍ အချုပ်နှင့် ထားခဲ့သည့် ကာလကို ပြစ်ဒဏ်မှ ထုတ်နုတ်သင့်ပါသည်ဟု ထောက်ခံသည်။

ကျွန်ုပ်တို့သည်၊ ခရိုင်အသီးသီးမှ စက်ရှင်တရားသူကြီးများ ခရိုင်ရာဇဝတ်တရား သူကြီးများထံမှလည်း အကြံဉာဏ် ယူခဲ့ရာ၊ အများစုက ချမှတ်သော ပြစ်ဒဏ်မှ ကျခံခဲ့ရပြီးသော အချုပ်ကာလကို ထုတ်နုတ်သင့်ကြောင်း ထောက်ခံကြသည်။ မှုခင်းများကို မှန်မှန်နှင့် မြန်မြန် စစ်ဆေးစီရင်ရန် ကြိုးစားနေကြသည့် အကြားမှပင် ကြန့်ကြာခြင်းများရှိနေသေးသဖြင့်၊ ယင်းသို့ ထုတ်နုတ်ပေးခြင်းသည် တရားမျှတမည် ဖြစ်ကြောင်း၊ ယခင်ကလည်း တရားရုံးများ လက်စွဲ အပိုဒ် ၆၆၄ အရ၊ အချုပ် ကာလကို ထည့်သွင်းစဉ်းစားကာ၊ ပြစ်ဒဏ်ကို လျှော့ပေါ့သတ်မှတ်ခွင့်ရှိပါသည်။ သို့ရာတွင်၊ ပြစ်မှုနှင့် အချိုးကျသော ပြစ်ဒဏ်ကို သတ်မှတ်ကာ အချုပ်ကာလကို ထုတ်နုတ်ခြင်းကပို၍ တိကျပြတ်သားမည်ဖြစ်ကြောင်း တင်ပြကြသည်။

တဖက်တွင်လည်း အမှုများတွင် အထူးအကြောင်း ခိုင်လုံမှ အာမခံ ငြင်းပယ် သင့်ပြီးလျှင်၊ အမှုစစ်ဆေးရာတွင် ၆ လထက်ပို၍ ကြန့်ကြာနေလျှင် တရားခံများကို အာမခံ မပေးမနေရဟုပင် ညွှန်ကြားပေးသင့်ကြောင်း စသည်ဖြင့် အကြံပေး ကြသည်။ ယင်းကိစ္စများကို ဌာနချင်းချင်း တာဝန်သိသိ၊ ညှိညှိနှိုင်းနှိုင်း ဖြေရှင်း ဆောင်ရွက်ကြရန် ကြိုးစားအားထုတ်လျက် ရှိကြပေသည်။

အစိုးရရှေ့နေကြီးများက သတ်မှတ်သော ပြစ်ဒဏ်မှ အချုပ်ခံရပြီးကာလကို ထုတ်နုတ်ခြင်းသည်၊ နိုင်ငံ တရားစီရင်ရေး လုပ်ထုံးများနှင့်လည်း ကိုက်ညီပါသည်။ အခြားနိုင်ငံတို့၏ လုပ်ထုံးကို ပုံတူကူးရန် မဟုတ်သော်လည်း၊ သူတို့နိုင်ငံများ၌လည်း၊ မှုခင်းများ ကြန့်ကြာခြင်း ရှိနေသေးသောကြောင့်၎င်း၊ ပြစ်ဒဏ်စီရင်ရာတွင် ပြုပြင် ခြင်းကို အဓိကထားသောမူအရ၎င်း၊ ထိုသို့ပြဋ္ဌာန်းထားခြင်း ဖြစ်ကြောင်းကို သတိပြု သင့်ကြောင်းဖြင့် တင်ပြသည်။

ဆိုဗီယက်ရုရှားတွင် လွန်ခဲ့သော ၁၀ နှစ်အတွင်းက ပြင်ဆင်ရေးဆွဲထားသော ရာဇဝတ် ဥပဒေ ကျင့်ထုံး အခြေခံမူများ၌ မှုခင်းတရပ်ကို စစ်ဆေးခြင်းမပြုမီ၊ တရားခံတဦးကို အချုပ်နှင့် ထားခဲ့လျှင်၊ ပြစ်ဒဏ်သတ်မှတ်သောအခါ၊ အချုပ်နှင့် တရက်ကို ထောင်ဒဏ် တရက်နှင့် ညီမျှသည်ဟုဆိုင်း၊ အချုပ်နှင့် တရက်သည် အလုပ်စခန်း၊ သို့မဟုတ် နယ်နှင်ဒဏ် သုံးရက်နှင့် ညီမျှသည်ဟု ဆိုင်း တွက်ချက်၍ ထုတ်နုတ်ရမည်ဟု ပြဋ္ဌာန်းထားသည်။

"*Article 35: Imprisonment before trial*: The period of detention before trial is taken into account by the court in imposing sentences of imprisonment at the rate of one day

for each day and in imposing sentences of corrective labour, exile and banishment at the rate of three days for each day of imprisonment." (Fundamental Principles of Criminal Procedure in Soviet Jurisprudence). (၂)

ဟန်ဂေရီနိုင်ငံ၏ ရာဇဝတ် ဥပဒေတွင်လည်းရမန်ကာလကို ထည့်သွင်း တွက်ချက်ရမည်။ အချုပ်တရက်သည် ထောင်ဒဏ်၊ သို့မဟုတ် ပြုပြင်ရေး အလုပ်နှစ်ရက်နှင့် ညီမျှသည်ဟု ပြဋ္ဌာန်းထားသည်။

"*Section 77* (1). *Inclusion of Remand*: All of the period of remand shall be included in the loss of liberty or correctional-educational work imposed. One day of remand shall be taken as equal to two days of correctional-educational work." (Criminal Code of the Hungarian People's Republic).

အင်္ဂလန်၊ အမေရိကန် နိုင်ငံများတွင်လည်း များပြားလာသော ရာဇဝတ်မှုခင်းများကို အကြောင်းရင်းရှာ၍ မည်သို့ဖြိုဖျက်ရမည်၊ မှုခင်းများကို မည်သို့ မြန်မြန်စစ်ဆေးနိုင်မည် စသည်ကို အထူးဝိရိယစိုက်ထုတ်၍ စူးစမ်း ဆောင်ရွက်လျက်ရှိကြသည်။ အမှုအဘွင်း အာမခံပေးရန်ကိစ္စ အကျဉ်းထောင်များကို ပြုပြင်ခြင်း တို့ကိုလည်း လုပ်ကိုင်နေကြရသည်။ အမေရိကန် သမတက ဖွဲ့စည်းပေးခဲ့သော တရားစီရင်ရေးဆိုင်ရာ ကော်မရှင်တရပ် (Commission on Law Enforcement and Administration of Justice) သည် မကြာမီက အစီရင်ခံခဲ့ရာတွင်၊ လူမှုရေးတွင် ရှင်လေးဘွယ် ဖြစ်ပေါ်နေသည်များကို ညွှန်ပြ၍ အမြန်ပြုပြင်ပေးရန် လိုသည်ဘို့ကို ထောက်ခံခဲ့လေသည်။

အင်္ဂလန် နိုင်ငံတွင် ဥပဒေများကို လူအများနားလည်ရန် လွယ်သော စကားပြေဖြင့် ပြန်လည်ရေးဆွဲခြင်း၊ ပြုပြင်ခြင်း စသည်ကို အခြေခံကျကျ ဆောင်ရွက်နေကြသည်။ အထက်လွှတ်တော်၏ နာယက၊ တရားရေးဌာန၏ အကြီးအကဲနှင့် တရားရုံးချုပ်၏ ရာထူးအလျောက် ဥက္ကဋ္ဌ တာဝန်အသီးသီးကို စုပေါင်းအပ်နှင်းထားသော ၊လော(ဒ်)ချန်စလာ (Lord Chancellor) ရာထူးလက်ရှိလော(ဒ်) ဂါ(ဒ်)နာသည် ဥပဒေပြုပြင်ရေးကို အထူးစိတ်ဝင်စား အလေးပေးလျက် ရှိပေသည်။ ရာထူးလက်မခံရမီကပင် ဥပဒေပြုရေးကို အရေးတကြီး လိုအပ်ကြောင်းဖြင့်၊ နှိုးဆော်ရေးသားခဲ့ရာ၊ ၎င်းတည်းဖြတ်သော ကျမ်းတစောင်၌ ရာဇဝတ် ပြစ်ဒဏ် သတ်မှတ်ခြင်းနှင့် ပတ်သက်၍၊ အမှုအဘွင်း တရားခံကို အာမခံ မပေးဘဲ အချုပ်နှင့်ထားခဲ့လျှင် ထောင်ဒဏ်ကို တရားခံအား ဧတာင် ဖမ်းဆီးသည့် နေ့မှပင် စတင် ရေတွက်

(၂) The Burma Law Institute Journal, June, (1959), p. 265.

၁၉၆၇ ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် မောင် ထွန်းကြည်။

သင့်သည်။ အချုပ်ကာလ နည်းသည်၊ များသည် မခွဲခြား၊ တသမတ်တည်း၊ ထိုသို့ ရေတွက်သင့်သည်ဟု ထောက်ခံခဲ့လေသည်။

> "If bail is refused sentence should outomatically date from the day when the accused was first received into prison. At present this earlier period of detention is not always taken into account when the time is not long."

ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် **မောင်ငြိမ်း** (၄) တွင် တဦးထိုင် တရားသူကြီးက ပြစ်ဒဏ် သတ်မှတ်ရာတွင် စီရင်ချက်ချသည့် **ရက်ကိုကြို၍၊ တရားခံအားစတင်ချုပ်နှောင်သည့်နေ့မှ ရေတွက်စေ** ခြင်းသည်၊ တရားမဝင်ဟု ဆုံးဖြတ်ခဲ့ဘူးလေသည်။ သို့ရာတွင် ရေတွက်လျှင် ဥပဒေကိုဆန့်ကျင်သည်ဟု အတိအကျ မဆိုနိုင်ခဲ့ချေ။ လုပ်ရိုးမရှိ၍သာ ထိုသို့ဆုံးဖြတ်ခဲ့ခြင်းဖြစ်ဟန်တူသည်။ တရားခံ တဦးအား ပြစ်မှုထင်ရှား တွေ့ရှိသည့် နေ့မှစ၍သာ ပြစ်ဒဏ်ပေးနိုင်သည်ဟူသော သဘောလည်း ပါဝင်ခဲ့ဟန် တူသည်။ သို့ရာတွင်ကျယ်ပြန့်စွာ စဉ်းစားလျှင်၊ မှုခင်းတရပ်အတွက်၊ တရားခံ တဦးအား ဖမ်းဆီးခြင်း၊ ရုံးတင်၍ ရမန်ယူခြင်း၊ စစ်ဆေးစီရင်ခြင်းတို့သည်ပင် ရာဇဝတ် တရားစီရင်ရေး အာဏာအရ လုပ်ကိုင်ခြင်းမဟုတ်လော၊ ပြစ်မှုထင်ရှားမတွေ့ရမချင်း၊ တရားခံ တဦးသည် အပြစ်ကင်းသည်ဟု ယူဆကာ၊ ၎င်းကား ချုပ်နှောင်ခြင်းမပြု။ အလွတ်ထုချေစေခဲ့မှု သင့်မြတ်ပါ၏။ သို့ရာတွင် ချုပ်လည်းချုပ်ခဲ့သည်။ ပြစ်မှုထင်ရှား တွေ့ရှိသောအခါမှု၊ ယခင်အချုပ်ကာလကို ထည့်သွင်းခြင်း မပြုရဟုဆိုလျှင် စေတနာ သဘောထားနှင့် လက်တွေ့ဖြစ်ရပ်တို့ မျှားစွာ ကွာခြားမည်သာတည်း။

အားလုံးကိုခြုံ၍ကြည့်လျှင်၊ ပြစ်မှုတရပ်အတွက် ထောင်ဒဏ် သတ်မှတ်ရာတွင်၊ အာဃာတ်၍ တရားခံသည် ထိုပြစ်မှုနှင့် ပတ်သက်၍ အချုပ်နှင့် နေခဲ့ရလျှင်၊ ထို အချုပ်ကာလကို ထောင်ဒဏ်မှ ထုတ်နုတ်အပ်သည်ဟု ကျွန်ုပ်တို့ ဆုံးဖြတ်သည်။ ဤသို့ ဆုံးဖြတ်ခြင်းသည်၊ တည်ရှိနေသော ဥပဒေများနှင့်လည်း မဆန့်ကျင်။ လုပ်ထုံးကို ပိုပို ရှင်းလင်းတိကျစေအောင်နှင့် တသမတ်တည်း ညီညွတ်စေအောင် ပြုပြင်ခြင်းသာဖြစ်သည်။

အချုပ်ကာလကို သေချာစွာ တွက်ချက်နိုင်ရန်၊ သက်ဆိုင်ရာတို့အား မေးမြန်း၍ အမှုတွင် မှတ်တမ်းတင်ထားရှိဘို့ လိုပေသည်။ အမှုနှင့် ပတ်သက်၍ စတင် အရေးယူသည်မှ စီရင်ချက် ချမှတ်သည်အထိ၊ အချုပ်ကာလ အသီးသီးရှိခဲ့လျှင်၊ ထိုကာလများကို တွက်ချက်၍ စုပေါင်းကာ ပြစ်ဒဏ်မှ ထုတ်နုတ်ရန် ဖြစ်သည်။

---

(၃) Law Reform. Now, ed. Gerald Gardiner, Qc., London, (1963), p. 256.

(၄) (၁၉၅၄) မြန်မာနိုင်ငံစီရင်ထုံးတရားလွှတ်တော် ၂၅၄။

အချို့အမှုများတွင်ကား၊ တိုင်ချက်၊ စွဲချက်တို့မှပင် လိုအပ်သော အချက်အလက်တို့ကို အပြည့်အစုံရနိုင်ဘွယ်ရှိသည်။

ပြစ်ဒဏ်သတ်မှတ်ရာတွင်၊ တရားခံ၏ နောက်ကြောင်း၊ နေထိုင်မှု အခြေအနေ စသည်တို့ကိုလည်း ကောင်းစွာ လေ့လာရန် လိုပေသည်။ သို့မှသာ ၎င်းအား ပြုပြင်ပညာပေးရန် သင့်လျော်သော ပြစ်ဒဏ်မျိုးနှင့် ပြစ်ဒဏ် အတိုင်းအတာကို ဆုံးဖြတ်နိုင်မည် ဖြစ်ပေသည်။ ထောင်ဒဏ် ပေးရမည်ဆိုလျှင်၊ ပြစ်မှုနှင့် အချိုးကျ၍ တရားခံ၏ ဘဝနှင့် လျော်ကန်သော ပြစ်ဒဏ်ကို သတ်မှတ်ရမည်။ ထိုပြစ်ဒဏ်မှ အချုပ်ကျပြီးကာလကို ထုတ်နုတ်ရမည် ဖြစ်ကြောင်းကို စီရင်ချက်တွင် ဖော်ပြရမည်။ ထောင်ချ ဝန်းတွင် သတ်မှတ်သော ထောင်ဒဏ်ကို ဖော်ပြ၍ အောက်၌၊ ထို ပြစ်ဒဏ်မှ တရားခံ အချုပ်ကျပြီးသော ကာလ မည်ရွေ့မည်မျှကို ထုတ်နုတ်ရမည်ဟု ထင်ရှားစွာ ဖော်ပြရမည်။ အချုပ်ကာလက သတ်မှတ်သော ပြစ်ဒဏ်ထက်ပင် ပိုနေပြီဖြစ်လျှင်၊ အကျဉ်းထောင်က ဝန်းကို လက်ခံမှတ်တမ်း တင်ပြီးနောက် တရားခံအား လွှတ်ရန်ပင်ဖြစ်သည်။

ထောင်ဒဏ်အပြင် ငွေဒဏ်၊ သို့မဟုတ် ကြိမ်ဒဏ်ဆိုက်သင့်ရမည့် ပြစ်မှုမျိုး တွင်လည်း အထက်ပါမူကို လိုက်နာကာ ထောင်ဒဏ်ကို သင့်မြတ်သလို သတ်မှတ်၍ အချုပ်ကာလကို ထုတ်နုတ်ပြီးလျှင် ကျန်သော ဒဏ်ကို ခံစေရန် ဖြစ်သည်။

ယင်ရွယ်သူ တရားခံများ အပေါ် ပြစ်ဒဏ်သတ်မှတ်ရာတွင်၊ အထက်ပါမူအပြင်၊ ၎င်းတို့အား အကျင့်စာရိတ္တ ပြုပြင်ပေးရေးအတွက် သတ်မှတ်ထားသောမူများ၊ ပြဋ္ဌာန်း ထားသော ဥပဒေများကို ညှိနှိုင်း၍ ဆုံးဖြတ်ရန် ဖြစ်သည်။

ယခင်က သတ်မှတ်ခဲ့ပြီးသော ပြစ်ဒဏ်များတွင်၊ အမှုအခြေအနေများကို ထည့်သွင်းစဉ်းစားခဲ့ပြီး ဖြစ်သည်ဟု ယူဆရသောကြောင့် ဤဆုံးဖြတ်ချက်သည် အပြီးသတ် ဆုံးဖြတ်၍ ပြစ်ဒဏ် သတ်မှတ်ခြင်း မပြုရသေးသော အမှုများနှင့်သာ သက်ဆိုင် စေရမည်။

အထူးရာဇဝတ်ရုံး နည်းဥပဒေ ၃၆ အရ၊ အထူးရာဇဝတ်ရုံးက သတ်မှတ်သော ထောင်ဒဏ်ကို၊ ထိုရုံးက စီရင်ချက် လက်မှတ်ရေးထိုးသည့် နေ့မှပင် စတင်ရေတွက် လျက်ရှိသည်။ ထို့ကြောင့် အတည်ပြုအဖွဲ့သို့တင်ပို့သော အချိန်ကာလကို ထည့်သွင်း ပြီးဖြစ်ပေသည်။ သို့ရာတွင် အမှုနှင့် ပတ်သက်၍ စတင်အရေးယူသည်မှ၊ အမှုအတွင်း ကာလကိုမူ အထူးရာဇဝတ်ရုံးက ပြစ်ဒဏ်သတ်မှတ်ရာ၌ ထည့်သွင်းစဉ်းစားလေ့ရှိသော် လည်း၊ ထိုကာလက ပြစ်ဒဏ်မှ ထုတ်နုတ်ရမည်ဟု အတိအလင်း ပြဋ္ဌာန်းထားခြင်း မရှိပေ။ နည်းဥပဒေကို ပြင်ဆင်၍ယင်းသို့ပြဋ္ဌာန်းရန်သင့် မသင့်ကို အထူးရာဇဝတ်ရုံး အယူခံအဖွဲ့နှင့် တရားရေးဌာနတို့က စဉ်းစားလိုကောင်း စဉ်းစားလိုပေလိမ့်မည်။

၁၉။ ပြည်ထောင်စု မြန်မာနိုင်ငံနှင့် မောင်ထွန်းကြည်။

အချုပ်ကာလကို ပြစ်ဒဏ်မှ ထုတ်နုတ်ရမည်ဟု၊ ကျွန်ုပ်တို့ ဆုံးဖြတ်သည်နှင့် တဆက်တည်း၊ မှူခင်းများကို မှန်မှန်နှင့် မြန်မြန်လှုံလဝီရိယ မလျော့ မပေါ့ မဆဘဲ၊ ဆက်လက်၍ ဌာနချင်းချင်း တာဝန်သိသိ၊ ညှိနှိုင်းဆောင်ရွက်ရန် လိုသည်ကိုငင်း၊ အမှုတွင် သက်သေလိုက်ပါရသော ဆရာဝန်၊ ပြည်သူ့ဝန်ထမ်း၊ ပြည်သူတို့သည်ငင်း၊ ပြည်သူ့အကျိုးဆောင် ရှေနေရှေရပ် များသည်ငင်း၊ ပြည်သူ့ဘို့ ယုံကြည်အားကိုး၍ မြို့၊ ရွာ၊ နိုင်ငံကို အေးချမ်းစည်းလုံးစေသော တရား စီရင်ရေးကို၊ ဝိုင်းဝန်းပါဝင် တည်ဆောက်ကြရန် သတိပေးခြင်း၊ ဖိတ်ခေါ်ခြင်းပြုပါသည်။

ဤအမှုတွင် အထောက်အထား ခိုင်လုံသဖြင့် အယူခံကို လက်ခံရမည်ဖြစ်ကြောင်း ဖော်ပြခဲ့ပြီးပြီ။ သင့်မြတ်သော ပြစ်ဒဏ်ကို သတ်မှတ်ရာတွင်၊ မောင်ထွန်းကြည်သည်၊ တပါးသူ လက်ပါးစေ အဖြစ် ဆောင်ရွက်ခဲ့ခြင်းသာ ဖြစ်သည်ဟု အမှုတွင်ပေါ် သည်။ အစိုးရရှေ့နေကြီးများကလည်း တင်ပြကြသည်။ ထို့ကြောင့် စုစုပေါင်း ထောင်ဒဏ် ၆ လမျှသာ ကျခံစေလျှင်ပင် သင့်မြတ်ပါသည်ဟု ထောက်ခံကြသည်။ တဖက်တွင်လည်း၊ ပြည်သူ့ ပစ္စည်းများကို ယိုဖိတ်ပျက်စီးခြင်းကို ကာကွယ်ဟန့်တားရန် အရေးကြီးသည်။ ထို့ကြောင့် သာမန်အားဖြင့်ဆိုလျှင်၊ ထောင်ဒဏ် ၁ နှစ်သတ်မှတ်ရန်သင့်မည်။ သို့ရာတွင်၊ မောင်ထွန်းကြည်သည်၊ ၁၉၆၄ ခု၊ နိုဝင်ဘာလ ၂၃ ရက်နေ့မှစ၍ အမှုအတွင်း အာမခံရရှိခဲ့ကြောင်းကို၊ အစိုးရ ရှေနေကြီးများက တင်ပြကြသည်။ ထို့ကြောင့် ထိုအချိန်မှ ယခုအထိ ၎င်း၏ဘဝကို ပြန်လည်ထူထောင်၍၊ မိသားစု လုံခြုံရေး၊ ဖူလုံရေးကို လုပ်ကိုင်လာခဲ့သူ တဦးအား ထပ်မံ၍ ထောင်ဒဏ်ပေးရန် မသင့်။ သုံးလမျှသော ထောင်ဒဏ်ကို ပေးလျှင်လည်း၊ ထိုတိုတောင်းသော ကာလအတွင်း ၎င်းအား ရဲဘက်စခန်းသို့ ပို့ရန်လည်း မဖြစ်နိုင်။ ထောင်ဒဏ်ဆိုသည်မျိုးကို အရစ်ကျဖြင့် ကျခံစေ၍ သင့်မြတ်သည်။ အကျိုးရှိသည် မဟုတ်။ ထောင်ဒဏ် ထပ်မံ၍ ပေးမည့်အစား သင့်တော်သော ငွေဒဏ်ကို သတ်မှတ်ခြင်းက ၎င်းအတွက် ပိုမိုထိရောက်သော ပညာပေးခြင်း ဖြစ်မည်ဟု ယူဆသည်။

ထို့ကြောင့်၊ အယူခံကိုလက်ခံ၍၊ မောင်ထွန်းကြည်အား တရားသေ လွှတ်ခြင်းကို ပယ်ဖျက်ကာ၊ ၎င်းအား ပြည်သူပိုင် ပစ္စည်း ကာကွယ်ရေး အက်ဥပဒေ ပုဒ်မ ၆ (၁) အရ၊ ပြစ်မှုထင်ရှားတွေ့ရှိသည်၊ ထိုပြစ်မှုအတွက် ၎င်းသည် ထောင်ဒဏ် ၉ လကျခံစေရမည့်ပြင်၊ ငွေဒဏ် ၃၀၀ ကျပ်ကိုလည်း ပေးဆောင်ရမည်။ ငွေဒဏ် ပေးဆောင်ရန် ပျက်ကွက်လျှင်၊ ထောင်ဒဏ် ၃ လကျခံစေရမည်။ ထောင်ဒဏ် ၉ လ မှ ၎င်းအချုပ်နှင့်နေခဲ့ရပြီးသော ၉ လကျော် ကာလကို ထုတ်နုတ်ရန်ဖြစ်ရာ ထိုထောင်ဒဏ်အတွက်၊ ထောင်ဝရမ်းထုတ်ရန် မလိုတော့ချေ။ မူလရုံးက သတ်မှတ်

ပေးရမည့် သင့်တော်သော အခြိန်အတွင်း ငွေဒဏ် ပေးဆောင်ရန် ပျက်ကွက်
လျှင်မူကား၊ ပျက်ကွက်သည့်အတွက် ထောင်ဒဏ်ခံစေရန်၊ ထောင်ဝရမ်းထုတ်ပေး
သောအခါ၌၊ ပြစ်ဒဏ်အပြည့်ကို ဖေါ်ပြ၍၊ ထောင်ဒဏ်မှ အချုပ်ကာလကို ထုတ်နုတ်ပြီး
ဖြစ်၍၊ ကျခံရန် မသို့တော့ကြောင်း။ ငွေဒဏ်ပေးဆောင်ရွက်ရန် ပျက်ကွက်သော
ကြောင့် ထောင်ဒဏ် ၃ လကျခံရမည်ဖြစ်ကြောင်းကို၊ မှတ်တမ်းများ ပြည့်စုံစေရန်
အတွက် ဖေါ်ပြရန်ဖြစ်ပေသည်။

နိုင်ငံတော်တရားရုံးချုပ်

တရားမပြင်ဆင်မှု

တရားသူကြီး ဦးစိန်သင်း ရှေ့တွင်

† ၁၉၆၇

မေလ ၉ ရက်။

မောင်လှကြည် (ပြင်ဆင်ရန်လျှောက်ထားသူ)

နှင့်

ဒေါ်ဖွားသင် (ပြင်ဆင်ရန်လျှောက်ထားခံရသူ)*

မြေမှု ထွက်ခွါသွားစေလိုမှု မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ—ပုဒ်မ ၁ (၂)—ပုဒ်မ ၂ (၈)—ပုဒ်မ ၃—မြေသည် မဟာ ရန်ကုန် မြို့နိုစီပါယ်နယ်မြေအတွင်းရှိခြင်း—မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေနှင့် သက်ဆိုင် မသက်ဆိုင်—ငင်းအက်ဥပဒေ ပုဒ်မ ၁၂ (၁) တွင် ဖေါ်ပြထားသည့် ကိစ္စရပ်များအတွက်သာ နှင်ထုတ်ရန် အမိန့်ချမှတ်နိုင်ခြင်း—အိမ်ငှါးဆိုသည် အဓိပ္ပါယ်။

ဆုံးဖြတ်ချက်။ ။အချင်းဖြစ် မြေသည် မဟာ ရန်ကုန် မြို့နိုစီပါယ် နယ်မြေအတွင်း တည်ရှိခြင်းနှင့် ပတ်သက်၍ အငြင်းပွါးချက် မရှိချေ။ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁ (၂) တွင် ဤအက်ဥပဒေကို ပြည်ထောင်စု မြန်မာနိုင်ငံရှိ မြို့ပြဒေသအားလုံးနှင့် သက်ဆိုင်စေရမည်ဟု ဖေါ်ပြထားသည်။ တဖန် အဆိုပါ အက်ဥပဒေ ပုဒ်မ ၂ (၈) ၌ "မြို့ပြဒေသ" ဟူသည့် စကားရပ်တွင် ရန်ကုန် မြို့တော် ပါဝင်ကြောင်း အဓိပ္ပါယ်ဖွင့်ထားသည်။ ရန်ကုန်မြို့တော်ဆိုသည်မှာ အခါအားလျော်စွာ ပြင်ထားသည့် ရန်ကုန် မြို့နိုစီပါယ် အက်ဥပဒေ ဇယား ၆ တွင် ဖေါ်ပြထားသော ရန်ကုန်မြို့တော်ကို ဆိုလိုကြောင်း ပုဒ်မ ၂ (က) တွင် ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် အခင်းဖြစ်မြေသည် ရန်ကုန်မြို့တော် နယ်နိမိတ်အတွင်း တည်ရှိလေရာ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေးအက်ဥပဒေနှင့် သက်ဆိုင်ကြောင်း ထင်ရှားလေသည်။ ထိုအက်ဥပဒေ ပုဒ်မ ၃ တွင် နိုင်ငံတော်အစိုးရသည် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ထိုအမိန့်ကြော်ငြာစာတွင် သီးခြားဖေါ်ပြထားသောဒေသ၊ သို့တည်းမဟုတ် ဥပစာ အမျိုးအစားကို ဤအက်ဥပဒေ တရပ်လုံးနှင့်ဖြစ်စေ၊ တစိတ်တဒေသနှင့်ဖြစ်စေ သက်ဆိုင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်ဟု ပြဆိုထားသည်။ သို့ရာတွင် အခင်းဖြစ် မြေမျိုးနှင့် ပတ်သက်၍ ကင်းလွတ်ခွင့် ပေးထားခြင်း မရှိသေးချေ။**

---

* ၁၉၆၇ ခုနှစ်၊ တရားမ ပြင်ဆင်မှု အမှတ် ၁၇။

† ၁၉၆၅ ခုနှစ်၊ တရားမကြီးမှု အမှတ် အေ-၂၃ တွင် ရန်ကုန်မြို့၊ တရားမရုံး၊ တွဲဘက် တတိယ တရားသူကြီးရုံးတော်၏ ချမှတ်သော ၁၉၆၆ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့စွဲပါ ဒီကရီကို ပြင်ဆင်မှု။

ဥပစာ ဆိုသည့် စကားရပ်ကို ပုဒ်မ ၂ (ဃ) (၁) တွင် အဓိပ္ပါယ်ရှင်းလင်းထားရာ၌ မြေကြီးလည်း ပါဝင်လေသည်။ သို့ဖြစ်လေရာ အခင်းဖြစ် မြေမှ မြေငှါးများကို ပုဒ်မ ၁၂ (၁) တွင် ဖေါ်ပြထားသည့်ကိစ္စရပ်များ အတွက်မှလွဲ၍ အခြား မည်သည့် ကိစ္စအတွက်နှင့်မျှ နှုတ်ထုတ်ရန် အမိန့် ချမှတ်နိုင်မည် မဟုတ်ခေျ။

မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၂ (ဆ) အရ၊ အိမ်ငှါးဆိုသည်မှာ အငှါးစာချုပ် ကုန်ဆုံးပြီးနောက်၊ မိမိအား ငှါးရမ်းသည့် ဥပစာကို အိမ်ရှင်၏ သဘောတူညီချက် အရဖြစ်စေ၊ သဘောတူညီချက်အရ မဟုတ်ဘဲဖြစ်စေ လက်ရှိ နေထိုင်မြဲ နေထိုင်သူ အသီးသီးတို့ လည်း ပါဝင်လေသည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဦးမောင်မောင်ကြီး။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဦးလှမောင်။

တရားသူကြီး ဦးစိန်သင်း။ ။ရန်ကုန်မြို့တော် တရားမရုံး၊ ၁၉၆၅ ခုနှစ်၊ တရားမကြီးမှုအမှာ် က-၂၃ တွင် တရားလို ဒေါ်ဖွားခင်က တရားခံ မောင်လှကြည် ပါ ၃ ဦးတို့အား၊ အခင်းဖြစ် မြေမှ ထွက်ခွါသွားစေလိုမှု စွဲဆိုခဲ့သည်။ အဆိုလွှာတွင် ဒေါ်ဖွားသင်းက၊ အခင်းဖြစ်မြေကို ၁၃၂၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၄ ရက်နေ့မှ ၁၃၂၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၄ ရက်နေ့ထိ၊ တနှစ် အဘွဲ့ဂှါးရမ်းခ ၈၅ ဖြင့် တရားခံများအား ငှါးရမ်းခဲ့ပါသည်။ တရားခံများသည် ထိုမြေကို ကြက်မွေးမြူရန် အတွက် အသုံးပြုခဲ့ပါသည်။ တနှစ်စေ့သော်လည်း တရားခံများသည် မြေမှ ထွက်ခွါမပေးသည့်အပြင်၊ ငှါးရမ်းခကိုပါ မပေးဘဲ၊ ကျူးကျော်သူများအဖြစ် ဆက်လက် အသုံးပြုနေပါသည်။ တရားလိုကိုပင် မြေပေါ်သို့ ဝင်ခွင့်မပေးခဲ့ပါ။ ထို့ကြောင့် တရားခံများအား မြေမှ ထွက်ခွါသွားစေရန် ဒီကရီချမှတ်ပေးသင့်ပါသည် အစရှိသဖြင့် ဖေါ်ပြထားသည်။ တရားခံများက မိမိတို့၏ ချေလွှာတွင် တရားလိုအဆိုပြုထားသည့် အချက်အားလုံးလိုလိုပင် ငြင်းဆိုထားကြသည်။ ထို့ပြင် တရားခံများက တရားလိုသည်၊ အခင်းဖြစ်မြေကို ပိုင်ဆိုင်သူ မဟုတ်ပါ။ တရားခံမောင်လှကြည်သည် ထိုမြေအတွက် အခွန်ဆောင်လာခဲ့သူ ဖြစ်ပါသည်။ ဤအမှုကို တရားမရုံးတွင် တရားမစွဲဆိုထိုက်ပါ။ သက်ဆိုင်ရာ မြေယာကော်မတီရုံး၌သာ တရားစွဲဆိုထိုက်ပါသည် ဟူ၍လည်း ချေပထားသည်။ တရားခံများ၏ ချေလွှာကို ပြန်လှန်ချေပရာ၌၊ တရားလိုကအခင်းဖြစ်မြေသည် မဟာ ရန်ကုန် မြူနီစီပါယ် နယ်နိမိတ်အတွင်း ကျရောက်သောကြောင့် လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေနှင့် မသက်ဆိုင်ရကား၊ တရားမရုံးတွင် စီရင်ပိုင်ခွင့် အာဏာရှိပါသည်ဟု ဖေါ်ပြထားသည်။

၁၉၆၇ မောင်လှကြည်နှင့် ဒေါ်ဖွားသင်။

မူလရုံး တရားသူကြီးက၊ တရားလိုနှင့် တရားခံများ၏ကြားတွင်၊ မြေရှင်နှင့် မြေငှါး (Landlord and tenant) အဆက်အသွယ်ရှိသည်မှာ ထင်ရှားကြောင်း၊ တရားခံများသည် ငှါးရမ်းခ နှစ်ကုန်ဆုံးခဲ့သော်လည်း တရားလိုအား အခင်းဖြစ်မြေကိုပြန်လည်ပေးအပ်ခြင်း မပြုဘဲ ဆက်လက်၍ အသုံးပြုနေကြကြောင်း၊ ထို့ကြောင့် တရားခံများသည် ဥပဒေအရ ကျူးကျော်သူများဖြစ်ကြောင်း၊ အခင်းဖြစ် မြေသည် မဟာရန်ကုန် မြို့နီစီပါယ် နယ်မြေအတွင်း၌ တည်ရှိသဖြင့်၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေနှင့် မသက်ဆိုင်ကြောင်းအစရှိသဖြင့်ဆုံးဖြတ်ချက်များချမှတ်ကာ၊ တရားလိုစွဲဆိုသည့် အမှုကို စရိတ်နှင့် တကွ ဒီကရီချမှတ်ပေးခဲ့ခြင်းဖြစ်သည်။

ဤပြင်ဆင်မှုတွင် အဓိက အချက်အဖြစ် လျှောက်ထားသူဘက်မှ တင်ပြထားသည်မှာ မူလခုံးတရားသူကြီးသည် မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို ကျော်လွန်၍ တရားလိုစွဲဆိုသည့် အမှုကို ဒီကရီချမှတ်ပေးခဲ့ခြင်းသည်၊ အာဏာနှမ်းယွင်းပါသည်။ အဆိုပါ အက်ဥပဒေပုဒ်မ ၁၂ (က) (ခ) (ဂ) (ဃ) (င) နှင့် (စ) တို့၌ ဖော်ပြထားသည့် ကိစ္စများတွင်မှတပါး၊ အခြားမည်သည့် ကိစ္စအာသို့ငှါမဆို၊ အိမ်ငှါး မြေငှါးများကို နှင်ထုတ်ရန် အမိန့်၊ သို့တည်းမဟုတ် ဒီကရီချမှတ်ခြင်း မပြုနိုင်ပါဟူ၍ပင် ဖြစ်သည်။ အခင်းဖြစ်မြေသည် မဟာရန်ကုန် မြို့နီစီပါယ် နယ်မြေအတွင်းတည်ရှိခြင်းနှင့်ပတ်သက်၍ အငြင်းပွါးချက်မရှိချေ။ မြို့ပြဆိုင်ရာငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂(၂)တွင်၊ ဤအက်ဥပဒေကို ပြည်ထောင်စု မြန်မာနိုင်ငံရှိ မြို့ပြဒေသအားလုံးနှင့် သက်ဆိုင်စေရမည်ဟု ဖော်ပြထားသည်။ တဖန် အဆိုပါ အက်ဥပဒေပုဒ်မ ၂ (၈) ၌ "မြို့ပြဒေသ" ဟူသည့် စကားရပ်ဘွင်၊ ရန်ကုန်မြို့တော် ပါဝင်ကြောင်း အဓိပ္ပါယ်ဖွင့်ထားသည်။ ရန်ကုန်မြို့ဟောင်းဆိုသည်မှာ အခါအားလျော်စွာပြင်ထားသည့် ရန်ကုန် မြို့နီစီပါယ်အက်ဥပဒေ ဇယား ၆ တွင် ဖော်ပြထားသော ရန်ကုန်မြို့ဟောင်းကို ဆိုလိုကြောင်း ပုဒ်မ ၂ (က) တွင် ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် အခင်းဖြစ်မြေသည် ရန်ကုန်မြို့တော် နယ်နိမိတ်အတွင်း တည်ရှိလေရာ၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေးအက်ဥပဒေနှင့် သက်ဆိုင်ကြောင်းထင်ရှားလေသည်။ ထိုအက်ဥပဒေပုဒ်မ ၃ တွင် နိုင်ငံတော် အစိုးရသည် အမိန့်ကြော်ငြာစာဆုတ်ပြန်၍၊ ထိုအမိန့်ကြော်ငြာစာတွင် သီးခြားဖော်ပြထားသော ဒေသ၊ သို့တည်းမဟုတ် ဥပမာ အမျိုးအစား[illegible]ဒေတရပ်လုံးနှင့်ဖြစ်စေ၊ တစိတ်တဒေသ နှင့်ဖြစ်စေသက်ဆိုင်ခြင်းမှကင်းလွတ်ခွင့်ပြုနိုင်သည်ဟုပြဆိုထားသည်။ သို့ရာတွင်အခင်းဖြစ်မြေမျိုးနှင့်ပတ်သက်၍ ကင်းလွတ်ခွင့်ပေးထားခြင်း မရှိသေးချေ။

မြို့ပြဆိုင်ရာ ဌားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ ၁၂ (၁) မှာ၊ အောက်ပါ အတိုင်းဖြစ်သည်။

"ပစ္စည်းလွဲပြောင်းခြင်း အက်ဥပဒေတွင် သော်၎င်း၊ ပဋိညာဉ် အက်ဥပဒေတွင်သော်၎င်း၊ ရန်ကုန်မြို့တော် တရားမရုံးအက်ဥပဒေတွင်သော်၎င်း မည်သို့ပင် ပါရှိစေကာမူ၊ ဤအက်ဥပဒေနှင့် သက်ဆိုင်သော ဥပစာကို ပြန်လည်သိမ်းပိုက်ရန် အတွက်ဖြစ်စေ၊ ထိုဥပစာမှ အိမ်ငှါးကို နှင်ထုတ်ရန်အတွက် ဖြစ်စေ၊ မည်သည့် အမိန့်၊ သို့တည်းမဟုတ် ဒီကရီကိုမျှ၊ အောက်ပါကိစ္စများတွင်မှတပါး ချမှတ်ခြင်း မပြုရ....။"

ဥပစာ ဆိုသည့် စကားရပ်ကို ပုဒ်မ ၂ (ဃ) (၁) တွင် အဓိပ္ပါယ် ရှင်းလင်းထားရာ၌ မြေကြီးလည်း ပါဝင်လေသည်။ သို့ဖြစ်လေရာ ယခု ကျွန်ုပ်ချေရှိ အမှုဌာနခင်းဖြစ် မြေမှ မြေငှါးများကို ပုဒ်မ ၁၂ (၁)တွင် ဖော်ပြထားသည့် ကိစ္စရပ်များအတွက်မှလွဲ၍၊ အခြားမည်သည့် ကိစ္စအတွက်နှင့်မျှ နှင်ထုတ်ရန် အမိန့်ချမှတ်နိုင်မည် မဟုတ်ချေ။ လျောက်ထားခံရသူအတွက် လိုက်ပါ ဆောင်ရွက်သည့် အကျိုးဆောင်ကြီးက၊ မူလရုံး ချမှတ်လိုက်သော ဒီကရီသည် အဆိုပါကိစ္စရပ်များအတွက် မဟုတ်ကြောင်း ဝန်ခံထားသည်။

မူလရုံးတရားသူကြီးက၊ တရားခံများသည် ယခင်က မြေငှါးများဖြစ်လင့် ကစား၊ ဌားရမ်းခ နှစ်ကုန်ဆုံးသည့်အခါ မြေမှ ထွက်ခွါမသွားဘဲ မြေကို ဆက်လက်အသုံးပြုနေသောကြောင့် ဥပဒေအရ၊ ကျူးကျော်သူများ ဖြစ်သည်ဟု ယူဆခဲ့သည်။ ယင်း ယူဆချက်မှာ မှားယွင်းလေသည်။ မြို့ပြဆိုင်ရာ ဌားရမ်းခ် ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၂ (ဆ) အရ၊ အိမ်ငှါးဆိုသည်မှာ အငှါးစာချုပ်ကုန်ဆုံးပြီးနောက်၊ မိမိအား ငှါးရမ်းသည့် ဥပစာကို အိမ်ရှင်၏ သဘောဘူညီချက်အရဖြစ်စေ၊ သဘောတူညီချက်အရ မဟုတ်ဘဲဖြစ်စေ၊ လက်ရှိ နေထိုင်မြဲ နေထိုင်သူ အသီးသီးတို့လည်း ပါဝင်လေသည်။ ထို့ကြောင့်၊ ယခု ကျွန်ုပ်ချေရှိ အမှုဌာ မြေငှါးများသည် ငှါးရမ်းခ နှစ်ကုန်ဆုံးသွားသော်လည်း၊ အခင်းဖြစ်မြေပေါ်မှ ထွက်ခွါမသွားဘဲ၊ ဆက်လက်နေထိုင်စေကာမူ ၎င်းတို့သည် မြေငှါးများအဖြစ်ပင် တည်ရှိနေကြသေးသည်။

လျောက်ထား ခံရသူအတွက် လိုက်ပါဆောင်ရွက်သည့် အကျိုးဆောင်ကြီးက၊ **ဒေါ်စိုင် ပါ ၂** နှင့် **ဦးအုံးလှိုင် (၁)** အမှုစီရင်ထုံးကို ရည်ညွှန်းခဲ့သည်။ ထိုအမှုတွင်

(၁) မြန်မာပြည်စီရင်ထုံး (၁၉၆၄) တရားရုံးချုပ်၊ စာ ၁၆၄။

၁၉၆၇ မောင်လှကြည်နှင့် ဒေါ်ဖူးသင်။

တရားသူကြီးချုပ် ဦးဘိုကြီးက၊ အောက်ပါအတိုင်း မြွက်ဟထားသည်ကို တွေ့ရှိရသည်။

> "ယင်းဥယျာဉ်ခြံမြေသည် ၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာဥပဒေများအရ ကြီးကြပ်ရေးအက်ဥပဒေတွင် အကျုံးဝင် သလောဟူသည့် အချက်ကိုလည်း စဉ်းစားခဲ့ကြသည်။ သို့သော် ထိုအက်ဥပဒေပုဒ်မ ၂၀ နှင့် ၂၁ ပါ ပြဋ္ဌာန်းချက်များကို လေ့လာသုံးသပ်ရာ၌၊ ယခုကဲ့သို့သော ဥယျာဉ်ခြံမြေနှင့် စပ်လျဉ်း၍၊ အဆိုပါ အက်ဥပဒေကို ပြဋ္ဌာန်းခဲ့ဟန် မတူကြောင်း တွေ့ရှိရသည်။"

သို့ရာတွင်၊ ယခု ကျွန်ုပ် ရှေ့ရှိ အမှုဌာနခင်း ဖြစ်နေသည့်မြေသည်၊ ဥယျာဉ်ခြံမြေ မဟုတ်ခေ။ အထက်ဖေါ်ပြပါ အမှုတွင် ရည်ညွှန်းထားသည့် မြေမှာလည်း၊ မြို့ပြဒေသအတွင်းတည်ရှိခြင်းဟုတ် မဟုတ် မပေါ်လွင်ခေ။ သို့ဖြစ်ပေရာ၊ အထက်ပါစီရင်ထုံးသည် ဤအမှုအတွက် အထောက်အကူမဖြစ်နိုင်။

အထက်ဖေါ်ပြပါ အကြောင်းများကြောင့်၊ မူလ ရုံး တရားသူကြီး ချမှတ်ခဲ့သည့် စီရင်ချက်နှင့် ဒီကရီတို့ကို၊ စရိတ်နှင့် တကွပယ်ဖျက်လိုက်သည်။

ဤရုံးအတွက် ရွှေနေကြီးခမှာ ၃၄ တိတိဖြစ်စေရမည်။

နိုင်ငံတော် တရားရုံးချုပ်

အထူးရာဇဝတ်အယူခံမှု

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင် နှင့် တရားသူကြီး ဦးချစ် တို့ရှေ့တွင်

မောင်သန်းမောင် (အယူခံတရားလို)

၁၉၆၇ †

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

မေလ ၁၅ ရက်။

ရာဇသတ်ကြီး ပုဒ်မ ၄၀၈ အရ၊ မှုပြစ် ထင်ရှား စီရင်ခြင်း—အရောင်းအဝယ် စည်းကမ်းနှင့် ပတ်သက်၍ သင်ကြားပို့ချထားခြင်း မရှိခြင်း—ရာဇသတ်ကြီး ပုဒ်မ ၂၄ အရ မရိုးဖြောင့်သော သဘောနှင့် ပြုမူသည်ဟု ယူဆရန် အကြောင်း ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။အယူခံတရားလိုသည် တက္ကသိုလ် ကျောင်းသားတဦးဖြစ်သည်။ ပညာသင်ကြားနေခိုက် အစိုးရ ကုန်သွယ်ရေးကို ကူညီရိုင်းပင်းသည့် အနေဖြင့် စေတနာထား၍ လုပ်အား ဝင်ရောက်ပေးခြင်းဖြစ်သည်။ အရောင်းအဝယ် စည်းကမ်းနှင့် ပတ်သက်၍ ၎င်းအား သင်ကြား ပို့ချထားခြင်း မရှိပေ။ ယင်းသို့ ဖြစ်ရကား အယူခံတရားလိုအား ညှာနှကြားချက် မပေးထားခြင်းမှာ ထင်ရှားသည်။

အယူခံတရားလို၏ စီမံခန့်ခွဲမှုကြောင့် ရည်ညွှန်းသော ပစ္စည်းများကို အစမ်းသဘောဖြင့် ဝယ်ယူသွားသော မောင်အောင်သိန်းလေး သည်၊ ပစ္စည်းကို မတရားရယူခြင်း မဟုတ်၊ အစိုးရ တွင်လည်း ၎င်းပစ္စည်းတန် ဘိုးငွေ ၁၇၅ ကို ရရှိထားပြီး ဖြစ်သဖြင့် မတရားဆုံးရှုံးခြင်းမျိုးလည်း မဟုတ်သောကြောင့် အယူခံ တရားလို၏ နည်းစံနစ်ကို ဆန့်ကျင်၍ စီမံခန့်ခွဲချက်မှာ ရာဇသတ်ကြီး ပုဒ်မ ၂၄ အရ၊ မရိုးမဖြောင့်သော သဘောနှင့် ပြုမူသည်ဟု ယူဆရန် အကြောင်း မရှိပေ။

ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် **ဦးခင်မောင်လတ် ပါ ၂၊** ၁၉၅၂ ခုနှစ်၊ **မြန်မာပြည်စီရင်ထုံး** တရားလွှတ်တော် (အထူး ခုံရုံး) စာ ၁၁၄ ရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။ဦးမြင့်စိုး။

အယူခံတရားခံအတွက်။ ။အစိုးရရွှေ့နေကြီး ဦးလှသင်း။

---

* ၁၉၆၆ ခုနှစ်၊ အထူးရာဇဝတ် အယူခံမှုအမှတ် ၇။

† မန္တလေးမြို့ ရုံးထိုင် နိုင်ငံတော် တရားရုံးချုပ်၏ရာဇဝတ် ပြင်ဆင်မှု အမှတ် ၃၂ (ခ) ၆၆ တွင် ၁၉၆၆ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့စွဲဖြင့် ချမှတ်သော အမိန့်ကို မကျေနပ်သဖြင့် ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၆ အရ၊ အထူး အယူခံဝင်ခွင့် လျှောက်လွှာ။

၁၉၆၇

မောင်သန်းမောင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

တရားသူကြီး ဦးချစ်။ ။အယူခံ တရားလို မောင်သန်းမောင်သည်၊ အချင်းဖြစ် အချိန်အခါက၊ သိပ်ဝိဇ္ဇာ တတိယနှစ် ကျောင်းသားတဦး ဖြစ်လေသည်။ မန္တလေးမြို့၊ ဂ၃ လမ်း၊ ပြည်သူပိုင် ဆိုင်အမှတ် ၉၉၂၆ တွင်၊ ဆိုင်တာဝန်ခံ အနေဖြင့် လုပ်အားပေးခဲ့သည်။ လုပ်အားပေးခမှာ တနေ့လျှင် ၃ ကျပ် ၁၅ ပြား ဖြစ်သည်။ ၁၉၆၄ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်နေ့တွင်၊ မောင်အောင်သိန်းလေး (လိုပြ ၃) အား၊ မော်တော် ဒိုင်နမိုတလုံးနှင့် ကလပ် (စ) ပင်စလင် တခုကို၊ ငွေ ၁၇၅ ကျပ်ဖြင့် ရောင်းချခဲ့သည်။ ယင်းကဲ့သို့ ရောင်းချရာ၌၊ မောင်အောင်သိန်းလေးသည်။ အစမ်း ဝယ်ယူသွားသော ပစ္စည်းများကို၊ မော်တော် ရေယာဉ်တွင် အသုံးချ၍ မရသော အခါ၊ ရက်သတ္တနှစ်ပတ်အတွင်း ဆိုင်သို့ လာရောက်ပေးအပ်ရမည်။ လာရောက်ပေး အပ်သောအခါ ပေးထားသောငွေ ၁၇၅ ကျပ်ကို ပြန်ပေးမည်။ အသုံးချ၍ ရလျှင် ထိုငွေကို ပစ္စည်းရောင်းရပြီး ရရှိသောငွေအဖြစ် လက်ခံယူမည်။ ယင်းစနစ်ဖြင့် ပြုလုပ်ပြီး ရသောငွေများကို၊ မောင်သန်းမောင်က မီးအာမခံသေတ္တာထဲတွင် ထားရှိခဲ့လေသည်။ နောက်တနေ့တွင် ပြည်သူ့ဆိုင်များကို စစ်ဆေးရန် တာဝန်ခံ ဖြစ်သော ဗိုလ်ဘလှိုင် (လိုပြ ၅) က၊ ထိုဆိုင်ကို လာရောက် စစ်ဆေးရာ၊ မောင်သန်းမောင်က မော်တော်ဒိုင်နမိုနှင့် ကလပ် (စ) ပင်စလင်ကို၊ မောင်အောင်သိန်းလေးအားငှါး လိုက်ကြောင်း၊ ပိုက်ဆံတော့ မပေးသွားသေးကြောင်း ပြောပြလိုက်လေသည်။ ငွေစာရင်းမှာလည်း ၎င်းပစ္စည်းအတွက် ငွေသွင်းထားသည်ကို မတွေ့ရသောကြောင့် ဗိုလ်ဘလှိုင်က မောင်သန်းမောင် အပေါ် အရေးယူရန်၊ အထူးစုံစမ်း စစ်ဆေးရေး အဖွဲ့သို့ တိုင်တန်းလေသည်။ အထူးစုံစမ်း စစ်ဆေးရေး အဖွဲ့မှ အောက်တန်း စစ်ဆေးရေး အရာရှိ ဦးအုန်းမြိုင် (လိုပြ ၁) က၊ ၁၉၆၄ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်နေ့တွင် အမှုကို စ၍ စစ်ဆေးရာ၊ မောင်သန်းမောင်က ဦးအုန်းမြိုင်အား၊ ပစ္စည်းများကို၊ အစမ်း သဘောနှင့် ရောင်းသောငွေ ၁၇၅ ကျပ် သည်၊ မီးအာမခံ သေတ္တာထဲတွင် ရှိကြောင်း ပြောသဖြင့်၊ ထိုမီးအာမခံသေတ္တာမှ ဦးအုန်းမြိုင်က ထိုငွေများကို တွေ့ရှိသော အခါ သိမ်းဆီးလေသည်။ မောင်သန်းမောင်သည်၊ ငွေ ၁၇၅ ကျပ်ကို ယာယီ အလွဲသုံးစား ပြုလုပ်ထားခြင်းကြောင့်သော်၎င်း၊ ပြည်သူ့ဆိုင်၏ အရောင်းစည်းကမ်းကို ဖေါက်ဖျက်၍ အစမ်းသဘောဖြင့် ရောင်းလိုက်ခြင်းကြောင့်သော်၎င်း စသည်တို့ကြောင့် ၎င်းအပေါ် ရာဇသတ် ပုဒ်မ ၄၀၈ အရ၊ အရေးယူ၍ အမှုစစ်ဆေးရန်၊ မန္တလေးမြို့ အနောက်ပိုင်း နယ်ပိုင် ရာဇဝတ်တရားသူကြီးရုံးသို့ တင်ပို့လေသည်။ ထိုရုံးက မောင်သန်းမောင် သည်၊ ငွေ ၁၇၅ ကျပ်ကို အလွဲသုံးစား ပြုလုပ်ထား၍၊ ဆောင်ရွက်ရန် စည်းကမ်း နည်းလမ်းများကို ကျူးလွန် ဖေါက်ဖျက်သည်ဟု တွေ့ရှိရသဖြင့် ရာဇသတ် ပုဒ်မ ၄၀၈ အရ၊ အပြစ်ဒဏ် ထိုက်သင့်သော မှုပြစ်ကို ကျူးလွန်သော

ကြောင့်၊ ရုံးတက် ရုံးဆင်း ထောင်ဒဏ်နှင့် ဒဏ်ငွေ ၃၀၀ ကျပ် ပေးဆောင်စေရန် ပျက်ကွက်ပါက၊ အလုပ်နှင့် ထောင်ဒဏ် ၄ လ ကျခံစေရန် အမိန့် ချမှတ်ခဲ့သည်။

ထိုအမိန့်ကို မောင်သန်းမောင်က မကျေနပ်သဖြင့်၊ မန္တလေးမြို့၊ ရာဘက် စက်ရှင် တရားသူကြီးရုံးတွင် အယူခံဝင်ခဲ့ရာ၊ ရာဘက် စက်ရှင် တရားသူကြီးက စီရင်ချက် ချမှတ်ရာတွင်၊ ပဋမပိုင်း၌ အစမ်းသဘောဖြင့် ရောင်းချ၍ ရယူထားသော ငွေ ၁၇၅ ကျပ်ကို မီးခံသေတ္တာထဲ၌ ထားရှိသည်ဟု လက်ခံထားလေသည်။ သို့ရာတွင် ၎င်း၏ စီရင်ချက် နောက်ပိုင်းတွင် ၎င်းငွေကို မောင်သန်းမောင်က ရရှိသည် မရှိသည်ကို ပင် မပေါ်လွင်ကြောင်း ဖေါ်ပြထားပြီး၊ မူလရုံးက တွေ့ရှိသော ပြစ်မှုနှင့် ချမှတ်သော အပြစ်ဒဏ်တို့ကို အတည်ပြုပြီး အယူခံကို ပလပ်ခဲ့လေသည်။

ရာဘက် စက်ရှင် တရားသူကြီး ချမှတ်သော အမိန့်ကို မကျေနပ် သဖြင့် မောင်သန်းမောင်က၊ မန္တလေးမြို့၊ ရုံးထိုင် တရားရုံးချုပ်တွင် ပြင်ဆင်မှု တင်သွင်းလေသည်။ ပညာရှိ တရားသူကြီး ဦးစိန်သင်းက၊ ထိုပြင်ဆင်မှုကို ကြားနာပြီး အမိန့် ချမှတ်ရာတွင်၊ မောင်သန်းမောင်သည်၊ မိမိရရှိသော ငွေကို သက်ဆိုင်သည့် စာအုပ်၌ ရေးသွင်းခြင်း မပြုခဲ့သည်သာမက၊ ထိုငွေကို ဆိုင်ထဲတွင်ပင် ရှိနေကြောင်း ယုံကြည်ထိုက်သည့် သက်သေခံချက်များ တင်ပြနိုင်စွမ်း မရှိဟု မှတ်ချက် ပြုပြီးလျှင်၊ မူလရုံးနှင့် အယူခံရုံးတို့၏ အမိန့်များကို အတည်ပြုကာ ပြင်ဆင်လွှာကို ပလပ်ခဲ့လေသည်။

မောင်သန်းမောင်သည် ထိုအမိန့်ကို မကျေနပ် ပြန်သဖြင့်၊ ဤရုံးသို့ တဖန် ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၆ အရ အယူခံဝင်ရန် အခွင့်ထူး လျှောက်လေသည်။

လျှောက်ထားသူ၏ ရှေ့နေကြီး ဦးမြင့်စိုးနှင့် လက်ထောက် ရှေ့နေချုပ် ဦးဘကျော်တို့ကို ကြားနာခဲ့လေသည်။ လက်ထောက်ရှေ့နေချုပ်က မောင်သန်းမောင်သည်၊ မောင်အောင်သိန်းလေးထံမှ အစမ်းသဘောဖြင့် ရောင်းလိုက်၍ ရရှိသောငွေ ၁၇၅ ကျပ်ကို မိမိကိုယ်ကျိုး အတွက် အလဲသုံးစား ပြုလုပ်သည်ဟု အမှုတွင် မပေါ်လွင်ပါ၊ သို့ရာတွင် ထိုကဲ့သို့ အစမ်းသဘောဖြင့် ရောင်းလိုက်ခြင်းသည်၊ ရာဇဝတ်မှု ဖြစ်မြောက်စေသော မရိုးသားသော စိတ်ဖြင့် ပြုလုပ်ခြင်း ဟုတ် မဟုတ်။ ထိုကဲ့သို့ပြုလုပ်ခြင်းသည် ဆိုင်စည်းကမ်း ဆန့်ကျင်၍ မှားယွင်းပြီး ပြုလုပ်ခဲ့ခြင်းသာ ဖြစ်လျှင်၊ ၎င်းအပေါ် ရာဇဝတ်မှုမြောက် မမြောက်ကို စဉ်းစားရန် ရှိပါသည်ဟု တင်ပြသွားသည်။ ဤရုံးက လည်း လက်ထောက် ရှေ့နေချုပ် တင်ပြချက်အတိုင်း ဆောင်ရွက်သင့်သည်ဟု ယူဆကာ၊ လျှောက်ထားသူ၏ အယူခံဝင်ခွင့် အခွင့်ထူး လျှောက်လွှာကို ခွင့်ပြု၍

၁၉၆၇ မောင်သန်းမောင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

အထူးရာဇဝတ် အယူခံမှု ဖွင့်ခဲ့လေသည်။ ထိုအထူးရာဇဝတ် အယူခံမှုတွင် လေ့လာစဉ်းစားရန် ရှိသော ပြဿနာကို ဖော်ထုတ်ခဲ့လေသည်။ ထိုပြဿနာမှာ အောက်ပါအတိုင်း ဖြစ်သည်

> "လျှောက်ထားသူသည်၊ ရာဇဝတ် ပြစ်မှု မြောက်စေသော မရိုးသားသော စိတ်ဖြင့် ပြုလုပ်ခဲ့ခြင်း ဟုတ်-မဟုတ် ဆိုင်စည်းကမ်းကို ဆန့်ကျင်၍ မှားယွင်းပြုလုပ်ခဲ့ခြင်းသာ ဖြစ်လျှင်၊ ၎င်းအပေါ် ရာဇဝတ်မှု မြောက် မမြောက်"။

အယူခံတရားလို၏ ရှေ့နေကြီး ဦးမြင့်စိုးက၊ အယူခံ တရားလို မောင်သန်းမောင်သည်၊ ကျောင်းသား ဖြစ်ပါသည်။ ကုန်ရောင်း ဝယ်ရေးတွင် လေ့ကျင့်မှုမရှိပါ၊ လူစိမ်းတယောက် ဖြစ်ပါသည်။ ကျောင်းပိတ်ရက်တွင် အစိုးရ ကုန်သွယ်ရေးကို ကူညီလိုသော စေတနာဖြင့် လုပ်အား ပေးခဲ့ခြင်း ဖြစ်ပါသည်။ ပြည်သူ့ဆိုင်တွင် လိုက်နာရမည် ဖြစ်သော အရောင်းအဝယ် စည်းကမ်းနှင့် လုပ်နည်း လုပ်ဟန်မျှားကို မသိပါ။ ကုန်ပစ္စည်းကို အလွယ်တကူ ရောင်း၍၊ အစိုးရတွင် ငွေရရှိစေလိုသော စေတနာဖြင့် ကြိုက်လျှင်ယူ၊ မကြိုက်လျှင် ပြန်ပေး နည်းစနစ်ဖြင့် ရောင်းလိုက်ခြင်းမျိုး ဖြစ်ပါသည်။ ဤကဲ့သို့ ပြုလုပ်ရာ၌ မိမိကိုယ်ကျိုးအတွက် မပါပါ။ သူတပါး မတရားဆုံးရှုံးမှုအတွက်လည်း မဖြစ်ပါ။ ထို့ကြောင့် မရိုးသားသော သဘောရှိသည်ဟု မပြောနိုင်ပါ။ ထို့ပြင် ငွေ ၁၇၅ ကျပ် ကိုလည်း မောင်သန်းမောင်သည်၊ အလွဲသုံးစားပြုလုပ် ထားပါသည်ဟုလည်း စွပ်စွဲချက် မရှိပါ။ စသုံးလုံး အရာရှိ လာရောက်၍ စစ်ဆေးသောအခါ၊ ထိုငွေကို မီးအာမခံ သေတ္တာထဲမှ ထုတ်ပေးလိုက်ခြင်းဖြစ်ပါသည်။ အလုပ်စည်းကမ်းကို နားမလည်၍ သဘောရိုးဖြင့် ထိုစည်းကမ်းကို ဆန့်ကျင်၍ ပြုလုပ်ခြင်းဖြင့် ရာဇဝတ်မှု မမြောက်ပါ။ အယူခံ တရားလို မောင်သန်းမောင်သည်၊ ယခုအခါစာမေးပွဲအောင်ပြီး၍ ဘွဲ့ရပြီးဖြစ်ပါသည်။ ထိုသို့ ဘွဲ့ရရှိထားငြားသော်လည်း ယခုကဲ့သို့ အပြစ်ခံရသော မှဲ့စွန်းနေသောကြောင့်၊ မည်သည့် အလုပ်ကိုမျှ မရသေးပါ။ အောက်ရုံးများက အမှုကို သုံးသပ်ထားခြင်းမှာ ဥပဒေအရ၊ များစွာ ချွတ်ချော်၍ တရားမျှတမှု ကင်းမဲ့နေပါသည် စသည်ဖြင့် အကျယ် တဝင့် တင်ပြ သွားလေသည်။

အစိုးရ ရှေ့နေကြီး ဦးလှသင်းက၊ ယခု အယူခံတွင် ရည်ညွှန်းသော ပြဿနာကို သာလျှင် စဉ်းစားရန် အဓိက အချက် ဖြစ်သဖြင့်၊ အယူခံ တရားလို မောင်သန်းမောင်သည်၊ အလုပ်စည်းကမ်းကို မသိနားမလည်သည့် အလျောက်၊ မိမိပြုလုပ်ရာတွင် ထိုစည်းကမ်းကို ဖေါက်မိရုံမျှနှင့် ၎င်းသည် မရိုးသားသော သဘောဖြင့် ပြုလုပ်ပါသည်ဟု ပြောဆိုနိုင်ရန် ခဲယဉ်းပါသည်ဟု တင်ပြသွားလေသည်။

ကျွန်ုပ်တို့သည်၊ ဤအမှုကို အသေးစိတ် ချင့်ချိန် ဝေဘန် သုံးသပ်သောအခါ၊ အယူခံတရားလိုသည်၊ ရာဇသတ် ပုဒ်မ ၄၀၅ တွင်၊ မှုပြစ်ကို ဖွင့်ထား၍ အဓိပ္ပါယ်တွင် အဓိက ထား၍၊ သုံးသပ်ရပေမည်။ ပုဒ်မ ၄၀၅ တွင် ဖော်ပြထားသည်။ ယခုအမှုနှင့် သက်ဆိုင်သော အပိုဒ်ကို အောက်ပါ အတိုင်း ဖော်ပြအပ်ပေသည်။

> "ယုံကြည် အပ်နှံခြင်း ခံရသည့်အတိုင်း၊ ဆောင်ရွက်သည့် ကိစ္စနှင့် စပ်လျဉ်း၍ အတိ အလင်း ဖြစ်စေ၊ သဘော သက်ရောက် စေခြင်း ဖြစ်စေ၊ ထို ပစ္စည်းကို မကျိုးဖြောင့်သော သဘောဖြင့် သုံးစွဲခြင်းကို၊ သို့မဟုတ် စီမံခန့်ခွဲခြင်းကို ပြုလျှင် ထိုသူသည်၊ ရာဇဝတ်မကင်းသော ယုံကြည် အပ်နှံရေးကို ဖေါက်ဖျက်မှုကို ကျူးလွန်သည်မည်သည်။"

အယူခံ တရားလို မောင်သန်းမောင် သည်၊ ပြည်သူ့ဆိုင် အရောင်း အဝယ် စည်းကမ်းအရ မဟုတ်ဘဲ၊ ၎င်းထံတွင် ယုံကြည် အပ်နှံထားသော ပစ္စည်းကို စီမံခန့်ခွဲခြင်းသည် မကျိုးဖြောင့်သော သဘောဖြင့်သာလျှင် စီမံခန့်ခွဲခဲ့ပါက၊ ၎င်းသည် ရာဇဝတ် မကင်းသော ယုံကြည် အပ်နှံရေးကို ဖေါက်ဖျက် မှု ကျူးလွန်သည်ဟု ယူဆရပေမည်။

မောင်သန်းမောင်သည်၊ တက္ကသိုလ်ကျောင်းသား တဦး ဖြစ်သည်။ ပညာသင်ကြားနေခိုက်၊ အစိုးရ ကုန်သွယ်ရေးကို ကူညီ ရိုင်းပင်းသည့် အနေဖြင့် စေတနာ ထား၍ လုပ်အား ဝင်ရောက်ပေးခြင်း ဖြစ်သည်။ အရောင်းအဝယ် စည်းကမ်းနှင့် ပတ်သက်၍ ၎င်းအား သင်ကြား ပို့ချထားခြင်း မရှိပေ။ ဗိုလ်ဘလှိုင် (လိုပြ ၅) က၊ "ပစ္စည်းများကို ဘယ်လိုဘယ်နည်းရောင်းချရမည်ဟု ၎င်းအခါက ညွှန်ကြားချက် မရှိပါ" ဟု ထွက်ဆိုထားသည်။ ယင်းသို့ဖြစ်ရကား၊ မောင်သန်းမောင်အား၊ ညွှန်ကြားချက် မပေးထားခြင်းမှာ ထင်ရှားသည်။ မောင်သန်းမောင်သည်၊ နည်းစနစ်ကို ဆန့်ကျင်၍ စီမံခန့်ခွဲရာ၌ သဘောရိုးနှင့်လုပ်သည်၊ သို့မဟုတ် မရိုးသားသော သဘောဖြင့် လုပ်သည်ကို သုံးသပ်ရန် လိုအပ်ပေသည်။ ရာဇသတ် ပုဒ်မ ၂၄ အရ၊ မတရား ရယူစေရန်အကြောင်းနှင့် ဖြစ်စေ၊ မတရားဆုံးရှုံးစေရန် အကြောင်းနှင့် ဖြစ်စေ၊ မည်သူမဆို တဦးတယောက်သော သူအား၊ ပြုလျှင် ထိုသူသည် "မရိုးမဖြောင့် ပြုသည်မည်၏" ဟူ၍ ဖြစ်သည်။

မောင်သန်းမောင်၏ စီမံခန့်ခွဲမှုကြောင့်၊ ရည်ညွှန်းသော ပစ္စည်းများကို အစမ်း သဘောဖြင့် ဝယ်ယူသွားသော မောင်အောင်သိန်းလေးသည်၊ ပစ္စည်းကို မတရား ရယူခြင်းမဟုတ်။ အစိုးရတွင်လည်း ၎င်းပစ္စည်း တန်ဘိုးငွေ ၁၇၅ ကျပ် ကို ရရှိထားပြီး ဖြစ်သဖြင့်၊ မတရား ဆုံးရှုံးခြင်းမျိုးလည်း မဟုတ်သောကြောင့် မောင်သန်းမောင်

၁၉၆၇ မောင်သန်းမောင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

၏ ပြုမူချက်မှာ၊ မရိုးဖြောင့်သော သဘောနှင့် ပြုမူသည်ဟု ယူဆရန် အကြောင်းမရှိပေ။ **ပြည်ထောင်စု မြန်မာနိုင်ငံ** နှင့် **ဦးခင်မောင်လတ် ပါ ၂** (၁) အမှုကို ကြည့်လေ။

မန္တလေးမြို့ရုံးထိုင် ပြင်ဆင်ရုံးက၊ မူလရုံးနှင့် အယူခံ ရုံးများ၏ အမိန့်များကို အတည်ပြုခဲ့ရာတွင်၊ အယူခံတရားလိုသည်၊မိမိရရှိထားသော ငွေကို သက်ဆိုင်သည့် စာအုပ်များတွင် ရေးမှတ်ခြင်း မပြုခဲ့သည်ဟု မှတ်ချက်ပြုထားသည်။ မောင်သန်းမောင်သည်၊ ပစ္စည်းကို ကြိုက်လျှင်ယူ၊ မကြိုက်လျှင် ပြန်ပေး စံနစ်ဖြင့် ရောင်းလိုက်ခြင်းကြောင့်၊ ထိုကဲ့သို့ ပြုလုပ်ခြင်းသည်၊ အပြီးအပိုင် ရောင်းပြီးဟူ၍ မဆိုနိုင်သဖြင့် ထိုရသောငွေကို စာရင်းစာအုပ်တွင် ရေးသွင်းရန် မလိုအပ်သေးပေ။ အရောင်းအဝယ် ပြီးပြတ်မှသာလျှင် ရရှိသော ငွေနှင့် ပတ်သက်၍ စာရင်း စာအုပ်တွင် ရေးသွင်းရန် ဖြစ်ပေသည်။ ၎င်းပြင် ထိုရုံးက ၎င်းငွေကို ဆိုင်ထဲတွင်ပင် ရှိနေကြောင်း ယုံကြည်ထိုက်သည့် သက်သေခံချက် မရှိဟူ၍လည်း မှတ်ချက်ပြုထားလေသည်။ မောင်သန်းမောင်သည်၊ မောင်အောင်သိန်းလေး ထံမှ ငွေ ၁၇၅ ကျပ် ကို ရယူပြီးနောက်၊ မီးအာမခံ သေတ္တာထဲတွင် သိမ်းဆီးထားကြောင်းနှင့် ပတ်သက်၍ သိရှိသူမှာ၊ တရားလိုဘက်မှ ပြသော သက်သေ မောင်ခင်မောင်ထွေး (လိုပြ ၄) ဖြစ်သည်။ မောင်ခင်မောင်ထွေးက ထိုငွေကို မောင်သန်းမောင်သည်၊ မီးအာမခံ သေတ္တာထဲတွင် ထည့်သိမ်းထားကြောင်း အတိ အလင်း ထွက်ဆိုထားလေသည်။ ထိုတွင် မကသေး မောင်သန်းမောင်က စသုံးလုံး အရာရှိအား ခြွင်းချက်နှင့် ရောင်းထားသော ငွေ ၁၇၅ ကျပ် ကို မီးအာမခံ သေတ္တာထဲတွင် ရှိပါသည်ဟု ပြောသဖြင့် စသုံးလုံး အရာရှိက ထိုငွေကို မီးအာမခံ သေတ္တာထဲမှ သိမ်းယူသွားခြင်း ဖြစ်သည်။ သို့ရာတွင် ဗိုလ်ဘလို့င် (လိုပြ ၅) ၏ ထွက်ချက်ကိုလည်း သတိမူမိပေသည်။ ၎င်း၏ ထွက်ချက်တွင် မောင်သန်းမောင်က၊ အချင်းဖြစ် ပစ္စည်းများကို ငှါးလိုက်ကြောင်း၊ ငွေတော့ မပေးသေးကြောင်း မောင်သန်းမောင်က ပြောသည်ဟူ၍ ဖြစ်သည်။ ဤနေရာတွင် တရားလိုပြ သက်သေ နှစ်ဦးဖြစ်သော ဗိုလ်ဘလို့င်နှင့် မောင်ခင်မောင်ထွေးတို့၏ ထွက်ချက်မှာ ကဲလဲနေသည်ကို တွေ့ရှိရသည်။ မည်သို့ပင် ဖြစ်စေ၊ စသုံးလုံး အရာရှိထံ မောင်သန်းမောင်က အစစ်ခံရာ၌ ထိုငွေသည်၊ မီးအာမခံ သေတ္တာထဲတွင် ရှိသည်ဟု ပြောဆိုသဖြင့် စသုံးလုံး အရာရှိက ရယူလိုက်ခြင်း ဖြစ်သည်။ လက်ထောက် ရွှေနေချုပ် ဦးဘကျော်က ထိုငွေ ၁၇၅ ကျပ် ကို မောင်သန်းမောင်သည်၊ ယာယီ အလဲသုံးစား ပြုလုပ် ထားသည်ဟု အမှုတွဲတွင် ပေါ်လွင်ခြင်း မရှိပေ။ ယာယီအလဲသုံးစား ပြုလုပ်ထားသည်ဟု ပြဆိုရန်၊ တရားလို၏ တာဝန်ဖြစ်သည်။ ထိုတာဝန်ကို တရားလိုဘက်မှ ကြွေနပ်အောင် တင်မပြနိုင်ခြင်း

(၁) ၁၉၅၂ ခု၊ မြန်မာပြည်စီရင်ထုံး၊ တရားလွှတ်တော် (အထူးခုံရုံး)၊ စာ ၁၁၄။

ကြောင့်၊ မောင်သန်းမောင် သည်၊ ထိုငွေ ၁၇၅ ကျပ ကို အလွဲသုံးစား ပြုလုပ် ထား သည်ဆိုခြင်းမှာ ဒို့ဟ သံသယ ဖြစ်စရာ အကြောင်း ပေါ်ပေါက် လာသည် စသည့် ဖြင့် တင်ပြပြီး၊ အထူးအယူခံဝင်ခွင့်ကို လျှောက်ထားစဉ် အခါက၊ လက်ထောက် ရှေနေချုပ်က ဤအချက်ကို လေးလေး နက်နက် တင်ပြသွားခြင်း မပြုလုပ်ခဲ့ပေ။ ထို့ကြောင့်ပင်လျှင်၊ အယူခံဝင်ခွင့် လက်ခံသော ရည်ညွှန်းသည့် ပြဿနာသည်၊ ထိုငွေအလွဲသုံးစား ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ဖေါ်ပြရန် မလိုတော့သည့် အတိုင်း ဖေါ်ပြ မထားခဲ့ပေ။

အထက် ဖေါ်ပြပါ အကြောင်းများကြောင့်၊ ကျွန်ုပ်တို့သည် မူလရုံး အယူခံရုံး နှင့် ပြင်ဆင်ရုံးများက ချမှတ်သော အမိန့်များကို အမှားပြည်သူ့အကျိုးငှါ ဝင် ရောက် မစွက်ဖက်ဘဲ မနေနိုင်သဖြင့် ထိုအမိန့် အားလုံးတို့ကို ပယ်ဖျက်လိုက်ပြီး ဤအမှုနှင့် ပတ်သက်သမျှ အယူခံ တရားလို မောင်သန်းမောင်အား တရားသေ လွှတ်ရန် အမိန့် ချမှတ်လိုက်သည်။

အယူခံ တရားလိုသို့ ဒဏ်ငွေ ကျပ် ၃၀၀ ပေးဆောင် ပြီးပါက၊ ၎င်းအား၊ ပြန် ပေးစေ။

နိုင်ငံတော်တရားရုံးချုပ်

တရားမကြီးမှု

တရားသူကြီး ဦးသက်ဖေ ရှေ့တွင်

† ၁၉၆၇ မေလ ၄ ရက်။

သည်ဘင့် (ခ) အော့ (ဖ) ကော်မြူနီကေးရှင်း၊ သည် ဘင့် (ခ) အော့ (ဖ) ချိုင်းနား (တရားလိုများ)

နှင့်

ဝင်းစိန် ဘရားသား (စ) ကုမ္ပဏီ ရိုက် (စ) မီး (လ) (တရားခံ)*

ဘဏ်ငွေပို့စာရင်းအရ၊ ထုတ်ချေးငွေ ရလိုကြောင်း တရားစွဲဆိုမှု—ကာလစည်းကမ်းသတ် အက်ဥပဒေ ပုဒ်မ ၁၉—အော်ဒီမံစာချုပ်၏ နောက်ကျောတွင် မြီစားက လက်မှတ်ထိုးခြင်း—မြီစား သည်ကြေးများကို ပေးဆပ်ရန် တာဝန်ရှိကြောင်း ဝန်ခံသည်ဟု ဆိုနိုင် မဆိုနိုင်—အစုရှင်တဦး၏ အစုစပ်လုပ်ငန်းနှင့်ပတ်သက်သည့် ဝန်ခံချက်—အစုစပ် လုပ်ငန်းအပေါ် အတည်ဖြစ်မဖြစ်—ကြွေးပေးရန် ရှိကြောင်းဝန်ခံချက်—ဝန်ခံချက်သည် စည်းကမ်းသတ် ကာလအပိုင်းအခြားကို တဖန်အသက်သွင်းပေးရာ ရောက်မရောက်။

ဆုံးဖြတ်ချက်။ ။ကာလ စည်းကမ်းသတ် အက်ဥပဒေ ပုဒ်မ ၁၉ အရ၊ **အကျုံးဝင်လိုလျှင်** မြီစား အနေဖြင့် တရားစွဲဆိုသည့် ကြွေးမြီကို ပေးဆပ်ရန် တာဝန် ရှိကြောင်း ဝန်ခံရေးသားချက် ရှိရမည်ဖြစ်သည်။ အော်ဒီမံစာချုပ်၏ နောက်ကျောတွင် မြီစားက လက်မှတ်ထိုးထားကာမျှဖြင့် မြီစားသည် ကြွေးမြီများကို ပေးဆပ်ရန် တာဝန် ရှိကြောင်း ဝန်ခံသည်ဟု ဆိုနိုင်မည် မဟုတ်ပေ။

အော်ဒီမံ စာချုပ် နောက်ကျောဌ် တရားခံ အယ်(လ်)ဝင်းစိန်၏ လက်မှတ်များ ရှိသော်လည်း တရားခံသည် ကြွေးမြီများကို ပေးဆပ်ရန် တာဝန်ရှိကြောင်း ဝန်ခံသည့် အနေဖြင့် ထိုလက်မှတ်များကို ရေးထိုးခဲ့ကြောင်း သက်သေ အထောက်အထား လုံးဝမရှိသဖြင့်၊ ထိုလက်မှတ်များကြောင့် စည်းကမ်းသတ် ကာလ အပိုင်းအခြားကို တဖန် အသက်သွင်း ပေးခဲ့သည်ဟု ဆိုရန် ခဲယဉ်းနေသည်။

တလုပ်သိန်းဂန် နှင့် **စီမူဂန်ချစ်တီးယား** အေ၊အိုင်၊အာ၊ ၁၉၃၄၊ ရန်ကုန်၊ ၂၀၇ (၂၀၈) ရည်ညွှန်းသည်။

ထပ်မံဆုံးဖြတ်ချက်။ ။တရားခံ ဦးညီသည် ဝင်းစိန် ညီနောင် ကုမ္ပဏီ ဆန်စက်လုပ်ငန်း၏ အစုရှင်တယောက်ဖြစ်သည် ဆိုခြင်းမှာ နှစ်ဦးနှစ်ဖက် ဝန်ခံသည့် အချက်ဖြစ်သည်။ ဦးညီက သက်သေခံ "ဒဗလျူ" အား ရေးသားသည့် အချိန်၌ ဝင်းစိန်ညီနောင်ကုမ္ပဏီဆန်စက်လုပ်ငန်းမှာလည်း ဖျက်သိမ်းခြင်း မပြုသေးကြောင်း အငြင်းမပေါက်ပေ။ ထိုစာတွင် ဦးညီက ဝင်းစိန် ညီနောင် ဆန် က်လုပ်ငန်းသို့ ဘဏ်ငွေပို့ စာရင်းအရ၊ ထုတ်ချေးခဲ့သည့် ငွေ ၃,၉၀,၀၀၀ ကျပ် အတွင်

* ၁၉၅၈ ခုနှစ်၊ တရားမကြီးမှု အမှတ် ၁၃၄။

ဗန္ဓုလသင်္ဘောကို နောက်ထပ် အပေါင်ပစ္စည်းအဖြစ် ပေးသွင်းကြောင်း ဖော်ပြခဲ့ရာ အစုစပ်လုပ်ငန်းအား ကိုယ်စားပြုသည့် ဝန်ခံချက် ပြုလုပ်ခဲ့ကြောင်း ပေါ်လွင်နေသည်။ သို့ဖြစ်ရာ သက်သေခံ "၁၈လျှူ" စာသည် ကာလ စည်းကမ်းသတ် ဥပဒေ ပုဒ်မ ၁၉ အရ၊ စည်းကမ်းသတ် ကာလ အပိုင်းအခြားကို အသစ်တဖန်ရေတွက်ရန် ဖန်တည်းခဲ့သည်ဟု ယူဆရပေမည်။

ရာလာဆင်း နှင့် **ဘာဂဝမ်ဆင်း** အဘွဲ့ ၂၊ ရန်ကုန်၊ ၃၆၇။ **မဟာဒေဝနှင့် ရာမာကုရိရှနာဂး** အေ၊အိုင်၊အာ၊ ၁၉၂၆၊ မဒရပ် ၁၁၄။ **ဂူစရန်နှင့် ဘရိချိမိုဟန်** အေ၊အိုင်၊အာ၊ ၁၉၃၉ လာဟိုး ၃၉၇ ရည်ညွှန်းသည်။

ထပ်မံဆုံးဖြတ်ချက်။ ။သက်သေခံ ၂ မှာ ဝင်းစိန် ညီနောင် ဆန်စက်လုပ်ငန်းကို မူလ အစုရှင်များက နောက်အစုရှင်များလက်သို့ လွှဲပြောင်းပေးသည့် အစုစပ် စာချုပ်ဖြစ်သည်။ ထိုစာချုပ်အား ၁၉၅၅ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ချုပ်ဆိုခဲ့သည်။ ၎င်းစာချုပ်ထဲတွင် ဝင်းစိန်ညီနောင် ဆန်စက်လုပ်ငန်းက တရားလိုဘဏ်များသို့ ချေးငွေအတွက် ငွေလေးသိန်းကျပ်ပေးရန် တာဝန်ရှိကြောင်း ဝန်ခံရေးသားထားသည်။

သက်သေခံ အမှတ် ၂ အစုစပ်စာချုပ်တွင် တရားလိုဘဏ်သို့ ချေးငွေအတွက် ကြေးပေးရန် ရှိကြောင်း ဝန်ခံချက်ကို ဘဏ်မန်နေဂျာ၏ တောင်းဆိုချက်အရ၊ ဖော်ပြခဲ့ရကြောင်း၊ တရားခံ အယ်(လ်)ဝင်းစိန်က ရုံးချေခဲ့ ဝန်ခံခဲ့သဖြင့် ထိုစာချုပ်သည် စည်းကမ်းသတ် ကာလအပိုင်းအခြားကို ဟန့်အသက်သွင်းပေးရာရောက်သည်ဟု ဆိုရမည်ဖြစ်သည်။

ဟာမီဒါဘီနှင့် အပ္ပဒွဂဖါး အေ၊အိုင်၊အာ၊ ၁၉၃၃၊ **ရန်ကုန်**၊ ၁၄၇ ရည်ညွှန်းသည်။ **မဏီရမ်ဆက်နှင့် ဆက်ရပ်ချန်**၊ အတွဲ ၃၃၊ ကာလကတ္တား ၁၀၄၇ (ပီ၊စီ)။ **ဟီရာလာလ်နှင့် နာစီလာလ်**၊ အတွဲ ၃၇၊ ဘုံဘိုင် ၃၂၆ (ပီ၊စီ)။ **မိုဟစ်လာလ်နှင့် ဘီကူမာရီ**၊ အတွဲ ၆၊ ကာလကတ္တား ၃၄၀။ **အက်မာရန်နှင့် ဂိုဗင်း**၊ အတွဲ ၁၁၊ ဘုံဘိုင် ၂၀၂ ရည်ညွှန်းသည်။

တရားလိုအတွက်။ ။ဦးစောဘိဘ်ခသျှောင်။

တရားခံအတွက်။ ။ဦးကျော်မြင့် နှင့် ဦးစံသိန်း။

တရားသူကြီး ဦးသက်ဖေ။ ။တရားလို ဆက်သွယ်ရေးဘဏ်နှင့် တရုတ်ပြည်သူ့ဘဏ် (ယခုပြည်သူ့ဘဏ်အမှတ် ၁၁ နှင့် ၁၂) တို့က တရားခံ ဝင်းစိန် ညီနောင် ကုမ္ပဏီဆန်စက် အစုစပ်လုပ်ငန်း အစုရှင်များဖြစ်ကြသည့် အယ်(လ်)ဝင်းစိန်၊ ဦးညီ(ခေါ်) အယ်(လ်)ကျစ်ဖေါင်၊ ဒေါက်တာ အယ်(လ်)ညွှန့်စိန်၊ အယ်(လ်)ညွှန့်လွင်နှင့် အယ်(လ်) ညွှန့်ဝင်းတို့အပေါ် ဘဏ်ငွေပေါ်စာရင်းအရ ထုတ်ချေးခဲ့သည့် ငွေ ၅,၃၆၂,၂၆၇ ကျပ် ၇၁ ပြားရလိုကြောင်း စွဲဆိုခဲ့သည့်အမှုဖြစ်သည်။

တရားလိုတို့က၊ တရားခံအစုစပ် လုပ်ငန်းသည် ဘဏ်ငွေစာရင်း ဖွင့်လှစ်ကာ ငွေများကို အလီလီချေးယူခဲ့ကြောင်း၊ ၁၉၅၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင်

၁၉၆၇

သည်ဘင့်(စ်)အော့(ဖ်)ကော်မြူနီကေးရှင်း၊ သည်ဘင့်(ခ်)အော့(ဖ်)ချိုင်းနားနှင့် ဝင်းစိန်ဘရားသား(စ်)ကုမ္ပဏီရိုက်(စ်)မီး(လ်)။

စာရင်းအရငွေ ၅,၃၆၂,၂၆၇ ကျပ် ၇၁ ပြား ပေးရန်ရှိသဖြင့် ထိုငွေကို ပေးဆပ်ရန် တောင်းဆိုသော်လည်း ပေးဆပ်ခြင်းမရှိ၍ တရားစွဲဆိုရကြောင်း အဆိုပြုလာသည်။

တရားခံ ဒေါက်တာ အယ်(လ်)ညွှန့်စိန်က၊ မိမိသည် ဝင်းစိန်ညီနောင်ကုမ္ပဏီဆန် စက်အစုစပ်လုပ်ငန်း၏ အစုရှင် တယောက်မဟုတ်၍၊ မိမိအားတရားမစွဲဆိုနိုင်ကြောင်း ထုချေလေသည်။ ကျန်တရားခံများကမူ မိမိတို့သည် မြောင်းမြမြို့ရှိ ဝင်းစိန် ညီနောင် ကုမ္ပဏီဆန်စက်ကို တရားလိုတို့ထံ အပေါင်ထားကာ ငွေများကို ချေးယူခဲ့ခြင်းဖြစ်၍ ဤအမှုကို ယခုပုံစံအတိုင်း မစွဲဆိုနိုင်ကြောင်း။ ထိုကဲ့သို့စက်ကို အပေါင်ထားခြင်းမှာ တရားမဝင်ကြောင်း၊ အကယ်၍ တရားဝင်သည်ဟုဆိုစေကာမူ၊ တရားလိုတို့သည် ထို စက်ကို ကြေးငွေများနှင့် ခန့်မှန်းကာ သိမ်းယူရန်ဂတိရှိသဖြင့်၊ ဤအမှုကို မစွဲဆိုနိုင် ကြောင်း။ တရားလိုတို့သည် စွဲဆိုသောငွေများကို ကာလစည်းကမ်းသတ် ဥပဒေအရ၊ မရနိုင်တော့ကြောင်း။ တရားလိုတို့ တောင်းဆိုသော ငွေများကို ဝန်မခံကြောင်း စသည်ဖြင့် ထုချေကြသည်။

အဆိုပါတရားလို တရားခံတို့၏ အဆိုနှင့် ထုချေလွှာတို့အပေါ် မူတည်၍ အောက်ပါ ကောက်ချက်များကို ထုတ်နုတ်ခဲ့ရသည်။

1. Whether the defendants are a partnership firm carrying on business under the name and style "Win Sein Brothers Estate, Win Sein Brothers Rice Mill as well as Win Sein Brothers Company Rice Mill, Myaungmya" as alleged by the plaintiffs ? or
   Whether the defendants are a partnership firm carrying on business under the name and style "Win Sein Brothers Rice Mill" only as alleged by the 1st, 2nd, 4th and 5th defendants ?
2. What was the nature of the loan granted to the defendants, *i.e.*, whether the amount alleged to have been due and payable by the defendants represented the balance of an overdraft account, or whether the amount due was on a mortgage ?
3. What was the amount due and payable by the defendants or any of the defendants to the plaintiffs ?
4. Is the 3rd defendant a party of the firm Win Sein Brothers Estate, Win Sein Brothers Rice Mill as well as Win Sein Brothers Company Rice Mill, Myaungmya ? If so, whether he is a necessary party to the suit ?

၁၉၆၇

သည်ဘင့်(ခ်) အော့(ဖ်)ကော် မြို့နံကေးရှင်း သည်ဘင့်(ခ်) အော့(ဖ်) ချိုင်းနား နှင့် ဝင်းစိန်ဘရား သား(စ်)ကုမ္ပဏီ ရှိုက်(စ်) မီး(လ်)။

5. Whether there was an agreement in or about July 1958 whereby the plaintiffs agreed to the absolute transfer of the rice mill to their nominee in full satisfaction of all the outstanding loans and whereby it was agreed that after the transfer the defendant Firm would work the mill as the lessee of the transferee on a rental of K 2,000 per month as alleged by the defendants ?
6. Is the claim barred by limitation ?
7. To what relief, if any, are the plaintiffs entitled ?

ထိုကောက်ချက်များနှင့် ပတ်သက်၍၊ နှစ်ဘက် သက်သေ များကို စစ်ဆေး ကြားနာပြီးနောက်၊ လျှောက်လဲချက်များ ပေးသည့်အချိန်တွင်၊ တရားလိုတို့က အဆို လွှာကို ပြင်ဆင်ရန် လျှောက်ထားခဲ့သည်။ တဘက်မှ ကန့်ကွက်သော်လည်း ဤရုံးမှ ၁၉၆၃ ခု၊ ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် တရားလို၏ အဆိုလွှာကို ပြင်ဆင်ရန်ခွင့်ပြုလိုက် လေသည်။ ယင်းသို့ ခွင့်ပြုရာတွင် တရားလိုအား နောက်ထပ် သက်သေထူခွင့်မပြုဟု ကန့်သတ်ခဲ့၏။ ထို့နောက် ၁၊ ၂၊ ၄ နှင့် ၅ တရားခံများက ဥပဒေကောက်ချက်ဖြစ် သည့် ကောက်ချက်အမှတ် ၆ ကို ပဏာမအနေဖြင့် ကြားနာသင့်ကြောင်း တင်ပြလာ သည့် အလျောက်၊ နှစ်ဘက်ရှေ့နေများကို ကြားနာပြီး၊ ဤအမိန့်ကို ချမှတ်လိုက်ရ ခြင်းဖြစ်သည်။

တရားခံဝင်းစိန် ညီနောင် ဆန်စက်လုပ်ငန်းကိုယ်စား အစုရှင် အယ်(လ်)ဝင်းစိန် သည် အော်ဒီမံစာချုပ် သုံးခုကို ချုပ်ဆိုကာ တရားလိုတို့ထံမှ ငွေအလီလီချေးယူခဲ့ သည်ဆိုခြင်းမှာ အငြင်းမပေါက်ပေ။ အစုရှင် အယ်(လ်)ဝင်းစိန်သည် အစုစပ်လုပ်ငန်း အတွက် ငွေချေးယူနိုင်သည့် အာဏာရှိသည်ဆိုခြင်းကိုလည်း ဝန်ခံထားသည်။ (သက် သေခံ 'အေ')။ပဌမအော်ဒီမံစာချုပ် (သက်သေခံ 'ဒီ')မှာ ငွေ ၁,၇၀,၀၀၀ ကျပ် အတွက်ဖြစ်ပြီး၊ ၁၉၅၂ ခု၊ နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ချုပ်ဆိုခဲ့သဖြင့်၊ ထိုစာချုပ်သည် သာမန်အားဖြင့် ၁၉၅၅ ခု၊ နိုဝင်ဘာလ ၁၅ ရက်နေ့တွင် စည်းကမ်းသတ် ကာလအချိန် ကုန်ဆုံးမည်ဖြစ်သည်။ဒုတိယအော်ဒီမံစာချုပ်(သက်သေခံ'ဂျီ')မှာ ငွေ ၇၀,၀၀၀ကျပ် အတွက်ဖြစ်ပြီး၊ ၁၉၅၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့၌ ချုပ်ဆိုခဲ့ခြင်းဖြစ်၍၊ သာမန် အားဖြင့် စည်းကမ်းသတ် အချိန်သည် ၁၉၅၅ ခု၊ ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ကုန်ဆုံး မည်ဖြစ်သည်။တတိယအော်ဒီမံစာချုပ်(သက်သေခံ'ကေ')မှာ ငွေ ၁,၅၀,၀၀၀ ကျပ် အတွက်ဖြစ်ပြီး၊ ၁၉၅၃ ခု၊ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် ချုပ်ဆိုခဲ့၍၊ သာမန်အားဖြင့် စည်းကမ်းသတ်အချိန်သည် ၁၉၅၆ ခု၊ ဒီဇင်ဘာလ ၁၆ ရက်နေ့၌ကုန်ဆုံးမည်ဖြစ်သည်။ တရားလိုတို့သည် ဤအမှုကို ၁၉၅၈ ခု၊ ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် စတင်စွဲဆိုခဲ့

၁၉၆၇

သည်ဘင့်(ခ်)အော့(ဖ်)ကော် မြူနီကေးရှင်း၊ သည်ဘင့်(ခ်)အော့(ဖ်) ချိုင်းနား၊ နှင့် ဝင်းစိန်ဘရား သား(စ်)ကုမ္ပဏီ ရိုက်(စ်)မီး(လ်)။

သဖြင့် မူလချုပ်ဆိုခဲ့သည့် အော်ဒီမံစာချုပ်များ သက်တမ်းကုန်ဆုံးပြီး နောက်ပိုင်း တွင်သာ တရားစွဲဆိုခဲ့ကြောင်း ပေါ်လွင်နေသည်။ သို့ရာတွင် ကာလ စည်းကမ်း သတ် ဥပဒေပုဒ်မ ၁၉ နှင့် ၂၀ တို့အရ၊ သက်သေ အထောက်အထားများရှိသဖြင့် မိမိတို့စွဲဆိုသောအမှုမှာ ကာလစည်းကမ်းသတ် ဥပဒေအရ ပိတ်ပင်ခြင်း မရှိကြောင်း တင်ပြလာသောကြောင့် ထိုတင်ပြချက်မှာ မည်ရွေ့မည်မျှ အခြေအမြစ်ရှိသည်ဆိုခြင်း ကို စီစစ်ရန် လိုပေသည်။

ကြေးမြီတောင်းခံခွင့်နှင့် စပ်လျဉ်း၍ တရားကြီးမှစွဲဆိုရန် သတ်မှတ်ထားသည့် စည်းကမ်းသတ်ကာလ အပိုင်းအခြား မကုန်ဆုံးမီ၊ ကြေးမြီတောင်းဆိုခြင်း ခံရသူက၊ အဆိုပါ အခွင့်အရေးနှင့် ပတ်သက်၍ တာဝန် ရှိကြောင်း ရေးသားလက်မှတ်ထိုး၍ ဝန်ခံချက်ပြုလုပ်လျှင်၊ ထိုသို့ ဝန်ခံချက် ပြုလုပ်သည့်အခါမှ စ၍ စည်းကမ်းသတ်ကာလ အပိုင်းအခြားကို အသစ်ရေတွက်ရမည်ဟု ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ ၁၉ က ပြဋ္ဌာန်းထားသည်။ မြီစားဘဉီးဦးက ကြေးမြီကို ပေးဆပ်ရန် တာဝန်ရှိကြောင်း ရေး သား လက်မှတ်ထိုး၍ဝန်ခံချက်ပြုလုပ်ခြင်းအားဖြင့် မြီရှင်သည် ကြေးမြီအတွက် တရား စွဲဆိုရန် အခွင့်အရေးကို အသစ်တဖန်ရရှိခြင်းမဟုတ်ဘဲ၊ ကုန်ဆုံးခဲ့ပြီးဖြစ်သည့် စည်း ကမ်းသတ် ကာလအပိုင်းအခြားကိုအသစ်တဖန်ပြန်၍ ရရှိခြင်းသာဖြစ်သည်။သို့ဖြစ်ရာ မြီစားအနေဖြင့် မူလစည်းကမ်းသတ် ကာလ အပိုင်းအခြား လုံးဝမကုန်ဆုံးမီ ဝန်ခံ ချက်ပြုလုပ်မှသာ၊ ပုဒ်မ ၁၉ နှင့်အကျုံးဝင်မည်ဖြစ်သည်။ မူလစည်းကမ်းသတ် ကာလ အပိုင်းအခြား ကုန်ဆုံးပြီးမှသာ မြီစားက ဝန်ခံချက်ပြုလုပ်ခဲ့ပါမူ၊ မြီရှင်သည် ပုဒ်မ ၁၉ ၏ အကျိုးကျေးဇူးကို ခံစားခွင့်မရှိတော့ပေ။ ကာလစည်းကမ်းသတ် ဥပဒေအရ တောင်းဆိုနိုင်ခြင်းမပြုနိုင်သည့် ကြေးမြီကို ပဋိညာဉ် ဥပဒေပုဒ်မ ၂၅ (၃) အရသာ ပြန်လည်ပေးဆပ်ရန် ဂတိပြုနိုင်ပေသည်။

ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ ၂၀ အရဆိုလျှင်၊ မြီစားသည် သတ်မှတ်ထား သည့် စည်းကမ်းသတ် ကာလအပိုင်းအခြား မကုန်ဆုံးမီ၊ ကြေးမြီအတွက် အတိုးငွေကို အတိုးငွေအဖြစ်သော်ငင်း၊ ဌေးငှါး တစိတ်ဘဒေကကိုသော်ငင်း ပေးဆပ်ပြီး၊ ယင်းသို့ ပေးဆပ်ကြောင်းကို ရေးသား၍ သော်ငင်း၊ လက်မှတ်ရေးထိုး၍သော်ငင်း၊ ဝန်ခံချက် ပြုလုပ်သွင် ထိုကဲ့သို့ ပေးဆပ်သည့်နေ့မှစ၍ စည်းကမ်းသတ်ကာလ အပိုင်းအခြားကို အသစ်ရေတွက်ရမည်ဖြစ်သည်၊ မူလစည်းကမ်းသတ်ကာလ မကုန်ဆုံးမီ ငွေရင်းတစိတ် တဒေသ၊ သို့မဟုတ် အတိုးငွေကို ပေးဆပ်ရမည်။ထိုကဲ့သို့ ပေးဆပ်ကြောင်းကိုလည်း ရေးသားဝန်ခံချက် ပြုသုပ်ထားရမည်၊ ထိုအချက်နှစ်ချက်နှင့် ပြည့်စုံမှသာ ပုဒ်မ ၂၀ နှင့် ကိုက်ညီမည်ဖြစ်သည်၊ **ဟာဂျီဟာဘီ** နှင့် **ဘာဘူးစိုးဒရန်ချ်** (၁)။

---

(၁) ၁၉၅၈ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး ၁၊ (တရားလွှတ်တော်)။

၁၉၆၇ သည်ဘင့်(ခ) အော့(ဖ်)ကော် မြို့နီကေးရှင်း၊ သည်ဘင့်(ခ) အော့(ဖ်)၊ ချိုင်းနား နှင့် ဝင်းစိန်ဘရား သား(စ်)ကုမ္ပဏီ ရိုက်(စ်) မီး(လ်)။

အထက်ပါ ဥပဒေသဘောကိုသတိမူလျက်၊ ဤအမှုတွင် ပေါ်ပေါက်လျက်ရှိသော သက်သေခံအထောက်အထားများကိုဝေဘန်ဆန်းစစ်ရပေမည်၊ တရားလိုတို့က တရားခံတို့သည် ဘဏ်ငွေလွှဲစာများ (သက်သေခံ ၃ ဒီ) ဖြင့်၊ ၁၉၅၅ ခု၊ စက်တင်ဘာလ ၅ ရက်နေ့ငွေ ၇,၀၀၁ ကျပ်၊ ၁၉၅၆၊ ဇွန်လ ၂၀ ရက်နေ့တွင်ငွေ ၅,၀၀၀ ကျပ်၊ ၁၉၅၆ ခု၊ ဩဂုတ်လ ၂၉ ရက်နေ့တွင်ငွေ ၁၀,၀၀၁ကျပ်၊ ၁၉၅၆ ခု၊ အောက်တိုဘာလ ၁၇ ရက်တွင်ငွေ ၁၀,၀၀၀ ကျပ်နှင့် ၁၉၅၇ ခု၊ ဧပြီလ ၁၈ ရက်နေ့တွင်ငွေ ၂၀,၀၁၀ ကျပ် ပေးဆပ်ခဲ့သဖြင့်၊ ထိုကဲ့သို့ ပေးဆပ်ခြင်းသည်၊ စည်းကမ်းသတ်ကာလ အပိုင်းအခြားကို တိုးခဲ့စေခဲ့သည်ဟု ဆိုလာသည်။ တရားခံတို့က အဆိုပါငွေများကို ပေးဆပ်ခဲ့သော်လည်း၊ ယင်းသို့ ပေးဆပ်ကြောင်းကို တရားခံတို့ကိုယ်ဘိုင်ရေးသား၍ သော်၎င်း၊ လက်မှတ်ထိုး၍ သော်၎င်း၊ ဝန်ခံချက် ပြုလုပ်ထားခြင်း မရှိသဖြင့်၊ ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ ၂၀ နှင့် အကျုံးမဝင်သည့် အလျောက် စည်းကမ်းသတ် ကာလအပိုင်းအခြားကို တိုးခဲ့စေခဲ့သည်ဟု မ-ဝိုနိုင်ခေါ်။

တရားလိုတို့က၊ တရားခံအယ်(လ်)ငင်းစိန်သည် သက်သေခံ "ဒီ" အော်ဒီမံစာချုပ်၏နောက်ကျောတွင် ၁၉၅၅ ခု၊ နိုဝင်ဘာလ ၁၅ ရက်နေ့စွဲဖြင့်၎င်း၊ သက်သေခံ "ဂျီ" အော်ဒီမံစာချုပ်၏ နောက်ကျောတွင်၊ ၁၉၅၅ ခု၊ ဒီဇင်ဘာလ ၂၇ ရက်နေ့စွဲဖြင့်၎င်း၊ သက်သေခံ "ကေ" အော်ဒီမံစာချုပ်၏နောက် ကျောတွင် ၁၉၅၆ခု၊ ဒီဇင်ဘာလ ၁၆ ရက်နေ့စွဲဖြင့်၎င်း၊ လက်မှတ် ရေးထိုးခဲ့သဖြင့်၊ စည်းကမ်းသတ် ကာလအပိုင်းအခြားကို ထိုကဲ့သို့လက်မှတ်ရေးထိုးခဲ့သည့် နေ့ရက်များမှစ၍ အသစ်ရေတွက်ရမည်ဖြစ်ကြောင်း ထပ်လောင်း တင်ပြလာသည်။ တရားခံတို့၏ရှေ့နေဦးကျော်မြင့်က၊ အော်ဒီမံစာချုပ်များ၏ နောက်ကျောတွင် တရားခံ အယ်(လ်)ဝင်းစိန်၏ လက်မှတ်ရှိသော်လည်း၊ ထို လက်မှတ်များကို တရားခံက တင်ရှိနေသော ကြွေးမြီများကို ပေးဆပ်ရန် တာဝန်ရှိကြောင်း ဝန်ခံသည့် အနေဖြင့် လက်မှတ်ထိုးခဲ့သည်ဆိုသော သက်သေ အထောက်အထား မရှိသည့်အလျောက် ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ ၁၉နှင့် အကျုံးမဝင်နိုင်ကြောင်း ချေပသွားသည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ပုဒ်မ ၁၉ အရ အကျုံးဝင်လိုလျှင် မြီစားအနေဖြင့် တရားစွဲဆိုသည့် ကြွေးမည်ကို ပေးဆပ်ရန် တာဝန်ရှိကြောင်း ဝန်ခံရေးသားချက်ရှိရမည်ဖြစ်သည်။ အော်ဒီမံစာချုပ်၏ နောက်ကျောတွင် မြီစားကသက်မှတ်ထိုးထားကာမျှဖြင့် မြီစားသည်ကြွေးမြီများကို ပေးဆပ်ရန် တာဝန်ရှိကြောင်း ဝန်ခံသည်ဟု ဆိုနိုင်သည်မဟုတ်ပေ။ **ဘလုပ်သိန်ဂန်** နှင့် **စီမူဂန်ချစ်တီးယား** (၂)၊ သို့ရာတွင်ထိုကဲ့သို့လက်မှတ်ထိုးထားခြင်းမှာကြွေးမြီကို ပေးဆပ်ရန်တာဝန်ရှိသည်ဟု ဝန်ခံကြောင်း အခြားသက်သေ အထောက်အထား ရှိပါမူ၊

(၂) အေ၊အိုင်၊အာရ်(ရ်)၊ ၁၉၄၃ ခုနှစ်၊ ရန်ကုန်၊ ၂၇၃ (၂၈၈)။

ခေတ်ဂ သည်ဘင့်(ခ်) အော့(ဖ်)ကော်မြူနီကေးရှင်း၊ သည်ဘင့်(ခ်) အော့(ဖ်) ချိုင်းနား နှင့် ဝင်းစိန်ဘရား သား(စ်)ကုမ္ပဏီ ရှိုက်(စ်) မီး(လ်)။

ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ ၉ ပါပြဋ္ဌာန်းချက်နှင့် ညီညွတ်သည်ဟု ဆိုရမည် မည်ဖြစ်သည်။

ယခုအမှုတွင် အော်ဒီမံစာချုပ်နောက်ကျခဲ့၊ တရားခံ အယ်(လ်) ဝင်းစိန်၏ လက်မှတ်မျှားရှိသော်လည်း တရားခံသည် ကြွေးမြီမျှားကို ပေးဆပ်ရန် တာဝန်ရှိ ကြောင်း ဝန်ခံသည့်အနေဖြင့် ထိုလက်မှတ်မျှားကို ရေးထိုးခဲ့ကြောင်း သက်သေ အထောက်အထားလုံးဝမရှိသဖြင့်၊ ထိုလက်မှတ်မျှားကြောင့်စည်းကမ်းသတ် ကာလ အပိုင်းအခြားကိုတဖန်အသက်သွင်းပေးခဲ့သည်ဟု ဆိုရန်ခဲယဉ်းနေသည်။

တရားလိုတို့က သက်သေခံ " ဒဗလျူ " " ၂ " " ၂အင် " " ၂ကေ " နှင့် " ၂-အယ်လ် " စာရွက်စာတမ်းမျှားကို တဖန် အကိုးအကားပြုလာသည်၊ သက်သေခံ " ဒဗလျူ " မှာ၊ ဒုတိယတရားခံ ဦးညီက ဘဏ်မှထုတ်ချေးသည့်ငွေ ၃,၉၀,၀၀၀ ကျပ် အတွက်၊ ပန္နာလသင်္ဘောကို နောက်ထပ် အပေါင်ပစ္စည်းအဖြစ် ထားရန် သဘော တူကြောင်း၊ ၁၉၅၃ ခုဒီဇင်ဘာလ ၁၆ ရက်နေ့တွင် ရေးသည့်စာဖြစ်သည်၊ ထိုစာအရ ဆိုလျှင် ဝင်းစိန်ညီနောင် ကုမ္ပဏီဆန်စက် လုပ်ငန်းသည် တရားလို ဘဏ်မျှားမှ ငွေ ၃,၉၀,၀၀၀ ကျပ်ချေးယူထားသည်ဟု ဝန်ခံကြောင်းပေါ်လွင်သည်၊ တရားခံတို့၏ ရှေ့နေ ဦးကျော်မြင့်က၊ တရားခံဦးညီ၏ ဝန်ခံချက်မှာ အခြားတရားခံမျှားအပေါ် တည်မြဲခြင်းမရှိသဖြင့်ဂင်း၏ ဝန်ခံချက်သည် ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ ၁၉ တွင် ဖော်ပြထားသည့် ဝန်ခံချက်ဖြစ်သည်ဟု မယူဆနိုင်ကြောင်း စောဒကတက်လာ သည်။

အစုစပ်လုပ်ခြင်း ဥပဒေပုဒ်မ ၁၀ အရ၊ အစုရှင်တဦးသည် အစုစပ်လုပ်ငန်းနှင့် ပတ်သက်၍ အစုစပ် လုပ်ငန်း၏ ကိုယ်စားလှယ်တယောက်ဖြစ်သည်၊ ထို့ပြင် ပုဒ်မ ၂၃ တွင် အစုရှင်တဦး၏ အစုစပ်လှုပ်ငန်းနှင့် ပတ်သက်သည့် ဝန်ခံချက်သည် အစုစပ် လုပ်ငန်းအပေါ် အတည်ဖြစ်သည်ဟု ပြဋ္ဌာန်းထားသည်။ သို့ဖြစ်ရာ မဖျက်သိမ်းရသေး သည့် အစုစပ်လုပ်ငန်းတခုတွင် သာမန်အားဖြင့် အစုရှင်တဦးသည် အစုစပ်လုပ်ငန်းနှင့် ပတ်သက်၍ ဝန်ခံချက်ကို ပြုလုပ်နိုင်ခွင့်ရှိသည့် "အစုစပ်လုပ်ငန်း၏ ကိုယ်စားလှယ် ဖြစ်သည်ဟု ယူဆရမည်ဖြစ်သည်။ ဝန်ခံချက်ပြုလုပ်ရန် သီးခြား အာဏာပေးထား သည်ဆိုသော တိုက်ရိုက်သက်သေအထောက်အထား တင်ပြရန်မလိုပေ၊ **ရာလာဆင်း** နှင့် **ဘာဂဝမ်ဆင်း** (၃)၊ **မဟာဒေဝန့်** နှင့် **ရာမာကရိုရ်ဏန်း**(၄)၊**ဂူစရန်**နှင့် **ဘရိချ်မိုဟန်** (၅)၊ ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ ၂၁ (၂) တွင် အစုရှင်တဦး၏ဝန်ခံချက်

(၃) အတွဲ ၂၊ ရန်ကုန် ၃၆၇။
(၄) အေးအိုင်းအာ(ရ်)၊ ၁၉၂၆ ခုနှစ်၊ မဒရပ်၊ ၁၁၄။
(၅) အေးအိုင်းအာ(ရ်)၊ ၁၉၃၉ ခုနှစ်၊ လာဟိုး၊ ၃၉၇။

ကို အကြောင်းပြု၍ အခြားအစုရှင် တဦးဦးအပေါ် တောင်းခံခွင့် မရှိစေရဟု ပြဋ္ဌာန်းထားသည်မှာမှန်၏၊ သို့ရာတွင် ထိုပြဋ္ဌာန်းချက်၏ အဓိပ္ပါယ်မှာ အစုရှင်တဦးသည် အစုစပ်လုပ်ငန်း၏ ကိုယ်စားလှယ်အဖြစ်ဝန်ခံသည်ဟုအထောက်အထားမရှိလျှင် အခြားအစုရှင်အပေါ် တာဝန်မရှိစေရဟု ဆိုခြင်းသာဖြစ်သည်။ ထိုကဲ့သို့ပြဋ္ဌာန်းထားခြင်း၏ရည်ရွယ်ချက်မှာ အစုရှင်တဦးသည် အစုစပ်လုပ်ငန်းအတွက် မဟုတ်တဲ့မိမိကိုယ်ပိုင် ဒင်္ကြားမြီအတွက်၊ ဝန်ခံချက်ပြုလုပ်လျှင်၊ ဝန်ခံချက်ပြုလုပ်သည့် အစုရှင်သာလျှင် တာဝန်ရှိစေရန် ဖြစ်ပေသည်။

၁၉၆၇ သည်ဘင့်(ခ်) အော့(ဖ်)ကော်မြူနီကေးရှင်း၊ သည်ဘင့်(ခ်) အော့(ဖ်) ချိုင်းနား၊ စီးဒ် ဝင်းစိန်ဘရား သား(စ်)ကုမ္ပဏီ ရှိုက်(စ်) မီး(လ်)။

ယခုအမှုတွင် တရားခံဦးညီသည်၊ ဝင်းစိန်ညီနောင် ကုမ္ပဏီဆန်စက်လုပ်ငန်း၏အစုရှင် တယောက်ဖြစ်သည်ဆိုခြင်းမှာ၊ နှစ်ဦးနှစ်ဘက် ဝန်ခံသည့်အချက်ဖြစ်သည်၊ ဦးညီက၊ သက်သေခံ "ဒဗလျူ" အား ရေးသားသည့်အချက်၌၊ ဝင်းစိန် ညီနောင် ကုမ္ပဏီဆန်စက်လုပ်ငန်းမှာလည်း၊ ဖျက်သိမ်းခြင်းမပြုရသေးကြောင်း အငြင်းမပေါက်ပေ၊ ထိုစာတွင် ဦးညီက ဝင်းစိန်ညီနောင် ဆန်စက်လုပ်ငန်းသို့ ၊ဘဏ်ငွေပို့စာရင်းအရ ထုတ်ချေးခဲ့သည့်ငွေ ၃,၉၀,၀၀၀ ကျပ် အားဖြင့် ဗန္ဓုလသဘော်ကို နောက်ထပ်အပေါင်ပစ္စည်းအဖြစ်ပေးသွင်းကြောင်း ဖော်ပြခဲ့ရာ၊ အစုစပ်လုပ်ငန်းအား ကိုယ်စားပြုသည့်ခံဝန်ချက်ပြုလုပ်ခဲ့ကြောင်း ပေါ် လွင်နေသည်၊ သို့ဖြစ်ရာ၊သက်သေခံ "ဒဗလျူ" စာသည် ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ ၁၉ အရ၊ စည်းကမ်းသတ်ကာလအပိုင်းအခြားကို အသစ်တဖန် ရေတွက်ရန် ဖန်တည်းခဲ့သည်ဟု ယူဆရပေမည်။

သက်သေခံ " ၂ " မှာ၊ ဝင်းစိန်ညီနောင် ဆန်စက်လုပ်ငန်းကို၊ မူလအစုရှင်များက နောက်အစုရှင်များလက်သို့ လွှဲပြောင်းပေးသည့် အစုစပ် စာချုပ်ဖြစ်သည်၊ ထိုစာချုပ်အား၊ ၁၉၅၅ ခု၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ချုပ်ဆိုခဲ့သည်၊ ၎င်း စာချုပ်ထဲတွင် ဝင်းစိန်ညီနောင် ဆန်စက်လုပ်ငန်းက တရားလိုဘဏ်များကို ချေးငွေအတွက် ငွေလေးသိန်းကျပ် ပေးရန် တာဝန် ရှိကြောင်း ဝန်ခံရေးသားထားသည်။ ယင်းသို့ဝန်ခံရေးသားထားချက်သည်၊ စည်းကမ်းသတ် ကာလအပိုင်းအခြားကို အသက်သွင်းပေးရာရောက် မရောက် စဉ်းစားရန် လိုပေသည်။ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ ၁၉ တွင် မြီစားတဦးသည် ကြွေးမြီပေးရန်တာဝန်ရှိကြောင်း ရေးသား လက်မှတ်ထိုး၍ ဝန်ခံလျှင်၊ ထိုကဲ့သို့ဝန်ခံသည့်နေ့ရက်မှစ၍၊ စည်းကမ်းသတ်ကာလအပိုင်းအခြားကို အသစ်ရေတွက်ရမည်ဟု ပြဋ္ဌာန်းထားသည်။ ထိုပုဒ်မ၏ပဌမရှင်းလင်းချက်အရဆိုလျှင်၊ မြီစား၏ဝန်ခံချက်တွင် ငွေမည်ရွေ့ မည်မျှအတိအကျ ပေးရန်ရှိသည်ဟု ဖော်ပြရန် မလိုချေ၊ **ဟာမီဒါဘီနှင့် အဗ္ဗဗူဂဖါး** (၆)။ ထိုဝန်ခံချက်အား မြီရှင်သို့ ဦးတည်၍သွေ်ဂင်း၊ လိပ်တပ်၍သော်ဂင်း၊ပြုလုပ်ပေးရမည်ဟုပြဆိုထားခြင်းမရှိပေ၊ **မဏိရမ်ဆက်နှင့် ဆောက်ရပ်**

(၆) အေ၊အိုင်၊အာ(ရ်)၊ ၁၉၃၃ ခု၊ ရန်ကုန်၊ ၁၄၇။

၁၉၇၇

သည်ဘင့်(ခ်)အော့(ဖ်)ကော်မြူနီကေးရှင်း၊ သည်ဘင့်(ခ်)အော့(ဖ်)ချိုင်းနားနှင့် ဝင်းစိန်ဘရားသား(စ်)ကုမ္ပဏီရိုက်(စ်)မီး(လ်)။

ချန် (၇)၊ **ဟီရာလာလ်** နှင့် **နာစီလာလ်** (ဂ)၊ သက်သေခံ အမှတ် "၂" အစုစပ် စာချုပ်တွင် တရားလိုဘဏ်သို့ ချေးငွေအတွက်၊ ကြွေးပေးရန်ရှိကြောင်း ဝန်ခံချက်ကို ဘဏ်မန်နေဂျာ၏ တောင်းဆိုချက်အရ ဖေါ်ပြခဲ့ရကြောင်း။ တရားခံအယ်(လ်)ဝင်းစိန်က ရုံးရှေ့ဥဝန်ခံခဲ့သဖြင့်၊ ထိုစာချုပ်သည် စည်းကမ်းသတ်ကာလ အပိုင်းအခြားကိုတဖန်အသက်သွင်းပေးရာ ရောက်သည်ဟု ဆိုရမည်ဖြစ်သည်။

သက်သေခံ "၂ အင်" မှာ၊ ၁၉၅၇ ခု၊ နိုဝင်ဘာလ ၁၉ ရက်နေ့တွင်၊ တရားခံဦးညီက၊ ဝင်းစိန်ညီနောင် ဆန်စက် အစုဝင်အဖြစ်ရေးသားထားခဲ့သည့် စာဖြစ်သည်၊ ထိုစာတွင်ဘဏ်ကြွေးများအတွက်ဆန်စက်ကိုငွေ ၃,၉၀,၀၀၀ ကျပ်နှင့် ရောင်းချရန်သဘောတူပြီး ရောင်းရငွေများကို အကြွေးစာရင်း၌ ထည့်ပေးရန် မေတ္တာရပ်ခံထားသည်။ သက်သေခံ"၂ အယ်(လ်)"မှာတရားခံအယ်(လ်)ဝင်းစိန်ကတရားလိုဘဏ်သို့ ၁၉၅၇ ခု၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ပေးပို့သည့်စာဖြစ်သည်။ ထိုစာ၏အပိုဒ် ၄ တွင် ချေးငွေများကိုအမြန်ဆုံးပေးဆပ်ရန် ဆန္ဒရှိကြောင်းဖေါ်ပြထားသည်။သက်သေခံ "၂ကေ" မှာ တရားခံအယ်(လ်)ဝင်းစိန်ကပင် တရားလိုဘဏ်သို့ ၁၉၅၇ ခု၊ မတ်လ ၆ ရက်နေ့တွင်ပေးသည့်စာဖြစ်သည်။ ထိုစာ၌ကြွေးငွေနှင့် ပတ်သက်၍ ငြိုလတွင် ပေးဆပ်ရန်ကြိုးစားမည်ဖြစ်ကြောင်း ဝန်ခံထားသည်။ ထိုစာများမှာ တရားခံတို့က တရားလိုသို့ ထုတ်ချေးခဲ့သော ကြွေးငွေများအတွက် ပေးဆပ်ရန် တာဝန်ရှိကြောင်း ဝန်ခံချက်များဖြစ်သည်ဆိုခြင်းမှာ သံသယမရှိနိုင်ပေ။

အမှုတွင် ပေါ်ပေါက်လျက်ရှိသော သက်သေအထောက်ထားများကို အကျဉ်းချုံး၍ ပြန်လည်ဖေါ်ရမည်ဆိုလျှင်၊ တရားခံဝင်းစိန်ညီနောင် ကုမ္ပဏီဆန်စက်လုပ်ငန်းသည်သက်သေခံ "ဒီ"၊ "ဂျီ"၊ "ကေ"၊အော်ဒီမံစာချုပ်သုံးခုကို ၁၉၅၂ ခု၊နိုဝင်ဘာလ ၁၅ ရက်နေ့၊ ၁၉၅၂ ခု၊ မေလ ၂၇ ရက်နေ့ နှင့် ၁၉၅၃ ခု၊ဒီဇင်ဘာလ ၁၆ ရက်နေ့အသီးသီးတွင် ချုပ်ဆိုပြီး တရားလိုတို့ထံမှ ငွေများကို ချေးယူခဲ့သည်။ အစုရှင်တဦးဖြစ်သူ တရားခံ ဦးညီသည် ၁၉၅၃ ခု၊ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် သက်သေခံ "ဒဗလျူ" စာရေးသားကာ ဘဏ်ကြွေးများကို ဝန်ခံခဲ့သည်။ ၁၉၅၅ ခု၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် အစုရှင် အချင်းချင်း ချုပ်ဆိုသည့် အစုစပ်စာချုပ် (သက်သေခံ ၂) ၌ ဘဏ်ကြွေးများပေးဆပ်ရန်ရှိကြောင်းဝန်ခံဖေါ်ပြခဲ့သည်။ တရားခံအယ်(လ်)ဝင်းစိန်က ၁၉၅၇ ခု၊ ဖေဖော်ဝါရီလ ၂ ရက်နေ့နှင့် ၁၉၅၇ ခုနှစ်၊ မတ်လ ၆ ရက်နေ့များတွင် တရားလိုဘဏ်သို့ ပေးသည့်စာ (သက်သေခံ ၂ အယ်လ်နှင့် ၂ကေ) တို့၌ဌင်း၊ တရားခံဦးညီက

---

(၇) အတွဲ ၃၃၊ ကာလကတ္တား၊ ၁၀၄၇ (ပရီဗီကောင်စီ)။
(ဂ) အတွဲ ၃၇၊ ဘုံဘိုင်၊ ၃၂၆ (ပရီဗီကောင်စီ)။

၁၉၆၇ ခုနှိုဝင်ဘာလ ၁၉ ရက် နေ့တွင်တရားလိုဘဏ်သို့ပေးသည့်စာ (သက်သေခံ ၂ အင်) ၌ဌင်း၊ ဘဏ်သို့ချေးငွေများ ပေးဆပ်ရန်ရှိကြောင်း ဝန်ခံခဲ့လေသည်။

၁၉၆၇ သည်ဘင့်(ခ်) အော့(ဖ်)ကော်မြူနီကေးရှင်း၊ သည်ဘင့်(ခ်) အော့(ဖ်) ချိုင်းနားနှင့် ဝင်းစိန်ဘရားသား(စ်)ကုမ္ပဏီ ရိုက်(စ်)မီး(လ်)။

မြီစားတဦးက မူလစည်းကမ်းသတ်ကာလ အပိုင်းအခြား မကုန်ဆုံးမီ ကြွေးမြီပေးရန် တာဝန်ရှိကြောင်း ရေးသားဝန်ခံချက် ပြုလုပ်လျှင် ထိုကဲ့သို့ ဝန်ခံချက် ပြုလုပ်သည့် နေ့မှစ၍ စည်းကမ်းသတ် ကာလအပိုင်းအခြားကို အသစ်ရေတွက်ရမည်ဖြစ်သည့်အလျောက်၊ ဝန်ခံချက်သည်တခုထက်ပိုလျှင် နောက်ဆုံးဝန်ခံချက်ပြုလုပ်သည့်နေ့မှစ၍စည်းကမ်းသတ်ကာလအပိုင်းအခြားကို အသစ်ရေတွက်ရမည်ဖြစ်ပေသည်၊ **မိုဟစ်လာလ်** နှင့် **ဘီကူမာရီ** (၉)။ **အက်မာရန်** နှင့် **ဂိုဗင်း** (၁၀)။ ယခုအမှုတွင်အော်ဒီမံစာချုပ်များ၏ သက်တမ်းမကုန်ဆုံးမီ သက်သေခံ“ ဒဗလျူ ” နှင့် “ ၂ ”ဝန်ခံချက်များကို ရေးသားပေးခဲ့၏ထို့ခံဝန်ချက်များအရ၊ အသစ်ရေတွက်ရမည့် စည်းကမ်းသတ်ကာလအပိုင်းအခြားသက်တမ်းမကုန်ဆုံးမီ၊ တရားခံတို့သည်သက်သေခံ“ ၂ အယ်(လ်)၊ ၂ ကေနှင့် ၂ အင် ”၊ ဝန်ခံချက်တို့ကို ရေးသားထားခဲ့ပြန်သဖြင့် ထိုကဲ့သို့ရေးသားပေးခဲ့သည့် ၁၉၅၇ ခု၊ ဖေဖော်ဝါရီလ ၂ ရက်နေ့၊ ၁၉၅၇ ခု၊ မတ်လ ၆ ရက်နေ့နှင့် ၁၉၅၇ ခု၊ နိုဝင်ဘာလ ၁၉ ရက်နေ့တို့မှတဖန် စည်းကမ်းသတ် ကာလ အပိုင်းအခြားကို အသစ်ရေတွက်ရန် အခွင့်အရေး ရရှိခဲ့ပေသည်။ ထို့နေ့များမှစ၍ ရေတွက်လျှင် ဤအမှုကို စွဲဆိုသည့် ၁၉၅၈ ခု၊ ဒီဇင်ဘာလ ၂၃ ရက်နေ့မှာ စည်းကမ်းသတ် ကာလ အပိုင်းအခြားအတွင်းကျရောက်နေကြောင်း ထင်ရှားနေသည်။ သို့ဖြစ်ရာ တရားလိုတို့၏အမှုသည် ကာလစည်းကမ်းသတ် ဥပဒေအရ ပိတ်ပင်ခြင်း မခံဟု ဖြေဆိုရမည် ဖြစ်သည်။ ထိုအတိုင်းပင်လည်း ကောက်ချက် အမှတ် ၆ ကိုကျွန်ုပ်ဖြေဆိုလိုက်သည်။ တရားခံ ၁၊ ၂၊ ၄ နှင့် ၅ တို့သည် တရားလိုတို့၏ ရွှေနေစရိတ်ငွေ ၇၅ ကျပ်ပေးဆောင်ရမည် ဖြစ်သည်။

(၉) အတွဲ ၆၊ ကာလကတ္တား၊ ၃၄၀။
(၁၀) အတွဲ ၁၁၊ ဘုံဘိုင်၊ ၂၀၂။

နိုင်ငံတော်တရားရုံးချုပ်

တရားမအထွေထွေအယူခံမှု

တရားသူကြီး ဦးချစ် ရွှေတင်

†၁၉၆၇
မေလ ၁၂ ရက်။

ဟာရွှင်မာန်စာ (ခေါ်) ဦးဘရွှင် (အယူခံတရားလို)

နှင့်

အိပ်(ချ်)၊ အေ၊ဟာဆန် ပါ ၂ (အယူခံတရားခံ)*

တရားမကျင့်ထုံးဥပဒေ အမိန့် ၃၉၊ နည်း (၂) အရ၊ ချမှတ်သောအမိန့်—အယူခံခွင့်ရှိ မရှိ—တရားခံအား ချေပရန် အခွင့်အရေးနှင့် အချိန်ပေးရန် လိုအပ်ခြင်း။

ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံး ဥပဒေအမိန့် ၃၉၊ နည်း (၂) အရ၊ ချမှတ်သော အမိန့်ကို တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၀၄ နှင့် အမိန့် ၄၃၊ နည်း (၁) (ဒ) အရ၊ အယူခံခွင့်ရှိသည်။

တရားရုံးက တရားလိုအဆိုကို တရားခံအား ချေပရန် အခွင့်အရေးနှင့် အချိန်ပေးရန် လိုအပ်ပေသည်။ တရားခံက ရုံးသို့ လာရောက်ထုချေ၍၊ ရုံးကလည်း စုံစမ်းစစ်ဆေးပြီးလျှင် တရားခံသည် ယာယီတားမြစ်ထားသော အမိန့်အတိုင်း ပြုလုပ်ခြင်း မရှိမှသာလျှင် တရားမကျင့်ထုံး ဥပဒေအမိန့် ၃၉၊ နည်း (၁) အရ၊ ရုံးက ဆောင်ရွက်ရန်ဖြစ်သည်။

အယူခံတရားလိုအတွက်။ ။မစ္စတာ ဂျဖါး။

အယူခံတရားခံအတွက်။ ။မစ္စတာ အာခ်၊ချော်ဘေး။

တရားသူကြီး ဦးချစ်။ ။ဤအမှုမှ အယူခံ တရားလို ဟာရွှင်မန်ဆာ (ခေါ်) ဦးဘရွှင်က၊ ရန်ကုန်မြို့ တရားမ စတုတ္ထ တရားသူကြီးရုံး ၁၉၆၆ ခုနှစ်၊ တရားမကြီးမှု အမှတ် ၄၉၅ တွင် ၁၉၆၆ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့စွဲဖြင့် ချမှတ်သော အမိန့်ကို မကျေနပ်သဖြင့် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၀၄၊ အမိန့် (၄၃)၊ နည်း (၁) နှင့် ရန်ကုန်မြို့ တရားမတရားရုံး အက်ဥပဒေပုဒ်မ ၄ တို့အရ၊ အယူခံတင်သွင်းသော အမှုဖြစ်သည်။

---

* ၁၉၆၆ ခုနှစ်၊ တရားမ အထွေထွေ အယူခံမှုအမှတ် ၅။

† ၁၉၆၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၉၅ တွင်၊ ရန်ကုန်မြို့တော် တရားမရုံး စတုတ္ထတရားသူကြီးရုံးတော်၏ ချမှတ်သော အမိန့်ကို အယူခံဝင်မှု။

အမှုအကြောင်းချင်းရာအတိုချုပ်မှာ အောက်ပါအတိုင်းဖြစ်သည်။

အယူခံတရားလို ဟာရှင်မန်ဆာ (ခေါ်) ဦးဘရှင်သည် စစ်ကဲမောင်ထော်လေး လမ်းရှိ အိမ်ပိုင်ရှင်ဖြစ်သည်။ ၎င်းသည် တတိယထပ်နှင့် စတုတ္ထအထပ်တွင် နေထိုင်သည်။ အယူခံတရားခံများသည် ၎င်းအိမ်၏ ပထမထပ်နှင့် ဒုတိယထပ်တို့တွင်ငှါးရမ်း၍ နေထိုင်ကြသည်။ ပထမထပ်နှင့် ဒုတိယထပ်တို့တွင် နေထိုင်နေသော အယူခံတရားခံများ သုံးဖွဲ့သော ရေကို ပထမထပ်နှင့် ဒုတိယထပ်မှ တဆက်တည်း တပ်ထားသော ရေပြွန်ပိုက်မှ ကျဆင်းသဖြင့် အသုံးပြုရလေသည်။ သို့ရာတွင် အိမ်ရှင်နှင့် အိမ်ငှါးတို့ အိမ်လခနှင့် ပတ်သက်၍ မသင့်မမြတ်ဖြစ်လာကြသည်။ အိမ်ရှင် အယူခံ တရားလိုက အယူခံ တရားခံများထံသို့ ဆင်းသော ရေပိုက်ကို ပိတ်ထားလိုက်သဖြင့် အယူခံ တရားခံများက အိမ်ရှင်အား ဤကဲ့သို့ ရေပေါက်ပိတ်ခြင်းကို ရာသက်ပန် တားပေးရန် တရားစွဲဆိုလေသည်။ ထိုသို့ တရားစွဲဆိုပြီးနောက် ယာယီအာဒေသဝါရမ်းကို ထုတ်ရန် လျှောက်ထားသဖြင့် ရုံးက လက်ခံပြီး ယာယီတားဝါရမ်းကို ၁၉၆၆ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့က၊ အိမ်ရှင် အယူခံ တရားလိုအား ထုတ်ပေးလေသည်။ ထိုယာယီ တားဝါရမ်းကို အယူခံတရားလိုက လိုက်နာခြင်းမရှိဟု ဆိုကာ ၁၉၆၆ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့တွင် တရားလိုနှင့်တကွ တရားလို၏ ရှေ့နေက ရုံးမင်းစဉ်းစားခန်းထဲတွင် သွားရောက်ပြီး တရားခံအိမ်ရှင်သည် ယာယီတားဝါရမ်းကို မနာခံဘဲ ဆက်လက် ကျူးလွန်နေကြောင်းကို ရုံးမင်းက လက်ခံပြီး ထိုနေ့မှာပင် တရားလိုရှေ့နေကြီး လျှောက်ထားသည့် အတိုင်း၊ တရားမကျင့်ထုံးဥပဒေ၊ အမိန့် ၃၉၊ နည်း (၂) အရ၊ ငါးထောင်တန် ခံဝန်ချုပ် ချုပ်ဆိုရန် တရားခံ အိမ်ရှင်ထံသို့ နို့တစ်စာထုတ်လေသည်။ ထို့ကြောင့် ဤအယူခံမှု ဖြစ်ပေါ်လာခြင်းဖြစ်သည်။

အယူခံတရားခံများ၏ ရှေ့နေကြီး မစ္စတာ ချော်ဘေးက မူလရုံးက ၁၉၆၆ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့စွဲဖြင့် ချမှတ်သော အမိန့်ကို အယူမခံနိုင်ပါ။ ထိုအမိန့်သည် အယူခံနိုင်သော အမိန့်မဟုတ်ပါဟု ပြောဆိုပြီး အယူခံကို ပယ်ရန် လျှောက်ထားလေသည်။ ဤအချက်ကို ကျွန်ုပ် လက်မခံနိုင်ပေ။ ထို ၁၉၆၆ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့စွဲပါ အမိန့်သည် တရားမကျင့်ထုံးဥပဒေ၊ အမိန့် ၃၉၊ နည်း (၂) အရ၊ ချမှတ်သော အမိန့်ဖြစ်သည်။ ထို့ကြောင့် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၀၄ နှင့် အမိန့် ၄၃၊ နည်း (၁) (ဒ) အရ လက်ခံရပေမည်။ ထိုပြင် အယူခံတရားလိုသည် ရုံးကထုတ်သော ယာယီ တားဝါရမ်းကို မလိုက်နာသဖြင့် မူလရုံးက ၎င်းအပေါ် ခံဝန်ချုပ် ချုပ်ဆိုရန် ချမှတ်သော အမိန့်မှာ မှန်ကန်ပါသည်ဟူ၍လည်း တင်ပြသွားလေသည်။ အယူခံတရားလို၏ ရှေ့နေကြီး မစ္စတာ ဂျဖါးက ရုံးတော်က ထုတ်ပေးသော ယာယီတားဝါရမ်းကို အယူခံတရားလိုက လက်ခံရရှိသည်မှာ မှန်ပါ

၁၉၆၇ ဟာရှင်မန်ဆာ (ခ) ဦးဘရှင် နှင့် အိပ်(ခ်)၊အေ၊ ဟာဆန်ပါ ၂။

သည်။ သို့ရာတွင် ထိုယာယီတားဝါရမ်းအတိုင်း အဘယ်ကြောင့် မလိုက်နာသည့် စသည်တို့ကို တရားခံအား ချေပခွင့်မပေးဘဲ တရားလို၏ ရှေ့နေပြောချက်အရသာ လက်ခံ၍ အမိန့်ချမှတ်ခြင်းမှာ ဥပဒေနှင့် အလွန်ဆန့်ကျင်သဖြင့် မှားယွင်းပါသည်ဟု တင်ပြသွားလေသည်။

ဤအမှုတွဲကို အသေးစိတ် သုံးသပ်သောအခါ၌ တွေ့ရှိရသော အချက်မှာ **မူလ** ရုံးက တရားခံ ဟာရှင်မန်ဆာ(ခေါ်) ဦးဘရှင်ထံ ယာယီတားဝါရမ်းကို ၁၉၆၆ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့က ထုတ်ထားကြောင်း တွေ့ရှိရသည်။ ထိုနေ့မှာပင် ထိုတား ဝါရမ်းကို တရားခံက ရရှိကြောင်း တွေ့ရှိရသည်။ ထိုယာယီ တားဝါရမ်းပါ အမိန့် အတိုင်း မပြုလုပ်ပါ ဆန့်ကျင်ပါသည်ဟု ၁၉၆၆ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့က **တရားလို၏ရှေ့နေကြီး မစ္စတာ ချော်ဘေးသည်** ရုံးမင်းစဉ်းစားခန်းထဲသို့ ဝင်ပြီး၊ တဘက်သတ် ပြောဆိုခြင်းသာ ဖြစ်သည်။ ထိုသို့ ပြောဆိုစွပ်စွဲခြင်းနှင့်ပတ်သက်၍ တရားခံကို ရုံးက ချေပခွင့် ပေးရန် လိုအပ်သည်။ ဤကဲ့သို့ တရားခံ မလာရောက် သောနေ့တွင် တဘက်သတ်ရုံးခန်းထဲသို့ ဝင်ပြီး လျှောက်ထားခြင်းကို လက်ခံ၍ တရားခံအပေါ် တရားမကျင့်ထုံး ဥပဒေ အမိန့် ၃၉၊ နည်း (၁) အရ၊ ငါးထောင်တန် ခံဝန်ချုပ် ချုပ်ဆိုစေခြင်းမှာ မှားယွင်းသည်ဟု ယူဆသည်။ ရုံးက တရားလိုအဆိုကို တရားခံအား ချေပရန် အခွင့်အရေးနှင့် အချိန်ပေးရန် လိုအပ်ပေသည်။ တရားခံက ရုံးသို့လာရောက် ထုချေ၍၊ ရုံးကလည်း စုံစမ်းစစ်ဆေးပြီးလျှင် တရားခံသည် ယာယီ တားမြစ်သော အမိန့်အတိုင်း ပြုလုပ်ခြင်းမရှိမှသာလျှင် တရားမကျင့်ထုံး ဥပဒေ အမိန့် ၃၉၊ နည်း (၁) အရ၊ ရုံးက ဆောင်ရွက်ရန်ဖြစ်သည်။ ယခုကဲ့သို့ ရုံးက တရားခံ အား အသိလည်းမပေး၊ စုံစမ်းစစ်ဆေးမှုလည်းမရှိဘဲ အမိန့်ချမှတ်ထားခြင်းကို **ကျွန်ုပ် အနေနှင့် ဝင်ရောက်မစွက်ဖက်ဘဲမနေနိုင်ပေ။**

ထိုမူလ ရုံးက ၁၉၆၆ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့စွဲဖြင့် ချမှတ်ထားသော အမိန့်ကို စရိတ်နှင့် တကွ ပယ်ဖျက်လိုက်သည်။

ဤရုံးရှေ့နေကြီး စရိတ်မှာ ၃၄ ဖြစ်စေရမည်။

အထက်ပါ အတိုင်း အဆုံးအဖြတ် ပေးပြီး ဖြစ်ရကား၊ ဤရုံးက ၁၉၆၇ ခုနှစ်၊ ဇန္နဝါရီလ ၂၄ ရက်နေ့စွဲအရ ယာယီဆိုင်းငံ့ထားသည့် အမိန့်ကို ဆင်ခြင်သုံးသပ်ရန် မလိုတော့ပေ။

နိုင်ငံတော်တရားရုံးချုပ်

အခွင့်ထူးတရားမ အယူခံမှု

ကရားသူကြီး ဦးထွန်းတင်၊ တရားသူကြီး ဦးသက်ဖေ နှင့် တရားသူကြီး ဦးစိန်သင်းတို့ ရှေ့တွင်

ဦးထွန်းလွင် (အယူခံတရားလို) †၁၉၆၇

နှင့် မေလ ၉ ရက်။

ဦးဇေအောင်ခင် (အယူခံတရားခံ)*

ပြည်ထောင်စု တရားစီရင်ရေးအက်ဥပဒေပုဒ်မ ၆——အယူခံနိုင်ရန် အခွင့်ထူးပေးသည့် အမိန့်မှာ အခွင့်အာဏာမရှိဘဲ ပေးသည့် အမိန့်ဖြစ် မဖြစ်——အစုစပ်လုပ်ငန်း အက်ဥပဒေပုဒ်မ ၅၇——အစုစပ်လုပ်ငန်းတခု၏ ရွက်ဆောင်ရာ ဌာနတခုသည် မှတ်ပုံတင်ပြုလုပ်ခွင့် ရှိသည့်နေရာတွင်း တည်ရှိနေခြင်း——ပင်ရင်းဌာနသည် ထိုနေရာတွင်တည်ရှိခြင်း မရှိခြင်း——ဥပဒေအရ၊ မှတ်ပုံတင်ခြင်းမြောက် မမြောက် အစုစပ်လုပ်ငန်း အက်ဥပဒေ ပုဒ်မ ၆၈——မှတ်ပုံတင်သည့် စာရွက်စာတမ်းတွင် ပါဝင်သည့် အကြောင်းခြင်းရာများသည် အပြီးသတ် သက်သေခံချက်ဖြစ်သည်ဟု ဥပဒေယူဆချက် ရှိရမည်ဆိုသည့် ပြဋ္ဌာန်းချက်——အစုစပ်လုပ်ငန်း အက်ဥပဒေ ပုဒ်မ ၄၊ ၅၊ ၆ ပါ ပြဋ္ဌာန်းချက်များအရ၊ အစုစပ်လုပ်ငန်းတွင် အစုစပ်ပါဝင်သူ တဦးဖြစ် မဖြစ်။

အယူခံတရားလိုက အယူခံတရားခံအပေါ် မိမိနှင့် အယူခံတရားခံတို့သည် ပတ္တမြားဆေးလုပ်ငန်းကို စပ်တူလုပ်ကိုင်ကြကြောင်း ကျေညာပေးရန်နှင့် အစုစပ်လုပ်ငန်း ဖျက်သိမ်းပေးရန် တရားစွဲဆို၏။ အယူခံတရားခံကလည်း အယူခံတရားလိုအပေါ် မိမိသည် ပတ္တမြားဆေးလုပ်ငန်း ကိုပိုင်ဆိုင်သူဖြစ်ကြောင်း မြှက်ဟကျေညာပေးရန်နှင့် အယူခံတရားလိုအား ပတ္တမြားဆေးများကို ဖေါ်စပ်ရောင်းချခြင်းမှ အမြဲတန်းတားမြစ်ပေးရန် တရားစွဲဆိုသည်။

ဆုံးဖြတ်ချက်။ ။အယူခံတရားလိုအား ပြင်ဆင်ထားသည့် ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ အရ၊ အခွင့်ထူးပေးရန် လျောက်ထားသည့် လျောက်လွှာနှင့် ပတ်သက်၍ ထိုလျောက်လွှာကို လက်ခံနိုင်ရန် ဖြစ် မဖြစ် စဉ်းစားသည့်အခါ ရည်ညွှန်းခဲ့သည့် ၁၉၆၃ ခုနှစ်၊ မေလ ၃၁ ရက်နေ့စွဲပါ အမိန့်အရ၊ အယူခံတရားလိုသည် လျောက်ထားနိုင်ခွင့် ရှိသည်ဟု ယူဆခဲ့ပြီး

---

* ၁၉၆၅ ခုနှစ်၊ အခွင့်ထူး တရားမ အယူခံမှုအမှတ် ၃။

† တရားရုံးချုပ်၏ ၁၉၆၁ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၁၀ တွင် ၁၉၆၂ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့စွဲပါ စီရင်ချက်ကို မကျေနပ်သဖြင့် ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ အရ၊ အထူးအယူခံဝင်ခွင့်ရရန် လျောက်ထားသော လျောက်လွှာ။

၁၉၆၇

ဦးထွန်းလွင် နှင့် ဦးအောင်ခင်။

ထိုယူဆချက်အရ၊ အခွင့်ထူးကိုပေးခဲ့ခြင်းဖြစ်ရာ၊ ၎င်းအမိန့်များသည် ယခုထက်တိုင်တည်မြဲနေသည်တကြောင်း၊ အမှုတွင် တရားစီရင်ရေးကို မျှားစွာ အကူအညီပြုမည့် အရေးပါ အရာရောက်သည့် ဥပဒေပြဿနာကြီးတရပ် ပေါ်ထွက်လာ၍ စဉ်းစားရန် လိုအပ်ကြောင်း တွေ့ရှိရသည်တကြောင်းတို့ကြောင့် အခွင့်ထူးပေးသင့်သည်ဟု ယူဆပြီး၊ ပြင်ဆင်ထားသည့် တရားစီရင်ရေးအက်ဥပဒေ ပုဒ်မ ၆ အရ၊ ဤမှုမှ မိမိသဘောအတိုင်း အခွင့်ထူးပေးခဲ့ခြင်းဖြစ်ရကား၊ အယူခံတရားလိုအား အယူခံနိုင်ရန် အခွင့်ထူးပေးသည့် အမိန့်မှာ ဤမှုမှ အခွင့်အာဏာမရှိဘဲ ပေးခဲ့သည့် အမိန့်ဖြစ်သည်ဟု မည်သို့မျှ ယူဆရန် မဖြစ်နိုင်။

ထပ်မံဆုံးဖြတ်ချက်။ ။အမှု၌ ပင်ရင်းဌာနသည် မြန်အောင်မြို့တွင်ဖြစ်လင့်ကစား အမှတ် ၇၇၂၊ ဒါလဟိုဇီလမ်း၊ ရန်ကုန်မြို့မှာ ပတ္တမြားဆေးရည်လုပ်ငန်း၏ဌာနခွဲ တခုဖြစ်ကြောင်းမှာ မျှားစွာမှ ထင်ရှားနေသည်။ အစုစပ်လုပ်ငန်းတခု၏ ရွက်ဆောင်ရာဌာနတခုသည် မှတ်ပုံတင်ပြုလုပ်ခွင့် ရှိသည့် နေရာအတွင်း တည်ရှိနေမှု ပင်ရင်းဌာနသည် ထိုနေရာတွင် တည်ရှိခြင်း မရှိသော်လည်း ထိုလုပ်ငန်းအတွက် ၎င်းနေရာ၌ မှတ်ပုံတင်ခြင်းသည် အစုစပ်လုပ်ငန်း ဥပဒေပုဒ်မ ၅၈ အရ၊ မှတ်ပုံတင်ခြင်းမြောက်သည်ဟု ယူဆရမည်ဖြစ်သည်။ သို့ဖြစ်ရကား ပတ္တမြားဆေးရည်လုပ်ငန်းအတွက် ရန်ကုန်မြို့တွင် မှတ်ပုံတင်ခဲ့ခြင်းမှာ အစုစပ်လုပ်ငန်း ဥပဒေပုဒ်မ ၅၈ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီသည်။

သက်သေခံ အမှတ် (က-၁)အရ၊ ပတ္တမြားသွေးဆေးရည်လုပ်ငန်းကို ရန်ကုန်မြို့၊ လုပ်ငန်းများဆိုင်ရာ မှတ်ပုံတင်အရာရှိထံတွင် အစုစပ်လုပ်ငန်း ဥပဒေပုဒ်မ ၅၈ အရ၊ မှတ်ပုံတင်ခဲ့ခြင်းမှာ ဥပဒေလိုအပ်ချက်နှင့် ကိုက်ညီသည်ဟု ယူဆသည်။ ထို့ကြောင့် ပတ္တမြားသွေးဆေးရည် လုပ်ငန်းကို အစုစပ်လုပ်ငန်းအဖြစ် မှတ်ပုံတင်ခဲ့ခြင်းမှာ ဥပဒေအရ၊ တည်မြဲခိုင်လုံသည့် မှတ်ပုံတင်းခြင်းဖြစ်ကြောင်း ထင်ရှားမှု အစုစပ်လုပ်ငန်း ဥပဒေပုဒ်မ ၆၈ အရ၊ ထိုမှတ်ပုံတင်သည့် စာရွက်စာတမ်းတွင် ပါဝင်သည့် အကြောင်းခြင်းရာများသည် အပြီးသတ် သက်သေခံချက်ဖြစ်သည်ဟု ဥပဒေ ယူဆချက် ရှိရမည်ဆိုသည့် ပြဋ္ဌာန်းချက် အကျုံးဝင်နေသဖြင့် အယူခံတရားခံသည် ပတ္တမြားသွေးဆေးရည် လုပ်ငန်းတွင် အစုစပ်ရှယ်ယာဝင်တဦးသာ ဖြစ်သည်ဟု ယူဆရန်သာရှိသည်။

Firm Het Ran Padam Chand **v.** ***Firm Sabhag Chand Rikhab Das and others*** **(28) A.I.R. (1941) oudh 376 ; ဧရာင်ရောက်စိန် (ခေါ်) ဝိုင်အစိန် (ခေါ်) ဦးစိန် နှင့် ကုန်သွယ်လုပ်ငန်းခွန်မင်းကြီး ပါ ၂၊** ၁၉၆၁ ခု၊ မြန်မာပြည်စီရင်ထုံး၊ စာ ၁၄၃ ခြားနားပြသည်။

အယူခံတရားခံက တရုပ်တဦးအပေါ် ဧာဇဝတ်မှုစွဲဆိုရာ၌ ၎င်းမှာ ရန်ကုန်မြို့၊ ဒါလဟိုဇီလမ်း အမှတ် ၇၇၂ ရှိ၊ ပတ္တမြားဆေးတိုက်၏ အစုရှယ်ယာဝင် မန်နေဂျာဖြစ်ပါသည်ဟု အတိအလင်း အစစ်ခံထားသည့်အပြင် အယူခံတရားလိုကလည်း ၎င်းအမှုတွင်ပင် သက်သေအဖြစ် အစစ်ခံစဉ် ပတ္တမြားဆေးရည်လုပ်ငန်းကို ၎င်းသည် ဖြန့်ချီရေးဘက်ဆိုင်ရာ အုပ်ချုပ်သော မန်နေဂျာဖြစ်ခြင်း အစုရှယ်ယာပါ ပါသည်ဟု ထွက်ဆိုအစစ်ခံထားခဲ့လေသည်။ ထိုအတွက် အယူခံတရားခံက ရုံးရှေ့တွင် ကျမ်းကျိန်အစစ်ခံထားချက်အရ၊ ၎င်းမှာ ပတ္တမြားသွေးဆေးရည်လုပ်ငန်း၏ အစုရှယ်ယာဝင်တဦး ဖြစ်ကြောင်း ယခုအမှုမဖြစ်မီကပင် အတိအလင်းထွက်ဆိုထားသဖြင့်ပြီး အယူခံတရားခံသည် အစုစပ်လုပ်ငန်းဥပဒေ ပုဒ်မ ၄-၅-၆ ပါ ပြဋ္ဌာန်းချက်များအရ၊ ပတ္တမြားသွေးဆေးရည်အစုစပ်လုပ်ငန်းတွင် အစုစပ်ပါဝင်သူတဦးဖြစ်ကြောင်းမှာ မျှားစွာပေါ်လွင်နေပေသည်။

အယူခံတရားလိုအတွက်။ ။ဦးချန်ထွန်းအောင်။
မစ္စတာဆူးဘန်း။
ဒေါ်ခင်လေး။

အယူခံတရားခံအတွက်။ ။ဦးကျော်မြင့် နှင့် ဦးမွန်စံလှိုင်။

တရားသူကြီး ဦးထွန်းတင်။ ။ယခုအမှုမှ အယူခံတရားခံဖြစ်သူ ဦးအောင်ခင်က အယူခံတရားလိုဖြစ်သူ ဦးထွန်းလွင်အပေါ် ယခင်တရားလွှတ်တော် မူလတန်ဆိုင်ရာ တရားမကြီးမှုအမှတ် ၁၀၈/၅၁ တွင်၊ မိမိသည် ပတ္တမြားဆေးလုပ်ငန်းကို ပိုင်ဆိုင်သူ ဖြစ်ကြောင်း မြက်ဟကျေညာပေးရန်နှင့် ဦးထွန်းလွင်အား ထိုပတ္တမြားဆေးမျှားကို ဖော်စပ်ရောင်းချခြင်းမှ အမြဲတန်းတားမြစ်ပေးရန် တရားစွဲဆိုခဲ့သည်တွင်၊ ဦးထွန်းလွင်ကလည်း ထိုရုံးတရားမကြီးမှုအမှတ် ၂၆/၅၂ တွင်အယူခံတရားခံ ဦးအောင်ခင်အပေါ် မိမိနှင့် ဦးအောင်ခင်တို့သည် ပတ္တမြားဆေးလုပ်ငန်းကိုစပ်တူလုပ်ကိုင်ခဲ့ကြကြောင်းကျေညာပေးရန်နှင့် ပတ္တမြားဆေး အစုစပ်လုပ်ငန်း ဖျက်သိမ်းရန် တရားစွဲဆိုခဲ့လေသည်။

ထိုအမှုနှစ်မှုအနက် ဦးထွန်းလွင်စွဲဆိုသည့် အမှုအမှတ် ၂၆/၅၂ ကိုရှေးဦးစွာ စစ်ဆေးခဲ့ပြီး၊ ရုံးမှဦးထွန်းလွင်စွဲဆိုသည့်အတိုင်း ပတ္တမြားဆေးလုပ်ငန်းသည် ဦးအောင်ခင်နှင့် ဦးထွန်းလွင်တို့ စပ်တူလုပ်ကိုင်သည့် လုပ်ငန်းဖြစ်ကြောင်း ကျေညာပြီး၊ ထိုလုပ်ငန်းကိုဖျက်သိမ်း၍၊ စာရင်းရှင်းရန် ပဏာမဒီကရီ ချမှတ်ပေးလိုက်လေသည်။ ဦးအောင်ခင်က ၎င်းအမိန့်နှင့် ဒီကရီကို မကျေနပ်သဖြင့်ယခင်တရားလွှတ်တော် ၁၉၅၆ ခု၊ တရားမ ပဌမအယူခံမှုအမှတ် ၃၁ တွင်အယူခံဝင်ရောက်ရာ၊ အယူခံကို ကြားနာသည့် ခုံရုံးက၊ မူလရုံးကချမှတ်သည့် အမိန့်နှင့်ဒီကရီကို အတည်ပြုလိုက်လေသည်။

ထို့နောက် ဦးအောင်ခင်က ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၅ အရ၊ ခုံရုံး၏ထောက်ခံချက်ဖြင့် ယခင်တရားလွှတ်တော်ချုပ်သို့ အယူခံတင်သွင်းရာတွင် အမှုမှာ တရားလွှတ်တော်ချုပ် အယူခံမှုအမှတ် ၁၀/၆၁ ဖြစ်လာ၍၊ ၎င်းအဆူးအယူခံမှုသည် ယခင်တရားလွှတ်တော်ချုပ်၌ ပြီးပြတ်ခြင်းမရှိဘဲ ကြားနာရန် စောင့်ဆိုင်းနေစဉ်အတွင်း ၁၉၆၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌက တော်လှန်ရေးကောင်စီ ကျေညာချက်အမှတ် ၂၅ ဖြင့်၊ ယခင်တရားလွှတ်တော်ချုပ်နှင့် တရားလွှတ်တော်တို့ကို ထိုနေ့နံနက်ပိုင်းမှစ၍ ရပ်စဲလိုက်ကြောင်းနှင့်၊ ရပ်စဲသည့်အချိန်မှစ၍ မြန်မာနိုင်ငံ တရားရုံးချုပ်ကို ဖွဲ့စည်းလိုက်လေသည်။ ထိုတရားရုံးချုပ်မှာ တည်ဆဲတရားဥပဒေများဖြင့် ယခင်တရားလွှတ်တော်ချုပ်နှင့် တရားလွှတ်တော်တို့သို့ ပေးအပ်ထားသော အာဏာများနှင့် တာဝန်

၁၉၆၇
ဦးထွန်းလွင်
နှင့်
ဦးအောင်ခင်။

ဝတ္ထုရားများကို သုံးစွဲဆောင်ရွက်နိုင်သည့် အာဏာရှိရမည်ဟူ၍ငင်း၊ ယခင်တရားလွှတ်တော်ချုပ်၊ သို့မဟုတ်တရားလွှတ်တော်တွင် မပြီးပြတ်သေးဘဲ ကျန်ရှိနေသော အမှုအားလုံးသည်တရားရုံးချုပ်သို့ လွှဲပြောင်းပြီးဖြစ်သည်ဟု မှတ်ယူရမည်ဟူ၍ငင်း တော်လှန်ရေးကောင်စီဥက္ကဋ္ဌက ကျေညာလိုက်လေသည်။

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီဥက္ကဋ္ဌသည် ၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုတရားစီရင်ရေး အက်ဥပဒေကို ပြင်သည့်ဥပဒေဖြင့်၊ မူလ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ အစား၊ ပုဒ်မ ၆ အသစ်ကို အောက်ပါအတိုင်း ထည့်သွင်းလိုက်သည်။

> " ပုဒ်မ ၆။ ။တရားမမှု၊ ရာဇဝတ်မှု၊ သို့တည်းမဟုတ် အခြားအမှုတွင် တရားရုံးတရပ်ရပ် (တရားရုံးချုပ် တရားသူကြီးတဦးဖြင့်ဖြစ်စေ၊ နှစ်ဦးဖြင့်ဖြစ်စေ ဖွဲ့စည်းထားသော တရားရုံးအပါအဝင်) က ချမှတ်သောစီရင်ချက်ကို၊ သို့တည်းမဟုတ် ဒီကရီကို၊ သို့တည်းမဟုတ် အပြီးသတ်အမိန့်ကို အယူခံဝင်ရန် တရားရုံးချုပ်သည် မိမိသဘောအတိုင်း အခွင့်ထူးပေးနိုင်သည်။ "

ဦးအောင်ခင်က ပြည်ထောင်စုတရားစီရင်ရေး အက်ဥပဒေပုဒ်မ ၅ အရ၊ ခုံရုံး၏ ထောက်ခံချက်ဖြင့် တင်သွင်းခဲ့သည့် တရားလွှတ်တော်ချုပ် အယူခံမှုအမှတ် ၁၀/၆၁ ကိုတရားရုံးချုပ် တရားသူကြီးနှစ်ဦးက၊ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ၏ ကျေညာချက်အမှတ် ၂၅ အရ ဆက်လက်စစ်ဆေးပြီး၊ တရားလွှတ်တော်ခုံရုံးမှ ၁၉၅၆ ခုနှစ်၊ တရားမ ပဋမအယူခံမှုအမှတ် ၃၁ တွင်ချမှတ်ထားသည့် အမိန့်နှင့်ဒီကရီကို ပယ်ဖျက်၍၊ အယူခံတရားလို ဦးထွန်းလွင် စွဲဆိုသည့်အမှုကို ၃ ရုံးစလုံးတွင် စရိတ်နှင့်တကွ ပလပ်လိုက်လေသည်။ ထိုကဲ့သို့ချမှတ်ခဲ့သည့်အမိန့်မှာ တရားရုံးချုပ်တရားသူကြီးနှစ်ဦးကချမှတ်ခဲ့သည့် အမိန့်ဖြစ်သဖြင့်၊ အယူခံတရားလို ဦးထွန်းလွင်က ပြင်ဆင်ထားသည့် ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ အရ၊ ထိုစီရင်ချက်နှင့်ဒီကရီမှ အယူခံဝင်နိုင်ရန် တရားရုံးချုပ်သည် မိမိ၏သဘောအတိုင်း အခွင့်ထူးပေးနိုင်သည်ဟု ပြဋ္ဌာန်းထားသည့် အတိုင်း၊ အဆိုပါ တရားမအယူခံမှုအမှတ် ၁၀/၆၁ တွင်ချမှတ်ခဲ့သည့် အမိန့်ဒီကရီမှ အယူခံဝင်ရန် တရားရုံးချုပ်က အခွင့်ထူးပေးပါရန် ဖေါ်ပြလျှောက်ထားလေသည်။

ထိုသို့လျှောက်ထားသည်နှင့်ပတ်သက်၍ အယူခံတရားလိုသည် ထပ်မံ၍ အယူခံဝင်ရန် အခွင့်ထူးလျှောက်ထားနိုင်ပါသလားဆိုသည့် ပြဿနာပေါ် ပေါက်လာသဖြင့် ၎င်းအချက်နှင့်ပတ်သက်၍ ဤရုံးမှ တရားသူကြီးချုပ်အပါအဝင် တရားသူကြီး ၃ ဦး တို့ကကြားနာပြီး၊ ၁၉၆၃ ခုနှစ်၊ မေလ ၃၁ ရက်နေ့စွဲပါ အမိန့်အရ၊ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ ကိုပြင်ဆိုလိုက်သဖြင့်၊ တရားရုံးချုပ် တရားသူကြီးနှစ်ဦးဖြင့် ဖွဲ့စည်းထားသော တရားရုံးက ချမှတ်သောစီရင်ချက်၊ သို့တည်း

မဟုတ်၌ဒီကရီကို အယူခံဝင်ရန်အတွက် အခွင့်ထူး လျှောက်ထားနိုင်သည်ဟု ယူဆရမည် ဖြစ်သည်ဆိုပြီး၊ အယူခံတရားလို၏ လျှောက်လွှာကို လက်ခံခဲ့လေသည်။

ထို့နောက် ၎င်းလျှောက်လွှာနှင့်ပတ်သက်၍ အမှုတွင် အခွင့်ထူးပေးသင့် မပေးသင့် နှင့်ပတ်သက်၍ ကြားနာပြီးနောက် ၁၉၆၅ခု အောက်တိုဘာလ ၁ ရက်နေ့စွဲပါအမိန့် အရ၊ အမှုတွင် အစုစပ်လုပ်ငန်း အက်ဥပဒေပုဒ်မ ၅၈ ၏ ပြဋ္ဌာန်းချက်များကို နောင် အစုစပ်လုပ်ငန်းနှင့် အကျုံးဝင်သည့် အမှုများတွင် အများပြည်သူတို့၏ အကျိုးအတွက် ထပ်မံကျယ်ပြန့်စွာ စဉ်းစားသင့်သည်ဟု သဘောရရှိကြသဖြင့်၊ ထိုအချက်နှင့်စပ်လျဉ်း၍ အယူခံရန် ဦးထွန်းလွင်၌ တောင်းဆိုသည့်အတိုင်း အခွင့်ထူးပေးလိုက်လေသည်။ ထို့အတွက် ယခုအယူခံမှု ပေါ် ပေါက်ခဲ့ခြင်းဖြစ်ပေသည်။

ယခုအယူခံမှုကို ကြားနာသောအခါ အယူခံတရားခံ ဦးအောင်ခင်၏ ရှေ့နေကြီး မျဉ်းကအယူခံတရားလိုဖြစ်သူ ဦးထွန်းလွင်အား ယခင်တရားလွှတ်တော်မှ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၅ အရ အထူးအယူခံဝင်ရန် ထောက်ခံခွင့်ပေးပြီး၊ ယခင်တရားလွှတ်တော်ချုပ်မှ မပြီးပြတ်ဘဲ ကျန်ရှိနေသည့် အယူခံမှုအမှတ် ၁၀/၆၁ မှ အထူးအယူခံမှုဖြစ်သဖြင့်၊ ထိုအမှုတွင် ချမှတ်ခဲ့သည့် စီရင်ချက်နှင့် ဒီကရီမှာ အပြီးသတ် စီရင်ချက်နှင့် ဒီကရီသာ ဖြစ်ရမည်ဖြစ်သောကြောင့်၊ ၎င်းစီရင်ချက်နှင့် ဒီကရီမှ နောက်ထပ်အယူခံဝင်ရန် အခွင့်အရေး မရှိတော့သောကြောင့်၊ ယခုအမှုတွင် အယူခံ တရားလိုအား ပြင်ဆင်သည့် ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ အရ၊ အယူခံဝင်ရန် အခွင့်ထူးပေးခဲ့ခြင်းမှာ၊ အခွင့်အာဏာရှိသည့်အတိုင်း ပေးခဲ့သည့်အမိန့် တရပ်ဖြစ်သည်ဟု ယူဆနိုင်ရန် မရှိပါဟု ပြဆိုလေသည်။

အထက်ကပြဆိုခဲ့သည့်အတိုင်း ၁၉၆၂ ခု၊ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေကို ပြင်သည့်ဥပဒေဖြင့် မူလက ၁၉၄၈ ခု၊ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ အစား၊ အသစ်ထည့်သွင်းလိုက်သည့် ပုဒ်မ ၆ အရ၊ တရားရုံးချုပ်သည် သင့်တော်သောအမှုများတွင် မိမိသဘောအတိုင်း အခွင့်ထူးပေးနိုင်သည်ဆိုသည်ကိုမူ၊ အယူခံတရားခံ၏ ရှေ့နေကြီးများက မငြင်းဆိုနိုင်ပေ။ ထို့ပြင် ၎င်းပုဒ်မတွင် ပြဆိုထားသည့်အတိုင်း၊ အခွင့်ထူးရရန် လျှောက်ထားသည့် တရားရုံးချုပ်မှ စီရင်ချက်နှင့်ဒီကရီသည်၊ တရားရုံးချုပ် တရားသူကြီးနှစ်ဦးဖြင့် ဖွဲ့စည်းထားသော ခုံရုံးမှ ချမှတ်ခဲ့သည့် စီရင်ချက်နှင့် ဒီကရီဖြစ်ကြောင်းမှာလည်း ထင်ရှားပေသည်။ အမှုတွင်အကြောင်းခြင်းရာကို ဆင်ခြင်သောအခါ၌ ယခုအမှုတွင် ပါဝင်နေသည့် ဥပဒေပြဿနာမှာ အယူခံမှုအမှတ် ၁၀/၆၁ ကိုကြားနာခဲ့သည့် ဤရုံးတရားသူကြီးနှစ်ဦးက အစုစပ်လုပ်ငန်း အက်ဥပဒေပုဒ်မ ၅၈ ၏ပြဋ္ဌာန်းချက်များကို အဓိပ္ပါယ်ဖွင့်ဆိုရာ၌၊ ဥပဒေရည်မှန်းချက်နှင့်ကိုက်ညီခြင်း ရှိ မရှိဆိုသည့် ပြဿနာတခုပေါ် လွင်နေကြောင်းတွေ့ရှိ

ရသည်။ ထိုဥပဒေ ပြဿနာမှာ အများပြည်သူတို့၏ အကျိုးအတွက် နောင်တွင်တရား စီရင်ရေးအတွက် များစွာထိခိုက်မည့် အချက်ကြီးတချက်ဖြစ်သဖြင့်၊ ထိုအချက်ကို ကျယ်ပြန့်စွာစဉ်းစားသင့်သည်ဟု ခုံရုံးမှ သဘောတူညီခဲ့သည့်အတိုင်း အခွင့်ထူးပေး လိုက်ခြင်းဖြစ်ပေသည်။

ထို့ကြောင့်အထက်က ပြဆိုခဲ့သည့်အတိုင်း အယူခံတရားလိုဖြစ်သူ ဦးထွန်းလွင်က ပြင်ဆင်ထားသည့် ဥပဒေပုဒ်မ ၆ အရ၊ အခွင့်ထူးပေးရန် လျှောက်ထားသည့် လျှောက် လွှာနှင့် ပတ်သက်၍ ထိုလျှောက်လွှာကို လက်ခံနိုင်ရန် ဖြစ်မဖြစ် စဉ်းစားသည့်အခါက ရည်ညွှန်းခဲ့သည့် ၁၉၆၃ ခု၊ မေလ ၃၁ ရက်နေ့စွဲပါအမိန့်အရ၊ဦးထွန်းလွင်သည်လျှောက် ထားနိုင်ခွင့်ရှိသည်ဟု ယူဆခဲ့ပြီး၊ ထိုယူဆချက်အရ အခွင့်ထူးကိုပေးခဲ့ခြင်းဖြစ်ရာ၊ ၎င်း အမိန့်မျှားသည် ယခုထက်တိုင် တည်မြဲနေသည်ဟုကြောင်း။ ယခုအမှုတွင် တရားစီရင် ရေးကိုမျှားစွာအကူအညီပြုမည့် အရေးပါအရာရောက်သည့် ဥပဒေပြဿနာကြီးတရပ် ပေါ်ထွက်လာ၍ စဉ်းစားရန် လိုအပ်ကြောင်း တွေ့ရှိရသည် တခကြောင်းတို့ကြောင့် အ ခွင့်ထူးပေးသင့်သည်ဟုယူဆပြီး၊ ပြင်ဆင်ထားသည့် တရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၆ အရ၊ ဤရုံးမှ မိမိသဘောအတိုင်း အခွင့်ထူးပေးခဲ့ခြင်းဖြစ်ရကား၊ အယူခံ တရားလိုအားအယူခံနိုင်ရန် အခွင့်ထူးပေးခဲ့သည့်အမိန့်မှာ၊အယူခံတရားခံ၏ ရှေ့နေကြီး ပြဆိုသကဲ့သို့ ဤရုံးမှ အခွင့်အာဏာမရှိဘဲ ပေးခဲ့သည့်အမိန့်ဖြစ်သည်ဟုမည်သို့မျှယူဆ ရန် မဖြစ်နိုင်သဖြင့်၊ ထိုအချက်နှင့်ပတ်သက်၍ အယူခံတရားခံ၏ ကန့်ကွက်ချက်ကို ကျွန်ုပ်တို့လက်ခံနိုင်ရန်မရှိပေ။

ယခုအယူခံမှုပေါ် ပေါက်လာသည့် အယူခံတရားလိုက ယခင်တရားလွှတ်တော် မူလ ဘက်ဆိုင်ရာ တရားမကြီးမှုအမှတ် ၂၆/၅၂ တွင် စွဲဆိုခဲ့သည့် အကြောင်းခြင်းရာနှင့် တရားခံဖြစ်သူ အယူခံတရားခံ၏ ချေပချက်များကို ထိုရုံးနှင့်အယူခံရုံးများ၏ စီရင်ချက် များတွင် အသေးစိတ်စုံလင်စွာ ဖော်ပြထားပြီးဖြစ်၍ ထပ်မံဖော်ပြရန်လိုအပ်တော့မည် မဟုတ်ပေ။ သို့သော် ယခုအယူခံမှုနှင့်ပတ်သက်၍ တရားလိုဖြစ်သူ အယူခံတရားလို ဦးထွန်းလွင်၏စွဲလှာ လိုရင်းကိုပြဆိုရမူ၊ ဦးထွန်းလွင်က ပတ္တမြားဆေးရည်လုပ်ငန်းမှာ ၎င်းနှင့် အယူခံတရားခံ ဦးအောင်ခင်တို့ ဖက်စပ်လုပ်ငန်းဖြစ်ပြီး၊ဆေးများချက်လုပ်သည့် ပင်းရင်းဌာနမှာ မြန်အောင်မြို့တွင်ဖြစ်၍ ထိုလုပ်ငန်းကို ဦးအောင်ခင်က စီမံအုပ်ချုပ် လုပ်ကိုင်ကြောင်း။ တရားလိုဖြစ်သူ ဦးထွန်းလွင်ကမူချက်ပြီးသည့်ဆေးများကို ရန်ကုန် မြို့မှ အနယ်နယ်သို့ ဖြန့်ဖြူးရောင်းချရန် အစုစပ်အလုပ်ကို လုပ်ကိုင်ပေးသည်ဟု ပြဆိုလေသည်။ ၎င်းလုပ်ငန်းကို ဦးထွန်းလွင်၏အဆိုအရ ၁၉၃၁ ခုနှစ်လောက်မှစ၍ လုပ်ကိုင်ခဲ့ပြီး၊ ၁၉၄၉ ခု၊ ဩဂုတ်လ ၂ ရက်နေ့တွင် သက်သေခံအမှတ် (က-၁) အရ၊ ထိုအစုပ်လုပ်ငန်းကို အစုစပ်လုပ်ငန်း ဥပဒေပုဒ်မ ၅၈ အရ၊ မှတ်ပုံတင်ခဲ့ကြောင်း

၁၉၅၇ ခုနှစ်၊ ဇူလိုင်လခန့်တွင်၊ မြန်အောင်မြို့ကို သောင်းကျန်းသူများ ဝင်ရောက် အုပ်စိုးနေသဖြင့် အယူခံတရားခံ ဦးအောင်ခင်မှာ ရန်ကုန်မြို့သို့ ပြောင်းရွှေ့လာပြီး ထိုစဉ်အခါမှစ၍ ဆေးများကို ရန်ကုန်မြို့တွင် ရောင်းချသည်ဆိုသည်။ ထိုသို့ရောင်းချခြင်းမှာ မိမိတို့နှစ်ဦး အစုစပ်လုပ်ငန်း လုပ်ကိုင်စဉ်အခါက ဦးအောင်ခင်သည် ဆေးများကို မြန်အောင်နှင့် ရောဝတီ မြစ်ရိုးတလျှောက်တွင်သာ ရောင်းချခွင့်ရှိပြီး၊ တရားလို ဖြစ်သူ ဦးထွန်းလွင်ကမူ ဆေးများကို ရန်ကုန်မြို့နှင့် မီးရထားလမ်းတလျှောက်ရှိ မြို့များတွင် ရောင်းချရန်ဆိုသည့်စည်းကမ်းကို ဖေါက်ဖျက်ရာကျနေပါသည်ဟု ပြဆိုလေသည်။

ထိုပြင်တရားလိုဦးထွန်းလွင်က တရားခံဦးအောင်ခင်သည် ပတ္တမြားဆေးရည် အစုစပ်လုပ်ငန်းကို တဦးတည်းမိုင် ပြုလုပ်လို၍ ၁၉၅၁ ခုနှစ်၊ အောက်တိုဘာလတွင် ဦးထွန်းလွင်ထံသို့၊ ၎င်းအား ထိုလုပ်ငန်းအတွက် မိမိ၏ကိုယ်စားလှယ်အဖြစ် ခန့်ထားခြင်းကို ရုပ်သိမ်းလိုက်ကြောင်း နို့တစ်စာပေးခဲ့သောကြောင့်၊ မိမိက ယခုကဲ့သို့ အစုစပ်လုပ်ငန်းဖြစ်ကြောင်း မြွက်ဟပေးရန်နှင့် အစုစပ်လုပ်ငန်းကို ဖျက်သိမ်းပြီး စာရင်းများ ရှင်းလင်းပေးရန် တရားစွဲဆိုခဲ့ရပါသည်ဟု ပြဆိုလေသည်။

တရားခံဖြစ်သူ ဦးအောင်ခင်ကမူ ပတ္တမြားဆေးရည်လုပ်ငန်းမှာငှားနှင့် ဦးထွန်းလွင်တို့ အစုစပ်လုပ်ငန်းဖြစ်သည်ဆိုခြင်းကိုငြင်းဆို၍ ထိုအလုပ်မှာ မိမိတဦးတည်းပိုင်အလုပ်ဖြစ်ပြီး၊ ဦးထွန်းလွင်အား ဆေးများကို ကော်မရှင်စားရောင်းချရန် ခန့်ထားခြင်းသာဖြစ်ကြောင်း ပြဆိုပြီး၊ တရားလို ဦးထွန်းလွင် အခြေပြုသည့် သက်သေခံအမှတ် (က-၁) လျှောက်လွှာမှာ မိမိလက်မှတ် ရေးထိုးပေးခဲ့သည့်လျှောက်လွှာမဟုတ်၊ ထိုလျှောက်လွှာပေါ်ရှိ ဦးအောင်ခင်ဆိုသူ၏ လက်မှတ်မှာ၊ လိမ်လည်ထိုးထားသည့် လက်မှတ်သာဖြစ်သည်ဟု ငြင်းဆိုလေသည်။

ထို့ကြောင့် မူလရုံးမှအမှုကို စစ်ဆေးဆုံးဖြတ်နိုင်ရန် ကောက်ချက် ၃ ခု ထုတ်နှုတ်ခဲ့ရာ၊ အရေးကြီး ည့် ပဌမကောက်ချက်မှာ "တရားလိုနှင့် တရားခံတို့သည် ပတ္တမြားဆေးရည်လုပ်ငန်းကို ဖက်စပ်လုပ်ကိုင်ခဲ့ကြခြင်း ဟုတ် မဟုတ်ဆိုသည့် ကောက်ချက်ဖြစ်လေသည်"။ ၎င်းကောက်ချက်နှင့်ပတ်သက်၍ မူလရုံးမှ ဖက်စပ်လုပ်ငန်း ဥပဒေပုဒ်မ ၅၈ အရ၊ တင်သွင်းခဲ့သည့် သက်သေခံအမှတ် (က-၁) မှတ်ပုံတင်စာရွက်တွင် ထိုးထားသည့်လက်မှတ်မှာ တရားခံ ဦးအောင်ခင်ကိုယ်တိုင် ရေးထိုးသည့် လက်မှတ်ဖြစ်ကြောင်း၊ သက်သေခံ အထောက်အထားများ ခိုင်လုံသည်ဟု ဆုံးဖြတ်၍ ၎င်းမှတ်ပုံတင်စာရွက်ကို အယူခံတရားခံ ဦးအောင်ခင်ပင် လက်မှတ်ရေးထိုး၍ မှတ်ပုံတင်ခဲ့ခြင်းဖြစ်သည်ဟု ယူဆဆုံးဖြတ်ခဲ့လေသည်။ ထို့အတွက် ကုန်ဖက်စပ်လုပ်ငန်း ဥပဒေပုဒ်မ ၆၈ အရ၊ သက်သေခံ (က-၁) ပါပြဆိုချက်များမှာ မှန်ကန်သည်ဟု ဥပဒေယူဆချက်

၁၉၆၇
ဦးထွန်းလွင်နှင့် ဦးအောင်ခင်။

အရ အပြီးသတ် သက်သေခံချက်ဖြစ်နေ၍ ဦးအောင်ခင်သည် ယင်းလုပ်ငန်းမှာ အစုစပ်လုပ်ငန်းမဟုတ်၊ မိမိမှာလည်း အစုစပ်ဝင်တဦး မဟုတ်ပါဟု ယခုမှငြင်းဆိုနိုင်ရန် အခွင့်အရေးမရှိ ပိတ်ပင်နေပြီဖြစ်သဖြင့်၊ ပတ္တမြားဆေးရည်လုပ်ငန်းသည် ဦးထွန်းလွင်နှင့်တရားခံ ဦးအောင်ခင်တို့၏ အစုစပ်လုပ်ငန်းဖြစ်ကြောင်း ကျေညာချက်ဒီကရီနှင့် ထိုအစုစပ်လုပ်ငန်းကို တရားလို စွဲဆိုခဲ့သည့်အတိုင်း ဖျက်သိမ်းခြင်းကို ခွင့်ပြုသည့် ပဏာမဒီကရီကို စရိတ်နှင့်တကွ ချမှတ်ပေးလိုက်လေသည်။

အယူခံဝင်သောအခါ အယူခံကို ကြားနာသည့် ခုံရုံးတရားသူကြီးများကလည်း သက်သေခံအမှတ် (က-၁) ပုံစံပေါ်တွင် ထိုးထားသည့် လက်မှတ်မှာ အယူခံတရားခံ ဦးအောင်ခင်၏ လက်မှတ်ဖြစ်ကြောင်း အောက်ရုံးနှင့် သဘောတူညီတွေ့ရှိခဲ့သည့်အတိုင်း ဦးအောင်ခင်သည် အစုစပ်လုပ်ငန်းဥပဒေ ၆၈ အရ၊ ယင်းလုပ်ငန်းသည် အစုစပ်လုပ်ငန်းမဟုတ်၊ မိမိသည်လည်း အစုစပ်ဝင်တဦး မဟုတ်ပါဟု ယခုမှငြင်းဆိုရန် ဥပဒေအရ အခွင့်အရေးမရှိ၊ ဥပဒေယူဆချက်အရ ပိတ်ပင်နေပြီဆိုပြီး အောက်ရုံးမှ ချမှတ်ခဲ့သည့်စီရင်ချက်နှင့် ဒီကရီကို အတည်ပြုလိုက်လေသည်။

သို့ရာတွင် ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၅ အရ၊ အခွင့်ထူး အယူခံအဖြစ် အယူခံမှုအမှတ် ၁၀/၆၁ ကိုကြားနာသည့် ခုံရုံးတရားသူကြီးများက ပတ္တမြားဆေးရည်လုပ်ငန်း၏ ပင်ရင်းဌာနသည် မြန်အောင်မြို့တွင်ဖြစ်ကြောင်း ထင်ရှားနေပြီးရန်ကုန်မြို့ ဒါလဟိုဇီလမ်းအမှတ် ၇၂၂ မှာ၊ ပတ္တမြားဆေးရည် ဖြန့်ဖြူးရန်ဌာနသာဖြစ်သဖြင့်၊ အစုစပ် ဥပဒေပုဒ်မ ၅၈ တွင်ရည်ညွှန်းသည့် ဆေးရည်လုပ်ငန်း ဌာနဘခုဖြစ်သည်ဟုယူဆနိုင်ရန် မဖြစ်ပေ။ အစုစပ်လုပ်ငန်း အက်ဥပဒေပုဒ်မ ၅၈ အရ၊ ရန်ကုန်မြို့ရှိ မှတ်ပုံတင်အရာရှိသည် မိမိဒေသတွင် အစုစပ်လုပ်ငန်းပင်ရင်းဌာနရှိမှသာ ထိုလုပ်ငန်းကို မှတ်ပုံတင်ပေးရန် အခွင့်အာဏာရှိသဖြင့်၊ ယခုကဲ့သို့ မြန်အောင်မြို့တွင်ရှိသည့် လုပ်ငန်းပင်ရင်းဌာနအတွက် သက်သေခံအမှတ် (က-၁) အရ၊ ရန်ကုန်တွင် မှတ်ပုံတင်ခဲ့ခြင်းမှာ၊ တရားဝင် သည့်မှတ်ပုံတင်ဖြစ်သည်ဟု မယူဆနိုင်၊ အာဏာမရှိဘဲနှင့်မှတ်ပုံတင် ပြုလုပ်ခဲ့ခြင်းဖြစ်သည့်အတွက် ပျက်ပြယ်သည့် မှတ်ပုံတင်သာဖြစ်သည်ဟုယူဆရမည်ဟု ပြဆိုလေသည်။

သို့ဖြစ်သောကြောင့် ထိုရုံးမှ သက်သေခံအမှတ် (က-၁) အရ၊ မှတ်ပုံတင်ခဲ့သည့် ပတ္တမြားသွေးဆေးရည် လုပ်ငန်းသည် လုံးဝပျက်ပြယ်နေသဖြင့်၊ ခုံရုံးမှ ထပ်မံစဉ်းစားရန် ဆောက်ခံချက်ပေးခဲ့သည့် ဥပဒေအချက်နှင့်ပတ်သက်၍၊ ထိုပတ္တမြားသွေးဆေးလုပ်ငန်းမှာဦးထွန်းလွင်နှင့် ဦးအောင်ခင်တို့၏ အစုစပ်လုပ်ငန်းဖြစ်ပြီး၊ ၎င်းတို့မှာ အစုဝင်များဖြစ်သည်ဟု အစုစပ်လုပ်ငန်း ဥပဒေပုဒ်မ ၆၈ အရ၊ အပြီးသတ် သက်သေခံချက်အဖြစ် ဥပဒေယူဆချက် မရှိနိုင်တော့ဟု ဆုံးဖြတ်လေသည်။ ထို့အတွက် အယူခံတရားလို

အယူခံတရားခံတို့သည် ၎င်းလုပ်ငန်းနှင့်ပတ်သက်၍၊ အစုစပ်လုပ်ကိုင်ကြသူများ ဟုတ်မဟုတ်ဆိုသည်ကို အခြားသက်သေခံများပေါ်သာ မူတည်စီစစ်ရမည်ဟု ပြဆိုပြီး နှုတ်သက်သေခံချက်နှင့် နှစ်ဦးနှစ်ဘက် တင်သွင်းခဲ့သည့် စာသက်သေခံချက်များအရ၊ အယူခံတရားလိုနှင့် အယူခံတရားခံတို့သည် ၎င်းလုပ်ငန်းနှင့်ပတ်သက်၍ အစုစပ်များဖြစ်ကြောင်း ယူဆနိုင်ရန်မရှိ၊ ဦးထွန်းလွင်သည် ဦးအောင်ခင်၏ ဆေးများကိုရောင်းချပေးရန် ကော်မရှင်စား ကိုယ်စားလှယ်တဦးသာဖြစ်ကြောင်းတွေ့ရှိရသည်ဟု ဆုံးဖြတ်၍၊ မူလရုံးနှင့် အယူခံရုံးများမှ ချမှတ်ခဲ့သည့် စီရင်ချက်နှင့်ဒီကရီတို့ကို ရုံးအားလုံးတွင် စရိတ်နှင့်တကွ ပယ်ဖျက်လိုက်ခြင်း ဖြစ်ပေသည်။

ထို့ကြောင့် ယခုအယူခံမှုတွင် အခွင့်ထူးပေးခဲ့သည့် အမိန့်အရ ပတ္တမြားဆေးရည် အစုစပ်လုပ်ငန်းကို သက်သေခံအမှတ် (က-၁) အရ မှတ်ပုံတင်ခဲ့ခြင်းမှာ အစုစပ်လုပ်ငန်း အက်ဥပဒေပုဒ်မ ၅၈ ၏ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီခြင်းရှိ မရှိကို ရှေးဦးစွာသုံးသပ်ရပေမည်။ အစုစပ်လုပ်ငန်း အက်ဥပဒေပုဒ်မ ၅၈ မှာအောက်ပါအတိုင်းဖြင့်သည်။

"58. (1) The registration of a firm may be effected at any time by sending by post or delivering to the Registrar of the area, in which any place of business of the firm is situated or proposed to be situated, a statement in the prescribed form and accompanied by the prescribed fee, stating—

(*a*) the firm name.
(*b*) the place or principal place of business of the firm.
(*c*) the names of any other places where the firm carries on business.
(*d*) the date when each partner joined the firm.
(*e*) the names in full and parmanent addresses of the partners, and
(*f*) the duration of the firm.

The statement shall be signed by all the partners, or by their agents specially authorized in this behalf.

(2) Each person signing the statement shall also verify it in the manner prescribed."

၎င်းပုဒ်မ ၅၈ (၁) (ခ) တွင်လုပ်ငန်း၏ဌာန၊ သို့မဟုတ် ပင်ရင်းဌာနကိုပါ ပြဆိုထားရကား၊ ယခုအမှုဌ် ပင်ရင်းဌာနသည် မြန်အောင်မြို့တွင် ဖြစ်လင့်ကစား၊ ရန်ကုန်မြို့အမှတ် ၇၇၂၊ ဒါလဟိုဇီလမ်းတွင်လည်း လုပ်ငန်း၏ ဌာနတခုရှိနေသဖြင့်

၁၉၆၇

ဦးထွန်းလွင်
နှင့်
ဦးအောင်ခင်။

ငင်းလုပ်ငန်းမှာပတ္တမြားဆေးရည်ပင်ရင်းလုပ်ငန်းဌာနမဟုတ်သော်လည်း၊ဆိုင်ခွဲလုပ်ငန်း တရပ်ဖြစ်သည် ယူဆနိုင်ရန် ဖြစ် မဖြစ်ကို ဆင်ခြင်ရမည်ဖြစ်ပေသည်။ ထိုအချက်နှင့် ပတ်သက်၍ ဦးအောင်ခင် တရားစွဲဆိုခဲ့သည့် ယခင်တရားလွှတ်တော် မူလဘက်ဆိုင်ရာ ၁၉၅၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၀၈ တွင်တင်သွင်းခဲ့သည့် စွဲလှုံနှင့်အတူ ပူးတွဲ တင်သွင်းသည့် ပတ္တမြားသွေးဆေးရည်၏ ဗူးခွံများတွင် ဆေးရည်လုပ်ငန်း၏ပင်ရင်း ဌာနကို မြန်အောင်မြို့ဟု ပြထားသော်လည်း၊ ဆိုင်ခွဲများအဖြစ် ဟင်္သာတမြို့နှင့် ရန်ကုန်မြို့၊အမှတ် ၇၇၂၊ ဒါလဟိုဇီလမ်းတွင်တည်ရှိကြောင်း အတိအလင်းကျေညာထား လေသည်။ ထို့ပြင် သက်သေခံအမှတ် "ည-ည" ဖြစ်သည့် ရန်ကုန်မြို့အချေပိုင်း နယ်ပိုင်ရာဇဝတ် တရားသူကြီးရုံး၊ ၁၉၅၁ ခု၊ ရာဇဝတ်မှုအမှတ် ၃၁ တွင် ဦးအောင်ခင်က တရပ်တဦးအပေါ် ရာဇသတ်ကြီးပုဒ်မ ၄၀၃/၄၀၅ အရ၊ ရာဇဝတ်မှု စွဲဆိုစဉ်အခါက ငင်းမှာ ပတ္တမြားဆေးတိုက်၏ အုပ်ချုပ်သည့် အစုစပ်ဝင်တဦး ဖြစ်ကြောင်းနှင့် ထိုလုပ်ငန်းမှာ ၇၇၂၊ ဒါလဟိုဇီလမ်း၊ ရန်ကုန်မြို့တွင် တည်ရှိပါသည်ဟု ဖော် ပြထားသည့်အပြင်၊ ဦးအောင်ခင်က ထိုအတိုင်းပင် ကျမ်းကျိန်အစစ်ခံ ထားလေသည်။

သို့ဖြစ်ရကား အမှတ် ၇၇၂၊ ဒါလဟိုဇီလမ်း၊ ရန်ကုန်မြို့မှာ ပတ္တမြားဆေးရည် လုပ်ငန်း၏ ဌာနခွဲတခုဖြစ်ကြောင်းမှာ များစွာမှထင်ရှားနေပေသည်။ ဤကဲ့သို့ ရန်ကုန် မြို့အမှတ် ၇၇၂၊ ဒါလဟိုဇီလမ်းရှိလုပ်ငန်းမှာ ပတ္တမြားဆေးရည်လုပ်ငန်း၏ တစိတ်တဒေ သဖြစ်ကြောင်းပေါ် လွင်နေမှု၊ အစုစပ်လုပ်ငန်းဥပဒေပုဒ်မ ၅၀ အရ၊ ပတ္တမြားဆေးရည် လုပ်ငန်းကို ရန်ကုန်မြို့တွင် မှတ်ပုံတင်ခဲ့ခြင်းမှာ ဥပဒေလိုအပ်ချက်များအရ၊ ပြည့်စုံခြင်း ရှိ မရှိကို ထပ်မံလေ့လာရပေမည်။ ထိုအချက်နှင့်ပတ်သက်၍ လုပ်ငန်းတခု၏ ဌာန တည်ရှိသည့်နေရာတွင် မှတ်ပုံတင်ခဲ့လျှင်၊ ထိုသို့မှတ်ပုံတင်ခဲ့ခြင်းမှာ ငင်းလုပ်ငန်းကို ပုဒ်မ ၅၀ အရ၊ မှတ်ပုံတင်ခြင်း မြောက်သည်ဟူသည့် ရည်ရွယ်ချက်နှင့် ပုဒ်မ ၅၀(၁) (ခ) တွင်၊ ပင်ရင်းဌာန၊သို့မဟုတ် လုပ်ငန်းဌာနပါ ထည့်သွင်းထားကြောင်းကို ဥပဒေ ကို ပြဋ္ဌာန်းစဉ်က ရည်ရွယ်ရင်းဖြစ်သည့် အကြောင်းခြင်းရာများကို ဖော်ပြရာ၌၊ ၁၉၅၀ ခုနှစ်၊ ကော၊အမ်၊ဂို(၌)၏ အစုစပ်လုပ်ငန်းဥပဒေ စာအုပ်စာမျက်နှာ ၅၂၀ တွင်အောက် ပါအတိုင်း ရှင်းလင်းစွာ ပြဆိုထားသောကြောင့် ဖြစ်ပေသည်။

> "Clause 57.—Under the original draft of sub-clause (1), the validity of the registration of a firm could be disputed on the ground that its principal place of business does not lie within the area in which it has been registered. To avoid

this we propose that registration may be effected in any area in which the firm carries on business."

အထက်ပါပြဆိုချက်အရ အစုစပ်လုပ်ငန်းတခု၏ ရွက်ဆောင်ရာဌာနတခုသည် မှတ်ပုံတင် ပြုလုပ်ခွင့်ရှိသည့် နေရာအတွင်း တည်ရှိနေမှု၊ ပင်ရင်းဌာနသည် ထိုနေရာတွင် တည်ရှိခြင်း မရှိသော်လည်း ထိုလုပ်ငန်းအတွက် ၎င်းနေရာ၌ မှတ်ပုံတင်ခြင်းသည် အစုစပ်လုပ်ငန်း ဥပဒေပုဒ်မ ၅၈ အရ၊ မှတ်ပုံတင်ခြင်းမြောက်သည်ဟု ယူဆရမည် ဖြစ်သည်ကို အယူခံတရားခံအတွက်လိုက်ပါဆောင်ရွက်သည့် ပညာရှိရွှေနေကြီးကလည်း မငြင်းဆိုနိုင်ပေ။ သို့အတွက် ယခုအမှုတွင် ပတ္တမြားဆေးရည်လုပ်ငန်းအတွက်၊ ရန်ကုန်မြို့တွင် မှတ်ပုံတင်ခဲ့ခြင်းမှာ အစုစပ်လုပ်ငန်း ဥပဒေပုဒ်မ ၅၈ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီသည်ဟုသာ ကျွန်ုပ်တို့ယူဆ ဆုံးဖြတ်ရမည် ဖြစ်ပေသည်။

ထို့ကြောင့် ဆက်လက်စဉ်းစားရန် လိုအပ်လာသည်မှာ၊ အယူခံတရားခံ ဦးအောင်ခင်က ထိုသို့မှတ်ပုံတင်ခြင်းနှင့်ပတ်သက်၍ သက်သေခံအမှတ် (က-၁) ပုံစံတွင် မိမိလက်မှတ်မထိုးရပါဟု ငြင်းဆိုထားပြီး ၎င်းပုံစံပေါ်ရှိ လက်မှတ်မှာ အခြားသူတဦးက လိမ်လည်ထိုးထားသည့် လက်မှတ်သာဖြစ်ပါသည်ဟု ဆိုထားခြင်းကြောင့်၊ သက်သေခံအမှတ် (က-၁) ပုံစံကို အယူခံတရားခံကိုယ်တိုင် လက်မှတ်ရေးထိုးခြင်း ရှိ မရှိကို ဆင်ခြင်ရန်ရှိနေပေသည်။ ထိုအချက်နှင့်ပတ်သက်၍ တရားလိုဖြစ်သူ ဦးထွန်းလွင် ဘက်မှ ဝတ်လုံတော်ရ ဦးလှဖေ၊ အချေပိုင်း နယ်ပိုင်တရားသူကြီး ဦးလှကျော်နှင့် ချေနေစာရေး နိုင်ဒူးတို့၏ ထွက်ဆိုချက်များပေါ် မူတည်၍ သက်သေခံအမှတ် (က-၁) ပေါ် ထိုးထားသည့် လက်မှတ်မှာ ဦးအောင်ခင်လက်မှတ်ဖြစ်ကြောင်း ပြဆိုခဲ့လေသည်။ ဦးအောင်ခင်ကမူ ၎င်းလက်မှတ်မှာ မိမိ၏လက်မှတ်မဖြစ်နိုင်၊လက်မှတ်ထိုးသည်ဆိုသည့် ၁၉၄၉ ခု၊ ဩဂုတ်လ ၂ ရက်နေ့က မိမိမှာ မြန်အောင်တွင်ရှိနေကြောင်း သက်သေအထောက်အထားများ ပြခဲ့လေသည်။

သို့ရာဘင် မူလရုံးနှင့် အယူခံရုံးများမှ၊ သက်သေခံအမှတ် (က-၁) စာရွက်ပေါ်တွင် ထိုးထားသည့် ဦးအောင်ခင်ဆိုသူလက်မှတ်ဖြစ်ကြောင်း နှစ်ရုံးစလုံးမှ သဘောတူညီယူဆဆုံးဖြတ်ခဲ့ပြီးဖြစ်ပေသည်။ အယူခံမှုအမှတ် ၁၀/၆၁ ကြားနာသည့် ပညာရှိတရားသူကြီးများကမူ ထိုသက်သေခံအမှတ် (က-၁) ပေါ်ရှိ လက်မှတ်မှာ အယူခံတရားခံ ဦးအောင်ခင်၏ လက်မှတ်ဟုတ် မဟုတ် ဆိုသည်နှင့်ပတ်သက်၍ မည်သို့မျှ ဝေဖန်ခြင်းမပြုခဲ့ပေ။ မူလရုံးနှင့် အောက်အယူခံရုံးများမှ ၎င်းအချက်နှင့်ပတ်သက်၍ သဘောတူညီတွေ့ရှိ ဆုံးဖြတ်ထားချက်မှာ သက်သေခံအထောက်အထား လုံ[illegible]မဲ့ နေပါသည်ဟုဆိုင်း၊ တဘက်စီးနှင်းဖြစ်နေသည်ဟုဆိုင်း မဆိုနိုင်ရကား၊ ထိုသဘောတူညီဆုံးဖြတ်ချက်ကို ဤရုံးမှ အသူးအယူခံမှုကို ကြားနာသည့် ရုံးအနေဖြင့် ဝင်ရောက်

၁၉၆၇

ဦးထွန်းလွင်
နှင့်
ဦးအောင်ခင်။

စွက်ဖက်ရန် အခွင့်အရေးမရှိတော့ပေ။ **ဦးဝင်းမောင်ပါ ၃ နှင့် ဒေါ်ကြင်လှိုင်ပါ ၃ (၁)** စီရင်ထုံးကိုကြည့်ပါလေ။

သို့ဖြစ်ရကား သက်သေခံအမှတ် (က-၁) အရ ပတ္တမြားသွေးဆေးရည်လုပ်ငန်းကို ရန်ကုန်မြို့၊ လုပ်ငန်းများဆိုင်ရာ မှတ်ပုံတင်အရာရှိထံတွင် အစုစပ်လုပ်ငန်း ဥပဒေပုဒ်မ ၅၈ အရ၊ မှာ်ပုံတင်ခဲ့ခြင်းမှာ ဥပဒေလိုအပ်ချက်နှင့်ကိုက်ညီသည်ဟုသာ ကျွန်ုပ်တို့ ဆိုးဖြတ်ရမည်ဖြစ်ပေသည်။ ထို့ကြောင့် ပတ္တမြားသွေးဆေးရည်လုပ်ငန်းကို အစုစပ်လုပ်ငန်းအဖြစ် မှာ်ပုံတင်ခဲ့ခြင်းမှာ ဥပဒေအရ တည်မြဲခိုင်လုံသည့် မှတ်ပုံတင်ခြင်းဖြစ်ကြောင်းထင်ရှားမှု၊ အစုစပ်လုပ်ငန်း ဥပဒေပုဒ်မ ၆၈ အရ၊ ထိုမှတ်ပုံတင်သည့် စာရွက်စာတမ်းတွင်ပါဝင်သည့် အကြောင်းခြင်းရာများသည် အပြီးသတ်သက်သေခံချက်ဖြစ်သည်ဟု ဥပဒေယူဆချက်ရှိရမည်ဆိုသည့် ပြဋ္ဌာန်းချက်အကျုံးဝင်နေသဖြင့်၊ ဦးအောင်ခင်သည် ပတ္တမြားသွေးဆေးရည်လုပ်ငန်းတွင် အစုစပ်ရှယ်ရှောင်တဦးသာ ဖြစ်သည်ဟု ယူဆရန်သာရှိတော့သည်။

သို့ပေဖြားလည်း အယူခံတရားခံ ဦးအောင်ခင်၏ ပညာရှိရွှေနေကြီးက ထိုဥပဒေယူဆချက်မျိုးမှာ အပြီးသတ်သက်သေခံချက်မဖြစ်နိုင်၊ မမှန်ကြောင်း ပြန်လှန်သက်သေခံချက် ပေးနိုင်ခွင့်ရှိကြောင်းကို အယူခံရှေ့မှ ကိုးကားခဲ့သည့် ***Firm Het Ram Padam Chand*** **v.** ***Firm Sabhag Chand Rikhab Das and others*** (၂) ကိုကိုးကားပြီး၊ ယခင်တရားလွှတ်တော်ချုပ်မှ ဆုံးဖြတ်ခဲ့သည့် **ရောင်ရောက်စိန် (ခေါ်) ဝိုင်အစိန် (ခေါ်) ဦးစိန်** နှင့် **ကုန်သွယ်လုပ်ငန်းခွန်မင်းကြီး ပါ ၂ (၃)** စီရင်ထုံးတို့ကို ရည်ညွှန်းလေသည်။ ယင်းအမှု အယူခံတရားလို ရောင်ရောက်စိန်မှာ ၁၉၅၂ ခုနှစ်၊ တည်ထောင်သော နယူးဖုတ်ကြန်ဆင်ဒီကိတ် အစုစပ်လုပ်ငန်းနှင့် ပတ်သက်၍၊ ၁၉၅၁ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့ဖြင့် အစုစပ် ၃ ဦးအမည်ကို အစုစပ်လုပ်ငန်း အက်ဥပဒေပုဒ်မ ၅၈ အရ၊ မှတ်ပုံတင်ခဲ့ရာတွင် အစုစပ်ဝင်ဦးအနေဖြင့် ပါဝင်နေသော်လည်း ထိုအစုစပ်တည်ထောင်သည့် သက်သေခံအမှတ် (က) ပဋိညာဉ်စာချုပ်တွင် ရောင်ရောက်စိန်မှာ အစုစပ်တဦးမဟုတ်ကြောင်း ကောင်းစွာ ပေါ်လွင်ထင်ရှားနေသဖြင့်၊ ရောင်ရောက်စိန်အား ပုဒ်မ ၆၈ အရ၊ အစုစပ်ဝင်တဦးဖြစ်သည်ဟု ဆုံးဖြတ်ရန် မဖြစ်ကြောင်းကို ပြဆိုထားခြင်းကို ကိုးကားထားလေသည်။ သို့ရာတွင် ၎င်းအမှုဥ် အစုစပ်လုပ်ငန်းကို အစုစပ်လုပ်ငန်း ဥပဒေပုဒ်မ ၄၊ ၅၊ ၆ များအရ၊ ပဋိညာဉ်စာချုပ်ပေါ် မူတည်ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး၊ ထိုပဋိညာဉ်စာချုပ်တွင် ရောင်ရောက်

---

(၁) (၁၉၆၃) နှင့် မြန်မာပြည်စီရင်ထုံး-၁၀ ၁၂။

(၂) (28) A.I.R. (1941) Oudh. 376.

(၃) (၁၉၆၁) မြန်မာပြည်စီရင်ထုံး စာမျက်နှာ ၁၄၃။

စိန်မှာ အစုစပ်ဝင်တဦးမဟုတ်ကြောင်း အတိအလင်းပြဆိုထားခဲ့ပြီး၊ ၎င်းပဋိညာဉ်အ အစုစပ်လုပ်ငန်းကို ပုဒ်မ ၅၈ အရ၊ မှတ်ပုံတင်ခဲ့ခြင်းဖြစ်ရကား၊ ရောင်ရောက်စိန်မှာ ထိုလုပ်ငန်း၏ အစုဝင်တဦး ဟုတ် မဟုတ်ဆိုသည်ကို၊ မူတည်ဆုံးဖြတ်ရမည်မှာ ပဋိညာဉ် စာချုပ်ပေါ်တွင် မူတည်နေသောကြောင့်၊ ထိုသို့ဆုံးဖြတ်ထားခဲ့ခြင်းဖြစ်ကြောင်းတွေ့ ရှိရလေသည်။

ယခုအမှုတွင်မူ အယူခံတရားလိုနှင့် အယူခံတရားခံတို့၏ အစုစပ်လုပ်ငန်းနှင့်ပတ်သက်၍ မည်သို့မျှ ပဋိညာဉ်စာချုပ် ပြုလုပ်ထားခြင်းမရှိကြောင်း တွေ့ရှိနေရကား၊ အယူခံတရားလိုနှင့် အယူခံတရားခံတို့သည် ပတ္တမြားသွေးဆေးရည်လုပ်ငန်းနှင့်ပတ်သက်၍ တဦးနှင့်တဦးသည် အစုစပ်ရှင်များအဖြစ် ဆက်ဆံခဲ့ခြင်း ရှိ မရှိကို အစုစပ်လုပ်ငန်း ဥပဒေပုဒ်မ ၄၊ ၅၊ ၆ များအရ ဆင်ခြင်ရန်သာသိုပေသည်။ ထိုအချက်နှင့်ပတ်သက်၍ ဦးအောင်ခင်ရှေ့နေကြီးက ပဌမဦးထွန်းလွင်၏အစ်မ ဒေါ်ချယ်က ဦးအောင်ခင်၏ မွေးစားမိခင် ဒေါ်ဥထံ ပေးခဲ့သည့်စာများနှင့် ဦးထွန်းလွင်နှင့် ဦးအောင်ခင်တို့ အပြန်အလှန်ပေးခဲ့သည့် သက်သေခံစာများမှ ကောက်နုတ်ချက်များကို၊ ကိုးကားပြီး ဦးထွန်းလွင်မှာ ပတ္တမြားဆေးရည်လုပ်ငန်း၏ အစုရှင်တဦး မဖြစ်နိုင်၊ အလွန်ဆုံး ဦးအောင်ခင်၏ ထိုလုပ်ငန်းအတွက် အရောင်းကိုယ်စားလှယ်တဦးသာ ဖြစ်ကြောင်းပြဆိုပေသည်။ ဦးထွန်းလွင်ကလည်း ပြန်လည်၍ ပတ္တမြားဆေးလုပ်ငန်းတွင် ပုလင်းများရရှိရန်လိုင်စင်အတွက် လိုအပ်သည့်ငွေများသွင်း၍ ကူးသန်းရောင်းဝယ်ရေးဌာနတွင် မှတ်ပုံတင်များပြုလုပ်ခဲ့ခြင်း၊ နိုင်ငံခြားများတွင် ထိုဆေးများ ဖြန့်ဖြူးရောင်းချနိုင်ရန် အဆက်အသွယ်များပြုလုပ်ခဲ့ခြင်း၊ ထိုစာများတွင် ကော်မရှင် ကိုယ်စားလှယ်တဦးသာဖြစ်ကြောင်း မည်သို့မျှရည်ညွှန်းချက်များ မတွေ့ရှိရခြင်းများတို့မှာ ဦးအောင်ခင်ပြဆိုသကဲ့သို့၊ မိမိမှာဆေးများကို ကိုယ်စားလှယ်အဖြစ် ရောင်းပေးသူတဦးသာ ဖြစ်ပါသည်ဟု မည်သို့မျှ ယူဆနိုင်စွမ်းမရှိပါဟု တင်ပြသည်။

၎င်းအချက်များမှာ ဦးထွန်းလွင်နှင့် ဦးအောင်ခင်တို့သည် ဆေးလုပ်ငန်းအတွက် ဆက်ဆံရာဘွင် အစုဝင်အနေနှင့် ဆက်ဆံခဲ့ခြင်း ဟုတ် မဟုတ်ဆိုသည်ကို တိကျစွာဆုံးဖြတ်နိုင်ရန် ခဲယဉ်းသည်နှင့်အမျှ၊ ခိုင်လုံသည့် သက်သေခံများဖြစ်သည်ဟု မူလရုံးမှ သော်၎င်း၊ ပဌမအယူခံရုံးမှသော်၎င်း၊ ကိုးစားခဲ့ခြင်းမရှိပေ။ မည်သို့ပင်ဖြစ်စေ အထက်က ရည်ညွှန်းခဲ့သည့် ရန်ကုန်မြို့ အရှေ့ပိုင်း နယ်ပိုင် ရာဇဝတ်တရားသူကြီးရုံး၊ ၁၉၅၁ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၃၁ တွင် ဦးအောင်ခင်က တရုပ်တဦးအပေါ် ရာဇဝတ်မှုစွဲဆိုရာ၌ ၎င်းမှာ ရန်ကုန်မြို့၊ ဒါလဟိုဇီလမ်း၊ အမှတ် ၇၇၂ ရှိ၊ ပတ္တမြားဆေးတိုက်၏ အစုရှယ်ယာပင် မနှစ်နေကျဖြစ်ပါသည်ဟု အတိအလင်း အစစ်ခံထားသည့်အပြင်၊ ဦးထွန်းလွင်ကလည်း ၎င်းအမှုတွင်ပင် သက်သေအဖြစ်အစစ်ခံစဉ် ပတ္တမြားဆေးရည်

၁၉၆၇

ဦးဆွန်းလွင်နှင့် ဦးအောင်ခင်။

လုပ်ငန်းကို ၎င်းသည် 'ဖြန့်ချီရေးဘက်ဆိုင်ရာ အုပ်ချုပ်သော မန်နေဂျာ ဖြစ်ပြီး အစုရှယ်ယာပါသည်ဟုထွက်ဆိုအစစ်ခံထားခဲ့လေသည်။ ထိုအတွက် အယူခံတရားခံကရုံးရွေတွင်ကျမ်းကျိန်အစစ်ခံထားချက်အရ ၎င်းမှာ ပတ္တမြားသွေးဆေးရည်လုပ်ငန်း၏ အစုရှယ်ယာဝင်တဦးဖြစ်ကြောင်း ယခုအမှုမဖြစ်မီကပင် အတိအသင်းထွက်ဆိုထားသဖြင့် အယူခံ တရားခံ ဦးအောင်ခင်သည်အစုစပ်လုပ်ငန်း ဥပဒေပုဒ်မ ၄၊ ၅၊ ၆ ပါပြဋ္ဌာန်းချက်များအရ၊ ပတ္တမြားသွေးဆေးရည် အစုစပ်လုပ်ငန်းတွင် အစုစပ်ပါဝင်သူ တဦးဖြစ်ကြောင်းမှာ များစွာပေါ်လွင်နေပေတော့သည်။

သို့ဖြစ်ရကား အစုစပ်လုပ်ငန်း ဥပဒေပုဒ်မ ၆၈ အရ၊ ဦးအောင်ခင်သည် ယခုမှ ပတ္တမြားသွေးဆေးရည်လုပ်ငန်းမှာ မိမိတဦးတည်း ကိုယ်ပိုင်လုပ်ငန်းဖြစ်ပြီး၊ အစုစပ်လုပ်ငန်းမဟုတ်ဟု မည်သို့မျှငြင်းဆိုခွင့်မရှိ၊ ဥပဒေယူဆချက်အရ အပြီးသတ်သက်သေခံချက်အဖြစ် ပိတ်ပင်ခြင်းဖြစ်နေပြီဟုသာ ယူဆရမည်။ သို့အတွက် အယူခံမှုအမှတ် ၁၀/၆၁ တွင် ဦးအောင်ခင်သည် ပတ္တမြားသွေးဆေးရည်လုပ်ငန်း၏ အစုရှယ်ယာဝင်တဦးမဟုတ်ပါဟု ယူဆဆုံးဖြတ်ထားချက်ကို ကျွန်ုပ်တို့မည်သို့မျှ လက်ခံအတည်ပြုနိုင်ရန်မဖြစ်၊ ပယ်ဖျက်ရမည်ဖြစ်ပေသည်။

ဖော်ပြပါ အကြောင်းများကြောင့် ယခုအထူးအယူခံမှုကို ခွင့်ပြုပြီး ဒေယူခံမှုအမှတ် ၁၀/၆၁ တွင်ချမှတ်ခဲ့သည့် စီရင်ချက်နှင့်ဒီကရီကို စရိတ်နှင့်တကွပယ်ဖျက်၍ မူလရုံးနှင့် အယူခံရုံးတို့မှ ချမှတ်ခဲ့သည့်အတိုင်း ဦးထွန်းလွင်သည် ပတ္တမြားသွေးဆေးရည်လုပ်ငန်း၏ အစုရှယ်ယာဝင်တဦးဖြစ်သည်ဟု ကျေညာပြီး၊ ထိုလုပ်ငန်းကို ဖျက်သိမ်းရန်ပဏာမဒီကရီ ချမှတ်ခြင်းကို ရုံးအားလုံးတွင် စရိတ်နှင့်တကွ ပြန်လည်အတည်ပြုလိုက်သည်။

ပညာရှိရွှေနေကြီး စရိတ်အဖြစ် ရွှေဒင်္ဂါး ၃၅ ပြားသတ်မှတ်သည်။

နိုင်ငံတော်တရားရုံးချုပ်

တရားမအသေးအဖွဲမှု

တရားသူကြီး ဦးသက်ဖေ ရွှေတွင်

ဦးပိစေလု ပါ ၁ (လျှောက်ထားသူ)

နှင့်

ကော်လိတ်တော်အရာရှိ (လျှောက်ထားခံရသူ)*

† ၁၉၆၇
မေလ ၁၆ ရက်။

မြေသိမ်း အက်ဥပဒေ ပုဒ်မ ၁၈ အရလွှဲအပ်ပေးသည့် ကိစ္စ—၁၉၅၀ ခုနှစ်၊ သီးစား၁ စံနှုန်း ဥပဒေ ပုဒ်မ ၂(က) အရ၊ မြေခွန်တော်နှင့် အညီအမျှဖြစ်သော သီးစားခင်ငှေကိုသာ ရရန် အခွင့်အရေးရှိခြင်း—မြေခွန်တော် အဆ ၂၀ ကို တွက်ချက်ပြီး လျော်ကြေးအဖြစ် သတ်မှတ်ခြင်းမှာ နည်းလမ်းကျမကျ။

ဆုံးဖြတ်ချက်။ ။အမှုတွင် မြေသိမ်းအက်ဥပဒေအရ၊ သိမ်းယူခဲ့သည့်မြေမှာ လယ်ယာမြေဖြစ်၍ လျှောက်ထားသူတို့ အနေဖြင့် ထိုမြေကို ရောင်းခြင်း၊ ပေါင်ခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းခြင်းလုံးဝမပြုနိုင်ချေ။ မြေသိမ်းမည်ဟု ကျေညာသည့် ၁၉၆၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက်နေ့တွင် ၎င်းတို့ ကိုယ်တိုင်လည်း ထိုမြေပေါ်တွင် စပါးစိုက်ပျိုးထွန်ယက်လုပ်ကိုင်ခြင်းမရှိ၊ ထိုနေ့တွင် ၎င်းတို့သည် ၁၉၅၀ ခုနှစ်၊ သီးစား၁ စံနှုန်းဥပဒေ ပုဒ်မ ၂ (က) အရ၊ မြေခွန်တော်နှင့် အညီအမျှဖြစ်သော သီးစားခင်ငှေကိုသာ ရရန်အခွင့်အရေးရှိပေသည်။ တနည်းဆိုသော် လျှောက်ထားသူတို့သည် အခင်းဖြစ် မြေနှင့် ပတ်သက်၍ မြေခွန်တော်ပေးဆောင်ရန် အငြင်းငှေသာ ရှိကြရန်အခွင့်အရေးရှိသူများသာဖြစ်သည်။ အမြတ်အစွန်းတစုံတရာရရှိရန် အခွင့်အရေးမရှိချေ။ သို့ဖြစ်ရာ ထိုမြေအား သိမ်းယူရာ၌ မြေခွန်တော် အဆ ၂၀ ကို တွက်ချက်ပြီး လျော်ကြေးအဖြစ် သတ်မှတ်ခဲ့ခြင်းမှာ နည်းလမ်းကျသည်ဟု ယူဆရမည်ဖြစ်သည်။ နောက်ပိုင်းတွင် နိုင်ငံတော် အစိုးရက သီးစားခကို လုံးဝမပေးရဟု ပြဋ္ဌာန်းထားပြီးဖြစ်၍၊ လျှောက်ထားသူတို့အနေဖြင့် ထိုထက်ပို၍ အခွင့်အရေးရနိုင်ရန် လမ်းမရှိပေ။

ကိုင်လာ(စ်)ချန်ဒရာ နှင့် နိုင်ငံတော် အတွင်းဝန်၊ အတွဲ ၁၈၊ အိုင်၊ စီ၊ ၆၂၈၊ ကော်လိတ်တော် နှင့် ကူရာအက်စတိတ်၊မန်နေဂျာ၊ အေ၊အိုင်၊အာ(ရ်)၊ ၁၉၂၆၊ ဘုံဘေ၊ စာ ၂၂၃။ ကူစီရမ် နှင့် လက်ထောက်ကော်လိတ်တော် ရှိတ်ခါပူ၊ အေ၊အိုင်၊အာ(ရ်)၊ ၁၉၂၅၊ ဆင်း၊ စာ ၁၁၂ ခြားနားပြသည်။ ရက်ဒီးယား နှင့် နိုင်ငံတော် အတွင်းဝန် အတွဲ ၅၊ ရန်ကုန်၊ စာ ၇၉၉။ စတက်ဘင်းနှင့် မက်ထရိပိုလီတင်းဘုတ်အော့ဝါ(ခ်)၊ (၁၈၇၀) အယ်(လ်) အာ(ရ်) ၆၊ ကျူဘီ ၃၇။ ကော်ရီ နှင့် မက်ဒါမွတ် ၁၉၁၄ ခု၊ အေစီ၊ ၁၀၅၆ (၁၀၆၂)။ ဂါဂျာပါတီရာဂျူး နှင့် ဒီဇာဂါပတ္တန်တိုင်းအခွန်အရာရှိ၊ အေ၊အိုင်၊အာ(ရ်)၊ ၁၉၃၉ ခု၊ (ပီ-စီ) စာ ၉၈ ရည်ညွှန်းသည်။

---

* ၁၉၆၅ ခုနှစ်၊ တရားမ အသေးအဖွဲမှုအမှတ် ၂၂။

၁၉၆၇ လျှောက်ထားသူများအတွက်။ ။ဦးချိုနဖိုး။

ဦးပိစေလု ပါ ၁ နှင့် ကော်လိတ်တော် အရာရှိ။ လျှောက်ထားခံရသူအတွက်။ ။အစိုးရရွှေနေကြီး ဒေါ်မြသန်းနု။

တရားသူကြီး ဦးသက်ဖေ။ ။ရန်ကုန်ခရိုင်၊ကမာရွတ်အပိုင်၊ အုတ်ကျင်း ကုလ္လော်စက် အနီးတွင် ကုလ္လော်ဂိုဒေါင် ဆောက်လုပ်ရန် မြေချိန် ၎ရိယာ ၄၇.၉၀ ကေကို နိုင်ငံတော်အစိုးရက မြေသိမ်း ဥပဒေအရ သိမ်းယူခဲ့ရာ၊ ကွယ်လွန်သူ၊ ကွမ်းကျမား၏ မြေ ၁၁.၁၀၁ ကေပါဝင်ခဲ့၏။လျှောက်ထားသူ ပီစေလုနှင့် ၎င်း၏ နှစ်မ သီလာသာဝသီ အမာ(လ်) တို့မှာ ကွမ်းကျမား၏ အမွေဆိုင်များ ဖြစ်ကြသည်။ လျှောက်ထားသူတို့က၊ မြေသိမ်း အရာရှိ ဖြစ်သူ အင်းစိန်မြို့၊ အထူးကော်လိတ်တော်အရာရှိ ထံသို့၊ မြေတကေလျှင် ၁,၅၀၀ ကျပ်နှုန်းဖြင့် လျော်ကြေးကို တွက်ချက်ပေးရန် လျှောက်ထားသော်လည်း၊ အထူး ကော်လိတ်တော် အရာရှိက သိမ်းယူသော မြေမှာ စပါးစိုက်ပျိုးသည့် လယ်မြေ ဖြစ်၍၊ အခြောင်း အဝယ် စံနှုန်း မရှိသဖြင့်၊ မြေခွန်၏ အဆ ၂၀ အပေါ် ၁၅ ရာခိုင်နှုန်း ဆောင်းလျက် တွက်ချက်ကာ လျော်ကြေးငွေ ၁,၀၈၅ ကျပ် ၁၄ ပြား သတ်မှတ်ခဲ့သည်။ ယင်းသို့ သတ်မှတ်ခြင်းကို လျှောက်ထားသူတို့က မကျေနပ်သဖြင့် ဤရုံး၏ အဆုံးအဖြတ်ကို ရယူလိုသည်ဟု တင်ပြကြသည့် အလျောက်၊ အထူးကော်လိတ်တော် အရာရှိက မြေသိမ်း ဥပဒေပုဒ်မ ၁၈ အရ လွှဲအပ်ပေးသည့် ကိစ္စ ဖြစ်သည်။

ယခုအမှုတွင် လျော်ကြေးနှင့် ပတ်သက်၍ အငြင်းပွါးလျက် ရှိသော မြေမှာ စပါးစိုက်ပျိုးသည့် လယ်ယာမြေ ဖြစ်သည်ဆိုသော အချက်ကို လျှောက်ထားသူတို့က ဝန်ခံကြသည်။ သို့ရာတွင် ၎င်းတို့က ထိုမြေသည် မီးရထားလမ်းနှင့် လှိုင်မြစ် ကမ်းဘေးတွင်ရှိပြီး အနီးဆုံ ဆန်စက်၊ ဆီစက်နှင့် လူနေအိမ်များ ရှိသဖြင့် အခြောင်း အဝယ် စံနှုန်း မရှိသည့် မြေအမျိုးအစား ဖြစ်သည်ဟု မဆိုနိုင်ကြောင်း၊ ထိုမြေ အနီးရှိ အစိုးရနယ်သစ် သမဝါယမဘဏ်ပိုင် မြေများကို ၁၉၆၂ ခုနှစ်က တကေလျှင် ငွေ ကျပ် ၂၀,၀၀၀ နှုန်းဖြင့် ရောင်းချခဲ့ဘူးသဖြင့် လျှောက်ထားသူတို့ တောင်းဆိုးသည့်၊ တကေ ကျပ် ၁,၅၀၀ နှုန်းမှာ မမျှားကြောင်း တင်ပြ လာကြသည်။

မြေသိမ်း ဥပဒေ ပုဒ်မ ၂၃ (၁) ၌ သိမ်းယူသော မြေအတွက် လျော်ကြေးငွေကို တွက်ချက်သောအခါ စဉ်းစားရန် အချက် ၆ ချက် ပြဋ္ဌာန်းထားရာ၊ ယခု အမှုတွင် ပဌမ အချက်ကိုသာ သုံးသပ်ရန် လိုပေသည်။ ထိုအချက်မှာ မြေသိမ်း ဥပဒေ ပုဒ်မ ၄ (၁) အရ၊ မြေသိမ်းမည် ဖြစ်ကြောင်း ကျေညာသည့် နေ့တွင် ပေါ်ပေါက်လျက် ရှိသည့် မြေ၏ ပေါက်ဈေးပင် ဖြစ်သည်။ လျှောက်ထားသူတို့၏ မြေကို သိမ်းမည် ဖြစ်ကြောင်း ကျေညာသည့် နေ့မှာ ၁၉၆၁ ခု၊ ဒီဇင်ဘာလ ၂၉ ရက်နေ့ ဖြစ်သည်။

ဘုရားဖူး ဦးသီဓေလှု ပါ ၁ နှင့် ကော်လိတ်ထော်အာဇာနီ။

"ပေါက်စေ့း" ဆိုသော စကားရပ်ကို မြေသိမ်း ဥပဒေတွင် အဓိပ္ပါယ် ဖွင့်ဆို ထားခြင်း၊ သတ်မှတ်ထားခြင်း မရှိပေ၊ ရောင်းသူအနေဖြင့် ပစ္စည်း တခုကို မိမိဆန္ဒ အတိုင်း ရောင်းချလိုပြီး၊ ဝယ်သူ အနေနှင့်လည်း လိုလိုချင်ချင် ဝယ်ယူလိုသည့် အတိုး အစား အနားကို ထိုပစ္စည်း၏ ပေါက်စေ့း ဖြစ်သည်ဟု တရားရုံးများက စီရင်ထုံး ပြုခဲ့ကြသည်။ **ကိုင်လာ (စ်)ချန်ဒလာ နှင့် နိုင်ငံတော်အတွင်းဝန် (၁)၊ ကော်လိတ် တော်နှင့် ကူရာလာအင်စတိတ်၊ မန်နေဂျာ (၂)၊ကူစီရမ်နှင့် လက်ထောက် ကော်လိတ် တော် ရှိတ်ခါပူ (၃)၊ ရက်ဒီးယားနှင့် နိုင်ငံတော်အတွင်းဝန် (၄)**၊ အတား အဆီး မရှိ လွတ်လပ်စွာ ရောင်းနိုင် ဝယ်နိုင်သည့် ပစ္စည်းမျိုးနှင့် ပတ်သက်၍မူ၊ စီရင် ထုံးများတွင် ချမှတ်ထားသည့် မူအတိုင်း ပေါက်စေ့းကို ခန့်မှန်း တွက်ချက်နိုင်မည် ဖြစ်သည်။ ယာဉ်အမှုရှိ မြေမှာ ပိုင်ရှင် အနေဖြင့် လွတ်လပ်စွာ ရောင်းချခြင်း၊ ပေါင် နှံခြင်း၊ သို့မဟုတ် လဲပြောင်းခြင်း မပြုနိုင်သည့် လယ်ယာမြေ ဖြစ်သည်။ လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး ဥပဒေ ပုဒ်မ ၄ တွင် ယင်းသို့ ရောင်းချခြင်း၊ လဲပြောင်းခြင်း၊ ပေါင်နှံခြင်းကို မပြုလုပ်ရဟု အတိ အလင်း တားမြစ်ထားသည့် အပြင်၊ ပုဒ်မ ၄၆ အရ၊ ထိုတားမြစ်ချက်ကို ချိုးဖောက်က ဒဏ်ငွေ ငါးရာကျပ် အထိ အပြစ်ပေးမည် ဖြစ်ကြောင်း ဖေါ်ပြထားသည်။ ထိုကဲ့သို့ ဥပဒေဖြင့် အတိ အလင်း တားမြစ် ထား သည့် မြေမျိုးကို ပိုင်ရှင် အနေနှင့် ရောင်းချဝံ့မည် မဟုတ်၊ ဝယ်သူ အနေနှင့်လည်း ဥပဒေကို ချိုးဖောက်ကာ ငွေကို အဆုံးခံ၍ ဝယ်မည် မဟုတ်ချေ၊ သို့ဖြစ်ရာ လယ်ယာ မြေ၏ ပေါက်စေ့းကိုသတ်မှတ်ရာတွင် ရောင်းသူရော ဝယ်သူပါ နှစ်ဦးသဘောတူ နှစ်ချိုက်သည့် စေ့းနှုန်းကို မူတည်၍ မဖြစ်နိုင်ပေ၊ လျှောက်ထားသူ ပီစေလုက အခင်းဖြစ်မြေကို ၁၉၆၀ ခုနှစ်တွင် ဦးထွန်းတင်နှင့် ဦးဘသော် ဆိုသူတို့သည်၊ အိမ် ဆောက်ခွင့် ရမည်ဆိုက တကေလျင်၊ ငွေ ကျပ် ၁,၀၀၀ နှုန်း ပေးမည်ဟု အဆို ပြုသဖြင့် လယ်ယာ စိုက်ပျိုးရေး ဝန်ကြီးဌာနသို့ သွားရောက်ကာ ရောင်းချခွင့် တောင်းသော်လည်း မရသည့် အတွက် မြေကို မရောင်း ဖြစ်တော့ကြောင်း ဝန်ခံ ထွက်ဆိုသွားသည်။ထိုအချက်ကို ထောက်ခံလျှင်၊ လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ် ရေး ဥပဒေပါ ပြဋ္ဌာန်းချက် များကြောင့် လယ်ယာမြေကို တန်ဘိုးများများ စားစားပေးပြီး ဝယ်ယူမည့် ပုဂ္ဂိုလ်မရှိကြောင်း ပေါ်လွင်သည်။

---

(၁) အတွဲ ၁၈၊ အိုင်စီ၊ စာ ၆၂၈။

(၂) အေးအိုင်၊အာ(ရှ်)၊ ၁၉၂၆ ခု၊ ဘုံဘော၊ စာ ၂၂၃။

(၃) အေးအိုင်၊အာ(ရှ်)၊ ၁၉၂၅ ခု၊ ဆင်း၊ စာ ၁၁၂။

(၄) အတွဲ ၅၊ ရန်ကုန်၊ စာ ၇၉၉။

၁၉၈၇ ခုနှစ် ဦးပိစလူ ပါ ၃ နှင့် ကော်လိတ်တော် အထူရှိ။

လျှောက်ထားသူတို့က၊ အခင်းဖြစ်မြေ အနီးရှိ၌အစိုးရ နယ်သစ် သမဝါယမ ဘဏ်ပိုင်မြေများကို ၁၉၆၂ ခုနှစ်တွင် တကေလျှင် ငွေနှစ်သောင်းနှုန်းဖြင့် ရောင်း ချခဲ့ကြောင်းကို ထင်ရှားအောင် ကိုဖေသန်း (လိုပြ-၂) အား၊ သက်သေ ထူသွား သည်။ တကေလျှင် တန်ဘိုးငွေ နှစ်သောင်းဖြင့် ရောင်းချခဲ့သည့် မြေမှာ စက်မှုမြေ **(Industrial land)** ဖြစ်ကြောင်း၊ ထိုသက်သေက ထွက်ဆိုထား သဖြင့်၊ အဆိုပါ မြေကို အခင်းဖြစ် လယ်ယာမြေနှင့် နှိုင်းယှဉ်၍ မရနိုင်ပေ။

မြေသိမ်း ဥပဒေ အရ၊ သိမ်းယူခဲ့သော မြေတခုခု၏ ပေါက်ဈေးကို တန်ဘိုး ဖြတ်ရာတွင် သိမ်းယူမည်ဟု ကျေညာသည့် နေ့၌ တည်ရှိသော ပိုင်ရှင်၏ အခွင့် အရေး၊ ရပိုင်ခွင့် စသည့် အချက် အလက်များအပေါ် တွင် မူတည်၍ ဆုံးဖြတ်ရမည် ဖြစ်သည်။ မြေသိမ်းယူသည့် အတွက် ပိုင်ရှင်အား လျော်ကြေးပေးရမည် ဖြစ်ရာ၊ ထိုလျော်ကြေးသည် ပိုင်ရှင်၏ ဆုံးရှုံးမှုနှင့် စပ်ဟပ် ညီမျှရန် လိုပေသည်။ပိုင်ရှင်၏ ဆုံးရှုံးမှုကို တွက်ချက်ရာတွင် ထိုပစ္စည်း အပေါ် ၎င်း၏ အခွင့် အရေး ရပိုင်ခွင့် စသည်တို့ကိုထည့်သွင်းစဉ်းစားရမည် ဖြစ်သည်။ ပစ္စည်း တခုခုအား ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ လဲပြောင်းခွင့် မရှိသည့် ပိုင်ရှင်တဦး၏ အခွင့် အရေးသည် ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ လဲပြောင်းခွင့်ရှိသည့် ပိုင်ရှင် တယောက်၏ အခွင့် အရေးနှင့် တန်းတူ မရှိနိုင်ပေ။ သို့ဖြစ်ရာ လုတ်လုတ် လပ်လပ် ရောင်းခွင့် ငယ်ခွင့် မရှိသည့် ပစ္စည်းကို သိမ်းယူသဖြင့် လျော်ကြေးကို တွက်ချက်ရာတွင် ပိုင်ရှင်၏ ၎င်းရှိ အခွင့် အရေး ရပိုင်ခွင့် စသည့် ဆုံးရှုံးမှု အပေါ် အခြေ တည်ရမည် ဖြစ်သည်။ ထိုကိစ္စနှင့် ပတ်သက်၍ **စတက်ဘင်းနှင့် မက်ထရိုပိုလီတင်း ဘုတ်အော့ဝါ (ခ်)** (၅)တွင် အောက်ပါ အတိုင်း ဆုံးဖြတ်သားသည်ကို တွေ့မြင်နိုင်သည်။

> **"When land subject to restrictions as to its use is taken for a public object under compulsory powers conferred by statute, the amount of compensation to the person interested therein is to be assessed with reference to the value of his interest therein, and not with reference to its value to the persons taking it."**

ကော်ရီနှင့် မက်ဒါမွတ် (၆) တို့ စီရင်ထုံးတွင်လည်း ပရီဗီကောင်စီမှ အောက် ပါ အတိုင်း မိန့်မြွက်ခဲ့၏။

> "The value which has to be assessed is the value to the old owner who parts with his property, not the value to the

(၅) ၁၈၇၀ ခု၊ အယ်(လ်) အာ(ရ်) ၆၊ ကျူဘီ၊ ၃၇။
(၆) ၁၉၁၄ ခု၊ အေစီ၊ ၁၀၅၆၊ (၁၀၆၂)။

new owner who takes it over. If, therefore, the old owner holds the property subject to restrictions, it is a necessary point of inquiry how far these restrictions affect the value."

၁၉၆၇ ဦးပဲစေလု ပါ ၁ နှင့် ကော်လိတ်တော် အရာရှိ။

အဆိုပါ အင်္ဂလိပ်ပြည်မှ စီရင်ထုံးများတွင် ချမှတ်ထားသည့် မူများသည်၊ မြေသိမ်းဥပဒေအရ၊ သိမ်းယူခဲ့သော ပစ္စည်းများနှင့် ပတ်သက်၍၊ လျော်ကြေးကို တွက်ချက်ရာ၌လည်း အကျုံးဝင် သက်ဆိုင်ကြောင်း **ရက်ဒီးယားနှင့် နိုင်ငံတော်အတွင်းဝန်** (၄)၊ **ဂါဂျာပါတီရာဂျူး နှင့် ဇီဇာဂါပတန်တိုင်း၊ အခွန် အရာရှိ** (၇) တို့ အမှုများတွင် အဆုံးအဖြတ် ပြုထားသည်။ ထိုမှုများ တရားမျှတမှုနှင့်လည်း ညီညွတ်သည်ဟု ဆိုရမည် ဖြစ်သည်။

ယခု အမှုတွင် မြေသိမ်းဥပဒေအရ သိမ်းယူခဲ့သည့် မြေမှာ လယ်ယာမြေ ဖြစ်၍ လျော်ကာသူဘို့ အနေဖြင့် ထိုမြေကို ရောင်းခြင်း၊ ပေါင်ခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းခြင်း လုံးဝ မပြုနိုင်ချေ။ မြေသိမ်းမည်ဟုကျေညာသည့် ၁၉၆၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် ၎င်းတို့ကိုယ်တိုင်လည်း ထိုမြေပေါ်တွင် စပါး စိုက်ပျိုးထွန်ယက် လုပ်ကိုင်ခြင်း မရှိ၊ ထိုနေ့၌ ၎င်းတို့သည်၊ ၁၉၅၀ ခုနှစ်၊ သီးစားခစ်နှုန်း ဥပဒေ ပုဒ်မ ၂ (က) အရ၊ မြေခွန်ဘော်နှင့် အညီအမျှ ဖြစ်သော သီးစားခငွေကိုသာ ရရန် အခွင့် အရေး ရှိပေသည်။ တနည်းဆိုသော် လျောက်ထားသူတို့သည် အခင်းဖြစ် မြေနှင့် ပတ်သက်၍ မြေခွန်တော်ပေးဆောင်ရန် အခကြေးငွေသာ ရရှိကြရန် အခွင့် အရေး ရှိသူများသာ ဖြစ်သည်။ အမြတ် အစွန်း တစုံတရာ ရရှိရန် အခွင့် အရေး မရှိချေ။ သို့ဖြစ်ရာ၊ ထိုမြေအား သိမ်းယူရာ၌ မြေခွန်တော် အဆ ၂၀ ကို တွက်ချက်ပြီး လျော်ကြေးအဖြစ် သတ်မှတ်ခဲ့ခြင်းမှာ နည်းလမ်း ကျသည်ဟု ယူဆရမည် ဖြစ်သည်။ နောက်ပိုင်းတွင် နိုင်ငံတော် အစိုးရက သီးစားခကို လုံးဝ မပေးရဟု ပြဋ္ဌာန်းထားပြီး ဖြစ်၍၊ လျောက်ထားသူတို့ အနေဖြင့် ထို့ထက် ပို၍ အခွင့် အရေး ရနိုင်ရန် လမ်း မရှိပေ။

အဆက်ပါ အကြောင်းရပ်များကြောင့် မြေသိမ်း ဥပဒေ အရ၊ သိမ်းယူခဲ့သော လျောက်ထားသူတို့၏ မြေချိန်၊ ရေးသာ ၁၁.၁၀၁ က၏ ပေါက်စျေးကို အင်းစိန်မြို့ အထူးကော်လိတ်တော် အရာရှိ အဆုံးအဖြတ် ပြုခဲ့သည့် အတိုင်း အခွန်တော် အဆ ၂၀ နှင့်တူညီသည့် ငွေ ၉၄၃ ကျပ် ၆၀ ပြား နှင့် ထိုငွေအပေါ် ၁၅ ရာခိုင်နှုန်း ဆောင်းပေးရမည် ဖြစ်၍၊ စုစုပေါင်း လျော်ကြေးငွေမှာ ၁,၀၀၅ ကျပ် ၁၄ ပြား ဖြစ်သည်ဟု မြေသိမ်း ဥပဒေ ၂၆ အရ၊ ကျွန်ုပ်သတ်မှတ်ပေးလိုက်သည်။ တရားစရိတ်နှင့် ပတ်သက်၍ အမိန့် ချမှတ်ခြင်း မပြု။

(၇) အေးအိုင်းအာ(ရှ်)၊ ၁၉၃၉ ခု (ဖရီဗွီကောင်စီ) စာ ၉၈။

နိုင်ငံတော်တရားရုံးချုပ်

အင်ဆော်လဝင်စီမှု

တရားသူကြီး ဦးသက်ဖေ ရှေ့တွင်

၁၉၆၇ ခု မေလ ၅ ရက်။

ဦးရာမ.....အင်ဆော်လဝင် *

ရန်ကုန်မြို့ အင်ဆော်လဝင်စီ အက်ဥပဒေ ပုဒ်မ ၂၁ ပါ အကြောင်းရပ်များနှင့် အကျုံးဝင် မဝင်—ပုဒ်မ ၈ (၁) အရ၊ အင်ဆော်လဝင်စီ စီရင်ပိုင်ခွင့်အတွင်း ချမှတ်ထားသည့် အမိန့်တခုခုကို အချိန်မရွေးပြန်လည် ပြင်ဆင်ပယ်ဖျက်ရန် အာဏာရှိမရှိ။

ဆုံးဖြတ်ချက်။ ။အမှုတွင် ပေါ်ပေါက်လျက်ရှိသော အကြောင်းခြင်းရာများမှာ အင်ဆော်လဝင်သည် ဤရုံးအမိန့်အတိုင်း ကြေးမြီများကို ပေးဆပ်ရန် အင်အားရှိပါလျက်၊ ပေးဆပ်ခြင်းမပြုဘဲ နေခြင်းသာဖြစ်ရာ ရန်ကုန်မြို့ အင်ဆော်လဝင်စီ အက်ဥပဒေ ပုဒ်မ ၂၁ ပါ အကြောင်းရပ်များနှင့် အကျုံးဝင်သည်ဟု မဆိုနိုင်ချေ။ သို့ရာတွင် ဤရုံးသည် ရန်ကုန်မြို့ အင်ဆော်လဝင်စီ ဥပဒေအရ၊ တရားရုံး၏ ယန္တရားကို အလဲသုံးစားပြုကာ အင်ဆော်လဝင်ဖြစ်ကြောင်း အမိန့်ကို ရယူခဲ့သည်ဟု အထောက်အထား ပေါ်ပေါက်နေပါက အထက်ပါ အကြောင်းရပ်တခုခုမရှိလင့်ကစား ထိုအမိန့်ကို ပယ်ဖျက်ရန် မူလ ဘူတ အာဏာရှိပေသည်။

ထို့ပြင် ပုဒ်မ ၈ (၁)က ဤရုံးအား အင်ဆော်လဝင်စီ စီရင်ပိုင်ခွင့် အတွင်းချမှတ်ထားသည့် အမိန့်တခုခုကို အချိန်မရွေး ပြန်လည် ပြင်ဆင်ပယ်ဖျက်ရန် အာဏာအပ်နှင်းထားသည်။ ထိုအာဏာမှာ ကန့်သတ်ချက် လုံးဝမပါသော ကျယ်ကျယ်ပြန့်ပြန့်အသုံးချနိုင်သည့် အာဏာတရပ်ဖြစ်လေသည်။ ထိုကဲ့သို့ အာဏာအပ်နှင်းထားခြင်း၏ ရည်ရွယ်ချက်မှာ တရားမျှတမှုကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်စေရန်ပင် ဖြစ်သည်။ အင်ဆော်လဝင်စီရုံး၏ ယန္တရားကို ခုတုံးလုပ်ပြီး မသမာသော စိတ်ထားဖြင့် ရယူခဲ့သည့် အမိန့်တရပ်ရပ်ကို ထိုအာဏာဖြင့် ပယ်ဖျက်နိုင်ရမည်ဖြစ်သည်။

အင်ဆော်လဝင်။ ။မလာ။

မြို့ရှင်၏ရှေ့နေကြီး။ ။ဦးဘင်အေး နှင့် ဦးဝမ်ဟုတ်။

ပစ္စည်းထိန်းဝန်။ ။လာ။

တရားသူကြီး ဦးသက်ဖေ။ ။ရန်ကုန်မြို့၊ ကျောက်မြောင်းရပ်နေ ဗေဒင် ဆရာ ဦးရာမအား ၎င်း၏ လျှောက်ထားချက်အရ ၁၉၆၃ ခု၊ မတ်လ ၂၀ ရက်နေ့တွင် ဤရုံးမှ အင်ဆော်လဝင် ဖြစ်ကြောင်း အမိန့်ချမှတ်ခဲ့၏။ ၁၉၆၄ ခု၊ ဒီဇင်ဘာလ

* ၁၉၆၃ ခုနှစ်၊ အင်ဆော်လဝင်စီမှု အမှတ် ၁။

၄ ရက်နေ့၌ ဦးရာမက ၎င်းအား ကင်းလှည့်ခွင့်ပြုရန် လျှောက်ထားရာ မြို့ရှင် ဒေါ်အေးသန်းနှင့် ဦးထွန်းအောင်တို့က ကန့်ကွက်ကြသည်။ အင်ဆော်လဝင်ပိုင် ပစ္စည်းထိန်းဝန်ကလည်း၊ အင်ဆော်လဝင်သည် ကြွေးမြီများကို လုံးဝမပေးဆပ်နိုင်သည့် အပြင်၊ စာရင်းအင်းများကို ထားရန်လည်း ပျက်ကွက်ခဲ့ကြောင်း အစီရင်ခံသည်။ ကင်းလှည့်ခွင့် လျှောက်လွှာကို ကြားနာသည့်နေ့တွင် အင်ဆော်လဝင် ဦးရာမသည် ရုံးသို့လာရောက်ခြင်းမပြုပေ။ သို့ရာတွင် ကျွန်ုပ်အရင် တရားသူကြီးသည် ရန်ကုန်မြို့ အင်ဆော်လဝင်စီ ဥပဒေပုဒ်မ ၄၁ အရ၊ ဦးရာမအား အင်ဆော်လဝင် အဖြစ် ချမှတ်ခဲ့သော အမိန့်ကို ပယ်ဖျက်ခြင်းမပြုဘဲ၊ ကြွေးမြီများကို ငွေတကျပ်လျှင် ၂၅ ပြားပေးဆပ်သည်အထိ ကင်းလှည့်ခွင့်ကို ပုဒ်မ ၃၉ အရ၊ ရပ်ဆိုင်းလိုက်ကြောင်း အမိန့်ချမှတ်ခဲ့သည်။ ထို့ကဲ့သို့ အမိန့်ချမှတ်လိုက်သောနေ့မှာ ၁၉၆၅ ခု၊ စက်တင်ဘာလ ၇ ရက်နေ့ဖြစ်သည်။ ယင်းသို့ အမိန့်ချမှတ်ခဲ့သော်လည်း အင်ဆော်လဝင် ဦးရာမသည် ကြွေးမြီများကို တပြားတချပ်မျှ ယနေ့အထိ ပေးဆပ်ခြင်း မပြုခဲ့ပေ။ ပေးဆပ်ရန်လည်း အားထုတ်ခဲ့ဟန် မတူပေ။

၄

ထို့ကြောင့် မြို့ရှင်တဦးဖြစ်သူ ဒေါ်အေးသန်းက၊ ဦးရာမအား အင်ဆော်လဝင် ဖြစ်ကြောင်း ချမှတ်ခဲ့သော အမိန့်ကို ပယ်ဖျက်ပေးရန် လျှောက်ထားလေသည်။ ၎င်း၏လျှောက်ထားချက်ကို အခြားမြို့ရှင်ဖြစ်သူ ဦးထွန်းအောင်နှင့် အင်ဆော်လဝင် ပိုင်ပစ္စည်းထိန်းဝန်တို့က ထောက်ခံသွားကြသည်။ အင်ဆော်လဝင် ဦးရာမသည် ၎င်း အပေါ် အကြောင်းကြားစာ အတည်ဖြစ်သော်လည်း၊ ရုံးသို့လာရောက် ခုခံထုချေ ပြောဆိုခြင်းမပြုပေ။ မြို့ရှင် ဒေါ်အေးသန်းက ဦးရာမ၏ ဝင်ငွေမှာ ယခုအခါ တလ ၁,၀၀၀ ခန့်ရှိသော်လည်း၊ ကြွေးမြီများကို ပေးဆပ်ခြင်း မပြုသဖြင့် ဤရုံး၏ ၁၉၆၅ ခု၊ စက်တင်ဘာလ ၇ ရက်နေ့စွဲပါ အမိန့်ကို လိုက်နာရန် ပျက်ကွက်ကြောင်း ထင်ရှားသောကြောင့် ၎င်းအား အင်ဆော်လဝင် ဖြစ်ကြောင်း ချမှတ်သောအမိန့်ကို ပယ်ဖျက်သင့်ကြောင်း တင်ပြလာသည်။ ဦးရာမသည် ရုံးသို့လာရောက်၍၊ ဒေါ်အေးသန်း၏ စွပ်စွဲချက်ကို ငြင်းဆိုခြင်း မပြုသဖြင့် ထိုစွပ်စွဲချက်မှာ အခြေအမြစ် မရှိဟု မဆိုသာပေ။

ရန်ကုန်မြို့၊ အင်ဆော်လဝင်စီ ဥပဒေတွင် အင်ဆော်လဝင် ဖြစ်ကြောင်း ချမှတ်သော အမိန့်ကို အောက်ပါ အကြောင်း တရပ်ရပ် ပေါ်ပေါက်လျှင် ပယ်ဖျက်နိုင်သည်ဟု အတိအလင်း ပြဋ္ဌာန်းထားသည်။ ထိုအကြောင်းရပ်များမှာ (၁) ပုဒ်မ ၂၁ အရ၊ မြို့စားအား၊ အင်ဆော်လဝင် ဖြစ်ကြောင်း အမိန့်မချမှတ်သင့်ဘဲ အမိန့် ချထားခြင်း၊ သို့တည်းမဟုတ် အင်ဆော်လဝင် ဖြစ်ကြောင်း အမိန့်ချမှတ်ပြီးနောက် ကြွေးမြီများကို အကုန်အစင် ပေးဆပ်ခဲ့ခြင်း၊ သို့မဟုတ် အင်ဆော်လဝင်အဖြစ်

အမိန့်ချမှတ်ပေးရန် လျှောက်လွှာတင်ရာ၌ ရုံး၏ အခွင့်အမိန့်လိုအပ်ပါလျက် အခွင့်အမိန့်မတောင်းဘဲ တင်သွင်းခဲ့ခြင်း၊ (၂) ပုဒ်မ ၂၂ အရ ဤရုံးနှင့် အာဏာညီမျှသည့် အခြားတရားရုံး တခုခု၌ အလားတူ မှုခင်း မပြီးပြတ်ဘဲ ရှိနေခြင်း၊ (၃) ပုဒ်မ ၃၀ (၁) အရ အင်ဆော်လဝင်က တင်သွင်းသည့် မြို့ရှင်များနှင့် သဘောတူညီချက်၊ သို့မဟုတ် စာချုပ်ကို ရုံးမှ သဘောတူ လက်ခံခြင်း၊ (၄) ပုဒ်မ ၄၁ အရ အင်ဆော်လဝင်က ကင်းလွှတ်ခွင့် လျှောက်ထားရန် ပျက်ကွက်ခြင်း၊ သို့တည်းမဟုတ် ကင်းလွှတ်ခွင့် လျှောက်ထားခြင်းနှင့် ပတ်သက်၍၊ ကြားနာရာတွင် ရုံးသို့ လာရောက်ရန် ပျက်ကွက်ခြင်းနှင့် (၅) ပုဒ်မ ၁၈-အေ အရ ဤရုံး၏ လက်အောက်ခံ ရုံးတရုံးရုံးတွင် မြန်မာပြည် အင်ဆော်လဝင်စီ ဥပဒေအရ အင်ဆော်လဝင်စီ မှုခင်းတခုခု မပြီးပြတ်ဘဲ ရှိနေခြင်းတို့ပင်ဖြစ်သည်။

ယခု အမှုတွင် ပေါ်ပေါက်လျက်ရှိသော အကြောင်းခြင်းရာမှာ၊ အင်ဆော်လဝင် ဦးရာမ သည်၊ ဤရုံး၏ အမိန့်အတိုင်း ကြေးမြို့များကို ပေးဆပ်ရန် အင်အားရှိပါလျက်၊ ပေးဆပ်ခြင်းမပြုဘဲ နေခြင်းသာ ဖြစ်ရာ၊ အထက်ပါ အကြောင်းရပ်များနှင့် အကျုံးဝင်သည်ဟု မဆိုနိုင်ခေါ။ သို့ရာတွင် ဤရုံးသည် ရန်ကုန်မြို့၊ အင်ဆော်လဝင်စီ ဥပဒေအရ တရားရုံး၏ ယန္တရားကို အလွဲသုံးစားပြုကာ အင်ဆော်လဝင်စီ ဖြစ်ကြောင်း အမိန့်ကို ရယူခဲ့သည်ဟု အထောက်အထား ပေါ်ပေါက်နေပါက၊ အထက်ပါ အကြောင်းရပ် တခုခုမရှိလင့်ကစား ထိုအမိန့်ကို ပယ်ဖျက်ရန် မူလဘူဘ အာဏာရှိပေသည်။ ရန်ကုန်မြို့၊ အင်ဆော်လဝင်စီ ဥပဒေ အရ ဤရုံးအနေဖြင့် မြို့စားတဦးအား မည်သည့် အချက်အလက်နှင့် ပင် ပြည့်စုံနေစေကာမူ အင်ဆော်လဝင် ဖြစ်ကြောင်း အမိန့်ကို ချမှတ်ရမည်ဟု ပြဋ္ဌာန်းချက် မရှိဘဲ ချမှတ်နိုင်သည်ဟုသာ ပြဋ္ဌာန်းထားသည့် အလျောက်၊ တရားရုံး၏ ယန္တရားကို အလွဲသုံးစားပြုကာ မရသင့် မရထိုက်ဘဲ ရယူထားသည့် အင်ဆော်လဝင် ဖြစ်ကြောင်း အမိန့်ကိုလည်း ပြန်လည် ပယ်ဖျက်နိုင်သည့် အခွင့်အရေးရှိသည်ဟု ယူဆရမည် ဖြစ်သည်။

ထို့ပြင် ပုဒ်မ ၈ (၁) က ဤရုံးအား အင်ဆော်လဝင်စီ စီရင်ပိုင်ခွင့် အတွင်း ချမှတ်ထားသည့် အမိန့်တခုခုကို အချိန်မရွေး ပြန်လည်ပြင်ဆင် ပယ်ဖျက်ရန် အာဏာ အပ်နှင်းထားသည်။ ထိုအာဏာမှာ ကန့်သတ်ချက် လုံးဝမပါသော ကျယ်ကျယ် ပြန့်ပြန့် အသုံးချနိုင်သည့် အာဏာတရပ် ဖြစ်လေသည်။ ထို့ကဲ့သို့ အာဏာအပ်နှင်းထားခြင်း၏ ရည်ရွယ်ချက်မှာ တရားမျှတမှုကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်စေရန်ပင် ဖြစ်သည်။ အင်ဆော်လဝင်စီရုံး၏ ယန္တရားကို ခုတုံးလုပ်ပြီး၊ မသမာသောစိတ်ထားဖြင့် ရယူခဲ့သည့် အမိန့်တရပ်ရပ်ကို ထိုအာဏာဖြင့်ပယ်ဖျက်နိုင်ရမည်ဖြစ်သည်။

ယခုအမှုတွင် ဦးရာမသည် မြို့ရှင်များက တရားစွဲသဖြင့် ၎င်းအပေါ် ချမှတ်ခဲ့သော ဒီကရီများကို ပေးဆပ်ခြင်း မပြုရအောင် အင်ဆော်လဝင်း အဖြစ် အမိန့် ချမှတ်ပေးရန် လျှောက်ထားခဲ့သည်။ ရုံးမှ အင်ဆော်လဝင်း ဖြစ်ကြောင်း အမိန့် ချမှတ်လိုက်ပြီးနောက်၊ ဦးရာမသည် ၎င်းလျှောက်ထားခဲ့သည့် အမှုတွင် လုံးဝစိတ်ဝင် စားခြင်းမရှိတော့ပေ။ ကင်းလွတ်ခွင့် လျှောက်လွှာကို ကြားနာသည့် အချိန်တွင် ရုံးသို့ပင် မလာတော့ချေ။ ဤရုံးမှ ချမှတ်ခဲ့သော ကန့်သတ်ချက်ပါသည့် ကင်းလွတ်ခွင့်အမိန့်ကို လိုက်နာခြင်းမပြု၊ လိုက်နာရန်လည်း မကြိုးစား၊ ယခုလျှောက်လွှာနှင့် ပတ်သက်၍ ၎င်းအပေါ် အကြောင်းကြားစာ အတည်ဖြစ်သော်လည်း လုံးဝလာရောက်ဆုခြေပြောဆိုခြင်း မပြုပေ။ အထက်ပါ ပြုမူဆောင်ရွက်ချက်များကို ထောက်ရှုခြင်းအားဖြင့် ဦးရာမသည် ကြွေးမြီမပေးရအောင် ရည်ရွယ်ချက် တခုတည်းဖြင့် အင်ဆော်လဝင်စီရုံး၏ ယန္တရားကို အလွဲသုံးစားပြုခဲ့ကြောင်း ထင်ရှားနေလေသည်။ သို့ဖြစ်ရာ ဤရုံးအနေဖြင့် ၎င်းအပေါ် ချမှတ်ခဲ့သည့် ၁၉၆၅ ခု၊ စက်တင်္ဘာလ ၇ ရက် နေ့စွဲပါ ကန့်သတ်ချက်ပါသော ကင်းလွတ်ခွင့် အမိန့်ကိုငင်း၊ ၁၉၆၃ ခု၊ မတ်လ ၂၀ ရက် နေ့စွဲပါ အင်ဆော်လဝင် ဖြစ်ကြောင်း ချမှတ်ခဲ့သော အမိန့်ကိုငင်း၊ ပယ်ဖျက်ရမည် ဖြစ်သည်။ ထိုအတိုင်းပင်လည်း ပယ်ဖျက်ရန် အမိန့်ချမှတ်လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်

တရားမအသေးအဖွဲမှု

တရားသူကြီး ဦးသက်ဖေရှေတွင်

၁၉၆၇

၈ လ ၂၅ ရက်။

ဦးသိမြ (လျှောက်ထားသူ)

နှင့်

မြန်မာပြည်ကုမ္ပဏီများ ဥပဒေနှင့် စပ်လျဉ်း၍ မောင်မောင်ကြီး အင်ကုမ္ပဏီလိမိတက် ကိစ္စ (လျှောက်ထားခံရသူ)*

မြန်မာပြည် ကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၁၆၂ အရ၊ ဖျက်သိမ်းပေးရန် အစုရှင်တဦးက လျှောက်ထားခြင်း —အစုရှင်အများစုကလည်း အလိုအလျောက် ဖျက်သိမ်းရန် လျှောက်ထားခြင်း — မြန်မာပြည် ကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၁၀—အလိုအလျောက်ဖျက်သိမ်းခြင်းအားဖြင့် အစုရှင်တဦးဦးအား အကျိုးထိခိုက်နစ်နာရန်ရှိသည်ဟု ရုံးမှ ကြေနပ်အောင် အကြောင်းပြရမည်ဟု ပြဋ္ဌာန်းထားခြင်း—မြန်မာပြည် ကုမ္ပဏီများ အက်ဥပဒေ၏ ပဌမနောက်ဆက်တွဲ ဇယား ၁၁၊ အပိုဒ် ၁၁၂ နှင့် ၁၁၆—မြန်မာပြည် ကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၀၇ အရ၊ ပြဋ္ဌာန်းချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ခြင်း။

ဆုံးဖြတ်ချက်။ ။ကုမ္ပဏီတခုခုကို ဖျက်သိမ်းရန် အစုရှင်တဦးက လျှောက်ထားပြီးဖြစ်၍ ထိုကုမ္ပဏီအား အစုရှင်အများစုက အလိုအလျောက်ဖျက်သိမ်းရန် အခွင့်အရေး မရှိဟု မဆိုနိုင်ချေ။ မြန်မာပြည် ကုမ္ပဏီများ ဥပဒေတွင် ထိုကဲ့သို့ လျှောက်လွှာ တင်ထားပြီးဖြစ်လျှင် အလိုအလျောက် ဖျက်သိမ်းခြင်း မပြုနိုင်ဟု တားမြစ်ထားသည့် ပြဋ္ဌာန်းချက် မရှိပေ။

ဆန်ဆာချန် နှင့် ကာရင်ချန်၊ (၁၉၂၅) အတွဲ ၆၊ လာဟိုး၊ စာ ၃၄၀ ရည်ညွှန်းသည်။

မြန်မာပြည် ကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၁၀ တွင် အစုရှင် တဦးဦးက ကုမ္ပဏီအား အလိုအလျောက်ဖျက်သိမ်းခြင်းကို ခွင့်မပြုဘဲ ရုံးမှ ဖျက်သိမ်းသင့်သည်ဟု လျှောက်ထားလျှင် အလိုအလျောက် ဖျက်သိမ်းခြင်းအားဖြင့် ၎င်း၏ အကျိုးကို ထိခိုက်နစ်နာရန် ရှိသည်ဟု ရုံးမှ ကြေနပ်လောက်အောင် အကြောင်းပြရမည်ဟု ပြဋ္ဌာန်းထားသည်။

လျှောက်ထားသူထံသို့ ကုမ္ပဏီအား အလိုအလျောက် ဖျက်သိမ်းမည်ဆိုသော နို့တစ်စာကို မြန်မာပြည် ကုမ္ပဏီများ အက်ဥပဒေ၏ ပဌမနောက်ဆက်တွဲဇယား ၁၁၊ အပိုဒ် ၁၁၂ နှင့် ၁၁၆ တို့အရ၊ စာတိုက်မှ ၎င်းပေးထားသည့် လိပ်စာအတိုင်း ပေးပို့ခဲ့သည်။ ယင်းသို့ ပေးပို့ခဲ့ပါလျက် အစည်းအဝေးသို့ မတက်ရောက်လျှင် ၎င်း၏ တာဝန်သာ ဖြစ်ပေသည်။ သို့ဖြစ်ရာ ကုမ္ပဏီအား

* ၁၉၆၀ ခုနှစ်၊ တရားမ အသေးအဖွဲမှုအမှတ် ၂၄၃။

အလိုအလျောက်ဖျက်သိမ်းရန် အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့သော အစည်းအဝေးမှာ မြန်မာပြည် ကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၀၇ အရ၊ ပြဋ္ဌာန်းချက်များကို ဦးတီကျစ္စာလိုက်နာဆောင်ရွက်ခဲ့သဖြင့် လျောက်ထားသူ မတက်ရောက်သည့် အကြောင်းကြောင့် ပျက်ပြယ်သည်ဟု မဆိုနိုင်။

လျောက်ထားသူအတွက်။ ။ဦးလှကျော်။

လျောက်ထားခံရသူအတွက်။ ။ဦးကျော်မြင့်။

တရားသူကြီး ဦးသက်ဖေ။ ။မောင်မောင်ကြီး အင်ကုမ္ပဏီလိမ်တက်သည်၊ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေအရ တည်ထောင်ခဲ့သည့် အစုမျှားဖြင့် တာဝန်ကန့်သတ်ထားပြီး အများနှင့် မသက်ဆိုင်သော ကုမ္ပဏီဖြစ်သည်။ ထိုကုမ္ပဏီကို ကွယ်လွန်သူ ဦးမောင်ကြီးနှင့် ၎င်း၏ ဆွေမျိုးမိတ်ဆွေတစုတို့က၊ ၁၉၅၅ ခု၊ ဩဂုတ်လ ၁၉ ရက်နေ့တွင် စတင်တည်ထောင်ကြသည်။ တည်ထောင်စ အချိန်က ဦးမောင်ကြီးသည်မန်နေဂျင်းဒါရိုက်တာအဖြစ်၎င်း၊ လျောက်ထားသူ ဦးသိမြ၊ ဦးသိန်းအောင် (ခေါ်) ဦးတင့်လွင်၊ ဦးကျော်မြိုင်နှင့် ဦးသင်းစိန်တို့က ဒါရိုက်တာ လူကြီးများအဖြစ်၎င်း ဆောင်ရွက်ခဲ့ကြသည်။ ၁၉၆၀ ခု၊ ဩဂုတ်လ ၁၆ ရက်နေ့တွင် ဦးမောင်ကြီး ကွယ်လွန်အနိစ္စရောက်သဖြင့်၊ ဒါရိုက်တာ လူကြီး ဦးသိန်းအောင် (ခေါ်) ဦးတင့်လွင်က၊ မန်နေဂျင်း ဒါရိုက်တာ အဖြစ် ဆက်လက် ဆောင်ရွက်ခဲ့သည်။

လျောက်ထားသူ ဦးသိမြက၊ ကုမ္ပဏီ၏ သင်းဖွဲ့မှတ်တမ်းတွင် သွင်းကုန်လုပ်ငန်း၊ ထုတ်ကုန်လုပ်ငန်း၊ ကုန်ပစ္စည်းများထုတ်လုပ်သည့်လုပ်ငန်းတို့ကို ပြုလုပ်ရန် ရည်ရွယ်ချက်များဖော်ပြထားသော်လည်း၊ ကုမ္ပဏီဖွဲ့စည်းခြင်း၏ အဓိက ရည်ရွယ်ချက်မှာ အစိုးရထံမှ သွင်းကုန် လိုင်စင်များ ရရှိရန်သာ ဖြစ်ကြောင်း၊ ကုမ္ပဏီစတင် ဖွဲ့စည်းစဉ်က၊ ဆောင်ရွက်ခဲ့သည့် ဒါရိုတ်တာ လူကြီးများ ဖြစ်ကြသည့် ဦးသိန်းအောင် (ခေါ်) ဦးတင့်လွင်၊ ဦးကျော်မြိုင်၊ ဦးသင်းစိန်နှင့် မိမိတို့ အစုငွေများကို ဦးမောင်ကြီးက စိုက်ထုတ် ထည့်ဝင်ခဲ့သဖြင့် ဒါရိုက်တာ လူကြီးများသည် အမှန်အားဖြင့် နာမည်အင်္ဂများသာ ဖြစ်ကြောင်း၊ ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့သည် ဥပဒေအရ လိုအပ်သည့် စာရင်းအင်းများကို မထားကြောင်း၊ မန်နေဂျင်း ဒါရိုက်တာ အဖြစ် ဆောင်ရွက်နေသည့် ဦးသိန်းအောင် (ခေါ်) ဦးတင့်လွင်သည် အခြား ဒါရိုက်တာ လူကြီးများအပေါ် ဩဇာလွှမ်းမိုးကာ ကုမ္ပဏီ၏ လုပ်ငန်းဆောင်တာကို ချယ်လှယ်ချင်တိုင်း ချယ်လှယ်နေကြောင်း၊ မိမိသည် ဒါရိုက်တာ လူကြီးအဖြစ်မှ နုတ်ထွက်ခဲ့ခြင်းမရှိသော်လည်း၊ ဒါရိုက်တာအဖွဲ့က နုတ်ထွက်ခဲ့သည်ဟု ကုမ္ပဏီများ မှတ်ပုံတင် [illegible] ထံသို့ လိမ်လည်ကာ အကြောင်းကြားခဲ့ကြောင်း၊ မန်နေဂျင်း ဒါရိုက်တာသည် တန်ဘိုးငွေ ၉၄,၀၀၀ ကျပ် ရှိသော အစု ၉၄ စုကို အစုရှင်များ၏ လက်မှတ်လိမ်ထိုးကာ

၁၉၆၇ ဦးသိမြ နှင့် မြန်မာပြည် ကုမ္ပဏီများ ဥပဒေနှင့် စပ် လျဉ်း၍ မောင် မောင်ကြီး အင် ကုမ္ပဏီလိမ် တက် ကိစ္စ။

အရှေ့ယိမရောက်သေးသူ ကျော်ကျော်ဆိုသူ၏ နာမည်သို့ ပြောင်းလဲ ပေးခဲ့ကြောင်း၊ မန်နေဂျင်း ဒါရိုက်တာသည် ကုမ္ပဏီ၏ ငွေတသောင်းကို အလဲသုံးစား ပြုခဲ့သော်လည်း၊ ဒါရိုက်တာအဖွဲ့က အရေးယူခြင်း မပြုခဲ့ကြောင်း၊ ထိုအကြောင်းများကြောင့် ကုမ္ပဏီကို မြန်မာပြည် ကုမ္ပဏီများ ဥပဒေ ပုဒ်မ ၁၆၂ အရ၊ ဖျက်သိမ်းပေးသင့်ကြောင်း လျှောက်ထားခဲ့၏။ ယင်းသို့ ကုမ္ပဏီအား ဖျက်သိမ်းပေးရန် လျှောက်ထားချက်ကို အစုရှင်များဖြစ်ကြသည့် ဦးလှဖေနှင့် ဦးခင်မောင်တို့ နှစ်ဦးက ထောက်ခံသွားကြသည်။

ဘိုရာတွင် ဦးသိမြ၏ လျှောက်ထားချက်ကို ဒါရိုက်တာ လူကြီး လေးဦးအပါအဝင် အစုရှင် ၂၁ ဦးက ကန့်ကွက်ကြသည်။ ကုမ္ပဏီတွင် အစုရှင် ၂၆ ဦးရှိရာ၊ ၂၁ ဦးက ကုမ္ပဏီကို မဖျက်သိမ်းလိုကြောင်း ဆန္ဒပြကြပြီး၊ ၃ ဦးကသာ ဖျက်သိမ်းပေးရန် အဆိုပြုခဲ့သည်။ ဒါရိုက်တာ လူကြီးများက ဦးသိမြ၏ စွပ်စွဲချက်တို့ကို လုံးဝငြင်းဆိုကြသည့်အပြင်၊ ကျန်အစုဝင် ၁၇ ဦးကလည်း ဦးသိမြ၏ စွပ်စွဲချက်များမှာ လုံးဝအခြေအမြစ်မရှိကြောင်း တင်ပြလာကြသည်။ သို့ကြောင့် ဦးသိမြ၏ စွပ်စွဲချက်များနှင့်ပတ်သက်၍ ဤရုံးမှ စုံစမ်းစစ်ဆေးခဲ့ရာ၊ အကြောင်းကြောင်းကြောင့်၊ အမှုမှာ တော်တော်နှင့် မပြီးစီးဘဲ ကြန့်ကြာခဲ့ရသည်။ ယင်းသို့ စုံစမ်းစစ်ဆေးနေစဉ် ကုမ္ပဏီ၏ လုပ်ငန်းများကို ဆက်လက် ဆောင်ရွက်ခဲ့ရာ၊ ၁၉၆၇ ခု၊ မတ်လ ၁၈ ရက်နေ့တွင် နိုင်ငံတော် အစိုးရက လုပ်ငန်းများကို ပြည်သူပိုင်သိမ်းလိုက်သဖြင့်၊ ကုမ္ပဏီ အနေဖြင့်၊ ၎င်း၏လုပ်ငန်းများကို ဆက်လက် ဆောင်ရွက်ခြင်းဖြင့် အကျိုးများရန် အကြောင်း မရှိတော့သည့် အလျောက်၊ ၁၉၆၇ ခု၊ ဇွန်လ ၂၆ ရက်နေ့တွင် အထူးအစည်း အဝေးတရပ် ကျင်းပကာ အလိုအလျောက် ဖျက်သိမ်းရန် ဆုံးဖြတ်ပြီးနောက်၊ လွှတ်တော် ရှေ့နေ ဦးလှဖေ (၁) အား ဖျက်သိမ်းရေး အရာရှိအဖြစ် ခန့်အပ်ခဲ့လေသည်။

ယင်းသို့ ကုမ္ပဏီကို အလိုအလျောက် ဖျက်သိမ်းရန် အစုရှင်များ၏ အထူးအစည်းအဝေးမှ ဆုံးဖြတ်ပြီးနောက်၊ ကုမ္ပဏီ၏ ကိုယ်စား ဖျက်သိမ်းရေး အရာရှိ ဦးလှဖေက ဦးသိမြ တင်သွင်းခဲ့သော လျှောက်လွှာကို ပိတ်ပေးရန် လျှောက်ထားသဖြင့် ဤအမိန့်ကို ချမှတ်ရခြင်းဖြစ်သည်။

ကုမ္ပဏီဆိုသည်မှာ လူတစုက အရင်းအနှီး စိုက်ထုတ်ကာ အမြတ်အစွန်းရရှိရန် ရည်ရွယ်ချက်ဖြင့် လုပ်ငန်းတရပ်ရပ်ကို လုပ်ကိုင် ဆောင်ရွက်သည့် အဖွဲ့အစည်းတခု ဖြစ်သည်။ ကုမ္ပဏီအဘခုခုအား ဆက်လက်ရပ်တည်စေသင့်ပါသလော၊ သို့တည်းမဟုတ် ဖျက်သိမ်းသင့်ပါသလော ဆိုသည့် ကိစ္စမှာ၊ ထိုကုမ္ပဏီ၏ အစုရှင်များသာမက ကြွေးရှင်များနှင့်သည်း တိုက်ရိုက် ပတ်သက်နေသည့် အလျောက်၊ ၎င်းတို့၏ ဆန္ဒကို အလေးပေး၍ စဉ်းစားရမည် ဖြစ်သည်။ ကြွေးမြီပေးဆပ်နိုင်သည့် ကုမ္ပဏီ ဖြစ်လျှင်

ကြွေးရှင်များ၏ အခွင့်အရေးကို ထိပါးရန် အကြောင်းမရှိသဖြင့် အစုရှင်များ၏ ဆန္ဒကိုသာ အဓိကထား၍ စဉ်းစားရမည်။ ကြွေးမြီပေးဆပ်ခြင်း မပြုနိုင်သည့် ကုမ္ပဏီဖြစ်ပါမူ အစုရှင်များ၏ ဆန္ဒထက် ကြွေးရှင်တို့၏ အာသီသကို ဦးစားပေးရပေမည်။

ယခုအမှုတွင် မောင်မောင်ကြီးအင်ကုမ္ပဏီသည် ကြွေးမြီ ပေးဆပ်ခြင်း မပြုနိုင်သည့် ကုမ္ပဏီဘခု မဟုတ်ချေ။ မည်သည့် ကြွေးရှင်ကမှ လာရောက်ကန့်ကွက်ခြင်း ထောက်ခံခြင်း မပြုခဲ့ပေ။ စာရင်းစစ် တင်ပြခဲ့သည့် စာရင်းများအရလည်း ကြွေးမြီ ပေးဆပ်နိုင်သည့် ကုမ္ပဏီတခု ဖြစ်ကြောင်း ပေါ်လွင်နေသည်။ သို့ဖြစ်ရာ ကုမ္ပဏီအား ဖျက်သိမ်းလိုသည် မလိုသည်၊ ဖျက်သိမ်းလိုပါကမည်သို့မည်ပုံ ဖျက်သိမ်းလိုသည် ဆိုသော ပြဿနာကို ဆုံးဖြတ်ရာတွင်၊ အစုရှင်တို့၏ ဆန္ဒကို မှီငြမ်းရမည်ဖြစ်သည်။ ကုမ္ပဏီ၌ အစုရှင် ၂၆ ဦးရှိသည့်အနက်၊ ၃ ဦးကသာ ရုံးသို့ ဖျက်သိမ်းပေးရန် လျှောက်ထားခဲ့ပြီး ၂၁ ဦးက ဖျက်သိမ်းခြင်း မပြုရန် ကန့်ကွက်ခဲ့ကြသည်။ ထို့နောက် ကုမ္ပဏီ၏ လုပ်ငန်းကို ဆောင်ရွက်ခြင်း မပြုနိုင်သည့် အခြေသို့ ဆိုက်ရောက်လာသည့်အခါ အစုရှင် ၁၉ ဦးက ကုမ္ပဏီကို အလိုအလျောက် ဖျက်သိမ်းရန် တညီတညွတ်တည်း အဆိုပြုကာ ဖျက်သိမ်းရေး အရာရှိ တဦးကိုခန့်အပ်ခဲ့ကြသည်။ အစုရှင်အများစု၏ လိုအင်ဆန္ဒကို ဆန့်ကျင်ပြီး အနည်းစု၏ လျှောက်ထားချက်ကို လိုက်လျောရမည် ဆိုလျှင် တရားမျှတမှု ရနိုင်မည် မဟုတ်ပေ။

လျှောက်ထားသူ၏ ရှေ့နေ ဦးလှကျော်က မြန်မာပြည် ကုမ္ပဏီများ ဥပဒေ ပုဒ်မ ၂၁၀ တွင် ကုမ္ပဏီတခုခုသည် အလိုအလျောက် ဖျက်သိမ်းစေကာမူ အစုရှင်တဦးဦး၊ သို့မဟုတ် ကြွေးရှင်တဦးဦးက ရုံးသို့ ဖျက်သိမ်းရန် လျှောက်ထားနိုင်သည့် အခွင့်အရေးမှာ ပိတ်ပင်ခြင်းမရှိကြောင်း၊ ပြဋ္ဌာန်းထားကြောင်း။ ယခုအမှုဌ် ကုမ္ပဏီကို ရုံးမှ ဖျက်သိမ်းရန် ပဌမ လျှောက်ထားပြီးနောက်၊ ၄ နှစ်ခန့်ကြာမှသာ အလိုအလျောက် ဖျက်သိမ်းရန် အဆိုပြုခဲ့ခြင်းဖြစ်၍၊ အလိုအလျောက် ဖျက်သိမ်းခြင်းကို အသိအမှတ်မပြုဘဲ ကနဦးလျှောက်ထားသည့်ရုံးမှ ဖျက်သိမ်းရန် လျှောက်လွှာကို ဆက်လက်ဆောင်ရွက်သင့်ကြောင်း တင်ပြသွားသည်။ ကုမ္ပဏီတခုခုကို ဖျက်သိမ်းရန် ရုံးသို့လျှောက်ထားပြီးဖြစ်၍ ထိုကုမ္ပဏီအား အစုရှင် အများစုက အလိုအလျောက် ဖျက်သိမ်းရန် အခွင့်အရေး မရှိဟု မဆိုနိုင်ချေ။ မြန်မာပြည် ကုမ္ပဏီများ ဥပဒေတွင် ထိုကဲ့သို့ လျှောက်လွှာတင်ထားပြီးဖြစ်လျှင် အလိုအလျောက် ဖျက်သိမ်းခြင်းမပြုနိုင်ဟု တားမြစ်ထားသည့် ပြဋ္ဌာန်းချက်မရှိပေ။ **ဆန်ဆာချန်** နှင့် **ကာရဗင်နန်** (၁)

(၁) (၁၉၂၅) **အတွဲ** ၆၊ လာဟိုး၊ စာ ၃၇၀။

၁၉၆၇ ဦးသိန်းမြင့်နှင့် မြန်မာပြည် ကုမ္ပဏီများ ဥပဒေနှင့် စပ်လျဉ်း၍ မောင်မောင်ကြီး အင် ကုမ္ပဏီလိမ်တက် ကိစ္စ။

တို့အမှုတွင် ကုမ္ပဏီများ ဥပဒေပုဒ်မ ၁၆၂ အရ၊ ကုမ္ပဏီကို ဖျကသိမ်းပေးရန် လျှောက်ထားချက်ရှိလင့်ကစား ထိုကုမ္ပဏီအား အလိုအလျောက် ဖျက်သိမ်းနိုင်ကြောင်းအဆုံးအဖြတ်ပြုထားသည်ကို တွေ့မြင်နိုင်ပေသည်။

ထို့ပြင် မြန်မာပြည် ကုမ္ပဏီများ ဥပဒေပုဒ်မ ၂၁၈ တွင် အစုရှင် တဦးဦးက ကုမ္ပဏီအား အလိုအလျောက် ဖျက်သိမ်းခြင်းကို ခွင့်မပြုဘဲ ရုံးမှ ဖျက်သိမ်းသင့်သည်ဟု လျှောက်ထားလျှင်၊ အလိုအလျောက် ဖျက်သိမ်းခြင်းအားဖြင့် ၎င်း၏ အကျိုးကို ထိခိုက်နစ်နာရန်ရှိသည်ဟုရုံးမှ ကြေနပ်လောက်အောင် အကြောင်းပြရမည်ဟု ပြဋ္ဌာန်းထားသည်။ ယခုအမှုတွင် လျှောက်ထားသူ အနေဖြင့် ကုမ္ပဏီကို ရုံးမှဖျက်သိမ်းခြင်းမပြုဘဲ အလိုအလျောက် ဖျက်သိမ်းခြင်းအားဖြင့် ၎င်း၏ အကျိုးကို မည်သို့မည်ပုံ ထိခိုက်နိုင်သည်ဟု တင်ပြခဲ့ခြင်း မရှိပေ။ လျှောက်ထားသူ ကိုယ်တိုင်က မောင်မောင်ကြီးကုမ္ပဏီလိမ်တက်တွင် ထည့်ဝင်ထားသော မိမိ၏ အစုငွေများမှာ ဦးမောင်ကြီးပိုင် ငွေများသာဖြစ်ပြီး မိမိမှာ နာမည်အငှားသာ ဖြစ်ကြောင်းပြောဆို ခဲ့သဖြင့် ကုမ္ပဏီကို အလိုအလျောက် ဖျက်သိမ်းခြင်းအားဖြင့်၊ ၎င်း၏ အကျိုးကို ထိခိုက်ရန် အကြောင်း မပေါ်ပေါက်နိုင်ပေ။

လျှောက်ထားသူ၏ ရွှေနေကတဖန် ကုမ္ပဏီ၏ ဒါရိုက်တာ လူကြီးများသည် ၎င်းတို့၏ မတော်မမှန်သည့် ပြုမူချက်များကို ဖုံးကွယ်လိုသည့် ကြံရွယ်ချက်ဖြင့် ကုမ္ပဏီကို အလိုအလျောက် ဖျက်သိမ်းခဲ့ခြင်းဖြစ်၍ ခွင့်မပြုသင့်ကြောင်း ထပ်လောင်းတင်ပြလာသည်။ လျှောက်သူ၏ အဓိက စွပ်စွဲချက်များမှာ မန်နေဂျင်း ဒါရိုက်တာ ဦးသိန်းအောင် (ခေါ်) ဦးတင့်လွင်သည် အစုရှယ်ယာ ၉၄ စောင်ကို လက်မှတ်လိမ်ထိုးကာ အရှယ်မရောက်သူ မောင်ကျော်ကျော်၏ နာမည်သို့ မတရားပြောင်းလဲထားခြင်း၊ ကုမ္ပဏီပိုင်ငွေ တံသောင်းကို မန်နေဂျင်းဒါရိုက်တာက အလွဲသုံးစားပြုထားခြင်းတို့ပင် ဖြစ်သည်။ လက်မှတ် လိမ်ထိုးပြီး အစုရှယ်ယာများကို လွှဲပြောင်းပေးသည်ဆိုသော ကိစ္စမှာ ရာဇဝတ်ကြောင်းအရ၊ အရေးယူရမည့် ကိစ္စတခုဖြစ်သည်။ ထို့ကြောင့်ပင်လည်း လျှောက်ထားသူက မန်နေဂျင်း ဒါရိုက်တာ ဦးသိန်းအောင် (ခေါ်) ဦးတင့်လွင်အပေါ် ရန်ကုန်မြို့ ခရိုင်ရာဇဝတ် တရားသူကြီးရုံး၏ ၁၉၆၀ ပြည့်နှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၆ တွင် ရာဇသတ်ပုဒ်မ ၄၆၅/၄၆၇ အရ၊ တရားစွဲဆိုထားပြီးဖြစ်သည်။ ကုမ္ပဏီ၏ငွေကို အလွဲသုံးစား ပြုထားသည်ဟုဆိုလျှင်လည်း မြန်မာပြည် ကုမ္ပဏီများ ဥပဒေ ပုဒ်မ ၂၃၅ အရ၊ လျှောက်ထား အရေးယူနိုင်မည် ဖြစ်သည်။ ထိုမျှသာမက ကုမ္ပဏီ၏ ဒါရိုက်တာ လူကြီးများအပေါ် တရားစွဲဆိုရန်လည်း အခွင့်အရေးရှိပေသည်။ သို့ဖြစ်ရာ ကုမ္ပဏီအား အလိုအလျောက် ဖျက်သိမ်းခွင့်ပြုခြင်း

အားဖြင့် လျှောက်ထားသူသော်၎င်း၊ ကျန်အစုရှင် တဦးဦးသော်၎င်း ထိခိုက်နစ်နာစရာအကြောင်းမရှိနိုင်ပေ။

မောင်မောင်ကြီးအင်ကုမ္ပဏီလိမိတက်အား ၁၉၆၄ ခု၊ ဇွန်လ ၂၆ ရက်နေ့တွင် တရားဥပဒေအရ အလိုအလျောက် ဖျက်သိမ်းခဲ့သည်ဆိုသော အချက်နှင့် ပတ်သက်၍ အငြင်းမပေါက်ချေ။ ကုမ္ပဏီ၏ ဒါရိုက်တာ လူကြီးများသည် ကုမ္ပဏီကို အလိုအလျောက် ဖျက်သိမ်းရန် အထူးအစည်းအဝေးခေါ်ပြီး ဆုံးဖြတ်ချက် မချမှတ်မီ မြန်မာပြည် ကုမ္ပဏီများ ဥပဒေပုဒ်မ ၂၀၇ အရ၊ ပြဋ္ဌာန်းချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ခဲ့ကြသည်။ လျှောက်ထားသူက ကုမ္ပဏီကို အလိုအလျောက် ဖျက်သိမ်းရန် အထူးဆုံးဖြတ်ချက်ချသည့် အစည်းအဝေးသို့တက်ရောက်ရန်အကြောင်းကြားစာမရသဖြင့် ထိုအစည်းအဝေးကို အသိအမှတ် မပြုထိုက်ကြောင်း တင်ပြလာပြန်သည်။ မြန်မာပြည် ကုမ္ပဏီများ ဥပဒေ၏ ပဌမ နောက်ဆက်တွဲ၊ ဇယား အေ၊ အပိုဒ် ၁၁ နှင့် ၁၁၆ တို့တွင် အကြောင်းကြားစာကို မည်သို့မည်ပုံ ပေးပို့ရမည်ဟု သတ်မှတ်ထားသည့် အပိုဒ် ၁၁၆ အရ၊ အထွေထွေ အစည်းအဝေး ပြုလုပ်သည့် အခါတိုင်း မြန်မာပြည်တွင် လိပ်စာမရှိသည့် အစုရှင်မှအပ အခြား အစုရှင်ထံသို့ အကြောင်းကြားစာ ပို့ရမည်ဖြစ်သည်။ အပိုဒ် ၁၂ အရဆိုလျှင် ကုမ္ပဏီတွင် ပေးထားသည့် လိပ်စာအတိုင်း အကြောင်းကြားစာကို စာတိုက်မှ ခေါင်းကပ်ပြီးပို့ရမည်ဖြစ်သည်။ ယင်းသို့ ပေးပို့လျှင် ပေးပို့သူအား အကြောင်းကြားပြီးသည်ဟု မှတ်ပုံရမည်ဖြစ်သည်။ ယခုအမှုတွင် လျှောက်ထားသူထံသို့ ကုမ္ပဏီအား အလိုအလျောက် ဖျက်သိမ်းမည်ဆိုသော နို့တစ်စာကို စာတိုက်မှ ၎င်းပေးထားသည့် လိပ်စာအတိုင်း ပေးပို့ခဲ့သည်။ ယင်းသို့ ပေးပို့ခဲ့ပါလျက် အစည်းအဝေးသို့ မတက်ရောက်လျှင် ၎င်း၏ တာဝန်သာ ပြစ်ပေသည်။ သို့ဖြစ်ရာ ကုမ္ပဏီအား အလိုအလျောက် ဖျက်သိမ်းရန် အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့သော အစည်းအဝေးမှာ လျှောက်ထားသူ မတက်ရောက်သည့် အကြောင်းကြောင့် ပျက်ပြယ်သည်ဟု မဆိုနိုင်ပေ။

မောင်မောင်ကြီးအင်ကုမ္ပဏီလိမိတက်အား ဖျက်သိမ်းပေးရန် လျှောက်လွှာမှာ အကြောင်းအမျိုးမျိုးကြောင့် ယခုအခါ ၆ နှစ်ကျော် ၇ နှစ် အတွင်းသို့ ချဉ်းနင်းဝင်ရောက်ခဲ့ပြီး ဖြစ်သော်လည်း မည်သည့်အချိန် အခါတွင် အဆုံးသတ်မည်ဟု မြွေမှန်း၍ မရသည့် အခြေခံပင် ရှိသေးသည်။ ထိုကိစ္စမပြီးပြတ်သေးသဖြင့် ရန်ကုန်ခရိုင် ရာဇဝတ် တရားသူကြီးရုံး၏၊ ၁၉၆၀ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၆၊ ၁၉၆၁ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၃၊ ၄ နှင့် ၅ တို့မှာ စစ်ဆေးကြားနာခြင်း မပြုရဘဲ ရပ်ဆိုင်း

၁၉၆၇ ဦးသိမြင့် နှင့် မြန်မာပြည် ကုမ္ပဏီများ ဥပဒေနှင့် စပ်လျဉ်း၍ မောင်မောင်ကြီး အင် ကုမ္ပဏီလိမိတက်စီစု။

ထားရသည်။ လျှောက်ထားသူ၏ လျှောက်လွှာကို ပလပ်ပြီး ကုမ္ပဏီအား အလို အလျောက် ဖျက်သိမ်းခြင်းကို ခွင့်ပြုလိုက်ပါက ယင်းသို့ ရပ်ဆိုင်းထားရသည့် ရာဇဝတ် မှုများကို ဆက်လက်ကြားနာ စစ်ဆေးစီရင် ဆုံးဖြတ်နိုင်မည် ဖြစ်သည်။

အထက်ပါ အကြောင်းရပ်များကို ပေါင်းစပ်ကြည့်ရှုလျှင်၊ မောင်မောင်ကြီး အင် ကုမ္ပဏီလိမိတက်အား အလိုအလျောက် ဖျက်သိမ်းခြင်းကို အသိအမှတ် မပြုဘဲ လျှောက်ထားသူ၏ မြန်မာပြည် ကုမ္ပဏီများ ဥပဒေ ပုဒ်မ ၁၆၂ အရ၊ လျှောက်လွှာကို သာ ဆက်လက် အရေးယူရန် လုံလောက်သည့် အကြောင်း မရှိသဖြင့်၊ လျှောက် ထားသူ၏ အဆိုပါ လျှောက်လွှာကို ပလပ်လိုက်သည်။ အကြောင်းခြင်းရာများအရ တရားစရိတ်အတွက် ဘိမိန့်ခချမှတ်ခြင်းမပြု။

CIVIL REVISION

Before U Kyaw Zan U, J.

JL SATTAR (*a*) MAUNG THA TUN, A. NOOR MAHAMED (APPLICANTS)

† C.C. 1967

Aug. 16.

v.

DAW ZIN (*a*) DAW MAI ZIN (RESPONDENT).*

City Civil Court Act s. 25—*O.* 23 *Rule* (1) (1) *of the Code of Civil Procedure—withdrawal of suit by plaintiff—O.* 23 *Rule* (1) (2) *of the Code of Civil Procedure—permission to institute fresh suit—no "withdrawal" when suit dismissed—Union of Burma Revolutionary Council Law No.* 33 *of* 1963—*s.* 3 (3) *and s.* 5—*vesting of the right to sue in the Government.*

One U Kyaw Nyunt sued the applicants in his own name for recovery of the prices of goods sold and delivered. Later, permission was granted by the Court to correct the title of the suits to show that in fact the suits were instituted by the respondent through her son and agent U Kyaw Nyunt and not by U Kyaw Nyunt in his personal capacity. It was found out that he was not authorized to file the suits or to act in Court on behalf of his principal. The Court, therefore, dismissed the suits. Then, U Kyaw Nyunt as duly authorized agent of the respondent filed the suits against the applicants for the same amount on the same causes of action.

Held : Under sub-clause (1) of Rule 1 of Order XXIII, the plaintiff may withdraw himself the suits but he did not do so. Sub-clause (2) of Rule 1 of Order XXIII allows the Court to permit the plaintiff to withdraw from the suits with liberty to institute fresh suits if it was satisfied that the suits must fail by reason of some formal defect. The Court failed to exercise its powers. The parties should not be penalised for the wrong act or omission of the Court or its officers. Therefore it is held that the suits are maintainable. When the Court dismisses a suit there is no " withdrawal ".

Maung Myo and Maung Kin v. *Mi Myint Shu and four others*, (1892-1896) U.B.R., Vol. II (Civil) 244 ; *A.L.S.P.S. Soobramonien Chetty* v. *Myat Tha U and two others*, L.B.R. Vol. IV, 95 ; *U Zawtipala* v. *U Thatdama*, (1941) R.L.R. 205, referred to.

Nistarini Dassya and others v. *Sarat Chandra Mojumdar*, A.I.R. (1916) Cal. 337, referred to.

Held further : The underlying principle of law of nationalization according to the Burmese Way to Socialism is that the Government takes over all the

* Civil Revision Nos. 27 and 28 of 1967.

† Against the order of the 3rd Judge, City Civil Court of Rangoon in Civil Regular Suit Nos. 205 and 206 of 1966, dated the 11th April 1965.

C.C. 1967

ABDUL SATTAR (*a*) MAUNG THA TUN, A. NOOR MAHAMED *v.* DAW ZIN (*a*) DAW MAI ZIN.

assets and the rights to receive but does not take any responsibility for any debts or liabilities unless such debts or liabilities will be of any advantage or gain to it as mentioned in the notification. No such notification has yet been published to say which debts or liablities it will take over. In the cirumstances it must be held that the respondent has no *locus standi* to file the suits.

Mr. M. A. Subhan for the applicants.

U Aye (a) *U Pye Thein* for the respondent.

U KYAW ZAN U, J.—The facts of these two revisions which I propose to deal with in this single judgment, the points for decision being the same in both the cases, are that one U Kyaw Nyunt sued the applicants in his own name in Civil Regular Suit Nos. 15 and 17 of 1965 in the City Civil Court of Rangoon for the recovery of the prices of goods sold and delivered. The applicants in their written statements contended *inter alia* that since the goods had been nationalized by the Government the suits were not maintainable without impleading the Government to which the respondent replied that the goods had been sold before the nationalization and since the Government had proclaimed that it would not hold responsibility for the debts owed or due to the owner (respondent) no question to implead the Government arose in these suits. Of the two important issues framed by the Court one was whether the Government should be impleaded in the suits. By agreement of the parties evidence in both the suits was recorded in a similar connected suit, being Civil Regular Suit No. 14 of 1965 of the same Court, and permission was granted by the Court to correct the title of the suits to show that in fact the suits were instituted by Daw Zin through her son and agent U Kyaw Nyunt and not by U Kyaw Nyunt in his personal capacity as originally stated in the plaint.

When U Kyaw Nyunt was examined as agent of Daw Zin, the plaintiff in all the suits he deposed he was the

manager of Daw Zin's business which was solely her own, and that he was her agent. He admitted he signed and verified the plaints but when the power of attorney was examined it was found out that he was not authorized to file the suits or to act in Court for and on behalf of his principal Daw Zin. His pleader and Daw Zin herself were present with him when the Court on 23rd April 1966 dismissed the suits directing the parties to bear their own costs. The order does not say under what order or Rule of the Code of Civil Procedure the Court dismissed the suits.

About 22 days or so later U Kyaw Nyunt as duly authorized agent of Daw Zin filed Civil Regular Suit Nos. 205 and 206 of 1966 against the applicants for the same amount on the same causes of action. Denying the claims the applicants stated in their amended written statements that the suits are barred by reason of the previous dismissals and inasmuch as the business of the plaintiff (respondent) has been nationalized by the Government the plaintiff has no *locus standi* to sue and at any rate the plaintiff has no subsisting cause of action in respect of the goods alleged to have been sold and delivered prior to nationalization. It was further contended that without prejudice the suits are premature as the Government has not given any compensation as yet for the goods nationalized. The Court framed six issues out of which two being Nos. 1 and 5 were answered as preliminary issues. These two issues relate to the maintainability of the suits due to their dismissals previously and to the right and liberty of the respondent (plaintiff) to file the suits afresh or in other words, whether the respondent has *locus standi* to file the suits. The Court on 11th April 1967 held that neither the respondent Daw Zin nor her duly authorized agent instituted the suits previously and that as U Kyaw Nyunt has now instituted them for and on behalf of Daw Zin as her duly authorized agent, these

C.C. 1967

ABDUL SATTAR (a) MAUNG THA TUN, A. NOOR MAHAMED v. DAW ZIN (a) DAW MAI ZIN.

later suits are maintainable and that the respondent (plaintiff) could file the suits afresh as the Government did not take the responsibility for debts due and owed to the business when it nationalized, or, in other words, the Government took no responsibility to pay or to recover the debts, and proceeded with the hearing of the suits. Hence these revisions against the said order dated 11th April 1967 under section 25 of the Rangoon City Civil Court Act which unlike section 115 of the Code of Civil Procedure is not narrow or limited. Under section 25 this Court has very wide powers to see and satisfy itself that the order passed by the lower Court is according to law or not.

As regards the first point the applicants' Advocate submitted in his argument that as no permission was granted by the Court under Order XXIII, Rule 1 (2) of the Code of Civil Procedure to institute fresh suits in respect of the same subject matter, the respondent was precluded from instituting the suits afresh under Order XXIII, Rule 1 (3) of the Code. I do not agree. The question of withdrawal of the suits by U Kyaw Nyunt never arose. There was no doubt a formal defect and the Court should have granted him permission to withdraw from the suits under Order XXIII, Rule 1 (2) with liberty to institute fresh suits instead of dismissing them. Under sub-clause (1) of Rule 1 of Order XXIII, the plaintiff may withdraw himself the suits but he did not do so. Sub-clause (2) of Rule 1 of Order XXIII allows the Court to permit the plaintiff to withdraw from the suits with liberty to institute fresh suits if it was satisfied that the suits must fail by reason of some formal defect. The Court failed to exercise its powers. The parties should not be penalised for the wrong act or omission of the Court or its officers. I therefore hold that the suits are maintainable. When the Court dismisses a suit there is no " withdrawal "

In *Maung Myo and Maung Kin* v. *Mi Myit Shu and four others* (1) where the wrong plaintiffs were impleaded it was held that it was obviously useless to go on with the case when the plaintiffs had themselves no cause of action at all, and the best way was for a fresh suit to be brought by the proper parties. In *A.L.S.P.S. Soobramonien Chetty* v. *Myat Tha U and two others* (2) where the suit was instituted not by the principal but by the agent of another person and dismissed by the trial Court, the appellate Court held that as the suit had been filed in the name of the wrong person by *bona fide* mistake, and as the substitution of the proper plaintiff was necessary for the determination of the real matter in dispute, the lower Court should have substituted the proper plaintiff under (old) section 27 [now Order I, Rule 10 (1)] of the Code of Civil Procedure and remanded the case for substitution of the proper plaintiff and for decision on the merits. In *U Zawtipala* v. *U Thatdama* (3) the head-note reads:

> "Where a claim is disallowed on the ground that the plaintiff lacked the necessary status to give him a right of suit at the time he filed the suit, a second suit on the same cause of action, filed after acquiring the status, is not barred as *res-judicata*."

That is to say, a second suit on the same cause of action lies. In *Nistarini Dassya and others* v. *Sarat Chandra Mojumdar* (4) where the widow of the deceased in whose favour the mortgage was executed brought a suit upon the mortgage as administratrix to her husband's estate not knowing that her powers as administratrix had come to an end then, she prayed that the heirs of the deceased be added as plaintiffs and accordingly the Court being satisfied that the suit was instituted in the name of the wrong person through a *bona fide* mistake allowed her prayer under Order I, Rule 10 (1) of the Code of Civil Procedure. The

(1) (1892—1896) U.B.R. Vol. II (Civil), 244.
(2) L.B.R. Vol. IV, 95.
(3) (1941) R.L.R. 204.
(4) A.I.R. (1916) Cal. 337.

C.C. 1967

ABDUL SATTAR (a) MAUNG THA U N, A. NOOR MAHAMED v. DAW ZIN (a) DAW MAI ZIN.

High Court held the order was proper. Under Order I, Rule 10 (1) the Court may at any stage of a suit substitute or add as plaintiff if it thinks just.

Now as regards the second point, section 3 (3) of the Union of Burma Revolutionary Council Law No. 33 of 1963 (၁၉၆၃ ခုနှစ်၊ လုပ်ငန်းများ ပြည်သူပိုင် ပြုလုပ်ခြင်း ဥပဒေ) says—

"(၃) ယင်းသို့ ပြည်သူပိုင်အဖြစ် ကျေညာရာတွင် အောက်ပါ အချက်များ ပါဝင်ရမည်။

(က) အဆိုပါ လုပ်ငန်း၏ အပိုင်ပစ္စည်းအားလုံး၊

(ခ) အဆိုပါလုပ်ငန်း၏ ကြွေးမြီများအနက်၊ အစိုးရက တာဝန်ယူ၍ ပေးထိုက်သော ကြွေးမြီတာဝန်များ"

Since the Government has not yet notified which debt or debts are fit and proper for it to bear the obligations and to settle and pay the sub-clause (ခ) is irrelevant in the instant case. Sub-clause (က) says all the goods or properties owned by the business nationalized must be included in the notification. Item 3 of Part I of Notification No. 39, dated 19th March 1964 (*Burma Gazette* dated 21st March 1964, Part I, page 325) runs:

"၃။ ဖော်ပြပါ လုပ်ငန်းများနှင့် သက်ဆိုင်သော ရပိုင်ခွင့် အားလုံးကို ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရ၏ လက်ဝယ်သို့ ရောက်ရှိစေရမည်။ ဆိုလိုသည်မှာ လုပ်ငန်းနှင့် သက်ဆိုင်သည့်

(၁) * * * *

(၂) * * * *

(၃) ကုန်ပစ္စည်းများနှင့် ဆိုင်ပရိဘောဂများ"။

It clearly says that all the relevant rights to receive (ရပိုင်ခွင့်အားလုံး) in respect of the business concern must vest in the Government, that is to say, the commercial goods and the furniture of the shops. Hence the rights of the respondent Daw Zin to recover the prices of the goods sold and delivered vested in the Government when her business was nationalized thus depriving her right to sue the applicants for the amount claimed in the suits which shall

be considered only by the committee formed and named in Item 3 of Part II of the aforesaid notification No. 39, dated 19th March 1964 as directed by the Government under section 5 of the Union of Burma Revolutionary Council Law No. 33 of 1963 when it assesses compensation for nationalization. Section 11 of the Union of Burma Revolutionary Council Law No. 8 of 1965 (၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ်ဓိဋ္ဌာန်ရေးစံနှစ် ဟာ်ညီဆော်ကမ္ဘာအတွက် လုပ်ပိုင်ခွင့်များအပ်နှင်းသည့် ဥပဒေ) which was promulgated later makes the points now under consideration more clear and free from any doubts. It runs as follows:

"၁၁။ ။အခြားဥပဒေ ၂ အရ၊ ပြည်သူပိုင်ပြုလုပ်သည့်အခါ ဖြစ်စေ၊ ခေတ္တသိမ်းရန် အသုံးပြုသည့်အခါဖြစ်စေ၊ သက်ဆိုင်ရာ ရပိုင်ခွင့်များကိုသာ အစိုးရက ရယူရမည်။ အမိန့်ကြော်ငြာစာတွင် အထူးဖော်ပြသည့် အချက်များမှတပါး ပေးရန်ရှိသည်တို့အတွက် အစိုးရက တာဝန်မယူရ။"

It says that the Government shall take over only the relevant rights to receive (ရပိုင်ခွင့်များ) and shall be under no obligation for payments (ပေးရန်) except for those especially mentioned in the notification. Reading all the relevant enactments on the subject I am of the opinion that the underlying principle of law of nationalization according to the Burmese Way to Socialism is that the Government takes over all the assets and the rights to receive but does not take any responsibility for any debts or liabilities unless such debts or liabilities will be of any advantage or gain to it as mentioned in the notification. No such notification has yet been published to say which debts or liabilities it will take over. In the circumstances it must be held that the respondent Daw Zin has no *locus standi* to file the suits.

In the result the applications are allowed and the order of the lower Court dated 11th April 1967 is set aside with costs in both the Courts. Advocate's fee in each of these revisions K 85.

CIVIL MISCELLANEOUS APPLICATION

Before U Kyaw Zan U and U Sein Thinn, JJ.

† C.C. 1967 Aug. 1.

DAW WIN KYI AND ONE (APPLICANTS)

v.

M. A. L. CHETTIAR FIRM AND ONE (RESPONDENTS).*

Union Judiciary Act, s. 6—Law of Limitation—whether explanation for delay presenting the application necessary—admission after the period of limitation on sufficient cause.

Held : There is no dispute that the application is grossly barred by the law of limitation. The excess of 343 days must be explained by the applicants. They must give an explanation for every day that they delayed which merely means that they must give some reasonable explanation why they did not pursue their remedy within time. Refusal to explain would defeat the rights which have become vested on the other party.

Lady Raj Malik and another v. *Dr. Susanta Sen*, A.I.R. (1951) Simla 209, referred to.

Under s. 5 of the Limitation Act however the application may be admitted after the period of limitation if the applicant satisfies the Court that he had sufficient cause for the delay. What constitutes sufficient cause cannot be laid down by hard and fast rules. There is no universal formula. It must be determined by a reference to the circumstances of each particular case. The discretion given to the Court under the section should be exercised on its own facts with a view to secure furtherance of justice based on judicial principles and not arbitrarily. In exercising discretion the Court must consider whether the applicants have acted with reasonable diligence.

S.M. Ally v. *Maung San Nyein*, I.L.R. 14 Ran. 155, referred to.

There is no bar under s. 6 of the Union Judiciary Act to file an application for special leave to appeal within 90 days under Art. 179 of the Limitation Act against the judgment and decree passed by three Judges of the Chief Court.

Daw Shwe Sein Mra v. *U Tun Aung Pru and one* (*F.B.*) being Civil Miscellaneous Application No. 14 of 1965 of Chief Court explained.

U Hla Pe (2) for *Dr. Ba Han* for the applicants.

Mr. G. N. Banerji for the respondent No. 1.

U Ant Gyaw and *U Than Aung* for the respondent No. 2.

---

* Civil Misc. Application No. 46 of 1965.

† Against the judgment and decree of this Court in Civil Miscellaneous Appeal No. 40 of 1963 passed on 19th September 1964 made under s. 6 of the Union Judiciary Act.

U KYAW ZAN U, J.—This is an application under section 6 of the Union Judiciary Act for special leave to appeal against the judgment and decree passed on 19th September 1964 by three Judges of this Court in Civil Miscellaneous Appeal No. 40 of 1963. The parties agreed before us that the date of presentation of the application which is not very clear from the entries made in the proceedings by the office should be fixed as 13th December 1965, *i.e.*, 460 days after the date of the judgment and decree, and when 27 days spent on copying as calculated by the office are excluded the application was presented 433 days after the date of the judgment and decree, though the law allows only 90 days under article 179 of the Limitation Act within which to present the application from the date of the decree. The applicants in their affidavits also affirmed that the application was presented to the Court on 13th December 1965. There is no dispute that the application is grossly barred by the law of limitation. The excess of 343 days must be explained by the applicants. They must give an explanation for every day that they delayed which merely means that they must give some reasonable explanation why they did not pursue their remedy within time. Refusal to explain would defeat the rights which have become vested on the other party. *Lady Raj Malik and another* v. *Dr. Susanta Sen* (1).

Under section 5 of the Limitation Act however the application may be admitted after the period of limitation if the applicant satisfies the Court that he had sufficient cause for the delay. What constitutes sufficient cause cannot be laid down by hard and fast rules. There is no universal formula. It must be determined by a reference to the circumstances of each particular case. The discretion given to the Court under the section should be exercised on its own facts with a view to secure

(1) A.I.R. (1951) Simla 209.

furtherance of justice based on judicial principles and not arbitrarily. In exercising discretion the Court must consider whether the applicants have acted with reasonable diligence. *S. M. Ally* v. *Maung San Nyein* (2). Under sub-clause (2) of section 14 of the Limitation Act, so far as this application is concerned, only the time spent on prosecuting another proceeding with due diligence against the respondents for the same relief in good faith in the original Court or in the Court of appeal, which, from defect of jurisdiction or other cause of a like nature, is unable to entertain it, can be excluded. This sub-clause has no application here as the sufficient cause set forth in the affidavits in support of the application is that the applicants' Advocate Dr. Ba Han, the doyen of the Rangoon Bar learned only on 23rd November 1965 of the decision of the Full Bench of this Court dated 10th August 1965 in Civil Miscellaneous Application No. 14 of 1965 (*Daw Shwe Sein Mra* v. *U Tun Aung Pru and one*) that he could file an appeal under section 6 of the Union Judiciary Act against the judgment and decree passed by three Judges and that they (the applicants) themselves came to know of it the next day and yet they were not diligent enough to file this application for special leave within a reasonable time, but waited till 13th December 1965. Under article 179 of the Limitation Act time begins to run from the date of the decree appealed from and not from the date of knowledge of the right of appeal. The Full Bench decision in Civil Miscellaneous Application No. 14 of 1965 was passed so long ago as 10th August 1965, *i.e.*, 125 days before the filing of the present application. Dr. Ba Han did not appear before us, so we did not have the pleasure of knowing from him personally whether he really came to know of the right to appeal only on

(2) I.L.R. 14 Ran. 155.

23rd November 1965, that is over 105 days after the passing of the judgment in the Full Bench case. As a matter of fact, there is no bar at all under section 6 of the Union Judiciary Act as substituted by the Union Judiciary Act Amending Law, 1962 being the Union of Burma Revolutionary Council Law No. 41 of 1962, to an application for special leave to appeal against the judgment and decree passed by three Judges. The word " any " which appears at three places in the section is very significant. It says special leave may be granted to appeal from any judgment or decree in any case of any Court even including a Court constituted by one or two Judges. At most it can be said is that the section is not properly worded. The applicants could have filed this application for special leave to appeal under section 6 of the Union Judiciary Act within 90 days from the date of the decree, *i.e.*, 19th September 1964 under article 179 of the Limitation Act. It may be of interest to quote the relevant extract from the judgment in Civil Miscellaneous Application No. 14 of 1965 of the Full Bench of which one of us was a member.

" သာမန်အားဖြင့် တရားသူကြီး နှစ်ဦးသာထိုင်၍ ကြားနာ စစ်ဆေးလေ့ ရှိသော အယူခံမှုမျိုးတွင် တရားသူကြီး သုံးဦး ပါဝင်သော အဖွဲ့က ကြားနာ ဆုံးဖြတ်ခဲ့လျှင် ပြည်ထောင်စု တရားစီရင်ရေး ဥပဒေ ပုဒ်မ ၆ အရ၊ အထူး အယူခံဝင်ခွင့် တောင်းဆိုနိုင်ခြင်း မရှိပြီဟူ၍လည်း ဆုံးဖြတ်ထားခဲ့သည် မဟုတ် ချေ။ ယခု ပညာရှိရွှေနေကြီး ဦးဘရွှန်းက ဒေါ်ရွှေစိန်မြ၏ လျှောက်လွှာပေါ်မှ ဤပြဿနာကို ပေါ်ထုတ်တင်ပြ၍သာ ကျွန်ုပ်တို့အနေနှင့် စဉ်းစား ဆုံးဖြတ် ပေးရခြင်းဖြစ်သည် "။

It is clear from the judgment that the applicants cannot take refuge in it. Their explanation for the great delay is utterly unreasonable and unsound. We were informed that an application to review the judgment now sought to appeal against was also filed on 19th November 1964 before the filing of the present application, but it is still

C.C. 1967

DAW WIN KYI AND ONE v. M.A.L. CHETTIAR FIRM AND ONE.

pending. If we may say so, the applicants put up a double-edged claim a rather unusual claim to review the judgment as well as to appeal against the same. The Full Bench decision does not upset the existing law on the point in any way. It merely confirms the meaning it conveys.

In the result the application fails and is dismissed with costs. Advocate's fee K 68 for respondent No. 1.

CIVIL FIRST APPEAL

Before U Sein Thinn, J.

THE RANGOON CARGO BOAT OWNERS' ASSOCIATION (APPELLANT)

† C.C. 1967

July 12.

v.

MESSRS. MUN DINE COMPANY AND ONE (RESPONDENTS).*

Suit for recovery of damages—joining both common carrier and underwriters as defendants—whether permissible under O. 1 Rule 3 and Rule 7 of the Code of Civil Procedure—causes of action against the insurance company and against the common carrier.

Being dissatisfied Maung Myint Maung applied to the Additional Sessions Judge of Pegu in his Criminal Revision No. 2 of 1967 to revise the order regarding the disposal of the exhibits stating that though 193 bags of tobacco stalks had been ground by U Pwa they belonged to him. In Criminal Revision No. 4 of 1967 of the same Court U Pwa also applied to revise the same order stating that since he has been acquitted on the ground that Ko Myint Maung could not prove entrustment the return of 102 bags of tobacco stalks to him is against the law. He further stated that since he was in possession they belonged to him. These two revisions were heard together and a single order was passed on 11th February 1967 covering both. The Additional Sessions Judge was of the opinion that though Ko Myint Maung could not prove his title to the goods the evidence shows that these goods did arrive at U Pwa's mill. In other words, U Pwa was in possession and he would be responsible for any loss. The Additional Sessions Judge was also of the view that the exhibits were treated as one unit and since the charge was framed accordingly, the trial Court ought not to have split them into two such as ground and unground tobacco stalks. He said in his order the parties through their lawyers also held the same view. Finally, he held that the entire exhibits should be returned to Ko Myint Maung who had openly bought them and rejected U Pwa's application. I think the Additional Sessions Judge decided on the wrong principle. Being dissatisfied with the order passed in both the cases U Pwa came up to this Court and filed these two separate applications to revise the order. This order shall therefore cover both the cases.

Under section 517 (1) of the Criminal Procedure Code, the property is to be returned to the person claiming to be entitled to possession thereof. There is no dispute that the exhibit tobacco stalks were seized from the possession of U Pwa who was acquitted in the case. The trial Court held that Ko Myint Maung could not prove entrustment so for the purpose of section 517 (1) of the Code it was U Pwa who was then in possession of the exhibits. The goods being moveable properties the presumption of ownership is in favour of U Pwa who was in possession and against whom Ko Myint Maung could not prove entrustment in the criminal case where U Pwa was acquitted. In *Hoke Gwan* v. *Aun Wun Tan* (1) it was pointed out that the guiding principle is that though the Magistrate has a discretion to decide the question of possession he cannot be allowed to try the civil cause as to ownership. The established rule is to return the exhibits to where they came from. Ordinarily, they must be returned to the party from whom they were seized. But if the party from whom they were seized has no apparent right or title they should not be returned to him. In the instant case Ko Myint Maung has yet to prove his right or title to the exhibits.

In the result the order of the Additional Sessions Judge of Pegu is set aside in both the cases and it is directed that the entire exhibits be returned to U Pwa.

(1) (1949) B.L.R. 647 (H.C.).

CRIMINAL REVISION

Before U Kyaw Zan U and U Chit, JJ.

U SEIN THAUNG AND THREE OTHERS (APPLICANTS)

v.

THE UNION OF BURMA AND TWO OTHERS (RESPONDENTS).*

†C.C. 1967

Aug. 18.

Criminal Procedure Code—s. 145—summary proceedings—claims as respects the fact of actual possession—question as to whether possession is on behalf of others or in one's own right irrelevant.

Held: The object of s. 145 Criminal Procedure Code is intended only to provide a speedy remedy for the prevention of breaches of peace arising out of disputes relating to immoveable property by maintaining one or other of the parties in possession. The proceeding under s. 145 is a summary and not a regular proceeding. The object is not to provide parties with an opportunity of bringing their civil disputes before a criminal Court or of manoeuvring for possession for the purpose of subsequent civil litigation.

It will be found in sub-s. (1) of s. 145 Criminal Procedure Code that the parties are to make claims " as respects the fact of actual possession of the subject of dispute." Therefore any question as to whether possession is on behalf of others or one's own right is quite irrelevant.

Narayana Asari and others v. *Kandasami Asari*, (1915) Cr. Law Journal, p. 525; *Agni Kumar Das* v. *Mantazaddin*, I.L.R. vol. LVI Cal. p. 290 (F.B.); *Rahimalishah Alishah* v. *The State*, A.I.R. (1940) Sind p. 61, referred to.

U Maung Maung for *U Hla Gyaw* for the applicant.

U Myo Tun Lynn (Government Advocate) for the respondent No. 1.

U Chan Tun Aung for the respondent No. 2.

U Khin Maung Nyunt for the respondent No. 3.

U KYAW ZAN U, J.—This case started with the report made by U Maung Maung Myint (PW 1), the Police Station

* Criminal Revision No. 8 B of 1967.

† Review of the order of the Sessions Judge, Hanthawaddy and Rangoon Town District dated the 3rd January 1967 passed in Cr. Misc. No. 86 of 1966.

C.C. 1967

U SEIN THAUNG AND THREE OTHERS v. THE UNION OF BURMA AND TWO OTHERS.

Officer (3rd respondent) under section 145 of the Code of Criminal Procedure to the District Magistrate of Rangoon on 18th June 1966 stating that U Sein Thaung applicant No. 1 and his wife Daw Khin Mya (since deceased) sold their cinema known as Mya Yadana in Thaketa, Rangoon, in 1962 to the Burma (Government Security) Insurance Co., Ltd. of which U Nyan the 2nd respondent is the general manager, who leased it back to the sellers, the applicants, but due to irregular payments of the dues the Company on 2nd December 1965 placed its assistant manager U Maung Maung to manage it and in the course of the management the services of the applicants' manager Ko Kyaw Thein and Ko Tin U were suspended for dishonesty and in their place U Aye Maung, an employee of the Company, was appointed as manager, but on 14th June 1966 the applicant U Sein Thaung and his wife took the key from the watchman and K 104·50 being the sale proceeds of the tickets from Maung Hla Myint, an employee, claiming that they were the owners and as such they would run the management themselves. These facts are not in dispute. The District Magistrate forwarded the report to the 7th Additional Magistrate of Rangoon for necessary action. An inquiry was held in Criminal Miscellaneous case No. 86 of 1966 and the Magistrate, after recording voluminous evidence which was mainly irrelevant for the purpose, found that the Company was in possession of the cinema and issued a very lengthy order declaring that it was entitled to possession thereof until evicted therefrom in due course of law. The object of section 145 is intended only to provide a speedy remedy for the prevention of breaches of peace arising out of disputes relating to immoveable property by maintaining one or other of the parties in possession. The proceeding under section 145 is a summary and not a regular proceeding. The object is not to provide parties with an opportunity of bringing their civil disputes before a

criminal Court or of manoeuvring for possession for the purpose of subsequent civil litigation. The Magistrate lost sight of this point. He ought not to have allowed the parties to adduce lengthy evidence as he has done to enable or to give them an opportunity to make use of the evidence in a subsequent civil suit, if any. Being dissatisfied with the order the applicant U Sein Thaung and his wife applied to the Court of Sessions, Rangoon, in Criminal Revision No. 33 of 1966 to revise it. The Sessions Judge in his order dated 3rd January 1967 recommended to this Court to set aside the said order on the ground that the possession of the Company through U Aye Maung was with the leave and licence of U Sein Thaung and his wife. We do not know how the question of leave and licence crept in. In the course of the hearing the first applicant's wife Daw Khin Mya (original second applicant) died and by our order dated 19th June 1967, her heirs and legal representatives were added in her place.

There is no dispute that the Company through its employees took back possession on 14th June 1966 from U Sein Thaung (first applicant) and his wife to whom the Company leased out the cinema and they took possession in December 1965. Hence the Company was in possession for about half a year. A question was raised before the lower Courts whether the document executed by U Sein Thaung and his wife in favour of the Company is a sale or a mortgage. It is outside the purview of section 145 Criminal Procedure Code and the proper place to find out is in the Civil Court. There is also no dispute that the Company was issuing its own tickets with its seal and collecting monies. It is stated that there is a clause in the deed that the Company can cancel the lease and call upon U Sein Thaung and his wife to surrender possession. It is not disputed that U Sein Thaung and his wife approached U Nyan, the general manager of the Company, to take over the cinema until such time they could pay the loan and

all the interests due. Consequently the Company took over the cinema and managed the business. It even dismissed former employees. It is clear that U Sein Thaung and his wife voluntarily gave up possession in favour of the Company. In *Narayana Asari and others* v. *Kandasami Asari* (1) a Bench of two Judges held:

> "Section 145 of the Code of Criminal Procedure is concerned solely with the fact of actual physical possession whether lawful or unlawful, whether in contemplation of law enjoyed by the possessor in his own right or on behalf of others. Therefore in proceedings under that section any question as to whether possession is on behalf of others or in one's own right is quite irrelevant."

This authority is the complete answer in this case. If one reads section 145 it will be found in sub-section (1) that the parties are to make claims "as respects the fact of actual possession of the subject of dispute" and in sub-section (4) that the Magistrate shall then, "without reference to the merits or the claims of any of such parties to a right to possess the subject of dispute," peruse these statements. The word "right" is significant. Relying upon the Full Bench decision of the Calcutta High Court in *Agni Kumar Das* v. *Mantazaddin* (2) it was held in *Rahimalishah Alishah* v. *The State* (3) that:

> "What the Magistrate is concerned with, in proceedings relating to disputes as to immoveable property under Chapter 12, Criminal Procedure Code, is not the right to possess the subject matter of dispute but the actual possession thereof at the date of the order under clause (1) of S. 145. The expression "actual possession" is plain and unambiguous and has no reference to any right to possess."

In the above circumstances we are unable to accept the recommendation made by the Sessions Judge. Let the records be returned with these remarks.

---

(1) (1915) Cr. Law Journal, page 525.
(2) I.L.R. Vol. LVI Cal. page 290 (F.B.).
(3) A.I.R. (1940) Sind page 61.

CIVIL SECOND APPEAL

Before U Sein Thinn, J.

U TAY AND ONE (APPELLANTS)

v.

MA MYIT AND FIVE OTHERS (RESPONDENTS).*

† C.C. 1967

Aug. 1

Jurisdiction to try the suit—Suits Valuation Act, s. 11—objection regarding jurisdiction.

Held: S. 11 of the Suits Valuation Act enacts that although the objection regarding jurisdiction was taken in the Court of first instance if there are materials before the appellate Court necessary for the determination of the appeal the latter Court is bound to dispose of the appeal on merits.

Mr. V. San C. Po for the appellants.

U SEIN THINN, J.—The plaintiffs-respondents filed a suit against the defendants-appellants in the Township Court of Kyaikto for recovery of a house and its site valued at K 300. The plaintiffs' case was that they were owners of the suit property and that the defendants were in occupation of the same by their permission. The defendants admitted ownership of the property by the plaintiffs. They also admitted having been in possession of the same with the permission of the plaintiffs. Their only defence was that they had given K 700 as earnest money for the purchase of the property. At the initial stage of the case the defendants also objected to the valuation of the suit property. They asserted that the property was worth more than K 1,000 and that the Township Court had no jurisdiction to try the same. This contention was, however, abandoned and the case went to trial. The learned Township Judge after hearing parties and their

* Civil Second Appeal No. 18 of 1965.

† Against the decree of the Township Court of Kyaikto in Civil Regular Suit No. 18 of 1963 as confirmed by the District Court of Thaton in its Civil Appeal No. 8 of 1964.

C.C. 1967

U TAY AND ONE v. MA MYIT AND FIVE OTHERS.

witnesses decreed the plaintiffs' suit with costs. On appeal to the District Court the judgment and decree of the lower Court was confirmed. Hence this second appeal.

My learned predecessor U Tun Tin has remanded the case to the trial Court under Order 41, Rule 25 for the purpose of determining the value of the suit property. The trial Court after examinig additional witnesses came to the finding that the suit property was worth K 1,500. This finding has since been certified to this Court and no objection whatsoever has been preferred in respect of this finding. Since the suit property is worth more than K 1,000 it is clear that the Township Court has no jurisdiction to file the suit in question. The decree passed by it is accordingly null and void under the provisions of the Code of Civil Procedure. However, section 11 of the Suits Valuation Act enacts that although the objection regarding jurisdiction was taken in the Court of first instance if there are materials before the appellate Court necessary for the determination of the appeal the latter Court is bound to dispose of the appeal on merits. Therefore, in spite of the fact that the objection was taken by the defendants at the earliest opportunity this appeal can be disposed of on its merits as there are materials before me necessary for the determination of the appeal. As pointed out above, there was no defence whatsoever for the defendants to resist the claim of the plaintiffs. It was common ground that the suit property belonged to the plaintiffs and that the defendants were merely their permissive occupants. The fact that the defendants had given earnest money for the purchase of the property even if proved would not be of any relevance in determining whether the plaintiffs were entitled to get possession of the suit property.

In the circumstances, I have no alternative but to hold that the orders passed by the lower Courts are correct. It is, however, made out that the suit property was under

valued in that it was worth K 1,500. As such the appellants were bound to pay Court fees on this amount. I would accordingly dismiss the appeal and confirm those of the lower Courts subject to the condition that the respondents do pay the difference of Court fees, that is the difference between Court fees payable on K 1,500 and the amount already paid on the plaint filed in the original suit.

There will be no order as to costs of this appeal.

နိုင်ငံတော် တရားရုံးချုပ်

တရားမအယေးအဖွဲ့မှူ

တရားသူကြီး ဦးသက်ဖေရှေ့တွင်

၁၉၆၇ ဇူလိုင်လ ၂၆ ရက်။

တင်တင်ဝင်း (ခေါ်) ဒိုရာဝင်း ပါ ၄ (လျှောက်ထားသူများ) နှင့် ဒေါ်သန်းစိန် ပါ ၄ (လျှောက်ထားခံရသူများ)*

တရားမကျင့်ထုံး အမိန့် ၃၃ နည်းဥပဒေ(၁)—လူမဲ့ဟုတ် မဟုတ်ဆိုသည့်ပြဿနာ—ကော်လိတ္တော် အရာရှိက ပြုလုပ်သော စုံစမ်းမှု—ကော်လိတ္တော်အရာရှိက လူမဲ့လျှောက်လွှာကို ကန့်ကွက်ရန် မနှိုးဆိုခြင်း—လူမဲ့ဖြစ်သည်ဟု တထစ်ချယူဆခြင်း ပြုနိုင် မပြုနိုင်။

ဆုံးဖြတ်ချက်။ ။လူမဲ့အဖြစ်တရားစွဲဆိုခွင့်ပြုရန် လျှောက်ထားသည့် ကိစ္စမှာ နိုင်ငံတော်အစိုးရ၏အန္တရာယ်ဘဏ္ဍာနှင့် တိုက်ရိုက် သက်ဆိုင်နေသဖြင့် တရားဥပဒေများက ကော်လိတ္တော်အရာရှိအား အကြောင်းကြားရခြင်းဖြစ်သည်။ ကော်လိတ္တော်အရာရှိသည် လျှောက်ထားသူတို့၌ လိုအပ်သည့် တံဆိပ်တော်ခွန်ထမ်းဆောင်ရန် ပစ္စည်းအင်အားရှိ မရှိဆိုခြင်းကို စုံစမ်းပြီး လူမဲ့လျှောက်လွှာအား၊ ကန့်ကွက်လိုက ကန့်ကွက်နိုင်ပေသည်။ ကော်လိတ္တော်အရာရှိက ပြုလုပ်သော စုံစမ်းမှုမှာ သာမန်အားဖြင့် တဖက်သတ်ပြုလုပ်ခဲ့သည့် စုံစမ်းမှုဖြစ်သည်သာမက ကော်လိတ္တော်အရာရှိ၏ဆုံးဖြတ်ချက်သည်လူမဲ့လျှောက်လွှာအားကြားနာသည့် တရားရုံးတော်အပေါ် ၌အပြီးသတ်အတည်မဖြစ်ချေ။ ကော်လိတ္တော်အရာရှိ၏အစီရင်ခံချက်သည် တရားရုံး၏အဆုံးအဖြတ်ပြုရာ၌ အထောက်အကူပြုသည့် အချက်တရပ်သာဖြစ်သည်။ သို့ဖြစ်ရာ ကော်လိတ္တော်အရာရှိက လူမဲ့လျှောက်လွှာကို ကန့်ကွက်ရန် မရှိဟုဆိုကာမျှဖြင့် လျှောက်ထားသူတို့သည် လူမဲ့များဖြစ်ကြသည်ဟု တထစ်ချယူဆခြင်းမပြုနိုင်ပေ လျှောက်ထားသူတို့က မိမိတို့သည် လူမဲ့ဖြစ်ကြောင်း တရားရုံးမှ စိတ်ကြေနပ်လောက်အောင်တင်ပြရန် တာဝန်ရှိပေသည်။

လျှောက်ထားသူများအတွက်။ ။ဒေါက်တာဘဘင်။

လျှောက်ထားခံရသူများအတွက်။ ။ဦးကျော်မြင့်။

တရားသူကြီး ဦးသက်ဖေ။ ။မတင်တင်ဝင်း (ခေါ်) ဒိုရာဝင်း၊ မောင်မျိုးဆက် (ခေါ်) မိုက်ကယ်ဝင်း၊ မောင်ဌေးမြင့် (ခေါ်) တွန်မိုဝင်း နှင့် စုစုအေး (ခေါ်) စီစီဝင်းတို့ ညီအစ်ကို မောင်နှစ်မ လေးဦးက၊ ကွယ်လွန်သူ ဒေါ်စောမြင့်၏ အမွေပုံ

* ၁၉၆၆ ခုနှစ်၊ တရားမအယေးအဖွဲ့မှုအမှတ် ၁၀၅။

ပစ္စည်းများအား၊ ရုံးတော်မှ စီမံအုပ်ချုပ်၍ ခွဲဝေပေးရန် အမှုကို လူမဲ့ အဖြစ် တရား စွဲဆိုခွင့်ပြုရန် လျှောက်ထားကြရာ၊ လျှောက်ထား ခံရသူ ဒေါ်သန်းစိန်၊ဒေါ်မြန့်ယဉ်နှင့် ဦးမောင်မောင်ညွန့်တို့က ကန့်ကွက်ကြသော်လည်း၊ မူလဘက်ဌာန အတွင်းဝန်က၊ လျှောက်ထားသူတို့အား၊ လူမဲ့အဖြစ် တရားစွဲဆို ခွင့်ပြုလိုက်လေသည်။ လျှောက်ထား ခံရသူတို့က အတွင်းဝန်၏ အမိန့်ကို မကျေနပ်သဖြင့် ရည်ညွှန်းချက် ရလိုကြောင်း တင်ပြလာသည့် ကိစ္စ ဖြစ်သည်။

၁၉၆၇

တင်တင်ဝင်း (ခေါ်) ဒိုရာဝင်းပါ ၄ နှင့် ဒေါ်သန်းစိန် ပါ ၄။

လျှောက်ထားခံရသူတို့၏ ပညာရှိ ရှေ့နေကြီး ဦးကျော်မြင့်က၊ လျှောက်ထား သူတို့သည်၊ တရားမ ကျင့်တုံး အမိန့် ၃၃၊ နည်းဥပဒေ ၁ တွင်အဓိပ္ပါယ် ဖွင့်ဆိုထား သည့် လူမဲ့များ ဟုတ် မဟုတ်ဆိုသည့် ပြဿနာနှင့် ပတ်သက်၍ စုံစမ်းမှု ပြုလုပ်ရာတွင် လျှောက်ထားသူများအား စစ်ဆေး ကြားနာရန် လိုကြောင်း၊ ယခု ကိစ္စတွင် လျှောက် ထားသူ လေးယောက် အနက် မတင်တင်ဝင်း (ခေါ်) ဒိုရာဝင်းနှင့် မောင်မျိုးဆက် (ခေါ်) မိုက်ကယ်ဝင်းတို့မှာ အရွယ်ရောက်ပြီး ဖြစ်သည့် အမှုသည်များ ဖြစ်ကြ၍၊ ၎င်းတို့ကိုယ်တိုင် ရုံးသို့ လာရောက် အစစ်ခံရန် လိုပါလျက် လာရောက် အစစ်ခံခြင်း မပြုကြသဖြင့် ၎င်းတို့အား လူမဲ့အဖြစ် တရားစွဲဆို ခွင့်ပြု ခဲ့ခြင်းမှာ ပ၊ရားမ ကျင့်ထုံး အမိန့် ၃၃၊ နည်းဥပဒေ ၄ နှင့် မညီညွတ်ကြောင်း၊ အဓိက တင်ပြသွားသည်။

လျှောက်ထားသူ၏ ပညာရှိ ရှေ့နေကြီး ဦးဗတင်က၊ လျှောက်ထားသူတို့သည်၊ တရားမ ကျင့်ထုံး အမိန့် ၃၃၊ နည်းဥပဒေ ၁ တွင် အကျုံးဝင်သည့် လူမဲ့များ ဖြစ် ကြောင်း သက်သေ အခိုင်အလုံ ပြသထားပြီး ဖြစ်၍ လျှောက်ထားသူတို့ အနေဖြင့် ရုံးရွှေသို့ လာရောက် အစစ်ခံရန် မလိုကြောင်း၊ လျှောက်ထားသူတို့ ကိုယ်တိုင် ရုံးရွှေသို့ လာရောက် အစစ်ခံ ရမည်ဟု ဥပဒေ ပြဋ္ဌာန်းချက် မရှိကြောင်း၊ ကော်လိတ္တော် အရာရှိကလည်း လျှောက်ထား သူတို့၏ လူမဲ့ လျှောက်လွှာကို ကန့်ကွက်ရန် မရှိဟု အကြောင်း ကြားထားပြီး ဖြစ်ကြောင်း၊ ထို့ကြောင့် အတွင်းဝန်၏ အမိန့်မှာ မှန် ကန်သဖြင့် လက်ခံသင့်ကြောင်း ပြန်လည် ချေပသွားသည်။

လူမဲ့ အဖြစ် တရားစွဲဆိုခွင့်ပြုရန် လျှောက်ထားသည့် ကိစ္စမှာ နိုင်ငံတော် အစိုးရ၏ အခွန်ဘဏ္ဍာနှင့် တိုက်ရိုက် သက်ဆိုင်နေသဖြင့် တရားရုံးများက ကော်လိတ္တော် အရာရှိအား အကြောင်း ကြားရခြင်း ဖြစ်သည်။ ကော်လိတ္တော် အရာရှိသည်၊ လျှောက်ထားသူတို့၌ လိုအပ်သည့် တံဆိပ်တော်ခွန် ထမ်းဆောင်ရန် ပစ္စည်း အင်အား ရှိ၊ မရှိ ဆိုခြင်းကို စုံစမ်းပြီး လူမဲ့လျှောက်လွှာအား ကန့်ကွက်လိုက ကန့်ကွက် နိုင် ပေသည်။ ကော်လိတ္တော် အရာရှိက ပြုလုပ်သော စုံစမ်းမှုမှာ သာမန်အားဖြင့် တဘက်သတ် ပြုလုပ်ခဲ့သည့် စုံစမ်းမှု ဖြစ်သည်သာမက၊ ကော်လိတ္တော် အရာရှိ၏

၁၉၆၇

တင်တင်ဝင်း (ခေါ်) နိုရာဝင်း ပါ ၄ နှင့် ဒေါ်သန်းစိန် ပါ ၄။

ဆုံးဖြတ်ချက်သည် လူမဲ့လျှောက်လွှာအား၊ ကြားနာသည့် တရားရုံး အပေါ်၌ အပြီးသတ် အတည် မဖြစ်ချေ။ ကော်လိတ္တော် အရာရှိ၏ အစီရင် ခံချက်သည်၊ တရားရုံး၏ အဆုံးအဖြတ် ပြုရာ၌ အထောက် အကူ ပြုသည့် အချက်တရပ်သာ ဖြစ်သည်။ သို့ဖြစ်ရာ၊ ကော်လိတ္တော် အရာရှိက လူမဲ့လျှောက်လွှာကို ကန့်ကွက်ရန် မရှိဟု ဆိုကာမျှဖြင့် လျှောက်ထားသူတို့သည်၊ လူမဲ့မျှား ဖြစ်ကြသည်ဟု တထစ်ချ ယူဆခြင်း မပြုနိုင်ပေ။ လျှောက်ထား သူတို့က မိမိတို့သည် လူမဲ့ ဖြစ်ကြောင်း တရားရုံးမှ စိတ်ကြေနပ်လောက်အောင် တင်ပြရန် တာဝန် ရှိပေသည်။

လျှောက်ထားသူတို့သည်၊ လူမဲ့မျှား ဟုတ်ပါသလောဆိုသည့် ပြဿနာကို ကြားနာရာ၌ မည်သို့ မည်ပုံ ဆောင်ရွက်ရမည်ဟု တရားမ ကျင့်ထုံး အမိန့် ၃၃၊ နည်းဥပဒေ ၄ ၏ အပိုဒ် (၁) နှင့် (၂) တို့တွင် အောက်ပါအတိုင်း ပြဋ္ဌာန်း ထားသည်။

"4. (1) If the petition is not rejected under rule 3 the Court shall fix a day (of which at least ten days' notice shall be given to the opposite party and the Government pleader) for the examination and cross-examination of the plaintiff (or his agent, where the plaintiff is allowed to appear by an agent) and the witnesses (if any) produced by either party in proof or disproof of the statements made in the petition.

(2) Where the plaintiff appears by an agent the Court may, if it thinks fit, order that the plaintiff be examined on commission."

အပိုဒ် (၁) အရ ဆိုလျှင်၊ လူမဲ့လျှောက်လွှာကို ကြားနာသည့် မှုံးသည် တရားလို ကိုသော်ငင်း၊ ကိုယ်စားလှယ်ဖြင့် ဆောင်ရွက်ခွင့် ပြုသည့် အမှုတွင် တရားလို၏ ကိုယ်စားလှယ်ကိုသော်ငင်း ကြားနာရမည် ဖြစ်သည်။ ကိုယ်စားလှယ်အား စစ်ဆေးသည့် အမှုမျှားတွင် တရားရုံးသည် လိုအပ်ပါက တရားလိုအား ကော်မရှင်၊ ထုတ်ချပင် စစ်ဆေးနိုင်ကြောင်း အပိုဒ် (၂) ၌ ပြဆိုထားသည်ကို ထောက်ရှုလျှင် လူမဲ့ အဖြစ် စွဲဆိုရန် ခွင့်မပြုမီ တရားရုံး အနေဖြင့် တရားလိုအား စစ်ဆေး ကြားနာရန်မှာ လိုအပ်ချက် တခု ဖြစ်ကြောင်း ပေါ်လွင်သည်။ မည်သည့် အတွက် လိုအပ်သနည်းဟု စီစစ်ရပါမူ၊ တရားလို တဦးသည် ကျသင့်သော ရုံးခွန်တော် မထမ်းဆောင်ဘဲ လူမဲ့အဖြစ် တရားစွဲဆိုခွင့် လျှောက်ထားခြင်းမှာ၊ သာမန် အမှုသည်တို့ မရရှိသည့် အထူး အခွင့် အရေးကို တောင်းဆိုခြင်းပင် ဖြစ်သည်။ ယင်းသို့ အထူး အခွင့်အရေး တောင်းဆိုလာလျှင်၊ တောင်းဆိုသူ အနေဖြင့်၊ မိမိ၏ ဘဏ္ဍာရေး အခြေ အနေကို

မထိန် မဝှက် ရိုးရိုးသားသား မှန်မှန်ကန်ကန် တင်ပြရန တာဝန်ရှိသည်၊ ပျက်ကွက်ပါမူ၊ အထူးအခွင့် အရေးကို ရနိုင်ခွင့် မရှိပေ။ အခြေ အနေ အမှန်ကိုတောင်းဆိုသူ တရားလိုကိုယ်တိုင် ရုံးရှေ့သို့ လာရောက်ပြီး ထုတ်ဖေါ်ပြောဆိုခြင်း မရှိလျှင် ၎င်း၏ တာဝန် ကျေပွန်သည်ဟု ဆိုနိုင် လိမ့်မည် မဟုတ်ပေ။

ထို့ပြင် ၁၉၃၅ ခုနှစ် မတိုင်မီက၊တရားမ ကျင့်ထုံး အမိန့် ၃၃၊ နည်းဥပဒေ ၇ (၁) မှာ အောက်ပါအတိုင်း ဖြစ်သည်။

"7. (1) On the day so fixed or as soon thereafter as may be convenient, the Court shall examine the witnesses (if any) produced by either party, and may examine the applicant or his agent, and shall make a memorandum of the substance of their evidence."

အဆိုပါ နည်းဥပဒေ ၇ အရ ဆိုလျှင် တရားလိုသည် လူမဲ့ ဟုတ် မဟုတ် စုံစမ်းမှုဖြင့် သက်သေတို့ကိုသာ စစ်ဆေးရန် လိုပေသည်။ တရားလိုကို စစ်ဆေးရမည်ဟု ပြဋ္ဌာန်းထားခြင်း မရှိ၊ စစ်ဆေးလိုက စစ်ဆေးနိုင်သည်ဟုသာ ဆိုထားသည်။ ထိုနည်းဥပဒေ ၇ ကို၊ ၁၉၃၅ ခုနှစ်၊တွင် ပယ်ဖျက်ခဲ့ပြီး လက်ရှိ နည်းဥပဒေ ၄ ကို ပြဋ္ဌာန်းခဲ့သည်ကို ထောက်ရှုလျှင်၊ တရားလိုအား စစ်ဆေးရန် လိုအပ်ကြောင်း ထင်ရှားသည်။

ယခု အမှုတွင် အရှယ်ရောက်သည့် တရားလိုတို့အား၊ စစ်ဆေးရန် မလိုဟု မူလဘက်မှ အတွင်းဝန်က ယူဆခဲ့သဖြင့်၊ ၎င်းတို့ အနေဖြင့် ရုံးသို့ လာရောက် အစစ်မခံဘဲ နေခဲ့ကြသည်ဟုဆိုယူဆရန် အကြောင်း ပေါ်ပေါက်နေ၍၊ ၎င်းတို့အား ရုံးသို့ လာရောက် အစစ်ခံရန် အခွင့် အရေး ပေးသင့်သည်။ သို့ဖြစ်ရာ လျှောက်ထားသူတို့အား လူမဲ့အဖြစ် တရားစွဲဆိုခွင့် ပြုသည့် မူလဘက် အတွင်းဝန်၏ ၁၉၆၇ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့စွဲပါ အမိန့်ကို ပယ်ဖျက်လိုက်ပြီး၊ အထက်တွင် ဖေါ်ပြခဲ့သည့် အတိုင်း ဆက်လက် ဆောင်ရွက်ရန်နှင့် တရားဥပဒေအရ ဆုံးဖြတ်ချက် ချမှတ်ရန်မူလဘက် အတွင်းဝန်ထံသို့ အမှုတွဲကို ပြန်လည် ပေးပို့လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင် နှင့် ဦးချစ်တို့ခရွေတွင်

† ၁၉၆၇

ဇူလိုင်လ

ဒေါ်အုံးမြ (လျှောက်ထားသူ)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံပါ ၃ (လျှောက်ထားခံရသူများ)*

ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၅၁၆ (က)—သက်သေခံပစ္စည်းကို မည်သူ အားပေးသင့် မပေးသင့်သည် ဟူသော ဆုံးဖြတ်ချက်—တဘက်ကို အသိမပေးဘဲ ဆုံးဖြတ်ခြင်း—တရားမျှတမှုကို အများ သိမြင်စရာလိုအပ်ခြင်း။

ဆုံးဖြတ်ချက်။ ။ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၁၆ (က) အရ၊ အမှုအတောအတွင်း သက်သေခံပစ္စည်းကို မည်သူ့အားပေးသင့်သည် မပေးသင့်သည် ဟူသော ဆုံးဖြတ်ချက်ကို ပေးနိုင်ရန် တရားသူကြီး၌ ကျယ်ပြန့်သောအာဏာရှိသည်။

တရားသူကြီးသည် ဟဖက်ကို အသိမပေးဘဲ မူလပိုင်ရှင်ကိုသာလျှင် လုံလောက်သော အာမခံဖြင့် ပေးလိုက်ခြင်းမှာ နည်းလမ်း မကျသော်ငြားလည်း တရားဥပဒေနှင့် ဆန့်ကျင်သည်ဟုမဆိုနိုင်ပေ။ တရားဥပဒေနှင့် မဆန့်ကျင်သဖြင့် တရားသူကြီးပြုမူချက်မှာ တရားမျှတသည်ဟု ယူဆနိုင်သော်ငြားလည်း ယင်းတရားမျှတမှုကို အမျှားသိမြင်စရာဖြစ်ပေသည်။

လျှောက်ထားသူအတွက်။ ။ဦးလှဖေ (၂) နှင့် ဦးကိုကိုကြီး (၃)။

လျှောက်ထားခံရသူအတွက်။ ။အစိုးရရှေ့နေကြီး ဦးမျိုးထွန်းလင်း နှင့် ဦးစောလွင်။

တရားသူကြီး ဦးချစ်။ ။လျှောက်ထားသူ ဒေါ်အုံးမြသည်၊ ရန်ကုန်မြို့ (၄) ရာဘက် ရာဇဝတ်တရားသူကြီးရုံး၊ ၁၉၆၄ ခု၊ ရာဇဝတ်ကြီးမှု အမှတ် ၁၈၃၇ တွင်၊

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ် ပြင်ဆင်မှုအမှတ် ၂၇၇ (ခ)။

† ရန်ကုန်မြို့ (၄) ရာဘက်ရာဇဝတ်တရားသူကြီးရုံး ရာကြီးမှုအမှတ် ၁၈၃၇/၆၄ တွင် ၁၉၆၆ ခုနှစ်၊ ဇန္နဝါရီလ ၂၂ ရက်နေ့က ချမှတ်သောအမိန့်ကို လျှောက်ထားသူက မကျေနပ်၍ ရန်ကုန်မြို့၊ ဟံသာဝတီနှင့် ရန်ကုန်ခရိုင် ၎င်းရုံးတရားသူကြီးရုံးကို ရာဇဝတ် ပြင်ဆင်မှုအမှတ် ၁၉/၆၅ ၌ လျှောက်ထားရာ ၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့တွင် ပယ်ချလိုက်သဖြင့် ဤရုံးသို့လျှောက်ထားသော ပြင်ဆင်မှုလျှောက်လွှာ။

သက်သေခံအမှတ် ၁ နှင့် ၂ ဖြစ်သော စိန်လက်ကောက် နှစ်ရံကို အမှုအတောအတွင်း ငင်းအား လုံလောက်သော အာမခံဖြင့် ရယူရန် တောင်းဆိုခဲ့ရာ၊ မူလရုံးတွင်၎င်း၊ ရန်ကုန်မြို့၊ ဟံသာဝတီနှင့် ရန်ကုန်ရိုင် စက်ရှင်တရားသူကြီး ရုံးတွင်၎င်း အောင်မြင်မှု မရရှိခဲ့ခြင်းကြောင့် ထိုရုံး နှစ်ရုံး စလုံးက အမိန့်များကို ပြင်ဆင်ပေးပါရန် ဤရုံးသို့ ပြင်ဆင်လွှာ တင်သွင်းခြင်းဖြစ်သည်။

အမှုတွင် ပေါ်လွင်သည်မှာ ဦးနန်းညွှန့်နှင့် ဒေါ်ညွှန့်ရီတို့သည် အချင်းဖြစ် သက်သေခံ စိန်လက်ကောက် နှစ်ရံကို မူလပိုင်ရှင်များ ဖြစ်ကြသည်။ လျှောက်ထားသူ ဒေါ်အုံးမြသည် ထိုစိန်လက်ကောက် နှစ်ရံကို မော်လမြိုင်မြို့တွင် ရွှေပန်းတိမ်ဆရာနှင့် တိုင်ပင်ပြီး ပွဲစားများထံမှ သဘောရိုးဖြင့် ကာလတန်ဘိုးပေး၍ ဝယ်ယူထားသည်ဟု အဆိုရှိသည်၊ ရာဇဝတ်မှုနှင့်ပတ်သက်၍ ရဲများက ထိုစိန်လက်ကောက် နှစ်ရံကို လျှောက်ထားသူ ဒေါ်အုံးမြထံမှ ရယူပြီး၊ ရုံးတွင် သက်သေခံ အဖြစ် တင်ထားလေသည်။ အမှု အတောအတွင်းတွင် ထိုစိန်လက်ကောက် နှစ်ရံကို မူလပိုင်ဆိုင်သူများ ဖြစ်ကြသော ဦးနန်းညွှန့်နှင့် ဒေါ်ညွှန့်ရီတို့က ၎င်းတို့ကို အာမခံနှင့်ပေးရန် လျှောက်ထားလေသည်။ ထိုနည်းတူ လျှောက်ထားသူ ဒေါ်အုံးမြကလည်း လျှောက်ထား လေသည်။ ရန်ကုန်မြို့ (၄) ရာဘက် ရာဇဝတ်တရားသူကြီးက ထိုသက်သေခံ ပစ္စည်းများကို မည်သူ မျှမပေးဘဲ နေခဲ့လေသည်။သို့ရာတွင် တရားလိုပြု သက်သေများစွာကို စစ်ဆေးပြီးသည့်နောက်၊ တရားလိုဘက်မှ အမှုမပိတ်မီ၊ ထိုသက်သေခံပစ္စည်းနှစ်ခုကို ရာဇဝတ် ကျင့်ထုံးပုဒ်မ ၅၁၆ (က) အရ၊ ခိုင်လုံသော အာမခံဖြင့် မူလပိုင်ရှင်များဖြစ်သူ ဦးနန်းညွှန့်နှင့် ဒေါ်ညွှန့်ရီတို့အား ပေးအပ်ခဲ့လေသည်၊ ထိုအခါ လျှောက်ထားသူ ဒေါ်အုံးမြက မကျေနပ်သဖြင့် စက်ရှင် တရားသူကြီးရုံးတွင် ပြင်ဆင်လွှာ တင်သွင်းရာ စက်ရှင်တရားသူကြီးက မူလရုံးက ချမှတ်သော အမိန့်မှာ တရားဥပဒေနှင့် ညီညွတ်၍ တရားသူကြီးတွင် ကျယ်ပြန့်သော အာဏာရှိသည်ဟု ကောက်ယူ ဆုံးဖြတ်ပြီးလျှင် ဒေါ်အုံးမြ၏လျှောက်လွှာကို ပယ်လိုက်လေသည်။

ကျွန်ုပ်တို့၏ရှေ့တွင် လျှောက်ထားသူ၏ ရှေ့နေကြီး ဦးကိုကိုကြီး (၃)က၊ ရာဇဝတ် ကျင့်ထုံးပုဒ်မ ၅၁၆ (က) အရ၊ ရုံးတွင် ကျယ်ပြန့်သော အာဏာရှိပါသည်။ သို့ရာတွင် ယခုကဲ့သို့ လျှောက်ထားသူ ဒေါ်အုံးမြက ပစ္စည်းကို ပြန်ရလိုမှု လျှောက်ထားပါလျက် နှင့် ၎င်းကို အသိ မပေးဘဲ၊ ထိုပစ္စည်းများကို ဦးနန်းညွှန့်နှင့် ဒေါ်ညွှန့်ရီတို့အား ပေးလိုက်ခြင်းမှာ တရားမျှတမှု ကင်းမဲ့နေပါသည်။၎င်း၏အမှုသည်ကိုလည်း အသိမပေး၊ ၎င်းကိုလည်း အသိမပေး၊တဘက်သတ် ဦးနန်းညွှန့်နှင့် ဒေါ်ညွှန့်ရီတို့အား သက်သေခံ ပစ္စည်းများကို ပေးလိုက်ခြင်းမှာ တရားသူကြီးသည် ကိုယ်ပိုင်ဉာဏ်ကို အသုံးပြုရာ၌

တဘက်သတ် ကျလွန်းပါသည်၊ ထို့ကြောင့် မူလရုံးနှင့် ပြင်ဆင်ရုံးကချမှတ်သော အမိန့်များကို ပြင်ဆင်ပေးပါရန် တင်ပြသွားလေသည်။

လျှောက်ထား ခံရသူများ ဖြစ်ကြသော ဦးနန်းညွန့်နှင့် ဒေါ်ညွန့်ရီတို့၏ ရွှေနေကြီး ဦးစောလွင်က အချင်းဖြစ် သက်သေခံ ပစ္စည်းတို့မှာ ဦးနန်းညွန့်နှင့် ဒေါ်ညွန့်ရီတို့ မူလပိုင်ဆိုင်ကြောင်း အမှုတွဲတွင် ထင်ရှားစွာ ပေါ်လွင် နေပါသည်၊ လျှောက်ထားသူ ဒေါ်အုံးမြသည် ထိုပစ္စည်းများကို ကာလတန်ဘိုးဖြင့် အလုံအမှန် ဝယ်ယူသည်ဟု အဆိုရှိသော်ငြားလည်း ၎င်းသည် မူလပိုင်ရှင် မဟုတ်ပါ။ [ရာဇဝတ် ကျင့်ထုံးပုဒ်မ ၅၁၆ (က) အရ၊ အမှုအတောအတွင်း သက်သေခံပစ္စည်းကို မည်သူ အား ပေးသင့်သည်၊ မပေးသင့်သည် ဟူသော ဆုံးဖြတ်ချက်ကို ပေးနိုင်ရန် တရားသူကြီး၌ ကျယ်ပြန့်သော အာဏာရှိပါသည်]၊ တရားသူကြီးသည် တရားဥပဒေနှင့်အညီ ဦးနန်း ညွန့်နှင့် ဒေါ်ညွန့်ရီတို့အား အချင်းဖြစ် ပစ္စည်းနှစ်ခုကို လုံလောက်သော အာမခံဖြင့် ပေးထားခြင်းမှာ တရားနည်းလမ်း ကျပါသည်၊ ဦးနန်းညွန့်နှင့် ဒေါ်ညွန့်ရီတို့သည် ၎င်းတို့ လက်ဝယ်တွင် ရရှိထားသော သက်သေခံပစ္စည်းကို ဖျောက်ဖျက်သည်၊ ထုခွဲသည်စသည်ဖြင့် စွပ်စွဲချက် မည်သို့မျှမရှိပါ၊ ရုံးတော်က မည်သည့်အခါမဆို အလိုရှိပါက ထိုသက်သေခံ ပစ္စည်းများကို တင်ပြရန် အဆင်သင့် ဖြစ်ပါသည်ဟု တင်ပြသွားလေသည်။

လျှောက်ထား ခံရသူ အမှတ် (၁) အစိုးရအတွက် လိုက်ပါ ဆောင်ရွက်သော အစိုးရရွှေနေကြီး ဦးမျိုးထွန်းလင်းက ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၅၁၆ (က) အရ တရားသူကြီးတွင် ကျယ်ပြန့်သော အာဏာရှိပါသည်၊ ယင်းကျယ်ပြန့်သော အာဏာကို သုံးသပ်ရာ၌ ကိုယ်ပိုင်ဥာဏ်ကို အခြေခံပြု၍၊ အမှုတွင်ပေါ်လွင်သော ဦးနန်းညွန့်နှင့် ဒေါ်ညွန့်ရီတို့ကို အချင်းဖြစ် သက်သေခံပစ္စည်း နှစ်ခု၏ မူလပိုင်ရှင်များ ဖြစ်သော ကြောင့် ဦးနန်းညွန့်နှင့် ဒေါ်ညွန့်ရီတို့ကို အမှုအတောအတွင်း လုံလောက်သော အာမခံ ဖြင့် သိမ်းဆည်းထားရန် ပေးလိုက်ခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်ပါ၊ အမှုပြီးပြတ်၍ သက်သေခံ ပစ္စည်းများနှင့် ပတ်သက်ပြီး၊ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၁၇ အရ၊ သုံးသပ်ရန် အချိန်ကျသောအခါမှ တရားသူကြီးသည် စုံစမ်းစစ်ဆေးမှု ပြုလုပ်၍ မည်သူသည် သက်သေခံပစ္စည်းကို လက်ဝယ် ရခွင့်ရထိုက်သူဖြစ်ကြောင်း ဆင်ခြင်ဝေဖန် သုံးသပ်ပြီးမှ အမိန့်ချမှတ်ရပါမည်၊ ယခုအခါမှာ အမှုမပြီးပြတ်သေးပါဟု တင်ပြသွားလေသည်။

သက်သေခံပစ္စည်း နှစ်ခုဖြစ်သော စိန်လက်ကောက် နှစ်ရံမှာ အမှုအသွားအလာ အရ၊ ဦးနန်းညွန့်နှင့် ဒေါ်ညွန့်ရီတို့ပိုင်ဖြစ်သည်၊ ၎င်းတို့သည် ထိုလက်ကောက် နှစ်ရံကို ရောင်းပေးရန် ပွဲစား ဦးဘကြည်သို့ ပေးအပ်ထားသည်။ ပွဲစား ဦးဘကြည်ထံမှတဆင့် အမှုတွင် တရားခံများက ရယူပြီး ဦးဘကြည်ထံ ပြန်မပေးဘဲ တဆင့် ရောင်းစားဟန်

လက္ခဏာရှိသည်၊ မော်လမြိုင်မှ လျှောက်ထားသူ ဒေါ်အုံးမြက အချင်းဖြစ်လက်ကောက်နှစ်ရံကု သဘောမူးနှင့် ကာလတန်ဘိုး ပေး၍ အလုံအမှန် ဝယ်ယူထားသည့် လက္ခဏာရှိသည်၊ ၎င်းဝယ်ယူထားသော စိန်လက်ကောက်နှစ်ရံမှာ အမှုတွင် သက်သေခံပစ္စည်း ဖြစ်နေသည်။ ထိုသက်သေခံ ပစ္စည်းကို မူလ ပိုင်ရှင်များက ရလိုကြောင်း လျှောက်ထားသည်၊ ဒေါ်အုံးမြကလည်း လျှောက်ထားသည်၊ မည်သူမည်ဝါ ပေးသင့်ကြောင်းမှာ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၁၆ (က) အရ၊ တရားသူကြီးထံ၌ ကျယ်ပြန့်သော အာဏာရှိသည်။ တရားသူကြီးသည် တဘက်ကို အသိမပေးဘဲ မူလပိုင်ရှင်ကိုသာလျှင် လုံလောက်သော အာမခံဖြင့် ပေးလိုက်ခြင်းမှာ နည်းလမ်း မကျသော်ငြားလည်း တရားဥပဒေနှင့် ဆန့်ကျင်သည်ဟု မဆိုနိုင်ပေ၊ တရားဥပဒေနှင့် မဆန့်ကျင်သဖြင့် တရားသူကြီး ပြုမူချက်မှာ တရားမျှတသည်ဟု ယူဆနိုင်သော်ငြားလည်း ယင်းတရားမျှတမှုကို အများ သိမြင်စရာ ဖြစ်ပေသည်။ ဤအမှုကို အပြီးအပြတ် အဆုံးအဖြတ်ပေးပြီးနောက်၊ သက်သေခံ ပစ္စည်းနှင့် ပတ်သက်၍၊ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၅၁၇ အရ၊ သုံးသပ်ရာတွင် ကျယ်ကျယ် ပြန့်ပြန့် စုံစမ်းစစ်ဆေးခြင်း ပြုလုပ်ပြီး၊ မည်သူသည် ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၁၇ အရ၊ ရခွင့်ရထိုက်သည်ကို အဆုံးအဖြတ်ပေးရန် ဖြစ်သည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဤပြင်ဆင်မှုကို ပလပ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

တရားသူကြီး ဦးကျော်ဇံဦးနှင့် တရားသူကြီး ဦးချစ်တို့ ရှေ့တွင်

ရာဇဝတ်အယူခံမှု

၁၉၆၇

ဇူလိုင်လ ၁၄ ရက်။

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားလို)

နှင့်

မောင်မောင် (အယူခံတရားခံ) *

ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁) (ခ) အရ မူပြစ်ထင်ရှား စီရင်ခြင်း—ရဲစစ်ချက်ကို တောင်းခေါ်၍ ကြည့်ခြင်း—ရာဇဝတ်ကျင့်ထုံးပုဒ်မ ၁၆၂ နှင့် သက်သေခံ ဥပဒေပုဒ်မ ၁၄၅ တို့အရ အသုံးမပြုခြင်း—သက်သေ၏ ရုံးတွင်ထွက်ဆိုချက်ကို ပိုမိုအဘိုးတန်ရာရောက်စေခြင်း။

ဆုံးဖြတ်ချက်။ ။သက်သေ၏ ရဲစစ်ချက်ကို တောင်းခေါ်၍ကြည့်ပြီး ပြန်လည်မေးမြန်းရာတွင် အယူခံတရားလိုရှေ့နေက ရဲစစ်ချက်ကို အသုံးမပြု၊ သက်သေခံအဖြစ်လည်း မသွင်းသည်မှာ သက်သေ၏ရုံးတွင် ထွက်ဆိုချက်များမှာ မှန်ကန်ပြီး ရဲစစ်ချက်ကို အတည်ပြုရာရောက်သည်။ သက်သေ၏ ရုံးတွင် ထွက်ဆိုချက်မှာ ပိုမိုအလေးရှိလာသည်။ သက်သေတဦး၏ ထွက်ဆိုချက်ကို ဖျက်ဆီးရန် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၁၆၂ အရ သူ၏ရဲစစ်ချက်နှင့် ရုံးတွင်ထွက်ဆိုသော စစ်ချက်တို့ ကွဲလွဲနေမှသာ သက်သေခံ ဥပဒေပုဒ်မ ၁၄၅ အရ ဆန့်ကျင်၍ မေးမြန်းနိုင်သည်။ ထို့ကြောင့် အမှန်တကယ် သက်သေတဦးသည် ရုံးတွင်ကွဲလွဲ၍ ထွက်ဆိုသည်ကို သိမှသာ ရဲစစ်ချက်ကို တောင်းယူပြီး ဆန့်ကျင်၍ မေးသင့်သည်။ အရမ်းတကာ ရဲစစ်ချက်ကို တောင်းယူဖတ်ကြည့်ရှုပြီး ပုဒ်မ ၁၆၂ နှင့် သက်သေခံ ဥပဒေပုဒ်မ ၁၄၅ တို့ကို အသုံးပြုလျှင် ထိုသက်သေ၏ ရုံးတွင်ထွက်ဆိုချက်မှာ ပိုမို၍ အဘိုးတန်ရာရောက်သဖြင့် တရားခံအပေါ် နှစ်နာခြင်း ဖြစ်နိုင်သည်ကို မှတ်ယူရာသည်။

အယူခံတရားလိုအတွက်။ ။(ဦးဇင် အစိုးရရှေ့နေကြီး)။

အယူခံတရားခံအတွက်။ ။ဦးချန်ထွန်းအောင်။

တရားသူကြီး ဦးကျော်ဇံဦး။ ။ဤအမှုတွင် အယူခံတရားခံ ကျောင်းသား၊ အသက် ၂၃ နှစ်ရှိသူ မောင်မောင်သည်၊ အသက် ၂၇ နှစ်ရှိသူ မောင်တင်ထွန်း ဆိုသူကို သက်သေခံ ပစ္စတိုသေနတ်ဖြင့် ၁၉၆၅ ခု၊ မေလ ၃ ရက်နေ့ည ၁၀ နာရီခွဲ

---

* ၁၉၆၇ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၁၉၅။

† ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၂၉ တွင် ချမှတ်သော ၁၉၆၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့စွဲပါ ရန်ကုန်မြို့၊ အထူးတရားသူကြီး ဦးကျော်လှိုင်၏ အမိန့်ကို အယူခံမှု။

အချိန်လောက်တွင် လက်ျာဘက် မျက်လုံး၏ ၂ လက်မအပြင်ဘက် ဘေးနားထင်ကို တချက်ပစ်၍၊ နှစ်နာရီအချိန်အတွင်းပင် ဆေးရုံကြီး၌ သေဆုံးသွား၍ ရာဇသတ်ကြီး ပုဒ်မ ၃၀၂ အရ၊ ၁၉၆၅ ခု၊ မေလ ၃၁ ရက်နေ့မှစတင်၍ မူလရုံးတွင်စုံစမ်းပြီး တင်ကူး ကြံရွယ်ချက်နှင့် ပစ်သတ်သည်ဟုယူဆ၍ ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁) (ခ)အရ၊ စွဲချက်တင်ပြီး စစ်ဆေးရာ၊ မှုပြစ်ကျူးလွန်ကြောင်း လုံလောက်သော အထောက် အထားများ မရှိဟုယူဆပြီး၊ ၁၉၆၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့က တရားသေ လွှတ်ခဲ့သော စီရင်ချက်နှင့် အမိန့်ကို မကျေနပ်၍ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန် ရေးအစိုးရက ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၁၇ အရ၊ အယူခံဝင်ခြင်းဖြစ်သည်။ ၁၉၆၇ ခုနှစ်၊ မေလ ၅ ရက်နေ့က အယူခံတရားခံကို ဤအယူခံမှုနှင့် ပတ်သက်၍ ပြန်လည်ဖမ်းဆီးသည်၊ အမှု၏ အကြောင်းအရာနှင့် သက်သေ ထွက်ဆိုချက်များအပေါ် မူလရုံး၏ ထင်မြင်ယူဆချက်များကို ဆန်းစစ်စဉ်းစား ဝေဖန်ခြင်း မပြုမီ တရားသေ လွှတ်သောအမိန့်ကို ရာဇဝတ် ကျင့်ထုံး ဥပဒေပုဒ်မ ၄၁၇ အရ၊ အယူခံဝင်ရာတွင် မည်သည့် အချက်များကိုသာ စိတ်ဝင်စား၍ ဝေဖန်ရမည်ကို ကျွန်ုပ်တို့ ပြလိုသည်။ အမှုအဖြစ်အပျက် အခြင်းအရာများ အပေါ်၌ မူလရုံးက တွေ့မြင် ယူဆချက်မှာ လမ်းလွဲလမ်းချော် သဘာဝတရားအတိုင်း ဆင်ခြင်မှု မရှိမှသာလျှင် အယူခံရုံးက ဝင်ရောက်စွက်ဖက်ခြင်းပြုသင့် မပြုသင့်ဟူသော ပြဿနာနှင့် ပတ်သက်၍ ယခင် ယခင်က တရားလွှတ်တော်များ၏ စီရင်ချက်များမှာ သဘောကွဲလွဲ နေကြခြင်းရှိ ကြောင်း ရာဇဝင်ကို အကျိုးရှိမည် မဟုတ်၍ ထုတ်ဖော်မပြလိုဘဲ၊ ဤပြဿနာကို အဆုံးတိုင် ဆုံးဖြတ်ပေးခဲ့သော ပရီဗီကောင်စီအမှု ***Sheo Swarup & Others* v. *The State***(1)၏ စီရင်ထုံးကို ကျွန်ုပ်တို့ သတိ ရသည်၊ ဤစီရင်ထုံးကို ကျွန်ုပ်တို့၏ ယခင် တရားလွှတ်တော်ချုပ်နှင့် တရားလွှတ်တော်အပြင်၊ ဤတရားရုံးချုပ်ကလည်း လက်ခံ၍၊ အမှုများစွာကိုပင် စီရင်ဆုံးဖြတ်ခဲ့ကြပြီး . ရာဇဝတ်ကျင့်ထုံး ဥပဒေတွင် အယူခံမှုများနှင့် သက်ဆိုင်သောအခန်း ၃၁ ၏ ပုဒ်မ ၄၁၈ (၁) က ယခုကဲ့သို့ ကျူးရီလူကြီးများဖြင့် မစစ်ဆေးသော အမှုများတွင် အမှုအဖြစ်အပျက် အခြင်းအရာ များနှင့်တကွ တရားဥပဒေ အချက်များကို အကြောင်းပြု၍ အယူခံ ဝင်နိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ ရာဇဝတ်ကျင့်ထုံး ဥပဒေတွင် အယူခံမှုများနှင့် သက်ဆိုင်၍ တရားရုံးချုပ်၏ အာဏာများကို ကန့်သတ်ခြင်း မရှိသည်ကို ထောက်ရှုခြင်း အားဖြင့် တရားသေလွှတ်သော စီရင်ချက်ကို အယူခံဝင်ခြင်းနှင့် ပြစ်ဒဏ် စီရင်ချက်ကို အယူခံ ဝင်ခြင်းတို့မှာ ခြားနားခြင်း မရှိသည်ကို တွေ့ရသည်။ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၁၇၊ ၄၁၈ နှင့် ၄၂၃ တို့က၊ တရားသေလွှတ်သော စီရင်ချက်အမိန့် တည်ရှိသည်ဖြစ်သော

(1) (1934) 56 All. 645 p.c.

၁၉၆၇
ပြည်ထောင်စု
မြန်မာနိုင်ငံ
နှင့်
မောင်မောင်။

သက်သေ ထွက်ဆိုချက်များကို အကျယ်တဝင့် ပြန်လည်သုံးသပ် ဝေဖန်ရန် တရားရုံး ချုပ်သို့ အာဏာပေးရှိသည်ဖြစ်၍၊ ထိုသက်သေ ထွက်ဆိုချက်များမှ မူလရုံး၏ တွေ့မြင် ယူဆချက်နှင့် ဆန့်ကျင်၍ အပြီးသတ် ယူဆချက် ထုတ်ယူနိုင်ပေသည်ဖြစ်၍ ဤ ပရိဗ္ဗီကောင်စီအမှုတွင် တရားရုံးချုပ်သည် မိမိ၏ အာဏာကို သုံးစွဲရာ၌ အောက်ပါ အချက်များကို ထည့်သွင်းစဉ်းစား၍ အလေးပေးရမည်ဟု ပြဋ္ဌာန်း ထားသည်ကို နဂိုစကားအတိုင်း ဖေါ်ပြမှသာ ပိုမို၍ သင့်လျော်ပေမည်။

> "(1) the views of the trial Judge as to the credibility of the witnesses; (2) the presumption of innocence in favour of the accused, a presumption certainly not weakened by the fact that he has been acquitted at his trial; (3) the right of the accused to the benefit of any doubt; and (4) the slowness of an appellate court in disturbing a finding of fact arrived at by a Judge who had the advantage of seeing the witnessles."

ဤပရိဗ္ဗီကောင်စီမှ ချမှတ်ထားခဲ့သော မူကို အပြည့်အစုံ မပျက် မကွက်ဘဲ၊ ***The Union of Burma*** v. ***Maung Pu*** (*a*) ***Thakin Pu*** (2) စီရင်ထုံးတွင် လိုက်နာခဲ့သည်။ ***Tan Chit Lye*** (*a*) ***Tet Shin*** (*a*) ***Maw Pein*** v. ***The Union of Burma***(3) စီရင်ထုံးတွင်လည်း ကျွန်ုပ်တို့၏ယခင်တရားလွှတ်တော်ချုပ်က တရားသေလွှတ်သော အမှုကို အမှု၏ အဖြစ်အပျက် အခြင်းအရာအပေါ် အယူခံဝင်ခွင့် ရှိသည်ဟုဆိုပြီး၊ ပရိဗ္ဗီကောင်စီမှ ချမှတ်ထားခဲ့သော မူကို အပြည့်အစုံ လက်ခံခဲ့သည်။ ယခု တရားရုံးချုပ်၏ စီရင်ထုံးဖြစ်သော ***The Union of Burma*** v. ***U Aye Kyi*** (4) မှာ၊ ဤပရိဗ္ဗီကောင်စီ အမှုကိုပင် တရားသူကြီး ဦးမောင်မောင် (ယခု တရားသူကြီးချုပ်)ကလည်း အကိုးအကား ပြုခဲ့သည်ကို တွေ့ရှိရသည်။ ထို့အပြင် နောက်ဆုံး ဤရုံး၏ **မောင်ထွန်းမြင့် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ** (5) စီရင်ထုံးတွင် လည်း ဤမူကိုရည်ညွှန်း၍ ခုံရုံးမှ ဆုံးဖြတ်ထားရာ၌ "ဤမူသည်တရားမျှတမှုရှိပြီး၊ အလွန်ပင် လျော်ကန် သင့်မြတ်လှသည်" ဟု အဆိုရှိသည်။ **မောင်အောင်စိ** နှင့် **ပြည်ထောင်စု မြန်မာနိုင်ငံ** (6) စီရင်ထုံးတွင်၊ ယခင် တရားလွှတ်တော်ချုပ်၏ ဆုံးဖြတ် ချက်ဖြစ်သော အောက်ပါ အချက်ကိုလည်း ကျွန်ုပ်တို့ သတိရသည်။

"မူလ တရားရုံးတော်က တရားသေလွှတ်သည့် အမိန့်ကို နိုင်ငံတော် အစိုးရက ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၁၇ အရ၊ အယူခံဝင်ရာတွင် တရားလွှတ်တော် လိုက်နာ

(2) (1954) B.L.R. 349 (H.C.).
(3) (1950) B.L.R. 172 (S.C.).
(4) (1964) B.L.R. 396 (C.C.).
(5) (1966) B.L.R. 449.
(6) (1959) B.L.R. 18 (S.C.).

အပ်သည့် မူတရပ်မှ မူလရုံးတော်နှင့် တရားလွှတ်တော်တို့ သက်သေခံချက်များကို အသီးသီး ဆင်ခြင်သုံးသပ်ရာ၌ သဘောကဲ့လဲ့ရုံမျှဖြင့် မူလရုံး အမိန့်ကို ပယ်ဖျက်ရန်အတွက် အကြောင်း မလုံလောက်သေးပေ၊ ဝင်ရောက် စွက်ဖက်ဘို့ ရန် မလွဲမရှောင်သာသည့် အကြောင်းများ ရှိရပေမည်ဟူသည့် မူပင်ဖြစ်သည်။"

ကျွန်ုပ်တို့သည် အထက်ဖော်ပြပါ မူများကို ဤအမှုတွင် နှလုံးသွင်းကာ ဆုံးဖြတ်ရပေမည်။ အကျဉ်းချုံး၍ ပြောရမည်ဆိုလျှင် ဤအယူခံမှုတွင် မူလရုံး၏ တရားသေလွှတ်ခဲ့သော စီရင်ချက် အမိန့်သည် ကြည်လင်စွာမှားပြီး၊ တရားမျှတမှု မရှိမှုသာ အောင်မြင်နိုင်ပေမည်။

ဤအမှုမှာ မျက်မြင်သက်သေမရှိ၊ ပတ်ဝန်းကျင် စပ်ဆိုင်သည့် အမှုအဖြစ်အပျက် အခြင်းအရာဖြစ်သော ထင်ရှားသည့် သက်သေခံချက်များတွင် တည်သည်၊ စပ်ဆိုင်သည့် အဖြစ်အပျက် အကြောင်းခြင်းရာများမှာ ကွင်းဆက်မပြတ်ဘဲ ထင်ထင်ရှားရှား နှင့် စိတ်ဒိဿ သံသယ မရှိစေရဟု.... ***Benjamin Xavier (a). Maung Tin Win v. The Union of Burma*** (7) စီရင်ထုံးတွင် ပြဋ္ဌာန်း ထားသည် ကိုလည်း ကျွန်ုပ်တို့ သတိရသည်၊ မူလရုံးက ကွင်းဆက်ပျက်သည်ဟု မယူဆသော် ငြားလည်း၊ ကွင်းဆက် အများ ပျက်သည်ဟု ယူဆ၍ ကွင်းဆက်များ မပြည့်စုံဟု ဆိုသည်၊ ကွင်းဆက်များ ပျက်သည်ဟု ယူဆခြင်းမှာ ခိုင်လုံသည်ဟု ကျွန်ုပ်တို့ မတွေ့ရှိပေ။ အချင်းဖြစ်နေ့ည ၁၀ နာရီခွဲ အချိန်လောက်တွင် အပြင်မှ တံခါးခေါက်သံကြား၍ သေသူ၏အမေ ဒေါ်ချောနု (လိုပြ-၃)က တံခါးအပြင်ရှိ မီးကိုဖွင့်၍ တံခါးကို ဖွင့်လိုက်ရာ လူတယောက် ရုပ်အင်္ကျီအဖြူ ဝတ်ထားသည်ကိုမြင်၍ သေသူက "အော်-အော်-အော်" ဟုဆိုလျက် ထိုလူနှင့်အတူ အိမ်ခြံပေါက်ဝသို့သွားပြီး ကြားလမ်းနီတလျောက် အင်းယားလမ်းဘက်သို့ စကားပြော၍ ဆက်လက် လျောက်သွားကြရာ၊ သေသူမှာ ပြုံးပြုံးရွှင်ရွှင် ရှိသည်ဟုဆိုသည်၊ ဒေါ်ချောနုသည် ခြံပေါက်ဝအထိ သွားကြည့်ရာ၊ သူငယ်ချင်းနှစ်ယောက် စကားပြောနေကြသည်ဟု ဆိုပြီး ပြန်လှည့်ခဲ့၍ ခြေလှမ်း ၅ လှမ်းလောက် ရောက်သောအခါ၊ သေနတ်တချက်ဖောက်သံ ကြားသဖြင့်၊ ထိုနေရာသို့ လိုက်သွားရာ သေသူလဲနေသော နေရာမှ ၃-၄ လံခန့်ဝေးသော လမ်းထိပ်တွင် ရပ်ထားသော ကားတစီးမှ လူတယောက်က သူ့ကားပေါ်သို့ လူနာကိုတင်ပါ ဆေးရုံသို့ ပို့ပေးပါမည်ဟုဆို၍ ထိုအချိန်မှာ သေသူ၏အဖေ ဦးစိုင်စိန် (ခေါ်) မစ္စတာရန်း (လိုပြ-၄)လည်း ရောက်လာသည်နှင့် လူနာကို ကားပေါ်သို့တင်ရာ၊ ထိုကားပေါ်မှလူက လူနာနှင့် အပိုတယောက်သာ လိုက်ရမည်ဟုပြော၍ လူနာကို

(7) (1955) B.L.R. 146 (H.C.).

ပြန်ချကြရသည်ဟုဆိုသည်။ ထိုကား ထွက်သွားပြီးနောက် ချက်ခြင်းပင် အခြားကား တစီး ရောက်ရှိလာ၍ လူနာကို ဆေးရုံကြီးသို့ ပို့လိုက်ရာ တနာရီကျော်လောက်တွင် သေဆုံးသွားသည်။ အယူခံ တရားခံက ဤအကြောင်းများကို မငြင်းပေ၊ သူက လူနှစ်ယောက် လမ်းတွင်စောင့်နေ၍ လူအများ လူနာနှင့်မလိုက်ရန် တားသည်ကို သူ၏ရိုးရိုး အစစ်ခံချက်တွင် အဖြေပေးရှိသည်။ ဤလောက် အရေးကြီးနေသောအခါ၊ မည်သူမဆို လူနာကိုဆေးရုံသို့ ပို့ပေးမည်သာ ဖြစ်သည်၊ ယခုမူကား မပို့ပေးသည်မှာ အယူခံ တရားခံမှာ အခြားအကြောင်းတခုခု ရှိရပေမည်၊ သေသူ၏အမေ ဒေါ်ခြေနုသည် သားရှိနေသော နေရာသို့သေနတ်သံ ကြားလိုက်သည်နှင့် တပြိုင်နက် လိုက်သွားသည်မှာ ထူးဆန်းဘွယ်ရာမဟုတ်၊ မူလရုံးက သူမ လာဝံ့မည်မဟုတ်ဟု ယူဆသည်မှာ မှားသည် ဟုကျွန်ုပ်တို့ ထင်မြင်သည် သေသူသည် ထိုလူကိုမြင်လျှင်မြင်ခြင်း "အော်-အော်-အော်" ဟုဆိုပြီး နှုတ်ဆက်သည်ကို ကြည့်ခြင်းအားဖြင့် သူတို့နှစ်ယောက်သည် တယောက်နှင့်တယောက် မိတ်ဆွေ မဟုတ်စေကာမူ၊ မြင်ဘူး၊ သိကျွမ်းခဲ့ကြသူမျှား ဖြစ်သည်မှာ ထင်ရှားသည်။ ကျွမ်းကျွမ်းဝင်ဝင် မရှိလျှင် ထိုလူနှင့်အတူ ညအခါ မတော် လိုက်သွားမည် မဟုတ်ပေ။

ဆရာဝန် (လို့ပြ-၁၆)၏ ထွက်ဆိုချက်အရ၊ ကျည်ဆံသည် လက်ျာဘက် နားထင်မှ ဝင်၍ လက်ဝဲဘက် နားအောက်မှ ထွက်သွားသည်၊ ထို့အပြင် နဖူးသည် ဖူးရောင်နေ၍ နှာရင်း နှာခေါင်းဖျားနှင့် လက်ျာဘက် တထောင်ဆစ်၊ လက်သူကြွယ်၊ လက်ခလယ် အရင်းအဆစ်နှင့် လက်သန်းမျှားမှာ ပွန်းရွှသည့် ဒဏ်ရာများ ရရှိပြီး၊ လက်ျာဘက် မျက်လုံးမှာလည်း ညိုမဲနေသည်၊ ဆရာဝန်၏ ထင်မြင်ချက်မှာ တကိုက်ထက် မနည်း သေနေရာမှ ပစ်သတ်သည်၊ ၎င်းအပြင် ဖူးရောင် ပွန်းရွှသော ဒဏ်ရာများသည် လဲကျသွား၍သော်၎င်း၊ လက်သီးဖြင့် တစုံတရာအား ထိုး၍သော်၎င်း ရရှိနိုင်သည်ကို ထောက်ခံ၍ ပစ်စတို့သေနတ်ဖြင့် ပစ်မသတ်မီက သူတို့ နှစ်ယောက်သည် တစုံတခု အကြောင်းကြောင့် ရန်ဖြစ်၍ လက်သီးနှင့် မထိုးကြဟု အတိအကျ မဆိုနိုင်ပေ။ ဤအချက်သည် အယူခံ တရားခံအပေါ် အကျိုးရှိမည်ဆိုပါက၊ ဤသံသယအကျိုးကို ပေးအား ခံစားခွင့် ပေးရမည်။

အသက် ၁၆ နှစ်အရွယ်ရှိသူ သေသူ၏နှမ သင်းသင်းထွေး (လို့ပြ-၅)က၊ အဓိမ အော်သံကြား၍ ထွက်ကြည့်ရာ၊ ရပ်ထားသောကားမှာ အစိမ်းရောင် အမှတ် ၁၀/၅၉၃၄ မော်ရစ်ကား ဖြစ်သည်ဟုဆိုသည်၊ (သက်သေခံအမှတ်၁၆ ခါတ်ပုံကိုကြည့်ပါ)။ အယူခံတရားခံ၏ ရှေ့နေက မူလရုံးတွင် သက်သေ၏ ရဲစစ်ချက်ကို တောင်းကြည့်သော်

လည်း၊ ရုံးတွင် ရဲစစ်ချက်နှင့် ဆန့်ကျင်၍ မေးမြန်းခြင်းမပြု၊ သက်သေ၏ ရဲစစ်ချက်ကို သက်သေခံအဖြစ် မတင်သွင်းသည်ကို ထောက်ခံ၍ သက်သေသည် ရဲစစ်ချက်တွင်လည်း ကားအမှတ်၊ အမျိုးအစားနှင့် အရောင်တို့ကို ရုံးမှာထွက်ဆိုသည့် အတိုင်းပင် ထွက်ဆိုခဲ့သည်မှာ ထင်ရှားရ၍၊ ရဲစစ်ချက်ကိုရုံးတွင် သက်သေခံချက်ဖြင့် ခိုင်လုံစွာ အတည်ပြုရာ ရောက်သည်။ ထို့ကြောင့် မသင်းသင်းထွေး၏ သက်သေထွက်ဆိုချက်ကို လက်ခံရပေမည်၊ အယူခံ တရားခံကလည်း ဤကားသည် သူစီးလာသော ကားမဟုတ်ဟု မငြင်းပေ။

သေသူနှင့် တဝင်းထဲမှာနေသူ ဒေါ်ညွန့်ရီ (လိုပြ-၁) နှင့် သမီး နီနီမာ (လိုပြ-၂) တို့ အိမ်ရှိသည်။ သေသူ၏အိမ်သည် သူတို့၏ အိမ်နောက်ဖေး တည့်တည့်မှာရှိသည်။ သေသူသည် ကားနှင့်ပြန်သွားပြီး အိမ်ကလူများကို ခေါ်သံကြားသည်ဟု ဒေါ်ညွန့်ရီ ကဆိုသည်။ နောက် ငါးမိနစ်လောက် အကြာတွင် သေသူ၏ အိမ်ဘေးဝင်ပေါက် တံခါးကို ခေါက်သံကြား၍ တူတူထိုင်၍ စကားပြောနေကြသော သမီး နီနီမာ (လိုပြ-၂) နှင့် ထ၍ကြည့်ကြသည်၊ (သက်သေခံအမှတ်- စ၂) အချင်းဖြစ် မြေပုံအရ သူတို့ကြည့်သော ပြူတင်းပေါက်သည် ခေါက်သောတံခါးမှ ၁၈ ပေလောက်သာ ဝေးသည်။ မါတ်မီးလုံးရောင်ဖြင့် လူတယောက် ရှပ်အင်္ကျီအဖြူဝတ်၍ မျက်မှန်ကို ချွတ်ပြီး အိတ်ထဲသို့ ထည့်လိုက်သည်ကို မြင်လိုက်ကြသည်။ သေသူ၏အမေက တံခါး ဖွင့်ပေး၍ သေသူသည် ထိုလူနှင့်ပင် ထွက်သွားသည်ဟုဆိုသည်။ မျှားမကြာမီပင် သေနတ်ပစ်သံတချက် ကြားသည်။ ထိုအခါ သေသူ၏အမေ ဒေါ်ချောနုက အော်၍ သမီး နီနီမာနှင့်အတူ ဆင်းသွားရာ သေသူကို ခြံအနီး ကြားလမ်းနီပေါ်မှာပင် သူ့အဖေက ပွေထားသည်ကိုတွေ့သည်။ ချက်ခြင်းလိုပင် ဒေါ်ညွန့်ရီသည် စကားပြောကြေးနန်းဖြင့် ကမာရွတ် ရဲစခန်းသို့ အကြောင်းကြားရာ ရဲကို မစောင့်ဆိုင်း နိုင်သဖြင့် ကိုယ်တိုင်သွား၍ အကြောင်းကြားပြီး အပြန်တွင် ရဲကားနှင့်တွေ့၍ ပြန်လာရာ၊ အင်းယားလမ်းထိပ်တွင် အထက်က ဖေါ်ပြခဲ့သော သင်းသင်းထွေး (လိုပြ-၅) မြင်ခဲ့သော အစိမ်းရောင် မော်ရစ်ကားကို တွေ့သဖြင့်၊ ရဲကားကိုမောင်းလာသော ဒု-ကြီးကြပ်ရေးမှူး ဦးမောင်မောင်သန့် (လိုပြ-၁၇) အား ပြောပြ၍၊ ထိုနေရာတွင်ပင် ရောက်နှိုးနေသော ရဲတပ်ကြပ်ကြီး ဦးခင်မောင် (လိုပြ-၁၁) နှင့်အတူပါလာသော ရဲသား မောင်ထွန်းဌေးနှင့် ထိုမော်ရစ်ကားကို အယူခံ တရားခံနှင့်အတူ ရဲစခန်းသို့ပို့ပြီး (သက်သေခံအမှတ်-ဆ) ပစ္စည်းမှာပေ့ စာရင်းအရ သိမ်းဆည်းထားလိုက်သည်။ ဦးခင်မောင်က ဒေါ်ညွန့်ရီသည် စကားပြောကြေးနန်းဖြင့် ငင်း၏ အိမ်နားမှာနေသော မောင်တင်ထွန်း (သေသူ) သည် သေနတ်ဒဏ်ရာဖြင့် သွေးအိုင်ထဲမှာ လဲနေသည်ဟု ရဲနေစဉ် မှတ်တမ်းကိုကြည့်၍ ထွက်ဆိုသည်။ ဤကား ပဌမသတင်းပေး အစီရင်ခံချက်ဖြစ်၍ မူလရုံးတွင် အစိုးရရွေ့နေက သက်သေခံ အဖြစ်ဖြင့် တင်သွင်းသင့်သည်၊ ရုံးကလည်း

၁၉၆၇

ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် မောင်မောင်။

သတိမထားမိ၊ ၎င်းတို့၏ ပေါ့လျော့မှုဖြစ်သည်၊ ***Shwe Pru*** **v.** ***The King*** (8) (သက်သေခံအမှတ်-၈၂) မြေပုံတွင် အယူခံတရားခံ မောင်းလာသော အစိမ်းရောင် မော်ရစ်ကားကို ဒေါ်ညွှန့်ရီ၏ ခြံပေါက်ဝ အင်းယားလမ်းနှင့် ကြားလမ်းနီ ထောင့်တွင် ဒေါ်ညွှန့်ရီ၏ အိမ်ဘက်တွင်ပြထားသည်။ အိမ်မှ ခြံပေါက်ဝသို့ ထွက်သွားလျှင် ကောင်းမွန်စွာ မြင်ရသည်။ ဒေါ်ညွှန့်ရီ၏သမီး နီနီမာလည်း ကားအရောင်နှင့် နံပါတ်ကို ကောင်းမွန်စွာ မှတ်မိသည်၊ ဤသက်သေခံကားကို အမှု၏ နောက်ပိုင်းတွင် အငြင်းမရှိကြပေ။ အယူခံ တရားခံထံမှ ထိုနေ့ညတွင် ကားတွင်တွေ့ရှိသော ပါဝါနှင့် မှန်သားအဖြူ မျက်မှန်တလက်နှင့် အယူခံတရားခံ ဝတ်ထားသော ခရမ်းနုရောင် ရှပ်အင်္ကျီကို သိမ်းဆည်းသည်။ ဤရှပ်အင်္ကျီ လက်မောင်းနားတွင် သွေးစွန်းနေသည် (သက်သေခံ အမှတ်-၈)၊ ခရမ်းနုရောင် ရှပ်အင်္ကျီမှာ ဓါတ်မီးရောင်အောက်တွင်ဖြစ်၍ ပေ ၁၀ ပေမှ ခဏတချက်မြင်လျှင် အဖြူရောင်ကဲ့သို့ မြင်ရမည်မှာ အထူးပြောစရာ မရှိ ဖြစ်၍ နီနီမာနှင့် ၎င်း၏အမေ ဒေါ်ညွှန့်ရီ (လို့ပြ-၂ နှင့်-၁) တို့၏ ထွက်ဆိုချက်တို့မှာ တရားလို ဘက်မှ စွပ်စွဲချက်ကို မထောက်ခံပုံ မဆိုနိုင်ပေ။ နီနီမာ့၏ ရဲစစ်ချက်ကိုတောင်း ခေါ်ချကြည့်ပြီး၊ ပြန်လှန် မေးမြန်းရာတွင် အယူခံ တရားခံ၏ ရှေ့နေက ဤရဲစစ်ချက်ကို အသုံးမပြု၊ သက်သေခံ အဖြစ်ဖြင့်လည်း မသွင်းသည်မှာ နီနီမာ၏ ရုံးတွင်ထွက်ဆိုချက် များသည် မှန်ကန်ပြီး၊ ရဲစစ်ချက်ကို အတည်ပြုရာရောက်သည်။ ထိုနည်းတူစွာ ဒေါ်ချောနု၏ ရဲစစ်ချက်ကိုလည်း ခေါ်ယူတောင်းကြည့်ပြီး၊ အယူခံ တရားခံ၏ ရှေ့နေက တစုံတခုမှ ဆန့်ကျင်၍ မမေးသည်မှာ သူမ၏ ရဲစစ်ချက်မှာ ရုံးတွင်ထွက်ဆိုသော အစစ်ခံချက်နှင့် ထပ်တူထပ်မျှ ဖြစ်နေသည်။ သူမရုံးတွင် ထွက်ဆိုချက်မှာ ပိုမို၍ အလေးရှိလာသည်။ သက်သေတဦး၏ ထွက်ဆိုချက်ကို ဖျက်ဆီးရန်၊ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၁၆၂ အရ၊ သူမ၏ ရဲစစ်ချက်နှင့် ရုံးတွင်ထွက်ဆိုသော စစ်ချက်တို့ ကွဲလွဲ နေမှသာ သက်သေခံဥပဒေပုဒ်မ ၁၄၅ အရ၊ဆန့်ကျင်၍ မေးမြန်းနိုင်သည်။ ထို့ကြောင့် အမှန်တကယ် သက်သေတဦးသည် ရုံးတွင် ကွဲလွဲ၍ ထွက်ဆိုသည်ကို သိမှသာ၊ ရဲစစ်ချက်ကို တောင်းယူပြီး ဆန့်ကျင်၍ မေးသင့်သည်။ အရမ်းတကာ ရဲစစ်ချက်ကို တောင်းယူဖက်ကြည့်ရုံပြီး ပုဒ်မ ၁၆၂ နှင့် သက်သေခံ အက်ဥပဒေပုဒ်မ ၁၄၅ တို့ကို အသုံးမပြုလျှင် ထိုသက်သေ၏ ရုံးတွင် ထွက်ဆိုချက်မှာ ပိုမို၍ အဘိုးတန်ရာ ရောက်သဖြင့် တရားခံအပေါ် နစ်နာခြင်း ဖြစ်နိုင်သည်ကို မှတ်ယူရာသည် သတိပြုသင့်သည်။ ရှပ်အင်္ကျီ သွေးစွန်းနေသည်မှာလည်း အယူခံ တရားခံက လူနာကို ဆေးရုံသို့ ပို့ပေးမည်ဟုဆို၍ ကားပေါ်သို့ တင်သောအခါဖြစ်စေ၊ သေနတ်နှင့် ပစ်သည့်အခါက၊ သွေးပန်းထွက်နေ၍ဖြစ်စေ ရရှိနိုင်ပေမည်။ သွေးမှာ လူသွေးဟု အတိအလင်း မသိရှိ

(8) (1941) R.L.R. 346.

ရသော်လည်း၊ သွေးဖြစ်သည်မှာ (သက်သေခံအမှတ်-၈)အရ ထင်ရှားသည်ကို မငြင်းနိုင်ပေ။ အယူခံ တရားခံမှာ တခုခုတွင် မတော်တဆ ပွန်းရှသဖြင့် ရရှိသော ဒဏ်ရာမှ သွေးစွန်းသည် ဟူ၍လည်း ထုချေချက်မရှိ၊ အမှု၏ အဖြစ်အပျက် အခြင်းအရာကို ထောက်မှုကြည့်ခြင်းအားဖြင့် လူသွေး မဟုတ်ဟုလည်း ယူဆရန် အခက်အခဲမရှိပေ။ ဤအချက်ကို အခြားအချက်များနှင့် ပေါင်းစပ်၍ ကြည့်ရပေမည်၊ ထို့ပြင် အစိမ်းရောင် မော်ရစ်ကားရှိ နောက်ပိုင်း လက်ဝဲဘက် ခြေနင်းတွင် ခင်းထားသော (သက်သေခံ ရာဘာပြားတွင်)တွင်လည်း၊ လူနာကို တင်စဉ်အခါက၊ သွေးစွန်းလေ့ ရှိသည်ကို (သက်သေခံအမှတ်-၇)က ပြထားသည်။ ပါဝါရှိသော မျက်မှန်နှင့် ပတ်သက်၍ အယူခံ တရားခံက ဤပါဝါရှိသော မျက်မှန်သည် သူ၏မျက်စိ နှင့် မကိုက်ညီကြောင်း မျက်မှန်မှာလည်း သူ့အတွက် ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ ပုံမကျဟု တရားလို ဘက်မှ စွပ်စွဲချက်ကို ချေပသင့်သည်ဟု ကျွန်ုပ်တို့ ယူဆသည်။ မည်သို့ပင်ဖြစ်စေ၊ လူတဦးတယောက်သည် မကောင်းမှု ပြုလိုက လမ်းတွင်လူများ မသိရှိ၊ မမှတ်မိအောင် ညအချိန် မျက်မှန်ကိုတပ်ပြီး နှုပ်ဖျက်၍ မသွားနိုင်ဟု မဆိုနိုင်၊ သေသူနှင့် မျက်နှာချင်း မဆိုင်မီမျက်မှန်ကိုဖြုတ်၍ အိတ်တွင် ထည့်ထားသည်ဟု အဆိုရှိရာ၊ အယူခံတရားခံသည် မျက်မှန်ကို တပ်လေ့မရှိဟန် တူပေသည်။ ဤမျက်မှန်မှာ ကားမောင်းသူ ကိုသက်တင် (ခံပြု-၈)၏ မျက်မှန် ဖြစ်ချင်လည်း ဖြစ်ပေမည်။ သို့သော် ထိုနှစ်ခု အယူခံတရားခံ မတပ်ဟု မဆိုနိုင်ပေ၊ မျက်မှန်ကို ကားထဲမှရသည်ကို အငြင်းမရှိ။

ဒု-ကြီးကြပ်ရေးမှူး ဦးမောင်မောင်သန့် (လိုပြ-၁၇)သည်၊ ဗေါ်ညွှန့်ရီ (လိုပြ-၁)ကို လိုက်ပို့ရင်း အချင်းဖြစ်ရာသို့လာရာ အင်းယားလမ်းထိပ် အရောက်တွင် အယူခံတရားခံသည် အစိမ်းရောင် မော်ရစ်ကားကို အင်းယားလမ်းထဲမှ မောင်းလာသည်ကို တွေ့၍ တားရာ၊ အယူခံတရားခံ၏ မျက်နှာမှာ ချွေးများပြန်လာသည်ကို တွေ့ရှိသဖြင့် မသင်္ကာသဖြင့် ရဲစခန်းသို့ ပို့လိုက်သည်။ရဲစခန်းတွင် သက်သေလူကြီးများရှေ့၌ အယူခံ တရားခံကိုစစ်ဆေးသည်။ ထို့နောက် အချင်းဖြစ် နေရာအနီး အင်းယားလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်း ဆုံသည့်နေရာမှ ၁၅ ကိုက် အရှေ့ဘက် တက္ကသိုလ်ရိပ်သာလမ်း၏ဘေး မြောက်ဘက်ရှိ အမှိုက်ပုံထဲမှ ဒေါ်ယူခံ တရားခံကပြ၍ သက်သေလူကြီးများရှေ့တွင် ပုဝါနှင့်ထုပ်၍ သက်သေခံ ပစ္စတိုသေနတ်ကို ကောက်ယူပြီး၊ (သက်သေခံအမှတ်-၈) အရ၊ သိမ်းဆည်းလိုက်သည်။ မဂ္ဂင်းထဲတွင် ကျည်ဆံအကောင်း တထောင့်နှင့် ပြောင်းထဲတွင်ကျည်ဆံ ၉ကောင်းတတောင့် တွေ့သည်။ အထက် ဖေါ်ပြခဲ့သော အချက်များမှာ အငြင်းမရှိပေ၊ သေနတ်ပြောင်းဝကို သက်သေက နမ်းကြည့်ရာ ယမ်းငွေ့ အနံ့ရသည်ဟု ဆိုသည်။ထိုပြင် သေနတ်မှာ သေ့ကိုဖွင့်၍တွေ့သည်၊ ဤအမှု တွင် ကျည်ဆံအခွံကို အသေအချာ ရှာကြည့်သော်လည်း မတွေ့၊ သက်သေခံ ပစ္စတို

သေနတ်သည် အယူခံ ‘တရားခံ’၏အဖေ ဦးထွန်းခင် (ခံပြ-၁)၏ အပိုင်ဖြစ်သည်။ နံနက်တနာရီ ၄၅ မိနစ်အချိန်တွင် လောကဓါတ် ဌာနခွဲ ကြီးကြပ်ရေးမှူး ဦးထွန်းမြင့် (လိုပြ-၁၀)က၊ အယူခံတရားခံ၏ ညာဘက်လက်ကို ယမ်းခိုး၊ ယမ်းငွေ့၊ ယမ်းမှုန့်များ ရှိ မရှိကို ဓါတုဗေဒနည်းဖြင့် စမ်းသပ် စစ်ဆေးကြည့်ရာ ယမ်းခိုးယမ်းငွေ့ ဖြစ်နိုင်သော နိုက်ထရစ်ဓါတ်များ တွေ့သည်။ နောက် နှစ်မျက်အကြာတွင် သက်သေခံ ပစ္စတို သေနတ်ကိုလည်း စစ်ဆေးကြည့်ရာ ပစ်ခတ်ထားသည့် သေနတ်ဖြစ်ကြောင်း၊ ယမ်းခိုး ယမ်းငွေ့ ယမ်းမှုန့်များ တွေ့ရှိသည်။ ဤကား ဦးမောင်မောင်သန့်၏ ထုက်ဆိုချက်ကို ခိုင်လုံစေသည်။ ဦးထွန်းမြင့်က နိုက်ထရစ်ဓါတ်သည် လက်ဆေးလိုက် ပတ်လိုက်လျှင် ပျောက်သွား နိုင်သည်ဟုဆိုသည်၊ အယူခံ တရားခံက ၎င်း၏ရိုးရိုး အစစ်ခံချက်တွင် သူသည် အချင်းဖြစ်နေ့ည့နေ ၅ နာရီအချိန်တွင် လှည်းကူးမြို့တွင် မြန်မာဆေးဆရာ ဦးစိုးပုံ (ခံပြ-၇) က၊ လက်ဖဝါးကို စမ်းပေးပါဟုပြော၍ သူ့အဖေ ပစ္စတိုသေနတ်ဖြင့် တချက်ပစ်၍ စမ်းခဲ့သည်ဟုဆိုသည်။ အချင်းမဖြစ်မီ တနေ့က သူသည် လှည်းကူးမြို့သို့ ပျဉ်းမနားမြို့တွင် ရှိနေသော သူ့အဖေထံမှ ပြန်ရောက်လာသည်ဟု အဖြေပေးရာတွင် သူ၏အဖေက လှည်းကူးမြို့တွင်ထားခဲ့သော ဤပစ္စတိုသေနတ်ကို ရန်ကုန်မြို့ရှိ ဒဲမ်သို့ ပြောင်းထားရန် မှာလိုက်သည်ဟု ဆိုသည်မှာ အမှု၏ ဖြစ်ပျက်သည့် အကြောင်းအရာ များနှင့် ကိုက်ညီအောင် ဆိုထားသလို ဖြစ်နေသည်ကို ကျွန်ုပ်တို့ တွေ့ရသည်။ ဤသို့ လက်ဖဝါးကိုစမ်းပြီး သေနတ်၏သေနတ်ကို ပိတ်ထားလိုက်သည်ဟုဆိုရာ အမှိုက်ပုံမှ ကောက်ယူသောအခါ သေနတ်ကို ဖွင့်၍ရသည်ဟု ကြည့်ရှုစဉ်းစားစရာပင် ဖြစ်သည်။ သူသည် ညနေ ၅ နာရီသောက်တွင် လှည်းကူးမြို့တွင် လက်ဖဝါးစမ်းခဲ့လျှင် နံနက် ၂ နာရီ မထိုးမီ ၁၅ မိနစ်မှ၊ ဦးထွန်းမြင့်က စစ်ဆေးသော အခါအထိ၊ သူ၏ညာဘက်လက်တွင် နိုက်ထရစ်ဓါတ် တွေ့နိုင်မည် မတွေ့မည်ကို လေးနက်စွာ စဉ်းစားခဲ့ကြသည်။ ကြားတွင် ၈ နာရီလောက် ကွာနေသည်၊ သူ၏ အဖြေများအရ ဆိုလျှင် လှည်းကူးမြို့မှ ကားဖြင့် ရန်ကုန်မြို့သို့ ည ၇ နာရီကျော်လောက် ပြန်လာပြီး၊ ည ၈ နာရီကျော်လောက်တွင် အင်းယားလမ်းရှိ သူငယ်ချင်း ကိုလင်းမောင် (ခံပြ-၉) ထံသွားရာ၊ မတွေ့၍ စောင့်နေရာမှ တဖန် ပျဉ်းမနားမြို့မှ ပါသာသော မြစ်ချဉ်ကို အနောက်မြင်းဖြိုင်ကွင်းလမ်းနေ ဦးဘထွန်းထံသို့ သွား၍ပေးခဲ့ပြီး၊ ည ၁၀ နာရီခွဲလောက်မှ ပြန်လာရာ၊ အထက်ပါ ပြခဲ့သော အမှိုက်ပုံနားသို့ ရောက်သော အခါ၊ ကားကိုရပ်၍ ဆီးသွားရာ ရဲဝါယာလက် ကားတစီး လာနေသည်ကိုကြား၍ ခါးတွင်ထိုးပါလာသော သက်သေခံ ပစ္စတိုသေနတ်ကို အမှိုက်ပုံထဲသို့ ပစ်ချလိုက်သည်။ ထိုမှတဖန် ကိုလင်းမောင်အိမ်သို့ ပြန်ရာ၊ တဏှာသိုလ် ရိပ်သာသမ်းနှင့် အင်းယားလမ်း ဒေါင့်သို့ ရောက်သောအခါ ဇနီးသည်ကိုတင်ရန် အကူအညီ တောင်းကြသည်ဟု ဖြေဆိုသည်။ ဤအချိန်ကာလအတွင်း သူသည် ကားမောင်း

မိတ်ဆွေအိမ်သို့ သွားရှာစောင့်ပြီး၊ တဖန် တဲအိမ်သို့ ပစ္စည်းများ သွားပို့ပြီး၊ ဆီးသွားပြီးနောက် တဖန်ကားမောင်းရှာ ပြန်ခြင်း စသည်တို့ကို ပြုလုပ်ရာ ညနေ ၅ နာရီ အချိန်လောက်တွင် ရခဲ့သော နိုက်ထရစ် ဓါတ်များပင် ရှိနေမှာလားဟု ကျွန်ုပ်တို့ စဉ်းစား ဝေဖန်ခဲ့သည်။ ဦးထွန်းမြင့်က အကြိမ်ပေါင်းများစွာ လက်ကို ပွတ်တိုက်၍ ခါချလျှင်လည်း၊ နိုက်ထရစ်ဓါတ်များ ပျောက်သွားသည်ဟုဆိုသည်။ ထိုနေ့က ၁၀ နာရီခွဲ အချိန်လောက်တွင် သေနတ်ပစ်ခဲ့၍ ထိုဓါတ်များ တွေ့သည်မှာ ပိုမို၍ ယုတ္တိရှိပေမည်။

ဥကြီးကြပ်ရေးမှူး ဦးမောင်မောင်သန့်က အယူခံ တရားခံ၏ မျက်နှာမှာ ချွေးများ ပြန်နေသည်ဟု ဆိုသောအချက်ကို ဖြေဆိုရာတွင်၊ သူသည် ကားစက်မနိုးသဖြင့် အောက်သို့ဆင်းရာ ရဲတပ်ကြပ်ကြီး ဦးခင်မောင် (လိုပြ-၁၁)ကိုတွေ့၍ လမ်းတွင် လူများ ပိတ်ဆို့နေသဖြင့် ဖယ်ခိုင်းသည်ဟုဆိုသည်၊ စက်မနိုးသည့် အကြောင်းကို ဦးမောင်မောင်သန့် သော်၎င်း၊ ဦးခင်မောင်သော်၎င်း တစုံတခုမျှ မသိ၊ ဤအကြောင်းနှင့် ပတ်သက်၍လည်း သူဘုံကို ပြန်လှန် မေးမြန်း ထားခြင်း မရှိ၊ ထိုအချိန်မှာသာ စက်သည်းမနိုး ဖြစ်ရသည်မှာ စဉ်းစားစရာပင် ဖြစ်သည်၊ ကားမှာလည်းမော်ရစ် အငယ်စားမျိုးသာ ဖြစ်သည် အယူခံ တရားခံသည် ညာဘက် လက်ဖြင့် လက်ကိုင်ကောက်ကို ကိုင်၍ အောက်မှနေပြီး စက်ကိုချွေးများ ပြန်လာအောင် နှိုးရသဖြင့် ညနေ ၅ နာရီ အချိန်လောက်တွင် ရခဲ့သော နိုက်ထရစ်ဓါတ်များ ထိုလက်တွင် ကျန်ရှိရန် ခဲယဉ်းပေမည်။ သူသည် ကိုလင်းမောင်ကို သူ့အိမ်တွင် ဧည့်နေသော အခါဖြစ်စေ၊ ဦးဘထွန်း အိမ်တွင် စောင့်နေသော အခါဖြစ်စေ၊ ဆီးသွားနိုင်ခဲ့သည်။ ရဲဝါယာလက်ကား လာမှန်းကို ကြားရုံမျှနှင့်ပင် ပစ္စတိုသေနတ်ကို ပစ်ချရန် မလိုပေ၊ သူ၏စိတ် မချမ်းမသာ ဖြစ်နေ၍သာ ဤသို့ ပြုလုပ်သည်ဟု ယူဆရန် အကြောင်းရှိသည်၊ သူ့ထံတွင် သူ၏အဖေသေနတ်ရှိနေသည်ကို မည်သူ တစုံတယောက်မျှ ထိုအချိန်တွင်သိမည်မဟုတ်၊ သူ့အဖေမှာလည်း သေနတ်လိုင်စင်ရှိသည်၊ သူ့ကိုရဲက ဖမ်းဆီးရန် ရှာနေခြင်းသည်လည်း မဟုတ်၊ အယူခံ တရားခံမှာ စိုးရိမ်စရာမရှိ၊ သူသည် အပြစ်ရှိကြောင်း ဩဘာပွစိဘ်၊ ရောက်ရှိနေ၍သာ ဤသို့ ပြုလုပ်ခြင်း ဖြစ်သည်ဟု ယူဆစရာ အကြောင်းရှိသည်၊ သူ၏ ဖြေဆိုချက်များမှာ သဘာဝမကျဟု ထင်မြင်သည်၊ မူလရုံးကယုံကြည်ရှိသည်ဟု ဆိုသည်ကို ကျွန်ုပ်ဘုံသက်မခံနိုင်၊ မြန်မာဆေးဆရာ ဦးစိုးပုံ (ခံပြ-၇)မှာ အယူခံ တရားခံ၏အဖေနှင့် သိကျွမ်းနေသည်မှာ ၁၀ နှစ်လောင်ပင်ရှိပြီး၊ လက်ဖွဲ့စမ်းသည့် အကြောင်းကို ဦးစိုးပံ့နှင့် ကားမောင်းသူ ကိုသက်တင် (ခံပြ-၈)တို့အပြင်၊ မည်သူတယောက်ကမျှ မထွက်ဆိုကြပေ။ အိမ်အနီးအနားရှိ သူများကလည်း သေနတ်ပစ်ပေါက်သံ ကြားသင့်သည်။ ထိုနေ့မှသာ သူ့မှာလည်း လက်ဖွဲ့ကို စမ်းရသောနေ့

ဖြစ်ရပြန်သည်မှာ ထူးဆန်းသော ကြုံလွေ့ခြင်းဖြစ်ပြီး အံ့သြစရာဖြစ်သည်။ အယူခံ တရားခံ၏ ကားမောင်းသူ ကိုညိမ်းမောင် (ခံပြ-၂) တဦးကသာ သေနတ် ပစ်သံ ကြားကြောင်း ထွက်ဆိုရှိသည်။ သေသူမှာ နားထင်တွင်ရရှိသော သေနတ်ဒဏ်ရာသည် သက်သေခံ ပစ္စတိုသေနတ်ဖြင့် ပစ်ရရှိ၊ ရှိနိုင်သော ဒဏ်ရာဟု ဆရာဝန်၏ တွက်ဆိုချက် ကို မှုလုံးက လက်မခံခဲ့သည်မှာ လုံလောက်သော အကြောင်းမရှိ၊ အယူခံ တရားခံ ဘက်ကလည်း ဘဲ့ကြောင့် ဖြစ်နိုင်ကြောင်းကို တင်မပြ၊ အဘယ်ကြောင့် ဤသက်သေ ခံပစ္စတို သေနတ်ကြမ္မာ ယမ်းငွေ့အနံ့ ရမည်နည်း။

သေသူနှင့် အယူခံ တရားခံတို့မှာ မိတ်ဆွေများဖြစ်ကြောင်း မပေါ်ပေါက်သော် လည်း၊ သိကျွမ်းသူများ ဖြစ်ရမည်ဟု ကျွန်ုပ်တို့ အထက်က ဆိုသည့်အရာ၊ သေနတ်နှင့် ပစ်သတ်လိုက်ခြင်းမှာ ကြီးမားသော အကြောင်း တခုခုကြောင့် ဖြစ်ရပေမည်။ တရားလို အစိုးရတက်မှ မိန့်ဆိုသော မိန်းကလေးက ရေးသော ရိုးစားစာများနှင့် ခါတ်ပုံ တွေကို သက်သေခံ တင်ပြသော်လည်း၊ ဤစာများကို ရေးသားသောသူအား ခေါ်၍ မစစ်ဆေးသည့်အပြင် ဤကြောင်းကိုလည်း သက်သေပြချက်တွင် ဆက်လက်၍ ဆက်စပ် ပြုလုပ်ပြီး၊ အစိုးရ ဌေးနေကလည်း တင်မပြခဲ့ပေ၊ ဤစာများနှင့် ခါတ်ပုံတို့ကို သေသူ၏ စားပွဲထဲမှ သူ့အဖေ ဦးစိုင်စိန် (ခေါ်) မစ္စတာရန်း (လိုပြ-၄)က ရရှိသည်။ ဤစာများ အရဆိုလျှင် သေသူနှင့် အယူခံ တရားခံတို့မှာ မမိန်ဆိုသူနှင့် ချစ်ကြိုက် နေခြင်းကြောင့် သာ အဆင်မပြေကြဟန် တူသည်ဟုသာ ဆိုနိုင်သည်။ အထက်ဖော်ပြပါ အကြောင်း များကိုခြုံ၍ စဉ်းစားလေ့လျှင် အယူခံ တရားခံပင် သေသူကို သေနတ်ဖြင့် ပစ်သတ်သည်မှာ ကွင်းဆက်မပြတ် ထင်ရှားသည်၊ မှုလုံး၏ ထင်မြင်ယူဆချက်များမှာ အမှုအဖြစ်အပျက် အခြင်းအရာများအပေါ် လမ်းလွဲလမ်းချော် သဘာဝ တရားအတိုင်း ဆင်ခြင်မှု မရှိသည်ဖြစ်၍၊ တရားမျှစာခြင်း မရှိဟု ကျွန်ုပ်တို့ ယူဆပြီး၊ ဤအယူခံမှုကို ခွင့်ပြုလိုက်သည်။ သို့သော် အမှု၏ အဖြစ်အပျက် အခြင်းအရာများကို သေချာစွာ စဉ်းစား ဝေဖန်ကြည့်ရာတွင် အယူခံ တရားခံသည် တင်ကူးကြံရွယ်၍ ပစ်သတ်ခြင်း ဖြစ်သည်ဟု အတိအကျ ကျွန်ုပ်တို့ မယူဆနိုင်၊ သေနတ်ပါရှိနှင့် တင်ကူးကြံရွယ်သည်ဟု မဆိုနိုင်ပေ၊ အယူခံတရားခံသည် သေနတ်နှင့် ပစ်သတ်ရာတွင် စဉ်းစားဝေဖန် ကြံရွယ် ပြုလုပ်သည့် အချက်များကို ကြေနပ်လောက်အောင် ပြရန် တရားလို၏ တာဝန် ဖြစ်သည်။ ဤအမှုမှာကား ဤသို့ပြခြင်းမရှိ၊ ဤစီရင်ချက် အစပဦးမက ညွှန်ပြခဲ့သည့် အတိုင်း သေနတ်ဒဏ်ရာမှအပ၊ နှစ်ယောက်ခြင်း ရန်ဖြစ်၊ ရိုက်ပုတ်ထိုးကြ၊ သို့မဟုတ် လဲကျ၍သော်ငှင်း၊ ရရှိနိုင်သော အခြား ဒဏ်ရာများကို ကြည့်ခြင်းအားဖြင့် တင်ကူး ကြံရွယ်သည့်အချက်မှာ စိတ်ဖိစီးသံသယ ဖြစ်စေရန် အကြောင်းရှိ၍၊ ဤသံသယ၏ အကျိုးကို တရားခံအား ခံစားခွင့် ပေးရမည် ဖြစ်သည့်အလျောက် မှုလုံး၏ တရားသေ

လွှတ်သော စီရင်ချက်အမိန့်ကို ပယ်ဖျက်ပြီး၊ အယူခံ၏တရားခံအား ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၂)အရ၊အလုပ်ကြမ်းနှင့် သောင်းဒဏ် ၁၀ နှစ်ကျခံစေရန်အမိန့်ချမှတ်လိုက်သည်။

သို့သော် အယူခံ တရားခံသည် ၁၉၆၅ ခု၊ မေလ ၃ ရက်နေ့က အမှုရုံးသို့ တင်ဆက်သော၊ ၁၉၆၅ ခု၊ မေလ ၃၁ ရက်နေ့အထိ ၂၈ ရက် ရဲအချုပ်နှင့် နေခဲ့ရသည်က တကြောင်း၊ မူလရုံးဟင်အမှုစစ်ဆေးစဉ်က ၁၉၆၅ ခု၊မေလ ၃၁ ရက်နေ့မှ ၁၉၆၆ ခု၊ ဒီဇင်ဘာလ ၂၀ ရက်နေ့အထိ၊ ၅၆၉ ရက် အချုပ်နှင့် နေခဲ့ရသည်က တကြောင်း၊ စုစုပေါင်း ၅၉၇ ရက်၊ အချုပ်နှင့် နေခဲ့ရသည့် အပြင် ဤအယူခံမှုနှင့် ပတ်သက်၍ ၁၉၆၇ ခု၊ မေလ ၃၀ ရက်နေ့က ပြန်လည် ဖမ်းဆီးထားပြီး ယနေ့တိုင် ၁၉၆၇ ခု၊ ဇူလိုင်လ ၁၄ ရက်နေ့အထိ အချုပ်နှင့် ၄၆ ရက်နေခဲ့ရသဖြင့် အားလုံးပေါင်း ၆၄၃ ရက်ကို ဤရုံး၏ ၁၉၆၅ ခုနှစ်၊ရာဇဝတ် အယူခံမှုအမှတ် ၄၀၇ (**ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် မောင်ထွန်းကြည်**) စုံညီခုံရုံး၏ စီရင်ထုံးနှင့် ဤရုံး၏ ၁၉၆၇ ခုနှစ်၊ ညွှန်ကြားလွှာ အမှတ် (၆)နှင့် (၈)များအရ၊ သောင်းဒဏ် ၁၀ နှစ်မှနုတ်၍ ကျန်ရက်များကိုသာ ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးကျော်ဇံဦးနှင့် တရားသူကြီး ဦးချစ်တို့ရှေ့တွင်

† ၁၉၆၇
သြဂုတ်လ
၁၇ ရက်။

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားလို)

နှင့်

ဦးမောင်မောင် (အယူခံတရားခံ)*

ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၆ (က)—သက်သေခံပစ္စည်း ရုံးသို့တင်ပို့ရခြင်း—ပုဒ်မ ၅၁၇ (၁) (၄)—သက်သေခံ ပစ္စည်းများကို မူပြစ်မထင်ရှားလျှင် သိမ်းဆည်းခြင်း ခံရသူအား ပြန်ပေးရခြင်း—Foreign Exchange Regulation Act ပုဒ်မ ၉ (၁)—The Sea Customs Act ပုဒ်မ ၁၉—ပိုင်ဆိုင်ခြင်းကို မှုပြစ်ဟုဆိုမဆို။

ဆုံးဖြတ်ချက်။ ။ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၆ (က) အရ သက်သေခံပစ္စည်းများကို ရုံးသို့ တင်ပို့ရမည်။ ရုံးကသာ ပစ္စည်းများကို မည်သူ့ထံတွင် သိမ်းဆည်းထားရမည်ဟု အမိန့်ချမှတ်နိုင်သည်။ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၇ (၁) (၄) အရ သက်သေခံ ပစ္စည်းများကို မူပြစ်မထင်ရှားလျှင် သိမ်းဆည်းခြင်း ခံရသူအား ပြန်ပေးရန် တိတိကျကျ အမိန့်ချမှတ်ရမည်။

ထပ်မံဆုံးဖြတ်ချက်။ ။ရှေ့ကိုးများသည် နိုင်ငံခြားလုပ်ဖြစ်စေကာမူ အယူခံတရားခံအိမ်မှ ရရှိရုံနှင့် နိုင်ငံခြားမှ ခိုးသွင်းယူလာသည်ဟု မည်သို့မျှ မဆိုနိုင်ပေ။ Foreign Exchange Regulation Act ပုဒ်မ ၉ (၁) သော်၎င်း၊ The Sea Customs Act ပုဒ်မ၁၉သော်၎င်း ပိုင်ဆိုင်ခြင်းကို မှုပြစ်ဟုမဆိုလို။ ပြည်တွင်းသို့ ယူဆောင်ခိုးသွင်းထားခြင်းကိုသာဆိုသည်။

အယူခံ တရားလိုအတွက်။ ။အစိုးရ ရှေ့နေကြီး ဦးမြရှိန်။

အယူခံ တရားခံအတွက်။ ။ဦးဘသန်း (၃)။

တရားသူကြီး ဦးကျော်ဇံဦး။ ။ဤအမှုတွင် ကျောက်ကုန်သည် တဦးဖြစ်သူ အယူခံ တရားခံသည်၊ နိုင်ငံခြားမှ ပစ္စည်းများ ခိုးသွင်းပြီး၊ မြန်မာပြည်မှ ပစ္စည်းများကို နိုင်ငံခြားသို့ ခိုးထုတ်သည်ဟု အထင်နှင့် ရေတပ်ဗိုလ်ကြီး အောင်မြင့် (လိုပြ ၂) သည်၊ ၎င်း၏ လက်အောက်ခံအရာရှိ အကောက်ဌာနနှင့် ရဲအမှုထမ်းများနှင့် ပူးပေါင်း

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၅၁၆။

† ၁၉၆၆ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၃၄ (မ) တွင် ချမှတ်သော ၁၉၆၆ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့စွဲပါ မော်လမြိုင်မြို့ စက်ရှင်တရားသူကြီး၏ အမိန့်ကို အယူခံမှု။

၍၊ အယူခံတရားခံ၏ နေအိမ်ကို ရှာဖွေဆြေရာ၊ အလေးချိန် ၈ ကျပ် ၉ ပဲ နှင့် ၃ ရွေးရှိ ယိုးဒယားစာမျက်ပါသော ရွှေကြိုးသုံးကုံးအပြင်၊ ခါတ်ခဲသုံး ဖီးလစ်ရေဒီယို တလုံးနှင့် ပတ္တမြား၊ နီလာ၊ ကျောက်စိမ်းနှင့် နီလာ၊ ပတ္တမြားဖြင့် တပ်ဆင်ထားသော လက်စွပ်များ စသည်တို့ကို သက်သေခံအမှတ် ခ (ခ-၁) မှ (ခ-၃) အထိ၊ ပစ္စည်းရှာ စာရင်းများအရ၊ အယူခံတရားခံနှင့် တကွ ဘမ်းဆီးသိမ်းယူပြီး၊ ၅၇ ရက်ကြာပြီးမှ အကောက် ဌာနသို့ ပေးအပ်လိုက်ရာ၊ အကောက်ခွန် ငန်ထောက် ဦးလှမြင့် (လိုပြ ၁)က၊ သက်သေ ခံပစ္စည်းများမှတပါး သက်သေခံအမှတ် (က) ပဌမသတင်းပေး အစီရင်ခံချက်နှင့် အယူခံတရားခံကို ရဲသို့အရေးယူရန် ချက်ခြင်းပေးအပ်၍ ရဲမှ **The Control of Imports and Exports (Temporary) Act (Burma Act, 51 of 1947)** ပုဒ်မ ၅ (၁)နှင့်၊ **Foreign Exchange Regulation Act** ပုဒ်မ ၂၄ (၁) အရ၊ တရားစွဲတင်ပို့ရာ၊ ရုံးမှသက်သေများကို စစ်ဆေးကြားနာပြီး၊ ဤပုဒ်မများအရ စွဲချက်နှစ်ရပ် တင်ခဲ့သော်လည်း၊ ပဌမ ဥပဒေအရ စွဲချက်နှင့် ပတ်သက်၍ တရားသေ လွှတ်ခဲ့သည်။ ဒုတိယဥပဒေပုဒ်မ ၂၄ (၁)အရ၊ မူ ပြစ်မှု ကျူးလွန်သည်ဟုဆိုကာ အချုပ်နှင့် နေခဲ့ရသော ရက်များကို စဉ်းစားဆင်ခြင်ပြီး ထောင်ဒဏ်တရက် ရုံးတထိုင်အပြင် ဒဏ်ငွေ ၅၀၁ ကျပ်ပေးဆောင်စေရန်၊ အမိန့် ချမှတ်လိုက်သည်။ သက်သေခံ ပစ္စည်းများကို အကောက်ဝန်ထောက် ဦးလှမြင့်က သိမ်းဆည်းထားပြီး၊ တရားရုံးမှ ကြည့်ရှုလိုပါက တင်ပြမည်ဟု သက်သေခံအမှတ် (က)တွင် ရေးသားထားသည်ကို တွေ့ရသည်။ အမှန်မှာ ရာဇဝတ်ကျင့်ထုံး ဥပဒေ ပုဒ်မ ၅၁၆ (က)အရ၊ ဤပစ္စည်းများကိုရုံးသို့ တင်ပို့ရမည်။ ရုံးကသာ ဤပစ္စည်းများကို မည်သူ့ထံတွင် သိမ်းဆည်းထားရမည်ဟု အမိန့်ချမှတ်နိုင်သည်။ တရားသေလွှတ် သော မူပြစ်နှင့် ပတ်သက်သော ရေဒီယို၊ ပတ္တမြား၊ နီလာ၊ ကျောက်စိမ်းနှင့် နီလာ-ပတ္တမြားဖြင့် တပ်ဆင်ထားသော လက်စွပ်များ အစရှိသည်တို့ကို အယူခံ တရားခံအား ပြန်ပေးသင့်သည်ဟု ရုံးက ညွှန်ကြားထားသည်။ အမှန်မှာ ရာဇဝတ်ကျင့်ထုံး ဥပဒေ ပုဒ်မ ၅၁၇ (၁) (၄)အရ၊ သက်သေခံ ပစ္စည်းများကို မူပြစ်မထင်ရှားလျှင် သိမ်းဆည်း ခြင်း ခံရသူအား ပြန်ပေးရန် တိတိကျကျ အမိန့်ချမှတ်ရမည်။

ဒုတိယစွဲချက်ဖြစ်သော **Foreign Exchange Regulation Act** ပုဒ်မ ၂၄ (၁) အရ၊ သက်သေခံ ရွှေကြိုးသုံးကုံးနှင့် ပတ်သက်၍ ပြစ်ဒဏ်ပေးထားသော အမိန့်ကို မော်လမြိုင်မြို့၊ စက်ရှင်တရားသူကြီး (ဦးမောင်မောင်တင်) ရုံး၏ ၁၉၆၆ ခုနှစ်၊ ရာဇဝတ် အယူခံမှုအမှတ် ၃၄ (မ) တွင် အယူခံဝင်ရာ၊ စက်ရှင်တရားသူကြီးက **Foreign Exchange Regulation Act** ပုဒ်မ ၂၄ (၁)နှင့် ၁၉ (၈)များ အရ၊ ဤရွှေကြိုးသုံးကုံးကို ပြည်ပမှရွှေပန်းတိမ်များလည်း လုပ်နိုင်သည်ဟုဆိုသည်။

၁၉၆၇

ပြည်ထောင်စု
မြန်မာနိုင်ငံ
နှစ်
ဦးမောင်မောင်။

ကိုသော်နှင့် ကိုစိန်တို့ကလည်း အယူခံ တရားခံ၏ ထွက်ဆိုချက်ကို ထောက်ခံကြသည်။ ဤသက်သေများကို ရဲအမှုလိုက်က ပြန်လှန်မေးမြန်းခြင်း ပြုလုပ်ရာ၌ တရားလိုဘက်မှ အကျိုးမရှိခဲ့ပေ။ ရွှေပန်းတိမ် ကိုမြသန်း (ခံပြ ၆)၏ ထွက်ဆိုချက်အရ၊ ဤကြိုးများကို မြန်မာပြည်မှာလည်း လုပ်နိုင်သည်။ ရွှေပန်းတိမ် ကိုဟန်ကြည် (ခံပြ ၇)ကလည်း ဤသို့ပင်ဆိုသည်။ ၎င်းက ရန်ကုန်မြို့၊ ပုဇွန်တောင်ဘက်တွင် လုပ်ကြသည်ဟုဆိုသည်။ ဦးအောင်တင် (ခံပြ ၁၀)က ဤရွှေကြိုးများကို အယူခံ တရားခံ၏ သမီးများ ဝတ်ဆင်ကြောင်း ထွက်ဆိုထားသည်။ ဤသက်သေ ထွက်ဆိုချက်များကိုကြည့်လျှင် အယူခံ တရားခံသည် တတ်နိုင်သရွေ့ ကြေနပ်လောက်အောင် စုံစမ်းချက်ကို ဖြေဆိုသည်ဟု ယူဆရပေမည်။ သူသည် သင့်မြတ်စွာ ယုတ္တိရှိလောက်အောင် ရှင်းလင်း ဖေါ်ပြခြင်း မပြုဟု မဆိုနိုင်ပေ။ တရားလိုဘက်မှလည်း ဤသက်သေ ထွက်ဆိုချက်များကို ဖြိုဖျက်ခြင်း မပြုနိုင်သည်ဖြစ်၍၊ လက်ခံရပေမည်။ ရာဇဝတ်မှုမျှားနှင့် သက်ဆိုင်သော နာမည်ကြီး *The State* v. *U Damapala* (1) အမှု စီရင်ထုံးကို စဉ်းစားရန် အချက်မှာ အယူခံတရားခံသည် မှုပြစ်ကို ကျူးလွန်ရာ၌ ချင်းချန်ခြင်းတွင် ပါဝင်ကြောင်းကို သင့်မြတ်စွာ စိတ်ဒို့ဟသံသယ ဖြစ်စေရန် ပြရမည်မဟုတ်ဘဲနှင့် စွပ်စွဲချက်ကို ခုခံရာတွင် တရားလိုဘက်မှ တင်ပြသော အချက်မျှားမှာ သင့်မြတ်စွာ စိတ်ဒို့ဟ သံသယဖြစ်ကြောင်းကို ပြရမည်သာ ဖြစ်သည်ဟု ပြဋ္ဌာန်းထားသည်။ ထိုနောက် *M. Muthiah Servail* v. *The Union of Burma* (2) အမှုတွင်၊

> "If an accused person gives an explanation which may reasonably be true, even though it is not believed by the Court, he is entitled to an acquittal, because in such circumstances the onus of proving his guilt has not been discharged."

ဟု ပြဋ္ဌာန်းထားသည်ကို သတိထားရပေမည်။ ဤရွှေကြိုးများသည် နိုင်ငံခြားလုပ်ဖြစ်စေကာမူ၊ အယူခံ တရားခံအိမ်မှ ရရှိရှုံ့နှင့် နိုင်ငံခြားမှ ခိုးသွင်း ယူလာသည်ဟု မည်သို့မျှ မဆိုနိုင်ပေ။ ဤသို့သာ ယူဆရမည်ဆိုလျှင် ယခုအခါ ပါတီတော်လုံချည်များကို ဝတ်ဆင်သော အမျိုးသမီး အားလုံးတို့ကိုပင် ဘမ်းချုပ် တရားစွဲဆိုပြီး ထောင်ချရမည်သာ ရှိပေသည်၊ ဤကား ဥပဒေမဟုတ်၊ Foreign Exchange Regulation Act ပုဒ်မ ၂၄(၁)သော်၎င်း၊ The Sea Customs Act ပုဒ်မ ၁၉ သော်၎င်း၊ ပိုင်ဆိုင်ခြင်းကို မှုပြစ်ဟု မဆိုလို၊ ပြည်တွင်းသို့ ယူဆောင် ခိုးသွင်းလာခြင်းကိုသာ ဆိုသည်။ အယူခံ တရားခံသည် ပြည်တွင်းသို့ ဤသက်သေခံပစ္စည်းများကို ယူဆောင် သွင်းယူလာသည်ဟု သက်သေထွက်ဆိုချက် တစိုးတစေမျှမရှိ။ ဤပစ္စည်းများကို

(1) I.L.R. XIV Rangoon, p. 666. (2) 1955 B.L.R. p. 175 (H.C.).

ဥပဒေပုဒ်မ ၄၇ အရ၊ အယူခံဝင်ရာတွင် မည်သည့်အမျက်များကိုသာ စိတ်ဝင်စား၍ စဉ်းစား ဝေဘန်ရမည် အပြင်၊ မည်ကဲ့သို့သော အမှုမျိုးတွင်သာ အယူခံဝင်ရမည်ဟု ယခင်တရားလွှတ်တော် ချုပ်နှင့် တရားလွှတ်တော်အပြင်၊ ယခုတရားရုံးချုပ်ကလည်း အလိုလိုအဘန်ဘန် စီရင်ထုံးများ ထုတ်ခဲ့ကြလေသည်။ နောက်ဆုံး ခုံရုံးအမှု ၁၉၆၇ ခုနှစ်၊ ရာဇဝတ်အယူခံ မအမှတ် ၁၉၅ တွင်လည်း ကျွန်ုပ်တို့ စုံစုံလင်လင် ထပ်မံ၍၊ ပြဋ္ဌာန်းထားခဲ့သည်။ ဤပြဋ္ဌာန်းထားသည့် မူအရသာ လိုက်နာရန် ရှိပေသည်။ အတိုချုပ်နှင့် ပြောရမည် ဆိုလျှင် အမှုအဖြစ်အပျက် အခြင်းအရာများအပေါ် မူလရုံးက တွေ့မြင်ယူဆချက်မှာ လမ်းလွဲလမ်းချော် သဘာဝ တရားအတိုင်း ဆင်ခြင်မှု မရှိမှသာလျှင် အယူခံရုံးက ဝင်ရောက် စွက်ဖက်မည်ဟု ထပ်မံ၍ ပြဋ္ဌာန်းလိုက်ပြီး၊ အောက်အယူခံရုံး၏ စီရင်ချက် ကိုအတည်ပြု၍ ဤအယူခံမှုကို ပလပ်လိုက်သည်။ သက်သေခံ ပစ္စည်းများကို အယူခံ တရားခံအား ပြန်ပေးစေ။

၁၉၆၇
ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် ဦးမောင်မောင်။

နိုင်ငံတော်တရားရုံးချုပ်

တရားမကြီးမှု

တရားသူကြီး ဦးသက်ဖေရွှေတွင်

ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်းလမ်း သယ်ယူပို့ဆောင်ရေးအဖွဲ့ (တရားလို)

နှင့်

ပြည်သူ့အကျိုးဆောင်ကုမ္ပဏီလီမိတက် (တရားခံ)

† ၁၉၆၇ ဩဂုတ်လ ၈ ရက်။

ဝယ်ယူခဲ့သည့် ပစ္စည်းတန်ဘိုး ရလိုကြောင်း စွဲဆိုသည့်အမှု—ကုမ္ပဏီသည် သက်ရှိသတ္တဝါမဟုတ်ခြင်း—ကုမ္ပဏီတခု၏ မန်နေဂျင်းဒါရိုက်တာသည် ကုမ္ပဏီ၏ ကိုယ်စားလှယ်ဖြစ် မဖြစ်။

ဆုံးဖြတ်ချက်။ ။ဥပဒေအရ ဖွဲ့စည်းထားသော ကုမ္ပဏီသည် သက်ရှိသတ္တဝါ မဟုတ်သဖြင့်၊ ၎င်းကုမ္ပဏီလုပ်ငန်းများကို ကိုယ်တိုင်ဆောင်ရွက်ခြင်း မပြုနိုင်ပေ။ ထို့ကြောင့်ကုမ္ပဏီ၏ လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ဒါရိုက်တာအဖွဲ့ကို အစုရှင်များက ခန့်ထားကြရသည်။ ဒါရိုက်တာများအနေဖြင့်လည်း အားလုံးကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်ခြင်း မပြုနိုင်သဖြင့် မန်နေဂျင်းဒါရိုက်တာ ခန့်အပ်ပြီး ကုမ္ပဏီ၏ လုပ်ငန်းများကို ဆောင်ရွက်စေခြင်း ပြုရပေသည်။ သို့ဖြစ်ရာ ကုမ္ပဏီတခု၏ မန်နေဂျင်း ဒါရိုက်တာသည် ကုမ္ပဏီ၏ ကိုယ်စားလှယ်ဖြစ်သည်ဆိုခြင်းမှာ မငြင်းနိုင်ပေ။ အပြင်လူများသည် ကုမ္ပဏီတခု၏ ကိုယ်စားလှယ်ဖြစ်သည့် မန်နေဂျင်းဒါရိုက်တာနှင့် ဆက်သွယ်ပြီး လုပ်ကိုင်ဆောင်ရွက်ရာတွင် သာမန်အားဖြင့် ထိုကုမ္ပဏီနှင့်ပင် ဆက်သွယ်လုပ်ကိုင်ခဲ့ဖူးသည်ဟု ယူဆကြမည်မှာ ဓမ္မတာပင်ဖြစ်သည်။ ယင်းသို့ယူဆခြင်း မပြုနိုင်ဟု ဆိုပါက ထိုကဲ့သို့ ယူဆခြင်းမပြုနိုင်သည့် အကြောင်းရပ်များ ရှိသည်ဟု ကုမ္ပဏီအနေဖြင့် ထင်ရှားအောင် ပြသရန် တာဝန်ရှိပေသည်။

တရားလိုအတွက်။ ။ဦးဘသန်း (၂)။

တရားခံအတွက်။ ။ဦးစိန်ဘူး။

တရားသူကြီး ဦးသက်ဖေ။ ။တရားလို ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့က၊ တရားခံ ပြည်သူ့အကျိုးဆောင်ကုမ္ပဏီလီမိတက်အပေါ် တရားခံဝယ်ယူခဲ့သည့် ပစ္စည်းတန်ဘိုးငွေ ၁,၁၀,၄၀၀ ကျပ် ၃၈ ပြားရလိုကြောင်း စွဲဆိုသည့်အမှုဖြစ်သည်။

† တရားမကြီးမှုအမှတ် ၂၄/၆၅။

တရားလိုက၊ တရားခံသည် ၁၉၆၂ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့တွင် တန်ဘိုး ၃၉,၄၅၉ ကျပ် ၈၃ ပြားရှိသည့် ပါကင်ဒီဇယ်အင်ဂျင်များကိုငင်း၊ ၁၉၆၂ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့တွင် တန်ဘိုး ၁၅,၇၂၆ ကျပ် ၇၃ ပြားရှိသည့် ရီလေးစက်ဘီးများကိုငင်း၊ ၁၉၆၂ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့၌ပင် တန်ဘိုး ၁၅,၆၂၅ ကျပ် ၁၀ ပြားရှိသည့် ရီလေးစက်ဘီးများကိုငင်း၊ ၁၉၆၂ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့တွင် တန်ဘိုး ၁၈,၁၅၅ ကျပ် ၁၇ ပြားရှိသည့် စက်ပစ္စည်းများကိုငင်း၊ ၁၉၆၂ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် တန်ဘိုး ၂၁,၄၃၃ ကျပ် ၅၅ ပြားရှိသည့် စက်ပစ္စည်းများကိုငင်း အကြေးဝယ်ယူခဲ့ကြောင်း၊ အဆိုပါ အကြွေးငွေများကိုပေးဆပ်ရန် တာဝန်ရှိသည်ဟု တရားခံကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာ ဦးမောင်ကိုက ၁၉၆၃ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့တွင် တာဝန်ခံခဲ့သော်လည်း ပေးဆပ်ရန် ပျက်ကွက်နေကြောင်း အဆိုပြုလာသည်။

တရားခံက တရားလို အဆိုပြုလာသည့်ပစ္စည်းများကို မည်သည့်အခါကမျှဝယ်ယူခဲ့ခြင်း မပြုဘူးကြောင်း။ ယင်းသို့ဝယ်ယူခဲ့ခြင်း မရှိသဖြင့် တရားလို တောင်းဆိုသည့် ငွေကို ပေးဆပ်ရန် တာဝန်မရှိကြောင်း ထုချေကာ၊ တရားလို၏အမှုကို ဘူးကွယ်သွားစေလသည်။ ထို့ကြောင့် အောက်ပါကောက်ချက်များကို ဤရုံးမှထုတ်နုတ်ခဲ့ရ၏။

(၁) တရားခံကုမ္ပဏီသည် နေပြည်တော် ပို့ဆောင်ရေးကုမ္ပဏီထံမှ အဆိုလ္ဘာအပိုဒ် ၁ တွင် ဖေါ်ပြထားသော ပစ္စည်းများကို ဝယ်ယူခဲ့သလား။

(၂) တရားခံကုမ္ပဏီသည် အချင်းဖြစ် ပစ္စည်းများကို လက်ခံရရှိခဲ့သလား။

(၃) တရားခံကုမ္ပဏီသည် နေပြည်တော် ပို့ဆောင်ရေးကုမ္ပဏီထံမှ အဆိုပါ ပစ္စည်းများကို ဝယ်ယူခဲ့သဖြင့် တရားစွဲဆိုသော ငွေကို အဆိုလ္ဘာအပိုဒ် ၃ နှင့် အဖြေလ္ဘာအပိုဒ် ၄ အရ၊ ပေးဆပ်ရန် တာဝန်ရှိသလား။

(၄) တရားခံကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာ ဦးမောင်ကိုက တရားစွဲဆိုသော ငွေကို နေပြည်တော် ပို့ဆောင်ရေးကုမ္ပဏီသို့ ပေးဆပ်ရန်ရှိသည်ဟု ၁၉၆၃ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့စွဲပါစာဖြင့် ဝန်ခံခဲ့သလား။

(၅) တရားလိုကုမ္ပဏီသည် မည်သည့်သက်သာခွင့်ကို ရထိုက်သနည်း။

ကောက်ချက်အားလုံးမှာ တခုနှင့်တခု ဆက်စပ်လျက်ရှိနေသဖြင့် တပေါင်းတည်းပင် ဖြေဆိုပါအံ့။ တရားလိုအဖွဲ့၏ အုပ်ချုပ်ရေးမှူးဖြစ်သူ ဦးသိန်းထွန်း (လိုပြ ၂) ကငင်းသည် ၁၉၆၂ ခုနှစ်တွင် နေပြည်တော် ပို့ဆောင်ရေးကုမ္ပဏီ (ယခုကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့) ၏ အရောင်းမန်နေဂျာအဖြစ် ဆောင်ရွက်စဉ်၊ အစုစုတန်ဘိုး ငွေ ၁,၁၀,၄၀၀ ကျပ် ၃၈ ပြားရှိသည့် စက်၊ စက်ပစ္စည်းနှင့် စက်ဘီးတို့ကို တရားခံကုမ္ပဏီသို့အကြွေးရောင်းချခဲ့ကြောင်း ထွက်ဆိုကာ၊ပစ္စည်းများကို ပေးအပ်ခဲ့သည့် အထောက်

၁၉၆၇

ပြည်ထောင်စုမြန်မာနိုင်ငံကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့နှင့် ပြည်သူ့အကျိုးဆောင်ကုမ္ပဏီလီမိတက်။

အထားဖြစ်သော ဘောက်ချာများ (သက်သေခံ က၊ ခ၊ ဂ၊ ဃ နှင့် င) အပြင်၊ ပုံစံကျ ကုန်မှာစာ (သက်သေခံ က-၁ မှ က-၃၊ ခ-၁ မှ ခ-၃၊ ဂ-၁ မှ ဂ-၃၊ ဃ-၁ မှ ဃ-၃ နှင့် င-၁ မှ င-၃) တို့အား တင်ပြသွားသည်၊ ထို့ပြင် တရားခံကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာ ဦးမောင်ကိုက ထိုငွေများကို ၁၉၆၃ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့မတိုင်မီ ပေးဆပ်ပါမည်ဟု ကတိပြုခဲ့ကြောင်းထင်ရှားအောင် သက်သေခံ "စ" စာကိုသက်သေထူခဲ့သည်။ ဦးမောင်ကိုသည် ၁၉၅၂ ခုနှစ်မှစ၍ ၁၉၆၃ ခုနှစ်အထိ တရားခံကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာအဖြစ် ဆောင်ရွက်ခဲ့ကြောင်း ကုမ္ပဏီများမှတ်ပုံတင်ရုံးတွင် စာရင်းသွင်း မှတ်ပုံတင်ခဲ့သည် ဆိုခြင်းမှာ အငြင်းမထွက်ချေ။

တရားခံကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာ ဦးမောင်ကိုတဦးတည်းသာ ရုံးရွှေသို့လာရောက်ပြီး တရားလိုထံမှစက်၊ စက်ပစ္စည်းနှင့်စက်ဘီးတို့ကို မိမိကိုယ်တိုင် ပုဂ္ဂိုလ်အနေဖြင့် အကြွေးဝယ်ယူခဲ့ခြင်းသာဖြစ်ကြောင်း။ ထိုပစ္စည်းများကို တရားခံကုမ္ပဏီက ဝယ်ယူခဲ့ခြင်းမဟုတ်၍ တရားခံကုမ္ပဏီက တရားလိုစွဲဆိုသည့်ငွေများကို ပေးဆပ်ရန် တာဝန်မရှိကြောင်း ထုချေထွက်ဆိုသွားလေသည်။ တရားခံ၏ ရှေနေကြီး ဦးစိန်ဘူးက တရားလို၏ပစ္စည်းများကို တရားခံဝယ်ယူခြင်းမဟုတ်ဘဲ၊ ဦးမောင်ကိုသည် ပုဂ္ဂိုလ်အနေဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်၍ တရားလို၏အမှုမှာ စွဲဆိုပုံ မှားယွင်းနေသည့်အလျောက် ပလပ်သင့်ကြောင်း တင်ပြသွား၏။

တရားလိုသည် ငင်းစွဲဆိုသည့်အတိုင်း တန်ဘိုးငွေ ၁,၁၀,၄၀၀ ကျပ် ၃၀ ပြားရှိသည့် ပစ္စည်းများကိုအကြွေးရောင်းချခဲ့သည်ဆိုခြင်းမှာအငြင်းမပေါ်ကြောင်းတာဘဲ၊ထိုပစ္စည်းများကိုတရားခံကုမ္ပဏီအားရောင်းချခဲ့ပါသလား၊သို့တည်းမဟုတ် တရားခံကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာ ဦးမောင်ကိုအား ပုဂ္ဂိုလ်အနေဖြင့် ရောင်းချခဲ့ပါသလားဆိုသည့် ပြဿနာကိုသာ ဖြေရှင်းရန် လိုပေတော့သည်။ တရားခံ၏ရှေနေကြီးက အကြွေးပေးရန် တာဝန်ရှိကြောင်း ဝန်ခံသည့်စာ (သက်သေခံ စ) နှင့်ရှေနေချုပ်ကပေးသည့် နို့တစ်စာ (သက်သေခံ ဆ) တို့တွင် ကြွေးငွေများကို ဦးမောင်ကိုသည်ပုဂ္ဂိုလ်အနေဖြင့် ပေးရန်ရှိသည်ဟု အမှတ်ပေါက်နေသဖြင့် တရားခံကုမ္ပဏီသည် ထိုကြွေးငွေများကို ပေးရန် တာဝန်မရှိဟု ယူဆသင့်ကြောင်း လျောက်လဲသွားသည်။ထိုစာ ၂ စောင်ကိုသာ စဉ်းစားရပါမူ၊ တရားခံရှေနေကြီးတင်ပြသည့်အတိုင်း ယူဆကောင်း ယူဆရမည်ဖြစ်သည်မှာ မှန်၏။ သို့ရာတွင် ထိုကဲ့သို့ယူဆခြင်း မပြုနိုင်သည့် အကြောင်းခြင်းရာများစွာပင် ရှိနေသည်ဆိုခြင်းကို သတိချပ်ရမည် ဖြစ်ပေသည်။

တရားလိုက ငင်း၏အဆိုလွှာတွင် စက်၊ စက်ပစ္စည်းနှင့် စက်ဘီးတို့ကို တရားခံကုမ္ပဏီအား အကြွေးရောင်းချခဲ့ကြောင်းစွပ်စွဲလာရာ၊တရားခံကုမ္ပဏီက ငင်း၏ချေလွှာ၌ ထိုပစ္စည်းများကို မဝယ်ယူခဲ့ရကြောင်း ဘူးကွယ်ခဲ့သည်။ ပစ္စည်းများကို ကုမ္ပဏီက

စယ်ယူခြင်းမဟုတ်ဘဲ၊ မန်နေဂျင်းဒါရိုက်တာဖြစ်သူ ဦးမောင်ကိုက ပုဂ္ဂိုလ်အနေဖြင့် စယ်ယူခဲ့သည်ဟု ထုချေခြင်းမပြုချေ၊ ထိုချေလွှာကို မန်နေဂျင်းဒါရိုက်တာဦးမောင်ကို ကပင် လက်မှတ်ထိုးပြီး တင်သွင်းခဲ့ခြင်းဖြစ်ရာ၊ ဦးမောင်ကိုသည် ပစ္စည်းများကို ပုဂ္ဂိုလ် အနေဖြင့် ဝယ်ယူခဲ့ရိုး မှန်ပါမူ၊ ထိုကဲ့သို့ ဝယ်ယူခဲ့သည်ဆိုခြင်းကို ချေလွှာ၌ ဖော်ပြခဲ့သင့် ပေသည်။ ယခုမူ ချေလွှာတွင် ထိုကိစ္စနှင့်ပတ်သက်၍ တလုံးတပါဒမျှ ဖော်ပြခြင်း မပြုဘဲ၊ ရုံးချွေရောက်မှ ရုတ်တရက် တင်ပြခဲ့ခြင်းဖြစ်၍ မူမမှန်သည့် ထုချေချက်ဖြစ်သည် ဟု ယူဆရမည်ဖြစ်သည်။

ဥပဒေအရ ဖွဲ့စည်းထားသောကုမ္ပဏီသည် သက်ရှိသတ္တဝါမဟုတ်သဖြင့် ၎င်း၏ လုပ်ငန်းများကို ကိုယ်တိုင်ဆောင်ရွက်ခြင်း မပြုနိုင်ပေ။ ထို့ကြောင့် ကုမ္ပဏီ၏လုပ်ငန်း များကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ဒါရိုက်တာအဖွဲ့ကို အစုရှင်များက ခန့်ထားကြရ သည်။ ဒါရိုက်တာများ အနေဖြင့်လည်း၊ အားလုံး ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်ခြင်း မပြုနိုင်သဖြင့် မန်နေဂျင်းဒါရိုက်တာ ခန့်အပ်ပြီး ကုမ္ပဏီ၏လုပ်ငန်းများကို ဆောင်ရွက် စေခြင်း ပြုရပေသည်။ သို့ဖြစ်ရာ ကုမ္ပဏီတခု၏ မန်နေဂျင်းဒါရိုက်တာသည် ကုမ္ပဏီ၏ ကိုယ်စားလှယ် ဖြစ်သည်ဆိုခြင်းမှာ မငြင်းနိုင်ပေ။ အပြင်လူများသည် ကုမ္ပဏီတခု၏ ကိုယ်စားလှယ်ဖြစ်သည့် မန်နေဂျင်းဒါရိုက်တာနှင့် ဆက်သွယ်ပြီး လုပ်ကိုင်ဆောင်ရွက် ရာတွင် သာမန်အားဖြင့် ထိုကုမ္ပဏီနှင့်ပင် ဆက်သွယ်လုပ်ကိုင်ခဲ့သည်ဟု ယူဆကြမည်မှာ ဓမ္မတာပင်ဖြစ်သည်။ ယင်းသို့ယူဆခြင်း မပြုနိုင်ဟုဆိုပါက၊ ထိုကဲ့သို့ယူဆခြင်းမပြုနိုင် သည့် အကြောင်းရပ်များရှိသည်ဟု ကုမ္ပဏီအနေဖြင့် ထင်ရှားအောင် ပြသရန်တာဝန် ရှိပေသည်။

ကုမ္ပဏီတခုသည် ပစ္စည်းအရောင်းအဝယ်ပြုလုပ်သည့် စာရင်းအင်းများကို မြန်မာ ပြည်ကုမ္ပဏီများ ဥပဒေပုဒ်မ ၁၃၀ (၁) (ခ) နှင့် နောက်ဆက်တွဲ ၁၊ အပိုဒ် ၁၀၃ (ခ) အရ၊ စံနစ်တကျ ထားရှိရန် တာဝန်ရှိရာ၊ တရားခံကုမ္ပဏီသည် တရားလိုထံမှ စွဲဆိုသည့် ပစ္စည်းများကို ဝယ်ယူခြင်းမရှိပါက၊ သက်ဆိုင်ရာ စာရင်းအင်းများကို တင်ပြပြီး တရားလို၏အမှုကို ကောင်းစွာ ခုခံနိုင်ပေသည်။ တရားခံကုမ္ပဏီသည်ထိုကဲ့သို့ခုခံခဲ့ခြင်း မပြုခဲ့ပေ။

တရားလိုသည် စက်၊ စက်ပစ္စည်းနှင့် စက်ဘီးတို့ကို တရားခံကုမ္ပဏီတည်ရှိရာ ရန်ကုန် မြို့၊ ဗိုလ်ချုပ်လမ်း အမှတ် ၃၀၁ သို့ပေးပို့ခဲ့ကြောင်း၊ ဘောက်ချာ "က၊ ခ၊ ဂ၊ ဃ နှင့် င" တို့တွင် ဖော်ပြထား၏။ ထိုဘောက်ချာများတွင် ပစ္စည်းများကိုရရှိကြောင်း၊ မန်နေဂျင်း ဒါရိုက်တာ ဦးမောင်ကိုက လက်မှတ်ရေးထိုးထားသည်၊ တရားခံကုမ္ပဏီ တည်ရှိရာ လိပ်စာအတိုင်း ပေးပို့သည့်ပစ္စည်းများကို ကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာက

၁၉၆၇

ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်းလမ်းသယ် ယူပို့ဆောင်ရေး အဖွဲ့ နှင့် ပြည်သူ့အကျိုး ဆောင်ကုမ္ပဏီ လိမိတက်။

လက်ခံရရှိကြောင်း လက်မှတ်ထိုးထားသည်ကို ထောက်ခံလျှင်၊ကုမ္ပဏီက လက်ခံရရှိခဲ့သည်ဟု ယူဆရမည်သာဖြစ်သည်။ ဦးမောင်ကိုအနေဖြင့် အဆိုပါ ပစ္စည်းများကို ပုဂ္ဂိုလ်အရ မှာယူခဲ့သည်။ ကုမ္ပဏီတည်ရှိရာလိပ်စာဌာပင် ၎င်း၏ကိုယ်ပိုင်လုပ်ငန်းဌာန သီးသန့်ရှိသည်ဆိုသော အချက်အလက်များကို လုံးဝတင်ပြနိုင်ခြင်းမရှိပေ။

အထက်ပါ အကြောင်းများကြောင့် တရားလို၏ ပစ္စည်းများကို ဦးမောင်ကိုက ပုဂ္ဂိုလ်အနေဖြင့် အကြေးဝယ်ယူခဲ့သည်ဆိုသော ထုခေျချက်ကို ကျွန်ုပ် လက်မခံနိုင်၊ တရားခံကုမ္ပဏီက တရားလိုစွဲဆိုလာသည့်အတိုင်း အကြေးဝယ်ယူရရှိခဲ့သည်ဟု ကျွန်ုပ် ယုံကြည်လက်ခံသည်၊ ထိုအတိုင်းပင် ကောက်ချက်များအား အဖြေပေးလိုက်သည်။

သို့ပါ၍ တရားခံကုမ္ပဏီအပေါ် တရားလိုစွဲဆိုသည့်အတိုင်း ငွေ ၁,၁၀,၄၀၀ ကျပ် ၃၀ ပြားကို တရားစရိတ်များနှင့်တကွ ဒီကရီချပေးလိုက်သည်။ ဒီကရီချသည့်နေ့မှငွေ့ အကြေပေးဆပ်သည့်နေ့အထိ တရားခံသည် ဒီကရီငွေအပေါ် ရုံးနှုန်းအတိုင်း အတိုးပေးဆောင်ရမည်ဖြစ်သည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမပြင်ဆင်မှု

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်၊ တရားသူကြီး ဦးချစ် နှင့် တရားသူကြီး ဦးစိန်သင်း တို့ရှေ့တွင်

မောင်ထန်ခုပ် ပါ ၃ (ပြင်ဆင်ရန်လျှောက်ထားသူများ)

နှင့်

ဦးလှန်းထမ်း (ပြင်ဆင်ရန်လျှောက်ထားခံရသူ)*

† ၁၉၆၇ ဇူလိုင်လ ၈ ရက်။

ချင်းဝိသေသတိုင်းအတွင်း တရားရုံးများ တရားမမှုများကို စစ်ဆေးဆုံးဖြတ်ခြင်း—စီရင်ချက်ကိုသာ ချမှတ်၍ ဒီကရီရေးဆွဲခြင်း မပြုရသေးသော တရားမမှုများ—ဒီကရီ၏သဘော—စီရင်ချက်၌ အမိန့်ပါခြင်း—၁၉၅၇ ခုနှစ်၊ ချင်းဝိသေသတိုင်း (ပြင်ဆင်ချက်) အက်ဥပဒေအရ ထည့်သွင်းထားသော ပုဒ်မ ၁၅ (၂)—တရားဥပဒေ၏ အဓိက ရည်ရွယ်ချက်။

ဆုံးဖြတ်ချက်။ ။ဒီကရီ၏ သဘောသည် နှစ်ဖက်အမှုသည်များ ရပိုင်ခွင့်နှင့် တာဝန်တို့ကို ပြည့်စုံတိကျစွာ အပြီးအပြတ် သတ်မှတ်ပေးခြင်းပင်ဖြစ်သည်။ စီရင်ချက်တွင် အမှု၏ အကြောင်းခြင်းရာ၊ ဥပဒေပြဿနာ စသည်တို့ကို ဖော်ပြ၍ အငြင်းပွါးသည်တို့ကို ကောက်ချက်ထုတ်နုတ်ကာ ကောက်ချက်တရပ်စီကို ဆုံးဖြတ်ရသည်။ ထိုဆုံးဖြတ်ချက်တို့ကို အခြေခံ၍ တဖက်နှင့် တဖက်တို့၏ ရပိုင်ခွင့်နှင့် တာဝန်တို့ကို အပြီးသတ် အပြည့်အစုံ သတ်မှတ်ရသည်။ ထိုသတ်မှတ်ချက်တို့ကို ခြုံမိုင်းမိုအောင် ဒီကရီအမိန့်တွင် ရေးဆွဲဖော်ပြရသည်။

အမှုများတွင် စီရင်ချက်၌ အမိန့်ပါသည်။ ထိုအမိန့်တွင် အမှုသည်တို့၏ ရပိုင်ခွင့်နှင့် တာဝန်တို့ကို ဖော်ပြထားပြီးဖြစ်သည်။ မည်သည့်ဖက်က မည်မျှငွေ၊ တရားစရိတ်ကိုရ၍ မည်သည့်ဖက်မှ ပေးရမည်ဟု အတိအကျ သတ်မှတ်ထားပြီးဖြစ်သည်။ ထို့ကြောင့် အမိန့်များတွင် ဒီကရီ၏ အင်္ဂါရုပ်ကို ပါဝင်နေပြီဟု ဆိုနိုင်သည်။

ထိုပြင် ၁၉၅၇ ခုနှစ်၊ ချင်းဝိသေသတိုင်း (ပြင်ဆင်ချက်) အက်ဥပဒေအရ ထည့်သွင်းထားသော ပုဒ်မ ၁၅ (၂) တွင် "မြို့နယ်တရားမ တရားသူကြီးက၊ သို့တည်းမဟုတ် နယ်ပိုင်တရားမ တရားသူကြီး ချမှတ်သော အမိန့်စီရင်ချက်သည် တရားရုံးများ၏ အက်ဥပဒေအရ မူလစီရင်ပိုင်ခွင့် အာဏာများကို သုံးစွဲ၍ ချမှတ်သည့် ဒီကရီများနှင့် အမိန့်များ ဖြစ်သည်ဟု မှတ်ယူရမည်" ဟု ပြဋ္ဌာန်းထားသည်။ ထို့ကြောင့်လည်း စီရင်ချက်တွင် အမိန့်အပြည့်အစုံပါရှိက ဒီကရီကဲ့သို့ပင် အကျိုးသက်ရောက်သည်ဟု ဆိုရပေမည်။

---

* ၁၉၆၆ ခုနှစ်၊ တရားမ ပြင်ဆင်မှုအမှတ် ၁၂၊ ၁၃၊ ၁၄။

† ၁၉၆၄ ခုနှစ်၊ တရားမ အသေးအဖွဲမှုအမှတ် ၃၊ ၄၊ ၅ တွင် ၁၉၆၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက် နေ့စွဲပါ ဖလမ်းမြို့၊ ချင်းဝိသေသတိုင်း၊ ခရိုင်တရားမရုံးတော်၏ ချမှတ်သော အမိန့်ကို ပြင်ဆင်မှု။

၁၉၆၇

မောင်ထန်ခုပ်
ပါ ၃
နှင့်
ဦးလွန်းထမ်း။

တရားဥပဒေ၏ အဓိကရည်ရွယ်ချက်နှင့် လုပ်ရပ်သည် မြို့ရွာနိုင်ငံ အေးချမ်းလုံခြုံ၍ စည်းလုံးညီညွတ်စေရန်ဖြစ်သည်။ ထိုသို့ဖြစ်ထွန်းနိုင်စေရန် တရားဥပဒေများသည် တရားမျှတရသည်။ အများက နားလည်သိကျွမ်း၍ နှလုံးကိန်းဝပ် လက်ခံရသည်။ ဥပဒေနှင့် လုပ်ထုံးဟူသည်မှာလည်း ကာလဒေသကိုလိုက်၍ ကိုက်ညီလျော်ကန်စေရသည်။ အခါမရွေး၊ နေရာမရွေး တပြေးတည်း တူညီစေနိုင်သည် မဟုတ်ခေျ။ ထိုကြောင့် ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများ၏ ဓလေ့ထုံးတမ်း ဥပဒေများကို နက်နဲစွာ လေ့လာ၍ သင့်လျော်ကောင်းမွန်သည်တို့ကို ထိန်းသိမ်းရမည်။ ခေတ်နှင့် မလျော်တော့သည်တို့ကို ပညာပေး၍ ပြုပြင်ရပေမည်။ ထိုသို့ပြုလုပ်ရာတွင် ပုံစံကျသည်ကဲ့သို့ ခြင်းထက် အနှစ်သာရ မိခြင်းက အရေးကြီးသည်။

ပြင်ဆင်ရန်လျောက်ထားသူအတွက်။ ။ဦးသုမောင်။

ပြင်ဆင်ရန်လျောက်ထားခံရသူအတွက်။ ။ဦးထွန်းအောင် (၂)။

ရုံးတော်သဟာယအဘွက်။ ။ပြည်နယ်များအကြံပေးအရာရှိ ဦးတင်အုန်း။

တရားသူကြီးချုပ် ဒေါက်တာမောင်မောင်။ ။ဤပြင်ဆင်မှုသုံးရပ်ကို ကျွန်ုပ်တို့သည်စုံညီခုံဖွဲ့၍ ပေါင်းစပ်ကြားနာကြသည်။ ဥပဒေပြဿနာတရပ်တည်း ပေါ်တွင်ရပ်တည်သော အမှုများဖြစ်၍၊ ရှေနေကြီးများကလည်း တပေါင်းတည်း လျောက်လဲကြ၍ ဤအမိန့်ဖြင့် အမှုများကို ကျွန်ုပ်ဆုံးဖြတ်သည်။

ချင်းဝိသေသတိုင်းအတွင်း တရားရုံးများသည် တရားမမှုများကို စစ်ဆေးဆုံးဖြတ်သောအခါ၊ စီရင်ချက်ကိုသာ ချမှတ်သည်လည်းရှိ၍၊ ဒီစီရင်ချက် ချမှတ်ပြီးနောက် ဒီကရီအမိန့်ကို ရေးဆွဲပေးသည်လည်းရှိသည်။ တရားမကျင့်ထုံးပုဒ်မ ၃၃ တွင် စီရင်ချက်နောက် ဒီကရီလိုက်ရမည်ဟု ဆိုသည်။ ပုဒ်မ ၉၆ က၊ ဒီကရီမှ အယူခံဝင်နိုင်သည်ဟုဆို၍ တရားမကျင့်ထုံးအမိန့် ၄၁၊ နည်းဥပဒေ ၁ ကလည်း အယူခံလွှာနှင့်အတူ ဒီကရီမိတ္တူကို ပူးတွဲတင်သွင်းရမည်ဟု ဆိုသည်။

ထို့ကြောင့် စီရင်ချက်ကိုသာ ချမှတ်၍ ဒီကရီရေးဆွဲခြင်းမပြုရသေးသောတရားမမှုများသည်၎င်း၊ ဒီကရီမိတ္တူမပါဘဲ ကြားနာစစ်ဆေး၍ ဆုံးဖြတ်ထားသော အယူခံမှုများသည်၎င်း၊ ပြီးပြတ် ပြည့်စုံခြင်းမရှိဘဲ ချုတ်ယွင်းလေသလော ဟူသောပြဿနာကို ဤပြင်ဆင်မှုများက ဖေါ်ထုတ်သည်။ ယင်းပြဿနာသည် ချင်းဝိသေသတိုင်းရုံးများနှင့်၎င်း၊ အများပြည်သူနှင့်၎င်း ပတ်သက်နေသည်ဟု မြင်သဖြင့်၊ တရားသူကြီးတဦးတည်း ထိုင်ရာမှ ခုံဖွဲ့ကာ၊ ပြည်နယ်များ ဥပဒေအရာရှိကိုလည်း ရုံးသဟာယအဖြစ် ဖိတ်ကြား၍ ကျယ်ကျယ်ဝန်းဝန်း ကြားနာခဲ့ခြင်းဖြစ်သည်။

မူလမှုများသည် ချေးငှေပြန်လည်ရလိုမှုများ ဖြစ်ခဲ့သည်။ တရားလိုများသည် မူလရုံးတွင် ရှုံး၍ အယူခံရုံးတွင် နိုင်သည်။ မူလရုံးကဝင်း၊ ပဋိမအယူခံရုံးကဝင်း၊ စီရင်

ချက်များကို ပြည့်စုံစွာရေးခဲ့သော်ငြားလည်း၊ ဒီကရီများ ရေးဆွဲခြင်းမပြုခဲ့။ ထို့ကြောင့် ကျွန်ုပ်တို့ရွှေထောက် ပြင်ဆင်မှု လျှောက်ထားသူများ (မူလရုံးတရားခံများက) ပူးတွဲတင်သွင်းရန် ဒီကရီမင့်ရှိ၍ ဒုတိယအယူခံမှုမတင်။ ဥပဒေကြောင်းအရ၊ ချုတ်ချေခြင်းပေါ် လွှင်နေသည်ဟုဆိုကာ ပြင်ဆင်ပေးရန်သာ လျှောက်ထားကြသည်။

ပြင်ဆင်မှုများသည် ရက်ပေါင်း ၃၁ ရက်စီမျှကာလ စည်းကမ်းသတ် လွှန်နေသည်။ ထိုသို့လွှန်ရသည်မှာ ဆက်သွယ်ရေး ခက်ခဲခြင်း၊ ရုံးအဆင့်ဆင့် တက်ခဲ့ရခြင်း၊ ဒီကရီ မရခြင်းစသည်တို့ကြောင့် ဖြစ်ပြီးလျှင်၊ လျှောက်ထားသူများက ဝိရိယမပေါ့၊ စွမ်းဆောင်နိုင်သမျှ အားထုတ်ဆောင်ရွက်ခဲ့ပါသည်။ ထို့ကြောင့် ရုံးက ခွင့်လွှတ်သင့်ပါသည်ဟု လျှောက်ထားသူတို့က တောင်းဆိုကြသည်။ အကြောင်း ကောင်းသည့်ပြင်၊ စဉ်းစားဆုံးဖြတ် ပေးသင့်သော ဥပဒေပြဿနာကို ဖေါ်ထုတ်သောအမှုများဖြစ်၍ ကျွန်ုပ်တို့က ကာလစည်းကမ်းသတ် လွှန်သည်ကို ခွင့်လွှတ်ကြသည်။

လျှောက်ထားသူတို့၏ ရှေနေကြီး ဦးလှမောင်က အကြောင်းခြင်းရာနှင့်ပတ်သက်၍ တင်ပြရန်မရှိပါ။ ဒီကရီ ရေးဆွဲခြင်း မပြုခဲ့သည်မှာ ထင်ရှားနေ၍၊ တရားဥပဒေအရ ချုတ်ယွင်း ချို့တဲ့နေပါတယ်။ ၁၉၄၈ ခုနှစ်၊ ချင်းဝိသေသတိုင်း (ဥပဒေများ တိုးချဲ့ရေး) ဥပဒေတွင်၊ ပုဒ်မ ၉၆ အပါအဝင်၊ တရားမကျင့်ထုံးများ ဒုပိုင်း ၁ မှ ၈ တို့သည် ချင်းဝိသေသတိုင်းတွင် အကျိုးသက်ရောက်ပါသည်။ သို့ရာတွင် တရားမကျင့်ထုံးအမိန့် ၄၁၊ နည်းဥပဒေ (၁) သည်ကား အကျိုးသက်ရောက်ခြင်း မရှိပါ။ မည်သို့ပင်ဆိုစေ၊ ပုဒ်မ ၉၆ အရ၊ဒီကရီမှသာ အယူခံဝင်ရမည်ဖြစ်ရာ၊ မူလရုံးက ဒီကရီရေးဆွဲခြင်း မပြုခဲ့ဘဲ၊ ပဌမအယူခံ လက်ခံဆုံးဖြတ်ခြင်းသည် မှားယွင်းနေပါသည်။ ထို့သို့မှားယွင်းခြင်းကြောင့် ဆုံးဖြတ်ချက်များ ပျက်ပြယ်သည် မဆိုပါ။ မှားသည်ကို ပြင်ရန် စီရင်ချက်များ ရေးဆွဲရမည်ဟု ညွှန်ကြားအမိန့်ချမှတ်ပေးသင့်ပါသည်ဟု လျှောက်လဲသည်။

လျှောက်ထားခံရသူများ၏ ရှေနေကြီး ဦးထွန်းအောင်က၊ ဦးလှမောင်နှင့် မိမိတို့သည် ပဌမအယူခံများကို လျှောက်လဲခဲ့ကြသူများပင် ဖြစ်ပါသည်။ ထိုစဉ်က ဦးလှမောင်က ဒီကရီမပါခြင်းကို မည်သို့မျှ ကန့်ကွက်ပြောဆိုခြင်းမပြုဘဲ ရုံး၏စီရင်ပိုင်ခွင့်ကို ခံယူ၍၊ အခြားအကြောင်းများပေါ် ဦးသာ လျှောက်လဲခဲ့ပါသည်။ ယခုအယူခံတွင် ရှုံးနိမ့်မှ ဒီကရီမရှိသည်ကိုအကြောင်းပြု၍ ပြင်ဆင်မှုတင်သည်မှာ နောက်မှအကြံရ၍ ပြုလုပ်ခြင်းများ ဖြစ်ပါသည်။ ဒီကရီမပါသော်လည်း အမိန့်မှာ ရှင်းလင်းတိကျသောကြောင့် မူလရုံးနှင့် ပဌမအယူခံရုံးတို့၏ စီရင်ချက်တို့မှာ ပြည့်စုံဖုလုံ၍ တရားဝင်ပါသည်ဟု လျှောက်လဲသည်။

ပြည်နယ်များ ဥပဒေအရာရှိ ဦးတင်အုန်းက ချင်းဝိသေသတိုင်းတွင် တရားစီရင်ခြင်းသည် လူအများ နားလည်အောင် ရှင်းလင်းလွယ်ကူရပါသည်။ တရားရုံးများတွင်

လည်း ဥပဒေကြမ်း အစောင်စောင်၊ ပုံစံအမျိုးမျိုးရှိသည်မဟုတ်၊ တရားမျှတမှုရှိအောင် အများလက်ခံကျင့်သုံးသော ရှေးထုံးစဉ်လာများနှင့်လည်း ကိုက်ညီအောင် စီရင်ရပါသည်။ စာတွေ့နှင့် လက်တွေ့မတူပါ၊ ကွာခြားသည်များလည်း ရှိနေပါသေးသည်။ ဥပမာ၊ လက်ထပ်ထိမ်းမြားခြင်းပြုရာတွင် ဘာသာရေးဆိုင်ရာ ဥပဒေ၊ ထုံးတမ်းအရ ပြုလုပ်ဆောင်ရွက်ကြသော်လည်း၊ နောင်ပိုင်း အိမ်ထောင်ရေးကိစ္စများတွင်မူ မည်သည့်ဘာသာကိုယူစေ၊ ချင်းခလေ့ထုံးတမ်းအရသာ ဆုံးဖြတ်ကျင့်သုံးကြပါသည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် ညီညွတ်ခြင်း မျှတခြင်းတို့ကို ရရှိနိုင်ပါသည်။ ဤအမှုများတွင်လည်း ဒီကရီမပါ၍ ပုံစံမကျသော်လည်း ဆုံးဖြတ်ချက်များ ပျက်ပြယ်ရလောက်အောင် မှားယွင်းချက်ချော်သည် မဟုတ်ပါ။ နှစ်ဘက်အမှုသည်များ၏ ရပိုင်ခွင့်နှင့် တာဝန်တို့ကို တိကျပြည့်စုံစွာ သတ်မှတ်ပြီးဖြစ်နေ၍ ကြွင်းကျန်သည်မရှိ၊ ရှုပ်ထွေးခြင်းလည်း မပါ၊ အမိန့်ကို ဆက်လက်ဆောင်ရွက်နိုင်ပါသည်။ ထို့ကြောင့် အနှစ်သာရအားဖြင့် ပြည့်စုံခိုင်လုံပါသည်ဟု တင်ပြသည်။

ချင်းပိသေသတိုင်းတွင် လက်တွေ့ လုပ်ကိုင်ဆောင်ရွက်နေပုံကို ပိုမိုတိကျစွာသိရှိနိုင်ရန်၊ ဦးတင်အုန်းက သက်ဆိုင်ရာ ခရိုင်တရားမတရားသူကြီးများအား မေးမြန်းခဲ့ရာ၊ ထိုပုဂ္ဂိုလ်တို့က တရားမမှုများတွင် စီရင်ချက်ကိုသာ ချမှတ်ရုံးရှိပါသည်။ ဒီကရီရေးဆွဲခြင်းမပြုပါ။ စီရင်ချက်ဌာပင် အမိန့်များ ပါရှိနေပြီး ဖြစ်ပြီးလျှင်၊ ထိုအမိန့်များသည် ဒီကရီမြောက်ပါသည်။ ပုံစံကျဒီကရီကို အမှုသည်များက တောင်းကြလျှင်လည်း ရေးဆွဲပေးပါသည်ဟု ပြန်ကြားခဲ့ကြသည်။

ဒီကရီ၏သဘောသည် နှစ်ဘက်အမှုသည်များ ရပိုင်ခွင့်နှင့် တာဝန်တို့ကို ပြည့်စုံတိကျစွာ အပြီးအပြတ် သတ်မှတ်ပေးခြင်းပင် ဖြစ်သည်။ စီရင်ချက်တွင် အမှု၏ အကြောင်းခြင်းရာ၊ ဥပဒေပြဿနာစသည်ကို ဖော်ပြ၍၊ အငြင်းပွားသည်တို့ကိုကောက်ချက်ထုတ်နုတ်ကာ၊ ကောက်ချက်တရပ်စီကို ဆုံးဖြတ်ရသည်။ ထိုဆုံးဖြတ်ချက်တို့ကို အခြေခံ၍၊ တဖက်နှင့်တဖက်တို့၏ ရပိုင်ခွင့်နှင့် တာဝန်တို့ကို အပြီးသတ်အပြည့်အစုံ သတ်မှတ်ရသည်။ ထိုသတ်မှတ်ချက်တို့ကို ခြုံမိ ငုံမိအောင် ဒီကရီအမိန့်တွင် ရေးဆွဲဖော်ပြရသည်။

ဤအမှုများတွင် စီရင်ချက်၌ အမိန့်ပါသည်။ ထိုအမိန့်တွင် အမှုသည်တို့၏ရပိုင်ခွင့်နှင့်တာဝန်တို့ကို ဖော်ပြထားပြီးဖြစ်သည်။ မည်သည့်ဖက်က မည်မျှငွေ၊ တရားစရိတ်ကို ရ၍၊ မည်သည့်ဖက်မှ ထိုငွေ၊ ထိုစရိတ်တို့ကို ပေးရမည်ဟု အတိအကျသတ်မှတ်ထားပြီးဖြစ်သည်။ ထို့ကြောင့် အမိန့်များတွင် ဒီကရီ၏ အဓိကအင်္ဂါရုပ်တို့ ပါဝင်နေပြီဟု ဆိုနိုင်ပါသည်။

ထို့ပြင် ၁၉၅၇ ခုနှစ်၊ ချင်းဝိသေသတိုင်း (ပြင်ဆင်ချက်) အက်ဥပဒေအရ၊ ထည့်သွင်းထားသောပုဒ်မ ၁၅ (၂) တွင် "မြို့နယ်တရားမ တရားသူကြီးက၊ သို့တည်းမဟုတ် နယ်ပိုင်တရားမ တရားသူကြီးချမှတ်သော အမိန့်စီရင်ချက်သည်၊ တရားရုံးများ အက်ဥပဒေအရ၊ မူလစီရင်ပိုင်ခွင့် အာဏာများကိုသုံးစွဲ၍ ချမှတ်သည့် ဒီကရီများနှင့်အမိန့်များဖြစ်သည်ဟု မှတ်ယူရမည်" ဟုပြဋ္ဌာန်းထားသည်။ ထို့ကြောင့်လည်း စီရင်ချက်တွင် အမိန့်အပြည့်အစုံပါရှိက ဒီကရီကဲ့သို့ပင် အကျိုးသက်ရောက်သည်ဟု ဆိုရပေမည်။

တရားဥပဒေ၏ အဓိကရည်ရွယ်ချက်နှင့်လုပ်ရပ်သည် မြို့ရွာနိုင်ငံအေးချမ်းလုံခြုံ၍ စည်းလုံးညီညွတ်စေရန်ဖြစ်သည်။ ထိုသို့ ဖြစ်ထွန်းနိုင်စေရန် တရားဥပဒေများသည် တရားမျှတရသည်။ အများက နားလည်သိကျွမ်း၍ နှလုံးကိန်းဝပ်လက်ခံရသည်။ ဥပဒေနှင့် လုပ်ထုံးဟူသည်မှာလည်း ကာလ ဒေသကိုလိုက်၍ ကိုက်ညီလျော်ကန်စေရသည်။ အခါမရွေး၊ နေရာမရွေး တပြေးတည်း တူညီစေနိုင်သည် မဟုတ်ချေ။ ထို့ကြောင့် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ၏ ဓလေ့ထုံးတမ်းဥပဒေများကို ကျွန်ုပ်တို့သည် နက်နဲလေးစားစွာ လေ့လာ၍ သင့်လျော် ကောင်းမွန်သည်တို့ကို ထိန်းသိမ်းရပေမည်။ ခေတ်နှင့်မလျော်တော့သည်တို့ကို ပညာပေး၍ ပြုပြင်ရပေမည်။ ထိုသို့ပြုလုပ်ရာတွင် ပုံစံကျသည်ကိုကြည့်ခြင်းထက်၊ အနှစ်သာရမိခြင်းက အရေးကြီးသည်။

ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် မဟ္ဂန်ဒူး (၁) နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် နော်ခွန်ဇော်ဘာ (၂) အယူခံမှုများတွင် ဤရုံးက ပြည်နယ်များတွင် တရားစီရင်ခြင်း၊ တိုင်းရင်းသား လူမျိုးများ၏ ဓလေ့ထုံးတမ်းဥပဒေများကို လေ့လာ၍ သင့်တော်သည်တို့ကို လက်ခံကျင့်သုံးခြင်းတို့နှင့်ပတ်သက်၍ မှတ်ချက်များပြုခဲ့ပြီး ဖြစ်ပေသည်။ ရုံးသဘာယအဖြစ်လိုက်ပါ၍၊ ကျွန်ုပ်တို့အား အဘိုးတန်သော အထောက်အကူပြုသည့် ပြည်နယ်များ၊ ဥပဒေအရာရှိ ဦးတင်အုန်းကလည်း · ဥပဒေများကို ပြည်နယ်များသို့ ပံ့နှံအကျိုးသက်ရောက်စေရာတွင်၊ ဒေသအလိုက် သက်ဝင်လှုပ်ရှားလျက်ရှိသည့် ဓလေ့ထုံးတမ်းဥပဒေနှင့် လုပ်ထုံးများကို ကောင်းစွာလေ့လာ၍ ၊ လျော်ကန်သလို ဆောင်ရွက်လျက်ရှိပါသည်ဟု တင်ပြသည်။ ထိုသို့ဆောင်ရွက်ခြင်းသည် သင့်မြတ်လှ၏ဟု ကျွန်ုပ်တို့မှတ်ချက် ပြုလိုသည်။

ဤအမှုများတွင် ဒီကရီရေးဆွဲခြင်းမပြုခဲ့ စေကာမူ၊ အမိန့်တွင် နှစ်ဘက်အမှုသည်တို့၏ ရပိုင်ခွင့် တာဝန်တို့ကို ပြည့်စုံစွာအပြီးအပြတ် သတ်မှတ်ပြီး ဖြစ်သည်။ ၁၉၅၇ ခုနှစ်၊ ချင်းဝိသေသတိုင်း (ပြင်ဆင်ချက်) အက်ဥပဒေပုဒ်မ ၁၅ (၂) အရလည်း

(၁) ၁၉၆၅ ခု၊ ရာဇဝတ်အယူခံမှုအမှတ် ၎။
(၂) ၁၉၆၆ ခု၊ ရာဇဝတ်စောဒကအမှတ် ၅။

၁၉၆၇ မောင်ထန်ခုပ် ပါ ၃ နှင့် ဦးလှန်းထမ်း။

ဒီကရီမြောက်သည်။ ချင်းဝိသေသတိုင်းအတွင်း ကျင့်သုံးခဲ့သော လုပ်ထုံးနှင့်လည်း ညီသည်။ ထိုကြောင့် ပြင်ဆင်ပေးရန် အကြောင်းမရှိ။ ချင်းဝိသေသတိုင်းအတွင်းရှိ တရားရုံးများသည် တရားမမှုများကို စစ်ဆေးစီရင်ရာတွင် စီရင်ချက်ရေးသားပြီးလျှင် နှစ်ဘက်အမှုသည်တို့၏ ရပိုင်ခွင့် တာဝန်တို့ကို ပြည့်စုံစွာ အပြီးအပြတ်သတ်မှတ်သော် အမိန့်ကို ရှင်းလင်းစွာ ရေးသားဘို့လိုကြောင်း။ အမှုသည်တို့ကို တောင်းဆိုပါက ယခင်လုပ်ရိုးလုပ်စဉ်အတိုင်း ဒီကရီကို ရေးဆွဲ၍ ပေးသင့်ကြောင်းကို ကျွန်ုပ်တို့မှတ်ချက် ပြုပြီးနောက်၊ ပြင်ဆင်မှုများကို စရိတ်မရှိ ပလပ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမအထွေထွေမှု

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင် နှင့် တရားသူကြီး ဦးချစ်တို့ရှေ့တွင်

ရန်ဖီးဝှါး ပါ ၅ (လျှောက်ထားသူ)

နှင့်

နယ်ခြားခရိုင်ဝန်၊ ကျိုင်းတုံနယ်ခြားခရိုင်၊ ကျိုင်းတုံမြို့ (လျှောက်ထားခံရသူ)*

† ၁၉၆၇ ဩဂုတ်လ ၁၁ ရက်

အမှုခေါ် စာချုပ်တော်အမိန့်—လူဝင်မှု ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၇ (၁) အရ အမိန့်ချမှတ်ခြင်း—ရာဇဝတ်ရုံးများက ချမှတ်ပြီးသောအမိန့်များကို စာချုပ်တော်များဖြင့် ကြားနာရာ၌ ပြန်လည်ကြည့်ရှုစစ်ဆေးပိုင်ခွင့်ရှိသည်ဟု ကြေနပ်ဖွယ်ရာမတွေ့ရှိခြင်း။

ဆုံးဖြတ်ချက်။ ။စာချုပ်တော် လျှောက်လွှာများကို ကြားနာသောအခါ၌ ရာဇဝတ်ရုံးများက လျှောက်ထားသူဟိုအပေါ် လူဝင်မှု ကြီးကြပ်ရေး အက်ဥပဒေအရ ပြစ်မှုထင်ရှားတွေ့ရှိထားသည့်အမိန့်တို့ကို အယူခံမှုအာဏာ၊ သို့မဟုတ် ပြင်ဆင်မှုအာဏာကိုသုံးစွဲ၍ သုံးသပ်ကြသည် မဟုတ်ပေ။ ထိုရုံးများက ချမှတ်သော အမိန့်သည်မှားယွင်းချွတ်ချော်၍ နေခဲ့လျှင်လျှောက်ထားသူ (တရားခံ) တို့က ဥပဒေကခွင့်ပြုသည့်အတိုင်း အထက်ရုံးများသို့ အယူခံဝင်ရန်၊ သို့မဟုတ်ပြင်ဆင်မှု လျှောက်ထားရန် ဖြစ်သည်။

ရာဇဝတ်ရုံးများကချမှတ်ခဲ့ပြီးသောအမိန့်များကို စာချုပ်တော်များဖြင့်ကြားနာရာ၌ ပြန်လည်ကြည့်ရှု စစ်ဆေးပိုင်ခွင့်ရှိသည်ဟုကြေနပ်ဘွယ်ရာမတွေ့ရ။ ရာဇဝတ်ရုံးများက အာဏာမဲ့ဆုံးဖြတ်ခဲ့ခြင်းဖြစ်လျှင်၊ တရားခံတို့၏အခွင့်အရေးဆိတ်သုဉ်းသွားခြင်း မရှိစေရန်အတွက် ဝင်ရောက်စွက်ဖက်သင့်ကောင်းသင့်မည်။

လျှောက်ထားသူအတွက်။ ။ဦးအေးမောင်။

လျှောက်ထားခံရသူအတွက်။ ။အစိုးရရှေ့နေကြီး ဒေါ်မြသန်းနု။

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်။ ။လျှောက်ထားသူများသည် တရုပ်အမျိုးသားများ ဖြစ်ကြသည်။ ၎င်းတို့သည် မြန်မာနိုင်ငံ အတွင်းသို့ ဝင်ရန် အခွင့်

---

* ၁၉၆၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၅၊ ၆၊ ၇၊ ၈ နှင့် ၃၉။

† ကျိုင်းတုံခရိုင်ဝန်၏ ၁၉၆၅ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့စွဲပါ စာအမှတ် ၁၀၈/ဦး ၁ တွင် လျှောက်ထားသူများအပေါ် ချမှတ်ထားသော အမိန့်ကို ပယ်ဖျက်စေရန်အတွက် အမှုခေါ် စာချုပ်တော် ထုတ်ဆင့်ရန် လျှောက်ထားသော လျှောက်လွှာ။

ရန်ဖီးဝါး ပါ ၅ နှင့် နယ်ခြားခရိုင်ဝန် ကျိုင်းတုံ နယ်ခြားခရိုင်၊ ကျိုင်းတုံမြို့။

ပြုချက်၊ ပါမစ် သို့မဟုတ် ဇီဇာမပါဘဲ မဘာရားခိုးဝင်လာကြသည်ဟူသော စွဲချက်ဖြင့် ၎င်းတို့အား၊ ၁၉၅၈ ခုနှစ်တွင် ကျိုင်းတုံခရိုင်တွင် တရားစွဲတင်ပို့ခဲ့သည်။ ရုံးတွင်းယခု သျှောက်ထားသူ (တရားခံ)တို့က ၎င်းတို့သည် ၁၉၄၆ ခုနှစ်က၊ မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်ကာ၊အခြေစိုက်ထူနေထိုင်ခဲ့ကြခြင်း ဖြစ်ပါသည်၊ ထို့ကြောင့် ၁၉၄၇ ခုနှစ်တွင် ပြဋ္ဌာန်း အတည်ပြုသော လူဝင်မှု ကြီးကြပ်ရေး အက်ဥပဒေကို မည်သို့မျှ ချိုးဖောက်ခြင်း မပြုနိုင်ပါဟု အခြေခံခဲ့သည်။ အမှုများကို စစ်ဆေးသော ရုံးများက တရားခံတို့ တင်ပြသော သက်သေ အာဆာက်အထားကို သုံးသပ်ပြီးလျှင်၊ ၎င်းတို့ထုချေသည့်အတိုင်း၊ ၁၉၄၆ ခုနှစ်က နိုင်ငံအတွင်းသို့ ဝင်လာသည်ဆိုသည့် အချက်သည် အထောက်အထား မခိုင်လုံ၊ တရားခံတို့သည် နိုင်ငံခြားသား မှတ်ပုံတင် လက်မှတ်များကို ၁၉၅၅ ခုနှစ်တွင်မှ ထုတ်ယူကြသည်။ ထိုအချက်သည်လည်း ၎င်းတို့သည် ၁၉၅၀ ခုနှစ်ကျော်မှ နိုင်ငံတွင်းသို့ ခိုးဝင်လာကြသည် ဆိုသည့် စွပ်စွဲချက်ကို ထောက်ခံနေသည်ဟု တွေ့ရှိခဲ့သည်။ တရားခံတို့အပေါ် လူဝင်မှု ကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ ၃(၁) နှင့် ၁၃ (၁) တို့အရ စွဲချက်တင်သောအခါ၊ တရားခံတို့သည် အသီးသီး အပြစ်ရှိကြောင်း ဝန်ခံခဲ့ကြသည်။ ထို့ကြောင့် ၎င်းတို့အပေါ် ပြစ်မှုထင်ရှားတွေ့ရှိကာ ငွေဒဏ်အသီးသီး ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

ထိုသို့ပြစ်မှု ထင်ရှားတွေ့ရှိပြီးသည်ကို အခြေခံ၍၊ ကျိုင်းတုံ နယ်ခြားခရိုင်၊ နယ်ခြားဝန်က သျှောက်ထားသူ တဦးစီအပေါ် လူဝင်မှုကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၇(၁) ပါအာဏာကို သုံးစွဲ၍၊ မြန်မာပြည်မှ ထွက်ခွါစေရန် အမိန့် ချမှတ်ခဲ့သည်။ ယင်းအမိန့်များသည် ဥပဒေနှင့် ဆန့်ကျင်နေပါသည်။ ထို့ကြောင့် စာချုပ်တော် ထုတ်ဆင့်၍ ပယ်ဖျက်ပေးသင့်ပါသည်ဟု သျှောက်ထားသူတို့က၊ ဤရုံးသို့ လာရောက် သျှောက်ထားကြခြင်း ဖြစ်သည်။

အမှုများတွင် အရေးကြီးသော် အကြောင်းခြင်းရာများ ဆင်တူသည်။ ပေါ်ပေါက်သော ဥပဒေ ပြဿနာများသည်လည်း တူညီသဖြင့်၊ သျှောက်ထားသူများ၏ ရှေ့နေကြီး ဦးအေးမောင်နှင့် အစိုးရရှေ့နေကြီး ဒေါ်မြသန်းနုတို့ကို သျှောက်ထားသူများအပေါ် တပေါင်းတည်း ကြားနာခဲ့သည်။ ဤအမိန့် တရပ်တည်းနှင့် အမှုများကိုဆုံးဖြတ်သည်။

ဦးအေးမောင်က တင်ပြသည်မှာ သျှောက်ထားသူတို့ကို ရာဇဝတ်ရုံးများတွင် ၎င်းတို့သည် ၁၉၄၆ ခုနှစ် တဝိုက်က မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်ခဲ့ပါသည်ဆိုခြင်းသည် မဟုတ်မမှန်ကြောင်း။ ဆန့်ကျင်ဘက် သက်သေများမရှိပါ။ ရုံးများကငှင်းတို့သည် ၁၉၄၆ ခုနှစ်ကသာ ဝင်ခဲ့ပါသည်ဆိုလျှင်၊ နိုင်ငံခြားသား မှတ်ပုံတင် လက်မှတ်ကို နိုင်ငံတွင်းသို့ ဝင်ရောက်ပြီး မကြာမြင့်မီ ထုတ်ယူမည်ဖြစ်သည်။ ထိုသို့ ထုတ်ယူခဲ့ခြင်း

မရှိသောကြောင့်၊ ၁၉၄၆ ခုနှစ်က ဝင်ရောက်ခဲ့သည် ဆိုသည့် အချက် မမှန်နိုင်ဟု ယူဆခဲ့ခြင်းသည်၊ တကယ့် ဖြစ်ရပ်နှင့် ကိုက်ညီနေပါသည်။ အမှန်အားဖြင့် ကျိုင်းတုံ နယ်ခြားဒေသဘင်၊ နိုင်ငံခြားသားများအား၊ မှတ်ပုံတင် လက်မှတ် ထုတ်ပေးခြင်း၊ အမျိုးသားများအား မှတ်ပုံတင် လက်မှတ် ထုတ်ပေးခြင်းတို့ကို၊ ၁၉၅၃ ခုနှစ် ကျော်မှ စတင် လုပ်ရပါသည်။ထိုသို့ မှတ်ပုံတင် ပြုလုပ်ရာတွင်လည်း တချိန်တည်းနှင့် နိုင်ငံခြားသားများ၊ ပြည်ထောင်စုသားများအား မှတ်ပုံ တင်နိုင်သည် မဟုတ်ပါ၊ အချိန်ယူ၍ မှတ်ပုံတင်ခဲ့ ရပါသည်။ ထို့ကြောင့် ၁၉၅၆ ခုနှစ်တွင်မှ လျောက်ထား သူတို့က နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ် ထုတ်ယူခဲ့ခြင်းသည်၊ ၎င်းတို့ မြို့ဆိုသည့်အတိုင်း ၁၉၄၆ ခုနှစ်က ၎င်းတို့ နိုင်ငံတွင်းသို့ ဝင်ရောက်ခဲ့သည် ဆိုသည့်အချက်ကို ဆန့်ကျင်ဘက်မပြုပါ၊ သဘာဝယုတ္တိနှင့်ပင် ကိုက်ညီပါသည်ဟု တင်ပြပါသည်။

ကျွန်ုပ်တို့သည် [စာချွန်တော် လျောက်လွှာများကို ကြားနာသောအခါ၊ ရာဇဝတ်ရုံးများက လျောက်ထားသူတို့ အပေါ်၊ လူဝင်မှု ကြီးကြပ်ရေး အက်ဥပဒေအရ ပြစ်မှု ထင်ရှား တွေ့ရှိထားသည့် အမိန့်တို့ကို အယူခံမှုအာဏာ၊ သို့မဟုတ် ပြင်ဆင်မှု အာဏာကိုသုံးစွဲ၍ သုံးသပ်ကြသည် မဟုတ်ပေ။ ထိုရုံးများက ချမှတ်သော အမိန့်သည် မှားယွင်း ချွတ်ချော်၍ နေခဲ့လျှင်၊ လျောက်ထားသူ (တရားခံ) တို့က ဥပဒေ ကခွင့်ပြုသည့်အတိုင်း၊ အထက်ရုံးများသို့ အယူခံ ဝင်ရန်၊ သို့မဟုတ် ပြင်ဆင်မှု လျောက်ထားရန်ဖြစ်သည်။] ရာဇဝတ်ရုံးများက ၁၉၅၈ ခုနှစ်တွင် အမှုများကို စစ်ဆေး ကြားနာ ဆုံးဖြတ်ခဲ့ပြီးနောက်၊ လျောက်ထား သူတို့က ထိုကဲ့သို့ဆောင်ရွက်ခြင်း မပြုခဲ့ပေ။ ၎င်းတို့သည် အပြစ်ရှိကြောင်း ဝန်ခံခဲ့ကြပြီး၊ ထိုဝန်ခံချက်တို့နှင့် သက်သေ အထောက်အထားတို့ကို ခြုံ၍ စဉ်းစားပြီးနောက်၊ ၎င်းတို့အပေါ် ပြစ်မှုထင်ရှား တွေ့ရှိခဲ့ခြင်းဖြစ်၏။ ထိုရုံးများ၏ အမိန့်သည် တရားဝင်တည်နေသည်၊ ထိုအမိန့်များ အပေါ် မူဘည်၍၊ နယ်ခြားဝန်က လူဝင်မှု ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၇ (၁) က နှင်းအပ်သော အာဏာကို သုံးစွဲ၍၊ လျောက်ထားသူတို့အား မြန်မာနိုင်ငံမှ ထွက်ခွါ သွားစေရန် အမိန့်ချမှတ်ခဲ့ခြင်းဖြစ်၏။

စာချွန်တော် လျောက်လွှာ ကြားနာရာတွင်၊ ၁၉၄၈ ခုနှစ်က ရာဇဝတ်ရုံးများက ချမှတ်ထားသော အမိန့်များ မှန် မမှန်၊ ကျွန်ုပ်တို့က သုံးသပ်နိုင်သလားဟု ရှေ့နေကြီး ဦးအေးမောင်အား ကျွန်ုပ်တို့မေးမြန်းခဲ့သည်။ ထိုအချက်ပေါ်တွင် ဥပဒေ လေ့လာ၍ တင်ပြသုံပါသည် ဆိုကာ၊ ဦးအေးမောင်က အချိန်တောင်းသဖြင့် တဘက်မှ အစိုးရ ရှေ့နေ၏ သဘောဘူညီချက်ဖြင့်၊ ကျွန်ုပ်တို့သည် သင့်မြတ်သောအချိန်ကို ပေးခဲ့သည်။

ထပ်မံ၍ ကြားနာသော အခါ ကျွန်ုပ်တို့သည် (ရာဇဝတ်ရုံးများက ချမှတ်ခဲ့ပြီးသော အမိန့်များကို၊ ဤစာချွန်တော်များဖြင့် ကြားနာရာ၌ ပြန်လည်ကြည့်ရှု

၁၉၆၇ နဖီးဝှါး ပါ ၅ နှင့် နယ်ခြားခရိုင် ဝန်၊ ကျိုင်းတုံ နယ်ခြားခရိုင်၊ ကျိုင်းတုံမြို့။

စစ်ဆေးပိုင်ခွင့် ရှိသည်ဟု ကြေနပ်ဘွယ်ရာမတွေ့ရချေ။ ရာဇဝတ်ရုံးများက အာဏာမဲ့ဆုံးဖြတ်ခဲ့ခြင်း ဖြစ်လျှင်၊ တရားခံတို့၏ အခွင့်အရေး ဆိတ်သုဉ်းသွားခြင်း မရှိစေရန် အဘက်၊ ကျွန်ုပ်တို့က ဝင်ရောက် စွက်ဖက်သင့်ကောင်း သင့်မည်)။ သို့ရာတွင် ဤစာချုပ်တော်လျှောက်လွှာနှင့် ပတ်သက်သော အမှုများတွင်၊ ရာဇဝတ်ရုံးများသည် အာဏာမဲ့စစ်ဆေး ဆုံးဖြတ်ခဲ့သည်ကို မတွေ့ရ၊ လျှောက်ထားသူတို့ တင်ပြခဲ့သော အချက်အလက်များကို လက်မခံခဲ့ခြင်းသာ ဖြစ်သည်။ ထိုလျှောက်ထားသူတို့ ကိုယ်တိုင် ကသည်း စံချက်ကိုဝန်ခံခဲ့ပြီး ဖြစ်ကြသည်။

အစိုးရ ရွှေနေကြီးက ရာဇဝတ်ရုံးများ၏ စီရင်ချက် အမိန့်တို့ကို လျှောက်ထားသူတို့က ယခုအချိန်မှ ဤရုံးသို့ လာရောက်၍ အယူခံဝင်နေခြင်း၊ ပြင်ဆင်မှု လျှောက်ထားနေခြင်း မဟုတ်ပါ။ တရားမဝင်ဟု ဆိုသည်မှာ၊ နယ်ခြားဝန်၏ မြန်မာနိုင်ငံမှ ထွက်ခွါသွားရန် ချမှတ်သော အမိန့်များ ဖြစ်ပါသည်။ ထိုအမိန့်များသည် အတည် ဖြစ်နေသော ရာဇဝတ်ရုံးများက ချမှတ်ထားသော ပြစ်မှု ထင်ရှားစီရင်ဘည့် အမိန့်များပေါ်တွင် အခြေခံသည် မှန်ပါသည်။သို့ရာတွင် သုံးစွဲသည့် အာဏာမှာ လူဝင်မှု ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၇ (၁)က အပ်နှင်းသော အာဏာ ဖြစ်ပါသည်။ ထိုအာဏာကို နယ်ခြားဝန်က မှန်ကန်စွာ သုံးစွဲ ထားပါသည်။ ထို့ကြောင့် စာချုပ်တော် အမိန့် ထုတ်ပေးရန် အကြောင်း မရှိပါဟု တင်ပြသည်။

ကျွန်ုပ်တို့သည် အစိုးရရွှေနေကြီး တင်ပြသော အမှုတွဲများကို ကြည့်ရှုသောအခါ လျှောက်ထားသူတို့အား ခုခံထုချေရန် အခွင့်အရေးနှင့် အချိန်အလုံအလောက် ပေးခဲ့သည်ကို တွေ့ရှိရသည်။ နယ်ခြားဝန်က မြန်မာနိုင်ငံမှ ထွက်ခွါသွားကြရန် အမိန့် ချမှတ်ခြင်း မပြုမီ၊ ကောင်းစွာ အချက်အလက်များကို သုံးသပ်ခဲ့သည်။လျှောက်ထားသူတို့အား အချိန်ပေးခြင်း၊ ထုချေစေခြင်း ပြုခဲ့သည်။ ထို့ကြောင့် ၁၉၅၈ ခုနှစ်တွင် ချမှတ်ခဲ့သော ရာဇဝတ်ပြစ်မှု ထင်ရှားတွေ့ရှိသည့် အမိန့်များကို အခြေခံ သော်လည်း၊ မြန်မာနိုင်ငံမှ ထွက်ခွါသွားစေရန် ချမှတ်ထားသော အမိန့်များကို၊ နယ်ခြား ဝန်က ၁၉၆၅ ခုနှစ်တွင်မှချမှတ်ခဲ့သည်၊ ထိုအမိန့်များမှလျှောက်ထားသူတို့သည် သက်ဆိုင်ရာ တို့သို့ အယူခံဝင်ခွင့် ရရှိခဲ့ကြသေးသည်။

ကျိုင်းတုံနယ်ခြားခရိုင်၊ နယ်ခြားဝန်သည် လျှောက်ထားသူတို့အား မြန်မာနိုင်ငံမှ ထွက်ခွါသွားကြစေရန် အမိန့်ချမှတ်ခဲ့ခြင်းသည် လူဝင်မှုကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၇ (၁)က နှင်းအပ်သောအာဏာများနှင့် အကိုက်အညီဖြစ်သည်။ ထိုအာဏာကို သုံးစွဲရာ၌လည်း မှန်ကန်၍ တရားမျှတခဲ့သည်ဟု ကျွန်ုပ်တို့ တွေ့ရှိသည်။ ထို့ကြောင့် နယ်ခြားဝန်၏ အမိန့်များကို စာချုပ်တော်ထုတ်၍ ပယ်ဖျက်ရန်အကြောင်း မရှိ၊ လျှောက်လွှာများကိုပလပ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမ အထွေထွေလျှောက်လွှာ

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်နှင့် တရားသူကြီး ဦးချစ်တို့ရှေ့တွင်

ဦးကျော်ဇင် (လျှောက်ထားသူ)

နှင့်

ဒေါ်အုံးမွေး ပါ ၆ (လျှောက်ထားခံရသူ)*

† ၁၉၆၇ ဇူလိုင်လ ၂၈ ရက်။

အမှုခေါ် စာချွန်တော်—မြို့ပိုင်၊ ခရိုင်ဝန်၊ တိုင်းမင်းကြီးနှင့် ဘဏ္ဍာရေးဌာန အတွင်းဝန်တို့၏ မြေတိုင်းတာခြင်းကိစ္စနှင့် ပတ်သက်သော ဆောင်ရွက်ချက်—အုပ်ချုပ်ရေးသဘော အရ ဆောင်ရွက်သွားခြင်းဖြစ် မဖြစ်—အမှုခေါ် စာချွန်တော်အမိန့်ဖြင့်ပယ်ဖျက်နိုင် မဖျက်နိုင်—အတွင်းဝန်သည် ဘဏ္ဍာရေးမင်းကြီး အနေဖြင့် ဆောင်ရွက်၍ အမိန့်ချမှတ်ရန်အာဏာရှိ မရှိ။

ဆုံးဖြတ်ချက်။ ။မြို့ပိုင်၊ ခရိုင်ဝန်၊ တိုင်းမင်းကြီးနှင့် ဘဏ္ဍာရေးဌာန အတွင်းဝန်တို့သည် အချင်းဖြစ်မြေ တိုင်းတာခြင်းကိစ္စနှင့် ပတ်သက်သော ဆောင်ရွက်ချက်မှာ အုပ်ချုပ်ရေး သဘော အရသာလျှင် ဆောင်ရွက်သွားကြောင်း ဖြစ်ပေသည်။ ယင်းအုပ်ချုပ်ရေး သဘောအရ ဆောင်ရွက်၍ ချမှတ်သော အမိန့်မျှားကို အမှုခေါ် စာချွန်တော် အမိန့်ဖြင့် ပယ်ဖျက်ပေးရန် အကြောင်းမရှိပေ။

အုပ်ချုပ်ရေးနှင့် ပတ်သက်သော လုပ်ငန်းအနေဖြင့်လည်း သက်ဆိုင်ရာ အာဏာပိုင်တို့ ချမှတ်ထားသော အမိန့်မှာ ၎င်းတို့အာဏာစက်အတွင်းတွင် ဆောင်ရွက်ထားခြင်းဖြစ်၍ ၎င်းတို့၏ အမိန့်မျှားသည် ကြည့်လိုက်ရုံမျှဖြင့် ချွတ်ချော်မှားယွင်းနေသည့် အမိန့်မျိုး မဟုတ်ပေ။

ဘဏ္ဍာရေးဌာန အတွင်းဝန်သည် ၁၉၆၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့မှစ၍ ၁၈၆၇ ခုနှစ်၊ (အောက်မြန်မာပြည်) မြေနှင့်အခွန်အက်ဥပဒေပုဒ်မ ၃ (ခ) နှင့် ပတ်သက်၍ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည် ယင်းအက်ဥပဒေနှင့် ယင်းအက်ဥပဒေအရ ပြုလုပ်ထားသော နည်းဥပဒေများအရ ဘဏ္ဍာတော်မင်းကြီး၏ အခွင့်အာဏာများကို သုံးစွဲရန် ခန့်ထားပြီးဖြစ်၍ အတွင်းဝန် ချမှတ်သော အမိန့်မှာလည်း ၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ကဖြစ်သောကြောင့် ၎င်းတွင်အမိန့်ချမှတ်ရန် အာဏာရှိပေသည်။

လျှောက်ထားသူအတွက်။ ။ဦးလှဖေ (၂)။

လျှောက်ထားခံရသူ (၁) အတွက်။ ။ဦးဘိုးသာ။

လျှောက်ထားခံရသူ (၂—၅) အတွက်။ ။အစိုးရရှေ့နေကြီး ဒေါ်မြသန်းနု။

---

* ၁၉၆၆ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာအမှတ် ၈၃။

† အမှုခေါ် စာချွန်တော်အမိန့် ထုတ်ဆင့်ပေးရန် လျှောက်ထားသောလျှောက်လွှာ။

ခရွိက် ဦးကျော်ငင်နှင့် ဒေါ်အုံးမွေး ပါ ၆။

တရားသူကြီး ဦးချစ်။ ။လျှောက်ထားသူ ဦးကျောင်းက ဘဏ္ဍာရေးနှင့် အခွန်တော်ဌာန၏ ၁၉၆၆ ခု၊ အောက်တိုဘာလ ၁ ရက်နေ့စွဲပါအမိန့်၊ တနင်္သာရီ တိုင်းမင်းကြီး၏ ၁၉၆၆ ခု၊ ဇန်နဝါရီလ ၇ ရက်နေ့စွဲပါ အမိန့်နှင့် မော်လမြိုင် ခရိုင်ဝန်၏ ၁၉၆၆ ခု၊ ဧပြီလ ၁၁ ရက်နေ့စွဲပါ အမိန့်များတို့ကို၊ အမှုခေါ်စာချုန်တော်ဖြင့် ဆင့်ဆို၍ အတည်မပြုဘဲ ပယ်ဖျက်ပေးပါရန် လျှောက်ထားလေသည်။

လျှောက်ထားသူမြေနှင့် လျှောက်ထားခံရသူ အမှတ် (၁) ဒေါ်အုံးမွေးတို့၏ မြေမှာ ကန်သင်းတင်ဖြစ်ကြသည်။ လျှောက်ထားသူက ၎င်းမြေပေါ်တွင် နှစ်ပေါင်း ၅၀ ကျော် အဆက်မပြတ် လက်ရှိလုပ်ကိုင်၍ အခွန်တော်ကို ထမ်းဆောင်ခဲ့သဖြင့် မြေခွန်တော် ဥပဒေပုဒ်မ (၇)နှင့် (၈)အရ၊ မြေပိုင်အခြေရပြီး ဖြစ်သည်ဟု အဆိုရှိသည်။ လျှောက်ထားသူနှင့် လျှောက်ထားခံရသူ အမှတ် (၁) တို့သည်၊ ကန်သင်းတင် နယ်နိမိတ်နှင့် ပတ်သက်၍၊ အချင်းများကြရာ ချောင်းဆို့မြို့ပိုင်က နယ်နိမိတ် ကန့်သတ်ပေးလိုက်လေသည်။ ထိုကဲ့သို့ ကန့်သတ်ပေးရာတွင်၊ လျှောက်ထားသူ၏ မြေအချို့တို့မှာ ဒေါ်အုံးမွေး၏ မြေထဲတွင် ပါသွားသောကြောင့်၊ လျှောက်ထားသူသည် မကျေနပ်သဖြင့်၊ မော်လမြိုင်ခရိုင်ဝန်ထံတွင် အယူခံဝင်ခဲ့ရာ၊ ခရိုင်ဝန်က လယ်ဝန်ကိုခေါ်ယူပြီး၊ အချင်းဖြစ်မြေကွက်နှင်း၍ လယ်ဝန်ကိုမြေတိုင်းစေရာ၊ လယ်ဝန်၏ တိုင်းတာချက်အရ၊ လျှောက်ထားသူ၏မြေထဲသို့ မျှားစွာ ရောက်ရှိနေလေသည်၊ သက်သေခံမြေပုံ (ဘီ မှ ဘီ-၁) အထိ၊ ကန့်သတ်ထားသော နယ်နိမိတ်မှာ လယ်ဝန်၏ တိုင်းတာချက်အရ၊ ခရိုင်ဝန်က ကန့်သတ်ပေးလိုက်ခြင်းဖြစ်သည်။ ထိုအမိန့်ကို လျှောက်ထားသူက မကျေနပ်ပြန်သဖြင့်၊ တနင်္သာရီ တိုင်းမင်းကြီးထံ၌ အယူခံ ဝင်လာခဲ့ပြန်ရာ၊ အောင်မြင်မှု မရရှိခဲ့ပေ။ ထို့ကြောင့်တဖန် ဘဏ္ဍာတော်မင်းကြီး (ကျေးလက်နှင့် ကျေးရွာစည်ပင်သာယာရေး)ထံ ပြင်ဆင်မှုတင်သွင်းရာ၊ ဘဏ္ဍာတော်မင်းကြီး၏အလုပ်ကို ဆောင်ရွက်ရသော ဘဏ္ဍာရေးနှင့် အခွန်တော်ဌာန အတွင်းဝန်က၊ ခရိုင်ဝန်နှင့် တိုင်းမင်းကြီးတို့ချမှတ်သော အမိန့်များကို ဝင်ရောက်စွက်ဖက်ရန် အကြောင်းမမြင်သောကြောင့်၊ ၎င်းအမိန့်များကို ပြင်ဆင်ပေးရန် မလိုဟု ယူဆကာ၊ ပြင်ဆင်မှုကို ပလပ်လိုက်လေသည်။

ထို့ကြောင့် လျှောက်ထားသူသည် ဤရုံးသို့လာရောက်၍၊ အမှုခေါ် စာချုန်တော် အမိန့် ဘောင်းခံခြင်းဖြစ်သည်။

လျှောက်ထားသူ၏ ရှေ့နေကြီး ဦးလှဖေ (၂)က၊ အချင်းဖြစ်မြေကို မူလက မြို့ပိုင်တိုင်းဘာစဉ်အခါ၊ လျှောက်ထားသူ၏ မြေထဲသို့ ဒေါ်အုံးမွေး၏မြေ ဝင်ရောက်သွားပါသည်။ ယင်းတိုင်းတာချက်ကို မကျေနပ်သဖြင့် ခရိုင်ဝန်ထံ အယူခံရာ၊ ခရိုင်ဝန်၏ တွေ့ရှိချက်အရ၊ လျှောက်ထားသူ၏ မြေထဲသို့ ပိုမိုပြီး ကျုံဝင်လာပါသည်၊ တိုင်းမင်းကြီး

ကာလည်း ခရိုင်စန်၏ တိုင်းတာချက်ကို အတည်ပြုသောအခါ ဘဏ္ဍာရေး မင်းကြီးထံ ပြင်ဆင်မှု တင်သွင်းရာ၌၊ ဘဏ္ဍာရေးမင်းကြီး၏ လုပ်ငန်းကို အတွင်းဝန်က လက်ခံပြီး ဆောင်ရွက်ရာဘွင်၊ လျှောက်လဲချက်ပေးရန် အခွင့်တောင်းသော်လည်း လျှောက်လဲချက် ပေးခွင့် မပြုဘဲ မျက်ကွယ်တွင် အမိန့်ချမှတ်လိုက်ပါသည်။ ၎င်းပြင် အတွင်းဝန်သည် ဘဏ္ဍာရေးမင်းကြီး၏ လုပ်ငန်းကို အာဏာမရှိဘဲ ဝင်ရောက် ဆောင်ရွက်ခြင်းမှာ၊ အမှုများကို စီရင်ပိုင်ခွင့် မရှိသဖြင့်၊ ၎င်းချမှတ်သော အမိန့်မှာ ပျက်ပြယ်ပါသော ကြောင့် လျှောက်ထားသူသည် အချင်းဖြစ် မြေပေါ်တွင် နှစ်ပေါင်း ၅၀ ကျော်နေထိုင် ခဲ့ပြီး၊ အခွန်တော်များကို မှန်မှန် ပေးခဲ့သူ ဖြစ်သဖြင့် ၎င်းသည် မြေပိုင်ရှင် တဦးသာ ဖြစ်ပါသောကြောင့် ထိုမြေများမှ ဖဲ့ယူပြီး၊ လျှောက်ထားခံရသူ အမှတ် (၁) အာကျိုးအာဒွင့်ရရှိရန်အတွက် မြေများတိုင်း၍ အမိန့်ချမှတ်ခြင်းမှာ အာဏာမရှိဘဲ ဥပဒေ ကို ဖွန်ဆန်စွာ ဆောင်ရွက်ခြင်းကြောင့်၊ ၎င်းတို့၏ ချမှတ်သော အမိန့်များနှင့်တကွ၊ အမှုဘွဲ့များကိုပါ အမှုခေါ် စာချုန်တော် အမိန့်ဖြင့် ပယ်ဖျက်ပေးသင့်ပါသည်ဟု တင်ပြသွားလေသည်။

လျှောက်ထားခံရသူ အမှတ် (၁) ၏ ရှေ့နေကြီး ဦးဘိုးသာက၊ သက်ဆိုင်ရာ အာဏာပိုင် အဆင့်ဆင့်တို့သည်၊ အချင်းဖြစ်မြေကိုတိုင်းတာ၍ ပေးခြင်းမှာ တရား စီရင်ရေး၊ သို့မဟုတ် တရားစီရင်ရေး တဝက်တပျက်ပါသော စီရင်မှုမျိုး မဟုတ်ပါ၊ အုပ်ချုပ်ခရေးနှင့် ပတ်သက်သော လုပ်ငန်းများကိုသာလျှင် ဆောင်ရွက်သောကြောင့်၊ ၎င်းဘို့၏ ပြုမူချက်များကို အမှုခေါ် စာချုန်တော် အမိန့်ဖြင့် ပယ်ဖျက်နိုင်စွမ်း မရှိပါ၊ ဤကဲ့သို့ မြေနယ်နိမိတ် ကန့်သတ်ပေးခြင်းကို လျှောက်ထားသူက မကျေနပ်လျှင်၊ တရားမနှုံးသို့သွား၍ အရေးဆိုနိုင်သော အခွင့်အရေး ရှိပါသည်၊ လျှောက်ထားသူတွင် ဤကဲ့သို့ အခြားသက်သာရာရစေရန် အခွင့်အရေး ရှိသဖြင့် အမှုခေါ် စာချုန်တော် အမိန့်ကို ဥပဒေအရ လျှောက်ထားနိုင်ခွင့် မရှိပါ၊ ထို့ပြင် သက်ဆိုင်ရာ အာဏာပိုင်တို့ သည်၊ မိမိတို့၏ အာဏာစက်အတွင်း ကျရောက်သော ကိစ္စများကို ဆောင်ရွက်သင့် အပြင်၊ ၎င်းတို့၏ချမှတ်သော အမိန့်မှာလည်း၊ ကြည့်လိုက်ရုံမျှနှင့် ချွတ်ချော်မှားယွင်း နေသည့် အမိန့်မျိုး မဟုတ်ပါ၊ ထို့ကြောင့် လျှောက်ထားသူ၏ လျှောက်လွှာကို ပယ်သင့်ပါသည်ဟု တင်ပြသွားလေသည်။

လျှောက်ထားခံရသူ အမှတ် (၂)၊ (၃)၊ (၄)၊ (၅) အတွက် လိုက်ပါဆောင်ရွက် သော အုံးရရွှေနေကြီး ဒေါ်မြသန်းနု၊ လျှောက်ထားခံရသူ အမှတ် (၁)၏ ရှေ့နကြား တင်ပြချက်များကို ထောက်ခံသွားပြီးလျှင် [ဘဏ္ဍာရေးဌာန အတွင်းဝန် သည်၊ ၁၉၆၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့မှစ၍၊ ၁၈၆၇ ခုနှစ်၊ (အောက်မြန်မာ ပြည်) မြေနှင့်အခွန် အက်ဥပဒေပုဒ်မ ၃ (ခ)နှင့် ပတ်သက်၍၊ ပြည်ထောင်စု မြန်မာ

၁၉၆၇ → ဦးကျော်ဇင်နှင့် ဒေါ်အုံးမွေးပါ ၆။

နိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ ယင်းအကဉပဒေနှင့် ယင်းအကဉပဒေအရ ပြုလုပ်ထားသော နည်းဥပဒေများအရ၊ ဘဏ္ဍာတော် မင်းကြီး၏ အခွင့်အာဏာများကို သုံးစွဲရန် ခန့်အပ်ထားပြီး ဖြစ်ပါသည်]။ [၁၉၆၇ ခုနှစ်၊ ဧပြီလ ၁၅ ရက်နေ့ထုတ် မြန်မာနိုင်ငံပြန်တမ်း အပိုင်း (၁)၊ စာမျက်နှာ ၂၅၀၊ အမှတ် ၁၂၉ ကိုညွှန်ပြသွားလေသည်]။

ကျွန်ုပ်တို့သည် ဤအမှုကို အသေးစိတ် စိစစ်သုံးသပ်ရာတွင်၊ တွေ့ရှိသော အချက်မှာ၊ ရွှေနေကြီး ဦးဘိုးသာ တင်ပြသွားသကဲ့သို့ မြို့ပိုင်၊ ခရိုင်ဝန်၊ တိုင်းမင်းကြီးနှင့် ဘဏ္ဍာရေးဌာန အတွင်းဝန်တို့သည် အချင်းဖြစ်မြေ တိုင်းတာခြင်းကိစ္စနှင့် ပတ်သက်သော ဆောင်ရွက်ချက်မှာ အုပ်ချုပ်ရေး သဘောအရသာလျှင် ဆောင်ရွက်သွားကြောင်း ဖြစ်ပေသည်၊ ယင်းအုပ်ချုပ်ရေး သဘောအရ ဆောင်ရွက်၍ ချမှတ်သော အမိန့်များကို အမှုခေါ် စာချုပ်တော် အမိန့်ဖြင့် ပယ်ဖျက်ပေးရန် အကြောင်းမရှိပေ။ အမှုခေါ် စာချုပ်တော်အမိန့်ဖြင့် ပယ်ဖျက်နိုင်ရန်၊ မည်သည့် အမှုမျိုးသာဖြစ်၍ မည်သည့်အမှုမျိုးကို မဖြစ်နိုင်သည်နှင့် ပတ်သက်၍၊ လွန်ခဲ့သော တရားလွှတ်တော်ချုပ်က စီရင်ထုံး အများအပြား ဖွဲ့ထားသည်ကို တွေ့ရှိရသည်၊ ယခုကိစ္စမှာ မြေတိုင်းသော ကိစ္စဖြစ်သည်၊ ထိုသို့မြေတိုင်းသော ကိစ္စကို လျှောက်ထားသူက မကျေနပ်သဖြင့် အဆင့်ဆင့်တက်၍ အယူခံပြီး၊ နောက်ဆုံးပြင်ဆင်မှု ဖွင့်လှစ်ခြင်း ဖြစ်သည်၊ ယင်းကဲ့သို့ မြေတိုင်းသော ကိစ္စမှာ တရားစီရင်သော ကိစ္စမဟုတ်၊ တရားစီရင်သော သဘောသက်ရောက်သော ကိစ္စမျိုးလည်းမဟုတ်၊ အုပ်ချုပ်ရေးနှင့် ပတ်သက်သော ကိစ္စသာဖြစ်သဖြင့် ဤလျှောက်လွှာကို လက်ခံနိုင်ရန် အကြောင်း မရှိပေ။ အုပ်ချုပ်ရေးနှင့် ပတ်သက်သော လုပ်ငန်း အနေဖြင့်လည်း၊ သက်ဆိုင်ရာ အာဏာပိုင်တို့ ချမှတ်ထားသော အမိန့်မှာ ၎င်းတို့ အာဏာစက်အတွင်းတွင် ဆောင်ရွက်ထားခြင်း ဖြစ်၍ ၎င်းတို့၏ အမိန့်များသည် ကြည့်လိုက်ရုံမျှဖြင့် ချွတ်ချော် မှားယွင်းနေသည့် အမိန့်မျိုး မဟုတ်ပေ။ ထို့ပြင် အစိုးရရွှေနေကြီး ညွှန်ပြသွားသည့် ပြန်တမ်းအရ၊ ဘဏ္ဍာရေးနှင့် အခွန်တော်ဌာန အတွင်းဝန်သည်၊ ၁၉၆၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့မှစ၍ ယခုအချင်းဖြစ်ကိစ္စနှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးမင်းကြီး၏ လုပ်ငန်းများကို ဆောင်ရွက်နိုင်ခွင့် ရှိ သဖြင့် အတွင်းဝန် ချမှတ်သော အမိန့်မှာလည်း၊ ၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ၃၁ ရက်နေ့က ဖြစ်သောကြောင့်၊ အတွင်းဝန်သည် ဘဏ္ဍာရေးမင်းကြီး အနေဖြင့် ဆောင်ရွက်၍ အမိန့်ချမှတ်၊ ခြင်းမှာ ၎င်းတွင် အာဏာရှိပေသည်၊ ထို့ကြောင့် ရွှေနေကြီး ဦးလှဖေ (၂) တင်ပြချက်ကို၊ ကျွန်ုပ်တို့ လက်မခံနိုင်ပေ၊ ထို့ပြင် လျှောက်ထားသူသည်၊ ယခုရည်ညွှန်းသော အမိန့်များကို မကျေနပ်ပါက၊ ၎င်း၌အခြားသော သက်သာရေးရရှိရန် အခွင့်အရေး ရှိပေသည်၊ ၎င်းသည် တရားမဝင်သို့ သွားရောက်၍ အဝေးဆို

နိုင်ပေသည်၊ ယင်းကဲသို့ အခြားသက်သာခွင့် မရရှိနိုင်ရန်ရှိသော အမှုကိစ္စနှင့် ပတ်သက်၍၊ အမှုခေါ် စာချုပ်တော်အမိန့် ထုတ်မပေးနိုင်ကြောင်း လွှန်ခဲ့သော တရားလွှတ်တော် ချုပ်၏ စီရင်ထုံး အများအပြားတွင် တွေ့ရှိရပေသည်။

၁၉၆၇ ဦးကျော်ဇင် နှင့် ဒေါ်အုံးမွေး ပါ ၆။

အထက်ဖေါ်ပြပါ အကြောင်းများကြောင့်၊ ဤလျှောက်လွှာကို စရိတ်မရှိ ပလပ် လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမပဋမအယူခံမှု

တရားသူကြီး ဦးစိန်သင်း ရွှေတွင်

† ၁၉၆၇

ဇူလိုင်လ ၂၂ ရက်။

ဦးလှရွှေ ပါ ၂ (အယူခံတရားလိုများ)
နှင့်
ဒေါ်လှရင် (အယူခံတရားခံ) *

ရုပ်ရှင်ပြ အသံထွက်စက် ရလိုမှု—အငြင်းပွါးနေသူများ၏ ရှုဒေါင့်အသီးသီးမှကြည့်ရှုရန်လိုခြင်း—မူလဌားရမ်းစဉ်က ပြောင်းရွှေ့နိုင်သော ပစ္စည်းအနေဖြင့် ငှါးရမ်းခြင်း—အခိုက်အတန့်အား ဖြင့် မြေကြီးပေါ်တွင် အခိုင်အမာ ပြုလုပ်ထားခြင်း—မရွှေ့မပြောင်းနိုင်သော ပစ္စည်းအသွင်သို့ အမြဲတစေ ကူးပြောင်းသွားနိုင် မသွားနိုင်။

ဆုံးဖြတ်ချက်။ ။အယူခံတရားခံထံမှ အယူခံတရားလိုများ ငှါးရမ်းသည့် ပစ္စည်းများသည် ရုပ်ရှင်ပြစက်သက်သက်မျှသာလျှင်ဖြစ်သည်။ အယူခံတရားလိုများ၏ ရုပ်ရှင်ရုံနှင့် ဆက်စပ်၍ ဆင်ခြင်စဉ်းစားသော် ထိုပစ္စည်းများသည် မပြောင်းရွှေ့နိုင်သည့် ပစ္စည်းများဟု ခေါ်ဆိုနိုင်လင့်ကစား အမှုသည်များ အချင်းချင်း ငှါးရမ်းခဲ့သည့် ပစ္စည်းသက်သက်အဖြစ် ဆင်ခြင်စဉ်းစားလျှင် မရွှေ့ပြောင်းနိုင်သော ပစ္စည်းများဖြစ်သည်ဟု ယူဆရန် ခဲယဉ်းပေသည်။

အမှုသည်များ ချုပ်ဆိုသည့် စာချုပ်သည် ငှါးရမ်းခသက်တမ်းကုန်ဆုံးလျှင် လက်ရှိနေရာမှ ရွှေ့ပြောင်းပြီး ပိုင်ရှင်လက်သို့ ပြန်အပ်ရမည့် ပစ္စည်းမျိုးဖြစ်သည်၊ မူလငှါးရမ်းစဉ်ကလည်း ပြောင်းရွှေ့နိုင်သော ပစ္စည်းအနေဖြင့် ငှါးရမ်းလိုက်ခြင်းဖြစ်သည်။ သို့ဖြစ်လေရာ ထိုပစ္စည်းများသည် အခိုက်အတန့်အားဖြင့် မြေကြီးပေါ်တွင် အခိုင်အမာ ပြုလုပ်ထားသည့် အုတ်ခဲ၌ စွဲမြဲစွာ တွယ်ကပ်ထားစေကာမူ မရွှေ့ပြောင်းနိုင်သော ပစ္စည်းအသွင်သို့ အမြဲတစေ ကူးပြောင်းသွားနိုင်မည် မဟုတ်ချေ။

မစ်ဆားမဟိရှိဝါရီ နှင့် အင်ဒရာသကားစက်လီမစ်တက်၊ ၁၉၊ အိုင်၊ အာ (ရ်)၊ ၁၉၃၈ ခု၊ အလဟာဘတ်၊ စာ ၅၇၄။

နရရန်နာစ နှင့် ဗလဂုရူဆွာမိနာဒါး၊ မဒရပ်စီရင်ထုံး၊ ၁၉၂၄ ခု၊ စာ ၁၀၇ ရည်ညွှန်းသည်။

အယူခံတရားလိုမျာ်းအတွက်။ ။ဦးအေးမောင်။

အယူခံတရားခံအတွက်။ ။မစွတာ၁၊ အမ် ဂျဖါး။

---

* ၁၉၆၆ ခုနှစ်၊ တရားမ ပဋမအယူခံမှုအမှတ် ၄၀။

† ၁၉၆၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂ တွင် ၁၉၆၆ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့စွဲပါ သာယာဝတီမြို့၊ ခရိုင်တရားမ တရားသူကြီးရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

အီစုပ်မိုဟာမက်အခွန်း (အယူခံတရားခံ)*

အိမ်ကို နေထိုင်အသုံးပြုသည့်အတွက် ကြားကာလအမြတ်အစွန်း၊ သို့မဟုတ် လျော်ကြေးရလိုမှု—ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၁၁၁ ပုဒ်မခွဲ (စ)—အိမ်ငှါးတဦးသည် နိုင်ငံခြားသို့ ထွက်ခွါသွားခြင်း—ဥပစာကို ပြန်လည်ပေးအပ်သည့် သဘောသက်ရောက် မသက်ရောက်။

ဆုံးဖြတ်ချက်။ ။အိမ်ငှါးတဦးသည် နိုင်ငံခြားသို့ထွက်ခွါသွားကာမျှဖြင့် ဥပစာကို ပြန်လည်ပေးအပ်သည့်သဘောသက်ရောက်သော အပ်ပေးမှုရှိသည်ဟု မဆိုနိုင်ပေ။ အိမ်ငှါးအနေဖြင့်နိုင်ငံခြားမှ လုံးဝပြန်လာခြင်းမပြုတော့ဟု မည်သူကမျှမုချမပြောနိုင်။

လင်ဒေါက်ဆင် နှင့် ဗဟုတ်ဆီ၊ ၁၉၆၀၊ မြန်မာပြည်စီရင်တုံး ၁၅ (တရားလွှတ်တော်) ရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။

အယူခံတရားခံ အတွက်။ ။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံ တရားလို ကာဆင်အလီဘန်းက၊ အယူခံတရားပြိုင် အီစုပ်မိုဟာမက်အခွန်းအပေါ်၊ ရန်ကုန်မြို့၊ ကုန်စျေးတန်းလမ်း၊ အိမ်အမှတ် ၉၀/၉၆၊ အခန်းအမှတ် ၁၀ ကို နေထိုင် အသုံးပြုသည့်အတွက် ကြားကာလအမြတ်အစွန်း၊ သို့မဟုတ် လျော်ကြေးငွေ ၁,၄၄၀ ရလိုကြောင်း၊ ရန်ကုန်မြို့ တရားမရုံး၏ ၁၉၆၅ ခုနှစ်၊ တရားမကြီးမှု အမှတ် ၅၃၀ တွင် တရားစွဲဆိုရာ၊ စွဲဆိုသော အမှုကို ပလပ်လိုက်သဖြင့်၊ ဤအယူခံမှု ပေါ်ပေါက်လာရခြင်း ဖြစ်သည်။

ယခုအမှုတွင်၊ အငြင်းမပွါးသော အချက်မှာ၊ အယူခံ တရားလိုသည်၊ အခင်းဖြစ်

---

* ၁၉၆၇ ခုနှစ်၊ တရားမ ပဌမအယူခံမှုအမှတ် ၄၃။

† ၁၉၆၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅၃၀ တွင်၊ ၁၉၆၇ ခုနှစ်၊ ဖေဖြေလ ၂၈ ရက်နေ့စွဲပါ၊ရန်ကုန်မြို့၊ တရားမရုံးတွဲဘက်တရားသူကြီးချုပ်ရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

ဥပစာကို အလီမိုဟာမက်တိုင်ယွတ်ဆိုသူအား ဌါးရမ်းခ တလ ၄၀ ကျပ် နှုန်းဖြင့် အငှါးချထားခဲ့သည်။ ၁၉၆၁ ခုနှစ် လောက်တွင်၊ အိမ်ငှား အလီမိုဟာမက်တိုင်ယွတ်သည်၊ အိန္ဒိယပြည်သို့ပြန်သွားသည်။ အယူခံတရားပြိုင်သည် ၁၉၆၁ ခုနှစ် မတိုင်မီကပင် အခင်းဖြစ် ဥပစာ၌ နေထိုင်လျက်ရှိသည်။

အယူခံတရားလိုက၊ အိမ်ငှါး အလီမိုဟာမက် တိုင်ယွတ်သည်၊ အိန္ဒိယပြည်သို့ အပြီးအပိုင် ပြန်သွားပြီး ဖြစ်၍၊ အိမ်ငှါး အဖြစ်မှ အလိုအလျောက် ရပ်စဲပြီး ဖြစ်ကြောင်း၊ အယူခံ တရားပြိုင်နှင့် မိမိတို့မှာ အိမ်ရှင်အိမ်ငှါး ဆက်သွယ်မှု ရှိကြသူများ မဟုတ်၍၊ အယူခံ တရားပြိုင်သည် အငင်းဖြစ် ဥပစာကို ကျူးကျော်နေထိုင်သူ တယောက်သာ ဖြစ်ကြောင်း၊ ကျူးကျော်နေထိုင်သူထံမှ နေထိုင် အသုံးပြုသည့် အတွက် ကြားကာလ အမြတ်အစွန်း၊ သို့မဟုတ် လျော်ကြေးငွေ ရထိုက်ကြောင်း အဆိုပြုလာသည်။

အယူခံ တရားပြိုင်ကမူ၊ မိမိသည် အလီမိုဟာမက်တိုင်ယွတ်၏ တဆင့်ခံ အိမ်ငှါး တဦးဖြစ်ကြောင်း၊ အယူခံ တရားလိုနှင့် အလီမိုဟာမက်တိုင်ယွတ်တို့ စပ်ကြားတွင်၊ အိမ်ရှင်အိမ်ငှါး ဆက်သွယ်မှု ကုန်ဆုံးပြီး ဖြစ်သည် ဆိုခြင်းမှာ မဟုတ်ကြောင်း၊ မူလအိမ်ငှါး မရှိသည့် နောက်ပိုင်းတွင် ဥပစာ၏ ဌါးရမ်းခများကို အယူခံ တရားလို့ အား မူလအိမ်ငှါး နာမည်ဖြင့် ပေးခဲ့ပြီး ဖြစ်၍၊ ကြားကာလ အမြတ် အစွန်း၊ သို့မဟုတ် လျော်ကြေးငွေရလိုမှု စွဲဆိုခြင်း မပြုနိုင်ကြောင်း ထုချေလာသည်။

အောက်ခုံမှ၊ အယူခံ တရားလိုနှင့် အလီမိုဟာမက်တိုင်ယွတ်တို့ စပ်ကြား၌ အိမ်ရှင်အိမ်ငှါး ဆက်သွယ်မှုမှာ ကုန်ဆုံးခြင်း မရှိသေးဘဲတည်မြဲလျက်ရှိသေးကြောင်း၊ အယူခံ တရားပြိုင်သည် အလီမိုဟာမက်တိုင်ယွတ်အား၊ အကြောင်းပြု၍ အခင်းဖြစ် ဥပစာတွင် နေထိုင်သူ တယောက်ဖြစ်သည့် အလျောက်၊ အယူခံ တရားလိုသည် အယူခံ တရားပြိုင် အပေါ် ကြားကာလ အမြတ်အစွန်း၊ သို့မဟုတ် လျော်ကြေးငွေ တောင်းဆိုခြင်း မပြုနိုင်ကြောင်း ကောက်ယူဆုံးဖြတ်ခဲ့လေသည်။

အယူခံ တရားလို၏ ရှေ့နေကြီး မစ္စတာ ဘာနာဂျီက၊ မူလအိမ်ငှါး အလီမိုဟာမက် တိုင်ယွတ်သည် ၁၉၆၁ ခုနှစ်ကတည်းကပင် အိန္ဒိယပြည်သို့ အပြီးအပိုင် ပြန်သွားပြီး ဖြစ်၍၊ အိမ်ငှါး အဖြစ်မှ အလိုအလျောက် ရပ်စဲပြီး ဖြစ်သည်ဟု ထပ်လောင်းကာ တင်ပြသွားသည်။ ထိုတင်ပြချက်နှင့် ပတ်သက်၍၊ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၂၁ အား ရည်ညွှန်းသွားသည်။ ထိုပုဒ်မ၏ အဓိပ္ပါယ်မှာ လူနေထိုင်ရန် ဥပစာ တခုခုမှ အိမ်ငှါး ထွက်ခွါသွား သဖြင့်၊ လစ်လပ်သည့် အခါဖြစ်စေ၊ ထွက်ခွါမည့်ဆဲဆဲဖြစ်၍ လစ်လပ်ရန် အကြောင်း ပေါ်ပေါက်သည့် အခါ ဖြစ်စေ၊ အိမ်ရှင်၊ သို့မဟုတ် အိမ်ငှါးက ကြီးကြပ်ရေးဝန်ထမ်းသို့ အကြောင်းကြား

၁၉၆၅

ကာစင်အလီ ဘန်း နှင့် အီစွပ် မိုဟာမက် အခွန်း။

ရမည်ဖြစ်သည်။ ယင်းသို့ အကြောင်းကြားလျှင်၊ မူလအိမ်ရှင်အိမ်ငှါး ဆက်သွယ်မှုမှာ ကုန်ဆုံးပြီးဟု ယူဆကာ ကြိုးကြပ်ရေးဝန်သည် အခြားပုဂ္ဂိုလ် တဦးဦးအား ထိုဥပစာကို အငှါးချထားရန် ဆင့်ဆိုနိုင်မည်ဖြစ်သည်။

ယခုအမှုတွင် အိမ်ရှင်ဖြစ်သူ အယူခံတရားလိုက သော်ငင်း၊ အိမ်ငှါးဖြစ်သူ အလီမိုဟာမက်တိုင်ယွတ်ကသော်ငင်း၊ ပုဒ်မ ၂၁ အရ တစုံတရား အကြောင်းကြားခဲ့ခြင်းမရှိသဖြင့်၊ အိမ်ရှင် အိမ်ငှား ဆက်သွယ်မှုသည် အလိုအလျောက် ဆုံးခန်းတိုင် ရောက်ပြီးဖြစ်သည်ဟု ယူဆနိုင်စရာ အကြောင်းမရှိပေ။ ထိုပုဒ်မအရ အကြောင်းကြားခြင်းမပြုလျှင်၊ ပြစ်မှုကျူးလွန်သူသည် ပုဒ်မ ၂၂ အရ တရားစွဲဆိုခြင်းခံရမည်သာဖြစ်လေသည်။

ထို့ပြင် မန္တလေမပြောင်းနိုင်သည့် ပစ္စည်းငှါးရမ်းခြင်းသည်၊ မည်သည့် အခါတွင် ဆုံးခန်းတိုင်ရောက်သည်ဟု ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေ ပုဒ်မ ၁၁၁ တွင် အတိအလင်း ပြဋ္ဌာန်းထားသည်။ ထိုပုဒ်မ၏ ပုဒ်မခွဲ (က) (ခ) (ဂ) (ဃ) (ဆ) နှင့် (ဇ) တို့မှာ ဤအမှုနှင့် လုံးဝမသက်ဆိုင်၊ ပုဒ်မခွဲ (င) အရဆိုလျှင်၊ ငှါးရမ်းသူက အငှါးချထားသူ၏ သဘောတူညီချက်အရ အငှါးချထားသော ပစ္စည်းကို အတိအလင်း အပ်ပေးပါမူ၊ ငှါးရမ်းခြင်းသည် ဆုံးခန်းတိုင် ရောက်မည် ဖြစ်သည်။ ယခုအမှုတွင် အိမ်ငှါးက အိမ်ရှင်ကို ဥပစာအား အတိအလင်း အပ်ပေးခဲ့ခြင်းမရှိ၍၊ ထိုပုဒ်မခွဲနှင့်လည်း အကျုံးမဝင်ချေ။ ပုဒ်မခွဲ (စ) အရ အိမ်ငှါးက ဥပစာကို ပြန်လည် အပ်ပေးသည့်သဘော သက်ရောက်သော အပ်ပေးမှု (**Implied Surrender**)ရှိပါသလောဆိုသည့် ပြဿနာကို ဆန်းစစ်ရန် လိုပေသည်။ အယူခံတရားလိုက အိမ်ငှါး ဖြစ်သူ အလီမိုဟာမက်တိုင်ယွတ်သည် ၁၉၆၁ ခုနှစ်တွင်၊ အိန္ဒိယပြည်သို့ အပြီးအပိုင် ပြန်လည်ထွက်ခွါသွားသဖြင့်၊ ထိုပုဒ်မခွဲ (င) အရ၊ ဥပစာကို ပြန်လည်ပေးအပ်သည့် သဘောသက်ရောက်သော အပ်ပေးမှုရှိသည်ဟု ဆိုလာ၏။ အိမ်ငှါးတဦးသည် နိုင်ငံခြားသို့ ထွက်ခွါသွားကာမျှဖြင့်၊ ဥပစာကို ပြန်လည်ပေးအပ်သည့် သဘောသက်ရောက်သော အပ်ပေးမှု ရှိသည်ဟု မဆိုနိုင်ပေ။ အိမ်ငှါး အနေဖြင့် နိုင်ငံခြားမှလုံးဝပြန်လာခြင်း မပြုတော့ဟု မည်သူကမျှ မုချမပြောနိုင်။ **လင်ငေါက်ဆင်** နှင့် **ငဖုပ်ဆီ** (၁) တို့အမှုတွင်၊ ပြည်နှင်ဒဏ်ခံရသည့် အိမ်ငှါးတဦးသည် အိမ်ငှါးအဖြစ်မှအလိုအလျောက်ရပ်စဲခြင်း မရှိကြောင်း ဆုံးဖြတ်ထားရာ၊ ယခုအမှုမှာလည်း သဘောအားဖြင့်ထိုအမှုနှင့် အလားတူပင် ဖြစ်လေသည်။

အယူခံတရားလိုသည် အယူခံ တရားပြိုင်အား၊ ၁၉၅၈ နှစ်ခု ကစ၍၊ အခင်းဖြစ် ဥပစာ၌ နေထိုင်ခဲ့သည်ကို သိရှိကြောင်း ထင်ရှားသည်။ သက်သေခံ "၁" နှင့် "၂"

(၁) (၁၉၆၀) မြန်မာပြည် စီရင်ထုံး ၁၅ (တရားလွှတ်တော်)။

ရေမိတာခတို့ကို အယူခံ တရားပြိုင်အား၊ ၁၉၅၈ ခုနှစ်တွင် ထုတ်ပေးခဲ့သည်။ ထို့နောက် မူလအိမ်ဌားသည် ၁၉၆၁ ခုနှစ်၌ အိန္ဒိယပြည်သို့ ပြန်သွားကြောင်း သိရပြီးနောက်၊ အခင်းဖြစ် ဥပစာတွင် နေထိုင်လျက်ရှိသည့် အယူခံ တရားပြိုင် ထံမှ အိမ်ဌားရမ်းခ များကို လက်ခံကာ မူလ အိမ်ဌား၏ အမည်ဖြင့် ပြေစာများ ထုတ်ပေးခဲ့၏။ ထိုကဲ့သို့ ပြေစာများ ထုတ်ပေးခဲ့ခြင်းနှင့် ပတ်သက်၍၊ အယူခံ တရားလိုက မူလအိမ်ဌား ဖြစ်သူ အလီမိုဟာမက် တိုင်ယွတ်အား အိမ်ဌား အဖြစ် ဆက်လက်၍ အသိအမှတ်ပြုသည့်အတွက် ဖြစ်သည်ဟု ဝန်ခံခဲ့ရသည်။ ထိုအချက် အလက်များကို စုပေါင်းကြည့်ရှုလျှင်၊ အယူခံ တရားလိုနှင့် မူလအိမ်ဌား အလီမိုဟာမက် တိုင်ယွတ်တို့ စပ်ကြား၌၊ အိမ်ရှင် အိမ်ဌား ဆက်သွယ်မှုမှာ ဆုံးခန်းတိုင် မရောက်သေးကြောင်း ထင်ရှားသည်။ သို့ဖြစ်ရာ၊ အယူခံ တရားလိုသည် အယူခံ တရားပြိုင် အပေါ် ဥပစာကို ကျူးကျော်နေထိုင်သည့် အတွက် ကြားကာလ အမြတ်အစွန်း၊ သို့မဟုတ် လျော်ကြေးရလိုမှု စွဲဆိုခြင်း မပြုနိုင်ဟု ဆိုသော အောက် ရုံး၏ ဆုံးဖြတ်ချက်မှာ မှန်ကန်သည်။ ထို့ကြောင့် ဤအယူခံမှုကို ပလပ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမအထွေထွေမှု

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်နှင့် တရားသူကြီး ဦးစိန်သင်းတို့ရှေ့တွင်

† ၁၉၆၇

စက်တင်ဘာလ ၁၃ ရက်။

တင်တင်ဦး ဘရားသား (လျှောက်ထားသူ)

နှင့်

ဌေတိုးချေးစားသူများ ဒုတိယ မှတ်ပုံတင်အရာရှိ (လျှောက်ထားခံရသူ)*

ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၆—သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၈ အရ ပုဒ်မ ၄၅ တွင် အကျုံးဝင်သောတရားမအသေးအဖွဲမှုကို ဆုံးဖြတ်သော အမိန့်မှ အယူခံဝင်ခွင့်ရှိခြင်း—အထူးအယူခံဝင်ရန် လျှောက်ထားခြင်းမှာ မှားမမှား။

ဆုံးဖြတ်ချက်။ ။သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၈ အရ၊ ပုဒ်မ ၄၅ တွင် အကျုံးဝင်သော တရားမအသေးအဖွဲမှုကို ဆုံးဖြတ်သောအမိန့်သည် မူလဘက်ကချမှတ်သော ဒီကရီကဲ့သို့ အကျိုးသက်ရောက်၍ ထိုအမိန့်မှ အယူခံဝင်ခွင့်ရှိသည်။ ပြည်ထောင်စုတရားစီရင်ရေး အက်ဥပဒေကို၊ ၁၉၆၂ ခုနှစ် တွင်တော်လှန်ရေးကောင်စီဥပဒေအမှတ် ၄၁ ဖြင့်ပြင်ဆင်ခဲ့ရာ၊ ဤရုံးမူလဘက်-တရားသူကြီးဘဦးကချမှတ်သော ဒီကရီမှ ဤရုံးသို့ပင်အယူခံဝင်နိုင်သည်။ ထိုသို့လျှောက်ထားသူအဘို့ လမ်းပွင့်လျက်ရှိသေးရာ ထိုလမ်းကိုပြီးဆုံးသည်တိုင် မလိုက်သေးဘဲ၊ အထူးအယူခံဝင်ရန် လျှောက်ထားခြင်းသည် မှားယွင်းသည်။

လျှောက်ထားသူအဘွက်။ ။ဦးဝမ်ဟုတ်။

လျှောက်ထားခံရသူအတွက်။ ။ဦးဘရွှန်းနှင့် အစိုးရဥရှေနေ ဒေါ်မြသန်းနု။

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်။ ။လျှောက်ထားသူ တင်တင်ဦး ဘရားသားသည်၊ ဤရုံးမူလဘက်၌ ၁၉၆၄ ခုနှစ်၊ တရားမ အသေးအဖွဲမှုအမှတ် ၉၉ ကို သီးခြား သက်သာခွင့် အက်ဥပဒေပုဒ်မ ၄၅ အရ တရားစွဲဆိုခဲ့သည်။ ထို အမှုတွင် ရှုံးနိမ့်သဖြင့်၊ တင်တင်ဦး ဘရားသားက၊ ပြည်ထောင်စု တရားစီရင်ရေး

---

* ၁၉၆၇ ခုနှစ် တရားမအထွေထွေမှုအမှတ် ၁၁။

† ၁၉၆၄ ခုနှစ်၊ တရားမအသေးအဖွဲမှုအမှတ် ၉၉ တွင် ရန်ကုန်မြို့၊ တရားရုံးချုပ်၏ ၁၉၆၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နေ့စွဲဖြင့် ချမှတ်သောအမိန့်နှင့် ဒီကရီတို့ကို အယူခံဝင်ရန်အခွင့်ထူးလျှောက်လွှာ။

အက်ဥပဒေ ပုဒ်မ ၆ အရ၊ မူလဘက် တရားသူကြီး ချမှတ်သော စီရင်ချက်နှင့် အမိန့်မှ အယူခံဝင်ရန် အခွင့်ထူးပေးပါမည့် အကြောင်း လျှောက်ထားသည်။

ထပ်ဖြည့်၍ထည့်သွင်းသော လျှောက်ထားခံရသူ ဒေါ်ခင်ခင်က ကန့်ကွက်လွှာကို အကြောင်းကြောင်းပြ၍ တင်သွင်းသည်။ ယင်းအကြောင်းများ အနက် လျှောက်ထားသူ တင်သွင်းသော လျှောက်လွှာသည် ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၆ တွင် အကျုံးမဝင်ပါ၊ သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၈ အရ သာမန် အယူခံတင်သွင်းရန်သာရှိပါသည်ဟူ၍ဖြစ်သည်။

လျှောက်ထားသူအတွက် လိုက်ပါဆောင်ရွက်သော တရားရုံးချုပ် ရှေနေကြီး ဦးဝမ်ဟုတ်က၊ မူလဘက် တရားသူကြီးက ချမှတ်ခဲ့သော အမိန့်ကို အယူခံဝင်ခွင့် မရှိဟု ယူဆခဲ့ခြင်းပါသည်။ အမှုကို ပလပ်ခဲ့ခြင်းကြောင့် အပြီးသတ် အမိန့်လည်း ဖြစ်နေ၍ အထူးအယူခံဝင်ခွင့် လျှောက်ထားနိုင်သည်ဟု ယူဆခဲ့မိ၍ ဤလျှောက်လွှာကို တင်သွင်းခြင်း ဖြစ်ပါသည်။ သီးခြားသက်သာခွင့် အက်ဥပဒေ ပုဒ်မ ၄၈ အရ ယင်းအမိန့်ကို အယူခံဝင်နိုင်သည်ဟု တွေ့ရှိရပါသည်၊ ဥပဒေအရ အမှုသည်တဦးတွင် အယူခံဝင်ရန် လျှောက်ထားနိုင်ခွင့် လမ်းနှစ်သွယ်ရှိနေလျှင် ကြိုက်ရာလမ်းကို လိုက်နိုင်ပါသည်။ လျှောက်ထားသူဘွင် ထိုသို့ လမ်းနှစ်သွယ်ရှိနေသည့် အနက် ပို၍ ထိရောက်သော အထူး အယူခံဝင်ရန်လမ်းကို လိုက်ရန် ကြိုးစားခြင်း ဖြစ်ရာ၊ ဥပဒေနှင့် ဆန့်ကျင်သည်ဟူ၍ကား မဆိုနိုင်ပါဟု လျှောက်လဲသည်။

လျှောက်ထားခံရသူ ဒေါ်ခင်ခင်အတွက် လိုက်ပါဆောင်ရွက်သော တရားရုံးချုပ် ရှေနေကြီး ဦးဘသိန်းက လျှောက်ထားသူသည် နောက်မှ အယူခံဝင်ခွင့် ရှိသည်ဟု သိရသောကြောင့်၊ ဤသို့အယူခံဘက်ဆိုင်ရာဘွင် ပဌမ အယူခံမှု ဖွင့်လှစ်ပြီးဖြစ်ပါသည်။ ထိုအယူခံကို မဆုံးဖြတ်သေးဘဲ၊ အခွင့်ထူး အယူခံပေးသင့် မသင့်ကြားနာရန်မဟုတ်ပါ၊ ယခု လျှောက်လွှာကို ပလပ်သင့်ပါသည်ဟု လျှောက်လဲသည်။

အစိုးရရှေနေကြီး ဒေါ်မြသန်းနုကလည်း၊ လျှောက်ထားသူသည် သာမန်အယူခံ တင်သွင်းရန်သာ ရှိပါသည်။ အထူး အယူခံဝင်ခွင့် လျှောက်ထားရန် အခွင့်မကျသေးပါ၊ ယခုတင်သွင်းသော လျှောက်လွှာသည် မှားယွင်းနေသည်ဟု ယူဆပါသည်ဟုဘင်ပြသွားသည်။

သီးခြားသက်သာခွင့် အက်ဥပဒေ ပုဒ်မ ၄၈ အရ၊ ပုဒ်မ ၄၅ တွင် အကျုံးဝင်သော တရားအသေးအဖွဲမှုကို ဆုံးဖြတ်သော အမိန့်သည် မူလဘက်က ချမှတ်သော ဒီကရီကဲ့သို့ အကျိုးသက်ရောက်၍၊ ထိုအမိန့်မှ အယူခံဝင်ခွင့် ရှိသည်၊ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေကို ၁၉၆၂ ခုနှစ်တွင် တော်လှန်ရေး ကောင်စီ ဥပဒေ

၁၉၆၇

တင်တင်ဦး ဘရားသား နှင့် ဒွေတိုး ခေးစား သူများ ဒုတိယ မှတ်ပုံတင် အရာ ရှိ။

အမှတ် ၄၁ ဖြင့် ပြင်ဆင်ခဲ့ရာ၊ ဤနှုံးမူလဘက် တရားသူကြီး တဦးက ချမှတသော ဒီကရီမှ ဤနှုံးသို့ပင် အယူခံဝင်နိုင်သည်။ ထိုသို့ လျှောက်ထားသူအဖို့ လမ်းပွင့်လျက် ရှိသေးရာ၊ ထိုလမ်းကို ပြီးဆုံးသည်ဘိုင် မသိုက်သေးဘဲ၊ အထူးအယူခံဝင်ရန် လျှောက်ထားခြင်းသည် မှားယွင်းသည်ဟု ကျွန်ုပ်ဘို့ ဆုံးဖြတ်ရပေမည်။ သာမန်အယူခံဝင်ရန် လမ်းပွင့်နေပါသေးလျက်၊ အထူးအယူခံဝင်ခွင့် လျှောက်ထားရန် မဟုတ်ပေ။ ဦးဝမ်ဟုတ် ပြောသကဲ့သို့၊ လမ်းနှစ်သွယ် ပွင့်နေခြင်းမျိုး မဟုတ်ဘဲ၊ တဆင့်ပြီးမှ တဆင့်တက် လှမ်းရန် လမ်းများဖြစ်သည်။

အဆက်ပါ အခကြာင်းများကြောင့် အယူခံဝင်ရန် အခွင့်ထူးပေးရန် လျှောက်ထားသည်ကို၊ စရိတ်နှင့်တကွ ပလပ်သိုက်သည်။ ဤခုံးရှေ့နေစရိတ်မှာ ငွေ ၅၁ ကျပ် ဖြစ်စေရမည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမပဋမအယူခံမှု

တရားသူကြီး ဦးသက်ဖေရှေ့တွင်

တင်တင်ဦး ဘရားသား(စ်) (အယူခံတရားလို)

နှင့်

ပဗတ်သမယ် (လ်) (အယူခံတရားခံ)*

† ၁၉၆၇ အောက်တိုဘာ လ ၂၄ ရက်။

နှစ်ထပ်တိုက်၏ ပိုင်ဆိုင်ခွင့် စာချုပ်စာတမ်းများမှာ မိမိပိုင်ပစ္စည်းဖြစ်သည်ဟု မြွက်ဟပေးရန်နှင့် ထိုစာချုပ်စာတမ်းများအား အမှုတွဲမှ ထုတ်ယူခြင်းကို တားမြစ်ပေးရန် တရားစွဲဆိုမှု—အမှုတွဲ၌ပင်သက်သေခံစာရွက်စာတမ်းများအဖြစ် တွဲထားလျက်ရှိခြင်း—လက်ရောက်အပ်ပေးရန် တရားစွဲဆိုခြင်းပြုနိုင်မပြုနိုင် — တရားလိုဟဦးသည် မိမိအမှုစွဲဆိုသည့်နေ့ရက်တွင် ပေါ်ပေါက်လျက်ရှိသော အကြောင်းခြင်းရာများအပေါ် အမှီသဟဲပြု၍ တရားစွဲဆိုရခြင်း ကာလစည်းကမ်းသတ် အက်ဥပဒေ ပဋမဇယားအပိုဒ် ၄၉။

ဆုံးဖြတ်ချက်။ ။အယူခံတရားလိုသာမက အယူခံတရားပြိုင်ပါ လက်မဲ့ဖြစ်နေပြီး အမှုတွဲထဲ၌ ပင် သက်သေခံ စာရွက်စာတမ်းများအဖြစ် တွဲထားလျက်ရှိသေးသည့် စာချုပ်စာတမ်းများအား အယူခံတရားလိုအနေဖြင့် အယူခံတရားပြိုင်အပေါ် လက်ရောက်ပေးအပ်ရန် တရားစွဲဆိုခြင်း မပြုနိုင်၊ ထိုစာချုပ်စာတမ်းများကို ထုတ်ယူခြင်းမှ တားမြစ်ပေးရန် သက်သာခွင့်ကိုသာ တောင်းဆိုနိုင်မည် ဖြစ်သည်။

အယူခံတရားပြိုင်က အယူခံတရားလို အပေါ် အမှုစွဲဆိုပြီးနောက် နှစ်ရက်အကြာတွင် အဆိုပါ စာချုပ်စာတမ်းများကိုရုံးမှ အယူခံတရားလိုအား ပြန်ပေးခဲ့သည်။ တရားလိုတဦးသည် မိမိအမှုကို စွဲဆိုသည့်နေ့ရက်တွင် ပေါ်ပေါက်လျက်ရှိသောကြောင်းခြင်းရာများအပေါ် အမှီသဟဲပြု၍ တရားစွဲရခြင်းဖြစ်သည်။ တရားစွဲဆိုပြီးနောက်ပိုင်း၌ ပြောင်းလဲဖြစ်ပေါ်လာသည့် အကြောင်းခြင်းရာများသည် တရားလို၏အမှုအား ထိခိုက်နစ်နာမှုမရှိနိုင်ပေ။ သို့ဖြစ်ရာ အယူခံတရားပြိုင်၏ အမှုစွဲဆိုပုံမှာ တရားဥပဒေနှင့် ညီညွတ်ပြီး မှန်ကန်သည်။

ထပ်မံဆုံးဖြတ်ချက်။ ။အယူခံတရားပြိုင်သည် စာချုပ်စာတမ်းများကို ပစ္စည်းပေါင်နှံသူအနေဖြင့် အယူခံတရားလိုအား အပ်ပေးထားခြင်းဖြစ်ရာ၊ ထိုအပေါင်ကို ရွေးနုတ်ခြင်းမပြုမီ စာချုပ်စာတမ်းများအား ပြန်လည်တောင်းဆိုရန် အခွင့်အရေးမရှိပေ။ သို့ဖြစ်ရာ၊ ၁၉၅၄ ခုနှစ်၊

---

* ၁၉၆၇ ခုနှစ်၊ တရားမပဋမအယူခံမှုအမှတ် ၂၄။

† ၁၉၆၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ဂဂ၁ တွင် ၁၉၆၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက် နေ့စွဲပါ ရန်ကုန်မြို့၊ တတိယတရားမတရားသူကြီး ရုံးတော်၏ ချမှတ်သော ဒီကရီကိုအယူခံမှု။

၁၉၆၇

တင်တင်ဦး ဘရားသား(စ်) နှင့် ပဗတ်သ မယ်(လ်)။

ဇူလိုင်လ ၁၆ ရက်နေ့စွဲပါ စာအမှတ် ၁ ဖြင့် စာချုပ်စာတမ်းများအား ပြန်ပေးရန် အယူခံတရားပြိုင်၏ တောင်းဆိုချက်ကြောင့် အယူခံတရားလို၏ လက်ရှိထိန်းသိမ်းထားခြင်းမှာ မတရားဖြစ်ခဲ့သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။ ထိုကဲ့သို့ တောင်းဆိုသည့် ၁၉၅၄ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့မှစ၍ စည်းကမ်းသတ်ကာလအချိန်စတင်ခဲ့သည်ဟု မယူဆနိုင်။ အယူခံတရားလိုက အဆိုပါ ပိုင်ဆိုင်ခွင့် စာချုပ်စာတမ်းများအပ်ပေးပြီး ပေါင်နှံသည့်ချေးငွေကို ပြန်လည်ရလိုကြောင်း စွဲဆိုသည့် ယခင်တရားလွှတ်တော်၏ ၁၉၅၆ ခုနှစ် တရားမကြီးမှုအမှတ် ၅၈ အား အပြီးသတ် ဆုံးဖြတ်ပြီးနောက်ပိုင်းတွင်သာ အယူခံတရားပြိုင်သည် ထိုစာချုပ်စာတမ်းများ ပြန်လည်တောင်းဆိုခွင့်ရှိမည်ဖြစ်သည်။ ယင်းသို့ တောင်းဆိုပိုင်ခွင့်ရှိသည့်အတိုင်း အယူခံတရားပြိုင်သည် အယူခံတရားလိုထံမှ စာချုပ်စာတမ်းများကို ပြန်ပေးရန် ၁၉၆၃ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် သက်သေခံ "ဃ" စာဖြင့်တောင်းဆိုခဲ့သည့်အလျောက် စည်းကမ်းသတ်ကာလကို ထိုနေ့မှစ၍သာ ရေတွက်ရမည်ဖြစ်သည်။

အယူခံတရားလိုအတွက်။ ။ဦးဝမ်ဟုတ်။

အယူခံတရားခံအလိုတွက်။ ။စီဒေအစ်ဆုံးရမ၁း။

တရားသူကြီး ဦးသက်ဖေ။ ။ရန်ကုန်မြို့၊ တရားမနှုံး၏ ၁၉၆၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၈၈၁ တွင်၊ အယူခံ တရားပြိုင် (မူလခုံးတရားလို) ပါတာသမာဂ်က၊ အယူခံဘရား ပို (မူလခုံးတရားပြိုင်) တင်တင်ဦး ဘရားသား(စ်) အပေါ်၊ ရန်ကုန်မြို့၊ လမ်း ၅၀၊ အမှတ် ၁၅၃/၁၅၇ ရှိ နှစ်ဆယ်ဘိုက်၏ ပိုင်ဆိုင်ခွင့် စာချုပ်စာတမ်းများမှာ မိမိပိုင် ပစ္စည်းဖြစ်သည်ဟု မြွက်ဖော်ပေးရန်နှင့် ထိုစာချုပ် စာတမ်းများအား၊ ယခင်တရား ပွဲတော်၏ ၁၉၅၆ ခုနှစ်၊ တရားမကြီးမှု အမှတ် ၅၈ အမှုတွဲမှ အယူခံတရားလို ထုတ်ယူခြင်းကို တားမြစ်ပေးရန် တရားစွဲဆိုရာ၊ သက်သာခွင့်ကို အနည်းငယ်ပြောင်းလဲဆားသည်မှအပ၊ စွဲဆိုသည့်အတိုင်း ဒီကရီ ချမှတ်သိုက်သဖြင့်၊ ဤအယူခံမှုပေါ် ပေါက်လာရခြင်းဖြစ်သည်။

ယခုအမှုဘွင် အငြင်းမပွါးသော အချက်မှာ၊ အယူခံ တရားလိုသည်၊ ယခင်တရားလွှတ်တော်၏ ၁၉၅၆ ခုနှစ်၊ တရားမကြီးမှု အမှတ် ၅၈ ၌ အယူခံ တရားပြိုင်နှင့် ၎င်း၏ခင်ပွန်း အေ၊အမ်၊အမ်၊ပီသေး (ကွယ်လွန်) တို့အပေါ်၊ ရန်ကုန်မြို့၊ လမ်း ၅၀၊ အမှတ် ၁၅၃/၁၅၇ ရှိ နှစ်ဆယ်ဘိုက်၏ ပိုင်ဆိုင်ခွင့် စာချုပ်စာတမ်းများကို လက်ရောက်ပေါင်နှံကာ ချေးယူခဲ့သည့်ငွေ ၁၇,၂၉၀ ကျပ် ၄၀ ပြားကိုရလိုကြောင်းတရားစွဲဆိုခဲ့သည်။ ယင်းသို့စွဲဆိုသည့် အမှုမှာ ၁၉၄၅ ခုနှစ်၊ ငွေတိုးချေးစားသူများ ဥပဒေပုဒ်မ ၁၅ နှင့် ငြိစွန်းနေသည်ဟုဆိုကာ ပလပ်ခြင်းခံရသည်။ ထိုကဲ့သို့ ပလပ်သည့်အမိန့်ကို တရားမှုံးချုပ်၏ ၁၉၆၂ ခုနှစ်၊ တရားမ ပဌမ အယူခံမှုအမှတ် ၁၃ တွင်၊ အယူခံဝင်သော်သည်း အောင်မြင်ခြင်း မရှိပေ။

၁၉၆၇ တင်တင်ဦး ဘရားသား(စ်) နှင့် ပဗတ်သ မယ်(လ်)။

အဆိုပါ အယူခံမှု ပြီးဆုံးပြီးနောက၊ အယူခံ တရားလိုနှင့် အယူခံ တရားပြိုင် တို့သည်၊ မူလရုံးတွင် တင်သွင်းခဲ့သော ရန်ကုန်မြို့၊ လမ်း ၅၀၊ အမှတ် ၁၅၃/၁၅၇ ရှိ နှစ်ထပ်အိုက်၏ ပိုင်ဆိုင်ခွင့် စာချုပ် စာတမ်းများကို ၎င်းတို့ အသီးသီးအား ပြန် ပေးရန် အပြိုင်အဆိုင် လျှောက်ထားကြသည်။ အယူခံ တရားလိုက ထိုစာချုပ် စာတမ်းများအား အမှုတွဲတွင် သက်သေခံအဖြစ် မိမိက တင်သွင်းခဲ့ခြင်း ဖြစ်၍၊ မိမိအား ပြန်ပေးသင့်သည်ဟု အဆိုပြုလာသည်။ အယူခံ တရားပြိုင်ကမူ စာချုပ် စာတမ်း လက်ရောက် အပ်ပေးကာ ပေါင်နှံခဲ့သည်ဆိုသော အမှုကို ပယ်ပြီးဖြစ်၍၊ အယူခံဘရားသိုသည် ထိုစာချုပ် စာတမ်းများကို ပြန်လည် ရပိုင်ခွင့် မရှိဟု တင်ပြသည်။ ထိုကိစ္စနှင့် ပတ်သက်၍၊ နှစ်ဦးနှစ်ဘက် ကြေကြေအေးအေး ဆောင်ရွက်နိုင်ရန် အချိန်ဘာသပေးသိုက်သော်သည်း၊ မကြေအေး သဖြင့်၊ အယူခံ တရားပြိုင်က၊ အထက်တွင် ဖော်ပြခဲ့သည့် အဘိုင်း၊ ရန်ကုန်မြို့၊ တရားမရုံး၏ ၁၉၆၃ ခုနှစ်၊ တရားမ ကြီးမှုအမှတ် ၈၀၁ ကို စွဲဆိုခဲ့ခြင်း ဖြစ်သည်။

အယူခံ တရားလိုသည် အယူခံ တရားပြိုင် စွဲဆိုသည့် အမှုကို မူလရုံး၌ အဓိကအားဖြင့်၊ အကြောင်းပြချက်နှစ်ရပ် တင်ပြကာ ခုခံခဲ့သည်။ ဤအယူခံမှုတွင်လည်း၊ ထိုအကြောင်းပြချက်များကိုပင် ကိုးကားသွားသည်။ အဆိုပါ အကြောင်းပြချက်များမှာ (၁) အယူခံ တရားပြိုင်သည်၊ စာချုပ်စာတမ်းများကို ပိုင်ဆိုင်သူဘဉီးဖြစ်သည်ဟု အငြင်း မပေါက်သဖြင့်၊ ပိုင်ဆိုင်ကြောင်း မြွက်ဖော်ချက်အပြင် တားမြစ်မိန့် ဒီကရီ ရယိုကြောင်း စွဲဆိုခြင်း မပြုနိုင်ကြောင်း၊ စာချုပ်စာတမ်းများကို လက်ရှိရယိုကြောင်းသာ စွဲဆိုသင့်ကြောင်း၊ (၂) အယူခံ တရားပြိုင်၏ အမှုမှာ ကာလစည်းကမ်းသတ် ဥပဒေအရ စွဲဆိုရန် စည်းကမ်းသတ် ကာလအချိန် ကျော်လွန်နေပြီဖြစ်၍၊ စွဲဆိုခြင်း မပြုနိုင်ကြောင်းပင် ဖြစ်လေသည်။

ပဌမအကြောင်းပြချက်နှင့် ပတ်သက်၍၊ သီးခြား သက်သာခွင့် ဥပဒေ ပုဒ်မ ၄၂ အရ တရားပိုတဉီဉီးသည် မြွက်ဖော်ချက် အပြင်၊ အခြားသက်သာခွင့် တောင်းဆိုခွင့်ရှိပျင် သာမန် မြွက်ဖော်ချက် ဒီကရီ ရယိုမှု စွဲဆိုခြင်း မပြုနိုင်ပေ။ အခြားသက်သာခွင့် ဆိုသည်မှာ တရားလိုတောင်းဆိုသည့် မြွက်ဖော်ချက်အား အကျိုးသက်ရောက်သည့် သက်သာခွင့်ပင် ဖြစ်သည်။ အခင်းဖြစ် ပစ္စည်းတစုံတရာသည်၊ တရားလို၏ လက်ရှိလည်း မဟုတ်၊ တရားပြိုင်၏ လက်မဲ့ဖြစ်နေပါမူ တရားလို အနေဖြင့် လက်ရောက် အပ်ပေးရန် သက်သာခွင့်ကို တောင်းဆိုရန် မလိုပေ။ တောင်းဆိုလျှင်လည်း လက်မဲ့ဖြစ်သည့် တရားပြိုင်သည် လက်ရောက် အပ်ပေးနိုင်မည်

၁၉၃၇

တင်တစ်ဦး ဘရားသား (စ်) နှင့် ပဗတ်သ မယ်(လ်)။

မဟုတ်ပေ။ ယင်းအမှုမျိုးတွင် တားမြစ်မိန့်သည် မြွက်ဖော်ချက်အား အကျိုးသက် ရောက်စေသည့် သက်သာခွင့် ဖြစ်ကြောင်း ယုံမှားဘွယ်မရှိ။

ယခုအမှုပေါ် ပေါက်လာရသည့် ရန်ကုန်မြို့၊ တရားမရုံး၏ ၁၉၆၃ ခုနှစ်၊ တရားမ ကြီးမှု အမှတ် ဂဂ၁ ကို အယူခံ တရားပြိုင် စွဲဆိုသော ၁၉၆၃ ခု၊ ဩဂုတ်လ ၃၀ ရက်နေ့ တွင် အခင်းဖြစ် စာချုပ်စာတမ်းများမှာ၊ ယခင်တရားလွှတ်တော်၏ ၁၉၅၆ ခုနှစ်၊ တရားမကြီးမှု အမှတ် ၅၈ ၏ အမှုတွဲထဲ၌ပင် သက်သေခံ စာရွက်စာတမ်းများ အဖြစ် တွဲထားလျက် ရှိသေးပေသည်။ အယူခံ တရားလိုအား ထိုစာရွက် စာတမ်း များကို ပြန်ပေးရန် ရုံးမှ အမိန့်ချမှတ်ခြင်း မပြုရသေးပေ။ သို့ဖြစ်ရာ အယူခံ တရားလိုသာမက၊ အယူခံ တရားပြိုင်ပါ လက်မဲ့ ဖြစ်နေသည့် စာချုပ် စာတမ်း များအား၊ အယူခံ တရားလို အနေဖြင့် အယူခံ တရားပြိုင် အပေါ် လက်ရောက် အပ်ပေးရန် တရားစွဲဆိုခြင်း မပြုနိုင်၊ ထိုစာချုပ်စာတမ်းများကို ထုတ်ယူခြင်းမှ တားမြစ်ပေးရန် သက်သာခွင့်ကိုသာ တောင်းဆိုနိုင်မည် ဖြစ်သည်။

အယူခံတရားပြိုင်က၊ အယူခံ တရားလိုအပေါ် အမှုစွဲဆိုပြီးနောက် နှစ်ရက်အကြာ တွင်၊ အဆိုပါ စာချုပ်စာတမ်းများကို ရုံးမှ အယူခံတရားလိုအား ပြန်ပေးခဲ့သည်မှာ မှန်၏ (သက်သေခံ ၂)၊ ယင်းသို့ ပြန်ပေးခဲ့သည့် အကြောင်းကြောင့် အယူခံ တရားပြိုင်၏ အမှုမှာ၊ ဥပဒေနှင့် ဆန့်ကျင်သည်ဟု မဆိုနိုင်ပေ။ တရားလိုတဦးသည် မိမိအမှုကို၊ စွဲဆိုသည့် နေ့ရက်တွင် ပေါ်ပေါက်လျက်ရှိသော အကြောင်းခြင်းရာများ အပေါ် အမှီသဟဲပြု၍ တရားစွဲရခြင်း ဖြစ်သည်။ တရားစွဲဆိုပြီး နောက်ပိုင်း၌ ပြောင်းလဲခြင်း ဖြစ်ပေါ် လာသည့် အကြောင်းခြင်းရာများသည် တရားလို၏ အမှု အားထိခိုက်နစ်နာမှု မရှိနိုင်ပေ။ သို့ဖြစ်ရာ အယူခံတရားပြိုင်၏ အမှုဆိုပုံမှာ တရား ဥပဒေနှင့် ညီညွတ်ပြီး မှန်ကန်သည်ဆိုသော အောက်ရုံး၏ ကောက်ယူချက်သည် မှားယွင်းသည်ဟု မဆိုနိုင်ပေ။

ဒုတိယ အကြောင်းပြချက်နှင့် ပတ်သက်၍၊ အယူခံတရားလို၏ ရှေ့နေ ဦးငမ်ဟုတ်က အယူခံတရားပြိုင်သည် ၁၉၅၄ ခု၊ ဇူလိုင်လ ၁၆ ရက်နေ့တွင်၊ အခင်းဖြစ် ပိုင်ဆိုင်ခွင့် စာချုပ်စာတမ်းများအား သက်သေခံအမှတ် ၁ စာဖြင့် အယူခံ တရားလိုထံမှ တောင်းဆိုခဲ့သဖြင့်၊ ထိုကဲ့သို့ တောင်းဆိုသည့် နေ့မှ သုံးနှစ်အတွင်း တရားစွဲဆို ရမည်ဖြစ်ကြောင်း၊ ယခုမူ ၁၉၆၃ ခု၊ ဩဂုတ်လ ၃၀ ရက်နေ့ကျမှ တရားစွဲဆိုခဲ့သဖြင့် ကာလစည်းကမ်းသတ် ဥပဒေ ပဌမဇယား၏ အပိုဒ် ၄၉ အရ စည်းကမ်းသတ် အချိန်ကျော်လွန်နေပြီဖြစ်ကြောင်း အလေးအနက် တင်ပြသွားသည်။

ကာလစည်းကမ်းသတ် ဥပဒေ ပဌမဇယား၏ အပိုဒ် ၄၉ မှာ ဤအမှုအတွက် လိုရင်းကို ဖော်ရပြသျှင် အောက်ပါအတိုင်း ဖြစ်သည်။

၁၉၆၇ တင်တင်ဦး ဘရားသား (စ) နှင့် ပဗတ်သမယ် (လ်)။

၄၉။ ။အခြား ရွှေပြောင်း သုံးနှစ် .... ပစ္စည်းကို မတရား သဖြင့် ရယူ နိုင်သည့် ပစ္စည်းကို ရ သည့် အခါက စ၍ သော် လိုမှု ၎င်း၊ . . . မပေး မအပ် သိမ်းထားသူ လက် ဝယ်ထားခြင်းသည် မတရား ဖြစ်လာသည့် အခါက စ၍ သော်ငင်း။

အဆိုပါ အပိုဒ်အရဆိုသျှင်၊ အပိုဒ် ၄၀ တွင် ဖော်ပြထားသော ခိုးမှု၊ အလွဲသုံးစားမှု၊ သို့မဟုတ် မရိုးမဖြောင့်သည့် လှဲပြောင်းမှုဖြင့် ရရှိသော ရွှေပြောင်းနိုင်သည့် ပစ္စည်းများ မဟုတ်သည့် အခြားရွှေပြောင်းနိုင်သော ပစ္စည်းတစုံတခုကို ရသိုကြောင်း စွဲဆိုသော အမှုမျိုးဘွင် ပစ္စည်းကို မဘရားသဖြင့် ရယူသည့်အခါကစ၍သော်ငင်း၊ ပစ္စည်းကို တရားသဖြင့် ရယူခဲ့သင့်ကစား၊ လက်ရှိထိန်းသိမ်းထားခြင်းသည်၊ မတရား ဖြစ်လာသည့် အခါကစ၍သော်ငင်း စည်းကမ်းသတ် ကာလကို စတင်၍ ရေတွက်ရမည်ဖြစ်သည်။ ကနဦးက ပစ္စည်းကို တရားသဖြင့် ရယူထိန်းသိမ်းခဲ့သူ တဦးသည် နောင်တနေ့တွင် ထိုပစ္စည်းအား ရယူကိန်းသိမ်းရန် အခွင့်အရေး မရှိကာမျှဖြင့်၊ ၎င်း၏ လက်ရှိထိန်းသိမ်းထားခြင်းမှာ အသိုအလျောက် မတရားသည့် တိန်းသိမ်းခြင်း အဖြစ်သို့ မရောက်ပေ။ မတရားသည့် ထိန်းသိမ်းခြင်း အဖြစ်သို့ရောက်ရှိရန် အကြောင်း ပေါ်ပေါက်ရမည်ဖြစ်သည်။ ဥပမာ ပစ္စည်းတခုခုအား ကနဦးက တရားသဖြင့် ရယူထိန်းသိမ်းခဲ့သူ တဦးသည် နောင်တနေ့တွင် ထိုကဲ့သို့ ထိန်းသိမ်းရယူရန် အခွင့်အရေး မရှိတော့သည့် အချိန်၌၊ ပိုင်ရှင်အနေဖြင့် မိမိပစ္စည်းအား ပြန်ပေးရန် တောင်းဆို နိုင်မည် ဖြစ်သည်။ ထိုကဲ့သို့ ပိုင်ရှင်က ပြန်တောင်း၍ မပေးသည့်အခါကမှ ထိုသူ၏ လက်ရှိထိန်းသိမ်းထားခြင်းမှာ မဘရားထိန်းသိမ်းခြင်း ဖြစ်သည်ဟု ယူဆရမည် ဖြစ်သည်။

ယခုအမှုတွင် အယူခံတရားပြိုင်နှင့် ၎င်း၏ခင်ပွန်းကွဲသည် အခင်းဖြစ် စာချုပ်စာတမ်းများကို အယူခံဘရားလိုအား၊ ချေးငွေအတွက် အပေါင်သဘောဖြင့် ပေးအပ်ခဲ့သည်ဆိုခြင်းမှာ သက်သေခံ "က" စီရင်ချက်အရ ငြင်းဆိုခြင်း မပြုနိုင်ပေ။ ထို့ကြောင့် အယူခံဘရားလိုသည် ထိုစာချုပ်စာတမ်းများကို မတရားသဖြင့် ရယူခဲ့ခြင်း မဟုတ်ကြောင်း ထင်ရှားသည်။ အယူခံဘရားပြိုင်သည် ထိုစာချုပ်စာတမ်း များကို

ပစ္စည်း ပေါင်နှံသူအနေဖြင့် အယူခံတရားလိုအား အပ်ပေးထားခြင်း ဖြစ်ရာ၊ ထို အပေါင်ကို ရွေးနုတ်ခြင်းမပြုမီ၊ စာချုပ်စာတမ်းများအား ပြန်လည် တောင်းဆို ရန် အခွင့်အရေး မရှိပေ။ သို့ဖြစ်ရာ ၁၉၅၄ ခု၊ ဇူလိုင်လ ၁၆ ရက်နေ့စွဲပါ စာအမှတ် ၁ ဖြင့် စာချုပ်စာတမ်းများအား ပြန်ပေးရန် အယူခံ တရားပြိုင်၏ တောင်းဆိုချက် ကြောင့် အယူခံတရားလို၏ လက်ရှိ ထိန်းသိမ်းထားခြင်းမှာ မတရားဖြစ်ခဲ့သည်ဟု ဆိုနိုင်မည် မဟုတ်ပေ။ ထိုကဲ့သို့ တောင်းဆိုသည့် ၁၉၅၄ ခု၊ ဇူလိုင်လ ၁၆ ရက်နေ့မှစ၍ စည်းကမ်းသတ်ကာလ အချိန် စတင်ခဲ့သည်ဟု မယူဆနိုင်။ အယူခံတရားလိုက အဆိုပါပိုင်ဆိုင်ခွင့် စာချုပ် စာတမ်းများ အပ်ပေးပြီး ပေါင်နှံသည့် ချေးငွေကို ပြန်လည် ရယူကြောင်း စွဲဆိုသည့် ယခင်တရားလွှတ်တော်၏ ၁၉၅၆ ခုနှစ်၊ တရားမကြီးမှု အမှတ် ၅၈ အား အပြီးသတ်ဆုံးဖြတ်ပြီး နောက်ပိုင်းတွင်သာ အယူခံ တရားပြိုင်သည် ထိုစာချုပ် စာတမ်းများကို ပြန်လည် တောင်းဆိုခွင့် ရှိမည်ဖြစ်သည်။ ယင်းသို့ တောင်းဆိုပိုင်ခွင့် ရှိသည့်အတိုင်း အယူခံတရားပြိုင်သည် အယူခံတရားလိုထံမှ စာချုပ် စာတမ်းများကို ပြန်ပေးရန် ၁၉၆၄ ခု၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် သက်သေခံ "ဃ" စာဖြင့် တောင်းဆိုခဲ့သည့်အလျောက်၊ စည်းကမ်းသတ်ကာလကို ထိုနေ့မှစ၍သာ ရေတွက်ရမည်ဖြစ်သည်။ ထိုကဲ့သို့ ဆိုပါလျှင် ၁၉၆၃ ခု၊ ဩဂုတ်လ ၃၀ ရက်နေ့တွင် စွဲဆိုခဲ့သော အယူခံတရားပြိုင်၏ အမှုမှာ စည်းကမ်းသတ်အချိန် ကျော်လွန်ခြင်း မရှိကြောင်း ပေါ်လွင်သည်။

အထက်ပါ အကြောင်းရပ်များကြောင့် **အောက်ရုံး စီရင်ချက်နှင့် ဒီကရီတို့အား** ဝင်ရောက်စွက်ဖက်ရန် အကြောင်းမမြင်ချေ။ သို့ရာတွင် အောက်ရုံး စီရင်ချက်၌ ရွှေနေစရိတ် ၃၄ ကျပ် ခွင့်ပြုသည်ဟု အမိန့်ချမှတ်ထားသော်လည်း၊ ဒီကရီတွင်မူ ရွှေနေစရိတ်ကို အမှု၏ဘန်ဘိုးအပေါ် တွက်ချက်ထားသဖြင့် ထိုကိစ္စကို ပြင်ဆင်ရန် လိုပေသည်။ သို့ပါ၍ အဆိုပါကိစ္စကို ပြင်ဆင်ရန်မှအပ **အောက်ရုံး စီရင်ချက်နှင့် ဒီကရီတို့ကို** အတည်ပြုပြီး၊ ဤအယူခံမှုကို တရားစရိတ်နှင့်တကွ ပလပ်လိုက်သည်။ ရွှေနေစရိတ် ၃၄ ကျပ် ခွင့်ပြုသည်။

နိုင်ငံတော် တရားရုံးချုပ်

အခွင့်ထူးတရားမအယူခံမှု

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင် နှင့် တရားသူကြီး ဦးထွန်းတင်တို့ ရှေ့တွင်

ဒေါ်ကြည် (အယူခံတရားလို)

နှင့်

ဒေါ်သိန်းကြည် ပါ ၂ (အယူခံတရားခံများ) *

† ၁၉၆၇ အောက်တိုဘာ ၂၇ ရက်။

ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၆—မူလရုံးနှင့် ပဌမအယူခံရုံးတို့က အချင်းဖြစ် ပစ္စည်းများကို ရောင်းချသည်နှင့် ပတ်သက်၍၊ ၂ ရုံးစလုံးမှ အကြောင်းခြင်းရာနှင့် ပတ်သက်၍၊ တူညီ တွေ့ရှိထားပြီး ဖြစ်ခြင်း—ဒုတိယ အယူခံ ရုံးသည် ပဌမ အယူခံရုံးက အဖြစ်အပျက်များနှင့် ပတ်သက်၍၊ **တွေ့ရှိ ချမှတ်သည့်အမိန့်ကို ပယ်ဖျက်ခွင့် ရှိ မရှိ—သီးခြား သက်သာခွင့် အက်ဥပဒေ ပုဒ်မ ၄၂ အရ၊ မြက်ဟ ဒီကရီ သက်သက် တောင်းဆိုခြင်း—ၚင်း အက်ဥပဒေ ပုဒ်မ ၄၂ ခြင်းချက်နှင့် ဆန့်ကျင်ခြင်း ရှိ မရှိ။**

ဆုံးဖြတ်ချက်။ ။အမှုနှင့်ပတ်သက်၍ မူလရုံးနှင့် ပဌမ·အယူခံရုံးတို့မှ အချင်းဖြစ် ပစ္စည်းများကို ဒုတိယ အယူခံတရားခံက အယူခံတရားလိုအား ရောင်းချခဲ့သည်နှင့်ပတ်သက်၍ အရောင်းအဝယ် ပြုလုပ်စဉ် ပဌမ အယူခံ တရားခံ မသိရှိခဲ့သော်လည်း နောက်ပိုင်းတွင် ပဌမ အယူခံ တရားခံက သဘော တူခဲ့ကြောင်း ရုံး ၂ ရုံးစလုံးမှာ အကြောင်းခြင်းရာနှင့် ပတ်သက်၍ တူညီ တွေ့ရှိ ထားပြီး ဖြစ်သဖြင့် ထိုပစ္စည်းများနှင့် ပတ်သက်၍ ဇနီးဖြစ်သူ ပဌမ အယူခံ တရားခံက ယခုမှ မိမိစပ်တူ ပိုင်ဆိုင်ခွင့် ရှိပါသေးသည်ဟု ဥပဒေအရ တောင်းဆိုခွင့် မရှိတော့သည်မှာ ထင်ရှားနေတော့သည်။ ထို့အတူက် ပဌမ အယူခံသည် အမှုနှင့် ပတ်သက်သည့် အချင်းဖြစ်မြေနှင့် အဆောက် အဦများ၌ ၎င်းသည် စပ်တူ ပိုင်ဆိုင်ခွင့် ရှိပါသည် ဆိုသည့် မြက်ဟ ဒီကရီကို ရရှိနိုင်ရန် အခွင့် အရေး မရှိတော့ပေ။ သို့ဖြစ်သောကြောင့် ဒုတိယ အယူခံရုံးသည်၊ ပဌမ အယူခံရုံးက အဖြစ်အပျက်များနှင့် ပတ်သက်၍ တွေ့ရှိချမှတ်ခဲ့သည့် အမိန့်ကို ပယ်ဖျက်ခွင့် မရှိ။

ဒေါ်ညိမ်းမြ ပါ ၁ နှင့် ဦးဘအုန်း ပါ ၁၊ ၁၉၅၈ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး၊ စာ ၂၄၈ ရည်ညွှန်းသည်။

ထပ်မံဆုံးဖြတ်ချက်။ ။ပဌမအယူခံ တရားခံက အမှုနှင့် ပတ်သက်၍ မြက်ဟ ဒီကရီ သက်သက်ကို တောင်းဆို ရရှိခဲ့လျှင်ကစား တရားနိုင် ဖြစ်သူ အယူခံ တရားလို ဖွင့်လှစ်ခဲ့သည့် ဇာရီမှုကို

---

* ၁၉၆၅ ခုနှစ်၊ **အခွင့်ထူး** တရားမ အယူခံမှုအမှတ် ၂။

† ၁၉၆၃ ခုနှစ်၊ တရားမ ဒုတိယ အယူခံမှု အမှတ် ၄၂ တွင် မြန်မာနိုင်ငံတရားရုံးချုပ် ရုံးတော်၏ ချမှတ်သော ဒီကရီကို **အယူခံမှု**။

မူ တိကျစွာ ကန့်ကွက်ချေပနိုင်မည် မဟုတ်။ အယူခံ တရားလိုက ဒုတိယ အယူခံတရားခံ အပေါ် ရရှိခဲ့သည့် ဒီကရီမှာ အချင်းဖြစ် ပစ္စည်းများနှင့် ပတ်သက်၍ မိမိ၏ အစုအပေါ် မည်သို့မျှ အကျိုး သက်ရောက်ခြင်း မရှိကြောင်း မြက်ဟ ဒီကရီ ရရှိမှသာ ဇာရီမှုနှင့် ပတ်သက်၍ တိကျစွာ ခုခံချေပ နိုင်မည် ဖြစ်သဖြင့် ယခုကဲ့သို့ မြက်ဟ ဒီကရီ သက်သက် စွဲဆိုခဲ့ခြင်းမှာ သီးခြား သက်သာခွင့် အက်ဥပဒေ ပုဒ်မ ၄၂ ခြွင်းချက်နှင့် ဆန့်ကျင်ခြင်း မရှိဟုလည်း ယူဆရန် မဖြစ်ပေ။

အယူခံတရားလိုအတွက်။ ။ဦးဘသန်း (၁)။

အယူခံတရားခံ ၁ အတွက်။ ။ဦးမန်ဖိုးချို။

အယူခံတရားခံ ၂ အတွက်။ ။ကိုးယ်ဘိုင်။

တရားသူကြီး ဦးထွန်းတင်။ ။ယခုအခွင့်ထူး တရားမအယူခံမှု ပေါ်ပေါက်လာရသည့် အခြေခံအမှု အကြောင်းပြချက်များကို ယခုအမှုတွင် ၁၉၆၆ ခု၊ ဇန်နဝါရီလ ၁၀ ရက်နေ့က ချမှတ်ခဲ့သည့် အမိန့်စီရင်ချက်တွင် အတိုချုပ် ဖော်ပြပြီး ဖြစ်၍၊ ယခု စီရင်ချက်မှာ ထိုအမိန့်စီရင်ချက်နှင့် ပူးတွဲဘတ်ရှုရန် ဖြစ်ပေသည်။ ယခုအမှုမှ အခွင့်ထူး အယူခံမှု တင်သွင်းရန် လျှောက်ထားသည့် အခါက အမှုတွင် အောက်ပါ ဥပဒေပြဿနာနှစ်ချက် ပေါ်ပေါက် စဉ်းစားရန် လိုအပ်နေကြောင်း တွေ့ရှိရသဖြင့်၊ ထို ဥပဒေပြဿနာ နှစ်ချက်ကို ကျယ်ပြန့်စွာ စဉ်းစားနိုင်ရန် အခွင့်ထူး ပေးခဲ့ခြင်းဖြစ်သည်။ ၎င်းတို့မှာ—

၁။ ဒုတိယ အယူခံရုံးသည် ပဌမအယူခံရုံး အဖြစ်အပျက်များနှင့် ပတ်သက်၍ တွေ့ရှိ ချမှတ်ခဲ့သည့် အမိန့်ကိုပယ်ဖျက်ခွင့်ရှိ မရှိ၊

၂။ သီးခြားသက်သာခွင့် အက်ဥပဒေ ပုဒ်မ ၄၂ ခြွင်းချက်နှင့် ပတ်သက်၍ စဉ်းစားဘွယ်ရာ အချက်အလက်များကိုဝင်း။

ထိုပြဿနာ နှစ်ရပ်နှင့် ပတ်သက်၍ ယခုအယူခံမှုကို ကြားနာသည့်အခါ မူလရုံးနှင့် အယူခံရုံးများမှ၊ အမှုတွင် အရေးကြီးသည့် ကောက်ချက်ဖြစ်သော အချင်းဖြစ်မြေနှင့် အိမ်ကို လင်ယောကျ်ား ဖြစ်သူ ဒုတိယ အယူခံတရားခံ ဦးဘဒန်က အယူခံတရားလို ခေါ်ကြည်အား ရောင်းချလိုက်သည့်အခါ၊ ဇနီးဖြစ်သူ ပဌမ အယူခံတရားခံ ခေါ်သိန်းကြည်က တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သော နည်းဖြင့်ဖြစ်စေ သဘော တူညီခြင်း ရှိပါသလော၊ သို့မဟုတ် ရောင်းချပြီးနောက် ၎င်း၏ ပြုမူပုံအရ သဘောတူညီသည်ဟု ယူဆရမည်လော ဟူသည့် ကောက်ချက်ကို ထုတ်နုတ်ခဲ့ခြင်း မရှိကြောင်း တွေ့ရှိရလေသည်။ ထိုကောက်ချက်မှာ ယခုအမှုကို တိကျစွာ ဆုံးဖြတ်ရန် များစွာ လိုအပ်ကြောင်း၊ ယခင် တရားလွှတ်တော်မှ ဆုံးဖြတ်ခဲ့သည့် အင်(နှ)၊ အေး ဗို၊

အာ(ရ်)၊ချစ်တီးယားဖမ်း နှင့်**မောင်သံဒိုင်**အမှု(၁)တွင် စီရင်ထုံးမှာပြဆိုချက်များအရ စဉ်းစားရန် လိုအပ်နေကြောင်း တွေ့ရှိရလေသည်။ထို့အတွက် ဤရုံးမှ တရားမကျင့်ထုံး အမိန့် ၄၁၊ နည်းဥပဒေ ၂၅ အရ အောက်ပါ ကောက်ချက်နှင့် ပတ်သက်၍ မူလရုံးက လိုအပ်ပါက နောက်ထပ် သက်သေ ခံချက်များ ရယူပြီး မိမိ၏ ထင်မြင်ချက်ကိုပါ ဤရုံးသို့ ပြန်လည်ပေးပို့ရန် ၁၉၆၆ ခုနှစ်၊ ဇန္နဝါရီလ ၁၀ ရက်နေ့က အမိန့်ချမှတ် ပေးခဲ့လေသည်။

ဒေါ်ကြည်နှင့် ဒေါ်သိန်းကြည်တို့ ပါ၂၂။

> ၁။ ဦးဘဒန်သည် ဒေါ်ကြည်အား အချင်းဖြစ်မြေနှင့် အိမ်ကို ရောင်းရာ၌ မိမိ၏ ဇနီး ဒေါ်သိန်းကြည်၏ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သော နည်းဖြင့်ဖြစ်စေ သဘော တူညီချက် ရှိပါသလော၊ သို့မဟုတ် ရောင်းပြီး နောက်ပိုင်းတွင် ဒေါ်သိန်းကြည်၏ ပြုမူပုံအရ ၎င်းကပါ သဘော တူညီသည်ဟု ယူဆရမည် ဖြစ်သလော။

ထိုကောက်ချက်နှင့် ပတ်သက်၍ မူလရုံးမှ အမှုတွင်နောက်ထပ် သက်သေခံချက် များရယူပြီး ၁၉၆၇ ခုနှစ်၊ မေလ ၆ ရက်နေ့စွဲပါ ၎င်း၏ထင်မြင်ချက်ကို ပေးပို့ခဲ့ရာ၊ ထိုကောက်ချက်နှင့် ပတ်သက်၍ ဦးဘဒန်သည် အချင်းဖြစ်မြေနှင့် အိမ်ကိုရောင်းရာ၌ မိမိ၏ဇနီး ဒေါ်သိန်းကြည်၏ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သော နည်းဖြင့်ဖြစ်စေ သဘောတူညီချက်ကို မရရှိခဲ့ပါဟု ပဌမပိုင်းကို ဖြေဆိုခဲ့သော်လည်း၊ ဒုတိယပိုင်းနှင့် ပတ်သက်၍ ရောင်းပြီးနောက်ပိုင်းတွင် ဒေါ်သိန်းကြည်၏ ပြုမူပုံအရ ၎င်းကပါ သဘော တူညီသည်ဟု ယူဆရမည်ဖြစ်ကြောင်း ဖြေဆိုခဲ့လေသည်။

ထို့သို့ မူလရုံးမှ ကောက်ချက်နှင့် ပတ်သက်၍ တွေ့ရှိချက်ကို လက်ခံအတည်ပြုသင့် မသင့် နှစ်ဦးနှစ်ဘက် ရှေ့နေကြီးများအား ကြားနာခဲ့လေသည်။ အယူခံတရားလို အကွက်သို့က်ပါဆောင်ရွက်သည့် ရှေ့နေကြီးက မူလရုံးမှ ကောက်ချက်နှင့် ပတ်သက်၍ တင်သွင်းခဲ့သည့် ထင်မြင်ချက်မှာ သက်သေခံချက်များအရ လုံလောက်သည့် အထောက်အထားရှိသဖြင့် မှန်ကန် လက်ခံသင့်ကြောင်း တင်ပြလေသည်။ အယူခံတရားခံ များ၏ ရှေ့နေကြီးက မူလရုံးမှ ကောက်ချက် ပဌမပိုင်းနှင့် ပတ်သက်၍ ဖြေဆိုခဲ့ခြင်း မှာ မှန်ကန်သည်ဟု ဆိုရမည် ဖြစ်သော်လည်း၊ ဒုတိယပိုင်းနှင့် ပတ်သက်၍ ဖြေဆိုခဲ့ ခြင်းမှာ အကြောင်း ခြင်းရာများ အရ မှန်ကန်သည် မဆိုနိုင်ပါဟု လျှောက်ထားသော် လည်း၊ ကောက်ချက်၏ ဒုတိယပိုင်း နှင့် ပတ်သက်၍ မူလရုံးမှ ဖြေဆိုခဲ့ခြင်းမှာ သက်သေခံများနှင့် ဆန့်ကျင်ကွဲလွဲပြီး တဘက်စီးနင်း ဖြေဆိုခဲ့ခြင်း ဖြစ်ကြောင်းအယူခံ တရားခံများ၏ ရှေ့နေကြီးက မည်သို့မျှလေးနက်စွာ ကန့်ကွက် ဖော်ပြနိုင်ခြင်းမရှိပေ။

---

(၁) ရန်ကုန်အတွဲ ၉၊ စာ ၅၂၄။

မူလရုံးမှ ကောက်ချကနှင့် ပတ်သက်၍ နောက်ထပ်ဒယူခဲ့သည့် သက်သေခံချက်များနှင့် အမှုတွင် စစ်ဆေးခဲ့သည့် သက်သေခံချက်များကို ကျွန်ုပ်တို့လေ့လာသည့် အခါ၊ ဒုတိယအယူခံ တရားခံဖြစ်သူ ဦးဘဒန်က အချင်းဖြစ်မြေနှင့်အိမ်ကို အယူခံ တရားလို ဒေါ်ကြည်သို့ရောင်းချစဉ်က ဇနီးဖြစ်သူ ပဌမအယူခံ တရားခံဒေါ်သိန်းကြည်မှာ ပဲန္နယ်ကုန်းတွင် နေထိုင်နေသဖြင့် ထိုသို့ရောင်းချသည်နှင့် ပတ်သက်၍ သိရှိရန် မဖြစ်သောကြောင့်၊ အရောင်းအဝယ်ကို ဇနီးဖြစ်သူ ဒေါ်သိန်းကြည်က တိုက်ရိုက် ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့် ဖြစ်စေ သဘောတူညီခဲ့ခြင်း မရှိဟု ကောက်ချက်၏ ပဌမပိုင်းကို မူလရုံးမှ ဖြေဆိုခဲ့သည်နှင့်ပတ်သက်၍ငင်း၊ ကောက်ချက်၏ ဒုတိယပိုင်းကို မူလရုံးမှ ပစ္စည်းများ ရောင်းချပြီးနောက်ပိုင်းတွင် ဒေါ်သိန်းကြည်သည် အချင်းဖြစ်မြေနှင့် အဆောက်အဦအတွက် အယူခံ တရားလိုက လက်ရှိ ရရှိရန် တားစွဲဆိုခဲ့သည်များကို သိရှိသော်လည်း အချိန်ကြာမြင့်စွာ မည်သို့မျှ အရေးယူခဲ့ခြင်း မရှိ၊ ဝယ်ယူသူဒေါ်ကြည်က ဦးဘဒန်အပေါ် ထိုပစ္စည်း လက်ရောက်ရရှိရန် ဒီကရီရခဲ့သည့် အတိုင်း ဇာရီပြုလုပ်သည့်အခါတွင်မှ ဒေါ်သိန်းကြည်က အချင်းဖြစ် ပစ္စည်းများတွင် မိမိသည် ဇနီးဖြစ်သည့်အတိုင်း ဗဟုဘာသာ ဓမ္မသတ်အရ စပ်တူပိုင်ဆိုင်သူတဦး ဖြစ်ကြောင်း မြွက်ဟကျေညာပေးရန် မူလအမှုကို စွဲဆိုခဲ့ခြင်းသာ ဖြစ်သောကြောင့်၊ ဒေါ်သိန်းကြည်၏ ပြုမူပုံအရ ငင်းကပါ သဘောတူညီသည်ဟု ယူဆရမည် ဖြစ်ကြောင်း မူလရုံးမှ ဖြေဆိုခဲ့သည်မှာ သက်သေခံ အထောက်အထားများ လုံလောက်စွာ ရှိနေကြောင်း ကျွန်ုပ်တို့တွေ့ရှိရသဖြင့်၊ ငင်းကောက်ချက်နှင့် ပတ်သက်၍ မူလရုံးမှတွေ့ရှိချက်များကို လက်ခံအတည်ပြုရမည်သာ ဖြစ်ပေသည်။

သို့ဖြစ်ရကား ပဌမအယူခံရုံး ဖြစ်သည့် အင်းစိန်ခရိုင် တရားမရုံး၊ ၁၉၆၂ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၁၈ တွင် ခရိုင်တရားမ တရားသူကြီးက အချင်းဖြစ် ပစ္စည်းများကို အယူခံတရားလိုသို့ လင်ယောကျ်ား ဖြစ်သူ ဒုတိယအယူခံ တရားခံက ရောင်းချခဲ့ခြင်းနှင့် ပတ်သက်၍ ဇနီးဖြစ်သူ ပဌမအယူခံတရားခံက မည်သို့မျှသဘောတူညီခြင်း မရှိခဲ့ပါဟု မူလတရားလိုပြဖြစ်သူ ပဌမအယူခံတရားခံက ပြဆိုနိုင်ခြင်းမရှိသဖြင့်၊ ၎င်း၏ အယူခံမှုကို ပလပ်ရမည်သာ ဖြစ်သည်ဟု ဆုံးဖြတ်ခဲ့ခြင်းမှာ မှန်ကန်သည့် ဆုံးဖြတ်ချက် ဖြစ်ကြောင်း ထင်ရှားနေတော့သည်။

တဖန် မူလရုံးဖြစ်သည့် အင်းစိန်မြို့၊ မြို့နယ် တရားမရုံး ၁၉၆၀ ခု၊ တရားမကြီးမှုအမှတ် ၅၉ တွင် မြို့နယ်တရားမ တရားသူကြီးက မူလတရားလိုဖြစ်သူ ပဌမအယူခံထရားခံ၏ မြွက်ဟဒီကရီ တောင်းဆိုချက်ကို စရိတ်နှင့်တကွ ပလပ်ခဲ့သည် ဖြစ်ရကား၊ မူလရုံးနှင့် ပဌမအယူခံ ရုံး ၂ ရုံး စလုံးကပင် အမှုဋ္ဌ အရေးကြီးသည့် ကောက်ချက်

ဖြစ်သော အချင်းဖြစ် ပစ္စည်းများကို လင်ယောကျ်ားဖြစ်သူ ဦးဘဒန်က ဒေါ်ကြည် အား ရောင်းချခဲ့သည်ကို ဇနီးဖြစ်သူ ဒေါ်သိန်းကြည်က သဘော တူညီခဲ့ခြင်း ရှိ ကြောင်းနှင့် ပတ်သက်၍ တူညီစွာ တွေ့ရှိ ဆုံးဖြတ်ထားရှိပြီး ဖြစ်ကြောင်း ထင်ရှားနေ တော့သည်။ ဤထိုသို့ အကြောင်းခြင်းရာနှင့် ပတ်သက်၍ တူညီတွေ့ရှိထားချက်တွင် ဒုတိယအယူခံရုံးများက ဝင်ရောက်စွက်ဖက်ရန် ဥပဒေအရ အခွင့်အရေး မရှိကြောင်း သာဓကများပင်ရှိလေသည်။ ထိုမှတဆင့် မူလရုံးနှင့် ပဌမအယူခံရုံးတို့သည် အကြောင်း ခြင်းရာနှင့် ပတ်သက်၍ တွေ့ရှိချက်မှာ ကွဲလွဲနေလင့်ကစား၊ အကြောင်း ခြင်းရာနှင့် ပတ်သက်၍ ပဌမအယူခံရုံး၏ ယူဆဆုံးဖြတ်ချက်မှာ အတည်ဖြစ်၍ ဒုတိယ အယူခံ ရုံးမှ ထိုဆုံးဖြတ်ချက်မျိုးတွင် ဥပဒေအရ ဝင်ရောက် စွက်ဖက်ရန် မရှိကြောင်းကို **ယခင်တရားလွှတ်တော်မှ ဦးရဲကျော်သူ ကုမ္ပဏီလီမိတက်** နှင့် **မလှဦးပရူးအမှု** (၂) စီရင်ထုံးတွင် ယခင်ပရိဗ္ဗီကောင်စီမှ ချမှတ်ခဲ့သည့် စီရင်ထုံးများအပေါ် မူတည်၍ ဆုံးဖြတ်ထားခဲ့လေသည်။

ယခုအမှုနှင့် ပတ်သက်၍ ဤရုံး ၁၉၆၃ ခု၊ တရားမ ဒုတိယ အယူခံမှုအမှတ် ၄၂ ကိုကြားနာခဲ့သည့် တရားသူကြီးချုပ် ဦးဘိကြီးက အချင်းဖြစ် ပစ္စည်းများကို ဦးဘဒန် ကရောင်းချသည်ကို ဇနီးဖြစ်သူ ဒေါ်သိန်းကြည်က သဘောတူညီခြင်းရှိမှု၊ အရောင်း အဝယ်မှာ ပစ္စည်းများ အားလုံးအတွက်အကျုံးဝင်မည်ဖြစ်ကြောင်း ပြဆိုခဲ့သော်လည်း အမှုတွင် ဇနီးဖြစ်သူ ဒေါ်သိန်းကြည်က သဘောတူညီခဲ့ကြောင်းကို သက်သေခံ ပြရန် တာဝန်မှာ ဝယ်ယူသူဒေါ်ကြည် အပေါ်၌ တည်ရှိပြီး ထိုတာဝန်ကို ဒေါ်ကြည်က ကျေပွန်စွာမပြသနိုင်သဖြင့်၊ ဒေါ်သိန်းကြည် စွဲဆိုသည့်အတိုင်း မြင်ဟ ဒီကရီရသင့် သည်ဟုဖေါ်ပြခဲ့လေသည်။ သို့ရာတွင် ထိုပြဆိုချက်မှာ မှန်ကန်လက်ခံသင့်သည်ဟု ကျနှုပ်ဘို့ ယူဆရန်ခဲယဉ်းပေသည်။ အဘယ်ကြောင့်ဆိုသော် အမှုကိုစွဲဆိုခဲ့သည်မှာ ဒေါ်သိန်းကြည်က စွဲဆိုခဲ့ခြင်း ဖြစ်ပြီး၊ ဒေါ်ကြည်က စွဲဆိုခဲ့ခြင်း မဟုတ်သဖြင့်၊ ဒေါ်သိန်းကြည်က မိမိတောင်းဆိုသည့် အတိုင်း အချင်းဖြစ် ပစ္စည်းများတွင် ဇနီး ဖြစ်သည့်အတိုင်း ဗဒ္ဓဘာသာ ဓမ္မသတ်အရ ဦးဘဒန်နှင့် စပ်တူ ပိုင်ဆိုင်ခွင့်ရှိကြောင်း ကျေညာချက် ရယူသိမ့်၊ ထိုပစ္စည်းများကို ဦးဘဒန် ရောင်းချလိုက်ခြင်းများကို မိမိက သိရှိ သဘောတူခြင်း မရှိပါဟု ပြသရမည်ဖြစ်သဖြင့်၊ သက်သေပြရန်တာဝန်မှာ တရားလိုဖြစ်သူ ဒေါ်သိန်းကြည်၏ အပေါ်တွင်ပင် ကျရောက်မည် ဖြစ်ပေသည်။ အကယ်၍အမှုတွင် ဒေါ်ကြည်ကတရားစွဲဆိုခဲ့၍ ဒေါ်သိန်းကြည်ကတရားခံဖြစ်နေမှု၊ ခင်ပွန်းဖြစ်သူ ဦးဘဒန်ကပစ္စည်းရောင်းချခဲ့ခြင်းကို ဇနီးဖြစ်သူ ဒေါ်သိန်းကြည်က သဘော တူညီကြောင်း ပြသရမည့် တာဝန်မှာ ဒေါ်ကြည်တွင် ကျရောက်မည်ဖြစ်ပေသည်။

(၂) ၁၉၄၀ ခု၊ ရန်ကုန်စီရင်ထုံး၊ စာ ၁၈၀။

ဒေါ်ကြည်နှင့် ဒေါ်သိန်းကြည် ပါ ၂။

ထို့တွက် အထက်က ပြဆိုခဲ့သည့်အတိုင်း ယခုအမှုနှင့် ပတ်သက်၍ မူလရုံးနှင့် ပဌမ အယူခံရုံးတို့မှ၊ အချင်းဖြစ်ပစ္စည်းများကို ဦးဘဒန်က ဒုတိယခံတရားလို ဒေါ်ကြည် အား ရောင်းချခဲ့သည်နှင့်ပတ်သက်၍ အရောင်းအဝယ် ပြုလုပ်စဉ် ဒေါ်သိန်းကြည် မသိရှိခဲ့ခော်လည်း နောက်ပိုင်းတွင် ဒေါ်သိန်းကြည်က သဘောတူညီခဲ့ကြောင်း ရုံး ၂ ရုံးစလုံးမှ အကြောင်းခြင်းရာနှင့် ပတ်သက်၍ တူညီတွေ့ရှိထားပြီး ဖြစ်သဖြင့်၊ ယခင်တရားလွှတ်တော်မှ ဆုံးဖြတ်ခဲ့သည့် ဒေါ်ညိမ်းမြ ပါ ၁ နှင့် ဦးဘအုန်း ပါ ၁ အမှု (၃) စီရင်ထုံးပါ ပြဆိုချက်များအရ၊ [ထိုပစ္စည်းများနှင့် ပတ်သက်၍ ဇနီးဖြစ်သူ (ဒေါ်သိန်းကြည်) က ယခုမှ မိမိ စပ်တူပိုင်ဆိုင်ခွင့် ရှိပါသေးသည်ဟု ဥပဒေအရ တောင်းဆိုခွင့် မရှိတော့သည်မှာ ထင်ရှား နေတော့သည်။ ထို့အတွက် (ဒေါ်သိန်း ကြည်) သည် ယခု အမှုနှင့်ပတ်သက်သည့် အချင်းဖြစ်မြေနှင့် အဆောက်အဦ များ၌ ၎င်းသည် စပ်တူပိုင်ဆိုင်ခွင့်ရှိပါသည် ဆိုသည့် မြို့ဟ ဒီကရီကို ရရှိနိုင်ရန် အခွင့်အရေး မရှိတော့ပေ။သို့ဖြစ်သောကြောင့်]ယခု အခွင့်ထူး အယူခံမှု ပေးခဲ့ရုံးပုံသိ စဉ်းစားရန်ဖြစ်သည့် ပဌမ ကောက်ချက်နှင့် ပတ်သက်၍ (ဒုတိယ အယူခံရုံးသည် ပဌမအယူခံရုံးက အဖြစ်အပျက်များ နှင့်ပတ်သက်၍ တွေ့ရှိချမှတ်ခဲ့သည့် အမိန့်ကို ပယ်ဖျက်ခွင့် မရှိ) ဟုသာ ဖြေဆိုရမည်ဖြစ်သည့်အတိုင်း၊ ၁၉၆၃ ခုနှစ်၊ တရားမ ဒုတိယ အယူခံမှုအမှတ် ၄၂ တွင် ချမှတ်ခဲ့သည့် စီရင်ချက်နှင့် ဒီကရီမှာ ဥပဒေအရ မှန်ကန်၍ လက်ခံ အတည်ပြုသင့်သည်ဟု ကျွန်ုပ်တို့မတွေ့ရှိရပေ။

ဒုတိယ ပြဿနာနှင့် ပတ်သက်၍ ယခုအမှုတွင်မူလရုံးတရားလိုဖြစ်သူ ဒေါ်သိန်းကြည် က သီးခြား သက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ အရ မြို့ဟ ဒီကရီ သက်သက်ကို တောင်းဆိုခဲ့ပေသည်။ အမှန်မှာ ဒေါ်သိန်းကြည်က ယခု အမှုနှင့်ပတ်သက်၍ ဒေါ် ကြည်က ၎င်း၏ လင်ယောကျ်ား ဦးဘဒန်အပေါ် အချင်းဖြစ် ပစ္စည်းများကို လက် ရောက် ရရှိရန် ဒီကရီရရှိပြီးနောက် ထိုဒီကရီနှင့် ပတ်သက်၍ ဘရီဖွင့်သည့်အခါမှ အချင်းဖြစ် ပစ္စည်းများမှ မဖယ်ရှား လိုသောကြောင့် ယခုအမှုကို စွဲဆိုခဲ့ခြင်း ဖြစ် ကြောင်း များစွာထင်ရှား နေတော့သည်။ သို့ဖြစ်ရကား [ဒေါ်သိန်းကြည်က ယခု အမှုနှင့် ပတ်သက်၍ မြို့ဟဒီကရီ သက်သေကို တောင်းဆိုရရှိခဲ့လင့်ကစား၊ တရားနိုင်ဖြစ်သူ (ဒေါ်ကြည်) ဖွင့်လှစ်ခဲ့သည့် ဘရီမှကိုမူ တိကျစွာကန့်ကွက် ချေပ နိုင်မည်မဟုတ်။ (ဒေါ်ကြည်) က (ဦးဘဒန်) အပေါ်ရရှိခဲ့သည့် ဒီကရီမှာ အချင်း ဖြစ် ပစ္စည်းများနှင့် ပတ်သက်၍ မိမိ၏ အစုအပေါ် မည်သို့မျှ အကျိုးသက်ရောက် ခြင်း မရှိကြောင်း မြို့ဟဒီကရီရရှိမှသာ ဘရီနှင့် ပတ်သက်၍ တိကျစွာခုခံချေပ

(၃) ၁၉၅၈ ခု၊ မြန်မာပြည်စီရင်ထုံး၊ စာ ၂၄၈။

နိုင်မည်ဖြစ်သဖြင့်၊ ယခုကဲ့သို့ မြင်ကွင်း ဒီကရီ သက်သကဲကိုစွဲဆိုခဲ့ခြင်းမှာ သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ ခြွင်းချက် နှင့် ဆန့်ကျင်ခြင်း မရှိဟုလည်း ယူဆရန် မဖြစ်ပေ။]

မည်သို့ပင်ဖြစ်စေ အထက်ပြဆိုခဲ့သည့်အတိုင်း ယခု အထူးအယူခံမှုနှင့် ပတသက်၍ ပဌမပြဿနာပေါ်တွင် ဒုတိယအယူခံ ရုံးသည် ပဌမအယူခံရုံးက အဖြစ်အပျက်များနှင့် ပတ်သက်၍ တွေ့ရှိချမှတ်သည့် အဓိန်ကို ပယ်ဖျက်ခွင့်မရှိဟု ကျွန်ုပ်တို့ယူဆဆုံးဖြတ်ပြီးဖြစ်ရကား၊ ဤမှုံး ၁၉၆၃ ခုနှစ်၊ တရားမ ဒုတိယ အယူခံမှုအမှတ် ၄၂ တွင် ချမှတ်ခဲ့သည့် စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ရမည်သာ ဖြစ်ပေသည်။

ဖေါ်ပြပါ အကြောင်းများကြောင့် ယခု အခွင့်ထူး အယူခံမှုကို ခွင့်ပြုပြီး ဤရုံး ၁၉၆၃ ခုနှစ်၊ တရားမ ဒုတိယ အယူခံမှုအမှတ် ၄၂ တွင်ချမှတ်ခဲ့သည့်စီရင်ချက်နှင့် ဒီကရီကို စရိတ်နှင့်တကွ ပယ်ဖျက်ပြီး၊ တရားလိုဖြစ်သူ ပဌမအယူခံတရားခံ ဒေါ်သိန်းကြည် စွဲဆိုခဲ့သည့်အမှုများကို ရုံး ၃ ရုံးစလုံးတွင် စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ပညာရှိ ရွှေနေကြီး စရိတ်အဖြစ် ၇၅ ကျပ် သတ်မှတ်သည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမအသေးအဖွဲအယူခံမှု

တရားသူကြီး ဦးကျော်ဇံဦး ရှေ့တွင်

† ၁၉၆၇

အောက် တိုဘာ လ ၂၆ ရက်။

ဒေါ်ကောက် ပါ ၃ (အယူခံတရားလိုများ)

နှင့်

မတင်လှ (အယူခံတရားခံ) *

ပြည်ထောင်စု အသက်အာမခံ စံနစ်အဖွဲ့ အက်ဥပဒေ ပုဒ်မ ၂ (၈)—မိသားစု ဆိုသည့် စကားရပ်—မိခင် အစ်မ တူမများသို့ အသက်အာမခံကို လွှဲပြောင်းပေးခြင်း—ဥပဒေအရ၊ မှန်ကန်မှုမှန်ကန်။

ဆုံးဖြတ်ချက်။ ။ပြည်ထောင်စု အသက်အာမခံ စံနစ် အဖွဲ့ အက်ဥပဒေ ပုဒ်မ ၂ (၈) အရ၊ "မိသားစု" ဆိုသည့် စကားရပ်တွင် အာမခံ ထားသူ၏ မယား၊ သို့မဟုတ် မိခင်၊ သို့မဟုတ် ၎င်း အပေါ် မှီခိုအားထားနေသည့် နီးစပ်သော ဆွေမျိုး ညာတိများ ပါဝင်သည်ဟု ဆိုရာ အမှုတွင် သေဆုံးသူသည် အာမခံကို လွှဲပြောင်း ပေးသော အခါ၊ မိသားစု အယူခံ တရားလိုများ ဖြစ်သော မိခင်၊ အစ်မ၊ တူများသို့ လွှဲပြောင်းပေးခဲ့သည်။ထိုအချိန်တွင် သူမှာ အယူခံ တရားခံနှင့် လင်မယား မဖြစ်သေးပေ။ သို့ကြောင့် သေဆုံးသူသည် ၎င်း၏ အသက်အာမခံကို အယူခံတရားလိုများသို့ လွှဲပြောင်း ပေးခဲ့သည်မှာ ဥပဒေ အရ၊ မှန်ကန်၍ ၎င်းတို့သာ ထုတ်ယူနိုင်ရန် အမှေ ဆက်ခံစာ လက်မှတ် ရသင့်သည်။

အယူခံတရားလိုအတွက်။ ။ဦးမြစိန်။

အယူခံတရားခံအတွက်။ ။မစ္စတာ ဘီ၊ ကေ၊ ဆင်း။

တရားသူကြီး ဦးကျော်ဇံဦး။ ။ဤအမှုတွင် သေဆုံးသူ ကျောင်းဆရာ ဦးမင်းလွင်၏ ပြည်ထောင်စု အသက်အာမခံအဖွဲ့တွင် လူပျိုဘဝကပင် ငွေကျပ် ၄,၀၀၀ ဘိုး အသက်အာမခံထားငွေကို ၎င်းမသေမီကပင် လွှဲပြောင်းပေးခြင်း ခံရသူ ၎င်း၏အမေ အစ်မနှင့်တူများဖြစ်သော အယူခံတရားလိုများသို့ ထုတ်ပေးရန်အလို့ငှါ အမွေဆက်ခံစာ

---

* ၁၉၆၇ ခုနှစ်၊ တရားမ အသေးအဖွဲ့ အယူခံမှုအမှတ် ၃။

† ၁၉၆၇ ခုနှစ်၊ ဖေဖြေလ ၂၁ ရက်နေ့စွဲပါ ၁၉၆၇ ခုနှစ်၊ တရားမအသေးအဖွဲ့အမှုအမှတ် ၁ တွင် ရှေ့ဘိုမြို့၊ ခရိုင် တရားမ တရားသူကြီး၏ အမိန့်ကို အယူခံဝင်မှု။

လက်မှတ်ကို ထုတ်မပေးဘဲနှင့် ဆေဆုံးသူ၏ ဇနီး အယူခံတရားခံကိုသာ ထုတ်ပေး၍ မကျေနပ်သဖြင့် အယူခံဝင်ကြခြင်းဖြစ်သည်။

မူလရုံးသည် ဥပဒေကို ယူဆချက်မှာ မှားယွင်းသည်။ ပြည်ထောင်စု အသက်အာမခံစီမံနှစ်အဖွဲ့ အက်ဥပဒေပုဒ်မ ၁၅ (၁) က —

> "ဥပဒေ၌သော်၎င်း၊ ဥပဒေကဲ့သို့ပင် အာဏာတည်သော ဓလေ့ထုံးစံ၌သော်၎င်း၊ မည်သို့ပင်ဆိုထားစေကာမူ၊ ဤဥပဒေ အရ ပြုသည့်အသက်အာမခံ ပေါ်လစီ လွဲပြောင်းပေးခြင်းမှာ မပြုမနေရဖြစ်ရမည့်ပြင်၊ ဆိုခဲ့သည့် လွဲပြောင်းပေးခြင်းသည် မည်သည့်စည်းကမ်းချက် ပါရှိစေကာမူ၊ ဆိုခဲ့သည့်ဥပဒေကြောင့် သော်၎င်း၊ ဆိုခဲ့သည့် လေ့ထုံးစံကြောင့် သော်၎င်း မပျက်စေရ"။

ဟုဆိုသည်။ ခြွင်းချက်အမှတ် (ခ) က မိသားစုမရှိမှသာလျှင် ပြင်ပလူတဦးဦးသို့ လွဲပြောင်းပေးခြင်း ပြုနိုင်သည်ဟုဆိုသည်။ အဆိုပါ အက်ဥပဒေပုဒ်မ ၂ (၈) အရ "မိသားစု" ဆိုသည့်စကားရပ်တွင် အာမခံထားသူ၏ မယား၊ သို့မဟုတ် မိခင် သို့မဟုတ် ဖခင်အပေါ် မှီခိုအားထားနေသည့် နီးစပ်သောဆွေမျိုးညာတိများပါဝင်သည် ဟုဆိုရာ ဤအမှုတွင် သေဆုံးသူ ဦးမင်းလွင်သည် အာမခံကို လွဲပြောင်းပေးသောအခါ မိသားစု အယုခံတရားလိုများဖြစ်သော မိခင်၊အစ်မ၊တူ များသို့လွဲပြောင်းပေးခဲ့သည်။ ထိုအချိန်တွင် သူ့မှာအယူခံတရားခံနှင့် လင်မယားမဖြစ်သေးပေ။ သို့ကြောင့် ဦးမင်းလွင်သည် ဖခင်၏အသက်အာမခံကို အယူခံတရားလိုများသို့ လွဲပြောင်းပေးခဲ့သည်မှာ ဥပဒေအရ မှန်ကန်၍ ဖခင်တိုသာ ထုတ်ယူနိုင်ရန် အမေ့ဆက်ခံစာလက်မှတ် ရသင့်သည်။

အောက်ရုံး ရွှေဘိုမြို့၊ခရိုင်တရားမ တရားသူကြီးကအဆိုပါအက်ဥပဒေပုဒ်မ ၁၅(၂) ကို အကိုးအကားပြု၍ သေဆုံးသူ ဦးမင်းလွင် လူပျိုဘဝကပင် မိသားစုမိခင်၊ အစ်မ၊ တူ တို့သို့လွဲပြောင်းပေးခြင်းသည် သူမသေမီ ၃ နှစ်ခန့်က အယူခံတရားခံနှင့် အိမ်ထောင်ပြုသည်နှင့် တပြိုင်နက်အလိုအလျောက်ပျက်သည်ဟု ဆုံးဖြတ်ချက်မှာ မှားယွင်းသည်။ အဘယ်ကြောင့်ဆိုသော် ဤပုဒ်မခွဲ (၂) သည် ပုဒ်မ ၁၅ (ခ) တွင် ဖော်ပြထားသော မိသားစုမရှိသော အာမခံထားသူကိုသာရည်ညွှန်း၍ဖြစ်သည်။ယခုမူကား သေဆုံးသူ ဦးမင်းလွင်မှာ လွဲပြောင်းပေးချိန်တွင် မိသားစုရှိနေ၍ ပုဒ်မခွဲ(၂)နှင့်လုံးဝမသက်ဆိုင်ပေ။အမှုသည်များမှာဗုဒ္ဓဘာသာ မြန်မာလူမျိုးများဖြစ်ကြသည်မှာမှန်၏။ သို့သော် ၎င်းတိုနှင့်သက်ဆိုင်သောမြန်မာဗုဒ္ဓဘာသာဥပဒေကိုအထူးဥပဒေဖြစ်သောပြည်ထောင်စုအာမခံ စံနှစ်အဖွဲ့ အက်ဥပဒေကလွှမ်းမိုးသည်ကိုအထူးပြော ရန်မလိုပေ။အဆက်ပါအကြောင်းများကြောင့်အောက်ရုံးအမိန့်ကိုပယ်ဖျက်ပြီး၊ သေဆုံးသူဦးမင်းလွင်၏အာမခံငွေကိုထုတ်ပေးရန် အမေ့ဆက်ခံစာလက်မှတ်ကို အယူခံတရားလိုများသို့ ထုတ်ပေးရန် စရိတ်နှင့်တကွအမိန့်ချမှတ်လိုက်သည်။တရားရုံးချုပ်ရှေ့နေစရိတ်မှာ ၃၄ ကျပ်ဖြစ်သည်။

နိုင်ငံတော်တရားရုံးချုပ်

တရားမအထွေထွေမှု

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင် နှင့် တရားသူကြီး ဦးထွန်းတင်တို့ ရှေ့တွင်

† ၁၉၆၇

အောက်တိုဘာ
လ ၁၃ ရက်။

ဒေါ်ရင်ရင်မေ (လျှောက်ထားသူ)

နှင့်

မိ(ရ)ဒင် ပါ ၃ (လျှောက်ထားခံရသူများ)*

အမှုခေါ် စာချုန်တော်—မြို့ပြဆိုင်ရာ ဌာနေရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၁ အရ၊ ဌာနေရမ်းခ ကြီးကြပ်ရေး ဝန်သည် မြေရှင်၏ လျှောက်လွှာပေါ်တွင် ထိုပုဒ်မပါ ပြဋ္ဌာန်းချက် အရ၊ အခွင့်အရေး ပေးနိုင်ခွင့် ရှိ မရှိ—မြို့ပြဆိုင်ရာ ဌာနေရမ်းခကြီးကြပ်ရေးဝန်၏အမိန့်မှ လျှောက်ထားသူအား မည်သို့မျှ နစ်နာရန် အကြောင်း မရှိခြင်း—စာချုန်တော်အမိန့်နှင့် ပယ်ဖျက်သင့် မသင့်။

ဆုံးဖြတ်ချက်။ ။အချင်း ဖြစ်သည့် မြေကို လျှောက်ထားသူ ပိုင်ဆိုင်၍ ၎င်းမြေပေါ်ရှိ အဆောက် အဦကိုမူ ပဌမ လျှောက်ထား. ခံရသူက မြေငှါးခ ပေးပြီး ၎င်းကိုယ်ပိုင် အိမ် ဆောက်လုပ် နေထိုင်ခဲ့ကြောင်း တွေ့ရှိရလေသည်။ ထို့အတွက် လျှောက်ထားခံရသူမှာ ပြန်ဆောင်ရန် အခွင့်တောင်းခဲ့သည် အဆောက် အဦ၏ အိမ်ငှါး တဦးမဟုတ်၊ ထိုအိမ်နှင့် ပတ်သက်၍ လျှောက် ထားသူမှာလည်း အိမ်ရှင် မဟုတ်သဖြင့် မြို့ပြဆိုင်ရာ ဌာနေရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၁ အရ၊ ဌာနေရမ်းခ ကြီးကြပ်ရေးဝန်သည် မြေရှင်၏ လျှောက်လွှာပေါ်တွင် ထိုပုဒ်မပါ ပြဋ္ဌာန်း ချက်အရ တိကျစွာ အခွင့်အရေး ပေးနိုင်ခွင့် မရှိကြောင်း ထင်ရှားလေသည်။

မြို့ပြဆိုင်ရာ ဌာနေရမ်းခ ကြီးကြပ်ရေးဝန်၏ အမိန့်မှာ လျှောက်ထားသူက လျှောက်ထား ခံရသူ အပေါ် မြေမှ ထွက်ခွါသွားရန် ရရှိခဲ့သည့် ဒီကရီကို ပျက်ပြယ်ခြင်း ဖြစ်စေသည်ဟုငြင်း၊ ခံစားကျင် အကျိုး သက်ရောက်စေသည်ဟုငြင်း၊။ ထိုဒီကရီနှင့် ပတ်သက်၍ ထိခိုက်စရာ ရှိပါသည်ဟု၊ လျှောက် ထားသူက မပြဆိုနိုင်ပေ။ အမှန်မှာ မြို့ပြဆိုင်ရာ ဌာနေရမ်းခ ကြီးကြပ်ရေးဝန်၏ အမိန့်သည် လျှောက် ထားသူ ရရှိထားသည့် ဒီကရီကို မည်သို့မျှ ထိခိုက် အကျိုး သက်ရောက်ခြင်း မရှိနိုင်ဖေ။ သို့ဖြစ် ရကား လျှောက်ထားသူက စာချုန်တော် အမိန့်နှင့် ပယ်ဖျက်ပေးရန် တောင်းဆိုခဲ့သည့် မြို့ပြဆိုင်ရာ ဌာနေရမ်းခ ကြီးကြပ်ရေးဝန်၏ အမိန့်မှာ လျှောက်ထားသူ အဘို့ မည်သို့မျှ နစ်နာရန် အကြောင်း ရှိသည်ဟု မတွေ့ရှိရသောကြောင့် ထိုအမိန့်မျိုးတွင် စာချုန်တော် အမိန့်နှင့် ပယ်ဖျက်သင့်သည်ဟု မတွေ့ရှိရပေ။

---

* ၁၉၆၇ ခုနှစ်၊ တရားမ အထွေထွေမှု အမှတ် ၅၈။

† မန္တလေးမြို့၊ လက်ထောက်မြို့ပြဆိုင်ရာ ဌာနေရမ်းခ ကြီးကြပ်ရေးဝန်ရုံး၏ ၁၉၆၅-၆၆ ခုနှစ်၊ အခွန်တော် အမှု အမှတ် ၃၃/၁၃ တွင် ၁၉၆၇ ခုနှစ်၊ ဇွန်လ ၃ ရက်နေ့စွဲပါ အမိန့်ကို မကျေနပ်၍ အမှုခေါ် စာချုန်တော် အမိန့် ထုတ်ဆင့်ပေးရန် လျှောက်ထားသော လျှောက်လွှာ။

လျှောက်ထားသူအတွက်။ ။ဦးထွန်းရှိန်။

လျှောက်ထားခံရသူ ၁ အတွက်။ ။ဦးဘိုးသာ။

လျှောက်ထားခံရသူ ၂ အတွက်။ ။အစိုးရတရားရုံးချုပ်ရှေ့နေ ဦးဇင်။

တရားသူကြီး ဦးထွန်းတင်။ ။ယခုအမှုမှာ လျှောက်ထားသူ **ဒေါ်ရင်ရင်မေ**မှာ၊ **မန္တလေးမြို့**+ ချမ်းအေးသာဇံရပ်ကွက် အမှတ် ၅၈ (က) နှင့် (ခ) မြေ၏ပိုင်ရှင် ဖြစ်သည်။ ပဌမလျှောက်ထားခံရသူ **မီ(ရ)ဒင်**မှာ ထိုမြေကို တလလျှင်၊ မြေငှါးရမ်းခ ၂၅ ကျပ်နှင့် အငှါးနေသူဖြစ်ပေသည်။ မြေပေါ်ရှိအဆောက်အဦမှာ လျှောက်ထားခံရသူ **မီ(ရ)ဒင်**ပိုင် အဆောက်အဦဖြစ်လေသည်။ **မန္တလေးမြို့** မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေးဝန်ရုံး၊ ၁၉၆၅-၆၆ ခုနှစ်၊ အခွန်မူအမှတ် ၃၃/၁၃ တွင်၊ လျှောက်ထားခံရသူ **မီ(ရ)ဒင်**က ငှါးရမ်းခ ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၁ အရ၊ အဆောက်အဦမှာ နေထိုင်ရန်မဖြစ်သဖြင့်၊ ပြင်ဆင်ခွင့်ပြုရန် လျှောက်ထားတောင်းဆိုခဲ့လေသည်။ ထိုသို့ အခွင့်တောင်းဆိုသည့် လျှောက်လွှာကို မြေရှင်ဖြစ်သူ၊ လျှောက်ထားသူ ဒေါ်ရင်ရင်မေက ကန့်ကွက်ရာတွင်၊ လျှောက်ထားခံရသူ မီ(ရ)ဒင်အပေါ် ထိုမြေမှ ထွက်ခွါသွားစေရန် **ဒီကရီရရှိထားပြီးဖြစ်သည်**တကြောင်း၊ လျှောက်ထားခံရသူမီ(ရ)ဒင်မှာအဆောက်အဦ၏ အိမ်ငှါးမဟုတ်သဖြင့်၊ ပုဒ်မ ၁၁ အရ၊ ထိုအဆောက်အဦကို ပြင်ဆင်ရန်အတွက် ငှါးရမ်းခ ကြီးကြပ်ရေးဝန်ရုံးသို့ လျှောက်ထားရန် အခွင့်အရေးမရှိပါဟု ကန့်ကွက်ခဲ့လေသည်။

လျှောက်ထားခံရသူ၏ လျှောက်လွှာနှင့် လျှောက်ထားသူတို့၏ ကန့်ကွက်ချက်နှင့် ပတ်သက်၍၊ ငှါးရမ်းခ ကြီးကြပ်ရေးဝန်က စုံစမ်းမှုပြုလုပ်ပြီး ၁၉၆၇ ခုနှစ်၊ ဇွန်လ ၃ ရက် **နေ့စွဲပါ** အမိန့်အရ၊ လျှောက်ထားခံရသူ **မီ(ရ)ဒင်**အား ငှင်းပိုင်သည့် အဆောက်အဦကို နေထိုင်၍ ဖြစ်နိုင်အောင် အမိုးအကာအရံများကိုသာ ပြုပြင်ရန် အခွင့်ပေးသည့်အမိန့် တရပ် ချမှတ်ပေးခဲ့သည်။ ထိုသို့ ချမှတ်ပေးခဲ့သည့်အမိန့်မှာ၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေးဝန်က ငှါးရမ်းခ အက်ဥပဒေပုဒ်မ ၁၁ အရ မိမိတွင် ချမှတ်နိုင်သည့် အမိန့်မျိုးမဟုတ်သဖြင့်၊ ငှင်းရုံးအမိန့်မှာ တရားဝင်သည့်အမိန့်တရပ် မဖြစ်သောကြောင့်၊ ဤရုံးမှ စာချုန်တော်အမိန့်ဖြင့် ပယ်ဖျက်ပေးရန် လျှောက်ထားသူက ယခုလျှောက်လွှာကို တင်သွင်းခဲ့ခြင်းဖြစ်သည်။

သက်ဆိုင်သည့် မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေးဝန်ရုံး၊ ၁၉၆၅-၆၆ ခုနှစ်၊ အခွန်မူအမှတ် ၃၃/၁၃ နှင့် အမှုအမှတ် ၃၄/၁၃ တို့ကိုကြည့်ရှုသောအခါ (အချင်းဖြစ်သည့်မြေကို လျှောက်ထားသူ) ဒေါ်ရင်ရင်မေ ပိုင်ဆိုင်၍၊ ငှင်းမြေပေါ်ရှိ

၁၉၆၇ ဒေါ်ရင်ရင်မေနှင့် မီ(ရှ်)ဒင်ပါ ၃။

အဆောက်အဦကိုမူ၊ မီ(ရှ်)ဒင်က မြေငှါးခပေးပြီး၊ ငှင်းကိုယ်ပိုင် အိမ်ဆောက်လုပ်နေထိုင်ခဲ့ကြောင်း တွေ့ရှိရလေသည်။ ထို့အတူက် လျှောက်ထားခံရသူ မီ(ရှ်)ဒင်မှာ ပြင်ဆင်ရန် အခွင့်တောင်းခဲ့သည့် အဆောက်အဦ၏ အိမ်ငှါးတဦးမဟုတ်၊ ထိုအိမ်နှင့် ပတ်သက်၍၊ ဒေါ်ရင်ရင်မေ မှာလည်း အိမ်ရှင်မဟုတ်သဖြင့်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၁ အရ၊ ငှါးရမ်းခ ကြီးကြပ်ရေးဝန်သည် မြေရှင်၏ လျှောက်လွှာပေါ်တွင် ထိုပုဒ်မပါ ပြဋ္ဌာန်းချက်အရ ကြေငြာစာ အခွင့်အရေးပေးနိုင်ခွင့် မရှိကြောင်း ထင်ရှားလေသည်။ သို့ရာတွင် မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေးဝန်ချမှတ်ခဲ့သည့်အမိန့်ကို လေ့လာမှု၊ ငှင်းသည် အချင်းဖြစ်သည့် အဆောက်အဦအား သွားရောက်ကြည့်ရှုသည်တွင် ထိုအဆောက်အဦ၏ အမိုးဖြစ်သည့် ဝါးကပ်မိုးမျှားမှာ ဆွေးမြေ့နေပြီးအကာအရံမှာလည်း မလုံခြုံတော့သဖြင့်၊ လျှောက်ထားခံရသူ မီ(ရှ်)ဒင်မှာ ထိုအဆောက်အဦတွင် ဆက်လက်နေထိုင်ရန်နှင့် ပတ်သက်၍ ပြဿနာဖြစ်နေကြောင်း တွေ့ရှိရသည့်အတိုင်း၊ ငှင်းအား ငှဲ့ညှာသည့်အနေနှင့် အဆောက်အဦတွင် ဆက်လက်နေထိုင်နိုင်ရန် ဖြစ်နိုင်အောင်၊ ခိုင်မာသည့် ပြုပြင်မှုကို မဆိုလို၊ အမိုးနှင့် အကာအရံများအတွက်သာ ပြုပြင်ရန်အမိန့်တရပ် ချမှတ်ပေးခဲ့ခြင်း ဖြစ်သည်။

ထိုအမိန့်နှင့်ပတ်သက်၍၊ လျှောက်ထားသူအတွက် လိုက်ပါဆောင်ရွက်သည့် ရှေနေကြီးက အချင်းဖြစ်သည့် အဆောက်အဦမှာ ပျက်စီးယိုယွင်းနေပြီး ပြင်ဆင်ခြင်း မရှိပါက ထိုအဆောက်အဦတွင် အထူးသဖြင့် မိုးတွင်း၌ လျှောက်ထားခံရသူ နေထိုင်နိုင်ရန် မဖြစ်ပါဆိုသည်ကို တိကျစွာ မငြင်းဆိုပေ။ သို့ရာတွင် လျှောက်ထားသူက မိမိမှာ လျှောက်ထားခံရသူအပေါ် ထိုမြေပေါ်မှ ထွက်ခွါသွားရန် ဒီကရီရရှိထားပြီးဖြစ်၍၊ လျှောက်ထားခံရသူ မီ(ရှ်)ဒင်က အဆောက်အဦကို တုံးခွဲပြင်ဆင်ခဲ့ပါမူ၊ မြေပေါ်မှ နှင်ထုတ်ရန်အတွက် ပြဿနာများ ပေါ်ပေါက်ရန်ရှိမည်ဖြစ်သဖြင့် ထိုသို့ကန့်ကွက်ရခြင်း ဖြစ်ပါသည်ဟု ပြဆိုလေသည်။

လျှောက်ထားသူ ပြဆိုချက်ကို မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေးဝန်ကလည်း အလေးအနက် စဉ်းစားခဲ့သည့်အတိုင်း၊ ထိုအဆောက်အဦအား လျှောက်ထားသူ ပြင်ဆင်ရမည်ဟု အမိန့်ပေးခဲ့ခြင်းမဟုတ်၊ ပိုင်ရှင်ဖြစ်သူ မီ(ရှ်)ဒင်ကသာ ခိုင်မာသည့် ပြုပြင်မှုမျိုးကို မပြုလုပ်ဘဲ၊ အမိုးနှင့် အကာအရံများသာ ငှင်းအဆောက်အဦ၌ ဆက်လက်နေထိုင်နိုင်ရန် အခွင့်ပြုခဲ့ခြင်းဖြစ်ပေသည်။ ထို့အတူက် (မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေးဝန်၏ အမိန့်မှာ၊ လျှောက်ထားသူက လျှောက်ထားခံရသူ မီ(ရှ်)ဒင်အပေါ် မြေမှုထွက်ခွါသွားရန် ရရှိခဲ့သည့် ဒီကရီကို ပျက်ပြယ်ခြင်းဖြစ်စေသည်ဟုငှင်း၊ ဆန့်ကျင့် အကျိုးသက်ရောက်စေသည်ဟုငှင်း၊ ထိုဒီကရီနှင့်ပတ်သက်၍ ထိခိုက်စရာရှိပါသည်ဟု လျှောက်ထားသူက မပြဆိုနိုင်ပေ။ အမှန်မှာ မြို့ပြဆိုင်ရာ ငှါးရမ်းခ

၁၉၆၇

ဒေါ်ရင်ရင်မေနှင့် မီ(ရ)ဒင်ပါ ၃။

ကြီးကြပ်ရေးဝန်၏ အမိန့်သည်၊ လျှောက်ထားသူ ရရှိထားသည့် ဒီကရီကို မည်သို့မျှ ထိခိုက်အကျိုးသက်ရောက်ခြင်းမရှိနိုင်ပေ။ သို့ဖြစ်ရကား လျှောက်ထားသူက စာချုပ်တော်အမိန့်နှင့် ပယ်ဖျက်ပေးရန် တောင်းဆိုခဲ့သည့် မြို့ပြဆိုင်ရာ ဌာနဆိုင်ရာ ကြီးကြပ်ရေးဝန်၏အမိန့်မှာ၊ လျှောက်ထားသူအဘို့ မည်သို့မျှ နစ်နာရန် အကြောင်းရှိသည်ဟု မတွေ့ရှိရသောကြောင့်) ထိုအမိန့်မျိုးနှင့်ပတ်သက်၍၊ ဤရုံးမှ စာချုပ်တော်အမိန့်ကို သင့်တော်သည်ထင်မှသာ ထုတ်ပေးသင့်ကြောင်းနှင့် ၎င်းကဲ့သို့ စာချုပ်တော်အမိန့် ထုတ်ပေးပါကလည်း၊ လျှောက်ထားသူအတွက် မည်သို့မျှ အကျိုးသက်ရောက်ခြင်း ရှိမည်မဟုတ်ဟု တွေ့ရှိမှု၊ စာချုပ်တော်အမိန့်ကို ထုတ်ပေးရန် မသင့်ကြောင်း သာကေအမျှားတွင် ဆုံးဖြတ်ချက်ချထားခဲ့ပြီး ဖြစ်လေသည်။ သို့ဖြစ်ရကား ယခုအမှုတွင်လည်း အထက်က ပြဆိုထားသည့်အတိုင်း၊ မြို့ပြဆိုင်ရာ ဌာနဆိုင်ရာ ကြီးကြပ်ရေးဝန်၏၊ ၁၉၆၇ ခုနှစ်၊ ဇွန်လ ၃ ရက်နေ့စွဲပါ အမိန့်မှာ လျှောက်ထားသူ၏ မြေနှင့်ပတ်သက်၍၊ ဒီကရီရရှိခဲ့သည့် အကျိုးခံစားခွင့်ကို မည်သို့မျှ ထိခိုက်ပျက်ပြားစေရန် မဖြစ်ဘဲ၊ လျှောက်ထားသူမှာ ထိုဒီကရီကို လျှောက်ထားခံရသူ မီ(ရ)ဒင်အပေါ် ယခုအခိုက်အတန့်တွင် ဇာရီမပြုလုပ်နိုင်သေးသဖြင့်၊ မီ(ရ)ဒင်မှာ ၎င်းအဆောက်အဦတွင်ပင်ဆက်လက်နေထိုင်ခွင့်ရှိနေသေးရကား၊ ဤရုံးမှ (ထိုအမိန့်မျိုးတွင် စာချုပ်တော်အမိန့်နှင့် ပယ်ဖျက်သင့်သည်) ဟု ကျွန်ုပ်တို့ မည်သို့မျှမတွေ့ရှိရပေ။

အထက်ပါအတိုင်း အကြောင်းများကြောင့် ယခုလျှောက်လွှာကို စရိတ်မရှိ ပလပ် လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်

တရားမ အထွေထွေမှု

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင် နှင့် တရားသူကြီး ဦးစိန်သင်းတို့ ရှေ့တွင်

† ၁၉၆၇
စက်တင်ဘာ ၁၃ ရက်။

ဒေါ်သိန်းဟန် (လျှောက်ထားသူ)

နှင့်

ဦးဘဘွား ပါ ၂ (လျှောက်ထားခံရသူများ)*

အမွေခေါ်စာချုပ်တော်—မြို့ပြဆိုင်ရာငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ— ငှါးရမ်းခကြီးကြပ်ရေး ဝန်သည် အငှါးချထားသည့် မည်သည့် ဥပစာနှင့် ပတ်သက်၍ မဆို စံငှါးရမ်းခကို သတ်မှတ်နိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ အရ၊ ငှါးရမ်းခ ကြီးကြပ်ရေးဝန်၊ သို့မဟုတ် လက်ထောက် ငှါးရမ်းခ ကြီးကြပ်ရေးဝန်တို့သည် အငှါးချထားသည့် မည်သည့် ဥပစာနှင့်ပတ်သက်၍ မဆို စံငှါးရမ်းခကို အိမ်ရှင်မြေရှင်က လျှောက်ထားလျှင်သော်၎င်း၊ အိမ်ငှါးမြေငှါးက လျှောက်ထားလျှင်သော်၎င်း၊ မိမိအလိုအလျောက်သော်၎င်း သတ်မှတ်နိုင်သည်။ ထိုကဲ့သို့ စံငှါးရမ်းခ သတ်မှတ်ရာ၌ ထိုဥပစာနှင့် ပတ်သက်၍ မည်သူမည်ဝါသည့် အိမ်ငှါးမြေငှါး၊ သို့တည်း မဟုတ် အိမ်ရှင်မြေရှင် ဖြစ်သည်ဟု တရား ဥပဒေ အရ၊ တည်မြဲ ခိုင်မာသည့် အဆုံး အဖြတ်မျိုးကို မပေးနိုင်။

လျှောက်ထားသူအတွက်။ ။ဦးသန်းမောင်။

လျှောက်ထားခံရသူ ၂ အတွက်။ ။အစိုးရတရားရုံးချုပ်ရှေ့နေ ဒေါ်မြသန်းနု။

တရားသူကြီး ဦးစိန်သင်း။ ။ရန်ကုန်မြို့၊ ငှါးရမ်းခ ကြီးကြပ်ရေးဝန်ရုံး၊ ၁၉၆၆ ခုနှစ်၊ အမှု အမှတ် ၆၆ တွင် လက်ထောက် ငှါးရမ်းခ ကြီးကြပ်ရေးဝန်က၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်၊သရက်တောလမ်း၊ အိမ်အမှတ် ၁၀၃ ၏ မြေစံ ငှါးရမ်းခနှုန်းမှာ တလလျှင်

---

* ၁၉၆၇ ခုနှစ်၊ တရားမ အထွေထွေမှု အမှတ် ၄၂၊ အမွေခေါ်စာချုပ်တော်လျှောက်လွှာ။

† ရန်ကုန်မြို့၊ လက်ထောက် ငှါးရမ်းခ ကြီးကြပ်ရေးဝန်၏ အမှုအမှတ် ၅၉၈/အေ-၆၆ တွင် ၁၉၆၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့စွဲပါ အမိန့်ကို မကျေနပ်သဖြင့် အမွေခေါ်စာချုပ်တော် ထုတ်ဆင့်ပေးပါရန် လျှောက်ထားသော လျှောက်လွှာ။

၁၅၆၇ ဒေါ်သိန်းဟန်နှင့် ဦးဘထွား ပါ ၂။

၁၅ ကျပ် ဖြစ်စေရမည်ဟု သတ်မှတ်လိုက်သည်။ ထိုအမိန့်ကို မကျေနပ်သဖြင့် လျှောက်ထားသူ ဒေါ်သိန်းဟန်က ယခု ကျွန်ုပ်တို့ရှေ့ရှိ အမှုခေါ် စာချွန်တော် အမိန့်ထုတ်ဆင့်ပေးပါရန် လျှောက်လွှာကို တင်သွင်းခြင်းဖြစ်သည်။ ဒေါ်သိန်းဟန်၏ အဓိက အကြောင်းပြချက်များမှာ လျှောက်ထားခံရသူ ဦးဘဘွား ပါ ၂ တို့သည်၊ မိမိ၏ မြေငှါးမျိုးမဟုတ်ပါ၊ မိမိ၏မြေငှါးမှာ ဦးကျော်စိန်ဆိုသူ ဖြစ်ပါသည်။ လျှောက်ထားခံရသူ ဦးဘဘွားသည်၊ ဦးကျော်စိန်၏ အလုပ်သမားတဦး ဖြစ်၍၊ ဦးကျော်စိန်၏ ခွင့်ပြုချက်အရ အခင်းဖြစ်မြေပေါ်တွင် နေထိုင်ခြင်းသာ ဖြစ်ပါသည်။ လက်ထောက် ငှါးရမ်းခ ကြီးကြပ်ရေးဝန်သည် မြေငှါးမဟုတ်သည့် ဦးဘဘွား၏ လျှောက်ထားချက်အရ စံငှါးရမ်းခ သတ်မှတ်ခြင်းမှာ မိမိ၏အာဏာကို ကျော်လွန်၍ ပြုလုပ်ခြင်းပင် ဖြစ်ပါသည်၊ မိမိလွှမ်းမှောက်ရှိ အမှုသည်များ၏ အငြင်းပွါးချက်များကို ထည့်သွင်းစဉ်းစားခြင်း မပြုဘဲ စံငှါးရမ်းခ သတ်မှတ်ခြင်းသည် မှားယွင်းပါသည် အစရှိသည်တို့ ဖြစ်သည်။

မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေအရ၊ ငှါးရမ်းခ ကြီးကြပ်ရေးဝန်၊ သို့မဟုတ် လက်ထောက် ငှါးရမ်းခ ကြီးကြပ်ရေးဝန်တို့သည် အငှါးချထားသည့် မည်သည့် ဥပစာနှင့် ပတ်သက်၍မဆို၊ စံငှါးရမ်းခကို အိမ်ရှင် မြေရှင်က လျှောက်ထားသူ့ဘက်သော်ငင်း၊ အိမ်ငှါး မြေငှါးက လျှောက်ထားလျှင် သော်ငင်း၊ မိမိ အလိုအလျောက်သော်ငင်း သတ်မှတ်နိုင်သည်။ ထိုကဲ့သို့ စံငှါးရမ်းခ သတ်မှတ်ရာ၌ ထို ဥပစာနှင့် ပတ်သက်၍ မည်သူမည်ဝါသည် အိမ်ငှါး မြေငှါး၊ သို့တည်းမဟုတ် အိမ်ရှင် မြေရှင် ဖြစ်သည်ဟု တရားဥပဒေအရ တည်မြဲ ခိုင်မာသည့် အဆုံးအဖြတ်မျိုးကို မပေးနိုင်။ စီရင်ပိုင်ခွင့် အာဏာရှိသည့် တရားမ တရားရုံးများကသာလျှင် ထိုကဲ့သို့သော အဆုံးအဖြတ်မျိုးကို ပေးနိုင်သည်။ သို့ဖြစ်လေရာ ယခု ကျွန်ုပ်တို့ရှေ့ရှိ အမှု၌ လက်ထောက်ငှါးရမ်းခ ကြီးကြပ်ရေးဝန်သည် လျှောက်ထားသူနှင့် လျှောက်ထားခံရသူများစပ်ကြားတွင် ဖြစ်ပေါ်နေသည့် မည်သူမည်ဝါ မြေငှါးဖြစ်သည်ဟူသော ပြဿနာကို မဖြေရှင်းဘဲ စံငှါးရမ်းခ သတ်မှတ်လိုက်ခြင်းသည် မိမိတွင်ရှိသည့် အာဏာကို ကျော်လွန်၍ ချမှတ်လိုက်သည့် အမိန့်ဖြစ်သည်ဟု မည်သည့်နည်းနှင့်မျှ မယူနိုင်ချေ။ ဤအမှုတွင် ဦးဘဘွားက စတင်လျှောက်ထားသဖြင့် စံငှါးရမ်းခကို သတ်မှတ်လိုက်ခြင်း ဖြစ်စေကာမူ ထိုကဲ့သို့ စံငှါးရမ်းခ သတ်မှတ်လိုက်ခြင်းအတွက် ဦးဘွားသည်၊ အခင်းဖြစ် မြေငှါးဖြစ်သွားသည်ဟု မယူဆနိုင်၊ လက်ထောက် ငှါးရမ်းခ ကြီးကြပ်ရေးဝန်၏ အမိန့်သည် ငှါးရမ်းခနှုန်းနှင့် ပတ်သက်၍သာလျှင် ဖြစ်သည်။ အမှုသည်များ

၁၉၆၇

ဒေါ်သိန်းဟန်နှင့် ဦးဘထွန်း ပါ ၂ ။

အခြေခံပါးနေသည့် အခြားကိစ္စရပ်များနှင့် သက်ဆိုင်ခြင်းမရှိချေ။ စံဌါးရမ်းခ သတ်မှတ်သည့် ကိစ္စနှင့်ပတ်သက်၍မူ၊ လက်ထောက် ဌါးရမ်းခ ကြီးကြပ်ရေးဝန်သည် လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း မိမိ၏အမိန့်တွင် ဖေါ်ပြထားသည်။ လျှောက်ထားသူကလည်း စံဌါးရမ်းခနှုန်းနှင့် ပတ်သက်၍ ပြင်းပြင်းထန်ထန် ခုခံချေပခြင်း မပြုလုပ်ခဲ့ချေ။ သို့ဖြစ်လေရာ လက်ထောက်ဌါးရမ်းခ ကြီးကြပ်ရေးဝန် ချမှတ်သည့် စံဌါးရမ်းခနှုန်းနှင့် ပတ်သက်သော အမိန့်ကို ဝင်ရောက် စွက်ဖက်ရန် အကြောင်းတစုံတရာ မတွေ့ရှိရပေ။ ထို့ကြောင့် လျှောက်ထားသူ၏ လျှောက်လွှာကို စရိတ်မရှိ ပလပ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမအသေးအဖွဲမှု

တရားသူကြီး ဦးသက်ဖေ ရှေ့တွင်

ဓူဝံ (လျှောက်ထားသူ)

နှင့်

တရားသူကြီးချုပ်၊ ရန်ကုန်မြို့၊ တရားမရုံး ပါ ၂ (လျှောက်ထားခံရသူများ)*

၁၉၆၇

စက်တင်ဘာလ ၁၆ ရက်။

သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၅ အရ တရားမရုံး တရားသူကြီးချုပ်အား အမိန့်ပေးညွှန်ကြားချက် ထုတ်ဆင့်ပေးရန် လျှောက်ထားခြင်း—တရားမရုံး တရားသူကြီးချုပ်တွင် လက်ထောက်ဌါးရမ်းခ ကြီးကြပ်ရေးဝန်သို့ အမှုတွဲအား ပြန်လည်စစ်ဆေးရန် ပေးပို့နိုင်သည့် အာဏာ ရှိ မရှိ—မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေးဥပဒေ ပုဒ်မ ၃၃ တွင် မလုပ်မနေရ သဘောသက်ရောက်သည့်ပြဋ္ဌာန်းချက်ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။ရန်ကုန်မြို့၊ တရားမရုံးသည် မူလ တရားမမှုခင်းများကိုသာစီရင်စစ်ဆေးသည့် ရုံးတရုံးသာဖြစ်သည်။ ထိုရုံးတွင် အယူခံအာဏာသော်၎င်း၊ စောဒက အာဏာသော်၎င်းမရှိခေါ်။ ရန်ကုန်မြို့တရားမရုံးအဘက် လိုက်နာကျင့်သုံးရန် သတ်မှတ်ထားသည့် ကျင့်ထုံးတွင်လည်း အဆိုပါ အာဏာမျိုးထည့်သွင်းထားခြင်းမရှိ။ သို့ဖြစ်ရာ တရားမရုံး တရားသူကြီးချုပ်က မိမိ၌ လက်ထောက် ဌါးရမ်းခကြီးကြပ်ရေးဝန်ထံသို့ အမှုတွဲအား ပြန်လည်စစ်ဆေးရန် ပေးပို့နိုင်သည့် အာဏာမရှိဟု ဆိုသောအမိန့်မှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

ထပ်မံဆုံးဖြတ်ချက်။ ။သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၄၅ အရ လျှောက်ထားသည့်လျှောက်လွှာမှာ အက်ဂါဂါးရပ်နှင့်ပြည့်စုံရန်လိုပေသည်။ အမှုတွင် ကျန်အက်ဂါ လေးခုနှင့် ညီညွတ်ပြည့်စုံသည်ဟုဆိုစေဦးတော့ ဒုတိယအက်ဂါရပ်၌ ချို့ယွင်းနေကြောင်း ကောင်းစွာ ပေါ်လွင်နေသည်။ ထိုအက်ဂါအရဆိုလျှင် တရားရုံး၊ သို့မဟုတ် ပြည်သူ့ဝန်ထမ်း တဦးဦး၌ ဥပဒေတရပ်ရပ်အရမလုပ်လျှင် မနေရသည့်သဘောသက်ရောက်သော ပြဋ္ဌာန်းချက်ရှိမှသာ သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၄၅ အရ အမိန့်ကိုထုတ်ပေးရမည်ဖြစ်သည်။ မြို့ပြဆိုင်ရာ ဌါးရမ်းခကြီးကြပ်ရေး ဥပဒေပုဒ်မ ၃၃ တွင် ထိုကဲ့သို့ ပြဋ္ဌာန်ချက်မျိုးမရှိ။ ယင်းသို့ မလုပ်မနေရသဘောသက်ရောက်သည့် ပြဋ္ဌာန်းချက်မရှိလျှင် လျှောက်ထားသူတောင်းဆိုသည့် အမိန့်မျိုးကိုထုတ်ဆင့်ခြင်းမပြုသင့်ပေ။

ပီ၊ဘီ၊ဆင်း နှင့် ဒုတိယဒေလဲလှယ်မှုကြီးကြပ်ရေးဝန်၊ ၁၉၅၁၊ မြန်မာပြည်စီရင်ထုံး၊ ၄၇၆ (တရားလွှတ်တော်) ရည်ညွှန်းသည်။

---

* ၁၉၆၇ ခုနှစ်၊ တရားမအသေးအဖွဲမှုအမှတ် ၃၃။

၁၉၆၇ **လျှောက်ထားသူအတွက်။** ။ဦးကျော်ဇံ။

ဓူဝံနှင့် ထရုးသူကြီး ချုပ်၊ရန်ကုန်မြို့၊ ထရုးမရုံး ပါ ၂။

လျှောက်ထားခံရသူအတွက်။ ။(၁) အတွက် အစိုးရ တရားရုံးချုပ် ရှေ့နေ ဒေါ်မြသန်းနု၊ (၂) အတွက် ဦးမြင့်စိုး။

တရားသူကြီး ဦးသက်ဖေ။ ။လျှောက်ထားခံရသူ စီးအမ်၊အေ၊ အစ္စမေလ် က၊ ရန်ကုန်မြို့ အနောက်ရထားလမ်း၊ အိမ်အမှတ် ၃၇၁၊ အခန်းအမှတ် ၁ ၏ စံဌားရမ်းခကို သတ်မှတ်ပေးရန်၊ရန်ကုန်မြို့ လက်ထောက် ကြီးကြပ်ရေးဝန်ထံသို့ လျှောက်ထားခဲ့သည်။ ထိုလျှောက်လွှာတွင်အိမ်ငှါးအဖြစ် ဦးချစ်ဟု ဖေါ်ပြထားသည်။ ဦးချစ်သားဖြစ်သည့် လျှောက်ထားသူ မောင်ဓူဝံက၊ ဦးချစ်မှာ သေဆုံးသွားပြီဖြစ်၍၊ အိမ်ရှင်၏ လျှောက်ထားချက်ကို ဆက်လက်အရေးယူခြင်း မပြုသင့်ကြောင်း လာရောက်ကန့်ကွက်သဖြင့်၊ လက်ထောက်ကြီးကြပ်ရေးဝန်က၊ အိမ်ငှါး ဦးချစ်၏ နေရာတွင် အခြားတရားဝင် ပုဂ္ဂိုလ်တဦးဦးအား အမှုသည်အဖြစ် ထည့်သွင်းမှသာ၊ စံဌားရမ်းခကို သတ်မှတ်နိုင်မည်ဖြစ်ကြောင်း အမိန့်ချမှတ်လိုက်လေသည်။

ထိုအမိန့်အတိုင်း အိမ်ရှင်က၊ မောင်ဓူဝံအား ဥပစာတွင် လက်ရှိနေထိုင်သူ တယောက်အဖြစ် ၎င်း၏လျှောက်လွှာတွင် ပြင်ဆင်ထည့်သွင်းရာ၊ မောင်ဓူဝံက အကြောင်းအမျိုးမျိုးပြ၍ ကန့်ကွက်သော်လည်း၊ လက်ထောက် ကြီးကြပ်ရေးဝန်သည် လက်မခံဘဲ၊ ဥပစာ၏ စံဌားရမ်းခကို ၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂၇ (၂) အရ၊ မိမိသဘောအတိုင်း သတ်မှတ်လိုက်လေသည်။

ထို့ကဲ့သို့ လက်ထောက်ကြီးကြပ်ရေးဝန်က စံဌားရမ်းခ သတ်မှတ်ခြင်းကို မကျေနပ်လျှင်၊ မကျေနပ်သူသည် ပုဒ်မ ၃၂ ရ လဲ့အပ်လွှာတင်သွင်းနိုင်ခွင့် ရှိသည့်အတိုင်း၊ မောင်ဓူဝံသည် ရန်ကုန်မြို့တော် တရားမရုံး တရားသူကြီးချုပ်ထံသို့ လဲ့အပ်လွှာ တစောင်တင်သွင်းခဲ့လေသည်။ ထိုလဲ့အပ်လွှာ၌ လက်ထောက်ကြီးကြပ်ရေးဝန်သည် ကွယ်လွန်သူ အိမ်ငှါး ဦးချစ်အစား၊ မည်သူမည်ဝါကို တရားဝင်ပုဂ္ဂိုလ်အဖြစ် ထည့်သွင်းသင့်သည်ဟု မဆုံးဖြတ်ဘဲ၊ စံဌားရမ်းခကို သတ်မှတ်ခဲ့သည်ကတကြောင်း၊ အိမ်ရှင်က အိမ်လခကို တိုးပေးရန်လျှောက်လွှာ၌ စံဌားရမ်းခကို သတ်မှတ်ခဲ့သည်က တကြောင်း၊ ထိုအကြောင်းမျှားကြောင့် လက်ထောက်ကြီးကြပ်ရေးဝန်၏ အမိန့်ကို ပယ်ဖျက် (**quash**) သင့်သည်ဟု အဆိုပြုထားသည်။ ထို့ပြင် မောင်ဓူဝံက၊ လက်ထောက်ကြီးကြပ်ရေးဝန်သည် စုံစမ်းစစ်ဆေးခြင်းမပြုဘဲ စံဌားရမ်းခကို သတ်မှတ်ခဲ့သဖြင့်၊ လက်ထောက် ကြီးကြပ်ရေးဝန်ထံသို့ ထပ်မံစုံစမ်းစစ်ဆေးပြီးမှ စံဌားရမ်းကကို သတ်မှတ်ရန်၊ အမှုတွဲကို ပြန်လည်ပေးပို့ (**remand**) သင့်ကြောင်း ဖေါ်ပြထားသည်။

ထိုအတိုင်းပင်လည်း မောင်မူဝံ၏ ရွှေနေ ဦးကျော်ဇံက လျှောက်ထားရာ၊ တရားမရုံး တရားသူကြီးချုပ်က၊ လက်ထောက်ကြီးကြပ်ရေးဝန်၏ အမိန့်ကို ပယ်ဖျက်ရန် အာဏာသော်၎င်း၊ လက်ထောက်ကြီးကြပ်ရေးဝန်ထံသို့ ၎င်း၏အမှုကို ထပ်မံစစ်ဆေးရန် ပြန်လည်ပေးပို့နိုင်သည့် အာဏာသော်၎င်း၊ မိမိတွင် မရှိဟု အမိန့်ချမှတ်လိုက်သည်။ အဆိုပါအမိန့်နှင့်ပတ်သက်၍ မောင်မူဝံက၊ တရားမရုံး တရားသူကြီးချုပ်တွင် လက်ထောက်ကြီးကြပ်ရေးဝန်ထံသို့ ထပ်မံစစ်ဆေးရန် အမှုတွဲကို ပြန်လည်ပေးပို့နိုင်သည့် အာဏာရှိပါလျက် ပေးပို့ခြင်းမပြုခဲ့သဖြင့်၊ သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၄၅ အရ၊ တရားမရုံး တရားသူကြီးချုပ်အား အမိန့်ပေးညွှန်ကြားချက် ထုတ်ဆင့်ပေးရန် လျှောက်ထားခြင်းဖြစ်သည်။

မြို့ပြဆိုင်ရာ ဌားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေအရ၊ ကြီးကြပ်ရေးဝန်က စံဌားရမ်းခ သတ်မှတ်သည့်အမိန့်ကို မကျေနပ်လျှင်၊ ဥပစာသည် ရန်ကုန်မြို့၌ တည်ရှိပါက၊ ရန်ကုန်မြို့ တရားမရုံး၊ တရားသူကြီးချုပ်ထံသို့သော်၎င်း၊ ဥပစာသည် အခြားမြို့ပြဒေသတခုခုတွင် တည်ရှိပါမူ၊ သတ်မှတ်ထားသည့် တရားသူကြီး တဦးဦးထံသို့သော်၎င်း၊ လွှဲအပ်လွှာတင်သွင်းနိုင်သည်။ ယင်းလို လွှဲအပ်လွှာတင်သွင်းလာလျှင်၊ မည်သို့ မည်ပုံ စီရင်စစ်ဆေးရမည်ဆိုသော ကျင့်ထုံးကို၊ ပုဒ်မ ၃၃ ၌ အောက်ပါအတိုင်း အတိအလင်း ပြဋ္ဌာန်းထားသည်။

> "၃၃။ ။ကြီးကြပ်ရေးဝန် ချမှတ်သော ဆုံးဖြတ်ချက် လွှဲအပ်မှုများ စစ်ဆေးစီရင်သည့်အခါ၊ တရားသူကြီးသည် ရန်ကုန်မြို့တော်၌ တရားမရုံး က တရားမမှုများ စစ်ဆေးစီရင်ရန်အတွက် သတ်မှတ်ထား"သည့် ကျင့်ထုံးကိုသော်၎င်း တရားမကြီးမှုများ စစ်ဆေးစီရန်ရန်အတွက် သတ်မှတ်ထားသည့် ကျင့်ထုံးကို သော်၎င်း၊ မိမိသဘောအတိုင်း တတ်နိုင်သမျှ လိုက်နာနိုင်သည်။

ရန်ကုန်မြို့ တရားမရုံးသည်၊ မူလတရားမမှုခင်းများကိုသာ စီရင်စစ်ဆေးသည့် ရုံးတရုံးသာဖြစ်သည်။ ထိုရုံးတွင် အယူခံအာဏာသော်၎င်း၊ စောဒကအာဏာသော်၎င်း မရှိချေ။ အမှုကို ထပ်မံစစ်ဆေးရန် အမှုတွဲအား ပြန်လည်ပေးပို့နိုင်သည့် အာဏာ (**remand**) မှာ၊ အယူခံရုံး စောဒကရုံးတို့၌သာရှိသည်။ မူလမှုခင်းကို စီရင်စစ်ဆေးသည့်ရုံး၌ ထိုအာဏာမျိုးမရှိချေ။ ရန်ကုန်မြို့ တရားမရုံးအတွက် လိုက်နာကျင့်သုံးရန် သတ်မှတ်ထားသည့် ကျင့်ထုံးတွင်လည်း၊ အဆိုပါ အာဏာမျိုး ထည့်သွင်းထားခြင်းမရှိ။ သို့ဖြစ်ရာ တရားမရုံး တရားသူကြီးချုပ်က၊ မိမိ၌ လက်ထောက်ကြီးကြပ်ရေးဝန်ထံသို့ အမှုတွဲအား ပြန်လည်စစ်ဆေးရန် ပေးပို့နိုင်သည့်အာဏာ မရှိဟုဆိုသော အမိန့်မှာ၊ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

လျှောက်ထားသူ၏ ရှေ့နေ ဦးကျော်ဇံက၊ အမှုတွဲအား ပြန်လည်စစ်ဆေးရန် ပေးပို့နိုင်သည့်အာဏာကို၊ တရားမရုံး တရားသူကြီးချုပ်အား အတိအလင်း အပ်နှင်းထားခြင်း မရှိစေကာမူ၊ ၎င်းသည် တရားမကျင့်ထုံးပုဒ်မ ၁၅၁ တွင် ပြဋ္ဌာန်းထားသည့်၊ မူလ ဘူတအာဏာအရ ပေးပို့နိုင်ကြောင်း တင်ပြသွားသည်။ ပုဒ်မ ၁၅၁ တွင် ပြဋ္ဌာန်းထားသည့် မူလဘူတ အာဏာမှာ၊ နေရာတကာ အခါခပ်သိမ်း သုံးစွဲရန်မဟုတ်ချေ။ အတိအလင်း တားမြစ်ချက်လည်းမရှိသည့်အပြင်၊ တရားမျှတမှုအတွက် အမှန်လိုအပ်မှသာ၊ သတိကြီးစွာထား၍ သုံးစွဲရန်ဖြစ်သည်။ ယခုကိစ္စတွင် မြို့ပြဆိုင်ရာ ဌာနဆိုင်ရာ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၃၃ က၊ လွှဲအပ်မှုကို စီရင်စစ်ဆေးရာ၌ လိုက်နာရန် ကျင့်ထုံးကို အတိအလင်း ပြဋ္ဌာန်းထားပြီးဖြစ်ရာ၊ ထိုကျင့်ထုံးကို ကျော်လွန်ပြီး၊ မူလ ဘူတအာဏာကို သုံးစွဲခြင်း မပြုနိုင်ပေ။

ထို့ပြင်၊ သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၄၅ အရ လျှောက်ထားသည့် လျှောက်လွှာမှာ၊ အင်္ဂါဝါးရပ်နှင့် ပြည့်စုံရန်လိုပေသည်။ ၎င်းတို့မှာ (၁) လျှောက်ထားသူ၏ ပစ္စည်းဖြစ်စေ၊ အထူးအခွင့်အရေးဖြစ်စေ၊ ကိုယ်ပိုင်အခွင့်အရေးဖြစ်စေ၊ နစ်နာပျက်စီးရန်ရှိခြင်း။ (၂) တရားရုံး၊ သို့မဟုတ် ပြည်သူ့ဝန်ထမ်း တဦးဦးတွင်၊ လျှောက်ထားသည့်ကိစ္စကို ထမ်းဆောင်ရမည်ဟု ဥပဒေတရပ်ရပ်က ပြဋ္ဌာန်းထားခြင်း။ (၃) လျှောက်ထားသူ၏ တောင်းဆိုချက်မှာ တရားမှန်ကန်၍၊ တရားနည်းလမ်းနှင့် ညီညွတ်သည်ဟု ဤရုံးမှ ကြေနပ်သဘောရရှိခြင်း။ (၄) လျှောက်ထားသူတွင် အခြားလုံလောက်သည့် သက်သာခွင့်မရှိခြင်းနှင့် (၅) လျှောက်ထားသည့်အတိုင်း ထုတ်ပေးသော သက်သာခွင့်သည် ပြည့်စုံလုံလောက်ခြင်း စသည်တို့ပင်ဖြစ်သည်။ ယခုအမှုတွင် ကျန်အင်္ဂါရပ်လေးခုနှင့် ညီညွတ်ပြည့်စုံသည်ဟုဆိုစေဦးတော့၊ ဒုတိယအင်္ဂါရပ်၌ ချို့ယွင်းနေကြောင်း ကောင်းစွာပေါ်လွင်နေသည်။ ထိုအင်္ဂါရပ်အရဆိုလျှင်၊ တရားရုံး၊ သို့မဟုတ် ပြည်သူ့ဝန်ထမ်း တဦးဦး၌၊ ဥပဒေတရပ်ရပ်အရ မလုပ်လျှင် မနေရသည့် သဘောသက်ရောက်သော ပြဋ္ဌာန်းချက်ရှိမှသာ၊ သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၄၅ အရ၊ အမိန့်ကို ထုတ်ပေးရမည်ဖြစ်သည်။ မြို့ပြဆိုင်ရာ ဌာနဆိုင်ရာ ကြီးကြပ်ရေး ဥပဒေပုဒ်မ ၃၃ တွင်၊ ထိုကဲ့သို့ပြဋ္ဌာန်းချက်မျိုးမရှိ။ ယင်းသို့မလုပ်မနေရသဘောသက်ရောက်သည့်ပြဋ္ဌာန်းချက်မရှိလျှင်၊ လျှောက်ထားသူ တောင်းဆိုသည့်အမိန့်မျိုးကိုထုတ်ဆင့်ခြင်း မပြုသင့်ပေ။ **ပီးဘီးဆင်း** နှင့် **ဒုတိယဒေလဲလှယ်မှုကြီးကြပ်ရေးဝန်** (၁)။

အထက်ပါ အကြောင်းရပ်များကြောင့်၊ လျှောက်ထားသူ မောင်ဓူဝံ၏ လျှောက်လွှာကို တရားစရိတ်များနှင့်တကွ ပလပ်လိုက်သည်။ လျှောက်ထားခံရသူများ၏ ရှေ့နေ တဦးအတွက်၊ စရိတ် ၃၄ ကျပ်စီ သတ်မှတ်လိုက်သည်။

---

(၁) (၁၉၅၁)၊ မြန်မာပြည်စီရင်ထုံး၊ ၄၆၇ (တရားလွှတ်တော်)။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးချစ်နှင့် တရားသူကြီး ဦးစိန်သင်းတို့ရှေ့တွင်

ပြည်ထောင်စု မြန်မာနိုင်ငံ (အယူခံတရားလို) † ၁၉၆၂

နှင့် စက်တင်ဘာလ ၉ ရက်။

မောင်ဘိုကြည်၊ မောင်ညွန့်တင် (အယူခံတရားခံများ) *

ရာဇသတ်ကြီး ပုဒ်မ ၃၀၄ (က)အရ၊ မူပြစ်ထင်ရှားစီရင်ခြင်း——အရမ်းပြုလုပ်မှု၊ သို့တည်းမဟုတ် ပေါ့လျော့သောပြုလုပ်မှုဆိုသည့် အဓိပ္ပါယ်——ကွေ့နေသော လမ်းမှ ဖြောင့်တန်းနေသောလမ်း ပေါ် သို့ထွက်ရာ၌တစုံတရာအချက်ပေးခြင်းမပြုလုပ်ခြင်း——ပေါ့လျော့သောပြုလုပ်မှုဖြစ် မဖြစ်။

ဆုံးဖြတ်ချက်။ ။အရမ်းပြုလုပ်မှု၊ သို့တည်းမဟုတ် ပေါ့လျော့သော ပြုလုပ်မှုဆိုသည်မှာဆင်ခြင်တုံတရားရှိသည့် သာမန်အသိဉာဏ်ရှိသော သူတဦး၏ ပြုမူမှုမျိုးကို မပြုလုပ်ဘဲ ပျက်ကွက်ခြင်း၊ သို့တည်းမဟုတ် တခုခုကိုလုပ်ကိုင်ဆောင်ရွက်ရာ၌ ထိုကဲ့သို့သောသူမျိုးပြုလုပ်လိမ့်မည်မဟုတ်သည့် ပြုမူမှုများကို ပြုလုပ်ခြင်းကို ဆိုလိုသည်။

လျှောက်ထားခံရသူသည် မိမိ၏ကားကို လမ်းကွေ့နေသည့်နေရာတွင် မောင်းနှင်လာခဲ့ရာ၌ ဆင်ခြင်တုံတရားရှိသည့် သာမန်အသိဉာဏ်ရှိသော သူတဦးကဲ့သို့ ပြုမူခြင်းမရှိကြောင်း တွေ့ရှိရသည်။ ထိုကဲ့သို့သောနေရာမျိုး၌ကားမောင်းနေသူသည် မိမိ၏ကားကို လိုသည့်နေရာသို့ တိမ်းရှောင်နိုင်ရန်အတွက် အလွန်အရှိန်ပြင်းစွာမောင်းနှင်မည်မဟုတ်ချေ။ ကွေ့နေသောလမ်းမှ ဖြောင့်တန်းနေသောလမ်းပေါ် သို့ ထွက်ခဲ့ရာ၌လည်း တစုံတရာအချက်ပေးခဲ့ခြင်း မပြုလုပ်ခဲ့ရာ ၎င်း၏ပြုလုပ်မှုသည် ပေါ့လျော့သော ပြုလုပ်မှုဖြစ်ကြောင်း အလွန်ထင်ရှားသည်ဟု ယူဆရချေမည်။

အယူခံတရားလိုအတွက်။ ။အစိုးရတရားရုံးချုပ် ရှေ့နေဦးတင်အုန်း။

အယူခံတရားခံအတွက်။ ။ဦးမွန်စံလှိုင်။

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၂၉၄၊ ၂၉၅။

† လျှောက်ထားခံရသူများအပေါ် မင်းဘူးမြို့၊ ၃ ရာဘက် ရာဇဝတ်တရားသူကြီးရုံး၊ ရာကြီးမှုအမှတ် ၁/၆၆၊ ၂/၆၆ တို့တွင် ရာဇသတ်ပုဒ်မ ၃၀၄ အရ စွဲဆိုထားခြင်းကို အပြစ်မရှိဟု တွေ့ရှိရသဖြင့် ၁၉၆၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့က၊ ရာကျင့်ထုံး ပုဒ်မ ၂၅၈ (၁) အရတရားသေလွှတ်သည်ကိုနိုင်ငံတော် ရှေ့နေချုပ်က မကျေနပ်၍ ရာကျင့်ထုံးပုဒ်မ ၄၁၇ အရ တင်သွင်းသောအယူခံဝင်မှု။

၁၉၆၇

ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် မောင်ဘိုကြည်၊ မောင်ညွန့်တင်။

တရားသူကြီး ဦးစိန်သင်း။ ။မင်းဘူးမြို့နှင့် စကူမြို့ စပ်ကြားရှိ မော်တော်ကား လမ်း၊ မိုင်တိုင် ၄/၄ အနီးတွင်၊ စကူမြို့ဘက်မှ မောင်ဘိုကြည် မောင်းနှင်လာသော မော်တော်ကားနှင့် မင်းဘူးမြို့ဘက်မှ မောင်ညွန့်တင် မောင်းနှင်လာသော ကားတို့ တိုက်မိကြသဖြင့် ခရီးသည်များ ဒဏ်ရာရရှိသွားသည်။ ဒဏ်ရာရရှိသွားသူများအနက်၊ မောင်ရဲနောင်ဆိုသူသည်၊ အချင်းဖြစ်ပြီး ၃ ရက်ခန့်ကြာသောအခါ၊ မင်းဘူးမြို့ ပြည်သူ့ဆေးရုံကြီး၌ သေဆုံးသွားသည်။ ထိုအမှုနှင့်ပတ်သက်၍ မောင်ဘိုကြည်နှင့် မောင်ညွန့်တင်တို့ အပေါ် ၌ မင်းဘူးမြို့ ၃ ရာဘက် ရာဇဝတ် တရားသူကြီးရုံး၊ ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ကြီးမူအမှတ် ၁ နှင့် ၂ အသီးသီးတို့တွင်၊ ရာဇသတ်ကြီးပုဒ်မ ၃၀၄ (က) အရ၊ တရားစွဲဆိုတင်ပို့ခဲ့သည်။ မူလရုံး တရားသူကြီးသည်၊ မောင်ဘိုကြည်နှင့် မောင်ညွန့်တင်တို့အား၊ တရားသေသတ်ရန် အမိန့်ချမှတ်ပြီး၊ အမှုများကို မှားယွင်းမှုအဖြစ် ခွဲခြားသတ်မှတ်လိုက်သည်။ ထိုအမိန့်များကို မကျေနပ်သဖြင့် အစိုးရက ရာဇဝတ်ကျင့်ထုံး ဥပဒေ ပုဒ်မ ၄၁၇ အရ၊ အယူခံဝင်ခြင်း ဖြစ်သည်။ ဤအယူခံမှုများသည်၊ အမှုတမှုတည်းမှ ပေါက်ဖွားလာသည့် အယူခံမှုများ ဖြစ်သောကြောင့် လျှောက်လဲချက်များကိုလည်း၊ တချိန်တည်းမှာပင် ကြားနာခဲ့သည်။ ထိုကြောင့် ဤစီရင်ချက်သည် အမှု ၂ မှုစလုံးနှင့် အကျုံးဝင်ပေသည်။ အမှုဖြစ်ပွါးပုံ အတိုချုပ်မှာ အောက်ပါအတိုင်း ဖြစ်သည်။

၁၉၆၅ ခု၊ အောက်တိုဘာလ ၁၁ ရက်နေ့ နံနက် ၆ နာရီ အချိန်ခန့်တွင် လျှောက်ထားခံရသူ မောင်ညွန့်တင် မောင်းနှင်လာသော မော်တော်ကား အမှတ် က/၁၂၆၆၊ ၃ တန်ကားနှင့် သျှောက်ထားခံရသူ မောင်ဘိုကြည် မောင်းနှင်လာသော အမှတ် က/၁၁၇၉၊ တတန်ခွဲကားတို့သည်၊ မိုင်တိုင် ၄/၄ အနီး၌ ဆုံမိကြသည်။ မောင်ဘိုကြည် မောင်းနှင်လာသော ကားသည် စကူဘက်မှ လာနေပြီး၊ မောင်ညွန့်တင် မောင်းနှင်လာသောကားသည် မင်းဘူးဘက်မှ လာနေခြင်းဖြစ်သည်။ ကား ၂ စီး ဆုံမိကြရာတွင် ကားခေါင်းချင်း တိုက်ခိုက်မိသောကြောင့် မောင်ဘိုကြည် မောင်းနှင်လာသော ကားသည်၊ လမ်းပေါ်တွင် ကန့်လန့်ဖြတ်လျက် ဖြစ်သွားသည်။ ကားများပေါ်တွင် လိုက်ပါလာကြသည့် ခရီးသည်ပေါင်း ၂၀ ခန့် ဒဏ်ရာ ရရှိသွားသည်။ ဒဏ်ရာ ရရှိသူ မောင်ရဲနောင်မှာမူ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ၃ ရက်ခန့် ကြာသောအခါ ဆေးရုံ၌ သေဆုံးသွားသည်။

ကား ၂ စင်း တိုက်မိသော နေရာရှိ လမ်းသည်၊ အရှေ့မြောက်နှင့် အနောက်တောင် တန်းလျက်ရှိသည်။ ကျောက်ခင်းထားသော လမ်းအကျယ်မှာ ၁၂ ပေခန့်သာ ရှိသော်လည်း၊ လမ်းတောင်ဘက် နံဘေးမြေမျက်နှာပြင်သည်၊ လမ်းနှင့် တညီတည်းဖြစ်သည်။ မင်းဘူးဘက်မှ လာသော ကားသည်၊ ထိုနေရာသို့ မရောက်မီ

တံတားတခုကို ဖြတ်ကျော်လာရသည်။ ထိုတံတားအလွန်တွင် ကားလမ်းသည် အရှေ့မှ အနောက်မြောက်ဘက် ခပ်ယွန်းယွန်း တန်းနေပြီး၊ ကားတိုက်သည့် နေရာအနီးသို့ ရောက်သောအခါ၊ လမ်းသည် အထက်တွင် ဖေါ်ပြထားသည့်အတိုင်း အရှေ့မြောက်နှင့် အနောက်တောင် တန်းနေသည်။ သို့ဖြစ်လေရာ မင်းဘူးမြို့ဘက်မှ လာသော ကားသည်၊ တံတားမှနေ၍ကြည့်လျှင် ကားတိုက်မိသော နေရာကို မမြင်နိုင်ချေ။ စကုဘက်မှလာသော ကားမှာမူ တိုက်မိသော နေရာအထိ ဖြောင့်တန်းသော လမ်းပေါ်တွင် မောင်းနှင်လာရခြင်း ဖြစ်သည်။ ကားတိုက်မိသော နေရာ၏ နံဘေးတည့်တည့်တွင် ထနောင်းပင် တပင်ရှိသည်။ ထိုထနောင်းပင်သည်၊ စကုဘက်မှလာသော ကား၏ လက်ဝဲဘက် လမ်းဘေး အနီးတွင် ကျရောက်သည်။

မူလရုံးမှ အမှုဘွဲ့များတွင် ရရှိသည့် သက်သေခံချက်များအရ၊ အချင်းဖြစ်စဉ်က၊ ကားများကို မိုင်နှုန်း မည်မျှဖြင့် မောင်းနှင်လာကြကြောင်း မသိရှိနိုင်ချေ။ သို့ရာတွင် ထိုအချိန်က ကားများတွင် မီးထွန်းထားခြင်း မရှိကြကြောင်းမှာကား ထင်ရှားလေသည်။ မူလရုံး တရားသူကြီးက အချင်းဖြစ်သည့် အချိန်သည် မိုးလင်းနေသည့် အချိန်ဖြစ်သောကြောင့် ကားများတွင် မီးထွန်းရန်မရှိပါ။ ကား ၂ စင်း တွေ့ဆုံသည့် နေရာမှာလည်း ဖြောင့်နေသည့် လမ်းမကြီးပေါ်တွင်ဖြစ်သောကြောင့်၊ ဟွန်းတီးရန်လည်း မသိုပါ။ ထို့ကြောင့် ကား ၂ စင်းတိုက်ခိုက်ခြင်းမှာ မတော်တဆ တိုက်ခိုက်ခြင်းမျှသာ ဖြစ်ပါသည်ဟု ယူဆခဲ့သည်။ ကား ၂ စင်း တိုက်ခိုက်ခံမျှဖြင့် ကားမောင်းသူများ၏ အရမ်းပြုလုပ်မှုကြောင့် ဖြစ်သည်ဟု မယူဆနိုင်ကြောင်း၊ **အန္နဝါခန် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ** (၁)၊ အမှု စီရင်ထုံးကို အကိုးအကားပြု၍ လျှောက်ထား ခံရသူများအား တရားသေသွတ်ရန် အမိန့်ချမှတ်ခဲ့ခြင်း ဖြစ်သည်။

ကျွန်ုပ်တို့သည် လျှောက်ထားခံရသူ မောင်ဘိုကြည်နှင့် ပတ်သက်၍၊ မူလရုံး တရားသူကြီး၏ ယူဆချက်များကို ဝင်ရောက်စွက်ဖက်ရန် အကြောင်းမမြင်ပေ။ အဘယ့်ကြောင့်ဆိုသော် မောင်ဘိုကြည် မောင်းနှင်လာသည့်ကားသည် စကုဘက်မှ မောင်းနှင်လာသော ကားဖြစ်သည်။ ကားတိုက်ခံရသည့် နေရာမှာ မောင်ဘိုကြည်ဘက်မှ ကြည့်လျှင် လမ်း၏ဘယ်ဘက်နံဘေး၌ ကျရောက်သည်။ ထိုနေရာအနီးတွင်လည်း ထနောင်းပင် တပင်ရှိသည်။ မောင်ဘိုကြည်သည် မိမိ၏ကားကို အတိုက်ခံနေရသည့် နေရာမှ နောက်ထပ်ဘယ်ဘက်သို့ တိမ်းရှောင်ရန် မဖြစ်နိုင်ပေ။ အကြောင်းသော်ကား၊ ထိုနေရာ၏ ဘယ်ဘက်အနီးတွင် ထနောင်းပင် တည်ရှိလေရာ၊ နောက်ထပ်တိုး၍ ဘယ်ဘက်သို့ ရှောင်တိမ်းလိုက်ပါမူ၊ ထနောင်းပင်နှင့် ဝင်၍တိုက်မိရန် အကြောင်း

(၁) ၁၉၅၂ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး၊ စာ ၃၃၁ (တရားလွှတ်တော်)။

၁၉၆၇

ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် မောင်ဘိုကြည်၊ မောင်ညွန့်တင်။

ရှိသည်။ မောင်ဘိုကြည် မောင်းနှင်လာသည့် လမ်းမှာလည်း၊ ကားချင်းတိုက်မိသည့် နေရာအထိ လမ်းဖြောင့်တခုဖြစ်သည်။ ထို့ကြောင့် မောင်ဘိုကြည်နှင့် ပတ်သက်၍၊ တခြား သက်သေခံချက်များ မရှိရကား၊ ၎င်း၏ ပြုလုပ်မှုသည် အရမ်းပြုလုပ်မှု သို့တည်းမဟုတ် ပေါ့လျော့သည့် အလုပ်ဖြစ်သည်ဟု တထစ်ချယူဆနိုင်ရန် ခဲယဉ်းလေသည်။ ထို့ကြောင့် ၎င်းနှင့်ပတ်သက်၍၊ အယူခံလွှာကို ပယ်ရမည်ဖြစ်သည်။

လျှောက်ထားခံရသူ မောင်ညွန့်တင်နှင့် ပတ်သက်၍မူကား၊ မူလရုံးတရားသူကြီး၏ ယူဆချက်များကို လက်ခံနိုင်ရန် ခဲယဉ်းပေသည်။ မောင်ညွန့်တင် မောင်းနှင်လာသည့် ကားသည်၊ တံတားတခုပေါ်မှ ဖြတ်ကျော်၍၊ မောင်းနှင်လာသော ကားဖြစ်သည်။ ထိုတံတား၏အလွန်တွင် လမ်းသည် ဘယ်ဘက်သို့ ကွေ့သွားလေသည်။ ကားတိုက်မိသော နေရာ၏ ဘယ်ဘက်လမ်း နံဘေးရှိ မြေပြင်သည်၊ ကျောက်လမ်းနှင့် ညီညာလျက်ရှိသည်။ သို့ဖြစ်လေရာ မောင်ညွန့်တင်သည် ကား ၂ စင်း မတိုက်မိရန် အတွက် ဘယ်ဘက်သို့ ရှောင်တိမ်းနိုင်သည့် နေရာ အများအပြား ရှိသော်လည်း၊ ရှောင်တိမ်းနိုင်ခြင်း မရှိကြောင်း ထင်ရှားသည်။ ထိုကဲ့သို့ ရှောင်တိမ်းနိုင်ခြင်း မရှိခဲ့ခြင်းမှာ ကားကို အရှိန်ပြင်းစွာ မောင်းနှင်လာသောကြောင့် ဖြစ်ရလေသည်။ ကားကို အရှိန်ပြင်းစွာ အတော်အတန် မောင်းနှင်လာသောကြောင့် ညာဘက်သို့ ပန်းပြီး ကွေ့လိုက်ရခြင်း ဖြစ်သည်ဟု ယူဆရန် အကြောင်း လုံလောက်စွာ ရှိခဲ့သည်။ အရမ်းပြုလုပ်မှု၊ သို့တည်းမဟုတ် ပေါ့လျော့သော ပြုလုပ်မှုဆိုသည်မှာ၊ ဆင်ခြင်တုံတရား ရှိသည့် သာမန် အသိဉာဏ်ရှိသော သူတဦး၏ ပြုမူမှုမျိုးကို မပြုလုပ်ဘဲ၊ ပျက်ကွက်ခြင်း၊ သို့တည်းမဟုတ် တခုခုကိုလုပ်ကိုင်ဆောင်ရွက်ရာ၌ ထိုကဲ့သို့သော သူမျိုး ပြုလုပ်လိမ့်မည် မဟုတ်သည့် ပြုမူမှုများကို ပြုလုပ်ခြင်းကို ဆိုလိုသည်။ ယခုကျွန်ုပ်တို့ရှေ့ရှိ အမှုတွင် (လျှောက်ထားခံရသူ) မောင်ညွန့်တင်သည် မိမိ၏ကားကို လမ်းကွေ့နေသည့် နေရာတွင် မောင်းနှင်လာခဲ့ရာ၌ ဆင်ခြင်တုံတရားရှိသည့် သာမန်အသိဉာဏ်ရှိသော သူတဦးကဲ့သို့ ပြုမူခြင်း မရှိကြောင်း တွေ့ရှိရသည်။ ထိုကဲ့သို့သော နေရာမျိုး၌ ကားမောင်းနေသူသည်၊ မိမိ၏ကားကို လိုသည့်နေရာသို့ ဓာတ်ရှောင်နိုင်ရန်အတွက် အလွန်အရှိန်ပြင်းစွာ မောင်းနှင်မည်မဟုတ်ချေ။ ကွေ့နေသောလမ်းမှ ဖြောင့်တန်းနေသော လမ်းပေါ်သို့ ထွက်ခဲ့ရာ၌လည်း တစုံတရာ အချက်ပေးခဲ့ခြင်း မပြုလုပ်ခဲ့ရာ၊ ၎င်း၏ပြုလုပ်မှုသည် ပေါ့လျော့သော ပြုလုပ်မှုဖြစ်ကြောင်း အလွန်ထင်ရှားသည်ဟု ယူဆရချေမည်။

ကား ၂ စင်း တိုက်မိရာတွင် ခရီးသည်များသည် များသောအားဖြင့် မိမိတို့ စီးနင်းလိုက်ပါလာသည့် ကားကို မောင်းနှင်သူနှင့် ဟာလေတည်းစီး တခရီးထဲ သွားနေကြသူများသဘွယ်၊ ခင်မင်ရင်းနှီးသည့် စိတ်ခါတ်များ ပေါ်ပေါက်တတ်ကြသည်။

ထို့ကြောင့် ခရီးသည်များသည် မိမိတို့စီးလာသည့်ကားကို မောင်းနှင်သူများအား လွဲမှားသော စေဘနာဖြင့် ၎င်းတို့ကျရောက်မည့် ပြစ်ဒဏ်မှ ကာကွယ်လိုစိတ်များ ပေါ်ပေါက်သေ့ရှိသည်။ ထို့ကြောင့် ကားတိုက်မှုမျိုးကွင် ခရီးသည်များ၏ သက်သေခံချက်များကို အလွန်သဘိဝိရိယကြီးစွာဖြင့် ဆင်ခြင်သုံးသပ်ရပေမည်။ ယခုကျွန်ုပ်တို့ ရှေ့ရှိ အမှုတွင် ကား ၂ စင်းသည် ဖြောင့်တန်းနေသော လမ်းမကြီးပေါ်၌ ရင်ဆိုင်တိုက်မိခဲ့ခြင်းဖြစ်သည်။ ကားမောင်းသူများ၏ ပေါ့လျော့မှုမရှိပါက ထိုကဲ့သို့ ဖြစ်နိုင်ရန် အကြောင်းမရှိ။ အထက်တွင် ဖော်ပြထားသည့်အတိုင်း ပေါ့လျော့မှု ရှိသူမှာ လျောက်ထားခံရသူ မောင်ညွန့်တင်မှတပါး၊ အခြား မည်သူမျှ မဖြစ်နိုင်ချေ။ ထို့ကြောင့် မူလရုံးတရားသူကြီးက ၎င်းအပေါ်၌ တရားသေလွှတ်ရန် ချမှတ်ခဲ့သည့် အမိန့်သည်၊ အလွန် သိသိသာသာ မှားယွင်း ချွတ်ချော်နေသည်ကို တွေ့ရှိရသည်။ ဤအမှုတွင် မောင်ညွန့်တင်၏ အရမ်းပြုသုပ်မှု၊ သို့တည်းမဟုတ်၊ ပေါ့လျော့သော ပြုသုပ်မှုကြောင့် ခရီးသည် အများအပြား ဒဏ်ရာရရှိသည်သာမက၊ တယောက်မှာ လည်း အသက်ဆုံးရှုံးရရှာသည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ကျွန်ုပ်တို့သည် မူလရုံး တရားသူကြီးက မောင်ညွန့်တင်အပေါ်၌ တရားသေသွတ်ရန် ချမှတ်သည့် အမိန့်ကို ပယ်ဖျက်လိုက်ပြီး၊ ၎င်းအား ရာဇသတ်ပုဒ်မ ၃၀၄ (က) အရ၊ မှုပြစ် ထင်ရှား စီရင်၍၊ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၃ နှစ်တိတိ ကျခံစေရန် ပြင်ဆင် အမိန့်ချမှတ်လိုက်သည်။

ဤအမှုတွင် သျောက်ထားခံရသူ မောင်ညွန့်တင်သည်၊ မူလရုံး တရားသူကြီး စီရင်ချက် ချမှတ်သည့် နေ့အထိ ရက်ပေါင်း ၁၁ အချုပ်ခံခဲ့ရပြီး ဖြစ်သည်။ ထိုရက်များကို ၎င်းကျခံရမည့် ထောင်ဒဏ်မှ ထုတ်နုတ်ပစ်ရမည်။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးချစ် ရွှေတင်

† ၁၉၆၇ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၂၀ ရက်။

ပြည်ထောင်စု မြန်မာနိုင်ငံ (ဗိုလ်ဘဟန်)၊ (ပြင်ဆင်ရန်လျှောက်ထားသူ)

နှင့်

မောင်လွန်းဒင် (ပြင်ဆင်ရန်လျှောက်ထားခံရသူ)*

အရေးကြီးသော ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာ အက်ဥပဒေ ပုဒ်မ ၈ (၁) အရ မှုပြစ်ထင်ရှားစီရင်ခြင်း—ဆေးများကို တနယ်မှတနယ်သို့ အခွင့်အမိန့်မရှိဘဲနှင့် ရွှေ့ပြောင်းမရောင်းရ၊ လက်ဝယ်တွင် သိုလှောင်ခြင်း စသည့် ဆောင်ရွက်မှုများ ဖြစ်သည့် အမိန့်တစုံတရာ ထုတ်ပြန်ထားသည်ဟု မပေါ်လွင်ခြင်း— အစားအစာနှင့် ဆေးဝါး ပြင်ဆင်မှု အက်ဥပဒေပုဒ်မ ၇ (၃) အရနှင့် ကိုက်ညီခြင်းရှိ မရှိ။

ဆုံးဖြတ်ချက်။ ။အရေးကြီးသောကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာ အက်ဥပဒေ အရထုတ်ပြန်ထားသော အမိန့်၊ သို့မဟုတ် ကြော်ငြာစာတစုံတရာကို ဖေါက်ဖျက်မှုသာလျှင် ယင်း အက်ဥပဒေပုဒ်မ ၈(၁) အရ အပြစ်ပေးနိုင်ပေသည်။ အမှုတွင် ပေါ်လွင်သည်မှာ ထိုးဆေးများသည် အရေးကြီးသော ကုန်ပစ္စည်းများဖြစ်သည်ဆိုခြင်းမှာမှန်၏။ သို့ရာတွင် ယင်းပစ္စည်းများနှင့် ပတ်သက်၍ ဆောင်ရွက်မှုဆိုင်ရာ လုပ်ငန်းများတွင် မည်သို့ မည်ပုံပြုရမည်၊ မည်သို့မည်ပုံမပြုရ၊ တနည်းဆိုသော် တနယ်မှတနယ်သို့ အခွင့်အမိန့်မရှိဘဲနှင့် မရွှေ့ပြောင်းရ၊ မရောင်းရ၊ လက်ဝယ်တွင် သိုလှောင်ခြင်းမပြုရ စသည့် ဆောင်ရွက်မှုများဖြစ်သည့် အမိန့်တစုံတရာထုတ်ပြန်ထားသည်ဟု မပေါ်လွင်ပေ။ သို့ဖြစ်၍ အရေးကြီးသော ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာ အက်ဥပဒေ အရ အရေးမယူနိုင်။

အယူခံတရားခံ ကျူးလွန်သောပြစ်မှုမှာ အစားအစာနှင့် ဆေးဝါးပြင်ဆင်မှု အက်ဥပဒေ ပုဒ်မ ၇ (၃) အရနှင့်သာလျှင် ကိုက်ညီသည်ကို တွေ့ရှိရသည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။အစိုးရ တရာရုံးချုပ် ရွှေနေဦးကျော်ဇင်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။

---

* ၁၉၆၇ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၂၈ (ခ)။

† ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၂ တွင် ချမှတ်သော ၁၉၆၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့စွဲပါ ထားဝယ်မြို့၊ ခရိုင် ရာဇဝတ် တရားသူကြီး၏အမိန့်ကို ပြန်၍ ဆင်ခြင်မှု။

၁၉၆၇

ပြည်ထောင်စု မြန်မာနိုင်ငံ ဗိုလ်ဘဟန် နှင့် မောင်လွန်းဒင်။

တရားသူကြီး ဦးချစ်။ ။လျှောက်ထားခံရသူ (မူလတရားခံ) မောင်လွန်းဒင် အပေါ်၊ အရေးကြီးသော ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာ အက်ဥပဒေ ပုဒ်မ ၈ (၁) အရမှုပြစ်မြောက်သည်ကို တွေ့ရှိရသဖြင့်၊ ဒဏ်ငွေ ၂၀၀ ကျပ်ပေးဆောင်စေ၊ ပျက်ကွက်ပါက၊ အသုပ်နှင့် ထောင်ဒဏ် ၃ လကျခံစေရန်၊ ထားဝယ်မြို့၊ မြို့မရာဇဝတ်တရားသူကြီးရုံး၊ ၁၉၆၅ ခု၊ ရာဇဝတ်ကြီးမှုအမှတ် ၃၉၂ တွင် အမိန့်ချမှတ်ခဲ့လေသည်။

အပြစ်ဒဏ်ချမှတ်ခြင်းမှာ၊ မှုပြစ်နှင့်စာလျှင် အလွန်နည်းလွန်းသည်ဟု ယူဆသဖြင့် ထားဝယ်မြို့၊ ခရိုင်ရာဇဝတ်တရားသူကြီးသည် ၎င်း၏ရုံး ၁၉၆၆ ခု၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၂ တွင်ပြန်လည်သုံးသပ်ခဲ့လေသည်။ ခရိုင်ရာဇဝတ် တရားသူကြီးက လျှောက်ထားခံရသူ မောင်လွန်းဒင်အပေါ် မူလမှုးကပေးထားသော အပြစ်ဒဏ်မှာ နည်းလွန်းနေပါသောကြောင့်၊ အပြစ်ဒဏ်ကို တိုးမြှင့်ပေးပါရန်၊ ဤရုံးသို့ ထောက်ခံတင်ဆက်ထားလေသည်။

အမှုအကြောင်းအရာ အတိုချုပ်မှာ၊ အောက်ပါအတိုင်းဖြစ်သည်။

၁၉၆၅ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့ညနေ ၃ နာရီအချိန်လောက်တွင်၊ ရေးမြို့မှ ခရီးသည်တင် ဘတ်စ်ကားတစင်းသည်၊ ထားဝယ်မြို့အဝင် အိမ်ချေပြင် မော်တော်ကားဂိတ်သို့ရောက်ရှိသောအခါ၊ ရှာဖွေရေးအဖွဲ့က ခရီးသည်များကို ရှာဖွေရာတွင်၊ မောင်လွန်းဒင် ဝှက်ချိုယူလာသော ဖြူချိုမိုက်ဆလင် ၂၂၂ လုံး၊ ပရိုကရိန်း ပင်နစလင် ၁၄၈ လုံး၊ ပေါင်း ၃၇၁ လုံးကို တွေ့ရှိရလေသည်။ ဤကဲ့သို့ အရေးကြီးသော ကုန်ပစ္စည်းများကို အခွင့်အမိန့် တစုံတရာမရှိဘဲ ဝှက်ချိုယူလာခြင်းမှာ၊ ထားဝယ်မြို့ ပတ်ဝန်းကျင်တွင် သောင်းကျန်းနေသူများထံသို့၊ထိုးဆေးများကိုတနည်းအား ဖြင့်ငင်းတို့လက်ဝယ်ရောက်ရှိစေရန် ပြုလုပ်သည်ဟုယူဆကာ၊ သက်ဆိုင်ရာ ရဲစခန်းက၊ မောင်လွန်းဒင်အပေါ် မတရားအသင်း အက်ဥပဒေပုဒ်မ ၁၇ (၁) အရ အရေးယူ တရားစွဲဆိုရန်၊ ရုံးသို့ တင်ပို့ရာ၊ မူလခုံးက တရားလိုပြသက်သေများကို စစ်ဆေးပြီးနောက် မောင်လွန်းဒင်သည် ထိုမျှများပြားလှသော ထိုးဆေးလုံးများကို ယူဆောင်လာ၍ လက်ဝယ်တွင် တွေ့ရှိသောကြောင့်၊ ၎င်းသည် အခွင့်အမိန့်တစုံတရာ မရရှိဘဲ၊ ယင်းအရေးကြီးသော ကုန်ပစ္စည်းများကို မှောင်ခိုယူဆောင်လာခြင်းမှာ ထင်ရှားသဖြင့်၊ အရေးကြီးသော ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာ အက်ဥပဒေပုဒ်မ ၈ (၁) အရ စွဲချက်တင်ခဲ့ရာ၊ မောင်လွန်းဒင်က အပြစ်မရှိပါကြောင်း ထုချေလေသည်။ ထိုပစ္စည်းများသည် အရေးကြီးသော ကုန်ပစ္စည်းများဖြစ်ပါသည်။ ဤကဲ့သို့ အခွင့်အမိန့် တစုံတရာမရှိဘဲ ယူဆောင်လာခဲ့လျှင် အပြစ်ရှိပါသည်။ မိမိတွင် စရိတ်မရှိသဖြင့်၊ ထိုပစ္စည်းများသည် ရန်ကုန် မှောင်ခိုစျေးမှဝယ်ယူလာပြီး၊ ထားဝယ်မြို့တွင် ရောင်းချရန် ဖြစ်ပါသည်ဟူ၍

၁၉၆၇

ပြည်ထောင်စု မြန်မာနိုင်ငံ ဗိုလ်ဘဟန် နှင့် မောင်လွန်းဒင်။

မောင်လွန်းဒင်က ထုချေလေသည်။ ယင်းကဲ့သို့ ထုချေသော်ငြားလည်း၊ ယင်း မောင်လွန်းဒင်သည် စွဲချက်တင်ထားသည့်အတိုင်း မှုပြစ်မြောက်သည်ဟု ယူဆကာ စွဲချက်တင်ထားသည့် ပုဒ်မအရ အပြစ်ပေးလိုက်ခြင်းဖြစ်သည်။ ထိုကဲ့သို့ အပြစ်ပေးရာ၌၊ မူလချုံးက၊ မောင်လွန်းဒင်သည် အချုပ်တွင် ၅ လကြာမျှ နေထိုင်ရပြီးဖြစ်သည်။ ငင်းပြင် ငင်းသည် လယ်သမားတယောက်ဖြစ်သည်။ ထောင်ဒဏ်အပြစ်ပေးခဲ့လျှင် လယ်သုပ်ငန်းထိခိုက်ဘွယ်ရာရှိသည့်အပြင်၊ ငင်းသည် ယခင်က ပြစ်ချက်တစုံတရာ မရှိခဲ့သူဖြစ်သည်။ ထို့ကြောင့် ငင်းအား ထောင်ဒဏ်အပြစ်မပေးဘဲ၊ ဒဏ်ငွေနှင့်ပင် သင့်လျော်သည်ဟု ယူဆကာ၊ ဒဏ်ငွေ ၂၀၀ ကျပ်တပ်မိုက်လိုက်ခြင်း ဖြစ်သည်။

ခရိုင်ရာဇဝတ် တရားသူကြီးက၊ ယင်းအမှုကို ပြန်လည်သုံးသပ်ပြီး၊ မောင်လွန်းဒင် အပေါ် ပေးထားသော အပြစ်ဒဏ်မှာ သိသိသာသာကြီး နည်းလွန်းပါသည်၊ ထို့မျှ များပြားလှသော ထိုးဆေးများသည်၊ ထားဝယ်မြို့ ပတ်ဝန်းကျင်တွင်ရှိသော သောင်းကျန်းသူများလက်ဝယ်သို့ ရောက်ရှိသွားနိုင်ပါသည်။ ယင်းသို့ ရောက်ရှိသွားခြင်းကြောင့် သောင်းကျန်းမှုမှာ သက်စိုးရှည်စရာ အကြောင်းရှိပါသည်။ ယခုကဲ့သို့ မှောင်ခိုကိစ္စ မျိုးကို ပြုလုပ်ခြင်းမှာ၊ ဆိုရှယ်လစ်စီးပွါးရေးစနစ်ကိုလည်း ထိခိုက်နိုင်စရာ အကြောင်း ရှိပါသည်။ ထို့ကြောင့် အပြစ်ပေးရာတွင် စတိအနေမျိုးဖြင့် မပေးဘဲ၊ မှတ်သား လောက်သော အပြစ်ဒဏ်နှင့် နောက်နောင်ကို ကျူးလွန်မည့်သူများအား ဟန့်တား သောအနေမျိုးဖြစ်စေရန်၊ အပြစ်ဒဏ်ကို တိုးမြှင့်ပေးသင့်ပါသည်ဟု တင်ပြသွားလေသည်။

ကျန်ုပ်သည်၊ ဤအမှုကို အသေးစိတ်ဝေဘန်သုံးသပ်သည်။ ပဌမကနဦးတွင်၊ ရဲက မတရားအသင်း အက်ဥပဒေပုဒ်မ ၁၇ (၁) အရ၊ မောင်လွန်းဒင်အပေါ်၌ တရားစွဲဆို ခြင်းမှာမှားယွင်းနေသည်။ ၎င်းသည် ထိုးဆေးများကို ယူလာခြင်းသည် သောင်းကျန်း သူများအား အကူအညီပေးရန် ယူလာသည်ဟု အမှုတွဲတွင် မပေါ်လွင်။ ၎င်းပြင် ထိုအမှုရုံးသို့ ရောက်ရှိသောအခါ၊ မူလရုံးက ဓမောင်လွန်းဒင်အပေါ် အရေးကြီးသော ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာ အက်ဥပဒေပုဒ်မ ၈ (၁) အရ စွဲချက် တင်ခြင်းမှာလည်း မှားယွင်းနေကြောင်း တွေ့ရှိရသည်။ အကြောင်းမှာ ထိုပုဒ်မအရ အပြစ်ဒဏ်ပေးလျှင် (အရေးကြီးသောကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာ အက်ဥပဒေအရ ထုတ်ပြန်ထားသောအမိန့်၊ သို့မဟုတ် ကြော်ငြာစာ တစုံတရာကို ဖေါက်ဖျက်မှသာလျှင်၊ ယင်းပုဒ်မအရ အပြစ်ပေးနိုင်ပေသည်။ ဤအမှုတွင် ပေါ်လွင်သည်မှာ ထိုဆေးများသည် အရေးကြီးသော ကုန်ပစ္စည်းများဖြစ်သည်ဆိုခြင်းမှာ မှန်၏။ သို့ရာတွင် ယင်းပစ္စည်းများနှင့်ပတ်သက်၍ ဆောင်ရွက်မှုဆိုင်ရာ လုပ်ငန်းများ တွင် မည်သို့မည်ပုံပြုရမည်။ မည်သို့မည်ပုံ မပြုရ။ တနည်းဆိုသော်၊ တနယ်မှ တနယ်သို့

ခင့်အခိန် မရှိဘဲနှင့် မဈေပြောင်းရ၊ မရောင်းရ၊ လက်ဝယ်ဘွင် သိုလှောင်ခြင်း မပြုရ စသည့် ဆောင်ရွက်မှုများဖြစ်သည့်၊ အမိန့်တစုံတရာ ထုတ်ပြန်ထားသည်ဟု) မူလရုံး အမှုတွဲတွင်၎င်း၊ ခရိုင်ရာဇဝတ် တရားသူကြီး အမှုတွဲတွင်၎င်း (မပေါ်လွင်ပေ)။ တနည်းဆိုရလျှင်၊ ထိုအချင်းဖြစ်ပစ္စည်းများကို အရေးကြီးသော ကုန်ပစ္စည်းများ အနေဖြင့် သတ်မှတ်ထားရုံနှင့် (အရေးကြီးသော ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာ အက်ဥပဒေအရ အရေးမယူနိုင်ပေ)။ မောင်လွန်းဒင်အပေါ် အရေးကြီးသော ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာ အက်ဥပဒေပုဒ်မ ၈ (၁) အရ မှုပြစ်မြောက်သည်ဟု တွေ့ရှိရခြင်းမှာ ဥပဒေအရ မှားယွင်းနေပေသည်။

မောင်လွန်းဒင် ကျူးလွန်သောမှုပြစ်မှာ [အစားအစာနှင့် ဆေးဝါးပြင်ဆင်မှု အက်ဥပဒေပုဒ်မ ၇(၃) အရနှင့်သာလျှင် ကိုက်ညီသည်ကို တွေ့ရှိရသည်]။ မောင်လွန်းဒင်သည် အခွင့်အမိန့် တစုံတရာမရှိဘဲ၊ အချင်းဖြစ်သည့် ဆေးဝါးများကို ရောင်းရန် ယူဆောင်လာခြင်းမှာ အမှုတွဲတွင် ပေါ်လွင်လျက်ရှိသည်။ သောင်းကျန်းသူများအား ထိုဆေးများရောင်းလိမ့်မည်ဟု တထစ်ချ မပြောနိုင်ပေ။ မသင်္ကာမှုလောက်ဘွယ်ရာသာဖြစ်သည်။ ယင်းကဲ့သို့ မသင်္ကာခံလောက်ကာမျှဖြင့် ရာဇဝတ်မှုနှင့် မောင်လွန်းဒင်အပေါ် အရေးမယူနိုင်ပေ။

ဤခုံးသည်၊ ဤအမှုကို သုံးသပ်ရာ၌ ပြင်ဆင်မှုရုံးအနေဖြင့်သာလျှင် သုံးသပ်သည်။ မူလရုံးတွင် မောင်လွန်းဒင်အပေါ် အစားအစာနှင့် ဆေးဝါးပြင်ဆင်မှု အက်ဥပဒေပုဒ်မ ၇ (၃) အရ စွဲချက်တင်ထားခြင်းပင် မရှိသော်ငြားလည်း၊ ဤခုံးက ယင်းစွဲချက်အတိုင်း ပြောင်းလဲ၍ ပြုသုပ်ပြီးလျှင်၊ ထိုစွဲချက်အရ အပြစ်ရှိသည်ဟု ယူဆနိုင်ရန် အာဏာရှိပေသည်။ ဤကဲ့သို့ စွဲချက်ကိုပြောင်း၍ ပြုသုပ်ခြင်းအားဖြင့် မောင်လွန်းဒင်တွင် နစ်နာမှုမရှိနိုင်ပေ။ မောင်လွန်းဒင်ပင်လျှင်၊ ၎င်းအပေါ် အရေးယူထားသော အကြောင်းခြင်းရာများနှင့်ပတ်သက်၍ သိရှိပြီးဖြစ်သည်။

အထက်ဖော်ပြပါ အကြောင်းအရာများနှင့် ဥပဒေအချက်အလက်များအရ၊ မူလရုံးက မောင်လွန်းဒင်အပေါ် အရေးကြီးသော ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာ အက်ဥပဒေပုဒ်မ ၈ (၁) အရ မှုပြစ်မြောက်သည်ကို တွေ့ရှိရပြီး အပြစ်ဒဏ်ချမှတ်ထားခြင်းမှာ မှားယွင်းနေသည်။ ၎င်းပြင် ခရိုင်ရာဇဝတ် တရားသူကြီးက၊ မောင်လွန်းဒင်အပေါ် ယင်းပုဒ်မအရ မှုပြစ်မြောက်သည်ဟု ယူဆထားခြင်းမှာလည်း မှားယွင်းနေသည်။ သို့ဖြစ်ရကား၊ ထိုမှားယွင်း၍ မှုပြစ်တွေ့ရှိရခြင်းအပေါ် ထောက်ခံထားသည့်အဘိုး အပြစ်ဒဏ်ဘိုးမြှင့်ပေးရန် မဖြစ်နိုင်ပေ။

သို့ဖြစ်၍၊ မူလရုံးနှင့် ခရိုင်ရာဇဝတ်တရားသူကြီးရုံးတို့၏ တွေ့ရှိချက်နှင့် အပြစ်ဒဏ်ချမှတ်ချက်ဘို့ကို ပယ်ဖျက်ပြီးလျှင်၊ လျှော်ထားခံရသူ မောင်လွန်းဒင်သည် အစား

၁၉၆၇

ပြည်ထောင်စု
မြန်မာနိုင်ငံ
ဗိုလ်ဘဟာန်
နှင့်
မောင်လွန်းဇင်။

အစာနှင့် ဆေးဝါးပြင်ဆင်မှု အက်ဥပဒေပုဒ်မ ၇ (၃) အရ မှုပြစ်မြောက်သည်ကို တွေ့ရှိရသဖြင့် ဒဏ်ငွေ ၅၀၀ ကျပ် (ကျပ်ငါးရာတိတိ) ပေးဆောင်စေ။ ပျက်ကွက်ပါက၊ အလုပ်နှင့် ထောင်ဒဏ် ၆ လကျခံစေရန် ပြင်ဆင်၍ အမိန့်ချမှတ်လိုက်သည်။

မူလရုံးက၊ လျှောက်ထားခံရသူ မောင်လွန်းဇင်ထံမှ လက်ခံရရှိပြီးသော ဒဏ်ငွေ ၂၀၀ ကျပ်ကို၊ ၎င်းအားပြန်လည်ပေးစေ။

နိုင်ငံတော် တရားရုံးချုပ်

တရားမ ပဌမအယူခံမှု

တရားသူကြီး ဦးချစ်ရှေတွင်

ပြည်သူ့စီးကရက်လုပ်ငန်း (လန်ဒန် တိုဘက်ကိုးကုမ္ပဏီ လိမိတက် ဌင်းနှင့် ကိုယ်စားလှယ် ဒါရိုက်တာ ဦးလှမောင်)၊ (အယူခံတရားလို) † ၁၉၆၇ စက်တင်ဘာလ ၂ ရက်။

နှင့်

မစန်းစန်း (အယူခံတရားခံ)*

တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၆ နှင့် ရန်ကုန်မြို့တရားမရုံးအက်ဥပဒေပုဒ်မ ၂၄ အရအယူခံဝင်ခြင်း—ကတိပျက်ကွက်၍ လျော်ကြေးရလိုမှု—ကုမ္ပဏီက သတင်းစာတွင်ကြော်ငြာခြင်း—ပဋိညာဉ်ထဲပါဝင်သွားသော အချက်ဖြစ် မဖြစ်—ပျက်ကွက်လျှင် ပဋိညာဉ်ကိုပယ်ဖျက်ရာမည်မမည်။

ဆုံးဖြတ်ချက်။ ။ကုမ္ပဏီကသတင်းစာတွင် ကြော်ငြာပြီးနောက် ကတိစာချုပ်များကို အလှမယ်များက လက်မှတ်ထိုးသည့်အခါခိုင်အထိအလှမယ်များဘက်ကသော်၎င်း၊ ကုမ္ပဏီဘက်ကသော်၎င်း ပြုလုပ်ဆောင်ရွက်မှုများကို ထည့်သွင်းစဉ်းစားရပေမည်။ ထိုလုပ်ငန်းအားလုံးတို့သည် ယေဘုယျအားဖြင့် ကတိပဋိညာဉ်ထဲတွင်အားလုံးပါဝင်သွားပြီးဖြစ်သည်။ ထိုကတိပဋိညာဉ်ထဲပါဝင်သွားသော အချက်တချက်ကို ကုမ္ပဏီဘက်မှသော်၎င်း၊ အလှမယ်အရွေးခံသူဘက်မှသော်၎င်း ပျက်ကွက်လျှင် ထိုသူသည် ကတိပဋိညာဉ်ကို ပယ်ဖျက်ရာမည်၏။ ကုမ္ပဏီက သတင်းစာများတွင် ကြော်ငြာသည်။ ထိုကြော်ငြာစာများကို လက်ခံသည့်အနေနှင့်အလှမယ်အရွေးခံသူများက ကုမ္ပဏီသို့သွားပြီး စာရင်းသွင်းသည်။ ဝင်ကြေးအဖြစ်လိုအပ်သော စီးကရက်ဘူးခွံများကို ပေးသွင်းပြီးဖြစ်သည်။ ပတ်စုံဝယ်ရန်ငွေ ၅၀ ကိုလည်း ကုမ္ပဏီထံမှယူသည်။ ထိုနောက်ကတိစာချုပ်များကို ပြုလုပ်သည်။ ထိုကတိစာချုပ်တွင် ပဌမ၊ ဒုတိယ၊ တတိယ ရသူများသည် ကုမ္ပဏီပြက္ခဒိန်ထုတ်ရန်အတွက် ဓါတ်ပုံအရိုက်ခံရန်သဘောတူသည်။

မိမိခံယူခဲ့သော ဓါတ်ပုံရိုက်ရန်သဘောတူခဲ့သည့်ကတိကို လိုက်နာဆောင်ရွက်ခြင်းမရှိသဖြင့် ကတိပျက်ကွက်သူမှာ အယူခံတရားခံသာဖြစ်သည်။

အကိုကြီး ဂျဝမ် နှင့် အေးဗွီအမှု၊ အေးအိုင်၊အာ (ရ)၊ ၁၉၃၉၊ ရန်ကုန်စာ ၄၂၃။ **ဥကာပါရှမူဆာဒီလာ(လ်) နှင့် ရှရီဟာမာလ်ဘူလာမာ(လ်)** အေးအိုင်၊အာ (ရ)၊ ၁၉၂၂၊ လာဟိုး၊ စာ ၁၀၀ (၁၀၁) **ဒေဗီဒတ်ရမ်နီရမ်ဂျန်ဒတ် နှင့် စရီရန်နရာရမ်ဒတ်** အေးအိုင်၊အာ (ရ)၊ ၁၉၃၂၊ ဘုံဘေ၊ စာ ၂၉၁။ **ချာတူဘူဂျန်စာနီ နှင့် မိုဆွာပရန်ရွန်** အေးအိုင်၊အာ (ရ)၊ ၁၉၅၄၊ (တရားလွှတ်တော်ချုပ်) စာ ၂၃၆ ရည်ညွှန်းသည်။

---

* ၁၉၆၇ ခုနှစ်၊ **တရားမပဌမ** အယူခံမှု အမှတ် ၈။

† ၁၉၆၁ ခုနှစ်၊ တရားမကြီးမှု အမှတ် ၁၃၃ တွင် ၁၉၆၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ နေ့စွဲပါ **ရန်ကုန်မြို့တော် တရားမရုံး** တတိယတရားသူကြီးရုံးတော်၏ ချမှတ်သော အမိန့်ကို အယူခံဝင်မှု။

၁၉၆၇ ခြုပြည်သူ့စီးကရက်လုပ်ငန်း (လန်ဒန်တိုဘက်ကိုးကုမ္ပဏီလိမ်မိတက် ဂင်း၏ကိုယ်စားလှယ် ဒါရိုက်တာဦးလှမောင်) နှင့် မစန်းစန်း။

အယူခံတရားလိုအတွက်။ ။ဦးအေးမောင် (ပန်းတနော်)။

အယူခံတရားခံအတွက်။ ။ဦးမောင်မောင်။

တရားသူကြီး ဦးချစ်။ ။ဤအမှုမှာ ယခုအယူခံတရားလို ပြည်သူ့ စီးကရက်လုပ်ငန်း (လန်ဒန် တိုဘက်ကိုး ကုမ္ပဏီလိမိတက်၊ ဂင်း၏ ကိုယ်စားလှယ် ဒါရိုက်တာ ဦးလှမောင်)က ရန်ကုန်မြို့၊ တရားမရုံး တရားမကြီးမှုအမှတ် ၁၃၃ တွင်၊ ၁၉၆၆ ခု၊ ဒီဇင်ဘာလ ၂၃ နေ့စွဲဖြင့် တတိယဘရားသူကြီး ချမှတ်သော စီရင်ချက်နှင့် ဒီကရီကို မကျေနပ်သဖြင့် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၉၆ နှင့် ရန်ကုန်မြို့တရားမရုံး အက် ဥပဒေပုဒ်မ ၂၄ တို့အရ အယူခံဝင်လာခြင်းဖြစ်သည်။ အမှုအကြောင်းအရာ အတို ချုပ်မှာ အောက်ပါအတိုင်းဖြစ်သည်။

၁၉၆၀ ခု၊ နှစ်ဦးပိုင်းက လန်ဒန်တိုဘက်ကိုးကုမ္ပဏီလိမိတက်သည် သက်သေခံ အမှတ် က မြန်မာ့အလင်း သတင်းစာမှသော်၎င်း၊ သက်သေခံ အမှတ် ၁၁ ဗမာ့ခေတ် သတင်းစာမှသော်၎င်း ကမ္ဘာကျော် လန်ဒန်ဂိုးဖလိပ်မယ် ရွှေပွဲကြီး ပြုလုပ်မည်ဆိုသည့် အကြောင်းနှင့် ပတ်သက်၍ ကြော်ငြာ ခဲ့လေသည်။ ထိုကြော်ငြာ စာများထဲတွင် အလှမယ် ပဌမဆုရသူအား ၂,၅၀၀ တန်စိန်ဘယက်၊ ဒုတိယ ဆု ၁,၅၀၀ တန်ကျောက်ဘယက်နှင့် တတိယဆု ၁,၀၀၀ တန်ရွှေဘယက်တို့ကို ခြိုးမြှင့်မည့် အပြင် ပဌမဆုရသူကိုသာသျှင် မြန်မာ့အလင်း သတင်းစာ၌ ဟောင်ကောင်သို့ လေယာဉ်ဖြင့် အသွားအပြန် လက်မှတ် နှစ်စောင်ကို အခမဲ့ ခြိုးမြှင့်မည်။ သို့သော် ဗမာ့ခေတ် သတင်းစာ၌ နိုင်ငံခြားသို့ လေယာဉ်ခရီးဖြင့် အသွားအပြန် အခမဲ့ လက်မှတ် နှစ်စောင် ခြိုးမြှင့်မည်ဟု ပါရှိသည်။ လျှောက်ထားသူများသည် လိုအပ်သော စီးကရက် ဘူးခွံများကို ပေး၍ စာရင်းသွင်းရမည် ဖြစ်သည့်အပြင် ပြိုင်ပွဲဝင် သူများအား ပြိုင်ပွဲဝတ်စုံ ဝယ်ယူရန် ငွေ ၅၀ စီကိုလည်း ခြိုးမြှင့်မည်ဟု ကြော်ငြာစာ များတွင် ပါရှိလေသည်။ ထိုကြော်ငြာစာများ အရ အယူခံတရားခံ မစန်းစန်း အပါ အဝင် အခြားအမျိုးသမီးများလည်း လန်ဒန်တိုဘက်ကိုးကုမ္ပဏီသို့ သွားရောက်ပြီး လိုအပ်သော စီးကရက်ဘူးခွံများကို ပေးသွင်း၍ လျှောက်ထား ကြလေသည်။ ယင်းသို့ အမည်သွင်း လျှောက်ထားရာ၌ လန်ဒန်တိုဘက်ကိုးကုမ္ပဏီက အလှမယ်များအား ဝတ်စုံဝယ်ရန် ငွေ ၅၀ စီခြိုးမြှင့်ပြီး ကတိစာချုပ် တခုကိုလည်း ချုပ်ဆိုလေသည်။

မစန်းစန်းသည် အခြား အလှမယ်များ နည်းတူ သက်သေခံ အမှတ် ၃ ကတိစာ ချုပ်ကို ချုပ်ဆိုလေသည်။ ထိုကတိစာချုပ်မှာ အောက်ပါအတိုင်း ဖြစ်၏။

"ကျွန်မသည် ကမ္ဘာကျော် လန်ဒန်ဂိုးဖလိပ်မယ် ရွှေပွဲတွင် ဝင်ရောက် ယှဉ်ပြိုင်ပါသည်။ ကျွန်မ မစန်းစန်းသည် ပဌမ၊ ဒုတိယ၊ တတိယ ရခဲ့သော်

၁၉၆၇ ပြည်သူ့စီးကရက် လုပ်ငန်း (လန်ဒန်တိုဘက်ကိုး ကုမ္ပဏီ လီမိတက် ၎င်း၏ ကိုယ်စားလှယ် ဒါရိုက်တာ ဦးလှမောင်) နှင့် မစန်းစန်း။

လန်ဒန်ဂိုးဖလိပ် ကုမ္ပဏီမှ ထုတ်ဝေမည့် ပြက္ခဒိန်တွင် ကျွန်မ၏အမည်ကို အသုံးပြုရန် သဘောတူကြောင်း အောက်တွင် ကျွန်မကိုယ်တိုင် လက်မှတ် ရေးထိုးကတိပြုပါသည်။"

ယင်းကဲ့သို့သော ကတိစာချုပ်များကို အလှမယ်များက ရေးထိုးကြပြီးသည့်နောက် ပြိုင်ပွဲ ပြုလုပ်ရာဘင် မစန်းစန်းက ပဌမ၊ နန်းမြင့်မေက ဒုတိယ နှင့် ခင်အေးဟန်က တတိယရရှိသွားကြလေသည်။ ယင်းကဲ့သို့ရရှိသွားကြသည့်အတိုင်းငင်းတို့ကို အသီးသီး ဘဏ်ဆုများကိုပေးပြီးဖြစ်သည်။ ၎င်းပြင် ဒုတိယဆုရသော နန်းမြင့်မေနှင့်တတိယ ဆုရသော ခင်အေးဟန်တို့ကလည်း ကုမ္ပဏီက ထုတ်မည် ဖြစ်သော ပြက္ခဒိန်အတွက် ကတိအတိုင်း ဓါတ်ပုံရိုက်ပေးပြီး ဖြစ်သည်။ မစန်းစန်းကို ဓါတ်ပုံရိုက်ရန် ကုမ္ပဏီက ခေါ်သော်လည်း မစန်းစန်း မသွားရောက်ခဲ့ပေ။ သို့ရာတွင် မစန်းစန်းက ကုမ္ပဏီက ကတိရှိသည့်အတိုင်း ဟောင်ကောင်သို့ အဖော်နှင့် အသွားအပြန် လေယာဉ်လက်မှတ် နှစ်စောင်ရသိုပါသည်။ သို့မဟုတ် ထိုလက်မှတ်တန်ဘိုးငွေ ၂,၇၅၆ ကျပ်ကို ရသိုပါသည်ဟု ကုမ္ပဏီဆံသို့ ဘောင်းဆိုလေသည်။ ကုမ္ပဏီက မစန်းစန်းသည် ကတိအတိုင်း ပြက္ခဒိန်အတွက် ဓါတ်ပုံ အရိုက်မခံသဖြင့် လေယာဉ်လက်မှတ်များကို မပေးသေးခြင်း ဖြစ်ပါသည်။ လေယာဉ်လက်မှတ်များကို ပေးရန် အရံသင့် ဖြစ်နေပါ၏။ သို့သော် မစန်းစန်းမှာ ဓါတ်ပုံ အရိုက်ခံလျှင် ထိုလေယာဉ် လက်မှတ်များကို မစန်းစန်းအား ပေးမည်ဖြစ်ကြောင်း ပြောဆိုလေသည်။ မစန်းစန်းက ဓါတ်ပုံ အရိုက်ခံခြင်းနှင့် ပတ်သက်၍ကတိမရှိခဲ့။ လေယာဉ်လက်မှတ်ပေးမည်ဆိုပြီးမပေးသည့်အတွက်ကုမ္ပဏီမှာ ကတိပျက်ကွက်သည်။ ထို့ကြောင့် ကုမ္ပဏီအား ရန်ကုန်မှ ဟောင်ကောင်သို့ အသွားအပြန် လေယာဉ်လက်မှတ် နှစ်စောင် တန်ဘိုးငွေ ၂,၇၅၆ ကျပ် ရလိုမှုနှင့် ကုမ္ပဏီကို တရားစွဲဆိုလေသည်။

မူလရုံးက အဆိုသွာများ အပေါ်တွင် မူတည်၍ ကောက်ချက် ၃ ခုကို ထုတ်ခဲ့သည်။ ထို ၃ ခုအနက် အရေးအကြီးဆုံးကောက်ချက်မှာ ပဌမကောက်ချက်ဖြစ်သည်။

အမှုအကြောင်းခြင်းရာ နှင့်ပတ်သက်၍အငြင်းမထွက်ခဲ့ပေ။ သို့သော် သက်သေခံအမှတ် ၃ ကတိစာချုပ်သည် တရားဝင်ကတိစာချုပ် ဟုတ် မဟုတ်နှင့် ပတ်သက်၍ အငြင်းထွက်လေသည်။ မူလရုံးက ထိုစာချုပ်သည် ပဋိညာဉ် အက်ဥပဒေ ပုဒ်မ ၂(c) နှင့် မညီသောကြောင့် တရားဝင်စာချုပ် မဟုတ်သဖြင့် မစန်းစန်းသည် ဓါတ်ပုံအရိုက်မခံဘဲနေနိုင်သည်။ ကုမ္ပဏီဘက်ကသာလျှင် ပဌမဆုရသူ မစန်းစန်းအား လေယာဉ်လက်မှတ်ပေးရန် ကတိပျက်ကွက်မှုရှိသောကြောင့် ထိုလေယာဉ် လက်မှတ်၏ တန်ဘိုး

ပြည်သူ့စီးကရက်လုပ်ငန်း (လန်ဒန်တိုဘက်ကိုး ကုမ္ပဏီလီမိတက် ၎င်း၏ကိုယ်စားလှယ် ဒါရိုက်တာဦးလှမောင်) နှင့် မစန်းစန်း။

ငွေ ၂,၇၅၆ ကျပ်ကို ပေးစေရန်အမိန့် ချမှတ်လိုက်သည်။ ထို့ကြောင့် ဤအယူခံမှု ပေါ်ပေါက်လာသည်။

အယူခံတရားလို၏ ရှေ့နေကြီး ဦးအေးမောင် (ပန်းတနော်)က ကတိ ပျက်ကွက်သူမှာ မစန်းစန်း ဖြစ်ပါသည်။ ကုမ္ပဏီမဟုတ်ပါ။ သက်သေခံ အမှတ် ၃ ကတိစာချုပ် အရ မစန်းစန်းသည် ဓါတ်ပုံ မိုက်ခ်ရန် ဖြစ်ပါသည်။ အမှုတွင် ထိုကတိစာချုပ် တခု တည်းကို ခွဲ၍သုံးသပ်ရန်မဟုတ်ပါ။ မူလကတိက သတင်းစာများထဲတွင် အလှမယ် ရွေးပဲ့ကြော်ငြာဘွင် ပါရှိသော အကြောင်းအရာများနှင့် တကွ အလှမယ်ဝင်ရွေး လိုသူများသည် ကုမ္ပဏီသို့ လာရောက်ပြီး စာရင်းသွင်း၍ လိုအပ်သော စီးကရက် ဘူးခွံများကို ဝင်ကြေးအဖြစ် ပေးရမည့်အပြင် အလှမယ်ပြိုင်ပွဲတွင် ဝင်ရွေးရန်လက်ခံသူများအား ကုမ္ပဏီကဝတ်စုံအတွက် တယောက် ၅၀ ကျပ်စီ ပေးခြင်းဖြစ်ပါသည်။ ထိုကဲ့သို့ သတင်းစာမှ ကြော်ငြာ၍ အလှမယ်များကို ဘိတ်မန္တ္တကပြုခြင်းနှင့်တကွ နောက်ဆက်တွဲ လုပ်ရသည့် အလုပ်များအပြင် သက်သေခံ အမှတ် ၃ ကတိစာချုပ်များကို ချုပ်ဆိုရခြင်းတို့မှာ ရွေးချယ်ခံရသော အလှမယ်များ ဘက်ကသော်၎င်း၊ ကုမ္ပဏီဘက်ကသော်၎င်း ပြုလုပ်ရမည့် ဆောင်ရွက်မှုများ ဖြစ်ပါသည်။ ကုမ္ပဏီသည် လန်ဒန်ဂိုးဖလိပ် စီးကရက်များကို အကြီးအကျယ် ပြုလုပ်၍ ရောင်းချခြင်းကြောင့် မိမိစီးပွါးရေးအတွက် ကြော်ငြာရန် ပြက္ခဒိန်များ ထုတ်ရာ၌ ရွေးချယ်ခံရသော အလှမယ်များ၏ ဓါတ်ပုံများ လိုအပ်နေပါသည်။ ထို့ကြောင့်ပင်လျှင် ရွေးချယ်ခံရသော အလှမယ်များကို အဘိုးတန် ဘယက်များ ပေးပြီး ပဌမဆု ရသူကိုပင်လျှင် ဟောင်ကောင်သို့ အသွားအပြန် လေယာဉ် လက်မှတ် နှစ်စောင် ခြီးမြှင့်မည်ဟု ကတိပြုခြင်း ဖြစ်ပါသည်။ မစန်းစန်းဘက်က ထိုအခွင့်အရေးများကို ယူသော်ငြားလည်း လုပ်ငန်းကတိအတိုင်း ဓါတ်ပုံရိုက် မခံခြင်းမှာ ၎င်းဘက်က ကတိပျက်ကွက်ပါသဖြင့် ကုမ္ပဏီက ဟောင်ကောင်သွား လေယာဉ်လက်မှတ်များကို မပေးခြင်း ဖြစ်ပါသည်ဟု တင်ပြသွားလေသည်။ ၎င်းပြင်ရှေ့နေကြီးက စီရင်ထုံး အများအပြားကို ကိုးကားသွားလေသည်။

အယူခံ တရားခံ၏ ရှေ့နေကြီး ဦးမောင်မောင်က ဤအမှုကို အဆုံးအဖြတ် ပေးရန်မှာ သတင်းစာတွင် ပါသော ကြော်ငြာများအရ အဆုံးအဖြတ်ပေးရမည် ဖြစ်ပါသည်။ သက်သေခံ အမှတ် ၃ ကတိစာချုပ်မှာ တရားဝင်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ဥပဒေအရ အဘိုးအစား မရှိခြင်းကြောင့် ဖြစ်ပါသည်။ သတင်းစာကွင် ပါသော ကြော်ငြာများမှာ ကုမ္ပဏီ၏ အဆိုဖြစ်၍ ထိုအဆိုအတိုင်း အယူခံတရားခံက လိုအပ်သော အချက်အလက်များကို ပြုလုပ်ပြီး လက်ခံလိုက်သဖြင့် ထိုသထင်စာ

တွင်ပါသော အချက်အလက် များသည် တရားဝင်ပဋိညာဉ်ဖြစ် သွားပါသည်။ယင်းသို့ တရားဝင် ပဋိညာဉ် ဖြစ်သည့်အားလျော်စွာ ထိုအဆိုထဲတွင် ပါဝင်သော ပဌမဆု ရသူအား နိုင်ငံခြား၊ သို့မဟုတ် ဟောင်ကောင်သို့ လေယာဉ် လက်မှတ် နှစ်စောင် အသွားအပြန် အခမဲ့ ပေးမည်ဆိုသည့်အတိုင်း ပေးရမည် ဖြစ်ပါသည်။ မစန်းစန်းသည် ပဌမဆု ရသူဖြစ်ပါသည်။ ၎င်းသည် ကုမ္ပဏီအတွက် ဓါတ်ပုံရိုက် မခံသော်ငြားလည်း သဘင်းစာတွင် ဖေါ်ပြထားသော အဆိုကို မစန်းစန်းက လက်ခံပြီး ဖြစ်သဖြင့် ၎င်းအား လေယာဉ် လက်မှတ်နှစ်စောင်၊ သို့မဟုတ် ၎င်း၏တန်ဘိုးကို ကုမ္ပဏီက ပေး ရန်ဖြစ်ပါသည်။ မပေးပဲ ပျက်ကွက်သဖြင့် မစန်းစန်းက တရားစွဲဆိုရပါသည်။ မူလ ရုံးက မစန်းစန်း စွဲဆိုသည့်အတိုင်း ဒီကရီ ပေးခြင်းမှာ မှန်ကန်သည်ဟု တင်ပြသွား သည်။

ကျွန်ုပ်သည် ဤအမှုကို အသေးစိတ်သုံးသပ်သည်။ သတင်းစာတွင် ပါသော ကြော်ငြာများသည် ကတိကဝတ် ပြုလုပ်ခြင်းလော၊ သို့မဟုတ် အလှမယ်များ ပါဝင်ရန် ဘိဘ်မန္တကပြုလုပ်သော စာဘန်းလောဟူ၍ ဖြစ်သည်။ ၎င်းပြင် သက်သေခံ အမှတ် ၃ ကတိစာချုပ်ကိုလည်း လေးနက်စွာ သုံးသပ်ရပေမည်။ ထို့ကြောင့် သတင်းစာတွင် [ကုမ္ပဏီက သဘင်းစာတွင် ကြော်ငြာပြီးနောက် (သက်သေခံအမှတ် ၃) ကတိ စာချုပ်များကို အလှမယ်များက လက်မှတ်ထိုးသည့် အချိန်အထိ အလှမယ်များ ဘက်ကသော်၎င်း၊ ကုမ္ပဏီဘက်ကသော်၎င်း ပြုလုပ်ဆောင်ရွက်မှုများကို ထည့်သွင်း စဉ်းစားရပေမည်။ ထိုလုပ်ငန်း အားလုံးတို့သည် ယေဘုယျအားဖြင့် ကတိပဋိညာဉ် ထဲတွင် အားလုံးပါဝင်သွားပြီး ဖြစ်သည်။ ထိုကတိပဋိညာဉ်ထဲ ပါဝင်သွားသော အချက်တချက်ကို ကုမ္ပဏီဘက်မှ သော်၎င်း အလှမယ်အရွေးခံရသူဘက်မှ သော်၎င်း ပျက်ကွက်လျှင် ထိုသူသည် ကတိပဋိညာဉ်ကို ပယ်ဖျက်ရာမည်၏။] ယခုအမှုတွင် ပြဆိုခဲ့ပြီးသည့်အတိုင်း ကုမ္ပဏီက သတင်းစာများတွင် ကြော်ငြာသည်။ ထိုကြော်ငြာ စာများကို လက်ခံသည့် အနေနှင့် မစန်းစန်း အပါအဝင် [အလှမယ်အရွေးခံရသူများက ကုမ္ပဏီသို့သွားပြီး စာရင်းသွင်းသည်၊ ဝင်ကြေးအဖြစ် လိုအပ်သော စီးကရက် ဘူးခွံများကို ပေးသွင်းပြီးဖြစ်သည်။ ဝဘ်စုံဝယ်ရန်ငွေ ၅၀ ကိုလည်း ကုမ္ပဏီထံမှ ယူသည်။ ထို့နောက် (သက်သေခံအမှတ် ၃ ကဲ့သို့သော) ကတိစာချုပ်များကို ပြုလုပ်သည်။ ထိုကတိစာချုပ်တွင် ပဌမ၊ ဒုတိယ၊ တတိယ ရသူများသည် ကုမ္ပဏီ ပြကွဒိန်ထုတ်ရန်အတွက် ဓါတ်ပုံ အရိုက်ခံရန်သဘောတူသည်။] ဒုတိယဆုနှင့်တတိယ ဆုရသူများမှာ ကတိကဝတ်အတိုင်း ဓါတ်ပုံရိုက်ခံပြီး ဖြစ်သည်။

၁၉၆၇

ပြည်သူ့စီးကရက်လုပ်ငန်း (လန်ဒန်တိုဘက်ကိုး ကုမ္ပဏီလီမိတက် ၎င်း၏ကိုယ်စားလှယ် ဒါရိုက်တာဦးလှမောင်) နှင့် မစန်းစန်း။

အကိုကြီး ဂျဝယ် နှင့် အေးဗို အမှု (၁)တွင် ဤသို့စီရင်ထုံးများကို ထုံးဖွဲ့ထားလေသည်။

"In an action brought on an alleged contract the burden of proof is, of course, upon the plaintiff to show that a firm contract had been entered into between the parties and that something more than mere negotiations had taken place. The negotiations and correspondence must be looked at as a whole to see whether the parties to them have concluded a binding contract or not. Where only certain terms of the contract were settled and the other terms of the agreement were left open there is no concluded contract."

၎င်းပြင် ဒူကာပါဒွမ္မဆာဒီလာလ် နှင့် ရွှရီသာမာလ်ဘူလာမာလ်အမှု (၂) တွင် ဤသို့အဆုံးအဖြတ်ပေးထားသည်။

"I do not agree with the decision of the Lower Appellate Court that the post-card can amount to a proposal within the purview of the Contract Act. The post-card was merely an invitation for offers in the same way as a catalogue of goods sent out by any shop or business firm."

၎င်းပြင် ဒေဗီဒတ်ရမ်နီရမ်ဂျန်ဒတ် နှင့် စရီရန်နရာရမ်ဒတ် အမှု(၃)တွင် အောက်ပါအတိုင်း ပြဆိုထားပြန်သည်။

"When a merchant or a commission agent sends his quotations or terms of business to other people it is merely an intimation on his part of his readiness to transact business with them on those terms. It is clear that on the mere passing of the letters between the parties a contract as such does not come into existence between the parties."

ထို့ပြင်တဝ ချာတူဘူဂျန်စာနီ နှင့် မိုဆွာပုရန်ရွန် အမှု(၄) တွင်လည်း အောက်ပါအတိုင်း အဆုံးအဖြတ်ပေးထားပြန်သည်။

"When a contract consists of a number of terms and conditions, each condition does not form a separate contract but

---

(၁) အေ၊ အိုင်၊ အာ(ရ်) (၁၉၃၉) ရန်ကုန်၊ စာ ၄၂၃။
(၂) အေ၊ အိုင်၊ အာ(ရ်)၊ (၁၉၂၂) လာဟိုး စာ (၁၀၀၊၁၀၁)။
(၃) အေ၊ အိုင်၊ အာ(ရ်)၊ (၁၉၃၂) ဘုံဘေ၊ စာ ၂၉၁။
(၄) အေ၊ အိုင်၊ အာ(ရ်)၊ (၁၉၅၄)၊ တရားလွှတ်တော်ချုပ်၊ စာ ၂၃၆။

၁၉၆၇

ပြည်သူ့စီးကရက်လုပ်ငန်း (လန်ဒန်တိုဘက်ကိုးကုမ္ပဏီလီမိတက် ၎င်း၏ကိုယ်စားလှယ် ဒါရိုက်တာဦးလှမောင်) နှင့် မစန်းစန်း။

is an item in the one contract of which it is a part. The consideration for each condition in a case like this is the consideration for the contract taken as a whole. It is not split up into several considerations apportioned between each term separately."

အထက်တွင် ဖေါ်ပြသော စီရင်ထုံးများတွင် ပြဆိုထားသော မူများအရ မစန်းစန်းသည် (မိမိခံယူခဲ့သော ခါတ်ပုံရိုက်ရန် သဘောတူခဲ့သည့် ကတိကို လိုက်နာဆောင်ရွက်ခြင်း မရှိသဖြင့် ကတိပျက်ကွက်သူမှာ မစန်းစန်းသာလျှင် ဖြစ်သည်။ ကုမ္ပဏီကကတိပျက်ကွက်ခြင်း မဟုတ်ပေ။) မစန်းစန်း စွဲဆိုသည့်အတိုင်း မူလရုံးက အနိုင်ဒီကရီပေးခြင်းမှာ အကြောင်းခြင်းရာ အရသော်ငင်း၊ ဥပဒေအချက်အလက် အရသော်ငင်း၊ အထက်တွင် ဖေါ်ပြထားသော စီရင်ထုံးများ၏ မူအရသော်ငင်း မှားယွင်းနေသည်ကို တွေ့ရှိရသဖြင့် ကျွန်ုပ်အနေဖြင့် ဝင်ရောက် မစွက်ဖက်ဘဲ မနေသာသဖြင့် စွက်ဖက်ရပေမည်။

သို့ဖြစ်၍ မူလခုံးက ချမှတ်သော စီရင်ချက်နှင့် ဒီကရီတို့ကို စရိတ်နှင့်တကွ ပယ်ဖျက်လိုက်သည်။ ဤမှုံးမွေးနေကြီး စရိတ်ကို ၇၅ ကျပ် ဖြစ်စေရမည်။

နိုင်ငံတော် တရားရုံးချုပ်

အခွင့်ထူးတရားမ အယူခံမှု

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်နှင့် တရားသူကြီး ဦးထွန်းတင်တို့ ရှေ့တွင်

† ၁၉၆၇

အောက်တိုဘာ လ ၂၁ ရက်။

ဖယ်ရီအဟီး (အယူခံတရားလို)

နှင့်

ဒူရှိလား (ခေါ်) ရှိတ်နဇီး (အယူခံတရားခံ) *

ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆—စမော်ကော်အမှုအဖြစ် စစ်ဆေးရန် အခွင့်အာဏာမရှိသည့်အမှုကို စမော်ကော်အမှုအဖြစ် လက်ခံစစ်ဆေးဆုံးဖြတ်ခြင်း—ချမှတ်သည့် စီရင်ချက်နှင့်ဒီကရီမှာ ပျက်ပြယ်သည့် စီရင်ချက်နှင့်ဒီကရီ ဖြစ် မဖြစ်—တရားမ ပြင်ဆင်မှုတို့တွင် ပြင်ဆင်ပြီးချမှတ်သည့်အမိန့်စီရင်ချက်နှင့် ဒီကရီများမှာ ပျက်ပြယ်နေသည့် စီရင်ချက်နှင့် ဒီကရီများဖြစ် မဖြစ်—ရန်ကုန်မြို့ တရားမရုံးအက်ဥပဒေပုဒ်မ ၁၄ ခြွင်းချက်နှင့် ဆန့်ကျင် မဆန့်ကျင်။

ဆုံးဖြတ်ချက်။ ။စမော်ကော်အမှုအဖြစ် စစ်ဆေးရန် အခွင့်အာဏာမရှိသည့်အမှုကို မူလရုံးမှစမော်ကော်အမှုအဖြစ် လက်ခံစစ်ဆေးဆုံးဖြတ်ခဲ့ခြင်းမှာ ဥပဒေအရ၊ မှားယွင်းနေသဖြင့် ထိုအမှုတွင် ချမှတ်ခဲ့သည့် စီရင်ချက်နှင့် ဒီကရီမှာ ပျက်ပြယ်သည့်စီရင်ချက်နှင့် ဒီကရီတခုဖြစ်ကြောင်းမှာ ထင်ရှားနေသည်။

ဥပဒေအရ၊ ပျက်ပြယ်နေသည့် စီရင်ချက်နှင့် ဒီကရီများနှင့် စပ်လျဉ်း၍ ဤရုံးမှ တရားမပြင်ဆင်မှုတို့တွင် ပြင်ဆင်ပြီးချမှတ်ခဲ့သည့်အမိန့်၊ စီရင်ချက်နှင့် ဒီကရီများတို့မှာလည်း ပျက်ပြယ်နေသည့် စီရင်ချက်နှင့် ဒီကရီများသာဖြစ်ကြောင်းမှာ ထင်ရှားနေသည်။

ထို့ကြောင့် အမှုကို စမော်ကော်အမှုအဖြစ် လက်ခံစစ်ဆေးခဲ့ခြင်းမှာ ရန်ကုန်မြို့၊ တရားမရုံး ဥပဒေပုဒ်မ ၁၄ ခြွင်းချက်နှင့် ဆန့်ကျင်နေသည်။

စွန်ဒရာတောဘန်ပါ ၁ နှင့် အနန်သန်ကာလာဒီ၊ အေ၊အိုင်၊အာ (ရဲ)၊ (၁၉၂၄)၊ မဒရပ်၊ စာ ၉၀၃။ **နီဆန်ဆင်း နှင့် ရမ်ချန်ဒရာစေ၊** အေ၊အိုင်၊အာ (ရဲ)၊ (၁၉၃၆)၊ ပတ္တနာ၊ စာ ၄၂၉ ခြားနားပြသည်။

---

* ၁၉၆၇ ခုနှစ်၊ အခွင့်ထူး တရားမအယူခံမှုအမှတ် ၁။

† ၁၉၆၅ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၂ တွင် ၁၉၆၆ ခုနှစ်၊ မေလ ၂၀ ရက်နေ့စွဲပါ၊ တရားရုံးချုပ်၊ တရားသူကြီး ဦးသက်ဖေချမှတ်သောစီရင်ချက်နှင့် ဒီကရီကိုအယူခံမှု။

အယူခံတရားလိုအတွက်။ ။ဦးထွန်းညို။

အယူခံတရားခံအတွက်။ ။ဦးဖသာထော်။

၁၉၆၇

ဖယ်ရီအဟီး နှင့် ဒုရှိလား (၉၁၂) ရှိတ်နဇီး။

တရားသူကြီး ဦးထွန်းတင်။ ။ယခုအမှုမှ အယူခံ တရားလို ဖယ်ရီအဟီးက တရားလိုအဖြစ်၊ ရန်ကုန်မြို့၊ တရားမရုံး၊ ၁၉၆၄ ခုနှစ်၊ စမော်ကော်မှု အမှတ် က-၂၇ တွင်အယူခံ တရားခံ ဖြစ်သူ မူလတရားခံ ဒုရှိလား (ခ) ရှိတ်နဇီးအပေါ် ကျွဲမ ထကောင်ဝယ်ယူသည့်အတွက်၊ စရံအဖြစ်ပေးထားသည့် ငွေ ၂၀၀ ကျပ် ပြန်လည်ရရှိရန် တရားစွဲဆိုခဲ့လေသည်။ ထိုအမှုတွင်၊ တရားလိုဖြစ်သူ အယူခံတရားလိုက၊ တရားခံ ဒုရှိလားထံမှ ကျွဲမတကောင်ကို၊ အဘိုးငွေ ၆၅၀ ကျပ် နှင့် အခြားကျွဲများ နည်းတူ နို့ထွက်ပါက၊ ဝယ်ယူရန် သဘောတူညီပြီး၊ စရံငွေ ၂၀၀ ကျပ် ပေးခဲ့သည်ဆိုသည်။ ကျွဲမကိုယူလာပြီးနောက် နို့ညှစ်ကြည့်ရာ နို့ကောင်းစွာ မထွက်သဖြင့်၊ ၄ ရက်ခန့်အကြာ၌ကျွဲမကို၊ တရားခံထံသို့ ပြန်လည်ပေးပြီး၊ ပေးထားသည့် ငွေ ၂၀၀ ကျပ် ကို တောင်းဆိုရာ မရရှိသဖြင့်၊ အမှုကို စွဲဆိုရပါသည်ဟု ပြဆိုလေသည်။

အယူခံ တရားခံ ဖြစ်သူ မူလတရားခံ ဒုရှိလား (ခ) ရှိတ်နဇီးကလည်း၊ ရန်ကုန်မြို့၊ တရားမရုံး၊ ၁၉၆၄ ခုနှစ်၊ စမော်ကော်မှု အမှတ် က-၄၅ တွင်၊ အယူခံတရားလို ဖြစ်သူ ဖယ်ရီအဟီးက၊ ကျွဲမတကောင်ကို ဝယ်ယူသည့်အတွက် ပေးရန်ကျန်ရှိနေသည့် ငွေ ၄၅၀ ကျပ် ကို ရရှိရန် အပြန်အလှန် အမှုတမှု စွဲဆိုခဲ့လေသည်။ ၎င်းအမှုနှစ်မှုမှာ အကြောင်းခြင်းရာများ တူညီဆက်စပ်နေသဖြင့် မူလရုံးက အမှုနှစ်မှုအတွက်၊ အမှ အမှတ် က-၂၇/၆၄ တွင် စစ်ဆေးပြီး၊ ထိုအမှုပါ အဓိန်သည် ဆက်စပ်နေသည့် အမှုအမှတ် က-၄၅/၆၄ အတွက်ပါ အကျုံးဝင်သည်ဟု ပြဆိုခဲ့လေသည်။ သက်သေစစ်ချက်များအရ အယူခံတရားလိုသည် ကျွဲမကို ငွေ ၆၅၀ ကျပ် နှင့် အပြီးအပိုင် ဝယ်ယူခြင်းမဟုတ်၊ နို့ထွက်မထွက်အပေါ် မူတည်၍ ကျွဲဝယ်ခြင်းမှာ နို့ထွက်မှ ဝယ်ယူမည်ဆိုသည့်ခြွင်းချက်ဖြင့် ဝယ်ယူခြင်း ဖြစ်သည်ဟု ယူဆပြီး၊ တရားလိုဖြစ်သူ အယူခံ တရားလိုစွဲဆိုသည့်အတိုင်း၊ တရားခံက စရံငွေအဖြစ် ပေးထားသည့် ငွေ ၂၀၀ ကျပ် ကို ပြန်လည်ပေးဆပ်စေရန် စရိတ်နှင့်တကွ ဒီကရီချမှတ်ပေးခဲ့လေသည်။ ထိုအမှုတွင် ချမှတ်ခဲ့သည့် စီရင်ချက်နှင့် ဒီကရီအရ၊ ဆက်စပ်နေသည့် စမော်ကော်မှု အမှတ် က-၄၅/၆၄ တွင် တရားခံ ဖြစ်သူ အဒုရှိလားက၊ ငွေ ၄၅၀ ကျပ် အယူခံတရားလိုထံမှ ကျွဲဘိုးအတွက် ရရှိရန် စွဲဆိုသည့် အမှုကို စရိတ်နှင့်တကွ ပလပ်လိုက်လေသည်။ ထိုသို့မူလရုံးမှ ချမှတ်ခဲ့သည့် စီရင်ချက်နှင့် ဒီကရီများကို မကျေနပ်၍၊ တရားခံ ဖြစ်သူ အယူခံ တရားခံ ဒုရှိလား (ခ) ရှိတ်နဇီးက၊ ဤရုံး ၁၉၆၅ ခု၊ တရားမပြင်ဆင်မှု

၁၉၆၇ ဖယ်ရီအဟီး နှင့် ဒူရှိလား (ခေါ်) ရှိတ်နဒီး။

ငင်းအပေါ် အယူခံတရားလိုသို့ ငွေ ၂၀၀ ကျပ ပြန်ပေးစေရန်နှင့် မိမိက၊ အယူခံတရားလို အပေါ် ရရှိရန်စွဲဆိုသည့် ငွေ ၄၅၀ ကျပ် ကိုမူ စရိတ်နှင့်တကွ ပလပ်လိုက်သည်များကို ပြင်ဆင်ပေးပါရန် လျှောက်ထားခဲ့လေသည်။ ထိုလျှောက်ထားခဲ့သည့်အတိုင်း ပြင်ဆင်မှုအမှတ် နှစ်မှုနှင့် ပတ်သက်၍ ပြင်ဆင်မှုအမှတ် ၁၂/၆၅ တွင်သာ ဤရုံးတရားသူကြီး ဦးသက်ဖေက ကြားနာခဲ့ပြီး အယူခံတရားလိုဖြစ်သူ မူလတရားလို ဖယ်ရီအဟီးသည် ကျွဲမကို ငွေ ၆၅၀ ကျပ် နှင့် အပြီးအပိုင် ဝယ်ယူခဲ့ပြီး၊ ကျွဲဘိုးအတွက် ငွေ ၂၀၀ ကျပ် ပေးချေပြီး၊ ကျန်ငွေကို ၃ လအတွင်း ပေးဆပ်ရန် သဘောတူညီခဲ့ကြောင်း ထင်ရှားသည်ကို တွေ့ရှိရသည်ဟု ဆုံးဖြတ်ပြီး၊ မူလရုံးမှ တရားလိုဖြစ်သူ ဖယ်ရီအဟီး စွဲဆိုသည့်အမှုကို စရိတ်နှင့်ကတွ ဒီကရီချမှတ်ပေးလိုက်ခြင်းကို ပယ်ဖျက်၍၊ တရားလို၏ အမှုကို နှစ်ရုံးစလုံး အတွက်၊ တရားစရိတ်များနှင့် ပလပ်လိုက်သည်ဟု အမိန့်ချမှတ်၍၊ ဆက်စပ်နေသည့် ပြင်ဆင်မှုအမှတ် ၁၃/၆၅ အတွက်မူ၊ အယူခံတရားခံဖြစ်သူ မူယ တရားခံ ဒူရှိလား (ခ) ရှိတ်နဒီးက စွဲဆိုသည့်အတိုင်း၊ အောက်ရုံးမှ ဒီကရီကို **ပယ်** ဖျက်ပြီး၊ အယူခံတရားလိုက ငွေ ၄၅၀ ကျပ် ကို နှစ်ရုံးစလုံးအတွက် တရားစရိတ်နှင့် ပေးစေရမည်ဟု စီရင်ချက်နှင့် ဒီကရီ ချမှတ်ပေးလိုက်လေသည်။

ထိုသို့ချမှတ်ခဲ့သည့် အမိန့်များကို အယူခံတရားလိုဖြစ်သူ ဖယ်ရီအဟီးက မကျေနပ်၍၊ ဤရုံး ၁၉၆၆ ခုနှစ်၊ တရားမ အထွေထွေ လျှောက်လွှာအမှတ် ၄၆ နှင့် ၄၇ တို့တွင်၊ ပြည်ထောင်စု တရားစီရင်ရေး အက်ဥဒေပ ပုဒ်မ ၆ အရ ဤရုံး တရားမ ပြင်ဆင်မှုအမှတ် ၁၂/၆၅ နှင့် ၁၃/၆၅ အမိန့်များမှ အထူးအယူခံဝင်ခွင့် ရရှိရန် လျှောက်ထားခဲ့လေသည်။ ထိုလျှောက်လွှာများကို ကြားနာပြီး၊ စုံညီခုံရုံးမှ အမှုများတွင် အောက်ပါ ပြဿနာများကို ဆုံးဖြတ်ပေးရန် ပေါ်လွင်နေကြောင်း တွေ့ရှိရသဖြင့်၊ ထိုပြဿနာများနှင့် ပတ်သက်၍၊ အယူခံဝင်ရန် အခွင့်ထူးပေးသည်ဟု အမိန့်တရပ်ချမှတ်လိုက်လေသည်။ ပြဿနာများမှာ—

(၁) မူလအမှုကို စမော်ကော် အမှု အဖြစ် လက်ခံစစ်ဆေးခဲ့ခြင်းသည် ရန်ကုန်မြို့၊ တရားမရုံး၊ ဥပဒေ ပုဒ်မ ၁၄ ခြွင်းချက်တို့နှင့် ဆန့်ကျင်နေပါသလော။

(၂) အကယ်၍ ဆန့်ကျင်ခြင်း မရှိခဲ့လျှင်၊ စမော်ကော်မှုတွင် မူလရုံးက စီရင်ဆုံးဖြတ်ခဲ့သည်ကို တရားရုံးချုပ်က အကြောင်းခြင်းရာပေါ် တွင် ထပ်မံသုံးသပ်ပြင်ဆင်ခြင်းသည် မှန်ကန်ပါသလော။

ထို့အတွက်၊ ယခုအခွင့်ထူး အယူခံမှုနှင့် ဆက်စပ်နေသည့် ၁၉၆၇ ခုနှစ်၊ အခွင့်ထူး အယူခံမှုအမှတ် ၂ တို့ ပေါ်ပေါက်ခဲ့လေသည်။ ထိုအမှု ၂ မှုတွင် စဉ်းစားရန်

ပြဿနာများမှာ တူညီနေသည့်အတိုင်း ယခုအမှု ၁ မှထဲတွင်သာ ပေါင်းစပ်ကြားနာခဲ့၍၊ ဤစီရင်ချက်သည် ဆက်စပ်နေသည့် အခွင့်ထူး အယူခံမှုအမှတ် ၂/၆၇ အတွက်ပါ အကျုံးဝင်ပေသည်။

ယခုအယူခံမှုများကို ကြားနာသည့်အခါ အယူခံတရားလို အတွက် လိုက်ပါ ဆောင်ရွက်သည့် ရှေနေကြီးက၊ တရားလိုဖြစ်သူ အယူခံ တရားလိုက၊ ပြန်လည် ရရှိရန် တောင်းဆိုသည့်ငွေ ၂၀၀ ကျပ် မှာ ကျွဲမကို ဝယ်ယူရန်အတွက် စရံငွေအဖြစ် ပေးထားသည့်ငွေသာ ဖြစ်ကြောင်း၊ ထိုကဲ့သို့ စရံအဖြစ် ပေးသောငွေကို ရရှိရန် စွဲဆိုသည့် အမှုမျိုးမှာ စမော်ကော်မှုသာ ဖြစ်ကြောင်းကို **စွန်ဒရာတေဘန်ပါ ၁** နှင့် **အနန်သန်ကာလာဒီ** (၁) စီရင်ထုံးပါ ပြဆိုချက်ကို ကိုးကားလေသည်။ သို့ရာတွင် ၎င်းစီရင်ထုံးကို လေ့လာမှု၊ တရားလိုက ရရှိရန် စွဲဆိုသည့်ငွေမှာ အရောင်းအဝယ် ပြုလုပ်ရန်နှင့် ပတ်သက်၍၊ စောဘေးထားသည့်ငွေကို အရောင်းအဝယ် ပျက်သွားသဖြင့်၊ ပြန်လည် ရရှိရန် စွဲဆိုခြင်းသာ ဖြစ်ပေသည်။ တဖန် အယူခံတရားလို၏ ရှေနေကြီး ရည်ညွှန်းသည့် **နီဆန်ဆင်** နှင့် **ရမ်ချန်ဒရာစေ** (၂) စီရင်ထုံးပါ ပြဆိုချက်၌လည်း၊ လယ်မြေဝယ်ရာတွင်၊ အစုအတွက် ပေးထားသည့်ငွေကို ၎င်းလယ်မြေမှာ ရုံးမှ လေလံပစ်ခံရသောကြောင့် ပေးထားသူထံမှ ပြန်လည်ရရှိရန် စွဲဆိုခဲ့သည့်အမှုသာ ဖြစ်ကြောင်း တွေ့ရှိရသည်။

ယခုအမှုတွင်မူ တရားလိုဖြစ်သူ ဖယ်ရီအဟီးနှင့် ၎င်းကိုးစားသည့် သက်သေ ဒနူ (လိုပြ ၂) အရ ကျွဲမတကောင်ကို၊ အယူခံတရားလိုက အယူခံတရားခံထံမှ ငွေ ၆၅၀ ကျပ် နှင့် အပြီးအပိုင်ဝယ်ယူ၍ ဝယ်ယူသည့်နေ့တွင် ငွေ ၂၀၀ ကျပ် ပေးခဲ့ပြီး၊ ကျန်ငွေ ၄၅၀ ကျပ် ကို ၃ လအတွင်း ပေးဆပ်ရန် သဘောတူညီခဲ့ခြင်းသာ ဖြစ်ပြီး၊ ကျွဲမထံမှ ရရှိမည့် နို့ပိဿာချိန်နှင့် ပတ်သက်၍၊ မည်သို့မျှ ပြဆိုခဲ့ခြင်း မရှိပါဟု ငွေ ၂၀၀ ကျပ် ပေးခဲ့သည့် အိမ်ရှင်ဒနူ၏ ထွက်ဆိုချက်အရ ထင်ရှားနေရကား၊ တရားလို ဖြစ်သူ အယူခံတရားလိုက ပေးခဲ့သည့် ငွေ ၂၀၀ ကျပ် မှာ စရံငွေမဟုတ်၊ ကျွဲဝယ်ငွေ ၆၅၀ ကျပ် အတွက် ပဌမအရစ်ကျအဖြစ် ငွေ ၂၀၀ ကျပ် ပေးခဲ့ကြောင်း ထင်ရှားနေသည်ကိုတွေ့ရသည်။ ထို့ကြောင့် ယခုအမှုပါ အကြောင်းခြင်းရာများသည်၊ အယူခံတရားလို၏ ရှေနေကြီး ကိုးစားသည့် အထက်ပါ စီရင်ထုံးပါ ပြဆိုချက်များနှင့် မည်သို့မျှ ကိုက်ညီခြင်းမရှိကြောင်းထင်ရှားနေသည်။ ထို့အတွက် **သက်ဒေသခံချက်များအရ**၊ တရားလိုဖြစ်သူ အယူခံတရားလိုသည် ကျွဲမကို ငွေ ၂၀၀ ကျပ် ပေးသည့်နေ့က တန်ဘိုး ငွေ ၆၅၀ ကျပ် နှင့် အပြီးအပိုင် ဝယ်ယူခဲ့ကြောင်း ထင်ရှားနေရကား၊ ယခုငင်းက ဝယ်

(၁) အေ၊ အိုင်၊ အာ(ရ်)၊ (၁၉၄၂)၊ မဒရပ်၊ စာ ၉၀၃။

(၂) (၁၉၃၆)၊ ပ တ္တနာ၊ စာ ၄၂၉။

၁၉၆၇

ဖယ်ရီအဟီး နှင့် ဒူရှီလား (ခေါ်) ရှီတ်နဇီး။

ခဲ့သည့် ကျွဲမကို အယူခံတရားခံသို့ ပြန်လည်ပေးပြီး၊ ပေးခဲ့သည့်ငွေ ၂၀၀ ကျပ် ကို ပြန်လည်တောင်းဆိုခြင်းဖြစ်ရာ၊ ထိုသို့တောင်းဆိုခြင်းမှာ အရောင်းအဝယ် အထမြောက်ပြီး သည်ကို ဖျက်သိမ်း၍၊ ပေးထားသည့်ငွေကို ပြန်လည်ရရှိရန် စွဲဆိုခြင်းသာ ဖြစ်သဖြင့်၊ ရန်ကုန်မြို့၊ တရားမရုံး၊ ဥပဒေ ပုဒ်မ ၁၄ ခြွင်းချက် (၈) တွင်၊ အသက်ဝင်နေသဖြင့် အမှုကို စမော်ကော်မှုအဖြစ် စစ်ဆေးရန် အခွင့်အရေး မရှိပေ။ ထိုသို့ စမော်ကော်မှုအဖြစ် စစ်ဆေးရန် အခွင့်အာဏာ မရှိသည့် အမှုကို မူလရုံးမှ စမော်ကော်မှုအဖြစ် လက်ခံစစ်ဆေး ဆုံးဖြတ်ခဲ့ခြင်းမှာ၊ ဥပဒေအရ မှားယွင်းနေသဖြင့်၊ ထိုအမှုတွင် ချမှတ်ခဲ့သည့် စီရင်ချက်နှင့် ဒီကရီမှာ ပျက်ပြယ်သည့် စီရင်ချက်နှင့် ဒီကရီတခုဖြစ်ကြောင်းမှာ ထင်ရှားနေတော့သည်။ သို့ဖြစ်ရကား မူလအမှုများ ဖြစ်သည့် စမော်ကော်မှု အမှတ် က-၂၇/၆၄ နှင့် ဆက်စပ်နေသည့် က-၄၅/၆၄ တို့တွင်၊ ချမှတ်ခဲ့သည့် စီရင်ချက်နှင့် ဒီကရီတို့မှာ ဥပဒေအရ ပျက်ပျယ်နေသည့် စီရင်ချက်နှင့် ဒီကရီများ သာ ဖြစ်သဖြင့်၊ ထိုစီရင်ချက်နှင့် ဒီကရီကို ဤရုံးမှ တရားမပြင်ဆင်မှုအမှတ် ၁၂/၆၅ နှင့် ၁၃/၆၅ တို့တွင် ပြင်ဆင်ပြီး ချမှတ်ခဲ့သည့် အခိန်၊ စီရင်ချက်နှင့် ဒီကရီများတို့မှာလည်း ပျက်ပြယ်နေသည့် စီရင်ချက်နှင့် ဒီကရီများသာ ဖြစ်ကြောင်းမှာ ထင်ရှားနေ တော့ သည်"။ ထို့ကြောင့် ယခု အယူခံမှုများတွင် ပြင်ဆင်ရန် ချမှတ်ခဲ့သည့် ပဋမပြဿနာနှင့် ပတ်သက်၍၊ အမှုကို စမော်ကော်မှုအဖြစ် လက်ခံ စစ်ဆေးခဲ့ခြင်းမှာ ရန်ကုန်မြို့၊ တရားမရုံး၊ ဥပဒေ ပုဒ်မ ၁၄ ခြွင်းချက်နှင့် ဆန့်ကျင်နေသည်ဟု ဖြေဆိုရမည် ဖြစ်ပေသည်။ ထိုသို့ ပဋမပြဿနာနှင့် ပတ်သက်၍၊ ဖြေဆိုခြင်းကြောင့် ဒုတိယပြဿနာကို ယခုအမှုတွင် စဉ်းစားဆုံးဖြတ်ဖြေဆိုရန် မလိုတော့ပေ။ အဘယ်ကြောင့်ဆိုသော် အထက်တွင် ပြဆိုခဲ့သည့်အတိုင်း၊ တရားရုံးချုပ်မှ ပြင်ဆင်မှုအမှတ် ၁၂ နှင့် ၁၃/၆၅ တို့တွင် ချမှတ်ခဲ့သည့် စီရင်ချက်နှင့် ဒီကရီများမှာ ဥပဒေအရ ပျက်ပြယ်နေသည့် စီရင်ချက်နှင့် ဒီကရီများသာ ဖြစ်သည်ဟု ယူဆရမည် ဖြစ်သောကြောင့် ဖြစ်ပေသည်။

ထို့ကြောင့် ယခု အထူးအယူခံမှုတွင် ပဋမပြဿနာနှင့် ပတ်သက်၍၊ မူလအမှုကို စမော်ကော်မှုအဖြစ် စစ်ဆေးခဲ့ခြင်းသည် ပုဒ်မ ၁၄ ခြွင်းချက်နှင့် ဆန့်ကျင်နေသောကြောင့် စမော်ကော်မှုအဖြစ် စစ်ဆေးရန် အခွင့်အာဏာ မရှိရကား၊ ထို အမှုကို မူလရုံးသည် တရားလိုဖြစ်သူ အယူခံတရားလိုသို့ တရားမကျင့်ထုံး အမိန့် ၇၊ နည်းဥပဒေ ၁၀ အရ စစ်ဆေးဆုံးဖြတ်ရန် အာဏာရှိသည့် ရုံးသို့တင်သွင်းစွဲဆိုရန် ပြန်လည်ပေးစေရမည်ဖြစ်ပေသည်။

ဖေါ်ပြပါအကြောင်းများကြောင့် ယခုအယူခံမှုနှင့် ဆက်စပ်နေသည့် အထူး အယူခံမှုအမှတ် ၂/၆၇ တို့ကို ခွင့်ပြုပြီး၊ ရန်ကုန်မြို့၊ တရားမရုံး စမော်ကော်မှုအမှတ်

ဇဋ္ဌ၇၂
ဖယ်ရီအဟီး နှင့် ဒူရှိလား (ခေါ်) ရှိတ်နဒီး။

က-၂၇/၆၄ နှင့် က-၄၅/၆၄ နှင့် ဤရုံး ပြင်ဆင်မှုအမှတ် ၁၂/၆၅ နှင့် ပြင်ဆင်မှုအမှတ် ၁၃/၆၅ တို့တွင် ချမှတ်ခဲ့သည့် စီရင်ချက်နှင့် ဒီကရီများတို့ကို ပယ်ဖျက်၍၊ အမှုများကို မူလရုံးသို့ ပြန်လည်ပေးပို့၍၊ အမှုအမှတ် က-၂၇/၆၄ နှင့် ပတ်သက်၍၊ စွဲလှဘကို ထိုရုံးက ၎င်းအမှုမှာ စမော်ကော်မှု အဖြစ် စစ်ဆေးရန် တင်သွင်းစွဲဆိုနိုင်ခြင်းမရှိသောကြောင့်၊ တရားလိုဖြစ်သူ အယူခံတရားလိုအား စွဲလှဘကို ပြန်လည်ပေး၍၊ အာဏာရှိသည့် ရုံးတွင် တင်သွင်းစွဲဆိုရန် ညွှန်ကြားသည့် အမိန့်ထုတ်ဆင့်ပေးရမည် ဖြစ်ပေသည်။ ဆက်စပ်နေသည့် အယူခံတရားခံက ကျွဲဘိုးကျန်ငွေ ၄၅၀ ကျပ် အတွက် စွဲဆိုခဲ့သည့် အမှုအမှတ် က-၄၅/၆၄ မှာ မူ စမော်ကော်မှုအဖြစ် စွဲဆိုနိုင်သည့်အမှုဖြစ်သော်လည်း၊ မူလရုံးမှ ထိုအမှုကို သီးခြား စစ်ဆေးခဲ့ခြင်း မဟုတ်။ ဆက်စပ်နေသည့် အမှုအမှတ် က-၂၇/၆၄ အပေါ် မူတည်ဆုံးဖြတ်ထားခဲ့ခြင်းဖြစ်ရာ၊ ယခုတွင်မူ က-၂၇/၆၄ အမှုတွင် ချမှတ်သည့် စီရင်ချက်နှင့် ဒီကရီမှာ တရားမဝင်သည့် စီရင်ချက်နှင့် ဒီကရီသာ ဖြစ်ကြောင်း တွေ့ရှိ ပယ်ဖျက်လိုက်ပြီးဖြစ်သဖြင့် အမှုအမှတ် က-၄၅/၆၄ ကို မူလရုံးသည် ဥပဒေအရ စစ်ဆေးပြီး၊ အဆုံးအဖြတ်ပေးရမည် ဖြစ်သည်။ ယခု အယူခံမှုများနှင့် ပတ်သက်၍၊ အမှုသည်များတို့သည် မိမိတို့ စရိတ်ကို မိမိတို့ ကျခံရမည်ဖြစ်သည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမဒုတိယအယူခံ

တရားသူကြီး ဦးချစ် ရွှေတွင်

† ၁၉၆၇

အောက်တို

ဘာလ ၁၇ ရက်။

မကျင်မွေး ပါ ၃ (အယူခံတရားလို)

နှင့်

ဒေါ်ပုစိန် (အယူခံတရားခံ)*

အချင်းဖြစ်မြေပေါ်တွင် စုပုံထားသော အုတ်များနှင့်ဆောက်ထားသော ဝါးအိမ်ကို ဖျက်ယူသွားစေလိုမှု—မှတ်ပုံတင်ရသေးသော အရောင်းစာချုပ်—မှတ်ပုံတင် အက်ဥပဒေပုဒ်မ ၄၉ ခြွင်းချက်အရတရားဝင်စာချုပ်အဖြစ် လက်ခံသင့်မခံသင့်။

အယူခံတရားခံက အယူခံတရားလိုများအပေါ် အချင်းဖြစ်မြေပေါ်တွင် စုပုံထားသော အုတ်များနှင့်ဆောက်ထားသော ဝါးအိမ်ကို ဖျက်ယူသွားစေလိုမှု တရားစွဲဆိုရာ အချင်းဖြစ်မြေကို အယူခံတရားခံက စာချုပ်အရ ရောင်းပြီးကြောင်း အယူခံတရားလိုကထုချေသည်။

ဆုံးဖြတ်ချက်။ ။အကြောင်းခြင်းရာနှင့်တကွ သက်သေများ၏ ထွက်ချက်အရ အယူခံတရားလိုသည် စာချုပ်အားဖြင့် အယူခံတရားခံထံမှ အချင်းဖြစ်မြေကို ဝယ်ယူပြီးဖြစ်သည်ဟု တွေ့ရှိရသည်။ ထို့အပြင် အယူခံတရားလိုက အချင်းဖြစ်မြေကို အယူခံတရားခံထံမှ ဝယ်ယူပြီးကတည်းက လက်ရှိထားပြီးဖြစ်သည်။ သို့ဖြစ်ရာ စာချုပ်မှတ်ပုံတင်ရသေးသော်လည်း မှတ်ပုံတင်အက်ဥပဒေပုဒ်မ ၄၉ ခြွင်းချက်အရ တရားဝင်စာချုပ်အဖြစ် လက်ခံရပေမည်။

အယူခံတရားလိုအတွက်။ ။ဦးသန်းမောင်။

အယူခံတရားခံအတွက်။ ။ဦးမောင်မောင်ရင်။

တရားသူကြီး ဦးချစ်။ ။ဤအမှုမှ အယူခံတရားလိုများသည် ပုသိမ်မြို့၊ ရာဘက်ခရိုင်တရားမ တရားသူကြီးရုံး ၁၉၆၅ ခုနှစ်၊ တရားမကြီး အယူခံမှုအမှတ် ၁ တွင် ၁၉၆၆ ခုနှစ်၊ မေလ ၁၄ ရက်နေ့၌ဖြင့် ချမှတ်သော စီရင်ချက်နှင့် ဒီကရီတို့ကိုမကျေနပ်သဖြင့်၊ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၀၀ အရ ဒုတိယအကြိမ် အယူခံဝင်လာခြင်းဖြစ်သည်။

---

* ၁၉၆၆ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ် ၁၃။

† ၁၉၆၅ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၁ တွင် ပုသိမ်မြို့၊ ရာဘက်ခရိုင်တရားမ တရားသူကြီးရုံးတော်၏ချမှတ်သော စီရင်ချက်နှင့်ဒီကရီကို အယူခံဝင်မှု။

အယူခံတရားခံ (တရားသို) ဒေါ်ပုစိန်က အယူခံ တရားလိုများ (တရားခံများ) သည် အချင်းဖြစ်မြေပေါ်တွင် စုပုံထားသော အုတ်များနှင့် ဆောက်ထားသော ဝါးအိမ်ကို ဖျက်ယူသွားစေသိမ့်ဖြင့် မူလခွဲးတွင် တရားစွဲဆိုခဲ့လေသည်။ အချင်းဖြစ်မြေအပါအဝင်မြေကို ဒေါ်ပုစိန်က ၎င်းပိုင်ဖြစ်ပါသည်၊ ၎င်းမြေကို မိဘများထံမှ အမွေရပါသည်။ ထိုမြေပေါ်တွင် မကျင်မွေးက အုတ်များကို စုပုံထားပြီး၊ ထိုအုတ်များကို ကြည့်ရှုရန် ကိုသူသစ်နှင့် မကွင်းရီ လင်မယားတို့အတွက် ဝါးအိမ်တလုံး ဆောက်ပေးထားပါသည်။ ထိုအချင်းဖြစ်မြေမှာ မကျင်မွေးနှင့် မည်သို့မျှ မသက်ဆိုင်ပါ။ အုတ်များနှင့်ကား ဝါးအိမ်ကို ဖျက်ပြီး အချင်းဖြစ် မြေကြီးပေါ်မှ ထွက်ခွါသွားစေရန် နို့တစ်စာ ပေးသော်ငြားသည်း အကြောင်းမထူးသဖြင့် တရားစွဲဆို ရပါသည်ဟုဆိုသည်။

မကျင်မွေးက အချင်းဖြစ်မြေသည် ဒေါ်ပုစိန်က အမွေရသော ပစ္စည်းမဟုတ်ပါ။ သက်သေခံအမှတ် (၁) စာချုပ်အရ အချင်းဖြစ်မြေ အပါအဝင်မြေကို ဒေါ်ပုစိန်က ကျပ်ငွေ ၂၄၀ ဖြင့်ဝယ်ပါသည်။ ထို့နောက် ထိုဝယ်သည့် မြေအနက် အချင်းဖြစ်မြေကို ဒေါ်ပုစိန်က မကျင်မွေးသို့ကျပ်ငွေ ၂၅၀ ဖြင့်ရောင်းပါသည်။ ထိုသို့ကျပ်ငွေ ၂၅၀ ဖြင့်ရောင်းပြီးသည့် အချိန်ကစ၍ ထိုအချင်းဖြစ်မြေကို မကျင်မွေးက လက်ရှိပိုင်ဆိုင်ထားပြီး အဆောက်အဦ ဆောက်လုပ်ရန် အုတ်များကို ပုံထားခြင်း ဖြစ်ပါသည်။ ထိုအုတ်များကို စောင့်ရှောက်ရန် ကိုသူသစ်နှင့် ၎င်း၏မိန်းမ မကွင်းရီတို့ကို ဝါးတဲ ဆောက်ပေး၍ နေထိုင်စေပါသည်။ ထို့ကြောင့် ထိုအချင်းဖြစ် မြေမှာ မိမိအဖိုးအခ ပေး၍ဝယ်ယူပြီးဖြစ်သည့်အပြင်၊ မိမိပင် လက်ရှိပိုင်ဆိုင်သူ ဖြစ်သောကြောင့် တရားလို ဒေါ်ပုစိန်က မိမိအား နှင်ထုတ်ခွင့် မရှိပါဟု တင်ပြထုချေခဲ့လေသည်။

မူလအမှုစစ်ရုံးက အဆိုအချေများပေါ်မူတည်၍ ကောက်ချက် ၇ ခုကို၊ ထုတ်နုတ်ခဲ့လေသည်။ ထို့ပြင် နောက်ဆက်တွဲ ကောက်ချက် တခုကိုလည်း ထုတ်ပြန်လေသည်။ နောက်ဆက်တွဲ ကောက်ချက်အပေါ်တွင် အမှုကို စစ်ဆေးပြီး အဆုံးအဖြတ်ပေးခဲ့လေသည်။ ယင်းသို့ အဆုံးအဖြတ် ပေးရာ၌၊ မူလက ထုတ်ထားသော ကောက်ချက် ၇ ခုကို စစ်ဆေးရန် မလိုဟု ဖော်ပြထားပေသည်။ အမှုတွင် ဒေါ်ပုစိန်က ရှုံးသွားသဖြင့် ဒေါ်ပုစိန်သည် အယူခံဝင်ခဲ့ရာ၊ အယူခံရုံးက ထိုနောက်ဆက်တွဲ ကောက်ချက်အရ ဆုံးဖြတ်ချက်ကို ပယ်ဖျက်လိုက်ပြီး၊ မူလထုတ်ထားသော ကောက်ချက် ၇ ခုနှင့် ပတ်သက်၍ စစ်ဆေးရန် ညွှန်ကြားခဲ့လေသည်။ ယင်းညွှန်ကြားချက်အတိုင်း မူလရုံးသည် မူလထုတ်ထားသော ကောက်ချက် ၇ ခု အပေါ်တွင် အမှုကို စစ်ဆေးလေသည်။ ထိုကောက်ချက် ၇ ခုအနက် အရေး

၁၉၆၇ မကျင်မွေး ပါ ၃ နှင့် ဒေါ်ပုစိန်။

ကြီးသော ကောက်ချက်များမှာ ကောက်ချက်အမှတ် (၃) နှင့် (၄) တို့ဖြစ်သည်။ ၎င်းတို့မှာ အောက်ပါအတိုင်း ဖြစ်သည်။

(၃) အချေအပိုဒ် ၁ တွင် ရည်ညွှန်းသော မြေ အရောင်းအဝယ် စာချုပ် စာတမ်းများမှာ တရားဥပဒေအရ ရုံးတွင်သက်သေခံအဖြစ် တင်သွင်း နိုင်သလော။

(၄) အချေအပိုဒ် ၁ အရ ကျေးဖြစ် မြေကို ၁ တရားခံ လက်ရှိပိုင်ဆိုင် ခဲ့သည်ဆိုခြင်းမှာ မှန်ကန်သလော။

ဟူ၍ဖြစ်သည်။

မူလရုံးက သက်သေခံအဖြစ် တင်ပြသော အမှတ် (၁) စာချုပ်မှာ မင်နီဖြင့် ပြင်ဆင်ထားချက်များရှိသောကြောင့် လက်မခံနိုင်ဟု ဆုံးဖြတ်သည်။ ၎င်းပြင် အမှတ် (၂) သက်သေခံ စာချုပ်နှင့် ပတ်သက်၍၊ ထိုစာချုပ်တွင် တပ်ထားသော ရက်စွဲမှာ မသေချာဟုဆိုကာ ပယ်ပိုက်ခြင်းဖြစ်သည်။

မူလရုံးသည် ဒေါ်ပုစိန်အား စွဲဆိုထားသည့် အတိုင်း အနိုင်ဒီကရီ ပေးခဲ့သည်။ ထိုသို့ပေးရာတွင် တရားခံများသည် အမိန့်ချမှတ်သည့် နေ့မှ ရက်ပေါင်း ၃၀ အတွင်း အချင်းဖြစ် မြေပေါ်တွင်ရှိသော ပစ္စည်းများကို ယူပြီး ထွက်ခွါသွားရမည် ဟူ၍ဖြစ်သည်။

မူလရုံးစီရင်ချက်နှင့် ဒီကရီတို့ကို မကျေနပ်သဖြင့်၊ မကျင်မွေး၊ ကိုလူသစ်နှင့် မောင်းရီတို့က ပုသိမ်မြို့၊ ရာဘက်ခရိုင် တရားမ တရားသူကြီးရုံး ၁၉၆၅ ခုနှစ်၊ တရားမကြီး အယူခံမှုအမှတ် ၁ တွင် အယူခံဝင်လာခဲ့ကြသည်။

ပဌမအယူခံရုံးက သက်သေခံ အဖြစ် တင်ထားသော အမှတ် (၁) နှင့် အမှတ် (၂) စာချုပ်တို့မှာ မှတ်ပုံတင် အက်ဥပဒေ ပုဒ်မ ၄၉ အရ မှတ်ပုံတင် ခြင်းမရှိသောကြောင့် တရားမဝင်ဟုဆိုကာ၊ ယင်းစာချုပ်များကို ပယ်ချခဲ့လေသည်။ ထို့ပြင်၊ မကျင်မွေးသည် ထိုအချင်းဖြစ်မြေကို လက်ရှိမဟုတ်ဟူ၍လည်း ယူဆပြီးလျှင်၊ မူလရုံးစီရင်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း မကျင်မွေးသည် အချင်း ဖြစ်မြေမှ ပစ္စည်းများကိုယူ၍ ထွက်ခွါသွားရမည်ဟူသော အမိန့်ကိုလည်း ပြင်ဆင် လိုက်ပြီး၊ မကျင်မွေး ပါ သုံးဦးတို့၏ အယူခံကို ပလပ်ခဲ့လေသည်။

ထို့ကြောင့် ဤဒုတိယ အယူခံမှု ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

အယူခံတရားလိုများ၏ တရားရုံးချုပ်ရှေ့နေကြီး ဦးသန်းအောင်က ယခုအမှုသည် ဒုတိယအယူခံမှုဖြစ်ပါသည်၊ မူလရုံးနှင့် ပဌမအယူခံရုံးတို့ အကြောင်းခြင်းရာပေါ်တွင် တသဘောတည်း တွေ့ရှိချက်၌၊ ဒုတိယအယူခံရုံးကဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိ

ဆိုသည်မှာ မှန်ကန်သဖြင့် ဝန်ခံပါသည်။ သို့ရာဘင် ယခုဒုတိယ အယူခံမှုင့် ဥပဒေ အချက်အလက်များစွာဘို့ကို စဉ်းစားဝေဖန် သုံးသပ်ရန် ရှိပါသည်။ ဤအမှုနှင့် ပတ်သက်၍ အရေးတကြီး ဆုံးဖြတ်ရန်ရှိသည်မှာ အယူခံတရားလိုက တင်ပြထား သော သက်သေခံ အမှတ် (၂) စာချုပ်ဖြစ်ပါသည်။ ထိုစာချုပ်နှင့် ပတ်သက်၍ မကျင်မွေးက မူလခုံးတွင် အတိအလင်း တင်ပြပြီးဖြစ်ပါသည်။ ထိုစာချုပ်နှင့် ပတ် သက်၍ ဒေါ်ပုစိန်ကိုယ်ဘိုင် လက်မှတ်ရေးထိုးထားပြီး၊ အသိသက်သေများကလည်း လက်မှတ်ရေးထိုးပြီး ဖြစ်ပါသည်။ ထိုစာချုပ်ကို မှတ်ပုံတင် ဥပဒေအရ မှတ်ပုံမတင်ရ သေးသည်မှာ မှန်ကန်ပါသည်။ သို့ရာဘင် ထိုအချင်းဖြစ်မြေကို ထိုစာချုပ်အရ ဒေါ်ပုစိန်ထံမှ ဝယ်ယူပြီးလျှင်ပြီးချင်း မကျင်မွေးသည် လက်ရှိပိုင်ဆိုင်ထားပါသည်။ ထို့ကြောင့် ပန်းည်းသွဲ့ပြောင်းရေး ဥပဒေပုဒ်မ ၅၃-က နှင့် အညီ မကျင်မွေး၏ပြုမူ ဆောင်ရွက်မှုမှာ ပြုမူဆောင်ရွက်သားပါသဖြင့် အယူခံတရားခံ ဒေါ်ပုစိန်က မကျင်မွေး အား နှင်ထုတ်ခွင့် မရှိပါဟု စီရင်ထုံး အများအပြားကိုကိုးကားပြီး အကျယ်တဝင့် တင်ပြသွားလေသည်။

အယူခံတရားခံ၏ တရားရုံးချုပ် ရွှေနေကြီး ဦးမောင်မောင်ခင်က၊ ဤအမှုဘင် အကြောင်းခြင်းရာများသာသျှင် ရှိပါသည်။ ဥပဒေအချက်အလက်များ မပါဝင်ပါ၊ အကြောင်းခြင်းရာများနှင့် ပတ်သက်၍ မူလခုံးနှင့် ပဌမ အယူခံခုံးတို့က တသဘော တည်းတွေ့ရှိထားပြီးဖြစ်သဖြင့် ဤဒုတိယ အယူခံမှုကို လက်ခံရန် မသင့်ပါ။ ထို့ပြင် သက်သေခံအမှတ် (၂) စာချုပ်နှင့် ပတ်သက်၍ မူလခုံးတွင် မကျင်မွေးက အတိ အလင်း တင်ပြခြင်းမရှိပါ။ အယူခံတရားလိုက မကျင်မွေးအား အချင်းဖြစ်မြေကို ကျပ်ငွေ ၂၅၀ ဖြင့် ရောင်းသည်ဆိုသည်မှာ မဟုတ်ပါ။ မည်သည့်အခါကမှ မရောင်း ခဲ့ရပါ။ မကျင်မွေးကသာသျှင် ထိုအချင်းဖြစ် မြေပေါ်သို့ ကျူးကျော်ခြင်း ဖြစ် ပါသည်။ ထို့ကြောင့်ပင်လျှင် မကျင်မွေးအား ဒေါ်ပုစိန်က ပိုင်နက် ကျူးလွန်မှုဖြင့် တရားစွဲဆိုခဲ့ရာ၊ မကျင်မွေး အပြစ်ရခဲ့ပါသည်။ ယင်းသို့ အပြစ်ရသော်ငြားလည်း မကျင်မွေးကို အချင်းဖြစ်မြေပေါ်တွင် ဆက်သက်၍ လက်ရှိထားသဖြင့် ယခုကဲ့သို့ တရားစွဲဆိုရခြင်း ဖြစ်ပါသည်ဟု အကျယ်တဝင့် တင်ပြသွားလေသည်။

ကျန်ုပ်သည် ဤအမှုကို အသေးစိတ် သုံးသပ်ရာတွင်၊ ရွှေနေကြီးများ၏ တင်ပြ ချက်များကိုလည်း လေးနက်စွာ ဆင်ခြင်လေသည်။ ဆိုခဲ့ပြီးသည့်အတိုင်း၊ ဤ အမှုတွင် အရေးကြီးသော အချက်မှာ၊ သက်သေခံစာချုပ်အမှတ် (၂) ဖြစ်သည်။ ယင်းစာချုပ်အရ ဆိုလျှင်၊ အချင်းဖြစ်မြေကို မကျင်မွေးက ဒေါ်ပုစိန်ထံမှ ငွေ ၂၅၀ ကျပ် ဖြင့် ပေးဝယ်ထားပြီးဖြစ်သည်။ ထိုစာချုပ်ကို ဒေါ်ပုစိန်က ငြင်းဆိုသော်ငြားလည်း၊ မကျင်မွေး၏ ထွက်ချက်ကို အသေးစိတ်သုံးသပ်ရာတွင်၊ မကျင်မွေးက သက်သေခံ

၁၉၆၇
မကျင်မွေး ပါ ၃
နှင့်
ဒေါ်ပုစိန်။

အမှတ် (၂) စာချုပ်အရ အချင်းဖြစ်မြေကို ဒေါ်ပုစိန်ထံမှ ငွေ ၂၅၀ ကျပ် ဖြင့် ဝယ်ပြီး ဖြစ်သည်ဟုတွေ့ရှိရသည်။ မကျင်မွေးကသည်း ထိုစာချုပ်နှင့် ပတ်သက်၍ ရုံးတော်တွင် တိကျပြတ်သားစွာ တင်ပြသွားသည်။ မကျင်မွေးကို မူလရုံးက စစ်ဆေးစဉ် အခါက ၎င်းအား ယင်းစာချုပ်နှင့် ပတ်သက်၍ ဒေါ်ပုစိန်ဘက်က ထိရောက်သော ပြန်လှန် မေးခွန်းများကို မပြုသုပ်ခဲ့ကြောင်း တွေ့ရှိရသည်။ (အကြောင်းခြင်းရာနှင့်တကွ သက်သေများ၏ ထွက်ချက်အရ) (မကျင်မွေးသည် သက်သေခံ အမှတ် (၂) စာချုပ်အရ ဒေါ်ပုစိန်ထံမှ အချင်းဖြစ်မြေကို ဝယ်ယူပြီး ဖြစ်သည်ဟု တွေ့ရှိရသည်။) ဤမျှသာမကသေး၊ မကျင်မွေးသည် အချင်းဖြစ်မြေကို လက်ရှိထားပြီး အဆောက်အဦ ဆောက်လုပ်ရန် အုတ်ချာ်မရ နှစ်သောင်းလောက်ကိုစုပုံထားပြီးလျှင်၊ ၎င်း၏ လူများဖြစ်သော ကိုသူသစ်နှင့် ဇနီး မကွင်းရီတို့အတွက် ဝါးအိမ်ကိုပင် ဆောက်လုပ်၍ အုတ်ပုံများကို စောင့်ရှောက်ရန် ထားရှိခဲ့ပေသည်။ တနည်းဆိုရလျှင်၊ ထို (အချင်းဖြစ်မြေကို မကျင်မွေးသည် ဒေါ်ပုစိန်ထံမှ ဝယ်ယူပြီးကတည်းက လက်ရှိ ထားပြီးဖြစ်သည်။)

မူလရုံးက ယင်းစာချုပ်နှင့် ပတ်သက်၍ ရက်စွဲမမှန်ဟု ဆိုကာ ပယ်ချလိုက်ခြင်း ဖြစ်သည်။ သို့ရာဘွင် ပဌမ အယူခံ ရုံးက ဤသို့မယူဆ၊ ၎င်းအယူခံရုံး ယူဆပုံမှာ ယင်းစာချုပ်သည် မှတ်ပုံမတင်သောကြောင့် သက်သေခံ မဝင်ဟူ၍ ဖြစ်သည်။ ဤသို့ယူဆခြင်းမှာ အမှုအသွားအလာအရ မှားယွင်း နေကြောင်း တွေ့ရှိရသည်။ အဘယ်ကြောင့် ဆိုသော်၊ အထက်တွင် ပြဆိုခဲ့ပြီးသည့် အတိုင်း မကျင်မွေးသည် ထိုအချင်းဖြစ်မြေပေါ်တွင် ဝယ်ယူ ပြီးကတည်းက လက်ရှိ ထားခဲ့ပြီး ဖြစ်သည်။ (ထို့ကြောင့် မှတ်ပုံတင်အက်ဥပဒေ ပုဒ်မ ၄၉ ခြွင်းချက်အရ ယင်းစာချုပ်ကို တရားဝင် စာချုပ်အဖြစ် လက်ခံရပေမည်)။ ဤဖေါ်ပြသော ဥပဒေ အချက်အလက်များကို ရာဘက်စက်ရှင်ရုံးက သုံးသပ်ခဲ့ခြင်းမရှိပေ။

အထက်တွင် ဖေါ်ပြခဲ့သော အကြောင်းအရာများနှင့် ဥပဒေ အချက်အလက် များအရ အယူခံတရားလို၏ တရားရုံးချုပ် ရှေ့နေကြီး တင်ပြချက်ကို လက်ခံ ရပေမည်။

ထို့ကြောင့် ပဌမ အယူခံရုံး၏ စီရင်ချက်နှင့် ဒီကရီနှင့်ဘက္ခ မူလရုံးစီရင်ချက်နှင့် ဒီကရီတို့မှာ ဥပဒေအရ မှားယွင်းချက်ချွတ်နေသည်ကို တွေ့ရှိရသဖြင့်၊ ဒုတိယအယူခံရုံး ဖေနေဖြင့် ဝင်ရောက် မစွက်ဖက်ဘဲ မနေသာသောကြောင့် ယင်းစီရင်ချက်နှင့် ဒီကရီ များကို ပယ်ဖျက်လိုက်ပြီး၊ ဤအယူခံကို စရိတ်နှင့်တကွ ခွင့်ပြုလိုက်သည်။

ဤနှုံးရွှေနေကြီးစရိတ်မှာ ၅၁ ကျပ် ဖြစ်စေရမည်။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရား သူကြီး ဦးစိန်သင်း ရှေ့တွင်

မခင်စိန် (ပြင်ဆင်ရန် လျှောက်ထားသူ)

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ (ပြင်ဆင်ရန် လျှောက်ထား ခံရသူ)

† ၁၉၆၇ စက်တင်ဘာလ ၃၀ ရက်။

ဆောက်လုပ်ခြင်းနှင့် ပြင်ဆင်ခြင်းများကို နည်းကျအောင်ပြဋ္ဌာန်းသည့်အက်ဥပဒေ—ပုဒ်မ ၂ (၂) တွင် ဖော်ပြထားသည့် "တတ်နိုင်သည့် အာဏာပိုင်" ဟူသည့်စကားရပ်—မြို့နိုစီပါယ် အုပ်ချုပ်ရေးမှူးနှင့် အဆိုပါ အက်ဥပဒေပုဒ်မ ၇ အရ အမိန့်ချမှတ်နိုင်သည့်အာဏာရှိ မရှိ။

ဆုံးဖြတ်ချက်။ ။အချင်းဖြစ်သည့်ဒေသတွင် မြို့နိုစီပါယ် အုပ်ချုပ်ရေးမှူးသည်၊ ၁၉၆၁ ခုနှစ်၊ ဒဗိုကရေစီ ဒေသန္တရအုပ်ချုပ်ရေး (ရပ်ဆိုင်းခြင်း) အက်ဥပဒေပုဒ်မ ၅ အရ၊ ခန့်အပ်ခြင်းခံရသူ ဖြစ်စေကာမူ၊ ဒေသန္တရ အာဏာပိုင်များ (ရပ်ဆိုင်းခြင်း) အက်ဥပဒေပုဒ်မ ၄ အရ တတ်နိုင်သည့် **အာဏာပိုင်အဖြစ် ခန့်ထားသူ** မဟုတ်ခြင်းကြောင့် အဆောက်အဦများ (ဆောက်လုပ်ခြင်းနှင့် ပြင်ဆင်ခြင်းများကို နည်းကျအောင် ပြဋ္ဌာန်းထားသည့်) အက်ဥပဒေပုဒ်မ ၂ (၂)တွင် ဖော်ပြထားသည့် "တတ်နိုင်သည့် အာဏာပိုင်" ဟူသည့် စကားရပ်တွင် အကျုံးမဝင်ခေ့။ သို့ဖြစ်လေရာ ပဲခူးမြို့ မြို့နိုစီပါယ် အုပ်ချုပ်ရေးမှူးသည် အဆိုပါအက်ဥပဒေပုဒ်မ ၇ အရအမိန့်ချမှတ်နိုင်သည့် အာဏာ မရှိ။ ထို့ဥပဒေပုဒ်မ ၂ (၂) ပုဒ်မခွဲတွင် ခရိုင်ဝန်သည် တတ်နိုင်သည့် အာဏာပိုင် ဖြစ်သည်ဟု ပြဋ္ဌာန်းထားသည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဦးသက်ငွေ။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။အစိုးရတရားရုံးချုပ် ရှေ့နေ ဦးမြရှိန်။

တရားသူကြီး ဦးစိန်သင်း။ ။ပဲခူးမြို့၊ မြို့မ ရာဇဝတ် တရားသူကြီးရုံး၊ ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် (ဂ) တွင်၊ လျှောက်ထားသူ မခင်စိန်အပေါ် ဥ*အဆောက်

---

* ၁၉၆၇ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၅၈ (ခ)။

† လျှောက်ထားသူက ပဲခူးမြို့၊ မြို့မရာဇဝတ် တရားသူကြီးရုံး ရာကြီးမှုအမှတ် ဂ/၆၅ မှ (၁၉၆၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်) နေ့စွဲဖြင့် ချမှတ်သော အမိန့် နှင့် ပဲခူးမြို့ စက်ရှင်တရားသူကြီးရုံး ရာယူမှု ၂၄/၆၅ မှ ၁၉၆၇ ခုနှစ်၊ မတ်လ ၁ ရက် နေ့စွဲဖြင့် ချမှတ်သော အမိန့်များကို မကျေနပ်၍ပယ်ဖျက်ပေးပါရန်လျှောက်ထားသော ပြင်ဆင်မှုလျှောက်လွှာ။

၁၉၆၇ ခုနှစ် မခင်စိန် ပြည်ထောင်စု မြန်မာနိုင်ငံ။

အဦများ (ဆောက်လုပ်ခြင်းနှင့် ပြင်ဆင်ခြင်းများကို နည်းကျအောင်ပြဋ္ဌာန်းသည့်) အက်ဥပဒေ [**Buildings (Regulation of Construction and Repairs) Act**] ပုဒ်မ ၉ အရ မူပြစ်ထင်ရှား စီရင်၍ ဒဏ်ငွေ ၁၀၀ ကျပ် ပေးဆောင်စေ။ မပေးဆောင်နိုင်ပါက အလုပ်မဲ့ ထောင်ဒဏ် ၃ လ ကျခံစေရန် အမိန့်ချမှတ်လိုက်သည့် အပြင် မခင်စိန် ဆောက်လုပ်ထားသည့် အဆောက်အဦကိုလည်း၊ မြို့နိုစီပါယ်က ညွှန်ကြားခဲ့သည့်အတိုင်း တလအတွင်း ရွှေ့ပြောင်းစေရန်၊ ထိုကဲ့သို့ ရွှေ့ပြောင်းခြင်း မရှိပါက တနေ့လျှင် ဒဏ်ငွေ ၁၀ ကျပ်ကျ ပေးဆောင်စေရန် အမိန့်ချမှတ်လိုက်သည်။

ထိုအမိန့်ကို မကျေနပ်သဖြင့် လျှောက်ထားသူ မခင်စိန်က ပဲခူးမြို့၊ စက်ရှင်တရားသူကြီးရုံး၊ ၁၉၆၅ ခုနှစ်၊ ရာဇဝတ်အယူခံမှု အမှတ် ၂၄ တွင် အယူခံဝင်ခဲ့သည်။ စက်ရှင် တရားသူကြီးသည် မူလရုံးက ဒဏ်ငွေ ၁၀၀ ကျပ် ပေးဆောင်စေရန် ချမှတ်လိုက်သည့် အမိန့်ကို အတည်ပြုလိုက်သည်။ သို့ရာတွင် အဆောက်အဦကို ရွှေ့ပြောင်းရန် ပျက်ကွက်သောကြောင့် ဒဏ်ငွေ ပေးဆောင်စေရန် ချမှတ်သည့် အမိန့်နှင့်ပတ်သက်၍၊ ၁၉၆၇ ခု၊ မတ်လ ၁ ရက်နေ့မှစ၍ ၁၉၆၇ ခု၊ မတ်လ ၁၅ ရက်နေ့အတွင်း၊ မခင်စိန်သည်၊ မိမိဆောက်လုပ်ထားသော အဆောက်အဦကို ပယ်ဖျက်ပစ်ရမည်။ ပယ်ဖျက်ခြင်း မရှိပါက ၁၉၆၇ ခု၊ မတ်လ ၁၆ ရက်နေ့မှစ၍ မဖျက်သမျှ တနေ့လျှင် ဒဏ်ငွေ ၁၀ ကျပ်ကျ ပေးဆောင်ရမည်ဟု ပြင်ဆင်သိုက်သည်။ ထိုစီရင်ချက်နှင့် အမိန့်တို့ကို မကျေနပ်ပြန်သဖြင့် ယခု ကျန်ုပ်ရှေ့ရှိ ပြင်ဆင်မှု လျှောက်လွှာကို မခင်စိန်က တင်သွင်းခြင်းဖြစ်သည်။

နိုင်ငံတော်အစိုးရ လူမှုဝန်ထမ်းဌာန၏ ၁၉၄၆ ခု၊ ဧပြီလ ၃ ရက်နေ့စဲ့ပါ ပြန်တမ်းအမှတ် ၈၆ အရ၊ ပဲခူးမြို့သည် အဆောက်အဦများ (ဆောက်လုပ်ခြင်းနှင့် ပြင်ဆင်ခြင်းများကို နည်းကျအောင် ပြဋ္ဌာန်းထားသည့်) အက်ဥပဒေတွင် အကျုံးဝင်သည်။ ထိုအက်ဥပဒေ ပုဒ်မ ၄ ၌ အာဏာရှိသည့် အာဏာပိုင်၏ အခွင့်အမိန့်မရဘဲ၊ အဆောက်အဦများ ဆောက်လုပ်ခြင်း၊ ပြန်သည်ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်းများကို မပြုလုပ်ရဟု တားမြစ်ထားသည်။

ယခု ကျန်ုပ်ရှေ့ရှိ အမှုတွင် မခင်စိန်သည် မည်သည့် ဏာအာပိုင်၏ အခွင့်အမိန့်ကိုမျှ တောင်းခံခြင်း မပြုဘဲ၊ နေအိမ်ကို ပြန်လည် ဆောက်လုပ်ခဲ့ခြင်း ဖြစ်ကြောင်း အငြင်းမထွက်ချေ။ ထို့ကြောင့် လျှောက်ထားသူ မခင်စိန်၏ ပြုလုပ်မှုသည် အဆိုပါ ပုဒ်မ ၄ တွင် ဖေါ်ပြထားသည့် ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်နေသည်။ထိုဥပဒေတွင် မည်သူက တရားလိုအဖြစ် တရားစွဲဆိုရမည် အစရှိသည့် စည်းကမ်းချက်များပြဋ္ဌာန်းထားခြင်း မရှိပေ။ ထို့ကြောင့် မခင်စိန်သည် အဆောက်အဦကို ပြန်လည်ဆောက်လုပ်ခြင်း အားဖြင့် ပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်နေရကား၊ ပုဒ်မ ၉ အရ

မှုပြစ်ဆင်ရွှား စီရင်ခြင်းကို ခံထိုက်လေသည်။ သို့ရာတွင် ထိုကဲ့သို့ ဆောက်လုပ်သည့် အဆောက်အဦကို ဖျက်ဆီးခြင်း၊ ရွှေ့ပြောင်းခြင်း အစရှိသည့်အမိန့်များကို တတ်နိုင်သည့် အာဏာပိုင် (**competent authority**) ကသာလျှင် ပုဒ်မ ၇ အရ အမိန့်ချမှတ်နိုင်သည်။ ထိုအက်ဥပဒေအရ တတ်နိုင်သည့် အာဏာပိုင်သည် ပုဒ်မ ၂ (၂) တွင် မည်သူမည်ဝါ ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။

ယခု ကျွန်ုပ်ရှေ့ရှိ အမှုတွင် အဆိုပါ အဆောက်အဦအား ပြောင်းရွှေ့ရန်၊ သို့တည်းမဟုတ် ဖျက်သိမ်းရန် အမိန့်ပေးခဲ့သူမှာ မြို့နီစီပါယ် အုပ်ချုပ်ရေးမှူး ဖြစ်သည်။ မြို့နီစီပါယ် အုပ်ချုပ်ရေးမှူးသည်၊ ၁၉၆၁ ခုနှစ်၊ ဒီမိုကရေစီ ဒေသန္တရအုပ်ချုပ်ရေး (ရပ်ဆိုင်းခြင်း) အက်ဥပဒေ ပုဒ်မ ၅ အရ ခန့်အပ်ခြင်း ခံရသူဖြစ်သည်။ ၎င်းအား ၁၉၄၆ ခုနှစ်၊ ဒေသန္တရ အာဏာပိုင်များ (ရပ်ဆိုင်းခြင်း) အက်ဥပဒေ [**Local Authorities (Suspension) Act**] ပုဒ်မ ၄ အရ ခန့်ထားခြင်း မရှိခဲ့ချေ။ ထိုအက်ဥပဒေမှာသည်း အချင်းဖြစ်သည့်ဒေသတွင် အာဏာတည်ခြင်း မရှိတော့ပြီး ထို့ကြောင့် မြို့နီစီပါယ် အုပ်ချုပ်ရေးမှူးသည်၊ ၁၉၆၁ ခုနှစ်၊ ဒီမိုကရေစီ ဒေသန္တရ အုပ်ချုပ်ရေး (ရပ်ဆိုင်းခြင်း) အက်ဥပဒေ ပုဒ်မ ၅ အရ ခန့်အပ်ခြင်း ခံရသူ ဖြစ်စေကာမူ၊ ဒေသန္တရအာဏာပိုင်များ (ရပ်ဆိုင်းခြင်း) အက်ဥပဒေ ပုဒ်မ ၄ အရ **တာ်နိုင်သည့် အာဏာပိုင်အဖြစ် ခန့်ထားသူ** မဟုတ်ခြင်းကြောင့်၊ အဆောက်အဦများ (ဆောက်လုပ်ခြင်းနှင့် ပြင်ဆင်ခြင်းများကို နည်းကျအောင် ပြဋ္ဌာန်းထားသည့်) အက်ဥပဒေ ပုဒ်မ ၂(၂) တွင် ဖော်ပြထားသည့် "တာ်နိုင်သည့်အာဏာပိုင်" ဟူသည့် စကားရပ်တွင် အကျုံးမဝင်ချေ။ သို့ဖြစ်လေရာ၊ ပဲခူးမြို့၊ မြို့နီစီပါယ် အုပ်ချုပ်ရေးမှူးသည် အဆိုပါ အက်ဥပဒေ ပုဒ်မ ၇ အရ အမိန့် ချမှတ်နိုင်သည့် အာဏာမရှိ၊ ၎င်းအားဘော်ဒ်ရှန်ရေးကောင်စီဥက္ကဋ္ဌက ထိုကိစ္စရပ်များအတွက်ခန့်အပ်ခဲ့ခြင်းလည်းမရှိသေးချေ။ ထို့ကြောင့် ယခု ကျွန်ုပ်ရှေ့ရှိ အမှုတွင် လျှောက်ထားသူ **မခင်စိန်**သည် မိမိ အဆောက်အဦကို ဖျက်သိမ်းခြင်း၊ ရွှေ့ပြောင်းခြင်း မပြုလုပ်ခဲ့သောကြောင့် တနေ့မှတနေ့သို့ ဒဏ်ငွေများ ပေးဆောင်စေရန် ချမှတ်ထားသော အမိန့်သည် မှားယွင်းလေသည်။ အကြောင်းသော်ကား၊ လျှောက်ထားသူ မခင်စိန်သည် သက်ဆိုင်ရာ အာဏာရှိသည့် အာဏာပိုင်က ပေးခဲ့သည့် အမိန့်များကို လိုက်နာခြင်း မရှိဟု မဆိုနိုင်ပေ။

ပြည်သူ့ဝန်ထမ်းတဦးသည်၊ မိမိ၏ တာဝန်ဝတ္တရားများအရ အမိန့်တစုံတရာ မသုတ်ဆင့်မီ၊ မိမိပေးမည့်အမိန့်သည် တရားဥပဒေနှင့် ညီညွတ်ခြင်း ရှိမရှိကို၊ အထူးဂရုပြုသင့်သည်။ မိမိတွင် ပေးပိုင်ခွင့် အာဏာ မရှိသည့်အမိန့်မျိုးကို မပေးမိစေရန်ကိုသည်း သတိထားသင့်သည်။ တရားဥပဒေနှင့် မညီညွတ်ခြင်း၊ အာဏာမရှိသည့်

၁၉၆၇ မခင်စိန် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

အမိန့်မျိုးကို ပေးခြင်းအားဖြင့် မဖြစ်ပေါ်သင့်သည့် အကျိုးဆက်များ ဖြစ်ပေါ်လာတတ်သည်။

ယခု ကျွန်ုပ်ရှေ့ရှိ အမှုဌာန မြူနီစီပါယ် အုပ်ချုပ်ရေးမှူးသည်၊ အထက်ဖေါ်ပြပါ အက်ဥပဒေ ပုဒ်မ ၇ အရ အမိန့်ထုတ်ဆင့်ခြင်း မပြုမီ၊ထိုဥပဒေပါအချက်အလက်များကို သေချာစွာ စီစစ် ဝေဘန်သင့်သည်။ ထိုဥပဒေ ပုဒ်မ၏ ၂ (၂) တွင် တတ်နိုင်သည့် အာဏာပိုင်သည် မည်သူမည်ဝါဖြစ်ကြောင်း အတိအလင်း အဓိပ္ပါယ် ရှင်းလင်းထားသည်။ ထို ပုဒ်မခွဲတွင် ခရိုင်ဝန်သည် တတ်နိုင်သည့် အာဏာပိုင် ဖြစ်သည်ဟု ပြဋ္ဌာန်းထား လေရာ၊ မြူနီစီပါယ် အုပ်ချုပ်ရေးမှူးသည်၊ မိမိတွင် လိုအပ်သည့် ခန့်အပ်ထားခြင်းများ မရှိသေးလျှင် ခရိုင်ဝန်အား လိုအပ်သည့် အမိန့်များကို ထုတ်ဆင့်ရန် မေတ္တာရပ်ခံခြင်း အားဖြင့် ပြဿနာများ ပြေလည်နိုင်စရာ အကြောင်းရှိသည်။ သက်ဆိုင်ရာသို့ မိမိကို လိုအပ်သည့် ပြန်တမ်းများ ပြဋ္ဌာန်းခြင်း အားဖြင့် အာဏာများ အပ်နှင်းရန် အကြံပေးခြင်းများလည်း ပြုလုပ်သင့်သည်။ ထိုခဲ့သို့ မပြုလုပ်ခဲ့ခြင်းကြောင့် ဤအမှု ဖြစ်ပေါ်လာရခြင်း ဖြစ်သည်။

ထို့ကြောင့် မူလခုံး တရားသူကြီးက လျှောက်ထားသူ မခင်စိန် အပေါ်တွင် အဆောက်အဦများ (ဆောက်လုပ်ခြင်းနှင့် ပြင်ဆင်ခြင်းများကိုနည်းကျအောင် ပြဋ္ဌာန်းထားသည့်) အက်ဥပဒေ ပုဒ်မ ၉ အရ မှုပြစ်ထင်ရှား စီရင်၍ ဒဏ်ငွေ ၁၀၀ ကျပ် ပေးဆောင်စေ။ မပေးဆောင်နိုင်ပါက အလုပ်မဲ့ ထောင်ဒဏ် ၃ လ ကျခံစေရန် ချမှတ်သည့် အမိန့်ကို အတည်ပြုလိုက်သည်။ သို့ရာတွင် လျှောက်ထားသူ မခင်စိန် အပေါ်၌ ၎င်းဆောက်လုပ်ထားပြီးဖြစ်သည့် အဆောက်အဦနှင့် ပတ်သက်၍ နောက်ဆက်တွဲ ချမှတ်သည့် အမိန့်များကို ပယ်ဖျက်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးချစ် ရွှေတင်

မည်န့်စိန် (ပြင်ဆင်ရန် လျှောက်ထားသူ)

နှင့်

ဦးဝင်းမြင့် (ပြင်ဆင်ရန် လျှောက်ထားခံရသူ)*

† ၁၉၆၇ စက်တင်ဘာလ ၉ ရက်။

ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၈ (၁)—စီရင်ပိုင်ခွင့်နယ်နိမိတ် အာဏာမရှိသောရုံးတွင် မယား စရိတ်အတွက် လျှောက်လွှာတင်ခြင်း—အမှုကို ကြားနာစစ်ဆေးခြင်းမှာ မှားယွင်းသည်ဟု ဆိုနိုင် မဆိုနိုင်—တခါက မယားစရိတ်မတောင်းဟု ပြောဆိုခြင်းမှာ တရားဝင် မဝင်။

ဆုံးဖြတ်ချက်။ ။လျှောက်ထားသူသည် စီရင်ပိုင်ခွင့်အာဏာ နယ်နိမိတ် မရှိသော မော်လမြိုင် ရုံးတွင် မယားစရိတ်အတွက် လျှောက်လွှာတင်ရာ၌ ရုံးကလည်းအမှုကို လက်ခံပြီး၊ လျှောက်ထား ခံရသူကို အကြောင်းကြားခဲ့လေသည်။ လျှောက်ထား ခံရသူကလည်း ယင်းအမှုကို လာရောက် ဆိုင်လေသည်။ မော်လမြိုင်မှ ရွှေနေကိုပင် ငှါးလေသည်။ ယင်းကဲ့သို့ပြုလုပ်ခြင်းသည်ထို့မော်လမြိုင် ရုံးက စီရင်ပိုင်ခွင့် အာဏာကို လက်ခံယူပြီးဖြစ်သည်။ ထို့ကြောင့် လျှောက်ထားခံရသူနှင့် ပတ်သက်၍ မည်သည့်နည်းနှင့်မျှ ၎င်းအပေါ် တရားမျှတမှု ကင်းမဲ့သွားစရာ အကြောင်းမရှိပေ။ **မော်လမြိုင်** ရုံးတွင် ၎င်းအမှုကို ကြားနာစစ်ဆေးခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

စီတရန် ကာလဝါး နှင့် **စုကိယကာ(လ်)ဝါရင်း**၊ အေ၊ အိုင်၊ အာ (ရ်) ၁၉၂၉၊ ကာလကတ္တား၊ စာ ၃၃၆။ **မောင်ပိုက်** နှင့် **မအုန်းဆင့်**၊ အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၃၉၊ ရန်ကုန်၊ စာ ၂၁၀ ရည်ညွှန်းသည်။

လျှောက်ထားသူ၏ လျှောက်ထားခံရသူထံမှ မယားစရိတ် တောင်းခံမှုကို ဥပဒေက ခွင့်ပြုထား သည့်**အတိုင်း** အခွင့်ရှိနေရကား ယခင်တခါ မယားစရိတ် မတောင်းတော့ပါဟု ပြောဆိုခြင်းမှာ တရားမဝင်ပေ။ ယင်းကဲ့သို့ မယားစရိတ်မတောင်းတော့ပါဟု ဆိုသည်မှာလည်း ဤကဲ့သို့ရာဇဝတ်မှု မျိုးမျှားတွင် အပြီးအပြတ် မဖြစ်နိုင်ပေ။ ထို့ကြောင့် လျှောက်ထားသူသည်၊ **လျှောက်ထားခံရသူ** ထံမှ မယားစရိတ်ကို တောင်းခံခွင့်ရှိသည်။

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၂၀၂ (၁)။

† ၁၉၆၄ ခုနှစ်၊ ရာဇဝတ်သေးမှုအမှတ် ၇၃ တွင်ချမှတ် သော ၁၉၆၅ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့စွဲပါ မော်လမြိုင်မြို့၊ စတုတ္ထရာဘက် ရာဇဝတ်တရားသူကြီး၏ အမိန့်ကို ပြန်၍ဆင်ခြင်မှု။

၁၉၆၇

မည္သန္စိန္ ႏွင့္ ဦးဝင္းျမင့္။

ျမင့္ဆင္ရန္ လ်ာက်ထားသူအတြက္ { အစိုးရဘာရားရုံးချုပ်ရွေနေဦးမျိုးထွန်းလင်း၊ ဦးကျော်မြင့်။

ျမင့္ဆင္ရန္ လ်ာက်ထားခံရသူအတြက္။ ။ဦးဘိုးသာ။

ထရားသူကြီး ဦးချစ်။ ။လ်ာက်ထားသူ မည္သန္စိန္က လ်ာက်ထားခံရသူ ဦးဝင္းျမင့္ထံမွ မယားစရိတ် တလလျင် ၇၅ ကျပ် ရလိုမူ ဖြင့် မော်လမြိုင်မြို့၊ ၄ ရာဘက် ရာဇဝတ်ဘရားသူကြီးရုံးတွင် လ်ာက်ထား တောင်းဆိုလေသည်။ ဦးဝင်းမြင့်သည် ယင်းကဲ့သို့ လ်ာက်ထားစဉ်အခါက မြိတ်ခရိုင် ပလပ်ရွာတွင် နေထိုင်၍ ဆားအင်စပက်တော် အလုပ်ဝတ္တရား ဆောင်ရွက်နေသည်။ မြိတ်ခရိုင် ပလပ်ရွာသို့ မပြောင်းရွေ့မီက ပုသိန်ခရိုင် အထက်ပြန်ဝရွာတွင် ဦးဝင်းမြင့်နှင့်မည္သန္စိန်တို့သည် အတူတကွ နေထိုင်ခဲ့ကြသည်။ မည္သန္စိန်တွင်ကိုယ်ဝန်ရှိ သောအခါ မော်လမြိုင်မြို့တွင် မိဘများထံ၌ ကလေးမွေးရန် ဦးဝင်းမြင့်က မည္သန္စိန်ကို ပေးပို့ထားသည်။ကလေးမျက်နှာ မြင်ပြီးသည့်နောက် ဦးဝင်းမြင့်သည် ကလေးစရိတ်ကို မပေးသဖြင့်မည္သန္စိန်က မော်လမြိုင်မြို့ရှိ ရာဘက်ရုံးတွင် ကလေးစရိတ်ရလိုမှု လ်ာက်ထားခဲ့သည်။ ထိုအမှု၌ ဦးဝင်းမြင့်သည် မော်လမြိုင်သို့ လာရောက်၍ မော်လမြိုင်ရုံးတွင် ကလေးစရိတ်အတွက် တလ ၃၁ ကျပ်ပေးရန် သဘောတူသဖြင့် ထိုရုံးက ထိုအတိုင်း အမိန့်ချမှတ်လိုက်သည်။ ထိုအခါက မည္သန္စိန်သည် ဦးဝင်းမြင့်ထံမှ မယားစရိတ် မတောင်းခံပါဟု ပြောခဲ့သည်။ သို့သော် ဦးဝင်းမြင့်သည် ပုသိမ်မှ မြိတ်မြို့သို့ ပြောင်းရွှေ့ပြီးနောက် ထိုရွာတွင် အမျိုးသမီး တယောက်ကို နောက်ထပ်ယူသဖြင့် မည္သန္စိန်သည် ဦးဝင်းမြင့်ထံမှ မယားစရိတ်ကို အထက်တွင် ပြဆိုခဲ့သည့်အတိုင်း တောင်းခံလာသည်။

ထိုအမှုကို မော်လမြိုင်မြို့ ၄ ရာဘက် ရာဇဝတ် တရားသူကြီးထံတွင် အမှုဆိုင်ရာ၌ ဦးဝင်းမြင့်သည် မြိတ်မှ မော်လမြိုင်သို့ လာရောက်၍ မော်လမြိုင်မှ ရွှေနေကို ငှါးပြီး လျှင် အမှုကို ထုချေသည်။ ထိုရုံးက လ်ာက်ထားသူနှင့်တကွ ၎င်းပြသက်သေများနှင့် လ်ာက်ထားခံရသူပြသော သက်သေများကို စစ်ဆေးပြီးလျှင်၊ မည္သန္စိန်သည် ဦးဝင်းမြင့်ထံမှ ကလေးစရိတ် တလ ၃၀ ကျပ် တောင်းဆိုစဉ်အခါက မယားစရိတ်ကိုမတောင်းလိုတော့ပါဟု ဂတိပြုထားသည်ကတကြောင်း၊ မည္သန္စိန်သည် ဦးဝင်းမြင့်နှင့်အတူ နေရန် ငြင်းဆန်ခဲ့သည်ဟု ယူဆရန် ရှိသည်ကတကြောင်းတို့ကြောင့် မယားစရိတ် မရထိုက်ဟု အဆုံးအဖြတ်ပေးခဲ့လေသည်။ ၎င်းပြင် ထိုရုံးက ဆက်လက်၍ အဆုံး

အဖြတ်ပေးသည်မှာ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၀၈ (၈) အရဆိုလျှင် မည်နှစ်စိန်သည် ဦးဝင်းမြင့်ထံမှ မယားစရိတ် တောင်းဆိုမှုကို မော်လမြိုင်ရုံးတွင်စစ်ဆေးရန် စီရင်ပိုင်ခွင့် အာဏာမရှိ၊ စီရင်ပိုင်ခွင့် အာဏာရှိသော ရုံးမှာ လင်မယား အတူတကွနေခဲ့ဘူးသော ပုသိမ်ခရိုင်ရုံး၊ သို့မဟုတ် ယခု ဦးဝင်းမြင့်ရှိနေသော နေရာဖြစ်သည့် မြိတ်ခရိုင်ရုံး တခုခုရုံးတို့က စီရင်ပိုင်ခွင့်အာဏာ ရှိပေသည်ဟု ယူဆပြီးလျှင် မော်လမြိုင်ရုံးတွင် စီရင်ပိုင်ခွင့် အာဏာမရှိဟု အဆုံးအဖြတ်ပေးကာ မည်နှစ်စိန်၏ မယားစရိတ် တောင်းခံလွှာကို ပလပ်လိုက်လေသည်။

မည်နှစ်စိန်သည် ယင်းအမိန့်ကိုမကျေနပ်သဖြင့် မော်လမြိုင်မှို့၊ စက်ရှင် တရားသူကြီးရုံးတွင် အယူခံဝင်ခဲ့ရာ၊ စက်ရှင် တရားသူကြီးက အမှုအကြောင်းချင်းရာပေါ် တွင်ငင်း၊ စီရင်ပိုင်ခွင့် နယ်နိမိတ် အာဏာနှင့် ပတ်သက်၍ သော်ငင်း၊ မူလရုံးတရားသူကြီးနှင့် သဘောတူညီမှုရှိပြီး မည်နှစ်စိန်၏ လျှောက်လွှာကို ပလပ်လိုက်သည်။ မည်နှစ်စိန်က မကျေနပ်သဖြင့် တရားရေးဌာနသို့ တိုင်တန်းရာ တရားရေးဌာနက မည်နှစ်စိန်ကိစ္စနှင့် ပတ်သက်၍ ဤရုံးသို့ လွှဲအပ်သဖြင့် ဤရုံးက အမှုအမှန် ပေါ်ပေါက်ရေး ရရှိစေရန် ပြင်ဆင်မှုကို ဖွင့်လှစ်၍ နှစ်ဘက်သော အမှုသည်များနှင့်တကွ ရှေ့နေချုပ်တို့ကိုပါ အကြောင်းကြားလျှင် ကြားနာလေသည်။

လျှောက်ထားခံရသူ၏ ရှေ့နေကြီး ဦးဘိုးသာက မည်နှစ်စိန်၏ မယားစရိတ်တောင်းသော လျှောက်လွှာကို မော်လမြိုင်ရုံးတွင် ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၀၈ (၈) အရ တင်သွင်းနိုင်ခွင့် မရှိခဲ့ပါ။ မော်လမြိုင်ရုံးသည် ထိုအမှုကို စစ်ဆေးကြားနာရန် စီရင်ပိုင်ခွင့် နယ်နိမိတ်မရှိပါ။ စီရင်ပိုင်ခွင့် နယ်နိမိတ် ရှိသော ရုံးမှာ ပုသိမ်၊ သို့မဟုတ် မြိတ်မြို့ရှိ ရုံး တခုခုမှုံးကဖြစ်ပါသည်။ မူလရုံးနှင့် အယူခံရုံးတို့က မည်နှစ်စိန်၏လျှောက်လွှာနှင့် ပတ်သက်၍ မော်လမြိုင်တွင် စီရင်ပိုင်ခွင့် မရှိဟု အဆုံးအဖြတ်ပေးခြင်းမှာ ဥပဒေအရ မှန်ကန်ပါသည်ဟု တင်ပြသွားလေသည်။

အစိုးရ ရှေ့နေကြီး ဦးမျိုးထွန်းလင်းက ရှေ့နေကြီး ဦးဘိုးသာ တင်ပြခဲ့သည့် အတိုင်း မော်လမြိုင်ရုံးတွင် စီရင်ပိုင်ခွင့် မရှိဟု ဆိုနိုင်သော်ငြားလည်း ယင်းစီရင်ပိုင်ခွင့်မရှိသော ရုံးက အမှုကို စစ်ဆေးကြားနာပြီး နောက် အဆုံးအဖြတ်ကို ပေးခဲ့ခြင်း ဖြစ်သဖြင့် တရားမျှတမှု ပျက်စီးစေရန် အကြောင်းမရှိဟု ပေါ်လွင်လျှင် ထိုရုံးက ချမှတ်သော အမိန့်ကို ပယ်ဖျက်ရန် အကြောင်းမရှိဟု ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၅၂၁ က အတိအလင်း ဆိုထားပါသည်။

ဘဂ်ဂ်ဂ်
မည္သ္စိန္
နွစ္
ဦးဝင်းမြင့်။

စီတရန်ကာလဝါ နှင့် **စုကီယကာလ်ဝါရင်း** (၁) အမှုနှင့် **မောင်ပိုက်**နှင့် **မအုန်းဆင့်** (၂) အမှုတို့ကို ညွှန်ပြ၍ လျှောက်လဲသွားလေသည်။

မော်လမြိုင်ရုံးတွင် စီရင်ပိုင်ခွင့် နယ်နိမိတ် အာဏာ ရှိ-မရှိနှင့်ပတ်သက်၍ သုံးသပ်ရာတွင်၊ မည္သ္စိန်သည် စီရင်ပိုင်ခွင့် နယ်နိမိတ် အာဏာမရှိသော မော်လမြိုင်ရုံးတွင် **မယားစရိတ်**အတွက် လျှောက်လွှာတင်ရာ၌ ရုံးကလည်း အမှုကို လက်ခံပြီး၊ လျှောက်ထားခံရသူ ဦးဝင်းမြင့်ကို အကြောင်းကြားခဲ့လေသည်။ ဦးဝင်းမြင့် ကလည်း ယင်းအမှုကို လာရောက်ဆိုင်လေသည်။ မော်လမြိုင်မှ ရွှေ့နေကို ပင် ငှါးလေသည်။ ယင်းကဲ့သို့ ပြုလုပ်ခြင်းသည် ထိုမော်လမြိုင်ရုံးက စီရင်ပိုင်ခွင့် အာဏာကို လက်ခံယူပြီး ဖြစ်သည်။ ထို့ကြောင့် ဦးဝင်းမြင့်နှင့် ပတ်သက်၍ မည်သည့်နည်းနှင့်မျှ ၎င်းအပေါ် တရားမျှတမှု ကင်းမဲ့သွားစရာ အကြောင်းမရှိပေ။ ထို့ပြင် **စီကရန်ကာလဝါ** နှင့် **စုကီယကာလ်ဝါရင်း** အမှုတွင် ဤကဲ့သို့ အဆုံးအဖြတ် ပေးထားသည်။

> "Where a Magistrate who dealing with the proceeding under S. 488 is empowered by law to deal with the application for maintenance under S. 488, passed a final order it is not vitiated merely by reason of the fact that the proceedings were held in a wrong district."

၎င်းပြင် **မောင်ပိုက်**နှင့် **မအုန်းဆင့်** အမှုတွင် တရားဝန်ကြီး ဦးဘဦးက အောက်ပါအတိုင်း သတ်မှတ်ချက် ပြုထားသည်။

> "In any event Sec. 531, Criminal P.C. cures the irregularity, if there be any, unless the applicant can show that he has been prejudiced thereby."

အထက်တွင် ဖော်ပြသော အကြောင်းခြင်းရာများနှင့် ညပေနှင့်တကွ ဇီရင်ထုံးများအရ မော်လမြိုင်ရုံးတွင် ၎င်းအမှုကို ကြားနာစစ်ဆေးခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

အမှု အကြောင်းခြင်းရာနှင့် ပတ်သက်၍ မူလရုံးနှင့်တကွ အယူခံရုံးတို့က မည္သ္စိန်သည် ဦးဝင်းမြင့်ထံမှ မယားစရိတ် မရထိုက်ပေ၊ ယင်းသို့ မယားစရိတ် မရထိုက်ခြင်းမှာ မည္သ္စိန်သည် ဦးဝင်းမြင့်ထံမှ ကလေးစရိတ် တလ ငွေ ၃၀ ကျပ် တောင်းခံ ရယူစဉ် အခါက မယားစရိတ်အတွက် မတောင်းပါဟု ၎တိုပြုထားခဲ့သည့်အပြင်၊ မည္သ္စိန်သည်

(၁) အေ၊ အိုင်၊ အာ(ရ်)၊ (၁၉၂၉)၊ ကာလကတ္တား၊ စာ ၃၃၆။
(၂) အေ၊ အိုင်၊ အာ(ရ်)၊ (၁၉၃၉)၊ ရန်ကုန်၊ စာ ၂၁၀။

ဦးဝင်းမြင့်နှင့် အတူတကွနေထိုင်ရန် ငြင်းဆန်ခဲ့ခြင်း ဖြစ်ပါသည်ဟု တသဘောတည်း တွေ့ရှိထားလေသည်။

မည္ခန္ဓိန်၏ ဦးဝင်းမြင့်ထံမှ မယားစရိတ်တောင်းခံမှုကို ဥပဒေက ခွင့်ပြုထားသည့် အတိုင်း အခွင့်ရှိနေရကား၊ ယခင်တခါ မယားစရိတ် မတောင်းတော့ပါဟု ပြောဆိုခြင်းမှာ တရားမဝင်ပေ။ ယင်းကဲ့သို့ မယားစရိတ် မတောင်းတော့ပါဟု ဆိုသည်မှာလည်း ဤကဲ့သို့ ရာဇဝတ်မှုမျိုးများတွင် အပြီးအပြတ်မဖြစ်နိုင်ပေ။ ထို့ကြောင့် **မည္ခန္ဓိန်** သည် **ဦးဝင်းမြင့်**ထံမှ မယားစရိတ်ကို တောင်းခံခွင့်ရှိသည်။

ၚင်းပြင် မည္ခန္ဓိန်သည် ဦးဝင်းမြင့်နှင့်အတူ နေထိုင်ရန် ငြင်းဆန်ခဲ့သည်မှာ မှန်၏။ ယင်းကဲ့သို့ ငြင်းဆန်ခြင်းမှာ ဦးဝင်းမြင့်သည် မြိတ်တွင် အမျိုးသမီးတယောက်နှင့် အိမ်ထောင်ပြုသဖြင့် မယားငယ်နှင့် အတူ မနေလိုသောကြောင့် မည္ခန္ဓိန်က ငြင်းဆန်ခြင်း ဖြစ်ပေသည်။ ဦးဝင်းမြင့်သည် မည္ခန္ဓိန်အား မယားစရိတ် မထောက်ပံ့ဘဲ လစ်လျူရှုထားသည်မှာ ကြာမြင့်ပေပြီ။ ဦးဝင်းမြင့်၏ ရွှေနေကြီး ဦးဘိုးသာက မည္ခန္ဓိန်သည် ဦးဝင်းမြင့်ထံမှ မယားစရိတ် ရထိုက်သူ ဖြစ်ပါသည်ဟု ပင့်လင်း ရိုးသားစွာ ဝန်ခံသွားသည်။ ကျန်ုပ်ကလည်း မည္ခန္ဓိန်သည် ဦးဝင်းမြင့်ထံမှ မယားစရိတ် ရထိုက်သူတဦး ဖြစ်သည်ဟု အဆုံးအဖြတ်ပေးသည်။

ယင်းကဲ့သို့ အဆုံးအဖြတ် ပေးရလျှင် မည္ခန္ဓိန်သည် မည်သည့်အချိန်ကစ၍ မည်မျှသော ပမာဏဖြင့် ဦးဝင်းမြင့်ထံမှ ရထိုက်သည်ဟု စဉ်းစားရန် ရှိပေသည်။ မည္ခန္ဓိန် မယားစရိတ် တောင်းခံစဉ်အခါက ဦးဝင်းမြင့်၏ လစာမှာ ၂၄၅ ကျပ်ဖြစ်သည်။ ဦးဝင်းမြင့်သည် ကလေးစရိတ် တလ ၃၀ ကျပ်ကိုလည်း ထောက်ပံ့လျက်ရှိသည်။ ထိုနောက် ဦးဝင်းမြင့်သည် နောက်အိမ်ထောင်ကျသဖြင့် နောက်မယားနှင့် အတူနေရသောကြောင့် စရိတ်စက အကုန်အကျများမည်ကိုလည်း ထည့်၍ စဉ်းစားရပေသည်။ ရွှေနေကြီး ဦးဘိုးသာက ကလေးစရိတ် တလ ၃၀ ကျပ်မှာ အလွန်ပင်များပြားလှပါသည်။ ကလေးစရိတ် တောင်းစဉ် အခါက ကလေးမှာ တနှစ်ကျော် ကျော်လောက်သာလျှင် ရှိပါသည်။ ယခု မယားစရိတ်ကို မည္ခန္ဓိန် တောင်းခံသည့် **အတိုင်း** တလ ၇၅ ကျပ် ခွင့်ပြုပါက ဦးဝင်းမြင့်မှာ နောက်အိမ်ထောင်နှင့် နေရသောသူ ဖြစ်သောကြောင့် ၚင်းအတွက် များစွာ ကျန်တော့မည် မဟုတ်ပါ။ ထို့ကြောင့် တိုးပေးထားသော ကလေးစရိတ် တလ ၃၀ ကျပ်ကို ထောက်ထားခြင်းအားဖြင့် မယားစရိတ်အတွက်ကို တလ ၃၀ ပေးရန် သဘောတူပါသည်ဟု တင်ပြလေသည်။

ရွှေနေကြီး တင်ပြချက်မှာ လျော်ကန်သင့်မြတ်၍ တရားမျှတမှု ရှိသည်ဟု ယူဆသည်။ ထို့ကြောင့် ဦးဝင်းမြင့်သည် မည္ခန္ဓိန်အား တလလျှင် မယားစရိတ် ၃၀ ကျပ် **ပေးရန်** အမှုအတွက် ကုန်ကျစရိတ်မပါ အမိန့်ချမှတ်လိုက်သည်။

၁၉၆၅ မည္သို့စိန္ခ်ိန္ဦးဝင္းျမင့္။

ယခု ချမှတ်သော မယားစရိတ်ကို မည်သည့်နေ့ကစပြီး ပေးရမည်ဆိုသော အကြောင်းနှင့် ပတ်သက်၍ အထူးစဉ်းစားဘွယ် လိုသည်။ မည္သန့်စိန်သည် မယားစရိတ်ကို မူလရုံး၌ တောင်းခံသောနေ့မှာ ၁၉၆၄ ခု၊ စက်တင်ဘာလ ၁၇ ရက်နေ့ဖြစ်သည်။ ထိုနေ့မှစ၍ ဦးဝင်းမြင့်က ယခုချမှတ်သော မယားစရိတ်ကို ပေးစေဟု အမိန့်ချမှတ်လျှင် ဦးဝင်းမြင့်အဖို့ အလွန်ပင် နစ်နာစရာ အကြောင်းရှိသည်။ ဦးဝင်းမြင့်သည် ယခင်က ရုံးတော်က ချပြီးခဲ့သော ကလေးစရိတ် တလ ၃၀ ကျပ်ကို မှန်မှန်ပေးနေသည်ဟု ယူဆသည်။ ထိုအကြောင်းမျှားကို ထောက်ထား၍ ဦးဝင်းမြင့်သည် မည္သန့်စိန်အား လစဉ် မယားစရိတ် တလ ၃၅ ကျပ်ကို ဤရုံးတော်မှ ယခု စီရင်ချက် ချမှတ်သော နေ့မှစ၍ လစဉ် မှန်မှန် ပေးသွားရန် အမိန့်ချမှတ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမပြင်ဆင်မှု

တရားသူကြီး ဦးသက်ဖေ ရွှေတွင်

မမြင့်မြင့်ဝေ ပါ ၃ (ပြင်ဆင်ရန် လျှောက်ထားသူ)

နှင့်

ကိုလှဝင်း (ပြင်ဆင်ရန် လျှောက်ထားခံရသူ)*

† ၁၉၆၇

စက်တင်ဘာလ ၁၆ ရက်။

အိမ်လခကြွေးရလိုကြောင်း တရားစွဲဆိုမှု—မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၉ အရ စံငှါးခ သတ်မှတ်သည့်လက်မှတ် ပူးတွဲတင်ပြရန်လို မလို။

ဆုံးဖြတ်ချက်။ ။အိမ်ရှင်တဦးသည် အိမ်ငှါးလာကုန်ဆုံးတိုင်း **အိမ်လခ**ကို **မိမိ၏အိမ်ငှါးထံမှ** ရရန်အခွင့်အရေးရှိသည်၊ထိုအခွင့်အရေးမှာကျင့်ထုံးဆိုင်ရာသက်သာခွင့်တခုမဟုတ်ဘဲ တရားစွဲပိုင်ခွင့်နှင့် သက်ဆိုင်သည့် သက်သာခွင့် တခုဖြစ်ကြောင်း ယုံမှားဘွယ် မရှိနိုင်ပေ။ အခင်းဖြစ် ဥပစာသည် ၁၉၅၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက် နောက်ပိုင်းတွင် ဆောက်လုပ်ပြီးစီးခဲ့သည့် အဆောက်အဦတခု ဖြစ်၍၊ ၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ဂ ရက်နေ့၌ ထုတ်ပြန်ခဲ့သည့် ပြည်သူ့လုပ်ငန်းနှင့် အိမ်ယာဆောက်လုပ်ရေးဌာန၏ အမိန့်ကြော်ငြာစာ မထွက်မီ ထိုဥပစာသည် မြို့ပြဆိုင်ရာ ငါးရမ်းခ ကြီးကြပ်ရေးဥပဒေနှင့် အကျုံးဝင်ခြင်း မရှိခဲ့ပေ။ သို့အကျုံးမဝင်သည့်အလျှောက် လျှောက်ထားသူတို့သည် အိမ်ရှင်များအနေဖြင့် လျှောက်ထားခံရသူ အိမ်ငှါးထံမှ ထိုကဲ့သို့ အကျုံးမဝင်သည့် အချိန်ကာလ အတွက် ရရန်ရှိသော အိမ်လခများကို စံငှါးရမ်းခသတ်မှတ်သည့် လက်မှတ် တင်ပြခြင်းမပြုဘဲ တောင်းခံပိုင်ခွင့် ရှိပေသည်။ ပြည်သူ့လုပ်ငန်းနှင့် အိမ်ယာဆောက်လုပ်ရေးဌာနမှ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာသည် နောက်ကြောင်းပြန် အကျိုးသက်ရောက်ခြင်းမရှိဟု ဖြေဆိုရမည်ဖြစ်သည်။

ချစ်တီးနတ်ဘဏ် နှင့် **မောင်အေး**၊ ၁၉၃၈၊ ရန်ကုန်စီရင်ထုံး၊ ၄၃၀ (စုံညီခုံ)။ **ဂျန်ဝီလီယံကရီး** နှင့် **ပိုင်အိုလက်အဲလီဘက်ကရီး**၊ ၁၉၅၂၊ မြန်မာပြည်စီရင်ထုံး၊ ၅၃ (တရားလွှတ်တော်)။ **ဘားမားကော်ပိုရေးရှင်းလီမိတက်** နှင့် **ပြည်ထောင်စု**၊ ၁၉၅၃၊ မြန်မာပြည် စီရင်ထုံး၊ ၄၀၃ (တရားလွှတ်တော်)။ **ဦးကောင်းနှင့် တန်ကျင်ဟုတ်**၊ တရားရုံးချုပ်၏ ၁၉၆၄ ခုနှစ်၊ အခွင့်ထူး တရားမ အယူခံမှုအမှတ် ၁၀။ **ဒေါ်အုံးခင် နှင့် ဒေါ်အုံးကြည်**၊ တရားရုံးချုပ်၏ **၁၉၆၇** ခုနှစ်၊ တရားမ ပြင်ဆင်မှုအမှတ် ၁၃ ရည်ညွှန်းသည်။

---

* ၁၉၆၇ ခုနှစ်၊ တရားမ ပြင်ဆင်မှုအမှတ် ၄၂။

† ၁၉၆၆ ခုနှစ်၊ တရားမ စမော်ကော်မှုအမှတ် ၄၉၉ တွင်၊ ၁၉၆၇ ခုနှစ်၊ မေလ ၂၄ ရက်နေ့စွဲပါ ရန်ကုန်မြို့၊ တရားမရုံး ဒုတိယတရားသူကြီးရုံး၏ ချမှတ်သောဒီကရီကို ပြင်ဆင်မှု။

၁၉၆၇ ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဦးချိန်ဖိုး။

မြင့်မြင့်ဝေ ပါ၃ နှင့် ကိုလှဝင်း။ ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။မင်္ဂတာဩကာသတင်းဂေ(လ်)။

တရားသူကြီး ဦးသက်ဖေ။ ။လျှောက်ထားခံရသူ ကိုလှဝင်းသည်၊ ရန်ကုန်မြို့ဘောက်ထော်ရပ်၊ ဂီဘမာသာသမ်း၊ အိမ်အမှတ် ၆၉၊ အခန်းနံပါတ် ၁ ၏အရှေ့ပိုင်းကို လျှောက်ထားသူများထံမှဘာသာသျှင် အိမ်လခ ၃၅ ကျပ် နှုန်းဖြင့် ငှါးရမ်းနေထိုင်သည့် အိမ်ငှါးတဦးဖြစ်သည်။ လျှောက်ထားခံရသူသည်၊ ၁၉၆၅ ခုနှစ်၊ ဇွန်လမှစ၍ ၁၉၆၆ ခုနှစ်၊ ဩဂုတ်သကူန်အထိ အိမ်လခများကို ပေးရန်ပျက်ကွက်သဖြင့်၊ လျှောက်ထားသူများက အိမ်လခကြွေး ငွေ ၅၂၅ ကျပ် ရယူကြောင်း တရားစွဲဆိုရာ၊ ၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၉ အရ၊ စံငှါးရမ်းခသတ်မှတ်သည့် လက်မှတ်ကို ပူးတွဲတင်ပြခြင်းမရှိ၍ အသူကိုပယ်သင့်ကြောင်း ထုချေသည်။

လျှောက်ထားသူများက တရားစွဲဆိုသောအိမ်လခ ကြွေးငွေများနှင့်ပတ်သက်၍ မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေသည် အကျုံးမဝင်သဖြင့် စံငှါးရမ်းခသတ်မှတ်သည့် လက်မှတ်ကို ပူးတွဲတင်ပြရန်မလိုကြောင်း အဆိုပြုသော်လည်း၊ **ဒေါက်ချုံး**တရားသူကြီးသည် ၎င်းတို့၏အဆိုပြုချက်ကို လက်မခံဘဲ စွဲဆိုသောအမှုကို ပလပ်လိုက်သည့်အလျောက်၊ ဤပြင်ဆင်မှုပေါ် ပေါက်လာရခြင်းဖြစ်သည်။

အခင်းဖြစ်ဥပစာမှာ ၁၉၅၈ ခုနှစ်ကမှ ဆောက်လုပ်ပြီးစီးသည့် အဆောက်အဦးတခုဖြစ်သည်။ ၁၉၅၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့ နောက်ပိုင်းတွင်၊ ဆောက်လုပ်ပြီးစီးခဲ့သည့် အဆောက်အဦးများသည် မြို့ပြဆိုင်ရာငှါးရမ်းခ ကြီးကြပ်ရေးအက်ဥပဒေနှင့်အကျုံးမဝင်ဟု ၁၉၅၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့စွဲနှင့် ထုတ်ပြန်ခဲ့သည့် ဘာ့ကွာခရားနှင့် အခွန်တော်ဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၃၅ ဖြင့်ကြေငြာခဲ့သည်။ ထို့ကြောင့် အခင်းဖြစ်ဥပစာသည် မူလက မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေးဥပဒေနှင့် အကျုံးဝင်ခြင်းမရှိပေ၊ သို့ရာဘွင် အဆိုပါအမိန့်ကြော်ငြာစာကို ပြည်သူ့လုပ်ငန်းနှင့် အိမ်ယာဆောက်လုပ်ရေးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၁၀၅ ဖြင့် ၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့၌ ပယ်ဖျက်သိုက်၍၊ ထိုကဲ့သို့ပယ်ဖျက်သိုက်သည့် အမိန့်သည် နောက်ကြောင်းပြန် အကျိုးသက်ရောက်မှု ရှိ-မရှိဆိုသောပြဿနာမှာ ယခုအမှုတွင် ပေါ် ပေါက်ခဲ့ရလေသည်။

လျှောက်ထားသူတို့၏ရှေ့နေ ဦးချိန်ဖိုးက၊ အောက်ရုံးတွင်စွဲဆိုသော အိမ်လခကြွေးများမှာ ပြည်သူ့လုပ်ငန်းနှင့် အိမ်ယာဆောက်လုပ်ရေးဌာန၏ အမိန့်ကြော်ငြာစာကို ထုတ်ပြန်ခြင်းမပြုမီ ရရန်ရှိသည့် ၁၉၆၅ ခုနှစ်၊ ဇွန်လမှ ၁၉၆၆ ခုနှစ်၊

သြဂုတ်လအထိ အိမ်သခများဖြစ်သောကြောင့်၊ မြို့ပြဆိုင်ရာဌာနိးရမ်းခဥပဒေနှင့် အကျုံး မဝင်ကြောင်း၊ သို့အကျုံးမဝင်သဖြင့် ဌာနိးရမ်းခသတ်မှတ်သည့် လက်မှတ်ကိုတင်ပြရန် မလိုကြောင်း လျှောက်လဲသွားသည်။ လျှောက်ထားခံရသူ၏ရှေ့နေ မစ္စတာအော် ဂတ်စတင်းဂေး(လ်)က၊ လျှောက်ထားသူတို့သည် အိမ်လခကြေးများကို ပြည်သူ့လုပ် ငန်းနှင့် အိမ်ယာဆောက်လုပ်ရေးဌာန၏ အမိန့်ထုတ်ပြန်ပြီး နောက်ပိုင်းတွင်သာ၊ တရားစွဲဆို တောင်းခံခဲ့ခြင်းဖြစ်၍၊ မြို့ပြဆိုင်ရာ ဌာနိးရမ်းခကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၉ အရ၊ စံဌာနိးရမ်းခသတ်မှတ်သည့် လက်မှတ်တင်ပြရန် လိုအပ်ကြောင်း ချေပသွားသည်။

ဥပဒေ၊ သို့မဟုတ်၊ အမိန့်ကြော်ငြာချက်တခုခုကို ထုတ်ပြန်ရာတွင်၊ ထိုဥပဒေ၊ သို့မဟုတ် အမိန့်ကြော်ငြာချက်သည်၊ နောက်ကြောင်းပြန် အကျိုးသက်ရောက်မှု ရှိပါသလော၊ သို့တည်းမဟုတ် ထုတ်ပြန်သည့်နေ့မှစ၍သာ အကျိုးသက်ရောက်မှုရှိပါ သဖြာဆိုသည့် ပြဿနာကို စဉ်းစားသောအခါ၊ အတိအလင်းပြဋ္ဌာန်းချက်မရှိလျှင်၊ ကျင့်ထုံးဆိုင်ရာသက်သာခွင့်နှင့် ပတ်သက်ပါက၊ နောက်ကြောင်းပြန် အကျိုးသက် ရောက်သည်ဟု ကောက်ယူရမည်ဖြစ်ပြီး၊ တရားစွဲဆိုပိုင်ခွင့် (Substantive right) နှင့်စပ်ဖျဉ်းနေသည့် သက်သာခွင့်ဖြစ်ပါမူ၊ ထုတ်ပြန်သည့်နေ့မှစ၍သာ အကျိုးသက် ရောက်သည်ဟု ယူဆရမည်ဖြစ်သည်။ ဤမူမှာ ယေဘုယျစကားရပ်များ အက်ဥပဒေ ပုဒ်မ ၅ နှင့်ကိုက်ညီသည့်အပြင်၊ တရားရုံးများက အစဉ်တစိုက် လက်ခံ ကျင့်သုံးခဲ့ သည့်မူပင်ဖြစ်သည်။ **ချစ်တီးနတ်ဘာဏ် နှင့် မောင်အေး (၁)၊ ဂျန်ဝီလီယံကရီး နှင့် ဗိုင်အိုလက်အဲလီဇဘက်ကရီး (၂)၊ ဘားမားကော်ပိုရေးရှင်း လီမိတက် နှင့် ပြည်ထောင်စု (၃)၊ ဦးကောင်း နှင့် တန်ကျင်ဟုတ် (၄)**။

အိမ်ရှင်တဦးသည် အိမ်ငှါးလာကုန်ဆုံးတိုင်း၊ အိမ်လခကို မိမိ၏အိမ်ငှါးထံမှရရန် အခွင့်အရေးရှိသည်။ ထိုအခွင့်အရေးမှာ ကျင့်ထုံးဆိုင်ရာသက်သာခွင့်တခုမဟုတ်ဘဲ၊ တရားစွဲဆိုပိုင်ခွင့်နှင့်သက်ဆိုင်သည့် သက်သာခွင့်တခုဖြစ်ကြောင်း ဒုယုံမှားဘွယ်မရှိနိုင် ပေ။ ယခုအမှုတွင် အခင်းဖြစ်ဥပစာသည်၊ ၁၉၅၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက် နောက်ပိုင်းတွင် ဆောက်လုပ်ပြီးစီးခဲ့သည့် အဆောက်အဦးတခုဖြစ်၍၊ ၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ဂ ရက်နေ့၌၊ ထုတ်ပြန်ခဲ့သည့် ပြည်သူ့လုပ်ငန်းနှင့် အိမ်ယာဆောက် လုပ်ရေးဌာန၏ အမိန့်ကြော်ငြာစာမထွက်မီ၊ ထိုဥပစာသည် မြို့ပြဆိုင်ရာဌာနိးရမ်းခ

(၁) (၁၉၃၈)၊ ရန်ကုန်စီရင်ထုံး၊ ၄၃၀၊ (စုံညီခုံ)။
(၂) (၁၉၅၂)၊ မြန်မာပြည်စီရင်ထုံး၊ ၅၂၊ (တရားလွှတ်တော်)။
(၃) (၁၉၅၃)၊ မြန်မာပြည်စီရင်ထုံး၊ ၄၀၃၊ (တရားလွှတ်တော်)။
(၄) တရားရုံးခန့်ပ်၏ (၁၉၆၄) ခုနှစ်၊ အခွင့်ထူး တရားမအယူခံမှုအမှတ် ၁၀။

၁၉၆၇

မမြင့်မြင့်ဝေ
ပါ ၃
နှင့်
ကိုလှဝင်း။

ကြီးကြပ်ရေးဥပဒေနှင့် အကျုံးဝင်ခြင်းမရှိခဲ့ပေ။ သို့အကျုံးမဝင်သည့်အလျောက် လျှောက်ထားသူဘို့သည် အိမ်ရှင်များအနေဖြင့်၊ လျှောက်ထားခံရသူ အိမ်ငှါးထံမှ ထိုကဲ့သို့အကျုံးမဝင်သည့် အခွင့်အာသအတွက်၊ ရရန်ရှိသောအိမ်သခများကို စံငှါးရမ်းခ သဘ်မှတ်သည့် လက်မှတ်ဘင်ပြခြင်းမပြူဘဲ တောင်းခံပိုင်ခွင့်ရှိပေသည်။ ပြည်သူ့လုပ်ငန်းနှင့် အိမ်ယာဆောက်လုပ်ရေးဌာနမှ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာသည် နောက်ကြောင်းပြန် အကျိုးသက်ရောက်ခြင်းမရှိဟု ဖြေဆိုရမည်ဖြစ်သည်။ အလားတူပင် **ဒေါ်အုံးခင်** နှင့် **ဒေါ်အုံးကြည်** (၁) တို့အမှုဌ ပညာရှိကာရားသူကြီး ဦးစိန်သင်းက ဆုံးဖြတ်ချက်ပြုထားသည်ကို တွေ့မြင်နိုင်ပေသည်။

လျှောက်ထားခံရသူ၏ရှေ့နေကြီးက၊ **ဒေါ်အုံးခင်** နှင့် **ဒေါ်အုံးကြည်** (၁) တို့အမှုမှာ၊ ပြည်သူ့လုပ်ငန်းနှင့် အိမ်ယာဆောက်လုပ်ရေးဌာန၏ အမိန့်ကြော်ငြာစာကို ထုတ်ပြန်ခြင်းမပြုမီ စွဲဆိုခဲ့ခြင်းဖြစ်ပြီး၊ ယခုအမှုမှာမူ အဆိုပါအမိန့်ကြော်ငြာစာကို ထုတ်ပြန်ခဲ့ပြီးမှ စွဲဆိုခဲ့ခြင်းဖြစ်၍၊ ကွဲပြားခြားနားကြောင်း တင်ပြသွားသည်။ ဤတင်ပြချက်နှင့်ပတ်သက်၍ အဖြေမှာ၊ အဆိုပါအမိန့်ကြော်ငြာစာသည် နောက်ကြောင်းပြန် အကျိုးသက်ရောက်ခြင်း ရှိ-မရှိဆိုသော အချက်ပေါ်၌တည်နေပေသည်။ အမှုစွဲဆိုသောနေ့ရက်သည်၊ အဓိကမဟုတ်ခဲ့ချေ။ နောက်ကြောင်းပြန်အကျိုးသက်ရောက်မှုရှိလျှင်၊ အမိန့်ကြော်ငြာစာမထုတ်မီကပင် စွဲစွဲ၊ အမိန့်ကြော်ငြာစာထုတ်ပြီးမှစွဲစွဲ၊ မြို့ပြဆိုင်ရာဌာနရမ်းခကြီးကြပ်ရေးဥပဒေသည်အကျုံးဝင်နေမည်ဖြစ်၍၊ မည်သည့်အမှုမျိုးမှာမဆို၊ စံငှါးရမ်းခသတ်မှတ်သည့် လက်မှတ်တင်ပြမှသာ အိမ်လခကြွေးတောင်း ခံနိုင်မည်ဖြစ်သည်။ ယခုမူ ထိုအမိန့်ကြော်ငြာသည်၊ နောက်ကြောင်းပြန်အကျိုးသက်ရောက်မှုမရှိသဖြင့်၊ မည်သည့်အချိန်တွင်ပင် စွဲဆိုသင့်ကစား၊ စံငှါးရမ်းခသတ်မှတ်သည့် လက်မှတ်တင်ပြရန်မလိုပေ။

အောက်ခုံးမှကိုးကားခဲ့သည့် **ဒေါ်သောင်း** နှင့် **ဒေါ်မမကြီး** (၂) တို့စီရင်ထုံးသည် ယခုအမှုတွင် ပေါ်ပေါက်သျှက်ရှိသော အကြောင်းခြင်းရာများနှင့် တူညီခြင်းမရှိပေ။ ထိုအမှုရှိ အခင်းဖြစ်ဥပစာသည် မူလကပင် မြို့ပြဆိုင်ရာဌာနရမ်းခ ကြီးကြပ်ရေးဥပဒေနှင့် အကျုံးဝင်သည့် ဥပစာဖာခုဖြစ်၍၊ စံငှါးရမ်းခကို နောက်မှသတ်မှတ်စေကာမူ၊ ထိုစံငှါးရမ်းခနှုန်းသည် နောက်ကြောင်းပြန် အကျိုးသရောက်ကြောင်း အဆုံးအဖြတ်ပြုထားခြင်းဖြစ်သည်။ ယခုအမှုရှိ ဥပစာမှာ မူလက မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေးဥပဒေနှင့် အကျုံးမဝင်ဘဲ ပြည်သူ့လုပ်ငန်းနှင့် အိမ်ယာဆောက်လုပ်ရေး

(၁) တရားရုံးချုပ်၏ (၁၉၆၇) ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၃။

(၂) (၁၉၆၁)၊ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး၊ ၃၇ (တရားလွှတ်တော်ချုပ်)။

ဌာနမှ အမိန့်ကြော်ငြာထုတ်ပြန်သည့်၊ ၁၉၆၆ ခုနှစ်၊ စက်တင်္ဘာလ ဂ ရက်နေ့ကမှ သာ အာဏာဝင်သက်ဆိုင်လာသောကြောင့်၊ ထိုအမိန့်ကြော်ငြာ ထုတ်ပြန်ခြင်းမပြုမီ ကာလကပေးရန်ရှိသည့် အိမ်လခများကို တောင်းခံရာတွင်၊ မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေးဥပဒေပုဒ်မ ၁၉ ပါပြဋ္ဌာန်းချက်ကို လိုက်နာရန်မလိုပေ။

သို့ဖြစ်ရာ၊ စံဌါးခသတ်မှတ်သည့် လက်မှတ်တင်ပြခြင်းမရှိသည့် အကြောင်းကြောင့်၊ လျှောက်ထားသူတို့၏အမှုကို ပလပ်ခဲ့သော အောက်ရုံး၏ စီရင်ချက်နှင့် ဒီကရီတို့မှာ တရားဥပဒေအရ ချွတ်ချော်မှားယွင်းနေကြောင်း ပေါ်လွင်သဖြင့် ပယ်ဖျက်ကာ၊ လျှောက်ထားသူတို့ စွဲဆိုသည့်အတိုင်း နှစ်ဖုံးစလုံး တရားစရိတ်များနှင့်တကွ ဒီကရီ ချမှတ်ပေးလိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမ ပြင်ဆင်မှု

တရားသူကြီး ဦးသက်ဖေ ရှေ့တွင်

† ၁၉၆၇ စက်တင်္ဘာလ ၅ ရက်။

မက်ဆား(စ်) ဇော်ပုံ ပါ ဂ (ပြင်ဆင်ရန် လျှောက်ထားသူများ) နှင့် ဟာဂျီအီးအမ်အဗ္ဗဒူ ရာဟီမန် ပါ ဂ (ပြင်ဆင်ရန်လျှောက်ထားခံရသူများ)*

မြေကွက်ကို ပိုင်ဆိုင်ကြောင်း အတိအလင်း ပြဋ္ဌာန်းကျေညာပေးရန်နှင့် လက်ရောက် အပ်ပေးရန် တရားစွဲဆိုမှု—အမိန့်ကြော်ညာချက်တခုကို အဓိပ္ပါယ် ကောက်ယူခြင်း—" လုပ်ငန်းများနှင့် သက်ဆိုင်သော ရပိုင်ခွင့် အားလုံးကို ပြည်ထောင်စု မြန်မာနိုင်ငံ၏ အစိုးရလက်ဝယ်သို့ ရောက်ရှိစေရမည် " ဟုဆိုသော စကားရပ် ခေါင်းစဉ်၊ သို့မဟုတ် ဘေးရှိ ခေါင်းစီးကို ဥပဒေ၏အနက်အဓိပ္ပါယ်ကိုလမ်းညွှန်သုံးချနိုင်ခြင်း—တရားမကျင့်ထုံးအမိန့် ၁၊ နည်း ဥပဒေ ၉ အရ၊ အမှုသည်များအကြား ပေါ်ပေါက်လျက်ရှိသောပြဿနာကို ဖြေရှင်းနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။အက်ဥပဒေ၊ သို့မဟုတ် ဥပဒေသဘော သက်ရောက်သည့် အမိန့်ကျေငြာ ချက်တခုခုကို အဓိပ္ပါယ်ကောက်ယူရာတွင် ထိုဥပဒေ၊ သို့မဟုတ် အမိန့်ကျေညာချက်ရှိသော စကားရပ် တခုတည်းကိုသာ ထီးထီးဖတ်ရှု အဓိပ္ပါယ်ကောက်ယူခြင်း မပြုရပေ။ ကျန်စကားရပ်များနှင့် ဆက်စပ်ပြီး ဖတ်ရှုမှသာ အဓိပ္ပါယ် ပြည့်စုံမည်ဖြစ်သည်၊ အထက်ပါအမိန့်ကြော်ငြာစာ အပိုဒ် ၃ ၏ ပဌမစာကြောင်း " လုပ်ငန်းများနှင့် သက်ဆိုင်သော ရပိုင်ခွင့်အားလုံးကို ပြည်ထောင်စု မြန်မာနိုင်ငံ ၏ အစိုးရလက်ဝယ်သို့ ရောက်ရှိစေရမည် " ဟုဖော်ပြထားပြီး အောက်တွင်ဆက်၍ ရပိုင်ခွင့် အားလုံးဆိုသည်မှာ လုပ်ငန်း၏ မြေ၊ အဆောက်အဦ၊ ကုန်ပစ္စည်းနှင့် ပရိဘောဂတို့ဖြစ်ကြောင်း ဆက်လက်အဓိပ္ပါယ် ဖွင့်ဆိုထားသည်ကို ထောက်ရှုလျှင် လုပ်ငန်း၏ ရပိုင်ခွင့်ကိုသာလျှင် အစိုးရက ပြည်သူပိုင် ပြုလုပ်ကြောင်း ထင်ရှားသည်၊ တနည်းဆိုသော် ပြည်သူပိုင်ပြုလုပ်ခြင်း ခံရသည့် လုပ်ငန်း၏ ပိုင်ဆိုင်ခွင့်ရှိသရွေ့၊ အကျိုးခံစားခွင့် ရှိသရွေ့သာလျှင် အစိုးရလက်ဝယ်သို့ ရောက်ရှိသည်ဟု အဓိပ္ပါယ်ကောက်ယူရမည်ဖြစ်သည်။

ထို့ပြင် အဆိုပါအမိန့်ကြော်ငြာစာ အပိုဒ် ၃ ၏ဘေးရှိ အပိုဒ်ခေါင်းစဉ်တွင်လည်း " အပိုင် ပစ္စည်းများ " ဆိုသည့်စကားရပ်က အထက်ပါ အဓိပ္ပါယ် ကောက်ယူချက်မှာ မှန်ကန်ကြောင်း

---

* ၁၉၆၆ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၃၄။

† ၁၉၆၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၇၉၀ တွင်၊ ရန်ကုန်မြို့၊ တရားမရုံး တဲ့ဘက်တရားမ တရားသူကြီးချုပ် ရုံးတော်၏ ချမှတ်သောအမိန့်ကို ပြင်ဆင်မှု။

ထောက်ခံလျက်ရှိလေသည်။ ဥပဒေပါ ပုဒ်မတခုခု၏ ခေါင်းစဉ်၊ သို့မဟုတ် ဘေးရှိ ခေါင်းစီးသည် ထိုပုဒ်မ၏ တစိတ်တဒေသဖြစ်သည်ဟု မဆိုနိုင်သော်လည်း ထိုပုဒ်မ၏ အဓိပ္ပါယ်ကို ကောက်ယူရာ၌ သော့ချက်တခုအဖြစ် အသုံးပြုနိုင်ပေသည်။ ခေါင်းစဉ်၊ သို့မဟုတ် ဘေးရှိ ခေါင်းစီးသည် ဥပဒေရှိ ရှင်းလင်းပြတ်သားသည့် စကားရပ်များကို ဆန့်ကျင်၍ အဓိပ္ပါယ်ကောက်ယူခြင်း မပြုနိုင်သော်လည်း၊ ဥပဒေ၏ အနက်အဓိပ္ပါယ်ကို လမ်းညွှန်သဖွယ် အသုံးချနိုင်သည်ဆိုခြင်းမှာ ယုံမှားဘွယ်မရှိ။

သို့ဖြစ်ရာ အမှုတွင်မူလ တရားပြိုင် (ဂ)ဦး၏ဆိုင်များကို ပြည်သူပိုင်ပြုလုပ်ရာတွင် ဆိုင်တည်မြေနှင့်စပ်လျဉ်း၍ ၎င်းတို့ပိုင်ခွင့်ဆိုင်ခွင့် အကျိုးခံစားခွင့် ရှိသရွေ့သော အစိုးရလက်ဝယ်သို့ ရောက်ရှိခဲ့သည်ဟု ယူဆရမည်ဖြစ်သည်။

အေဒိုင်မန် နှင့် ဒွတ်မိုဟာမက်၊ (၁၉၅၂)၊ မြန်မာပြည်စီရင်ထုံး၊ စာ ၂၃ (တရားလွှတ်တော်) ရည်ညွှန်းသည်။

ထပ်မံဆုံးဖြတ်ခြင်း။ ။တရားလိုက အစိုးရအပေါ်တွင် သက်သာခွင့် မတောင်းလိုကြောင်း ပြောဆိုထားသဖြင့်၊ အစိုးရကို အမှုသည်အဖြစ် ထည့်သွင်းရန် လိုမည်မဟုတ်ပေ၊ အကယ်၍ အစိုးရသည် မပါလျှင်မဖြစ်သည့် အမှုသည်တယောက် ဖြစ်သည့်အလျောက် တရားလိုတောင်းဆိုသည့် သက်သာခွင့်ကို မပေးနိုင်ဟု အောက်ရုံးမှ နောက်ဆုံးတွေ့ရှိလျှင် တရားလို၏တာဝန်သာ ရှိမည်ဖြစ်သည်။ သို့ရာတွင် တရားမကျင့်ထုံးအမိန့် ၁၊ နည်းဥပဒေ ၉ အရ တရားမရုံးသည် မိမိရှေ့သို့ ရောက်ရှိသည့် အမှုသည်များအကြား ပေါ်ပေါက်လျက်ရှိသော ပြဿနာကို ဖြေရှင်းပေးနိုင်လျှင် အမှုသည်စုံလင်ခြင်း မရှိလင့်ကစား လိုအပ်သည့် ဒီကရီ မချပေးနိုင်စရာ အကြောင်းမရှိချေ။

ဇာဘိုင်ရှီဘီဂမ် နှင့် နာဇီရွှေဒင်ခန်၊ အော၊ အိုင်၊ အာ(ရှ်)(၁၉၃၅) အလာဟာဘာတ်၊ စာ ၁၁၀၊ ရည်ညွှန်းသည်။

ပြင်ဆင်ရန်လျှောက်ထားသူ၌ပြားအတွက်။ ။မစ္စတာအမ်အဆူဘာန်း။

ပြင်ဆင်ရန်လျှောက်ထားခံရသူများအတွက်။ ။ဦးလှဒေ(၁)။

တရားသူကြီး ဦးသက်ဖေ။ ။လျှောက်ထားခံရသူ (မူလတရားလို) ဟာဂျီ အီးအမ် အဗ္ဗဒူ ရာဟီမန်က လျှောက်ထားသူနှင့် ကျန် လျှောက်ထားခံရသူ (မူလရုံးတရားပြိုင်) များအပေါ်၊ ရန်ကုန်မြို့ တရားမရုံး၌၊ ရန်ကုန်မြို့ ၅၅ လမ်းနှင့် ၅၆ လမ်းကြားရှိ အသျှား ၁၃၂ ပေ၊ အနှံ ၁၀၀ ပေ ကျယ်ဝန်းသော မြေချိန် ဧရိယာဒဿမ ၃၁၃ ကေ မြေကွက်မှာ မိမိပိုင် မြေကွက်ဖြစ်ကြောင်း အတိအလင်း ပြဋ္ဌာန်း ကျေညာပေးရန်နှင့် ထိုမြေကွက်ကို လက်ရောက်အပ်ပေးရန် တရားစွဲဆိုခဲ့၏။

ဟာဂျီ အီးအမ် အဗ္ဗဒူ ရာဟီမန်က မိမိသည် ထိုမြေကွက်ကို မူလပိုင်ရှင်ထံမှ ၁၉၄၈ ခု၊ နိုဝင်ဘာလ ၂၂ ရက်နေ့စွဲပါ မှတ်ပုံတင် အရောင်းစာချုပ်ဖြင့်ငွေ ၉,၄၀၀ ကျပ်ပေး၍ ဝယ်ယူခဲ့ကြောင်း၊ အမှတ် ၁ လျှောက်ထားခံရသူသည် မိမိ၏ အခွင့်အမိန့် တစုံတရာမရှိဘဲ မြေ၏ တစိတ်တဒေသအပေါ် ဝင်ရောက်ပြီး၊ မော်တော်ကားပြင်၊ မော်တော်ကား ဆေးသုတ်သည့် အလုပ်ရုံတခု ဖွင့်လှစ်ထားကြောင်း၊မိမိအမှတ်

၁၉၆၇

မက်ဆား (စ်) ဇော်ဗျဲ့ ပါ ဂ နှင့် ဟာဂျီအီးအမ် အဗ္ဗဒူရာဟီမန် ပါ ဂ။

လျှောက်ထားသူအား မြေ၏တစိတ်တဒေသအပေါ် နေထိုင်ခွင့်ပြုခဲ့ရာ၊ ကျန်လျှောက်ထားသူနှင့် လျှောက်ထား ခံရသူတို့သည် ၎င်းအား အကြောင်းပြု၍ မြေပေါ် သို့ ဝင်ရောက် နေထိုင်ကြကြောင်း၊ ၎င်းတို့သည် အဆိုပါမြေကို စုပေါင်းဝယ်ယကာ အရောင်းစာချုပ်၌ မိမိ၏နာမည်ကို အငှါးထည့်ထားသည်ဟု ပြောဆိုနေကြသဖြင့် မိမိသည် မြေကွက်၏ ပိုင်ရှင်ဖြစ်သည်ဟု အတိအလင်း ကျေညာပေးရန်နှင့် ထိုမြေကို လက်ရောက် အပ်ပေးရန်လိုကြောင်း အဆိုပြုလာသည်။

လျှောက်ထားသူနှင့် ကျန်လျှောက်ထားခံရသူများက မိမိတို့သည် စုပေါင်း၍ အခင်းဖြစ်မြေကွက်ကို မူလပိုင်ရှင်ထံမှ တန်ဘိုးငွေ ၉,၄၀၀ ကျပ်ဖြင့် မှတ်ပုံတင် စာချုပ် ချုပ်ဆိုပြီး ဝယ်ယူခဲ့ကြောင်း၊ ထိုမှတ်ပုံတင် စာချုပ်တွင် ဝယ်သူအဖြစ်၊ ဟာဂျီ အီးအမ် အဗ္ဗဒူရာဟီမန်၏ နာမည်ကို အငှါးထည့်ထားခြင်း ဖြစ်ကြောင်း၊ အမှန်မှာ ဝယ်ယူသူသည် မိမိဘိုးသာဖြစ်ပြီး မြေကို ၁၆ စိပ်ခဲ့ဝေ၍ လက်ရောက် နေထိုင်ခဲ့ကြခြင်း ဖြစ်ကြောင်း၊ အမိုကအားဖြင့် ထုချေကြလေသည်။

အမှုကို စစ်ဆေး ကြားနာနေခိုက် ၁၉၆၄ ခု၊ မတ်လ ၂၁ ရက်နေ့တွင် နိုင်ငံတော် အစိုးရက ၁၉၆၄ ခု၊ မတ်လ ၁၉ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၃၉ ဖြင့် မူလရုံး တရားပြိုင် ဂ ဦးတို့၏ ဆိုင် ဂ ဆိုင်ကို ပြည်သူပိုင် ပြုလုပ်ခဲ့၏။ ကျန်တရားပြိုင်များ နေထိုင်ရာ ဥပစာများမှာ ပြည်သူပိုင် ပြုလုပ်ရာ၌ ပါဝင်ခြင်း မရှိပေ။ ပြည်သူပိုင် ပြုလုပ်ခြင်းခံရသော ဆိုင် ဂ ဆိုင်အနက်၊ ဂ ဆိုင်မှာ ၅၅ လမ်းဘက်တွင် ရှိပြီး၊ ကျန်တဆိုင်မှာ ၅၆ လမ်းဘက်၌ ရှိသည်။ ထိုဆိုင် ဂ ဆိုင်တို့၏ တည်ရှိရာ မြေသည် အခင်းဖြစ်မြေကွက်၏ တဝက်သာသာခန့် ရှိလေသည်။ ပြည်သူပိုင်သိမ်းပြီး နောက် ထိုဆိုင်များကို အစိုးရကလက်ရှိ ရယူပြီးလျှင် အမျိုးတူသောကုန်ပစ္စည်းများကို စုပေါင်း၍ မြေပေါ်၌ပင် ဝင်းခတ်ပြီး ထားသည်ဟု အဆိုရှိသည်။

အခင်းဖြစ်မြေမှာ ပြည်သူ့အိုးအိမ် အဇ္ဈိပိုင် အစိုးရမြေဖြစ်ပြီး အနှစ် ၉၀ ဂရုံဖြင့် ထုတ်ပေးထားသည့် အငှါးဂရုံမြေတခု ဖြစ်သည်။ ဂရုံကို ၁၉၄၄ ခုနှစ်တွင် ထုတ်ပေးခဲ့သဖြင့် ၁၉၉၄ ခုနှစ်ကျမှ ဂရုံကုန်ဆုံးမည် ဖြစ်သည်၊ ထိုဂရုံကို ယနေ့တိုင် အစိုးရက ပြန်လည် သိမ်းယူခြင်း မရှိသေးဘဲ ဟာဂျီ အီးအမ် အဗ္ဗဒူ ရာဟီမန်ကပင် မြေခွန် မြေခကို ထမ်းဆောင်လျက် ရှိသည်။ အခင်းဖြစ်မြေမှာ ဦးပိုင်တခုတည်းဖြစ်၍၊ ပြည်သူ့အိုးအိမ်၏ ခွင့်ပြုချက်မရှိဘဲ ခွဲဝေစိပ်ဖြာခြင်း မပြုနိုင်ပေ။

တရားပြိုင်များက နိုင်ငံတော် အစိုးရ၏ လုပ်ငန်းများကို ပြည်သူပိုင် ပြုလုပ်သည့် အမိန့် ကြော်ငြာအရ၊ တရားပြိုင် ဂ ဦး၏ လုပ်ငန်းနှင့် ဆိုင်တို့သည်၊ အစိုးရ၏ လက်ဝယ်သို့ ရောက်ရှိခဲ့ပြီး ဖြစ်ရာ၊ ဆိုင်များ တည်ရှိရာမြေမှာလည်းအစိုးရလက်ဝယ်သို့

ရောက်ရှိခဲ့ပြီးဖြစ်ကြောင်း၊ ထိုဆိုင်များ တည်ရှိရာမြေသည် အခင်းဖြစ် မြေကွက်၏ တစိတ်တဒေသသာ ဖြစ်သော်လည်း၊ ဦးပိုင်မှာ တခုတည်းဖြစ်ပြီး ခွဲစိပ်ထားခြင်း မရှိသည့်အလျောက်၊ ဦးပိုင်တခုလုံးသည် အစိုးရထံသို့ ပြန်လည်ရောက်ရှိခဲ့ပြီး ဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း၊ အခင်းဖြစ်မြေသည် ဂရုံမြေဖြစ်ရာ၊ ဂရုံမြေအပေါ် မြေငှါးသူ၏ အကျိုးခံစားခွင့်သည် မူလပိုင်ရှင် ဂရုံ ထုတ်ပေးသူ အစိုးရ လက်သို့ ပြန်လည် ရောက်ရှိသွားသဖြင့် ဟာဂျီ အီးအမ် အဗ္ဗဒုရာဟီမန်တွင် ထိုမြေနှင့် ပတ်သက်၍ အကျိုးခံစားခွင့် လုံးဝမရှိတော့ကြောင်း၊ ယင်းသို့ အကျိုးစံခားခွင့် မရှိလျှင် ၎င်းစွဲဆို သော အမှုကို ပလပ်ရန်သာ ရှိကြောင်း၊ အကယ်၍ အမှုကို ပလပ်ခြင်းမပြုဘဲ ဆက်လက် စစ်ဆေးပါမူ နိုင်ငံတော် အစိုးရကို တရားပြိုင်အဖြစ် ထည့်သွင်းသင့်ကြောင်း အောက်ချုံးဋ္ဌ တင်ပြခဲ့သည်။ ထိုဘင်ပြချက်များကို အောက်ရုံးမှ လက်မခံဘဲ ပယ်ချလိုက်သဖြင့် ဤပြင်ဆင်မှု ပေါ် ပေါက်လာရခြင်း ဖြစ်သည်။

ယခုအမှုတွင် စဉ်းစားရန် ပြဿနာ ၂ ရပ်မှာ (၁) အခင်းဖြစ် မြေပေါ်ရှိ မူလ တရားပြိုင် ၁၂ ဦးအနက် ဂ ဦးတို့၏ ဆိုင်များကို နိုင်ငံတော်အစိုးရက ပြည်သူပိုင် ပြုလုပ်သိုက်ခြင်းကြောင့် မူလတရားလိုသည့် ၎င်း၏အမှုကို ဆက်လက် ဆောင်ရွက်ခွင့် ရှိ မရှိနှင့် (၂) အကယ်၍ ဆက်လက်ဆောင်ရွက်ခွင့် ရှိပါက၊ နိုင်ငံတော် အစိုးရအား အမှုသည်အဖြစ် ထည့်သွင်းရန် ညွှန်ကြားသင့်-မသင့် ဆိုခြင်းပင် ဖြစ်သည်။

ပဌမ ပြဿနာနှင့် ပတ်သက်သည့် အပြေသည်၊ ရန်ကုန်နယ်နိမိတ်အတွင်းရှိ ဆိုင်၊ ပဲခူး၊ ကုန်တိုက်နှင့် ဂိုဒေါင်များကို ပြည်သူပိုင်ပြုလုပ်သည့် ၁၉၆၇ ခု၊ မတ်လ ၁၉ ရက်နေ့စွဲပါ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအဖွဲ့ ဥက္ကဋ္ဌ ရုံး၏အမိန့် ကြော်ငြာစာအမှတ် ၃၉ ၏ အပိုင်း ၁၊ အပိုဒ် ၃ ၏ အဓိပ္ပါယ် ကောက်ယူချက်အပေါ် တည်လျက်ရှိသည်၊ ထိုအပိုဒ်မှာ အောက်ပါအတိုင်း ဖြစ်သည်။

အပိုင်ပစ္စည်းများ

၃။ ။ဖော်ပြပါ လုပ်ငန်းများနှင့် သက်ဆိုင်သော ရပိုင်ခွင့် အားလုံးကို၊ ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရ၏ လက်ဝယ်သို့ရောက်ရှိစေရမည်၊ ဆိုလိုသည်မှာ—

(၁) မြေများ၊

(၂) အဆောက်အဦများ၊

(၃) ကုန်ပစ္စည်းများနှင့် သက်ဆိုင်သော ပရိဘောဂများ။

လျှောက်ထားသူ၏ တရားရုံးချုပ် ရှေ့နေကြီး မစ္စတာ ဆူဘန်းက အပိုဒ် ၃ ၌ လုပ်ငန်းနှင့် သက်ဆိုင်သည့် မြေများသည်၊ အစိုးရ၏ လက်ဝယ်သို့ ရောက်ရှိရမည်ဟု

၁၉၆၇

မက်ဆား(စ်) ဇော်ပ်ျ ပါ ဂ နှင့် ဟာဂျီအီးအမ် အဗ္ဗဒူရာဟီမန် ပါ ဂ။

ဆိုထားသဖြင့်၊ လုပငနးတည်ရှိရာ မြေသည် လုပ်ငန်းပိုင်မြေ တခု မဟုတ်ငြား သော်သည်း၊ လုပ်ငန်းနှင့် သက်ဆိုင်နေသော မြေဖြစ်၍၊ထိုမြေသည် အစိုးရလက်ဝယ်သို့ လုံးဝရောက်ရှိပြီးဖြစ်သည်ဟု အဓိပ္ပါယ် ကောက်ယူသင့်ကြောင်း တင်ပြသွားသည်။ ၎င်း၏ဘင်ပြချက်ကို လက်ခံရမည်ဆိုလျှင်၊မြေငှားချ ဖွင့်လှစ်ခဲ့သော လုပ်ငန်းတခုဖွဲ့ပြည်သူပိုင်ပြုလုပ်လျှင်၊မြေငှါးခ၏အခွင့်အရေးသာမက ထိုမြေအပေါ် အခြားပိုင်ဆိုင်ခွင့် အားလုံးမှာသည်း၊ အစိုးရသက်သို့ ရောက်ရှိပြီး၊ ပိုင်ရှင်အနေဖြင့် ၎င်း၏မြေကို အဆုံး ခံရမည်ဖြစ်သည်။ အလားတူပင် မြေပိုင်ရှင် တဦးဦးကမိမိ၏ မိတ်သင်္ဂဟများအား မြေငှါးခမယူဘဲ လုပ်ငန်းဖွင့်လှစ်ရန် ခွင့်ပြုခဲ့လျှင်လည်း၊ ပိုင်ရှင်သည် မြေကို လက်လွတ်အဆုံးခံရမည် ဖြစ်ပေသည်။ ထိုကဲ့သို့ အဓိပ္ပါယ်ကောက်ယူရမည်ဆိုလျှင်၊ တရား မျှတမှု ဆိတ်သုဉ်းမည့်အပြင်၊ အခြေအနေ ပေ့လီရှပ်ထွေးသွားရန်သာရှိသည်။

အက်ဥပဒေ၊ သို့မဟုတ် ဥပဒေသဘော သက်ရောက်သည့် အမိန့်ကျေညာချက် တခုခုကို၊ အဓိပ္ပါယ်ကောက်ယူရာတွင် ထိုဥပဒေ၊ သို့မဟုတ်အမိန့်ကျေညာချက်ရှိသော စကားရပ်တခုတည်းကိုသာ ထီးထီးဖတ်ရှု အဓိပ္ပါယ်ကောက်ယူခြင်း မပြုရပေ။ ကျန်စကားရပ်များနှင့် ဆက်စပ်ပြီး ဖတ်ရှုမှသာ အဓိပ္ပါယ် ပြည့်စုံမည် ဖြစ်သည်။ အထက်ပါ အမိန့်ကြော်ငြာစာ အပိုဒ် ၃ ၏ ပဌမစာကြောင်း၌ "လုပ်ငန်းများနှင့် သက်ဆိုင်သော ရပိုင်ခွင့် အားလုံးကို ပြည်ထောင်စု မြန်မာနိုင်ငံ၏ အစိုးရလက်ဝယ်သို့ ရောက်ရှိစေရမည်" ဟု ဖေါ်ပြထားပြီး၊ အောက်တွင် ဆက်၍ ရပိုင်ခွင့် အားလုံး ဆိုသည်မှာ လုပ်ငန်း၏ မြေ၊ အဆောက်အဦ၊ ကုန်ပစ္စည်းနှင့် ပရိဘောဂတို့ ဖြစ်ကြောင်း ဆက်လက် အဓိပ္ပါယ် ဖွင့်ဆိုထားသည်ကို ထောက်ရှုလျှင်၊ လုပ်ငန်း၏ ရပိုင်ခွင့်ကိုသာလျှင် အစိုးရက ပြည်သူပိုင်ပြုလုပ်ကြောင်း ထင်ရှားသည်။ တနည်း ဆိုသော် ပြည်သူပိုင် ပြုလုပ်ခြင်း ခံရသည့် လုပ်ငန်း၏ ပိုင်ဆိုင်ခွင့် ရှိသေးရှေ့၊ အကျိုး ခံစားခွင့် ရှိသေးသာလျှင်၊ အစိုးရလက်ငယ်သို့ ရောက်ရှိသည်ဟု အဓိပ္ပါယ်ကောက်ယူ ရမည်ဖြစ်သည်။

ထိုပြင် အဆိုပါ အမိန့်ကြော်ငြာစာ အပိုဒ် ၃ ၏ ဘေးရှိအပိုဒ်ခေါင်းစဉ်တွင်လည်း၊ "အပိုင်ပစ္စည်းများ" ဆိုသည့်စကားရပ်က အထက်ပါ အဓိပ္ပါယ် ကောက်ယူချက်မှာ မှန်ကန်ကြောင်း ထောက်ခံလျက် ရှိလေသည်။ ဥပဒေပါ ပုဒ်မ တခုခု၏ ခေါင်းစဉ်၊ သို့မဟုတ် ဘေးရှိ ခေါင်းစီးသည်၊ ထိုပုဒ်မ၏ တစိတ်တဒေသ ဖြစ်သည်ဟု မဆိုနိုင်သော်လည်း၊ ထိုပုဒ်မကို အဓိပ္ပါယ် ကောက်ယူရာ၌ သေချာ်တခု အဖြစ် အသုံးပြုနိုင်ပေသည်။ ခေါင်းစဉ်၊ သို့မဟုတ် ဘေးရှိခေါင်းစီးသည် ဥပဒေရှိ ရှင်းလင်းပြတ်သားသည့် စကားရပ်များကို ဆန့်ကျင်၍ အဓိပ္ပါယ် ကောက်ယူခြင်း မပြုနိုင်သော်လည်း၊ ဥပဒေ၏ အနက် အဓိပ္ပါယ်ကို လမ်းညွှန်သဘွယ် အသုံးချနိုင်သည်

ဆိုခြင်းမှာ ယုံမှားဘွယ်မရှိ၊ ထိုအချက်နှင့် ပတ်သက်၍ **အေဒိုင်ဗန်** နှင့် **ဒွတ်မိုဟာမက်** (၁) တို့ အမှုရှိ အောက်ပါ ဆုံးဖြတ်ချက်ကိုသာ ရည်ညွှန်းလိုပေသည်။

> "Marginal note may be referred to in aid of interpretation; though it forms no part of the section, it is of assistance inasmuch as it shows the drift of the section."

၁၉၆၇

မက်ဆား(စ်) ဇော်ပုံနှင့် ပါ ဂ နှင့် ဟာရီအီးအမ် အဗ္ဗဒရာဟီမန် ပါ ဂ။

သို့ဖြစ်ရာ ယခု အမှုတွင် မူလတရားပြိုင် ဂ ဦး၏ ဆိုင်မျှားကို ပြည်သူပိုင် ပြုလုပ်ရာတွင် ဆိုင်တည်ရာမြေနှင့် စပ်လျဉ်း၍၊ ၎င်းတို့ ပိုင်ခွင့်၊ ဆိုင်ခွင့်၊ အကျိုးခံစားခွင့်ရှိသင်္ချေသာ အစိုးရလက်ဝယ်သို့ ရောက်ရှိခဲ့သည်ဟု ယူဆရမည် ဖြစ်သည်။ မူလတရားလိုနှင့် တရားပြိုင်တို့သည် အခင်းဖြစ်မြေ အပေါ် သူပိုင်သည်၊ ငါပိုင်သည်ဟု အငြင်းပွါးလျက်ရှိသည့် အခြေခံသာ ရှိသေးသည်၊ မည်သူ၏ တင်ပြချက်မှာ မှန်ကန်သည်ဟု အမှုကို ဆုံးဖြတ်ပြီးမှသာ သိရှိနိုင်မည်ဖြစ်ရာ၊ မူလတရားပြိုင်၏ ပိုင်ခွင့်၊ ဆိုင်ခွင့်၊ အကျိုးခံစားခွင့်မှာ မည်သို့ မည်ပုံ၊ မည်ရွေ့မည်မျှ ရှိသည်ဟု ခန့်မှန်းခြင်း မပြုနိုင်ေ းသဖြင့်၊ အမှုကို ပြီးဆုံးသည်အထိ ဆက်လက် စစ်ဆေးရန်လိုသည်ဆိုသော အောက်ရုံး၏ ဆုံးဖြတ်ချက်မှာ ချွတ်ချော်မှားယွင်းသည်ဟု မဆိုနိုင်ချေ။

ဒုတိယပြဿနာဖြစ်သည့် အမှုကို ဆက်လက်စစ်ဆေးလျှင် မြန်မာနိုင်ငံအစိုးရအား အမှုသည်တဦးအဖြစ် ထည့်သွင်းသင့်သည့်ဆိုသော တင်ပြချက်နှင့် ပတ်သက်၍၊ တရားလိုက အစိုးရအပေါ်တွင် သက်သာခွင့် မတောင်းလိုကြောင်း ပြောဆိုထားသဖြင့်၊ အစိုးရကို အမှုသည်အဖြစ် ထည့်သွင်းရန် လိုမည်မဟုတ်ပေ။ အကယ်၍ အစိုးရသည် မပါလျှင် မဖြစ်သည့် အမှုသည် တယောက်ဖြစ်သည့် အလျောက်၊ တရားလိုတောင်းဆိုသည့် သက်သာခွင့်ကို မပေးနိုင်ဟု အောက်ရုံးမှ နောက်ဆုံး တွေ့ရှိလျှင် တရားလို၏ တာဝန်သာရှိမည်ဖြစ်သည်။ သို့ရာတွင် တရားမကျင့်ထုံး အမိန့် ၁၊ နည်းဥပဒေ ၉ အရ၊ တရားမရုံးသည် မိမိရှေ့သို့ ရောက်ရှိသည့်အမှုသည်များ အကြား ပေါ်ပေါက်လျက်ရှိသော ပြဿနာကို ဖြေရှင်းပေးနိုင်လျှင်၊ အမှုသည် စုံလင်ခြင်း မရှိလင့်ကစား၊ လိုအပ်သည့် ဒီကရီ မချပေးနိုင်စရာ အကြောင်းမရှိချေ။ ထိုကိစ္စနှင့် ပတ်သက်၍၊ **ဇာဘိုင်ဒီဘီဂမ်** နှင့် **နာဇီရွှေဒင်ခန်** (၂) တို့အမှုဋ္ဌ အောက်ပါအတိုင်း ဆုံးဖြတ်ထားသည်ကို တွေ့မြင်နိုင်ပေသည်။

> "The non-joinder of a necessary party cannot, by itself, be a ground for dismissing the suit, and the Court is bound

---

(၁) (၁၉၅၂) မြန်မာပြည်စီရင်ထုံး၊ စာ ၂၃ (တရားလွှတ်တော်)။

(၂) အေ၊ အိုင်၊ အာ(ရှ်)၊ (၁၉၃၅) အလာဟာဘတ်၊ စာ ၁၁၀။

၁၉၆၇

မက်ဆာ (စ်)
ဇော်ပုံ ပါ ဂ
နှင့်
ဟာဂျီအီးအမ်
အာဗဒုရဟီမန်
ပါ ဂ။

to adjudicate on the rights of the parties actually before it. A Court will refrain from passing a decree which would be ineffective and infructuous and the reason for this rule is obvious. It would be of no practical utility to the plaintiff, and be a waste paper in the sense that the relief that it purports to grant to the plaintiff cannot be vouchsafed to him because of the objection of some person who is not bound by that decree. But this rule has no application to cases in which, notwithstanding the fact that some of the persons interested in the subject-matter of the suit are not parties to the suit, the Court is in a position to pass a decree that is capable of execution and cannot be rendered nugatory at the instance of persons not made parties to the suit."

အဆက်ပါ အခြောင်းရပ်များကြောင့်၊ အောက်ရုံး၏ အမိန့်မှာ တရားဥပဒေအရ၊ အထင်အရှား မှားယွင်းချက်ချော်သည်ဟု မဆိုနိုင်၍၊ ဤပြင်ဆင်မှုကို တရားစရိတ်နှင့် တကွပလပ်သိုက်သည်၊ ရွှေနေစရိတ် ၃၄ ကျပ်သတ်မှတ်သည်။

တရားမအသေးအဖွဲမှု

တရားသူကြီး ဦးသက်ဖေ ရှေ့တွင်

မောင်ခင်မောင် (လျှောက်ထားသူ) ၁၉၆၇
စက်တင်ဘာလ
နှင့် ၉ ရက်။
ဦးမူဆာ (လျှောက်ထားခံရသူ) *

မဟာမေဒင် တရားဥပဒေတွင် သားသမီး မွေးစားခြင်းကို အသိအမှတ်ပြုမပြု—အုပ်ထိန်းသူနှင့် အုပ်ထိန်း ခံရသူများ အက်ဥပဒေပုဒ်မ ၂၅ အရ လျှောက်ထားနိုင် မထားနိုင်။

ဆုံးဖြတ်ချက်။ ။မဟာမေဒင် တရားဥပဒေတွင် သားသမီးမွေးစားခြင်းကို အသိအမှတ် မပြု သဖြင့် လျှောက်ထားသူသည် မွေးစားဖခင် အနေဖြင့် အုပ်ထိန်းရန် အခွင့်အရေးကို တောင်းဆိုခြင်း မပြုနိုင်ပေ။ သို့ရာတွင် အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများ အက်ဥပဒေပုဒ်မ ၂၅ အရ အုပ်ထိန်းသူ တဦးဖြစ်သည့် အလျောက် ထိုပုဒ်မအရ လျှောက်ထားနိုင်သည်။

လျှောက်ထားသူအတွက်။ ။ဦးသန်းမောင်။

လျှောက်ထားခံရသူအတွက်။ ။ဒေါ်ကြည်ကြည်ဝင်း။

တရားသူကြီးဦးသက်ဖေ။ ။လျှောက်ထားသူ ကိုခင်မောင် (ခေါ်) မိုဟာမက်က၊ အရွယ်မရောက်သေးသူ အသရွှန်ဘီဘီအား၊ **မိမိ၏** အုပ်ထိန်းမှု အောက်သို့ ပြန်လည်အပ်ပေးရန် လျှောက်ထားသည့်ကိစ္စဖြစ်သည်။

အသရွှန်ဘီဘီသည် ဦးကာစင် (ခံပြ ၂) နှင့် ခူရစ္စန်ဘီဘီတို့၏ သမီးဖြစ်သည်။ ၎င်းသည် ၁၉၅၃ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့တွင် မွေးဖွါးသဖြင့်၊ ယခုအခါ အသက် ၁၄ နှစ်ခန့်ရှိပြီဖြစ်သည်။ ခူရစ္စန်ဘီဘီသည် သမီးဖြစ်သူ ၃ နှစ်အရွယ်တွင် အနိစ္စရောက်သွားသည်။ ထိုကဲ့သို့ အနိစ္စရောက်ချိန်တွင်၊ ခူရစ္စန်ဘီဘီနှင့် ခင်ပွန်း ဦးကာစင်တို့သည်၊ လျှောက်ထားခံရသူ ဦးမူဆာအိမ်၌ နေထိုင်လျက် ရှိကြသည်။ ဦးမူဆာမှာ ခူရစ္စန်ဘီဘီ၏ မောင်ဖြစ်လေသည်။

ခူရစ္စန်ဘီဘီ ကွယ်လွန်ပြီးနောက်၊ ဦးကာစင်သည် အသရွှန်ဘီဘီ အား ဦးမူဆာ အိမ်၌ထားပစ်ခဲ့ပြီး၊ နောက်အိမ်ထောင်ပြုကာ သမီးဖြစ်သူ အပေါ် စိတ်ဝင်စားမှု မရှိတော့ပေ။ ဦးမူဆာသည် မော်တော်ကား မောင်းသူ တဦးဖြစ်ပြီး၊ ကလေးလည်း

* ၁၉၆၆ ခုနှစ်၊ တရားမအသေးအဖွဲမှုအမှတ် ၁၅၄။

၁၉၆၇ မောင်ခင်မောင်နှင့် ဦးမူဆာ။

များသည့်အလျောက်၊ အသရွန်ဘီဘီအား အရှည်သဖြင့် ကျေးမွေး စောင့်ရှောက်ရန် အာသီသရှိဟန် မတူပေ။ ထို့ကြောင့် အသရွန်ဘီဘီသည် အသက် ၅ နှစ်အရွယ်သို့ ရောက်သောအခါ၊ လျှောက်ထားသူ ကိုခင်မောင်နှင့် ဇနီး မလှအေးတို့ထံသို့ ရောက်သွားသည်။ ကိုခင်မောင်နှင့် မလှအေးတို့သည်သားသမီး မထွန်းကားသည့် အလျောက်၊ အသရွန်ဘီဘီအား သမီးအဖြစ် ကျေးမွေးစောင့်ရှောက်ပြုစုခဲ့ကြသည်။

၁၉၆၆ ခု၊ ဇန္နဝါရီလ ၁၀ ရက်နေ့တွင်၊ ကိုထွန်းရွှေဆိုသူက မလှအေးအပေါ် ၎င်း၏စောင်ကို ခိုးယူသည်ဟု ဦးကိုကိုကြီး (ခံပြ ၁) အမှုပြုသည့် ရပ်ကွက်ငါးဦးကော်မတီသို့ တိုင်ကြားရာ၊ ထိုကိစ္စနှင့် ပတ်သက်၍၊ ငါးဦးကော်မတီမှအသရွန်ဘီဘီအား ခေါ်ယူစစ်ဆေးမေးမြန်းပြီးနောက်၊ အသရွန်ဘီဘီမှာ ခိုးမှုတွင် သက်သေတဦးဖြစ်နေ၍၊ လျှောက်ထားသူ ကိုခင်မောင်ထံသို့ ပြန်ပို့ရန် မသင့်ဟု ယူဆကာ၊ လျှောက်ထားခံရသူ ဦးမူဆာထံသို့ ပေးအပ်ခဲ့လေသည်။

လျှောက်ထားသူ ကိုခင်မောင် က၊ အသရွန်ဘီဘီသည် အဆိုပါ ခိုးမှုနှင့် ပတ်သက်၍၊ တရားရုံး၌ အစစ်ခံပြီးဖြစ်၍၊ မိမိ၏ အုပ်ထိန်းမှု အောက်သို့ ပြန်လည် ပေးအပ်သင့်ကြောင်း အဆိုပြုလာသည်။ လျှောက်ထားခံရသူ ဦးမူဆာက၊ လျှောက်ထားသူ ကိုခင်မောင်သည် တရားဥပဒေအရ ဤလျှောက်လွှာကို လျှောက်ထားခြင်းပင် မပြုနိုင်ကြောင်း၊ အသရွန်ဘီဘီသည် အပျိုပေါက် အရွယ်ရောက်ရှိလာပြီဖြစ်၍၊ လျှောက်ထားသူ ကိုခင်မောင်၏ အုပ်ထိန်းမှု အောက်သို့ပြန်၍ မပေးသင့်ကြောင်း၊ အသရွန်ဘီဘီ၏ ကိုယ်စိတ်နှလုံး ချမ်းမြေ့သာယာမှုအတွက်၊ မိမိ၏ အုပ်ထိန်းမှု အောက်တွင် ဆက်လက်ထားသင့်ကြောင်း ချေပသွား၏။

လျှောက်ထားသူက၊ အသရွန်ဘီဘီသည် မိမိ၏ မွေးစားသမီး ဖြစ်သည်ဟု ထင်ရှားအောင်၊ နားထွင်းမင်္ဂလာ ပြုလုပ်ခဲ့ကြောင်း သက်သေများထူသွားရာ၊ ထို အချက်နှင့် ပတ်သက်၍ လျှောက်ထားခံရသူ၏ ရှေ့နေ ဒေါ်ကြည်ကြည်ဝင်းက၊ မဟာမေဒင် တရားဥပဒေတွင် သားသမီးမွေးစားခြင်းကို အသိအမှတ် မပြုသဖြင့်၊ လျှောက်ထားသူ၌ အသရွန်ဘီဘီ အပေါ် မွေးစားဖခင် အနေဖြင့်၊ အုပ်ထိန်းမှု အခွင့်အရေးမရှိကြောင်း တင်ပြသွားသည်။ မဟာမေဒင် တရားဥပဒေတွင် သားသမီး မွေးစားခြင်းကို အသအမှတ်မပြုကြောင်း၊ သုခမိန် မူလာက ၎င်း၏ မဟာမေဒင် တရားဥပဒေကျမ်း (၁) အပိုဒ် ၃၄၇ တွင် အတိအလင်း ဖော်ပြထားသဖြင့် လျှောက်ထားသူသည် အသရွန်ဘီဘီအား မွေးစားဖခင် အနေဖြင့်၊ အုပ်ထိန်းရန် အခွင့်အရေးကို တောင်းဆိုခြင်း မပြုနိုင်ပေ။

---

(၁) ၁၄ ကြိမ်မြောက် ပုံနှိပ်ခြင်း၊ စာ ၂၉၃။

သို့ရာတွင်၊ အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများ ဥပဒေပုဒ်မ ၂၅ ၌၊ အုပ်ထိန်းခံရသူတဦးဦးအား အုပ်ထိန်းသူ၏ အုပ်ထိန်းမှု အောက်မှ ထုတ်ယူသွားပါက၊ အုပ်ထိန်းခံရသူ၏ ကောင်းကျိုးကို ရွေ့ရှူပြီး၊ အုပ်ထိန်းသူ၏ အုပ်ထိန်းမှုအောက်သို့ ပြန်လည် ပေးအပ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ ထိုပုဒ်မတွင် "အုပ်ထိန်းသူ" ဆိုသော စကားရပ်နှင့် ပတ်သက်၍၊ မည်ကဲ့သို့သော အုပ်ထိန်းသူ အမျိုးအစား ဖြစ်ရမည်ဟု ဖော်ပြထားခြင်းမရှိ၊ ပုဒ်မ ၄(၂)အရ ဆိုပါလျှင်၊ သဘာဝ အုပ်ထိန်းသူ (**natural guardian**)၊လက်ရှိအုပ်ထိန်းသူ(**de facto guardian**)၊ သေတမ်းစာဖြင့်ခန့်အပ်ခဲ့သည့်အုပ်ထိန်းသူ (**testamentary guardian**)နှင့်ဂူးမှခန့်ထားသည့် အုပ်ထိန်းသူ (**guardian appointed by court**)အားလုံးကို၊ အုပ်ထိန်းသူအဖြစ်မှတ်ယူရမည် ဖြစ်သည်။ အုပ်ထိန်းသူ တဦးသည် အဆိုပါ အမျိုးအစားများ အနက်၊ မည်သည့် အမျိုးအစားနှင့်ပင် အကျုံးဝင်စေကာမူ၊ ၎င်းသည် ပုဒ်မ ၂၅ အရ အုပ်ထိန်းသူ တဦးဖြစ်သည့်အလျောက်၊ ထိုပုဒ်မအရ လျှောက်ထားနိုင်ကြောင်း ထင်ရှားသည်။ ယခုအမှုတွင် လျှောက်ထားသူသည်၊ အသရွှန်ဘီဘီ၏ လက်ရှိအုပ်ထိန်းသူ တယောက်ဖြစ်သည်ဆိုခြင်းမှာ မငြင်းနိုင်သဖြင့်၊ ပုဒ်မ ၂၅ အရ၊ ၎င်း၏ လျှောက်လွှာမှာ တရားဥပဒေနှင့် ညီညွတ်သည်ဟု ဆိုရမည်ဖြစ်သည်။

လျှောက်ထားခံရသူ၏ ရှေ့နေ ဒေါ်ကြည်ကြည်ဝင်းက၊ အသရွှန်ဘီဘီသည် ယခု အခါ အပျိုဘော်ဝင်လာပြီဖြစ်၍၊ တဝမ်းကွဲ ခဲအိုဖြစ်သည့် လျှောက်ထားသူ၏ အုပ်ထိန်းမှုအောက်သို့ ပြန်ထည့်ရန် မသင့်တော်ကြောင်း၊ မဟာမေဒင် တရားဥပဒေ အရလည်း၊ လျှောက်ထားသူသည် အသရွှန်ဘီဘီ၏ အုပ်ထိန်းသူ အဖြစ် ခန့်ထားရန် အရည်အချင်း မရှိကြောင်း၊ ထပ်လောင်းတင်ပြပါသည်။ ယခုအမှုဝင် လျှောက်ထားသူနှင့် လျှောက်ထားခံရသူများသည် ၎င်း၊ အရွယ်မရောက်သူ အသရွှန်ဘီဘီသည်၎င်း၊ မဟာမေဒင် ဘာသာဝင် မြန်မာမူဆလင်များ ဖြစ်ကြသည်။ လျှောက်ထားသူ၏ဇနီး မလှအေးသည် လျှောက်ထားခံရသူ ဦးမူဆာ၏ အစ်ကို ဦးကာဖါ၏ သမီးဖြစ်ပြီး၊ အသရွှန်ဘီဘီမှာ ဦးမူဆာ၏ အစ်မ ခူရစ္စန်ဘီဘီမှ မွေးသည့် သမီးဖြစ်၍၊ မလှအေးနှင့် အသရွှန်ဘီဘီတို့သည် ညီအစ်မတဝမ်းကွဲ တော်စပ်နေသည်။ သို့ဖြစ်ရာ၊ လျှောက်ထားသူနှင့် ဆွေမျိုးစပ်လျှင်၊ အသရွှန်ဘီဘီသည် ခယ်မဝမ်းကွဲ တော်နေသည်မှာ မှန်၏။ သို့ရာတွင်၊ လျှောက်ထားသူ အနေဖြင့်၊ အသရွှန်ဘီဘီအား၊ ခယ်မဝမ်းကွဲဖြစ်၍ အုပ်ထိန်းရန် အခွင့်အရေးရှိသည်ဟု လျှောက်ထားခြင်း မဟုတ်ဘဲ၊ အသက် ၅ နှစ်အရွယ်ကစ၍ ကျွေးမွေးစောင့်ရှောက် ပြုစုလာသည့် သမီးဖြစ်သောကြောင့်၊ ပြန်လည်အုပ်ထိန်းလိုကြောင်း အံဆိုပြုလာခြင်းသာ ဖြစ်သည်ဆိုခြင်းကို သတိချပ်ရမည် ဖြစ်သည်။ လျှောက်ထားသူသည် အရွယ်မရောက်သေးသူအား ၅

၁၉၆၇ မောင်ခင်မောင်နှင့် ဦးမူဆာ။

နှစ်သမီးအရွယ်ကစ၍၊ ဂ နှစ်တိုင်တိုင် သမီးတယောက်အနေဖြင့် အုပ်ထိန်းစောင့်ရှောက်လာခဲ့ရာ၊ ၎င်း၏အုပ်ထိန်းမှုအောက်မှ ရပ်ကွက် ငါးဦးကော်မီတီက၊ တရားရုံးတစုံတရာ၏ အမိန့်မရှိဘဲ ထုတ်ယူသွားခဲ့ခြင်း ဖြစ်သည်။ ယင်းသို့ ထုတ်ယူသွားခြင်းမှ ပြန်လည်အပ်ပေးရန် လျှောက်ထားခြင်းသာ ဖြစ်ရာ၊ အရွယ်မရောက်သေးသည့် ခယ်မအား ခဲ့အို၏ လက်သို့ မအပ်ရဆိုသည့် မဟာမေဒင် တရားဥပဒေပါပြဋ္ဌာန်းချက်နှင့် အကျုံးဝင်သည်ဟု မဆိုနိုင်ချေ။ လူမမယ် အရွယ်ကစ၍ သမီးအဖြစ် မွေးမြူလာသူ တဦးအား၊ ခြေတော်တင်ရန် စိုးရိမ်ဘွယ်ရာရှိသည်ဆိုသော တင်ပြချက်ကို ကျွန်ုပ် အနေဖြင့် လုံးဝလက်မခံနိုင်ပေ။

ထို့ပြင်၊ မဟာမေဒင် တရားဥပဒေက မည်သို့ပင် ဆိုထားစေကာမူ၊ အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများ ဥပဒေပုဒ်မ ၂၅ အရ၊ အရွယ်မရောက်သေးသူ တဦးအား အုပ်ထိန်းသူထံသို့ ပြန်လည်ပေးအပ်သင့် မသင့်ဆိုသော ပြဿနာကို စဉ်းစားရာတွင်၊ ထိုကဲ့သို့ပေးအပ်ခြင်းမှာ အရွယ်မရောက်သေးသူ၏ ကောင်းရာ ကောင်းကျိုး ဖြစ်ပါမည်လောဆိုသည့် အဖြေပေါ်၌ အဓိကထားပြီး ဆုံးဖြတ်ရမည် ဖြစ်သည်။ ယခုအမှုတွင် အရွယ်မရောက်သေးသူ အသရွန်ဘီဘီ၏ ဖခင် ဦးကာစင်မှာ အသက်ရှင်လျက်ရှိသေးသော်လည်း၊ ၎င်းသည် သမီးဖြစ်သူအား ၃ နှစ်အရွယ်လောက်ကစ၍၊ သူတပါး၏အိမ်တွင်ထားပစ်ခဲ့ကာ နောက်အိမ်ထောင်ပြုခဲ့သည်။ သမီးအပေါ် စိတ်ဝင်စားမှုလည်းမရှိခဲ့ပေ။ ထို့ကြောင့် ဖခင် ဦးကာစင် အနေဖြင့်၊ သမီးဖြစ်သူ အသရွန်ဘီဘီအပေါ် အုပ်ထိန်းရန် အခွင့်အရေး မရှိတော့ပေ။ အုပ်ထိန်းလိုကြောင်းလည်း အရေးဆိုခဲ့ခြင်းမရှိ။

လျှောက်ထားသူ ကိုခင်မောင်သည်၊ အသရွန်ဘီဘီအား လူမမယ် ၅ နှစ်သမီးအရွယ်မှစ၍၊ ဂ နှစ်တိုင်တိုင် သမီးအရင်း တယောက်ကဲ့သို့ ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့သည်ဆိုခြင်းမှာ၊ ဒေါ်မြစိန် (လိုပြ ၂)၊ မူစတာဖါ (လိုပြ ၃)၊ ဒေါ်အုံးမြ (လိုပြ ၄)၊ ဦးကျော်အုံး (လိုပြ ၅)၊ ဦးမောင်လှ (လိုပြ ၆) နှင့် မာမက်ဆာဗက် (လိုပြ ၇) တို့၏ ထွက်ချက်များအရ မငြင်းနိုင်ပေ။ လျှောက်ထားခံရသူ ဦးမူဆာ ကိုယ်တိုင်က၊ ကိုခင်မောင်သည် အသရွန်ဘီဘီအား ဂ နှစ်လုံးလုံး သမီးအရင်းကဲ့သို့ ကောင်းမွန်စွာ ထားကြောင်း ဝန်ခံသွားရသည့်အပြင်၊ အသရွန်ဘီဘီကလည်း ကိုခင်မောင်သည် မိမိအား သမီးအရင်းကဲ့သို့ မွေးမြူခဲ့ကြောင်း ထုတ်ဖော်ထွက်ဆိုခဲ့သည်။ ကိုခင်မောင်နှင့် ဇနီး မလှအေးတို့တွင် သားသမီး မထွန်းကားသဖြင့်၊ ၎င်းတို့သည် အသရွန်ဘီဘီအပေါ် ချစ်ခင်ကြင်နာယုယမှု အပြည့်အဝ ပေးကြမည်ဆိုခြင်းမှာ ယုံမှားဘွယ် မရှိနိုင်ပေ။ လျှောက်ထားခံရသူ ဦးမူဆာ အနေနှင့်မူ၊ ၎င်း၏အဆင့်အတန်းမှာ ကိုခင်မောင်နှင့် ကွာခြားခြင်း မရှိစေကာမူ၊ ၎င်းထံ၌သား

သမီး ၇ ယောက် ရှိနေသဖြင့်၊ ကိုခင်မောင်ကဲ့သို့ ချစ်ခင်ကြင်နာယုယမှု အပြည့်အဝ ပေးနိုင်စွမ်းမရှိကြောင်း အလွယ်တကူနှင့် သိနိုင်ပေသည်။

အသရွှန်ဘီဘီက၊ ငုံးသည် ကိုခင်မောင်တို့ထံသို့ ပြန်၍မလိုက်လိုကြောင်း ရုံးတွင် ဆန္ဒပြုသွားသည်။ ကိုခင်မောင်သည် မိမိအား ငို့က်နှက်တတ်၍ ပြန်မလိုက်လိုဟု အကြောင်းပြသွားသည်။ အရွယ်မရောက်သေးသူ တဦးအား မည်သူ၏ အုပ်ထိန်းမှု အောက်သို့ ပေးအပ်သင့်သည်ဆိုသော ကိစ္စကို အဆုံးအဖြတ် ပြုရာတွင်၊ အရွယ် မရောက်သေးသူ၏ လိုအင်ဆန္ဒကို ထည့်သွင်းစဉ်းစားသင့်သည်မှာ မှန်၏။ သို့ရာတွင်၊ အရွယ်မရောက်သေးသူ အနေဖြင့်၊ ယင်းသို့ ဆန္ဒပြုရာ၌ အဆိုးနှင့် အကောင်းကို ဝေဖန်ချင့်ချိန်နိုင်သည့် အသိဉာဏ်ရှိ မရှိ၊ ငင်း၏ဆန္ဒပြုချက်မှာ ငုံးအတွက်ကောင်း ကျိုးပြု မပြုဆိုသော အချက်အလက်များ အပေါ် မူတည်ရမည် ဖြစ်သည်။ ဝေဖန် ချင့်ချိန်နိုင်သည့် အသိဉာဏ်လည်း မရှိ၊ ကောင်းကျိုးကိုလည်း ခွဲခြားခြင်း မရှိပါက၊ အရွယ်မရောက်သေးသူက မည်သို့ပင် ဆန္ဒပြုခဲ့စေကာမူ၊ ငင်း၏ ကောင်းရာကောင်းကျိုး အတွက် လျစ်လျူရှုရမည်သာ ဖြစ်သည်။ ယခုအမှုတွင် အသရွှန်ဘီဘီသည်။ အဆိုးနှင့် အကောင်းကို ကောင်းစွာ ဝေဖန်ချင့်ချိန်နိုင်သည့် အသိဉာဏ် ရင့်သန်ပုံ မပေါ်ခြေ။ မိဘအနေဖြင့် သားသမီးများ လိမ္မာရေးခြားရှိအောင်၊ တခါတရံဆိုဆုံးမရင်း ရိုက်နှက် ကောင်း ရိုက်နှက်မိမည်ဖြစ်သည်။ ယင်းသို့ ရိုက်နှက်မိကာမျှဖြင့်၊ ထိုမိဘသည် သား သမီးအား အုပ်ထိန်းရန် မသင့်ဟု ဆိုနိုင်မည် မဟုတ်ပေ။ ယခုအမှုတွင် ကိုခင်မောင် သည်၊ အသရွှန်ဘီဘီအား အစဉ်သဖြင့် ရက်ရက်စက်စက် ရိုက်နှက် နှိပ်စက်လေ့ ရှိသည်ဆိုသော သက်သေ အထောက်အထားမရှိ။ အသရွှန်ဘီဘီက ငုံးအား ကိုခင်မောင်နှင့် မလှအေးတို့သည်၊ သမီးတယောက်ကဲ့သို့ ကောင်းမွန်စွာ ထား ကြောင်း ငန်ခံထားရာ၊ ကိုခင်မောင်သည် ဖခင်တယောက် အနေဖြင့်၊ တခါတရံ ရိုက်နှက်ဆုံးမခဲ့ဟန် လက္ခဏာရှိသည်။ သို့ဖြစ်ရာ အသရွှန်ဘီဘီ၏ ဆန္ဒပြုချက်မှာ၊ ဤလျှောက်လွှာ၏ အဆုံးအဖြတ်ပြုရာတွင် အလေးပေး၍ စဉ်းစားခြင်း မပြုနိုင်ပေ။

အထက်ပါ အချက်အလက်များကို ပေါင်းစပ်ကြည့်ရှုလျှင်၊ အသရွှန်ဘီဘီအား ငုံး၏ ကောင်းရာ ကောင်းကျိုးအတွက်၊ လျှောက်ထားသူ၏ အုပ်ထိန်းမှုအောက်သို့ ပြန်လည်အပ်ပေးသင့်ကြောင်း ကျွန်ုပ် ယုံကြည်ယူဆသည်။ ယင်းသို့ ယုံကြည် ယူဆသည့်အတိုင်း၊ အသရွှန်ဘီဘီအား လျှောက်ထားသူ မောင်ခင်မောင်၏ အုပ် ထိန်းမှုအောက်သို့ပြန်လည် အပ်ပေးရန် အမိန့်ချမှတ်လိုက်သည်။ လျှောက်ထားခံရသူ ဦးမူဆာသည် လျှောက်ထားသူ၏ တရားစရိတ်များကို ကျခံရမည်။ ရှေ့နေစရိတ် ၅၁ ကျပ် သတ်မှတ်သည်။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးစိန်သင်း ရှေ့တွင်

† ၁၉၆၇

စက်တင်ဘာလ ၂ ရက်။

မောင်တင်လှ (ပြင်ဆင်ရန် လျှောက်ထားသူ)

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ (ပြင်ဆင်ရန် လျှောက်ထားခံရသူ)*

ရာဇသတ်ကြီးပုဒ်မ ၄၅၇/၅၁၁ အရ၊ မူပြစ်ဒဏ်ထင်ရှား စီရင်ခြင်း—ပြစ်ဒဏ်။

ဆုံးဖြတ်ချက်။ ။ပြစ်ဒဏ်စီရင်ခြင်းနှင့် ပတ်သက်၍ တော်လှန်ရေး အစိုးရခေတ်တွင် ကျင့်သုံးနေသည့်မူတရပ်မှာ ပြစ်မှုကျူးလွန်သူများဒဏ်အား အပြုသဘောမျိုးဖြင့် တိုင်းပြည်၏အကျိုး၊ ခံရသူ၏ နောင်ရေးကို မူတည်ပြီး ပြစ်ဒဏ်သတ်မှတ်ခြင်းပင်ဖြစ်သည်။ သို့ရာတွင် တရားရုံးများသည် ပြစ်ဒဏ်သတ်မှတ်ရာ၌ ပြစ်မှုကျူးလွန်သူအား ပြုပြင်ပေးရေးကို မူဝါဒတခုအဖြစ် လက်ခံကျင့်သုံး ကြရမည်ဖြစ်သည်။ ရှည်လျားသည့် ထောင်ဒဏ် ချမှတ်ခြင်းများသည် အမှုတိုင်းအတွက် သင့်လျော်သည့် ပြစ်ဒဏ်မဟုတ်။

ပြင်ဆင်ရန် လျှောက်ထားသူ အတွက်။ ။မစ္စဘာ ဗို၊ စံစီဖိုး။

ပြင်ဆင်ရန် လျှောက်ထားခံရသူ အတွက်။ ။အစိုးရရှေ့နေကြီး ဒေါ်မြသန်းနု။

တရားသူကြီး ဦးစိန်သင်း။ ။ဘီးသင်းမြို့၊ မြို့နယ်ရာဇဝတ် တရားသူကြီးရုံး၊ ၁၉၆၇ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၇၄ တွင် လျှောက်ထားသူ မောင်တင်လှ အပေါ်၌၊ ရာဇသတ်ကြီးပုဒ်မ ၄၅၇/၅၁၁ အရ၊ မူပြစ်ထင်ရှားစီရင်၍၊ အသုပ်ကြမ်းနှင့် ထောင်ဒဏ် ၂ နှစ်တိတိ ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ မောင်တင်လှက ထို အမိန့်ကို မလေ့ကျန်သဖြင့်၊ သထုံမြို့၊ စက်ရှင်တရားသူကြီးရုံး၊ ၁၉၆၇ ခုနှစ်၊ ရာဇဝတ် အယူခံမှုအမှတ် ၄၉ တွင် လျှောက်ထားခဲ့ရာ၊ အောင်မြင်မှု မရရှိခဲ့ချေ။ ထို့ကြောင့် ယခုကျွန်ုပ်ရှေ့ရှိ ပြင်ဆင်မှု လျှောက်လွှာကို တင်သွင်းခြင်း ဖြစ်သည်။ အမှု၏ အကြောင်းခြင်းရာအတိုချုပ်မှာ အောက်ပါအတိုင်း ဖြစ်သည်။

---

* ၁၉၆၇ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၇၉ (ခ)။

† ၁၉၆၇ ခုနှစ်၊ ရာဇဝတ် အယူခံမှုအမှတ် ၄၉ တွင် ချမှတ်သော၊ ၁၉၆၇ ခုနှစ်၊ ဧပြီလ ၂၆ ရက် နေ့စွဲပါ သထုံမြို့၊ စက်ရှင်တရားသူကြီး၏ အမိန့်ကိုပြန်၍ ဆင်ခြင်မှု။

၁၉၆၇ မောင်တင်လှနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

သျှောက်ထားသူ မောင်တင်လှသည် ဘီးလင်းမြို့ရှိ ပုလဲသကြားစက်တွင်၊ လုပ်ကိုင်နေသည့် အလုပ်သမားတဦး ဖြစ်သည်။ ၁၉၆၇ ခု၊ ဖေါ်ဖော်ဝါရီလ ၁၆ ရက်နေ့ည ၈ နာရီအချိန်ခန့်တွင်၊ အချိန်မှတ် အစောင့်မှူး ဦးစိန်ဝင်း (လိုပြ ၁) သည်၊ သကြားများသိုလှောင်ထားသည့် ကိုဒေါင်မြောက်ဘက်ရှိ တံခါးမကြီးဟနေသည်ကို တွေ့ရှိရသည်။ ဦးစိန်ဝင်းသည် ကိုဒေါင်စောင့် ကိုဘအို (လိုပြ ၂) ကို ခေါ်ပြီးသွားရောက်ကြည့်ရှုသောအခါ၊ သျှောက်ထားသူ မောင်တင်လှသည် ကိုဒေါင်ထဲမှ ထွက်လာသည်ကို မြင်ရသေးသည်။ မောင်တင်လှသည် ဦးစိန်ဝင်းတို့နှင့် တွေ့လျှင် တွေ့ခြင်း၊ မိမိသည် သကြား ၃ ပိဿာ သိုချင်သဖြင့် ကိုဒေါင်ထဲသို့ဝင်၍ ခိုးယူရန်ကြံစည်ခဲ့ကြောင်းပြောပြပြီး၊ မိမိ၏ အမှားကို ခွင့်လွှတ်ပါရန် တောင်းပန်လေသည်။ သို့ရာတွင် ဦးစိန်ဝင်းတို့သည် မောင်တင်လှအား၊ ဖမ်းဆီးလိုက်ပြီး၊ ဘီးလင်း ပြည်သူ့ရဲတပ်ဖွဲ့စခန်းသို့ ပို့ကာ မူလခုံးအမှုတွဲဘွင် သက်သေခံ အမှတ် (က) အဖြစ် တင်သွင်းထားသည့် ပဌမသဘင်းပေး အစီရင်ခံချက်ကို ပေးလိုက်လေသည်။

မူလခုံးတရားသူကြီးသည် လျှောက်ထားသူ အပေါ်၌၊ ရာဇသတ်ကြီး ပုဒ်မ ၄၅၇/၅၁၁ အရ စွဲချက်တင်သွင်းခဲ့သည်။ စွဲချက်ကို တရားခံအား ရှင်းလင်းဘတ်ပြသောအခါ ၎င်းက အပြစ်ရှိကြောင်းဖြင့် ဝန်ခံခဲ့သည်။ ထို့ကြောင့် မူလခုံး တရားသူကြီးက ၎င်းအပေါ်၌ အထက်တွင် ဖေါ်ပြခဲ့သည့်အတိုင်း မှုပြစ်ထင်ရှား စီရင်၍၊ ပြစ်ဒဏ် သတ်မှတ်သိုက်ခြင်း ဖြစ်သည်။ ပြစ်ဒဏ်နှင့် ပတ်သက်၍၊ ဆင်ခြင်စဉ်းစားရာ၌၊ မူလခုံး တရားသူကြီးက တရားခံသည် သကြားများကို ခိုးရန်ကြံစည်ရာ၌ မိမိတယောက်တည်း ဖြစ်ဟန်မတူပါ။ အခြားသူများလည်း ပါနိုင်စရာ အကြောင်းရှိပါသည်။ သကြားများသည် ပြည်သူပိုင် ပစ္စည်းများ ဖြစ်ပါသည်။ တရားခံကို အစောင့်များက မတွေ့ရှိသိုက်ပါမူ၊ ၎င်းသည် သကြားအိတ်မည်မျှကို ခိုးယူမည် မသိရှိနိုင်ပါ။ ထို့ကြောင့် တရားခံအား စံပြအဖြစ် အပြစ်ပေးရန် လိုအပ်ပါသည်ဟု မိမိ၏စီရင်ချက်ဘွင် ဝေဖန်သုံးသပ်ထားသည်။ သို့ရာဘွင် ထိုအကြောင်းပြချက်များမှာ တရားသူကြီး၏ ခန့်မှန်းချက်များသာလျှင် ဖြစ်သည်။ လျှောက်ထားသူသည် သကြားကိုဒေါင်ထဲမှ မိမိဝန်ခံသကဲ့သို့ သကြား အနည်းငယ်ကိုသာလျှင် ခိုးယူရန် ကြံစည်ခြင်း မဟုတ်ဘဲ၊ သကြားအိတ်များကို၊ ခိုးယူရန် အကြံအစည် ရှိပါသည်ဟု ပေါ်လွင်စေသည့် သက်သေခံ အထောက်အထား တစုံတရာ မတွေ့ရှိကြောင်းဖြင့်လည်း သျှောက်ထားခံရသူအတွက် လိုက်ပါဆောင်ရွက်သည့် အစိုးရရှေ့နေကြီး ဒေါ်မြသန်းနု က ဝန်ခံထားသည်။ သကြားအိတ်များကို ခိုးယူရန် အလို့ငှါ အစီအစဉ်ရှိခဲ့ကြောင်း၊ ကိုဒေါင်ထဲသို့ဝင်ရောက်ရာတွင် အခြားသူများ၏ အကူအညီရရှိခဲ့ကြောင်း၊ မူလခုံးရှိ အမှုတွဲတွင် ရရှိသည့် သက်သေခံချက်များအရ မပေါ်ပေါက်ခဲ့ချေ။

ပြစ်ဒဏ်စီရင်ခြင်းနှင့် ပတ်သက်၍၊ တောသူနှန်ရေး အစိုးရ ခေတ်တွင် ကျင့်ထုံးနေသည့်မူတရပ်မှာ ပြစ်မှုကျူးလွန်သူများအား၊ အပြုသဘောမျိုးဖြင့် တိုင်းပြည်၏ အကျိုး၊ ခံရသူ၏ နောင်ရေးကို မူတည်ပြီး ပြစ်ဒဏ်သတ်မှတ်ခြင်းပင် ဖြစ်သည်။ သို့ရာဘွင် တရားရုံးများသည် ပြစ်ဒဏ် သတ်မှတ်ရာ၌၊ ပြစ်မှုကျူးလွန်သူအား ပြုပြင်ပေးရေးကို မူဝါဒတခုအဖြစ် လက်ခံကျင့်သုံးကြရမည် ဖြစ်သည်။ ရှည်လျားသည့် ထောင်ဒဏ်ချမှတ်ခြင်းများသည်၊ အမှုတိုင်းအတွက် သင့်လျော်သည့် ပြစ်ဒဏ်မဟုတ်။ ယခု ကျွန်ုပ်ရှေ့ရှိ အမှုတွင် လျောက်ထားသူ မောင်တင်လှသည် အသက် ၂၁ နှစ်မျှသာရှိသေးသည့် ငယ်ရွယ်သူ တဦးဖြစ်သည့်အပြင် ယခင်ကလည်း၊ ရာဇဝတ်မှုတစုံတရာ ကျူးလွန်ခဲ့ဘူးသူ မဟုတ်ခေါ်။ ပြစ်မှုကျူးလွန်ခဲ့ခြင်းမှာသည်း လွယ်သွယ်နှင့် ပြစ်မှုကျူးလွန်ရန် ဖန်တီးထားသည့် အခြေအနေများကြောင့် ဖြစ်ကောင်း ဖြစ်နိုင်သေသည်။ ထို့ကြောင့် ၎င်းအပေါ်၌ မူလရုံးတရားသူကြီး သတ်မှတ်ထားသည့် ပြစ်ဒဏ်သည် အနည်းငယ် ကြီးလေးသည်ဟု ထင်မြင်ယူဆသည်။

လျောက်ထားသူအပေါ်၌ ရာဇသတ်ကြီး ပုဒ်မ ၄၅၇/၅၁၁ အရ မူပြစ်ထင်ရှားစီရင်ခြင်းမှာသည်း တရားဥပဒေအရ အနည်းငယ် ချွတ်ချော်နေသည်ကို တွေ့ရှိရသည်။ မောင်တင်လှသည် ညအချိန်တွင် ပုန်းလျှိုးအိမ်ကျော်နင်းမှုကို အထမြောက်စွာ ကျူးလွန်ခဲ့ပြီးဖြစ်ရာ၊ မူပြစ်ထင်ရှား စီရင်ရာ၌ ရာဇသတ်ကြီး ပုဒ်မ ၅၁၁ နှင့် တွဲဘက်ရန်မလိုချေ။

အထက်ဖော်ပြပါ အကြောင်းများကြောင့် လျောက်ထားသူအား ရာဇသတ် ပုဒ်မ ၄၅၇ အရ ပြင်ဆင်၍ မူပြစ်ထင်ရှား စီရင်လိုက်သည်။ ၎င်းအပေါ်၌ သတ်မှတ်ထားသည့် ပြစ်ဒဏ်ကိုလည်း ၁ နှစ်သို့ လျော့ပေါ့လိုက်သည်။ ဤအမှုနှင့် ပတ်သက်၍ လျောက်ထားသူသည် မူလရုံး တရားသူကြီး စီရင်ချက် ချမှတ်သည့်နေ့အထိ ရက်ပေါင်း ၆၉ အချုပ်ခံခဲ့ရပြီးဖြစ်ရာ၊ ထိုရက်များကို ၎င်းကျခံရမည့် ထောင်ဒဏ် ၁ နှစ်မှ ထုတ်နုတ်ရမည်ဖြစ်သည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမကြီးမှု

တရားသူကြီး ဦးသက်ဖေ ရှေ့တွင်

ရမ်နာရန်ဂျန်ဒတ် (စ်)မဟာဘီပရာဆတ် (တရားလို)

နှင့်

မစ္စားဆန်တလာ (လ်) အင်ဆန်း (တရားပြိုင်)*

† ၁၉၆၇

အောက်တိုဘာ လ ၁၄ ရက်။

လျော်ကြေးငွေနှင့် အတိုးငွေ ရလိုကြောင်း စွဲဆိုမှု—ရှေနောက် မညီညွတ်သည့် ထုချေချက်များ တင်ပြခြင်း—တရားမ ကျင့်ထုံးတွင် တင်မပြရဟု အတိအလင်း တားမြစ်ထားခြင်းရှိ မရှိ—လျော်ကြေးငွေ တောင်းဆိုသည့် အမှုများတွင် တရားစွဲဆိုခြင်း မပြုမီ ကာလအတွက် ငွေတိုးခွင့်ပြုလေ့ ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။တရားပြိုင်တဦးသည် ရှေနောက် မညီညွတ်သည့် ထုချေချက်များကို တင်ပြခြင်းမပြုရဟု တရားမကျင့်ထုံးတွင် အတိအလင်း တားမြစ်ထားခြင်း မရှိပေ။ တရားပြိုင်တဦး၏ ထုချေချက်တို့သည် ရှေနောက် မညီညွတ်စေကာမူ ပဋိပက္ခ တိုးပွါးခြင်းမှ ကာကွယ်ရန်အလို့ငှါ၊ ခွင့်ပြုပြီး အထိုက်အလျောက် စဉ်းစားရခြင်းဖြစ်သည်။ ရှေနောက် မညီညွတ်သည့် ထုချေချက်တို့ကို တင်ပြခြင်းအားဖြင့် တရားပြိုင်အဘို့ အကျိုးမည်မျှ ရှိမည်ဆိုခြင်းမှာ ၎င်း၏တာဝန်သာ ဖြစ်ပေသည်။

ဘူဘန်မိုဟိနီဒါစီ နှင့် ကုမတ်တာလာဒါစီ၊ အေ၊ အိုင်၊ အာ (ရ) ၁၉၂၄ ကာလကတ္တား ၄၆၇ (၄၇၂) ရည်ညွှန်းသည်။

ထပ်မံဆုံးဖြတ်ချက်။ ။တရားလိုက တရားပြိုင်သည် လျော်ကြေးငွေအပေါ် ပဋိညာဉ် ပျက်ကွက်သည့်နေ့မှစ၍ ဒီကရီငွေကို ကြေးအကြေပေးဆောင်သည့် နေ့အထိ အတိုးငွေပေးရန် တာဝန်ရှိသည်ဟု အဆိုပြုလာသည်။ တရားလိုတဦးက တရားပြိုင် တယောက်အပေါ် ငွေဒီကရီ ရလိုကြောင်း စွဲဆိုသည့်အမှုတွင် သတ်မှတ်ထားသည့် နှုန်းအတိုင်း အတိုးပေးရန် ပဋိညာဉ်ရှိလျှင်သော်၎င်း၊ သို့တည်းမဟုတ် ဥပဒေသဘော သက်ရောက်သည့် ရောင်းဝယ်ဖေါက်ကားမှု ဧလေ့ထုံးစံအရ အတိုးပေးရန် တာဝန်ရှိလျှင်သော်၎င်း၊ သို့တည်းမဟုတ် အတိုးပေးဆောင်ရန် တရားဥပဒေ တရပ်ရပ်က အတိအလင်း ပြဋ္ဌာန်းထားလျှင်သော်၎င်း၊ တရားစွဲဆိုသည့် နေ့အထိ တရားမစွဲဆိုမီ အချိန်ကာလ အတွက်အတိုးပေးဆောင်ရန်ရုံးမှ အမိန့်ချမှတ်နိုင်မည် ဖြစ်သည်။ အဆိုပါ အင်္ဂါရပ်တခုခု မရှိပါက တရားလိုသည် တရားပြိုင်ထံမှ တရားစွဲဆိုခြင်းမပြုမီ ကာလအတွက် အတိုးငွေကို တောင်းဆိုပိုင်ခွင့် မရှိ။

● ၁၉၅၇ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၉။

ဘင်ကာနဂ် ပူမီးရထား ကုမ္ပဏီ နှင့် **ရက်တင်ဂျီရန်ဂျီ**၊အေ၊ အိုင်၊ အာ(ရှ်) ၁၉၃၈ (ပရီဗီ ကောင်စီ) ၆၇ ရည်ညွှန်းသည်။

ထို့ပြင် လျော်ကြေးငွေ တောင်းဆိုသည့် အမှုများတွင် တရားစွဲဆိုခြင်း မပြုမီ ကာလအတွက် ငွေတိုးခွင့်ပြုမည် ဆိုပါက လျော်ကြေးအပေါ် လျော်ကြေးထပ်ဆင့်ပေးသည့် အနေသို့ ဆိုက်ရောက် မည်ဖြစ်သည်။ ထို့ကြောင့် လျော်ကြေးငွေ တောင်းဆိုသည့် အမှုများ၌ တရားမစွဲဆိုမီ ကာလအတွက် ငွေတိုးခွင့်ပြုလေ့မရှိပေ။

ရတ်တင်လာ (လ်) နှင့် **ဘရီဂ် မိုဟန်**၊ အေ၊ အိုင်၊ အာ (ရှ်) ၁၉၃၁၊ ဘုံဘိုင်၊ ၃၀၆။ **ရာလီဘရားသား** နှင့် **ဘာဂဝမ်ဒတ်ဖန်း**၊ အေ၊ အိုင်၊ အာ(ရှ်)၊ ၁၉၄၅၊ လာဟို၊ ၃၅။ **အိန္ဒိယ ပြည်ထောင်စု** နှင့် **ဘီရမ်ဂျီင်ပူရီးယား**၊ အေ၊ အိုင်၊ အာ(ရှ်)၊၁၉၅၇၊ပတ္တနား၊၅၀၆ ရည်ညွှန်းသည်။

တရားလိုအတွက်။ ။မစ္စတာဂျဖါး။

တရားခံအတွက်။ ။ဦဝမ်ဟုတ်။

တရားသူကြီး ဦးသက်မေ။ ။တရားလို ရမ်နာဂျန်ဒတ်မဟာဘီ ပရာဆတ်က တရားပြိုင် မစ္စားဆန်တလာနှင့်သားများအပေါ်၊ လျော်ကြေးနှင့် အတိုးငွေ စုစုပေါင်း ၁,၃၁,၃၃၂ ကျပ် ၅၀ ပြားရလိုကြောင်း စွဲဆိုသည့်အမှုဖြစ်သည်။

ဤအမှုတွင် အငြင်းမပွါးသော အချက်မှာ၊ လွန်ခဲ့သည့် ၁၉၅၅ ခုနှစ်၊ ဒီဇင်ဘာလနှင့် ၁၉၅၆ ခုနှစ်၊ ဇန္နဝါရီလအတွင်းက၊ ရန်ကုန်မြို့တွင် တရားလိုသည် အဝယ်စာတမ်း **(Bought Notes)** သက်သေခံအမှတ် "၁" မှ "၈" တို့ကိုငှင်း "တရားပြိုင် အရောင်းစာတမ်း **(Sale Note)** သက်သေခံ "အေ-မှ အေ-၆" တို့ကိုငှင်း၊ ချုပ်ဆိုကြပြီး တောင်ကြီး ဂျုံအရောင်းအဝယ်ပြုလုပ်ကြသည်။ အရောင်းအဝယ် ပဋိညာဉ်အားလုံး ဂ ခုရှိရာ၊ ၆ ခုမှာ ၁၉၅၆ ခုနှစ်၊ ဧပြီလအတွင်း အပြီးအပြတ် ဆောင်ရွက်ကြရန်ဖြစ်ပြီး၊ ကျန် ၂ ခုအနက် တခုကို၊ ၁၉၅၆ ခုနှစ်၊ မေလတွင်ငှင်း၊ အခြားတခုကို ၁၉၅၆ ခုနှစ်၊ ဇွန်လတွင်ငှင်း အပြီးအပြတ်ဆောင်ရွက်ကြရန်ဖြစ်သည်။

သက်သေခံ "အေ မှ အေ-၅" နှင့် "၁" မှ "၆" တို့ရှိ ဧပြီလအတွင်း အပြီးအပြတ် ဆောင်ရွက်ရန်ဖြစ်သည့် ပဋိညာဉ်များအရ၊ တရားပြိုင်သည် တရားလိုသို့ တောင်ကြီး ဂျုံအိတ် ၂၅၀ တလီ၊ ၅၀၀ တလီ၊ ၅၀၀ တလီ၊ ၅၀၀ တလီ၊ ၂၅၀ တလီနှင့် ၁,၀၀၀ တလီ စုစုပေါင်း အိတ် ၃,၀၀၀ ကိုရောင်းချရန်ဖြစ်သည်။ သက်သေခံအမှတ် "၇" ရှိ မေလ အတွင်း အပြီးအပြတ်ဆောင်ရွက်ရန်ဖြစ်သည့် ပဋိညာဉ်အရ၊ တရားပြိုင်သည် တရားလို သို့ တောင်ကြီးဂျုံအိတ် ၅၀၀ ကိုရောင်းချအပ်ပေးရန် ဖြစ်ပြီး၊ သက်သေခံအမှတ် "အေ-၆" နှင့် "၈" တို့ရှိ ဇွန်လအတွင်း အပြီးအပြတ်ဆောင်ရွက်ရမည့် ပဋိညာဉ်အရ

တရားပြိုင်သည် တရားလိုသို့ အလားတူ တောင်ကြီး ဂျုံအိတ် ၁,၂၅၀ ပိုရောင်းချရန် ဖြစ်လေသည်။

ဧပြီလအပ် ဂျုံအိတ်များကို အပ်ပေးရန်အချိန်ကျရောက်လာသောအခါ၊ တရားလိုက ပဋိညာဉ်အတိုင်း ဝယ်ယူရန်အသင့်ရှိသည်ဟု အကြောင်းကြားသော်လည်း၊ တရားပြိုင်အနေဖြင့် ဂျုံအိတ်များကို အပ်ပေးခြင်းမပြုနိုင်ပေ။ ၁၉၅၆ ခုနှစ်၊ ဧပြီလတွင် ဂျုံပေါက်စျေးမှာ ပိဿာတရာလျှင် တန်ဘိုး ၁၇၅ ကျပ်ရှိနေသည်။ ၁၉၅၆ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့၌ တရားပြိုင်က ဧပြီလအပ် ဂျုံအိတ်များအတွက် အချိန်ပိဿာ တရာလျှင် ပေါက်စျေး ၁၇၅ ကျပ်ရှိသော်လည်း၊ ၁၅၀ ကျပ်နှုန်းဖြင့် တွက်ချက်၍ လျော်ကြေးပေးရန် အဆိုပြုချက်ကို၊ တရားလိုက လက်ခံလိုက်သည်။ ထိုနေ့တွင်ပင် အဆိုပါ သဘောတူညီချက်အရ၊ တရားပြိုင်သည်၊ ဧပြီလအပ် ပဋိညာဉ် ၆ ခုအနက်၊ ပဌမ ၂ ခုဖြစ်သည့် ဂျုံအိတ် ၂၅၀ နှင့် ၅၀၀ တို့အတွက် လျော်ကြေးငွေ ၂၁,၇၅၀ ကျပ်ကို တရားလိုအားပေးဆပ်ခဲ့သည်။ ကျန် ပဋိညာဉ် ၄ ခုအတွက် လျော်ကြေးငွေကိုမူ ဇွန်လကုန်အထိ အချိန်တောင်းခဲ့သည်။

၁၉၅၆ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင်၊ ကောက်ပဲသီးနှံ ကုန်သည်များအသင်းက၊ ဧပြီလအပ် ဂျုံစျေးကို ပိဿာတရာလျှင် ၁၄၅ ကျပ်နှုန်းဖြင့်ငှင်း၊ မေလအပ် ဂျုံစျေးကို ၁၄၀ ကျပ်နှုန်းဖြင့်ငှင်း၊ ဇွန်လအပ်ဂျုံစျေးကို ၁၃၅ ကျပ်နှုန်းဖြင့်ငှင်း၊ အသင်းသားများ လက်ခံကြရန် ဆုံးဖြတ်ခဲ့သည် (သက်သေခံ ဗီဇကိုကြည့်ပါ)။ တရားပြိုင်သည် ဧပြီလအပ် ပဋိညာဉ် ၄ ခုအတွက်၊ လျော်ကြေးကို ပိဿာတရာလျှင် ၁၅၀ ကျပ်နှုန်းဖြင့်ပေးရန် သဘောတူခဲ့သော်လည်း ထိုနှုန်းသည် ကောက်ပဲသီးနှံ ကုန်သည်များအသင်းက ဖြတ်ပေးသည့်နှုန်းထက် များနေသည့်အတွက်၊ မူလသဘောတူညီချက်ကို ဆန့်ကျင်ကာ တရားလိုအား လျော်ကြေးမပေးဘဲ နေခဲ့လေသည်။

တရားပြိုင်သည် မေလအပ် ဂျုံအိတ် ၅၀၀ ကို တရားလိုက ဝယ်ယူရန်အသင့်ရှိကြောင်း၊ ၁၉၅၆ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့တွင် အကြောင်းကြားသော်လည်း၊ ပေးအပ်ခြင်းမရှိခဲ့ပေ။ ဇွန်လအပ် ဂျုံအိတ် ၁,၂၅၀ အနက်၊ အိတ် ၂၅၀ ကိုသာပေးအပ်နိုင်ပြီး၊ ကျန်အိတ် ၁,၀၀၀ ကိုမူ ပေးအပ်ခြင်းခြင်းမပြုနိုင်ခဲ့ပေ။

တရားလိုက ဧပြီလအပ် ပဋိညာဉ် ၄ ခုအတွက်၊ လျော်ကြေးငွေကို ပိဿာတရာလျှင် ၁၅၀ ကျပ်နှုန်းဖြင့် တွက်ချက်ရန် ၁၉၅၅ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့က သဘောတူခဲ့သော်လည်း၊ တရားပြိုင်သည် ထိုနှုန်းဖြင့် တွက်ချက်သည့် လျော်ကြေးကို ဇွန်၄ ကုန်တွင် မပေးသဖြင့်၊ လျော်ကြေးငွေကို ပေါက်စျေးအတိုင်း ပိဿာတရာလျှင် ၁၇၅ ကျပ်နှုန်းဖြင့် ရထိုက်ကြောင်း၊ ထိုကဲ့သို့ ပေါက်စျေးနှုန်းဖြင့်တွက်ချက်လျှင်၊ တရားပြိုင်

၂၀၉၆ ရမ်နာရန်ဂျွန် ဒတ်(စ်) မဟာဘီ ပရာဆတ် နှင့် မစ္စ်ား ဆန်လာ (လ်) အင် ဆန်း။

ထံမှ လျော်ကြေးငွေ ဂဝ,၆၂၅ ကျပ်ရရန်ရှိကြောင်း။ထိုလျော်ကြေးငွေအပေါ် တရားစွဲဆိုသည့်နေ့အထိ၊ ငွေတရားကို တလတကျပ်ခွဲနှုန်းဖြင့် တွက်ချက်သော်၊ အတိုးငွေ ၁၃,၇၀၆ ကျပ် ၂၅ ပြား ရထိုက်ကြောင်း၊ မေလအပ် ဂျုံအိတ် ၅၀၀ အတွက် ပေါက်စျေးနှုန်း ၁၆၅ ကျပ်ဖြင့် တွက်ချက်လျှင် လျော်ကြေးငွေ ၁၅,၇၅၀ ကျပ်ရရန်ရှိကြောင်း။ ထိုလျော်ကြေးငွေအပေါ် တရားစွဲဆိုသည့်နေ့အထိ ငွေတရားကို တလတကျပ်ခွဲနှုန်းဖြင့်တွက်လျှင်၊ အတိုးငွေ ၂,၄၄၁ ကျပ် ၂၅ ပြားရထိုက်ကြောင်း။ ဇွန်လအပ် ဂျုံအိတ် ၁,၀၀၀ အတွက် ပေါက်စျေးနှုန်း ၁၃၅ ကျပ်ဖြင့် တွက်ချက်လျှင် လျော်ကြေးငွေ ၁၆,၅၀၀ ကျပ်ရရန်ရှိ ကြောင်း။ ထိုလျော်ကြေးငွေအပေါ် တရားစွဲဆိုသည့်နေ့အထိ ငွေတရားကို တလတကျပ်ခွဲနှုန်းဖြင့်တွက်သော်၊ အတိုးငွေ ၂,၃၀၀ ကျပ် ရထိုက်ကြောင်း။ ထိုကြောင့် တရားပြိုင်သည် လျော်ကြေးနှင့် ထိုလျော်ကြေးအပေါ် အတိုးငွေစုစုပေါင်း ၁,၃၄,၃၃၂ ကျပ် ၅၀ ပြားပေးရန်ရှိကြောင်း အဆိုပြုလာသည်။

တရားပြိုင်က၊ မိမိနှင့် တရားလိုတို့သည် အရောင်းစာတမ်း အဝယ်စာတမ်းများ ချုပ်ဆိုကာ ဂျုံအရောင်းအဝယ်ပြုလုပ်ခဲ့ကြသော်လည်း။ ယင်းသို့ ထိုစာတမ်းများကို ချုပ်ဆိုစဉ်က၊ ဂျုံပေးအပ်ရန်သော်၎င်း၊ ဂျုံဘိုးငွေ ပေးချေရန်ကိုသော်၎င်း မရည်ရွယ်ကြောင်း၊ ဇူလိုင်လအပ် ဂျုံများနှင့် ပတ်သက်၍ ဇူလိုင်ကုန်၌ ပေါက်သည့်စျေးနှုန်းနှင့် အဆိုပါ အရောင်းအဝယ်စာတမ်းပါ အရောင်းစျေးနှုန်းနှစ်ရပ် ကွာခြားသည့်ငွေကို အပေးအယူပြုလုပ်ကြရန်၊ သဘောတူညီခဲ့ကြကြောင်း၊ အလားတူပင် မေလနှင့် ဇွန်လအပ် ဂျုံများနှင့် ပတ်သက်၍လည်း၊ မေလကုန်နှင့်ဇွန်လကုန်တွင်ရှိသည့် ပေါက်စျေးနှုန်းနှင့် အရောင်းအဝယ်စာတမ်းပါအရောင်းစျေးနှုန်းတို့၏ ကွာခြားသောငွေများကို အပေးအယူပြုလုပ်ကြရန်သာရည်ရွယ်ခဲ့ခြင်း ဖြစ်ကြောင်း။ သို့ဖြစ်ရာ အဆိုပါ အရောင်းအဝယ်စာတမ်းများအရပဋိညာဉ်တို့သည် လောင်းကစားပဋိညာဉ်မျိုးသာဖြစ်ကြောင်း၊ ထိုပဋိညာဉ်များသည် ပဋိညာဉ်အက်ဥပဒေပုဒ်မ ၃၀ အရ၊ တရားမဝင် အတည်မဖြစ်ကြောင်း၊ အကယ်၍ အဆိုပါ ပဋိညာဉ်များသည် တရားဝင်၍ အတည်ဖြစ်လျှင်လည်း၊ တရားလိုသည် လျော်ကြေးငွေကို ပေါက်စျေးနှုန်းအပေါ်တွင် တွက်ချက်ခြင်းမပြုနိုင်ကြောင်း၊ ကောက်ပဲသီးနှံ ကုန်သည်များအသင်းက ဆုံးဖြတ်ခဲ့သည့် နှုန်းတို့ဖြင့်သာ တွက်ချက်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် တရားလိုသည် တရားစွဲဆိုသည့်နေ့အထိ လျော်ကြေးငွေများအပေါ် အတိုးငွေတောင်းဆိုခွင့်မရှိကြောင်း ထုချေလာလေသည်။

တရားလို၊ တရားပြိုင်တို့၏အဆိုနှင့် အချေတို့အပေါ် အောက်ပါကောက်ချက်များ အား ထုတ်နုတ်ခဲ့ရသည်။

" ၁. Are the suit contracts effected through a broker in the form of bought and sold notes unenforceable and void as wagering contracts ?

2. Is the plaintiff entitled to damages at the rate fixed by the Grain Merchants Association ?
3. Is there a custom in the wheat trade that the amount due should be settled on or before the month immediately following the due date ?
4. To what relief is any is the plaintiff entitled ? "

ကောက်ချက်အမှတ် (၁)။ ။တရားပြိုင်၏ခွေးနေ မစ္စတာ စူးမားက၊ ဤကောက်ချက်နှင့်ပတ်သက်၍ တစုံတရာသက်သေလည်း မပြလိုသည့်အပြင်၊ အထူးအထွေလည်း မပြောဆိုလိုတော့ကြောင်း၊ လျှောက်ထားခဲ့သဖြင့်၊ ကျွန်ုပ်အနေဖြင့် လေ့နှံဆွေးနွေးရန်မလိုတော့ပေ။ **ဘီတိုင်းစတိုး** နှင့် **ရမ်နာရာဂျန်ဒတ်မဟာဘီပရာဆတ်** (၁) နှင့် **မောင်သိန်းဘရားသား** နှင့် **ဘားမားပရိုဂျူထရိတ်ဒင်းကုမ္ပဏီ** (၂) တို့အမှုများတွင် အလားတူ ပဋိညာဉ်မျိုးမှာ၊ လောင်းကစားပဋိညာဉ်ဖြစ်သည်ဟု ကောက်ယူခြင်း မပြုနိုင်ကြောင်း အဆုံးအဖြတ်ပြုထားသည်ကို တွေ့မြင်နိုင်ပေသည်။

ကောက်ချက် အမှတ် (၂) နှင့် (၃) တို့ကို တပေါင်းတည်းဖြေဆိုပါအံ့၊ တရားပြိုင်သည်တရားလိုအား ၁၉၅၆ ခုနှစ်၊ ဧပြီလအပ် ဂျုံအိတ် ၂,၂၅၀ ကိုဂင်း၊ မေလအပ် ဂျုံအိတ် ၅၀၀ ကိုဂင်း၊ ဇွန်လအပ်ဂျုံအိတ် ၁,၀၀၀ ကိုဂင်း ပဋိညာဉ်ချုပ်ဆိုထားသည့် အတိုင်း ရောင်းချရန် ပျက်ကွက်ခဲ့သည်ဆိုခြင်းမှာ အငြင်းမပေါက်ချေ။ အငြင်းပွားသည့် ပြဿနာမှာ ထိုကဲ့သို့ ပဋိညာဉ်ပျက်ကွက်ခဲ့ခြင်းနှင့် ပတ်သက်၍ လျော်ကြေးငွေကို မည်သို့မည်ပုံ တွက်ချက်ရမည်ဆိုခြင်းသာဖြစ်ပေသည်။ တရားလိုက လျော်ကြေးငွေ တွက်ချက်ရာတွင်၊ ဧပြီလအပ် ဂျုံအတွက် ပေါက်စျေး ပိသာတရာလျှင် ၁၇၅ ကျပ်နှုန်းဖြင့်၎င်း၊ မေလအပ် ဂျုံအတွက်ပေါက်စျေး ၁၆၅ ကျပ်နှုန်းဖြင့်၎င်း၊ ဇွန်လအပ် ဂျုံအတွက်ပေါက်စျေး ၁၃၅ ကျပ်နှုန်းဖြင့်၎င်း ရသင့်ရထိုက်သည်ဟုဆိုလာသည်။ တရားပြိုင်ကမူ လျော်ကြေးငွေကို ကောက်ပဲသီးနှံ ကုန်သည်များအသင်း၏ ဆုံးဖြတ်ချက်အရ၊ ဧပြီလအပ် ဂျုံအတွက် **၁၄၅ ကျပ်နှုန်း**ဖြင့်၎င်း၊ မေလအပ် ဂျုံအတွက် ၁၄၀ ကျပ်နှုန်းဖြင့်၎င်း၊ ဇွန်လအပ် ဂျုံအတွက် ၁၃၅ ကျပ်နှုန်းဖြင့်၎င်း တွက်ချက်ရမည်ဟု တင်ပြလာသည်။

တရားလို၏ ခွေးနေ မစ္စတာဂျဖါးက တရားပြိုင်သည်၊ ၎င်း၏ပြင်ဆင်ချက် ချေလွှာအပိုဒ် ၁၀ ၌၊ ကောက်ပဲသီးနှံ ကုန်သည်များ အသင်းသည် ဧပြီလ၊ မေလနှင့် ဇွန်လ အပ်ဂျုံများ၏ ဈေးနှုန်းကိုသတ်မှတ်ရန် အာဏာမရှိ၍၊ ထိုသတ်မှတ်ချက်သည် တရားပြိုင်အပေါ် အတည်မဖြစ်ဟု ထုချေခဲ့သဖြင့်၊ လျော်ကြေးငွေကို ကောက်ပဲသီးနှံကုန်

(၁) တရားရုံးချုပ်၏ (၁၉၆၄) ခု၊ ပဌမအယူခံမှုအမှတ် ၆၅။
(၂) တရားရုံးချုပ်၏ (၁၉၆၅) ခု၊ ပဌမအယူခံမှုအမှတ် ၆၉။

သည်များအသင်းမှ သတ်မှတ်ခဲ့သော နှုန်းများအတိုင်း တွက်ချက်ရမည်ဟု ပြောဆိုခွင့် မရှိကြောင်း လျှောက်လဲသွားသည်။ သို့ရာတွင် တရားပြိုင်သည် ၎င်း၏ ပြင်ဆင်ချက် ချေလွှာအပိုဒ် ၂၉ နှင့် ၃၀ တို့တွင် လျော်ကြေးငွေကို ကောက်ပဲသီးနှံ ကုန်သည်များ အသင်းက သတ်မှတ်ခဲ့သည့် နှုန်းထက်ပို၍ မရနိုင်ဟု အတိအလင်း ထုချေခဲ့သဖြင့်၊ ထိုထုချေချက်အား တင်ပြခွင့် မရှိဟု မဆိုသာပေ။

တရားပြိုင်၏ ချေလွှာအပိုဒ် ၁၈ ရှိထုချေချက်နှင့် အပိုဒ် ၂၉ နှင့် ၃၀ ရှိထုချေချက် တို့မှာ ရွှေနောက်မည် ဖြစ်နေသည်မှာ မှန်၏။ သို့ရာတွင် တရားပြိုင်တဦးသည် ရွှေနောက်မည်ညွှတ်သည့် ထုချေချက်များကို တင်ပြခြင်း မပြုရဟု တရားမကျင့်ထုံးတွင် အတိအလင်း တားမြစ်ထားခြင်း မရှိပေ။ တရားပြိုင်တဦး၏ ထုချေချက်တို့သည် ရွှေနောက်မည်ညွှတ်စေကာမူ၊ ပဋိပက္ခမူ တိုးပွါးခြင်းမှ ကာကွယ်ရန်အလို့ငှါ ခွင့်ပြုပြီး အထိုက်အလျောက် စဉ်းစားရုံခြင်း ဖြစ်သည်။ ရွှေနောက်မည်ညွှတ်သည့် ထုချေ ချက်တို့ကို တင်ပြခြင်းအား ဖြင့်၊ တရားပြိုင်အဘို့ အကျိုးရှိမည် မရှိမည်ဆိုခြင်းမှာ ၎င်း၏ တာဝန်သာ ဖြစ်ပေသည်။ ယင်းကိစ္စနှင့် ပတ်သက်၍ **ဘူဘန်မိုဟိနီဒါစီ** နှင့် **ကူမတ်ဘာလာဒါစီ** (၃) တို့အမှုပါ အောက်ပါမိန့်မြွက်ချက်ကိုသာ ကျန်ုပ်ရည်ညွှန်းလို ပေသည်။

> "It may be conceded that the Code of Civil Procedure does not prohibit inconsistent pleadings and that there is nothing to prevent either party from setting up two or more inconsistent sets of material facts and claiming relief thereunder in the alternative. A plaintiff may rely upon several different rights alternatively although they may be inconsistent; so a defendant may raise by his statement of defence, without leave, as many distinct and separate, and therefore, inconsistent, defences as he may think proper."

ယခုအမှုတွင် ၁၉၅၆ ခုနှစ်၊ ဇွန်လအပ် ဂျုံစျေးနှုန်းနှင့်ပတ်သက်၍ ပေါက်စျေးနှင့် ကောက်ပဲသီးနှံ ကုန်သည်များအသင်းက ဖြတ်ထားသော စျေးနှုန်းများမှာ တူညီနေသဖြင့်၊ လျော်ကြေးငွေ တွက်ချက်ရာတွင် အငြင်းပွါးမှုမရှိ။ ဧပြီလနှင့် မေလအပ်ဂျုံ၏ပေါက် စျေးမှာ ၁၇၅ ကျပ်နှင့် ၁၆၅ ကျပ်အသီးသီး ဖြစ်ပြီး၊ ကောက်ပဲသီးနှံ ကုန်သည်အသင်း ကဖြတ်သည့် စျေးနှုန်းများမှာ ၁၄၅ ကျပ်နှင့် ၁၄၀ ကျပ်တို့ အသီးသီးဖြစ်ကြ၍၊ ဧပြီလနှင့် မေလအပ်ဂျုံများအတွက်သာ လျော်ကြေးမငွေ တွက်ချက်ရာ၌ အငြင်းပွါးလျက်ရှိပေ သည်။

---

(၃) အေ၊ အိုင်၊ အာ(ရ်)၊ (၁၉၂၄)၊ ကာလကတ္တား၊ (၄၆၇—၄၇၂)။

၁၉၆၇

ရမ်နာရန်ဂျန် ဒတ်(စ်) မဟာဘီ ပရာဆတ် နှင့် မစ္စား ဆန်တာ လာ (လ်) အင် ဆန်း။

တရားလိုနှင့် တရားပြိုင်တို့ ချုပ်ဆိုခဲ့ကြသည့် အရောင်းအဝယ် စာတမ်းများ၏ အပိုဒ် ၆ တွင် အောက်ပါအတိုင်း ဖော်ပြထားသည်။

"6. This contract is governed by the resolution terms and conditions, determined by the Grain Merchant Association."

အဆိုပါ သဘောတူချက်အရဆိုလျှင်၊ ကောက်ပဲသီးနှံ ကုန်သည်များအသင်းက ဆုံးဖြတ်သည့် စျေးနှုန်းအတိုင်း လျော်ကြေးငွေကို တွက်ချက်ရန် ရှိပေသည်။ သို့ရာတွင် တရားလိုက တရားပြိုင်သည် ကောက်ပဲသီးနှံ ကုန်သည်များအသင်းမှ ဆုံးဖြတ်ချက် ချမှတ်ခြင်း မပြုမီ၊ ၁၉၅၆ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့ကတည်းကပင်၊ ဧပြီလအပ် ဂျုံများအား ၁၅၀ ကျပ်နှုန်းဖြင့် လျော်ကြေးပေးရန် ဇွန်လကုန်အထိအချိန်တောင်းဆိုခဲ့ပြီး၊ ပျက်ကွက်သဖြင့် မူလပဋိညာဉ်အတိုင်း ပေါက်စျေးနှုန်းအပေါ် လျော်ကြေးပေးရန် တာဝန်ရှိကြောင်း၊ မေလအပ်ဂျုံများနှင့် ပတ်သက်၍လည်း တရားပြိုင်သည် ကောက်ပဲသီးနှံ ကုန်သည်များအသင်းမှ ဆုံးဖြတ်သောနှုန်းများ မထွက်မီကပင်၊ ပဋိညာဉ်ကို ချိုးဖောက်ခဲ့သဖြင့်၊ ပေါက်စျေးနှုန်းအတိုင်း လျော်ကြေးပေးရမည် ဖြစ်ကြောင်း၊ ဂျုံအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ရောင်းသူနှင့် ဝယ်သူတို့သည် ပဋိညာဉ်လ ကုန်ဆုံးပြီးနောက်၊ လဆန်း ၁၀ ရက်အတွင်း အရှုံး-အမြတ်ကို ပေးဆပ်ရှင်းလင်းရန် ဓလေ့ထုံးစံရှိကြောင်း၊ ထိုဓလေ့ထုံးစံအတိုင်း တရားပြိုင်သည်လိုက်နာခဲ့ခြင်း မရှိသဖြင့်၊ ပေါက်စျေးနှုန်းအတိုင်း လျော်ကြေးပေးရန် တာဝန်ရှိကြောင်း တင်ပြလာသည်။

ဧပြီလအပ် ဂျုံများအတွက်၊ တရားလိုသည် ပိဿာတရာလျှင် ၁၅၀ ကျပ်နှုန်းဖြင့် လျော်ကြေး တွက်ချက်ယူရန် ၁၉၅၆ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့၌ သဘောတူခဲ့ပြီး၊ တရားပြိုင်အား ဇွန်လကုန်အထိ အချိန်ပေးခဲ့သည်ဆိုခြင်းမှာ အငြင်းမပေါက်ချေ။ ထိုကဲ့သို့ အချိန်ပေးခဲ့သည့် ဇွန်လအကုန်တွင် တရားပြိုင်က လျော်ကြေးမပေးလျှင်၊ မူလပေါက်စျေးနှုန်းအတိုင်းလျော်ကြေးကိုတွက်ချက်ရမည်ဆိုသော နောက်ဆက်တွဲသဘောတူညီချက်ရှိသည်ဟုတရားလိုသည် သက်သေအထောက်အထား တင်ပြနိုင်ခဲ့ခြင်းမရှိပေ။ သို့ဖြစ်ရာဧပြီလအပ် ဂျုံများအတွက် လျော်ကြေးငွေကိုပိဿာတရာလျှင် ၁၅၀ ကျပ်နှုန်းဖြင့်တွက်ချက်ကြရန် ၁၉၅၆ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့၌သဘော တူညီခဲ့ကြသည့် နှစ်ဦးနှစ်ဘက်သဘော တူညီချက်သည် အတည်ဖြစ်လျက် ရှိသေးသည်ဟု ယူဆရမည် ဖြစ်သည်။

ဂျုံအရောင်းအဝယ်ကိစ္စတွင် ရောင်းသူနှင့် ဝယ်သူတို့သည် ပဋိညာဉ်လကုန်ဆုံးပြီးနောက်၊ လဆန်း ၁၀ ရက်အတွင်း အရှုံး-အမြတ်ကို တွက်ချက်၍ ရှင်းလင်းပေး

၁၉၆၇ ရုမ်နှင်းချန်ကျွန်း ဒဏ်(စ်) မဟာဘီ ပရာဆတ် နှင့် မစ္စွား ဆန်တလာ(လ်) အင် ဆန်း။

ဆပ်ရန် ဓလေ့ထုံးစံရှိသည်ဆိုသော အချက်နှင့်ပတ်သက်၍ တရားလိုသည် ကောကပသီးနှံ ကုန်သည်များအသင်း၏ ရွှေနေကွယ်လွန်သူမစ္စတာဘာဂျော်ဂျီ၏စာ(သက်သေခံ ဂျီ) ကို အကိုးအကားပြုသွား၏။ ထိုစာအရ အဆိုပါ ဓလေ့ထုံးစံရှိသည်ဟု ဆိုစေကာမူ၊ ၎င်းဓလေ့ထုံးစံကို လိုက်နာခြင်း မရှိပါက၊ လိုက်နာခြင်း မရှိသူသည် မည်သို့မည်ပုံ အနစ်နာ ခံရမည်ဆိုသော အချက်နှင့်ပတ်သက်၍ အထောက်အထား လုံးဝမရှိ၊ သို့ဖြစ်ရာ အဆိုပါ ဓလေ့ထုံးစံကို လိုက်နာရန် ပျက်ကွက်ကာမျှဖြင့် တရားပြိုင်သည် ပြီလအပ်ဂုံးများအတွက် လျော်ကြေးငွေကို ပေါက်စေးနှုန်းဖြင့် တွက်ချက်ပေးရန် တာဝန်ကျရောက်ခဲ့သည်ဟု မဆိုနိုင်။

၎င်းပြင်၊ ကောက်ပဲသီးနှံ ကုန်သည်များအသင်းက ဧပြီလ၊ မေလနှင့် ဇွန်လ ဂုံးစေ့နှုန်းများကို ၁၉၅၆ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့ကျမှ သတ်မှတ်ခဲ့သည်။ ထိုကဲ့သို့ သတ်မှတ်ခြင်းမပြုမီ၊ ၁၉၅၆ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့ကပင်၊ တရားလိုနှင့် တရားပြိုင်တို့သည်ပြီ လဂုံးကို ပိဿာတရာလျှင် ၁၅၀ ကျပ်နှုန်းဖြင့် လျော်ကြေးတွက်ချက်ကြရန် သဘောတူညီပြီး ဖြစ်၍၊ ထိုပြီလအပ်ဂုံးနှင့်ပတ်သက်၍ ကောက်ပဲသီးနှံကုန်သည်များအသင်းက သတ်မှတ်သောနှုန်းသည် အကျုံးမဝင်တော့ချေ။

မေလအပ်ဂုံးနှင့်ပတ်သက်၍၊တရားပြိုင်က ကောက်ပဲသီးနှံကုန်သည်များ အသင်းမှ သတ်မှတ်သည့် စျေးအတိုင်း ၁၄၅ ကျပ်နှုန်းဖြင့်တွက်ချက်ကာ လျော်ကြေးငွေ ၇,၂၅၀ ကျပ်တန် ချက်လက်မှတ်ကို ၁၉၅၆ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့တွင် သက်သေခံ "အမ်" စာဖြင့် ပေးပို့ခဲ့၏။ တရားလိုသည် ထိုချက်လက်မှတ်ကို လက်ခံခဲ့သည်။ ၁၉၅၆ ခုနှစ်၊ စက်တင်္ဘာလ ၆ ရက်နေ့စွဲပါ သက်သေခံ "ပီ" စာအရ၊ ထိုကဲ့သို့ လက်ခံခဲ့ကြောင်းကို တရားလိုသည် ငြင်းဆိုခြင်း မပြုနိုင်ပေ။ အဆိုပါ ချက်လက်မှတ်အား၊ သက်ဆိုင်ရာ ဘဏ်မှ လက်မခံသည့်အတွက် မေလအပ်ဂုံးနှင့်ပတ်သက်၍ ပြဿနာပေါ် နေခြင်းသာ ဖြစ်သည်။ ထို့ပြင်၊ ကောက်ပဲသီးနှံ ကုန်သည်များအသင်း၏ အသင်းဝင်များ ဖြစ်ကြသည့် တရားလိုနှင့် တရားပြိုင်တို့သည်၊ မူလအရောင်းအဝယ်စာတမ်းများအရ၊ အသင်း၏ ဆုံးဖြတ်ချက်ကို လိုက်နာကြရန် တာဝန်ရှိသည်။ ထိုတာဝန်အရ ဆိုလျှင်လည်း တရားလိုသည် မေလအပ်ဂုံးအတွက် ၁၄၀ ကျပ်နှုန်းဖြင့်သာ လျော်ကြေးငွေကို တောင်းဆိုနိုင်မည်ဖြစ်သည်။

အထက်ပါ အကြောင်းရပ်များကြောင့်၊ တရားပြိုင်သည် ပြီလအပ်ဂုံးနှင့် ပတ်သက်၍ လျော်ကြေးငွေကို ပိဿာတရာလျှင် ၁၅၀ ကျပ်နှုန်းဖြင့်ငင်း၊ မေလအပ်ဂုံးအတွက် လျော်ကြေးငွေကို ၁၄၀ ကျပ်နှုန်းဖြင့်ငင်း၊ ဇွန်လအပ်ဂုံးနှင့် ပတ်သက်၍ လျော်

ကြေးငွေကို ၁၃၅ ကျပ်နှုန်းဖြင့်ငှင်း တွက်ချက်၍ တရားလိုအားပေးရန်သာ တာဝန်ရှိသည်ဟု ကျွန်ုပ်ဖြေဆိုလိုက်သည်။

၁၉၆၇ ရမ်နှ ၁ရန်ဂျန် ဒတ်(စ်) မဟာဘီ ဧရာဝတီ နှင့် မစ္စား ဆန်တာလာ (လ) အင် ဆန်း။

တရားလိုကတရားပြိုင်သည်လျော်ကြေးငွေအပေါ် ပဋိညာဉ်ပျက်ကွက်သည့်နေ့မှစ၍ ဒီကရီငွေကိုအကြေပေးဆောင်သည့် နေ့အထိ၊ အတိုးငွေပေးရန် တာဝန်ရှိသည်ဟု အဆိုပြုလာသည်။ တရားလိုတဦးက တရားပြိုင် တယောက်အပေါ် ငွေဒီကရီရလိုကြောင်းစွဲဆိုသည့်အမှုတွင်သတ်မှတ်ထားသည့်နှုန်းအတိုင်းအတိုးပေးရန်ပဋိညာဉ်ရှိလျှင်သော်ငင်း၊ သို့တည်းမဟုတ် ဥပဒေသဘော သက်ရောက်သည့် ရောင်းဝယ်ဖေါက်ကားမှု ဓလေ့ထုံးစံအရ အတိုးပေးရန် တာဝန်ရှိလျှင်သော်ငင်း၊ သို့တည်းမဟုတ် အတိုးပေးဆောင်ရန် တရားဥပဒေတရပ်ရပ်က အတိအလင်းပြဋ္ဌာန်းထားလျှင်သော်ငင်း၊ တရားစွဲဆိုသည့်နေ့အထိ တရားမစွဲဆိုမီ အချိန်ကာလအတွက် အတိုးပေးဆောင်ရန် ရုံးမှ အမိန့်ချမှတ်နိုင်မည်ဖြစ်သည်။ အဆိုပါ အင်္ဂါရပ် တခုခုမရှိပါက၊ တရားလိုသည် တရားပြိုင်ထံမှ တရားစွဲခြင်း မပြုမီကာလအတွက်၊ အတိုးငွေကို တောင်းဆိုပိုင်ခွင့် မရှိ။ **ဘင်ကာနက်ပူမီးရထားကုမ္ပဏီ** နှင့် **ရက်တင်ဂျီရမ်ဂျီ** (၄) ။ထို့ပြင်၊ လျော်ကြေးငွေ တောင်းဆိုသည့်အမှုများတွင် တရားစွဲဆိုခြင်း မပြုမီကာလအတွက်၊ ငွေတိုး ခွင့်ပြုမည်ဆိုပါက၊ လျော်ကြေးအပေါ် လျော်ကြေးထပ်ဆင့်ပေးသည့်အနေသို့ ဆိုက်ရောက်မည် ဖြစ်သည်။ ထို့ကြောင့်၊ လျော်ကြေးငွေ တောင်းဆိုသည့် အမှုများ၌ တရားမစွဲဆိုမီကာလအတွက် ငွေတိုး ခွင့်ပြုလေ့မရှိပေ။ **ရတ်တင်လာ(လ်)** နှင့် **ဘရိဂ်မိုဟန်** (၅)။ **ရာလီဘရားသား** နှင့် **ဘာဂဝမ်ဒတ်ဖန်း**(၆)၊ **အိန္ဒိယပြည်ထောင်စု** နှင့် **ဘိရမ်ဂျီင်ပူရီးယား** (၇)။ သို့ပါ၍ ပဋိညာဉ်ချိုးဖေါက်သည့်နေ့မှ တရားစွဲဆိုသည့်နေ့အထိ တရားလို တောင်းဆိုသော အတိုးငွေကို ခွင့်မပြုနိုင်။

တရားစွဲဆိုပြီး နောက်ပိုင်းကာလအတွက် အတိုးငွေပေးသင့် မပေးသင့်ဆိုသည့် ပြဿနာကို၊ တရားမကျင့်ထုံး ပုဒ်မ ၃၄ အရ စဉ်းစားဆုံးဖြတ်ရန်၊ ဤရုံး၌ အာဏာရှိသည်ဆိုခြင်းကို မငြင်းနိုင်ပေ။ တရားပြိုင်သည် အရောင်းအဝယ် စာတမ်းများ ချုပ်ဆို ကာ၊ သဘောတူညီခဲ့သည့် ပဋိညာဉ်များအရ ပေးရန်ရှိသည့် လျော်ကြေးများကို အကြောင်းအမျိုးမျိုး ပြပြီး၊ ၁၉၅၇ ခုနှစ်မှ ယနေ့အထိ ဆယ်နှစ် ဆယ်မိုးတိုင်တိုင်

---

(၄) အေ၊ အိုင်၊ အာ(ရ်)၊ (၁၉၃၈)၊ ပရီဗီကောင်စီ၊ ၆၇။

(၅) အေ၊ အိုင်၊ အာ(ရ်)၊ (၁၉၃၁)၊ ဘုံဘိုင်၊ ၃၀၆။

(၆) အေ၊ အိုင်၊ အာ(ရ်)၊ (၁၉၄၅)၊ လာဟိုး၊ ၃၅။

(၇) အေ၊ အိုင်၊ အာ(ရ်)၊ (၁၉၅၇)၊ ပတ္တနာ၊ ၅၀၆။

ဘဏ်ငှေ့

ရမ်နာရန်ဂျန် ဒုတ်(စ်) မဟာဘီ ပရာဆတ် နှင့် မစ္စား ဆန်တလာ(လ်) အင်ဆန်း။

ပေးဆပ်ခြင်း မပြုဘဲ၊ အချိန်ဆွဲခဲ့သည့်အလျောက်၊ ၎င်းအပေါ် တရားစွဲဆိုပြီး နောက်ပိုင်းအတွက်၊ ရုံးနှုန်းအတိုင်း အတိုးငွေ ပေးဆောင် စေသင့်သည်ဟု ယူဆသည်။

အထက်ပါ အကြောင်းရပ်များကြောင့်၊ တရားပြိုင်အပေါ်၊ ဧပြီလအပ်ံုးအတွက် လျော်ကြေးငွေ ၂,၀၂,၅၀၀ ကျပ်၊ ၁,၅၅,၆၂၅ ကျပ်၊ ၄၆,၇၅၅ ကျပ်၊ မေလအပ်ံုး အတွက် လျော်ကြေးငွေ ဂ,၂၅၀ ကျပ်၊ ဇွန်လအပ် ံုးအတွက် လျော်ကြေးငွေ ၁၆,၅၀၀ ကျပ်၊စုစုပေါင်း လျော်ကြေးငွေ ၇၁,၆၂၅ ကျပ်ကို အချိုးကျ တရားစရိတ်များနှင့်တကွ ဒီကရီချပေးလိုက်သည်။ ထိုငွေအပေါ် တရားပြိုင်သည် ဤအမှုကို စွဲဆိုသည့် ၁၉၅၇ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့မှစ၍ ဒီကရီငွေကို အကြေပေးဆောင်သည့်နေ့အထိ ငွေတရား လျှင် တနှစ် ၉ ကျပ်နှုန်းဖြင့် အတိုးငွေကိုလည်း ပေးဆောင်ရမည်ဖြစ်သည်။

နိုင်ငံတော်တရားရုံးချုပ်

တရားမပြင်ဆင်မှု

တရားသူကြီး ဦးသက်ဖေ ရွှေတွင်

လူဝင်မှုကြီးကြပ်ရေး တာဝန်ခံအရာရှိ (လျှောက်ထားသူ)

နှင့်

မန်ဂမ်း (ခေါ်) မကြည် (လျှောက်ထားခံရသူ) *

† ၁၉၆၇ အောက်တိုဘာ လ ၂၆ ရက်။

နိုင်ငံခြားသား မှတ်ပုံတင် အက်ဥပဒေပုဒ်မ ၅ (၁)အရ တရားစွဲဆိုရာ အပြစ်ရှိကြောင်းတွေ့ရှိခြင်း—အခြေခံဥပဒေပုဒ်မ ၁၁(ခ)အရ ပြည်ထောင်စု မြန်မာနိုင်ငံသား ဟယောက်ဖြစ်ကြောင်း မြှက်ဖော်ချက်ဒီကရီ ချမှတ်ပေးရန် တရားစွဲဆိုမှု—နိုင်ငံတော် အစိုးရအား တရားပြိုင်အဖြစ် မထည့်သွင်းခြင်း—အန္တရာယ်ကို လက်ခံရန်သင့် မသင့်။

ဆုံးဖြတ်ချက်။ ။နိုင်ငံခြားသား မှတ်ပုံတင် ဥပဒေပုဒ်မ ၅ (၂) အရရင်း၊ နိုင်ငံခြားသားများ ဥပဒေပုဒ်မ ၃ အရရင်း နိုင်ငံခြားသား တဦးဦးကို ပြည်နှင်ဒဏ်ပေးရန် တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌအား အာဏာအပ်နှင်းထားသည်၊ ယင်းသို့ အာဏာအပ်နှင်းထားသည့် ကိစ္စကို ယေဘုယျ စကားရပ်များ ဥပဒေပုဒ်မ ၁၃ အရ၊ နိုင်ငံတော် အစိုးရသည် တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌကိုယ်စား ဆောင်ရွက်ရမည် ဖြစ်သည့်အတိုင်း လျှောက်ထားခံရသူသည် အောက်ရုံး၌ နိုင်ငံတော် အစိုးရအား တရားပြိုင်အဖြစ် စွဲဆိုရမည်ဖြစ်သည်။ ယင်းသို့ စွဲဆိုခဲ့ခြင်း မရှိသဖြင့် ၎င်း၏အမှုကို ပလပ်ရမည်သာဖြစ်သည်။

လျှောက်ထားသူအတွက်။ ။ဦးမြရှိန်။

လျှောက်ထားခံရသူအတွက်။ ။ဦးဘိုးသာ။

တရားသူကြီး ဦးသက်ဖေ။ ။လျှောက်ထားခံရသူ မန်ဂမ်း(ခေါ်) မကြည်အား၊ သထုံမြို့၊ ဒုတိယရာဘက် ရာဇဝတ် တရားသူကြီးရုံး၏၊ ၁၉၆၄ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၂၄၂ တွင်၊ နိုင်ငံခြားသား မှတ်ပုံတင် ဥပဒေပုဒ်မ ၅(၁)အရ၊ တရားစွဲဆိုရာ၊ အပြစ်ရှိကြောင်း တွေ့ရှိသဖြင့် ဒဏ်ငွေ ၂၀ ကျပ်တပ်ရိုက်ခဲ့၏။ ထိုအခါ လျှောက်ထားခံရသူက၊ မိမိသည် အခြေခံဥပဒေပုဒ်မ ၁၁(ခ)အရ၊ ပြည်ထောင်စု မြန်မာနိုင်ငံသား

---

* ၁၉၆၇ ခုနှစ်၊ တရားမ ပြင်ဆင်မှုအမှတ် ၃၉။

† ၁၉၅၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၉ တွင်၊ ၁၉၅၇ ခုနှစ်၊ ဖေဖြီလ ၁ ရက်နေ့စွဲပါ သထုံမြို့၊ နယ်ပိုင်တရားမ တရားသူကြီးရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

၁၉၆၇ လူဝင်မှုကြီးကြပ်ရေး တာဝန်ခံ အရာရှိ နှင့် မန်ဂမ်း (ခ) မကြည်။

တယောက်ဖြစ်ကြောင်း မြွက်ဖော်ချက် ဒီကရီချမှတ်ပေးရန် သထုံမြို့၊ နယ်ပိုင်တရားမရုံး၏။ ၁၉၆၅ ခုနှစ်၊ တရားမကြီးမှု အမှတ် ၈ ၌ တရားစွဲဆိုလေသည်။ ထိုအမှုတွင် သထုံမြို့၊ လူဝင်မှု ကြီးကြပ်ရေး အရာရှိအား တရားပြိုင်အဖြစ် ထည့်သွင်းခဲ့သည်။

တရားပြိုင်ဖြစ်သူ သထုံမြို့ လူဝင်မှုကြီးကြပ်ရေး အရာရှိက၊ မိမိအပေါ် တရားစွဲဆိုခြင်းမှာ မှားယွင်းနေကြောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရကိုသာ တရားစွဲဆိုရမည်ဖြစ်ကြောင်း ကန့်ကွက်သော်လည်း၊ နယ်ပိုင်တရားမရုံးက ထိုကန့်ကွက်ချက်ကို လက်မခံဘဲ၊ အမှုကို ဆက်လက်စစ်ဆေးမည်ဟု အမိန့်ချမှတ်ခဲ့သဖြင့်၊ ယင်းအမိန့်အား မကျေနပ်၍ ဤပြင်ဆင်မှု တင်သွင်းလာခြင်းဖြစ်သည်။

သီးခြား သက်သာခွင့် ဥပဒေပုဒ်မ ၄၂ အရ၊ လူတဦးတယောက်သည် မိမိ၏ တရားဝင် အခြေအနေတစုံတရာနှင့် ပတ်သက်၍သော်၎င်း၊ ဥစ္စာပစ္စည်း တစုံတခု၏ ပိုင်ဆိုင်ခွင့်နှင့် ပတ်သက်၍သော်၎င်း အခြား ပုဂ္ဂိုလ် တဦးဦးက ခုခံငြင်းဆိုနေလျှင်၊ သို့တည်းမဟုတ်၊ ခုခံငြင်းဆိုရန် စိတ်ဝင်စားနေလျှင်၊ အဆိုပါ တရားဝင် အခြေအနေ၊ သို့မဟုတ် ပိုင်ဆိုင်ခွင့်ကို ထင်ရှားအောင် မြွက်ဖော်ချက် ဒီကရီ ရလိုကြောင်း တရားစွဲဆိုနိုင်ပေသည်။ တရားလို၏ တရားဝင်အခြေအနေ၊ ပိုင်ဆိုင်ခွင့်ကို ခုခံငြင်းဆိုသူ၊ သို့မဟုတ် ခုခံငြင်းဆိုရန် စိတ်ဝင်စားသူကိုသာ ယင်းအမှုမျိုး၌ တရားပြိုင်အဖြစ် ထည့်သွင်းရမည် ဖြစ်သည်။

လျှောက်ထားခံရသူအား နိုင်ငံခြားသား ဖြစ်သည်ဟု ဆိုကာ မှတ်ပုံတင်ရန် ပျက်ကွက်သည့် အကြောင်းကြောင့် ရာဇဝတ်ရုံး၌ တရားစွဲဆိုသောအခါ၊ ရာဇဝတ်ရုံးက ၎င်းအား နိုင်ငံခြားသား ဖြစ်သည်ဟု ကောက်ယူပြီး၊ နိုင်ငံခြားသား မှတ်ပုံတင် ဥပဒေပုဒ်မ ၅(၁) အရ အပြစ်ပေးခဲ့သည်။ ယင်းသို့ အပြစ်ပေးခဲ့ရသည့် နိုင်ငံခြားသားတဦးကို ထိုပုဒ်မ၏ ပုဒ်ခွဲမ(၂)အရ၊ တော်လှန်ရေး ကောင်စီ ဥက္ကဋ္ဌက ပြည်နှင်ဒဏ် အမိန့်ချမှတ်နိုင်သည်။ ၎င်းပြင် နိုင်ငံခြားသားများ ဥပဒေပုဒ်မ ၃ အရ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည် နိုင်ငံခြားသား တဦးအား အချိန်မရွေး ပြည်နှင်ဒဏ် ပေးနိုင်သည်။

ထိုကဲ့သို့ ပြည်နှင်ဒဏ်ပေးခြင်းမှ ကာကွယ်ရန်အလို့ငှာ၊ လျှောက်ထား ခံရသူ အနေဖြင့်၊ အောက်ရုံး၌ မိမိသည်နိုင်ငံခြားသား တယောက်မဟုတ်ဘဲ၊ ပြည်ထောင်စု နိုင်ငံသား တယောက်ဖြစ်သည်ဟု မြွက်ဖော် ပေးရန် တရားစွဲဆိုရခြင်း ဖြစ်လေသည်။ သို့ဖြစ်ရာ၊ လျှောက်ထားခံရသူသည် ပြည်ထောင်စု နိုင်ငံသား တယောက် မဟုတ်ဟု အမှန်တကယ်ခုခံ ငြင်းဆိုရန် စိတ်ဝင်စားသူမှာ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသာ ဖြစ်ကြောင်း ပေါ်လွင်သည်။ လျှောက်ထားသူ (အောက်ရုံးတရားပြိုင်) ဖြစ်သည့် သထုံမြို့၊ လူဝင်မှုကြီးကြပ်ရေး အရာရှိအနေဖြင့်၊ လျှောက်ထားခံရသူအား၊ နိုင်ငံခြား

သားတယောက်ဖြစ်၍၊ မြန်မာပြည်မှ ထွက်ခွါသွားရမည်ဟု အမိန့်ချမှတ်နိုင်သူ တယောက် မဟုတ်ပေ။ အစိုးရ၏အမိန့်ကို အကျိုး သက်ရောက်အောင် ဆောင်ရွက်ရသည့် အစိုးရအမှုထမ်း တဦးသာ ဖြစ်ရာ၊ လျှောက်ထားသူသည် ပြည်ထောင်စု နိုင်ငံသားတယောက်ဖြစ်သည် - မဖြစ်သည်ဆိုသော ပြဿနာတွင် အမှန်တကယ် ခုခံ ငြင်းဆိုရန် စိတ်ဝင်စားသူ တယောက်ဖြစ်သည်ဟု မဆိုနိုင်ပေ။

ထို့ပြင်၊ အချုပ်အခြာ အာဏာပိုင် နိုင်ငံတခု၏ နိုင်ငံသားတယောက် ဟုတ် မဟုတ် ဆိုသောကိစ္စမှာ ထိုနိုင်ငံ၏ အစိုးရနှင့် နိုင်ငံသားဖြစ်သည်ဆိုသော သူတို့ အငြင်းပွါးသော ကိစ္စတရပ်သာ ဖြစ်ကြောင်း ထင်ရှားသဖြင့်၊ ယင်းကိစ္စနှင့် ပတ်သက်၍၊ စွဲဆိုသော အမှုမျိုးတွင် နိုင်ငံအစိုးရအား အမှုသည်အဖြစ် ထည့်သွင်းရမည်ဖြစ်သည်။

နိုင်ငံခြားသား မှတ်ပုံတင် ဥပဒေပုဒ်မ ၅(၂)အရငင်း၊ နိုင်ငံခြားသားများ ဥပဒေပုဒ်မ ၃ အရငင်း နိုင်ငံခြားသား တဦးဦးကို ပြည်နှင်ဒဏ်ပေးရန် တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌအား အခွင့်အာဏာ အပ်နှင်းထားသည်။ ယင်းသို့ အခွင့်အာဏာ အပ်နှင်းထားသည့်ကိစ္စကို ယေဘုယျ စကားရပ်များ ဥပဒေပုဒ်မ ၁၃ အရ နိုင်ငံတော် အစိုးရသည် တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌကိုယ်စား ဆောင်ရွက်ရမည် ဖြစ်သည့် အတိုင်း၊ လျှောက်ထားခံရသူသည်၊ အောက်ရုံး၌ နိုင်ငံတော် အစိုးရအား ဘာရားပြိုင် အဖြစ် စွဲဆိုရမည်ဖြစ်သည်။ ယင်းသို့ဝဲဆိုခဲ့ခြင်း မရှိသဖြင့်၊ ၎င်း၏အမှုကို ပလပ်ရမည်သာဖြစ်သည်။

အထက်ပါ အကြောင်းရပ်များကြောင့်၊ ဤပြင်ဆင်မှုကို လက်ခံကာ၊ ၁၉၆၇ ခု၊ ဧပြီလ ၁ ရက်နေ့စွဲပါ အောက်ရုံး၏ အမိန့်ကိုပယ်ဖျက်ပြီး၊ လျှောက်ထားခံရသူ (အောက်ရုံးတရားလို) ၏ အမှုကို တရားစရိတ်နှင့်တကွ ပလပ်ရန် အမိန့်ချမှတ်လိုက်သည်။ ရှေ့နေစရိတ် ၁၇ ကျပ် ခွင့်ပြုသည်။

နိုင်ငံတော်တရားရုံးချုပ်

တရားမပဋမအယူခံမှု

တရားသူကြီး ဦးသက်ဖေ ရွှေတွင်

† ၁၉၆၇
—နှိုင်
စက်တင်ဘာလ
၂၉ ရက်။

ဦးတင်မောင်ဦး (အယူခံတရားလို)

နှင့်

မအေးပို ပါ ၅ (အယူခံတရားခံများ)*

ဒဏ်ရာအနာတရ ရရှိသည့်အတွက် လျော်ကြေးငွေ ရထိုက်ကြောင်းစွဲဆိုမှု—အထွေထွေ လျော်ကြေးငွေနှင့် အထူးလျော်ကြေးငွေကိစ္စ—အထူး လျော်ကြေးငွေအတွက် အဆိုလွှာတွင် အချက်အလက်အသေးစိတ် ဖော်ပြရန်လို မလို။

ဆုံးဖြတ်ချက်။ ။တရားလိုတဦးက တရားခံ၏ ပြုမူချက်ကြောင့်၊ မိမိတွင် ထိခိုက်နစ်နာခဲ့ရသည့်အတွက် လျော်ကြေးငွေ တောင်းဆိုသည့် ကိစ္စ၌ အထွေထွေ လျော်ကြေးငွေနှင့် အထူးလျော်ကြေးငွေဟူ၍ နှစ်မျိုးနှစ်စားရှိသည်။ အထွေထွေ လျော်ကြေးငွေမှာ တရားခံ၏ မတရားသော ပြုမူချက်ကြောင့် တရားလိုတွင် နစ်နာခဲ့ရသည့်အလျောက် လျော်ကြေးငွေ ရထိုက်သည်ဟု ဥပဒေက ခွင့်ပြုထားသည့် လျော်ကြေးငွေပင်ဖြစ်သည်။ ထိုလျော်ကြေးငွေနှင့် ပတ်သက်၍ တရားလိုသည် ၎င်း၏အဆိုလွှာတွင် တလုံးတခဲတည်း ခန့်မှန်းကာ ဖော်ပြနိုင်သည်၊ အချက်အလက် အသေးစိတ်ကို ဖော်ပြရန်မလို၊ ထိုလျော်ကြေးငွေအား တွက်ချက်ရန် တာဝန်မှာ တရားရုံးအပေါ်၌ တည်ရှိနေသည်။ အထူးလျော်ကြေးငွေမှာ ပစ္စည်း၊ သို့မဟုတ် ငွေအရေအတွက်အားဖြင့် တွက်ချက်၍ ရသည့် လျော်ကြေးငွေ ဖြစ်သည့်အလျောက် ထိုလျော်ကြေးငွေမျိုးကို တောင်းဆိုလျှင် တရားလိုသည်မိမိမည်သို့ ကုန်ကျခဲ့ရသည် မည်ရွေ့မည်မျှ ကုန်ကျခဲ့ရသည်ဟု အချက်အလက်အသေးစိတ် ဖော်ပြရန်လိုပေသည်။ ဥပဒေက အထူးလျော်ကြေးငွေကို သာမန်အားဖြင့် အသိအမှတ် မပြုချေ။ တရားလိုအနေဖြင့် အထူးလျော်ကြေးငွေ ရထိုက်ကြောင်း တိကျစွာ စွပ်စွဲပြီး စွပ်စွဲချက်များကို ထင်ရှားအောင် ပြသနိုင်မှသာ ရရှိရန် အခွင့်အရေး ရှိသောကြောင့် ၎င်း၏ အဆိုလွှာ၌ အချက်အလက် အသေးစိတ်ကို ဖော်ပြရန် လိုခြင်းဖြစ်သည်။

ဒမိုးဒါးဂန်ဂါဒါး နှင့် **ဗွီဇဝါးနက်၊** ဒေ၊ အိုင်၊ အာ(ရ်)၊ ၁၉၃၃၊ နဂ်ပူး ၂၉ (၃၁) **ကို ကိုးကား**သည်။

---

* ၁၉၆၇ ခုနှစ်၊ တရားမ ပဋမအယူခံမှုအမှတ် ၂၉။

† ၁၉၆၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃ တွင်၊ မအူပင်မြို့၊ ရာဘက်ခရိုင်တရားမရုံးတော်၏ ချမှတ်သောအမိန့်ကို အယူခံဝင်မှု။

အယူခံတရားလိုအတွက်။ ။ဦးလှဖေ။

အယူခံတရားခံအတွက်။ ။ဦးစံသိန်း။

တရားသူကြီး ဦးသက်ဖေ။ ။မအူပင်မြို့၊ ရာဘာက် ခရိုင်တရားမရုံးတွင် လျှောက်ထားသူက မိမိမှာ မော်တော်ကား အတိုက်ခံရသဖြင့် ဒဏ်ရာအနာတရ ရရှိခဲ့သည့် အတွက် လျှောက်ထားခံရသူတို့ထံမှ လျော်ကြေးငွေ ဂ,၂၄၇ ကျပ်ကို ရထိုက်ကြောင်း တရားစွဲဆိုခဲ့သည်။ လျော်ကြေးငွေ ဂ,၂၄၇ ကျပ်ကို မည်သို့မည်ပုံ တွက်ချက်သည်ဟု လျှောက်ထားသူက ၎င်း၏ အဆိုလွှာ အပိုဒ် ၁၆ တွင် ဖော်ပြခဲ့သည်။ ထိုလျော်ကြေးငွေနှင့် ပတ်သက်၍ အထူးလျော်ကြေးငွေနှင့် အထွေထွေလျော်ကြေးငွေဟု အပိုင်းနှစ်ပိုင်း ခွဲခြားပြသခဲ့၏။

လျှောက်ထားခံရသူတို့က အဆိုပါ လျော်ကြေးငွေ တွက်ချက်သည့်ကိစ္စနှင့် ပတ်သက်၍ မရှင်းမလင်းသဖြင့် အသေးစိတ် အချက်အလက်များ ဖော်ပြပေးရန် လျှောက်ထားရာ၊ လျှောက်ထားသူက အဆိုလွှာ၏ အပိုဒ် ၁၆ ၌ ပြည့်စုံစွာ ဖော်ပြထားပြီးဖြစ်သောကြောင့် နောက်ထပ် အချက်အလက် တောင်းဆိုခြင်း မပြုနိုင်ကြောင်း၊ လျှောက်ထားခံရသူတို့၏ တောင်းဆိုချက်မှာ သက်သေစစ်ဆေးသည့်အခါ တင်ပြရမည့်သက်သေခံချက်အသေးစိတ်များဖြစ်၍ ဖော်ပြရန် မလိုကြောင်းကန့်ကွက်သည်။ သို့ရာတွင် အောက်ရုံးမှ အထွေထွေ လျော်ကြေးငွေနှင့် ပတ်သက်၍ နောက်ထပ် အချက်အလက်များ ဖော်ပြပေးရန် မလိုသော်လည်း အထူးလျော်ကြေးငွေနှင့် ပတ်သက်သည့် စွဲဆိုချက်အပေါ် တွင်မူ နောက်ထပ် အချက်အလက်များကို ဖော်ပြပေးရမည်ဖြစ်ကြောင်း အမိန့် ချမှတ်လိုက်သဖြင့်ထိုအမိန့်အား ပယ်ဖျက်ပေးရန် လျှောက်ထားသူက ဤပြင်ဆင်မှု တင်သွင်းလာခြင်းဖြစ်သည်။

တရားလိုတဦးက တရားခံ၏ ပြုမူချက်ကြောင့် မိမိတွင် ထိခိုက်နစ်နာခဲ့ရသည့် အတွက် လျော်ကြေးငွေ တောင်းဆိုသည့် ကိစ္စ၌၊ အထွေထွေ လျော်ကြေးငွေနှင့် အထူးလျော်ကြေးငွေဟူ၍ နှစ်မျိုး နှစ်စားရှိသည်။ အထွေထွေ လျော်ကြေးငွေမှာ တရားခံ၏ မတရားသော ပြုမူချက်ကြောင့် တရားလိုတွင် နစ်နာခဲ့ရသည့်အလျောက် လျော်ကြေးငွေ ရထိုက်သည်ဟု ဥပဒေက ခွင့်ပြုထားသည့် လျော်ကြေးငွေပင်ဖြစ်သည်။ ထိုလျော်ကြေးငွေနှင့် ပတ်သက်၍ တရားလိုသည် ၎င်း၏အဆိုလွှာတွင် တလုံးတခဲတည်း ခန့်မှန်းကာ ဖော်ပြနိုင်သည်။ အချက်အလက်အသေးစိတ်ကို ဖော်ပြရန် မလို။ ထိုလျော်ကြေးငွေအား တွက်ချက်ရန် တာဝန်မှာ တရားရုံးအပေါ်၌ တည်ရှိနေသည်။ အထူးလျော်ကြေးငွေမှာ ပစ္စည်း၊ သို့မဟုတ် ငွေအရေအတွက်အားဖြင့် တွက်ချက်၍ရသည့် လျော်ကြေးငွေ ဖြစ်သည့်အလျောက် ထိုလျော်ကြေးငွေမျိုးကို

၁၉၆၇

ဦးတင်မောင်ဦး
နှင့်
မအေးပို ပါ ၅။

တောင်းဆိုလျှင် တရားလိုသည် မိမိမည်သို့ ကုန်ကျခဲ့ရသည်၊ မည်ရွေ့မည်မျှ ကုန်ကျခဲ့ရသည်ဟု အချက်အလက် အသေးစိတ် ဖော်ပြရန်လိုပေသည်။ ဥပဒေက အထူးလျော်ကြေးငွေကို သာမန်အားဖြင့် အသိအမှတ်မပြုချေ။ တရားလိုအနေဖြင့် အထူးလျော်ကြေးငွေ ရထိုက်ကြောင်း တိကျစွာ စွပ်စွဲပြီး စွပ်စွဲချက်များကို ထင်ရှားအောင် ပြသနိုင်မှသာ ရရှိရန် အခွင့်အရေး ရှိသောကြောင့် ၎င်း၏အဆိုလွှာ၌ အချက်အလက်အသေးစိတ်ကို ဖော်ပြရန် လိုခြင်း ဖြစ်သည်။ ဤအချက်နှင့် ပတ်သက်၍ **ဒမိုးဒါးဂန်ဂါဒါး** နှင့် **ဒို့ဇဝါးနက်**(၁)အမှုရှိ အောက်ပါ မြွက်ဟချက်ကိုသာ ရည်ညွှန်းလိုပေသည်။

> "There are two kinds of damages: special and general. The former alone need be specially pleaded. The latter has to be claimed as a separate and distinct item, but it is enough to claim it in a lump sum: no particulars are necessary; no details need be given: *see* Walsh and Weir on Pleadings in India, pp. 57 and 61 also 10, Halsbury's Laws of England, p. 346, para 638. The former authority defines special damages as in general:
>
> > 'Money actually expended as a result of the wrongful act, and money which, though not spent, has been lost by not being earned, and which might otherwise have been received either under a definite legal right, such as monthly wages, or a payment due under some express contract, or on the other hand, can be estimated as being profits which would on a reasonable calculation based upon past experience have been otherwise made. The losses may be colloquially described as tangible losses, being money which can be earmarked, and sensibly identified, and money which has been or would have been handled.'
>
> Halsbury calls it 'damages which can be laid and proved in terms of figures.' General damages, on the other hand, is defined as 'matters which cannot be stated in money or money's worth,' and include such things as bodily or mental suffering, loss of reputation and the like."

ယခု အမှုတွင် အောက်ရုံး အနေဖြင့် အထူးလျော်ကြေးငွေနှင့် ပတ်သက်၍သာ အချက်အလက်များကို အသေးစိတ် ဖော်ပြရန် လျှောက်ထားသူ တရားလိုအား

---

(၁) အေ၊ အိုင်၊ အာ(ရှ်)၊ (၁၉၃၃)၊ နဂ်ပူး၊ ၂၉ (၃၁)။

ညွှန်ကြားခဲ့သည်။သို့ညွှန်ကြားခဲ့ခြင်းမှာအထက်တွင် ဖေါ်ပြခဲ့သည့် ဥပဒေ သဘောနှင့် ဆန့်ကျင်နေသည်ဟု မဆိုနိုင်ပေ။

ထို့ပြင်၊ အချက်အလက်များကို နောက်ထပ် အသေးစိတ် ဖေါ်ပြရန် ညွှန်ကြားခဲ့သည့် အောက်ရုံး၏ တရားမကျင့်ထုံး အမိန့် ၆၊ နည်းဥပဒေ ၅ အရ အမိန့်မှာ ဆင်ခြင်တုံတရား လက်ကိုင်ထားပြီး ချမှတ်သည့် အမိန့်တရပ်သာဖြစ်သည်။ ယင်းသို့ ဆင်ခြင်တုံတရား လက်ကိုင်ထားကာ ချမှတ်ရသော အမိန့်မှာ အထင်အရှား မှားယွင်း ချက်ချော်မှုမရှိလျှင် စောဒကရုံး အနေဖြင့် ဝင်ရောက် ဖက်စွက်လေ့ မရှိ၊ ဝင်ရောက် ဖက်စွက်ရန်လည်း မသင့်ခေ။ အောက်ရုံးမှ ချမှတ်ခဲ့သော အမိန့်မှာ အထင်အရှား မှားယွင်း ချွတ်ချော်နေသည်ဟု မဆိုသာခေ။

၎င်းပြင်တဝ၊ အောက်ရုံးမှ ချမှတ်သော အမိန့်မှာ ကြားဖြတ်အမိန့် တခုသာ ဖြစ်သည်။ ထိုကဲ့သို့ အမိန့်မျိုးကို အောက်ရုံး အနေနှင့် ချမှတ်ရန် စီရင်ပိုင်ခွင့် အာဏာရှိလျှင် ထိုအမိန့်သည် မှန်ကန်ခြင်းမရှိစေကာမူ ဝင်ရောက်ဖက်စွက်ခြင်း မပြုနိုင်ကြောင်း **မသန်းရင်** နှင့် **ကန်ကိုခိုင်** (၁)တို့ စီရင်ထုံး၌ အတိအလင်း ဆုံးဖြတ်ထား သဖြင့် ဤပြင်ဆင်မှုကို လက်ခံရန် အကြောင်းမမြင်၍ ပလပ်လိုက်သည်။ တရား စရိတ်မရှိ။

---

(၁) (၁၉၅၁)၊ မြန်မာပြည်စီရင်ထုံး၊ ၁၆၁ (တရားလွှတ်တော်)။

နိုင်ငံတော်တရားရုံးချုပ်

တရားမ ပဌမအယူခံမှု

တရားသူကြီး ဦးသက်ဖေ ရှေ့တွင်

† ၁၉၆၇ အောက်တိုဘာလ ၁၉ ရက်။

ဦးတင်ဦး ပါ ၃ (အယူခံတရားလိုများ)

နှင့်

ဒေါ်အေးရင် ပါ ၃ (အယူခံတရားခံများ) *

မြံမြေကို လက်ရောက်ရလိုသည့်အပြင် သစ်ပင်ဝါးပင်များကို ခုတ်လှဲသည့်အတွက် လျော်ကြေးငွေ ရလိုကြောင်း တရားစွဲဆိုမှု—မြေလက်ရောက် ရလိုမှုနှင့် လျော်ကြေး ရလိုမှုတို့ကို ပူးပေါင်းပြီး စွဲဆိုခြင်း—တရားမကျင့်ထုံး အမိန့် ၂၊ နည်းဥပဒေ ၄ နှင့် ငြိစွန်းခြင်း ရှိ မရှိ—မူလရုံးတွင် ကန့်ကွက်ခြင်း မပြုခဲ့ခြင်း—အယူခံရုံးတွင် ပြောဆိုခွင့်ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။အယူခံ တရားလိုတို့သည် မူလရုံး၌ မြေလက်ရောက် ရလိုမှုနှင့် လျော်ကြေး ရလိုမှုတို့ကို ပူးပေါင်းပြီး စွဲဆိုခြင်း မပြုသင့်ဟု ကန့်ကွက်ခြင်းမရှိ၊ ထို့ကြောင့်ပင် မူလရုံးက ယင်းကိစ္စ နှင့်ပတ်သက်ပြီး ကောက်ချက်ကိုလည်း မထုတ်ခဲ့။ စဉ်းစားခြင်းလည်း မပြုခဲ့ပေ၊ သို့ဖြစ်ရာ အကယ်၍ ယခုကိစ္စတွင် အယူခံ တရားပြိုင်တို့ စွဲဆိုသောအမှုမှာ တရားမကျင့်ထုံး အမိန့် ၂၊ နည်းဥပဒေ ၄ နှင့် ငြိစွန်းနေသည်ဟု ဆိုစေကာမူ အယူခံ တရားလိုတို့သည် မူလရုံး၌ ကန့်ကွက်ခြင်း မပြုခဲ့ကြသဖြင့် ဤဒုတိယ အယူခံရုံးတွင် ပြောဆိုပိုင်ခွင့် မရှိတော့ပေ။

မိနာမူးဇင်မိဒါရီ ကုမ္ပဏီ နှင့် **နာနစ်နာဂရိန်း**၊ အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၂၁ ခုနှစ်၊ ကာလကတ္တား၊ ၃၆၈ (၃၇၁)။ **ဘာရဝမ်ဒတ်** နှင့် **နာရမ်**၊ အေ၊အိုင်၊အာ(ရ်)၊ ၁၉၃၂၊ ဘုံဘိုင်၊ ၅၉၅ (၅၉၆) ရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။ဦးဘကျော။

အယူခံတရားခံအတွက်။ ။ဦးဘအေး။

တရားသူကြီး ဦးသက်ဖေ။ ။ဟံသာဝတခရိုင်၊ တံတားမြို့နယ်ပိုင် တရားမရုံး၏၊ ၁၉၅၈ ခုနှစ်၊ တရားမကြီးမှုအမှတ် ၆ တွင်၊ အယူခံတရားပြိုင် (မူလရုံးတရားလို)

---

* ၁၉၆၄ ခုနှစ်၊ တရားမ ပဌမတရားမအယူခံမှုအမှတ် ၃၇။

† ၁၉၆၃ ခုနှစ်၊ တရားမ အယူခံမှု အမှတ် ၅ တွင်၊ ရန်ကုန်မြို့၊ ဟံသာဝတီခရိုင် တရားမတရားသူကြီးရုံးတော်၏ ခုမှတ်သော စီရင်ချက်နှင့် ဒီကရီတို့ကို အယူခံမှု။

ဒေါ်အေးရင်၊ မောင်ဖုန်းမိုနှင့် မသိန်းတင်တို့က၊ အယူခံတရားလို (မူလရုံးတရားပြိုင်) ဦးတင်ဦး၊ မတင်ငွေနှင့် ဒေါ်အေးတင်တို့အပေါ် တုံ့တေးမြို့အပိုင်၊ ကံပဲ့ကွင်း အမှတ် ၁၁၄-အေ၊ ဦးပိုင်နံပါတ် ၁၁၉ နှင့် ၁၂၀ တို့မှ ခြံမြေ ဧရိယာ ၃ ကောကို လက်ရောက်ရလိုသည့်အပြင်၊ ထိုမြေပေါ်ရှိ သစ်ပင်၊ ဝါးပင်များကို မတရားခုတ်လှဲသည့်အတွက် လျော်ကြေးငွေ ၃၀၀ ကျပ်ရလိုကြောင်း တရားစွဲဆိုရာ၊ နယ်ပိုင် တရားမရုံးမှ စွဲဆိုသော အမှုကို တရားစရိတ်နှင့်တကွ ပလပ်လိုက်သေသည်။ထိုအမိန့်နှင့် ဒီကရီကို မကြေနပ်၍ ဟံသာဝတီခရိုင် တရားမရုံး၏၊ ၁၉၆၃ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၅ တွင် အယူခံဝင်ရာ၊ ထိုအယူခံရုံးမှ မူလရုံးမှစီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်လိုက်ပြီး၊ မူလရုံးတရားလိုတို့ စွဲဆိုသည့်အတိုင်း နှစ်ရုံးစလုံး တရားစရိတ်များနှင့်တကွ၊ ဒီကရီ ချမှတ်ပေးလိုက်လေသည်။ အဆိုပါအယူခံရုံး၏ စီရင်ချက်နှင့် ဒီကရီတို့ကို မူလရုံး တရားပြိုင်တို့က မကြေနပ်ကြသည့် အလျောက် ဤဒုတိယအယူခံမှုကို တင်သွင်းလာခြင်းဖြစ်ပေသည်။

မူလရုံး တရားလိုတို့က အထက်တွင် ဖော်ပြခဲ့သည့် ဧက ၆၊ ဒဿမ ၂၁ ရှိသော ဦးပိုင်အမှတ် ၁၁၉ နှင့် ဒဿမ ၁၈ ရှိသည့် ဦးပိုင်အမှတ် ၁၂၀ ခြံမြေများကို ကွယ်လွန်သူ ဦးပန်းမြိုင်သည် လွန်ခဲ့သည့် နှစ်ပေါင်း ၃၀ ခန့်ကပင် လက်ရှိ ပိုင်ဆိုင် လုပ်ကိုင် စား သောက်ခဲ့ကြောင်း၊ ဦးပန်းမြိုင်သည် နှစ်ပေါင်း ၂၀ ခန့်က အနိစ္စရောက်သဖြင့် ဇနီးဖြစ်သူ ဒေါ်အေးရင်နှင့် သား မောင်ဖုန်းမိုနှင့် မောင်တင်အုံးတို့က ထို ခြံမြေများကို လက်ရှိ ဆက်လက် လုပ်ကိုင်ခဲ့ကြကြောင်း၊ မူလရုံး တရားပြိုင် ဦးတင်ဦးနှင့် မကြင်ငွေတို့သည် ၁၉၅၆ ခုနှစ်ဟုတ် ဦးပိုင်အမှတ် ၁၂၀ ခြံမြေနှင့် ဦးပိုင်အမှတ် ၁၁၉ ရှိ ခြံမြေ ၂ ကောကျော်ခန့်အဘွင်းသို့ အဘင်း ဝင်ရောက်ကြပြီး၊ တန်ဘိုး ၆၀၀ ကျပ်ကျော်ခန့် ရှိသည့် သစ်ပင်၊ ဝါးပင်များကို ခုတ်ယူကြကြောင်း၊ သစ်ပင် ဝါးပင်များကို ခုတ်လှဲခြင်းမပြုရန် တားမြစ်သော်လည်း၊ ဦးတင်ဦးနှင့် မကြင်ငွေတို့က မကြင်ငွေ၏ မိခင် ဒေါ်အေးတင်ပိုင် ပစ္စည်းဖြစ်သည်ဟုဆိုကာ နားမထောင်ကြသဖြင့် ဒေါ်အေးတင်အား အမှုသည်အဖြစ် ထည့်သွင်းစွဲဆိုရခြင်းဖြစ်ကြောင်း အဆိုပြုလာကြသည်။

မူလရုံး တရားပြိုင် ဦးတင်ဦးနှင့် မကြင်ငွေတို့က ၎င်းတို့ ကျူးကျော်သည် ဆိုသော ခြံမြေမှာ ဒေါ်အေးတင်ပိုင် ခြံမြေသာ ဖြစ်ကြောင်း၊ မူလရုံး တရားလိုတို့ ပိုင်ဆိုင်သည် ဆိုခြင်းမှာ မဟုတ်ကြောင်း ထုချေ ကြသည်။ ဒေါ်အေးတင်ကလည်း ဦးပိုင်အမှတ် ၁၁၉ နှင့် ၁၂၀ ခြံမြေများကို မူလက ဦးပန်းမြိုင် တဦးတည်း ပိုင်သည်ဆိုခြင်းမှာ မဟုတ်ကြောင်း၊ထိုခြံမြေများကို မိမိနှင့် ဒေါ်အေးရင်တို့၏ ဘခင် ဦးဘိုးလှ ပိုင်ဆိုင်ခဲ့ကြောင်း၊ ဦးဘိုးလှက မိမိနှင့် ဒေါ်အေးရင်တို့အား တယောက် တဝက်

၁၉၆၇ ဦးတင်ဦး ပါ ၃ နှင့် ဒေါ်အေးရင် ပါ ၃။

ခဲ့ဝေပေးခဲ့ကြောင်း၊ ထို့ကဲ့သို့ ခဲ့ဝေပေးပြီးနောက်၊ မိမိအတို့ ရရှိသော ခြံမြေကို အစဉ်တစိုက် လက်ရှိ လုပ်ကိုင်စားခဲ့ကြောင်း ထုချေသည်။

ထို့ကြောင့်ပင် မူလရုံး၌ အခင်းဖြစ် ခြံမြေများသည် လွန်ခဲ့သည့် နှစ်ပေါင်း ၃၀ ခန့်ကစ၍၊ ဒေါ်အေးရင်၏ ခင်ပွန်း ဦးပန်းမြိုင်ပိုင်ဆိုင်ခဲ့ပါသလော၊ သို့တည်းမဟုတ် ဒေါ်အေးရင်နှင့် ဒေါ်အေးတင်တို့၏ ဘခင် ဦးဘိုးလှ ပိုင်ဆိုင်ခဲ့ပါသလော ဆိုသည့် ပြဿနာကို အဓိကထား၍ ဝေဘန် ဆန်းစစ်ခဲ့ရလေသည်။ ထိုခြံမြေ နှစ်ရပ်စလုံး အပေါ်၌ ဒေါ်အေးရင်နှင့် ဒေါ်အေးတင်တို့၏ ဘခင် ဦးဘိုးလှသည် ၎င်း၏ မိသားစုနှင့် အတူ နေထိုင်ခဲ့ဘူးသည်ဆိုခြင်းမှာ ဦးခိုင် (လိုပြ-၆)၊ ဦးစိုးဖေ (လိုပြ-၃) နှင့် ဒေါ်ယ (ခံပြ-၄) တို့၏ ထွက်ဆိုချက်များက ယုံမှားဘွယ်မရှိ၊ သို့ဖြစ်ရာ အဆိုပါ ခြံမြေများကို ကနဦးက ဦးဘိုးလှ ပိုင်ဆိုင်ခဲ့သည်ဆိုခြင်းမှာ ယုတ္တိရှိသည်၊ သို့ရာတွင် ဦးစိုးဖေနှင့် ဒေါ်ယုံတို့၏ ထွက်ချက် အရ ဦးဘိုးလှသည် အခွန် ပေးဆောင်ရန် ပျက်ကွက်သဖြင့်၊ အစိုးရက ခြံမြေများကို သေလံတင်ရောင်းချရာ၊ ဒေါ်အေးရင်၏ ခင်ပွန်းဖြစ်သူ ဦးပန်းမြိုင်က သေလံတွင် ဝယ်ယူသိုက်ကြောင်း ပေါ်ပေါက်နေသည်။ ယင်းသို့ သေလံတင် ဝယ်ယူပြီးသည့်နောက်ပိုင်း၌ ခြံမြေများသည် ဦးပန်းမြိုင်၏ နာမည်နှင့်သာ ရှိခဲ့သည်၊ အစိုးရအနေဖြင့် ဦးပန်းမြိုင်အား ထိုခြံမြေများနှင့် ပတ်သက်၍ ဂရုရှိသူအဖြစ် အသိအမှတ်ပြုခဲ့သည်၊ ထိုကဲ့သို့ အသိအမှတ်ပြုခဲ့သည်မှာ ၁၉၃၆-၃၇ ခုနှစ်ကစ၍ ဖြစ်ကြောင်း၊ ဦးအုံးမြ (လိုပြ-၁) နှင့် ဦးညွန့် (လိုပြ-၃) တို့၏ ထွက်ဆိုချက်များအပြင် မြေ၏ရာဇဝင်ဖြစ်သည့် သက်သေခံအမှတ် "အေ"အရ ကောင်းစွာ ထင်ရှားသည်၊ ဦးပန်းမြိုင်သည် ဂရုရှိသည့်နေ့မှစ၍ ကွယ်သွန်အနီစွ ရောက်သည့်နေ့အထိ ထိုမြေများအား လက်ရှိဖြစ်ပြီး မြေခွန်တို့ကို ပေးဆောင်ခဲ့သည်။ ဦးပန်းမြိုင် သေဆုံးပြီးနောက်၊ ၎င်း၏ဇနီး ဒေါ်အေးရင်ကပင် ဆက်သက်ပိုင်ဆိုင်ကာ မြေခွန်များကို ထမ်းဆောင်ခဲ့သည်ဆိုခြင်းမှာလည်း အငြင်းမပေါက်ချေ။

ဒေါ်အေးတင်က ဘခင် ဦးဘိုးလှသည် အခင်းဖြစ် ခြံမြေများကို သမီးများဖြစ်ကြသည့် မိမိနှင့် ဒေါ်အေးရင်တို့အား ဓာယောက်တဝက်စီ ခဲ့ဝေပေးသွားသည်ဟု အဆိုပြုလာခဲ့သော်လည်း၊ ထိုအဆိုပြုချက်ကို ထင်ရှားအောင် သက်သေထူနိုင်ခြင်း မရှိခဲ့ပေ။ မူလရုံး၌ အမှုကို စစ်ဆေးနေစဉ် ဒေါ်အေးတင်သည် အသက်ရှင်လျက်ပင် ရှိသေးသော်လည်း၊ ရုံးသို့ လာရောက်ကာ အစစ်ခံခြင်း မပြုခဲ့ပေ။ ဒေါ်အေးတင်သည် ငယ်စဉ်က ကုဋ္ဌနှာ ရောဂါ စွဲကပ်နေသဖြင့် ၎င်းအသက် ၁၀ နှစ် ၁၂ နှစ်အရွယ်မှစ၍ အစ်မဖြစ်သူ ဒေါ်အေးရင်ကပင် အခင်းဖြစ်ခြံရှိ မိမိအိမ်၌ ခေါ်ထားပြီး မကျွေးမွေးပြုစုသည်ဆိုခြင်းမှာ ဦးခိုင် (လိုပြ-၁) နှင့် ဦးတိုပေါ် (ခံပြ-၂) တို့၏ ထွက်ဆိုချက်များ

အရ ယုံမှားဘွယ် မရှိ၊ သို့ဖြစ်ရာ ဒေါ်အေးတင်သည် အခင်းဖြစ် ခြံမြေပေါ်၌ ဒေါ်အေးရင်၏ ခွင့်ပြုချက်အရ နေထိုင်ခဲ့ခြင်းသာဖြစ်ပြီး ပိုင်ရှင်ကို ဆန့်ကျင်သည့် အနေဖြင့် လက်ရှိနေထိုင်ခဲ့ခြင်း မဟုတ်ကြောင်း ပေါ်လွင်သည်။

ထို့ပြင်တစ်၊ မူလပိုင်ရှင် ဦးဘိုးလှသည် အခွန် မထမ်းဆောင် သဖြင့်၊ အခင်းဖြစ် ခြံမြေ များကို သားမက် ဖြစ်သူ ဦးပန်းမိုင်အား ငွေပေးပြီး လေလံ အဆွဲခိုင်း သည်ဟု မူလခုံး၌ တင်ပြခဲ့သည်။ တနည်းဆိုသော် ဦးပန်းမိုင်မှာ ပိုင်ရှင်အစစ် မဟုတ်ဘဲ နာမည်အငှါးထားသူသာ ဖြစ်သည်ဟု အဆိုပြုခြင်းဖြစ်သည်။ ယင်းသို အဆိုပြုခြင်းကို ချေလွှာများ၌ ဖော်ပြခဲ့ခြင်း မရှိသဖြင့်၊ လက်ခံခြင်း မပြုနိုင်ဟု အောက်အယူခံခုံးမှ ဝေဘန်ထားလေသည်။ တရားမမှုများတွင် အမှုသည်တို့သည် မိမိတို့၏ အဆိုနှင့် အချေအပေါ် သက်သေထူကြရသည်။ နှစ်ဘက်အမှုသည်များ အကြား အငြင်းပွါးနေသော ပြဿနာကို အဆိုအချေ အပေါ်မူတည်၍ အဆုံး အဖြတ်ပြုရသည်။ သို့ဖြစ်ရာ အဆိုအချေတွင် မပါသည့် ထုချေချက်ကို ထည့်သင်း စဉ်းစားခြင်း မပြုနိုင်ဆိုသော အောက်အယူခံခုံး၏ ကောက်ယူချက်များ မှားယွင်း သည်ဟု မဆိုသာပေ။

အထက်ပါ အကြောင်းရပ်များကြောင့်၊ အခင်းဖြစ် ခြံမြေများသည် မူလက ဦးဘိုးလှပိုင်ဆိုင်ပြီး၊ ဦးဘိုးလှက ဒေါ်အေးရင်နှင့် ဒေါ်အေးတင်တို့အား တယောက် တဝက်စီ ခွဲဝေပေးခဲ့သည်ဆိုသော မူလခုံး၏ ဆုံးဖြတ်ချက်ကို ပယ်ဖျက်ပြီး၊ အခင်းဖြစ် ခြံမြေများသည် မူလက ဦးပန်းမိုင် ပိုင်ဆိုင်၍၊ ၎င်းသေဆုံးသောအခါ ဒေါ်အေးရင်နှင့် သားများက ဆက်ခံခဲ့သည်ဟု ကောက်ယူခဲ့သည့် အောက်အယူခံခုံး၏ ဆုံးဖြတ်ချက်မှာ မှန်ကန်သည်ဟု ဆိုရမည် ဖြစ်သည်။ ထို့ကြောင့်ပင်၊ အယူခံတရားလို၏ ရှေ့နေ ဦးဘကျော်ကလည်း ဤအချက်နှင့် ပတ်သက်၍အထူးအထွေ လျှောက်လဲခြင်း မပြု လိုတော့ကြောင်း ဝန်ခံရသည်။

အယူခံဘရားလိုတို့၏ အယူခံသွဘပါ အကြောင်းရပ် တခုဖြစ်သည့် မြေလက်ရောက် ရသိမှုနှင့် သျော်ကြေးရသိမှုကို ပူးပေါင်း စွဲဆိုခြင်း မပြုရဟု ဥပဒေက သတ်မှတ် ထားပါလျက်၊ ထိုသတ်မှတ်ချက်အား လစ်လျူရှုခဲ့သည့် အောက်အယူခံခုံး၏ ဆုံးဖြတ် ချက်ကို ပယ်ဖျက်သင့်သည်ဆိုသော ကိစ္စနှင့် ပတ်သက်၍လည်း အခြေအမြစ်ရှိသည်ဟု မဆိုနိုင်ပေ။

အမှုစွဲဆိုရန် အကြောင်းရပ်များကို တရားလို တဦးဦးက မှားယွင်းပြီး ပူးပေါင်း စွဲဆိုသော်လည်း၊ တရားပြိုင်သည် အချိန်မနှောင်းဘဲ ကန့်ကွက်ရမည် ဖြစ်သည်။ ကောက်ချက်ထုတ်၍ စစ်ဆေးသော အမှုများတွင်၊ ကောက်ချက် မထုတ်မီ ကန့်ကွက်

ရပေမည်။ ယင်းသို့ ကန့်ကွက်ခြင်း မရှိပါက၊ ထိုအခွင့်အရေးနှင့် ပတ်သက်၍ တရားပြိုင်က စွန့်လွှတ်ပြီးဖြစ်သည်ဟု ယူဆရမည် ဖြစ်သည်။ ထိုအတိုင်းပင် တရားမကျင့်ထုံး အမိန့် ၂၊ နည်းဥပဒေ ၇ တွင် ပြဋ္ဌာန်းထားသည်ကို တွေ့မြင်နိုင်ပေသည်။ **မိနာပူးဇင်မိဒါရီ ကုမ္ပဏီ** နှင့် **နာနစ်နာရိန်း** (၁)၊ **ဘာရဝမ်ဒတ်** နှင့် **နာရမ်** (၂)။

ယခုအမှုတွင် အယူခံဘရားလိုတို့သည် မူလရုံး၌ မြေလက်ရောက်ရလိုမှုနှင့် လျော်ကြေးရလိုမှုတို့ကို ပူးပေါင်းပြီး စွဲဆိုခြင်း မပြုသင့်ဟု ကန့်ကွက်ခဲ့ခြင်းမရှိ၊ ထို့ကြောင့်ပင် မူလရုံးက ယင်းကိစ္စနှင့် ပတ်သက်ပြီး ကောက်ချက်ကိုလည်း မထုတ်ခဲ့၊ စဉ်းစားခြင်းလည်း မပြုခဲ့ပေ။ သို့ဖြစ်ရာ၊ အကယ်၍ ယခုကိစ္စတွင် အယူခံ တရားပြိုင်တို့ စွဲဆိုသော အမှုမှာ တရားမကျင့်ထုံး အမိန့် ၂၊ နည်းဥပဒေ ၄ နှင့် ငြိစွန်းနေသည်ဟု ဆိုစေကာမူ၊ အယူခံတရားလိုတို့သည် မူလရုံး၌ ကန့်ကွက်ခြင်း မပြုခဲ့ကြသဖြင့်၊ ဤဒုတိယ အယူခံရုံးတွင် ပြောဆိုပိုင်ခွင့် မရှိတော့ပေ။

အခင်းဖြစ်မြေများမှာ ခြံမြေများ ဖြစ်သည့် အလျောက်၊ ဤရုံးမှ ၁၉၆၅ ခု၊ မတ်လ ၆ ရက်နေ့တွင် ကောက်ချက်သုံးခုကို၊ မူလရုံးသို့ စစ်ဆေးဖြေကြားရန် ပေးပို့ခဲ့၏။ ထိုကောက်ချက်များမှာ——

(၁) အခင်းဖြစ်မြေကို နိုင်ငံတော် အစိုးရက ပြန်လည် သိမ်းယူထားခြင်းရှိ မရှိ။

(၂) လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေ ၆ (၁) အရ ပြန်လည် သိမ်းယူခြင်းမှ ကင်းလွတ်ခွင့် ပြုထားသည့် မြေဟုတ် မဟုတ်နှင့်

(၃) ၁၉၆၃ ခုနှစ်၊ သီးစားချထားရေး ဥပဒေပုဒ်မ ၇ အရ၊ ဖွဲ့စည်းထားသည့် အဖွဲ့တခုခုက အခင်းဖြစ်မြေကို၊ သီးစားချထားခြင်းရှိ မရှိ၊ အကယ်၍ သီးစားချထားခြင်းရှိပါက မည်သူ့အား သီးစားချထား ပါသနည်း စသည်တို့ပင်ဖြစ်သည်။

အထက်ပါ ကောက်ချက်နှင့် ပတ်သက်၍ မူလရုံးသည် နှစ်ဘက်တင်ပြသည့် သက်သေများကို စစ်ဆေးပြီးနောက်၊ အခင်းဖြစ်မြေကို နိုင်ငံတော် အစိုးရက ပြန်လည် သိမ်းယူခြင်း မရှိသေးကြောင်း၊ ယင်းသို့ သိမ်းယူခြင်း မရှိသေးသဖြင့်၊ ကင်းလွတ်ခွင့်ပြု၊ မပြုဆိုသော ပြဿနာ မပေါ်ပေါက်သေးကြောင်း အခင်းဖြစ်မြေကို ၁၉၆၄ ခုနှစ်၊ မှစ၍ ကံပဲကျေးရွာ သီးစားချထားရေး အဖွဲ့က အယူခံတရားလို မကြင်ငွေအား သီးစားချထားပြီး ဖြစ်ကြောင်း ဖြေဆိုခဲ့သည်၊ ထိုဖြေဆိုချက်များမှာ မှန်ကန်ကြောင်း

(၁) အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၂၁ ခုနှစ်၊ ကာလကတ္တား၊ ၃၆၈ (၃၇၁)။

(၂) အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၃၂ ခုနှစ်၊ ဘုံဘိုင်၊ ၅၉၅ (၅၉၆)။

နှစ်ဘက်ရွေးနေမျှားက ဝန်ခံကြသည်။ သီးစားချထားသည့်အမိန့်ကို ၁၉၆၄ ခုနှစ်က ချမှတ်ခဲ့သဖြင့်၊ ထိုအမိန့်ကို ငြင်းဆိုသည့် အနေဖြင့် တရားစွဲဆိုခဲ့ခြင်း မဟုတ်ကြောင်း ထင်ရှားသည်။ သို့ဖြစ်ရာ၊ သီးစားချထားရေး ဥပဒေပုဒ်မ ၈ အရ၊ အယူခံတရားပြိုင်တို့၏ အမှုကို လုံးဝ ပလပ်သင့်သည်ဆိုသော အယူခံတရားလိုတို့၏ တင်ပြချက်ကို လက်မခံနိုင်ပေ။

၁၉၆၇ ဦးတင်ဦး ပါ ၃ နှင့် ဒေါ်အေးရင် ပါ ၃။

သို့ရာတွင်၊ ၁၉၆၃ ခုနှစ်၊ သီးစားချထားရေး ဥပဒေ ၇ အရ၊ ဖွဲ့စည်းထားသည့် ကံပဲ့ကျေးရွာ သီးစားအဖွဲ့သည် အခင်းဖြစ်မြေကို အယူခံတရားလို မကြင်ငွေအား သီးစားချထားပြီးဖြစ်ရာ၊ အယူခံတရားပြိုင်တို့ အနေဖြင့် ထိုမြေကို ယခုအခြေတွင် လက်ရောက်ရရန် အခွင့်အရေး မရှိတော့ပေ။ သက်ဆိုင်ရာ အဖွဲ့အစည်းမှ ကံပဲ့ကျေးရွာ သီးစားချထားရေး အဖွဲ့၏ အမိန့်ကို ပြင်ဆင်ပယ်ဖျက်ခြင်းပြုမှသာ မြေကို လက်ရောက်ရရန် အခွင့်အရေး ရှိမည်ဖြစ်သည်။

အထက်ပါ အကြောင်းရပ်များကြောင့်၊ အယူခံ တရားပြိုင်တို့သည် အခင်းဖြစ်ခြံမြေများကို ပိုင်ဆိုင်သူများ ဖြစ်ကြသည့် အပြင်၊ အယူခံ တရားလိုတို့ထံမှ လျော်ကြေးငွေ ၃၀၀ ကို ရထိုက်သည်ဆိုသော ဒီကရီကိုသာ ရရှိကြမည် ဖြစ်သည်။ မြေကို လက်ရောက်အပ်ပေးစေသည့် အမိန့်ကို ပယ်ဖျက်လိုက်သည်မှအပ၊ အောက်အယူခံရုံး၏ စီရင်ချက်နှင့် ဒီကရီတို့ကို အတည်ပြုလိုက်သည်။ ဤရုံးတွင် နှစ်ဦးနှစ်ဘက်စလုံး၊ လုံးဝအနိုင်မရကြသဖြင့်၊ ဤရုံးတရားစရိတ်နှင့် ပတ်သက်၍ အမိန့်ချမှတ်ခြင်းမပြု။

နိုင်ငံတော်တရားရုံးချုပ်

တရားမ ပဌမအယူခံမှု

တရားသူကြီး ဦးစိန်သင်း ရှေ့တွင်

† ၁၉၆၇
စက်တင်ဘာလ
၂ ရက်။

ဦးလှဖေ ပါ ၂ (အယူခံတရားလိုများ)

နှင့်

ဦးမြ ပါ ၂ (အယူခံတရားခံများ) *

ကာလစည်းကမ်းသတ် အက်ဥပဒေ ပုဒ်မ ၂ (၃)—"ခံဝန်ချုပ်" ဆိုသည့် အဓိပ္ပါယ်—ပဋိညာဉ် အက်ဥပဒေပုဒ်မ ၂၅ (၃)အရ ပဋိညာဉ်မြောက် မမြောက်—ကာလစည်းကမ်းသတ် အက်ဥပဒေ ပဌမဇယား အမှတ်စဉ် ၇၄ အရ ကာလစည်းကမ်းသတ်ကို ရေတွက်ခြင်း။

ဆုံးဖြတ်ချက်။ ။ပဌမအယူခံတရားခံ ချုပ်ဆိုသည့် သက်သေခံအမှတ် "ဂ" စာရွက်စာတမ်းသည် ကာလစည်းကမ်းသတ် အက်ဥပဒေ ပုဒ်မ ၂ (၃) တွင် အဓိပ္ပါယ် ဖွင့်ဆိုထားသည့် ခံဝန်ချုပ် "bond" တွင်အကျုံးဝင်သည်၊ ထိုခံဝန်ချုပ်မှာလည်း ကာလစည်းကမ်းသတ် ကျော်လွန်ပြီးသည့် ငွေများအတွက် ချုပ်ဆိုထားဘိ၍၊ ပဋိညာဉ်အက်ဥပဒေ ၂၅ (၃)အရ၊ ပဋိညာဉ်မြောက်သဖြင့် ပဌမအယူခံ တရားခံ၌ ထိုငွေများကိုပေးရန် တာဝန်ရှိသည်။ ထိုခံဝန်ချုပ်အရဆိုသော် ငွေပေးရန် ပဌမဦးစွာ သတ်မှတ်ထားသည့် အချိန်သည် တန်ဆောင်မုန်း လကုန်တွင် ကုန်ဆုံးသည်။ ထို့ကြောင့် ကာလစည်းကမ်းသတ်ကို ရေတွက်ရာ၌ ကာလစည်းကမ်းသတ် အက်ဥပဒေ ပဌမ ဇယားအမှတ်စဉ် ၇၄ အရ တန်ဆောင်မုန်းလ ကုန်ဆုံးသည့် နေ့ရက်မှစ၍ ရေတွက်ရမည်။

မောင့်ဂေါရနှင့် ရမ်းချောရမ်း၊ အေ၊အိုင်၊အာ(ရ်)၊ ၁၉၂၇၊ အု(ဒ်)၊ စာ ၅၃၉ ရည်ညွှန်းသည်။

ထပ်မံဆုံးဖြတ်ချက်။ ။သက်သေခံအမှတ် "ဂ" စာတမ်းအမှတ်အသားသည် တံဆိပ်ခေါင်း အက်ဥပဒေ ပုဒ်မ ၂ (၅)တွင် အကျုံးဝင်သည့် ခံဝန်ချုပ် "bond" ဖြစ်သည်။ ထို့ကြောင့် အဆိုပါ အက်ဥပဒေဇယား (၁) အမှတ်စဉ် ၁၅ အရ တံဆိပ်ခေါင်း ကပ်ရန်လိုသည်။

အယူခံတရားလိုများအတွက်။ ။ဦးသန်းအောင်။

အယူခံတရားခံများအတွက်။ ။ဦးဝင်းလှိုင်။

---

* ၁၉၆၅ ခုနှစ်၊ တရားမ ပဌမအယူခံမှုအမှတ် ၄၇။

† ၁၉၆၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃ တွင်၊ ပျဉ်းမနားမြို့၊ ခရိုင်တရားမ တရားသူကြီးရုံးတော်၏ချမှတ်သောဒီကရီကိုအယူခံဝင်မှု။

တရားသူကြီး ဦးစိန်သင်း။ ။ပျဉ်းမနားမြို့၊ ခရိုင်တရားမဇုံး၊ ၁၉၆၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃ တွင်၊ အယူခံတရားလိုများဖြစ်ကြသော ဦးလှဖေနှင့် ဒေါ်တင်တို့က၊ အယူခံတရားခံများဖြစ်ကြသော ဦးမြနှင့် ဦးလှမောင်တို့အပေါ် တွင်၊ ငွေ ၆,၆၂၃ ကျပ် ၁၅ ပြားရလိုမှု တရားစွဲဆိုခဲ့သည်။ အဆိုလွှာတွင် တရားလိုများက တရားခံ ဦးမြနှင့် ဦးလှမောင်တို့သည် ပျဉ်းမနားမြို့၊ ကျားခေါင်း ဆေးလိပ်ခုံကို ကုန်ဖက်စပ်များအဖြစ် စပ်တူ လုပ်ကိုင်ခဲ့ကြသူများဖြစ်ပါသည်။ ၎င်းတို့သည် ထိုဆေးလိပ်ခုံတွင် အသုံးပြုရန်အတွက်တရားလိုတို့ထံမှ သနပ်ဖက်များကို အကြွေးဝယ်ယူခဲ့ပါသည်။ ကြွေးဝယ်ယူသည့်ငွေပေါင်း ၁၁,၇၂၃ ကျပ် ၁၅ ပြားကို ချက်ခြင်းမပေးဆပ်နိုင်သဖြင့်၊ တရားခံများသည် ၁၉၅၉ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့က၊ ကတိစာချုပ်တခု ပြုလုပ်ကြပါသည်။ ထိုကတိစာချုပ်၌ ၁၃၂၁ ခုနှစ်၊ တပို့တွဲလအတွင်း ငွေ ၅,၀၀၀ ကျပ်တကြိမ်ပေးဆပ်မည်ဖြစ်ကြောင်း၊ ကျန်ငွေကို ၁၃၂၁ ခု၊ တပေါင်းလမှအစပြု၍ တလလျှင် ၂၀၀ ကျပ်စီ ပြေလည်သည့်အထိ ပေးဆပ်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ ထိုကဲ့သို့ ကတိပြုခဲ့ပါသော်လည်း၊ တရားခံများသည် ငွေ ၃,၀၀၀ ကျပ်ကို ၁၉၆၀ ခုနှစ်၊ ဩဂုတ်လ ၅ လက်နေ့တွင်ပေးချေ၍၊ ၁၉၆၁ ခု၊ ဖေဖော်ဝါရီလအတွင်းက ငွေ ၂၀၀ ကျပ်၊ စုစုပေါင်း ၃,၂၀၀ ကျပ်သာလျှင်ပေးဆပ်ခဲ့ပါသည်။ ၁၉၆၁ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့သို့ ရောက်သောအခါ၊ ဦးမြတဦးတည်းက ငွေ ၁,၀၀၀ ကျပ်ကို ယခုပေးချေ၍၊ လာမည့် တန်ဆောင်မုန်းလအတွင်း ငွေ ၂,၀၀၀ ကျပ်ပေးရန်နှင့် နတ်တော်လမှစ၍ တလလျှင် ငွေ ၂၀၀ ကျပ်စီပြေလည်သည်အထိ၊ ပေးဆောင်ရန် သဘောတူညီကြောင်း စာချုပ်တခုလက်မှတ်ရေးထိုးချုပ်ဆိုခဲ့ပါသည်။ ၎င်းနောက် ဦးမြက ၁၃၂၃ ခု၊ တန်ဆောင်မုန်းလဆုပ် ၁၂ ရက်နေ့က ငွေ ၁,၀၀၀ ကျပ်နှင့်တပို့တွဲလဆုပ် ၁၀ ရက်နေ့ကငွေ ၁,၀၀၀ ကျပ်၊ စုစုပေါင်းငွေ ၂,၀၀၀ ကျပ်ပေးပြန်ပါသည်။ ကျန်ငွေ ၆,၆၂၃ ကျပ် ၁၅ ပြားကို ပေးချေရန်အကြိမ်ကြိမ် တောင်းဆိုပါသော်လည်း၊ နောက်ထပ် ပေးဆပ်ခြင်း မရှိသောကြောင့် တရားစွဲဆိုရခြင်းဖြစ်ပါသည် အစရှိသဖြင့် ဖော်ပြထားသည်။

၁၉၆၇ ဦးလှဖေ ပါ ၂ နှင့် ဦးမြ ပါ ၂။

တရားခံများက မိမိတို့သည် ကုန်ဖက်စပ်များ ဖြစ်ပါသည်ဆိုခြင်းကို ငြင်းဆိုထားသည်။ စာချုပ်များ ချုပ်ဆိုခြင်းကို ငြင်းဆိုခြင်း မပြုကြသော်လည်း၊ ထိုစာချုပ် များသည် စည်းကမ်းသတ် ကျော်လွန်နေပြီ ဖြစ်သောကြောင့်၊ တရားလိုများသည် မိမိတို့ အပေါ်၌ တရားစွဲဆိုခြင်း မပြုနိုင်ပါဟု ထုချေထားလေသည်။ ၁၉၆၁ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့က ဦးမြ ချုပ်ဆိုပါသည်ဟူသော စာချုပ်နှင့် ပတ်သက်၍လည်း၊ ထိုစာချုပ်တွင် တံဆိပ်ခေါင်းမပါသဖြင့်၊ သက်သေခံမဝင်ပါဟူ၍ တရားခံများက ချေပခဲ့သည်။

၁၉၆၇ ဦးလှမောင်ပါ ၂ နှင့် ဦးမြ ပါ ၂။

မူလရုံး တရားသူကြီးက ဦးမြနှင့် ဦးလှမောင်တို့သည် ကုန်ဖက်စပ်များ မဟုတ်ကြပါ၊ ၁၉၆၁ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့က ဦးမြပြုလုပ်သည့်စာချုပ်သည် သက်သေခံဝင်ပါသည်။ သို့ရာတွင် ဦးမြနောက်ဆုံးပြုလုပ်သောစာချုပ်၏ နေ့စွဲမှာ၊ ၁၉၆၁ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့ဖြစ်၍ အမှုစွဲဆိုသောနေ့မှာ ၁၉၆၄ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့ဖြစ်သောကြောင့် ကာလ စည်းကမ်းသတ် ၃ နှစ်ကျော်သွားသဖြင့် တရားစွဲဆိုခြင်း မပြုနိုင်ပါ ဟု ကောက်ယူဆုံးဖြတ်ကာ တရားလိုများ၏အမှုကို စရိတ်နှင့်တကွ ပလပ်လိုက်ခြင်းဖြစ်သည်။ ယခု ကျွန်ုပ်ရှေ့တွင် လျှောက်လဲချက်များ ပေးရာ၌ နှစ်ဖက်သော ရှေနေကြီးများက ကာလစည်းကမ်းသတ်နှင့် ပတ်သက်၍သာလျှင်အဓိကအားဖြင့် လျှောက်လဲသွားလေသည်။ အယူခံ တရားလိုအတွက် လိုက်ပါ ဆောင်ရွက်သည့် တရားရုံးချုပ် ရှေနေကြီး ဦးသန်းအောင်က ဦးလှမောင်နှင့် ပတ်သက်၍ တရားလို၏အမှုကို ပလပ်ခြင်းအတွက် လျှောက်လဲခြင်းမပြုလိုပါ၊ ဦးမြ အပေါ်၌ သာလျှင် မိမိ၏ အမှုသည်များသည် တရားစွဲဆိုသည့်ဥစ္စာကို ရသင့်ပါသည်ဟု တင်ပြသွားသည်။

ဤအမှုတွင် အငြင်းမပွားနိုင်သည့်အချက်မှာ ဦးမြနှင့် ဦးလှမောင်တို့သည် ၁၉၅၉ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့က ကတိစာချုပ်တခု ပြုလုပ်ခဲ့ကြသည်။ ထိုစာချုပ်တွင် ကြွေးရှင်များ ဖော်ပြထားသည့် ငွေများမှာ ကာလစည်းကမ်းသတ် ကျော်လွန်နေသည့် ကြွေးငွေများ ဖြစ်စေကာမူ၊ ၎င်းတို့ချုပ်ဆိုခဲ့သည့် စာချုပ်သည် ပဋိညာဉ် အက်ဥပဒေ ပုဒ်မ ၂၅၊ ခြွင်းချက် (၃) အရ ပဋိညာဉ်မြောက်သည်။ သို့ရာတွင် ထိုစာချုပ်ကို အခြေခံထားပြီး တရားလိုများသည် တရားခံများအား တရားမစွဲဆိုနိုင်။ ထိုစာချုပ်အရ ပေးရန်ရှိသော ငွေများသည် တရားမစွဲမီ သုံးနှစ်ကျော်က ပေးရမည့် ငွေများ ဖြစ်ခြင်းကြောင့် ကာလစည်းကမ်းသတ် အက်ဥပဒေအရ ကာလစည်းကမ်းသတ် ကျော်လွန်ခဲ့ပြီး ဖြစ်သည်။ တဖန် ၁၉၆၀ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့က ဦးမြတဦးတည်းက သက်သေခံအမှတ် "၀" အရ မိမိပေးရန် ရှိသော ကြွေးငွေများနှင့် ပတ်သက်၍ ဤစာဖြင့် ရေးသား ဝန်ခံချက် ပြုလုပ်ခဲ့သည်။ ထိုစဉ်က ၁၉၅၉ ခုနှစ်၊ ဩဂုတ်ယ ၉ ရက်နေ့စွဲပါဝန်ခံချုပ်အရ ဦးမြတို့ ပေးရန် တာဝန်ရှိသော ငွေများသည် ကာလစည်းကမ်းသတ်ကျော်လွန်ခြင်း မရှိသေးချေ။ ထို့ကြောင့် ကာလစည်းကမ်းသတ် အက်ဥပဒေ ပုဒ်မ ၁၉ (၁) အရ၊ ဦးမြနှင့် ပတ်သက်၍ ကာလစည်းကမ်းသတ် အချိန်အသစ်ကို ဝန်ခံလက်မှတ် ရေးထိုးသည့်နေ့မှစ၍ တွက်ချက်ရမည်ဖြစ်သည်။ ထိုသို့တွက်ချက်ပါမူ ဦးမြ အပေါ်၌ တရားစွဲဆိုခြင်းသည် ထိုကဲ့သို့ လက်မှတ်ရေးထိုးပြီး သုံးနှစ်ကျော်မှ ဖြစ်သောကြောင့် ပျက်ပြယ်ပါသည်ဟု မူလရုံးက ယူဆခဲ့ခြင်း ဖြစ်ပါသည်။

သို့ရာတွင် ဦးမြချုပ်ဆိုသည့် သက်သေခံအမှတ် "ဂ" စာရွက်စာတမ်းသည် ကာလစည်းကမ်းသတ် အက်ဥပဒေ ပုဒ်မ ၂ (၃) တွင် အဓိပ္ပါယ် ဖွင့်ဆိုထားသည့် ဝန်ခံချုပ် "bond" တွင် အကျုံးဝင်သည်။ ထိုခံဝန်ချုပ်မှာလည်း၊ ကာလစည်းကမ်းသတ်ကျော်လွန်ပြီးသည့် ငွေများအတွက် ချုပ်ဆိုထားဘိဉီး၊ ပဋိညာဉ် အက်ဥပဒေ ပုဒ်မ ၂၅ (၃) အရ၊ ပဋိညာဉ်မြောက်သဖြင့်၊ ဦးမြ ၌ ထိုငွေများကို ပေးရန် တာဝန်ရှိသည်၊ ထိုခံဝန်ချုပ်အရဆိုသော် ငွေပေးရန် ပဌမဦးစွာ သတ်မှတ်ထားသည့် အချိန်သည်၊ တန်ဆောင်မုန်းလကုန်တွင် ကုန်ဆုံးသည်။ ထို့ကြောင့် ကာလစည်းကမ်းသတ်ကို ရေတွက်ရာ၌၊ ကာလစည်းကမ်းသတ် အက်ဥပဒေ ပဌမဇယား အမှတ်စဉ် ၇၄ အရ၊ တန်ဆောင်မုန်းလ ကုန်ဆုံးသည့် နေ့ရက်မှစ၍ ရေတွက်ရမည်။ ဤအချက်နှင့်ပတ်သက်၍ **မောင့်ဂေါရ** နှင့် **ရမ်းချာရမ်း** (၁) တို့အမှုစီရင်ထုံးတွင် အရစ်ကျပေးသွင်းရန် ချုပ်ဆိုထားသည့် ခံဝန်ချုပ်သည် သက်သေခံအက်ဥပဒေဇယား (၁) အမှတ်စဉ် ၇၄ နှင့်သက်ဆိုင်ကြောင်း အဆုံးအဖြတ်ပြုထားသည်ကို တွေ့ရှိနိုင်သည်။ ထို့ကြောင့် ဤအမှုကို စဉ်းစားခါနိုက်သက်သေခံအမှတ် "ဂ" အရ၊ ငွေပေးရန် ပဌမဦးစွာ သတ်မှတ်ထားသည့် နေ့ရက် နောက်ဆုံးနှစ်မကျော်လွန်သေးသဖြင့်၊ ဦးမြနှင့် ပတ်သက်၍ အမှုကို ပလပ်လိုက်ခြင်းသည် မှားယွင်းလေသည်။

သက်သေခံအမှတ် "ဂ"။ စာတမ်းအမှတ်အသားသည်၊ တံဆိပ်ခေါင်း အက်ဥပဒေ ပုဒ်မ ၂ (၅) တွင် အကျုံးဝင်သည့်ခံဝန်ချုပ် "bond" ဖြစ်သည်။ ထို့ကြောင့်အဆိုပါ အက်ဥပဒေဇယား (၁) အမှတ်စဉ် ၁၅ အရ၊ တံဆိပ်ခေါင်းကပ်ရန် လိုသည်။ သို့ပင်ဖြစ်လင့်ကစား ထိုစာတမ်းအမှတ်အသားကို မူလရုံးက သက်သေခံအဖြစ် လက်ခံခဲ့ပြီးဖြစ်ရာ၊ ဤအချက်နှင့်ပတ်သက်၍ ယခုအမှုအဟက် စဉ်းစားဆင်ခြင်ရန် မလိုတော့ချေ။ ထိုစာတမ်းအမှတ်အသားသည် တံဆိပ်ခေါင်းကပ်ရန် လိုအပ်သည်ဟု ကျန်ုပ်ထင်သဖြင့် ဆက်လက်အရေးယူရန် တံဆိပ်ခေါင်းအက်ဥပဒေပုဒ်မ ၃၃ (၂) (ခ) အယူခံဘက်ဆိုင်ရာ ဒုတိယအတွင်းဝန်အား တာဝန်လွှဲအပ်လိုက်သည်။

အထက်ပေါ်ပြပါ အကြောင်းများကြောင့် မူလရုံးတရားသူကြီး ချမှတ်သည့် စီရင်ချက်နှင့် ဒီကရီတို့ကို ပယ်ဖျက်လိုက်ပြီး၊ အယူခံတရားခံ ဦးမြအပေါ်၌ တရားလို များအား ငွေ ၆,၆၂၃ ကျပ် ၁၅ ပြားပေးစေရန် စရိတ်နှင့်တကွ ဒီကရီချမှတ်လိုက်သည်။

---

(၁) အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၂၇ ခုနှစ်၊ အု(ဒ်)၊ စာ ၅၃၉။

နိုင်ငံတော် တရားရုံးချုပ်

တရားမပြင်ဆင်မှု

တရားသူကြီးဦးချစ်ရွှေတင်

† ၁၉၆၇

အောက်တိုဘာ
လ ၂၄ ရက်။

ဦးသာရှိန် ပါ ၂ (ပြင်ဆင်ရန် လျှောက်ထားသူများ)

နှင့်

ကိုတင်လှ ပါ ၂ (ပြင်ဆင်ရန် လျှောက်ထားခံရသူများ)*

ရန်ကုန်မြို့ တရားမရုံးများ အက်ဥပဒေ ပုဒ်မ ၂၅—အချင်းဖြစ်မြေပေါ်မှ ထွက်ခွါသွားရန် ရန်ကုန်မြို့ တရားမရုံးအက်ဥပဒေပုဒ်မ ၁၇ အရ တရားစွဲဆိုမှု—တသက်တာနေထိုင်ခွင့် ပေးထားခြင်း—ကတိပဋိညာဉ်အက်ဥပဒေပုဒ်မ ၆၂ အရ ပျက်ပြယ်သွားပြီးဟု ယူဆရန် ရှိမရှိ—ပစ္စည်းလွဲပြောင်းရေး အက်ဥပဒေပုဒ်မ ၉ အရ စာရေးသားချက်ရှိရန်လိုမလို—မှတ်ပုံတင်အက်ဥပဒေ ပုဒ်မ ၁၇(၁) (ခ) အရ မှတ်ပုံတင်ရန် လိုမလို။

ဆုံးဖြတ်ချက်။ ။လျှောက်ထားခံရသူများအား တသက်တာနေထိုင်ခွင့် ပေးထားသည်ဟု ဆိုစေကာမူ နောက်ဆက်တွဲစာချုပ် နေထိုင်ရန် ခွင့်ပန်ခြင်းမှာ မူလက ပေးထားသော ကတိပဋိညာဉ် အက်ဥပဒေ ၆၂ အရ ပျက်ပြယ်သွားပြီဟု ယူဆရန်အကြောင်းရှိပေသည်။ ထို့ပြင်တဝ လျှောက်ထားခံရသူများအဆိုအတိုင်း တသက်တာခွင့်ပြုသည်ဟု ဆိုစေကာမူ ထိုတသက်တာခွင့်ပြုခြင်းမှာ ဥပဒေအရ တရားမဝင်ပေ။ တနှစ်ထက်ကျော်လွန်၍ နေထိုင်ခွင့်ပန်ခြင်းသော်၎င်း၊ တနှစ်ပြီးတနှစ် ဆက်လက်၍ နေထိုင်ခွင့်ပေးခြင်းသော်၎င်း၊ ၎င်းတို့တွင် ပစ္စည်းလွဲပြောင်းရေး အက်ဥပဒေပုဒ်မ ၉ အရစာရေးသားချက်ရှိရပေမည်။ ယင်းကဲ့သို့ ရေးသားချက်ကို မှတ်ပုံတင် အက်ဥပဒေပုဒ်မ ၁၇ (၁) (ခ)အရ မှတ်ပုံတင်ရပေမည်။ ဤကဲ့သို့ပြုလုပ်ထားခြင်းမရှိသဖြင့် ယင်းတသက်တာနေခွင့်ပေးသော အခွင့်အရေးမှာတရားဥပဒေအရ ပျက်ပြယ်သွားသည်ဟု ယူဆရပေမည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဦးလှသိန်း။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဦးသန်းနိုင်။

တရားသူကြီး ဦးချစ်။ ။ဤအမှုမှ လျှောက်ထားသူများ (မူလတရားလိုများ) ဖြစ်ကြသော ဦးသာရှိန်နှင့် ဇနီးဒေါ်ညွှန့်ရီတို့က၊ ရန်ကုန်မြို့ တရားမရုံး၊ တတိယ

---

* ၁၉၆၆ ခုနှစ်၊ တရားမ ပြင်ဆင်မှုအမှတ် ၅၁။

† ၁၉၆၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅၂၃ တွင်၊ရန်ကုန်မြို့တော် တရားမရုံး တတိယတရားသူကြီးရုံးတော်၏ ဒီကရီကို အယူခံဝင်မှု။

တရားမ တရားသူကြီးရုံး၊ ၁၉၆၅ ခု၊ တရားမကြီးမှု အမှတ် ၅၂၃ တွင်၊ ၁၉၆၆ ခု၊ အောက်ဘိုဘာသ ၁၁ ရက်နေ့စွဲဖြင့် ချမှတ်သော စီရင်ချက်နှင့် ဒီကရီတို့ကို မကြေနပ်သဖြင့်၊ ရန်ကုန်မြို့ တရားမရုံးများ အက်ဥပဒေပုဒ်မ ၂၅ အရ၊ ဤရုံးတွင် တရားမပြင်ဆင်လွှာ တင်သွင်းခြင်းဖြစ်သည်။

၁၉၆၇
ဦးသန်းမြင့် ပါ ၂ နှင့် ကိုတင်လှ ပါ ၂။

အမှုအကြောင်းအရာအတိုချုပ်မှာ၊ အောက်ပါအတိုင်းဖြစ်သည်။

အချင်းဖြစ်မြေကို လျှောက်ထားသူများက ဝယ်ယူထား၍ ပိုင်ဆိုင်ကြသည်။ လျှောက်ထားသူများသည် အချင်းဖြစ်မြေပေါ်တွင် အိမ်ကြီးတလုံး ဆောက်လုပ်ရန် အိမ်ဆောက်အိရိယာများဖြစ်သော သစ်ဝါး အစရှိသည်တို့ကို သိုလှောင်ရန်၊ အချင်းဖြစ်မြေ၏ တောင်ဘက်ပိုင်းတွင် ပေ ၂၀ × ၁၅ ယာယီတဲ ဆောက်လုပ်ခွင့်ပြုရန် သဃ်နိုးကျွန်းမြို့ ဒေသန္တရ အုပ်ချုပ်ရေးအဖွဲ့ အုပ်ချုပ်ရေးမှူးထံတွင် ခွင့်ပန်ခဲ့ရာ ယင်းအဖွဲ့က ခွင့်ပြုလိုက်လေသည်။ ထိုယာယီတဲကို ဆောက်လုပ်ပြီးနောက် လျှောက်ထားသူအမှတ် (၂) ဒေါ်ညွန့်ရီက ညီမအရင်းဖြစ်သူ လျှောက်ထားခံရသအမှတ် (၂) မသန်းဆွေး နှင့် ယောကျ်ား လျှောက်ထားခံရသူအမှတ် (၁) ကိုတင်လှတို့ကို၊ ယင်းယာယီတဲဘွင် အခမဲ့နေထိုင်ခွင့် ပေးထားလေသည်။ လျှောက်ထားခံရသူများသည် ယာယီတဲဘွင်နေထိုင်ပြီး၊ ထိုတဲကို တစတစ တိုးခဲ့၍ ပြုပြင်ပြင်ဆင်လာရာတွင်၊ လျှောက်ထားသူများ ကန့်ကွက်လေသည်။ ဒေသန္တရ အဖွဲ့သို့လည်း အကြောင်းကြား ကန့်ကွက်သေသည်။ ယင်းအဖွဲ့က လျှောက်ထားခံရသူများအား နေနိုင်လောက်အောင် ပြင်ဆင်ခွင့် ပေးရာဘွင်၊ မူလပုံမပျက်ရဟု ညွှန်ကြားထားလေသည်။ သို့ညွှန်ကြားသော်ငြားလည်း၊ လျှောက်ထားခံရသူများသည် အိမ်ကြီးတဆောင်ဖြစ်အောင် ပြုပြင်၍ နေထိုင်ကြလေသည်။ လျှောက်ထားသူ များလည်း အိမ်ကြီး တဆောင် ဆောက်လုပ်ပြီးစီးသောအခါ၊ လျှောက်ထား ခံရသူများအား မြေပေါ်မှ ထွက်ခွာသွားကြရန် ပြောကြားလေရာ၊ လျှောက်ထား ခံရသူများက ဖယ်မပေးဘဲ၊ ဆက်လက်နေထိုင်မြဲ နေထိုင်ကြလေသည်။ လျှောက်ထား ခံရသူများ၏ အဆိုအရ ဆိုလျှင်၊ ၎င်းတို့ကို လျှောက်ထားသူများအား ယင်းမြေပေါ်တွင် တသက်တာ နေထိုင်ရန် ခွင့်ပြုထားသဖြင့် ဖယ်မပေးနိုင်ဟူ၍ဖြစ်သည်။ ထို့ကြောင့် လျှောက်ထားသူများက၊ သဃ်နိုးကျွန်းမြို့ကော်မိတီ အုပ်ချုပ်ရေး အရာရှိ ဦးခင်မောင်မြင့် (လိုပြ-၃)အား တိုင်တန်းရာ၊ ယင်းပုဂ္ဂိုလ်က လျှောက်ထားသူများနှင့် လျှောက်ထား ခံရသူများကို ခေါ်ယူ၍ စစ်ဆေးလေသည်။ ထိုကဲ့သို့ စစ်ဆေးရာတွင်၊ လျှောက်ထားခံရသူများက၊ ထိုမြေပေါ်တွင် နောက်ထပ် တန္နစ် နေထိုင်ခွင့်ပြုရန် တောင်းဆိုခဲ့လေသည်။ ထိုသို့ တောင်းဆိုခဲ့သည့်အတိုင်း၊ လျှောက်ထားသူများက သဘော တူညီသဖြင့် လျှောက်ထားခံရသူများသည် နောက်ထပ် တန္နစ်ဆက်လက် နေထိုင်ကြလေသည်။ တန္နစ်

၁၉၆၇ ဦးသာရိန် ပါ ၂ နှင့် ကိုတင်လှ ပါ ၂။

စေ့သွားသော်ငြားလည်း၊ ဖယ်မပေးသဖြင့် လျှောက်ထားသူများက လျှောက်ထားခံရသူများအား ထိုမြေကြီးပေါ်မှ ထွက်ခွာ သွားရန် ရှေ့နေဖြင့်နို့တစ်စာ ပေးခဲ့လေသည်။ သို့သော် အကြောင်းမထူးသဖြင့်၊ လျှောက်ထားခံရသူများသည် အချင်းဖြစ်မြေကြီး ပေါ်မှ ထွက်ခွာသွားရန်၊ ရန်ကုန်မြို့ တရား ရုံး အက်ဥပဒေပုဒ်မ ၁၇ အရ တရားစွဲဆိုသည်။

လျှောက်ထား ခံရသူများက အချင်းဖြစ် မြေကြီးပေါ်တွင်၊ လျှောက်ထားသူများ၏ တသက်တာ ခွင့်ပြုချက်ဖြင့် နေထိုင်ခြင်း ဖြစ်ပါသည်။ ထိုမြေကြီးပေါ်တွင် ခိုင်ခန့်သော အိမ်တလုံးကို၊ မိမိတို့ဖါသာ မိမိတို့ တည်ဆောက်ကြပြီး နေထိုင်လာခဲ့သည်မှာသည်း၊ နှစ်ပေါင်း များစွာ ကြာမြင့် ပါသည်။ ယင်းကဲ့သို့ တသက်တာ နေထိုင်ခွင့် ပြုထားခြင်းကြောင့် အချင်းဖြစ်မြေကြီးပေါ်မှ ဖယ်မပေးနိုင်ပါဟု ထုချေလေသည်။

မူလရုံးက၊ အဆိုအချေများ အပေါ် အမှီပြု၍၊ နှစ်ဘက်သောရှေ့နေကြီးများ၏ သဘောတူညီချက်အရ၊ အောက်ပါအတိုင်း ပြင်ဆင်သော ကောက်ချက်ကို ထုတ်လေသည်။

> "တရားခံသည် အချင်းဖြစ်မြေပေါ်တွင်၊ တရားလိုများ၏ ခွင့်ပြုချက်အရ၊ နေထိုင်ခြင်းမှာ၊ ယာယီခွင့်ပြုချက်အရ နေထိုင်ခြင်း ဖြစ်သလား၊ သို့မဟုတ်၊ တရားခံများသည် တသက်တာ ခွင့်ပြုချက်နှင့် နေထိုင်ခြင်းဖြစ်သလား ။"

မူလရုံးက နှစ်ဘက်သော သက်သေများကို စစ်ဆေးပြီး လျှောက်ထားခံရသူများသည် အချင်းဖြစ်မြေပေါ်တွင်၊ လျှောက်ထားသူများ၏ ယာယီခွင့်ပြုချက်မျိုးမဟုတ်၊ တသက်တာ ခွင့်ပြုချက်အရသာသျှင် နေထိုင်သည်ဟု ဖြေဆိုကာ၊ လျှောက်ထားသူများ စွဲဆိုသည့် အမှုကို စရိတ်နှင့်တကွ ပလပ်လိုက်လေသည်။

ထိုကြောင့်ဤပြင်ဆင်မှု ဖြစ်ပေါ်လာလေသည်။

လျှောက်ထားသူများ၏ တရားမှုချုပ် ရှေ့နေဦးလှသိန်းက၊ အချင်းဖြစ် မြေကြီးကို၊ လျှောက်ထားသူများက ဝယ်ယူပြီး အိမ်ဆောက်လိုသဖြင့် ဝယ်ယူထားသော အိမ်ဆောက် ကိရိယာပစ္စည်းများကို သိုလှောင်ရန်၊ ဒေသန္တရ အုပ်ချုပ်ရေး အဖွဲ့၏ ခွင့်ပြုချက်အရ၊ ယာယီတဲ ဆောက်လုပ်ခဲ့ပါသည်။ လျှောက်ထားခံရသူ အမှတ် (၂) မသန်းထွေးသည်၊ လျှောက်ထားသူအမှတ် (၂) ဒေါ်ညွှန့်ရီ၏ ညီမအရင်းဖြစ်၍ မသန်းထွေးမှာလည်း နေထိုင်စရာ မရှိသောကြောင့်၊ လျှောက်ထားသူများက မသန်းထွေးတို့ လင်မယားကို၊ ထိုတဲတွင် အခမဲ့ ယာယီနေထိုင်ခွင့် ပေးခဲ့ပါသည်။ ယင်း

ယာယီ နေထိုင်ခွင့်ပေးခဲ့ပြီးနောက်၊လျှောကထားခံရသူများသည်ထိုတဲကလေးကို တစ
မှမ်းမံပြုပြင်ပြီး အိမ်ကြီးတဆောင် ဖြစ်အောင် ပြုလုပ်ခဲ့ရာ၊ လျှောက်ထားသူများက
မလိုလားသဖြင့် ကန့်ကွက်ကြရာမှအစ၊ တဦးနှင့်တဦး မသင့်မြတ်ကြပါ။ ၎င်းပြင်
လျှောက်ထားခံရသူများသည် မြူနီစီပါယ်အရာရှိ ဦးခင်မောင်မြင့် ရွှေဘွင်နောက်ထပ်
တန္ခစ် နေထိုင်ခွင့်ပြုရန် တောင်းဆိုရာ၌ လျှောက်ထားသူများက သဘောကြီးစွာဖြင့်
သဘောတူလက်ခံလိုက်ပါသည်။ သို့ရာတွင် တန္ခစ်စေ့သော် ငြားလည်း၊ ထိုမြေမှ
ထွက်ခွာသွားခြင်း မရှိသောကြောင့်၊ ရွှေနေဖြင့် နို့တစ်ပေးသော်လည်း မထူး
ခြားသဖြင့်၊ ဤကဲ့သို့ တရားစွဲဆိုရခြင်း ဖြစ်ပါသည်။ လျှောက်ထား ခံရသူများ
အဆိုရှိသည့်အတိုင်း တသက်တာ နေထိုင်ခွင့် ပေးထားသည်ဆိုစေကာမူ၊ လျှောက်
ထားခံရသူများသည် ဦးခင်မောင်မြင့်ရွှေတွင် နောက်ထပ် တန္ခစ် နေထိုင်ခွင့်တောင်း
ပြီး နှစ်စေ့သောအခါ အချင်းဖြစ် မြေမှ ထွက်ခွာသွားမည်ဟု ဂတိဝန်ခံချက်ပေး
ခြင်းမှာ၊ ပဋိညာဉ် အက်ဥပဒေပုဒ်မ ၆၂ အရ၊ မူလကပေးထားသည်ဆိုသော
တသက်တာ နေထိုင်ခွင့် ပဋိညာဉ်မှာ ပျက်ပြယ်သွားပါသည်။ ၎င်းပြင် တန္ခစ်ထက်
ကျော်၍ နေထိုင်ခွင့် ပြုခြင်းမှာ၊ နှုတ်အားဖြင့် ခွင့်မပြုနိုင်ပါ၊ စာချုပ် ချုပ်ဆိုခြင်း
အားဖြင့်သာလျှင် ခွင့်ပြုနိုင်ပါသည်။ ယင်းကဲ့သို့ စာချုပ် ချုပ်ဆိုပြီးလျှင်၊ မှတ်ပုံတင်
အက်ဥပဒေပုဒ်မ ၁၇ (၁) (ခ)အရ၊ မှတ်ပုံတင်ရပါမည်။ မှတ်ပုံတင်လျှင် တရားဝင်
မဟုတ်ပါ၊ စသည်ဖြင့် အကျယ်ဘဝင့် တင်ပြသွားပြီးလျှင်၊ စီရင်ထုံး အများအပြားကို
ညွှန်ပြသွားလေသည်။

လျှောက်ထား ခံရသူများ၏ တရားရုံးချုပ် ရှေ့နေ ဦးသန်းနိုင်က၊ လျှောက်ထား
သူများသည် လျှောက်ထားခံရသူများအား အချင်းဖြစ်မြေပေါ်တွင် တသက်တာ
နေထိုင်ခွင့်ပေးထားခြင်းနှင့် ပတ်သက်၍ သက်သေများက ထင်ရှားစွာ ထွက်ဆို
ထားပါသည်။ တသက်တာ နေထိုင်ခွင့် ပေးထားပါသဖြင့် လျှောက်ထားခံရသူများ
သည် မိမိတို့ နေထိုင်ရန် အိမ်တလုံးကို ဆောက်လုပ်ခဲ့ပါသည်။ လျှောက်ထားသူများ
ပြောဆိုသည့်အတိုင်း ယာယီတဲမရှိပါ။ လျှောက်ထားခံရသူများက လက်သမားများ
ငှား၍ ဆောက်ထားသဖြင့်၊ ယခုအခါ ထိုအိမ်မှာ အခိုင်အခန့် ရှိနေပါသည်။ ၎င်းပြင်
လျှောက်ထားသူများက လျှောက်ထား ခံရသူများအား၊ ၎င်းတို့ ဆောက်လုပ်ထား
သော အိမ်ကိုဖျက်ယူပြီး၊ အချင်းဖြစ်မြေမှ ထွက်သွားစေရန် တရားစွဲဆိုခြင်းမှာ၊
ရန်ကုန်မြို့ တရားမရုံး အက်ဥပဒေပုဒ်မ ၁၇ နှင့်မညီညွတ်ပါသောကြောင့်၊ ယခုယင်း
ပုဒ်မအတိုင်း စွဲဆိုထားသော အမှုမှာ တရားမဝင်ပါသဖြင့် မစွဲဆိုနိုင်ပါ စသည်ဖြင့်
အကျယ်တဝင့်တင်ပြသွားပြီးလျှင်၊ ဥပဒေအချက်အလက် များနှင့် စီရင်ထုံးများ
ကိုညွှန်ပြသွားလေသည်။

၁၉၆၇

ဦးသာရိန် ပါ ၂
နှင့်
ကိုတင်လှ ပါ ၂။

ခေတ်ရှေ့ဦးသာရှိန် ပါ ၂ နှင့် ကိုတင်လှ ပါ ၂။

ဤအမှုတွင်၊ သုံးသပ်ရန် အချက်အလက်များစွာရှိသည်။ သို့ရာတွင် အဓိက အရေးအကြီးဆုံးအချက်မှာ၊ လျှောက်ထားသူများသည် လျှောက်ထားခံရသူများအား ၎င်းတို့ ကသက်တာ၌ အချင်းဖြစ်မြေပေါ်တွင် နေထိုင်ခွင့် ပေးထားခြင်းလော ဟူ၍ ဖြစ်သည်။ လျှောက်ထားသူများ တင်ပြသော သက်သေများ၏ ထွက်ချက်အရဆိုလျှင် လျှောက်ထားခံရသူများမှာ၊ မူလကလျှောက်ထားသော သူများ သည်၊ မခင်သန်း (လို့ပြ-၁) အိမ်တွင်းငှါးရမ်း၍ နေထိုင်ကြလေသည်။ မခင်သန်းကပင် ထိုအိမ်ကို ရောင်းပစ်မည်ဆိုသဖြင့် လျှောက်ထားသူများမှာ နေထိုင်စရာ မရှိသော ကြောင့်၊ လျှောက်ထားသူ အမှတ်(၂)ဒေါ်ညွန့်ရီ၏ ညီမရင်း ဖြစ်သော လျှောက်ထားခံရသူ အမှတ်(၂) မသန်းထွေးကို ငဲ့ကွက်၍၊ လျှောက်ထားသူများက ဒေသန္တရ အုပ်ချုပ်ရေး အဖွဲ့မှ ခွင့်ပြုသော ယာယီတဲတွင် နေထိုင်ခွင့် ပေးထားသည်ဟု ပေါ်လွင်နေသည်။ လျှောက်ထားခံရသူများက ကျောင်းဆရာမ မမြဘူး (ခံပြ-၃) ကို တင်ပြသွားရာ၊ ၎င်းသက်သေ၏ ထွက်ချက်အရဆိုလျှင်၊ လျှောက်ထား သူများက လျှောက်ထား ခံရသူများအား၊ အချင်းဖြစ်မြေပေါ်တွင် အမြဲနေထိုင်ခွင့် ပေးသည် ဟူ၍ဆိုသည်။ သို့ရာတွင် လျှောက်ထားခံရသူများက ယင်းမြေပေါ်တွင် တသက်တာ နေထိုင်ခွင့် ပေးထားသည်ဟု ဆိုသောကြောင့် "တသက်တာ" နှင့် "အမြဲ" ဆိုသော စကားမှာ၊ ကွဲလွဲလျက် နေသည်။ မည်သို့ပင် ဖြစ်စေ၊ အမြဲနှင့် တသက်တာဆိုသော အဓိပ္ပါယ်မှာ တူညီနေသည်ဟု ယူဆသည်။ ထိုသို့ တသက်တာနေခွင့် ပေးသည်ကို လက်ခံထားပြီး၊ ရွှေဆက်လက်၍ သုံးသပ်ရန်ရှိသော အချက်မှာ၊ ဦးခင်မောင်မြင့်၏ သက်သေထွက်ချက်ပင် ဖြစ်သည်။ လျှောက်ထားသူများက လျှောက်ထားခံ ရသူများအား အချင်းဖြစ် မြေပေါ်မှ ထွက်ခွာသွား ရန် ရွှေ့နေနို့တစ်စာ ပေးသောအခါ၊ ထိုကိစ္စကို ဦးခင်မောင်မြင့် သိရှိသဖြင့်၊ ဦးခင်မောင်မြင့်က လျှောက်ထားသူများနှင့် လျှောက်ထားခံ ရသူများအား ခေါ်ယူ၍စစ်ဆေးခဲ့ရာ လျှောက်ထား ခံရသူများက ထိုမြေပေါ်တွင် နောက်ထပ် တနှစ် နေခွင့်ပြုရန်၊ ဦးခင်မောင်မြင့်အား ပန်ကြားခဲ့ လေသည်။ လျှောက်ထားသူများကလည်း နောက်ထပ် တနှစ် နေထိုင်ခွင့်ပြုရန် ခွင့်ပြုခဲ့လေသည်။ ဦးခင်မောင်မြင့်သည် ဤအမှုတွင် အလွန်လွတ်လပ်သောသက်သေ တဦးဖြစ်သည်ကတကြောင်း၊ အရာရှိတဦးဖြစ်သည်ကတကြောင်း၊ ၎င်း၏ သက်သေ ထွက်ချက်ကို ယုံမှား သံသယ မရှိသင့်ပေ။ လျှောက်ထားခံရသူများသည် လျှောက် ထားသူများ၏ ခွင့်ပြုချက်အရ တနှစ်ဆက်လက် နေထိုင်ပြီး ဖယ်မပေးခဲ့ကြပေ။ ယင်းကဲ့သို့ ဖယ်မပေးခြင်းကြောင့်၊ ဦးခင်မောင်မြင့် အနေဖြင့် ဖယ်ပေးစေရန် အမိန့်ချမှတ်နိုင်သော အာဏာ မရှိခြင်းကြောင့် မည်သို့မျှ ဝင်ရောက်စွက်ဖက်ခြင်း မပြုနိုင်ခဲ့ပေ။

ဆိုခဲ့ပြီးသည့်အတိုင်း၊ လျှောက်ထားခံရသူများအား တသက်တာ နေထိုင်ခွင့် ပေးထားသည်ဟု ဆိုစေကာမူ၊ နောက်ထပ် တန္ဒစ် နေထိုင်ခွင့်ရန် ပန်ခြင်းမှာ၊ မူလက ပေးထားသော ဂတိ ပဋိညာဉ် အက်ဥပဒေပုဒ်မ ၆၂ အရ ပျက်ပြယ်သွားပြီဟု ယူဆရန် အကြောင်းရှိပေသည်။ ထို့ပြင်တွင်၊ လျှောက်ထားခံရသူများ၏ အဆိုအတိုင်း၊ တသက်တာ ခွင့်ပြုသည်ဟု ဆိုစေကာမူ၊ ထိုတသက်တာ ခွင့်ပြုခြင်းမှာ ဥပဒေအရ တရားမဝင်ပေ။ တန္ဒစ်ထက် ကျော်လွန်၍ နေထိုင်ခွင့် ပေးခြင်းသော်၎င်း၊ တန္ဒစ်ပြီး တန္ဒစ် ဆက်လက်၍ နေထိုင်ခွင့် ပေးခြင်းသော် ၎င်းတို့တွင်၊ ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေ ပုဒ်မ ၉ အရ စာရေးသားချက်ရှိရပေမည်။ ယင်းကဲ့သို့ ရေသားချက်ကို မှတ်ပုံတင် အက်ဥပဒေပုဒ်မ ၁၇(၁) (ခ) အရ၊ မှတ်ပုံတင်ရပေမည်။ ဤကဲ့သို့ပြုလုပ် ထားခြင်း မရှိသဖြင့်၊ ယင်းတသက်တာ နေခွင့်ပေးသော အခွင့်အရေးမှာ၊ တရား ဥပဒေအရ ပျက်ပြယ်သွားသည်ဟု ယူဆရပေမည်။

ဤအမှုတွင် စဉ်းစားရာ၌ လျှောက်ထား ခံရသူများက အချင်းဖြစ် မြေပေါ်တွင် နေထိုင်သောအိမ်မှာ၊ မိမိတို့ငွေနှင့် မိမိတို့ ဆောက်လုပ်သည်ဟု ဆိုခြင်းမှာ၊ ဤအမှုကို ဆုံးဖြတ်ရာ၌ အဓိကအချက်မဟုတ်ပေ။ လျှောက်ထားသူများ တရားစွဲဆိုသည့် အဆို တွင်၊ လျှောက်ထားခံရသူများသည် အချင်းဖြစ် တဲအိမ်နှင့် မြေမှထွက်ခွာသွားရန် တောင်းဆိုခြင်းဖြစ်သည်။ လျှောက်ထားသူသည် လျှောက်ထား ခံရသူများ ဆောက် လုပ်ထားသည်ဆိုသော အိမ်ကိုဖျက်ယူ၍ ယူဆောင်သွားစေရန် စွဲဆိုသောအမှုမဟုတ် ပေ။ ထို့ကြောင့် လျှောက်ထားသူများ၏ တရားစွဲဆိုခြင်းမှာ၊ ရန်ကုန်မြို့ တရားမရုံး အက်ဥပဒေပုဒ်မ ၁၇ (၂)နှင့် ညီညွတ်ပေသည်။

အထက်တွင် ဖော်ပြသော အကြောင်း အရာများနှင့်တကွ၊ ဥပဒေ အချက်အလက် များကို သုံးသပ်ချက်အရ၊ လျှောက်ထားခံ ရသူများ၏ ရှေ့နေကြီး တင်ပြချက်ကို လက်ခံနိုင်ရန်ခဲယဉ်းပေသည်။ ထို့ပြင် မူလရုံးက ချမှတ်သော စီရင်ချက်နှင့် ဒီကရီမှာ လည်း၊ အမှုအကြောင်းခြင်းရာ အရသော်၎င်း၊ သက်သေများ ထွက်ချက် အရသော် ၎င်း၊ ဥပဒေအချက်အလက်များအရ သော်၎င်း၊ မှားယွင်းချွတ်ချော် နေသည်ကို တွေ့ရှိရသဖြင့် ဤရုံးအနေဖြင့် ၎င်းရောက် မစွက်ဖက်ဘဲ မနေနိုင်ပေ။

သို့ဖြစ်၍၊ မူလရုံးက ချမှတ်သော စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်လိုက်ပြီး၊ လျှောက်ထားသူများ အမှုစွဲဆိုသည့်အတိုင်း စရိတ်နှင့်တကွ ခွင့်ပြု၍ အနိုင်ဒီကရီ ပေးလိုက်သည်။

ဤရုံးရှေ့နေစရိတ်မှာ ၇၅ ကျပ်ဖြစ်စေရမည်။

၁၉၆၇ ဦးဆန့်နိုင် ပါ ၂ နှင့် ကိုတင်လှ ပါ ၂။

နိုင်ငံတော် တရားရုံးချုပ်

တရားမပြင်ဆင်မှု

တရားသူကြီး ဦးသက်ဖေ ရွှေတွင်

† ၁၉၆၇ အောက်တိုဘာ လ ၃ ရက်။

ဦးသုဒဿန (ပြင်ဆင်ရန်လျှောက်ထားသူ)

နှင့်

ဦးမြမောင် (ပြင်ဆင်ရန် လျှောက်ထားခံရသူ)*

အက်ဥပဒေတခုခုကို ချက်ခြင်းအာဏာတည်ရမည်ဟု ပြဋ္ဌာန်းလျှင် ပြဋ္ဌာန်းသည့်နေ့၌ပင် အာဏာတည်မတည်—ဝိနိစ္ဆယဋ္ဌာနနှင့်ဝိနိစ္ဆယခုံအက်ဥပဒေချုပ်ငြိမ်းသည့်နေ့—ရန်ကုန်မြို့၊တရားမရုံးသို့ ဝိနိစ္ဆယဋ္ဌာနရုံး၏ ဆုံးဖြတ်ချက်ကို အတည်ပြုဆောင်ရွက်ပေးရန် မေတ္တာရပ်ခံရန် အာဏာရှိ မရှိ။

ဆုံးဖြတ်ချက်။ ။အက်ဥပဒေတခုခုကို ချက်ခြင်းအာဏာတည်ရမည်ဟု ပြဋ္ဌာန်းလျှင် ပြဋ္ဌာန်းသည့်နေ့၌ပင် ထိုအက်ဥပဒေသည် အာဏာတည်မည်ဖြစ်သည်။ အစိုးရ ပြန်တမ်း၌ ထုတ်ပြန်ကြော်ငြာသည့်နေ့၌သာ အတည်ဖြစ် အာဏာသက်ရောက်ရမည်ဟု အဓိပ္ပါယ်ကောက်ယူခြင်းမပြုနိုင်ပေ။ အစိုးရပြန်တမ်းတွင် ထုတ်ပြန်ကြော်ငြာသည့်နေ့ရက်သည် မည်သည့်နေ့ရက်ပင်ဖြစ်စေ ကာမူ ဥပဒေကို ပြဋ္ဌာန်းသည့်နေ့သာလျှင် ထိုဥပဒေအာဏာသက်ရောက်သည့်နေ့ဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်သည်။

၁၉၆၅ ခုနှစ်၊ ဝိနိစ္ဆယဋ္ဌာနနှင့် ဝိနိစ္ဆယခုံအက်ဥပဒေ၊ပါဠိတက္ကသိုလ်နှင့်မွေးစာရိုးအက်ဥပဒေနှင့် ပါဠိပညာရေးအဖွဲ့ဥပဒေကို ရှုသိမ်းသည့် အက်ဥပဒေသည်၊ ၁၉၆၅ ခုနှစ်၊ဇန်နဝါရီလ ၁၈ ရက်နေ့တွင် အတည်ဖြစ် အာဏာသက်ရောက်သဖြင့် ထိုနေ့တွင် ဝိနိစ္ဆယဋ္ဌာနနှင့် ဝိနိစ္ဆယခုံအက်ဥပဒေမှ ချုပ်ငြိမ်းခဲ့လေသည်။ ယင်းသို့ချုပ်ငြိမ်းပြီးဖြစ်သည့် ၁၉၆၅ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ထိုအက်ဥပဒေအဖွဲ့အရ ဖွဲ့စည်းထားသည့် ဝိနိစ္ဆယဋ္ဌာနရုံးများမှာလည်း ရပ်တည်ခြင်းမပြုနိုင်ဘဲ အလိုအလျောက်ဖျက်သိမ်းပြီးဖြစ်သည်ဟု ယူဆရမည်ဖြစ်သည်။ သို့ဖြစ်ရာ ညောင်တုံးမြို့နယ် ဝိနိစ္ဆယဋ္ဌာနရုံးသည် ၁၉၆၅ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့၌ ဖျက်သိမ်းပြီးဖြစ်၍၊ ရန်ကုန်တရားမရုံးသို့ ၎င်း၏ဆုံးဖြတ်ချက်ကို အတည်ပြုဆောင်ရွက်ပေးရန် မေတ္တာရပ်ခံရန် အာဏာ မရှိတော့ချေ။

အစ်ဟတ် (ခေါ်)အီဆလမ် နှင့် အင်အာမက်၊ ၁၉၅၀၊ မြန်မာပြည်စီရင်ထုံး၊ ၁၈၅ (တရားလွှတ်တော်ချုပ်) ရည်ညွှန်းသည်။

---

* ၁၉၆၇ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၄၃။

† ၁၉၆၇ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၁၁၉ တွင်၊ ရန်ကုန်မြို့၊ တရားမရုံး တရားသူကြီးချုပ် ရုံးတော်၏ချမှတ်သော ၁၉၆၇ နှစ်၊ မေလ ၂၉ ရက်နေ့စွဲပါအမိန့်ကိုပြင်ဆင်မှု။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဦးဘညွှန့်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဦးစံသိန်း။

၁၉၆၇ ခုနှစ် ဦးသုဒဿနနှင့် ဦးမြမောင်။

တရားသူကြီး ဦးသက်ဖေ။ ။လျှောက်ထားသူ ဦးသုဒဿနက၊ ကွယ်လွန်သူ ဦးဘိုးအောင် လှူဒါန်းခဲ့သည်ဆိုသော ဧရိယာ ၁၅,၀၇၀ ကျပ် ၅၅ ပြားကို လျှောက်ထားခံရသူ ဦးမြမောင်ထံမှ ရလိုကြောင်း၊ မအူပင်ခရိုင်၊ ညောင်တုံးမြို့နယ်၊ ဝိနိစ္ဆယရုံး၌ တရားစွဲဆိုရာ၊ စွဲဆိုသည့်အတိုင်း အနိုင်ရခဲ့၏။ ဦးမြမောင်က မြို့နယ် ဝိနိစ္ဆယဌာနဆုံးဖြတ်ချက်ကို မကျေနပ်သဖြင့် ခရိုင်ဝိနိစ္ဆယဌာနနှင့် နိုင်ငံတော် ဝိနိစ္ဆယဌာနခုံးများသို့ အဆင့်ဆင့် အယူခံဝင်သော်လည်း အောင်မြင်ခြင်း မရှိပေ။

နိုင်ငံတော် ဝိနိစ္ဆယဌာနခုံးမှ နောက်ဆုံးအနေဖြင့် အဆုံးအဖြတ်ပေးပြီး ဖြစ်သော်လည်း၊ ဦးမြမောင်သည် ထိုဆုံးဖြတ်ချက်ကို လိုက်နာခြင်း မပြုသည့်အတွက် ညောင်တုံးမြို့နယ် ဝိနိစ္ဆယဌာနခုံးမှ အဆိုပါ ဆုံးဖြတ်ချက်အမိန့်ကို ဦးမြမောင်အား လိုက်နာအောင် ဆောင်ရွက်ပေးရန် ဝိနိစ္ဆယဌာနနှင့် ဝိနိစ္ဆယခုံ အက်ဥပဒေ ပုဒ်မ ၂၄ အရ၊ ရန်ကုန်မြို့ တရားမခုံးသို့ မေတ္တာရပ်ခံခဲ့၏။ ထိုကဲ့သို့ မေတ္တာရပ်ခံသော နေ့ရက်မှာ ၁၉၆၅ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့ဖြစ်လေသည်။

အဆိုပါ မေတ္တာရပ်ခံချက်နှင့် ပတ်သက်၍၊ ဇာရီမှုဖွင့်ပြီး ဦးမြမောင်အပေါ် အရေးယူရန် ဦးသုဒဿနက အရေးဆိုလာသောအခါ၊ ရန်ကုန်မြို့ တရားမခုံး၏ တရားသူကြီးချုပ်က ဝိနိစ္ဆယဌာနနှင့် ဝိနိစ္ဆယခုံ အက်ဥပဒေကို နိုင်ငံတော် အစိုးရက ချပ်သိမ်းသိုက်ပြီးဖြစ်၍၊ ဆက်လက် အရေးယူ ဆောင်ရွက်ခြင်းမပြုနိုင်ဟု ယူဆကာ ဦးသုဒဿန၏ ဘောင်းဆိုချက်ကို ပလပ်သိုက်လေသည်။ ယင်းသို့ ပလပ်လိုက်သော အဓိန့်ကို ဦးသုဒဿနက မကျေနပ်သဖြင့် ဤစောဒက တင်သွင်းလာခြင်းဖြစ်သည်။

ဝိနိစ္ဆယဌာနနှင့် ဝိနိစ္ဆယခုံ အက်ဥပဒေကို ၁၉၆၅ ခုနှစ်၊ ဝိနိစ္ဆယဌာနနှင့် ဝိနိစ္ဆယခုံအက်ဥပဒေ၊ ပါဠိတက္ကသိုလ်နှင့် ဓမ္မာစရိယ အက်ဥပဒေနှင့် ပါဠိပညာရေးအဖွဲ့ အက်ဥပဒေတို့ကို ချပ်သိမ်းသည့် ဥပဒေ (၁၉၆၅ ခုနှစ်၊ပြည်ထောင်စု မြန်မာနိုင်ငံတော်သွန်ရေးကောင်စီ ဥပဒေအမှတ် ၁) ၏ ပုဒ်မ ၂(၁)ဖြင့် ချပ်သိမ်းခဲ့၏။ ထိုကဲ့သို့ ချပ်သိမ်းသော အက်ဥပဒေကို တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည် ၁၉၆၅ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် လက်မှတ်ထိုးကာ ပြဋ္ဌာန်းခဲ့သည်။ (၁၉၆၅ ခုနှစ်၊ ဇန်နဝါရီ ၂၃ ရက်နေ့စွဲပါ အစိုးရပြန်တမ်းတွင် ကြည့်ပါ)။ အဆိုပါဥပဒေသည် ချက်ခြင်းအာဏာတည်ရမည်ဟု ပုဒ်မ ၁(၂)၌ ~~အဓိအလင်း~~ ဖေါ်ပြထားသဖြင့် အာဏာတည်သည့် နေ့ရက်မှာ၊ ၁၉၆၅ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့ ဖြစ်ကြောင်း

၁၉၆၇ ဦးဆုဒဿန နှင့် ဦးမြမောင်။

ယုံမှားဘွယ် မရှိနိုင်ပေ။ ၎င်းအက်ဥပဒေကို အစိုးရပြန်တမ်း၌ ၁၉၆၅ ခုနှစ်၊ ဇန္နဝါရီလ ၂၃ ရက်နေ့တွင်သာထုတ်ပြန် ကြော်ငြာခဲ့သည်မှာ မှန်၏။ သို့ရာတွင် မြန်မာပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီ ဥက္ကဋ္ဌသည် ၎င်းအား အပ်နှင်းထားသည့် ဥပဒေပြုအာဏာကိုသုံးစွဲလျက် အက်ဥပဒေ တခုခုကို ချက်ခြင်း အာဏာတည်ရမည်ဟု ပြဋ္ဌာန်းလျှင်ပြဋ္ဌာန်းသည့်နေ့၌ပင် ထိုအက်ဥပဒေသည် အာဏာတည်မည် ဖြစ်သည်။ အစိုးရပြန်တမ်း၌ ထုတ်ပြန်ကြော်ငြာသည့် နေ့၌သာ အတည်ဖြစ်အာဏာ သက်ရောက်ရမည်ဟု အဓိပ္ပါယ်ကောက်ယူခြင်း မပြုနိုင်ပေ။ အစိုးရပြန်တမ်းတွင်ထုတ်ပြန်ကြော်ငြာသည့် နေ့ရက်သည်မည်သည့်နေ့ရက်ပင်ဖြစ်စေကာမူ ဥပဒေကိုပြဋ္ဌာန်းသည့်နေ့သာလျှင် ထိုဥပဒေအာဏာ သက်ရောက်သည့် နေ့ဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်သည်။ ဤအချက်နှင့် ပတ်သက၍ **အစ်ဟတ် (ခေါ်) အီဇလမ်နှင့် အင်၊အာမက် (၁)** တို့အမှု၌ ထိုအတိုင်းပင် ဆုံးဖြတ်ထားသည်ကို တွေ့မြင်နိုင်ပေသည်။

၁၉၆၅ ခုနှစ်၊ ဝိနိစ္ဆယဌာနနှင့် ဝိနိစ္ဆယခုံ အက်ဥပဒေ၊ ပါဋိတက္ကသိုလ်နှင့် ဓမ္မာစရိယ အက်ဥပဒေနှင့် ပါဋိပညာရေးအဖွဲ့ ဥပဒေကို ရုပ်သိမ်းသည့် အက်ဥပဒေသည်၊ ၁၉၆၅ ခု၊ ဇန္နဝါရီလ ၁၈ ရက်နေ့တွင် အတည်ဖြစ် အာဏာ သက်ရောက်သဖြင့် ထိုနေ့တွင် ဝိနိစ္ဆယဌာနနှင့် ဝိနိစ္ဆယခုံ အက်ဥပဒေမှာ ချုပ်ငြိမ်းခဲ့လေသည်။ ယင်းသို့ ချုပ်ငြိမ်းပြီးဖြစ်သည့် ၁၉၆၅ ခုနှစ်၊ ဇန္နဝါရီလ ၁၈ ရက်နေ့တွင် ထိုအက်ဥပဒေအရ ဖွဲ့စည်းထားသည့် ဝိနိစ္ဆယဌာန ရုံးများမှာလည်း၊ ရပ်တည်ခြင်း မပြုနိုင်တဲ့ အလို အလျောက်ဖျက်သိမ်းပြီး ဖြစ်သည်ဟု ယူဆရမည်ဖြစ်သည်။ သို့ဖြစ်ရာ၊ ညောင်တုံးမြို့နယ်ဝိနိစ္ဆယဌာနရုံးသည် ၁၉၆၅ ခုနှစ်၊ ဇန္နဝါရီလ ၁၈ ရက်နေ့၌ဖျက်သိမ်းပြီးဖြစ်၍ ရန်ကုန်မြို့ တရားမရုံးသို့ရင်း၏ ဆုံးဖြတ်ချက်ကို အတည်ပြုဆောင်ရွက်ပေးရန် မေတ္တာရပ်ခံရန် အာဏာမရှိတော့ချေ။

ထို့ပြင်၊ အဆိုပါ ရုပ်သိမ်းသော အက်ဥပဒေ ပုဒ်မ ၃ တွင်—

> "ဤဥပဒေ စတင်အာဏာတည်သည့် အချိန်မှစ၍ ဤအက်ဥပဒေဖြင့် ရုပ်သိမ်းလိုက်သည့် အက်ဥပဒေများအရ၊ ဆက်လက်ဆောင်ရွက်ရန်ရှိသည့် ကိစ္စအရပ်ရပ်များကို အစိုးရက ညွှန်ကြားသည့်အတိုင်း ဆက်လက်ဆောင်ရွက်သွားရမည်။" ဟု သတ်မှတ်ခဲ့၏။

ယခု အမှုတွင် ညောင်တုံးမြို့နယ် ဝိနိစ္ဆယဌာနရုံး၏ ဆုံးဖြတ်ချက်ကို အတည်ပြုဆောင်ရွက်ပေးရန် မေတ္တာရပ်ခံချက်မှာ အစိုးရ၏ ညွှန်ကြားချက် မဟုတ်ကြောင်း

---

(၁) (၁၉၅၀)၊ မြန်မာပြည်စီရင်ထုံး၊ ၁၀၅ (တရားလွှတ်တော်ချုပ်)။

အကြောင်းမတွက်။ "အစိုးရ၏ညွှန်ကြားချက် ဖြစ်သည်ဟုလည်း တင်ပြနိုင်ခြင်း မရှိ။ ဘိုဖြစ်ရာ၊ ရန်ကုန်မြို့ တရားမရုံးအနေဖြင့် ညောင်တုံးမြို့နယ်၊ ဝိနိစ္ဆယဌာနရုံး၏ မေတ္တာရပ်ခံချက်ကို ယခုအခြေတွင် လက်ခံဆောင်ရွက်ပေးရန် အာဏာပင်မရှိချေ။

အထက်ပါ အကြောင်းရပ်များကြောင့် ဦးမြမောင်အပေါ် ဇာရီမှု ဖွင့်လှစ်ပေးရန် ဦးသုဒဿန၏ မေတ္တာရပ်ခံချက်အား ပယ်ချခဲ့သည့် အောက်ရုံး၏ အမိန့်မှာ မှားယွင်းသည်ဟု မဆိုနိုင်၍၊ ဤပြင်ဆင်မှုကို ပလပ်လိုက်သည်။ တရားစရိတ် ချမှတ်ခြင်းမပြု။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်အထွေထွေလျှောက်လွှာ

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်နှင့် တရားသူကြီး ဦးထွန်းတင်တို့ရှေ့တွင်

† ၁၉၆၇

အောက်တိုဘာ လ ၁၆ ရက်။

ဦးသိန်းဇံ (လျှောက်ထားသူ)

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ (လျှောက်ထားခံရသူ)*

ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၄ အရငှင်း၊ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၆၁ (က) အရငှင်း ပြန်လည်သုံးသပ်၍ ပြင်ဆင်ပေးပါရန် လျှောက်ထားခြင်း—တရားရုံးချုပ်တွင် ယခင် တရားလွှတ်တော်နှင့် တရားရုံးချုပ်တို့၏ တာဝန်များ၊ အာဏာများကို အပ်နှင်းပေးအပ်ထား သော်လည်း ထိုရုံးနှစ်ရုံးသည် သီးခြား ရပ်တည်၍ မရှိခြင်း—တရားရုံးချုပ် တရားသူကြီးတဦး၏ ဆုံးဖြတ်စီရင်သည်တို့ကို ၁၉၆၂ ခုနှစ်၊ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၄၁ ကအတိအလင်း ပြဋ္ဌာန်းထားသည့်နည်းမှအပ ပြင်ဆင်ပေးနိုင်သည့် အာဏာမရှိခြင်း—ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၆၁ (က) က အပ်နှင်းထားသော အာဏာကိုသုံးစွဲရန်အကြောင်းရှိ မရှိ။

ဆုံးဖြတ်ချက်။ ။အယူခံကို ကြားနာဆုံးဖြတ်ခြင်း၊ ပြင်ဆင်မှု ဖွင့်လှစ်၍ ဆုံးဖြတ်ခြင်း၊ စာချုပ်တော်ထုတ်ဆင့်ခြင်း စသော တရားစီရင်ရေးအာဏာကို ဥပဒေဖြင့် အထင်အရှားအပ်နှင်း ရသည်။ ထိုသို့အပ်နှင်းထားခြင်းမရှိဘဲ၊ တိထွင်သုံးစွဲနိုင်သည်မဟုတ်ပေ။ တရားရုံးချုပ်တွင် ယခင် တရားလွှတ်တော်နှင့် တရားလွှတ်တော်ချုပ်တို့၏ တာဝန်များ၊ အာဏာများကို အပ်နှင်းပေးအပ် ထားသော်လည်း ထိုရုံးနှစ်ရုံးသည် သီးခြား ရပ်တည်၍မရှိ။ တရားရုံးချုပ်သည် တပေါင်းတည်း တရုံးတည်းသာဖြစ်သည်။ သင့်မြတ်သလို တာဝန်များကို ထမ်းဆောင်၍ အာဏာများကို သုံးစွဲ ရသော်လည်း တရားရုံးချုပ်တရားသူကြီးတဦး၏ ဆုံးဖြတ်စီရင်သည်တို့ကို ၁၉၆၂ ခုနှစ်၊ တော်လှန်ရေး ကောင်စီဥပဒေအမှတ် ၄၁ ကအတိအလင်းပြဋ္ဌာန်းထားသည့်နည်းမှအပပြင်ဆင်ပေးနိုင်သည့် အာဏာ မရှိချေ။ အာဏာကိုအဆင်အရှားအပ်နှင်းထားခြင်းမရှိဘဲ ကိုင်တွယ်သုံးစွဲလျှင် အာဏာကျူးလွန် ခြင်းကို ကိုထိန်းသိမ်းပေးရမည့်နိုင်ငံတော်တရားရုံးချုပ်ကပင် အာဏာကျူးလွန်ရာရောက်ပေလိမ့်မည်။

ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၅၆၁ (က) အရ တရားမျှတမှုကိုဖြစ်စေသောငှါ တဖက်အမှုသည်၊ သို့မဟုတ် တဖက်အမှုသည်၏ ရွေ့နေကိုကြားနာခြင်းမပြုလိုက်ရဘဲ အမှုကို ဆုံးဖြတ်ခဲ့သည်တို့၌

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်အထွေထွေလျှောက်လွှာအမှတ် ၂၉။

† ရန်ကုန်မြို့ တရားရုံးချုပ်၏ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၄၀ (ခ)/၁၉၆၆ တွင် ၁၉၆၆ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့စွဲပါ အမိန့်ကို မကျေနပ်၍ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုတရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၄ အရ အထူးအယူခံဝင်ခွင့်လျှောက်လွှာ။

ပြန်လည်ကြားနာ၍ ဆုံးဖြတ်ပေးခြင်းမျှားကိုပြုခဲ့ဘူးသည်။ ဤရုံးတရားသူကြီးက နှစ်ဖက်ရှေနေကြီးများကို အပြည့်အစုံကြားနာပြီး အမှုအကြောင်းခြင်းရာ ဥပဒေတို့ကိုလည်း ကောင်းစွာသုံးသပ်ပြီး၍ သင့်တော်သည်ထင်သည့်အမိန့်ကို ချမှတ်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၆၈ (က) ၊က အပ်နှင်းထားသော အာဏာကိုသုံးစွဲရန်အကြောင်းမရှိ။

ပြင်ဆင်ရန်လျှောက်ထားသူ။ ။ဦးသန်းအောင်။

ပြင်ဆင်ရန်လျှောက်ထားခံရသူ။ ။အစိုးရတရားရုံးချုပ် ရှေနေကြီး ဒေါ်မြသန်းနု။

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်။ ။လျှောက်ထားသူ ဦးသိန်းဇော် အပေါ် ရန်ကုန်မြို့၊ အရှေပိုင်း နယ်ပိုင် ရာဇဝတ် တရားသူကြီးရုံးက ရာဇသတ်ကြီးပုဒ်မ ၄၀၆ ဖြင့် စွဲချက်တင်ထားသည်။ ဦးသိန်းဇော်က ဟံသာဝတီနှင့် ရန်ကုန်ခရိုင် စက်ရှင်တရားသူကြီးရုံးသို့ စွဲချက်ပယ်ဖျက်ပေးရန် တရားရုံးချုပ်သို့ ထောက်ခံပေးပါဟု လျှောက်ထားခဲ့ရာ၊ စက်ရှင် တရားသူကြီးက ယင်းသို့ ထောက်ခံ၍ ဤရုံးသို့ အမှုတွဲများကို ပေးပို့ခဲ့သည်။ အကြောင်းခြင်းရာတို့ကို ဤရုံး တရားသူကြီးတဦးက သုံးသပ်သောအခါ ထောက်ခံချက်ကို လက်ခံရန် မသင့်၊ အမှုကို ဆက်လက်စစ်ဆေး သင့်သည်ဟု ဆုံးဖြတ်ခဲ့သည်။

ဤရုံး တရားသူကြီးတဦးက ဆုံးဖြတ်ခဲ့သည်ကို ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၄ အရရင်း၊ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၅၆၁ (က)အရရင်း ပြန်လည်သုံးသပ်၍ ပြင်ဆင်ပေးပါရန် ဦးသိန်းဇော်က လျှောက်ထားသည်။ ၎င်းအတွက် လိုက်ပါဆောင်ရွက်သော ရှေနေကြီး ဦးသန်းအောင်က စွဲချက်ကို ပယ်ဖျက်ပေးရန် မသင့်သေးဟု ဤရုံး တရားသူကြီးက ဆုံးဖြတ်ခဲ့ခြင်းသည် ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၆ တွင် အကျုံးဝင်သော အပြီးသတ် အမိန့်မဟုတ်သည်ကို ဝန်ခံပါသည်။ ထို့ကြောင့်လည်း ပုဒ်မ ၆ အရ အယူခံဝင်ရန် အခွင့်ထူး တောင်းခံခြင်း မပြုခြင်းဖြစ်ပါသည်။ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၅ ကိုလည်း ရှုပ်သိမ်းပြီးဖြစ်၍ ထိုပုဒ်မအရ ဤရုံးသို့ ထပ်မံ၍ တက်ရောက်ခြင်း မပြုနိုင်ပါ၊ ထို့ကြောင့် တရားရုံးများကို အုပ်ချုပ်ကွပ်ကဲရာတွင် တရားလွှတ်တော်ချုပ်က သုံးစွဲလေ့ရှိသည့် ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၄ က အပ်နှင်းသော အာဏာကို ဤရုံးက သုံးစွဲ၍ တရားသူကြီး၏အမိန့်ကို ပြန်လည်သုံးသပ် ပြင်ဆင်ပေးရန် လျှောက်ထားခြင်း ဖြစ်ပါသည်ဟု တင်ပြသည်။ ယခင် တရားလွှတ်တော်နှင့် တရားလွှတ်တော်ချုပ်တို့ကို ရှုပ်သိမ်းပြီးနောက် နိုင်ငံတော် တရားရုံးချုပ်ဟူ၍ တပေါင်း တစည်းတည်း ဖွဲ့စည်းထားပြီး ဖြစ်သော်လည်း တရားရုံးချုပ်တွင် ယခင် ရုံးနှစ်ရုံး၏

ခေတ်ကို ဦးသိန်းစံနှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

အာဏာ တာဝန်များကို အပ်နှင်းထားပြီး ဖြစ်ပါသည်။ ထို့ကြောင့် သင့်မြတ်သည့် ကိစ္စများတွင် တရားသူကြီးတော်ချုပ်၏ အာဏာကို သုံးစွဲ၍ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၄ အရ အုပ်ချုပ် ကွပ်ကဲသည့် သဘောဖြင့် ဤရုံး တရားသူကြီး တဦး ကြားနာ ဆုံးဖြတ်ခဲ့သည့် အမှုကို ပြန်လည်သုံးသပ်လျှင် တရားဝင်သည်ဟု အဓိပ္ပါယ် ကောက်ယူနိုင်ပါသည်ဟု ဦးသန်းအောင်က တင်ပြသည်။

အစိုးရရွေးနေကြီး ဒေါ်မြသန်းနုက တရားရုံးချုပ်သည် တရုံးတည်း ဖြစ်ပါသည်။ မည်သည့် တရားသူကြီးသည် မည်သည့်အမှုကို စစ်ဆေးသောအခါ၌ ယခင်တရား လွှတ်တော် တရားသူကြီး၏ တာဝန်ကို ထမ်းဆောင်သည်။ ယခင် တရားလွှတ်တော်၏ အာဏာကို သုံးစွဲသည်၊ မည်သည့်အမှုကို စစ်ဆေးစီရင်သော အခါ၌ ယခင် တရား လွှတ်တော်ချုပ်၏ တာဝန်ကို ထမ်းဆောင်၍ ယခင် တရားလွှတ်တော်ချုပ်၏ အာဏာ ကို သုံးစွဲသည်ဟူ၍ ခဲ့ခြား သတ်မှတ်ရန် မဖြစ်နိုင်ပါ။ ထို့ကြောင့် တရားရုံးချုပ်က ဒေါက်ရုံး အသီးသီး၏ တရားစီရင်ရေးဆိုင်ရာ လုပ်ငန်း ဆောင်တာတို့ကို ပြည်ထောင် စု အက်ဥပဒေ ပုဒ်မ ၄ အရ အုပ်ချုပ် ကွပ်ကဲပိုင်ခွင့် ရှိသော်လည်း တရားရုံးချုပ် တရားသူကြီးတဦး၏ ဆုံးဖြတ်ချက်များကိုမူကား ယင်းပုဒ်မအရ အုပ်ချုပ် ကွပ်ကဲ ပြင်ဆင်ရန်မဟုတ်ပါ။ အပြီးသတ် အဓိန္ဓ ဒီကရီ စသည်တို့ကိုသာ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေကိုပြင်ဆင်သည့် ၁၉၆၂ ခုနှစ်၊ တော်လှန်ရေးကောင်စီ ဥပဒေ အမှတ် ၄၁ အရ အခွင့်ထူးပေး၍ အယူခံဝင်ခွင့် ပြုနိုင်ပါသည်။ မူလရုံး စီရင်ပိုင်ခွင့် အာဏာကို သုံးစွဲ၍ ချမှတ်သိုက်သည့် တရားရုံးချုပ် တရားသူကြီးတဦး၏ အဓိန္ဓ ဒီကရီကိုသည်း ယင်းဥပဒေအရ တရားရုံးချုပ်က အယူခံဝင်ခွင့် ပြုနိုင်ပါသည်။ ထိုသို့ အယူခံဝင်ခွင့် ပြုနိုင်သည်မှအပ တရားရုံးချုပ် တရားသူကြီး တဦးဦး၏ ဆုံးဖြတ်ချက်ကို အုပ်ချုပ် ကွပ်ကဲသည့် သဘောဖြင့် ပြန်လည် ပြင်ဆင်ပေးနိုင်သည့် အာဏာသည် တရားရုံးချုပ်တွင် မရှိပါဟု တင်ပြသွားသည်။

အယူခံကို ကြားနာဆုံးဖြတ်ခြင်း၊ ပြင်ဆင်မှု ဖွင့်လှစ်၍ ဆုံးဖြတ်ခြင်း၊ စာချုန်တော် ထုတ်ဆင့်ခြင်း စသော တရားစီရင်ရေး အာဏာကို ဥပဒေဖြင့် အထင်အရှား အပ်နှင်းရသည်။ ထိုသို့ အပ်နှင်းထားခြင်း မရှိဘဲ တိထွင်သုံးစွဲနိုင်သည် မဟုတ်ပေ။ တရားရုံးချုပ်တွင် ယခင် တရားလွှတ်တော်နှင့် တရားလွှတ်တော်ချုပ်တို့၏ တာဝန်များ၊ အာဏာများကို အပ်နှင်း ပေးအပ်ထားသော်လည်း ထိုရုံးနှစ်ရုံးသည် သီးခြားရပ်တည်၍မရှိ။ တရားရုံးချုပ်သည် တပေါင်းတည်း တရုံးတည်းသာ ဖြစ်သည်။ သင့်မြတ်သလို တာဝန်များကို ထမ်းဆောင်၍ အာဏာများကို သုံးစွဲရသော်လည်း တရားရုံးချုပ် တရားသူကြီးတဦး၏ ဆုံးဖြတ် စီရင်သည်တို့ကို ၁၉၆၂ ခုနှစ်၊ တော်လှန်ရေး ကောင်စီ ဥပဒေ အမှတ် ၄၁ က အတိအလင်း ပြဋ္ဌာန်းထားသည့် နည်းမှအပ ပြင်ဆင်ပေးနိုင်

သည့် အာဏာ မရှိချေ။ အာဏာကို အထင်အရှား အပ်နှင်းထားခြင်း မရှိဘဲ ကိုင်တွယ် သုံးစွဲသျှင် အာဏာကျူးလွန်ခြင်းတို့ကို ထိန်းသိမ်းပေးရမည့် နိုင်ငံတော် တရားရုံးချုပ် ကပင် အာဏာ ကျူးလွန်ရာ ရောက်ပေလိမ့်မည်။

ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၅၆၁(က) အရ ကျွန်ုပ်တို့သည် တရားမျှတမှုကို ဖြစ်စေ သောဌါ တဖက်အမှုသည်၊ သို့မဟုတ် တဖက်အမှုသည်၏ ရွေးနေကို ကြားနာခြင်း မပြုသိုက်ရဘဲ အမှုကို ဆုံးဖြတ်ခဲ့သည်တို့၌ ပြန်လည် ကြားနာ၍ ဆုံးဖြတ်ပေးခြင်း များကို ပြုခဲ့ဘူးသည်။ တရားမမှုများ၌သည်း ယင်းသို့ပင် တဖက်သို့ လာရောက် လျှောက်လဲနိုင်ခွင့် ဒေပြည့်အဝမပေးလိုက်ရဘဲ အမှုကို တဖက်သတ် ကြားနာဆုံးဖြတ် လိုက်ခဲ့သည်တို့၌ ပြန်လည်၍ နှစ်ဘက်အစုံအညီ ကြားနာကာ ဆုံးဖြတ် ပေးသည်တို့ လည်း ရှိသည်။ သို့ရာတွင် ဤအမှု၌ကား ဤရုံးတရားသူကြီးက **နှစ်ဖက်ရွေးနေကြီး** များကို အပြည့်အစုံ ကြားနာပြီး အမှု အကြောင်းခြင်းရာ ဥပဒေတို့ကိုလည်း ကောင်းစွာ သုံးသပ်ပြီး၍ သင့်တော်သည်ထင်သည့် အမိန့်ကို ချမှတ်ခဲ့ခြင်း ဖြစ်သည်။ ထိုသို့ အပြည့်အစုံ ကြားနာခဲ့ကြောင်းနှင့် ယခင်အခါများတွင် ဤရုံးသည် အမှုသည် တဦးဦးက, ပျက်ကွက်မှု မရှိဘဲ တဖက်သတ် ကြားနာခဲ့သည့် တို့ကိုသာ တဖန် ပြန်လည် ကြားနာဆုံးဖြတ် ပေးခဲ့သည်တို့နှင့် ဤအမှုကို ကြားနာစေ၍ မရပါဟု ဦးသန်းအောင်ကဝန်ခံသည်။

အထက်ပါ အကြောင်းတို့ကြောင့် ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၄ ပါ အာဏာဘို့ကို ကျွန်ုပ်တို့သည် ဤအမှုတွင် သုံးစွဲရန်မရှိ။ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၅၆၁(က)က အပ်နှင်းထားသော အာဏာကို သုံးစွဲရန်လည်း အကြောင်းမရှိ သဖြင့် လျှောက်လွှာကို ပလပ်လိုက်သည်။

Before U Kyaw Zan U, J.

C.C. 1967

Nov. 18.

DAW HMIN AND ONE (APPELLANTS)

v.

U THET TIN (RESPONDENT).*

Suit for ejectment from the land—Res Judicata—*landlord losing his first suit to recover possession of property based on his* bona fide *requirement for construction of a building—change of circumstances—whether the second suit is barred by* Res Judicata.

The respondent filed a suit against the appellants for ejectment from the land and was unsuccessful. Thereafter he filed another suit out of which the present appeal arose

Held: It cannot be said that once a landlord has lost his suit to recover possession of his property based on his *bona fide* requirement for construction of a building on the ground that the requirement was not *bona fide* because he had not enough means to construct he shall forever be precluded from instituting a fresh suit because of *Res Judicata.*

The second legal notice dated the 3rd September 1962 terminating the tenancy for the second time (exhibit ဍ) gave a fresh cause of action. In the former suit the trial Court drew its inference that the requirement was not *bona fide* not only from the fact that he had no means but also from the fact that the respondent had not applied to the Municipality for permission to erect a building though he had put up a plan, but in the present case he had filed the permission he obtained from the Municipality (exhibit ဎ).

The facts obtaining in the suit now under consideration are not quite identical with those in the previous suit though the reliefs claimed in both the suits are same. When the circumstances have now changed *Res Judicata* cannot find a place in the suit.

N. J. Gor v. *M. G. Raval*, I.L.R. (1951) Bom. 310 ; *Burman* v. *Woods*, (1948) I.K.B. 111, referred to.

U Mya Sein for the appellants.

U Tin Maung for the respondent.

U KYAW ZAN U, J.—This is an appeal against the judgment and decree of the Additional District Court of

* Civil Second Appeal No. 14 of 1966. Against the decree of the Addl. District Court of Mandalay in Civil Appeal No. 13 of 1965, dated the 12th March 1966.

Mandalay, confirming the judgment and decree of the Additional Township Court of Mandalay in Civil Regular Suit No. 205 of 1962 where the respondent obtained a decree permitting him to erect a building on executing a bond in the sum of K 2,000 on Holding No. 76, Block No. 558, in Aung-nan-yeiktha, Ale-Baing, Mandalay within one year from the date of vacation of the premises by the appellants, who are husband and wife, after dismantling the present structures standing thereon with a note made by the Court that so long as the General direction of the Chief Court that no execution for eviction from the lands and buildings should be made until further orders stands and is in force the decree should remain ineffective.

It was a suit for ejectment from the land instituted on the 18th October 1962 on the ground that the respondent *bona fide* required the land for construction of a house for residence as the house where he was residing then was merely a temporary hut. He stated that he had already made a contract as per Exhibit (∞) dated the 18th June 1962 with the carpenter Ko Hla Ngwe (PW 2) for the construction of the house. He claimed that he inherited the land from his mother who leased it to the appellants at K 15 per month on condition that they must vacate the land and the house whenever she desired them to do so. The suit falls under section 12 (*1*) (*d*) of the Urban Rent Control Act, 1960. The appellants stated in their joint written statement that with the permission of the respondent's mother they had erected a house worth K 2,000 on the suit land. They admitted that the land belonged to the respondent but denied that he *bona fide* required it for constructing a house for residence as his present house is a substantial building. They stated that the respondent's mother orally permitted them to stay on the land at K 15 per month so long as they wanted. They did not deny receiving the legal notice dated the 3rd September 1962

C.C. 1967

DAW HMIN AND ONE v. U THET TIN.

Exhibit (၀၂) terminating the tenancy on the 30th day of September 1962 as the respondent desired to erect a building on the land.

The third issue whether the respondent required the suit land *bona fide* loomed large in the trial Court which answered it in the affirmative. On this issue the lower appellate Court concurred in the finding with the trial Court and upheld the answer. This is concurrent finding of facts and no second appeal could have been preferred, but the appellants had raised a point of law for the first time in the lower appellate Court that the suit was barred by *res judicata*, and this is the only point now taken up in this appeal. There is no dispute that a similar suit was filed by the respondent against the appellants in Civil Regular Suit No. 217 of 1960 of the Township Court of Mandalay on the 26th August 1960. The two plaints are same *verbatin et literatim* with the exception of the addition of a paragraph in the latter suit out of which the present appeal arose stating that a contract had been made with the carpenter for the construction of a house and the plan had been approved by the Municipality. The only difference in the two plaints is in the dates given for the causes of action. In the former suit it was stated that the cause of action arose on the 31st July 1960, *i.e.*, the date on which the tenancy was terminated by a legal notice Exhibit (c) in that suit and in the present suit now under consideration it was stated that the cause of action arose on the 30th September 1962 which was the date on which the tenancy was again terminated by a second legal notice Exhibit (၀). It is apparent that the tenancy was revived by the parties when the first suit was dismissed with costs otherwise the second notice would be superfluous. In the first suit also there was an issue on the *bona fide* requirement of the land by the respondent for the construction of a building and the Court held that the

respondent being a tailor had not enough means to construct a house, the daily income being K 2 to K 6 only, and that he had not applied for permission from the Municipality to erect though he had put up a plan of the house. The present suit now under consideration was instituted barely 5 months and 17 days after the dismissal of the first suit. The lower Appellate Court held that in the instant case the question of *res judicata* being a point of law could be raised and the suit is not barred by *res judicata* as the cause of action is different from the one in the previous suit. The facts are not in controversy so a new plea could be entertained on appeal. *Bishwa Nath Rai* v. *Kashi Nath Rai* (1). When a question of law is raised for the first time in a Court of last resort, upon facts either admitted or proved beyond controversy, it is not only competent but expedient, in the interest of justice, to entertain the plea. *Connecticut Fire Insurance Company* v. *Kavanagh* (2). This authority was followed by the Privy Council in *M. E. Moolla Sons, Limited (In Liquidation)* v. *Burjorjee* (3). The same view was held in *Esoof Golam Mohamed Piperdi* v. *Ariff Mohamed Bham and one* (4); *U Ba Yi* v. *Daw Hmi* (a) *Mrs. Khoo Sein Ban* (5); *Haji Abdul Shakoor Khan* v. *The Burma Publishers Ltd.* (6). In ရှိအိုကရန်ဆင်းနှင့်စုရယာနယ်ဆင်း ပါ ၂ (7), decided by a Bench of three Judges of the Chief Court of which I was a member and had the occassion to write the judgment in Burmese the only important point raised for determination in appeal under section 5 of the Union of Judiciary Act, and unfortunately failed to catch the attention of the Editor of the Burma Law Reports to flash it in the head-note, was that since the question whether the estate was a Hindu joint family property or not had previously been decided in a former suit between the parties the same question

(1) (1948) B.L.R. 449 (H.C.).
(2) (1892) A.C. 473 at p. 480.
(3) I.L.R. 0. Ran. p. 242.
(4) (1950) B.L.R. 163 (H.C.).
(5) (1953) B.L.R. 360 (H.C.)
(6) (1956) B.L.R. p. 1 (S.C.).
(7) (1964), B.L.R. 905 at 908.

could not be raised inasmuch as it was not raised in the original suit and in the first appeal out of which it rose the Bench considered the point and gave decision that the appeal was barred by *res judicata* in spite of the fact that as the decision in the former suit was under appeal the point could not have been taken up in the original suit and also in the first appeal out of which the appeal under section 5 of the Union Judiciary Act, which the Bench was considering, arose. In view of the authorities mentioned above it must be held that the question of *res judicata* could be raised on appeal though not taken up in the original suit.

အထက်ပေါ်ပြပါ အကြောင်းများကြောင့် ယခု အမှုတွင် အကောက်ခွန်ဌာနမှ ချမှတ်ခဲ့သည့် အမိန့်မှာ အခွင့်အာဏာမရှိဘဲ ချမှတ်ခဲ့သည့်အမိန့်တရပ် ဖြစ်သည်ဟုငင်း၊ အခွင့်အာဏာ ရှိသည်ထက် ကျော်လွန် ဆုံးဖြတ်ခဲ့သည်ဟူငင်း၊ ထိုအမိန့်မှာ အပေါ်ရုံ ကြောကြည့်ရုံနှင့် ဥပဒေအရ မှားယွင်း ချတ်ချော်ခြင်း ဖြစ်နေသည့် အမိန့်တရပ် ဖြစ်သည်ဟုငင်း မည်သူမျှ ပေါ်လွင်ခြင်း မရှိသဖြင့် ငင်းအမိန့်များကို ဤရုံးမှ စာချန်တော် အမိန့်နှင့် ပယ်ဖျက်ရန် အခွင့်အရေး မရှိသော ကြောင့် ယခု လျှောက်လွှာကို ပလပ်လိုက်သည်။ အမှုသည်များသည် မိမိတို့၏ စရိတ်ကို မိမိတို့ အသီးသီး ကျခံစေရမည်။

နိုင်ငံတော် တရားရုံးချုပ်

တရားမအထွေထွေလျှောက်လွှာ

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင် နှင့် တရားသူကြီး ဦးထွန်းတင် တို့ရှေ့တွင်

ဒေါ်တုတ် (လျှောက်ထားသူ)

နှင့်

ကိုမြဝင်း ပါ ၂ (လျှောက်ထားခံရသူများ)*

† ၁၉၆၇ ဒီဇင်ဘာလ ၃၀ ရက်။

ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆—တရားမကျင့်ထုံးအမိန့် ၂၁၊ နည်းဥပဒေ ၁၀၀ အရ လျှောက်ထားခြင်း—နည်းဥပဒေ ၁၀၁ အရ၊ အမိန့်ချမှတ်ခြင်း—ငင်းအမိန့်မျိုးမှ အထူးအယူခံဝင်ရန် အခွင့်ထူး ပေးသင့်ကြောင်း ဥပဒေခွင့်ပြုချက်ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံးအမိန့် ၂၁၊ နည်းဥပဒေ ၁၀၀ အရ၊ လျှောက်ထားသည့် လျှောက်လွှာနှင့် ပတ်သက်၍၊ ရုံးမှနည်းဥပဒေ ၁၀၁ အရ လျှောက်သည့်အတိုင်း ခွင့်ပြုခဲ့ပါမူ၊ တရားရုံးမှတပါး ကျန်တရားနိုင်အပါအဝင် နစ်နာသူများသည် နည်းဥပဒေ ၁၀၃ အရ၊ ထိုပစ္စည်းကို မိမိလက်ဝယ် ရယူခွင့်ရှိကြောင်း တရားမမှုတမှုဖွင့်ကာ စွဲဆိုရမည်သာဖြစ်ကြောင်း အာဘိအလင်း ပြဆိုထားပေသည်။ ထိုသို့စွဲဆိုခွင့်မရှိမူ နည်းဥပဒေ ၁၀၁ အရ ချမှတ်ပေးခဲ့သည့် အမိန့်သည် အပြီး အပိုင်အမိန့်ဖြစ်သည်ဟု နည်းဥပဒေ ၁၀၃ တွင် ရှင်းလင်းစွာ ဖော်ပြထားလေသည်။

သို့ဖြစ်ရကား လျှောက်ထားသူ တရားနိုင်သည် မူလရုံးမှ နည်းဥပဒေ ၁၀၁ ဒအရ ချမှတ်ပေးခဲ့သည့် အမိန့်ကို မကျေနပ်မူ အချင်းဖြစ်ပစ္စည်းများကို ငင်း၏ ရယူပိုင်ခွင့်ရှိကြောင်း တရားမကြီးမှုတမှုကို စွဲဆိုရန်သာရှိပြီး ထိုအမိန့်မှ ထပ်မံအယူခံနိုင်ရန် ဥပဒေတရပ် ပိတ်ပင်ခြင်း ဖြစ်စေပေသည်။ ထို့တွက် ငင်းအမိန့်မျိုးမှ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ အရ အထူးအယူခံဝင်ရန် အခွင့်ထူး ပေးသင့်ကြောင်း ဥပဒေခွင့်ပြုချက် မရှိတော့ပေ။

လျှောက်ထားသူအတွက်။ ။ဦးကျော်ထွန်း။

လျှောက်ထားခံရသူများအတွက်။ ။ဦးမောင်ကြီး။

တရားသူကြီး ဦးထွန်းတင်။ ။ယခုအမှုမှ လျှောက်ထားသူ ဒေါ်တုတ်က၊ ပဲခူးမြို့၊ နယ်ပိုင်တရားမ တရားသူကြီးရုံး၊ ၁၉၆၁ ခုနှစ်၊ တရားမကြီးမှု အမှတ် ၃၃ တွင်၊

---

* ၁၉၆၇ ခုနှစ်၊ တရားမအထွေထွေ လျှောက်လွှာအမှတ် ၈။

† ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၆ အရ ရန်ကုန်မြို့၊ တရားရုံးချုပ်၏ တရားမပြင်ဆင်မှုအမှတ် ၄၅/၆၅ တွင် ၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့စွဲပါ အမိန့်နှင့် ဒီကရီကို မကျေနပ်၍ အထူးအယူခံဝင်ခွင့်ရရန် လျှောက်ထားသည့်အမှု။

၁၉၆၇ ဒေါ်တင် နှင့် ကိုမြဝင်း ပါ ၂။

ဒေါ်စိန် ပါ ၂ အပေါ်တွင် အိမ်နှင့်မြေရရှိရန် တရားစွဲဆိုသည့်အတိုင်း၊ ဒီကရီရရှိခဲ့လေသည်။ လျှောက်သူက ထိုဒီကရီကို ၁၉၆၁ ခုနှစ်၊ ဇာရီမှုအမှတ် ၁၀ တွင် ဇာရီမှုဖွင့်လှစ်ပြီး၊ အိမ်ကို လက်ရောက်ရရှိရန် အပ်ဝါရမ်း ထုတ်ပေးပါမည့်အကြောင်းလျှောက်ထားသည့်အတိုင်း၊ ရုံးမှ အပ်ဝါရမ်း ထုတ်ပေးပြီး၊ အိမ်ကို အပ်ပေးလိုက်သည်။ ထို နောက် လျှောက်ထားခံရသူများဖြစ်သူ ကိုမြဝင်းနှင့် မခင်တီတို့က အချင်းဖြစ်အိမ်ပေါ်တွင် ငင်းတို့ လက်ရှိနေထိုင်လာသူများ ဖြစ်ပြီး၊ လျှောက်သူများ ရရှိခဲ့သည့် ဒီကရီမှာမူ၊ ငင်းတို့အပေါ် မည်သို့မျှ အကျိုးသက်ရောက်ခြင်း မရှိသောကြောင့်၊ တရားမကျင့်ထုံးအမိန့် ၂၁၊ နည်းဥပဒေ ၁၀၀ အရ၊ အိမ်ကို ငင်းတို့အား ပြန်လည်ပေးအပ်စေရန် လျှောက်ထားခဲ့လေသည်။ ထိုသို့ လျှောက်ထားသည့်အတိုင်း ရုံးမှလိုအပ်သည့် စုံစမ်းမှုပြုလုပ်ပြီး၊ လျှောက်သူရရှိခဲ့သည့် ဒီကရီမှာ၊ လျှောက်ခံရသူအပေါ် မည်သို့မျှ အကျိုးသက်ရောက်ခြင်း မရှိ၊ အိမ်ကို လက်ရောက်ပေးအပ်စဉ်အခါက၊ ငင်းလျှောက်ခံရသူများသည်၊ အိမ်မှ ခေတ္တခရီးထွက်နေစဉ်၊ ငင်းတို့မရှိခိုက် ပေးအပ်ခဲ့ခြင်းသာဖြစ်ကြောင်း တွေ့ရှိရသဖြင့်၊ လျှောက်ခံရသူများကို ငင်းတို့လျှောက်ထားသည့်အတိုင်း၊ အိမ်ကို ပြန်လည်ပေးအပ်စေရန် အမိန့်ချမှတ်ပေးလိုက်လေသည်။ ထိုအမိန့်ကို မကျေနပ်သဖြင့်၊ လျှောက်သူက ဤရုံး ၁၉၆၅ ခုနှစ်၊ တရားမ ပြင်ဆင်မှု အမှတ် ၄၅ တွင် လျှောက်ထားခဲ့သော်လည်း အောင်မြင်ခြင်း မရှိပေ။ လျှောက်လွှာကို ပလပ်လိုက်သဖြင့်၊ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ အရ၊ ထိုအမိန့်မှ အခွင့်ထူးအယူခံ တင်သွင်းနိုင်ရန် ယခု လျှောက်ထား ခဲ့ခြင်းဖြစ်သည်။

လျှောက်လွှာနှင့် မတ်သက်၍ လျှောက်သူ၏ ရှေနေကြီးက လျှောက်ထားသူ မူလက ရရှိခဲ့သည့် ဒီကရီမှာ ဒေါ်စိန် ပါ ၂ အပေါ်တွင်ဖြစ်ပြီး၊ လျှောက်ံရသူ ကိုမြဝင်းနှင့် မခင်တီတို့မှာ အမှုတွင် ပါဝင်ခြင်းမရှိကြောင်း ဝန်ခံထားပေသည်။ ထို့အတွက် လျှောက်သူ ရရှိခဲ့သည့် ဒီကရီမှာ လျှောက်ခံရသူအပေါ် မည်သို့မျှ အကျိုးသက်ရောက်ခြင်း မရှိကြောင်းမှာ ထင်ရှားပေသည်။ သို့ရာတွင် လျှောက်သူ၏ ရှေနေကြီးက လျှောက်ခံရသူများ တင်သွင်းသည့် တရားမကျင့်ထုံး အမိန့် ၂၁၊ နည်းဥပဒေ ၁၀၀ အရ၊ လျှောက်လွှာနှင့် ပတ်သက်၍ မူလရုံးမှ စုံစမ်းမှု ပြုလုပ်စဉ်၊ ပဌမလျှောက်ခံရသူ၏ဖခင် ဦးလှကျော်က လျှောက်ခံရသူများသည် ဒေါ်စိန်၏ ခင်ပွန်းဖြစ်သူ ဦးကျော်မဲက အိမ်တွင် လာရောက်နေထိုင်ရန် ခေါ်သည့်အတိုင်း၊ ငင်းတို့ နေထိုင်ခဲ့ကြောင်း ထွက်ဆိုသဖြင့်၊ လျှောက်ခံရသူများသည် အိမ်တွင် နေထိုင်ခြင်းမှာ ဒေါ်စိန်၏ ကွယ်လွန်သူ ခင်ပွန်းကိုယ်စား နေထိုင်ကြောင်း ထင်ရှားသဖြင့်၊ တရားမကျင့်ထုံးအမိန့် ၂၁၊ နည်းဥပဒေ ၁၀၁ အရ လျှောက်ခံရသူများ လျှောက်ထား တောင်းဆိုသည့်အတိုင်း

အောက်ရုံးမှ ခွင့်ပြုခဲ့ခြင်းမှာ ဥပဒေအရ မှားယွင်းနေသဖြင့်၊ ထိုအချက်မှ အယူခံနိုင်ရန် အခွင့်ထူး ပေးသင့်ကြောင်း တင်ပြလေသည်။

အထက်က လျှောက်သူ၏ရွှေနေကြီးက တင်ပြချက်နှင့် ပတ်သက်၍ သက်သေခံ ချက်များကို လေ့လာမှု၊ လျှောက်ခံရသူများမှာလည်း ကွယ်လွန်သူ ဦးကျော်မဲ၏ ဆွေမျိုးသားချင်းများ ဖြစ်သဖြင့်၊ ထိုအိမ်တွင် ဦးကျော်မဲက ၎င်းနှင့်အတူ လာရောက် နေထိုင်ရန် ပြောဆိုသည့်အတိုင်း၊ နေထိုင်ကြောင်း ခတ္တရှိရသည်။ ထို့တွက် လျှောက် ခံရသူများသည် အချင်းဖြစ်အိမ်၌ ကွယ်လွန်သူ ဦးကျော်မဲကိုယ်စား စောင့်ရှောက် နေထိုင်ခြင်းသာဖြစ်ကြောင်း မဟုတ်ပေ။ ဦးကျော်မဲ သေဆုံးသွားပြီးနောက်၊ ၎င်းတို့ မှာ အမွေဆိုင်များဖြစ်ပြီး၊ကျန်အမွေဆိုင်များအတွက်လည်း ထိုအိမ်ကို စောင့်ရှောက် နေထိုင်ခဲ့ခြင်း တွေ့ရှိရသည်။ မည်သို့ပင်ဖြစ်စေ၊ တရားမကျင့်ထုံးအမိန့် ၂၁၊ နည်း ဥပဒေ ၁၀၀ အရ၊ လျှောက်ထားသည့် လျှောက်လွှာနှင့် ပတ်သက်၍၊ ရုံးမှ နည်းဥပဒေ ၁၀၁ အရ၊ လျှောက်သည့်အတိုင်း ခွင့်ပြုခဲ့ပါမူ၊ တရားရုံးမှတပါး၊ ကျန်တရားနိုင် အပါ အဝင် နစ်နာသူများသည်၊ နည်းဥပဒေ ၁၀၃ အရ၊ ထိုပစ္စည်းကို မိမိလက်ဝယ်ရယူခွင့် ရှိကြောင်း၊ တရားမမှုတမှုဖွင့်ကာ စွဲဆိုရမည်သာဖြစ်ကြောင်း အတိုအလင်း ပြဆို ထားပေသည်။ ထိုသို့စွဲဆိုခွင့် မရှိမူ၊ နည်းဥပဒေ ၁၀၁ အရ၊ ချမှတ်ပေးခဲ့သည့်အမိန့် သည် အပြီးအပိုင် အမိန့်ဖြစ်သည်ဟု နည်းဥပဒေ ၁၀၃ တွင် ရှင်းလင်းစွာ ဖော်ပြထား လေသည်။

သို့ဖြစ်ရကား ယခုအမှုမှ လျှောက်ထားသူ တရားနိုင် ဒေါ်တုတ်သည်၊ မူလရုံးမှ နည်းဥပဒေ ၁၀၁ အရ ချမှတ်ပေးခဲ့သည့် အမိန့်ကို မကျေနပ်မှု၊ အချင်းဖြစ် ပစ္စည်းများ ကို ၎င်း၏ ရယူပိုင်ခွင့်ရှိကြောင်း တရားမကြီးမှု တမူကို စွဲဆိုရန်သာရှိပြီး၊ ထိုအမိန့်မှ ထပ်မံအယူခံနိုင်ရန် ဥပဒေတရပ် ပိတ်ပင်ခြင်း ဖြစ်စေပေသည်။ ထို့တွက် ၎င်းအမိန့်မျိုး မှ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ အရ၊ အထူးအယူခံဝင်ရန် အခွင့် ထူးပေးသင့်ကြောင်း ဥပဒေ ခွင့်ပြုချက်မရှိတော့ပေ။

ထိုမှအပ ယခုအမှုတွင် လျှောက်သူက မူလရုံးမှ အမိန့်ကို မကျေနပ်၍၊ ဤရုံးသို့ ပြင်ဆင်မှု တင်သွင်းခဲ့သည့်အခါကလည်း၊ ပြင်ဆင်မှုကို ကြားနာသည့် တရားသူကြီးက လျှောက်သူ၏ လျှောက်လွှာနှင့် ပတ်သက်၍ သက်သေခံချက်များကို အသေးစိတ် လေ့လာပြီး၊ မူလရုံးမှ ချမှတ်ခဲ့သည့်အမိန့်မှာ အကြောင်းခြင်းရာများ အရ သော်၎င်း၊ ဥပဒေအရသော်၎င်း မှားယွင်း ချွတ်ချော်ခြင်း ဖြစ်နေကြောင်း မည်သို့မျှ မတွေ့ရှိ သဖြင့်၊ ဝင်ရောက် စွက်ဖက်ရန် မလိုသောကြောင့် လျှောက်ထားသူ၏ လျှောက်လွှာကို

၁၉၆၇

ဒေါ်တုတ်နှင့် ကိုမြဝင်း ပါ ၂။

ပလပ်လိုက်ခြင်း ဖြစ်ပေသည်။ သို့ဖြစ်ရကား၊ ယခု လျှောက်လွှာနှင့် ပတ်သက်၍ လျှောက်ထားသူသည် ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ အရ၊ ထပ်မံ၍ အခွင့်ထူး အယူခံ တင်သွင်းနိုင်ခွင့်ရှိကြောင်း မည်သို့မျှ မတွေ့ရှိရသဖြင့်၊ လျှောက်လွှာကို လက်ခံနိုင်ရန် အကြောင်းမရှိသဖြင့် စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ပညာရှိရွှေနေကြီး စရိတ်အဖြစ် ၃၄ ကျပ်သတ်မှတ်သည်။

နိုင်ငံတော်တရားရုံးချုပ်

တရားမပဋမအယူခံမှု

တရားသူကြီး ဦးသက်ဖေ၌တွင်

နိုင်ငံတော် ကူးသန်းရောင်းဝယ်ရေးဘဏ် (အယူခံတရားလို) † ၁၉၆၇
နိုဝင်ဘာလ
၁၀ ရက်။
နှင့်

သခင်ပေါ်ညွန့် ပါ ၇ (အယူခံတရားခံ)*

ပစ္စည်းပေါင်၍ချေးငှါးသည့် ရင်းတိုင်ငွေအတွက် အပေါင်ဒီကရီရလိုကြောင်း တရားစွဲဆိုမှု—စာချုပ်တခုသည် အရောင်းစာချုပ်၊ဒုံသို့မဟုတ်အပေါင်စာချုပ်ဖြစ်သလားဆိုသည့်ပြဿနာ—စာချုပ်၌ပေါ်ပြထားသောစကားရပ်များအပေါ် သာမန်အားဖြင့် အမှီသဟဲပြုကာဆုံးဖြတ်ရခြင်း—စာချုပ်ချုပ်ဆိုစဉ် စာချုပ်သူတို့၏ရည်ရွယ်ချက်သည် အဓိကဖြစ်ခြင်း—အပြီးအပိုင်အရောင်းစာချုပ်တွင် ဝယ်သူကရောင်းသူအား ကန့်သတ်ချိန်အတွင်း ပြန်လည်ရောင်းချမည်ဆိုသောစည်းကမ်းချက်ပါရှိခြင်း—အရောင်းစာချုပ်မဟုတ်ဘ အပေါင်စာချုပ်ဖြစ်သည်ဟု တထစ်ချယူဆနိုင် မယူဆနိုင်—ပစ္စည်းလွဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၈(ဂ)၏ ခြွင်းချက်အရ စာချုပ်သည် အရောင်းစာချုပ်မဟုတ်ဘဲ အပေါင်စာချုပ်ဖြစ်သည်ဟု မလွဲမသွေ ကောက်ယူရမည်ဟု အဓိပ္ပါယ်ပေါက်မပေါက်။

ဆုံးဖြတ်ချက်။ ။စာချုပ်တခုသည် အရောင်းစာချုပ်ဖြစ်ပါသလား၊ သို့တည်းမဟုတ် အပေါင်စာချုပ်သာဖြစ်ပါသလား ဆိုသည့်ပြဿနာနှင့်ပတ်သက်၍ စာချုပ်၌ဖေါ်ပြထားသော စကားရပ်များအပေါ် သာမန်အားဖြင့် အမှီသဟဲပြုကာ ဆုံးဖြတ်ရမည်ဖြစ်သည်။ ရောင်းချကြောင်း အတည်အလင်းဖေါ်ပြပါမူ၊ ရောင်းချခြင်းမဟုတ်ဘဲ၊ ပေါင်နှံခြင်းသာဖြစ်သည်ဟုဆိုလာလျှင် ထိုကဲ့သို့အဆိုပြုသူအပေါ် ၌ ယင်းအဆိုပြုချက်ကိုထင်ရှားအောင် ပြသရန်တာဝန်ကျရောက်ပေသည်။ အလားတူပင် စာချုပ်တခု၏စကားရပ်များ၌ ပေါင်နှံကြောင်းရေးသားထားပါက ပေါင်နှံခြင်းမဟုတ်ဘဲ ရောင်းချခြင်းသာဖြစ်သည်ဟု ငြင်းဆိုပါမူ ထိုကဲ့သို့ငြင်းဆိုသူသည် မိမိငြင်းဆိုသည့်အတိုင်း ထင်ရှားအောင် သက်သေထူရမည်ဖြစ်သည်။

မွန်ထဒီရယ်ထရပ်စ်ကုမ္ပဏီ နှင့် ဗြိတိသျှကိုလံဘီယာမြေနှင့် ရင်းနှီးမှု ၂ င်စီ လီမိတက်၊ အေ-အိုင်-အာ(ရ်)၊ ၁၉၃၆၊ ပရီဗီကောင်စီ ၆၅(၆၉) ရည်ညွှန်းသည်။

---

* ၁၉၆၇ ခုနှစ်၊ တရားမ ပဋမ အယူခံမှုအမှတ် ၇၃။

† ၁၉၆၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁ တွင် ပြည်မြို့၊ရာဘက်ခရိုင်တရားမတရားသူကြီးရုံးတော်၏ ၁၉၆၇ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့စွဲဖြင့် ချမှတ်သောဒီကရီကို အယူခံမှု။

၁၉၆၇
နိုင်ငံတော်ကူးသန်း ရောင်းဝယ်ရေးဘဏ် နှင့် သခင်ပေါ်ညွန့် ပါ ၇။

စာချုပ်တခုသည် အပြီးအပိုင်ရောင်းချခြင်းဖြစ်ပါသလော၊ သို့တည်းမဟုတ် ပေါင်နှံခြင်းဖြစ်ပါသလောဆိုသည့်ကိစ္စတွင် ထိုစာချုပ်ချုပ်ဆိုစဉ် စာချုပ်သူတို့၏ရည်ရွယ်ချက်သာ အဓိကဖြစ်ပေသည်။ ၎င်းရည်ရွယ်ချက်ကို စာချုပ်ပါစကားရပ်များနှင့်တကွ ပတ်ဝန်းကျင်အထောက်အထားများတွင်သာ ရှာဖွေသုံးသပ်ရမည်ဖြစ်သည်။ နှုတ်သက်သေခံထွက်ချက်ဖြင့် ထိုစာချုပ်ချုပ်ဆိုသူတို့၏ ရည်ရွယ်ချက်ကိုရှင်းလင်းခြင်းမပြုနိုင်ပေ။သက်သေခံဥပဒေပုဒ် မ ၉၂ ကထိုကဲ့သို့နှုတ်သက်သေခံထွက်ချက်ဖြင့် ရှင်းလင်းခြင်းကိုပိတ်ပင်ထားပေသည်။

ဘာလ်ကီရှင်းတ် နှင့် လက်စ်၊ အတွဲ ၂၂၊ အလဟာဘတ်၊ ၁၄၉(၁၅၀) ရည်ညွှန်းသည်။

အပြီးအပိုင် အရောင်းစာချုပ်တခုတွင် ဝယ်သူကရောင်းသူအား ကန့်သတ်ချိန်အတွင်း ပြန်လည်ရောင်းချမည်ဆိုသော စည်းကမ်းချက်ပါရှိကာမျှဖြင့် ထိုစာချုပ်သည် အရောင်းစာချုပ်မဟုတ်ဘဲ အပေါင်စာချုပ်ဖြစ်သည်ဟု တထစ်ချမယူဆနိုင်ပေ။

ဘာဂဝမ်အာဟိုင်း နှင့် ဘာဂဝမ်ဒင်နှင့်အများ၊ အတွဲ ၁၂၊ အလဟာဘတ်၊ ၃၀၀ ရည်ညွှန်းသည်။

ပစ္စည်းလွဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၀(၀)၏ ခြွင်းချက်အရလည်း အရောင်းစာချုပ်တွင် ဝယ်သူကရောင်းသူအား ပြန်ရောင်းမည်ဆိုသော စည်းကမ်းချက်ပါအကြောင်းကြောင့် ထိုစာချုပ်သည် အရောင်းစာချုပ်မဟုတ်ဘဲ၊ အပေါင်စာချုပ်ဖြစ်သည်ဟု မလွဲမသွေကောက်ယူရမည်ဟု အဓိပ္ပါယ်မပေါက်ပေ။

မောင်အောင်သင်း ပါ ၂ နှင့် ဘီစနပ်ဆင် ပါ ၂၊ ၁၉၅၀ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး၊ ၃၁၄ (တရားလွှတ်တော်) ရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။မစ္စတာဘူးမား။

အယူခံတရားခံအတွက်။ ။ဦးသက်ငွေ။

တရားသူကြီး ဦးသက်ဖေ။ ။ပြည်မြို့၊ ရာဘက် ခရိုင်တရားမနှုံးခွဲ့ အယူခံတရားလိုနိုင်ငံတော် ကူးသန်းရောင်းဝယ်ရေးဘဏ်က အယူခံတရားပြိုင် သခင် ပေါ်ညွန့်၊ ဇနီးဒေါ်ကြည်၊ ဦးတင်ကြီးနှင့် သားသမီးများ ဖြစ်ကြသည့် မသန်းရီ၊ ကိုမြတ်စိုး၊ ကိုထွန်းသိန်းနှင့် မသန်းမြင့်တို့အပေါ်၊ ပစ္စည်းပေါင်၍ ချေးငှါးခဲ့သည့် ရင်းတိုးငွေ ၁၁,၆၀၀ ကျပ် ၆၀ ပြားအတွက် အပေါင်ဒီကရီ ရလိုကြောင်း တရားစွဲဆိုရာ၊ သခင်ပေါ်ညွန့်နှင့် ဇနီး ဒေါ်ကြည်တို့အပေါ် တွင်သာ ရင်းတိုးငွေ ၁၁,၆၀၀ ကျပ် ၆၀ ပြားအတွက် သာမန်ငွေ ဒီကရီ ချမှတ်လိုက်ပြီး၊ ကျန်အယူခံတရားပြိုင်တို့အပေါ် စွဲဆိုသည့်အမှုကို ပလပ်လိုက်သဖြင့် အယူခံတရားလိုက မကျေနပ်သည့်အလျောက် ဤအယူခံမှုပေါ်ပေါက်လာရခြင်း ဖြစ်သည်။

ယခုအမှုတွင် အငြင်းမပွါးသော အချက် အလက်များမှာ အယူခံတရားပြိုင် ဦးတင်ကြီးနှင့် ဇနီး ဒေါ်အေးကြည်တို့သည် ၎င်းတို့ပိုင် ပြည်ခရိုင်၊ ပေါင်းတည်မြို့နယ်၊

အုပ်စုအမှတ် ၃၄၊ အုပဖိုရပက္ကာ ၄၇၊ ကျွန်းတောလှအုပစု၊ ဦးပိုင်အမှတ ၂၁၊ မြေချိန် ဒဿမ ဝ၆၅ ကောနှင့် ထိုမြေပေါ်ရှိ နှစ်ထပ်တိုက်ခံအိမ်ကို ၁၉၆၀ ခု၊ စက်တင်ဘာလ ၉ ရက်နေ့တွင် သက်သေခံ အမှတ် ၃ မှတ်ပုံတင်စာချုပ်ဖြင့် အယူခံတရားပြိုင် သခင်ပေါ်ညွန့်အား တည်ဘိုးငွေ ၃,၀၀၀ ကျပ် ဖြင့် ရောင်းချခဲ့၏။ ထိုအရောင်းစာချုပ်တွင် ရောင်းသူဘို့က တနှစ်အတွင်း ငွေ ၃,၀၀၀ ကျပ် ဖြင့် ပြန်၍ဝယ်ယူခဲ့လျှင် ဝယ်သူ သခင်ပေါ်ညွန့်က ပြန်၍ ရောင်းရန် သဘောတူညီကြောင်း ဖေါ်ပြခဲ့သည်။

၁၉၆၁ ခု၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် သခင်ပေါ်ညွန့်နှင့် ၎င်း၏ ဇနီး ဒေါ်ကြည်ဘို့က ထိုမြေနှင့် အိမ်ကို အယူခံတရားလို ဘဏ်ထံ၌ မှတ်ပုံတင်စာချုပ် (သက်သေခံ-က) ဖြင့် ပေါင်နှံကာ ငွေ ၉,၆၀၀ ကျပ်ကို ချေးယူခဲ့သည်။ ထိုနောက် ၁၉၆၁ ခု၊ မတ်လ ၃ ရက်နေ့တွင် သခင်ပေါ်ညွန့်သည် အဆိုပါ မြေနှင့်အိမ်ကို ဦးတင်ကြီးသို့ အဘိုးငွေ ၃,၀၀၀ ကျပ်ဖြင့် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပြီး ရောင်းချလိုက်လေသည်။

ထို့ကြောင့် အယူခံတရားလိုဘက်က သခင်ပေါ်ညွန့်နှင့် ဇနီး ဒေါ်ကြည်တို့အား ပေါင်နှံသူများအဖြစ်၎င်း၊ ဦးတင်ကြီးနှင့် သားသမီး များအား ပေါင်နှံခြင်း ပြုလုပ်ပြီး နောက် ဝယ်ယူကြသူများ ဖြစ်၍ အပေါင်ကို ရွေးနုတ်ပိုင်ခွင့် ရှိသူများအဖြစ်၎င်း၊ တရားစွဲဆိုခဲ့ခြင်း ဖြစ်သည်။ သခင် ပေါ်ညွန့်နှင့် ဒေါ်ကြည်တို့သည် ရုံးသို့ လာရောက်ခုခံခြင်း မပြုကြသဖြင့်၊ အယူခံတရားလို စွဲဆိုသော အမှုကို ၎င်းတို့၏မျက်ကွယ်တွင် စစ်ဆေးခဲ့ရသည်။

ဦးတင်ကြီးနှင့် သားသမီးများကမူ အခင်းဖြစ် ပစ္စည်းကို သခင် ပေါ်ညွန့်နှင့် ဒေါ်ကြည်တို့ ပိုင်ဆိုင်ခြင်းမရှိဘဲ မိမိတို့သာ လက်ရှိ အကျိုးခံစားလျက် ပိုင်ဆိုင်သူများဖြစ်၍၊ သခင်ပေါ်ညွန့်နှင့် ဒေါ်ကြည်တို့သည် အယူခံတရားလိုထံ၌ ဘရားဥပဒေအရ ပေါင်နှံခြင်း မပြုနိုင်ကြောင်း၊ ထိုကဲ့သို့ ပေါင်နှံခြင်းကိုလည်း မိမိတို့ မသိကြောင်း၊ ထိုပစ္စည်းကို သခင်ပေါ်ညွန့်အား သက်သေခံ အမှတ် ၃ စာချုပ်ဖြင့် ရောင်းချစဉ်က ပါသည့် စည်းကမ်းချက်အတိုင်း ဝယ်ယူခဲ့ခြင်းသာ ဖြစ်ကြောင်း၊ သခင် ပေါ်ညွန့်နှင့် ဒေါ်ကြည်တို့ ပေါင်နှံခြင်းသည် မိမိတို့နှင့် မသက်ဆိုင်၍၊ အယူခံတရားလိုထံမှ ရွေးနုတ်ရန် တာဝန်မရှိကြောင်း ထုချေကြလေသည်။

မူလရုံးသည် နှစ်ဘက်သက်သေ အထောက်အထားများကို ကြားနာ စစ်ဆေးပြီးနောက်၊ သခင်ပေါ်ညွန့်နှင့် ဇနီး ဒေါ်ကြည်တို့က အယူခံတရားလိုထံတွင် အခင်းဖြစ် ပစ္စည်းကို မှတ်ပုံတင် စာချုပ်ဖြင့် ပေါင်နှံပြီး ငွေ ၉,၆၀၀ ကျပ်ကို ချေးငှါးခဲ့သည်မှာ မှန်ကြောင်း၊ သို့ရာတွင်ထိုပစ္စည်းကို သခင်ပေါ်ညွန့်က ဦးတင်ကြီးအား ငွေ ၃,၀၀၀ ကျပ်

၁၉၌
နိုင်ငံထော်
ကူးသန်း ရောင်း
ဝယ်ရေးဘဏ်
နှင့်
သခင်ပေါ်ညွန့်
ပါ ၇။

ဖြင့် ပြန်လည် ရောင်းချရန် ကတိပြုခဲ့သည်ဆိုသော အချက်ကို အယူခံ တရားလိုသည် စုံစမ်းခြင်းမပြုဘဲ၊ အပေါင်ခံခဲ့ခြင်း ဖြစ်၍ အဆိုပါ ကတိအတိုင်း ဝယ်ယူခဲ့သည့် ဦးတင်ကြီးသည် အပေါင်ကို ရွေးနုတ်ရန် တာဝန်မရှိကြောင်း အဆုံးဒဏ်ပြုကာ၊ အထက်၌ ဖော်ပြခဲ့သည့်အတိုင်း၊ သခင်ပေါ်ညွန့်နှင့် ဇနီး ဒေါ်ကြည်တို့ အပေါ်တွင် သာ သာမန်ငွေ ဒီကရီချမှတ်ပေးပြီး၊ ဦးတင်ကြီးနှင့် သားသမီးတို့အပေါ် စွဲဆို သည့် အမှုကို ပလပ်လိုက်လေသည်။

ယခုအမှုတွင် ဆန်းစစ်ရန် ပြဿနာတခုသာ ရှိသည်၊ ထိုပြဿနာမှာ အခင်းဖြစ်စဉ်းကို သခင်ပေါ်ညွန့်နှင့် ဇနီး ဒေါ်ကြည်တို့က အယူခံတရားလိုထံ၌ ပေါင်နှံစဉ်၊ ပေါင်နှံသူဘို့သည် ထိုပစ္စည်းအား လုံးဝ ပိုင်ဆိုင်သူများ ဟုတ်-မဟုတ် ဆိုခြင်းပင် ဖြစ်၏။ လုံးဝ ပိုင်ဆိုင်သူများ အနေဖြင့် ပေါင်နှံခဲ့ပါမူ၊ ထိုကဲ့သို့ ပေါင်နှံပြီး နောက်ပိုင်း၌ ဝယ်ယူခဲ့သည့် ဦးတင်ကြီးသည် အပေါင်ကို ရွေးနုတ်ရန် တာဝန်ရှိမည်ဖြစ်သည်။ အယူခံတရားလို၏ ရှေ့နေ မစ္စတာ စူးမားက ပစ္စည်း ပေါင်စဉ် သခင်ပေါ်ညွန့်နှင့် ဒေါ်ကြည်တို့သည် ထိုပစ္စည်းကို လုံးဝ ပိုင်ဆိုင်သူများ ဖြစ်သည်ဟု တင်ပြလာသည်။ အယူခံတရားပြိုင် ဦးတင်ကြီး၏ ရှေ့နေ ဦးသက်ငွေကမူ၊ သခင်ပေါ်ညွန့် နှင့် ဒေါ်ကြည်တို့သည် ပစ္စည်းကို အယူခံတရားလိုထံ၌ ပေါင်စဉ်အချိန်က လုံးဝ ပိုင်ဆိုင်သူများ မဟုတ်ဘဲ၊ ပစ္စည်း လွှဲပြောင်းရေး အက်ဥပဒေ ပုဒ်မ ၅၈ (ဂ)တွင် ဖော်ပြထားသည့် စည်းကမ်းချက်ထား၍ ရောင်းချခြင်းဖြင့် အပေါင်ခံသူများသာ ဖြစ်ကြောင်း ပြန်လှန်တင်ပြသွားသည်။

ထိုကိစ္စနှင့် ပတ်သက်၍ အဖြေမှာ သက်သေခံ "၃" မှတ်ပုံတင် စာချုပ်၏ အဓိပ္ပါယ် ကောက်ယူချက်အပေါ်မူတည်လျက် ရှိပေသည်။ ထိုစာချုပ်သည် ပစ္စည်း လွှဲပြောင်းရေး အက်ဥပဒေ ပုဒ်မ ၅၄ ဇရ အပြီးအပိုင် ရောင်းချခြင်း ဖြစ်ပါသလား၊ သို့တည်းမဟုတ် ပုဒ်မ ၅၈ (ဂ)တွင် ဖော်ပြထားသည့် စည်းကမ်းချက်ထား ရောင်းချခြင်းဖြင့် ပေါင်နှံခြင်း ဖြစ်ပါသလားဆိုသည့် အချက်ကို သုံးသပ်ရမည် ဖြစ်၍ သည့်အလျောက်၊ စာချုပ်ပါ စာသားများကို အပြည့်အစုံ ဖော်ပြရန် လိုပေသည်။ ၎င်း စာချုပ်မှာ အောက်ပါအတိုင်း ဖြစ်၏။

အဘိုးငွေ ၃,၀၀၀ ကျပ်နှင့် ခြံမြေနှင့် နေအိမ် အရောင်းစာချုပ်

၁၉၆၁ ခု၊ ဩဂုတ်လ ၉ ရက် (၁၃၂၂ ခု၊ ဝါခေါင်လဆုတ် ၃ ရက်)နေ့တွင် ပေါင်းတည်မြို့၊ ၃၇ လမ်းနေ ဦးတင်ကြီး-ဒေါ်အေးကြည်တို့ပိုင်ခြံမြေသည်၊ အရှေ့မောင်မြမောင်၊ မအေးကျင်အိမ်၊ အနောက် ဦးတင်ကြီးအိမ်၊ တောင် မီးရထားမြေ၊ မြောက် ၃၇ လမ်း၊ နယ်လေးရပ် သတ်မှတ်ထားသည့် ရပ်ကွက်

၁၉၆၇
နိုင်ငံတော်
ကူးသန်း ရောင်း
ဝယ်ရေးဘဏ်
နှင့်
သင်္ဘော်ပေါ် ညွှန်
ပါ ၇။

အမှတ် (၂) အုပ်ဖိုရပ်ကွက်၊ အကွက်အမှတ် ၃၄၊ ၁၉၅၉/၆၀ ခု၊ ဦးပိုင်နံပါတ် ၂၁၊ ရေယာဒဿမ ၀၆၅ နှင့် ၎င်းခြံမြေပေါ်တွင် ဆောက်လုပ်ထားသော ၄ ပေ၊ ၃ ခန်း သွပ်မိုး ပျဉ်ထောင်ပျဉ်ခင်း၊ အောက်ထပ်တွင် သမံတလင်းခင်း၊ အိမ်ရှေ့နေရောင်ကာ၊ ဘေးတွင်မီးဖို၊ နောက်ဘက်ဂုံးဘေးတွဲလျက် အုဋ္ဌထရံကာနေအိမ်သည်၊ ကျွန်တော် ကျွန်မတို့ပိုင် ခြံမြေနှင့်နေအိမ်မှန်ပါသည်။ တပါးသူထံ ပေါင်နှံရောင်းချ ပေးကမ်းလွှဲပြောင်း၊ အာမခံတစုံတရာ ပေးသွင်းထားခြင်း၊ အခြားအမွေစားများ ပိုင်ဆိုင်ခြင်းမရှိ ကင်းလွတ်ပါသည် ဆိုသဖြင့် အဆိုပါ ခြံမြေနှင့်နေအိမ်ကို အဘိုးငွေ ၃,၀၀၀ ကျပ် (သုံးထောင်ကျပ်တိတိ) ဖြင့် ပေါင်းတည်မြို့၊ ရန်ကုန်လမ်းနေ ဦးပေါ်ညွှန့်သို့ အဆုံးအပိုင်ရောင်းစားပါသည်၊ ခြံမြေနှင့် အိမ် ရောင်းရငွေ ၃,၀၀၀ ကျပ် (သုံးထောင်ကျပ်တိတိ) ကို ဝယ်သူဦးပေါ်ညွှန့်ထံမှ အကြေအပြေရရှိ၍၊ အောက်တွင်ကိုယ်တိုင်လက်မှတ်ရေးထိုး အပိုင်လွှဲအပ်ပေးပါသည်၊ ရောင်းသူ ဦးတင်ကြီး၊ ဒေါ်အေးကြည်က ၎င်းခြံမြေနှင့်နေအိမ်ကို တနှစ်အထွင်း ၎င်းငွေ ၃,၀၀၀ ကျပ် (သုံးထောင်ကျပ်တိတိ) နှင့် ပြန်၍ဝယ်ယူနိုင်ခဲ့လျှင်၊ ဝယ်သူ ဦးပေါ်ညွှန့်က ပြန်၍ရောင်းရန်ကိုလည်း သဘောတူညီပါသည်။

(ပုံ) မောင်တင်ကြီး။
(ပုံ) မကြေည်။

စာချုပ်တခုသည် အရောင်းစာချုပ်ဖြစ်ပါသလား၊ သို့တည်းမဟုတ် အပေါင်စာချုပ်သာဖြစ်ပါသလား ဆိုသည့်ပြဿနာနှင့်ပတ်သက်၍ စာချုပ်၌ဖော်ပြထားသော စကားရပ်များအပေါ် သာမန်အားဖြင့် အမှီသဟဲပြုကာ ဆုံးဖြတ်ရမည်ဖြစ်သည်၊ ရောင်းချကြောင်း အတည့်အလင်းဖော်ပြထားပါမူ၊ ရောင်းချခြင်းမဟုတ်ဘဲပေါင်နှံခြင်းသာဖြစ်သည်ဟုဆိုလာလျှင်၊ ထိုကဲ့သို့အဆိုပြုသူအပေါ်၌ ယင်းအဆိုပြုချက်ကို ထင်ရှားအောင်ပြသရန် တာဝန်ကျရောက်ပေသည်၊ အလားတူပင် စာချုပ်တခု၏ စကားရပ်များ၌ ပေါင်နှံကြောင်း ရေးသားထားပါက ပေါင်နှံခြင်းမဟုတ်ဘဲ၊ ရောင်းချခြင်းသာဖြစ်သည်ဟုငြင်းဆိုပါမူ၊ ထိုကဲ့သို့ငြင်းဆိုသူသည် မိမိငြင်းဆိုသည့်အတိုင်း ထင်ရှားအောင်သက်သေထူရမည်ဖြစ်သည်။ ဤအချက်နှင့်ပတ်သက်၍ ပရီဗီကောင်စီ၏ စီရင်ထုံးဖြစ်သည့် **မွန်ထရီရယ်တရပ်စ်ကုမ္ပဏီ** နှင့် **ဗြိတိသျှကိုလံဘီယာမြေနှင့် ရင်းနှီးမှုကျော်စီလီမိတက်** (၁) တို့အမှုပါ အောက်ပါမိန့်မြွက်ချက်ကိုသာ ရည်ညွှန်းလိုပေသည်။

"On the other hand it is true that strong evidence is required to establish the contention that a conveyance in

(၁) အေ၊ အိုင်၊ အာ(ရ)၊ ၁၉၃၆ ခု၊ ပရီဗီကောင်စီ၊ ၆၅ (၆၉)။

form absolute ought to be treated as a **mortgage, since the** contention requires that the written document should be in some sense modified or added to for the purpose of carrying out the true intent of both parties to it."

ထို့ပြင်စာချုပ်တခုအား ချုပ်ဆိုရာ၌၊ ချုပ်ဆိုသူတို့သည် မည်သည့်ရည်ရွယ်ချက်ဖြင့် ချုပ်ဆိုခဲ့သည်ဆိုခြင်းကိုလည်းစီစစ်ရန်လိုပေသည်၊ပစ္စည်းတခုကိုတဦးတဦးသို့လွှဲပြောင်း ပေးရာတွင်၊ ကြွေးမြီအတွက် အာမခံပေးသည့် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခဲ့ပါမူ၊ ထိုလွှဲ ပြောင်းခြင်းသည် ပေါင်နှံခြင်းသာဖြစ်ပေမည်၊ သို့ရာတွင် အပြီးအပိုင်လွှဲပြောင်းရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခဲ့ပါက၊ ယင်းလွှဲပြောင်းခြင်းသည် ရောင်းချခြင်းဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။ တနည်းဆိုသော် စာချုပ်တခုသည် အပြီးအပိုင်ရောင်းချခြင်းဖြစ်ပါသလော၊ သို့တည်းမဟုတ် ပေါင်နှံခြင်းဖြစ်ပါသလော ဆိုသည့်ကိစ္စတွင်၊ ထိုစာချုပ် ချုပ်ဆိုစဉ် စာချုပ်သူတို့၏ရည်ရွယ်ချက်သာ **အဓိက**ဖြစ်ပေသည်၊ ၎င်းရည်ရွယ်ချက်ကို စာချုပ်ပါစကားရပ်များနှင့်တကွ ပတ်ဝန်းကျင်အထောက်အထားများတွင်သာ ရှာဖွေသုံးသပ်ရမည်ဖြစ်သည်။ နှုတ်သက်သေခံထွက်ချက်ဖြင့် ထိုစာချုပ်ချုပ်ဆိုသူတို့၏ ရည်ရွယ်ချက်ကို ရှင်းလင်းခြင်းမပြုနိုင်ပေ၊ သက်သေခံဥပဒေပုဒ်မ ၉၂ က ထိုကဲ့သို့ နှုတ်သက်သေခံထွက်ချက်ဖြင့် ရှင်းလင်းခြင်းကို ပိတ်ပင်ထားပေသည်၊ **ဘာလ်ကီရှင်ဒတ်** နှင့် **လက်ဂ်** (၂) တို့အမှုတွင် ပရီဗီကောင်စီက ထိုအတိုင်းပင်ဆုံးဖြတ်ထားသည်ကို တွေ့မြင်နိုင်ပေသည်။

> " A document purporting to be one of sale, though it is accompanied by a contract reserving to the vendor a right to repurchase the property sold, on repaying the purchase money within a certain time, is not on that account to be construed as if it were a mortgage."

အပြီးအပိုင် အရောင်းစာချုပ်တခုတွင် ဝယ်သူကရောင်းသူအား ကန့်သတ်ချိန် အတွင်း ပြန်လည်ရောင်းချမည်ဆိုသော စည်းကမ်းချက်ပါနိုင်ကာမျှဖြင့်၊ ထိုစာချုပ်သည် အရောင်းစာချုပ် မဟုတ်ဘဲ အပေါင်စာချုပ်ဖြစ်သည်ဟု တထစ်ချမယူဆနိုင်ပေ၊ ထိုအချက် နှင့်ပတ်သက်၍ **ဘာဂဝမ်အာဟိုင်း** နှင့် **ဘာဂဝမ်ဒင်** နှင့် **အများ** (၃) တို့အမှုတွင် ပရီဗီကောင်စီက အောက်ပါအတိုင်းမှတ်ချက်ပြုထား၏။

---

(၂) အတွဲ ၂၂၊ အလဟာဘတ်၊ ၁၄၉ (၁၅၀)။

(၃) အတွဲ ၁၂၊ အလဟာဘတ်၊ ၃၀၀။

၁၉၆၇

နိုင်ငံတော်၌ ကူးသန်း ရောင်း ဝယ်ရေးဘဏ် နှင့် သခင်မော်ညွန့် ပါ ၇။

ပစ္စည်းလွဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၈(၈) ခြွင်းချက်အရလည်း၊ အရောင်းစာချုပ်တွင် ဝယ်သူက ရောင်းသူအား ပြန်ရောင်းမည်ဆိုသော စည်းကမ်းချက်ပါသည့် အကြောင်းကြောင့် ထိုစာချုပ်သည် အရောင်းစာချုပ်မဟုတ်ဘဲ အပေါင်စာချုပ် ဖြစ်သည်ဟု မလွဲမသွေ ကောက်ယူရမည်ဟု အဓိပ္ပါယ်မပေါက်ပေ။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း စာချုပ်ချုပ်ဆိုသူတို့၏ ရည်ရွယ်ချက်ကို စီစစ်ပြီးမှသာ ထို ချုပ်သည် အရောင်းစာချုပ်ဟုတ် မဟုတ်ဆိုခြင်းကို ဆုံးဖြတ်ရမည်သာဖြစ်သည်၊ ထိုကိစ္စ နှင့်ပတ်သက်၍၊ **မောင်အောင်သင်း ပါ ၂** နှင့် **ဘီစနပ်ဆင်း ပါ ၂ (၄)** တို့အမှုဥ အောက်ပါအတိုင်း ကောက်ယူခဲ့ပေသည်။

> " Where the transaction effecting or purporting to effect a sale and a condition of repurchase are embodied in one document, the transaction does not, as a result of the proviso added by the Amendment Act, 1929, necessarily become a mortgage by conditional sale, irrespective of the intention of the parties. If from the contents of the document it can be gathered from its clear express words that the intention of the parties was to effect an outright sale with a condition of repurchase, the deed could be construed as an outright sale with a condition of repurchase even though that condition is embodied in one document, because the determining factor in such cases is the intention of the parties."

ယခုအမှုတွင် အယူခံတရားပြိုင် ဦးတင်ကြီးက အယူခံတရားပြိုင် သခင်ပော်ညွန့် အား ပစ္စည်းလွဲပြောင်းပေးခဲ့သည့် သက်သေခံအမှတ် ၃ စာချုပ်၌၊ အခင်းဖြစ်ပစ္စည်းကို အုပ်ပြီးအပိုင်ရောင်းချခြင်းဖြစ်သည်ဟု ရေးသားဖော်ပြထားသည်၊ ၎င်းပြင် တနှစ်အတွင်း ပြန်၍ဝယ်ယူရမည်ဟု အချိန်ကိုကောင်းစွာ ကန့်သတ်ခဲ့သည်၊ ထိုကဲ့သို့အရောင်းစာချုပ် ချုပ်ဆိုပြီးနောက်၊ မြေကိုဝယ်သူသခင်ပော်ညွန့်၏ နာမည်သို့လွဲပြောင်းခဲ့သည် (သက် သေခံ ၁၀ ကိုကြည့်ပါ)၊ မြေ၏ရာဇဝင် (သက်သေခံ စ)၌လည်း သခင်ပော်ညွန့်အား ဝယ်သူအဖြစ် မှတ်သားခဲ့၏။ ထိုမျှမက ဦးတင်ကြီးသည် အခင်းဖြစ်ပစ္စည်းတွင် ငှါးရမ်းနေထိုင်သူအဖြစ် သခင်ပော်ညွန့်အား ငှါးရမ်းခတလ ၈၀ ကျပ်ပေးခဲ့သေးသည် (သက်သေခံ ဃ)၊ ထိုအချက်အလက်များကို ပေါင်းစပ်ကြည့်ရှုလျှင်၊ ဦးတင်ကြီးနှင့် သခင်ပော်ညွန့်တို့သည် သက်သေခံအမှတ် ၃ စာချုပ်ကိုချုပ်ဆိုစဉ်က၊ ကြွေးမြီအတွက် စည်းကမ်းချက်ထား၍ ရောင်းချခြင်း ပေါ်နှံခြင်းပြုလုပ်ရန် မရည်ရွယ်ဘဲ၊ အပြီးအပိုင် အရောင်းစာချုပ် ချုပ်ဆိုကြရန် ရည်ရွယ်ကြကြောင်း ပေါ်လွင်သည်၊ သို့ဖြစ်ရာ

(၄) ၁၉၅၈ ခု၊ မြန်မာပြည်စီရင်ထုံး၊ ၃၁၄၊ တရားလွှတ်တော်။

အခင်းဖြစ်ပစ္စည်းကို အယူခံတရားလိုထံတွင် သက်သေခံ က၊ မှတ်ပုံတင်စာချုပ်ဖြင့် ပေါင်နှံစဉ်အချိန်၌ သခင်ပေါ်ညွန့်နှင့် ဇနီးဒေါ်ကြည်တို့သည် ထိုပစ္စည်းအား လုံးဝ ပိုင်ဆိုင်သူများဖြစ်ကြောင်း ထင်ရှားသည်။

အယူခံတရားလိုသည် မှတ်ပုံတင်စာချုပ်ဖြင့် အပေါင်ခံသူ ဖြစ်သည်ဆိုခြင်းမှာ အငြင်းမပေါက်ခေ။ စာချုပ်တခုကိုမှတ်ပုံတင်ထားပါမူ၊ ထိုကဲ့သို့စာချုပ်ချုပ်ဆိုထားကြောင်း အများပြည်သူတို့အား အကြောင်းကြားရာရောက်ပေသည်၊ ပစ္စည်းလွဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၃ ၏ ပဌမရှင်းလင်းချက်တွင်ထိုအတိုင်းပင် ပြဋ္ဌာန်းထားပေသည်၊ သို့ဖြစ်ရာ မရွှေမပြောင်းနိုင်သည့် ပစ္စည်းတခုကို ဝယ်ယူလိုသူတဦးသည် ထိုပစ္စည်းမှာ ပေါင်နှံခြင်းကင်း မကင်းဆိုသည့်အချက်ကို မှတ်ပုံတင်ရုံး၌ စုံစမ်းရန်တာဝန်ရှိလေသည်။ တာဝန်ရှိသည့်အတိုင်း စုံစမ်းခြင်းမပြုဘဲဝယ်ယူလျှင်၊ ဝယ်ယူသူ၏တာဝန်သာဖြစ်သည်။ ပေါင်နှံခြင်းမကင်းသည့် ပစ္စည်းဖြစ်လျှင် ဝယ်ယူသူသည်၊ ရောင်းသူ၏အခွင့်အရေးကို ဆက်ခံသူအဖြစ် အပေါင်ကိုရွေးချယ်ရန် တာဝန်ပိုလာမည်ဖြစ်ပေသည်၊ ယခုအမှုတွင် သခင်ပေါ်ညွန့်က အယူခံတရားလိုထံသို့ ပေါင်နှံပြီးနောက်မှ ဦးတင်ကြီးအား အခင်းဖြစ်ပစ္စည်းကို ရောင်းချခဲ့သည့်အတွက်၊ ဝယ်ယူသူဦးတင်ကြီးသည် ရောင်းသူသခင်ပေါ်ညွန့်၏အခွင့်အရေးနှင့် တာဝန်များကို ဆက်ခံသူအဖြစ်၊ အပေါင်ကိုရွေးနုတ်ရမည်ဖြစ်သည်၊ သို့ဖြစ်ရာ အယူခံတရားပြိုင်အားလုံးအပေါ် အယူခံတရားလို စွဲဆိုသည့်အတိုင်း အပေါင်ဒီကရီ ချမှတ်ခြင်းမပြုခဲ့သည့် အောက်ရုံး၏ဆုံးဖြတ်ချက်မှာ အထင်အရှား မှားယွင်းနေကြောင်းပေါ်လွင်သည်။

အထက်ပါအကြောင်းရပ်များကြောင့်၊ အောက်ရုံးစီရင်ချက်နှင့် ဒီကရီတို့ကို ပယ်ဖျက်ကာ အယူခံတရားပြိုင်တို့အပေါ် အယူခံတရားလိုစွဲဆိုသည့်အတိုင်း၊ အပေါင်ဒီကရီကို နှစ်လုံးစလုံး တရားစရိတ်များနှင့်တကွ ချမှတ်ပေးလိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးစိန်သင်းရွှေတွင်

ပြည်ထောင်စု မြန်မာနိုင်ငံ (ဦးစိန်လှဘူး) (ပြင်ဆင်ရန် လျှောက်ထားသူ) †

နှင့်

မောင်စံခင် (ပြင်ဆင်ရန် လျှောက်ထားခံရသူ)*

၁၉၆၇ နိုဝင်ဘာလ ၃၀ ရက်။

ယစ်မျိုးအက်ဥပဒေပုဒ်မ ၃၀ (က)အရ မူပြစ်ထင်ရှား၊ စီရင်ခြင်း—ပြစ်ဒဏ်။

ဆုံးဖြတ်ချက်။ ။ယခုကဲ့သို့သော အမှုမျိုးဌ ပြစ်ဒဏ်သတ်မှတ်ရာတွင် ဆင်ခြင်စဉ်းစားသင့်သည့် အချက်မှာ တရားခံ၏ ပြုလုပ်မှုအဘွက် ၎င်းသည်မည်မျှ အမြတ်အစွန်း ရရှိနိုင်သည်။ ထိုပြုလုပ်မှုသည် အများပြည်သူတို့အတွက် မည်မျှအကျိုးယုတ်စေမည်။ ထိုပြစ်မှုမျိုးအတွက် သာမန်အားဖြင့် သတ်မှတ်ထားသည့် ပြစ်ဒဏ်သည် ထိုပြစ်မှုမျိုးကို ကျူးလွန်ရန် မစွန့်စားဝံ့အောင် ဖြစ်စေသင့်သည်ဆိုသော အချက် အာဝရှိသည်ဘို့ဖြစ်သည်။ ပြစ်ဒဏ်ကို သတ်မှတ်ရာ၌ တရားသူကြီးများသည် အမှု၏ ပတ်ဝန်းကျင် အကြောင်းခြင်းရာများကို ထည့်သွင်း စဉ်းစားပြီးနောက် ပြစ်ဒဏ်သည် ပြစ်မှုနှင့် စပ်ဟပ်မိရန် လက်တွေ့ကျကျသတ်မှတ်ရန်လိုသည်။

ပြင်ဆင်ရန် လျှောက်ထားသူအဘွက်။ ။အိုးရဝှေနေကြီး ဦးမြရှိန်။

ပြင်ဆင်ရန် လျှောက်ထားခံရသူအဘွက်။ ။

တရားသူကြီး ဦးစိန်သင်း။ ။ရန်ကုန်မြို့၊ ဆဋ္ဌမရာဘာက် ရာဇဝတ်တရားသူကြီးရုံး၊ ၁၉၆၇ ခုနှစ်၊ ရာဇဝတ်ကြီးအမှုအမှတ် ဂဂဂ တွင် လျှောက်ထားခံရသူ မောင်စံခင် အပေါ်၌ ဆေးခြောက်တိုလာချိန် ၄၂၀ လက်ဝယ်ထားရှိမှုဖြင့် ယစ်မျိုးအက်ဥပဒေပုဒ်မ ၃၀ (က) အရ မူပြစ်ထင်ရှားစီရင်၍ ဒဏ်ငွေ ၅၀ ကျပ်ပေးဆောင်စေရန်၊ ဒဏ်ငွေမပေးဆောင်နိုင်က အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁ လခွဲကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ လျှောက်ထားခံရသူအပေါ်၌ သတ်မှတ်ခဲ့သည့် ပြစ်ဒဏ်သည် ၎င်းကျူးလွန်သည့်ပြစ်မှုနှင့် အချိုးအစားမကျခြင်းကြောင့် လျှောက်ထားခံရသူအား ထပ်မံ၍

* ၁၉၆၇ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၅၁ (ခ)။

† ၁၉၆၇ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၆ တွင် ချမှတ်သော ၁၉၆၇ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက် နေ့စွဲပါ ရန်ကုန်မြို့၊ ခရိုင်ရာဇဝတ်တရားသူကြီး၏အမိန့်ကို ပြန်၍ဆင်ခြင်မှု။

၁၉၆၇

ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် မောင်စံခင်။

ဒဏ်ငွေ ၂၅၀ ကျပ်ပေးဆောင်ရန်နှင့် ဒဏ်ငွေပေးဆောင်ရန် ပျက်ကွက်ပါက အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၃ လကျခံစေရန် ပြင်ဆင်အမိန့်ချမှတ်ပါမည့် အကြောင်းဖြင့် ရန်ကုန်မြို့၊ ခရိုင်ရာဇဝတ် တရားသူကြီးက ထောက်ခံချက်များ ရေးသားကာ အမှုတွဲကို ဤရုံးသို့ တင်ပို့လိုက်ခြင်းဖြစ်သည်။ ပြစ်ဒဏ်တိုးမြှင့်ရန် ထောက်ခံထားရာ၌ ခရိုင်ရာဇဝတ်တရားသူကြီးက တရားခံတွင် တွေ့ရှိသောဆေးခြောက်၏ ကာလတန်ဘိုးမှာ ကျပ်ငွေ ၂၂၅ ကျပ်ခန့်ဖြစ်ပါသည်။ ချမှတ်ထားသော ဒဏ်ငွေမှာ အလွန်နည်းသော ကြောင့် ဟန့်တားလောက်သော အပြစ်ဒဏ်ပေးရာ မရောက်ပါ။ ထို့ကြောင့် အလားတူ ပြစ်မှုမျိုးကို မကျူးလွန်ဝံ့ရန် ဟန့်တားစေနိုင်လောက်သည့် ပြစ်ဒဏ်ကို ပေးသင့်ပါသည်ဟု အကြောင်းပြထားသည်။

ဤရုံးသည် ပြင်ဆင်မှုအာဏာကို အသုံးပြု၍ မူလရုံးကချမှတ်ထားသော အပြစ်ဒဏ်ကို တိုးမြှင့်နိုင်သည်။ **မောင်ပု ပါ ၂ နှင့် မကြည်ပါ ၂** (၁) အမှုစီရင်ထုံးကို ကြည့်ပါ။ သို့ရာတွင်၊ မူလရုံးက ချမှတ်ထားသည့် ပြစ်ဒဏ်သည် ပေါ့လျော့နေတိုင်း ဤရုံးက ဝင်ရောက်စွက်ဖက်ရန်မဟုတ်။ မူလရုံးက သတ်မှတ်ထားသည့် ပြစ်ဒဏ်သည် အလွန်မလုံမလောက်၊ အချိုးအစားမကျသဖြင့် တရားမျှတမှု ကင်းမဲ့နေသောအခါ မှသာလျှင်၊ ဤရုံးသည် ပြစ်ဒဏ် တိုးမြှင့်သည့်အာဏာကို အသုံးပြုလေ့ ရှိသည်။ ထို့ကြောင့် ယခုကျွန်ုပ်ရှေရှိ အမှုတွင် လျှောက်ထားခံရသူအပေါ် ၌ ချမှတ်ထားသည့် ပြစ်ဒဏ်သည် ၎င်းကျူးလွန်သည့် ပြစ်မှုနှင့် မည်မျှအထိ အချိုးအစား မကျသည်ကို သုံးသပ်ရမည်ဖြစ်သည်။ (ယခုကဲ့သို့သော အမှုမျိုး၌ ပြစ်ဒဏ်သတ်မှတ်ရာတွင် ဆင်ခြင်စဉ်းစားသင့်သည့် အချက်မှာ တရားခံ၏ ပြုလုပ်မှုအတွက် ၎င်းသည် မည်မျှအမြတ် အစွန်းရရှိနိုင်သည်။ ထိုပြုလုပ်မှုသည် အများပြည်သူတို့အတွက် မည်မျှအကျိုးယုတ် စေမည်။ ထိုပြစ်မှုမျိုးအတွက် သာမန်အားဖြင့် သတ်မှတ်ထားသည့် ပြစ်ဒဏ်သည် ထိုပြစ်မှုမျိုးကို ကျူးလွန်ရန် မစွန့်စားဝံ့အောင် ဖြစ်စေသင့်သည်ဆိုသော အချက် အစရှိသည်တို့ဖြစ်သည်)။ ယခု ကျွန်ုပ်ရှေရှိအမှု၌ လျှောက်ထားခံရသူထံတွင် သိမ်းဆည်းရမိသည့် ဆေးခြောက်၏တန်ဘိုးမှာ ၂၀၀ ကျပ်ကျော်မျှ ဖြစ်သည်။ ယင်းကဲ့သို့ ၂၀၀ ကျပ်ကျော်ခန့် အမြတ်အစွန်း ရရှိရန်အကြောင်းရှိသည့် ပြုလုပ်မှုအတွက် ဒဏ်ငွေ ၂၀ ကျပ်တပ်ရိုက်ခြင်းသည် အလွန်သိသိသာသာ ပေါ့လျော့နေသည်ကို တွေ့ရှိရသည်။ ထိုကဲ့သို့ ပြစ်မှုနှင့် အချိုးအစားမကျသည့် ပြစ်ဒဏ်များကို သတ်မှတ်ခြင်းအားဖြင့် ယင်းကဲ့သို့သော ပြစ်မှုကို ကျူးလွန်လိုသူများအား၊ အားပေးရာရောက်မည်မှာ မလွဲခေါ်။ (ပြစ်ဒဏ်ကို သတ်မှတ်ရာ၌ တရားသူကြီးများသည် အမှု၏ ပတ်ဝန်းကျင် အကြောင်းခြင်းရာများကို ထည့်သွင်းစဉ်းစားပြီးနောက်၊ ပြစ်ဒဏ်သည် ပြစ်မှုနှင့် စပ်ဟပ်မိရန်

(၁) မြန်မာနိုင်ငံ စီရင်ထုံး၊ ၁၉၅၅ ခုနှစ်၊ တရားလွှတ်တော်၊ စာ ၂၀၃။

လက်တွေ့ကျကျ သတ်မှတ်ရန်လိုသည်)။ ထို့ကြောင့် ပြစ်ဒဏ် တိုးမြှင့်ရန်အချက် နှင့်ပတ်သက်၍၊ ခရိုင်ရာဇဝတ်တရားသူကြီး၏ ထောက်ခံချက်များကို လက်ခံသင့်သည်။ သို့ရာတွင် လျှောက်ထားခံရသူအား နောက်ထပ်ဒဏ်ငွေ ၁၅၀ ကျပ်ပေးဆောင်ရန်နှင့် ဒဏ်ငွေပေးဆောင်ရန် ပျက်ကွက်ပါက အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၃ လကျခံစေရန် ပြင်ဆင်၍ အမိန့်ချမှတ်နိုင်မည်မဟုတ်။ အဘယ့်ကြောင့်ဆိုသော် ယင်းကဲ့သို့သော အမှုမျိုးဌ အများဆုံးချမှတ်နိုင်သည့် ထောင်ဒဏ်သည် ၆ လဖြစ်ရကား ဒဏ်ငွေ ပေးဆောင်ရန် ပျက်ကွက်သဖြင့် ချမှတ်နိုင်သည့် ထောင်ဒဏ်ကာလသည် ၆ လ၏ လေးပုံ ၁ ပုံသာလျှင်ဖြစ်နိုင်သည်။ သို့ဖြစ်လေရာ မူလရုံးက ချမှတ်ထားသည့် ပြစ်ဒဏ်ကို ပယ်ဖျက်လိုက်ပြီး၊ ထိုပြစ်ဒဏ်အစား ဒဏ်ငွေ စုစုပေါင်း ၂၀၀ ကျပ်ပေးစေရန်နှင့် ထိုဒဏ်ငွေကို မပေးဆောင်နိုင်က အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁ လခွဲကျခံစေရန် ပြင်ဆင်အမိန့်ချမှတ်လိုက်သည်။ ယခင်ပေးခဲ့သည့် ဒဏ်ငွေကို လျှောက်ထားခံရသူအား ပြန်လည်ထုတ်ခွင့်ပြုရမည်။

နိုင်ငံတော် တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးကျော်ဇံဦးရှေ့တွင်

† ၁၉၆၇ ဖေဖော်ဝါရီလ ၁၅ ရက်။

ပြည်ထောင်စု မြန်မာနိုင်ငံ (ပြင်ဆင်ရန် လျှောက်ထားသူ)

နှင့်

မောင်တင်အောင် (ပြင်ဆင်ရန် လျှောက်ထားခံရသူ)*

ရာဇဝတ်ကျင့်ထုံးပုဒ်မ ၁၂၃(က)—အာမခံနှင့်ကောင်းမွန်စွာ နေထိုင်ရန်အချိန်ကာလ—ခံဝန်ချုပ်မပေးလျှင် ထောင်တွင်ချုပ်ထားခြင်းမျှသာဖြစ်ခြင်း—အချုပ်ရက်များကိုအာမခံနှင့် ကောင်းမွန်စွာနေထိုင်ရမည့် ကာလအပိုင်းအခြားမှ နုတ်ရန်လို မလို။

လျှောက်ထားခံရသူကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၁၀(ခ)၊ ၁၁၂ အရ တနှစ်အတွင်း ကောင်းမွန်စွာနေထိုင်ရေးအတွက် ခံဝန်ချုပ်ပေးရန် အဓိန့်ချမှတ်ရာ ခံဝန်ချုပ်မပေးသဖြင့် အချုပ်ခံနေရမည့်ရက်များကို ခံဝန်ချုပ်ကာလမှနုတ်ရန်။

ဆုံးဖြတ်ချက်။ ။ရာဇဝတ်ကျင့်ထုံးပုဒ်မ ၁၁၈ အရ တနှစ်အတွင်း ကောင်းမွန်စွာနေထိုင်ရေးအတွက် ခံဝန်ချုပ်ပေးရန် ချမှတ်သည့်အဓိန့်မှာ ထောင်ဒဏ်အဖြစ်ပေးခြင်းမဟုတ်၊ **အာမခံဝန်ချုပ်မပေးနိုင်လျှင် ထောင်တွင်ချုပ်ထားခြင်းမျှသာဖြစ်၍ အချုပ်ရက်များကို အာမခံနှင့် ကောင်းမွန်စွာနေထိုင်ရမည့်ကာလအပိုင်းအခြားမှ နုတ်ရန်မလိုပေ။**

ပြည်ထောင်စုမြန်မာနိုင်ငံ နှင့် မောင်ထွန်းကြည်၊ ၁၉၆၅ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၄၀၇ (စုံညီခံ) ရည်ညွှန်းသည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။အစိုးရရှေ့နေကြီး ဦးနှစ်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။

တရားသူကြီး ဦးကျော်ဇံဦး။ ။ဤအမှုတွင် လျှောက်ထားခံရသူကို မန္တလေးမြို့နယ်ပိုင်ရာဇဝတ်တရားသူကြီးက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၁၀(စ) အရ၊ စွန့်စားဆိုးသွမ်း၍ ဘေးအန္တရာယ်ပေးတတ်သူဟု သတင်းအရ ထင်မြင်ယူဆ၍ ပုဒ်မ ၁၁၂ အရ၊

---

* ၁၉၆၇ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၅၂(ခ)။

† ၁၉၆၇ ခုနှစ်၊ ရာဇဝတ်သေးမှုအမှတ် ၅၅ တွင်ချမှတ်သော ၁၉၆၇ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့စွဲပါ မန္တလေးမြို့နယ်ပိုင်ရာဇဝတ်တရားသူကြီး၏အမိန့်ကို ပြန်၍ဆင်ခြင်မှု။

ကောင်းမွန်စွာနေထိုင်ရန်အတွက် ကျပ်ငွေ ၁,၀၀၀ တန် အာမခံသူနှစ်ယောက်ကို အဘယ်ကြောင့်မပေးသင့်သနည်းဟု အကြောင်းပြရန် အမိန့်ချမှတ်ရာ၊ သက်သေများ စစ်ဆေးပြီး ပုဒ်မ ၁၁၈ အရ၊ တန္ခစ်အတွင်း ကောင်းမွန်စွာနေထိုင်ရေးအတွက် ခံဝန်ချုပ်ပေးရန်လိုလားသောနှေ့မှစ၍ တန္ခစ်အထိအကျဉ်းထောင်တွင် အချုပ်နှင့်နေစေရန် ၁၉၆၇ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့တွင် အမိန့်ချမှတ်ခဲ့သော်လည်း၊ လျှောက်ထားခံရသူသည် ၁၉၆၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့ကစ၍အချုပ်ခံနေခဲ့ရသဖြင့်၊ တရားရုံးချုပ်၏ စုံညီခုံရုံးစီရင်ထုံးဖြစ်သော ၁၉၆၅ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၄၀၇ (**ပြည်ထောင်စုမြန်မာနိုင်ငံ** နှင့် **မောင်ထွန်းကြည်**) နှင့် ၁၉၆၇ ခုနှစ်၊ အမျှားနှင့် သက်ဆိုင်သော ညွှန်ကြားလွှာအမှတ် ၆ တို့အရ၊ အချုပ်ရက်ပေါင်း ၁၀၀ ကိုခံဝန်ချုပ်ကာလတန္ခစ်မှနုတ်၍ ကျန်ရက်များကိုသာကျခံစေရမည်ဟု အမိန့်ချမှတ်ခဲ့သည်မှာအဆိုပါစီရင်ထုံးနှင့် ညွှန်ကြားလွှာများနှင့် အကျုံးမဝင်သည့်ပြင်၊ မသက်ဆိုင်သည်သာမက ဥပဒေသဘောတရားနှင့်လည်း ဖီလာဖြစ်နေ၍ ထိုအမိန့်ကိုပယ်ဖျက်ပြီးသကာလ၊ ၎င်းအစား လျှောက်ထားခံရသူအား၊ ခံဝန်ချုပ် မပေးမသွင်းမီကာလအတောအတွင်း အကျဉ်းထောင်တွင် တန္ခစ်ချုပ်ထားစေရန်၊ မန္တလေးမြို့ ရာဘာက်စက်ရှင်တရားသူကြီး၏ အစီရင်ခံစာတွင် ထောက်ခံထားသည်ကို လက်ခံရပေမည်။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၂၃(၁)က—

> "If any person ordered to give security . . . under section 118 does not give security on or before the date on which the period for which such security is to be given commences, he shall, . . . be committed to prison . . . until such period expires . ."

ဤပုဒ်မတွင်ပါရှိသော— "until such period expires" စကားများသည် ဆင်ခြင်မှတ်သားဖွယ်ရာဖြစ်သော စကားများဖြစ်သည်။ ***King Emperor v. Karim ud-din Beg*** **(1)** စီရင်ထုံးတွင် ခုံရုံးကဤသို့ပြဋ္ဌာန်းထားသည်။

> "But it is, in our opinion, absurd for a Court to order the detention of a person bound over under section 123 for a period less than that for which he is called upon to give security."

ထိုနည်းတူစွာ အာမခံနှင့်ကောင်းမွန်စွာ နေထိုင်ရန် အချိန်ကာလထက်လည်း ပိုမို၍ ခံဝန်ချုပ်မပေးလျှင် အကျဉ်းထောင်တွင် ချုပ်မထားနိုင်ပေ။

---

(1) I.L.R. XXIII All. 422.

၁၉၆၇

ပြည်ထောင်စုမြန်မာနိုင်ငံ နှင့် မောင်တင်အောင်။

ထို့ပြင် **ပြည်ထောင်စုမြန်မာနိုင်ငံ** နှင့် **မောင်ထွန်းကြည်** စီရင်ထုံးတွင်၊ အချုပ်ရက်များကို ထောင်ဒဏ်မှသာနုတ်ရန် ညွှန်ကြားထားခြင်းဖြစ်သည်။ **အာမခံဝန်ချုပ်** ကာလမှနုတ်ရန်မဆိုပေ။ ယခုအမှုမှာကား ထောင်ဒဏ်အပြစ်ပေးခြင်းမဟုတ်၊ အာမခံဝန်ချုပ်မပေးနိုင်လျှင် ထောင်တွင်ချုပ်ထားခြင်းမျှသာဖြစ်၍ အချုပ်ရက်များကို အာမခံနှင့် ကောင်းမွန်စွာ နေထိုင်ရမည့်ကာလအပိုင်းအခြားမှ နုတ်ရန်မလိုပေ။ ဤအမှုတွင် လျှောက်ထားခံရသူသည် တန္နစ်ထောင်ဒဏ်ကျသည်ဟု မဆိုနိုင်ပေ။ ကောင်းမွန်စွာ တန္နစ်နေထိုင်ရန် အာမခံဝန်ချုပ်တောင်းရာ၊ မပေးနိုင်၍ ထိုအချိန်ကာလအထိ အကျဉ်းထောင်တွင် ချုပ်ထားခြင်းမျှသာဖြစ်သည်။ ထောင်ဒဏ်ချထားခြင်းမဟုတ်ပေ။ အဆိုပါစီရင်ထုံးတွင် "အားလုံးခြုံ၍ကြည့်လျှင်၊ ပြစ်မှုတရပ်အတွက် ထောင်ဒဏ်သတ်မှတ်ရာတွင် အကယ်၍ တရားခံသည် ထိုပြစ်မှုနှင့်ပတ်သက်၍ အချုပ်နှင့်နေခဲ့ရလျှင်၊ ထိုအချုပ်ကာလကို ထောင်ဒဏ်မှထုတ်နုတ်**အပ်**သည်ဟု ကျွန်ုပ်တို့ဆုံးဖြတ်သည်" ဟု ရေးသားထားသည်။

အထက်ပါအကြောင်းမျှားကြောင့်၊ မူလရုံး၏အမိန့်ကို ပယ်ဖျက်ပြီး၊ လျှောက်ထားခံရသူကို၊ ၁၉၆၇ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့မှစ၍ တန္နစ်တိတိ အကျဉ်းထောင်တွင် အချုပ်နှင့်ထားစေ၊ သို့မဟုတ် တန္နစ်အတွင်းအာမခံ မပေးမသွင်းကာလအတောအတွင်း အကျဉ်းထောင်တွင်ချုပ်ထားစေဟု ရာဘက်စက်ရှင်တရားသူကြီးနှင့် အစိုးရရှေ့နေတို့၏ သဘောထားမျှားကိုလက်ခံ၍ အမိန့်ချမှတ်လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးချစ်ရှေတွင်

ပြည်ထောင်စု မြန်မာနိုင်ငံ (ပြင်ဆင်ရန် လျှောက်ထားသူ)

နှင့်

ဧမောင်ပု (ခေါ်) မောင်မြင့် ပါ ၂ (ပြင်ဆင်ရန် လျှောက်ထားခံရသူများ)*

† ၁၉၆၇ နိုဝင်္ဘာလ ၁၇ ရက်။

ရာဇသတ်ကြီးပုဒ်မ ၂၂၄ အရ၊ မူပြစ်ထင်ရှားစီရင်ခြင်း—ပြစ်ဒဏ်။

ဆုံးဖြတ်ချက်။ ။မူပြစ်ကျူးလွန်သူများအား အပြစ်ဒဏ် ပေးရာ၌ စတိအပြစ်ဒဏ်များ မဖြစ် စေလိုပေ။ မူပြစ်နှင့် လျော်ညီစွာ အပြစ်ဒဏ်များကိုသာလျှင် ပေးရမည်။ မူပြစ်ကျူးလွန်သူအား သက်ညှာ၍ စတိအပြစ်ဒဏ်များကို ပေးခြင်းအားဖြင့် မူပြစ်ကျူးလွန်သူများအား အားပေးအားမြှောက်ပြုရာ ကျစေနိုင်သည့်အပြင်၊ အပြစ်ဒဏ် ကျူးလွန်မိသူများ အတွက်လည်း ဟန့်တားမှုမျိုး မရှိတော့ပေ။

အထူးသဖြင့် အကျဉ်းစခန်းတွင်ကျနေသော အကျဉ်းသားများ၊ သို့မဟုတ် ရဲဘက်များသည် မူပြစ်တခုခုကြောင့် အကျဉ်းစခန်းတွင် ကျခံနေရခြင်းဖြစ်သည်။ ယင်းသို့ အကျဉ်းတွင် ကျခံနေစဉ် ကောင်းမွန်တိုးတက် ပြောင်းလဲလာသော စိတ်ဓါတ်များကို မမှေးမှိန်ဘဲ အကျဉ်းခံနေစဉ် နောက် တဖန် ထပ်၍မူပြစ် ကျူးလွန်ခဲ့လျှင် ထိုကျူးလွန်သည့်မူပြစ်အတွက် သတ်မှတ်ထားသော အပြစ်ဒဏ် ကို နောင်ကြဉ်ဟန့်တားစေသည့် အနေများဖြင့် ပေးရမည်။

ပြင်ဆင်ရန် လျှောက်ထားသူအတွက်။ ။အစိုးရရှေ့နေကြီး ဦးကျော်ဝေါင်။

ပြင်ဆင်ရန် လျှောက်ထားခံရသူအတွက်။ ။

တရားသူကြီး ဦးချစ်။ ။လျှောက်ထားခံရသူ မောင်ပု (ခ) မောင်မြင့် အပေါ်၊ ရာဇသတ်ပုဒ်မ ၂၂၄ အရ မူပြစ်မြောက်သည်ကို ထင်ရှားသဖြင့်၊ အလုပ်နှင့် ထောင်ဒဏ် ၁ လကျခံစေရန်၊ စဉ့်ကိုင်းမြို့မြို့နယ်ရာဇဝတ်တရားသူကြီးရုံး၊ ၁၉၆၆ ခု၊ရာဇဝတ်ကြီးမူ

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၄၉ (က)၊ ၅၀ (က)။

† ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ကြီးမူအမှတ် $\frac{၁၄၉}{၁၅၂}$ တွင်ချမှတ်သော ၁၉၆၇ ခုနှစ်၊ နိုဝင်္ဘာလ ၃ ရက် နေ့စွဲပါ စဉ်ကိုင်းမြို့၊ မြို့နယ်ရာဇဝတ်တရားသူကြီး၏ အမိန့်ကို ပြန်၍ပြင်ဆင်မှု။

၁၉၆၇ ပြည်ထောင်စု မြန်မာနိုင်ငံ နှစ် မောင်ပု (ခ) မောင်မြင့် ပါ ၂။

အမှတ် ၁၄၉ တွင်ဂင်း၊ ဂင်းရုံး ၁၉၆၆ ခု၊ ရာဇဝတ်ကြီးမှုအမှတ် ၁၅၂ တွင်၊လျှောက်ထားခံရသူ မောင်ကျော်သိန်းအပေါ် ရာဇသတ်ပုဒ်မ ၂၂၄ အရ မူပြစ်မြောက်သည်ဟု ထင်ရှားသဖြင့်၊ အလုပ်နှင့် ထောင်ဒဏ် ၁ လကျခံစေရန်ဂင်း၊ အမိန့်ချမှတ်ခဲ့လေသည်။

လျှောက်ထားခံရသူများက အပြစ်ရှိပါသည်ဟု ဝန်ခံသွားလေသည်။ သို့ရာတွင် ဤရုံးအနေဖြင့် လျှောက်ထားခံရသူများအား ပေးထားသော အပြစ်ဒဏ်မှာ၊ မူပြစ်နှင့် စာလျှင် လွန်စွာပင် နည်းလွန်းသည်ဟု ယူဆသဖြင့် လျှောက်ထားခံရသူ မောင်ပု (ခ) မောင်မြင့်နှင့် ပတ်သက်၍၊ ဤရုံး ၁၉၆၆ ခု၊ ရာဇဝတ်ပြင်ဆင်မှု အမှတ် ၄၉ (က) နှင့် လျှောက်ထားခံရသူ မောင်ကျော်သိန်းနှင့် ပတ်သက်၍လည်း၊ ဤရုံး ၁၉၆၆ ခု၊ရာဇဝတ်ပြင်ဆင်မှုအမှတ် ၅၀ (က) တို့ကို ဖွင့်လှစ်စေပြီး တပေါင်းတည်းကြားနာသည်။

ဤရုံးက လျှောက်ထားခံရသူများအား၊ ဂင်းတို့ကို ပေးထားသော အပြစ်ဒဏ်ကို အဘယ်ကြောင့် တိုးမြှင့်၍ မခပေးသင့်ကြောင်း ထုချေရန်အကြောင်းကြားပြီး ဖြစ်သည်၊ ယင်းအကြောင်းကြားစာကိုလည်း၊ လျှောက်ထားခံရသူများက ရရှိ၍ သိရှိပြီးဖြစ်သည်၊ ယင်းသို့ သိရှိပြီးဖြစ်သော်လည်း၊ ထိုအမှုများကို ကျွန်ုပ်ရှေ့၌ ခေါ်စဉ်အခါက၊ ဂင်းတို့ မလာရောက်ကြပေ။ ထို့ကြောင့် အစိုးရတရားရုံးချုပ် ရှေ့နေ ဦးကျော်ဇင်ကိုသာလျှင် တာဝန်သတ်ကြားနာပြီး အမိန့်ချမှတ်သိုက်သည်။ ပြင်ဆင်မှုနှစ်ခုမှာ၊ တခုနှင့်တခု ဆက်စပ်နေသောကြောင့် ဤ ၁၉၆၆ ခု၊ ရာဇဝတ်ပြင်ဆင်မှု အမှတ် ၄၉ (က) တွင် တပေါင်းတည်း အမိန့်ချမှတ်သိုက်သည်။

လျှောက်ထားခံရသူများသည်၊ ကျောက်ဆည်ခရိုင်၊ ဘဲလင်းရဲတပ် စခန်းတွင် အကျဉ်းခံနေ သည်။ ၁၉၆၆ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့တွင်၊ ဂင်းတို့သည် ရဲတပ်စခန်းမှ ထွက်ပြေးကြရာ၊ လျှောက်ထားခံရသူ မောင်ပု (ခ) မောင်မြင့်ကို ၁၉၆၆ ခု၊ စက်တင်ဘာလ ၂၃ ရက်နေ့တွင်၊ သာစည်ရဲစခန်းမှ ဘမ်းဆီးရမိသည်။ လျှောက်ထားခံရသူ မောင်ကျော်သိန်းကိုမူ ထွက်ပြေးနေ၍ နောက်တရက် ၁၉၆၆ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့တွင် ဘမ်းဆီးရမိသည်။ ဂင်းတို့အား ရာဇသတ်ပုဒ်မ ၂၂၄ အရ ချုံးတင်ကရားစွဲရာ၊ ဂင်းတို့က အပြစ်ရှိပါကြောင်း ဝန်ခံလေသည်။ မူလရုံးက ဂင်းတို့အပေါ် ရာဇသတ်ပုဒ်မ ၂၂၄ အရ မူပြစ်မြောက်သည်ကို တွေ့ရှိရပြီး၊ အလုပ်နှင့် ထောင်ဒဏ် ၁ လစီကျခံစေရန် အမိန့်ချမှတ်သိုက်သည်။

ရာဇသတ်ပုဒ်မ ၂၂၄ အရ ကျူးလွန်သူအား ၂ နှစ်အထိ ထောင်ဒဏ် တမျိုးမျိုး ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ အပြစ်ဒဏ်ခံရမည်။

ယခုအမှုတွင် သျှောက်ထားခံရသူများသည်၊ ရဲဘကစခန်းတွင် အကျဉ်းကျနေရာမှ ထွက်ပြေးသွားသဖြင့်၊ ၎င်းတို့ကျူးလွန်သောမှုပြစ်သည်၊ မူလရုံးက ပေးထားသော အပြစ်ဒဏ်နှင့် နှိုင်းစာလျှင် အလွန်ပင်နည်းလွန်းသည်ဟု ယူဆသည်။

ဤရုံးသည် အပြစ်ဒဏ် တိုးမြှင့်ပေးရာ၌ လွယ်ကူစွာဖြင့် တိုးမြှင့်ခြင်း မပြုလုပ်နိုင်ပေ။ သို့ရာတွင် အပြစ်ဒဏ်သည် အလွန်အကျူး နည်းလွန်းသောကြောင့်၊ တရားရေးမဏ္ဍိုင်ကို ထိခိုက်ဘွယ်ရာ ဖြစ်လျှင်၊ အပြစ်ဒဏ်ကို မူပြစ်နှင့်ညီညွတ်စေရန် တိုးမြှင့်ပေးရပေမည်။ **လှစမ်း** နှင့် **အစိုးရ** (၁) အမှုကိုကြည့်လေ။

၎င်းပြင်၊ ၁၉၆၅ ခု၊ တရားရုံးများ ညွှန်ကြားလွှာအမှတ် ၁၇ တွင်၊ ယခုကဲ့သို့သော မှုပြစ်ကို ကျူးလွန်ကြောင်း တွေ့ရှိရသည့်အခါ၊ **တရားရုံးများသည် အများဆုံး** ထောင်ဒဏ် ၆ လမျှသာ အပြစ်ပေးလေ့ ရှိကြသည်။ ယင်းကဲ့သို့ ပေးသော အများဆုံး ထောင်ဒဏ် ၆ လမှာသည်း လွန်စွာပင် နည်းလွန်းနေပေသည်။ မူပြစ်ကျူးလွန်သူများအပေါ် တကယ်ထိရောက်ဟန့်တားနိုင်သည့်အပြစ်ဒဏ်ကို ပေးရပေမည်။ ထိုသို့ ဟန့်တားသည့် အပြစ်ဒဏ်မျိုး ပေးမှသာလျှင်၊ ကျန်ရဲဘက်များအတွက်လည်း သင်္ကာစာများ ရရှိရန်ဖြစ်ပေသည်ဟူ၍ ဖော်ပြညွှန်ကြားထားသည်။

၎င်းပြင်၊ ၁၉၆၆ ခု၊ တရားရုံးများ ညွှန်ကြားလွှာအမှတ် ၂ တွင်လည်း၊ တရားရုံးများသည် မူပြစ်ကျူးလွန်သူများအား အပြစ်ဒဏ်ချမှတ်ရာ၌ မူပြစ်နှင့် နှိုင်းစာ၍ အပြစ်ဒဏ်ပေးရပေမည်ဟု ညွှန်ကြားထားသေသည်။

မူပြစ်ကျူးလွန်သူများအား အပြစ်ဒဏ်ပေးရာ၌ စတိအပြစ်ဒဏ်မျိုး မဖြစ်စေလိုပေ။ မူပြစ်နှင့် လျော်ညီစွာ အပြစ်ဒဏ်မျိုးကိုသာလျှင် ပေးရပေမည်။ မူပြစ်ကျူးလွန်သူအား သက်သာ၍ စတိအပြစ်ဒဏ်မျိုးကို **ပေးခြင်းအားဖြင့်**၊ မူပြစ်ကျူးလွန်သူများအား၊ အားပေး အားမြှောက်ပြုရာကျစေနိုင်သည့်အပြင်၊ အပြစ်ဒဏ်ကျူးလွန်သူများအတွက်လည်း ဟန့်တားမှုမျိုး မရှိတော့ပေ။

အဆူးသဖြင့်၊ အကျဉ်းစခန်းတွင် ကျနေသော အကျဉ်းသားများ၊ သို့မဟုတ် ရဲဘက်များသည်၊ မူပြစ်တခုခုကြောင့် အကျဉ်းစခန်းတွင် ကျခံနေရခြင်းဖြစ်သည်။ ယင်းသို့ အကျဉ်းတွင်ကျခံနေစဉ် ကောင်းမွန်တိုးတက် ပြောင်းလဲလာသော စိတ်ဓါတ်မျိုးကို မဒမ္မးမြို့ဘဲ၊ အကျဉ်းခံနေစဉ် နောက်တဖန်ထပ်၍ မူပြစ်ကျူးလွန်ခဲ့လျှင်၊ ထိုကျူးလွန်သည့် မူပြစ်အတွက် သက်မှတ်ထားသောအပြစ်ဒဏ်ကို နောင်ကြဉ် ဟန့်တားစေမည့် အနေမျိုးဖြင့် ပေးရပေမည်။

---

(၁) ၁၉၄၁ ခု၊ ရန်ကုန်စီရင်ထုံး၊ စာ ၅၉၅။

၁၉၆၇ ပြည်ထောင်စု မြန်မာနိုင်ငံ၌ နှင့် မောင်ပု (ခ) မောင်မြင့် ပါ ၂။

ယခုအမှုများတွင်၊ လျောက်ထားခံရသူများအား ပေးထားသော အပြစဒဏမှာ၊ စတိလောက်မျှသာဖြစ်သဖြင့်၊ မှုပြစ်ကျူးလွန်သူအား မည်သို့မျှ ထိခိုက်နိုင်ဘွယ်ရာ အကြောင်းမရှိသည့်အပြင်၊ အခြားအကျဉ်းသား၊ သို့မဟုတ် ရဲဘက်တို့အတွက်လည်း သခ်ာ်းစာအနေဖြင့် ဟန့်တားမှုမျိုးကိုလည်း မဖြစ်နိုင်တော့ပေ။

ထို့ကြောင့်၊ မူလရုံးက လျောက်ထားခံရသူများအပေါ် စတိအပြစ်ပေးထားသော အလုပ်နှင့် ထောင်ဒဏ် ၁ လကျခံစေရန် ချမှတ်ထားသောအမိန့်မှာ၊ အထက်တွင် ဖေါ်ပြထားသော သုံးသပ်ချက်များနှင့်တကွ၊ နိုင်ငံတော် တရားရုံးချုပ်၏ ညွှန်ကြားချက်များအရ၊ သိသိ သာသာကြီး နည်းလွန်း၍ တရားမျှတမှုကာင်းမွန်နေပြီး၊ တရားရေးမဏ္ဍိုင်ကိုပင် ထိခိုက်ဘွယ်ရာအကြောင်း ရှိသောကြောင့် ယင်းအပြစ်ဒဏ်များကို တိုးမြှင့်ပေးရပေမည်။

ဤတရားရုံးချုပ်အနေဖြင့် ထောင်ဒဏ်အပြစ်ပေးရာ၌ အရစ်ကျပေးရန် မသင့်ဟု ရုံဖန်ရုံခါ မြွက်ဆိုထားခဲ့သော်လည်း ယခုကဲ့သို့ အမှုမျိုးများ၌ လျောက်ထားခံရသူများအား နောက်ထပ် အကျဉ်းစခန်းသို့မပို့ဘဲ၊ ဒဏ်ငွေကိုသာ တပ်ရိုက်ခဲ့လျှင်၊ ဤရုံး ၁၉၆၅ ခု၊ တရားရုံးများ ညွှန်ကြားလွှာအမှတ် ၁၇ နှင့် ၁၉၆၆ ခု၊ တရားရုံးများ ညွှန်ကြားလွှာအမှတ် ၂ တို့တွင် ချမှတ်ထားသော ညွှန်ကြားချက်များ၏ အနှစ်သာရဖြင့် ကိုက်ညီခြင်းရှိမည်မဟုတ်ပေ။ ထို့ကြောင့် ထောင်ဒဏ်အပြစ်ပေးရာ၌ အရစ်ကျမပေးသင့်ဟုဆိုသော်ငြားလည်း၊ ဤလိုအမှုမျိုးများတွင်၊ တနည်းအားဖြင့် ဒဏ်ငေမပေးဘဲ၊ ထောင်ဒဏ်ကိုသာလျှင် တိုးမြှင့်ပေးသင့်သည်ဟု ယူဆသည်။

သို့ဖြစ်၍၊ လျောက်ထားခံရသူများသည် မူလရုံးက ၎င်းတို့အပေါ် ပေးထားသော အပြစ်ဒဏ်ဖြစ်သည့် အလုပ်နှင့် ထောင်ဒဏ် ၁ လအပြင်၊ နောက်ထပ် အလုပ်နှင့် ထောင်ဒဏ် ၁၁ လကျခံစေရန် တိုးမြှင့်၍ အမိန့်ချမှတ်လိုက်သည်။

လျောက်ထားခံရသူ မောင်ပု (ခ) မောင်မြင့်သည်၊ ဤအမှုနှင့် ပတ်သက်၍၊ ၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့မှ မူလရုံး စီရင်ချက်ချမှတ်သည့်နေ့ ဖြစ်သည့် ၁၉၆၆ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့အထိ အချုပ်တွင် ရက်ပေါင်း ၄၀ နေရပြီးဖြစ်၍၊ လျောက်ထားခံရသူ မောင်ကျော်သိန်းမှာလည်း၊ ဤအမှုနှင့်ပတ်သက်၍၊ ၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့မှစ၍ မူလရုံး စီရင်ချက်ချမှတ်သော နေ့ဖြစ်သည့် ၁၉၆၆ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့အထိ အချုပ်တွင် ရက်ပေါင်း ၃၆ ရက်နေရပြီးဖြစ်ရကား၊ ၎င်းတို့အသီးသီး အချုပ်တွင်နေရသောရက်များကို၊ ယခု ၎င်းတို့အသီးသီးအပေါ် တိုးမြှင့်၍ ကျခံစေရမည့် အလုပ်နှင့် ထောင်ဒဏ် ၁၁ လမှ ထုတ်နုတ်၍၊ ကျန်ကာလ အပိုင်းအခြားကိုသာ ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။ ထောင်ကျဝါရမ်းတွင် ရှင်းလင်းစွာ ဖေါ်ပြပါ။

နိုင်ငံတော်တရားရုံးချုပ်

တရားမကြီးမှု

တရားသူကြီး ဦးသက်ဖေရှေ့တွင်

ပြည်သူ့ဘဏ် အမှတ် ၅/၉ (တရားလို)

နှင့်

စိန်သီဟ ကုမ္ပဏီပါ ၇ (တရားပြိုင်များ)*

၁၉၆၇
နိုဝင်ဘာလ
၃ ရက်။

ဘဏ်ငွေပို စာရင်းရှင်အရ၊ထုတ်ချေးသည့် တိုးရင်းငွေ ရလိုမှု—ပစ္စည်းလွဲပြောင်းခြင်း အက်ဥပဒေ—ပုဒ်မ ၅၈ တွင် ပြဋ္ဌာန်းထားသည့် ပေါင်နှံခြင်း ခြောက်မျိုး—လက်မဲ့ ပေါင်နှံခြင်းကဲ့သို့ အကျိုးသက်ရောက်မှုရှိခြင်း—ပေါင်နှံသူသည် ချေးငွေကို ကိုယ်တိုင်ပေးဆောင်မည်ဟု ကတိ ပြုရာရောက်ခြင်း—ချေးငွေအတွက် သာမန်ဒီကရီ ရလိုကြောင်း စွဲဆိုနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။ပစ္စည်းလွဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၅၈ တွင် ပြဋ္ဌာန်းထားသည့် ပေါင်နှံခြင်း ခြောက်မျိုးအနက် ပိုင်ဆိုင်ခွင့် စာချုပ်စာတမ်းများကို လက်ရောက်အပ်၍ ပေါင်နှံခြင်းသည် လက်မဲ့ ပေါင်နှံခြင်းကဲ့သို့ပင် အကျိုးသက်ရောက်မှု ရှိပေသည်။ ပိုင်ဆိုင်ခွင့် စာချုပ်စာတမ်းများကို လက်ရောက်အပ်၍ အပေါင်ခံသူသည် လက်မဲ့ အပေါင်ခံသူနည်းတူ သက်သာခွင့်ရရန် အခွင့်အရေး ရှိသည်။ ပစ္စည်းလွဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၉၆ တွင်လည်း ထိုအတိုင်းပင် ပြဋ္ဌာန်းချက် ပြုလုပ်ထားသည်ကို ဘွေ့မြင့်နိုင်ပေသည်။ လက်မဲ့ပေါင်နှံခြင်း ပြုလုပ်သောအခါ ပေါင်နှံသူသည် ချေးငွေကို မပေးဆပ်နိုင်က အပေါင်ထားသည့် ပစ္စည်းကို ရောင်းချရန် သဘောတူသည့်အပြင် ချေးငွေကို ကိုယ်တိုင် ပေးဆောင်မည်ဟု ကတိပြုရာရောက်သည်။

သို့ဖြစ်ရာ ပိုင်ဆိုင်ခွင့် စာချုပ်စာတမ်းများကို လက်ရောက်အပ်၍၊ ပေါင်နှံသူတဦးသည် ချေးငွေကို ကိုယ်တိုင်ပေးဆပ်မည်ဟု သဘောတူ ကတိပြုရာရောက်သဖြင့် ပစ္စည်းလွဲပြောင်းခြင်း အက်ဥပဒေ ပုဒ်မ ၆၈ (၁) (က)အရ၊ အပေါင်ခံသူ အနေဖြင့် ချေးငွေအတွက် သာမန်ဒီကရီ ရလိုကြောင်း စွဲဆိုနိုင်ကြောင်း ယုံမှားဘွယ်မရှိ၊ သို့ရာတွင် ထိုပုဒ်မ၏ ပုဒ်မခွဲ (၂)အရ အပေါင်ခံသူက အပေါင်ပစ္စည်းအပေါ် ၎င်း၏ရပိုင်ခွင့် သက်လုံမှုကို စွန့်လွှတ်ခြင်း မရှိပါမူ၊ ၎င်းစွဲဆိုသောအမှုကို ရပ်ဆိုင်းထားသင့်သည်ဟု ထင်မြင်ပါက ရပ်ဆိုင်းနိုင်မည်ဖြစ်သည်။ ယင်းအမှုမျိုးကို လုံးဝစွဲဆိုခြင်း မပြုရဟု ဥပဒေက တားမြစ်ထားခြင်း မရှိပေ။

မန္နင်းရိပ် နှင့် ကေ၊ အေ၊ အာ(ရ်)၊ကေ၊ချစ်ဘီးယား၊ ၁၉၃၉ ခုနှစ်၊ ရန်ကုန် စီရင်ထုံး၊စာ-၄၀၃ ရည်ညွှန်းသည်။

---

* ၁၉၆၅ ခုနှစ်၊ တရားမကြီးမှု အမှတ် ၁၇။

၁၉၆၇ တရားလိုအဘွက်။ ။အစိုးရရွှေနေကြီး မစ္စတာ ဂိုရှ်။

ပြည်သူ့ဘဏ် အမှတ် ၅/၉ နှင့် စိန်သီဟကုမ္ပဏီ ပါ ၇။ တရားပြိုင်မျှားအတွက်။ ။မစ္စတာ စူးမား။

တရားသူကြီး ဦးသက်ဖေ။ ။တရားလို ပြည်သူ့ဘဏ်အမှတ် ၅/၉ က၊ တရားပြိုင်စိန်သီဟကုမ္ပဏီနှင့် အစုရှင်များဖြစ်ကြသည့် ဦးအေးမောင်၊ ဒေါ်ခင်ရီ၊ ဒေါ်မြင့်မြင့်တို့အပြင်၊ ဥဂျေးအေ၊ ဂျမားဘူကာရီကုမ္ပဏီနှင့် အစုရှင်များဖြစ်ကြသည့် ဂျေး၊ အမ်၊ ဆရက် အာမက်၊ အာမက်ခါလီလီတို့အပေါ် ဘဏ်ငွေပို စာရင်းရှင်အရ ထုတ်ချေးခဲ့သည့် တိုးရင်းပေါင်းငွေ ၁,၇၇,၃၂၁ ကျပ် ၀၆ ပြားရလိုကြောင်း စွဲဆိုသည့် အမှုဖြစ်သည်။

တရားလိုက တရားပြိုင် စိန်သီဟကုမ္ပဏီသည်၊ ယခင် မာကင်တိုင်ဘဏ်မှ ၁၉၆၂ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့တွင် ငွေတရာလျှင် အတိုး ၆ ကျပ်နှုန်းဖြင့် ငွေကျပ်နှစ်သိန်း အထိ ဘဏ်ငွေပို စာရင်းရှင်ဖွင့်ကာ ထုတ်ချေးခွင့် ရခဲ့ကြောင်း၊ ထိုကဲ့သို့ ငွေချေးယူခွင့်နှင့်ပတ်သက်၍၊ တရားပြိုင် ဂျေးအေ၊ ဂျမားဘူကာရီကုမ္ပဏီသည် ခံဝန်ချုပ်စာချုပ်ကိုချုပ်ဆိုကာ အာမခံခဲ့ကြောင်း၊ ဦးအေးမောင်၊ ဒေါ်ခင်ရီနှင့် ဒေါ်မြင့်မြင့်တို့သည် စိန်သီဟကုမ္ပဏီ၏ အစုဝင်များဖြစ်ကြပြီး၊ ဂျေးအမ်၊ ဆရက်အာမက်နှင့် အာမက်ခါလီလီတို့သည် ဂျေးအမ်၊ ဂျမားဘူကာရီကုမ္ပဏီ၏ အစုဝင်များ ဖြစ်ကြသည့်အလျောက်၊ ၎င်းတို့အား တရားပြိုင်များအဖြစ် အမှုတွင် ထည့်သွင်းရကြောင်း။ ၁၉၆၅ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့တွင် တရားပြိုင် စိန်သီဟကုမ္ပဏီသည် ရင်းတိုးငွေ ၁,၇၇,၃၂၁ ကျပ် ၀၆ ပြားကို ပေးဆပ်ရန်ရှိ၍ တောင်းဆိုသော်လည်း ပေးဆပ်ခြင်းမပြုသဖြင့်၊ တရားပြိုင်များအပေါ် တရားစွဲဆိုရခြင်းဖြစ်ကြောင်း။ မာကင်တိုင်ဘဏ်ကို ၁၉၆၃ ခုနှစ်၊ ဘဏ်လုပ်ငန်း နိုင်ငံပိုင်ပြုလုပ်ရေး တဒျက်လွှတ်ဥပဒေအရ ပြည်သူပိုင်သိမ်းလိုက်ပြီး၊ ပြည်သူ့ဘဏ်အမှတ် ၅ အဖြစ် ဆက်လက်ဖွဲ့စည်းခဲ့ကြောင်း။ ၁၉၆၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ပြည်သူ့ဘဏ်အမှတ် ၅ ကို ပြည်သူ့ဘဏ်အမှတ် ၉ နှင့် ပူးပေါင်းလိုက်သဖြင့်၊ ပြည်သူ့ဘဏ်အမှတ် ၅/၉ ဖြစ်လာကြောင်း အဆိုပြုလာသည်။

တရားပြိုင်များက စိန်သီဟကုမ္ပဏီသည် ကျွဲ၊ နွားသားရေများကို နိုင်ငံခြားသို့တင်ပို့သောအလုပ်ကို လုပ်ကိုင်ရန် ယခင်မာကင်တိုင်ဘဏ်မှ ဘဏ်ငွေပို စာရင်းရှင်အရ၊ ငွေအလီလီကို ချေးယူခဲ့သည်ဆိုခြင်းမှာ မှန်ကြောင်း၊ မာကင်တိုင်ဘဏ်ကို ပြည်သူပိုင်သိမ်းလိုက်ပြီးနောက်၊ စိန်သီဟကုမ္ပဏီက ချေးယူခဲ့သည့် ငွေအတွက်၊ မငြမဖြောင်းနိုင်သောပစ္စည်းကို အပေါင်ပေးရန် တောင်းဆိုသဖြင့်၊ တရားပြိုင် ဂျေးအေ၊ ဂျမားဘူကာရီကုမ္ပဏီသည် ငင်းပိုင် အင်းစိန်မြို့၊ ကမာရွတ်၊ မြို့ကွက်အမှတ် ၁၈ (ခ)၊ ဦးပိုင်

အမှတ် ၁ ရှိရေးယာ ၇ ဧက၊ ဒဿမ ၂၂၇ ကျယ်သောမြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိ တထပ်အိမ် အဆောက်အဦ ၅ လုံးကို အပေါင်ပစ္စည်းအဖြစ် ပေးအပ်ခဲ့ရကြောင်း၊ တရားလိုသည် ထိုအပေါင်ပစ္စည်းအပေါ် တရားစွဲဆိုရမည်ဖြစ်ကြောင်း၊ ချေးငွေအတွက် တရားစွဲဆိုခြင်း မပြုနိုင်ကြောင်း၊ အဓိကထား၍ ထုချေကြသည်။

၁၉၆၇ ပြည်သူ့ဘဏ် အမှတ် ၅/၉ နှင့် စိန်သီဟကုမ္ပဏီ ပါ ၇။

တရားလိုကမူ၊ မိမိသည် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို အပေါင်ရထားသည့် မြို့ရှင်မဟုတ်ကြောင်း ငြင်းဆိုသဖြင့်၊ အောက်ပါ ကောက်ချက်တို့ကို ထုတ်နုတ်ခဲ့ရသည်။

ကောက်ချက်

(၁) တရားခံ၏ ချေလွှာအပိုဒ် (၁၇) တွင် ဖော်ပြထားသည့်အတိုင်း၊ တရားလိုသည် အပေါင်ပစ္စည်း ရရှိထားသည့် မြို့ရှင်ဟုတ်ပါသလား၊ အကယ်၍ ဟုတ်ပါက ဤအမှုကို တရားစွဲဆိုခြင်း မပြုနိုင်ဟု ဆိုသည်မှာ မှန်ပါသလား။

(၂) တရားခံသည် တရားလိုအား ငွေမည်ရွေမည်မျှ ပေးရန် ရှိပါသနည်း။

ကောက်ချက်အမှတ် ၁။ ။တရားပြိုင်မျှားက၊ တရားလိုသည်၊ စိန်သီဟကုမ္ပဏီက ယူထားသော ချေးငွေအတွက် ဂျေ၊ အေ၊ ဂျမားဘူကာရီကုမ္ပဏီပိုင် မရွှေ့မပြောင်းနိုင်သော ပစ္စည်းနှင့် ပတ်သက်သည့် ပိုင်ဆိုင်ခွင့် စာချုပ်စာတမ်းများကို လက်ရောက်အပေါင်ယူထားပြီး ဖြစ်၍၊ ထိုအပေါင်ပစ္စည်းအပေါ် တွင် တရားစွဲဆိုရမည်ဖြစ်ကြောင်း၊ ချေးငွေအပေါ် သာမန်ဒီကရီရလို့မှ မစွဲဆိုနိုင်ကြောင်း တင်ပြသွားသည်။

ပစ္စည်း လွဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၅၈ တွင် ပြဋ္ဌာန်းထားသည့် ပေါင်နှံခြင်း ခြောက်မျိုးအနက်၊ ပိုင်ဆိုင်ခွင့် စာချုပ်စာတမ်းများကို လက်ရောက်အပ်၍ ပေါင်နှံခြင်းသည် လက်မဲ့ပေါင်နှံခြင်း ကဲ့သို့ပင် အကျိုးသက်ရောက်မှု ရှိပေသည်။ ပိုင်ဆိုင်ခွင့် စာချုပ်စာတမ်းများကို လက်ရောက်အပ်၍ အပေါင်ခံသူသည် လက်မဲ့ အပေါင်ခံသူနည်းတူ၊ သက်သာခွင့်ရရန် အခွင့်အရေးရှိသည်။ ပစ္စည်း လွဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၉၆ တွင်လည်း၊ ထိုအတိုင်းပင် ပြဋ္ဌာန်းချက် ပြုလုပ်ထားသည်ကို တွေ့မြင်နိုင်ပေသည်။ လက်မဲ့ပေါင်နှံခြင်း ပြုလုပ်သောအခါ၊ ပေါင်နှံသူသည် ချေးငွေကို မပေးဆပ်နိုင်က အပေါင်ထားသည့် ပစ္စည်းကို ရောင်းချရန် သဘောတူသည့် အပြင်၊ ချေးငွေကို ကိုယ်တိုင်ပေးဆောင်မည်ဟု ကတိပြုရာရောက်သည်။ **မန္နင်းရိပ်** နှင့် **ကော၊ အော၊ အာရ်၊ ကော၊ ချစ်တီးယား** (၁)၊ သို့ဖြစ်ရာ ပိုင်ဆိုင်ခွင့် စာချုပ်စာတမ်းများကို လက်ရောက်

(၁) ၁၉၃၉ ခုနှစ်၊ ရန်ကုန် စီရင်ထုံး၊ ၄၀၃။

ဒဋ္ဌ၇

ပြည်သူ့ဘဏ် အမှတ် ၅/၉ နှင့် စိန်သီဟကုမ္ပဏီ ပါ ၇။

အပ်၍ ပေါင်နှံသူတဦးသည် ချေးငွေကို ကိုယ်တိုင်ပေးဆပ်မည်ဟု သဘောတူကတိပြုရာ ရောက်သဖြင့်၊ ပစ္စည်း လွဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၆၈ (၁) (က) အရ၊ အပေါင်ခံသူ အနေဖြင့်၊ ချေးငွေအတွက် သာမန်ဒီကရီရလိုကြောင်း စွဲဆိုနိုင်ကြောင်း ယုံမှားဘွယ်မရှိ၊ သို့ရာတွင် ထိုပုဒ်မ၏ ပုဒ်မခွဲ (၂) အရ၊ အပေါင်ခံသူက အပေါင်ပစ္စည်းအပေါ် ၎င်း၏ရပိုင်ခွင့် သက်လုံမှုကို စွန့်လွှတ်ခြင်း မရှိပါမူ၊ ၎င်းစွဲဆိုသော အမှုကို ရပ်ဆိုင်းထားသင့်သည်ဟု ထင်မြင်ပါက ရပ်ဆိုင်းနိုင်မည်ဖြစ်သည်။ ယင်းအမှုမျိုးကို လုံးဝစွဲဆိုခြင်းမပြုရဟု ဥပဒေက တားမြစ်ထားခြင်း မရှိပေ။

မည်သို့ဖြစ်စေ၊ ယခုအမှုတွင် တရားလိုက၊ စိန်သီဟကုမ္ပဏီက ချေးယူခဲ့သည့် ငွေအတွက် ဂျေ၊ အေ၊ ဂျမားဘူကာရီပိုင် မဇ္ဈိမပြောင်းနိုင်သည့် ပစ္စည်းကို အပေါင်ယူထားခြင်း မရှိကြောင်း ငြင်းဆိုထားသဖြင့်၊ ပေါင်နှံခြင်းရှိ မရှိဆိုသော ပြဿနာကို ဦးစွာ စဉ်းစားရမည်ဖြစ်သည်။

ပိုင်ဆိုင်ခွင့် စာချုပ်စာတမ်းများကို လက်ရောက်အပ်၍ ပေါင်နှံခြင်း မြောက်အောင်၊ အင်္ဂါသုံးရပ်နှင့် ပြည့်စုံရန် လိုပေသည်။ ၎င်းတို့မှာ (က) မဇ္ဈိမပြောင်းနိုင်သည့် ပစ္စည်းနှင့် ပတ်သက်သည့် ပိုင်ဆိုင်ခွင့် စာချုပ်စာတမ်းများကို အပ်ပေးရမည်၊ (ခ) ယင်းအပ်ပေးခြင်းမှာ မြို့ရှင်၊ သို့မဟုတ် ၎င်း၏ ကိုယ်စားလှယ်သို့ ဖြစ်ရမည်၊ (ဂ) ထိုကဲ့သို့ အပ်ပေးခြင်းမှာ ကြေးမြိုအတွက် အာမခံအဖြစ်ထားရန် ရည်ရွယ်ပြီး အပ်ပေးခြင်း ဖြစ်ရမည်ဖြစ်သည်။ **ဗို၊ အီး၊ အေ၊ အာ(ရ်)၊ အမ် ချစ်တီးယားဖန်း** နှင့် **အေ၊ ကေ၊ အာ(ရ်)၊ အမ်၊ ကေ၊ ချစ်တီးယားဖန်း** (၂)။

ဤအမှုတွင် တရားပြိုင် ဂျေ၊ အေ၊ ဂျမားဘူကာရီ ကုမ္ပဏီပိုင်ပစ္စည်း၏ ပိုင်ဆိုင်ခွင့် စာချုပ်စာတမ်းများသည်၊ သက်သေခံ (၆)အရ တရားလို ပြည်သူ့ဘဏ် အမှတ် (၅) သို့ ရောက်ရှိခဲ့ရသည်ဆိုခြင်းမှာ နှစ်ဦးနှစ်ဘက် ဝန်ခံကြသဖြင့်၊ ထိုသက်သေခံစာအား အပြည့်အစုံ ဖော်ပြရန်လိုပေသည်။ ထိုစာမှာ အောက်ပါအတိုင်းဖြစ်၏။

31st May, 1963.

"Messrs. J. A. Jamal Bukari,
208, Maung Taulay Street,
Rangoon.

DEAR SIRS,

With reference to our recent discussions reference transfer of the business of J. A. Jamal Bukari from the Peoples'

(၂) အတွဲ ၇၊ ရန်ကုန်စီရင်ထုံး ၂၈။

ခရွင်ရှေ့

ပြည်သူ့ဘဏ် အမှတ် ၅/၉ နှင့် စိန်သီဟ ကုမ္ပဏီ ပါ ၇။

Bank No. 2 and cancellation of the Overdraft to Sein Thiha Co. with a view to combine the facilities on the former account, we are pleased to inform you that the following limits have been sanctioned for a period of 12 months: —

O/D Limit (1) against land, buildings and machineries at Rangoon-Insein Road, Kamayut	K 2,00,000 (This limit should be reduced to K 1,00,000 on or before 1st December 1963).
O/D Limit (2) against hypothecation of hides and skins at 40 per cent margin ...	K 2,00,000

Kindly note that the above limits will be operative only after receipt of a satisfactory title report from the Bank's lawyers regarding title to land and buildings in Rangoon-Insein Road and completion of our security formalities.

Yours faithfully,
(Sd.) KYAW SEIN
(Kyaw Sein)
Manager."

တရားပြိုင် စိန်သီဟကုမ္ပဏီသည်၊ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း၊ မာကင်တိုင်ဘဏ်၌ ငွေ ၂ သိန်းထိ ထုတ်ချေးနိုင်သည့် ဘဏ်ငွေပို့စာရင်း ရှိခဲ့၏။ မာကင်တိုင်ဘဏ်မှာ ပြည်သူပိုင် သိမ်းလိုက်သဖြင့်၊ ပြည်သူ့ဘဏ်အမှတ် ၅ ဖြစ်လာသည်။ တရားပြိုင် ဂျေ၊ အေ၊ ဂျမားဘူကာရီ ကုမ္ပဏီသည်၊ မူလက ချားတားဘဏ်၌ အလားတူ ငွေ ၂ သိန်းထိ ထုတ်ချေးနိုင်သည့် ဘဏ်ငွေပို့စာရင်း ရှိခဲ့သည်။ ချားတားဘဏ်မှာ ပြည်သူပိုင် သိမ်းလိုက်သောအခါ ပြည်သူ့ဘဏ်အမှတ် ၂ ဖြစ်လာလေသည်။

သက်သေခံအမှတ် ၆ စာ၊ ပေါ်ပေါက်လာရသည့် ကိစ္စနှင့် ပတ်သက်၍၊ တရားလိုက စိန်သီဟကုမ္ပဏီနှင့် ဂျေ၊ အေ၊ ဂျမားဘူကာရီ ကုမ္ပဏီတို့၏ ကိုယ်စားလှယ် ဖြစ်သူ မစ္စတာ ဂျမား မိုဟီဒင်သည်၊ ပြည်သူ့ဘဏ် အဲမှတ် ၂ တွင် ရှိသော ဂျေ၊အေ၊ ဂျမားဘူကာရီကုမ္ပဏီ၏ ငွေစာရင်းကို ပြည်သူ့ဘဏ်အမှတ် ၂ မှ ပြည်သူ ဘဏ် အမှတ် ၅ သို့ ပြောင်းရွှေ့ပြီး၊ စိန်သီဟကုမ္ပဏီ ငွေစာရင်းနှင့် ပူးပေါင်းရန် အဆိုပြုကြောင်း၊

၁၉၆၇ ပြည်သူ့ဘဏ် အမှတ် ၅/၉ နှင့် စိန်သီဟ ကုမ္ပဏီ ပါ ၇။

ထိုကဲ့သို့ ပူးပေါင်းပြီးပါက၊ ချေးငွေ လေးသိန်းအနက်၊ နှစ်သိန်းအတွက် သားရေနှင့် သားရေပစ္စည်းများကို အပေါင်ပေးရန်ဖြစ်ပြီး၊ ကျန်ငွေ ၂ သိန်းအတွက် မရွေ့မပြောင်းနိုင်သည့် ပစ္စည်းကို အပေါင်ပေးရန် ဖြစ်ကြောင်း၊ ထိုစာအရ ဂျေ၊ အေ၊ ဘူကာရီကုမ္ပဏီမှ မရွေ့မပြောင်းနိုင်သည့် ပစ္စည်း၏ ပိုင်ဆိုင်ခွင့် စာချုပ်စာတမ်း (သက်သေခံ ဂ၊ ၉၊ ၁၀၊ ၁၁ နှင့် ၁၂)တို့ကို တောင်းဆိုခဲ့ခြင်းဖြစ်ကြောင်း၊ သို့ရာတွင် ဂျေ၊ အေ၊ ဂျမားဘူကာရီ ကုမ္ပဏီ၏ ငွေစာရင်းကို ပြည်သူ့ဘဏ် အမှတ် ၂ မှ ပြည်သူ့ဘဏ်အမှတ် ၅ သို့ ပြောင်းရွှေ့ခြင်း မရှိသည့်အပြင်၊ စိန်သီဟကုမ္ပဏီ၏ ငွေစာရင်းနှင့်လည်း ပူးပေါင်းခြင်းလည်း မပြုခဲ့သည့် အလျောက်၊ သက်သေခံအမှတ် ၆ စာအရ၊ အဆိုပြုချက်မှာ အတည်မဖြစ်ခဲ့ကြောင်း၊ သို့အတည် မဖြစ်ခဲ့သည့်အတွက် ပေါင်နှံခြင်းမှာ အထမမြောက်ကြောင်း ရှင်းလင်းသွားလေသည်။

တရားပို့ဂိ ဦးအေးမောင်က၊ ပိုင်ဆိုင်ခွင့် စာချုပ်စာတမ်းများကို တရားလိုထံသို့ အပ်ပေးရခြင်းမှာ၊ တရားလို တင်ပြသည့်အတိုင်း၊ စိန်သီဟကုမ္ပဏီနှင့် ဂျေ၊ အေ၊ ဂျမားဘူကာရီ ကုမ္ပဏီတို့၏ ငွေစာရင်းများကို ပူးပေါင်းရန်အတွက် မဟုတ်ဘဲ၊ စိန်သီဟကုမ္ပဏီ၏ ထွက်ကုန်လုပ်ငန်းကို နိုင်ငံတော် အစိုးရက ပြည်သူပိုင် သိမ်းလိုက်သဖြင့်၊ စိန်သီဟကုမ္ပဏီတွင် လုပ်ငန်းဟူ၍ မယ်မယ်ရရ မရှိတော့သည့်အလျောက်၊ ပြည်သူ့ဘဏ်အမှတ် ၅ က အာမခံအဖြစ် အပေါင်ပစ္စည်းပေးရန် တောင်းဆိုသောကြောင့် ဖြစ်သည်ဟု ဆိုလာသည်။ ထွက်ကုန်လုပ်ငန်းများကို နိုင်ငံတော် အစိုးရက ၁၉၆၄ ခုနှစ်၊ ဧပြီလတွင် ပြည်သူပိုင်သိမ်းကြောင်း ဦးအေးမောင်က ဝန်ခံထားသည်။ သက်သေခံ ၆ စာကို ၁၉၆၃ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့တွင် ရေးသားခဲ့ကြောင်းပေါ် ပေါက်သဖြင့်၊ ထွက်ကုန်လုပ်ငန်းများကို ပြည်သူပိုင် သိမ်းလိုက်သည့် အကြောင်းကြောင့် မရွေ့မပြောင်းနိုင်သည့် ပစ္စည်းကို အပေါင်ပေးရန် တရားလိုဘဏ်က တောင်းဆိုသည်ဆိုသော ၎င်း၏ဆင်ခြေမှာ ယုတ္တိမတန်ပေ။

တရားပို့တို့က သက်သေခံအမှတ် ၁၃ နှင့် ၁၄ တို့ကို အထူးပင် အားထားသွားကြလေသည်။ သက်သေခံအမှတ် ၁၃ မှာ ဘဏ်၏ရှေ့နေ ဦးပိုင်က ပြည်သူ့ဘဏ် အမှတ် ၅ သို့ ပိုင်ဆိုင်ခွင့် စာချုပ်စာတမ်းများနှင့် ပတ်သက်သည့် အစီရင်ခံစာ ဖြစ်သည်။ သက်သေခံအမှတ် ၁၄ မှာ ပြည်သူ့ဘဏ် အမှတ် ၉ က ဘဏ်၏ရှေ့နေ ဦးပိုင်ထံသို့ ထိုစာချုပ်စာတမ်းများနှင့် ပတ်သက်၍၊ ထပ်မံ၍ မေးမြန်းသောစာ ဖြစ်သည်၊ ထိုစာများမှာ၊ ပိုင်ဆိုင်ခွင့် စာချုပ်စာတမ်းများ အနေနှင့် တန်ဘိုးရှိသော စာချုပ်စာတမ်းများဟုတ်၊ မဟုတ်ဆိုသော အချက်ကို စုံစမ်းသည့် စာများသာ ဖြစ်ပေသည်။ ထိုစာများ ရေးသားသည့် အတွက်ကြောင့် ပေါင်နှံခြင်း အထမြောက်သည်ဟု ယူဆခြင်း မပြုနိုင်။

သက်သေခံအမှတ် ၆ စာကို သေချာစွာ လေ့လာလျှင် သက်သေခံအမှတ် ၈ မှ ၁၂ ပိုင်ဆိုင်ခွင့် စာချုပ်စာတမ်းများကို တောင်းဆိုရခြင်း၏ အကြောင်းရင်းမှာ ပြည်သူ့ဘဏ် အမှတ် ၂ တွင်ရှိသော တရားပြိုင် ဂျေ၊ အေ၊ ဂျမားဘူကာရီ ကုမ္ပဏီ၏ ငွေစာရင်းကို ပြည်သူ့ဘဏ် အမှတ် ၅ သို့ပြောင်းရွှေ့ပြီး ထိုဘဏ်ရှိ စိန်သီဟကုမ္ပဏီ၏ ငွေစာရင်းနှင့် ပူးပေါင်းကာ ငွေလေးသိန်းအတွက် ဘဏ်ငွေပို စာရင်းအသစ် ဖွင့်လှစ်ရန်ဖြစ်ပေသည်။ တနည်းဆိုသော် အဆိုပါ ငွေစာရင်းနှစ်ခုကို ပူးပေါင်းမှသာ ပိုင်ဆိုင်ခွင့်စာချုပ်စာတမ်းများကို လက်ရောက်အပ်၍ ပေါင်နှံခြင်း ပြုလုပ်ရန် ရည်ရွယ်ချက် ရှိပေသည်။ သို့ရာတွင် ထိုငွေစာရင်း နှစ်ရပ်မှာ မည်သည့်အချိန်အခါကမှ ပူးပေါင်းခဲ့ခြင်း မရှိသဖြင့်၊ မူလကပြုလုပ်ရန် ရည်ရွယ်ခဲ့သော ပေါင်နှံခြင်းကိစ္စသည် အထမြောက်ခြင်းမရှိဟု ယူဆရမည်ဖြစ်သည်။

၀၉၆၇

ပြည်သူ့ဘဏ် အမှတ် ၅/၉ နှင့် စိန်သီဟကုမ္ပဏီ ပါ ၇။

အထက်ပါ အကြောင်းမျှားကြောင့်၊ တရားလိုသည် အပေါင်ပစ္စည်း ရရှိထားသည့် မြေရှင်မဟုတ်ဟု ဤကောက်ချက်ကို ကျွန်ုပ်ဖြေဆိုလိုက်သည်။

ကောက်ချက်အမှတ် ၂။ ။တရားပြိုင်များသည်၊ တရားလိုထံမှ ငွေအလီလီချေးယူခဲ့သည် ဆိုခြင်းကိုမငြင်း၊ သက်သေခံ ၄ အရ၊ ၁၉၆၄ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့တွင်တရားလိုသို့ ၁,၀၁,၅၁၄ ကျပ် ၇၅ ပြား ပေးရန်ရှိကြောင်း၊ တရားပြိုင် ဦးအေးမောင်က ဝန်ခံသည်၊ သက်သေခံ "ဆ" အရ၊ တရားစွဲဆိုသည့် နေ့တွင် တရားပြိုင်တို့သည် တရားလိုအားငွေ ၁,၇၇,၃၂၁ ကျပ် ၀၆ ပြားကို ပေးရန်ရှိကြောင်း ထင်ရှားသည်။ ယင်းသို့ ပေးရန်ရှိသည်ဆိုခြင်းကို တရားပြိုင်တို့ အနေဖြင့်လည်း ငြင်းဆိုခြင်းမပြုနိုင်ကြပေ။ သို့ဖြစ်ရာ တရားလိုစွဲဆိုသည့်အတိုင်း တရားပြိုင်တို့အပေါ် ငွေ ၁,၇၇,၃၂၁ ကျပ် ၀၆ ပြားကိုတရားစရိတ်နှင့်တကွ ဒီကရီ ချပေးလိုက်သည်။ တရားပြိုင်များသည် ထိုငွေအပေါ် ဒီကရီ ကျသည့်နေ့မှ ငွေအကြေ ပေးဆပ်သည့် နေ့အထိ ရွံးနှုန်းအတိုင်း ငွေတရာလျှင် ၉ ဝ နှုန်းဖြင့် အတိုးကိုလည်း ပေးဆောင်ကြရမည်။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးစိန်သင်း ရွှေတွင်

† ၁၉၆၇ ဒီဇင်ဘာလ ၂၉ ရက်။

မည္ဆန့်ရီ (ပြင်ဆင်ရန် လျှောက်ထားသူ)

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ (ပြင်ဆင်ရန် လျှောက်ထားခံရသူ)*

ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၇၊ ၅၁၈ နှင့် ၅၁၉ များအရ၊ အမိန့်ချမှတ်ခြင်း—အမိန့်ကို မကျေနပ်က ကျင့်ထုံးပုဒ်မ ၅၂၀ အရ အယူခံရုံး၊ စောဒကရုံး၊ သို့တည်းမဟုတ် ပြင်ဆင်မှုရုံးတို့တွင် လျှောက်ထား နိုင်ခြင်း—ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း၊ သို့တည်းမဟုတ် ပယ်ဖျက်ခြင်း အယူခံရုံးက ပြုလုပ်နိုင် မပြုလုပ်နိုင်။

ဆုံးဖြတ်ချက်။ ။အောက်ရုံးက ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၇၊ ၅၁၈၊ ၅၁၉ များအရ၊ ချမှတ်ထားသည့်အမိန့်ကို အယူခံရုံးက ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း၊ ပယ်ဖျက်ခြင်း ပြုလုပ်နိုင်ကြောင်း ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၂၀ တွင် ပြဋ္ဌာန်းထားသည်။ အချင်းဖြစ် သက်သေခံပစ္စည်းများနှင့်ပတ်သက်၍၊ မူလရုံးကချမှတ်သော အမိန့်သည် ကျင့်ထုံးပုဒ်မ ၅၁၇ တွင် အကျုံးဝင်သည်။ ထိုကြောင့် ထိုအမိန့်ကို မကျေနပ်လျှင် ကျင့်ထုံးပုဒ်မ ၅၂၀ အရ၊ အယူခံရုံး၊ အဘည်ပြုရုံး၊ စောဒကရုံး၊ သို့တည်းမဟုတ် ပြင်ဆင်မှုရုံးတို့တွင် လျှောက်ထားနိုင်သည်။ မူလရုံးက ချမှတ်သည့် စီရင်ချက်နှင့် အမိန့်တို့ကို အယူခံဝင်သော အခါမှ ကျင့်ထုံးပုဒ်မ ၅၁၂ အရ အယူခံရုံး၌ လျှောက်ထားနိုင်သည် မဟုတ်၊ ပုဒ်မ ၅၁၂ အရ ချမှတ်သည့် အမိန့်ကို မကျေနပ်ခဲ့သော် အမှုဘခုလုံးမှ အယူခံဝင်ခြင်း မပြုလုပ်ခဲ့စေကာမူ ကျင့်ထုံးပုဒ်မ ၅၂၀ အရ ပြင်ဆင်ပေးပါမည့် အကြောင်းဖြင့် လျှောက်ထားနိုင်သည်။ ကျင့်ထုံးပုဒ်မ ၅၂၀ တွင် ဖော်ပြထားသည့် "အယူခံရုံး" ဟူသော စကားရပ်သည် အယူခံမှုကို လက်ခံစစ်ဆေးနေသည့် ရုံးနှင့်သာလျှင် သက်ဆိုင်သည်ဟု မဆိုနိုင်။ ကျင့်ထုံးပုဒ်မ ၅၁၇ မှ ၅၁၉ အထိ ပြဋ္ဌာန်းချက်များအရ ချမှတ်ထားသည့် အမိန့်များကို အမှုတခုလုံးမှ အယူခံဝင်ခြင်း ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အယူခံဝင်နိုင်ကြောင်း စီရင်ချက် အများအပြားတွင် ပြဆိုထားပြီးဖြစ်သည်။ ထို့ကြောင့် အယူခံရုံးဖြစ်သည့် စက်ရှင်ရုံးသည် မူလရုံးကကျင့်ထုံး ပုဒ်မ ၅၁၇ အရ၊ ချမှတ်လိုက်သည့် အမိန့်ကို ပုဒ်မ ၅၂၀ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း၊ သို့တည်းမဟုတ် ပယ်ဖျက်ခြင်း ပြုလုပ်နိုင်သည်။

---

* ၁၉၆၇ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၇၅ (ခ)။

† ၁၉၆၇ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁ တွင် ချမှတ်သော ၁၉၆၇ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့စွဲပါ ပြည်မြို့၊ စက်ရှင်တရားသူကြီး၏အမိန့်ကို ပြန်၍ ဆင်ခြင်မှု။

ျမင္ဆင္ရန္ ေလ်ာက္ထားသူအတြက္။ ။ဦးမြသိန်း။

ျမင္ဆင္ရန္ ေလ်ာက္ထားခံရသူအတြက္။ ။ဦးသက္ေဌ။

တရားသူႀကီး ဦးစိန္သင်း။ ။မည္နန္ရီ၊ မည္နန္တင္နွင့္ မသိန်းည္နန္တို့သည္ ညီအစ်ိမ်းမ်ားျဖစ္ၾကသည္။ လွန္ခဲ့ေသာ ၆ နွစ္ခန္ကာလက ညီမအငယ္ဆုံးျဖစ္သူ မသိန်းည္နန္သည္ လက်ဝတ်လက်စားမ်ားယူျပီး ခိုးရာလိုက်ေပြးသျဖင့္ မည္နန္ရီက ရဲစခန်းသို့ သွားေရာက်တိုင်တန်းသည္။ ထိုအခါ ရဲစခန်းက မသိန်းည္နန္ ဝတ်ဆင်ထားသည့္ လက်ဝတ်လက်စားမ်ားကို သိမ်းဆည်းျပီး မည္နန္ရီသို့ ေပးအပ်လိုက်သည္။ မည္နန္ရီသည္ ထိုပစ္စည်းမ်ားကို ဆေမ့ျိုးတော်စပ်သူ ဦးအေးေမာင်နွင့္ ေဒၚထြးတို့အား အပ်နှံထားသည်ဟု အဆိုရွိသည္။ ၁၃၂၇ ခုနှစ်၊ တန်ဆောင်မုန်းလအတွင်းက မည္နန္ရီတို့ ညီအစ်ိမမ်ားသည်၊ ဦးအေးေမာင်နွင့္ ေဒၚထြးတို့အိမ်၌ အေမ့စကားေပြာကြားကြသည္။ ထိုအခါ မည္နန္ရီက ဦးအေးေမာင်အား မိမိအပ်နှံထားသည့္ လက်ဝတ် လက်စားမ်ား ေပးပါဟု ေပြန်တောင်းေသာအခါ၊ ဦးအေးေမာင်က ထိုပစ္စည်းမ်ားသည် မည္နန္ရီအပ်သည့္ပစ္စည်းမ်ားမဟုတ်၊ မည္နန္တင်လာအပ်ေသာပစ္စည်းမ်ား ျဖစ်သည်ဟု ေပြာဆိုကာ ေပြန်ေပးရန် ငြင်းပယ်ခဲ့သည္။ ထို့ေကြာင့္ မည္နန္ရီက ဦးအေးေမာင်နွင့္ ေဒၚထြး အေပါ်၌ ပေါင်းတည်မြို့၊ ၁ ရာဘက် ရာဇဝတ်တရားသူႀကီးရုံး၊ ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၉၅ တွင် ရာဇသတ်ပုဒ်မ ၄၀၆ အရ၊ တရားစွဲဆိုခဲ့သည္။ ထိုအမှုကို စစ်ေဆးနေစဉ်အတွင်း ဦးအေးေမာင်နွင့္ ေဒၚထြးတို့က လက်ဝတ် လက်စားမ်ားကို ရုံးရှေသို့ တင်ပို့သျဖင့်၊ ရာဇဝတ်တရားသူႀကီးက ထိုပစ္စည်းမ်ားကို ဦးအေးေမာင်နွင့္ ေဒၚထြးတို့အား အာမခံနွင့္ ေပးထားလိုက်သည္။ ေနာက်ဆုံးတွင် ဦးအေးေမာင်နွင့္ ေဒၚထြးတို့အား တရားရှင်လွှတ်ရန် အမိန့်ချမှတ်လိုက်သည္။ ထိုေနာက် မည္နန္ရီက သက်ေသခံပစ္စည်းမ်ားကို မိမိအား ပြန်လည်ေပးအပ်ရန် ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၅၁၇ အရ ေလ်ာက်ထားခဲ့သည္။ မူလရုံး တရားသူႀကီးသည် နှစ်ဘက်ေသာ အမှုသည်များ၏ ေလ်ာက်လဲချက်မ်ားကို ကြားနာျပီးေနာက်၊ သက်ေသခံပစ္စည်းမ်ားကို ဘီးလစ်ထဲတွင် အပ်ထားရန် အမိန့်ချမှတ်လိုက်သည္။ ထိုအမိန့်ကို မကျေနပ်သျဖင့်၊ မည္နန္ရီက ပြည်မြို့၊ စက်ရှင်တရားသူႀကီးရုံး၊ ၁၉၆၇ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁ တွင်၊ ေလ်ာက်ထားခဲ့သည္။ စက်ရှင်တရားသူႀကီးက သက်ေသခံပစ္စည်းမ်ားသည် မည္နန္ရီက ဦးအေးေမာင်နွင့္ ေဒၚထြးတို့ထံ အပ်နှံထားေသာ ပစ္စည်းမ်ားျဖစ်ေသာေကြာင့် မူလရုံးက ထိုပစ္စည်းမ်ားကို ဘီးလစ်ထဲတွင် အပ်ထားရန် အမိန့်ချမှတ်ထားေသာ အမိန့်ကို ပယ်ဖျက်၍၊ မည္နန္ရီသို့ ေပးစေရန် အမိန့်ချမှတ်ထားသင့်ေကြာင်းဖြင့် ထောက်ခံချက်မ်ား ရေးသားထားကာ၊ အမှုတွဲကို ဤမှုသို့ တင်ပို့လိုက်ခြင်းျဖစ်သည္။

အောက်ရုံးက ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၅၁၇၊ ၅၁၈ နှင့် ၅၁၉ များအရ ချမှတ်ထားသည့်အမိန့်ကို အယူခံရုံးက ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း၊ ပယ်ဖျက်ခြင်း ပြုလုပ်နိုင်ကြောင်း၊ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၅၁၀ တွင် ပြဋ္ဌာန်းထားသည်။ အချင်းဖြစ်သက်သေခံပစ္စည်းများနှင့်ပတ်သက်၍ မူလရုံးက ချမှတ်သောအမိန့်သည် ကျင့်ထုံးပုဒ်မ ၅၁၇ တွင် အကျုံးဝင်သည်။ ထို့ကြောင့် ထိုအမိန့်ကို မကျေနပ်လျှင် ကျင့်ထုံးပုဒ်မ ၅၂၀ အရ အယူခံရုံး၊ အတည်ပြုရုံး၊ စောဒကရုံး၊ သို့တည်းမဟုတ် ပြင်ဆင်မှုရုံး တို့တွင် လျှောက်ထားနိုင်သည်။ မူလရုံးက ချမှတ်သည့် စီရင်ချက်နှင့် အမိန့်တို့ကို အယူခံဝင်သောအခါမှ ကျင့်ထုံးပုဒ်မ ၅၁၂ အရ အယူခံရုံး၌ လျှောက်ထားနိုင်သည်မဟုတ်၊ ပုဒ်မ ၅၁၂ အရ ချမှတ်သည့် အမိန့်ကို မကျေနပ်ခဲ့သော် အမှုတခုလုံးမှ၊ အယူခံဝင်ခြင်း မပြုလုပ်ခဲ့စေကာမူ၊ ကျင့်ထုံးပုဒ်မ ၅၂၀ အရ ပြင်ဆင်ပေးပါမည့် အကြောင်းဖြင့် လျှောက်ထားနိုင်သည်။ ကျင့်ထုံး ပုဒ်မ ၅၂၀ တွင် ဖော်ပြထားသည့် "အယူခံရုံး" ဟူသော စကားရပ်သည်၊ အယူခံမှုကို လက်ခံစစ်ဆေးနေသည့် ရုံးနှင့်သာလျှင်သက်ဆိုင်သည်ဟု မဆိုနိုင်၊ ကျင့်ထုံးပုဒ်မ ၅၁၇ မှ ၅၁၉ အထိ ပြဋ္ဌာန်းချက်များ အရ ချမှတ်ထားသည့်အမိန့်များကို အမှုတခုလုံးမှ အယူခံဝင်ခြင်း ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အယူခံ ဝင်နိုင်ကြောင်း စီရင်ချက် အများ အပြားတွင် ပြဆိုထားပြီး ဖြစ်သည်။ ထို့ကြောင့် ယခုကျွန်ုပ်ရှေ့ရှိ အမှုတွင် [အယူခံရုံးဖြစ်သည့် စက်ရှင်ရုံးသည် မူလရုံးက ကျင့်ထုံးပုဒ်မ ၅၁၇ အရ ချမှတ်လိုက်သည့်အမိန့်ကို ပုဒ်မ ၅၂၀ တွင်ပြဋ္ဌာန်းထားသည့် အတိုင်း ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း၊ သို့တည်းမဟုတ် ပယ်ဖျက်ခြင်း ပြုလုပ်နိုင်သည်။] ဤရုံးသို့ ထောက်ခံချက်များ ရေးသားကာ၊ တင်ပြရန်မလိုချေ။ ဤရုံးသည် အောက်ရုံးများမှ ချမှတ်နိုင်သည့် အမိန့်မျိုးများနှင့် ပတ်သက်၍၊ ထိုရုံးများမှ ဆောင်ရွက်ရသည့် တာဝန်များကို ထိုရုံးများအစား ဤရုံးက ဝင်ရောက်ဆောင်ရွက်ရန်မဟုတ်။ ထို့ကြောင့် ဤအမှုကို စက်ရှင်တရားသူကြီးထံသို့ ဥပဒေအရ ဆောင်ရွက်ရန် ပြန်လည်ပေးပို့သင့်သည်။ သို့ရာတွင် ဤအမှု၌ စက်ရှင်တရားသူကြီး ထောက်ခံထားသည့် အမိန့်သည် ဥပဒေနှင့် ကိုက်ညီခြင်း မရှိသည်ကို တွေ့ရှိရသဖြင့်၊ ဤရုံးက ဝင်ရောက်စွက်ဖက်ရမည် ဖြစ်သည်။ သက်သေခံပစ္စည်းများသည် ဦးအေးမောင်နှင့် ဒေါ်ထွေးတို့ထံမှရရှိခဲ့ခြင်းဖြစ်သည်။ ထိုပစ္စည်းများနှင့် ပတ်သက်၍ မှုပြစ်မထင်ရှားသောကြောင့် ဦးအေးမောင်နှင့် ဒေါ်ထွေးတို့အား တရားရှင်လွှတ်ခဲ့ခြင်းဖြစ်ရာ၊ ထိုပစ္စည်းများကို ၎င်းတို့အားသာလျှင် ပြန်လည်ပေးအပ်ရန် သင့်သည်။ မူလရုံးတရားသူကြီးကသက်သေခံပစ္စည်းများသည် မည္ဆန့်ရီ၏လက်မှ ဦးအေးမောင်တို့က ရရှိထားသော ပစ္စည်းများဖြစ်သည်ဟု စီရင်ချက်တွင် ဖော်ပြထားသည်၊ သို့ရာတွင် ထိုအချက်ကို ဦးအေးမောင်တို့က ငြင်းဆိုထားသည်။ ဦးအေးမောင်တို့၏ အလိုအရဆိုသော် ထိုပစ္စည်းများမှာ

မည္ရြံတင်အပ်ထားသော ပစ္စည်းများဖြစ်သည်။ မည်သို့ပင်ဖြစ်စေကာမူ၊ ဤအချက်နှင့် ပတ်သက်၍ အဆုံးအဖြတ်ပြုနိုင်ရန်အလို့ငှါ၊ သက်သေခံချက်များ လုံလောက်စွာ မရရှိသေးချေ။ ထိုပစ္စည်းများကို မည်သူ မည်မျှပိုင်ဆိုင်ခွင့်ရှိကြောင်း၊ တရားမရုံးက သာလျှင် အဆုံးအဖြတ်ပြုနိုင်မည်ဖြစ်သည်။ ကျင့်ထုံးပုဒ်မ ၅၁၇ အရ အမိန့်ချမှတ်ရာ၌ မူလရုံးသည် မိမိကိုယ်ပိုင်ဉာဏ်ကို အသုံးပြု၍ တရားမျှတမှုရှိသည်ထင်သော အမိန့်ကို ချမှတ်နိုင်ခွင့်ရှိသည်။ သာမန်အားဖြင့် တရားသေသေချင်း၊ တရားရှင်သော်ငင်း လွှတ်လိုက်သည့်အမှုများ၌ အချင်းဖြစ်ပစ္စည်းများကို နောက်ဆုံး လက်ဝယ်ထားရှိသူထံ ပြန်လည်ပေးအပ်ရသည်။ ဤအမှုတွင် သက်သေခံပစ္စည်းများကို ရုံးသို့တင်ပို့ခဲ့သည့် သူများမှာ ဦးအေးမောင်နှင့် ဒေါ်ထွေး တို့ဖြစ်သည်။ ၎င်းတို့ထံ ထိုပစ္စည်းများ မည်သို့ မည်ပုံရောက်ရှိနေကြောင်းနှင့် ပတ်သက်၍၊ ဤအမှုတွင် ဆင်ခြင်စဉ်းစားရန် မလိုသေးချေ။ တယောက်သောသူက အပ်နှံထားသည့် ပစ္စည်းဖြစ်ရာ၊ ထိုပစ္စည်းများကို မည်သူရပိုင်ခွင့် ရှိသည်ဟု အဆုံးအဖြတ်မရရှိမီအတွင်း၊ ဦးအေးမောင်နှင့် ဒေါ်ထွေး တို့၌ လက်ဝယ်ထားပိုင်ခွင့်ရှိသည်။ ထို့ကြောင့် စက်ရှင်တရားသူကြီး၏ ထောက်ခံချက်များကို လက်ခံနိုင်မည်မဟုတ်။ မူလရုံးက ထိုပစ္စည်းများကို ဘီးလစ်ထံတွင် အပ်နှံထားခြင်းမှာသည်း၊ မှားယွင်းသည်ဟု ဆိုရချေမည်။ ဦးအေးမောင်နှင့် ဒေါ်ထွေး တို့သည် အထက်တွင်ဖော်ပြထားသည့်အတိုင်း နောက်ဆုံး လက်ရှိထားသူများဖြစ်သောကြောင့် ၎င်းတို့ထံ ပြန်လည်ပေးအပ်စေရန် ပြင်ဆင်အမိန့်ချမှတ်လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်

တရားမ ပဌမအယူခံမှု

တရားသူကြီး ဦးသက်ဖေ ရွှေတွင်

† ၁၉၆၇ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်။

မအေးအေး (အယူခံတရားလို)

နှင့်

မောင်ကြည် (အယူခံတရားခံ)*

မယားခေါ်လိုမှု ဒေါသအလျောက် တကြိမ်တခါ လိမ်လည်စွပ်စွဲခြင်း—တရား ဥပဒေအရ ရက်စက်မှုမြောက် မမြောက်—ယောကျ်မ ဖြစ်သူအား မခြေမငံ ပြောဆိုမိခြင်း—အတူနေထိုင်စေခြင်းသင့်ရန် ခေါ်ဆိုနိုင်သည့် အခွင့်အရေး ဆုံးရှုံးပြီဟု ယူဆနိုင် မယူဆနိုင်။

ဆုံးဖြတ်ချက်။ ။ဒေါသအလျောက် တကြိမ်တခါ လိမ်လည်ပြီး စွပ်စွဲခဲ့ခြင်းသည် ဝန်ခံပြီးဖြစ်သည့်အလျောက် တရားဥပဒေအရ ရက်စက်မှု မြောက်သည်ဟုဆိုရန် ခဲယဉ်းပေသည်။

ယောကျ်မအား သားမက်ဖြစ်သူက မခြေမငံပြောဆိုရန် မသင့်သဖြင့် ယင်းသို့ မခြေမငံ-ပြောဆိုခဲ့ခြင်းကြောင့် အယူခံတရားခံ၏ ပြုမူချက်မှာ အိမ်ထောင်ရေး ပြစ်မှုတခု မဟုတ်သဖြင့် ထိုကဲ့သို့ ယောကျ်မဖြစ်သူအား မခြေမငံပြောဆိုမိကာမျှဖြင့် ၎င်းသည် ဇနီးဖြစ်သူ အယူခံတရားလိုအား အတူနေထိုင်ပေါင်းသင်းရန် ခေါ်ဆိုနိုင်သည့် အခွင့်အရေး ဆုံးရှုံးခဲ့ပြီးဟု မယူဆနိုင်ပေ။

အယူခံတရားလိုအတွက်။ ။ဦးဘညွန့်။

အယူခံတရားခံအတွက်။ ။ဦးကြည်မောင်။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံတရားပြိုင် မောင်ကြည်က၊ အယူခံတရားလို မအေးအေးအပေါ်၊ ရန်ကုန်မြို့ တရားမရုံး၌ ခေါ်လိုမှုစွဲဆိုရာ၊ စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီချမှတ်ပေးလိုက်သဖြင့်၊ ဤအယူခံမှု ပေါ်ပေါက်လာရခြင်း ဖြစ်သည်။

မောင်ကြည်သည်၊ ရန်ကုန်မြို့၊ ကမာရွတ်ရှိ ရွှေလင်းယုံ မျက်နှာသုတ်ပုဝါစက်ရုံတွင် ယာဉ်မောင်းသားတဦးဖြစ်သည်။ မအေးအေးသည် ထိုစက်ရုံ၌ အလုပ်သမတယောက်ဖြစ်သည်။ ၎င်းတို့သည် လွန်ခဲ့သည့် ၁၉၆၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် မြန်မာ ဗုဒ္ဓဘာသာ ထုံးတမ်းအရ လက်ထပ်၍၊ မအေးအေး၏ မိဘများအိမ်၌

* ၁၉၆၇ ခုနှစ်၊ တရားမ ပဌမအယူခံမှုအမှတ် ၅၃။

† ၁၉၆၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅၃၄ တွင်၊ ရန်ကုန်မြို့၊ တရားမရုံး စတုတ္ထတရားသူကြီး ရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြသည်။ ၁၉၆၄ ခုနှစ်၊ ဒီဇင်ဘာလလောက်တွင် မြင့်မြင့်ကြည် (ခေါ်) မြင့်မြင့်အေးဆိုသည့် သမီးတဦးထွန်းကားခဲ့သည်။ ကလေးမွေးပြီး ၃-၄ လလောက်တွင် မောင်ကြည်နှင့် မအေးအေး၏ဘခင် ဦးမောင်တင်တို့ စကားများကြသဖြင့်၊ ဦးမောင်တင်က သားမက်ဖြစ်သူအား အိမ်ပေါ်မှ နှင်ချရာ၊ ရပ်ကွက်လူကြီးများဖြစ်ကြသည့် ဦးဖိုးသင်း (ခံပြ ၁)၊ ဦးမျိုးမြင့် (ခံပြ ၂) နှင့် ဦးသာဟန် (ခံပြ ၃) တို့၏ရှေ့တွင် မောင်ကြည်က မှားမိကြောင်း ဝန်ခံကန်တော့သောကြောင့်၊ ယောကျ်မဖြစ်သူက မောင်ကြည်အား ပြန်လည်လက်ခံလိုက်သည်။ ထိုနောက် ရက် ၂၀ ခန့်အကြာ ၁၉၆၅ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့တွင် မောင်ကြည်သည် ၎င်း၏ပစ္စည်းများကိုယူကာ ယောကျ်မအိမ်မှ ဆင်းသွား၏။ ထိုကဲ့သို့ ဆင်းသွားပြီးနောက် ၆ လခန့်အကြာတွင် မအေးအေးက မောင်ကြည်အပေါ် ကလေးစားစရိတ် ရလိုကြောင်း ရာဇဝတ်ရုံး၌ တရားစွဲဆိုသည်။ ယင်းသို့ စွဲဆိုပြီး ၂ လလောက်အကြာတွင် မောင်ကြည်က မအေးအေးအပေါ် ဤအယူခံမှု ပေါက်ဖွားလာသည့် မယားခေါ် လိုမှုကို စွဲဆိုခဲ့သည်။

မောင်ကြည်က မိမိသည် ဇနီးဖြစ်သူ မအေးအေးအား သီးခြားအိမ်ခွဲ၍ နေထိုင်ရန် ပြောသော်လည်း မရကြောင်း၊ ထို့ပြင် အတူမနေနိုင်အောင် စော်ကားပြီး အိမ်ပေါ်မှ နှင်ချသဖြင့် ၁၉၆၅ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့တွင် အိမ်မှဆင်းလာရကြောင်း။ မအေးအေးအား ဇနီးအဖြစ် ပြန်လည်ပေါင်းသင်းရန် လူကြီးစုရာဖြင့် ခေါ်ယူသော်လည်း အတူနေထိုင်ပေါင်းသင်းရန် ငြင်းဆန်နေကြောင်း၊ ထို့ကြောင့် မယားခေါ် လိုမှုစွဲဆုရခြင်းဖြစ်ကြောင်း အဆိုပြုလာလေသည်။

မအေးအေးက၊ မောင်ကြည်သည် အရက်သေစာသောက်စားပြီး မူးယစ်ရမ်းကားကာ၊ မိမိအားရိုက်နှက်နှိပ်စက်သည့်အပြင်၊ မိမိ၏မိဘများကိုလည်း ဆဲဆိုကြိမ်းမောင်းကြောင်း၊ ရပ်ကွက်လူကြီးများရှေ့တွင် ပဌမအကြိမ် ဝန်ချတောင်းပန်သဖြင့် ပြန်လည်လက်ခံပေါင်းသင်းခဲ့ကြောင်း။ သို့ရာတွင် အရက်သေစာကို သောက်မြဲ သောက်ကာ နှိပ်စက်ညှဉ်းပန်းပြီး ၁၉၆၅ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့၌ အကြောင်းတစုံတရာ မပြောမဆိုဘဲ ပစ္စည်းအားလုံးကိုယူ၍ အိမ်ပေါ်မှဆင်းသွားခြင်းသာဖြစ်ကြောင်း၊ ယင်းသို့ဆင်းသွားပြီးနောက် လင့်ဝတ္တရားအတိုင်း မိမိ၏စားစရိတ်ကို ထောက်ပံ့ခြင်း မပြုသည့်အပြင်၊ မိဘဝတ္တရားအတိုင်း ကလေးစားစရိတ်ပေးရန် ပျက်ကွက်သဖြင့်၊ ရာဇဝတ်ရုံး၌ ကလေးစားစရိတ်ရလိုမှု စွဲဆိုသောအခါကျမှ ကလေးစားစရိတ် မပေးလို၍၊ ခေါ် လိုမှု စွဲဆိုခြင်းသာဖြစ်ကြောင်း ထုချေလေသည်။

အောက်ရုံးမှ နှစ်ဘက်သက်သေ အထောက်အထားများကို စစ်ဆေးပြီးနောက်၊ မောင်ကြည်သည်၊ မအေးအေးအား ရိုက်ပုတ်နှိပ်စက်ခဲ့သည်ဆိုခြင်းမှာ မထင်ရှား

၁၉၆၇

မအေးအေး နှင့် မောင်ကြည်။

ကြောင်း၊ မောင်ကြည်အနေဖြင့် လင့်ဝတ္တရားကို ပျက်ကွက်ခြင်းမရှိဘဲ မအေးအေး ကသာ လုံလောက်သည့်အကြောင်းမရှိဘဲ လင်မယားအဖြစ် ပြန်လည်ပေါင်းသင်းရန် ငြင်းဆိုနေခြင်းသာဖြစ်ကြောင်း အဆုံးအဖြတ်ပေးခဲ့လေသည်။

မောင်ကြည်နှင့် မအေးအေးတို့သည် ပြန်မာ ဗုဒ္ဓဘာသာ ထုံးတမ်းအရ လက်ထပ်ခဲ့ကြသည့် တရားဝင် အကြင်လင်မယား ဖြစ်ကြသည်။ ယင်းသို့ အကြင်လင်မယား ဖြစ်ကြသည့်အလျောက်၊ ရောင်နောက် ဆံထုံးပါဆိုသည့်အတိုင်း မယားသည် လင်၏ နောက်သို့ လိုက်ပြီး အေးအတူ ပူအမျှ လုပ်ကိုင်စားသောက် ပေါင်းသင်းနေထိုင်ရန် တာဝန်ရှိသည်။ ကင်းဝန်မင်းကြီး ပြုစုသည့် မမ္မသတ်ပေါင်းချုပ် အတွဲ ၂၊ ပုဒ်မ ၂၁၈ မှ ၂၁၂ ရှိ လင်နှင့်မယား ကျင့်ဝတ်များကို လေ့လာလျှင် ထိုအတိုင်းပင် အဓိပ္ပါယ်ပေါက်ပေသည်။ မယားအနေဖြင့် လုံလောက်သည့် အကြောင်းမရှိဘဲ လင်ဖြစ်သူနှင့် အတူနေထိုင်ပေါင်းသင်းရန် ငြင်းဆိုခြင်းမပြုနိုင်ပေ။ လင့်ဝတ္တရားတွင် မယားဖြစ်သူအား ကြင်နာယုယရမည်ဆိုသောအချက်ပါရှိသဖြင့်၊ လင်က မယားကို နှိပ်စက်ညှဉ်းပန်းခြင်း ပြုပါက၊ မယားသည် ခင်ပွန်းသည်၏ နောက်သို့လိုက်ပြီး အတူပေါင်းသင်းရန် ငြင်းဆိုနိုင်မည်ဖြစ်သည်။ သို့ဖြစ်ရာ ယခုအမှုတွင် မအေးအေးသည် မောင်ကြည်ခေါ်ရာသို့ လိုက်ပြီး ပေါင်းသင်းနေထိုင်ရန် ငြင်းဆိုနိုင်သည့် ရက်စက်မှုရှိပါသလား၊ သို့တည်းမဟုတ် အခြားလုံလောက်သည့် အကြောင်းရှိပါသလား ဆိုသည့်ပြဿနာကို စီစစ်ရန်လိုသည်။

မအေးအေးက မောင်ကြည်သည် အရက်သေစာ သောက်စားပြီး မူးယစ်ရမ်းကား၍ မိမိအား ရိုက်နှက်နှိပ်စက်သည်ဟု ဆိုသော်လည်း၊ ထိုပြောဆိုချက်ကို ထင်ရှားအောင် သက်သေအထောက်အထား မပြနိုင်ပေ။ မောင်ကြည်အနေဖြင့် တခါတရံ အရက်သေစာသောက်မိကောင်း သောက်မိမည်ဖြစ်သော်လည်း အရပ်ထဲတွင် မူးယစ်ရမ်းကားနေသူတယောက် ဖြစ်သည်ဆိုသော သက်သေထွက်ချက်မရှိ၊ ဇနီးဖြစ်သူ မအေးအေးအား ရိုက်နှက်နှိပ်စက်တတ်သူဖြစ်ကြောင်းလည်း မပေါ်လွင်ချေ။ မောင်ကြည်သည် ယောကျ်ားမအိမ်၌ ယောကျ်ား၊ ယောက်ဖ၊ တူ၊ တူမ များနှင့် အတူနေထိုင်ခဲ့သူဖြစ်၍ မအေးအေးအား ရိုက်နှက်နှိပ်စက်လေ့ရှိလျှင်၊သက်သေထူရန်ခဲယဉ်းလိမ့်မည်မဟုတ်ပေ။ သို့ဖြစ်ရာ မောင်ကြည်သည် ဇနီးအပေါ် နှိပ်စက်ညှဉ်းပန်းမှုရှိသည်ဟု မဆိုနိုင်ချေ။

မောင်ကြည်က မအေးအေးအား ပြန်ခေါ်ရာ၊ မအေးအေးက မလိုက်သဖြင့် ဦးမျိုးမြင့် အိမ်တွင် မအေးအေးက မွေးသော ကလေးမှာ မိမိနှင့်ရသည့် ကလေးမဟုတ်ဟု ပြောဆိုခဲ့ကြောင်း၊ဦးမျိုးမြင့်၏ ထွက်ဆိုချက်ရှိနေသည်မှာ မှန်၏။ ဦးမျိုးမြင့်သည် မောင်ကြည်အပေါ် မဟုတ်မတရား ထွက်ဆိုရန်အကြောင်းမရှိသဖြင့်၊ ၎င်း၏ ထွက်ချက်ကို လက်မခံနိုင်စရာအကြောင်း မရှိပေ။ သို့ရာတွင် မောင်ကြည်သည် ဇနီး

ဖြစ်သူအား ခေါ်ရာ မရသဖြင့် ဒေါသအလျောက် ပြောဆိုခဲ့ဟန် လက္ခဏာရှိသည်။ လိမ်လည်ပြီး ပြောဆိုခဲ့သည်ဟု ဝန်ခံကြောင်း မအေးအေး၏ ထုချေလွှာတွင် ရေးသားဖော်ပြခဲ့သည့် အချက်က ထောက်ခံနေပေသည်။ ယင်းသို့ ဒေါသအလျောက် တကြိမ်တခါ လိမ်လည်ပြီး စွပ်စွဲခဲ့ခြင်းသည်၊ ဝန်ခံပြီးဖြစ်သည့်အလျောက်၊ တရားဥပဒေအရ ရက်စက်မှု မြောက်သည်ဟုဆိုရန် ခဲယဉ်းပေသည်။

မောင်ကြည်သည် မအေးအေး၏ ဘခင်ဖြစ်သူအား အရက်မူးပြီး မရိုမသေ ပြောဆိုမိသည်ဆိုခြင်းမှာ ရပ်ကွက်လူကြီးများဖြစ်ကြသည့် ဦးဖိုးသင်း၊ ဦးမျိုးမြင့် နှင့် ဦးသာဟန်တို့၏ ထွက်ချက်များအရ ယုံမှားဘွယ် မရှိပေ။ ယောကျ်မအား သားမက်ဖြစ်သူက မချေမငံ ပြောဆိုရန် မသင့်သဖြင့်၊ ယင်းသို့ မချေမငံ ပြောဆိုခဲ့ခြင်းကြောင့် မောင်ကြည် တွင် အပြစ်မကင်းဟုဆိုရမည်ဖြစ်သည်။ သို့ရာတွင် မောင်ကြည်၏ ပြုမူချက်မှာ အိမ်ထောင်ရေး ပြစ်မှုတခုမဟုတ်သဖြင့်၊ ထိုကဲ့သို့ ယောကျ်မဖြစ်သူအား မချေမငံ ပြောဆိုမိကာမျှဖြင့်၊ ၎င်းသည် ဇနီးဖြစ်သူ မအေးအေးအား အတူနေထိုင်ပေါင်းသင်းရန် ခေါ်ဆိုနိုင်သည့် အခွင့်အရေး ဆုံးရှုံးခဲ့ပြီးဟု မယူဆနိုင်ပေ။ မောင်ကြည်က မအေးအေးအား အိမ်တဆောင် မီးတပြောင်ဖြင့် ထားရန်အဆိုပြုထားရာ၊ မအေးအေးသည် မောင်ကြည်နှင့်အတူ လိုက်ကာ တသီးတခြားနေထိုင်လျှင် ယောကျ်မနှင့် သားမက်ဖြစ်သူတို့အကြား ပဋိပက္ခဖြစ်ပွါးကြရန် အကြောင်းရှိနိုင်မည် မဟုတ်တော့ပေ။

မောင်ကြည်သည် ယောကျ်မအိမ်တွင် မနေလိုဘဲ ဇနီးဖြစ်သူနှင့် သီးခြားနေထိုင်ရန်ဆန္ဒရှိ၏။ ဇနီးဖြစ်သူ မအေးအေးကလည်း မိဘနှင့် မခွဲနိုင်၍၊ မောင်ကြည်၏ နောက်သို့လိုက်ရန် ငြင်းဆိုခဲ့ဟန် လက္ခဏာရှိသည်။ ထိုအချက်နှင့်ပတ်သက်၍၊ ဦးမျိုးမြင့်က မောင်ကြည်သည် မိမိထံသို့ လာရောက်ပြီး ဇနီးခေါ်မရသည့်အပြင် ယောကျ်မအိမ်၌လည်း မနေလို၍ ဆင်းမည်ဟု ပြောပြီး ယောကျ်မအိမ်ပေါ်မှ ဆင်းသွားကြောင်း ထောက်ခံထွက်ဆိုထားသည်။ မောင်ကြည်သည် ထိုကဲ့သို့ ယောကျ်မအိမ်မှ ဆင်းသွားပြီးနောက် လင်မယားနှစ်ဦး အလုပ်လုပ်ကြသည့်စက်ရုံအုပ်ချုပ်ရေးမှူးဖြစ်သူ ဦးခင်မောင်ဝင်း (လိုပြ ၂) အား မအေးအေးကို ပြန်ပေါင်းရန် အပြောခိုင်းခဲ့သည်။ လူကြီးများဖြစ်ကြသည့် ဦးကျော်ငြိမ်း (လိုပြ ၃) နှင့် မောင်သန်း (လိုပြ ၄) တို့ကိုလည်း နားဖေါက်စေခဲ့သေးသည်။ သထုံမြို့ရှိ မအေးအေး၏ အမျိုးများမှတဆင့် တောင်းပန်ခဲ့သေးသည်။ သို့ရာတွင် မအေးအေးသည် လိုက်လျောခြင်းမပြုဘဲ ခါးခါးသီးသီး ငြင်းပယ်ခဲ့သည်။ လင်ဖြစ်သူနှင့်လိုက်၍ မနေလို၊ မိခင်နှင့်သာ အတူနေလိုသည်ဟုဆိုခဲ့သည်။ လင်မယားနှစ်ဦးအကြား ပဋိပက္ခမှု မရှိသဖြင့် ဤမျှ ခါးခါး သီးသီး ငြင်းပယ်ရန် အကြောင်းမရှိချေ။ မအေးအေး၏ ရှေ့နေ ဦးဘညွန့်က၊ မောင်ကြည်သည်

၁၉၆၇ မအေးအေးနှင့် မောင်ကြည်။

ရာဇဝတ်ရုံးတွင် စွဲဆိုသည့်ကလေးစားစရိတ်အမှုတွင် စားစရိတ်မပေးလို၍၊ **မယား** ခေါ်လိုမှု စွဲဆိုခြင်းသာဖြစ်သည့်အလျောက်၊ သဘောရိုးနှင့် စွဲဆိုခြင်းမဟုတ်ဟု ယူဆသင့်ကြောင်း တင်ပြသွားသည်။ မြန်မာ ဗုဒ္ဓဘာသာ ယောကျ်ားသာမက မည်သည့် ဘာသာကို ကိုးကွယ်သည့် ယောကျ်ားမဆို၊ ကျန်းမာသန်စွမ်းသူဖြစ်လျှင် အရွယ် မရောက်သေးသည့် သားသမီးများအား ထောက်ပံ့ရန် တာဝန်ရှိသည်။ ထိုတာဝန်ကို ရဟန်းယောကျ်ားများပင် ရှောင်ဖယ်၍မရပေ။ မယားဖြစ်သူက လင်ဖြစ်သူနှင့်အတူ ပေါင်းသင်းနေထိုင်ရန် ငြင်းဆိုသည့်အကြောင်းကြောင့် လင်ဖြစ်သူသည် **မယား**နှင့် အတူနေထိုင်သော အရွယ်မရောက်သေးသည့် ကလေးများအား စားစရိတ်မပေးဘဲ မနေနိုင်ပေ။ **မောင်စံလှ** နှင့် **မအုံးဘွင့်** (၁)၊ ထို့ပြင် လင်ဖြစ်သူသည် မယားဖြစ်သူအပေါ် ခေါ်လိုမှု ဒီကရီရရှိခဲ့ပြီးဖြစ်သော်လည်း မယားဖြစ်သူက ထိုဒီကရီကို လိုက်နာခြင်းမပြုသည့်အကြောင်းကြောင့်၊ မယားနှင့်အတူနေထိုင်လျက်ရှိသည့် ကလေးအတွက် စားစရိတ် ပေးရန် ငြင်းဆိုခြင်း မပြုနိုင်ပေ။ ကလေးသည် မည်သူနှင့်ပင်နေနေ၊ ၎င်းအား ကျွေးမွေးထောက်ပံ့ရန် တာဝန်မှာ ဘခင်အပေါ်၌ တည်ရှိပေသည်။ ကလေးစားစရိတ်ကို မယားအားမပေးလိုလျှင် ထိုကလေး၏ အုပ်ထိန်းခွင့်ရရန် ရုံးတော်သို့ လျှောက်ထားရန်သာ ရှိပေသည်။ **မောင်စံဖေ** နှင့် **မလေးမယ်** (၂)၊ ယခုအမှုတွင် မအေးအေးသည် မိမိအတွက် စားစရိတ်ကို စွဲဆိုခြင်းမပြုဘဲ ကလေးစားစရိတ်ကိုသာ တောင်းဆိုခဲ့ခြင်းဖြစ်သည်။ မယားခေါ်လိုမှုအား မည်သို့ပင် အဆုံးအဖြတ်ပြုစေကာမူ ကလေးစားစရိတ် အမှုကို လုံးဝထိခိုက်ခြင်း မရှိနိုင်သည့်အလျောက်၊ **မယား**ခေါ်လိုမှုအား သဘောရိုးနှင့် စွဲဆိုခြင်း ဟုတ် မဟုတ်ဆိုသော ပြဿနာမပေါ် ပေါက်နိုင်ပေ။

အထက်ပါ အကြောင်းရပ်များကို ပေါင်းစပ်ကြည့်ရှုလျှင်၊ မအေးအေးသည် ခင်ပွန်းဖြစ်သူ မောင်ကြည်၏ နောက်သို့လိုက်၍ လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ရန် ငြင်းဆိုနိုင်သည့် လုံလောက်သောအကြောင်းမရှိဟု ယူဆရမည်ဖြစ်သည်။ သို့ဖြစ်ရာ မောင်ကြည်စွဲဆိုသည့်အတိုင်း ဒီကရီချပေးလိုက်သော အောက်ရုံး၏အမိန့်မှာ မှားယွင်းသည်ဟု မဆိုနိုင်၍၊ ဤအယူခံမှုကို ပလပ်လိုက်သည်။ တရားစရိတ်အတွက် အမိန့်ချမှတ်ခြင်းမပြု။

---

(၁) အတွဲ ၂၊ အောက်မြန်မာပြည် စီရင်ထုံး၊ ၄၆၊ စုံညီခုံ။

(၂) အတွဲ ၁၀၊ ရန်ကုန်စီရင်ထုံး ၄၈၆။

နိုင်ငံတော်တရားရုံးချုပ်

တရားမပဋိမအယူခံမှု

တရားသူကြီး ဦးသက်ဖေရှေ့တွင်

မိဟာမက်အလီ (မူရာမက်အလီ) (အယူခံတရားလို) †

နှင့်

အလိမာဘီဘီ (ဟာလိမာဘီဘီ) (အယူခံတရားခံ)*

† ၁၉၆၇ ဒီဇင်ဘာလ ၅ ရက်။

သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၄၂ အရ မြို့က်ဟကျေညာပေးရန် တရားစွဲဆိုမှု—မြို့က်ဟကျေညာပေးခြင်း အားဖြင့် တရားလိုတွင် အကျိုးသက်ရောက်မှု မရှိခြင်း—တရားရုံးများအနေဖြင့်ပြုသင့် မပြုသင့်—တရားမကျင့်ထုံးအမိန့် ၄၁၊ နည်းဥပဒေ ၃၃—အောက်ရုံးတွင် နှစ်ဦးနှစ်ဘက်တင်ပြခြင်းမရှိသည့်ပြဿနာ—နည်းဥပဒေအရ အယူခံရုံးအနေဖြင့် ဆုံးဖြတ်ခွင့် ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၄၂ အရ မြို့က်ဟချက်ဒီကရီ ချမှတ်သင့်မသင့်ဆိုသည့်ကိစ္စမှာ မူလရုံးမှဆင်ခြင်တုံတရားလက်ကိုင်ထား၍ ဆုံးဖြတ်ရသည့်ကိစ္စတခုသာဖြစ်သည်ဆိုခြင်းမှာမှန်၏။ သို့ရာတွင်ယင်းသို့ချမှတ်သည့် ဒီကရီတခုသည် တရားလိုအတွက်မည်သို့မျှ လက်တွေ့အသုံးမဝင်၊ အသုံးမချနိုင်လျှင် ထိုဒီကရီသည် အဓိပ္ပါယ်ရှိမည်မဟုတ်ပေ။ မြို့က်ဟကျေညာပေးခြင်းအားဖြင့် တရားလိုတွင် အကျိုးသက်ရောက်မှုမရှိပါမူ ထိုမြို့က်ဟချက်သည် ဒဏ္ဍာရီနှီးသာဖြစ်ပေမည်။ ထိုသို့အချည်းနှီးသာဖြစ်သည့် အဓိပ္ပါယ်မဲ့သည့် ဒီကရီမျိုးကို တရားရုံးများအနေဖြင့် ချမှတ်ခြင်းမပြုသင့်ပေ။

ဖါတာဆင်း နှင့် ဂိုပေါနာရိမ်း၊ အေ၊အိုင်၊အာ (ရ်)၊ ၁၉၂၅၊ အလဟာဘတ်၊ ၆၃၇ (၆၃၉) (စုံညီခုံ)။

မေဂျာ ဘာကာ နှင့် မစ္စစ်ဘာကာ၊ အေ၊အိုင်၊အာ (ရ်)၊ ၁၉၅၅၊ မဒရာဘာရတ်၊ ၉၉(၁၀၃) ရည်ညွှန်းသည်။

ထပ်မံဆုံးဖြတ်ချက်။ ။တရားမကျင့်တုံးအမိန့် ၄၁၊ နည်းဥပဒေ ၃၃ မှာအယူခံရုံးအား မိမိ၌မော့ကတွင်ရောက်ရှိနေသောအမှုဌ အမှု၏အသွားအလာအရချသင့်ချထိုက်သည့်အမိန့်၊သို့မဟုတ်ဒီကရီကို တရားမှုတမှုကိုရွှေ့ရှုရှု ချမှတ်နိုင်သည့် အာဏာအပ်နှင်းထားခြင်းဖြစ်သည်။ထိုအာဏာမှာအလွန်ကျယ်ပြန့်သောအာဏာတရပ်ဖြစ်၍ သတိဝိရိယဖြင့် အသုံးချရမည်ဖြစ်သည်။ အောက်ရုံးတွင်နှစ်ဦးနှစ်ဖက်ထင်ပြခြင်းမရှိသည့် ပြဿနာတခုကိုထိုနည်းဥပဒေအရ အယူခံရုံးအနေဖြင့် ဆုံးဖြတ်ခွင့်မရှိပေ။

---

* ၁၉၆၇ ခုနှစ်၊ တရားမပဋိမအယူခံမှုအမှတ် ၆၁။

† ၁၉၆၀ ခုနှစ်၊ တရားမကြီးမှုအမှတ် ဂ၄၀ တွင်ရန်ကုန်မြို့တရားမရုံးဒုတိယတရားသူကြီးရုံးတော်၏ချမှတ်သော ဒီကရီကိုအယူခံမှု။

၁၉၆၇ မိဟာမက်အလီ (မူရာမက်အလီ) နှင့် အလီမာဘီဘီ (ဟာလီမာဘီဘီ)။

အယူခံတရားလိုအတွက်။ ။မစ္စတာ ဂျီ၊အင်၊ဘနာဂျီ။

အယူခံတရားခံအတွက်။ ။ဒေါက်တာ ရွှေဘော်။

တရားသူကြီး ဦးသက်ဖေ။ ။ရန်ကုန်မြို့ တရားမရုံးတွင်၊ ဒေါ်ပု (ခေါ်) အမာဂျန်ဘီဘီက၊ အယူခံတရားလို မိဟာမက်အလီ (ခေါ်) မူရာမက်အလီ အပေါ် ရန်ကုန်မြို့၊ ဘိုးလိမ်းလမ်း၊ အမှတ် ၁၆၅ ရှိအိမ်မှာ မိမိ၏အိမ်ဖြစ်ကြောင်းမွှက်ဟ ကျေညာပေးရန် တရားစွဲဆိုရာ၊ စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီချပေးလိုက်သဖြင့်၊ ဤအယူခံမူပေါ် ပေါက်လာရခြင်းဖြစ်သည်။

ဒေါ်ပု (ခေါ်) အမာဂျန်ဘီဘီက၊ အယူခံတရားလိုသည် မိမိ၏ခင်ပွန်း အီဆတ် ခါလီ၏ တူတယောက်ဖြစ်၍၊ ငယ်စဉ်ကပင် ၎င်းအား ကျေးမွေးစောင့်ရှောက်ခဲ့ကြောင်း၊ အခင်းဖြစ်အိမ်ကို မူဆာခါလီထံမှ၊ ၁၉၂၉ ခုနှစ်တွင် ငွေ ၁,၀၀၀ ဖြင့် ဝယ်ယူကာ လက်ရှိနေထိုင်ခဲ့ကြောင်း၊ ၁၉၃၇ ခုနှစ်တွင် မြေခွန်ပေးရန် ပျက်ကွက်သဖြင့် စည်ပင်သာယာရေး အဖွဲ့က အခင်းဖြစ်အိမ်အား လေလံတင်ရောင်းချရာ၊ မိမိကပင် ငွေ ၅၀ ဖြင့် လေလံဆွဲဝယ်ခဲ့ကြောင်း၊ မိမိ၏ခင်ပွန်း အီဆတ်ခါလီမှာ လောင်ကစား ဝါသနာပါသူ တဦးဖြစ်၍ အယူခံတရားလို၏ နံမည်ဖြင့် အခင်းဖြစ်အိမ်ကို လေလံဆွဲခဲ့ရကြောင်း၊ ထိုကဲ့သို့ လေလံဆွဲဝယ်စဉ်အခါန်က အယူခံတရားလိုသည် မိမိ၏သမီးကြီး မဟာလီမာဘီဘီနှင့် အကြောင်းပါသဖြင့်၊ သားမက်တော်စပ်နေ၍ အိမ်၏အခန်းတခန်းတွင် နေထိုင်ခွင့်ပြုခဲ့ကြောင်း၊ ၁၉၅၇ ခုနှစ်လောက်တွင် အယူခံတရားလိုသည် မဟာလီမာဘီဘီနှင့် ကွာရှင်းလိုက်ပြီး၊ အိမ်ငှါးများထံမှ အိမ်ငှါးရမ်းခများ တောင်းခံနေကြောင်း၊ အယူခံတရားလိုသည် အိမ်ဝယ်ရာ၌ နာမည်အငှားသာဖြစ်ပြီး ပိုင်ရှင်အစစ်အမှန်မှာ မိမိသာ ဖြစ်ကြောင်း၊ ထိုကဲ့သို့ ပိုင်ရှင်အစစ်ဖြစ်ကြောင်းကို မွှက်ဟပေးစေလိုကြောင်း အဆိုပြုလာသည်။

အယူခံတရားလိုက၊ အခင်းဖြစ်အိမ်ကို လေလံတွင် မိမိ၏ငွေဖြင့် ဝယ်ယူခဲ့ခြင်းသာဖြစ်၍၊ မိမိမှာနာမည်အငှါးမျှသာဖြစ်ပြီး ဒေါ်ပုမှာ ပိုင်ရှင် အစစ်အမှန် ဖြစ်သည်ဆိုခြင်းမှာ မဟုတ်မမှန်ကြောင်း၊ မိမိသည် အိမ်ကို လေလံတွင်ဆွဲဝယ်ပြီးနောက် ပိုင်ရှင်တဦးအနေဖြင့် လက်ရှိနေထိုင်ခဲ့ခြင်းသာ ဖြစ်ကြောင်း ထုချေလေသည်။

အမှုစစ်နေစဉ်အတွင်း ဒေါ်ပု သေဆုံးသွားသဖြင့်၊ အယူခံ တရားပြိုင်တို့အား ၎င်း၏အမွေ ဆက်ခံသူများအဖြစ် အမှုတွင်ထည့်သွင်းခဲ့ရ၏။ မူလရုံးမှ နှစ်ဘက်သက်သေအထောက်အထားများကို စစ်ဆေးကြားနာပြီးနောက်၊ အခင်းဖြစ် အိမ်ကို လေလံတွင် ဆွဲဝယ်သူမှာ ဒေါ်ပုသာဖြစ်ကြောင်း၊ အယူခံတရားလိုမှာ အမည်ငှါး

တယောက်သာဖြစ်ပြီး ပိုင်ရှင်အစစ်အမှန်မဟုတ်ကြောင်း၊ ဒေါ်ပုသည် လေလံဆွဲဝယ်ပြီးနောက် ထိုအိမ်၏ပိုင်ရှင်အနေဖြင့် အိမ်ပြင်ခြင်း၊ အိမ်ငှားချထားခြင်း စသည့် ကိစ္စများကို ဆောင်ရွက်ခဲ့သည်ကို ထောက်လျှင်၊ ပိုင်ရှင်အစစ်အမှန်မှာ ဒေါ်ပုသာဖြစ်ကြောင်းကောက်ယူကာ အမှုကိုစွဲဆိုသည့်အတိုင်း ဒီကရီချမှတ်ပေးလိုက်လေသည်။

အောက်ရုံးမှ ဒီကရီချမှတ်သည့်နေ့မှာ ၁၉၆၇ ခု၊ မေလ ၃၁ ရက်နေ့ဖြစ်သည်။ သို့ရာတွင် ထိုသို့ဒီကရီချမှတ်ခြင်းမပြုမီ ၁၉၆၆ခု၊ မတ်လ ၁၉ ရက်နေ့ကပင် အခင်းဖြစ်အိမ်သည် မီးလောင်ကျွမ်းသွားပြီးဖြစ်၍၊ ဒီကရီချမှတ်သည့်နေ့၌၊ ထိုအိမ်မှာ လုံးဝမရှိတော့ပေ။ ထို့ကြောင့်အယူခံတရားလို၏ရှေ့နေ မစ္စတာ ဘနာဂျီက မူလရုံး၏ဒီကရီသည် အဓိပ္ပါယ်မရှိသော ဒီကရီတခုဖြစ်၍ ပယ်ဖျက်သင့်ကြောင်း အဓိကအားဖြင့် တင်ပြလျှောက်လဲသွားသည်။

သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၄၂ အရ၊ မြွက်ဟချက်ဒီကရီချမှတ်သင့် မသင့်ဆိုသည့်ကိစ္စမှာ မူလရုံးမှ ဆင်ခြင်တုံတရားလက်ကိုင်ထား၍ ဆုံးဖြတ်ရသည့်ကိစ္စတခုသာဖြစ်သည်ဆိုခြင်းမှာ မှန်၏။ သို့ရာတွင် ယင်းသို့ချမှတ်သည့်ဒီကရီတခုသည် တရားလိုအတွက်မည်သို့မျှ လက်တွေ့အသုံးမဝင်၊ အသုံးမချနိုင်လျှင်ဖြစ်ထိုဒီကရီသည် အဓိပ္ပါယ်ရှိမည်မဟုတ်ပေ။ မြွက်ဟကျေညာပေးခြင်းအားဖြင့် တရားလိုတွင် အကျိုးသက်ရောက်မှုမရှိပါမူ ထိုမြွက်ဟချက်သည် အချည်းနှီးသာဖြစ်ပေမည်။ ထိုသို့အချည်းနှီးသာဖြစ်သည့်၊ အဓိပ္ပါယ်မဲ့သည့် ဒီကရီမျိုးကို တရားရုံးများအနေဖြင့် ချမှတ်ခြင်းမပြုသင့်ပေ။ ထိုကိစ္စနှင့်ပတ်သက်၍ **ဖါတာဆင်း** နှင့် **ဂိုပေါနာရိမ်း** (၁) တို့အမှုတွင် အောက်ပါအတိုင်း မှတ်ချက်ပြုခဲ့သည်ကို တွေ့မြင်နိုင်သည်။

> " When all is said and done, the granting of relief by way of declaration, is a matter within the discretion of the civil Court, and if it is made to appear that the declaration, when granted to the plaintiff, will be of no avail to him that seems to me to be a very good reason for holding that in such a case the Court should exercise its discretion against the plaintiff and decline to grant any relief. This is not to say that a suit for a declaration of the nature just mentioned is not entertainable by a civil Court. That I think would be going too far. But it is clear that any civil Court is entitled, in the exercise of its discretion, to refuse a declaration of this kind if it is to turn out to be purely nugatory."

---

(၁) အေ၊ အိုင်၊ အာ(ရ်)၊ (၁၉၂၅)၊ အလဟာဘတ်၊ ၆၃၇ (၁၃၉)၊ (စုံညီခုံ)။

၁၉၆၇

မိဟာမက်အလီ (မူရာမက်အလီ) နှင့် အလီမာဘီဘီ (ဟလီမာ ဘီဘီ)။

မေဂျာ ဘာကာ နှင့် **မစ္စစ် ဘာကာ**(၂) တို့အမှုဆိုင်လည်း အောက်ပါအတိုင်း မိန့်မြွက်ထားပေသည်။

> "A Court has to bear in mind that it is not to make a declaration of an abstract right exclusive of practical utility especially when that declaration may not be productive of any benefit to the party obtaining the declaration."

ယခုအမှုတွင်၊ ရန်ကုန်မြို့၊ ဘိုးလိမ်းလမ်း အမှတ် ၁၆၅ ရှိအိမ်မှာ မူလရှုံးကဒီကရီ ချမှတ်ခြင်းမပြုမီ၊ ၁၉၆၆ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့ကပင် မီးလောင်ကျွမ်းသွားပြီး ဖြစ်သည်ဆိုခြင်းမှာ အငြင်းမပေါက်၍၊ ထိုအိမ်သည် ဒေါ်ပု (ခေါ်)အမာဂျန်ဘီဘီပိုင် ပစ္စည်းဖြစ်သည်ဟု မြွက်ဟကျေညာပေးခြင်းအားဖြင့်၊ ဒေါ်ပုအတွို့ မည်သို့မျှ အကျိုးကျေးဇူး ဖြစ်ထွန်းရန်အကြောင်းမရှိ၊ မရှိတော့သည့် ပစ္စည်းတခုကို ပိုင်ဆိုင်သည်ဟု ကျေညာပေးခြင်းသည် အဓိပ္ပါယ်မရှိသော ဆောင်ရွက်ချက်သာ ဖြစ်ပေသည်။ မူလရှုံးအမှုတွဲရှိ သက်သေထွက်ချက်များအရ အိမ်ငှားများသည် အိမ်မီးမလောင်မီက ဒေါ်ပုကိုပင် ငှါးရမ်းခများပေးခဲ့ကြကြောင်း ပေါ်လွင်နေသဖြင့်၊ မီးလောင်သည့်နေ့အထိ ထိုအိမ်နှင့်ပတ်သက်သည့် အခွင့်အရေး ပြဿနာများလည်း ပေါ်ပေါက်ရန် အကြောင်းမရှိခဲ့။ သို့ဖြစ်ရာ၊ အဓိပ္ပါယ်မရှိဘဲ အချည်းနှီးသာ ဖြစ်သည့် မြွက်ဟချက် ဒီကရီကို မူလရုံးအနေဖြင့် ချမှတ်ခဲ့ခြင်းမှာ မှားယွင်းနေသည်ဟု ဆိုရမည်ဖြစ်သည်။

အယူခံတရားပြိုင်တို့၏ ရှေ့နေကြီး ဦးရွှေဘော်က၊ အိမ်မှာမီးလောင်သွားပြီးဖြစ်၍၊ အိမ်ကို ပိုင်ဆိုင်ကြောင်း မြွက်ဟချက်ဒီကရီ ချပေးခြင်းသည် မှားယွင်းနေကြောင်း ဝန်ခံသည်။ သို့ရာတွင်ငင်းက အိမ်တည်ရှိရာ မြေကို ပိုင်ဆိုင်ကြောင်း မြွက်ဟချက် ဒီကရီကို ဤအယူခံရုံးအနေဖြင့် တရားမကျင့်ထုံး အမိန့် ၄၁၊ နည်းဥပဒေ ၃၃ အရ ပြင်ဆင်ချမှတ်သင့်ကြောင်း တင်ပြသွားသည်။ တရားမကျင့်ထုံးအမိန့် ၄၁၊ နည်းဥပဒေ ၃၃ မှာ အယူခံရုံးအား မိမိရှေ့မှောက်တွင် ရောက်ရှိနေသော အမှုဌ် အမှု၏ အသွားအလာအရ ချသင့်ချထိုက်သည့် အမိန့်၊ သို့မဟုတ် ဒီကရီကို တရားမျှတမှုကို ရှေးရှု၍ ချမှတ်နိုင်သည့် အာဏာ အပ်နှင်းထားခြင်း ဖြစ်သည်။ ထိုအာဏာမှာ အလွန်ကျယ်ပြန့်သော အာဏာတရပ်ဖြစ်၍ သတိဝိရိယဖြင့် အသုံးချရမည်ဖြစ်သည်။အောက်ရုံးတွင် နှစ်ဦးနှစ်ဘက် တင်ပြခြင်းမရှိသည့် ပြဿနာတခုကို ထိုနည်းဥပဒေအရ အယူခံရုံး အနေဖြင့် ဆုံးဖြတ်ခွင့် မရှိပေ။ သို့ဖြစ်ရာ၊ ဤအမှုတွင် အဆိုပါ နည်းဥပဒေအရ အိမ်အစား မြေကို ပိုင်ဆိုင်ကြောင်း မြွက်ဟချက် ဒီကရီအစားထိုးပေးရန် အကြောင်းမရှိဆိုခြင်းကို ဆန်းစစ်ရပေမည်။

---

(၂) အေ၊ အိုင်၊ အာ(ရ်)၊ (၁၉၅၅)၊ မဒရာဘာရတ်၊ ၉၉ (၁၀၃)။

မူလချုံးတရားလို၏ ပြင်ဆင်ချက်အဆိုလွှာ အပိုဒ် ၄ နှင့် ၅ တို့မှာ အောက်ပါအတိုင်းဖြစ်သည်။

"4. That subsequently evil days be fell the plaintiff and her husband and they lost all their properties except a house known as No. 165, Bow Lane which is hereafter called the suit house and that house was also put up for auction by the Rangoon Development Trust for default of revenue in 1937.

5. That the plaintiff in order to save this last house from the clutches of creditors and from her husband allowed it to be sold for default of revenue and purchased it in revenue Sale of Rangoon Development Trust for K 50 in the name of the defendant who was then a young man as Benamidar for her and continued to live therein with the defendant who was still being reared and brought up by the plaintiff and her husband and the plaintiff was exercising all the rights and privileges of ownership as before."

ထို့ပြင် ၎င်း၏ တောင်းဆိုသော သက်သာခွင့်မှာ အောက်ပါအတိုင်းဖြစ်၏။

"WHEREFORE the plaintiff prays a decree with costs against the defendant:

1. For declaration of title in her favour with respect to the suit house *i.e.* No. 165, Bow Lane, Rangoon, and

2. And any other relief as the nature of the suit admits AND SHALL EVER PRAY."

အထက်ပါ အဆိုပြုချက်များကို ကြည့်ရှုလျှင်၊ မူလရုံးတရားလို ဒေါ်ပုသည် ရန်ကုန်မြို့၊ ဘိုးလိမ်းလမ်း၊ အမှတ် ၁၆၅ ရှိအိမ်ကို ပိုင်ဆိုင်ကြောင်းသာ စွဲဆိုခဲ့ပြီး၊ မြေနှင့်ပတ်သက်၍ တခွန်းတပါဒမျှပင် ရေးသားဖော်ပြခဲ့ခြင်းမရှိပေ။ မူလရုံး၌ နှစ်ဦးနှစ်ဘက် အငြင်းပွါးသော ပြဿနာမှာ အိမ်သာဖြစ်သည်။ မြေနှင့်ပတ်သက်၍ အငြင်းပွါးခြင်းမရှိခဲ့သဖြင့်၊ သို့အငြင်းမပွါးသော ပြဿနာကို ဤအယူခံရုံးအနေဖြင့် ဝင်ရောက်ကိုင်တွယ်ဖြေရှင်းခြင်း မပြုနိုင်ပေ။

ထို့ပြင်၊ တရားမမှုများတွင် အမှုသည်များ၏ အဆို၊အချေတို့အပေါ် အမှု၏ အနိုင်အရှုံးကို ဆုံးဖြတ်ရမည်ဖြစ်ပြီး၊ မူလရုံးအနေဖြင့်သော်ငင်း၊ အယူခံရုံးအနေဖြင့်သော်ငင်း၊ အဆို-အချေတို့၌ ပါဝင်ခြင်းမရှိသည့်ကိစ္စကို ဖော်ထုတ်၍ ဖြေရှင်းပေးခြင်း၊ သက်သာခွင့် ပေးခြင်းမပြုရဆိုသောမူကို ယနေ့တရားရုံးများက လက်ခံကျင့်သုံးလျက်

၁၉၆၇

မိုဟာမက်အလီ (မူဏာမက်အလီ) နှင့် အလီမာဘီဘီ (ဟလီမာဘီဘီ)။

ရှိပေသည်။ **အေ၊ အက်စ်၊ ပီ၊ အက်စ်၊ ကေ၊ အာရ်၊ ကရူပန်ချစ်တီးယား** နှင့် **အေချတ် ကလင်ဂန်ချစ်တီးယား** (၃)။

တရားရုံးများအနေဖြင့် အမှန်တရားကို ရှာဖွေဖော်ထုတ်ပေးရန် တာဝန်ရှိသဖြင့် အမှုသည်တဦးဦးက မသိနားမလည်၍ သော်၎င်း၊ သတိလစ်၍သော်၎င်း သက်သာခွင့် တခုခုကိုတောင်းဆိုခဲ့ခြင်း မရှိစေကာမူ၊ ထိုသက်သာခွင့်ကို ရသင့်ရထိုက်ကြောင်း ပေါ်နေပါက ခွင့်ပြုရမည်ဖြစ်သည်။ သို့ရာတွင် တရားရုံးသည် အမှုသည် တဦးဦး အတွက် အမှုကို ဖန်တီးပေးလျှင်မူ၊ ဘက်လိုက်ရာကျမည်ဖြစ်၍၊ ထိုကိစ္စမျိုးကို ပြုလုပ်ရန်မသင့်ပေ။ ယခုအမှုတွင် မူလရုံး၌ မြေကိစ္စသည် လုံးဝပေါ်ပေါက်ခဲ့ခြင်း မရှိသဖြင့်၊ ဤအယူခံရုံးမှ ထိုမြေကိစ္စနှင့် ပတ်သက်၍ သက်သာခွင့်ပေးလျှင် ဘက်လိုက် ရာကျမည်ဖြစ်ပေသည်။

အယူခံတရားပြိုင်တို့၏ ရွေ့နေ ဦးရွှေဘော်ကတဖန်၊ အိမ်အတွက် တရားစွဲဆိုခြင်း ဖြစ်ရာ၊ "အိမ်" ဆိုသော စကားရပ်တွင် "မြေ"လည်း ပါသည်ဟု အဓိပ္ပါယ်ကောက် ယူသင့်ကြောင်း တင်ပြကာ၊ ယေဘုယျ စကားရပ်များ အက်ဉပဒေပုဒ်မ ၂(၂၉)ကို ရည်ညွှန်းသွားသည်။ ထိုပုဒ်မခွဲမှာ မရွေ့မပြောင်းနိုင်သော ပစ္စည်းဆိုသော စကားရပ် ၌ မြေနှင့် မြေတွင် ထာဝစဉ် ချည်နှောင်တွယ်ကပ်ထားသည့် အရာဝတ္ထုလည်းပါဝင်သည် ဟု အဓိပ္ပါယ်ဖွင့်ဆိုထားခြင်းသာ ဖြစ်သည်။ "အိမ်" ဆိုလျှင် ထိုအိမ်တည်ရှိရာ မြေလည်းပါရမည်ဟု အဓိပ္ပါယ်ဖွင့်ဆိုထားခြင်း မဟုတ်ပေ။ အိမ်ပိုင်သူသည် အိမ်တည်ရှိ ရာ မြေကိုပါပိုင်သည်ဟု ယူဆခြင်းမပြုနိုင်ပေ။ အိမ်ကို ပုဂ္ဂိုလ်တဦးကပိုင်ပြီး၊ အိမ်တည်ရှိ ရာမြေကို အခြားတယောက်ကပိုင်ဆိုင်ခြင်းလည်း ဖြစ်နိုင်သည်။

အထက်ပါအကြောင်းရပ်များကြောင့်၊ အယူခံကို ခွင့်ပြုကာ မူလရုံးစီရင်ချက်နှင့် ဒီကရီတို့ကို ပယ်ဖျက်လိုက်သည်။ အမှုတွင်ပေါ် ပေါက်လျက်ရှိသော အကြောင်းခြင်း ရာများအရ အမှုသည်တို့သည် နှစ်ဖုံးစလုံး၏ တရားစရိတ်များကို မိမိတို့ဘာသာကျခံ ကြရမည်ဖြစ်သည်။

---

(၃) ၁၉၄၉၊ မြန်မာပြည်စီရင်ထုံး၊ ၄၆ (တရားလွှတ်တော်ချုပ်)။

နိုင်ငံတော်တရားရုံးချုပ်

တရားမဒုတိယအယူခံမှု

တရားသူကြီး ဦးသက်ဖေ ရွှေတွင်

မစ္စတာ အန်၊ကေ၊ ဗိုင်ဒီယို (အယူခံတရားလို) † ၁၉၆၇

နှင့်

ဒေါက်တာ ဒေါ်သန်းခင် ပါ ၂ (အယူခံတရားခံများ)* နိုဝင်ဘာလ ၉ ရက်။

တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁—တရားမရုံးတရုံး၏ ဆုံးဖြတ်ချက်—အယူခံဝင်လျှင် အယူခံရုံး၏ ဆုံးဖြတ်ချက်သာ အပြီးအပိုင် ဆုံးဖြတ်ချက်ဖြစ်ခြင်း—အယူခံဝင်သော်လည်း အယူခံမှုကို ရုပ်သိမ်းလျှင် မူလရုံး၏ဆုံးဖြတ်ချက်သည် အပြီးအပိုင်ဆုံးဖြတ်ချက်ဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။တရားမရုံးတရုံး၏ ဆုံးဖြတ်ချက်ကိုအယူခံဝင်၍ အယူခံရုံးကဆုံးဖြတ်ချက်ချမှတ်သောအခါ အယူခံရုံး၏ဆုံးဖြတ်ချက်သာလျှင် တရားမကျင့်ထုံးပုဒ်မ ၁၁ တွင်အကျုံးဝင်သည့် အပြီးအပိုင်ဆုံးဖြတ်ချက် (ဝါ) မီးသေသောဆုံးဖြတ်ချက်ဖြစ်သည်ဟု မှတ်ယူရမည်ဆိုခြင်းကို မငြင်းနိုင်။ အကယ်၍အယူခံဝင်လင့်ကစား အယူခံမှုကို ရုပ်သိမ်းခဲ့လျှင်သော်ငင်း၊ အယူခံတရားလိုမလာရောက်၍ ပလပ်ခဲ့လျှင်သော်ငင်း၊ အခြားအကြောင်းတစုံတခုကြောင့် အယူခံကိုကျေညက်စွာစစ်းစားခြင်းမပြုဘဲ ပလပ်ခဲ့လျှင်သော်ငင်း မူလရုံး၏ဆုံးဖြတ်ချက်သည် အမှုသည်များအပေါ် အတည်ဖြစ်လျက်ရှိမည်ဖြစ်သည်။ တနည်းဆိုသော် မူလရုံး၏ဆုံးဖြတ်ချက်သည် အပြီးအပိုင် ဆုံးဖြတ်ချက် (ဝါ) မီးသေသောဆုံးဖြတ်ချက်ဖြစ်သည်ဟု ကောက်ယူရမည်။ အယူခံကိုရုပ်သိမ်းသည့်အကြောင်းကြောင့် မူလရုံး၏ဆုံးဖြတ်ချက်သည် အဟောသိကံဖြစ်ရမည်ဟု ယူဆခြင်းမပြုနိုင်ပေ။

ဗိုမူပါနား နှင့် ဗိုဂျာနရသာမယ်၊ အတွဲ ၆၊ မဒရပ်၊ ၄၃။ ဒီဘန်ဂါဒီစတြိတ်ဘုတ် နှင့် စူရပ်နာရိန်းဆင်ဟာ၊ အေ၊အိုင်၊အာ(ရ်)၊ ၁၉၃၆ ခု၊ ပတ္တနာ၊ ၁၉၈။ ဂီလာဘိုင် နှင့် ဘိုင်ဂျမာ၊ အတွဲ ၃၇၊ ဘုံဘိုင် ၁၇၂။ အာရ်ဒတ် နှင့် ဂျီဒတ်၊ အေ၊အိုင်၊အာ(ရ်)၊ ၁၉၃၂၊ အလာဟာဘတ် ၆၀၃ ရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။မစ္စတာ ဘီ၊ကေ၊ဆင်း။

အယူခံတရားခံများအတွက်။ ။ဦးဘကျော်။

---

* ၁၉၆၆ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၃၄။

† ၁၉၆၂ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၃၈ တွင် ၁၉၆၆ခု၊ ဩဂုတ်လ ၂၀ ရက်နေ့စွဲပါ မော်လမြိုင်မြို့၊ ခရိုင်တရားမ တရားသူကြီး၏အမိန့်ကိုအယူခံမှု။

ခေါ်ဝေါ်

မစ္စတာ အန်၊ ကေ၊ ဗို်ငဒီယို နှင့် ဒေါက်တာ ဒေါ်သန်းခင် ပါ ပါ ၂။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံတရားလိုအင်၊ကေ၊ဗို်ငဒီယိုသည်၊မော်လမြိုင်မြို့၊ အောက်လမ်းမကြီး၊ အမှတ် ၂၇၅ နေအိမ်ကို အယူခံတရားပြိုင် ဒေါက်တာ ဒေါ်သန်းခင်နှင့် မမြသန်းတို့ထံမှ တလလျှင် ငွေးရမ်းခ ၇၅ ကျပ်ဖြင့် ငွေးရမ်းနေထိုင်သည့် အိမ်ငွေးတဦးဖြစ်သည်၊ ၎င်းသည် အိမ်ငွေးရမ်းခများကို မှန်ကန်စွာ ပေးဆောင်ခြင်း မရှိသဖြင့်၊ အယူခံတရားပြိုင်တို့က ၎င်းအပေါ် အမှုများကို တထုံးပြီး တထုံး စွဲဆိုခဲ့ရလေသည်။ နောက်ဆုံး စွဲဆိုသည့် မော်လမြိုင်မြို့နယ် တရားမရုံး၏ ၁၉၆၁ ခုနှစ်၊ တရားမကြီးမှု အမှတ် ၁၂၀ မှာ၊ ဤအယူခံမှု ပေါက်ဖွားလာသည့် အမှုပင်ဖြစ်သည်။

ထိုအမှုတွင် အယူခံတရားပြိုင်တို့က အယူခံတရားလိုသည်၊ ၁၉၆၀ ခုနှစ်၊ ဧပြီလမှ ၁၉၆၁ ခုနှစ်၊ ဇွန်လကုန်အထိ ငွေးရမ်းခငွေ ၁,၁၂၅ ကျပ်ကို ပေးဆောင်ရန် ပျက်ကွက်ကြောင်း၊ ထို့ကြောင့် ၁၉၆၁ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင် အိမ်ရှင်-အိမ်ငွေး အဖြစ်မှ ရပ်စဲသည့် နို့တစ်စာ ပေးပို့ခဲ့ကြောင်း၊ ယင်းသို့ နို့တစ်စာ ပေးပို့သော်လည်း အယူခံတရားလိုသည် ဥပစာမှ ထွက်ခွါသွားရန် ငြင်းဆိုနေ၍ တရားစွဲဆိုရကြောင်း အဆိုပြုလာသည်။

အယူခံတရားလိုက အိမ်ငွေးလသည် အင်္ဂလိပ် ပြက္ခဒိန်လဆန်း ၃ ရက်နေ့မှ အစ ပြုသဖြင့် တရားပြိုင်တို့ ပေးပို့ခဲ့သော အိမ်ရှင်-အိမ်ငွေးအဖြစ်မှ ရပ်စဲသည့် နို့တစ်စာသည် တရားမဝင်ကြောင်း အဓိကအားဖြင့် ထုချေလေသည်။ ထိုထုချေချက်နှင့် ပတ်သက်၍ မြို့နယ်တရားမရုံးက မော်လမြိုင်မြို့ နယ်ပိုင်တရားမရုံး၏ ၁၉၄၉ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၃ တွင် အိမ်ငွေးလကို အင်္ဂလိပ်လဆန်း ၁ ရက်နေ့မှ လကုန်ထိ ရေတွက်သည်ဟုဆုံးဖြတ်ခဲ့ပြီး ဖြစ်၍၊ အယူခံတရားလိုသည် အိမ်ငွေးလကို အင်္ဂလိပ်လဆန်း ၃ ရက်နေ့မှ စသည်ဟု ငြင်းဆိုခြင်း မပြုနိုင်ကြောင်း၊ ထို့ကြောင့် ၎င်းအပေါ် ချအပ်ခဲ့သည့် နို့တစ်စာမှာ တရားဝင်ကြောင်း အဆုံးအဖြတ်ပြုကာ အယူခံတရားပြိုင်တို့ စွဲဆိုသည့်အတိုင်း ဒီကရီချမှတ်လိုက်သည်။

ထိုဒီကရီကို အယူခံတရားလိုက မကျေနပ်၍၊ မော်လမြိုင်မြို့ ခရိုင် တရားမရုံးသို့ အယူခံဝင်သော်လည်း အထမြောက် အောင်မြင်ခြင်း မရှိသဖြင့် ဤဒုတိယ အယူခံမှုကို တင်သွင်းလာခြင်း ဖြစ်သည်။

ဤအယူခံတွင် အယူခံတရားလို၏ ရှေ့နေ မစ္စတာ ဆင်းက မော်လမြိုင်မြို့ နယ်ပိုင် တရားမရုံး၏ ၁၉၄၉ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၃ တွင်၊ ချမှတ်ခဲ့သော ဆုံးဖြတ်ချက်မှာ တရားမကျင့်ထုံး ပုဒ်မ ၁၁ တွင် အကျုံးဝင်သည့် အပြီးအပိုင် ဆုံးဖြတ်ချက် (၀၁) **မီးသေသော** ဆုံးဖြတ်ချက် တခုမဟုတ်၍၊ အယူခံတရားလို အနေဖြင့် အိမ်ငွေးလသည် အင်္ဂလိပ်လဆန်း ၃ ရက်နေ့မှ စတင်သည်ဟု ပြောဆိုခွင့်ရှိကြောင်း၊

အလေးအနက် တင်ပြသွားသည်၊ ထိုတင်ပြချက်နှင့်ပတ်သက်၍ မစ္စတာ ဆင်းကအဆိုပါ အမှု၏ နောကဆုံး အယူခံမှုဖြစ်သည့် ယခင် တရားလွှတ်တော်၏၊ ၁၉၅၃ ခုနှစ်၊ တရားမ အထူးအယူခံမှုအမှတ် ၃ တွင် နှစ်ဦးနှစ်ဘက် ကြေအေးကာ အယူခံကို ပြန်လည် ရုပ်သိမ်းသဖြင့် ပလပ်လိုက်သောကြောင့်ယင်းအမှုတွင် ချမှတ်ခဲ့သော ဆုံးဖြတ်ချက်သည် အပြီးအပိုင် ဆုံးဖြတ်ချက် (၀၊) မီးသေသော ဆုံးဖြတ်ချက်တခု အဖြစ် ရုပ်တည်လျက် မရှိဟု အကြောင်းပြလာလေသည်။

၁၉၆၇
မစ္စတာ အန်၊ ကေ၊ ဗို့ဒ်ဒီယို နှင့် ဒေါက်တာ ဒေါ်ဆန်းခင် ပါ ပါ ၂။

မော်လမြိုင်မြို့ နယ်ပိုင် တရားမရုံး၏၊ ၁၉၄၉ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၃ တွင် အယူခံတရားပြိုင်တို့က အယူခံတရားလိုအပေါ် အခင်းဖြစ် ဥပစာပ္ပ ထွက်ခွါသွားရန် နှင့် အိမ်းငှါးရမ်းခ ကြေးမျှားကို ရလိုကြောင်း တရားစွဲဆိုခဲ့သည်၊ ထိုအမှုတွင် အိမ်ရှင်-အိမ်ငှါး ဆက်သွယ်မှုကို အင်္ဂလိပ်လကုန်တွင် ရပ်စဲခဲ့ရာ၊ အယူခံတရားလိုက အိမ်ငှါးလသည် အင်္ဂလိပ်လဆန်း ၃ ရက်နေ့က စတင်သဖြင့် နို့ တစ်စာမှာ တရားမဝင်ဟု ထုချေသည်။ နယ်ပိုင် တရားမတရားသူကြီးက ထိုထုချေချက်ကို လက်မခံဘဲ အိမ်ငှါးလသည် အင်္ဂလိပ် ပြက္ခဒိန် လဆန်း ပရက်နေ့မှ စတင်ခဲ့သည်ဟု ဆုံးဖြတ်ကာ အယူခံတရားပြိုင်တို့အား အနိုင်ဒီကရီပေးခဲ့၏။ ထိုဒီကရီကို မကျေနပ်သဖြင့် အယူခံတရားလိုသည် မော်လမြိုင် ခရိုင်တရားမရုံးသို့ အယူခံဝင်ရာ၊ ထိုရုံး၏ ၁၉၅၀ ခုနှစ်၊ တရားမ အယူခံမှုအမှတ် ၇ တွင် အိမ်ငှါးလသည် အင်္ဂလိပ်ပြက္ခဒိန် လဆန်းတရက်နေ့မှ စတင်ခဲ့သည်ဆိုသော ဆုံးဖြတ်ချက်ကို အတည်ပြုပြီး၊ အယူခံကို ပယ်ခဲ့လေသည်။ ထိုအယူခံရုံး၏ ဆုံးဖြတ်ချက်ကို အယူခံတရားလိုက ယခင် တရားလွှတ်တော်၏ ၁၉၅၂ ခုနှစ် တရားမ ဒုတိယ အယူခံမှုအမှတ် ၂၀ ၌ တဖန်အယူခံသော်လည်း၊ အောင်မြင်ခြင်း မရှိပေ၊ နောက်ဆုံးတွင် အယူခံတရားလိုသည် ယခင် တရားလွှတ်တော်၏ ၁၉၅၃ ခုနှစ်၊ တရားမ အထူးအယူခံမှုအမှတ် ၃ တွင် ထပ်မံ၍ အယူခံဝင်ပြန်သည်။ သို့ရာတွင် နှစ်ဦးနှစ်ဘက် ပြင်ပ၌ ကြေအေးလိုက်ပြီး၊ အယူခံမှုကို ရုပ်သိမ်းလိုက်၍ ထိုအထူးအယူခံမှုကို ရုံးမှ ပလပ်လိုက်လေသည်။

အထက်ပါ ဖြစ်ရပ်မျှားကို ဆင်ခြင်သုံးသပ်ပါလျှင် အိမ်ငှါးလ စတင်သော နေ့ ရက်မှာ၊ အင်္ဂလိပ် ပြက္ခဒိန် လဆန်းတရက်နေ့ဖြစ်ပြီး၊ လဆန်း ၃ ရက်နေ့ မဟုတ်ဟု ဆိုသော၏မူလရုံး ဆုံးဖြတ်ချက်ကို ပဌမအယူခံရုံးက လက်ခံခဲ့သည်၊ ဒုတိယ အယူခံရုံးကလည်း ပဌမ အယူခံရုံး၏ ဆုံးဖြတ်ချက်ကို အတည်ပြုခဲ့သည်၊ တတိယအယူခံရုံးသို့ ရောက်သောအခါ နှစ်ဦးနှစ်ဘက် သဘောတူညီချက်အရ အယူခံမှုကို ရုပ်သိမ်းလိုက်သဖြင့် ထိုဆုံးဖြတ်ချက်နှင့်ပတ်သက်၍ တစုံတရာ ဝေဖန်ခြင်း မပြုဘဲ၊ အယူခံကို ပလပ်ခဲ့လေသည်။ ယင်းသို့ နှစ်ဦးသဘောတူ ရုပ်သိမ်းသဖြင့် အယူခံကို ပလပ်သည့် အကြောင်းကြောင့်၊ ၎င်းဆုံးဖြတ်ချက်သည် အပြီးအပိုင် ဆုံးဖြတ်ချက် (၀၊) မီးသေ

၁၉၆၇

မစ္စတာ အန်၊ ကေ၊ ဗို့ငင်ဒီယို နှင့် ဒေါက်တာ ဒေါ်သန်းခင် ပါ ပါ ၂။

သော ဆုံးဖြတ်ချက်တစု မဟုတ်ဟု ဆိုနိုင်ပါမည်လော ဆိုသည့် ပြဿနာကို ဆန်းစစ်ရပေမည်။

တရားမရုံးတရုံး၏ ဆုံးဖြတ်ချက်ကို အယူခံဝင်၍ အယူခံရုံးက ဆုံးဖြတ်ချက် ချမှတ်သောအခါ အယူခံရုံး၏ ဆုံးဖြတ်ချက်သာလျှင် တရားမကျင့်ထုံး ပုဒ်မ ၁၁ တွင် အကျုံးဝင်သည့် အပြီးအပိုင် ဆုံးဖြတ်ချက် (၀၂) မီးသေသော ဆုံးဖြတ်ချက် ဖြစ်သည်ဟု မှတ်ယူရမည်ဆိုခြင်းကို မငြင်းနိုင်။ အကယ်၍ အယူခံဝင်လင့်ကစား၊ အယူခံမှုကို ရုပ်သိမ်းခဲ့လျှင်သော်၎င်း၊ အယူခံတရားလို မလာရောက်၍ ပလပ်ခဲ့လျှင်သော်၎င်း၊ အခြား အကြောင်း တစုံတခုကြောင့် အယူခံကို ကျေညက်စွာ စဉ်းစားခြင်း မပြုဘဲ ပလပ်ခဲ့လျှင်သော်၎င်း၊ မူလရုံး၏ ဆုံးဖြတ်ချက်သည် အမှုသည်များအပေါ် အတည်ဖြစ်လျက် ရှိမည်ဖြစ်သည်။ တနည်းဆိုသော် မူလရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပိုင် ဆုံးဖြတ်ချက် (၀၂) မီးသေသော ဆုံးဖြတ်ချက် ဖြစ်သည်ဟု ကောက်ယူရမည်၊ အယူခံကို ရုပ်သိမ်းသည့်အကြောင်းကြောင့် မူလရုံး၏ ဆုံးဖြတ်ချက်သည် အဟောသိကံ ဖြစ်ရမည်ဟု ယူဆခြင်း မပြုနိုင်ပေ။ ဤကိစ္စနှင့် ပတ်သက်၍ **ဗို့မူပါနားနှင့် ဗို့ဂျာနရသာမယ်** (၁) တို့အမှုတွင် အောက်ပါအတိုင်း ဆုံးဖြတ်ထားသည်ကို တွေ့မြင်နိုင်ပေသည်။

> "An adoption having been held to be valid by the High Court on appeal from a Subordinate Court, an appeal to the Privy Council was preferred when the parties entered into a compromise and the appeal was permitted to be withdrawn.
> Held that the decree of the High Court as to the validity of the adoption became final and was not affected by the compromise so as to allow the matter to be again litigated between the parties or their privies."

ဒါဘန်ဂါဒိစတြိတ်ဘုတ်နှင့် စူရပ်နာရိန်းဆင်ဟာ (၂)တို့ အမှုဌာလည်း အောက်ပါအတိုင်း ကောက်ယူခဲ့ပေသည်။

> "Although it is true that a judgment appealed from loses its finality for the time being, if the appeal fails or is not proceeded with, the judgment appealed from becomes final."

---

(၁) အတွဲ ၆၊ မဒရပ်၊ ၄၃။

(၂) အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၃၆ ခုနှစ်၊ ပတ္တနား၊ ၁၉၈။

ဂီလာဘိုင်နှင့် ဘိုင်ဂျမား (၃)၊ **အာ(ရ်)ဒတ်နှင့် ဂျီဒတ်** (၄) တို့တွင်လည်း အလားတူ ဆုံးဖြတ်ခဲ့ပေသည်။

ယခုအမှုတွင် အထက်၌ ဖေါ်ပြခဲ့သည့်အတိုင်း၊ အိမ်ငှါးလကို အင်္ဂလိပ် ပြက္ခဒိန် လဆန်း တရက်နေ့မှ စတင်ပြီး၊ သုံးရက်နေ့မှစတင်ခြင်းမဟုတ်ဟုဆိုသောဆုံးဖြတ်ချက်ကို နယ်ပိုင် တရားမရုံးသည် မူလရုံးအနေဖြင့် ချမှတ်ခဲ့၏။ ထိုဆုံးဖြတ်ချက်ကို ခရိုင် တရားမရုံးသည် ပဌမအယူခံရုံး အနေဖြင့် လက်ခံခဲ့သည်၊ ပဌမအယူခံရုံး၏ ဆုံးဖြတ်ချက်ကို ယခင် တရားလွှတ်တော်က ဒုတိယ အယူခံတွင် အတည်ပြုခဲ့လေသည်။ တတိယ အယူခံမှုမှာ အယူခံတရားလိုက ရှုပ်သိမ်းခဲ့သဖြင့် ဒုတိယ အယူခံရုံး၏ ဆုံးဖြတ်ချက်သည် အတည်ဖြစ်လျက် ရှိပေသည်။ ယင်းအတည်ဖြစ်လျက် ရှိသော ဆုံးဖြတ်ချက်မှာ အပြီးအပိုင် ဆုံးဖြတ်ချက် (၀၀) မီးသေသော ဆုံးဖြတ်ချက်မျှား ဖြစ်ကြောင်း ယုံမှားဘွယ်မရှိနိုင်၊ သို့အပြီးအပိုင် ဆုံးဖြတ်ချက် (၀၀) မီးသေသော ဆုံးဖြတ်ချက် ရှိပါလျက် ထိုကိစ္စကို အယူခံတရားလိုသည် အသစ်တဖန် ဆုံးဖြတ်ချက် ချမှတ်ပေးရန် တောင်းဆိုခြင်း မပြုနိုင်ပေ။

အထက်ပါ အကြောင်းရပ်များကြောင့် အောက်ရုံး နှစ်ရုံး၏ ကောက်ယူချက်သည် မှန်ကန်သည့်အလျောက် ဤဒုတိယအယူခံမှုကို တရားစရိတ်နှင့်တကွ ပလပ်လိုက်သည်။ ရွှေနေစရိတ် ၅၁ ကျပ် သတ်မှတ်လိုက်သည်။

---

(၃) အတွဲ ၃၇၊ ဘုံဘိုင်၊ ၁၇၂။

(၄) အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၃၂ ခုနှစ်၊ အလာဟာဘာဒ်၊ ၆၀၃။

နိုင်ငံတော်တရားရုံးချုပ်

တရားမ အထွေထွေအယူခံမှု

တရားသူကြီး ဦးစိန်သင်း ရွှေကွင်

မန်းအရိမ်း (လျှောက်ထားသူ)

နှင့်

ဒေါက်တာ ဒေါ်ရင်မေ (လျှောက်ထားခံရသူ)*

† ၁၉၆၇ ဒီဇင်ဘာလ ၃၀ ရက်။

ဒီကရီကျင့်မှုများကို အရစ်ကျပေးရန် လျှောက်ထားခြင်း—တရားမ ကျင့်ထုံးအမိန့် ၂၀၊ နည်းဥပဒေ ၁၁—တရားရုံးသည် အရစ်ကျပေးရန် အဖန်တလဲလဲ လျှောက်ထားပိုင်ခွင့်ရှိ/မရှိ။

ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံးအမိန့် ၂၀၊ နည်းဥပဒေ ၁၁ အရ လျှောက်လွှာကို ကာလစည်းကမ်းသတ် အက်ဥပဒေ၏ ပဌမဇယား အမှတ်စဉ် ၁၇၅ အရ၊ ဒီကရီရရှိသည့်နေ့မှ ၆ လအတွင်း တင်သွင်းရမည်ဖြစ်သည်။ အမှုတွင် တရားရုံး၏ နောက်ထပ် တင်သွင်းသည့် လျှောက်လွှာများမှ ဒီကရီရရှိပြီးနောက် ၆ လကျော်သောအခါမှ တင်သွင်းသည့် လျှောက်လွှာများ ဖြစ်ကြောင်း တွေ့ရှိရသည်။ သို့ရာတွင် ထိုလျှောက်လွှာများအပေါ် ၌ ချမှတ်ထားသည့် အမိန့်များကို တရားနိုင်ကကန့်ကွက်ထားခြင်း မရှိရကား ထိုအမိန့်များသည် တည်မြဲလျက် ရှိသည်ဟု ယူဆရမည်ဖြစ်သည်။ တရားရုံးသည် မိမိ၏အကျိုးငှါ၊ ယခင်က ရုံးတော်မှ ချပေးလိုက်သည့် အမိန့်များကို လိုက်နာခြင်း မရှိဘဲ နောက်ထပ် သက်သာခွင့် တောင်းခြင်းများကို ခွင့်ပြုရန် မည်သည့်နည်းနှင့်မျှ တရားမျှတမှု ရှိတော့မည် မဟုတ်ချေ။

လျှောက်ထားသူအတွက်။ ။ဦးစောသွင်။

လျှောက်ထားခံရသူအတွက်။ ။ဦးဝမ်ဟုတ်။

တရားသူကြီး ဦးစိန်သင်း။ ။ရန်ကုန်မြို့တော် တရားမရုံး၊ ၁၉၆၅ ခုနှစ်၊ တရားမကြီးမှု အမှတ် ၃၄၇ တွင်၊ တရားလို ဒေါ်ရင် မက၊ တရားခံ မန်းအရိမ်းအပေါ် ၌ အိမ်ခြံမြေကျန်ငွေ ၆,၃၁၁ ကျပ်ကို ပေးဆပ်ရန် စရိတ်နှင့်တကွ အနိုင်ဒီကရီရရှိခဲ့သည်။ ထို့ခုနှစ်က မန်းအရိမ်းက ဒီကရီကျင့်မှုများကို အရစ်ကျပေးရန် လျှောက်ထားသောကြောင့် ထိုရုံး၏ ၁၉၆၆ ခုနှစ်၊ တရားမ အသေးအဖွဲမှု အမှတ် ၈ တွင် တရားနိုင်ဇာရီပြု

---

* ၁၉၆၇ ခုနှစ်၊ တရားမအထွေထွေ အယူခံမှုအမှတ် ၃၈။

† ၁၉၆၇ ခုနှစ်၊ တရားမ အသေးအဖွဲအမှုအမှတ် ၃၁ တွင် ၁၉၆၇ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့စွဲပါ ရန်ကုန်မြို့၊ တရားမရုံးတော်၏ ချမှတ်သော ဒီကရီကိုအယူခံဝင်မှု။

လုပ်သည့်ငွေများကို တလလျှင် ၅၀၀ ကျပ်ကျဖြင့် ပေးဆပ်ရန် အမိန့်ချမှတ်ခဲ့သည်။ ထို့နောက်တဖန် တရားရုံးက အရစ်ကျငွေကို ၂၀၀ ကျပ်သို့ လျော့ပေါ့ရန် လျှောက်ထားပြန်ရာ၊ လုံလောက်သောအကြောင်းအချက်များမရှိသောကြောင့် ၎င်း၏လျှောက်လွှာကို ပယ်ချခဲ့သည်။ ထိုကဲ့သို့ ပယ်ချခဲ့ရပြီးနောက်၊ တရားရုံးက ထပ်မံလျှောက်ထားပြန်ရာ၊ ၁၉၆၇ ခုနှစ်၊ တရားမ အသေးအဖွဲမှုအမှတ် ၃၁ တွင်အရစ်ကျ ပေးရန်ငွေကို ၃၅၁ ကျပ်သို့ လျော့ပေါ့ရန် အမိန့်ချမှတ်ပြန်သည်။ ထိုအမိန့်ကို မကျေနပ်သဖြင့် ယခု ကျွန်ုပ်ဦးရှိ အယူခံလွှာကို တင်သွင်းခြင်းဖြစ်သည်။ အယူခံလွှာတွင် ဖေါ်ပြထားသည့် အဓိကအကြောင်းပြချက်မှာ ဝင်ငွေလုံးဝ မရှိသည့် အယူခံတရားလိုအား အရစ်ကျငွေ တလလျှင် ၃၅၁ ကျပ်စီပေးစေရန် ချမှတ်သည့် အမိန့်သည် တရားရုံးအား ညှဉ်းပန်းရာကျရောက်သဖြင့် ထိုကဲ့သို့ အမိန့်ချမှတ်ခြင်းသည် မှားယွင်းပါသည်ဟူသော အချက်ဖြစ်သည်။ မူလရုံး တရားသူကြီးသည် မိမိ၏စီရင်ချက်၌ တရားရုံး၏ စီးပွါးရေးကြပ်ဟည်းမှုကို ထည့်သွင်းစဉ်းစားပြီး၊ အရစ်ကျပေးရန် ငွေကို ၃၅၀ ကျပ်သို့ လျော့ပေါ့လိုက်ခြင်းဖြစ်သည်ဟု ဖေါ်ပြထားသည်။ မည်သို့ပင်ဖြစ်စေကာမူ ဤအယူခံမှုဌာန အလွန်အရေးကြီးသည့် စဉ်းစားစရာအချက်မှာ တရားရုံးသည် တရားမကျင့်ထုံးအမိန့် ၂၀၊ နည်းဥပဒေပုဒ်မ ၁၁ အရ အဖန်တလဲလဲ လျှောက်ထားပိုင်ခွင့်ရှိ မရှိဟူသော အချက်ဖြစ်သည်။ အဆိုပါ (အမိန့် ၂၀၊ နည်းဥပဒေ ၁၁ အရ လျှောက်လွှာကို ကာလစည်းကမ်းသတ် အက်ဥပဒေ၏ ပဋမဇယား အမှတ်စဉ် ၁၇၅ အရ ဒီကရီရရှိသည့် နေ့မှ ၆ လအတွင်း တင်သွင်းရမည်ဖြစ်သည်။) ဤ (အမှုတွင် တရားရုံး၏ နောက်ထပ် တင်သွင်းသည့် လျှောက်လွှာများမှာ ဒီကရီရရှိပြီးနောက် ၆ လကျော်သောအခါမှ တင်သွင်းသည့် လျှောက်လွှာများဖြစ်ကြောင်း တွေ့ရှိရသည်။ သို့ရာတွင်၊ ထိုလျှောက်လွှာများအပေါ်၌ ချမှတ်ထားသည့် အမိန့်များကို တရားနိုင်က ကန့်ကွက်ထားခြင်း မရှိရကား၊ ထိုအမိန့်များသည် တည်မြဲလျက်ရှိသည်ဟု ယူဆရမည်။) သို့ရာတွင် တရားရုံးက မဒကျနပ်သဖြင့် အရစ်ကျပေးရန်ငွေကို ၃၅၀ ကျပ်ထက်ထပ်၍ လျော့ရန် လျှောက်ထားခြင်းကို ခွင့်ပြုနိုင်မည်မဟုတ်ချေ။ (တရားရုံးသည် မိမိ၏ အကျိုးငှါ ယခင်က ရုံးတော်မှ ချမှတ်ပေးလိုက်သည့် အမိန့်များကို လိုက်နာခြင်းမရှိဘဲ နောက်ထပ် သက်သာခွင့်တောင်းခြင်းများကို ခွင့်ပြုပါက၊ မည်သည့်နည်းနှင့်မျှ တရားမျှတမှု ရှိတော့မည်မဟုတ်ချေ။) ဒီကရီကျငွေ၏ ပမာဏနှင့်တကွ တရားရုံးပေးသွင်းပြီးဖြစ်သည့် ငွေများကို ထောက်ဆခြင်းအားဖြင့် ဤအမှု၌ မူလရုံးက တလလျှင် အရစ်ကျငွေကို ၃၅၀ ကျပ်နှုန်းဖြင့် သတ်မှတ်လိုက်ခြင်းဖြင့် မှုတမူရှိသည်ဟု ယူဆရမည်။

အထက်ဖေါ်ပြပါ အကြောင်းများကြောင့် ယခု ကျွန်ုပ်ရှေ့ရှိ အယူခံလွှာကို ပယ်သိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်

တရားမအထွေထွေလျှောက်လွှာ

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်နှင့် တရားသူကြီး ဦးထွန်းတင်တို့ ရှေ့တွင်

† ၁၉၆၇

ဒီဇင်ဘာလ ၃၀ ရက်။

မောင်သာလှိုင် (လျှောက်ထားသူ)

နှင့်

မစိစိဝင်းပါ ၅ (လျှောက်ထားခံရသူများ)*

ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆—တရားမ ကျင့်ထုံးအမိန့် ၂၁၊ နည်းဥပဒေ (၁) ခွင်းချက်အရ ချမှတ်သည့်အမိန့်—၎င်းအမိန့်မှာ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၆ နှင့် အကျုံးဝင်သည့် အမိန့်တရပ် ဖြစ်သည်ဟူ၍ ယူဆရန်ဖြစ် မဖြစ်။

ဆုံးဖြတ်ချက်။ ။လျှောက်ထားသူသည် လူမဲ့အဖြစ် ရှိသည်မှာ မှန်ကန်သည်ဆိုစေဦး၊ လူမဲ့အဖြစ်နှင့် တံဆိပ်တော်ခေါင်းဘိုး ထမ်းဆောင်ပြီး၊ အယူခံ တင်သွင်းနိုင်ရန် အခြေအနေ မရှိသဖြင့် ၎င်း၏ အခွင့်အရေး ဆုံးရှုံးရန် ရှိသောကြောင့် ထိုအမိန့်မျိုးမှာ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ တွင် အကျုံးဝင်သည့် အမိန့်တရပ် ဖြစ်သည်ဆိုခြင်းကိုမူ လက်ခံနိုင်ရန် ခဲယဉ်းပေသည်။ အဘယ်ကြောင့်ဆိုသော် ပြင်ဆင်သည့်ရုံးမှ တရားမကျင့်ထုံးအမိန့် ၄၄၊ နည်းဥပဒေ (၁) ခွင်းချက်အရ ချမှတ်လိုက်သည့် အမိန့်မှာ လူမဲ့အဖြစ်နှင့် အယူခံရန်ခွင့်မပြုသည့် အမိန့်တရပ်သာ ဖြစ်သဖြင့် လူတဦးတယောက်သည် ထိုအမိန့်ကို မကျေနပ်ပါက လိုအပ်သည့် တံဆိပ်တော်ခေါင်းဘိုး ထမ်းဆောင်ပါက အယူခံ တင်သွင်းနိုင်ခွင့် ရှိသဖြင့် ၎င်းအမိန့်မှာ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ နှင့် အကျုံးဝင်သည့် အပြီးသတ် အမိန့်တရပ် ဖြစ်သည်ဟူ၍ မည်သို့မျှ ယူဆရန် မဖြစ်နိုင်ပေ။

လျှောက်ထားသူအတွက်။ ။

လျှောက်ထားခံရသူအတွက်။ ။ဦးကိုကိုကြီး။

ရုံး တရားသူကြီး ဦးထွန်းတင်။ ။ယခုအမှုမှ လျှောက်ထားသူ မောင်သာလှိုင်က၊ ရန်ကုန်မြို့တော် တရားမခုံး၊ ၁၉၆၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၀၅၈ တွင်၊ မငွေရှိန်

---

* ၁၉၆၇ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာအမှတ် ၉၉။

† ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၆ အရ၊ ဤရုံး၏ တရားမပဌမအယူခံမှုအမှတ် ၁၇/၆၆ တွင် ၁၉၆၇ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့စွဲပါ အမိန့်ကို မကျေနပ်၍ အသူးအယူခံဝင်ခွင့် ရရှိရန် လျှောက်ထားသည့် လျှောက်လွှာ။

ဆုသူအပေါ် ၎င်း၏ကွယ်လွန်သူမိခင် ဒေါ်ငွေရ က၊ ၁၉၆၁ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့ တွင် ဖွင့်လှစ်သည့် (၉၈) ကြိမ်မြောက် အောင်ဘာလေသိန်းဆု ထီလက်မှတ် အမှတ် က ၂၃၁၉၂၇ ကိုဝယ်ယူပြီး၊ မငွေရှိန်ထံ အပ်နှံထားခဲ့ရာ၊ ထိုလက်မှတ်မှ ဆုငွေ ၅၀,၀၀၀ ပေါက်သောကြောင့်၊ လက်မှတ်ကို ပြန်လည်ရရှိရန်အတွက် မငွေရှိန်ထံ တောင်းဆိုခဲ့သော်လည်း မရရှိသဖြင့် တရားစွဲဆိုခဲ့ပေသည်။ သို့ရာတွင် ၎င်းအမှုမှာ စရိတ်နှင့် ပလပ်ခြင်း ခံခဲ့ရလေသည်။ ထိုသို့ပလပ်ရာ၌ ရုံးတော်မှ တရားလိုဖြစ်သူ မောင်သာလှိုင်က အချင်းဖြစ်သည့် ထီလက်မှတ်မှာ ၎င်း၏မိခင် မငွေရ မကွယ်လွန်မီက ဝယ်ယူထားခဲ့သည့် လက်မှတ်ဖြစ်ကြောင်းလုံလောက်ထင်ရှားခြင်းမရှိ၊ ထိုလက်မှတ်မှာ မငွေရှိန်က ဝယ်ယူခဲ့သည့် လက်မှတ်သာဖြစ်ကြောင်း တွေ့ရှိရသည်ဆိုပြီး၊ လျှောက်ထားသူ၏အမှုကို စရိတ်နှင့်တကွ ပလပ်လိုက်ခြင်း ဖြစ်ပေသည်။ ထိုသို့ ချမှတ်လိုက်သည့် စီရင်ချက်နှင့် ဒီကရီကို လျှောက်သူက မကျေနပ်၍ လူမဲ့အဖြစ်နှင့် အယူခံခွင့် ပြုပါရန် ဤရုံး ၁၉၆၆ ခုနှစ်၊ တရားမအထွေထွေ လျှောက်လွှာအမှတ် ၁၇ တွင် လျှောက်ထားခဲ့ရာ၊ တရားမကျင့်ထုံးအမိန့် ၄၄၊ နည်းဥပဒေ (၁)အရ ဆင်ခြင်စဉ်းစားရာ၌ အောက်ရုံးက ချမှတ်ခဲ့သည့် အမိန့်မှာ ဥပဒေနှင့် ဆန့်ကျင်ခြင်း ဖြစ်နေသည်ဟုငင်း၊ ဥပဒေကဲ့သို့ အင်္ဂါများရှိသည့် မလေထုံးစံနှင့်ဆန့်ကျင်နေသည်ဟုငင်း တနည်းအားဖြင့် မှားယွင်း၍ တရားမျှတမှု ကင်းမဲ့ နေသည်ဟုငင်းမတွေ့ရှိရဟု ဆိုပြီး၊ လူမဲ့အဖြစ်နှင့် အယူခံခွင့်ပြုရန် လျှောက်ထားသည်ကို ပလပ်လိုက်လေသည်။

ထိုသို့ လျှောက်ထားသူအား လူမဲ့အဖြစ်နှင့် အယူခံဝင်ခွင့် မပြုဘဲ၊ လျှောက်ထားသည်ကို ပလပ်လိုက်သဖြင့် လျှောက်ထားသူက ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ အရ၊ ထိုအမိန့်မှ အခွင့်ထူး အယူခံဝင်ခွင့်ပြုရန် ယခုလျှောက်ထားခဲ့ခြင်း ဖြစ်သည်။

လျှောက်ထားသူ၏ လျှောက်လွှာနှင့် ပတ်သက်၍၊ ၎င်း၏ ရှေ့နေကြီးက ဤရုံး ၁၉၆၆ ခုနှစ်၊ တရားမအထွေထွေ လျှောက်လွှာအမှတ် ၁၇ တွင်၊ ချမှတ်ခဲ့သည့်အမိန့်မှာ ပြည်ထောင်စု တရားစီရင်ရေးအက်ဥပဒေပုဒ်မ ၆ တွင် အကျုံးဝင်သည့် အယူခံနိုင်သော အပြီးသတ် အမိန့်တရပ် ဖြစ်ပါသလားဆိုသည့် ပြဿနာနှင့် စပ်လျဉ်း၍ ၎င်း၏ အမှုသည်မှာ ဆင်းရဲနွမ်းပါးသူတယောက် ဖြစ်သဖြင့် လူမဲ့အဖြစ်နှင့် အယူခံဝင်ခွင့် မရရှိပါက မိမိ၏ အခွင့်အရေးမှာ လုံးဝဆုံးရှုံးရန်သာ ရှိသဖြင့် ထိုအမိန့်မှာ ပုဒ်မ ၆ တွင် အကျုံးဝင်သည့်အမိန့်မျိုး ဖြစ်ပါသည်ဟု ယူဆသင့်ကြောင်း တင်ပြသွားသည်၊ ၎င်း အချက်နှင့် ပတ်သက်၍၊ လျှောက်သူ၏ ရှေ့နေကြီးက၊ လျှောက်သူက မူလရုံးမှ ချမှတ်သည့် စီရင်ချက်နှင့် ဒီကရီနှင့် ပတ်သက်၍ လူမဲ့အဖြစ်နှင့်အယူခံဝင်ခွင့် မရရှိသော်လည်း၊ လိုအပ်သည့် တံဆိပ်တော်ခေါင်းဘိုး ပေးဆောင်ပါက၊ အယူခံနိုင်ခွင့်

ဘုဖြာ မောင်ဆာလှိုင် နှင့် မစီစီဝင်း ပါ ၅။

ရှိကြောင်းမှာ ဝန်ခံပေသည်။ သို့ရာတွင် လျှောက်သူက မိမိ၏အမှုသည်မှာ အမှန်ပင် တံဆိပ်တော်ခေါင်းဘိုးထမ်းဆောင်နိုင်ရန်ပစ္စည်းဥစ္စာအင်အားမရှိသဖြင့်တရားမကျင့်ထုံး အမိန့် ၄၃၊ နည်းဥပဒေ (၁) ခြွင်းချက်အရ၊ လျှောက်သူအား လူမဲ့အဖြစ်နှင့် အယူခံ နိုင်ခွင့် မပြုပါက၊ ၎င်းမှာ အခြားသက်သာခွင့် ရှိလင့်ကစား ထိုသက်သာခွင့်ကို အသုံး ချနိုင်ရန် ပစ္စည်းဥစ္စာအင်အား မရှိသဖြင့် ပိတ်ပင်ခြင်း ဖြစ်နေသောကြောင့် လျှောက် ထားသူ၏ အခြေအနေအရ ဆင်ခြင်သော်၊ ၎င်းအမိန့်မှာ အပြီးသတ် အမိန့်တခုသာ ဖြစ်သည်ဟု ယူဆရန်ရှိသဖြင့်၊ အခွင့်ထူး အယူခံဝင်ခွင့် ပေးသင့်ပါသည်ဟု တင်ပြ သွားလေသည်။

လျှောက်ထားသူက မူလရုံးမှ ချမှတ်ပေးသည့် စီရင်ချက်နှင့် ဒီကရီကို မကျေနပ်၍ ဤရုံးသို့ လူမဲ့အဖြစ်နှင့် အယူခံဝင်ခွင့်ပြုရန် လျှောက်ထားသည့်အခါက၊ အမှုနှင့် ပတ်သက်၍ နှစ်ဦးနှစ်ဘက်တင်ပြသည့် အချက်အလက်များကို ကျယ်ပြန့်စွာ ရုံးမှ စဉ်းစားပြီး၊ မူလရုံးမှ ချမှတ်ပေးခဲ့သည့် အမိန့်မှာ ဥပဒေအရ မည်သို့မျှ မှားယွင်း ချွတ်ချော်ခြင်း ဖြစ်နေကြောင်း မတွေ့ရှိသည်ကို စီရင်ချက်တွင် သေချာစေ့စပ်စွာ ဖော်ပြထားခဲ့ပြီးဖြစ်သည်။ သို့တွက် လျှောက်ထားသူမှာ မူလရုံးမှ ချမှတ်ခဲ့သည့် စီရင်ချက်နှင့် ဒီကရီအတွက် ဤရုံး၌ ပြင်ဆင်မှု လျှောက်ထားစဉ်အခါက ဘာကြိမ် ကြားနာခွင့် ရရှိခဲ့ပြီး ဖြစ်ပေသည်၊ တဖန် လူမဲ့အဖြစ်နှင့် အယူခံတင်သွင်းသည့် ကိစ္စနှင့် စပ်လျဉ်း၍၊ သတ်မှတ်ထားသည့် တရားမကျင့်ထုံးအမိန့် ၄၄ နှင့် နည်းဥပဒေများမှာ အများအတွက် ချမှတ်ထားသည့် နည်းဥပဒေ ဖြစ်ပေသည်၊ ယခုအမှုတွင် (လျှောက် ထားသူမှာ အယူခံအတွက် လိုအပ်သည့် တံဆိပ်တော်ခေါင်းဘိုးများ ထမ်းဆောင် နိုင်ရန် ပစ္စည်းဥစ္စာ အင်အား မရှိကြောင်း ပြဆိုချက်မှာ ကန်မှန်သည်ဟု ယခုအခိုက် အတန့်တွင် လက်ခံနိုင်ရန် မဖြစ်နိုင်သေးပေ။) လျှောက်ထားသူသည် လူမဲ့အဖြစ် ရှိသည်မှာ မှန်ကန်သည် ဆိုစေဦး) သေျာက်သူ၏ ချွေနေကြီး တင်ပြသကဲ့သို့ [လူမဲ့ အဖြစ်နှင့် တံဆိပ်တော်ခေါင်းဘိုး ထမ်းဆောင်ပြီး အယူခံ တင်သွင်းနိုင်ရန် အခြေအနေ မရှိသဖြင့်၊ ၎င်း၏အခွင့်အရေး ဆုံးရှုံးရန် ရှိသော်ကြောင့် ထိုအမိန့်မျိုးမှာ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ တွင် အကျုံးဝင်သည့် အပြီးသတ် အမိန့်တရပ် ဖြစ်သည်ဆိုခြင်းကိုမူ လက်ခံနိုင်ရန် ခဲယဉ်းပေသည်။ အဘယ်ကြောင့်ဆိုသော် ပြင်ဆင် သည့်ရုံးမှ တရားမကျင့်ထုံးအမိန့် ၄၄၊ နည်းဥပဒေ (၁) ခြွင်းချက်အရ၊ ချမှတ်လိုက် သည့်အမိန့်မှာ လူမဲ့အဖြစ်နှင့် အယူခံရန် ခွင့်မပြုသည့် အမိန့်တရပ်သာ ဖြစ်သဖြင့် လူတဦးတယောက်သည် ထိုအမိန့်ကို မကျေနပ်ပါကလိုအပ်သည့် တံဆိပ်တော်ခေါင်းဘိုး ထမ်းဆောင်ပါက၊ အယူခံ တင်သွင်းနိုင်ခွင့် ရှိသဖြင့်၊ ၎င်းအမိန့်မှာ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ နှင့် အကျုံးဝင်သည့် အပြီးသတ်အမိန့်တရပ်

ဖြစ်သည်ဟူ၍ မည်သို့မျှ ယူဆရန် မဖြစ်နိုင်ပေ။] သို့တွက် လျှောက်သူ၏ ရှေ့နေကြီး တင်ပြချက်မှာ လျှောက်သူ၏ ပစ္စည်းအင်အား အခြေအနေအရ တဦးအတွက် မှန်ကန်သော်လည်း၊ ဥပဒေ ပြဋ္ဌာန်းချက်တို့မှာ အများအတွက် အကျိုးသက်ရောက်ရန် ပြဋ္ဌာန်းထားခြင်း ဖြစ်သဖြင့်၊ တဦးချင်း ခွဲခြားစီစစ်၍ ဥပဒေ လိုအပ်ချက်များကို ကောက်ယူရန် မဖြစ်နိုင်ပေ။

၁၉၆၇ မောင်သာလှိုင် နှင့် မစီစီဝင်း ပါ ၅။

ထို့အပြင် ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၆ အရ၊ အခွင့်ထူး အယူခံဝင်ခွင့် ပေးရန်နှင့် ပတ်သက်၍ ဆင်ခြင်သည့်အခါတွင် အရေးကြီးသည့် ဥပဒေ ပြဿနာတရပ်၊ သို့မဟုတ် အများနှင့် သက်ဆိုင်သည့် ဥပဒေပြဿနာတရပ် ပေါ်လွင်နေသည့် အခါကျမှသာ၊ အခွင့်ထူး အယူခံဝင်ခွင့် ပေးရမည် ဖြစ်ပေသည်။ ယခုမှာမူ လျှောက်ထားသူ တင်ပြချက်တို့မှာ တဦးတယောက်နှင့်သာ သက်ဆိုင်သည့် ပြဿနာ ဖြစ်ပြီး၊ အများနှင့် သက်ဆိုင်ခြင်းမရှိ၊ ထိုသို့ တဦးတယောက်နှင့် သက်ဆိုင်ချက်ကို မူတည်၍၊ ခွင့်ပြုလိုက်ပါက၊ နောင်ကိုထို့မူအရပင်၊ ဆောင်ရွက်ရမည်ဖြစ်သဖြင့် အများ အတွက်ပြုလုပ်ထားသည့် တရားဥပဒေမှာ မည်သို့မျှ တန်ဘိုးရှိတော့မည် မဟုတ်ပေ။

ဖော်ပြပါ အကြောင်းများကြောင့်၊ အထက်က ပြဆိုခဲ့သည့်အတိုင်း ယခုလျှောက် လွှာနှင့် ပတ်သက်၍၊ လျှောက်ထားသူက ပြင်ဆင်သည့်ရုံးမှ ၎င်းအား လူမဲ့အဖြစ်နှင့် အယူခံဝင်ရန် ခွင့်မပြုခဲ့သည့်အမိန့်မှာ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ တွင်အကျုံးဝင်သည့် အပြီးသတ် အမိန့်တရပ်ဖြစ်ကြောင်း မည်သို့မျှ ထင်ရှား ပေါ်လွင်အောင် ပြဆိုနိုင်ခြင်း မရှိသဖြင့် ထိုသို့ ယူဆရမည်ဟူ၍လည်း ကျွန်ုပ်တို့ မတွေ့ရှိရသောကြောင့် ယခုလျှောက်လွှာကို ခွင့်ပြုလက်ခံနိုင်ရန် အကြောင်းမရှိသဖြင့် ပလပ်လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်

တရားမအထွေထွေလျှောက်လွှာ

တရားသူကြီး ဦးသက်ဖေ ရွှေတွင်

† ၁၉၆၇ ဒီဇင်ဘာလ ၅ ရက်။

သိန်းသိန်းဝင်း ကျားဘမ်းပရုပ်ဆိ ထုတ်လုပ်ရေး လုပ်ငန်းနှင့် ခင်မောင်လိ ပလတ်စတိပ် လုပ်ငန်း [၎င်းကိုယ်စား ဦးကမာ(လ်)] (အယူခံတရားလို)

နှင့်

အလုပ်သမား လျော်ကြေးမင်းကြီး (အယူခံတရားခံ)*

အလုပ်သမားလျော်ကြေး အက်ဥပဒေ—ယာယီ အလုပ်သမား—လုပ်ငန်းနှင့် ပတ်သက်သည့် အလုပ်ကို လုပ်ကိုင်ခြင်း—ထိုဥပဒေပုဒ်မ ၂ (၁) (အင်)နှင့် အကျုံးဝင်သည့် အလုပ်သမားဖြစ်မဖြစ်—အလုပ်သမား တဦးသည် အလုပ်ရုံသို့ အလုပ်ချိန် မတိုင်မီ ကြိုတင်၍လာရောက်ခြင်း—အလုပ်ချိန်မစမီ အလုပ်ခွင်ကို ဝင်ရောက် လုပ်ကိုင်ခြင်း—ထိခိုက် ဒဏ်ရာရလျှင် အလုပ်ချိန် အတွင်း၌ပင် ဖြစ်ပွါးသည်ဟု ကောက်ယူရန်သင့် မသင့်။

ဆုံးဖြတ်ချက်။ ။အလုပ်သမား တဦးသည် ယာယီအလုပ်သမားပင် ဖြစ်လင့်ကစား လုပ်ငန်းနှင့် ပတ်သက်သည့် အလုပ်ကို လုပ်ကိုင်ရပါမူ ထိုအလုပ်သမားသည် အလုပ်သမား လျော်ကြေး အက်ဥပဒေ ပုဒ်မ ၂ (၁) (အင်)နှင့် အကျုံးဝင်သည့် အလုပ်သမားဖြစ်သည်ဟု ကောက်ယူရမည် ဖြစ်သည်။

အမှုဒူဟူစိန် နှင့်နိုင်ငံတော် အတွင်းဝန်၊ အတွဲ ၁၁၊ ရန်ကုန်စီရင်ထုံး၊ ၎၃၃ ရည်ညွှန်းသည်။

အယူခံတရားလိုတို့၏ လုပ်ငန်းအချိန်မှာ မည်သည့်နာရီကစတင်ပြီး မည်သည့်နာရီတွင် ပြီးဆုံးသည်ဟု အတိအကျ သတ်မှတ်ကာ အမျှားသိသာအောင် ရေးဆွဲထားခြင်းမရှိ။ အလုပ်သမား တဦးဖြစ်သူ မောင်သိန်းအောင်သည် အလုပ်ရုံ၌သော်၎င်း၊ အလုပ်ရုံ အနီးအနား၌သော်၎င်း၊ နေထိုင်သူတယောက် မဟုတ်သဖြင့် အလုပ်ရုံသို့ အလုပ်ချိန်မတိုင်မီ ကြိုတင်၍ လာရောက်ရမည် ဖြစ်သည်။ ယင်းသို့ ကြိုတင်လာရောက်သဖြင့် အလုပ်ချိန်မစမီ အလုပ်ရုံသို့ ရောက်ရှိပြီး အလုပ်လုပ် နေစဉ် ထိခိုက်ဒဏ်ရာရခဲ့လျှင် အလုပ်ချိန် အတွင်း၌ပင် ဖြစ်ပွါးသည်ဟု ကောက်ယူရမည်ဖြစ်သည်။ အလုပ်သမားတဦးသည် အလုပ်ချိန်မစမီ အလုပ်ရုံသို့ ရောက်ရှိပြီး အလုပ်ခွင်ကို ဝင်ရောက်လုပ်ကိုင်

---

* ၁၉၆၇ ခုနှစ်၊ တရားမအထွေထွေ အယူခံမှုအမှတ် ၁၆။

† ၁၉၆၆ ခုနှစ်၊ လျော်ကြေးမှုအမှတ် ၄ တွင် ၁၉၆၇ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့စွဲပါ ရန်ကုန်မြို့၊ အလုပ်သမား လျော်ကြေးမင်းကြီး၏ အမိန့်ကို အယူခံဝင်မှု။

ခြင်းမှာ အလုပ်ရှင်၏ အကျိုးကျေးဇူးအတွက်ပင် ဖြစ်သည့်အလျောက်၊ ယင်းသို့ အလုပ်လုပ်ရင်း ထိခိုက်ဒဏ်ရာရရှိလျှင် အလုပ်ခွါန်အတွင်းမဟုတ်၍ တာဝန်မရှိဟု အလုပ်ရှင်က ဆင်ခြေမတက်နိုင်ပေ။ ထို့အပြင် အလုပ်ခွါန် မစမီ မည်သူမျှ အလုပ်မလုပ်ရဟု အတိအလင်း တားမြစ်ထားခြင်းလည်း မရှိသဖြင့် အလုပ်ခွါန်မစမီ အလုပ်လုပ်ရင်း သေဆုံးခဲ့ရသည့် မောင်သိန်းအောင်သည်· အလုပ်ခွါန်အတွင်း သေဆုံးခဲ့ခြင်း ဖြစ်သည်ဟု ယူဆရပေမည်။

ရှပ် နှင့် ဂျွန်ဆင်အင် ကုမ္ပဏီလီမိတက်၊ (၁၉၀၅) ကေ၊ ဘီ၊ ၁၃၉ ရည်ညွှန်းသည်။ ဖူးကားအင် **ကုမ္ပဏီလီမိတက် နှင့် ဒေါ်အေးရင်၊** ၁၉၄၇၊ ရန်ကုန်စီရင်ထုံး၊ ၂၂၃ ခြားနားပြသည်။

အယူခံတရားလိုအတွက်။ ။ဦးဘညွန့်။

အယူခံတရားခံအတွက်။ ။အစိုးရရှေ့နေကြီး မစ္စတာရှိ.(ရှ်)။

တရားသူကြီး ဦးသက်ဖေ။ ။ရန်ကုန်မြို့၊ အလုပ်သမား လျော်ကြေးမင်းကြီးက ရန်ကုန်မြို့၊ ၁၂၁ လမ်း၊ အမှတ် ၆၀ ရှိ ခင်မော်လီပလပ်စတစ် လုပ်ငန်းနှင့် သိန်းသိန်းဝင်း ကျားကလေးဘမ်းပရုပ်ဆီ ထုတ်လုပ်ရေး လုပ်ငန်းအပေါ် အလုပ်သမားတဦးဖြစ်သူ မောင်သိန်းအောင် (ခေါ်) မောင်ဟာရှင် သေဆုံးခဲ့ရသည့်အတွက် လျော်ကြေးငွေ ၂,၁၆၀ ကျပ်ကို သေးဆုံးသူ၏ မိဘများဖြစ်ကြသည့် ဦးပါကြီးနှင့် ဒေါ်အမာတို့အား ပေးဆောင်ရန် အမိန့်ချမှတ်ခဲ့ရာ၊ အလုပ်ရှင်တို့က မကျေနပ်သဖြင့် ဤအယူခံမှု ပေါ်ပေါက်လာရခြင်း ဖြစ်သည်။

အလုပ်ရှင်တို့က သေဆုံးသူ မောင်သိန်းအောင်သည် လခစား အလုပ်သမားလည်း မဟုတ်၊ နေ့စား အလုပ်သမားလည်း မဟုတ်ကြောင်း၊ ဘမ်းပရုပ်ဆီဘူးများကို နေ့ပြန်ပေးယူပြီး လက်လီရောင်းချသူ တဦးသာဖြစ်၍၊ အလုပ်သမား လျော်ကြေး အက်ဥပဒေနှင့် အကျုံးဝင်သည့် အလုပ်သမား တဦးမဟုတ်ကြောင်း၊ ထို့ပြင် မောင်သိန်းအောင်သည် အလုပ်ခွါန်အတွင်း ထိခိုက်သေဆုံးခြင်း မဟုတ်၍ လျော်ကြေးပေးရန် တာဝန် မရှိကြောင်း ထုချေခဲ့ကြသည်။ သို့ရာတွင် လက်ထောက် **အလုပ်သမား** မင်းကြီးသည် နှစ်ဘက်တင်ပြသော သက်သေများကို စစ်ဆေးပြီးနောက် မောင်သိန်းအောင်သည် အယူခံ တရားလိုတို့၏ အလုပ်သမား တဦးဖြစ်ကြောင်း၊ မောင်သိန်းအောင်သည် အလုပ်ခွင်၌ အလုပ်ခွါန်အတွင်း ဝတ္တရား ဆောင်ရွက်စဉ် ထိခိုက်သေဆုံးခဲ့ရခြင်း ဖြစ်ကြောင်း ကောက်ယူဆုံးဖြတ်ခဲ့လေသည်။

သေဆုံးသူ မောင်သိန်းအောင်သည်၊ မဝင်းကြည် (ခေါ်) **မစကီနာဘီဘီနှင့် ဦးအုံးတို့၏ ထွက်ဆိုချက်များအရ၊ အယူခံ တရားလိုတို့၏** အလုပ်သမားတဦးဖြစ်သည် ဆိုခြင်းမှာ ယုံမှားဘွယ်မရှိ၊ မဝင်းကြည်သည် အယူခံ တရားလိုတို့ထံ၌ နေ့စား အလုပ်သမားအဖြစ် အလုပ်လုပ်ကိုင်ခဲ့ဘူးသူ တဦးဖြစ်သည်။ ၎င်းက မောင်သိန်းအောင်

၁၉၆၇ ခုနှစ်၊ သိန်းသိန်းဝင်း ကျူးဘန်း ပဲရပ် ဆီထုတ်လုပ်ရေး လုပ်ငန်းနှင့်ခင် မော်လီပလပ် စတစ်လုပ်ငန်း [ဒုင်းကိုယ်စား ဦးကမာ(လ်)] နှင့် အလုပ်သမား လျော်ကြေး မင်းကြီး။

သည် မိမိကဲ့သို့ပင် အယူခံ တရားလိုတို့ထံ၌ ရက်သတ္တပတ်တကြိမ် လုပ်ခရှင်းပေးသည့် ယာယီနေ့စား အလုပ်သမား တယောက် ဖြစ်ဘူးကြောင်း ထွက်ဆိုသွားသည်။ ဦးအုံးမှာ အယူခံ တရားလိုတို့၏ အလုပ်ရုံရှေ့တွင် နေထိုင်သူတဦးဖြစ်သည်။ ၎င်းက မောင်သိန်းအောင်သည် အယူခံတရားလိုတို့၏ အလုပ်ရုံတွင် သန့်ရှင်းရေးအလုပ်ကိုဂင်း၊ တိုလီမိုလီ အလုပ်မျိုးကိုဂင်း၊ လုပ်ကိုင်သည်ကို တွေ့ရကြောင်း ထွက်ဆိုသွားသည်။ အယူခံ တရားလိုတို့၏ မန်နေဂျာ ဦးကမာ(လ်)ကလည်းပဌမဆီရောင်းရန်မရှိသည့်အခါ အလုပ်ရုံတွင် တိုလီမိုလီ အလုပ်မျိုးကို ခိုင်းကြောင်း ဝန်ခံခဲ့၏။ အဆိုပါ အချက် အလက်များကို ပေါင်းစပ်ကြည့်ရှုလျှင်၊ မောင်သိန်းအောင်သည် အယူခံ တရားလိုတို့၏ ယာယီနေ့စား အလုပ်သမားတဦး ဖြစ်ကြောင်း ထင်ရှားသည်။ အလုပ်သမား တဦးသည် ယာယီအလုပ်သမားပင် ဖြစ်လင့်ကစား၊ လုပ်ငန်းနှင့် ပတ်သက်သည့် အလုပ်ကို၊ လုပ်ကိုင်ရပါမူ၊ ထိုအလုပ်သမားသည် အလုပ်သမား လျော်ကြေး အက်ဥပဒေ ပုဒ်မ ၂ (ခ) (အင်) နှင့် အကျုံးဝင်သည့် အလုပ်သမား ဖြစ်သည်ဟု ကောက်ယူရမည်ဖြစ်သည်။ ထိုအတိုင်းပင် **အဗ္ဗဒူဟူစိန်** နှင့် **နိုင်ငံတော်အတွင်းဝန်** (၁) တို့အမှု၌ အဆုံးအဖြတ် ပြုထားသည်ကို တွေ့မြင်နိုင်ပေသည်။ ထို့ကြောင့်ပင်လည်း အယူခံ တရားလိုတို့၏ ရှေ့နေ ဦးဘညွန့်က မောင်သိန်းအောင်သည် အယူခံတရားလိုတို့၏ အလုပ်သမား တဦးဖြစ်သည်ဆိုသော အလုပ်သမား လျော်ကြေး မင်းကြီး၏ ကောက်ယူချက်ကို စောဒက မတက်လိုတော့ကြောင်း ပွင့်လင်းစွာ ဝန်ခံသွားသည်။

သို့ရာတွင်၊ ဦးဘညွန့်က မောင်သိန်းအောင်သည် အလုပ်ချိန်အတွင်း မဟုတ်ဘဲ အလုပ်ချိန်အပြင်ပ၌ သေဆုံးခဲ့ခြင်းဖြစ်၍၊ လျော်ကြေးပေးရန် တာဝန်မရှိကြောင်း အလေးအနက် တင်ပြသွားသည်။ ၎င်းက အယူခံတရားလိုတို့၏ လုပ်ငန်းသည် နေ့စဉ်နံနက် ၉ နာရီတွင် စတင်ကြောင်း၊ မောင်သိန်းအောင်သည် နံနက် ၈ နာရီ ကျော်မကျော် ၉ နာရီမထိုးမီ လျှပ်စစ်ဓါတ်လိုက်၍ သေဆုံးခြင်းဖြစ်၍၊ အလုပ်ချိန် အတွင်း ထိခိုက်သည်ဟု မဆိုနိုင်ကြောင်း အကြောင်းပြသွားသည်။

အခင်းဖြစ်သည့် ၁၉၆၆ ခု၊ ဇွန်လ ၂၇ ရက်နေ့နံနက် ၈ နာရီ ၁၅ မိနစ်ခန့် အချိန်တွင် အယူခံ တရားလိုတို့၏ အလုပ်ရုံသို့ အလုပ်သမားတဦးဖြစ်သူ အူမားဒင်သည် ရောက်လာပြီး တံခါးဖွင့်သည်။ ၅ မိနစ်ခန့် အကြာတွင် မောင်သိန်းအောင် ရောက်လာသဖြင့် အူမားဒင်သည် **မောင်သိန်းအောင်အား** အလုပ်ရုံ၌ ထားခဲ့ကာ လဘက်ရည် ဆိုင်သို့ထွက်သွားသည်။ ၈ နာရီ ၄၀ မိနစ် အချိန်လောက်တွင် အလုပ်ရုံသို့ ပြန်လာသောအခါ အူမားဒင်သည် မောင်သိန်းအောင်အား အလုပ်ရုံ အတွင်းရှိ ပလပ်စတစ် လျှပ်စစ်ဓါတ်ကြိုးကိုကိုင်လျက် သေဆုံးနေသည်ကို တွေ့ရသည်။ မည်သည့်အချိန်တွင်

(၁) အတွဲ ၁၁၊ ရန်ကုန်စီရင်ထုံး၊ ၄၃၃။

မည်သည့်အမှုကိစ္စကို ဆောင်ရွက်ရင်း လျှပ်စစ်ဓါတ်လိုက်ရသည်ဆိုသော မျက်မြင် သက်သေမရှိပေ၊သို့ရာတွင် မောင်သိန်းအောင်သည် အလုပ်ရုံသို့ နံနက် ဂ နာရီ ၂၀ မိနစ် ခန့်တွင် ရောက်ရှိလာပြီး အထွေထွေ သန့်ရှင်းရေး လုပ်ငန်းကို ဆောင်ရွက်နေခိုက်၊ လျှပ်စစ်ဓါတ်အားစီးနေသည့် ဓါတ်ကြိုးကို ကိုင်မိသဖြင့် ဓါတ်လိုက်ပြီး သေဆုံးခဲ့ရသည် ဆိုခြင်းမှာ ပေါ်လွင်သည်။ သို့ဖြစ်ရာ မောင်သိန်းအောင်သည် အလုပ်ခွင်၌ သေဆုံးခဲ့ကြောင်း မငြင်းနိုင်ပေ။ ယင်းသို့ အလုပ်ခွင်၌ သေဆုံးသော်လည်း၊ အလုပ်ချိန် စတင်သည့် နံနက် ဧ နာရီမတိုင်မီ သေဆုံးခဲ့ခြင်းဖြစ်၍၊ အလုပ်ချိန်အတွင်းသေဆုံးခဲ့ခြင်း မဟုတ်ဟု အလုပ်ရှင်တို့က တင်ပြလာကြသဖြင့်၊ ထိုတင်ပြချက်အားလက်ခံသင့် မသင့်ဆိုသော ပြဿနာကို ဆန်းစစ်ရမည် ဖြစ်သည်။

အယူခံတရားလိုတို့၏ လုပ်ငန်းအချိန်မှာ မည်သည့် နာရီကစတင်ပြီး မည်သည့် နာရီတွင် ပြီးဆုံးသည်ဟု အတိအကျ သတ်မှတ်ကာ အမျှားသိသာအောင် ရေးဆွဲထားခြင်းမရှိ။ ယင်းသို့ သတ်မှတ်ထားသည်ဆိုသော အချက်နှင့် ပတ်သက်၍၊ ခိုင်လုံသည့် သက်သေ အထောက်အထားမရှိ၊ အူမားဒင်က နံနက် ဧ နာရီအချိန်တွင် အလုပ်စသည်ဟုဆိုသည်။ မဝင်းကြည်က နံနက် ဂ နာရီမှ ညနေ ၅ နာရီခွဲအထိ အလုပ်ချိန်ဖြစ်သည်ဟု ထွက်ဆိုသွားသည်။ အကယ်၍ အလုပ်ချိန်သည် နံနက် ဧ နာရီမှစတင်သည်ဟု ဆိုစေကာမူ၊ အလုပ်သမား တဦးဖြစ်သူ မောင်သိန်းအောင်သည် အလုပ်ရုံ၌သော်၎င်း၊ အလုပ်ရုံ အနီးအနား၌သော်လည်း နေထိုင်သူတယောက်မဟုတ်သဖြင့်၊ အလုပ်ရုံသို့ အလုပ်ချိန် မတိုင်မီ ကြိုတင်၍ လာရောက်မည်ဖြစ်သည်။ ယင်းသို့ ကြိုတင်လာရောက်သဖြင့် အလုပ်ချိန်မစမီ အလုပ်ရုံသို့ ရောက်ရှိပြီး အလုပ်လုပ်နေစဉ် ထိခိုက်ဒဏ်ရာရခဲ့လျှင် အလုပ်ချိန် အတွင်း၌ပင် ဖြစ်ပွါးသည်ဟု ကောက်ယူရမည်ဖြစ်သည်။ အလုပ်သမားတဦးသည် အလုပ်ချိန်မစမီ အလုပ်ရုံသို့ ရောက်ရှိပြီး အလုပ်ခွင်ကိုဝင်ရောက်လုပ်ကိုင်ခြင်းမှာအလုပ်ရှင်၏အကျိုးကျေးဇူးအတွက်ပင်ဖြစ်သည့် အလျောက်၊ ယင်းသို့ အလုပ်လုပ်ရင်း ထိခိုက်ဒဏ်ရာရရှိလျှင် အလုပ်ချိန် အတွင်း မဟုတ်၍ တာဝန်မရှိဟု အလုပ်ရှင်က ဆင်ခြေမတက်နိုင်ပေ။ ထို့ပြင် အလုပ်ချိန် **မစမီ** မည်သူမျှ အလုပ်မလုပ်ရဟု အတိအလင်း တားမြစ်ထားခြင်းလည်း မရှိသဖြင့်၊ အလုပ်ချိန်မစမီ အလုပ်လုပ်ရင်း သေဆုံးခဲ့ရသည့် မောင်သိန်းအောင်သည် အလုပ်ချိန် အတွင်း သေဆုံးခဲ့ခြင်း ဖြစ်သည်ဟု ယူဆရပေမည်။ **ရှပ် နှင့် ဂျွန်ဆင်အင် ကုမ္ပဏီ လီမိတက်** (၂) အမှုတွင် အလုပ်သမားတဦးသည် အလုပ်ရုံရှိရာသို့ မီးရထားနှင့် လာရသဖြင့် အလုပ်ချိန်မတိုင်မီ ကြိုတင်ရောက်ရှိပြီး အလုပ်ချိန်စရန် မိနစ် ၂၀ အလိုတွင် ထိခိုက်ဒဏ်ရာရရှိခဲ့ရာ၊ အလုပ်ရှင်က အလုပ်ချိန် အတွင်း မဟုတ်၍ လျော်

(၂) (၁၉၀၅) ၂ ကေ၊ ဘီ၊ ၁၃၉။

၁၉၆၇

သိန်းသိန်းဝင်းကျားဘမ်း ပရုပ်ဆီ ထုတ်လုပ်ရေးလုပ်ငန်းနှင့်ခင်မောင်လှ ပလပ် စက်လုပ်ငန်း [ဧရိယာကိုယ်စား ဦးကမာ(ဇ)] နှင့် အလုပ်သမား လျော်ကြေး မင်းကြီး။

ကြေးပေးရန် တာဝန်မရှိကြောင်း ထုခဲ့သည်ကို လက်မခံဘဲ၊ အလုပ်ချိန်အတွင်း ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်ဟု ဆုံးဖြတ်ခဲ့လေသည်။ အယူခံ တရားလိုတို့ တင်ပြသည့် **ဖူးကာအင် ကုမ္ပဏီ လီမိတက်**နှင့် **ဒေါ်အေးရင်** (၃) တို့အမှုရှိ အကြောင်းခြင်းရာမှာ၊ ယခုအမှု၏ အကြောင်းခြင်းရာနှင့် လုံးဝမတူသည်ကို သတိချပ်ရမည် ဖြစ်သည်။ ထိုအမှုတွင် သစ်စက်အလုပ်သမား ဦးဘဟန်သည် အလုံ သစ်စက်ဝင်း အတွင်း၌ နေထိုင်ရင်း ရန်သူက ဗုံးခွဲသဖြင့်၊ ဗုံးထိမှန်ပြီး သေဆုံးခဲ့ရသည်။ ယင်းသို့ သေဆုံးစဉ်က ဦးဘဟန်သည် **သစ်စက်ထဲ၌ အလုပ်လုပ်နေခြင်း မဟုတ်၍၊ အလုပ် ဝတ္တရား** ဆောင်ရွက်ခိုက် သေဆုံးခြင်း မဟုတ်ဟု ဆုံးဖြတ်ခဲ့ခြင်းသာ ဖြစ်သည်။

သို့ဖြစ်ရာ၊ လက်ထောက် အလုပ်သမား လျော်ကြေးမင်းကြီး၏ အမိန့်ကိုဝင် ရောက်စွက်ဖက်ရန် အကြောင်းမရှိသဖြင့်၊ ဤအယူခံမှုကို တရားစရိတ်နှင့်တကွ ပလပ် လိုက်သည်။ ရွှေနေစရိတ် ၃၄ ကျပ် သတ်မှတ်သည်။

---

(၃) (၁၉၄၇) ရန်ကုန်စီရင်ထုံး၊ ၁၂၃။

နိုင်ငံတော်တရားရုံးချုပ်

တရားမအထွေထွေမှု

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်နှင့် တရားသူကြီး ဦးထွန်းတင် တို့ရှေ့တွင်

† ၁၉၆၇ နိုဝင်ဘာလ ၁၇ ရက်။

အွန်ကျင် ပါ ၂ (လျှောက်ထားသူများ)

နှင့်

လမ်းခေါ်မန်ပါ ၇ (လျှောက်ထားခံရသူများ)*

ပြည်ထောင်စု အက်ဥပဒေပုဒ်မ ၆ အထူးအယူခံဝင်ခွင့် လျှောက်ထားခြင်း—ကျန်းမာရေး ချို့တဲ့သောကြောင့် လျှောက်ထားခြင်း မပြုနိုင်ဟု အကြောင်း ပြဆိုထားခြင်း—ကာလစည်းကမ်းသတ် အက်ဥပဒေပုဒ်မ ၅—ပုဒ်မ ၅ အရ အခွင့်အရေးကို ခံစားလိုမူ မိမိမှာ စည်းကမ်းသတ် ကျော်လွန်သည့် ကာလအတွက် ပေါ့လျော့ခြင်း သို့မဟုတ် ဥပဒေကို လေးစားလျက် ပြုလုပ်နိုင်ခြင်း မရှိကြောင်းများကို ပေါ်လွင်အောင် ပြဆိုနိုင်ရန်လိုခြင်း။

ဆုံးဖြတ်ချက်။ ။လျှောက်ထားသူသည် အထူးအယူခံဝင်ခွင့် လျှောက်ထားနိုင်ကြောင်း သိရှိရပြီးနောက် မည်သည့်အတွက် အချိန်အနည်းငယ်အတွင်း လိုအပ်သည့် လျှောက်လွှာ မတင်သွင်းနိုင်ခဲ့ကြောင်း ပြဆိုထားခြင်း မရှိသည့်ပြင်၊ ၎င်း၏ဖော်ပြချက်အရ ကျန်းမာရေး ချို့တဲ့သောကြောင့် ထိုသို့ လျှောက်ထားခြင်း မပြုနိုင်ဟု ယူဆစေကာမူ၊ ဆေးရုံမှ ကျန်းမာ၍ ဆင်းလာပြီးနောက်၊ ၆ လကျော်ခန့်ကြာအောင် မည်သည့်အတွက် လျှောက်လွှာ တင်သွင်းခဲ့ခြင်းမရှိကြောင်း၊ အကြောင်းတစုံတရာ ဖော်ပြနိုင်ခြင်းမရှိပေ။ ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ ၅ ၏ ရည်ရွယ်ချက်ကို လေ့လာပါမူ လျှောက်ထားသူတဦးသည် ပုဒ်မ ၅ အရ၊ အခွင့်အရေးကို ခံစားလိုမူ မိမိမှာ စည်းကမ်းသတ် ကျော်လွန်သည့် ကာလအတွက် ပေါ့လျော့ခြင်း၊ **သို့မဟုတ်** ဥပဒေကို လေးစားလျက် ပြုလုပ်နိုင်ခြင်း **မရှိကြောင်းများကို ပေါ်လွင်အောင်** ပြဆိုနိုင်မှသာ ထိုပုဒ်မ ၅ အရ အကျိုးခံစားခွင့် ရှိနိုင်မည်၊

အက်(စ်)၊ အမ်၊ အလီ နှင့် မောင်စံညိန်း၊ ၁၄၊ ရန်ကုန်၊ စာ ၁၅၅။ ဗို၊ အင်(နှ်)၊ နဒီဆာသီဗါ၊ နှင့် အေ၊ ဗို၊ မူသူဆာမိ၊ ၁၉၃၆၊ မြန်မာပြည်စီရင်ထုံး၊ စာ ၄၁၄။ **နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ နှင့် ဒမ်ဂျီရွန်ဂျီ ကုမ္ပဏီ နှင့် တဦး**၊ ၁၉၆၁၊ မြန်မာပြည်စီရင်ထုံး (တရားလွှတ်တော်ချုပ်)၊ စာ ၈၈ ရည်ညွှန်းသည်။

---

* ၁၉၆၇ ခုနှစ်၊ တရားမ အထွေထွေမှုအမှတ် ၁။

† ယခင် တရားလွှတ်တော်မှ ဒုတိယအယူခံမှုအမှတ် ၂၄/၅၄ ၌ ၁၉၅၈ ခုနှစ်၊ မတ်လ ၁၉ ရက် နေ့တွင် ချမှတ်ခဲ့သည့်အမိန့်ကို အဆုံးအယူခံမှု တင်သွင်းနိုင်ရန် ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၆ အရ၊ လျှောက်ထားသော လျှောက်လွှာ။

၁၉၆၇ **လျှောက်ထားသူအတွက်။]** ။ဦးသန်းမောင်။

အွန်ကျင် ပါ ၂ နှင့် လမ်းခေါ်မန် ပါ ၇။ **လျှောက်ထားခံရသူအတွက်။** ။ဒေါ်မြင့်မြင့်ခင်။

တရားသူကြီး ဦးထွန်းတင်။ ။ယခုအမှုမှ လျှောက်ထားသူများက ချင်းဝိသေသတိုင်း ဖလမ်းမြို့ခရိုင်ဝန်မင်းရုံး၊ ချင်းတရားမမှုအမှတ် ၄-စီ/၅၀-၅၁ ခုနှစ်၌၊ ၁၉၅၃ ခု၊ ဇူလိုင်လ ၂၉ ရက်နေ့စွဲဖြင့် ချမှတ်ခဲ့သည့် စီရင်ချက်ကို မကျေနပ်၍ ယခင်တရားလွှတ်တော်တွင် ၁၉၅၄ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ် ၂၄ တွင်အယူခံဝင်ခဲ့သည်တွင် ၎င်းအယူခံမှုကို ကြားနာသည့်တရားသူကြီး ဦးဘညွန့်က ဖလမ်းမြို့ခရိုင်ဝန်မင်းတွင် တရားမမှုစီရင်ပိုင်ခွင့် အာဏာမရှိသဖြင့်၊ ခရိုင်ဝန်မင်း၏အမိန့်မှာ အခွင့်အာဏာမရှိဘဲ ချမှတ်ခဲ့သည့်စီရင်ချက်သာဖြစ်သည်ဟုယူဆပြီး၊ ၎င်းစီရင်ချက်ကို ပယ်ဖျက်လိုက်လေသည်။ သို့ရာတွင် လျှောက်ထားသူများက ၁၉၅၃ ခု၊ ဩဂုတ်လ ၁၁ ရက်နေ့စွဲပါ ချင်းရေးရာဝန်ကြီးဌာနမှ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ် ၃၀ အရ၊ ချင်းဝိသေသတိုင်း ခရိုင်ဝန်များအား ချင်းအမျိုးသား တဦးတယောက်ပါဝင်သော တရားမမှုခင်းကိစ္စကို စစ်ဆေးရန်အာဏာကို ၁၉၄၈ ခု၊ အောက်တိုဘာလ ၃၀ ရက်နေ့မှစ၍ နောက်ကြောင်းပြန်၍ပေးခဲ့သဖြင့် ခရိုင်ဝန်မင်းတွင် တရားမမှုခင်း စီရင်ပိုင်ခွင့်အာဏာရှိနေကြောင်းထင်ရှားနေရကား၊ တရားလွှတ်တော်မှ ဒုတိယအယူခံမှုအမှတ် ၂၄/၅၄ တွင်ချမှတ်ခဲ့သည့်အမိန့်မှာ ဥပဒေအရ များစွာမှားယွင်းနေသဖြင့် ပယ်ဖျက်ပေးရန် အတွက်အထူးအယူခံမှုတင်သွင်းနိုင်ရန် ပြည်ထောင်စုအက်ဥပဒေပုဒ်မ ၆ အရ အခွင့်ထူးလျှောက်ထားခြင်းဖြစ်ပါသည်ဟု ပြဆိုလေသည်။

ယခုလျှောက်ထားသူများက အထူးအယူခံဝင်လိုသည့် စီရင်ချက်မှာ ယခင်တရားလွှတ်တော်မှ ဒုတိယအယူခံမှုအမှတ် ၂၄/၅၄ ၌ ၁၉၅၈ ခု၊ မတ်လ ၁၉ ရက်နေ့တွင် ချမှတ်ခဲ့သည့်အမိန့်ဖြစ်ရကား၊ ယခုလျှောက်လွှာကို တင်သွင်းသည်မှာ ၁၉၆၇ ခု၊ ဇန်နဝါရီလ ၆ ရက်နေ့တွင်သာဖြစ်သဖြင့် စည်းကမ်းသတ်ရက်ပေါင်း ၃,၂၁၆ ရက်ကျော်လွန်နေကြောင်း တွေ့ရှိရလေသည်။ ထိုသို့စည်းကမ်းသတ် ရက်များစွာ ကျော်လွန်နေသည်ကိုခွင့်ပြုရန် လျှောက်ထားသူများက ကာလစည်းကမ်းသတ် အက်ဥပဒေပုဒ်မ ၅ အရ လျှောက်ထားရာတွင်၊ လျှောက်ထားသူများက မိမိတို့အမှုအား ဒုတိယအယူခံရုံးမှပလပ်ပြီး ဥပဒေအကြောင်းခြင်းရာများကို နားမလည်သဖြင့် ချင်းရေးရာဝန်ကြီးဌာနသို့လျှောက်ထားခဲ့ရာ၊ ၁၉၆၄ ခု၊ ဩဂုတ်လ ၁၇ ရက်နေ့၌ ပြည်နယ်များ၏ ဥပဒေအရာရှိထင်မြင်ချက်ကို ရရှိသည့်အခါမှခရိုင်ဝန်သည် ၁၉၄၈ ခု၊ အောက်တိုဘာလ ၃၀ ရက်နေ့မှစ၍ တရားမမှုများ စီရင်ပိုင်ခွင့်အာဏာရှိကြောင်း သိရှိရသည်ဆိုသည်။ ထို့အတွက် ယခင်တရားလွှတ်တော်မှ ဆုံးဖြတ်ပေးခဲ့ခြင်းမှာ ဥပဒေအရများစွာ မှား

ယွင်းနေသောကြောင့်၊ ထိုသို့ရုံးမှ ဥပဒေယူဆချက်မှားယွင်းပြီး ချမှတ်ခဲ့သည့်အမိန့်ကို ကာလစည်းကမ်းသတ်အချိန် ကျော်လွန်ပြီးမှ လျှောက်ထားသော်လည်း အရေးကြီး သည့်ပြဿနာဖြစ်သည့်အတွက် ထိုသို့အချိန်ကြာညောင်းခြင်းကို ခွင့်လွှတ်နိုင်ရန် လုံ လောက်သည့်အကြောင်းရှိသဖြင့် ခွင့်ပြုသင့်ကြောင်း တင်ပြလေသည်။ ခွင့်ပြုရန်နှင့် ပတ်သက်၍ လျှောက်ထားသူတဦးဖြစ်သူ အွန်ကျင်က ပြည်နယ်ဥပဒေအရာရှိ ထင်မြင် ချက်ကိုရရှိပြီးနောက် ၁၉၆၄ ခု၊ နိုဝင်ဘာလ ၂၀ ရက်နေ့မှစ၍ မိမိမှာရောဂါဖိစီး၍ ဆေးရုံမျှားသို့ အဆင့်ဆင့်တက်ရောက်ကုသနေရပြီး မင်္ဂလာဒုံစစ်ဆေးရုံတွင်ပင် ဆက် လက်ကုသနေရသည်တကြောင်း၊ အသွားအလာလှုပ်ကူခြင်းမရှိ၊ ခရီးလမ်းပန်းခက်ခဲ မှုကြောင့်တကြောင်း၊ အချိန်ကုန်လွန်ခဲ့ရခြင်းဖြစ်သဖြင့် ထိုသို့အချိန်ကုန်လွန်ရခြင်း အတွက် လုံလောက်သည့် အကြောင်းရှိသည်ဟု သတ်မှတ်ပြီး ယခုလျှောက်လွှာကို ခွင့်ပြုသင့်ကြောင်းပြဆိုလေသည်။

ကာလစည်းကမ်းသတ် ကျော်လွန်ခြင်းနှင့်ပတ်သက်၍ လျှောက်ထားသည့်အတိုင်း ခွင့်ပြုရန်မသင့်ကြောင်းကို လျှောက်ထားခံရသူများဘက်မှကန့်ကွက်ရာတွင် လျှောက် ထားသူသည် ပြည်နယ်ဥပဒေအရာရှိ၏ အကြံပေးချက်ကို ၁၉၆၄ ခု၊ ဧပြီလ ၂၀ ရက်နေ့ တွင်ရရှိခဲ့ကြောင်း ထင်ရှားနေလင့်ကစား၊ ထိုသို့ရရှိပြီးနောက် ၂ နှစ်ကျော်မှ ယခု ကဲ့သို့ အထူးအယူခံဝင်ရန် လျှောက်ထားခဲ့ခြင်းဖြစ်သည့်ပြင်၊ ထိုသို့ကြန့်ကြာသည့် ကာလအတွက် လုံလောက်သည့်အကြောင်းများ ရှိသည်ဟုလည်း ပြဆိုနိုင်ခြင်းမရှိ သဖြင့် လျှောက်ထားသူများသည် ဥပဒေကိုမလေးစားဘဲ ပေါ့လျော့ခြင်းသာဖြစ် ကြောင်း များစွာထင်ရှားနေသဖြင့် ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ ၅ အရ စည်းကမ်းသတ်အချိန်လွန်စွာမှ ကျော်လွန်ခဲ့ခြင်းကို ခွင့်ပြုရန် လျှောက်ထားခြင်းကို လိုက်လျောရန်မသင့်ပါဟု လေးနက်စွာကန့်ကွက်လေသည်။

လျှောက်ထားသူ တင်သွင်းသည့်လျှောက်လွှာနှင့် သက်ဆိုင်သည့် စာရွက် စာတမ်းများကို လေ့လာသည့်အခါ၊ ပြည်နယ်ဥပဒေအရာရှိ၏ စာမိတ္တူကို ဖလမ်းမြို့ ခရိုင်တရားမတရားသူကြီးရုံးမှ ၁၉၆၄ ခု၊ ဩဂုတ်လ ၁၇ ရက်နေ့စွဲနှင့် လျှောက်ထားသူ များထံသို့ ပေးပို့လိုက်ကြောင်းတွေ့ရှိရသည်။ ထို့နောက် လျှောက်ထားသူတဦးဖြစ်သူ အွန်ကျင်သည် လျှောက်လွှာနှင့်တင်သွင်းခဲ့သည်၊ တီးတိန်မြို့ ဆေးရုံလက်မှတ်အရ ၁၉၅၄ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့တွင် ဆေးရုံသို့တက်ရောက်သော်လည်း ဆေးရုံတွင် အတွင်းလူနာအဖြစ် နေခဲ့ခြင်းမဟုတ်၊ အိမ်မှလာရောက် ကုသခြင်းသာဖြစ်ကြောင်း ဖော်ပြထားလေသည်။ တဖန်စစ်ဆေးရုံ၏ လက်မှတ်အရ အွန်ကျင်အားဆေးရုံမှ ၁၉၆၆ ခု၊ ဇွန်လ ၂၁ ရက်နေ့တွင်လက်ခံပြီး ၁၉၆၆ ခု၊ ဇွန်လ ၂၁ ရက်နေ့တွင် ပျောက်ကင်း၍ ဆင်းသွားကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ရကား လျှောက်ထား

၁၉၆၇ အွန်ကျင် ပါ ၂ နှင့် လမ်းခေါ်မန် ပါ ၇။

၁၉၆၇

အွန်ကျင် ပါ ၂ နှင့် လမ်းခေါ်မန် ပါ ၇။

သူများသည် ပြည်နယ်ဥပဒေအရာရှိ၏ အကြံပေးချက်ကိုရရှိသည့် ၁၉၆၄ ခု၊ ဩဂုတ်လ ၂၄ ရက်နေ့နောက်၊ အွန်ကျင်ဆေးရုံမတက်မီ ၁၉၆၄ ခု၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် သုံးလခန့်အတွင်း မည်သည့်အတွက် လျှောက်လွှာတင်သွင်းခဲ့ခြင်းမပြုကြောင်း လုံလောက်သည့်အကြောင်း ဖော်ပြထားခြင်းမရှိသည့်အပြင်၊ ဆေးလက်မှတ်များအရ အွန်ကျင်သည် ၁၉၆၆ ခု၊ ဇွန်လ ၂၁ ရက်နေ့တွင် ဆေးရုံမှလုံးဝပျောက်ကင်း၍ ဆင်းလာကြောင်း တွေ့ရှိရသဖြင့် အမှုတင်သွင်းသည့် ၁၉၆၇ ခု၊ ဇန်နဝါရီလ ၆ ရက်နေ့တိုင် ၆ လကျော်မျှ မည်သည့်အကြောင်းကြောင့် ကြန့်ကြာခဲ့ခြင်းဖြစ်ကြောင်းကိုလည်း လံလောက်သည့်အကြောင်းများ ပြဆိုထားခြင်း မရှိသည်ကိုတွေ့ရှိရသည်။

ယခုကဲ့သို့ ကာလစည်းကမ်းသတ်နှင့်ပတ်သက်၍ ပုဒ်မ ၅ အရ ခွင့်ပြုရန် လျှောက်ထားသည့် လျှောက်လွှာများကို ခွင့်ပြုရန်ရုံးမှ စဉ်းစားသည့်အခါ၊ ထိုသို့ခွင့်ပြုနိုင်ရန် လျှောက်ထားသူများတွင် လုံလောက်သည့်အကြောင်းရှိမရှိကို စီစစ်ရန်လိုအပ်ပြီး၊ ဥပဒေအရဆိုမူ စည်းကမ်းသတ်ကျော်လွန်သည့် နေ့ရက်များအတွက် မည်သည့်အတွက်ကြောင့် လိုအပ်သည့်လျှောက်လွှာများ မတင်သွင်းနိုင်ကြောင်း လျှောက်ထားသူက ပြဆိုရန် တာဝန်ရှိကြောင်းကို ယခင်ကရားလွှတ်တော်မှ ဆုံးဖြတ်ခဲ့သည့် **အက်၊ အမ်၊အလီ** နှင့် **မောင်စံညိန်း** (၁) စီရင်ထုံးတွင် ပြဆိုထားခဲ့ရာ၊ မကျန်းမာခြင်းကို အခြေပြုခဲ့လျှင်၊ ထိုသို့မကျန်းမာခြင်းမှာ လုံးဝလှုပ်ရှားသွားလာနိုင်ခြင်း မရှိမှသာ ပုဒ်မ ၅ အရ လုံလောက်သည့်အကြောင်းဖြစ်မည်ဟု ပြဆိုထားသည်ကို **ဗို၊ အင်နှဒီဆာသိဗါ** နှင့် **အေဗွီ မူသူဆာမီ** (၂) စီရင်ထုံးတွင်လည်း လိုက်နာသဘောတူညီခဲ့လေသည်။

ယခုအမှုတွင်မူအထက်ကပြဆိုခဲ့သည့်အတိုင်း၊ [လျှောက်ထားသူသည်အထူးအယူခံဝင်ခွင့်လျှောက်ထားနိုင်ကြောင်း သိရှိရပြီးနောက် မည်သည့်အတွက် အချိန်အနည်းငယ်အတွင်း လိုအပ်သည့်လျှောက်လွှာ မတင်သွင်းနိုင်ခဲ့ကြောင်း ပြဆိုခြင်းမရှိသည့်ပြင်၊ ၎င်း၏ဖော်ပြချက်အရ ကျန်းမာရေးချို့တဲ့သောကြောင့် ထိုသို့လျှောက်ထားခြင်းမပြုနိုင်ဟု ယူဆစေကာမူ၊ ဆေးရုံမှ ကျန်းမာ၍ဆင်းလာပြီးနောက်၊ ၆ လကျော်ခန့်ကြာအောင် မည်သည့်အတွက် လျှောက်လွှာတင်သွင်းခဲ့ခြင်းမရှိကြောင်း အကြောင်းတစုံတရာဖော်ပြနိုင်ခြင်းမရှိပေ။ ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ ၅ ၏ရည်ရွယ်ချက်ကိုလေ့လာပါမူ၊ လျှောက်ထားသူတဦးသည် ပုဒ်မ ၅ အရ အခွင့်အရေးကိုခံစားလိုမူ မိမိမှာစည်းကမ်းသတ် ကျော်လွန်သည့်ကာလအတွက် ပေါ့လျော့ခြင်း၊ သို့မဟုတ် ဥပဒေကိုလေးစားလျက် ပြုလုပ်နိုင်ခြင်းမရှိကြောင်းများကို ပေါ်လွင်အောင်ပြဆိုနိုင်

(၁) ၁၄ ရန်ကုန်၊ စာ ၁၅၅။

(၂) ၁၉၃၆ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး၊ စာ ၄၁၄။

မှသာ ထိုပုဒ်မ ၅ အရ အကျိုးခံစားခွင့်ရှိနိုင်မည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားခဲ့သည်ကို ယခင်တရားလွှတ်တော်ချုပ်မှ ဆုံးဖြတ်ခဲ့သည့် **နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့** နှင့် **ဒမ်ဂျီရွှန်ဂျီကုမ္ပဏီနှင့်တဦး** (၃) စီရင်ထုံးတွင် အတိအလင်းပြဆိုခဲ့လေသည်။ အဘယ်ကြောင့်ဆိုသော်၊ လျှောက်ထားသူသည် ဥပဒေစည်းကမ်းကိုမလေးစားသဖြင့် စည်းကမ်းသတ်အချိန် ကျော်လွန်ခဲ့သောကြောင့် တဘက်အမှုသည်၌ အဘိုးထိုက်တန်လှသည့်အခွင့်အရေးတခု ရရှိသွားပြီဖြစ်ရကား၊ ထိုအခွင့်အရေးကို လုံလောက်သည့် အကြောင်းမရှိဘဲ ပြန်လည်ရုပ်သိမ်းရန် ရုံးများမှခွင့်ပြုရန်မသင့်၊ တရားမျှတခြင်းလည်း ဖြစ်စေနိုင်လိမ့်မည်မဟုတ်ဟု မူဇရပ်အဖြစ် ချမှတ်ထားခဲ့သောကြောင့် ဖြစ်ပေသည်။

အနှန်ကျင် ပါ ၂ နှင့် လမ်းခေါ်မန် ပါ ၇။

ယခုအမှုတွင်လည်း ယခင်တရားလွှတ်တော်မှ ချမှတ်ခဲ့သည့် ၁၉၅၈ ခု၊ မတ်လ ၁၉ ရက်နေ့စွဲပါ အမိန့်စီရင်ချက်နှင့်ပတ်သက်၍ ရက်ပေါင်း ၉၀ ကျော်လွန်သည့်အခါတွင် လျှောက်ထားခံရသူများသည် ထိုအမိန့်၏ အကျိုးခံစားခွင့်များကို ရရှိပြီးဖြစ်၍ ၎င်းအခွင့်အရေးကို လုံလောက်သည့်အကြောင်းမရှိဘဲ ဤရုံးမှဖျက်သိမ်းပေးလျှင် တရားမျှတခြင်းဖြစ်လိမ့်မည်မဟုတ်ပေ။

ထို့အတူက် လျှောက်ထားသူ၏အမှုနှင့်ပတ်သက်၍ အထူးအယူခံခွင့်ရရှိပါက အမှုကို အောင်မြင်ရန်ရှိကြောင်း ထင်ရှားစေဦး၊ ယခုကဲ့သို့လျှောက်ထားသူများသည် ထိုအခွင့်အရေးကိုရယူနိုင်ရန်ချမှတ်ထားသည့် စည်းကမ်းသတ်အချိန်အတွင်း ရွက်ဆောင်ခြင်းမရှိစေကာမူ ထိုအခွင့်အရေးရရှိနိုင်မည်ဟု သိရှိပြီးနောက်၊ သင့်တော်သည့်ကာလအချိန်အတွင်း လျှောက်ထားတောင်းဆိုခဲ့ခြင်းဖြစ်ပါက ဤရုံးမှပုဒ်မ ၅ အရ လျှောက်ထားခြင်းကိုခွင့်ပြုရန် စဉ်းစားနိုင်မည်ဖြစ်ပေသည်။ သို့ရာတွင် ယခုအမှုဌာနမှ လျှောက်ထားသူများသည် မိမိတို့အခွင့်အရေးရရှိကြောင်း သိရှိပြီးနောက် တနှစ်နီးပါးခန့် လုံလောက်သည့်အကြောင်းမရှိဘဲ ထိုအခွင့်အရေးရရှိရန် မဆောင်ရွက်ဘဲနေခဲ့လေသည်။ ထို့ကြောင့် ၎င်းကာလအပိုင်းအခြားကို ပုဒ်မ ၅ အရ ဤရုံးမှခွင့်ပြုပြီး အခွင့်ထူးပေးရန် မည်သို့မျှ တရားမျှတခြင်း ဖြစ်လိမ့်မည်ဟု ကျွန်ုပ်တို့ယူဆရန် မဖြစ်နိုင်ပေ။

ထို့တွက် ယခုလျှောက်လွှာနှင့်ပတ်သက်၍ လျှောက်ထားသူများက ကာလစည်းကမ်းသတ် ကျော်လွန်သည့်အတွက် ပုဒ်မ ၅ အရ ခွင့်ပြုရန် လျှောက်ထားခဲ့ခြင်းနှင့်ပတ်သက်၍ လုံလောက်သည့်အကြောင်း ရှိသည်ဟုမတွေ့ရှိရသောကြောင့် ယခုလျှောက်လွှာကို လက်ခံခွင့်ပြုနိုင်ရန် အကြောင်းမတွေ့ရှိရသည့်အတိုင်း လျှောက်လွှာကိုပလပ်လိုက်သည်။ ရွှေနေကြီးစရိတ်အဖြစ် ၃၄ ကျပ် **သတ်မှတ်လိုက်သည်**။

---

(၃) ၁၉၆၁ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး၊ (တရားလွှတ်တော်ချုပ်၊) စာ ၈၈။

နိုင်ငံတော်တရားရုံးချုပ်

ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးစိန်သင်း ရွှေတွင်

† ၁၉၆၇
ဒီဇင်ဘာလ ၁၆
ရက်။

ဦးကျော်ဒင် (ပြင်ဆင်ရန် လျှောက်ထားသူ)

နှင့်

ဦးချစ်လွန်း (ထွန်း) (ပြင်ဆင်ရန် လျှောက်ထားခံရသူ)*

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၉၄—ပစ္စည်း လက်ရှိထားသူထံ ပစ္စည်းကို ထုတ်ပေးရန် သမ္မာန်စာ ထုတ်ဆင့်ရခြင်း—မည်သည့်အခါ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၉၆ အရ၊ အရေးယူသင့်ခြင်း—ပစ္စည်းရှာဝါရမ်း ထုတ်ဆင့်ရာ၌ တရားသူကြီးသည် မိမိထင်မြင် ယူဆသည့်အကျိုးအကြောင်းများကိုစာဖြင့် ရေးသားမှတ်သားရန်လို မလို။

ဆုံးဖြတ်ချက်။ ။ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၉၄ အရ ဆောင်ရွက်မှုများတွင် ပစ္စည်းလက်ရှိထားသူထံ ပစ္စည်းကို ထုတ်ပေးရန် သမ္မာန်စာ ထုတ်ဆင့်ရသည်။ သို့ရာကွင် ထိုကဲ့သို့ သမ္မာန်စာ ထုတ်ဆင့်ခြင်း ခံရသူသည် ထိုပစ္စည်းကို ထုတ်ပေးလိမ့်မည် မဟုတ်ဟူ၍ ယုံကြည်ရန် အကြောင်းရှိခဲ့လျှင်သော်၎င်း၊ ထိုပစ္စည်းသည် မည်သူ၏လက်ရှိ ဖြစ်နေသည်ကို ရုံးကမသိလျှင်သော်၎င်း၊ ပစ္စည်းရှာဝါရမ်း ထုတ်ဆင့်ခြင်းအားဖြင့် သိမ်းဆည်းနိုင်ကြောင်း ပုဒ်မ ၉၆ တွင် ပြဋ္ဌာန်းထားသည်။ သို့ဖြစ်လေရာ မူလနှုံး တရားသူကြီးသည် ပစ္စည်းအတွက် ကျင့်ထုံးပုဒ်မ ၉၆ အရ ပစ္စည်းရှာဝါရမ်း ထုတ်ဆင့်ခဲ့ရာ၌ အမှုတွဲတွင် ရရှိသည့် အချက်အလက်များအရ အကျိုးသင့် အကြောင်းသင့် ထုတ်ဆင့်ခဲ့ခြင်းဖြစ်သည်ဟု ယူဆရမည်ဖြစ်သည်။ ထိုကဲ့သို့ ပစ္စည်းရှာဝါရမ်း ထုတ်ဆင့်ရာ၌ တရားသူကြီးသည် မိမိထင်မြင်ယူဆသည့် အကျိုးအကြောင်းများကို စာဖြင့် ရေးသားမှတ်သား ထားရမည်ဟု ဥပဒေပြဋ္ဌာန်းချက် မရှိချေ။ သို့ရာတွင် ထိုအချက်များကို မိမိထုတ်ဆင့်သည့် အမိန့်တွင် ပေါ်ပြထားခြင်းဖြင့် ထိုအမိန့်သည် တရားဥပဒေအရ တိကျမှန်ကန်ခြင်း ရှိကြောင်း ပိုမိုထင်ရှားမည်ဖြစ်သည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဦးဝင်းလှိုင်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဦးမြသိန်းနှင့် အစိုးရရှေ့နေကြီး ဦးမြရှိန်။

---

* ၁၉၆၇ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၀၀ (ခ)။

† ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၅ တွင် ချမှတ်သော ၁၉၆၇ ခုနှစ်၊ မေလ ၁၃ ရက် နေ့စွဲပါ တောင်ငူမြို့၊ စက်ရှင်တရားသူကြီး၏ အမိန့်ကို ပြန်၍ဆင်ခြင်မှု။

တရားသူကြီး ဦးစိန်သင်း။ ။တောင်ငူမြို့၊ ဒုတိယရာဘက် ရာဇဝတ်တရားသူကြီးရုံး၊ ၁၉၆၇ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၁၁၀ တွင် လျှောက်ထားခံရသူ ဦးချစ်လွန်းက လျှောက်ထားသူ ဦးကျော်ဒင်အပေါ်၌ ရာဇသတ်ကြီးပုဒ်မ ၄၀၆ အရ ဦးတိုက် လျှောက်ထားခဲ့သည်။ ဦးချစ်လွန်း၏ လျှောက်လွှာတွင် ဖော်ပြထားသည်မှာ မိမိသည် ၁၉၆၅ ခုနှစ်၊ အောက်တိုဘာလအတွင်းက လော်လီကား အမှတ် က/၈၁၅၈ ကို၊ ဦးထွန်းဇံဆိုသူထံမှ သက်သေခံစာချုပ်အရ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ထိုကားကို ဝယ်ယူပြီးနောက် လျှောက်သူ ဦးကျော်ဒင်ထံ အပ်နှံထားပြီး၊ ဦးကျော်ဒင်အား ဝင်ငွေတဆယ်ရာခိုင်နှုန်းဖြင့် ယူစေပြီး ထိုကားဖြင့် စီးပွါးရှာခွင့်ပြုထားခဲ့ပါသည်။ထိုကားတွင် မူလကပါလာသည့် ဗို (၈) အင်ဂျင်စက်မှာ ချို့ယွင်းနေပါသဖြင့် အော်စတင် အင်ဂျင်စက်တခု ဝယ်ယူတပ်ဆင်ပြီး ဗို (၈) အင်ဂျင်စက်ကို ဦးကျော်ဒင်ထံမှာပင် အပ်ထားပါသည်။ ဦးကျော်ဒင်သည် မိမိအား အသိမပေးဘဲ မိမိအပ်ထားသည့် ဗို (၈) အင်ဂျင်စက်ကို ရောင်းချပြီး ရောင်းရငွေများကို အသုံးစားပြုလုပ်ခဲ့ပါသည်။ ထို့နောက် ဦးကျော်ဒင်အား ကားကိုမိမိထံ ပြန်လည်ပေးအပ်ရန် တောင်းဆိုရာ ဦးကျော်ဒင်က ထိုကားကို ဝယ်ယူထားပါမည်။ မဝယ်မီ ငင်းထံတွင် ခေတ္တအပ်ထားပါ ပြောသောကြောင့် အပ်နှံထားခဲ့ပါသည်။ နောက်ဆုံးတွင် ဦးကျော်ဒင်သည် ကားကို ပြန်လည်ပေးအပ်ခြင်းမပြုလုပ်ဘဲ မိမိနှင့် အတွေ့မခံတော့ပါ။ ကားကိုလည်း ဦးကျော်ဒင်၏ အိမ်ဘွင် မတွေ့ရတော့ပါ အစရှိသည်တို့ဖြစ်သည်။ ဦးချစ်လွန်းက ဦးကျော်ဒင်အပေါ် တင် ရာဇသတ်ကြီးပုဒ်မ ၄၀၆ အရ အရေးယူပါရန်နှင့် ကားကိုဝါရမ်းထုတ်၍ သိမ်းဆည်းပါမည့်အကြောင်းဖြင့်လည်း လျှောက်ထားခဲ့သည်။ မူလရုံး တရားသူကြီးသည် ဦးချစ်လွန်းအား ကျင့်ထုံးပုဒ်မ ၂၀၀ အရ စစ်ဆေးပြီးနောက် ၁၉၆၆ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့စံပါအမိန့်အရ ပစ္စည်းရှာဝါရမ်းထုတ်ဆင့်ခြင်းအားဖြင့် ကားကို သိမ်းဆည်းခဲ့သည်။ ထိုအမိန့်ကို မကျေနပ်သဖြင့် ဦးကျော်ဒင်က တောင်ငူမြို့၊ စက်ရှင်တရားသူကြီးရုံး၊ ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှု အမှတ် ၁၅ တွင် ပြင်ဆင်မှုလျှောက်လွှာ တင်သွင်းခဲ့ရာ၊ အောင်မြင်မှုမရရှိခဲ့ချေ။ ထို့ကြောင့် ယခု ကျွန်ုပ်ရှေ့ရှိ လျှောက်လွှာကို တင်သွင်းခြင်းဖြစ်သည်။

လျှောက်ထားသူ ဦးကျော်ဒင်အတွက် လိုက်ပါဆောင်ရွက်သည့် တရားရုံးချုပ်ရှေနေကြီးက ၁၉၆၆ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့စံပါ မူလရုံး ချမှတ်သည့်အမိန့်သည် ရာဇဝတ်ကျင့်ထုံးပုဒ်မ ၉၄ အရဖြစ်ပါသည်။ ထိုအမိန့်မျိုးကို ချမှတ်ရာ၌ ပစ္စည်းလက်ရှိထားသူထံ သမ္မာန်စာထုတ်ဆင့်ရမည်ဖြစ်ပါသည်။ ပစ္စည်းလက်ရှိထားသူအား တစုံတရာ အကြောင်းမကြားဘဲ ပစ္စည်းရှာ ဝါရမ်းထုတ်ခြင်းသည် ဥပဒေအရ မှားယွင်းပါသည်။ ကျင့်ထုံးပုဒ်မ ၉၆ အရ ဝါရမ်းထုတ်ဆင့်ရန်လည်း လုံလောက်သည့်အကြောင်း

၁၉၆၇
ဦးကျော်ဒင်
နှင့်
ဦးချစ်လွန်း
(ထွန်း)။

မရှိပါ။ ပုဒ်မ ၄၆ အရ တရားသူကြီးသည် မိမိသဘောရရှိသည့်အတိုင်း ဝါရမ်းထုတ်ဆင့်နိုင်သော်လည်း၊ ထိုအာဏာကို သုံးစွဲရာ၌ ဆင်ခြင်တုံတရားကို ရွေးမှ ရမည်ဖြစ်ပါသည်ဟု တင်ပြသွားသည်။ ပုဒ်မ ၉၄ အရ ဆောင်ရွက်မှုများတွင် ပစ္စည်းလက်ရှိထားသူထံ ပစ္စည်းကို ထုတ်ပေးရန် သမ္မာန်စာထုတ်ဆင့်ရသည်။ သို့ရာတွင် ထိုကဲ့သို့ သမ္မာန်စာထုတ်ဆင့်ခြင်းခံရသူသည် ထိုပစ္စည်းကို ထုတ်ပေးလိမ့်မည်မဟုတ်ဟူ၍ ယုံကြည်ရန် အကြောင်းရှိခဲ့လျှင်သော်၎င်း၊ ထိုပစ္စည်းသည် မည်သူ၏ လက်ရှိဖြစ်နေသည်ကို ရုံးက မသိလျှင်သော်၎င်း၊ ပစ္စည်းရှာဝါရမ်းထုတ်ဆင့်ခြင်းအားဖြင့် သိမ်းဆည်းနိုင်ကြောင်း ပုဒ်မ ၉၆ တွင် ပြဋ္ဌာန်းထားသည်။ ယခု ကျွန်ုပ်ရှေ့ရှိအမှုတွင် မူလရုံး တရားသူကြီးသည် ဦးချစ်လွန်းအား ကြားနာစစ်ဆေးပြီးသောအခါမှ ဝါရမ်းထုတ်ဆင့်ခဲ့ခြင်း ဖြစ်သည်။ ဦးချစ်လွန်း၏ အစစ်ခံချက်များကို သေချာစွာ လေ့လာကြည့်ရှုလျှင် ဦးကျော်ဒင်သည် အခင်းဖြစ်ကားကို မိမိအိမ်တွင် မထားတော့ကြောင်း ပေါ်လွင်သည်သာမက ထိုကဲ့သည် မည်သူ၏ လက်ရှိဖြစ်နေကြောင်းလည်း မသိရှိနိုင်ချေ။ ထိုစွပ်စွဲချက်များကို ထောက်ခြင်းအားဖြင့် ဦးချစ်လွန်းအပေါ် သမ္မာန်စာ ထုတ်ဆင့်ခြင်းအားဖြင့်၊ ဦးချစ်လွန်းသည် ထိုကားကို ထုတ်ပေးလိမ့်မည်မဟုတ်ဟူ၍ ယူဆစရာအကြောင်းရှိသည်။ ထို့ပြင် ထိုကားမှာလည်း မည်သူ၏ လက်ရှိဖြစ်နေကြောင်း ဦးချစ်လွန်း၏ အစစ်ခံချက်များအရ ထင်ရှားပေါ်လွင်ခြင်းမရှိချေ။ သို့ဖြစ်လေရာ မူလရုံး တရားသူကြီးသည် ထိုပစ္စည်းအတွက်ကျင့်ထုံးပုဒ်မ ၉၆ အရ ပစ္စည်းရှာ ဝါရမ်းထုတ်ဆင့်ခဲ့ရာ၌ အမှုတွဲတွင်ရရှိသည့် အချက်အလက်များအရ အကျိုးသင့်အကြောင်းသင့် ထုတ်ဆင့်ခဲ့ခြင်းဖြစ်သည်ဟု ယူဆရမည်ဖြစ်သည်။ ထိုကဲ့သို့ ပစ္စည်းရှာ ဝါရမ်းထုတ်ဆင့်ရာ၌ တရားသူကြီးသည် မိမိထင်မြင်ယူဆသည့် အကျိုးအကြောင်းများကို စာဖြင့် ရေးသားမှတ်သားထားရမည်ဟု ဥပဒေပြဋ္ဌာန်းချက်မရှိချေ။ သို့ရာတွင် ထိုအချက်များကို မိမိထုတ်ဆင့်သည့်အမိန့်တွင် ဖော်ပြထားခြင်းအားဖြင့် ထိုအမိန့်သည် တရားဥပဒေအရ တိကျမှန်ကန်ခြင်း ရှိကြောင်း ဝိုမိုထင်ရှားမည် ဖြစ်သည်။ မည်သို့ပင်ဖြစ်စေကာမူ ဤအမှုဌ အကြောင်းပြချက်များ ဖော်ပြခြင်းမရှိကာမျှဖြင့် ၁၉၆၆ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့စွဲပါ မူလရုံး တရားသူကြီးချမှတ်ခဲ့သည့် အမိန့်သည် ဥပဒေအရင်း၊ အကြောင်းခြင်းရာ ပြဿနာများအရင်း၊ မှားယွင်းချွတ်ချော်နေသည်ကို မတွေ့ရှိနုချေ။ ထို့ကြောင့် ယခု ကျွန်ုပ်ရှေ့ရှိ ပြင်ဆင်မှုလျှောက်လွှာကို ပလပ်လိုက်သည်။

အလျဉ်းသင့်၍ ဖော်ပြလိုသည်မှာ မူလရုံး တရားသူကြီးသည် အခင်းဖြစ် ကားနှင့် ပတ်သက်၍ ကျင့်ထုံးပုဒ်မ ၅၁၆ (က) အရ သင့်တော်မည့်အမိန့်ကို ချမှတ်နိုင်မည် ဖြစ်သည်။ ထိုကဲ့သို့ အမိန့်ချမှတ်ရာ၌ လျှောက်သူနှင့် လျှောက်ထားခံရသူ များ၏ လျှောက်ထားချက်များကို ထည့်သွင်းစဉ်းစားသင့်သည်။

နိုင်ငံတော်တရားရုံးချုပ်

တရားမ ပြင်ဆင်မှု

တရားသူကြီး ဦးစိန်သင်းရွှေတင်

ဦးယုတ်စန်း (ပြင်ဆင်ရန် လျှောက်ထားသူ)

နှင့်

ဦးစမ်းမောင် (ပြင်ဆင်ရန် လျှောက်ထားခံရသူ)*

† ၁၉၆၇ ဒီဇင်ဘာလ ၂ ရက်။

ဒီကရီကိုပြန်လည်ပြင်ဆင်ပေးရန်လျှောက်ထားခြင်း—တရားမကျင့်ထုံးပုဒ်မ ၁၅၂ ကာလစည်းကမ်းသတ် ပြဋ္ဌာန်းထားခြင်းရှိ မရှိ။

ဆုံးဖြတ်ချက်။ ။မူလရုံးတွင်လျှောက်ထားသူက ဒီကရီကိုပြန်လည်ပြင်ဆင်ပေးရန် လျှောက်ထားခဲ့ခြင်းဖြစ်သည်။ လျှောက်ထားသူ၏လျှောက်လွှာသည် တရားမကျင့်ထုံးပုဒ်မ ၁၅၂ တွင် အကျုံးဝင်သည်။ ထိုကဲ့သို့ကျင့်ထုံးပုဒ်မ ၁၅၂ အရ လျှောက်ထားခြင်းမျှားနှင့်ပတ်သက်၍၊ ကာလစည်းကမ်းသတ် ပြဋ္ဌာန်းထားခြင်းမရှိ။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဦးကြင်ထုံး။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဦးတင့်။

တရားသူကြီး ဦးစိန်သင်း။ ။ရန်ကုန်မြို့ တရားမရုံး တရားမကြီးမှု အမှတ် ၇၀၆/၆၂ တွင် လျှောက်ထားခံရသူ ဦးစမ်းမောင်က လျှောက်ထားသူ ဦးယုတ်စန်းအပေါ်၌ ကျပ်ငွေ ၂၅,၀၀၀ ရလိုမှု တရားစွဲဆိုခဲ့သည်။ တရားလို၏အဆိုလွှာတွင် အတိုးနှင့်ပတ်သက်၍ သက်သာခွင့် တောင်းဆိုထားခြင်း မရှိချေ။ ပြန်ကြားလွှာတွင်မူကား၊ အမှုစွဲဆိုသည့်နေ့မှစ၍ ငွေပေးဆပ်သည့် နေ့အထိ အတိုးရသင့်ကြောင်း ဖေါ်ပြထားသည်။ မူလရုံး တရားသူကြီးသည် တရားလို စွဲဆိုသည့်အတိုင်း ငွေကျပ် ၂၅,၀၀၀ ကို တရားစွဲဆိုသည့် နေ့မှစ၍ ငွေပေးဆပ်သည့် နေ့အထိ အတိုးနှင့်တကွ ပေးဆပ်ရန် စီရင်ချက် ချမှတ်လိုက်သည်။ ထိုစီရင်ချက်အတိုင်း ဒီကရီချမှတ်ရာ၌လည်း အထက်တွင် ဖေါ်ပြထားသည့် အတိုးကို ပေးရန် ပါရှိသည်။ ထိုနောက် တရားနိုင်က တရားရုံး

* ၁၉၆၇ ခုနှစ်၊ တရားမ ပြင်ဆင်မှုအမှတ် ၃၈။

† ၁၉၆၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၇၀၆ တွင် ၁၉၆၇ ခု၊ ဧပြီလ ၆ ရက်နေ့စွဲဖြင့် ရန်ကုန်မြို့၊ တရားမရုံးတရားသူကြီးချုပ်၏အမိန့်ကိုပြင်ဆင်မှု။

၁၉၆၇ ဦးယုတ်စန်း နှင့် ဦးစမ်းမောင်။

အပေါ်တွင် ဇာရီမှုများ ပြုလုပ်ခဲ့သည်။ ထိုကဲ့သို့ ဇာရီမှုများ ပြုလုပ်ရာ၌ ပဌမ ဇာရီမှု နှစ်မှုတွင် အတိုးအတွက် ထည့်သွင်း တောင်းဆိုထားခြင်း မပြုလုပ်ခဲ့ပေ။ နောက်ဆုံး ဇာရီမှု ပြုလုပ်သော အခါမှ ထိုအတိုးများကို တွက်ချက်၍ တောင်းဆိုခဲ့ခြင်း ဖြစ်သည်။ သို့နှင့် တရားရုံးက မူလရုံးတရားသူကြီးထံ ဒီကရီကို ပြန်လည် ပြင်ဆင်ပေးပါမည့် အကြောင်းဖြင့် လျှောက်လွှာတစောင် တင်သွင်းခဲ့သည်။ မူလရုံး တရားသူကြီးသည် လျှောက်လွှာတွင် ဖော်ပြထားသည့် အကျိုးအကြောင်းကို ဆင်ခြင်သုံးသပ်ခြင်းမပြုလုပ်ဘဲ ထိုလျှောက်လွှာသည်ကာလစည်းကမ်းသတ် ကျော်လွန်နေပြီဟု ယူဆကာ ပလပ်လိုက်သည်။ ထိုအမိန့်ကို မကျေနပ်သဖြင့် ယခု ကျွန်ုပ် ရှေ့ရှိ ပြင်ဆင်မှု လျှောက်လွှာကို တင်သွင်းခြင်း ဖြစ်သည်။

မူလရုံးတွင် လျှောက်ထားသူက ဒီကရီကို ပြန်လည် ပြင်ဆင်ပေးရန် လျှောက်ထားခဲ့ခြင်းဖြစ်သည်။ တရားမ ကျင့်ထုံး ပုဒ်မ ၁၁၄ အရ စီရင်ချက်ကို ပြန်လည်သုံးသပ်ရန် လျှောက်ထားခဲ့ခြင်းမဟုတ်၊ လျှောက်ထားသူ၏ လျှောက်လွှာသည် တရားမကျင့်ထုံး ပုဒ်မ ၁၅၂ တွင် အကျုံးဝင်သည်။ ထိုကဲ့သို့ ကျင့်ထုံး ပုဒ်မ ၁၅၂ အရ လျှောက်ထားခြင်းများနှင့် ပတ်သက်၍ ကာလ စည်းကမ်းသတ် ပြဋ္ဌာန်းထားခြင်းမရှိ၊ နှစ်ပေါင်းများစွာ ကြာသောအခါမှ ထိုပုဒ်မအရ ဒီကရီများကို ပြင်ဆင်ခဲ့သည့် သာဓကများ အများအပြား ရှိသည်။ ထို့ကြောင့် မူလရုံး တရားသူကြီးက လျှောက်ထားသူ၏ ကျင့်ထုံး ပုဒ်မ ၁၅၂ အရ လျှောက်ထားခြင်းကို ကာလ စည်းကမ်းသတ်ကြောင့် ပယ်ချခဲ့ခြင်းသည် မှားယွင်းလေသည်။ ထို့ကြောင့် ထိုအမိန့်ကို ပယ်ဖျက်လိုက်သည်။ လျှောက်ထားသူ၏ လျှောက်ထားခြင်းမှာ မူလရုံး တရားသူကြီးသည် အမှတ်တမဲ့ မှားယွင်းပြီး အတိုးအတွက် အမိန့်ချမှတ်ခြင်း ဖြစ်သည်ဟူ၍ စွပ်စွဲထားသည်။ မူလရုံး တရားသူကြီး၏ စီရင်ချက်မှာ အောက်ပါအတိုင်း ပါရှိသည်။

> "There will be a decree with cost and interest at Court rate from the date of the suit till realisation."

ထိုဝါကျတွင် "**suit**" ဟူသည့် စကားရပ်မှာ ဒီကရီဟူသည့် စကားရပ်အစား မှားယွင်း၍ ရေးသားခဲ့ခြင်း ဖြစ်တန်ရာသည်ဟု လျှောက်ထားသူအတွက် လိုက်ပါဆောင်ရွက်သည့် တရားရုံးချုပ် ရှေ့နေကြီးက တင်ပြသွားသည်။ သို့ရာတွင် ထိုအချက်နှင့်ပတ်သက်၍ မူလရုံး တရားသူကြီးသည် အမှုထဲတွင် ရရှိသည့် အချက်အလက်များနှင့် တကွ၊ ပတ်ဝန်းကျင် အကြောင်းခြင်းရာ များကို ထည့်သွင်းစဉ်းစား၍ မိမိကိုယ်တိုင် တရားဥပဒေအရ အဆုံးအဖြတ် ပေးရမည့် ကိစ္စဖြစ်သည်။ ထို့ကြောင့် လျှောက်ထားသူ၏ ကျင့်ထုံး ပုဒ်မ ၁၅၂ အရ တင်သွင်းထားသည့် လျှောက်လွှာကို ဆက်လက်ဆောင်ရွက်သွားရန် အမိန့်ချမှတ်လိုက်သည်။

နိုင်ငံတော် တရားရုံးချုပ်

အထူးရာဇဝတ် အယူခံမှု

တရားသူကြီး ဦးထွန်းတင် နှင့် တရားသူကြီး ဦးစိန်သင်းတို့ရှေ့တွင်

ဦးလှတင် (လျှောက်ထားသူ)

နှင့်

ဒေါ်ညို (လျှောက်ထားခံရသူ)*

† ၁၉၆၇ ခု၊ ဖေဖော်ဝါရီလ ၇ ရက်။

အထူးအယူခံဝင်ခွင့်ရရန် လျှောက်ထားခြင်း—ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၀၆ (က)အရ၊ အယူခံဝင်ခွင့် ရှိသော အမိန့်များ။

ဆုံးဖြတ်ချက်။ ။ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၀၆ (က)အရ၊ အယူခံဝင်ခွင့် ပေးထားသော အမှုများမှာ ပုဒ်မ ၄၀၈ အရ ချမှတ်သည့် အမိန့်နှစ်မျိုးနှင့် ပုဒ်မ ၄၀၉ အရ၊ ချမှတ်သည့် အမိန့် နှစ်မျိုးတို့ဖြစ်သည်။ အမှုတွင် ရာဘက်စက်ရှင် တရားသူကြီးထံ အယူခံဝင်သည့် အမိန့်သည် ပုဒ်မ ၄၀၉ အရ မူလရုံးက ထောက်ပံ့ကြေးငွေ ပမာဏကို ပြောင်းလဲရန် ခွင့်ပြုလိုက်သည့် အမိန့်ဖြစ်သဖြင့် အထက်ဖေါ်ပြပါ အယူခံဝင်ခွင့်ရှိသည့် အမိန့်အမှတ်စဉ် ၄ တွင် အကျုံးဝင်သည်။ ထို့ကြောင့် ထိုအမိန့်သည် ပုဒ်မ ၄၀၆ (က)အရ အယူခံဝင်ခွင့်ရှိကြောင်း ထင်ရှားလေသည်။

မသန်း နှင့် ဒေါင်ထွန်း၀ေါ်၊ ၁၉၅၃၊ မြန်မာပြည်စီရင်ထုံး၊ (တရားလွှတ်တော်)စာလွှာ ၃၃၂ သုံးသပ်သည်။

လျှောက်ထားသူအတွက်။ ။ဦးဘိုးသာနှင့် ဦးသန်းနိုင်။

လျှောက်ထားခံရသူအတွက်။ ။ဦးညွှန့်တင်နှင့် ဦးခင်မောင်အေး။

တရားသူကြီး ဦးစိန်သင်း။ ။ရန်ကုန်မြို့၊ ၆ ရာဘက် ရာဇဝတ် တရားသူကြီးရုံး၊ ၁၉၆၅ ခုနှစ်၊ ရာဇဝတ် အထွေထွေမှု အမှတ် ၁၅ တွင်၊ အယူခံတရားလို ဦးလှတင် အပေါ်၌ မယား ဒေါ်ညိုနှင့် သမီး ခင်ခင်ဆွေတို့အတွက် ထောက်ပံ့ကြေးငွေ တလလျှင် ၈၀ နှင့် ၇၀ အသီးသီး တိုးမြှင့်ပေးရန်၊ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၀၉ (၁)အရ အမိန့် ချမှတ်ခဲ့သည်။ ထိုအမိန့်ကို ဦးလှတင်က မကျေနပ်သဖြင့်၊ ရန်ကုန်မြို့၊

---

* ၁၉၆၇ ခုနှစ်၊ အထူးရာဇဝတ် အယူခံမှုအမှတ် ၁။

† ရန်ကုန်မြို့၊ ၆ ရာဘက် ရာဇဝတ် တရားသူကြီးရုံး၊ ၁၉၆၅ ခုနှစ်၊ ရာဇဝတ်အထွေထွေမှု အမှတ် ၁၅ တွင် ၁၉၆၆ ခုနှစ်၊ ဇန္နဝါရီလ ၆ ရက်နေ့စွဲပါ အမိန့်ကို မကျေနပ်၍ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၀၉ (၁)အရ အထူးအယူခံခွင့်ရရန် လျှောက်ထားသော လျှောက်လွှာ။

၁၉၆၇ ဦးလှတင် နှင့် ဒေါ်ညို။

ရာဘက်စက်ရှင်တရားသူကြီးရုံး၊ ၁၉၆၂ ခုနှစ်၊ ရာဇဝတ်အယူခံမှု အမှတ် ၂ တွင် အယူခံဝင်ခဲ့သည်။ရာဘက်စက်ရှင်တရားသူကြီးသည်၊အယူခံမှုကို စစ်ဆေးကြားနာပြီးနောက်၊ မူလရုံးက ချမှတ်သည့်အမိန့်ကို ပယ်ဖျက်၍၊ ဦးလှတင်အား မယားနှင့် ကလေးအတွက် ထောက်ပံ့ကြေးကို ၁၉၆၆ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့မှ စ၍ ၆၅ နှင့် ၅၅ အသီးသီးပေးရန် ပြင်ဆင် အမိန့်ချမှတ်လိုက်သည်။ထိုအမိန့်ကို အယူခံတရားခံ ဒေါ်ညိုက မကျေနပ်ပြန်သဖြင့်၊ ဤရုံး၏ ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၉၈ (ခ)တွင်၊ ပြင်ဆင်မှု လျှောက်ထားခဲ့ရာ၊ ထိုအမှုကို တရားရုံးချုပ် တရားသူကြီး ဦးချစ်က၊ ကြားနာစစ်ဆေးခဲ့သည်။ တရားသူကြီး ဦးချစ်က "ရာဘက်စက်ရှင် တရားသူကြီးသည် ဤအမှုကို အယူခံမှုအနေဖြင့် လက်ခံထားခြင်းမှာ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၀၆ (က)၏ အဓိပ္ပါယ်ကို အလွဲကောက်ယူပြီး၊ လက်ခံ၍ အဆုံးအဖြတ်ပေးခြင်း ဖြစ်ပါသည်။ ထိုကဲ့သို့ အဆုံးအဖြတ် ပေးခြင်းမှာလည်း **မဿန်း** နှင့် **မောင်ထွန်းပေါ်** (၁) အမှုတွင် ချမှတ်ထားသော စီရင်ထုံးနှင့် ဖိလာဖြစ်နေပါသည်" ဟုယူဆပြီး၊ ပဌမအယူခံရုံး၏ အမိန့်ကိုပယ်ဖျက်၍ မူလရုံးက ချမှတ်ထားသည့် အမိန့်ကို ပြန်လည်အတည်ပြုလိုက်လေသည်။ ထို့ကြောင့် ဤအမှုတွင်ရရှိသည့် အချက်အလက်များအရ၊ အယူခံတရားလို ဦးလှတင်သည် မိမိအပေါ်၌ မူလရုံးကကျင့်ထုံး ပုဒ်မ ၄၈၉ အရ၊ ပြင်ဆင်ချမှတ်လိုက်သော ၁၉၆၆ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့စွဲပါ အမိန့်ကို ပုဒ်မ ၄၀၆ (က) အရ၊ အယူခံဝင်ခွင့်ရှိ-မရှိဟူသည့် ဥပဒေ ပြဿနာတရပ် ပေါ်ပေါက်သဖြင့် ထိုပြဿနာနှင့် စပ်လျဉ်း၍၊ ကျယ်ကျယ်ပြန့်ပြန့် ဆင်ခြင်သုံးသပ် အဆုံး အဖြတ် ပေးနိုင်ရန် အတွက် အခွင့်ထူး အယူခံဝင်ခြင်းကို ဤရုံး၏ ၁၉၆၆ ခုနှစ်၊ ရာဇဝတ်အထွေထွေ လျှောက်လွှာ အမှတ် ၃၄ တွင် လက်ခံခဲ့ခြင်းဖြစ်သည်။

ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၀၆ (က)အရ၊ အယူခံဝင်ခွင့်ရှိသော အမိန့်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကလေးအတွက်၊ သို့တည်းမဟုတ် မယားအတွက် ထောက်ပံ့ကြေး ပေးစေရန် ပုဒ်မ ၄၀၀ အရ ချမှတ်သောအမိန့်။

(၂) ကလေးအတွက် သို့တည်းမဟုတ်၊ မယားအတွက် ထောက်ပံ့ကြေး၊ လျှောက်ထားခြင်းကို ကျင့်ထုံးပုဒ်မ ၄၀၀ အရ ပယ်ချသည့်အမိန့်။

(၃) ထောက်ပံ့ကြေးငွေ ပမာဏကို ပြောင်းလဲပေးရန် လျှောက်ထားသည့် လျှောက်လွှာကို ပုဒ်မ ၄၀၉ အရ ပယ်ချသည့်အမိန့်။

(၄) ထောက်ပံ့ကြေးငွေ ပမာဏကို ပြောင်းလဲပေးရန် လျှောက်ထားသည့် လျှောက်လွှာကို ပုဒ်မ ၄၀၉ အရ ခွင့်ပြုသည့် အမိန့်။

---

(၁) ၁၉၅၃ ခုနှစ်၊ မြန်မာပြည် စီရင်ထုံး၊ (တရားလွှတ်တော်) စာ၊ ၃၃၂။

တနည်းအားဖြင့် ဆိုသော် ကျင့်ထုံးပုဒ်မ ၄၀၆ (က)အရ အယူခံဝင်ခွင့် ပေးထားသော အမိန့်မျာ်းမှာ ပုဒ်မ ၄၀၈ အရ ချမှတ်သည့် အမိန့်နှစ်မျိုးနှင့် ပုဒ်မ ၄၀၉ အရ ချမှတ်သည့် အမိန့်နှစ်မျိုးတို့ ဖြစ်သည်။ ယခု ကျွန်ုပ်တို့ရှေ့ရှိ အမှုတွင် ရာဘက် စက်ရှင် တရားသူကြီးထံ အယူခံဝင်သည့် အမိန့်သည် ပုဒ်မ ၄၀၉ အရ မူလရုံးက ထောက်ပံ့ကြေးငွေ ပမာဏကို ပြောင်းလဲရန် ခွင့်ပြုလိုက်သည့် အမိန့် ဖြစ်သဖြင့် အထက်ဖော်ပြပါ အယူခံ ဝင်ခွင့်ရှိသည့် အမိန့် အမှတ်စဉ် ၄ တွင် အကျုံးဝင်သည်။ ထို့ကြောင့် ထိုအမိန့်သည် ပုဒ်မ ၄၀၆ (က)အရ အယူခံ ဝင်ခွင့် ရှိကြောင်း ထင်ရှားလေသည်။ **မသန်း** နှင့် **မောင်ထွန်းပေါ်** တို့ အမှုတွင် စီရင်ထုံးဖွဲ့ထားသည်မှာ ပုဒ်မ ၄၀၈ အရ အဆုံးအဖြတ်ပေးထားသည့် အမှုမျာ်းတွင် ထောက်ပံ့ကြေးပေးစေရန် ချမှတ်ထားသည့် အမိန့်ကို ယောကျ်ားဖြစ်သူက မကျေနပ်လျှင် သော်၎င်း၊ ထောက်ပံ့ကြေးပေးရန် လျှောက်ထားသည့် လျှောက်လွှာကို ပယ်ချသဖြင့် **မယားလုပ်သူက မကျေနပ်လျှင်သော်၎င်း၊ ပုဒ်မ ၄၀၆ (က)အရ၊ အယူခံဝင်ခွင့်ရှိ** သည်။ သို့ရာတွင်ပုဒ်မ ၄၀၈ အရ၊ ထောက်ပံ့ကြေးပေးရန် ချမှတ်သည့် အမိန့်နှင့် ပတ်သက်၍၊ ထောက်ပံ့ကြေး ပမာဏကို တိုးမြှင့်ပေးရန် မယားလုပ်သူ၌ ပုဒ်မ ၄၀၆ (က)အရ အယူခံဝင်ခွင့် မရှိဟူ၍ဖြစ်သည်။ ယခုကျွန်ုပ်တို့ရှေ့ရှိ အမှု၌ အထက်တွင် ပြဆိုထားသည့်အတိုင်း၊ ရာဘက်စက်ရှင် တရားသူကြီးထံတွင် အယူခံဝင်သည့် အမိန့်သည် ပုဒ်မ ၄၀၈ အရ၊ ချမှတ်ထားသည့် အမိန့်မဟုတ်၊ ပုဒ်မ ၄၀၉ အရ၊ ချမှတ်ထားသည့် အမိန့်ဖြစ်ခြင်းကြောင့် ထိုအယူခံလွှာကို လက်ခံခဲ့ခြင်းသည် **မသန်း** နှင့် **မောင်ထွန်းပေါ်** တို့၏ အမှုစီရင်ထုံးနှင့် ဖီလာဖြစ်သည်ဟု မည်သည့်နည်းနှင့်မျှ မယူဆနိုင်ချေ။

အယူခံ တရားလိုအတွက် လိုက်ပါဆောင်ရွက်သည့် တရားရုံးချုပ် ရွှေနေကြီး ဦးဘိုးသာက၊ **မသန်း** နှင့် **မောင်ထွန်းပေါ်** အမှု စီရင်ထုံးကို ပြန်လည်သုံးသပ်သင့်ကြောင်းဖြင့် တင်ပြသွားသည်။ ဦးဘိုးသာက ထိုစီရင်ထုံး၌ ပုဒ်မ ၄၀၈ အရ ထောက်ပံ့ကြေးပေးရန် ချမှတ်သည့် အမိန့်နှင့် ပတ်သက်၍၊ ထောက်ပံ့ကြေးကို တိုးမြှင့်ပေးရန် **မယားလုပ်သူက ပုဒ်မ ၄၀၆ (က)အရ** အယူခံဝင်ခွင့် မရှိဟူ၍ အဆုံးအဖြတ် ပြုထားခြင်းသည် မှားယွင်းပါသည်။ မယားဖြစ်သူသည် ပုဒ်မ ၄၀၈ အရ ထောက်ပံ့ကြေး တောင်းဆိုရာ၌၊ မိမိတောင်းဆိုထားသည့် ထောက်ပံ့ကြေး ပမာဏအတိုင်း မရရှိခဲ့ပါလျှင် မိမိ၏ လျှောက်ထားချက်ကို တစိတ် တဒေသအားဖြင့် ပယ်ချခြင်း ခံရရာရောက်ပါသည်။ ထို့ကြောင့် အထက်တွင် ဖော်ပြထားသည့် အမှတ်စဉ် ၂ တွင် အကျုံးဝင်သဖြင့် အယူခံဝင်ခွင့် ရှိပါသည်ဟု လျှောက်လဲသွားသည်။ သို့ရာတွင် ယခု ကျွန်ုပ်တို့ ရှေ့ရှိ အမှု၌ မူလရုံးက ချမှတ်ထားသော အမိန့်သည် ပုဒ်မ ၄၀၉ အရ ချမှတ်ထားသော အမိန့်ဖြစ်ရကား၊ ဦးဘိုးသာ တင်ပြသွားသည့် အချက်အလက်များကို ဆန်းစစ်

၁၉၆၇

ဦးလှတင်နှင့် ဒေါ်ညို။

ဆင်ခြင်ရန်မလို၊ ထို့ကြောင့် **မဿန်း** နှင့် **မောင်ထွန်းပေါ်** အမှုစီရင်ထုံးနှင့် ပတ်သက်၍ ကျွန်ုပ်တို့သည်နှစ်မည်ကဲ့သို့သော မှတ်ချက်မျိုးမျှားကိုမျှ ပြုလုပ်ရန် အကြောင်းမရှိချေ။

အထက်ဖေါ်ပြပါ အကြောင်းမျှားကြောင့် ဤရုံး၏ ၁၉၆၆ ခုနှစ်၊ ရာဇဝတ် ပြင်ဆင်မှုအမှတ် ၆၈ (ခ)တွင် ချမှတ်လိုက်သည့် ၁၉၆၆ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့စွဲပါ စီရင်ချက်နှင့် အမိန့်တို့ကို ပယ်ဖျက်လိုက်ပြီး၊ ရန်ကုန်မြို့၊ ရာဘက်စက်ရှင် တရားသူကြီးရုံး၊ ၁၉၆၆ ခုနှစ်၊ ရာဇဝတ် အယူခံမှုအမှတ် ၂ တွင် ချမှတ်ထားသည့် ၁၉၆၆ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့စွဲပါ စီရင်ချက်နှင့် အမိန့်တို့ကို စရိတ်နှင့်တကွ အတည်ပြုလိုက်သည်။

ဤရုံး၏ ရှေ့နေကြီးခမျာ ၅ဝ တိတိဖြစ်သည်ဟု သတ်မှတ်လိုက်သည်။

စီရင်ထုံးပြုသောမှုခင်းများ

LIST OF CASES REPORTED

အထူးရာဇဝတ်ရုံးအယူခံအပို့

SPECIAL CRIMINAL COURTS' APPEAL COURT

		စာမျက်နှာ
ဆလန် (ခေါ်) ကောင်လေး နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ	....	၁
ဆလန် (ခေါ်) ကောင်လေး နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ	....	၆
မောင်ကျော်သိန်း ပါ ၃ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ	....	၉
မောင်သောင်းကြည် ပါ ၂ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ	....	၁၄

စီရင်ထုံးပြုသောမှုခင်းများ

LIST OF CASES REPORTED

အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

SPECIAL CRIMINAL COURTS' APPEAL COURT

	စာမျက်နှာ
မောင်မြသန်း နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ	၁၉

စီရင်ထုံးပြုသောမှုခင်းများ

LIST OF CASES REPORTED

အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

SPECIAL CRIMINAL COURTS' APPEAL COURT

		စာမျက်နှာ
စိုလ်သိန်းနိုင် ပါ ၂ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ	....	၂၃
မောင်တင်ဟန် ပါ ၉ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ	....	၃၀
ဦးဂနေဆင် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ	....	၃၆

စီရင်ထုံးပြုသောမှုခင်းများ

LIST OF CASES REPORTED

အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

SPECIAL CRIMINAL COURTS' APPEAL COURT

	စာမျက်နှာ
စောကုလား ပါ ၅ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ	၄၁
—ဘိုးကြူးနှင့် ပြည်ထောင်စု မြန်မာနိုင်ငံ	၄၅
ဒေါ်ဦး ပါ ၃ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ	၄၉
မောင်ချစ်ဖေ ပါ ၂ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ	၅၆
—ညိုမောင်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ	၅၉
—တင်ဒေနှင့် ပြည်ထောင်စု မြန်မာနိုင်ငံ	၆၂
—တင်လှိုင် ပါ ၅ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ	၆၆
—တင်ဝင်း ပါ ၃ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ	၆၉
—ပွါး ပါ ၈ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ	၇၂
—ရင်မောင်(ခ)ရှီးတားနှင့် ပြည်ထောင်စု မြန်မာနိုင်ငံ	၇၇
—သက်နိုင်(ခ)အာမင်း ပါ ၂ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ	၀၀
—သောင်းထွန်းနှင့် ပြည်ထောင်စု မြန်မာနိုင်ငံ	၀၄
ဦးကျော်မြင့်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ	၀၇
—ခင်မောင်အေး ပါ ၃ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ	၉၄
—တင်ကြည် ပါ ၃ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ	၉၆
—သိန်း ပါ ၅ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ	၉၉
—အုံးငွေ ပါ ၇ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ	၁၀၅

စီရင်ထုံးပြုသောမှုခင်းများ

LIST OF CASES REPORTED

အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

SPECIAL CRIMINAL COURTS' APPEAL COURT

			စာမျက်နှာ
မခါတွန် ပါ ၂၁ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ	....	....	၁၀၈
မောင်ကြိုင်လှနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ	....	....	၁၁၁
မောင်ထွန်းရှင်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ	....	....	၁၁၄
မောင်ဖေ ပါ ၃ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ	....	....	၁၁၈
မောင်လှဦး ပါ ၄ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ	....	....	၁၂၅
မောင်အောင်သန်း ပါ ၆ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ		....	၁၃၁
ဦးစိန်မောင် (ခ) ဦးဟုတ်ကျန် ပါ ၂ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ		....	၁၃၈
ဦးအောင်ကျော်မြင့်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ	....	....	၁၄၄

ကိုးကားသောမှုခင်းများ

LIST OF CASES CITED

အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

SPECIAL CRIMINAL COURTS' APPEAL COURT

မရှိ

ကိုးကားသောမှုခင်းများ

LIST OF CASES CITED

အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

SPECIAL CRIMINAL COURTS' APPEAL COURT

မရှိ

ကိုးကားသောမှုခင်းများ

LIST OF CASES CITED

အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

SPECIAL CRIMINAL COURTS' APPEAL COURT

မရှိ

ကိုးကားသောမှုခင်းများ

LIST OF CASES CITED

အထူးရာဇဝတ်ရုံးအယူခအဖွဲ့

SPECIAL CRIMINAL COURTS' APPEAL COURT

မရှိ

ညွှန်းချက်

INDEX

အာဏူးရာဇဝတ်ရုံးအယူခံအဖွဲ့

SPECIAL CRIMINAL COURTS' APPEAL COURT

စာမျက်နှာ

အက်ဥပဒေများ—

ရာဇသတ်ကြီး။

နိုင်ငံတော် သစ္စာဖေါက်ဖျက်ပုန်ကန်မှု —လက်နက်ကိုင်၍ တိုက်ပွဲတွင် မမ်းမိသူမဆို ထားနှင့် နိုင်ငံတော်ကို သစ္စာဖေါက်ဖျက်ပုန်ကန်ရာတွင် လက်နက်ကိုင်၍ တိုက်ခိုက်ခြင်းမဟုတ်ဘဲ အားပေးကူညီခြင်း၊ တနည်းနည်းဖြင့် ပုန်ကန်မှုကို အင်အားဖြည့်တင်းပေးခြင်းသည်ပင် ပုန်ကန်မှုကိုကိုယ်တိုင် ကျူးလွန်ရာရောက်ခြင်း—ရာဇသတ်ကြီးပုဒ်မ ၁၂၂ (၁) ....

ရာဇသတ်ကြီး ပုဒ်မ ၁၂၂ (၁) အရ မူပြစ်ထင်ရှားစီရင်ခြင်း—တိုက်ပွဲဆိုသည့် စကားရပ် ၏ အဓိပ္ပါယ်ရှင်းလင်းချက်—နိုင်ငံတော်ကို ပုန်ကန် ခြားနားသည်မှာ ထင်ရှားသော အချက်ဖြစ်ခြင်း—အထွေထွေလွှတ်ငြိမ်းချမ်းသာခွင့် အပိုဒ် ၃ ၏ အကျိုးကျေးဇူးကိုခံစားနိုင်ခွင့်ရှိမရှိ။ ။ဆုံးဖြတ်ချက်။ ။တိုက်ပွဲ ဟူသည်မည်သည့် ဘက်မှ စတင်တိုက်ခိုက်မှ တိုက်ပွဲမြောက်သည်ဟု မဆိုသာ။ ခြုံခိုတိုက်ခိုက်ခြင်းသည်လည်း တိုက်ပွဲပင်ဖြစ်သည်။ အစိုးရ ကချင်သေနတ်ကိုင်တပ်ရင်းမှ တိုက်ကင်းက လက်ဦးသဖြင့် အယူခံတရားလိုတို့အဖွဲ့ကို ဝိုင်းဝန်းတိုက်ခိုက်ခြင်းဖြစ်လျှင်လည်း တိုက်ပွဲပင်ဖြစ်သည်။ ။အယူခံ ထရားလိုသည် ၁၉၄၉ ခုနှစ်မှ ၎င်းအား ဖမ်းမိသည်အထိ နိုင်ငံတော်ကို ပုန်ကန်ခြားနားခဲ့သည်မှာ ထင်ရှားသောအချက်ဖြစ်သည်။ အစိုးရက အထွေထွေလွှတ်ငြိမ်းချမ်းသာခွင့် အမိန့်ထုတ်ပြန်ပြီးနောက် တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းများကို အလင်းသို့ ဝင်ရန် ဖိတ်ခေါ်သောအခါ၌လည်း၊ အယူခံတရားလိုသည် အလင်းသို့မဝင်။ ဆက်လက်၍ သာလက်နက်ကိုင်၍ တော်လှန်ပုန်ကန်ခဲ့သည်။ ထို့ကြောင့် ၎င်းသည်အထွေထွေလွှတ်ငြိမ်းချမ်းသာခွင့်အပိုဒ် ၃ ၏ အကျိုးကျေးဇူးကို ခံစားနိုင်ခွင့်မရှိ။ ထိုအပိုဒ်ပါပြဋ္ဌာန်းချက်မှာ အစိုးရက သတ်မှတ်သောနေရက်မတိုင်မီ လက်နက်ခဲယမ်းမီးကျောက်များကို အစိုးရထံ အပ်နှင်း၍ တရားဥပဒေ ဘောင်အတွင်းသို့ ဝင်လာကြသော လက်နက်စွဲကိုင် ပုန်ကန်သော သောင်းကျန်းသူများနှင့်သာ သက်ဆိုင်သည်။ အယူခံတရားလိုကို အစိုးရတပ်နှင့် တိုက်ပွဲဖြစ်ရာတွင် လက်နက်ကိုင်ဆောင်လျက် လက်ပူးလက်ကြပ်ဖမ်းမိခဲ့ခြင်း ဖြစ်သည်။ ထိုသို့ လက်နက်ကိုင်၍ တိုက်ပွဲတွင်ဖမ်းမိသူကိုမဆိုထားနှင့် နိုင်ငံတော်ကို သစ္စာဖေါက်ဖျက် ပုန်ကန်

ရာတွင် လက်နက်ကိုင်၍ တိုက်ခိုက်ခြင်း မဟုတ်ဘဲ၊ အားပေးကူညီပြုခြင်း၊ တနည်းနည်းဖြင့် ပုန်ကန်မှုကို အားအင်ဖြည့်တင်း ပေးခြင်းတို့သည်ပင် ပုန်ကန်မှုကို ကိုယ်တိုင်ကိုယ်ကျကျူးလွန်ရာရောက်စေသည်။ ။အယူခံ တရားလိုသည် ပုန်ကန်ခြေးနှားလျက်ရှိခဲ့သော လက်နက်ကိုင် တပ်ဖွဲ့များကို ခေါင်းဆောင်၍၊ တိုက်ရင်းခိုက်ရင်း လက်ရဖမ်းဆီးခဲ့ရခြင်း ဖြစ်ပေသည်။ ထို့ကြောင့် ၎င်းသည် ရာဇသတ်ကြီး ပုဒ်မ ၁၂၂ (၁) တွင်ဖော်ပြသော နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုကို ကျူးလွန်သည်။ ။အယူခံတရားလိုသည် သောင်းကျန်သူများကို ဦးစီးခေါင်းဆောင်ပြု၍ ၎င်းလှုပ်ရှားတိုက်ခိုက်ခဲ့သော နယ်မှနယ်သူနယ်သားများအားအထူးနှိပ်စက်ကလူပြုခဲ့ခြင်း၊ လူသတ်၊ ပြန်ပေးဆွဲ၊ ခါးပြတိုက် စသည်တို့ကို ရက်ရက်စက်စက်ပြုလုပ်ခဲ့ခြင်းတို့သည် သက်သေအထောက်အထားများအရ ထင်ရှားပြီးဖြစ်သည်။ ၎င်းကိုယ်တိုင်ကလည်း ငြင်းကွယ်ခြင်းမပြုနိုင်။ ထို့အချက်တို့ကိုထောက်ရှု၍ ၎င်းသည် မသိနားမလည် ဆင်ခြင်တုံတရားကင်း၍ ပြစ်မှုတို့ကို ကျူးလွန်ခဲ့သည်မဟုတ်။ ၎င်းကိုယ်တိုင် ကိုယ်ရောစိတ်ပါ ထိရောက်စွာ ကျူးလွန်ခဲ့ခြင်း ဖြစ်သည်ဟုယူဆသည်။

ဆလန် (ခေါ်) ကောင်လေး နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၁

ရာဇသတ်ကြီး ပုဒ်မ ၃၀၂/၁၁၄ အရ မှုပြစ်ထင်ရှား စီရင်ခြင်း—အမိန့်အရ ငယ်သားများက သတ်ဖြတ်ခြင်း ဖြစ်၍ ကိုယ်ထိလက်ရောက် ကျူးလွန်သကဲ့သို့ပင် ပြစ်မှုမြောက်ခြင်း။ ။အယူခံ တရားလိုအား ရာဇသတ်ကြီး ပုဒ်မ ၃၀၂/၁၁၄ အရ ပြစ်မှုထင်ရှား စီရင်ခြင်းခံရသည်။ ။**ဆုံးဖြတ်ချက်**။ ။အယူခံ တရားလိုကိုယ်တိုင် ခေါင်းဆောင်သော သောင်းကျန်းသူများက ၎င်း၏ အမိန့် အရ ၎င်း၏ မျက်မှောက်တွင် ဂိုနီအား ဝိုင်းဝန်းသတ်ဖြတ်ကြခြင်း ဖြစ်သည်။ အယူခံတရားလိုကိုယ်တိုင် ရိုက်နှက်ရာတွင် ပါဝင်သည်ဖြစ်စေ၊ မပါဝင်သည် ဖြစ်စေ ၎င်း၏အမိန့် အရ ငယ်သားများက သတ်ဖြတ်ခြင်း ဖြစ်၍ အယူခံ တရားလိုသည် ကိုယ်ထိလက်ရောက် ကျူးလွန်သကဲ့သို့ပင် ပြစ်မှုမြောက်သည်။

ဆလန် (ခေါ်) ကောင်လေး နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၆

ရာဇသတ်ကြီးပုဒ်မ ၃၀၂(၂)/၁၀၉/၂၁၂ အရ မှုပြစ်ထင်ရှားစီရင်ခြင်း—ခိုင်မာသော အထောက်အထားမပြတ်သော သက်သေခံ ကွင်းဆက်များ မရှိခြင်း—အယူခံမှုများကို ကြားနာဆုံးဖြတ်ကြရာတွင် အမှုတမှုစီကိုသာ ဆုံးဖြတ်ရသည် မဟုတ်သေး၊ မျှတမှုန်ကန် အမျှပြည်သူတို့ ယုံကြည်အားကိုးသော တရားစီရင်ရေးမှုများကိုပါ ချမှတ်ရခြင်း။ ။ ၁ နှင့် ၂ အယူခံတရားလို ၂ ဦးအား ရာဇသတ်ကြီး ပုဒ်မ ၃၀၂(၂)/၁၀၉ အရ ပြစ်မှုထင်ရှား တွေ့ရှိထား၍ ၃ အယူခံ တရားလိုအား ရာဇသတ်ကြီး ပုဒ်မ ၂၁၂ အရ ပြစ်မှုထင်ရှား စီရင်ခြင်း ခံရသည်။ ။ **ဆုံးဖြတ်ချက်**။ ။ပဌမအယူခံတရားလိုသည် သေသူကိုသတ်သည်၊ သတ်ရာတွင် ဒုတိယအယူခံတရားလိုလည်း အားပေးကူညီခဲ့သည်။ တတိယအယူခံတရားလိုသည် အမှုကို ဖုံးကွယ်ခဲ့သည်ဟု တွေးတောထင်မြင်စရာရှိသော်လည်း ခိုင်မာသော အထောက်အထား၊ မပြတ်သော သက်သေခံ ကွင်းဆက်များကား မရှိ။ အယူခံမှုများကိုကြားနာဆုံးဖြတ်ကြရာတွင် အမှုတမှုစီကိုသာ ဆုံးဖြတ်ရသည်မဟုတ်သေး၊

မျှတမှုနှင့်ကန်အမျှားပြည်သူတို့ ယုံကြည်အားကိုးသောတရားစီရင်ရေးမူများကိုပါ ချမှတ်ရခြင်းဖြစ်သည်။ ထို့ကြောင့် ဤအမှုပေါ် ပေါက်ခဲ့သော ဒေသနှင့် ကာလတွင် လက်နက်ကိုင်၍ မတရားစိုးမိုးမှုများရှိခဲ့သည်။ တတိယအယူခံတရားလိုနှင့် တပည့်များ ရွာတွင်ဖိနှိပ်ခဲ့ကြသည်ဟု အခြားအမှုများ၌ ပေါ်လွင်ခဲ့သော်လည်း ဤအမှုတွင်ကား သက်သေအထောက်အထား ပြည့်စုံခိုင်လုံခြင်းမရှိ၊ ထင်ကြေးဖြင့်သာလည်း အပြစ်မပေးထိုက်ဟု ယူဆသည်။

မောင်ကျော်သိန်း ပါ ၃ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၉

ရာဇသတ်ကြီး ပုဒ်မ ၄၃၄၊ ၃၆/၁၀၉ အရ မူပြစ်ထင်ရှား စီရင်ခြင်း — မီးရှို့ဖျက်ဆီးသော ပြစ်မှုမျိုးကို လူမြင်သူမြင် ကျူးလွန်ကြမည် မဟုတ်၍ ပတ်ဝန်းကျင် အခြေအနေ အထောက်အထားများကို ပေါင်းစပ်၍ အမှုကို ဖေါ်ရခြင်း—ပြစ်မှုကျူးလွန်သည်ဟု တွေ့ရှိရလျှင် ကျူးလွန်သူက ဘယ်ကဲ့သို့သော အကျိုးကို မျှော်၍ ဘယ်အကြောင်းကြောင့် တူးလွန်သည်ဟု သက်သေထူရန် မလို။ ။ ပဌမနှင့် ဒုတိယအယူခံ တရားလိုများသည် ဆန့်စက်နှင့် ဂိုဒေါင်များကို မီးရှို့ဖျက်ဆီးကြသည်ဟုငြင်း၊ တတိယအယူခံ တရားလိုသည် ထိုသို့ဖျက်ဆီးရာတွင် အားပေးကူညီပို့လုပ်သည်ဟုငြင်း တွေ့ရှိထားသည်။ ။**ဆုံးဖြတ်ချက်**။ ။မီးရှို့ဖျက်ဆီးသောပြစ်မှုမျိုးကို လူမြင်သူမြင်ကျူးလွန်ကြမည်မဟုတ်ခေျ။ ထို့ကြောင့် ပတ်ဝန်းကျင် အခြေအနေ အထောက်အထားများကို ပေါင်းစပ်၍ အမှုကိုဖေါ်ရသည်။ အထောက်အထားများကွင်းဆက်မပြတ် ပေါ်လာလျှင် အမှုခိုင်လုံသည်ဟု ယူဆရသည်။ ကွင်းဆက်ပြတ်နေလျှင်မူကား အမှုမခိုင်လုံဟု ယူဆရသည်။ ပတ်ဝန်းကျင်အခြေအနေ အထောက်အထားများကို အမှီပြုရသဖြင့် သတိထား၍ သေချာအောင် စီစစ်ရသည်။ သို့ရာတွင် အထောက်အထားများ ပြည့်စုံလျှင်မူကား၊ မျက်မြင်သက်သေဆိုသူ တဦးနှစ်ဦး ထွက်ဆိုသည်ထက်ပင် အမှုသည်ခိုင်လုံသေးသည်။ အဘယ့်ကြောင့်ဆိုသော် သက်သေတဦးနှစ်ဦးကို သွန်သင်၍ လည်ဆယ်ထွက် ဆိုစေနိုင်သည်။ ပတ်ဝန်းကျင် အခြေအနေ အထောက်အထားများကို မဟုတ်ဘဲ ဖန်တီး၍ ဆက်စပ်ရန် မလွယ်ကူဖေ။ ။ပြစ်မှုကို ကျူးလွန်သည်ဟု တွေ့ရှိရလျှင်၊ ကျူးလွန်သူက ဘယ်ကဲ့သို့သော အကျိုးကို မျှော်၍၊ ဘယ်အကြောင်းကြောင့် ကျူးလွန်သည်ဟု သက်သေထူရန် မလိုခေျ။ ပျက်စီးစေလိုသောစိတ်နှင့် မီးရှို့ခဲ့ခြင်းဖြစ်ရာ မနောက်၊ကာယကံအားဖြင့် မီးရှို့ဖျက်ဆီးမှုမြောက်သည်။ ထိုထက်ပို၍ ဘယ်အကြောင်းကြောင့် ထိုသို့ ပျက်ဆီးစေလိုခြင်းဖြစ်ပါသည်ဟု အကြောင်းရှာ၍ ပြသဖြေရှင်းရန်မလိုခေျ။ စိတ်ရောကိုယ်ပါ ကျူးလွန်မှုပြစ်မှုမြောက်သည်တို့တွင် စိတ်ကို ကာယကံမှမှခြိန်ဆခန့်မှန်းရသည်။ ပုဂ္ဂလဒိဋ္ဌမဟုတ် ဓမ္မဒိဋ္ဌသဘောအားဖြင့် ယေဘုယျလူတို့သည် ဤသို့ပြုလျှင်၊ သို့မဟုတ် ဤသို့ပြုလုပ်ရန်ပျက်ကွက်လျှင် ဤသို့သောစိတ်ရှိတတ်သည်ဟု ဆင်ခြင်သုံးသပ်၍ဆုံးဖြတ်ကြရသည်။ထို့အတူပင် စိတ်ရောကိုယ်ပါမနောကံနှင့် ကာယကံမြောက်ကျူးလွန်သည်၊ထို့ကြောင့် ပြစ်မှုမြောက်သည်ဟု တွေ့ရှိရသောအမှုတို့၌ ကျူးလွန်ရခြင်းအကြောင်းရင်းကို အဓိကထား၍ ရှာဖွေရှင်းလင်းရန် မလိုတော့ခေျ။

မောင်သောင်းကြည်ပါ ၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၁၄

သက်သေခံ အထောက်အထား—လူမြင်သူမြင် ကျူးလွန်မည် မဟုတ်သော ပြစ်မှုမျာ
တွင် ပတ်ဝန်းကျင် အခြေအနေ အထောက်အထားများကို ပေါင်းစပ်၍အမှုကို
မည်သို့ဖေါ်ရမည်၊ ပြည့်စုံသော အထောက် အထားသည် မျက်မြင်သက်သေ
တဦးနှစ်ဦး ထုတ်ဆိုသည်ထက် အမှုကိုခိုင်လုံပုံ —ရာဇသတ်ကြီး ပုဒ်မ ၄၃၆/၁၀၉ ၁၄

အမှုန်တရားကိုရှာဖွေခြင်း— တော်လှန်ရေးအစိုးရ မတက်မီက အချို့သော ဒေသများ
တွင် ဆိုးသွမ်းတိုက်ခိုက်ခြင်း၊လက်နက်အားကိုးနှင့် စိုးမိုးမိန်းပ်ခြင်းများ ပေါများ
ခဲ့ခြင်း၊ တော်လှန်ရေးအစိုးရ တက်ပြီးမှ နှစ်နာသူတို့ တိုင်ကြားခဲ့ကြသဖြင့်အမှု
များစွာတို့ကိုဖေါ်ထုတ်ခဲ့ရခြင်း၊ အချို့အမှုများမှာအတန်ကြာ တိမ်မြုပ်နေပြီးမှ
ရုံးသို့ရောက်ရသဖြင့် သက်သေ အထောက်အထား မပြည့်စုံ၊ မေ့လျော့နေသည်
များ၊ ပျောက်ကွယ်နေသည်များလည်း ရှိခဲ့ခြင်း၊အချို့ကား ရပ်ရွာပဋိပက္ခများ
အကြားမှ ပေါက်ဖွါးရသဖြင့် ရောနှောရှင်း စွပ်စွဲသော အမှုများလည်း ဖြစ်ခဲ့
နိုင်ခြင်း၊ ဤအမှုများတွင် အမှုန်တရားကို အထူးဂရုစိုက်၍ ရှာဖွေရမည်ဖြစ်ခြင်း—
ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၂)/၁၀၉/၂၁၂ .... ၉

ညွှန်းချက်

INDEX

အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

SPECIAL CRIMINAL COURTS' APPEAL COURT

စာမျက်နှာ

အက်ဥပဒေများ။

ရာဇသတ်ကြီး။

ရာဇသတ်ကြီးပုဒ်မ ၄၅၂/၃၅၄/၃၂၄ တို့အရမှုပြစ်ထင်ရှားစီရင်ခြင်း——အိမ်ပေါ်သို့ကျူးကျော်တက်ရောက်ခြင်း——အခမဲ့ ကျူးလွန်မည်ဟူသော ကြံရွယ်ချက်ရှိ မရှိ။ ။ အယူခံတရားလိုအား ရာဇသတ်ကြီး ပုဒ်မ ၄၅၂ မြောက်သော အိမ်ကျော်နင်းမှု၊ ပုဒ်မ ၃၅၄ မြောက်သော ကာယိန္ဒြေပျက်စီးစေရန် ကျူးလွန်မှုနှင့် ပုဒ်မ ၃၂၄ မြောက်သော လက်နက်ဖြင့် နာကျင်စေမှုတို့အရ ပြစ်မှုထင်ရှားတွေ့ရှိထားသည်။ ။**ဆုံးဖြတ်ချက်**။ ။အယူခံတရားလိုသည် **မသန်းကြည်၏ မိဘမောင်နှစ်မများ** လယ်တောသွားခါနိုက်ကိုစောင့်၍၊ မသန်းကြည် တဦးတည်း အိမ်တွင်ကျန်သောအခါမှ ကျူးကျော်တက်ရောက်ခဲ့ခြင်းဖြစ်သည်။ သဘောရိုးဖြင့် သွားရောက်လည်ပတ်ခြင်းမဟုတ်၊ အိမ်ပေါ်သို့ ကျူးကျော်တက်ရောက်သည့်အခါကပင် မသန်းကြည်အား အခမဲ့ကျူးလွန်မည်ဟူသော ကြံရွယ်ချက်ရှိခဲ့သည်ဟု အမှုအချင်းအရာ၊ ပတ်ဝန်းကျင် အခြေအနေကထင်ရှားစေသည်။ မသန်းကြည်က ရုန်းကန်အော်ဟစ်သောအခါ လှုံ့နှင့်ထိုးခြင်း၊ ရိုက်နှက် ကန်ကျောက်ခြင်းတို့ကို ပြုသည်။ ထိုပြုမူချက်အားလုံးကို ဆက်စပ်ကြည့်ရှုလျှင်၊ ရာဇသတ်ပုဒ်မ ၄၅၂ အရ အယူခံတရားလိုအပေါ် ပြစ်မှုထင်ရှားတွေ့ရှိထားခြင်းသည် မှန်ကန်သည်။

မောင်မြသန်း နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၁၉

ညွှန်းချက်

INDEX

အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

SPECIAL CRIME COURTS' APPEAL COURT

စာမျက်နှာ

အက်ဥပဒေ။

ရာဇသတ်ကြီး။

အဂတိလိုက်စားမှု တားမြစ်ရေး အက်ဥပဒေ။

ရာဇသတ်ကြီး ပုဒ်မ ၄၆၅/၄၇၁ အရ၊ မှုပြစ်ထင်ရှား စီရင်ခြင်း—လူဘဦးတယောက်က တစုံတခုကို ပြုလုပ်ရာတွင် ထားရှိသော စေတနာ—ပြုလုပ်ခြင်းကပင် အတွင်းစိတ်ကို ဖော်ပြသော ကြေးမုံပြင်ဖြစ်သည်ဟုသာမန်အားဖြင့်တွက်ချက်ရခြင်း—နတ်နှင်အမိန့်မျိုးကို နိုင်ငံ အထွဋ်အထိပ် ပုဂ္ဂိုလ်၏ အာဏာဖြင့်သာ ထုတ်ပြန်သည့် ရှေးရိုး ထုံးစံရှိသည် ဟူသော အစဉ်အလမ်း—အယောင်ဆောင်ခြင်း၊ လိမ်လည် အတုပြုလုပ်ခြင်းတို့ကို ထိရောက်စွာ အရေးယူရန်လိုခြင်း။ ။အယူခံတရားလိုမျာသည် တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ၏ အမိန့်ဟု လိမ်လည် အတုပြုလုပ်ထားသော စာတမ်းကို ဖတ်ကြားအသုံးပြုခဲ့ကြသဖြင့် ၎င်းတို့အား ရာဇသတ်ကြီး ပုဒ်မ ၄၆၅/၄၇၁ တို့အရ၊ ပြစ်မှုကျူးလွန်သည်ဟူသော စွဲချက်ဖြင့် စစ်ဆေးခဲ့သည်။ ။**ဆုံးဖြတ်ချက်**။ ။လူဘဦးတယောက်က တစုံတခုကို ပြုလုပ်ရာတွင် ထားရှိခဲ့သော စိတ်စေတနာကို အတိအကျတိုင်းထွာခန့်မှန်းရန် လွယ်ကူသည် မဟုတ်ချေ။ စိတ်စေတနာက တိုက်တွန်း၍ ကာယကံမြောက် ပြုလုပ်ခြင်း ဖြစ်တတ်သောကြောင့် ထိုပြုလုပ်ခြင်းကပင် အတွင်းစိတ်ကို ဖော်ပြသော ကြေးမုံပြင်ဖြစ်သည်ဟု သာမန်အားဖြင့် ဘုံကျချက်ချသည်။ နာဘကွန်းနှင့်ညောင်ပင်ကို ဖျက်ဆီး ရှင်းလင်းခြင်းမှာ မြို့ရွာမှ သံဃာ၊ လူကြီးများကအစ နတ်ကွန်းထိန်းများမကျန် သဘောတူ၍ လိုလားကြသော အလုပ်ကို တာဝန်အရ လုပ်ခဲ့ကြခြင်းဖြစ်သဖြင့် အယူခံတရားလိုတို့၏ စိတ်စေတနာသည် ရိုးသားသည်ဟု ဆိုရမည်သာဖြစ်ပေသည်။ ။နတ်နှင် အမိန့်မျိုးသည် ပြည်ပိုင်မင်း၏ အာဏာဖြင့် ထုတ်ပြန်မှသာ အာနိသင်ထက်သည်ဟု စွဲလမ်းယူဆကြသည်ကို သတိပြုရပေမည်။ အစဉ်အလမ်းများသည် တစတစသာလျင် ပျောက်ကွယ်တတ်သည်။ နတ်နှင်ခြင်းနှင့် ပတ်သက်သော အစဉ်အလမ်းသည် ပျောက်ကွယ်ခြင်း မရှိသေးကြောင်းကို အမှုတွင် နတ်ကွန်းကို အခြားမည်သည့် ပုဂ္ဂိုလ်များကမှ တာဝန်ယူ၍ ဆောင်

ရွက်ခြင်းမပြုလိုကြခြင်းမှာ ထင်ရှားသည်။ ထိုအစဲ့အလမ်းကြောင့် ဗိုလ်သိန်းနိုင်သည် တာဝန်ယူ၍ နတ်ကွန်းဖျက်ရာ၌ နိုင်ငံတော်၏ အထွဋ်အထိပ် တော်လှန်ရေးကောင်စီဥက္ကဋ္ဌ၏ အမည်နှင့် အာဏာကို သုံးစွဲခဲ့ခြင်း ဖြစ်ပေလိမ့်မည်။ ။ ဗိုလ်သိန်းနိုင်သည် မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကိစ္စများတွင် စေတနာထား၍ ရွှမ်းရွှမ်းချဲ့ ချဲ့ ဆောင်ရွက်ခြင်း၊ ၎င်းသည် တာဝန်ကျေပွန်စွာ အမှုထမ်းခြင်း၊ လူမှုဆက်ဆံရေးလုပ်ငန်းများတွင် အထူးကြိုးစားဆောင်ရွက်၍ အောင်မြင်ခြင်း တို့ကြောင့် သဘောရိုးဖြင့် နတ်နှင်အမိန့်မျိုးကို နိုင်ငံအထွဋ်အထိပ်ပုဂ္ဂိုလ်၏ အာဏာဖြင့်သာ ထုတ်ပြန်သည့် ရှေးရိုးထုံးစံရှိသည်ဟူသော အစဲ့အလမ်းကြောင့် အမိန့်ပြန်တမ်းပြုလုပ် ပတ်ကြားခဲ့ခြင်းဖြစ်သည်ဟု ယူဆသည်။ ဗိုလ်သိန်းနိုင်က တာဝန်ပေး၍ အမိန့်ကို ရေးသားရသော ဦးသိန်းဆွေသည်လည်း ကိုသို့ပင် သဘောရိုးဖြင့် ဆောင်ရွက်ခဲ့သည်ဟု ယူဆသည်။ ။အယောင်ဆောင်ခြင်း၊လိမ်လည် အတုပြုလုပ်ခြင်းတို့ကို ထိရောက်စွာ အရေးယူရန် လိုသည်။ တော်လှန်ရေးကောင်စီဥက္ကဋ္ဌ၏ အမည် အာဏာကို လိမ်လည် အတုပြုလုပ်ခြင်းကိုမူကား ပို၍ပင် ထိရောက်စွာ အရေးယူရန် လိုသည်ကိုဂင်း၊ ယင်းသို့ လိမ်လည် အတုပြုလုပ်ခြင်းမျိုး ဖြစ်ပွါးပေါ် ပေါက်ခြင်း မရှိစေရန် ဟန့်တား ကာကွယ်ရန် လိုအပ်သည်ကိုဂင်း အထူးသတိပေးလိုက်သည်။

ဗိုလ်သိန်းနိုင် ပါ ၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၂၃

ရာဇသတ်ကြီး ပုဒ်မ ၂၀၁/၂၁၀/၃၅၄/၃၆၆/၃၇၆/၃၂၃ အရ၊ မူပြစ် ထင်ရှား စီရင်ခြင်း—မသက်ဘဟုဆိုကာ ရဲ၏ အာဏာဖြင့် ခေါ်ဆောင်သွားခြင်း—ပြည်သူ့တန်ဆာဆိုကာမျှနှင့် ရဲကထင်ရာ ပြုကျင့်နိုင်သည် မဟုတ်။ ။အယူခံ တရားလိုမျာ အပေါ် မိန်းကလေး နှစ်ဦးကို ခေါ်ဆောင်သွားခြင်း၊ ၎င်းတို့ထံမှ ငွေလုယူခြင်း၊ ၎င်းတို့အား မုဒိမ်းပြုကျင့်ခြင်း၊ ရိုက်နှက်ခြင်း၊ ဝတ်လစ်စလစ် ခါတံပုံရိုက်ခြင်း စသည့် ပြစ်မှုမျာကို ကျူးလွန်ကြခြင်းနှင့် မိန်းကလေးမျာက တိုင်တန်းကြသော အခါ၌ တိုင်ချက်ကို ဖျက်ခြင်း၊ အရေးကြီးသော သက်သေခံပစ္စည်းမျာကို ဝှက်ခြင်း၊ သက်သေလိမ်သွင်းခြင်း စသည်တို့ကို ပြုလုပ်ကြသည် ဆိုသော စွဲချက်မျာ အသီးသီးဖြင့် အထူးရာဇဝတ်ရုံးကစစ်ဆေးခဲ့သည်။ ။**ဆုံးဖြတ်ချက်**။ ။မကျင်မေသည် အကျင့်ပျက်သူ ဖြစ်စေဦး၊မသန်းနွဲ့သည် ယခင်ကယောကျ်ားမျာနှင့် ဆက်ဆံခဲ့ဘူးစေဦး၊ ၎င်းတို့ အလိုမတူဘဲ ၎င်းတို့အား မသက်ဘဟုဆိုကာ ရဲ၏အာဏာဖြင့် ခေါ်ဆောင်သွားပြီးလျှင် လူအများဝိုင်းဝန်း၍ ကျူးလွန်ခဲ့ကြခြင်းသည် ဆဲ့ဝင်ခေါ်ဆောင်သွားမှု၊ မုဒိမ်းမှုတို့ပင် မြောက်စေမည်သာဖြစ်သည်။ ပြည်သူ့တန်ဆာဆိုကာမျှနှင့် ရဲက ထင်ရာ ပြုကျင့်နိုင်သည် မဟုတ်၊ ပြည်သူ့တန်ဆာကို ပြုပြင်ခြင်း၊ ပြည်သူ့တန်ဆာများကို မွေး၍ အမြတ်ထုတ်စားသောက်သူတို့ကို နှိပ်ကွပ်ခြင်း စသည်တို့ကတပိုင်းဖြစ်သည်။ ဥပဒေဘောင်အတွင်းက ထိုသို့ပြုပြင်ခြင်း၊ နှိပ်ကွပ်ခြင်းတို့ကိုပြုလုပ်ရာ၌ ပါဝင်သော တာဝန်ယူရမည့် ရဲအဖွဲ့သားများက ပြည်သူ့တန်ဆာဘဝကိုငင်းတို့၏ စားကျက်ပြုခြင်း၊ ပြည်သူ့တန်ဆာများကို ငင်းတို့ ထင်သလို ပြုကျင့် နိုင်သည်ဟု ယူဆခြင်းတို့သည် ခေတ်ဟောင်း၏ အမွှေးအခေါ်များ အမွေဆိုးများသာ ဖြစ်ပေသည်။

မောင်တင်ဟန် ပါ ၉ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၃၀

စာမျက်နှာ

အဂတိလိုက်စားမှု တားမြစ်ရေး အက်ဥပဒေ (၁၉၄၈ ခုနှစ်) ပုဒ်မ (၁)(ဂ)/၄(၂)
အရ၊ မူပြစ်ထင်ရှားစီရင်ခြင်း—လာဘ်ပေးလာဘ်ယူကိစ္စ။ ။အယူခံတရားလိုအား လာဘ်ယူသည်ဟုဥပ်စွဲချက်ဖြင့်စစ်ဆေးခဲ့သည်။ ။**ဆုံးဖြတ်ချက်**။ ။လာဘ်ပေး လာဘ်ယူ ကိစ္စများတွင် ပေးသူရှိ၍လည်းယူသူရှိတတ်သည်။ နှစ်ဖက်ကြေနပ်သင့် မြတ်နေကြလျှင် အမှုမပေါ်။ ပေးသူက မကျေနပ်၍ တိုင်တန်းမှ အမှုပေါ်တတ် သည်။ လက်ပူးလက်ကြပ်မိရန် ဆိုလျှင်လည်း ကြိုတင်ပြင်ဆင်၍ ဖမ်းရပြန်သည်။ ပေးစဉ်က ကြေနပ်စွာ ပေး၍ လိုဘာမရသောအခါမှ လာရောက်သတင်းပေးသူ၊ ထိုသူ၏ အကူအညီဖြင့် ဖမ်းဆီးရခြင်းတို့သည် မနှစ်မြို့ဘွယ်ဖြစ်သည်မှန်၏။ သို့ ရာတွင် မနှစ်မြို့ဘွယ်ထဲမှပင် အဖြစ်မှန်ကို ရှာဖွေရမည်ဖြစ်သည်။ မတော်မတရား လည်ဆယ်၍ အမှုဆင်ခြင်းဖြစ်သည်ကံတွေ့ရလျှင် အစွပ်အစွဲခံရသူကို လွှတ်ကင်း၍ ဒုက္ခငြိမ်းစေကာ၊ မတရားစွပ်စွဲသူကိုပင် သင့်တော်သလို အရေးယူရမည်။လာဘ် ယူခြင်း မှန်လျှင်မူကား ယခင်က ကြေနပ်စွာ ပေးခဲ့သူ၏ မသန့်ရှင်းခြင်း ဘရပ် တည်းကြောင့် လာဘ်ယူသူကို လွှတ်ကင်းစေသင့်မည် မဟုတ်ချေ။

ဦးဂနေဆင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၃၆

ညွှန်းချက်

INDEX

အာဏာရုဇဝတ်ရုံးအယူခံအဖွဲ့

SPECIAL CRIMINAL COURTS' APPEAL COURT

စာမျက်နှာ

အက်ဥပဒေများ။

မတရားအသင်းအက်ဥပဒေ။

ရာဇသတ်ကြီး။

၁၉၄၅ ခုနှစ်၊ လက်နက် (အရေးပေါ် ပြစ်ဒဏ်စီရင်မှု) (ယာယီ) အက်ဥပဒေ။

၁၉၄၇ ခုနှစ်၊ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေ။

၁၉၄၈ ခုနှစ်၊ အဂတိလိုက်စားမှု တားမြစ်ရေးအက်ဥပဒေ။

၁၉၆၃ ခုနှစ်၊ အများနှင့် သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေး အက်ဥပဒေ။

ဌာနဆိုင်ရာ စုံစမ်းမှု ပြည့်ပြည့်စုံစုံ ပြုလုပ်သင့်ခြင်း—အလွဲသုံးစားခြင်း ထင်ရှားစွာ ပေါ် ပေါက်လျှင် ရာဇဝတ်ကြောင်းဖြင့် အရေးယူသင့်ခြင်း ၀၇

ခါးမိုးခိုင်းစေခြင်းကြောင့် သောင်းကျန်းသူတို့အား ကူညီလိုက်ရခြင်း—ရိက္ခာပေးလိုက်ရခြင်း—စိတ်ရောကိုယ်ပါ လိုက်ပါကူညီခြင်းတို့ကို ခွဲခြားသတ်မှတ်ရခြင်း ၄၅

နောင်တ တရားရ၍ အလင်းသို့ ပြန်ဝင်လာသူ—သက်သက်ညှာညှာ စဉ်းစား၍ ဘဝသစ်ထူရန် လိုအပ်သော အကူအညီကို အစိုးရက ပေးသည်များရှိခြင်း ၄၅

ပြည်သူ့ဝန်ထမ်းတဦး၊ သို့မဟုတ် လုံခြုံရေး ဝန်ထမ်းတဦး—စွပ်စွဲခြင်း ခံရခြင်း—စွပ်စွဲခြင်းခံရသည် ခိုင်လုံပြီဟု မယူဆသင့်ခြင်း ၆၉

မတရားအသင်း အက်ဥပဒေပုဒ်မ ၁၇ (၁) အရ မှုပြစ်ထင်ရှားစီရင်ခြင်း—သောင်းကျန်းသူတို့အတွက် ဆက်ကြေး၊ ရိက္ခာ၊ ပစ္စည်း စသည်တို့ကို ရွာသူရွာသားများထံမှ ကောက်ခံပေးခြင်း—သောင်းကျန်းသူတို့အား အင်အား ဖြည့်တင်းပေးခြင်းဖြစ်စေသဖြင့် ပုန်ကန်ခြင်းနှင့်သော ပြစ်မှုကဲ့သို့သော ပမာဏရှိခြင်း—ပြစ်ဒဏ်။ ။ အယူခံတရားလိုအား သောင်းကျန်းသူများနှင့် ဆက်သွယ်၍ ၎င်းတို့အတွက်

ကျေးရွာမှ ဆက်ကြေးကောက်ခံသည်ဟူသော စွဲချက်ဖြင့် စစ်ဆေးခဲ့သည်။ ။ ဆုံးဖြတ်ချက်။ ။အယူခံတရားလိုသည် တကြိမ်တခါ အလင်းဝင်ပြီး၍ ထပ်မံတောခိုသူဖြစ်သည်ကို သတိပြုမိကြသည်၊ အစိုးရသည် နောင်တတရားရ၍ အလင်းသို့ ပြန်ဝင်လာသူတို့ကို သက်သက်ညှာညှာ စဉ်းစား၍ ဘဝသစ်တူရန် လိုအပ်သော အကူအညီများကို ပေးသည်များပင်ရှိသည်။ သို့ရာတွင် သတိတရား ရလေဟန်နှင့် အလင်းသို့ ငင်လာပြီးလျှင်၊ မြေပေါ်မှ မြေအောက်နှင့် ဆက်သွယ်နေခြင်းများ၊ ပြန်လည်တောခိုရှိ ပြည်သူ့ အပေါ် နှိပ်စက်ညှဉ်းပန်းခြင်း၊ ပြည်သူထံမှ ဆက်ကြေးကောက်ခံခြင်း စသည်တို့ကို ပြုလုပ်ခြင်းများကိုမူ ထိထိရောက်ရောက်ဒဏ်ခတ်ရေးယူရမည်ဖြစ်ပေသည်။ ထိုသို့အရေးယူရာတွင် ရန်ဦးအာဃာတသားချင်မဟုတ်၊ သောင်းကျန်းသူတို့၏ဒဏ်ကို နှစ်ပေါင်းများစွာ ခံခဲ့ကြရသော ပြည်သူတို့အား ကာကွယ်စောင့်ရှောက်နိုင်ရေးကို ရှေ့ရှုရခြင်းဖြစ်သည်။ သောင်းကျန်းသူတို့အတွက် ဆက်ကြေး၊ ရိက္ခာ၊ ပစ္စည်း စသည်တို့ကို ရွာသူရွာသားများထံမှ ကောက်ခံပေးခြင်းသည် သောင်းကျန်းသူတို့အား အင်အားဖြည့်တင်းပေးခြင်းဖြစ်စေသဖြင့် ပုန်ကန်ခြားနားသော ပြစ်မှုကဲ့သို့သော ပမာဏရှိသည်။ ထို့ကြောင့် မလွဲမရှောင်သာ၍ ဓါးမိုးခိုင်းစေခြင်းကြောင့် သောင်းကျန်းသူတို့အား ကူညီလိုက်ရခြင်း၊ ရိက္ခာပေးလိုက်ရခြင်း စသည်တို့နှင့် စိတ်ရောကိုယ်ပါ အယူခံတရားလိုကဲ့သို့ လိုက်ပါကူညီခြင်းတို့ကို ခွဲခြားသတ်မှတ်ရမည်။ အယူခံတရားလိုကဲ့သို့ သောင်းကျန်းသူတို့ကို ကိုယ်ထိလက်ရောက် အားပေးကူညီသူတို့ကို ထိရောက်သော ပြစ်ဒဏ်ပေးသင့်သည်ဟု ယူဆသည်။

စောဘိုးကြူးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၄၅

မှူခင်း—စုံစမ်းပြီးသောအခါ မှားယွင်းကြောင်း၊ လည်ဆယ်တိုင်တန်းကြောင်း ထင်ရှားခြင်း—အမှုပိတ်ရန်လိုခြင်း ၇၂

မြို့နယ် လ-အ-က ဥက္ကဋ္ဌ—ပစ္စည်းတခုခုကို ဖြန့်ဖြူးတိုင်း မေးမြန်းရမည် ခွင့်ပြုချက်ရယူရမည်ဟု မဆိုခြင်း—စားသုံးသူတို့ ပစ္စည်းမြန်မြန်ရအောင် ဖြန့်ဖြူးရမည်ဟု ညွှန်ကြားချက်ရှိခြင်း ၁၀၅

ရာဇဝတ်မှု—တပါးသူတဦး ကျူးလွန်သည့်အတွက် သူတဦးအား တာဝန်ရှိသည်ဟု အလွယ်တကူ ယူဆ မယူဆရ—ကျန်သူတဦးက မနောက်မြောက် ပါဝင်ကျူးလွန်၍ တနည်းနည်း အားပေးကူညီခြင်းရှိခြင်း—ထိုသူပါ ရာဇဝတ် ကျူးလွန်သည်ဟု ဆုံးဖြတ်ခြင်းပြုရ မပြုရ ၄၉

ရာဇဝတ်မှု ဖြစ်မြောက်စေခြင်း—ကိုယ်ကျိုးအတွက်အလွဲသုံးစား ပြုလုပ်ခြင်း၊ လိမ်လည်ရန် ကြံရွယ်ခြင်းတို့ကို ထင်ရှားစေရခြင်း ၀၇

ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁) (ခ)/၁၀၉/၁၁၄ အရ မှုပြစ်ထင်ရှား စီရင်ခြင်း—တရားခံတဦးအား အထူးတရားသူကြီးရုံးတွင် အမှုပါ ပြစ်မှုနှင့် စီရင်တင်ပို့ခြင်း—၎င်းအပေါ် အမှုကို ရုပ်သိမ်းခွင့်တောင်းရန် ခွင့်ပြုခြင်း—အထူးရာဇဝတ်ရုံးသို့ အမှုအတွက်ပင် ထပ်မံစွဲဆို တင်ပို့ခြင်းပြုနိုင် မပြုနိုင်။ ။အယူခံ တရားလို

များအား ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁) (ခ)/၁၀၉/၁၁၄ အရ စွဲချက်များဖြင့် စစ်ဆေးခဲ့သည်။ ။**ဆုံးဖြတ်ချက်**။ ။စွဲချက်တင်ပြီးမှ ၊ အမှုရပ်သိမ်းခြင်းသည် ရာဇသတ်ကျင့်ထုံးပုဒ်မ ၄၉၄ အရ တရားသေလွှတ်ရာရောက်သည်။ တရားသေ တခါလွှတ်ပြီးသူကို ထပ်မံစစ်ဆေး အပြစ်ပေးခြင်းတို့ကို ရာဇသတ်ကျင့်ထုံးပုဒ်မ ၄၀၃ က ၁၁းမြစ်ပိတ်ပင်ထားသည်။ မှုခင်းများကို စုံစမ်းပြီးသောအခါ၊ မှားယွင်းကြောင်း၊ လည်ဆယ်တိုင်တန်းကြောင်း ထင်ရှားလျှင် အမှုပိတ်ရန် လို၏။ သို့မဟုတ် မတရားတိုင်တန်းခံရသူတို့သည် ရုံးတင်စစ်ဆေးခြင်း၊ ဖမ်းဆီး ချုပ်နှောင်ခြင်း စသည့်ဒုက္ခ အန္တရာယ်တို့မှကင်းမည်။ သို့ရာတွင် တဖက်တွင်လည်း အမှုပင် မှန်ကန်သော်လည်း မလျော်သြဇာဖြင့် ယင်းအမှုကို ပိတ်စေနိုင်လျှင် တရားစီရင်ရေးသည် သြဇာညောင်းသူတို့အတွက်သာ ဖြစ်ချေမည်။ ထို့ကြောင့် အမှုစုံစမ်းခြင်း၊ တင်ခြင်း၊ ပိတ်ခြင်းတို့တွင် မှန်ကန်မှုတၗ အဂတိတရား ကင်းစင် ဘို့လိုသည်။

မောင်ပါး ပါ ၈ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၇၂

ရာဇသတ်ကြီးပုဒ်မ ၃၀၄ (က) အရ မှုပြစ်ထင်ရှား စီရင်ခြင်း—မော်တော်ရေယာဉ်များ လုံခြုံမှုအတွက် ကောင်စွာ ထိန်းသိမ်းခြင်း၊ စက်မောင်း ပဲ့ကိုင် စသူတို့က အရည်အချင်းနှင့်ပြည့်စုံကြခြင်းတို့သည်အထူးလိုအပ်သောကိစ္စများဖြစ်ခြင်း။ ။ အယူခံတရားလို့ကို ရာဇသတ်ကြီးပုဒ်မ ၃၀၄ (က) အရ စစ်ဆေးခဲ့သည်။ မြစ်ချောင်းများတွင် ခရီးသည်များ၊ ကုန်ပစ္စည်းများကို သယ်ယူပို့ဆောင်ပေး ကြသော မော်တော်ရေယာဉ်များကို အားလုံး၏ လုံခြုံမှုအတွက် ကောင်းစွာ ထိန်းသိမ်းခြင်း၊ စက်မောင်း၊ ပဲ့ကိုင် စသူတို့က အရည်အချင်း ပြည့်စုံကြခြင်း တို့သည် အထူးလိုအပ်သော ကိစ္စများဖြစ်သည်။ သက်ဆိုင်ရာတို့က ရေယာဉ် များကို စစ်ဆေးကြည့်ရှုပေးခြင်း၊ ရေယာဉ်မောင်း၊ ပဲ့ကိုင် စသူတို့ကို လေ့ကျင့် သင်ကြားပေးခြင်း၊ အရည်အချင်း စစ်ဆေးခြင်း စသည်တို့ကို ဂရုစိုက်၍ ပြုလုပ် ပေးသင့်သည်။

မောင်ညိုမောင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၁၉

ရာဇသတ်ကြီးပုဒ်မ ၃၆၃ နှင့် ၃၇၆ အရ မှုပြစ်ထင်ရှား စီရင်ခြင်း—ပြစ်ဒဏ်။ ။ အယူခံတရားလို့ကို ရာဇသတ်ကြီးပုဒ်မ ၃၆၃ နှင့် ၃၇၆ အရ စစ်ဆေးခဲ့သည်။ ။ **ဆုံးဖြတ်ချက်**။ ။ပြစ်ဒဏ်ကို သတ်မှတ်ရာ၌ စိတ်မခိုင်ခံသူဖြစ်သည့် ကလေးငယ် မိန်းကလေးတဦးအား အနိုင့်အထက်ပြုခြင်းသည် ဆိုးသွမ်းညစ်ညမ်းသော ပြစ်မှု ဖြစ်သည်ဟု ယူဆ၍၊ ပြစ်မှုနှင့် ထိုက်တန်သော ပြစ်ဒဏ်ကို သတ်မှတ်ခဲ့ခြင်း ဖြစ်သည်။

မောင်ရင်မောင် (ခေါ်) ရှီးတားနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၇၇

သမဝါယမ အသင်းများ—တနှစ်တွင် တကြိမ်နှစ်ကြိမ် စသည်ဖြင့် မှန်မှန်စစ်ဆေး လာခြင်း မရှိခြင်း—နှစ်ပေါင်းများစွာအတွက် တကြိမ်တခါ စစ်ဆေးခြင်း—မှု စာရင်းစာအုပ်များပေါ် တွင် ကွဲလွဲကွာခြားနေသမျှအတွက် စုပေါင်း၍ ငွေများကို တလုံးတည်း ရက်တိုတိုအတွင်း ပေးသွင်းရမည်ဟု ညွှန်ကြားခြင်း ၈၇

စာမျက်နှာ

အမှုစုံစမ်းခြင်း—တင်ခြင်း—ပိတ်ခြင်းတို့တွင် မှန်ကန်မှုတ၍ အဂတိတရားကင်းစင်ဘို့ လိုခြင်း ၇၂

၁၉၆၃ ခုနှစ် အမျှားနှင့် သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေ ပုဒ်မ ၃ အရ မှုပြစ်ထင်ရှား စီရင်ခြင်း—စာရင်းစာအုပ်များပေါ် တွင် ကဲလွဲ ကွာခြားနေခြင်း—ငွေများကို တလုံးတည်း ရက်တိုတိုအတွင်း ပေးသွင်းရမည်ဟု ညွှန်ကြားခြင်းသည် တရားမျှတသည်ဟုဆိုသော မဆိုသော—စာရင်းကွာခြင်းနှင့် ပတ်သက်လျှင် တာဝန်ရှိသူအား သင့်တော်သော အချိန်ပေး၍ ဖြေရှင်းစေရန် လိုခြင်း—အသေးသုံးငွေ ကိုင်ဆောင်သုံးစွဲပိုင်ခွင့်—စည်းကမ်းနှင့် အနည်းငယ် ဆန့်ကျင်၍ ကိုင်ဆောင်သုံးစွဲခြင်း—ဌာနဆိုင်ရာ အရေးယူခြင်းသာပြုသင့် မပြု သင့်။ ။၁၉၆၃ ခုနှစ် အမျှားနှင့် သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက် ရေးဥပဒေပုဒ်မ (၃) အရ အယူခံတရားလိုအား တရားစွဲဆိုခဲ့သည်။ ။ **ဆုံးဖြတ်ချက်။** ။အယူခံတရားလိုက စာရင်းမျှားကို ရှင်းလင်း၍ ပေးသွင်းရန် ရှိသည့် ငွေမျှားကို ပေးသွင်းရန် တာဝန်ယူခဲ့သည်ဖြစ်ရာ ထိုသို့ဆောင်ရွက်နိုင်ရန် အတွက် ၎င်းအားသင့်တော်သော အချိန်ပေးမှ မျှတမည်ဖြစ်ပေသည်။ သို့ရာတွင် ထိုသို့အချိန်မပေးပဲ ရက်ပိုင်းအတွင်း ငွေစာရင်းမျှားတွင် ကွာခြားနေသမျှသော ငွေအားလုံးကို ပေးသွင်းရမည်ဟု ညွှန်ကြားခြင်းသည် လက်တွေ့အားဖြင့် မလွယ်ကူ နိုင်ပေ။ သမဝါယမ အသင်းမျှားကို တနှစ်တွင် တကြိမ်နှစ်ကြိမ် စသည်ဖြင့် မှန်မှန်စစ်ဆေးလာခဲ့ခြင်းလည်း မရှိပဲ နှစ်ပေါင်းများစွာအတွက် တကြိမ်တခါ စစ်ဆေးကာ စာရင်းစာအုပ်များပေါ် တွင် ကဲလွဲကွာခြားနေသမျှအတွက် စုပေါင်း၍ ငွေမျှားကို တလုံးတည်း ရက်တိုတိုအတွင်း ပေးသွင်းရမည်ဟု ညွှန်ကြား ခြင်းသည် တရားမျှတသည်ဟု မဆိုသော။ အယူခံတရားလိုအား ရဲစခန်းသို့ တိုင်ကြား၍ ရာဇဝတ်ကြောင်းဖြင့် စတင်အရေးယူသောအချိန်၌ ၎င်းသည် ရန်ကုန်သို့ တာဝန်ဖြင့် ရောက်ရှိနေခဲ့ပေသည်။ ထို့ကြောင့် ၎င်းသည် စာရင်း အင်းမျှားကို ပေးထားသော အချိန်တိုအတွင်း ရှင်းလင်းတင်ပြရန် ပို၍ပင် ခက်ခဲခဲ့ပေလိမ့်မည်။ စာရင်းကွာခြားခြင်းနှင့် ပတ်သက်လျှင် တာဝန်ရှိသူအား သင့်တော်သော အချိန်ပေး၍ ဖြေရှင်းစေရန်လိုသည်၊ သို့မှသာ ၎င်းသည် မေ့လျော့၍ စာရင်းမသွင်းခဲ့သည်မျှားရှိက စာရင်းသွင်းနိုင်သည်။ ငွေပြေစာ၊ စာရွက်စာတမ်း စသည်တို့ ရှာဖွေ၍ စာရင်းပြုလုပ်နိုင်သည်။ အချို့လည်း ကျွမ်းကျင်မှု နည်းပါး၍ မှားယွင်းသည်လည်း ရှိတတ်သည်။ ထိုသို့အချိန်ပေး၍ ရှင်းစေသော်လည်း ကြေနပ်လောက်အောင် ရှင်းလင်းတင်ပြခြင်း မပြုနိုင်လျှင် လိုအပ်သော ဌာနဆိုင်ရာ စုံစမ်းမှုကို ပြည့်ပြည့်စုံစုံ ပြုလုပ်သင့်သေးသည်။ ထိုသို့ ပြုလုပ်ပြီးမှ အလဲသုံးစားခြင်း ထင်ရှားစွာ ပေါ် ပေါက်လျှင် ရာဇဝတ်ကြောင်းဖြင့် အရေးယူသင့်သည်။ ထိုသို့အဆင့်ဆင့် စုံစမ်းစစ်ဆေးမှ တရားမျှတ မှန်ကန်မှု ရှိနိုင်သည်။ အသေးသုံးငွေကို အယူခံတရားလိုက ကိုင်ဆောင်သုံးစွဲပိုင်ခွင့်ရှိသည်ဟု တရားလိုဘက်မှ ငြင်းကွယ်ခြင်းမပြု။ ငွေမည်မျှအထိ လက်ဝယ်ထားရှိနိုင်သည်ဟု အတိအကျ သတ်မှတ်ထားခြင်းမရှိ။ ငွေ ၁၀၀ ကျပ် တဝိုက်ထားရှိနိုင်ပါသည်ဟု ဆိုကြသည်။ အယူခံတရားလို၏ ထွက်ဆိုချက်အရ ငွေ ၁၉၆၂ ကျပ် ၆၅ ပြား သုံးစွဲပြီး လက်ဝယ်တွင် ၁၃၁ ကျပ်ကျန်သည်။ ထိုသို့ကျန်ရှိခြင်းသည် စည်းကမ်းနှင့် မညီဟူ၍ မဆိုသော။ စည်းကမ်းနှင့် အနည်းငယ် ဆန့်ကျင်နေလျှင်လည်း ရုံးတွင်း

စည်းကမ်းကို ဖေါက်ဖျက်ခြင်းဖြင့်၊ ဌာနဆိုင်ရာ အရေးယူခြင်းသာ ပြုရမည် ဖြစ်ပေသည်။ ရာဇဝတ်မူပါ ဖြစ်မြောက်စေရန်အတွက် ကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်ခြင်း၊ သို့မဟုတ် လိမ်လည်ရန် ကြံရွယ်ခြင်းတို့ကို ထင်ရှားစေရမည် ဖြစ်သည်။

ဦးကျော်မြင့် နှင့်ပြည်ထောင်စုမြန်မာနိုင်ငံ ၀၇

၁၉၆၃ ခုနှစ် အများနှင့် သက်ဆိုင်သော ပစ္စည်းများ ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ မှုပြစ်ထင်ရှား စီရင်ခြင်း—**အကြောင်းအချက် ခိုင်ခိုင်လုံလုံ၊ ဥပဒေကို ဆန့်ကျင်သည်လည်း ထင်ထင်ရှားရှား မရှိခြင်း။** ။အယူခံတရားလိုများအား ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ် စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ တရားစွဲဆိုခဲ့သည်။ **။ဆုံးဖြတ်ချက်။** ။ချည်ထုပ်များကို မှောင်ခိုနေကြသည်ဟု ကြားသိရသဖြင့် လိုက်လံစစ်ဆေးယူရာမှ အမှုများပေါ် ပေါက်ခဲ့ပုံရသည်။ အမှုများတွင်မူကား အရောင်းမသွက်သော ချည်ထုပ်တို့ကို ညှန်ကြားချက်များနှင့်အညီ သုံးစွဲသူတို့ထံ ဈေးမှန်ဖြင့် ရောင်းချခဲ့ကြောင်းသာ ထင်ရှားနေသည်။ မြို့နယ် လ-အ-က ဥက္ကဋ္ဌကို မမေးမြန်းခဲ့သော်လည်း ပစ္စည်းတခုခုကို ဖြန့်ဖြူးတိုင်း မေးမြန်းရမည်၊ ခွင့်ပြုချက် ရယူရမည်ဟုလည်းမဆို၊ တဖက်တွင် စားသုံးသူတို့ ပစ္စည်းမြန်မြန်ရအောင် ဖြန့်ဖြူးကြရမည်ဟုလည်း ညွှန်ကြားချက် ရှိနေသည်။ ယုန်ထောင်၍ ကြောင်မိသော အမှုမျိုးလည်း ဖြစ်နိုင်သည်။ အမှုမှန်များပင် ဖြစ်စေကာမူ အထောက်အထား မခိုင်လုံသေးဘဲ၊ စွဲဆိုတင်ပို့သော အမှုမျိုးလည်း ဖြစ်နိုင်သည်။ မည်သို့ပင်ဆိုစေ အကြောင်းအချက် ခိုင်ခိုင်လုံလုံ၊ ဥပဒေကို ဆန့်ကျင်သည်လည်း ထင်ထင်ရှားရှား မရှိဘဲနှင့် အပြစ်ပေးလျှင် မှန်ကန်မျှတမည်လည်းမဟုတ်၊ မလိုလားအပ်သော သာဓကကိုလည်း ဖြစ်စေမည်။

ဦးအုံဒေ ပါ ၇ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၁၀၅

ရာဇသတ်ကြီးပုဒ်မ ၃၆၆ အရ မှုပြစ်ထင်ရှား စီရင်ခြင်း—ပြည်သူ့ဝန်ထမ်းတဦးသည် တူညီသော တရားမျှတမှုကိုခံထိုက်ခြင်း။ ။အယူခံတရားလို ၃ ဦးတို့သည် ဟိန္နူအမျိုးသမီးတဦးကို သွေးဆောင်ခေါ်ယူ၍ အလိုမတူ ကာမကျူးလွန်ကြသည်ဟူသော စွဲချက်တို့ဖြင့် စစ်ဆေးခဲ့သည်။ **။ဆုံးဖြတ်ချက်။** ။ပြည်သူ့ဝန်ထမ်းများ၊ အထူးသဖြင့် ပြည်သူ့လုံခြုံရေးကို စောင့်ရှောက်ရန် တာဝန်ရှိကြသည့် ဝန်ထမ်းများက ပြည်သူကို စောင့်ရှောက်ရမည့်အစား၊ ပြည်သူကိုပင် ပြန်၍ အန္တရာယ်ပြုခြင်းသည် ပြစ်မှုကိုပို၍ကြီးလေးစေသည်။ သို့ရာတွင် ပြစ်မှုထင်ရှားရှိမရှိကို ပဌမစစ်ဆေးသောအခါ၌မူ အစွဲအလန်းနှင့် ဒေါသကိုပယ်၍ တရားမျှတစွာ စစ်ဆေးသုံးသပ်ဘို့လိုသည်။ စွပ်စွဲခြင်းခံရသူသည် ပြည်သူ့ဝန်ထမ်းတဦး၊ သို့မဟုတ် လုံခြုံရေးဝန်ထမ်းတဦးဖြစ်ကာမျှနှင့် ၎င်းအပေါ် စွပ်စွဲချက်သည် ခိုင်လုံပြီဟု မယူဆသင့်။ ပြည်သူ့ဝန်ထမ်းတဦးသည်လည်း တူညီသော တရားမျှတမှုကို ခံစားထိုက်သည်။ ရိုးရိုးဖြောင့်ဖြောင့် တာဝန်ကျေကျေ အလုပ်လုပ်သော ပြည်သူ့ဝန်ထမ်းများကို မလိုသူတို့က မတရား လည်ဆယ်တိုင်တန်းတတ်ကြသည်ကိုလည်း မမေ့အပ်ပေ။

မောင်တင်ဝင်း ပါ ၃ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၆၉

ရာဇသတ်ကြီးပုဒ်မ ၃၀၈/၃၀၇ အရ မူပြစ်ဆင်ရွား စီရင်ခြင်း—အမျိုးသမီးတဦးသည် အကျင့်စာရိတ္တ ပေါ့ပျက်ရုံမျှနှင့်၊ သို့မဟုတ် ပြည့်တန်ဆာပင် ဖြစ်စေကာမျှနှင့် ၎င်းအား အဓမ္မပြုကျင့်ရန်မဟုတ်။ ။ပဌမ၊ ဒုတိယ၊ စတုတ္ထနှင့် ပဉ္စမ ဒေယျခံ ငါးရုံးလိုမျှားအပေါ် မိန်းကလေးတဦးကို အလိုမတူ ကျူးလွန်ကြသည်ဟူသော စွဲချက်၊ တတိယ အယူခံတရားလိုသည် ယင်းမိန်းကလေးကို ထိုသို့ကျူးလွန်နိုင်ရန် ခေါ်ဆောင်သွားသည်ဟူသော စွဲချက်ဘို့ဖြင့် စစ်ဆေးခဲ့သည်။ **။ဆုံးဖြတ်ချက်။** ။အမျိုးသမီးတဦးသည် အကျင့်စာရိတ္တ ပေါ့ပျက်ရုံမျှနှင့်၊ သို့မဟုတ် ပြည့်တန်ဆာပင် ဖြစ်စေကာမျှနှင့် ၎င်းအား အဓမ္မပြု ကျင့်ရန်မဟုတ်။ ၎င်းအလို မတူပဲ ကျူးလွန်လျှင် မုဒိမ်းမှု မြောက်သည်ဟု ယခင်အမှုများတွင် အချက်အလက် အဆက်အစပ်ကိုကြည့်၍ ဆုံးဖြတ်ခဲ့ကြပြီးပြီ။ ဤအမှုတွင်ကား အဓမ္မပြုကြောင်း အထောက်အထား မခိုင်လုံ။ ထိုသို့မခိုင်လုံသော အထောက်အထားကို အခြေခံ၍ အပြစ်ပေးလျှင် တရားစီရင်ရေး တိမ်းစောင်းလိမ့်မည်။

မောင်တင်လှိုင် ပါ ၅ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၆၆

ရာဇသတ်ကြီးပုဒ်မ ၃၀၇ အရ မူပြစ်ဆင်ရွား စီရင်ခြင်း—အမှုစစ်ရုံးများသည် တရားခံ၏ ကိုယ်အမူအရာ၊ နှုတ်အမူအရာ စသည်ကို ကောင်းစွာ လေ့လာခြင်းဖြင့် တရားခံ၏ စိတ်ကို ခန့်မှန်းနိုင်သလောက်ခန့်မှန်းနိုင်ခြင်း။ ။အယူခံတရားလိုသည်မိန်းကလေး တဦးအား ကာမကျူးလွန်ခဲ့သည်ဟု စွဲချက်ဖြင့် စစ်ဆေးခဲ့သည်။ **။ဆုံးဖြတ်ချက်။** ။အမှုစစ်ရုံးများသည် တရားခံ၏ ကိုယ်အမူအရာ၊ နှုတ်အမူအရာ စသည်ကို ကောင်းစွာ လေ့လာခြင်းဖြင့် တရားခံ၏ စိတ်ကို ခန့်မှန်းသင့်သလောက် ခန့်မှန်းနိုင်သည်။ အကယ်၍ တရားခံအပေါ် အထောက်အထား ခိုင်လုံသည်ဟု ဆုံးဖြတ်လျှင်လည်း သင့်ဘော်သော ပြစ်ဒဏ်ကို တိုင်းထွာသတ်မှတ်ရာ၌ တရားခံ၏ နောက်ကြောင်းခုဇ္ဇဝင်၊ ပတ်ဝန်းကျင် အခြေအနေ စသည်တို့ကို ထည့်သွင်းစဉ်းစားသင့်သည်။ သို့မှသာလျှင် တရားခံ၏ဘဝကို ပြုပြင်ကာကွယ်ပေးနိုင်မည်။ သူနေထိုင်လှုပ်ရှားသော ပတ်ဝန်းကျင်၏ လူနေမှု ဘဝကိုလည်း ပြုပြင်ကာကွယ်ပေးနိုင်မည်။

မောင်တင်ငွေ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၆၂

ရာဇသတ်ကြီးပုဒ်မ ၄၀၉/၁၀၉ အရ မူပြစ်ဆင်ရွား စီရင်ခြင်း—စည်းကမ်းမကျကုန်ထုတ်ပေးရာတွင် အထူးစီစဉ်၍ပေးခြင်း—မှောင်ခိုရာတွင် ပါဝင်သည်ဟု ယူဆရန်ရှိ မရှိ။ ။အယူခံတရားလိုများအား ရာဇသတ်ကြီးပုဒ်မ ၄၀၉/၁၀၉ အရ တရားစွဲဆိုခဲ့သည်။ **။ဆုံးဖြတ်ချက်။** ။စည်းကမ်းမကျ ထုတ်ပေးရာတွင် အထူးစီစဉ်၍ပင်ပေးသော တတိယ အယူခံတရားလိုသည် ရှားပါး၍ စျေးကောင်းနေသော ကုမ်းသီးခြမ်းများကို မှောင်ခိုရာတွင် ပါဝင်ခဲ့ရမည်ဟု ယုံဆခြင်းမှာ သဘာဝယုတ္တိနှင့် ဆန့်ကျင်သည် မဆိုသာချေ။

ဦးခင်မောင်အေး ပါ ၃ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၉၄

ရာဇသတ်ကြီးပုဒ်မ ၄၀၉၊ ရာဇသတ်ကြီးပုဒ်မ ၄၀၉/၁၀၉ တို့အရ မူပြစ်ဆင်ရွား စီရင်ခြင်း—ဥပဒေနှင့် ရဲလက်စွဲတို့က သက်သေခံပစ္စည်းကို မည်သို့ဆိန်းသိမ်း

စာမျက်နှာ

ရမည်၊ မည်သို့ဆက်လက်ဆောင်ရွက်ကြရမည်တို့ကို အတိအကျ သတ်မှတ်အပ်နှင်းထားသော တာဝန်များရှိနေခြင်း——တာဝန်ပျက်ကွက်ခြင်း၊ သေသူထံမှ ပစ္စည်းများကို ထိမ်ဝှက်ခြင်းတို့သည် ရာဇသတ်ကြီးပုဒ်မ ၄၀၉ တွင် အကျုံးဝင်စေသော ပြစ်မှုမြောက် မမြောက်။ ။အယူခံဘရားလိုတို့သည် ကားမောင်၍ လူများသေဆုံးရာသို့ သွားရောက်ကြည့်ရှု စစ်ဆေးရာသေသူတို့ထံမှ လက်ဝတ်လက်စား ပစ္စည်းစသည်တို့ကိုယူ၍ စည်းကမ်းနှင့်အညီ မှတ်တမ်းတင်ခြင်း၊ စုံစမ်းအရေးယူဆောင်ရွက်ခြင်း မပြုဘဲ ပစ္စည်းများကို ထိမ်ဝှက်ထားခဲ့သည်။ ပြည်သူ့ဝန်ထမ်းများအဖြစ် ရာဇဝတ် မကင်းသော ယုံကြည်အပ်နှံရေး ဖေါက်ဖျက်မှုကို ကျူးလွန်ခြင်း၊ ကျူးလွန်ရာတွင် အားပေးကူညီခြင်းပြုသည်ဟု စွဲချက်ဖြင့် စစ်ဆေးခဲ့သည်။ ။ **ဆုံးဖြတ်ချက်။** ။ကားမောက် မီးလောင်၍ လူတွေအသုံးအချုံးဖြစ်နေကြရာ ဇာဝန်သိသော အရပ်သားတဦးက ရဲဌာနာသို့ သွားရောက်သတင်းပို့သည်ကို ရဲအဖွဲဝင်တို့ကမူ၊ ပစ္စည်းဖြတ်ယူ သေသူဘို့ကို မီးရှို့ဘို့လောက်သာ သိဘတ်ကြသည်။ ဤသို့သော အပြုအမူမျိုးသည် မနှစ်မြို့ဘွယ်ရာလည်းဖြစ်သည်။ ဥပဒေနှင့် ရဲလက်စွဲတို့က ဤကဲ့သို့သော အရေးအခင်းကိစ္စများ၌ သက်သေခံပစ္စည်းကို မည်သို့ ထိန်းသိမ်းရမည်၊ မည်သို့ဆက်လက်ဆောင်ရွက်ကြရမည်တို့ကို အတိအကျ သတ်မှတ်ပေးအပ်နှင်းထားသော တာဝန်များရှိနေသဖြင့် တာဝန်ပျက်ကွက်ခြင်း၊ သေသူထံမှ ပစ္စည်းများကို ထိမ်ဝှက်ခြင်းတို့သည် ရာဇသတ်ပုဒ်မ ၄၀၉ တွင် အကျုံးဝင်စေသော ပြစ်မှုမြောက်စေသည်ဟု ယူဆသည်။ အမှုတွင် ရဲအဖွဲဝင်တို့ကဉင်းတို့အား ဥပဒေစည်းကမ်းနှင့် ရဲလက်စွဲတို့က အတိအကျ ယုံကြည်အပ်နှင်းထားသော တာဝန်ကို ဖေါက်ဖျက်ခြင်းဖြစ်သည်။ မရိုးသားသောစိတ်၊ ယာယီဖြစ်စေတော့ ကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်ခြင်း ထိမ်ဝှက်ခြင်း စသော မနောကံ၊ ကာယကံအားဖြင့် ပြစ်မှုမြောက်စေသည်။

ဦးသိန်း ပါ ၅ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၉၉

ရာဇသတ်ကြီးပုဒ်မ ၄၀၉/၁၀၉ အရ မူပြစ်ထင်ရှား စီရင်ခြင်း——ဘဏ်သို့လိမ်လည်၍ အစီရင်ခံခြင်း——ယုံကြည်အပ်နှံခြင်းကို ဖေါက်ဖျက်ခြင်းထက် လိမ်လည်မှု ကျူးလွန်သည်ဟု ယူဆခြင်းက ပို၍ဥပဒေနှင့် ကိုက်ညီဘွယ်ရှိ မရှိ။ ။ပဌမ အယူခံတရားလိုသည် ကုန်သည်တဦးဖြစ်၍ ဒုတိယနှင့် တတိယ အယူခံ တရားလိုများသည် နိုင်ငံတော် ကူးသန်းရောင်းဝယ်ရေးဘဏ်မှ ငွေချေးကြီးကြပ်ရေးမှူးများဖြစ်ကြသည်။ ၎င်းတို့အား ရာဇသတ်ကြီးပုဒ်မ ၄၀၉/၁၀၉ အရ စွဲချက်ဖြင့် စစ်ဆေးခဲ့သည်။ ။**ဆုံးဖြတ်ချက်။** ။အမှုတွင် ငွေချေးကြီးကြပ်ရေးမှူး ၂ ဦးနှင့် ကုန်သည် ပဌမအယူခံတရားလိုတို့သည် ဘဏ်ကို လိမ်လည်ကြသည်မှာ ထင်ရှားနေသည်။

ဦးတင်ကြည် ပါ ၃ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၉၆

ရာဇသတ်ကြီးပုဒ်မ ၄၃၆၊ ၅၀၆ အရ မူပြစ်ထင်ရှား စီရင်ခြင်း——မီးညှိထားသော ဆေးလိပ်တိုကို အိမ်မိုးပေါ်သို့ ပြစ်တင်ခြင်း——မီးရှို့ဖျက်ဆီးခြင်းဖြစ်မြောက် မမြောက်။ ။အယူခံတရားလိုအား ရာဇသတ်ကြီးပုဒ်မ ၄၃၆၊ ၅၀၆ စွဲချက်များဖြင့် တရားစွဲဆိုခဲ့သည်။ ။**ဆုံးဖြတ်ချက်။** ။အချက်အလက်များကို သေ

ချာစ္စာ သုံးသပ်သောအခါ အယူခံ တရားလိုသည် မူးယစ်မြွေးတူး၍ မီးညှိထားသော ဆေးလိပ်တိုကို အိမ်မိုးပေါ် သို့ ပစ်တင်ခြင်းသာ ဖြစ်သည်ကို တွေ့ရသည်။ ထိုသို့ ပစ်ခြင်းဖြင့် မီးအန္တရာယ် ဖြစ်စေသော်လည်း၊ မီးနှိုး ဖျက်ဆီးခြင်းကား မမြောက်ခဲ့ပေ။ ထို့ပြင် မီးပုံးစမျှားကိုလည်း လွယ်လင့်တကူ ငြိမ်းသတ်နိုင်ခဲ့ကြသည်မှာလည်း ထင်ရှားသည်။ ထို့ကြောင့် မီးပေါ့ဆမှုဖြင့် ရာဇသတ်ပုဒ်မ ၂၀၅ အရ လွှဲပြောင်း၍ ၎င်းအား အပြစ်ပေးသင့်သည်။

မောင်သောင်းထွန်း နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၈၄

၁၉၄၅ ခုနှစ်၊ လက်နက် (အရေးပေါ် ပြစ်ဒဏ်စီရင်မှု) (ယာယီ) အက်ဥပဒေပုဒ်မ ၂ (၁) (က)၊ ၂ (၁) (ခ)/၁၀၉ အရ မူပြစ်ထင်ရှား စီရင်ခြင်း—ပြစ်ဒဏ်။ ။ ပဌမ အယူခံ တရားလိုအား မြောင်းမြို့၊ ပြည်သူ့ရဲတပ်ဖွဲ့တွင် အမှုထမ်းစဉ်က ရိုင်ဖယ်သေနတ် ၂ လက်နှင့် ယမ်းတောင့်များ သောင်းကျန်းသူများထံ သွားရောက် ရောင်းချခဲ့သည်ဟု စွဲချက်တင်ခဲ့သည်။ ဒုတိယ အယူခံတရားလိုအား ၎င်းပြစ်မှု ကျူးလွန်ခြင်းကို အားပေးကူညီခဲ့သည်ဟု စွဲချက်တင်ခဲ့သည်။ **။ဆုံးဖြတ်ချက်။** ။ပဌမအယူခံတရားလို ကျူးလွန်ခဲ့သော ပြစ်မှုသည် ကြီးမားလှပေသည်။ ပြည်သူတို့ကို ကာကွယ်ရမည့် လက်နက်ခဲယမ်းမီးကျောက်တို့ကို သောင်းကျန်းသူတို့အား သွားရောက် အပ်နှံခြင်းသည် တာဝန်မဲ့ရာ ကျရောက်သည် သာမက ပြည်သူ့ သစ္စာကို ဖေါက်ဖျက်ရာရောက်သည်။ သို့ရာတွင် တဖက်တွင်လည်း အယူခံတရားလို၏ အသက်ငယ်ရွယ်ခြင်းနှင့် ပြစ်မှုဖြစ်ပွါးချိန်၌ ၎င်းခံစားနေရသော အခြေအနေ ပတ်ဝန်းကျင်တို့ကို ထည့်သွင်းစဉ်းစားရန်လိုသည်။ အယူခံလွှာတွင် ၎င်းကတင်ပြခဲ့သည့်အတိုင်း ၎င်းသည် သတိသံဝေဂ ရရှိ၍ လူသစ်အဖြစ် ၎င်း၏မိသားစုနှင့်အတူ ဘဝသစ်ထူလိုသည်ဟု ယူဆသည်။ ထို့ကြောင့် ၎င်းအပေါ် ချမှတ်ထားသော ပြစ်ဒဏ်ကို အတော်အတန်လျော့ပေါ့ပေးသင့်သည်ဟု ယူဆသည်။ ဒုတိယ အယူခံတရားလိုသည် ပဌမအယူခံတရားလိုကို အားပေးကူညီပြုခဲ့သူဖြစ်သည်။ ပြစ်မှုကျူးလွန်သူနှင့် အားပေးကူညီပြုသူတို့သည် သာမန်အားဖြင့် ညီမျှသော ပြစ်ဒဏ်ကို ခံစားသင့်ကြသည်။

မောင်သက်နိုင် (ခေါ်) အာမင်း ပါ ၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၀၀

၁၉၄၇ ခုနှစ်၊ ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေး အက်ဥပဒေပုဒ်မ ၆ (၁) အရ မူပြစ်ထင်ရှား စီရင်ခြင်း—ပြစ်ဒဏ်။ ။ပဌမ၊ ဒုတိယ၊ တတိယ အယူခံတရားလို များအား အင်းစိန်မြို့၊ မီးရထားစက်ရုံ ဂိုဒေါင်မှ ကြေးချောင်းများကို ခိုးယူသည်ဟုဆိုင်း၊ ကျွန်အယူခံတရားလိုများက ပြစ်မှုကျူးလွန်ရာတွင် ပါဝင်အားပေးကူညီကြသည်ဟုဆိုင်း တရားစွဲဆိုခဲ့သည်။ **။ဆုံးဖြတ်ချက်။** ။အယူခံတရားလိုတို့ အပေါ် ၌ သတ်မှတ်ထားသော ပြစ်ဒဏ်သည် ပြစ်မှုနှင့် နှိုင်းစာလျှင် ကြီးလေးလွန်းသည်ဟု မဆိုသာချေ။

စောကုလား ပါ ၅ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၄၁

၁၉၄၈ ခုနှစ်၊ အဂတိလိုက်စားမှု တားမြစ်ရေး အက်ဥပဒေပုဒ်မ ၄ (၁) (ဂ) နှင့် ၄ (၂) အရ မူပြစ်ထင်ရှား စီရင်ခြင်း—ဖြောင့်ဆိုချက်ကို သက်သေခံအဖြစ်

တင်သွင်း၍ သက်သေအားမေးခြင်း—အပြစ်လွှတ်အောင် ငြင်းကွယ်ခြင်း။ ။ အယူခံတရားလိုများသည် ရဲအဖွဲဝင်များ ဖြစ်ကြပြီး အင်းစိန်မီးရထားဂိုဒေါင်မှ ကြေးချောင်းများကို ခိုးယူသည့် အမှုနှင့် ပတ်သက်၍ လာဘ်ငွေယူသည်ဟု စွဲဆိုချက်ဖြင့် စစ်ဆေးခဲ့သည်။ **။ဆုံးဖြတ်ချက်။** ။လာဘ်ပေးသည်ဆိုသော မောင်အောင်ခင်သည် ကြေးချောင်း ခိုးမှုတွင် တင်သွင်းထားသော ၎င်း၏ ဖြောင့်ဆိုချက်၌ ထိုသို့လာဘ်ပေးခဲ့ကြောင်း ထွက်ဆိုထားသည်။ သို့ရာတွင် ဤအမှုတွင် အထူးရာဇဝတ်ရုံးရှေ့၌ သက်သေခံသောအခါ လာဘ်မပေးခဲ့ကြောင်း ငြင်းကွယ်သည်။ ယခင်ဖြောင့်ဆိုချက်ကို ဤအမှုတွင် သက်သေခံအဖြစ် တင်သွင်း၍ မောင်အောင်ခင်အား မေးသော်လည်း ငြင်းကွယ်သည်။ သို့ရာတွင် မောင်အောင်ခင်သည် ကြေးချောင်းခိုးမှုတွင် အပြစ်လွှတ်အောင် ဤအမှု၌လည်း ငြင်းကွယ်ခြင်းသာ ဖြစ်နိုင်သည်ဟု ယူဆသည်။ ထိုသို့ယူဆခြင်းသည် ဥပဒေနှင့် သော်၎င်း၊ သဘာဝယုတ္တိနှင့်သော်၎င်း ဆန့်ကျင်သည်ဟု မဆိုသာချေ။

မောင်ချစ်ဖေ ပါ ၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၅၆

၁၉၆၃ ခုနှစ်၊ အများနှင့် သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေ ပုဒ်မ ၃ အရ မူပြစ်ထင်ရှားစီရင်ခြင်း—အစုစပ် လုပ်ငန်းများတွင် အစုစပ်များသည် ကြေးမြီ စသော တရားမကြောင်းအားဖြင့် ခံယူရန် တာဝန်တို့ကို အတူခံယူကြရခြင်း—ရာဇဝတ်မှု ကျူးလွန်ခြင်းတွင် ထိုသို့ဝတ္ထုကို တူညီစွာ ခံယူရခြင်း ဟုတ်မဟုတ်—အစုစပ် စာချုပ်တွင် အစုစပ်များသည် ကုမ္ပဏီ၏ လုပ်ငန်းကိစ္စ အဝဝတွင် တဦးစီငင်း၊ အတူပူးတွဲ၍ငင်း လုပ်ကိုင်ဆောင်ရွက်ခွင့် ရှိကြသည်ဟု ဖော်ပြထားခြင်း—အစုစပ်ဝင် တဦးဦးက ကျူးလွန်သော ရာဇဝတ်တာဝန်ကို သဘောတူစာချုပ်ဖြင့် အခြားအစုဝင်များအား ခဲ့ဝေပေး၍ ရမရ။ ။အယူခံတရားလိုများအား ၁၉၆၃ ခုနှစ်၊ အများနှင့် သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ တရားစွဲဆိုခဲ့သည်။ **။ဆုံးဖြတ်ချက်။** ။ တပါးသူတဦး ကျူးလွန်သော ရာဇဝတ်မှုအတွက် သူတဦးအား တာဝန်ရှိသည်ဟု အလွယ်တကူ ယူဆရသည်မဟုတ်။ ထိုကျန်သူတဦးကလည်း မနောက်မြောက်ပါဝင် ကျူးလွန်၍ တနည်းနည်း အားပေးကူညီခြင်းလည်း ရှိမှသာ ထိုသူပါ ရာဇဝတ်မှု ကျူးလွန်သည်ဟု ဆုံးဖြတ်ရသည်။ အစုစပ် လုပ်ငန်းများတွင် အစုစပ်များသည် ကြေးမြီ စသော တရားမကြောင်းအားဖြင့် ခံယူရန် တာဝန်တို့ကို အတူခံကြရသည်။ တဦးက ချေးယူခဲ့သည်ကို ကျန်အစုရှင်များကပါ ပေးဆပ်ရန် တာဝန်ရှိသည်။ သို့ရာတွင် ရာဇဝတ်မှု ကျူးလွန်ခြင်းတွင်မူကား ထိုသို့တာဝန်ကို တူညီစွာ ခံယူရသည် မဟုတ်ချေ။ မသိပဲစေခိုင်းခြင်း မပြုပဲ အားပေးကူညီခြင်း မပြုပဲနှင့် အစုစပ်တဦးသည် အခြားအစုစပ်တဦးက ကျူးလွန်သော ပြစ်မှုအတွက် ပြစ်ဒဏ် မထိုက်သင့်ပေ။ အစုစပ်စာချုပ်တွင် အစုစပ်များတို့သည် ကုမ္ပဏီ၏ လုပ်ငန်းကိစ္စ အဝဝတွင် တဦးစီငင်း၊ အတူပူးတွဲ၍ငင်း လုပ်ကိုင်ဆောင်ရွက်ခွင့် ရှိကြသည်ဟု ဖော်ပြထားသည်။ တရားမ ရာဇဝတ်ရုံးများတွင် ထိုကဲ့သို့လုပ်ပိုင်ခွင့် ရှိသည်ဟုလည်း ဖော်ပြထားသည်။ သို့ရာတွင် ထိုကဲ့သို့ဖော်ပြခြင်းသည် အစုစပ် စာချုပ်များ၌ ထည့်သွင်းရေးသားသည့် လုပ်ရိုးလုပ်စဉ်သာဖြစ်သည်။ ထို့ကြောင့် တဦးစီ၏ လုပ်ပိုင်ခွင့်ကို သတ်မှတ်ခြင်းဖြစ်သည်။ တာဝန်နှင့် ပတ်သက်၍မူကား ဥပဒေအရ ကြေးမြီစသည်တို့အတွက် တဦးစီငင်း၊ အတူပူးတွဲ၍ငင်း တာဝန်

ယူရမည်သာဖြစ်သည်။ စာချုပ်တွင် အထူးဖေါ်ပြရန် မလိုချေ။ အစုစပ်ဝင် တဦးဦးက ကျူးလွန်သော ရာဇဝတ်တာဝန်ကိုမူကား သဘောတူစာချုပ်ဖြင့် အခြားအစုစပ်များအား ခဲ့ဝေပေး၍မရ၊ ဥပဒေဖြင့်သာ ထိုတာဝန်ကို သတ်မှတ် ပြဋ္ဌာန်းရ၏။ တရားခံ တဦး၏ ဖြေကြားချက်သည် ကျမ်းဖြင့်အစစ်ခံခြင်းမဟုတ် သဖြင့် တန်ဘိုးမရှိဟု အထူးရာဇဝတ်ရုံးက မှတ်ချက်ပြုခဲ့သည်။ ကျမ်းဖြင့် အစစ် ခံလျှင် တရားလိုဘက်မှ ပြန်လှန်မေးခွန်း မေးနိုင်ခဲ့မည်။ ထိုသို့မေးခွန်းထုတ်ခွင့် ရရှိခဲ့လျှင် ဖြေကြားချက်သည် ပိုမိုလေးနက်မည်မှန်၏။ သို့ရာတွင် ဖြေကြား ချက်ကို လုံးဝတန်ဘိုးမထားရဟူ၍ကား မယူဆနိုင်။ အခြားအချက်အလက် များနှင့် ပေါင်းစပ်၍ ထည့်သွင်းစဉ်းစားနိုင်သော ဆီလျော်သည့် အကြောင်း အချက်တရပ်ဖြစ်သည်။

ညွှန်းချက်

INDEX

အထူးရာဇဝတ်ရုံး အယူခံအဖွဲ့

SPECIAL CRIMINAL COURTS' APPEAL COURT

စာမျက်နှာ

အက်ဥပဒေများ—

ရာဇသတ်ကြီး

ရာဇဝတ်ကျင့်ထုံးဥပဒေ

၁၉၄၇ ခုနှစ်၊ အရေးကြီးသောကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာအက်ဥပဒေ။

၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သော ပစ္စည်းကဘကွယ်စောရွောက်ရေးဥပဒေ။

ပြည်တွင်းဆာအဖြစ် အသက်မွေး ဝမ်းကျောင်းသူ ဖြစ်ခြင်း—အလိုမတူက သူ့ကို ကျူးလွန်လျှင် မုဒိန်းမှု မြောက်ခြင်း—အကျင့်တရား ပျက်ပြားသောသူဖြစ်ခြင်း—အလိုမတူဘဲ သူ့ကို ကျူးလွန်လျှင် မုဒိန်းမှု မြောက်ခြင်း ၁၂၅

ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၁၆၂၊ ရာဇဝတ်ကျင့်ထုံး ၁၆၂ အရ၊ ထုတ်ချမေးမြန်းရာတွင် ရဲတွင် အစစ်ခံသည့်အတိုင်း မှန်ကန်ပါသည်ဟု သက်သေများက ထွက်ဆိုခြင်းကြောင့် ၎င်းအစစ်ခံချက်သည် အထူး ရာဇဝတ်ရုံးရှေ့ အစစ်ခံချက်များ ဖြစ်သွားခြင်း၊ ထို့ကြောင့် အထူးရာဇဝတ်ရုံးက တရားဝင် ထည့်သွင်းစဉ်းစားနိုင်ခြင်း ၁၃၆

ရာဇသတ်ကြီးပုဒ်မ ၉၄ ရှင်းလင်းချက်၊ ရိုက်ပုတ်မည်ဟု ခြိမ်းခြောက်ခြင်း ခံရရုံမျှနှင့် ဓါးပြ လူဆိုးတို့၏အကျင့်အကြံကို သိလျက်ဓါးပြလူဆိုးဂိုဏ်းသို့ ဝင်ရောက်သောသူ ပင်လျှင် ပြစ်မှုအတွက် ပြစ်ဒဏ်မှ ကင်းလွတ်နိုင်မည်မဟုတ် ၁၀၆

ရာဇသတ်ပုဒ်မ ၃၇၆။ ပြည်သူတို့၏ အသက်အိုးအိမ်ကို စောင့်ရှောက်ရမည့် ပြည်သူ့ရဲတို့က ၎င်းတို့ ထိန်းသိမ်းထားသဖြင့် ကြောက်ရွံ့နေရသည့် အမျိုးသမီးများအား ရက်စက်စွာ လူမဆန်သောပြုကျင့် ကျူးလွန်ခြင်းမျိုး၌ မှတ်သားလောက်သော ပြစ်ဒဏ် ၁၃၁

ရာဇသတ်ကြီးပုဒ်မ ၃၇၆ အရ မှုပြစ်ထင်ရှား စီရင်ခြင်း—ကြောက်ရွံ့ရသည့် အခြေအနေကို အခွင့်အရေးယူ၍ ရဲ၏အာဏာကို သုံးစွဲကာ ရဲစခန်းပိုင်နက် အတွင်းသို့

အမျိုးသမီးများအား ခေါ်ဆောင်ခြင်း—ကျူးလွန်ခြင်းခံရသူတို့က မအော်မဟစ် မရွှန်း မကန့် စေကာမျှ နှင့် အလိုတူသည်ဟု ယူဆရမည် ဟုတ် မဟုတ်—ပြစ်ဒဏ်။ ။အယူခံ တရားလိုများသည် ကွန်မြူနစ် သောင်းကျန်းသူများ၏ ဇနီး ၃ ဦးကို ရဲစခန်းသို့ခေါ်ယူ၍ မုဒိန်းမှု ကျူးလွန်သည်ဟူသော စွဲချက်ဖြင့် စစ်ဆေးခဲ့သည်။ ။**ဆုံးဖြတ်ချက်**။ ။အမျိုးသမီး ၃ ဦးတို့ကို ရဲစခန်းသို့ ခေါ်ယူရာတွင် ပြည်သူ့ရဲ၏ အာဏာကို သုံးစွဲခဲ့ခြင်းဖြစ်သည်။ ထိုအမျိုးသမီးများသည် သောင်းကျန်းသူတို့၏ ဇနီးများ ဖြစ်ကြ၍ ၎င်းတို့၏ ယောကျ်ားများအတွက် ၎င်း၊ ၎င်းတို့ကိုယ်တိုင်အတွက်၎င်း၊ ထိုအာဏာကို ကြောက်ရွံ့ကြရသည်။ ၎င်းတို့ကိုယ်တိုင်လည်း ရဲတပ်ဖွဲ့စခန်းမှူး ဦးသိန်းဝင်း၏ အမိန့်အရ ရွာတွင် အကျယ်ချုပ်သဘော နေထိုင်ကြရသည်။ ထို့သို့ ကြောက်ရွံ့ရသည့် အခြေအနေကို အခွင့်အရေးယူ၍ ရဲ၏အာဏာကို သုံးစွဲကာ ရဲစခန်း ပို၍နက်အတွင်းသို့ အမျိုးသမီးများအား**ခေါ်ဆောင်ခဲ့ကြခြင်း**ဖြစ်သည်။ ထိုအာဏာစက် အောက်တွင် ၎င်းဘို့အား ဝိုင်းဝန်း၍ ကျူးလွန်ခဲ့ကြခြင်းဖြစ်သည်။ ထို့ကြောင့် ကျူးလွန်ခြင်း ခံရသူတို့က မအော်မဟစ် **မရွှန်းမကန့် စေကာမျှနှင့်** ၎င်းတို့က အလိုတူသည်ဟု ယူဆရမည် မဟုတ်ခေါ်။ ရာဇသတ်ပုဒ်မ ၃၇၅ ၏ အဓိပ္ပါယ် ဖွင့်ဆိုရာတွင် မိန်းမတဦးအား သေစေမည်ဟု သော်၎င်း၊ နာကျင်စေမည်ဟု သော်၎င်း ကြောက်ရွံ့အောင်ပြုသဖြင့် ခွင့်ပြုရခြင်းသည် အလိုတူခြင်းမမြောက်။ အမှုတွင် ကျူးလွန်ခြင်း ခံရသူတို့သည်ရဲစခန်းသို့ ၎င်းတို့၏ ကလေးငယ်များနှင့်အတူ လိုက်ပါလာခဲ့ကြရသည်။ ထို့ကြောင့် ကြောက်ရွံ့ကြရသည့်မှာ ၎င်းတို့ အတွက်သာမဟုတ် ၎င်းတို့၏ ကလေး**ငယ်**များ အတွက်လည်းဖြစ်သည်။ ။ပြည်သူတို့၏ ကာသကအိုးအိမ်ကို စောင့်ရှောက်ရမည့် ပြည်သူ့ရဲတို့သည် ၎င်းတို့ ထိန်းသိမ်းထားသဖြင့် ၎င်းတို့အား ကြောက်လန့်နေရသည့် အမျိုးအသမီးများ**အား** ရက်စက်စွာ လူမဆန်သော ပြုကျင့် ကျူးလွန်ခြင်းမျိုးကို ကျူးလွန်ခဲ့ကြသည်ဟု တွေ့ရှိသော ကြောင့် မှတ်သားလောက်သော ပြစ်ဒဏ်ကို သတ်မှတ်ခဲ့ခြင်းဖြစ်သည် ....

မောင်အောင်သန်း ပါဖြ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၁၃၁

ရာဇသတ်ကြီးပုဒ်မ ၃၇၆ အရ မှုပြစ်ထင်ရှားစီရင်ခြင်း—မိန်းကလေးတဦးက ၎င်းအား အဓမ္မကျူးလွန်ပါသည်ဟု စွဲဆိုကာမျှနှင့် စွပ်စွဲခံရသူသည် အပြစ်ရှိသည်ဟု မယုံကြည်ထိုက်—ပတ်ဝန်းကျင် အခြေအနေနှင့် အကြောင်းအချက် ကွင်းဆက်များကို သေချာစွာ လေ့လာရန်လိုခြင်း—မိန်းကလေးတဦးကို ခေါ်ဆောင်သွားကြ၍ တလှည့်စီ ကျူးလွန်ကြခြင်းသည် အနိုင်အထက်ပြုကျင့်သော သဘော သက်ရောက်ခြင်း—**အစဉ်အလိုတူ ကြည်ဖြူစွာ လက်ခံခဲ့သော** မိန်းကလေးတဦး အား နောက်ပိုင်းတွင် အနိုင်အထက် ပြုကျင့်ကြသောကြောင့် မိန်းကလေးက လက်မခံနိုင်၊ ငြင်းဆန်လျက်နှင့် ဆက်လက်၍ သူ၏ကာမကို အဓမ္မပြုခြင်း—မုဒိန်းမှုမြောက်မမြောက်—ရာဇသတ်ကြီးပုဒ်မ ၃၇၅ ကပြဋ္ဌာန်းထားသည့်အင်္ဂါရပ်များ၊ ရှင်းလင်းချက်နှင့် ကင်းလွတ်ချက်များကို အဓိကထား၍ တမှုစီ၏ပြစ်ရပ်များနှင့် ပေါင်းစပ်၍ စဉ်းစား ဆုံးဖြတ်ရန် ဖြစ်ခြင်း။ ။အယူခံတရားလိုတို့သည် မိန်းကလေးတဦးကို မုဒိန်းကျင့်ကြသည်ဟူသော စွဲချက်ဖြင့် စစ်ဆေးခဲ့သည်။ **ဆုံးဖြတ်ချက်**။ ။မိန်းကလေးတဦးက ၎င်းအား အဓမ္မကျူးလွန်ပါသည်ဟု စွဲဆိုကာမျှနှင့် စွပ်စွဲခံရသူသည် အပြစ်ရှိသည်ဟု မယုံကြည်ထိုက်၊

ပတ်ဝန်းကျင် အခြေအနေနှင့် အကြောင်းအချက် ကွင်းဆက်များကို သေချာစွာ လေ့လာရန် လိုသည်။ ထိုသို့လေ့လာပြီးမှသာ ဖြစ်ရပ်အမှန်ကို မြင်နိုင်သည်ဟု မုဒိမ်းမှုများမှ ပေါက်ဖွါးသောအယူခံမှုများတွင် ဆုံးဖြတ်ခဲ့ကြသည်။ တဖက်တွင်လည်း မိန်းကလေးတဦး၏ အပြောသာရှိသည်ဆိုကာ ၎င်း၏ စွဲချက်ကို ပေါ့ပေါ့လွယ်လွယ်သဘောထားရန် မဟုတ်ခေ။ ဤကဲ့သို့သော ပြစ်မှုမျိုးကို လူမြင်သူမြင်ကျူးလွန်ကြသည်မဟုတ်။ ထို့ကြောင့် မိန်းကလေး အပြောနှင့် ၎င်းကိုယ်တိုင် အချင်းဖြစ်ပွါးပြီးအချိန်မလင့်ပဲ တိုင်ကြားခြင်းရှိမရှိ၊ ၎င်းအား ဆေးစစ်ချက်စသည်ဖြင့် ဆီလျော်သောအချက်အလက်ဘို့ကိုပေါင်းစပ်၍သေချာစွာချင့်ချိန်ဆုံးဖြတ်ရသည်။ ။မကျင်စိန်သည် စိတ်လေလွင့်၍ မိဘအုပ်ထိန်းမှု ရော့ရဲသောအခြေအနေတွင်ရှိခဲ့ဟန်တူသည်။ ၎င်းသည်စွဲးရောင်းရင်း ပတ်ဝန်းကျင်၏ ဆွဲဆောင်ဖျက်ဆီးမှုကို ခံခဲ့ရဟန်တူသည်။ အသက်အရွယ်အားဖြင့်လည်း ၎င်းသည် ငယ်သေးသည်။ ဤကဲ့သို့သော မိန်းကလေးတဦးကို ခေါ်ဆောင်သွားကြ၍ တလှည့်စီ ကျူးလွန်ကြခြင်းသည် အနိုင်အထက်ပြုကျင့်သော သဘောသက်ရောက်သည်။ မိန်းကလေးကဆန့်ကျူးသဖြင့် လက်ခံသည်ဆိုလျှင် ထိုသို့လူအများအကြိမ်ကြိမ်စပ်ယှက်ခြင်းသည် ရာဇဝတ်မှု မမြောက်သော ပြုလုပ်ခြင်းမျှသာဖြစ်သည်ဟု ဆိုနိုင်ပေမည်။ သို့ရာတွင် အစွဲ့ အလိုဘူကြည်ဖြူစွာ လက်ခံခဲ့သော မိန်းကလေးတဦးအား နောက်ပိုင်းတွင် အနိုင်အထက်ပြုကျင့်ကြသောကြောင့် ထိုမိန်းကလေးကလက်မခံနိုင်၊ ငြင်းဆန်လျက်နှင့်ဆက်လက်၍ သူ၏ကာမကိုအဓမ္မပြုခြင်းသည် မုဒိမ်းမှုမြောက်သည်ဟုဆိုရမည်။ တကြိမ်ဘာခါ အလိုဘူကာမျှန့်ငှ့် အကြိမ်ကြိမ်အခါခါအလိုတူသည်ဟု မယူဆနိုင်ခေ။ အလိုမတူငြင်းဆန်သည်၏နောက်ပိုင်း၌ ကျူးလွန်ခြင်းသည် ပြစ်မှုဖြစ်မြောက်သည်။ ။ပြည့်တန်ဆာအဖြစ် အသက်မွေးဝမ်းကျောင်း ပြုသူပင်ဖြစ်စကာမူ အလိုမတူက သူ့ကို ကျူးလွန်လျှင် မုဒိမ်းမှုပင်မြောက်သည်။ အကျင့်တရားပျက်ပြားသောသူဖြစ်စေကာ မူလည်း သူအလိုမတူပဲသူ့ကိုကျူးလွန်လျှင် မုဒိမ်းမှုမြောက်သည်။ ။အမှုတိုင်းအမှုဘိုင်းတွင် အကြောင်းခြင်းရာတို့ကို ကောင်းစွာလေ့လာ၍ အလိုမတူငြင်းဆန်ခြင်းပြုလျက်နှင့် ကျူးလွန်ခြင်း လော၊ မိန်းကလေးက ကြောက်ရွံ့၍ လက်ခံရသလောစသော ရာဇသတ်ပုဒ်မ ၃၇၅ က ပြဋ္ဌာန်းထားသည့် အင်္ဂါရပ်များ၊ ရှင်းလင်းချက်နှင့် ကင်းလွတ်ချက်များကို အဓိကထား၍ တမှုစီ၏ ဖြစ်ရပ်များနှင့် ပေါင်းစပ်၍ စဉ်းစားဆုံးဖြတ်ရန် ဖြစ်ပေသည်။ ။အယူခံ တရားလိုတို့သည် ငယ်ရွယ်သူများ ဖြစ်ကြ၍ ဘဝသစ် ထူထောင်ကြရန် အခွင့်အလမ်းများကို ၎င်းတို့အားဖွင့်မပေးရန် သင့်တော်သည်။ ထို့ပြင်အစဉ်း၌ မိန်းကလေးကိုယ်တိုင် အလိုဘူလိုက်ပါသွားခြင်း၊ လက်ခံခြင်းရှိနေသည်။ ထိုအချက်ဘို့ကို ထည့်သွင်းစဉ်းစားသောအခါ သတ်မှတ်ထားသည့် ပြစ်ဒဏ်တို့ကို မလျှော့ပေါ့ပေးသင့်သည်ဟု ယူဆသည်။

မောင်လှဦးပါ ၄ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၁၂၅

ရာဇသတ်ကြီးပုဒ်မ ၃၇၆ အရမှုပြစ်ထင်ရှား စီရင်ခြင်း—၁၄ နှစ်ရွယ်မပြည့်သေးသဖြင့် အလိုတူသည်ပင်ဖြစ်စေဦးငင်းကို စပ်ယှက်သူသည် ရာဇသတ်ကြီး ပုဒ်မ ၃၇၆ အရ မုဒိမ်းမှုကျူးလွန်ရာရောက်ခြင်း။ ။အယူခံ တရားလိုအား မိန်းကလေးတဦးကို သွေး ဆောင် ခေါ်ယူကာ မုဒိမ်းပြုကျင့်ခဲ့သည်ဟူ သော စွဲချက်ဖြင့် စစ်ဆေးခဲ့

သည်။ ။ဆုံးဖြတ်ချက်။ ။အမှုတွင် မိန်းကလေးက ကာမစပ်ယှက်ခြင်းကို အလိုတူသည်ဟု မည်သို့မျှ အထောက်အထား မတွေ့ရချေ။အလိုတူခဲ့သည်ပင် ဖြစ်စေဦး မိန်းကလေးသည် ၁၄ နှစ်ရွယ်မပြည့်သေးသဖြင့်၎င်းကို စပ်ယှက်သူသည် ရာဇသတ်ကြီးပုဒ်မ ၃၇၆ အရ မုဒိမ်းမှု ကျူးလွန်ရာ ရောက်သည်။

မောင်ထွန်းရှင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၁၁၄

ရာဇသတ်ကြီးပုဒ်မ ၃၉၂/၃၀၂(၁)(ဂ)/၁၀၉ အရ၊ ပြစ်မှုထင်ရှားစီရင်ခြင်း—တရားဝန်ထမ်းဆောင်ရင်းမှားယွင်း၍ ပစ်ခတ်သည်ဟုထုချေခြင်း—လုပ်သင့်သည်ထက်လွန်စွာ ကျော်လွန်၍ပြုလုပ်ခြင်း—ရန်သူ့ပစ္စည်းဖြစ်သည်ဟု မှတ်ယူစေဦး အထက်အရာရှိထံ သတင်းပို့၍ အပ်နှံရမည်ဖြစ်ခြင်း—ကိုယ်တိုင်သုံးစွဲကြခြင်း၊ ထိမ်ဝှက်ထားခြင်းသည် ရာဇသတ်ကြီးပုဒ်မ ၄၀၃ တွင်အကျုံးဝင်သော ပြစ်မှုမြောက်မမြောက်။ ။ပဌမနှင့် ဒုတိယ အယူခံတရားလိုတို့သည်ခြေလျင်တပ်ရင်းတွင် တပ်သားများအဖြစ် အမှုထမ်းဆောင်ခဲ့ကြစဉ် ရွာသား ၂ ဦးတို့ကို သေနတ်နှင့်ပစ်သတ်၍သေသူတို့ထံမှ ငွေပစ္စည်းယူကြသည်ဟူသော စွဲချက်ဖြင့်၎င်း၊ တတိယအယူခံတရားလိုက ထိုသို့ကျူးလွန်ခြင်းကို အားပေးကူညီခဲ့သည်ဟူ၍၎င်း စွဲချက်ဖြင့် စစ်ဆေးခဲ့သည်။ ။ဆုံးဖြတ်ချက်။ ။သက်သေထွက်ချက်များအရ အခင်းဖြစ်နယ်တွင်သောင်းကျန်းသူများ၏ လှုပ်ရှားမှုအနည်းငယ်ရှိသည်။ နေ့အခါတွင်၎င်း ညအခါတွင်၎င်း သောင်းကျန်သူအချို့ ဖြတ်သန်းသွားလာကြသည်။ ထို့ကြောင့် လှုံ့ခေါ် မေးမြန်းသော်လည်း၊ မဖြေပဲ ထွက်ပြေးကြသောကြောင့် ရဲဘော်နှစ်ဦးက ပစ်ခတ်သည်ဆိုသော ခုခံချေပချက်ကို ပယ်ရန်မမြင်ချေ။ သို့ရာတွင် အခင်းဖြစ်သောအချိန်မှာ နေ့ခင်းနေ့လည်ဖြစ်သည်။ ကိုက် ၁၅၀ လောက်သာ ကွာဝေးသောနေရာမှ လူ ၂ ယောက်ကိုမြင်သည်ဟု ရဲဘော်နှစ်ဦးက ထွက်ဆိုကြသည်။ ထိုအကွာအဝေးမှဆိုလျှင် ကောင်းစွာမြင်နိုင်၊ မေးမြန်းနိုင်သည်။ ထိုလူ ၂ ဦးထွက်ပြေးကြစေဦး လိုက်လံဖမ်းဆီးနိုင်သည်။ ခြောက်လှန့်သည့်သဘော သေနတ်ပစ်ဖေါက်နိုင်သည်။ ယခုမူ ထိုသို့မပြုပဲ ၂ ဦးစလုံးကို ဒဏ်ရာများစွာနှင့် နေရာတွင်ပင် သေဆုံးစေလောက်အောင် ပစ်ခတ်ကြခြင်းဖြစ်သည်။ ထို့ကြောင့် တရားဝန်ထမ်းဆောင်ရင်းမှားယွင်း၍ ပစ်ခတ်သည်ဟု ရဲဘော် ၂ ဦးက ထုချေခြင်းကို လက်ခံနိုင်သော်လည်း ၎င်းတို့လုပ်သင့်သည်ထက် လွန်စွာကျော်လွန်၍ ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်ဟု ယူဆရပေမည်။ ။ရဲဘော် ၂ ဦးသည် လက်စုပ်နှင့်ငွေများကို သေသူထံမှယူပြီးနောက် ကိုယ်တိုင်သုံးစွဲကြရန် ဝှက်ထားကြသည်။ ငွေအချို့ကိုလည်း သုံးစွဲပစ်ကြသည်။ ထိုသို့ပြုလုပ်ခြင်းသည်စည်းကမ်းနှင့်လည်းမညီညွတေနှင့်လည်းဆန့်ကျင်သည်။ ရန်သူ့ပစ္စည်းဖြစ်သည်ဟု မှတ်ယူစေဦး၊ အထက်အရာရှိထံ သတင်းပို့၍ အပ်နှံရမည်ဖြစ်သည်။ ဤကဲ့သို့မပြုလုပ်ပဲ ကိုယ်တိုင်သုံးစွဲကြခြင်း၊ ထိမ်ဝှက်ထားကြခြင်းသည် ရာဇသတ်ပုဒ်မ ၄၀၃ တွင်အကျုံးဝင်သော ပြစ်မှုမြောက်စေသည်။

မောင်ဖေ ပါ ၃ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၁၁၈

ရာဇသတ်ကြီးပုဒ်မ ၃၉၅ အရ ပြစ်မှုထင်ရှားစီရင်ခြင်း—သောင်းကျန်းသူတို့က ခြိမ်းချောက်ခိုင်းစေ၍ ဆန်များကိုသယ်ဆောင်ပေးရသည်ဟု ခုခံထွက်ဆိုခြင်း—ရာဇ

သတ်ကြီးပုဒ်မ ၉၄ အရ ပြစ်မှုမြောက်မမြောက်။ ။အယူခံတရားလိုများအား ပြည်ထောင်စုမြန်မာနိုင်ငံ ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့မှ သိုလှောင်ထားရှိသော ဆန်အိတ်များ၊ ဆန်ကွဲအိတ်များ၊ ဂုံနီအိတ်များကို လက်နက်ကိုင်သောင်းကျန်းသူများနှင့်အတူ လုယူကြသည်ဟူသော စွဲချက်ဖြင့် စစ်ဆေးခဲ့သည်။ ။ **ဆုံးဖြတ်ချက်။** ။သောင်းကျန်းသူတို့က ခြိမ်းချောက်ခိုင်းစေ၍ အယူခံတရားလိုတို့က ဆန်များကို သယ်ဆောင်ပေးရသည်ဟု မပေါ်လွင်၊ အယူခံတရားလိုများထံမှ ရရှိသော ဆန်၊ ပစ္စည်းများ ပမာဏကို ထောက်ရှုလျှင် ၎င်းတို့သည် စိတ်ပါလက်ပါ ဝင်ရောက်လုယက်ကြသည်ဟု ယူဆရန်သာရှိသည်။ ရာဇသတ်ကြီးပုဒ်မ ၉၄ ၏ ရှင်းလင်းချက်တွင် ရိုက်ပုတ်မည်ဟု ခြိမ်းချောက်ခြင်း ခံရရုံမျှနှင့် ဓါးပြလူဆိုးတို့၏ အကျင့်အကြံကိုသိလျက် ဓါးပြလူဆိုးဂိုဏ်းသို့ ဝင်ရောက်သောသူပင်လျှင် ပြစ်မှုအတွက် ပြစ်ဒဏ်မှ ကင်းလွတ်နိုင်သည်မဟုတ်ချေ။ အမှုတွင်လည်း ရိုက်ပုတ်မည် ခြိမ်းချောက်သည်ဟုသာ အယူခံတရားလိုတို့ကဆိုသည်။ သို့ရာတွင် သောင်းကျန်းသူတို့ လုယက်နေကြကြောင်းသိလျက် ပါဝင်လုယက်ကြခြင်းဖြစ်ရာ အယူခံတရားလိုတို့သည်လည်း ဓါးပြလူဆိုးဂိုဏ်းဝင်များသာ ဖြစ်ချေတော့သည်။

မခါတ္စန် ပါ ၂၁ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၁၀၈

ရာဇသတ်ကြီးပုဒ်မ ၄၃၆ အရ မူပြစ်ထင်ရှားစီရင်ခြင်း—ရဲတွင်အစစ်ခံထားခဲ့သည်တို့ကို ရာဇဝတ်ကျင့်ထုံးပုဒ်မ ၁၆၂ အရထုတ်၍ မေးမြန်းရခြင်း—ရုံးရှေ့တွင်အစစ်ခံချက်များ ဖြစ်သွားခြင်း—တရားဝင် ထည့်သွင်းစဉ်းစားနိုင်ခြင်း—မီးရှို့ခဲ့ကြောင်း အထောက်အထားများအရ ခိုင်ခိုင်လုံလုံယူဆနိုင်ခြင်း—မည်သည့်အကျိုးကိုမြော်ကိုး၍ ထိုသို့ပြုလုပ်သနည်းဟု တဆင့်တက်၍ သက်သေထူရန်မလို။ ။အယူခံတရားလိုများအား ဆန်စက်ကို မီးရှို့သည်ဟူသောစွဲချက်ဖြင့် စစ်ဆေးခဲ့သည်။ ။ **ဆုံးဖြတ်ချက်။** ။မောင်ကျော်၊ ကာကာနှင့် မောင်ယုံတို့က ပဌမအယူခံထရားလို အပေါ် လည်ဆယ်၍ထွက်ဆိုကြပါသည်ဟုအယူခံတွင်ဆိုသော်လည်းအထူးရာဇဝတ်ရုံးတွင် သက်သေများက အယူခံတရားလိုတို့အပေါ် ပွင့်လင်းစွာထွက်ဆိုကြခြင်း မပြုသောကြောင့် ၎င်းတို့ကရဲတွင် အစစ်ခံထားခဲ့သည်တို့ကို ရာဇဝတ်ကျင့်ထုံးပုဒ်မ ၁၆၂ အရ ထုတ်၍မေးမြန်းခဲ့ရသည်။ ထိုအခါကျမှ ရဲတွင်အစစ်ခံခဲ့သည့်အတိုင်း မှန်ကန်ပါသည်ဟုသက်သေများကထွက်ဆိုကြသည်။ မှန်ကြောင်းဝန်ခံထွက်ဆိုကြသောကြောင့် ယခင်အစစ်ခံထားချက်တို့သည် ရဲရှေ့တွင် အစစ်ခံချက်မဟုတ်တော့ပဲ၊ အထူးရာဇဝတ်ရုံးရှေ့တွင် အစစ်ခံချက်များဖြစ်သွားသည်။ ထို့ကြောင့် အထူးရာဇဝတ်ရုံးက တရားဝင်ထည့်သွင်းစဉ်းစားနိုင်သည်။ ။အယူခံတရားလိုတို့သည် စက်ကိုမီးရှို့ခဲ့ကြောင်း အထောက်အထားများအရ ခိုင်ခိုင်လုံလုံယူဆနိုင်သည်။ ယူဆနိုင်လျှင် မည်သည့်အကျိုးကိုမြော်ကိုး၍ ထိုသို့ပြုလုပ်ခဲ့ကြသနည်းဟု တဆင့်တက်၍ သက်သေထူနေရန်မလိုတော့ချေ။ အကျိုးရည်မှန်းချက်သည် အထောက်အထားတရပ်သာဖြစ်သည်။ သက်သေမထူ မနေရသော အခြေခံကျသည့်အကြောင်းမဟုတ်ချေ။

ဦးစိန်မောင် (ခ) ဦးဟုတ်ကျန် ပါ ၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၁၃၈

၁၉၄၇ ခုနှစ်၊ အရေးကြီးသောကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာ အက်ဥပဒေ ပုဒ်မ ၈ (၃) အရ မှုပြစ်ထင်ရှားစီရင်ခြင်း—အာဏာမဲ့ ထုတ်ပြန်ထားသော အမိန့်တရပ်အရ ကောင်ဒဏ် ပေးထားခြင်းသည် သင့်မြတ်မည် မဟုတ်။ ။ အယူခံတရားလိုအား ခွင့်ပြုချက်မပါပဲ နွား ၈ ကောင်ကို တခြားမြို့နယ်သို့ ဘယ်ဆောင်ခြင်း ပြုသည်ဟူသော စွဲချက်ဖြင့် တရားစွဲဆိုခဲ့သည်။ ။**ဆုံးဖြတ်ချက်**။ ။အာဏာမဲ့ထုတ်ပြန်ထားသော အမိန့်တရပ်အရ အယူခံတရားလိုအား ထောင်ဒဏ်ပေးထားခြင်းသည် သင့်မြတ်မည်မဟုတ်၊ ၎င်းထံမှ နွားများမှအပ အခြားပစ္စည်းများကိုသိမ်းဆည်းထားခြင်းသည်လည်း တရားဥပဒေနှင့် မကိုက်ညီဖြစ်နေသည်။ အမှုသည် အမှုမှန်ဖြစ်သည်ဟု ယူဆသော်လည်း ဥပဒေအာဏာမဲ့ ထုတ်ပြန်ခဲ့မိသော အမိန့်ကို အခြေခံ၍ ပြစ်ဒဏ်ပေးလျှင် မလိုလားအပ်သော သာဓက တရပ်ဖြစ်နိုင်သည်။

မောင်ကြိုင်လှ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၁၁၁

၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေ ပုဒ်မ ၃ အရ မှုပြစ်ထင်ရှား စီရင်ခြင်း—ပြစ်ဒဏ် သတ်မှတ်ခြင်း။ ။အယူခံတရားလိုအား ချလံကိုမရိုးမဖြောင့်သော သဘောဖြင့် လိမ်လည် ပြင်ဆင်ခဲ့သည့် ပြင်အစိုးရငွေကို အလဲသုံးစားပြုလုပ်ခဲ့သည်ဟူသော စွဲချက်ဖြင့် စစ်ဆေးခဲ့သည်။ ။**ဆုံးဖြတ်ချက်**။ ။ပြစ်ဒဏ်သတ်မှတ်ခြင်းတွင် ပိုမိုရှိ မှန်ကန်မှုတနိုင် အောင်အယူခံတရားလိုအား ပြည်သူ့စိတ္တဇဆေးရုံအုပ်ကြီး၊ အကျဉ်းဌာနမင်းကြီးနှင့်အတူ ခေါ်ယူတွေ့ဆုံမေးမြန်းခဲ့သည်။ ၎င်းအား အေးအေးဆေးဆေးမေးမြန်းကြည့်ရှုရာ ၎င်း၏ နောက်ကျောင်း အိမ်ထောင်ရေးတွင် မချမ်းမြေ့ခဲ့ရသည် များရှိသည်။ ကျန်းမာရေးချို့ယွင်း၍ နားထိုင်းခြင်း စသည်တို့ကို ခံစားခဲ့ရသည်။ ၎င်း၏ စိတ်သည် ဖြောင့်မတ်မှန်ကန်ခိုင်မာသည်မဟုတ်၊ ၎င်းသည် ဆဲဆောင်ရာသို့ အလွယ်တကူပါတတ်သည်ဟု မြင်ကြသည်။ ။အယူခံတရားလို၏နေ့ကျောင်းရာဇဝင်နှင့် အမှုထမ်းသက် တလျောက်လုံးတွင်ရိုးရိုးသားသား လုပ်ကိုင်ခဲ့သည်တို့ကို ထောက်ထား၍လည်းကောင်း၊ အမှုအတောအတွင်း ၎င်းသည် ၃ နှစ်ခန့်မျှ အချုပ်အနှောင်ခံခဲ့ရသည်ကိုထောက်ချင့်၍လည်းကောင်း ရာဇသတ်ကြီးပုဒ်မ ၄၇၁ အရပြစ်မှုအတွက် ထောင်ဒဏ်ကျခံစေရမည်။

ဦးအောင်ကျော်မြင့် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၁၄၄

အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

မိုလ်မှူးကြီး လှဟန်၊ ဗိုလ်မှူးကြီး သန်းစိန် နှင့် ဒေါက်တာ မောင်မောင်တို့ရှေ့တွင်

ဆလန်(ခေါ်)ကောင်လေး (အယူခံတရားလို) ၁၉၆၆

နှင့် ဧမလ ၅ ရက်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ) *

ရာဇသတ်ကြီးပုဒ်မ ၁၂၂ (၁) အရမှုပြစ်ထင်ရှား စီရင်ခြင်း—"တိုက်ပွဲ" ဆိုသည့်စကားရပ်၏ အဓိပ္ပါယ်ရှင်းလင်းချက်—နိုင်ငံတော်ကို ပုန်ကန်ခြားနားသည်မှာ ထင်ရှားသော အချက်ဖြစ်ခြင်း—အထွေထွေလွှတ်ငြိမ်းချမ်းသာခွင့် အပိုဒ် ၃ ၏အကျိုးကျေးဇူးကိုခံစားနိုင်ခွင့်ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။တိုက်ပွဲဟူသည်မည်သည့်ဘက်မှ စတင်တိုက်ခိုက်မှ တိုက်ပွဲမြောက်သည်ဟု မဆိုသာ။ ခြုံခိုတိုက်ခိုက်ခြင်းသည်လည်း တိုက်ပွဲပင်ဖြစ်သည်။ အစိုးရ ကချင်သေနတ်ကိုင် တပ်ရင်းမှတိုက်ကင်းက လက်ဦးသဖြင့် အယူခံတရားလိုတို့အဖွဲ့ကို ဝိုင်းဝန်းတိုက်ခိုက်ခြင်း ဖြစ်လျှင်သည်း တိုက်ပွဲပင်ဖြစ်သည်။

အယူခံတရားလိုသည် ၁၉၄၉ ခုနှစ်မှ ၎င်းအားဖမ်းမိသည်အထိ နိုင်ငံတော်ကိုပုန်ကန်ခြားနားခဲ့သည်မှာ ထင်ရှားသောအချက်ဖြစ်သည်။ အစိုးရက အထွေထွေ လွှတ်ငြိမ်းချမ်းသာခွင့်အမိန့် ထုတ်ပြန်ပြီးနေခက် တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းများကို အလင်းသို့ဝင်ရန်ဖိတ်ခေါ်သော အခါ၌လည်း၊ အယူခံတရားလိုသည် အလင်းသို့မဝင်။ ဆက်လက်၍သာ လက်နက်ကိုင်၍ တော်လှန်ပုန်ကန်ခဲ့သည်။ ထို့ကြောင့်ဝင်းသည် အထွေထွေလွှတ်ငြိမ်းချမ်းသာခွင့် အပိုဒ် ၃ ၏ အကျိုးကျေးဇူးကိုခံစားနိုင်ခွင့်မရှိ။ ထိုအပိုဒ်ပါ ပြဋ္ဌာန်းချက်မှာ အစိုးရကသတ်မှတ်သော နေ့ရက်မတိုင်မီ လက်နက်ခဲယမ်းမီးကျောက်များကို အစိုးရထံ အပ်နှင်း၍ တရားဥပဒေဘောင်အတွင်းသို့ ဝင်လာကြသော လက်နက်စွဲကိုင်ပုန်ကန်သော သောင်းကျန်းသူများနှင့်သာ သက်ဆိုင်သည်။ **အယူခံတရားလိုကို** အစိုးရတပ်နှင့် တိုက်ပွဲဖြစ်ရာတွင် လက်နက်ကိုင်ဆောင်လျက် လက်ပူးလက်ကြပ်ဖမ်းမိခဲ့ခြင်းဖြစ်သည်။ ထိုသို့ လက်နက်ကိုင်၍ တိုက်ပွဲတွင်ဖမ်းမိသူကိုမဆိုထားနှင့် နိုင်ငံတော်ကို သစ္စာဖေါက်ဖျက်ပုန်ကန်ရာတွင် လက်နက်ကိုင်၍ တိုက်ခိုက်ခြင်းမဟုတ်ဘဲ၊ အားပေးကူညီပြုခြင်း၊ တနည်းနည်းဖြင့် ပုန်ကန်မှုကိုအားအင်ဖြည့်တင်းပေးခြင်းတို့သည်ပင် ပုန်ကန်မှုကို ကိုယ်တိုင်ကိုယ်ကျ ကျူးလွန်ရာရောက်စေသည်။

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၈။

† ၁၉၆၄ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၇ တွင် ချမှတ်သော ၁၉၆၅ ခုနှစ်၊ ဒီဇင်ဘာ[illegible] ရက်နေ့စွဲပါ ဘားအံခရိုင် အထူးရာဇဝတ်ရုံးအမှတ် ၅၅/၆၄ ၏အမိန့်ကိုအယူခံဝင်မှု။

၁၉၆၆ ခုနှစ် ဆလန် (ခေါ်) ကောင်လေးနှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

အယူခံတရားလိုသည် ပုန်ကန်ခြားနားလျက်ရှိခဲ့သော လက်နက်ကိုင် တပ်ဖွဲ့များကို ခေါင်းဆောင်၍၊ တိုက်ရင်းခိုက်ရင်း လက်ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ပေသည်။ ထို့ကြောင့် ၎င်းသည်ရာဇသတ်ကြီး ပုဒ်မ ၁၂၂ (၁) တွင်ဖေါ်ပြသော နိုင်ငံတော် သစ္စာဖေါက်ဖျက် ပုန်ကန်မှုကို ကျူးလွန်သည်။

အယူခံတရားလိုသည် သောင်းကျန်းသူများကို ဦးစီးခေါင်းဆောင်ပြု၍ ၎င်းလှုပ်ရှား တိုက်ခိုက်ခဲ့သော နယ်မှနယ်သူနယ်သားများအား အထူးနှိပ်စက်ကလူပြုခဲ့ခြင်း၊ လူသတ်၊ ပြန်ပေးဆွဲ၊ ဓါးပြတိုက်စသည်တို့ကို ရက်ရက်စက်စက် ပြုလုပ်ခဲ့ခြင်းတို့သည် သက်သေအထောက်အထားများအရ ထင်ရှားပြီးဖြစ်သည်။ ၎င်းကိုယ်တိုင်ကလည်း ငြင်းကွယ်ခြင်း မပြုနိုင်။ ထိုအချက်တို့ကို ထောက်ရှုရှင်းသည် မသိနားမလည် ဆင်ခြင်တုံတရားကင်းမဲ့ပြစ်မှုတို့ကို ကျူးလွန်ခဲ့သည်မဟုတ်။ ၎င်းကိုယ်တိုင် ကိုယ်ရောစိတ်ပါထိရောက်စွာ ကျူးလွန်ခဲ့ခြင်းဖြစ်သည်ဟု ယူဆသည်။

အယူခံတရားလိုအတွက်။ ။ဦးသန်းအောင်။

အယူခံတရားခံအတွက်။ ။လက်ထောက်နိုင်ငံတော်ရှေ့နေချုပ် ဦးဘကျော်။

အယူခံတရားလို ဆလန်အပေါ်တွင်၊ ဘားအံခရိုင်၊ အထူးရာဇဝတ်ရုံး ၅၅/၆၄ က၊ ၁၉၆၄ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၇ တွင်၊ နိုင်ငံတော် သစ္စာဖေါက်ဖျက်ပုန်ကန်မှုကို ကျူးလွန်ခဲ့သည်ဟု တွေ့ရှိ၍၊ ရာဇသတ်ကြီးပုဒ်မ ၁၂၂ (၂) အရ၊ သေဒဏ်ပေးထားသည်။

ဆလန်သည်၊ ကေအင်ဒီအိုအဖွဲ့သို့ ၁၉၄၉ ခုနှစ်လောက်ကပင် စတင်ဝင်ရောက်၍၊ တလျောက်လုံး လက်နက်ကိုင်ပုန်ကန် တိုက်ခိုက်ခဲ့သည်မှာ၊ ၎င်း၏ရုံးတွင်ထွက်ဆိုချက်အရပင် ထင်ရှားပြီးဖြစ်သည်။ ရိုးရိုးတပ်သားအဖြစ်၊ ကေအင်ဒီအိုအဖွဲ့တွင် ဝင်ရောက်ခဲ့ပြီးနောက်၊ ၁၉၆၀ ခုနှစ်လောက်တွင်၊ ဒု-ဗိုလ်မှူးကြီး ရာထူးသို့ တိုးမြှင့်ခန့်ထားခြင်းခံရ၍၊ တပ်ရင်းမှူးအဖြစ် တာဝန်ယူကာ၊ သထုံခရိုင်နှင့် ဘားအံခရိုင်တို့တွင်၊ အစိုးရတပ်ကို တိုက်ခိုက်ခြင်း၊ ရဲစခန်းများကို ဝင်ရောက်စီးခြင်း၊ အစိုးရအမှုထမ်းများကို ဘမ်းဆီးသတ်ဖြတ်ခြင်း၊ ဓါးပြတိုက်၊ ပြန်ပေးဆွဲခြင်း စသည်တို့ကို ပြုလုပ်ခဲ့သည်မှာလည်း၊ ၎င်း၏ထွက်ဆိုချက်နှင့် တရားလို တရားခံပြ သက်သေများ၏ ထွက်ဆိုချက်တို့အရ ထင်ရှားပြီးဖြစ်သည်။

အမှတ် (၂) ကချင်သေနတ်ကိုင်တပ်မှ ဗိုလ်ကြီး တာရှီဂန် (လိုပြ-၈) ၏ ရုံးတွင် အစစ်ခံချက်အရ၊ ၁၉၆၃ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့ည ၉ နာရီအချိန်ခန့်တွင် ၎င်းတို့၏တပ်နှင့် ကေအင်ဒီအို ဗိုလ်ဆလန်တို့အဖွဲ့သည်၊ ကျုံခနရွာစပ်တွင် တိုက်ပွဲဖြစ်ကြသည်။ ဗိုလ်ဆလန်တို့ဘက်မှ စောသာခွါးဆိုသူကျ၍ ဗိုလ်ဆလန်၏လွယ်အိတ်တလုံးနှင့် စာရွက်စာတမ်း၊ ကျည်ဆံများကို ရလိုက်ကြသည်။ ဗိုလ်ကြီး တာရှီဂန်တို့

အဖွဲ့က၊ ဗိုလ်ဆလန်နှင့် အဖွဲ့သည် အနီးအနားတွင် ရှိနေဦးမည်ဟုယူဆ၍၊ ရွာကို ဝိုင်းထားကြရာ၊ ဒီဇာဘ်ာလ ၃ ရက်နေ့နံနက် ၁၀ နာရီခန့်တွင် ဗိုလ်ဆလန်သည်၊ သစ်ပင်ပေါ် ကဆင်းလာ၍၊ ၎င်းကိုလက်ရဘမ်းဆီးမိသည်။ ဗိုလ်ဆလန်ထံတွင် ထိုအခါက ကာဘိုင်သေနတ်တလက်နှင့် ယမ်းတောင့်များပါသည်။

အကြောင်းအချက်များသည် ထင်ရှားနေသဖြင့်၊ ဗိုလ်ဆလန်က ၎င်းတို့ကို ဝန်ခံသည် အထက်အမိန့်ဖြင့် ဆောင်ရွက်ခဲ့ခြင်းသာဖြစ်ပါသည်။ ၁၉၆၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင်၊ အစိုးရက ထုတ်ပြန်ကျေညာခဲ့သော အထွေထွေလွှတ်တော်ငြိမ်းချမ်းသာခွင့်အမိန့်ကို သိပါသည်။ သို့ရာတွင် ကေအင်ဒီအိုပါတီ အဖွဲ့အစည်းက မည်သို့မျှ ညွှန်ကြားချက် မပေး၍၊ အလင်းမဝင်ရခြင်းဖြစ်ပါသည် စသဖြင့်သာ ခုခံခဲ့သည်။

သေဒဏ်ပေးထားသော အမှုဖြစ်၍၊ အယူခံတရားလိုကလည်း၊ ရှေ့နေငှါးရမ်းခြင်း မပြုသဖြင့်၊ ကျွန်ုပ်တို့က တရားမျှတမှုကိုဖြစ်နိုင်စေရန်၊ အစိုးရစရိတ်ဖြင့် ၎င်းအား ရှေ့နေငှါးရမ်းပေးခဲ့သည်။ ဗိုလ်ဆလန်အတွက် လိုက်ပါဆောင်ရွက်သော ပညာရှိ ရှေ့နေကြီး ဦးသန်းအောင်က အကြောင်းအချက်များနှင့် ပတ်သက်၍၊ အထူး လျှောက်လဲရန်မရှိပါ။ သို့ရာတွင်၊ ဗိုလ်ဆလန်အား အထွေထွေလွှတ်တော်ငြိမ်းချမ်းသာခွင့် အမိန့်အပိုဒ် ၃ အရ၊ လွှတ်တော်ငြိမ်းချမ်းသာခွင့်ပေးထိုက်သည်၊ မပေးထိုက်သည်ဟူသော ပြဿနာပေါ် ပါသည်။ ဗိုလ်ဆလန်သည်၊ အစိုးရကိုတိုက်ခိုက်ခြင်း၊ လူသတ်ပြန်ပေးဆွဲ၊ မီးပြတိုက်ခြင်း စသည်တို့ကို ကျူးလွန်ခဲ့သည်မှာ ၁၉၆၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ မတိုင်မီကဖြစ်ပါသည်။ အထွေထွေလွှတ်တော်ငြိမ်းချမ်းသာခွင့်အပိုဒ် ၃ အရ၊ ဗိုလ်ဆလန်သည်၊ သတ်မှတ်သော နေ့ရက်မတိုင်မီ မိမိ၏လက်နက်ခဲယမ်းမီးကျောက်များကို၊ အစိုးရသို့ အပ်နှင်း၍ တရားဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လျှင်၊ ၁၉၆၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မတိုင်မီက ကျူးလွန်ခဲ့သော ပြစ်မှုများနှင့် စပ်လျဉ်း၍၊ လွှတ်တော်ငြိမ်း ချမ်းသာခွင့် ရရှိနိုင်ပါသည်။ ဗိုလ်ဆလန်သည်၊ တရားဥပဒေဘောင်အတွင်းသို့ အလို အလျောက် ဝင်ရောက်ခဲ့ခြင်းမဟုတ်သည်မှန်သော်လည်း၊ ၎င်းကရန်မူ၍ ကချင်သေနတ် ကိုင်တပ်မှ တိုက်ကင်းက ၎င်းနှင့် ၎င်း၏အဖွဲ့ကို တိုက်ခိုက်ရသည်ဟု မပေါ် ပါ။ ဗိုလ်ဆလန်က အစိုးရတပ်က တိုက်ခိုက်လာသည်ကို ပြန်လည်တုံ့ပြန်သည်ဟူ၍လည်း မပေါ် ပါ။ ထို့ကြောင့် ဗိုလ်ဆလန်ကို တိုက်ပွဲ၌မိသည်ဟု မဆိုသာပါဟု လျှောက်လဲ သည်။

ဗိုလ်ဆလန်ကိုယ်တိုင်ရုံးတွင် ခုခံချေပခဲ့ရာ၌၎င်း၊ ဤရုံးသို့ အယူခံတင်သွင်းရာ ၌၎င်း၊ အစိုးရတပ်သို့ ၎င်းသည်လက်နက်အပ်နှင်း၍ တရားဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ခဲ့ပါသည်ဟု မဆိုချေ။ ၎င်း၏အဖွဲ့နှင့် အစိုးရတပ်တို့ တိုက်ခိုက်ကြသည်။ တိုက်ခိုက်ရာတွင်၊ ၎င်း၏တပ်ကြပ်ကြီး သာခွါးထိမှန်ကျဆုံးသွားသည်။ အခြားတပ်သား

၂ ယောက်လည်း ဒဏ်ရာရသည်။ ၎င်းကိုလည်း၊ အစိုးရတပ်က ဘမ်းမိသည်ဟုသာ ထွက်ဆိုခဲ့သည်။ ထို့ကြောင့် ပိုလ်ဆလန်ကို တိုက်ပွဲ၌မိသည်ဟူ၍သာ ကျွန်ုပ်တို့သည် ကောက်ယူရမည်ဖြစ်ပေသည်။ တိုက်ပွဲဟူသည် မည်သည့်ဘက်မှ စတင်တိုက်ခိုက်မှု တိုက်ပွဲမြောက်သည်ဟု မဆိုသာ။ ချုံခိုတိုက်ခိုက်ခြင်းသည်လည်း တိုက်ပွဲပင်ဖြစ်သည်။ အစိုးရ ကချင်သေနတ်ကိုင်တပ်ရင်းမှ တိုက်ကင်းက လက်ဦးသဖြင့်၊ ပိုလ်ဆလန်တို့ အဖွဲ့ကို ဝိုင်းဝန်းတိုက်ခိုက်ခြင်းဖြစ်လျှင်လည်း တိုက်ပွဲပင်ဖြစ်သည်။

ပိုလ်ဆလန်သည်၊ ၁၉၇၉ ခုနှစ်မှ ၎င်းအားဘမ်းမိသည်အထိ နိုင်ငံတော်ကို ပုန်ကန်ခြားနားခဲ့သည်မှာ ထင်ရှားသော အချက်ဖြစ်သည်။ အစိုးရက အထွေထွေလွတ်ငြိမ်းချမ်းသာခွင့် အမိန့်ကို ထုတ်ပြန်ပြီးနောက်၊ တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းများကို အလင်းသို့ဝင်ရန် ဘိတ်ခေါ်သောအခါ၌လည်း၊ ပိုလ်ဆလန်သည် အလင်းသို့မဝင်။ ဆက်လက်၍သာ လက်နက်ကိုင်၍ တော်လှန်ပုန်ကန်ခဲ့သည်။ ထို့ကြောင့်၎င်းသည်၊ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်အပိုဒ် ၃ ၏ အကျိုးကျေးဇူးကို ခံစားနိုင်ခွင့်မရှိ။ ထိုအပိုဒ်ပါ ပြဋ္ဌာန်းချက်မှာ၊ အစိုးရက သတ်မှတ်သောနေ့ရက်မတိုင်မီ၊ လက်နက်၊ ခဲယမ်းမီးကျောက်များကို၊ အစိုးရထံအပ်နှင်း၍၊ တရားဥပဒေဘောင်အတွင်းသို့ ဝင်လာကြသော လက်နက်စွဲကိုင်ပုန်ကန်သောင်းကျန်းသူများနှင့်သာ သက်ဆိုင်သည်။ ပိုလ်ဆလန်ကို အစိုးရတပ်နှင့် တိုက်ပွဲဖြစ်ရာတွင် လက်နက်ကိုင်ဆောင်လျက် လက်ပူးလက်ကြပ် ဘမ်းမိခဲ့ခြင်းဖြစ်သည်။ ထိုသို့လက်နက်ကိုင်၍ တိုက်ပွဲတွင် ဘမ်းမိသူကို မဆိုထားနှင့် နိုင်ငံတော်ကို သစ္စာဖေါက်ဖျက်ပုန်ကန်ရာတွင်၊ လက်နက်ကိုင်၍ တိုက်ခိုက်ခြင်းမဟုတ်ဘဲ၊ အားပေးကူညီပြုခြင်း၊ တနည်းနည်းဖြင့် ပုန်ကန်မှုကို အားအင်ဖြည့်တင်းပေးခြင်းတို့သည်ပင် ပုန်ကန်မှုကို ကိုယ်တိုင်ကိုယ်ကျ ကျူးလွန်ရာရောက်စေသည်။ ဤအမှုဆိုင်ရာ ပိုလ်ဆလန်သည်၊ ပုန်ကန်ခြားနားလျက် ရှိခဲ့သော လက်နက်ကိုင်တပ်ဖွဲ့များကို ခေါင်းဆောင်၍၊ တိုက်ရင်းခိုက်ရင်း လက်ရ ဘမ်းဆီးခံခဲ့ရခြင်းဖြစ်ပေသည်။ ထို့ကြောင့် ၎င်းသည် ရာဇသတ်ကြီးပုဒ်မ ၁၂၂ (၁) တွင် ဖေါ်ပြသော နိုင်ငံတော် သစ္စာဖေါက်ဖျက်ပုန်ကန်မှုကို ကျူးလွန်သည်။

ပြစ်ဒဏ်နှင့် ပတ်သက်၍၊ အထူးရာဇဝတ်ရုံးက၊ ပိုလ်ဆလန်သည်၊ ငယ်ရွယ်စဉ်က မသိနားမလည်သောကြောင့် ကေအင်ဒီအိုအဖွဲ့သို့ ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။ ၎င်းသည် စာရေးတတ် ဖတ်တတ်ခြင်းမရှိ၊ မသိနားမလည်၊ ဆင်ခြင်တုံတရားခေါင်းပါးသောသူဖြစ်၍၊ ၎င်းအား သက်ညှာစွာ စဉ်းစားသင့်သည်ဟုယူဆ၍၊ ၎င်းအပေါ် ထာဝက်တကျန်းဒဏ်ကို ကျခံစေသင့်သည်ဟု အစဉ်းဌ ဆုံးဖြတ်ခဲ့သည်။ အတည်ပြုအဖွဲ့က ရာဇသတ်ကြီးပုဒ်မ ၁၂၂ (၁) အရ ကျူးလွန်သောပြစ်မှုကို သေဒဏ်သာချမှတ်နိုင်သည်ဟု ယူဆခဲ့သောကြောင့်၊ ပြစ်ဒဏ်သတ်မှတ်ချက်ကို၊ အထူးရာဇဝတ်ရုံးက

ပြန်လည်ပြင်ဆင်စေရန် အမိန့်ချမှတ်ခဲ့သည်။ ထို့ကြောင့် အထူးရာဇဝတ်ရုံးက ပြန်လည်သုံးသပ်ပြီးနောက်၊ သေဒဏ်သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ထိုသို့သတ်မှတ်သည်ကို၊ အတည်ပြုအဖွဲ့က ပြန်လည်လေ့လာကာ သေဒဏ်သည် သင့်မြတ်သည်ဟု သဘောရရှိသဖြင့်၊ ထိုပြစ်ဒဏ်ကို အတည်ပြုခဲ့သည်။

ပညာရှိ ရွှေနေကြီး ဦးသန်းအောင်က၊ ရာဇသတ်ကြီးပုဒ်မ ၁၂၂ ကို၊ ၁၉၆၁ ခုနှစ်၊ အက်ဥပဒေ ၅ ဖြင့် ပြင်ဆင်ခဲ့ပြီးဖြစ်ပါသည်။ ထိုပြင်ဆင်ချက်အရ၊ တသက်တကျွန်း ထောင်ဒဏ်သော်၎င်း၊ သေဒဏ်သော်၎င်း ရုံးကချမှတ်နိုင်ပါသည်။ သေဒဏ်ကိုသာ ချမှတ်ရမည်ဟူ၍ မဆိုတော့ပါ။ ထိုပြင်ဆင်ချက်ကို ထောက်ချင့်၍ ပြစ်ဒဏ်ကို တသက်တကျွန်းဒဏ်သို့ ပြန်လည်လျော့ပေါ့သတ်မှတ်သင့်ပါသည်ဟု တင်ပြသည်။ ပညာရှိ လက်ထောက် နိုင်ငံတော်ရွှေနေချုပ် ဦးဘကျော်ကလည်း၊ ဥပဒေကို ပြင်ဆင်ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် လျော့ပေါ့သော ပြစ်ဒဏ်ကို သတ်မှတ်လိုက သတ်မှတ်နိုင်ကြောင်းဖြင့် တင်ပြသည်။

အတည်ပြုအဖွဲ့က ပြစ်ဒဏ်နှင့်ပတ်သက်၍၊ ထပ်မံစဉ်းစားသောအခါ၊ သေဒဏ်သည် သင့်မြတ်သည်ဟု သဘောရရှိခဲ့သည်။ ကျန်ပ်တို့ကလည်း သေချာစွာ စဉ်းစားသုံးသပ်သောအခါ၊ အယူခံတရားလိုသည် သောင်းကျန်းသူများကို ဦးစီးခေါင်းဆောင်ပြု၍ ၎င်းလူပ်ရှားတိုက်ခိုက်ခဲ့သောနယ်မှ နယ်သူနယ်သားများအား အထူးနှိပ်စက်ကလူပြုခဲ့ခြင်း၊ လူသတ်၊ ပြန်ပေးဆွဲ၊ ခါးပြတိုက် စသည်တို့ကို ရက်ရက်စက်စက်ပြုလုပ်ခဲ့ခြင်းတို့သည်၊ သက်သေအထောက်အထားများအရ၊ ထင်ရှားပြီး ဖြစ်သည်။ ၎င်းကိုယ်တိုင်ကလည်း ငြင်းကွယ်ခြင်းမပြုနိုင်။ ထိုအချက်တို့ကို ထောက်ရှု၍၊ ၎င်းသည် မသိနားမလည်ဆင်ခြင်တုံတရားကင်း၍ ပြစ်မှုတို့ကို ကျူးလွန်ခဲ့သည်မဟုတ်၊ ၎င်းကိုယ်တိုင်၊ ကိုယ်ရောစိတ်ပါ ထိရောက်စွာ ကျူးလွန်ခဲ့ခြင်းဖြစ်သည်ဟု ကျန်ပ်တို့ ယူဆသည်။ ထို့ကြောင့် သတ်မှတ်ထားသော သေဒဏ်ကို လျော့ပေါ့ရန်အကြောင်းမမြင်။ ပြစ်ဒဏ်ကိုအတည်ပြု၍၊ အယူခံကို ပလပ်လိုက်သည်။

၁၉၆၆ ဆလန် (ခေါ်) ကောင်လေး နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

အထူး ရာဇဝတ်ရုံးအယူခံအဖွဲ့

ရာဇဝတ်အယူခံမှု

ဗိုလ်မှူးကြီး လှဟန်၊ ဗိုလ်မှူးကြီး သန်းစိန်နှင့် ဒေါက်တာ မောင်မောင်တို့ရှေ့တွင်

† ၁၉၆၇
ဇန္နဝါရီလ
၃၀ ရက်။

ဆလန်(ခေါ်) ကောင်လေး (အယူခံတရားလို)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ) *

ရာဇသတ်ကြီး ပုဒ်မ ၃၀၂/၁၁၄ အရ မူပြစ်ထင်ရှားစီရင်ခြင်း—အမိန့်အရ ငယ်သားများက သတ်ဖြတ်ကြခြင်းဖြစ်၍ ကိုယ်ထိလက်ရောက် ကျူးလွန်သကဲ့သို့ပင် ပြစ်မှုမြောက်ခြင်း။

အယူခံတရားလိုအား ရာဇသတ်ကြီးပုဒ်မ ၃၀၂/၁၁၄ အရပြစ်မှုထင်ရှား စီရင်ခြင်းခံရသည်။

ဆုံးဖြတ်ချက်။ ။အယူခံတရားလိုကိုယ်တိုင် ခေါင်းဆောင်သောသောင်းကျန်းသူများက ၎င်း၏အမိန့်အရ ၎င်း၏မျက်မှောက်တွင် ဂိုနိုအား ဝိုင်းဝန်းသတ်ဖြတ်ကြခြင်းဖြစ်သည်။ အယူခံတရားလို ကိုယ်တိုင် ရိုက်နှက်ရာတွင် ပါဝင်သည်ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ၊ ၎င်း၏အမိန့်အရ ငယ်သားများကသတ်ဖြတ်ကြခြင်းဖြစ်၍ အယူခံတရားလိုသည် ကိုယ်ထိလက်ရောက် ကျူးလွန်သကဲ့သို့ပင် ပြစ်မှုမြောက်သည်။

အယူခံတရားလိုအတွက်။ ။

အယူခံတရားခံအတွက်။ ။လက်ထောက် နိုင်ငံတော်ရှေ့နေချုပ် ဦးဘကျော်။

အယူခံဘရားလို ဆလန်(ခေါ်) ကောင်လေးသည် သထုံခရိုင်တွင် သောင်းကျန်းသူတို့ကို ခေါင်းဆောင်၍ တိုက်ခိုက်ခဲ့သည်သာမက၊ ခါးပြတိုက်၊ ပြန်ပေးဆွဲ၊ လူသတ်ပြုလုပ်နေရာမှ တပ်မတော်က လက်ရဘမ်းဆီးခြင်းကို ခံခဲ့ရသူဖြစ်သည်။ ၎င်းအား ဘားအံခရိုင် အထူးရာဇဝတ်ရုံး အမှတ် ၅၅/၁၉၆၄ က စွဲချက်အမျိုးမျိုးဖြင့် စစ်ဆေး၍ ပြစ်မှုထင်ရှား တွေ့ရှိခဲ့ပြီး ဖြစ်သည်။ ၁၉၆၄ ခုနှစ်၊ ရာဇဝတ်ကြီးမူအမှတ် ၇ တွင် နိုင်ငံတော် သစ္စာဖေါက်ဖျက်ပုန်ကန်မှုကို ကျူးလွန်ခဲ့သည်ဟု တွေ့ရှိ၍ အထူး ရာဇဝတ်ရုံးက ဆလန်အား ရာဇသတ်ပုဒ်မ ၁၂၂ (၁)အရ၊ သေဒဏ်ပေးခဲ့သည်။ ထိုအမိန့်မှ ဆလန်က အယူခံဝင်ရာ၊ ကျန်ုပ်တို့သည် ၁၉၆၆ ခုနှစ်၊ ရာဇဝတ် အယူခံမှုအမှတ် ၈ တွင်

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၁၈။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမူအမှတ် ၅ တွင်ချမှတ်သော ၁၉၆၅ ခုနှစ်၊ မတ်လ ၈ ရက်နေ့စွဲပါ ဘားအံမြို့၊ ဘားအံခရိုင် အထူးရာဇဝတ်ရုံးအမှတ် ၅၅/၆၄ ၏အမိန့်ကိုအယူခံမှု။

အမှုကြောင်းခြင်းရာတို့ကို ကောင်းစွာ သုံးသပ်ပြီးနောက်၊ သေဒဏ်ကို အတည်ပြုကာ၊ အယူခံကို ပယ်ခဲ့ပြီးဖြစ်သည်။

အယူခံတရားလိုအပေါ် ထိုအမှုဌ် သေဒဏ်ကို အတည်ပြုပြီး ဖြစ်သော်လည်း ဤအမှုနှင့်ပတ်သက်၍ သက်သေခံ အထောက်အထားများ ခိုင်လုံသည်၊ မခိုင်လုံသည်ကို တရားမျှတစွာ စစ်ဆေးလိုသေး၍ ကျွန်ုပ်တို့က ဤအယူခံကို လက်ခံ ကြားနာခဲ့ခြင်း ဖြစ်သည်။

ဆလန်နှင့် အပေါင်းပါတို့သည် ၁၉၆၂ ခု၊ ဧပြီလ ၉ ရက်နေ့လောက်တွင် ခါးကျန်းရွာနေ ဦးပုရွှေဆိုသူနှင့် ဂိုနီဆိုသူတို့အား ဘမ်းဆီးခေါ်ဆောင်သွားသည်။ ဦးပုရွှေကို ငွေ ၄၀၀ ကျပ်ပေးမှ ပြန်လွှတ်သည်။ ဂိုနီကိုမူ ဆက်လက်၍ ဘမ်းခေါ်သွားရာ၊ ဂိုနီက လေ့ပေါ်မှ ခုန်ချ၍ ထွက်ပြေးရန် ကြိုးစားသောကြောင့် ဆလန်တို့လူစုက ဝိုင်းဝန်းရိုက်သတ်သည်။ ဂိုနီ၏အလောင်း ၂ ရက်ခန့်အကြာတွင် မုက္ကတိကျွန်းတွင် ပေါ်သည်။ ထိုကြောင့် ဦးပုရွှေအား ပြန်ပေးဆွဲခြင်းအတွက် ရာဇသတ်ကြီးပုဒ်မ ၃၆၅ ကို ကျူးလွန်သည်။ အပေါင်းပါများအား ဂိုနီကိုရိုက်သတ်ရန် အမိန့်ပေးသောကြောင့် ရာဇသတ်ပုဒ်မ ၃၀၂/၁၁၄ ကို ကျူးလွန်သည်ဟူသော စွဲချက်တို့ဖြင့် ဆလန်ကို ရုံးတင်၍ စစ်ဆေးခဲ့သည်။ သက်သေ အထောက်အထားများ ခိုင်လုံသည်ဟု တွေ့ရှိရသော်လည်း အထွေထွေ လွှတ်ငြိမ်းချမ်းသာခွင့် အမိန့်တွင် အကျုံးဝင်သော ကာလအဘွင်းက ဖြစ်ပွါးခဲ့ခြင်းကြောင့် နစ်နာသူ ဦးပုရွှေက မည်သို့မျှ တိုင်တန်း လျှောက်ထားခြင်း မရှိသဖြင့် ပြန်ပေးဆွဲမှုကို လွှတ်ငြိမ်းချမ်းသာခွင့်ပေးကာ ဂိုနီအား သတ်မှုအဘွက် ဆလန်အပေါ် ထောင်ဒဏ် ၁၀ နှစ်ကျခံစေရန် အထူးရာဇဝတ်ရုံးက ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ပညာရှိ လက်ထောက် နိုင်ငံတော်ရှေ့နေချုပ် ဦးဘကျော်က သက်သေအထောက်အထားများကို ကောင်းစွာ လေ့လာသောအခါ ဂိုနီလေ့ပေါ်မှ ခုန်ချသောအခါ ဆလန်၏ တပြည့်များက ဝိုင်းဝန်း၍ ရိုက်နှက် သတ်ဖြတ်ကြသည်မှာ ထင်ရှားပါသည်။ ထိုစဉ်က ဆလန်ရှိနေသည်။ ၎င်းက အသေသတ်ရန် အမိန့်ပေးသည်မှာလည်း ထင်ရှားပါသည်။ ထိုကြောင့် ဆလန်အပေါ် ဤအမှုတွင် အပြစ်ပေးထားခြင်းသည် မှန်ကန်ခိုင်လုံပါသည်ဟု တင်ပြသည်။

ပြန်ပေးဆွဲခံရသော ဦးပုရွှေကိုယ်ဘိုင် တရားလိုသက်သေအဖြစ် အထူးရာဇဝတ်ရုံးရှေ့တွင် အစစ်ခံခဲ့သည်။ ပြန်ပေးဆွဲသွားသူများသည် ဆလန်နှင့် အပေါင်းပါများဖြစ်သည်ကို ဦးပုရွှေက ထွက်ဆိုနိုင်သည်။ ဘိုးကဒူး (လိုပြ-၇) နှင့် ဦးဘသန်း (လိုပြ-၈) တို့သည် ကိုင်းလုပ်သမားများဖြစ်ကြ၍ ဂိုနီကို ဆလန်နှင့် အပေါင်းပါများက ဝိုင်းဝန်း ရိုက်သတ်ကြသည်ကို မြင်တွေ့ကြရသည်။ ဆလန်တို့လူစု လေ့များဖြင့်လာရာ၊ လက်ပြန်

၁၉၆၇

ဆလန်(ခေါ်) ကောင်လေး နှင့် ပြည်တော်စု မြန်မာနိုင်ငံ။

ကြိုး ချီထားသော ဂိုနီက လေ့ပေါ်မှ ခုန်ချသောကြောင့် ဆလန်က ဝိုင်းကြဟု အမိန့်ပေးခြင်း၊ ဝိုင်းမိသောအခါ ရိုက်သတ်သိုက်ဟု အမိန့်ပေးခြင်းကို သက်သေများက ကြား ကြရသည်။ ထိုအဘိုင်း ဝိုင်းဝန်း ရိုက်သတ်ကြသည်ကိုလည်း မြင်ကြရသည်။ ဂိုနီ၏အခလောင်း ပေါ်လာလျှင် အလောင်းကို စစ်ဆေးသော ဒေါက်တာ ဂျီအေးဝေ (လိုပြ-၁၄)က ဂိုနီ၏ဦးခေါင်းဘွင် ဒဏ်ရာများ တွေ့ရကြောင်း ထက်မြက်သော လက်နက်များဖြင့် ထိုဒဏ်ရာများကို ဖြစ်စေခဲ့သည်ဟု ယူဆရကြောင်း ထွက်ဆိုခြင်း တို့ကို ပေါင်းစပ်လျှင်၊ မျက်မြင်သက်သေ ၂ ဦး ထွက်ဆိုသည့်အဘိုင်း ဂိုနီအား ဝိုင်းဝန်း၍ ရိုက်နှက်သိုးခုတ်၍ သတ်ခဲ့ခြင်းထင်ရှားသည်။

[ဆလန်ကိုယ်ကိုင် ခေါင်းဆောင်သော သောင်းကျန်းသူများက ၎င်း၏ အမိန့်အရ ၎င်း၏မျက်နှာမှာက်ဘွင် ဂိုနီအား ဒိုင်းဝန်းသတ်ဖြတ်ကြခြင်း ဖြစ်သည်။ ဆလန်ကိုယ်တိုင် ရိုက်နှက်ရာဘွင် ပါဝင်သည်ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ၊ ၎င်း၏အမိန့်အရ ငယ်သား များက သတ်ဖြတ်ကြခြင်း ဖြစ်၍ ဆလန်သည် ကိုယ်ထိလက်ရောက် ကျူးလွန်သကဲ့သို့ ပင် ပြစ်မှုမြောက်သည်။ ထိုကြောင့် (အသူးရာဇဝတ်ရုံးက) ၎င်းအပေါ်မှာ ရာဇသတ် ကြီး ပုဒ်မ ၃၀၂/၁၁၄ အရ ပြစ်မှုထင်ရှား တွေ့ရှိထားခြင်းသည် မှန်ကန်သည်၊] အဒထွဒထွလွတ်ငြိမ်းချမ်းသာခွင့် အမိန့်အရ၊ ပြစ်ဒဏ်ကို ထောင်ဒဏ် ၁၀ နှစ် သတ်မှတ် ထားခြင်းသည်လည်း လျော်ကန်သင့်မြတ်သည်ဟု ကျနော်တို့ယူဆသည်။

အဆက်ဖေါ်ပြပါ အကြောင်းအရာတို့ကြောင့် အယူခံကို ပလပ်လိုက်သည်။

အထူးရာဇဝတ်ရုံး အယူခံအဖွဲ့

ဗိုလ်မှူးကြီး လှဟန်၊ ဗိုလ်မှူးကြီး သန်းစိန်နှင့် ဒေါက်တာ မောင်မောင်တို့ရှေ့တွင်

မောင်ကျော်သိန်း ပါ ၃ (အယူခံတရားလိုများ)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

† ၁၉၆၇ ဧန္နဝါရီလ ၃၀ ရက်။

ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၂)/၁၀၉/၂၁၂ အရ မူပြစ်ထင်ရှားစီရင်ခြင်း—ခိုင်မာသောအထောက်အထားမပြတ်သော သက်သေခံ ကွင်းဆက်များမရှိခြင်း—အယူခံမှုများကို ကြားနာဆုံးဖြတ်ကြရာတွင် အမှုတမှုစီကိုသာ ဆုံးဖြတ်ရသည်မဟုတ်သေး၊ မျှတမှုန်ကန် အမျှားပြည်သူတို့ယုံကြည်အားကိုးသော တရားစီရင်ရေးမူများကိုပါ ချမှတ်ရခြင်း။

၁ နှင့် ၂ အယူခံတရားလို ၂ ဦးအား ရာဇသတ်ကြီး ပုဒ်မ ၃၀၂ (၂)/၁၀၉ အရ ပြစ်မှုထင်ရှားတွေ့ရှိထား၍ ၃ အယူခံတရားလိုအား ရာဇသတ်ကြီး ပုဒ်မ ၂၁၂ အရပြစ်မှုထင်ရှားစီရင်ခြင်းခံရသည်။

ဆုံးဖြတ်ချက်။ ။ပဌမအယူခံတရားလိုသည် သေသူကိုသတ်သည်၊ သတ်ရာတွင် ဒုတိယအယူခံတရားလိုလည်း အားပေးကူညီခဲ့သည်။ တတိယအယူခံတရားလိုသည်အမှုကို ဖုံးကွယ်ခဲ့သည်ဟုတွေးတောထင်မြင်စရာရှိသော်လည်း၊ ခိုင်မာသောအထောက်အထား၊ မပြတ်သောသက်သေခံကွင်းဆက်များကားမရှိ။ အယူခံမှုများကို ကြားနာဆုံးဖြတ်ကြရာတွင် အမှုတမှုစီကိုသာ ဆုံးဖြတ်ရသည်မဟုတ်သေး၊ မျှတမှုန်ကန် အမျှားပြည်သူတို့ယုံကြည်အားကိုးသော တရားစီရင်ရေးမူများကိုပါ ချမှတ်ရခြင်းဖြစ်သည်။ ထို့ကြောင့် ဤအမှုပေါ် ပေါက်ခဲ့သောဒေသနှင့် ကာလတွင်လက်နက်ကိုင်၍ မတရားစိုးမိုးမှုများရှိခဲ့သည်။ တတိယ အယူခံတရားလိုနှင့် တပည်တ်များရှာတွင်ဖိနှိပ်ခဲ့ကြသည်ဟု အခြားအမှုများ၌ ပေါ်လွင်ခဲ့သော်လည်း၊ ဤအမှုတွင်ကား သက်သေ အထောက်အထားပြည့်စုံခိုင်လုံခြင်းမရှိ၊ ထင်ကြေးဖြင့်သာလည်း အပြစ်မပေးထိုက်ဟုယူဆသည်။

အယူခံတရားလို အတွက်။ ။မစ္စတာ အင်၊ စီ ဆင်း။

အယူခံတရားခံအတွက်။ ။လက်ထောက် နိုင်ငံတော် ရှေ့နေချုပ် ဦးဘကျော်။

ကျော်သိန်းနှင့် ကျော်ငြိမ်း ညီအစ်ကိုနှစ်ဦးသည် ကာလီဆိုသူကို သတ်ကြသည်။ ရှာသူကြီး ချစ်မောင်သည် ကျော်သိန်းကို ပြစ်ဒဏ်ရခြင်းမှ ကာကွယ်ခဲ့သည်ဟု

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၁၁။

† ၁၉၆၃ ခုနှစ်၊ ရာဇဝတ်ကြီးမူအမှတ် ၃ တွင် ချမှတ်သော၊ ၁၉၆၄ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်နေ့စွဲပါ ပုသိမ်မြို့၊ ခရိုင်အထူးရာဇဝတ်ရုံးအမှတ် ၁/၆၃ ၏အမိန့်ကိုအယူခံမှု။

၁၉၆၇ မောင်ကျော်သိန်း ပါ ၃ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

ပုသိမ်ခရိုင် အထူးရာဇဝတ်ရုံး အမှတ် ၁/၆၃ က ရာဇဝတ်ကြီးမှုအမှတ် ၃/၆၃ တွင် တွေ့ရှိခဲ့လေသည်။ ထိုကြောင့် ကျော်သိန်းနှင့် ကျော်ငြိမ်းတို့အပေါ် ရာဇသတ်ပုဒ်မ ၃၀၂ (၂)/၁၀၉ အရ ထောင်ဒဏ် ၁၀ နှစ်စီ၊ ချစ်မောင်အပေါ် ရာဇသတ်ကြီး ပုဒ်မ ၂၁၂ အရ ထောင်ဒဏ် ၃ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

ပုသိမ်ခရိုင်၊ သောင်ကြီးရွာ၌ ၁၉၆၂ ခု၊ ဖေဖော်ဝါရီလ ၅ ရက်နေ့က အချင်းဖြစ်ပွါးခဲ့သည်။ အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်တွင် အကျုံးဝင်သော ကာလဖြစ်သော်လည်း သေသူ၏ဇနီးက တိုင်တန်းရာမှ အမှုပေါ်ခဲ့ရသောကြောင့်၊ တရားခံတို့အား လုံးဝသွတ်ငြိမ်းချမ်းသာခွင့် မပေးနိုင်၊ လျော့ပေါ့သော ပြစ်ဒဏ်ကိုသာ ပေးခဲ့ခြင်းဖြစ်သည်။ ထိုဒေသတွင် ထိုကာလ၌ ဆိုးသွမ်းတိုက်ခိုက်ခြင်း၊ လက်နက်အားကိုးနှင့် စိုးမိုးဖိနှိပ်ခြင်းများ ပေါများခဲ့လေသည်။ တော်လှန်ရေး အစိုးရ တက်လာပြီးမှ နစ်နာသူတို့ တိုင်ကြားခဲ့ကြသဖြင့် အမှုများစွာကို တိမ်မြုပ်နေရာမှ ဖော်ထုတ်ခဲ့ရလေသည်။ ဤအမှုသည်သည်း ထိုအမှုများထဲတွင် ပါဝင်ခဲ့လေသည်။ အချို့အမှုများသည် အဘန်ကြာ တိမ်မြုပ်နေပြီးမှ ရုံးသို့ ရောက်ရသဖြင့် သက်သေအထောက်အထား မပြည့်စုံ၊ မေ့လျော့နေသည်များ၊ ပျောက်ကွယ်နေသည် များလည်း ရှိခဲ့သည်။ အချို့ကား ရပ်ရွာ ပဋိပက္ခများအကြားမှ ပေါက်ဖွါးရသဖြင့် ရောနှော၍ စုံစမ်းစဲသော အမှုများလည်း ဖြစ်ခဲ့နိုင်လေသည်။ ထိုကဲ့သို့သော အမှုများတွင် အမှန်တရားကို အထူးဂရုစိုက်၍ ရှာဖွေရပေသည်။

ကာလီကို ကျော်သိန်းနှင့် ကျော်ငြိမ်းတို့ သတ်သည်ဟု ထွက်ဆိုနိုင်သောမျက်မြင်သက်သေမရှိချေ။ ညဦးပိုင်း ၇ နာရီခန့်တွင် ကျော်သိန်း၏ အိမ်ဘက်ဆီမှ ဆူဆူညံညံကြားရသည်။ သေနတ်သံဘချက်ကိုလည်း ကြားရသည်။ ထို့နောက် ကာလီသည် ကျော်သိန်းအိမ်ရှေ့တွင် လဲ၍သေနေသည်ဟု မအေးသောင်း (လို့ပြ-၆) မကြွယ်တင် (လို့ပြ-၇)၊ ဒေါ်ချစ်တင် (လို့ပြ-၈)၊ ဒေါ်ကြင်နု (လို့ပြ-၁၂) စသော သက်သေများက ထွက်ဆိုခဲ့ကြသည်။ ထိုသက်သေများအနက် အချို့ကား ကာလီသေနေသည်ကို သွား၍ မကြည့်၊ တဆင့်စကားကိုသာ ကြားရသည်။ ဆူညံသံ သေနတ်သံကိုကား ကိုယ်တိုင် ကြားကြရသည်။ အချင်းဖြစ်စဉ်က ကျော်သိန်းနှင့် ကျော်ငြိမ်းတို့ကို မမြင်ကြရချေ။

သေသူ၏ဇနီး ဒေါ်စိန်ဥ (လို့ပြ-၁) ကိုယ်တိုင်ကလည်း အချင်းဖြစ်ပွါးသည်ကို မမြင်ရ၊ တဆင့်စကားဖြင့် ကျော်သိန်းက ကာလီကို ပြစ်သတ်သည်ဟုသာ ကြားရပါသည်ဟု ရုံးကမေး၍ ထွက်ဆိုသည်။ကာလီနှင့် ကျော်သိန်းတို့ သင့်မြတ်ကြပါသည်ဟုလည်း ထွက်ဆိုသည်။

စောမြအုံး (လို့ပြ-၄) သည် အချင်းဖြစ်ပွါးပြီးနောက်တစ်နေ့ နံနက်တွင်၊ ဒေါ်စိန်ဥ လာရောက် ငိုယိုတိုင်ဘန်း၍ ကာလီသေကြောင်း သိရသည်၊ လိုက်သွားရာ၊ ရဲများကို

၁၉၆၇ မောင်ကျော်သိန်း ပါ ၃ နှင့် ပြည်တောင်စုမြန်မာနိုင်ငံ။

တွေ့ရသည်။ ကျော်သိန်းအိမ်ရှေ့တွင် ကာလီ သေနေသည်ကိုလည်း တွေ့ရသည်။ သူကြီး ကိုချစ်မောင်လည်း ရောက်လာသည်။ကာလီသည် ဓါးဒဏ်ရာနှင့် သေနေသည်။ ကာလီနှင့် ကျော်သိန်းတို့ ရန်ခိုက်ဒေါသ ဖြစ်ခဲ့ကြသည်ဟု မကြားဘူးပါဟု စောမြအုံး က ဆိုသည်။

အထူး ရာဇဝတ်ဌာန်းက ထွန်းရင် (လိုပြ-၅)၏ ထွက်ဆိုချက်ကို အဓိကထားခဲ့လေသည်။ ထိုသက်သေက ၎င်းသည် ဆူသံ ညံသံ သေနတ်သံကို ကြားရသည်။ သူကြီး ကိုချစ်မောင်ကခိုင်း၍ သွားကြည့်ရာ ကျော်သိန်း၏အိမ်ရှေ့တွင် ကာလီသေနေသည်။ ကျော်သိန်းက ၎င်း၏အိမ်ရှေ့တွင် သေနတ်ကိုင်နေသည်။ "ကာလီ/ငါ့သေနတ်ကို လုရှ် ပြစ်လိုက်တယ်"ဟု ပြောသည်။ ကျော်ငြိမ်းကား အနီးအနားရှိ ၎င်း၏အိမ်ဘိနပ်ချွတ်၍ ခါးမြောင်ကိုင်၍ ထိုင်နေသည်။ ထိုနောက် ကျော်သိန်းသည် သူကြီးချစ်မောင်ထံသွား၍ တိုးတိုးပြောသည်။ နောက်ပိုင်းတွင် ကျော်သိန်းကို မတွေ့ရတော့ပါဟု ထွန်းရင်က ထွက်ဆိုသည်။

ထွန်းရင်အား တရားခံတို့က ပြန်လှန် မေးခွန်းထုတ်ကြရာတွင်၊ ထွန်းရင်သည် ပြည်သူ့ရဲအား ပြောကြားရာတွင် တမျိုး၊ ရုံးတွင်အစစ်ခံရာ၌ တဖုံ၊ ကွဲလွဲနေသည်တို့ကို ညွှန်ပြကြသည်။ ရဲတွင် ကျော်သိန်းသည် အိမ်ထဲ၌ ရှိနေ၍ ၎င်းကခေါ်၍ ထွက်လာသည်ဟု ထွန်းရင်က ထွက်ဆိုခဲ့ကြောင်း၊ ထွန်းရင်၏ အစ်ကို၏အိမ်ကို ခါးပြုမှုန့်ပတ်သက်၍ ကျော်ငြိမ်းက သတင်းပေး၍ ရှာဖွေဘူးကြောင်း စသည်တို့ကို ပြန်လှန်မေးခွန်းများဖြင့် တရားခံတို့က ဖော်ထုတ်ကြသည်။ ထွန်းရင်က ငြင်းကွယ်သော်လည်း ရဲရွေ့နှင့် ရုံးရွှေတွင် ကွဲလွဲထွက်ဆိုချက်များကား ထင်ရှားနေသည်။

တရားလိုပြ သက်သေများကပင် ထွန်းရင်ကို ထောက်ခံထွက်ဆိုခြင်း မရှိကြချေ။ ထို့ပြင် ထွန်းရင်က ကျော်သိန်းသေနတ်နှင့်ပစ်၍ ကာလီသေလေဟန် ထွက်ဆိုသော်လည်း တရားလိုပြ သက်သေများက ဓါးဒဏ်ရာဖြင့် ကာလီသေသည်ဟုသာ ထွက်ကြသည်။အထူးသဖြင့်ကာလီ၏အလောင်းကို ၄၈ နာရီအတွင်း စစ်ဆေးရသော ဆရာဝန် ဒေါက်တာ ဒေး (လိုပြ-၉)က ခုတ်ထစ်ထားသော ဓါးဒဏ်ရာ ၈ ချက်ကို တွေ့ခဲ့ရလေသည်။ သေနတ်ဒဏ်ရာမပါ။ ဓါးမြောင်နှင့်ထိုးသော ဒဏ်ရာမျိုးလည်း မဟုတ်ခဲ့ချေ။

ကျော်သိန်းက ရုံးတွင်အစစ်ခံရာ၌ အချင်းဖြစ်သောညနေ က ကာလီနှင့်အတူ အရက်သောက်ပါသည်။ ကာလီကမူး၍ တလမ်းလုံး ဆဲဆိုလာပါသည်။ ကျော်သိန်းက မိမိအိမ်သို့ရောက်သောအခါ၊ ကာလီကဘိနပ်ချွတ်တွင် ထိုင်နေ၍၊ မိမိကမီးဖိုသို့ သွားကာ ငါးခြောက်ဖုတ်ကြောင်း၊ ထိုအချိန် အပြင်မှ ရိုက်သံနှက်သံကြား၍ ထွက်ပြေးကြောင်း၊ ဆူညံသံ ငြိမ်သက်သော အခါ ပြန်လာ၍ ချောင်းကြည့်ရာ ကာလီလဲသေနေသည်ကို တွေ့ရကြောင်း၊ ထိုအကြောင်းကို သူကြီး ချစ်မောင်ထံ သွား၍

၁၉၆၇

မောင်ကျော်သိန်း ပါ ၃ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

ပြောရာ "မင်းအိမ်ရှေ့ဖြစ်ရင် မင်းတာဝန်ဘဲ"ဟု ချစ်မောင်ကပြောကာ ရိုက်မည်ပြု၍ ရွာမှ ထွက်ပြေးတိမ်းရှောင်နေခဲ့ကြောင်း၊ နောက်ပိုင်းတွင် ရွာသို့ ပြန်လာ၍ လယ်လုပ်နေခဲ့ကြောင်း၊ ရဲများက ကာလသီသေမှုနှင့်ပတ်သက်၍ မေးမြန်းကြသော်လည်း ဖမ်းဆီးခြင်းမရှိခဲ့၊ ၎င်းသည် ကာလကို မသတ်ခဲ့၊ အပြစ်မဲ့ပါသည်။ ထွန်းရင်ကိုလည်း အချင်းဖြစ်သောညက မတွေ့ခဲ့ပါဟု ကျော်သိန်းက ထုချေသည်။

ကျော်ငြိမ်းကလည်း အချင်းဖြစ်ချိန်က သူကြီး ကိုချစ်မောင်အိမ်သို့ ၎င်းရောက်ရှိနေပါသည်။ သေနတ်သံကြားရ၍၊ နေရာယူကြပါသည်။ ကျော်သိန်းရောက်လာ၍ သူ့အိမ်ရှေ့၌ ကာလသီသေနေသည်ပြောသောအခါ၊ သူကြီးက ဆုပ်ရ၍ ရိုက်မည်ပြုရာ၊ ကျော်သိန်း ထွက်သွားပါသည်။ ထွန်းရင်ပြောစကား မမှန်ပါဟု ထွက်ဆိုခဲ့လေသည်။

သူကြီး ချစ်မောင်ကလည်း အလားတူ ပင် ထွက်ဆိုသည်။ ကျော်သိန်းအား ကာကွယ်ခြင်း၊ သေနတ်များကို ဖွက်ခြင်းမပြုရပါ။ ရဲအုပ် ဦးသာဝက ကာကွယ်ရေး သေနတ်များကို စစ်မည်ဟုတောင်းရာ၊ မိမိကရပ်ရွာသုံခြုံရေးအတွက် တာဝန်ယူမည်လား မေးပါသည်။ ယူမည်ဆို၍ သေနတ်များကို ပေးအပ်ခဲ့ပါသည်ဟု ချစ်မောင်က ထွက်ဆိုသည်။ ဦးသာဝ (လိုပြ-၁၀) ကသေနတ်များရရှိ၍ စစ်ဆေးကြောင်း၊ အချို့မှာ တိုက်ချွတ်ထား၍ အချို့မှာ ဖုံများဖြင့် လိမ်းကျံနေကြောင်း စစ်ဆေးပြီးနောက် သေနတ်များကို ပြန်ပေးသိုက်ကြောင်း ထွက်ဆိုလေသည်။

သက်သေအထောက်အထား အားလုံးကို ခြုံ၍သုံးသပ်လျှင်၊ ထွန်းရင်၏ ထွက်ချက်များကိုသာ အဓိကထား၍ဆုံးဖြတ်လျှင် အမှန်တရား တိမ်းပါးနိုင်သည်ဟု ကျွန်ုပ်တို့မြင်သည်။ ၎င်း၏ထွက်ဆိုချက်နှင့် တရားသိုပြသက်သေအချို့၏ ထွက်ချက်များ ကွဲလွဲကြသည့်အပြင်၊ ဆရာဝန်၏ထွက်ချက်နှင့်လည်း လုံးဝစပ်ဟပ်၍ မရနိုင်အောင် ကွဲလွဲနေသည်။ဒဏ်ရာဒဏ်ချက်များအခြေအနေနှင့် နှိုင်းချိန်လျှင် ကျော်သိန်းပြောသကဲ့သို့ ဆူဆူညံညံ ဖြစ်ကာ လူအချို့က ဝင်ရောက်၍ ခါးဖြင့်ခုတ်ခဲ့သည်လည်း ဖြစ်နိုင်သည်။ တရားလိုဘက်မှသက်သေတင်ပြခဲ့သော ကျော်သိန်း၏ဇနီးမအေးသောင်း (လိုပြ-၆) က အိမ်ရှေ့မှ လူများ ဆူဆူညံညံဖြစ်သံ ကြားရပါသည်ဟု ထွက်ဆိုခဲ့သည်။ ဒေါ်ချစ်တင် (လိုပြ-၇) ကလည်း လူတယောက်ခြင်း ရန်ဖြစ်သံ မဟုတ်၊ ၃-၄ ယောက်သံ ဖြစ်ပါသည်ဟု ဆိုသည်။

ထွန်းရင်၏ ထွက်ဆိုချက်သည် ခိုင်လုံခြင်းမရှိဟု ကျွန်ုပ်တို့ ယူဆသဖြင့် ထို ထွက်ဆိုချက်ကို အခြေပြု၍ အထူးရာဇဝတ်ရုံးက အယူခံတရားလိုတို့အပေါ် ပြစ်မှု ထင်ရှား တွေ့ရှိထားခြင်းကို ပယ်ဖျက်ရမည်သာ ဖြစ်ပေသည်။ ကျော်ငြိမ်းနှင့် ချစ်မောင်တို့အပေါ် ပြစ်မှု ထင်ရှား တွေ့ရှိထားခြင်းသည်လည်း ထွန်းရင်၏ ထွက်ဆိုချက်တရပ်တည်းအပေါ် အခြေပြုခဲ့ခြင်း ဖြစ်ပေသည်။ ထို့ပြင် ချစ်မောင် အပေါ် တွင်

၁၉၆၇ မောင်ကျော်သိန်း ပါ ၃ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

ဘွဲ့ရှိထားသော ပြစ်မှုကျူးလွန်သူကို ပြစ်ဒဏ်မှကာကွယ်ပေးမှုသည် အထွေထွေလွတ်ငြိမ်းချမ်းသာခွင့် အမိန့်တွင် လုံးဝအကျုံးဝင်နေသော ပြစ်မှုဖြစ်ပေသည်။

အဆက်ပါ အကြောင်းတို့ကြောင့် (ကျော်သိန်းသည် ကာလီကိုသတ်သည်၊ သတ်ရာဘွင် ကျော်ငြိမ်းလည်း အားပေးကူညီခဲ့သည်။ ချစ်မောင်သည် အမှုကိုဖုံးကွယ်ခဲ့သည်ဟု ဘွေးဘောဆင်မြင်စရာ ရှိသော်လည်း ခိုင်မာသော အထောက်အထား မပြတ်သော သက်သေခံ ကွင်းဆက်များကား မရှိ။) ကျွန်ုပ်တို့သည် (အယူခံမှုများကို ကြားနာဆုံးဖြတ်ကြရာတွင် အမှုတမှုစီကိုသာဆုံးဖြတ်ရသည်မဟုတ်သေး၊ မျှတမှုနှင့်အများပြည်သူတို့ ယုံကြည်အားကိုးသော တရားစီရင်ရေး မူများကိုပါ ချမှတ်ရခြင်းဖြစ်သည်။ ထို့ကြောင့် ဤအမှု ပေါ်ပေါက်ခဲ့သော ဒေသနှင့် ကာလတွင် လက်နက်ကိုင်၍ မဘရုံးမိုးမှုများ ရှိခဲ့သည်။ချစ်မောင်နှင့် တပည့်များ ရွာတွင်ဖိနှိပ်ခဲ့ကြသည်ဟု အခြားအမှုများ၌ ပေါ်လွင်ခဲ့သော်လည်း၊ ဤအမှုတွင်ကား သက်သေအထောက်အထား ပြည့်စုံခိုင်လုံခြင်း မရှိ၊ ထင်ကြေးဖြင့်သာလည်း အပြစ်မပေးထိုက်ဟု) ကျွန်ုပ်ဘို့ ယူဆသဖြင့်၊ အယူခံတရားလိုများအပေါ် ပြစ်မှုထင်ရှား တွေ့ရှိထားခြင်းကို ပယ်ဖျက်၍) ဤအမှုနှင့်ပတ်သက်သမျှ ၎င်းတို့အား တရားသေလွတ်စေရန် အမိန့်ချမှတ်သိုက်သည်။

အထူး ရာဇဝတ်ရုံး အယူခံအဖွဲ့

ရာဇဝတ်အယူခံမှု

ဗိုလ်မှူးကြီး လှဟန်၊ ဗိုလ်မှူးကြီး သန်းစိန်နှင့် ဒေါက်တာမောင်မောင်တို့ရှေ့တွင်

† ၁၉၆၇ ဖေဖော်ဝါရီလ ၂၄ ရက်။

မောင်သောင်းကြည် ပါ ၂ (အယူခံတရားလိုများ)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

ရာဇသတ်ကြီးပုဒ်မ ၄၃၆၊ ၄၃၆/၁၀၉ အရမှုပြစ်ထင်ရှားစီရင်ခြင်း—မီးရှို့ဖျက်ဆီးသော ပြစ်မှုမျိုးကို လူမြင်သူမြင်ကျူးလွန်ကြမည်မဟုတ်၍ ပတ်ဝန်းကျင်အခြေအနေ အထောက်အထားများကိုပေါင်းစပ်၍ အမှုကို ဖော်ရခြင်း—ပြစ်မှုကျူးလွန်သည်ဟု တွေ့ရှိရလျှင် ကျူးလွန်သူက ဘယ်ကဲ့သို့သော အကျိုးကိုမြော်၍ ဘယ်ကြောင်းကြောင့် ကျူးလွန်သည်ဟုသက်သေထူရန်မလို။

ပဌမ နှင့် ဒုတိယ အယူခံတရားလိုများသည် ဆန်စက်နှင့် ဂိုဒေါင်များကို မီးရှို့ဖျက်ဆီးကြသည်ဟုဆိုရင်း၊ တတိယအယူခံတရားလိုသည် ထိုသို့ ဖျက်ဆီးရာတွင် အားပေးကူညီပို့လုပ်သည်ဟုဆိုရင်းတွေ့ရှိထားသည်။

ဆုံးဖြတ်ချက်။ ။မီးရှို့ဖျက်ဆီးသောပြစ်မှုမျိုးကို လူမြင်သူမြင်ကျူးလွန် ကြမည်မဟုတ်ခေ။ ထို့ကြောင့် ပတ်ဝန်းကျင် အခြေအနေ အထောက်အထားများကို ပေါင်းစပ်၍ အမှုကိုဖော်ရသည် အထောက်အထားများ ကွင်းဆက် မပြတ်ပေါ်လွင်လာလျှင် အမှုခိုင်လုံသည်ဟု ယူဆရသည်။ ကွင်းဆက်ပြတ်နေလျှင်မူကား အမှုမခိုင်လုံဟုယူဆရသည်။ ပတ်ဝန်းကျင်အခြေအနေအထောက်အထားများကို အမှီပြုရာဖြင့် သတိထား၍သေချာအောင် စိစစ်ရသည်။ သို့ရာတွင် အထောက်အထားများ ပြည့်စုံလျှင်မူကား၊ မျက်မြင်သက်သေဆိုသူ တဦးနှစ်ဦးထွက်ဆိုသည်ထက်ပင် အမှုသည်ခိုင်လုံသေးသည်။ အဘယ်ကြောင့်ဆိုသော် သက်သေတဦးနှစ်ဦးကို သွန်သင်၍ လည်ဆယ်ထွက်ဆိုစေနိုင်သည်။ ပတ်ဝန်းကျင် အခြေအနေ အထောက်အထားများကို မဟုတ်ပဲ ဖန်တီး၍ ဆက်စပ်ရန်မလွယ်ကူပေ။

ပြစ်မှုကို ကျူးလွန်သည်ဟု တွေ့ရှိရလျှင်၊ ကျူးလွန်သူကဘယ်ကဲ့သို့သော အကျိုးကိုမျှော်၍၊ ဘယ်အကြောင်းကြောင့် ကျူးလွန်သည်ဟု သက်သေထူရန်မလိုခေ။ ပျက်စီးစေလိုသော စိတ်နှင့်မီးရှို့ခဲ့ခြင်းဖြစ်ရာမနေဘဲ၊ကာယကံအားဖြင့် မီးရှို့ဖျက်ဆီးမှုမြောက်သည်။ ထိုထက်ပို၍ဘယ်

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၁၃-၁၅။

† ၁၉၆၇ ခုနှစ်၊ ရာဇဝတ်ကြီးမူအမှတ် ၁ တွင် ချမှတ်သော၊ ၁၉၆၅ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့စွဲပါ ပုသိမ်ခရိုင် အထူးရာဇဝတ်ခုံရုံးအမှတ် ၄/၆၄ ၏အမိန့်ကိုအယခံဝင်မှု။

အကြောင်းကြောင့် ထိုသို့ပျက်စီးစေလိုခြင်းဖြစ်ပါသည်ဟု အကြောင်းရှာ၍ ပြသဖြေရှင်းရန်မလို ခေ။ စိတ်ရောဂိုယ်ပါ ကျူးလွန်မှု ပြစ်မှုမြောက်သည်တို့တွင် စိတ်ကိုကာယကံမှမှ ချိန်ဆခန့်မှန်း ရသည်။ ပုဂ္ဂလဒိဋ္ဌမဟုတ်။ မမှဒိဋ္ဌသဘောအားဖြင့် ယေဘုယျလူတို့သည် ဤသို့ပြုလျှင် သို့မဟုတ် ဤသို့ပြုလုပ်ရန် ပျက်ကွက်လျှင် ဤသို့သောစိတ်ရှိတတ်သည်ဟု ဆင်ခြင်သုံးသပ်၍ ဆုံးဖြတ် ကြရသည်။ ထို့အတူပင် စိတ်ရောဂိုယ်ပါ မနောကံနှင့် ကာယကံမြောက် ကျူးလွန်သည်၊ ထို့ကြောင့် ပြစ်မှုမြောက်သည်ဟု တွေ့ရှိရသောအမှုတို့၌ ကျူးလွန်ရခြင်းအကြောင်းရင်းကို အဓိက ထား၍ ရှာဖွေရှင်းလင်းရန် မလိုတော့ခေ။

အယူခံတရားလိုအတွက်။ ။ ၁။ ဦးသန်းအောင်။ ၂။ ဦးမြဘူး။

အယူခံတရားခံအတွက်။ ။လက်ထောက် နိုင်ငံတော် ရှေနေချုပ် ဦးဘကျော်။

မောင်သန်းနှင့် မောင်သောင်းကြည်တို့သည်၊ ငါးသိုင်းချောင်းမြို့၊ "ခါတော်မှီ" ဆန်စက်နှင့် ဂိုဒေါင်များကိုမီးရှို့ဖျက်ဆီးကြသည်ဟုဆိုင်း၊ ဘာယားသည် ထိုသို့မီးရှို့ ဖျက်ဆီးရာတွင် အားပေးကူညီ ပြုသည်ဟုဆိုင်း၊ ပုသိမ်ခရိုင် အထူးရာဇဝတ်ရုံးအမှတ် ၄/၁၉၆၄ က တွေ့ရှိ၍ ထင်းတို့အပေါ် ပြစ်ဒဏ် အသီးသီးချမှတ်ထားသည်။

ဆန်စက်ကို အစုစပ်လေးဦးပိုင်ကြ၍၊ မောင်သန်းက ၂ စုခွဲ ကျန်အစုစပ် သုံးဦးက ၁ စုခွဲပိုင်ကြသည်ဟု အမှုတွဲတွင်ပေါ်သည်။ မီးလောင်စဉ်က မောင်သန်းက ဆန်စက်ကို အစုစပ်များထံမှ ၃ နှစ်တာ ငွေ ၃၀,၀၀၀(ကျပ်ငွေသုံးသောင်း) ငှားရမ်းခပေး၍၊ တဦးတည်း လုပ်ကိုင်လျက်ရှိသည်။ မောင်သောင်းကြည်သည် မန်နေဂျာအဖြစ် လုပ်ကိုင်၍၊ ဘာယားသည် ဆန်စက်စောင့် အလုပ်သမားဖြစ်သည်။

မီးလောင်မှုကို ပြည်သူ့ရဲနှင့် တပ်မတော် ထောက်လှမ်းရေးတို့က စုံစမ်းစစ်ဆေး ရာမှ တရားခံသုံးဦးပေါ်ခဲ့ရခြင်းဖြစ်သည်။ သောင်းကြည်နှင့် ဘာယားတို့က တရား ရုံးသို့ သွားရောက်၍၊ ဖြောင့်ချက်ပေးကြသည်။ မောင်သန်းက ကြွေးပူ၍ ဆန်စက်နှင့် ဂိုဒေါင်များကို မီးရှို့မည်ဆိုကာ အစီအစဉ်များ ပြုလုပ်ကြောင်း။ သောင်းကြည်ကပါ မီးရှို့ရာတွင် ပါဝင်ရကြောင်း၊ ဘာယားကိုကြိုးနှင့်တုပ်၊ မျက်နှာကို အဝတ်စီးပေး ကြကြောင်း၊ ဘာယားကလည်း သင်ပေးသည့်အတိုင်း ပြောဆိုတိုင်တန်းခြင်းဖြင့် ကူညီကြောင်းတို့ကို၊ သောင်းကြည်နှင့် ဘာယားတို့၏ ဖြောင့်ချက်တို့တွင်တွေ့ရသည်။ မောင်သန်းကလည်း ဗိုလ်ကြီး တင်လှ(လိုပြ ၁၇)ထံတွင်ထိုသို့ပင် အစစ်ခံခဲ့သည်။ ဆန်စက်နှင့် ပတ်သက်၍ ဘဏ်သို့ငှင်း၊ အခြားသူများသို့ငှင်း ကြွေးများပေးဆပ်ရန် ရှိနေသည်များလည်း ရှိနေသည်။ ထိုအချက်တို့အပြင်၊ အခြားသက်သေခံ အထောက်အထားများရှိနေ၍၊ အမှုခိုင်လုံသည်ဟု အထူးရာဇဝတ်ရုံးက ဆုံးဖြတ်ခဲ့ ခြင်းဖြစ်သည်။

သူဖြူ

မောင်သောင်းကြည် ပါ ၂ နှင့် ဖြည်ဆောင်စုမြန်မာနိုင်ငံ။

အယူခံတရားလို မောင်သန်း၏ ရှေ့နေကြီး ဦးသန်းအောင်က၊ စာရင်းမျှားအရ မောင်သန်းသည် ကြေးပူလည်းမရှိ။ ပေးဆပ်ရန်တို့ကို ကောင်းစွာ ပေးဆပ်နိုင်သည့် အခြေအနေ၌ ရှိနေပါသည်။ စက်ကို တဦးတည်း တာဝန်ယူ၍ လုပ်ကိုင်လာသည့် နောက်ပိုင်း၌ လုပ်ငန်းလည်း ကောင်းပါသည်။ ဘဏ်သို့ပေးရန် ငွေများကို အချိန်မှန် ပေးသွင်းခဲ့ပါသည်။ မီးအာမခံထုတ်ယူရန် စက်နှင့် ဂိုဒေါင်တို့ကို မီးရှို့သည်ဟုဆို၍ အောင်မှာလည်း၊ အာမခံငွေများက စက်နှင့်ဂိုဒေါင်များ၏ တန်ဘိုး၊ စပါးများ၏ တန်ဘိုးထက်ပင် နည်းပါသည်။ စက်၊ ဂိုဒေါင်၊ စပါးများ မီးလောင်ခြင်းကြောင့် အမြတ်မထွက်၊ အရှုံးအဖတ်တင်ပါသည်။ ထို့ကြောင့် မီးရှို့ဖျက်ဆီးရန် အကြောင်းမရှိပါ။ မောင်သန်းက ပိုလ်ကြီး တင်လှထံပေးခဲ့သော စစ်ချက်ကိုလည်း သက်သေခံအဖြစ် ထည့်သွင်း စဉ်းစားရန် မသင့်ပါဟု ဦးသန်းအောင်က လျှောက်လဲတင်ပြသည်။

သောင်းကြည်နှင့် ဘာယားတို့က၊ အယူခံလွှာတွင် ၎င်းတို့သည် အလိုအလျောက် ဖြောင့်ချက် ပေးခဲ့ကြသည် မဟုတ်၊ မီးရှို့ရာတွင် မပါခဲ့ဟု တင်ပြကြသည်။

လက်ထောက် နိုင်ငံတော် ရှေ့နေချုပ် ဦးဘကျော်က အမှုတွင် မျက်မြင်သက်သေများ မရှိသော်လည်း ဖြောင့်ချက်များနှင့် ပတ်ဝန်းကျင် အခြေအနေ အထောက်အထားများကား ရှိကြောင်း။ ကြေးစာရင်းအရ ပေးရန်ငွေ ၈၀,၀၀၀ (ကျပ် ငွေသုံးသောင်း) ခန့်ပေါ်၍၊ မီးအာမခံငွေ ၁၁,၁၁၁ သိန်းထားရှိသည်ဖြစ်ရာ၊ စက်၊ ဂိုဒေါင်၊ စပါးများ၏ တန်ဘိုးနှင့် နှိုင်းစာလျှင် အကျိုးအကြောင်းမဲ့ ဖြစ်နေပါသည်။ စာရင်းစာအုပ်များကို သောင်းကြည်က ဖွက်ထားရာမှ ထုတ်ပေးပါသည်။ ထို့ကြောင့် အမြတ်တော်ခွန် ပြဿနာကြောင့် စာအုပ်ပွက်ခြင်း၊ မီးရှို့ခြင်း ဖြစ်သလား၊ စဉ်းစားစရာလည်း ရှိပါသည်။ ဖြောင့်ချက်များကို ယုံကြည်လျှင် သက်သေခိုင်လုံသည်ဟု ဆိုနိုင်ပါသည်ဟု ဦးဘကျော်က တင်ပြသည်၊

ဆန်စက်နှင့် ဂိုဒေါင်များ မီးလောင်သည်မှာ၊ နံနက် ၂း၃၀ နာရီခန့်တွင်ဖြစ်၍ မျက်မြင်သက်သေဟူ၍ ရှိနိုင်မည်မဟုတ်။ (မီးရှို့ဖျက်ဆီးသော ပြစ်မှုမျိုးကိုလည်း လူမြင်သူမြင် ကျူးလွန်ကြမည် မဟုတ်ချေ။ ထို့ကြောင့် ပတ်ဝန်းကျင် အခြေအနေ အထောက်အထားများကို ပေါင်းစပ်၍၊ အမှုကိုဖေါ်ရသည်။ အထောက်အထားများ ကွင်းဆက်မပြတ် ပေါ်လာလျှင် အမှုခိုင်လုံသည်ဟု ယူဆရသည်။ ကွင်းဆက်ပြတ်နေလျှင်မူကား အမှုမခိုင်လုံဟု ယူဆရသည်။ ပတ်ဝန်းကျင် အခြေအနေ အထောက်အထားများကို အမှီပြုရသဖြင့် သတိထား၍ သေချာအောင် စီစစ်ရသည်။ သို့ရာတွင် အထောက်အထားများ ပြည့်စုံလျှင်မူကား၊ မျက်မြင်သက်သေဆိုသူ တစ်ဦး၊ နှစ်ဦး ထွက်ဆိုသည်ထက်ပင် အမှုသည် ခိုင်လုံသေးသည်။ အဘယ့်ကြောင့်ဆိုသော် ဆက်သေ

တစ်ဦးနှစ်ဦးကို သွန်သင်၍ လည်ဆယ်ထွက်ဆိုစေနိုင်သည်။ ပတ်ဝန်းကျင် အခြေအနေ အထောက်အထားများကို မဟုတ်ပဲ ဖန်တီး၍ ဆက်စပ်ရန် မလွယ်ကူပေ။)

ဤအမှုတွင် ဘာယားအား ချီနှောင်ထားသော ကြိုးများနှင့် မျက်နှာမှ အဝတ်များ ဖြေပေးပြီးသောအခါ၊ ၎င်းက လူဆိုး လေးယောက် မီးရှို့သွားသည်။ ၎င်း အားလည်း ချီနှောင်၍ ထားခဲ့သည်ဟုဆိုသည်။ နောက်ပိုင်း၌ကား ဆန်စက်မီးထိုး သမား ဦးစိန်က လက်ဆွဲဓါတ်မီးကို ရိုက်ချမိ၍ မီးလောင်သည်ဟု လွှဲပြောင်း၍ တိုင်သည်။ ထိုသို့ ကွဲလွဲထွက်ဆိုချက်များသည် အမှုတွင် ထင်ရှားစွာ ပေါ်ထွက် နေသည်။ ဘာယားက ဖြောင့်ချက်ပေးရာ၌၊ ထိုလိုလွှဲပြောင်း တိုင်တန်းရခြင်းမှာ၊ မောင်သန်းက သင်ပေး၍ ဖြစ်ပါသည်။ လူဆိုးမီးရှို့သည်ဆိုလျှင် မီးအာမခံငွေများ မရမည်စိုး၍၊ မတော်တဆ လောင်လေဟန် ပြုရပါသည်ဟု ဖြောင့်ချက်တွင်ပါသည်။ ဘာယားက မှီးတွင်ဖြောင့်ချက်ကို ရုပ်သိမ်းခဲ့သော်လည်း မီးလောင်သည့် မနက်က အကွဲကွဲအလွဲလွဲ တိုင်တန်းခဲ့ခြင်းကားထင်ရှားပြီး ရှိနေသည်။

သောင်းကြည်၏ ဖြောင့်ချက်ကိုလည်း အခြား သက်သေခံချက်တို့က ထောက်ခံ နေသည်။ စာရင်းစာအုပ်များကို မောင်သန်းက ခိုင်း၍ ပယူကာ ဖွက်ထားခြင်း၊ နောက်မှ ဖော်ပေးခြင်းတို့လည်း ထင်ရှားသည်။ မောင်သန်းက ဗိုလ်ကြီး တင်လှထံ အစစ်ခံခဲ့သည်ကို ထည့်သွင်း မစဉ်းစားစေဦး၊ မောင်သန်းက လက်ဆွဲဓါတ်မီးကို ရိုက်ခဲ့ခဲ့သော သံချောင်းကို ထုတ်ပေးခဲ့သည်ကို ရဲအရာရှိ ဦးသိန်းဒန် (လိုပြ ၂၄) က ထွက်ဆိုသည်ကိုမူ သက်သေခံ ကွင်းဆက် တခုအနေနှင့် လက်ခံနိုင်သည်။ မီးလောင်ရာသို့ သွားရောက်ခဲ့သော မီးသတ်အဖွဲ့မှ ဦးမြအောင် (လိုပြ ၇) က မီးလောင်နေစဉ် မောင်သန်းသည် အိမ်မှရပ်၍ ကြည့်နေကြောင်း၊ နောက်မှလာ ရောက်ကာ ကူညီကြောင်း ထွက်ဆိုသည်။ မိမိတို့၏ ဆန်စက်နှင့် ဂိုဒေါင်များ မီးလောင်နေသည်ကို ထိုသို့ ရပ်ကြည့်နေခြင်းကိုလည်း ကျွန်ုပ်တို့ ထည့်သွင်းစဉ်းစား ရပေမည်။ ထို့ပြင် မီးသည် တနေရာမှ တနေရာသို့ ကူးခြင်းမဟုတ်၊ စက်နှင့်ဂိုဒေါင် များ တပြိုင်နက် လောင်နေကြခြင်း ဖြစ်ကြောင်း ပေါ်လွင်သည်။ ထို့ကြောင့် မတော်တဆထ၍ လောင်ခြင်းမဟုတ်၊ သောင်းကြည် ဖြောင့်ဆိုသည့် အတိုင်း၊ တခါန်တည်း မောင်သန်းက စက်ကို ရှို့၍ သောင်းကြည်က ဂိုဒေါင်များကို ရှို့ခဲ့ ခြင်းဖြစ်နိုင်သည်။

မီးအာမခံထားသော ငွေများမှာ စက်အတွက် ၁ သိန်း သာမက၊ ကုန်းများ အတွက် ၃ သိန်းဖြစ်သည်ကို ကျွန်ုပ်တို့ တွေ့ရသည်။ ထို့ကြောင့် မီးလောင်ခြင်း ကြောင့် ငွေကြေးမြတ်စွန်းဘွယ် မရှိဟု မဆိုသာ။

ဒုတိယ
မောင်သောင်း
ကြည် မှ ၂
နှင့်
ပြည်ထောင်စု
ဖြုန်းမနိုင်း။

မည်သို့ပင်ဆိုစေ (ပြစ်မှုကို ကျူးလွန်သည်ဟု တွေ့ရှိရလျင်၊ ကျူးလွန်သူကို ဘယ်ကဲ့သို့သော အကျိုးကိုမျှော်၍၊ ဘယ်အကြောင်းကြောင့် ကျူးလွန်သည်ဟု၊ သက်သေထူရန် မလိုချေ။ ပျက်စီးစေလိုသောစိတ်နှင့် မီးရှို့ခဲ့ခြင်းဖြစ်ရာ မနောက်၊ ကာယကံအားဖြင့် မီးရှို့ဖျက်ဆီးမှု မြောက်သည်။ ထိုထက်ပို၍ ဘယ်အကြောင်းကြောင့် ထိုသို့ ပျက်စီးစေလိုခြင်း ဖြစ်ပါသည်ဟု အကြောင်းရှာ၍ ပြသဖြေရှင်းရန် မလိုချေ။ စိတ်ရောကိုယ်ပါကျူးလွန်မှ ပြစ်မှုမြောက်သည်တို့တွင် စိတ်ကို ကာယကံမှမှ ချိန်ဆခန့်မှန်းရသည်။ ပဂ္ဂလဒိဋ္ဌမဟုတ်၊ ဓမ္မဒိဋ္ဌ သဘောအားဖြင့် ယေဘုယျ လူတို့သည်ကျိုသို့ပြုလျင်၊ သို့မဟုတ် ဤသို့ပြုလုပ်ရန် ပျက်ကွက်လျင်၊ ဤသို့သောစိတ်ရှိတတ်သည်ဟု ဆင်ခြင်သုံးသပ်၍ ဆုံးဖြတ်ကြရသည်။ ထို့အတူပင် စိတ်ရောကိုယ်ပါ မနောကံနှင့် ကာယကံမြောက် ကျူးလွန်သည်၊ ထို့ကြောင့် ပြစ်မှုမြောက်သည်ဟု တွေ့ရှိရသော အမှုတို့၌ ကျူးလွန်ရခြင်း အကြောင်းရင်းကို အဓိက ထား၍ ရှာဖွေရှင်းလင်းရန် မလိုတော့ချေ။)

အထက်ပါအကြောင်းတို့ကြောင့် မောင်သန်းနှင့် သောင်းကြည်တို့သည် မီးရှို့ဖျက်ဆီးမှု ကျူးလွန်ကြောင်း၊ ဘာယားသည် ထိုသို့ ကျူးလွန်ရာတွင် အားပေးကူညီခဲ့ကြောင်း တွေ့ဖို့ထားခြင်းသည် မှန်ကန်သည်။ မောင်သန်းနှင့် သောင်းကြည်တို့အပေါ် ထောင်ဒဏ် ၇ နှစ်စီ ဘာယားအပေါ် ထောင်ဒဏ် ၅ နှစ်သတ်မှတ် ထားခြင်းသည်လည်း သင့်မြတ်သည်ဟု ကျွန်ုပ်တို့ ယူဆသဖြင့် အယူခံမျှားကို ပလပ်သည်။

အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

ရာဇဝတ်အယူခံမှု

ဗိုလ်မှူးကြီး လှဟန်၊ ဗိုလ်မှူးချုပ် စိန်ဝင်းနှင့် ဒေါက်တာ မောင်မောင်တို့ရှေ့တွင်

မောင်မြသန်း (အယူခံတရားလို)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

† ၁၉၆၇

မတ်လ ၁၈ ရက်။

ရာဇသတ်ကြီး ပုဒ်မ ၄၅၂/၃၅၄/၃၂၄ တို့အရ မှုပြစ်ထင်ရှားစီရင်ခြင်း——အိမ်ပေါ်သို့ ကျူးကျော်တက်ရောက်ခြင်း——အဓမ္မကျူးလွန်မည်ဟူသော ကြံရွယ်ချက်ရှိမရှိ။

အယူခံတရားလိုအား ရာဇသတ်ကြီးပုဒ်မ ၄၅၂ မြောက်သော အိမ်ကျော်နင်းမှု၊ ပုဒ်မ ၃၅၄ မြောက်သော ကာယိန္ဒြေ ပျက်စီးစေရန် ကျူးလွန်မှုနှင့် ပုဒ်မ ၃၂၄ မြောက်သော လက်နက်ဖြင့် နာကျင်စေမှုတို့အရ ပြစ်မှုထင်ရှားတွေ့ရှိထားသည်။

ဆုံးဖြတ်ချက်။ ။အယူခံတရားလိုသည် မသန်းကြည်၏ မိဘ၊ မောင်နှစ်မများ လယ်တော သွားခြိန်ကိုစောင့်၍၊ မသန်းကြည် တဦးတည်းအိမ်တွင်ကျန်သောအခါမှ ကျူးကျော်တက်ရောက်ခဲ့ခြင်းဖြစ်သည်။ သဘောရိုးဖြင့် သွားရောက်လည်ပတ်ခြင်းမဟုတ်၊ အိမ်ပေါ်သို့ကျူးကျော်တက်ရောက်သည့်အခါကပင် မသန်းကြည်အား အဓမ္မကျူးလွန်မည်ဟူသော ကြံရွယ်ချက်ရှိခဲ့သည်ဟူ အမှုအချင်းအရာ၊ ပတ်ဝန်းကျင် အခြေအနေက ထင်ရှားစေသည်။ မသန်းကြည်က ရုန်းကန် အော်ဟစ်သောအခါထွံ့နှင့်ထိုးခြင်း၊ ရိုက်နှက်ကန်ကျောက်ခြင်းတို့ကိုပြုသည်။ ထိုပြုမူချက်အားလုံးကို ဆက်စပ်ကြည့်ရှုလျှင် ရာဇသတ်ပုဒ်မ ၄၅၂ အရ အယူခံတရားလို အပေါ် ပြစ်မှုထင်ရှားတွေ့ရှိထားခြင်းသည်မှန်ကန်သည်။

အယူခံတရားလိုအတွက်။ ။

အယူခံတရားခံအတွက်။ ။လက်ထောက်နိုင်ငံတော်ရှေ့နေချုပ် ဦးဘကျော်။

အယူခံတရားလို မောင်မြသန်းအပေါ် သာယာဝတီခရိုင် အထူးရာဇဝတ်ရုံးအမှတ် ၆/၆၅ က ရာဇသတ်ပုဒ်မ ၄၅၂ မြောက်သော အိမ်ကျော်နင်းမှု၊ ပုဒ်မ ၃၅၄ မြောက်

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၂၀။

† ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမူအမှတ် ၁ တွင်ချမှတ်သော၊ ၁၉၆၅ ခုနှစ်၊ မေလ ၁၂ ရက်နေ့စွဲပါ၊ သာယာဝတီခရိုင် အထူးရာဇဝတ်ရုံးအမှတ် ၆/၆၅ ၏အမိန့်ကိုအယူခံဝင်မှု။

၁၉၆၇

မောင်မြသန်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

သော ကာယိန္ဒြေပျက်စီးစေရန် ကျူးလွန်မှုနှင့် ပုဒ်မ ၃၂၄ မြောက်သော လက်နက်ဖြင့် နာကျင်စေမှုတို့အရ ပြစ်မှုထင်ရှား တွေ့ရှိထားသည်။ ထိုသို့ တွေ့ရှိထားခြင်းကို အာဘည်ပြုအဖွဲ့က မှန်ကန်သည်ဟု ဆုံးဖြတ်ထားသည်။ သို့ရာတွင် အထူးရာဇဝတ်ရုံးက ပြစ်ဒဏ်သတ်မှတ်ရာ၌ ပုဒ်မ ၄၅၂ အရ၊ ထောင်ဒဏ် ၄ နှစ်နှင့် ပုဒ်မ ၃၅၄ အရ၊ ထောင်ဒဏ် ၃ နှစ်၊ ထိုဒဏ်နှစ်ရပ်ကို တပေါင်းတည်း ကျခံစေရန် ပုဒ်မ ၃၂၄ အရ ထောင်ဒဏ် ၃ နှစ်ကို ဆက်၍ကျခံစေရန် ဆုံးဖြတ်ခဲ့သည်ကို ပြင်ဆင်လျှောက်ပေါ်၍ ပြစ်ဒဏ်သုံးရပ်စလုံး တပေါင်းတည်းကျခံစေရန်အတည်ပြုအဖွဲ့က အမိန့်ချမှတ်ခဲ့သည်။

အချင်းဖြစ်ပွါးပုံ အပြည့်အစုံကို အထူးရာဇဝတ်ရုံး၏ စီရင်ချက်တွင် ဖော်ပြပြီး ဖြစ်သည်။ ဖြစ်ပွါးရာမှာ သာယာဝတီခရိုင် လက်ပံတန်းမြို့နယ်၊ မတာပေါင်းရွာ ဖြစ်သည်။ ထိုရွာနေ မသန်းကြည်ဆိုသူ၏အိမ်သို့ အယူခံတရားလို မောင်မြသန်းက အခြားအိမ်သားများမရှိခိုက် ကျူးကျော်တက်ရောက်၍ မသန်းကြည်အား ဆွဲလား ငင်လားပြုလုပ်သည်။ မသန်းကြည်က လက်သင့်မခံ ရုန်းကန်ခြင်း၊ ဟော်ဟစ်ခြင်း ပြုသောအခါ မောင်မြသန်းက မသန်းကြည်ကို လှုံ့နှင့်ထိုး၊ လက်နှိပ်ခါတ်မီးနှင့်ရိုက်၊ ခြေဖြင့်ကန်ပြုလုပ်သည်။ နောက်မှ အိမ်ကဆင်းသွားသည်။ ထိုအချိန် မသန်းကြည် အိမ်သို့ ရောက်ရှိလာသော ညီမ မခင်ရီသည် မောင်မြသန်းကို အိမ်ခြံဝင်းထဲ၌ပင် တွေ့ရသည်။ မသန်းကြည်က အကျိုးအကြောင်းကို ညီမအား ပြောသဖြင့်၊ မခင်ရီက မောင်မြသန်းအား "နင်စော်ကားသလား၊ ဘာဖြစ်လို့ ဒီလိုလုပ်ရသလဲ၊ ဒီမှာသွေးတွေသံတွေနဲ့" ဟု ဆူပူပြောဆိုသည်။ မောင်မြသန်းက ကျွန်တော်မဟုတ်ပဲမပြောပါနှင့်ဟု ပြန်ပြောပြီး သူ့အိမ်ဘက်သို့ ထွက်ခွါသွားသည်။

အဖြစ်အပျက်ကို မသန်းကြည်က လယ်တောမှ လှမ်းခေါ်၍ ပြန်လာသော မိခင်ဒေါ်အုံးရင်ကို ပြောပြသည်။ အိမ်သို့လာရောက် မေးမြန်းကြသော အိမ်နီးနားချင်း မောင်ထွန်းကြည်၊ မောင်သောင်းရွှေ၊ ကိုဟန်စိန်၊ ကိုဟန်ရွှေ စသူတို့ကိုလည်း ပြောပြသည်။ ထိုနောက် ဒေါ်အုန်းရင်၊ ကိုဟန်ရွှေနှင့် မသန်းကြည်တို့သည် ခမ်းရွာကင်းစခန်းသို့ လှေနှင့်သွား၍ စခန်းမှူး ရဲကြပ်ကြီး ကိုမြမောင်ကို တိုင်ကြားကြသည်။ မသန်းကြည်မှာ ဒဏ်ရာများနှင့်ဖြစ်၍ ကိုမြမောင်က လက်ပံတန်း ရဲဌာနာသို့ သွား ရောက်တိုင်ကြားကြရန် ညွှန်ကြားလိုက်သည်။

လက်ပံတန်းရဲဌာနာ၌ မသန်းကြည်က တိုင်ချက်သက်သေခံအမှတ် "က" ကို ဖွင့်ပါသည်။ ထိုနောက် မသန်းကြည်အား လက်ပံတန်း ပြည်သူ့ဆေးရုံသို့ တင်ပို့၍ ဆေးကုသရသည်။ ဒေါက်တာ သက်တင် (လို့ပြ ၁) က လက်ခံ စစ်ဆေးကြည့်ရှုရာ၊ ကန်ကျောက်ရိုက်နှက်၍ရသောဒဏ်ရာများနှင့် လှုံ့ကဲ့သို့သော ခွန်ထက်သည့်လက်နက်

ဖြိုးရသော ဒဏ်ရာနှစ်ချက်တို့ကို တွေ့ရသည်။ ထိုဒဏ်ရာများအတွက် မသန်းကြည်ကိုအတွင်းလူနာအဖြစ် ရက်အတန်ကြာ ကုသခဲ့ရသည်။

မောင်မြသန်းက အာဏူးရာဇဝတ်ရုံးဘွင့် ခုခံချေပရာ၌၊ စွပ်စွဲခံမျက်ကို ငြင်းကွယ်သည်။ အချင်းဖြစ်သည့် အချိန်က ငင်းသည် မသန်းကြည် အိမ်နားတွင် မရှိပါ။ မသန်းကြည်သည် ယခင်ရန်ညှိုးကြောင့် ငင်းအပေါ် စွဲဆိုခြင်းဖြစ်ပါသည်။ မသန်းကြည်ဘက်မှ သက်သေထွက်သွားသူတို့သည် ဆွေမျိုးသားချင်းများဖြစ်ကြ၍ လည်ဆယ်ထွက်ဆိုခြင်းသာ ဖြစ်ပါသည်ဟု ခုခံသည်။

ယခုအယူခံဝင်ရာ၌လည်း ထိုအချက်များကို မောင်မြသန်းက ထပ်မံတင်ပြသည်။

မသန်းကြည် ပြောဆိုစွပ်စွဲသည့် အချက်ကိုနှင့် ငင်းရရှိသော ဒဏ်ရာဒဏ်ချက်များကိုက်ညီသည်။ အချင်းဖြစ်ပွါးပြီး တဆက်တည်း အချိန်မလင့်ပဲ မသန်းကြည်က တိုင်ကြားပြောဆိုခြင်းလည်းရှိသည်။ မခင်ရီသည် မသန်းကြည်၏ ဒဏ်ခြိုင်းအတွင်း၌ပင် မောင်မြသန်းနှင့် ပက်ပင်းပါ တွေ့ခဲ့ရသည်။ ထို ပွဲတွေ့ရကြောင်းကို မခင်ရီက တဖောက်တည်းကသာ သက်သေခံသည်မဟုတ် အိမ်နီးနားချင်း ဒေါ်အုန်းမေ (လို့ပြ ၁၂) က အချင်းဖြစ် အချိန်လောက်တွင် မသန်းကြည်အိမ်မှ ဆူသံညံသံ ကြားရပါသည်။ မသန်းကြည်၏ ငိုသံလည်း ကြားရပါသည်။ ထိုသို့အသံများကြား၍ သူထကြည့်ရာ တရားခံ မြသန်း ခြံဝင်းထဲက ထွက်သွားသည်ကို မြင်ရပါသည်။ မခင်ရီက မြသန်းအား "နင်ငါ့အမကို လှုံ့နှင့်ထိုးသလား" ဟုပြောလိုက်သံကိုလည်း ကြားရပါသည်ဟု ထွက်ဆိုထားသည်ကို တွေ့ရသည်။ တရားလိုဘက်မှ သက်ဆိုသွားကြသူတို့သည် မသန်းကြည်၏ ဆွေမျိုးသားချင်းများသာ မဟုတ်ကြပေ၊ မြသန်းအပေါ် ရန်ညှိုးရန်စ ရှိသည်ဟူ၍လည်း မပေါ်လွင်ပေ။

လက်ဆောက် နိုင်ငံတော် ရွှေနေချုပ် ဦးဘကျော်က အကြောင်းအချက်အားဖြင့် အမှုထင်ရှားပါသည်။ ရာဇသတ်ပုဒ်မ ၄၅၂ အရ အပြစ်ပေးထားရာတွင် မောင်မြသန်းသည် နာကျင်စေမှု ကျူးလွန်ရန်ဖြစ်စေ၊ လက်ရောက်မှု ကျူးလွန်ရန်ဖြစ်စေ၊ ပြင်ဆင်ပြီးမှ အိမ်ကျော်နင်းမှုကို ကျူးလွန်ခြင်း ဖြစ်သလောဟူသော ပြဿနာကိုသာ စဉ်းစားရန်ရှိပါသည်။ ထိုသို့ပြင်ဆင်ခြင်း မရှိလျှင် ရာဇသတ်ပုဒ်မ ၄၅၁ အရသာ ပြစ်ဒဏ်ထိုက်ပါသည်ဟုဘင်ပြသည်။

ထိုပြဿနာကို အာဏူးရာဇဝတ်ရုံးက အကျေအလည် စဉ်းစားခဲ့ပြီး ဖြစ်သည်ဟု ကျွန်ုပ်တို့တွေ့ရသည်။ မောင်မြသန်းသည် မသန်းကြည်၏ မိဘ၊ မောင်နှစ်မများ လယ်တောသွားခါနီးကို စောင့်၍၊ မသန်းကြည် တဦးတည်းအိမ်တွင် ကျန်သော အခါမှ ကျူးကျော် တက်ရောက်ခဲ့ခြင်းဖြစ်သည်။ သဘောရိုးဖြင့် သွားရောက်လည်ပတ်ခြင်းမဟုတ်၊ အိမ်ပေါ်သို့ ကျူးကျော် တက်ရောက်သည့် အခါကပင်

ခရုဖ်ဂူ

မောင်မြသန့်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

မသန်းကြည်အား အဓမ္မကျူးလွန်မည်ဟူသော ကြံရွယ်ချက်ရှိခဲ့သည်ဟု အမှုအချင်းအရာ၊ ပဉ္စဝန်းကျင် အခြေအနေက ထင်ရှားစေသည်။ မသန်းကြည်က ရုန်းကန် အော်ဟစ်သောအခါ လှုံ့နှင့်ထိုးခြင်း၊ ရိုက်နှက် ကန်ကျောက်ခြင်းတို့ကိုပြုသည်။ ထို ပြုမူချက်အားလုံးကို ဆက်စပ်ကြည့်ရှုလျှင် ရာဇသတ် ပုဒ်မ ၄၅၂ အရ အထူးရာဇဝတ်ရုံးက အပြစ်ပေးထားခြင်းသည် များလွန်းသည်ဟု မဆိုသာချေ။ အတည်ပြုအဖွဲ့ကသည်း ပြစ်ဒဏ်သုံးရပ်စလုံးကို တပေါင်းတည်း ကျခံစေရန် ပြင်ဆင်လျှောပေါ့နိုင်းဖြစ်သည်။

အထက်ပါ အကြောင်းအရာတို့ကြောင့် အထူးရာဇဝတ်ရုံးက အယူခံ တရားလို အပေါ် ပြစ်မှုထင်ရှား တွေ့ရှိထားခြင်းသည် မှန်ကန်သည်။ အတည်ပြုအဖွဲ့က၊ ပြစ်ဒဏ်များကို ပြင်ဆင်လျှောပေါ့ပေးခဲ့မှုဖြစ်၍ ကျွန်ုပ်တို့က ပြစ်ဒဏ်နှင့်ပတ်သက်၍ ထပ်မံပြင်ဆင်ရန်လည်းမရှိ အယူခံကို ပလပ်သိုက်သည်။

အထူးရာဇဝတ်ရုံး အယူခံအဖွဲ့

ရာဇဝတ်အယူခံမှု

ဗိုလ်မှူးကြီး လှဟန်၊ ဗိုလ်မှူးချုပ် စိန်ဝင်း၊ဗိုလ်မှူးကြီး သန်းစိန် နှင့် ဒေါက်တာမောင်မောင်တို့ရှေ့တွင်

ဗိုလ် သိန်းနိုင် ပါ ၂ (အယူခံတရားလိုများ) † ၁၉၆၇

နှင့် မေလ ၁၀ ရက်။

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

ရာဇသတ်ကြီး ပုဒ်မ ၄၆၅/၄၇၁ အရ၊ မှူပြစ်ထင်ရှားစီရင်ခြင်း—လူတဦးတယောက်က တစုံတခုကို ပြုလုပ်ရာတွင် ထားရှိသော စေတနာ—ပြုလုပ်ခြင်းကပင် အတွင်းစိတ်ကို ဖော်ပြသော ကြေးမုံပြင်ဖြစ်သည်ဟု သာမန်အားဖြင့် တွက်ချက်ရခြင်း—နတ်နှင်အမိန့်မျိုးကို နိုင်ငံအထွဋ်အထိပ်ပုဂ္ဂိုလ်၏ အာဏာဖြင့်သာ ထုတ်ပြန်သည့် ရှေးရိုးထုံးစံရှိသည်ဟူသော အစွဲအလမ်း—အယောင်ဆောင်ခြင်း၊ လိမ်လည်အတုပြုလုပ်ခြင်းတို့ကို ထိရောက်စွာ အရေးယူရန် လိုခြင်း။

အယူခံတရားလိုများသည် တော်လှန်ရေး ကောင်စီ ဥက္ကဋ္ဌ၏ အမိန့်ဟု လိမ်လည်အတုပြုလုပ်ထားသော စာတမ်းကို ဖတ်ကြား အသုံးပြုခဲ့ကြသဖြင့် ၎င်းတို့အား ရာဇသတ်ကြီး ပုဒ်မ ၄၆၅/၄၇၁ တို့အရ၊ ပြစ်မှုကျူးလွန်သည်ဟူသော စွဲချက်ဖြင့် စစ်ဆေးခဲ့သည်။

ဆုံးဖြတ်ချက်။ ။လူတဦးတယောက်က တစုံတခုကို ပြုလုပ်ရာတွင် ထားရှိခဲ့သော စိတ်စေတနာကို အတိအကျတိုင်းထွာခန့်မှန်းရန် လွယ်ကူသည် မဟုတ်ချေ။ စိတ်စေတနာက တိုက်တွန်း၍ ကာယကံမြောက်ပြုလုပ်ခြင်း ဖြစ်တတ်သောကြောင့် ထိုပြုလုပ်ခြင်းကပင် အတွင်းစိတ်ကို ဖော်ပြသော ကြေးမုံပြင်ဖြစ်သည်ဟု သာမန်အားဖြင့် တွက်ချက်ရသည်။ နတ်ကွန်းနှင့် ညောင်ပင်ကို ဖျက်ဆီးရှင်းလင်းခြင်းမှာ မြို့ရွာမှ သံဃာ၊ လူကြီးများကအစ နတ်ကွန်းထိန်းများ မကျွန်သဘောတူ၍ လိုလားကြသော အလုပ်ကို တာဝန်အရ၊ လုပ်ခဲ့ကြခြင်းဖြစ်သဖြင့် အယူခံတရားလိုတို့၏ စိတ်စေတနာသည် ရိုးသားသည်ဟု ဆိုရမည်သာဖြစ်ပေသည်။

နတ်နှင်အမိန့်မျိုးသည် ပြည်ပိုင်မင်း၏ အာဏာဖြင့် ထုတ်ပြန်မှသာ အာနိသင်ထက်သည်ဟု စွဲလမ်းယူဆကြသည်ကို သတိပြုရပေမည်။ အစွဲအလမ်းများသည် တစတစသာလျှင် ပျောက်ကွယ်တတ်သည်။ နတ်နှင်ခြင်းနှင့် ပတ်သက်သော အစွဲအလမ်းသည် ပျောက်ကွယ်ခြင်း မရှိသေးကြောင်းကို အမှုတွင် နတ်ကွန်းကို အခြားမည်သည့် ပုဂ္ဂိုလ်များကမှ တာဝန်ယူ၍ ဆောင်ရွက်ခြင်း မပြုလို

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၂၉။

† ၁၉၆၄ ခုနှစ်၊ရာဇဝတ်ကြီးမူအမှတ် ၁ တွင် ချမှတ်သော ၁၉၆၆ ခုနှစ်၊မတ်လ ၁[illegible]က်နေ့စွဲပါ မြို့တ်မြို့၊ အထူးရာဇဝတ်ရုံး အမှတ် ၃၈/၁၉၆၄ ၏ အမိန့်ကို အယူခံမှု။

၁၉၆၇

ဗိုလ် သိန်းနိုင်
ပါ ၅
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

ကြခြင်းမှာ ထင်ရှားသည်။ ထိုအစွဲအလမ်းကြောင့်၊ ဗိုလ်သိန်းနိုင်သည် တာဝန်ယူ၍ နတ်ကွန်းဖျက်ရာ၌ နိုင်ငံတော်၏ အထွဋ်အထိပ် တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ၏ အမည်နှင့် အာဏာကို သုံးစွဲခဲ့ခြင်းဖြစ်ပေလိမ့်မည်။

ဗိုလ်သိန်းနိုင်သည် မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကိစ္စများတွင် စေတနာထား၍ ရှုပ်ရှုပ်ခွပ်ခွပ် ဆောင်ရွက်ခြင်း၊ ၎င်းသည် တာဝန်ကျေပွန်စွာ အမှုထမ်းခြင်း၊ လူမှုဆက်ဆံရေး လုပ်ငန်းများတွင် အထူးကြိုးစားဆောင်ရွက်၍ အောင်မြင်ခြင်းတို့ကြောင့် သဘောရိုးဖြင့် နတ်နှင့်အမိန့်မျိုးကို နိုင်ငံ အထွဋ်အထိပ်ပုဂ္ဂိုလ်၏ အာဏာဖြင့်သာ ထုတ်ပြန်သည့် ရှေးရိုးထုံးစံရှိသည်ဟူသော အစွဲအလမ်း ကြောင့် အမိန့်ပြန်တမ်းပြုလုပ်ဖတ်ကြားခဲ့ခြင်း ဖြစ်သည်ဟု ယူဆသည်။ ဗိုလ်သိန်းနိုင်က တာဝန် ပေး၍ အမိန့်ကို ရေးသားရသော ဦးသိန်းဆွေသည်လည်း ထိုသို့ပင် သဘောရိုးဖြင့်ဆောင်ရွက်ခဲ့ သည်ဟုယူဆသည်။

အယောင်ဆောင်ခြင်း၊ လိမ်လည်အတုပြုလုပ်ခြင်းတို့ကို ထိရောက်စွာ အရေးယူရန်လိုသည်။ တော်လှန်ရေးကောင်စီဥက္ကဋ္ဌ၏ အမည် အာဏာကို လိမ်လည်အတုပြုလုပ်ခြင်းကိုမူကား၊ ပို၍ပင် ထိရောက်စွာအရေးယူရန် လိုသည်ကိုငင်း၊ ယင်းသို့ လိမ်လည်အတုပြုလုပ်ခြင်းမျိုးဖြစ်ပွါးပေါ် ပေါက်ခြင်း မရှိစေရန် ဟန့်တားကာကွယ်ရန် လိုအပ်သည်ကိုငင်း အထူးသတိပေးလိုက်သည်။

အယူခံတရားလိုအတွက်။ ။ဦးမြင့်စိုး။

အယူခံတရားခံအတွက်။ ။ဦးဘကျော်၊ လက်ထောက်နိုင်ငံတော်ရှေ့နေခု။ပ။

ဗိုလ် သိန်းနိုင်သည်၊ မြို့တွင်းမြို့တွင်၊ မြို့နယ်လုံခြုံရေးနှင့်အုပ်ချုပ်မှု ကော်မတီဥက္ကဋ္ဌနှင့် မြူနီစီပါယ် အထူးအရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ဦးသိန်းဆွေသည်၊ ထိုမြို့၌ သာသနာရေး အရာရှိအဖြစ် အမှုထမ်းဆောင်ခဲ့သည်။ မြို့တွင်းလမ်းလေးသွယ်ဆုံရာ၌ တည်ရှိသော နတ်ကွန်းနှင့် ညောင်ပင်တို့ကို၊ ဗိုလ် သိန်းနိုင်က ဦးစီးခေါင်းဆောင်၍ ၁၉၆၃ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့တွင် ရှင်းလင်းဖျက်ဆီးခဲ့သည်။ ရှင်းလင်းဖျက်ဆီးခြင်းမပြုမီ ဗိုလ် သိန်းနိုင်က၊ တော်လှန်ရေးကောင်စီဥက္ကဋ္ဌ၏အမိန့်ဟု အမည်တပ်ထားသော နတ်နှင့်အမိန့်တရပ်ကို ဖတ်ကြားသည်။ အမိန့်အဆုံးတွင် "ပုံ-နေဝင်း" ဟု ရေးသားဖတ်ကြားခဲ့သည်။ အမိန့်ကို ဗိုလ် သိန်းနိုင်၏ တာဝန် ပေးချက်အရ၊ ဦးသိန်းဆွေက ရေးသားခဲ့သည်။ အမိန့်ဖတ်ကြားရာတွင်လည်း ဦးသိန်းဆွေပါသည်။

ဗိုလ် သိန်းနိုင်နှင့် ဦးသိန်းဆွေတို့သည်၊ တော်လှန်ရေးကောင်စီဥက္ကဋ္ဌ၏ အမိန့်ဟု လိမ်လည်အတုပြုလုပ်ထားသော စာတမ်းကို ဖတ်ကြားအသုံးပြုခဲ့ကြသည်။ ထိုကြောင့် ရာဇသတ်ကြီးပုဒ်မ ၄၆၅/၄၇၁ တို့အရ ပြစ်မှုကျူးလွန်သည်ဟူသော စွဲချက်ကို မြို့တ်မြို့၊ အထူးရာဇဝတ်ရုံးအမှတ် ၁၀/၁၉၆၄ က စစ်ဆေးခဲ့သည်။ ဗိုလ် သိန်းနိုင်နှင့် ဦးသိန်းဆွေတို့သည်၊ မြို့၏အကျိုးကို ဖြစ်စေသော လုပ်ငန်းတရပ်ကို လုပ်ဆောင်ခဲ့ခြင်း

ဖြစ်သည်မှာ ယုံမှားဘွယ်မရှိ။ သို့ရာတွင် လုပ်နည်းလုပ်ဟန်မမှန်။ လိမ်လည်အတု ပြုလုပ်သော အမိန့်ပြန်တမ်းကို သုံးစွဲခဲ့ခြင်းသည် ရာဇဝတ်မှုမြောက်သည်ဟု အထူး ရာဇဝတ်ရုံးက ဆုံးဖြတ်ကာ၊ ၎င်းတို့အပေါ် ထောင်ဒဏ် ၃ နှစ်စီ ကျခံစေရန်၊ အမိန့် ချမှတ်ခဲ့သည်။

အကြောင်းအချက်များနှင့် ပတ်သက်၍ အငြင်းပွားခြင်း မရှိခဲ့ပေ၊ ထင်ရှားစွာ ပေါ်ပေါက်သော အကြောင်းအချက်များ အားလုံးကို၊ စုပေါင်းသုံးသပ်လျှင်၊ ရာဇဝတ် ပြစ်ဒဏ်သင့်ထိုက်သော လိမ်လည်ခြင်းရှိခဲ့သည်၊ သို့မဟုတ် ထိုသို့သော အပြစ်ကင်းခဲ့ သည်ကိုသာ ဆုံးဖြတ်ရန်ရှိသည်။

ယခင်အခါများက၊ နတ်ကွန်းနှင့် ညောင်ပင်တို့ကြောင့် မြို၏လမ်းဆုံလမ်းခွတွင် ညအခါ၌ လူပြတ်၊ အန္တရာယ်မကင်းရှိခဲ့သည်ဆိုသောအချက်ကို၊ တရားလိုဘက်ကပင် ဝန်ခံသည်။ နတ်ကွန်းနှင့် ညောင်ပင်တို့ကို၊ ရှင်းလင်းဖျက်ဆီးပြီးသော နေရာတွင်၊ ယာဉ်များကွေ့ရန်အဝိုင်းတခုကို မြူနီစီပါယ်က ဆောက်လုပ်ပေး၍၊ လမ်းခါတ်မီးတိုင် များကိုလည်း စိုက်ထူပေးကြောင်း။ ရှင်းလင်းပြုပြင်ပြီးသည့်နောက်ပိုင်းတွင်၊ ထိုနေရာ သည် ပိုမိုသာယာလုံခြုံလာကြောင်းကိုလည်း ထွက်ဆိုကြသည်။ ဗိုလ် သိန်းနိုင်မရောက် မီက၊ လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မီတီနှင့် မြူနီစီပါယ်က နတ်ကွန်းနှင့် ညောင်ပင်တို့ကို ရှင်းလင်းဖျက်ဆီးရန် ကြိုးစားခဲ့ကြောင်း။ ကိစ္စမပြီးမပြတ်ဖြစ်နေ၍၊ ဗိုလ်သိန်းနိုင်က ဆက်လက်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း။ ဗိုလ်သိန်းနိုင်သည်၊ မြို့လူကြီးများ၊ နတ်ကွန်း ထိန်းများကို အစည်းအဝေးခေါ်၍၊ နတ်ကွန်းဖျက်ရန်ကိစ္စကို ဆွေးနွေးခဲ့ကြောင်း။ ဆရာတော်များ၏ သဘောဆန္ဒကိုလည်းယူကြောင်း အားလုံးကပင် ရှင်းလင်းဖျက်ဆီး ရန် သဘောကြသော်လည်း၊ တာဝန်မယူကြကြောင်း။ သက်သေအထောက်အထား များအခိုင်အလုံ တွေ့ရှိရသည်။ နတ်ကွန်းပြောင်းရွှေ့ရန်အတွက်၊ ဗိုလ် သိန်းနိုင်က ငွေ ၆၀၀ ကျပ်ပေး၍ အစားဆောက်လုပ်ရန်ဒေါ်တို့က် နေရာပေးမည်၊ သယ်ယူပို့ဆောင် ရေးကိုလည်း တာဝန်ယူမည်ဟု ပြောသောအခါ၌ပင်၊ နတ်ထိန်းများကဂင်း၊ အခြား သောပုဂ္ဂိုလ်များကဂင်း တာဝန်မယူကြ။ မြူနီစီပါယ်ကသာ တာဝန်ယူပါဟု ပြောခဲ့ ကြသည်။ နတ်ကွန်းဖျက်ခြင်းနှင့် ပတ်သက်၍၊ ဗိုလ် သိန်းနိုင်က၊ ခရိုင်နှင့်တိုင်းလုံခြုံရေး နှင့် အုပ်ချုပ်မှုကော်မီတီများသို့သည်း၊ နှုတ်ဖြင့်တင်ပြခဲ့ကြောင်းကို တရားလိုပြ သက်သေအချို့က ထွက်ဆိုကြသည်။

ဦးသိန်းဆွေအား၊ နတ်နှင်မိန့် ရေးသားပေးရန်၊ ၁၉၆၃ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့ဘွင်၊ မိမိကပင် အကြမ်းရေး၍ တာဝန်ပေးပါသည်ဟု ဗိုလ်သိန်းနိုင်က ထွက်ဆိုသည်။ ထိုအမိန့်ကို ၁၉၆၃ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့တွင် ပြုစုသည်ကို ဗိုလ် သိန်းနိုင်က ငြင်းကွယ်ခြင်းမရှိ။ ဦးသိန်းဆွေကလည်း အမိန့်ကို ရေးပေး

ကြောင်းနှင့် ဖက်ကြားသောအခါ ဗိုလ် သိန်းနိုင်၏ "အနားတွင်ရပ်၍ နေခဲ့ကြောင်းကို ဝန်ခံသည်။ ဘော်လှန်ရေးကောင်စီဥက္ကဋ္ဌက ခွင့်ပြု၍ဖြစ်စေ၊ စေခိုင်း၍ဖြစ်စေ၊ "အမိန့်"ကို ရေးသားဖတ်ကြားခြင်း မဟုတ်ကြောင်းကို သိပါသည်ဟု ဗိုလ် သိန်းနိုင်နှင့်ဦးသိန်းဆွေတို့က ဝန်ခံကြသည်။ သို့ရာဘွင် နတ်နှင်မိန့်မျိုးကို၊ ပြည်ပိုင်မင်း၏ အာဏာဖြင့် ထုတ်ဆင့်ရသည့် ရှေးရိုးလေ့ရှိသည့်အတိုင်း နတ်ကွန်းဖျက်ခြင်း ပိုမိုအောင်မြင်စေ အောင်၊ အမိန့်ပြန်ခြင်းဖြစ်ပါသည်။ လိမ်လည်စိတ်မပါ၊ "သဘောရိုးဖြင့် လုပ်ကိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ကိုယ်ကျိုးလည်းမပါ၊ မြို့ရွာအကျိုးအတွက် မည်သူဘဦီးတယောက်ကိုမျှ မနစ်နာစေဘဲ၊ တာဝန်ဝတ္တရားအရ ဆောင်ရွက်ခြင်းဖြစ်ပါသည်ဟု ဗိုလ် သိန်းနိုင်က ထုချေသည်။ ဦးသိန်းဆွေကလည်း၊ ထိုအတိုင်းပင် ထုချေ၍ မိမိ၏အထက်အရာရှိဖြစ်သူ ဗိုလ် သိန်းနိုင်က တာဝန်ပေး၍အမိန့်ကို ရေးသားရကြောင်းဖြင့် ထပ်ဆင့်၍ဖြေခဲ့သည်။

အထူးရာဇဝတ်ရုံးက တဖက်တွင် ဗိုလ်သိန်းနိုင်နှင့် ဦးသိန်းဆွေတို့သည်၊ စေတနာကောင်းနှင့် ဆောင်ရွက်ခဲ့ကြသည်ဟု လက်ခံသည်။ ၎င်းတို့လုပ်ကိုင်ခဲ့သော လုပ်ငန်းသည်၊ မြို့ရွာအကျိုးအတွက် ကောင်းမွန်သည်ဟုလည်း တွေ့ရှိသည်။ သို့ရာတွင် တော်လှန်ရေးကောင်စီဥက္ကဋ္ဌ၏ အမည်ကို အသုံးပြုခဲ့ခြင်းသည်၊ နည်းလမ်းမမှန်၊ နတ်ကွန်း၏ တန်ဘိုးမှာ ငွေ ၅၀၀ ကျပ်ခန့်ရှိသည်။ တိုင်ငွေများကို၊ အသီးသီးလျှုထားကြသော ပုဂ္ဂိုလ်တို့သည်၊ နတ်ကွန်းဖျက်သိမ်းခြင်းကြောင့် နစ်နာရသည်။ နစ်နာသူတို့ မကန့်ကွက်ဝံ့၊ မဘိုင်ဝံ့အောင်၊ တော်လှန်ရေးကောင်စီဥက္ကဋ္ဌ အမည်ကို သုံးစွဲခဲ့ခြင်း ဖြစ်တန်ရာသည်။ ထို့ကြောင့် ဗိုလ် သိန်းနိုင်နှင့် ဦးသိန်းဆွေတို့ ၂ ဦးစလုံးသည်၊ လိမ်လည်အတုပြုထားသော စာဘမ်းကို အစစ်အမှန်အနေနှင့် အသုံးပြုသောကြောင့်၊ ရာဇသတ်ပုဒ်မ ၄၆၅/၄၇၁ တို့ကို၊ ကျူးလွန်ခဲ့ကြသည်ဟု ဆုံးဖြတ်ခဲ့သည်။ သို့ရာတွင် မှားယွင်း၍ လုပ်ကိုင်ခဲ့စေကာမူ ကောင်းမွန်သော အလုပ်ဖြစ်ခဲ့၍၊ သက်ညှာစွာ အပြစ်ဒဏ်ကို သတ်မှတ်သင့်သည်ဟု ယူဆသောကြောင့်၊ အထူးရာဇဝတ်ရုံးက ထောင်ဒဏ် ၃ နှစ်စီ ကျခံစေရန်ကို အမိန့်ချမှတ်ခဲ့သည်။

တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ နိုင်ငံတော်၏ အာဏာအရပ်ရပ်ကို တာဝန်ယူရသည်။ နိုင်ငံတော်၏ အထွဋ်အထိပ် ပုဂ္ဂိုလ်လည်းဖြစ်သည်။ ထို့ကြောင့်၊ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ၏ အမည်နှင့် အာဏာတို့ကို လိမ်လည်အတုပြုလုပ်သုံးစွဲခြင်းသည်၊ လူတဦးတယောက်၊ သို့မဟုတ် လူတစုအတွက် အကျိုးအမြတ်ဖြစ်စေသည်။ အကျိုးနစ်နာဆုံးရှုံးစေသည်ထက် ကျယ်ဝန်းစွာ၊ အများပြည်သူနှင့် နိုင်ငံကိုပင် အန္တရာယ်ဖြစ်စေနိုင်သည်။ ပြည်ထောင်ချုပ်ချုပ်ခြင်း ဆက်ဆံနေထိုင်ခြင်းကိုပင် ထိပါးနိုင်ပေသည်။ ထို့ကြောင့်လည်း၊ ဤအမှုကို သာမန်အယောင်ဆောင်မှု လိမ်လည်အတုပြုမှုထက် ပို၍အလေးဂရုပြုကာ၊ စုံစမ်းစစ်ဆေးခဲ့ရခြင်းဖြစ်ပေသည်။

အမှုကို၊ တရားရုံးသို့ တင်ပို့စစ်ဆေး၍၊ ဖြစ်ရပ်မှန်တို့ကို အပြည့်အစုံဖေါ်ထုတ်စေရမည်။ ထိုဖြစ်ရပ်မှန်တို့ကို အခြေခံ၍၊ တရားဥပဒေအရ တိကျမျှတစွာ စီရင်ဆုံးဖြတ်မည်ဟူသော ကျင့်စဉ်နှင့် မူဝါဒတို့နှင့်အညီလည်း၊ ဤအမှုကို တင်ပို့ခဲ့ခြင်းဖြစ်ပေသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည်၊ အယူခံကို ကြားနာသုံးသပ်ရာ၌၊ တဖက်တွင် တော်လှန်ရေးကောင်စီဥက္ကဋ္ဌ၏အမည်၊ အာဏာတို့ကို သုံးစွဲခဲ့ခြင်း၏ အပြစ်နှင့် အန္တရာယ်တို့ကိုငင်း၊ တဖက်တွင် အမှုကို တည်ရှိနေသော တရားဥပဒေနှင့် အကိုက်အညီတိကျမျှတစွာ ဆုံးဖြတ်ရန် လိုအပ်သည်ကိုငင်း ချိန်ဆကြရသည်။

အယူခံတရားလိုတို့ကိုယ်စား ဦးမြင့်စိုးက အဓိကထား၍ တင်ပြသည်မှာ၊ ၎င်း၏ အမှုသည်များတွင် လိမ်လည်စိတ်မရှိခဲ့။ သဘောရိုး၊ စေတနာကောင်းဖြင့် တာဝန်အရသာ လုပ်ကိုင်ခဲ့ခြင်းဖြစ်ကြောင်း။ နတ်ကွန်းဖျက်ခြင်းကြောင့်၊ မည်သူ တဦးတယောက်မျှ မနစ်နာ၊ မြို့ရွာသာယာလုံခြုံလာသည်မှာ ထင်ရှားကြောင်း။ ထို့ကြောင့်၊ တော်လှန်ရေးကောင်စီဥက္ကဋ္ဌကြီး၏ အမည်ကို သုံးစွဲခဲ့ရခြင်းမှာ၊ ရှေးရိုးထုံးတမ်းအတိုင်း နတ်နှင်မိန့်ကို နိုင်ငံတော်၏ အထွဋ်အထိပ်၏ အာဏာစက်ဖြင့်သာ ထုတ်ပြန်ရသည်ဟု စွဲလမ်းယူဆသောကြောင့်ဖြစ်ကြောင်း။ ထို့ကြောင့် မသိမိုက်မှားမှု ဖြစ်ခဲ့ကောင်းဖြစ်ခဲ့ပါမည်။ ရာဇဝတ်ပြစ်မှုကား မဟုတ်ခဲ့ပါဟု ဦးမြင့်စိုးက လျှောက်လဲသည်။ လက်ထောက် နိုင်ငံတော်ရှေနေချုပ် ဦးဘကျော်ကလည်း၊ စွဲဆိုသော ပြစ်မှုမြောက်စေရန်၊ မနောကံ ကာယကံ နှစ်ရပ်လုံး စုံလင်ရန်လိုရာ၊ မနောကံ အင်္ဂါရပ်တွင် ခိုင်လုံခြင်း မရှိပါဟု တင်ပြသည်။

အထူးရာဇဝတ်ရုံးက၊ နတ်ကွန်းကို ၎င် ၅၀၀ ကျပ်ဖြင့် တန်ဘိုးဖြတ်၍ ထိုမျှသော တန်ဘိုးအတွက် လှူဒါန်းထားကြသူတို့ နစ်နာဆုံးရှုံးကြသည်။ ထိုသို့နစ်နာဆုံးရှုံးခြင်းကို ဖြစ်စေခြင်းကြောင့်၊ ဗိုလ်သိန်းနိုင်တို့တွင်၊ ၎င်းတို့အတွက် အကျိုးအမြတ်မဖြစ်သည်မှန်စေကာမူ၊ လိမ်လည်စိတ်ရှိခဲ့သည်ဟု တရားဥပဒေအရ ယူဆရမည်ဟု ဆုံးဖြတ်ခဲ့ပေသည်။ သို့ရာတွင် ဗိုလ် သိန်းနိုင်က ၎င် ၅၀၀ ကျပ်မက၊ ၎င် ၆၀၀ ကျပ်ကိုပင်ပေး၍၊ နတ်ကွန်းဆောက်ရန် နေရာအစားကိုငင်း၊ သယ်ယူပို့ဆောင်ခြင်းကိုငင်း ပေးသေးသည်။ နတ်ကွန်းထိန်းများ၊ မြို့လူကြီးများကသာတာဝန်မယူကြဘဲ၊ မြို့နှိပ်စီပါယ်ကို လွှဲအပ်ခဲ့ကြသည်ဟု ပေါ်လွင်ပေသည်။

လူတဦးတယောက်က တစုံတခုကို ပြုလုပ်ရာတွင် ထားရှိခဲ့သော စိတ်စေတနာကို အတိအကျ တိုင်းထွာခန့်မှန်းရန် လွယ်ကူသည်မဟုတ်ချေ။ စိတ်စေတနာက တိုက်တွန်း၍ ကာယကံမြောက် ပြုလုပ်ခြင်းဖြစ်တတ်သောကြောင့်၊ ထိုပြုလုပ်ခြင်းကပင် ထိုသူ၏ စိတ်ကို ဖေါ်ပြသော ကြေးမုံပြင်ဖြစ်သည်ဟု သာမန်အားဖြင့် တွက်ချက်ရသည်။ ဤအမှုတွင်၊ နတ်ကွန်းနှင့် ညောင်ပင်ကို ဖျက်ဆီးရှင်းလင်းခြင်းသည် ကောင်းသော

အလုပ်ဟု အထူးရာဇဝတ်ရုံးကပင် တွေ့ရှိခဲ့သည်။ မြို့ရွာမှ သံဃာ၊ လူကြီးများကအစ၊ နှတ်ကွန်းထိန်းများမကျန် သဘောတူ၍ လိုလားကြသောအလုပ်ကို၊ တာဝန်အရ လုပ်ခဲ့ကြခြင်းဖြစ်သဖြင့် ဗိုလ် သိန်းနိုင်နှင့် ဦးသိန်းဆွေ တို့၏ စိတ်စေတနာသည် ရိုးသားသည်ဟု ဆိုရမည်သာ ဖြစ်ပေသည်။

နတ်ကွန်းဖျက်ရာ၌၊ တော်လှန်ရေးကောင်စီဥက္ကဋ္ဌ အမည်ကိုတပ်၍ အမိန့်ဖတ်ကြားခဲ့ခြင်းသည်လည်း သဘောရိုးနှင့် မှားယွင်းခြင်းပင် ဖြစ်သလောဟူ၍ ထပ်ဆင့်စဉ်းစားရန်လိုပေသည်။ ဤကိစ္စတွင် မိမိက အကြံရ၍ ဦးသိန်းဆွေအား အမိန့်ကို ရေးသားစေခဲ့ပါသည်ဟု ဗိုလ် သိန်းနိုင်က ဝန်ခံသည်။ ထို့ကြောင့် ဗိုလ် သိန်းနိုင်နှင့်ပတ်သက်၍ ဤပြဿနာကို အဓိကထား၍ စဉ်းစားအပ်ပေသည်။

နတ်နှင်မိန့်မျိုးသည်၊ ပြည်ပိုင်မင်း၏ အာဏာဖြင့် ထုတ်ပြန်မှသာ အာနိသင်ထက်သည်ဟု စွဲလမ်းယူဆကြသည်ကို ကျွန်ုပ်တို့ သတိပြုရပေမည်။ အစွဲအလမ်းများသည် တစတစသာလျှင် ပျောက်ကွယ်တတ်သည်။ နတ်နှင်ခြင်းနှင့် ပတ်သက်သော အစွဲအလမ်းသည် ပျောက်ကွယ်ခြင်း မရှိသေးကြောင်းကို ဤအမှုတွင် နတ်ကွန်းကို အခြားမည်သည့် ပုဂ္ဂိုလ်များကမှ တာဝန်ယူ၍ ဆောင်ရွက်ခြင်း မပြုလိုကြခြင်းမှာ ထင်ရှားသည်။ ထိုအစွဲအလမ်းကြောင့်၊ ဗိုလ် သိန်းနိုင်သည် တာဝန်ယူ၍ နတ်ကွန်းဖျက်ရာ၌၊ နိုင်ငံတော်၏ အထွဋ်အထိပ် တော်လှန်ရေးကောင်စီဥက္ကဋ္ဌ၏ အမည်နှင့် အာဏာကို သုံးစွဲခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

ဗိုလ် သိန်းနိုင်သည်၊ မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကိစ္စများတွင်၊ စေတနာထား၍ ရွပ်ရွပ်ချုံချုံ ဆောင်ရွက် ခဲ့သည်ဟု တရားလိုပြ သက်သေများကပင် ထွက်ဆို ခဲ့ကြသည်။ ကျွန်ုပ်တို့သည်၊ ဗိုလ် သိန်းနိုင်၏ စစ်မှုထမ်း မှတ်တမ်းကို တောင်းယူလေ့လာရာ၌လည်း၊ ၎င်းသည် တာဝန်ကျေပွန်စွာ အမှုထမ်းခဲ့သည်ဟု တွေ့ရသည်။ ၎င်းမြို့မြို့၌ အမှုထမ်းခဲ့စဉ်က၊ သက်ဆိုင်ရာ တပ်မတော် တိုင်းမှူးဖြစ်ခဲ့သော ပုဂ္ဂိုလ်ကလည်း ဗိုလ်သိန်းနိုင်သည်၊ လူမှုဆက်ဆံရေး လုပ်ငန်းများတွင် အထူးကြိုးစား ဆောင်ရွက်၍ အောင်မြင်ခဲ့ပါသည်။ မမြော်လင့်ဘဲ၊ နတ်ကွန်းဖျက်မှုဖြစ်ပေါ်ခဲ့ရာတွင်လည်း၊ တော်လှန်ရေးကောင်စီဥက္ကဋ္ဌ၏ အမည်ကို ရိုးသားစွာ မှားယွင်း၍ သုံးစွဲခဲ့ကြောင်း စုံစမ်းသိရှိပါသည်ဟု မှတ်ချက်ပြုသည်။

အထက်ပါ အကြောင်းတို့ကြောင့်၊ ဗိုလ်သိန်းနိုင်သည်၊ သဘောရိုးဖြင့်၊ နတ်နှင်မိန့်မျိုးကို၊ နိုင်ငံအထွဋ်အထိပ် ပုဂ္ဂိုလ်၏ အာဏာဖြင့်သာ ထုတ်ပြန်သည့် ရှေးရိုးထုံးစံရှိသည်ဟူသော အစွဲအလမ်းကြောင့်၊ အမိန့်ပြန်တမ်းပြုလုပ်၊ ဖတ်ကြားခဲ့ခြင်းဖြစ်သည်ဟု ကျွန်ုပ်တို့ ဆုံးဖြတ်သည်။ ဗိုလ်သိန်းနိုင်က တာဝန်ပေး၍ အမိန့်ကို ရေးသားစေ

ရသော ဦးသိန်းဆေသည်လည်း၊ ထိုသို့ပင် သဘောရိုးဖြင့် ဆောင်ရွက်ခဲ့သည်ဟု ဆုံးဖြတ်သည်။

အယောင်ဆောင်ခြင်း၊ လိမ်လည်အတုပြုလုပ်ခြင်းတို့ကို ထရောက်စွာ အရေးယူရန်လိုသည်။ တော်လှန်ရေးကောင်စီဥက္ကဋ္ဌ၏အမည်၊ အာဏာကို လိမ်လည်အတုပြုလုပ်ခြင်းကိုမူကား၊ ပို၍ပင်ထိရောက်စွာ အရေးယူရန် လိုသည်ကိုငင်း၊ ယင်းသို့ လိမ်လည်အတုပြုလုပ်ခြင်းမျိုး ဖြစ်ပွါးပေါ်ပေါက်ခြင်း မရှိစေရန် ဟန့်တားကာကွယ်ရန် လိုအပ်သည်ကိုငင်း ကျွန်ုပ်တို့ အထူးသတိပေးလိုက်သည်။

ဤအမှုတွင်ကား၊ အယူခံတရားလိုတို့သည်၊ တာဝန်အရ၊ အများအကျိုးအတွက် ဆောင်ရွက်ရာတွင်၊ သဘောရိုးဖြင့် မှားယွင်းခဲ့ခြင်းဖြစ်သည်ဟု ကျွန်ုပ်တို့တွေ့ရှိသဖြင့်၊ ငင်းတို့အပေါ် ပြစ်မှုထင်ရှား တွေ့ရှိထားခြင်း၊ ပြစ်ဒဏ်သတ်မှတ်ထားခြင်းတို့ကို ပယ်ဖျက်၍၊ ငင်းတို့အား တရားသေလွှတ်လိုက်သည်။

အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

ရာဇဝတ်အယူခံမှု

ဗိုလ်မှူးကြီး လှဟန်၊ ဗိုလ်မှူးကြီး သန်းစိန် နှင့် ဒေါက်တာ မောင်မောင်တို့ရှေ့တွင်

† ၁၉၆၇

မေလ ၃ ရက်။

မောင်တင်ဟန် ပါ ၉ (အယူခံတရားလိုများ)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

ရာဇသတ်ကြီး ပုဒ်မ ၂၀၁/၂၀၇/၃၅၄/၃၆၆/၃၇၆/၃၂၃ အရ၊ မူပြစ် ထင်ရှားစီရင်ခြင်း—မသက်ဘ ဟု ဆိုကာ ရဲ၏ အာဏာဖြင့် ခေါ်ဆောင်သွားခြင်း—ပြည့်တန်ဆာဆိုကာမျှနှင့် ရဲက ထင်ရာ ပြုကျင့်နိုင်သည် မဟုတ်။

အယူခံ တရားလိုများအပေါ် မိန်းကလေးနှစ်ဦးကို ခေါ်ဆောင်သွားခြင်း၊ ၎င်းတို့ထံမှ ငွေလုယူခြင်း၊ ၎င်းတို့အား မုဒိမ်းပြုကျင့်ခြင်း၊ ရိုက်နှက်ခြင်း၊ ဝတ်လစ်စလစ်ခါတံပုရိုက်ခြင်း စသည့် ပြစ်မှုများကို ကျူးလွန်ကြခြင်းနှင့် မိန်းကလေးများက တိုင်တန်းကြသောအခါ၌ တိုင်ချက်ကို ဖျက်ခြင်း၊ အရေးကြီးသော သက်သေခံပစ္စည်းများကို ဝှက်ခြင်း၊ သက်သေလိမ်သွင်းခြင်း စသည်တို့ကို ပြုလုပ်ကြသည်ဆိုသော စွဲချက်များ အသီးသီးဖြင့် စစ်ဆေးခဲ့သည်။

ဆုံးဖြတ်ချက်။ ။မကျင်မေသည် အကျင့်ပျက်သူဖြစ်စေဦး၊ မသန်းနွဲ့သည် ယခင်က ဖောက်ပြားမှုများနှင့် ဆက်ဆံခဲ့ဘူးစေဦး၊ ၎င်းတို့အလိုမတူဘဲ ၎င်းတို့အား မသက်ဘဟုဆိုကာ ရဲ၏ အာဏာဖြင့် ခေါ်ဆောင်သွားပြီးလျှင် လူအများဝိုင်းဝန်း၍ ကျူးလွန်ခဲ့ကြခြင်းသည် ဆဲ့ဝင်ခေါ်ဆောင်သွားမှု၊ မုဒိမ်းမှုတို့ပင် မြောက်စေမည်သာဖြစ်သည်။ ပြည့်တန်ဆာဆိုကာမျှနှင့် ရဲက ထင်ရာ ပြုကျင့်နိုင်သည် မဟုတ်၊ ပြည့်တန်ဆာကို ပြုပြင်ခြင်း၊ ပြည့်တန်ဆာများကို မွေး၍ အမြတ်ထုတ်စားသောက်သူတို့ကို နှိပ်ကွပ်ခြင်း စသည်တို့က တပိုင်းဖြစ်သည်။ ဥပဒေဘောင်အတွင်းက ထိုသို့ ပြုပြင်ခြင်း နှိပ်ကွပ်ခြင်းတို့ကိုပြုလုပ်ရာ၌ ပါဝင် တာဝန်ယူရမည့် ရဲအဖွဲ့သားများက ပြည့်တန်ဆာဘဝကို ၎င်းတို့၏ စားကျက်ပြုခြင်း၊ ပြည့်တန်ဆာများကို ၎င်းတို့ထင်သလို ပြုကျင့်နိုင်သည်ဟု ယူဆခြင်းတို့သည် ခေတ်ဟောင်း၏ အတွေးအခေါ်များ၊ အမွေဆိုးများသာဖြစ်ပေသည်။

အယူခံတရားလို (၁) အတွက်။ ။ဦးထွန်းအောင် (၃)။

အယူခံတရားလို ၂၊ ၈၊ ၉ အတွက်။ ။ဦးလှဖေ (၂)။

အယူခံတရားခံအတွက်။ ။လက်ထောက် နိုင်ငံတော်ရှေ့နေချုပ် ဦးဘကျော်။

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၂၀-၂၆၊ ၆၀-၆၁။

† ၁၉၆၃ ခုနှစ်၊ ရာဇဝတ်ကြီးမူအမှတ် ၁ တွင် ချမှတ်သော ၁၉၆၅ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့စွဲပါ သာယာဝတီခရိုင်၊ အထူး ရာဇဝတ်ရုံး အမှတ် ၂/၁၉၆၂ ၏ အမိန့်ကို အယူခံမှု။

အယူခံတရားလိုများအပေါ် မသန်းန္ဒနှင့် မကျင်မေဆိုသူ မိန်းကလေး နှစ်ဦးကို ခေါ်ဆောင်သွားခြင်း၊ ၎င်းတို့ထံမှ ငွေလုယူခြင်း၊ ၎င်းတို့အား မုဒိမ်းပြုကျင့်ခြင်း၊ ရိုက်နှက်ခြင်း၊ ဝတ်လစ်စလစ် ဓါတ်ပုံရိုက်ခြင်း စသည့် ပြစ်မှုများကို ကျူးလွန်ကြခြင်း နှင့် မိန်းကလေးများကတိုင်တန်းကြသော အခါ၌ တိုင်ချက်ကိုဖျက်ခြင်း၊ အရေးကြီးသော သက်သေခံ ပစ္စည်းများကို ဝှက်ခြင်း၊ သက်သေ လိမ်သွင်းခြင်း စသည်တို့ကို ပြုလုပ်ကြသည်ဆိုသော စွဲချက်များ အသီးသီးဖြင့် အထူးရာဇဝတ်ရုံးက စစ်ဆေးခဲ့သည်။ အယူခံတရားလို အများသည် ရဲအဖွဲဝင်များ ဖြစ်ကြသည်။

အမှုကို စုံစမ်းစစ်ဆေးခဲ့ခြင်းသည် မူလကပင် ပြည့်စုံပြတ်သားခြင်း မရှိခဲ့ပေ။ အမှုပေါ်သော အခါ၌ တရားလိုမိန်းကလေးများကို ပြည့်တန်ဆာများအဖြစ် သတ်မှတ်ကာ၊ ၎င်းတို့ကိုပင် တရားခံပြုလုပ်ရန် စီစဉ်ခဲ့ကြသည်။ နောက်ဆုံး အထက်မှ အမှုန်အတိုင်း ပြတ်ပြတ်သားသား အရေးယူရန် အမိန့်ကျသောအခါ အမှုစုံစမ်း ဖွင့်လှစ်သော်လည်း၊ သက်သေခံ ထမီများကို မတင်ခြင်း၊ သက်သေများကို ဖျက်ခြင်း၊ ပြင်ခြင်းပြုခဲ့သည်ဟူသော စွဲချက်များ ရှိလေသည်။ အမှုကို သေချာစွာ စုံစမ်းသော အခါ၊ ပေါ်ပေါက်လာသော အချက်အလက်များအရ၊ ပြစ်မှုအမျိုးမျိုးကို ကျူးလွန်ကြသူ အသီးသီးအား စုပေါင်း၍ ရုံးတင်စွဲဆိုနိုင်ရန် အထူးရာဇဝတ်ရုံး ဥပဒေကိုပင် ပြင်ဆင်ခဲ့ရသေးသည်။ ရုံးဖွဲ့၍ စတင်စစ်ဆေးသောအခါ၊ ၁၉၆၂ ခု၊ စက်တင်ဘာလ ၅ ရက်နေ့ညက ဖြစ်ပွါးခဲ့သောအမှုသည် ၁၉၆၄ ခု၊ ဧပြီလ ၆ ရက်နေ့အထိ ကြာမြင့်ခဲ့ရလေသည်။

အထူး ရာဇဝတ်ရုံးသည် ကြာမြင့်မှ အမှုတင်ရသည့်အတွက် သက်သေများကို ဝေဘန်သုံးသပ်ရာတွင် တွေ့ရှိရသော အခက်အခဲများအပြင် မူလက အမှုကို မသေမချာ ကိုင်တွယ် စုံစမ်းခဲ့ခြင်းကြောင့် ပေါ်ပေါက်သော အခက်အခဲတို့ကိုပါ ရင်ဆိုင်ခဲ့ရလေသည်။ သို့ရာတွင် ရုံးက မျှမျှတတနှင့် ပြည့်စုံနိုင်သမျှ ပြည့်စုံအောင် သက်သေများကို ဖေါ်ထုတ်၍၊ ချိန်ဆ ဆုံးဖြတ်ခဲ့ပေသည်။ အထောက်အထား မခိုင်လုံသော စွဲချက်တို့ကိုပယ်၍ အခြို့သော တရားခံတို့ကို တရားသေလွှတ်ရန် ဆုံးဖြတ်သည်ကို အတည်ပြုအဖွဲက လက်ခံခဲ့သည်။

အမှုအဖြစ်အပျက်တို့ကို ကျွန်ုပ်တို့ အသေးစိတ် ဖေါ်ပြရန် မလို။ အထူးရာဇဝတ်ရုံးက အောက်ပါကဲ့သို့ တရားခံတို့ အပြစ်ရှိခြင်း၊ အပြစ်ကင်းခြင်းတို့ကို ဝေဘန်၍ ဆုံးဖြတ်ထားသည်မှ အဖြစ်အပျက်များ ပေါ်လွင်ပါသည်။

"မောင်စိန်ဌေး၊ မောင်အောင်သိန်း၊ မောင်သန်းမြင့်နှင့် မောင်စွန်းတင်တို့သည် ၁၉၆၂ ခု၊ စက်တင်ဘာလ ၅ ရက်နေ့ ၄ နာရီခန့်တွင် ကျွန်းကလေးကျောဆုံ၌ ရှိကြပြီးလျှင် ရန်ကုန်ဘက်မှ ကားကြီးတစီးကို ရပ်တန့်ခိုင်းကာ ကားပေါ်မှ မသန်းန္ဒနှ

၁၉၆၇ မောင်ထင်ဟန် ပါ ၉ နှင့် ၆ ပြည်ထောင်စု မြန်မာနိုင်ငံ။

နှင့် မကျင်မေတို့ကို ဆင်းစေပြီး မသက်ဘ၍ ဂါတ်တဲသို့ ခေါ်သွားမည်ဆိုပြီး ဆိုက်ကား များဖြင့် မြို့ထဲသို့ သွေးဆောင် ဆဲခေါ်သွားကြသည်ဟူသော အကြောင်းခြင်းရာများမှာ မကျင်မေ၊ မသန်းန္ဒေ့၊ ရဲစာရေး မောင်သောင်း၊ ရဲအကူစာရေး မောင်အုန်းမောင်၊ ဆိုက်ကားသမားဖြစ်သော မောင်ကျော်ဇင်၊ မောင်ခင်၊ စျေးသည် မတဆုတ်အပြင် တရားသူကြီးများ ဖြစ်ကြသော ဦးသိန်းမြင့်နှင့် ဦးတင်မောင် (လိုပြသက်သေ -၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၉၊ ၁၅ နှင့် ၁၆) တို့၏ ထွက်ဆိုချက်များအရ ဟုတ်မှန်ကြောင်း သက်သေထင်ရှားလျက် ရှိပါသည်။ ဆိုက်ကားများပေါ် မတက်မီ မောင်ဝင်းတင် (၈-တရားခံ)၊ က မကျင်မေထံမှ ငွေ ၁၀၀ ကို လုယက်သည်ဟူသော စွပ်စွဲချက်မှာမူ သက်သေခံ အထောက်အထား ခိုင်လုံခြင်း မရှိဟု ရုံးကယူဆဆုံးဖြတ်သည်။

ထိုမိန်းကလေး နှစ်ဦးတို့အား မြို့ထဲသို့ ခေါ်သွား၍ မသန်းန္ဒေ့အား ချစ်တီး ဘုရားကျောင်းထဲ၌ မောင်အောင်သိန်း၊ မောင်သန်းမြင့်နှင့် မောင်ဝင်းတင် (၂၊၃၊၈-တရားခံ) တို့က မုဒိမ်းကျင့်ကြောင်း၊ ၎င်းနောက် မောင်ကြာအောင်ထံသို့ ခေါ်သွား၍ မောင်ကြာအောင် (၄-တရားခံ) ကဝင်း မသန်းန္ဒေ့အား မုဒိမ်းကျင့်ကြောင်း၊ ထို့နောက် ရဲဌာနာ ဝင်းအတွင်းသို့ ခေါ်သွားပြီးလျှင် ရဲသား ဘိုးထွေး အခန်း၌ မောင်စိန်ဌေးက တဖန် မုဒိမ်းကျင့်ကြောင်း၊ ထို့ပြင် မကျင်မေအားလောကမာန်အောင် ဘုရားတွင် မောင်သန်းမြင့် (၃-တရားခံ) ကဝင်း၊ ရဲဌာနာ တိုက်တန်းလျားရှိ ရဲသား ဘိုးထွေး၏ အခန်းတွင် မောင်စိန်ဌေးကဝင်း၊ (၃) လမ်းရှိ မောင်ကြာအောင် အိမ်တွင် မောင်ကြာအောင်ကဝင်း၊ အခြား အိမ်တအိမ်တွင် မောင်ဝင်းတင်ကဝင်း အသီးသီး မုဒိမ်းကျင့်ကြကြောင်းတို့ကို အထက်တွင် ဖော်ပြထားသည့် တရားလို သက်သေများအပြင်၊ ၁၉၆၂ ခု၊ စက်တင်ဘာလ ၅ ရက်နေ့၌ မီးရထား လုံခြုံရေး တာဝန်ကျသည့် ရဲသား ကျော်သန်း၊ ရဲသား မြသောင်း (လိုပြ-၄၊ ၁၄) ဘရင်းကယ်ရီယာ အစောင့်တာဝန်ကြသော ရဲသား မြင့်လွင်၊ ရဲသား ဝင်းကြည် (လိုပြ-၂၀၊ ၂၉) တို့၏ ထွက်ဆိုချက်များအရ သက်သေခံ အထောက်အထား ခိုင်လုံသည်ဟု ဤရုံးက ယူဆ ဆုံးဖြတ်ပါသည်။

မောင်လေးဖေ (၅-တရားခံ) အပေါ် စွပ်စွဲချက်နှင့် ပတ်သက်၍ မကျင်မေ (လိုပြ-၂) တဦးတည်း၏ ထွက်ချက် ရှိသည့်ပြင်၊ မောင်စံတင် (တရားခံပြ-၂၃)၊ မောင်ကဖူးတို့၏ သက်သေခံချက်များအရ၊ ပြစ်မှုကျူးလွန်ကြောင်း သက်သေ အထောက်အထား ခိုင်လုံမှုမရှိကြောင်း ဤရုံးက ယူဆဆုံးဖြတ်ပါသည်။

မောင်ထွန်းလူ (တရားခံ-၉) သည် မသန်းန္ဒေ့နှင့် မကျင်မေတို့အား ၁၉၆၂ ခု၊ စက်တင်ဘာလ ၆ ရက်နေ့ ရဲဌာနာသို့ရောက်လျှင် ရောက်ခြင်း ခါးပတ်ဖြင့် ရိုက်ကြောင်းမှာ သက်သေ အထောက်အထား ခိုင်လုံမှု ရှိသော်လည်း မကျင်မေကို မုဒိမ်းကျင့်ခြင်း၊

ထိုမိန်းကလေးအား ငွေ ၂၀ ကျပ် လာဘ်ထိုးခြင်းနှင့် စပ်လျဉ်းသော စွပ်စွဲချက်များမှာ အထောက်အထား ခိုင်လုံခြင်းမရှိပါ။

မောင်ဟံသိန်း (တရားခံ-၁၀) သည် မိန်းကလေးများ၏ တိုင်ချက်ကို ပဌမသတင်းပေးချက်အနေဖြင့် မရေးမှတ်ခဲ့ခြင်းမှာ တရားခံများကို အရေးယူခြင်းမှ ကယ်ဆယ်ရန် အကြံဖြင့် ပျက်ကွက်ခဲ့သည်ဟု မဆိုနိုင်ပါ၊ ၎င်းတို့အား ရဲသားကျော်သန်း (လိုပြ-၁၃) ဖြင့်၊ လက်ပံတန်းသို့ အပို့လွှတ်လိုက်ခြင်းသည် ၎င်းမှာ သဘောရိုးဖြင့် ဆောင်ရွက်ကြောင်း အထောက်အထား ဖြစ်ပါသည်။

ဦးမြင့် (တရားခံ-၁၁) သည် မိန်းကလေးများအား ဝတ်လစ်စလစ်ဓါတ်ပုံရိုက်သည်ဟူသော အကြောင်းခြင်းရာမှာ၊ မသန်းနွဲ့၊ မကျင်မေ တို့၏ ထွက်ချက်များမှအပ၊ အထောက်အကူသက်သေခံအဖြစ် ရဲသား မောင်အုံး (လိုပြ-၂၆) ၏ ထွက်ချက်အရ ဟုတ်မှန်ကြောင်း သက်သေထင်ရှားရှိပါသည်။ ၎င်းသည် မသန်းနွဲ့၏ ထမီကို မသိမ်းဆည်းကြောင်းလည်းထင်ရှားပါသည်။ သို့သော် မိန်းကလေးများကို ၎င်းအိမ်၌ ထားခြင်းသည် မဘရားချုပ်နှောင်ထားခြင်း မဖြောက်ကြောင်း၊ မသန်းနွဲ့နှင့် မကျင်မေတို့ကိုယ်တိုင် ထွက်ဆိုချက်များအရရှင်း၊ တရားခံပြ သက်သေများ၏ ထွက်ဆိုချက်များအရဖြင်း ထင်ရှားပါသည်။ မိန်းကလေးများ၏ ရင်သားများကို ဆွဲကိုင်သည်ဟူ စွပ်စွဲခြင်းမှာလည်း အထောက်အထား မခိုင်လုံပါ။

ဦးတင်ဟန် (တရားခံ-၁၂) သည် မသန်းနွဲ့၏ထမီကို သိမ်းဆည်းရန် ပျက်ကွက်ခြင်းကိုဖြင်း၊ မကျင်မေ၏ အစစ်ခံချက်မှတ်တမ်းတွင် သိလျက်နှင့် အမှုပျက်ပြားစေရန် အကြံဖြင့် မှားယွင်းသည့် ရေးသွင်းချက်များကို ရေးသွင်းခြင်းကိုဖြင်း တရားလိုဘက်မှ သက်သေထင်ရှားအောင် ပြသခဲ့သည်ဟု ဤရုံးမှယူဆသည်။ တရားခံဝင်းတင်ကို မဘမ်းဆီးသည့် အကြောင်းမှာ၊ မသန်းနွဲ့က လူတန်းစီပြရာ၌ မောင်ဝင်းတင်အား ဆွဲမပြ၍ ဖြစ်ကြောင်း ဤရုံးမှယူဆပါသည်။

ဦးတင်သု (တရားခံ-၁၃) အပေါ် စွဲဆိုသည့် ပြစ်မှုများကိုဖြင်း၊ ကျူးလွန်ကြောင်း သက်သေခံ အခေသာက်အထားများ အရ၊ ထင်ရှားခြင်း မရှိကြောင်း တရားရုံးမှ ယူဆဆုံးဖြတ်ပါသည်။

ဦးငွေ (တရားခံ-၁၄) အပေါ် စွဲဆိုသည့် ပြစ်မှုနှင့် ပတ်သက်၍ ဦးငွေသည် တရားသူကြီး ဦးကံရင်(လိုပြ-၂၅)၏ ရုံးတွင်ရဲသက်သေများ ဖြစ်ကြသော ကျော်မြင့်၊ မောင်သန်း၊ မြင့်လွင်၊ ဝင်းကြည်နှင့် မောင်သောင်း တို့အား ပယ်ပေးရန် ပြောလာသည်ဘဲ နယ်စီး ရဲဝန်ဆောက် ဦးတင်အုံးထံမှ လိုအပ်သည့် အမိန့်ကို ရယူ၍ ပယ်ဖျက်ပေးမည် ဖြစ်ကြောင်း ပြောပါသည်။ ထိုအချက်ကို ထောက်ခြင်းအားဖြင့်၊ ၎င်း

သည် သဘောရိုးဖြင့် ဆောင်ရွက်ကြောင်း ထင်ရှားပါသည်။ သို့ဖြစ်၍ ၎င်းစွဲချက်နှင့် ပတ်သက်၍ ပြစ်မှုထင်ရှားစီရင်ရန် မသင့်လျော်ပါ။

မခင်မာဝေ (တရား၁-၁၅) အပေါ် စွပ်စွဲသည့် ပြစ်မှုကို ၎င်းကကျူးလွန်ကြောင်း မသန်းနွဲ့ (လိုပြ-၃)၏ ထွက်ဆိုချက်အရ ထင်ရှားသည်ဟု ဤရုံးမှ ယူဆဆုံးဖြတ်ပါသည်"။

ကျွန်ုပ်တို့သည် အယူခံဘရားလိုများ၏ ရှေနေကြီးများနှင့် လက်ထောက် ရှေနေချုပ်တို့ကို ကြားနာကာ အမှုကို ကောင်းစွာ သုံးသပ်သောအခါ၊ မုဒိမ်းမှုမျှား အတွက် သက်သေခိုင်လုံသည်ကို တွေ့ရသည်။ ကာယကံရှင်များကတိုင်တန်း ထွက်ဆိုချက်များ၊ လူတန်းစီပြရာတွင် ဆွဲထုတ်ပြသခြင်းများကို ပတ်ဝန်းကျင် အခြေအနေများနှင့် အခြားသက်သေများက အထောက်အထား ပြုကြသည်။ မသန်းနွဲ့ကို ၁၉၆၂ ခု၊ စက်တင်ဘာလ ၇ ရက်နေ့ နံနက်၌ စစ်ဆေးခဲ့သော ဆရာဝန် ဦးသက်တင် (လိုပြ-၁၇)က မသန်းနွဲ့၏ အင်္ဂါစပ်တွင်း၌ နီရဲနေသည်။ ၃-၄-၅ ယောက်နှင့် ကာမ စပ်ယှက်ခဲ့သည့် အလားအလာမျိုးဖြစ်သည်။ သို့ရာတွင် မိန်းကလေးသည် ယခင်က ယောကျ်ားများနှင့် ဆက်ဆံဘူးသူ ဖြစ်ဟန် တူပါသည်ဟု ထင်မြင်ယူဆလေသည်။ မကျင်မေကို ဆရာဝန် စစ်ဆေးသည် မတွေ့ရ။ အမှုစုံစမ်းစဉ်ကပင် မကျင်မေသည် အကျင့်မကောင်းသူ ဖြစ်သည်ဟု ယူဆခဲ့ကြဟန် တူသည်။

မကျင်မေသည် အကျင့်ပျက်သူ ဖြစ်စေဦး၊ မသန်းနွဲ့သည် ယခင်က ယောကျ်ားများနှင့် ဆက်ဆံခဲ့ဘူးစေဦး၊ ၎င်းတို့ အလိုမတူဘဲ ၎င်းတို့အား မသင်္ကာဟုဆိုကာ ရဲ၏အာဏာဖြင့် ခေါ်ဆောင်သွားပြီးလျှင် လူအများ ဝိုင်းဝန်း၍ ကျူးလွန်ခဲ့ကြခြင်းသည်၊ ဆွဲငင်ခေါ်ဆောင်သွားမှု၊ မုဒိမ်းမှုတို့ပင် မြောက်စေသည်သာ ဖြစ်သည်။ ပြည့်တန်ဆာဆိုကာမျှနှင့် ရဲက ထင်ရာပြုကျင့်နိုင်သည်မဟုတ်၊ ပြည့်တန်ဆာကို ပြုပြင်ခြင်း၊ ပြည့်တန်ဆာများကို မွေး၍ အမြတ်ထုတ် စားသောက်သူတို့ကို နှိပ်ကွပ်ခြင်းစသည်တို့က တပိုင်းဖြစ်သည်။ ဥပဒေ ဘောင်အတွင်းက ထိုသို့ပြုပြင်ခြင်း၊ နှိပ်ကွပ်ခြင်းတို့ကို ပြုလုပ်ရာ၌ ပါဝင်တာဝန်ယူရမည့် ရဲအဖွဲ့သားများက ပြည့်တန်ဆာဘဝကို ၎င်းတို့၏ စားကျက်ပြုခြင်း၊ ပြည့်တန်ဆာများကို ၎င်းတို့ ထင်သလို ပြုကျင့်နိုင်သည်ဟု ယူဆခြင်းတို့သည် ခေတ်ဟောင်း၏ အတွေးအခေါ်များ၊ အမွေဆိုးများသာ ဖြစ်ပေသည်။

ဤအမှုတွင် မကျင်မေနှင့် မသန်းနွဲ့တို့သည် လေလွင့်သော မိန်းကလေးများ ဖြစ်ကောင်းဖြစ်မည်။ ပြည့်တန်ဆာများ ဖြစ်သည်ဟု မပေါ်လွင်ချေ။

အထက်ပါ အကြောင်းတို့ကြောင့် ရာဇသတ် [illegible]မ ၃၆၆ နှင့် ၃၇၆ တို့အရ ပြစ်မှုထင်ရှား တွေ့ရှိထားခြင်းတို့သည် မှန်ကန်သည်ဟု ကျွန်ုပ်တို့ ဆုံးဖြတ်သည်။

ပြစ်ဒဏ်မျှားသည်လည်း လွှတ်ငြိမ်းချမ်းသာခွင့်အမိန့်အရ လျော့ပေါ့ထားသော ပြစ်ဒဏ်မျှား ဖြစ်သည့်ပြင် တဦးစီကျခံရန် ထောင်ဒဏ်ဘို့ကို တပေါင်းတည်း ကျခံစေရန် သတ်မှတ်ခဲ့ပြီး ဖြစ်ပေသည်။ ထိုပြစ်မှုမျှားအရအပြစ်ပေးထားသော အယူခံ တရားလို မျှား၏ အယူခံမျှားကို ပလပ်သည်။

ထွန်းလူသည် မိန်းကလေးမျှားအား ရိုက်နှက်သည်ဟု တွေ့ကာ ရာဇသတ်ပုဒ်မ ၃၂၃ အရ၊ ထောင်ဒဏ် ၆ လ သတ်မှတ်ထားခြင်း သည်လည်း အထောက်အထား ခိုင်လုံ သင့်မြတ်သည်ဟု ကျွန်ုပ်တို့ ဆုံးဖြတ်သည်။ ထို့ကြောင့် ထွန်းလူ၏ အယူခံကို ပလပ်သည်။

ဦးမြင့်သည် မိန်းကလေးမျှားကို အဝတ်အစား ချွတ်စေပြီး မေါတ်ပုံ ရိုက်သည် ဆိုသည်မှာလည်း ခိုင်လုံထင်ရှားသည်။ ရဲသားမျှားက မဟုတ်ပဲ အထက်အရာရှိတဦး အပေါ် ဤသို့ ထွက်ဆိုဘွယ်မမြင်။ ထို့ကြောင့်ငင်းအပေါ် ရာဇသတ် ပုဒ်မ ၃၅၄ အရ၊ ထောင်ဒဏ် ၁ နှစ် ကျခံစေရန် သတ်မှတ်ထားခြင်းကို ကျွန်ုပ်တို့ အတည်ပြုသည်။ အရေးကြီးသော သက်သေခံဖြစ်သည့် ထမီမျှားကို မသိမ်းခြင်းအတွက် ပုဒ်မ ၂၀၁ အရ၊ ပြစ်မှု ထင်ရှား စီရင်ခြင်းသည်လည်း မှန်ကန်သည်။ သို့ရာတွင် ထိုပြစ်မှုသည် လွှတ်ငြိမ်းချမ်းသာခွင့် အမိန့်တွင် လုံးဝအကျုံးဝင်သဖြင့်ထိုပြစ်မှုအတွက် ပြစ်ဒဏ်ကို ပယ်ဖျက်သည်။

အသားတူပင် ဦးတင်ဟန်အပေါ် ပုဒ်မ ၂၀၁ နှင့် ၂၁၀ တို့အရ ပြစ်မှု ထင်ရှား ခတ္တရှိထားခြင်းသည် အထောက်အထား များအရ၊ ခိုင်လုံသော်လည်း လွှတ်ငြိမ်းချမ်း သာခွင့် အမိန့်အရ ထိုပြစ်မှုမျှားအတွက် ပြစ်ဒဏ်ကို ပယ်ဖျက်သည်။

မခင်မာဝေသည် သက်သေဖျက်ပါသည်ဟု မသန်းနွဲ့ တဦးကသာ စွပ်စွဲသည်။ ထိုမျှနှင့် အထောက်အထား မခိုင်လုံဟု ယူဆသဖြင့် ၎င်းအပေါ် ရာဇသတ်ပုဒ်မ ၂၀၁ အရ၊ ပြစ်မှုထင်ရှား တွေ့ရှိကာ ၁ နှစ် ခံဝန်နှင့် နေစေရန် အမိန့်ချမှတ်ခဲ့သည်တို့ကို ပယ်ဖျက်၍ ၎င်းအား တရားသေသတ်သိုက်သည်။

အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

ရာဇဝတ်အယူခံမှု

ဗိုလ်မှူးချုပ်နိုင်စိန်ဝင်း၊ ဗိုလ်မှူးကြီးသန်းစိန် နှင့် ဒေါက်တာ မောင်မောင်တို့ရှေ့တွင်

ဦးဂနေဆင် (အယူခံတရားလို)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

† ၁၉၆၇ [မေလ ၂၄ ရက်။

အာဂတိလိုက်စားမှု တားမြစ်ရေး အက်ဥပဒေ (၁၉၄၈ ခုနှစ်၊) ပုဒ်မ ၄ (၁)(ဂ)/၄(၂)အရ၊ မှုပြစ်ထင်ရှားစီရင်ခြင်း—လာဘ်ပေး လာဘ်ယူကိစ္စ။

အယူခံတရားလိုအားလာဘ်ယူသည်ဟုစွပ်စွဲချက်ဖြင့်စစ်ဆေးခဲ့သည်။

လာဘ်ပေးလာဘ်ယူကိစ္စများတွင်ပေးသူရှိ၍လည်း ယူသူရှိတတ်သည်။ နှစ်ဖက်ကြေနပ်သင့်မြတ်နေကြလျှင် အမှုမပေါ်။ ပေးသူက မကျေနပ်၍ တိုင်းတန်းမှ အမှုပေါ်တတ်သည်။ လက်ပူးလက်ကြပ်မိရန်ဆိုလျှင်လည်း ကြိုတင်ပြင်ဆင်၍ ဖမ်းရပြန်သည်။ ပေးစဉ်က ကြေနပ်စွာ ပေး၍ လိုတာမရသောအခါမှ လာရောက်သတင်းပေးသူ၊ ထိုသူ၏အကူအညီဖြင့် ဖမ်းဆီးရခြင်းတို့သည် မနှစ်မြို့ဘွယ်ဖြစ်သည်မှန်၏။ သို့ရာတွင် မနှစ်မြို့ဘွယ်ထဲမှပင် အဖြစ်မှန်ကို ရှာဖွေရမည်ဖြစ်သည်။ မတော်မတရားလည်ဆယ်၍ အမှုဆင်ခြင်းဖြစ်သည်ကို တွေ့ရလျှင် အစွပ်အစွဲခံရသူကို လွှတ်ကင်း၍ ဒုက္ခငြိမ်းစေကာ၊ မတရားစွပ်စွဲသူကိုပင် သင့်တော်သလို အရေးယူရမည်။ လာဘ်ယူခြင်းမှန်လျှင်မူကား၊ ယခင်က ကြေနပ်စွာပေးခဲ့သူ၏ မသန့်ရှင်းခြင်းတရပ်တည်းကြောင့်လာဘ်ယူသူကို လွှတ်ကင်းစေခွင့် သင့်မည်မဟုတ်ချေ။

အယူခံတရားလိုအတွက်။ ။ဦးမြင့်စိုး။

အယူခံတရားခံအတွက်။ ။လက်ထောက်နိုင်ငံတော် ရှေ့နေချုပ် ဦးဘကျော်။

ဦးဂနေဆင်သည် ရန်ကုန်မီးရထားဘူတာရုံကြီးတွင် ရုံပိုင်ချုပ်အဖြစ် အမှုထမ်းခဲ့စဉ် လာဘ်ယူသည်ဟူသော စွပ်စွဲချက်ကို ရန်ကုန်မြို့ အထူးရာဇဝတ်ရုံး အမှတ် ၁၉/၆၄ က စစ်ဆေးခဲ့သည်။ နယ်မှမီးရထားဖြင့် သယ်ဆောင်လာသော ကုန်စိမ်းများကို ဘူတာရုံကြီးအတွင်းရှိ ပလက်ဖောင်းများတွင် ဆိုက်ကပ်၍ ချစေလျှင်၊ ကုန်စိမ်း

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ် အယူခံမှု အမှတ် ၃၇။

† ၁၉၆၇ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၁၆ တွင် ချမှတ်သော ၁၉၆၅ ခုနှစ်၊ ဩဂုတ်လ ၄ ရက် နေ့စွဲပါ ရန်ကုန်မြို့၊ အထူးရာဇဝတ်ရုံး အမှတ် ၁၉/၆၄ ၏ အမိန့်ကို အယူခံမှု။

ကုန်တင်ကုန်ချအဖွဲ့ အလုပ်သမားများ အလုပ်ရကြသည်။ မီးရထားတွဲများကို ကုန်ရုံဘက်သို့ ပို့လိုက်လျှင်မူကား၊ ကုန်ရုံမှ ကုန်တင်ကုန်ချအဖွဲ့ အလုပ်သမားများနှင့်သာ သက်ဆိုင်သည်။ ထိုကြောင့် ကုန်စိမ်း ကုန်တင်ကုန်ချအဖွဲ့က၊ ဘူတာရုံပိုင်ချုပ်နှင့် ပါဆယ်ဌာနမှ အချို့စာရေးများကို လာဘ်ပေးရကြောင်း။ ထိုသို့ပေးလျှင်၊ ကုန်စိမ်းတွဲများကို ဘူတာရုံကြီးထဲတွင်ပင်ဆိုက်ကပ်ပေး၍၊ လိုရာအပေါက်မှ သယ်ဆောင်ထုတ်ယူ၍ ရကြောင်း။ လာဘ်ငွေနှုန်းထားမှာ ဦးဂနေဆင်က ကုန်တွဲတစ်တွဲလျှင် ၅ ကျပ်နှင့် ကုန်စိမ်းတခြင်းလျှင် နှစ်ပြား၊ ပါဆယ်ဌာန အချို့စာရေးများက တခြင်းလျှင် သုံးပြား ဖြစ်ကြောင်းစသည်ဖြင့် ကုန်စိမ်းကုန်တင်ကုန်ချအဖွဲ့က တိုင်ကြားခဲ့ရာမှ အမှုပေါ်ပေါက်ခဲ့ခြင်း ဖြစ်ပေသည်။

အမှုတွင် အဓိကသက်သေသည် ကုန်စိမ်းကုန်တင်ကုန်ချအဖွဲ့၏ အတွင်းရေးမှူး ကူရူးဆာမိ၊ (လိုပြ ၃) ဖြစ်၏။ ၎င်းက၊ စုံထောက်ရဲမှူး ဦးအောင်သန်း (လိုပြ ၁)၊ လောကခါတ်ဌာနရဲမှူး ဦးအောင်ကြီး (လိုပြ-၅) တို့နှင့် ကြိုတင်စီစဉ်၍ မှတ်သားပြီး၊ ဆေးမှုံ့ဖြူးပြီး၊ ငွေ ၃၄၀ ကျပ်ဘိုး ငွေစက္ကူများကို ယူသွားပြီးလျှင်၊ ဦးဂနေဆင်အား သွားရောက်၍ပေးကြောင်း။ မနေ့က တောင်းသည့်ငွေပါဟု ပြော၍ပေးရာ၊ ဦးဂနေဆင်က ရေတွက်၍ယူကာ၊ စေ့သည်ဟုပြောကြောင်း။ ပြန်၍ထွက်လာပြီးနောက်၊ အပြင်တွင် စောင့်နေသော ဦးအောင်သန်းအား အချက်ပြရာ ဦးအောင်သန်းက၊ ဦးဂနေဆင်၏ အခန်းတွင်းသို့ ဝင်သွားကြောင်း ကူရူးဆာမိက ထွက်ဆိုသည်။

ဦးအောင်သန်းကလည်း ကူရူးဆာမိ အချက်ပြသောအခါ ဦးဂနေဆင်၏ အခန်းသို့ သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေကြောင်း။ ငွေများကို အံဆွဲထဲမှတွေ့ရကြောင်း။ လောကခါတ်ဌာန၌ စစ်ဆေးရာ လက်ျာလက်ဝါး၊ လက်ဝဲလက်မ၊ လက်ချောင်းတို့၌ ဆေးမှုံ့များ တွေ့ရကြောင်းကို ဦးအောင်ကြီးက ထွက်ဆိုသည်။

အထူးရာဇဝတ်ရုံးက၊ အစဦးတွင်၊ ကူရူးဆာမိ တဦးတည်းကို မယုံထိုက်။ ရန်ညိုးနှင့် တိုင်တန်း၍၊ ထောင်ဖမ်းသောအမှု ဖြစ်နိုင်သည်ဟု ယူဆခဲ့သော်လည်း၊ အတည်ပြုအဖွဲ့က ထပ်မံ၍ အမှုကို သုံးသပ်ရန် ညွှန်ကြားသောအခါ၊ သက်သေအချို့ကို ခေါ်ယူစစ်ဆေးပြီးနောက်၊ အမှုခိုင်လုံကြောင်း တွေ့ရှိခဲ့ပေသည်။

ဇာယူခံကို လျှောက်လဲသော ဦးမြင့်စိုးက၊ သက်သေခိုင်လုံ၊ ငွေမတောင်းဘဲ ပေးခြင်းမျိုးလည်း ဖြစ်နိုင်ကြောင်း။ထိုသို့ဖြစ်လျှင် ပြစ်မှုမမြောက်နိုင်ပါ။ ကူရူးဆာမိတို့၏ အဖွဲ့ကငွေပေးရခြင်းမှန်ပါလျှင် အဖွဲ့၏ ဆုံးဖြတ်ချက်များ ရှိရမည်ဖြစ်ကြောင်း တို့ကိုလျှောက်လိုသည်။

လက်ထောက်နိုင်ငံတော် ရှေ့နေချုပ် ဦးဘကျော်က၊ ယခင်ကပင် ကုန်တင်ကုန်ချ အလုပ်ရအောင် ကူရူးဆာမိတို့က လစဉ်ကြေးကဲ့သို့ ပေးခဲ့ရသည့်၊ အ[illegible]အလာရှိခဲ့

ပုံပေါ်ပါသည်။ ကြေနပ်စွာ ပေးခဲ့ပြီး၊ မသင့်မမြတ်ဖြစ်ပြီးလျှင်၊ တိုင်တန်းကြရာမှ အမှုပေါ်ခြင်းဖြစ်ဟန်တူပါသည်။ ဦးဂနေဆင် ဌေယူသည်မှာ ထင်ရှားပါသည်။ ထို ဌေသည် လာဘ်ဟုတ်မဟုတ်စဉ်းစားရန် ဖြစ်ပါသည်ဟု တင်ပြသည်။

အထူးရာဇဝတ်ရုံးက သက်သေများ ထပ်မံခေါ်ယူစစ်ဆေးသောအခါ ကူရူးဆာမိနှင့် ၎င်း၏အဖွဲ့ဥက္ကဋ္ဌ ဦးတင်ညွန့်တို့က ဦးဂနေဆင်နှင့် ပါဆယ်ဌာန စာရေးကြီးချုပ် ဦးခင်ညွန့်တို့အား လာဘ်ပေးရသည်ဟု သက်ဆိုင်ရာများသို့ တိုင်တန်းခဲ့ခြင်း၊ သက်ဆိုင်ရာက ခေါ်ယူ မေးမြန်းပြီးနောက်၊ လပ်ပေးရန် စီစဉ်ခြင်းတို့ ပေါ်လွင်လာလေသည်။

လာဘ်ပေးလာဘ်ယူ ကိစ္စများတွင် ပေးသူရှိ၍လည်း ယူသူရှိတတ်သည်။ နှစ်ဘက်ကြေနပ် သင့်မြတ်နေကြလျှင် အမှုမပေါ်။ ပေးသူ မကျေနပ်၍ တိုင်တန်းမှ အမှုပေါ်တတ်သည်။ လက်ပူးလက်ကြပ် မိရန်ဆိုလျှင်လည်း၊ ကြိုတင်ပြင်ဆင်၍ ဖမ်းရပြန်သည်။ ပေးစဉ်က ကြေနပ်စွာပေး၍ လိုတာမရသောအခါမှ လာရောက်သတင်းပေးသူ ထိုသူ၏အကူအညီဖြင့် ဖမ်းဆီးရခြင်းတို့သည် မနှစ်မြို့ဘွယ် ဖြစ်သည်မှန်၏။ သို့ရာတွင် မနှစ်မြို့ဘွယ်ထဲမှပင် အဖြစ်မှန်ကို ရှာဖွေရမည် ဖြစ်ပေသည်။ မတော်မတရား လည်ဆယ်၍ အမှုဆင်ခြင်း ဖြစ်သည်ကို တွေ့ရလျှင် အစွပ်စွဲခံရသူကို လွှတ်ကင်း၍ ပုက္ခဉ်မြင်စေကာ မတရားစွပ်စွဲသူကိုပင် သင့်တော်သလို အရေးယူရမည်။ လာဘ်ယူခြင်း မှန်လျှင်မူကား၊ ယခင်က ကြေနပ်စွာ ပေးခဲ့သူ၏ မသန့်ရှင်းခြင်း တရပ်တည်းကြောင့် လာဘ်ယူသူကို လွှတ်ကင်းစေသင့်မည် မဟုတ်ချေ။

ဤအမှုကို အမှုတွင် ပေါ်လွင်သော ဖြစ်ရပ်၊ ပတ်ဝန်းကျင် အခြေအနေတို့နှင့် ဆက်စပ်၍ သုံးသပ်လျှင် အမှုမှန်ဖြစ်သည်ဟု ယူဆရမည်။ ကုန်တင်ကုန်ချ အဖွဲ့များ အပြိုင်ရှိနေရာတွင် ရုံပိုင်ချုပ်က ကုန်တွဲများ မည်သည့်နေရာတွင် ဆိုက်ကပ်ရမည်ကို ဆုံးဖြတ်ခြင်းဖြင့် မည်သည့်အဖွဲ့ကို သာစေမည်၊ မည်သည့်အဖွဲ့ကို နာစေမည်၊ ဆုံးဖြတ်နိုင်လေသည်။ မိမိတို့ အဖွဲ့ကိုသာစေအောင် ဆုံးဖြတ်ပေးရန် လာဘ်ထိုးကြရသည်။ သင့်ခါ၍ပေးသော လစဉ်ကြေးမဟုတ်။ အခွင့်အရေး ဖြစ်စေရန် အာဏာကို သုံးစွဲခြင်းကို ဌေဖြင့် ဝယ်ယူခြင်းသာ ဖြစ်သည်။

ဦးဂနေဆင်က ၎င်းထံ ကူရူးဆာမိလာ၍ ဌေပေးသည်ကို ဝန်ခံသည်။ သို့ရာတွင် ဌေမယူလို ငြင်းပယ်ခဲ့ကြောင်း၊ တယ်လီဖုံးစကားပြောနေခိုက် ကူရူးဆာမိက စားပွဲအံဆွဲထဲ ဌေထုတ်ထည့်သွားပါသည်ဆို၏။ ဌေကို မကိုင်ဟု ဆိုသော်လည်း၊ လက်ဖဝါး၊ လက်ချောင်းတို့တွင် ဆေးမှုများ ပေးကြံနေ၏။ ကူရူးဆာမိထွက်သွားပြီး ၅ မိနစ်ကြာမှ စုံထောက်ရဲမှူးတို့ ဝင်လာကြောင်းပြော၏။ ရဲမှူး ဦးအောင်သန်းကမူ ကူရူး

ဆာမိထွက်သွားသည်နှင့် အခန်းတွင်းသို့ ဝင်သည်ဆို၏။ အကယ်၍ ၅ မိနစ်ကြာသည်ဆိုလျှင်၊ ဦးဂနေဆင်သည် သဘောရိုးသာ ရှိခဲ့ပါမူ ကူရူးဆာမိအား တိုင်တန်းခြင်း အရေးယူခြင်း ပြုခဲ့နိုင်ပေလိမ့်မည်။

အားလုံးကိုခြုံ၍ ကြည့်လျှင် အမှုမှန် ဖြစ်သည်ဟု ကျွန်ုပ်တို့ တွေ့မြင်သည်။ ပြစ်ဒဏ်ကို ထောင်ဒဏ် သုံးနှစ်သတ်မှတ်ရာတွင် အထူးရာဇဝတ်ရုံးက အယူခံတရားလို၏ အသက်၊ အမှုထမ်းရာဇဝင် စသည်တို့ကို ထည့်သွင်း စဉ်းစားကာ သက်သာခဲ့ပြီး ဖြစ်သည်။

ထို့ကြောင့် အယူခံကို ပလပ်လိုက်သည်။

ဤအယူခံမှုပါ အဖြစ်အပျက်များနှင့် ဦးဂနေဆင်က တင်သွင်းသော၊ ၁၉၆၆ ခုနှစ်၊ အယူခံမှုအမှတ် ၃၇/၆၆ ပါ အဖြစ်အပျက်များသည် ဆင်တူကြသည်။ ကုန်စိမ်းကုန်တင်ကုန်ချအဖွဲ့က ရန်ကုန်မီးရထားဘူတာရုံကြီးမှ ပါဆယ်ဌာန စာရေးကြီးချုပ် ဦးခင်ညွန့်နှင့် ရုံပိုင်ချုပ် ဦးဂနေဆင်တို့ကို လာဘ်ပေးရပါသည် တိုင်တန်းရာမှ အမှုများပေါ် ပေါက်ခဲ့ခြင်းဖြစ်သည်။

တိုင်တန်းသော အဖွဲ့၏ ဥက္ကဋ္ဌ ဦးတင်ညွန့် (လိုပြ ၃) က စုံထောက်ရဲမှူး၊ ဓါတုပေဒဌာနရဲမှူးတို့နှင့် ကြိုတင်စီစဉ်၍ မှတ်သားပြီး၊ ဆေးမှုံ့ဖြူးထားပြီး ငွေစက္ကူ ၁၉၁ ကျပ်တိုးကို ဦးခင်ညွန့် အခန်းသို့ဝင်၍ လာဘ်အဖြစ် ပေးခဲ့သည်ဆို၏။ ပြန်ထွက်လာသောအခါအသင့်စောင့်နေကြသောစုံထောက်ရဲမှူးနှင့် သက်သေများက ဝင်ရောက်ရှာဖွေရာ၊ ငွေများကို တွေ့ရသည်။ မါတ်မှန်ဖြင့် စစ်သောအခါ ဦးခင်ညွန့်၏ လက်၊ အင်္ကျီ၌ ဆေးမှုံ့များတွေ့ရသည်။

ဦးခင်ညွန့်ကငွေယူထားလိုက်သည်ကိုမငြင်း၊ သို့ရာတွင်လာဘ်ငွေမဟုတ်၊ တန်ဆာခဲယူထားပါဆို၍ ယူပါသည်ဟု ထုချေသည်။ အထူးရာဇဝတ်ရုံးက တန်ဆာခများပေးသွင်းခဲ့ရသော စာရင်းများနှင့် စစ်ဆေးကြည့်ရာ အချင်းဖြစ်ပွါးသော၊ ၁၉၆၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွက် ၆၂ ကျပ်သာ ဦးတင်ညွှန့်ကို အဖွဲ့က အပိုတန်ဆာခပေးရန် ရှိနေသည်ကို တွေ့ရသည်။ ထိုကြောင့် ၁၉၁ ကျပ်မှာ များစွာပိုနေသည်။ အဖွဲ့က စွပ်စွဲသကဲ့သို့ လာဘ်ငွေအဖြစ် ပေးရာဘိုကမျှ းသည်ဟု ရုံးကယူဆခဲ့သည်။

ပါဆယ်ဌာနက ကုန်စိမ်းများကို ချိန်တွယ်နိုင်သည်။ တန်ဆာခတပ်မှိုက်နိုင်သည်။ ထိုသို့ပြုလုပ်လျှင် ကုန်စိမ်းကုန်တင်ကုန်ချအဖွဲ့တွင် နှောင့်နှေးနိုင်သည်။ ဥအလုပ်ပင် ဆုံးရှုံးနိုင်သည်။ ပါဆယ်ဌာနအားကြေနပ်မှုဖြစ်စေလျှင် အလုပ်တွင်ကျယ်၍ ငွေဝင်မှုနိုင်သည်။ ဤအဖျက်က လာဘ်ငွေပေးယူရန်အကွက်ဖေါ်သည်။

၁၉၆၇

ဦးဂနေဆင်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

ဦးဂနေဆင် အယူခံမှုတွင် ကျန်ုပ်တို့သည် ဤကဲ့သို့သော လာဘ်ပေးလာဘ်ယူမှု များကိုစဉ်းစားခြိန်ဆရပုံများကို ဖေါ်ပြခဲ့ပြီးပြီ။ ထိုမှုများအရ ဤအမှုကို ကောင်းစွာ သုံးသပ်သောအခါ အမှုမှန်ဖြစ်သည်ဟု ယူဆဘွယ်ရာသာရှိသည်ကို တွေ့ရသည်။ ထောင်ဒဏ် ၃ နှစ်သည်လည်း သက်သာစွာ သတ်မှတ်ထားသော ပြစ်ဒဏ်ဖြစ်သည်။

ထို့ကြောင့် အယူခံကို ပလပ်သည်။

အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

ရာဇဝတ်အယူခံမှု

ဗိုလ်မှူးကြီး လှဟန်၊ ဗိုလ်မှူးချုပ် စိန်ဝင်း၊ဗိုလ်မှူးကြီး သန်းစိန်နှင့် ဒေါက်တာ မောင်မောင်တို့ချွေတွင်

စောကုလားပါ ၅ (အယူခံတရားလိုများ) †

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

၁၉၄၇ ခုနှစ်၊ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး အက်ဥပဒေပုဒ်မ ၆ (၁) အရ မူပြစ်ထင်ရှားစီရင်ခြင်း—ပြစ်ဒဏ်။

ပဌမ၊ ဒုတိယ၊ တတိယ အယူခံတရားလိုများအား အင်းစိန်မြို့၊ မီးရထားစက်ရုံ ဂိုဒေါင်မှ ကြေးချောင်းများကို ခိုးယူသည်ဟုဆိုင်း၊ ကျန်အယူခံတရားလိုများက ပြစ်မှုကျူးလွန်ရာတွင် ပါဝင်အားပေး ကူညီကြသည်ဟုဆိုင်း တရားစွဲဆိုခဲ့သည်။

ဆုံးဖြတ်ချက်။ ။အယူခံတရားလိုတို့ အပေါ်၌ သတ်မှတ်ထားသော ပြစ်ဒဏ်သည် ပြစ်မှုနှင့် နှိုင်းစာလျှင် ကြီးလေးလွန်းသည်ဟု မဆိုသာချေ။

အယူခံတရားလိုများအတွက်။ ။ဦးမြင့်စိုး။

အယူခံတရားခံအတွက်။ ။လက်ဒေဘက်နိုင်ငံတော်ရှေ့နေချုပ် ဦးဘကျော်။

စောဓောင်ရွှေ၊ စောအောင်ဆက်နှင့် မောင်ထွန်းကြည်တို့သည် အင်းစိန်မြို့၊ မီးရထားစက်ရုံ ဂိုဒေါင်မှ ကြေးချောင်းများကို ခိုးယူဆာည်ဟု ၁၉၄၇ ခုနှစ်၊ ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေး အက်ဥပဒေပုဒ်မ ၆ (၁) အရ၊ အင်းစိန်မြို့၊ အထူးရာဇဝတ်ရုံး၊ အမှတ် ၅၇/၁၉၆၄ က ပြစ်မှုထင်ရှားတွေ့ရှိကာ ၎င်းတို့သည် အလုပ်နှင့် ထောင်ဒဏ် ၅ နှစ်စီ ကျခံစေရမည်ဟု အမိန့်ချမှတ်ထားသည်။ စောကုလားနှင့် မောင်အောင်ခင်တို့သည်၊ ထိုပြစ်မှုကျူးလွန်ရာတွင် ပါဝင်အားပေး ကူညီကြသည်ဟု ရုံးကတွေ့ရှိသဖြင့် ၎င်းတို့အပေါ်တွင်လည်း အလုပ်နှင့် ထောင်ဒဏ် ၅ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်သာသည်။

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၃၀၊ ၃၁၊ ၃၂၊ ၃၃ နှင့် ၃၄။

† ရန်ကုန်ခရိုင်၊ အင်းစိန်မြို့၊ ၁၉၆၄ ခုနှစ်၊ အထူးရာဇဝတ်ရုံးအမှတ် ၅၇ ၏ ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမူအမှတ် ၂၃ တွင် ၁၉၆၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့က ချမှတ်ပြီး ၁၉၆၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် အဓာဂည်ပြုအဖွဲ့က အဓာဂည်ပြုသည့် အမိန့်ကို အယူခံမှု။

† ၁၉၆၇ ဇူလိုင်လ ၁၃ ရက်။

၁၉၆၇

စောကုလား ပါ ၅ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

၁၉၆၃ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့ညတွင် အင်းစိန်မီးရထား ဒီဇယ်စက်ရုံ အနီးဌာ ပြည်သူ့ရဲတပ်ဖွဲ့ဝင်အချို့က ဂုံနီအိတ် အထုပ်များကို သယ်ပိုးယူဆောင်လာ ကြသောသူများကို တွေ့ကြသည်။ ထိုသို့ရဲများနှင့် တွေ့ကြသောအခါ၊ ထိုလူများသည် ဂုံနီအိတ်ထုပ်များကို ပစ်ချ၍ ထွက်ခွာပြေးကြသည်။ ဂုံနီအိတ်များတွင် မီးရထား ဂိုဒေါင်မှ ကြေးခေ်ာင်းပေါင်း ၇၄ ချောင်းပါသည်။ ကြေးချောင်းများကို ဂိုဒေါင်မှ ဖေါက်၍ လွှနှင့်တိုက်ဖြတ်ပြီးလျှင် ခိုးယူသွားကြောင်း သက်သေအထောက်အထား ရှိသည်။

အမှုစုံစမ်း၍ ပေါ်သောအခါ အယူခံတရားလို ၅ ဦးနှင့် အခြား ၂ ဦးတို့ကို တရားခံများအဖြစ် ရုံးသို့တင်ပို့ခဲ့သည်။ ထို ၂ ဦးအပေါ်တွင်မူ သက်သေအထောက် အထား မခိုင်လုံဟု အထူးရာဇဝတ်ရုံးက ဖွေ့ရှိခဲ့သည်။ အယူခံတရားလို ၅ ဦး အပေါ်၌ကား အောင်ခင်နှင့် စောဓမာင်ရွှေတို့၏ ဖြောင့်ချက် (သက်သေခံ "ဇ" နှင့် "စျ") အပြင် ဦးဘိုးအုန်း (လိုပြ-၃) ၏ ထွက်ဆိုချက်နှင့် အခြားအထောက်အထား များရှိနေသဖြင့် အမှုခိုင်လုံသည်ဟု အထူးရာဇဝတ်ရုံးက ဆုံးဖြတ်ခဲ့သည်။

စောဓမာင်ရွှေ၏ ဖြောင့်ချက်တွင် ၁၉၆၃ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့ညတွင်း မီးရထားဂိုဒေါင်ထဲ၌ ၎င်းနှင့် စောဓအောင်ဆက်၊ မောင်ထွန်းကြည်တို့သည် ကြေး ချောင်းများကိုယူပြီး မောင်ထွန်းကြည်က လွှဖြင့်ဖြတ်ပြီးလျှင် ကြေးချောင်းများကို ဂိုဒေါင်တောင်ဘက် ရေအိုင်ထဲ၌ ချထားကြကြောင်း။ ၁၉၆၃ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့ညဉ့်၊ ကြေးချောင်းများကို ၎င်းတို့ ၃ ဦး သွားရောက်သယ်ယူလာကြရာ မီးရထား ဒီဇယ်ခုံနားတွင် ရဲများနှင့်တွေ့၍ ကြေးချောင်းများကို ပစ်ချထွက်ပြေး ရကြောင်း။ ၎င်းက ဒီဇယ်ခုံဘေးနားမှ ကပ်ပြီးပြေး၍၊ ကျန်လူများက အရှေ့ဘက်သို့ ထွက်ပြေးကြောင်း။ အတန်ကြာသောအခါ ၎င်းတို့ ပြန်လှည့်လာကြပြီးလျှင် စောအောင်ဆက်က ရဲနှင့်အဆက်အသွယ်ရှိသူ အောင်ခင်သို့ သွားရောက်ခေါ်ခိုင်း ကြောင်း။ အောင်ခင်ကို သွားခေါ်ခဲ့ရာ၊ အောင်ခင်နှင့် စောအောင်ဆက်တို့သည် ဒီဇယ်ခုံဘက်သို့ သွားကြကြောင်း စသည်ဖြင့် ဖေါ်ပြထားသည်။

အောင်ခင်၏ ဖြောင့်ချက်တွင် ၁၉၆၃ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့ညတွင် စောဓမာင်ရွှေ အိမ်သို့လာ၍၊ ပစ္စည်းတွေ ရဲကဖမ်းထားလို့ လိုက်ပြေပါ ခေါ်သဖြင့် လိုက်သွားကာ စောအောင်ဆက်နှင့်အတူ ဒီဇယ်စက်ရုံသို့သွားကြောင်း။ ရဲကြပ်ကြီး ကိုချစ်ဖေက၊ ၎င်းတို့ကို လမ်းသို့ခေါ်ပြီးလျှင် ဌေတောင်းကြောင်း၊ ဦးဘိုးအုန်းအား စက်ရုံမှခေါ်သွားကာ လူများကို လိုက်ကြည့်စေခဲ့ကြောင်း စသည်ဖြင့် ဖေါ်ပြထား သည်။

၁၉၆၇
စောကုလား
ပါ ၅
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

ဦးဘိုးအုန်းက အောင်ခင်ခေါ်၍ လိုက်သွားရာ၊ စောကုလား၊ စောမောင်ရွှေနှင့် မောင်ထွန်းကြည်တို့ကို ဘောလုံးကွင်းထဲ၌ တွေ့ရကြောင်း။ စောမောင်ရွှေက "ပစ္စည်းတွေ ပုလိပ်လိုက်လို့ ချပြေးခဲ့ရတယ် ကြည့်လုပ်ပေးပါ" ပြောကြောင်း။ ၎င်းက ပစ္စည်းများကို ရဲကသိမ်းထား၍ စက်ရုံထဲ ရောက်နေပြီဟု ပြောလိုက်သော အခါ၊ ထို ၃ ဦးသည် လမ်းသို့ ထွက်သွားကြကြောင်း ထွက်ဆိုသည်။

အထက်ပါ အထောက်အထားများအရ အမှုခိုင်လုံသည်ဟု အထူးရာဇဝတ်ရုံးက ဘွင့်ရှိခဲ့ခြင်းဖြစ်သည်။

အယူခံဘရားလိုများ၏ ရှေနေကြီး ဦးမြင့်စိုးက အောင်ခင်နှင့် စောမောင်ရွှေ တို့သည် ဖြောင့်ချက်များကို ရုံးတွင်ရပ်သိမ်းကြပါသည်။ ရဲကညှင်းပန်းသဖြင့် ဖြောင့်ဆို ခဲ့ရကြောင်း ထွက်ဆိုကြပါသည်။ ရပ်သိမ်းသော ဖြောင့်ချက်ကို ရုံးက လက်ခံစဉ်းစား နိုင်ပါသည်။ သို့ရာတွင် သာဘိထားသင့်ပါသည်။ ဦးဘိုးအုန်း၏ ထွက်ဆိုချက်ကို သုံးသပ် ရာတွင်လည်း အထူးရာဇဝတ်ရုံးက ဥပဒေအရ မှားသည်ဟု မဆိုပါ။ ဦးဘိုးအုန်းသည် ကြံရာပါဖြစ်သည်ဟူ၍လည်း လျောက်လဲခြင်း မပြုလိုပါ။ သို့ရာတွင် ၎င်း၏ထွက်ချက်ကို အထူးသတိထား၍ စဉ်းစားသင့်ပါသည်။ ၎င်း၏ထွက်ချက်သည် ရပ်သိမ်းပြီးသော ဖြောင့်ဆိုချက်တို့ကို ပြည့်စုံဖူလုံစွာ အထောက်အကူပြုသော ထွက်ချက် ဟုတ် မဟုတ်ကို အထူးစဉ်းစားသင့်ပါသည်ဟု ဦးမြင့်စိုးက လျောက်လဲသည်။

လက်ထောက် နိုင်ငံတော် ရှေနေချုပ်က ဖြောင့်ဆိုချက်များနှင့် ဦးဘိုးအုန်း၏ ထွက်ဆိုချက်တို့အရ အမှုမှန်ဖြစ်ကြောင်း ပေါ်လွင်ပါသည်ဟု တင်ပြသည်။

အမှုဖြစ်ပွါးပြီး မကြာမီပင် တရားခံများကို ဖမ်းဆီးခဲ့မိခြင်းဖြစ်သည်။ တရားခံ ၂ ဦး၏ ဖြောင့်ဆိုချက်ကိုလည်း ရုံးကအမှုဖြစ်ပွါးပြီး မကြာမီပင် မှတ်တမ်းတင်ရသည်။ ဖြောင့်ဆိုသော တရားခံတို့က မိမိတို့၏ သဘောဆန္ဒအရ ဖြောင့်ချက်ပေးခြင်းဖြစ် သည်ဟု ဖြောင့်ချက်ကို လက်ခံမှတ်တမ်းတင်သော ရုံးကလည်း တွေ့ရှိသည်။ အထူး ရာဇဝတ်ရုံးကလည်း၊ ထိုသို့ပင် တွေ့မြင်ယူဆသည်။ ဖြောင့်ချက်ပါ အချက်အလက် များနှင့် တကယ့်ဖြစ်ရပ်များ ကိုက်ညီနေသည်။ ဂိုဒေါင်ဖေါက်၍ ခိုးယူပုံကို ခါတ်ပုံများ တင်သွင်းထားရာ၊ ထိုအထောက်အထားများနှင့်လည်း ဖောင့်ဆိုချက်တို့ ကိုက်ညီ သည်။ လူဘစု အထုပ်များ ထမ်းလာသည်ကို တွေ့ရှိရသည်၊ ထိုလူများသည် အထုပ် များကို ပစ်ချ၍ ပြေးကြသည် တဖောက်က ဒီဇယ်ခဲ့အနားမှ ဖြတ်၍ ပြေးသည် အခြားသူများက အရွှေဘက်သို့ ပြေးကြသည် စသည်ဖြင့် မျက်မြင်တွေ့ကြုံလိုက် ရသော ရဲသားများ၏ ထွက်ဆိုချက်တို့နှင့်လည်း ဖြောင့်ချက်တို့သည် ကိုက်ညီသည်။ ဦးဘိုးအုန်း၏ ထွက်ချက်နှင့်သည်း ကိုက်ညီနေသည်ကို တွေ့ရသည်။

၁၉၆၇

စောကုလား ပါ ၅ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

အထက်ဖေါ်ပြပါ အကြောင်းတို့ကြောင့် အထူးရာဇဝတ်ခုံးက တွေ့ရှိပြီးဖြစ်သည့် အတိုင်း ကျွန်ုပ်တို့ကလည်း အမှုမှန်ဖြစ်သည်၊ အထောက်အထားခိုင်လုံသည်ဟု ယူဆ သည်။ (အယူခံတရားလိုတို့အပေါ်၌ သတ်မှတ်ထားသော ပြစ်ဒဏ်သည် ပြစ်မှုနှင့် နှိုင်းစာလျှင် ကြီးလေးလွန်းသည်ဟူ၍လည်း မဆိုသာချေ။) ထို့ကြောင့် အယူခံလွှာ များကို ပလပ်လိုက်သည်။

အထူးရာဇဝတ်ခုံးများဆိုင်ရာ နည်းဥပဒေ ၃၆ အရ၊ အယူခံ တရားလိုတို့ ကျခံရမည့် ပြစ်ဒဏ်ကို အထူးရာဇဝတ်ခုံးက စီရင်ချက်ကို လက်မှတ် ရေးထိုးသော နေ့ဖြစ်သည့် ၁၉၆၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့မှ စတင်ရေတွက်ရမည်။

ရာဇဝတ်အယူခံမှု

ဗိုလ်မှူးကြီး လှဟန်၊ ဗိုလ်မှူးချုပ် စိန်ဝင်း၊ ဗိုလ်မှူးကြီး သန်းစိန်နှင့် ဒေါက်တာ မောင်မောင်တို့ရှေ့တွင်

စောဘိုးကြူး (အယူခံတရားလို)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

† ၁၉၆၇ ဩဂုတ်လ ၂၀ ရက်။

မတရားအသင်း အက်ဥပဒေပုဒ်မ ၁၇ (၁) အရ မှုပြစ်ထင်ရှား စီရင်ခြင်း—သောင်းကျန်းသူတို့ အတွက် ဆက်ကြေး၊ ရိက္ခာ၊ ပစ္စည်း စသည်တို့ကို ရွာသူရွာသားများထံမှ ကောက်ခံပေးခြင်း—သောင်းကျန်းသူတို့အား အင်အားဖြည့်တင်းပေးခြင်း ဖြစ်စေသဖြင့် ပုန်ကန်ခြားနားသော ပြစ်မှုကဲ့သို့သော ပမာဏရှိခြင်း—ပြစ်ဒဏ်။

အယူခံတရားလိုအား သောင်းကျန်းသူများနှင့် ဆက်သွယ်၍ ၎င်းတို့အတွက် ကျေးရွာမှ ဆက်ကြေး ကောက်ခံသည်ဟူသော စွဲချက်ဖြင့် စစ်ဆေးခဲ့သည်။

ဆုံးဖြတ်ချက်။ ။အယူခံတရားလိုသည် တကြိမ်တခါ အလင်းဝင်ပြီး၍ ထပ်မံတောခိုသူဖြစ်သည်ကို သဲတိုပြုမိကြသည်။ အစိုးရသည် နောင်တတရားရ၍ အလင်းသို့ ပြန်ဝင်လာသူတို့ကို သက်သက်ညှာညှာ စဉ်းစား၍ ဘဝသစ်ထူရန် လိုအပ်သော အကူအညီများကို ပေးသည်များဟု ရှိသည်။ သို့ရာတွင် သတိတရားရလေဟန်နှင့် အလင်းသို့ဝင်လာပြီးလျှင်၊ မြေပေါ်မှ မြေအောက်နှင့် ဆက်သွယ်နေခြင်းများ၊ ပြန်လည်တောခိုရှိ ပြည်သူ့အပေါ် နှိပ်စက်ညှဉ်းပန်းခြင်း၊ ပြည်သူ့ထံမှ ဆက်ကြေးကောက်ခံခြင်း စသည်တို့ကို ပြုလုပ်ခြင်းများကိုမူ ထိထိရောက်ရောက် အရေးယူရမည် ဖြစ်ပေသည်။ ထိုသို့အရေးယူရာတွင် ရန်ငြိုးအာဃာတထား၍မဟုတ်၊ သောင်းကျန်းသူတို့၏ဒဏ်ကို နှစ်ပေါင်းများစွာ ခံခဲ့ကြရသော ပြည်သူတို့အား ကာကွယ်စောင့်ရှောက်နိုင်ရေးကို ရှေ့ရှုရခြင်း ဖြစ်သည်။ သောင်းကျန်းသူတို့အတွက် ဆက်ကြေး၊ ရိက္ခာ၊ ပစ္စည်း စသည်တို့ကို ရွာသူရွာသားများထံမှ ကောက်ခံပေးခြင်းသည် သောင်းကျန်းသူတို့အား အင်အားဖြည့်တင်းပေးခြင်း ဖြစ်စေသဖြင့် ပုန်ကန်ခြားနားသော ပြစ်မှုကဲ့သို့သော ပမာဏရှိသည်။

ထို့ကြောင့် မလွဲမရှောင်သာ၍ ခါးမိုးခိုင်းစေခြင်းကြောင့် သောင်းကျန်းသူတို့အား ကူညီလိုက်ရခြင်း၊ ရိက္ခာပေးလိုက်ရခြင်း စသည်တို့နှင့် စိတ်ရောကိုယ်ပါ အယူခံတရားလိုကဲ့သို့ လိုက်ပါကူညီခြင်းတို့ကို ခွဲခြားသတ်မှတ်ရမည်။ အယူခံတရားလိုကဲ့သို့ သောင်းကျန်းသူတို့ကို ကိုယ်ထိလက်ရောက် အားပေးကူညီသူတို့ကို ထိရောက်သောပြစ်ဒဏ် ပေးသင့်သည်ဟု ယူဆသည်။

---

* ၁၉၆၇ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၈။

† သထုံခရိုင်၊ ၁၉၆၆ ခုနှစ်၊ အထူးရာဇဝတ်ရုံးအမှတ် ၄၁ ၏ ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၂ တွင် ၁၉၆၆ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့၌ ချမှတ်ပြီး၊ ၁၉၆၇ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် အတည်ပြုအဖွဲ့က အတည်ပြုသည့် အမိန့်ကို အယူခံမှု။

၁၉၆၇ အယူခံ တရားလို၏ အကျိုးဆောင်။ ။

စောဘိုးကြူးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

အယူခံ တရားခံ၏ အကျိုးဆောင်။ ။လက်ထောက်နိုင်ငံတော်ရှေ့နေချုပ် ဦးလှသင်း။

အယူခံ တရားလို စောဘိုးကြူး ကို သထုံခရိုင်တွင် သောင်းကျန်းသူများနှင့် ဆက်သွယ်၍၊ ၎င်းတို့ အတွက် ကျေးရွာမှ ဆက်ကြေး ကောက်ခံသည်ဟူသော စွဲချက်ဖြင့်၊ သထုံမြို့၊ အထူးရာဇဝတ်ရုံး အမှတ် ၄၁/၆၆ က စစ်ဆေးခဲ့သည်။ စောဘိုးကြူးသည်၊ စွပ်စွဲသည့် အတိုင်း၊ ပုရစ်ခိုရွာတွင် သောင်းကျန်းသူ ဗိုလ် ထွန်းမြင့် အတွက် ဆိုကာ၊ ဆက်ကြေး ငွေ ၃၀၀ ကျပ် နှင့် ဆန် ၅ တင်း တောင်းခံသည်မှာ ထင်ရှားသည်ဟု တွေ့ရှိခဲ့သည်။ ထိုကြောင့် ၎င်းအား၊ မတရားအသင်း အက်ဥပဒေ ပုဒ်မ ၁၇ (၁) အရ၊ ထောင်ဒဏ် ၅ နှစ်ကျခံစေရန် အမိန့် ချမှတ် ခဲ့သည်။

စောဘိုးကြူးက၊ ဤရုံးသို့ အယူခံဝင်ရာတွင် ဆက်ကြေး တောင်းခံခဲ့သည်ဆိုသည်မှာ မမှန်ပါ၊ သက်သေများသည်၊ မဟုတ် မတရား ထွက်ဆို သွားကြခြင်း ဖြစ်ပါသည်။ အချို့ သက်သေများက မေးခွန်းများကို နားမလည် ကြောက်ရွံ့၍ ရုံးတွင် ထွက်ဆိုခဲ့ကြခြင်း ဖြစ်ပါသည်ဟု တင်ပြသည်။

စောဘိုးကြူးက၊ ရှေ့နေ ငှါးရမ်းခြင်း မပြုနိုင်သဖြင့် ကျွန်ုပ်တို့က အမှုတွင် အမှန် အကန် ဖြစ်စေရန် အတွက်၊ အစိုးရ ရှေ့နေကြီးအား လိုက်ပါကူညီရန် မေတ္တာရပ်ခံခဲ့သည်။ အကယ်၍၊ ပြစ်မှု ကျူးလွန်သည် မှန်လျှင် ပေးထားသော ပြစ်ဒဏ်ကို မည်သို့သော အကြောင်းကြောင့် တိုးမြှင့် မပေးသင့်ကြောင်းကို ထုချေလိုက ထုချေရန် စောဘိုးကြူးအားလည်း အကြောင်း ကြားခဲ့သည်။

လက်ထောက် ရှေ့နေချုပ် ဦးလှသင်း က၊ အထောက် အထားများ ခိုင်လုံသော အမှုဖြစ်ပါသည်၊ စောဘိုးကြူးက၊ ဆက်ကြေး လာရောက် တောင်းသည်ကို၊ ကိုယ်တိုင် ကြားမြင်လိုက်သော သက်သေများ ရှိပါသည်။ ယခင်က စောဘိုးကြူး သည်၊ တော ခိုခဲ့ဘူး၍၊ ငြိမ်းချမ်းရေး ရပြီးသည့်နောက်၊ အလင်းသို့ ဝင်လာကာ၊ လယ်ယာ လုပ်ကိုင် စားသောက်ကြောင်း၊ နောက်ပိုင်းတွင် အချို့သော တောပြန်များ၊ တောခို ကြပြန်သောအခါ၊ စောဘိုးကြူးလည်း ပါသွားကြောင်း သက်သေ ရှိပါသည်။ ထိုကြောင့် ပြစ်မှုထင်ရှား တွေ့ရှိထားခြင်းသည်၊ မှန်ကန်ပါသည်။ ပြစ်ဒဏ်ကို တိုးမြှင့်ပေးရန်၊ သင့် မသင့်ကိုမူ ရုံးက သင့်တော်သလို စဉ်းစား ဆုံးဖြတ်ရန် ဖြစ်ပါသည်ဟု တင်ပြသည်။

စောဘိုးကြူး ဆက်ကြေး တောင်းသည်ကို ကိုယ်တိုင် မြင်ကြားရ၍၊ ရုံးတွင် အစစ်ခံနိုင်သူတို့မှာ ဦးဘခင်နှင့် အောင်သင်းဖေ (လိုပြ-၂ နှင့် ၃) တို့ ဖြစ်ကြသည်။

ရင်းတို့ အနက် အောင်သားဖေ သည်၊ စောဘိုးကြူး၏ ညီ ဖြစ်သည်။ ယင်း သက်သေ နှစ်ဦးက သူကြီး ဦးဘိုးဆယ် (လိုပြ-၄) ကို သွားရောက် တိုင်ကြားကြသည်။ ဦးဘိုးဆယ်နှင့် တပ်မတော် အမှတ် (၁) သေနတ်ကိုင် တပ်ရင်းမှ ဗိုလ်ခစာလွှင်တို့သည်၊ စောဘိုးကြူး အား လိုက်လံ ရှာဖွေရာ၊ ရွာနှင့် ၁ မိုင် အကွာတွင် အခြားလူ ၂ ယောက်နှင့် အရက်မူးနေသည်ကို တွေ့ရှိ ဖမ်းဆီး ခဲ့မိခြင်း ဖြစ်သည်။ ဦးဘခင် (လိုပြ-၂) က စောဘိုးကြူး သည်၊ ကရင် သောင်းကျန်းသူ ဂ ဦးခန့် နှင့် ဗိုလ် ထွန်းမြင့်တို့ တောင်ပေါ်မှ ဆင်းလာကြရာ၊ စောဘိုးကြူးက၊ ဗိုလ် ထွန်းမြင့် အား' အထုပ် တထုပ်ပေးသည်ကို မြင်ဘူးကြောင်းကိုလည်း ထွက်ဆိုခဲ့သည်။

စောဘိုးကြူး သည်၊ ကရင်သောင်းကျန်းသူ တဦး ဖြစ်ခဲ့၍ ၎င်း ပြန်ဝင်ခဲ့ကြောင်း။ ထိုနောက် တောခိုပြန်ကြောင်းကို သက်သေများနှင့် တကွ၊ ၎င်း၏ ညီ အောင်သင်းဖေတို့ကလည်း ထွက်ဆိုသည်။

ထို အထောက် အထားများ အရ၊ စောဘိုးကြူးသည်၊ စွဲဆိုသော ပြစ်မှုကို ကျူးလွန်ခဲ့ကြောင်းထင်ရှားသည်။ အထူးရာဇဝတ်ရုံးတွင်စောဘိုးကြူးသည်စွဲချက်ကို ငြင်းကွယ်ခဲ့သည်၊ သက်သေများကိုလည်း တင်ပြခဲ့သည်။ ငြင်းကွယ် ထွက်ဆိုရာတွင် ၎င်း၊ သက်သေများ တင်ပြရာတွင်၎င်း စောဘိုးကြူးသည်၊ ၎င်းအား စွဲဆိုထားသော ပြစ်မှု၏ သဘောကို ကောင်းစွာ နားလည်သည်မှာ ထင်ရှားသည်။ စောဘိုးကြူး အတွက် ရှေ့နေ လိုက်ပါ ဆောင်ရွက်ခဲ့သည်။ ထို့ကြောင့် ရုံးတွင် ပြောသည်တို့ကို ၎င်း၊ မေးမြန်းခဲ့သည်တို့ကိုင်း နားမလည်ခဲ့ပါဟူသော ထုချ ချက်သည် ခိုင်လုံသည်ဟု မဆိုသာချ။

ပြစ်ဒဏ်ကို တိုးမြှင့်ပေးရန် သင့် မသင့် ကျွန်ုပ်တို့ စဉ်းစား ကြသော အခါ စောဘိုးကြူးသည်၊ တကြိမ် တခါ အလင်းဝင်ပြီး၍၊ ထပ်မံ တောခိုသူ ဖြစ်သည်ကို သတိ ပြုမိကြသည်။ အစိုးရသည်။ နောင်တ တရားရ၍၊ အလင်းသို့ ပြန်ဝင်လာသူတို့ကို သက်သက် ညှာညှာ စဉ်းစား၍၊ ဘဝသစ် ထူရန် လိုအပ်သော အကူအညီများကို ပေးသည်များပင် ရှိသည်။ သို့ရာတွင် သတိ တရား ရလေဟန်နှင့် အလင်းသို့ ဝင်လာပြီးလျှင်၊ မြေပေါ်မှ မြေအောက်နှင့် ဆက်သွယ်နေခြင်းများ၊ ပြန်လည် တောခိုရှိ၊ ပြည်သူ့အပေါ် နှိပ်စက် ညှဉ်းပန်းခြင်း၊ ပြည်သူ့ထံမှ ဆက်ကြေး ကောက်ခံခြင်း စသည်တို့ကို ပြုလုပ်ခြင်းများကိုမူ ထိထိရောက်ရောက် အရေးယူရမည် ဖြစ်ပေသည်။ ကိုသို့ အရေးယူရာတွင် ရန်ငြိုး အာဃာတ ထား၍မဟုတ်၊ သောင်းကျန်းသူတို့၏ ဒဏ်ကို နှစ်ပေါင်းများစွာ ခံခဲ့ကြရသော ပြည်သူတို့အား၊ ကာကွယ်စောင့်ရှောက်နိုင်ရေးကို ရှေ့ရှုရခြင်း ဖြစ်သည်။ သောင်းကျန်းသူတို့အတွက် ဆက်ကြေး

၁၉၌

စောဘိုးကြူးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ

ရိက္ခာ၊ ပစ္စည်း စသည်တို့ကို ရွာသူ ရွာသားများ ထံမှ ကောက်ခံပေးခြင်းသည်၊ သောင်းကျန်းသူတို့အား အင်အား ဖြည့်တင်းပေးခြင်း ဖြစ်စေ သဖြင့် ပုန်ကန် ခြားနားသော ပြစ်မှုကဲ့သို့သော ပမာဏ ရှိသည်။

ထိုကြောင့် မလဲ့မချောင်သာ၍ ဓါးမိုး ခိုင်းစေခြင်းကြောင့် သောင်းကျန်းသူတို့အား ကူညီလိုက်ရခြင်း၊ ရိက္ခာ ပေးလိုက်ရခြင်း စသည်တို့နှင့် စိတ်ရော ကိုယ်ပါ၊ **စောဘိုးကြူး** ကဲ့သို့ လိုက်ပါ ကူညီခြင်းတို့ကို ခဲခြား သတ်မှတ်ရမည်။ စောဘိုးကြူးကဲ့သို့ သောင်းကျန်းသူတို့ကို ကိုယ်ထိ လက်ရောက် အားပေး ကူညီ သူတို့ကို ထိရောက်သော ပြစ်ဒဏ် ပေးသင့်သည်ဟု ကျွန်ုပ်တို့ ယူဆသည်။

အထက်ပါ အကြောင်းတို့ကြောင့်၊ စောဘိုးကြူး အပေါ် မတရား အသင်း အက်ဥပဒေ ပုဒ်မ ၁၇ (၁) အရ၊ ပြစ်မှု ထင်ရှား တွေ့ရှိထားခြင်းကို၊ အတည်ပြုပြီး ဖျက်၊ ၎င်းအပေါ် ချမှတ် ထားသော ပြစ်ဒဏ်ကို ထောင်ဒဏ် ၅ နှစ်မှ ထောင်ဒဏ် ၁၀ နှစ်သို့ တိုးမြှင့် သတ်မှတ်လိုက်သည်။

အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

ရာဇဝတ်အယူခံမှု

ဗိုလ်မှူးကြီး လှဟန်၊ ဗိုလ်မှူးကြီး သန်းစိန်နှင့် ဒေါက်တာမောင်မောင်တို့ရှေ့တွင်

ဒေါ်ဦးပါ ၃ (အယူခံတရားလို)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

† ၁၉၆၇ ဩဂုတ်လ ၂၃ ရက်။

၁၉၆၃ ခုနှစ်၊ အမျိုးနှင့် သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ မှုပြစ်ထင်ရှား စီရင်ခြင်း—အစုစပ် လုပ်ငန်းများတွင် အစုစပ်များသည် ကြေးမြို စသော တရားမကြောင်းအားဖြင့် ခံယူရန် တာဝန်တို့ကို အတူခံယူကြရခြင်း—ရာဇဝတ်မှု ကျူးလွန်ခြင်းတွင် ထိုသို့တာဝန်ကို တူညီစွာ ခံယူရခြင်းဟုတ် မဟုတ်—အစုစပ် စာချုပ်တွင် အစုစပ်များသည် ကုမ္ပဏီ၏ လုပ်ငန်းကိစ္စ အဝဝတွင် တဦးစီငင်း၊ အတူပူးတွဲ၍ငင်း လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိကြသည်ဟု ဖေါ်ပြထားခြင်း—အစုစပ်ဝင် တဦးဦးက ကျူးလွန်သော ရာဇဝတ် တာဝန်ကို သဘောတူစာချုပ်ဖြင့် အခြားအစုဝင်များအား ခွဲဝေပေးရ၍ရ မရ။ ကျမ်းဖြင့် အစစ်ခံခြင်းမဟုတ်သော တရားခံတဦး၏ ပြောကြားချက်သည် တုန်ဘိုးရှိ မရှိ။

အယူခံတရားလိုများအား ၁၉၆၃ ခုနှစ်၊ အမျိုးနှင့် သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ တရားစွဲဆိုခဲ့သည်။

ဆုံးဖြတ်ချက်။ ။တပါးသူတဦး ကျူးလွန်သော ရာဇဝတ်မှုအတွက် သူတဦးအား တာဝန်ရှိသည်ဟု အလွယ်တကူ ယူဆရမည်မဟုတ်၊ထိုကျန်သူတဦးကလည်းမနေသာက်မြောက် ပါဝင်ကျူးလွန်၍ တနည်းနည်း အားပေးကူညီခြင်းလည်း ရှိမှသာ ထိုသူပါ ရာဇဝတ်မှု ကျူးလွန်သည်ဟု ဆုံးဖြတ်ရသည်။ အစုစပ်လုပ်ငန်းများတွင် အစုစပ်များသည် ကြေးမြို့စသော တရားမကြောင်းအားဖြင့် ခံယူရန် တာဝန်တို့ကို အတူခံကြရသည်။ တဦးက ချေးယူခဲ့သည်ကို ကျန်အစုရှင်များကပါ ပေးဆပ်ရန် တာဝန်ရှိသည်။ သို့ရာတွင် ရာဇဝတ်မှုကျူးလွန်ခြင်းတွင်မူကား ထိုသို့တာဝန်ကို တူညီစွာခံယူရသည်မဟုတ်ချေ။ မသိပဲ၊ စေခိုင်းခြင်းမပြုပဲ၊ အားပေးကူညီခြင်းမပြုပဲနှင့် အစုစပ်တဦးသည် အခြားအစုစပ်တဦးက ကျူးလွန်သော ပြစ်မှုအတွက် ပြစ်ဒဏ်မထိုက်သင့်ပေ။

အစုစပ်စာချုပ်တွင် အစုစပ်များတို့သည် ကုမ္ပဏီ၏လုပ်ငန်းကိစ္စအဝဝတွင် တဦးစီငင်း၊ အတူပူးတွဲ၍ငင်း လုပ်ကိုင်ဆောင်ရွက်ခွင့် ရှိကြသည်ဟု ဖေါ်ပြထားသည်။ တရားမ ရာဇဝတ်ရုံးများတွင်

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၇၃၊ ၈၄၊ ၈၅။

† မန္တလေးခရိုင်၊ ၁၉၆၅ ခုနှစ်၊ အထူးရာဇဝတ်ရုံးအမှတ် ၈ ၏ ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁ တွင် ၁၉၆၅ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့၌ ချမှတ်ပြီး ၁၉၆၆ ခုနှစ်၊ ဧပြီလ ၁၉ ရက်နေ့တွင် အတည်ပြုအဖွဲ့က အတည်ပြုသည့် အမိန့်ကို အယူခံမှု။

၁၉၆၇ ခေါ်ဦး ပါဒ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ထိုကဲ့သို့ လုပ်ပိုင်ခွင့် ရှိသည်ဟုလည်း ဖေါ်ပြထားသည်။ သို့ရာတွင် ထိုကဲ့သို့ ဖေါ်ပြခြင်းသည် အစုစပ်စာချုပ်များ၌ ထည့်သွင်းရေးသားသည့် လုပ်ရိုးလုပ်စဉ်သာဖြစ်သည်။ ထို့ပြင် တဦးစီ၏ လုပ်ပိုင်ခွင့်ကို သတ်မှတ်ခြင်းဖြစ်သည်။ တာဝန်နှင့် ပတ်သက်၍မူကား ဥပဒေအရ ကြေးမြီစသည်တို့ အတွက် တဦးစီဝင်း၊ အတူပူးတွဲ၍ဝင်း တာဝန်ယူရမည်သာဖြစ်သည်။ စာချုပ်တွင် အထူးဖေါ်ပြရန် မလိုချေ။ အစုစပ်ဝင် တဦးဦးက ကျူးလွန်သော ရာဇဝတ်တာဝန်ကိုမူကား သဘောတူစာချုပ်ဖြင့် အခြားအစုစပ်များအား ခွဲဝေပေး၍မရ၊ ဥပဒေဖြင့်သာ ထိုတာဝန်ကို သတ်မှတ်ပြဋ္ဌာန်းရ၏။

တရားခံတဦး၏ ဖြေကြားချက်သည် ကျမ်းဖြင့်အစစ်ခံခြင်း မဟုတ်သဖြင့်၊ တန်ဘိုးမရှိပု အထူးရာဇဝတ်ရုံးက မှတ်ချက်ပြုခဲ့သည်။ ကျမ်းဖြင့်အစစ်ခံလျှင် တရားလိုဘက်မှ ပြန်လှန်မေးခွန်း မေးနိုင်ခဲ့မည်။ ထိုသို့မေးခွန်းထုတ်ခွင့် ရရှိခဲ့လျှင် ဖြေကြားချက်သည် ပိုမိုလေးနက်မည်မှန်၏။ သို့ရာတွင် ဖြေကြားချက်ကို လုံးဝတန်ဘိုးမထားရဟူ၍ကား မယူဆနိုင်။ အခြားအချက်အလက်များနှင့် ပေါင်းစပ်၍ ထည့်သွင်းစဉ်းစားနိုင်သော ဆီလျော်သည့် အကြောင်းအချက်တရပ်ဖြစ်သည်။

အယူခံတရားလို၏အကျိုးဆောင်။ ၁-၂ အတွက် ဦးကျော်မြင့်။
၃ အတွက် ဦးချိန်ဖိုး။

အယူခံတရားခံ၏အကျိုးဆောင်။ ။အစိုးရရွှေနေကြီး ဦးလှသင်း။

ဒေါ်တော်၊ ဒေါ်ဦးနှင့် ဦးလှကြီးတို့သည် သတ္တုနှင့် ဘာရိုက်တီ ကျောက်လေကျောက်လွှင့် တူးဖေါ်ရေး စပ်တူလုပ်ကိုင်ရန် အစုစပ်စာချုပ်တရပ် ချုပ်ဆိုခဲ့ကြသည်။ အစုစပ်လုပ်ငန်းကို "တော်ဦးလှ" ကုမ္ပဏီဟု ခေါ်ဝေါ်ခဲ့သည်။

၂ "တော်ဦးလှ" ကုမ္ပဏီသည် ကျောက်ဆည်ခရိုင်ဝန်ထမ်း ခရိုင်အဟောင်းရှိ သတ်မှတ်ထားသော ဒေသမှ ဘာရိုက်တီ ကျောက်လေကျောက်လွှင့် တန်ချိန် ၁၀၀၀ ကိုသယ်ယူ၍၊ ခါတ်သတ္တုပင်ရင်း ကော်ပိုရေးရှင်း ရောင်းဝယ်ရေး ဌာနသို့ တင်သွင်းခွင့် ရရှိခဲ့သည်၊ ကုမ္ပဏီက ထပ်မံလျှောက်ထားသဖြင့် ခရိုင်ဝန်က နောက်ထပ် တန်ချိန် ၁၀၀၀ သယ်ယူတင်သွင်းခွင့် ပြုခဲ့သည်။

ကျောက်လေကျောက်လွှင့် များကိုသာ ကောက်ယူသယ်ဆောင် တင်သွင်းခွင့် ပေးသည်ကို ဆန့်ကျင်၍၊ ကုမ္ပဏီကအလုပ်သမား ၁၀၀ ကျော်ဖြင့် ဒေသမှ ပြကတော့ မြေကြီးမှ ဘာရိုက်တီကျောက်သား တန်ချိန် ၁၆၄၂ တန်ကို တူရွင်းဖြင့် တူးဖေါ်ခြင်း၊ ယမ်းဘီလူးများဖြင့် ခွဲဖေါက်ခြင်းပြုကာ၊ ထုတ်ယူခဲ့သည်ဟု စုံစမ်းတွေ့ရှိသဖြင့် ကုမ္ပဏီ၏ မန်နေးဂျင်းဒါရိုက်တာ ဦးလှကြီးကို ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သော ပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ၊ အထူးရာဇဝတ်ရုံးသို့ စွဲဆိုတင်ပို့ခဲ့သည်၊ ဒေါ်တော်နှင့် ဒေါ်ဦးတို့သည် အစုရှင်များဖြစ်ကြ၍ နှိုင်းတို့သည်လည်း ဦးလှကြီးကဲ့သို့ပင် ရာဇဝတ်မှု မြောက်ခဲ့သည်ဟု ရုံးတွင်စွဲဆိုခဲ့သည်။

ကျောက်ဆည်မြို့၊ အထူးရာဇဝတ်ရုံး အမှတ် ၈/၆၅ က၊ တရားခံသုံးဦးအပေါ် စွဲဆိုချက်တို့ကို တမူထဲဦး ပူးပေါင်းစစ်ဆေးပြီးနောက် စွဲဆိုသည့် အတိုင်း ပြစ်မှုကျူးလွန်ကြသည်ဟု တွေ့ရှိကာ၊ ထောင်ဒဏ် ၁၀ နှစ်စီ ကျခံစေရန်နှင့် ကုမ္ပဏီက တူးဖော်ထားသော ဘာရိုက်တီကျောက်များကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူရန် အမိန့်ချမှတ်ခဲ့သည်။

အထူးရာဇဝတ်ရုံးသည်၊ အမှုနှင့် ပတ်သက်သော စာရင်းအင်းများ၊ စာရွက်စာတမ်းများကို သေချာစေ့စုံစွာ စစ်ဆေးခဲ့သည်၊ ထိုအထောက်အထားများအရ "တော်ဦးလှ" ကုမ္ပဏီသည်၊ ကျောက်ဆည် ခရိုင်ဝန်ထိမှ ကျောက်လေကျောက်လွှင့်တန်ချိန် ၁,၀၀၀ ကိုကျော်ကျော်ယူ သယ်ဆောင်၍၊ ဓါတ်သတ္တုပင်ရင်း ကော်ပိုရေးရှင်းသို့ တင်သွင်းခွင့် ရရှိခဲ့ကြောင်း၊ နောက်ပိုင်းတွင် သတင်းအရ ကုမ္ပဏီက လုပ်ကိုင်နေသော ဒေသသို့ သွားရောက်စစ်ဆေးသောအခါ၊ ကျောက်များကိုမြေမှ ကောက်ယူခြင်းသာ မဟုတ်ဘဲ မြေမှတူးဖော် ခွဲထုတ်၍၊ စုပုံထားခြင်းကို ကျင်းဟောင်း ကျင်းသစ်များမှ ထင်ရှားစွာ တွေ့ရှိခဲ့ကြရသည်။ ထိုသို့မြေမှ တူးဖော်ခွဲထုတ်ခြင်းသည် ခရိုင်ဝန်က ပေးထားသော ခွင့်ပြုချက်နှင့် ဆန့်ကျင်သည်။ ပြည်သူပိုင်ဖြစ်သော ကျောက်ကောင်းတို့ကို တရားမဲ့ခိုးထုတ်ခြင်းသဘော သက်ရောက်သည်တို့မှာ အကြောင်းခြင်းရာအရ ထင်ရှားသည့်ပြင် ဥပဒေအရလည်း အငြင်းမထွက်နိုင်ပေ။

ဒေါ်တော်၊ ဒေါ်ဦးနှင့် ဦးလှကြီးတို့သည်၊ အထူးရာဇဝတ်ရုံးတွင် မေးသည့် မေးခွန်းတို့ကို သာမန်ဖြေကြားသည်၊ ဒေါ်တော်နှင့် ဒေါ်ဦးတို့က ၎င်းတို့သည် "တော်ဦးလှ" ကုမ္ပဏီ၏ လုပ်ငန်းများတွင် ကိုယ်ထိလက်ရောက် မပါဝင်ခဲ့ရပါ၊ ဦးလှကြီးက အားလုံးတာဝန်ယူ လုပ်သွားမည် ဆိုသည့်အတိုင်း ၎င်းတို့ လွှဲအပ်ထားပါသည်၊ ကုမ္ပဏီအမည်ဖြင့် ဦးလှကြီးက စာပေးစာယူ ပြုလုပ်ခြင်း၊ လျှောက်ထားခြင်းနှင့် ပတ်သက်၍၊ ဘာမျှမသိပါ၊ အလုပ်သမားများကို ငှါးရမ်း၍ မြေမှတူးခြင်း၊ မိုင်းခွဲခြင်း စသည်တို့ကို ဦးလှကြီးက ပြုလုပ်ကြောင်းကိုလည်း မသိရပါ စသည်ဖြင့် ခုခံထွက်ဆိုခဲ့ကြသည်။ ဦးလှကြီးကမူ၊ စာပေးစာယူ ပြုလုပ်ခြင်း၊ လျှောက်ထားခြင်း စသည်တို့ကို ၎င်းက ပြုလုပ်ခဲ့သည်မှန်ကြောင်း၊ လူအများငှါး၍ တူးဖော် ခွဲထုတ်ယူခြင်း စသည်တို့ကိုမူ ၎င်းက ခိုင်းစေခြင်း မပြုခဲ့ကြောင်း၊ ဒေါ်တော်နှင့် ဒေါ်ဦးတို့သည် အလုပ်ကိစ္စ အကြောင်း ဘာမှနားမလည် ၎င်းအား သဘောအတိုင်း လုပ်သွားရန် လွှဲအပ်ထားခဲ့ကြောင်းနှင့် ဖြေကြားသည်။

အထူးရာဇဝတ်ရုံးက ဘာရိုက်တီ ကျောက်များကို မြေမှတူးခြင်း၊ ခွဲထုတ်ခြင်းတို့ကို ဦးလှကြီးက ပြုလုပ်စေခဲ့ခြင်းဖြစ်သည်၊ ထိုကြောင့် ပြည်သူပိုင် ပစ္စည်းများကို ခိုးယူခြင်း ပြစ်မှုမြောက်သည်ဟု ဆုံးဖြတ်ခဲ့သည်၊ ဒေါ်တော်နှင့် ဒေါ်ဦးတို့သည် ဦးလှကြီး၏

ဒေါ်ဦး ပါ ၃ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ပြုလုပ်ချက်တို့ကို သိရမည်၊ ထို့ကြောင့် အစုစပ်များအဖြစ် ပြစ်မှုကျူးလွန်သည်ဟု မှတ်ယူရမည်ဟု ဆုံးဖြတ်ခဲ့သည်။

ဒေါ်တော်၊ ဒေါ်ဦးနှင့် ဦးလှကြီးတို့သည်၊ အထူးရာဇဝတ်ရုံး၏ စီရင်ချက်မှ ဤတရားရုံးသို့ အယူခံ ဝင်ခဲ့ကြသည်၊ အယူခံကို တင်သွင်းပြီးနောက် ဦးလှကြီးသည် သေဆုံးသွားလေသည်။ ထို့ကြောင့် ၎င်း၏အယူခံသည် ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၃၁ အရ၊ ပိတ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

ဦးလှကြီး၏ အယူခံသည်၊ ဥပဒေအရ ပိတ်ပြီးဖြစ်နေ၍၊ ၎င်းအတွက် မည်သို့မျှ မပြောဆိုတော့ပါဟု ရွှေနေကြီး ဦးချိုန်ပိုးက ဆို၏။ သို့ရာတွင် အထောက်အထားများအရ၊ ဦးလှကြီးကိုယ်တိုင် ကျောက်များကို တူးဖော်ခြင်း၊ ခွဲထုတ်ခြင်းတို့ကို လုပ်စေခဲ့သည် မဟုတ်၊ အစဦးတွင် တရားခံအဖြစ် ဖော်ပြပြီးနောက်၊ တရားလိုပြ သက်သေအဖြစ်၊ အထူးရာဇဝတ်ရုံး၌ အသွင်ပြောင်းခဲ့သော ဦးသိန်းဒန် အပေါ် ၌သာ တာဝန်ကျရောက်သည်ဟု အမှုတွဲတွင် ပေါ်ပါသည်ဟု ဦးချိုန်ပိုးက ခေါ်တင်ပြသည်။

ဒေါ်တော်နှင့် ဒေါ်ဦးတို့အတွက် လိုက်ပါဆောင်ရွက်သော ရွှေနေကြီး ဦးကျော်မြင့်က၊ အဓိကပြဿနာသည် ကျောက်များကို တူးဖော်ခွဲထုတ်ခြင်းကို ဒေါ်တော်နှင့် ဒေါ်ဦးတို့ကသိ မသိဖြစ်ပါသည်။ မသိဘဲ ဦးလှကြီးတဦးတည်း သဘောဖြင့် ပြုလုပ်ခဲ့ခြင်းဖြစ်လျှင် ဒေါ်တော်နှင့် ဒေါ်ဦးတို့သည် အစုစပ်များ ဖြစ်ကာမျှနှင့် ရာဇဝတ်မှုကို အတူကျူးလွန်သည်ဟု ယူဆရန်မဟုတ်ပါ၊ အစုစပ်များသည် တရားမ ဥပဒေအရ၊ အစုစပ်လုပ်ငန်းပေါ် ကျရောက်သော ကြွေးမြီတာဝန် စသည်တို့အတွက် တာဝန်ရှိကြပါသည်၊ သို့ရာတွင် အစုစပ်တဦးက အစုစပ်လုပ်ငန်း၏ နာမည်ကို သုံးစွဲကာ၊ ရာဇဝတ်ပြစ်မှုတခုခုကို ကျူးလွန်လျှင် ထိုသို့ကျူးလွန်ရာတွင် အခြားအစုစပ်များက မနောက်မြောက်ပါဝင် ကျူးလွန်ခြင်း မရှိလျှင် ထိုအစုစပ်များသည် ရာဇဝတ်ပြစ်မှုကို မကျူးလွန်ကြပါ၊ ဤအချက်တွင် အစုစပ်များ၏ တရားမဥပဒေအရ ခံယူရမည့် တာဝန်နှင့် ရာဇဝတ်ဥပဒေအရ ပြစ်မှု မြောက်ခြင်းတို့သည် များစွာကွာခြားပါသည်၊ ဤကဲ့သို့ ကွာခြားကြောင်းကို အထူးရာဇဝတ်ရုံးကလက်ခံခဲ့ပြီး ဖြစ်ပါသည်၊သို့ပါလျက် ဒေါ်တော်နှင့် ဒေါ်ဦးတို့သည် ကျောက်များ တူးဖော်ခြင်း၊ ခွဲထုတ်ခြင်းတို့ကို သိရမည်ဟု အထောက်အထား မခိုင်လုံဘဲ စွပ်စွဲခဲ့ခြင်းသည် အထူးရာဇဝတ်ရုံးက အဓိကကျသော အချက်တွင် လွဲမှားသွားခြင်းပင် ဖြစ်ပါသည်ဟု ဦးကျော်မြင့်က လျှောက်လဲသည်။

အစိုးရရွှေနေကြီး ဦးလှသင်းက၊ ဒေါ်တော်နှင့် ဒေါ်ဦးတို့က ဦးလှကြီးကို ကျောက်များကို တူးဖော်ခွဲထုတ်ရန် ညွှန်ကြားသည်ဟု အထောက် အထား မရှိပါ၊ ထိုသို့ တူးဖော် ခွဲထုတ်ခြင်းကို သိကြသည်ဟုလည်း တိုက်ရိုက် သက်သေမရှိပါ၊ သို့ရာတွင် အစုစပ်စာချုပ် (သက်သေခံအမှတ် "ခ") အရ၊ သတ္တုနှင့် ကျောက်လေကျောက်လွှင့်

တူးဖေါ်ရေး လုပ်ငန်းတွင် သုံးဦးသား အစုပါဝင်ခဲ့ကြခြင်း၊ "တော်ဦးလှ" ကုမ္ပဏီက ဒေါ်ဦးပိုင်သော နဂါးဆေးလိပ်တိုက်မှ ငွေထုတ်ခြင်း၊ သွင်းရန်ရှိသော ငွေများကို ဆေးလိပ်တိုက်၏ ဘဏ်စာရင်းတွင်သွင်းခြင်း တို့နှင့် အလုပ်သမားများအတွက် ငွေပေးချေရန် ကတိခံဝန်ချက် (သက်သေခံအမှတ် "အ") ကို ဦးလှကြီးက အလုပ်စခန်းဥက္ကဋ္ဌ ရေးထိုးပေးရာတွင် ဒေါ်တော်နှင့် ဒေါ်ဦးတို့အား ကတိခံဝန်ချက် တင်ပြပြီးလျှင် အတည်ပြုချက်ရယူပြီး လက်မှတ်ရေးထိုး စေပါမည်ဟု မှတ်ချက်ပြုထားခြင်း စသည် တို့ကို စဉ်းစားလျှင် ငွေသွင်း၊ ငွေထုတ်မှအစ အလုပ်သမားများအား ငွေပေးချေသည် အထိ အသေးစိတ် ကိစ္စတို့ကိုပင် ဒေါ်တော်နှင့် ဒေါ်ဦးတို့သည် သိခဲ့ရမည်ဖြစ်သည်၊ ထို့ကြောင့် ကျောက်များကို တူးဖေါ်ခြင်း၊ ခွဲထုတ်ယူခြင်းတို့ကို ပြုလုပ်ရာ၌လည်း၊ ဒေါ်တော်နှင့် ဒေါ်ဦးတို့အား အသိမပေးဘဲ ဦးလှကြီးက ဆောင်ရွက်မည် မဟုတ်ဟု အထုံးရာဇဝတ်ရုံးက ယူဆထားခြင်း ဖြစ်ပါသည်၊ ထိုသို့ ယူဆထားခြင်းသည် ခိုင်လုံသင့်မြတ်ခြင်းရှိ မရှိ ရုံးကစဉ်းစားရန် ဖြစ်ပါသည်ဟု တင်ပြသည်၊ အကယ်၍ ဒေါ်တော်နှင့် ဒေါ်ဦးတို့မသိဘဲ ကျောက်များကို တူးဖေါ် ခွဲထုတ်ခြင်း ပြုခဲ့ခြင်း ဖြစ်တန်ရာသည်ဟု ရုံးကယူဆလျှင် ၎င်းနှစ်ဦးအပေါ် ပြစ်မှုထင်ရှား ဖွင့်ရှိထားခြင်းသည် မှားယွင်းပါသည်ဟုလည်း တင်ပြသည်။

တပါးသူတဦး ကျူးလွန်သော ရာဇဝတ်မှု တခုအတွက် သူတဦးအား တာဝန်ရှိသည်ဟု အလွယ်တကူ ယူဆရသည်မဟုတ်၊ ထိုကျန်သူ တဦးကလည်း မနောကံမြောက်ပါဝင်ကျူးလွန်၍ တနည်းနည်း အားပေးကူညီခြင်းလည်း ရှိမှသာ ထိုသူပါ ရာဇဝတ်မှု ကျူးလွန်သည်ဟု ဆုံးဖြတ်ရသည်။ အစုစပ် လုပ်ငန်းများတွင် အစုစပ်များသည် ကြွေးမြီစသော တရားမကြောင်းအားဖြင့် ခံယူရန် တာဝန်တို့ကို အတူခံယူကြရသည်၊ တဦးက ချေးယူခဲ့သည်ကို ကျန်အစုရှင်များကပါ ပေးဆပ်ရန် တာဝန်ရှိသည်၊ သို့ရာတွင် ရာဇဝတ်မှု ကျူးလွန်ခြင်းတွင် မူကားထိုသို့တာဝန်ကို တို့ညီစွာ ခံယူရသည် မဟုတ်ချေ။ မသိပါ၊ စေခိုင်းခြင်း မပြုပါ၊ အားပေးကူညီခြင်း မပြုပဲနှင့် အစုစပ်တဦးသည် အခြားအစုစပ်တဦးက ကျူးလွန်သော ပြစ်မှုအတွက် ပြစ်ဒဏ်မထိုက်သင့်ပေ၊ ထိုဥပဒေသကို အထူးရာဇဝတ်ရုံးက အလေးမူခဲ့သည်၊ ကျွန်ုပ်တို့ကလည်း ထပ်လောင်း၍ ထိုဥပဒေသကို လက်ခံရမည်ဖြစ်ကြောင်း မှတ်ချက်ပြုလိုသည်။

အစုစပ်စာချုပ်တွင် အစုစပ်များ ဖြစ်ကြသော ဒေါ်တော်၊ ဒေါ်ဦးနှင့် ဦးလှကြီးတို့သည် ကုမ္ပဏီ၏လုပ်ငန်းကိစ္စ အဝဝတွင် တဦးစီဝင်း၊ အတူပူးတွဲ၍ဝင်း လုပ်ကိုင်ဆောင်ရွက်ခွင့် ရှိကြသည်ဟု ဖေါ်ပြထားသည်၊ တရားမ ရာဇဝတ်ရုံးများတွင် ဆိုကဲ့သို့ လုပ်ပိုင်ခွင့် ရှိသည်ဟုလည်း ဖေါ်ပြထားသည်၊ သို့ရာတွင် ထိုကဲ့သို့ဖေါ်ပြခြင်းသည် အစုစပ် စာချုပ်များ၌ ထည့်သွင်းရေးသားသည့် လုပ်ရိုးလုပ်စဉ်သာ ဖြစ်သည်၊

ဒေါ်ဦး ပါ ၃ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

ထို့ပြင်တဦးစီ၏ လုပ်ပိုင်ခွင့်ကိုသတ်မှတ်ခြင်းဖြစ်သည်၊ တာဝန်နှင့်ပတ်သက်၍ မူကား ဥပဒေအရ၊ ကြေးမြီစသည်တို့အတွက် တဦးစီငင်း၊ အတူပူးတွဲ၍ငင်း တာဝန်ယူရမည်သာဖြစ်သည်။ စာချုပ်တွင် အထူးဖော်ပြရန် မလိုချေ၊ အစုစပ်ဝင် တဦးဦးက ကျူးလွန်သော ရာဇဝတ်တာဝန်ကိုမူကား သဘောတူစာချုပ်ဖြင့် အခြားအစုစပ်များအား ခွဲဝေပေး၍မရ၊ ဥပဒေဖြင့်သာ ထိုတာဝန်ကို သတ်မှတ်ပြဋ္ဌာန်းရ၏။

ဒေါ်တော်နှင့် ဒေါ်ဦးတို့အပေါ် စွဲချက်တင်ရာ၌ အထူးရာဇဝတ်မှုံးက ငင်းတို့သည် "တော်ဦးလှ" ကုမ္ပဏီ အစုစပ်များအဖြစ် တာဝန်မကင်းဟု ဖော်ပြသည်၊ အစုစပ်များဖြစ်ကြန့်မျှနှင့် တာဝန်ပို့သည်မဟုတ်ချေ၊ ကျန်ပ်တို့သည် အထက်၌ သုံးသပ်ခဲ့ပြီးဖြစ်သည့်အတိုင်း၊ တာဝန်ပါ ခံယူရန်အတွက် အစုစပ်များက၊ ရာဇဝတ်မှုကျူးလွန်သည်ဟု သိလျက်နှင့် လျစ်လျူရှုခြင်း၊ သို့မဟုတ် အားပေးကူညီခြင်း စသည်တို့ကို ခိုင်လုံစွာ သက်သေထူရန်လိုသည်။

ထိုသို့ခိုင်ခိုင်လုံလုံ သက်သေထူနိုင်ခဲ့သည်ကို အမှုတွင် မတွေ့ရချေ၊ "တော်ဦးလှ" ကုမ္ပဏီအတွက်၊ ငွေထုတ်ငွေသွင်း ပြုလုပ်ခြင်းကို နဂါးဆေးလိပ်တိုက်၏ ဘဏ်စာရင်းမှ ပြုလုပ်ကြောင်း ပေါ်လွင်သည်၊ သို့ရာတွင် အစုစပ်လုပ်ငန်းကို ဒေါ်တော်နှင့် ဒေါ်ဦးတို့က ငွေရင်းစိုက်ထုတ်၍ ဦးလှကြီးက၊ ကိုယ်ထိလက်ရောက် အလုပ်စခန်းတွင် ဦးစီးအုပ်ချုပ် ပြုလုပ်ခဲ့ကြောင်း သက်သေထင်ရှား နေသဖြင့် ငွေထုတ်ငွေသွင်းခြင်းကို နဂါးဆေးလိပ်တိုက်၏ ဘဏ်စာရင်းမှ ပြုလုပ်ခဲ့ကြကာမျှနှင့် အဝေးရှိ အလုပ်စခန်း၌ ဖြစ်ပျက်နေသမျှကို ဒေါ်တော်နှင့် ဒေါ်ဦးတို့ သိရမည်ဟု အတတ်စွပ်စွဲရန် ခဲယဉ်းသည်၊ အမှုတွင် အဓိကသက်သေတဦး ဖြစ်ခဲ့သော ဦးသိန်းဒန် (လို့ပြ-၁၈) သည်၊ "တော်ဦးလှ" ကုမ္ပဏီ၏ အလုပ်စခန်းတွင် အလုပ်သမားမှူးအဖြစ် ဆောင်ရွက်ခဲ့သူဖြစ်သည်၊ ၎င်းက အလုပ်စခန်းသို့ ဒေါ်တော်နှင့် ဒေါ်ဦးတို့ မလာခဲ့ကြဘူးပါ၊ ၎င်းသည် နဂါးဆေးလိပ်တိုက်သို့ ငွေထုတ် ငွေသွင်းသွားစဉ်ကလည်း ဒေါ်တော်နှင့် ဒေါ်ဦးတို့အား တခါမျှ မတွေ့ခဲ့ရပါ စသည်ဖြင့် ထွက်ဆိုထားသည်ကို တွေ့ရသည်။

ဦးလှကြီးက အလုပ်သမားများအား ပေးသော အခငွေများအတွက် ကတိ ခံဝန်ချက် (သက်သေခံအမှတ် "အ") တွင် ခံဝန်ချက်ကို ဒေါ်တော်နှင့် ဒေါ်ဦးတို့အား တင်ပြပြီးနောက်၊ အတည်ပြုချက်နှင့် လက်မှတ်များ ယူပါမည်ဟု မှတ်ချက်ရေးထားသည်၊ သို့ရာတွင် ကတိခံဝန်ချက် စာရွက်ပေါ်တွင် ဦးလှကြီးကပင် ထိုမှတ်ချက်ကို ရေးသားထားခြင်း ဖြစ်သည်။ ဒေါ်တော်နှင့် ဒေါ်ဦးတို့အား ထိုကတိခံဝန်ချက်ကို ပြသခဲ့သည်ဟူ၍ သက်သေမပေါ်။

"တော်ဦးလှ" ကုမ္ပဏီ၏ လုပ်ငန်းအဝဝကို မိမိကသာ တာဝန်ယူ လုပ်ကိုင်ခဲ့ပါသည်၊ ဒေါ်တော်နှင့် ဒေါ်ဦးတို့က မိမိအား ကိစ္စအားလုံးစုံ လွှဲအပ်ထားပါသည်ဟု

ဦးလှကြီးကရုံးတွင် ဖြေကြားခဲ့သည်၊ ထိုဖြေကြားချက်သည် ၎ျမ်းဖြင့် အစစ်ခံခြင်း မဟုတ်သဖြင့်၊ တန်ဘိုးမရှိဟု အထူးရာဇဝတ်ရုံးက မှတ်ချက်ပြုခဲ့သည်၊ ကျမ်းဖြင့် အစစ်ခံလျှင် ဦးလှကြီးအား တရားလိုဘက်မှ ပြန်လှန် မေးခွန်း မေးနိုင် ခဲ့မည်၊ ထိုသို့ မေးခွန်း ထုတ်ခွင့် ရရှိခဲ့လျှင် ဦးလှကြီး၏ ဖြေကြားချက်သည် ပိုမိုလေးနက်မည် မှန်၏။ သို့ရာတွင် ဖြေကြားချက်ကို လုံးဝ တန်ဘိုးမထားရဟူ၍ကား မယူဆနိုင်၊ အခြား အချက်အလက် များနှင့် ပေါင်းစပ်၍၊ ထည့်သွင်း စဉ်းစားနိုင်သော ဆီလျော်သည့် အကြောင်း အချက်တရပ် ဖြစ်သည်။

အားလုံးကိုခြုံ၍ကြည့်လျှင် အထူးရာဇဝတ်ရုံးက၊ အားကိုးသော အထောက် အထားများသည် ခိုင်လုံသည်ဟု မယူဆနိုင်ချေ၊ထိုအထောက်အထားများသည် သံသယ ကိုပွားစေသည်မှန်၏၊ သို့ရာတွင် ကျွန်ုပ်တို့သည် ယခင်အယူခံမှုများ၌ သက်သေ အထောက်အထား ထင်ထင်ရှားရှားနှင့် ကွင်းဆက်မပြတ် တွေ့ရှိမှသာ တရားခံတဦး အား ပြစ်မှုထင်ရှားကြောင်း ဆုံးဖြတ်သင့်သည်ဟု တသမတ်တည်း စီရင်ထုံး ပြုလုပ်ခဲ့ ကြပြီ၊ ထင်ကြေးနှင့် အပြစ်ပေးလျှင် မလိုလားအပ်သော သာကေဖြစ်စေမည်။

ဤအမှုတွင် ဒေါ်တော်နှင့် ဒေါ်ဦးတို့သည် ငွေရှင်များအဖြစ် လုပ်ငန်းတွင် ကိုယ်ထိ လက်ရောက် မပါဝင်၊ စိတ်လည်းမဝင်စား၊ အလုပ်စခန်း၌ ဖြစ်ပျက်ခဲ့သည်တို့ကို မသိပဲ၊ ရှိခဲ့ကြောင်း ရှိခဲ့မည်၊ သိလျက်နှင့် လျစ်လျူရှုခဲ့ခြင်းမျိုးလည်း ဖြစ်နိုင်သည်၊ သို့ရာတွင် ထိုသို့ သိလျက်နှင့် လျစ်လျူရှုသည်ဟု အထောက်အထားများက ထင်ထင်ရှားရှား ပြသခြင်းမပြု၊ ထိုသို့သိလျက်နှင့် လျစ်လျူရှုခဲ့ခြင်းမျိုး ဖြစ်ခဲ့လျှင်လည်း ဤအမှုနှင့် ပတ်သက်၍၊ ဖမ်းဆီး ချုပ်နှောင် ပြစ်ဒဏ် ကျခံ နေရခြင်း တို့ဖြင့် ၎င်းတို့သည် သတိသံဝေဂ ရလောက်ပြီဟု ကျွန်ုပ်တို့ယူဆသည်။

အထက်ပါ အကြောင်းတို့ကြောင့်၊ ဒေါ်တော်နှင့် ဒေါ်ဦးတို့အပေါ် ပြစ်မှုထင်ရှား တွေ့ရှိထားခြင်းနှင့် ပြစ်ဒဏ် သတ်မှတ်ထားခြင်းတို့ကို ပယ်ဖျက်ကာ ဤအမှုနှင့် ပတ်သက်၍ ၎င်းတို့အား တရားသေလွတ်လိုက်သည်၊ အထူးရာဇဝတ်ရုံးက သက်သေခံ ဘာရိုက်တီကျောက်များကို ပြည်သူ ဘဏ္ဍာအဖြစ် သိမ်းယူသော အမိန့်သည်ကား မှန်ကန်သည်၊ ထိုကျောက်များသည် ပြည်သူ့ဘဏ္ဍာ ဖြစ်ကြောင်းကို မည်သို့မျှ အငြင်း ပွားခြင်းမရှိချေ။

အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

ရာဇဝတ်အယူခံမှု

ဗိုလ်မှူးကြီး လှဟန်၊ ဗိုလ်မှူးချုပ် စိန်ဝင်း၊ ဗိုလ်မှူးကြီး သန်းစိန်နှင့် ဒေါက်တာ မောင်မောင်တို့ ရှေ့တွင်

† ၁၉၆၇ ခြဂုတ်လ ၁၃ ရက်။

မောင်ချစ်ဖေ ပါ ၂ (အယူခံတရားလိုများ)*

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

၁၉၄၈ ခုနှစ်၊ အဂတိလိုက်စားမှု တားမြစ်ရေး အက်ဥပဒေပုဒ်မ ၄ (၁) (ဂ) နှင့် ၄ (၂) အရ မှုပြစ်ထင်ရှား စီရင်ခြင်း—ဖြောင့်ဆိုချက်ကို သက်သေခံအဖြစ် တင်သွင်း၍ သက်သေအား မေးခြင်း—အပြစ်လွှတ်အောင် ငြင်းကွယ်ခြင်း။

အယူခံတရားလိုများသည် ရဲအဖွဲဝင်များ ဖြစ်ကြပြီး အင်းစိန်မီးရထားဂိုဒေါင်မှ ကြေးချောင်းများကို ခိုးယူသည့် အမှုနှင့် သတ်သင်္ဘ၍ လာဘ်ငွေယူသည်ဟု စွဲဆိုချက်ဖြင့် စစ်ဆေးခဲ့သည်။

ဆုံးဖြတ်ချက်။ ။လာဘ်ပေးသည်ဆိုသော မောင်အောင်ခင်သည် ကြေးချောင်းခိုးမှုတွင် တင်သွင်းထားသော ၎င်း၏ဖြောင့်ဆိုချက်၌ ထိုသို့လာဘ်ပေးခဲ့ကြောင်း ထွက်ဆိုထားသည်။ သို့ရာတွင် ဤအမှုတွင် အထူးရာဇဝတ်ရုံးရွေ့၌ သက်သေခံသောအခါ လာဘ်မပေးခဲ့ကြောင်း ငြင်းကွယ်သည်။ ယခင်ဖြောင့်ဆိုချက်ကို ဤအမှုတွင် သက်သေခံအဖြစ် တင်သွင်း၍ မောင်အောင်ခင်အား မေးသော်လည်း ငြင်းကွယ်သည်။ သို့ရာတွင် မောင်အောင်ခင်သည် ကြေးချောင်းခိုးမှုတွင် အပြစ်လွှတ်အောင် ဤအမှု၌လည်း ငြင်းကွယ်ခြင်းသာ ဖြစ်နိုင်သည်ဟု ယူဆသည်။ ထိုသို့ယူဆခြင်းသည် ဥပဒေနှင့်သော်၎င်း သဘာဝယုတ္တိနှင့်သော်၎င်း ဆန့်ကျင်သည်ဟု မဆိုသာချေ။

အယူခံတရားလိုများအတွက်။ ။

အယူခံတရားခံအတွက်။ ။လက်ထောက်နိုင်ငံတော်ရှေ့နေချုပ် ဦးဘကျော်။

မောင်ချစ်ဖေသည် ရဲကြပ်ကြီးဖြစ်ခဲ့၍ မောင်မြမောင်သည် ရဲတပ်သားတဦးဖြစ်ခဲ့သည်။ ၎င်းတို့သည် ပြည်သူ့ရဲတပ်ဖွဲ့တွင် အမှုထမ်းရွက်ခဲ့ကြစဉ်က အင်းစိန်မီးရထား

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၉၁။

† ရန်ကုန်ခရိုင်၊ အင်းစိန်မြို့၊ ၁၉၆၄ ခုနှစ်၊ အထူးရာဇဝတ်ရုံးအမှတ် ၅၇ ၏ ၁၉၆၄ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၂၂ တွင် ၁၉၆၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့၌ ချမှတ်ပြီး ၁၉၆၆ ခုနှစ်၊ ဇူလိုင်လ ၈၂ ရက်နေ့တွင် အတည်ပြုအဖွဲ့က အတည်ပြုသည့် အမိန့်ကို အယူခံမှု။

၁၉၆၇ မောင်ချစ်ဖေ ပါ၂ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ဂိုဒေါင်မှ ကြေးချောင်းများ ခိုးယူသည့် အမှုနှင့် ပတ်သက်၍ လာဘ်ငွေယူသည်ဟု အင်းစိန်ခရိုင် အထူးရာဇဝတ်ရုံးအမှတ် ၅၇/၁၉၆၄ က တွေ့ရှိကာ ၎င်းတို့အပေါ် အလုပ်နှင့် ထောင်ဒဏ် ၇ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ အထူးရာဇဝတ်ရုံးသည် ကြေးချောင်းခိုးသူများနှင့် ခိုးယူရာတွင် ပါဝင်အားပေးကူညီကြသည်ဆိုသူများကို ၁၉၆၇ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၂၃/တွင်၊ စစ်ဆေး၍ တရားခံ ၅ ဦးတို့အပေါ် ပြစ်မှုထင်ရှား တွေ့ရှိခဲ့သည်။ ယိုတရားခံတို့က ဤရုံးသို့ ၁၉၆၆ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၂၀-၃၄ တို့ကို တင်သွင်းခဲ့ကြသည်။ ယင်းအယူခံမှုများနှင့် ဤအယူခံအမှုတို့သည် ဆက်စပ်နေသောအချက်အလက်များမှပေါက်ဖွားလာကြသဖြင့် ကျွန်ုပ်တို့သည် တပေါင်းတည်း ကြားနာခဲ့ကြသည်။

မီးရထားဂိုဒေါင်မှ ကြေးချောင်းများ ခိုးယူသော အမှုဖြစ်ရပ်တို့ကို၊ ထိုအမှုမှ ပေါ်ပေါက်သော အယူခံများတွင်၊ ကျွန်ုပ်တို့ ချမှတ်သော အမိန့်၌ ပေါ်ပြပြီး ဖြစ်သည်။ ကြေးချောင်းများကို ရဲကြပ်ကြီး မောင်ချစ်ဖေနှင့် အခြားသော ရဲသားများက တွေ့ရှိသိမ်းယူပြီးကြသောအခါ မောင်အောင်ခင် ဆိုသူက ခိုးမှုမဖွင့်ရန် လာဘ်ငွေ ၁၂၅ ကျပ်ကို မောင်ချစ်ဖေနှင့် မောင်မြမောင်တို့အား ပေးရသည်ဟုစွဲချက် ရှိသည်။ ထိုစွဲချက်ကို အဆိုပါ တရားခံ ၂ ဦး၏ ဖြောင့်ဆိုချက် (သက်သေခံ "ဃ") (သက်သေခံ "ဇ") တို့နှင့် ဦးဘိုးအုန်း (လို့ပြ-၂)၊ ရဲတပ်သား မောင်မဲ (လို့ပြ-၇) စသည်တို့၏ ထွက်ဆိုချက်တို့က ခိုင်လုံစွာ ထောက်ခံသည်ဟု အထူးရာဇဝတ်ရုံးက တွေ့ရှိခဲ့သည်။ တရားခံတို့က ရဲမှူး ဦးစန်းညွန့်မောင်က သွေးဆောင်သောကြောင့် ဖြောင့်ခဲ့ရပါသည်။ ၎င်းတို့၏ သဘောဆန္ဒအရ မဟုတ်ခဲ့ရပါဟု ရုံးတွင်ထွက်ဆိုကြသည်။ သို့ရာတွင် ရုံးက ထိုထွက်ဆိုချက် မမှန်ဟု ယူဆခဲ့သည်။

လက်ထောက် နိုင်ငံတော် ရှေ့နေချုပ် ဦးဘကျော်က၊ ရဲကြပ်ကြီးနှင့် ရဲသားဖြစ်သူ အယူခံ တရားလိုတို့သည် ရဲမှူးသွေးဆောင်ယုံမှုနှင့် မိမိတို့ ပြစ်ဒဏ်သင့်စေမည့် ဖြောင့်ဆိုချက်များကို ပေးကြမည် မဟုတ်ပါ။ ဖြောင့်ဆိုချက်များသည် ၎င်း၏သဘောဆန္ဒအရ ပေးခဲ့ခြင်းသာ ဖြစ်သည်ဟု ယူဆရန်ရှိပါသည်ဟု တင်ပြသည်။

လာဘ်ပေးသည်ဆိုသော မောင်အောင်ခင်သည် ကြေးချောင်းခိုးမှုတွင် တင်သွင်းထားသော၊ ၎င်း၏ဖြောင့်ဆိုချက်၌ ထိုသို့လာဘ်ပေးခဲ့ကြောင်း ထွက်ထားသည်။ သို့ရာတွင်၊ ဤအမှုတွင် အထူးရာဇဝတ်ရုံးရွေ့၌ သက်သေခံသောအခါ လာဘ်မပေးခဲ့ကြောင်း ငြင်းကွယ်သည်။ ယခင်ဖြောင့်ဆိုချက်ကို ဤအမှုတွင် သက်သေခံအဖြစ် တင်သွင်း၍ မောင်အောင်ခင်အား မေးသော်လည်း ငြင်းကွယ်သည်။ သို့ရာတွင်၊ အထူးရာဇဝတ်ရုံးက မောင်အောင်ခင်သည် ကြေးချောင်းခိုးမှုတွင် အပြစ်လွတ်အောင်

၁၉၆၇ မောင်ချစ်ဖေ ပါ ၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

ဤအမှုဌာနလည်း ငြင်းကွယ်ခြင်းသာ ဖြစ်နိုင်သည်ဟု ယူဆခဲ့သည်။ ထိုသို့ယူဆခြင်းသည် ဥပဒေနှင့်သော်ငင်း၊ သဘာဝယုတ္တိနှင့်သော်ငင်း ဆန့်ကျင်သည်ဟု မဆိုသာချေ။

မောင်ချစ်ဖေနှင့် မောင်မြမောင်တို့သည် မိမိတို့ အလိုအလျောက် ဖြောင့်ချက်ပေးခဲ့ကြခြင်းဖြစ်သည်ဟု ကျွန်ုပ်တို့ကလည်း ယူဆသည်။ ဖြောင့်ချက်များတွင် ဖေါ်ပြထားသော အချက်အလက်များနှင့် အမှုတွင် ပေါ်ပေါက်သော ဖြစ်ရပ်များ စပ်ဟပ်၍ ရသည်။ ဦးဘိုးအုန်း၊ မောင်မဲ စသော လွတ်လပ်သော သက်သေများ၏ ထွက်ဆိုချက်နှင့်လည်း ကိုက်ညီနေသည်ကို တွေ့ရသည်။

အထက်ပါ အကြောင်းတို့ကြောင့်၊ အယူခံတရားလိုတို့အပေါ် အထူးရာဇဝတ်ရုံးက ပြစ်မှုထင်ရှား တွေ့ရှိခဲ့ခြင်းသည် မှန်ကန်သည်ဟု ကျွန်ုပ်တို့ ဆုံးဖြတ်သည်။ သတ်မှတ်ထားသော ပြစ်ဒဏ်သည်လည်း ပြစ်မှုနှင့် နှိုင်းစာလျှင် ကြီးလေးလွန်းသည်ဟု မဆိုသာသောကြောင့် အယူခံမျာကို ပလပ်လိုက်သည်။

အထူးရာဇဝတ်ရုံးများဆိုင်ရာ နည်းဥပဒေ ၃၆ အရ၊ အယူခံတရားလိုတို့ ကျခံရမည့် ပြစ်ဒဏ်ကို အထူးရာဇဝတ်ရုံးက စီရင်ချက်ကို လက်မှတ်ရေးထိုးသော နေ့ဖြစ်သည့် ၁၉၆၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့မှ စတင်ရေတွက်ရမည်။

အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

ရာဇဝတ်အယူခံမှု

ဗိုလ်မှူးကြီး လှဟန်၊ ဗိုလ်မှူးချုပ် စိန်ဝင်း၊ ဗိုလ်မှူးကြီး သန်းစိန်နှင့် ဒေါက်တာ မောင်မောင်တို့ ရှေ့တွင်

မောင်ညိုမောင် (အယူခံတရားခံ)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားလို)*

† ၁၉၆၇ ဩဂုတ်လ ၂၈ ရက်။

ရာဇသတ်ကြီးပုဒ်မ ၃၀၄ (က) အရ ပြစ်မှုထင်ရှား စီရင်ခြင်း —မော်တော်ရေယာဉ်များ လုံခြုံမှုအတွက် ကောင်စွာထိန်းသိမ်းခြင်း—စက်မောင်း ပဲ့ကိုင် စသူတို့က အရည်အချင်းနှင့်ပြည့်စုံကြခြင်းတို့သည် အထူးလိုအပ်သောကိစ္စများဖြစ်ခြင်း။

အယူခံတရားလိုကို ရာဇသတ်ကြီးပုဒ်မ ၃၀၄ (က) အရ စစ်ဆေးခဲ့သည်။

မြစ်ချောင်းများတွင် ခရီးသည်များ၊ ကုန်ပစ္စည်းများကို သယ်ယူပို့ဆောင်ပေးကြသော မော်တော်ရေယာဉ်များကို အားလုံး၏ လုံခြုံမှုအတွက် ကောင်စွာထိန်းသိမ်းခြင်း၊ စက်မောင်း၊ ပဲ့ကိုင် စသူတို့က အရည်အချင်း ပြည့်စုံကြခြင်းတို့သည် အထူးလိုအပ်သော ကိစ္စများဖြစ်သည်။ သက်ဆိုင်ရာတို့က ရေယာဉ်များကို စစ်ဆေးကြည့်ရှုပေးခြင်း၊ ရေယာဉ်မောင်း၊ ပဲ့ကိုင် စသူတို့ကို လေ့ကျင့်သင်ကြားပေးခြင်း၊ အရည်အချင်း စစ်ဆေးခြင်း စသည်တို့ကို ဂရုစိုက်၍ ပြုလုပ်ပေးသင့်သည်။

အယူခံ တရားလို၏ အကျိုးဆောင်။ ။

အယူခံတရားခံ၏ အကျိုးဆောင်။ ။အစိုးရရှေ့နေကြီး ဦးလှသင်း။

အယူခံ တရားလို မောင်ညိုမောင် အပေါ် တောင်ငူခရိုင်၊ အထူးရာဇဝတ်ရုံး အမှတ် ၂၃/၁၉၆၅ က ရာဇသတ်ကြီး ပုဒ်မ ၃၀၄ (က) အရ၊ ပြစ်မှုထင်ရှားတွေ့ရှိကာ ထောင်ဒဏ် ၃ နှင့်ကျခံစေရန် အမိန့် ချထားသည်။

အချင်း ဖြစ်ပွါးပုံ အတိုချုပ်မှာ၊ တောင်ငူမှ ပဲခူးကျေးရွာသို့ ပြေးဆွဲခဲ့သော ရွှေဂျိုးဖြူ မော်တော်ယာဉ်သည်၊ ၁၉၆၄ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်မှုအမှတ် ၁၁၄။

† တောင်ငူခရိုင်၊ ၁၉၆၅ ခုနှစ်၊ အထူးရာဇဝတ်ရုံးအမှတ် ၂၃ ၏ ၁၉၆၅ ခုနှစ်၊ ရာဇသတ်ကြီးမှု အမှတ် ၂ တွင် ၁၉၆၅ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့၌ ချမှတ်ပြီး ၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့တွင် အတည်ပြုအဖွဲ့က အတည်ပြုသည့်အမိန့်ကို အယူခံမှု။

၁၉၆၇ မောင်ညိုမောင် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

က ခရီးသည် ၁၀၀ ခန့် တင်ဆောင်၍၊ ဆိပ်ကမ်းမှ ထွက်ခွါအလာတွင် သစ်ငုတ်ကို တိုက်မိ၍နစ်မြုပ်ခဲ့၏။ ခရီးသည်ပေါင်း ၃၀ သေဆုံး၍၊ ငွေ၊ ပစ္စည်း၊ ရဲတပ်ဖွဲ့က ကိုင်ဆောင်သော လက်နက် စသည်တို့ နစ်မြုပ် ဆုံးရှုံးခဲ့ရ၏။

ရွှေကျိုးဖြူ မော်တော်ပွဲကိုင်၊ မောင်သောင်းညွှန့်၊ မော်တော်ကို အစုစပ်ဖြင့် ပိုင်ဆိုင် လုပ်ကိုင်၍၊ အချင်း ဖြစ်ပွါးခါနီးတွင် လိုက်ပါ ဦးစီးခဲ့သော မောင်ချစ်ခင်နှင့် မောင်ညိုမောင်တို့ကို မော်တော် နစ်မြုပ်ရခြင်း အတွက်၊ တာဝန် ရှိသည်ဟု စွဲဆိုကာ ရုံးသို့ တင်ပို့ခဲ့ခြင်း ဖြစ်၏။

မောင်ညိုမောင်က၊ အထူးရာဇဝတ်ခုံးတွင် ၎င်းသည်၊ အချင်း ဖြစ်ခါနီးက၊ ရွှေကျိုး ဖြူ မော်တော် ရေယာဉ်ကို မမောင်းပါ၊ ခရီးသည် အဖြစ်သာ လိုက်ပါ ဆောင်ရွက် ရွက်ခဲ့ခြင်း ဖြစ်ပါသည်ဟု ထုချေခဲ့သည်။ သို့ရာတွင် ရုံးက ၎င်းသည်၊ ထိုအချိန်က၊ စက်မောင်းသူ ဖြစ်ခဲ့ရမည်ဟု ယူဆ၍၊ ၎င်းအား ရာဇသတ်ကြီး ပုဒ်မ ၃၀၄ (က) အရ၊ ပြစ်မှု ထင်ရှား တွေ့ရှိခဲ့ခြင်း ဖြစ်သည်။

အစိုးရ ရွေနေကြီး ဦးလှသင်းက၊ မောင်ညိုမောင် သည်၊ စက်မောင်း ဖြစ်သော်လည်း၊ မော်တော် နစ်မြုပ်ရသည့် အတွက် ၎င်းတွင် တာဝန် ရှိသည်ဟု သက်သေ အထောက် အထား လုံးဝ မရှိပါ။ မောင်ညိုမောင်သည်၊ မော်တော်ရေယာဉ်တွင် ရန်ဖန် ရုန်ခါ၊ စက်မောင်း အဖြစ် လိုက်ပါ ဆောင်ရွက်သည်ဟု သက်သေ အထောက် အထား ရှိသော်သည်း ၎င်းတွင် အရည် အချင်း ပြည့်စုံကြောင်း လက်မှတ် မရှိပါ။ ထိုသို လက်မှတ် မရှိခြင်း အတွက်၊ သက်ဆိုင်ရာမှ အရေးယူလိုက ယူရန် ဖြစ်ပါသည်။ ရာဇသတ်ကြီး ပုဒ်မ ၃၀၄ (က) အရ ကား ပြစ်မှုမထင်ရှားပါဟု တင်ပြသည်။

ကျွန်ုပ်တို့သည်၊ တရားလိုပြ သက်သေ ထွက်ချက်များကို စစ်ဆေး ကြည့်ရှုရာ မည်သူကမှ မောင်ညိုမောင် သည်၊ အချင်း ဖြစ်ခါနီးက စက်မောင်း၍ လိုက်ပါ ဆောင်ရွက်ခဲ့သည်ဟု ထွက်ဆိုခြင်း မတွေ့ရချေ။ ကိုထွန်းရွှေ (လိုပြ-၂) က ထိုနေ့က မော်တော်ကို၊ မောင်ညိုမောင် မောင်း မမောင်း မသိရပါ။ ရွှေကျိုးဖြူ မော်တော် ရေယာဉ်၏ စက်မောင်း ကိုပါ ဆိုသူ လိုက်ပါ မလာသည်ကိုသာ သိပါသည်။ ကိုပါ လိုက်ပါခြင်း မပြုလျှင် မောင်ညိုမောင် မောင်းလေ့ ရှိပါသည်ဟုသာ ဆိုလေသည်။

အကယ်၍ မောင်ညိုမောင်သည်။ အချင်း ဖြစ်ခါနီးက ရွှေကျိုးဖြူ မော်တော် ရေယာဉ်ကို၊ စက်မောင်းခဲ့သည်ဟု တွေ့ရှိ နိုင်စေဦး၊ ၎င်း၏ ပေါ့ဆမှုကြောင့် မော်တော် နစ်မြုပ်ခဲ့ရသည်ဟု အထောက် အထား မရှိခဲ့ပဲကိုင် မောင်သောင်းညွှန့် ပေါ့လျော့သည်။ ထို့ကြောင့် မော်တော် နစ်မြုပ်ကာ လူအများ သေဆုံးခဲ့ရသည်ဟု

ရုံးက တွေ့ရှိကာ၊ မောင်သောင်းညွှန့် အပေါ် ရာဇသတ်ကြီး ပုဒ်မ ၃၀၄(က) အရ၊ ပြစ်မှု ထင်ရှား တွေ့ရှိပြီး ဖြစ်သည်။ ပဲ့ကိုင် အပြင်၊ စက်မောင်းပါ တာဝန်ရှိသည်ဟု အထောက် အထား မရှိခဲ့ချေ။

မောင်ညိုမောင်သည်၊ ရန်ဖန်ရန်ခါ ရေယာဉ်တွင် စက်မောင်း အဖြစ် လိုက်ပါ ဆောင်ရွက်သော်လည်း၊ အရည်အချင်းပြည့်ကြောင်း လက်မှတ် မရှိဟု ဆို၏။ မြစ်၊ ချောင်းများတွင် ခရီးသည်များ၊ ကုန်ပစ္စည်းများကို သယ်ယူ ပို့ဆောင်ပေးကြသော မော်တော်ရေယာဉ်များကို၊ အားလုံး၏ လုံခြုံမှု အတွက်၊ ကောင်းစွာ ထိန်းသိမ်းခြင်း စက်မောင်း၊ ပဲ့ကိုင်စသူတို့က အရည်အချင်း ပြည့်စုံကြခြင်းတို့သည်။ အထူးလိုအပ်သော ကိစ္စများ ဖြစ်သည်။ သက်ဆိုင်ရာတို့က ရေယာဉ်များကို စစ်ဆေး ကြည့်ရှုပေးခြင်း၊ ရေယာဉ်မောင်း၊ ပဲ့ကိုင် စသူတို့ကို လေ့ကျင့် သင်ကြားပေးခြင်း၊ အရည်အချင်း စစ်ဆေးခြင်း စသည်တို့ကိုကျေစိုက်၍ ပြုလုပ်ပေးသင့်သည်။

ဤအမှုနှင့် ပတ်သက်၍မူကား၊ မောင်ညိုမောင် သည်၊ ရွှေဂျိုးဖြူ မော်တော် ရေယာဉ် နစ်မြုပ်ရသည့် အတွက် တာဝန် ရှိသည်ဟု၊ အထောက် အထား အခိုင်အလုံ မရှိသည့် အတွက်၊ ၎င်းအပေါ် အထူး ရာဇဝတ်ရုံးက ပြစ်မှု ထင်ရှား တွေ့ရှိထားခြင်း နှင့် ပြစ်ဒဏ် စီရင်ထားခြင်းတို့ကို ကျွန်ုပ်တို့က ပယ်ဖျက် လိုက်သည်။

အာဏူး ရာဇဝတ်ရုံးအယူခံအဖွဲ့

ရာဇဝတ်အယူခံမှု

ဗိုလ်မှူးကြီး လှဟန်၊ ဗိုလ်မှူးချုပ် စိန်ဝင်း၊ ဗိုလ်မှူးကြီး သန်းစိန်နှင့် ဒေါက်တာ မောင်မောင်တို့ ရှေ့တွင်

† ၁၉၆၇
ဩဂုတ်လ
၄ ရက်။

မောင်တင်ငွေ (အယူခံတရားလို)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

ရာဇသတ်ကြီးပုဒ်မ ၃၇၆ အရ မှုပြစ်ထင်ရှား စီရင်ခြင်း—အမှုစစ်ရုံးများသည် တရားခံ၏ ကိုယ်အမှုအရာ နှုတ်အမှုအရာ စသည်ကို ကောင်းစွာ လေ့လာခြင်းဖြင့် တရားခံ၏စိတ်ကို ခန့်မှန်းနိုင်သလောက် ခန့်မှန်းနိုင်ခြင်း။

အယူခံတရားလိုသည် မိန်းကလေး တဦးအား ကာမကျူးလွန်ခဲ့သည်ဟု စွဲချက်ဖြင့် စစ်ဆေးခဲ့သည်။

ဆုံးဖြတ်ချက်။ ။အမှုစစ်ရုံးများသည် တရားခံ၏ ကိုယ်အမူအရာ၊ နှုတ်အမူအရာ စသည်ကို ကောင်းစွာ လေ့လာခြင်းဖြင့် တရားခံ၏စိတ်ကို ခန့်မှန်းသင့်သလောက် ခန့်မှန်းနိုင်သည်။ အကယ်၍ တရားခံအပေါ် အထောက်အထား ခိုင်လုံသည်ဟု ဆုံးဖြတ်လျှင်လည်း သင့်တော်သော ပြစ်ဒဏ်ကို တိုင်းသူသတ်မှတ်ရာ၌ တရားခံ၏ နောက်ကြောင်းရာဇဝင်၊ ပတ်ဝန်းကျင် အခြေအနေ စသည်တို့ကို ထည့်သွင်းစဉ်းစားသင့်သည်။ သို့မှသာလျှင် တရားခံ၏ ဘဝကို ပြုပြင်ကာကွယ်ပေးနိုင်မည်။ သူနေထိုင်လှုပ်ရှားသော ပတ်ဝန်းကျင်၏ လူနေမှုဘဝကိုလည်း ပြုပြင်ကာကွယ်ပေးနိုင်မည်။]

အယူခံတရားလို၏ အကျိုးဆောင်။ ။

အယူခံ တရားခံ၏ အကျိုးဆောင်။ ။လက်ထောက်နိုင်ငံတော် ရှေ့နေချုပ် ဦးလှသင်း

မောင်တင်ငွေသည် မဘိတင်ဆိုသူ မိန်းခလေးတဦးအား ကာမကျူးလွန်ခဲ့သည်ဟု ရန်ကုန်မြို့၊ အထူးရာဇဝတ်ရုံး အမှတ် ၃/၁၉၆၆ ကတွေ့ရှိခဲ့၏။ တရားခံသည် ငယ်ရွယ်သူ

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၁၁၈။

† ရန်ကုန်ခရိုင်၊ ၁၉၆၆ ခုနှစ်၊ အထူးရာဇဝတ်ရုံးအမှတ် ၃၊ ၌ ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၄ တွင် ၁၉၆၆ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့၌ ချမှတ်ပြီး၊ ၁၉၆၆ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့တွင် အတည်ပြုအဖွဲ့က အတည်ပြုသည့် အမိန့်ကို အယူခံမှု။

ဖြစ်၍ အသိတရားခေါင်းပါး၍ ဖြစ်ခဲ့တန်ရာသည်ဟု ရုံးက ၎င်းအား ထောင်ဒဏ် ၇ နှစ် သာကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

အချင်းဖြစ်ပွါးစဉ်က မောင်တင်ငွေသည် ၁၇ နှစ်၊ မဘီတင်သည် ၃ နှစ်ကျော်မျှ သာငှိခဲ့သည်။ မောင်တင်ငွေသည် မျက်နှာသုတ်ပုဝါစက်ရုံတွင် အလုပ်လုပ်၍၊ စက်ငင်းတွင်းမှ တန်းလျားတွင်နေခဲ့၏။ မဘီတင်၏ဖခင်ကိုရွှေသိန်း (လိုပြ-၁) နှင့် မခင်ရီ (လိုပြ-၇) တို့သည်လည်း မျက်နှာချင်းဆိုင်တန်းလျားတွင် နေကြသည်။

၁၉၆၄ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့သည် တနင်္ဂနွေနေ့ဖြစ်၍၊ မောင်တင်ငွေတို့ အလုပ်အား၏။ နံနက် ၁၁ နာရီခန့်တွင် မဘီတင်ကို မိခင် မခင်ရီက ရေချိုးပေးရာ၊ ခလေးက နာသည်ဟုတိုင်ရာ၊ မိန်းမကိုယ်ဝတွင် နီမြန်းနေသည်ကို တွေ့ရသည်။ မေးကြည့်ရာ မောင်တင်ငွေက ငဲ့၏တန်ဆာနှင့် လုပ်သည်ဟု ခလေးကပြောသည်။ မခင်ရီနှင့် ကိုရွှေသိန်းတို့သည် ထိုအကြောင်းကို အိမ်နီးချင်းများအား တိုင်သည်။ သမီးကိုလည်း ဆေးရုံသို့ သွားရောက်စစ်ဆေးခဲ့သည်။ တိုင်ချက်အရ ၁၉၆၄ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့၊ နံနက် ၂ နာရီခန့်တွင် မောင်တင်ငွေကို ရဲအဖွဲ့က ဖမ်းဆီးသည်။ သူ့အခန်းမှ အောက်ခံဘောင်းဘီ၊ လုံချည်တို့ကို သိမ်းဆည်း၍ ဓါတုဗေဒစစ်ဆေးရာ ဘောင်းဘီတွင် သုတ်မျှားတွေ့ရ၏။ သူ့အားစစ်ဆေးရာတွင် ဘာမျှမတွေ့ရ။

အထူးရာဇဝတ်ရုံးက မိန်းကလေးသည် ငယ်ရွယ်သူဖြစ်သော်လည်း ကောင်းစွာပြောတတ်သည်။ သူတဦးတည်း ထွက်ဆိုချက်ကိုမှုတည်၍ အပြစ်ပေးရန် မသင့်သော်လည်း၊ အချိန်မနှောင်းဘဲ တိုင်တန်းခြင်း၊ စစ်ဆေးရာတွင် မိန်းမတန်ဆာ နီမြန်းနေသည်ကို တွေ့ရခြင်း၊ မဘီတင်သည် မောင်တင်ငွေ၏အခန်းတွင် အချင်းဖြစ် နံနက်က ကစားနေသည်ကိုတွေ့ကြောင်း၊ တန်းလျားမှ မတင်တင် (လိုပြ-၈) ကထွက်ဆိုခြင်း တို့ကြောင့် အမှုခိုင်လုံသည်ဟု ဆုံးဖြတ်ခဲ့ခြင်းဖြစ်၏။

မောင်တင်ငွေက ရုံးတွင်၎င်း၊ အယူခံတွင်၎င်း၊ အပြစ်မရှိကြောင်းငြင်း၏။ အချင်းဖြစ်နေ့သည် နေ့အားဖြစ်၍၊ ၎င်းသည် နံနက် ၈ နာရီလောက်မှ အသိမိတ်ဆွေ မတင်ဝင်း (ခံပြ-၃) ထံသွားရောက်လည်ပတ်သည်။ ညနေတွင် ရုပ်ရှင်သွားကြည့်၍၊ ညမှ ပြန်ရောက်သည်။ အိပ်နေစဉ် အဖမ်းခံရသည်ဟု ဆို၏။ မောင်တင်ငွေလာလယ်ကြောင်း မတင်ဝင်းက ထောက်ခံထွက်ဆိုသည်။ သို့ရာတွင် အထူးရာဇဝတ်ရုံးက နံနက်စောစောက အချင်း ဖြစ်ပွါးခဲ့ခြင်းဖြစ်သည်။ ထိုနောက်မှ မောင်တင်ငွေအခန်းမှ ထွက်ခွါသည်ဟု ယူဆခဲ့၏။

လက်ထောက်ရှေ့နေချုပ် ဦးလှသင်းက မဘီတင်သည် အထူးငယ်ရွယ်သူဖြစ်၍၊ သူ၏စကားကို လက်ခံရန် သင့်မသင့်ချင့်ချိန်ရန် လိုပါသည်။ အဓိကအားဖြင့် သူ၏

၁၉၆၇ မောင်တင်ငွေနှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ပြောစကားသာ ရှိပါသည်။ မတင်တင် (လိုပြ-၈) က အချင်းဖြစ်နိုနက်တွင မဘီတင် သည် မောင်တင်ငွေ၏ အခန်းထဲတွင် ကစားနေသည်ကို မြင်ပါသည်ဟု ထွက်ဆိုချက် ကား ရှိပါသည်။ အားလုံးခြုံ၍ကြည့်လျှင် အမှုခိုင်လုံလှသည်ဟုကား မဆိုနိုင်ပါဟု တင်ပြ၏။

မဘီတင်ကို စစ်ဆေးသော ဒေါက်တာ စောမောင်မောင်ကို အထူးရာဇဝတ်ရုံးက စစ်ဆေးခြင်း မပြုခဲ့ရပေ။ ဆေးစစ်မှတ်တမ်းကိုသာ ဒေါက်တာမြင့်သိန်း (လိုပြ-၁၀) က တင်သွင်းခဲ့၏။ မိန်းမအင်္ကျီနှိမြန်းနေကြောင်း၊ အင်္ကျီနှုတ်ခမ်းအငယ်ပိုင်း အနည်းငယ် ပွန်းနေကြောင်း၊ အမှေးမှာ မူလအတိုင်းရှိကြောင်း၊ မကြာမီက သွတ်သွင်းထားသည်ဟု ထင်မြင်ကြောင်းမှတ်တမ်းရှိသည်။ ခလေးမ၏အင်္ကျီစပ်တွင် နိုနေခြင်းမှာ ကုတ်၍လည်း ဖြစ်နိုင်ပါသည်ဟု ဒေါက်တာမြင့်သိန်းက ဖြေ၏။

ဆေးစစ်မှတ်တမ်းမှ မုဒိမ်းမှု ဧကန်ဖြစ်ခဲ့သည်ဟု ယူဆရန်ခဲယဉ်းပေသည်။ အကယ်ပင် မုဒိမ်းပြုကျင့်ခဲ့လျှင် ထို့ထက်ဒဏ်ရာပြင်းပြနိုင်ဘွယ်ရှိသည်။

မောင်တင်ငွေက ၎င်း၏အခန်းကို အမြဲဖွင့်၍ ထားပါသည်။ အပြင်မှ အတွင်းကို ကောင်းစွာ မြင်ရပါသည်။ အချင်းဖြစ် နံနက်က မဘီတင်သည် အခန်းရှေ့တွင် ကစား နေပါသည်ဟု ဆို၏။ မောင်တင်ရှေ (ခံပြ-၂) ကလည်း မောင်တင်ငွေ၏အခန်းနှင့် ကပ်၍နေရသဖြင့်၊ မောင်တင်ငွေ၏ အခန်းဖွင့်ထားတတ်ကြောင်း၊ ကပ်လျက်အခန်း မှလည်း ဝါးထရုံသာ ခြားနေ၍ မြင်ရကြောင်း။ အချင်းဖြစ် နံနက်ကမူ၊ ၎င်းသည် နံနက် ၇ နာရီမှစ၍ ထွက်သွားသဖြင့် မသိမမြင်ရ။ ပြန်လာမှ မခင်ရီပြော၍ ကြားရ သည်ဟု ဆိုသည်။

မောင်တင်ငွေထံမှ ၁၉၆၄ ခုနှစ်၊ စက်တင်္ဘာလ ၇ ရက်နေ့၊ နံနက်တွင် သိမ်းဆည်း သော အောက်ခံဘောင်းဘီတွင် သုတ်မျှားတွေ့ရသည်။ သို့ရာတွင် အချင်းဖြစ်သည်မှာ ၁၉၆၄ ခုနှစ်၊ စက်တင်္ဘာလ ၆ ရက်နေ့၊ နံနက်ဖြစ်၍၊ ထိုအချက်သည် အသုံးဝင်သော အထောက်အထား မဖြစ်ပေ။

အမှုစစ်ရုံးမျှားသည် တရားခံ၏ ကိုယ်အမှုအယာ၊ နှုတ်အမူအယာစသည်ကို ကောင်းစွာ လေ့လာခြင်းဖြင့်၊ တရားခံ၏စိတ်ကို ခန့်မှန်းသင့်သလောက် ခန့်မှန်းနိုင် သည်။ အကယ်၍ တရားခံအပေါ် အထောက်အထားခိုင်လုံသည်ဟု ဆုံးဖြတ်လျှင် လည်း၊ သင့်တော်သော ပြစ်ဒဏ်ကို တိုင်းထွာသတ်မှတ်ရာ၌၊ တရားခံ၏ နောက်ကြောင်း ရာဇဝင်၊ ပတ်ဝန်းကျင် အခြေအနေ စသည်တို့ကို [redacted]သွင်းစဉ်းစားသင့်သည်။ သို့မှသာလျှင် တရားခံ၏ဘဝကို ပြုပြင်ကာကွယ်ပေးနိုင်မည်။ သူနေထိုင်လှုပ်ရှားသော ပတ်ဝန်းကျင်၏ လူနေမှုဘဝကိုလည်း ပြုပြင်ကာကွယ်ပေးနိုင်မည်။

ကျွန်ုပ်တို့သည် အမှုတွဲတွင် ပေါ်လွင်သော အချက်တို့အရ၊ မောင်တင်ငွေအပေါ် မုဒိမ်းမှုဖြင့် အပြစ်ပေးလောက်အောင် မခိုင်လုံဟု သဘောရရှိပြီးနောက်၊ သူ၏အမှုအရာ၊ စိတ်သဘောကို လေ့လာအကဲခပ်လိုရှိ၍ အကျဉ်းစခန်းသို့ သွားရောက်၍ ၎င်းအား တွေ့ဆုံကာ အေးဆေးစွာ မေးမြန်းခဲ့သည်။ ထိုသို့တွေ့ဆုံရာတွင် စိတ္တဇ ဆေးရုံအုပ် ဒေါက်တာနေဝင်းနှင့် အကျဉ်းဌာနမင်းကြီး ဦးသန်းနွဲ့တို့ကလည်း ပါဝင် ကူညီကြသည်။ ကျွန်ုပ်တို့ တွေ့ကြရသည်မှာ မောင်တင်ငွေသည် အတွေ့အကြုံ ဗဟုသုတနည်းပါးသည်။ ငယ်စဉ်က ကျောင်းမနေခဲ့ရ။ အသက် ၁၀ နှစ်ရွယ်လောက်တွင် သောင်းကျန်းသူတို့က လူငယ်များကို ၎င်းတို့နှင့် လိုက်ပါရန် ဆွဲခေါ်ကြသည်ကို ရှောင်ရှားရန် မိခင်နှင့် ရပ်ရွာကို ခွဲခွါ၍၊ ရန်ကုန်နေ ဦးလေးကို မှီခိုအားထားပြုရသည်၊ စက်ရုံတွင် အလုပ်ဝင်ပြီးနောက်၊ ဦးလေး၏ အစောင့်အရှောက်ကို ကောင်းစွာမရခဲ့။ သူသည် ရိုးသားး၍ ရှက်တတ်ပုံရသည်။ ပြစ်မှုကို ပွင့်လင်းစွာ ငြင်းကွယ်သည်။ သူ့အား စက်ရုံမှ တဦးဦးက မတရားစွပ်စွဲသည်ဟု အထင်ရှိသည်။ သို့ရာတွင် အငြိုးမထားပါ။ ကုသိုလ်ကံကြောင့် ဖြစ်ရပါသည်ဟု ပြော၏။ နံနက်တွင်ရဲများက လာရောက်ဖမ်းဆီးကာ၊ ၎င်း၏အတွင်းခံ ဘောင်းဘီကို သိမ်းယူရာ၌ သုတ်ပေနေသည်မှာ အိမ်မက် မက်၍ သုတ်လွှတ်၍ ဖြစ်ပါသည်ဟု ဖြေ၏။ သူသည် ကာမသောင်းကျန်းတတ်သူ တဦးဟု ကျွန်ုပ်တို့ မမြင်ခဲ့ရ။ အကျဉ်းစခန်းမှ လွှတ်လာလျှင် အလုပ်ရှာလုပ်မည်၊ ရွာပြန်သင့်လျှင် ပြန်မည်ဟုပြောသည်။ အကျဉ်းစခန်းတွင် ပျော်နေပါပြီဟုလည်း ဆို၏။

အားလုံးကို ခြုံ၍ကြည့်လျှင် မောင်တင်ငွေသည် မုဒိမ်းမှု ကျူးလွန်ခဲ့သည်ဟု ထင်ရှားခြင်းမရှိ။ အခြားနည်းမှားယွင်းခဲ့သည်ဟုလည်း ကောင်းစွာ မပေါ်။ မှားယွင်းခဲ့သည်မှန်လျှင်လည်း၊ ၎င်းသည် ၄ နှစ်ခန့်မျှ ချုပ်ထားခြင်းခံခဲ့ရပြီ။ ၎င်းအသက် ၂၀ ရွယ်မျှသာ ရှိသေးသည်။ အကျဉ်းစခန်း၌ ဆက်လက်နေရ၍ဝင်းတွင် အကျိုးထူးမည် မဟုတ်။ သူအား လွှတ်ခြင်းဖြင့် သူ့ပတ်ဝန်းကျင်တွင်အန္တရာယ်ဖြစ်စေမည်ဟူ၍လည်း မမြင်ရ။

ထို့ကြောင့် မောင်တင်ငွေအပေါ် မုဒိမ်းမှုဖြင့် ပြစ်မှုထင်ရှား တွေ့ရှိထားခြင်းနှင့် ပြစ်ဒဏ်သတ်မှတ် ထားခြင်းကို ပယ်ဖျက်၍၊ ၎င်းအား တရားသေ လွှတ်လိုက်သည်။

အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

ရာဇဝတ်အယူခံမှု

ဗိုလ်မှူးကြီး လှဟန်၊ဗိုလ်မှူးချုပ် စိန်ဝင်း၊ ဗိုလ်မှူးကြီး သန်းစိန်နှင့် ဒေါက်တာ မောင်မောင်တို့ ရှေ့တွင်

† ၁၉၆၇ ဩဂုတ်လ ၂ ရက်။

မောင်တင်လှိုင် ပါ ၅ (အယူခံတရားလိုများ)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

ရာဇသတ်ကြီးပုဒ်မ ၃၀၆/၃၀၇ အရ ပြစ်မှုထင်ရှား စီရင်ခြင်း—အမျိုးသမီး တဦးသည် အကျင့်စာရိတ္တ ပေါ့ပျက်ရုံမျှနှင့်၊ သို့မဟုတ် ပြည့်တန်ဆာပင် ဖြစ်စေကာမျှနှင့် ၎င်းအား အခမဲ့ပြုကျင့်ရန်မဟုတ်။

ပဌမ၊ ဒုတိယ၊ စတုတ္ထနှင့် ပဥ္စမ အယူခံတရားလိုများအပေါ် မိန်းကလေးတဦးကို အလိုမတူ ကျူးလွန်ကြသည်ဟူသောစွဲချက်၊ တတိယအယူခံတရားလိုသည် ယင်းမိန်းကလေးကို ထိုသို့ကျူးလွန်နိုင်ရန် ခေါ်ဆောင်သွားသည်ဟူသော စွဲချက်တို့ဖြင့် စစ်ဆေးခဲ့သည်။

ဆုံးဖြတ်ချက်။ ။အမျိုးသမီး တဦးသည် အကျင့်စာရိတ္တ ပေါ့ပျက်ရုံမျှနှင့်၊ သို့မဟုတ် ပြည့်တန်ဆာပင် ဖြစ်စေကာမျှနှင့် ၎င်းအား အခမဲ့ပြုကျင့်ရန်မဟုတ်။ ၎င်းအလိုမတူပဲ ကျူးလွန်လျှင် မုဒိမ်းမှုမြောက်သည်ဟု ယခင်အမှုများတွင် အချက်အလက် အဆက်အစပ်ကိုကြည့်၍ ဆုံးဖြတ်ခဲ့ကြပြီးပြီ။ ဤအမှုတွင်ကား အခမဲ့ပြုကြောင်း အထောက်အထား မခိုင်လုံ။ ထိုသို့မခိုင်လုံသော အထောက်အထားကို အခြေခံ၍ အပြစ်ပေးလျှင် တရားစီရင်ရေး တိမ်းစောင်းလိမ့်မည်။

တရာလိုး၏အကျိုးဆောင်။ ။

တရားခံ၏အကျိုးဆောင်။ ။လက်ထောက် နိုင်ငံတော်ရှေ့နေချုပ် ဦးလှသင်း။

တင်လှိုင်၊ ဘညွှန့်၊ ဘပု နှင့် မောင်သိန်းတို့သည် မအေးမြင့်ဆိုသူ မိန်းခလေးတဦးအား အလိုမတူ ကျူးလွန်ကြသည်ဟူသော စွဲချက်၊ ချစ်တင်သည်၊ ယင်းမိန်းခလေးကို၊ ထိုသို့ကျူးလွန်နိုင်ရန် ခေါ်ဆောင်သွားသည်ဟူသော စွဲချက်တို့ဖြင့်

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၄၁၊ ၄၂၊ ၄၃၊ ၄၄၊ ၄၅။

† ဘားအံခရိုင်၊ ၁၉၆၄ ခုနှစ်၊ အထူးရာဇဝတ်ရုံးအမှတ် ၅၆ ၏ [illegible]၆၄ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၂ တွင် ၁၉၆၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့၌ ချမှတ်ပြီး ၁၉၆၆ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် အတည်ပြုအဖွဲ့က အတည်ပြုသည့် အမိန့်ကို အယူခံမှု။

တင်သော အမှုကို ဘားအံခရိုင် အထူးရာဇဝတ်ရုံးအမှတ် ၅၆/၁၉၆၄ က စစ်ဆေးခဲ့သည်။ ပြစ်မှုထင်ရှား သည်ဟု၊ ရုံးကဆုံးဖြတ်ကာ၊ ပဌမဖေါ်ပြပြီးသော တရားခံတို့အပေါ် ရာဇသတ်ကြီး ပုဒ်မ ၃၇၆ အရ ထောင်ဒဏ် ၃ နှစ်စီနှင့် ချစ်တင်အပေါ် ရာဇသတ်ကြီးပုဒ်မ ၃၆၆ အရ ထောင်ဒဏ် ၃ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

တရားခံများက အကျဉ်းစခန်းမှ အယူခံဝင်ကြသည်။ တရားလို မိန်းကလေးကို အခကြေးငွေ ပေး၍ အလိုတူ စပ်ယှက်ခဲ့ခြင်းဖြစ်၍ ပြစ်မှုမမြောက်ပါ။ မိန်းကလေးသည် တပ်မတော်မှ ရဲဘော် တဦးနှင့် ပေါင်းသင်း နေထိုင်ခဲ့ရာမှ အကျင့်စာရိတ္တ မကောင်း၍ ကွာရှင်း ထုတ်ပယ်ခြင်း ခံခဲ့ရသူဖြစ်ပါသည် စသည်ဖြင့် အယူခံလွှာ များတွင် ဆိုကြသည်။ ထိုသို့ပင် ရုံးဌာနသည်း ထုချေခဲ့ကြသည်။

လက်ထောက် ရွှေနေချုပ် ဦးလှသင်းက သက်သေ အထောက်အထားများ ခိုင်လုံသည်ဟု မဆိုနိုင်ပါကြောင်း။ တရားလိုမအေးမြင့်သည် အမျိုးမျိုး ကွဲလွဲစွာ ပြောဆိုခဲ့ပါသည်။ ထိုကြောင့် မူလက တရားခံ ၁၆ ဦးကို ရုံးတင်ခဲ့ရာမှ ၇ ဦးကို တရားရှင်းလွှတ်၍၊ ကျန် ၉ ဦးကိုစွဲချက်တင်ခဲ့ပါသည်။ ထို ၉ ဦးအနက်မှလည်း၊ ၄ ဦးကို နောက်ဆုံး၌ တရားသေသွတ်ခဲ့ပါသည်။

တရားခံတို့အား တန်းစီ၍ ပြရာ၌ မအေးမြင့်က မည်သူ့ကိုမျှ စွပ်စွဲထုတ်ဖော်ခြင်း မပြုနိုင်ခဲ့ပါ။ ရုံးတင် အစစ်ခံရာ၌လည်း ပဌမတွင်၊ ဘညွှန့်နှင့် တင်ထွန်းအုန်းဆိုသူတို့ကိုသာ မှတ်မိကြောင်း ပြောပါသည်။ နောက်ပိုင်း၊ ရုံးကထပ်မေးမှ ဘညွှန့်၊ တချပ်၊ မောင်သိန်းနှင့် မြကောင်းတို့ကို မှတ်မိသည်ဆိုပါသည်။ ပဌမ၌ လူပေါင်း ၂၀ ခန့်၊ ၎င်းအား ဝိုင်းဝန်းကျင့်ကြသည်ဆိုသော်သည်း၊ နောက်ပိုင်းတွင်၊ ထိုလေးဦးသာ ဖြစ်ပါသည်ဟုဆို၍၊ ရဲစခန်း၌၊ တိုင်တန်းသော အခါ၌လည်း၊ ထိုလေးဦးကို မှတ်မိကြောင်း ပြောကြားခြင်းမပြုခဲ့ပါ။

ချစ်တင်နှင့် ပတ်သက်၍သည်း၊ မအေးမြင့်ကပင် စွပ်စွဲခြင်း မပြုပါ။ မအေးမြင့်၏ အကျင့် စာရိတ္တကို ထောက်ချင့်လျှင်လည်း၊ သူတဦးတည်း ပြောဆိုချက်တို့နှင့် အယူခံတရားလိုတို့အပေါ်၊ အပြစ်ပေးထားခြင်းသည် မျှတမှန်ကန်သည်ဟု မဆိုနိုင်ပါဟု ဦးလှသင်းကတင်ပြသည်။

ကျန်ုပ်တို့သည် အမှုတွဲကိုကောင်းစွာ လေ့လာရာ၊ အယူခံတရားလိုများသည် ပြစ်မှု ထင်ရှားသည်ဟု စိတ်ချယုံကြည်နိုင်ရန် ခဲယဉ်းသည်ကို တွေ့ရသည်။

ဘုန့်နှင့် မောင်သိန်းတို့က ဖြောင့်ဆိုချက်များ ပေးရာတွင်၊ ၎င်းတို့သည် မအေးမြင့်အား အခကြေးငွေပေး၍၊ နှစ်ဖက်အလိုတူ ကြည်ဖြူစွာ စပ်ယှက်ခဲ့ကြခြင်းဖြစ်သည်ဟု ဆို၏။ ထိုဖြောင့်ချက်တို့သည် အပြစ်ရှိပါသည်ဟု ဝန်ခံသော ဖြောင့်ချက်များ မဟုတ်

အပိုဒ် ၅

မောင်တင်လှိုင်ပါ ၅ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

ချေ။ အဖြစ်အပျက်ကို ပြောပြခြင်းမျိုးသာ ဖြစ်ပေသည်။ သူတို့ပြောသည့် အတိုင်း လက်ခံလျှင်လည်း၊ သူတို့အား မုဒိမ်းမှုဖြင့် အပြစ်ပေးနိုင်မည် မဟုတ်ချေ။

ဆရာဝန်က စစ်ဆေးရာ၊ မအေးမြင့်သည် ရေချိုးပြီးနေ၍ ထူးထူးခြားခြား မတွေ့ရ။ သူ့တွင် ဒဏ်ရာမရှိ။ ယခင်အခါများကလည်း စပ်ယှက်သွားလာဘူးသည်။

မအေးမြင့်၏ နောက်ကြောင်းနှင့် အကျင့်စာရိတ္တ တို့သည် အမှုဟွင်ပေါ်လွင်သည်။ ထိုကြောင့် ၎င်းတဦးတည်း၏ ထွက်ချက်တို့ကို အထူးသတိထား၍ စဉ်းစားရမည်။

အထူး ရာဇဝတ်ခုံးကသည်း၊ မအေးမြင့်သည် မူလက ကျေနပ်စွာ လိုက်ပါသွားခဲ့ဟန်တူသော်သည်း၊ နောက်ပိုင်းတွင် မကျေနပ်သောကြောင့် လူ ၂၀—၂၅ ကဝိုင်း၍၊ မဘရား ကျင့်ကြောင်း တိုင်တန်းသောကြောင့် ဤအမှု ဖြစ်ပေါ်လာခြင်း ဖြစ်ပေသည်ဟု မှတ်ချက်ပြုထားသည်။

အမျိုးသမီး တဦးသည်၊ အကျင့်စာရိတ္တ ပေါ့ပျက်နုံမျှနှင့်၊ သို့မဟုတ် ပြည့်တန်ဆာပင်ဖြစ်စေကာမျှနှင့်၊ ၎င်းအား အဓမ္မပြုကျင့်ရန်မဟုတ်၊ ၎င်းအလိုမတူဘဲ ကျူးလွန်လျှင် မုဒိမ်းမှု မြောက်သည်ဟု ယခင်အမှုများတွင်၊ အချက်အလက် အဆက်အစပ်ကိုကြည့်၍ ဆုံးဖြတ်ခဲ့ကြပြီးပြီ။ ဤအမှုတွင်ကား၊ အဓမ္မပြုကြောင်း ဒဏ်ထောက်အထား မခိုင်လုံ။ ထိုသို့ မခိုင်လုံသော ဒဏ်ထောက်အထားကို အခြေခံ၍ အပြစ်ပေးလျှင် တရားစီရင်ရေး တိမ်းစောင်းလိမ့်မည်။

အထက်ပါ အကြောင်းတို့ကြောင့်၊ အယူခံတရားလိုတို့အပေါ် ပြစ်မှု ထင်ရှားတွေ့ရှိထားခြင်း၊ ပြစ်ဒဏ်စီရင်ထားခြင်းတို့ကို ပယ်ဖျက်ကာ၊ ၎င်းတို့အား၊ ဤအမှုနှင့် ပတ်သက်သမျှ၊ တရားသေ လွှတ်လိုက်သည်။

အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

ရာဇဝတ်အယူခံမှု

မိုလ်မှူးကြီး လှဟန်၊ ဗိုလ်မှူးချုပ် စိန်ဝင်း၊ ဗိုလ်မှူးကြီး သန်းစိန်နှင့် ဒေါက်တာ မောင်မောင်တို့ရှေ့တွင်

မောင်တင်ဝင်း ပါ ၃ (အယူခံတရားလိုများ) † ၁၉၆၇

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ) သြဂုတ်လ ၄ ရက်။

ရာဇသတ်ကြီးပုဒ်မ ၃၆၆ အရ မှုပြစ်ထင်ရှားစီရင်ခြင်း—ပြည်သူ့ဝန်ထမ်းတဦးသည် တူညီသော တရားမျှတမှုကို ခံထိုက်ခြင်း။

အယူခံတရားလို ၃ ဦးတို့သည်၊ ဟိန္ဒူအမျိုးသမီး တဦးကို သွေးဆောင်ခေါ်ယူ၍ အလိုမတူ ကာမကျူးလွန်ကြသည်ဟူသော စွဲချက်တို့ဖြင့် စစ်ဆေးခဲ့သည်။

ဆုံးဖြတ်ချက်။ ။ပြည်သူ့ဝန်ထမ်းများ၊ အထူးသဖြင့် ပြည်သူ့လုံခြုံရေးကို စောင့်ရှောက်ရန် တာဝန်ရှိကြသည့် ဝန်ထမ်းများက ပြည်သူကို စောင့်ရှောက်ရမည့်အစား၊ ပြည်သူကိုပင် ပြန်၍ အန္တရာယ်ပြုခြင်းသည် ပြစ်မှုကို ပို၍ကြီးလေးစေသည်။ သို့ရာတွင် ပြစ်မှုထင်ရှား ရှိ မရှိကို ပဌ စစ်ဆေးသောအခါ၌မူ ဘဲ့အလန်းနှင့် ဒေါသကိုပယ်၍ တရားမျှတစွာ စစ်ဆေးသုံးသပ်ဖို့လိုသည်။ စွပ်စွဲခြင်းခံရသူသည် ပြည်သူ့ဝန်ထမ်းတဦး၊ သို့မဟုတ် လုံခြုံရေး ဝန်ထမ်းတဦးဖြစ်ကာမျှနှင့် ၎င်းအပေါ် စွပ်စွဲချက်သည် ခိုင်လုံပြီဟု မယူဆသင့်။ ပြည်သူ့ဝန်ထမ်းတဦးသည်လည်း တူညီသော တရားမျှတမှုကို ခံစားထိုက်သည်။ ရိုးရိုးဖြောင့်ဖြောင့် တာဝန်ကျေကျေ အလုပ်လုပ်သော ပြည်သူ့ ဝန်ထမ်းများကို မလိုသုတ်ိုက မတရား လည်ဆယ်တိုင်တန်းတတ်ကြသည်ကိုလည်း မမေ့အပ်ပေ။

အယူခံတရားလိုအတွက် အကျိုးဆောင်။ ။

အယူခံ တရားခံ၏ အကျိုးဆောင်။ ။လက်ထောက် နိုင်ငံတော် ရှေ့နေချုပ် ဦးလှသင်း။

အယူခံ တရားလို ၃ ဦးတို့သည်၊ စူးစပ်သီးယား ခေါ်သူ ၁၈ နှစ် ရှိယ်ရှိ ဟိန္ဒူအမျိုးသမီး တဦးကို သွေးဆောင် ခေါ်ယူ၍၊ အလိုမတူ ကာမ ကျူးလွန်ကြသည်

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၇၁၊ ၇၂၊ ၇၃။

† ပဲခူးခရိုင်၊ ၁၉၆၄ ခုနှစ်၊ အထူးရာဇဝတ်ရုံးအမှတ် ၇၃ ၏ ၁၉၆၄ ခုနှစ်၊ တရားမကြီးမှု အမှတ် ၇၃ တွင် ၁၉၆၅ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့၌ ချမှတ်ပြီး၊ ၁၉၆၆ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် အာဏာပြုအဖွဲ့က အာဏာပြုသည့် အမိန့်ကို အယူခံမှု။

၁၉၆၇ မောင်တင်ဝင်း ပါ ၃ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ဟူသော စွဲချက်ဘို့ကို၊ ပဲခူးခရိုင်၊အထူးရာဇဝတ်ရုံး အမှတ် ၇၃/၁၉၆၇ က စစ်ဆေးခဲ့သည်။

မုဒိမ်းမှု ကျူးလွန်ကြောင်း၊ လုံလောက်သောအထောက် အထား မရှိ။ တရားလို၏ ထွက်ဆိုချက်သာရှိသည်။ ၎င်းအား စစ်ဆေးသော ဆရာဝန်ကသည်း ထင်မြင်ချက် မပေးနိုင်ဟု ဆိုခဲ့သည်။ ဓါတုဗေဒ ဌာနက သက်သေခံ ဆာရီကို စစ်ရာတွင်လည်း ဘာမျှ မတွေ့ရ၊ သို့ရာဘွင် သွေးဆောင် ခေါ်ယူမှုကား ပေါ်လွင်သည်။ ထိုကြောင့် တရားခံ ၃ ဦးသည်၊ ရာဇသတ်ကြီး ပုဒ်မ ၃၆၆ အရ၊ ထောင်ဒဏ် ၁၄ နှစ်စီ ကျခံကြစေဟု အမိန့် ချမှတ်ခဲ့သည်။

အတည်ပြု အဖွဲ့က ပြစ်ဒဏ်ကို ထောင်ဒဏ် ၅ နှစ်စီသို့ လျှော့ပေါ့ ပေးခဲ့၏။

အယူခံများကို အကျဉ်းစခန်းမှ တင်သွင်း၏။ ကျွန်ုပ်တို့က တရားမျှတမှုကို ဖြစ်စေသောငှါ ရှေ့နေချုပ်အား အကြောင်း ကြားပြီးနောက်၊ အကြောင်း အချက်တို့ကို သုံးသပ်ခဲ့သည်။

လက်ထောက် ရှေ့နေချုပ် ဦးလှသင်းက ပြစ်မှု မထင်ရှားပါ။ တရားလိုမကို သွေးဆောင် ခေါ်ယူကြောင်း အထောက် အထား လုံးဝ မရှိပါ။ သူ့အလို အလျောက် အိမ်မှ ထွက်သွားကြောင်း၊ တရားခံတို့က၊ သူ့ကို စောင့်ရှောက်၍၊ လူကြီးများထံ ပို့ပေးကြောင်းပင် ပေါ်လွင်ပါသည်။ တရားလိုမ တဦးတည်း၏ စကားကို လက်မခံထိုက်ပါ။ သူ့ကို မုဒိမ်းမှု ကျူးလွန်ပါသည်ဟု တိုင်တန်းခဲ့သည်ကိုပင် မယုံထိုက်ဟု တွေ့ရှိ၍၊ အထူး ရာဇဝတ်ရုံးက ပယ်ခဲ့ရပြီး ဖြစ်ပါသည်ဟု တင်ပြသည်။

တရားလိုမသည်၊ အချင်းဖြစ်ပွါးပါသည် ဆိုသည့်နောက်၊ အတော်ကြာမှ တိုင်ချက်ဖွင့်သည်။ နေ့ရက် မမှတ် မိတော့ပါဟု တိုင်ချက်တွင် ဆို၏။ ထို့ကြောင့်လည်း ဆေးစစ်သော အခါ ဆရာဝန်က ဘာမှ မတွေ့ရ။ "မခွေးမ (လိုပြ-၁၃) ကလည်း၊ တရားခံများ ဖြစ်ကြသော၊ ရဲကြပ်ကြီး တင်ရွှေ နှင့် ရဲတပ်သား စောအောင်တို့က ကုလားမ ကလေးကို လာအပ်ကြောင်း၊ ကုလားမ ကလေးက သူ၏ ယောကျ်ားနှင့် ယောကျ်ားမက နှိပ်စက်၍ ထွက်ပြေးလာကြောင်း ပြောသည် ဆို၏။

မိမိအား၊ မုဒိမ်း ကျင့်ပါသည်ဟူ၍ပင် တိုင်ကြား သေးသော တရားလို၏ စကားများကို၊ ထိုဘိုင်ချက်နှင့် ပတ်သက်၍၊ အထူး ရာဇဝတ်ရုံးနှင့် အတည်ပြု အဖွဲ့တို့က ပယ်ခဲ့ပြီ။ တရားလို၏ ကျန်သော စကားများကိုလည်း သတိထား၍ စဉ်းစားရန် ဖြစ်၏။ ပတ်ဝန်းကျင် အဖြစ် အပျက်များ အရ၊ ထိုစကားများ သည်လည်း မယုံကြည်ထိုက်မှု ကျွန်ုပ်တို့ တွေ့မြင်သည်။

၁၉၆၇
မောင်တင်ဝင်း
ပါ ၃
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

တရားခံ မောင်တင်ဝင်း သည်၊ မီးရထား ဌာနမှ ဂျမဒါ တဦးဖြစ်၏။ မီးရထား အမှုထမ်း၊ ရဲတပ်ဖွဲ့ဝင်များသည်၊ မီးရထား ဘူတာရုံသို့ လာရောက်ကြရသောဧရိယာ သည်တို့ကို စောင့်ရှောက်ရမည့်အစား ကျူးလွန်ကြရမည်လားဟုအထူးရာဇဝတ်ရုံးက ကရုဏာနှင့် ဒေါသ တဲ့ယှဉ်၍ စဉ်းစားခဲ့ဟန် တူသည်။ (ပြည်သူ့ဝန်ထမ်းများ၊ အထူးသဖြင့် ပြည်သူ့လုံခြုံရေးကို စောင့်ရှောက်ရန် တာဝန် ရှိကြသည့် ဝန်ထမ်းများက ပြည်သူကို စောင့်ရှောက်ရမည့် အစား ပြည်သူကိုပင် ပြန်၍ အန္တရာယ် ပြုခြင်းသည်၊ ပြစ်မှုကို ပို၍ ကြီးလေးစေသည်) ဟု ကျွန်ုပ်တို့သည် ကြုံကြိုက်သလို မြွက်ဆို ခဲ့ကြပြီ။ သို့ရာတွင် ပြစ်မှုထင်ရှား ရှိ မရှိကို ပဌမ စစ်ဆေးသော အခါ၌မူ၊ အစဲ့ အလန်းနှင့် ဒေါသကို ပယ်၍၊ တရားမျှတစွာ စစ်ဆေး သုံးသပ်ဖို့လိုသည်။ စွပ်စွဲခြင်း ခံရသူသည်၊ ပြည်သူ့ဝန်ထမ်း တဦး၊ သို့မဟုတ် လုံခြုံရေး ဝန်ထမ်း တဦး ဖြစ်ကာ မျှနှင့်၊ ၎င်းအပေါ် စွပ်စွဲချက်သည် ခိုင်လုံပြီဟု မယူဆသင့်။ ပြည်သူ့ ဝန်ထမ်း တဦး သည်လည်း တူညီသော တရားမျှတမှုကို ခံစား ထိုက်သည်။ ရိုးရိုးဖြောင့်ဖြောင့် တာဝန် ကျေကျေ အလုပ်လုပ်သော ပြည်သူ့ ဝန်ထမ်းများကို မလိုသူတို့က၊ မတရား လည်ဆယ် တိုင်တန်း တတ်ကြသည်ကိုလည်း မမေ့အပ်ပေ။

ဤအမှုတွင် အထောက် အထား မခိုင်လုံ သဖြင့်၊ အယူခံ တရားလိုတို့ အပေါ် ပြစ်မှု ထင်ရှား တွေ့ရှိထားခြင်းနှင့် ပြစ်ဒဏ် သတ်မှတ် ထားခြင်းတို့ကို၊ ဤအမှုနှင့် သက်သက်သမျှ ပယ်ဖျက်၍၊ ၎င်းတို့အား၊ တရားသေ လွှတ်လိုက်သည်။

အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

ရာဇဝတ်အယူခံအမှု

ဗိုလ်မှူးကြီး လှဘန်၊ ဗိုလ်မှူးချုပ် စိန် ငြိမ်း၊ ဗိုလ်မှူးကြီး သန်းစိန်နှင့် ဒေါက်တာ မောင်မောင်တို့ ရှေ့တွင်

† ၁၉၆၇ ခြဂုတ်လ ၂ ရက်။

မောင်ပွါး ပါ ၈ (အယူခံတရားလိုများ)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁) (ခ)/ ၁၁၉/ ၁၁၄ အရ မှုပြစ်ထင်ရှားစီရင်ခြင်း—တရားခံတဦးအား အထူးတရားသူကြီးရုံးတွင် အမှုပါ ပြစ်မှုနှင့် စွဲဆိုတင်ပို့ခြင်း—၎င်းအပေါ် အမှုကို ရုပ်သိမ်းခွင့် တောင်းရန် ခွင့်ပြုခြင်း—အထူးရာဇဝတ်ရုံးသို့ အမှုအတွက်ပင် ထပ်မံစွဲဆိုတင်ပို့ခြင်းပြုနိုင် မပြုနိုင်—အမှုစုံစမ်းခြင်း၊ တင်ခြင်း၊ ပိတ်ခြင်းတို့တွင် မှန်ကန်မျှတ၍ အဂတိတရားကင်းစင်ဘို့ လိုသည်။

အယူခံတရားလိုများအား ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁) (ခ)/ ၁၀၉/ ၁၁၄ အရ စွဲချက်များဖြင့် **စစ်ဆေးခဲ့သည်။**

ဆုံးဖြတ်ချက်။ ။စွဲချက်တင်ပြီးမှ အမှုရုပ်သိမ်းခြင်းသည် ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၉၄ အရ တရားသေလွှတ်ရာရောက်သည်။ တရားသေတခါလွှတ်ပြီးသူကို ထပ်မံစစ်ဆေး အပြစ်ပေးခြင်းတို့ကို ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၀၃ က တားမြစ်ပိတ်ပင်ထားသည်။

မှုခင်းများကို စုံစမ်းပြီးသောအခါ၊ မှားယွင်းကြောင်း၊ လည်ဆယ်တိုင်တန်းကြောင်း၊ ထင်ရှားလျှင် အမှုပိတ်ရန်လို၏။ သို့မှသာ မတရားတိုင်တန်းခံရသူတို့သည် ရုံးတင်စစ်ဆေးခြင်း၊ ဖမ်းဆီးချုပ်နှောင်ခြင်း စသည့် ဒုက္ခအန္တရာယ်တို့မှကင်းမည်။ သို့ရာတွင် တဖက်ဘွင်လည်း အမှုပင် မှန်ကန်သော်လည်း၊ မလျော်သြဇာဖြင့် ယင်းအမှုကို ပိတ်စေနိုင်လျှင် တရားစီရင်ရေးသည် သြဇာညောင်းသူတို့အတွက်သာ ဖြစ်ချေမည်။ ထို့ကြောင့် အမှုစုံစမ်းခြင်း၊ တင်ခြင်း၊ ပိတ်ခြင်းတို့တွင် မှန်ကန်မျှတ၍၊ အဂတိတရား ကင်းစင်ဘို့လိုသည်။

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၄၆၊ ၄၇၊ ၄၈၊ ၄၉၊ ၅၀၊ ၅၁၊ ၅၂၊ ၅၃။

† ရှေဘုခရိုင်၊ ၁၉၆၃ ခုနှစ်၊ အထူးရာဇဝတ်ရုံးအမှတ် ၃ ၏ ၁၉၆၃ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၃ တွင် ၁၉၆၅ ခုနှစ်၊ ခြဂုတ်လ ၁၁ ရက်နေ့၌ချမှတ်ခဲ့သည်း၊ ၁၉၆၆ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင်အတည်ပြုအဖွဲ့က အတည်ပြုသည့် အမိန့်ကို အယူခံမှု။

အယူခံတရားခံ၏အကျိုးဆောင်။ ။လက်ထောက်နိုင်ငံတော်ရှေ့နေချုပ် ဦးလှသင်း။ မောင်ပို့။ ပါ ၈ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

ရှေ့တိုခရိုင် ဆိပ်ခွန်ရွာမှ ဦးအောင်စိန်အား၊ ၁၉၅၄ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့တွင် သတ်ပစ်သော ပြစ်မှုကို ကိုယ်ထိလက်ရောက်ကျူးလွန်ခြင်း၊ အားပေး ကူညီခြင်း၊ ပူးပေါင်းကြံစည်ခြင်း စသည်တို့အတွက်၊ အယူခံ တရားလိုများအပေါ် ရှေ့တိုရိုင် အထူးရာဇဝတ်ရုံး ၃/၁၉၆၃ တွင် အသီးသီးအပြစ်ပေးထားသည်။

အဓိကထွေ လွတ်ငြိမ်းချမ်းသာခွင့် မတိုင်မီက ဖြစ်ပွါးခဲ့သော အမှုဖြစ်၍ ထောင်ဒဏ် ၁၀ နှစ်စီသာ သတ်မှတ်ထားသည်။

ဦးအောင်စိန် အသတ်ခံရသောအခါ၊ ဇနီးဒေါ်ဦး (လိုပြ-၂) က တိုင်ခိုင်း၍၊ ၎င်း၏မောင် ဦးတင်မောင် (လိုပြ-၁) က သွားရောက်တိုင်ချက်ဖွင့်ခဲ့သည်။ သို့ရာတွင် ထို့ကာလက အချင်းဖြစ်ပွါးရာ နယ်မျဉ်းတွင် နိုင်ငံရေး ပဋိပက္ခများ ပြင်းထန်နေသည်။ ရပ်ရွာကာကွယ်ရေးအတွက်ဟု အကြောင်းပြကာ ထားရှိသော လက်နက်ကိုင် အိပ်ဆောင်အဖွဲ့များနှင့် ရပ်ရွာတွင် စိုးမိုးဆိုးသွမ်းနေကြသူများ ရှိနေကြသည်ဆိုသည့် အချက်တို့သည် အမှုတွဲ၌ ထင်ရှားစွာပေါ် လွင်သည်။

သက်ဆိုင်ရာရဲနှင့် အုပ်ချုပ်ရေး အဖွဲ့များက နယ်တွင်ဖြစ်ပွါးနေသော မုဒိမ်းမှု၊ လူသတ်မှု၊ လုယက်မှု စသည်တို့ကို ထိရောက်ပိုင်နိုင်စွာ နှိမ်နင်းခြင်း၊ အရေးယူခြင်း ပြုခဲ့ဟန်မတူချေ။ ဤအမှုတွဲ၌ပင်၊ မောင်သိန်းဖေနှင့် အခြားအယူခံတရားလိုဖြစ်ကြသော၊ ၎င်းတို့၏ တပည့်များက ကျူးလွန်ခဲ့ကြသော လူသတ်မှု၊ မုဒိမ်းမှုများရှိခဲ့၍၊ ယင်းအမှုများအတွက် သီးခြားစွဲဆိုရခြင်း၊ အပြစ်ပေးရခြင်းများကို တွေ့မြင်ရသည်။ ဤအမှုနှင့် ယင်းအမှုများသည်၊ တော်လှန်ရေးအစိုးရ တက်လာပြီးမှ တပ်မတော်တိုင်းမှူးက နယ်ဆင်း၍ ရွာသူရွာသားများအား ပဋိပက္ခစွာ အမှုန်တရားကို ထုတ်ဖော်ပြရန် အားပေးသောအခါမှ ပေါ်လာခြင်းဖြစ်သည်။

အမှု၏ နောက်ကြောင်းအားဖြင့် ဤသို့ရှိသော်လည်း၊ တရားစီရင်ရာတွင် ဒေါသ၊ အစွဲအလန်း မထားအပ်။ တည်ငြိမ်သောစိတ်ဖြင့် တမှုစီကို သူ့အဖြစ်အပျက်နှင့်သူ၊ စီစစ်ကြည့်ရှုရသည်။ ဤအမှုကို အထူးရာဇဝတ်ရုံးက ထိုသို့တည်ငြိမ်စွာ စစ်ဆေးသုံးသပ်ထားသည်။ တရားခံဘက်ကိုလည်း ခုခံခွင့် အပြည့်အဝပေးထားသည်။ အချင်းဖြစ်ပွါးရာ လယ်တောသို့ နံ့အပ်ငဝင်များ သွားရောက်ကြည့်ရှုခဲ့သည်။ စီရင်ဆုံးဖြတ်ရာ၌လည်း၊ တရားလို၊ တရားခံပြု သက်သေတို့ကို ကောင်းစွာသုံးသပ်သည်။

သက်သေအထောက်အထား အပြည့်အစုံ၊ ကွင်းဆက်မပျက်ရှိသည်ကို ကျွန်ုပ်တို့ တွေ့ရသည်။ ဦးအောင်စိန်ကို သတ်ရန် ဆိပ်ခွန်ရွာ ဦးဥာဏ်ဝန်၏နေအိမ်၌ စတင်

၁၉၆၇

မောင်ပွါး ပါ ဂ နှင့် ပြည်ဆောင်စု မြန်မာနိုင်ငံ။

ကြံစည် ပူးပေါင်းကြပုံကို ကြားမြင်ရသော ဦးဥာဏ်ဝန်၏ တပည့်၊ ၎င်း၏ကျေးရွာ ကာကွယ်ရေးအဖွဲ့ဝင် မောင်စန်းမောင် (လိုပြ-၂၂) က ထွက်ဆိုသည်။ ဆွေးနွေး ကြရာတွင် သိန်းဖေ၊ လူဝန့် မောင်စပ်တို့ပါသည်။ နောက်တကြိမ် ဆွေးနွေးကြပြီး လျှင်၊ ဦးအောင်စိန်၏ လယ်တောသို့ သွားရောက်ကြရန် ပြင်ဆင်ရာ၌ ဦးဥာဏ်ဝန်၊ ဦးလူဘ၊ လူပေါ်၊ မောင်ပွါး၊ မောင်စပ်၊ မြဆောင်တို့ပါသည်။ မြဆောင်သည် လွန်ခဲ့သော ၅ ရက်ခန့်က ဦးဥာဏ်ဝန်၏အိမ်မှ စတင်းသေနတ်ကို လွယ်အိပ်၌ထည့်၍ ဦးလူဝအိမ်သို့ ယူဆောင်သွားသည်ကို မောင်သာအေး (လိုပြ-၃) က တွေ့ရသည်။

အချင်းဖြစ်ပွါးသောနေ့ နံနက်တွင် ဦးအောင်စိန်သည်၊ လယ်တောသို့ စက်ဘီး စီး၍သွားသည်။ မောင်စပ်၊ လူပေါနှင့် မောင်ပွါးတို့သည် မူးရိုးအတိုင်း ဦးအောင်စိန် လယ်တောသို့ သွားကြသည်ကို ဦးတင်မောင် (လိုပြ-၁) တွေ့မြင်ရသည်။ ယင်းတရားခံ ၃ ဦး၊ လယ်တောသို့ဆင်းပြီး မကြာမီ သေနတ်သံများ ကြားရသည်။ ထိုအချိန် လောက်တွင်ပင် မောင်ချစ်လှိုင် (လိုပြ-၁၆) က မူးရိုးအတိုင်း ပြန်လာရာ သေနတ်သံများကိုကြား၍ ချိုင့်တွင်းဝင်ပုန်းရာမှ တရားခံ ၃ ဦးပြန်လာသည်ကို မြင်ရသည်။ သူတို့ကို မောင်ချစ်လှိုင်ကသိသည်။

တရားခံ ၃ ဦးသည် အပြန်လမ်းတွင် လဘက်ရည်ဝင်သောက်၍ မောင်မဲက "အောင်ခဲ့ပြီလား" မေးရာ၊ အောင်ပြီဟု ပြောကြကြောင်း၊ မောင်ဝိုင်း (လိုပြ-၁၀) နှင့် မောင်စံချယ် (လိုပြ-၉) တို့ကြားရသည်။ မောင်မဲကကို၍၊ သေသူ၏တဲသို့ ဦးလူဘနှင့် စီစဉ်ကာ စက်ဘီးဖြင့် ထောက်လှမ်းရန် သွားခဲ့ကြောင်း။ လဘက်ရည်ဆိုင်တွင် စောင့်ကြောင်း အထောက်အထားများရှိသည်။

မျက်မြင်သက်သေမောင်ချစ်လှိုင်က ဦးအောင်စိန်အသတ်ခံရကြောင်း ကြားသောအခါ၊ မူးရိုးပေါ်မှ မြင်ခဲ့ရသမျှကို မိခင် ဒေါ်ကောက်တော် (လိုပြ-၈) ကိုပြောသည်။ မိခင်က ဆိတ်ဆိတ်နေရန်မှာသည်။

ဦးအောင်စိန်သည် သေနတ်ဒဏ်ရာများဖြင့် ပွဲချင်းပြီး သေဆုံးရသည်။ ဦးလူဝ အိမ်တွင် ထိုညက ဦးလူဘ၊ မောင်ပွါး၊ လူပေါ်၊ မောင်စပ်တို့က ကိစ္စအောင်မြင်ခဲ့ပုံကို ပြောကြကြောင်း။ မောင်ပွါးက အောင်မြင်ကြောင်း၊ စတင်းသေနတ်ဖြင့် ကျည်တကာပ်လုံး ပစ်ခဲ့ကြောင်းပြောသည်။ မောင်စပ်ကလည်း ခြောက်လုံးပြူးတခွက် ပစ်ခဲ့ကြောင်း ပြောသည်ဟု မောင်သာအေး (လိုပြ-၃) ကဆို၏။ ဦးအောင်စိန်သည် သေနတ်ဒဏ်ရာ အခွက်များစွာဖြင့် သေဆုံးရသည်နှင့်ဝင်း၊ အခြားသက်သေများ မြင်ကြားရသည်နှင့်ဝင်း၊ မောင်သာအေး၏ ထွက်ချက်သည် ကိုက်ညီသည်။

သေသူ ဦးအောင်စိန်နှင့် ဦးဥာဏ်ဝန်တို့ သူကြီးအပြိုင်ဖြစ်ရှုးဘူးသည်။ သိန်းဖေတို့ အဖွဲ့က မုဒိမ်းမှု ကျူးလွန်ရာတွင် ဦးအောင်စိန်က တိုင်ချက်ဖွင့်ခဲ့သည်။ ရဲက အမှုပိတ်

သဖြင် ဦးအောင်စိန်က ရဲဝန်အထိ သွားရောက်တိုင်ကြားသည်။ ဦးဥာဏ်ဝန်၏ ဩဇာ အာဏာကို အားကိုးပြု၍ တက်တူရွာသူကြီး အရွေးခံလိုသောကြောင့် မောင်သိန်းဖေက ဦးဥာဏ်ဝန်ထံ အမြဲဝင်ထွက်သွားလာခဲ့သည်။

အထက်ပါ အကြောင်းအချက်တို့အပြင်၊ မောင်ပွါးနှင့် လူပေါတို့၏ ဖြောင့်ဆိုချက် များလည်းရှိသည်။

အချင်းဖြစ်သည်မှာ၊ နွေလည်တွင်ဖြစ်သည်။ တရားခံတို့ ပြောဆိုသွားလာပြုမူခဲ့ပုံ အရ၊ ၎င်းတို့သည် အတင့်ရဲလှသည်။ အမှုကို မည်သူမျှ ဖော်ဝန်မည်မဟုတ်ဟု ယုံကြည်ခဲ့ကြဟန်တူ၏။ အမှန်လည်း၊ အမှုကိုပွင့်လင်းစွာ မဖော်ခဲ့ကြချေ။ စုံစမ်း စစ်ဆေးခြင်း၌လည်း ပေါ့ပျက်ပျက်ရှိခဲ့သည်။

အားလုံးကိုခြုံ၍ ကြည့်ရှုလျှင်၊ အယူခံတရားလိုတို့အပေါ်၊ အထူးရာဇဝတ်ရုံးက မျှတစွာ စစ်ဆေး၍ မှန်ကန်စွာ အပြစ်ပေးထားသည်ဟု ကျွန်ုပ်တို့ယူဆသည်။

မောင်သိန်းဖေအား အထူးတရားသူကြီးရုံးတွင် ပဌမ ဤအမှုပါ ပြစ်မှုနှင့်စွဲဆို တင်ပို့ခဲ့၏။ စွဲချက်တင်ပြီးမှ ရဲမှူးက ခရိုင်ရာဇဝတ်တရားသူကြီး အမိန့်အရ၊ တရားခံ အစစ်အမှန်များ ပေါ်နေပြီဖြစ်သဖြင့်၊ အမှုကို ရုပ်သိမ်းခွင့်တောင်း၍၊ ရုံးကခွင့်ပြုကာ မောင်သိန်းဖေအား တရားသေလွှတ်ခဲ့သည်။ ထိုကြောင့် မောင်သိန်းဖေအား ဤအမှု အတွက်ပင် အထူးရာဇဝတ်ရုံးသို့ ထပ်မံစွဲဆိုတင်ပို့ခြင်း၊ စစ်ဆေးအပြစ်ပေးခြင်းတို့ကို ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၀၃ က တားမြစ်ပိတ်ပင်ထားပါသည်ဟု အစိုးရရှေ့နေကြီး တင်ပြသည်။

ကျွန်ုပ်တို့ အမှုတွဲများကို စစ်ဆေးကြည့်ရာ၊ မောင်သိန်းဖေနှင့် တဦးအပေါ် အထူးတရားသူကြီးရုံးတွင် စွဲဆိုထားရာမှ အထူးရာဇဝတ်ရုံးသို့ လွှဲပြောင်းပေးသည် မဟုတ်ပဲ၊ ပဌမအမှုကို စွဲချက်တင်ပြီးမှ ရုပ်သိမ်း၍၊ မောင်သိန်းဖေကို အထူးရာဇဝတ် ရုံးသို့ အသစ်တင်ပို့ခြင်းဖြစ်သည်။ စွဲချက်တင်ပြီးမှ အမှုရုပ်သိမ်းခြင်းသည်၊ ရာဇဝတ် ကျင့်ထုံးပုဒ်မ ၄၉၄ အရ၊ တရားသေလွှတ်ရာရောက်သည်။ တရားသေတခါလွှတ်ပြီးသူကို ထပ်မံ၍၊ ထိုအမှုအတွက် စွဲဆိုတင်ပို့ရန် မဟုတ်ပေ။

အမှုကို သုံးသပ်သောအခါ၊ မောင်သိန်းဖေသည်လည်း၊ အပြစ်ရှိသည်ဟု ကျွန်ုပ်တို့ တွေ့ရသည်။ သို့ပါလျက်၊ ၎င်းအပေါ် စွဲဆိုထားသော ပဌမအမှုကို စွဲချက်တင်ပြီးမှ မည်သည့်အထွက် ရုပ်သိမ်းစေသနည်း။ သဘောရိုးနှင့် မှားခဲ့သလော၊ မလျော်ညှဩကို သုံးစွဲခဲ့ကြလေသလော၊ မည်သူမျှားတွင် မည်မျှတာဝန်ရှိခဲ့ကြသနည်း၊ တွေးတော စရာများပေါ်သည်။ ယင်းပြဿနာတို့ကို သက်ဆိုင်ရာတို့က လိုအပ်လျှင် ဌာနဆိုင်ရာ စုံစမ်းမှုပြုလုပ်ကြရန်ဖြစ်သည်။

သဒ္ဒါ

မောင်ပွါး ပါ ၀ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

မှုခင်းမျာ်းကို စုံစမ်းပြီးသော်အခါ၊ မှာ်းယွင်းကြောင်း၊ လည်ဆယ်တိုင်တန်းကြောင်း ထင်ရှာ်းလျှင် အမှုပိတ်ချန်လိုခဲ့။ သို့မှသာ မတရာ်းတိုင်တန်းခံရသူတို့သည်၊ ရုံ်းတင်စစ်ဆေ်းခြင်း၊ ဖမ်းဆီ်းချုပ်နှောင်ခြင်း စသည့်ဒုက္ခအန္တရာယ်တို့မှကင််းမည်။ သို့ရာတွင် တာ်ဝန်ဘွင်လည်း အမှုပင်မှန်ကန်သော်လည်း၊ မလျော်သြဇာဖြင့် ယင််းအမှုကိုပိတ်စေနိုင်လျှင် တရာ်းစီရင်ရေ်းသည် သြဇာညောင််းသူတို့အဘွက်သာ ဖြစ်ချေမည်။ ထို့ကြောင့် အမှုစုံစမ််းခြင််း၊ တင်ခြင််း၊ ပိတ်ခြင််းတို့ဘွင်၊ မှန်ကန်မှုတ၌၊ အဂတိတရာ်းကင််းစင်ဘို့လို့သည်။ ထို့သို့ဖြစ်နိုင်အောင် ညှိနှိုင််းကြိုးပမ််းလျက် ရှိကြသည်ဟု ကျွန်ုပ်တို့ သိရသည်။

မောင်သိန််းဖေအား ဤအမှုနှင့် ပတ်သက်၍၊ တရာ်းသေသွဘ်ပြီ်းဖြစ်နေ၍၊ အထူ်းရာဝတ်ရုံ်းက ထပ်မံစစ်ဆေ်း အပြစ်ပေ်းခြင််းသည်၊ ဥပဒေနှင့်မညီဖြစ်နေသည်။ ထို့ကြောင့် ဥပဒေကို တိတိကျကျ လိုက်နာအပ်သည့်မူကို ထိန််းသိမ််းသောအာ်းဖြင့် မောင်သိန််းဖေသည် ပြစ်မှုကျူ်းလွန်ရာတွင် ပါဝင်ခဲ့သည်ဟု အကြောင််းအချက်မျာ်း အရ တွေ့ရစေကာမူ၊ ၎င််းအာ်း၊ ဤအမှုနှင့် ပတ်သက်သမျှ တရာ်းသေ လွတ်စေရန် အမိန့်ချမှတ်သည်။

အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

ရာဇဝတ်အယူခံမှု

ဗိုလ်မှူးကြီး လှဟန်၊ ဗိုလ်မှူးကြီး သန်းစိန်နှင့် ဒေါက်တာ မောင်မောင်တို့ရှေ့တွင်

မောင်ရင်မောင် (ခေါ်) ရှိုးတား (အယူခံတရားလို) † ၁၉၆၇
ဩဂုတ်လ ၂၃
ရက်။

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

ရာဇသတ်ကြီးပုဒ်မ ၃၆၃ နှင့် ၃၇၆ အရ မှုပြစ်ထင်ရှားစီရင်ခြင်း—ပြစ်ဒဏ်။

အယူခံတရားလိုကို ရာဇသတ်ကြီးပုဒ်မ ၃၆၃ နှင့် ၃၇၆ အရ စစ်ဆေးခဲ့သည်။

ဆုံးဖြတ်ချက်။ ။ပြစ်ဒဏ်ကို သတ်မှတ်ရာ၌ စိတ်မခိုင်ခဲ့သူဖြစ်သည့် ကလေးငယ် မိန်းကလေး တဦးအား အနိုင်အထက်ပြုခြင်းသည် ဆိုးသွမ်းညစ်ညမ်းသော ပြစ်မှုဖြစ်သည်ဟု ယူဆ၍၊ ပြစ်မှုနှင့် ထိုက်တန်သော ပြစ်ဒဏ်ကို သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

အယူခံတရားလို၏အကျိုးဆောင်။ ။

အယူခံတရားခံ၏ အကျိုးဆောင်။ ။သက်ထောက်နိုင်ငံတော် ရွှေနေချုပ် ဦးလှသင်း။

အယူခံတရားလိုမောင်ရင်မောင်သည်၊ မတင်ဝင်းဟုခေါ်သော ၁၁ နှစ်အရွယ်ရှိ၊ မိန်းကလေးတဦးကို၊ အလိုမတူ အဓမ္မပြုကျင့်သည်ဟု၊ အထူးရာဇဝတ်ရုံးအမှတ် ၄၀/ ၁၉၆၅ ခုနှစ်ကတွေ့ရှိခဲ့သည်။ ထိုသို့ ပြုကျင့်သည့်အတွက်၊ ရာဇသတ်ကြီးပုဒ်မ ၃၇၆ အရ၊ ထောင်ဒဏ် တသက်တကျွန်း နှင့် မတင်ဝင်းအား ကျူးလွန်ရန် သွေးဆောင်ခေါ်ယူသွားသည့်အတွက်၊ ရာဇသတ်ကြီးပုဒ်မ ၃၆၃ အရ၊ ထောင်ဒဏ် ၁၀ နှစ်၊ ပြစ်ဒဏ် နှစ်ရပ်ကို တပေါင်းတည်း ကျခံစေရန် အမိန့်ချမှတ်ထားသည်။

တိုင်ချက်ကို မတင်ဝင်း၏ ဘခင် ဦးကျင်ဟုတ်က အချင်းဖြစ်သည့် ၁၉၆၄ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့ ဖြစ်ပွါးပြီးလျှင်ပြီးခြင်း ဖွင့်လှစ်သည်။ ဦးကျင်ဟုတ်နှင့်

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၈၆။

† ရန်ကုန်ခရိုင်၊ ၁၉၆၅ ခုနှစ်၊ အထူးရာဇဝတ်ရုံးအမှတ် ၄၀ ၏ ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၁၃ တွင်၊ ၁၉၆၅ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့၌ ချမှတ်ပြီး၊ ၁၉၆၆ ခုနှစ်၊ ပြည်လ ၁၃ ရက်နေ့တွင် အတည်ပြုအဖွဲ့က အတည်ပြုသည့် အမိန့်ကို အယူခံဝင်မှု။

၁၉၆၇

မောင်ရင်မောင် (ခေါ်) ရှီးတား နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

မောင်ရင်မောင်တို့သည် အခန်းနီးချင်း ဖြစ်ကြသည်။ ထိုညက ဦးကျင်ဟုတ်တို့ မိသားစုသည်၊ ၎င်းတို့၏အိမ်ခန်းတွင် လေမီးဖိုပျက်၍ပြင်နေရာမတင်ဝင်းကို၊ မောင်ရင်မောင်က လက်ဆွဲ၍ ခေါ်ဆောင်သွားသည်ကို တွေ့လိုက်ရသည်ဟု ဦးကျင်ဟုတ်က ဆို၏။ သဘောရိုးဖြင့် ခေါ်ဆောင်သည်ဟု ထင်ကာ အမှုမဲ့၊ အမှတ်မဲ့ နေလေသည်။ နောက်ဆုံး မောင်ရင်မောင်၏ အခန်းတွင် မီး မထွန်းပဲ ရှိနေသည်ကို တွေ့ရ၍၊ မသင်္ကာဖြစ်လာကာ၊ မတင်ဝင်းအား ခေါ်ကြည့်ရာ မတင်ဝင်းသည် မောင်ရင်မောင်၏ အခန်းတွင်းမှ ငိုယိုကာ ထွက်လာသည်။ အဝတ်အစား ဖ ရှိဖရဲနှင့် ငိုယိုထွက်လာ ကြောင်းကို၊ ဦးကျင်ဟုတ်နှင့်တကွ ဦးကျင်ဟုတ်၏ မိသားစုအပြင်၊ ဦးကျင်ဟုတ်၏ အိမ်တွင် ရောက်ရှိနေသော ဆယ်အိမ်မှူးဟောင်း ကိုထွန်းဝေဆိုသူတို့က တွေ့မြင်ကြရသည်။ မတင်ဝင်းက၊ ၎င်းအား မောင်ရင်မောင် အဓမ္မပြုကျင့်ကြောင်း တိုင်တန်းသည်။ ကိုထွန်းဝေနှင့် ဒီမိုသို့ နောက်ရောက်လာသော မောင်ကုလားတို့ကို၊ မောင်ရင်မောင် ထွက်မပြေးအောင်၊ စောင့်ပေးပါ ခိုင်းခဲ့ပြီးလျှင်၊ ဦးကျင်ဟုတ်က ရဲစခန်းသို့ သွားရောက်တိုင်တန်းသည်။ မတင်ဝင်း၏ အဝတ်အစားများကို စစ်ဆေးရန် သိမ်းဆည်းပြီးနောက်၊ မတင်ဝင်းအား ဆေးရုံသို့ပို့၍ ဆေးစစ်စေခဲ့သည်။

အထက်ပါ တရားလိုက တင်ပြသော အချက်အလက် များကို ဖော်ပြပြီးသော သူတို့က ရုံးတွင်၊ တရားလိုပြသက်သေအဖြစ် အစစ်ခံခဲ့ကြသည်။

မတင်ဝင်းအား ဒေါက်တာ မောင်မောင်တိတ်က ဆေးရုံတွင် ဆေးစစ်ခဲ့သည်။ မတင်ဝင်းသည် ကောင်းစွာ စိတ်မခိုင်သူ ဖြစ်သည်။ ငယ်ရွယ်၍ ခန္ဓာကိုယ် ဖွံ့ဖြိုးစ ဖြစ်သည်။ မိန်းမကိုယ်တွင် လပ်ဆပ်သော ဒဏ်ရာများတွေ့ရသည်။ လတ်တလော ကျူးလွန်ခြင်း ခံရသော အခြေအနေရှိသည် စသည်ဖြင့်၊ ဒေါက်တာ မောင်မောင်တိတ်က တွေ့ရှိ၍ ထင်မြင်ချက်ပေးခဲ့သည်။

မတင်ဝင်း၏ အဝတ်အစားများကို စစ်ဆေးသော ဓါတုဗေဒဝန်က အောက်ခံ ဘောင်းဘီတင်၊ သုတ်ပိုးများ တွေ့ရသည်ဟု အစီရင်ခံ ထားသည်ကို (သက်သေခံ "ဃ") တင်တွေ့ရှိရသည်။

မောင်ရင်မောင် က ၎င်းသည်၊ အခန်းတွင် ရှိနေစဉ် အချင်းဖြစ်သည့်ညက ဦးကျင်ဟုတ်နှင့် ၎င်း၏ဇနီး ဒေါ်ရင်၊ သမီးကြီး မကြည်ဝင်းတို့ အခန်းတွင်းဝင်လာ ကြသည်။ ဦးကျင်ဟုတ်က "မင်း ငါ့သမီးကို မတော်မတရားလုပ်တယ်မဟုတ်လား" ဟုစွပ်စွဲသည် စသည်ဖြင့် ထွက်ဆိုကာ၊ စွပ်စွဲသည့် ပြစ်မှုကို ၎င်းက မကျူးလွန်ရ ကြောင်း ငြင်းကွယ်သည်။ ဦးကျင်ဟုတ်နှင့် ယခင်က ရန်ငြိုးရှိ၍ မတရားစွပ်စွဲခြင်း

ဖြစ်သည်ဟုသည်းဆိုသည်။ သို့ရာတွင် ကိုကုလားနှင့် ကိုထွန်းဝေတို့နှင့်ကား ရန်ငြိုး မရှိပါဟုပြောသည်။

၁၉၆၇ မောင်ရင်မောင် (ခေါ်) ရှီးတားနှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

အထူးရာဇဝတ်ရုံးက မတင်ဝင်းအား စစ်ဆေးသောအခါ၊ မတင်ဝင်းသည်၊ မူမမှန်၊ မေးသည်တို့ကို ကောင်းစွာ မဖြေနိုင်၊ ဆက်လက် မစစ်ဆေးပဲ၊ ရပ်တန့်လိုက် ရသည်။

တရားလို၊ တရားခံတို့ တင်ပြကြသောသက်သေ အထောက်အထားအားလုံးတို့ကို ခြုံ ကြည့်လျှင်၊ မောင်ရင်မောင်သည်၊ စွပ်စွဲသည့် ပြစ်မှုကို၊ ကျူးလွန်သည်ဟု အထူးရာဇဝတ်ရုံးက တွေ့ရှိခဲ့ခြင်းသည် ခိုင်လုံ မှန်ကန်သည်ဟု ကျွန်ုပ်တို့ယူဆရပေမည်။ သာမန်အားဖြင့်၊ ဤပြစ်မှုမျိုးကို ထင်ထင်ရှားရှားကျူးလွန်တတ်သည်မဟုတ်။ သို့ရာတွင်၊ ဤအမှုတွင်မူကား၊ ညအခါန်၊ ဦးကျင်ဟုတ်တို့ မိသားစု၊ ငင်းတို့၏ အခန်းတွင် မီးဖိုပြင်ရာ၌ အာခုံစိုက်နေသည်တို့ကို အခွင့်ကောင်း ယူ၍၊ စိတ်ကောင်းစွာ မခိုင်သော မတင်ဝင်းကို မောင်ရင်မောင်က ဆွဲဆောင် ခေါ်ယူကာ၊ ကျူးလွန်ခဲ့ခြင်းသည် လောသေသပ်လပ် အထောက်အထားများ ရှိသဖြင့်ထင်ရှားနေသည်။ အခန်းတွင်းမှ မတင်ဝင်းသည် အဝတ်အစား ဖလှိဖလဲနှင့် ငိုယိုထွက်လာခြင်း၊ ချက်ခြင်းတိုင်တန်းခြင်း၊ ဦးကျင်ဟုတ်က ချက်ခြင်းသွားရောက်၍၊ ရဲစခန်းတွင် တိုင်ချက်ဖွင့်ခြင်း၊ မတင်ဝင်း၏ အဝတ်အစားများကို သိမ်းဆည်း၍၊ ဓါတုဗေဒဌာနသို့ စစ်ရန် အချိန်မနှောင်းပဲပို့ခြင်း၊ မတင်ဝင်းအား ဆေးရုံသို့ တပါတည်းခေါ်၍၊ ဆေးစစ်ရန် စီရင်ခြင်း စသည်တို့သည် အမှုတွင် ခိုင်ခဲ့၍၊ အဆက် မပြတ်သော အထောက်အထားများ ဖြစ်သည်။

ပြစ်ဒဏ်ကို သတ်မှတ်ရာ၌၊ အထူးရာဇဝတ်ရုံးက၊ စိတ်မခိုင်ခဲ့သူဖြစ်သည့်၊ ကလေး ငယ် မိန်းကလေး တဦးအား အနိုင့်အထက် ပြုခြင်းသည်၊ ဆိုးသွမ်းညစ်ညမ်းသော စ်မှုဖြစ်သည်ဟု ယူဆ၍၊ ပြစ်မှုနှင့် ထိုက်တန်သော ပြစ်ဒဏ်ကို သတ်မှတ်ခဲ့ခြင်း ဖြစ်သည်။ အထူးရာဇဝတ်ရုံး၏ ဆုံးဖြတ်ချက်၊ ပြစ်ဒဏ် သတ်မှတ်ချက်တို့သည်၊ တရား ဥပဒေနှင့် ကိုက်ညီမှန်ကန်သည်ဟု အတည်ပြု အဖွဲ့ကလည်း သဘောရရှိပြီး ဖြစ်သည်။

အစိုးရရှေ့နေကြီး ဦးလှသင်းက၊ သက်သေ အထောက်အထားများ ပြည့်စုံခိုင်လုံ၍၊ အမှုမှန်ဖြစ်ပါသည်။ ပြစ်ဒဏ်ကိုသာ ကျွန်ုပ်တို့က စဉ်းစားလိုက စဉ်းစားရန် ဖြစ်ပါသည်ဟုတင်ပြသည်။

ပြစ်မှုထင်ရှား စီရင်ထားခြင်းသည် မှန်ကန်သည်ဟု ကျွန်ုပ်တို့တွေ့ရှိသည်။ သတ် မှတ်ထားသော ပြစ်ဒဏ်သည်လည်း ပြစ်မှုနှင့် အချိုးကျသည်ဟု ယူဆသောကြောင့် အယူခံကိုပလပ်လိုက်သည်။

အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

ရာဇဝတ်အယူခံမှု

ဗိုလ်မှူးကြီး လှဟန်၊ ဗိုလ်မှူးချုပ် စိန်ဝင်း၊ ဗိုလ်မှူးကြီး သန်းစိန်နှင့် ဒေါက်တာ မြောင်မောင်တို့ ရှေ့တွင်

† ၁၉၆၇
ဇူလိုင်လ ၁၃ ရက်။

မောင်သက်နိုင် (ခေါ်) အာမင်း ပါ ၂ (အယူခံတရားလိုများ)

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ (အယူခံတရားခံ)*

၁၉၄၅ ခုနှစ်၊ လက်နက် (အရေးပေါ် ပြစ်ဒဏ်စီရင်မှု) (ယာယီ) အက်ဥပဒေပုဒ်မ ၂ (၁) (က)၊ ၂ (၁) (ခ)/၁၀၉ အရ မူပြစ်ထင်ရှား စီရင်ခြင်း—ပြစ်ဒဏ်။

ပဌမအယူခံတရားလိုအား မြောင်းမြမြို ပြည်သူ့ရဲတပ်ဖွဲ့တွင် အမှုထမ်းစဉ်က ရိုင်ဖယ်သေနတ် ၂ လက်နှင့် ယမ်းတောင့်များ သောင်းကျန်းသူများထံ သွားရောက်ရောင်းချခဲ့သည်ဟု စွဲချက်တင်ခဲ့သည်။ ဒုတိယ အယူခံ တရားလိုအား ၎င်းပြစ်မှုကျူးလွန်ခြင်းကို အားပေးကူညီခဲ့သည်ဟု စွဲချက်တင်ခဲ့သည်။

ဆုံးဖြတ်ချက်။ ။ပဌမအယူခံတရားလို ကျူးလွန်ခဲ့သော ပြစ်မှုသည် ကြီးမားလှပေသည်။ ပြည်သူတို့ကို ကာကွယ်ရမည့် လက်နက်ခဲယမ်းမီးကျောက်တို့ကို သောင်းကျန်းသူတို့အား သွားရောက် အပ်နှံခြင်းသည် တာဝန်မဲ့ရာ ကျရောက်သည်သာမက ပြည်သူ့သစ္စာကို ဖေါက်ဖျက်ရာရောက်သည်။ သို့ရာတွင် တဖက်တွင်လည်း အယူခံတရားလို၏ အသက်ငယ်ရွယ်ခြင်းနှင့် ပြစ်မှုဖြစ်ပွါးချိန်၌ ၎င်းခံစား နေရသော အခြေအနေ ပတ်ဝန်းကျင်တို့ကို ထည့်သွင်းစဉ်းစားရန်လိုသည်။ အယူခံလှာတွင် ၎င်းက တင်ပြခဲ့သည့်အတိုင်း ၎င်းသည် သတိသံဝေဂရရှိ၍ လူသစ်အဖြစ် ၎င်း၏မိသားစုနှင့်အတူ ဘဝသစ် ထူလိုသည်ဟု ယူဆသည်။ ထို့ကြောင့် ၎င်းအပေါ် ချမှတ်ထားသော ပြစ်ဒဏ်ကို အတော်အတန် လျော့ပေါ့ပေးသင့်သည်ဟု ယူဆသည်။

ဒုတိယ အယူခံတရားလိုသည် ပဌမအယူခံတရားလိုကို အားပေးကူညီပြုခဲ့သူဖြစ်သည်။ ပြစ်မှု ကျူးလွန်သူနှင့် အားပေးကူညီပြုသူတို့သည် သာမန်အားဖြင့် ညီမျှသောပြစ်ဒဏ်ကို ခံစားသင့်ကြသည်။

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၁၁၉ နှင့် ၁၂၀။

† မြောင်းမြခရိုင်၊ ၁၉၆၅ ခုနှစ်၊ အထူးရာဇဝတ်ရုံးအမှတ် ၎င်းတို့ ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၃ တွင်၊ ၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့၌ ချမှတ်ပြီး၊ ၁၉၆၆ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့တွင် အတည်ပြုအဖွဲ့က အတည်ပြုသည့် အမိန့်ကို အယူခံမှု။

အယူခံ တရားလိုအတွက်။ ။ဦးအေးမောင်။

အယူခံ တရားခံအတွက် အစိုးရရှေ့နေကြီး။ ။ဦးလှသင်း။

မောင်သက်နိုင်အပေါ် မြောင်းမြခရိုင်၊ အထူးရာဇဝတ်ရုံး အမှတ် ၄၉/၁၉၆၅ က၊ ၁၉၄၉ ခုနှစ်၊ လက်နက် (အရေးပေါ် ပြစ်ဒဏ်စီရင်မှု) (ယာယီ) အက်ဥပဒေပုဒ်မ ၂ (၁) (က) နှင့် ပုဒ်မ ၂ (၁) (ခ) တို့အရ၊ ပြစ်မှုထင်ရှားတွေ့ရှိကာ၊ ထောင်ဒဏ် တသက်ဘဝကျွန်း ကျခံစေရန် အမိန့်ချမှတ်ထားသည်၊ မောင်တင်မောင် အပေါ်တွင်လည်း၊ ယင်းဥပဒေပုဒ်မ ၂ (၁) (ခ) နှင့် ရာဇသတ်ပုဒ်မ ၁၀၉ တွဲစပ်၍ ပြစ်မထင်ရှား တွေ့ရှိကာ ထောင်ဒဏ် တသက်တကျွန်းပင် ကျခံစေရန် အမိန့်ချမှတ်ထားသည်။

မောင်သက်နိုင်သည်၊ မြောင်းမြမှို့၊ ပြည်သူ့ရဲတပ်ဖွဲ့တွင် အမှုထမ်းခဲ့စဉ်က တပ်ဖွဲ့မှ ရိုင်ဖယ်သေနတ် ၂ လက်နှင့် ယမ်းတောင့်များကိုယူကာ၊ သောင်းကျန်းသူများထံ သွားရောက် ရောင်းချခဲ့သည်ဟု စွဲချက်တင်ခဲ့သည်၊ မောင်တင်မောင်သည် မောင်သက်နိုင်ပြစ်မှု ကျူးလွန်ခြင်းကို အားပေး ကူညီခဲ့သည်ဟု စွဲချက်တင်ခဲ့သည်၊ အထူးရာဇဝတ်ရုံးသည် သက်သေ အထောက်အထားများအရ၊ အမှုခိုင်လုံသည်ဟု တွေ့ရှိ၍ ပြစ်ဒဏ်အသီးသီး စီရင်ခဲ့ခြင်းဖြစ်သည်။

အယူခံများကို သုံးသပ်ရာတွင်၊ ကျွန်ုပ်တို့သည် ပြစ်မှုထင်ရှား တွေ့ရှိထားခြင်း ခိုင်လုံသည်ဟု မြင်ကြသည်၊ လွတ်လပ်သော အထောက်အထား များအပြင်၊ တရားခံများက ဖြောင့်ဆိုခဲ့သည်များလည်း ရှိနေသည်၊ မောင်သက်နိုင်အတွက် လိုက်ပါ ဆောင်ရွက်သော ရွှေနေကြီး ဦးအေးမောင်က၊ ပြစ်မှုထင်ရှား စီရင်ခြင်းနှင့် ပတ်သက်၍ အထူးလျှောက်လဲရန် မရှိပါ၊ သို့ရာတွင် မောင်သက်နိုင်သည် ငယ်ရွယ်သူဖြစ်သည့် အားလျော်စွာ အထူးရာဇဝတ်ရုံးက ၎င်းအား ထောင်ဒဏ် မချမှတ်ဘဲ ဘော်စတယ် ကျောင်းသို့ပို့ရန် အမိန့်ချမှတ် သင့်ခဲ့ပါသည်။ ထို့ကြောင့် ယခုသတ်မှတ်ထားသော ပြစ်ဒဏ်သည် လျော်ကန်သင့်မြတ်ခြင်းရှိ မရှိကို၊ ပြန်လည်သုံးသပ်ပေးရန် တောင်းခံပါသည်ဟု တင်ပြသည်။

ထို့ကြောင့်၊ ကျွန်ုပ်တို့သည် ပြစ်ဒဏ်နှင့် ပတ်သက်၍သာ ရွှေနေကြီး ဦးအေးမောင်နှင့် အစိုးရရှေ့နေကြီး ဦးလှသင်းတို့အား လျှောက်လဲစေခဲ့သည်။

ဦးအေးမောင်က ညွှန်ပြသည်မှာ၊ အမှုဖြစ်စဉ်အခါက မောင်သက်နိုင်သည် အသက် ၁၈ နှစ်အရွယ်မျှသာ ရှိခဲ့ပါသည်၊ ပြည်သူ့ရဲတပ်ဖွဲ့သို့ ဝင်ရောက်စဉ် အခါက၊ ၁၆ နှစ် သာသာမျှသာ ရှိခဲ့ပါလိမ့်မည်၊ ငယ်ရွယ်နုနယ်သူတဦး ဖြစ်သည့် အားလျော်စွာ လက်နက်ကိုင်၍ တာဝန်ထမ်းဆောင်ရသည်တွင် ဝန်နှင့်အားမမျှ မနိုင်မနင်း ရှိခဲ့ပါလိမ့်မည်၊ လက်နက်ကို သောင်းကျန်းသူတို့အား သွားရောက် ရောင်းချခြင်းသည်

၁၉၆၇

မောင်သက်နိုင် (၃) အာမင်း ပါ ၂ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ကြီးမားသော ပြစ်မှုဖြစ်သည်ကို ၎င်ခံပါသည်၊ သို့ရာတွင် မောင်သက်နိုင်သည် ထိုသို့ ပြစ်မှုကြီးမားကြောင်း သိနားလည်မည်မဟုတ်ဟု ယူဆရပါသည်၊ ထို့ကြောင့် မောင်သက်နိုင်အား ဘော်စတယ်ကျောင်းသို့ ဥပဒေက သတ်မှတ်ထားသည့်အတိုင်း၊ အသက် ၂၃ နှစ် ပြည့်ခြောက်သည်အထိ ပို့ချန်ကိုဖြစ်စေ၊ သို့မဟုတ် သင့်တော်သလို ပြစ်ဒဏ် လျော့ပေါ့ပေးရန် အမိန့်ချမှတ်ပေးပါရန် လျောက်ထားပါသည်ဟု ဦးအေးမောင်က တင်ပြသည်။

ဦးလှသင်းက မောင်သက်နိုင်သည် ယခုအခါ၌၊ အသက် ၂၁ နှစ် ခန့်ရှိနေပါပြီ၊ ထို့ကြောင့် ဘော်စတယ်ကျောင်းသို့ပို့လျှင် နောက်ထပ် ၂ နှစ်မျှသာ နေရပါတော့မည်၊ ၎င်းအား အထူးရာဇဝတ်ရုံးဖြင့် စစ်ဆေးခဲ့သည်ဖြစ်ရာ ငယ်ရွယ်သော ပြစ်မှု ကျူးလွန်သူများဆိုင်ရာ ဥပဒေနှင့် မသက်ဆိုင်ပါ၊ အထူးရာဇဝတ်ရုံး ဥပဒေက သတ်မှတ်ထားသော ပြစ်ဒဏ်များကိုသာ အထူးရာဇဝတ်ရုံးက ပေးရပါမည်၊ ယခုသတ်မှတ်ထားသော ဆောင်ဒဏ်မှာ တသက်တကျွန်းဟု ဆိုသော်လည်း၊ ဥပဒေနှင့် လုပ်ထုံးအရ ထောင်ဒဏ် ၁၄ နှစ်မျှသာ ဖြစ်ပါသည်၊ ထိုအထဲမှ အယူခံအဖွဲ့က သင့်မြတ်သလို လျော့ပေါ့ပေးလိုပါက ပေးရန်ဖြစ်ပါသည်ဟု တင်ပြသည်။

မောင်သက်နိုင်က အကျဉ်းစခန်းမှ တင်သွင်းသော အယူခံလွှာတွင် ၎င်းသည် အမှုဖြစ်စဉ်အချိန်က အိမ်စွဲနေရေး မသာယာ၊ မယားဖြစ်သူနှင့် မကြာခဏ စကားများနေခဲ့ရပါသည်၊ အသုပ်ခွင်တွင်လည်း အခွျိုသော ရဲတပ်ဖွဲ့ဝင်များက မိမိအား တိုက်ခိုက်ရေးမှ ကူးပြောင်းလာသော ရဲတပ်သား တဦးအနေဖြင့် ဖိနှိပ်ကြပါသည်၊ ထို့ကြောင့် အလွန်စိတ်ညစ် နေရပါသည်၊ ထိုသို့ စိတ်ညစ်ရာမှ အရက်သေစာ သောက်စားခြင်း ပြုကာ အမှန်အမှား မခွဲခြားနိုင်ဘဲ ပြစ်မှုကျူးလွန်ရခြင်း ဖြစ်ပါသည်၊ ထို့ကြောင့် သက်ညှာသော ပြစ်ဒဏ်ကိုပေးပါရန် တောင်းခံပါသည်၊ ယခုအခါ နောင်တ သံဝေဂ ရရှိပြီးဖြစ်၍၊ ဇနီးသည်နှင့် ကလေးငယ်တို့၏ ရှေ့ရေးအတွက် ဘဝသစ် ပြန်လည်ထူထောင်သိပါသည် ဟူ၍လည်း တင်ပြသည်။

မောင်တင်မောင်ကလည်း အယူခံလွှာတွင် မိမိသည် ရိုးသားစွာ လယ်ယာလုပ်ကိုင်စားသောက်နေသူ ဖြစ်ကြောင်း၊ ရုံးတွင် သက်သေထူခဲ့ပါသည်၊ ရုံးကလည်း မိမိ၏အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ပြစ်မှုတစုံတရာ ယခင်က မရှိခဲ့ဘူးကြောင်း ထောက်ခံပါသည်၊ သောင်းကျန်းသူဘို့နှင့် မတင်းသော နယ်မြေဖြစ်၍ ခြိမ်းခြောက်ခံရသဖြင့် ကြောက်ရွံ့ကာ မောင်သက်နိုင်နှင့် လိုက်ပါခဲ့ရခြင်း ဖြစ်ပါသည် ဟူ၍လည်း တင်ပြသည်။

မောင်သက်နိုင် ကျူးလွန်ခဲ့သော ပြစ်မှုသည် ကြီးမားလှပေသည်၊ ပြည်သူတို့ကို ကာကွယ်ရမည့် လက်နက် ခဲယမ်းမီးကျောက်တို့ကို သောင်းကျန်းသူတို့အား သွား

ရောက် အပ်နှံခြင်းသည် တာဝန်မဲ့ရာ ကျရောကသည်သာမက၊ ပြည်သူ့သစ္စာကို ဖေါက်ဖျက်ရာရောက်သည်၊ ထို့ကြောင့်လည်း အထူးရာဇဝတ်ရုံးက မှတ်သားလောက်သော ပြစ်ဒဏ်ကိုပေး၍ အာဘည်ပြုအဖွဲ့က ထိုပြစ်ဒဏ်ကို အတည်ပြုခဲ့ခြင်းဖြစ်သည်၊ သို့ရာတွင် တဘက်တွင်လည်း မောင်သက်နိုင်၏ အသက်ငယ်ရွယ်ခြင်းနှင့် ပြစ်မှု ဖြစ်ပွါးချိန်၌ ၎င်းခံစားနေရသော အခြေအနေ ပတ်ဝန်းကျင်တို့ကို ကျနုပ်တို့ ထည့်သွင်းစဉ်းစားရန် လိုသည်၊ အယူခံသူဘက်မှ ၎င်းက တင်ပြခဲ့သည့်အတိုင်း ၎င်းသည် သတိသံဝေဂရှိ၍ လူသစ်အဖြစ် ၎င်း၏မိသားစုနှင့်အတူ ဘဝသစ် ထူလိုသည်ဟု ကျနုပ်တို့ ယူဆသည်၊ ထို့ကြောင့် ၎င်းအပေါ် ချမှတ်ထားသော ပြစ်ဒဏ်ကို အတော်အတန် လျော့ပေါ့ပေးသင့်သည်ဟု ကျနုပ်တို့ ယူဆသည်။

မောင်တင်မောင်သည် မောင်သက်နိုင်ကို အားပေး ကူညီပြုခဲ့သူ ဖြစ်သည်။ ပြစ်မှု ကျူးလွန်သူနှင့် အားပေးကူညီ ပြုသူတို့သည် သာမန်အားဖြင့် ညီမျသော ပြစ်ဒဏ်ကို ခံစားသင့်ကြသည်၊ ဤအမှုတွင်လည်း မောင်တင်မောင်သည် မောင်သက်နိုင်အား ဖြားယောင်း သွေးဆောင်သည်၊ ခေါင်းဆောင်သည်ဟု မပေါ်လွင်။ ၎င်းတို့နှစ်ဦးကို ဘမ်းဆီးပြီးသောအခါ၊ လက်နက် ရောင်းရငွေများထဲမှ ငွေ ၄၆၀ ကို မောင်သက်နိုင် ထံမှရသည်၊ မောင်တင်မောင်ထံမှငွေ ၄၀ သာရသည်၊ တို့ကြောင့် ငေစုခဲ့ရာတွင် မောင်တင်မောင်သည် ဝေစုကြီးကြီးကို ရယူသုံးမဟုတ်ပေ။

အဆက်ပါ အကြောင်းတို့ကြောင့် အယူခံ တရားလို နှစ်ဦးအပေါ် ပြစ်မှုထင်ရှား စီရင်ထားခြင်းတို့ကို အတည်ပြု၍၊ ၎င်းတို့သည် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၀ နှစ်စီ ကျခံစေကြရမည်ဟု ပြစ်ဒဏ်များကို လျော့ပေါ့၍ သတ်မှတ်ပေးလိုက်သည်။

အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

ရာဇဝတ်အယူခံမှု

ဗုဲလ်မှူးကြီး လှဟန်၊ ဗိုလ်မှူးကြီး သန်းစိန်နှင့် ဒေါက်တာမောင်မောင်တို့ရှေ့တွင်

† ၁၉၆၇
ဩဂုတ်လ
၂၃ ရက်။

မောင်သောင်းဆွန်း (အယူခံတရားလို)*

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)

ရာဇသတ်ကြီးပုဒ်မ ၄၃၆၊ ၅၀၆ အရ မူပြစ်ထင်ရှား စီရင်ခြင်း—မီးညှိထားသော ဆေးလိပ်တိုကို အိမ်မိုးပေါ်သို့ ပစ်တင်ခြင်း—မီးရှို့ဖျက်ဆီးခြင်းမြောက် မမြောက်။

အယူခံတရားလိုအား ရာဇသတ်ကြီးပုဒ်မ ၄၃၆/ ၅၀၆ စွဲချက်များဖြင့် တရားစွဲဆိုခဲ့သည်။

ဆုံးဖြတ်ချက်။ ။အချက်အလက်များကို သေချာစွာ သုံးသပ်သောအခါ အယူခံတရားလိုသည် မူးယစ်မှုတွင်၍ မီးညှိထားသော ဆေးလိပ်တိုကို အိမ်မိုးပေါ်သို့ ပစ်တင်ခြင်းသာ ဖြစ်သည်ကို တွေ့ရသည်။ ထိုသို့ပစ်ခြင်းဖြင့် မီးအန္တရာယ်ဖြစ်စေသော်လည်း၊ မီးရှို့ဖျက်ဆီးခြင်းကားမမြောက်ခဲ့ပေ။ ထို့ပြင် မီးပွါးစမျှားကိုလည်း လွယ်လင့်တကူ ငြိမ်းသတ်နိုင်ခဲ့ကြသည်မှာလည်း ထင်ရှားသည်။ ထို့ကြောင့် မီးပေါ့ဆမှုဖြင့် ရာဇသတ်ပုဒ်မ ၂၀၅ အရ လွှဲပြောင်း၍ ၎င်းအား အပြစ်ပေးသင့်သည်။

အယူခံတရားလို၏အကျိုးဆောင်။ ။

အယူခံတရားခံ၏အကျိုးဆောင်။ ။လက်ထောက် နိုင်ငံတော်ရှေနေချုပ် ဦးလှသင်း။

အယူခံတရားလို မောင်သောင်းဆွန်းသည်၊ အိမ်ကိုမီးရှို့မှုနှင့် ခြိမ်းချောက်မှုတို့ကို ကျူးလွန်ခဲ့သည်ဟု တွေ့ရှိကာ၊ အထူးရာဇဝတ်ရုံးအမှတ် ၄၀/၆၅ က၊ ၎င်းအပေါ် ရာဇသတ်ကြီးပုဒ်မ ၄၃၆ အရ၊ ထောင်ဒဏ် ၁၅ နှစ်၊ ပုဒ်မ ၅၀၆ အရ၊ ထောင်ဒဏ် ၅ နှစ်၊ ပြစ်ဒဏ်နှစ်ရပ်ကို တပေါင်းတည်း ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ အတည်ပြုအဖွဲ့က ရုံး၏ဆုံးဖြတ်ချက်ကို အတည်ပြုသော်လည်း၊ ပြစ်ဒဏ်များကို ၅ နှစ်နှင့် ၃ နှစ်စီ၊ ထိုပြစ်ဒဏ်နှစ်ရပ်ကို တပေါင်းတည်းကျခံစေရန် လျော့ပေါ့၍ ပေးခဲ့သည်။

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၈၈။

† ရန်ကုန်ခရိုင်၊ ၁၉၆၅ ခုနှစ်၊ အထူးရာဇဝတ်ရုံးအမှတ် ၄၀ ၏ ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၁ တွင်၊ ၁၉၆၅ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့၌ ချမှတ်ပြီး၊ ၁၉၆၆ ခုနှစ်၊ မေလ ၂၄ ရက်နေ့တွင် အတည်ပြုအဖွဲ့က အတည်ပြုသည့် အမိန့်ကို အယူခံမှု။

၁၉၆၇ မောင်သောင်းထွန်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

မောင်သောင်းထွန်းသည်၊ အချင်းဖြစ်သည့်နေ့က အရက်မူးပြီး၊ အပေါ်တစုနှင့် လမ်းလျှောက်လာကြရာ၊ ရမ်ဒတ် (စ်) ဆိုသူ၏ အိမ်ရှေ့သို့ရောက်သောအခါ၊ အိမ်မိုးစွန်းပေါ်သို့ မီးညှိထားသော ဆေးလိပ်တို ပြစ်တင်လိုက်သည်ဟု စွဲချက်ရှိသည်။ ထိုသို့ပြုလုပ်ခြင်းသည်၊ ရာဇဝတ်ပြစ်ဒဏ်သင့်စေသော မီးရှို့မှု ဖြစ်မြောက်သည်ဟု စွပ်စွဲခဲ့ခြင်းဖြစ်သည်။ ထိုသို့ပြုလုပ်ရာမှ ရမ်ဒတ် (စ်) တို့နှင့် မောင်သောင်းထွန်းတို့ စကားများကြရာ၊ ဝိုင်းဝန်း၍ ကြေအေးရန် ဖြန်ဖြေပေးကြသော်လည်း ကြေအေးခြင်းမရှိ၊ ရဲစခန်းသို့ ရောက်ကြသည်။ မောင်သောင်းထွန်းက "ထောင်ကျရင် ၃-၄ လပဲ၊ ထောင်ကထွက်လာရင် ခင်ဗျားတို့ မိန်းမတွေ မုဆိုးမ မဖြစ်နိုင်ဘူးထင်သလား" ဟု ကြိမ်းမောင်းသည်ဟုသော တရားလိုဘက်မှ စွဲဆိုချက်အရ၊ ခြိမ်းချောက်မှုဖြင့် မောင်သောင်းထွန်းအပေါ် စွဲချက်ထပ်ဆင့် တင်ခဲ့ခြင်းဖြစ်သည်။ ထိုစွဲချက်နှစ်ရပ်လုံး ထင်ရှားသည်ဟု အထူးရာဇဝတ်ရုံးက ဆုံးဖြတ်ခဲ့သည်။

အယူခံတင် ကျွန်ုပ်တို့အား လိုက်ပါကူညီဆောင်ရွက်သော လက်ထောက်နိုင်ငံတော်ရှေ့နေချုပ် ဦးလှသင်းက၊ ရာဇသတ်ကြီးပုဒ်မ ၄၃၆ အရ၊ မဟုတ်ပဲ ပုဒ်မ ၂၀၅ အရ သာလျှင်၊ မောင်သောင်းထွန်းအား ပြစ်ဒဏ်ပေးသင့်ပါသည်၊ ပုဒ်မ ၄၃၆ တွင် အကျုံးဝင်စေသော အင်္ဂါရပ်ဖြစ်သည့် အိမ်ကိုမီးရှို့ဖျက်စီးခြင်း မမြောက်ပါ၊ မီးပေါ့ဆမှုသာ ဖြစ်ပါသည်ဟု တင်ပြသည်၊ ခြိမ်းချောက်မှုနှင့် ပတ်သက်၍မူကား၊ ခိုက်ရန်ဖြစ်ပွါး၍၊ ဒေါသအလျောက် ပြောမိ၊ ဆိုမိခြင်းမျိုးသာ ဖြစ်ပါသည်၊ သူကိုယ်တိုင် အချုပ်နှင့်နေရပြီဖြစ်၍ သူတပါးကို ထိတ်လန့်စေအောင် ခြိမ်းချောက်နိုင်တော့မည် မဟုတ်ပါ၊ စကားအရာ မည်သို့ပင်ဆိုစေ၊ ဥပဒေအရ ထိတ်လန့်စေသော ခြိမ်းချောက်မှုကား မဖြစ်နိုင်ပါ၊ ထို့ကြောင့် ရာဇသတ်ကြီးပုဒ်မ ၅၀၆ အရ၊ အပြစ်ပေးထားခြင်းသည် မှားယွင်းပါသည်ဟု တင်ပြသည်။

အချက်အလက်များကို သေချာစွာ သုံးသပ်သော်အခါ၊မောင်သောင်းထွန်းသည်၊ မူးယစ်မှုးတူး၍ မီးညှိထားသော ဆေးလိပ်တိုကို၊ အိမ်မိုးပေါ်သို့ ပစ်ခြင်းသာဖြစ်သည်ကို တွေ့ရသည်၊ ထိုသို့ပြစ်ခြင်းဖြင့် မီးအန္တရာယ်ဖြစ်စေသော်လည်း မီးရှို့ဖျက်ဆီးခြင်းကား မမြောက်ခဲ့ပေ၊ ထို့ပြင်၊ မီးပွါးစများကိုလည်း လွယ်လင့်တကူ ငြိမ်းသတ်နိုင်ခဲ့ကြသည်မှာလည်း ထင်ရှားသည်။ ထို့ကြောင့် ဒီးပေါ့ဆမှုဖြင့် ရာဇသတ်ကြီးပုဒ်မ ၂၀၅ အရ၊ လွှဲပြောင်း၍ ၎င်းအား အပြစ်ပေးသင့်သည်ဟု ကျွန်ုပ်တို့ ယူဆသည်။ ထိုပြစ်မှုအတွက် ရာဇသတ်ကြီးက သတ်မှတ်ထားသော ပြစ်ဒဏ်တွင် ၆ လအထိ ထောင်ဒဏ်ပါဝင်သည်။ ဤအမှုတွင် မောင်သောင်းထွန်းသည်၊ အရံမီးသတ်အဖွဲ့သား တဦးဖြစ်လျက်နှင့် မီးပေါ့ဆမှု ကျူးလွန်ခဲ့ခြင်းဖြစ်သည့်အတွက် ၎င်းအပေါ် အထူး ရာဇဝတ်ရုံးက မှတ်သားလောက်သော ပြစ်ဒဏ်ချမှတ်ခဲ့ခြင်း ဖြစ်သည်ကိုထောက်ရှု၍၊

၁၉၌

မောင်သောင်းထွန်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

ကျွန်ုပ်တို့ကလည်း ၎င်းသည်၊ ထိုပြစ်မှုအတွက် ထောင်ဒဏ် ၃ နှစ်ကျခံစေသင့်သည်ဟု ယူဆကြသည်။

ခြိမ်းချောက်မှုနှင့် ပတ်သက်၍မူကား တဦးနှင့် တဦး အတုံ့အပြန်ပြောဆို ခိုက်ရန်ဖြစ်ပွါးရာမှ စွပ်စွဲသည့်အတိုင်း ပြောဆိုခဲ့ခြင်း ဖြစ်ဟန်တူသည်။ ရာဇဝတ်မှု မြောက်စေသော ခြိမ်းချောက်ခြင်း အင်္ဂါရုပ် မပါဝင်။ ထိုကြောင့် ရာဇသတ်ကြီး ပုဒ်မ ၅၀၆ အရ၊ မောင်သောင်းထွန်းအား အပြစ်ပေးထားခြင်းသည်၊ မှားယွင်းသည်ဟု ကျွန်ုပ်တို့ ယူဆသည်။ ထိုပုဒ်မအရ ပြစ်မှုထင်ရှား တွေ့ရှိထားခြင်းနှင့် ပြစ်ဒဏ်သတ်မှတ်ထားခြင်းတို့ကို ပယ်ဖျက်လိုက်သည်။

မောင်သောင်းထွန်းအား ရာဇသတ်ကြီးပုဒ်မ ၄၃၆ အစား၊ ပုဒ်မ ၂၀၅ အရ၊ လွှဲပြောင်း၍ ပြစ်မှုထင်ရှားတွေ့ရှိသည်။ ထိုပြစ်မှုအတွက် ထောင်ဒဏ် ၃ နှစ်ကျခံစေရမည်ဟု ကျွန်ုပ်တို့ ဆုံးဖြတ်လိုက်သည်။

အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

ရာဇဝတ်အယူခံမှု

ဗိုလ်မှူးကြီး လှဟန်၊ ဗိုလ်မှူးချုပ် စိန်ဝင်း၊ ဗိုလ်မှူးကြီး သန်းစိန်နှင့် ဒေါက်တာမောင်မောင်တို့ရှေ့တွင်

ဦးကျော်မြင့် (အယူခံတရားလို)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

† ၁၉၆၇ ဇူလိုင် လ ၁၃ ရက်။

၁၉၆၃ ခုနှစ်၊ အများနှင့် သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ မူပြစ်ထင်ရှား စီရင်ခြင်း—စာရင်းစာအုပ်များပေါ်တွင် ကွဲလွဲကွာခြားနေခြင်း—ငွေများကို တလုံးတည်း ရက်တိုတိုအတွင်း ပေးသွင်းရမည်ဟု ညွှန်ကြားခြင်းသည် တရားမျှတသည်ဟု ဆိုသာ မဆိုသာ—စာရင်းကွာခြင်းနှင့် ပတ်သက်လျှင် တာဝန်ရှိသူအား သင့်တော်သော အချိန်ပေး၍ ဖြေရှင်းစေရန်လိုခြင်း—အသေးသုံးငွေ ကိုင်ဆောင်သုံးစွဲပိုင်ခွင့်—စည်းကမ်းနှင့် အနည်းငယ် ဆန့်ကျင်၍ ကိုင်ဆောင်သုံးစွဲခြင်း—ဌာနဆိုင်ရာ အရေးယူခြင်းသာ ဖြူသင့်မပြူသင့်။

၁၉၆၃ ခုနှစ်၊ အများနှင့် သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ (၃) အရ အယူခံတရားလိုအား တရားစွဲဆိုခဲ့သည်။

ဆုံးဖြတ်ချက်။ ။အယူခံတရားလိုက စာရင်းများကို ရှင်းလင်း၍ ပေးသွင်းရန်ရှိသည့်ငွေများကို ပေးသွင်းရန် တာဝန်ယူခဲ့သည်ဖြစ်ရာ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ၎င်းအား သင့်တော်သော အချိန်ပေးမှ မျှတမည်ဖြစ်ပေသည်။ သို့ရာတွင် ထိုသို့အချိန်မပေးဘဲ ရက်ပိုင်းအတွင်း ငွေစာရင်းများတွင် ကွာခြားနေသမျှသော ငွေအားလုံးကို ပေးသွင်းရမည်ဟု ညွှန်ကြားခြင်းသည် လက်တွေ့အားဖြင့် မလွယ်ကူနိုင်ပေ။ သမဝါယမအသင်းများကို တနှစ်တွင် တကြိမ်နှစ်ကြိမ် စသည်ဖြင့် မှန်မှန်စစ်ဆေးလာခဲ့ခြင်းလည်း မရှိဘဲ နှစ်ပေါင်းများစွာအတွက် တကြိမ်တခါ စစ်ဆေးကာ စာရင်းစာအုပ်များပေါ်တွင် ကွဲလွဲကွာခြားနေသမျှအတွက် စုပေါင်း၍ ငွေများကို တလုံးတည်း ရက်တိုတို အတွင်း ပေးသွင်းရမည်ဟု ညွှန်ကြားခြင်းသည် တရားမျှတသည်ဟု မဆိုသာ။

အယူခံတရားလိုအား ရဲစခန်းသို့ တိုင်ကြား၍ ရာဇဝတ်ကြောင်းဖြင့် စတင်အရေးယူသော အချိန်၌ ၎င်းသည်ရန်ကုန်သို့ တာဝန်ဖြင့် ရောက်ရှိနေခဲ့ပေသည်။ ထို့ကြောင့် ၎င်းသည် စာရင်းအမှ

---

* ၁၉၆၇ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၃၅။

† ပြည်ခရိုင် ၁၉၆၆ ခုနှစ်၊ အထူးရာဇဝတ်ရုံးအမှတ် ၅၂ ၏ ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁ တွင် ၁၉၆၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့၌ ချမှတ်ပြီး ၁၉၆၇ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့တွင် အတည်ပြုအဖွဲ့က အတည်ပြုသည့် အမိန့်ကို အယူခံမှု။

များကို ပေးထားသော အချိန်တိုအတွင်း ရှင်းလင်းတင်ပြရန် ပို၍ပင် ခက်ခဲခဲ့ပေလိမ့်မည်။ စာရင်းကွာခြားခြင်းနှင့် မတ်သက်လျှင် တာဝန်ရှိသူအား သင့်တော်သော အချိန်ပေး၍ ဖြေရှင်းစေရန် လိုသည်၊ သို့မှသာ ၎င်းသည်မေ့လျော့၍ စာရင်းမသွင်းခဲ့သည်များရှိက စာရင်းသွင်းနိုင်သည်။ ဥပမာပြော၊ စာရွက်စာတမ်း စသည်တို့ ရှာဖွေ၍ စာရင်းပြုလုပ်နိုင်သည်။ အချို့လည်း ကျွမ်းကျင်မှုနည်းပါး၍ မှားယွင်းသည်လည်း ရှိတတ်သည်။ ထိုသို့အချိန်ပေး၍ ရှင်းစေသော်လည်း ကြေနပ်လောက်အောင် ရှင်းလင်းတင်ပြခြင်း မပြုနိုင်လျှင် လိုအပ်သော ဌာနဆိုင်ရာ စုံစမ်းမှုကို ပြည့်ပြည့်စုံစုံ ပြုလုပ်သင့်သေးသည်။ ထိုသို့ပြုလုပ်ပြီးမှ အလဲသုံးစားခြင်း ထင်ရှားစွာ ပေါ်ပေါက်လျှင် ရာဇဝတ်ကြောင်းဖြင့်အရေးယူသင့်သည်။ ထိုသို့အဆင့်ဆင့် စုံစမ်းစစ်ဆေးမှ တရားမျှတ မှန်ကန်မှု ရှိနိုင်သည်။

အသေးသုံးငွေကို အယူခံတရားလိုက ကိုင်ဆောင်သုံးစွဲပိုင်ခွင့် ရှိသည်ဟု တရားလိုဘက်မှ ငြင်းကွယ်ခြင်းမပြု။ ငွေမည်မျှအထိ လက်ဝယ်ထားရှိနိုင်သည်ဟု အတိအကျ သတ်မှတ်ထားခြင်းမရှိ။ ငွေ ၁၀၀ ကျပ် တဝိုက်ထားရှိနိုင်ပါသည်ဟု ဆိုကြသည်။ အယူခံတရားလို၏ ထုက်ဆိုချက်အရ၊ ငွေ ၁၉၆ ကျပ် ၆၅ ပြားသုံးစွဲပြီး လက်ဝယ်တွင် ၁၃၁ ကျပ် ကျန်သည်။ ထိုသို့ကျန်ရှိခြင်းသည် စည်းကမ်းနှင့် မညီဟူ၍ မဆိုသာ။ စည်းကမ်းနှင့် အနည်းငယ် ဆန့်ကျင်နေလျှင်လည်း ရုံးတွင်းစည်းကမ်းကိုဖေါက်ဖျက်ခြင်းဖြင့်၊ ဌာနဆိုင်ရာ အရေးယူခြင်းသာ ပြုရမည်ဖြစ်ပေသည်။ ရာဇဝတ်မှုပါဖြစ်မြောက်စေရန်အတွက် ကိုယ်ကျိုးအတွက် အလဲသုံးစားပြုလုပ်ခြင်း၊ သို့မဟုတ် လိမ်လည်ရန် ကြံရွယ်ခြင်းတို့ကို ထင်ရှားစေရမည်ဖြစ်သည်။

အယူခံတရားလိုအတွက်။ ။ဦးသက်ငွေ။

အယူခံ တရားခံအတွက်။ ။အစိုးရရှေ့နေကြီး ဦးလှသင်း။

အယူခံတရားလို ဦးကျော်မြင့်သည် သမဝါယမမြို့နယ်အရာရှိဒုတိယဖြစ် ဘဏ္ဍာစိုးစဉ်သပြေလှကျေးရွာ၊ လယ်ယာနှင့် လုပ်ငန်းသမဝါယမအသင်းမှ ပေးအင်သောငွေ ၁,၄၀၀ ကျပ်၊ လက်ပံလုံးလှကျေးရွာ လားသား၊ ကပေးအပ်သောငွေ ၁,၅၀၀ ကျပ်နှင့် သဲကုန်းမြို့နယ်တွင်ရှိသော စာရင်းရှင်းလင်းဆဲ ပရိုကိုးအသင်းများမှ လက်ကျန်ငွေများကို လက်ခံထားရှိသည့်အနက်မှ ငွေ ၁၉၆ ကျပ် ၆၄ ပြားတိုကို အလိုလိုအလဲသုံးစားပြုခဲ့သည်ဟူသော စွဲချက်ကို မြည်မြို့နယ်၊ အထူးရာဇဝတ်ရုံး အမှတ် ၅၂/၆၆ က စစ်ဆေးခဲ့သည်။ ထိုစွဲချက်သုံးရပ်လုံး အထောက်အထား ခိုင်လုံသည်ဟု နာယကနှင့် အဖွဲဝင်တဦးတို့က တွေ့ရှိကြသည်။ အပွဲဝင်တဦးကမူ ဥပဒေသတောအရ ငွေ ၅,၄၀၀ ကျပ်နှင့် ၁,၅၀၀ ကျပ်ကွာခြားနေခြင်းသည် ဦးကျော်မြင့်၏ လိမ်လည်လှည့်ဖြားလိုသောစိတ်ဖြင့် ဖြစ်ကြောင်း အထင်အရှားမရှိ လုံတ်ငြိမ်းချမ်းသာစွင့်အမိန့် မပိုင်မိကဖြစ်ပွါးခဲ့ခြင်းလည်း ဖြစ်သောကြောင့်၊ ထိုငွေများနှင့် ပတ်သက်သော စွဲချက်များတွင် ဦးကျော်မြင့်အား အပြစ်မပေးနိုင်၊ ငွေ ၁၉၆ ကျပ် ၆၄ ပြားကွာခြားနေခြင်းနှင့် ပတ်သက်၍သာ အပြစ်ပေးနိုင်သည်ဟု ယူဆခဲ့သည်။

အတည်ပြုအဖွဲ့က စုံခုချက်နှစ်ရပ်နှင့်ပတ်သက်၍ ဦးကျော်မြင့်သည် လွှတ်တြိမ်းချမ်းသာခွင့်အမိန့် ပြဋ္ဌာန်းချက်များနှင့်အညီ၊ အကျိုးခံစားခွင့် အပြည့်အဝရှိသည်ဟု ယူဆသောကြောင့်၊ ထိုစုံခုချက်နှစ်ရပ်နှင့်ပတ်သက်၍ ဦးကျော်မြင့်အား တရားသော လွှတ်စေရန် အမိန့်ချမှတ်ခဲ့သည်။ ၎င်း ၁၉၆၈ ကျပ် ၆၄ ပြားကွာခြားခြင်းအတွက် တင်ပို့သော စုံခုချက်ပေါ် တွင်မူကား ဦးကျော်မြင့်တွင် အပြစ်ရှိသည်။ ထိုကြောင့် ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်ဖသာ ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ (၃) အရ၊ ပြစ်ဒဏ်ဆိုက်သည်။ ထိုပုဒ်မ သတ်မှတ်သော အနည်းဆုံး ပြစ်ဒဏ်ဖြစ်သည့် ထောင်ဒဏ် ၁၀ နှစ်ကျခံစေရန် အထူးရာဇဝတ်ရုံးက ဆုံးဖြတ်ထားခြင်းသည် လျော်ကန်သင့်မြတ်သည်ဟုယူဆကာ ထိုပြစ်ဒဏ်ကို အတည်ပြုခဲ့သည်။

၁၉၆၄ ခုနှစ်အတွင်းက တနိုင်ငံလုံးရှိ သမဝါယမအသင်းများ၏ လုပ်ငန်းကို ပြန်လည်သုံးသပ်ပြီးလျှင်၊ အခြို့သောအသင်းများကို စာရင်းရှင်းလင်း ဖျက်သိမ်းခြင်း၊ ပြန်လည်ပွဲ့စည်းခြင်း ပြုလုပ်ရာမှ ဤအမှုပေါ် ပေါက်ခဲ့ခြင်း ဖြစ်သည်။ ၁၉၆၆ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့၊ ပဲခူးတိုင်းသမဝါယမအရာရှိ ဦးတင်ညွန့် (လိုပြ ၁) သည်၊ ပြည်ခရိုင်၊ သဲကုန်းမြို့သို့ သွားရောက်၍အသင်းများကို စစ်ဆေးခဲ့သည်။ ပဲခူးမြို့နယ်သမဝါယမအရာရှိ ဦးကျော်မြင့် တာဝန်ယူရသော အသင်းများ၏ စာရင်းစာအုပ်တို့ကို စစ်ဆေးရာဘွင်၊ ဒေစာရင်းများ ကွာခြားနေကြောင်း တွေ့ရှိလာခဲ့လေသည်။ ဦးကျော်မြင့်အား ခေါ် ယူမေးမြန်းရာ၊ လက်ပံသုံးလှရွာ၊ သမဝါယမအသင်းကငွေ ၁,၅၀၀ ကျပ်ပေးသွင်းခဲ့သည်ကို ၎င်းက ယာယီပြောပေး၍ လက်ခံထားခဲ့ကြောင်း။ သပြေလှအသင်းမှ ငွေ ၁,၄၀၀ ကျပ်ကိုလည်း ထိုနည်းတူ လက်ခံရရှိပြီးလျှင်၊ ယာယီပြေစာကိုသာ ထုတ်ပေးထားကြောင်း ဝန်ခံသည်။ ဝန်ခံချက်များကို စာဖြင့်ရေး၍ ဦးကျော်မြင့်က လက်မှတ်ရေးထိုးပေးခဲ့သည်။ (သက်သေခံအမှတ် ၈ နှင့် ၉) အခြားကျေးရွာစာရင်းများဘွင်လည်း လက်ခံထားပြီး၊ ငွေများနှင့် စည်းကမ်းတကျ ပေးသွင်း၍ စာရင်းမှတ်ပြီး၊ ငွေများ အနည်းနှင့်အများ ကွာခြားနေသည်ဘို့ကို ဦးတင်ညွန့်က တွေ့ရှိရသည်။ ဦးကျော်မြင့်ကလည်း ၎င်းတွင် တာဝန်ရှိကြောင်း ဝန်ခံသည်။ အထွေထွေ ငွေစာရင်းစာအုပ်ကို စစ်ဆေးကြည့်ရှုရာ၊ ၁၉၆၃ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်နေ့ စာရင်းပိတ်လက်ခံငွေ ၁၉၆ ကျပ် ၆၄ ပြားဦးကျော်မြင့်ထံတွင် ရှိကြောင်း ဦးတင်ညွန့်က တွေ့ရှိသည်။ (သက်သေခံအမှတ် ၇)။

ထို ကဲ့သို့စာရင်းများ၊ငွေများ ကွာခြားနေသည့်အတွက်၊နှစ်ရက်အတွင်း ဦးကျော်မြင့်က ခရိုင်တာဝန်ခံ ဦးစောမြင့်ထံ သွားရောက်ရှင်းလင်း ပေးအပ်ရန် ဦးတင်ညွန့်က ညွှန်ကြားခဲ့သည်။ ထို့နောက် ဦးတင်ညွန့်သည် ရန်ကုန်သို့ ပြန်လာခဲ့ရာ၊ ဦးကျော်မြင့်က သံကြိုးစာဖြင့် ၁၉၆၄ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့ နောက်ဆုံးထား၍ စာရင်းငွေ အပ်ရမည့်

၁၉၆၇ ဦးကျော်မြင့်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

အစား၊ ၁၉၆၄ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့အထိ ရက်တိုး၍ ခွင့်ပြုရန် တောင်းခံလေသည်။ သို့ရာတွင် ရက်တိုးမပေးတော့ဘဲ၊ ၁၉၆၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့စွဲဖြင့် ဦးစောမြင့်က၊ ဦးကျော်မြင့်ထံမှ ငွေမရကြောင်း အစီရင်ခံသည့် သံကြိုးစာအရ၊ ဥပဒေအတိုင်း ဦးကျော်မြင့်အပေါ် အရေးယူရန် ဦးဟင်ညွန့်က ညွှန်ကြားလေသည်။ ထို့ကြောင့် ၁၉၆၄ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့တွင် ရဲစခန်းတွင် ဦးကျော်မြင့်အပေါ် တိုင်ချက်ဖွင့်သည်။ ထိုအချိန်က ဦးကျော်မြင့်သည် ရန်ကုန်၌ တာဝန်နှင့် ရှိခဲ့သည်။ ၁၉၆၄ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့တွင် ၎င်းအား ဖမ်းဆီးသည်မှ၊ အထူးရာဇဝတ်ရုံးဖွဲ့စည်း၍ အမှုကို စစ်ဆေးစီရင်ပြီးသည်အထိ၊ ၎င်းသည် အချုပ်နှင့်ရှိခဲ့သည်။

ဦးကျော်မြင့်က အထူးရာဇဝတ်ခုံးတွင် စာရင်းအင်းများ ကွာခြားနေသည်၊ ထို စာရင်းအင်းများကို ရှင်းလင်းပေးရန် ၎င်းတွင် တာဝန်ရှိသည်ကို ငြင်းကွယ်ခြင်းမပြု။ ငွေ ၁၉၆ ကျပ် ၆၄ ပြားနှင့်ပတ်သက်၍လည်း၊ ထိုငွေများမှာ ၎င်းကိုင်ဆောင်ပိုင်ခွင့် ရှိသည့် အသေးသုံးငွေများ ဖြစ်ပါသည်။ ထိုငွေများအနက်၊ ၆၅ ကျပ်ကို အသေးသုံးပြီး ဖြစ်၍၊ ကျန်ငွေများ ၎င်း၏သက်ဝင်ဘွင် ရှိနေခဲ့ပါသည်။ သို့ရာတွင် စာရင်းများကို ရှင်းလင်း တင်ပြရန်၎င်း၊ လက်ကျန်ငွေများကို ပေးအပ်ရန်၎င်း အချိန်မရခဲ့ပါ။ အမှန် အားဖြင့်၊ မိမိသည် ငွေများကို အလဲသုံးစား မပြုလုပ်ခဲ့ပါဟု ထွက်ဆိုခဲ့သည်။

အယူခံလျှောက်ထားတွင်လည်း ဦးကျော်မြင့်သည် အထက်ပါ အတိုင်းပင် တင်ပြသည်။ အချိန်ပေး၍ စာရင်းရှင်းလင်းစေခြင်း၊ ဌာနဆိုင်ရာ စုံစမ်းမှုပြုလုပ်၍ ချေပစေခြင်း မပြုခဲ့ဘဲ၊ မိမိအား ဖမ်းဆီးအရေးယူခဲ့ခြင်းဖြစ်ပါသည်။ အလုပ်များကိုပင် စနစ်တကျ လွှဲပြောင်းပေးအပ်ခွင့် မရခဲ့ပါ။ ဖမ်းဆီးပြီး ရက်ပေါင်း ၂၀ ကြာမျှ အချုပ်မှ ခေါ်ဆောင်ပြီးလျှင်၊ အရေးကြီးသောမှတ်တမ်းများကို ဘီရိုမှ သော့ဖွင့်၍ ပေးအပ်ခဲ့ရပါသည်ဟု ဆို၏။ ငွေစာရင်းများ ကွာခြားခြင်းနှင့်ပတ်သက်၍ မိမိတွင် တာဝန်ရှိပါသည်။ ယခင်အခါများက ပေါ့ပေါ့ဆဆလုပ်ခဲ့သည်များ ရှိခဲ့ပါသည်။ သို့ရာတွင် အထူးသဖြင့်၊ ၎င်းအား အပြစ်ပေးထားသောငွေ ၁၉၆ ကျပ် ၆၄ ပြားအလဲသုံးစား လုပ်ခဲ့သည်ဟူသော ပြစ်မှုကိုမူ လုံးဝကျူးလွန်ခြင်း မပြုခဲ့ရပါ။ ခေတ်ဟောင်းမှ စာရင်းအင်းများ ရှုပ်ထွေးမှုနှင့် ရောထွေး၍၊ အသေးသုံးငွေအတွက် အရေးယူ အပြစ်ပေးခံရခြင်းသာ ဖြစ်ပါသည်ဟု ဦးကျော်မြင့်က တင်ပြသည်။

အယူခံ တရားလို၏ ရှေ့နေကြီး ဦးသက်ငွေက၊ ဦးကျော်မြင့်အား အပြစ်ပေးထားခြင်း သည်မှာ၊ ငွေ ၁၉၆ ကျပ် ၆၄ ပြားအလဲသုံးစား ပြုလုပ်သည်ဟူသော စွဲချက်တရပ်ထဲပေါ်တွင် ဖြစ်ပါသည်။ ထိုငွေများ လက်ဝယ်တွင်ရှိကြောင်း ဦးကျော်မြင့်က အစဉ်ပင် ပြောဆိုခဲ့ပါသည်။ တာဝန်နှင့် လုပ်ပိုင်ခွင့်အရ၊ ထိုငွေများကို လက်ဝယ်ထားရှိခဲ့ခြင်း ဖြစ်ပါသည်။ ထိုငွေ ၁၉၆ ကျပ် ၆၄ ပြားကို ဦးတင်ညွန့်ကဖြစ်စေ၊ ခရိုင်တာဝန်ခံ

ဦးစောမြင့်ကဖြစ်စေ သီးခြားတောင်းခံခြင်း မပြုခဲ့ပါ။ ကျေးရွာသမဝါယမအသင်းငွေ များနှင့်တပါတည်းပေါင်း၍ တောင်းခံခြင်းသာ ဖြစ်ပါသည်။ ထိုငွေများနှင့်ပတ်သက်၍ မူ စာရင်းများ ရှုပ်ခထွေးနေသဖြင့်၊ ဦးကျော်မြင့်က ရှင်းလင်းရန် အချိန်တောင်းခံခဲ့ရ ပါသည်။ ငွေ ၁၉၆၆ ကျပ် ၆၄ ပြားကိုသာ တောင်းခံခြင်းဖြစ်လျှင်၊ ဦးကျော်မြင့်က မဆိုင်းမတွ ပေးအပ်နိုင်မည် ဖြစ်ပါသည်။ ထိုငွေနှင့် ပတ်သက်၍ အလဲသုံးစားပြုခြင်း ဖြစ်မြောက်စေရန်၊ မရိုးသားသောစိတ်၊ လိမ်လည်သောစိတ် လုံးဝမပေါ်ခဲ့ပါ။ ထို့ ကြောင့် ပြစ်မှုမမြောက်ပါဟု လျှောက်လဲသည်။

အစိုးရခန့်ခန့်ကြီး ဦးသုသင်းက စာရင်းများ ကွာခြားနေကြောင်း ဦးကျော်မြင့်က၊ ဦးတင်ညွှန့်ကို ဝန်ခံခဲ့ပါသည်။ ကွာခြားခြင်းနှင့် ပတ်သက်၍၊ ၎င်းတွင် တာဝန်ရှိ ကြောင်းသည်း ဝန်ခံပါသည်။ တာဝန်ရှိသည့်အတိုင်း စာရင်းရှင်း၍ ငွေများပေးအပ်ရန် ညွှန်ကြားခဲ့သော်သည်း၊ ဦးကျော်မြင့်က စာရင်းရှင်းခြင်း၊ လက်ငယ်ရှိငွေများကို ပေး အပ်ခြင်း မပြုသုပ်ခဲ့ပါ။ ရုံးသို့ ရောက်သောအခါ၌လည်း ငွေများကို ပေးအပ်ခြင်း မပြုပါ။ သို့ရာတွင် စွဲချက်သုံးရပ်အနက်၊ နှစ်ရပ်ကို အတည်ပြုအဖွဲ့က ပယ်ဖျက်ပြီး နောက်၊ နောက်ဆုံး ကျန်ရှိနေသည့်ငွေ ၁၉၆၆ ကျပ် ၆၄ ပြားကို အလဲသုံးစားပြုသည် ဟူသော စွဲချက်နှင့် ပတ်သက်၍၊ ဦးကျော်မြင့်သည် အလဲသုံးစားပြုလုပ်ခြင်းရှိခဲ့၊ မရှိခဲ့ စဉ်းစားရန် ဖြစ်ပါသည်။ ထိုငွေကို တာဝန်အရ ထိန်းသိမ်းထားခဲ့ခြင်းလော၊ သို့မဟုတ် မိမိကိုယ်ကျိုးအတွက်သုံးစွဲခဲ့ခြင်း ရှိသလော၊ ပြဿနာပေါ်ပါသည်ဟု တင်ပြသည်။

ဦးတင်ညွှန့်က အထူးရာဇဝတ်မှုတွင်၊ ထိုငွေနှင့်ပတ်သက်၍ သက်သေခံရာတွင်၊ ဦးကျော်မြင့်သည် ငွေကို တာဝန်အရ ၎င်း၏ လက်ဝယ်တွင် ထားရှိကြောင်း ပြောပါ သည်ဟု ထွက်ဆိုခဲ့သည်။ သို့ရာတွင် ထိုငွေကို ပေးအပ်ရမည်ဟု ဦးတင်ညွှန့်က ညွှန် ကြားခြင်း မပြုခဲ့ပေ။ စာရင်း ကွာခြားခြင်းများအတွက်၊ အားလုံးပေါင်းလိုက်လျှင် ငွေ ၄,၄၇၂ ကျပ် ၂၄ ပြားဖြစ်ရာ၊ ထိုငွေအားလုံးကို နှစ်ရက်အတွင်း ပေးအပ်ရမည်ဟု ညွှန်ကြားခဲ့ခြင်းဖြစ်သည်။ ဦးကျော်မြင့်က စာရင်းများကို ရှင်းလင်း၍ ပေးသွင်းရန် ရှိသည့်ငွေများကိုပေးသွင်းရန် တာဝန်ယူခဲ့သည်ဖြစ်ရာ၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက်၊ ၎င်းအား သင့်တော်သော အချိန်ပေးမှ မျှတမည် ဖြစ်ခဲ့ပေသည်။ သို့ရာတွင် ထိုသို့ အချိန်မပေးဘဲရက်ပိုင်းအတွင်း ငွေစာရင်းများတွင် ကွာခြားနေသမျှသော ငွေအားလုံး ကိုပေးသွင်းရမည်ဟု ညွှန်ကြားခြင်းသည် လက်တွေ့အားဖြင့်မလွယ်ကူနိုင်ပေ။ သမဝါ ယမအသင်းများကို တနှစ်တွင် တကြိမ်၊ နှစ်ကြိမ် စသည်ဖြင့် မှန်မှန်စစ်ဆေးလာခဲ့ ခြင်းလည်း မရှိခဲ့ဘဲ၊ နှစ်ပေါင်းများစွာအတွက် တကြိမ်တခါ စစ်ဆေးခါ၊စာရင်းစာအုပ် များပေါ်တွင် ကဲလဲ့၊ ကွာခြားနေသမျှအတွက် စုပေါင်း၍ ငွေများကိုတလုံးတည်း၊ ရက်တိုတိုအတွင်း ပေးသွင်းရမည်ဟု ညွှန်ကြားခြင်းသည် တရားမျှတသည်ဟု မဆိုသာ။

၁၉၆၇

ဦးကျော်မြင့်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

ဤအမှုတွင် ဦးကျော်မြင့်အား ရဲစခန်းသို့တိုင်ကြား၍ ရာဇဝတ်ကြောင်းဖြင့်စတင် အရေးယူသောအခါ၌၊ ၎င်းသည် ရန်ကုန်သို့တာဝန်ဖြင့် ရောက်ရှိနေခဲ့သည်။ ထို့ကြောင့် ၎င်းသည် စာရင်းအင်းများကို ပေးထားသော အချိန်တိုအတွင်း ရှင်းလင်းတင်ပြရန် ပို၍ပင် ခက်ခဲခဲ့ပေလိမ့်မည်။ စာရင်းကွာခြင်းနှင့် ပတ်သက်လျှင်တာဝန်ရှိသူအား သင့်တော်သောအချိန်ပေး၍ ဖြေရှင်းစေရန် လိုသည်။ သို့မှသာ၎င်းသည် မေ့လျော့၍ စာရင်းမသွင်းခဲ့သည်များရှိက စာရင်းသွင်းနိုင်သည်။ ဥပဒေပြစာ၊ စာရွက်စာတမ်းစသည်တို့ ရှာဖွေ၍ စာရင်းပြုလုပ်နိုင်သည်။ အချို့လည်း ကျွမ်းကျင်မှုနည်းပါး၍ မှားယွင်းသည်လည်း ရှိတတ်သည်။ ထိုသို့အချိန်ပေး၍ ရှင်းလင်းစေသော်လည်း ကြေနပ်လောက်အောင်းရှင်းလင်းတင်ပြခြင်း မပြုနိုင်လျှင်၊ လိုအပ်သော ဌာနဆိုင်ရာ စုံစမ်းမှုကို ပြည့်ပြည့်စုံစုံ ပြုလုပ်သင့်သေးသည်။ ထိုသို့ပြုလုပ်ပြီးမှ အလွဲသုံးစားပြုခြင်း ထင်ရှားစွာ ပေါ်ပေါက်လျှင်၊ ရာဇဝတ်ကြောင်းဖြင့် အရေးယူသင့်သည်။ ထိုသို့အဆင့်ဆင့် စုံစမ်းစစ်ဆေးမှ တရားမျှတ မှန်ကန်မှု ရှိနိုင်သည်။

ဒေ ၁၉၆ ကျပ် ၆၇ ပြားနှင့် ပတ်သက်၍၊ ဦးတင်ညွန့်ကသော်၎င်း၊ ဦးစောမြင့်ကသော်၎င်း သီးခြားအသေးသုံးစာရင်းနှင့် လက်ကျန်ငွေကို တောင်းခံခြင်း မရှိခဲ့ပေ။ ဦးကျော်မြင့်ကလည်း အမှုကို ခုခံရာ၌၊ ဒေ ၁,၄၀၀ ကျပ်နှင့် ၁,၅၀၀ ကျပ်တို့နှင့် ပတ်သက်သော စွဲချက်ကြီး နှစ်ချက်ကိုသာ အဓိကထား၍ ခုခံခဲ့ဟန် တူသည်။ အသေးသုံးငွေနှင့်ပတ်သက်၍မူ၊ အထူးချေပပြောဆိုခြင်း မပြုဘဲ၊ အသေးသုံးငွေ ၁၃၁ ကျပ် ၆၇ ပြား လက်ဝယ်ရှိပါသည်။ ထိုငွေကို ပေးအပ်ခြင်း မပြုခဲ့ရသေးပါ။ ပေးအပ်ရန် အသင့်ရှိပါသည်ဟု ပြောဆိုခဲ့သည်။

အသေးသုံးငွေကို ဦးကျော်မြင့်က ကိုင်ဆောင်သုံးစွဲပိုင်ခွင့် ရှိသည်ဟု တရားလို ဘက်မှ ငြင်းကွက်ခြင်းမပြု။ ငွေမည်မျှအထိ လက်ဝယ်ထားရှိနိုင်သည်ဟု အတိအကျ သတ်မှတ်ထားခြင်းမရှိပါ။ ဒေ ၁၀၀ ကျပ်တိုက် ထားရှိနိုင်ပါသည်ဟု ဆိုကြသည်။ ဦးကျော်မြင့်၏ ထွက်ဆိုချက်အရ၊ ဒေ ၁၉၆ ကျပ် ၆၅ ပြားသုံးစွဲပြီး လက်ဝယ်တွင် ၁၃၁ ကျပ်ကျန်သည်။ ထိုသို့ ကျန်ရှိခြင်းသည် စည်းကမ်းနှင့်မညီဟူ၍ မဆိုသာ။ စည်းကမ်းနှင့် အနည်းငယ်ဆန့်ကျင်နေလျှင်လည်း ရုံးတွင်းစည်းကမ်းကို ဖေါက်ဖျက်ခြင်းဖြင့် ဌာနဆိုင်ရာ အရေးယူခြင်းသာ ပြုရမည် ဖြစ်ပေသည်။ ရာဇဝတ်ပြစ်မှုပါ ဖြစ်မြောက်စေရန်အတွက်၊ ကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်ခြင်း၊ သို့မဟုတ် လိမ်လည်ရန် ကြံရွယ်ခြင်းတို့ကို ထင်ရှားစေရမည် ဖြစ်သည်။

ဦးကျော်မြင့်က စွဲချက်နှစ်ရပ်နှင့် ပတ်သက်၍၊ စာရင်းများကို ရှင်းလင်းခြင်း၊ ပေးသွင်းရန်ငွေများ ကျန်ရှိနေက ပေးသွင်းခြင်း၊ နောက်ဆုံးစွဲချက်နှင့်ပတ်သက်၍၊

၁၉၆၇
ဦးကျော်မြင့်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

ဌေ ၁၉၆၆ ကျပ် ၆၄ ပြားအတွက် အသေးသုံးစာရင်းကို တင်ပြပြီးလျှင်၊ လက်ကျန်ငွေများကို ပေးသွင်းခြင်း စသည်တို့ကို ပြုလုပ်ရန် အသင့်ရှိပါသည်ဟု၊ အထူးရာဇတ်ရုံးတွင်ရင်း၊ အယူခံလွှာတွင်ရင်း ထွက်ဆိုသည်။ ထိုကိစ္စများကို ဌာနဆိုင်ရာ စုံစမ်းခြင်းပြုလုပ်၍ ရှင်းလင်းဆောင်ရွက်စေသင့်သည်ဟု ကျွန်ုပ်တို့ယူဆကြသည်။

အယူခံ ဝင်သောအမှုနှင့်ပတ်သက်၍မူကား၊ ဌေ ၁၉၆၆ ကျပ် ၆၄ ပြားဦးကျော်မြင့်က အလွဲသုံးစားပြုလုပ်ကြောင်း ထင်ရှားသည်ဟု ကျွန်ုပ်တို့ မတွေ့ရသဖြင့်၊ ၎င်းအပေါ် ထိုစွဲချက်နှင့်ပတ်သက်၍ ပြစ်မှုထင်ရှား တွေ့ရှိထားခြင်း၊ ပြစ်ဒဏ်သတ်မှတ်ထားခြင်းတို့ကို ပယ်ဖျက်ခါ၊ ၎င်းအား တရားသေလွှတ်စေရန် အမိန့်ချမှတ်လိုက်သည်။

အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

ရာဇဝတ်အယူခံမှု

ဗိုလ်မှူးကြီး လှဘန်၊ ဗိုလ်မှူးချုပ် စိန်ဝင်း၊ ဗိုလ်မှူးကြီး သန်းစိန်နှင့် ဒေါက်တာ မောင်မောင်တို့ရှေ့တွင်

† ၁၉၆၇ ဩဂုတ်လ ၂ ရက်။

ဦးခင်မောင်အေး ပါ ၃ (အယူခံတရားလိုများ)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

ရာဇသတ်ကြီးပုဒ်မ ၄၀၉/ ၁၀၉ အရ မှုပြစ်ထင်ရှားစီရင်ခြင်း —စည်းကမ်းမကျကုန်ထုတ်ပေးရာတွင် အထူးစီစဉ်ချိပေးခြင်း—မှောင်ခိုရာတွင် ပါဝင်သည်ဟု ယူဆရန် ရှိမရှိ။

အယူခံတရားလိုများအား ရာဇသတ်ကြီးပုဒ်မ ၄၀၉/၁၀၉ အရ တရားစွဲဆိုခဲ့သည်။

ဆုံးဖြတ်ချက်။ ။စည်းကမ်းမကျ ထုတ်ပေးရာတွင် အထူးစီစဉ်ချိပင်ပေးသော တတိယအယူခံတရားလိုသည် ရှာပါးချိ စျေးကောင်းနေသော ကွမ်းသီးခြမ်းများကို မှောင်ခိုရာတွင် ပါဝင်ခဲ့ရမည်ဟု ယူဆခြင်းမှာ သဘာဝယုတ္တိနှင့် ဆန့်ကျင်သည် မဆိုသာ ။

အယူခံတရားလို (၃) ၏ အကျိုးဆောင်။ ။ဦးမြင့်စိုး။

အယူခံတရားခံ၏အကျိုးဆောင်။ ။လက်သောက်နိုင်ငံတော်ရှေ့နေချုပ် ဦးလှသင်း။

ဦးခင်မောင်အေးသည် မန္တလေးမြို့ရပ်ကွက် ပၢပၢက၊ လက်လီဆိုင် မန်နေဂျာ ဖြစ်ခဲ့ချိ။ ထိုသို့ဆောင်ရွက်ခဲ့စဉ်၊ ကုန်ပစ္စည်း ၂၉ မျိုး၊ တန်ဘိုးငွေ ၆,၉၀၂ ကျပ် သေ့ဝှနည်းနေသည်ကို စစ်ဆေးသောအခါ တွေ့ကြရချိ။ ထို့ပြင်၊ ကွမ်းသီးခြမ်းများကို အိတ် ၄၀ တလီထုဘ်ချိ အိတ် ၂၀ ကိုသာ လက်လီဆိုင်သို့သွင်းသည်။နောက်တလီဘ်လည်း ကွမ်းသီးခြမ်းအိတ် ၃၀ ထုတ်သော်လည်း ဆိုင်သို့ ၅ အိတ်သာရောက်သည်။ ထိုကြောင့် ကျန်အိတ်များကို မှောင်ခိုရောင်းချခဲ့သည် ဟူသော စွဲချက် သုံးရပ်ကို မန္တလေးခရိုင်၊ အထူးရာဇဝတ်ရုံးအမှတ် ၁၂/၁၉၆၅ က စစ်ဆေးခဲ့ချိ။

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၆၈၊ ၆၉ နှင့် ၇၁။

† မန္တလေးခရိုင်၊ ၁၉၆၅ ခုနှစ်၊ အထူးရာဇဝတ်ရုံးအမှတ် ၁၂ နှင့် ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁ တွင် ၁၉၆၅ ခုနှစ်၊ မေလ ၂၈ ရက်နေ့၌ ချမှတ်ပြီး၊ ၁၉၆၆ ခုနှစ်၊ ဧပြီလ ၁၃ ရက်နေ့တွင် အတည်ပြုအဖွဲ့က အတည်ပြုသည့် အမိန့်ကို အယူခံမှု။

ဦးခင်မောင်သည် ပါပါက၊ ဂိုဒေါင်မှူးဖြစ်ခဲ့၍၊ ဦးခင်မောင်အေးက ကွမ်းသီးခြမ်းများကို မှောင်ခိုရာတွင် ပါဝင်ကူညီခဲ့သည်ဟု အထူးရာဇဝတ်ရုံးတွင် စွဲဆို၏။

ဦးအောင်ငြိမ်းသည် ပွဲစားတဦးဖြစ်ခဲ့သည်ဆို၏။ ဦးခင်မောင်အေးက ကွမ်းသီးခြမ်း ၁၀ အိတ်ကို ဒေါ်အမာဆိုသူထံ မှောင်ခိုရောင်းချရာတွင် ကူညီခဲ့သည်ဟူသော စွဲချက်ဖြင့် ဦးအောင်ငြိမ်းကို အထူးရာဇဝတ်ရုံးသို့ အတူပူးတွဲတင်ပို့ခဲ့၏။

အထူးရာဇဝတ်ရုံးက စာရင်းအင်း၊ သက်သေ အထောက်အထားများကို စစ်ဆေးကာ၊ ပြစ်မှုထင်ရှားသည်ဟု တရားခံတဦးစီအပေါ် တွေ့ရှိကာ တသက်တကျွန်း ထောင်ဒဏ်ကျခံကြစေရန် အမိန့်ချမှတ်ခဲ့၏။ အတည်ပြုအဖွဲ့က ပြစ်ဒဏ်များကို ထောင်ဒဏ် ၁၀ နှစ်စီသို့ လျော့ပေါ့သတ်မှတ်ခဲ့သည်။

စာရင်းအင်းများနှင့် သက်သေထွက်ချက်များအရ၊ ဦးခင်မောင်အေးသည် ပစ္စည်းများလျော့နည်းနေခြင်း၊ ကွမ်းသီးခြမ်းများကို ထုတ်သော်လည်း စားသုံးသူသို့ ဖြန့်ဖြူးခြင်းမပြုခြင်းတို့အတွက် တာဝန်ရှိနေသည်။ ၎င်းကလည်း ထိုသို့တာဝန်ရှိကြောင်း ဝန်ခံသည်။

ကွမ်းသီးခြမ်း ၁၀ အိတ် ရောင်းချရာတွင် ဦးအောင်ငြိမ်း ပါဝင်ကြောင်းလည်း ထင်ရှားသည်။ ဝယ်သူ ဒေါ်အမာကိုယ်တိုင်ကလည်း ဦးအောင်ငြိမ်း လာရောင်းကြောင်းဆိုသည်။ ဦးအောင်ငြိမ်းက ငြင်းကွယ်ခြင်းမပြုနိုင်။

ဦးခင်မောင်၏ ရှေ့နေကြီး ဦးမြင့်စိုးက ၎င်း၏အမှုသည်သည် ဂိုဒေါင်မှူးမျှသာဖြစ်၍၊ ကုန်ထုတ်မိန့်ရလာသူကို ကုန်ထုတ်ပေးရပါသည်။ ဂိုဒေါင်မှ ထုတ်ယူသွားပြီးနောက် လက်လီဆိုင်သို့ ကုန်မရောက်ခြင်းများအတွက် တာဝန်မရှိပါ။ ဦးခင်မောင်အေးမှ မှောင်ခိုခြင်းကိုမသိ၊ အားမပေးခဲ့ပါဟု လျှောက်လဲသည်။

အထူးရာဇဝတ်ရုံးတွင် စာရင်းအင်းများအရ၊ ဦးခင်မောင်သည် ကုန်ထုတ်မိန့်မရှိဘဲ၊ ကွမ်းသီးခြမ်းအိတ် ၁၀ အိတ်ကို ဦးခင်မောင်အေး၏စာ (သက်သေခံ ခ-၆) အရ ထုတ်ပေးခြင်း၊ ဆိုက်ကားသမား ကိုအုန်းမောင်၏ ထွက်ချက်အရ၊ ဦးအောင်ငြိမ်းနှင့် ကွမ်းသီးခြမ်းအိတ်များထုတ်ရန်သွားရာ၊ နောက်နေ့လာရန် မှာကြား၍၊ နောက်နေ့၌ ဂိုဒေါင်မှ ထုတ်ပေးရန် လက်ထောက်ဂိုဒေါင်မှူး ကိုထွန်းရှိန့် စီစဉ်ပေးကြောင်းတို့ ပေါ်လွင်သည်။

စည်းကမ်းမကျ၊ ထုတ်ပေးရာတွင် အထူးစီစဉ်၍ပင်ပေးသော ဦးခင်မောင်သည် ရှားပါး၍ စေးကောင်းနေသော ကွမ်းသီးခြမ်းများကို မှောင်ခိုရာတွင် ပါဝင်ခဲ့ရမည်ဟု အထူးရာဇဝတ်ရုံးက ယူဆခဲ့သည်မှာ သဘာဝယုတ္တိနှင့် ဆန့်ကျင်သည် မဆိုသာ[illegible]။

ထို့ကြောင့် အယူခံများကို ပလပ်သည်။

အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

ရာဇဝတ်အယူခံမှု

ဗိုလ်မှူးကြီး လှဟန်၊ ဗိုလ်မှူးချုပ် စိန်ဝင်း၊ ဗိုလ်မှူးကြီး သန်းစိန်နှင့် ဒေါက်တာ မောင်မောင်တို့ရှေ့တွင်

† ၁၉၆၇ ဩဂုတ်လ ၃ ရက်။

ဦးတင်ကြည် ပါ ၃ (အယူခံတရားလိုများ)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ) *

ရာဇသတ်ကြီးပုဒ်မ ၄၀၉/၁၀၉ အရ မှုပြစ်ထင်ရှား စီရင်ခြင်း—ဘဏ်သို့လိမ်လည်၍ အစီရင်ခံခြင်း—ယုံကြည်အပ်နှံခြင်းကို ဖေါက်ဖျက်ခြင်းထက် လိမ်လည်မှု ကျူးလွန်သည်ဟု ယူဆခြင်းက ပို၍ ဥပဒေနှင့် ကိုက်ညီဘွယ်ရှိ မရှိ။

ပဌမ အယူခံတရားလိုသည် ကုန်သည်တဦးဖြစ်၍ ဒုတိယနှင့် တတိယအယူခံ တရားလိုများသည် နိုင်ငံတော် ကူးသန်းရောင်းဝယ်ရေးဘဏ်မှ ငွေချေးကြီးကြပ်ရေးမှူးများ ဖြစ်ကြသည်။ ၎င်းတို့အား ရာဇသတ်ကြီးပုဒ်မ ၄၀၉/၁၀၉ အရ စွဲချက်ဖြင့် စစ်ဆေးခဲ့သည်။

ဆုံးဖြတ်ချက်။ ။အမှုတွင် ငွေချေးကြီးကြပ်ရေးမှူး ၂ ဦးနှင့် ကုန်သည် ပဌမအယူခံတရားလိုတို့သည် ဘဏ်ကို လိမ်လည်ကြသည်မှာ ထင်ရှားနေသည်။

အယူခံ တရားလို၏ အကျိုးဆောင်။ ။

အယူခံ တရားခံအတွက် အကျိုးဆောင်။ ။လက်ထောက်နိုင်ငံတော် ရှေ့နေချုပ် ဦးလှသင်း။

ဦးမြမောင်နှင့် ဦးစောသောင်းရှေ့တို့သည်၊ မန္တလေးမြို့၊ နိုင်ငံတော် ကူးသန်းရောင်းဝယ်ရေးဘဏ်မှ ငွေချေး ကြီးကြပ်ရေးမှူးများ ဖြစ်ခဲ့ကြသည်။ ဦးတင်ကြည်သည် ကုန်သည်ဘဦး ဖြစ်ခဲ့သည်။

ဦးတင်ကြည်သည် ဘဏ်မှ ငှေများကို ချေးသည်၊ မြေပဲ၊ စမုံစပါးစသော ပစ္စည်းများကို ဘဏ်၌ အာမခံထားသည်။ ထို့ပြင် ငွေချေး အောဒီမံ စာချုပ်ကိုလည်း ချုပ်ဆိုခဲ့ရသည်။ ဦးမြမောင်နှင့် ဦးစောသောင်းရှေ့တို့က ပစ္စည်းများ မှန်မမှန်နှင့်

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၆၅၊ ၆၆၊ ၆၇။

† မန္တလေးခရိုင် ၁၉၆၅ ခုနှစ်၊ အထူးရာဇဝတ်ရုံးအမှတ် ၂၇ ၏ ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၂ တွင် ၁၉၆၅ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့၌ ချမှတ်ခဲ့ပြီး ၁၉၆၆ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင် အတည်ပြုအဖွဲ့က အတည်ပြုသည့်အမိန့်ကို အယူခံမှု။

မည်မျှဘန်ဘိုး ထားသင့်သည်ကို စစခေးအစီရင်ခံရသည်၊ အစီရင်ခံစာကို ဒေါက်တာခြေး ၂၅ ရက် ၁၉၆၇ ခုနှစ် ဇွန်လ ၂၀ ရက်နေ့တွင် ဒေါက်တာခြေးသည် ဦးတင်ကြည်ကို ပြန်ပေးသည်။

အချင်းဖြစ်ပွါးသော ဦးတင်ကြည်က၊ ဘဏ်သို့ အပေါင်သွင်းရသော ပစ္စည်းကိုခေါင်များကို တရားခံ ဒေါ်ခြေးကြီးကြပ်ရေးမှူး ၂ ဦးတို့က စစ်ဆေးရသည်၊ ကိုခေါင်းကို ဖွင့်ရ ပိတ်ရသည်၊ ကိုခေါင်သော့ကို ထိန်းသိမ်းရသည်၊ ဦးတင်ကြည်က ဘဏ်မှ ခေးယူသားသော ငွေ ၄၇,၁၃၆ ကျပ် အဘွက် တန်ဘိုး ၇၈,၅၀၀ ကျပ် ဖြတ်ထားသော ပစ္စည်းများ ကို အခေါင်ထားသည်ဟုစာရင်းပေါက်သည်၊ ဦးမြမောင်၏အစီရင်ခံစာ (သက်သေခံ "က") တွင်၊ ဦးဘင်ကြည်က ပစ္စည်းဟောင်းများကို ပစ္စည်းသစ်များဖြင့် လဲလှယ်ပေးသွင်း ထားပြီးဖြစ်ပါသည်ဟုဆိုသည်။ သို့ရာတွင် ဘဏ်မန်နေဂျာ၊ ကြီးကြပ်ရေးမှူးတို့သွားရောက်၍ ကိုခေါင်ကို စစ်ဆေးသောအခါ၊ ဦးတင်ကြည် တင်သွင်းထားသော အပေါင်ပစ္စည်းများ မရှိဘော့ချေ။

ဦးတင်ကြည်က (သက်သေခံ "ထ") တွင်၊ ပစ္စည်းများကို ငွေချေး ကြီးကြပ်ရေးမှူးများ အသိဖြင့် တဖြည်းဖြည်း ထုတ်ယူခဲ့သည်ဟုဆို၏၊ ရုံးတွင်မှကား ထိုစာကို အခန်းခိုင်း၍ခန်းရပါသည်၊ မမှန်ပါဟုဦးတင်ကြည်ကဆို၏။

ကိုခေါင်စောင့် ဦးစိန်မြို့ (လိုပြ-၆)က၊ ပစ္စည်းများကို မန်နေဂျာ မစစ်ခင် ၂၊ ၃ လကာပင် ထုတ်ယူကြသည်၊ နောက်ဆုံးအကြိမ်တွင် ဦးမြမောင်နှင့် ဦးစောသောင်း ရှေ့ဘို့သည် ဦးတင်ကြည်နှင့်အတူ လာသည်ဟုဆိုသည်။

ကုန်သည် ဦးဘင်ကြည်ဘဦးတည်း ပစ္စည်းများကို ထုတ်ယူနိုင်မည်မဟုတ်၊ ငွေချေးကြီးကြပ်ရေးမှူး ၂ ဦးပါဝင်မှသာ ထုတ်ယူနိုင်မည်၊ ဦးမြမောင်က ပစ္စည်းသစ်များ မသွင်းပါဘဲ၊ မရှိပါပဲ သွင်းပြီးသေဟန်၊ ရှိသေဟန်အစီရင်ခံခြင်းကလည်း ထိုသို့ပူးပေါင်း လိမ်လည်ကြကြောင်း ထင်ရှားစေသည်။

တရားခံတို့ကခုံးတွင် ငြင်းကွယ်ကြသည်၊ ခိုင်လုံစွာကား ဖြေရှင်းခြင်း မပြုနိုင်၊ ထို့ကြောင့် အဆုံးရာဇဝတ်ခုံးက ၎င်းတို့အပေါ် ယုံကြည်အပ်နှံခြင်းကို ဖေါက်ဖျက်မှုဖြင့် အပြစ်ပေးခဲ့၏။

အမှုဘဲ့ကို သေချာစွာ စီစစ်ကြသ့်ရာ၊ အကြောင်းအချက်များ ခိုင်လုံသည်ကို ကျွန်ုပ်ဘို့တွေ့ရသည်၊ ဥပဒေအရမှုကား၊ ရာဇသတ်ကြီးပုဒ်မ ၄၀၉ တွင် အာဏာဝင်စေရန် လိုအပ်သော အင်္ဂါရပ်များပြည့်စုံခြင်းမရှိ၊ သေ့လာရန်သို့သည်ကို တွေ့ရ၏။

လက်ထောက် ရွှေနေချုပ် ဦးလှသင်းက၊ ပစ္စည်းများကို ဦးတင်ကြည်က ပေါင်နှံထားခြင်းသာ ဖြစ်ပါသည်၊ ဘဏ်ကချေးငွေ မရလျှင် ထိုပစ္စည်းများကို [illegible]ခြင်းချ၍၊ ရာန်ငွေကို နုတ်ယူခြင်းပြုခွင့် ရှိပါသည်၊ အပြီးပိုင်ဆိုင်သည်ကား မဆိုနိုင်ပါ၊ ပိုင်ဆိုင်မှု

၁၉၆၇ ဦးတင်ကြည် ပါ ၃ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

သည် ဦးတင်ကြည်ထံတွင်လည်း ရှိပါသည်။ ထို့ပြင် အော်ဒီမံ စာချုပ်အရ ဦးဘင်ကြည်ကို တရားစွဲနိုင်ပါသည်၊ ပစ္စည်းများ မရှိတော့၍ ဘဏ်ဘွင်လုံးဝ ဆုံးရှုံး ပြီမဆိုနိုင်ပါ၊ ဒေချေးကြီးကြပ်ရေးမှူး ၂ ဦးသည်လည်း၊ ဘဏ်သို့လိမ်လည်၍ အစီရင်ခံ ခြင်းအတွက် ရာဇဝတ်မှု ကျူးလွန်ပါသည်။ သို့ရာတွင် ယုံကြည် အပ်နှံခြင်းကို ဖေါက်ဖျက်ခြင်းထက် လိမ်လည်မှု ကျူးလွန်သည်ဟု ယူဆခြင်းက၊ ပို၍ဥပဒေနှင့် ကိုက်ညီဘွယ် ရှိပါသည်ဟုဘင်ပြသည်။

ဘဏ်က ဦးတင်ကြည်အပေါ် တရားမကြောင်း တရားစွဲဆိုထားသည်၊ ဒီကရီကျ မကျ အမှုတွဲတွင် မတွေ့ရသေး၊ ဘဏ်က အနိုင်ရလျှင်လည်း ငွေအပြည့် ပြန်လည်ရမည်၊ မရမည် မသေချာ၊ မည်သို့ပင်ဖြစ်စေ အမှုတွင် ဒေချေးကြီးကြပ်ရေးမှူး ၂ ဦးနှင့် ကုန်သည် ဦးတင်ကြည်တို့သည် ဘဏ်ကို လိမ်လည်ကြသည်မှာ ထင်ရှားနေသည်။

ထို့ကြောင့် ဦးမြမောင်နှင့် ဦးစောသောင်းချေတို့အပေါ် ရာဇသတ်ကြီး ပုဒ်မ ၄၂၀ အရ၊ လွှဲပြောင်း၍ ပြစ်မှုထင်ရှား စီရင်သည်၊ ဦးတင်ကြည်သည် ပုဒ်မ ၄၂၀/၁၀၉ အရ၊ ပြစ်မှုကျူးလွန်သည်၊ ၎င်းတို့သည် အမှုအတွင်းတွင် အချုပ်နှင့် နေခဲ့ရသည်ကိုဂုဏ်း၊ နောင်တသံဝေ ရလောက်လျှင် တော်သင့်ပြီဟု ယူဆ၍၎င်း၊ ၎င်းတို့သည် ထောင် ဒဏ် ၅ နှစ်စီသာ ကျခံကြစေရမည်ဟု လျှောက်လဲသတ်မှတ်လိုက်သည်။

အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

ရာဇဝတ်အယူခံမှု

ဗိုလ်မှူးကြီး လှဟန်၊ ဗိုလ်မှူးချုပ် စိန်ဝင်း၊ ဗိုလ်မှူးကြီး သန်းစိန်နှင့် ဒေါက်တာ မောင်မောင်တို့ ရှေ့တွင်

ဦးသိန်း ပါ ၅ (အယူခံတရားလိုများ)

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ (အယူခံတရားခံ) *

† ၁၉၆၇ သြဂုတ်လ ၃၀ ရက်။

ရာဇသတ်ကြီးပုဒ်မ ၄၀၉၊ ရာဇသတ်ကြီးပုဒ်မ ၄၀၉/၁၀၉ တို့အရ မှုပြစ်ထင်ရှား စီရင်ခြင်း—ဥပဒေနှင့် ရဲလက်စွဲတို့က သက်သေခံပစ္စည်းကို မည်သို့ထိန်းသိမ်းရမည်၊ မည်သို့ဆက်လက် ဆောင်ရွက်ကြရမည်တို့ကို အတိအကျ သတ်မှတ်အပ်နှင်းထားသော တရားဥပဒေများရှိနေခြင်း—တရားဥပဒေ ပျက်ကွက်ခြင်း၊ သေသူထံမှ ပစ္စည်းများကို ထိမ်ဝှက်ခြင်းတို့သည် ရာဇသတ်ကြီးပုဒ်မ ၄၀၉ တွင် အကျုံးဝင်စေသော ပြစ်မှုမြောက်မြောက်။

အယူခံတရားလိုတို့သည် ကားမောက်၌ လူများသေဆုံးရာသို့ သွားရောက်ကြည့်ရှု စစ်ဆေးရာ သေသူတို့ထံမှ လက်ဝတ်လက်စား ပစ္စည်း စသည်တို့ကို ယူ၍ စည်းကမ်းနှင့်အညီ မှတ်တမ်းတင်ခြင်း၊ စုံစမ်းအရေးယူ ဆောင်ရွက်ခြင်း မပြုဘဲ ပစ္စည်းများကို ထိမ်ဝှက်ထားခဲ့သည်။ ပြည်သူ့ဝန်ထမ်းများအဖြစ် ရာဇဝတ်မကင်းသော ယုံကြည်အပ်နှံရေး ဖေါက်ဖျက်မှုကို ကျူးလွန်ခြင်း၊ ကျူးလွန်ရာတွင် အားပေးကူညီခြင်း ပြုသည်ဟု စွဲချက်ဖြင့် စစ်ဆေးခဲ့သည်။

ဆုံးဖြတ်ချက်။ ။ကားမောက် မီးလောင်၍ လူတွေ့အတုံးအရုံးဖြစ်နေကြရာ တရားဥပဒေသော အရပ်သား တဦးက ရဲဌာနသို့ သွားရောက်သတင်းပို့သည်ကို • ရဲအဖွဲ့ဝင်တို့ကမူ၊ ပစ္စည်းဖြုတ်ယူသေသူတို့ကို မီးပုံရှို့ဘို့လောက်သာ သိတတ်ကြသည်။ ဤသို့သော အပြုအမူမျိုးသည် မနှစ်မြို့ဘွယ်ရာလည်းဖြစ်သည်။ ဥပဒေနှင့် ရဲလက်စွဲတို့က ဤကဲ့သို့သော အရေးအခင်းကိစ္စများ၌ သက်သေခံပစ္စည်းကို မည်သို့ထိန်းသိမ်းရမည်၊ မည်သို့ဆက်လက်ဆောင်ရွက်ကြရမည်တို့ကို အတိအကျ သတ်မှတ်အပ်နှင်းထားသော တရားဥပဒေများရှိနေသဖြင့် တရားဥပဒေပျက်ကွက်ခြင်း၊ သေသူထံမှ ပစ္စည်းများကို ထိမ်ဝှက်ခြင်းတို့သည် ရာဇသတ်ကြီးပုဒ်မ ၄၀၉ တွင် အကျုံးဝင်စေသော ပြစ်မှုမြောက်စေသည်ဟု ယူဆသည်။ အမှုတွင် ရဲအဖွဲ့ဝင်တို့က ၎င်းတို့အား ဥပဒေစည်းကမ်းနှင့် ရဲလက်စွဲတို့က အတိအကျ

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၈၇၊ ၉၀။

† မိတ္ထိလာခရိုင်၊ ၁၉၆၄ ခုနှစ်၊ အထူးရာဇဝတ်ရုံးအမှတ် ၇၆ ၏ ၁၉၆၄ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၂ တွင် ၁၉၆၅ ခုနှစ်၊ မေလ ၃၁ ရက်နေ့၌ ချမှတ်ပြီး ၁၉၆၆ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့တွင် အဘာည်ပြုအဖွဲ့က အတည်ပြုသည့် အမိန့်ကို အယူခံမှု။

ယုံကြည်အပ်နှင်းထားသော တာဝန်ကို ဖေါက်ဖျက်ခြင်းဖြစ်သည်။ မရိုးသားသောစိတ်၊ ယာယီဖြစ်စေတော့ ကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်ခြင်း၊ ထိမ်ဝှက်ခြင်း စသော မနောက် ကာယကံအားဖြင့် ပြစ်မှုမြောက်စေသည်။

အယူခံတရားလို၏ အကျိုးဆောင်။ ။ ၁ အတွက် ဦးမြင့်စိုး ၂၂၃၄၅ တို့အတွက် ဦးဘစိန်။

အယူခံတရားခံ၏ အကျိုးဆောင်။ ။လက်ထောက် နိုင်ငံတော် ရှေ့နေချုပ် ဦးသုသင်း။

ကားမောက်၍လူများ သေဆုံးရာသို့ သတင်းအရ သွားရောက်ကြည့်ရှု စစ်ဆေးရသော ပြည်သူ့ရဲတပ်ဖွဲ့ဝင်တို့သည် သေသူဘို့ထံမှ လက်ဝတ်လက်စား ပစ္စည်းစသည်တို့ကို ယူ၍၊ စည်းကမ်းနှင့်အညီ မှတ်ဘမ်းတင်ခြင်း၊ စုံစမ်းအရေးယူ ဆောင်ရွက်ခြင်း မပြုဘဲ၊ ပစ္စည်းများကို ထိမ်ဝှက်ထားခဲ့သည်။ ထို့ကြောင့် ပစ္စည်းယူခဲ့ကြသော ရဲအုပ် ဦးကံညွှန့်နှင့် ရဲသားများ ဖြစ်ကြသော မောင်ကျော်သိန်း၊ မောင်တင့်၊ မောင်ချစ်တီးတို့သည်ဌင်း၊ လက်ဝတ်လက်စား ပစ္စည်း စသည်ဘို့ကို လက်ခံယူကာ စာရင်းတွင်မပြသော ရဲစခန်းမှူး ဦးသိန်းသည်ဌင်း၊ ပြည်သူ့ဝန်ထမ်းများအဖြစ် ရာဇဝတ် မကင်းသော ယုံကြည်အပ်နှံရေး ဖေါက်ဖျက်မှုကို ကျူးလွန်ခြင်း၊ ကျူးလွန်ရာတွင် အားပေးကူညီခြင်းပြုသည်ဟု မိတ္ထိလာခရိုင် အထူးရာဇဝတ်ရုံး အမှတ် ၇၆/၁၉၆၇ က စစ်ဆေးတွေ့ရှိခဲ့သည်။

ထို့ကြောင့် ဦးသိန်းနှင့် ဦးကံညွှန့်တို့ အပေါ်တွင် ရာဇသတ်ကြီးပုဒ်မ ၄၀၉ အရ၊ ထောင်ဒဏ် ၇ နှစ်စီ၊ ရဲသား မောင်ကျော်သိန်းနှင့် ရဲသား မောင်ချစ်တီးတို့အပေါ် ယင်းပုဒ်မအရ ထောင်ဒဏ် ၄ နှစ်နှင့် ၃ နှစ်စီ၊ ရဲသား မောင်တင့်အပေါ် ရာဇသတ်ကြီးပုဒ်မ ၄၀၉/၁၀၉ အရ၊ ထောင်ဒဏ် ၅ နှစ်အသီးသီး ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

အကြောင်းခြင်းရာ အစုံအလင်ကို အထူးရာဇဝတ်ရုံး၏ စီရင်ချက်တွင် ဖေါ်ပြထားပြီးဖြစ်သည်၊ အကျဉ်းချုပ်အားဖြင့် ၁၉၆၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ကလေဘ မိတ္ထိလာသို့အဆင်း ယင်းမာပင်ရွာအနီးတွင် ကျစ်ကားတစီး လမ်းဘေးချောက်ထဲသို့ကျ၍ တိမ်းမှောက်မီးလောင်ခဲ့သည်။ ကားတွင် စီးနင်းလိုက်ပါခဲ့သော ခရီးသည်များ သေဆုံးကြရသည်။ အသက်မသေသူ တဦးမှာ နွမ်နာရမ်း (လိုပြ ၂) ဖြစ်သည်။ ချောက်ထဲဘွင်ကားမီးလောင်၍၊ လူများသေကြေ ပျက်စီးနေသည်ကို ဦးစိုးမောင် (လိုပြ ၃)က မြင်ခဲ့၍၊ ယင်းမာပင်ရွာ ရဲဌာနအုပ် ဝင်ရောက်သတင်းပို့ခဲ့သည်။ ထိုအခါရဲဌာနာအုပ် ဦးသိန်းက ရဲအုပ် ဦးကံညွှန့်အား၊ ရဲသား မောင်ကျော်သိန်း၊

မောင်တင့်၊ မောင်ချစ်တီးတို့နှင့် အခြား ရဲသားများကိုခေါ်၍ ကားမှောက်ရာနေရာသို့ သွားရောက် စစ်ဆေးရန်အတွက် စေလွှတ်လိုက်သည်။ ရဲသား မောင်ကျော်သိန်းသည် သေဆုံးသူခရီးသည် မည်နှင့်ညွှန့်တင် ဆိုသူ၏ ကိုယ်ပေါ်တွင် တွေ့ရှိသော ရွှေဆွဲကြိုး၊ ရွှေလေးကား၊ ရွှေနားကွင်းတဘက်၊ ကျောက်ကြယ်သီး ၃ လုံး စသည် တို့ကို ရဲအုပ် ဦးကံညွှန့်လက်သို့ ပေးအပ်သည်။ ထိုနောက်နေရာတွင် ရှာဖွေတွေ့ရှိရသော ရွှေနားကွင်းတဘက်၊ လက်စွပ်ဘက္ခင်း စသည်တို့ကို မောင်ကျော်သိန်းကပင် တွေ့ရှိ၍ ၎င်း၏လက်ဝယ်တွင် ထားသည်။ သေသူတို့၏ ပစ္စည်းများအပြင် ကားမှ ပစ္စည်းတို့ကို အဖွဲ့မှ ဖြုတ်ယူကြသည်။ ထိုပစ္စည်းများကို မောင်ချစ်တီးက သိမ်းဆည်းယူ ထားသည်။

အဖွဲ့သည် ရဲဌာနာသို့ ပြန်ရောက်ကြသောအခါ၊ ဦးကံညွှန့်က မည်နှင့်ညွှန့်တင် ကိုယ်ပေါ်မှ ဖြုတ်ယူခဲ့သော လက်ဝတ်လက်စားတို့ကို ဦးသိန်းထံ ပေးအပ်သည်။ သို့ရာဘွင် ဦးသိန်းကငင်း၊ ဦးကံညွှန့်ကငင်း၊ သေဆုံးသူများထံမှ ရရှိခဲ့သော ပစ္စည်းများ၊ ကားမှ ဖြုတ်ယူခဲ့သော ပစ္စည်းများကို မှတ်ပုံမတင်၊ ရဲဌာနာအရပ်ရပ် နေ့စဉ်မှတ်တမ်း တွင် ရေးသွင်းခြင်းမပြု။ မည်နှင့်ညွှန့်တင်၏ ဘခင်ဖြစ်သူ ဦးလှညွှန့်က သမီးအကြောင်း စုံစမ်းရင်း ရဲဌာနာသို့ ရောက်ရှိလာသောအခါ၊ သမီးဝတ်ဆင်သွားသော ရွှေထည်၊ ပစ္စည်းများနှင့် ပတ်သက်၍ မေးမြန်းရာတွင် အမှန်ကိုမပြော၊ ထိမ်ဝှက်ထားကြသည်။ ကားပစ္စည်းများကိုကား၊ ပိုင်ရှင် ဦးပြာဝါးဆိုသူသို့ ပြန်ပေးခြင်းမပြု၊ အချို့ကိုသာ ပေးအပ်ပြီးလျှင် ကျန်သော ပစ္စည်းတို့ကို ထိမ်ဝှက်ထားကြသည်။ ထို့ကြောင့် ဦးသိန်း၊ ဦးကံညွှန့်နှင့် မောင်ကျော်သိန်း၊ မောင်တင့်၊ မောင်ချစ်တီးတို့သည် ရဲတာဝန်မကျေ ပြည်သူ့ဝန်ထမ်းများအဖြစ် ၎င်းတို့ဆီ ယုံကြည်အပ်နှံထားခြင်းကို ဖေါက်ဖျက်သည်ဟု စွဲဆိုခဲ့ခြင်းဖြစ်သည်။

မည်နှင့်ညွှန့်ဘင်၏ ပစ္စည်းများကို အချင်းဖြစ်ပွားပြီးနောက် တလခွဲခန့်ကြာမှ ဦးသိန်းက မည်နှင့်ညွှန့်ဘင်၏ မိဘများဖြစ်သော တောင်ကြီးမြို့နေ ဦးလှမြင့်နှင့် ဒေါ်ရွှေတုတို့ဆီ အပ်ခိုင်းသည်ဟု တရားလိုဘက်မှ ထွက်ဆိုပြီး၊ ဦးလှမြင့်ကလည်း ၁၉၆၄ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့ နံနက်က ရွှေထည်များကို ရဲဌာနာမှ လာရောက်ပို့သောအခါ၊ ဦးသိန်းက အပို့ခိုင်းသည်ဟု ပြောဆိုကြောင်း ထွက်ဆိုကြ၏။ ကျော်သိန်း၊ မောင်တင့်နှင့် မောင်ချစ်တီးတို့သည် အမှုနှင့်ပတ်သက်၍ ဖြောင့်ချက်များ ပေးခဲ့ကြသည်။ ထို့အပြင် ကွင်းဆက်မပြတ်သော အထောက်အထားများအရ၊ သေသူတို့၏ပစ္စည်း၊ ကားပစ္စည်းဘို့ကို ဦးသိန်း၊ ဦးကံညွှန့်နှင့် ရဲသားများသည် ဥပဒေနှင့် စည်းကမ်းကို ဆန့်ကျင်၍ ယုံကြည်အပ်နှံခြင်းကို ဖေါက်ဖျက်ကြသည်ဟု အထူးရာဇဝတ်ရုံးက အထင် အရှားတွေ့ရှိခဲ့သည်။

၁၉၈၇

ဦးသိန်း ပါ ၅ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ဦးသိန်းနှင့် ဦးကံညွန့်တို့သည် တဦးအပေါ် တဦး တာဝန်လွဲချရန် ကြိုးစား၍ ထွက်ဆိုခဲ့ကြသည်။ ပစ္စည်းများကို ထိမ်ဝှက် ထားကြရာမှ အထက်လူကြီးများထံ အချင်းဖြစ်ပွားခြင်းကိစ္စ သတင်းရောက်သွားသဖြင့် စိုးရိမ်မကင်း ဖြစ်ကြကာ ပစ္စည်းများကို ပြန်၍ပေးခြင်း၊ တာဝန်လွဲချခြင်းတို့ကို ပြုခဲ့ကြဟန်တူသည်၊ ထို့ကြောင့် တဦးအပေါ် တဦး အပြစ်ပုံချသည့် ထွက်ဆိုချက်များကို ရုံးတွင်ထွက်ဆိုခဲ့ကြသည့် အထဲမှ၁င် အမှန်ဖြစ်ပျက်ခဲ့ပုံ ရှုပ်သုံးပေါ် လေသည်။

ဦးသိန်းအတွက် အယူခံတွင် လိုက်ပါဆောင်ရွက်သော ရွှေနေကြီး ဦးမြင့်ဝိုးက ရိုးသားစွာ ဝန်ခံခံချမည်ဆိုသျှင်၊ ပစ္စည်းများကို အလွယ်တကူ စာရင်းပျောက်၍ ရလိုရငြား ပြုလုပ်ခဲ့ကြခြင်းမှာ ထင်ရှားပါသည်။သို့ရာတွင် ထိုသို့ပြုလုပ်ခဲ့ခြင်းသည် ရာဇသတ်ကြီးပုဒ်မ ၄၀၉ တွင် အကျုံးဝင်သော ပြစ်မှုမမြောက်ပါ။ ပစ္စည်းများကို သေဆုံးသူတို့ထံမှ ဖြတ်ယူခဲ့ခြင်းသာ ဖြစ်ပါသည်၊ မည်သူတဦးတယောက်ကမျှ ထိုပစ္စည်းတို့ကို ရဲဌာနာအုပ် ဦးသိန်းအား အပ်နှံခြင်းမရှိပါ။ ထို့ကြောင့် ယုံကြည်အပ်နှံခြင်း အင်္ဂါရပ် မရှိပါ!! ထိုအင်္ဂါရပ်မရှိလျှင် ပြည်သူ့ဝန်ထမ်း အနေနှင့် ယုံကြည်အပ်နှံခြင်းကို ပျက်ပြားမှုမဖြစ်နိုင်ပါ။ ရာဇသတ်ကြီးပုဒ်မ ၄၀၄ တွင်အကျုံးပင်သော သေသူတဦး ကျန်ရစ်ခဲ့သောပစ္စည်းကို မရိုးမဖြောင့်သော သဘောဖြင့်အလွဲသုံးစား ပြုမှုသာ ဖြစ်မြောက်နိုင်ပါသည်။

ဤအမှုတွင် 'အထူးရာဇင်ရုံး က စိတ်စောခဲ့သည်မှာ ရဲအဖွဲ့သည် ဒဏ်ရာရနေသော ခရီးသည်များကို ပစ္စည်းယူ၍ မီးရှို့ သုတ်သင်ခဲ့ကြသလောဟူသော ပြဿနာ ဖြစ်ခဲ့ဟန်တူပါသည်။ သို့ရာတွင် သက်သေအထောက်အထားများအရ ကား၊ မီးလောင်ပြီးနောက် ခရီးသည်များ သေဆုံးနေကြသည်ကို ရဲအဖွဲ့က တွေ့ရှိသည်ဟု အထူးရာဇဝတ်ရုံးက သံသယဝင်စွာ ဆုံးဖြတ်ထားပြီး ဖြစ်ပါသည်။ ထို့ကြောင့် ဤအမှုတွင် ရဲအဖွဲ့၏ ရာဇသတ်ကြီးပုဒ်မ ၄၀၄ တွင် အကျုံးဝင်သော ပစ္စည်းများ ကျန်ရစ်ခဲ့သော ပစ္စည်းအနည်းငယ်ကို အရသွယ်မည်သဘင်၍ စာရင်းဖျောက်ရန် ကြိုးစားခဲ့ကြခြင်းသာ ဖြစ်ပါသည်။ ထိုပြစ်မှုအတွက် ၎င်းသတ်မှတ်ထားသော ပြစ်ဒဏ်သည် ကြီးလေးပါသည်။ သက်ညှာစွာစဉ်းစား၍ ဆုံးဖြတ်သင့်ပါသည်ဟု တင်ပြသည်။

ဦးကံညွန့်နှင့် အခြားတရားလိုများအတွက် လိုက်ပါဆောင်ရွက်သော ရွှေနေကြီး ဦးဘစိန်က အမှုတွင် တဦးအပေါ် တဦး အပြစ်ပုံချခဲ့ ကြပါသည်။ ဦးသိန်းက ဦးကံညွန့်အပေါ် အပြစ်ပို့ပါသည်။ အမှန်မှာ ဦးသိန်းထံသို့ ပစ္စည်းများကို ဦးကံညွန့်က အပ်နှံသဖြင့် ဦးသိန်းကသာ စာရင်းသွင်းရန် လိုအပ်သလို ဆက်လက်ဆောင်ရွက်ရန် ဖြစ်ပါသည်။ ရဲသားများသည် ပစ္စည်းများကို ဦးကံညွန့်ထံ အပ်ကြသဖြင့် ၎င်းတို့တွင်

တာဝန်မရှိပါဟု တင်ပြသည်။ မည်သို့ပင်ဆိုစေ ရာဇသတ်ကြီးပုဒ်မ ၄၀၉ အရ၊ ပြစ်မှု မမြောက်၊ ပုဒ်မ ၄၀၄ အရသာ ပြစ်မှုမြောက်နိုင်ပါသည်ဟု တင်ပြသည်။

လက်ထောက် နိုင်ငံတော် ရှေနေချုပ် ဦးသုသင်းက၊ အကြောင်းအချက်များအရ ထင်ရှားသော အမှုဖြစ်ပါသည်။ အမှု၏ အခြေခံသဘောမှာ သေသူတို့၏ ပစ္စည်းများကို အသုံးစား ပြုလုပ်ခြင်းထက် ပြည်သူ့ဝန်ထမ်းများအဖြစ် သတ်မှတ်ထားသော စည်းကမ်းများအရ၊ သိမ်းဆည်းလက်ခံကာ အရေးယူ ဆောင်ရွက်ရမည့် သက်သေခံ ပစ္စည်းများကို ထိမ်ဝှက် ဖျောက်ဖျက်ကြခြင်း ဖြစ်ပါသည်။ သက်သေခံ ပစ္စည်းများကို မည်သို့လက်ခံရမည်၊ မည်သို့ဆက်လက် ဆောင်ရွက်ရမည်ကို ရဲလက်စွဲတွင် အတိအကျ သတ်မှတ်ထားသည်။ ထိုစည်းကမ်းချက်များကို ဆန့်ကျင်၍ သက်သေခံပစ္စည်းတို့ကို ထိမ်ဝှက်ကြခြင်းဖြစ်၍၊ ရာဇသတ်ကြီးပုဒ်မ ၄၀၉ အရ ပြစ်မှုထင်ရှားစွဖွဲ့ရှိထားခြင်းသည် မှန်ကန်ပါသည်ဟု လျှောက်လဲသည်။

ကားမောင်ရာနေရာသို့ သွားရောက်ကြသော ရဲအဖွဲ့သည်၊ အလောင်းများကို နေရာတွင်ပင် မီးရှို့ပစ်ကြသည်။ လက်ဝတ်လက်စားများနှင့် ကားပစ္စည်းများကို ဖြုတ်ယူခဲ့ကြပြီးလျှင် စာရင်းမသွင်း ထိမ်ဝှက်ထားကြသည်။ မည္ဆန့်ည္ဆန့်တင်၏ဘခင် ရဲဌာနာသို့လိုက်လာကာ မေးမြန်းသော အခါ၌၊ ထိမ်ဝှက်၍လိမ်လည် ပြောဆိုခဲ့ကြသည်။ အထက်မှ သတင်းအနှံ့ရ၍ စုံစမ်းသော အခါတွင်သာ ပစ္စည်းများကို သက်ဆိုင်သူများအား ပြန်ပေးခြင်း ပြုကြသည်။ ထိုအတွင်း တာဝန်ရှိသူ အချင်းချင်း တဦးအပေါ် တဦး အပြစ်ပုံချရာမှ အမှုပေါ်လာသောအခါ ဖြောင့်ချက်ပေးခြင်း စသည်တို့ကို ပြုလုပ်လာကြသည်။

အထက်ဖော်ပြပါ ပြုမူချက်တို့အတွက် ရဲဌာနာမှူး ဦးသိန်း၊ ရဲအုပ် ဦးကံညွှန့်နှင့် တကွ အယူခံဘရားလို ရဲသားများတွင် ရာဇဝတ်မကင်းသော တာဝန်ရှိကြ၏၊ သေသူထံမှ ရသော ပစ္စည်းဖြစ်၍ ပိုင်ရှင်မဲ့ပစ္စည်း သဘော ဖြစ်ပါသည်ဟု ရှေနေကြီး ဦးမြင့်စိုး ကသျှောက်လဲသည်ကို ကျွန်ုပ်တို့ လက်မခံနိုင်ချေ။ အမှုဖြစ်ပျက်ပုံ အခြေအနေကို သုံးသပ်ရန် လိုသေးသည်။ ကားမောင်၊ မီးလောင်၍ လူတွေအတုံးအရုံး ဖြစ်နေကြရာ တာဝန်သိ အရပ်သားတဦးက ရဲဌာနာသို့ သွားရောက် သတင်းပို့သည်ကို ရဲအဖွဲ့ဝင်တို့ကမူ ပစ္စည်းဖြုတ်ယူ၊ သေသူတို့ကို မီးပုံရှို့တို့လောက်သာ သိဘတ်ကြသည်။ ဤသို့သော အပြုအမူမျိုးသည် မနှစ်မြို့ဘွယ်ရာလည်းဖြစ်သည်။ ဥပဒေနှင့် ရဲလက်စွဲတို့က ဤကဲ့သို့သော အခြေအခင်းကိစ္စများ၌ သက်သေခံပစ္စည်းကို မည်သို့ ထိန်းသိမ်းရမည်၊ မည်သို့ဆက်လက် ဆောင်ရွက်ကြရမည်တို့ကို အတိအကျသတ်မှတ် အမှန်းထားသော တာဝန်များ ရှိနေသဖြင့်၊ တာဝန်ပျက်ကွက်ခြင်း၊ သေသူထံမှ ပစ္စည်းများကို

၁၉၆၇
ဦးသိန်း ပါ ၅ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ထိမ်ဝှက်ခြင်းတို့သည် ရာဇသတ်ကြီးပုဒ်မ ၄၀၉ တွင်၊ အကျုံးဝင်သောပြစ်မှု မြောက်စေသည်ဟု ကျွန်ုပ်တို့ယူဆသည်။ ဤအမှုတွင် ရဲအဖွဲ့ဝင်တို့က ၎င်းတို့အား ဥပဒေစည်းကမ်းနှင့် ရဲလက်စွဲတို့က အတိအကျယုံကြည် အပ်နှံထားသော တာဝန်ကို ဖေါက်ဖျက်ခြင်းဖြစ်သည်၊ မရိုးသားသောစိတ် ယာယီဖြစ်စေတော့ ကိုယ်ကျိုးအတွက် အလွဲသုံးစား ပြုလုပ်ခြင်း၊ ထိမ်ဝှက်ခြင်းစသော မနောကံ၊ ကာယကံအားဖြင့် ပြစ်မှုမြောက်စေသည်။

အယူခံ တရားလိုတို့အပေါ် ပြစ်ဒဏ်အသီးသီး သတ်မှတ်ထားခြင်းသည်လည်း ပြစ်မှုနှင့် နှိုင်းစာလျှင် ကြီးလေးသည်ဟု မဆိုသာချေ။

အထက်ပါ အကြောင်းတို့ကြောင့် အယူခံမျာကို ပလပ်လိုက်သည်။

အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

ရာဇဝတ်အယူခံမှု

မိုလ်မှူးကြီး လှဟန်၊ မိုလ်မှူးချုပ် စိန်ဝင်း၊ မိုလ်မှူးကြီး သန်းစိန်နှင့် ဒေါက်တာ မောင်မောင်တို့ ရှေ့တွင်

ဦးအုံးငွေ ပါ ၇ (အယူခံတရားလိုများ)
နှင့်
ပြည်ထောင်စု မြန်မာနိုင်ငံ (အယူခံတရားခံ) *

† ၁၉၆၇ ဩဂုတ်လ ၃ ရက်။

၁၉၆၃ ခုနှစ်၊ အမျှားနှင့် သက်ဆိုင်သော ပစ္စည်းများ ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ၊ မှုပြစ်ထင်ရှား စီရင်ခြင်း—အကြောင်းအချက် ခိုင်ခိုင်လုံလုံ၊ ဥပဒေကို ဆန့်ကျင်သည်လည်း ထင်ထင်ရှားရှားမရှိခြင်း။

အယူခံတရားလိုများအား ၁၉၆၃ ခုနှစ်၊ အမျှားနှင့် သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ တရားစွဲဆိုခဲ့သည်။

ဆုံးဖြတ်ချက်။ ။ချည်ထုပ်များကို မှောင်ခိုနေကြသည်ဟု ကြားသိရသဖြင့် လိုက်လံအရေးယူရာမှ အမှုများ ပေါ်ပေါက်ခဲ့ပုံရသည်။ ဤအမှုများတွင်မူကား အရောင်းမသွက်သော ချည်ထုပ်တို့ကို ညှန်ကြားချက်များနှင့်အညီ သုံးစွဲသူတို့ထံ စျေးမှန်ဖြင့် ရောင်းချခဲ့ကြောင်းသာ ထင်ရှားနေသည်။ မြို့နယ် လ၊ အ၊ က ဥက္ကဋ္ဌကို မမေးမြန်းခဲ့သော်လည်း ပစ္စည်းတခုခုကို ဖြန့်ဖြူးတိုင်း မေးမြန်းရမည်၊ ခွင့်ပြုချက်ရယူရမည်ဟုလည်းမဆို။ တဖက်တွင် စားသုံးသူတို့ ပစ္စည်းမြန်မြန်ရအောင် ဖြန့်ဖြူးရမည်ဟုလည်း ညွှန်ကြားချက်ရှိနေသည်။

ယုန်ထောင်၍ ကြောင်မိသော အမှုမျှားလည်း ဖြစ်နိုင်သည်။ အမှုမှန်များပင် ဖြစ်စေကာမူ အထောက်အထား မခိုင်လုံသေးဘဲ စွဲဆိုတင်ပို့သော ဒအမှုမျှဉ်းလည်း ဖြစ်နိုင်သည်။ မည်သို့ပင်ဆိုစေ အကြောင်းအချက် ခိုင်ခိုင်လုံလုံ ဥပဒေကို ဆန့်ကျင်သည်လည်း ထင်ထင်ရှားရှား မရှိဘဲနှင့် အပြစ်ပေးလျှင် မှုကန်မျှတမည်လည်းမဟုတ်၊ မလိုလားအပ်သော သာဓကကိုလည်း ဖြစ်စေမည်။

အယူခံတရားလို၏အကျိုးဆောင်။ ။(၁)နှင့်(၄) ဦးတင့်နှင့် ဦးကံမြိုင် (၂)နှင့် (၅) ဒေါက်တာ ကြင်စို့။

အယူခံတရားလို၏အကျိုးဆောင်။ ။လက်ထောက်နိုင်ငံတော်ရှေ့နေချုပ် ဦးလှသင်း။

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၇၄၊ ၇၆၊ ၇၇ နှင့် ၇၅၊ ၇၈၊ ၇၉၊ ၈၀။

† မန္တလေးခရိုင်၊ ၁၉၆၄ ခုနှစ်၊ အထူးရာဇဝတ်ရုံးအမှတ် ၁ ၏ ၁၉၆၄ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၃ တွင် ၁၉၆၄ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့၌ ချမှတ်ပြီး ၁၉၆၆ ခုနှစ်၊ မေလ ၁၉ ရက်နေ့တွင် အတည်ပြုအဖွဲ့က အတည်ပြုသည့် အမိန့်ကို အယူခံမှု။

၁၉၆၇

ဦးအုံးဇွေ ပါ ၇ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ဤအယူခံမျှားသည် အလားတူဖြစ်ရပ်မျှားမှ ပေါက်ဖွါးသော အမှုမျှားနှင့်သက် ဆိုင်သည်။ ဥပဒေပြဿနာမျှားလည်း တူညီသဖြင့် ရှေနေကြီးမျှားကို ကျွန်ုပ်တို့က အယူခံမှုအားလုံးပေါ်တွင် တပေါင်းတည်း ကြားနာ၍ ဤအမိန့်ဖြင့် အယူခံမျှားကို ဆုံးဖြတ်သည်။

ဦးတိတ်ချွန်သည် အမရပူရမြို့နယ် ပ၊ပ၊က မန်နေဂျာအဖြစ် အမှုထမ်းခဲ့သည်။ စောကျော်သိန်းအောင်သည် မန္တလေးမြို့ ဘုရားကြီးဒေသမှ ပ၊ပ၊က ဂိုဒေါင်မှူး ဖြစ်ခဲ့သည်။ ကျန်အယူခံ တရားလိုတို့သည် ရက္ကန်းလုပ်ငန်းလုပ်သူမျှားဖြစ်ကြသည်။

အမှုမျှားတွင် စွဲချက်သည်၊ ဦးတိတ်ချွန်က ရက္ကန်းချည်ထုပ်မျှားကိုစောကျော် သိန်းအောင်နှင့်အတူ ပူးတွဲ၍ မှောင်ခိုသည်။ ကျန်တရားခံတို့က မှောင်ခိုချည် ထုပ်မျှားကိုဝယ်ယူကြသည်၊သို့ဖြင့်မှောင်ခိုရာတွင်အားပေးကူညီပြုသည်ဟူ၍ဖြစ်၏။

တရားလိုဘက်မှ ပြနိုင်သည်မှာ၊ ချည်ထုပ်မျှားကို ထုတ်ယူရာတွင် ပုံစံမပြည့်စုံ။ သုံးစွဲသူတို့သို့ ရောင်းချရာတွင်၊ ဦးတိတ်ချွန်က ညွှန်ကြားထားသည့်အတိုင်း မြို့နယ်လ၊အ၊က ဥက္ကဋ္ဌအား တိုင်ပင်ရမည်ဖြစ်ပါလျက် ယင်းသို့တိုင်ပင်ခြင်းမပြု။

တရားခံတို့ဘက်မှ ချည်ထုပ်မျှားကို ထုတ်ယူခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ ဝယ်ယူ ခြင်းတို့ကိုမငြင်း။ သို့ရာတွင် စည်းကမ်းနှင့်အညီ လိုအပ်သောပုံစံ အပြည့်အစုံနှင့် ထုတ်ယူဖြန့်ဖြူးပါသည်။ လ၊ အ၊ က ကို တိုင်ပင်ခြင်းနှင့် ပတ်သက်၍၊ ဦးတိတ်ချွန်က အထက်လူကြီးအား သွားရောက်မေးရာ၊ ရှားပါးနေသော ကုန်ပစ္စည်းမျှားနှင့်သာသက် ဆိုင်သည်။ ပေါမျှား၍အဝယ်ထိုင်းနေသော ပစ္စည်းမျှားနှင့်မသက်ဆိုင်ဟု ရှင်းလင်း ပြောပြကြောင်း။ ထိုစဉ်က အချင်းဖြစ် ချည်ထုပ်မျှားကို အဝယ်နှေးနေကြပါသည်။ လူကြိုက်မမျှားပါဟု သက်သေထူခဲ့ကြသည်။ ထို့ပြင်၊ လ၊ အ၊ က နှင့် ကုန်စည် ဖြန့်ဖြူးရေးဆိုင်ရာ ပုဂ္ဂိုလ်တို့ကလည်း ပစ္စည်းမျှားကို ဖြန့်ဝေရာ၌ ကြိုးနီစနစ်မသုံးစွဲပဲ၊ သူကလက်ထိရောက်စွာ ဖြန့်ဝေရန်ကိုလည်း အကြိမ်ကြိမ် မှာကြားခဲ့ပါသည်ဟု သက်သေ ထူခဲ့ကြသည်။

အယူခံတရားလို ဦးတိတ်ချွန်အတွက် ရှေနေကြီး ဒေါက်တာ ကြင်စိုက အထက် ဖော်ပြပါ အချက်အလက်မျှားအရ၊ ရာဇဝတ်မှုမြောက်သော လိမ်လည်ခြင်း မရှိပါ။ ဦးတိတ်ချွန်သည် သဘောရိုးနှင့် ဆောင်ရွက်ခဲ့ခြင်းသာဖြစ်ပါသည်။ မည်သည့် အကျိုး အမြတ်မှ မရခဲ့ပါ။ ပစ္စည်းမျှားကိုလည်း အစိုးရစျေးနှုန်းဖြင့် စနစ်တကျ၊ တကယ် သုံးမည့် ရက္ကန်းအလုပ်ရှင်မျှားအား ဖြန့်ဖြူးခဲ့ခြင်းသာဖြစ်ပါသည်။ မှောင်ခိုခြင်းလည်း မဟုတ်ခဲ့ပါ။ ဦးတိတ်ချွန်၏ အမှုထမ်းသက် တလျှောက်တွင် အမဲကွက် မထင်ခဲ့ရပါဟု သျှောက်လဲသည်။

၁၉၆၇

ဦးအုံးငွေ ပါ ၇ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

ရွှေနေကြီး ဦးတင့်ကလည်း ၎င်း၏အမှုသည် ရက္ကန်းရှင်များသည် သဘော ရိုးဖြင့် မဖုံးမကွယ်၊ ပွင့်ပွင့်လင်းလင်း၊ အစိုးရစေ့းကိုပေး၍၊ ရက္ကန်းရက်လုပ်ရန် ဝယ်ခဲ့ခြင်းဖြစ်ပါသည်။ ပြည်သူပိုင်ပစ္စည်းကို လိမ်လည်ယူခြင်း မဟုတ်ပါဟု လျှောက်လဲသည်။

လက်ထောက် ရွှေနေချုပ် ဦးလှသင်းက အမှုများတွင် ရာဇဝတ်ပြစ်ဒဏ် သင့်စေနိုင်သော မနောက်မြောက် ကျူးလွန်ခြင်း မပေါ်လွင်ပါဟု တင်ပြသည်။

ချည်ထုပ်များကို မှောင်ခိုနေကြသည်ဟု ကြားသိရသဖြင့် လိုက်လံအရေးယူရာမှ အမှုများ ပေါ်ပေါက်ခဲ့ပုံရသည်။ ဤအမှုများတွင်မူကား၊ အရောင်းမသွက်သော ချည်ထုပ်တို့ကို ညွှန်ကြားချက်များနှင့်အညီ၊ သုံးစွဲသူတို့ထံ စျေးမှန်ဖြင့် ရောင်းချခဲ့ကြောင်းသာ ထင်ရှားနေသည်။ မြို့နယ် လ၊အ၊က ဥက္ကဋ္ဌကို မမေးမြန်းခဲ့သော်လည်း ပစ္စည်းတခုခုကို ဖြန့်ဖြူးတိုင်း မေးမြန်းရမည်၊ ခွင့်ပြုချက်ယူရမည်ဟူ၍လည်းမဆို။ တဖက်တွင် စားသုံးသူတို့ ပစ္စည်းမြန်မြန်ရအောင် ဖြန့်ဖြူးကြရမည်ဟုလည်း ညွှန်ကြားချက်ရှိနေသည်။

ယုံထောင်၍ ကြောင်မိသော အမှုများလည်း ဖြစ်နိုင်သည်။ အမှုမှန်များပင် ဖြစ်စေကာမူ၊ အထောက်အထား မခိုင်လုံသေးဘဲ၊ စွဲဆိုတင်ပို့သော အမှုများလည်း ဖြစ်နိုင်သည်။ မည်သို့ပင်ဆိုစေ၊ အကြောင်းအချက် ခိုင်ခိုင်လုံလုံ၊ ဥပဒေကို ဆန့်ကျင်သည်လည်း ထင်ထင်ရှားရှား မရှိဘဲနှင့် အပြစ်ပေးလျှင် မှန်ကန်မျှတမည်လည်း မဟုတ်။ မလိုလားအပ်သော သာဓကကိုလည်း ဖြစ်စေမည်။

အထူးရာဇဝတ်ရုံး၏ အမှုအမှတ် ၃/၆၄ တွင် ချည်ထုပ်သေတ္တာ တလုံးဝယ်ယူလျှင်၊ ဦးသောင်းက ငွေ ၄၀ ကျပ်၊ ဦးတိတ်ချန်က ငွေ ၆၀ ကျပ် ရကြကြောင်း သိရပါသည်ဟု သက်သေတဦးက ဆိုသည်ကို ရည်ညွှန်းထားသည်။ ထိုအချက်နှင့် ပတ်သက်၍လည်း ဦးလှသင်းက အခြားအထောက်အထား မရှိပါ၊ ထွက်ချက်သည်လည်း အဓိက အစစ်ခံချက်ဘွင်မပါ၊ ရုံးမေးမှထွက်ဆိုခြင်းဖြစ်၍ အထူးအလေးပေး စဉ်းစားရန် မသင့်ပါဟု တင်ပြသည်။ ကျွန်ုပ်တို့က ထိုတင်ပြချက်ကို လက်ခံသည်။

အထက်ပါ အကြောင်းတို့ကြောင့်၊ အထူးရာဇဝတ်ရုံး၏ အမှုအမှတ် ၂/၆၄ နှင့် ၃/၆၄ တို့တွင် အယူခံတရားလိုတို့အပေါ် ပြစ်မှုထင်ရှား တွေ့ရှိထားခြင်းနှင့် ပြစ်ဒဏ်သတ်မှတ်ထားခြင်းတို့ကို ပယ်ဖျက်၍ ထိုအမှုများနှင့် ပတ်သက်သမျှ အယူခံတရားလိုများကို တရားသေလွှတ်လိုက်သည်။

အထူးရာဇဝတ်ရုံး အယူခံအဖွဲ့

ရာဇဝတ်အယူခံမှု

ဗိုလ်မှူးကြီး လှဟန်၊ ဗိုလ်မှူးကြီး သန်းစိန် နှင့် ဒေါက်တာ မောင်မောင်တို့ ရှေ့တွင်

† ၁၉၆၇

အောက်တိုဘာ လ ၄ ရက်။

မခါတန် ပါ ၂၁ (အယူခံတရားလိုများ)

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ (အယူခံတရားခံ)*

ရာဇသတ်ကြီး ပုဒ်မ ၃၉၅ အရ၊ မူပြစ်ထင်ရှား စီရင်ခြင်း—သောင်းကျန်းသူတို့က ခြိမ်းချောက်ခိုင်းစေ၍ ဆန်များကို သယ်ဆောင်ပေးရသည်ဟု ခုခံထွက်ဆိုခြင်း—ရာဇသတ်ကြီး ပုဒ်မ ၉၄ အရ၊ ပြစ်မှု မြောက် မမြောက်။

အယူခံဘရားလိုများအား ပြည်ထောင်စု မြန်မာ နိုင်ငံ ကောက်ပဲသီးနှံ ရောင်းဝယ်ရေး အဖွဲ့မှ သိုလှောင် ထားရှိသော ဆန်အိတ်များ၊ ဆန်ကွဲအိတ်များ၊ ဂုံနီအိတ်များကို လက်နက်ကိုင် သောင်းကျန်းသူများနှင့် အတူ လုယူကြသည် ဟူသော စွဲချက်ဖြင့် စစ်ဆေးခဲ့သည်။

ဆုံးဖြတ်ချက်။ ။သောင်းကျန်းသူတို့က ခြိမ်းချောက် ခိုင်းစေ၍၊ အယူခံ တရားလိုတို့က ဆန်များကို သယ်ဆောင်ပေးရသည်ဟု မပေါ်လွင်။ **အယူခံ တရားလိုများထံမှ ရရှိသော ဆန်** ပစ္စည်းများ ပမာဏကို ထောက်ရှုလျှင်၊ ၎င်းတို့သည် စိတ်ပါ လက်ပါ ဝင်ရောက် လုယက် ကြသည်ဟု ယူဆရန်သာ ရှိသည်။ ရာဇသတ်ကြီး ပုဒ်မ ၉၄ ၏ ရှင်းလင်းချက်တွင် ရိုက်ပုတ်မည်ဟု ခြိမ်းချောက်ခြင်း ခံရရုံမျှနှင့် ဓါးပြလူဆိုးတို့၏ အကျင့် အကြံကို သိလျက် ဓါးပြ လူဆိုး ဂိုဏ်းသို့ ဝင်ရောက်သော သူပင်လျှင် ပြစ်မှုအတွက် ပြစ်ဒဏ်မှ ကင်းလွတ်နိုင်သည် မဟုတ်ချေ။ အမှုတွင်လည်း ရိုက်ပုတ်မည် ခြိမ်းချောက်သည်ဟုသာ အယူခံ တရားလိုတို့က ဆိုသည်။ သို့ရာတွင် သောင်းကျန်း သူတို့ လုယက်နေကြကြောင်း သိလျက် ပါဝင်လုယက်ကြခြင်း ဖြစ်ရာ အယူခံ တရားလိုတို့သည်လည်း ဓါးပြ လူဆိုးဂိုဏ်းဝင်များသာ ဖြစ်ချေ တော့သည်။

အယူခံတရားလို၏အကျိုးဆောင်။ ။

အယူခံတရားခံ၏အကျိုးဆောင်။ ။အစိုးရ တရားရုံးချုပ် ရှေ့နေ ဦးလှသင်း။

---

* ၁၉၆၇ ခုနှစ်၊ ရာဇဝတ် အယူခံမှုအမှတ် ၅။

† ပုသိမ်ခရိုင်၊ ၁၉၆၅ ခုနှစ်၊အထူးရာဇဝတ်ရုံး အမှတ် ၂၀ ၏ ၁၉၆၅ ခုနှစ်၊ရာဇဝတ်ကြီးမှု အမှတ် ၁ တွင် ၁၉၆၆ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်နေ့၌ ချမှတ်ပြီး ၁၉၆၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက် နေ့တွင် အတည်ပြု အဖွဲ့က အတည်ပြုသည့် အမိန့်ကို အယူခံမှု။

၁၉၆၅ ခု၊ မတ်လ ၂၁ ရက်နေ့ မြန်မာနိုင်ငံ။

အယူခံတရားလို ၂၁ ဦးတို့သည် ပုသိမ်မြို့ပိုင်၊ ကျိုက်လပ်ရွာရှိ ဝဲပြန်ဆန်စက်တွင် ပြည်ထောင်စု မြန်မာနိုင်ငံ ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့မှ သိုလှောင်ထားရှိသော ဆန်အိတ်များ၊ ဆန်ကွဲအိတ်များ၊ ဂုံနီအိတ်များကို လက်နက်ကိုင် သောင်းကျန်းသူများ နှင့်အတူ ယူယူကြသည်ဟူသော စွဲချက်ကို၊ အထူးရာဇဝတ်ရုံး အမှတ် ၂၇/၆၅ က၊ စစ်ဆေးခဲ့သည်။ စွဲဆိုသည့်အတိုင်း ပြစ်မှုထင်ရှားသည်ဟု တွေ့ရှိ၍၊ အယူခံတရားလို တဦးစီအပေါ် ထောင်ဒဏ် ၃ နှစ်စီကျခံစေရန် အဓိန့်ချမှတ်ခဲ့သည်။

ဆန်စက်ကို ၁၉၆၄ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့ညဦးပိုင်းတွင် သောင်းကျန်းသူ တို့ဝင်ရောက်ကြသည်။ ၎င်းတို့က ဆန်ဂိုဒေါင်များကိုဖွင့်၍၊ ဆန်အိတ်၊ ဆန်ကွဲအိတ်၊ ဂုံနီအိတ်များကို ရွာသားများ အကူအညီဖြင့် သယ်ယူကြပြီးလျှင်၊ လှေ၊ သမ္ဘန်၊ မော်တော်များသို့ချကြသည်။ ရွာသားများကိုလည်း ၎င်းတို့ယူနိုင်သလောက် ယူကြရန် သောင်းကျန်းသူတို့က ပြောကြားသဖြင့်၊ အယူခံတရားလိုများ အပါအဝင် ရွာသား အချို့က ယူကြသည်။ သောင်းကျန်းသူတို့ ထွက်ခွါသွားပြီးနောက်၊ ရွာတွင်းဦး လိုက်လံ၍ ရဲအဖွဲ့က စစ်ဆေးရာ အယူခံတရားလို ၂၁ ဦးထံမှ ဆန်စက်မှ လုယူသွားသော ဆန်များကို တဦးလျှင် အနည်းဆုံး ၄ တင်းခွဲမှ ၂၂ တင်းအထိ သိမ်းဆည်းရရှိလေသည်။

အထူးရာဇဝတ်ရုံးတွင် တရားခံ (ယခုအယူခံတရားလို) များက၊ ၎င်းတို့သည် ဆန်များ၊ ဂုံနီအိတ်များကို သယ်ယူကြသည်ကို ငြင်းကွယ်ခြင်းမပြု၊ သို့ရာတွင် သောင်း ကျန်းသူများက ခြိမ်းချောက်၍ ယူပေးရကြောင်း ခုခံထွက်ဆိုကြသည်။ ခြိမ်းချောက် ခိုင်းစေ၍၊ ပြုလုပ်ရခြင်း ဖြစ်ရာ၊ ရာဇသတ်ကြီးပုဒ်မ ၉၄ အရ၊ ၎င်းတို့တွင် ပြစ်မှု မမြောက်ပါဟုဆိုသည်။

အထူးရာဇဝတ်ရုံးက၊ ထိုခုခံထွက်ဆိုချက်ကို ကောင်းစွာစဉ်းစားခဲ့သည်။ သို့ရာတွင် အကြောင်းအချက်များအရ၊ တရားခံတို့သည် သောင်းကျန်းသူတို့၏ လက်တွင် အသက် အန္တရာယ်ကျရောက်ခဲ့သည်ဟု မထင်ရှား။သောင်းကျန်းသူတို့ ဝင်ရောက်ကာ၊ဆန် များ ယူကြရာတွင် ပါဝင်ကူညီ၍၊ သယ်ပေးခြင်းမပြုသော ရွာသားများလည်း ရှိခဲ့သည်။ အချို့ကလည်း ဝတ်ကျေတန်းကျေ တခေါက်သာသယ်ပေးကြသည်။ ထိုသူများကို သောင်းကျန်းသူတို့က နှိပ်စက်ညှဉ်းပန်းခြင်း မပြုခဲ့ကြ။ ထို့ပြင် တရားခံတို့လက်ဝယ် ရှိနေသော ဆန်များမှာ အရေအတွက်အားဖြင့် ၎င်းတို့သည်၊ တခေါက်တာမျှသာ သယ်ယူကြသည်မဟုတ်၊ အခေါက်ခေါက် အခါခါ သွားရောက်သယ်ယူခဲ့ကြသည်မှာ ထင်ရှားနေသည်။ ထို့ကြောင့် ရာဇသတ်ကြီးပုဒ်မ ၉၄ တွင်အကျုံးဝင်သော ခြိမ်း ချောက်ခြင်းလည်း မရှိခဲ့ပဲ တရားခံတို့သည်၊ လိုလို ချင်ချင်ပါဝင်၍၊ လုယက်ကြခြင်းသာ ဖြစ်သည်ဟု၊ အထူးရာဇဝတ်ရုံးက ဆုံးဖြတ်ခဲ့သည်။

၁၉၆၅ ခု၊ မတ်လ ၂၁ ရက်နေ့ ပြည်ထောင်စု မြန်မာနိုင်ငံ။

၁၉၆၇ မခါတွန် ပါ ၂၁ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

အစိုးရတရားရုံးချုပ် ရွှေနေ ဦးလှသင်းက၊ အထူးရာဇဝတ်ရုံးက တွေ့ရှိထားသည့် အတိုင်း မှန်ကန်ပါသည်။ အယူခံတရားလိုများထံမှ ရရှိသောဆန်များသည်၊ အခေါက်ခေါက် သယ်ယူထားသောဆန်များ ဖြစ်သည်မှာ ထင်ရှားပါသည်။ ထို့ကြောင့် ခြိမ်းချောက်၍၊ ကြောက်သောကြောင့် ယူထားသည့်ဆန်များ မဟုတ်နိုင်ပါ၊ လုယက်ရာတွင် အယူခံတရားလိုများပါဝင်သည်ဟု ယူဆရန်သာရှိပါသည်ဟု တင်ပြသည်။

အတည်ပြုအဖွဲ့က တရားခံ ၄ ဦးတို့အား တရားသေလွှတ်လိုက်သည်။ ၎င်းတို့ ၄ ဦးသည် သောင်းကျန်းသူများကခြိမ်းချောက်၍ ဆန်များကို သယ်ယူပေးခဲ့ကြရသည်ဟု၊ အမှုတွင် အထောက်အထားခိုင်လုံသည်။ ထို့ပြင် ထို ၄ ဦးသည် သူတို့အဘို့ ဆန်၊ ဂုံနီအိတ် စသည်တို့ကို ယူခြင်းမပြုကြ။ ယခုအယူခံဝင်သော ၂၁ ဦးကမူ၊ ဆန်များကို လည်း ကိုယ့်အဘို့ယူဆောင်ကြသည်။ ၎င်းတို့အား ထိရောက်စွာခြိမ်းချောက်သည်ဟုလည်း သက်သေမထင်ရှားသောကြောင့်၊ အထူးရာဇဝတ်ရုံးက ယူဆသည့်အတိုင်း ၎င်းတို့တွင် အပြစ်ရှိသည်ဟု အတည်ပြုအဖွဲ့က ဆုံးဖြတ်ခဲ့သည်။

ကျွန်ုပ်တို့ကလည်း အတည်ပြုအဖွဲ့နှင့်ထပ်တူသဘောရရှိသည်။ သောင်းကျန်းသူတို့က ခြိမ်းချောက်ခိုင်းစေ၍၊အယူခံတရားလိုတို့က ဆန်များကိုသယ်ဆောင်ပေးရသည်ဟု မပေါ်လွင်၊ အယူခံတရားလိုများထံမှ ရရှိသော ဆန်၊ပစ္စည်းများ ပမာဏကို ထောက်ရှုလျှင်၊ ၎င်းတို့သည်စိတ်ပါ လက်ပါ ဝင်ရောက်လုယက်ကြသည်ဟု ယူဆရန်သာ ရှိသည်၊ ရာဇသတ်ကြီးပုဒ်မ ၉၄ ၏ ရှင်းလင်းချက်တွင်၊ ရိုက်ပုတ်မည်ဟု ခြိမ်းချောက်ခြင်းခံရရုံမျှနှင့် ဓါးပြ၊ လူဆိုးတို့၏ အကျင့်အကြံကိုသိလျက်၊ ဓါးပြလူဆိုးဂိုဏ်းသို့ ဝင်သော်သူပင်လျှင်၊ ပြစ်မှုမှတွက် ပြစ်ဒဏ်မှကင်းလွတ်နိုင်သည် မဟုတ်ချေ။ ဤဒေါ်မှတွင်လည်း၊ ရိုက်ပုတ်မည် ခြိမ်းချောက်သည်ဟုသာ အယူခံတရားလိုတို့ကဆိုသည်။ သို့ရာတွင် သောင်းကျန်းသူတို့ လုယက်နေကြကြောင်းသိလျက်၊ပါဝင်လုယက်ကြခြင်းဖြစ်ရာ၊ အယူခံတရားလိုတို့သည်လည်း ဓါးပြ လူဆိုးဂိုဏ်းဝင်များသာ ဖြစ်ချေတော့သည်။

အထူးရာဇဝတ်ရုံးက၊ အယူခံတရားလိုတို့သည်အမှုစစ်ဆေးနေစဉ်အတွင်း၊ ၂ နှစ်မျှ အချုပ်ခံခဲ့ရသည်ကိုထည့်သွင်း၍၊ သက်ညှာသော်ပြစ်ဒဏ်ကို ပေးပြီးလည်းဖြစ်သည်။ ထို့ကြောင့် အထူးရာဇဝတ်ရုံး၏ ဆုံးဖြတ်ချက်ကို ကျွန်ုပ်တို့က စွက်ဖက်ပြင်ဆင်ရန် အကြောင်းမရှိ၊ အယူခံကို ပလပ်လိုက်သည်။

အထူးရာဇဝတ်ရုံး အယူခံအဖွဲ့

ရာဇဝတ်အယူခံမှု

ဗိုလ်မှူးကြီး လှဟန်၊ ဗိုလ်မှူးကြီး သန်းစိန် နှင့် ဒေါက်တာ မောင်မောင်တို့ ရှေ့တွင်

မောင်ကြိုင်လှ (အယူခံတရားလို) † ၁၉၆၇

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ (အယူခံတရားခံ)* စက်တင်ဘာလ ၂၉ ရက်။

၁၉၄၇ ခုနှစ်၊ အရေးကြီးသော ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများ ဆိုင်ရာ အက်ဥပဒေ ပုဒ်မ ၈ (၃) အရ၊ မှုပြစ်ထင်ရှား စီရင်ခြင်း—အာဏာမဲ့ ထုတ်ပြန်ထားသော အမိန့် တရပ် အရ၊ ထောင်ဒဏ် ပေးထားခြင်းသည် သင့်မြတ်မည် မဟုတ်။

အယူခံ တရားလိုအား၊ ခွင့်ပြုချက် မပါဘဲ နွား ၈ ကောင်ကို တခြားမြို့နယ်သို့ သယ်ဆောင်ခြင်း ပြုသည်ဟူသော စွဲချက်ဖြင့် တရားစွဲဆိုခဲ့သည်။

ဆုံးဖြတ်ချက်။ ။**အာဏာမဲ့ ထုတ်ပြန်ထားသော အမိန့် တရပ် အရ အယူခံ တရားလိုအား ထောင်ဒဏ် ပေးထားခြင်းသည် သင့်မြတ်မည် မဟုတ်။** ၎င်းထံမှ နွားများမှ အပ အခြားပစ္စည်းများကို သိမ်းဆည်း ထားခြင်းသာလည်း တရားဥပဒေနှင့် မကိုက်ညီ ဖြစ်နေသည်။

အမှုသည် အမှုမှန် ဖြစ်သည်ဟု ယူဆသော်လည်း ဥပဒေ အာဏာမဲ့ ထုတ်ပြန်ခဲ့မိသော အမိန့်ကို အခြေခံ၍ ပြစ်ဒဏ်ပေးလျှင် မလိုလား အပ်သော သာဓက တရပ် ဖြစ်နိုင်သည်။

အယူခံတရားလို၏အကျိုးဆောင်။ ။

အယူခံတရားခံ၏အကျိုးဆောင်။ ။အစိုးရတရားရုံးခုံးချုပ်ရှေ့နေ ဦးလှသင်း။

မောင်ကြိုင်လှသည်၊ မော်လမြိုင်ခရိုင်၊ မြဝတီမြို့နယ် ဖယူးရွာတွင် လယ်လုပ်ခဲ့သူ ဖြစ်သည်ဆို၏။ ၎င်းကို မုဒိမ်မြို့နယ်၊ နိုင်းပြိုင်ရွာဦး နွား ၈ ကောင် ဝယ်ယူပြီးလျှင် သယ်ဆောင်မည်ပြုသည်ကို ရှာဖွေရေးအဖွဲ့က ၁၉၆၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့က တွေ့ရှိကြ၍၊ အရေးယူခဲ့သည်၊ မော်လမြိုင်ခရိုင်ဝန်က ၁၉၆၅ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်

---

* ၁၉၆၇ ခုနှစ်၊ ရာဇဝတ် အယူခံမှု အမှတ် ၁၇။

† မော်လမြိုင်ခရိုင်၊ ၁၉၆၆ ခုနှစ်၊ အထူးရာဇဝတ်ရုံးအမှတ် ၅၁ ၏ ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၃ တွင် ၁၉၆၆ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့၌ ချမှတ်ပြီး ၁၉၆၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် အတည်ပြု အဖွဲ့က အတည်ပြုသည့် အမိန့်ကို အယူခံမှု။

၁၉၆၇ မောင်ကြိုင်လှနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

နေ့ခွဲဖြင့် ခရိုင်အဘွင်းမှ ပြင်ပသို့သော်၎င်း၊ ခရိုင်အဘွင်းရှိ တမြို့နယ်မှ တမြို့နယ်သို့ သော်၎င်း၊ ကျွဲ၊ နွားများ ၂ ကောင်ထက်ပို၍ ခရိုင်ဝန်ရုံး၊ သို့မဟုတ် မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုဒေသခံမိဘီ၏ ခွင့်ပြုချက်မပါပဲ၊ သယ်ဆောင်ခြင်းမပြုရဟု တားမြစ်ပိတ်ပင်ထားသည်။

မောင်ကြိုင်လှသည် ခွင့်ပြုချက်မပါပဲ နွားဂ ကောင်ကို တခြားမြို့နယ်မှ နိုင်းပြိုင်ရွာသို့ ဝယ်ယူသယ်ဆောင်ခဲ့သည်။ ထို့ရွာမှဘဆင့် ဆက်လက်၍ သယ်ဆောင်သွားရန် လည်း ပြုလုပ်နေသည်ဟု ထင်ရှားသောအချက်များဖြစ်ခဲ့သည်။ ထို့ကြောင့် မောင်ကြိုင်လှအား ခရိုင်ဝန်အမိန့်ကို ဖေါက်ဖျက်သောကြောင့် ၁၉၄၇ ခုနှစ်၊ အရေးကြီးသော ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုဆိုင်ရာ အက်ဥပဒေ ဂ (၃) အရ၊ မော်လမြိုင်မြို့ အထူးရာဇဝတ်ရုံး အမှတ် ၅၁/၆၆ သို့ တရားစွဲဆိုကာင်ပို့ခဲ့သည်။ အထူးရာဇဝတ်ရုံးက ပြစ်မှုထင်ရှားသည်ဟု ဆုံးဖြတ်ကာ၊ မောင်ကြိုင်လှဝယ်ယူထားသော နွားဂ ကောင်ကို ငွင်းထိုးတွင် တွေ့သောခွင့်၊ လက်စွပ်စသော ပစ္စည်းများကို သိမ်းယူစေရန်နှင့် ငင်းအား ထောင်ဒဏ် ၁၀ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

မောင်ကြိုင်လှ၏ အယူခံလွှာကို ပဏာမစစ်ဆေးကြည့်ရှုသောအခါ၊ ခရိုင်ဝန်က တားမြစ်ပိတ်ပင်ထားသော အမိန့်သည်ဥပဒေနှင့် ညီ မညီ၊ မောင်ကြိုင်လှထံမှ နွားများအပြင် အခြားပစ္စည်းများကို သိမ်းယူခဲ့ခြင်းသည် တရားဝင် မဝင် ပြဿနာများပေါ်နေသည်ကို တွေ့သောကြောင့်၊ အယူခံဝင်ခွင့်ကို ကျွန်ုပ်တို့က ပေးခဲ့ကြသည်။

ပဌမပြဿနာနှင့်ပတ်သက်၍၊ အစိုးရတရားရုံးချုပ် ရွှေနေ ဦးလှသင်းက၊ မော်လမြိုင် ခရိုင်ဝန်အား ၁၉၆၅ ခုနှစ်၊ ဇန်နဝါရီလ ၂၇ နေ့စွဲပါ ကျွဲ၊ နွားများဝယ်ယူပို့ဆောင်ခြင်းကို တားမြစ်ပိတ်ပင်သည့်အမိန့်ကို ထုတ်နိုင်ရန်၊ ဥပဒေအရ အာဏာအပ်နှင်းထားခြင်းမရှိခဲ့ပါ။ ၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့စွဲဖြင့်၊ တော်လှန်ရေးအစိုးရ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးဌာနအတွင်းဝန်ထံက တိုင်းနှင့်ပြည်နယ် လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီများအား ကျွဲ၊ နွားများ တနေရာမှ တနေရာသို့ ရွှေ့ပြောင်းခြင်းနှင့်စပ်လျဉ်း၍၊ လိုအပ်သလို ပိတ်ပင်ရန်၊ ကန့်သတ်ရန်၊ သို့မဟုတ် စည်းကမ်းချက်များ သတ်မှတ်ရန်၊ အာဏာအပ်နှင်းထားပါသည်။ ထိုအာဏာအရ၊ မော်လမြိုင်ခရိုင်တွင် ယခင်က၊ ခရိုင်ဝန်ထုတ်ဆင့်ထားသောအမိန့်ကို ပြန်လည်ချပ်သိမ်း၍ တရားဝင်အမိန့်တရပ် ထုတ်ပြန်ပြီးဖြစ်သည်ဟု ညွှန်ကြားချက်ရပါသည်။ ယခင်အမိန့်သည် နယ်အခြေအနေအရ ထုတ်ပြန်ခဲ့ရသော အမိန့်ဖြစ်ဟန်တူပါသည်။ သို့ရာတွင် ဥပဒေအာဏာမဲ့ ထုတ်ပြန်ခဲ့မိသော အမိန့်ဖြစ်နေပါသည်။ ထို့ကြောင့် ထိုအမိန့်အရ ပြစ်မှုထင်ရှား တွေ့ရှိထားခြင်းသည် မှားယွင်းနေပါသည်။ ထို့အပြင် အရေးကြီးသော ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာ အက်ဥပဒေပုဒ်မ ဂ အရ၊ ဥပဒေကို

ဆန်ကျင်၍ ယူဆောင်လာသော အခရေးကြီးကုန်ပစ္စည်းများကို သိမ်းယူနိုင်ပါသည်။ သို့ရာတွင် ယူဆောင်လာသူ၏ ဆွေနှင့် အခြားပစ္စည်းများကိုကား သိမ်းယူခြင်းမပြုနိုင်ပါဟု ဦးလှသင်းက တင်ပြသည်။

မောင်ကြိုင်လှသည် နွားဂ ကောင်ကို ခရိုင်ဝန်၏ အမိန့်ကို ဆန့်ကျင်၍ ဝယ်ယူလာခဲ့သည်မှာ ထင်ရှား၏။ အထူးရာဇတ်ခုံးက ၎င်းသည် နွားများကို မှောင်ခိုရန် ရည်ရွယ်ခဲ့သည်ဟုယူဆခဲ့ခြင်းသည်၊ နယ်တွင်ဖြစ်ပျက်နေသော အခြေအနေများအရ၊ ယုတ္တိမရှိဟု မဆိုနိုင်။ ကျ၊ နွားများကို တရားဥပဒေကို ဆန့်ကျင်၍ သတ်ဖြတ် ဖြုန်းတီးကြခြင်း၊ ခိုးယူကြခြင်း၊ နယ်ခြားမှထုတ်၍ မှောင်ခိုကြခြင်းတို့ကို၊ အထူးဂရုစိုက်၍ ကာကွယ်နှိမ်နင်းရန်လိုဥပဒေသည်။ ကျ၊ နွားများ ဖြုန်းတီးခြင်းသည် နိုင်ငံ၏ အဓိကဖြစ်သည့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို ထိပါးစေသည်။ ထိုသို့ အန္တရာယ်ကြီးမားသည့်အတွက်ကြောင့်လည်း ဤအမှုတွင် သက်ဆိုင်ရာ မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီဘို့က ထိရောက်စွာ အခရေးယူခဲ့ကြခြင်းဖြစ်သည်။ အထူးရာဇဝတ်ခုံးက သက်သေအထောက်အထားများကို ကောင်းစွာဆလ့်လာပြီးမှ၊ ခရိုင်ဝန်၏အမိန့်နှင့် ဆန့်ကျင်နေသည့်အတွက် ပြစ်မှုထင်ရှား တွေ့ရှိခြင်းဖြစ်သည်။

သို့ရာတွင် ထိုအချိန်က ထုတ်ပြန်ထားသော၊ ခရိုင်ဝန်၏ အမိန့်သည်၊ ဥပဒေအာဏာမဲ့ဖြစ်နေသည်။ ထိုသို့ မှားယွင်းနေကြောင်းသိရှိလည်း၊ သက်ဆိုင်ရာ တိုင်းလုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မီတီက အမိန့်ဟောင်းကိုချပ်သိမ်း၍ အမိန့်သစ် ထုတ်ပြန်သည်။ အာဏာမဲ့ ထုတ်ပြန်ထားသောအမိန့်တရပ်အရ၊ အယူခံတရားလိုအား ထောင်ဒဏ်ပေးထားခြင်းသည် သင့်မြတ်မည်မဟုတ်။ ၎င်းထံမှ နွားများမှအပ အခြားပစ္စည်းများကို သိမ်းဆီးထားခြင်းသည်လည်း တရားဥပဒေနှင့် မကိုက်ညီဖြစ်နေသည်။

အမှုသည်အမှုမှန်ဖြစ်သည်ဟု ကျန်ုပ်တို့ ယူဆသော်လည်းဥပဒေအာဏာမဲ့ ထုတ်ပြန်ခဲ့မိသောအမိန့်ကို အခြေခံ၍ ပြစ်ဒဏ်ပေးလျှင်၊ မလိုလားအပ်သော သာဓကတခုပ် ဖြစ်နိုင်သည် ကို ကျန်ုပ်တို့ သတိပြုမူကြသည်။ ထို့ကြောင့် အယူခံတရားလို အပေါ် ပြစ်မှုထင်ရှား တွေ့ရှိထားခြင်းနှင့် ၎င်းအပေါ် ပြစ်ဒဏ်သတ်မှတ်ထားခြင်းတို့ကို ပယ်ဖျက်လိုက်သည်။

အထူးရာဇဝတ်ရုံး အယူခံအဖွဲ့

ရာဇဝတ်အယူခံမှု

ဗိုလ်မှူးကြီး လှဟန်၊ ဗိုလ်မှူးကြီး သန်းစိန် နှင့် ဒေါက်တာ မောင်မောင်တို့ ရှေ့တွင်

† ၁၉၆၇

စက်တင်ဘာလ ၂၉ ရက်။

မောင်ထွန်းရွှင် (အယူခံတရားလို)

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ (အယူခံတရားခံ)*

ရာဇသတ်ကြီး ပုဒ်မ ၃၇၆ အရ၊ မှုပြစ် ထင်ရှား စီရင်ခြင်း—၁၄ နှစ် အရွယ် မပြည့် သေးသဖြင့် အလိုတူသည်ပင် ဖြစ်စေဦး ၎င်းကို စပ်ယှက် သူသည် ရာဇသတ်ကြီး ပုဒ်မ ၃၇၆ အရ၊ မုဒိမ်း မှုကျူးလွန်ရာ ရောက်ခြင်း။

အယူခံ တရားလိုအား၊ မိန်းကလေး တဦးကို သွေးဆောင် ခေါ်ယူကာ မုဒိမ်းပြုကျင့်သည် ဟူသော စွဲချက်ဖြင့် စစ်ဆေးခဲ့သည်။

ဆုံးဖြတ်ချက်။ ။အမှုတွင် မိန်းကလေးက ကာမ စပ်ယှက်ခြင်းကို အလိုတူသည်ဟု မည်သို့မျှ အထောက် အထား မတွေ့ရခဲ့။ အလိုတူခဲ့သည်ပင် ဖြစ်စေဦး၊ မိန်းကလေးသည်၊ ၁၄ နှစ် ရွယ် မပြည့်သေးသဖြင့်၊ ၎င်းကို စပ်ယှက်သူသည် ရာဇသတ်ကြီး ပုဒ်မ ၃၇၆ အရ၊ **မုဒိမ်းမှု ကျူး** မလွန်ရာ ရောက်သည်။

အယူခံတရားလို၏အကျိုးဆောင်။ ။ဦးသို့ဝင်။

အယူခံတရားခံ၏အကျိုးဆောင်။ ။အစိုးရ တရားရုံးချုပ်ရှေ့နေ ဦးလှသင်း။

မောင်ထွန်းရွှင်သည် မတင်မြ ဆိုသူ မိန်းကလေးတဦးအား သွေးဆောင် ခေါ်ယူကာ မုဒိမ်းပြုကျင့်သည်ဟူသော စွဲချက်ကို သာယာဝတီခရိုင် အထူးရာဇဝတ်ရုံး အမှတ် ၅၅/၆၅ က စစ်ဆေးခဲ့သည်။ စွဲချက် ၂ ရပ်လုံး ထင်ရှားသည်ဟု ရုံးကယူဆ၍၊ ရာဇသတ်ကြီးပုဒ်မ ၃၆၃ အရ၊ ထောင်ဒဏ် ၃ နှစ်နှင့် ရာဇသတ်ကြီး ပုဒ်မ ၃၇၆ အရ၊ ထောင်ဒဏ် ၃ နှစ်၊ ပြစ်ဒဏ် ၂ ရပ်လုံးကို တပေါင်းတည်း ကျခံစေရန် အမိန့် ချမှတ်ခဲ့သည်။

---

* ၁၉၆၇ ခုနှစ်၊ ရာဇဝတ် အယူခံမှု အမှတ် ၂၇။

† သာယာဝတီခရိုင်၊ ၁၉၆၅ ခုနှစ်၊ အထူးရာဇဝတ်ရုံးအမှတ် ၅၅ ၏၊ ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁ တွင်၊ ၁၉၆၆ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့၌ ချမှတ်ပြီး၊ ၁၉၆၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် အတည်ပြု အဖွဲ့က အတည်ပြုသည့် အမိန့်ကို အယူခံမှု။

အတည်ပြုအဖွဲ့က မုဒိမ်းမှု ကျူးလွန်ခဲ့ကြောင်း ထင်ရှားရှိ၊ သွေးဆောင်ခေါ်ယူခြင်းကား မထင်ရှားဟု ဆုံးဖြတ်ကာ ရာဇသတ်ကြီး ပုဒ်မ ၃၆၃ အရ၊ ပြစ်မှု ထင်ရှားတွေ့ရှိထားခြင်းကို ပယ်ဖျက်ပြီးလျှင် ပုဒ်မ ၃၇၆ အရ၊ ပြစ်ဒဏ် သတ်မှတ်ထားခြင်းကို ပြန်လည်သုံးသပ် ပြင်ဆင်ရန် ညွှန်ကြားခဲ့သည်။ အထူးရာဇဝတ်ရုံးက ထိုသို့ ပြန်လည်သုံးသပ်ပြီးသျှင် ပြစ်ဒဏ်ကို ၆ နှစ်ထောင်ဒဏ်သို့ တိုးမြှင့်သတ်မှတ်ရာ အတည်ပြုအဖွဲ့က ထိုပြစ်ဒဏ်ကို အတည်ပြုခဲ့သည်။

စွဲဆိုချက်မှာ ၁၉၆၄ ခု၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့ ညနေပိုင်းတွင် မတင်မြသည် မိဘများမသိဘဲ၊ ဇီးကုန်းမြို့ နေအိမ်မှ ထွက်ခွါလာ၍၊ ဘုရားပွဲသို့သွားသည်။ အငြိမ့်ပွဲရုံအပြင်မှ ချောင်းကြည့်နေစဉ် မောင်ထွန်းရှင် လာရောက်ပြီး၊ နှင့်အမေ ခေါ်နေသည် ပြောကာ မတင်မြကို မီးရထား ဘူတာရုံဘက်သို့ ခေါ်ဆောင်သွားသည်။ ဘူဘာရုံအနား အိမ်တအိမ်သို့ ခေါ်သွားကာ၊ နောက်ဖေး မီးဖိုချောင်တွင် မတင်မြအား အလိုမတူပဲ ကျူးလွန်ခဲ့သည်။ ထိုနောက် မတင်မြကို ဒေါ်တင်တင်ဆိုသူ၏ အိမ်သို့ ခေါ်ဆောင်သွားကာ၊ ထိုအိမ်၌ ၁၉၆၄ ခု၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့အထိ တံခါးပိတ်ထားသည်။ ထိုနေ့နံနက်တွင် မောင်ထွန်းရှင်က မတင်မြကို လာခေါ်ပြီး၊ မမြကြည်ဆိုသူ၏အိမ်သို့ ပို့သည်။ မတင်မြ၏မိခင် ဒေါ်သေးသေးသည် ထိုအိမ်သို့ လာပြီး မတင်မြကို ခေါ်ဆောင်သွားသည်။

မတင်မြက မိခင်ဖြစ်သူနှင့် အဖွါးဖြစ်သူ ဒေါ်စိတ်ကောင်း ဆိုသူတို့အား မောင်ထွန်းရှင်က ၎င်းကို ကျူးလွန်ကြောင်း တိုင်းတန်းသည်။ ဒေါ်သေးသေးက မတင်မြကို ဇီးကုန်း ရဲစခန်းသို့ ခေါ်ဆောင်သွားပြီး၊ မတင်မြအား တိုင်ချက်ဖွင့်စေသည်။ ရဲက မတင်မြအား စစ်ဆေးရန် စီစဉ်ပေးသည်။ သူ၏ထမီကို ဓါတုဗေဒစစ်ဆေးရန် ပို့ပေးသည်။

မတင်မြကို ၁၉၆၄ ခု၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့က ဆေးစစ်ခဲ့ကြောင်း၊ ဒေါက်တာ တင်ဝင်းက မိန်းကလေး၏ အင်္ကျီဇာတ်ကွင်းခမ်းတွင် ဖူးရောင်သော ဒဏ်ရာများ တွေ့ပါသည်။ အင်္ကျီတွင်းသို့ ၄-၅ ရက်အတွင်းက သွတ်သွင်းထား၍ ရရှိသော ဒဏ်ရာများဖြစ်သည်ဟုယူဆပါသည်။ကလေးမအသက်မှာ ၁၂-၁၃ နှစ်အကြားရှိသည်ဟု ခန့်မှန်းပါသည် စသည်ဖြင့် ရုံးတွင် သက်သေခံခဲ့သည်။ ရုံးကမေးသဖြင့် ဒေါက်တာ တင်ဝင်းက ယောကျ်ား၏ အင်္ကျီ ၁ လက်မခန့် မိန်းကလေး၏ အင်္ကျီထဲသို့ သွတ်သွင်းလျှင် ထို့ဒဏ်ရာမျိုး ရနိုင်ပါသည်ဟု ဖြေကြားသည်။

၁၉၆၄ ခု၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် မောင်ထွန်းရှင်ကို ဒေါက်တာ တင်ဝင်းကပင် စစ်ဆေးခဲ့သည်။ မောင်ထွန်းရှင်က ၎င်းသည် ပန်းသေရောဂါရှိနေပါသည်ဟု

ပြောကြောင်း၊ ယခင်ဒဏ်ရာဟောင်းများကြောင့် ထိုသို့ဖြစ်နေကြောင်းကို မောင်ထွန်းရှင်က ပြောကြောင်း၊ အမာရွတ်များ ဆီးခုံဘွင် တွေ့ရကြောင်း၊ ပန်းသေရောဂါရှိ မရှိကို ရန်ကုန်ဆေးရုံကြီးမှ မှူခင်းဆိုင်ရာ ဆရာဝန်ကြီး ဒေါက်တာ မောင်မောင်တိတ် ထံ၌ ထင်မြင်ချက် ဘောင်းခဲ့ရာ သက်သေခံ "ဂ" ထင်မြင်ချက်ကို ရရှိကြောင်း စသည်ဖြင့် ဒေါက်တာ တင်ဝင်းက သက်သေခံခဲ့သည်။

ကျွန်ုပ်ဘို့ရှေ့ဘွင် အယူခံဘရားလို၏ တရားရုံးချုပ် ရှေနေ ဦးလှိုင်က လျှောက်လဲရာ၊ ဒေါ်သေးသေးသည် သမီးပျောက်ကြောင်း ရဲစခန်းတွင် ပဌမတိုင်ကြားပါသည်။ နောက်ပြန်တွေ့ပြီးသောအခါ၊ မုဒိမ်းမှု ကျူးလွန်ခြင်း ခံခဲ့ရကြောင်းကို တိုင်တန်းခြင်း မပြုပါ။ နောက်မှ တိုင်ချက်ဖွင့်စေပြီး၊ မုဒိမ်းမှု စွဲဆိုခဲ့ခြင်း ဖြစ်ပါသည်။ သက်သေခံလုံခြုံရေးကို ခါတုဗေဒဆေးစစ်ရာ၊ သုတ်ပိုးများ မတွေ့ရဟု အစီရင်ခံခဲ့ပါသည်။ ဒေါက်တာ တင်ဝင်းက မိန်းကလေး၏ အင်္ကျီစပ်မှာ၌ ကိုယ်ဘွင် ဒဏ်ရာဒဏ်ချက်များ မတွေ့ရပါဟု ဆိုပါသည်။ ထို့ကြောင့် မိန်းကလေးက ရုန်းခြင်းကန်ခြင်း ပြုသည့်အသွင် မရှိပါ။ ဒေါက်တာ မောင်မောင်တိတ်ကို ရုံးတွင် ခေါ်ယူ စစ်ဆေးခြင်း၊ ပြန်လည် မေးခွန်း ထုတ်ခဲ့ရခြင်း မရှိပါ၊ ထင်မြင်ချက်ကို စာဖြင့် ပေးခြင်းသာ ရှိပါသည်။ ထိုစာတွင် မောင်ထွန်းရှင်၏ လိင်သည် သာမန်ကဲ့သို့ သန်စွမ်းခြင်း မရှိကြောင်း ဖော်ပြထားပါသည်။ ထို့ကြောင့် မောင်ထွန်းရှင်သည် ပန်းသေရောဂါသည်တဦး ဖြစ်သည်ဟု အသူး ရာဇဝတ်ရုံးက မှတ်ယူသင့်ပါသည်ဟု လျှောက်လဲခဲ့သည်။

အစိုးရ တရားရုံးချုပ်ရှေနေ ဦးလှသင်းက အဓိကသက်သေသည် မတင်မြ ဖြစ်ပါသည်။ သူ့အပြောနှင့် သူကဘဆင့် သူ့မိခင်နှင့် အဖွါးတို့အား တိုင်တန်းချက်တို့ ရှိပါသည်။ မိန်းကလေးက အကြောင်းမဲ့ တိုင်တန်းရန် မရှိပါ၊ မောင်ထွန်းရှင်အပေါ် အာဃာတထား၍ မဘရားစွဲဆိုသည်ဟု မပေါ်လွင်ပါ စသည်ဖြင့် လျှောက်လဲခဲ့သည်။

သက်သေ အထောက်အထား အားလုံးကိုခွဲ၍၊ ကောင်းစွာ သုံးသပ်သောအခါ၊ စွပ်စွဲသည့်အတိုင်း မောင်ထွန်းရှင်က ကျူးလွန်ခဲ့သည်ဟု ယူဆရပေမည်။ မိန်းကလေးက ပဲ့စေ့ျးတန်းတွင် တွေ့၍၊ လိုလိုချင်ချင် လိုက်ပါသွားသောကြောင့် သွေးဆောင်ခေါ်ယူမှု မဖြစ်မြောက်ဟု အဘည်ပြုအဖွဲ့ကသည်း ဆုံးဖြတ်ပြီးဖြစ်သည်။ မိန်းကလေး၏ ထွက်ဆိုချက်၊ ဂုဏ်အား ဆေးစစ်ချက်ဘို့နှင့် ဂုဏ်က မိခင်နှင့် အဖွါးတို့နှင့် ပြန်လည် တွေ့ပြီးနောက် အချိန်မကြာမြင့်ပဲ တိုင်တန်းခြင်း စသည်တို့ကို ပေါင်းစပ် ကြည့်ရှုလျှင် အထောက်အထား ခိုင်လုံသည်ဟု ယူဆရမည်ဖြစ်သည်။

မောင်ထွန်းရှင်က ရုံးတွင် ခုခံထွက်ဆိုရာဘွင် ကလေးမကို သူမသိ၊ ၁၉၆၄ ခု၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင်မှ ဒေါ်မြကြည်ဆိုသူက ဂုဏ်အိမ်တွင် ကလေးမ

စာယောက် ရောက်နေကြောင်း၊ ကလေးမ၏မိခင် ဒေါ်သေးသေးအား ပြောပေးပါ ဆိုသဖြင့် ဒေါ်သေးသေးအား သွားရောက်ပြောခဲ့ကြောင်း ဆိုသည်များမှာ ယုတ္တိမရှိ၊ အထူးရာဇဝတ်ခုံးက လက်မခံခဲ့ခြင်းသည် မှန်ကန်သည်။

ဒေါက်တာ မောင်မောင်တိတ်၏စာ၊ သက်သေခံ "ဂ"တွင် မောင်ထွန်းရှင်သည် ပန်းသေရောဂါ ရှိနေသည်ဟု မဆိုနိုင်ကြောင်း ထင်မြင်ချက်ပေးပြီးလည်း ဖြစ်သည်။

ဤအမှုတွင် မိန်းကလေးက ကာမစပ်ယှက်ခြင်းကို အသိုတူသည်ဟုမည်သို့မျှအ ထောက်အထား မတွေ့ရချေ။ အသိုတူခဲ့သည်ပင် ဖြစ်စေဦး၊ မိန်းကလေးသည် ၁၄ နှစ်ရွယ်အပြည့်သေးသဖြင့် ၎င်းကိုစပ်ယှက်သူသည် ရာဇသတ်ကြီး ပုဒ်မ ၃၇၆ အရ၊ မုဒိမ်းမှုကျူးလွန်ရာ ရောက်သည်။

အထူး ရာဇဝတ်ခုံးက ပြစ်ဒဏ်ကို သတ်မှတ်ရာတွင် အမှုစစ်ဆေးနေသည့်အတွင်း၌ မောင်ထွန်းရှင်အား ကြာမြင့်စွာ ချုပ်နှောင်ထားခဲ့ရသည်ကို ထည့်သွင်းစဉ်းစား၍ သက်သက်သာသာ သတ်မှတ်ခဲ့ပြီး ဖြစ်သည်။ထို့ကြောင့် ကျွန်ုပ်တို့သည် ပြစ်ဒဏ်ကို လည်း ပြင်ဆင်ပေးရန် အကြောင်းမရှိ။

အထက်ပါ အကြောင်းတို့ကြောင့် အယူခံကို ပလပ်သိုက်သည်။

အထူးရာဇဝတ်ရုံး အယူခံအဖွဲ့

ရာဇဝတ်အယူခံမှု

ဗိုလ်မှူးကြီး လှဟန်၊ ဗိုလ်မှူးကြီး သန်းစိန် နှင့် ဒေါက်တာ မောင်မောင်တို့ ရှေ့တွင်

† ၁၉၆၇

စက်တင်ဘာလ ၂၉ ရက်။

မောင်ဖေ ပါ ၃ (အယူခံတရားလိုများ)

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ (အယူခံတရားခံ)*

ရာဇသတ်ကြီး ပုဒ်မ ၃၅၂၊ ၃၀၂ (၁) (ဂ)၊ ၁၀၉ အရ၊ ပြစ်မှု ထင်ရှား စီရင်ခြင်း—တာဝန် ထမ်းဆောင်ရင်းမှားယွင်း၍ ပစ်ခတ်သည်ဟု ထုချေခြင်း—လုပ်သင့်သည်ထက် လွန်စွာ ကျော်လွန်၍ပြုလုပ်ခြင်း—ရန်သူပစ္စည်း ဖြစ်သည်ဟု မှတ်ယူစေဦး အထက်အရာရှိထံ သတင်းပို့၍၊ အပ်နှံရမည် ဖြစ်ခြင်း—ကိုယ်တိုင် သုံးစွဲကြခြင်း၊ ထိမ်ဝှက် ထားခြင်းသည် ရာဇသတ်ကြီး ပုဒ်မ ၎၀၎ တွင် အကျုံးဝင်သော ပြစ်မှုမြောက် မမြောက်။

ပဌမ နှင့် ဒုတိယ အယူခံ တရားလိုတို့သည်၊ ခြေလျင် တပ်ရင်းတွင် တပ်သားများ အဖြစ် အမှု ထမ်းဆောင်ခဲ့ကြစဉ်၊ ရွာသား ၂ ဦးတို့ကို သေနတ်နှင့် ပစ်သတ်၍၊ သေသူတို့ထံမှ ငွေ ပစ္စည်းယူ ကြသည် ဟူသော စွဲချက်ဖြင့်၎င်း၊ တတိယ အယူခံ တရားလိုက ထိုသို့ ကျူးလွန်ခြင်းကို အားပေး ကူညီခဲ့သည်ဟူ၍၎င်း စွဲချက်ဖြင့် စစ်ဆေးခဲ့သည်။

ဆုံးဖြတ်ချက်။ ။သက်သေ ထွက်ချက်များအရ၊ အခင်းဖြစ်နယ်တွင် သောင်းကျန်းသူများ၏ လှုပ်ရှားမှု အနည်းငယ် ရှိသည်။ နေ့အခါတွင်၎င်း၊ ညအခါတွင်၎င်း သောင်းကျန်းသူ အချို့ ဖြတ် သန်းသွားလာကြသည်။ ထို့ကြောင့် လှမ်းဇခါ မေးမြန်းသော်လည်း မဖြေပဲ ထွက်ပြေးကြသော ကြောင့် ရဲဘော်နှစ်ဦးက ပစ်ခတ်သည်ဆိုသော ခုခံ ချေပချက်ကို ပယ်ရန် မမြင်ချေ။ သို့ရာတွင် အခင်းဖြစ်သော အချိန်မှာ နေ့ခင်း နေ့လည် ဖြစ်သည်။ ကိုက် ၁၅၀ လောက်သာ ကွာဝေးသော နေရာမှ လူ ၂ ယောက်ကို မြင်သည်ဟု ရဲဘော် နှစ်ဦးက ထွက်ဆိုကြသည်။ ထိုအကွာ အဝေးမှ ဆို လျှင် ကောင်းစွာ မြင်နိုင်၊ မေးမြန်းနိုင်သည်။ ထိုလူ ၂ ဦး ထွက်ပြေးကြစေဦး၊ လိုက်လံ ဘမ်းဆီး နိုင်သည်။ ခြောက်လှန့်သည့် သဘော သေနပ် ပစ်ဖေါက်နိုင်သည်။ ယခုမူ ထိုသို့ မပြုပဲ ၂ ဦးစလုံး ကို ဒဏ်ရာ မျှားစွာနှင့် နေရာတွင်ပင် သေဆုံးစေလောက်အောင် ပစ်ခတ်ကြခြင်း ဖြစ်သည်။ ထို့ ကြောင့် တာဝန် ထမ်းဆောင်ရင်း မှားယွင်း၍ ပစ်ခတ်သည်ဟု ရဲဘော် ၂ ဦးက ထုချေခြင်းကို

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ် အယူခံမှု အမှတ် ၉၂၊ ၉၃၊ ၉၄။

† ဗန်းမော်မြို့၊ ၁၉၆၅ ခုနှစ်၊ အထူးရာဇဝတ်ရုံး အမှတ် ၄၇ တွင်၊ ၁၉၆၅ ခုနှစ်၊ ရာဇသတ်ကြီးမှု အမှတ် ၃ တွင်၊ ၁၉၆၆ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့၌ ချမှတ်ပြီး၊ ၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက် နေ့တွင် အတည်ပြု အဖွဲ့က အတည်ပြုသည့် အမိန့်ကို အယူခံမှု။

လက်ခံနိုင်သော်လည်း ၎င်းတို့ လုပ်သင့်သည်ထက် လွန်စွာ ကျော်လွန်၍ ပြုလုပ်ခဲ့ကြခြင်း ဖြစ်သည်ဟု ယူဆရပေမည်။

ရဲဘော် ၂ ဦးသည် လက်စွပ် နှင့် ငွေများကို သေသူထံမှ ယူပြီးနောက် ကိုယ်တိုင် သုံးစွဲကြရန် ဝှက်ထားကြသည်။ ငွေအချို့ကိုလည်း သုံးစွဲပစ်ကြသည်။ ထိုသို့ ပြုလုပ်ခြင်းသည် စည်းကမ်းနှင့်လည်း မညီ၊ ဥပဒေနှင့်လည်း ဆန့်ကျင်သည်။ ရန်သူ့ပစ္စည်း ဖြစ်သည်ဟု မှတ်ယူစေဦး၊ အထက်အရာရှိထံ သတင်းပို့၍၊ အပ်နှံရမည်ဖြစ်သည်။ ဤကဲ့သို့ မပြုလုပ်ပဲ ကိုယ်တိုင် သုံးစွဲကြခြင်း၊ ထိမ်ဝှက်ထားကြခြင်းသည်၊ ရာဇသတ် ပုဒ်မ ၄၀၄ တွင် အကျုံးဝင်သော ပြစ်မှု မြောက်စေသည်။

အယူခံတရားလို၏အကျိုးဆောင်။ ။ဦးထွန်းညို။

အယူခံတရားခံ၏အကျိုးဆောင်။ ။အစိုးရတရားရုံးခုံပ်ရှေ့နေ ဦးလှသင်း။

အယူခံဘရားသို ဘမြင့်နှင့် မောင်မောင်တို့သည် တပ်မတော် အမှတ် ၅၀၊ ခြေလျင်တပ်ရင်းတွင် တပ်သားများအဖြစ် အမှုထမ်းဆောင်ခဲ့ ကြစဉ် ၁၉၆၅ ခု၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့၌၊ နောင်းလံရွာသား မာမိုက်ဘူးနှင့် ဖော်ယစ်လ ဆိုသူတို့ကို သေနပ်နှင့် ပစ်သတ်၍ သေသူဘို့ထံမှငွေ၊ ပစ္စည်းယူကြသည်ဟူသော စွဲချက်ကိုငင်း၊ သိန်းတော်ရွာနေ မောင်ဖေသည်၊ ထိုသို့ကျူးလွန်ခြင်းကို အားပေးကူညီခဲ့သည်ဟူသော စွဲချက်ကိုငင်း၊ ဗန်းမော်မြို့ အထူးရာဇဝတ်ရုံး အမှတ် ၄၇/၁၉၆၅ ကစစ်ဆေးကာ ပြစ်မှုထင်ရှားသည်ဟု တွေ့ရှိ၍ တရားခံ ၃ ဦးစလုံးအပေါ် သေဒဏ်အသီးသီး ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

၁၉၆၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့ ညနေတွင် နောင်းလံရွာသား ကချင်အမျိုးသား မာမိုက်ဘူးနှင့် ဖော်ယစ်လတို့သည် သိန်းတော်ရွာမှ လယ်ယာနှင့် လုပ်ငန်းသဖါယာအသင်းသို့ ငွေ ၅၀၀ သွားရောက်ထုတ်ယူကြသည်။ ထိုသို့ ထုတ်ယူစဉ်က သိန်းတော်ရွာသား မောင်ဖေသည် အနီးအနားကွင် ရှိနေခဲ့သည်ဆို၏။ မာမိုက်ဘူးနှင့် ဖော်ယစ်လတို့သည် ငွေထုတ်ပြီးနောက် မိမိတို့ရွာသို့ ပြန်ကြသည်။ လမ်းတွင် ပစ်သတ်ခြင်းခံရ၍ နောက်တနေ့ ညနေတွင် ရွာသားများက အလောင်းများကို ချုံအုပ်များထဲတွင် တွေ့ကြရသည်။ သိန်းတော်ရွာ ဘုန်းကြီးကျောင်းတွင် စခန်းချနေသော တပ်မတော် တပ်ခွဲခုံးသို့ သွားရောက်သတင်းပို့ကြရာ၊ တပ်ကြပ်ကြီး ဘိုကေ (လိုပြ-၂)က လိုက်သံစုံစမ်း၍၊ ဦးလွန်း (လိုပြ-၇) ကဝင်းသည်၊ လွန်ခဲ့သောနေ့ မွန်းလွဲပိုင်းက သိန်းတော်နှင့် နောင်းလံရွာများအကြား ချောင်းထဲတွင် မောင်ဖေနှင့် ရဲဘော်ဘယောက် ရေချိုးနေကြ၍ အခြားရဲဘော်တယောက်က ကုန်းပေါ်တွင် ထိုင်နေသည်ကို မြင်ခဲ့ရကြောင်း သဘင်းပေးသည်။ ရဲဘော်များက သေနပ်များကို ထောင်ထားကြသည်ဟု ဦးလွန်းကပြောသည်။ ထိုသတင်း သဲလွန်စနှင့် ဘမြင့်က

၁၉၆၇

မောင်ဖေ ပါ ၃ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

၂၀ ရာစုတန်ဒေ စက္ကူ ၁ ချပ်ကိုင်ကာ ရွာထဲ စျေးဝယ်ကြောင်း ကြားရသည်တို့ကို ပေါင်းစပ်ပြီးလျှင်၊ တပ်ကြပ်ကြီး ဘိုကေက၊ ဘမြင့်နှင့် မောင်မောင်တို့ကို မသက်ဘ ဖြစ်လာသည်။ ထို့ကြောင့် ဘိုကေသည်၊ ထိုရဲဘော် ၂ ဦး အပါအဝင် အခြားရဲဘော်များကို ရွှေတန်းရုံးသို့ ရိက္ခာထုတ်ရန်ဟု အကြောင်းပြပြီး ၁၉၆၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ခေါ်သွားသည်၊ ရုံးသို့ရောက်သောအခါ ဗိုလ်ညွှန့်မောင် (လုံပြ-၅)ထံ အစီရင်ခံ၍ ရဲဘော်များ၏ လက်နက်ကိုသိမ်းယူသည်။ ထိုနောက် ဘမြင့်နှင့် မောင်မောင်တို့ကိုရှာဖွေရာ ၎င်းဘမြင့်၏ အတွင်းခံ ဘောင်းဘီထဲမှ ငွေ ၃၆၀ ရသည်။ မောင်မောင်က မောင်ဖေအား ငွေ ၁၉၀ ပေးလိုက်ကြောင်း ပြောဆိုသဖြင့် မောင်ဖေကိုလည်း သွားရောက်ဘမ်းဆီးကြသည်။ မောင်ဖေ၏ဇနီးက အိမ်မှ ဆန်အိတ် တွင်းကငွေ ၁၉၀ ထုတ်ပေးသည်။ မောင်ဖေပြောသဖြင့် တပ်သား မောင်မောင်ထံတွင် လက်စွပ်တကွင်း ရှိသေးကြောင်း သိရ၍၊ ဓမ်းမြန်းရာ မောင်မောင်ကစစ်ဘိနပ် တွင်းမှ လက်စွပ်ကို ထုတ်ပေးသည်။ မောင်မောင်နှင့် ဘမြင့်တို့အား တပ်မတော်ဂုဏ် မည်ူးစေရအောင် မှန်သည့်အတိုင်း ထုတ်ဖော်ပြောဆိုရန် ဗိုလ်ညွှန့်မောင်က ဖြောင်းဖျ ပြောဆိုရာတွင်၊ ၎င်းတို့က လူ ၂ ယောက်ကိုပစ်သတ်ခဲ့ကြောင်းနှင့် ပစ္စည်းများ ယူခဲ့ကြောင်းကို ဝန်ခံကြသည်ဟု ဗိုလ်ညွှန့်မောင်က ထွက်ဆိုသည်။ မောင်ဖေသည် တရားသူကြီးရှေ့သို့ သွားရောက်ကာ ဖြောင့်ချက်ပေးသည်။

ဘမြင့် နှင့် မောင်မောင်တို့က အထူးရာဇဝတ်ရုံးရှေ့တွင် ၎င်းတို့က လူ ၂ ယောက်ကို ပစ်သတ်သေဆုံးစေခဲ့သည်ကို ငြင်းကွယ်ခြင်းမပြု၊ အခင်းဖြစ်နေ့က ၎င်းတို့သည်ကင်းလှည့်ရင်း၊ တောလိုက်ရင်း၊ မောင်ဖေကိုခေါ်၍ တောဘက်သို့သွားရောက်ကြောင်း၊ လူ ၂ ယောက်ကို ခပ်လှမ်းလှမ်းက မြင်ရာ၊ သောင်းကျန်းသူမှတ်၍ လှမ်းခေါ်မေးမြန်းပါသည်။ ထိုလူ ၂ ယောက်က ထွက်ပြေးကြသဖြင့်၊ သေနပ်နှင့် ပစ်ခတ်ပါသည်၊ လဲကျသေဆုံးနေသူများကို ရှာဖွေကြည့်ရာ၊ လက်စွပ်နှင့် ငွေများ တွေ့ရပါသည်၊ ရန်သူ့ပစ္စည်းများဖြစ်သည်ဟုမှတ်ယူ၍၊ထိုပစ္စည်းများကိုသိမ်းယူခဲ့ပါသည်။ တပ်ရောက်လျှင် စခန်းမှူးအား သတင်းပို့မည်ဟု ရည်ရွယ်ခဲ့သော်လည်း၊ စခန်းမှူး မရှိသဖြင့် သတင်းမပို့တော့ပါ၊ နောက်နေ့တွင် တပ်စိပ်တစိပ် ရိက္ခာ ထုတ်ရန်၊ မြို့သစ်သို့သွားပါသည်၊ မသွားမီ မောင်ဖေအား ငွေ ၁၉၀ ပေးပါသည်၊ ရန်သူ့ပစ္စည်း ဖြစ်၍ မင်းလဲသုံးထိုက်သည်ဟု ပြော၍ မောင်ဖေကို ပေးပါသည်။ ဗိုလ်ညွှန့်မောင်က မြို့သစ်တွင် မေးမြန်းသောအခါ ရန်သူ့ထံမှ ရခဲ့သော ပစ္စည်းများဖြစ်သည့် ငွေအားလုံးကိုအပ်လိုက်ပါသည်။ ဗိုလ်ညွှန့်မောင်က ၎င်းတို့အား အချုပ်ထဲ ထည့်လိုက်ပါသည်ဟုတပ်သား ၂ ဦးက ထွက်ဆိုကြသည်။

မောင်ဖေကလည်း "ထိုသို့ပင် ထွက်ဆိုသည်၊ ဖြောင့်ချက်ပေးခဲ့ရသည်မှာ နှိပ်စက်ညှဉ်းပန်း၍ ကြောက်သောကြောင့် ဖြစ်ပါသည်၊ ရဲဘော် ၂ ဦးက ခေါ်သဖြင့်လိုက်ပါသွားရခြင်းသာ ဖြစ်ပါသည်ဟု ခုခံထွက်ဆိုခဲ့သည်။

တရားလို သက်သေများအပေါ် သေဒဏ် ပေးထားသဖြင့် ၎င်းတို့က ရှေ့နေမဂျီးရမ်းနိုင်သောကြောင့်၊ ကျွန်ုပ်တို့က အစိုးရစရိတ်ဖြင့် ရှေ့နေကြီးတဦး ငှါးရမ်းပေးစေခဲ့သည်။ လိုက်ပါဆောင်ရွက်သော တရားရုံးချုပ် ရှေ့နေ ဦးထွန်းညိုမောင်က မောင်မောင်နှင့် ဘမြင့်တို့ ရုံးတွင် ထွက်ဆိုခဲ့ကြသည့်အတိုင်း တောထဲ၌ လှမ်းခေါ်၍ မရသောကြောင့်၊ သောင်းကျန်းသူများ ဖြစ်သည် အထင်နှင့် ဂျူ ၂ ယောက်ကိုပစ်ခတ်ခဲ့ခြင်းဖြစ်သည်ဟု လက်ခံသင့်ပါသည်၊ သေသူတို့ထံမှ ပစ္စည်း ယူခြင်းကိုလည်း၊ ယင်းတရားလို နှစ်ဦးက ဝန်ခံကြပါသည်၊ သေသူထံမှ ပစ္စည်းယူခြင်းအတွက် ရာဇသတ်ကြီးပုဒ်မ ၄၀၄ အရပြစ်မှု ဖြစ်နိုင်ပါသည်။ သို့ရာတွင် ထိုပြစ်မှုအရ စွဲချက်တင်သော်လည်း၊ အထူးရာဇဝတ်ရုံးက စဉ်းစား ဆုံးဖြတ်ခဲ့ခြင်း မပြုခဲ့ပါ၊ ရာဇသတ်ကြီးပုဒ်မ ၃၉၂ ကိုမူ စွဲချက်မတင်ဘဲ၊ ပြစ်မှုထင်ရှားတွေ့ရှိသောအခါ၊ ထိုရာဇသတ်ကြီးပုဒ်မ၃၀၂ (ခ)(ဂ) တို့ကိုပူးတွဲ၍ မောင်မောင်နှင့် ဘမြင့်တို့အပေါ် အပြစ်ပေးခဲ့ပါသည်။ မောင်ဖေကိုမူ ထိုသို့တွဲထားသော ပုဒ်မများအပြင် အားပေး ကူညီမှုဖြင့် ပုဒ်မ ၁၀၉ ပါ ထပ်မံပူးတွဲ၍ အပြစ်ပေးခဲ့ပါသည်။ ဗိုလ်ညွန့်မောင်ထံတွင် ရဲဘော်များက ဝန်ခံခဲ့သည်ဆိုသည့် စကားများသည် သက်သေခံ မဝင်ပါ၊ ဩဇာအာဏာရှိသူ တဦးရှေ့တွင် ပြောဆိုခဲ့ခြင်းမျှသာဖြစ်ပါသည်၊ တပ်ကြပ်ကြီး ဘိုကေထံတွင် ပြောဆိုခဲ့ကြသည်ဆိုသည့် စကားများကိုလည်း ထည့်သွင်းစဉ်းစားခြင်း မပြုသင့်ပါ၊ မောင်ဖေ၏ ဖြောင့်ဆိုချက်ဆိုသည်မှာလည်း၊ တရားဝင်ဖြောင့်ချက် မဟုတ်ပါ၊ သူကိုယ်တိုင် ပြစ်မှု ကျူးလွန်ရာတင်ပါဝင်သည်ဟု မထွက်ဆို၊ ကိုယ်သွတ်ရုန်းသော စကားများသာ ဖြစ်ပါသည်၊ ဥပဒေအရ ဖြောင့်ချက်မမည်ပါ။ အခင်းဖြစ်ပွါးရာသော နယ်ပယ်တွင် သောင်းကျန်းသမျှား လှုပ်ရှားကြသည်ဟု သက်သေရှိသည်။ ထို့ကြောင့် ရဲဘော် နှစ်ဦးက သောင်းကျန်းသူများ ဖြစ်သည် အထင်နှင့် ပစ်ခတ်ခဲ့ခြင်းသည် လူသတ်မှု မမြောက်ပါစသည်ဖြင့် ဦးထွန်းညိုကလျှောက်လဲသည်။

အစိုးရတရားရုံးချုပ် ရှေ့နေ ဦးလှသင်းက၊ မောင်မောင်ထံမှ လက်နှပ်ရခြင်း၊ ဘမြင့်ထံမှ ဒဏ္ဍာရီခြင်း၊ မောင်ဖေထံမှ ဒဏ္ဍာရီခြင်းတို့သည် ထင်ရှားသော အချက်အျားဖြစ်ပါသည်။ ဒဏ္ဍာရီ၊ ပစ္စည်းများကို ရှာဖွေမှု ထုတ်ပေးကြခြင်းဖြစ်ပါသည်။ သူတို့ကိုယ်တိုင် သွားရောက်၍ အပ်နှံကြခြင်း မဟုတ်ပါ။ မောင်မောင်နှင့် ဘမြင့်တို့က တပ်စခန်းတွင် အထက်အရာရှိများအား သတင်းပို့ခြင်းလည်း မပြုခဲ့ပါ၊ ဗိုလ်ညွန့်မောင်က မေးမြန်းရာတွင် အမှန်ကို ထုတ်ဖော်ပြောလျှင် အပြစ်ကင်းမည်

မောင်ဖေ ပါ ၃ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

စသည်ဖြင့်၊ အပေးအယူ ပြုလုပ်ခြင်း မပါပါ။ တပ်မတော်ဂုဏ် မည်သို့အောင် မှန်ရာကို ထွက်ဆိုပါဟုသာ ပြောခြင်းဖြစ်ပါသည်။ ထိုသို့ပြောဆိုခြင်းသည် သြဇာသုံးစွဲခြင်း၊ သို့တည်းမဟုတ် အပေးအယူ ပြုလုပ်ခြင်း မမြောက်ပါ။ မောင်မောင်နှင့် ဘမြင့်တို့က ပစ်ခတ်သဖြင့် လူ ၂ ယောက် သေဆုံးခဲ့ရကြောင်း ထင်ရှားပါသည်။ သို့ရာဘင် ပြဿနာမှာ ပစ်ခတ်၍၊ ထိုလူ ၂ ယောက်သေဆုံးပြီးမှ၊ ၎င်းတို့ကိုယ်ပေါ်တွင် တွေ့ရသော ဒဏ်နှင့်လက်စွပ်ကို ယူကြသလား၊ သို့မဟုတ် လုယူရန်လမ်းမှ စောင့်၍ ချောင်းမြောင်း ပစ်ခတ်ကာ၊ ပစ္စည်းများကို ယူကြသလားဟူ၍ ဖြစ်ပါသည်၊ ပစ်ခတ်ရာဘင် သောင်းကျန်းသူထင်၍ မှားယွင်း ပစ်ခတ်ခဲ့မိပြီးနောက်မှ သေသူထံမှ ပစ္စည်းများကို ယူကြခြင်းဖြစ်လျင်၊ ၎င်းအပေါ် ပေးထားသော ပုဒ်မများဘင် အကျုံးမဝင်ပါ။ ရာဇသတ်ကြီးပုဒ်မ ၃၀၇ နှင့် ၄၀၇ တို့အရ၊ အပြစ်ပေးသင့်ပါသည်။အကယ်၍ လုယူမည်ဟု ကြိုတင်ကြံစည်၍ လမ်းမှခြောင်းမြောင်း ပစ်ခတ်ခြင်း၊ ပစ္စည်းယူခြင်း ဖြစ်လျင်၊ ၎င်းတို့အပေါ် ပေးထားသည့်အတိုင်း မှန်ကန်ပါသည်။ ထိုသို့လုယူရန် ကြိုတင်ကြံစည်၍ ခြောင်းမြောင်းပစ်သတ်ကြသည်ဟူ၍ ဆုံးဖြတ်ရန် အထောက်အထားများ ကြေနပ်လောက်စွာ ပြည့်စုံသည်ဟုကား မဆိုနိုင်ပါ။ မောင်ဖေနှင့် ပတ်သက်၍မူ၊ ၎င်းသည် ပစ်ခတ်သတ်ဖြတ်ရာဘင် မပါဝင်ကြောင်း ထင်ရှားပါသည်။ ထိုကြောင့် ၎င်းသည် ရာဇသတ်ကြီး ပုဒ်မ ၄၀၇ အရသာ ပြစ်မှုကိုကျူးလွန်ခဲ့သည်ဟု ယူဆသင့်ပါသည်ဟု ဦးလှသင်းက တင်ပြသည်။

မောင်ဖေသည်၊ မာမိုက်ဘူးနှင့် ဖေါ်ယစ်လတို့ လ-လ-သ-သ မှ ငွေများထုတ်လာသည်ကိုသိသည်ဟု ဦးထွန်းရင် (လို့ပြ-၁) က ထွက်ဆိုသည်။ သို့ရာဘင် မောင်ဖေက ရုံးတွင်အစစ်ခံရာ၌၊ ဦးထွန်းရင်အိမ်တွင် ငွေထုတ်ပေးစဉ်က အနီးတွင် သူမရှိပါ။ ဦးထွန်းရင်က မဘရားထွက်ဆိုခြင်းသာ ဖြစ်ပါသည်ဟု ထွက်ဆိုခဲ့သည်။ ရဲဘော်ဘမြင့်ကလည်း ရုံးတွင် အစစ်ခံရာဘင်၊ မောင်ဖေက သေသူ ၂ ဦးသည် လ-လ-သ-သ ငွေများထုတ်ယူလာကြသော ကချင်အမျိုးသားများ ဖြစ်သည်ဟု မပြောပါဟုထွက်ဆိုသည်။ သေသူများသည် ကေ-အိုင်-အေ သောင်းကျန်းသူများ ဖြစ်သည်ဟုသာ မောင်ဖေက ပြောခဲ့ကြောင်း ဘမြင့်က ထွက်ဆိုသည်။

ဤအမှုကို မှန်ကန်မှုတစ်ခု ဆုံးဖြတ်နိုင်ရန်အတွက် အရေးကြီးသော ပြဿနာသည်၊ အယူခံတရားလိုတို့သည် သေသူများကို လုယက်ကြရန် ကြံရွယ်၍ ချောင်းမြောင်း ပစ်ခတ်ကြခြင်း ဖြစ်သလော၊ သို့မဟုတ်၊ မှားယွင်းပစ်ခတ်ပြီးမှ ငွေ၊ လက်စွပ်ကို ယူခဲ့ကြခြင်း ဖြစ်သလောပင် ဖြစ်သည်။ ပြဿနာကို ခွဲခြန်ဆရာဘင် သေဒဏ်အကျုံးဝင်နေသဖြင့်၊ လေးလေးနက်နက် စဉ်းစားရန်လိုသည်။ အထောက်အထားခိုင်ခိုင်မာမာ တွေ့ရှိမှသာ၊ လုယူရန် သတ်ဖြတ်ကြသည်ဟု ဆုံးဖြတ်သင့်ပေမည်။

၁၉၆၇ မောင်ဖေ ပါ ၃ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ဤအမှုတွင် မောင်ဖေက သေသူများး ငွေထုတသွားကြသည်ဟု သိသောကြောင့် ရဲဘော်များအား သွားရောက် လက်ထောက်ချသည်ဟု သံသယ ဖြစ်စေဘွယ်ရှိ သော်သည်း၊ ဦးထွန်းရင် တယောက်၏ ထွက်ချက်မှအပ၊ ထိုအချက်နှင့် ပတ်သက်၍ ကွင်းဆက်ပြတ်နေသည်။ ထိုကြောင့် ရဲဘော် ၂ ဦးတို့ ထွက်ဆိုကြသည့်အတိုင်း ကင်းသည့်ရင်း၊ တောလိုက်ရင်း သွားကြရာဘွင် မောင်ဖေလိုက်သွားပြီးနောက် အခင်းဖြစ်ပါးခဲ့ခြင်း ဖြစ်သည်ဟု ယူဆသင့်ပေသည်။

ဗိုလ်ညွှန့်မောင်နှင့် အခြား သက်သေထွက်ချက်များအရ၊ အခင်းဖြစ် နယ်တွင် သောင်းကျန်းသူများ၏ လှုပ်ရှားမှု အနည်းငယ်ရှိသည်၊ နေ့အခါဘွင်ငင်း၊ ညအခါတွင်ငင်း သောင်းကျန်းသူ အချို့ ဖြတ်သန်းသွားလာကြသည်။ ထိုကြောင့် လှမ်းခေါ်မေးမြန်းသော်သည်း၊ မဖြေပဲ ထွက်ပြေးကြသောကြောင့်၊ ရဲဘော် ၂ ဦးက ပစ်ခတ်သည်ဆိုသော ခုခံချေပချက်ကို ပယ်ရန်မမြင်ချေ၊ သို့ရာဘွင် အခင်းဖြစ်သောအခါနှိမ်မှာ နေ့ခင်းနေ့သည်ဖြစ်သည်။ ကိုက် ၁၅၀ လောက်သာ ကွာဝေးသော နေရာမှ လူ ၂ ယောက်ကို မြင်သည်ဟု ရဲဘော် ၂ ဦးက ထွက်ဆိုကြသည်။ ထိုအကွာအဝေးမှ ဆိုသျှင် ကောင်းစွာမြင်နိုင်၊ မေးမြန်းနိုင်သည်။ ထိုသူ ၂ ဦးကထွက်ပြေးကြစေဦး လိုက်လံဘမ်းဆီးနိုင်သည်။ ခြောက်လှန့်သည့်သဘော သေနပ်ပစ်ဖေါက်နိုင်သည်။ ယခုမူ ထိုသို့မပြုပဲ ၂ ဦးစလုံးကို ဒဏ်ရာများစွာနှင့် နေရာဘွင်ပင် သေဆုံးစေလောက်အောင် ပစ်ခတ်ကြခြင်း ဖြစ်သည်။ ထိုကြောင့် တာဝန်ထမ်းဆောင်ရင်း မှားယွင်း၍ ပစ်ခတ်သည်ဟု ရဲဘော် ၂ ဦးက ထုချေခြင်းကို လက်ခံနိုင်သော်သည်း၊ ၎င်းတို့ လုပ်သင့်သည်ထက် လွန်စွာကျော်လွန်၍ ပြုလုပ်ခဲ့ကြခြင်း ဖြစ်သည်ဟု ဆုံးဖြတ်ရပေမည်။ ထိုကြောင့် ပြစ်မှုကို ရာဇသတ်ကြီး ပုဒ်မ ၃၉၂၊ ၃၀၂ (၁) (ဂ) မှ၊ ရာဇသတ်ကြီး ပုဒ်မ ၃၀၄ သို့ ပြောင်းလဲ၍၊ ပြစ်ဒဏ်ကို တသက်တကျန်း ထောင်ဒဏ် အသီးသီးကျခံစေရန် သတ်မှတ်သည်။

ထိုသို့ပြောင်းလဲ သတ်မှတ်ရာဘွင် ကျန်ုပ်တို့သည် ဗိုလ်ညွှန့်မောင်နှင့် တပ်ကြပ်ကြီး ဘိုကေတို့က၊ ထိုရဲဘော် ၂ ဦးသည်၊ ယခင်က ပြစ်မှုများ ကျူးလွန်ကြဘူးခြင်း မရှိပါဟု ထွက်ဆိုခဲ့ကြသည်ကို ထည့်သွင်းစဉ်းစားပြီ ဖြစ်သည်။

ရဲဘော် ၂ ဦးသည် လက်စွပ်နှင့် ငွေများကို သေသူထံမှ ယူပြီးနောက် ကိုယ်တိုင် သုံးစွဲကြရန် ဝှက်ထားကြသည်။ ငွေအချို့ကိုလည်း သုံးစွဲပစ်ကြသည်။ ထိုသို့ပြုလုပ်ခြင်းသည် စည်းကမ်းနှင့်လည်းမညီ၊ ဥပဒေနှင့်လည်း ဆန့်ကျင်သည်၊ ရန်သူ့ပစ္စည်း ဖြစ်သည်မှာ်ယူစေဦး၊ အထက်အရာရှိထံ သတင်းပို့၍ အပ်နှံရမည် ဖြစ်သည်။ ဤကဲ့သို့ မပြုလုပ်ပဲ ကိုယ်ဘိုင်သုံးစွဲကြခြင်း၊ ထိမ်ဝှက်ထားကြခြင်းသည်၊ ရာဇသတ်ကြီး ပုဒ်မ ၄၀၄ တွင် အကျုံးဝင်သော ပြစ်မှုမြောက်စေသည်။ ထိုပြစ်မှုအတွက် ထောင်ဒဏ်

၁၉၆၇ မောင်ဖေ ပါ ၃ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

၁၀ နှစ်စီကို တသက်တာကျွန်း ထောင်ဒဏ်နှင့် တပေါင်းတည်း ကျခံကြစေရန် ကျွန်ုပ်တို့ဆုံးဖြတ်လိုက်သည်။

မောင်ဖေသည် ပစ်ခတ်ရာတွင် အားပေးကူညီသည်ဟု ထင်ထင်ရှားရှား သက်သေအထောက်အထား မရှိင်သုံ၊ ထိုကြောင့် ၎င်းအပေါ် ရာဇသတ်ကြီး ပုဒ်မ ၃၀၂ (၁)(ဂ)၊ ၃၉၂၊ ၁၀၉ အရ၊ ပြစ်မှုထင်ရှား စီရင်ထားခြင်းကို ပယ်ဖျက်လိုက်သည်။ သို့ရာတွင် မောင်ဖေသည်လည်း၊ သေသူထံမှ ငွေများယူရာတွင် ပါဝင်ခဲ့သည်မှာ ထင်ရှားသည်၊ ထို့ကြောင့် ၎င်းသည် ရာဇသတ်ကြီး ပုဒ်မ ၄၀၄ အရ ပြစ်မှုမြောက်သည်၊ ထိုပြစ်မှုအတွက် ထောင်ဒဏ် ၁၀ နှစ်ကျခံစေရမည်ဟု ကျွန်ုပ်တို့ ဆုံးဖြတ်သည်။

ရာဇသတ်ကြီး ပုဒ်မ ၄၀၄ ကိုစွဲချက်ပေါ်တွင် ဖေါ်ခဲ့ပြီးဖြစ်သည်။ သေဒဏ်သင့်စေသော ပြစ်မှုကြီးအရ၊ ပြစ်မှုထင်ရှား တွေ့ရှိထားသောကြောင့် အထူးရာဇဝတ်ရုံးက နောက်ဆုံးဟူ၍ ထိုပုဒ်မကို ဖေါ်ပြခြင်း မပြုခဲ့ဟန်တူသည်။ ရာဇသတ်ကြီး ပုဒ်မ ၄၀၄ အရ၊ အယူခံ တရားလိုများအပေါ် ပြစ်မှုထင်ရှားတွေ့ရှိထားခြင်းဖြင့်၊ ၎င်းတို့တွင် မည်သို့မျှ နစ်နာခြင်းမရှိ၊ ထိုစွဲချက်နှင့် ပတ်သက်၍ အထူးရာဇဝတ်ရုံးတွင် ကောင်းစွာ ထုချေနိုင်ခွင့် ရရှိခဲ့ပြီး ဖြစ်သည်။

အထူးရာဇဝတ်ရုံး အယူခံအဖွဲ့

ရာဇဝတ်အယူခံမှု

ဗိုလ်မှူးကြီး လှဟန်၊ ဗိုလ်မှူးချုပ် စိန်ဝင်း၊ ဗိုလ်မှူးကြီး သန်းစိန်နှင့်ဒေါက်တာ မောင်မောင်တို့ရှေ့တွင်

မောင်လှဦး ပါ ၄ (အယူခံတရားလိုများ)

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ (အယူခံတရားခံ)*

† ၁၉၆၇ စက်တင်ဘာလ ၆ ရက်။

ရာဇသတ်ကြီးပုဒ်မ ၃၇၆ အရ၊ မူပြစ်ထင်ရှား စီရင်ခြင်း—မိန်းကလေးတဦးက ၎င်းအား အဓမ္မ ကျူးလွန်ပါသည်ဟု စွဲဆိုကာမျှနှင့် စွပ်စွဲခံရသည် အပြစ်ရှိသည်ဟု မယုံကြည်ထိုက်—ပတ်ဝန်းကျင် အခြေအနေနှင့် အကြောင်းအချက် ကွင်းဆက်များကို သေချာစွာ လေ့လာရန် လိုခြင်း—မိန်းကလေး တဦးကို ခေါ်ဆောင်သွားကြ၍ တလည့်စီ ကျူးလွန်ကြခြင်းသည် အနိုင်အထက်ပြုကျင့်သော သဘောသက်ရောက်ခြင်း—အစွဲ အလိုတူကြည်ဖြူစွာ လက်ခံခဲ့သော မိန်းကလေး တဦးအား နောက်ပိုင်းတွင် အနိုင်အထက် ပြုကျင့်ကြသောကြောင့် မိန်းကလေးက လက်မခံနိုင်၊ ငြင်းဆန်လျက်နှင့် ဆက်လက်၍ သူ၏ကာမကို အဓမ္မပြုခြင်း—မုဒိန်းမှုမြောက် မမြောက်—ရာဇသတ်ကြီးပုဒ်မ ၃၇၅ က ပြဋ္ဌာန်းထားသည့် အင်္ဂါရပ်များ၊ ရှင်းလင်းချက်နှင့် ကင်းလွတ်ချက်များကို အဓိကထား၍ တမှုစီ၏ ဖြစ်ရပ်များနှင့် ပေါင်းစပ်၍ စဉ်းစား ဆုံးဖြတ်ရန်ဖြစ်ခြင်း—ပြစ်ဒဏ်လျော့ပေါ့ခြင်း။

အယူခံတရားလိုတို့သည် မိန်းကလေးတဦးကို မုဒိန်းကျင့်ကြသည်ဟူသော စွဲချက်ဖြင့် စစ်ဆေးခဲ့သည်။

ဆုံးဖြတ်ချက်။ ။မိန်းကလေးတဦးက ၎င်းအား အဓမ္မ ကျူးလွန်ပါသည်ဟု စွဲဆိုကာမျှနှင့် စွပ်စွဲခံရသူသည် အပြစ်ရှိသည်ဟု မယုံကြည်ထိုက်၊ ပတ်ဝန်းကျင် အခြေအနေနှင့် အကြောင်းအချက် ကွင်းဆက်များကို သေချာစွာ လေ့လာရန် လိုသည်။ ထိုသို့လေ့လာပြီးမှသာ ဖြစ်ရပ်အမှန်ကို မြင်နိုင်သည်ဟု မုဒိန်းမှုမျှားမှ ပေါက်ဖွားသော အယူခံမှုမျှားတွင် ဆုံးဖြတ်ခဲ့ကြသည်။ ဘဖက်တွင်လည်း မိန်းကလေးတဦး၏ အပြောသာ ရှိသည်ဆိုကာ ၎င်း၏စွဲချက်ကို ပေါ့ပေါ့လွယ်လွယ် သဘောထားရန်မဟုတ်ခေ။ ဤကဲ့သို့သော ပြစ်မှုမျိုးကို လူမြင်သူမြင် ကျူးလွန်ကြသည်မဟုတ်၊ ထို့ကြောင့် မိန်းကလေး၏အပြောနှင့် ၎င်းကိုယ်တိုင် အချင်းဖြစ်ပွါးပြီး အချိန်မလင့်ဘဲ တိုင်ကြားခြင်းရှိ မရှိ၊

---

* ၁၉၆၇ ခုနှစ်၊ ရာဇဝတ် အယူခံမှုအမှတ် ၁၊ ၂။

† ရန်ကုန်ခရိုင်၊ ၁၉၆၄ ခုနှစ်၊ အထူးရာဇဝတ်ရုံးအမှတ် ၆၈ ၏ ၁၉၆၄ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၃၁ တွင်၊ ၁၉၆၆ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့၌ ချမှတ်ပြီး၊ ၁၉၆၆ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် အတည်ပြုအဖွဲ့က အတည်ပြုသည့်အမိန့်ကို အယူခံမှု။

၁၉၆၇

မောင်လှဦး ပါ၀ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

၎င်းအား ဆေးစစ်ချက် စသည်ဖြင့် ဆီလျော်သော အချက်အလက်တို့ကို ပေါင်းစပ်၍ သေချာစွာ ချင့်ချိန်ဆုံးဖြတ်ရသည်။

မကျင်စိန်သည် စိတ်လေလွင့်၍ မိဘအုပ်ထိန်းမှု ရော့ရဲသော အခြေအနေတွင် ရှိခဲ့ဟန်တူသည်၊ ၎င်းသည် စျေးရောင်းရင်း ပတ်၀န်းကျင်၏ ဆွဲဆောင်ဖျက်ဆီးမှုကို ခံခဲ့ရဟန်တူသည်၊ အသက်အရွယ် အားဖြင့်လည်း ၎င်းသည်ငယ်သေးသည်၊ ဤကဲ့သို့သော မိန်းကလေးတဦးကို ခေါ်ဆောင်သွားကြ၍ တလှည့်စီ ကျူးလွန်ကြခြင်းသည် အနိုင်အထက်ပြုကျင့်သောသဘော သက်ရောက်သည်၊ မိန်း ကလေးက ဆန္ဒကျူးသဖြင့် လက်ခံသည်ဆိုလျှင် ထိုသို့လူအများ အကြိမ်ကြိမ် စပ်ယှက်ခြင်းသည် ရာဇ၀တ်မှုမမြောက်သော ပြုလုပ်ခြင်းမျှသာ ဖြစ်သည်ဟု ဆိုနိုင်ပေမည်၊ သို့ရာတွင် အစ၌ အလိုတူ ကြသည်ဖြူစွာ လက်ခံခဲ့သော မိန်းကလေးတဦးအား နောက်ပိုင်းတွင် အနိုင်အထက် ပြုကျင့်ကြသော ကြောင့် ထိုမိန်းကလေးက လက်မခံနိုင်၊ ငြင်းဆန်လျက်နှင့် ဆက်လက်၍ သူ၏ကာမကို အမြဲပြုခြင်း မှဒိန်းမှုမြောက်သည်ဟု ဆိုရပေမည်။ တကြိမ်တခါ အလိုတူကာမျှနှင့် အကြိမ်ကြိမ်အခါခါ အလိုတူ သည်ဟု မယူဆနိုင်ခေ့။ အလိုမတူ ငြင်းဆန်သည်၏ နောက်ပိုင်း၌ ကျူးလွန်ခြင်းသည် ပြစ်မှု ဖြစ်မြောက်သည်။

ပြည့်တန်ဆာအဖြစ် အသက်မွေးဝမ်းကျောင်း ပြုသူပင် ဖြစ်စေကာမူ အလိုမတူက သူ့ကို ကျူးလွန်လျှင် မုဒိန်းမှုပင်မြောက်သည်၊ အကျင့်တရား ပျက်ပြားသောသူ ဖြစ်စေကာမူ လည်း သူအလိုမတူဘဲသူ့ကို ကျူးလွန်လျှင် မုဒိန်းမှုမြောက်သည်။

အမှုတိုင်း အမှုတိုင်းတွင် အကြောင်းခြင်းရာတို့ကို ကောင်းစွာလေ့လာ၍ အလိုမတူ ငြင်းဆန် ခြင်းပြုလျက်နှင့် ကျူးလွန်ခြင်းလော၊ မိန်းကလေးက ကြောက်ရွံ့၍ လက်ခံရသလော စသော ရာဇသတ်ပုဒ်မ ၃၇၅ ကပြဋ္ဌာန်းထားသည့် အင်္ဂါရုပ်များ၊ ရှင်းလင်းချက်နှင့် ကင်းလွတ်ချက်များကို အဓိကသား၍ တမှုစီ၏ ဖြစ်ရပ်များနှင့် ပေါင်းစပ်၍ စဉ်းစားဆုံးဖြတ်ရန် ဖြစ်ပေသည်။

အယူခံ တရားလိုတို့သည် ငယ်ရွယ်သူများ ဖြစ်ကြ၍ ဘ၀သစ် ထူထောင်ကြရန် အခွင့်အလမ်း များကို ၎င်းတို့အား ဖွင့်ပေးရန် သင့်တော်သည်၊ ထို့ပြင် အစဉ်း၌ မိန်းကလေးကိုယ်တိုင် အလိုတူ လိုက်ပါသွားခြင်း၊ လက်ခံခြင်း ရှိနေသည်။ ထိုအချက်တို့ကို ထည့်သွင်းစဉ်းစားသောအခါ သတ်မှတ် ထားသည့် အပြစ်ဒဏ်တို့ကို လျော့ပေါ့ပေးသင့်သည်ဟု ယူဆသည်။

အယူခံ တရားလို၏ အကျိုးဆောင်။ ။၁၊ ၂ နှင့် ၃ တို့အတွက် ဦးခင်မောင်ကြီး၊ ၄ အတွက် ဦးမြင့်စိုး။

အယူခံ တရားခံ၏ အကျိုးဆောင်။ ။အစိုးရ တရားရုံးချုပ်ရှေ့နေ ဦးလှသင်း။

မောင်လှဦး၊ မောင်စိန်မောင်၊ မောင်အောင်ဆန်းနှင့် မောင်ကျော်ညွန့်တို့သည်၊ မကျင်စိန်ဆိုသူ မိန်းကလေးတဦးကို မုဒိန်း ကျင့်ကြသည်ဟူသော စွဲချက်ဖြင့်၊ ရန်ကုန် ခရိုင် အထူးရာဇ၀တ်ရုံး အမှတ် ၆၈/၆၄ က စစ်ဆေးခဲ့သည်။ ၎င်းတို့အနက်မှ မောင်အောင်ဆန်းနှင့် မောင်ကျော်ညွန့်တို့သည် မကျင်စိန်ကို ထိုသို့ကျူးလွန်ရန် ခေါ်ဆောင်သွားသည်ဟူသော စွဲချက်လည်း ရှိခဲ့သည်။

အထူးရာဇဝတ်ဌာနက စွဲဆိုချက်တို့သည် မှန်ကန်သည်ဟု ပွေ့ရှိ၍၊ တရားခံတို့အပေါ် မုဒိန်းကျင့်သူအတွက် ရာဇသတ်ပုဒ်မ ၃၇၆ အရ၊ ထောင်ဒဏ် ၁၅ နှစ်စီ၊ ထိုအမှုကို ကျူးလွန်ရန် ခေါ်ဆောင်သွားသူတို့ အတွက် ရာဇသတ်ပုဒ်မ ၃၆၆ အရ၊ ၁၀ နှစ်စီ ပြစ်ဒဏ်များကို တပေါင်းတည်း ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ အတည်ပြုအဖွဲ့က မူနှင့်ကျင့်မှု မြောက်ခဲ့သည်မှန်၏၊ သို့ရာတွင် ရာဇသတ်ပုဒ်မ ၃၆၆ ဖြစ်မြောက်ရန် အတွက် လိုအပ်သော အင်္ဂါရပ်များ မပြည့်စုံဟု ယူဆသောကြောင့် မောင်အောင်ဆန်းနှင့် မောင်ကျော်ညွန့်တို့အပေါ် ထိုပုဒ်မ ၃၆၆ အရ ချမှတ်ထားသော ပြစ်ဒဏ်တို့ကို ပယ်ဖျက်ခဲ့သည်။

အယူခံများကို လျှောက်လဲကြရာတွင် ရှေနေကြီး ဦးခင်မောင်ကြီးက မကျင်စိန်ကို သုံးဘီးနှင့် ခေါ်ဆောင်သွားသည်ဆိုသည့် အချိန်မှာ ညနေ ၅ နာရီခန့် ဖြစ်ပါသည်။ အချင်းဖြစ်ပွါးရာမှာလည်း သိမ်ကြီးစျေးအနီးဖြစ်၍ မကျင်စိန်က အလိုမတူဘဲ ခေါ်ဆောင်သွားရန် မဖြစ်နိုင်ပါ၊ လူသွားလူလာများလည်း ရှိပါသည်၊ အော်ဟစ်၍ အကူအညီ တောင်းခံနိုင်ပါသည်၊ ခေါ်ဆောင် သွားပြီးနောက် တနေရာတွင် ဝိုင်းငန်း၍၊ တဦးစီ မုဒိန်းကျင့်ကြသည်ဟူသော စွဲချက်သည်လည်း အထောက်အထား မခိုင်လုံပါ၊ မကျင်စိန် တဦးတည်း၏ စွဲဆိုချက်သာ ရှိပါသည်၊ အတည်ပြုအဖွဲ့က မကျင်စိန်အား အလိုမတူပဲ ခေါ်ဆောင်သွားသည်ဆိုသည့် အချက်တွင် မယုံကြည်သောကြောင့် ရာဇသတ်ပုဒ်မ ၃၆၆ အရ၊ အပြစ်ပေးထားခြင်းကို ပယ်ဖျက်ခဲ့ပြီးဖြစ်ရာ၊ မကျင်စိန်၏ စကားကို ဟထူးသတိထား၍ ချင့်ချိန်ရန်လိုပါသည်၊ အလိုမတူပဲ ပြုကျင့်ကြသည်ဆိုသည့် စွဲချက်ကို မယုံကြည်ထိုက်ပါ၊ ဆေးစစ်ချက်အရ၊ မကျင်စိန်၏ကိုယ်တွင် ရုန်းကန်ရသောကြောင့် ရသည့် ဒဏ်ရာများ မရှိကြောင်း ပေါ်လွင်ပါသည်၊ ထို့ကြောင့် မကျင်စိန်သည် အလိုတူ လိုက်ပါ၍ ပျော်ပါးခဲ့ခြင်း ဖြစ်ပါသည်။ အယူခံ တရားလို တို့သည် ငယ်ရွယ်သူများ ဖြစ်ကြ၍၊ ပျော်ရင်းပါးရင်း ဤကဲ့သို့ ဖြစ်ခဲ့ဟန်တူပါသည်၊ ယခုအခါ ဖမ်းဆီးချုပ်နှောင် ခံရသည်မှာ ၃ နှစ်ကြာမျှ ရှိခဲ့ပါပြီ၊ ထို့ကြောင့် ထိုအချက်များကို ထည့်သွင်းစဉ်းစား၍ ပြစ်မှု ထင်ရှားသည်ဟု ယူဆလျှင်လည်း လျှော့ပေါ့သတ်မှတ် ပေးသင့်ပါသည်ဟု ဦးခင်မောင်ကြီးက လျှောက်လဲသည်။

အဲယူခံတရားလို မောင်စိန်မောင်အတွက် လိုက်ပါဆောင်ရွက်သော ရှေနေကြီး ဦးမြင့်စိုးက အထူးရာဇဝတ်ရုံးရှေ့တွင် တရားခံတို့သည် ရိုးသားစွာ ထွက်ဆိုခဲ့ကြဟန် မတူပါ၊ အမှန်ကို မဖော်ပဲ၊ ငြင်းကွယ်ခြင်းဖြင့် ၎င်း၏အမှုမှာ ပို၍ဆိုးရွား သွားခဲ့ခြင်း ဖြစ်ပါသည်၊ အမှန်မှာ မိန်းကလေးအား ခေါ်၍ သဘောတူ ပျော်ပါးခဲ့ကြခြင်း ဖြစ်တန်ရာပါသည်၊ ထို့နောက် မိန်းကလေးသည် ပေးသောငွေနှင့် မကျေနပ်၍၊ မုဒိန်းမှု ဖြစ်အောင် တိုင်ကြားခဲ့ခြင်း ဖြစ်ပါလိမ့်မည်။ ၎င်း၏ အမှုသည်သည် စပ်ယှက်ရာတွင်

၁၉၆၇ မောင်လှဦး ပါ၄ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

ပါဝင်ကြောင်း ထင်ရှားပါသည်၊ သို့ရာတွင် ထိုသို့ပြုလုပ်ခြင်းသည် မိန်းကလေး၏ သဘောတူချက် ပါဝင်သဖြင့်၊ မုဒိန်းမှု မမြောက်ပါ။ မုဒိန်းမှုသာ ဖြစ်ခဲ့ပါလျှင် မကျင်စိန်သည် အချင်းဖြစ်ပွါးပြီးလျှင်ပြီးခြင်း တိုင်ကြားရမည် ဖြစ်ပါသည်၊ ယခုမူ အိမ်သို့ရောက်သောအခါ ငင်း၏မိခင်အား မတိုင်ကြား၊ ဦးလေးကိုသာ တိုင်ကြားသည်ဟု ဆိုသည့်အချက်မှာ ယုတ္တိမရှိပါ စသည်ဖြင့် လျှောက်လဲသည်။

အစိုးရ တရားရုံးချုပ် ခွေနေကြီး ဦးလှသင်းက၊ အမှုကို သုံးပိုင်းပိုင်း၍ စဉ်းစားရန် ဖြစ်ပါသည်။ ပဌမပိုင်းတွင် မကျင်စိန်ကို ခေါ်ဆောင်သွားခြင်းသည် ရာဇသတ်ပုဒ်မ ၃၆၆ တွင် အကျုံးဝင်သော ပြစ်မှု မမြောက်ပါ၊ ငင်းက၊ အလိုတူ လိုက်ပါသွားခြင်း ဖြစ်ဟန်တူပါသည်၊ ထို့ကြောင့်လည်း အတည်ပြုအဖဲ့က ထိုအပိုင်းတွင် ပြစ်မှုမမြောက်ဟု ဆုံးဖြတ်ခြင်းဖြစ်ပါသည်။ ဒုတိယပိုင်းတွင်မကျင်စိန်နှင့် စင်ယုက်ကြခြင်းနှင့်ပတ်သက်၍ ငင်းကအလိုတူ မတူ စဉ်းစားရန် ရှိပါသည်။ တတိယပိုင်းတွင် နဂိုက အလိုတူသော်လည်း၊ ဝိုင်းရှိအကြိမ်ကြိမ် ပြုကျင့်ခြင်းရှိ မရှိနှင့် ထိုသို့ပြုလုပ်သည်ကို မကျင်စိန်က ငြင်းဆန်လျှင် မုဒိန်းမှု မြောက် မမြောက် စဉ်းစားရန် ဖြစ်ပါသည်။ အကြောင်းအချက်များအရ၊ အစပိုင်း၌ အလိုတူ လက်ခံသော်လည်း နောက်ပိုင်းတွင် အနိုင်အထက် ပြုကျင့်သောကြောင့် မကျင်စိန်က သဘောမတူ ငြင်းဆန်ခဲ့ရာ ခြိမ်းချောက်၍ ကျူးလွန် ခဲ့ကြသည်ဟု တွေ့ရှိနိုင်ပါသည်ဟု တင်ပြသည်။

မိန်းကလေးတဦးက ငင်းအား အမှေ ကျူးလွန်ပါသည်ဟု စွဲဆိုကာမျှနှင့် စုပ်စွဲခံရသူသည် အပြစ်ရှိသည်ဟု မယုံကြည်ထိုက်၊ ပတ်ဝန်းကျင် အခြေအနေနှင့် အကြောင်းအချက် ကွင်းဆက်များကို သေချာစွာ လေ့လာရန်လိုသည်။ ထိုသို့ လေ့လာပြီးမှသာ ဖြစ်ရပ်အမှန်ကို မြင်နိုင်သည်ဟု ကျွန်ုပ်တို့သည် မုဒိန်းမှုမျှားမှ ပေါက်ဖွါးသော အယူခံမှုမျှားတွင် ဆုံးဖြတ်ခဲ့ကြသည်။ တဖက်တွင်လည်း မိန်းကလေးတဦး၏ အပြောသာရှိသည်ဆိုကာ ငင်း၏စွဲချက်ကို ပေါ့ပေါ့လွယ်လွယ် သဘောထားရန် မဟုတ်ချေ။ ဤကဲ့သို့သော ပြစ်မှုမျိုးကို လူမြင်သူမြင် ကျူးလွန်ကြသည်မဟုတ်၊ ထို့ကြောင့် မိန်းကလေး၏ အပြောနှင့် ငင်းကိုယ်တိုင် အချင်းဖြစ်ပွါးပြီး အချိန်မလင့်ပဲ တိုင်ကြားခြင်းရှိ မရှိ၊ ငင်းအား ဆေးစစ်ချက် စသည်ဖြင့် ဆီလျော်သော အချက်အလက်တို့ကို ပေါင်းစပ်၍ သေချာစွာ ချင့်ချိန် ဆုံးဖြတ်ရသည်။

ဤအမှုတွင် မကျင်စိန်သည် စိတ်လေလွင့်၍ မိဘအုပ်ထိန်းမှု ရော့ရဲသော အခြေအနေတွင် ရှိခဲ့ဟန်တူသည်၊ ငင်းသည် စျေးရောင်းရင်း ပတ်ဝန်းကျင်၏ ဆွဲဆောင်ဖျက်ဆီးမှုကို ခံခဲ့ရဟန်တူသည်။ အသက်အရွယ်အားဖြင့်လည်း ငင်းသည် ငယ်သေးသည်။ အထူးရာဇဝတ်ရုံးတွင် အစစ်ခံစဉ်က မကျင်စိန်သည် ငင်း၏အသက်ကို ၁၆ နှစ်ဟုဖေါ်ပြသည်။

၁၉၆၇ မောင်လှဦး ပါ၄ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

ဤကဲ့သို့သော မိန်းကလေးတဦးကို ခေါ်ဆောင်သွားကြ၍ တလည့်စီ ကျူးလွန်ခဲ့ကြခြင်းသည် အနိုင်အထက်ပြုကျင့်သော သဘော သက်ရောက်သည်။ မိန်းကလေးက ဆန္ဒကျူးသဖြင့် လက်ခံသည်ဆိုလျှင် ထိုသို့ လူအများ အကြိမ်ကြိမ် စပ်ယှက်ကြခြင်းသည် ရာဇဝတ်မှုမမြောက်သော ပြုလုပ်ခြင်းမျှသာ ဖြစ်သည်ဟု ဆိုနိုင်ပေမည်။ သို့ရာတွင် အစဉ် အလိုတူ ကြည်ဖြူစွာ လက်ခံခဲ့သော မိန်းကလေး တဦးအား နောက်ပိုင်းတွင် အနိုင်အထက် ပြုကျင့်ကြသောကြောင့် ထိုမိန်းကလေးက လက်မခံနိုင်၊ ငြင်းဆန်လျက်နှင့် ဆက်လက်၍ သူ၏ကာမကို အပေးပြုခြင်း မုဒိန်းမှု မြောက်သည်ဟု ဆိုရမည်။ တကြိမ်တခါ အလိုတူခါမျှနှင့် အကြိမ်ကြိမ် အခါအခါ အလိုတူသည်ဟု မယူဆနိုင်ချေ။ ဒီလိုမတူ ငြင်းဆန်သည်၏ နောက်ပိုင်း၌ ကျူးလွန်ခြင်းသည် ပြစ်မှုပြစ်မြောက်သည်။

ပြည့်တန်ဆာအဖြစ် အသက်မွေးဝမ်းကျောင်း ပြုလုပ်သူပင် ဖြစ်စေကာမူ အလိုမတူက သူ့ကိုကျူးလွန်လျှင် မုဒိန်းမှုပင်မြောက်သည်။ အကျင့်တရား ပျက်ပြားသော သူဖြစ်စေကာမူလည်း၊ သူအလိုမတူပဲ သူ့ကိုကျူးလွန်လျှင် မုဒိန်းမှုမြောက်သည်၊ ဤအချက်ကိုလည်း ကျွန်ုပ်တို့သည် မုဒိန်းမှုမျှားမှ ပေါက်ဖွားသော အယူခံမှုမျှားတွင် အလျဉ်းသင့်သလို မှတ်ချက်ပြုခဲ့ကြဘူးပြီ။

ဤအမှု၌ အယူခံတရားလို ၄ ဦစလုံးသည်၊ မကျင်စိန်က အလိုမတူ လက်မခံနိုင်ငြင်းဆန်ပြီးသည့် နောက်ပိုင်း၌၊ ခြိမ်းချောက်၍ အမေ့ပြုကျင့် ကျူးလွန်ခဲ့သည်ဟု ယုံကြည်နိုင်ဘွယ်ရှိသည်၊ ထို့ကြောင့် ၎င်းတို့သည် မုဒိန်းမှု ကျူးလွန်ခဲ့ကြသည်ဟု ကျွန်ုပ်တို့ ဆုံးဖြတ်ရပေမည်။ ထိုသို့ ဆုံးဖြတ်ခြင်းဖြင့် မုဒိန်းမှုမျှားတွင် တရားလိုဘက်မှ ခိုင်ခိုင်လုံလုံ သက်သေထူရန်လိုသည်ကို ကျွန်ုပ်တို့က လျော့ပေါ့၍ သတ်မှတ်ခြင်းမဟုတ်၊ အမှုတမှုနှင့်တမှု အကြောင်းခြင်းရာခြင်း တူညီနိုင်မည် မဟုတ်ချေ။ ထို့ကြောင့် အမှုတိုင်း အမှုတိုင်းတွင် အကြောင်းခြင်းရာတို့ကို ကောင်းစွာ လေ့လာ၍ အလိုမတူ ငြင်းဆန်ခြင်း ပြုလျက်နှင့် ကျူးလွန်ခြင်းလော၊ မိန်းကလေးက ကြောက်ရွံ့၍ လက်ံ ရုသလော စသော ရာဇသတ်ပုဒ်မ ၃၇၅ က ပြဋ္ဌာန်းထားသည့် အင်္ဂါရုပ်များ၊ ရှင်းလင်းချက်နှင့် ကင်းလွတ်ချက်များကို အဓိကထား၍ တမှုစီ၏ဖြစ်ရပ်များနှင့် ပေါင်းစပ်၍ စဉ်းစားဆုံးဖြတ်ရန် ဖြစ်ပေသည်။

ဤအမှုတွင် အယူခံတရားလိုသည် စွဲဆိုသည့်အတိုင်း မုဒိန်းမှု ကျူးလွန်သည်ဟု ကျွန်ုပ်တို့ ဆုံးဖြတ်သည်။ သို့ရာတွင် ၎င်းတို့သည် ငယ်ရွယ်သူများ ဖြစ်ကြ၍၊ ဘဝသစ်ထူထောင်ကြရန် အခွင့်အလမ်းများကို ၎င်းတို့အား ဖွင့်ပေးရန် သင့်တော်သည်၊ ထို့ပြင်

၁၉၆၇

မောင်လှဦး ပါ၄ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

အစဦး၌ မိန်းကလေးကိုယ်တိုင် အလိုတူ လိုက်ပါသွားခြင်း၊ လက်ခံခြင်း ရှိနေသည်။ ထိုအချက်တို့ကို ထည့်သွင်း စဉ်းစားသောအခါ သတ်မှတ်ထားသည့် ပြစ်ဒဏ်တို့ကို လျော့ပေါ့ ပေးသင့်သည်ဟု ကျွန်ုပ်တို့ ယူဆကြသောကြောင့် အယူခံတရားလို တဦးစီ အပေါ် သတ်မှတ်ထားသော ပြစ်ဒဏ်ကို ထောင်ဒဏ် ၁၅ နှစ်မှ ထောင်ဒဏ် ၅ နှစ်သို့ လျော့ပေါ့၍ သတ်မှတ်လိုက်သည်။

အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

ရာဇဝတ်အယူခံမှု

ဗိုလ်မှူးကြီး လှဟန်၊ ဗိုလ်မှူးချုပ် စိန်ဝင်း၊ ဗိုလ်မှူးကြီး သန်းစိန် နှင့် ဒေါက်တာ မောင်မောင်တို့ရှေ့တွင်

မောင်အောင်သန်း ပါဒ (အယူခံတရားလိုများ) † ၁၉၆၇

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ (အယူခံတရားခံ)* စက်တင်ဘာလ ၆ ရက်။

ရာဇသတ်ကြီးပုဒ်မ ၃၇၆ အရ၊မှု ပြစ်ထင်ရှား စီရင်ခြင်း——ကြောက်ရွံ့ရသည့် အခြေအနေကို အခွင့်အရေးယူ၍ ရဲ၏အာဏာကို သုံးစွဲကာ ရဲစခန်းပိုင်နက်အတွင်းသို့ အမျိုးသမီးများအား ခေါ်ဆောင်ခြင်း——ကျူးလွန်ခြင်း ခံရသူတို့က မအော်မဟစ် မရုန်းမကန်စေကာမျှနှင့် အလိုတူသည်ဟု ယူဆရမည် ဟုတ် မဟုတ်——ပြစ်ဒဏ်။

အယူခံ တရားလိုများသည် ကွန်မြူနစ် သောင်းကျန်းသူများ၏ ဇနီး ၃ ဦးကို ရဲစခန်းသို့ ခေါ်ယူ၍ မုဒိမ်းမှု ကျူးလွန်သည်ဟူသော စွဲချက်ဖြင့် စစ်ဆေးခဲ့သည်။

ဆုံးဖြတ်ချက်။ ။အမျိုးသမီး ၃ ဦးတို့ကို ရဲစခန်းသို့ ခေါ်ယူရာတွင် ပြည်သူ့ရဲ၏ အာဏာကို သုံးစွဲခဲ့ခြင်းဖြစ်သည်၊ ထိုအမျိုးသမီးများသည် သောင်းကျန်းသူတို့၏ ဇနီးများ ဖြစ်ကြ၍ ၎င်းတို့၏ ယောကျ်ားများအတွက်၎င်း၊ ၎င်းတို့ကိုယ်တိုင်အတွက်၎င်း ထိုအာဏာကို ကြောက်ရွံ့ကြရသည်။ ၎င်းတို့ကိုယ်တိုင်လည်း ရဲတပ်ဖွဲ့ စခန်းမှူး ဦးသိန်းဝင်း၏ အမိန့်အရ ရွာတွင်အကျယ်ချုပ်သဘော နေထိုင်ကြရသည်။ ထိုသို့ ကြောက်ရွံ့ရသည့်အခြေအနေကို အခွင့်အရေးယူ၍ ရဲ၏အာဏာကို သုံးစွဲကာ ရဲစခန်း ပိုင်နက်အတွင်းသို့ အမျိုးသမီးများအား ခေါ်ဆောင်ခဲ့ကြခြင်း ဖြစ်သည်။ ထိုအာဏာစက်အောက်တွင် ၎င်းတို့အား ဝိုင်းဝန်း၍ ကျူးလွန်ခဲ့ကြခြင်းဖြစ်သည်။ ထို့ကြောင့် ကျူးလွန်ခြင်း ခံရသူတို့က မအော်မဟစ်၊ မရုန်းမကန် စေကာမျှနှင့် ၎င်းတို့က အလိုတူသည်ဟု ယူဆရမည် မဟုတ်ခေါ်။ ရာဇသတ် ပုဒ်မ ၃၇၅ ၏ အဓိပ္ပါယ် ဖွင့်ဆိုရာတွင် မိန်းမ တဦးအား သေစေမည်ဟုသော်၎င်း၊ နာကျင်စေမည်ဟုသော်၎င်း ကြောက်ရွံ့အောင် ပြုသဖြင့် ခွင့်ပြုရခြင်းသည် အလိုတူခြင်းမမြောက်၊ အမှုတွင် ကျူးလွန်ခြင်း ခံရသူတို့သည် ရဲစခန်းသို့ ၎င်းတို့၏ ကလေးငယ်များနှင့် အတူ လိုက်ပါလာခဲ့ကြရသည်။ ထို့ကြောင့် ကြောက်ရွံ့ကြရသည်မှာ ၎င်းတို့အတွက်သာ မဟုတ်၊ ၎င်းတို့၏ ကလေးငယ်များ အတွက်လည်းဖြစ်သည်။

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၁၀၇၊ ၁၀၈၊ ၁၀၉၊ ၁၁၀၊ ၁၁၁၊ ၁၁၅။

† အောင်လံမြို့၊ သရက်ခရိုင်၊ ၁၉၆၆ ခုနှစ်၊ အထူးရာဇဝတ်ရုံးအမှတ် ၂၄ ၏ ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ကြီးမူအမှတ် ၁ တွင် ၁၉၆၆ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်နေ့၌ ချမှတ်ပြီး၊ ၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့တွင် အတည်ပြုအဖွဲ့က အတည်ပြုသည့်အမိန့်ကို အယူခံမှု။

၁၉၆၇

မောင်အောင်သန်း ပါ ၆ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ။

ပြည်သူတို့၏ အသက်အိုးအိမ်ကို စောင့်ရှောက်ရမည့် ပြည်သူ့ရဲတို့သည် ၎င်းတို့ ထိန်းသိမ်းထားသဖြင့် ၎င်းတို့အား ကြောက်လန့်နေရသည့် အမျိုးသမီးများအား ရက်စက်စွာ လူမဆန်သော ပြုကျင့်ကျူးလွန်ခြင်းမျိုးကို ကျူးလွန်ခဲ့ကြသည်ဟု တွေ့ရှိသောကြောင့် မှတ်သားလောက်သော ပြစ်ဒဏ်ကို သတ်မှတ်ခဲ့ခြင်း ဖြစ်သည်။

အယူခံ တရားလို၏ အကျိုးဆောင်။ ။၆ ဦးသိန်းဝင်း အတွက် ဦးမြင့်စိုး။

အယူခံ တရားခံ၏ အကျိုးဆောင်။ ။အစိုးရ တရားရုံးချုပ်ရှေ့နေ ဦးလှသင်း။

ဦးသိန်းဝင်းသည် အချင်းဖြစ်ချိန်က၊ သရက်ခရိုင်၊ အောင်လံမြို့၊ သမ္ဘူလရဲတပ်ဖွဲ့ စခန်းမှူး ဖြစ်ခဲ့သည်။ အောင်သန်းသည် ထိုစခန်းတွင် ဒု-တပ်ကြပ်ဖြစ်၍ လှရွှေ၊ ချစ်ရွှေ၊ ညီလေးနှင့် ခင်မောင်ဝင်းတို့သည် ထိုစခန်းတွင် အမှုထမ်းကြရသော ရဲတပ်သား များ ဖြစ်ကြသည်။ ဦးသိန်းဝင်းနှင့်တကွ ဖော်ပြပြီးသော ရဲတပ်ဖွဲ့ဝင်အယူခံ တရားလို များသည်၊ ၁၉၆၅ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့က ကွန်မြူနစ် သောင်းကျန်းသူများ၏ ဇနီးများ ဖြစ်ကြသော မသောင်းတင်၊ မစန်းရီ၊ မပျိုမိဆိုသူ ၃ ဦးကို၊ ၎င်းတို့အား ထိန်းသိမ်းစောင့်ရှောက်ထားရာဖြစ်သော သမ္ဘူလ ရွာသစ်မှ၊ ရဲစခန်းသို့ ခေါ်ယူစေ၍ စခန်း၌တလှည့်စီ ကျူးလွန်ကြသည်ဟူသော စွဲချက်ဖြင့် သရက်ခရိုင်၊ အထူးရာဇဝတ်ရုံး အမှတ် ၂၄/၁၉၆၆ က စစ်ဆေးခဲ့သည်။

ရုံးသို့ ထိုမုဒိမ်းမှုဖြင့် စွဲဆိုတင်ပို့ ခံရသူတို့သည်၊ ဦးသိန်းဝင်း အပါအဝင် ရဲတပ်ဖွဲ့ဝင် ၈ ဦးဖြစ်ခဲ့သည်။ အမှုကို စုံစမ်းစစ်ဆေး ပြီးသောအခါ၊ အထူးရာဇဝတ်ရုံးက ရဲဒု-တပ်ကြပ် အုန်းရှိန်နှင့် ရဲတပ်သားအုန်းရွှေတို့အပေါ် အထောက်အထားမခိုင်လုံဟုတွေ့ရှိကာ၊ ၎င်းတို့အား တရားသေ လွှတ်ခဲ့သည်။ ဦးသိန်းဝင်းသည်ကား အမျိုးသမီး ၃ ဦးစလုံးကို ကျူးလွန်ခဲ့သည်ဟု ရုံးကတွေ့ရှိ၍ ပြစ်မှု တရပ်စီအတွက် တသက်တကျွန်း ထောင်ဒဏ်၊ ပြစ်မှု သုံးရပ်စလုံး တပေါင်းတည်း ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ အောင်သန်းအပေါ် တွင်လည်း၊ ထိုသို့တွေ့ရှိ၍ ပြစ်ဒဏ် သတ်မှတ်ခဲ့သည်။ လှရွှေ၊ ညီလေးနှင့် ခင်မောင်ဝင်းတို့သည် တကြိမ်ကျစီ ကျူးလွန်ခဲ့သည်ဟု ရုံးကတွေ့ရှိ၍ ထောင်ဒဏ် ၁၀ နှစ်စီ ကျခံကြစေရန် အမိန့်ချမှတ်ခဲ့သည်။ ချစ်ရွှေသည်ကား အမျိုးသမီး ၂ ဦးကို ကျူးလွန်ခဲ့သည်ဟု တွေ့ရှိ၍၊ ထောင်ဒဏ် ၁၀ နှစ်စီ၊ ထိုပြစ်မှုနှစ်ရပ်အတွက် ကျခံစေရန်နှင့် ပြစ်ဒဏ်နှစ်ရပ်ကို တပေါင်းတည်း ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

ကျူးလွန်ခြင်း ခံရသည်ဆိုသော အမျိုးသမီးများသည် အချင်းဖြစ်ပွါးပြီးလျှင် ပြီးခြင်း တိုင်တန်းခြင်း မပြုခဲ့ကြချေ။ ထို့ကြောင့် ၎င်းတို့အား ဆေးစစ်ဆေးခြင်း မပြုနိုင်ခဲ့။ ၎င်းတို့၏ အဝတ်အစားများကို ဓါတုဗေဒ စစ်ဆေးရန်ပို့ခြင်း စသည်တို့ကို

မပြုလုပ်နိုင်ခဲ့ခြေ။ နောက်နေ့တွင် ရဲစခန်းသို့ ရောက်ရှိလာသော မသောင်းတင်၏ ယောကျ္ခမ ဦးထွန်းမှူး (လိုပြ-၅)အား မသောင်းတင်က တိုင်ကြားခြင်း၊ ဦးထွန်းမှူးက စခန်းမှ ရဲတပ်ကြပ် ထွန်းလွှေ (လိုပြ-၁၆)အား ပြောကြားခြင်း၊ သမ္ဘူလရွာမှာ နေသော လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မီတီဝင် ဦးချစ်မောင် (လိုပြ-၆)၊ မြေယာ ကော်မီတီ ဥက္ကဋ္ဌ ဦးဘိုးညီ (လိုပြ-၇) တို့ကို ထပ်မံတိုင်ကြားခြင်း စသည်တို့ရှိသည်။ ထိုသို့ တိုင်ကြားခဲ့ကြပြီးလျှင် ဦးထွန်းမှူးနှင့် မသောင်းတင်တို့သည် တုံးကြိုရွာ လ-အ-က ဥက္ကဋ္ဌ ဦးကျော်ဟန် (လိုပြ-၉)ကိုလည်း ထပ်မံတိုင်ကြားသည်။ ထိုရွာသို့ ရောက်ရှိလာသော တပ်မတော် ခြေလျင်တပ်ရင်းအမှာ် ၄၄ မှ ရဲဒု-တပ်ကြပ် မောင်လှကို သတင်းပေးကြပြန်ရာ၊ တပ်ခွဲမှူး၊ တပ်ရင်းမှူးတို့ထံ အဆင့်ဆင့် သတင်းပေးပို့ကြသည်။ တပ်ရင်းမှူး၏ တာဝန်ပေးချက်အရ၊ ဗိုလ်စိန်ရ (လိုပြ-၁) သည်၊ ကော်မီတီဖွဲ့၍ အမှုကို စုံစမ်းစစ်ဆေးကာ၊ ဗိုလ်စိန်ရ က (သက်သေခံ "က") စာဖြင့်၊ အမှုကို အရေးယူရန် အောင်လံမြို့၊ ပြည်ရဲသူ့တပ်ဖွဲ့ ဒု-ကြီးကြပ်ရေးမှူးထံ ၁၉၆၅ ခုနှစ်၊ သြဂုတ်လ ၂၄ ရက်နေ့တွင်အကြောင်းကြားခဲ့သည်။ ဤသို့ဖြင့် အမှုပေါ်ပေါက် လာခဲ့ခြင်းဖြစ်သည်။

မသောင်းတင်၊ မစန်းရီနှင့် မပျိုမိတို့က၊ သူတို့၏ ယောကျ်ားများသည် သောင်းကျန်းသူ ကွန်မြူနစ်များ ဖြစ်ကြကြောင်း၊ ယောကျ်ားများ တောခိုသွားပြီးနောက်၊ သူတို့သည်ရွာတွင် သားသမီးဆွေမျိုးများနှင့် ဆက်လက်နေထိုင်ခဲ့ကြကြောင်း၊ အချင်းမဖြစ်မီ ၁၀ ရက်လောက်က သမ္ဘူလရွာ စခန်းသို့ ဦးသိန်းဝင်းက ခေါ်ယူ စစ်ဆေးခဲ့ကြောင်း၊ ပြီးလျှင်ရွာသို့ပြန်၍ မလှတ်နိုင်၊ သမ္ဘူလရွာတွင် နေထိုင်ကြရမည်ဟုဆိုကာ ရွာတွင် အပ်နှံထားကြောင်း၊ အချင်းဖြစ်သည့်နေ့က၊ စခန်းသို့ အစစ်ခံရန် လာရောက်ရမည်ဟု ရဲတပ်ဖွဲ့ဝင် အုန်းရှိန်ကို စေလွှတ်၍ခေါ်ကြောင်း၊ ရဲစခန်းသို့ လိုက်သွား၍ နေဝင်ချိန်တွင် ရောက်ရှိကြောင်း၊ ဦးသိန်းဝင်းက ၎င်းတို့ ၃ ဦးကို ရဲစခန်းဝင်း အတွင်းရှိ ရိပ်သာတွင် နေစေပြီးလျှင် ညရောက်သောအခါ ဦးသိန်းဝင်းနှင့် အခြား ရဲသားများက ၎င်းတို့အား တဦးစီခေါ်ယူ ကျူးလွန်ကြကြောင်းတို့ကို အသေးစိတ်ဖော်ပြ ထွက်ဆိုခဲ့ကြသည်။ ထိုထွက်ချက်တို့ကို အထူးရာဇဝတ်ရုံးက စီရင်ချက်တွင် ကောင်းစွာသုံးသပ်ထားသည်ကို ကျွန်ုပ်တို့ တွေ့ရသည်။ ထိုစဉ်က မသောင်းတင်တွင် နို့စို့ကလေး ၁ ယောက်ပါသည်။ မပျိုမိတွင် နို့စို့အရွယ် သား ၁ ယောက်နှင့် ၆ နှစ်အရွယ် သမီး ၁ ယောက် ပါသည်။ မစန်းရီသည် ကိုယ်ဝန်နှင့် ဖြစ်သည်ဟု ထွက်ဆိုကြသည်။

ဦးသိန်းဝင်းနှင့် ကျူးလွန်ကြသည်ဆိုသော ရဲသားများကို တရားလိုတို့က မှတ်မိ၍ ညွှန်ပြနိုင်ကြသည်။ တဦး နှစ်ဦးကိုမူ ကောင်းစွာ မမှတ်မိတော့ဟု ဆိုကြသည်၊ ၎င်းတို့က အသေအချာ မှတ်မိသည် ဆိုသူတို့ကိုသာ အထူးရာဇဝတ်ရုံးက ပြစ်မှုထင်ရှားတွေ့ရှိခဲ့လေသည်။ ရဲဒု-တပ်ကြပ် မောင်လှ (လိုပြ-၁၂)က၊ အချင်းဖြစ်သည့်နေ့က

၁၉၆၇

မောင်အောင်သန်း ပါ ၆ နှင့် ပြည်ထောင်စု ပြန်မာနိုင်ငံ။

ငင်းသည် ရဲစခန်းတွင် တာဝန် ထမ်းဆောင်လျက်ရှိကြောင်း၊ ညနေ ၆ နာရီလောက တွင် မသောင်းတင်၊ မစန်းရီ၊ မပျိုမိတို့ ရဲရိပ်သာတွင် တွေ့ရကြောင်း၊ နောက်တနေ့ နံနက်တွင် ဦးသိန်းဝင်းနှင့် ရဲသားများက ထိုအမျိုးသမီး ၃ ဦးကို ကျူးလွန်ကြကြောင်း စခန်းမှ လူအများထံမှ ကြားရ၍၊ တပ်ကြပ် ထွန်းရွှေထံသွားရောက် သတင်းပို့ကြောင်း၊ (သက်သေခံအမှတ် "ဂ") စာရွက်တွင်လည်း ကြားရသည့် အချက်အလက်များကို ရေးမှတ်ထားခဲ့သည့် စာသည်များကို ထွက်ဆိုလေသည်။ သက်သေခံအမှတ် "ဂ" ဖြင့် ဦးသိန်းဝင်း၊ တပ်သား ချစ်ရွှေ၊ ခင်မောင်ဝင်း၊ လှရွှေ၊ ညီလေး၊ အုန်းရှိန်၊ အုန်းရွှေ၊ ဒု-တပ်ကြပ် မောင်အောင်သန်းတို့ အားလုံး ပါဝင်ကြသည်ဟု မောင်လှက ရေးမှတ် ခဲ့သည်။

ရဲဘက်ကြပ် ထွန်းရွှေ(လိုပြ-၁၆)က၊ ၁၉၆၅ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့ နံနက်တွင် မသောင်းဘင်၊ မစန်းရီနှင့် မပျိုမိတို့ကို ရဲရိပ်သာတွင် တွေ့ရကြောင်း၊ မသောင်းတင်က "ကျွန်မတို့ကြောက်လို့ ဒီမှာ မအိပ်ဝံ့တော့ဘူး" ဟုပြောကြောင်း၊ ငင်းက "ကင်း သမားများ ရှိသားပဲ ဘာကြောက်စရာ ရှိသလဲ" ဟုပြောကာ၊ မအိပ်ရဲရင် ငင်းအိမ် အနီး အခန်းလွတ်ဘာဉာဉ် အိပ်နိုင်ကြောင်း ပြောခဲ့သည်ဟု ထွက်ဆိုသည်။ မသောင်းတင် တို့ ၃ ဦးနှင့် ကလေးများသည် နံနက် ၉ နာရီခွဲလောက်တွင် ငင်းညွှန်ပြသော အခန်း လွတ်သို့ ပြောင်းရွှေ့ လာကြသည်ဟုလည်း တပ်ကြပ် ထွန်းရွှေက ထွက်ဆိုသည်။ ရဲဒု-တပ်ကြပ် မောင်လှ လာရောက်ပြီး၊ "ညက စခန်းမှူးနှင့် ရဲသား ၄၊ ၅ ယောက် သောင်းကျန်းသူများ၏ မိန်းမ ၃ ယောက်ကို မုဒိမ်းကျင့်တယ်၊ ခင်ဗျား သိသလား"ဟု မေးရာ၊ ငင်းက မသိကြောင်း ဖြေကြားပြီးလျှင် ဦးသိန်းဝင်းထံ သွားမေးကြောင်း၊ ဦးသိန်းဝင်းက မဟုတ်ကြောင်း ပြန်ပြောပါသည်ဟု ထွန်းရွှေကခုံးတွင် ထွက်ဆိုခဲ့သည်။

ရဲသား မောင်ကြာညို (လိုပြ-၁၀)သည်၊ အချင်းဖြစ်သည့်နေ့ ညနေတွင် မသောင်း တင်၊ မစန်းရီ၊ မပျိုမိတို့သည် ရဲရိပ်သာသို့ ရောက်ရှိလာသည်ကို တွေ့ကြောင်း၊ ညပိုင်းတွင် စခန်းမှူး၏ ခုံးခန်း၌ ဦးသိန်းဝင်းနှင့် မသောင်းတင်တို့ကို တွေ့ရကြောင်း၊ အမြင်မတော်သဖြင့် ငင်းကရဲသား မောင်သောင်းအား ပြောပြကာ၊ စခန်းမှ ထွက်ခွါ၍ တောင်ပေါ်ကင်းသို့ သွားရောက်ခဲ့ကြောင်း၊ မကြာမီ ရဲသား ချစ်ရွှေသည် စခန်းမှူး နှင့်အတူ တွေ့ခဲ့ရကြောင်း၊ မသောင်းတင်ကို ခေါ်ဆောင်၍ လာကြောင်း၊ မသောင်းတင်က ငင်းအား စခန်းမှူးက မတရားကျင့်သည်ဟု ပြောကြောင်း၊ စသည် တို့ကို ထွက်ဆိုသည်။ နံနက် ၁ နာရီ ၄၅ မိနစ်ခန့်တွင် ကင်းလှည့်ရင်း၊ ရဲစခန်းသို့ ပြန်ရောက်ရာ၊ စခန်းမှူး၏ ခုံးခန်းတွင် ဦးသိန်းဝင်းနှင့် မစန်းရီတို့ စားပွဲပေါ်တွင် အိပ်နေ ကြသည်ကို တွေ့ရကြောင်း၊ စခန်းမှူးက အိပ်ပျော်နေ၍၊ မစန်းရီမှာ အိပ်မပျော် ရှိနေကြောင်း၊ မကြာမီထိုခုံးခန်း အတွင်းမှ ရိုက်သံပုတ်သံ ကြားပြီးလျှင် စခန်းမှူးနှင့်

စခန်းမှူး၏ မိန်းမတို့ကို တွေ့ရကြောင်း၊ မစန်းရီက ၎င်းသည် အရိုက်ခံရ ၍ခေါင်းပေါက်သည်ဟုပြောကြောင်း စသည်တို့ကို မောင်ကြာညိုက ထွက်ဆိုခဲ့သည်။

ရဲသား မောင်စိန်လန်ဘို (လိုပြ-၁၁) သည်လည်း အချင်းဖြစ်ညက အဖြစ်အပျက်များကို မြင်တွေ့၍ ပြောပြနိုင်သူ တဦးဖြစ်သည်။

အမျိုးသမီး ၃ ဦးအား ရဲစခန်းသို့ စစ်ဆေးရန်ရှိသည်ဟု ခေါ်ယူကာ ကျူးလွန်ကြခြင်းနှင့် မည်သူတို့က မည်သူတို့အား ကျူးလွန်ကြခြင်းတို့ကို တရားလိုပြသက်သေ အထောက်အထားများ အပေါ်မှ ထင်ရှားစွာ တွေ့ရှိရသည်ဟု အထူးရာဇဝတ်ရုံးက ဆုံးဖြတ်ခဲ့သည်။ ကျန်ပ်တို့ကလည်း အထူးရာဇဝတ်ရုံးနှင့် ထပ်တူ သဘောရှိသည်။ အထူးရာဇဝတ်ရုံးရှေ့တွင် တရားခံတို့က ၎င်းတို့အပေါ် လည်ဆယ် တိုင်တန်းခြင်းသာဖြစ်ပါသည်ဟုဆိုကာ စွဲချက်ကို လုံးဝငြင်းကွယ်ကြသည်။ တရားလို အမျိုးသမီးများသည် သောင်းကျန်းသူများ၏ ဇနီးများ ဖြစ်ကြ၍ အကျင့်စာရိတ္တ မကောင်း၊ ရဲတပ်ဖွဲ့ဝင်များအပေါ် မသိုမုန်းထား ရှိကြပါသည်။ ထို့ကြောင့် ၎င်းတို့၏ စွဲဆိုချက်တို့ကို မယုံထိုက်ပါဟု ထုချေကြသည်။

အယူခံတရားလို ဦးသိန်းဝင်းအတွက် လိုက်ပါဆောင်ရွက်သော ရွှေနေကြီး ဦးမြင့်စိုးက အကြောင်းအချက်အားဖြင့်၊ ဦးသိန်းဝင်းသည် အချင်းဖြစ်ညက တိုင်ကြားသူ မိန်းမများနှင့် ပေါင်းသင်း ပျော်ပါးသည်ဟု ကောက်ယူနိုင်ပါသည်။ သို့ရာတွင် တရားလိုပြ သက်သေများအရပင်လျှင် မိန်းမများက အလိုမတူပဲ အဓမ္မ ကျူးလွန်ခဲ့သည်ဟု မပေါ်လွင်ပါ၊ အမျိုးသမီးများက ထွက်ဆိုရာ၌လည်း ၎င်းတို့သည် ငြင်းဆန်၊ ရုန်းကန်သည် စသည်ဖြင့် ထွက်ဆိုခြင်း မပြုကြပါ၊ ထိုသို့ ရုန်းကန်ခြင်း၊ ကိုယ်တွင် ဒဏ်ရာရခြင်း စသည်တို့သည်း မပေါ်ပေါက်၊ အချင်းဖြစ်ပွါးပြီး အတော်ကြာမှ တိုင်ကြားကြခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဖြစ်ပွါးခဲ့စဉ်က အလိုတူ လက်ခံပြီးလျှင် နောက်မှ စိတ်ကူးရကာ အာဃာတထား၍ တိုင်ခြင်း ဖြစ်သည်ဆိုသော ခုခံထွက်ဆိုချက်ကို အလေးပေး၍ စဉ်းစားရန် သင့်ပါသည်။ မုဒိမ်းမှု မြောက်စေရန်အတွက် ကျူးလွန်ခြင်း ခံရသူတို့အား အာဏာဖြင့် လှုံ့မြှုံးသည်၊ သို့မဟုတ် ကြောက်လန့်စေအောင် ပြုလုပ်သည်ကို သက်သေထူရန် လိုပါသည်။ ဤအမှုတွင် ထိုအင်္ဂါရပ်သည် မထင်ရှားပါ၊ ထို့ကြောင့် မုဒိမ်းမှု မမြောက်နိုင်ပါ၊ ဦးသိန်းဝင်းအပေါ် ထွက်ဆိုသော ရဲသားများသည်၊ ယခင် ရန်ငြိုးကြောင့် မဟုတ်မတရား ထွက်ဆိုခြင်းလည်း ဖြစ်နိုင်ပါသည်။

ဦးသိန်းဝင်းသည် မုဒိမ်းမှုကို ကျူးလွန်သည်ဟု မထင်ရှားသော်လည်း အခြားသူ၏ မယားကို ပေါင်းသင်းမှုဖြင့် ရာဇသတ်ပုဒ်မ ၄၉၇ အရ၊ ပြစ်ဒဏ်သင့်ပါသည်၊ ထိုပြစ်မှုမျိုးအတွက် သာမန်အားဖြင့် ၅ နှစ်ထိ ထောင်ဒဏ်သာလျှင် သတ်မှတ်ပါသည်။

၁၉၆၇ မောင်အောင်သန်း ပါ ၆ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

၁၉၆၇ မောင်အောင်သန်း ပါ ၆ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

ဦးသိန်းဝင်းသည် သောင်းကျန်းသူများကို ထိရောက်စွာ နှိမ်နင်းသူ တဦးဖြစ်၍ ၎င်းအပေါ် သောင်းကျန်းသူများဘက်မှ အမှုဆင်ခြင်း ဖြစ်နိုင်သည်ကိုလည်း ထောက်ရှု၍ ၎င်းအပေါ် ပြစ်ဒဏ်သေဥပေါ်၍ သတ်မှတ်သင့်ပါသည်ဟု လျောက်လဲသည်။

အခြားအယူခံ တရားလိုများကလည်း၊ အထူးရာဇဝတ်ခုံတွင် ခုခံခဲ့ကြသည့်အတိုင်း ၎င်းတို့သည် ပြစ်မှုကို မကျူးလွန်ခဲ့ကြရပါဟု ငြင်းကွယ်ကြသည်။

အစိုးရ တရားရုံးချုပ် ရှေ့နေ ဦးလှသင်းက အချင်းဖြစ်ပွါးပြီးလျှင် ပြီးခြင်းတိုင်တန်းကြသော အမှုမဟုတ်ပါ၊ သို့ရာတွင် အမျိုးသမီးများကို ရဲစခန်းသို့ ခေါ်ယူကြောင်း၊ ထိုညတွင် ဦးသိန်းဝင်းနှင့် အယူခံတရားလို ရဲသားများက ၎င်းတို့နှင့် ပေါင်းသင်း ဆက်ဆံကြကြောင်း၊ ထင်ရှားပါသည်။ အမျိုးသမီးများက အလိုတူ မဘူ စဉ်းစားရန် ရှိပါသည်။ အနည်းဆုံး သူများမယားကို ပေါင်းသင်းမှုဖြင့် ဦးသိန်းဝင်းနှင့်တကွ အယူခံတရားလို ရဲသားများ အားလုံး ပြစ်မှုထိုက်သင့်ပါသည်ဟု လျောက်လဲသည်။

အမျိုးသမီးများက အလိုတူသည်၊ မတူသည် ပြဿနာကို အထူးရာဇဝတ်ရုံးကလည်း ကောင်းစွာ စဉ်းစားခဲ့ပြီး ဖြစ်သည်။ ၎င်းတို့သည် အလိုမတူ၊ ဦးသိန်းဝင်းနှင့် ရဲသားများက ထောင်ကျမည်ဟု၎င်း၊ ရှာသို့ ပြန်မလွှတ်ဟု၎င်း ပြောဆိုကြောက်ပြီး မအော်ဝံ့ခဲ့ပဲ နေရကြောင်း ထွက်ဆိုကြသည်ကို လက်ခံ၍၊ ရဲစခန်းဝင်းတွင် ဖြစ်ပွါးခဲ့သော ကိစ္စဖြစ်၍ ၎င်းတို့သည်၊ ကြောက်ရွံ့နေခဲ့ကြရပါသည် ဆိုသည်မှာလည်း သဘာဝယုတ္တိနှင့် ကိုက်ညီသည်။ ထို့ကြောင့် အလိုမတူ အဓမ္မကျူးလွန်သော အမှုဖြစ်သည်ဟု အထူးရာဇဝတ်ရုံးက ဆုံးဖြတ်ခဲ့သည်။

အမျိုးသမီး ၃ ဦးတို့ကို ရဲစခန်းသို့ ခေါ်ယူရာတွင် ပြည်သူ့ရဲ၏ အာဏာကို သုံးစွဲခဲ့ခြင်းဖြစ်သည်၊ ထိုအမျိုးသမီးများသည် သောင်းကျန်းသူတို့၏ ဇနီးများ ဖြစ်ကြ၍ ၎င်းတို့၏ ယောကျ်ားများအတွက်၎င်း၊ ၎င်းတို့ ကိုယ်ဘိုင်အတွက်၎င်း ထိုအာဏာကို ကြောက်ရွံ့ကြရသည်။ ၎င်းတို့ ကိုယ်ဘိုင်လည်း ဦးသိန်းဝင်း၏ အမိန့်အရ၊ ရှာတွင် အကျယ်ချုပ်သဘော နေထိုင်ကြရသည်၊ ထိုသို့ ကြောက်ရွံ့ကြရသည့် အခြေအနေကို အခွင့်အရေးယူ၍ ရဲ၏အာဏာကို သုံးစွဲကာ ရဲစခန်း ပိုင်နက်အတွင်းသို့ အမျိုးသမီးများအား ခေါ်ဆောင်ခဲ့ကြခြင်း ဖြစ်သည်။ ထိုအာဏာစက်၏ အောက်တွင် ၎င်းတို့အား ဝိုင်းဝန်း၍ ကျူးလွန်ခဲ့ကြခြင်းဖြစ်သည်။ ထို့ကြောင့် ကျူးလွန်ခြင်း ခံရသူတို့က မအော်မဟစ်၊ မရုန်းမကန် စေကာမျှနှင့် ၎င်းတို့က အလိုတူသည်ဟု ယူဆရမည်မဟုတ်ချေ။ ရာဇသတ်ပုဒ်မ ၃၇၅ ၏ အဓိပ္ပါယ် ဖွင့်ဆိုရာတွင် မိန်းမတဦးအား သေစေမည်ဟု သော်၎င်း၊ နာကျင်စေမည်ဟု သော်၎င်း ကြောက်ရွံ့အောင် ပြုသဖြင့် ခွင့်ပြုရခြင်းသည်

၁၉၆၇

မောင်အောင်သန်း ပါ ၆ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

အလိုတူခြင်းမမြောက်၊ ဤအမှုတွင် ကျူးလွန်ခြင်း ခံရသူတို့သည် ရဲစခန်းသို့ ၎င်းတို့၏ ကလေးငယ်များနှင့်အတူ လိုက်ပါလာခဲ့ကြရသည်။ ထို့ကြောင့် ကြောက်ရွံ့ရသည်မှာ ၎င်းတို့အတွက်သာမဟုတ်၊ ၎င်းတို့၏ ကလေးငယ်များ အတွက်လည်း ဖြစ်ပါသည်။

အထူးရာဇဝတ်ရုံးက ပြစ်ဒဏ်ကို တိုင်းထွာရာတွင် ပြည်သူတို့၏ အသက်အိုးအိမ်ကို စောင့်ရှောက်ရမည့် ပြည်သူ့ရဲဘို့သည် ၎င်းဘို့ ထိန်းသိမ်းထားသဖြင့်၊ ၎င်းဘို့အား ကြောက်လန့်နေရသည့် အမျိုးသမီးများအား ရက်စက်စွာ လူမဆန်သော ပြုကျင့်ကျူးလွန်ခြင်းမျိုးကို ကျူးလွန်ခဲ့ကြသည်ဟု တွေ့ရှိသောကြောင့်၊ မှတ်သားလောက်သော ပြစ်ဒဏ်ကို သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

အမျိုးသမီး တဦးသည် ကံအကြောင်းမလှသဖြင့်၊ အိုးအိမ် အတည်တကျမရှိ၊ သေပွဲနေရသည့် ဆိုးကာမျှနှင့် သို့မဟုတ် ပြည့်တန်ဆာအဖြစ် အသက်မွေးဝမ်းကျောင်း ပြုကာမျှနှင့် သို့မဟုတ် သူ၏ယောကျ်ားက သောင်းကျန်းသူတဦး ဖြစ်ကာမျှနှင့် ထိုအမျိုးသမီးဘဦးကို တာဝန်မဲ့၍ စိတ်ညစ်ညမ်းသော ပြည်သူ့ရဲ တဦး၏ ပြုကျင့်သမျှကို ခံရမည်လော။

အဆက်ပါ အကြောင်းဘို့ကြောင့် အချက်အလက်အားဖြင့် အယူခံ တရားလိုတို့ အပေါ် ပြစ်မှုထင်ရှား စီရင်ထားခြင်းသည် မှန်ကန်သည်ဟု ကျွန်ုပ်တို့ တွေ့ရှိသည်။ ပြစ်ဒဏ် သတ်မှတ်ထားခြင်းသည်လည်း၊ ပြစ်မှုနှင့် အချိုးကျသည်ဟု ယူဆသည်။ ထို့ကြောင့် အယူခံကို ပလပ်လိုက်သည်။

အထူးရာဇဝတ်ရုံး အယူခံအဖွဲ့

ရာဇဝတ်အယူခံမှု

ဗိုလ်မှူးကြီး လှဟန်၊ ဗိုလ်မှူးကြီး သန်းစိန် နှင့် ဒေါက်တာ မောင်မောင် တို့ရှေ့တွင်

† ၁၉၆၇ စက်တင်ဘာလ ၂၉ ရက်။

ဦးစိန်မောင် (ခေါ်) ဦးဟုတ်ကျန် ပါ ၂ (အယူခံတရားလိုများ)

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ (အယူခံတရားခံ)*

ရာဇသတ်ကြီးပုဒ်မ ၄၃၆ အရ မှုပြစ်ထင်ရှား စီရင်ခြင်း — ရဲတွင် အစစ်ခံထားခဲ့သည်တို့ကို ရာဇဝတ်ကျင့်ထုံးပုဒ်မ ၁၆၂ အရထုတ်၍ မေးမြန်းရခြင်း — ရုံးရှေ့တွင် အစစ်ခံချက်များ ဖြစ်သွားခြင်း — တရားဝင် ထည့်သွင်းစဉ်းစားနိုင်ခြင်း — မီးရှို့ခဲ့ကြောင်း အထောက်အထားများအရ ခိုင်ခိုင်လုံလုံ ယူဆနိုင်ခြင်း — မည်သည့်အကျိုးကို မြော်ကိုး၍ ထိုသို့ပြုလုပ်သနည်းဟု တဆင့်တက်၍ သက်သေထူရန် မလို။

အယူခံ တရားလိုများအား ဆန့်စက်ကို မီးရှို့သည်ဟူသော စွဲချက်ဖြင့် စစ်ဆေးခဲ့သည်။

ဆုံးဖြတ်ချက်။ ။မောင်ကျော်၊ ကာကာနှင့် မောင်ယုံတို့က ပဌမအယူခံ တရားလိုအပေါ် လည်ဆယ်၍ ထွက်ဆိုကြပါသည်ဟု အယူခံတွင်ဆိုသော်လည်း အထူးရာဇဝတ်ရုံးတွင် ထိုသက်သေများက အယူခံ တရားလိုတို့အပေါ် ပွင့်လင်းစွာ ထွက်ဆိုကြခြင်း မပြုသောကြောင့် ၎င်းတို့ကရဲတွင် အစစ်ခံထားခဲ့သည်တို့ကို ရာဇဝတ်ကျင့်ထုံးပုဒ်မ ၁၆၂ အရထုတ်၍ မေးမြန်းခဲ့ရသည်၊ ထိုအခါကျမှ ရဲတွင် အစစ်ခံခဲ့သည့်အတိုင်း မှန်ကန် ပါသည်ဟု သက်သေများက ထွက်ဆိုကြသည် မှန်ကြောင်း ဝန်ခံထွက်ဆိုကြသောကြောင့် ယခင် အစစ်ခံထားချက်တို့သည် ရဲရှေ့တွင် အစစ်ခံချက် မဟုတ်တော့ဘဲ၊ အထူးရာဇဝတ်ရုံးရှေ့တွင် အစစ်ခံချက်များ ဖြစ်သွားသည်၊ ထို့ကြောင့် အထူးရာဇဝတ်ရုံးက တရားဝင်ထည့်သွင်း စဉ်းစားနိုင်သည်။

အယူခံ တရားလိုတို့သည် စက်ကိုမီးရှို့ခဲ့ကြောင်း အထောက်အထားများအရ ခိုင်ခိုင်လုံလုံ ယူဆနိုင်သည်၊ ယူဆနိုင်လျှင် မည်သည့်အကျိုးကို မြော်ကိုး၍ ထိုသို့ပြုလုပ် ခဲ့ကြသနည်းဟု တဆင့်တက်၍ သက်သေထူနေရန် မလိုတော့ချေ။ အကျိုးရှည်မှန်းချက်သည် အထောက်အထား တရုပ်သာ ဖြစ်သည်၊ သက်သေမထူ မနေရသော အခြေခံကျသည့် အကြောင်းမဟုတ်ချေ။

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၁၀၅။

† ပုသိမ်ခရိုင်၊ ၁၉၆၄ ခုနှစ်၊ အထူးရာဇဝတ်ရုံးအမှတ် ၆ ၏ ၁၉၆၄ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၅ တွင် ၁၉၆၆ ခုနှစ်၊ မေလ ၃၀ ရက်နေ့၌ ချမှတ်ပြီး၊ ၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့တွင် အတည်ပြုအဖွဲ့က အတည်ပြုသည့်အမိန့်ကို အယူခံမှု။

အယူခံတရားလို၏အကျိုးဆောင်။ ။ဦးဘိုးသာနှင့် ဦးမြဘူး။

အယူခံတရားခံ၏ အကျိုးဆောင်။ ။အစိုးရတရားရုံးချုပ်ရှေ့နေ ဦးလှသင်း။

၁၉၆၇

ဦးစိန်မောင် (ခ) ဦးဟုတ် ကျန် ပါ ၂ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ဦးဟုတ်ကျန်နှင့် ဦးအိစုမ်းတို့သည်၊ ပုသိမ်မြို့၊ ရေတွင်းချောင်းရွာ၊ မင်းစိန်ဆန်စက်ကို မီးရှို့သည် ဟူသောစွဲချက်ကို ပုသိမ်ခရိုင် အထူးရာဇဝတ်ရုံး အမှတ် ၆/၁၉၆၄ က စစ်ဆေးခဲ့သည်။ စွဲဆိုသည့်အတိုင်း မှန်ကန်သည်ဟု ရုံးကတွေ့ရှိ၍၊ ထိုနှစ်ဦးတို့အပေါ် ရာဇသတ်ကြီး ပုဒ်မ ၄၃၆ အရ၊ထောင်ဒဏ် ၇ နှစ်စီ ကျခံစေရန် အမိန့် ချမှတ်ခဲ့သည်။

အခင်း ဖြစ်ပွါးခဲ့သည်မှာ ၁၉၆၃ ခု၊ မေလ ၁၉ ရက်နေ့နံနက် ၂ နာရီ လောက်တွင် ဖြစ်သည်။ စက်မီးလောင်သဖြင့် အလုပ်အမား အချို့က ဝိုင်းဝန်း မီးသတ်ကြသော်လည်း မအောင်မြင်။ ဦးဟုတ်ကျန်သည် ထိုစဉ်အခါက စက်ကို တာဝန်ယူ အုပ်ချုပ်နေသူတဦးဖြစ်၍၊ ဦးအိစုမ်းသည် ၎င်း၏ ယောက်ဖတော်သူ ဖြစ်သည်။ ဦးဟုတ်ကျန်က အခင်း ဖြစ်ပွါးသည့်နေ့ နံနက်ပိုင်းတွင် ပုသိမ်မြို့ သင်္ဘောကျင်း ရဲစခန်းသို့ သွားရောက်၍ တိုင်ချက်သက်သေခံအမှတ် "ခ" ကိုဖွင့်သည်။ ထိုတိုင်ချက်တွင် မနက်စောစောက စက်မီးလောင်သဖြင့် တစက်လုံး ပြာကျသွားကြောင်း၊ ဘိုင်လာမီးမှ မီးပွါးလွင့်ပြီး လျှင် ဖဲပုံကို မီးကူးရာမှ လောင်ကျွမ်းသည်ဟု ကြားသိရကြောင်း၊ ဘိုင်လာမီးခြိမ်းသတ်ရန်မှာ ကာကာနှင့် မောင်ယုံတို့၏ တာဝန်ဖြစ်ကြောင်း၊ မီးမှာ ရှို့မီးမဟုတ်ဟု သိရကြောင်း စသည်ဖြင့် တိုင်ချက်ပေးခဲ့သည်။

ထိုတိုင်ချက်အရ၊ သက်ဆိုင်ရာတို့က စုံစမ်းရာမှ ဦးဟုတ်ကျန် တိုင်တန်းခဲ့သည့် အတိုင်း အပြည့်အစုံ မမှန်ကန်၊ သူကိုယ်တိုင် မီးလောင်ခြိန်က ဦးအိစုမ်းနှင့်အတူ စက်ထဲတွင် ရှိခဲ့သည်။ မီးမလောင်မီညက ရေနံဆီပုံးများကို ယူဆောင်၍ စက်သို့ လာသည် စသည့် အချက်များ ပေါ်ပေါက်သာသဖြင့် စုံစမ်းထောက်လှမ်းကာ ရဲမှူး ဦးသိန်းဒန်က သက်သေခံအမှတ် "က" တိုင်ချက်ကို ဖွင့်လှစ်ကာ အမှုစွဲဆိုတင်ခဲ့ခြင်း ဖြစ်သည်။

ဦးဟုတ်ကျန် ရေနံဆီပုံး နှစ်ပုံးကို ယူ၍ စက်သို့ ညက လာရောက်ကြောင်း၊ စက်ဘွင် ဦးအိစုမ်းနှင့်အတူ ရှိနေခဲ့ပြီးလျှင်၊ အလုပ်သမားများက ဘိုင်လာမီး၊ ဖဲမီးများကို ငြိမ်းသတ်ပြီး စက်မှပြန်သော အခါ၌၊ဦးဟုတ်ကျန်နှင့် ဦးအိစုမ်းတို့ နှစ်ဦးသာ စက်ထဲ၌ ကျန်ရစ်ခဲ့ကြောင်း၊ မီးလောင်၍ ဘိုင်လာ ငြိမ်းသတ်ကြသောအခါ၊ သူတို့နှစ်ဦး စက်နားဘွင်ထိုင်၍၊မီးကိုငြိမ်းသတ်ရန် မည်သို့၍မျှအားထုတ်ခြင်းမပြုခဲ့ကြောင်း၊ ဦးဟုတ်ကျန်သည် အလုပ်သမား မောင်ကျော် (လို့ပြ-၁)ကို မီးမလောင်မီ ညနေက "စက်မီးရှို့ပြစ်ရရင် ကောင်းမယ်" ဟု ညည်းတွား ပြောဆိုခဲ့ကြောင်းတို့ကို အထူး

၁၉၆၇ ဦးဝိန်မောင် (ခ) ဦးဟုတ်ကျန် ပါ ၂ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ရာဇဝတ်ခုံးမှ သက်သေခံချက်တို့မှ တွေ့ရှိရသည်။ ထိုအချက်အလက်များအပြင်၊ ဦးဟုတ်ကျန်က သက်သေခံ "ခ" တိုင်ချက်ကို လည်ဆည် တိုင်တန်းခဲ့ခြင်း၊ ကာကာ (လိုပြ-၂)နှင့် မောင်ယုံ (လိုပြ-၁၃) တို့ကို မီးလောင်ပြီး နောက်တနေ့တွင် ပုသိမ်မြို့ရှိ သူတို့၏ နေအိမ်သို့ ခေါ်ကာ ထမင်းကျွေးပြီးလျှင် "မင်းတို့နှစ်ယောက် ဖွဲ့မီးမသတ်မိလို့ မီးလောင်တယ်လို့ ရဲကလာစစ်တဲ့အခါမှာ ပြော၊ မင်းတို့ ထောင်ကျရင် ငါလိုက်ရွေးမယ်" ဟု ပြောဆိုကြောင်းဖြင့် ထိုသက်သေနှစ်ဦးတို့ ထွက်ဆိုချက်နှင့် စက်နှင့် စပါးများက ၎င် ၈၀,၀၀၀ ကျပ်မီးအာမခံထားရှိသော အချက်အလက်အားလုံးကို ပေါင်းစပ်ပြီးလျှင် အထူး ရာဇဝတ်ခုံးက တရားခံ နှစ်ဦးတို့သည် စွဲဆိုသည့်အတိုင်း ပြစ်မှု ကျူးလွန်ခဲ့ကြသည်ဟု ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

အယူခံကိုလျှောက်လဲသော တရားရုံးချုပ်ရှေ့နေ ဦးဘိုးသာက ဦးဟုတ်ကျန် စက်သို့ ရေနံဆီနှစ်ပုံး ယူဆောင်လာသည်မှာ မှန်ပါသည်။ သို့ရာတွင် စက်သို့ လာတိုင်း အောက်လင်းမီးအိမ်ထွန်းရန် ရေနံဆီ ယူလာလေ့ရှိကြောင်း၊ သက်သေအထောက်အထားရှိပါသည်။ မောင်ကျော်သည် သာမန် အလုပ်သမားတဦး ဖြစ်၍၊ ဦးဟုတ်ကျန်က စက်ကို တာဝန်ခံမှုရှိ့ပြစ်မည် ရည်ရွယ်သျှင် မောင်ကျော်အား ညည်းတွားပြောဆို မည် မဟုတ်ပါ၊ သို့သို့သိပ်သိပ် ဆောင်ရွက်မည်သာ ဖြစ်ပါသည်။ မောင်ကျော်က လည်း မီးလောင်ပြီးသည့်အခါ မည်သူ့ကိုမျှ ဦးဟုတ်ကျန်က ပြောဆိုသည်ဆိုသော စကားများကို ပြန်ပြောခြင်းမရှိ၊ ဦးဟုတ်ကျန်နှင့် ဦးအိစွမ်းတို့သည် မီးကို ငြိမ်းသတ်ရန် အားထုတ်ခြင်း မပြုဟုဆိုသော်လည်း သူတို့ မီးလောင်သည်ကို တွေ့ခဲ့သောအခါ ၌ ငြိမ်းသတ်ရန် မျော်လင့်ချက် မရှိပါ၊ ထို့ကြောင့် လက်လျော့လိုက်ခြင်း ဖြစ်ပါသည်။ ကာကာနှင့် မောင်ယုံတို့ကို ဦးဟုတ်ကျန်က စက်မီးလောင်ခြင်းအတွက် တာဝန်ယူရန် ခိုင်းစေပြီးနောက် တဦးလျှင် ၎ ၅ ကျပ်စီပေးလိုက်သည် ဆိုသည်မှာလည်း ယုတ္တိ မရှိပါ၊ ထိုမျှတာဝန်ကို ထမ်းခိုင်းပြီး ၎ ၅ ကျပ်မျှသာ ပေးမည်မဟုတ်ပါ၊ ဦးအိစွမ်းနှင့် ပတ်သက်၍၊ ၎င်းသည် ဦးဟုဘ်ကျန်၏ ယောက်ဖဖြစ်သည်မှလွဲ၍ အခြားငြိစွန်းသော အထောက်အထားမျှား မရှိပါ၊ ၎င်းသည် စက်နှင့် ကပ်လျက်ရှိသော ဂိုဒေါင်ထဲတွင် နေထိုင်ပါသည်။ မီးလောင်စဉ်က ၎င်း၏ ကလေး သားမယားများနှင့် အတူ ရှိနေခဲ့ပါသည်။ ထိုသို့ ကိုယ့်သားမယား ကလေးများနှင့် ရှိနေသူသည်၊ မီးရှို့ရာတွင် ပါဝင်မည် မဟုတ်ပါ စသည်ဖြင့် လျှောက်လဲသည်။

အစိုးရ တရားရုံးချုပ် ရှေ့နေ ဦးလှသင်းက အမှု ပေါ်ပေါက်ခဲ့သည်မှာ ဦးဟုတ်ကျန်က တိုင်ချက် လိမ်လည်ဖွင့်ခြင်းမှ ဖြစ်ပါသည်။ ထိုတိုင်ချက်အရ စုံစမ်း ထောက်

လှမ်းရာတွင် အမှုမှန် ပေါ်ပေါက်လာခြင်း ဖြစ်ပါသည်။ မောင်ကျော်၊ ကာကာနှင့် မောင်ယုံတို့၏ ထွက်ဆိုချက်အရ ဦးဟုတ်ကျန်၊ ဦးအိစုမ်းတို့သည်၊ အချင်းဖြစ်ချိန်က စက်ထဲတွင် နှစ်ယောက်ထည်း အတူရှိနေကြသည်။ ဦးဟုတ်ကျန်သည် ညက ရေနံဆီ နှစ်ပုံးနှင့် စက်ကိုလာသည်စသော အချက်တို့ကို ပေါင်းစပ်ကြည့်ရှုလျှင် စွဲဆိုသည့် အတိုင်း မှန်ကန်သည်ဟု ယူဆရန်ဖြစ်ပါသည်ဟု လျှောက်လဲသည်။

ဦးဟုတ်ကျန်က ရဲစခန်း၌ ဖွင့်လှစ်သော တိုင်တန်းချက် သက်သေခံ အမှတ် "ခ" သည်၊ သက်သေခံ မဝင်ဟူ၍ အထူးရာဇဝတ်ရုံးရွှေ၌ တရားခံများ၏ ရှေ့နေက လျှောက်လဲခဲ့သည်။ သို့ရာတွင်အထူးရာဇဝတ်ရုံးက ထိုသက်သေခံ စာတမ်းကို တိုင်ချက် အနေနှင့် လက်ခံသည် မဟုတ်၊ ဦးဟုတ်ကျန်သည် အခင်းဖြစ်ပွါးပြီး မကြာမြင့်မီ အတွင်း၊ ဤကဲ့သို့သော တိုက်ချက်ကို ဖွင့်လှစ်ခဲ့သည်ဟူသော ဖြစ်ရပ်၏ အထောက်အထား အနေနှင့် လက်ခံခဲ့ခြင်းသာ ဖြစ်သည်။ စက်ကို မီးလောင်ပြီး၍ နာရီပိုင်း အတွင်းတွင် ဦးဟုတ်ကျန်သည် မဟုတ်မမှန် တိုင်တန်းခဲ့ခြင်းကို သက်သေခံ "ခ" ကလည်း ကောင်း၊ ဦးဟုတ်ကျန်ကိုယ်တိုင် ရုံးတွင် အစစ်ခံရာတွင် လည်းကောင်း ပေါ်လွင်သည်။ သူရှိနေလျက်နှင့် စက်မီးလောင်သောကြောင့် သူ့အပေါ် မီးပေါ့ဆမှုနှင့် အရေးယူ ခံရမည်စိုးသောကြောင့် မီးလောင်ချိန်က သူမရှိခဲ့လေဟန် တိုင်တန်းခဲ့ခြင်း ဖြစ်ပါသည်ဟု ရုံးတွင် ထွက်ဆိုခဲ့သည်။ တိုင်ချက်တွင် ကာကာနှင့် မောင်ယုံတို့အပေါ် တာဝန်ပုံ၍ ချခဲ့သည်။ တိုင်ချက်ဖွင့်လှစ်ပြီးနောက် ကာကာနှင့် မောင်ယုံထွိုကို ခေါ်၍၊ ၎င်းတို့ ပေါ့ဆခဲ့ခြင်းကြောင့် ဖွဲပုံမီးစွဲကာ စက်မီးလောင်ရသည်ဟု ရဲအား အစစ်ခံရန် ပြောကြားခြင်းနှင့် တိုင်ချက်တွင် ထိုကဲ့သို့ ဖြစ်စေရန် လမ်းကြောင်းထား ခြင်းသည် ဆီလျော် ဆက်စပ်လျက် ရှိသည်။ မောင်ကျော်၊ ကာကာနှင့် မောင်ယုံတို့က ဦးဟုတ်ကျန်အပေါ် လည်ဆယ်၍ ထွက်ဆိုကြပါသည်ဟု အယူခံတွင် ဆိုသော်လည်း၊ အထူးရာဇဝတ်ရုံးတွင် ထိုသက်သေများက ဦးဟုတ်ကျန်နှင့် ဦးအိစုမ်းတို့အပေါ် ပွင့်လင်းစွာ ထွက်ဆိုကြခြင်း မပြုသောကြောင့်၊ ၎င်းတို့က ရဲတွင် အစစ်ခံထားခဲ့သည် တို့ကို ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၁၆၂ အရ ထုတ်၍ မေးမြန်းခဲ့ရသည်။ ထိုအခါကျမှ ရဲတွင် အစစ်ခံခဲ့သည့်အတိုင်း မှန်ကန်ပါသည်ဟု သက်သေများက ထွက်ဆို ကြသည်။ မှန်ကြောင်း ဝန်ခံထွက်ဆိုကြသောကြောင့်၊ ယခင်က အစစ်ခံထားချက်တို့သည်၊ ရဲရှေ့တွင် အစစ်ခံချက် မဟုတ်တော့ပဲ၊ အထူး ရာဇဝတ်ရုံးရှေ့တွင် အစစ်ခံချက်များ ဖြစ်သွားသည်။ ထိုကြောင့် အထူး ရာဇဝတ်ရုံးက တရားဝင် ထည့်သွင်း စဉ်းစားနိုင်လေသည်။

၁၉၆၇

ဦးစိန်မောင် (ခ) ဦးဟုတ်ကျန် ပါ ၂ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ဦးဘိုးသာက စက်မီးလောင်ခြင်းကြောင့် ဦးဟုတ်ကျန်တွင် မည်သို့မျှ အကျိုးခံစားခွင့် မရှိပါ။ စက်ကို ပိုင်ရှင်ထံမှ လေးနှစ်လုပ်ကိုင်စားရန် စာချုပ် ရထားပြီးဖြစ်၍ ဦးဟုတ်ကျန်သည် နောက် နှစ်နှစ်ကြာမျှ ဆက်လက်လုပ်ကိုင်ရန် အခွင့် ရှိပါသေးသည်၊ မီးလောင်ခြင်းဖြင့် ထိုသို့လုပ်ကိုင်ခွင့် ပင် ဆုံးပါးရပါသည်ဟု တင်ပြသည်။

စက်နှင့် စာရိးများကို ငွေ ၈၀,၀၀၀ ကျပ်နှင့် မီးအာမခံထားကြောင်း ဦးဟုတ်ကျန်က ရုံးတွင် ထွက်ဆိုသည်။ မီးလောင်သည့်အတွက် မီးအာမခံငွေများ ထုတ်ယူရလျှင် ထိုငွေများ၏ အကျိုးခံစားခွင့်ကို ဦးဟုတ်ကျန်ကပင် လုံးဝ ရရှိမည်လား၊ သက်သေအထောက်အထား တိတိကျကျမရှိချေ။ သို့ရာတွင် မီးအာမခံ ထားသူမှာ ဦးဟုတ်ကျန်ဖြစ်၍၊ မီးမလောင်မီ တနေ့ကပင် အာမခံ နှစ်စဉ်ကြေးကို ပေးသွင်းခဲ့သည်ဟု သက်သေအထောက်အထား ရှိသည်။ ထို့ပြင် ဦးဟုတ်ကျန်က ဖွင့်လှစ်ခဲ့သော တိုင်ချက်တွင် စက်ကို မီးအာမခံထားကြောင်း၊ မီးလောင်သည်မှာ ရှိ့၍မဟုတ်ကြောင်း စသည်တို့ကို အသေအချာ ဖေါ်ပြထားခဲ့ခြင်းသည်လည်း သံသယရှိဘွယ် ဖြစ်သည်။ သောင်းကျန်းသူ စသည်တို့က ရှိ့သော မီးဖြစ်လျှင် မီးအာမခံ ကုမ္ပဏီများက လျော်ကြေး မပေးဟု ငြင်းဆိုတတ်ကြသည်။ ထိုသို့မပေးရန် မီးအာမခံ စာချုပ်တွင်လည်း စည်းကမ်း ထားရှိကြသည်။

မီးလောင်သောအခါ ဝိုင်းဝန်း ငြိမ်းသတ်သူများက မီးတောက်များသည် တနေရာမှသာ တောက်သည်မဟုတ်၊ နေရာပေါင်း သုံးလေးနေရာမှ တပြိုင်နက် ထွက်ပေါ်လာသည်။ ထို့ကြောင့် မီးသတ်ရာတွင် မနိုင်ခဲ့ပါဟု ထွက်ဆိုကြသည်။ ထိုအချက်ကြောင့် စက်ကို မီးရှို့သည်ဟူ၍ ပိုမိုခိုင်လုံစွာ တွေ့မြင်နိုင်သည်။ ဦးဟုတ်ကျန်က ဆိုသလို ဘိုင်လာမီး ကောင်းစွာ မသတ်ခဲ့၍၊ မီးပွါးများက ဖွဲနုံကို လွှင့်စင်ကာ ထိုမှတောက်လောင်သော မီးဖြစ်သည်ဟု ယုံကြည်ရန် ခဲယဉ်းသည်။

ဦးအိစုမ်းသည်လည်း အခင်းဖြစ်ချိန်က ဦးဟုတ်ကျန်နှင့် အတူ စက်ထဲတွင် ရှိခဲ့သည်။ မီးလောင်သောအခါ မီးငြိမ်းသတ်ရာတွင် ဦးအိစုမ်းမပါ၊ ကာကာနှင့် မောင်ယုံတို့ကို ဦးဟုတ်ကျန်၏ နေအိမ်သို့ ခေါ်၍ မည်သို့ ရဲထံတွင် အစစ်ခံရန် သင်ကြားပေးသောအခါကလည်း၊ ဦးအိစုမ်းသည် ဦးဟုတ်ကျန်၏ အိမ်တွင် ရှိနေခဲ့သည်ဟု ၎င်းကိုယ်တိုင် မှုံးတွင် ထွက်ဆိုသည်။ ဦးဟုတ်ကျန်က ကာကာတို့အား ပြောဆိုနေသော အခါ၌၊ ၎င်းသည် အနားတွင်မရှိပါ။ မည်သို့ ပြောဆိုကြောင်း မသိပါ ဟူ၍သာ ၎င်းက ငြင်းကွယ်သည်။ ထိုအချက်တို့ကြောင့် ဦးအိစုမ်းသည်လည်း ဦးဟုတ်ကျန်နှင့် အတူ စက်ကို မီးရှို့ခဲ့ရာတွင် ပါဝင်သည်ဟု ယူဆရပေမည်။

ဦးဟုတ်ကျန်နှင့် ဦးအိစုမ်းတို့သည် စက်ကို မီးရှို့ခဲ့ကြကြောင်း အထောက်အထား များအရ ခိုင်ခိုင် လုံလုံယူဆနိုင်သည်။ ၂ ယူဆနိုင်လျှင် မည်သည့် အကျိုးကို မျှော်ကိုး၍ ထိုသို့ပြုလုပ်ခဲ့ကြသနည်းဟု တဆင့်တက်၍ သက်သေ ထူနေရန် မလိုတော့ချေ။ အကျိုး ရည်မှန်းချက်သည် အထောက်အထားတရပ်သာ ဖြစ်သည်။ သက်သေ မထူ မနေရသော အခြေခံကျသည့် အကြောင်းမဟုတ်ချေ။

အထက်ပါ အကြောင်းတို့ကြောင့် အထူး ရာဇဝတ်ရုံးက အယူခံဝရားလို နှစ်ဦးတို့ အပေါ် ပြစ်မှုထင်ရှား တွေ့ရှိထားခြင်းသည် မှန်ကန်သည်ဟု ကျွန်ုပ်တို့ ယူဆသည်။ သတ်မှတ်ထားသော ပြစ်ဒဏ်သည်လည်း ပြစ်မှုနှင့် နှိုင်းစာလျှင် ကြီးလေးလွန်းသည်ဟု မဆိုသာသောကြောင့် အယူခံကို ပလပ်လိုက်သည်။

အထူးရာဇဝတ်ရုံး အယူခံအဖွဲ့

ရာဇဝတ်အယူခံမှု

ဗိုလ်မှူးကြီး လှဟန်၊ ဗိုလ်မှူးကြီး သန်းစိန် နှင့် ဒေါက်တာ မောင်မောင် တို့ရှေ့တွင်

† ၁၉၆၇
အောက်တိုဘာ
လ ၄ ရက်။

ဦးအောင်ကျော်မြင့် (အယူခံတရားလို)

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ (အယူခံတရားခံ)*

၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သော ပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ မူပြစ်ထင်ရှား စီရင်ခြင်း—ပြစ်ဒဏ်သတ်မှတ်ခြင်း။

အယူခံ တရားလိုအား ချုလံကို မရိုးမဖြောင့်သော သဘောဖြင့် လိမ်လည်ပြင်ဆင်ခဲ့သည့်ပြင် အစိုးရငွေကို အလွဲသုံးစား ပြုလုပ်ခဲ့သည်ဟူသော စွဲချက်ဖြင့် စစ်ဆေးခဲ့သည်။

ဆုံးဖြတ်ချက်။ ။ပြစ်ဒဏ်သတ်မှတ်ခြင်းတွင် ပိုမိုရှုမှန်ကန် မျှတနိုင်အောင် အယူခံတရားလို အား ပြည်သူ့စိတ္တဇ ဆေးရုံအုပ်ကြီး၊ အကျဉ်းဌာနမင်းကြီးနှင့် အတူခေါ်ယူတွေ့ဆုံ မေးမြန်းခဲ့သည်။ ၎င်းအား အေးအေးဆေးဆေး မေးမြန်း ကြည့်ရှုရာ ၎င်း၏နောက်ကြောင်း အိမ်ထောင်ရေးတွင် မချမ်းမြေ့ခဲ့ရသည်မျှားရှိသည်၊ ကျန်းမာရေး ချို့ယွင်း၍ နားထိုင်းခြင်း စသည်တို့ကို ခံစားခဲ့ရသည်။ ၎င်း၏စိတ်သည် ဖြောင့်မတ်မှန်ကန် ခိုင်မာသည်မဟုတ်၊ ၎င်းသည် ဆဲဆောင်ရာသို့ အလွယ်တကူ ပါတတ်သည်ဟု မြင်ကြသည်။

အယူခံတရားလို၏ နောက်ကြောင်း ရာဇဝင်နှင့် အမှုထမ်းသက် တလျောက်လုံးတွင် ရိုးရိုးသားသား လုပ်ကိုင်ခဲ့သည်တို့ကို ထောက်ထား၍လည်းကောင်း၊ အမှုအတောဒုတွင်း ၎င်းသည် ၃ နှစ်ခန့်မျှ အချုပ်အနှောင် ခံခဲ့ရသည်ကို ထောက်ချင့်၍လည်းကောင်း ရာဇသတ်ကြီးပုဒ်မ ၄၇၁ အရ ပြစ်မှုအတွက် ထောင်ဒဏ်ကျခံစေရမည်။

အယူခံတရားလို၏အကျိုးဆောင်။ ။ဦးသန်းအောင်။

အယူခံတရားခံ၏အကျိုးဆောင်။ ။အစိုးရတရားရုံးချုပ်ရှေ့နေ ဦးလှသင်း။

---

* ၁၉၆၆ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၆၂။

† မအူပင်မြို့၊ ၁၉၆၄ ခုနှစ်၊အထူးရာဇဝတ်ရုံးအမှတ် ၁၇ ၏၊၁၉၆၄ ခုနှစ်၊ရာဇဝတ်ကြီးမူအမှတ် ၅ တွင်၊ ၁၉၆၅ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့၌ချမှတ်ပြီး၊ ၁၉၆၆ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့တွင် **အာ**တည်ပြုအဖွဲ့က အတည်ပြုသည့်အမိန့်ကို အယူခံမှု။

against Lieutenant Min Lwin, contradictions, if any, were not proved by the defence to have Exhibit "Hsa-lane" filed before the Court in the same way as it is done in Civil Courts where statements to the Police are concerned. We will therefore confine ourselves only to the evidence given on oath at the trial by Sergeant Tun Shwe.

Regarding the accomplice evidence given by Sergeant Tun Shwe, one valuable witness whom he mentioned could not be obtained to corroborate him. This Mr. Kerambo is not traceable in India and, as he was not subjected to any cross-examination by Lieutenant Min Lwin, the true copy of Mr. Kerambo's evidence in the Summary of Evidence against Sergeant Tun Shwe was rightly rejected as inadmissible. The small chit of paper on which Lakhana signed his name was handed over to Lieutenant Min Lwin and Sergeant Tun Shwe says, that this paper was crushed in his hands. According to the accomplice Tun Shwe, he said he received a letter from the accused about the release of the four Indians, and that all was well. But this letter, received at Mandalay, was also destroyed by Tun Shwe himself. In an offence like this where secrecy has naturally to be observed, and when only two persons know about it, the prosecution is correspondingly faced with a very difficult task of obtaining corroboration in material particulars. In this case, however, a few points do exist which can safely be regarded as corroboration in material particulars to render the accomplice's evidence worthy of belief.

Sergeant Kan Myint (PW 2) was in charge of the *kin*-men who kept watch over the arrested Indians at 199, Boundary Road. His evidence is that he saw Sergeant Tun Shwe and Lieutenant Min Lwin taking out and bringing back the Indians now and again; that this was done by nobody else except these two; that they never asked for a guard when these Indians were taken out for examination; that the Indians were taken out between 7 and 8 p.m.

and that among them, he came to learn that one was a very rich man. Kan Myint was recalled for further examination and he stated then that on 8th July 1963, the Indians were released as ordered by Lieutenant Min Lwin and that Sergeant Pe Than brought the release order. From Sergeant Kan Myint's evidence, it is apparent that, circumstantially, only these two persons, Lieutenant Min Lwin and Sergeant Tun Shwe, were doing the work of taking out the Indians without any escort. They thus had every opportunity to talk whatever they liked to this rich Indian and demand the money in question from him. Tun Shwe alone, a mere sergeant, could not have inspired confidence that a release would be obtained at an early date without Lieutenant Min Lwin backing him. As the release was bought for a very large sum, Sergeant Kan Myint corrobarated the fact that it was at the instance of Lieutenant Min Lwin's order the release came at last. A perusal of Sergeant Tun Shwe's evidence will show that nobody had access to the Indians except him and Lieutenant Min Lwin, and this was supported by Sergeant Kan Myint.

Again in Sergeant Tun Shwe's evidence it is found that after money had been received, Lieutenant Min Lwin said, "ဒီကိစ္စဟာငါ့တာဝန် ဖြစ်နေပြီ၊ ကုလားတွေ လွှတ်ရာ လွှတ်ကြောင်း ငါရေးရတော့ ဒယ်ဟုဆို၍ ကောက်ရေးပါသည်။ 'ဘာရေးသလဲ မသိပါ။" Turning to the evidence of Major Thein Shwe, his statement on this point is expressed in these words, "ဘမ်းဆီးခဲ့သော ကုလားမျှားကို အခု။ပ်မ လွှတ်ရန်အတွက် ပို့လ်ကြီးမင်းလွှင်က ကျွန်တော်တို့ထံအစီရင်ခံပြီးမှလွှတ်နိုင်ပါသည်။" This again therefore corroborates the accomplice Tun Shwe on a very material particular, namely, that he knew that Lieutenant Min Lwin, being under a great obligation, had to write to his superior officer and submit reasons to effect an early release of the Indians.

Learned Counsel for the appellant stressed a point that when the accused went to the exchange room, as alleged

by Sergeant Tun Shwe, to listen in to what the rich man would say on the phone, no independent witness was cited to prove this. Now, the M.I.S. headquarters at Boundary Road could not be busy after the usual office hours and an operator or operators were therefore not required for night duty. In Sergeant Tun Shwe's evidence, he clearly stated, "ထိုအချိန်၌ အော်တို အိပ်ချိန်းတွင် မည်သူတာဝန် ကျသည်ကိုမသိပါ။ တာဝန်ကျသူ နှစ်ယောက် ရှိကြပါသည် မည်သူ အလှည့်ဟု မသိပါ။ ထိုနေ့ညက ရုံးခန်းထဲတွင် တာဝန်ကျအရာရှိ သို့မဟုတ် အကြပ်တဉီးဉီးကိုမတွေ့မိပါ။" But, if there had been an operator on duty, it is most unlikely that the prosecution would have left out such a vital link in the chain of evidence.

There are many rulings regarding an accomplice being unreliable, unless corroborated in material particulars. But the case of *Gafoor and another* v. *Emperor* (1) may be cited, and the relevant passage produced:

> "As has often pointed out it is not necessary that the story of an accomplice should be corroborated in every detail of the crime nor is it necessary that the corroborative evidence should itself be enough for conviction; if that were so, the evidence of the accomplice would not be needed at all."

Exhibit "Nga" in the proceedings is only a true copy. We have however the original Summary of Evidence against Sergeant Tun Shwe before us. Though recorded on 2nd July 1964, the year was mistakenly written 1963. When the accused was cross-examined by Sergeant Tun Shwe on certain points given in his evidence, the answers by the accused only strengthened the evidence of his admitted complicity in the crime. In answer 3 for example, he admitted he did not object to Sergeant Tun Shwe's proposal to demand a bribe because he (accused) was eager for the money (ငွေမက်မောသဖြင့်ကန့်ကွက်ခဲ့ပါ။).

At his trial, the Court was fully aware of the gravity of the answers the accused had given to Sergeant Tun Shwe,

(1) A.I.R. 1936, Rangoon, 373.

and the Court therefore asked him about them. The accused replied that, with the exception of answers 1 and 12, the rest were untrue. Now, at the enquiry of Sergeant Tun Shwe, the accused implicated himself and his partner in crime but, when his own trial came round, he tried to extricate himself by denying his previous statements. It appears to us that when an officer like him tries to suit himself according to the occasion, and is later found to contradict his previous statements, he can hardly be regarded as reliable. The allegations he made against various officers cannot be believed either in the absence of any foundation to show that his complaints are credible.

We have given our reasons that the evidence of Sergeant Tun Shwe, though an accomplice, has been corrobarated on some material particulars to assure us that he has spoken the truth. And we have also shown that the accused on the other hand has proved himself to be unreliable.

We would therefore hold that the conviction and sentence passed upon the accused by the Court-Martial need no interference and order that this appeal be dismissed.

စစ်ဘက်အယူခံတရားရုံး

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်၊ ဗိုလ်မှူးကြီး စန်ကြည် နှင့် တရားသူကြီး ဦးအောင်ကြီး တို့ရှေ့တွင်

မောင်ချော (အယူခံတရားလို)

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ (အယူခံတရားခံ)*

† ၁၉၆၇ အောက်တိုဘာ လ ၃ ရက်။

တပ်မတော် အက်ဥပဒေပုဒ်မ ၇၁ နှင့် ၆၆ (၇) အရ မူပြစ်ထင်ရှား စီရင်ခြင်း—တပ်မတော်သား တို့သည် အထက်မှပေးသောအမိန့်ကို တိကျစွာ လိုက်နာကြရခြင်း—ပြစ်ဒဏ်။

အယူခံ တရားလိုအပေါ် တပ်မတော် အက်ဥပဒေ ၇၁ နှင့် ပူးတွဲ၍ ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁) (ခ)အရနှင့် တပ်မတော် ဥပဒေပုဒ်မ ၆၆ (၇)အရ တရားစွဲသည်။

ဆုံးဖြတ်ချက်။ ။တပ်မတော်သားတို့သည် အထက်မှပေးသော အမိန့်ကို တိကျစွာ လိုက်နာကြရသည်။ ပေးဆသောအမိန့်သည် မျှတခြင်း ကင်းမဲ့နေသည်ဟု ထင်မှတ်လျှင် အထက်အရာရှိအား တင်ပြရန်သာရှိသည်။ အမိန့်ကိုဆန့်ကျင်ရန်သော်၎င်း၊ အမိန့်ပေးသူကို အန္တရာယ်ပြုရန် သော်၎င်း မဟုတ်ခေ့။ ပြည်သူကပေးအပ်ထားသောလက်နက်ကို သုံးစွဲ၍ ထိုသို့ အန္တရာယ်ပြုလျှင်ကား ပို၍ပင် စည်းကမ်းဖေါက်ဖျက်ရာ တာဝန်မဲ့ရာ ရောက်သေးသည်။ ဤအမှုမျိုးကို စဉ်းစားရာ၌ တရားဥပဒေ သဘောမျှသာမကဘဲ တပ်တွင်းစည်းကမ်း ထိန်းသိမ်းရေးကိုပါ ထည့်သွင်းစဉ်းစားကြရသည်။ အမှုတွင် ကြိုတင်ကြံစည်ခြင်း အင်္ဂါမပါသော လူသတ်မှု ဖြစ်မြောက်သည်ဟု ယူဆရာ၌ ယင်းကဲ့သို့ ဘပ်တွင်းစည်းကမ်း ထိန်းသိမ်းရေးကို ထည့်သွင်းစဉ်းစားကြပြီးဖြစ်သည်။ သင့်မြတ်သော ပြစ်ဒဏ်ကို သတ်မှတ်ရန် စဉ်းစားကြသောအခါ၌မူ အခင်းဖြစ်ပွါးခဲ့ရသော အခြေအနေ၊ အချင်းဖြစ်ခါနီး၌ အယူခံတရားလိုသည် ပင်ပန်း၊ ဖျားနာနေခဲ့ခြင်းနှင့် ကင်းစောင့်တာဝန် မကျတော့ပဲ အနားယူရတော့မည်ဟု မှတ်ထင်စေပြီးမှ ၎င်းတဦးအား မခြေမငံပြောဆို အမိန့်ပေးခံရခြင်းတို့နှင့် ရှတ်ခြင်းမြင်တွေ့ရှိ ထွက်ရသောဒေါသ၊ ကြုံကြိုက်ခြင်းတို့ကို စုပေါင်းချင့်ချိန်ရန်လိုသည်။

အယူခံ တရားလို၏ ငယ်ရွယ်သော အသက်အရွယ်ကို စဉ်းစားရန်လိုပေသည်။ အကျင့်စာရိတ္တ ကောင်းသည့်အပြင်၊ သူ၏လုပ်သက်တမ်း ၁ နှစ်ခွဲသာသာ ရှိသေး၍ ဗဟုသုတ နည်းသေးကြောင်း လည်းထင်ရှာသည်။ အလုပ်ကြမ်းနှင့် ထောင်ဒဏ်ပေးရမည်ဖြစ်၍ ၎င်းသည် ထောင်မှလွတ်လာကာ ကိုယ့်ဘိုင်းပြည်ကို နောက်တဖန် ဖြောင့်မတ်စွာ တာဝန်တခု ဆောင်ရွက်ပေးနိုင်ရန် သင့်တော်သော ပြစ်ဒဏ်တရပ်ပေးရမည်။

---

* ၁၉၆၇ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၃၂။

† ၁၉၆၅ ခုနှစ်၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်၊ အကျဉ်းစစ်တရားရုံးချုပ်အမှတ် ၄၃ တွင် ချမှတ်သော ၁၉၆၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့စွဲပါ (နမခ) အကျဉ်းစစ် တရားရုံးချုပ်၏ အမိန့်ကို အယူခံမှု။

၁၉၆၇ **အယူခံတရားလိုအတွက်။** ။ ဦးဘတင်။

မောင်ချောနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။ **အယူခံတရားခံအတွက်။** ။အစိုးရတရားရုံးချုပ် ရွှေနေကြီး ဦးမျိုးထွန်းလင်း။

တရားသူကြီး ဦးအောင်ကြီး။ ။ဤအမှုတွင် အယူခံတရားလိုဖြစ်သော ကိုယ်ပိုင်အမှတ် (၂၅၉၃၀၂) တပ်သားမောင်ချောအား၊အကျဉ်းစစ်တရားရုံးချုပ်က၊ ၎င်းအပေါ် ၌စွဲချက် ၂ ချက်အရ၊ **အပြစ်ရှိကြောင်း** ထင်ရှားသည်ဟု သေဒဏ်ပေးခဲ့သည်။ ကာကွယ်ရေး ဦးစီးချုပ်သို့ အယူခံတက်သော်လည်း၊ ၎င်းပြစ်ဒဏ်ကို ၁၉၆၇ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့တွင် အတည်ပြုလိုက်သဖြင့်၊ ဤရုံးသို့ ယခုလာရောက်ခြင်းဖြစ်သည်။

တရားလိုသက်သေ ၅ ယောက်အနက်၊ တပ်သား**အဆန်း**၊ ဗိုလ် **အေး**မောင်နှင့် တပ်သားမောင်မြင့် (လိုပြ ၂-၄-၅) တို့သည်၊ မျက်မြင် **သက်သေများ**ဖြစ်၍ သေနတ်ပစ်သံ ၂ ချက်ကို၊ တချက်နှင့်တချက် မရွေးမနှောင်းသာ ကြားလိုက်ကြရသည်။ မည်သူကပစ်သည်ကို မသိသည့်အပြင် မည်သို့သော အကြောင်းများကြောင့် ဗိုလ် အေးမောင်အိမ်တွင်ရှိသော၊ တပ်ကြပ် ဒါရှိဂန်ကို ပစ်ကြောင်းကိုလည်း မသိခဲ့ချေ။ သို့သော် ရန်သူ၏ လက်ချက် မဟုတ်ကြောင်း သိရှိပြီးနောက် တပ်တွင်ရှိသော ရဲဘော်အချို့ကို တန်းစီခိုင်းရ၍၊ စစ်ဆေးသောအခါ၊ တပ်သားမောင်ချောထံက၊ သူ့အား ဆရာဒါရှိဂန်က ကင်းတာဝန်ချသည်ကို မကျေနပ်ခြင်းကြောင့် မှတ်လောက်သားလောက်အောင် ပစ်လိုက်ကြောင်း၊ ထို့နောက် သူသည် နောင်တရ၍၊ သူ့ကိုယ် အဆုံးစီရင်ရန်ဖြစ်သော်လည်း၊ သူမသေဘဲ ရှိနေကြောင်း ဝန်ခံ၍ သူပစ်ကြောင်း ထင်ရှားခဲ့သည်။

တရားလို သက်သေများသည် သေသူ ဆရာဒါရှိဂန်နှင့် တပ်သား မောင်ချော မည်ကဲ့သို့ စပြီးဖြစ်ကြောင်း လုံးဝမသိ၍ မပြောနိုင်ကြချေ။ ထို့ကြောင့် တရားခံသည် ကျမ်းသစ္စာဖြင့် မထွက်ဆိုသော်လည်း၊ သူ့အား တပ်မတော် နည်းဥပဒေ ၂၂ အပိုဒ် (၃) အရ၊ စစ်ဆေးသောသူ၏ အလိုအလျောက်ထွက်ဆိုချက်ကိုလည်းကောင်း၊ အကျဉ်းစစ်တရားရုံးချုပ်တွင် ထွက်ဆိုသော ထွက်ချက်ကိုလည်းကောင်း၊ **ဤ**တရားရုံးသို့သူ၏**အယူခံ**သွားကိုလက်ခံရန် တင်ပြသောအကြောင်း အချက်များကိုလည်းကောင်း ထောက်ရှုပြီး အယူခံတရားလိုသည် ဆရာဒါရှိဂန်အား ငှိုင်ဖယ်သေနတ်ဖြင့် တချက်ပစ်ရာတွင် တရားခံအပေါ် ၌ တင်ထားသည့် စွဲချက်အရ၊ ဆရာဒါရှိဂန်အား တင်ကူးကြံရွယ်ချက်ဖြင့် ပစ်သတ်ကြောင်း ထင်ရှားစွာ ပေါ်လွင်သလား၊ သို့မဟုတ် အယူခံတရားလိုက တင်ပြချက်များအရ ဆရာဒါရှိဂန်အား မသေစေလိုပဲ၊ မှတ်လောက်သားလောက်အောင် တချက်တည်း ပစ်လိုက်ကြောင်း ထင်ရှားသလား၊ ဤအချက် ၂ ချက်သည် ဤအမှုတွင်ပေါ်လွင်သော ဖြစ်ရပ်နှင့် အကြောင်းအရာများကို ထောက်ရှု

၍ မည်သည့်အချက်ကြောင့် ပစ်ကြောင်းကို ကျန့်ပ်တို့စဉ်းစားရပေမည်။ ဒုတိယ စွဲချက်နှင့်ပတ်သက်၍ တရားခံကလည်းမငြင်း၊ ထင်ရှားနေသဖြင့် အထူးစဉ်းစားရန် မလိုတော့ပေ။

အမှု၏ အကြောင်းခြင်းရာများမှာ၊ တရားခံနှင့် အခြားတပ်သား ၅ ယောက်သည် ၁၉၆၅ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့တွင် ဟူမွလင်းမှတက်ခဲတ်စခန်းသို့ လူအင်အားဖြည့်ရန်အတွက် လာကြသည်။ စခန်းမှူး ဗိုလ် အေးမောင်၏ ထွက်ချက်အရ၊ ဟူမွလင်းမှ နောင်ပိုအောင်အထိ ၁၂ မိုင် ခရီးကို၊ မော်တော်ရေယာဉ်ဖြင့် သွားရကြောင်း၊ နောင်ပိုအောင်ရောက်ပြီးနောက်၊ တက်ခတ်စခန်းသို့ ကုန်းကြောင်း ၁၁ မိုင် လာရကြောင်း၊ သို့ကြောင့် အဆိုပါနေ့ညနေ ၇ နာရီ လောက်တွင် ရောက်လာသော တပ်သား ၆ ယောက်တို့သည်၊ ပင်ပန်းလာမည်မှာ တထစ်ချ ယုံကြည်နိုင်မည်။ ထိုနေ့ညမှာပင် စခန်းမှူး ဗိုလ် အေးမောင်အား အထက်အရာရှိတဦးက၊ဟူမွလင်းသို့ ၂၃ ရက်နေ့အရောက်လာရန် အမိန့်ပေး၍၊ တပ်ကြပ်ကြီး လဘန်ဂန်အား၊ စခန်းမှူးတာဝန် များ လွှဲပြီး၊ ခရီးသွားရန်ပြင်ဆင်ထုပ်ပိုးနေ၏။ လုပ်ငန်းလုပ်စဉ်အတိုင်း ထိုနေ့ညတွင် စခန်းလုံခြုံမှုအတွက်၊ ကင်းစောင့်ရန် တာဝန်ပေးထားရာ၌ တက်ခတ်စခန်းရှိ တပ်သား စိန်မောင်သည်၊ ည ၁၀ နာရီမှ ၁၂ နာရီအထိ တာဝန်ဆောင်ရွက်ရမည်ဖြစ် သော်လည်း၊ တပ်ခွဲမှ လုံခြုံရေးဇယားဆွဲရန် တပ်သား စိန်မောင်က ၎င်းကိစ္စကို လုပ်ဆောင်တာ်သဖြင့် ကင်းတာဝန်ကို တပ်သား စိန်မောင်အစား ဟူမွလင်းမှ ၇ နာရီတွင် ရောက်လာသော တပ်သားမောင်ချောအား ပေးရန်၊ ဗိုလ်အေးမောင်က၊ တပ်ကြပ်ကြီး လဘန်ဂန်အား ပြောသိုက်ရာ တပ်ကြပ်ကြီး လဘန်ဂန်းက တဖန် တပ်ကြပ် ဒါရှိဂန်အား တပ်သားမောင်ချောကို အမိန့်ပေးရန် ခိုင်းလိုက်သည်။

အဆိုပါ ၁၉၆၅ ခုနှစ်၊ စက်တာ်ာလ ၂၁ ရက်နေ့ ညနေ ၇ နာရီလောက်တွင် တက်ခတ်စခန်းသို့ ရောက်ပြီးသည့်နောက်၊ တရားခံမောင်ချော၏ ပြောပြချက်အရ၊ သူသည် စခန်းမှူးတာဝန် ထမ်းဆောင်နေသော တပ်ကြပ်ကြီး လဘန်ဂန်းအား သဘင်းပို့သည်။ မောင်ချောပြောပြချက်အရ၊ စခန်းမှူးကသူ့အား "မင်း ဒီနေ့ အနားယူ၊မင်းကြိုက်တဲ့နေရာမှာနေ" (သက်သေခံ "ဃ" ကြည့်ပါ)ဟုပြောလိုက်သည်။

ထိုနေ့တွင် ခရီးထွက်လာရာ၌ တရားခံမောင်ချော ထွက်ချက်အရ၊ သူသည် ဖျားလာကြောင်း၊ လူတကိုယ်လုံး မိုးစိုရွှဲ အဖျားတက်သွားကြောင်း၊ ကုန်းကြောင်း လာရ၍လည်း ပင်ပန်းလာသည်။ ထိုကဲ့သို့ နေမကောင်း၍ အနားယူနိုင်ရန် တပ်သား စိန်မောင်၏ အိပ်ယာတွင် သူ့အိပ်ယာခင်းနေစဉ်၊ ဆရာဒါရှိဂန် လာရောက်ပြီး သူ့အား "မင်း ဘယ်သူ့အမိန့်နှင့် ဒီကိုလာနေသလဲ" ဟုမေးပြီး ဆဲဆို ကြိမ်းမောင်း လေသည်။ သူသည် အဖော်ရအောင် ဆရာတင်လေးတို့နှင့် အတူအိပ်ရန် ထပ်မံခင်း

၁၉၆၇

မောင်ချောနှင့် ပြည်ထောင်စု ပြန်မာနိုင်ငံ။

နေစဉ်၊ တပ်ကြပ်ဒီဒါဂန် နောက်ထပ်တဖန် ရောက်လာပြီး သူ့အား ည ၁၀ နာရီမှ ၁၂ နာရီအထိ ကင်းကျကြောင်း ပြောလေသည်။ ထိုအခါ တရားခံ မောင်ချောက သူသည်ဒီကနေ့ နေလည်းမကောင်း၊ ပင်လည်းပင်ပန်းလာ၍ ကင်းမစောင့်နိုင်ကြောင်း ပြန်ပြောလိုက်လေသည်။ ဒါရှိဂန်ကလည်း ဘာမျှ ပြန်မပြောဘဲ ပြန်သွားလေသည်။

အထက်တွင်ဖော်ပြသကဲ့သို့၊ တပ်သားမောင်ချောသည်၊ သူ့အား တပ်မတော် နည်းဥပဒေ ၂၂ အပိုဒ် ၃ အရ၊ ဗိုလ်သန်းလွင် (လိုပြ ၁) က ၁၉၆၅ ခုနှစ်၊ ဇွန်လတို ဘာလ ၂၄ ရက်နေ့တွင် စစ်ဆေးရာ၌ ထုတ်ဆိုခဲ့သည်။ သူသည် အကျဉ်းစစ်တရားရုံး ချုပ်တွင်၊ တရားခံအနေဖြင့် ကျမ်းသစ္စာမပြုဘဲ၊ ၁၉၆၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် အစစ်ခံရာ၌၊ ဆရာဒါရှိဂန်အား သူသည်ခရီး အလွန်ပင်ပန်းလာ၍ အဖျားလည်းတက်နေကြောင်း၊ သူ့ကိုစမ်းကြည့်ပါ၊ သူ့အား ဖြစ်နိုင်လျှင် ငှဉ်းညှေ့ အနားယူပါရစေ၊ ဒါမှမဟုတ်လျှင် သူနှင့် အတူပါလာသော ရဲဘော် ၄ ယောက်နှင့် တကွသူ့ကိုပါ မဲချပြီး၊ မဲကျသူကို ကင်းတာဝန်ပေးပါဟု တောင်းပန်ကြောင်း၊ သို့ရာတွင် ဆရာဒါရှိဂန်က၊ သူ့အား ငါနားမလည်ဘူး၊ မင်းစောင့်ရမည်ဟုပြောပြီး ပြန်သွားကြောင်း ထုတ်ဆိုခဲ့သည်။ ပဌမဆုံး အစစ်ခံချက် (သက်သေခံ "ဃ")ကို ဖော်ရွှပါက မဲချရန်တောင်းဆိုကြောင်း၊ မပါသော်လည်း ထိုကဲ့သို့ ဆန့်ကျင်ကဲလွဲခြင်း ကားမဟုတ်၊ အမှန်တကယ်ပြောဆိုခဲ့ပြီးလျှင်၊ မောင်ချောသည် ၁၉၆၅ ခုနှစ်၊ ဇွန်လတို ဘာလ ၂၄ ရက်နေ့တွင်သာ ပြည့်စုံစွာမပြောခဲ့ခြင်း ဖြစ်သည်ဟု ယူဆလျှင် မှားယွင်းမည် မထင်ချေ။ သို့သော် ဤရုံးသို့ သူ၏အယူခံလွှာ လက်ခံရန်အကြောင်း မျှားတင်ပြရာ၌၊ ဆရာဒါရှိဂန်သည်၊ ဒုတိယအကြိမ် သူ့အား ကင်းစောင့်ရမည်ဟု၊ ဆဲဆိုကြိမ်းမောင်းဆဲထိုးပြီး၊ ရိုက်နှက်ကြောင်း ပိုလာခြင်းကို တွေ့ရသည်။ ဆရာဒါရှိဂန်က သူ့အား ရိုက်နှက်ကြောင်း၊ ၁၉၆၅ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့နှင့် ၁၉၆၆ ခုနှစ်၊ ဖေဖော်ဝရီလ ၂၂ ရက်နေ့များတွင် လုံးဝထုတ်ဆိုခဲ့ခြင်း မရှိသည့်အပြင်၊ သာမန်အားဖြင့် အချင်းဖြစ်သောညတွင်၊ စခန်းမှူး ဗိုလ် အေးမောင်ကိုတိုင်ရန်ရှိသည်။ ထို့ပြင်သူ့အား ဆဲပြီး ရိုက်နှက်ကြောင်း တပ်တွင်ရှိသော ရဲဘော်တဦးတယောက် သိမြင်ရမည်။ သို့ကြောင့် ဤရုံးကသူ့အား ဒါရှိဂန် ဆဲထိုးပြီး ရိုက်နှက်ကြောင်း လက်မခံနိုင်ချေ။

အယူခံတရားလိုအတွက် လိုက်ပါဆောင်ရွက်သော၊ တရားရုံးချုပ် ရွှေနေကြီး ဦးဘတင်က၊ အယူခံတရားလိုသည် တပ်ကြပ် ဒါရှိဂန်အား၊ သေနတ်ဖြင့်တချက် ပစ်ခြင်းမှန်သော်လည်း၊ ၎င်းတွင်တင်ကူး ကြံရွယ်ချက်မရှိပါဟု လေးနက်စွာလျှောက်လဲချက် ပေးခြင်းကို တရားရုံးချုပ် အစိုးရရွှေနေကြီး ဦးမျိုးထွန်းလင်းကလည်း တိုက်ရိုက် သက်သေမည်သူမျှ မရှိ၍ ထောက်ခံခဲ့သည်။

နှစ်ဦးနှစ်ဖက် လျှောကလဲချက်များ အရ "ဤရုံးကလည်း တရားခံ မောင်ချော၏ ထွက်ဆိုချက်များကို စဉ်းစားရာ၌၊ ယုံကြည်နိုင်ဘွယ်ရာရှိရန် အကြောင်းမှာ၊ ထိုနေ့ည နေတွင် သူသည် မကျန်းမာ၍ တကယ်ခရီးပန်းလာပေလိမ့်မည်။ ထိုအချိန်၌ မိုးဥတု လည်းဖြစ်နေ၍ သူပြောဆိုချက်အရ၊ အဖျားရှိနေစဉ်တွင် တကိုယ်သိုးမိုးစိုး၍ အဖျား တက်လာခြင်းသည် မှန်ကန်နိုင်ဘွယ်ရှိသည်။ ဤအကြောင်းများကြောင့်၊ တပ်ကြပ် ဒါရှီဂန်က ၎င်းအား ကင်းကျကြောင်း လာရောက်ပြောရာ၊ တရားခံက ၎င်းညတွင် ကင်းတာဝန်လွဲရာ၌ သူ့အား နေမကောင်းသဖြင့် ကင်းစောင့်ခြင်းမှ ခွင့်လွှတ် ရန်တောင်းပန်သည်။ ထိုကဲ့သို့ မဖြစ်နိုင်ပါက၊ မဲချရန် မေတ္တာ ရပ်ခံခဲ့သည်ဆို သည်မှာလည်း မှန်ကန်နိုင်သည်။ အကယ်၍ တရားခံမောင်ချောသည်၊ တပ်ကြပ် ဒါရှီဂန်အား တင်ကူးကြိုတင်ချက်ဖြင့် သေစေရန် ရည်ရွယ်ခဲ့ပါက၊ ၎င်း တပ်ကြပ် ဒါရှီဂန်အား၊ တမင်လိုက်ရှာ၍ ပစ်သတ်ပြီးလျှင် ထွက်ပြေးတိမ်းရှောင်နိုင်သည်။ ထိုသို့ မကြံစီပဲ၊ ကင်းတာဝန်ကျချိန်ရောက်သောအခါ၊ ကင်းတာဝန်လွဲပေးမည့် တပ်သား မောင်မြင့်က တရားခံသည် သေနတ်သည်းမပါ၊ ယူနီဖေါင်းလည်း မဝတ်ဘဲ ကင်းဘုတ် သို့ရောက်လာ၍ တပ်သားမောင်မြင့်ကပင်၊ သတိပေးလိုက်ရသည်။ ထိုကဲ့သို့ သတိ ပေးလိုက်၍၊ တရားခံမောင်ချောသည်၊ ယူနီဖေါင်းသွားဝတ်ပြီး သေနတ်တလက်နှင့် ကင်းဘုတ်သို့ ပြန်လာခဲ့လေသည်။ သူသည် ကင်းစောင့်ရန်သာ ပြန်လာခြင်းမှာ ထင်ရှားသည်။ တပ်ကြပ် ဒါရှီဂန်ကို ပစ်သတ်ရန်တင်ကူး ကြံရွယ်ချက်ဖြင့်၊ သွား ရောက်သည် မဆိုနိုင်ပေ။ ထိုအချိန်တွင် တပ်ကြပ် ဒါရှီဂန်မှာလည်း ဗိုလ် အေးမောင် ခရီးမသွားမီ၊ ၎င်းအိမ်တွင် ပစ္စည်းများကို ကူညီ ထုပ်ပိုးနေခြင်းဖြစ်သည်။ တရားခံက သူ့အား တမင်လိုက်ရှာ၍ တွေ့ခြင်းမဟုတ်ပဲ မတော်တဆ အကြောင်းအားလျော်စွာ တွေ့ခြင်းသာ ဖြစ်သည်ဟု ကျွန်ုပ်တို့ယူဆသည်။

ထို့ကြောင့် တရားခံ ရှင်းလင်းချက် ပေးသည့်အတိုင်း၊ ရှောင်တခင် ဒေါသကြောင့် သူ့လက်ဘွင် ပါရှိသော ရိုင်ဖယ်နှင့် တချက်ပစ်လိုက်ခြင်း ဖြစ်သည်ကို ကျွန်ုပ်တို့ လက်ခံသည်။ ထို့နောက်တပ်ကြပ် ဒါရှီဂန်အား သေနတ်ထိသွားသောအခါ၊ သူသေ ရတော့မည်ဟု၊ သားသမီးများကို ဟစ်အော် ပြောရာ၊ တရားခံသည် ချက်ခြင်းပင် နောင်တရ၍၊ သူ့ကိုယ်သူ ၎င်းရိုင်ဖယ်နှင့်ပင် အဆုံးစီရင်ရန် ကြိုးပမ်းသော်လည်း၊ မအောင်မြင်ခဲ့ချေ။

တပ်မတော်သားတို့သည် အထက်မှပေးသော အမိန့်ကို တိကျစွာ လိုက်နာကြရ သည်။ ပေးသောအမိန့်သည် မျှတခြင်းကင်းမဲ့ နေသည်ဟု ထင်မှတ်လျှင်၊ အထက် အရာရှိအား တင်ပြရန်သာရှိသည်။ အမိန့်ကို ဆန့်ကျင်ရန်သော်လည်းကောင်း၊ အမိန့် ပေးသူကို အန္တရာယ်ပြုရန် သော်လည်းကောင်း မဟုတ်ချေ။ ပြည်သူက ပေးအပ်

၁၉၆၇

မောင်ချောနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

ထားသော လက်နက်ကိုသုံးစွဲ၍ ထိုသို့ အန္တရာယ်ပြုလျှင်ကား ပို၍ပင် စည်းကမ်းဖေါက်ဖျက်ရာ၊ တာဝန်မဲ့ရာ ရောက်သေးသည်။ ကျွန်ုပ်တို့သည်၊ ဤအမှုမျိုးကို စဉ်းစားရာ၌၊ တရား ဥပဒေသဘောမျှသာ မကပဲ၊ တပ်တွင်း စည်းကမ်းထိန်းသိမ်းရေးကိုပါ ထည့်သွင်း စဉ်းစားကြရသည်။ ဤအမှုတွင် ကြိုတင်ကြံစည်ခြင်း အင်္ဂါမပါသော လူသတ်မှုဖြစ်မြောက်သည်ဟု ကျွန်ုပ်တို့ ဆုံးဖြတ်ကြရာ၌၊ ယင်းကဲ့သို့ တပ်တွင်း စည်းကမ်း ထိန်းသိမ်းရေးကို ထည့်သွင်းစဉ်းစားကြပြီး ဖြစ်သည်။ သင့်မြတ်သော ပြစ်ဒဏ်ကို သတ်မှတ်ရန် စဉ်းစားကြသောအခါ၌မူ၊ အချင်း ဖြစ်ပွား ခဲ့ရသော အခြေအနေ၊ အချင်းဖြစ်ချိန်၌ အယူခံတရားလိုသည် ပင်ပမ်း၊ ဖျားနာနေခဲ့ခြင်းနှင့် ကင်းစောင့် တာဝန် မကျတော့ပဲ၊ အနားယူရတော့မည်ဟု မှတ်ထင်စေပြီးမှ၊ ၎င်း တဦးအား မခြေမငံ ပြောဆိုအမိန့်ပေးခံရခြင်းတို့နှင့်၊ ရုတ်ချင်း မြင်တွေ့၍ ထွက်ရသော ဒေါသ၊ ကြုံကြိုက်ခြင်းတို့ကိုစုပေါင်း ချင့်ချိန်ရန်လိုသည်။

အယူခံ တရားလိုအပေါ်၌၊ ပဋမစွဲချက်နှင့် ပတ်သက်၍၊ တပ်မတော် အက်ဥပဒေ ပုဒ်မ ၇၁ နှင့် ပူးတွဲ၍ ရာဇသတ်ပုဒ်မ ၃၀၂ (၂) တွင် အကျုံးဝင်သောလူသတ်မှုကို ကျူးလွန်သည်ဟုပြောင်းလဲ၍ ဆုံးဖြတ်သည်။ ဒုတိယ စွဲချက်လွှာနှင့် ပတ်သက်၍တပ်မတော် အက်ဥပဒေ ပုဒ်မ ၆၆ (၈) အရ၊ သူ၏ ဝန်ခံချက်အရ အပြစ်ထင်ရှားသည်။

အထက်ပါ အချက်အလက် များကြောင့် ပြစ်ဒဏ်သတ်မှတ်ရန်သာ လိုသည်။ ဤအချက်နှင့်ပတ်သက်၍ ကျွန်ုပ်တို့ ဖေါ်ပြထားခဲ့သော အကြောင်းအရာများကို ထောက်ရှု၍ အယူခံတရားလို၏ ငယ်ရွယ်သော အသက် အရွယ်ကို စဉ်းစားရန် လိုပေသည်။ သက်သေခံအမှတ် "ဆ"တွင် ၎င်း၏အသက်သည် ၂၀ သာ ဖြစ်ကြောင်း ပေါ်လွင်သည်။ အကျင့်စာရိတ္တကောင်းသည့်အပြင်၊ သူ၏ လုပ်သက်တန်း ၁ နှစ် ခွဲသာသာရှိသေး၍၊ ဗဟုသုတ နည်းသေးကြောင်းလည်း ထင်ရှားသည်။ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ပေးရမည်ဖြစ်၍၊ ၎င်းသည် ထောင်မှ လွတ်လာကာ ကိုယ့်တိုင်းပြည်ကို နောက်တဖန် ဖြောင့်မတ်စွာ တာဝန်တခု ဆောင်ရွက်ပေးနိုင်ရန် သင့်တော်သော ပြစ်ဒဏ်တရပ် ပေးရမည်။

အထက်ဖေါ်ပြပါ အကြောင်းများကြောင့်၊ အယူခံ တရားလို မောင်ချောအပေါ်၌ ရာဇသတ်ပုဒ်မ ၃၀၂(၂) သို့ ပြောင်းလဲ၍ လည်းကောင်း၊ တပ်မတော် အက်ဥပဒေ ပုဒ်မ ၆၆ (၈) အရလည်းကောင်း၊ ပြစ်မှုထင်ရှား တွေ့ရှိပြီးလျှင် ယခင်ချမှတ်သော သေဒဏ်ကို ပယ်ဖျက်ပြီး၊ ပြစ်မှုနှစ်ရပ် အတွက် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် ကျွန်ုပ်တို့ အမိန့်ချမှတ်လိုက်သည်။

စစ်ဘက်အယူခံ တရားရုံး

ဗိုလ်မှူးကြီး လှဖုန်း၊ ဒေါက်တာ မောင်မောင်နှင့် ဦးအောင်ကြီး တို့ရှေ့တွင်

မောင်အေးလွင် (အယူခံတရားလို)

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ (အယူခံတရားခံ)*

† ၁၉၆၇ စက်တင်ဘာ လ ၇ ရက်။

တပ်မတော် အက်ဥပဒေ ပုဒ်မ ၅၂ (က)၊ ပုဒ်မ ၅၂ (က)နှင့် ပုဒ်မ ၇၁ တို့အရ မှုပြစ်ထင်ရှားစီရင်ခြင်း—အဂတိလိုက်စားမှု တားမြစ်ရေး အက်ဥပဒေပုဒ်မ ၄ (ခ)၊ (ဂ)/၄ (၂)တို့အရ စွဲချက်တင်ခြင်း—ငင်းအက်ဥပဒေ ပုဒ်မ ၆ အရ အရေးယူက ငင်းအား ရာထူးမှ ထုတ်ပယ်နိုင်ခွင့်ရှိသည့် အာဏာပိုင်၏ အခွင့်အမိန့် တရပ်ကို ကြိုတင်မရရှိဘဲ အရေးယူနိုင်၊ မယူနိုင်။

အယူခံ တရားလိုအား ခြောက်လှန့် ငွေတောင်းယူမှုများနှင့် ပတ်သက်၍ တရားစွဲဆိုခဲ့သည်။

ဆုံးဖြတ်ချက်။ ။အဂတိလိုက်စားမှု တားမြစ်ရေး အက်ဥပဒေပုဒ်မ ၄(ခ)၊ (ဂ)/၄ (၂)တို့အရ စွဲချက်တင်ရာ၊ ငင်းအက်ဥပဒေပုဒ်မ ၆ အရ ဒုယူခံတရားလိုအပေါ် ၌ အရေးယူပါက ငင်းအား ရာထူးမှ ထုတ်ပယ်နိုင်ခွင့်ရှိသည့် **အာဏာပိုင်၏** အခွင့်အမိန့်တရပ်ကို **ကြိုတင်မရရှိပဲအရေးမယူနိုင်ဟု** ဖြစ်သည်။ အမှုတွင် သီးခြားကြိုတင် အခွင့်အမိန့်တရပ် မရှိသော်လည်း အယူခံတရားခံအပေါ် ၌ တင်ခဲ့သော စွဲချက်များနှင့် ပတ်သက်၍ တပ်မတော် နည်းဥပဒေ (ဒုခန်း ၅)တွင် ပြဋ္ဌာန်းချက်အရ စုံစမ်းစစ်ဆေးခြင်း ပြုလုပ်ခဲ့သည်။ ထိုကဲ့သို့ စစ်ဆေးပြီးမှ အယူခံတရားလိုအပေါ် ၌ ယုတ္တိထင်ရှားသောအပြစ်ပေါ်လွင်၍ တပ် တော် အက်ဥပဒေ ပုဒ်မ ၁၁၄ အရ အနောက်မြောက်တိုင်း၊ တိုင်းမှူး၏ အမန်တရပ ဖြင့် အယူခံတရားလိုအား စစ်ဆေးရန် အကျဉ်းစစ် တရားရုံးချုပ်တခု ဖွဲ့စည်းလေသည်။ ထိုကဲ့သို့ ပြုလုပ်ခြင်းမှာ အာဏာပိုင်၏ အခွင့်အမိန့် ကြိုတင်ပေးသည်ဟူ၍ ယူဆရပေမည်။

အယူခံတရားလိုအတွက်။ ။

အယူခံတရားခံအတွက်။ ။အစိုးရ တရားရုံးချုပ် ရှေ့နေ ဦးမျိုးထွန်းလင်း။

တရားသူကြီး ဦးအောင်ကြီး။ ။အယူခံ တရားလို ဖြစ်သော အမှတ် (၇) စုံစမ်း ထောက်လှမ်းရေး တပ်ခွဲမှ ကိုယ်ပိုင် အမှတ် ၁၀၃၃၀၈ တပ်ကြပ်ကြီး အေးလွင်

---

* ၁၉၆၅ ခုနှစ်၊ ရာဇဝတ်အယူခံမှုဒေသမှတ် ၂၄။

† ၁၉၆၅ ခုနှစ်၊ အကျဉ်းစစ် တရားရုံးချုပ် အမှတ် ၂၇/၆၅ (နမခ)တွင် ချမှတ်သော ၁၉၆၅ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့စွဲပါ အကျဉ်းစစ် တရားရုံးချုပ်၏ အမိန့်ကိုအယူခံမှု။

၁၉၆၇

မောင်အေးလွင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

အား၊ အကျဉ်းစစ်တရားရုံးချုပ်က ၎င်းအပေါ် ၌တင်ထားသော စွဲချက် ၃ ချက်စလုံးအား အပြစ်ရှိသည်ဟူ၍၊ တပ်သားအဆင့်သို့ လျော့ချပြီး၊ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၃ နှစ် နယ်ဘက် အကျဉ်းထောင်တွင် ကျခံစေရန်နှင့် စစ်မှုထမ်းဆောင်ခြင်းမှလည်း အမြဲတန်းထုတ်ပြစ်ရန်အမိန့်ချလိုက်သည်။ ၎င်းအမိန့်များကို အနောက်မြောက်တိုင်း စစ်ဌာနချုပ်ကအတည်ပြုလိုက်၍၊ ဤစစ်ဘက် အယူခံတရားရုံးသို့ ယခုရောက်လာခဲ့သည်။

တပ်ကြပ်ကြီး အေးလွင်အပေါ်တွင် တင်ခဲ့သော စွဲချက်များမှာ ခြောက်လှန့်တောင်းယူမှုများနှင့် ပတ်သက်၍ အောက်ပါ အကြောင်းအရာများ ဖြစ်သည်။

မြစ်ကြီးနားမြို့မှ ရပ်ကွက်နေ ကုလားကုန်သည်တဦး အရှဖီလာတွင် သူ၏ ကွယ်လွန်သွားသော အစ်ကို စီတာရမ် ပြုလုပ်ထားခဲ့သော အိန္ဒိယငွေ ၁၅,၀၀၀ ကျပ် ပန်ဂျပ် အမျိုးသား ဘင့်ဒရပ်တခု ရှိလေသည်။ အဆိုပါ စီတာရမ်တွင် အမွေခံဖြင့် မွေးစားသား ကျောင်းသား ဂျီဝမ်လာက ၎င်းဘင့်ဒရပ်သည် သူ၏ အမွေစားပြု စာရင်း၏ နာမည်နှင့် ဖြစ်၍၊ မိမိတဦးတည်းနှင့်သာ ဆိုင်သည်ဟူ၍ အရှဖီလာထံ တောင်းသော်လည်း မရခဲ့ချေ။ သို့ကြောင့် တခြား ကုလားမိတ်ဆွေ အက်(စ်)၊ မိုကာဂျီအား ၎င်းဘင့်ဒရပ်ကို တောင်းပေးရန် ခပြာလေသည်။ မူကာဂျီက မိုဟန်လာနှင့် တိုင်ပင်ပြီးလျှင် အယူခံတရားလို ထောက်လှမ်းရေး တပ်ကြပ်ကြီး အေးလွင်ထံ အဆိုပါ ချက်လက်မှတ် ရနိုင်ရန်အတွက် အကူအညီများပေးဖို့ မေတ္တာရပ်ခံလေသည်။ ထို့ကဲ့သို့ မေတ္တာရပ်ခံသည့် အလျောက်၊ တပ်ကြပ်ကြီး အေးလွင်သည်၊ တခြားတပ်ကြပ်ကြီး စိန်အောင်တင်နှင့် ဂျီဝမ်လာ (လိုပြ ၆) ၏ထွက်ချက်အရ ၁၉၆၃ ခုနှစ်၊ မကုန်မီ တနေ့သောအခါ၊ နံနက် ၉ နာရီလောက်တွင် အက်(စ်)၊ မူကာဂျီနှင့် ၎င်းကို ခေါ်ယူ၍ အရှဖီလာအိမ်ဖို့ သွားလေ၏။ အဆိုပါ ဘင့်ဒရပ်ကို ဂျီဝမ်လာ၏ အမည်နှင့် လဲပေးရန် ငြင်းလေသည်။ ထိုအခါ တင်ကြပ်ကြီး စိန်အောင်တင်က သူ့အင်္ကျီအိပ်အတွင်းမှ စာရွက်စာတမ်းအချို့ကို ထုတ်ယူပြီး ၎င်း၏ စာရွက်စာတမ်းများနှင့် တကွ ဖြေရှင်းပေးရလိမ့်မည်ဟု ၎င်း၊ နောက်တဖန် တပ်ကြပ်ကြီး အေးလွင်ကလည်း ဘင့်ဒရပ်ကို ဂျီဝမ်လာ နာမည်ဖြင့် လဲမပေးပါက "၎င်းအရှဖီလာအား ခိုးထားသည်ဟု အရေးယူမည်ဟု ပြောလေသော်၊ အက်ဒ္ဒဖီလာက ရေဒီယိုပေါ်တွင် တင်ထားသော ဘင့်ဒရပ်ကို၊ တပ်ကြပ်ကြီး အေးလွင်၏ လက်ထဲသို့ ပေးလိုက်သည်။ ထိုအခါ ၎င်းဘင့်ဒရပ်ကို မူကာဂျီအား တပ်ကြပ်ကြီး အေးလွင်က ပေးလိုက်ပြီး၊ ဂျီဝမ်လာနာမည်ဖြင့် လဲပြောင်းပေးရန် ဆောင်ရွက်ပါဟု ပြောလိုက်ပြီး၊ သူတို့ပြန်ကြလေသည်။

အက်(စ်)၊ မူကာဂျီထံမှ အဆိုပါ ဘင့်ဒရပ် ရပြီးသည့်နောက် ၃-၄ ရက် အတောအတွင်း မြစ်ကြီးနားမြို့မှ အရေးပိုင်ရုံးသို့ သွားရောက်ပြီး၊ အရှဖီလာက ဂျီဝမ်လာအား

ငင်းဘင့်ဒရပ်နှင့် ပတ်သက်၍၊ နာမည်ပြောင်းလဲခြင်း တရားဝင်နိုင်ရန်အတွက် သက်သေများ ရှေတွင် ဆောင်ရွက် ပေးလေသည်။

တပ်ကြပ်ကြီး အေးလွင်သည်၊ မိုဟန်လာ (လိုပြ ၂) အိမ်သို့ မကြာခဏ အလည်အပတ် သွားလေ့ရှိ၍၊ ကျိဝမ်လာ နာမည်ဖြင့် ပြောင်း ပေးပြီးသော နံနက်ပိုင်းတွင် အရေးပိုင်ရုံး၌ ရှိနေစဉ်၊ ကျိဝမ်လာအား မိုဟန်လာအိမ်သို့ လာရန် ချိန်းလိုက်သည့် အတိုင်း ငင်းအိမ်သို့ ညနေပိုင်းတွင် သွားလေသည်။ ကျိဝမ်လာနှင့် တွေ့သည့်အခါ ရောက်ရှိနေသော အက်(စ်)၊ မိုဟာကျီရွှေတွင် တပ်ကြပ်ကြီး အေးလွင်က ငင်းဘင့်ဒရပ် ရပြီးပြီမဟုတ်လား၊ ရအောင်လုပ်ပေးရသည့်အတွက် ငွေ ၁၀,၀၀၀ ကျပ် လိုချင်သည် ဆိုသောအခါ၊ ငင်းဘင့်ဒရပ်သည် မြန်မာငွေနှင့် ၉၀,၀၀၀ ကျပ် ကျော်တန်ကြောင်း၊ ထိုအခါ ကျိဝမ်လာက ငွေ ၁၀,၀၀၀ ကျပ် မျှားလွှန်း၍ လျှော့ပါဟု တောင်းပန်သော်၊ တပ်ကြပ်ကြီး အေးလွင်က မလျှော့နိုင်ဟု ပြန်ပြော၍၊ ကျိဝမ်လာက ငင်းငွေ ၁၀,၀၀၀ ကျပ် ပေးပါမည်ဟု သဘောတူလိုက်ရ၏။

ကျိဝမ်လာသည် ဘင့်ဒရပ်ရပြီးနောက်တရက်တွင် အရှဖီလာ ထွက်ချက်အရ၊ ငင်းထံ တပ်ကြပ်ကြီး စိန်အောင်တင် ရောက်လာ၍၊ ဆရာကြီးက တွေ့ချင်သည်ဟု သူ့အား အမှီ၊အိုင်၊အက်(စ်)၊ ရုံးသို့ ခေါ်သွားလေသည်။ ရုံးတွင် တပ်ကြပ်ကြီး အေးလွင်နှင့် တွေ့သော် ငင်းထံမှ မှတ်ပုံတင်ကို တောင်း၍ ၁၄ ရက်အတွင်းတွင် စစ်ဆေးမည်ဟု သတိပေးပြီး အရှဖီလာကို ပြန်လွှတ်လိုက်၏။ သို့သော် နောက်တရက်တွင် အရှဖီလာသည် တပ်ကြပ်ကြီး အေးလွင် မကြာခဏ သွားရောက်သော မိုဟန်လာအိမ်သို့ ညနေ ၄ နာရီအချိန်လောက်တွင် ရောက်သွားသဖြင့်၊ ငင်းမျှော်လင့်သည့်အတိုင်း တပ်ကြပ်ကြီး အေးလွင်နှင့် တွေ့လေသည်။ တပ်ကြပ်ကြီး အေးလွင် မော်တော်ဆိုင်ကယ်နှင့် မရောက်မီ မိုဟန်လာအား၊ ဆရာအေးလွင်ကို ပြောပေးပါဟု အရှဖီလာက ပြောလိုက်၏။ မကြာမီ တပ်ကြပ်ကြီး အေးလွင် ရောရဲလာသောကြောင့်၊ အရှဖီလာ၏ ထွက်ဆိုချက်အရ၊ သူသည် တပ်ကြပ်ကြီး အေးလွင်၏ ခြေထောက်ကိုကိုင်၍ သူ့ကိုမဖမ်းရန်တောင်းပန်ရာ၊ တပ်ကြပ်ကြီး အေးလွင်က ငွေ ၁၀,၀၀၀ ကျပ် ပေးလျှင် မဖမ်းဘူးဟု ပြောလိုက်သည်။ အရှဖီလာက ပေးရန် သဘောတူသောအခါ၊ တပ်ကြပ်ကြီး အေးလွင်က သူ့အား ဘီးအီး၊အမ်၊အီး၊ ရှေတွင် လမ်းဘေးရှိတဲမှာ နေ့လည် ၁၁ နာရီတွင် ငွေနှင့် စောင့်နေ၊ သူ့ကားနှင့် လာခဲ့မည်ဟု ပြောလိုက်သည်။ ငင်းနေ့တွင် ချိန်းဆိုသည့်အတိုင်း၊ အရှဖီလာသည် သူ၏တူဖြစ်သူ ကွန်တန်လာ (လိုပြ ၅) နှင့် သွားပြီး၊ တပ်ကြပ်ကြီး အေးလွင်အား ငွေ ၁၀,၀၀၀ ကျပ် ပေးလိုက်သည်။

အရှဖီလာထံမှ ပဌမဦးစွာ ခြောက်လှန့်၍ ဘင့်ဒရပ် တောင်းယူကြောင်း၊ နောက်တဖန် သူ့ထံမှ ငင်းအား အဖမ်းမခံရရန်အတွက် ငွေ ၁၀,၀၀၀ ကျပ် တောင်း

၁၉၆၇

မောင်အေးလွင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

ကြောင်းနှင့် ဂျီဝမ်လာထံ သူ့အတွက် ဘင့်ဒရပ် ရရန် အကူအညီ ဖိုပေးရ၍၊ ငွေ ၁၀,၀၀၀ ကျပ် တောင်းကြောင်းကို အထက်တွင် ဖေါ်ပြခဲ့သည့်အတိုင်း၊ တပ်ကြပ်ကြီး အေးလွင်အပေါ်၌၊ အရှဖီလာနှင့် ဂျီဝမ်လာတို့က ထွက်ဆိုကြလေသည်။ ထိုထွက်ချက်များကို ယုံကြည်၍ အကျဉ်းစစ်တရားရုံးက တပ်ကြပ်ကြီး အေးလွင်အား အပြစ်ပေးလိုက်သည်။

သူတို့ထွက်ချက်များကို စစ်ဆေးကြည့်ကာ၊ အယူခံ တရားလို အပေါ်၌ ထွက်ဆိုသော သက်သေများသည်၊ ဘန်ဂလီကုလား လူမျိုးကွဲသာ ဖြစ်သဖြင့် သူတို့အား အခြား အထောက်အထား ရှိမရှိကိုလည်း စစ်ဆေးရမည် ဖြစ်သည်။

ငွေ ၁၀,၀၀၀ ကျပ် တောင်းသော်လည်း တပ်ကြပ်ကြီး အေးလွင်အား ပဌမဆုံး ငွေ ၇,၀၀၀ ကျပ်သာ ဂျီဝမ်လာက ပေးလိုက်၍၊ ကျန်ငွေ ၂,၅၀၀ ကျပ်ကို နောက်တရက်မှ မိုဟန်လာအား ပေးလိုက်ကြောင်း ဂျီဝမ်လာက ထွက်ဆိုသည်။ ယခင်ကလည်း ငွေ ၅၀၀ ကျပ် ပေးထားကြောင်း ဂျီဝမ်လာက ထွက်ဆိုထားသည်။ မိုဟန်လာအိမ်တွင် ငွေ ၇,၀၀၀ ကျပ် ပေးသည့်အခါ၊ မူကာဂျီရွှေတွင်ဖြစ်၍ မူကာဂျီကပင် ငွေစက္ကူများကို ရေတွက်ပြီး ပေးရကြောင်း၊ ထိုအချိန်၌ အိမ်ရှင် မိုဟန်လာက သူ့အိမ်တွင်မရှိ၍ သူမသိရကြောင်း ဖြစ်သော်လည်း၊ ဂျီဝမ်လာက ငွေ ၇,၀၀၀ ကျပ် ပေးရကြောင်း သူ့အား ပြောပါသည်ဟု မိုဟန်လာက ဤမျှ အထောက်အထား ပေးသည်။

အရှဖီလာက သူ့အား၊ တပ်ကြီးကြပ် အေးလွင်က ချိန်းထားသော နေရာသို့ သူနှင့်တူတော်သူ ကွန်တန်လာနှင့် စက်ဘီးတစီးစီ စီးသွားကာ၊ ကွန်တန်လာက၊ တပ်ကြပ်ကြီး အေးလွင် မောင်းလာသော အစိမ်းရောင် ဂျစ်ကားနားသို့ သွား၍ ငွေ ၁၀,၀၀၀ ကျပ် ထည့်ထားသော လွယ်အိတ်ကို ပေးလိုက်သည်ဟု ထွက်ဆိုသည်။

တပ်ကြပ်ကြီး အေးလွင်သည်၊ ဤအမှုတွင် ကျမ်းကျိန်၍ ထွက်ချက် မပေးခဲ့ချေ။ သို့ရာတွင် သူ၏ သီးခြား ထုခြေလှာတွင် ငွေလည်း မတောင်းရပါ၊ ရလည်း မရပါဟု လုံးဝ ငြင်းဆိုထားဗျည်။ ထို့ပြင် သူသည် အရှဖီလာအပေါ်၌၊ ၎င်း၏ငွေ ခိုးထုတ်မှုကို စုံစမ်း စစ်ဆေးနေ၍၊ ဤကုလားများက ဥာဏ်ဆင်ပြီး၊ သူ့အပေါ်တွင် ထွက်ဆိုကြသည်ဟု ထုခြေပေးထားသည်။ သို့ရာတွင် သူ့အထက်လူကြီးတဦး ဖြစ်စေ၊ ယှဉ်မဟုတ် သူ့၌ ရှိသော အာဏာအရ ဖြစ်စေ၊ စစ်ဆေးနေကြောင်း စာရွက်စာတမ်းများ လုံးဝမရှိသည့်အပြင် မည်သည့် သတင်းရကြောင်းကို တပ်ကြပ်ကြီး အေးလွင် တင်မပြနိုင်။ ဤကဲ့သို့ တင်မပြနိုင်ယုံမက တပ်ကြပ်ကြီး ကျော်မြင့် (လို့ပြ ၇) က သူ့ကို အရှဖီလာအိမ်သို့ တခေါက်ခေါ်သွားကြောင်း၊ သို့သော် ၎င်းအိမ်တွင် သိမ်းရခဲ့သော ဘင့်ဒရပ်ကိစ္စနှင့် ထောက်လှမ်းရေးနှင့် လုံးဝမဆိုင်ကြောင်း ထွက်ဆို

ထားသည်။ သို့ဖြစ်၍၊ တပ်ကြပ်ကြီး အေးလွင်၏ ရေးသားထားသော ထွက်ချက် (သက်သေခံအမှတ် "စ")ကို စဉ်းစားပြီး အရေးယူပေးရန် မဖြစ်ချေ။

အယူခံတရားလို တပ်ကြပ်ကြီး အေးလွင်အပေါ်၌၊ သက်သေ ကုလား လူမျိုးကွဲသာ ရှိခြင်းမှန်သည်။ သူတို့ထွက်ချက်များ၌ ကွဲလွဲခြင်းလည်း ရှိသည်။ မိုဟန်လာက သူ့အိမ်တွင် မိုကာဂျီ၊ ဂျိုဝမ်းသာနှင့် တပ်ကြပ်ကြီး အေးလွင်တို့ တွေ့ဆုံနေကြောင်း၊ သူဘိုင်စကယ်နှင့်ထွက်သွား၍၊ တပ်ကြပ်ကြီး အေးလွင်အား ငွေပေးရကြောင်းကို မသိဟု ထွက်ဆိုသည်။ သို့သော် ဂျိုဝမ်လာထံမှ နောက်တနေ့တွင် ငွေ ၂,၅၀၀ ကျပ် ရကြောင်း၊ ထိုငွေ ၂,၅၀၀ ကျပ်နှင့် ပတ်သက်၍၊ တပ်ကြပ်ကြီး အေးလွင် မော်တော်ဆိုင်ကယ်နှင့် သူ့အိမ်ရှေ့မှ စီးသွားရာ၊ လှမ်းခေါ်ပြီးလျှင် ဂျိုဝမ်လာက ငွေ ၂,၅၀၀ ကျပ် ပေးသွားကြောင်းကို ပြောကာ၊ တပ်ကြပ်ကြီး အေးလွင်က ထိုငွေ ၂,၅၀၀ ကျပ် အနက် မိုဟန်လာ ၁,၀၀၀ ကျပ်ယူ၊ ဇာဟိဘ်ကို ၁,၀၀၀ ကျပ်ပေး၊ ကျန် ၅၀၀ ကျပ်ကို မိုကာဂျီအား ပေးရန် ပြောကြောင်းကို မိုဟန်လာက ပွင့်ပွင့်လင်းလင်း ထွက်ဆိုထားကြောင်းရှိသည်။ မိုဟန်လာသည် သူငွေ ၁,၀၀၀ ကျပ်ရခြင်းမှာ အကြောင်းရှိရမည်။ သို့ကြောင့် သူ့ထွက်ချက်များတွင် တပ်ကြပ်ကြီး အေးလွင်အပေါ်၌ တိုက်ရိုက် မထွက်ဆိုသော်သည်း၊ ဂျိုဝမ်လာက သူ့အား ပြောပြ၍၊ တပ်ကြပ်ကြီး အေးလွင် ငွေ ၇,၀၀၀ ကျပ်ရကြောင်း သူလည်း သိသည်ဟု ယူဆရမည်။ ထို့အပြင် တပ်ကြပ်ကြီး အေးလွင်အပေါ်၌ မိုဟန်လာမှာ ကျေးဇူးရှိကြောင်း ထင်ရှားသည်။ သို့ကြောင့် မိုဟန်လာသည် သူသိသမျှကို ဂျိုဝမ်လာနှင့် မူကာဂျီတို့ကဲ့သို့ မထွက်ဆိုပဲ၊ ကွယ်ထားခြင်းမှာ ထင်ရှားနေသည်။

တပ်ကြပ်ကြီး အေးလွင်အပေါ်၌ ထွက်ဆိုသော သက်သေများသည် ကုလား လူမျိုးကွဲသာ ဖြစ်သော်သည်း၊ ဂျိုဝမ်လာအား ပတ်ဝန်းကျင် သက်သေအဖြစ်ဖြင့် ကိုသန်းမောင် (လိုပြ ဂ) ၏ ထွက်ဆိုချက်ကို စဉ်းစားရန်ရှိသည်။ ဂျိုဝမ်လာသည် အသက် ၁၇ နှစ်သာရှိသော ကျောင်းသားဖြစ်၍၊ မွေးစားသော မိခင်ဖခင်တို့ကို မှီခိုနေကာ၊ သူ၏ မွေးစားသောမိခင် ကွယ်လွန်သူ စီတာရန်၏ ဇနီး ပရမ်ပတီးအား၊ တပ်ကြပ်ကြီး အေးလွင် အသိုရှိသော ငွေ ၁၀,၀၀၀ ကျပ်အတွက် တောင်းယူရကြောင်း ထွက်ဆိုသည်။ ဤအချက်နှင့် ပတ်သက်၍ ချေတာစုဆောင်းရေးဌာန စာရေးကြီး ကိုသန်းမောင်၏ ထွက်ချက်တွင် ၁၉၆၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နှင့် ၁၅ ရက်နေ့များတွင် ပရမ်ပတီးသည်၊ စုစုပေါင်းငွေ ၁၇,၀၀၀ ကျပ်ကျော် ထုတ်ယူသွားကြောင်း တွေ့ရှိရသည်။ ထို့ပြင် ဂျိုဝမ်လာက တပ်ကြပ်ကြီး အေးလွင်သည် ငွေ ၁၀,၀၀၀ ကျပ် ပေးရန် တောင်းသည့်အခါ၊ ဘယ်တော့ ပေးရမလဲဟု မေးသောအခါ ဂျိုဝမ်လာက စနေနှင့် တနင်္ဂနွေ ကြားတွင် ခံနေ၍ တနလ်ာလောက်မှာ စာတိုက်တွင် ငွေထုတ်ပေးဘို့

ပြောမည်၊ အင်္ဂါနေ့လောက်မှာ ရမည်ထင်သည်။ ၎င်း အင်္ဂါနေ့ညနေလောက်တွင် လာပေးပါမည်ဟု ပြောသိုက်ကြောင်း ထွက်ဆိုထားသည်။ ဂျီဝမ်လာ ထွက်ဆိုထားသည့်အတိုင်း ၁၉၆၄ ခုနှစ် ၏ ပြက္ခဒိန်ကို တိုက်ကြည့်ပါက ၎င်း ဒီဇင်ဘာလတွင် ၁၄ ရက်နှင့် ၁၅ ရက် နှစ်ရက်တို့သည် ဂျီဝမ်လာ ပြောသည့်အတိုင်း တနင်္ဂနွေနှင့် အင်္ဂါနေ့များ ဖြစ်ကြောင်း တွေ့ရသည်။ ထို့ ငွေ အများအပြား စုစုပေါင်းငွေ ၁၇,၀၀၀ ကျပ်ကျော် ရခိုင်တွင် အိမ်ခွင်သုံးရန် ငွေ ၄,၀၀၀ ကျပ်ပါသော်သည်း၊ အတိုးလည်း ရနေသောအခါ၌ စုထားရာမှ ထုတ်ယူရန် ထူးထူးခြားခြား အကြောင်း မရှိသဖြင့် တပ်ကြပ်ကြီး အေးလွင် ခြိမ်းချောက်တောင်း၍၊ ၎င်းကို ပေးရန်သာ ဖြစ်ပေသည်။ တပ်ကြပ်ကြီး အေးလွင် အကူအညီပေး၍၊ ဂျီဝမ်လာမှာရသော ဘင့်ဒရပ်သည် အရှဖီလာထွက်ချက်အရ၊ ဂျီဝမ်လာ၏ မွေးစားဘခင်၊ စီတာရမ်၏ နာမည်ဖြင့် ၁၉၆၀-၆၁ ခုနှစ်လောက်ကပင် ပြုလုပ်ထားသော ဘင့်ဒရပ်ဖြစ်၏။ သို့ကြောင့် ထိုအချိန်ကာလ၌ အိန္ဒိယငွေဖြင့် သွင်းထားသော ငွေ ၁၅,၀၀၀ ကျပ်သည် မြန်မာငွေနှင့် နှိုင်းယှဉ်ကြည့်ပါက ငွေ ၉၀,၀၀၀ ကျပ်ကျော်ခန့် တန်နေသည်ကို တပ်ကြပ်ကြီး အေးလွင်က ဂျီဝမ်လာအား ပြောကာ ငွေ ၁၀,၀၀၀ ကျပ် တောင်းရာ၌၊ လျော့ပါဟု ဂျီဝမ်လာက တောင်းပန်ရာ၊ တပ်ကြပ်ကြီး အေးလွင်က "ဒါဘူးသီး ခရမ်းသီး ရောင်းနေတာမဟုတ်၊ မလျော့နိုင်၊ မပေးလျှင် နောင်သိမည်"ဟု ပြန်ပြောလိုက်၍၊ ဂျီဝမ်လာမှာ ကြောက်ရွံ့သဖြင့် ငွေ ၁၀,၀၀၀ ကျပ်ပေးရန် သဘောတူလိုက်ရသည်။ သို့ဖြစ်၍ ဤငွေ ၇,၀၀၀ ကျပ်ပေးချရကြောင်းကို ကိုသန်းမောင် (လိုပြ ၈)၏ ထွက်ဆိုချက်အရ ဂျီဝမ်လာကို ထောက်ခံ၍၊ ဂျီဝမ်လာ၏ ထွက်ချက်ကို ယုံကြည်နိုင်ပေသည်။

အရှဖီလာကလည်း၊ တပ်ကြပ်ကြီး အေးလွင်အား ငွေ ၁၀,၀၀၀ ကျပ်ပေးရခြင်းကို ၎င်း၏ တူတော်သူ ကွန်တန်လာ ထွက်ဆိုချက်ရှိ၏။ ၎င်းတို့ သက်သေခံချက်ကို အခြား အထောက်အထား ရှိသေးသလားဟု စဉ်းစားသော်၊ ရွှေကုန်သည် ကိုကြီးမြင့် (လိုပြ ၄) ရှိကြောင်း တွေ့ရသည်။ အရှဖီလာမှာလည်း၊ မည်သည့် ထူးထူးခြားခြား အကြောင်းမရှိပဲ၊ သူ့ဇနီး၏ ရွှေထည်များကို ကိုကြီးမြင့်ထံ သွားရောက် ရောင်းချလေသည်။ ကိုကြီးမြင့်က အရှဖီလာသည် တနှစ်ကျော်လောက်က သူ့ထံလာ၍၊ ရွှေအချိန် ၂၀ ကျပ်သားကျော် လာရောက်ပြီး ရောင်းချကြောင်း၊ ၎င်းထံမှ ငွေ ၉,၀၀၀ ကျပ်နှင့် ဝယ်ယူလိုက်ရသည်ဟု ထွက်ဆိုသားထည်။ ထို့နောက် အရှဖီလာ၏ ထွက်ချက်အရ၊ သူ့၌ စုဆောင်းထားသော ငွေ ၁,၀၀၀ ကျပ်နှင့် ကိုကြီးမြင့်ထံမှ ရသော ငွေ ၉,၀၀၀ ကျပ် စုစုပေါင်းငွေ ၁၀,၀၀၀ ဖြင့် သူ့ကို ချမ်းသာပေးပြီး မဖမ်းစေရန် တပ်ကြပ်ကြီး အေးလွင်အား ပေးလိုက်သည်ဟု ထွက်ဆိုထားသည်။ သို့ကြောင့် ဂျီဝမ်လာ၏ ထွက်ချက်ကို ကိုသန်းမောင်က ပတ်ဝန်းကျင် အဖြစ်ဖြင့် ထောက်ခံ

သကဲ့သို့ ကိုကြီးမြင့်ကသည်း ထိုကဲ့သို့ အရှဖီလာက ငွေပေးရကြောင်းကို ထောက်ခံ၍ အရှဖီသာအား ကျွန်ုပ်တို့ ယုံကြည်ရန် အကြောင်း ညီညွတ်သည်ဟု ယူဆရပေမည်။

တတိယစွဲချက်သည် အဂတိသိုက်စားမှု တားမြစ်ရေး အက်ဥပဒေ ပုဒ်မ ၄(၁)(ဂ)/၄(၂) တို့အရ၊ ဖြစ်သဖြင့် ၎င်း အက်ဥပဒေ ပုဒ်မ ၆ အရ တပ်ကြပ်ကြီး အေးလွင် အပေါ်၌ အရေးယူပါက၊ ၎င်းအား ရာထူးမှ ထုတ်ပယ်နိုင်ခွင့်ရှိသည့် အာဏာပိုင်၏ အခွင့်အမိန့်တရပ်ကို ကြိုဘင်မခရှိပဲ၊ အရေးမယူနိုင်ဟု ဖြစ်သည်။ ဤအမှုတွင် သီးခြား ကြိုတင် အခွင့်အမိန့် တရပ် မရှိသော်လည်း တပ်ကြပ်ကြီး အေးလွင် အပေါ်၌၊ တင်ခဲ့သော စွဲချက်များနှင့် ပတ်သက်၍ တပ်မတော် နည်းဥပဒေ (အခန်း ၅)တွင် ပြဋ္ဌာန်းချက်အရ စုံစမ်းစစ်ဆေးခြင်း ပြုလုပ်ခဲ့သည်။ ထိုကဲ့သို့ စစ်ဆေးပြီးမှ (တပ်ကြပ်ကြီး အေးလွင်) အပေါ်၌ ယုတ္တိထင်ရှားသော အပြစ်ပေါ်လွင်၍ တပ်မတော် အက်ဥပဒေ ပုဒ်မ ၁၁၄ အရ၊ သက်သေခံ အမှတ် "က" အနောက်မြောက်တိုင်း တိုင်းမှူး၏ အမိန့်တရပ်ဖြင့် တပ်ကြပ်ကြီး အေးလွင်အား စစ်ဆေးရန် အကျဉ်းစစ်တရုံးခုံးချုပ် တခု ဖွဲ့စည်းလေသည်။ ထိုကဲ့သို့ ပြုလုပ်ခြင်းမှာ၊ အာဏာပိုင်၏ အခွင့်အမိန့် ကြိုတင်ပေးသည်ဟူ၍ ကျွန်ုပ်တို့ ယူဆရပေမည်။

တပ်ကြပ်ကြီး အေးလွင်အား ပဌမ တပ်မတော် နည်းဥပဒေ ၂၂ အပိုဒ် ၃ အရ၊ သတိပေး၍ စစ်ဆေးရာ၌၊ သူသည် ဂျီဝမ်လာ၏ အမေ့ခွဲရန်အတွက် စေတနာနှင့် ဝင်ရောက် စွက်ဖက်မှုပင် ဖြစ်သည်ဟု ဝန်ခံခဲ့သည်။ ထောက်လှမ်းရေး အရာရှိတဦး၌၊ ထိုကဲ့သို့ မလုပ်သင့်ကြောင်းကို တပ်ကြပ်ကြီး ကျော်မြင့်၏ ထွက်ဆိုချက်လည်း ရှိသည်။ ထိုအကြောင်းကို တပ်ကြပ်ကြီး အေးလွင်သည် သိရှိ၏။ သို့သော် စေတနာနှင့်ဆောင်ရွက်ခဲ့ခြင်းသာ ဖြစ်သည်ဆိုပါက ငွေကြေးဘောင်းရန် မသင့်လျော်၊ ပြင်ပသူမျိုး ဖြစ်သော ကုလားလူမျိုးကဲ့ဘို့ကို စေတနာနှင့်သာ ဆက်လက် ဆောင်ရွက်ရန် သင့်သည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် အကျဉ်းစစ်တရုံး၏ အမိန့်များကို ဤတရုံးတော်က ဝင်ပြီး စွက်ဖက်ရန် မသိုရ၊ အယူခံတရုံးလို၏ အယူခံလွှာကို ပလပ်လိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်

စစ်ဘက်အယူခံတရားရုံး

ဒေါက်တာ မောင်မောင်၊ ဗိုလ်မှူးကြီး တင်ဦးနှင့် ဦးအောင်ကြီး တို့ရှေ့တွင်

† ၁၉၆၇

ဒီကော်လ ၂ ရက်။

ဒု-တပ်ကြပ် အောင်ဝင်း (အယူခံတရားလို)

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ (အယူခံတရားခံ)*

တပ်မတော် အက်ဥပဒေပုဒ်မ ၇၁ တွဲဘက်လျက် ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁) (ခ)အရ မှုပြစ်ထင်ရှား စီရင်ခြင်း—ရဲဘော်တို့ လက်နက်ကို ကိုယ့်ဒေါသ၊ ကိုယ့်ရန်ငြိုးအလျောက် သုံးစွဲရန် မဟုတ်။

အယူခံတရားလိုအား သေသူကို တင်ကူးကြဲရွယ်ချက်ဖြင့် သေစေရန် ပစ်သတ်ခြင်းအတွက် တရားစွဲဆိုခဲ့သည်။

ဆုံးဖြတ်ချက်။ ။ကာကွယ်ရေး တပ်ဖွဲ့ဝင် ရဲဘော်တို့အား ပြည်သူတို့၏ အသက်အိုးအိမ်ကို စောင့်ရှောက်ရန် ပြည်သူက လက်နက်အပ်နှင်း ထားရခြင်းဖြစ်၏။ ရဲဘော်တို့က ယင်းလက်နက်ကို ကိုယ့်ဒေါသ၊ ကိုယ့်ရန်ငြိုးအလျောက် သုံးစွဲရန်မဟုတ်ခေါ။ တပ်တွင်းစည်းကမ်း ထိန်းသိမ်းခြင်းကို ထောက်ထားဂ၍ဒေါသရန်ငြိုးအလျောက် ပြည်သူကအပ်နှင်းသော လက်နက်ကို သုံးစွဲခြင်း မပြု ကြရန် ပို၍ပင် အရေးကြီးသေးသည်။ မကျေနပ်မှုရှိတိုင်း၊ သံသယ၊ ရန်ငြိုးဖြစ်ပေါ်တိုင်းသာ လက်နက်နှင့် ဖြေရှင်းကြမည်ဆိုလျှင် ပြည်သူတို့ အားကိုးယုံကြည်လောက်သည့် ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များ ထွန်းကားတော့မည် မဟုတ်ပေ။ ဤအချက်ကို ရဲဘော်တိုင်း သိရှိကြပြီး လေ့ကျင့်ပြီး၊ ခံယူပြီး ဖြစ်သည်ဟု ယူဆရပေမည်။

အယူခံတရားလိုအတွက်။ ။ဦးစိုးအောင်။

အယူခံတရားခံအတွက်။ ။အစိုးရရှေ့နေကြီး ဦးမျိုးထွန်းလင်း။

တရားသူကြီး ဦးအောင်ကြီး။ ။ဤအမှုမှာ အယူခံတရားလို၊ ကိုယ်ပိုင်အမှတ် ၄၁၇၉၃၊ ဒု-တပ်ကြပ် အောင်ဝင်းအား၊ ရန်ကုန်မြို့ အကျဉ်းစစ် တရားရုံးက၊ တပ်မတော်

---

* ၁၉၆၇ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၃၉။

† ၁၉၆၆ ခုနှစ်၊ အကျဉ်းစစ် တရားရုံးချုပ် (ရကတ) အမှတ် ၁၂/၆၆ တွင် ချမှတ်သော ၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့စွဲပါ အကျဉ်းစစ် တရားရုံးချုပ် (ရကတ)၏အမိန့်ကို အယူခံမှု။

အက်ဥပဒေပုဒ်မ ၇၁ နှင့် အတူတွဲ၍၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁) (ခ) အရ အပြစ်ရှိသည်ဟူ၍၊ ၎င်းအပေါ်၌ သေဒဏ်ပေးခဲ့ခြင်းကို၊ ကာကွယ်ရေး ဦးစီးချုပ်သို့ အယူခံဝင်သော်လည်း ၁၉၆၇ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့တွင် အတည်ပြုလိုက်သဖြင့်၊ ဤခုံးသို့ ယခုရောက်လာခြင်းဖြစ်သည်။

အယူခံတရားလိုသည် သူ့အား၊ ဗိုလ်နေဝင်း (လိုပြ-၁) က၊ တပ်မတော် နည်းဥပဒေ ၂၂ (၃) အရ၊ အမှုဖြစ်ပြီး ၉ ရက်အတောအတွင်း ၁၉၆၆ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့တွင်၊ စစ်ဆေးသောအခါတွင်၊ သေသူ ဒု-တပ်ကြပ် ထွန်းလွင်အား ကာဘိုင် သေနတ်ဖြင့်ပစ်လိုက်ကြောင်းကို သက်သေခံအမှတ် "ဃ" အရ ဝန်ခံခဲ့သည်။ သို့သော် ဤအယူခံချုံးသို့ ၎င်းတင်သွင်းသော အယူခံလွှာတွင်၊ သူသည် အချင်းဖြစ်ပွါးသည့် အချိန်နှင့်ပတ်သက်၍၊ ဖြစ်ပွါးသောအကြောင်းအရာများကို အပြည့်အစုံ မမှတ်မိတော့ကြောင်းနှင့် မည်သည့်အမှုကို ကျူးလွန်ခဲ့သည်ကို၊ ယနေ့အထိ သေချာစွာ စဉ်းစား၍ မရနိုင်ပါဟု လျှောက်ထားသည်။

အယူခံတရားလိုအတွက် လိုက်ပါဆောင်ရွက်သော တရားရုံးချုပ် ရှေ့နေကြီး ဦးစိုးအောင်ကမူ၊ ဤအမှုကို သေချာစွာ လေ့လာပြီး၊ အယူခံတရားလိုသည်၊ ဒု-တပ်ကြပ် ထွန်းလွင်အား အချင်းဖြစ်သော ၁၉၆၆ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့တွင် သူ၏ကာဘိုင် သေနတ်ဖြင့် ပစ်ကြောင်းကို မငြင်းနိုင်ချေ။ သို့သော် အမှု၏အကြောင်းအရာများကို ဖေါ်ပြကာ၊ အယူခံတရားလိုသည်၊ ရာဇသတ်ကြီး ပုဒ်မ ၂၉၉ (၂) (က) အရသာ ကျူးလွန်၍၊ ၎င်းပုဒ်မခွင်းချက်အရ၊ အယူခံတရားလိုအပေါ်၊ ပုဒ်မ ၃၀၄ အရသာ ပြစ်ဒဏ်ပေးသင့်ကြောင်း လျှောက်ထားသည်။ ထို့ကြောင့် ဤခုံးက၊ စဉ်းစားရမည့် အဓိကအချက်မှာ၊ အယူခံတရားလိုက ဒု-တပ်ကြပ် ထွန်းလွင်အား တင်ကူးကြံရွယ်ချက်ဖြင့် သေစေရန် ပစ်သတ်ခြင်းမှာ ထင်ရှားသည်၊ မထင်ရှားသည် ဖြစ်သည်။

အယူခံတရားလိုသည်၊ ရန်ကုန်မြို့၊ ကာကွယ်ရေးဦးစီးချုပ်၏ အိမ်ဝင်းအတွင်း လုံခြုံရေးအတွက် အခြားရဲဘော် ၄ ယောက်၊ သေသူ ဒု-တပ်ကြပ် ထွန်းလွင်၊ ဒု-တပ်ကြပ် အိုင်ဒေါ် (လိုပြ-၁၀)၊ ဒု-တပ်ကြပ် တင်အောင် (လိုပြ-၆)၊ တပ်သား စိုးမြင့် (လိုပြ-၁၁) တို့နှင့် အတူသွားကျင်းတာဝန် ဆောင်ရွက်နေခဲ့ရသည်။ ၎င်းတို့အနက် ဒု-တပ်ကြပ် ထွန်းလွင်သည် ၂ လခန့်လောက်ကရောက်လာပြီးနောက်မကြာခဏ ပစ္စည်းများ ပျောက်ကြ၍၊ အယူခံတရား ပိုသည်လည်း၊ သူ၏ ဘိုယ်ပိုင်ပစ္စည်း၊ ဖေါင်တိန် ၂ ချောင်းအံဆွဲထဲမှ ငွေနှင့် သေနတ်ဘတ္ထရီးသည့် အခန်းမှသော့တို့၊ နောက်တဖန် အချင်းမဖြစ်မီ ၄ ရက်ခန့်လောက်က၊ တပ်မတော်မှ သူ့အား ထုတ်ပေးသော စစ်ဘိနပ်ပျောက်သွားသေးသည်ဆိုခြင်း၊ ဤကဲ့သို့ ပျောက်ကြောင်းများကို ဆရာဖုန်းမြင့် (လိုပြ-၃) အား၊ ပျောက်

၁၉၆၇ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့ ညနေ ၅ နာရီခန့်တွင်၊ ဆရာဖုန်းမြင့်အား သူနှင့်အတူ ကင်းတာဝန်ကျသော ရဲဘော်များတို့ အိမ်ဘွင်ၚင်း၏ ပျောက်ဆုံးသောပစ္စည်းများကို ရှာဖွေသိုခြောင်း တောင်းဆိုရာ ဆရာဖုန်းမြင့်ကိုယ်တိုင် ဒု-တပ်ကြပ် တင်အောင်ကို သွားခေါ်၏ ထို့ပြင် ကင်းတာဝန်ကျနေသော ဒု-တပ်ကြပ် အိုင်ဒေါအား ဒု-တပ်ကြပ် ထွန်းလွင်နှင့် တပ်သား စိုးမြင့်တို့ကို၊ ခေါ်ခဲ့ရန် စေလွှတ်လိုက်သည်။ အယူခံ တရားလိုကိုလည်း ဆရာဖုန်းမြင့်မှာထားခဲ့သဖြင့် အဆိုပါ ကိုယ်ရံတော်အိမ်ဘွင် စောင့်နေစဉ်၊ ရဲဘော်များရောက်လာကြရာ၊ ဒု-တပ်ကြပ် ထွန်းလွင်က နောက်ဆုံးမှ ရောက်လာလေသည်။

ထိုအခါ အယူခံဘရားလိုက၊ ဒု-တပ်ကြပ် ထွန်းလွင်အား ရောက်ရှိနေကြသော ဆရာဖုန်းမြင့်နှင့်အတူ၊ ရဲဘော် ၃ ယောက်တို့ရှေ့တွင်၊ "မင်းငါ့ဘိနပ်ယူသလား" မေးရာ၊ ထွန်းလွင်က "အေး-ဆရာကြီး ဘိနပ်ဆင်လို့ ငါယူဘယ်"ဟု ပြန်ဖြေလေ၏။ ထိုကဲ့သို့ ပြန်ဖြေသျှင် ပြန်ဖြေခြင်း အယူခံဘရားလိုသည် ထွန်းလွင်အား "မင်းသူခိုးပဲ" ဆိုသျှက် သူ၏ဘေးဦ ထောင်ထားသော သေနတ်ဖြင့် ဆက်တိုက်ဆက်ပြီး ပစ်လေသည်၊ ၂ စက္ကန့် ၃ စက္ကန့်ခန့်ပြီးနောက် ဒုတိယအကြိမ် ပစ်ချိန်တွင်လည်း အတွဲသိုက် ပစ်လိုက်လေ၏။ ထိုကဲ့သို့ ဒုတိယအကြိမ် ပစ်ချိန်တွင် ဆရာဖုန်းမြင့်က၊ "ဟေ့မလုပ်နှင့်" ဟု ဆိုပြီး အယူခံဘရားလိုရှိသည့်နေရာသို့ ပြေးသွားပြီးနောက်၊ သေနတ်ကို လုယူလိုက်၏။ သို့ရာတွင် ဒု-တပ်ကြပ် ထွန်းလွင်သည်ကား၊ လဲကျ၍ သေဆုံးခဲ့ရသည်။ အယူခံ တရားလိုသည် ဒု-တပ်ကြပ် ထွန်းလွင်အား ပစ်စဉ်က သေသူအနီးကွင်ရှိနေသော ဒု-တပ်ကြပ် တင်အောင်၏ ရင်ဘတ်၊ နံရိုးနှင့် ဒု-တပ်ကြပ် အိုင်ဒေါ၏ လည်ပင်း၊ စာလုပ်တွင် သေနတ်ဒဏ်ရာ အသီးသီးရကြသေး၏။ မင်္ဂလာဒုံ စစ်ဆေးရုံတွင် ဒု-တပ်ကြပ် ထွန်းလွင်၏အလောင်းကို စစ်ဆေး ကြည့်ရှုသောအခါ၊ ဗိုလ်မှူး တင်မောင်အေး (လိုပြ-၄) ထွက်ချက်အရ၊ ၁၁ ပေခန့်က ကဲ့ဘိုင်သေနတ်ဖြင့် ပစ်သောဒဏ်ရာ ၅ ချက်တွေ့ကြောင်း၊ ၎င်းဒဏ်ရာများကြောင့် အမှန်သေရမည်ဖြစ်ကြောင်း ထင်မြင်ချက်ပေးထားသည်။

၁၉၆၇ ခုနှစ် အောင်စင်း နှစ်၏ ပြည်ထောင်စုမြန်မာနိုင်ငံ။

အထက်တွင် အတိုချုပ်ဖြင့် ဖေါ်ပြသော အကြောင်းအရာများကို သက်သေများ ထွက်ဆိုချက်နှင့် ထပ်မံလေ့လာရန် လိုပေသည်။ ဆရာဖုန်းမြင့်၊ ဒု-တပ်ကြပ် များအိုင်ဒေါ၊ တင်အောင်နှင့် တပ်သား စိုးမြင့် အားလုံးတို့က မကွဲလွဲပဲ ထွက်ဆိုချက်တခုမှာ၊ အယူခံဘရားလိုက သေသူ ထွန်းလွင်အား၊ မင်းငါ့ဘိနပ် ယူသလားမေးကာ၊ ထွန်းလွင်က၊ အေး ဆရာကြီးဘိနပ်ဆင်လို့ ငါယူဘယ်၊ ဖြေလိုက်ခြင်းမှာ ထင်ရှားစေသည်။ ဤကဲ့သို့ အယူခံဘရားလိုအား ပြန်ဖြေခြင်းတိသည် ရိုးသားလှသောဘော

ဖြင့်သာဖြစ်သည်။ ဆာကြီး ဘိန်ပ်ဆင်မိ၍၊ မှားယွင်းခြင်းကိုသာဝန်ခံသဖြင့်၊ သူသည် သူခိုးဖြစ်သည်ဟု မယူဆနိုင်ပေ။ အယူခံတရားလိုဌ မကြာခဏ ပစ္စည်းပျောက်နေခြင်းကြောင့် စိတ်ပူမိရခြင်းဖြစ်နိုင်သော်လည်း၊ သူ့အား သေသူ ထွန်းလွင် ပြန်ဖြေခြင်းကို ဆင်ခြင်၍၊ စဉ်းစားတတ်သော သာမန်လူတဦးတယောက်သည် မည်ကဲ့သို့သဘောဖြင့် အဓိပ္ပါယ်ယူဆမည်ကို စဉ်းစားရန်လိုပေသည်။ ကာတိုင် သေနတ် အသုံးမပြုမီ အနီးအနားတွင်ရှိနေကြသော ရဲဘော်များအနက်၊ ထိုကဲ့သို့ ထွန်းလွင်ဖြေရာတွင် မဆီမဆိုးစားအသံဖြင့် ဖြေကြားသည်ဟု တယောက်မှ ထွက်ဆိုခြင်း၊ ထောက်ခံခြင်း၊ မရှိသည့်အပြင်၊ အယူခံတရားလိုကလည်း ပြန်လှန်မေးခွန်းထုတ်ခြင်း မတွေ့ရချေ။ ထို့ကြောင့် ထွန်းလွင်၏ အဖြေသည် အယူခံတရားလိုအား ရုတ်တရက် ဒေါသအမျက်ထွက်ရန် ပြုလုပ်သည်ဟု မယူဆနိုင်ခဲ့ချေ။'

သက်သေ ဒု-တပ်ကြပ် အိုင်ဒေါ်၏ ထွက်ချက်အရ၊ သူတာဝန်ကျနေစဉ် သူ့ထံ ဆရာဖုန်းမြင့် မသာမိလက်ဦးစွာ အယူခံတရားလို ရောက်လာ၍၊ တနေ့က ၎င်းကင်းစောင့်ရသည့်အဘွဲ့ကင်းစာအုပ်တွင် လက်မှတ်ထိုးသွားကြောင်း၊ ထိုစဉ်တွင်၊ အယူခံတရားလို တာဝန်ကျနေ့မဟုတ်၍၊ သေနတ်မပါကြောင်း၊ နောက်တဖန် သက်သေ ဒု-တပ်ကြပ် တင်အောင်၏ ထွက်ချက်၌၊ သူ့အား ဆရာဖုန်းမြင့်ခေါ်လွှတ်သောအခါ၊ လိုက်သွားရာ၌၊ အယူခံတရားလိုသည်၊ အရပ်ဝတ် အနုပ်စားဖြင့် ဝါးရန်တာတွင် ကာထားသည့် ဝင်ပေါက်အနီးရှိ ခုံတွင်ထိုင်နေကြောင်း၊ သူ၏ဘေးတွင် ကာတိုင် သေနတ်ဘလက် ထောင်ထားသည်ကိုတွေ့၍၊ အယူခံတရားလိုသည် ဤနေ့ကင်းတာဝန်လည်းမကျပဲ၊ သူ၏ကာတိုင်ကို တပ်မတော်စည်းမျဉ်းအရ၊ အိမ်ဘွင် သိမ်းဆည်းမထားပဲ ထိုနေရာသို့ အဘယ်ကြောင့် ယူဆောင်လာသနည်းဟု ဘေးမိကြောင်း ထွက်ဆိုထားသည်။

အယူခံတရားလိုက ကျမ်းသစ္စာမပြုပဲ၊ ပေးသည့်ထွက်ချက်တရပ် (သက်သေခံအမှတ် "ဂ") တွင် သူ့အား ဆရာဖုန်းမြင့်က၊ အိမ်သို့သွား၍ စောင့်နေရန် ပြောသောအခါ၊ အနေးကြီးသော သေနတ်ကိုထားခဲ့ရန် စိတ်မချနိုင်၍၊ သေနတ်ကို သွားရာသို့ ယူဆောင်လာခဲ့သည်ဟု ရှင်းပြသည်။ ဤရှင်းပြချက်သည် ယုတ္တိမရှိနိုင်ချေ။ အိမ်ကြီးနှင့် အယူခံ တရားလိုနေထိုင်သော လူပျိုလိုင်းသည် ပေ ၅၀ ခန့်လောက်ဝေးသည်ဟု၊ ဆရာဖုန်းမြင့်က ထွက်ဆိုထားသည်။ ထိုညနေ ၅ နာရီခန့် အယူခံတရားလိုကိုယ်တိုင် ဘောင်းဆိုချက်အရ၊ ဆရာဖုန်းမြင့်က တပ်စုရဲဘော်များကို ခေါ်ပေးပြီး၊ မျက်နှာစုံညီမေးမြန်းသည်ဖြစ်ရာ၊ သူမသက်ဝင်ဖြစ်နေသော ထွန်းလွင်သည် ထိုအချိန်တွင် ၎င်းသေနတ်ကိုယူနိုင်မည်မဟုတ်ခဲ့ချေ။ သို့ရာတွင် ၎င်းသေနတ်အတွက် စိတ်မချနိုင်၍၊ယူလာရခြင်းဖြစ်ခဲ့ကာမူ၊ ဆရာဖုန်းမြင့်အား အကြောင်းပြပြီး အပ်နှံထားနိုင်သည်။ ထိုမျှသာ

မကသေး၊ ၎င်းသေနတ်ဘွင် ခဲယမ်းများ ထည့်ယူလာခန်လည်း မလိုပေ။ ဤကဲ့သို့ အဆင်သင့်ယူလာခြင်းမှာ၊ သူ၏သေနတ်ကို စိတ်မချရ၍ဟု မဆိုနိုင်။ လွယ်ကူစွာဖြင့် ချက်ခြင်းသုံးနိုင်ရန်သာ ဖြစ်ရပေမည်။

အယူခံတရားလိုအား၊ စစ်ဘရားရုံးချုပ်က၊ မေးရာတွင် အယူခံတရားလိုက သေသူ ထွန်းလွင်သည် သူ၏စစ်ဘိနပ်ကို ခိုးယူပါသည်။ စစ်ပစ္စည်းပျောက်၍ သူ၏အပေါ်၌ တပ်မတော် အက်ဥပဒေပုဒ်မ ၅၃ (ခ) အရ၊ ထောင်ဒဏ် ၅ နှစ်အထိ အပြစ်ပေးနိုင်သဖြင့် သူ၏စိတ်ကို များစွာထိခိုက်နေကြောင်း၊ ထို့ကြောင့် မျက်နှာစုံညီမေး၍ ထင်ရှားစွာသိသည့်အခါ၊ သေသူ ထွန်းလွင်အား ဘာလုပ်မိသည် မသိကြောင်း၊ ထို့ကြောင့် အကာယ်၍ သူ၏အပေါ်၌ အပြစ်ရှိသည်ဟု ယူဆပါက သက်ညှာစွာ ပြစ်ဒဏ်ချမှတ်ရန် လျောက်ထားခဲ့သည်။ ဤအချက်နှင့်ပတ်သက်၍၊ တပ်ခွဲ/တပ်ထောက် ဖုန်းမြင့်က အယူခံတရားလိုသည် သူ၏ကိုယ်ပိုင်ပစ္စည်းအပြင်၊ စစ်ဘိနပ်ခပျောက်နေကြောင်း သူ့အားတိုင်ကြားသည်ဟု ထောက်ခံသည်။ သေသူ ဒု-တပ်ကြပ် ထွန်းလွင်ရောက်လာမြီးနောက် ပစ္စည်းများပျောက်ကြောင်း အခြားရဲဘော်များနှင့် ဦးစိန်ပု (ခံပြ-၂) တို့သိကြသည်။ သို့ရာတွင် ဒု-တပ်ကြပ် ထွန်းလွင်ထံ၌ ခိုးယူပါပစ္စည်းလည်း မတွေ့ရ၊ ခိုးယူစဉ် လက်ပူးလက်ကြပ်လည်း မည်သူမျှမတွေ့၍၊ သူ့အပေါ် မသက်ဆိုင်သာရှိသည်။ ထို့ပြင် စစ်ပစ္စည်းသိမ်းထားရာ၌ ပေါ့လျော့မိကာ ပျောက်ဆုံးမှုပင် အဆိုပါ ပုဒ်မနှင့် သက်ဆိုင်သည်။ ယခုအယူခံ တရားလိုတွင် သူ၏ကိုယ်ပိုင်ပစ္စည်းဖြစ်စေ၊ စစ်ဘိနပ်ဖြစ်စေ၊ ပေါ့လျော့စွာ သိမ်းထား၍ ပျောက်ခြင်းမဟုတ်သဖြင့်၊ အယူခံ တရားလို စိုးရိမ်မိသော ပုဒ်မနှင့် လုံးဝမသက်ဆိုင်ခေါ်။

အနီးနားတွင်ရှိသော မျက်မြင်သက်သေ ရဲဘော် ၄ ယောက်စလုံးက အယူခံတရားလိုသည် သေသူ ထွန်းလွင်အား ကာဘိုင်နှင့် ပစ်သောအခါ ဆက်တိုက်ပစ်ကြောင်း ထွန်းလွင်သည် တပ်သား စိုးမြင့်ဘက်သို့ ပြေးပြီးနောက် ကြောက်ပါပြီဟု အသနားခံသို့ တချက်ဟစ်အော်ကာ၊ အယူခံတရားလိုက ထွန်းလွင်ဘက်သို့ ခြေလှမ်း ၂ လှမ်း ၃ လှမ်းလောက် တိုးလာပြီး ထပ်မံပစ်ကြောင်း ထွက်ဆိုကြသည်။ ဤအချက်နှင့် ပတ်သက်၍၊ ပညာရှိ အစိုးရခန့်နေကြီးက၊ အယူခံတရားလို၏ စိတ်တွင် ထွန်းလွင်မဒသမချင်း ပစ်သတ်ရန် ရည်ရွယ်ချက်မှာ ထင်ရှားကြောင်း လျောက်ထားချက်ကို ကျွန်ုပ်တို့ သဘောတူသည်။

သို့ကြောင့် အမှုဘာမှုတွင် ကြိုတင်ကြံရွယ်ချက်ဖြင့် ပြုလုပ်သည်၊ မလုပ်သည်ကို စဉ်းစားရာ၌၊ အမှု၏ အဖြစ်အပျက် အကြောင်းခြင်းရာများအပေါ်တွင် မူတည်ပြီး ဆုံးဖြတ်ရပေမည်။ ဤအမှုဘွင် မျက်မြင်သက်သေများ ထွက်ချက်အရ၊ ထွန်းလွင်အား မသေမချင်း ဆက်တိုက်ပစ်ရာ၌ ကျည်ဆံအခွံ ၇ တောင့်ပင် တွေ့ရသည်။

၁၉၆၇

ဒု-တပ်ကြပ်
အောင်ဝင်း
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

အဆက်ပါ အမှုအဖြစ်အပျက် အကြောင်းခြင်းရာများကို လေ့လာရာ၌၊ အယူခံ တရားလို၏ အကြောင်းရင်းသည်၊ သူ၏ ကာတိုင်ကို ယူလာခြင်းမှာ ဒု-တပ်ကြပ် ထွန်းလွင်အပေါ် ၌ ကြိုတင်ကြံရွယ်ချက်ဖြင့် ပစ်သတ်ရန် ယူဆောင်လာခြင်းမှာ ထင်ရှားပေါ်လွင်စေ၍၊ ရာဇသတ်ပုဒ်မ ၃၀၂ (၁) (ခ) နှင့် သက်ဆိုင်သည်ဟု ကျွန်ုပ်တို့ ယူဆကြသည်။

(ကာကွယ်ရေး တပ်ဖွဲ့ဝင် ရဲဘော်တို့အား ပြည်သူတို့၏ အသက်အိုးအိမ်ကို စောင့်ရှောက်ရန် ပြည်သူက လက်နက်အပ်နှင်းထားရခြင်းဖြစ်၏။ ရဲဘော်တို့က ယင်း လက်နက်ကို၊ ကိုယ့်ဒေါသ၊ ကိုယ့်ရန်ငြိုးအလျောက်၊ သုံးစွဲရန်မဟုတ်ခဲ့ချေ။ တပ်တွင်း စည်းကမ်းထိန်းသိမ်းခြင်းကို ထောက်ထား၍၊ ဒေါသ၊ ရန်ငြိုးအလျောက်၊ ပြည်သူက အပ်နှင်းသော လက်နက်ကို သုံးစွဲခြင်းမပြုကြရန် ပို၍ပင် အရေးကြီးသေးသည်။ မခက္ခနပ်မှုရှိဘိုင်း၊ သံသယ၊ ရန်ငြိုးဖြစ်ပေါ်တိုင်းသာ၊ လက်နက်နှင့် ဖြေရှင်းကြမည် ဆိုလျှင် ပြည်သူတို့အားကိုးယုံကြည်လောက်သည့် ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့မှုးထွန်းကားတော့မည် မဟုတ်ပေ။ ဤအချက်ကို ရဲဘော်တိုင်း သိနှံကြပြီး၊ လေ့ကျင့်ပြီး ခံယူပြီးဖြစ်သည်) ဟု ကျွန်ုပ်တို့ယူဆရပေမည်။

သို့ပါသောကြောင့် စစ်တရားရုံးချုပ်က ချမှတ်သော သေဒဏ်ကို ကျွန်ုပ်တို့ အတည်ပြု၍၊ ဤအယူခံလွှာကို ပလပ်လိုက်သည်၊